


www.burmeseclassic.com
အတွဲ (၁၃) အမှတ် (၈)
၂၀၁၃ ခုနှစ် ဩဂုတ်လ
ဆရာကြီး
မဂ္ဂဇင်း
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

JUN 2013

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

(၁) ဒီဝါ တပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗ မဟော ရတ္တိ
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရ နဘာဝေန၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ။ ။

BURMESE CLASSIC .com

မဂ္ဂဇင်း

အတွဲ (၁၃) အမှတ် (၈)
၂၀၁၃ ခုနှစ် ဩဂုတ်လ

www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ



ဘာသာရေးဆောင်းပါးများ


၅ ယုံမှရဲ ရဲမှယုံ (ကဗျာ)
**မဟာဗောဓိမြိုင်ဆရာတော်**
**(ဝနဝါသီဦးဥယျမမွှသာမိထေရ်)**

၆ ကျေးဇူးတော်ရှင်
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
ရေးသားတော်မူသည့်
ပါရမီဘာဝကထာ-ပါရမီဖြစ်စကား(၆)
**မဟာဗောဓိမြိုင်ဆရာတော်**
**(ဝနဝါသီဦးဥယျမမွှသာမိထေရ်)**

၁၄ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
အားပူဇော်ခြင်း
**မြဝင်း(ဒသသန)**

၁၇ ယောတို့ဒေသ ရာဇဝင်ထဲက
လောင်းရှည်မြို့ကလေး
ရှင်ဘုရင်ဘုရားဆီသို့ ခရီးတစ်ခေါက်
**ကိုယော(ဘောဂဗေဒ)**

၂၇ ရွှေဖျိုင်းနားဆရာတော်ကြီးနှင့်
ပုံရိပ်မထင်ဖလင်နှစ်ကွက်
**သပိတ်ကျွင်း-ကျော်ကျော်ထွန်း**

၂၉ မုံရွာမြို့မြောက်ဘက် ချင်းတွင်းအရှေ့
နေ့နယ်မှ ရိုးရာကျေးလက် နေ့ဘုရား
ပွဲ သို့မဟုတ် နေဘိုးတော်ကြီးပွဲ
**သန့်ဇင်**

၃၅ ညီတော်၊ နောင်တော်ဘုရားပလ္လင်မှ
ရေးခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ
အနုလက်ရာဒီဇိုင်းများ
**ပန်းချီထူးလှ**
**(ရှေးဟောင်းသုတေသန)**

၄၁ ရှေးဟောင်းပျူ-တြိဗုဒ္ဓရုပ်ပွားတော်များ
သီတင်းသုံးရာ ဂန္ဓဝင်ဌာနေ
**မြနန်းရှင်**

၄၆ ဘိုးတော်အောင်မင်းခေါင်ကြီး၏
ကာသိုလ်တော်
ဆယ်တောင်ပြည့်စေတီတော်
**ရွှေစိုး**

၅၁ မြစ်သားမြို့နယ် လောင်းတော်ဦးကျေး
ရွာ ရှေးဟောင်း တဝဂူစေတီတစ်ဆူမှ
ဆုတောင်းပြည့် ပေါ်တော်မူ ရွှေစင်ရွှေ
သားဗုဒ္ဓရုပ်ပွားတော်၊ ဘော်ဘုရား၊ ငွေ
သားဘုရားနှင့် ကြေးဆင်းတုတော်များ
**ဆန်းထွန်းနိုင်(မြစ်သား)**

၅၅ ဒီနှစ်ဝါတွင်းမှာ အင်္ဂါရှစ်ပါးရှိသော
အဋ္ဌင်္ဂဥပုသ်စောင့်ရအောင်
**ပညာကျော်**

၅၈ ညီတော်အာနန္ဒာ၏
ပါရမီဇာတ်လမ်းများ
**ဝဏ္ဏသိရီ**

၆၁ မဟာလူသားပွင့်ထွန်းတော်မူရာ
မြေမြတ်မဟာဆီသို့(၅)
**မောင်ပွင့်ဉာဏ်(မောရ)**

၇၀ ဝိပလ္လာသ
**ဖျာပုံ-တင်နိုင်ဝင်း**

၇၃ ပထမံဝိဇ္ဇာရေထွက်ရပ်ပေါက် လောကီ
ပညာနှင့် ကျေးဇူးရှင် စစ်ကွင်းဆရာ
တော်ဘုရားကြီး ဦးစန္ဒောဘာသ
**ပထမံဆရာဦးအေးရွှေ**

၇၇ ရုပ်ကွဲ၊ နာမ်ကွဲ ခွဲသိဖို့
**ချောင်းဆုံအုန်းသွင်**

၈၂ ချို့တဲ့ရှားပါးသီလရှင်များ
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

၈၃ လာဘ်ရှင်၊ ကျန်းမာ
အန္တရာယ်ကင်းဂါထာ
**ပေါက်ပေါက်(နတ်မောက်)**

၈၄ ပုဂံခေတ်၏ပုံ့သကူမထေရ်မြတ်
**လှမြင့်(ရန်ကုန်တက္ကသိုလ်)**

၈၇ (၂၅)နှစ်တာ ကာလအတွင်း ဦးစွာ
ပထမ မြန်မာနိုင်ငံတော်သို့ ပြန်လည်
ကြွတော်မူလာသော ဥရောပသာသ
နာပြုအကျော် သာသနရံသီ လန်ဒန်
ဆရာတော်
**ကံဝင်း**

၉၁ ရှားရှားပါးပါး မိုးကြိုးဘေးမှ အဓိဋ္ဌာန်
သီလတန်ခိုးကြောင့် လွတ်မြောက်ခဲ့သူ
**ကောင်းမြတ်**

၉၃ ရေနတ်နဂါးတို့စံပျော်ရာ
မိုးစည်ကျွန်း ဗုဒ္ဓခြေတော်ရာ
**ရွှေချို့အောင်(ပေဃိ)**

၁၀၃ ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်
မြတ်၏ ဓာတ်ပုံတော်များမှ ထူးခြားမှု
များဖြစ်ပေါ်ခြင်း
**ဘိုဘို(ရွှေကံကူ)**

၁၁၈ သုံးလောကသခင် မြတ်စွာဘုရားရှင်
နှင့် အသီတိရှစ်ကျိပ်တို့ကို ကြည်ညို
ပြီး လာဘသိဒ္ဓိတန်ခိုးရှိသော အရှင်
သီဝလိထေရ်ကို ပူဇော်ရအောင်
**အောင်(သိဒ္ဓိရာဇာ)နဝင်းမြို့တော်**

၁၃၀ ထူးခြားထင်ပေါ် ကန်လယ်ဆရာတော်
**ဦးစန္ဒိမ (စလင်း)**

၂၄၇ ဆုတောင်းမှုဆိုင်ရာသိမှတ်စရာ
**သစ္စာဝါဒီ-ဦးမြင့်အောင်**


သုတရသဆောင်းပါး


၁၂၈ ဗန့်ကျီနယ် လင်းစာကျက်ကျေးရွာမှ
စစ်ကိုင်းမြို့ဝန်၏ခေါင်းလောင်းစာ
**တင်နိုင်တိုး**

၁၃၈ တန်ဖိုးတစ်ခု၏အနှစ်သာရ
**သူရိန်စိုး(မေ မှူတ)**

၁၇၄ သွေးနှင့်ချွေးနှင့်ရင်းခဲ့ရသော
လမ်းမကြီးများ
**လှမိုး(ပညာရေး)**

၂၀၁ သဘာဝအားဖြင့်
အသည်းအဆီဖုံးရောဂါကို
ကာကွယ်ခြင်း
**စွမ်းထက်နောင်**

၂၁၂ ဆူနာဗာသီမှပေးသောသင်ခန်းစာ
**အနောက်တံခါးမှူးမောင်မှူး**

၂၁၆ သမိုင်းကောက်ကြောင်းထဲက
ထူးထူးခြားခြား ကျောက်တိုင်ရှင်မ
**မောင်စိမ်းထွေး(ထားဝယ်)**

၂၃၄ ခွေးချစ်တတ်သူများအတွက်
ခွေးရေဖျဉ်းရောဂါမခက်ပါ
**ရသဂန္ဓိရ-ကျော်ဝင်းအောင်**
**(ပြည်-ဆည်မြောင်း)**

၂၄၂ မြန်မာ့ရိုးရာနတ်ယုံကြည်မှုလေ့
**မောင်သန်းဆွေ(ထားဝယ်)**

၂၅၀ လူဝင်စားပြဿနာ
**တိုးထက်**

၂၇၅ သံသရာခရီးသွားလေသူ
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**


www.burmeseclassic.com

www.burmeseclassic.com


ဝိဇ္ဇာဓိုရ်ဆရာတော်များနှင့်
အသေးဆုံးခရီးသည် အမေမြနန်းနွယ်
**နီးထွန်း(ဉပဒေ)**

သာသနာပြုအဘရသေ့ကြီးနှင့်
ဗျွှန်းဆက်များ
**ရေနာဒေဝီ**

မရလောကမှသတို့သမီး
**ချမ်းထက်**

တကယ်
**ချောင်းဆုံအုန်းသွင်**

ဒုတိယကမ္ဘာစစ်ကာလအတွင်းက
မြန်မာနိုင်ငံမီးရထား
**တင်ထွန်း(စက်မှု-၂ငြိမ်း)**

အရိုးကျိုးပေါင်းတက်ခါးနာနဲ့
အဆစ်ရောင်ခါးနာ
**ရီရီဌေး**

အဘအောင်မင်းခေါင်၏
တောင်ရိုးတဲရွာ
ပြည်တော်ဝင်ပွဲတော်အကြောင်း
**အဏ္ဏဝါလှိုင်း**

စာပေရေချမ်းစင်
**စေးလာနွယ်**

မြွေဘေး၊ ကင်းဘေး
အန္တရာယ်ကင်းစေချင်
**ဝေစည်(ရွှေဘို)**


## သုရဿဝတ္ထုတို


၁၂၂ မကောင်းဆိုးဝါးကောင်
**နေဝန်းနီ**

၁၃၂ သက်စွန့်မေတ္တာ
**သန္တာမြတ်သောင်း**

၁၅၄ အဆောင် (၆)
**ရွှေပြည်စိုး(မိုးကုတ်)**

၁၆၂ သရဲမကြောက်သောဦးမောင်
**မင်းမြင့်နိုင်(ဘူးသီးတောင်)**

၁၆၆ အကျဉ်းထောင်လောကမှ
ဂမ္ဘီရဆန်သောဖြစ်ရပ်ဆန်းများ
**ဝိတာမြဦး**

၁၇၈ လူထူးလူဆန်းမောင်ဘဂျမ်း
**ရီရီဌေး**

၁၈၄ အနီးဆုံးစားက အချွန်မြဆုံးဖြစ်တယ်
**မောင်သင်းထုံ(ကျောက်မဲ)**

၁၉၀ ဝက်ကျောက်ရွာက
ဘုရားသိုက်စောင့်ခွေးနက်ကြီး
**ကိုတင်လှိုင်(မိတ္ထီလာ)**

၁၉၄ ဆေးဆရာကြီး
**နေဝိဇ္ဇာ**

၂၁၈ ကားသမား လူမုန်းရဲ့ အစွဲပါတဲ့ကား
**မောင်မောင်တိုးမြင့်(မုံရွာ)**

၂၃၀ တရားနာ၍
အပါယ်လွတ်လမ်းရှာလိုသူ
**တင့်ထူး(ဇေယျဝတီ)**

၂၅၄ မန္တလေးတိုင်းဒေသကြီးအတွင်း
ကြီးကျယ်သောနတ်ကိုင်မှုကြီး
**ရင်ခွင်မောင်မောင်တင်**

၂၆၀ ကျိန်စာသင့်လက်စွပ်
**မျိုးသစ်**

၂၆၆ လေလွင့်ဝိညာဉ်
**ခင်မောင်အေး(မန္တလေး)**

၂၇၈ တိုက်ကားအစွဲ
**ဟိန်းဇေယျာ**

၃၁၄ ကျွန်တော်နှင့်ပန်းမြိုင်လယ်
**ပန်းမြိုင်လယ်-စိန်ဝင်း**

၃၂၆ အကြောက်ဆုံးသောညတစ်ည
**ရွှေပြည်စိုး(မိုးကုတ်)**

၃၅၈ သရဲခြောက်တဲ့ညောင်ပင်ကြီး
**မောင်မင်းယဉ်(ကူမဲ)**

၃၆၂ တစ်ပြည်သူ့ရွှေနှင်းဆီ
**ကောင်းသော်**

၃၈၆ ဘယာကြောက်ရ ဩရသ
**စိုးထွန်း(ဉပဒေ)**


## သုရဿအခန်းဆက်ဝတ္ထုရှည်


၂၀၄ နားချမ်းသာ
**အောင်ကျော်**

၃၇၄ ဤလမ်းခရီးလွှမ်းမပြီးနိုင်
**မိုးကျော့**


BURMESE CLASSIC .com

## သုရဿတိုင်းရင်းဆေး


၆၀ လက်ဖက်စိမ်း-အုန်းဆီ
**သန္ဓါ(ဉပဒေ)**

၇၆ ကလေးသူငယ် ဝမ်းဖောဝမ်းရောင်
**သန္ဓါ(ဉပဒေ)**

၈၁ မြေပဲထွေးနှင့်ဆေးအသုံး
**စိုးလင်းအောင်(မြန်အောင်)**

၈၆ ပိန်းရိုးထုံးသုတ် ကြွက်နို့ပြုတ်
**နေဝင်းစင်း(လွန်ဆေး)**

၁၀၂ ပင်လယ်အုန်းနာ (ခေါ်) ချက်ရစ်နာ
**မိုးကုတ်ကျော်ကျော်စိုး**

၁၈၈ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
**မဟာနွယ်(မန်းတက္ကသိုလ်)**

၂၇၄ ဆီးကျောက်ကပ်နှင့်
ရှားစောင်းလက်ပပ်
**ဝေမွန်လင်း**

၂၈၂ ခွေးနာကိုပူစရာမလိုပါ
**ရောမြေကျော်ဝေ**

၃၃၅ ငှက်ဖျားရောဂါနဲ့ကုက္ကိုရွက်အစွမ်း
**ထွဋ်ထွဋ်ဦးမောင်**

၃၅၇ ကြောက်စရာကျောက် ဒိဋ္ဌပျောက်
**မောင်စိမ့်စမ်း(သဲကုန်း)**







၃၆၁ လည်ချောင်းကြီး၊
မျက်ပြူးရောဂါအတွက်
ရှားစောင်းလက်ပပ်အစွမ်း
**ဂျူးနီ(ကြို့ပင်ကောက်-သယ်တီ)**

၃၆၉ အစွမ်းထက်ပေါက်မြစ်နှင့်မြစ်ပွားနာ
**ကောင်းစံဟိန်း(ဖန်နေဝန်း)**

၃၈၅ တန်ဖိုးကြီးတဲ့ဆေးမြီးတို
**ဗန်းမော်-ညီညွှ**


www.burmeseclassic.com

www.burmeseclassic.com



## သုရဋ္ဌ ပညာရပ်


၁၂၁ ကိုယ်ချစ်၊ သူချစ်
**သုခစုစ်**

၁၄၂ အိမ်ရောင်းထွက်ခြင်း၊မထွက်ခြင်း
**ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား)**

၁၄၇ သင့်စွမ်းအင်၊ သင့်ကိုယ်ခံအားကောင်းစေမည့် ဖုန်းရွှေဇဗျူဟာ ၁၆၈ နည်း
**ဦးအောင်လှိုင်(သုဝဏ္ဏ)**

၂၂၃ ခရစ်ယာန်ဘာသာနှင့် အင်္ဂလိပ်ပညာတို့၏ဝိရောဓိများ
**ဆရာဦးဆက်ထွန်းလင်း (အာယုဗ္ဗေဒ)**

၂၃၅ ခြင်္သေ့ဒဿန၊ ခြင်္သေ့ဂမ္ဘီရ
**မင်းရှိန်အောင်**

၂၃၇ ကမ္ဘာ့ကပ်ဘေးကို မြန်မာ့ဓာတ်ဆေးဖြင့်ကာကွယ်မည်
**ဦးထွန်းဝင်း (ဝိဇ္ဇာဓရနယဆေးပညာ)**

၂၉၃ ရာသီခွင်အလိုက်ဘဝဖြစ်စဉ်များ
**ဦးအောင်လှိုင်(သုဝဏ္ဏ)**

၂၉၆ ဝိဇ္ဇာဓရရောင်ဆေးအကြောင်း သိမှတ်ဖွယ်ရာ နောက်ဆက်တွဲ လက်တွေ့အသုံးချ ရောင်ဆေးနည်းအဖြာဖြာ
**ဦးမင်းဇင်(ရွှေနဝင်း)**

၃၀၀ ဗုဒ္ဓပေဟာကြား နိပါတ်တော်ကျမ်းဂန်များလာ ဂါထာမန္တန်(၉)
**တြိရတနာ-ဆရာဗေယျာလင်း**

၃၁၉ ချစ်ခြင်းတရားနှင့်လက္ခဏာ
**ဆရာသိန်းသန်းအောင်**

၃၂၂ လက်ရာသီခွင်
**သက်လုံ**

၃၂၄ စိတ်စွမ်းအင်စုံထောက်များ
**မနောသုတေသီ**

၃၄၇ အင်းကောင်းတစ်ကွက်နှင့်စက်များ
**ဆရာစော(အင်းတစ်ထောင်)**

၃၅၀ လက်တွေ့အသုံးဝင် နည်းသစ်ဂဏန်းဗေဒင်
**ဆရာဓလမင်းခေါင်**

၃၇၁ မျိုးပြုတ်သွားတဲ့ ဆိုက်သီယန်အကြမ်းဖက်သမား
**မောင်ကျောက်တိုင်**


## သုရဋ္ဌလက်တွေ့အသုံးချ


၁၆ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လအတွက် ဓနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
**ရှိန်းအောင်(ဂမ္ဘီရ)**

၁၂၇ ထိ
**ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား)**

၁၂၉ ဈေးရောင်းကောင်းစေသည့် အင်းရေအစီအရင်
**နတ်မောက်လှမြင့်သစ်**

၁၃၅ အမောင့်ပယောဂ အဟန့်အတားကင်းစေသည့် ဘုရားငါးဆူအင်း
**ဆန်းညွန့်(ဓမ္မာစရိယ)**

၁၅၂ လွယ်ကူလျင်မြန်သော ဂမ္ဘီရလိုရာမီးထွန်းဖယောင်းတိုင်
**ရသဂမ္ဘီရ-ကျော်ဝင်းအောင် (ပြည်-ဆည်မြောင်း)**

၁၇၁ အလုံးစုံပြည့်ဝ နာနာဆန္ဒအင်းအစီအရင်
**တြိရတနာ-ဆရာဗေယျာလင်း**

၁၇၇ အဝေးရောက်ခုနစ်နွေသားသမီးများ လာစေဖို့
**မုဒိတာ(ကျိုက်လတ်)**

၂၃၉ တန်ခိုးဝေဖြာ လာဘ်မိုးရွာစေသော ဂုဏ်တော်စကြာပုတီးစိပ်
**ဘုန်းခေါင်**

၂၄၆ လိုသူများသုံးစေဖို့
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

၃၅၄ သားမြားဥ၊ ရှဉ့်မတက်ဥနှင့် ဆဒ္ဒန်စွယ်တော်မြစ် လေ့လာသိရှိထားသမျှ
**စောငုဝါ(ပျဉ်းမနား)**

၃၀၉ ၂၀၁၃ ခု ဩဂုတ်လ ကောင်းကျိုးဝေဖြာ တစ်နေ့တာလမ်းညွှန်
**ဒေါ်ခင်စံသု (B.Sc)**

၃၉၀ ၂၀၁၃ ခု ဩဂုတ်လ ကံမြင့်ကံပွင့်အစီအရင်
**ပြည်သိန်းကျော်**

၃၉၄ ဖြည့်လိုသော ကွက်လပ်လေးများအတွက် သုရဋ္ဌလက်ဆောင်
**ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား)**

၃၉၉ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လအတွက် ခုနစ်ရက်သားသမီးဟောစာတမ်း
**ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား)**



**နာယက**
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
**စာတည်းချုပ်**
ဦးအောင်မြတ်
**အုပ်ချုပ်မှုစာတည်း**
ဒေါ်သန်းသန်း(၁)
ဒေါ်ချောသီရိနိုင်
**စာတည်းအဖွဲ့**
ကျော်မင်းထွဋ်
သင်းသင်းစံ
ဝေလုံလုံထွဋ်
အောင်ကျော်ဆန်း

**ဥပဒေအကြံပေး**
ဦးထွန်းရွှေ
B.A (Law);L.L.B
လွှတ်တော်ချုပ်ရုံးရှေ့နေ

ထုတ်ဝေသူ
ဦးအောင်မြတ်
(မြ-၀၄၃၂၉)
မျက်နှာဖုံးနှင့်
အတွင်းသန့်ချိ
စိုးအောင်
သုရဋ္ဌစာလုံးဒီဇိုင်း
ကိုကျော်မင်းမောင်
အတွင်းဖလင်
color king
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးဝင်းအောင် (မြ-၀၅၁၃၁)
သန်းထိုက်ရတနာအော့ဖ်ဆက်


ဘဏ္ဍာရေးမှူး
ဒေါ်စပယ်ညို
ဖြန့်ချိရေးမှူး
အောင်မြင့်သန်း
ကွန်ပြူတာစာစီ
စုစုလှိုင်၊ ဝေသဲဦး၊ ချမ်းမြေ့ကျော်
ရုံးအဖွဲ့
ခင်ထားဆင့်၊ အေးအေးစန်း

စာတည်းအဖွဲ့ရုံးခန်းနှင့်ဖြန့်ချိရေး
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၉၂) ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ရန်ကုန်။
ဖြန့်ချိရေး- ၀၁-၃၈၈၇၁၈
စာမူနှင့်ကြော်ငြာ -၀၁-၂၄၆၆၉၀
**မန္တလေး၊ တစ်ဦးတည်း ကိုယ်စားလှယ်**
ထွန်းဦးစာပေ
**နေပြည်တော်၊ပျဉ်းမနား-**
သော်တာစန်း၊ သရဖူ၊ ရွှေရည်ဝင်း
**မော်လမြိုင်-**ကျော်ကျော်စာပေ
**ရှမ်းတောင်ကသာ-**ဂါနီဒီ၊ ပီလုံနာ
**ပဲခူး-** သဇင်စာပေ
**ဟင်္သာတ-**တာလေးမောင်၊ ရွှေမောင်း
**မကွေး -**ရွှေပြည်စိုး
**တောင်ငူ-**ဦးထွန်း၊ ဦးလှမောင်
**မြန်အောင်-**လူထုမေတ္တာ
**အုပ်ရေ** ၁၀၀၀

လက်ကားဖြန့်ဈေး ( ၂၅၀၀ ) ကျပ်


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှအဆက်)

**၆/ သစ္စာက အရာမထင် မေတ္တာဆင်၍ ဝင်လေဦး**

**ဓမ္မေသက. . .**

- သစ္စာလက်နက်သည် ကျင့်ဆဲ သိက္ခာဓာတ်၊ ဓမ္မဓာတ်များကို သက်သေခံအရာထား၍ ဆိုရသောအရာဖြစ်၍ -

- န္တိ့မြေလုံးကို ပုလင်းကွဲကပ်၍ ပစ်ခတ်ရသော လက်နက်မျိုးပမာ -

- နောက်ခံ သိက္ခာဓာတ်အား ပြင်းလည်း ပြင်းသလောက်လျှင် ထက်ရှ၏။ နောက်ခံ သိက္ခာဓာတ်က အားပျော့လည်း ပျော့သလောက်လျှင် ထက်ရှ၏။ သို့ကြောင့် -

- အားပြင်းဒဏ်ကိုလည်း တစ်ဖက်မခံနိုင်၊

- အားပျော့ဒဏ်ကိုလည်း တစ်ဖက်မခံနိုင်။ သို့ဖြစ်ရာ -

- သင်ဆိုသော သစ္စာစကားကြောင့် တစ်ဖက် နား-ကြားပြင်းကတ်-ဖြစ်လာပေရော့မည်။

- သင့်အသံ သူခံပြင်း သင့်သို့ တန်ပြန်ညှင်းရန် ကွင်းဆင်းလာကြမည်။ သို့ကြောင့် -

- ပုရွက်အုံတုတ်တိုး ပုရွက်ဆိုးများ ရိုးရှူရိုးရှူထလာကြပြီပမာ -

- အာရုံ အိပ်မက် အမြင် အကြား ဤလေးမျိုးသော လှုန့်ခြောက်လက်နက်များက ခါတိုင်းထက်ပြင်း ခါတိုင်းထက်လည်း ထင်းထင်းထင်ပြလာပေရော့မည်။ ထိုစဉ် -

- စိတ်ညှို့ဖြင့် အာရုံပြ အာရုံပြုကြည့်တိုင်း မြင်ခွင့်ရနေတတ်သည်။

- အိပ်မက်ဖြင့် အာရုံပေး၊ စိတ်ဝင်စားက တစ်မျိုးပြီးတစ်မျိုး တိုးပေးနေတတ်သည်။

- အမြင် အကြားထိ ပေးခွင့်ရက နိုးချိန်ပြည့် မကြည့်တိုင်းမြင် မဆင်ခြင်လည်း ကြားနေရတတ်သည်။

- ထိုအားလုံးတို့ဖြင့် သင့်အား တန်ပြန်ထိုးနှက်ရာ၌ -

- သင့်နောက်ဝယ် ငဲ့စရာ မိဘ၊ ဆရာများရှိနေက ထိုမိဘ၊ ထိုဆရာများ ဒုက္ခရောက်နေကြောင်း သတင်းမျိုးလည်း ဖြစ်ကောင်းဖြစ်နိုင်သည်။ သည့်အတူ -

- အစွဲဆုံး၊ အငြိဆုံးသော တပည့်





www.burmeseclassic.com

www.burmeseclassic.com

ဒ္ဓကာများ၏ သတင်းများလည်း ဖြစ်နိုင်သည်။

- တာဝန်ခံထားမိသော နောင်ရေးတာဝန်များလည်း ဖြစ်နိုင်သည်။ ခြုံလိုက်သော် -

- သံယောဇဉ်မကင်း တဏှာစရန်သွင်းထားသည့် နောက်ကြောင်းများချည်းပင်။ တစ်ဖန် -

- နောက်တစ်ခုက သင့်လက်ရှိနေရာ -

- နောက်တစ်ခုက သင့်ကျင့်ဆံအကျင့် -

-ဤလက်ငင်းအကြောင်းများဖြင့်လည်း လွဲနေပြီ၊ မမှန်းသေး ဆိုသောလမ်းလွဲလမ်းခွဲများ ပေးတတ်ကြသေး

( ဝ န ဝါ သီ ဥ ယျ ဓ မ္မ သ ာ မိ ထေ ရ် )
ရေးသားတော်မူသည့်

# ပါရမီဘာဝ တထော ၆ ပါရမီဖြစ်စကား



www.burmeseclassic.com

၏။ တွေးမိသမျှသာ ရေးပြနိုင်၏။ သည်မျှမက -

**ခမ္မေသက. . .**

- သင့်အဖို့ သည်ခေတ်တွင်း သည်မြစ်ကျဉ်းဝယ် လည်စင်းခံပေးရုံမှ တစ်ပါး အခြားလမ်းမရှိတော့ပါ။ ယင်းမှာ -

- သစ္စာတက်ကို ဝှက်၊ မေတ္တာတက်ဖြင့် ထွက်လှော်ပေးဖို့ပင်။

- မေတ္တာသည် သူနှင့်ကိုယ် တန်းတူထား နေရာပြောင်း၍ စိတ်ထားပေးလိုက်ခြင်း။

- မေတ္တာသည် သူနှင့် ကိုယ် တစ်သားတည်းထား အေးစိတ်ပွား၍ သူ့အား သွင်းပေးထားလိုက်ခြင်း။

**ခမ္မေသက. . .**

က။ မေတ္တာသည် အလျား၊ အနံ မရှိသော်လည်း အသွား၊ အပြန်ကား ရှိ၏ဆိုသောစကား သင်ကြားဖူးပြီးသား။

ခ။ မေတ္တာသည် ရန်သူလည်း ကြိုက်၊ မိတ်ဆွေလည်းကြိုက်၊ မိမိကိုယ်တိုင်လည်း နှစ်ခြိုက်သောတရား ဆိုသည့်စကား သင် ကြားဖူးပြီးသား။ တစ်ဖန်လည်း -

ဂ။ ဓာတ်ကကူးသည်၊ နတ်ကပူးသည်၊ ဇာတ်ကရှူးသည်၊ မြတ်မှုထူးသည် ဆိုသည့်စကား သင်ကြားဖူးပြီးသား။

- ဤ၌ ထိုစကားသုံးလုံး အကျဉ်းရုံး၍ပြရပါသော် -

**ခမ္မေသက. . .**

- ဓာတ်သဘာဝတို့၏ဒြပ်မဲ့အခိုးသတ္တိ အရှိန်လှိုင်းသည် လေကိုမှီ၍လည်ပတ်သောအရာမျိုးမဟုတ်ဘဲ -

- အိမ်ရှေ့ မဏ္ဍပ်ထိုး ဗျိုးဟစ်၍ ကျွေးမွေးနေသော အလှူရှင်မျိုးနှင့်သာ တူ၏။

- ဆေးလွယ်အိတ်တစ်လုံးဖြင့် တစ်ရွာဝင်တစ်ရွာထွက် ပင့်လာသမျှ လူမကျန်းများအသက်ကို အိမ်တိုင်ရာရောက် လိုက်လံကုသပေးနေသော ဆေးဆရာနှင့်လည်း တူ၏။ တစ်ဖန်လည်း -

- ဓာတ်သဘာဝတို့၏ဒြပ်မဲ့အခိုးသတ္တိ ထိုအရှိန်လှိုင်းသည် -

နေ၊ လတို့သည် သူသွားရာလမ်းတစ်လျှောက် သူ့အောက်သို့ ဝင်သူမှန်သမျှအား သူ့၌ရှိသောဓာတ်သက် ကူးဆက်ပေးသွားသည့်ပမာ ဆင်၏။

- ဓာတ်မီးခြစ်၏ကျောက်နှင့်ဘီးခတ်ရာအကြားမှဖွားလွင့်ထွက်လာသော



လျှပ်စီးမီးပွင့်လေးများသည် ဓာတ်တူခိုးတို့ စိုးမိုးသော မီးစာ သို့မဟုတ် မီး၏အစာဖြစ်သော ချည်မျှင်မြိတ်ဆာလေးများ၏အနီးအပါးရောက်သော် ရုတ်တရက်ကူးလျှောက် ဟုပ်ခနဲ ထတောက်သည့်ပမာနှင့်လည်းဆင်၏။

**ခမ္မေသက. . .**

- သင့်ထံရှိ သိက္ခာဝင်သီလဖြင့် စုစည်း ထုတ်လုပ်ထားသော မေတ္တာဓာတ်တို့၏အရှိန်လှိုင်းများကလည်း -

- မျှစိတ်ထား၍ တရားလက်ကိုင်ရှိသောသူများ၏ စိတ်မှန်သမျှတွေ့ ခိုဝင်လေ့ရှိ၏။

- ထိုအခါ သင့်မေတ္တာသည် အလှူရှင်၊ ဆေးသမားနေရာ ဝင်ယူပေးလိမ့်မည်။ တစ်ဖန် -

- ရိုင်းစိတ်ပွားပြီး တရားမဲ့နေသူများ၏ စိတ်များတွေ့လည်း ခိုဝင်လေ့ရှိ၏။

ထိုအခါ သင့်မေတ္တာသည် ဘီးကျောက်ကြားမှ ဖွားလာသော မီးနေရာ ဝင်ယူပေးလိမ့်မည်။

**ခမ္မေသက. . .**

- ဤနေရာ မေတ္တာဓာတ်သက်တို့၏ သတ္တိကူးပုံ သင့်အား စကားလက်ဆုံပါးလိုသည်မှာ -

- ဩော် - ငါလည်းပဲ -

- ငါ့နေရာ သူတစ်မ်းဝင် သူစိမ်းသွင်ပြင် ဆက်ဆံမှာပဲ။

- ငါသာဆို သူ့ထက်တောင် ပိုဆိုးနေလေဦးတော့မည်။

- သူလည်းပဲ သူ့နေရာ ငါအဝင် ငါ့လိုပဲ မြင်နေရှာမှာပဲ။

- သင် သည်သို့သော မျှစိတ်အတွေး ရှေ့ပြေးဝင်ပေးထားပါလေ။

သည့်နောက် -

- ဩော် - ငါလည်းပဲ -

- ငါ့ထံလာသောဧည့်က ငါ့စိတ်ချမ်းသာရေး ဝင်ရောက် အကူအညီပေးသော် ကျေးဇူးတင်မိမှာ အမှန်ပေပဲ။

- သူလည်းပဲ သူ့စိတ်ချမ်းသာစေရေး ငါဝင်အကူအညီပေးနေသော် ကျေးဇူးမတင်သော်မှ ကျေနပ်မှုပြမည်ကား အမှန်။

- သင် သည်သို့သော မျှမေတ္တာအတွေးကိုလည်း နောက်ထောက်ဝင်ကူထားပါလေ။

- သည့်နောက်တွင်ကား သူ့ သူတို့အပေါ် တကယ်ချမ်းသာစေချင်သော စေတနာထိပ်ဖူးတပ် မေတ္တာဓာတ်ဖြင့်-

- အဝေး၊ အနီးတို့ဆီသို့ ချိန်ရွယ်၍ လည်းကောင်း -

- မြင်အပ်ရာ၊ မမြင်အပ်ရာဆီများသို့ ချိန်ရွယ်၍ လည်းကောင်း-

- အဝေရာ အစချီ မေတ္တာပို့ဖြင့်လည်း မေတ္တာပို့ပါလေ -

- ဒုက္ခာ မုစ္စန္တု ကရုဏာပို့ဖြင့်လည်း မေတ္တာပို့ပေးပါလေ -

- ယထာလဒ္ဓနှင့် မုဒိတာပို့နည်းဖြင့်လည်း မေတ္တာပို့ပေးပါလေ။

- ကမ္မသကာ ဥပေက္ခာပို့ဖြင့်လည်း မေတ္တာပို့ပေးပါလေ။

ထိုသို့ သင် ပို့လွှတ်ရာ၌ -

- ရံတစ်ခါ တည့်တည့်ချိန်ဖြင့် ငြိမ်ခံနေသည်များသို့ သီးခြားပို့ရမည်။

- ရံတစ်ခါ ဖြန့်ရမ်းနည်းဖြင့် ယောက်ယက်ခတ်များထဲ ကျဲပို့ပို့ရမည်။

ထိုအခါ -

သောက်ရေသန့်ဆိုလျှင် ရေငတ်နေသူ မည်သူမဆို လက်ကမ်း၍ ကြိုနေပါသည်ပမာ -

-မည်မျှ အာဃာတထန်သော ရန်သူပင်ဖြစ်ပစေ အခဲကျေ အပူအေး ခွင့်လွှတ်တေးလေး ဆိုပေးလာသည်သာ -

- မေတ္တာသည် ရန်သူလည်း ကြိုက် သွေးအကြည်ဆိုက်သောတရား။ တစ်ဖန် -

- မိမိနှင့်သံယောဇဉ်မကင်း အနီးနေ၊ အဝေးနေ ထိုအပေါင်းအသင်းများဆီက -

- ခမျာ အဆင်မပြေရှာရဲ့လား အတွေးဖြင့် ခေါ်လိုက်သော စိုးရိမ်ဓာတ်လှိုင်းများ၊

- ခမျာ တို့မှ သတိရသေးရဲ့လား အတွေးဖြင့် မျှော်နေသော ရစ်ကြိုးဓာတ်လှိုင်းများ -



www.burmeseclassic.com

www.burmeseclassic.com

- ထိုထိုစာတ်လိုင်းများ မိမိ၏ မေတ္တာစာတ်လိုင်းနှင့် အာရုံချင်း ကူးပူးသွားသောအခါ အားချည့်ကို အားရှိက ချီသည်ဆိုသော နိယာမအတိုင်း လည်းကောင်း -

- ပြိန့်ကျဲအားကို စုစည်းအားက ပတ်သည်ဆိုသော အစဉ်အလာအတိုင်း လည်းကောင်း -

- အားချည့်အပူစာတ်ကို အားရှိအအေးစာတ်က သတ်သည် ဆိုသော ဓမ္မတာအတိုင်း လည်းကောင်း -

- ထိုအားလုံး မိမိ၏မေတ္တာစာတ်၌ပင် လမ်းဆုံးသွားစေပြီ။

- မေတ္တာသည် မိတ်ဆွေလည်းကြိုက် သွေးအကြည်ဆိုက်သောတရား။ တစ်ဖန်လည်း -

- မိမိ၌လည်း ငုပ်ကောင်အဖြစ် ခေါင်းမြီးခြုံလိုက်ပါနေကြသော -

- အကြိုက်တွေ့ ချစ်လေ့ရှိသော ရာဂစာတ်အားများကသော် လည်းကောင်း-

- အကြိုက်တုန်း မုန်းလေ့ရှိသော ဒေါသစာတ်အားများကသော် လည်းကောင်း -

- ထိုင်မည်ကြံ ကံပေါ်၊ ကျော်ညော်လုပ် အထုပ်ပုတ်ပြတို့ဖြင့် တို့စနေကြပါသည်ကိုလည်း -

- အရက်ကြား တောင်ကဇွန်းကြီးရေ တစ်စက်ကျသွားသည့်ပမာ -

ထိုရာဂခိုး၊ ဒေါသခိုးများ အငြိမ်းပြယ် မိမိစိတ် အကြည်နယ်သို့ ထွက်ခွင့်ရတော့သည်။

မေတ္တာသည် မိမိကိုယ်တိုင်လည်း နှစ်ခြိုက် သွေးအကြည်ဆိုက်စေသော တရား။

**မမွေ့သက. . .**

- သင်၏ တောစပ်အဝင် ဤနေရာတွင်ကား -

မိတ်မဆက် ရန်မဖက် စည့်သည်နှင့် အိမ်ရှင်တို့၏ စာတ်မဆက်သေးခြင်းက အဓိကဖြစ်နေ၏။ သို့ကြောင့် သူတို့ကိုသာ ဝ-ကွက် နုသြဒိသစကား ဖြန့်ကြက်လေ။

- ထိုအခါ -

- သင့်ဝမ်းတွင်းပါ ကြောက်စိတ်က အရိပ်ထွက်ပြနေခြင်းကြောင့် လည်းကောင်း -

- သင့် မွေးရာပါ မကျေချမ်းစိတ်က အရိပ်ထွက်ပြနေသေးခြင်းကြောင့် လည်းကောင်း -

- ပုရွက်အုံ တုတ်ထိုး ပုရွက်မိုးကြီး တစ်ခဲနက်သွန်းဖြိုးလာတော့သည်ပမာ -

- အာရုံအိပ်မက်နှင့် အကြားအမြင်များ ပို၍ပင် ထင်ရှားလာဦးတော့မည်။

- ထိုအခါမျိုးများ၌လည်း -

- ငါနေတာ နေရာများမှားနေလို့လေလား -

- ငါ့အကျင့်၊ ငါ့သီလကများ အားနည်းနေလို့လေလား -

- ဤဝိစိကိစ္ဆာမာန်ရာပ်မကလည်း စစ်ရေးပြနေပေဦးတော့မည်။ တစ်ဖန်လည်း -

- အနာပေါ် ဆေးသက်ကျ တည့်နေက ထိုအနာ အုံကြွပြလာသည့်ပမာ-

-သူတို့ သန္တာန်၌ဖြစ်နေသော -

- မိမိတို့နေရာ ဗိမာန်၌ ခင်မင်မှု အားကြီးနေသော ရာဂအနာ -

- သင့်အပေါ်၌ မကျေချမ်းစိတ် အားကြီးနေသော ဒေါသအနာ -

- ထိုအနာများအပေါ်သို့ သင့်မေတ္တာစာတ်သက် စာတ်အစက်ချနည်းဖြင့် ကျသက်သွားသောအခါ -

- အနာတုန်သလောက် စိတ်ခုန်ဟင်းပေါင်းစုံသွားကြတော့မည်။

- ဆေးတည့်သလောက် အနာပိကိုယ်များပါ အိကျသွားကြတော့မည်။

- ပူ အေး ချမ်းတုန် မေတ္တာနှင့် အနာဂုဏ်များကလည်း ဆုံထွက်လာကြတော့မည်။

- ဤအခါမျိုးများ၌လည်း -

- တစ်တောလုံး သရော ဖောက်သင့်၌ တောခြောက်ခဲရဦးတော့မည်။

- တစ်တောလုံး တောဖုံးချက် အုန်းအုန်းကျွက်ကျွက်လည်း ဖြစ်လာဦးတော့မည်။

- ယင်းမှာ သင့်မေတ္တာမကြိုက်၍ မဟုတ်၊ မေတ္တာစာတ်ခိုက်သွားခြင်းမျှသာ။ သင့်ကို ရန်ဘက်ဟူ၍ ကြေညာနေသည်မဟုတ်။ သူတို့၌ မေတ္တာလှိုင်းပုတ်နေခြင်းမျှသာ။

- သို့တစေလည်း -

- မဝင်ဘူးသေးသောတော အစမ်းသဘောဝင်လာသော ထိုသည့်အင် -

- ခင်းထားပြီးသော တောလမ်း အစမ်းဝင်လာသော ထိုသည့်သင့် -

- ဖြစ်မှဖြစ်ပါ့မလား၊ ရှေ့တိုး ပိုများ ဆိုနေမလား ဆိုသော လားကြီး ကျောပိုးလျက်က -

- ရှေ့တိုးလည်း အခက် -

- နောက်ဆုတ်လည်း အခက် -

- ဤခက်နှစ်ခက်တို့၏လက် သင့်ကျင့်သက် ဝ-ကွက်အပ်လိုက်ရပြီ။

- ထိုသို့ပင် သင့်တွေးစိတ်၏ အဖျက်ကြောင့် သင်အခက်ကြုံနေသော်မှုလည်း -

- သင် ကျင့်လက်စ အကျင့်ကား တစ်စတစ်စ အညွန့်တက် အရင့်ဘက် ထွက်လာနေချေပြီ။

- သင် တည်လက်စ အတည်က လည်း ခဏတည်မှ အညွှန့်တက် ပညာသိဘက် သွက်လာနေပြီ။

- သို့ကြောင့် -

- သင် မတိုးချင်လည်း သူတို့က မတိုးဘဲမနေ -

- သင် နောက်ဆုတ်ချင်သော်မှုလည်း သူတို့က နောက်ဆုတ်လိမ့်မည် မဟုတ်။

- အစွဲသိနှင့်အထဲသိ ပွဲညီ၍မရသောနေရာပင်။

- သင့်အတ္တသဘောနှင့် မမွေ၏ အနတ္တသဘော စကားပြောနေသော နေရာပင် -

- ထိုစဉ် နောက်မှ အရှိန်ဖြင့် လိုက်လာသော စာတ်ဖြူတို့၏ စောင့်တိုးတိုးအကူကြောင့် -

- အတွေးကပေးသော ထိုအခက်ဖြစ်ချင်ရာဖြစ်ဖြင့် မပတ်သက်စွာ နေပြလိုက်တော့သည်။

## ၇/ မေတ္တာဖြင့် သွေးမတိတ် မျက်စိမှိတ် ကျင့်ပေရော

**မမွေ့သက. . .**

- အပူဟပ်ကို ယပ်ခတ်ပေးသော လေကို လူတိုင်းကြိုက်ပါသည်ဆိုသော်မှုလည်း နွေခေါင်ခေါင် ကျပ်တည်းပြင်အတွင်းမှ တောပြင်းခတ်ပါသည့် လေပူမျိုးကိုကား မည်သူမျှ ကျောထိုးမခံနိုင်ပမာ -

- မေတ္တာကို လူတိုင်းကြိုက်ပါသည် ဆိုသော်လည်း -

ကြောက်၍ပို့ရသော မေတ္တာ၊ မကျေမချမ်းလမ်းမှတန်းထွက်လာသော မေတ္တာမျိုးကိုကား မည်သူမျှ ကျောပိုးခံလိမ့်မည်မဟုတ်ချေ။

ထိုအခါ -

- အတုန့်က အပြန်ထွက် ကိုယ့်ဘက်သို့ အခက်ပြန်ကြုံစေတော့ရာ -

- သင့်မှာ ကောင်းမရှု ဆိုးမရှု ဥပေက္ခာပြုရုံသာရှိတော့သည်။

- သင့်မှာ မြင်လိုမြင်၊ ကြားလိုကြား သူတို့အကြား စိတ်မသွားဖို့သာရှိ



www.burmeseclassic.com

www.burmeseclassic.com

တော့သည်။

သင့်မှာ အိပ်မက် အာရုံ ဘာနှင့် ပင်ကြုံကြုံ မတုံ့မပြန် ငုံခံဖို့သာရှိတော့သည်။

- အကန်း အဆွံ့ အပင်း သည် နေရာ ခင်းကျင်းပြသင့်သည်။

- အမြင် အထင် ဘာဝင်ဝင် သင် အကန်းကြီးလိုသာ ပြင်ဆင်နေပေရော့။

-အကြားတခြား ဘာစကားသွင်း သွင်း သင် နားပင်းကြီးလိုသာ ပြင်နေပေရော့။

- သင့်အတွေး သူ့အမေး ဘာ အရေးကလွန်လွန် သင်နှုတ်ဆွံ့တစ်ဦး လိုသာ ပြင်နေပေရော့။

ထိုအခါ သင့်အား -

- သစ်ရွက်ခြောက် ကောက်ပုံ ထားရသလိုပဲ -

- ဤလိုလည်း တို့ကြ စကြပေဦး တော့မည်။ တောင့်ထား မလှုပ်နဲ့။

- သစ်ငုတ် အဝတ်ပတ်ပေးထား ရတာနဲ့ ဘာမှလဲမထူးပေါင် -

- ဤလိုလည်း တို့ကြ စကြပေဦး တော့မည်။ ငြိမ်ငြိမ်နေ အပေ မဖျက်နဲ့။

- ကျောက်တုံး ထုံးသုတ်ပြီး ကိုး ကွယ်ရတာကမှဟုတ်တုတ်တုတ်ရှိသေး-

- ဤလိုလည်း တို့ကြ စကြပေဦး တော့မည်။ မတုန်နဲ့ ငုံခံ။

**ဓမ္မသက. . .**

- သင်၏ ပါရမီလက်သင်စ လမ်းဝ၌ ကျင့်သုံးရမည့် ဤဥပေက္ခာ သည် သဘာဝတွင်းထွက်ပစ္စည်းမျိုး မဟုတ်။ လုပ်ယူရသော ဥပေက္ခာမျိုးမျှ ဖြစ်ရာ -

- မသိကျိုးကျွန်မွေး မောဟသွေး နှင့် အပေးအယူမကင်း။ သို့ကြောင့် -

- စတုတ္ထဈာန်ရှိ ဥပေက္ခာမျိုးသို့ ကေဝုတာ တစ်ခုတည်းချည်း ဖွံ့ဖြိုးနေ ဦးမည် မဟုတ်။

-သခါရုပေက္ခာဉာဏ်ရှိ ဥပေက္ခာ မျိုးသို့ မပြင်ဘဲနှင့် ဝင်နေသည့်အရာမျိုး လည်းမဟုတ်။

- ထိုမှပြန်၍ လှန်ပြောလိုသည် မှာ -

- ဤဥပေက္ခာသည် တေကိုင်၊ ငပေကိုင်၊ တေတေပေပေသမား၏လက် သုံးဥပေက္ခာမျှသာ။

**ဓမ္မသက. . .**

- ဤနေရာတွင် -

- အကြောက်ဖြင့် ချောက်ကျနေ အောင်လည်း ပြုလုပ်တတ်ကြ၏။

- အမြောက်ဖြင့် ချောက်ကျ အောင်လည်း ပြုလုပ်တတ်ကြ၏။

- သင့်ဘက်က မထုံတက်သေး မသိကျိုးကျွန် ဘက်ပေးဖြင့် စစ်ရေးပြဖို့ သာလို၏။ မြှုနိုင်လျှင် ငတေမှော်အောင် မည်။ ထုံနိုင်လျှင် ငပေမှော်အောင်မည်။

သို့တစေလည်း . . .

တစ်ဖက်၏အတို့အစများအပေါ် မြှုတေတေ ထုံပေပေတို့ဖြင့် ငုံခံနိုင် ကောင်းခံနိုင်မည်။

- မိမိရှိ ရှေ့စိတ်၊ နောက်စိတ်က လိုက်လံ တို့စနေကြသည်ကိုကား ခံနိုင် မည် မဟုတ်ချေ။

ထိုစဉ် ရှေ့စိတ်က ဆက်မကွာ - နောက်စိတ်က ဆက် ပိုခက်မှာပေါ့။

တစ်ဖန် -

ဘယ်လိုလုပ်လုပ် ငုံခံမယော့ ရှေ့ စိတ်က ခံမှန်းသိ သည့်ထက် ပိုဖျက် တော့ အခက်လား နောက်စိတ်က -

- လက်ရှိဝင် သဒ္ဒါဆန္ဒပင်း ညဉ် စိတ်ကို မွေးရာပါ တဏှာဘယသွင်း ညဉ်စိတ်က လိုက်လံ ခြေချိတ်နေခြင်း၏ သရုပ်ပင်။

BURMESE CLASSIC .com

ဤ၌ -

- ကိုယ့်ကိုယ်ကိုယ် ညှာတာလို ခြင်းက အနုသယပါ တဏှာ၏ ဟန်ရေး ပြ အမူအရာ -

- သူတစ်ဖက် ကြောက်လိုခြင်းက အနုသယပါ ဘယ၏ ဟန်ရေးပြအမူ အရာ -

သို့ဖြင့်ပင် အချို့ငတေမှော်၊ ငပေ မှော် မအောင်ကြ။ တဏှာတပ်မကြီး အောက် လက်မြောက်ဝင်သွားကြရာ သည်။ သံ့ပန်းပါလာသော ထုံးစစ်ပုံမှန် ထက် အထိနာသည်။

**သီလသည် ဦးဆောက်ပန်း။ သီလသည် အလံတော်ကိုင်**

**ဓမ္မသက. . .**

- သည်နေရာ စာတစ်ခါထစ် သင်နှင့်ငါ ဆွေးနွေးဖြစ်ကြဦးစို့ရဲ့။

- ပါရမီသည် စိတ်မည်းတူ အဖြူ ဖြစ်အောင်လုပ်ရသောအလုပ်။

- ပါရမီသည် စိတ်ဖြူလွင့်၍ အမြင့်မှ အမြတ်သို့ ချီတက်ရသော အလုပ်။

ထိုသို့ သင် ပြုလုပ်ခဲ့ရာတွင် -

- သီလသည် ပါရမီအားလုံးတို့ ၏ ရှေ့ဆုံးမှ နေရာယူပေးရသည့် အလံ ကိုင်ပင်။

မှတ်ချက်။ ။ ဦးဆောက်ပန်းသည် ရှေးခေတ် စစ်တိုက်ကြရာတွင် တပ်မ ကြီး၏ ရှေ့ဆုံးမှနေ မိမိ၏ဦးထိပ်တွင် ခေါင်းရန်းပန်းတစ်ပွင့်ပန်ဆင်ပြီး တက်ပြ သော အသေခံသူရဲကောင်းဖြစ်ရာ ဤ မှာခေတ်ရှိ တပ်ဦးအလံကိုင်နှင့် အလား တူသည်။

- သို့ကြောင့် ဤသီလကိုလည်း ပါရမီအားလုံးတို့ရှေ့က အလံကိုင်ဆိုရ မည်။

- သီလမပါသောခန္တီသည် ပါရမီ အထိ စစ်မချီနိုင်ပါ။

- သီလမပါသော သစ္စာ၊ မေတ္တာ များသည် ပါရမီခေတ် လှစ်မဝင်သာ။

- သီလမပါသော ဥပေက္ခာသည် ပါရမီထူးသို့ ကူးမဝင်သာ။

ထိုစဉ် -

- သီလ၊ သစ္စာ၊ ခန္တီ၊ မေတ္တာ ထို လေးဖြာတို့သည် မကွေမကွာပါရမည့် ပါရမီဖြည့်ဖက် လေးဦးအရာဝင်နေ သည်ကို သင် သတိပြုရပါမည်။

- ဥပေက္ခာကား ထိုလေးမျိုး ပြီး ဆေးထိုးပေးသည့်ဆရာအဖြစ် သင်မှတ် ပါ။

- ဤ၌ ပန်းပဲဖိုပိုင်ရှင်၏ အလုပ် နှင့်သရုပ် ယှဉ်ပြောပြောရပါမူ -

- ခန္တီ၊ သစ္စာ၊ မေတ္တာတို့ကား သံသုံးမျိုးစပ်ထားသည်နှင့်တူသည်။

- သီလကား ပန်းပဲဆရာကိုင် လက်နက်ကိရိယာနှင့်တူသည်။

- ဥပေက္ခာကား ဆေးသားတင် ပေးသည့် ရေခွက်နှင့်တူသည်။

- တွေ့ကြုံ ရင်ဆိုင်နေရသည့် အရာများကား မီးဖိုကြီးနှင့်တူသည်။

ထိုစဉ် -

- သုံးမျိုးစပ်ပြီး အရည်ကျို ပုံ လောင်းထားသည့် သံပြားကြီးကို ရဲရဲ တောက်ဖိုခွင်ထဲ ထိုးနှစ်သွင်းပေးထား ကာ မီးနှင့်တွဲ၍ သံပြားကြီး ရဲရဲတက် ကျက်လာစေပြီ။

- ယင်းကို ဖိုထဲမှနုတ်၍ ပေပေါ် တင် တူဖြင့်ထု၍ မားပုံစံဖော်ပေးလိုက် သည်။

- လိုသလို ပုံပေါ်မလာသေးသမျှ ဖိုထဲသွင်း မီးပြင်းထိုးပေးနေလေဦး။

- လိုသလို ပုံပေါ်မလာသေးသမျှ ပေပေါ်တင် တူဖြင့်တွင်တွင်ထုလေဦး။

- ပုံလည်းပေါ်ပြီ၊ မီးလည်းကျက် ပြီ။ မားတစ်လက် ထက်ဖို့သာလိုတော့ သည်။

- ထိုအခါ ဖိုတွင်းမီးပေး၊ ထုထု

www.burmeseclassic.com

www.burmeseclassic.com

[illegible]သည်နှင့် အနီးရှိရေခွက်အတွင်း [illegible]သွင်းပေးကာ ဆေးသားတက် [illegible]တော့သည်။

- ထိုသည့်ဓားလောင်း သွေးပေး [illegible] ဓားတောင်းဖြစ်လာရတော့သည် [illegible] -

**[illegible]သက. . .**

- သင်၏ကျင့်ဆဲသော သင့်ထံရှိ [illegible] သစ္စာ၊ မေတ္တာတို့ကိုလည်း -

- အကျင့် (သီလ) ဖြင့်ပင် ခွင့် [illegible]စိတ်ပေါ်သည်အထိ ခံနိုင်အောင် [illegible]စားပေး။

- အကျင့် (သီလ) ဖြင့်ပင် သစ္စာ [illegible]သည်အထိ ရင့်ကျက်လာအောင် [illegible]စားပေး။

- အကျင့် (သီလ) ဖြင့်ပင် ဓာတ် [illegible]သည်အထိ အရှိန်ပြင်းအောင် [illegible]စားပေး။

- ခံနိုင်ပြီ၊ ရင့်ပြီ၊ ပြင်းလာပြီ ဆိုပါ [illegible] -

-ထိုသုံးမျိုးတို့ကို တွဲဖက်ဥပေက္ခာ [illegible] ဆေးသားတက်အောင် ကြိုးစား [illegible]

- ထုပေနာပေ (ထုပေ-နဘော) ခံ [illegible]လာခြင်းက ဆေးသားတက်သရုပ်ပြ။

- အပူတော၊ အအေးတော ပေ၍ခံ [illegible]လာခြင်းက ဆေးသားတက် [illegible]တော။

**မမွေသက. . .**

- သင်သည် ထိုဆိုခဲ့ပြီးသော အတိုင်း သီလကို ဆင့်အဖြစ်တန်း၊ ခန္တီ၊ သစ္စာ၊ မေတ္တာသုံးပါးနှင့် ဤဥပေက္ခာ တို့ကို ကြမ်းအဖြစ်ခင်း၍ ပါရမီတွင်း နင်း သွားဆဲတွင် -

- အခဲမကျေရန်ဘက် အလောင်း တော်နှင့် စိဥ္စမာနတို့ အတွဲမျိုးကလည်း ပွဲတိုးလာနေပြီ။

- အစွဲမပြေ မိတ်ဘက် အလောင်း တော်နှင့် ယသော်တို့ အတွဲမျိုးကလည်း ပွဲတိုးလာနေသည်။

- အထဲကျေအနေခက် အလောင်း တော်နှင့် မာရ်နတ်တို့ အတွဲမျိုးကလည်း ပွဲတိုးနေကြဆဲ။

- သို့ကြောင့် သင်ဥပေက္ခာပြု လည်း သူတို့က အန်တုမြဲ အန်တုနေကြ မည်။

- သင်ကိုယ်တိုင်ကလည်း ပြင်ပ ကိုသာ ဥပေက္ခာ၊ အတွင်းအတွင်းချင်း မှာ မနေသာရှိလေဦးမည်။



- ထိုအခါ ထိုသည့်သင် -

က။ ကျင့်ချိန်ကလည်း မမှန်။ လိပ်ပြူင် ယုန်ကဲ့သို့ ပြေးတစ်တန်၊ မေ့တစ်တန်ဖြစ်မည်ဧကန်။

ခ။ အာရုံယူကလည်း မမှန်။ ဓမ္မရှုကာမရှု ဘောလုံးသင်းဗိုလ်လုဘိသို့ ဖြစ်နေမည်ဧကန်။

ဂ။ အကျင့်ကလည်း မမှန်။ ကျင့်နည်းအမျိုးမျိုးလှန် ကုလားဖန်ထိုးနေမည် ဧကန်။

- ဝိစိကိစ္ဆာ ဒလန်တပ်၏သပ်လျှိုသွင်း ကောလာဟလလေလား သတင်းများကြောင့် -

BURMESE CLASSIC .com

**မမွေသက. . .**

- နာမ်လောက ထူပြောသော တောပရိယာယ် သင် နားမလည်သေးသမျှ -

မုဆိုးအသားကျဘဝ သင်မရနိုင်သေး။

- တောနှင့်လည်းမကျွမ်း၊ သူတို့နှင့်လည်း မကျွမ်းသေးသမျှ -

- မိတ်ဖြစ်လက်ကမ်း သူတို့ပေးသောသဒ္ဓါပန်း သင်မဆင်မြန်နိုင်သေး။

-သို့ကြောင့် သင့်နိကွမ အထိုင်ချဖို့လိုသေး။

## ဂ/ ကျောက်ဆူးချ သင်္ဘောကဲ့သို့သော အဓိဋ္ဌာန်

**မမွေသက. . .**

- အဓိဋ္ဌာန်ဆိုသည်မှာ အလွန်ကိုကျူး အထူးအထိ စိတ် (ကိုယ်) ရပ်တည်ထားခြင်းပင်။ သမာဓိ ဧကဂ္ဂတာမျိုးကား မဟုတ်။ အချိန်စည်းရိုးတွင်း စိတ်နှင့်ကိုယ် ထိုးသွင်း၍ သတိဖြင့် နွားကျောင်းသလိုကျောင်းနေခြင်းမျှသာ။

- အာရုံကို ချည်တိုင်အဖြစ်ထား။ ထိုအာရုံနှင့် ဤစိတ်တို့အကြား သတိဖြင့် ဆက်သွယ်ပေးထားခြင်းမျှသာ။

- ကျင့်နည်းကို နွားကျောင်းသားကိုင် တုတ်အဖြစ်ထား။ စိတ်အာရုံစားကျက်မှ ပြေးမထွက်သာအောင် တည်းပေးထားခြင်းမျှသာ။

**မမွေသက. . .**

- သင်သည် နေရာမှန်၊ အချိန်မှန်၊ အကျင့်မှန်တို့ဖြင့် အဓိဋ္ဌာန်တင်ဝင်ရာ၌ -

- ငါသည် ဤနေရာ ဤအချိန်တွင် ဤအကျင့်ဖြင့် စခန်းဝင်ပါအံ့။

- ထိုအတောအတွင်း တောမီးကြီးလောင်လိုကလောင် ငါကား မထပြီ။

- ထိုအတောအတွင်း ရန်သူအမျိုးမျိုး တိုးလိုရာကလာတိုး ငါကား မထပြီ။

- ထိုအတောအတွင်း အရေးပေါ်ကိစ္စ ဘယ်လိုပင်ပေါ်ပေါ် ငါကား မထပြီ။

- ဤသို့လည်း စိတ်အကြံထုတ်နှုတ်ထွာဖွင့် လက်အုပ်ချီလျက်ဖြင့် ဘုရားရှေ့ သင် အဓိဋ္ဌာန်တင်ရမည်။

- သင်တင်ထားသည့်အတိုင်းလည်း ပြောသလိုသရုပ် အဟုတ်လုပ်ပြနိုင်ရဦးမည်။

- တိုက်ပွဲကြီး စစ်ချိန်ခွင်လျှာညီနေသဖြင့် ရှေ့မတိုးသာ နောက်မဆုတ်သာဖြစ်လာသည့်အချိန် အသေခံတပ်သား ရွေး၍ တာဝန်ပေးလိုက်ပြီ ပမာဆင်၏။

ထိုစဉ် -

- အချို့နေရာနှင့် အချိန်သည် ကွင်းလယ် နေပြင်းလည်း ဖြစ်ကောင်းဖြစ်နေမည်။

- အချို့နေရာက ပုရွက်ဆိတ်များကျင်းဖွဲ့နေရာ ဖြစ်ကောင်းဖြစ်နေမည်။

- အချို့နေရာနှင့် အချိန်က မိုးသည်းကွင်းပြင်လည်း ဖြစ်ကောင်းဖြစ်နေမည်။

-သည်မျှမကသေး။

- ရွှေတိဂုံကဲ့သို့သော တန်ခိုးကြီးဘုရား လူသူမျိုးစုံ စည်ကားနေရာ၌ -

- မိမိထိုင်ချိန် မိမိထိုင်မည့်နေရာတွင် မဖွယ်မရာ စုံတွဲများက မိမိအလျင်နေရာယူ၍ လာတွေ့နေသည်များပင်ရှိကောင်းရှိနေမည်။

- မည်သို့သောအခက်က မည်သို့



www.burmeseclassic.com

www.burmeseclassic.com

ပင် လက်ယှက်ထိုး စီးမိုးနေနေ -

- ကိုယ့်အဓိဋ္ဌာန်စကား ကိုယ်မဖျက်လေနှင့်။ (ကိုယ့်စကားကိုယ်ကြားပစေ)

- အဓိဋ္ဌာန်မဖျက်က တွေ့သမျှအခက် အလိုလိုပင် ပျက်ပြယ်သွားလေ့ရှိသည်။

- ကိုယ့်အဓိဋ္ဌာန်ကိုယ်လုပ် အခက်ရုတ်မရုတ်ကား-ကိုယ့်အလုပ်မဟုတ်။

- အကယ်တိတိ အဓိဋ္ဌာန်ဖျက်၍ အခက် အဖက်လုပ်မိခဲ့သော် -

- နောင် အဓိဋ္ဌာန်ဘယ်လောက်တင်တင် သင့်စကား အများနားမဝင်တော့ပြီ - စိတ်ချ။

- အဓိဋ္ဌာန်ဆိုတာ အလွန်ကိုကျူးအထူးထိ ရပ်တည်ရမည်ကို အထူးသတိပြု။

**ဓေမ္မသက. . .**

- သင် ထိုစကားနားဝင် အဓိဋ္ဌာန်တင်ထားသောအတိုင်း ပေပေတေတေလုပ် စုတ်စုတ်ပြတ်ပြတ်ကျင့် ဝင့်ဝင့်ထည်ထည် စခန်းဝင်နေပြီ ဆိုပါတော့ -

ထိုအခါ သင့်နောက်က လားအုပ်ကြီး ဝင်ချလာတော့မည်။

ယင်းကား -

- ငါ့အဓိဋ္ဌာန်အကျင့်က -

- ကိုယ့်ကိုယ်ကိုယ်ညှဉ်းတဲ့ (အတ္တကိလမထ) အကျင့်များ ဖြစ်နေမလားဘဲ။

- ဘုရားက မလျှော့လွန်းစေနဲ့ မတင်းလွန်းစေနဲ့ မိန့်ထားတာ -

- ငါ့အကျင့်က တင်းလွန်းများနေမလား။

**ဓေမ္မသက. . .**

- သင့်စိတ်ဝယ် ဤသို့ဤနှယ်သော လားသေး၊ လားကြီးအသွယ်သွယ်တို့သည် ကျင့်လိုစိတ်က ရှေ့သယ်လေ-

- စွဲစိတ်က နောက်ကနေ လွှဲဖယ်ပစ်လေဖြင့် -

အဓိဋ္ဌာန်တစ်ထစ်တိုး လားဘက်ကလည်း တစ်မျိုးဝင်နှောင့်နေမည်သာ။

ထိုစဉ် -

- မယောင်နှင့် ယောင် ချောင်ကျသွားတတ်သည်။

- မစောင်နှင့် စောင် ထောင်ကျသွားတတ်သည်။

- မကြောင်နှင့် ကြောင် မှောင်ကျသွားတတ်သည်။

- လျှော့ဦးမှလေလားဖြင့် သူလား



နောက် ကိုယ့်လားယောင်ပါသွားခြင်းပင်။

- ဖျက်ရဲဖျက်စမ်းကြည့်ပေါ့ဖြင့် သူ့အထောင် ကိုယ်က ပြန်ရန်စောင်ထားခြင်းပင်။

- သူ့အိပ်မက်အတိုင်းသို့ ကိုယ်တင်းနေပြီပေါ့ဖြင့် အတွေးခေါင် သွေးကြောင်သွားခြင်းပင်။

**ဓေမ္မသက. . .**

- တောသည် သူတို့ကြီးစိုး၏။ သူတို့သည် နမ်လောကသားများ ဖြစ်ကြ၏။ သို့ကြောင့် သူတို့သည် သင့်မနောတွင် နက်သထက်နက်၊ ကြပ်သထက်ကြပ်သည်အထိလည်း ကလိနိုင်စွမ်းရှိကြ၏။ သင်အထင်ကပ်က တစ်ဖြတ်စ၊ နှစ်ဖြတ်စ ယုံလောက်အောင်ပြ၍လည်း တွန်းချတတ်ကြသေး၏။

ဤသို့ -

- သင့်သတိသည် သက်စောင့်လက်နက်ဖြစ်သည်ကို သင်သတိပြုရမည်။ ဤသတိဖြင့်ပင် မိမိ၏ စိတ်အိပ်သည်အထိ သိပ်ပေးနေရမည်။ ဤသတိဖြင့်ပင် သူတစ်ဖက်အဖျက် အကြောင်းရာပေး၍ ဆက်စပ်ကြည့်တတ်ရမည်။

**ဓေမ္မသက. . .**

- သင့်ထံသို့ တစ်ဖက်ကပို့သည့် အရာသည် အိပ်မက်ပဲ ဆိုပါတော့။

- ထိုအိပ်မက်ကို သင်နိုးထချိန်ကာလ သတိအခံဖြင့် ဉာဏ်ဝင်ကြည့်လိုက်ပါ။

ထိုအခါ -

၁။ အချို့အိပ်မက်က စိတ်အစွဲကြောင့်ဆိုသည်ကို အတပ်သိနိုင်သည်။ သင့်စိတ်သည် နေ့စဉ် သတိက စုစည်းပေးနေသဖြင့် စည်းလုံး၏။ ငြိမ်သက်၏။ အေးလျက်ကတွဲ - ကာခဲ့ဖြစ်လာနေ၏။

ထိုစဉ် -

- လိုစိတ်ကြောင့်ဖြစ်သော တစ်ချက်အတွေးလေးကလည်း အိပ်မက်၌ ကိုယ်ထင်ပြနေတတ်သည်။

- မလိုစိတ်ဖြင့် တွေးမိသော အတွေးငယ်လေးကလည်း အိပ်မက်ထဲ ဓားဆွဲလာနေ၏။

- ယင်းကို သင်၏ ယခင်ရက်၊ ယခင်ယခင်ရက်များက စိတ်သွားလမ်း တန်းစီခိုင်းပြီး၍ လိုက်လံစစ်ဆေးကြည့်။ အစွဲတရားခံမိတော့သည်သာ။

၂။ နောက်တစ်မျိုးက သွေးလေချောက်ချားနေ၍ မြင်မက်နေခြင်းပင်။

**ဓေမ္မသက. . .**

- ထိုအိပ်မက်မျိုးကျ မည်သို့မျှ ဆက်စပ်ကြည့်၍ မရတတ်။ ယင်းအိပ်မက်မျိုး -

- ဆောင်းတွင်းကာလ၌လည်း မက်တတ်၏။

- ဆီး၊ ဝမ်းများ ထွက်သင့်ကာလ ထွက်ခွင့်မရဖြစ်နေစဉ်လည်း မက်တတ်၏။

- ဘဝအထိနာလာသဖြင့် စိတ်မသက်မသာချိန်တွင်လည်း မက်တတ်၏။

- ထိုအိပ်မက်များသည် သင်အရေးယူပေး၍မရသော အိပ်မက်များဆိုရမည်။

၃။ နောက်တစ်မျိုးက ရှေ့ပြေးနောက်တိုးမျိုးပေးသည့် ကောက်ချက်ချအိပ်မက်။

**ဓေမ္မသက . . .**

- သည်အိပ်မက်မျိုးက ဘုရားအဆုံးအမ အသုံးချနေသူများအတွက် ရှေ့ဆက်ရမည့်လမ်း တန်းပေးသော အိပ်မက်ဖြစ်ရာ -

- ရံတစ်ခါ မိမိ ယမန်နေ့က ကျင့်ခဲ့သည့်မှားကွက်ကို ထောက်ပြလေ့ရှိ၏။

- ရံတစ်ခါ မိမိ နက်ဖြန် ဆန်တက်ရမည့် ကျင့်ကွက်ကို ထောက်ပြ၏။

- ရံတစ်ခါ တစ်ဖက်၏ထိုးကွက် ချိုးဖျက်တတ်ရန် ဖန်ပေးသည်လည်း ဖြစ်နေတတ်၏။

**ဓေမ္မသက. . .**

- သည်အိပ်မက်မျိုးများကျ ဆက်စပ်၍လည်းရ၏။ ထင်းထင်းထင်ထင်လည်း မြင်တွေ့ခွင့်ရ၏။ သင်၏ နေ့တက်



www.burmeseclassic.com

www.burmeseclassic.com

တ အာရုံထားများနှင့်လည်း တခြားစီဖြစ်နေ၏။ သမ္မာနတ်တို့ ပတ်စာကပ်ပေးသော ပတ်မကြီး ဆိုရမည်။

**ဓမ္မေသက. . .**

- ရံတစ်ခါ သင့်အား မြင်အာရုံကြားအာရုံများဖြင့်လည်း တို့ကစားကြသေး၏။

- ဤ၌လည်း မကျွမ်းတမ်းယုံ သူတို့ ပြသမှု ပြောသမှု အဟောဝတနှင့် ချည်းပုံမိခဲ့လျှင် ယုံလောက်အောင်ထွက်မက်လောက်အောင်ပြ အယုံလွန်ဖြင့် အလွန်ယုံဘက် စိတ်မှင်တက်သည်နှင့် တစ်ဖက်မှောက် ချောက်ချပစ်တတ်လှချေ၏။

- ဤ၌ အစစ်နှင့် အတု သင်ခွဲရှုတတ်ရန် အကြံပေးခဲ့ဦးမည်။

**ဓမ္မေသက. . .**

- သင် အမိဋ္ဌာန်ဖြင့် အကျင့်ခန်းဝယ် အထိုင်ချ ကျင့်နည်းမှန် တစ်မျိုးမျိုးနှင့် ကြိုးစားပြနေစဉ် သင့်နောက်သို့ အမြဲ လိုက်လံ စောင့်ရှောက်နေသူ၏ ပုံသဏ္ဌာန်က သင့်ရှေ့လာပြနေပြီ၊ ပြောနေပြီ ဆိုပါတော့။

ထိုစဉ် -

- ဟုတ်ပြီ၊ နိုပ်ပြီဖြင့် ချက်ချင်းဖမ်း တန်းတန်းစွဲ သင်အကဲမကြီးလေနှင့်ဦး။ အစစ်ဟုတ်၊ မဟုတ် (ရွှေမှတ်တင်ကြည့်နည်းအတိုင်း) ကောဋ္ဌာသကို ဘုတ်ဖွဲ့ပေးကာ အစစ်ခိုင်းပါလေ။ ယင်းမှာ -

- ထိုတင်ပြပုံရိပ်ကို ဆံပင်များမှနေ သူတစ်ကိုယ်လုံးရှိ အစိတ်အပိုင်းအားလုံး တစ်ခုစီတစ်ခုစီ အကွက်ပေါ်သည်အထိ ရှုကြည့်ပေးလိုက်ခြင်းပင်။

ထိုအခါ -

- အစစ်ဖြစ်ခဲ့မူ ပုံမပျက် ထင်မြဲမြင်မြဲအတိုင်း မြင်လျက်ပင်ရှိလိမ့်မည်။

- အတုဖြစ်ခဲ့မူ ထိုပုံပျက် သူနဂိုပုံအတိုင်း ထွက်ရှိလာတော့သည်။

**ဓမ္မေသက. . .**

- အကယ်တိတိ -

- သင့်ခန္ဓာအိမ်အတွင်း သူတို့ဝင်ရောက် မချဉ်းစေလိုလျှင်လည်း ဤကောဋ္ဌာသရှုနည်းကိုလျှင် သင့်ကိုယ်သင် တစ်ခုစီ-တစ်စိတ်စီရှု နောက်ဆုံးအရိုးစုမျှ ကျန်သည်အထိ မြင်အောင်ရှုလေ။ သို့မဟုတ် ကိုယ်ကောင်မဲ့ အထိရှု။ တစ်ဖန် -

- အသုဘဆယ်မျိုး သေစမှနေ အရိုးစုမျှအထိ မြင်အောင်လည်းရှုလေ။

**ဓမ္မေသက. . .**

- ကောဋ္ဌာသ၊ အသုဘ ဤနှစ်မျိုးတို့သည် တစ်ဖက်စမ်းသပ်ရာ၊ မိမိကိုယ်ကို ကာကွယ်ရာတို့၌ အစွမ်းထက်လက်နက်များပင်။

**ဓမ္မေသက. . .**

- ထိုသို့ ရှုနိုင်သည်အထိ သင့်လက်ကိုင် သတိ၊ အသိတို့ အင်အားပြည့်နေချေသော် သင့်ခန္ဓာတွင်း မည်သူမျှ ဝင်မချဉ်းနိုင်။

- သူ့ခန္ဓာတွင်း အမြစ်အရင်းလည်း မည်သူမျှ ဝှက်ထားခြင်းမပြုနိုင်။

- ဤသည်မှာ အမြင်၊ အကြားဖြင့် လာရောက် တွေ့ဆုံစဉ် အစစ်နှင့်အတုကွဲသိစေသော မှတ်တင်နည်းပင်ဖြစ်တော့သည်။

- တောပွရိယာယ် အလွန်ကြွယ်ကွယ်နိုင်လွန်းမှ အလောင်းလှ၏။

**ဓမ္မေသက. . .**

-နောက်တစ်ခုမှာ အိပ်မက်စကား၊ ကြားစကားတို့၏ အထားအသိုများ အကြောင်းပင်။ ယင်းမှာ -

- သူတို့ ပြောစကား၌ သည်လိုကျင့်လျှင် သည်လောက်အထိ ပွင့်လိမ့်မည်၊ သည်လိုမျိုးကျ သည်လောက်အထိ အကျိုးရနိုင်သည်၊ သည်လိုကျင့်ကွက်က သည်လောက်သည်လောက်အထိ ထက်မြက်၏ စသည်ဖြင့် မြှောက်စကား၊ ဖြားယောင်းစကား၊ ဆွယ်စကားများ ပါနေခဲ့သော် အထူးသတိပြုပါလေတော့။

- သင်ကြိုက်၍လိုက်ခိုက်ပြီ။ သင်ပိုက်တိုးသားကောင်ဖြစ်တော့သည်။

**ဓမ္မေသက. . .**

- အာရုံဖြင့် ဆွဲဆောင်ခြင်းကား သင့်စိတ်တစ်ခုခု၌ အာရုံဝင်စားနေခြင်းပင်။ များသောအားဖြင့် နေရာနှင့်ပတ်သက်၍ စိတ်ကစားနေခြင်း ဖြစ်တော့သည်။

- ရံတစ်ခါ သွားလိုသော နေရာတစ်ခုပေါ်လာပြီး စိတ်ကစားနေ၏။

- ရံတစ်ခါ နေမြဲနေရာ၌ ခွာလိုစိတ်အားကြီးလာပြီး စိတ်ကစားနေတတ်လှ၏။

- ထိုအခါမျိုးတွင်လည်း သတိဖြင့် ဆင်ခြင်၊ မေတ္တာဖြင့် ခွင်ရိုက်၊ သွားသင့်၊ မသွားသင့် ဉာဏ်ဝင်ပြီး ချင့်တိုက်ပေးလေ။

- ဆိုခဲ့ပြီး အိပ်မက်အမြင်၊အကြားအာရုံထားများ၌ ချုပ်၍ဆိုရသော် -

- ဘာနှင့်လာတိုက်တိုက် ဘုရားအဆုံးအမနှင့် ကိုက်၊ မကိုက် တိုက်ကြည့်နိုင်ရသည်။

-ဘာနှင့်လာတိုက်တိုက် သဘာဝဓမ္မနှင့် ကိုက်၊ မကိုက် တိုက်ကြည့်နိုင်ရသည်။

- ဗုဒ္ဓ၊ ဓမ္မနှင့်ကိုက်နေက မျက်စိမှိတ်၍သာလိုက်ပေရော့ ဓမ္မေသက။

- ဗုဒ္ဓ၊ ဓမ္မနှင့် တခြားဖြစ် သတိရေစစ်ဖြင့် စစ်၍စစ်၍တိုက်ပေရော့ ဓမ္မေသက။

**ဓမ္မေသက. . .**

-သင်သည် အထားနှင့်မာရ်တပ်မတို့၏အကြား ဥပေက္ခာပါရမီဖြင့် စိတ်မည်းတူ ဖြူအောင် ဖွပ်မထားနိုင်သောကြောင့် အဓိဋ္ဌာန်ဘက်ထွက်ခဲ့ရပြီ။

- တစ်ဖန် တောအိမ်ရှင်တို့၏ အနှောင့် ဥပေက္ခာဖြင့် မထိုးဖောက်နိုင်သောကြောင့် အဓိဋ္ဌာန်ဘက် ဆက်လျှောက်ခဲ့ရပြီ။

သို့တစေလည်း -

- အဓိဋ္ဌာန်သည် ကိုယ့်ကိုယ်ကိုယ် ညှာတာခြင်းမရှိသောအကျင့် ဖြစ်နေသည်။

- အဓိဋ္ဌာန်သည် ကိုယ့်စိတ်ကို အလိုမလိုက်သောအကျင့်ဖြစ်နေသည်။

- ထိုအခါ ထိုသည့်သင် မရဲဘဲကျွဲလှဲစီးပမာဖြစ်လာတော့ရာ -

- စိတ်ဂနာမငြိမ် ကိုယ်ကြန္ဒြေမရဖြင့် အဓိဋ္ဌာန်လည်း မဖျက်ဝံ့၊ ရှေ့ကိုလည်း မဆက်ဝံ့ အရှုံ့ဝင်တတ်သည်။

ဤသည်မှာ -

- သင့်ကိုယ်သင် ခင်မင်မှုအားကြီးဆိုသော ဘဝရာဂမြစ်ဆုံပေါ်ကထိုင်၍ ဝိစိကိစ္ဆာတပ်မကြီးက ကိုင်လှုပ်နေခြင်းပင်။

ထိုစဉ် -

- အဓိဋ္ဌာန်မဖျက်သဖြင့် ကုသိုလ်ကား ရ၏။

- စိတ်မဖြူ အပူတက်နေခြင်းကြောင့်ကား ပါရမီဖြစ်မလာ။

(ဆက်လက်ဖော်ပြပါမည်။)

မဟာဗောဓိမြိုင်ဆရာတော်
(ဝန်ဝါသီဒေသျှဓမ္မသာမိထေရ်)



www.burmeseclassic.com

www.burmeseclassic.com



# အကျင့်ကလွဲ၍ ငါ့မရှိ

## မြဝင်း(ဒဿန)



တစ်ညနေခင်းတွင် ကျွန်တော်နှင့် ကျွန်တော့်တပည့်တို့သည် ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးရေးဖွဲ့သော ကဗျာများအကြောင်းကို ပြောဖြစ်ခဲ့ကြပြန်ပါသည်။ ကျွန်တော့်တပည့်က ရှေးဦးစွာ စကားစ,ပါသည်။

"တစ်နေ့ဆီက ကျွန်တော် မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးရဲ့ ကဗျာ့ဘဏ်တိုက် စာအုပ်မှာပါတဲ့ 'အကျင့်ဖြင့် ကျေးဇူးဆပ်ခြင်း' ဆိုတဲ့ ကဗျာကို ဖတ်ဖြစ်ခဲ့ပါတယ်။ အဲဒီ ကဗျာထဲမှာ ဆရာတော်ဘုရားကြီးက သူ့အပေါ်မှာတင်နေတဲ့ ဘုရားရှင်နဲ့ အရိယာသူတော်ကောင်းကြီးများရဲ့ကျေးဇူးကို ဆပ်ဖို့ သူ့မှာ အကျင့်ကလွဲလို့ ဘာမှမရှိဘူးလို့ ရေးထားပါတယ်။ နောက်ပြီးတော့ သူ့ကို ပစ္စည်း (၄) ပါးနဲ့ လိုက်ပါပူဇော်နေသူတွေရဲ့ကျေးဇူးကိုဆပ်ဖို့လည်း သူ့မှာ အကျင့်ကလွဲလို့ တခြား ဘာမှမရှိဘူးလို့ ရေးထားတယ်။ နောက်ဆုံးအနေနဲ့ အမတစခန်းကို လှမ်းနိုင်ဖို့ရာမှာလည်း သူ့မှာ အကျင့်ကလွဲလို့ တခြားဘာမှမရှိဘူးလို့ ရေးထားတယ်။ ကျွန်တော် အဲဒီကဗျာကို သိပ်သဘောကျတယ်။ အဲဒီကဗျာကို ဖတ်ရင်း 'ရိက္ခာ မရှိပေမယ့် သိက္ခာတော့ ရှိတယ်' ဆိုတဲ့ အသံကိုလည်း ကြားယောင်လာတယ်"

"ဆိုလှချေလား တပည့်ရယ်။ ကဗျာကိုလည်း ဖတ်ပြပါဦး"

"ကျွန်တော်မေ့သွားလို့ပါ ဆရာ၊ ကဗျာကို ဖတ်မပြဘဲ ကဗျာအကြောင်းကို ပြောနေမိတယ်။ ခွင့်လွှတ်ပါ ဆရာ၊ ကဗျာကို ကျွန်တော်ဖတ်ပြပါ့မယ်။

(ကျွန်တော့်တပည့်သည် ကဗျာ့ဘဏ်တိုက်စာအုပ်ကိုလှန်၍ 'အကျင့်ဖြင့်ကျေးဇူးဆပ်ခြင်း' ကဗျာကို ဖတ်ပြပါသည်။)

**အကျင့်ဖြင့်ကျေးဇူးဆပ်ခြင်း**

(က) သုံးလူ့ရှင်ပင်၊ ကျွန့်ထိပ်တင်နှင့်
အရှင်များစွာ၊ အရိယာ၏
တင်လှာကျေးဇူး၊ မြတ်ဂုဏ်ထူး
ကို
တုံ့လူးဆပ်ခွင့် ဥစ္စာဖြင့်
အကျင့်ကလွဲ၍ ငါ့မရှိ။

(ခ) နောက်လိုက်ဝေနေ၊ များပိုလ်
ခြေ၏ ရေပူ ရေချမ်း၊ ဆွမ်းတစ်
ခန်းနှင့်၊ သင်္ကန်း ကျောင်း ဆေး
တည်ရေးသာသနာ၊ မျိုးရိက္ခာ
ဖြင့်
လိုက်ပါပူဇော်၊ အလှူတော်ကို
ယူမျှော် ချီးမြှင့် ကျေးတုံ့ခွင့်၊
အကျင့်ကလွဲ၍ ငါ့မရှိ။

(ဂ) ခန္ဓာဖြစ်စဉ်၊ ရှေ့နောက်ခွင်ကို
နေလျှင်လည်းလှ၊ သေလည်းလှ
နှင့်၊ အမတဇာတ်၊ မသေဇာတ်
သို့၊
ကူးခပ်နိုင်ခွင့် ဥစ္စာဖြင့်
အကျင့်ကလွဲ၍ ငါ့မရှိ။

"သိပ်ကောင်းတာပဲ တပည့်ရယ်၊ ဆရာတော်ဘုရားကြီးရဲ့ကဗျာကို ကြားရတော့ အရှင်ကီမိလက မေးလျှောက်လို့ ရှင်တော်ဘုရားက ဟောကြားတဲ့ သာသနာ ကြာရှည်စွာ မတည်ခြင်းအကြောင်းတရား (၅) ပါးကို သတိရမိတယ်"

"ပြောပြပါ ဆရာ"

"ရှင်တော်ဘုရား ဟောကြားတာက ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာတို့ဟာ ဘုရားကိုလည်း မရိုသေ၊ တရားကိုလည်း မရိုသေ၊ သံဃာကိုလည်းမရိုသေ၊ အကျင့်သိက္ခာကိုလည်း မရိုသေ၊ အချင်းချင်းကိုလည်း မရိုသေ။ အဲဒီ အကြောင်းတရား (၅) ပါးကြောင့် သာသနာတော်ဟာ ကြာရှည်စွာမတည်ဘူးတဲ့။ အဲဒီ အကြောင်းတရား (၅)ပါးထဲမှာလည်း အကျင့်သိက္ခာကို မရိုသေခြင်းက အရေးကြီးပါသတဲ့။ အကျင့်သိက္ခာကိုမှ မရိုသေရင် ဘုရားကိုလည်း မရိုသေတော့ဘူး၊ တရားကိုလည်း မရိုသေတော့ဘူး၊ သံဃာကိုလည်း မရိုသေတော့ဘူး။ နောက်ပြီးတော့ အချင်းချင်းကိုမရိုသေတော့ဘူးတဲ့။ ဒါကြောင့်မို့ အကျင့်သိက္ခာက အရေးကြီးတာတဲ့"

"ကျေးဇူးကြီးလှပါတယ် ဆရာ၊ ဒါကြောင့်မို့ သူတော်ကောင်းကြီးများက



www.burmeseclassic.com

www.burmeseclassic.com

အကျင့်နဲ့ပူဇော်တာကို နှစ်သက်မြတ်နိုး ကြတာကိုး။ ဒါနဲ့ ဆရာ၊ ဝတ်အသင်းတွေက ဝတ်ရွတ်စဉ်နဲ့ပူဇော်ရာမှာ ဝတ်ရွတ်ပြီးတဲ့အခါမှာ-

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ၊

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဓမ္မံ ပူဇေမိ၊

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ သံဃံ ပူဇေမိ

လို့ ဆိုကြတာဟာ အကျင့်ဖြင့် ပူဇော်ကြတာမဟုတ်လား ဆရာ"

"ဟုတ်တာပေါ့ တပည့်ရယ်။

**ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ-** မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်ဟုဆိုအပ်သော လောကုတ္တရာကိုးပါးအား လျော်သော ဤသီလ၊ သမာဓိ၊ ပညာ အကျင့်မြတ်ဖြင့်၊ **ဗုဒ္ဓံ-**ဘုရားကိုပူဇော်ပါ၏။ **ဓမ္မံ-** တရားကိုပူဇော်ပါ၏။ **သံဃံ-** သံဃာတော်မြတ်ကို ပူဇော်ပါ၏လို့ ဆိုကြတာပါ"

"သဘောပေါက်ပါပြီ ဆရာ"

"အကြောင်းတိုက်ဆိုင်တုန်း ကျေးဇူးတော်ရှင် တောင်မြို့မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသရဲ့ ဗုဒ္ဓဘာသာသင်ခန်းစာ စာအုပ်မှာပါတဲ့ အဆိုအမိန့်တစ်ခုကို ဖတ်ပြပါဦးမယ်။ 'ကိုယ်ကျင့်သီလ ပဓာနပါ၊ ဒါနက နောက်လိုက်မျှသာ' ဆိုတဲ့ အဆုံးအမပါ။

(ကျွန်တော်သည် စာအုပ်စင်သို့သွား၍ 'ဗုဒ္ဓဘာသာသင်ခန်းစာ' စာအုပ်ကို ထုတ်ယူပါသည်။ ထို့နောက် ထိုအဆုံးအမကို ဖတ်ပြပါသည်။

"မြန်မာလူမျိုးများဟာ 'တစ်မူးရလို့ တစ်ပဲလှူ' ဆိုတဲ့ လူမျိုးများနဲ့ အရင်းအဖျားသာ ကွဲတာမို့ ဒါနကိစ္စမှာ အလွန်ဖွဲ့သန်ကြတယ်။ ဒါနကိစ္စ ဖွဲ့သန်ကြတော့ ကိုယ်ကျင့်သီလ ထိန်းသိမ်းမှု နည်းပါးနေတယ်။

အမှန်ကတော့ ဒီဘဝမှာ လူကောင်းသူကောင်းဖြစ်ဖို့ရော နောက်ဘဝမှာ လားရာဂတိကောင်းဖို့ပါ ကိုယ်ကျင့်သီလက ပဓာန ဖြစ်ပါတယ်။ သီလကြောင့် ကောင်းတဲ့ဂတိ၊ ကောင်းတဲ့ဘဝရောက်မှ ဒါနက နောက်လိုက်အဖြစ်နဲ့ အကျိုးပေးနိုင်တယ်။

ဆွမ်းတစ်အုပ်လှူဖူး၊ ပန်းတစ်ပွင့်လှူဖူးလို့ အပါယ်မလားခဲ့ရဘူး ဆိုတဲ့ သူတော်ကောင်းများလည်း ထိုအလှူကြောင့်သာမကပါဘူး၊ အခြေခံငါးပါးသီလကလည်းမပျက်ကြလို့ သုဂတိဘဝကို ရောက်တာပါ။ အဲဒီလို ရောက်တဲ့အခါ သူတော်ကောင်းနဲ့ပေါင်းရလိမ့်မယ်။ အဲလို နောက်ထပ် နောက်ထပ် ကုသိုလ်တွေက တိုးတိုးနေလို့ အပါယ်မလားရဘဲ ဘုရားနဲ့တွေ့တဲ့အခါ တရားထူးရ၍ နိဗ္ဗာန်အထိ အကျိုးရတာ ဖြစ်ပါတယ်။ အဲဒီအကျိုးရဲ့အရင်းအမြစ်က ဆွမ်းအလှူ၊ ပန်းအလှူဖြစ်လို့ ဆွမ်းတစ်အုပ်အလှူကြောင့်၊ ပန်းတစ်ပွင့်အလှူကြောင့် အပါယ်မလားဘဲ နိဗ္ဗာန်ရတယ်လို့ ဥဒါန်းတွင်လာတာ ဖြစ်ပါတယ်။

ဒီဘဝမှာ ငါးပါးသီလမှ မလုံဘဲ၊ ဒုစရိုက်ဆယ်ပါးမှမရှောင်ဘဲနဲ့ ပါဏာတိပါတ ဖြစ်စေ၊ ကာမေသုမိစ္ဆာစာရ ဖြစ်စေ၊ သုရာမေရယ, မုသာဝါဒ တစ်ခုခု ဖြစ်စေ မရှောင်ဘဲ ကျောင်းကြီးဆောက်၊ ဘုရားတည်၊ အလှူကြီးပေးနေသူဟာ သေခါနီးမှာ ထိုအကုသိုလ်၊ အကုသိုလ် နှစ်မျိုးထင်လာရင် စိတ်ကြည်နိုင်ပါ့မလား။ စိတ်မကြည်ရင်၊ ပြုပြင်ပေးနိုင်သူလည်း မရှိခဲ့သော် ဧကန် အပါယ်သွားရမှာပဲ။ အလှူကြီးတွေက မကယ်နိုင်ဘူး"

"အကျင့်က ပဓာန ဖြစ်တယ်ဆိုတာ သဘောပေါက်ပါပြီ ဆရာ။ ဒါကြောင့် မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးက 'အကျင့်ကလွဲ၍ ငါ့မရှိ' လို့ တဖွဖွပြောထားတာကိုး"

"ဆရာတော်ဘုရားကြီးက အဲဒီလို တဖွဖွ ပြောထားတာက ဆရာတို့တစ်တွေကိုလည်း သူ့ကိုအတုယူပြီး အကျင့်သီလကို မယိုင်မလဲ ခိုင်မြဲအောင်စိုက်ထူစေချင်လို့ပေါ့။ ပြောလက်စနဲ့ ပြောပါဦးမယ်။ ဆရာ့ဆီမှာ ပဋ္ဌာန်းသိပ္ပံဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကန္တက ပေးကြားပို့ချထားတဲ့ 'ပဋ္ဌာန်းလမ်းညွှန်ကျမ်း' ဆိုတာ ရှိတယ်။ အဲဒီကျမ်းရဲ့ နောက်ကျောဖုံးမှာ 'ဗုဒ္ဓခေတ်မြတ် တွေ့ကျိုးနပ်ပါစေ' ဆိုတဲ့ အဆုံးအမ ပါတယ်။ ရေးတဲ့ပုဂ္ဂိုလ်ကိုတော့ ဖော်ပြမထားဘူး။ ပဋ္ဌာန်းသိပ္ပံဆရာတော် ရေးထားတာလားတော့ မပြောတတ်ဘူး။ အဲဒီ အဆုံးအမထဲမှာ 'ရုပ်နာမ်ခွဲခြား၊ ကျင့်တရားသာ၊ သံသရာဝဋ်၊ ထွက်လွတ်စေကြောင်း၊ လမ်းမှန်ကောင်း' လို့ ဆိုထားတယ်။ ပဋ္ဌာန်းလမ်းညွှန်ကျမ်းစာအုပ်ကိုယူပြီး ဆရာဖတ်ပြပါဦးမယ်"

(ကျွန်တော်သည် စာအုပ်စင်သို့သွားပြီး ပဋ္ဌာန်းလမ်းညွှန်ကျမ်းစာအုပ်ကိုယူ၍ ထိုအဆုံးအမကိုဖတ်ပြပါသည်။)

**ဗုဒ္ဓခေတ်မြတ် တွေ့ကျိုးနပ်ပါစေ**

ရေချမ်း သစ်သီး၊ ပန်း ဆီမီးကို၊ ခိုင်ဖြူးသဒ္ဓါ၊ လှူပြီးကာမျှ၊ ငါ့မှာကောင်းကျိုး၊ အလွန်တိုးဟု၊ ယုံကိုးစိတ်ထဲ၊ မရောင့်ရဲနှင့်။

မစဲညနေ့၊ ဘုရားရှေ့တွင်၊ ပျော်မွေ့မြတ်နိုး၊ မြရှိခိုး၍၊ ကောင်းကျိုးပွားစည်၊ ကြီးလှပြီဟု၊ ယုံကြည်အားရ၊ စိတ်မချနှင့်။

ဓာရဏာနှင့် ဓမ္မစကြာ၊ မေတ္တာပဋ္ဌာန်း၊ ရွတ်နိုင်စွမ်းကြောင့်၊ ရွှင်လန်းပီတိ၊ ဝမ်းဆီထိကာ၊ ကြီးမည့်တေဇာ၊ မစောင့်မျှော်နှင့်။

ဂုဏ်တော်ပုတီး၊ သက်စေ့ပြီးအောင်၊ ဖွဲ့ကြီးခိုင်မာ၊ ငြိမ်သက်စွာဖြင့်၊ သဒ္ဓါကြည်ယုံ၊ စိပ်ပြီးရုံဖြင့်၊ လုံလောက်လှပြီ မရပ်တည်နှင့်။

ရေကြည်သစ်သီး၊ ဆီမီးလှူမျိုး၊ ရှိခိုးဝတ်ရွတ်၊ စေလွှတ်မေတ္တာ တစ်ရာ့ရှစ်သီး၊ စိပ်ပုတီးကို၊ မငြီးဆင့်ကဲ၊ စိပ်မြဲစိပ်ပါ၊ မဖြတ်ပါနှင့်။

ဆက်ကာတစ်မျိုး၊ ရှေ့သို့တိုး၍၊ အကျိုးနိဗ္ဗာန်၊ မျှော်ရှိုးမှန်တ၊ ရုပ်နာမ်ခွဲခြား၊ ကျင့်တရားသာ၊ သံသရာဝဋ်၊ ထွက်လွတ်စေကြောင်း၊ လမ်းမှန်ကောင်းဟု၊ ညွှတ်ပျောင်းစိတ်ထဲ၊ ယုံကြည်စွဲလျက်၊ အမြဲနေ့ည၊ ဝိပဿနာ၊ ဘာဝနာကို၊ ခိုင်မာဆန္ဒ၊ ကြိုးလုံ့လမှ၊ ဗုဒ္ဓခေတ်မြတ်၊ တွေ့ကျိုးနပ်မည်၊ ကြပ်ကြပ်သတိ ရှိပါစေ. . . တဲ့"

"ကောင်းလိုက်တာ ဆရာရယ်။ သူတော်ကောင်းကြီးတွေဟာ ဘာဖြစ်လို့ အကျင့်နဲ့ပူဇော်ကြတယ် ဆိုတာကို သဘောပေါက်သွားပါပြီ။ အဲဒီ အဆုံးအမကို ကျွန်တော် မတွေ့ဖူးဘူးဆရာ။ အခု ဆရာဖတ်ပြမှပဲ ကြားဖူးတော့တယ်။ ကျွန်တော် အဲဒီ အဆုံးအမကို မိတ္တူကူးပြီး ဓမ္မဒါနပြုချင်တယ် ဆရာ။ ဆရာ့ပဋ္ဌာန်းလမ်းညွှန်ကျမ်းကို ခဏငှားပါ ဆရာ"

"ရပါတယ်ဗျာ၊ ယူသွားပါ။ ဆရာငှားလိုက်ပါ့မယ်"

(ကျွန်တော်သည် ပြောပြောဆိုဆို 'ပဋ္ဌာန်းလမ်းညွှန်ကျမ်း' ကို ကျွန်တော့်တပည့်သို့ လှမ်းပေးလိုက်ပါသည်)

ထို့နောက် ကျွန်တော့်တပည့်သည် ပဋ္ဌာန်းလမ်းညွှန်ကျမ်းကို ပိုက်လျက် ပြန်သွားပါသတည်း။

မြဝင်း(ဒဿန)



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၃ ခုနှစ်၊ ဩဂုတ်လအတွက်

# ဓနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်

ရှိန်းအောင်(ဂမ္ဘီရ)

ဓနသိဒ္ဓိနက္ခတ် စန်းယှဉ်ချိန်၊ ဓနသိဒ္ဓိနက္ခတ် လက်ဖြတ်ချိန်၊ ဓနသိဒ္ဓိနက္ခတ် မွန်းတည့်မျဉ်းဖြတ်ချိန် ၎င်းသုံးပါးထပ်ချိန်တို့တွင် အဓိဋ္ဌာန်ဘာဝနာပွားများခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်မန္တန်ရွတ်ဖတ်ခြင်းတို့ကို၊ အထူးသဖြင့် မဟာဝေဒဗ္ဗမန္တန်ကြီး အပါအဝင် ဓနံ လာဘံ ဆိုင်ရာ ဂါထာ မန္တန်များကို ရွတ်ဖတ်ကျင့်ကြံပွားများ ပူဇော်ပါလျှင် ထူးကဲသောကောင်းကျိုးချမ်းသာများကို ရရှိခံစားရမည်မှာ မုချဧကန် ဖြစ်သည်။ ယခု ဩဂုတ်လ၌ ဓနသိဒ္ဓိနက္ခတ်သည် ၂၀-၈-၂၀၁၃ နေ့ ညနေ (၃း၁၄) နာရီမှ ၂၁-၈-၂၀၁၃ နေ့ နေ့လယ် (၂း၀၅) နာရီအတွင်းတွင် စန်းယှဉ်နေမည်ဖြစ်ပြီး ၂၁-၈-၂၀၁၃ နေ့ ည (၂၁း ၅၂း ၄၆) နာရီမှ ညဥ့်သန်းခေါင် (၂၃း ၁၂း ၁၈) နာရီတွင် ဓနသိဒ္ဓိနက္ခတ်သည် လက်ဖြတ်ကျော်မည်ဖြစ်ကာ ၂၁-၈-၂၀၁၃ နေ့ ည (၂၂း ၃၃း ၄၆) နာရီမှသည် သန်းခေါင် (၂၃း ၂၉း ၅၁) နာရီတွင် ဓနသိဒ္ဓိနက္ခတ်သည် မွန်းတည့်မျဉ်းကို ဖြတ်ကျော်မည် ဖြစ်သည်။

| လက်ဖြတ်ကျော်ချိန်ဇယား | | | မွန်းတည့်မျဉ်းချိန်ဖြတ်ကျော်ချိန်ဇယား | | |
|---|---|---|---|---|---|
| ရက် | စဝင်ချိန် | ထွက်ခွာချိန် | ရက် | စဝင်ချိန် | ထွက်ခွာချိန် |
| ၁ | ၂၃း ၁၂း ၁၆ | ၀း ၃၂း ၅၈ | ၁ | ၂၃း ၅၂း ၂၆ | ၀း ၄၈း ၂၉ |
| ၂ | ၂၃း ၀၈း ၂၀ | ၀း ၂၈း ၀၂ | ၂ | ၂၃း ၄၈း ၃၀ | ၀း ၄၄း ၃၃ |
| ၃ | ၂၃း ၀၄း ၂၄ | ၀း ၂၄း ၀၆ | ၃ | ၂၃း ၄၄း ၃၄ | ၀း ၄၀း ၃၇ |
| ၄ | ၂၃း ၀၀း ၂၈ | ၀း ၂၀း ၁၀ | ၄ | ၂၃း ၄၀း ၃၈ | ၀း ၃၆း ၄၃ |
| ၅ | ၂၂း ၅၆း ၃၂ | ၀း ၁၆း ၁၄ | ၅ | ၂၃း ၃၆း ၄၂ | ၀း ၃၂း ၄၇ |
| ၆ | ၂၂း ၅၂း ၃၆ | ၀း ၁၂း ၁၈ | ၆ | ၂၃း ၃၂း ၄၆ | ၀း ၂၈း ၅၁ |
| ၇ | ၂၂း ၄၈း ၄၀ | ၀း ၀၆း ၂၂ | ၇ | ၂၃း ၂၈း ၅၀ | ၀း ၂၄း ၅၅ |
| ၈ | ၂၂း ၄၄း ၄၄ | ၀း ၀၄း ၂၆ | ၈ | ၂၃း ၂၄း ၅၄ | ၀း ၂၀း ၅၉ |
| ၉ | ၂၂း ၄၀း ၄၈ | ၀း ၀၀း ၃၀ | ၉ | ၂၃း ၂၀း ၅၈ | ၀း ၁၇း ၀၃ |
| ၁၀ | ၂၂း ၃၆း ၅၂ | ၂၃း ၅၆း ၃၄ | ၁၀ | ၂၃း ၁၇း ၀၂ | ၀း ၁၃း ၀၇ |
| ၁၁ | ၂၂း ၃၂း ၅၆ | ၂၃း ၅၂း ၃၈ | ၁၁ | ၂၃း ၁၃း ၀၆ | ၀း ၀၉း ၁၁ |
| ၁၂ | ၂၂း ၂၈း ၀၀ | ၂၃း ၄၈း ၄၂ | ၁၂ | ၂၃း ၀၉း ၁၀ | ၀း ၀၅း ၁၅ |
| ၁၃ | ၂၂း ၂၄း ၀၄ | ၂၃း ၄၄း ၄၆ | ၁၃ | ၂၃း ၀၅း ၁၄ | ၀း ၀၁း ၁၉ |
| ၁၄ | ၂၂း ၂၀း ၀၈ | ၂၃း ၄၀း ၅၀ | ၁၄ | ၂၃း ၀၁း ၁၈ | ၂၃း ၅၇း ၂၃ |
| ၁၅ | ၂၂း ၁၆း ၂၂ | ၂၃း ၃၆း ၅၄ | ၁၅ | ၂၂း ၅၇း ၂၂ | ၂၃း ၅၃း ၂၇ |
| ၁၆ | ၂၂း ၁၂း ၂၆ | ၂၃း ၃၂း ၅၈ | ၁၆ | ၂၂း ၅၃း ၂၆ | ၂၃း ၄၉း ၃၁ |
| ၁၇ | ၂၂း ၀၈း ၃၀ | ၂၃း ၂၈း ၀၂ | ၁၇ | ၂၂း ၄၉း ၃၀ | ၂၃း ၄၅း ၃၅ |
| ၁၈ | ၂၂း ၀၄း ၃၄ | ၂၃း ၂၄း ၀၆ | ၁၈ | ၂၂း ၄၅း ၃၄ | ၂၃း ၄၁း ၃၉ |
| ၁၉ | ၂၂း ၀၀း ၃၈ | ၂၃း ၂၀း ၁၀ | ၁၉ | ၂၂း ၄၁း ၃၈ | ၂၃း ၃၇း ၄၃ |
| ၂၀ | ၂၁း ၅၆း ၄၂ | ၂၃း ၁၆း ၁၄ | ၂၀ | ၂၂း ၃၇း ၄၂ | ၂၃း ၃၃း ၄၇ |
| ၂၁ | ၂၁း ၅၂း ၄၆ | ၂၃း ၁၂း ၁၈ | ၂၁ | ၂၂း ၃၃း ၄၆ | ၂၃း ၂၉း ၅၁ |
| ၂၂ | ၂၁း ၄၆း ၅၀ | ၂၃း ၀၈း ၂၂ | ၂၂ | ၂၂း ၂၉း ၅၀ | ၂၃း ၂၅း ၅၅ |
| ၂၃ | ၂၁း ၄၂း ၅၄ | ၂၃း ၀၄း ၂၆ | ၂၃ | ၂၂း ၂၅း ၅၄ | ၂၃း ၂၁း ၅၉ |
| ၂၄ | ၂၁း ၃၈း ၅၈ | ၂၃း ၀၀း ၃၀ | ၂၄ | ၂၂း ၂၁း ၅၈ | ၂၃း ၁၈း ၀၃ |
| ၂၅ | ၂၁း ၃၄း ၀၂ | ၂၂း ၅၆း ၃၄ | ၂၅ | ၂၂း ၁၇း ၀၂ | ၂၃း ၁၄း ၀၇ |
| ၂၆ | ၂၁း ၃၀း ၀၆ | ၂၂း ၅၂း ၃၈ | ၂၆ | ၂၂း ၁၃း ၀၆ | ၂၃း ၁၀း ၁၁ |
| ၂၇ | ၂၁း ၂၆း ၁၀ | ၂၂း ၄၈း ၄၂ | ၂၇ | ၂၂း ၀၉း ၁၂ | ၂၃း ၀၆း ၁၅ |
| ၂၈ | ၂၁း ၂၂း ၁၄ | ၂၂း ၄၄း ၄၆ | ၂၈ | ၂၂း ၀၅း ၁၆ | ၂၃း ၀၂း ၁၉ |
| ၂၉ | ၂၁း ၁၈း ၁၈ | ၂၂း ၄၀း ၅၀ | ၂၉ | ၂၂း ၀၁း ၂၀ | ၂၂း ၅၈း ၂၃ |
| ၃၀ | ၂၁း ၁၄း ၂၂ | ၂၂း ၃၆း ၅၄ | ၃၀ | ၂၁း ၅၇း ၂၄ | ၂၂း ၅၄း ၂၇ |
| ၃၁ | ၂၁း ၁၀း ၂၆ | ၂၂း ၃၂း ၅၈ | ၃၁ | ၂၁း ၅၃း ၂၈ | ၂၂း ၅၀း ၃၁ |




www.burmeseclassic.com

www.burmeseclassic.com

ယောတိုင်းဒေသ ရာဇဝင်ထဲက လောင်းရှည်မြို့ကလေး

# ရှင်ဘုရင်ဘုရားဆီသို့ ခရီးတစ်ခေါက်

ကိုယော(ဘောဂဗေဒ)



ဘုံခုနစ်ဆင့်ပြာသာဒ်တော်နှင့်ဖြစ်သော ရှင်ဘုရင်ဘုရားနှင့်အတူ ရှေးက ဘုရားစေတီနှစ်ဆူကို ဖူးမြင်ရပုံ

ရှေးအခါက 'လူမျိုးတစ်ရာ့တစ်ပါး' ခွဲခြားသိစေခဲ့မှုကို ကြားဖူး၊ လေ့လာဖူးကြမည် ထင်ပါသည်။ ယင်းတို့အနက် ဗမာ (မြန်မာ) လူမျိုး (၇) မျိုးတွင် ဗမာ (မြန်မာ)၊ ပျူ၊ တောင်သူ၊ ကမ်းယံ၊ ယော၊ ရခိုင်၊ ထားဝယ်တို့ ပါဝင်သည်နှင့် ရှေးဗမာ (မြန်မာ) တို့၌ တစ်ခု အပါအဝင်ဖြစ်သော 'ယော' တို့ နေထိုင်ကြရာ ယောတို့ဌာနီကို ကျွန်တော် ရောက်ခဲ့ရပြန်သည်။

မကွေးတိုင်းဒေသကြီးအတွင်း အနောက်မြောက်ယွန်းယွန်းရှိ ပုံတောင်ပုံညာရပ်ဝန်းက 'ယော' ဆိုသည်ကို လေ့လာ သုတေသနပြုနေခဲ့သည်မှာလည်း ကြာခဲ့လှပြီ။ 'ယော'အကြောင်းတွေကို စာနယ်ဇင်းများစွာတို့တွင် ရေးခဲ့သည်မှာလည်း မနည်းတော့ပြီ။ များခဲ့လှပြီ။

သည်တစ်ခေါက် ရန်ကုန်-ပခုက္ကူ-ပေါက်-ကျောက်ထု-ထီးလင်း-ဂန့်ဂေါ-ဆောနှင့်လောင်းရှည်မြို့များသို့ ခြေဆန့်ဖြစ်ခဲ့ရာတွင် အထူးသဖြင့် စိတ်ဝင်စားဖွယ်ရာကောင်းလှသောခရီးအဖြစ် 'ရာဇဝင်ထဲက လောင်းရှည်' မြို့ကလေးဆီ ဒုတိယမ္ပိ ခရီးဆန့်ကာ ရောက်ခဲ့ရပြန်သည်မို့ ယောတို့ဌာနေက သိဖွယ်ရာရာတွေကို တင်ပြမိရနေလေပြီ။

တင်ပြပါရစေတော့-



ရှင်ဘုရင်ဘုရားတွင် ဖူးတွေ့ရသော နှစ်ကျိပ်ရှစ်ဆူဘုရားများ



www.burmeseclassic.com

www.burmeseclassic.com

## ယောတို့မြေ

မစ္စတာမောင်မှိုင်း စီရင်ရေးသားသော ဓမ္မစေတီအတ္ထုပ္ပတ္တိ စာမျက်နှာ နံပါတ် (၁၁၄) ရှိ 'ယောသူရွာဘွဲ့' စာထောင့်လေးချိုးကြီးမှ-

'ပုံပြရှေးဆို ပြဒ္ဒဗွေသိုက်မှာတော့ တုန်ရသေးသကို မှုမကျေလိုက်တာက လုံမလေးကို သူ့အမေရိုက်ရင်ဖြင့် မညာမသွေမဝိုက် ကညာဘွေ မကိုင်မှကယ်က လာလေလိုက်ခဲ့ပါတော့ မောင်တို့ရွာဆီ။

နောင်ဖို့မကွာ ကညာမေမောစေဖို့ တောင်တို့သာယာပထဗျာတောဆီသို့ ဆောင်လို့လာရင် ပါပကောသာပ မောင်တို့ရွာဘာတွေပေါ်ပါလိမ့် ဘဝင်မကြည်တဲ့ဇောတွေနှင့် ခင်သီသီဖြင့် မောရှာလိမ့် စောမဒီပါကိုနော်ကွယ် ပင်နီချောရယ်နဲ့ ယောထဘီ'

ဟူသည့် အပိုဒ်နှစ်ပိုဒ်ကို သတိရသည်။

ဝံသာနုခေတ်က အမျိုးသားရေးလှုပ်ရှားမှုအဖြစ် ယောလုံချည်နှင့် ပင်နီအင်္ကျီအရေးသမိုင်းတွင် ဖော်ကျူးရေးဖွဲ့ ဂုဏ်တင်ထားခဲ့ရှာသော ယောမြေ၊ ယောတို့ပြည်၊ ယောရွှေပြည်အကြောင်းကိုပြောရတိုင်း ရှေးယခင်ကာလများဆီကတော့ အင်မတန် လူသိနည်းခဲ့ရသည့် ဒေသတစ်ခုဟုလည်း ဆိုရမည် ဖြစ်ပါသည်။


တကယ်တော့ ကမ္ဘာ့ဂန္ထဝင် 'လူသားအစ မြန်မာက' ခေါ်တွင်နိုင်စေခဲ့ရာ ဂန္ထဝင် ပုံတောင်ပုံညာတောင်တန်းမြင့်ညီနောင်တို့ စိုးမိုးတည်ရှိရာ နယ်မြေအဝန်းအဝိုင်းသည် ယောမြေရပ်ဝန်းပင်တည်း။

ပင်လယ်ရေမျက်နှာပြင်အထက် ပျမ်းမျှအမြင့်ပေ (၃၀၀၀) ကျော်စီ မြင့်မားကာ တည်ရှိနေသော ပုံတောင်နှင့်ပုံညာ။ တောရိပ်တောင်ရိပ်က ကြီးလှသည့် ပုံတောင်ပုံညာ။ စိမ့်ကြီးမြိုင်ကြီး စိမ့်စမ်း လျှိုမြောင် တောင်စဉ်တန်းအသွယ်သွယ်တို့က အထပ်ထပ်နှင့် ဖြစ်နေသော ပုံတောင်ပုံညာ။ တောင်ကျချောင်းတွေကများ၊ သားရဲတိရစ္ဆာန်တောကောင်သတ္တဝါတွေကပေါ၍ ငှက်ဖျားလည်း ထူလှသည့် ပုံတောင်ပုံညာ။ နိုင်ငံ့အဖိုးတန် ကျွန်း၊ ပျဉ်းကတိုး၊ သစ်ရာ၊ ပိတောက်၊ အင်ကြင်းနှင့် သစ်မျိုးစုံတို့ သဘာဝအလျောက် ပေါက်ရောက်ရာ ပုံတောင်ပုံညာ။

သည်ကဲ့သို့သော ပုံတောင်ပုံညာ



ရှင်ဘုရင်ဘုရားတွင်ရှိ သပ္ပာယ်လှသော ဆင်းတုတော်တစ်ဆူ




ရှင်ဘုရင်ဘုရား




www.burmeseclassic.com

www.burmeseclassic.com

သောင်းရှည်မြို့နယ် မြမာလာစေတီတော်ကို
အပေါ်စီးမှ မြင်ရပုံ





ကို အခွင့်ကောင်းယူလျက် သောင်းကျန်းသူ အလံနီ ကွန်မြူနစ်တို့က ဗဟိုဌာနချုပ်ပြုလုပ်ကာ ယောနယ်မြေမှာ သောင်းကျန်း မင်းမူခဲ့ကြသည်။ လမ်းပန်းဆက်သွယ် ခက်ခဲလွန်းမှုကို အခွင့်ကောင်းယူကာလည်း စိုးမိုးခြယ်လှယ် ရက်စက် ယုတ်မာခဲ့ကြသည်။ ဓားပြတိုက် လုယက်၊ သတ်ဖြတ် ရိုင်းစိုင်းခဲ့ကြသဖြင့် မြေပြန့်ဒေသမှ သွေးချင်းများတို့ ပုံတောင်ပုံညာဒေသဆီ၊ ယောမြေရပ်ဝန်းဆီ မသွားရဲမလာရဲ ဖြစ်ခဲ့ကြရသည်။ သို့ဖြစ်၍ ဖွံ့ဖြိုးမှုအားဖြင့်လည်း နောက်ကျခဲ့ရသည်။

ထို့ကြောင့်လည်း ရှေးယခင်ကာလများကတော့ ပုံတောင်ပုံညာ ယောမြေရပ်ဝန်းကို အမျိုးမျိုး ထင်ခဲ့မြင်ခဲ့၊ ပြောခဲ့ကြသည်။ အုတ်အရောရော၊ ကျောက်အရောရောနှင့် အထင်အတွေးတို့က ဘာလိုလို ညာလိုလို၊ စုန်းကဝေပြုစားသူ ပညာသည်တွေ ပေါများသည့် နယ်မြေလိုလို။

၁၉၅၆ တွင် 'အောင်မာယ' စစ်ဆင်ရေးပြုလုပ်ခဲ့သည့်နောက် (၁၉၇၃-၇၄) ခုနစ်မှ စတင်ပြီး ပုံတောင်ပုံညာတည်ရာ ယောမြေရပ်ဝန်း ငြိမ်းချမ်းနိုင်ခဲ့ပြီ။ အဖြူရောင်နယ်မြေစစ်စစ်ဖြစ်လာခဲ့ရပြီး နိုင်ငံတော်က လမ်းတွေဖောက်၊ တံတားတွေဆောက်နှင့် မြေပြန့်ဒေသက ပြည်သူတွေ ယောဌာနေကို အမြင်ကြည်လင်နိုင်ခဲ့ကြပေပြီ။ တစ်စထက်တစ်စ ပွင့်လန်းကာလည်း ဖွံ့ဖြိုးတိုးတက်လာနေရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

## ရာဇဝင်ထဲက လောင်းရှည်မြို့

ယောမြေရပ်ဝန်းကို သူတို့ဒေသအခေါ်အဝေါ်အရ မြောက်ယော (ဂန့်ဂေါမြို့နယ်)၊ အလယ်ယော (ထီးလင်းမြို့နယ်)နှင့် တောင်ယော (ဆောမြို့နယ်) ဟူ၍ သုံးပိုင်းခွဲသည်။

တောင်ဘက်အစွန်ဆုံး တောင်ယောဟု ခေါ်ဝေါ်ကြသော ဆောမြို့နယ်အတွင်းတွင် ရှေးဟောင်း လောင်းရှည်မြို့ကလေး ပါဝင်သည်။ ယခုအခါတွင် အိမ်ခြေ (၅၀၀)ကျော်နှင့် လူဦးရေ (၃၀၀၀) နီးပါးရှိ ဒိုင်နယ်ကျေးရွာကြီး လောင်းရှည် ဖြစ်နေလေသည်။

လောင်းရှည်သည် ဂေါတမမြတ်စွာဘုရားမပွင့်မီ ရှေးယခင်ကပင်'ဗျူပွတ်ရွာ' ဟု တွင်ခဲ့ကြောင်းနှင့် သုနာပရန္တတိုင်းတွင် ပါဝင်ခဲ့သည်။ 'မြန်မာအစတကောင်းက' အဆိုအရလည်း ပုဂံပုပ္ပားစောရဟန်းမင်းအထိ ဗျူပွတ်ရွာဟုပင် ခေါ်ဆိုခဲ့သည်။ အနော်ရထာမင်းကြီးလက်ထက်သို့တိုင်အောင် ဖြစ်လေသည်။

လောင်းရှည်ဟူသည့် မြို့ကလေးသည်ကား-

မြန်မာနှစ် ၁၁၂၇၊ လောင်းရှည်မြို့စစ်တမ်းအရ သာသနာတော် ၁၅၆၂၊ ကောဇာနှစ် ၃၈၀ ပြည့်၊ ပုဂံပြည့်ရှင် အနော်ရထာမင်း လက်ထက် ကဆုန်လပြည့် တနင်္လာနေ့၊ နက္ခတ် (၁၉) လုံးနှင့် ယှဉ်လျက် အမတ်သိမ်းစည်းနှင့် မြို့သူကြီး ဘယတေဇာခံကောတို့က စစ်သည်သူရဲ (၁၀၀၀) နှင့် လောင်းရှည်မြို့ကို တည်ထောင်ခဲ့၏။ ပုဂံနေပြည်တော်ကြီးအတွက် ရန်သူအပေါင်းတို့ ထိပါးတိုက်ခိုက်ခြင်းမှ အကာအကွယ်ရစိမ့်သောငှာ ကင်းစခန်း၊ တပ်စခန်းမြို့အဖြစ်တည်ခဲ့၏။ ထိုကာလက အနောက်ဘက် အရပ်မျက်နှာ ချင်းနှင့်ရခိုင်တို့ကို ဆီးတားဆို့ခံရန် ရှေ့တန်းအရံခံတပ်မြို့၊ ကင်းမြို့၊ စခန်းမြို့၊ အစောင့်တပ်မြို့၊ သစ်တပ်မြို့ဖြစ်ကြောင်း ပါရှိ၏။

*(စာရှည်မည်စိုး၍ အကျယ်မချဲ့တော့ပါ။)*


ဦးကုလားရာဇဝင်တော်ကြီးတွင် ပုဂံ နရပတိစည်သူမင်းလက်ထက် နန်းစဉ် စစ်သည်သူရဲအင်အားပြစာရင်း၌ လောင်းရှည်မြို့ ပါဝင်ကြောင်းကိုလည်း လေ့လာ၍ ရပါ၏။

သည်တွင် ထားပါဦး။


လောင်းရှည်ဟု တွင်ရခြင်းတွင် ဒေသိယရာဇဝင်ရှိခဲ့၏။ ပေါက္ကံ အနော်ရထာမင်း၏မြေးတော် သာသနာ့ဒါယကာ အလောင်းစည်သူမင်းတရားနှင့် စပ်လျဉ်း၍ စကားအဆို ရှိခဲ့၏။ ဟူးရားဗေဒင် ပညာရှင်တို့၏ ဟောချက်အရ



လောင်းရှည်မြို့လေးက မပြုပြင်နိုင်ရသေးသော ရှေးဘုရားစေတီတစ်ဆူ



လောင်းရှည်မြို့လေးက ရှေးက စေတီတစ်ဆူ



နှစ်ပေါင်း (၁၅၀) ခန့်သက်တမ်းရှိ ရှေးဟောင်းယွန်းကျောင်း ကျောင်းတိုက်ကြီး

တောင်တော်မြတ်၊ သစ်နက် (သက်နှန်းနက်ဟုလည်းဆို၊ ကျွန်းနက်ဟုလည်းဆို) သားနှင့်တကွ ၎င်းသစ်နက်သားတွင် ဘဝဟောင်းကကျခဲ့သော ပစ္စည်းအရှိန် 'ပရရှင်၊ ပြဒါးရှင်၊ ပတ္တမြားမျက်ရှင်' ရှိ



www.burmeseclassic.com

www.burmeseclassic.com

သည်ဆို၏။ သို့ဖြစ်၍ စစ်အင်္ဂါလေးပါး ဖြင့် ကြွချီတော်မူလာပြီး တောင်တော် မြတ်တွင် သစ်နက်ပင်မြတ်အား ရှာဖွေ တွေ့ရှိခဲ့၊ ပြဒါးရှင်တော်ကို ရခဲ့ကြောင်း ဆိုကြပါ၏။

သစ်နက်ပင်ကို ခုတ်လှဲပြီး သစ်လုံးအရှိင်းကို တောင်တော်တစ်နေရာမှ ထိုးချ တွန်းချ၍ တင်သောနေရာကို ယခုတိုင် 'တုံးတင်' ဟု လည်းကောင်း၊ နွယ်ကြိမ်ကြီးများကို ရှာဖွေခုတ်ဖြတ်ကြရာနေရာအား 'ကြိမ်ကြီး' ဟု လည်းကောင်း၊ ချောင်းရှိရာသို့ဆွဲယူစဉ် တောကြီးမျက်မှောင် သစ်ရိုပ်ဝါးရိပ်အားကြီးလွန်းလှသည့်နေရာကို 'ပိန်းမှောင်' ဟု လည်းကောင်း၊ ထိုချောင်းကို 'ပိန်းချောင်း' ဟု လည်းကောင်း ခေါ်ဝေါ်ခဲ့၊ အမည်တွင်နေခဲ့ကြသည့်အကြောင်း ဒေသခံများကြား စကားအဆက်ဆက် တည်မြဲခဲ့သည် ဆိုပါ၏။


[လောင်းရှည်မြို့သည် ပခုက္ကူ ပုဂံ၊ ညောင်ဦးတို့၏ အနောက်ဘက် ယွန်းယွန်း မိုင် (၁၂၀) ခန့်တွင် ရှိ၏။]


သစ်နက်ပင်ကြီးကို သစ်တုံးကြီးဖြစ်စေခဲ့၊ သစ်လုံး သစ်တုံးတော်ကြီးကို လောင်းလှေတော်ကြီးအဖြစ် ရရှိအောင် လောင်းတော်ကို ရွေ့ခဲ့သောနေရာဌာန အရပ်အား 'လောင်းရွှေ' ဟုအမည်မှည့်တွင်စေခဲ့၏။ ကာလရွေ့လျားလာခဲ့သည်တွင် ရေမြေ့အရှင်သခင် ရွှေနန်းရှင်အတွက်နှင့် ရွှေကို လူတို့ အမြတ်တနိုး တန်ဖိုးထားကြသည့်သဘောအရပါ ပါဝင်စေလျက် 'ရွှေလောင်းလှေရှည်' ဖြစ်လာခဲ့ဟန် တစ်နည်း၊ တဖြည်းဖြည်းနှင့် နှစ်များစွာကြာလတ်သော် လောင်းရွှေ၊ ရွှေလောင်းလှေရှည်၊ ရွှေလောင်းရှည်မှသည် လောင်းရှည် ဟူ၍ ဖြစ်လာဟန်ရှိကြောင်း ဆိုကြပါ၏။ ပြောစမှတ်ဖြစ်၍ နေပါ၏။

လောင်းရှည်မြို့ကလေး၏စိတ်ဝင်စားဖွယ်ရာဇာတ်ကြောင်းမှာလည်း အများသိကြသည့်အတိုင်း ကြားရသူတို့ရင်မှာ စွဲငြိကျန်ရစ်ရပါ၏။ မဏိစည်သူမင်း၏ဘုန်းတန်ခိုးတော် ဖောင်တော်စကြာ




လောင်းရှည်မြို့ ဓကွဲထာရာမတောင်မင်းကျောင်း





လောင်းရှည်မြို့ရှိ နာမည်ကျော် ဓမ္မိကာရာမလည်ပေါ်ကျောင်းတိုက်ကြီး
(နှစ်ပေါင်း ၁၃၀ ခန့်သက်တမ်းရှိ)




ရေးဟောင်းလည်ပေါ်ကျောင်းအဝင်က ပန်းချီလက်ရာတစ်ခု




www.burmeseclassic.com

www.burmeseclassic.com



လောင်းရှည်မြို့ရှိ မစိုးရိမ်စာသင်တိုက်



လောင်းရှည်မြို့လေးရှိ ဆောက်လုပ်ဆဲ မိုးကုတ်ဝိပဿနာရိပ်သာ

ခေါ် လှေတော်ကြီးနှင့် ပရရှင် ခေါ်၊ ပြဒါးရှင်၊ ပတ္တမြားမျက်ရှင်၏တန်ခိုးစွမ်းအားကြောင့် ဖောင်တော်ဖြင့် စိတ်တော်အလိုရှိရာသို့ သွားရောက်နိုင်ခဲ့၏။ အလောင်းစည်သူသည် ဘဝဟောင်းက ကုလားမင်းသား ပဋိက္ခရားဖြစ်ပြီး ပုဂံပြည် ကျန်စစ်သားမင်းကြီးနှင့် အပယ်ရတနာတို့မှဖွားသော မင်းသမီးလေး ရွှေအိမ်စည်နှင့်ရည်ငံသည်ကို မှူးမတ်များကသိ၍ ဘုရင့်ထံလျှောက်ထား၏။ ကျန်စစ်သားမင်းကြီးက နောင်တော် စောလူးမင်း၏သားတော် စောယွမ်းမင်းသားနှင့် ရွှေအိမ်စည်မင်းသမီးလေးအား ထိမ်းမြားစေပြီး မင်္ဂလာဆွမ်းဆက်ကပ်သောနေ့ ပဋိက္ခရားမင်းသားက ပေါက္ကံပြည်သို့အလာ၊ ရှင်အရဟံမထေရ်မြတ်က ဆွမ်းစားခဲ့ပြီး၍ ကောင်းကင်ခရီးဖြင့် မဇ္ဈိမဒေသသို့ ကြွချီစဉ် ကောင်းကင်တွင် တွေ့ကြလေ၏။ ရှင်အရဟံမှ အကြောင်းစုံကို မိန့်ဟသည်တွင် ပဋိက္ခရားမင်းသားသည် အာမေဍိတ်ဖြစ်ရသည်နှင့် သတိလက်လွတ်ဖြစ်ပြီး ပြဒါးရှင်သည် အာခံတွင်းမှ ထွက်ကျသွားခဲ့လေ၏။ မင်းသားလည်း မြေသို့သက်ကာ ကံတော်ကုန်၍ ရွှေအိမ်စည်ထံတွင် ပဋိသန္ဓေနေ၏။ ထိုမှ ဖွားမြင်သော သားတော်သည်ကား အလောင်းစည်သူ ဖြစ်လေ၏ဟု ဆိုပေ၏။

သည်သို့သော ရင်ဝယ်စွဲငြိဖွယ် ရာဇဝင်အပြင် လောင်းရှည်မြို့အကြောင်းပြောရလျှင် ဗန်းမော်ဆရာတော်ကြီး၏-

*ပခန်းမှာလေ၊ လောင်းရှည်မှာဓား၊ ခန်းပတ်မှာနား၊ ရေနံတစ်တိုင်ချင်းရယ်နဲ့ လင်းနိုင်ပ့ါမလား*

ဟူသော စာချိုးကိုလည်း လေ့လာ ကြားသိဖူးကြလိမ့်မည် ထင်ပါ၏။ ရတနာပုံခေတ် ဝန်ကြီးများတို့တွင် ပခန်းဝန်ကြီးမှာ လေနာရောဂါရှိ၏။ လောင်းရှည်ဝန်ကြီးမှာ မြင်ကွန်း- မြင်းခုံတိုင်အရေးတို့တွင် ဓားထိထား၏။ ခန်းပတ်ဝန်ကြီးကား နားလေး၏။ ရေနံချောင်းဝန်ကြီးတစ်ပါးတည်းနှင့် တိုင်းရေးပြည်ရာကို စီစဉ်နိုင်ပါ့မလားဟု ဆိုကြလေ၏။

ထို့ပြင် မြန်မာမင်းများသည် မိဖုရား၊ မှူးမတ်များကို မြို့စား၊ နယ်ပယ်စားတွေ ပေးအပ်လေ့ရှိပါ၏။ လောင်းရှည်မြို့စားအရာပေးအပ်ချီးမြှင့်ခြင်း ခံရသူများထဲတွင် မင်းတုန်းမင်းတရားကြီး၏ မိဖုရား လောင်းရှည်မိဖုရားသည် သီပေါမင်း၏မယ်တော်အဖြစ် အထင်အရှားရှိခဲ့ပေ၏။

လောင်းရှည်အကြောင်းကို ဆက်ချင်သေး၏။ ရှေးမြန်မာဘုရင်များလက်ထက်က ဘုရင်တို့သည် နေပြည်တော်နှင့်ဝေးသောအရပ်မှာရှိသည့် ယောမြို့များမှနေ၍ ချင်းတောင်ဒေသကို ပူးတွဲအုပ်ချုပ်ခဲ့ကြ၏။ ချင်းတောင်နှင့်နယ်နိမိတ်ချင်း ဆက်စပ် တည်ရှိနေသဖြင့်လည်း ချင်းတောင်နှင့် ယောမြေဒေသသည် မြန်မာဘုရင်များလက်ထက်တွင် အေးချမ်းသာယာစွာ နှစ်ပေါင်း ရာနှင့်ချီပြီး နေလာခဲ့ကြသည်မှာ ညောင်ရမ်းခေတ်သို့တိုင်အောင် ဖြစ်၏။ ကုန်းဘောင်ခေတ်သို့ရောက်သောအခါ အထူးသဖြင့် ဗဒုံမင်းလက်ထက်၌ မြို့သူကြီးစနစ် ပြောင်းလဲ အုပ်ချုပ်လာခဲ့ပြီး အခွန်ဘဏ္ဍာ စသည်များကို သူကြီးများက ကောက်ခံ၍ မြို့ဝန်မှတစ်ဆင့် နေပြည်တော်သို့ပို့ရ၏။ ကုန်းဘောင်ခေတ်နှောင်းပိုင်းရောက်သောအခါ လောင်းရှည်မြို့ အပါအဝင် ယောဒေသတွင် စော်ဘွားအုပ်ချုပ်ရေးစနစ် ကွယ်ပျောက်သွားခဲ့လေတော့၏။

အထက်ပါတို့သည်ကား ရာဇဝင်ထဲက လောင်းရှည်မြို့ကလေး၊ နှောင်းခေတ် ရှေးကျလှသော လောင်းရှည်မြို့ကလေး၏ပုံရိပ်ပင် ဖြစ်ပေတော့သည်။

## ရှင်ဘုရင်ဘုရားကို ဖူးရအောင်

ပဉ္စသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီး၏ မိဖုရားတစ်ပါးဖြစ်သော လောင်းရှည်မိဖုရားနန္ဒာဒေဝီအား သတိရလာမိသည်။ ရှင်ဘုရင်ဘုရားနှင့် ဆက်စပ်ကာလည်း တွေးမိလာရသေးသည်။

လောင်းရှည်မိဖုရားသည် ပုဂံမင်း၊ မင်းတုန်းမင်း၊ အိမ်ရှေ့စံ ကနောင်မင်းသားကြီး၊ စကြာဒေဝီမိဖုရားခေါင်ကြီး၊ အလယ်နန်းမိဖုရား ဆင်ဖြူမရှင်၊ မင်းတုန်းမင်း၏ မကွေးမိဖုရား၊ အိမ်ရှေ့



www.burmeseclassic.com

www.burmeseclassic.com

မီဖုရား လှိုင်ထိပ်ခေါင်တင်တို့နှင့် မောင်နှမတစ်ဝမ်းကွဲ တော်စပ်သည်။ ဘာသာသာသနာရေး ကိုင်းရှိုင်းသော လောင်းရှည်မိဖုရားသည် ဒေဝီတွဲ့ကိုအပ်နှင်းခြင်းခံရသူဖြစ်သည်ကို သမိုင်းတွင် လေ့လာ၍ရသည်။

ယခုတင်ပြမည့် သုံးမည်ရဘုရားဖြစ်သည့် ရှင်ဘုရင်ဘုရား (ခေါ်) ရာဇမုနိ (ခေါ်) သီရိမာန်အောင်ဘုရား၏ ဒါယကာအစစ် သီပေါဘုရင်သည် ဘာသာရေး ကိုင်းရှိုင်းလှသော မင်းတစ်ပါးဖြစ်သည်။ မင်း၏မယ်တော်ဖြစ်သူ လောင်းရှည်မိဖုရားကြီး ကိုယ်တိုင်မှာလည်း ဘာသာရေးကို ယုံကြည်လှသည့်အားလျော်စွာ သားတော် သီပေါမင်းသားလေးအား အစစအရာရာ ထိန်းသိမ်းစောင့်ရှောက်ပေးခဲ့၊ အတတ်ပညာတွေကို တတ်မြောက်စေရအောင် လှုံ့လပြုပေးခဲ့သည်ကိုကြည့်လျှင် သိနိုင်သည်။ တကယ့် သေရေးရှင်ရေး အရေးအခင်းမြင်ကွင်း-မြင်းခုံတိုင်အရေးတို့၏ဘေးမှ သီပေါမင်းသားလေးကို ပြုစုစောင့်ရှောက်ပေးခဲ့သည့် မိခင်မေတ္တာအင်အားကြီးမားလှပုံအား သမိုင်းကိုသာ ဖတ်ရှုကြည့်ပါတော့ဟု ပြောရမည်ပင် ဖြစ်ပါသည်။ လောင်းရှည်မြို့စား မိဖုရား၏ သားတော်ပေမို့ လောင်းရှည်မြေမှာ အထိမ်းအမှတ်စေတီတစ်ဆူ တည်စေခဲ့သည်။ သည်သို့နှယ် မိခင်မေတ္တာတရားကြီးမားမှုကို 'ရှင်ဘုရင်ဘုရား' ဒါယကာရှင် သီပေါမင်းက နှလုံးသားထဲမှာ စွဲမြဲကိန်းအောင်းနေသည့် ကျေးဇူးတရားအားလည်း မှတ်ကျောက်တင်ထားခဲ့ခြင်းဟု ဆိုရပေမည်။

ရှေးပဒေသရာဇ် မြန်မာဘုရင်များနန်းတက်သောနှစ်၊ ဘိသိက်ခံသောနှစ်တို့တွင် နိုင်ငံတော်အတွင်း စေတီများတည်ကြ၏။ ပျက်စီးနေသည်များတို့ကိုလည်း ပြုပြင်မွမ်းမံကြ၏။ နန်းတက်အထိမ်းအမှတ်၊ ဘိသိက်ခံအထိမ်းအမှတ်၊ ကျေးဇူးတရားအထိမ်းအမှတ် ဖြစ်ပါ၏။ အသစ်တည် အဟောင်းပြုပြင်ခြင်း အစဉ်အလာအရ သီပေါမင်း ရာဇဘိသေက ခံတော်မူမည့်အရေး လွှတ်တော်မှ အမိန့်ပြန်တမ်းထုတ်၏။ ဘိသိက်မခံမီ ရွှေပြည်တော်တစ်ဝန်းရှိ ပျက်စီးယိုယွင်းနေသော စေတီ, ပုထိုးများ၊ အံမိကာရနတ်ကွန်း, နတ်အိမ်များအားလည်း ရှေးယခင်မူလအတိုင်း ပြုပြင်ကြရမည်။ ပြန်လည်ပြုပြင်ကြရသည့်စာရင်းကို လွှတ်တော်သို့ တင်သွင်းကြရမည်၊ ထိုသို့ ပြုပြင်ခြင်းအတွက် ငွေတော်ထုတ်ပေးမည်ဖြစ်ကြောင်း ဒေါင်းတံဆိပ် ရိုက်နှိပ်ထားသော လွှတ်တော်မှထုတ်ပြန်သည့် ဝန်မင်းများစာ ပေစာတို့လည်း ရှိသည်။

သို့နှင့် ဖူးတွေ့လိုလှသော 'ရှင်ဘုရင်ဘုရား' ကို ကျွန်တော်သည် ဖူးမြင်နိုင်ရလေပြီ။ ဘေးပတ်လည်တို့တွင် တည်ရှိနေသော တောင်တန်းမြင့်ကြီးများ၏ အနေအထား၊ မြို့ကလေး၏ အရှေ့ဘက်အရပ် မြေပြန့်ကွင်းတစ်နေရာဝယ် 'ရှင်ဘုရင်ဘုရား' သည် တင့်တယ်နေသည်ကို ဖူးမြင်ရသည်။


'ပြည်ခွင်တစ်လွှားတွင် မသွေအညီဖြင့် စေတီတော်ဘဂဝါမြတ်ကို အသပြာအမှတ် (ငွေဒင်္ဂါးခြောက်ရာနှင့်) မြေတစ်လျှောက် အမှန်မဆိုင်းဘဲ အမြန်ခိုင်းကာ ကောက်ခါတွက်လိုက်တော့ ရောက်လာတဲ့ သက္ကရာဇ်မှာ မပျက်ဝေါဟာ တစ်ထောင်ကျော်၍ နှစ်ရာခေါ် လေးဆယ်လွှမ်းပြီး နှစ်ခုစွန်းနှစ်အခါဝယ် အထက်နဂရာ အသွယ်သွယ်ပြောင်ဂဏန်း မချို့တဲ့ တောင်တန်းမြို့ စတုယောနဂရာတွင် လောကဦ ကောင်းသရေမိုးပေသည့် လောင်းရှည်မြို့တွင် ထူးသတင်းနှင့် မြို့သူကြီးဦးသံဒိုင်တို့ အထူးဉာဏ်ပိုင်ပိုင် ပေးခါအပ်သဖြင့် မဝေးမကွာအရပ် ဒက္ခိဏာနတွင် တွက်ကြည့်၍ တာဝေလျှင် သုံးရာအထိတွင် ဘုန်းသမ္ဘာရှိတဲ့ အရှင်တည်သဖြင့် ဘုရင်စေတီဘွဲ့တော်သ,ပြီးလျှင် . . .'

ဟူသော မှတ်တမ်း နှီးဆော်စာအချို့ကို သတိရသည်။

သီပေါမင်းသည် ၁၂၄၀ ပြည့်နှစ်၌ မန္တလေးရတနာပုံနေပြည်တော်ဝယ် ထီးနန်းစိုးစံ၏။ သက်တော် (၂၇) နှစ်တွင် စေတီတော်ပေါင်း (၂၇) ဆူ တည်စေ၍ လောင်းရှည်မြို့လေးရှိ ရှင်ဘုရင်ဘုရားသည် တစ်ဆူအပါအဝင် ဖြစ်၏။ ရှားရှားပါးပါး ဖြစ်ရပါ၏။ ၁၂၄၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၈) ရက်တွင်




ယောဒေသက လောင်းရှည်မြို့အဝင်



လောင်းရှည်မြို့လေးက နွေစပါးစိုက်ခင်းများနှင့် နေကြာစိုက်ကွင်းများ



www.burmeseclassic.com

www.burmeseclassic.com

[illegible] သို့၏ [illegible] [illegible] ရှိရာ၏။ [illegible] ဘု [illegible] ရှိသည် သိရ၏။ မြေစိုက် [illegible] ဖြစ်ပါ၏။ စေတီတော်သုံးဆူ ယှဉ်လျက်ရှိရာ၌ တောင်ဘက်အကျဆုံး ဘုံခုနစ်ဆင့် ပြာသာဒ်တော်နှင့် စေတီတော်သည် ရှင်ဘုရင်ဘုရားပင် ဖြစ်လေ၏။

အလယ်ကျသော စေတီတော်မှာ လောင်းရှည်ဇာတိမြေ ဦးသာကွယ်၊ ဒေါ်အို သားသမီးတစ်စုကောင်းမှုဟု သိရ၏။

မြောက်ဘက်ကျသောစေတီတော်မှာ အလှူရှင်ဒေါ်ကောက်၏မူလဒါနဟု လေ့လာသိရှိရ၏။

ရှေးအစ မူလအခေါ် ရှင်ဘုရင်ဘုရား (ခေါ်) ရာဇမုနိ (ခေါ်) သီရိမာန်အောင်ဟု သုံးမည်ရစေတီတော်၏မဟာရံတံတိုင်းနှင့်စပ်လျဉ်း၍ သိရသည်မှာ အရှေ့မုခ်သည် ရဟန်းသံဃာများ ဝင်ရောက်ဖူးမြော်ရန်၊ လက်ဝဲ တောင်ဘက်မုခ်သည် ဘုရင်နှင့်မိဖုရားများ ဝင်ရောက်ဖူးမြော်ရန် အနောက်မုခ်သည် စစ်သူကြီးနှင့် စစ်သည်များ ဝင်ရောက်ဖူးမြော်ရန်နှင့် မြောက်ဘက်မုခ်သည် တိုင်းသူပြည်သားများတို့ ဝင်ရောက်ဖူးမြော်ရန် ဟူ၍ ရှေးအဆက်ဆက်က စကား ထားရှိခဲ့ကြောင်း ကြားသိခဲ့ရ၏။ အရှေ့မုခ်အား ပေါင်းကူးမုခ်ဟုလည်း တွင်ကြောင်း ဆိုကြသေးလေ၏။

**တန်ခိုးတော်များပြား ရှင်ဘုရင်ဘုရား**

လောင်းရှည်မြို့ လည်ပေါ်ကျောင်းဆရာတော်ကြီး အရှင် ဣန္ဒာစရိယ (သက်တော် ၈၀၊ ဝါတော် ၆၀) ဆရာတော်ထံမှ သိရှိရသည်မှာ ဘုရားရောင်ခြည်တော်တို့သည် ညဥ့်ဦးယံအခါ၊ မိုးသောက်ယံအခါတို့၌ ကွန့်မြူးထွက်ပေါ်ကြောင်း မိန့်ဟခဲ့သည်ကို ကြားခဲ့ရသည်။

စာရေးသူအား လိုက်ပါပို့ဆောင်ရှင်းပြ သိစေခဲ့သော အထက်တန်းပြဆရာကြီး (ငြိမ်း) ဦးကံရှိန်ကလည်း ရှင်ဘုရင်ဘုရားမှ ရောင်ခြည်တော်တို့ ကွန့်မြူးသည်ကိုဖူးတွေ့ခဲ့ရဖူးကြောင်း ဆိုပါသည်။


[illegible] ပြည့်ဝကြ [illegible] ပြောပြကြသည်များအနက် [illegible] နေသား ပုဂ္ဂိုလ်တစ်ဦးသည် ရှင်ဘုရင်ဘုရားကို ဖူးရ၍လည်း ဖြစ် [illegible] ဆိုရမည်မှာ အဆိုပါပုဂ္ဂိုလ်သည် မွေးမိခင်၊ ဖခင်တို့အား အလွန်ရိုကျိုးသူဖြစ်ကာ စိတ်နေစိတ်ထားလည်း ကောင်းမွန်၊ အလုပ်တာဝန်အားလည်း သိတတ်၊ ကျေပွန်သူဖြစ်သည့်အလျောက် နောင်အခါတွင် တိုင်းပြည်၏အဆင့်မြင့်ရာထူးကြီးကို ရရှိသွား၏။ ဌာနတစ်ခု၏ ဒုတိယဝန်ကြီးဘဝအပြင် အခြားသောဌာန (၂) ခုတွင် ဝန်ကြီးဘဝများကို တာဝန်ပေးအပ်ခြင်းခံရကာ အငြိမ်းစားယူသွားခဲ့ပြီဖြစ်ကြောင်း လေ့လာကြားသိခဲ့ရပေသည်။ ငယ်သာငယ်ပေမည့် ဘဝတွင် ကောင်းကျိုးများကို ဆောင်နိုင်စွမ်းသည့် အတုမရှိ ဗုဒ္ဓမြတ်စွာအရှင် စေတီတော်မြတ်ပါတကားဟုလည်း ကျွန်တော်၏စိတ်တွင် အထပ်ထပ်အခါခါ မြည်တမ်းမိရပေသည်။

**ယောဂျာနီကပုဂံ**

ရာဇဝင်ထဲက လောင်းရှည်မြို့ကလေးသည် နှောင်းခေတ်အခါက ရှေးဟောင်းမြို့ပြလေးတစ်ခုအဖြစ်နှင့် ခေတ်အဆက်ဆက် သမိုင်းထဲမှာ ပါဝင်နေခဲ့သည်ကို လေ့လာလျှင် သိနိုင်ပေသည်။ တကယ်တမ်း လေ့လာကြည့်မိခဲ့သူ ကျွန်တော့်အဖို့မှာလည်း အတော်ကိုအံ့အားသင့်ခဲ့ရသည်ကတော့ အမှန်။

လောင်းရှည်မြို့ပြကလေး၌ ရှေးဟောင်းအမွေအနှစ်များ များစွာ ရှိနေသည်။

မြေစိုက်ဘုရားစေတီပုထိုးပေါင်း (၁၀၈) ဆူ၊ ပါဒခြေတော်ရာ (၂) ဆူ၊ ခဏ္ဍသိမ်တော် (၈) ခု၊ ဘုန်းတော်ကြီးကျောင်းပေါင်း (၁၈) ကျောင်း၊ တန်ဆောင်းတော်ကြီးပေါင်း (၄) ဆောင်၊ ဇရပ် (၂၀) ဆောင်၊ နတ်နန်းနတ်ကွန်း (၅) ခု၊ ရှေးရှေးက ရေကန်ကြီး (၅) ခု



လောင်းရှည်မြို့လေးက နွေရာသီစိုက်ခင်းများ





www.burmeseclassic.com

www.burmeseclassic.com



လောင်းရှည်မြို့ကလေးက စလင်းချောင်းအထု



လောင်းရှည်မြို့ရှိ မီးသတ်မျှော်စင်

အနက် ယခုအခါ (၃) ကန်၊ ပြာသာဒ်အဆောင် ယခင် (၃၁) မှ ယခု (၁၁) ဆောင်၊ မြို့ပန္နက် (၉) ချက် စသည်ဖြင့် အသီးသီးကို အထွေထွေ အံ့မခန်း တွေ့မြင်နိုင်သည်။

လောင်းရှည်သည် ရှေးရှေးကာလများက ယောရွှေပြည်ရပ်ဝန်းနယ်ပယ်တွင် အထင်အရှားမြို့ပြလေးတစ်ခုအဖြစ် ထွန်းပေါ်နေခဲ့သည်။ ဗုဒ္ဓဘာသာ သာသနာတော်၏ အမွေအနှစ်များဖြစ်သော မြတ်ဗုဒ္ဓ၏ ဓာတု၊ ဓမ္မ၊ ပရိဘောဂနှင့်ဥဒ္ဒိဿစေတီတော်များအဖြစ် ပူဇော်မှုပြုသော စေတီ ပုထိုးတော် အမျိုးမျိုးတို့ကို လေ့လာကြည်ညို မြင်တွေ့ရခြင်းအားဖြင့် သာယာစည်ပင်ဝပြောလှရာဌာနေလေးတစ်ခုဖြစ်နေခဲ့သည်ကို ငြင်းကွယ်၍မရနိုင်ဟုဆိုရမည်ပင် ဖြစ်သည်။

မြန်မာ့မြေသမိုင်းတွင် တစ်ခေတ်တစ်ခါက အလွန်သာယာစည်ပင်ဝပြောခဲ့သော ရှေးခေတ် ပုဂံပြည်ကြီးသို့နှယ် လောင်းရှည်မြို့ကလေးအားလည်း ပုဂံပြည်အသေးစားလေးဟု တင်စားလိုက်ချင်သည်။ (သွားရောက်ပါလှည့်ဟုတိုက်တွန်းမိရသည်။)

အရပ်ရှစ်မျက်နှာကြည့်လိုက်တိုင်းမှာလျှင် ဘုရား, စေတီ, ပုထိုးတွေ၊ ကြီးမားလှသည့် ဘုန်းတော်ကြီးကျောင်းကြီးတွေကို မြင်ရသည့်နှင့် ဘုရား၊ တန်ဆောင်း၊ သိမ်၊ ကျောင်း၊ ခေါင်းလောင်းတို့မှာ လေ့လာစရာတွေ အများကြီးရှိပေသည်။ မပြုပြင်နိုင်သေးဘဲ ကျန်ရှိနေသေးသော ရှေးဟောင်းဘုရားပြို၊ စေတီပျက်တို့ကလည်း မနည်းလှ။ ချုံနွယ်ပိတ်ပေါင်းတို့ ဖုံးလွှမ်း၊ သစ်ပင်ကြီးတွေကမျိုနှင့် စိတ်မကောင်းဖွယ်ရာ မြင်တွေ့ခဲ့ရသည်။

အလောင်းစည်သူမင်းကြီး ဖောင်တော်စကြာဖြင့် တိုင်းခန်းလှည့်လည်ရောက်ရှိခဲ့၊ ထပ်မံ တည်ထားကိုးကွယ်ခဲ့သော ဗုဒ္ဓဘာသာ သာသနာပြု သီရိဓမ္မာသောကမင်းကြီး၏ စေတီပေါင်း (၈၄၀၀၀) တွင် တစ်ဆူအပါအဝင်ဖြစ်သော လောင်းရှည်မြို့ဒေသက ရှေးဟောင်းသမိုင်းဝင် 'သိန်းကျင်း' စေတီတော်မြတ်အားလည်း ဖူးမြော်နိုင်သည်။

*(၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလထုတ် သူရဇ္ဇမဂ္ဂဇင်းတွင် 'ရှေးဟောင်းသမိုင်းဝင် သိန်းကျင်းရွှေတန်ဆာစေတီတော်' အကြောင်း ဆောင်းပါးရှည်ရေးခဲ့ပြီး။)*

ဩော်- ဒုတိယမ္ပိအခေါက် ရှေးဟောင်း လောင်းရှည်မြို့ကလေးကို ရောက်ခဲ့ရခြင်းတွင် ကျွန်တော့်အဖို့ အံ့သြစရာကြုံခဲ့ရသေးသည်။ ယခင် တစ်မြန်နှစ် လာတုန်းကလည်း ကျွန်တော် ရောက်ခဲ့ရသည့် မတ်လကုန်ရက်တွင် မိုးတွေ သဲသဲမဲမဲ ရွာသွန်းခဲ့သည်။ ယခုတစ်ခေါက် ရောက်လာရပြန်တော့လည်း မတ်လ နောက်ဆုံးရက်သတ္တပတ် (၂၇. ၃. ၂၀၁၃) နေ့၌ နွေခေါင်ခေါင် မိုးစက်မိုးပေါက်တို့ကျပြန်သေးခဲ့။ မိုးသက်လေနှင် ရပ်ရှစ်ခွင်ကို လွှမ်းချင့်စဖွယ် ကြုံခဲ့ရပြန်သေးတော့သည်။

"ဆရာယောရေ- ဆရာက တစ်နေ့လုံး ဘုရားတွေဖူး၊ ဘုန်းကြီးကျောင်းတွေကိုရောက်၊ ဆရာတော်တွေကို ကန်တော့၊ အလှူငွေတွေကို လှူဒါန်းဆိုတော့ မိုးနတ်မင်း, သိကြားမင်းကြီးက မိုးစက်သွန်းချပေးရင်း လူတွေသိပါစေ၊ နတ်တွေလည်း ကြားပါစေလို့ ကောင်းချီးပေးတာဖြစ်မှာပါဗျာ"

ဟူသော ဆရာဦးကံရှိန်၏အပြောကို ကြားယောင်မိရသေးသည်။

နောက်ဆုံး 'ရှင်ဘုရင်ဘုရား' ထံတော်မှောက် ရောက်ခဲ့၊ နာမည်ကျော် လည်ပေါ်ကျောင်း ဆရာတော်ဘုရားကြီး ဦးကုန္ဒာစရိယ (သက်တော် ၈၀၊ ဝါတော် ၆၀) ကိုဖူးတွေ့၊ အလှူတော်ငွေကျပ် (၅၀၀၀) လှူဒါန်းတော့ ဆရာတော်ကြီးက မိန့်မှာစကားတွေ အများကြီးကို အကြိမ်ကြိမ် ပြောနေသေးခဲ့သည်ကို မြင်ယောင်၊ ကြားယောင်မိရပြန်တော့သည်။

"ရှင်ဘုရင်ဘုရားမှာလည်း ဗုဒ္ဓဘာသာ သာသနာတော် ငါးထောင် တည်စိမ့်သောငှာ အလှူတော်ငွေ (၅၀၀၀) ကျပ်လှူဒါန်းခဲ့၊ ယခု ဘုန်းကြီးထံမှောက် ရောက်လာပြန်တော့လည်း အလှူတော်ငွေ (၅၀၀၀) ကျပ်ကို လှူဒါန်းပြန်၊ တစ်နေ့လုံးလည်း လှူဒါန်းတဲ့ငွေတွေက အများသား ဆိုတော့ ဟိုးအဝေး ရန်ကုန်မြို့ကြီးကလာခဲ့တဲ့ ဒကာလေးကို ဘုန်းကြီးက ဆုပေးရဦးမယ်ကွဲ့။

ယခု ဘုန်းကြီးထံလှူဒါန်းငွေကတော့ လည်ပေါ်ကျောင်းကြီးအတွက် သိမ်တော်ကြီးကို ပြန်လည်ပြီးတည်ဆောက်နေချိန်နဲ့လည်း တိုက်ဆိုင်နေသမို့ 'အလှူမှာသိမ်၊ သက်န်းမှာကထိန်' ဆိုတယ်မဟုတ်လား။ မြတ်ပါပေ့ကွယ်။ သိမ်အလှူတော်ထဲကို စာရင်းပေါက်စေမယ်ကွယ့်။

ဒကာလေးက နိုင်ငံရပ်ခြားတိုင်းပြည်တွေကိုလည်းရောက်၊ ဘုရားစုံတွေကိုလည်း ဖူးခဲ့။ ခုလည်း တစ်နေ့ကုန် ဘုရားတွေကိုဖူးရင်း ဘုန်းကြီးထံမှောက်



www.burmeseclassic.com

www.burmeseclassic.com

ရောက်လာတဲ့အခိုက် လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးအတွက် ဆုတောင်း၊ ဆုပန်ကွယ့်။ နေလည်း စောင်းလုပြီ ဆိုတော့ မိုးချုပ်တော့မှာမို့ . . . ဘုန်းကြီးကို ဝတ်ချ၊ ကန်တော့ ဆုတောင်း ဆုမန်ကွယ်"

ဤသို့ ဆရာတော်ကြီး မိန့်ခိုက် ဆရာတော်ကြီးကို ကျွန်တော် ဦးချကန်တော့သည်။ ဆုတွေတောင်းသည်၊ ဆုတွေပန်ဖြစ်သည်။

"အိမ်း- ယနေ့ပြုရသော၊ ယခုပြုရသော၊ ယနေ့အထိပြုခဲ့ဖူးရသော ဒါနကောင်းမှု ကုသိုလ် အစုစုတို့ကြောင့် နိဗ္ဗာန်မရမီ ဘဝဆက်တိုင်းဆက်တိုင်းမှာ သူယုတ်မာနဲ့လွဲရလို့ သူတော်ကောင်းတို့နဲ့ဆုံရပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာနဲ့ လူကောင်းလူတော်လည်း ဖြစ်နိုင်ပါစေ။ နာမည်ဂုဏ်သတင်းကောင်းတွေနဲ့ ကျော်ကြား ထင်ရှားပြီး လှူနိုင်တန်းနိုင်၊ ပေးကမ်းစွန့်ကြဲနိုင်တဲ့သူလည်း ဖြစ်ကာ မဂ် ဖိုလ် နိဗ္ဗာန် ရရာရကြောင်း ကောင်းမြတ်စွာ အားထုတ်နိုင်ရတဲ့ ဘုန်းရှင်၊ ကံရှင် ယောကျ်ားထူး ယောကျ်ားမြတ်ဆုနဲ့လည်း ပြည့်စုံနိုင်ပါစေကွယ်။ သာဓု သာဓု သာဓု"

ဆရာတော်ကြီး၏ဆုပေးချက် အနှစ်သာရကို ကောင်းစွာ သဘောကျရင်း ကျွန်တော်သည် ဆရာတော်ဘုရားကြီးအား ဝပ်တွားကန်တော့ပြီး တည်းခိုနားနေသည့်အိမ်သို့ ပြန်ခဲ့ဖြစ်လေသည်။

**နှောင်းခေတ် လွမ်းစရာလောင်းရှည်မြို့က ပြန်ခဲ့ပြီ**

ငှက်ကာချဲ့၍ မန္တလေး၊ အပိုစကား မဆိုချင်။

ဥတုသုံးလီ၌ ဆောင်းနှင့်နွေရာသီတွင်သာ မော်တော်ကားလမ်းခရီးပေါက်ရသော ဆက်သွယ်သွားလာရေး ခက်ခဲနေသေးသည့် မြို့ကလေး၏အခြေအနေကို အမှန်အတိုင်း တင်ပြချင်သည်။ အကြောင်းကံသင့်ခဲ့လျှင်ဖြင့် လောင်းရှည်မြို့ကလေးဆီ အရောက်သွားစေချင်မိသည်။ လမ်းဝန်းခရီးက အလွန့်အလွန်သာယာလှသည်။

တကယ်လည်း ရာဇဝင်ထဲက လောင်းရှည်ကို ကျွန်တော် မမေ့နိုင် ဖြစ်ရသည်။ မြို့ကလေးကို ကျွန်တော် ရောက်ရှိခဲ့ရသည့်အချိန်က နွေကုန်လုပြီဆိုတော့ ရပ်ရွာစ်ခွင် ရှုတိုင်းမှာလျှင်မြူတွေဝေ့၊ တောင်တန်းကြီးတွေမှာ သစ်ပင်ကြီးတွေကမစိမ်းနိုင်သေးနှင့်၊ တောင်ယာလုပ်ငန်းခွင်တွေဆီက တောင်ယာမီးခိုးငွေ့တွေနှင့် ဆိုတော့ ရင်မှာဆို့လာမိရသည်။ လွမ်းမောစရာ ဖြစ်လာမိရသည်။

ပဋိက္ခရားမင်းသားနှင့် ရွှေအိမ်စည်မင်းသမီးလေးတို့၏ ဇာတ်လမ်းဇာတ်ခံကလည်း ရင်ထဲမှာ စွဲသိနေပြီးသားမို့ တစ်မျိုးတစ်ဖုံလည်း ဖြစ်ရပြန်သေးတော့။

တစ်ခုတော့လည်း ကြည်နူးကျေနပ်မိရသည်။ အနောက်တောင်ယွန်းယွန်းဆီက အမြင့်ပေ (၁၀၀၀၀) ကျော်မြင့်မားသော ချင်းရိုးမတောင်တန်းက ဝိတိုရိယတောင်မြင့်တောင်ထွတ်ကို လှမ်းမြင်နေရသည်နှင့် သွယ်တန်းနေသော ချင်းတောင်တန်းကြီး။ တောင်ဘက်၊ အနောက်ဘက်၊ အရှေ့ဘက်တို့မှာကလည်း ပုံတောင်ပုံညာ တောင်စဉ်တန်းသွယ်တွေက အထပ်ထပ်။ တောင်စဉ်တန်းမြင့်တွေကြားက ကြည်လင်အေးမြစွာ စီးဆင်းနေလေသော စလင်းချောင်းပြင်ကျယ်။ နွေစပါးစိုက်ခင်း၊ နွေသီးနှံစိုက်ကွင်းများ။ တောင်ကျချောင်းမှစမ်းရေကိုသွယ်ယူကာ မြောင်းရေဖြင့် စိမ်းစိုနေကြသည့် သစ်ပင်သီးပင်-စိမ်းစိမ်းလန်းလန်းတွေကို မြင်ရသည်မှာ ရင်မှာအေးချမ်းမိရသည်။ သဘာဝစိမ့်စမ်းရေအေးအေးမြမြကိုချိုးရ၍ အမှတ်တရဖြစ်ရသည်။

ဘုရား စေတီ ပုထိုးတွေ အတော်များသည့် သာသနာတော်ထွန်းကားစည်ပင်လှသော ရှေးခေတ်ဟောင်း 'ယောမြေရပ်ဝန်းက ပုဂံ' ဟု တင်စားခေါ်ဆိုရမည့် လောင်းရှည်မြို့ကလေးအဖြစ်ကို မြင်နေရသည်က အားမရ။ ရှစ်နယ် အုံ့မှိုင်း မှုန်ရီနေလေတော့ မြင်ကွင်းက မလှသောအချိန် ဖြစ်လို့နေသည်။ ရှုခင်းရှုကွက်တွေ စိမ်းစိမ်းလန်းလန်းနှင့် တောင်တန်းကြီးတွေ စိုပြည် တင့်ဆန်းနေမည့် အလှဆုံးအချိန် ဆောင်းဦးရာသီသို့အရောက်မှာတော့ နောက်ထပ်တစ်ခေါက်လာလိုစိတ်မော ဖြစ်လာမိရသည်။

လာခဲ့ရာအပြန်လမ်းမှ နောက်သို့မျှော်ကြည့်လျက် 'ရှင်ဘုရင်ဘုရား' ကို အဝေးမှ လှမ်း၍ဖူးရရင်း ရင်တွင်းက ဆန္ဒဖြစ်မိရသည်။ ရှေးဟောင်းဘုရားစေတီပုထိုးနှင့် ဗုဒ္ဓဘာသာ သာသနာအမွေအနှစ်တွေကို လောင်းရှည်မြို့သူမြို့သားတွေ၊ မြန်ပြည်တစ်လွှားက ပြည်သူတွေ၊ ဆရာတော်သံဃာတော်အရှင်သူမြတ်တွေက ဆက်လက် ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်စွမ်းကြပါစေ၊ သုတေသနအလုပ် အားထုတ်ကြိုးပမ်းနေကြသည့် ပညာရှင် အသီးသီးတွေကိုလည်း အကူအညီတွေပေးနိုင်ကြပါစေ၊ သမိုင်းကိုတန်ဖိုးထား ချစ်မြတ်နိုးသူတွေများများပေါ် ထွန်းလာနိုင်ပါစေဟု ဆုတောင်းရင်း. . .

ရှေးခေတ်ဟောင်း ရာဇဝင်ထဲက လောင်းရှည်မြို့ကလေးဆီမှ ကျွန်တော် ပြန်ခဲ့ဖြစ်ရလေသည်။

ကိုယော(ဘောဂဗေဒ)

[လောင်းရှည်မြို့မှ အထက်တန်းပြဆရာကြီး (ငြိမ်း) ဦးကံရှိန်နှင့် ဇနီး ဒေါ်ထွေးရီ မိသားစုသို့ ကျေးဇူးတင်လျက်]

**ကျမ်းကိုး**


၁။ မှန်နန်းရာဇဝင်တော်ကြီး (ပ၊ ဒု၊ တ)
၂။ ဦးကုလား၏မဟာရာဇဝင်တော်ကြီး
၃။ အငြိမ်းစားကျောင်းဆရာကြီး ဦးကြာထွန်း၏ 'ယော'၊ ၁၉၇၁ ခုနှစ်
၄။ မောင်သန်းဆွေ (ထားဝယ်) ၏ ကုန်းဘောင်ရှင်းတမ်း
၅။ တက္ကသိုလ်စိန်တင်၏ သီပေါဘုရင်နှင့် စုဖုရားလတ်
၆။ တက္ကသိုလ် မောင်သုလိုင်၏ ပုဂံမင်းဆက်များရာဇဝင်
၇။ GANGAW DISTRICT GAZETTER
၈။ ယောနယ်အသင်း ငွေရတုမဂ္ဂဇင်း
၉။ ယောမဂ္ဂဇင်း (ဂန့်ဂေါခရိုင်အထိမ်းအမှတ်)
၁၀။ လူထုပညာရေးမှူးဦးမဲ (ကျောက်ထုမြို့) ၏ ပေစာ၊ ပုရပိုက်စာမှတ်တမ်းများ
၁၁။ တင်စိုး(လောင်းရှည်)၏ လောင်းရှည်မြို့တည်ထောင်ခြင်းနှင့် ဘာသာရေး၊ အုပ်ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး မှတ်တမ်းများ
၁၂။ စာကြည့်တိုက် ခင်မောင် (ပြန်ကြားရေး - ကန်ပက်လက်) ၏ လောင်းရှည်မြို့သမိုင်း (လက်ရေးစာမူ)
၁၃။ ကိုယ်တိုင် ကွင်းဆင်းလေ့လာမှု မှတ်တမ်းများ




www.burmeseclassic.com

www.burmeseclassic.com



**သပိတ်ကျင်း-ကျော်ကျော်ထွန်း**

# ရွှေဖျိုင်းနားဆရာတော်ကြီးနှင့် ပုံရိပ်မထင် ဖလင်နှစ်ကွက်

သူရဋ္ဌမဂ္ဂဇင်း ၂၀၁၃ ခု၊ ဇန်နဝါရီလထုတ်၊ အတွဲ (၁၃) အမှတ် (၁) တွင် ဆရာ ရသဂမ္ဘီရ-ကျော်ဝင်းအောင်၏ 'ရွှေဖျိုင်းနားဆရာတော်ကြီး ဦးဝိဇ္ဇာဗလ' ဆောင်းပါးကို ဖတ်ရှုရပါသည်။ ဆရာကျော်ဝင်းအောင် ရေးသားပူဇော် ဖော်ပြချက်အရ ဆရာတော်ကြီး၏ ထူးဆန်းအံ့ဩဖွယ် စိတ်နယ်လွန်ဖြစ်ရပ်များ၊ သီလဂုဏ်၊ သမာဓိဂုဏ်တို့ကြောင့် ဖြစ်ပေါ်လာသော ထူးခြားအံ့ဖွယ်များကို ဖတ်ရှုရသဖြင့် လေးစား ကြည်ညိုရပါသည်။ ဆရာကျော်ဝင်းအောင်၏ ဆောင်းပါးနိဂုံးပိုင်းတွင် 'ဆရာတော်ဘုရားကြီး၏ ထူးဆန်းအံ့ဩဖွယ်ရာအဖြစ်အပျက်များ ရှိသေးပါက ရေးသား တင်ပြကြပါရန် မေတ္တာရပ်ခံပါသည်' ဟု နိဂုံးချုပ်ထားပါသည်။

ဆရာကျော်ဝင်းအောင်၏မေတ္တာရပ်ခံ ဖိတ်ခေါ်ထားချက်အရ ရွှေဖျိုင်းနားဆရာတော်ကြီး ဦးဝဇ္ဇာဗလနှင့်ပတ်သက်၍ ကျွန်တော် ကိုယ်တွေ့ကြုံခဲ့ရသည့် ထူးခြားဖြစ်ရပ်တစ်ခုကို အုတ်တစ်ချပ်၊ သဲတစ်ဆုပ်အနေဖြင့် ရေးသားပူဇော်ပါမည်။

ရွှေဖျိုင်းနားဆရာတော် ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရတနာမာန်အောင်တောရမှ ကျေးဇူးတော်ရှင် ဘဒ္ဒန္တဝိဇ္ဇာဗလအရှင်သူမြတ်ဖြစ်ပါသည်။ ကမ္မာရွှေရင်အေးဆရာတော်ဟူ၍လည်း ခေါ်ပါသည်။ ရွှေဖျိုင်းနားဆရာတော်လောင်းလျာကို မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့ ဆားတောင်ရွာမှ ခမည်းတော် ဦးကြက်တော၊ မယ်တော် ဒေါ်မေလေးတို့မှ ကောဇာနှစ် ၁၂၇၀ ပြည့်နှစ်၊ ဝါဆို လပြည့်ကျော် ၃ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သည်ဟု မှတ်သားဖူးပါသည်။

ဆရာတော်၏ ကျောင်းဝိုင်းထဲမှ မန်ကျည်းပင်တွင် အသိုက်လုပ်နေသော ရွှေရောင်ဦးစွန်းမွေးပါရှိသည့် ဖျိုင်းငှက်ကလေးများရှိသည်။ ထိုရွှေရောင်ဦးစွန်းမွေးပါရှိသောဖျိုင်းလေးများကို ဆရာတော် ဘဒ္ဒန္တဝိဇ္ဇာဗလမှ ကိုင်တွယ်ကြည့်လိုစိတ်ရှိလျှင် ဖျိုင်းလေးများသည် ဆရာတော့်လက်ပေါ်သို့ ပျံဝဲဆင်းသက်လာသည်ဆို၏။ ဆရာတော်နှင့် ပတ်သက်သော ထူးခြားဖြစ်ရပ်တို့ အများအပြားဖတ်ရှုရပါသည်။ သို့သော် ရွှေဖျိုင်းနားဆရာတော်အား ကိုယ်တိုင်ဖူးခွင့်မကြုံသေးပေ။

ရွှေဖျိုင်းနားဆရာတော် ဦးဝိဇ္ဇာဗလနှင့် ပတ်သက်သော ထူးခြားဖြစ်ရပ်အား မဖော်ပြမီ ကျွန်တော့်အကြောင်းအနည်းငယ်ဖော်ပြမှ ပိုမိုပြည့်စုံပါမည်။ ကျွန်တော်သည် ၁၉၉၁ - ၉၄ ခုနှစ်များက အဖိုးထိုက်ကျောက်မျက်ရတနာလုပ်ကွက်များတွင် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ကျွန်တော် တာဝန်ယူရသောလုပ်ငန်းမှာ ရတနာမြေ၏ ကွန်တိုမြေပုံ တိုင်းတာရေးဆွဲရခြင်း၊ ရတနာမြေ၌တူးဖော်မည့်လုပ်ကွက်များအား တစ်ဧကကွက်များ အကွက်ရိုက် တိုင်းတာပေးရခြင်းတို့ကို ဆောင်ရွက်ရပါသည်။

ကျွန်တော်ငယ်စဉ်က ဓာတ်ပုံလုပ်ငန်း၌ ဝါသနာပါသူဖြစ်ခြင်းကြောင့် ဓာတ်ပုံဆိုင်တစ်ဆိုင်တွင် ရိုက်၊ ဆေး၊ ကူး၊ ပုံကြီးချဲ့အတတ်ပညာများကို သုံးနှစ် လက်တွေ့သင်ကြားတတ်မြောက်ခဲ့သည့်အတွက် ဌာနဆိုင်ရာ ဓာတ်ပုံရိုက်ရန်ကိစ္စများရှိပါက ဓာတ်ပုံဆရာအဖြစ်ပါ တာဝန်ပေးအပ်ခြင်းခံရပါသည်။ ဌာနဆိုင်ရာမှထုတ်ပေးသော နီကွန်ကင်မရာသာမက ကျွန်တော့်ကိုယ်ပိုင် NIKON. F.M10. Tele Lens ဝိုက်ဇွန်းကင်မရာလည်း ရှိပါသည်။

ထိုစဉ်က ကျွန်တော် ရောက်ရှိတာဝန်ထမ်းဆောင်ရသော ရတနာမြေမှာ ကချင်ပြည်နယ် မိုးညှင်း ... [sic] မံစီမြို့နှင့် မိုင် (၃၀) ကျော် ကွာဝေးသည့် ပတ္တမြားရတနာထွက်သောနေရာဖြစ်ပါသည်။ ရတနာမြေလုပ်ကွက်သည် ပင်လယ်ပြင်အထက် Afove Sea Level (၄၂၀၀)ပေအမြင့်တွင်ရှိပါသည်။ မြင့်မားသည့် တောတောင်ဒေသဖြစ်သည့်အတိုင်း ဆောင်းရာသီတွင် ရေခဲသည်အထိ အေးသလိုပန်းနုရောင်သွေးချယ်ရီပန်းများ၊ မက်မွန်ပွင့်များ လှိုင်လှိုင်ဝေအောင် ပွင့်ကြပါသည်။

အအေးပိုသောနေ့များတွင်ဆိုက ခေါင်မိုးပေါ်၌ ပါးလွှာသော နှင်းပွင့်လေးများ ဖွေးဖွေးဖြူအောင်ခဲနေကြပါသည်။ ချောင်းထဲမှ စမ်းရေများလည်း ရေခဲတမျှ အေးနေသော်လည်း ငါးများ



www.burmeseclassic.com

www.burmeseclassic.com

နှင့် ရေပုတ်သင်(Newt)များက မည်သို့မျှ မထူးခြားဘဲ ပုံမှန်လှုပ်ရှားသွားလာနေကြသည်ကို အံ့ဩရပါသည်။

ဤကျောက်မျက်ရတနာစီမံကိန်းသည် အဖိုးတန်ကျောက်မျက်များဖြစ်သည့်အားလျော်စွာ နိုင်ငံတော်မှ အကြီးအမှူးပုဂ္ဂိုလ်များလည်း လာရောက်ကြည့်ရှု ညွှန်ကြားသည်များရှိပါသည်။ ထိုသို့ အကြီးအကဲပုဂ္ဂိုလ်များလာရောက်သည့်အခါ သတင်းမှတ်တမ်းဓာတ်ပုံဆရာလည်း ဗစ်ပါတည်း ပါလာသလို စီမံကိန်းမှလည်း သတင်းမှတ်တမ်းတင်ရန်ဓာတ်ပုံဆရာရှိရပါသည်။ ထိုတာဝန်ကို ကျွန်တော်ပင် ထမ်းဆောင်ရသည်။ နိုင်ငံတော်မှ အဆင့်အမြင့်ဆုံးသောပုဂ္ဂိုလ်ခရီးစဉ်အထိပါ ကျွန်တော် ဓာတ်ပုံမှတ်တမ်းတင်ရိုက်ကူးခဲ့ပါသည်။ ထိုစဉ်က ဒစ်ဂျစ်တယ်ကင်မရာများ မပေါ်နံသေးသဖြင့် ဖလင်ကင်မရာများဖြင့်ရိုက်ရပါသည်။ သူ့ခေတ်သူ့အခါအရ ဖလင်ကင်မရာများလည်း အကောင်းဆုံးဓာတ်ပုံများ ရရှိပါသည်။

နေ့ရက်အတိအကျ မမှတ်မိပါသော်လည်း ၁၉၉၄ ခု၊ ဖေဖော်ဝါရီလနှောင်းပိုင်း ဖြစ်ပါသည်။ ကျွန်တော်တို့ကျောက်မျက်ရတနာစီမံကိန်းသို့ တိုင်းမှူး ဗိုလ်ချုပ်အေးကျော် လာရောက်မည်ဖြစ်သဖြင့် အစစအရာရာ ပြင်ဆင်ထားရပါသည်။ ယခင်ခရီးစဉ်များထက် ထူးခြားမှုတစ်ခု ပါရှိလာပါသည်။ တိုင်းမှူးနှင့်အတူ ပြည်မြို့ ရတနာမာန်အောင်တောရမှ ရွှေဖျိုင်းနားဆရာတော်ကြီး ဘဒ္ဒန္တဝိဇ္ဇာဗလပါ ကြွလာတော်မူမည်ဆိုသောသတင်းပင် ဖြစ်၏။

ဤသတင်းသည် ကျောက်မျက်ရတနာစီမံကိန်းရှိ ဝန်ထမ်းများသာမက ပတ်ဝန်းကျင် ဒေသခံများအတွက်ပါ ကောင်းမြတ်သော မင်္ဂလာသတင်းကြီးပေတည်း။ အဘယ်ကြောင့်ဟူမူ ဤစီမံကိန်းဧရိယာဝန်းကျင်တွင် ကျောင်းကန်ဘုရားမရှိသောနေရာဖြစ်သလို ယခုလို ပညာဂုဏ်၊ သီလဂုဏ်၊ သမာဓိဂုဏ်တို့ဖြင့် ပြည့်စုံသော ထူးမြတ်သည့် ဆရာတော်ကြီးတစ်ပါး ကြွရောက်လာမည် ဆိုခြင်းသည် မမျှော်မှန်းရဲသော ကြုံတောင့်ကြုံခဲ လာဘ်လာဘဖြစ်ခြင်းကြောင့် အတိုင်းမသိ ဝမ်းသာကြ၏။

ဆရာတော်ကြီး ကြွရောက်လာလျှင် တရားလည်းနာကြားရတော့မည်ဟု ပီတိဖြင့် စောင့်မျှော်ကြ၏။ ကျောက်မျက်ရတနာစီမံကိန်းမန်နေဂျာ ဘူမိဗေဒအရာရှိချုပ်ကြီး ဆရာညွှန့်ဌေးကိုယ်တိုင် ဦးစီး၍ တရားဟောမဏ္ဍပ် ဆောက်လုပ်ထားရုံမျှမက သမ္မာဒေဝနတ်အပေါင်းနှင့် တကွ တောစောင့်နတ်၊ ရုက္ခစိုး စသည်တို့ကိုပါ တရားနာ ဖိတ်ကြားထား၏။

ယခင်က လာရောက်ခဲ့ကြသည့် နိုင်ငံတော်အကြီးအကဲများ၊ တိုင်းမှူးများ လာရောက်စဉ်ကထက်ပင် ထူးခြားကာ ရွှေဖျိုင်းနားဆရာတော်ကြီး၏ တရားနာမည့် ဒေသခံ ပရိတ်သတ်တို့ပါ လာရောက် ကြိုဆိုကြသဖြင့် ရဟတ်ယာဉ်ကွင်းဘေးတွင် ပရိတ်သတ်ကြီး စည်ကားလျက်ရှိ၏။ ကျွန်တော်ကလည်း ပရိတ်သတ်တို့ရှေ့တွင် လျှပ်တစ်ပြက်မီးတပ်ဆင်ထားသော ကင်မရာလွယ်ကာ ဟန်ရေးပြရင်း ရဟတ်ယာဉ်လာမည့်ဘက်သို့ တမော့မော့ဖြင့် လမ်းလျှောက်နေ၏။

ကြားပါချေ။ ရဟတ်ယာဉ်သည် ကွင်းပေါ်သို့ နိမ့်ဆင်းလာပါသည်။ ရဟတ်ယာဉ်နိမ့်ဆင်းလာပုံမှစ၍ တဖျပ်ဖျပ်ရိုက်ပါတော့သည်။ မြေပြင်တွင် ဆင်းမိသောအခါ ပထမဆုံးဆင်းလာသူက သတင်းမှတ်တမ်းဓာတ်ပုံဆရာ ဖြစ်ပါသည်။ ဓာတ်ပုံဆရာလည်း အောက်ရောက်သည်နှင့် ဗီဒီယိုမှတ်တမ်းပုံများ စ,ရိုက်ပါတော့သည်။ ကျွန်တော်လည်း သူနှင့်အတူ ပူးပေါင်း၍ ရဟတ်ယာဉ်မှ ဆင်းလာသော တိုင်းမှူး၊ ဆရာတော်ကြီးနှင့်အဖွဲ့ဝင်များကို မလွတ်တမ်းရိုက်ပါသည်။ တိုင်းမှူးက ပရိသတ်များအား နှုတ်ဆက်ပုံ၊ အကအဖွဲ့များ ဖျော်ဖြေနေပုံ၊ ဆရာတော်ကြီးအား ကန်တော့ကြပုံမြင်မြင်သမျှ မလွတ်စေရပါ။

ရွှေဖျိုင်းနားဆရာတော်ကြီးအား တရားဟောမဏ္ဍပ်သို့ ပင့်ဆောင်သွား၏။ တိုင်းမှူးကလည်း လုပ်ငန်းခွင်များကို လှည့်လည် စစ်ဆေး ကြည့်ရှုပါသည်။ ကျွန်တော်သည် နှစ်မျိုးစလုံး မလွတ်စေရန် ဟိုပြေးလိုက်ဒီပြေးလိုက် လှည့်ပတ်ရိုက်နေရပါသည်။ တရားနာပရိသတ်အချို့ကလည်း ရွှေဖျိုင်းနားဆရာတော်ကြီး၏ အနီးကပ်ပုံရိုက်လျှင် ပူဇော်လို၍ သူတို့ဖို့ပါ ပိုကူးရန် မှာကြ၏။

ကျွန်တော်သည် သတင်းမှတ်တမ်းဓာတ်ပုံရိုက်ရသည့်အခါတိုင်းတွင် (ဘ-ခ-ရ) ဝန်ထမ်း ယူနီဖောင်းဝတ်စုံ (တတ္ထရတ်ဘောင်းဘီ + အကျီနက်ပြာရောင်) တောစီးကင်ဗတ်လည်ရှည်ဖိနပ်စသော ဝတ်စုံပြည့်ဝတ်ဆင်၍ ရင်ဘတ်ထောင် စိစစ်ရေးကတ်ပြား ချိတ်ဆွဲကာရိုက်ရပါသည်။

ယခုလည်း ဤအတိုင်းပင်ဖြစ်ရာ တရားနာပရိသတ်များပြည့်လျှံနေသော တရားဟောခန်းမအတွင်း မည်သူမျှ ဖိနပ်မစီးရသောနေရာတွင် ဖိနပ်မချွတ်တော့ဘဲ (မရိုသေ၍ မဟုတ်ပါ။ ဆရာတော်ကြီးအနီးကပ်ရိုက်ချက် နှစ်ပုံပြီးလျှင် လုပ်ငန်းခွင်ကြည့်ရှုနေသော တိုင်းမှူးထံသို့ ပြေးရဦးမည်ဖြစ်၍) စိတ်ဖြင့်လည်း ခွင့်တောင်းခြင်းပြုရန် သတိမရတော့ဘဲ ရွှေဖျိုင်းနားဆရာတော်ကြီးရှေ့ ခြောက်ပေခန့်အရောက်သွား၍ အနီးကပ်ပုံ ရိုက်ကူးခဲ့ပါသည်။ ဆရာတော်ကြီးအနီးကပ်ပုံရိုက်ပြီးသော် တိုင်းမှူးစစ်ဆေးကြည့်ရှုနေသော လုပ်ငန်းခွင်ပြေးရပြန်ပါသည်။ အခမ်းအနားအားလုံးပြီးစီး၍ ရဟတ်ယာဉ်ပြန်လည်ထွက်ခွာသွားတော့မှပင် အနားရပါတော့သည်။

ရွှေဖျိုင်းနားဆရာတော်ကြီး၏ ပုံရိုက်စဉ်က သာမန်သတင်းမှတ်တမ်းပုံများရိုက်စဉ်ကထက် သေချာစေရန် မှန်ဘီလူးအပေါက် (Aperture)၊ စပိဒ် (Speed)၊ ဖိုးကပ်(စ်)(Focus)တို့အား အသေအချာချိန်ညှိ၍ လျှပ်တစ်ပြက်မီးသုံးကာ ရိုက်ခြင်း ဖြစ်ပါသည်။ ထိုအခမ်းအနားတွင် ဖလင်သုံးလိပ်တိတိကုန်ပါသည်။

ပုံများအားလုံး ဆေး၊ ကူးပြီးသောအခါ ရွှေဖျိုင်းနားဆရာတော်ကြီး ဘဒ္ဒန္တဝိဇ္ဇာဗလအား အနီးကပ်ရိုက်သော ဖလင်နှစ်ကွက်မှလွဲ၍ ကျန်ပုံများအားလုံး ရရှိပါသည်။ ဆရာတော်ကြီးအား အနီးကပ်ရိုက်သော ဖလင်နှစ်ကွက်သည် လုံးဝပုံရိပ်မထင်ပါ။ မရိုက်ခင် အသေအချာစစ်ဆေး စီစဉ်ပြီးမှ ရိုက်ခြင်းဖြစ်သောကြောင့် တစ်စုံတစ်ခု မှားယွင်း၍ ပုံရိပ်မထင်ခြင်း လုံးဝ မဖြစ်နိုင်ပါ။


ရွှေဖျိုင်းနား ဆရာတော်ကြီး၏ တရား နာကြားရန် လူသာမက နတ်များပါ ဖိတ်ကြားထားသော တရားဟောမဏ္ဍပ်အတွင်း အဂါရဝဖြစ်စေသော ဖိနပ်မချွတ်ဘဲ၊ ခွင့်လည်းမပန်ဘဲ ဝင်ရောက်မိ၍ပေလော။ မည်သို့ဖြစ်စေ ပုံရိပ်မထင် ဖလင်နှစ်ကွက်သည် ထူးခြားစွာ ပျက်ခဲ့သည်မှာ အမှန်ပင် ဖြစ်ပါကြောင်း တင်ပြရင်း ရွှေဖျိုင်းနားဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို ရှိခိုးဦးခိုက် ပူဇော်လိုက်ရပါသည် ဘုရား။

သပိတ်ကျင်း-ကျော်ကျော်လွင်နှိုင်း



www.burmeseclassic.com

www.burmeseclassic.com




မုံရွာမြို့မြောက်ဘက် ချင်းတွင်းအရှေ့ နောနယ်မှ

# ရိုးရာကျေးလက်နောဘုရားပွဲ
သို့မဟုတ်
# နောဘိုးတော်ကြီးပွဲ

သန့်ဇင်

နွားထမ်းပိုးများ ခေါင်းချင်းဆိုင်၍ ငက်ဝိုင်းပုံဝိုင်းထားသောလှည်းများသည် ဆယ်စီး၊ ဆယ့်ငါးစီး စသည်ဖြင့် နောဘိုးတော်ကြီး နတ်နန်းဘေး ကျွန်းပင်ကြီးများအောက်၌ ဟိုတစ်ဖွဲ့ သည်တစ်ဖွဲ့ စုနေကြသည်။ သားသည်အမေသည် သူ့ကလေးအား နို့တိုက်၍ ချော့သိပ်နေသည်။ အပျိုမတစ်စုက လှည်းအောက်၌ သနပ်ခါးလိမ်းရင်း အလှပြင်နေကြ၏။ အသားတော်ညိုပြာညက်မှာ ဒေသထွက်သနပ်ခါးရနံ့သည် သင်းပျံ့ပျံ့။ ကလေးများက လှည်းဝိုင်းအတွင်း မြူးထူးဆော့ကစားပျော်မြူးလျက်။ လှည်းနှင့်အတူပါလာသောရွာခွေးများက ဟောင်ဖို့နေနေသာသာ ပွဲလာပရိသတ်များကိုကြည့်ပြီး







တူးဖော်တွေ့ရှိရသော ပုဂံခေတ်လက်ရာ ဆင်းတုတော်



www.burmeseclassic.com

www.burmeseclassic.com

အမြီးကုပ်နေကြသည်။ ဒါပေမယ့် တခြားဝိုင်းမှ ခွေးများကပ်လာလျှင်တော့ စူးစူးဝါးဝါး ထိုးဟောင်ကြသည်။ အမေအိုကြီးတစ်ယောက်ကတော့ ထင်းခြောက်များချိုးပြီး မီးဖိုထဲသို့ အဆက်မပြတ်ထည့်နေသည်။ အဘိုးကြီးက ရေနွေးမဆူသေးဘူးလားဟု လှမ်းမေးနေသည်။

နတ်နန်းမြောက်ဘက်ဈေးတန်းက အုန်းသီး၊ ငှက်ပျောသီးရောင်းသည့်ဈေးတန်း ဖြစ်သည်။ ဈေးသည်တစ်ယောက်က ငှက်ပျောဖီးကြီးကြီးအား ဆိုင်ဦးမှာချိတ်ပြီး နွှာဘိုးတော်ကြီးအား ပ,သနေသည်။ ဈေးရောင်းကောင်းပါစေကြောင်း ဆုတောင်းနေခြင်း ဖြစ်သည်။ နွှာနယ်ဘုရားကြီးကျောင်းတိုက်မှ ကလတက်ခေါက်သံ ကြားရသည်။ ဆွမ်းစားချိန်ရောက်ပြီ ဖြစ်သည်။ ပူပြင်းသောအညာနေသည် နွှာပွဲလာ ပရိသတ်များအား ဟန့်တားရန် မတတ်နိုင်။ ဆိုင်ကယ်များကလည်း တစ်စီးပြီးတစ်စီး ဝင်လာနေသည်။ ဆိုင်ကယ်လက်ခံသည့် လူကြီးက တစ်စီး (၂၀၀) ကျပ်ဖြင့် အတော်အလုပ်ဖြစ်နေသည်။ နွှာဘုရားပွဲမုခ်ဦးဝမှ လူကြီးများက လော်စပီကာဖြင့် အော်၍ ဘုရားပွဲအတွင်း ဆိုင်ကယ်မစီးရန် တားမြစ်နေသည်။ နည်းများမဆို လှူဒါန်းကြပါရန် အော်ဟစ်နေသည်မှာ အသံတွေပင်ဝင်လာသည်ထင်ရ၏။

နွှာပွဲလာပရိသတ်များက နီးစပ်ရာ ကျွန်းပင်ရိပ်၊ ထနောင်းပင်ရိပ်များမှာ နားနေကြရင်းဖြင့် ပါလာသော ထမင်းချိုင့်များအားဖွင့်၍ စားသူကစား၊ နားသူကနားလျက်။ ကျေးလက်တောဂေါလီများကတော့ ဘောင်းဘီကျပ်ကျပ်၊ကိုယ်ကျပ်အကျီကြောင်ကျားကျားဖြင့် လမ်းသလားရင်း ဟန်ရေးပြနေကြသည်။ ထိုလူငယ်တွေသည် အတော်မူးနေကြဟန်ရှိသည်။ နွှာဘိုးတော်ကြီးပွဲသို့ လာရာလမ်းသည် မြေသားလမ်းဖြစ်ပြီး ယာခင်း၊ ထန်းတော၊ မစို့မပို့ကျွန်းတောများအား ဖြတ်သန်းလျက်ရှိသည်။ လမ်းခရီးတစ်လျှောက် အရိပ်ကောင်းသည့်တမာပင်၊ မန်ကျည်းပင်များအောက်တွင် စားသောက်ဆိုင်လေးတွေကအစီအရီ။မုံရွာ-ရေဦး-တန့်ဆည်ကားလမ်း၊ စိုင်ပြင်ကြီးရွာမှ မူးရိုးတစ်လျှောက် နွှာဘိုးတော်ကြီးပွဲအရောက် မိုင်(၃၀)ခန့်သာရှိသည်။ ချမ်းသာသည့် သူဌေးသားများက ဆိုင်ကယ်အကောင်းစားကြီးများစီး၍ တစ်ဆိုင်ဝင်တစ်ဆိုင်ထွက် မြန်မာဘီယာသောက်ရင်းလာကြသည်။ များသော


နွှာနယ်ဘုရားကြီးကျောင်းတိုက်


နွှာဘုရားကြီးသုံးဆူနှင့် နွှာဘိုးတော်ကြီးနတ်နန်းအဝင်မုခ်ဦး



နေပူပူမှာ ပွဲတော်လာ လှည်းယဉ်နှင့်မိသားစု


သုံးဘီးယာဉ်တွေနှင့်လည်း တပျော်တပါးလာကြသည်




www.burmeseclassic.com

www.burmeseclassic.com



အသစ်တည်ထား ကိုးကွယ်သည့် စေတီတစ်ဆူ



နှောနယ်ဘုရားကြီးကျောင်းတိုက်ဆရာတော် ဦးဇောတိက

အားဖြင့် ဆင်းရဲကြသော ဒေသခံလူငယ်တွေကတော့ တရုတ်ဆိုင်ကယ်ကိုယ်စီဖြင့် တစ်ဆိုင်ဝင်တစ်ဆိုင်ထွက် ချက်အရက်မော့လျက်။ တချို့လူငယ်တွေခါးမှာ ဓားမြှောင်ထိုးထားပြီး ဆိုင်ကယ်ဘီဝီဖြင့် တွေ့ခဲ့ရသည်။

တောကားကြီးတွေကလည်း ဖုန်နှံ့တထောင်းထောင်းဖြင့် လူအပြည့်တင်လျက် ပွဲတော်သို့ တရွေ့ရွေ့ချီတက်နေကြသည်။ ထော်လာဂျီတွေကလည်း တော်သံတထောင်းထောင်းထလျက် ဖုန်နှံ့ကြားမှာ ဝေဝေဝါးဝါး။

သြော် - အညာကျေးလက်ဒေသ ဘုရားပွဲတော်ကတော့ နှစ်စဉ်မပျက် စည်ကားလျက်ရှိနေပါလား။

*

"နှောဘိုးတော်ကြီးနဲ့ မောင်တော်၊ နှမတော်များဘုရား။ မြေးတွေ၊မြစ်တွေက တစ်နှစ်တစ်ခေါက် ကျေးဇူးဆပ်ဖို့ရောက်လာကြပါပြီဘုရား။ ရောက်တဲ့နေ့ကစပြီး ရွှေလည်းမရှား၊ ငွေလည်းမရှား၊ ရောင်းပန်းလည်းပွင့်၊ ဝယ်ရင်လည်း ဆစ်လို့ရသည့်သူများဖြစ်ပါရစေ။ ဘုရာအမ၊ ကျောင်းအမ၊ ဘုရားနှမတို့ ကျေးကျွန်တွေက အလှူရေစက် လက်နဲ့မကွာ လှူပါရစေတန်းပါရစေ။ ဒီနေ့ဒီရက်ကစပြီး ဆထက်ထမ်းပိုးတိုးပါရစေ။ အဘိုးရဲ့ [illegible]မြေတော်အောင်မြေမှာ နင်းတဲ့နေ့က[illegible]ပြီး ဤပွဲတော်ကို ခုနစ်ရက် သားသမီးများ ဘယ်သူပဲလာလာ လာသူမှန်သမျှ အောင်နိုင်ကြပါစေ။ ထီထိုးထီပေါက်၊ ချဲထိုးချဲပေါက် လိုရာခရီးရောက်ပါရစေရဲ့ ဘိုးတော်ကြီးဘုရား။ မြေးတော်၊ မြစ်တော်တွေ နှစ်စဉ်မပျက် ယခုလိုလာရောက်ပူဇော်ကြရတဲ့အတွက် လေမိုးမှန်ပြီး သီးပင်စိုက်ပင်များလည်း အောင်မြင်ပါရစေ။ ပဲ၊ နှမ်းဈေးများလည်း ဈေးကောင်းရပါစေ။ နောက်မိုးလေးများလည်း မှန်ပါရစေ။ ဘိုးတော်ကြီးတို့ မောင်တော်၊ နှမတော်များအား အုန်းပွဲ၊ ငှက်ပျောပွဲ၊ ဆီမီး၊ ပန်းမန်၊ အမွှေးနံ့သာများနဲ့ ဆက်သ ပူဇော်ပါတယ် ဘိုးတော်ကြီးဘုရား'

အမျိုးသမီးကြီးတစ်ယောက် အုန်းငှက်ပျောပွဲအား လက်နှစ်ဖက်ဖြင့်မ,၍ နှောဘိုးတော်ကြီးနတ်နန်းရှေ့၌ တတွတ်တွတ် ရွတ်ဆိုနေခြင်း ဖြစ်သည်။ သူတို့သည် ဒီပဲရင်းမြို့နယ် ညောင်လှရွာကလာကြခြင်း ဖြစ်သည်။ နှောနယ်ဆိုသည်က စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်မြောက်ဘက်၊ ဒီပဲရင်းအနောက်နှင့် ရေဦးမြို့နယ်အနောက်တောင်ဘက် ချင်းတွင်းမြစ်အရှေ့ဘက်ကမ်း ဒေသအားခေါ်ဆိုခြင်း ဖြစ်သည်။ ယခင်က မဟာမြိုင်တောကြီးအစပ်တည်း။ လယ်တီဆရာတော်ဘုရားကြီးနှင့် ကြောင်ပန်းတောရဆရာတော်ကြီးတို့ တောထွက်တရားအားထုတ်ခဲ့ရာ ဝက်ရဲတောနှင့် တစ်ဆက်တည်းဖြစ်၏။ နှောဆယ့်နှစ်ရွာရှိသည်။ အင်ကြင်းသပိုး၊ သစ်ယာအိုက်၊ ဆည်လည်၊ ကျွဲလည်၊ ဝတ်ပုတ်၊ မတိုင်

www.burmeseclassic.com

ကျင်း၊ နှောပင်ကြီး၊ ချင်းတွင်း စသည့် ရွာများသည် စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်၊ ဒီပဲရင်းမြို့နယ်နှင့် ရေဦးမြို့နယ်များနှင့် ထိစပ်နေသည့် နှောနယ်ဒေသပင် ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး မတ္တရာဘက်ကသူတွေက (၃၇) မင်းနတ်၊ မင်းကြီး၊ မင်းလေးအား ဒေသစွဲ မိရိုးဖလာအဖြစ် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ချင်းတွင်းမြစ်အနောက် ဆားလင်းကြီး၊ ယင်းမာပင်၊ ကနီနယ်ဘက်မှ လူတွေက အမေရေယဉ်ဆိုပြီး မိရိုးဖလာ ကိုးကွယ်ကြသလို ပခုက္ကူ၊ ရေစကြို၊ ပခန်းကြီးဒေသမှလူတွေက ကိုကြီးကျော်နတ် ကိုးကွယ်ကြသည်။ ဤသည်မှာ မိရိုးဖလာအစဉ်အလာဖြစ်ပါသည်။

ရှမ်းပြည်နယ်မှာ ကိုးမြို့ရှင်၊ ပုလဲယဉ်နတ်မောင်နှမအား ကိုးကွယ်သည်မှာလည်း ဤနည်းနှင်နှင်ဖြစ်ပါသည်။ သူ့ဒေသနှင့်သူ့မလေ့အား အပြစ်တင်လို့မရစကောင်းပါ။ မိမိတို့ဘိုးဘွားများ လက်ထက်ကတည်းက မိဆိုင်ဖဆိုင်ကိုးကွယ်လာကြခြင်း ဖြစ်သည်။ နှောနယ်မှ တောသူတောင်သားကျေးလက်ပြည်သူတွေက နှောဘိုးတော်ကြီးအား အလွန်ယုံကြည်ကြသည်။ နှောဘိုးတော်ကြီးပွဲကျင်းပရာ နှစ်စဉ်သီတင်းကျွတ်လဆန်း (၈)ရက်မှ (၁၂)ရက်အတွင်း မပျက်မကွက်လာရောက်လေ့ရှိကြသည်။ သူတို့ဒေသသားများမပြောနှင့်၊ ရန်ကုန်မှ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေ အမိဋ္ဌာန်အောင်စီးပွားတက်သဖြင့် နှစ်စဉ်လာသည်ကို တွေ့ခဲ့ရသည်။

✳

နှောဘိုးတော်ကြီးသည် အပြင်(၃၇)မင်း၊ အတွင်း(၃၇)မင်း နတ်စာရင်း၌မပါသော်လည်း နယ်ပယ်ပိုင်စားသည့် သူတော်ကောင်းနတ်ကြီးတစ်ပါး ဖြစ်သည်ဟု နှောနယ် ဆည်လည်ရွာ ဘုန်းကြီးကျောင်းတိုက်ဆရာတော် ဦးဇောတိကမှ မိန့်ဆိုပါသည်။ ရိုးရာနတ်ပူဇော်ပသသော နတ်ကနားများတွင် နှောဘိုးတော်ကြီးအတွက် သီးသန့်အမြင့်ပိုင်းမှာ ငှက်ပျောအုန်းပွဲတစ်ပွဲပေးရသည်ဟု နတ်ကတော်တစ်ပါးက ဆိုသည်။

နှောဘိုးတော်ကြီးတို့မောင်နှမသုံးယောက်သည် မဇ္ဈိမဒေသအိန္ဒိယမှဆင်းသက်လာသူများဟု ဆိုသည်။ ပွင့်တော်မူပြီးခဲ့သော သုံးလူ့ထွတ်ထား ဂေါတမဘုရားရှင်လက်ထက် ကောသလမင်း



နှောဘိုးတော်ကြီးနတ်နန်း၌ အုန်း ငှက်ပျောပွဲများ တင်မြှောက် ပသနေကြသည့် နှောနယ်ဒေသသားများ



နှောနယ်ဒေသမှ ဘုရားဖူးလာ အမျိုးသမီးကြီးများ



ဤကဲ့သို့ လှည်းဗိုင်းကြီးများဖြင့် စခန်းချလျက် ပွဲတော်သို့ ညအိပ်လာရောက်ကြသည်



နတ်နန်းအနီး သစ်တောအုပ်ကြီးအလယ်မှာ လှည်းဗိုင်းကြီးများ စခန်းချလျက်

www.burmeseclassic.com

ကြီး၏ သားတော် ဝိဋ္ဋုပမင်းသည် သာကီဝင်မင်းမျိုးတို့အား ရန်ငြိုးထားပြီး သတ်ပစ်ရာ တချို့သော သာကီဝင် အနွယ်များသည် မြန်မာပြည်အနောက်မြောက်ဖျားမှတစ်ဆင့် ချင်းတွင်းမြစ်ဝှမ်းဒေသသို့ ရောက်လာကြသည်ဟု ဆို၏။ ထိုသာကီဝင်မင်းမျိုး မောင်နှမသုံးဦးတို့ ချင်းတွင်းမြစ်အရှေ့ဘက် ယခု နှောနယ်၌ စခန်းချနေထိုင်ပြီး ကွယ်လွန်သောအခါ နယ်စားပယ်စားနတ်ကြီးများ ဖြစ်ကြကုန်သည်ဟု ဆရာတော်မှ မိန့်ဆိုပါသည်။

ထို့ကြောင့် ထိုနယ်တစ်ဝန်းမှ ကျေးလက်ပြည်သူများသည် ယနေ့ထက်တိုင် နှောဘိုးတော်ကြီးတို့မောင်နှမသုံးဦးအား မိဆိုင်ဖဆိုင်ရိုးရာနတ်အဖြစ် ကိုးကွယ်လျက်ရှိသည်ကိုတွေ့ရ၏။ ဘိုးတော်ကြီး နတ်နန်းမှ လက်ဖက်ပွဲအား စားမိသူသည် နှစ်စဉ်မပျက် ပွဲကျင်းပတိုင်း လာရသည်ဟု အဆိုရှိသည်။

သီတင်းကျွတ်လဆန်း ၈ ရက်နေ့မှာ စတင်ကျင်းပပြီး လဆန်း ၁၂ ရက်နေ့၌ ဆည်လည်ရွာ ဘုရားကြီးကျောင်းတိုက်ရှိ ရွှေဟောင်းစေတီ သုံးဆူအား ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပပြီး အနီးရပ်ရွာ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်တို့အားပင့်ဆောင်၍ ဆွမ်းဆန်စိမ်းလောင်းပွဲကျင်းပသည်။ ပြီးနောက် နှောဘိုးတော်ကြီးအား ပူဇော်ကြပြီး ကိုယ့်ရွာကိုယ်ပြန်ကြလေသည်။

ယခင်က နှောနယ် ဘုရားကြီးကျောင်းတိုက် စေတီသုံးဆူ၊ နှောဘိုးတော်ကြီးနတ်နန်းသည် ဆည်လည်ရွာနှင့် မနီးခဲ့ပါ။ ယခုလက်ရှိသီတင်းသုံးလျက်ရှိသော ဘုရားကြီးကျောင်းတိုက် စတုတ္ထမြောက် ဆရာတော်ဦးဇောတိက လက်ထက်ရောက်မှ ရွာအား ကျောင်းအနီးသို့ ရွှေ့ပြောင်းစေပြီး စောင့်ရှောက်ကြသဖြင့် လည်းကောင်း၊ ဆရာတော်၏ တပည့်သားများဖြစ်သော ရန်ကုန်၊ မန္တလေးနှင့် စင်ကာပူ၊ ဂျပန် အစရှိသော နေရာများမှ ဒကာ၊ ဒကာမများ လှူဒါန်းမှုကြောင့် စေတီနှင့် ကျောင်းသာသနိကအဆောက်အအုံများ ဖွံ့ဖြိုး စည်ပင်လာခြင်း ဖြစ်သည်။

နှောဘိုးတော်ကြီးမှလည်း ဆရာတော်အား အိပ်မက်မကြာခဏပေး၍ -

'ဆရာတော်ဘုရား၊ ဤနေရာမှာ သာသနာတော် စည်ပင်အောင် ပြုလုပ်ပါ။ တပည့်တော်လည်း ကူညီစောင့်ရှောက်ပါမည်'


ဟု ကတိပေးခဲ့သည်။

တကယ်လည်း ဘုရားစေတီ၊ ပုထိုး၊ ကျောင်း၊ ကန်များဖြင့် စည်ကားနေသည်ကို တွေ့ခဲ့ရသည်။ သို့သော် နတ်ကွန်း၌ နတ်ရုပ်တုအား မတွေ့ရပါ။ ဆရာတော်အား မေးလျှောက်ကြည့်သောအခါ နှောဘိုးတော်ကြီးက မကြိုက်သဖြင့် ရုပ်တုမပြုလုပ်ဘဲ သည်အတိုင်း နတ်နန်းသာထား၍ ကိုးကွယ်ခဲ့သည်မှာ နှစ်ပေါင်းမရေတွက်နိုင်တော့။ ဘုရားပျက်အုတ်ပုံများကြားမှ တွေ့ရသော ရုပ်ပွားသုံးဆူအား သေသေချာချာလေ့လာကြည့်ရာ ပုဂံခေတ်လက်ရာ လာဘမုနိ ရုပ်ပွားတော်များ ဖြစ်နေသည်ကို တွေ့ရသည်။ ဘုန်းကြီးကျောင်း အနောက်တောင်ဘက် ဆူချုံတောများထဲမှ ပုဂံအုတ်ပုံအစုစုတို့အား တွေ့ခဲ့ရသည်။ ရှေးအုတ်ကြီးများဖြင့်စီထားသော နှစ်ပေါင်းများစွာ ကြာမြင့်နေသည့် ရေကန်တစ်ကန်အားလည်း တွေ့ရသည်။

*

နှောဘုရားပွဲနှင့် နှောဘိုးတော်ကြီးပွဲသည် လှည်းဝိုင်းကြီးများ၊ ဈေးတန်းကြီးများဖြင့် ပွဲလာပရိသတ်များနှင့် စည်ကားနေသည်မှာ စာရေးသူ ကျွန်ုပ်ပင် အံ့သြမိရသည်။ ဤတောဤတောင်ချောင်ကျသောအရပ်မှာ စည်ကားသိုက်မြိုက်လှသော ပွဲဈေးတန်းကြီးကား တစ်မျှော်တစ်ခေါ်။ အနီးဝန်းကျင် ချင်းတွင်းနယ်တစ်ရိုးမှရွာများက ဒေသထွက်ကုန်များ လာရောက် ရောင်းချကြသည်။ ပုလဲနယ်မှသူတွေက ဝါးနှင့် ရက်လုပ်ထားသော တောင်း၊ စကော၊ စကာ၊ ပလုံးများအား ရောင်းချနေသည်ကို တွေ့ရ၏။ သူတို့သည်လည်း ဆယ့်နှစ်ပွဲဈေးသည်များပင်တည်း။ သည်ပွဲပြီးလျှင် တန့်ဆည်မြို့ လမ်းဆုံရွာရှိ ရွှေကတော်ဘုရားပွဲဆီသို့ တစ်ပွဲပြီးတစ်ပွဲခရီးဆက်ကြရပါဦးမည်။

ဘုတလင်၊ ဒီပဲရင်း၊ ရေဦးအရှေ့ အနောက် နှောနယ်မှ တောင်သူတွေက



နှောဘိုးတော်ကြီးနတ်နန်း



တောင်ဘက် ရှေးဟောင်းရေကန်




www.burmeseclassic.com


www.burmeseclassic.com



အုန်း၊ ငှက်ပျောပွဲများ တင်မြှောက်ပသပြီး လိုရာဆုတောင်းကြသည်



အုန်း၊ ငှက်ပျောပွဲဈေးဆိုင်တန်းများ



မုံရွာအနောက်ပုလဲနယ်ထွက် ဝါးကုန်ပစ္စည်းအရောင်းဆိုင်များ



ပွဲဈေးလာပရိသတ်ဖြင့် စည်ကားလျက်

နှောင်ဘိုးတော်ကြီးပွဲပြီးလျှင် ရွာနေကျ နှောင်ကန်မိုးကို မျှော်နေကြသည်။

"နှောင်ဘိုးတော်ကြီးပွဲ ပြီးတာနဲ့ နှောင်ကန်မိုးက နှစ်ရက်၊ သုံးရက် ဆက်တိုက်ရွာတာ နှစ်တိုင်းပဲ။ ရေတော်တော်ပါတယ်။ စိုက်ထားတဲ့ ပဲစဉ်းငုံတွေအတွက်လည်း စိတ်ချသွားရပြီး ဆောင်းမြေပဲနဲ့ ကုလားပဲတွေ မကြဲရသေးဘူး။ ဘိုးတော်ကြီးပွဲအပြီး ရွာမယ့်မိုးကို စောင့်နေကြတယ်။ နှစ်တိုင်းရွာပါတယ်။ မရွာတဲ့နှစ်တစ်နှစ်မှမရှိဘူး။ နှောင်ကန်မိုးလေး နှစ်ရက်၊ သုံးရက်ရွာပြီးသွားရင် မရွာတော့ရင်လည်း ကိစ္စမရှိတော့ဘူး။ မြေအစိုဓာတ်ရသွားပြီလေ။ အပင်ပေါက်တွေက ဆောင်းနှင်းနဲ့ အောင်ပါတယ်။ ဒီနှစ်က အထက်ဘက်မှာ မိုးနည်းတယ်ဆိုပေမယ့် ထူးထူးခြားခြား မြေပဲနဲ့ နှမ်းတွေဖြစ်ကြတယ်။ ပဲစဉ်းငုံတွေတော်တော်ဖြစ်နေတာကြည့်တော့။

ကျွန်တော် မူးရိုးတစ်လျှောက် လေ့လာကြည့်တော့ မူးရိုး (သဖန်းဆိပ်ဆည်လက်တံမြောင်း) မြောက်ဘက်သည် ဆည်ရေသောက်စပါးစိုက်ဧရိယာများဖြစ်၍ မူးရိုးတောင်ဘက်ဒေသရွာများသည် မြေပဲ၊ နှမ်း၊ ပဲအမျိုးမျိုး စိုက်ရာ တောင်ယာမြေများ ဖြစ်နေသည်ကို တွေ့ရသည်။ ဆည်မြောင်းဌာနသည် စပါးစိုက်ဧရိယာများအတွက်သာ ဆည်ရေလက်တံမြောင်းများ ဖောက်လုပ်ပေးထားသည်။ မြေပဲ၊ နှမ်း၊ ပဲအမျိုးမျိုး စိုက်သည့်တောင်သူတွေအတွက် ဆည်ရေသုံးခွင့်မရှိပါ။သို့သော် နှောနယ်မှတောင်သူများသည် နှောင်ဘိုးတော်ကြီးပွဲ ပြီးသည့်နှောက် လက်ဆောင်မိုးဟု ဆိုသော တောင်တရုတ်ပင်လယ်ပြင်မှ မိုးနှောင်းမုန်တိုင်းများ၏ အရှိန်ဖြင့်ပါလာသော မိုးရေမိုးစက်တို့ကို မျှော်နေကြသည်။ ရွာမည်ကတော့သေချာပါသည်။ ကျွန်တော် သည်ဆောင်းပါးရေးနေသည့်အချိန်မှာပင် ရွာပြီးခဲ့လေပြီ။ သူတို့ပျော်နေကြပါသည်။ ထယ်ထိုးပြီး ကုလားပဲကြဲသူကကြဲ၊ မြေပဲကြဲသူကကြဲဖြင့် သူတို့၏ အနာဂတ်အား တွေးပြီး ကြည်နူးနေကြ၏။ ဘာပဲဖြစ်ဖြစ် ရရှိသည့်ဘဝဖြင့် ကျေနပ်ရောင့်ရဲနေကြသော နှောနယ်ကျေးလက်တောင်သူဦးကြီးများ သီးနှံများဖြစ်ထွန်းပြီး လိုအင်ဆန္ဒပြည့်ဝကြပါစေဟု ဆုတောင်းရင်းဖြင့်။

ဘနန့်ဇင်



www.burmeseclassic.com

www.burmeseclassic.com

ငှက်ဆင်စီးမောင်နှံ

ညီတော်၊ နောင်တော်ဘုရား ကျောက်ဆစ်ပလ္လင်၏ အနောက်ဘက်မျက်နှာ လက်ယာဘက် အောက်အဆင့်မှ ကျောက်ဆစ်ရုပ်ကြွကို လွန်ခဲ့သော ထိုးနှစ်ခန့်လောက်က ကူးယူခဲ့သော ဒီဇိုင်းလက်ရာကို ပြန်လည် ရေးဆွဲထားသောလက်ရာတစ်ခုပင် ဖြစ်ပါသည်။ လက်ရှိအခြေအနေတွင် မူရင်းကျောက်ဆစ်ရုပ်ကြွမှာ ပျက်စီးနေပေပြီ။ အမြီးနှင့် ပန်းလက်ရာအနည်းငယ်သာ ကျန်ရှိပါတော့သည်။ ပလ္လင်ပုံဆွဲ ပုံကြမ်းအတွက် (၂၇) အဖြစ် ဖော်ပြထားပါ၏။ ရှေးခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရအနုလက်ရာဒီဇိုင်းများထဲတွင်လည်း ပုံ(၂၇)




ပုံ (၂၇)

## ညီတော်၊ နောင်တော်ဘုရားပလ္လင်မှ


# ရှေးခေတ်ရခိုင်ရိုးရာ ၅ စိတ္တလက်ာရအနုလက်ရာဒီဇိုင်းများ

( ရှေးဟောင်းသုတေသန )

**ပန်းချီထူးလု**



ညီတော်၊ နောင်တော်ဘုရားပလ္လင်ပုံဆွဲပုံကြမ်း အနောက်ဘက်မျက်နှာ



ညီတော်၊ နောင်တော်ဘုရားပလ္လင်ပုံဆွဲပုံကြမ်း တောင်ဘက်မျက်နှာ


အဖြစ် သတ်မှတ်ထားပါသည်။ ပုံ (၂၇) လက်ရာ၏ မူရင်း ကျောက်ဆစ်ရုပ်ကြွလက်ရာ အမြင့် (၂၇) စင်တီမီတာခန့်၊ အကျယ် (၃၆) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၁) စင်တီမီတာခန့် ရှိပါသည်။ ပုံ (၂၇) လက်ရာသည် မူရင်းကျောက်ဆစ်လက်ရာမှ ကူးယူထားသော ဒီဇိုင်းလက်ရာကို အရောင်များဖြင့် ကစားထားသော လက်ရာတစ်ခုပင် ဖြစ်ပါသည်။

ပုံ (၂၇) ငှက်ဆင်၏နှာမောင်းမှာ အပေါ်သို့ထောင်၍ ရှေ့သို့ လိပ်ထားပါသည်။ နှာမောင်းအောက်တွင် အစွယ်ထောင်၍ တွေ့ရှိရပါသည်။ ဦးခေါင်းတွင်လည်း ခေါင်းဆောင်းအဖြစ် အဆင့်နှစ်ဆင့်ကွပ်၍ ဖော်ထားပါသည်။ မျက်ခုံး၊ မျက်လုံးများမှာ ပေါ်လွင်လှပါ၏။ ငှက်ဆင်၏ပါးစပ်ထဲမှ သဇင်ပန်းခက်၊ သဇင်ပန်းခွေများ ဖြာထွက်၍ တန်ဆာဆင်ထားသည်ကို တွေ့ရှိရပါသည်။ သဇင်ခွေ အတိုတစ်ခွေ၊ အရှည်ဆုံးတစ်ခွေ တွေ့ရှိရပါသည်။ အတိုခွေမှာ ငှက်ဆင်နှာမောင်းပေါ်က မိုး၍ ခွေထားပြီး အရှည်ခွေမှာ ငှက်ဆင်အောက်သို့ ပတ်ခွေကာ အဖျားကို ဇနီးမောင်နှံဦးခေါင်းကြားထိရောက်အောင် အညွန့်ကိုထုတ်ထားပါ၏။ ပန်းခွေရိုးတံကို ငှက်ဆင်ခြေထောက်နှစ်ဖက်ဖြင့်လည်း နင်းထားပါသေးသည်။ ငှက်ဆင်နားရွက်မှာ ပြန့်ကား၍ ပြန့်ကားနေသော နားရွက်ကို အစင်းကြောင်း အကြောကလေးများဖြင့် အလှဆင်ထားပါသည်။ ငှက်ဆင်ခြေထောက်ရင်းတွင် ခြေပတ်ကလေးဖော်၍ အစင်းကြောင်းကလေးများဖြင့် တန်ဆာဆင်ထားပါသည်။ ခြေထောက်ကြီးနှစ်ချောင်းမှာ ဘယ်ဘက်ကို ရှေ့



www.burmeseclassic.com

www.burmeseclassic.com



ပုံ (၂၈)

လှမ်း၍ ညာခြေကို နောက်ဆုတ်ထားပါသည်။

ငှက်ဆင်တောင်ပံမှာ နှစ်ဆင့်တွေ့ရှိရပြီး အပေါ်ဆင့်က အဖျားကော့၍ အောက်အဆင့်က အမြီးအောက်သို့ သွယ်လျ ငိုက်ဆင်းနေပါသည်။ အမြီးမှာလည်း ကော့၍ ဖြန့်ကားထားပါသည်။ တောင်ပံအမွေးများကို အစင်းကြောင်းကလေးများဖြင့်ဖော်၍ အမြီးကို အဆင့်သုံးဆင့်ခံကာ ပွင့်ဖတ်ရှည်များသဏ္ဌာန် တန်ဆာဆင်ထားပါသည်။ ငှက်ဆင်စီးနေသောမောင်နှံမှာ ယောကျ်ားက ငှက်ဆင်တောင်ပံပေါ် ခွထိုင်၍ ညာလက်က ငှက်ဆင်တောင်ပံများကိုကိုင်ပြီး ဘယ်ဘက်လက်က မိန်းမဘယ်ဘက်ပခုံးကို သိုင်းဖက်ထားပါသည်။ မိန်းမမှာလည်း ငှက်ဆင်တောင်ပံပေါ်၌ တင်ပါးမှီ၍ ထိုင်ကာ ညာဘက်လက်ဖြင့် ယောကျ်ား၏ညာဘက်ပခုံးကို သိုင်း၍ဖက်ထားပါသည်။ ဘယ်ဘက်လက်မှာ [illegible]က်ကလေးတစ်ခက် ကိုင်ထား၏။ ယောကျ်ားနှင့် မိန်းမ နှစ်ဦးစလုံးတွင် ဆံထုံးများကို မြောက်ဦးခေတ်ဟန်ဆံထုံးများ ထုံးထားပြီး နှစ်ယောက်စလုံးတွင် နားတောင်းဝန်းကြီးများဝတ်ဆင်ထားပါသည်။အင်္ကျီများကိုလည်း ရိုးရိုးသာ ဝတ်ဆင်ထားပြီး ပုဆိုး၊ ထဘီများကို အစင်းကြောင်းကလေးများဖြင့် အဆင်တန်ဆာ ဖွဲ့စည်းထားပါသည်။ ယောကျ်ားမှာ ခါးပတ်နှင့်ကျွန်ခြေကာအပြားပါ ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ ပုံ (၂၇) ၏ ငှက်ဆင်စီးမောင်နှံလက်ရာမှာ ဖွဲ့စည်းပုံအားကောင်းပြီး ထူးခြားဆန်းပြားသော ရှေးခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာတစ်ခုပင် ဖြစ်ပါသည်။

## ထောင့်ချိုးမှငှက်ဆင်

ဤ ဒီဇိုင်းလက်ရာမှာ ညီတော်၊ နောင်တော်ဘုရား ကျောက်ဆစ်ပလ္လင်အနောက်ဘက်မျက်နှာ အောက်ပိုင်းလက်ဝဲဘက်ထောင့်ချိုးမှ ကျောက်ဆစ်ရုပ်ကြွကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ပလ္လင်ပုံဆွဲပုံကြမ်းတွင် ဒီဇိုင်းကူးယူခဲ့သောနေရာကို အကွက် (၂၈) အဖြစ် ဖော်ပြထားပြီး ရှေးခေတ်ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာဒီဇိုင်းများထဲတွင်လည်း ပုံ (၂၈) အဖြစ် သတ်မှတ်ထားပါသည်။ ပုံ (၂၈) ဒီဇိုင်းလက်ရာ၏ မူရင်းကျောက်ဆစ်ရုပ်ကြွ အမြင့် (၁၃) စင်တီမီတာခန့်၊ အကျယ် (၁၀) စင်တီမီတာခန့် ရှိပါသည်။ ရုပ်ကြွလက်ရာ အထူ (၇) စင်တီမီတာခန့်ရှိပြီး မူလကျောက်ဆစ်ရုပ်ကြွတွင် မေးစေ့အောက် ပေါ်လွင်မှုမရှိတော့။

ပုံ (၂၈) ဒီဇိုင်းလက်ရာ၏အမြီးမှာ ဖြန့်ကာထားသည့်အနေအထားကို တွေ့ရပြီး အမြီးအမွေးအမှင်များကို ပွင့်ဖတ်ရှည်ကြီးများဖြင့် စီတန်းဖြန့်ကား၍ အတို၊ အရှည် ဖန်တီးထားပါသည်။ ကျောကုန်းရှိ အမွေးများကိုလည်း အစင်းကြောင်းရှည်များဖြင့် ဖော်ထားပါသည်။ တောင်ပံနှစ်ဖက်ကိုဖြန့်ကားထားသလိုလို ခပ်ကုပ်ကုပ်လည်း အနေအထားတွေ့ရှိရပြီး တောင်ပံအမွေးအမှင်များကို ပွင့်ဖတ် အတို၊ အရှည်များသဏ္ဌာန် အစီအရီ တန်ဆာဆင်ထားပါသည်။ ငှက်ဆင်နှာမောင်းကို ကျောကုန်းတွင်ကပ်၍ နှာမောင်းအဖျားကိုခွေထားသည့်သဏ္ဌာန် တွေ့ရှိရပါသည်။ မျက်လုံးမှာ ပြူးကျယ်စွာ တွေ့ရှိရပြီး မျက်အိမ်ဖောင်းရစ်ဖြင့် ဖော်ပြထားပါ၏။ ပါးစပ်ထဲတွင် သွားစွယ်များ၊ သွားများဖြင့်တွေ့ရှိရပြီး သွားစွယ်၊ သွားများကို သွားဖုံးများဖြင့် အနားသတ်ထား၏။ အောက်မေးစေ့မှာ အနားသတ်ဖောင်းရစ် ဖော်ပြထားပြီး မုတ်ဆိတ်မွေးအဖြစ် အစင်းကြောင်းကလေးများဖြင့် ဖော်ပြထားပါသည်။ ခြေထောက်နှစ်ချောင်းကို ကုပ်၍ ရင်ဘတ်တွင်ကပ်ထားပါ၏။ ဤပုံ (၂၈)ငှက်ဆင်ဒီဇိုင်းမှာ ပလ္လင်ထောင့်ချိုးမှကူးယူထားသော လက်ရာဖြစ်သည့်အတွက် လက်ဝဲ၊ လက်ယာတွင် ပွင့်ဖတ်ငယ်ကလေးများ အစီအရီနှင့် ဖောင်းပြားများဖြင့် ဆင့်ထားသည်ကို တွေ့ရှိရပါသည်။ ဖောင်းပြားအောက်တွင် ရွှေလုံးကြီးများ တွေ့ရှိရပါ၏။ ရွှေလုံးကြီးများကို အောက်ခြေ၌ နှစ်ထပ်ပွင့်ဖတ်ကြီး လေးဖတ်နှင့် နှစ်ထပ်ပွင့်ဖတ်ငယ်လေးဖတ်၊ ပေါင်း ပွင့်ဖတ် ရှစ်ဖတ်ဖြင့် တန်ဆာဆင် အားဖြည့်ထားပါသည်။ ပုံ (၂၈) ဒီဇိုင်းလက်ရာသည်လည်း ရှေးခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာများဒီဇိုင်းထဲတွင် ကြည့်ကောင်းသော လက်ရာတစ်ခုပင် ဖြစ်ပါသည်။

## တုတ်ကိုင်မနုဿသီဟာရုပ်

မနုဿသီဟ ဒီဇိုင်းလက်ရာမှာ ညီတော်၊ နောင်တော်ဘုရား ကျောက်ဆစ်ပလ္လင်အနောက်ဘက်မျက်နှာ အောက်ပိုင်း လက်ဝဲဘက် ပုံ (၂၈) အောက်ထောင့်ချိုးမှ မနုဿသီဟကျောက်ဆစ်ရုပ်ကြွကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာ ဖြစ်ပါသည်။ ပလ္လင်ပုံဆွဲပုံကြမ်းတွင် ဒီဇိုင်းကူးယူခဲ့သောနေရာကို အကွက် (၂၉) အဖြစ် ဖော်ပြထားပြီး ရှေးခေတ်ရခိုင်ရိုးရာ စိတ္တလက်ာရအနုလက်ရာဒီဇိုင်းများထဲတွင်လည်း ပုံ (၂၉) အဖြစ် သတ်မှတ်ထားပါသည်။ ပုံ (၂၉) ဒီဇိုင်းလက်ရာ၏မူရင်း ကျောက်ဆစ်ရုပ်

www.burmeseclassic.com

www.burmeseclassic.com

ကြွအမြင့် (၂၁) စင်တီမီတာခန့်၊ အကျယ် (၁၇) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၅) စင်တီမီတာခန့် ရှိပါသည်။ မူရင်း ကျောက်ဆစ်ရုပ်ကြွတွင် ဘယ်ဘက်တုတ်အဖျားကျိုးပဲ့သွားပြီး ဗောင်းတော်ထိပ်ဖျားလည်း အနည်းငယ်ကျိုးပဲ့သွားပေပြီ။ ခြေဖျားများလည်း ပီပြင်မှုမရှိတော့ပေ။ ဘယ်ဘက်ပါးလည်း အနည်းငယ်ပဲ့ပြီး ကွန်ခြေကာလည်း ကျိုးပဲ့နေသည်ကို တွေ့ရှိရပါသည်။

ပုံ (၂၉) ဒီဇိုင်းလက်ရာ၏အပေါ်ပိုင်းတွင် ပန်းအိမ်တစ်ခုတွေ့ရှိရပြီး ပန်းအိမ်ကို နှစ်ဆင့်ခံထားပါသည်။ အပေါ်အဆင့်တွင် အချောသာ တွေ့ရှိရပြီး အောက်အဆင့်တွင် အလယ်ပွင့်ဖတ်ရှည်ကြီးတစ်ခုခံကာ လက်ဝဲ၊ လက်ယာသဇင်ပွင့်ခက်ကလေးများဖြင့် တန်ဆာဆင် ဖန်တီးထားပါသည်။ ပန်းအိမ်အောက်တွင်မှ မနုဿီဟရုပ်ကို တွေ့ရှိရပါသည်။ မနုဿီဟရုပ်တွင် ဗောင်းတော်ကို ပွင့်ဖတ်များဖြင့် ပတ်လည်တန်ဆာဆင်ထားပြီး ပွင့်ဖတ်အောက်တွင် ဖောင်းလုံးဖြင့် ဗောင်းတော်ကို အနားသတ်ထားသည်။ မျက်ခုံး၊ မျက်လုံး၊ နှာခေါင်း၊ ပါးစပ်များကို မူရင်းလက်ရာ၌ ခပ်မှိန်မှိန်လေးသာ တွေ့ရှိရပါသည်။ နားနှစ်ဖက်တွင် နားတောင်းဝန်းကြီးများ ဝတ်ဆင်ထားပါသည်။ လည်ပင်းတွင် လည်ရစ်သုံးရစ် ဖော်ထားသည်။ လက်နှစ်ဖက်ကိုဘေးသို့ကားထုတ်၊ တံတောင်ဆစ်မှ ကွေးကာ တုတ်တစ်ဖက်တစ်ချောင်းကိုင်၍ တုတ်ဖျားနှစ်ဖက်ကို ပခုံးနှစ်ဖက်ပေါ် တစ်ဖက်တစ်ချောင်းတင်ထားသည်ကို တွေ့ရှိရပါသည်။ ခါးတွင် ခါးပတ်ပတ်ထားပြီး ခါးပတ်အထက်မှ ကွန်ခြေကာကို အပြားလိုက် ရှေ့တွင်ချထားပါသည်။ ကွန်ခြေကာကိုလည်း နှစ်ထပ်ပွင့်ဖတ်ရှည်သဏ္ဌာန် တန်ဆာဆင်ထားပါသည်။ ခါးအောက်ပိုင်း လက်ဝဲ၊ လက်ယာဘက်တွင် တိရစ္ဆာန်ကိုယ်နှစ်ခုပြာထွက်၍ တွေ့ရှိရပါသည်။ အောက်ပိုင်း တိရစ္ဆာန်ခန္ဓာကိုယ်နှစ်ခုတွင် ခြေထောက်နှင့် အမြီးသာ တွေ့ရှိရပါသည်။



ပုံ (၂၉)


မနုဿီဟအရုပ်များထဲတွင် တုတ်ကိုင်မနုဿီဟမျိုး မတွေ့ရှိသလောက် ရှားပါးပါသည်။ ဤပုံ (၂၉) မနုဿီဟဒီဇိုင်းလက်ရာမှာ ရှေးခေတ်ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာဒီဇိုင်းများထဲတွင် ရှားပါးသော မနုဿီဟဒီဇိုင်းလက်ရာတစ်ခုဖြစ်သည်ဟု ပြောရမည်ပင် ဖြစ်ပါသည်။

**တုတ်သိုင်းကစားနေကြသည့် လူပ်ရှားမှုလက်ရာများ**

ညီတော်၊ နောင်တော် ဘုရားပလ္လင် အနောက်ဘက်မျက်နှာ အောက်ပိုင်း လက်ယာဘက် အကွက် (၂၇) အောက်မှ လက်ရာကို ကူးယူ ရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ပလ္လင်ပုံဆွဲပုံကြမ်းတွင် ဒီဇိုင်းကူးယူခဲ့သော မူလနေရာကို အကွက် (၃၀) အဖြစ် ဖော်ပြထားပြီး ရှေးခေတ်ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာဒီဇိုင်းများထဲတွင်လည်း ပုံ (၃၀) အဖြစ် သတ်မှတ်ဖော်ပြထားပါသည်။ ပုံ (၃၀) ဒီဇိုင်းလက်ရာ၏ မူရင်းကျောက်ဆစ်ရုပ်ကြွ အမြင့် (၁၃) စင်တီမီတာခန့်၊ အကျယ် (၉၅) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၃) စင်တီမီတာခန့် ရှိပါသည်။ မူရင်း ကျောက်ဆစ်ရုပ်ကြွများတွင် အားလုံး အကောင်းပကတိ မတွေ့ရှိရတော့ပေ။ ကောင်းနိုးရာရာများကိုရွေးချယ်၍ အဆင်ပြေသလို ဆက်စပ်ကာ ရေးဆွဲထားသော ဒီဇိုင်းလက်ရာများပင် ဖြစ်ပါသည်။ အကွက် (၃၀)နေရာအပြည့်တွင် တုတ်သိုင်းကစားနေသော ရုပ်ကြွများ အပြည့်ထုဆစ်ထားသည်ကို တွေ့ရှိရပါသည်။

ပုံ (၃၀) တုတ်သိုင်းကစားနေသော ဒီဇိုင်းလက်ရာမှာ လက်ဝဲဘက်ကရုပ်တွင် လက်ယာဘက်က ရိုက်လိုက်သောလူ၏တုတ်ကို ခေါင်းပေါ် လက်ကျော်၍ကာပြီး ဘယ်ဘက်လက်ကတုတ်မှာ ရန်သူကို ရိုက်နေဟန် တွေ့ရှိရပါသည်။ ညာဘက်လက်ကတုတ်မှာ တုတ်ဖျားအောက်စိုက်၍ ကာကွယ်ကာ ဘယ်ဘက်လက်ကတုတ်မှာ တုတ်ဖျားအပေါ်ထောင်၍ ရိုက်သည်ကို တွေ့ရှိရပါသည်။ မျက်နှာမှာလည်း လက်ယာဘက်သို့ လှည့်ထားပါ၏။ ခါးတွင် ခါးပတ်,ပတ်၍ ကွန်ခြေကာကို ရှေ့တွင် အပြားလိုက် ချထားပါသည်။ ညာခြေကို လက်ဝဲဘက်သို့ ဒူးကုပ်ကာ ထုတ်ထားပြီး ဘယ်ခြေကို လက်ယာဘက်သို့ ခြေဖနောင့်ထုတ်ကာ ဒူးကို နည်းနည်းလေးကွေးထားသည်ကို တွေ့ရှိရပါသည်။ ညာဘက်ဒူးတွင် အားပြုထား၏။ ပုဆိုးကို ခါးတောင်းကျိုက်ပြီး အစင်းကြောင်းကလေးများဖြင့် အားဖြည့်တန်ဆာဆင်ထားပါသည်။

ပုံ (၃၀) တုတ်သိုင်းကစားနေသော ဒီဇိုင်းလက်ရာ လက်ယာဘက်က အရုပ်မှာ ဘယ်လက်ဖြင့် ရန်သူကို တုတ်ဖြင့် ခေါင်းပေါ်မှတင်၍ ရိုက်နေဟန် တွေ့ရှိရပါသည်။ တုတ်အဖျားကို အောက်စိုက်၍ ရိုက်နေဟန် တွေ့ရှိရပါ၏။ ညာဘက်လက်တုတ်မှာ ရန်သူတုတ်ကို ကာကွယ်နေဟန် တွေ့ရှိရပါသည်။ တုတ်အဖျားကိုထောင်၍ ကာကွယ်ထား၏။ မျက်နှာအနေအထားမှာ လက်ဝဲ




ပုံ (၃၀)



www.burmeseclassic.com

www.burmeseclassic.com



ပုံ (၃၁)

ဘက်သို့ လှည့်နေသည်ကို တွေ့ရှိရပါသည်။ နှစ်ယောက်စလုံး မျက်နှာချင်းဆိုင်တွေ့ရှိရ၏။ ညာဘတ်ခြေထောက်ကို လက်ဝဲဘက်သို့ထုတ်၍ ခြေဖျားကိုအတွင်းသို့သွင်းကာ ဖနောင့်ကို အပြင်ထုတ်ထားပြီး ဒူးကို ခပ်ကွေးကွေးလေး တွေ့ရှိရပါသည်။ ဘယ်ဘက်ခြေထောက်ကို လက်ယာဘက်သို့ ဒူးကုပ်၍ကားထုတ်ကာ ခြေဖနောင့်ကို နောက်ဆိုတ်ထားပါသည်။ ခါးတွင် ခါးပတ်ပတ်ထားပြီး ကန္ဒြကာကို ရှေ့တွင် အပြားလိုက်ချထားပါသည်။ ပုဆိုးကိုလည်း ခါးတောင်းကျိုက်ပြီး အစင်းကြောင်းလေးများဖော်ကာ တန်ဆာဆင်ထားပါသည်။ ဤအရုပ်များမှာလည်း ဖော်ပြပါ အတွဲများကဲ့သို့ပင် လှုပ်ရှားနေကြသည်ကို တွေ့ရှိရပါသည်။ ပုံ (၃၀) ဒီဇိုင်းလက်ရာ အရုပ်များမှာ ရှေးခေတ်ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာဒီဇိုင်းများထဲ၌ ထူးခြားစွာ သိုင်းကစားနေကြသည့် လက်ရာများပင် ဖြစ်ပါသည်။

## ဗျာလ်ရုပ်နှင့် လူသားတိုက်ခိုက်နေဟန်

ဤလက်ရာကို ညီတော်၊ နောင်တော်ဘုရား ကျောက်ဆစ်ပလ္လင် အနောက်ဘက်မျက်နှာအောက်ပိုင်း လက်ယာဘက်အကွက် (၃၀) နှင့် တစ်တန်းတည်း လက်ယာဘက်အဆုံး ထောင့်ချိုးတွင် ထုဆစ်ထားသော ကျောက်ဆစ်ရုပ်ကြွလက်ရာကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ပလ္လင်ပုံဆွဲပုံကြမ်းတွင် ဒီဇိုင်းကူးယူရေးဆွဲခဲ့သောမူလနေရာကို အကွက် (၃၁) အဖြစ် ဖော်ပြထားပြီး ရှေးခေတ်ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာဒီဇိုင်းများထဲတွင်လည်း ပုံ (၃၁) အဖြစ် သတ်မှတ် ဖော်ပြထားပါသည်။ ပုံ (၃၁) ဒီဇိုင်းလက်ရာ၏ မူရင်းကျောက်ဆစ်ရုပ်ကြွ အမြင့် (၁၆) စင်တီမီတာခန့်၊ အကျယ် (၄၇) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၄) စင်တီမီတာခန့် ရှိပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွတွင် ဦးခေါင်း၊ မျက်လုံး ပီပြင်မှုမရှိ၊ အရာသာ တွေ့ရှိရပါသည်။ ညာဘက်ခြေထောက်လည်း ပီပီပြင်ပြင် မတွေ့ရှိရပါ။ အရာသာတွေ့ရှိရပါသည်။ လူဦးခေါင်းလည်း ပီပြင်မှုမရှိဘဲ အရာသာတွေ့ရှိရပါသည်။


ပုံ (၃၁)ဒီဇိုင်းလက်ရာ ဗျာလ်ရုပ်မှာ ဦးခေါင်းက ကိုယ်နောက်ပြန်လှည့်ကြည့်ပြီး တိုက်ခိုက်မည့်ဟန် ရှိရပါသည်။ ရှေ့လက်နှစ်ချောင်းကို ခပ်ကုပ်ကုပ်လေး ရှေ့၊ နောက်ရုပ်ပြီး ညာဘက်လက်ကို ရှေ့တိုး၍ ဘယ်ဘက်လက်ကို အနည်းငယ် နောက်ဆုတ်ထားပါသည်။ ခြေထောက်နှစ်ချောင်းမှာလည်း ဘယ်ဘက်ခြေထောက်က ခပ်ကုပ်ကုပ်လေး ရှေ့တွင်လှမ်းပြီး ညာဘက်ခြေထောက်နောက်ကို ကန်မည့်အနေအထား တွေ့ရှိရပါသည်။ အမြီးကိုလည်း စင်းပြီး ဆန့်ထားသည်။ အမြီးကို ပန်းလိပ်သဏ္ဍာန် တွေ့ရှိရပါ၏။ လူသားအနေအထားမှာ ဘယ်ဘက်လက်တွင် ဒိုင်းဝန်းကိုင်၍ ညာဘက်လက်တွင် တုတ်ကိုကိုင်ကာ ရိုက်မည့်ဟန် ပြုနေသည်ကို တွေ့ရှိရပါသည်။ အောက်ပိုင်းတွင် ပုဆိုးဝတ်ထားသည့်အနေအထား တွေ့ရှိရပြီး ခါးတောင်းကျိုက်ထားသည့်ဟန်ပုံမျိုး တွေ့ရှိရပါသည်။ ဘယ်ဘက်ခြေထောက်ကို ရှေ့သို့လှမ်း၍ ညာဘက်ခြေထောက်ကို ဒူးထောက်၍ ခြေဖျားကို အပေါ်သို့ အနည်းငယ် မြှောက်ထားပါသည်။ ဤပုံ (၃၁) ဒီဇိုင်းလက်ရာ ဗျာလ်ရုပ်နှင့် လူသား တိုက်ခိုက်နေဟန်မှာ ရှေးခေတ်ရခိုင်ရိုးရာ စိတ္တလက်ာရ ဒီဇိုင်းများထဲတွင် ရှားပါးသောလက်ရာအနေအထားမျိုး ဖြစ်သည်ဟု ပြောရမည်ပင် ဖြစ်ပါသည်။

## ကြာဖူးကိုင်ထိုင်နေဟန်ရုပ်

ဤလက်ရာကို ညီတော်၊ နောင်တော် ဘုရားပလ္လင်တောင်ဘက်မျက်နှာ အပေါ်ဆုံး အလယ်မှ ကျောက်ဆစ်ရုပ်ကြွကို ကူးယူထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်သည်။ ပလ္လင်ပုံဆွဲပုံကြမ်းတွင် ပလ္လင်မှ ဒီဇိုင်းကူးယူရေးဆွဲခဲ့သော မူလနေရာကို အကွက် (၃၂) အဖြစ် ဖော်ပြထားပြီး ရှေးခေတ်ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာဒီဇိုင်းများထဲတွင်လည်း ပုံ (၃၂) အဖြစ် သတ်မှတ်ဖော်ပြထားပါသည်။ ပုံ (၃၂) ဒီဇိုင်းလက်ရာ၏ မူရင်း ကျောက်ဆစ်ရုပ်ကြွ အမြင့် (၁၇) စင်တီမီတာခန့်၊ အကျယ် (၄၂) စင်တီမီတာခန့်နှင့် ရုပ်ကြွ အထူ (၄) စင်တီမီတာခန့်ရှိသည်ကို တိုင်းတာတွေ့ရှိရပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွ၌ အရုပ်မျက်နှာနှင့်ဖောင်းတော် ပီပြင်မှုမရှိဘဲ အရာလောက်သာ တွေ့ရှိရပါသည်။ အဝတ်များလည်း ပီပြင်မှုမရှိပေ။ ပန်းပွင့်ရွှေလုံးများမှာလည်း မူရင်းလက်ရာ၌ လူပုံ၏ လက်ဝဲ၊ လက်ယာ၌ တစ်ဖက်(၇)လုံးစီ ထုဆစ်ထားသည်ကို တွေ့ရှိရပါသည်။

ပုံ (၃၂) ဒီဇိုင်းလက်ရာ၏ဖောင်းတော်မှာ ရိုးရှင်းပြီး အနားသတ်ဖောင်းတစ်လုံးသာ တွေ့ရှိရပါသည်။ မျက်နှာအနေအထားကို ညာဘက်သို့ အနည်းငယ်စောင်းထားပြီး နားနှစ်ဖက်တွင် နားတောင်းဝန်းများ ဝတ်ဆင်ထားသည်ကို

ပုံ (၃၂)



www.burmeseclassic.com

www.burmeseclassic.com



ပုံ (၃၃)

တွေ့ရှိရပါသည်။ လည်ပင်းတွင်လည်း လည်ရစ်သုံးရစ် ဖော်ပြထားသည်ကို တွေ့ရှိရပြီး ပုဆိုးပိုင်း (တဘက်) ကို နောက်ကျောကုန်းမှ ကျော်၍ လက်မောင်းရင်းနှစ်ဖက်ကို ပတ်ကာ တဘက်အဖျားများကို လက်မောင်းရင်းနောက်တွင် ပြန့်ကားစွာ ဘေးသို့ ထုတ်ထားသည်ကို တွေ့ရှိရပါသည်။ ပြန့်ကားနေသော တဘက်အဖျားများကို အစင်းကြောင်းကလေးများဖြင့် အလှဆင်ထားပါသည်။ ညာဘက်လက်ကိုကုပ်၍ အနည်းငယ် ကားထိုက်ကာ လက်ဖျားကို အပေါ်သို့ထောင်ပြီး ကြာဖူးရိုးကို ခေါက်၍ကိုင်ထားပါသည်။ ဘယ်ဘက်လက်မှာလည်း တံတောင်ကုပ်ကာ ဘေးသို့ အနည်းငယ်ကားပြီး လက်ဖျားကို ရင်တွင်းသို့ကပ်၍ ကြာဖူးရိုးကိုကိုင်ကာ ကြာဖူးရိုးကို လက်မောင်းရင်းတွင် တင်ထားပါသည်။ ကြာဖူးတွင် ပွင့်ဖတ်ရာများ ဖော်ထားပါသည်။ ခါးတွင် ခါးပတ်ပတ်ထားပြီး ခြေထောက်နှစ်ဖက်ကို ဒူးကုပ်၍ ခြေထပ်ထိုင်ထားပါသည်။ ဘယ်ဘက်ခြေဖျားကို အောက်ကချ၍ ညာဘက်ခြေဖျားကို အပေါ်တွင် ထပ်တင်ထားပါသည်။ ခါးပတ်ပေါ်မှ ကန္ဒြေကာကို အပြားလိုက် ရှေ့တွင်ချထားပြီး ကန္ဒြေကာ အောက်ပိုင်း အဖျားကို ခြေဖဝါးအောက်သို့ ထိုးထားပါသည်။ ပုဆိုးကို ကန့်လန့်ဖြတ်အစင်းများဖြင့် တန်ဆာဆင် ဖော်ပြထားပါသည်။ လူရုပ်နောက်ကျော လက်ဝဲ၊ လက်ယာတွင် နှစ်ထပ်ပွင့်ဖတ်နှင့် ကြားညှပ်ပွင့်ဖတ်ကလေးများဖြင့် အစီအရီ တန်ဆာဆင်ထားပါသည်။ ပွင့်ဖတ်များအောက်တွင် ဖောင်းလုံးတစ်လုံးခံ၍ ဖောင်းလုံး၏အောက်တွင် ရွှေလုံးကြီးများ စီတန်းထားပါသည်။ ရွှေလုံးကြီးပေါ်တွင် ပန်းပွင့်များဖြင့် တန်ဆာဆင်ထားပါသည်။ ပန်းပွင့်များကို အလယ်တွင် ဝတ်ဆံနှစ်ထပ်ကိုဖော်ပြပြီး နှစ်ထပ်ပွင့်ဖတ်ချွန်လေးဖတ်နှင့် ကြားညှပ်ပွင့်ဖတ်ချွန်ငယ်လေးဖတ်၊ ပေါင်း ပွင့်ဖတ် ရှစ်ဖတ်ဖြင့် ဖန်တီးဖွဲ့စည်းထားပါသည်။ ရွှေလုံးပန်းပွင့်ကြီးများ အောက်တွင်လည်း ထောင့်ချိုး ပွင့်ဖတ်ကလေးများဖြင့် အစီအရီ တန်ဆာဆင်ထားသည်။ ပုံ (၃၂) ဒီဇိုင်းလက်ရာသည် ရှေးခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာဒီဇိုင်းများထဲတွင် အသင့်အတင့်ကောင်းသော လက်ရာတစ်ခု ဖြစ်သည်ဟု ပြောရမည်ပင် ဖြစ်ပါသည်။


**သဇင်ခွေထဲမှ ကြက်ဖ (ကြက်ဖား)**

ဤလက်ရာကိုလည်း ညီတော်၊ နောင်တော်ဘုရားကျောက်ပလ္လင်တောင်ဘက်မျက်နှာ အပေါ် လက်ဝဲဘက်မှ ကျောက်ဆစ်ရုပ်ကြွလက်ရာကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ပလ္လင်ပုံဆွဲပုံကြမ်းတွင် ဒီဇိုင်းကူးယူရေးဆွဲခဲ့သော မူလနေရာကို အကွက် (၃၃) အဖြစ် ဖော်ပြထားပြီး ရှေးခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ ဒီဇိုင်းများထဲတွင်လည်း ပုံ (၃၃) အဖြစ် သတ်မှတ် ဖော်ပြထားပါသည်။ ပုံ (၃၃) ဒီဇိုင်းလက်ရာ၏ မူရင်းကျောက်ဆစ်ရုပ်ကြွမှာ အနည်းငယ်ပျက်စီးနေသည်ကို တွေ့ရှိရပါသည်။ မူရင်း ကျောက်ဆစ်ရုပ်ကြွ အမြင့် (၂၁) စင်တီမီတာခန့်၊ အကျယ် (၄၉) စင်တီမီတာခန့်နှင့် ရုပ်ကြွအထု (၃) စင်တီမီတာခန့် ရှိသည်ကို တွေ့ရှိရပါသည်။

ပုံ (၃၃) ဒီဇိုင်းလက်ရာ၏အပေါ်ပိုင်းတွင် နှစ်ထပ်ပွင့်ဖတ်များနှင့် ကြားညှပ်ပွင့်ဖတ်များဖြင့် အစီအရီ အလှဆင်ထားပါသည်။ ထိုပွင့်ဖတ်များ လက်ယာဘက်အဆုံးတွင် အပေါ် ပန်းအိမ်ငယ်တစ်အိမ် တွေ့ရှိရပြီး ပန်းအိမ်ငယ်ထဲတွင် အလယ်၌ နှစ်ထပ်ပွင့်ဖတ်ရှည်တစ်ခုခံကာ လက်ဝဲ၊ လက်ယာ၌ ပန်းခက်ငယ်များဖြင့် ဖြာ၍ တန်ဆာဆင်ထားပါသည်။ ပန်းအိမ်ငယ်ကို နှစ်ထပ်ပေါင် ဖောင်းဖြင့် အနားသတ်ထားပါသည်။ ပွင့်ဖတ်များအောက်တွင် သဇင်ခွေထဲ၌ ကြက်ဖတစ်ကောင် ခေါင်းထောင်၍ တွန်မည့်ဟန်တွေ့ရှိရပါသည်။ ကြက်ဖတွင် တောင်ပံကုပ်၍ အမြီးထောင်ကာ ဘယ်ခြေကို ညာလှမ်း၍ ညာခြေကို နောက်ဆုတ်ကာ သဇင်ခွေရိုးကိုနင်းထားပါသည်။ သဇင်ခွေမှာ အကြီးတစ်ခွေ၊ အငယ်တစ်ခွေတွေ့ရှိရပြီး လက်ဝဲဘက်တွင် အခက်တစ်ခက် ဖြန့်ကားထောင်ထားပါသည်။ သဇင်ခွေနှင့် ကြက်ဖ လက်ယာဘက်တွင် ပန်းအိမ်ရှည်တစ်ခုကိုလည်း တွေ့ရှိရပါသည်။ ပန်းအိမ်ရှည်ထဲတွင်လည်း အလယ်၌ လုံးသွားကဲ့သို့ နှစ်ထပ်ပွင့်ဖတ်ရှည်တစ်ခုကို မဏ္ဍိုင်ထားပြီး လက်ဝဲ၊ လက်ယာ၌ သဇင်ပွင့်ခက်ကလေးများဖြင့် အဆင့်ဆင့် တန်ဆာဆင်ထားပါသည်။ အနားကို ဖောင်းလုံးနှစ်ဆင့်ဖြင့် အနားသတ်ထားပါသည်။ ဤပုံ (၃၃) ဒီဇိုင်းလက်ရာသည်လည်း ရှေးခေတ်ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာဒီဇိုင်းများထဲတွင် အနုစိတ်လှသော လက်ရာကောင်းတစ်ခုပင် ဖြစ်ပါသည်။

**ချေငယ်လည်ပြန်**

ညီတော်၊ နောင်တော်ဘုရား ပလ္လင် တောင်ဘက်မျက်နှာ ခါးဆစ်အလယ်မှ ကျောက်ဆစ်ရုပ်ကြွကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ပလ္လင်ပုံဆွဲပုံကြမ်းတွင် ကူးယူရေးဆွဲခဲ့သော ဒီဇိုင်းလက်ရာ၏ မူလနေရာကို အကွက် (၃၄) အဖြစ် ဖော်ပြထားပြီး ရှေးခေတ် ရခိုင်ရိုးရာ



ပုံ (၃၄)



www.burmeseclassic.com

www.burmeseclassic.com


စိတ္တလက်ာရ အနုလက်ရာဒီဇိုင်းများထဲတွင်လည်း ပုံ (၃၄) အဖြစ် သတ်မှတ်ဖော်ပြထားပါသည်။ ပုံ (၃၄) ၏ မူရင်းဒီဇိုင်းလက်ရာ အမြင့် (၁၄) စင်တီမီတာခန့်၊ အကျယ် (၆၃) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၄) စင်တီမီတာခန့် ရှိပါသည်။ ပုံ (၃၄) ၏ မူရင်းကျောက်ဆစ်ရုပ်ကြွတွင် ချေငယ် လက်ဝဲ၊ လက်ယာဘက် ပန်းပွင့်မှာ အနည်းငယ် ပျက်စီးနေသည်ကို တွေ့ရှိရပါသည်။

ပုံ(၃၄) ဒီဇိုင်းလက်ရာ၏ချေငယ်မှာ လည်ပြန်ပြီး နှုတ်သီးဖျားကို မော့ထားပါသည်။ ညာဘက်လက်ကို ရှေ့သို့လှမ်း၍ ဘယ်ဘက်ကို နောက်ဆုတ်ထားပါသည်။ ခြေထောက်နှစ်ချောင်းတွင်လည်း ဘယ်ဘက်ခြေကို ရှေ့သို့လှမ်း၍ ညာဘက်ခြေကို နောက်ဆုတ်ထားပါသည်။ အမြီးကို ထောင်ထားပါ၏။ ခန္ဓာကိုယ်မှာ တောင့်တင်းသည့် အနေအထား တွေ့ရှိရပါသည်။ ချေငယ်လက်ဝဲ၊ လက်ယာ အပေါ်ထက်တွင် ထောင့်ချိုးပွင့်ဖတ်ကလေးများဖြင့် စီတန်း၍ အလှဆင်ထားပါသည်။ ချေငယ် လက်ဝဲ၊ လက်ယာတွင်လည်း ပန်းပွင့်ကြီးတစ်ဖက် တစ်ပွင့်စီ တွေ့ရှိရပါသည်။ ပန်းပွင့်ကြီးကို အလယ်ဗဟို၌ ဝတ်ဆံနှစ်ထပ်ခံ၍ နှစ်ထပ်ပွင့်ဖတ်ချွန်ရှည် လေးဖတ်နှင့် နှစ်ထပ်ကြားညှပ်ပွင့်ဖတ်ချွန်ငယ် လေးဖတ်၊ ပေါင်း ရှစ်ဖတ်ဖြင့် တန်ဆာဆင်ထားပါသည်။ ပန်းပွင့်ကို လေးထောင့်ပေါင်ဖြင့် အနားသတ်ထားသည်။ ပန်းပွင့်များအောက်တွင်လည်း ထောင့်ချိုးပွင့်ဖတ်ငယ်များဖြင့် စီတန်းကာ ဖန်တီးထားပါသည်။ ပုံ (၃၄) ဒီဇိုင်းလက်ရာသည်လည်း ရှေးခေတ်ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာဒီဇိုင်းများထဲတွင် အသင့်အတင့် ကြည့်ကောင်းသော လက်ရာတစ်ခု ဖြစ်ပါသည်။

**နဂါးဦးခေါင်းနှင့်လူ**

ဤလက်ရာကို ညီတော်၊ နောင်တော်ဘုရား ကျောက်ဆစ်ပလ္လင် တောင်ဘက်မျက်နှာ လက်ဝဲဘက်အလယ်မှ ကျောက်ဆစ်ရုပ်ကြွကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ပလ္လင်ပုံဆွဲပုံကြမ်းတွင် ဒီဇိုင်းကူးယူရေးဆွဲခဲ့သော ကျောက်ပလ္လင်မှ မူလနေရာကို အကွက် (၃၅) အဖြစ် ဖော်ပြထားပါသည်။ ရှေးခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာဒီဇိုင်းများထဲတွင်လည်း ပုံ (၃၅) အဖြစ် သတ်မှတ်

ပုံ (၃၅)



ဖော်ပြထားပါသည်။ ပုံ (၃၅) ၏ မူရင်းကျောက်ဆစ်ရုပ်ကြွ အမြင့် (၂၁) စင်တီမီတာခန့်၊ အကျယ် (၂၉) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၃) စင်တီမီတာခန့် ရှိသည်ကို တိုင်းတာတွေ့ရှိရပါသည်။ မူရင်း ကျောက်ဆစ်ရုပ်ကြွတွင် မျက်နှာနှင့်အဝတ်တန်ဆာ အနည်းငယ်ပျက်စီးနေသည်ကို တွေ့ရှိရပါသည်။

ပုံ (၃၅) ဒီဇိုင်းလက်ရာ၏ နဂါးဦးခေါင်းအမောက်မှာထောင်၍ အမောက်အောက်တွင် မျက်လုံးကို မျက်ရစ်ဖြင့် တွေ့ရှိရပါသည်။ ပါးစပ်မှာ လက် ဝဲဘက်သို့လှည့်နေပြီး ပါးစပ်ထဲတွင် အထက်သွား၊ အောက်သွား၊ အထက်သွားစွယ်၊ အောက်သွားစွယ်များကို အစီအရီ တွေ့ရှိရသည်။ လည်ပင်းတွင် လည်ရစ်များဖော်ထားပြီး ဦးခေါင်းကလွဲ၍ ခန္ဓာကိုယ်မှာ လူကဲ့သို့ပင်တွေ့ရှိရပါသည်။ ဒေသခံများက လူယောင်ဖန်ဆင်းထားသော နဂါးမင်းဟန် ထုဆစ်ထားသောလက်ရာဟု ပြောကြပါသည်။ လက်နှစ်ဖက်ကို တံတောင်ဆစ်မှကုပ်၍ကားထားပြီး လက်ဖျားကို ရင်အုပ်တွင်ကပ်ကာ တုတ်တစ်ဖက်တစ်ချောင်း ပခုံးပေါ်တင်၍ အဖျားထောင်ကိုင်ထားသည်ကို တွေ့ရှိရပါသည်။ ခါးတွင် ခါးပတ်ပတ်ထားပြီး ခါးပတ်ပေါ်မှ ဣန္ဒြေကာကို အပြားလိုက် ချထားပါသည်။ ဣန္ဒြေကာအဖျားကို ခြေဖဝါးကြားထဲသို့ထိုးထည့်ထားပါသည်။ ပုဆိုးကို ကန့်လန့်ဖြတ်အစင်းရစ်များဖြင့် တန်ဆာဆင်ထားသည်။ ပေါင်နှစ်ဖက်ကား၍ ဒူးကုပ်ကာ ခြေထပ်ထိုင်ထားသည်။ ဘယ်ခြေဖျားပေါ်တွင် ညာခြေဖျား ထပ်တင်ထားပါ၏။ နဂါးမင်းရုပ် လက်ဝဲ၊ လက်ယာတွင် ဖောင်းပြားနှစ်ခု ကြား၌ နှစ်ထပ်ပွင့်ဖတ်ကြီးများနှင့် ကြားညှပ်ပွင့်ဖတ်ငယ်များဖြင့် အားဖြည့် တန်ဆာဆင်ထားပါသည်။ ပုံ (၃၅) ဒီဇိုင်းလက်ရာသည် ရှေးခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာ ဒီဇိုင်းများထဲတွင် ထူးခြားသော နဂါးမင်းဒီဇိုင်းလက်ရာတစ်ခုဟုပင်ပြောရမည် ဖြစ်ပါသည်။

အထက်ဖော်ပြပါ ဒီဇိုင်းလက်ရာများ အားလုံးမှာ မြောက်ဦးခေတ် အစောပိုင်းလက်ရာများပင် ဖြစ်ပါသည်။

*အနန္တော အနန္တငါးပါးကို ထာဝရ ဦးထိပ်ပန်ဆင်ကန်တော့လျက်*

ပန်းချီထူးလှ
(ရှေးဟောင်းသုတေသန)

**မှီငြမ်းချက်**

၁။ ကိုယ်တိုင်ကွင်းဆင်းမှုမှတ်စု
၂။ ညီတော်၊ နောင်တော် ပလ္လင်မှ ဖော်ပြပါ ကျောက်ဆစ်လက်ရာများ
၃။ တက်ထွန်းနီ (မြောက်ဦး) ရေး- ရခိုင်ဗျာလ်
၄။ ရမ်းဗြဲတောင်ကျောင်း ဆရာတော် ဦးစန္ဒမာလာလင်္ကာရရေး ရခိုင်ရာဇဝင်သစ်ကျမ်း
၅။ ဦးငမည်ရေး ရခိုင်ရာဇဝင်



www.burmeseclassic.com

www.burmeseclassic.com



# ရှေးဟောင်းပျူ-တြိဗုဒ္ဓရုပ်ပွားတော်များ သိုတင်းသုံးရာ ဂန္ဓဝင်ဌာနေ

မြနန်းရှင်


မင်္ဂလာပါ ဓမ္မမိတ်ဆွေ စာဖတ် ခရီးသတ်ကြီးရှင့်။ ဤဆောင်းပါးသည် ရန်ကုန်မြို့နှင့် နေ့ချင်းပြန် သွားရောက် လေ့လာနိုင်သော၊ ကုသိုလ်ထူးများပြုနိုင် သော ရှေးဟောင်းနယ်မြေခရီးလမ်းတစ် ခုဆီသို့ စာရေးသူနှင့်အတူ လိုက်ပါလေ့ လာကြည့်ပါလို့ ဖိတ်ခေါ်ပါရစေရှင်။

စာရေးသူတို့ အပါအဝင် မြန်မာ နိုင်ငံသူ နိုင်ငံသားတို့အတွက် ဇာတိပုည ဂုဏ်မာနကို ပေးစွမ်းနိုင်သော ရှေး ဟောင်းသမိုင်းပုံရိပ်များ ရှင်သန် ထင် ရှားနှ် ပြသနေဆဲ ဂန္ဓဝင်နယ်မြေ ဖြစ်ပေ သည်။

ယခုလိုကာလမှာ မြန်မာပြည်သို့ ကမ္ဘာအရပ်ရပ်မှ လာရောက်လည်ပတ် ဒေသန္တရ ဗဟုသုတရှာနေချိန်မှာ ရှေး ဟာ မြန်မာ့မြေသမိုင်းသည် ရှည်လျားစွာ တည်ရှိနေတာ သက်သေပြခွင့်ရစေချင် သည်။

ရှေးမှတ်တမ်း ဖော်ညွှန်းမှုအရ ကန်းပေါင်း (၉၉) ကုန်း ဝန်းရံတွဲကာ တည်ရှိနေသည့် ရှေးအခေါ် တိကုမ္ဘ (ခေါ်) ဥက္ကလာမြို့ဟောင်း (ခေါ်) ဒဂုန် (ခေါ်) ရန်ကုန်မြို့မှ နာရီပိုင်းအတွင်း သွားရောက်နိုင်သော ငါးမည်ရ တွံတေး မြို့ဆီသို့ ဖြစ်ပါသည်။ ပင်လယ်ရေပြင် အထက် ပေ (၁၀၀) မျှ ရှိသည်။ ကော့ မှူးမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်၊ တွံတေး မြို့နယ် ဟူ၍ နယ်မြေချင်း ဆက်စပ် တည်နေပြီး ပင်လယ်ကမ်းခြေနှင့် မိုင် (၂၀) မျှသာ ဝေးကွာပါသည်။

တွံတေးမြို့သည် ဧရာဝတီမြစ် ကြီးနှင့် စစ်တောင်းမြစ်တို့၏အနည်များ စီးဆင်း၊ မုတ္တမပင်လယ်ကွေ့သို့ ကွေ့ ဝိုက်ပို့ချရာမှ ဖြစ်ထွန်းလာသောဒေသ ဖြစ်ပေသည်။ တွံတေးမြို့သည် ရှေး ဟောင်းမြို့တစ်မြို့အဖြစ် သိထားကြပါ သည်။ အကြောင်းမှာ ပေါက္ခရဝတီ၊ ဓညဝတီ၊ အသိတဥ္စန၊ တိရင်္ဂလ စသော



ပျူ-တြိဗုဒ္ဓသာသနာ့မြေအတွင်းမှ တူးဖော်တွေ့ရှိခဲ့သည့် ရှေးခေတ်အုတ်ချပ်များ



www.burmeseclassic.com

www.burmeseclassic.com

မြို့ဟောင်းအမည်များနှင့်အတူ နန်းတော်ကုန်း၊ ကျုံး၊ မြို့ရိုးဟောင်းများကြောင့် ဖြစ်ပေသည်။ ထို့အပြင် တလ၊ တုံတလ၊ တုံတလဲ့၊ တုန်စလင်း၊ တုန်ဒေး၊ ကွမ်းဒေးမှ တွံတေးဟု ပြောင်းလဲဖြစ်စဉ် ဟောင်း ရာဇဝင်ကြောင်းများလည်း ပါဝင်လေသည်။

ခရီးစဉ်တစ်လျှောက် လိုက်ပါလာရင်း စာရေးသူ၏စိတ်အာရုံတွင် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်ဆီသို့ မှန်းဆကြည့်မိပြန်ပါသည်။ မဇ္ဈိမဒေသသို့ ကုန်ရောင်းကုန်ဝယ်သွားသည့် တပုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်သည် မြတ်ဗုဒ္ဓဘုရားရှင်ထံမှ ဆံတော်မြတ် (၈)ဆူ ဦးဦးဖျားဖျား ပင့်ဆောင် ပူဇော်ခွင့်ရသူများ၏ဇာတိကား ပေါက္ခရဝတီ (ခေါ်) ကွမ်းဒေး၊ ကဲဘဲ့ရွာသား။ ယခု တွံတေးသားများ ဖြစ်ပေသည်။

ဆံတော်များကို ဤမြစ်ကြောင်းအတိုင်း ပင့်ဆောင်ပူဇော်လာရာလမ်းသည် ရှေးက ဤနေရာသည် ပင်လယ်ရေကြောင်းခရီးလမ်းဖြစ်ပေမည်ဟု မှန်းဆနေမိပြန်သည်။

ရွှေတိဂုံဆံတော်ရှင်ကဲ့သို့ တွံတေးမြို့၏သမိုင်းမှာ တွံတေး ရွှေဆံတော်ရှင် သမိုင်းနှင့်လည်း ကင်းကွာ၍မရပါ။ တွံတေးမြို့၏သမိုင်းသည် လွန်စွာ ရှည်လျားသည်နှင့်အမျှ ယင်း၏ ဆက်စပ်ဖြစ်ရပ်များမှာလည်း ထင်ရှားခဲ့ပါသည်။

ရှေးဟောင်းမြို့နှင့်အတူ ပျူလူမျိုးတို့၏ ယဉ်ကျေးမှု ထွန်းကားခဲ့ရာ အထောက်အထားများက သက်သေပမာပင်။ ဒွတ္တဘောင်မင်းကြီး၊ မနူဟာ၊ အနော်ရထာ၊ ကျန်စစ်သား၊ ရာဇာဓိရာဇ်၊ ရှင်စောပု၊ ဘုရင့်နောင်၊ ဆင်ဖြူရှင်၊ မင်းရဲခေါင်ကျော်သူကျော်၊ သာယာဝတီမင်းသမီးတော်သီရိလောကရတနာ စသော သမိုင်းစဉ်များလည်း ပါရှိနေသည်ကို တွေ့ရသည်။


ရှေးရှေးက သီဟိုဠ် (သီရိလင်္ကာ) ကျွန်းမှ ပြောင်းရွှေ့လာသော လူအချို့ နေထိုင်ကြရာ ယင်းအရပ်ကို ခပင်း သီဟိုဠ်ငယ်ဟုလည်း ခေါ်ကြသည်။ ပင်လယ်ဆိပ်ကမ်းမြို့ ဖြစ်၍ ပြည်တွင်း၊ ပြည်ပ ကုန်စည်မှုကြောင့် စည်ကားခဲ့သည်။ သထုံမင်း၏သမီးတော် သုဝဏ္ဏ



ရှေးဟောင်းရုပ်ပွားတော်အငယ်
(ဝရဒမုဒြာပုံ)
ဉာဏ်တော် (၃ . ၅) လက်မ



ရှေးဟောင်း၊ (၂၅) လက်မရှိ
တူးဖော်တွေ့ရှိရသော ရုပ်ပွားတော်အကြီးပုံ
(အဘယမုဒြာ၊ သမ္ဗိဓမုဒြာ)



သီတဂူဆရာတော်ဘုရားကြီး အရှင်ဉာဏိဿရ (သဲကုန်း) မှ
ပုံစံတူ လှူထားသော ရုပ်ပွားတော်




www.burmeseclassic.com

www.burmeseclassic.com



မြေရှင် ဦးလှအုန်း ခြံမြေအတွင်း ပေါ်တော်မူ ပျူ-ကြိုပုံစွရပ်ပွားတော်များ တူးဖော်တွေ့ရှိရာမြေအား ခြံခတ်ထားစဉ်



အောင်တော်မူ ရွှေခွန်တိုင်လိုဏ်စေတီအတွင်း၊ ဆရာတော် ဦးအရိယဝံသမှ ရန်ကုန်မြို့မှလာသော စာရေးဆရာ/ဆရာမများအား ရှင်းပြနေစဉ်

ဒေဝီ စိုးစံခဲ့ဖူးသည်။

သမိုင်း အထောက်အထားအရ တွံ့တေးနယ်မြေတွင် သမိန်ထောပရမ်းမင်းနှင့် တောင်ညာစံ အဂ္ဂမဟေသီ မိဖုရားကြီးတို့ ထီးနန်းစံခဲ့ဖူးသည်။ တွံ့တေးမြို့နယ်တွင် 'တွန်' အမည်ပါ ဗရမ်းမင်းဆက်ဖြစ်သော တွန်ရာဇာကြီး၊ တွန်ရာဇငယ်၊ တွန်ကံထိုက်၊ တွန်ကံကောင်း၊ တွန်ဝိဒူ၊ တွန်ဝိဇ္ဇာ၊ တွန်နသူ စသောမင်းများ စိုးစံခဲ့စဉ် တော်ခရမ်းလေး၊ ဒေးဒနော၊ အင်ဂလို၊ ဆပုဂံနှင့် လက်ခိုက်တို့မှာ ထင်ရှားခဲ့လေသည်။

ဒွတ္တဘောင်မင်းကြီး သုံးဆောင်ခဲ့သော တွတ္တပတ်သီးအပင်မှာ တွံ့တေးရွှေဆံတော်နယ်မြေအနီးမှာသာ ရှင်သန်ပြီး အခြားဒေသမှာ စိုက်ပျိုး၍မရသောအံ့ဖွယ်ထူးခြားမှုလည်း တွေ့ရသည်။ လွန်ခဲ့သော နှစ်ပေါင်း (၁၀၀၀) ကျော်အချိန်ကာလက (က လ သာ ပူ ရ)မြန်မာ့အိုးမြို့ ရာဇဝင်၏ ခြေရာလက်ရာစဉ့်ဖိုများ တွေ့ရှိရသည်။

ဂဝံကျောက်များဖြင့်တည်ခဲ့သော ဘုရားများ၊ အဆောက်အအုံများ ရှိသဖြင့် ပုဂံခေတ်မတိုင်မီ မွန်တိုင်းရင်းသားတို့၏ဂဝံယဉ်ကျေးမှု ထွန်းကားခဲ့သည်။ ပုဂံခေတ်ထက်စောစွာ အနော်ရထာမင်းပြုပြင်တည်ခဲ့သော ကံဘဲ့ကျေးရွာရှိမောင်းတီးစေတီသည် အုတ်ခွက်လက်ရာများက သက်သေခံပေသည်။ စောလူးမင်းက မျက်၍ ကျွန်စစ်သားအား ဒလ (တွံ့တေး) သို့ အပို့ခံရသည်။ ရာဇသကြံန်အမတ်လည်း မင်းမျက်၍ ဒလပို့ခံရသည်။ အင်းဝနှင့် ဟံသာဝတီ (သို့) မင်းခေါင်နှင့် ရာဇာဓိရာဇ်တို့၏ နှစ်ပေါင်း (၄၀) ကြာ စစ်တလင်း ဖြစ်ခဲ့ဖူး၏။

ထိုမြေတွင် မြန်မာသူရဲကောင်း၊ မွန်သူရဲကောင်းများဖြစ်ကြသော မင်းခေါင်းမင်းရဲကျော်စွာ၊ မင်းရဲသီဟသူ၊ ရာဇသကြံန်၊ ဟံသာဝတီဘုရင် ရာဇာဓိရာဇ်နှင့် သားတော်များ၊ သမိန်ဗရမ်း၊ သဂွန်းအိမ်၊ ဉပါကောင်း၊ အဲမွန်ဓယာ စသည့် သူရဲကောင်းများစွာ ဘဝနိဂုံးချုပ်ခဲ့ကြရသည်။

ယခု တွံ့တေးမြို့သည် ရှေးတုန်းကလို မဟုတ်တော့။ လေ့ သမ္ဗန်နှင့် ကျော်ဖြတ်စရာ မလိုတော့။ ခေတ်မီတိုးတက်လာပြီ။ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များနှင့်ခရီးပေါက်နေပြီ။

တွံ့တေးမြို့မှ ပြသတိုက်ကျေးရွာအုပ်စု တံခွန်တိုင်ရွာသို့ ဆရာဦးသူရဇော် လမ်းညွှန်ပို့ဆောင်သဖြင့် ရောက်ရှိခဲ့သည်။ ရွာသို့အဝင် မြေလမ်းရိုးတွင် ရှေးဟောင်းမြို့ရိုးအုတ်ကွက်များ ပေါ်နေတာ တွေ့ရသည်။ စာရေးသူတို့အား တွံ့တေး ပဏ္ဍိတာရာမ ကျောင်းတိုက် ဆရာတော် ဦးအရိယဝံသမှ လာကြိုပြီး လမ်းခရီး သိလိုသမျှတွေကို ရှင်းပြပါသည်။ လမ်းတွင် ကျေးရွာသုံး သောက်ရေကန်၊ အိမ်သာတို့ကို ဂျပန်နိုင်ငံ ပရဟိတအဖွဲ့မှ လှူဒါန်းသွားတာ တွေ့ခဲ့ရသည်။

ကျယ်ဝန်းသော ကျောင်းမြေအတွင်းဝယ် ရှေးပျူလူမျိုးတို့၏ အနုလက်ရာပုံစံ ပုထိုးစေတီကို လှမ်းမြင်ဖူးတွေ့ရလေသည်။ (မြန်မာ့မှုပညာရှင်) တမ္ဗဝတီ ဦးဝင်းမောင်မှ ပုထိုးတော်ကြီးကို သံကူကွန်ကရစ်ဖြင့် အခိုင်အမာ တည်ဆောက်ရန် အကြံပြုချက်အရ အဆောက်အအုံ အင်ဂျင်နီယာဒီဇိုင်းများကို ဦးသန်းမြင့် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း)မှ ပုံစံထုတ်လုပ်ပေးပြီး ပုထိုးတော် ဆောက်လုပ်ရန်အတွက်မြေစမ်းသပ်မှုကို ဦးညွန့်ဦး (UNO Consultant Geotechnical Engineering Group) က ပြုလုပ်ပေးခဲ့သည်။ နယ်ခံပန်းရန်ဆရာများမှ တာဝန်ယူ တည်ဆောက်ခဲ့ပြီး အင်ဂျင်နီယာဒီဇိုင်းအတိုင်း စနစ်တကျရှိစေရန် အင်ဂျင်နီယာ ဦးလှကြိုင်နှင့်အဖွဲ့က အခါအားလျော်စွာ လာရောက် ကြီးကြပ်ပေးခဲ့ကြောင်း ဂုပ္တခေတ် ပျူယဉ်ကျေးမှု အနုလက်ရာ အငွေ့အသက်များ ခံစားရစေသည်။

ပုထိုးတော်ကြီး တည်ဆောက်ရာတွင်-

သုံး = ရတနာသုံးပါး
လေး = လေးပါးသစ္စာ
ငါး = အနန္တောအနန္တငါးပါး
ခြောက် = ဂုဏ်တော်ခြောက်ပါး



www.burmeseclassic.com

www.burmeseclassic.com

ခုနှစ် = သူတော်ကောင်းတရား ခုနှစ်ပါး

ကိုး = ဘုရားဂုဏ်တော်ကိုးပါး

စသည့် ဘာသာရေးဆိုင်ရာ အခြေခံကိန်းဂဏန်းများကို ထည့်သွင်းစဉ်းစား ရေးဆွဲခဲ့ကြောင်း သိရသည်။ ပုထိုးတော်ကြီး၏အောက်ဆုံးရင်ပြင်မှာ (၆) မြှောင့် အနားညီ ဆဌဂံပုံ ဖြစ်နေတာ ထူးခြားစွာ တွေ့ရသည်။ ပျူတို့သည် နေထွက်ရာအရပ်ကို အထွတ်အမြတ်ထားလေ့ရှိကြသည်။ ထို့ကြောင့် အရှေ့ဘက်တည့်တည့်တွင် လှေကားတစ်စင်း၊ အနောက်မြောက်နှင့် အနောက်တောင်ထောင့်တို့တွင် လှေကားတစ်စင်းစီ ရှိကြသည်။ ရင်ပြင်အစွန်းတွင် တစ်ပေခန့် မြင့်သော လက်ရုံးငယ်ကာရံထားသည်။ ဘုရားရင်ပြင်တော်မှာ (၃) ပေ မြင့်ပြီး လက်ရုံးထိပ်အထိ (၄) ပေခန့်သာ မြင့်သည်။ လှေကားမရှိသောရင်ပြင်၌ ကျန်လှေကားသုံးမျက်နှာနှင့် လိုက်လျောညီထွေစေရန် ခိုနန်းအတွန့်များပါရှိသည်။ ထောင့်စွန်း (၆) ခုတွင် မြေပြင်မှ (၁၀) ပေစီမြင့်သော စေတီတော် (၆) ဆူအား ထီးသုံးဆင့်နှင့် ပူဇော်ထားလေသည်။

ဝင်ပေါက်၊ ပြတင်းပေါက်တို့တွင် မုခ်ခုံး နှစ်ဆင့်ပါသော ပျူ-ဂုပ္တခေတ်ဟန် မုခ်ပန်းအကြွများ အလှဆင်ထားပါသည်။ ရှေ့မှ ဦးဆောင်ခေါ်လာသော ပဏ္ဍိတာရာမကျောင်းတိုက် ဆရာတော် ဦးအရိယဝံသ၏နောက်မှ လိုက်ပါလာရင်း ပုထိုးတော်လိုဏ်အတွင်းသို့ ဝင်ရောက်ရှိသောအခါမှာ မည်သို့မျှမျှော်လင့်မထားသော ရှေးဟောင်းပျူတို့၏ ခေတ်ကာလဆီက ပူဇော်ခဲ့သည့် ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြင်တွေ့ရသောအခါမှာ အရှေ့ဘက်ဝင်ပေါက်တွင် တစ်ဆူ၊ အနောက်တောင်နှင့် အနောက်မြောက်ဝင်ပေါက်တွင် တစ်ဆူစီ ပူဇော်ထားလေသည်။ ဖူးမြော်ရင်းကနေ စာရေးသူ၏ မနောဓာတ်သက်တို့သည် ရှေးပျူတို့၏ အငွေ့အသက်များ တိုးဝေ့ဝင်လာသကဲ့သို့ ကြက်သီးမွေးညင်းများထလာခြင်း၊ ဝမ်းနည်းဝမ်းသာပမာ ခံစားရင်း ကြည်ညိုရှိခိုး ဦးချနေမိတော့သည်။

ပေါ်တော်မူ ရုပ်ပွားတော်များဟု ဆိုပါသည်။ တံခွန်တိုင်ရွာ၏အရှေ့ဖျားရှိ ဦးလှအုန်း ဆိုသူ အသက် (၇၀) အရွယ်သည် နေအိမ်ရှေ့ တံစက်မြိတ်အောက် အတက်,အဆင်းပြုလုပ်သည့် နေရာမှ ထောက်တိုင်များ ဆွေးမြည့်နေပြီဖြစ်၍ ထောက်တိုင်လဲလှယ်ရန် မြေကျင်းတူးစဉ် ဗုဒ္ဓရုပ်ပွားတော်၏ လက်တော်တစ်ပိုင်းတစ်စ တွေ့ရ၏။ တွေ့စက ဘာမှန်းမသိ၍ ထိတ်ထိတ်ပျာပျာ ဖြစ်ခဲ့ရသည်။ ချိုတုံချတုံ ပြန်မြှုပ်ရကောင်းမလား စဉ်းစားနေစဉ် အိမ်နီးချင်းနှစ်ဦး၊ သုံးဦး ရောက်လာကြသည်။ ဆက်လက်တူးဖော်ရန် ဝိုင်းဝန်းပြောဆိုကြပြီး ဝိုင်းကူတူးကြသည်။ တစ်နေ့လုံး အပူဒဏ်ကြောင့် မြေသားများ ကျစ်လျစ်မာကျောနေသဖြင့် ရေဖြင့် ပက်ဖျန်းကာ နူးအောင်ပြုလုပ်၍ တူးဖော်ကြရသည်။

ပထမဦးစွာ တစ်ပေကျော်ခန့် ဆက်တူးဖော်ကြရာ ဗုဒ္ဓရုပ်ပွားတော် (၃) ဆူမှာ ငယ်စဉ်ကြီးလိုက် ထပ်လျက် တူးဖော်တွေ့ရှိခဲ့သည်။ အချိန်ကာလကား ၂၀၀၅ ခုနှစ်၊ မေလ (၁၅) ရက် တနင်္ဂနွေ (မြန်မာနှစ် ၁၃၆၇ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်နေ့)၊ နံနက် (၉) နာရီ (၁၅) မိနစ်အချိန်တွင် ဖြစ်သည်။

ထိုသတင်းကြား၍ ရွာနီးချုပ်စပ်သာမဏ္ဍာ အဝေးဒေသများကပါ လာရောက်ဖူးကြသည်။ မေးမြန်းစုံစမ်းကြ၍ ဦးလှအုန်း စိုက်ညစ်ကာ ရုပ်ပွားတော်များအား မြေကြီးထဲ ပြန်မြှုပ်ပစ်ရန်အထိ စိတ်ကူးဖြစ်ပေါ်ခဲ့သည်အထိပင်။ ထို့နောက် တံခွန်တိုင်ကျေးရွာဘုန်းတော်ကြီးကျောင်း ဩဝါဒါစရိယ ဆရာတော် ဦးဝိမလ၊ ခလုပ်ကျေးရွာဘုန်းတော်ကြီးကျောင်းဆရာတော် ဦးဇောတိက၊ ပြသတိုက်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဆရာတော် ဦးဥက္ကံသ၊ တွံတေးမြို့ပဏ္ဍိတာရာမကျောင်းဆရာတော် ဦးအရိယဝံသဆရာတော်၏ဩဝါဒဖြင့် အများပြည်သူတို့ ကြည်ညိုဖူးမြော်နိုင်ရန် ဦးလှအုန်း၏နေအိမ်ဝိုင်းအတွင်းမှာ ယာယီမဏ္ဍပ်ထိုး အပူဇော်ခံ ထားရှိခဲ့သည်။

ထိုရုပ်ပွားတော်၏ သတင်းကို ၂၀၀၅ ခုနှစ်၊ ဇွန်လထုတ် ကြေးမုံသတင်းစာ၊ Today News ဂျာနယ်၊ နေလဂမ္ဘီရဂျာနယ်၊ မြို့တော်သတင်း၊ မြတ်မင်္ဂလာ စာစောင်တို့မှာ သတင်းတိုအဖြစ် ပါရှိခဲ့ပြီး ဖြစ်သည်။

ဖေါ်တော်မူရုပ်ပွားတော်များမှာ အကြီးကိုယ်တော်မှာ (၂၅) လက်မ၊ အလတ်ကိုယ်တော်မှာ (၁၆.၅) လက်မ၊ အငယ်ကိုယ်တော်မှာ (၁၃.၅) လက်မ ဉာဏ်တော် ရှိကြပေသည်။ ကိုယ်နေဟန်၊ လက်ဟန်၊ မျက်နှာတော်ဟန်များမှာ ဘယ်ဘက်လက်အား မြှောက်ချီပြီး သင်္ကန်းစကို ပိပိရိရိ ဆုပ်ကိုင်ထားဟန် စီဝရဟတ္ထမုဒြာ၊ ကိုယ်တော်အကြီးနှင့်အလတ်ရုပ်ပွားတော်၏ လက်အနေအထားမှာ ညာလက်တော်အား အထက်သို့ ပင့်ထောင်ထားဟန် အဘယမုဒြာ၊ သန္တြိဒမုဒြာ ဟူ၍ လည်းကောင်း မှတ်ယူနိုင်ပေသည်။ လက်တော်ကို ဖူးမြင်ရသူတို့ဘက်သို့ (ရှေ့သို့) လှန်ပြကာ လက်ချောင်းတော်များကို အပေါ်သို့ထောင်ထားခြင်းအဓိပ္ပာယ်မှာ-

ဘေးအန္တရာယ် ကင်းဝေးစေရန် ကာကွယ်ပေးသည့် ငြိမ်းချမ်းသာယာမှုကိုပေးဟန် ဖြစ်သည်။ ဝီရိယပါရမီ၊ ခန္တီပါရမီ၊ ဥပေက္ခာပါရမီ၊ မေတ္တာပါရမီ စခန်းများကိုရည်ညွှန်းထားသည်ဟု ဆိုပါသည်။ တစ်နည်းအားဖြင့်ဆိုပါလျှင် လောကဓံတရားများ ရင်ဆိုင်ကြုံတွေ့နေကြရသူများအား မတုန်လှုပ်ခြင်း၊ သောကတင်းခြင်း၊ ကိလေသာကင်းဝေးခြင်း၊ ဘေးရန်ကင်းခြင်း ဟူသော မင်္ဂလာအပေါင်းနှင့် ပြည့်စုံစေ၍ သရုပ်ပြထားခြင်းဖြစ်သည်ဟု ဆိုပါသည်။

ထိုအဘယမုဒြာပါရှိသော ရုပ်ပွားဆင်းတုတော်များအား ပူဇော်ကိုးကွယ်သူတို့အား မိစ္ဆာဒေဝါလောကသားများ၏နှောင့်ယှက်မှုမှ ကင်းဝေးခြင်း၊ ရန်သူ, စစ်သည်, သူပုန်, ဓားပြတို့၏ဘေးရန်မှ ကင်းဝေးခြင်း၊ ရဲရင့်တက်ကြွခြင်း၊ သူရသတ္တိနှင့်ပြည့်စုံစေခြင်း၊ စိတ်အားငယ်ခြင်း, စိတ်ဓာတ်ကျဆင်းခြင်းတို့မှလွတ်ငြိမ်းပြေပျောက်စေသည့်အကျိုးထူးများကို ရစေနိုင်ပေသည်။

သန္တြိဒမုဒြာ ပါရှိသော ရုပ်ပွားတော်အား ပူဇော်ကိုးကွယ်ပါက ဘေးရန်ကင်းဝေးခြင်း၊ ငြိမ်းချမ်းသာယာစေခြင်း၊ စည်းစိမ်ကျက်သရေတိုးပွားခြင်း၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်း၊ တရားထူး တရားမြတ် ရရှိခြင်း၊ သိဒ္ဓိပေါက်ခြင်း၊ ဆုတောင်းပြည့်ခြင်းအကျိုးထူးများ ရနိုင်သည်ဟု ဆိုပါသည်။

ရုပ်ပွားတော်အငယ်၏လက်ယာဘက်မုဒြာသည် ဝရဒမုဒြာ (ဝရမုဒြာ) လက်တော်ကို အောက်သို့ချထားကာ လက်ဖဝါးတော်ကို အပြင်ဘက်သို့လှည့်၍ လက်ကိုဖြန့်ချထားဟန် ဖြစ်သည်။ ပုဗ္ဗေစ ကတပုညာတာမင်္ဂလာ၊ ဒါနမင်္ဂလာ၊ ဉာတကာနဉ္စမင်္ဂလာ၊ ပုတ္တဒါရဿ သင်္ဂဟမင်္ဂလာများကို သရုပ်ဆောင်ကာ ကရုဏာရသ၊ ဟဿရသတို့ကို ပေါ်လွင်စေပြီး ဒါနပါရမီ၊ မေတ္တာပါရမီစခန်းများကို ရည်ညွှန်းထားသည်ဟု ဆိုသည်။

ဝရဒမုဒြာ ရုပ်ပွားတော်အား ပူ



www.burmeseclassic.com

www.burmeseclassic.com

ဇော် ကိုးကွယ်ခြင်း အကျိုးကျေးဇူးမှာ ကောင်းခြင်းမင်္ဂလာဆုလာဘ်များကိုရရှိစေခြင်း၊ ဆုတောင်းပြည့်ဝခြင်း၊ မိမိအလိုဆန္ဒအတိုင်း ကိစ္စပြီးမြောက်ခြင်း၊ သားဆုပန်လျှင် ဆုတောင်းပြည့်ခြင်း၊ သစ္စာအဓိဋ္ဌာန်ပြုရာ၌ ထိရောက်ခြင်း၊ မာတ်သက်ဝင်၍ မာတ်စီးခြင်း၊ ရာထူးဌာနန္တရ တိုးတက်စေခြင်း၊ စည်းစိမ်ဥစ္စာတိုးပွားခြင်း၊ ကုန်ရောင်းကုန်ဝယ်မြတ်စွန်းခြင်း၊ တစားရာ၌ အောင်နိုင်ခြင်း၊ စစ်ချီတက်ရာကိစ္စများတွင် အောင်နိုင်ခြင်း၊ ပူဇော်သက္ကာရ ပေါများခြင်း၊ လက်ဆောင်ပဏ္ဏာပေါများစွာရရှိခြင်း၊ ခြွေရံသင်းပင်းပေါများကြွယ်ဝခြင်း စသော အကျိုးထူးများ ရရှိစေကြောင်း ဆရာကြီး ဦးစဝ်ထွန်းမှတ်ဝင်း၏စာအုပ်တွင် ဖတ်ရှုရပါသည်။

ရုပ်ပွားတော်များ၏ သက်နိုး၏ ဟန်မှာ မြတ်ဗုဒ္ဓ၏မဟာပုရိသလက္ခဏာပေါ်လွင်အောင် ပါးပါးလွှာလွှာ လွှမ်းခြုံထားပြီး အနားတွန့်ကလေးများက ပီပီသသ ကျကျနန ရှိလှသည်။ ဘယ်ဒူး၊ ညာဒူးတိုင်းမှာ 'ဝ' အက္ခရာဆန်ဆန် အက္ခရာတစ်လုံးစီ ပူဇော်ရေးထွင်းထားသည်မှာ ဝိသေသဖြစ်ပြီး ညာခြေဖဝါးတော်က ကြွလှမ်းမည့်ဟန် ပူဇော်ထားသည်။

ဦးခေါင်းတော်ကို ဥဒေါင်းမြီးစည်းသကဲ့သို့ လက်ယာရစ်လည်သော ဆံတော်ဆိုသည့်ကျမ်းနှင့်ညီအောင် ဆံတော်လုံးလေးများဖြင့် ပူဇော်ထားပါသည်။ ပျပ်ပျပ်ဝပ်ဝပ်ရှိပေသည်။ ရှေးဦးရုပ်ပွားတော်များ၏ ဆံတော်ဟန်သည် ဤပုံအတိုင်းများ၏ဟု ပညာရှင်များက ဆိုပါသည်။

နားရွက်တော်က လည်ကုပ်သို့ မထောက်၊ နားပေါက်ပေါင်းလောင်းဖြင့် ပူဇော်ထားသည်။ ထူးခြားလှပေသည်။ မေးအောက် လည်ပင်းတော်မှာ အရစ်များပါသောအနေအထား၊ လက်ချောင်းတော်များမှာ အတို၊ အရှည်ပြု၍သွန်းထားသောရုပ်ပွားတော် ဖြစ်ခြင်းကြောင့် သုတေသီပညာရှင်များက အေဒီ ၂ ရာစုနှင့် ၆ ရာစုကြားဟု ခန့်မှန်းခဲ့သည်။

ကိုယ်တော်အလတ် ရုပ်ပွားတော်၏ရင်ဘတ်နှင့် ဝမ်းဗိုက်တွင် စဉ့်ရည်လောင်းထားပါသည်။ ပျူခေတ် မြန်မာနိုင်ငံသားတို့က ပေါ်တော်မူရုပ်ပွားတော် သုံးဆူအား ပဉ္စလောဟာကဲ့သို့ ကြေးသတ္တုစပ်နှင့် အမာထည်သွန်းပြီး အပေါ်တွင် ကျောက်စိမ်းရောင် စဉ့်ရည်သပ်သွန်း၍ သက်တမ်းရှည်စွာ ပူဇော်ခဲ့ခြင်း ဖြစ်ပေမည်။ လွန်ခဲ့သောနှစ်ပေါင်း (၁၃၀၀) ခန့်ကလက်ရာဟု သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက ဆိုပါသည်။ ရှေးဟောင်း သုတေသန ဦးစိုးဌာနကလည်း ပျူခေတ်ဦးလက်ရာဟု ဆိုသည်။

ရုပ်ပွားတော်သုံးဆူစလုံးမှာ ရုပ်တော်မူရုပ်ပွားတော်များ ဖြစ်နေခြင်း၊ နောက်စေ့တွင် ချိတ်တစ်ခုနှင့် ခြေဖဝါးတော်အောက်တွင် ငုတ်ထစ်ခုစီ ရှိနေသည်။ အိမ်တွင်ကိုးကွယ်သော ရုပ်ပွားတော် မဖြစ်နိုင်ပေ။ ရှေးက ပင်လယ်ရေကြောင်းသွား လှေကြီး၊ တုံကင်း၊ သင်္ဘောများရှိ လင်းယဉ်တိုင်၌ကပ်ကာ ပူဇော်သည့် ရုပ်ပွားတော်များ ဖြစ်ပေမည်။ ရုပ်ပွားတော်များ၏ကျောပြင်မှာ ခုံးမနေဘဲ အပြားဖြစ်လို့နေသည့်သာဓကဖြစ်ခြင်းကြောင့် (Mobile Image) ရွှေ့လျားရုပ်ပွားတော် ဖြစ်နိုင်သည်။ ရှေးကနှစ်ပေါင်းများစွာ ပင်လယ်ရေပတ်လည်ဝိုင်းသောဒေသဖြစ်၍ သင်္ဘောများ, လှေကြီး, လှေငယ်များ ဝင်ထွက်သွားလာရာဆိပ်ကမ်းမြို့ဖြစ်ခဲ့ခြင်း၊ တွံတေးဒေသမှ ထွက်ရှိသော စဉ့်အိုးကြီးများအား သထုံ, မုတ္တမသို့ တင်ပို့ရာဒေသလည်းဖြစ်ရာ မုတ္တမမှတစ်ဆင့် ပင်လယ်ရေကြောင်းခရီးဖြင့် နိုင်ငံရပ်ခြားအထိ မုတ္တမအိုးသည် ထင်ရှားခဲ့ပါသည်။

၁၈-၅-၂၀၀၅ နေ့တွင် ဘုရားအနေကဇာတင်လှူခဲ့၏။ ၂၇-၇-၂၀၀၅ မှာ ဒေသတွင်း လှည့်လည်ပူဇော်ခွင့်ရသည်။ ၂၁-၈-၂၀၀၅ မှာ စေတီတော်တည်ရန် ပန္နက်တင်မင်္ဂလာ ကျင်းပခဲ့သည်။ ၁၅-၁၀-၂၀၀၅ နေ့တွင် အုတ်မြစ်စီမင်္ဂလာကျင်းပ၍ ဗောဓိပင်စိုက်ပျိုးခဲ့သည်။ ၂၅-၄-၂၀၀၉ နေ့တွင် အောင်တော်မူ ရွှေစွန်တိုင်လိုဏ်စေတီတော်ကြီးအား ထီးတော်တင်လှူခဲ့သည်။

သီတဂူ ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော်ဘုရားကြီး အရှင်ညာဏိဿရ (သဲကုန်း) (D.Litt,Ph.D) မှ ပျူခေတ်တြိဗုဒ္ဓရုပ်ပွားတော်သုံးဆူ၏ပုံစံတူ ရုပ်ပွားတော်ကြီးသုံးဆူလှူဒါန်းခဲ့ပြီး တရားတော်များ ဟောကြား ချီးမြှင့်ပေးခဲ့ပါသည်။

ရုပ်ပွားတော်များ ပွင့်ပေါ်ခဲ့ရာမြေပိုင်ရှင် ဦးလှအုန်းသည် အိမ်ခြံဝင်းအား ဝတ္တကမြေအဖြစ် လှူဒါန်းကာ ကိုယ်တိုင်လည်း ရသေ့ဝတ်၍ သာသနာ့အကျိုးဆောင်ရွက်ခဲ့ပါသည်။

ပျူတြိဗုဒ္ဓရုပ်ပွားတော် ပွင့်ပေါ်ထွန်းရာမြေတွင် တွံတေး ပဏ္ဍိတာရာမကျောင်းဆရာတော် ဦးအရိယဝံသသည် ရှေးက မြန်မာတို့၏၊ ပျူလူမျိုးတို့၏ သမိုင်းအထောက်အထားများဖြစ်သည့် ပစ္စည်းများတွေ့ရှိသူတို့က လာအပ်လျှင် လက်ခံထားရှိပြီး ဖညာရှင်များကို ပြသလေ့လာစေပါသည်။ ဆရာတော်ကိုယ်တိုင်လည်း သမိုင်းဘာသာဖြင့် ဘွဲ့ရထားသော ခေတ်ပညာတတ်တစ်ဦးဖြစ်၍ ဆိုဖွယ်ရာမရှိတော့။

စေတီယသာသနာအပြင် ပရိယတ္တိစာပေပို့ချခြင်း သာသနာ့တာဝန်သာမက ခေတ်နှင့်အမီ အသိဉာဏ်ပညာပွင့်စေရန် ကျေးရွာလူငယ်များအတွက် ကျောင်းပညာရေးအတွက် လည်းကောင်း၊ ကျေးရွာပြည်သူများ အသိဉာဏ်ရင့်သန်စေရန် လည်းကောင်း ပညာ့တံခွန်စာကြည့်တိုက် ဖွင့်လှစ်ကာ ဆောင်ရွက်တော်မူပါသည်။

စာရေးသူတို့ မြန်မာ့ရေမြေ၊ မြန်မာ့သမိုင်းတွင် သူ့ရာဇဝင်၊ သူ့အထောက်အထားနှင့် အခိုင်အမာရှိခဲ့ပါသည်။ ဇာတိပုည၊ ဂုဏ်မာနတို့ ဝင့်ပြနိုင်လောက်အောင် ရှေးဟောင်းစေတီ,ရုပ်ပွားတော်များက သက်သေပင်။ ပုဂံခေတ်ထက် ရှေးကျသော သမိုင်းအမွေများ ဖွင့်ဖော်ပြသနိုင်ရန်၊ ဒါ ငါတို့မြန်မာလူမျိုးဟေ့ဟု ဂုဏ်ဝင့်နိုင်ခွင့်ရစေရန် တစ်ခါတစ်ခေါက် တွံတေးမြို့သို့လာခဲ့စေချင်သည်။

နိုင်ငံရပ်ခြား ခရီးသွားများအား နေ့ချင်းပြန်ခရီးလေ့လာလိုလျှင် ပျူ-တြိဗုဒ္ဓသို့ရောက်အောင် သွားသင့်ပေသည်။ ခရီးကြုံအဖြစ်သွားရင် စာကြည့်တိုက်အတွက် စာအုပ်လက်ဆောင်များ ပရဟိတအကျိုးဆောင်ကာ ဒါနပြုနိုင်ပေသည်။

ပျူ-တြိဗုဒ္ဓသို့သွားလိုလျှင် ကုန်းလမ်းခရီးအား မြို့မ-ရေကျော်လမ်းအတိုင်း သွားနိုင်ပါသည်။ ရေလမ်းခရီးဖြင့် သွားလျှင် တွံတေးမှ အုံးပင်ချောင်းအတိုင်းလာပြီး အောင်သစ္စာစေတီအနီးအထိသွား၍ အလယ်စုရွာဖြတ်ကျော်လျှင် တံခွန်တိုင်ရွာသို့ ရောက်ရှိ ဖူးမြော်နိုင်ပါသည်။ ဆရာတော် ဦးအရိယဝံသ (ဖုန်း- ၀၉ ၅၃၉ ၆၅၅၈) သို့လည်း ဆက်သွယ်နိုင်ပေသည်။

မြနန်းရှင်

**မှတ်ချက်**

၁။ တံခွန်တိုင် ပျူ-တြိဗုဒ္ဓစာစောင်

၂။ ဆရာ ဘုန်းတင့်ကျော်၊ ဆရာဦးသူရဇော်၊ ဆရာမောင်သက်ကြူတို့၏ ဆောင်းပါးစာစုများနှင့် စာရေးသူကိုယ်တိုင် လေ့လာတွေ့ရှိချက်များ



www.burmeseclassic.com

www.burmeseclassic.com

# ဘိုးတော်အောင်မင်းခေါင်ကြီး၏ကုသိုလ်တော်

# ဆယ်တောင်ပြည့်စေတီတော်

ရွှေစိုး

အဘ ဘိုးတော် အောင်မင်းခေါင်ကြီး၏ ကုသိုလ်တော်များဝင်မှ အထူးကုသိုလ်တော်တစ်ခု ဖြစ်တော်မူသော သယ်န်းကျွန်းမြို့နယ်အတွင်းရှိ 'ဥက္ကလာဦး' စေတီတော်အကြောင်းကို တစ်ခါက ဖော်ပြခဲ့ဖူးပါပြီ။ ယခုဆောင်းပါးတွင် အဘ ဘိုးတော် အောင်မင်းခေါင်ကြီး၏ ကုသိုလ်တော်များထဲမှ အထူးကုသိုလ်တော်တစ်ဆူဟု ရွှေစိုးက ညွှန်းလိုသော 'ဆယ်တောင်ပြည့်စေတီတော်' တစ်ဆူအကြောင်းကို ရွှေစိုး ကိုယ်သိမီ၊ လေ့လာမိသမျှကို မသိသေးသူများ ကြည့်ညိုရအောင် နိဒါန်းအနေဖြင့် ဖော်ပြပါမည်။

ရွှေစိုး ညွှန်းလိုသော 'ဆယ်တောင်ပြည့်စေတီတော်' သည် သယ်န်းကျွန်းမြို့နယ်က တောင်ရပ်ကွက်တွင်ရှိပါသည်။ ဆယ်တောင်ပြည့်စေတီတော်ကို အကြောင်းပြု၍ ထိုစေတီတော်ရှိရာ အရပ်ကို ရွှေစိုးတို့ငယ်ငယ်က ဆယ်



ဆယ်တောင်ပြည့်စေတီတော်

တောင်ပြည့်ကုန်းဟု 'ပတ်ဝန်းကျင်က ခေါ်ကြပါသည်။ ရွှေစိုး (၅) နှစ်သားအရွယ်ခန့်ကတည်းက ဆယ်တောင်ပြည့်ကုန်းရပ်ကွက်နှင့် မျက်နှာချင်းဆိုင်ရပ်ကွက်တွင် နေလာခဲ့သည်မှာ ယနေ့တိုင်အောင်ဖြစ်ပါသည်။ ယခင်ကတော့ ရွှေစိုးတို့ရပ်ကွက်ကို (၁၆) ရပ်ကွက်၊ တောင်ဥက္ကလာပဟု လိပ်စာပ်သတ်မှတ်ပါသည်။ ယခုတော့ (၁၆) ရပ်ကွက်သည် သယ်န်းကျွန်းမြို့နယ်အတွင်း၌ ထည့်သွင်း သတ်မှတ်ထားပါသည်။

ဆယ်တောင်ပြည့် စေတီတော်အကြောင်းမစမီ ဆယ်တောင်ပြည့်စေတီတော်ကို အကြောင်းပြု၍ ထိုပတ်ဝန်းကျင်က သိကြသည်။ ဆယ်တောင်ပြည့်ကုန်းအကြောင်း၊ ပထဝီအနေအထားနှင့် ပတ်ဝန်းကျင်သဘာဝအမြင်ကို ငယ်စဉ်က မြင်ခဲ့ရဖူးသည့်အတိုင်း မှတ်မိသလောက် ပြန်ပြောပြချင်ပါသည်။ ရွှေစိုးထက် ပို၍မှတ်မိကြသော သက်ကြီးရွယ်ကြီး၊ ဗဟုသုတကြွယ်ပုဂ္ဂိုလ်များလည်း ယနေ့တိုင် ရှိနိုင်ပါမည်။ ရှိပါလိမ့်မည်ဟုလည်း လုံးဝယုံကြည်ပါသည်။ ရွှေစိုး ဖော်ပြသည်တို့




ဆယ်တောင်ပြည့်စေတီတော်မုခ်ဦး



www.burmeseclassic.com

www.burmeseclassic.com



ဆယ်တောင်ပြည့်အာရုံခန်းအတွင်း

မှာ ပြည့်စုံလိမ့်မည် မဟုတ်ပါ။ ကျေးဇူးရှင် အဘ ဘိုးတော် အောင်မင်းခေါင်ကြီး၏ ခေတ်ပညတ်တစ်နေရာ ဖြစ်နေရုံမှမက ကျေးဇူးရှင် ဆရာသခင်တစ်ဆူဖြစ်တော်မူသော မဟာဗောဓိမြိုင်ဆရာတော်အရှင်မြတ်ကြီး လူ့ဘဝက သမထ၊ ဝိပဿနာတရားတော်မြတ်တို့ကို လေ့ကျင့် အားထုတ်တော်မူခဲ့ဖူးရာ၊ ဆရာတော်ကြီး လူ့ဘဝက လူ့ဘောင်ကို ထူထောင်ခဲ့ရာ၊ လူ့ဘောင်လူ့ဘဝကို စွန့်ပစ်ခဲ့ရာတစ်နေရာဖြစ်၍ ရွှေစိုး၏ဘဝတစ်သက်တာမှတ်တမ်းတွင် မှတ်တမ်းတင်အပ်သည့် နေရာထူးတစ်ခုအဖြစ် ရွှေစိုးမြတ်နိုး လေးစားပါသည်။ ထို့ကြောင့် ဆယ်တောင်ပြည့်ကုန်းတော်နှင့် ပတ်သက်၍ ထူးမြတ်သော အမှတ်တရ ဖြစ်ရပ်ဆန်းများကို ကြား၊ မြင်၊ တွေ့မိဖူးသူ၏ အားပေးဖြည့်စွက် ချီးမြှင့်ချက်တို့ကို ရွှေစိုး တမ်းတမ်းတတ မျှော်လင့်နေပါသည်။

ရွှေစိုး ငယ်စဉ်က တွေ့ကြုံခဲ့ရသော ဆယ်တောင်ပြည့်ကုန်းနှင့် ပတ်သက်၍ ပြန်ဆက်ပါမည်။ ဆယ်တောင်ပြည့်ကုန်းမှာ 'ကုန်း' ဟု ဆိုအပ်အောင်တောင်ခန်းကျင်ထက် ပို၍မြင့်သောကုန်းမို့မို့လေး ဖြစ်၏။ ဆယ်တောင်ပြည့်စေတီတော်နှင့် တစ်ဆက်တည်း ဇရပ်အိုတစ်ဆောင်တာ ဆက်လျက်ရှိသည်။


ဆယ်တောင်ပြည့်စေတီတော်၏ အရှေ့မြောက်ထောင့်လောက်တွင် သစ်တိုပင်ကြီးတစ်ပင် ရှိ၏။ လူထွားကြီးသုံး၊ လေးယောက်ဖက်သာသာလောက် ရှိ၏။ အရွက်များဖြင့် စိမ်းလန်းနေ၏။ ရွက်ကြွေရွက်လွင့် ဟူ၍ မရှိသလောက်နည်း၏။ ကုန်းမြင့်လေးတစ်ခုပေါ်တွင် အခြေခံအမြစ်ပြုလျက် ထီးထီးကြီး ပေါက်နေခြင်း ဖြစ်၏။ အပင်ကြီးဟူ၍ ထိုဝန်းကျင်တွင် ထိုတစ်ပင်ကိုသာ ရွှေစိုး သတိပြုမိ၏။ ထိုစဉ်က ထိုနေရာတွင် ယခုအချိန်၌ တွေ့ကြရသော ဗားမဲ့သိဒ္ဓိစေတီမရှိသေး။ သစ်တိုပင်ကြီးအမြစ်စိုက်ရာ ကုန်းလေးမှ စေတီတော်အား ကျောပြု၍ အဝေးသို့မျှော်ကြည့်လိုက်လျှင် ရွှေတိဂုံစေတီတော်မြတ်ကြီးကို နေ့ရောညပါ ဖူးမြင်နိုင်သည်။ ရှေးမီနောက်မီလူကြီးသူမများ၏ စကားအရ ဤအရပ်သည် ပဲခူးရိုးမ၏တောင်ကြောစောင်တန်းတစ်ခုဖြစ်ပြီး သိင်္ဂုတ္တရကုန်းဟု ရှေးတခေါ် သောရွှေတိဂုံစေတီတော်မြတ်ကြီးတည်ရှိတော်မူသည့် ကုန်းတော်မြတ်နှင့်ဆက်နေသည်ဟု သိရ၏။ ယုံကြည်မှုရှိသူတို့ကလည်း ရွှေတိဂုံသိုက်ကြီးနှင့် ဆက်နေသော သိုက်ကုန်းဟု ဆိုကြ၏။ ထိုတစ်ကြောကိုလည်း သိုက်ကြောဟု ဆိုကြ၏။

ရွှေစိုး ကိုးနှစ်၊ ဆယ်နှစ်သားအရွယ်လောက် ထိုတစ်ကြောရှိ စေတီတော်များဖြစ်ကြသည့် သာသနာ့အလင်းရောင် ဘုရားတန်ဆောင်းတော်၊ သူတော်စင်ဗိမာန်ခေါ် အဘခေါင်ကြီး၏ ခေတ်ခန်း၊ ဥက္ကလာဦးစေတီတော်ရင်ပြင်တော်၊ အဘဦးအောင်ချမ်းသာ၏ ကုသိုလ်တော် ဆယ့်တစ်တောင်ပြည့်စေတီတော် ရင်ပြင်တော်နှင့် တန်ဆောင်း၊ အဘအောင်မင်းခေါင်ကြီး၏ ကုသိုလ်တော် ဆယ်တောင်ပြည့်စေတီတော်ရင်ပြင်တော်နှင့်တန်ဆောင်း၊ ရွှေနားပန်စေတီတော်ကြီး ရင်ပြင်တော်စသည့်နေရာတော်ထူးတို့တွင် အဖေနှင့်လိုက်၍ သန့်ရှင်းရေးလုပ်ခြင်း၊ ဘုရားဝတ်ပြုခြင်းများကို မကြာခဏ ပြုလုပ်ခဲ့ဖူး၏။ ပုတီးစိပ်ရကောင်းမှန်းသိတတ်လာသောအရွယ်တွင် ထိုနေရာတော်မြတ်တို့၌ ဓမ္မမိတ်ဆွေအချို့နှင့်လိုက်၍ ပုတီးစိပ်ခဲ့ဖူး၏။ အဓိဋ္ဌာန်ဖြင့် ပုတီးစိပ်




www.burmeseclassic.com

www.burmeseclassic.com



ဆယ်တောင်ပြည့်စေတီ
ရှင်သီဝလိရုပ်ပွားတော်



ဆယ်တောင်ပြည့်စေတီမှ
ရှင်ဥပဂုတ္တရုပ်ပွားတော်



ဆယ်တောင်ပြည့်စေတီတော်
အာရုံခံတန်ဆောင်းအတွင်းမှ အဘ

ရကောင်းမှန်းသိလာသောအခါတွင် ထိုနေရာထူးနေရာမြတ်တို့သည် ရွှေစိုးအတွက် အဓိဋ္ဌာန်စခန်း၊ ဂန္ဓာရီစခန်းများ ဖြစ်လာ၏။ ထိုစဉ်ကထိုနေရာတို့တွင် ဝါးရုံတောကြီးများဖြင့်အုပ်ဆိုင်းနေ၏။ ရေမပြတ်စီးဆင်းနေသော တောရစမ်းချောင်းလေးတစ်ခုလည်းရှိခဲ့ဖူး၏။

ရွှေစိုးသည် အဘဘိုးတော်အောင်ကြီးကို ထိုသာသနာ့အလင်းရောင်ကျောင်းတော်တွင် စတင်သိရှိပြီး အဘအား ကြည်ညိုကာ ထိုဓာတ်ခန်းမှာပင် တပည့်ခံခဲ့၏။ ထိုစဉ်က အဘထွက်တော်မူသွားပြီ ဖြစ်သော်လည်း အဘခေါင်ကိုယ်စားအဖြစ် အဘပွား၊ အဘဦးရွှေအပ်ကြီး၊ အဘဦးဝိမလ၊ အဘဂျိုးဖြူဆရာတော်၊ အောင်ဆုပန်ဆရာတော် ဦးဉာဏိန္ဒ (အင်္ဂါသားဘုန်းကြီး) တို့ကို သက်တော်ထင်ရှားဆရာများအဖြစ် ကြည်ညိုဆည်းကပ်နိုင်သေး၏။

ဆယ်တောင်ပြည့် စေတီတော်နားရှိ သစ်တိုပင်ကြီးတွင် ကုသိုလ်ရှင်မသိရသော ရုက္ခဒေဝနတ်ကွန်းတစ်ခုရှိ၏။ ထိုနတ်ကွန်းနံဘေးတွင် ညလုံးပေါက်အားဖြင့် တစ်ညတာမျှ ရုက္ခမူအဓိဋ္ဌာန် မကြာခဏဝင်ခဲ့ဖူး၏။ ထူးထူးခြားခြား ဘာပညာ ဟူ၍ လက်ဆုပ်လက်ကိုင်မရဘူးသော်လည်း ပါရမီမျိုးစေ့တော့ ရလိမ့်မည်ဟု ယုံကြည်မိ၏။ ထိုသို့သော အဓိဋ္ဌာန်မျိုးဝင်ရာတွင် မိုးရွာသည်နှင့်ကြုံ၍ မိုးရွာထဲတွင် နှစ်နာရီမျှထိုင်၍ ပုတီးစိပ်ရသည်နေ့မျိုးလည်း ကြုံရဖူး၏။ အစတွင် လူသူမရှိသော ည (၉) နာရီ အချိန်မျိုးဖြစ်၍ ကြောက်မိ၏။ နောက်ပိုင်းတော့လည်း အသားတကျဖြစ်ခဲ့၏။ ရွှေစိုး၏ ကျေးဇူးရှင် ဆရာသခင်သည်လည်း ထိုဆယ်တောင်ပြည့်စေတီတော်တွင် အဓိဋ္ဌာန်ဝင်ရင်း ထူးခြားစွာဖြင့် အောင်မြင်မှုတစ်ခု ရခဲ့ဖူးသည်ဟု ကြားဖူး၏။

ဟိုနားကပြို၊သည်နားကပျက်ဖြစ်နေသည့် ဆယ်တောင်ပြည့် သာလာယံတန်ဆောင်းလေးတွင် ရပ်ဝေးမှ ရက်ရှည်အဓိဋ္ဌာန်လာဝင်သည့် လူသူတော်ကြီးများ၊ ရသေ့ကြီးများကိုလည်း တွေ့ဖူး၊ ကြုံဖူး၏။ ဘဝတွင် အမှတ်ရစရာတစ်ခုကိုလည်း ဖော်ပြလို၏။ ဆယ်တောင်ပြည့်စေတီတော်နားက ထိုသစ်တိုပင်ကြီးအောက်တွင် ညဉ့်လုံးပေါက် အဓိဋ္ဌာန်ဝင်နေစဉ် တလျှပ်လျှပ်ခြေသံကြား၍ ကြောက်ကြောက်ဖြင့် မျက်လုံးဖွင့်ကြည့်ရာ အလွန်အိုမင်းပြီး သျှောင်ထုံးသေးသေးလေးကို ဦးခေါင်း၏ဇဟိုတည့်တည့် ငယ်ထိပ်တည့်တည့်လောက်တွင် ထုံးနှောင်ထားသော ဝတ်ဖြူစင်ကြယ်ဝတ် အဘိုးတစ်ဦး တောင်ဝှေးကို တဒေါက်ဒေါက်ထောက်လျက် ရွှေစိုးထိုင်နေသော သစ်တိုပင်ကြီးကို လက်ယာရစ် ပတ်နေသည်ကို တွေ့ရသည်။ တောင်ဝှေးထောက်လိုက်တိုင်း တောင်ဝှေးနှင့် မြေကြီး ထိသည့်နေရာတွင် မီးပွင့်သွားသည်ကိုလည်း တွေ့ရ၏။

ထိုအချိန်က ရွှေစိုးသည် ဝိဇ္ဇာနှင့်တွေ့ချင်နေသူဖြစ်၍ အစတွင် နှလုံးသားပါးစပ်မှ ထွက်သွားမတတ် လန့်သွားမိသော်လည်း ဝိဇ္ဇာလေလောဟူ၍ ကြောက်စိတ်ပျောက်ကာ မေတ္တာသွင်သွင်ပို့မိ၏။ အဓိဋ္ဌာန်ထားသော ပုတီးပတ်ပြည့်သွားသောအခါ ထိုအဘိုးထံသွား၍ မိတ်ဆက်မိ၏။ ထိုအဘိုးက တောင်ဝှေးကို ချိုင်းကြားညှပ်၍ ရွှေစိုးအား ဆယ်တောင်ပြည့်စေတီတော်ရင်ပြင်ပေါ် သို့ခေါ် သွားပြီး လျက်ဆားကျွေးကာ သွားတော့မည်ဆိုပြီး ထွက်သွား၏။ ရွှေနားပန်စေတီတော်ဘက်သို့ထွက်သွား၏။ မှောင်မှောင်မည်းမည်းထဲ ဝင်ရောက်သွားခြင်း ဖြစ်၏။ ရွှေစိုး လိုက်မကြည့်မိ။ လိုက်လည်းမလိုက်ရဲ။ ထိုပြင်ဤပုဂ္ဂိုလ်ကား မည်သို့သောပုဂ္ဂိုလ် ဟူ၍လည်း ယနေ့တိုင်အောင် .မသိပါ။ ပြောမယုံ ကြုံဖူးမှသိကိစ္စမျိုးဖြစ်နေ၍ စွဲလမ်းမှုကြောင့်ဟု ဆိုလိုကလည်း ဆိုနိုင်၏။

အဘဘိုးတော်အောင်မင်းခေါင်ကြီး၏ ကုသိုလ်တော်ဟု အထူးအမြတ်ထား ပူဇော်အပ်သော ထိုဆယ်တောင်ပြည့်စေတီတော်သည် ၁၃၁၉ ခု၊ တပို့တွဲလဆန်း ၁ ရက်၊ တနင်္ဂနွေနေ့တွင် ဘုရားတင်ရန် ပန္နက်တင်မင်္ဂလာကို စတင်ခဲ့ပြီး ၁၃၁၉ ခု၊ တပို့တွဲလဆန်း ၁၀ ရက်၊ အင်္ဂါနေ့တွင် ထီးတော်တင်ပြီး အပြီးအစီး အောင်မြင်သဖြင့် (၁၀) ရက်နှင့်အပြီး တည်ထားကိုးကွယ်တော်မူသော ရန်ပြေရန်အေး (၁၀) တောင်ပြည့်စေတီတော်ဟု ဘွဲ့တော်အားဖြင့် ခေါ်ဝေါ်ကြ၏။

အချို့လူကြီးသူမများနှင့် လောကီပညာ၊ ဂမ္ဘီရပညာလေ့လာလိုက်စားသူများကလည်း သိုက်၊ တဘောင်အမြင်၊ အတွေးများဖြင့် အမိပ္ပာယ်ကောက်ယူကြသည်များလည်းရှိ၏။

ရွှေတိဂုံသိုက်တော်တွင် ပါသော



www.burmeseclassic.com

www.burmeseclassic.com

အဆိုအမိန့်မှာ '*ကောဇာ ၈ ခု၊ ဗိုလ်လူစု၊ ၉ ခုမှာမူ အိုးလိုပူ၊ ၁၀ ခုမှာကား လူမ ဘာရားတို့ တုတ်စာ၊ဓားစာဖြစ်လိမ့်မည်*' ဟု ဆိုထား၏။ သိုက်တော်ထွက်ဆိုစကားအတိုင်းပင် ကောဇာ ၈ ခု၊ ၉ ခု၊ ၁၀ ခုကာလတွင် မြန်မာနိုင်ငံတော်သည် အမျိုးမျိုးသော ပုန်ကန်မှုကြီးများဖြစ်ပေါ် လျက်ရှိနေချိန် ဖြစ်၏။ တစ်ပြည်လုံးရှိ ပြည်သူပြည်သားများမှာလည်း ရင်တထိတ်ထိတ်ဖြင့် ကံကြမ္မာကို မှန်းဆ၍မရဲအောင်ပင် ဖြစ်နေကြရ၏။ တစ်နိုင်ငံလုံးမှာလည်း တိုင်းရင်းသားတို့ အစည်းပြေကာ သူတစ်မျိုးငါတစ်မျိုး ဆူပူလှုပ်ရှားနေကြလေသည်။ အစိုးရတလည်း သူ့အရေးကိုယ့်အရေးတွေးပြီး အပြတ်ရင်ဆိုင်ချေမှုန်းလိမ့်မည် ဖြစ်၏။ မိမိတို့နေအိမ်တွင်၊ ရပ်ကွက်တွင် တုတ်၊ ဓား တပြင်ပြင်ဖြစ်နေကြသလို နယ်ဘက်၊ ရွာဘက်မှ အချို့နေရာများတွင်လည်း ဆူပူသူတို့နှင့် အစိုးရဘက်မှ တပ်မတော်သားတို့ ရင်ဆိုင်တွေ့ကာ သေနတ်သံများတဒိုင်းဒိုင်းဖြစ်နေ၏။

မြန်မာနိုင်ငံတော်သည် ဇမ္ဗူဒိပါလက်ယာတောင်ကျွန်း ဩဘာနိမိတ်တော်ထွန်းသည့်နိုင်ငံဖြစ်သည်နှင့်အညီ 'တပ်ဆေးတော့မည်' ဟူသော စကားတလည်း လူတိုင်းနီးပါးပြောနေကြ၏။ ထိုအခါ အဘဘိုးတော်အောင်မင်းခေါင်ကြီးသည် မြန်မာနိုင်ငံ၏နေပြည်တော်ဖြစ်သော ရန်ကုန်မြို့တော်ရှိ သမိုင်းဝင် ဥက္ကလာပမြို့တော်အရပ် ရွှေတိဂုံစေတီတော်သိုက်ကြောကြီးပေါ်တွင် သတ္တဝါအပေါင်းကို ကယ်တော်မူသောအားဖြင့် ဤဆယ်တောင်ပြည့်စေတီတော်ကြီးကို တည်ထားရန် အဘရသေ့ကြီး ဦးစံပကို ခေါ်၍ ဓာတ်ဆင်ထားသည့်အနေဖြင့် ဆယ်ရက်နှင့်အပြီးတည်ရန် အပ်နှံခဲ့လေသည်။

အဘရသေ့ကြီး ဦးစံပသည်လည်း ဆရာရှင် အဘဘိုးတော်အောင်မင်းခေါင်ကြီးက ယုံကြည်စွာ အပ်နှံတော်မူသည့်အတိုင်း လိုက်နာ ဆောင်ရွက်တော်မူခဲ့သဖြင့် ဥက္ကလာပမြို့ပေါင်းမှ ဆယ်တောင်ပြည့်စေတီတော်ကို ဆယ်ရက်နှင့်အပြီး အောင်မြင်စွာ တည်ထားခဲ့လေသည်။ ဘုရားတည်ရသူ ရသေ့ကြီး၏ဘွဲ့တော်မှာ ဦးစံပဖြစ်သော်လည်း အဘဘိုးတော် အောင်မင်းခေါင်ကြီးက အာဏာတော်အပ်နှင်းပေးပြီး ထိုဆယ်တောင်ပြည့်စေတီတော်ကို တည်စေသည့်အချိန်မှစ၍ အဘရသေ့ကြီး ဦးစံပ၏အမည်သည် အဘဦးရွှေအပ်ကြီးဟူ၍ ထွက်ရပ်စခန်းမြန်းသည့်တိုင်အောင် တွင်လေတော့သည်ဟု ကြားဖူး၏။ ထိုဆယ်တောင်ပြည့်စေတီတော်မှာ အရှယ်ပမာဏအားဖြင့် ငယ်ပါသော်လည်း ဆံတော်ဓာတ်နှင့် ဓမ္မပရိယတ်ဓာတ်တို့အား ဌာပနာထားသောကြောင့် ဓာတုစေတီ၊ ဓမ္မစေတီတော်မြတ် ဖြစ်ပေသည်။

**စေတီပုံတော်နှင့်ဘွဲ့တော်ထူး**

ဘိုးတော် အောင်မင်းခေါင်ကြီးက 'လေးကျွန်းတစ်မြင်းမိုရ်' ဟူသည့် အောင်နိမိတ်ဓာတ်ကိုဆင်သည့်အနေဖြင့် စေတီတော်ကို လေးထောင့် စတုရန်းပုံ ပစ္စယံငါးဆင့်ကို ဖန်တီးပြီး အပေါ်ဆုံး၌ စေတီတော်တည်ထားလေသည်။ ပစ္စယံအဆင့်တိုင်း၌ လေးမျက်နှာရှိပြီး တစ်မျက်နှာလျှင် လိုဏ်မုခ်နှင့် ရုပ်ပွားတော်တစ်ဆူစီ ပူဇော်ထား၏။ အောက်ဆုံး ပန်းတင်ခုံတွင် ဂြိုဟ်ပြေ၊ နံ့ပြေဘုရားများကို ဂြိုဟ်တိုင်များနှင့်တကွ ပူဇော်ထား၏။


ထိုဆယ်တောင်ပြည့်စေတီတော်ကို တပို့တွဲလဆန်း ၁ ရက်တွင် စတင်ပန္နက်တင်ခဲ့ပြီး တပို့တွဲလဆန်း ၁၀ ရက်နေ့တွင် ပြီးစီး အောင်မြင်ကာ လဆန်း ၁၁ ရက်နေ့တွင် ထီးတော်တင် ဘွဲ့တော်ပူဇော်ကပ်လှူသည့် ဗုဒ္ဓါဘိသေကမင်္ဂလာ အနေကဇာတင်ပွဲတော်ကြီးကို လူသူပရိသတ်စုံလင်စွာဖြင့် အောင်မြင်စွာ ကျင်းပခဲ့၏။ ထိုဆယ်တောင်ပြည့်စေတီတော်၏ ဘွဲ့တော်အပြည့်အစုံမှာ 'ပေါ်တော်မူ ရန်ပြေရန်အေး ဆယ်တောင်ပြည့်စေတီတော်' ဟူ၍ ဖြစ်၏။

**ထူးခြားတန်ခိုးအမျိုးမျိုး**


*'ဘုရားလေးငယ်ငယ်*  
*ဆယ်တောင်ပြည့်တည်*  
*ငယ်သာငယ်*  
*ကြီးကျယ်တဲ့တန်ခိုး*  
*လူမျိုးစုံ ခြေတော်ဦးမှာ*  
*ဦးချရှိခိုး'*

ရွှေစိုး ငယ်ငယ် ထိုဆယ်တောင်ပြည့်စေတီတော်ကို ဦးထိပ်ထား ရည်စူးကာ အဘိုး၊ အဘွားတို့နှုတ်မှရွတ်လေ့ရှိသည့်တဘောင်ဖြစ်၏။ ထိုတဘောင်နှင့်အညီ ထိုဆယ်တောင်ပြည့်စေတီတော်ကား တန်ခိုးကြီးလှပေသည်။

အဘဦးရွှေအပ်ကြီးကနေ ဆယ်တောင်ပြည့်စေတီတော်တည်ရန် ပန္နက်



ဘိုးတော်အောင်မင်းခေါင်၏ သစ္စာချက် ပန္နက်တော်ကျောက်စာ




ဆယ်တောင်ပြည့်စေတီတော်မှ တံခွန်တိုင်



www.burmeseclassic.com

www.burmeseclassic.com



တင် မင်္ဂလာအချိန်စတင်ကတည်းက တန်ခိုးတော်ပြလေသည်။ ပန္နက်တော်တင် မင်္ဂလာအချိန်ခါတွင် နံနက်အရုဏ်လင်းရောင်ခြည်များ ရောင်စုံတောက်ပပြီး စောင်း၊ ညှင်း၊ ပတ်သာ၊ တူရိယာတီးမှုတ်သံတို့သည် အထက်ကောင်းကင်ဝဠာတစ်ခွင်၌ သာယာငြိမ့်ညောင်းစွာ ပျံ့လွင့်လေသည်။ ထိုအသံတို့ကို ပတ်ဝန်းကျင်နေ ဗုဒ္ဓဘာသာဝင်တို့ကြားကြ၍ နံနက်စောစော ပွဲလမ်းရှိသည်အထင်ဖြင့် မသွားရမနေနိုင်အောင်ဖြစ်ကာ ပန္နက်တင်မင်္ဂလာကျင်းပရာနေရာသို့ ရောက်လာကြလေသည်။ ထိုအခါမှ ရောက်လာကြသူတို့သည် ဘုရားတည်ရန် ပန္နက်တင်နေမှန်း သိကြရပြီး ကုသိုလ် ပါဝင်ကြလေသည်။ အဘအောင်မင်းခေါင်ကြီးသည် ပုဂ္ဂိုလ်ထူးကြီးဟု တစ်ပြည်လုံးက သိနေကြသော်လည်း သူဘာလုပ်မည်ကိုကား ထိုကိစ္စနှင့်သက်ဆိုင်နေသူများကိုသာကွက်၍ အသိပေး စီစဉ်တတ်လေ့ရှိ၏။ ထိုသည်မှစ၍ ပဋ္ဌာန်းဆက် ပရိသတ်တို့သည် ဘုရားတည်ရာတွင် ကြိတ်ကြိတ်တိုးမျှ ပါဝင် ပါရမီဖြည့်ကြလေသည်။ အဘဘိုးတော် အောင်မင်းခေါင် ကိုယ်ထင်ပြကာ သစ်တိုပင်ကုန်းကမူပေါ် ကထိုင်၍ ကြည့်နေသည်ကို မြင်ရသူများလည်း ရှိကြသည်ဟု ဆို၏။ အဘဦးရွှေအပ်ကြီး၏တပည့် အမေလှတို့လည်း ကုသိုလ်ပွဲတွင် ပါဝင်ကြသည် ဆို၏။ အမေလှဟူသည်ကား ဘိုးတော်အောင်မင်းခေါင်ကြီးမှစ၍ အဘပွား၊ အဘဦးရွှေအပ်တို့တိုင်အောင်မီပြီး အဘ၏ ဥက္ကလာဦးကုသိုလ်တော်စေတီတော်များကို ဆုံးပါးကွယ်လွန်သွားသည်အထိ ဝေယျာဝစ္စပြုကာ စောင့်ရှောက်ခဲ့သူတစ်ဦး ဖြစ်၏။ ရွှေစိုးကိုလည်း ရွှေစိုးငယ်စဉ်ကတည်းက သားဟုပင် ချစ်စနိုးခေါ်ကာ အဘတို့အကြောင်းများကို ပုံပြောသလို ပြောပြခဲ့ဖူး၏။

စေတီတော် အနေကဇာတင်ပြီး (၃)၊ (၄) ရက်ခန့်အကြာတွင် စေတီမှ ရောင်ခြည်တော်လွှတ်သည်ကို ညဦးအိပ်ညဉ့်နေ ဘုရားဖူးရောက်လာသူများနှင့် ဝန်းကျင်နေဒေသခံအချို့က ဖူးတွေ့ကြရလေသည်။ တစ်နံနက်တွင်လည်း အသားမည်းမည်းနှင့် ကိုရင်လေးတစ်ပါးသည် နံနက်အရုဏ်တက်ချိန်တွင် စေတီတော်အား လက်ယာရစ်လှည့်ပတ်ပူဇော်ပြီး ထွက်ခွာ ပျောက်ကွယ်သွားသည်ကို ရင်ပြင်တော်ပေါ်ရှိ ဘုရားဖူးများ ဖူးလိုက်ကြရာမှ ရှင်ဥပဂုတ္တကိုယ်ကြွရောက် ပူဇော်သည်ဟု ကောလာဟလဖြစ်ပြီး လူများပိုစည်ကားလာလေသည်။

တစ်ရက်တွင်လည်း ရပ်ဝေးမှ ရောက်လာဟန်ရှိသော နွားတစ်ကောင်သည် စည်ကားနေသောလူများကို အသာအယာတိုးကာ စေတီတော်၏ မုခ်လေးမုခ်မှ ဘုရားကို ဦးတိုက်ကန်တော့ပြီး အဝေးသို့ပြန်ထွက်သွားသည်ဆို၏။ တစ်ခါတွင်လည်း လူအလွန်ကြောက်တတ်သည့် တောကြက်တစ်ကောင်သည် လူအုပ်အပေါ်မှပျံသန်းပြီး စေတီတော်ရင်ပြင်တော်ပေါ်သို့ သက်ဆင်းကာ အတန်ကြာအောင် ငြိမ်သက်စွာ ဝတ်ပြုပြီးနောက် အဝေးသို့ ပျံသန်းသွားသည် ဆို၏။

များမကြာမီပင် နိုင်ငံတော်အဝန်းကျော်ကြားပြီး ဘုန်း၊ ကံ၊ ပါရမီတော်တို့နှင့်ပြည့်စုံကာ ဂတိဝုသုဒ္ဓိအသင်းကြီး၏ ဦးစီးနာယက အဓိပတိတစ်ဆူဖြစ်တော်မူပေထသော ကျေးဇူးရှင် မိုးညှင်းဆရာတော်ကြီးသည် ကျောက်ဆင်းတုဘုရားရှင်တစ်ဆူအားပင့်ကာ ဆယ်တောင်ပြည့်စေတီတော်သို့ နောက်ပါ တပည့်ဒကာပရိသတ်နှင့်ရောက်လာလေသည်။ မိုးညှင်းဆရာတော်အရှင်မြတ်ကြီးသည် ဆယ်တောင်ပြည့်စေတီတော်အား ကြည်ညိုစွာ ရှိခိုးဝပ်တွားပြီးနောက် မိမိပင့်လာသော ကျောက်ဆင်းတုအား အနေကဇာတင်လေသည်။ ထို့နောက် -

'ငါတို့ပင့်ဆောင်လာသောဘုရားသည် ဤနေရာဌာနမြတ်မှာပင် ဘုရားအဖြစ်သို့ရောက်ရှတော်မူပေပြီ'

ဟု ဥဒါန်းကျူးရင့်တော်မူကာ မိုးညှင်းတောရရှိ သမ္ဗုဒ္ဓေစေတီတော်ကြီးတွင် ကိန်းဝပ်စံပယ်တော်မူရန် ပြန်၍ပင့်ဆောင်သွားခဲ့ဖူးလေသည်။

ထို့နောက် တပေါင်းလဆန်း ၁ ရက်နေ့မှစ၍ တပေါင်းလပြည့်ကျော် ၁၅ ရက်အထိ အဘဘိုးတော်အောင်မင်းခေါင်ကြီး၏သားတပည့်များ၊ ပဋ္ဌာန်းဆက်များ အနယ်နယ်အရပ်ရပ်မှ လာရောက်၍ 'အောင်ထူးဆန်း' ကြွေးကြော်သံဖြင့် အောင်ဟိတ်များယူသည့်အနေဖြင့် ထိုဆယ်တောင်ပြည့်စေတီတော်ကို လက်ယာရစ်လှည့်ပတ်ကာ ပူဇော်ကြသည်ဟု ဆို၏။

ရွှေစိုးအမိဋ္ဌာန်ဝင်စဉ်ကာလများ၌လည်း ထူးဆန်းသည့်အသွင်သဏ္ဌာန်ဖြင့် မိမိတို့၏ အဓိဋ္ဌာန်များကိုဆောင်လျက် ထိုဆယ်တောင်ပြည့်စေတီတော်တွင် အောင်ဟိတ်ယူကြသည့်ပုဂ္ဂိုလ်များကို လည်းကောင်း၊ လာရောက် စခန်းချလျက် အဓိဋ္ဌာန်ရက်ရှည်,လရှည်ဆောင်ကြသော သာသနာပြုဟု မိမိတို့ကိုယ်မိမိ ခံယူကြသည့် ပုဂ္ဂိုလ်များ၊ ဆယ်တော်ပြည့်တန်ဆောင်းတွင် အဓိဋ္ဌာန်ရက်ရှည်ဝင်ရင်း ဆေးကုပေးကြသည့် ဆေးဆရာများကို ရွှေစိုးကိုယ်တိုင် တွေ့ဖူး၊ ကြုံဖူးခဲ့ပါသည်။

ထိုတန်ခိုးကြီးလှစွာသော ဆယ်တောင်ပြည့်စေတီတော်မြတ်အနီးတွင် အိမ်ထောင်ယာထောင်ရင်း စေတီတော်ကို ဖြတ်သန်းသွားလာရုံ ကြည့်ဖူးသည့် ဗုဒ္ဓဘာသာဝင်ဆိုသူများကိုလည်း ကြုံဖူးပါသည်။ မည်သို့ပင်ဖြစ်စေ မသိ၍ကျော်သွားသူများကို အရေးမမူဘဲ သိအောင်ပြု၍ သိလျှင် ဖော်စားနိုင်အောင် ကြိုးစားလိုသူများအတွက် သိသမျှလေးကို ဖော်ပြမိတ်ဆက်လိုက်ရပါတော့သည်။

ရွှေစိုး



www.burmeseclassic.com

www.burmeseclassic.com

## ဆန်းထွန်းနိုင်(မြစ်သား)

# မြစ်သားမြို့နယ်၊လောင်းတော်ဦးကျေးရွာ ရှေးဟောင်းတဝဂ္ဂစေတီတစ်ဆူမှ ဆုတောင်းပြည့်ပေါ်တော်မူ ရွှေစင်ရွှေသားဗုဒ္ဓရုပ်ပွားတော်၊ ဘော်ဘုရား၊ ငွေသားဘုရားနှင့် ကြေးဆင်းတုတော်များ

မြစ်သားမြို့၏ အနောက်တောင်ဘက် (၂)မိုင်ခန့်ကွာဝေးသော လောင်းတော်ဦး ကျေးရွာအုပ်စုတွင် လောင်းတော်ဦးကျေးရွာ တည်ရှိသည်။ လောင်းတော်ဦးကျေးရွာ၏ အရှေ့မြောက်ဘက် (၂)ဖာလုံခန့်နှင့် နွားကူးလေးကျေးရွာ၏ မြောက်ဘက် (၃) ဖာလုံခန့်အကွာတွင် ချုံနွယ်ပိတ်ပေါင်းများဖြင့် ပြည့်နေသော ဦးရွှေရိုးကုန်းတော်အနီး တောင်သူများသည် ငရုတ်၊ ကြက်သွန်၊ စပါး၊ သခွား၊ ဘူလားပဲ စသည့် သီးနှံများ စိုက်ပျိုး၍ စီးပွားရှာကြသည်။ လောင်းတော်ဦးကျေးရွာဇာတိဖြစ်သော ကိုဆန်းဝင်းသည် မြစ်သားမြို့ ရှမ်းပွဲရပ်တွင် ဇနီး ဒေါ်ချိုပြုံး၊ သား (၂)ယောက်၊ သမီး(၁)ယောက်ဖြင့်နေထိုင်၍ ဦးရွှေရိုးကုန်းတော်နှင့်အနီး လယ်ယာမြေများတွင် ငရုတ်၊ ကြက်သွန်၊ သခွား၊ ဖရဲ စိုက်ပျိုး၍ စီးပွားရှာသည်။ ကိုဆန်းဝင်းသည် ယခုအခါ (၄၅) နှစ်ရှိပြီး အဘ ဦးတင်မောင်၊ အမိ ဒေါ်လှညွန့်တို့မှ လောင်းတော်ဦးကျေးရွာတွင်မွေးဖွားပြီး ညီအစ်ကိုမောင်နှမ (၇)ဦးရှိသည့်အနက် အကြီးဆုံးသား ဖြစ်သည်။ ကိုဆန်းဝင်းသည် အသက် (၁၀) နှစ်မှစ၍ ဘာသာရေးကို အမိကထားလုပ်ကာ အသား၊ငါးမစားတော့ဘဲ အသီးအနှံကိုသာ စားတော့သည်။ မြစ်သားမြို့နယ် ရဲကုန်းကျောင်းတိုက် ရဲကုန်းဆရာတော်၏ လမ်းညွှန်



တဝဂ္ဂစေတီတော်ဟောင်းပုံ



ရွှေစင်ရွှေသားစစ်ဘုရား၊ ငွေဘုရား၊ ဘော်ဘုရားပုံ



www.burmeseclassic.com

www.burmeseclassic.com


ပေါ်တော်မူ ဗုဒ္ဓရုပ်ပွားတော်များပုံ


ကြေးဆင်းတုဗုဒ္ဓရုပ်ပွားတော်


ကြေးဆင်းတုဗုဒ္ဓရုပ်ပွားတော်


ဓာတ်တော်ကြွေအိုးများပုံ

မိန့်ကြားမှုဖြင့် အသက် (၄၅) နှစ်တွင် မြတ်စွာဘုရား၏ ဂုဏ်တော်ကိုးပါးကို တစ်နေ့ အပတ်ရေ (၃၀၀၀)၊ သမ္ဗုဒ္ဓေ (၁၀၀၀) တို့ကို (၄၅) ရက်အဓိဋ္ဌာန်ဝင်ခဲ့သည်။

ကိုဆန်းဝင်းသည် ၂၀၀၈ ခုနှစ်တွင် ပန်းလောင်မြစ်ကိုဖြတ်ကာ အရှည် (၁၂၅)ပေရှိသော မြစ်မခတံတားကို နွားကူးလေးကျေးရွာ၊ ကူမဲ၊ ရွာသစ်ကလေးကျေးရွာ၊ ငါးဆူကျေးရွာ စသည့် ကျေးရွာများနှင့် ဝမ်းတွင်းမြို့နယ် ဇီးဖြူခြံကျေးရွာ၊ ဆားတောင်ကုန်းကျေးရွာ စသည့် ကျေးရွာများ ခရီးသွားလာမှု အဆင်ပြေစေရန် တည်ဆောက်ခဲ့သည်။ စုစုပေါင်း သိန်း (၆၅၀) ကျပ် ကုန်ကျခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် ကြံတောကျေးရွာမှ လောင်းတော်ဦးကျေးရွာအထိ အရှည် (၂) မိုင် ကျော်ခန့်ရှိသောလမ်းကို မြေသားခင်းခဲ့သည်။ ကျပ်သိန်း (၂၈၀) ကျော် ကုန်ကျခဲ့ပါသည်။ ထို့နောက် လောင်းတော်ဦးကျေးရွာအကူး ထန်းငယ်ချောင်းကိုဖြတ်၍ (၄၂) ပေအရှည် တံတားတစ်ခုနှင့် လောင်းတော်ဦးကျေးရွာအတွက် ရေအားလျှပ်စစ်မီး စုစုပေါင်း ကျပ်သိန်း (၃၅၀) ကျော် အကုန်အကျခံ၍ လှူဒါန်းခဲ့သည်။ ကိုဆန်းဝင်းသည် အလှူအတန်း ရက်ရောသူတစ်ယောက်ဖြစ်ပြီး ဘာသာတရားကို ကိုင်းရှိုင်းသူတစ်ယောက် ဖြစ်သည်။ ဤအကျိုးဆက်များကြောင့်လည်း ၁၃၇၄ ခု၊ တပို့တွဲလထဲတွင် တစ်နေ့ ကိုဆန်းဝင်းကို ဦးရွှေရိုးကုန်းတော် မြောက်ဘက်အနီး ညောင်ပင်တွင် နဂါးလေးကောင်ဖြင့် နေထိုင်သော သိုက်ချုပ်ဘိုးတော်မှ-

'မင်း ဦးရွှေရိုးကုန်းတော်အနီးရှိ မြေများကို ပြန်တောင်းရမယ်၊ မင်း သာသနာပြုရမယ်'

ဟု အိပ်မက်ပေးသည်။ အိပ်မက်အရ ဦးရွှေရိုးကုန်းတော်အနီးရှိ မြေပိုင်ရှင် (၄) ဦးထံ မြေများပြန်တောင်းရာ မြေပိုင်ရှင် (၄) ဦးက ပေးကြသည်။ သို့သော် ထူးခြားမှုတစ်ခုမှာ ဦးရွှေရိုးကုန်းတော်၏မြောက်ဘက်ခြမ်းမှ မြေပိုင်ရှင် မောင်နှမတစ်စုထဲတွင် အငယ်ဆုံးမိန်းကလေးသည် မြေကို မပေးလိုပေ။ ထို့ကြောင့် ကိုဆန်းဝင်းရှိရာသို့ သွားရောက်ပြောရာ ကိုဆန်းဝင်းကိုတွေ့သော်လည်း ကိုဆန်းဝင်းကို ဘာမှမပြောနိုင်ဘဲ ပြန်ခဲ့ရသည်။ ညတွင် ကိုဆန်းဝင်းအား ဦးရွှေရိုးကုန်းတော်၏ အနောက်မြောက်ထောင့် (၁) ဖာလုံခန့် အကွာတွင်ဝေးရှိ



www.burmeseclassic.com

www.burmeseclassic.com

ညောင်ပင်ကြီးမှာ နေထိုင်သော မဖဲဖြူ မဖဲဝါ ညီအစ်မနှစ်ဦးမှ ယနေ့ မြေမပေးလိုကြောင်းလာပြောသည့် မိန်းကလေးကို သူတို့ နှုတ်ပိတ်ထားကြောင်း၊ နောက်ရက်တွင် မြေပေးမည့်အကြောင်း လာပြောလိမ့်မည်ဟု အိပ်မက်ပေးသည်။ အိပ်မက်မြင်မက်ပြီး နောက်ရက်တွင် ကိုဆန်းဝင်းကို မြေမပေးလို၍လာပြောရာ စကားပြော၍မရကြောင်း၊ ယခု မြေများကို ပေးပါကြောင်း လာပြောသည်။

ကိုဆန်းဝင်းသည် မြေကိုတောင်းပြီးသော်လည်း မိမိစိုက်ပျိုးရေးအလုပ်ကိုသာ ဆက်လက် လုပ်ကိုင်နေသည်။ တစ်နေ့ ဦးရွှေရိုးကုန်းတော်အနီး စိုက်ပျိုးရေးလုပ်ငန်းလုပ်နေရာမှ အပေါ့သွားရန် အသွား၊ ပိုးမဲဇာပင်တွင် တွယ်ကပ်တက်နေသည့် လက်မောင်းလောက်ရှိသော မိကျောင်းနွယ်သည် လေမတိုက်ဘဲ လှုပ်ပြ၍ လန့်ကာ ကြက်သီးဖြန်းဖြန်းထလာပြီး ကျောချမ်းသောကြောင့် အပေါ့မသွားတော့ဘဲ (၁) ဖာလုံခန့်အကွာတွင်ရှိသော တောကို ပြန်လာကာ ဥန္နဲပင်ကြီးအောက်တွင်ထိုင်၍ မျက်စိမှိတ်ပြီး ခေတ္တမှေးနေစဉ် မိမိနားထဲတွင် အသံတစ်သံ ကြားလိုက်ရသည်။

'မင်းကို နေရာတကျ ပြတာတောင် မင်း ဒီအတိုင်း လှည့်ပြန်သွားရသလား။ မင်းကို မြေ (၆) ဧကကျော် မြေတွေကို ပြန်တောင်းခိုင်းလို့ မြေတွေလည်း ရနေပြီ၊ ဒီနေရာတွေဟာ ဘုရားပိုင် နယ်နိမိတ်တွေ၊ ဘုရားနယ်မြေတွေပဲ'


လို့ အာရုံထဲတွင် ကြားလိုက်ရသည်။

ကိုဆန်းဝင်းသည် ဘယ်ကစ၍ အလုပ်ရမည်ကိုမသိ ဖြစ်နေသည်။ အထက်ပါအကြောင်းအရာများပြပြီးနောက် တစ်ရက်တွင် မိမိစိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်နေစဉ် ပင်ပန်း၍ ဥန္နဲပင်အောက် ခေတ္တမှေးနေခိုက်-

'မင်း သာသနာပြုရမယ်။ ပြုဖို့အချိန်တန်ပြီ။ မိသားစုအပူ၊ မင်းအပူ၊ အလုပ်အပူတွေ အသာနောက်ထား။ ချုပ်တော်တွေကိုရှင်းတော့'

အမိန့်ပေးသံ ကြားလိုက်ရသည်။

၁၈-၂-၂၀၁၃ ရက်နေ့တွင် မိမိနှမသား (၄)ဦးဖြင့် ချုပ်တော်များကို စရှင်းတော့သည်။ နေ့စဉ်ရက်ဆက် ချုံနွယ်များကိုရှင်းရာ စေတီဟောင်းတစ်ဆူ၏ ဇေတီယပလ္လင်တော်ပေါ် လာသည်ကို ဖူးတွေ့ရသည်။ ၂၆-၂-၂၀၁၃ ရက်နေ့တွင်


တဝဍုစေတီတော်ဟောင်းပုံ


မဖဲဖြူ မဖဲဝါ နေထိုင်သော ညောင်ပင်ပုံ


နဂါးလေးကောင်နှင့် သိုက်ချုပ်ဘိုးတော် နေထိုင်သော ညောင်ပင်ပုံ

www.burmeseclassic.com

www.burmeseclassic.com



တဝဂူစေတီမှ ရှေးဟောင်းအုတ်ခဲ (အုတ်ချပ်) ပုံ



ကိုဆန်းဝင်းနှင့်မိခင်ပုံ

ပလ္လင်တော်မှ အုတ်ကျိုးများကိုဖယ်ရာ နံနက် (၁၀) နာရီအချိန်တွင် စေတီဟောင်းပလ္လင်၏ အနောက်မြောက်ထောင့်နေရာမှ ကြေးကို ရွှေအစစ်ချထားသော နဂါးဘုရား (၁) ပေတစ်ဆူ၊ ရွှေချထားသော ကြေးလာဘမုနိ ဗုဒ္ဓရုပ်ပွားတော် (၁) ပေ တစ်ဆူတို့ကို စတင်ဖူးတွေ့ရသည်။ ၎င်းနေ့ နေ့လယ် (၂) နာရီအချိန်တွင် ပလ္လင်တောင်ဘက်ခြမ်းနေရာမှ ဓာတ်တော် အကြီး, အသေး ကြွေအိုးနှစ်အိုး၊ ရွှေစင်ရွှေသား စင်စစ်ဖြင့် ထုလုပ်ပူဇော်ထားသော (၄)လက်မ ရွှေသားဘုရားတစ်ဆူ၊ ရွှေသားဘုရားသည် ပလ္လင်ပါ (၆) လက်မဖြစ်ပြီး ပလ္လင်တော်ကို နံ့သာသားဖြင့် ထုထားပြီး ငွေသားပန်းကနုတ်များ ပတ်ထားသည်ကို ဖူးတွေ့ရသည်။ ရွှေဘုရားအပြင် ငွေဘုရား (၅) လက်မ (၅) စီတ်၊ ဘော်ဘုရား (၄) လက်မ စသည်တို့ကိုပါ ဖူးတွေ့ရသည်။

၂၇-၂-၂၀၁၃ နေ့ နံနက် (၁၀) နာရီအချိန်တွင် ပလ္လင်တော်အဟောင်း၏အရှေ့ဘက်နေရာမှ နဂါးကြေးဘုရား အပါအဝင် ကြေးဆင်းတုတော်ဘုရား စုစုပေါင်း (၉) ဆူကို ထပ်မံ ဖူးတွေ့ရသည်။ ယခုလို ထူးခြားစွာ ဗုဒ္ဓရုပ်ပွားတော်များ ဖူးတွေ့ရမည့် နေရာများကို ကိုဆန်းဝင်း အာရုံထဲပေါ်ကာ ကိုဆန်းဝင်းမှ နေရာအတိအကျပြ၍ သူ့လုပ်အားပေးအဖွဲ့သားများကို ဖော်စေသည်။

စေတီဟောင်းသည် မြောက်ဘက်မုခ် တစ်ခုသာတွေ့ရပြီး ဆုတောင်းပြည့်သော တဝဂူ စေတီတော်ဟောင်း ဖြစ်သည်။

၂၈-၂-၂၀၁၃ နေ့၌လည်း နံနက် (၁၀) နာရီအချိန် ပလ္လင်ဟောင်းအလယ်တည့်တည့်မှ ကြွေဓာတ်တော်အုပ်တစ်လုံးနှင့် ကျောက်ဆင်းတုဗုဒ္ဓရုပ်ပွားတော် (၈) ဆူတို့ကို ထပ်မံ ဖူးတွေ့ရသည်။ ကိုဆန်းဝင်းသည် ဗုဒ္ဓရုပ်ပွားတော်များကို အများသူငါ ကြည်ညိုပူဇော်နိုင်ရန် ယာယီကျောင်းဆောင်တော် ဆောက်လုပ်အပူဇော်ခံ ထားရှိသည်။ သိုက်ချုပ်ဘိုးတော် နေထိုင်သော ညောင်ပင်ခြေရင်း တောင်ဘက်တွင် ညောင်ပင်ခြေရင်းမှ ဆင်တစ်ကောင်ကဲ့သို့ ညောင်ပင်အသားမှ ဆင်တစ်ကောင်ဖြစ်ပေါ်လာသည်ကို တွေ့ရသည်။

ယခုအခါ အမိဋ္ဌာန်အောင်ခြင်း၊ ဆုတောင်းပြည့်ခြင်းတို့ကြောင့် ဘုရားဖူးလာသူများ၊ အဓိဋ္ဌာန်ဝင်သူများ၊ ပွဲထိုးသူများဖြင့် စည်ကားနေသည်။

လောင်းတော်ဦးကျေးရွာ ရှေးဟောင်း တဝဂူစေတီတော်မှ ပေါ်တော်မူ ဗုဒ္ဓရုပ်ပွားတော်များကို သွားရောက်ကြည်ညိုဖူးမြော်မည်ဆိုလျှင်. . .

ရန်ကုန်-မန္တလေးလမ်းမကြီးပေါ်ရှိ လမ်းဂွကျေးရွာ လမ်းခွဲမှ မြစ်သားမြို့သို့သွားသည့်လမ်းအတိုင်း မောင်းနှင်၍ တည်းတော်ရာ ဘုန်းတော်ကြီးကျောင်း အလွန်တွင် ကြံတောကျေးရွာသို့ သွားသည့်လမ်းမှ မြစ်မခတံတားကိုကူး၊ ကြံတောကျေးရွာကိုဖြတ်၍ ၎င်းမှတစ်ဆင့် စမာမြောင်းတံတားကိုဖြတ်ကာ လောင်းတော်ဦးကျေးရွာအနီးရှိ ပေါ်တော်မူ ဘုရားများကို ဖူးမြော်နိုင်သလို၊

ရန်ကုန်-မန္တလေး လမ်းမကြီးမှ မြင်းခြံသို့သွားသည့် လက်ညှိုးထိုး လမ်းခွဲအတိုင်း မြစ်သားမြို့သို့ လာရောက်၍ သံလမ်းကိတ် မြစ်သားမြို့ ဆိုင်းဘုတ်မှ တောင်ဘက်အတိုင်း မြို့ထဲဝင်လာပြီး တောင်ဘက်တပ်တံတားဖြတ်၊ ခရားပင်ကျောင်းအလွန်တွင် ကြံတောရွာသို့သွားသည့် မြစ်မခတံတားကိုကူး၊ ကြံတောကျေးရွာကိုဖြတ်၍ ၎င်းမှတစ်ဆင့် စမာမြောင်းတံတားကိုဖြတ်ကာ လောင်းတော်ဦးကျေးရွာအနီးရှိ ပေါ်တော်မူ ဘုရားများကို ဖူးမြော်နိုင်ပါသည်။

ဆန်းထွန်းနိုင်(မြင်းသား)



www.burmeseclassic.com

www.burmeseclassic.com



# ဒီနှစ် ဝါတွင်းမှာ အင်္ဂါရှစ်ပါးရှိသော အင်္ဂဝါဥပုသ် စောင့်ရအောင်

ပညာကျော်

တစ်နေ့သ၌ -

ကျွန်ုပ်အိမ်သို့ တပည့်များနှင့် ကျောင်းနေဖက် သူငယ်ချင်းတို့ရောက်ရှိလာခဲ့ကြပါသည်။ ကျောင်းနေဖက်ငယ်သူငယ်ချင်းများမှာ ကျောင်းကထွက်ပြီး လုပ်ငန်းခွင်သို့ ရောက်သွားကတည်းက မိမိတို့၏ကျရာတာဝန်တွေနှင့်မို့ စုစုစည်းစည်း ဆုံဖြစ်ခဲ့ကြပါသည်။ အသိအမှတ်ပြုသည့်အနေဖြင့် အပြုံးဖြင့်သာ တစ်ယောက်နှင့်တစ်ယောက် နားလည်မှုယူခဲ့ကြပါသည်။

ယခုအချိန်မှာတော့ ဆယ်စုနှစ်ခြောက်ပြန်ကျော်လွန်လာခဲ့ကြပြီဖြစ်၍ မျက်စိကမှုံ၊ သွားကကျိုး၊ ဆံပင်တွေကဖြူကုန်ကြပြီ ဖြစ်ပါသည်။ ငယ်စဉ်က မိသားစုဝန်တာတွေနှင့်ပန်းခဲ့ကြရသမျှ ကိုယ့်အတွက် အာမခံချက်ရှိအောင်လုပ်နေကြချိန်လည်း ဖြစ်ပါသည်။

ကျွန်ုပ်၏သူငယ်ချင်းတစ်ယောက်က အခုချိန်အထိ အတ္တကြီးတုန်းပါ။ မာန်မချသေးပါ။ ပြုပြင်တုန်းဖြစ်ပါသည်။ ဥပမာပြောရလျှင် တစ်ခေါင်းလုံးဖွေးဖွေးလှုပ်ဖြူနေသောဆံပင်ကို အနက်ဆေးဆိုးပြီး ငယ်ဟန်ဆောင်နေပါသေးသည်။ သူ့ခန္ဓာကဆိုလျှင် သူ့အလိုကို မလိုက်တော့ပါ။

တစ်ယောက်နှင့် တစ်ယောက် အားမနာတမ်း ပြောကြဆိုကြနှင့် အတိတ်ကို နှစ် (၄၀) ကျော်လောက် ပြန်သွားခဲ့ကြပါသေးသည်။ သို့ပေမယ့် မကြာလိုက်ပါ။ ဇရာ၏စီမံမှုကို ဒိဋ္ဌခံစားရပြန်ပါတော့သည်။ သို့နှင့်ပင် ကျွန်ုပ်သည် ရုပ်ကိုပြုပြင်နေသော သူငယ်ချင်းအတွက် အောက်ဖော်ပြပါ သံဝေဂယူစရာ လင်္ကာတစ်ပုဒ်ကို ပြောဆိုရွတ်ပြလိုက်ရပါတော့သည်။

* *သွားကျိုးဆံဖြူ၊ မေ့လျော့ထူ ငယ်မူပျောက်ကုန်ပြီ။*
* *သားသမီးအားလုံး၊ အများမုန်း အသုံးမကျရှိတော့ပြီ။*
* *စားလျှင်သောက်လျှင်၊ မျိုမဝင် သီးနင်ရှိတော့သည်။*
* *သွားလျှင်တိမ်းစောင်း၊ နွဲ့နွဲ့နှောင်း လမ်းကြောင်းမမှန်ပြီ။*
* *သေမင်းခိုးသူ၊ ယူလိုသောခါ ဘယ်သူစိုးပိုင်၊ တားမနိုင်၍ ဆွဲဆိုင်ကိုယ်ဘိ၊ တားဘိမလို မလိုလေးဖွယ်၊ ကိုးကွယ်မရ ကောင်တနနှင့်၊ တစပြင်ကြီး လူမနီးသည်၊ ထင်းမီးစုခွေ မျိုးဆွေမလိုက်၊ နောက်လိုက်လည်း မပါ*

*ကိုယ်ကြီးလာ၊ ကိုယ်သာပြန်ရ အနိစ္စခန္ဓာကိုယ်။*

ဟု ရွတ်ပြရင်းမှ-

"ကဲ-သူငယ်ချင်း၊ မင်းနားထောင်နေတယ် မဟုတ်လား။ မင်းတွင်မဟုတ်ပါဘူးကွာ။ တို့တစ်တွေလည်း ဇရာရဲ့စီမံခန့်ခွဲမှုအတိုင်း အတ္တဘောကြီးကနာခံနေကြရတာပါကွ။ အေး - ကိုယ်ပြောချင်တာကတော့ အခုလို ကျန်းမာနေတုန်းမှာ သီလစောင့်ထိန်းတဲ့ကိစ္စနဲ့ တရားရှုမှတ်ရတော့မယ့်အချိန်အခါ ဖြစ်နေပြီလေ။

စပ်မိလို့ပြောရဦးမယ် သူငယ်ချင်းရေ။ မိုးကုတ်ဆရာတော်ကြီးက ဟောစဉ်တရားတစ်ခုမှာ -

'အသက်(၈၀)ကျော်မှ သခင်ဝတင်တို့၊ သခင်မြကြီးတို့ ရပ်နိုင်ပေ့၊ ရပ်နိုင်ပေ့ဆိုပြီး အားပေးရဦးမယ်' လို့ ပြောခဲ့ဟော



www.burmeseclassic.com

www.burmeseclassic.com

ခဲ့သလိုပေါ့။ အခုလည်း သူငယ်ချင်းရေ၊ သာသနာတော်(၃)ရပ်ဖြစ်တဲ့ သီလ၊ သမာဓိ၊ ပညာတို့အထဲက ပထမဆုံး သီလလုံခြုံအောင်တော့ အထူးစောင့်ရှောက်ရ ထိန်းကြရမှာပဲကွ"

ဟု ပြောလိုက်ပါသည်။

ထိုသို့ပြောလိုက်ချိန်တွင် အခွင့်အရေးတစ်ရပ်အဖြစ် လက်လွတ်မခံတတ်သော တပည့်မောင်စောလှမြင့်က ဝင်ရောက်ပြီး စကားတောင်း၍ မေးမြန်းပါတော့သည်။

"ဆရာခင်ဗျား၊ ညှော်သည်တွေကိုတော့ အားနာပါတယ်။ ကျွန်တော်ရဲ့အမေးကို ခွင့်လွှတ်ပေးကြပါ"

ဟု ပဏာမစကားဆိုပြီး ဆက်သည်မှာ -

"အထက်နားမှာ သာသနာတော် (၃) ရပ်မှာ ပထမဆုံး သီလသာသနာဆိုတော့ ကျွန်တော်တို့ သီတင်းဝါလမှာ အထူးတလည် စောင့်ကြထိန်းကြတဲ့ သီလကို ဥပုသ်စောင့်တာလို့ ခေါ်ကြတာ မဟုတ်လား ဆရာ။ ဥပုသ်စောင့်ပြီး သီလလုံခြုံအောင် ထိန်းသိမ်းကြရမှာ ဒေသနာခံတော်လာတဲ့အတိုင်း ကျွန်တော်တို့တစ်တွေ သိချင်ပါတယ် ဆရာ။ ကျွန်တော်တို့တပည့်တွေအတွက် ရှင်းပြစေလိုပါတယ်"

ဟု သူ့ဆန္ဒကို ဖွင့်ဟပြီး တောင်းဆိုလိုက်ပါတော့သည်။

ကျွန်ုပ်၏ သူငယ်ချင်းများကပါ ဥပုသ်နှင့် ပတ်သက်ပြီး ဆွေးနွေးခြင်းကိစ္စကို တိုက်တွန်းစကားဆိုကြပါတော့သည်။ ကျွန်ုပ်လည်း မိမိလက်လှမ်းမီသမျှ အောက်ပါအတိုင်း ဥပုသ်အကြောင်း ရှင်းပြရပါတော့သည်။

"တိပိဋကဆရာတော်ကြီး (မင်းကွန်းဆရာတော်) ပြုစုသော မဟာဗုဒ္ဓဝင်သစ် ပထမတွဲ ပထမပိုင်း အနုဒီပနီမှာ ပြည့်စုံအောင် ရှင်းထားပြီး ဖြစ်ပါတယ်။ ကိုယ်ရှင်းပြတာကတော့ ပြည့်စုံနိုင်မှာ မဟုတ်ပါဘူး။ ကျယ်ကျယ်ပြန့်ပြန့်သိချင်ရင်တော့ မဟာဗုဒ္ဓဝင်သစ် ပထမတွဲ ပထမပိုင်း အနုဒီပနီမှာ ရှာဖတ်ကြဖို့ ဦးစွာပြောချင်ပါတယ်။

သုတ်မဟာဝါ မဟာသုဒဿနသုတ် အဖွင့်ဋီကာတွင် -

*ဥပေါသထံ ဝုစ္စတိ အဋ္ဌင်္ဂသမန္နာဂတံ သဗ္ဗဒိဝသေသုံ ဂဟဋ္ဌေဟိ ရက္ခိ တဗ္ဗ သီလံ - ဥပုသ်ဟူသည် အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော အလုံးစုံသောနေ့ဟူသမျှတို့မှာ စောင့်သုံးလိုကြသူတိုင်း လူများစောင့်သုံးနိုင်သောသီလပင် ဖြစ်သည်။*

သီလထိန်းကြရာတွင် -

၁။ **ပကတိသီလ**မှာ မြောက်ကျွန်းသူကျွန်းသားများထိန်းသော သီလမျိုးဖြစ်သည်။

၂။ **အာစရသီလ**မှာ အရပ်ဒေသ၊ အယူဝါဒအားဖြင့်ဖြစ်စေ လူကြီးများကထားခဲ့သောသီလမျိုး ဖြစ်သည်။

၃။ **ဓမ္မတာသီလ**မှာ ဘုရားအလောင်းတော် ပဋိသန္ဓေတည်တော်မူစဉ် မယ်တော်၏စိတ်၌ ယောကျ်ားများအပေါ် ကာမဂုဏ်အတွက် နှစ်သက်မက်မောသောစိတ်မရှိခြင်းမျိုးဖြစ်သည်။

၄။ **ပုဗ္ဗဟေတုသီလ**မှာ ရှေးရှေးက ကျင့်သုံးခဲ့သော သီလအကြောင်းကံကြောင့် ယခုဘဝမှာ မည်သူမျှ မဟောပြောရဘဲ အလိုအလျောက် စောင့်ထိန်းခြင်းမျိုး ဖြစ်သည်။

ဥပုသ်စောင့်ရာတွင် စောင့်သုံးရာနေ့ကိုလိုက်၍ အပြားပြုထားပါသည်။ ဤကဲ့သို့ ဥပုသ်များအပြားပြုသင့်ရှိသင့်ကြောင်းကို အင်္ဂုတ္တရနိကာယ် တိကနိပါတ်၊ ၄ ဒေဝဒူတဝဂ်၊ ၇ ရာဇသုတ်စသည်တို့၌လာရှိသော ဥပေါသထံ ဥပဝသန္တိ ပဋိဇာဂရောန္တိ ဟူသော ပါဠိတော်နှင့် -

မာတုဒ္ဒသီ ပဉ္စဒ္ဒသီ၊ ယာစယက္ခ သအဋ္ဌမီ၊

ပါဋိဟာရိယ ပက္ခဉ္စ၊ အဋ္ဌင်္ဂ သုသမာဂတံ -

ဟူသော ပါဠိတော်ကို ထောက်ရှု၍သိရပါသည်။ ဥပုသ်ကို -

(က) ပကတိဥပုသ်၊
(ခ) ပဋိဇာဂရဥပုသ်၊
(ဂ) ပဋိဟာရိယဥပုသ်တို့ ဖြစ်သည်။

**(က) ပကတိဥပုသ် = ရိုးရိုးဥပုသ်နေ့**

ပါဠိတော်အရ ရိုးရိုးဥပုသ်နေ့ ဟူသည်မှာ လဆန်း၊ လဆုတ် တစ်ပက္ခလျှင် (၈) ရက်၊ (၁၄) ရက်၊ (၁၅) ရက်နေ့အားဖြင့် (၃) သီတင်းစီဖြစ်ရကား တစ်လလျှင် (၆) သီတင်း (၆ ဥပုသ်) ဖြစ်သည်။

* လဆန်း၊ လဆုတ် (၅) ရက်၊ (၈) ရက်၊ (၁၄) ရက်၊ (၁၅) ရက်ဖြစ်၍ တစ်လ (၈) ဥပုသ် ဖြစ်သည်။

**(ခ) ပဋိဇာဂရဥပုသ် = အကြိုအပို့ဥပုသ်**

အဋ္ဌကထာ၌ပြသော အကြိုအပို့ဥပုသ်မှာ ရိုးရိုးဥပုသ်နေ့၏ရှေ့တစ်ရက်နှင့် နောက်တစ်ရက် အကြိုအပို့ကျင့်အပ်သောဥပုသ် ဖြစ်သည်။ တစ်လလျှင် ဥပုသ် (၁၂) ရက် ဖြစ်သည်။

**(ဂ) ပဋိဟာရိယဥပုသ် = ကဲလွန်တန်ခိုး ထက်မြက်သောဥပုသ်**

သီတင်းကျွတ်လပြည့်နေ့မှ လကွယ်နေ့ (သို့) တစ်လလုံး (သို့) ဝါတွင်းသုံးလပတ်လုံး စောင့်သုံးရသောဥပုသ်ဖြစ်သည်။

*(အင်္ဂုတ္တရနိကာယအဋ္ဌကထာတွင်ပြသည်။)*

ဥပုသ်စောင့်ထိန်းတော့မည် ဆိုလျှင် အမှန်တကယ် သိသင့်သိထိုက်သော အကြောင်းကောင်းများစွာနှင့် အင်္ဂုတ္တရနိကယ် တိကနိပါတ ၂-မဟာဝဂ်၊ ၁၀ - ဝိသာခုပေါသထသုတ်၌ အောက်ပါအတိုင်း ဥပုသ်ကို (၃) မျိုးပြားပြီး အောက်ပါအတိုင်း ဟောကြားတော်မူသည်။

ဥပုသ် (၃) မျိုးပြားပုံ -

၁။ ဂေါပလဥပုသ်၊
၂။ နိဂဏ္ဌဥပုသ်၊
၃။ အရိယဥပုသ်တို့ ဖြစ်သည်။

ထိုဥပုသ် (၃) မျိုးကို အောက်ပါအတိုင်း အမိပ္ပာယ်ဆိုလိုရင်းကို ရှင်းလင်း ပြသထားပါသည်။

**၁။ ဂေါပလဥပုသ် = နွားကျောင်းသားဥပုသ်**

နွားကျောင်းသားများသည် နွားကျောင်း၍ပြီးသော ညနေအချိန်တွင် နွားများကို နွားရှင်ထံအပ်နှံခဲ့ပြီး အိမ်ရောက်သည်နှင့် 'ယနေ့ ငါသည် ဤမည်သောအရပ်မှာ နွားများကို အစာကျွေး၍ ဤမည်သောအရပ်တွင် ရေတိုက်ခဲ့၏။ နက်ဖြန်ကျလျှင် ဤမည်သောအရပ်တွင် နွားများကို အစာကျွေး၍ ဤမည်သောအရပ်မှာ ရေတိုက်မည်' ဟု စဉ်းစားလေ့ ရှိ၏။

ဤကဲ့သို့ နွားကျောင်းသားနှင့်တူသော ဥပုသ်စောင့်သောသူသည်လည်း 'ငါသည် ယနေ့ မည်သည့်ဘောဇဉ်ခဲဖွယ်မျိုးတို့ကိုစားသုံးသည်။ နက်ဖြန်ကျလျှင် မည်သည့်ဘောဇဉ်ခဲဖွယ်မျိုးကို စားသုံးမည်' ဟူ၍ အစာကိုသာ မက်မောသောလောဘဖြင့် နေကုန်စေသည် ရှိသော် နွားကျောင်းသား၏နှလုံးသွင်းပုံနှင့်တူသောကြောင့် 'နွားကျောင်းသားဥပုသ်' ဟု မြတ်စွာဘုရားဟောတော်မူ၏။

**၂။ နိဂဏ္ဌဥပုသ် - တက္ကတွန်းတို့၏ဥပုသ်**

*(နိဂဏ္ဌ = အဝတ်မလှုံး မိစ္ဆာ*



www.burmeseclassic.com

www.burmeseclassic.com

*အယူကိုယူသူကို တက္ကတွန်းမည်၏။)*

သူ့အသက်သတ်မှုနှင့်ပတ်သက်၍ အရပ်ဒေသသတ်မှတ်ပြီး မည်သည့်အရပ်ဒေသအတွင်းမှာ သူ့အသက်သတ်တောင်းသည်၊ မည်သည့်အရပ်ဒေသရောက်သွားလျှင် သူ့အသက်ကိုမသတ်ကောင်း စသည်ဖြင့် ဒုစရိုက်မှုကိုပြုနိုင်ခွင့်ရှိအောင် ကြံဆောင်ပြီး ပြုကောင်းသည့်အရပ်၊ မပြုကောင်းသည့်အရပ် ဟူ၍ ခွဲခြားကျင့်သုံးသောဥပုသ်ဖြစ်သည်။

ဥပမာ ပါဏာတိပါတအမှုနှင့်စပ်၍ အရှေ့၊ အနောက်၊ တောင်၊ မြောက် လေးမျက်နှာမှာပင် ယူဇနာတစ်ရာအပြင်ဘက် တည်ရှိသော သတ္တဝါတို့ကို မသတ်ရ ဟူ၍ သတ်မှတ်သည်။

*(သေချာစွာ စဉ်းစားလေ။ ယူဇနာတစ်ရာအပြင်ဘက်မှာရှိသော၊ တည်သော သတ္တဝါကို သတ်၍ ဖြစ်နိုင်အံ့လော။)* ဤဥပုသ်ကို တက္ကတွန်းတို့၏ ဥပုသ်မည်၏။

**၃။ အရိယဥပုသ် = စင်ကြယ်သောဥပုသ်**

ဘုရားဂုဏ်တော် စသည်တို့ကို အဖန်ဖန် နှလုံးသွင်းသဖြင့် စိတ်၌ငြိကပ်တတ်သော ကိလေသာအညစ်အကြေးတို့ကိုစင်ကြယ်စေ၍ စင်ကြယ်စွာစောင့်သုံးအပ်သောဥပုသ်သည် အရိယဥပုသ်မည်ကုန်၏။

အရိယဥပုသ်ကို ပိုမိုနားလည်နိုင်စေရန်အတွက် အောက်ပါအတိုင်း ကျယ်ကျယ်ပြန့်ပြန့် (၆) ပါးအပြားခွဲပြထားပါသည်။

(က) ဗြဟ္မုပေါသထ = ဗြဟ္မဥပုသ်
(ခ) ဓမ္မုပေါသထ = ဓမ္မဥပုသ်၊
(ဂ) သံဃုပေါသထ = သံဃဥပုသ်၊
(ဃ) သီလုပေါသထ = သီလဥပုသ်၊
(င) ဒေဝတုပေါသထ = ဒေဝတာဥပုသ်၊
(စ) အဋ္ဌင်္ဂုပေါသထ = အင်္ဂါရှစ်ပါးရှိသောဥပုသ်တို့ ဖြစ်ပါသည်။

ထိုအရိယဥပုသ် (၆) ပါးကို အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုပြသထားပါသည်။

(က) **ဗြဟ္မဥပုသ်** သည် ရှစ်ပါးသီလခံယူကာ မြတ်စွာဘုရား၏ အာဝေဏိကဂုဏ်တော်များမှ အရဟံ အစရှိသော ဂုဏ်တော်တို့ကို နှလုံးသွင်း၍ ကျင့်သုံးအပ်သောဥပုသ် ဖြစ်သည်။

(ခ) **ဓမ္မဥပုသ်** သည် တရားဂုဏ်တော်ကို နှလုံးသွင်း၍ကျင့်ရသော၊ ကျင့်အပ်သောဥပုသ် ဖြစ်သည်။

(ဂ) **သံဃဥပုသ်** သည် သံဃဂုဏ်တော်ကို နှလုံးသွင်း၍ ကျင့်ရသော၊ ကျင့်အပ်သောဥပုသ် ဖြစ်သည်။

(ဃ) **သီလဥပုသ်** သည် သီလကို မကျိုးမပေါက် မပြောက်မကျားရအောင် ကျင့်သုံးလျက်ဖြင့် သီလ၏ဂုဏ်ကျေးဇူးကို နှလုံးသွင်း၍ကျင့်အပ်သော ဥပုသ်ဖြစ်သည်။

(င) **ဒေဝတာဥပုသ်** သည် လောကဥ္ စ နတ်၊ ဗြဟ္မာများရှိကြရာ ၎င်းတို့သည် ရှေးရှေးသောဘဝတို့က စင်ကြယ်မွန်မြတ်သော သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ တည်းဟူသော ဂုဏ်ကျေးဇူးတရားတို့နှင့် ပြည့်စုံကြသောကြောင့် နတ်ပြည်၊ ဗြဟ္မာပြည်တို့မှာ ဖြစ်ကုန်၏။ ငါ့မှာလည်း စင်ကြယ်မွန်မြတ်သောဂုဏ်ကျေးဇူးတရားတို့ အထင်အရှားရှိပေ၏ဟု နတ်၊ ဗြဟ္မာများအား စံထားကျင့်သုံးသောဥပုသ် ဖြစ်သည်။ (နတ်နှင့်ဗြဟ္မာ နှစ်မျိုးလုံးပင် ဒေဝတာဟု ခေါ်သည်။)

(စ) **အင်္ဂါရှစ်ပါးရှိသောဥပုသ်**သည် ရဟန္တာပုဂ္ဂိုလ်များသည် သတ်ဖြတ်ညှဉ်းဆဲခြင်း အလျှင်းမရှိဘဲ အမြဲ ကြင်နာသနားတော်မူသကဲ့သို့ ငါလည်း ကြင်နာမှုပြုရပေမည်။ ဤသို့ စသည်ဖြင့် အင်္ဂါရှစ်ပါးစလုံး ဆင်ခြင်အောက်မေ့၍ စောင့်သုံးအပ်သောဥပုသ်မည်၏ဟူ၍ မြတ်စွာဘုရားရှင် ဟောတော်မူအပ်သည်။

*(ဤသို့ ဥပုသ် ၃ ပါး၊ ဥပုသ် ၆ ပါးပြားပုံတို့သည် ကျင့်သုံးပုံအခြင်းအရာကိုလိုက်၍ ဟောအပ်သောဥပုသ် ဖြစ်သည်ဟု မှတ်ပါ။ ကျင့်သုံးအပ်သောသီလ၏ စွမ်းအားဖြင့် ပြခဲ့ပြီးသည့်အတိုင်း အဋ္ဌင်္ဂဥပုသ်၊ နဝင်္ဂဥပုသ် ဟူ၍ နှစ်ပါး (နှစ်မျိုး) ပင် ဖြစ်သည်။)*

တစ်ဆက်တည်းမှာပဲ သီလ၏စင်ကြယ်ခြင်းအကြောင်း (၄) မျိုးကို ပြောပါမယ်။

၁။ **ဒေသနာသုဒ္ဓိ**- ဒေသနာကြားသဖြင့် သီလစင်ကြယ်ခြင်း။

၂။ **သံဝရသုဒ္ဓိ** - စောင့်စည်းသဖြင့် သီလစင်ကြယ်ခြင်း။

၃။ **ပဋိယေဋ္ဌိသုဒ္ဓိ** - ရှာမှီးသဖြင့် သီလစင်ကြယ်ခြင်း။

၄။ **ပစ္စဝေက္ခဏာသုဒ္ဓိ** - ဆင်ခြင်သဖြင့် သီလစင်ကြယ်ခြင်းတို့ ဖြစ်ပါတယ်။

ကဲ- ဒါလောက်ဆိုရင် မောင်စောလှမြင့် မင်းသိချင်တဲ့ သီလစောင့်ထိန်းခြင်း တစ်နည်း ဥပုသ်စောင့်ခြင်းနဲ့ သီလအရာစင်ကြယ်ပုံတို့ကို ဒေသနာတော်လာတဲ့အတိုင်း ဆရာ ရှင်းပြလိုက်ပါပြီ။

ငါ့တပည့်လည်း ဒီတစ်ခါ ဥပုသ်သီတင်းစောင့်ထိန်းရာမှာ အများနဲ့မတူတော့ဘဲ ဘုရားလူ (မြတ်စွာဘုရားရှင်၏အမွေခံသား) အဖြစ် စင်ကြယ်စွာစောင့်ရှောက်နိုင်သော အာဇာနည်အမျိုးကောင်းသား ဖြစ်ပါစေကွာ။ လိုလားတောင့်တအပ်၊ ပန်ဆင်အပ်သော ဆုထူးဆုမြတ်တို့ကိုရရှိပြီး နိဗ္ဗာန်ဝင်စံနိုင်ပါစေ"

ဟု ဆုပေးပြီး စကားနိဂုံး အဆုံးသတ်လိုက်ရပါတော့သည်။

ဥပုသ်အကြောင်း မေးခဲ့သောတပည့်နှင့် နားထောင်နေကြသော သူငယ်ချင်းများ၊ တပည့်များအနေဖြင့် တစ်ခဲနက် ပြောပြကြပါတော့သည်။

လာမယ့် သီတင်းဝါလနှင့် အထူးတလည် စောင့်ထိန်းမယ့် ဥပုသ်တို့ကို သန့်စင်သော၊ စင်ကြယ်သော အမှန်တကယ် ဥပုသ်စောင့်နိုင်ကြတော့မှာ ဖြစ်လို့ လွန်စွာ ဝမ်းမြောက်ကြောင်း၊ တစ်ခုတောင်းဆိုချင်တာကတော့ အချိန်တိုအတွင်းမှာ သုတရစေရန်အတွက် သူရဋ္ဌမဂ္ဂဇင်းမှတစ်ဆင့် စာတစ်ပုဒ်တော့ ရေးသားစေချင်ပါသည်ဟု တောင်းဆိုကြပါတော့သည်။

*ပန်ကြားအပ်ပါသည်။*

*ယခုရေးသားသောစာမူကို ကျွန်ုပ်ထက် အသိကြီးသူများနှင့် ကျမ်းတတ်မြောက်ကြသော ပုဂ္ဂိုလ်ကြီးများအတွက် မဝံ့ပါ။ အချိန်မပေးနိုင်ကြသူများနှင့် ငယ်ရွယ်သူ ညီငယ်၊ ညီမငယ်များ၊ စာချစ်သူမိတ်ဆွေများအတွက် သုတဖြစ်စေရန် ရိုးသားစွာ ရေးသား တင်ပြလိုက်ခြင်း ဖြစ်ပါသည်။*

*စာရေးသူ*

*(ကျွန်ုပ်အား တစ်လုံး၊ တစ်ပါဒ၊ တစ်ဂါထာ၊ တစ်ဝါကျ သင်ကြားခြင်း၊ သနပ်ပြင် သွန်သင် ဆုံးမခဲ့ကြသော ဆရာသခင်တို့အား ဤစာစုဖြင့် ပူဇော်လိုက်ပါသည်။)*

*ပညာတိုးပွား၍ အကျိုးများကြပါစေ*

*ပညာကျော်*

**မှီငြမ်း -**

*မဟာဗုဒ္ဓဝင်သစ် ပထမတွဲ ပထမပိုင်း အနုဒီပနီ (မင်းကွန်းဆရာတော်)*



www.burmeseclassic.com

www.burmeseclassic.com

ညီတော်အာနန္ဒာအရှင်မြတ်ကြီးသည် ငါးရာ့ငါးဆယ် စတုက္ကနိပါတ် ပုစိမန္ဒဇာတ်တော်တွင် ညောင်ပင်စောင့်နတ်အဖြစ်ဖြင့် ဘုရားအလောင်းတော် တမာပင်စောင့်နတ်၏ ဆုံးမစကားကို နာကြားခဲ့ရပေသည်။

ထိုဇာတ်တော်တွင် ဘုရားအလောင်းတော်သည် တမာပင်စောင့်နတ်ဖြစ်ခဲ့၏။ ထိုစဉ်တုန်းက ဗာရာဏသီမြို့သူ မြို့သားတို့သည် သေဆုံးသူတို့၏ ရုပ်ကလာပ်တို့ကို မြို့နှင့်အတန်ကွာဝေးသော သုသာန်သို့ပို့၍ သည်အတိုင်းထားပစ်ခဲ့ကြ၏။ ထို့ကြောင့် ထိုသုသာန်မြေသည် လူသူအရောက်အပေါက်နည်းလှ၏။ ထင်းခွေသူ၊ သစ်ပင်ခုတ်သူတို့ကလည်း ထိုနေရာကို ရှောင်ကွင်းထားခဲ့ကြသဖြင့် အလေ့ကျပေါက်ရောက်ရှင်သန်နေကြသောသစ်ပင်တို့ဖြင့် ညို့ညို့မှိုင်းမှိုင်း ရှိနေ၏။ လူသူအရောက်အပေါက်နည်းသည်ကို အခွင့်ကောင်းယူကာ လူဆိုးများ၊ သူခိုးများကတော့ ထိုနေရာသို့ မကြာခဏရောက်လာတတ်ကြပေသည်။

အလောင်းတော် ရုက္ခစိုးနတ်သား၏တမာပင်သည် ထိုသုသာန်တောအုပ်ထဲတွင် အပါအဝင် ဖြစ်၏။ တမာပင်၏ မနီးမဝေးတွင် ညောင်ပင်တစ်ပင်ရှိ၍ ထိုညောင်ပင်တွင် ညီတော်အာနန္ဒာ၏ အလောင်းလျာ ရုက္ခစိုးနတ် ရှိနေ၏။ ညောင်ပင်စောင့်နတ်သည် ထိုအပင်သို့ ရောက်လာခါစဖြစ်၍ တမာပင်စောင့်နတ်၏အရည်အချင်းကို မသိနိုင်သေးပေ။ သို့ဖြစ်၍ သူသည် တမာပင်စောင့်နတ်ကို အလေးအမြတ်သဘောမထားသေးဘဲ သာမည အိမ်နီးချင်းတစ်ဦးအဖြစ်ဖြင့်သာ ဆက်ဆံခဲ့လေသည်။

တစ်ခုသော နံနက်ခင်း၌ သူခိုးတစ်ယောက်သည် ခိုးထုပ်ခိုးထည်နှင့် တကွ တမာပင်အောက်သို့ ဝင်ရောက်လာ၏။ သူခိုး ခိုးလာသောပစ္စည်းထုပ်က အရွယ်အစားအားဖြင့်လည်း ကြီးလှ၏။ လေးလေးပင်ပင် ထမ်းလာရပုံကို ထောက်၍ အဖိုးထိုက်အဖိုးတန်ပစ္စည်းတွေ ပါလာပုံရ၏။ သူခိုးသည် တမာပင်အောက်ရောက်ရောက်ချင်း အထုပ်ကြီးကို ဗုန်းခနဲ ပစ်ချလိုက်ပြီးလျှင် ဖင်ခု၍ ထိုင်လိုက်၏။ နံနက်စောစော ဖြစ်ပါလျက် ပုဆိုးစတစ်ဖက်ဖြင့် ထွက်လာသမျှသော ချွေးသီးချွေးပေါက်တို့ကို သုတ်ပြီးရင်း သုတ်နေရ၏။ ချွေးသုတ်ရင်းကပင် ဟောဟဲလိုက်အောင်အသက်ရှူနေသေး၏။ သူခိုးဖမ်းသူတို့ဘေးက လက်မတင်လေး လွတ်အောင် ပြေးလာခဲ့ရပုံပေါ်နေပေသည်။

တောခေါင်ခေါင်၌ နေလာခဲ့ကြရသော ရုက္ခစိုးနတ်နှစ်ပါးတို့သည် ရှားရှားပါးပါး ရောက်လာခဲ့သော မနုဿလူသားတစ်ယောက်ကို စိတ်ဝင်တစား ကြည့်နေမိကြ၏။ ဤသူသည် သူတစ်ပါးပစ္စည်းကို မသမာသောစိတ်ဖြင့် ခိုးဝှက်လာခဲ့သူပါကလား ဟူ၍ပင် မစဉ်းစားမိကြပေ။ သူခိုးကမူ မိမိအားစိတ်ဝင်စားစွာ ကြည့်ရှုနေကြသည့် ရုက္ခစိုးနတ်တို့ကို မမြင်နိုင်ပါ။ ဥစ္စာထုပ်ပေါ် မှာထိုင်လျက် ဟောဟဲလိုက်အောင် အသက်ရှူလျက် လာခဲ့ရာလမ်းကြောင်းသို့ လည်တဆန့်ဆန့် ကြည့်နေရ၏။ နောက်က လိုက်လာမည့်သူများအတွက် ဖြစ်ပါလိမ့်မည်။

အတန်ကြာအောင် အသက်ပြင်းပြင်းရှူနေပြီးမှ သူခိုးကမတ်တတ်ရပ်၍ အတန်ငယ်လျှောက်၍ လာခဲ့ရာလမ်းကြောင်းဆီသို့ လှမ်းမျှော်ကြည့်၏။ လာခဲ့ရာလမ်းကြောင်းဆီမှ မည်သည့်အရိပ်အယောင်မျှ မမြင်ရပါ။ သည်တော့မှ သူခိုးသည် တမာပင်ခြေရင်းသို့ အေးအေးသက်သာ ပြန်လာခဲ့ပြီးလျှင် ဥစ္စာထုပ်ကို ခေါင်းအုံး၍ အိပ်လိုက်ပါတော့သည်။ တော်တော်ကြီး မင်ပန်းလာခဲ့ပုံရပေသည်။ သူခိုးပြုမူလှုပ်ရှားလေသမျှကို စိတ်ဝင်တစား လိုက်ကြည့်နေကြသော ရုက္ခစိုးနတ်နှစ်ပါးအနက် တမာပင်စောင့်နတ်က အလန့်တကြား ဖြစ်သွားရ၏။ သူခိုးသည် သူ့အပင်၏အကိုင်းကို မချိုင်ပါ။ အခက်အလက်များကို မားနှင့်မခုတ်ပါ၊ လက်နှင့်လည်း မချိုးမဖျက်ပါ။ တမာပင်အရိပ်မှာ လူတစ်ယောက်ဝင်အိပ်ရုံမျှဖြင့် မည်သို့မျှ မထိခိုက်နိုင်ပါ။ ပျက်စီးစရာဘာမှမရှိပါ။ သို့





www.burmeseclassic.com

www.burmeseclassic.com

ပါလျှက် တမာပင်စောင့်နတ်ကတော့ သည်လောက်ကလေးနှင့်ပင် မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်နေရပါပြီ။ ထိန်းမနိုင်သိမ်းမရ တုန်လှုပ်နေရပါပြီ။ ထို့ကြောင့်-

"ဟော့- သူခိုး၊ အိပ်မနေနဲ့ကွ။ မြန်မြန်ထ၊ မြန်မြန်ထ"

ဟု အမောတကော နှိုးလိုက်ရ၏။ သူခိုးမြင်နိုင်အောင် မိမိ၏ပကတိရုပ်သွင်ကို ထင်ရှားအောင်ပြလိုက်ရ၏။

"မင်းက လူတို့ရပ်ရွာထဲမှာ ခိုးမှုတို့ကျူးလွန်လာတဲ့ကောင်၊ မင်းနောက်မှာ သူတို့က ခြေရာခံပြီးလိုက်လာကြမှာ သေချာတယ်။ သူတို့လက်ထဲ မရောက်ခင် လွတ်အောင်ပြေးကွ၊ လွတ်အောင်ပြေး"

ဤကဲ့သို့ တမာပင်စောင့်နတ်က ကိုယ်ထင်ပြပြီး နှင်နေသဖြင့် သူခိုးမှာ မထချင် ထချင်နှင့် ပြန်ထကာ ဥစ္စာထုပ်ကိုထမ်းလျက် ခရီးဆက်သွားရလေ၏။

စောစောတုန်းကတော့ ညောင်ပင်စောင့်နတ်သည် သူခိုး၏ပြုမူလှုပ်ရှားပုံများကိုသာ စိတ်ဝင်စားနေမိ၏။ ယခုတော့ သူ့စိတ်ဝင်စားမှုက တမာပင်စောင့်နတ်ဆီ ပြောင်းလာခဲ့ပါပြီ။ တမာပင်စောင့်နတ်၏ ကြောင့်ကြောင့်ကြကြဖြစ်နေရပုံများက ထူးပါပေ့၊ ဆန်းပါပေ့။

# လာမည့်ဘေး အဝေးကရှောင်

ညီတော်အာနန္ဒာ၏ ပါရမီဇာတ်လမ်းများ





www.burmeseclassic.com

www.burmeseclassic.com

# လက်ဖက်စိမ်း~အုန်းဆီ

'အရွက်မှာလက်ဖက်၊ အသားမှာဝက်၊ အသီးမှာ သရက်' ဆိုသည်မှာ မြန်မာတို့၏ဆိုစကားတစ်ခုပင် ဖြစ်ပါသည်။ အထူးသဖြင့် လက်ဖက်သည် လူကြီး၊ လူငယ်မရွေး ကြိုက်နှစ်သက်ကြပြီး အမျိုးသမီးများ ပို၍ နှစ်သက်ကြပါသည်။

လက်ဖက်သည် မြန်မာတို့၏သာရေး၊ နာရေး အကြောင်းကိစ္စအများစုတွင် မပါအဖြစ် အသုံးပြုရသောအရာတစ်ခု ဖြစ်ပါသည်။ ဒါကြောင့် လက်ဖက်ကို မြန်မာပြည်တစ်ဝန်း တွေ့ရပါသည်။

အုန်းသီးအတွင်းမှ အဆန်ကို နေသုံးရက်ခန့်လှန်းပြီး ကြိတ်ယူ၍ ထွက်လာသော အုန်းဆီသည် ဆံပင်ကို နက်ပြောင်စေခြင်း၊ သန်းများကိုသေစေခြင်းနှင့် ဗောက်ထခြင်းကို သက်သာပျောက်ကင်းစေပါသည်။ မည်သည့်အရောအနှောမျှမပါ၊ ဓာတုဆေးဝါးများ၏ ထိန်းချုပ်မှုမပါသော သဘာဝ ရိုးရိုးအုန်းဆီမှာသာလျှင် ထိုအစွမ်းသတ္တိများ ပါရှိပါသည်။

လူတစ်ယောက်၏ဥပဓိရုပ်ကောင်းမွန်မှုတွင် ဆံပင်ထူပြီး နက်မှောင်သန်စွမ်းမှုကလည်း အရေးပါ, ပါသည်။ ဆံပင်ကျဲပါးခြင်း၊ ထိပ်ပြောင်ခြင်း၊ ပေါက်နေသောဆံပင်များကလည်း သန်စွမ်းမှုမရှိခြင်း၊ အရွယ်မတိုင်မီ ဆံပင်ဖြူခြင်းစသည်တို့သည် ရုပ်ရည်ကို ရှိသောအရွယ်ထက် ပို၍အိုစေပါသည်။ ဒါကြောင့် ပင် အမျိုးသမီး၊ အမျိုးသားတိုင်း ဆံပင်ကို ဂရုစိုက်တတ်ကြပါသည်။

ဆံပင်ကို တန်ဖိုးထား ဂရုစိုက်ကြသည့် စာဖတ်သူများအတွက် လွယ်ကူပြီး တန်ဖိုးရှိသည့် ဆေးအုန်းဆီကို တင်ပြလိုပါသည်။

ပုလင်း (သို့) ဘူးသန့်သန့်တွင် လက်ဖက်စိမ်းရွက် ခပ်ရင့်ရင့် အစိုကိုထည့်ပါ။ (အနုကို မသုံးပါနှင့်။) ၎င်းအပေါ်မှ အုန်းဆီကို လောင်းထည့်ပါ။ လေလုံအောင်ပိတ်ထားပါ။ အသားကျသွားအောင် တစ်ပတ်ခန့်ထားလိုက်ပါ။

ဤဆေးအုန်းဆီအား လိမ်းပေးပါက ဆံပင်ကို နက်မှောင်သန်စွမ်းစေပါသည်။ အမျိုးသမီးများ ဆံပင်ပြတ်ခြင်း၊ အဖျားနှစ်ခွဖြစ်ခြင်း၊ ဆံပင်သန်စွမ်းခိုင်မာမှု မရှိဘဲ ကျွတ်လွယ်ခြင်း၊ အရွယ်မတိုင်မီ ဆံပင်ဖြူခြင်းများကို သက်သာပျောက်ကင်းစေပြီး ထိပ်ပြောင်နေသူများ ပြောင်နေသောနေရာကို ဤဆေးလိမ်းပေးပါ။ ရှိပြီးသားဆံပင်ကို ခိုင်မာစေပြီး ပြောင်နေသောနေရာတွင် ဆံပင်သစ်ပေါက်စေခြင်း အကျိုးရလဒ်များကို ခံစားရပါလိမ့်မည်။

သဒ္ဒါ(ဥပဒေ)

---

သည်လို ထူးနေ ဆန်းနေတာတွေက ဘာကြောင့်များပါလိမ့်။

နောက်ဆုံးမှာတော့ ထူးနေတာ၊ ဆန်းနေတာတွေကို သိလိုဇောသွားကအားကောင်းလာကြသဖြင့်-

"အို- အဆွေ တမာပင်စောင့်နတ်ရယ်၊ ကျွန်ုပ်တို့က လူသူမနီးတဲ့ တောအုပ်ထဲမှ နေနေတာပါ။ သူခိုးက သူ့အလုပ်သူလုပ်တာကလည်း လူတို့ရပ်ရွာထဲမှာပါ။ ရွာထဲရပ်ထဲကလူတွေ လိုက်လာကြပြီး သူခိုးကို ဖမ်းကြတော့လည်း ကျွန်ုပ်တို့နဲ့ ဘာဆိုင်သတုံးဗျ။ ဖမ်းမိတဲ့အခါကျတော့ သူတို့ သတ်ချင်သတ်၊ ဖြတ်ချင်ဖြတ်၊ သူတို့အလုပ်သူတို့လုပ်ကြတာပဲ မဟုတ်လား။ တောထဲမှ ကိုယ့်ဘာသာနေနေကြတဲ့ ကျွန်ုပ်တို့နှင့် အလွတ်ကြီးမဟုတ်ပါလား။ သူတို့နဲ့ကျွန်ုပ်တို့နဲ့ ဘာဆိုဘာမှမဆိုင်ပါဘဲနဲ့ အသင်နတ်သားက သူခိုးအတွက် ဘာလို့များ ကြောင့်ကြောင့်ကြကြ ဖြစ်နေရတာလဲ"

ဤသို့ မနေနိုင်မထိုင်နိုင် ထုတ်ဖော်မေးမြန်းသည်တွင် တမာပင်စောင့်နတ်သားကတော့ အေးဆေးသက်သာစွာပင် တုံ့ပြန်လို၍-

"ကိုညောင်ပင်ရယ်၊ သူခိုးအတွက် ကြောင့်ကြတာ မဟုတ်ရပါဘူးဗျာ။ တကယ်တော့ဖြင့် ကျွန်ုပ်အတွက် ကြောင့်ကြတာပါ။ ကျွန်ုပ်နေထိုင်တဲ့ ဘုံဗိမာန်အတွက် ကြောင့်ကြတာပါ"

"အလိုဗျာ၊ ကြားရတာဆန်းလှပါကလား။ သူခိုးကို ဖမ်းသတ်ကြတာနဲ့ တမာပင်ဘုံဗိမာန်နဲ့ ဘာများဆိုင်လို့တုံး"

"ဆိုင်ပါသော်ကော ကိုညောင်ပင်ရယ်၊ လူတို့ရပ်ရွာထဲမှာ သူခိုးတစ်ယောက်ကို လက်ရဖမ်းမိတယ်ဆိုရင် သူတို့က ပြီးလွယ်စီးလွယ် တစ်ချက်တည်းနဲ့ ခေါင်းဖြတ်သတ်တာ မဟုတ်ဘူးဗျ။ နောက်လူတွေ နောင်ကြဉ်သွားအောင်၊ သူခိုးအတွက်လည်း မသေခင်ကလေးမှာ မရှုမလှခံစားသွားရအောင် တံကျင်လျှိုပြီး သတ်ကြတာ။ တံကျင်လျှိုဖို့ အသားရှာကြတော့လည်း တမာသားကို အသုံးပြုကြတာ။ ဒင်းကိုတော့ ခါးခါးသီးသီးမုန်းလှချေရဲ့ဆိုတဲ့သဘော ထင်ပါရဲ့"

ဤကဲ့သို့ ရုက္ခစိုးနတ်နှစ်ပါးတို့ စကားတုံ့လှယ် ပြောဆိုနေကြစဉ်မှာပင် ဗာရာဏသီမြို့တော်ထဲက လူအုပ်ကြီး ရောက်လာ၏။ ဓားတွေ၊ လှံတွေကိုယ်စီ ကိုင်ဆောင်ကာ သူခိုး၏ခြေရာကို ကြည့်၍ ကြည့်၍ ဒေါနှင့်မောနှင့် လျှောက်လာကြ၏။ တမာပင်အောက်သို့ ရောက်လာကြ၍ သူခိုးအိပ်သွားသည့်နေရာကို မြင်လိုက်သည်နှင့်တစ်ပြိုင်နက်တည်း ခေါင်းဆောင်ဖြစ်သူက 'တောက်' တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်ကာ-

"အောင်မာ- ငါတို့ကဖြင့် အမောတကော လိုက်လာကြရတာ။ သကောင့်သားကဖြင့် တစ်ရေးတစ်မောတောင်မှ အိပ်သွားလိုက်သေးသကိုးကွ။ မိများမိလိုက်ရင်တော့ကွာ၊ ဒင်းကို ဒီတမာပင်ကအကိုင်းနဲ့ တံကျင်လျှို သတ်ရမှာ။ သတ်ပြီးတော့ ဒီတမာကိုင်းမှာပဲ အလောင်းကောင်ကို တွဲလောင်းဆွဲထားရမှာ။ အခုတော့ လွတ်သွားတာ နာတယ်ကွာ"

ဟု မချင့်မရဲနှင့် ရေရွတ်ပြောဆိုလျက် သူခိုးဖမ်းလူအုပ်ကြီး ထွက်သွားခါမှ ညောင်ပင်စောင့်နတ်သည် တမာပင်ဘုံဗိမာန်သို့ လျှောက်လာပြီးလျှင်-

"အို- မိတ်ဆွေ၊ မိတ်ဆွေဟာ ပညာရှိပီသပါပေတယ်။ ပညာရှိ ဆိုတာ ကြောင့်ကြသင့်တာကို ကြောင့်ကြရမှာပါ။ လာမည့်ဘေးကို ပြေးပြီးကြည့်ထားရမှာပါ။ ခုရောနောင်ပါ ဘဝသံသရာတစ်လျှောက်လုံးကို မြင်နိုင်သလောက် မြင်အောင် လှမ်းမျှော်ထားပြီးတော့ ကြိုတင်ပြင်ဆင်ထားရမှာပါ"

ဤသို့ လေးလေးမြတ်မြတ် ပြောဆို၏။ ထိုအခါမှစ၍ ညောင်ပင်စောင့်နတ်သည် ပညာရှိ တမာပင်စောင့်နတ်၏အဆုံးအမစကားများကို လေးစားစွာနာယူလျက် အသက်ထက်ဆုံး လိုက်နာကျင့်သုံးခဲ့ပါပေ၏။

ဝဏ္ဏသိရိ



www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှအဆက်)

ဘုန်းတော်အစုံ၊ ဉာဏ်တော် အနန္တနှင့် ပြည့်စုံတော်မူသော လူ၊ နတ်၊ ဗြဟ္မာ၊ အသူရာ၊ နဂါး အပေါင်းတို့ကို ဓမ္မနှင့် ဝိနယတို့ကို ဟောကြားသင်ပြပေးတော်မူသော မြတ်ဗုဒ္ဓ။

(အသောကဝန္ဒနာ၊ အောဒီ ၂ ရာစု)

**ဘစ်ကျော့ပြန် သက်သနဂိုရ်**

၁၈-၁၁-၁၂ နေ့ ည (၈) နာရီမှာ Noida မြို့ကနေ သက်သနဂိုရ်ကို ပြန်လည် ထွက်ခွာခဲ့ကြပါတယ်။ လမ်းခရီးတစ်ညလုံး ကားပေါ်မှာ အိပ်ကြရပါတယ်။

၁၉ - ၁၁ - ၁၂ ရက်နေ့ မနက် (၃) နာရီမှာ သက်သနဂိုရ် မြန်မာကျောင်းကို ရောက်ပါတယ်။ ကျောင်းရဲ့ စည်းကမ်းအရ ကျောင်းဝင်းတံခါးကို ည (၁၀) နာရီကနေ မနက် (၆) နာရီအထိပိတ်ထားတဲ့အတွက် မိုးလင်းတဲ့အထိ ကားပေါ်မှာပဲ စောင့်ကြရပါတယ်။ ဘုရားဖူးတွေကများတာမို့ အားလုံးရဲ့လုံခြုံရေးအတွက် ဖြစ်ပါလိမ့်မယ်။ နောက်တစ်ချက်ကလည်း မနက် (၆) နာရီမှာ တခြားခရီးစဉ်ဆက်မယ့်အဖွဲ့တွေထွက်မှ အခန်းလွတ်က ရမှာဖြစ်ပါတယ်။ တချို့ကတော့ ကျောင်းရှေ့ရောက်နေတာတောင် မဝင်ရလို့ ညည်းတွားကြပါတယ်။ ကိုယ့်ဖို့တစ်ခုတည်းကိုသာကြည့်တတ်တဲ့စိတ်ကို ပြင်နိုင်ရင် လူတွေရဲ့ ပြဿနာအတော်များများဟာ ပြေလည်သွားမှာပါ။



သစ္စာအဓိဋ္ဌာန်ဖြင့် ပူဇော်ခွင့်ရရှိခဲ့သည့် အာနန္ဒာဗောဓိညောင်ရွက်

သက်သနဂိုရ်မှာ ဘုရားဖူးဖို့ နှစ်နေရာလောက်ပဲရှိလို့ ညက ကားပေါ်မှာ အိပ်ရေးပျက်လာသူတွေ နေ့တစ်ဝက်ကျော် အနားယူကြပါတယ်။ ညနေ (၃) နာရီလောက်မှ စောင်းတန်းဦးရှိရာကို ထွက်ခဲ့ကြပါတယ်။ မြန်မာကျောင်း

**မောင်ပွင့်ဉာဏ်(မောရ)** ၅

# မဟာလူသားပွင့်တွန်းတော်မူရာ မြေမြတ်မဟာဆီသို့



ဘုရားရှင် တရားဟောတော်မူရာ အုတ်ခုံပလ္လင်နှင့် မွှာရုံ



www.burmeseclassic.com

www.burmeseclassic.com



အနာထပိဏ်သူဌေး လှူဒါန်းခဲ့သည့် ဂန္ဓကုဋိကျောင်းတော်ရာနှင့် ပန်းတင်ခုံ (စေတီပုံ)



ဘုရားရှင် ဆွမ်းခံအပြန် ခြေဆေးတော်မူရာ ရေတွင်း



ရဟန္တာဓာတ်တော်များ ဌာပနာထားရာ စေတီရှစ်ဆူနေရာ

နဲ့ သိပ်မဝေးပါ။ အခုအခါ ဆံကိတ်ဆလို့လည်းခေါ်တဲ့ ဗဆန္တပူရ်ရွာနားမှာရှိပါတယ်။ မြတ်စွာဘုရားရှင်ဟာ တာဝတိံသာနတ်ပြည်မှာ မယ်တော်ဖြစ်ခဲ့ဖူးတဲ့ သန္တုသိတနတ်သားကို အမှူးထားပြီး နတ်ဗြဟ္မာတွေကို ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားတော် ဟောကြားခဲ့ပါတယ်။ ဝါကျွတ်တဲ့ သီတင်းကျွတ်လပြည့်နေ့မှာ ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်း စောင်းတန်းသုံးသွယ်နဲ့ လူ့ပြည်ကို ဆင်းသက်လာရာမှာ စောင်းတန်း(လှေကား)ဦးဟာ သင်္ကဿနဂိုရ်ပြည်ကိုဆိုက်ရောက်ပါတယ်။

မြတ်စွာဘုရား ဆင်းသက်ပြီးတဲ့အခါ စောင်းတန်းသုံးသွယ်ဟာ မြေကြီးထဲဝင်သွားလို့ မြေပေါ်မှာ လှေကား (၇) ထစ်သာ ကျန်ခဲ့တယ်လို့ ဆိုပါတယ်။ သာသနာနှစ် ၂၁၈ ခုနှစ်မှာ သိရီဓမ္မာသောကမင်းကြီးဟာ အဲဒီစောင်းတန်းလှေကားနေရာမှာ ဉာဏ်တော် (၁၆) ပေရှိတဲ့ စေတီတော်တစ်ဆူ၊ ကျောင်းတိုက်ကြီးတစ်ခုနဲ့ ဆင်ရုပ်ပါ ကျောက်တိုင်တစ်တိုင် စိုက်ထူထားခဲ့ပါတယ်။ အေဒီ ၅ ရာစုက တရုတ်ရဟန်းတော်အရှင် ဖာဟိယန် သင်္ကဿနဂိုရ်ကို ရောက်တုန်းက ဒီအရပ်မှာ ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ (၁၀၀၀) ခန့်ရှိတယ်လို့ မှတ်တမ်းရေးခဲ့ပါတယ်။ စောင်းတန်းဦးတည်ရာဌာနဟာ ဘဒ္ဒကမ္ဘာမှာ ပွင့်တော်မူတဲ့ ဘုရားငါးဆူတို့ နတ်ပြည်ကနေ ဆင်းတဲ့အခါတိုင်း ဒီနေရာမှာပဲ စောင်းတန်းဦးဆိုက်လို့ မစွန့်ပယ်အပ်သော (အဝိဇဟိတ) လေးဌာနမှာ တစ်ခုအပါအဝင် ဖြစ်ပါ၏။

သာသနာနှစ် ၁၁၈၃ ခုနှစ်မှာ ဘာသာခြားဘုရင်တစ်ပါးက အဝိဇဟိတ (စေတီနှင့်ကျောင်းတိုက်ကြီး) ကို ဖျက်ဆီးပစ်လိုက်ပါတယ်။ အခုခေတ်မှာ ပြန်တူးဖော်လို့တွေ့ရတဲ့ ကျောက်တိုင်ထိပ်ကအရုပ်ဟာ ပုံပျက်နေလို့ ဆင်ရုပ်လို့လည်းပြော၊ နွားရုပ်လို့လည်း ပြောကြပါတယ်။ ကျောက်တိုင်ကို စေတီပျက်တောင်ကုန်းခြေရင်းမှာ သံတိုင်နဲ့ ကာရံထားပါတယ်။

### ရဟန္တာငါးရာတရားထူးရရာနေရာ

စောင်းတန်းဦးတောင်ကုန်းပေါ်က ဆင်းပြီး လယ်ကွင်းတွေကို (၁၅) မိနစ်လောက်ကြာအောင် တွေ့ကောက် ဖြတ်လျှောက်သွားလိုက်တာ ရှေ့တယ်



www.burmeseclassic.com

www.burmeseclassic.com


လေးတစ်ခုကို ရောက်ပါတယ်။ စိုက်ခင်းတွေကြားမှာပဲ ရှေးဟောင်းသုတေသနဌာနက သတိပေးဆိုင်းဘုတ်တစ်ခု စိုက်ထူထားပါတယ်။ ဒီနေရာဟာ နိုင်ငံတော်ရှေးဟောင်းသုတေသနက ထိန်းသိမ်းထားတဲ့နေရာဖြစ်လို့ ဖျက်ဆီးသူဟာ ထောင်ဒဏ် (၃) လသော် လည်းကောင်း၊ ငွေဒဏ် ရူပီး (၅၀၀၀) သော်လည်းကောင်း၊ ဒဏ်နှစ်ရပ်စလုံးသော်လည်းကောင်း ကျခံရမယ် ဆိုတာကို အင်္ဂလိပ်စာနဲ့ရော ဒေသသုံးစာနဲ့ပါ ရေးသားထားပါတယ်။

အကာအရံမရှိဘဲ အကျယ် (၁၀) ပေပတ်လည်နဲ့ အနက် (၁) ပေလောက်ရှိတဲ့ ကျင်းတစ်ကျင်းရဲ့ အလယ်မှာ ကျောက်ငုတ်ကလေးတစ်ခု ခပ်စောင်းစောင်းကလေး မြုပ်ဝင်နေပါတယ်။ ဒီနေရာမှာ လက်ယာရံအရှင်သာရိပုတ္တရာ ထေရ်ကြီးတော်မူတဲ့ အဘိဓမ္မာတရားတော်ကို သူ့ရဲ့တပည့်ရဟန်းငါးရာက ကြားနာအပြီးမှာ အားလုံး ရဟန္တာဖြစ်သွားကြပါတယ်။ အဲဒီ ရဟန်းငါးရာဟာ ကဿပဘုရားရှင်လက်ထက်က လင်းနို့သားငါးရာဖြစ်ခဲ့တယ်ဆိုတဲ့ ဇာတ်ကြောင်းကို ဗုဒ္ဓဘာသာဝင်အတော်များများ ကြားဖူးကြပါတယ်။

ည (၇) နာရီခွဲလောက်မှာ နယူးဒေလီအသွားတုန်းက မကန်တော့လိုက်ရတဲ့ သင်္ကဿနဂိုရ် မြန်မာကျောင်းဆရာတော်ကို စုပေါင်းကန်တော့ကြပြီး ဩဝါဒခံယူကာ လှူဖွယ်ပစ္စည်းများနဲ့ လောကမ္ဗဝတ္ထုငွေ ကပ်လှူ ပူဇော်ခဲ့ကြပါတယ်။ အိန္ဒိယနိုင်ငံမှာရှိတဲ့သံဃာတော်တွေဟာ ဘာသာခြားတွေရဲ့ အနှိမ်ခံ၊ အပိန္နှိပ်ခံပြီး ဘုန်းတော်ကြီးကျောင်း




သင်္ကဿနဂိုရ် စောင်းတန်းဦးဆိုက်ရောက်ရာ တောင်ကုန်း



ဘုရားရှင် တန်ခိုးပြာဋိဟာပြတော်မူပြီး နတ်ပြည်သို့တက်လှမ်းရာ သရက်ဖြူပင်ကုန်း



ကောသလမင်းလှူဒါန်းသည့် သလာသဂါရကျောင်းဆောင်နေရာ



အာနန္ဒာဗောဓိစေတီတော်ကြီးကို
...တိုင်ကြီးများဖြင့် ကိုင်းထောက်ပူဇော်ခဲ့သူမှာ
...န်ကြီးချုပ်ဟောင်း ဦးနု ဖြစ်သည်



www.burmeseclassic.com


www.burmeseclassic.com



အင်္ဂုလိမာလရဟန်း၊ အင်္ဂုလိမာလသုတ် ရွတ်ဆိုနေရာ အထိမ်းအမှတ်စေတီ



ဇေတဝန်ကျောင်းတော်အတွင်းရှိ အာနန္ဒာဗောဓိပင်



တိဗက်ဘုန်းတော်ကြီး ဧလိုင်းလားမား လှူဒါန်းထားသော ခေါင်းလောင်းကြီး



ဒေဝဒတ် မြေမျိုရာနေရာအနီးရှိ ရေအိုင်ကို လှမ်းမြင်ရစဉ်

များကို မဖြစ်မနေ ထူထောင်ကာ သာသနာပြုနေကြတာသိရလို့ ဝမ်းသာအားရ သာဓုခေါ်ကြရပါတယ်။

### အိန္ဒိယနိုင်ငံက ဖုန်းကတ်

ဗုဒ္ဓဂယာကို ရောက်ရောက်ချင်း မြန်မာပြည်ကို ဖုန်းပြန်ဆက်ချင်သူတွေက ဖုန်းကတ်ဈေးနှုန်းစုံစမ်းကြပါတယ်။ ဖုန်းကတ်(ဆင်းကတ်)တစ်ကတ်ကို ရူပီး (၅၀၀) ဆိုတော့ မြန်မာငွေ (၉၀၀၀) လောက်ပဲ ကျတဲ့အတွက် ဝယ်သူတွေက ဝယ်ကြပါတယ်။ (၃၅၀၀၀)လောက်ကျတဲ့ ဖုန်းအခွံ (Handset) ကိုလည်း တစ်ပါတည်း ဝယ်ကြပါတယ်။ (နောက်မှ သိရတာက အဲဒီ ဟန်းဆက်တွေဟာလည်း ခဏလေးနဲ့ပျက်တဲ့ တရုတ်စက် ပေါ-ချောင်-မကောင်းတွေဖြစ်ပါတယ်။)

သက်ဿနဂိုရ်ရောက်တော့ ဖုန်းကတ်ဈေးဟာ (၅၀) (မြန်မာငွေ ၉၀၀) လောက်ပဲရှိလို့ ဝယ်ပြီးသူတွေက နှဖူးထုကြပါတယ်။ မဝယ်ရသေးသူတွေက ပစ်စလက်ခတ်တန်တယ်ဆိုပြီး ဝယ်ကြပါတယ်။ ဖုန်းဝယ်ပြီး ငွေဖြည့်ကတ်ပါ ရူပီး (၅၀၀)၊ ရူပီး (၁၀၀၀) စသဖြင့် ထည့်ကြပါတယ်။ ရူပီး (၅၀၀) လောက်ပဲ ထည့်သူတွေဟာ မြန်မာပြည်ကို ဘယ်လောက်မှမဆက်ရသေးဘူး၊ ဖုန်းခေါ်လို့မရတော့ ပါ။ လက်ကျန်ငွေကြည့်တော့ ကုန်သွားပြီတဲ့။ တစ်ခုခုတော့မှားနေပြီဆိုပြီး သိတဲ့လူကို မေးကြည့်တော့မှ အဖြေမှန်ကထွက်လာပါတယ်။

အိန္ဒိယမှာ ဖုန်းကတ်ဝယ်ရင် သူတို့နိုင်ငံသားမှတ်ပုံတင်ပြရပါတယ်။ ဖုန်းကတ်အသစ်ဝယ်ရင် (၅) ရက်လောက်ကြာမှ လိုင်းဖွင့်ပေးပြီး ဆက်လို့ရပါတယ်။ အခုဝယ်တဲ့ကတ်တွေက သုံးပြီးသား ကတ်အဟောင်းတွေပါ။ နောက်တစ်ခါ သူတို့နိုင်ငံမှာ ဖုန်းထဲလက်ကျန်ငွေ ကုန်သွားပေမယ့် နောက်ထပ်ရူပီး



www.burmeseclassic.com

www.burmeseclassic.com

(၂၀၀) (၃၀၀)လောက် အကြွေးနဲ့ဆက် ဆေးသုံးထားပါတယ်တဲ့။ ဒါကိုမသိတော့ ကျွန်တော်တို့ မြန်မာနိုင်ငံက လူတွေက အနေပါရမိဖြည့်တဲ့အနေနဲ့ သူတို့ဖုန်းကြွေး ကို အဝေးကြီးကနေ တကူးတက လာ ပြီး ဆပ်ပေးကြတာဖြစ်ပါတယ်တဲ့။ သာဓု သာခေါ် လိုက်ကြပါတော့ခင်ဗျား။

အိန္ဒိယမှာ ဆက်သွယ်ရေးနဲ့ လျှပ် စစ်မီးကတော့ တကယ်ကောင်းပါတယ်။ ထမ်းဘေးက အကြော်တဲသာသာ တဲ အိမ်တလေးတွေလည်း လျှပ်စစ်မီးလင်း နေတာ တွေ့ရပါတယ်။ မဟာဓာတ် အားလိုင်း တာဝါတိုင်တွေက မြို့ထဲမှာ ပါ ရှိပါတယ်။ တယ်လီဖုန်းတာဝါတိုင် တွေကိုတော့ တောရောမြို့ပါ နေရာအနှံ့ မြင်တွေ့ရပါတယ်။

**သာဝတ္ထိသို့**

(၂၀-၁၁-၁၂) ရက်နေ့ မနက် (၆) နာရီမှာ သက်ဿနဂိုရ်ကနေ (၂၈၈) မိုင်ဝေးတဲ့ သာဝတ္ထိ(Sravasti)ကို ထွက် လာကြပါတယ်။

ဘုရားရှင်လက်ထက်က သာဝတ္ထိ ဟာ ကောသလတိုင်းမှာရှိပြီး ပသေနဒီ ကောသလမင်းနဲ့ ဝိဋူဍဘမင်းတို့ နေ ထိုင်တဲ့ ရာဇဌာနီမြို့ ဖြစ်ပါတယ်။ အဲဒီ မင်းတွေ မရှိတော့တဲ့နောက်မှာ မဂဓ တိုင်း အဇာတသတ်မင်း အုပ်ချုပ်တဲ့ မြို့ဖြစ်သွားပါတယ်။ 'သာဝတ္ထိ' ဆိုတာ သဗ္ဗ+အတ္ထိကလာတာဖြစ်ပြီး 'အလုံးစုံ ရှိခြင်း' လို့ အဓိပ္ပာယ်ရပါတယ်။ အခု ခေတ်မှာတော့ သာဝတ္ထိမြို့နေရာ (ပသေနဒီ ကောသလမင်း နန်းတော် ရာ) ကို မဟဲ့သ် (Maheth) လို့ ခေါ်ပြီး ဇေတဝန်ကျောင်းတော်ရာကို ဆဟဲ့သ် (Saheth) လို့ ခေါ်ပါတယ်။

သက်ဿနဂိုရ်ကနေ သာဝတ္ထိ သွားတဲ့လမ်းမှာ လပ်(ခ်)နောင်းမြို့ကြီး (Lucknow) ကို ဖြတ်သွားရပါတယ်။ ဒီ မြို့ဟာ အခု ကျွန်တော်တို့ ဖြတ်သန်း သွားနေတဲ့ ဥတ္တရာပရာဒေ့ရှ် (UP) ပြည် နယ်ရဲ့မြို့တော်ဖြစ်ပါတယ်။ စက်မှုလက် မှုနဲ့ ယဉ်ကျေးမှုထွန်းကားတဲ့ မြို့ကြီး လည်း ဖြစ်ပါတယ်။ လပ်(ခ်)နောင်း တက္ကသိုလ်ကို ၁၉၂၁ ခုနှစ်ကတည်းက တည်ထောင်ထားပါတယ်။ ယူပီပြည် နယ်ဟာ အိန္ဒိယနိုင်ငံရဲ့ မြောက်ဘက် စွန်းကျတဲ့ပြည်နယ်ဖြစ်ပြီး နီပေါနိုင်ငံနဲ့ နယ်နိမိတ်ချင်း ထိစပ်နေပါတယ်။

ည (၇) နာရီလောက်မှ သာဝတ္ထိ မြန်မာကျောင်းကို ရောက်ရှိပါတယ်။



သက်ဿနဂိုရ်မြန်မာကျောင်းဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်



သက်ဿနဂိုရ်မှ အရှင်သာရိပုတ္တရာ၏တပည့်ငါးရာ ရဟန္တာဖြစ်ရာနေရာ

အလယ်မှာ မြက်ခင်းပြင်နဲ့ လေးထောင့် ပုံ သုံးထပ်ကျောင်းဆောင်သစ်ကြီးဟာ ခံ့ညားလှပပါတယ်။ ကျောင်းမုခ်ဝမှာ တော့ အင်္ဂလိပ်လို (Myanmar Monastery, Sravasti, UP, India) လို့ ရေး ထားပါတယ်။ ကျောင်းအဝင်ဧည့်ခန်း မှာ အင်္ဂလိပ်-မြန်မာဆေးမျိုးစုံဗီရိုငယ် တစ်ခု ရှိပါတယ်။ အဲဒီဗီရိုမှာကပ်ထား တဲ့ 'ဆေးဒါန၊ ယူနိုင်သည်၊ လှူနိုင်သည်' စာတန်းလေးကို အတော် သဘောကျမိ ပါတယ်။

ဗီရိုအောက်အကန့်မှာတော့ 'အိန္ဒိ ယနိုင်ငံ သာဝတ္ထိမြို့ ဇေတဝန်ကျောင်း တော်လမ်းညွှန်' စာအုပ်ပါးလေးတွေ အပြည့်ထည့်ထားပြီး 'မည်သူမဆို တစ် အုပ်ယူပါ' လို့ စာတန်းကပ်ထားပါတယ်။ ဒီစာအုပ်ကို ဆရာတော် ဦးဩဘာသက ရေးပြီး လုမ္ဗိနီအင်ဂျင်နီယာ ဦးမောင် မောင်လေးက စီစဉ်ကာ မေသူမောင် ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေးအဖွဲ့က အမှတ်တရ ဓမ္မဒါနအဖြစ် လှူဒါန်းထား တာ ဖြစ်ပါတယ်။

အဲဒီဧည့်ခန်းမှာပဲ သာဝတ္ထိမြန်မာ ကျောင်းဆရာတော် ဦးဩဘာသ ပြုစု ရေးသားတဲ့ စာအုပ်တွေကို ဈေးနှုန်းနဲ့ တကွ ပြသထားပါတယ်။ ဆရာတော် ရေးတဲ့ 'မဇ္ဈိမဒေသမြို့ရွာများမှ သမိုင်း ရုပ်ကြွင်းပုံရိပ်လွှာများ' စာအုပ်ကို ရူပီး (၃၀၀) နဲ့ ဝယ်ယူခဲ့လို့ အခုဆောင်းပါး ရေးတဲ့ဆီမှာ အထောက်အထား အကိုး အကားများစွာ ရခဲ့ပါ၏။ ဆရာတော်ရဲ့ ထေရုပ္ပတ္တိကိုဖတ်လိုက်ရတော့ ဆရာ တော်ဟာ ကျွန်တော်နဲ့ မွေးနှစ်ရော မွေးလပါ တူနေတာ တွေ့ရပါတယ်။ ဆရာတော်ဟာ သာဝတ္ထိမြို့ ဇေတဝန် ကျောင်းကို ၁၉၈၆ ခုနှစ်ကတည်းက ရောက်နေတာဖြစ်ပါတယ်။ ည(၈)နာရီ ခွဲလောက်မှာ ဆရာတော်ကို စုပေါင်း ကန်တော့ခဲ့ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

**ကဏ္ဍမွသရက်ဖြူပင်ကုန်း**

၂၁-၁၁-၁၂ ရက်နေ့ မနက် (၇) နာရီခွဲလောက်မှာ ကဏ္ဍမွသရက်ဖြူပင်ကုန်းရှိရာကို မော်တော်ယာဉ်တွေနဲ့ ထွက်ခဲ့ကြပါတယ်။ သာဝတ္ထိ မြန်မာကျောင်းနဲ့ သိပ်မဝေးပါ။ နှင်းတွေဝေနေလို့ မနက်ခင်းဟာ အေးချမ်းလှပါတယ်။ သိပ်မမြင့်လှတဲ့ တောင်ကုန်းအောက်ခြေမှာ အတူပါလာတဲ့ ဦးပဥ္စင်းက ရှင်းလင်းပြောပြတာကို မတ်တတ်ရပ် လက်အုပ်ချီပြီး နာယူခဲ့ကြပါတယ်။

သာဝတ္ထိပြည်က တိတ္ထိတွေကို အကြောင်းပြုပြီး မြတ်စွာဘုရားရှင်ဟာ ဝါဆိုလပြည့်နေ့မှာ ရေမီးအစုံအစုံ ယမကတန်ခိုးပြာဋိဟာကို ပြတော်မူပြီးတော့ အဘိဓမ္မာတရားဟောဖို့ နတ်ပြည်ကို (၂) လှမ်း၊ (၃) ဖဝါးနဲ့ တက်သွားခဲ့တာ ဒီသရက်ပင်ရင်းမှာ ဖြစ်ပါတယ်။ ကဏ္ဍ အမည်ရှိတဲ့ ဥယျာဉ်စောင့်က စိုက်ပျိုးတဲ့ သရက်ပင်ဖြစ်လို့ ကဏ္ဍမွသရက်ဖြူပင်လို့ခေါ်တာ ဖြစ်ပါတယ်။

မြတ်စွာဘုရားမရှိတော့တဲ့နောက် နှစ်ပေါင်း (၂၅၀) အကြာ ဒီနေရာမှာ သီရိဓမ္မာသောကမင်းကြီးဟာ အမှတ်အသားအဖြစ် စေတီနဲ့ ကျောက်စာတိုင် တည်ထားခဲ့ပါတယ်။အခုတော့ ကျောက်စာတိုင်က ပျောက်နေပြီး စေတီကြီးလည်း ပြိုကျပျက်စီးနေတာ ကုန်းမြင့်ကြီး ဖြစ်နေပါတယ်။ တောင်ကုန်းပေါ်တက်ပြီး အပေါ်ကအုတ်ခုံမှာပဲ ဘုရားရှင်ကို ရည်မှန်းပြီး ရှိခိုးကန်တော့ကြပါတယ်။ ရှေးဟောင်းသုတေသနဌာနက တန်ခိုးပြနေရာစေတီ ဒါမှမဟုတ် နတ်ပြည်တက်လမ်းစေတီကို တူးဖော်ပြီး အုတ်တံတိုင်းနဲ့ ဝင်းခတ်ကာရံထိန်းသိမ်းထားပါတယ်။

ဂျိန်းဘာသာဝင်တွေကလည်း ဂျိန်းဘာသာဝင် ဘုရင်ကြီးတစ်ပါးက တစ်နေ့ကို ရေကန်တစ်ခုကျ တူးဖော်လျှဒါန်းရာက ပေါက်တူးမှာကပ်နေတဲ့ ရွံ့တွေကို ခါချစုပုံလို့ ဒီတောင်ကုန်းဖြစ်လာတယ်လို့ဆိုပါတယ်။ ဖြစ်နိုင်၊ မဖြစ်နိုင်စဉ်းစားသာကြည့်ကြပါတော့။တခြားဘာသာဝင်တွေဟာ မြတ်စွာဘုရားရှင်နဲ့ ဆက်စပ်ပတ်သက်တဲ့နေရာတိုင်းမှာ သူတို့ဘာသာနဲ့ပဲ ပတ်သက်နေသယောင်ယောင် အခုလိုဝင်ပြီးနေရာယူတတ်ကြပါတယ်။

သရက်ဖြူပင်ကုန်းနား ကားလမ်းကနေ ပေ (၂၀) လောက်အကွာမှာ ရေကန်တစ်ခုရှိပါတယ်။ အဲဒီရေကန်ကမ်းစပ်မှာ ရှင်ဒေဝဒတ် မြေမျိုခံရပါတယ်။ တစ်ခါ အဲဒီရေကန်နဲ့ မလှမ်းမကမ်း ဇေတဝန်ကျောင်းတော်ကနေ (၂) ဖာလုံလောက်အကွာမှာ စိဉ္စမာဏ မြေမျိုခံရတဲ့နေရာ ရှိပါတယ်။ ဒီနေရာတွေကိုတော့ အတူပါလာသူ ဦးပဥ္စင်းက ကားပေါ်ကနေ ညွှန်ပြလို့ လှမ်းမျှော် ကြည့်ရှုခဲ့ရပါ၏။

**အင်္ဂုလိမာလစေတီ**

သရက်ဖြူပင်ကုန်းကနေ အင်္ဂုလိမာလစေတီနေရာကို သွားပါတယ်။ အင်္ဂုလိမာလရဟန်းက မီးမဖွားနိုင်တဲ့ အမျိုးသမီးအတွက် ပရိတ်(အင်္ဂုလိမာလသုတ်) ရွတ်ပေးခဲ့တဲ့နေရာမှာ မြို့သူမြို့သားတွေက အထိမ်းအမှတ်အုတ်ခုံ (စေတီ) ပြုလုပ်ခဲ့ပါတယ်။ အဲဒီအုတ်ခုံပေါ်မှာ အသောကမင်းကြီးက ထူပါရုံ (လိုဏ်ဂူစေတီ) တည်လိုက်တဲ့အတွက် အင်္ဂုလိမာလစေတီဆိုပြီး ထင်ရှားလာခဲ့ပါတယ်။

အင်္ဂလိပ်ခေတ်မှာ မွတ်စလင်ဘုန်းကြီးက အင်္ဂုလိမာလစေတီပေါ်မှာ 'ပါကစ်ကုဋီ' နာမည်နဲ့ ကျောင်းဆောက်ပြီးနေပါတယ်။ အဲဒီစေတီနဲ့ မနီးမဝေးက သုဒတ္တ(အနာထပိဏ်)စေတီပေါ်မှာ ဟိန္ဒူဘုန်းကြီးက 'ကာကျစ်ကုဋီ'ကျောင်းဆောက်ပြီး နေထိုင်ပါတယ်။ ၁၉၅၆ ခု၊ သာသနာ ၂၅၀၀ ပြည့် အထိမ်းအမှတ် ဗုဒ္ဓဇယန္တိပွဲတော်အတွက်' အဲဒီဟိန္ဒူ၊ မွတ်စလင်ကျောင်းတွေကို ဖယ်ရှားပြီး နဂိုအုတ်ခဲအကျိုးအပဲ့တွေနဲ့ပဲ စေတီနှစ်ဆူကို ပြုပြင်တည်ဆောက်ထားပါတယ်။

ဒီနေရာကနေ မြောက်ဘက် တစ်မိုင်လောက်အကွာမှာ အစိရဝတီမြစ် (Rapti River) ရှိပါတယ်။ ပဋာစာရီရဲ့ သားကြီး ရေထဲမျောပါသွားတာ ဒီမြစ်ထဲမှာ ဖြစ်ပါတယ်။ အစိရဝတီမြစ်ဖျားခံတဲ့ ဟိမဝန္တာတောင်တန်းကြီးဟာ ဒီက



သက်သေနဂိုရ်မှ တောရွာငယ်လေး (ပုံ၏ညာဘက်နားတွင် ဂျီအက်စ်အမ်တာဝါတိုင် ရှိသည်)



စောင်းတန်းဦးတောင်ကုန်းရှိရာသို့ အတက်လမ်း



www.burmeseclassic.com

www.burmeseclassic.com

နေ မိုင် (၄၀) လောက်ပဲဝေးပြီး ဆီးနှင်းမြူတိမ်မရှိရင် လှမ်းမြင်နိုင်တယ်လို့ ဆိုပါတယ်။

**ကောသလမင်းကြီးနန်းတော်ဟောင်းနေရာ**

အင်္ဂုလိမာလစေတီနဲ့ မနီးမဝေးမှာ ကောသလမင်းကြီးနန်းတော်ဟောင်းနေရာရှိပါတယ်။ ကောသလမင်းဆိုတာက ထမင်းတစ်ခါစားရင် ဆန်တစ်စိတ်နဲ့ ဆီတ်တစ်ကောင်ကုန်အောင် အစားကြီးတာရယ်၊ အိပ်မက် (၁၆) ခုမက်ခဲ့တာရယ်ကြောင့် လူသိများတဲ့မင်းတစ်ပါးပါ။ ကောသလမင်းနန်းတော်ရာနေရာဟာလည်း အရှေ့ဘက်ကနေ လှေကားနဲ့ တက်လို့ရတဲ့ အုတ်ပုံအမြင့်ကြီးဖြစ်ပြီး အပေါ်မှာ အတော်နက်တဲ့အခန်းတွေဖွဲ့ထားတာ တွေ့ခဲ့ရပါတယ်။

ကောသလမင်းအကြောင်း ပြောရင်းနဲ့ 'လာဘ်ပေးလာဘ်ယူအစ ကောသလက' လို့တောင် ပြောရလောက်အောင် ဘုရင်လာဘ်စားတဲ့အကြောင်း သွားသတိရမိပါတယ်။ တိတ္ထိတက္ကတွန်းတွေဟာ ဇေတဝန်ကျောင်းတိုက်အဝကိုပိတ်ပြီး တက္ကတွန်းကျောင်းတိုက်ကြီးကို ဆောက်ပါတယ်။ သူတို့ဟာ ကိုယ်တုံးလုံးအကျင့်ကိုကျင့်တဲ့အတွက် ဇေတဝန်ကျောင်းတိုက်ကိုတရားနာလာတဲ့ အမျိုးကောင်းသမီးတွေဟာ မျက်စိရှက်ပြီး မလာကြတော့ပါဘူး။

ဘုရားရှင်က ဇေတဝန်ကျောင်းတော်အဝမှာ တိတ္ထိတက္ကတွန်းကျောင်းဆောက်ဖို့ အရှင်အာနန္ဒာကို ကောသလမင်းကြီးထံ စေလွှတ်ပြီး ပြောခိုင်းပါတယ်။ တိတ္ထိတက္ကတွန်းတွေက သိန်းနဲ့ချီပြီး လာဘ်ထိုးထားလို့ ကောသလမင်းကြီးကအတွေ့မခံပါ။ နောက်တစ်ခါ အရှင်သာရိပုတ္တရာနဲ့ အရှင်မောဂ္ဂလာန်ထေရ်တို့ကိုလွှတ်ပြီး မေတ္တာရပ်ခံစေရာမှာလည်း ဘုရင်ကြီးက အတွေ့မခံဘဲ ခရီးသွားပြီလို့လျှောက်ထားစေပါတယ်။

နောက်ဆုံး ဘုရားရှင်ကိုယ်တော်တိုင် လက်ဝဲတော်ရံ၊ လက်ယာတော်ရံ မဟာသာဝကကြီးများနဲ့ ဇေတဝန်ကျောင်းတိုက်ရှိ သံဃာကုန် တန်းစီကြွပြီး နန်းတော်တံခါးဝမှာ ရပ်တော်မူတဲ့အခါ ကောသလမင်းကြီးလည်း မနေသာတော့ဘဲ ထွက်လာပါတယ်။

မြတ်စွာဘုရားရှင်က ကောသလမင်းကြီးကို သူတော်ကောင်း ရသေ့၊ ပုဏ္ဏားတွေဆီက လာဘ်စားပြီး အဂတိလိုက် တရားဆုံးဖြတ်ခဲ့လို့ တိုင်းပြည်



စိဥ္စမာထာ မြေမျိုခံရတဲ့နေရာကလည်း ဒီကနေ သိပ်မဝေးပါ



ကောသလမင်းနန်းတော်ရာပေါ်မှ အင်္ဂုလိမာလစေတီကို လှမ်းမြင်ရစဉ်

ပျက်စီးခဲ့ဖူးတဲ့ ဇာတ်တော်ကိုဟောကြားတော်မူပါတယ်။ ဒီတော့မှ ကောသလမင်းကြီးဟာ တိတ္ထိတက္ကတွန်းတွေဆီက မြေကို ပြန်ဝယ်ပြီး ဘိက္ခုနီ (ရဟန်းမ)တို့အတွက် ကျောင်းဆောက်လုပ်လှူဒါန်းပါတယ်။

လာဘ်စားခြင်း (bribery) ကို အကျင့်ပျက်ခြင်း (corruption) နဲ့တွဲပြီး အင်္ဂလိပ်လို (bribery and corruption) လို့ သုံးနှုန်းလေ့ရှိတာ ဆင်ခြင်စရာ ဖြစ်ပါ၏။

**ဇေတဝန်ကျောင်းတော်**

ဇေတဝန်ကျောင်းတော်နေရာကို သွားတဲ့အခါ ဂိတ်ဝမှာ တစ်ယောက်ကို ဝင်ကြေး (၅) ရူပီး ပေးရပါတယ်။ ထုံးစံအတိုင်း ကိုယ့်ပိုက်ဆံနဲ့ အဖွဲ့ကပေးချေပါတယ်။ ဇေတမင်းသားရဲ့ ဥယျာဉ်ကိုဝယ်ပြီး ကျောင်းဆောက်လှူတာက အနာထပိဏ်သူဌေးဖြစ်ပေမယ့် ဇေတဝန်ကျောင်းတော် (ဇေတဝနဝိဟာရ) လို့ပဲ အမည်တွင်ပါတယ်။ ဇေတဝန်ကျောင်းတော်ကို မြတ်စွာဘုရား (၂) ဝါရချိန်မှာ ဆောက်တာဖြစ်ပြီး အနာဂတ်သာသနာကို ရည်မှန်းကာ အရပ်လေးမျက်နှာကလာတဲ့ သံဃာတွေကို လှူဒါန်းပါလို့ (သံဃိကဒါန) မြတ်စွာဘုရားရှင်က အနာထပိဏ်သူဌေးအား တိုက်တွန်းခဲ့ပါတယ်။

ဇေတဝန်ကျောင်း တောင်ဘက်ဂိတ်က ဝင်ဝင်ချင်း ဘယ်ဘက်မှာ အတော်ကျယ်ဝန်းတဲ့ ကျောင်းဆောင်ရာတစ်ခု တွေ့ရပါတယ်။ ကောသလမင်းလှူဒါန်းတဲ့ 'သလာလဂါရ' (အင်ကြင်းပင်ကျောင်း) ဖြစ်ပါတယ်။ ဒီနေရာမှာ မျောက်တွေ အတော်များများ မြင်တွေ့ရပါတယ်။ မျောက်တွေကို အစာမကျွေးဖို့နဲ့ သူတို့နားရောက်ရင် ပိုက်ဆံအိတ်စတာတွေ သတိထားဖို့ အဖွဲ့ခေါင်းဆောင်က သတိပေးပါတယ်။ အခန့်မသင့်ရင် လူတွေကို အန္တရာယ်ပြုပြီး ပစ္စည်းတွေကိုလည်း ဆွဲလုတတ်လို့ ဖြစ်ပါတယ်။





www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတုန်းက ဘူးသီးတစ်လုံး ရွက်လာတဲ့ မိန်းမတစ်ယောက်ကို မျောက်တွေက ဘူးသီးလုရင်း ခေါင်းကို ကုတ်ခြစ်ကြလို့ သေသွားပါတယ်။ ဒါနဲ့ အိန္ဒိယအစိုးရက အဲဒီနေရာက မျောက်ကောင်ရေ (၂၀၀၀၀) ကို ပစ်သတ်ဖို့ ခွင့်ပြုခဲ့တယ်လို့ ဆိုပါတယ်။

'သလာလဂါရ'ကျောင်းဆောင်မှာ ဘုရားခန်း၊ ရဟန်းတော်တွေရဲ့ အခန်း (၂၃) ခန်းနဲ့ ရေတွင်းတစ်တွင်းရှိပါတယ်။ အဲဒီကျောင်းဆောင်နားမှာ ရဟန္တာဓာတ်တော်တွေ ဌာပနာထားတဲ့ ရဟန္တာများစေတီ (stupa) (၈) ဆူရှိတယ်လို့ ဆိုပါတယ်။ လက်ရှိအုတ်ခုံ အပိုင်းတွေကို ရေတွက်ကြည့်ရာမှာ (၇) ဆူသာ တွေ့ရပါတယ်။





## ဂန္ဓကုဋိကျောင်းတော်

ဘုရားရှင်ဟာ သာဝတ္ထိမြို့မှာ စုစုပေါင်း (၂၅) ဝါ ဝါဆိုခဲ့ရာမှာ ပုဗ္ဗာရုံကျောင်းတော်မှာ (၆) ဝါနဲ့ ဇေတဝန်ကျောင်းတော်မှာ (၁၉)ဝါ ဝါဆိုတော်မူခဲ့ပါတယ်။ အဲဒီလို ဝါဆိုတဲ့အခါ မြတ်စွာဘုရားဟာ ဂန္ဓကုဋိ (ပန်းရနံ့မွှေးကျောင်း) မှာ အမြဲသီတင်းသုံးတော်မူပါတယ်။ ဂန္ဓကုဋိကျောင်းတော်ဟာ ဇေတဝန်ကျောင်းဝင်းရဲ့ မြောက်ဘက်သုံးပုံတစ်ပုံအလယ်လောက်မှာ တည်ရှိပါတယ်။ ပွင့်တော်မူပြီး ဘုရားရှင်တိုင်း၊ နောင်ပွင့်တော်မူမယ့် ဘုရားရှင်တိုင်းဟာ ဒီဂန္ဓကုဋိတိုက်မှာပဲ စွဲစွဲမြဲမြဲ သီတင်းသုံးတော်မူလို့ ဘုရားရှင်တိုင်းမစွန့်တဲ့ 'အဝိဇဟိတ' ဌာနတစ်ခု ဖြစ်ပါတယ်။

ဘုရားရှင်လက်ထက်တော်အခါက ဘုရားဖူးတွေဟာ ကျောင်းဆောင်အဝင် ပန်းတင်ခုံမှာ မွှေးကြိုင်တဲ့ ပန်းတွေတင်ထားပြီးမှ ကျောင်းဆောင်ထဲဝင်ကာ ဘုရားရှင်ကိုဖူးတွေ့ကြပါတယ်။ အခု ဂန္ဓကုဋိကျောင်းဆောင်အဝင် ပန်းတင်ခုံကို စေတီပုံပြုလုပ်ထားပါတယ်။ ဘုရားရှင်ဟာ ဒီနေရာမှ မနက်တိုင်း ရပ်တော်မူပြီး တစ်လောကလုံးကို ကြည့်တော်မူပါတယ်။ ဂန္ဓကုဋိဟာ ညဉ့်သန်းခေါင်ချိန် (၁၀ မှ ၁၂ နာရီ) မှာ နတ်တွေကို တရားဟောတဲ့နေရာလည်း ဖြစ်ပါတယ်။

ဂန္ဓကုဋိရဲ့ အရှေ့မြောက်ဘက်က ဓမ္မာရုံ (အုတ်တိုက်ပျက်) ခေါင်းရင်းမှာ အလျား (၇)ပေ၊ အနံ (၆) ပေနဲ့ အမြင့် (၅) ပေရှိ အုတ်ပလ္လင်ကို မြင်တွေ့ရပါတယ်။ ဒီဓမ္မာရုံမှာ ဘုရားရှင်ဟာ နေ့တိုင်း ညနေချိန် လူများကို၊ ညဉ့်ဦးချိန် ရဟန်းများကို တရားဟောပြီး မနက်တိုင်း ရဟန်းများနှင့်အတူ ဆွမ်းစားတော်မူပါတယ်။ ကျွန်တော်တို့ ဘုရားဖူးအဖွဲ့သားတွေလည်း ပလ္လင်တော်ပေါ်မှာ ဘုရားရှင် တရားဟောတော်မူနေပုံကို အာရုံပြုပြီး မင်္ဂလသုတ်တော်ကို ရွတ်ဖတ် ပူဇော်ခဲ့ကြပါတယ်။

ဓမ္မာရုံရဲ့ အရှေ့မှာတော့ ဘုရားရှင်ဆွမ်းခံပြန် ခြေတော်ဆေးသော ရေတွင်းရှိပါတယ်။ အဖွဲ့နဲ့အတူပါ ဦးပဥ္ဇင်းက -

"အမှတ်တရအနေနဲ့ နည်းနည်းပါးပါးယူချင်ယူသွားပါ။ သောက်တော့ မသောက်နဲ့။ ရေက မသန့်ဘူး"

လို့ ပြော ပါတယ်။

ဘယ်အရာမဆို စောင့်ရှောက်ပြုပြင် ထိန်းသိမ်းမှုမရှိရင် ညစ်နွမ်းသွားတတ်တာ ဓမ္မတာပါပဲ။ ဘုရားရှင်ဟာ နေ့စဉ်လိုလို ခြေဆေးရင်း လောကမှာ ရခဲလှတဲ့အရာ (ဒုလ္လဘတရား) ငါးပါးကို ဟောတော်မူပါတယ်။

(၁) လောကမှာ ဘုရားဖြစ်ခြင်း၊
(၂) လူအဖြစ်ကိုရခြင်း၊
(၃) သဒ္ဓါတရားနှင့်ပြည့်စုံခြင်း၊
(၄) ရှင်ရဟန်းဖြစ်ခြင်း၊
(၅) သူတော်ကောင်းတရား ကြားနာရခြင်းတို့သည် ရခဲလှသောအရာများ ဖြစ်၏။

လူအဖြစ်ဆိုရာမှာ 'လူပီသသောလူ' ကိုဆိုလိုပါတယ်။ 'ပဗ္ဗဇိတဘာဝေါ ဒုလ္လဘော'ကို 'ရှင်ရဟန်းအဖြစ်သည် ခဲယဉ်းလှ၏' လို့ အများက သိမှတ်ထားကြသော်လည်း ဆရာတော်ကြီးတစ်ပါးကတော့ 'ပဗ္ဗဇ' ကို ဒီနေရာမှာ ရှင်ရဟန်းအဖြစ်လို့ တိုက်ရိုက်မယူရဘူး၊ 'ကိလေသာခေါင်းပါးသူ' ကို ဆိုလိုတာလို့ ယူရမယ် ဆိုပြီး ဟောကြားတော်မူထားပါ၏။

## အာနန္ဒာဗောဓိ


ဂန္ဓကုဋိနဲ့ ခြေတော်ဆေးရေတွင်းကနေ တောင်ဘက်ကို လျှောက်လှမ်းလာရင် အာနန္ဒာဗောဓိပင်မရောက်ခင် ဘုရားရှင် စင်္ကြံကြွတော်မူရာနေရာရှိပါတယ်။ ဒီနေရာကို အခုမှ ပတ်လည်အုတ်ရိုးစီနေတာ တွေ့ခဲ့ရပါတယ်။

အတူပါဦးပဥ္ဇင်းက-




www.burmeseclassic.com

www.burmeseclassic.com





မြန်လည် တူးဖော်နေသော ဘုရားရှင် စင်္ကြံကြွတော်မူရာ နေရာ




ယူပီပြည်နယ် သာဝတ္ထိမြို့ မြန်မာကျောင်းမုခ်ဦး

"သာသနိကအဆောက်အအုံတွေကို ခေတ်ကာလခွဲခြားရာမှာ သုံးထားတဲ့ အုတ်အနေအထားကိုကြည့်ပြီး ခန့်မှန်းရတယ်"

လို့ မိန့်ဆိုတာကို မှတ်သားခဲ့ရပါ၏။

အာနန္ဒာဗောဓိပင်နေရာမှာတော့ ဘုရားဖူးတွေ စည်ကားလို့နေပါတယ်။ မြတ်စွာဘုရားရှင်က မိမိမရှိခိုက်မှာ မိမိကိုယ်စား ဗောဓိပင် (ပရိဘောဂစေတီ) ကို ပူဇော်ကြရန် ခွင့်ပြုချက်အရ အရှင်မဟာမောဂ္ဂလာန်က ဗုဒ္ဓဂယာမဟာဗောဓိပင်မှမျိုးစေ့ကို အဘိညာဉ်တန်ခိုးနဲ့ ယူဆောင်ပေးပြီး အနာထပိဏ်သူဌေးကြီးက စိုက်ပျိုးခဲ့ပါတယ်။ ဒါတွေအားလုံးဟာ အရှင်အာနန္ဒာရဲ့အစီအစဉ်နဲ့ ဆောင်ရွက်တာဖြစ်လို့ အာနန္ဒဗောဓိလို့ ခေါ်တာ ဖြစ်ပါတယ်။

### သစ္စာတန်ခိုးနဲ့ ပူဇော်ခွင့်ရတဲ့ အာနန္ဒာဗောဓိညောင်ရွက်

ဘုရားဖူးအဖွဲ့သားတွေအားလုံး အာနန္ဒာဗောဓိပင်ရင်းအုတ်ခုံကို ဝိုင်းပတ်ပြီး နေရာယူကာ ရှိခိုးကန်တော့ကြပါတယ်။ ဗောဓိပင်က အင်မတန်ကြီးပေမယ့် အောက်ခြေမှာ ညောင်ရွက်တစ်ရွက်မှမရှိပါ။ ညောင်ရွက်ခူးသူကို ဒဏ်တပ်တယ်ကြားလို့ ဘယ်သူမှလည်း မခူးရဲကြပါ။ ဒါနဲ့ ကျွန်တော်လည်း နေ့စဉ်ဘုရားရှိခိုးရင် အမြဲဒွန်ပြုနေကျဧကားတစ်ခွန်းကို သစ္စာဆိုပြီး ဒီသစ္စာမှန်တန်ပါက အာနန္ဒာဗောဓိညောင်ရွက်ကို ပူဇော်ခွင့်ရရပါလို၏လို့ ဆုတောင်းခဲ့ပါတယ်။

ခဏအကြာမှာ ကျွန်တော်မျက်စိဖွင့်ကြည့်လိုက်တော့ အုတ်ခုံဟိုဘက်မျက်နှာချင်းဆိုင်မှာရှိနေတဲ့ဇနီးသည်ကို မတွေ့ရတော့ပါ။ အနောက်လှည့်ကြည့်လိုက်တော့ သူက ညောင်ရွက်လေးတစ်ရွက်ကိုင်ပြီးရပ်နေတာ တွေ့လိုက်ရပါတယ်။ သူဘုရားရှိခိုးနေရင်း ကျွန်တော့်နောက်ဘက်ကို ညောင်ရွက်တစ်ရွက် ကြွေကျလာတာ တွေ့လိုက်ရလို့ ကမန်းကတန်းလာကောက်ကြောင်း၊ သူမရောက်ခင်မှာ အဲဒီနေရာကိုဖြတ်သွားတဲ့မိန်းမတစ်ယောက်ကလည်း ညောင်ရွက်ကို မမြင်ကြောင်း ပြောပြပါတယ်။

ကျွန်တော့်ရင်ထဲမှာ ပြောမပြတတ်အောင် ဝမ်းသာပီတိဖြစ်မိပြီး ဗောဓိပင်ကို လက်အုပ်ချီကာ ဘုရားရှင်ကို ရည်မှန်းပြီး ကန်တော့လိုက်မိပါတယ်။

မောင်ပွင့်ဉာဏ် (မော...)



www.burmeseclassic.com

www.burmeseclassic.com



ဝိပလ္လာသ

ဖျာပုံ–တင်နိုင်ဝင်း

ဉာဏ်ပညာ မပါသော ပကတိ မျက်လုံးများသည် အမှန်တရားကို မြင်နိုင်ခဲ၏။ အဘယ့်ကြောင့်ဟူမူ အမြင်ခံ အာရုံဝတ္ထုများက ပုံထုဇဉ်တို့ကို လှည့်စားတတ်သောကြောင့် ဖြစ်သည်။ ပုထုဇဉ်တို့ကလည်း အာရုံဝတ္ထုများအပေါ် ဉာဏ်ဖြင့်မကြည့်ဘဲ လောဘ၊ ဒေါသ စသော ကိလေသာဖြင့်သာ ကြည့်ရှုသောကြောင့် ထင်ယောင်ထင်မှားဖြစ်ကာ သစ္စာတရား (ဝါ) အမှန်တရားကို မမြင်မတွေ့နိုင် ဖြစ်ရလေသည်။ ထိုသို့ သစ္စာတရားကို မမြင် ဖုံးကွယ်၍ ထင်ယောင်ထင်မှား ဖြစ်နေသော အခြေအနေမျိုးကို 'ဝိပလ္လာသ' ဟု ကျမ်းစာ၌ ဆို၏။

လယ်တီဆရာတော်ဘုရားကြီး၏ ဝိပဿနာဒီပနီတွင်–

'ဝိပလ္လာသ ဆိုသည်ကား ဖောက်ပြန် မှားယွင်းခြင်းတည်း။ ဟုတ်သည် မှန်သည်ကို မဟုတ် မမှန်ဟု မှားယွင်းခြင်း၊ မဟုတ် မမှန်သည်ကို ဟုတ်သည် မှန်သည်ဟု မှားယွင်းခြင်းတည်း'

ဟု ဖွင့်ဆိုထားပါသည်။

လောကဥပမာအရ ဇာတ်ပွဲကြည့်ရာတွင် သရုပ်ဆောင်နေသော ဇာတ်ကောင်များကိုကြည့်၍ ထင်ယောင်ထင်မှားဖြစ်ကာ ငိုစရာရှိလျှင် ငို၍၊ ရယ်စရာမြင်လျှင် ရယ်မိကြခြင်းသည် 'သရုပ်ဆောင်တာ မဟုတ်၊ တကယ်ဖြစ်နေသည်' ဟူ၍ အထင်မှားသောကြောင့် ဝိပလ္လာသဖြစ်ကာ ငိုမိ၊ ရယ်မိကြခြင်း ဖြစ်သည်။ သိပ္ပံသဘောအရ နေကို ကမ္ဘာက လှည့်ပတ်နေသည်ကို အခိုင်အမာတွေ့ရှိထားသော်လည်း ပကတိမျက်လုံးများဖြင့်ကြည့်ရှုမူ ကမ္ဘာကို နေကသာ လှည့်ပတ်နေသည်ဟု ထင်ရသည်။ တစ်နည်းအားဖြင့် ကမ္ဘာမြေကြီးက ရပ်တည်နေပြီး နေလုံးကြီးက အရှေ့မှ အနောက်သို့ ရွေ့လျားသွားသည်ဟု မှားယွင်းစွာ မြင်တွေ့နေရ၏။ ဤသို့ ဖြစ်ရခြင်းမှာ လောကသည် လှည့်စားတတ်သကဲ့သို့ ဝိပလ္လာသဟူသော ထင်ယောင်ထင်မှားဖြစ်သည့် သဘောများ ပုထုဇဉ်တို့၌ရှိနေခြင်းကြောင့် ဖြစ်သည်။

ထိုဝိပလ္လာသတရားသည် (၃)မျိုး ရှိ၏။ ၎င်းတို့မှာ–

(၁) သညာဝိပလ္လာသ၊
(၂) စိတ္တဝိပလ္လာသ၊
(၃) ဒိဋ္ဌိဝိပလ္လာသ

ဟူ၍ ဖြစ်သည်။

၁။ **သညာဝိပလ္လာသ** ဟူသည် အမှတ်မှားခြင်း ဖြစ်သည်။ အမှန်ကို အမှား၊ အမှားကို အမှန်ဟု မှတ်သားမှုမှားခြင်းကို ဆိုလိုသည်။ မိမိတို့သည် အကြောင်းအရာတစ်ခုကို ခိုင်မာစွာ မှတ်သားထားတတ်ကြသဖြင့် နောင် အလားတူ အကြောင်းအရာတစ်ခုကို ထပ်မံ တွေ့ရှိသော် ယခင်ကအကြောင်းအရာဟု အမှတ်သညာ မှားယွင်း၍ ထင်ယောင်ထင်မှားဖြစ်ခြင်းကို 'သညာဝိပလ္လာသ' ဟု ခေါ်၏။

သညာဝိပလ္လာသနှင့် ပတ်သက်၍ လယ်တီဆရာတော်ဘုရားကြီးက တောသမင်ကို ဥပမာပြု၏။

တစ်ခါသော် တောကြီးထဲ၌ သမင်အပေါင်းတို့ ကျက်စားနေ၏။ တစ်နေ့တွင် တောကြီးအလယ်၌ စပါးခင်းကို တွေ့သဖြင့် ပိုင်ရှင်မရှိထင်ကာ သမင်များက ဝင်ရောက်စားသောက်ကုန်၏။ သမင်များ စားသောက်ပြန်သွားချိန်တွင် လယ်ပိုင်ရှင်ရောက်ရှိလာပြီး မိမိစပါးခင်းအား တောသမင်များ စားသောက်သွားကြောင်း သိသဖြင့် ထိုကိစ္စကိုတားဆီးရန် အကြံထုတ်လေ၏။ ထို့နောက် လယ်ပိုင်ရှင်သည် မြက်ခြောက်၊ ဝါးနှီး စသည်တို့ဖြင့် လူသဏ္ဌာန်အရုပ် ပြု



www.burmeseclassic.com

www.burmeseclassic.com

ထုပ်၍ လယ်ကွင်းထဲ စိုက်ထားလေသည်။ ထိုလူသဏ္ဌာန်အရုပ်တွင် အင်္ကျီဟောင်း၊ လုံချည်ဟောင်းများ ဝတ်ဆင်ထား၏။ ဦးခေါင်းကို မြေအိုးဟောင်းဖြင့် ပြုလုပ်၍ မျက်စိ၊ နား၊ နှာခေါင်း၊ ပါးစပ်တို့ကို ထုံးဖြင့် ရေးဆွဲထား၏။ လက်တွင်လည်း ကြိမ်တံကို ကိုင်မြှောက်ဟန် ပြုလုပ်ထား၏။

နောက်နေ့တွင် တောသမင်တို့သည် မနေ့က စားလက်စရှိသော စပါးခင်းသို့ ထပ်မံရောက်ရှိလာကြပြန်၏။ ထိုအခိုက် စပါးခင်းအလယ်၌ စိုက်ထူထားသောလူရုပ်ကို မြင်သွားသဖြင့် တောသမင်တို့ ထွက်ပြေးကုန်ကြလေ၏။ ထိုသို့ ဖြစ်ရခြင်းမှာ တောသမင်တို့သည် ရှေးအခါက လူအစစ်၏အသွင်ကို မှတ်သားခဲ့ဖူးကြ၏။ ထိုမှတ်သားဖူးခဲ့သော မှတ်ရင်းစွဲဖြင့် လူရုပ်ကို လူအစစ်ဟုထင်ကြ၏။ တစ်နည်းအားဖြင့် အမှတ်သညာ ဖောက်ပြန်မှားယွင်းသွားခြင်း ဖြစ်သည်။ ဤသည်ကို သညာဝိပလ္လာသဟု ခေါ်ဆို၏။

၂။ **စိတ္တဝိပလ္လာသ** ဟူသည် အကြံ၊ အသိမှားခြင်း ဖြစ်သည်။ အမှန်ကို အမှား၊ အမှားကို အမှန်ဟု ဖောက်ပြန်မှားယွင်းစွာ ကြံမိ၊ သိမိနေခြင်းကို ဆိုလိုသည်။ မူရင်းအကြောင်းအရာတစ်ခုကို မိမိစိတ်၌သိထားသဖြင့် လောက၌လှည့်စားမှုကြောင့် အခြား အလားတူအကြောင်းအရာတစ်ခုကိုလည်း မူရင်းအကြောင်းအရာဟု စိတ်၌အသိမှား၍ ထင်ယောင်ထင်မှားဖြစ်ခြင်းကို 'စိတ္တဝိပလ္လာသ' ဟု ခေါ်၏။

ဥပမာ- ၎င်း စိတ္တဝိပလ္လာသသည် မျက်လှည့်ပွဲကြီးနှင့်တူ၏။ ကျွမ်းကျင်သော မျက်လှည့်ဆရာသည် မြေစိုင်မြေခဲများကို ရွှေခဲ၊ ငွေခဲထင်အောင် ပြ၏။ မျက်လှည့်ကြည့်သူတို့သည်လည်း မြေစိုင်မြေခဲကို ရွှေခဲ၊ ငွေခဲဟု မြင်ကြ၏။ အမှန်တကယ်တွင်မူ မြေစိုင်မြေခဲသည် ရွှေခဲ၊ ငွေခဲ ဖြစ်လာခြင်း မဟုတ်ပေ။ မျက်လှည့်ပညာ၏အစွမ်းကြောင့် ကြည့်ရှုသူအပေါင်းကို အသိမှားစေခြင်း ဖြစ်သည်။

ထိုသို့ ဖြစ်ရခြင်းမှာ မိမိတို့သည် ရှေးယခင်က ရွှေခဲ၊ ငွေခဲ ဆိုသည်ကို စိတ်၌သိထားကြသည်။ ယခုအခါ မျက်လှည့်ဆရာ၏ပညာစွမ်းကြောင့် မြေစိုင်မြေခဲကို ယခင်က သိထားခဲ့သော ရွှေခဲ၊ ငွေခဲများနှင့် အသိမှားကာ စိတ်ဖောက်ပြန်သွားခြင်းသာ ဖြစ်သည်။ တစ်နည်းအားဖြင့် မျက်လှည့်ဆရာကြောင့် မိမိတို့၏အသိတရားများ ထင်ယောင်ထင်မှားဖြစ်ကာ ဖောက်ပြန်သွားခြင်း ဖြစ်သည်။

ထို့အတူ ညဥ့်အချိန်၌ သစ်ငုတ်တိုကို လူဟု လည်းကောင်း၊ ချုံပုတ်ကို ဆင်ဟု လည်းကောင်း၊ ကြိုးကို မြွေဟု လည်းကောင်း အသိ၊ အကြံလွဲကာ ထင်ယောင်ထင်မှား ဖြစ်တတ်ကြလေသည်။ ဤသို့သောသဘောကို စိတ္တဝိပလ္လာသဟု ခေါ်ဆို၏။

၃။ **ဒိဋ္ဌိဝိပလ္လာသ** ဟူသည် အမြင်အယူမှားခြင်း ဖြစ်သည်။ အမှန်ကို အမှား၊ အမှားကို အမှန်ဟု ဖောက်ပြန်မှားယွင်းစွာ ထင်မြင်ယူဆနေခြင်းကို ဆိုလိုသည်။ နဂိုအကြောင်းအရာတစ်ခုကို အမှန်ဟု ထင်မြင်ယူဆထားသဖြင့် အခြားအလားတူ အကြောင်းအရာတစ်ခုကိုလည်း နဂိုအကြောင်းအရာဟုပင် ထင်မြင်လွဲမှား၍ အမှုအဆပြုခြင်းကို 'ဒိဋ္ဌိဝိပလ္လာသ' ဟု ခေါ်၏။

၎င်းဒိဋ္ဌိဝိပလ္လာသသည် လမ်းမှားကြီးနှင့် ဥပမာတူ၏။ တစ်ခုသောတောကြီးအတွင်း၌ ဘီလူးခေါ် နတ်ဆိုးတို့သည် ၎င်းတို့၏ကမ္မသိဒ္ဓိတန်ခိုးဖြင့် မြို့ရွာများ ဖန်ဆင်းထားကြ၏။ ထိုမြို့ရွာများသို့ ရောက်ရှိနိုင်သော လမ်းများကိုလည်း ဖြောင့်ဖြူးညီညာစွာ ဖန်ဆင်းထားကြ၏။ ထိုသို့ ဖန်ဆင်းထားကြခြင်းမှာ လူတို့အား ဖြားယောင်းသွေးဆောင်လှည့်စားရန် ဖြစ်သည်။

ထိုစဉ် လမ်းခရီးကို မကျွမ်းကျင်သော ကုန်သည်ပွဲစား၊ ခရီးသွားတို့သည် နတ်ဆိုးတို့ဖန်ဆင်းထားသော လမ်းများကို လမ်းမှန်ထင်ကြကုန်၏။ ထို့နောက် ခရီးသွားတို့သည် မိမိတို့ သွားလာမြဲလမ်းမှန်ကိုစွန့်လွှတ်၍ နတ်ဆိုးတို့ ဖန်ဆင်းသော လမ်းများပေါ် တက်ရောက်သွားလာကုန်ကြ၏။ လမ်းဆုံးသို့ရောက်သောအခါ နတ်ဆိုးတို့၏ မြို့ရွာများကို ရောက်ရှိသဖြင့် အနားယူကြလေ၏။ အလွန်ပင်ပန်းလာကြသဖြင့် ခရီးသွားတို့သည် ညဥ့်အခါ၌ ကောင်းစွာ အိပ်စက်ကြ၏။ ထိုအခါ နတ်ဆိုးဘီလူးတို့သည် ပင်ပန်းကြီးစွာအိပ်စက်နေကြသော ခရီးသွားတို့အား သတ်ဖြတ်စားသောက်ကြကုန်၏။ နတ်ဆိုး ဘီလူးတို့ ဘေးရန်မှ လွတ်မြောက်လာကြသော ခရီးသွားအချို့ကား လမ်းမှားကြီးကိုသွားမိလေခြင်းဟု နောင်တရကုန်ကြ၏။

ထိုသို့ လမ်းမှားကိုသွားမိကြခြင်းမှာ သူတစ်ပါးတို့ဖန်ဆင်းသောလမ်းကို အမှန်ဖြစ်မည်ဟု ထင်မြင်ယူဆမိခဲ့ခြင်းကြောင့် ဖြစ်သည်။ ထိုသို့ လမ်းမှားကို လမ်းမှန် ဟူ၍ လည်းကောင်း၊ လမ်းမှန်ကို လမ်းမှား ဟူ၍ လည်းကောင်း ထင်မြင်ယူဆကာ ထင်ယောင်ထင်မှား ဖောက်ပြန်သည့်သဘောကို ဒိဋ္ဌိဝိပလ္လာသဟု ခေါ်ဆို၏။

ဆက်လက်၍ ဝိပလ္လာသ (၃)မျိုးကို ဝေါဟာရအဓိပ္ပာယ်ဖြင့် ပြဆိုအံ့။

**၁။ သညာဝိပလ္လာသ**

သညာ-မှတ်သားခြင်း + ဝိပလ္လာသ- ထင်ယောင်ထင်မှား = မှတ်သားခြင်းပေါ် မူတည်၍ ထင်ယောင်ထင်မှားဖြစ်ခြင်း။

**၂။ စိတ္တဝိပလ္လာသ**

စိတ္တ - စိတ်၊ သိခြင်း၊ ကြံစည်ခြင်း + ဝိပလ္လာသ - ထင်ယောင်ထင်မှား = စိတ်သိ၊ ကြံစည်ခြင်းပေါ် မူတည်၍ ထင်ယောင်ထင်မှား ဖြစ်ခြင်း။

**၃။ ဒိဋ္ဌိဝိပလ္လာသ**

ဒိဋ္ဌိ- အမြင်အယူ + ဝိပလ္လာသ- ထင်ယောင်ထင်မှား = ထင်မြင်ယူဆချက်အပေါ် မူတည်၍ ထင်ယောင်ထင်မှားဖြစ်ခြင်း။

၎င်းဝိပလ္လာသ (၃) မျိုးစလုံးသည် ထင်ယောင်ထင်မှားဖြစ်စရာအကြောင်းတရား (၄) မျိုးစီ ရှိကြပြန်သည်။

၁။ သညာဝိပလ္လာသတွင်-

(က) အနိစ္စကို နိစ္စဟု အမှတ်မှားခြင်း၊
(ခ) အသုဘကို သုဘဟု အမှတ်မှားခြင်း၊
(ဂ) ဒုက္ခကို သုခဟု အမှတ်မှားခြင်း၊
(ဃ) အနတ္တကို အတ္တဟု အမှတ်မှားခြင်းတို့ ဖြစ်သည်။

(က) မိမိတို့၏ အမှတ်သညာ၌ အနိစ္စ-မမြဲခြင်းသဘောကို နိစ္စ-မြဲသည်ဟု ထင်မှတ်မှားနေကြပါသည်။ မိမိတို့သည် မိမိတို့၏ခန္ဓာကိုယ်ကို ရုတ်တရက်ကြည့်မိသော် မြဲသည်ဟု ထင်မှတ်မှားကြ၏။ ခဏချင်းတွင် အိုမင်းရင့်ရော်ခြင်းကို မမြင်၊ ကာလကြာသောအခါမှ အိုမင်းရင့်ရော်ခြင်းကို မြင်ကြရ၏။ အိုမင်းရင့်ရော်ခြင်းသည် မမြဲသောသဘောကို ပြ၏။ မိမိတို့၏ရုပ်ခန္ဓာသည် ကလာပ်စည်းခေါ် အလွန်သေးငယ်သောအသားမှုန်၊ အသွေးမှုန်ကလေးများဖြင့် ဖွဲ့စည်းထား၏။ ထိုကလာပ်စည်းအမှုန်ကလေးများသည် ဥပါဒ်၊ ဌီ၊ ဘင် ဟူသော ခဏငယ်သုံးချက်၌ ဖြစ်ကာပျက်ကာ ပျက်စီးကုန်ကြ၏။ ၎င်းခဏငယ်သုံးချက်သည် မျက်တောင်တစ်ခတ်အတွင်း၌ ကုဋေ



www.burmeseclassic.com

www.burmeseclassic.com

ပေါင်းများစွာ ဖြစ်ပျက်သွားကြလေရာ ကလာပ်စည်းကလေးများ၏ ဖြစ်ပျက်နှုန်းကို ခန့်မှန်းနိုင်လောက်ပေသည်။ သို့သော် မိမိတို့သည် ရုပ်တရား၏ဖြစ်ပျက်မှု အသေးစိတ်ကို မမြင်သောကြောင့် ဤရုပ်ခန္ဓာကြီးသည် ဖြစ်ပျက်ခြင်းမရှိဘဲ မြဲနေသည်ဟု အမှတ်မှားနေကြသည်။ ဤသည်ကို အနိစ္စကို နိစ္စဟု အမှတ်မှားခြင်းဟု ခေါ်သည်။

(ခ) ထို့အပြင် မိမိတို့၏အမှတ်သညာ၌ အသုဘ - မတင့်တယ်သော (ခန္ဓာကိုယ်ကြီးကို)သုဘ-တင့်တယ်သည်ဟု အမှတ်မှားကြပြန်သည်။ တကယ်တွင်ကား မိမိတို့ခန္ဓာကိုယ်ကြီးသည် သွေး၊ ပြည်၊ သလိပ်၊ ကျင်ကြီး၊ ကျင်ငယ် စသည့် အညစ်အကြေးများက ဒွါရကိုးပေါက်မှ အမြဲတမ်း ယိုစီးကျနေလေ၏။ အပုပ်အညှီအနံ့များက တစ်ကိုယ်လုံး လွှမ်းမိုးလျက် မတင့်မတယ် ဖြစ်နေ၏။ သို့သော် ပုထုဇဉ်အများစုမှာ ဉာဏ်ဖြင့် မရှုသောကြောင့် မိမိတို့၏ခန္ဓာကိုယ်မှ မတင့်တယ်ခြင်းကို မမြင် မသိကြချေ။ ထို့အပြင် နာမ်ခန္ဓာဖြစ်သော မိမိတို့၏ စိတ်သန္တာန်၌လည်း လောဘ၊ ဒေါသ၊ မောဟ စသော စိတ်အညစ်အကြေးများကလည်း ထူပြောနေသေး၏။ ပုထုဇဉ်တို့၏စိတ်သည် မကောင်းမှု၌သာ မွေ့ပျော်လျက် တဏှာ၊ ရာဂ၊ ကာမဂုဏ်လေသာများဖြင့် မတင့်မတယ် ဖြစ်နေ၏။ သို့သော် မိမိတို့သည် ရုပ်၊ နာမ်ခန္ဓာ၏သဘောသဘာဝအပေါ် ဉာဏ်မမီသောကြောင့် မိမိစိတ်ကို မိမိတင့်တယ်သည်ဟု သညာဖြင့်အမှတ်မှားနေကြ၏။ ဤသို့ မတင့်တယ်သည်ကို တင့်တယ်သည်ဟု သညာဖြင့် အမှတ်မှားခြင်းကို အသုဘကို သုဘဟု အမှတ်မှားခြင်းဟု ခေါ်သည်။

(ဂ) ၎င်းအပြင် မိမိတို့၏ အမှတ်သညာ၌ ဒုက္ခ-ဆင်းရဲခြင်းကို သုခ-ချမ်းသာခြင်းဟု အမှတ်မှားကြပြန်ပါသည်။ ဤသို့ဖြစ်ရခြင်းမှာ ဉာဏ်ပညာနည်းပါးသူအား ကာမဂုဏ်အာရုံများက ပိတ်ကွယ်ထားသဖြင့် ဒုက္ခကို ဒုက္ခလို မမြင်တော့ဘဲ ယခုဘဝသည် သုခဟု ထင်မှတ်မှားကြခြင်း ဖြစ်သည်။ တကယ်တော့ ဘဝတစ်ခု ရရှိလာခြင်းသည် ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ တည်းဟူသော မွေးဖွားခြင်း၊ အိုမင်းခြင်း၊ နာကျင်ခြင်း၊ သေဆုံးခြင်းဆိုသည့် ဒုက္ခတရားများက ရုပ်ခန္ဓာအား အမြဲတမ်း နှိပ်စက်လျက် အဆင်းရဲကြီးဆင်းရဲနေရ၏။ ထို့ပြင်တစ်ဝ နာမ်ခန္ဓာသည်လည်း ချစ်သူနှင့်ဝေးသောဒုက္ခ၊ မုန်းသူနှင့်နီးသောဒုက္ခ၊ အလိုမကျမှုဒုက္ခ ဤသို့သော စိတ်ဒုက္ခများဖြင့် အဆင်းရဲကြီး ဆင်းရဲနေရ၏။ သို့သော် မိမိတို့သည် ရုပ်၊ နာမ်ခန္ဓာတို့အား မရှု မပွားသောကြောင့် ဒုက္ခသစ္စာခေါ် ဆင်းရဲခြင်းအမှန်တရားကိုမမြင် ဖြစ်ကာ ဤဘဝ ဤအဖြစ်ကို သုခ-ချမ်းသာသည်ဟု အမှတ်သညာ မှားနေကြလေသည်။ ဤသို့ ဆင်းရဲခြင်းကို ချမ်းသာသည်ဟု သညာဖြင့် အမှတ်မှားခြင်းကို ဒုက္ခကို သုခဟု အမှတ်မှားခြင်းဟု ခေါ်၏။

(ဃ) ထို့ပြင်တစ်ဝ မိမိတို့၏အမှတ်သညာ၌ အနတ္တ-အစိုးမရခြင်းကို အတ္တ-အစိုးရသည်ဟု အမှတ်မှားကြပြန်သည်။ မိမိတို့သည် မိမိတို့၏ကိုယ်နှင့် စိတ်ကို စေချင်တိုင်း စေခိုင်းနိုင်သည်၊ မိမိကိုယ်မိမိပိုင်သည်၊ ကိုယ့်ကိုယ်ကိုယ် အစိုးရသည် စသည်ဖြင့် ထင်မှတ်မှားကြလေသည်။ တကယ်တွင် အစိုးရသည်ဟု ထင်မှတ်မှားနေသော မိမိတို့အဖို့ မအိုရလေအောင် မိမိခန္ဓာကိုယ်ကို စေခိုင်း၍ မရ၊ မနာရလေအောင် ချုပ်ကိုင်၍ မရ၊ မသေရလေအောင် တားဆီး၍မရ ဖြစ်နေသည်။ ဤသို့ မိမိအလိုသို့မလိုက်ခြင်း သဘောကို ဉာဏ်ပညာနည်းသူတို့က အနတ္တ-အစိုးမရခြင်းဟု မသိမမြင်ဘဲ အတ္တ-အစိုးရသည်ဟု ထင်မှတ်မှားကြ၏။ ထို့အပြင် စိတ်ချမ်းသာစွာနေလိုကြသော်လည်း အကြောင်းအမျိုးမျိုးကြောင့် သောက ဗျာပါဒတို့က ဝင်ရောက်လာရာ နာမ်တရားသည်လည်း မိမိမစိုးမပိုင်ကြောင်း ထင်ရှားပါသော်လည်း ပုထုဇဉ်တို့သည် နီဝရဏတရားများပိတ်ဖုံးနေသောကြောင့် မိမိစိတ်ကို အတ္တဟု ထင်မှတ်မှားကြလေသည်။ ဤသို့ အစိုးမရခြင်းကို အစိုးရသည်ဟု သညာဖြင့်အမှတ်မှားကြခြင်းကို အနတ္တကို အတ္တဟု အမှတ်မှားခြင်းဟု ခေါ်၏။

(စိတ္တဝိပလ္လာသနှင့် ဒိဋ္ဌိဝိပလ္လာသတို့၏အကြောင်းတရား ၄ မျိုးစီကိုလည်း အထက်ပါနည်းအတိုင်းယူလေ။)

ထိုဝိပလ္လာသတရားတို့သည် အမှတ်မှားခြင်း၊ အသိမှားခြင်း၊ အယူမှားခြင်းဖြင့် ပုထုဇဉ်တို့အား အမြဲတမ်း ထင်ယောင်ထင်မှားဖြစ်အောင် ဖန်တီးနေလေ၏။ ၎င်းတို့သည် အမှတ်မမှားရအောင် ကြိုးစားနေသည့်ကြားမှ အမှတ်သညာမှားအောင် လှည့်စားတတ်၏။ အသိတရား အကြံအစည်များ မမှားအောင် လုပ်ဆောင်နေရင်းမှ အသိ၊ အကြံမှားအောင် ဖြားယောင်းတတ်၏။ အမြင်၊ အယူ မလွဲအောင် ကျင့်ကြံနေပြုရင်းမှ အယူအဆ၊ အထင်အမြင်များ လွဲချော်သွားအောင် သွေးဆောင်တတ်ကြလေ၏။ ၎င်းတို့၏သွေးဆောင်ဖြားယောင်းမှုကား မိမိတို့၏ဝဋ်သံသရာကို ရှည်စေ၏။ ဆင်းရဲဒုက္ခကို ကြီးပွားစေ၏။

ထို့ကြောင့် ၎င်းဝိပလ္လာသခေါ် အမှန်ကို အမှန်အတိုင်း မမြင်၊ အမှားကို အမှားဟု မသိသော ထင်ယောင်ထင်မှားဖြစ်မှုကြီးကို ဖယ်ရှားပစ်ရန် လို၏။ ဖယ်ရှားရန် တစ်ခုတည်းသော နည်းလမ်းကား မဂ္ဂင်ရှစ်ပါးတည်းဟူသော မဇ္ဈိမပဋိပဒါခေါ် အလယ်အလတ် ကျင့်စဉ်တည်း။ ထိုလမ်းစဉ်၏အကျဉ်းသည်ကား ကာမသုခလ္လိကခေါ် ကာမသုခ ခံစားလျက် ဖိမ်ယစ်သောအကျင့်နှင့် အတ္တကိလမထခေါ် ခန္ဓာကိုယ်ကို ပင်ပန်းအောင် ညှဉ်းဆဲသောအကျင့် ဟူသည့် အစွန်းတရားအကျင့်နှစ်ပါးကို စွန့်ပယ်၍ သင့်တင့်မှန်ကန်စွာ နှလုံးသွင်းသော နည်း ယောနိသောမနသိကာရဖြင့် ကျင့်ကြံအားထုတ်ရပါသည်။ တစ်နည်းအားဖြင့် ရုပ်တရား၊ နာမ်တရားတို့အပေါ်၌ အနိစ္စ- မမြဲ၊ အသုဘ- မတင့်တယ်၊ ဒုက္ခ-ဆင်းရဲ၊ အနတ္တ-အစိုးမရဟု မိမိ၏ စိတ်နှလုံး၌ နေ့စဉ် ဆင်ခြင်ပွားများ၍ အားထုတ်ရပေမည်။

ကျင့်ကြံအားထုတ်မှု ရင့်ကျက်လာပါက ရုပ်နှင့်နာမ်အား ကွဲပြားစွာ ဆင်ခြင်မိလျက် ၎င်းရုပ်၊ နာမ်တရားတို့သည် မမြဲ၊ မတင့်တယ်၊ ဆင်းရဲ၊ အစိုးမရဟူ၍ မိမိ၏ဉာဏ်၌ ထင်ရှားလာလျှင် ယခင် မိမိအား ထင်ယောင်ထင်မှားဖြစ်အောင်လုပ်နေသော ဝိပလ္လာသ တရားဆိုးများ ရှောင်လွှဲကွယ်ပျောက်၍ လက်ရှိပစ္စုပ္ပန်၌ ဖြစ်ပွားနေသော သောက ပရိဒေဝ၊ ဗျာပါဒများ ငြိမ်းအေးကာ သံသရာ ဝဋ်ဆင်းရဲအပေါင်းမှလည်း လွှတ်မြောက်နိုင်မည် ဖြစ်သတည်း။

ဗျာပုံ-တင်နိုင်ဝင်း

မှီငြမ်းကိုးကား-

၁။ လယ်တီဒီပနီပေါင်းချုပ်

၂။ မဟာစည်ဆရာတော်၏ နိဗ္ဗာန်ဆိုင်ရာတရားတော်

၃။ မိုးကုတ်ဆရာတော်၏ နိဗ္ဗာန်ဆိုတာ ဘယ်လိုပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



## ရန်ကင်းတောင်ခရီး

စစ်ကွင်းဆရာတော်သည် ရန်ကင်းတောင်ရောက်သောအခါ ရသေ့ကြီးဦးခန္တိက ရန်ကင်းတောင်တစ်ဝိုက် နေရာများသို့ လိုက်လံပြသ၏။ ထို့အပြင် ရန်ကင်းတောင်အောက်တွင်ရှိသည့် ဝိဇ္ဇာများနေထိုင်သည့်ဂူရှိကြောင်း ဦးခန္တိက ပြောပြလေ၏။ ထိုဝိဇ္ဇာဂူထဲတွင် ဘုရားများရှိကြောင်း၊ ထိုဘုရားများမှာ ဝိဇ္ဇာများကိုယ်တိုင် ထုလုပ်ထားသော ဘုရားများဖြစ်ကြောင်း၊ ထိုဘုရားများထဲမှ ဦးစန္ဒောဘာသ ကြိုက်နှစ်သက်သော ဆင်းတုတော်တစ်ဆူကို ပင့်ယူနိုင်

## ပထမ်ဝိက္ကမရှာဖွေတွက်ချုပ်ပေါက်လောကီပညာနှင့်
## ကျေးရွာရှင်စစ်ကွင်းဆရာတော်
## ဦးစန္ဒောဘာသ

www.burmeseclassic.com

www.burmeseclassic.com

ကြောင်း ပြောဆိုလေ၏။

ထိုအခါ စစ်ကွင်းဆရာတော်က သွားလိုကြောင်းပြောသဖြင့် ရသေ့ကြီး ဦးခန္တိက ထိုဝိဇ္ဇာဂူများရှိရာသို့ ပို့ဆောင်ပေးခဲ့၏။ ထိုဝိဇ္ဇာဂူ၏တည်ရှိမှုမှာ ပုံမှန်မြင်သာထင်သာ တည်ရှိမှုမျိုးကားမဟုတ်ပေ။ ဝိဇ္ဇာဓရနည်းပညာအရ တည်ရှိနေခြင်း ဖြစ်၏။ လူသာမန်တို့၏ ပကတိမျက်စိဖြင့် မမြင်နိုင်ပေ။ ပညာ၏ သဘောဖြင့် ပြုပြင်စီရင်မှသာ ရရှိနိုင်မည့်ပညာမျိုး ဖြစ်ပေသည်။ ထို့ကြောင့် ဝိဇ္ဇာဓရပညာတို့တွင် မျက်စိဖြင့်မမြင်ရ၍၊ မျက်မြင်ဒိဋ္ဌမဟုတ်၍ မဖြစ်နိုင်၊ မဟုတ်နိုင် ဆို၍မရပေ။

ဤသို့ဖြင့် ရသေ့ကြီး ဦးခန္တိသည် စစ်ကွင်းဆရာတော်အား အဆိုပါ ဝိဇ္ဇာဂူသို့ ခေါ်သွားခဲ့၏။ ထိုသို့ ဝိဇ္ဇာဂူသို့မဝင်မီ စစ်ကွင်းဆရာတော်အား ဆေးတစ်ခု တိုက်လိုက်လေ၏။ ဆေးတိုက်ပြီးမှ ဝိဇ္ဇာဂူထဲဝင်သွားကြ၏။ ဝိဇ္ဇာဂူထဲမှ အခြေအနေတို့သည် ဖော်ပြရန်မသင့်၍ ဆက်လက် မဖော်ပြတော့ပါ။

**ဆရာတော်နှင့်**
**အစွမ်းထက်သည့်ဓာတ်လုံး**

တစ်နေ့တွင် ဆရာတော်ကြီး ဒေါနတောင်၌ တရားအားထုတ်နေလေ၏။ ထိုသို့ တရားအားထုတ်နေစဉ် ဆရာတော် ဦးနန္ဒိယ ကြွရောက်လာခဲ့လေ၏။ ထိုအခါ ဆရာတော်နန္ဒိယက ဦးစန္ဒောဘာသအား -

"မင်းနဲ့ငါနဲ့က ပဋ္ဌာန်းဆက်ရှိလို့ ငါလာခဲ့တာ"

ဟု မိန့်လိုက်လေ၏။

ထိုအခါ ဦးစန္ဒောဘာသက -

"အရှင်ဘုရား စိတ်တိုင်းကျ သီတင်းသုံးတော်မူပါ"

ဟု ပြန်လျှောက်၏။

ထို့နောက် ဆရာတော် ဦးနန္ဒိယသည် ထိုနေရာ၌ သီတင်းသုံးပြီး တရားအားထုတ်လေ၏။

တစ်နေ့တွင် ဆရာတော်ဦးနန္ဒိယသည် စစ်ကွင်းဆရာတော်အား သူနှင့် ဆွမ်းစားရန် ဖိတ်လေ၏။ ထို့ကြောင့် ဦးစန္ဒောဘာသသည် ဆွမ်းစားရန်အတွက် ကြွသွားလေ၏။ ဆရာတော်ဦးနန္ဒိယထံ ရောက်သောအခါ ဆရာတော် ဦးနန္ဒိယက -

"ဟေ့- မောင်စန္ဒော၊ စားလို့ရတဲ့ သစ်ခေါက်တွေခွာပြီး အိုးထဲထည့်ပြုတ်ကွာ"

ဟု အမိန့်ရှိလေ၏။

ထို့ကြောင့် ဦးစန္ဒောဘာသလည်း အမိန့်ရှိသည့်အတိုင်း သစ်ခေါက်များကို လိုက်လံ ခွာယူလေ၏။ သစ်ခေါက်အတော်အတန် ရလာသောအခါ မီးမွှေး၍ မြေအိုးခပ်လတ်လတ်တစ်လုံးထဲတွင် ရေထည့်ကာ ပြုတ်လေတော့၏။ ထိုသို့ သစ်ခေါက်များကို ပြုတ်နေစဉ် ဆရာတော်ဦးနန္ဒိယက -

"မောင်စန္ဒောရေ သစ်ခေါက်တွေ ပြုတ်ရင် နူးအိနေအောင်ပြုတ်"

ဟု ထပ်မံ မိန့်တော်မူပြန်၏။

ထို့ကြောင့် ဦးစန္ဒောဘာသလည်း ဘုမသိဘမသိဖြင့် ဦးနန္ဒိယ မိန့်သည့်အတိုင်း ပြုလုပ် စီမံပြီးသောအခါ ဦးနန္ဒိယရောက်လာပြီး သူလည်ပင်း၌ ဆွဲထားသော အိတ်ရှုံ့လေးထဲ၌ ဓာတ်လုံးရှိ၏။ ထိုဓာတ်လုံးထည့်ထားသော အိတ်အရှုံ့လေးကိုပါ ပွက်ပွက်ဆူနေသောအိုးထဲသို့ ထည့်လိုက်၏။ ထိုဓာတ်လုံးအိတ်ရှုံ့လေးကို ခေတ္တမျှ ပွက်ပွက်ဆူနေသောအိုးထဲ၌ ထားလိုက်၏။ ထို့နောက် ထိုအိတ်ရှုံ့လေးကို ပြန်ဆယ်ယူထားလိုက်၏။ အတန်ကြာလာသောအခါ ဆရာတော်ဦးနန္ဒိယသည် အိုးထဲမှ သစ်ခေါက်များကိုဆယ်ယူပြီး ပန်းကန်ပြားထဲထည့်၏။

ထို့နောက် ဆရာတော် ဦးနန္ဒိယသည် အဆိုပါ သစ်ခေါက်ပြုတ်များကို မြိန်ရေရှက်ရေ စားလေတော့၏။ ထို့နောက် ဆရာတော်ဦးနန္ဒိယက ဦးစန္ဒောဘာသဘက်သို့လှည့်ပြီး -

"ဟေ့ - မောင်စန္ဒော၊ မင်းက တအံ့တဩနဲ့ ဘာကြည့်နေတာလဲ။ စားလေကွာ၊ ကောင်းတယ်ကွ"

ဟု ပြောလိုက်၏။

ထိုအခါ စစ်ကွင်းဆရာတော်လည်း ဆရာတော်ဦးနန္ဒိယ တိုက်တွန်းသဖြင့် ထိုသစ်ခေါက်ပြုတ်များကို မရဲတရဲဖြင့် စမ်းစားကြည့်၏။

ထိုသို့ စမ်းစားကြည့်ရာတွင် ပထမ တစ်လုတ်စမ်းစား၏။ ထိုမှ နောက်တစ်လုတ်စား၏။ ဤသို့ဖြင့် အလုပ်ပေါင်းများစွာ စားဖြစ်သွားတော့၏။ ထိုသစ်ခေါက်ပြုတ်တို့အား တကယ်စားကြည့်သောအခါတွင်မှ အမည်ဖော်ပြမရသည့် အရသာထူးနှင့်ပြည့်စုံလှကြောင်းတွေ့ရတော့၏။ ထို့ကြောင့်လည်း စစ်ကွင်းဆရာတော်သည် အဆိုပါ အစာအာဟာရကို ဆက်ကာဆက်ကာစားဖြစ်သွားခြင်း ဖြစ်၏။ ထိုအာဟာရအား စား၍ကောင်းသည်မှ အလွန်စား၍ကောင်းခြင်း ဖြစ်၏။ သို့ပါသောကြောင့် စစ်ကွင်းဆရာတော်သည် အားရပါးရစားပစ်လိုက်ခြင်း ဖြစ်၏။

ဆွမ်းကိစ္စပြီးသောအခါ စစ်ကွင်းဆရာတော်က ဆရာတော် ဦးနန္ဒိယအား -

"အရှင်ဘုရားရဲ့ဓာတ်လုံးက ဆွမ်းကွမ်းကိစ္စကို အတော်အဆင်ပြေစေတာပဲ။ဒါကြောင့် တပည့်တော်အတွက် အဲဒီလိုဓာတ်လုံးမျိုး တစ်လုံးလောက်လုပ်ပေးပါလား ဘုရား"

ဟု လျှောက်လေ၏။

ထိုအခါ ဆရာတော်ဦးနန္ဒိယက-

"ကိုယ်တော် ဒီလိုဓာတ်လုံးမျိုးလိုချင်တယ်ဆိုရင် ဓာတ်လုံးတည်ပေးမယ်။ ဒီလိုဓာတ်လုံးမျိုး တည်ဖို့အတွက်တော့ သံကောင်းကောင်းရဖို့တော့ လိုတယ်။ အဲဒါကြောင့် ကိုယ်တော့်အနေနဲ့ ခြသံကောင်းကောင်း၊ ရေသယံသံကောင်းကောင်း ရှာခဲ့ဖို့တော့လိုမယ်"

ဟု မိန့်တော်မူလေ၏။

ထိုစကားကြောင့် စစ်ကွင်းဆရာတော်လည်း နောက်ပိုင်းတွင် ခြသံ၊ ရေသယံသံတို့ကို လိုက်ရှာလေတော့၏။ တစ်ချိန်တွင် စစ်ကွင်းဆရာတော်သည် ခြသံနှင့် ရေသယံတို့ကို ရခဲ့လေ၏။ ထို့ကြောင့်လည်း ထိုသံတို့ကိုယူပြီး ဆရာတော်ဦးနန္ဒိယအား ပေးလိုက်လေ၏။ ထိုအခါ ဦးနန္ဒိယသည်လည်း ထိုသံတို့ကို သေချာစွာ ကြည့်ရှုလေ့လာစစ်ဆေးပြီး -

"မင်းရဲ့သံတွေက မကောင်းဘူး"

ဆိုပြီး ဆရာတော်ဦးနန္ဒိယသည် ထိုသံတို့ကို တောင်အောက်သို့ လွှင့်ပစ်လိုက်လေတော့၏။ ထို့ကြောင့်လည်း စစ်ကွင်းဆရာတော်၏ ဓာတ်လုံးရရှိမည့်ကိစ္စသည် မျှော်လင့်ချက်ဝေးသွားပြီ ဖြစ်၏။ ထို့ကြောင့် စိတ်ဓာတ်လည်း ကျသွားလေတော့၏။ ဤသို့ စိတ်ဓာတ်ကျပြီး နောက်တစ်နေ့တွင် စစ်ကွင်းဆရာတော်သည် ဆရာတော် ဦးနန္ဒိယထံသို့ လမ်းလျှောက်ထွက်ခဲ့လေ၏။

ထိုအခါ ဆရာတော်ဦးနန္ဒိယက -

"ဟာ - မောင်စန္ဒော လာ။ မင်းလာတာနဲ့အတော်ပဲ"

ဟု မိန့်တော်မူပြီး သူ၏ဖိုရှိရာနေရာသို့ ခေါ်သွားလေ၏။ ထိုဖိုသို့ရောက်သောအခါ ဦးနန္ဒိယက သူ့ဓာတ်လုံးကိုထုတ်ပြီး လုံတစ်လုံထဲတွင်ထည့်ကာ ငှားဖုံးတစ်ခုဖုံးပြီး ဖိုထဲထည့်စိုက်လိုက်



www.burmeseclassic.com

www.burmeseclassic.com

၏။ ထို့နောက် ဆရာတော် ဦးနန္ဒိယသည် ဦးစန္ဒောဘာသာဘက်သို့လှည့်ပြီး-

"မောင်စန္ဒော၊ ရော့ - ဒီလုံခွံကို အဖုံးဖုံးပြီး ငါ့ဓာတ်လုံးရဲ့လုံးဘောဲမှာ ကပ်ပြီး စိုက်လိုက်"

ဟု ခိုင်းလိုက်၏။

ထို့ကြောင့် ဦးစန္ဒောဘာသာလည်း ဆရာတော်ခိုင်းသည့်အတိုင်းလုပ်လိုက်၏။

ထို့နောက် ဆရာတော်ဦးနန္ဒိယက -

"ကဲ - မင်းရဲ့လုံကို မင်းမှတ်ထား။ သာ- တို့လမ်းလျှောက်သွားကြရအောင်"

ဟုခေါ်ပြီး လမ်းလျှောက်ထွက်ကြ၏။

ထိုသို့ လမ်းလျှောက်ရာမှ ပြန်ရောက်လာသောအခါ ဆရာတော်ဦးနန္ဒိယက -

"ကဲ- မောင်စန္ဒော၊ ရပြီ။ မင်းရဲ့လုံကို အအေးခံပြီး လုံကိုဖွင့်ကြည့်လိုက်"

ဟု ပြောလေရာ စစ်ကွင်းဆရာတော်လည်း ဆရာတော်မိန့်သည့်အတိုင်း လုပ်လိုက်သောအခါ သူ၏ လုံထဲတွင် ဓာတ်လုံးတစ်လုံး ရောက်ရှိနေသည်ကို တွေ့ရ၏။

ထိုအခါ ဆရာတော် ဦးနန္ဒိယက-

"အဲဒါ - မင်းအတွက် ဓာတ်လုံးပဲ"

ဟု ဆိုလေ၏။ ဆက်လက်ပြီး ဦးနန္ဒိယက မိန့်သည်မှာ -

"ဓာတ်တွေမှာ ဓာတ်မတွေဆိုတာ ရှိတယ်။ တခြားဓာတ်တွေနဲ့ အာကာသမှာရှိတဲ့ ပြဒါးကို ဖမ်းယူနိုင်တယ်"

ဟု မိန့်လေ၏။ တစ်ဖန် ဆရာတော် ဦးနန္ဒိယကပင်-

"မောင်စန္ဒော၊ မင်း ခုရတဲ့ ဓာတ်လုံးက အာကာသပြဒါးပဲ"

ဟု မိန့်လေ၏။

နောင်သောအခါတွင် စစ်ကွင်းဆရာတော်လည်း ယခင် အာကာသပြဒါးဖမ်းနည်းအတိုင်းပင် ဦးပညောဘာသခေါ် ဆရာကြီး ဦးဘဟန်အား ဓာတ်လုံးတစ်လုံး တည်ပေးလေ၏။

ဆရာကြီး ဦးဘဟန်လည်း စစ်ကွင်းဆရာတော်ကြီးပေးသော ဓာတ်လုံးကို သိမ်းထားလေ၏။ ထို့နောက် တစ်ချိန်က နာမည်ကြီးခဲ့သော လူနာမည် ဦးခန့်ခေါ် ဘိုးရှင်သူငယ်နှင့်တွေ့ပြီး ဘိုးရှင်သူငယ်က ဆရာကြီး ဦးဘဟန်အား ဓာတ်လုံးတစ်လုံး ပေးလေ၏။ ဆရာကြီးဦးဘဟန်ကလည်း ဓာတ်လုံးနှစ်လုံးကိုင်ရမည်စိုးသောကြောင့် စစ်ကွင်းဆရာတော်ပေးသည့် ဓာတ်လုံးနှင့် ဘိုးရှင်သူငယ်ပေးသည့် ဓာတ်လုံးတို့ကို ပေါင်းပြီး ဓာတ်လုံးတစ်လုံးတည်းအဖြစ် ထိုးကာ သိမ်းထားခဲ့၏။

ဘိုးရှင်သူငယ်သည်လည်း တော်ရုံပုဂ္ဂိုလ်မဟုတ်၊ အစွမ်းရှိသည့်ပုဂ္ဂိုလ်ဖြစ်၏။ ရှင်သူငယ် မည်မျှစွမ်းသနည်းဟူမူ ကွမ်းရွက်များကိုထပ်ပြီး လက်ဝါးနှင့် ရိုက်ချလိုက်လျှင် ဘုရားပုံတော်များပေါ်လာ၏။ ဤမျှအစွမ်းထက်၏။

ဘိုးရှင်သူငယ်၏ခွက်ထဲတွင် ပိုက်ဆံတွေ အမြဲရောက်နေတတ်၏။ ထိုရောက်နေသောငွေများမှာ ဈေးသုံးအတွက်သာ ဖြစ်၏။ အပိုသုံးငွေကား မပါရှိပေ။ ထိုငွေများကို သိုက်မှလာပို့ခြင်းဖြစ်ကြောင်း ဆရာကြီးဦးဘဟန်ကပြောပြဖူး၏။

ဤသို့ဖြင့် တစ်နေ့တွင် စစ်ကွင်းဆရာတော်ကြီးက ဆရာကြီးဦးဘဟန်အား-

"ဘယ်မှာလဲ၊ ငါပေးထားတဲ့ ဓာတ်လုံး"

ဟု မေးလေ၏။

ထိုအခါ ဆရာကြီးက ဘိုးရှင်သူငယ်ပေးတဲ့ဓာတ်လုံးနှင့် ဆရာတော်ပေးတဲ့ဓာတ်လုံးကို တစ်လုံးတည်းကိုင်လို့ရအောင်ဆိုပြီး ပေါင်းပြီး ဓာတ်လုံးနှစ်လုံးကို ထိုးထားကြောင်း ပြန်လျှောက်၏။

ထိုအခါ စစ်ကွင်းဆရာတော်ကြီးက -

"အဲဒါဆို အဲဒီဓာတ်လုံး ငါ့ကိုပေး"

ဟု ဆိုပြီး ပြန်တောင်းလေရာ ဆရာကြီး ဦးဘဟန်လည်း ဓာတ်လုံးကို ပြန်ပေးလိုက်ရ၏။

ထို့နောက် စစ်ကွင်းဆရာတော်ကြီးသည် အဆိုပါ နှစ်လုံးပေါင်းဓာတ်လုံးကို အပြားခတ်လိုက်၏။ ထို့နောက် ထိုအပြားပေါ် အင်းချလိုက်၏။ ပြီးလျှင် ထိုဓာတ်လုံးကို ဖိုပြန်ထိုးရန် ဆရာကြီးအားခိုင်းလေ၏။ ဆရာကြီးလည်း ဓာတ်လုံးကို ဖိုထဲထည့်ထိုးလေ၏။

ခဏကြာသောအခါ ထိုဓာတ်လုံးထည့်ထိုးထားသောဖိုထဲမှ ရှီး ရှီး ရှီး ဟူသော အသံများကို ကြားရလေ၏။ ထိုကိုပင် အတန်ကြာအောင် ဆက်ထိုးပြီး ဓာတ်လုံးရှိ လုံအား အအေးခံကာ ခွဲလိုက်ရာ စစ်ကွင်းဆရာတော်ကြီးပေးသော ဓာတ်လုံးသာ ကျန်ပြီး ကျန်ဓာတ်အားလုံး ပြာဖြစ်သွားလေတော့၏။

ဤအချက်ကိုကြည့်ခြင်းအားဖြင့် စစ်ကွင်းဆရာတော်ကြီးသည် ဓာတ်ဘက်တွင်လည်း အစွမ်းထက်လှကြောင်း တွေ့ရှိရပါသည်။ ဆက်လက်ပြီး ဆရာတော်ကြီး၏ဓာတ်ပိုင်းကျွမ်းကျင်ပုံ ဆက်လက် ဖော်ပြလိုပါသည်။

တစ်ချိန်တုန်းက ဖြစ်၏။ မိုးတွင်းကာလ ဖြစ်၏။

ထိုစဉ် စစ်ကွင်းဆရာတော်ကြီးက ဆရာကြီး ဦးဘဟန်အား မီးမွှေးခိုင်း၏။ ဆွမ်းချက်ရန် ဖြစ်၏။ ဆရာကြီးလည်း မီးမွှေးရန် မီးဖိုသို့ရောက်သွားသောအခါ မီးဖိုတစ်ခုလုံး မိုးရေများ ရွှဲရွှဲစိုနေပြီး မီးမွှေးလို့မရဖြစ်နေလေ၏။

ထို့နောက် ဆရာကြီးက ဆရာတော်ထံသွားပြီး မီးဖိုတစ်ခုလုံး ရေတွေရွှဲစိုနေကြောင်း၊ မီးမွှေး၍ မရကြောင်း လျှောက်ထားသောအခါ ဆရာတော်ကြီးသည် မီးဖိုရှိရာကြွလာပြီး သူ့ဓာတ်လုံးကိုထုတ်ပြီး ထိုဓာတ်လုံးဖြင့် စိမ်လိုက်သောအခါ မီးဖိုတွင် မီးမွှေးလို့ရပြီး မီးတွေတောက်လာသဖြင့် ဆွမ်းချက်၍ရသွားလေတော့၏။

## ထူးဆန်းသောငရုတ်ပင်

တစ်နေ့တွင် စစ်ကွင်းဆရာတော်ကြီး သီတင်းသုံးနေသော ကျိုက်ထီးရိုးရသေ့တောင်ပေါ်၌ ဖြစ်၏။ အချိန်ကား ဆွမ်းစားခါနီးအချိန် ဖြစ်၏။ ထိုအချိန်တွင် ဘုန်းတော်ကြီးတစ်ပါး ကြွလာလေ၏။

ထို့ကြောင့် ကြွလာသော အာဂန္တုဘုန်းတော်ကြီးအား ဆွမ်းကပ်ရန် စစ်ကွင်းဆရာတော်လည်း ပြင်ဆင်ပြီး ဆွမ်းကပ်လိုက်၏။ ထိုအခါ အဆိုပါ အာဂန္တုဘုန်းကြီးက စစ်ကွင်းဆရာတော်အား-

"မောင်ပဉ္စင်း၊ ဟိုနားမှာ ငရုတ်ပင်ကြီးတစ်ပင်ရှိတယ်။ သွားခူးခဲ့စမ်းပါကွယ်"

ဟု ခိုင်းသဖြင့် စစ်ကွင်းဆရာတော်လည်း ထိုဘုန်းတော်ကြီးပြောသည့်နေရာတွင် မည်သည့်ငရုတ်ပင်တစ်ပင်တလေမျှ မရှိသည်ကို သိ၏။

သို့သော် မရှိလျှင်မရှိကြောင်းပြန်ပြောဖို့ရာလည်း အာဂန္တု ဘုန်းတော်ကြီးတစ်ပါးဖြစ်သဖြင့် ခက်နေလေ၏။ ထို့ကြောင့် စစ်ကွင်းဆရာတော်လည်း မထူးတော့ပါဘူး ရှိတာ၊ မရှိတာ နောက်တစ်ပိုင်းပဲ။ သူစိတ်ကျေနပ်အောင် ထသွားလိုက်တာက ကောင်းပါတယ်ဟု စဉ်းစားပြီး ထိုဘုန်းကြီးပြောသည့်နေရာအား သွားကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ ထူးခြားစွာပင် တွေ့ရလေသည်။ ဤနေရာသည် သူနေရာဖြစ်၏။ ယခင်က ဘာငရုတ်ပင်မှ မရှိသောနေရာသည် ယခုအခါတွင် ငရုတ်ပင်ကြီးကို တွေ့ရလေ၏။ ငရုတ်ပင်ကြီးမှ တော်ရုံငရုတ်ပင်မဟုတ်။ အသီးများဝေဆာစွာ သီးနေလေ၏။ ငရုတ်သီးတို့သည် သီးနေသည်မှာ သာမန်ကာလျှံကာမျှသာ မဟုတ်။ ညို့နေအောင် သီးနေကြသည်ကို စစ်ကွင်းဆရာတော်လည်း အံ့သြစွာ တွေ့လိုက်ရလေ၏။ ထို့ကြောင့် အလိုရှိသော အာဂန္တုဘုန်းတော်ကြီးအတွက် ငရုတ်သီးကို ကိုင်းပါချိုးပြီး ယူသွားကာ ဘုန်းတော်ကြီးအား ကပ်လိုက်လေ၏။ ထိုအခါ ဘုန်းတော်ကြီးက စစ်ကွင်းဆရာတော်ဘက်သို့လှည့်ပြီး-

"ရော့ ရော့- မင်းလည်း စားလေကွာ"

ဟု ပြောပြီး ငရုတ်သီးများကို ပေးလေသည်။

ထိုအခါ စစ်ကွင်းဆရာတော်က-

"အရှင်ဘုရား၊ တပည့်တော် မစားပါဘူး"

ဟု ပြန်လျှောက်လိုက်သောအခါ အာဂန္တုဘုန်းတော်ကြီးက-

"ကဲ- မင်းမစားရင် ငါအကုန်စားပစ်လိုက်မယ်"

ဟု ပြောပြီး အကုန်လုံးစားပစ်လိုက်လေတော့၏။ အာဂန္တုဘုန်းတော်ကြီးသည် ဆွမ်းစားပြီးသွားသောအခါ ပြန်ကြွသွားလေတော့၏။

ထိုအခါ စစ်ကွင်းဆရာတော်လည်း စောစောက သူခူးယူခဲ့သော ငရုတ်ပင်ကိစ္စကို စိတ်ထဲတွင် ဘဝင်မကျသဖြင့် ထိုနေရာသွားကြည့်သောအခါ စောစောက ငရုတ်ပင်ကြီး လုံးဝမရှိတော့သည်ကို တွေ့ရတော့၏။

ဤကိစ္စနှင့်ပတ်သက်ပြီး စစ်ကွင်းဆရာတော်ကြီးက မိန့်တော်မူသည်မှာ-

"မင်းတို့တွေ ဝိဇ္ဇာတွေနဲ့တွေ့တဲ့အခါ ပေးရင်ယူရတယ်။ ကျွေးရင်စားရတယ်။ ဘာကိုမှမငြင်းနဲ့။ တို့တွေ အဲဒီကိစ္စကို စဉ်းစားဖို့အတွက် ဉာဏ်မမီဘူး။ လူဖြူကလေး ကိုစိန်ပွင့်တုန်းကလည်း ဒီလိုပဲ ကျွေးတာပဲ"

ဟု မိန့်တော်မူပါသည်။

**ဝက်ဝံကြီးနှင့်ရင်ဆိုင်ခဲ့သည့်ဆရာတော်**

ကျိုက်ထီးရိုးဘုရားဖွင့်လှစ်သည့် ခြေခင်းလက်ခင်းသာယာသော ရာသီဖြစ်သည့် သီတင်းကျွတ်လမှ ကဆုန်လအတွင်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပရိသတ်များ ကျိုက်ထီးရိုးဘုရားလာဖူးကြသည့်ရာသီ ဖြစ်၏။

ထိုအချိန်တွင် စစ်ကွင်းဆရာတော်နှင့် လူဖြူကလေး ကိုစိန်ပွင့်တို့သည် ကျိုက်ထီးရိုးဘုရားအနီးရှိ လူသူလေးပါးကင်းရှင်းသော တရားအားထုတ်သည့်ချောင်ကောင်းကောင်းတစ်ခုတွင် တရားအားထုတ်ကြလေ၏။

ထိုအချိန် အဆိုပါ ချောင်ဘက်သို့ ဘုရားဖူးလာ မိန်းမငယ်လေးတစ်သိုက်သည် မျက်စိလည် လမ်းမှားပြီး ရောက်ရှိလာကြလေ၏။ အဆိုပါနေရာအနီးအနားတွင် ဝက်ဝံမကြီးတစ်ကောင်သားပေါက်နေသည့်နေရာနှင့်လည်း နီးလေ၏။ ထိုအခါတွင် မိန်းကလေးတစ်သိုက်၏ ဆူညံသော အသံဗလံများကြောင့် ဝက်ဝံမကြီးသည် ထွက်လာလေတော့၏။ မိန်းကလေးများလည်း ဝက်ဝံမကြီးကို တွေ့သောအခါ လွန်စွာကြောက်လန့်သွားကြပြီး ငယ်သံပါအောင် အော်ဟစ် အကူအညီတောင်းကြ၏။

ထိုအခါ စစ်ကွင်းဆရာတော်လည်း တရားအားထုတ်နေရာမှ မိန်းကလေးများအော်ဟစ်ပြီး အကူအညီတောင်းသည်ကို တွေ့ရသောအခါ အနီးရှိ ကိုစိန်ပွင့်အား -

"ဟေ့ - ကိုစိန်ပွင့်၊ ဟိုကလေးမလေးတွေကို မင်းသွားပြီးကူလိုက်ပါဦး"

ဟု မိန့်သောအခါ ကိုစိန်ပွင့်ကလည်း -

"ဟာ- ဒီကိစ္စ တပည့်တော် မလုပ်နိုင်ဘူး"

ဟု ပြန်ဖြေကြားလေရာ ဆရာတော်လည်း မည်သို့မျှ မနေသာတော့ဘဲ ထိုဝက်ဝံမကြီးနှင့် ပက်ပင်းတိုးနေသည့် မိန်းကလေးတို့ထံ ကူညီရန် သွားရောက်လေတော့၏။ ထိုနေရာသို့ ဆရာတော်ရောက်သောအခါ ထိုမိန်းကလေးများသည် အားတက်သွားပြီး အကူအညီရပြီ ဟူသည့်သဘောဖြင့် ဆရာတော်ကြီးအား ကြောက်အားလန့်အားဖြင့် ဝိုင်းဖက်ထားကြလေ၏။ ဤသို့ဖြင့် ဆရာတော်ကြီးသည် မိန်းကလေးများနှင့် ဝက်ဝံမကြီးအကြားသို့ ရောက်ရှိသွားလေတော့၏။

ထိုအခိုက်အတန့်တွင် . . .

*(ရှေ့လဆက်ဖတ်ပါရန်)*

ပထမံဆရာဦးအေးမြွေ

## ကလေးသူငယ် ဝမ်းဟောဝမ်းရောင်

မွေးကင်းစမှ အသက် (၂) နှစ်ကျော်ထိ ကလေးငယ်များသည် မိခင်နှင့် တစ်သားတည်း ဖြစ်နေပါသည်။ မိခင် စားသုံးသော အစာအာဟာရ အနေအထိုင်ကြောင့် ကလေးငယ်ကို ကျန်းမာသန့်စွမ်းစေသလို မိခင်၏ အစားအသောက်၊ အနေအထိုင်ကြောင့်ပဲ ကလေးကျန်းမာရေးကို ထိခိုက်စေပါသည်။

မိခင်ဖြစ်သူမှ ဝက်သား၊ ဘဲသား၊ ငါးသလောက်၊ ဘူးသီး၊ ခရမ်းသီး၊ သခွားသီး၊ ချဉ်ပေါင်ရွက်၊ ဖရဲသီး၊ ဖာလူဒါ၊ ရေခဲမုန့် စသည့် အေးချွဲလွန်းသောအစာများကို စားသုံးဖန်များလာပါက ရင်သွေးငယ်တွင် ဝမ်းပျက်၊ ဝမ်းဖော၊ ဝမ်းရောင်ဝေဒနာ ခံစားရစေပါသည်။

စာဖတ်သူမိခင်များ ငုပင်ကို သိကြပါလိမ့်မည်။ ဝါဝင်းသော ပန်းပွင့်၊ ပန်းခိုင်များနှင့် အမြင့်ပသာဒ လှပစေသောအပင်ဖြစ်ပြီး မြန်မာ့တိုင်းရင်းဆေး၏သက်ရှည်ဆေးတွင်လည်း တစ်ပါးအပါအဝင် ဖြစ်ပါသည်။ အထူးသဖြင့် ငုသီး၏အတွင်းသားအနှစ်သည် ဘယ်လောက်ပဲကြာကြာ ပုပ်သိုးခြင်း၊ ခြောက်သွေ့ခြင်းမဖြစ်သဖြင့် အလွန်ထင်ရှားပါသည်။

မိမိရင်သွေးငယ် ဝမ်းဖော၊ ဝမ်းရောင်ခံစားနေရ၍ စိတ်သောကရောက်နေသူ မိခင်များအနေနှင့် ငုသီးနှစ်အား သန့်ရှင်းသောကျောက်ပျဉ်ပေါ်တွင် ရေကျက်အေးနှင့်သွေး၍ရသော ငုသီးနှစ်ရည်ကို ကလေးချက် ပတ်ပတ်လည်သို့ လိမ်းပေးထားပါ။

မိခင်မှလည်း ဆီး၊ ဝမ်း၊ လေမှန်အောင်နေထိုင်ပြီး ဆိတ်စွပ်ပြုတ်၊ ကြက်စွပ်ပြုတ်၊ ဆန်ပြုတ်ရည်ကျဲကျဲ၊ ဟင်းခါးများ သုံးဆောင်ပေးပါ။

သဒ္ဒါ(ဥပဒေ)



www.burmeseclassic.com

www.burmeseclassic.com

ဒီနေ့ ကျွန်တော် ပဉ္စမအကြိမ် ဆွေးနွေးဖို့ အလှည့်ကျပါတယ်။ ဒီနေ့ ကျွန်တော် ဆွေးနွေးမယ့်ခေါင်းစဉ်ကို 'ရုပ်ကွဲ၊ နာမ်ကွဲ ခွဲသိဖို့' လို့ ပေးပါမယ်။ ရုပ်နဲ့နာမ်ကို ခွဲခြားပြီး 'သိ' ဖို့ လိုအပ်တယ်ဆိုတဲ့အကြောင်းပေါ့။

ဒီနေရာမှာ 'သိ' ဆိုတာ 'ဉာဏ်' ကိုပြောခြင်း ဖြစ်ပါတယ်။ 'သိ' ဆိုတာကို 'ဉာဏ်' နဲ့တွဲပြီး 'အသိဉာဏ်' လို့လည်း သုံးကြပါတယ်။ 'ပညာ' နဲ့ပါတွဲပြီး 'အသိဉာဏ်ပညာ' လို့လည်း သုံးကြပါတယ်။ ရိုးရိုးအသိဆိုရင်တော့ အမှားကို ဖြစ်စေ၊ အမှန်ကိုဖြစ်စေ သိလိုက်တာပဲ ဖြစ်ပါတယ်။ ဒါပေမယ့် 'အသိဉာဏ်ပညာ' ဆိုရင်တော့ 'အမှန်၊ အမှားကို ခွဲခြားပြီးသိခြင်း' ဆိုတဲ့ အဓိပ္ပာယ် ရပါတယ်။ ရုပ်နဲ့နာမ်ကို ခွဲခြားပြီးသိခြင်းဆိုတာကို 'ရုပ်နဲ့နာမ်ကို ခွဲခြားသိတဲ့ဉာဏ်' လို့ ခေါ်ပါတယ်။

ဉာဏ်အကြောင်းကို ကျွန်တော် အရင်ရက်တွေက ပြောဖူးပါတယ်။ ကျွန်တော်တို့က အထပ်ထပ်ပြောမှ တော်ကာကျမယ့်သူတွေပါ။ ဒါကြောင့် ထပ်ပြောပါဦးမယ်။ ဉာဏ်ဆိုတာ အားလုံးသိထားတဲ့အတိုင်း 'စိန္တာမယဉာဏ်၊ သုတာမယဉာဏ်၊ ဘာဝနာမယဉာဏ်၊ ယထာဘူတဉာဏ်၊ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ဆိုပြီး အဆင့်ဆင့် ရှိပါတယ်။

စိန္တာမယဉာဏ် ဆိုတာက မိမိကိုယ်ပိုင်အတွေးအခေါ်နဲ့ ဆင်ခြင်တွေးတောလို့ရတဲ့ဉာဏ်ကို ဆိုလိုတာပါ။ လောကီနယ်ပယ်မှာ အသစ်အဆန်းကို တွေးတောပြောဆို ပြုလုပ်တဲ့ကိစ္စမျိုးကို စိန္တာမယဉာဏ်လို့ ခေါ်နိုင်မယ် ထင်ပါတယ်။ ဒါပေမယ့် လောကုတ္တရာဘက်မှာတော့ ဒီစိန္တာမယဉာဏ် ဆိုတာ ဘုရား၊ ပစ္စေကဗုဒ္ဓါများကလွဲပြီး ဘယ်သူ့ဆီမှာမှ ဖြစ်ပေါ်မလာပါဘူး။ လောကုတ္တရာနယ်ပယ်မှာ ကြားနာမှတ်သား (ဖတ်ရှု) ပြီး ရရှိတဲ့ သုတာမယဉာဏ်သာ ရှိပါတယ်။ တရားဆွေးနွေးခြင်းအားဖြင့် တိုးပွားသိရှိလာတာတွေဟာလည်း သုတာမယဉာဏ်ပါပဲ။





ရုပ်ကွဲ၊ နာမ်ကွဲ ခွဲသိဖို့

ဈောင်းဆုံအုန်းသွင်



www.burmeseclassic.com

www.burmeseclassic.com

အဲဒီလို ရရှိ သိရှိထားတဲ့ သုတာမယဉာဏ်တွေကို အမှန်ဖြစ်အောင်၊ အမှန်ကို အမှန်အတိုင်းမြင်တဲ့ ယထာဘူတအမြင်ဖြစ်အောင် ဘာဝနာအလုပ်ကို လုပ်ရပါတယ်။ လေ့ကျင့်ခန်းလုပ်ရပါမယ်။ လေ့ကျင့်မှုပြည့်စုံပြီဆိုရင် အမှန်ကို မြင်လာပါမယ်။ လေ့ကျင့်နေတာက ဘာဝနာမယဉာဏ်၊ လေ့ကျင့်မှုပြည့်စုံလို့ အမှန်ကို အမှန်အတိုင်းမြင်လာတာက ယထာဘူတဉာဏ် ဖြစ်ပါတယ်။

ဒီနေရာမှာ ဘာဝနာမယဉာဏ်ဖြစ်အောင်၊ လေ့ကျင့်မှုပြည့်စုံအောင် သုတာမယဉာဏ်မှာလည်း လေ့ကျင့်ရာမှာ အထောက်အပံ့ပေးနိုင်တဲ့ ပြည့်စုံမှုတွေ လိုအပ်ပါတယ်။ သင့်တင့်တဲ့သုတနဲ့မှ လေ့ကျင့်လို့ရပါတယ်။ သုတာမယမရှိဘဲ ပြောတဲ့အတိုင်းလုပ်ရင်ပြီးရောဆိုလည်း သိပ်ပြီး သဘာဝမကျဘူးလို့ ထင်ပါတယ်။ ဒီနေရာမှာ ကြားဖူးတဲ့ ပမာတစ်ခုက-

ကမ္မဋ္ဌာန်းဆရာက တပည့်ကို ဖြစ်၊ ပျက် ပွားများရှုဖို့ 'ဥဒယ-ဘယ' ဆိုတဲ့ ကမ္မဋ္ဌာန်းကို ပေးလိုက်တယ်။ တပည့်က ဒါကို 'ဥဒက-ဗက' လို့ ကြားတယ်။ ဒီလိုပဲ မှတ်သွားတယ်။ ပြီးတော့ ပွားများတယ်။ သူမှတ်သွားတဲ့စကားလုံးက 'ဥဒ' က 'ရေ'၊ 'ဗက' က 'ဗျိုင်း' ဆိုတော့ 'ရေ-ဗျိုင်း၊ ရေ-ဗျိုင်း' လို့ ပွားများနေတာ ဖြစ်တယ်။ ဒီတော့ ဘာမှအကျိုးဖြစ်မလာဘူးပေါ့။ ဘာကြောင့်လဲ။ သုတာမယမှာ အမှန်ကို ရမသွားလို့ဘဲ။ ဒီတော့ သုတာမယမှာ မှန်ကန်ပြည့်စုံဖို့ လိုအပ်ပါတယ်။ မှန်ကန်မှ၊ အသိမှန်မှ အလုပ်မှန်ပါမယ်။ အသိမှာ သင့်တင့်တဲ့ ပြည့်စုံမှုရှိမှ အလုပ်မှာ အထောက်အပံ့ဖြစ်ပြီး အကျိုးဖြစ်ထွန်းလွယ်မှာဖြစ်ပါတယ်။

ဝိပဿနာဉာဏ်ကို အကျဉ်းအားဖြင့် (၁၀) ပါး၊ အကျယ်အားဖြင့် (၁၆) ပါးရှိကြောင်း မဟာစည်ဆရာတော်ရဲ့ 'အဘယ်ကြောင့် ဝိပဿနာတရားအားထုတ်ရသနည်း' ဆိုတဲ့စာအုပ်မှာ ဖတ်ဖူး၊ မှတ်ဖူးပါတယ်။ အဲဒီ ဝိပဿနာဉာဏ် အကျယ် (၁၆) ပါးမှာ 'နာမရူပပရိစ္ဆေဒဉာဏ်' ဆိုတာ အမှတ်(၁)ဉာဏ်စဉ်ပဲ။ ဝိပဿနာဉာဏ်စဉ်ဖြစ်တဲ့အတွက် သုတာမယနဲ့ မရပါဘူး။ ဘာဝနာမယ၊ ယထာဘူတတို့အထိ အားထုတ်ရပါမယ်။

ရုပ်နဲ့နာမ်ကိုခွဲပြီးသိ ဆိုတဲ့နေရာမှာ ဒီမြင်လို့ရ၊ ကိုင်လို့ရတဲ့ကိုယ်ကြီးက ရုပ်ပေါ့။ စိတ်က နာမ်ပေါ့။ သိရုံနဲ့ မလုံလောက်ပါဘူး၊ ရုပ်နဲ့နာမ်ကို ကွဲအောင်ရှု ခွဲသိပြီးနောက် ရုပ်,နာမ်တို့ရဲ့ထောက်ပံ့သိမ်းဆည်းမှု ဆိုတဲ့ ပစ္စယ ပရိဂ္ဂဟဉာဏ်ကို သိဖို့၊ ရုပ်,နာမ်တို့ရဲ့မမြဲခြင်း, ဆင်းရဲခြင်း, အစိုးမရခြင်း ဆိုတဲ့ အနိစ္စသဘော-ဒုက္ခသဘော-အနတ္တသဘောတို့ကို သိခြင်းဆိုတဲ့ သမ္မာသနဉာဏ်ကို ရဖို့၊ ရုပ်,နာမ်တို့ရဲ့ မရပ်-မနား-ဖြစ်-ပျက်နေတဲ့ ဥဒယဗ္ဗယဉာဏ်ကိုဆက်ဖို့ ဆိုရာမှာ ရုပ်,နာမ်တို့ရဲ့သဘာဝကို ယောဂီများ သိသင့်တဲ့အဆင့်လောက်အထိ သိထားသင့်တယ်လို့ တရားစခန်းဝင်ခဲ့စဉ်က ကျေးဇူးရှင် ဆရာကြီးဦးသန်းက မိန့်ကြားပါတယ်။

အနာဂါမ်ဆရာသက်ကြီးရဲ့တပည့်ရင်းဖြစ်တဲ့ မဟာသဒ္ဓမ္မဇောတိကဓဇ ကျေးဇူးရှင်ဆရာကြီး ပြောပြခဲ့တဲ့ ရုပ်အကြောင်း၊ နာမ်အကြောင်းကို မှတ်သားမိသမျှ ဒီမှာ ကျွန်တော် ပြန်လည်တင်ပြပါ့မယ်။

စောစောက ပြောသလို မြင်ရ၊ ကိုင်ရတာက ရုပ်၊ စိတ်က နာမ်ပေါ့။ နည်းနည်းထပ်ချဲ့လိုက်ရင် ထိတာကရုပ်၊ သိတာက နာမ်ပေါ့။ ရုပ်က ထိပဲထိတာ၊ မသိဘူး။ နာမ်က သိပဲသိတာ၊ မထိဘူး။ ထိလို့မရဘူး။ အဲဒီတော့ ထိတာက ရုပ်၊ သိတာက နာမ်။ ရုပ်က မသိဘူး၊ နာမ်က မထိဘူး။ ရုပ်နဲ့နာမ်နဲ့ ပေါင်းလိုက်တော့ ထိလည်းထိတယ်၊ သိလည်း သိတယ်။ အဲဒီလို သိရပါမယ်။

တစ်ဆင့်တက်ပြီးတော့-

ရုပ်ရဲ့သဘောသဘာဝနဲ့ နာမ်ရဲ့သဘောသဘာဝများကို အသင့်အတင့် သိရပါမယ်။ ရုပ်ရဲ့သဘောသဘာဝက တော့-

ရုပ် ဟူသမျှ မြူမှုန်ကပဲ။ သက်ရှိနဲ့ ရုပ်ရော၊ သက်မဲ့ရုပ်ရော အားလုံးဟာ အမှုန်ကလေးတွေ စုပေါင်းဖွဲ့စည်းထားတာပဲ။ မြူမှုန်အချိုးအစားအလိုက် ရုပ်ဝတ္ထုတို့ရဲ့အရွယ်အစား ဖြစ်ပေါ်လာတာပဲ။ သူတို့ကို ပြန်ခွဲလိုက်ရင် အလွန်သေးငယ်တဲ့ မြူမှုန်ကလေးတွေ ပြန်ဖြစ်သွားမှာပဲ။ မြူမှုန်ကလေးတွေက အလွန်သေးပါတယ်။ ဘယ်လောက်သေးသလဲဆိုရင်-

ဖုန်တောထဲ လှည်းမောင်းတော့ ဖုန်ထတယ် မဟုတ်လား။ အဲဒီ ဖုန်မှုန့်ကလေးတွေဟာ မျက်စိကောင်းကောင်းနဲ့ သေသေချာချာကြည့်ရင် တစ်မှုန်စီမြင်ရတယ်။ အဲဒါကို 'ရထရေမြူ' လို့ ခေါ်တယ်။ အဲဒီ ဖုန်မှုန့်ကို (၃၆) စိတ် စိတ်လိုက်ပါ။ သိပ္ပံပညာရှင်တွေကတော့ သူတို့မှာ စိတ်နိုင်တဲ့ ကိရိယာတွေ ရှိပါတယ်။ ကျွန်တော်တို့ကတော့ စိတ်နဲ့ပဲ စိတ်လိုက်တာပေါ့။ အဲဒီ (၃၆) စိတ်ရဲ့ တစ်စိတ်စာကို 'တဇ္ဇာရီမြူ' လို့ ခေါ်ပါတယ်။ မနက်နေတက်ချိန်နဲ့ ညနေ နေဝင်ခါနီးအချိန်တို့မှာ အိမ်ပြတင်းပေါက်၊ ထရံပေါက်တို့ကနေ တိုးဝင်လာတဲ့ နေရောင်ခြည်မှာ လက်လက် လက်လက်နဲ့ မြင်ရပါတယ်။ ဒီအတိုင်းဆို မမြင်ရပါဘူး။

အဲဒီ မြူမှုန်ကို (၃၆) စိတ် စိတ်လိုက်ပါဦး။ စောစောကလိုပေါ့။ အဲဒီ တစ်စိတ်စာကို 'အဏုမြူ' လို့ ခေါ်ပါတယ်။ အားလုံး ကြားဖူးကြတာပဲ။ အဲဒီ အဏုမြူကျတော့ အင်မတန် အင်အားကောင်းတဲ့ မှန်ဘီလူးနဲ့ကြည့်မှ မြင်ရပါတယ်။ အဲဒါကို (၃၆) စိတ် ထပ်ပြီးစိတ်ရပါဦးမယ်။ မြတ်စွာဘုရားရှင်က အဘိညာဉ်တန်ခိုးနဲ့ စိတ်ပြီး မြင်ရပါတယ်။ သိပ္ပံပညာရှင်တွေက သူတို့ရဲ့အလွန်အစွမ်းထက်တဲ့ကိရိယာတွေနဲ့ စိတ်နိုင်ပါတယ်။ ဒါပေမယ့် ဘယ်လိုမှန်ဘီလူးနဲ့မှ မမြင်ရတော့ဘူး။ အဲဒီအဏုမြူရဲ့ (၃၆) စိတ်တစ်စိတ်စာကို ပရမာဏုမြူလို့ခေါ်ပါတယ်။

မြတ်စွာဘုရားက အဲဒီ ပရမာဏုမြူကို မြင်နိုင်ရုံသာမက အဲဒီအထဲမှာ 'မဟာဘုတ်ကြီးလေးပါး' လို့ ခေါ်တဲ့ ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇော (မြေ၊ ရေ၊ လေ၊ မီး) ဆိုတဲ့ ဓာတ်ကြီးလေးပါးနဲ့ မှီငြမ်းဓာတ်များဖြစ်တဲ့ အဆင်း၊ အနံ့၊ အရသာ၊ အဆီအနှစ်ဩဇ ဆိုတဲ့ ဓာတ်လေးပါးပါပေါင်းစပ်ပြီး အဋ္ဌကလာပ် ဓာတ်ကြီး (၈) ပါး ပါဝင် ဖွဲ့စည်းထားတာကိုပါ မြင်တော်မူ၊ သိတော်မူပါတယ်။

ပါဠိလို ပထဝီ, မြန်မာလို မြေကြီး၊ ပါဠိလို အာပေါ, မြန်မာလို ရေ၊ ပါဠိလို ဝါယော, မြန်မာလို လေ၊ ပါဠိလို တေဇော, မြန်မာလို မီး ဆိုတာတွေဟာ ပညတ်တွေပဲ။ ပညတ် ဆိုတာ ပြောင်းလဲတတ်တယ်။ ဒီ ပထဝီ-အာပေါ-စတာတွေကို ဘာသာစကားအမျိုးမျိုးပြောတဲ့ လူအမျိုးမျိုးမှာ သူတို့ဘာသာစကားနဲ့ သူတို့ အမည်အမျိုးမျိုးပေးထားကြတာပဲ။ ဒါ့အပြင် မြေကြီးကို အိုးလုပ်တော့ မြေအိုးအဖြစ် ပြောင်းသွားတယ်။ အုတ်ဖုတ်တော့ မြေအုတ်အဖြစ် ပြောင်းသွားတယ်။ သစ်ပင်ကို ခွဲစိတ်လိုက်တော့



www.burmeseclassic.com

www.burmeseclassic.com

သစ်သား ဖြစ်သွားတယ်။ ဟင်းအိုးမွှေတဲ့အရာလုပ်လိုက်တော့ ယောက်မ ဖြစ်သွားတယ်။ အဲဒါ ပညတ်ရဲ့သဘောပဲ။ ပရမတ် ဆိုရင် မပြောင်းလဲဘူး။

ပရမတ်အခံနေနဲ့ပြောရင် ပထဝီဆိုတာ နူးညံ့ခြင်း၊ ခက်မာခြင်း (ပျော့ခြင်း၊ မာခြင်း) သဘောပဲ။ အဲဒါ ပထဝီဓာတ်ရဲ့သဘောပဲ။ ဓာတ်ဆိုတာ သူ့သဘောသူဆောင်တဲ့အတွက် ဓာတ်လို့ ခေါ်ပါတယ်။ အာပေါဆိုတာ ယိုစီးခြင်း၊ ဖွဲ့စည်းခြင်းသဘော၊ ဝါယောဆိုတာ တွန်းကန်ခြင်း၊ ထောက်ကန်ခြင်း၊ ရွေ့လျားခြင်း၊ ရပ်တန့်ခြင်းသဘော၊ တေဇော ဆိုတာ ပူခြင်း၊ အေးခြင်းသဘောတို့ ဖြစ်ပါတယ်။ ပထဝီဓာတ် ဆိုတာ တည်ရာမှီရာ (အခြားဓာတ်တို့)သဘောလည်း ဖြစ်ပါတယ်။

သူ့သဘောသူဆောင်တယ်ဆိုတာ ပထဝီက ပျော့ခြင်း၊ မာခြင်းသဘောကို သာဆောင်ပြီး ယိုစီးခြင်း၊ ဖွဲ့စည်းခြင်း သဘောကို မဆောင်ပါဘူး။ အခြားဓာတ်တွေလည်း ဒီလိုပဲ၊ သူ့သဘောသာ သူဆောင်ပါတယ်။ ဘယ်သူ့သဘောမှ သူ မဆောင်ပါဘူး။ ဒါကြောင့်လည်း ဓာတ်လို့ခေါ်ခြင်း ဖြစ်ပါတယ်။ အခြားသဘောကို သူဆောင်အောင် ဘယ်သူမှလည်း မပြုပြင်၊ မဖန်တီးနိုင်ပါဘူး၊ မပြောင်းလဲပါဘူး။ ပရမတ်သဘောပါပဲ။

ဓာတ်ကြီးလေးပါးကို လွယ်လွယ်ကူကူ မှတ်သားနိုင်အောင် ဆိုပြီး လယ်တီဆရာတော်ဘုရားကြီးက-

'နူးညံ့ ခက်မာ၊ ကြီယာ၊ နှစ်ဖြာ မြေဓာတ်စစ်။
ဖွဲ့စည်း စီးယို၊ နှစ်ပါးကို၊ ခေါ်ဆို ရေဓာတ်စစ်။
ပူမှု အေးမှု၊ ထိုနှစ်ခု၊ ခေါ်မူ မီးဓာတ်စစ်။
ထောက်ကန် လှုပ်ရှား၊ ဤနှစ်ပါး၊ ခေါ်ငြား လေဓာတ်စစ်'

လို့ လင်္ကာဖွဲ့ထားပါတယ်။

ဒါ့အပြင် ဒီဓာတ်ကြီး (၄) ပါးနဲ့ နိုင်းမဓာတ်လေးပါး ပေါင်းစပ်ပုံကိုလည်း-

'ဓာတ်ကြီးလေးပါး၊ ဖြစ်လာငြားက၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ၊ ဤလေးဖြာ၊ မြဲစွာပါမြဲတည်း။ ထိုဓာတ်ရှစ်ပါး၊ မပြားမကွဲ၊ တစ်သားတည်းမှတ်၊ အဋ္ဌကလာပ်၊ ဓာတ်ခဲတစ်ခု၊ ခေါ်ရိုးပြုကြ၊ နိုင်းတုစရာ၊ ပမာမရ၊ သေးငယ်လှသော၊ သဘော သက်သက်မျှသာတည်း'

လို့ သဲဖြူ လယ်တီဩဝါဒကထာမှာ ဆိုထားပါတယ်။

ပထဝီဓာတ်ဟာ အစိုင်အခဲဓာတ်၊ အဖတ်ဓာတ်ဖြစ်တဲ့အတွက် ကျန်ဓာတ်တွေက သူ့အပေါ် တည်မှီနေရပါတယ်။ အဲဒီ ဓာတ်တွေဟာ ကျွန်တော်တို့ရဲ့ခန္ဓာကိုယ်မှာ ဘယ်လို အလုပ်လုပ်နေကြသလဲဆိုတာကိုကြည့်ရအောင်။

ရှေးဦးစွာ ခန္ဓာကိုယ်ရဲ့ ဖွဲ့စည်းတည်ဆောက်ပုံကို ကျမ်းလာအတိုင်းပြောရအောင်။ ခန္ဓာကိုယ်မှာ အစိတ်အပိုင်း (၃၂) ပိုင်း ရှိပါတယ်။ (၃၂) ကောဋ္ဌာသလို့ ခေါ်ပါတယ်။ အဲဒါတွေက-

၁။ ဆံပင်
၂။ မွေးညင်း
၃။ ခြေသည်း၊လက်သည်း
၄။ သွား
၅။ အရေ (ပြား)
၆။ အသား
၇။ အကြော
၈။ အရိုး
၉။ ရိုးတွင်းခြင်ဆီ
၁၀။ အညှို့
၁၁။ နှလုံး
၁၂။ အသည်း
၁၃။ အဖျဉ်း (သရက်ရွက်)
၁၄။ အမြှေး
၁၅။ အဆုတ်
၁၆။ အူမ
၁၇။ အူသိမ်
၁၈။ အစာသစ်
၁၉။ အစာဟောင်း
၂၀။ ဦးနှောက်
၂၁။ သည်းခြေ
၂၂။ သလိပ်
၂၃။ ပြည်
၂၄။ သွေး
၂၅။ ချွေး
၂၆။ အဆီခဲ
၂၇။ မျက်ရည်
၂၈။ ဆီကြည်
၂၉။ တံတွေး
၃၀။ နှပ်
၃၁။ အစေး
၃၂။ ကျင်ငယ်တို့ ဖြစ်ပါတယ်။

အဲဒီအထဲက အမှတ်စဉ် (၂၀) ဦးနှောက်အထိဟာ ပထဝီဓာတ်ဖြစ်ပြီး (၂၁) က (၃၂) အထိကတော့ အာပေါဓာတ် ဖြစ်ပါတယ်။ ဝါယောနဲ့ တေဇောကတော့ ဒီအထဲမှာပဲ ရောနှောနေပါတယ်။ ဓာတ်တွေဟာ တစ်ခုနဲ့တစ်ခု ခွဲလို့မရပါဘူး။ ပူးတွဲသဘာဝပါ။ အဲဒီမှာ သူတို့အလုပ်လုပ်နေကြပုံကတော့-

ပထဝီက ခက်မာခြင်း၊ နူးညံ့ပျော့ပျောင်းခြင်းအလုပ်ကို လုပ်ပါတယ်။ ဥပမာ-အရိုးက ခက်မာတယ်၊ အသည်းက နူးညံ့ပျော့ပျောင်းတယ်။ မာတဲ့အလုပ်ကိုလုပ်တဲ့ဘက်က ပျော့တဲ့အလုပ်ကို မလုပ်ဘူး၊ ပျော့တဲ့ဘက်ကလည်း မာတဲ့အလုပ်ကို မလုပ်ဘူး။ အရိုးက ပျော့လို့မရဘူး။ အသည်းက မာလို့မရဘူး။ အဲဒီမှာ မာတဲ့ဘက်က အားသာရင် ပျော့တဲ့ဘက်က အားနည်းသွားတတ်တယ်။ ပျော့တဲ့ဘက်က အားနည်းတော့ ဘာဖြစ်မလဲ၊ မာသွားမှာပေါ့။ အသည်းခြောက်ရင် အသည်းမာမယ်၊ အသည်းမာရင် ကျန်းမာရေးထိခိုက်မယ်။ အဆုံးစွန်လွန်ရင် သေမယ်။

အာပေါမှာလည်း ယိုစီးမှုများရင် ဖွဲ့စည်းမှုအားနည်းမယ်။ ဖွဲ့စည်းမှုများရင် ယိုစီးမှုအားနည်းမယ်။ ဥပမာ-သွေးပျစ်လွန်ရင်၊ သွေးကျဲလွန်ရင် ဒုက္ခရောက်၊ အသက်ပါဆုံးနိုင်တယ်။

ဒီနေရာမှာ အားလုံးလက်ခံထားတဲ့ သဘာဝတရားတစ်ခုက ဆန့်ကျင်ဘက်တရားတို့သည် အမြဲ ဒွန်တွဲလျက် လွန်ဆွဲနေသည် ဆိုတဲ့အချက်ပဲ။ သိပ္ပံပညာရှင်များပြောတဲ့ ဆန့်ကျင်ဘက်တရားများ ဒွန်တွဲပြီး လွန်ဆွဲနေတဲ့အကြောင်းကို နောက်မှပြောပါ့မယ်။ အခုဓာတ်ကြီးလေးပါးတို့ တစ်ပါးချင်းစီမှာ ဒွန်တွဲပြီး လွန်ဆွဲတဲ့အကြောင်းကို ပြောပါ့မယ်။

မာခြင်းနဲ့ပျော့ခြင်းဟာ ဆန့်ကျင်ဘက် ဆိုတာ သိပြီနော်။ ဆန့်ကျင်ခြင်းနဲ့လိုက်လျောခြင်းဆိုတာ ရှိတယ်မဟုတ်လား။ ဆန့်ကျင်တယ် ဆိုတာ တစ်ယောက်က တောင်ဘက်သွားရင် တစ်ယောက်က မြောက်ဘက်သွားတာပေါ့။ သူဖြူ ငါမည်းပေါ့။ လိုက်လျောတယ် ဆိုတာ တစ်ယောက်နောက်ကို တစ်ယောက်လိုက်တာပေါ့။ ဆန့်ကျင်ဘက် လူနှစ်ယောက်ကို ကြိုးတစ်ချောင်းနဲ့ ခါးတွေမှာချည်ပြီး သွားခိုင်းလို့ တောင်-မြောက်သွားကြရင် ဘယ်လိုနေမလဲ။ ကြိုးတင်းပြီး သူနိုင် ငါနိုင် လုနေကြမှာပေါ့။

ကျွန်တော်တို့ မြန်မာ့အားကစားနည်းတွေထဲမှာ လွန်ဆွဲတဲ့အားကစားကို တွေ့ဖူးတယ် မဟုတ်လား။ တစ်ဖက်နဲ့တစ်ဖက် အားချင်းညီနေရင် ကြိုးဟာ ငြိမ်နေတာပေါ့။ တစ်ဖက်က နည်းနည်း



www.burmeseclassic.com

www.burmeseclassic.com

အားပိုသာရင် ကြိုးက သာတဲ့ဘက်နည်းနည်းပါသွားတာပေါ့။ များရင်လည်း များများပေါ့။ နောက်ဆုံး တစ်ဖက်ဖက်က အပြတ်အားသာသွားရင် ကျန်တစ်ဖက်က ပြိုလဲကုန်တာပေါ့။ လူ့ခန္ဓာမှာရှိတဲ့ဓာတ်ကြီးလေးပါးအနက် တစ်ပါးပါးရဲ့ ဆန့်ကျင် (မာ-ပျော့) ဘက်မှာလည်း ညီနေရင် အဲဒီဓာတ်နဲ့ပတ်သက်တဲ့ ကျန်းမာရေး အလွန်ကောင်းပေါ့။ တစ်ဖက်ဖက်က နည်းနည်းလျော့ရင် အဲဒီဓာတ်နဲ့ပတ်သက်တဲ့ကျန်းမာရေး နည်းနည်းညံ့ပြီပေါ့။ များများဆိုရင်လည်း များများညံ့ပေါ့။ လုံးဝ အရှုံး အနိုင်ဖြစ်ပြီဆိုရင် အသက်ပါ ဆုံးပြီပေါ့။ ကျန်တဲ့ဓာတ်တွေကလည်း ဒီလိုပဲပေါ့။

ဓာတ်တစ်ပါးချင်းစီမှာ ဆန့်ကျင်ဘက်ဖြစ်ပြီး အားပြိုင်၊ ဒွန်တွဲ-လွန်ဆွဲနေကြတယ်။ ပြီးတော့ ဓာတ်တစ်ပါးနဲ့တစ်ပါးကိုလည်း ကြည့်ဦး။ မီးနဲ့ရေဟာ မိတ်ဖက်လား၊ ရန်ဘက်လား။ မီးနဲ့လေရော မြေနဲ့လေပါ မိတ်ဖက် မဟုတ်ကြဘူး၊ ရန်ဘက်ချည်းပဲ။ ပြီးတော့ သူတို့အားလုံးဟာ ရောထွေးနေကြတယ်။ ဒီတော့ အတိုချုံးရင် ခန္ဓာကိုယ်တွင်းမှာ စစ်ခင်းနေကြတယ်။ ကိုယ့်အလုပ်ကိုလုပ်ရင်း စစ်ခင်းနေကြတယ်။ သူတို့ရဲ့အလုပ်ကလည်း ခန္ဓာကိုယ်အတွက် မရှိမဖြစ် လိုအပ်တာပဲ။ ခန္ဓာကိုယ်တွင်းမှာ ဝါယောနဲ့ တေဇော အလုပ်လုပ်ကြပုံကိုလည်း ဆက်ပြောပါဦးမယ်။

ဝါယော ဆိုတာ လေဓာတ်။ ထောက်ကန်ခြင်း၊ လှုပ်ရှားခြင်းသဘောရှိတယ်လို့ ပြောခဲ့ပြီးပြီ။ ထောက်ကန်တာက တည်ငြိမ်အောင်လုပ်တာ၊ လှုပ်ရှားတာက ရွေ့လျားအောင်လုပ်တာ။ ဆန့်ကျင်ဘက်ပေါ့။ ဒါပေမယ့် သူသတ္တိနဲ့ ကျွန်ုပ်တို့ ငြိမ်ငြိမ်ထိုင်နိုင်၊ ရပ်နေနိုင်ပြီး သူ့သတ္တိနဲ့ပဲ သွားလာလှုပ်ရှားစကားပြောဆိုနိုင်တာ၊ ကျွန်တော်တို့ရဲ့ ခန္ဓာမှာ ဝါယော (၆) ပါး ရှိပါတယ်။ အဲဒါတွေကတော့-

**၁။ ဝင်လေ၊ ထွက်လေ (အဿာသ၊ ပဿာသ)**

ကျွန်တော်တို့ အသက်ရှူနေတဲ့လေကို ပြောတာပါပဲ။ အချို့ တရားမှတ်တော့လည်း အဲဒီ ဝင်လေ၊ ထွက်လေကို မှတ်တာပဲ မဟုတ်လား။

**၂။ တက်လေ (ဥဒ္ဓင်္ဂမ)**

ဝမ်းခေါင်းတွင်းကနေပြီး အထက်သို့ ဆန်တက်တဲ့လေ၊ နီးရာဒွါရဖြစ်တဲ့ ပါးစပ်၊ နှာခေါင်း စတာတွေကနေထွက်သွားတယ်။ 'အေ့' ဆိုပြီး လေတက်တာမျိုးပေါ့။

**၃။ သက်လေ (အဓောဂမ)**

ဝမ်းခေါင်းထဲကနေပြီး အောက်ကို စုန်ဆင်းသွားတဲ့လေ။ သူလည်း အောက်ဒွါရကနေ ထွက်သွားတာပဲ။ လေလည်တာမျိုးပေါ့။

**၄။ အူတွင်းလေ (ကောဋ္ဌာသယ)**

သူက အူတွင်းမှာအောင်းပြီး အူအတွက် အလုပ်လုပ်ပေးတဲ့ လေပေါ့။ စားလိုက်တဲ့ အစာရေစာတွေကို အူသိမ်ကနေ အူမကြီးကိုတွန်းပို့ပြီး နောက်ဆုံး စအိုဝကနေ ထွက်သွားတဲ့အထိ တွန်းပို့တယ်။

**၅။ ဝမ်းခေါင်းတွင်းလေ (ကုစ္ဆိသယ)**

သူကတော့ အစာအိမ် ဝမ်းခေါင်းစတာတွေမှာ အလုပ်လုပ်တယ်။ အစာအိမ်က အလုပ်လုပ်ပြီးတဲ့အစာကို အူသိမ်တွေဆီ ပို့တာပေါ့။

**၆။ ဝမ်းခေါင်း အူတွင်းတို့မှအပ တစ်ကိုယ်လုံးပျံ့နှံ့နေတဲ့လေ (အင်္ဂ မင်္ဂါ နုသာရီ)**

သွေးကြောရှိသမျှမှာ ပုံမှန်သွေးတွေ လှည့်ပတ်နိုင်အောင် ဆောင်ရွက်ပေးတာ သူပဲ။ ခန္ဓာတစ်ကိုယ်လုံးရှိ လှုပ်ရှားရမယ့်အစိတ်အပိုင်းမှန်သမျှကို လှုပ်ရှားစေတာ သူပဲ၊ လေပြတ်တဲ့နေရာမှာ သွေးမလှည့်ပတ်နိုင်တော့ဘူး။ ဒုက္ခတွေ့ပြီ။

ဒါက အကျဉ်းပြောတာပဲ။ အကျယ်ကိုတော့ တိုင်းရင်းသမားတော်တွေ၊ ဆရာဝန်တွေ သိကြပါတယ်။ လေရဲ့အလုပ်၊ လေရဲ့ကျေးဇူးက ကြီးမားပါထယ်။ ဓာတ်အားလုံး ဒီအတိုင်းပါပဲ။ ဝါယောဓာတ်အကြောင်းပြီးတော့ နောက်ဆုံး တေဇောဓာတ်အကြောင်း ပြောရအောင်။

တေဇောဓာတ် ဆိုတာ မီးဓာတ်ပေါ့။ သူ့မှာလည်း ဆန့်ကျင်ဘက်သဘောဖြစ်တဲ့ သီတတေဇော၊ ဥဏှတေဇော (ပူခြင်းနဲ့အေးခြင်း) နှစ်မျိုး ရှိတယ်။ သူ့သတ္တိကတော့ ရင့်ကျက်စေတယ်၊ ရင့်ရော်စေတယ်၊ ကြေကျက်စေတယ်၊ လောင်ကျွမ်းစေတယ်။ အပူကလည်း လောင်တာပဲ၊ အအေးကလည်း လောင်တာပဲ။ ရေခဲအဝတ်ကို ဒီအတိုင်းထားရင် ဆွေးမြည့်သွားတယ် မဟုတ်လား။ ဟင်းရွက်ကို မနွမ်းအောင် ရေဖျန်းတော့ ရေမှလွန်စေနဲ့၊ ရေလောင်မယ်လို့ သတိပေးကြတယ် မဟုတ်လား။ ရေလွန်ရင် ရေလောင်ပြီး ပုပ်သွားတယ်။

သီတတေဇောက ခန္ဓာကိုယ်ကို အေးမြစေတယ်။ ဥဏှတေဇောက ခန္ဓာကိုယ်ကို ပူနွေးစေတယ်။ သူလည်း အပူလွန် အအေးယုတ်၊ အအေးလွန် အပူယုတ်ပဲ။ ကျွန်တော်တို့ရဲ့ခန္ဓာမှာ တေဇောဓာတ် (၅) မျိုး ရှိတယ်။

အဲဒါတွေက-

**(၁) ဥသ္မာတေဇော**

ဥသ္မာတေဇော၊ ဥသ္မာမီး ဆိုတာ ကျွန်တော်တို့ခန္ဓာတစ်ကိုယ်လုံးကို လက်နဲ့စမ်းလိုက်ရင် နွေးနေတဲ့ ပကတိကိုယ်ငွေ့ကို ခေါ်တာပဲ။ သူက ဥဏှတေဇောပဲပေါ့။ ခန္ဓာကိုယ်တွင်းအနှံ့စွဲပြီး နွေးရုံသာမညလောင်နေတဲ့ တေဇောပဲ။ တစ်ခါ တစ်ခါ ခြေဖျား၊ လက်ဖျား၊ နားရွက်ဖျား စတာတွေမှာ မရှိတတ်ဘူး။ ခြေဖျား၊ လက်ဖျား၊ နားရွက်ဖျားအေးတာ ခံစားဖူးတယ် မဟုတ်လား။ တကယ်လို့ တစ်ကိုယ်လုံးမှာမရှိတော့ဘူးဆိုရင်တော့ သေပြီ။ သူ့ကို အသက်လို့တောင် တင်စားပြောကြတယ်။ ပဋိသန္ဓေ တည်စကကလလရည်ကြည်ကို မပုပ်သိုး၊ မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်ပေးတာ အဲဒီ ဥသ္မာတေဇောပဲ။

**(၂) ပါစကတေဇော**

ပါစကတေဇော၊ ပါစကမီး ဆိုတာ စားသောက်သမျှ အစာအာဟာရတွေကို နူးညံ့ ကြေကျက်အောင် ချက်ပေးတဲ့မီးပဲ။ ဆာလွယ်သူကို ပါစကကောင်းသူလို့ ပြောကြတယ် မဟုတ်လား။ ဝမ်းမီးလို့လည်း ခေါ်တယ်။ သူလည်း အပူမီးပဲ၊ သူက လျှာခင်အောက် အူပြွန်ကအစမှုစပြီး စအိုဝဆုံးသည့်တိုင်အောင် အစာအာဟာရများကိုလောင်ပြီးတည်တယ်။ အစာသစ်အိမ်မှာ အင်အားအကြီးဆုံးပဲ၊ တစ်ခါတစ်ရံ အစာသစ်အိမ်မှာပဲ ရှိတယ်။ အဲဒီ ပါစကမီး အကြွင်းမဲ့ကုန်ဆုံးသွားပြီဆိုရင် လူသေတာပဲ။

**(၃) သန္တာပနတေဇော**

ဒီမီးကတော့ ဥသ္မာမီး(ကိုယ်ငွေ့)ထက် ထူးခြွန်လွန်ကဲပြီး ဖြစ်ပေါ်လာတဲ့မီးကို ခေါ်တာပဲ။ သူငယ်နာပူ၊ ဒူလာပူ၊ မီးယပ်ပူ၊ ဖျားနာ၍ဖြစ်ပေါ်လာတဲ့အပူ၊ အနာရှိန်၊ မန်းရှိန်ကြောင့်ဖြစ်တဲ့ အပူ၊ အထိုင်ကြာလို့ဖြစ်တဲ့အပူ၊ မီးရှိန်၊ နေ့ရှိန်ကြောင့်ဖြစ်တဲ့အပူ၊ သောက, ဒေါသ,



www.burmeseclassic.com

www.burmeseclassic.com

နောင်တကြောင့်ဖြစ်တဲ့အပူ၊ မပြစ်မှားသင့်သူကို ပြစ်မှားမိလို့ ဖြစ်တဲ့ အပူတောတွေ ဖြစ်တယ်။ ဥဏှာတေဇောပဲ။ ဒီမီးဟာ ရောဂါဝေဒနာကိုလည်း ဖြစ်စေတတ်ပါတယ်။ ဒီမီးဟာ တစ်ခါတစ်ရံ တစ်ကိုယ်လုံး လောင်စွဲတတ်ပြီး တစ်ခါတစ်ရံ တစ်ကိုယ်လုံးမှာ ချုပ်ငြိမ်းနေတတ်ပါတယ်။

**(၄) ဒါဟတေဇော**

သူက သန္တာပနမီးထက် ထူးချွန်လွန်ကဲတယ်။ လူးလဲ အော်ဟစ်နေရလောက်အောင်၊ သည်းမခံနိုင်လောက်အောင် သေလုနီးပါး ပူလောင်တဲ့မီးမျိုးပဲ၊ အသက်ဆုံးရတဲ့အထိလည်း လောင်တတ်ပါတယ်။ အဲဒီအပိုင်းက ဥဏှာတေဇောအပိုင်း၊ အပူမီး။

ခိုက်ခိုက်တုန်အောင်ချမ်းတဲ့ အများတက်လို့ချမ်းတဲ့မီး၊ ပါဒရက်နာ, မီးယပ်နာကြောင့်အေးတဲ့မီး၊ မိုးထဲ, ရေထဲအကြာကြီးနေလို့အေးတဲ့မီး၊ လေအေး, ရေအေးကြောင့် ချမ်းတဲ့မီး၊ ဆောင်းအခါ အလွန်ချမ်းတဲ့မီး၊ စိမ့်ကြီးမြိုင်ကြီးတောကြီးမျက်မည်းထဲရောက်လို့ အလွန်အေးတဲ့မီး၊ မိမိလုံ့လ, သူတစ်ပါးပယောဂကြောင့်ဖြစ်တဲ့ အအေးမီး၊ ထိတ်လန့်ကြောက်ရွံ့ခြင်းကြောင့် (ဆုတ်နစ်တဲ့ဒေါသကြောင့်) ဖြစ်တဲ့ အအေးမီး၊ မပြစ်မှားသင့်, မပြစ်မှားထိုက်သူများကို ပြစ်မှားမိလို့ လောင်တဲ့ အအေးမီး၊ သီတတေဇော။

အပူကြီး၊ အအေးကြီးကြောင့် မတတ်ဘဲ ပွေး၊ ဝဲ၊ နှင်းခူ၊ နူနာ စတာတွေကိုဖြစ်စေပြီး အသားအရေ စသည်တို့ကို တဖြည်းဖြည်း ဆွေးမြည့်အောင်လောင်ကျွမ်းတဲ့မီးဟာလည်း ဒီဒါဟတေဇောပါပဲ။

**(၅) ဇီရဏတေဇော**

လူကို တစ်နေ့တခြား ရင့်ရော် အိုခင်း ဆုတ်ယုတ် ဆွေးမြည့်စေတတ်တဲ့မီးကို ဇီရဏမီးလို့ ခေါ်ပါတယ်။

ကဲ- ဒီနေ့တော့ ဒါလောက်နဲ့ နားကြပါစို့။ ယောဂီများ မဂ်ပေါက်၊ ဖိုလ်ပေါက် နိဗ္ဗာန်ရောက်အောင် ကြိုးပမ်းအားထုတ်နိုင်ကြပါစေ။

ယောဂီများ-

သာဓု. . . သာဓု. . . သာဓု။

ချောင်းဆုံအနုန်းသွင်

# မြေပဲထွေးနှင့် ဆေးအသုံး

စိုး လင်း အောင် (မြန် အောင်)

သူရဋ္ဌမဂ္ဂဇင်းတွင် မြေပဲထွေးကို ပြာချပြီး ရေနံချေးစစ်စစ်ဖြင့် ဖျော်လိမ်းပါက နှင်းခူရောဂါပျောက်ကြောင်း ဖတ်လိုက်ရသည်။

၂၀၁၂ ခုနှစ်၊ ဇွန်လထုတ် သူရဋ္ဌမဂ္ဂဇင်းတွင်လည်း မြင့်မြတ်စံ (ကသာမြေ) ရဲ့ သွေးကင်ဆာပျောက်ဆေးနည်းကို ဖတ်လိုက်ရပါ၏။ သွေးကင်ဆာဆိုလျှင် တောကင်းခြေများကို ဒန်အိုးထဲထည့်ပြီး အပူပေး၊ အဆီပ်တွေ အန်ပါလိမ့်မည်။ အဆိပ်ခန်းအောင် အပူမပေးရ၊ ၎င်းအဆိပ်များကို ကြက်ဥခြမ်းဖြင့် သုတ်လိမ်းယူပြီး လူနာအားကျွေးပါ။ (၃) ခါလောက် ကျွေးပါက လူနာသက်သာလာပါမည်ဟု တွေ့ရပါသည်။

ဤဆေးနည်းများကို တင်ပြရခြင်းမှာ အကြောင်းရှိပါသည်။ ဤအကြောင်းနှစ်ခုကို ပေါင်းစု၍ စာရေးသူလက်တွေ့မြင်တွေ့ခဲ့ရသော အကြောင်းတစ်ခုကို တင်ပြချင်သောကြောင့် ဖြစ်ပါ၏။

ကနောင်မြို့၏တောင်ဘက် ထန်းပင်ကုန်း (တောင်) ကျေးရွာတွင် မရင်ကြွေ ဆိုသည့် အပျိုကြီး (၆၅ နှစ်ခန့်) တစ်ယောက် ရှိပါသည်။ စာရေးသူ၏ဇနီးနှင့် ညီမဝမ်းကွဲ တော်စပ်ပါသည်။ မရင်ကြွေ၏မောင်မှာ ဒေါက်တာခင်မြင့်ဖြစ်ပြီး အပြင်ဆေးခန်းဖွင့်ထား၏။

လွန်ခဲ့သည့် (၅) နှစ်ခန့်က မရင်ကြွေ သွေးကင်ဆာရောဂါ ဖြစ်ပါသည်။ မောင်ဖြစ်သူကလည်း ကုပါသည်။ ဆေးရုံ၊ ဆေးခန်းလည်း ရောက်ပါသည်။ သွေးလည်း ခဏခဏ သွင်းနေရသည်။ သို့သော်လည်း အချိန်ကုန်၊ ငွေကုန်နေခဲ့ရာမှ-

"မရင်ကြွေ သက်သာရဲ့လား"

"ဒီလို ဒီလိုပါပဲအေ"

ပတ်ဝန်းကျင်မှ မေးမြန်းစုံစမ်းကြရင်း ပျောက်ဖူးသူတစ်ဦးက မြေပဲထွေးဆေးနည်းကို ပေးပါတော့သည်။

ဤလိုနှင့်ပင် မရင်ကြွေမှာ လယ်ကွင်းထဲတွင် အလွယ်တကူတွေ့ရသော မြေပဲထွေးပင် (ပဥ္စငါးပါး) ကို ထန်းလျက် (အညို) နှင့် ခဏခဏ ကျိုသောက်ပါသည်။ ထန်းလျက် မရပါက သကြားနှင့်လည်း ကျိုသောက်ပါ၏။

အင်္ဂလိပ်ဆေးမသုံးတော့ဘဲ မြေပဲထွေးကို ထန်းလျက်ဖြင့်သာ ကျိုသောက်ရာမှ သွေးသွင်းကျဲသွားပြီး ရောဂါသက်သာ ပျောက်ကင်းသွားပါသည်။ ခေတ်မီဆေးဝါးများကို သုံးစွဲနေသော မောင်ဖြစ်သူ ဒေါက်တာကပင် မြန်မာ့ဆေး (မြီးတို) အစွမ်းကို မျက်ဝါးထင်ထင်တွေ့မြင်လိုက်ရ၍ အံ့ဩသွားရပါသည်။ (ပေါများသော ယခုလိုရာသီ၌ မြေပဲထွေးပင်များကို နေခြောက်လှန်း၍ ဆောင်ထားပါသည်။)

ယခုအခါ၌ မရင်ကြွေမှာ သွေးလည်းမသွင်းရတော့ပါ။ ရောဂါအခြေအနေကောင်းမွန်ပါသဖြင့် ခြံထဲတွင် အလုပ်များ လုပ်နိုင်နေကြောင်း စာရေးသူတွေ့ရှိခဲ့ရသည်။

တစ်ခါတစ်ရံ သွေးအားနည်းသလို နှုတ်ခမ်းများ ဖြူလာခြင်း၊ အားနည်းသလိုဖြစ်ပါက မြေပဲထွေးပင် အခြောက်၊ အစို ရရာကို သကြားနဲ့ဖြစ်စေ၊ ထန်းလျက်နဲ့ဖြစ်စေ ကျိုသောက်လိုက်ပါက ပြန်လည် အားပြည့်လာကြောင်း မရင်ကြွေ၏ညီမဖြစ်သူက ပြောကြားပါသည်။ (စာရေးသူသွားစဉ်က မရင်ကြွေ ခြံထဲအလုပ်ဆင်းနေ၍ မတွေ့ခဲ့ရပါ။)

ထို့ကြောင့် စာရှုသူများအနေဖြင့် မြေပဲထွေးက နှင်းခူအပြင် သွေးကင်ဆာရောဂါကိုပါ နိုင်နင်းပါကြောင်း သတင်းကောင်းပါးလိုက်ပါရစေ။

(ဤဆေးနည်းကို ပြောပြသော မရင်ကြွေ၏ညီမ မမြင့်မြင့်ကို ကျေးဇူးတင်ရှိပါကြောင်း။)

*သမ္မာဆန္ဒ ပြည့်ဝကြပါစေ*

စိုးလင်းအောင်(မြန်အောင်)



www.burmeseclassic.com

www.burmeseclassic.com



# ချို့တဲ့ရှားပါး သီလရှင်များ

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

ဤစာစုကို ရေးသားမည်ဟု ရည်ရွယ်ထားသည်မှာ ကြာပါပြီ။ ရေးသင့်၊ မရေးသင့် ချင့်ချိန် တွေးဆနေရသောကြောင့် ယခုအချိန်မှသာ ရေးသားဖြစ်ပါတော့၏။

ကျွန်ုပ်တို့ ထေရဝါဒ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် မွေးဖွားလာသည်မှ သေဆုံးသည်အထိ ဒါနပေးလှူခြင်းအလှူဖြစ်သော ဒါနဝတ်ကို မပြတ်ပြုလုပ်ကြသူများ ဖြစ်ကြပါသည်။ ဒါနကထာ-အလှူနှင့်ဆိုင်သောတရားစကားများကိုလည်း ဆရာတော်ကြီးများသံဃာတော်များထံမှ အကြိမ်ကြိမ် နာကြားခဲ့ကြပြီး ဒါနဝတ္ထုပစ္စည်းများဖြင့် မြတ်စွာဘုရားရှင်၏ သာသနာတော် အဓွန့်ရှည်ကြာ တည်တံ့ခိုင်မြဲစေရန် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးတို့ဖြင့် သာသနာ့ဝန်ဆောင် ရဟန်းသံဃာတော်များအား ဆက်ကပ် လှူဒါန်း ပူဇော်ခဲ့ကြသည်မှာ ခေတ်အဆက်ဆက်က ဖြစ်ခဲ့ပါသည်။

ဘုရားလက်ထက်တော်က သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်များမှာ ဘိက္ခုရဟန်းများနှင့် ဘိက္ခုနီရဟန်းမများဖြစ်ခဲ့ကြသည်။ ယခုခေတ်ကာလတွင် လူဝတ်ကြောင်မှ သာသနာ့ဝန်ဆောင် ရဟန်းဘဝသို့ ကူးပြောင်းခဲ့ကြသော ပုဂ္ဂိုလ်များမှာ ရဟန်းသံဃာများနှင့် သီလရှင်များ ဖြစ်ကြပေ၏။

မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ပိဋကတ်သုံးပုံ သုတ်၊ ဝိနည်း၊ အဘိဓမ္မာများကို ဘုန်းတော်ကြီးကျောင်းစာသင်တိုက်ကြီးများ၊ သီလရှင်စာသင်တိုက်ကြီးများမှ သင်ကြား လေ့လာဆည်းပူးခဲ့ကြရ၍ ပိဋကတ်သုံးပုံဆောင် တိပိဋကဓရဆရာတော် (၁၁) ပါး ပေါ်ထွက်လာခဲ့သည်။ ထို (၁၁) ပါးရှိသည့်အနက် ပထမ၊ဒုတိယ၊တတိယ၊စတုတ္ထဆရာတော် (၄) ပါးတို့မှာ ဘဝနတ်ထံ ပျံလွန်တော်မူသွားကြ၍ ဆရာတော် (၇) ပါးတို့သာ ယခုအခါ ကျန်ရှိတော့သည်။

၁၉၅၄ ခုနှစ် မင်းကွန်းဒေသမှ ပထမဆုံးသော တိပိဋကဓရ အရှင်ဝိစိတ္တသာရာဘိဝံသမဟာထေရ် ပေါ်ထွက်တော်မူလာသည်။

၁၉၆၀ ပြည့်နှစ်တွင် ပခုက္ကူဆရာတော်ဟု ထင်ရှားသည့် ဒုတိယ တိပိဋကဓရ အရှင်နေမိန္ဒ။

၁၉၆၄ ခုနှစ်တွင် ပြည်ဆရာတော်ဟု ထင်ရှားသော တတိယ တိပိဋကဓရ အရှင်ကောသလ္လ။

၁၉၇၄ ခုနှစ်တွင် ရန်ကုန်ဆရာတော်ဟု ထင်ရှားသော စတုတ္ထတိပိဋကဓရ အရှင်သုမင်္ဂလာလင်္ကာရ။

၁၉၈၅ ခုနှစ်တွင် ယောဆရာတော်ဟုထင်ရှားသော ပဉ္စမတိပိဋကဓရ အရှင်သိရိန္ဒာဘိဝံသ။

၁၉၉၅ ခုနှစ်တွင် ရေစကြိုဆရာတော်ဟု ထင်ရှားသော ဆဋ္ဌမ တိပိဋကဓရ အရှင်ဝါယာမိန္ဒာဘိဝံသ။

၁၉၉၉ ခုနှစ်တွင် သတ္တမ တိပိဋကဓရ အရှင်သီလက္ခန္ဓာဘိဝံသနှင့် အဋ္ဌမ တိပိဋကဓရ အရှင်ဝံသပါလာလင်္ကာရဟူသော တိပိဋကဓရ ဆရာတော် (၂) ပါး။

၂၀၀၀ ပြည့်နှစ်တွင် နဝမ တိပိဋကဓရ အရှင်ဂန္ဓမာလာလင်္ကာရ။

၂၀၀၄ ခုနှစ်တွင် ဒသမ တိပိဋကဓရ အရှင်သုန္ဒရနှင့် ဧကာဒသမ တိပိဋကဓရ အရှင်ကုဏ္ဍလ အရှင်မြတ် နှစ်ပါးတို့ တစ်နှစ်တည်း အောင်ဖြစ်ကြ



www.burmeseclassic.com

www.burmeseclassic.com

သည်။

သံဃာတော်များနည်းတူ သီလရှင်စာသင်တိုက်ကြီးများကလည်း မြန်မာပြည်အနှံ့ စာသင်တိုက်များ ဖွင့်လှစ်၍ ဗုဒ္ဓတရားတော်များကို သင်ကြားပို့ချပေးလျက် ရှိပါသည်။ သာသနာ့ဝန်ဆောင် ဆရာတော်ကြီးများမှအစ သံဃာတော်အပေါင်းသည် မြတ်စွာဘုရားသခင်၏ သာသနာတော်ကြီး အရှည်တည်တံ့ ခိုင်မြဲစေရန် ဓူရနှစ်ပါးဖြစ်သော ဂန္ထဓူရ - ပရိယတ်သာသနာ ထမ်းဆောင်ခြင်း၊ ဝိပဿနာဓူရ - ပဋိပတ်သာသနာထမ်းဆောင်ခြင်း ပြုလုပ်ကြရ၏။

မြတ်ဗုဒ္ဓသည် ဤသာသနာ တာဝန်နှစ်ရပ်ကို ထမ်းဆောင်ခြင်းအကျိုးငှာ ပစ္စည်းလေးပါးကို ခွင့်ပြုတော်မူသည်။ ပစ္စည်းလေးပါးမှာ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဖြစ်၍ သံဃာတော်များအတွက် နေ့စဉ် အရုဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် အလှူရှင် ဒါယကာ၊ ဒါယိကာမတို့၏ သာရေး၊ နာရေးကိစ္စများမှ ဆွမ်းကျွေးများ သံဃာတော်များ၏ ကျောင်းတိုက်များသို့ ဆွမ်းဝတ်လှည့်များ ပို့ဆောင်လှူဒါန်းကြ၏။

သင်္ကန်းနှင့် ပတ်သက်၍လည်း သင်္ကန်း၊ ကထိန်သင်္ကန်းများ ကပ်လှူကြ၏။ နဝကမ္မအလှူငွေများလည်း အလှူခံရရှိတော်မူကြပါသည်။ သီလရှင်များမှာမူ တစ်လလျှင် (၄) ကြိမ်သာ အခါတော်နေ့များမှ အလှူခံထွက်ကြရပါသည်။

'ဒါနရှင်များ၊ မေတ္တာရပ်တယ်'

ဟူ အလှူခံအသံကြားသည်နှင့် အလှူရှင်က ဆန်လောင်းလှူကြသည်။ ငွေကြေးလှူကြပါ၏။ ယခင်ကာလက သီလရှင်များအား ပိုက်ဆံအကြွေများကို ကျပ်တန်များလှူကြသလို အချို့က ကျပ်တန်များ လှူကြသည်။ ဆန်ကိုလည်း ဇွန်းနှင့်ခပ်လောင်းလှူကြသည်။

ယနေ့ခေတ်ကာလတွင် ပိုက်ဆံအကြွေရှားပါးသွားသည်။ လူပုဂ္ဂိုလ်များလည်း ရာခိုင်နှုန်းများများမလှူနိုင်ကြတော့၊ ဆန်လှူသည့်အခါတောင် ဇွန်းနှင့် တစ်ပါးစီလောင်းနေရသည်။ ပိုက်ဆံအကြွေ (၁၀၀) ကျပ်အောင် မရှိကြ။ (၁၀) တန်လည်း မလောင်းနိုင်ကြ။ 'ဆန်တော့ပါသေးရဲ့' အသံများသာ ပေါ်များလာကြပါ၏။

သီလရှင်များလည်း နံနက်အရုဏ်ဆွမ်း နေ့ဆွမ်းစားနေကြရပါသည်။ ပိုက်ဆံအကြွေရှားပါး၍ အလှူရှင်များ မလှူနိုင်ကြ။ ဆန်ကတော့ အလှူခံ၍ရသင့်သည်လောက် ရပါ၏။ ဆန်တစ်မျိုးတည်းနှင့် နေ့စဉ် ဆွမ်းစားဖို့ စဉ်းစားကြည့်ပါ။ ဟင်းရန်အတွက် ငရုတ်သီး၊ ဆား၊ ကြက်သွန်၊ အသား၊ ငါး၊ ဘဲဥ၊ ငါးပိ၊ ငံပြာရည် စသည်တို့ကို လှူသူမရှိ။ ဝယ်ခြမ်းစရာငွေကြေးက အကြွေပြဿနာကြောင့် ရှေးယခင်ကလို မရရှာ။ တစ်လမှာ အလှူခံ (၄) ကြိမ်ထွက်ရသည်။ သီလရှင်ကျောင်းမှာမှာ (၅)ပါး၊ (၇)ပါး၊ (၁၀) ပါး၊ စာသင်တိုက်များမှာဆိုလျှင် ကျောင်းတိုက်ကြီးသလောက် စာသင်သီလရှင် များပါလိမ့်မည်။ ဥပမာ သီလရှင် (၅) ပါး ရှိသော ကျောင်းတိုက်မှာ အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းအတွက် ဟင်းရန်ဖိုး (ဘဲဥ ၁၀ လုံး) တစ်ပါးတစ်နပ် တစ်လုံးကျစီနှင့် ဘဲဥ(၁၀)လုံးကို တစ်လုံး (၁၀၀) ကျပ်နှင့် ငွေ (၁၀၀၀) ကျမည်။ ဟင်းဖြစ်ရန် ဆီ၊ ကြက်သွန်၊ ဟင်းသီးဟင်းရွက်၊ ငရုတ်သီးများ အပါအဝင် တစ်နေ့လျှင် အနည်းဆုံး (၁၅၀၀) ခန့် ကုန်လိမ့်မည်။ တစ်ရက်(၁၅၀၀) တစ်လလျှင် (၄၅၀၀၀) ကုန်ကျပါလိမ့်မည်။

တစ်လလျှင် (၄) ကြိမ်ခန့် အလှူခံရာတွင် တစ်ရက်လျှင် ငွေတစ်သောင်းရရန် မလွယ်ပါ။ အကြွေရှားနေ၍ အနည်းဆုံး (၁၀၀) လှူနိုင်မည့်အိမ် ရှားပါးလိမ့်မည်။ သီလရှင်ဦးရေများသောကျောင်းတိုက်ကြီးများ၏ နေ့တိုင်း ဆွမ်းကုန်ကျစရိတ် အခက်အခဲများ ဧကန်မုချရှိပါလိမ့်မည်။

အစစအရာရာ ချို့တဲ့ရှားပါးနေသော သီလရှင်များ၏ ဆွမ်းကိစ္စ၊ ဝတ်ရုံကိစ္စများကို လှူဒါန်းနိုင်မည့် ထေရဝါဒ ဗုဒ္ဓဘာသာ သူတော်ကောင်း အလှူရှင်များအား မေတ္တာရပ်ခံ ပန်ကြားလိုက်ရပါသည်။ မြတ်စွာဘုရားရှင်၏ သာသနာတော်အား အဓွန့်ရှည်စွာ တည်တံ့ခိုင်ခံ့သွားစေရန် ချို့တဲ့ရှားပါးစွာနှင့် ကျင့်ကြံအားထုတ်နေကြရသည့် သီလရှင်များအား အသင်းအဖွဲ့များမှဖြစ်စေ၊ တစ်ဦးချင်း လှူနိုင်တန်းနိုင်သောပုဂ္ဂိုလ်များမှဖြစ်စေ သေသေချာချာ လိုအပ်နေသော ကွက်လပ်ကလေးအား ပံ့ပိုးဖြည့်ဆည်းပေးပါရန် အနူးအညွတ် မေတ္တာရပ်ခံပန်ကြားလိုက်ပါသည် ခင်ဗျား။

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

## လာဘ်ရွှင်ကျန်းမာ အန္တရာယ်ကင်းဂါထာ

လူတိုင်း လူတိုင်း ရွှေဝင်၊ ငွေရွှင် လာဘ်လာဘပေါများလိုသည်။ ပြည့်စုံချမ်းသာ ကြွယ်ဝလာသောအခါ ကျန်းမာရေးကောင်းမွန်ဖို့လိုပြန်သည်။ ပစ္စည်းဉစ္စာပြည့်စုံပြီး ကျန်းမာလာသောအခါ ရန်သူမျိုးငါးပါး၏အန္တရာယ်ကင်းချင်ကြသည်။

ယခု တင်ပြမည့်ဂါထာသည် လိုရာပြည့်စုံ လာဘ်ရွှင်၊ ကျန်းမာ၊ အန္တရာယ်ကင်းဂါထာပင် ဖြစ်ပါသည်။ တစ်နည်းအားဖြင့် သားရွှေအိုးထမ်းသည်ကို မြင်ရသည့်ကိန်းပင် ဖြစ်ပါသည်။

ရွတ်ပွားရမည့်အချိန်များမှာ နေ့စဉ်နံနက်တိုင်း အိမ်မှတံခါးဖွင့် (၉)ခေါက်၊ ဈေးဆိုင်ဖွင့် (၉) ခေါက်၊ ရုံးသွား၊ ခရီးသွား (၉) ခေါက်၊ ညအိပ်ရာဝင် (၉) ခေါက် ရွတ်ပွားရမည် ဖြစ်ပါသည်။ နေ့စဉ်ရွတ်က နေ့စဉ် အကျိုးကျေးဇူးအထူးရစေသော ရှေးဟောင်းကျမ်းလာဂါထာတော်မြတ် ဖြစ်ပါသည်။ ဤဂါထာကို နတ်မောက်မြို့နယ် စည်သာကျေးရွာ အင်ပင်တောကျောင်းမှ ဆရာတော် အရှင်ဥဇ္ဇယမှ ချီးမြှင့်ပါသည်။

'က္ကတိပိသော ဝိသေသေ က္က၊
က္ကသေသေ ပဋ္ဌာနာမိ က္က၊
က္ကမိနာ ဗုဒ္ဓသောဒံ က္က၊
က္ကဒံသော ဗုဒ္ဓံပိတိ က္က'

နေ့စဉ် မမေ့မလျော့သော သတိတရားဖြင့် ရွတ်ပွားသွားပါက အနာရောဂါကင်းဝေး၍ ကျန်းမာခြင်းလာဘ်ကြီး ပြည့်စုံပါမည်။ မချစ်မနှစ်သက်သူတို့၏ သူပြု၊ လူပြု အန္တရာယ်အပေါင်း ဘေးရန်အပေါင်းမှ ကင်းဝေး အောင်မြင်ပါမည်။ ငွေကြေးစီးပွားဥစ္စာ တိုးတက်များပြား၍ အခက်အခဲ အကျယ်အတည်းများကို အောင်မြင်စွာ ကျော်လွှားစေနိုင်ပါသည်။ မယုံလျှင် ရွတ်ကြည့်ပါ၊ (၉) ရက်၊ (၉) လအတွင်း အောင်မြင်ခြင်း အလီလီ သင် ရရှိပါလိမ့်မည်။

ပေါက်ပေါက်(နတ်မောက်)



www.burmeseclassic.com

www.burmeseclassic.com



# ပုဂံခေတ်၏ ပုံသကူမထေရ်မြတ်

လှမြင့်(ရန်ကုန်တက္ကသိုလ်)

ပုဂံခေတ် အနော်ရထာမင်းကြီး လက်ထက်တွင် ရှင်အရဟံမထေရ်မြတ်၏ ဂုဏ်ကျေးဇူးတော်မြတ်များကြောင့် မြန်မာနိုင်ငံတော်၌ ထေရဝါဒ ဗုဒ္ဓဘာသာသနာတော် စတင်ဖွံ့ဖြိုးတိုးတက်လာခဲ့သည်မှာ ယခုအချိန်တိုင်အောင် ဖြစ်သည်။

ရှင်အရဟံ မထေရ်မြတ်သည် အနော်ရထာမင်း၊ စောလူးမင်း၊ ကျန်စစ်သားမင်းနှင့် အလောင်းစည်သူမင်းတို့ လက်ထက်တွင် ပုဂံနေပြည်တော်ကို ဗဟိုပြုလျက် ထေရဝါဒ ဗုဒ္ဓဘာသာသာသနာတော်ကို မင်းတို့၏ဆရာတော်အဖြစ် ကြီးမှူး၍ စည်ပင်ဖွံ့ဖြိုးတိုးတက်အောင် ရွက်ဆောင်တော်မူခဲ့သည်။

ရှင်အရဟံ မထေရ်မြတ်သည် အလောင်းစည်သူမင်းလက်ထက်၌ ဘဝနတ်ထံပျံလွန်တော်မူခဲ့သည့်အခါ ပုဂံခေတ်၏ ထေရဝါဒဗုဒ္ဓဘာသာ စည်ပင်တိုးတက်ရေးကို ပုံသကူမထေရ်မြတ်သည် တာဝန်ယူကြီးကြပ်၍ အလောင်းစည်သူမင်း၊ နရသူမင်းနှင့် နရပတိစည်သူမင်းတို့လက်ထက်၌ မင်းဆရာမထေရ်မြတ်အဖြစ် ဆောင်ရွက်တော်မူခဲ့သည်။

ပုံသကူမထေရ်မြတ်သည် အကျင့်



www.burmeseclassic.com

www.burmeseclassic.com

သိက္ခာ၊ သီလ၊ သမာဓိနှင့် အထူးပြည့်စုံသည်။ လူအများ လျှဒါန်းသော သင်္ကန်းများ၊ ဝါဆိုသင်္ကန်းနှင့် ကထိန်သင်္ကန်းများကို လက်မခံ ဝတ်ဆင်ခြင်းမပြုခဲ့။ သုသာန်တွင် စွန့်ပစ်ထားသော လူသေတို့အား ဖုံးလွှမ်းထားသည့် အဝတ်တို့ကိုသာ ပံ့သကူကောက်ယူ၍သင်္ကန်းအဖြစ်ဝတ်ရုံတော်မူသောကြောင့် ပံ့သကူမထေရ်မြတ်ဟူ၍ ထင်ရှားခဲ့သည်။

ပံ့သကူမထေရ်မြတ်ကို ပုဂံသားတို့က 'ပံ့သကူငစွယ်ရှင်မထေရ်မြတ်' ဟူ၍လည်း ဝိသေသပြု ကိုးကွယ်ခဲ့ကြသည်။ ထိုသို့ ပံ့သကူငစွယ်ရှင်မထေရ်မြတ်ဟု ဝိသေသပြု ကိုးကွယ်ခဲ့ပုံကို မှန်နန်းမဟာရာဇဝင်တော်ကြီး (ပထမတွဲ) တွင် -

သခင်မြတ်ပံ့သကူထေရ်ကို ငစွယ်ရှင် တွင်သော အကြောင်းကား သခင်မြတ်သည် ကထိန်သင်္ကန်းကိုမခံ။ တစ်စပြင်၌ သူကောင်လွှမ်းသောပုဆိုးကိုသာ ယူတော်မူ၍ ပံ့သကူသုံးဆောင်မြတည်း။ ထိုအခါ ငစွယ်ငယ် ဆိုသောသူသည် သူငယ်ဖော်များနှင့် နွားကျောင်းကြလေ၏။ ငစွယ်ငယ်လည်း သူငယ်ဖော်များတို့ အချင်းတို့လည်း ကုသိုလ်ဖြစ်စေ၊ ငါသည်း ကုသိုလ်ဖြစ်စေ ငါသေကုန်ပြုသည်၊ ငါ့ကိုယ့်ပေါ်တွင် နင်တို့အဝတ်အစားတို့ကိုလွှမ်း၍ သခင်မြတ်အား ပံ့သကူကောက်တော်မူပါဟူ၍ လျှောက်ကြကုန်ဟု ဆို၏။

သူငယ်ဖော်များလည်း ငစွယ်ငယ်ဆိုတိုင်းပြု၍ လျှောက်ကြလေ၏။

သခင်မြတ်လည်း တစ်စပြင်သို့ကြွ၍ ပံ့သကူကောက်တော်မူ၏။ သခင်မြတ်ကြွလေသော် ငစွယ်ငယ်လည်း လူသေအစစ်ဖြစ်၍ အသက်မရှိဖြစ်ဘိ၏။ သူငယ်တော်များလည်း ထိုအကြောင်းကို မြင်လေသော် ငစွယ်ငယ်မိဘအိမ်သို့သွား၍ အကြောင်းမျိုးကို ပြုလေ၏။

ငစွယ်ငယ် မိဘအစရှိသော သားချင်းမြေးဖော်တို့လည်း သခင်မြတ်အား လျှောက်ကြလေ၏။

သခင်မြတ်သည် ပရိတ်တော်ရေဖြင့် ငစွယ်ငယ်ကို ပက်ဖျန်းတော်မူ၏။ ထိုသို့ဖျန်းသောခဏ၌ ငစွယ်ငယ်သည် သခင်မြတ်အားထ၍ရှိခိုး၏။ငစွယ်ငယ်မိဘတို့သည် ငစွယ်ငယ်ကို သခင်မြတ်အား လှူလေ၏။ ထိုတွင်မှ သခင်မြတ်ကို 'ငစွယ်ရှင်'ဟု တွင်၏ဟူ၍ မှတ်တမ်းတင်ခဲ့သည်။

မြန်မာနှစ် ၅၂၉ ခုနှစ်တွင် ပုဂံနေပြည်တော်၌ နရသူ မင်းဖြစ်သည်။ ထိုအခါ အလောင်းစည်သူမင်းကြီး၏ သားတော်ကြီး မင်းရှင်စောသည် မိမိထီးနန်းစိုက်နေသော မန္တလေးအရှေ့ဘက် ထွန်တုံးပူတက်အရပ်မှ ပုဂံသို့ ကြည်းအား၊ ရေအားတို့ဖြင့် ချီတက်တိုက်ခိုက်စစ်ပြုသည်။ ထိုအခါ ပုဂံ နရသူမင်းသည် ပံ့သကူမထေရ်မြတ်အား-

'နောင်တော် မင်းရှင်စောလည်း ခမည်းတော်မရှိသော အကြောင်းကို ကြားတော်မူလျှင် ရေအား၊ ကြည်းအား ချီ၍ ရွှေထီးရွှေနန်းကို သိမ်းယူမည်ဟု ကြားသည်။ ဤသို့ အလုံးအရင်းနှင့်ချီတော်မူသော် ကြာချေတော့မည်။ ကြာ၍လည်း ပြည်ထဲရေးသည် မသင့်ချေ။ မားတစ်စင်း၊ မြင်းတစ်စီးနှင့်သာ အလျှင်ကြွတော်မူ၍ နန်းတက်တော်မူမည့် အကြောင်းကို နောင်တော်အား ခေါ်တော်မူပါ'

ဟူ၍ လျှောက်ထားသည်။

ပံ့သကူမထေရ်က -

"ငါခေါ်၍ရောက်သောအခါ မင်းမပြောက်ဘဲနေခဲ့လျှင် ငါရဟန်းတရားနှင့် မပျော်ရှိလတ္တံ့"

ဟူ၍ မိန့်တော်မူ၏။

နရသူလည်း -

"နောင်တော်၏ ခားကိုထမ်း၍ နန်းတင်ပါမည်"

ဟူ၍ သစ္စာကြီးစွာပြု၏။

ပံ့သကူမထေရ်လည်း နရသူမင်း သစ္စာပြုသည်ကို ယုံကြည်တော်မူ၍ မင်းရှင်စောရှိရာသို့ ကြွတော်မူပြီးလျှင် အကြောင်းကို ပြောကြားလေသည်။

မင်းရှင်စောလည်း ပံ့သကူမထေရ်မြတ်၏စကားကို ယုံကြည်တော်မူ၍ ရွှေလှေ့ကားတစ်စင်းနှင့်သာ မဟာထေရ်ကိုတင်ပြီး စုန်ဆင်းကာ လက်ပံထိပ်သို့ရောက်ရှိခဲ့သည်။ နရသူလည်း သစ္စာပြုသည့်အတိုင်း လှေသို့ ဆင်း၍ နောင်တော်၏ သန်လျက်ကို ထမ်းပြီးလျှင် နန်းတင်သည်။ ဘိသိက်သွန်းပြီး၍ ထိုညဉ့်တွင် စားတော်ပွဲ၌ ဆေးခတ်၍ လုပ်ကြံသတ်ဖြတ်ခဲ့သည်။

ထိုအကြောင်းကို ပံ့သကူမထေရ်မြတ် ကြားတော်မူသည့်အခါ နန်းတော်သို့ ကြွတော်မူ၍-

"ဟယ် - မင်းဆိုးမင်းညစ်၊ သင်ကား သံသရာဝယ်ခံရအံ့သောမကောင်းမှုကိုမကြောက်။ ဤစည်းစိမ်ကိုရလျှင် သင်၏ ကိုယ်ခန္ဓာသည် မသေပြီဟူ၍ မှတ်သလော။ လောကတွင် သင့်ထက်ယုတ်သောမင်းမည်သည်ကား မရှိ"

ဟူ၍ မိန့်တော်မူ၏။

နရသူလည်း -

"အရှင်ဘုရားထံ သစ္စာခံသည့်အတိုင်း နောင်တော်၏ သန်လျက်ကို ထမ်း၍ နန်းတင်ပါ၏တကား"

ဟု ဆို၏။

သခင်မြတ်လည်း -

"လူပြည်တွင် သင့်ထက်ဆိုးသွမ်းညစ်ညမ်းသောသူမရှိပြီ"

ဟု မိန့်တော်မူ၍ သိန်းခိုကျွန်း (သီဟိုဠ်ကျွန်း) သို့ ကြွသွားတော်မူလေသည်။

ပံ့သကူမထေရ်မြတ်သည် သီဟိုဠ်ကျွန်း(သိန်းခိုကျွန်း)တွင် နှစ်ပေါင်းများစွာ သီတင်းသုံးနေထိုင်တော်မူပြီးနောက် နရပတိစည်သူမင်းလက်ထက်တွင် ပုဂံနေပြည်တော်သို့ ပြန်လည် ကြွရောက်တော်မူခဲ့သည်။

နရပတိစည်သူမင်းကြီးသည် စူဠာမဏိစေတီတော်ကြီးကို တည်တော်မူရန် အလွန်နက်ရှိုင်းသောချောက်ကြီးတစ်ခုကို ပုဂံသားတို့အား အပြင်းအထန် ခိုင်းစေ မြေဖို့စေခဲ့သည်။

ထိုအခါ စာရိတ္တသီလ၊ စာရိတ္တသီလနှင့် ပြည့်စုံတော်မူသော ပံ့သကူမထေရ်မြတ်သည် နရသီဟပတေ့မင်းကို -

"မင်းကြီးကောင်းမှုဖြစ်စိမ့်မည် ဟူ၍ ယခုပြုသောအမှုသည် ကောင်းမှုမဖြစ်၊ မကောင်းမှုသာ ဖြစ်သည်"

ဟူ၍ မိန့်တော်မူ၏။

"မင်းကြီး လှူတော်မူသော ဆွမ်းကိုလည်း ငါမခံ"

ဆိုတော်မူလေ၏။

နရပတိစည်သူမင်းလည်း -

"ဘုန်းတော်ကြီး ငါ့ဆွမ်းကို ဘုဉ်းပေးတော်မမူသော် ငါ့ပြည်တွင် နေတော်မမူသည်ဖြစ်မှလွတ်တော်မူမည်။ ပြည်သူတို့လှူသောဆွမ်းသည်လည်း ငါ့ဆွမ်းမဟုတ်တုံလော"

ဟု မိန့်တော်မူ၏။

သခင်မြတ်ပံ့သကူမထေရ်လည်း-

"မင်းကြီးဤသို့ဆိုပြီတကား"

ဟူ၍ သိန်းခိုကျွန်း (သီဟိုဠ်ကျွန်း) သို့ ကူးတော်မည်အကြံရှိ၍ စွယ်ကြိုအရပ် တောကြီးဝယ် သီတင်းသုံးနေတော်မူ၏။

သခင်မြတ် ပံ့သကူမထေရ် ကြွသွားတော်မူသောအခါ သရပါတံခါးစောင့် ဘီလူးကြီးသည် မင်းကြီးထွက်



www.burmeseclassic.com

www.burmeseclassic.com

တော်မူလာစဉ် တံခါးပေါက်တွင်ရပ်၍ မဖယ်ဘဲနေသည်။ မင်းကြီးသည် သမားဟူးရားတို့ကိုခေါ်၍ ဆေးဝါး၊ မန္တရားတို့ဖြင့် ဖယ်ရှားစေသည်။ ဘီလူးကြီးကို ဖယ်ရှားမရသဖြင့် ဟူးရားဖြူ ဟူးရားညိုတို့ကို မေးမြန်းရာ -

"သခင်မြတ် ပုံ့သကူမထေရ်ကို မသင့်သောစကားဖြင့် မိန့်တော်မူ၍ ပုံ့သကူမထေရ် ကွဲလေသောကြောင့် ဘီလူးကြီး မလွဲမဖယ်နေခြင်း ဖြစ်သည်"

ဟု လျှောက်ကြသည်။

မင်းကြီးလည်း အမတ်တို့ကို ခေါ်၍ ပုံ့သကူမထေရ်မြတ်ကို အကြိမ်ကြိမ်ပင့်လျှောက်စေခဲ့သည်။

သခင်မြတ် ပုံ့သကူမထေရ်သည် ပုဂံပြည်သို့ကြွတော်မမူတော့ဘဲ သီဟိုဠ်ကျွန်းသို့ကူးတော်မူရန် ပြင်ဆင်သည်။

နရပတိစည်သူမင်းလည်း အမတ်ကြီး တုရင်္ဂပစ္စည်းကိုခေါ်၍ သခင်မြတ် ပုံ့သကူမထေရ်ကို ပုဂံသို့ပါလာအောင် ပင့်တော်မူချေဟူ၍ စေလွှတ်သည်။

အမတ်ကြီး တုရင်္ဂပစ္စည်းသည် ရွှေဖြင့်ပြီးသော ဘုရားရှင်ရုပ်တုတော်တစ်ဆူကို ရွှေလှေဒွါလောင်းတွင်တင်၍ ဆောင်လေသည်။ ပုံ့သကူမထေရ်မြတ်သည် သီဟိုဠ်သို့ကြွတော်မူရန် သဘော်ဆိပ်သို့အဆင်း၌ ဖူးတွေ့ရသဖြင့်-

"သဗ္ဗညုဘုရားသခင် ဤဆိပ်သို့ရောက်တော်မူ၏။ သခင်မြတ်လာတော်မူစေသတည်း"

ဟု လျှောက်ကြား၏။

ပုံ့သကူမထေရ်လည်း ဘုရားရှင်၏ အမိန့်တော် ဟူ၍ ကြားရလျှင် မလွန်ဆန်ဝံ့သောကြောင့် ဒွါလောင်းလှေတော်သို့ တက်၍ ဘုရားရှင်ရုပ်ပွားတော်ကို ဝတ်ဖြည့်သည်။ ထိုသို့ ဝတ်ဖြည့်နေစဉ် ဒွါလောင်းလှေတော်ကို အပြင်းလှော်၍ဆန်တော်မူပြီး အမတ်ကြီး တုရင်္ဂပစ္စည်းက အထူးထူးသော တောင်းပန်ခြင်းများဖြင့် တောင်းပန်၍ သာသနာတော်ကို ချီးမြှောက်ပါ ဟူ၍ တောင်းပန် လျှောက်ထားခဲ့သည်။

ပုံ့သကူမထေရ်မြတ်လည်း သာသနာတော်ကိစ္စဖြစ်တော်မူ၍ ခွင့်လွှတ်လိုက်ပါတော်မူခဲ့သည်။

နရပတိစည်သူမင်းလည်း အမတ်ပေါင်းခြံရံလျက် ခရီးဦးကြိုပြုသည်။ ပုံ့သကူမထေရ်မြတ်၏ လက်တော်ကို,မ၍ နန်းတော်သို့ပင့်ဆောင်သည်။ တံခါးဦးသို့ ရောက်တော်မူလျှင် ဘီလူးကြီးလည်း တံခါးမှဆင်း၍ ပုံ့သကူမထေရ်မြတ်ကို ဦးချပူဇော်သည်။

နန်းတော်သို့ရောက်လျှင် နရပတိစည်သူမင်း ကိုယ်တိုင် လက်ဖြင့်ဆွမ်းပွဲပြင်၍ လုပ်ကျွေးပြုစုသည်။ ယနေ့မှစ၍ သခင်မြတ်၏အဆုံးအမကို ခံယူပါတော့မည်ဟု ပန်ကြား လျှောက်ထားသည်။ ဇေယျသူရ၊ ဇေယျသိင်္ခ၊ ရာဇသူရ၊ ဂင်္ဂသူရ၊ ပုံ့ချို ဟူသော သားတော်ငါးပါးကို ပုံ့သကူမထေရ်အား လှူတော်မူ၏။ မင်းသားငါးပါးတို့လည်း ပုံ့သကူမထေရ် ကြွတော်မူရာသို့ လိုက်ပါခဲ့ကြသည်။ လမ်းခုလတ်တွင် ပုံ့သကူမထေရ်သည် မင်းသားငါးပါးတို့အား မြေသားကွက်ငါးကွက်ကို ပြသပြီး နန်းတော်သို့ ပြန်စေခဲ့သည်။ ထိုမြေသား ငါးကွက်တွင် သားတော်ငါးပါးသည် ခမည်းတော် နရပတိစည်သူမင်းကြီး၏ ကြီးကြပ်မှုဖြင့် -

စာကြိုဘုရားလှူ၊ မြေပုံသာဘုရားလှူ၊ ကျွန်စွန်းအိုဘုရားလှူ၊သိကြားတောင်ဘုရားလှူ၊ ချောက်ဘုရားလှူ ဟူသော ဘုရားလှူငါးဆူကို တည်တော်မူခဲ့သည်။

ပုဂံခေတ်လယ်ပိုင်းတွင် ပုံ့သကူမထေရ်မြတ်သည် ပုဂံနေပြည်တော်နှင့် ပုဂံသားတို့၏ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာကို ပြန့်ပွားစည်ပင် ထိုးတက်ဖွံ့ဖြိုးရန် အလောင်းစည်သူမင်းကြီးလက်ထက်မှသည် နရပတိစည်သူမင်းကြီး လက်ထက်တိုင်အောင် မင်းဆရာတော်ကြီးအဖြစ် တာဝန်ယူ၍ ရှင်အရဟံမထေရ်မြတ် အခြေချ ပြုစု ပျိုးထောင်ပေးခဲ့သော ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီးကို၊ အနော်ရထာမင်းမှသည် အလောင်းစည်သူမင်းကြီးလက်ထက်ထိ ဝေဖြိုးစည်ပင်ခဲ့သော သာသနာအမွေတော်ကို ဝေဖြိုးစည်ပင်ရန် စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူခဲ့သည်။

ထို့ကြောင့် ပုဂံခေတ်၏သာသနာ့အာဇာနည်ပုံ့သကူမထေရ်မြတ်၏ထေရဝါဒ ဗုဒ္ဓဘာသာ့ သာသနာတော် ဖွံ့ဖြိုးစည်ပင်တိုးတက်ရေးအတွက် ဗုဒ္ဓအဆိုအမိန့်နှင့် တရားတော်တော်တို့ကိုသာ ဦးထိပ်ထား၍ မင်းလိုလိုက်၍ မင်းကြိုက်မဆောင်တဲ့ ဗုဒ္ဓ၏အဆုံးအမနှင့် တရားတော်များကို ဦးထိပ်ပန်ဆင်ကာ ဟောပြောဆုံးမ လမ်းညွှန်ဆောင်ရွက်နဲ့မှုဂုဏ်ရည်တို့သည် လေးစားကြည်ညိုဖွယ်ရာ ဖြစ်ပေသည်။

သုမြင့် (ရန်ကုန်တက္ကသိုလ်)

ကျမ်းကိုး -

မှန်နန်းမဟာရာဇဝင်တော်ကြီး (ပထမတွဲ)

# ပိန်းရိုးထုံးသုတ် ကွက်နို့ပြုတ်

ကြံခင်းမြို့နယ် အုတ်တွင်းအုပ်စု သရက်ပင်ကွင်းကျေးရွာသို့ အလည်တစ်ခေါက်ရောက်ခဲ့စဉ်က ဖြစ်ပါသည်။ ကျေးရွာသားတစ်ဦးဖြစ်သူ ကိုအောင်မျိုးနှင့်စကားလက်ဆုံကျစဉ် ကွက်နို့ပျောက်ဆေးနည်းအကြောင်း ဆွေးနွေးပြောဆိုခဲ့သည်။

ကိုအောင်မျိုး၏ခြေခုံပေါ်တွင် သူအသက် (၂၅) နှစ်ကတည်းက ကွက်နို့တစ်လုံးပေါက်နေခဲ့သော်လည်း ရွှေကြီးစေ့အရွယ်ခန့်သာရှိ၍ အလေးမထားခဲ့။ လွန်ခဲ့သော တစ်လခန့်ကမှ သူ၏သားကြီးပြောပြသောနည်းဖြင့် စမ်းသပ်ကုသကြည့်ရာ ပျောက်ကင်းခဲ့သည်ဟု သိရှိရပါသည်။

ထိုစမ်းသပ်ကုသသည့် နည်းမှာ လွယ်ကူမြန်ဆန်၍ ဟုတ်ပါ့မလားဟု သံသယဝင်မိပါသည်။ အသုံးပြု ပျောက်ကင်းခဲ့သူ ကာယကံရှင် ကိုယ်တိုင်က ပြောပြခြင်းဖြစ်၍ သံသယများ ပျောက်ပျက်ခဲ့ရသည်။ ကိုအောင်မျိုး ပြောပြသောဆေးနည်းမှာ လမ်းဘေးပေါက်နေသည့်ပိန်းပင်မှ ပိန်းရိုးကို ဖြတ်တောက်ယူ၊ ထိပ်ဝတွင် ထုံးသုတ်၊ ထုံးသုတ်ထားသောပိန်းရိုးဖြင့် ကွက်နို့အပေါ်မှ ပွတ်တိုက်ပေးရသည်။ (၁၀) မိနစ်ခန့်ကြာလျှင် ပေါက်နေသောကွက်နို့ ပြုတ်ထွက်သွားသည်။ သွေးထွက်ခြင်း၊ နာကျင်ခြင်းမရှိ။ ထပ်မံ ပေါက်ပွားခြင်းလည်း မရှိဟု သိရသည်။

မယုံကြည်နိုင်ဖွယ် ဖြစ်ကောင်းဖြစ်ပါမည်။ သို့သော်လည်း အသင်စာဖတ်သူသည် လည်းကောင်း၊ အသိမိတ်ဆွေများသည် လည်းကောင်း ကွက်နို့ပေါက်နေပါမူ ငွေကြေးကုန်ကျမှု လုံးဝမရှိ၊ ဘေးထွက်ဆိုးကျိုး လုံးဝ မရှိသော 'ပိန်းရိုးထုံးသုတ် ကွက်နို့ပြုတ်' ဆေးမြီးတိုနည်းကိုဖြင့် အသုံးချ၍ ပျောက်ကင်းစေလိုပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

နေဝင်းဝင်း(လှန်ဆေး)



www.burmeseclassic.com

www.burmeseclassic.com

ဥရောပရောက် မြန်မာရဟန်းတော်များမှ ထူးထူးခြားခြား သာသနရံသီ လန်ဒန်ဆရာတော်ဘုရား၏ ကြည်ညိုဖွယ်ရာ ဂုဏ်သတင်းအဖြာဖြာကို ကြားသိနေရသည်မှာ ကြာပြီ ဖြစ်ပါသည်။

နိုင်ငံတကာသတင်းများနှင့် အင်တာနက်စာမျက်နှာများမှလည်းကောင်း၊ တစ်ဆင့်စကား တစ်ဆင့်နားမှ လည်းကောင်း မကြာခဏ သာသနရံသီဆရာတော်ဘုရား၏အံ့ချီးဖွယ်ရာ သာသနာပြု ဆောင်ရွက်နေမှုများကိုလည်း သိရှိခဲ့ရပါသည်။ သာသနရံသီဆရာတော်ဘုရား၏ ထူးထူးခြားခြား ဂုဏ်သတင်းများက အင်္ဂလန်နှင့် ဥရောပတစ်လွှားမှာ လွှမ်းစွာ ထင်ရှား ကျော်ကြားတော်မူပါသည်။

အထူးသဖြင့် နာတာရှည်ဝေဒနာရှင်များ၊ စိတ်ပိုင်းဆိုင်ရာနှင့် ဒုက္ခခံစားသောကများနေသော လူနာများ၊ ကင်ဆာရောဂါဝေဒနာရှင်များ၊ နောက်ဆုံးကာလအချိန်ပိုင်းမျှတွင် ဝေဒနာနှင့်စစ်ခင်း သေတွင်း သေဝ ရောက်နေသူများ သာသနရံသီ ဆရာတော် ဦးဥတ္တရ၏တရားများ နာကြားရခြင်းဖြင့် ရောဂါဝေဒနာများ ခံစားနေရဒုက္ခတို့မှ ကျော်



အမှတ် (၁၀) ဒေါင်းနင်းလမ်း ဗြိတိသျှဝန်ကြီးချုပ်အိမ်ကြွ၍ ပရိတ်ရွတ်စဉ်က

လွှန် လွတ်မြောက် ချမ်းသာခြင်းသို့ ရောက်ကြလေ၏။ ထိုသို့ ထူးခြား ဟောကြားတံရားတော်များကြောင့် ဘာသာခြားများမှပင် ပင့်ဖိတ်၍ တရားနာကြားကြလေ၏။

တစ်နေ့သ၌ ဆရာတော်ထံသို့ လန်ဒန်မြို့ အထွေထွေဆေးရုံကြီးမှတာဝန်ရှိသူ တချို့က ဆရာတော်ထံသို့ အရေးပေါ် အကူအညီတစ်ခု လာတောင်းကြလေ၏။ လန်ဒန်ဆေးရုံကြီးမှ အကောင်းဆုံးဆေးဝါးများဖြင့် ကုသသော်လည်း ရောဂါမသက်သာ၊ ဝေဒနာပြင်းထန်စွာခံစားရင်း အမြဲတမ်း အော်ဟစ်နေသော လူနာတစ်ဦးအား တရားရေအေးအမြိုက်ဆေး တိုက်ကျွေးပေးပါရန် လာရောက် ပင့်ဖိတ်ကြ၏။ မေတ္တာတရား လွှမ်းစွာကြီးမားသော သာသနရံသီ ဆရာတော်ဘုရားမှလည်း ချက်ချင်းဆိုသလို လိုက်ပါကြွတော်မူလေ၏။

အချိန်တိုင်းနီးပါး ဆေးရုံပေါ်မှာ မချိမဆံ့ဝေဒနာခံစား အော်ဟစ်နေသော ဝေဒနာရှင်အား (၂) နာရီနီးပါး တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးခြင်း၊ ပရိတ်ရွတ်ဖတ်ခြင်း၊ ပရိတ်ကြိုးချည်နှောင်ပေး၍ မေတ္တာပို့သခြင်းများ ပြုလုပ်ပြီးသောအခါ ထိုဝေဒနာရှင်လူနာသည် ခံစားနေရသော ရောဂါဝေဒနာများမှ ကျော်လွှန်လွတ်မြောက် ချမ်းသာခြင်းသို့ ရောက်သွားလေတော့၏။ ထို့အတူ သာသနာရံသီ လန်ဒန်ဆရာတော်၏ ထူးထူးခြားခြား မေတ္တာတရား

**ကံဝင်း**

## (၂၅)နှစ်တာကာလအတွင်း ဦးတွာဗထာ မြန်မာနိုင်ငံတော်သို့ ပြန်လည်ကြွတော်မူလာသော ဥရောပသာသနာပြုအကျော်

# သာသနရံသီ လန်ဒန်ဆရာတော်



အီတလီနိုင်ငံ နာပိုလီမြို့၌ ပုပ်ရဟန်းမင်းကြီးနှင့် တွေ့ဆုံစဉ်က




www.burmeseclassic.com

www.burmeseclassic.com



လန်ဒန်မြို့ ဗုဒ္ဓနေ့အခမ်းအနား ကျင်းပတော်မူစဉ်



ပြည်ပအတွေ့အကြုံများ ပြောပြနေသော လန်ဒန်ဆရာတော်



စပိန် ဘာစီလိုနာမြို့ ဘာသာရေးဆွေးနွေးပွဲမှ လန်ဒန်ဆရာတော်

နှင့် ဆေးကုသမှုသတင်းများသည် အင်္ဂလန်နိုင်ငံနှင့် ဥရောပတစ်လွှား တောမီးပမာ ပျံ့နှံ့သွားပါတော့၏။

အင်္ဂလန်နိုင်ငံ၏အစိုးရမှ လန်ဒန်မြို့ GUY's & St. Tmomas' NHG Foundation Trust (တက္ကသိုလ်နှင့်အထွေထွေရောဂါကုဆေးရုံကြီး) ၌ တစ်ကမ္ဘာလုံးတွင် ပထမဦးဆုံး ဗုဒ္ဓဘာသာဆိုင်ရာ ကျွမ်းကျင်မှုဆေးရုံ ဆရာတော် (Buddhist Chaplain) အဖြစ် တာဝန်ပေးအပ်ခြင်းခံခဲ့ရလေ၏။ ထို့အပြင် လန်ဒန်မြို့ဆိုင်ရာ မီးသတ်တပ်ဖွဲ့ (Fire Brigade) ၏ Budd Chaplain ဆရာတော်အဖြစ် လည်းကောင်း၊ လန်ဒန်မြို့ King College Hospital တွင် Budd Chaplain ဆရာတော်အဖြစ် လည်းကောင်း ထပ်မံတာဝန်ပေး အလုပ်ခန့်အပ်ခြင်းခံခဲ့ရပါသည်။

အပတ်စဉ်၊ လစဉ် ချီးမြှင့်ခံရသော လစာငွေများကို အရင်းတည်၍ ဗုဒ္ဓမြတ်စွာတရားတော်များ ပြန့်ပွားစေရန်ရည်ရွယ်ချက်ဖြင့် ဥရောပတစ်လွှားနှင့် နိုင်ငံအသီးသီးတွင် ဗုဒ္ဓ ဓမ္မ ရံသီ (အလင်းရောင်) ကျောင်းများ တည်ထောင်ရန် စိတ်ကြံသမှု အဓိဋ္ဌာန်ပြုခဲ့လေ၏။

ဥရောပရောက် မြန်မာမိသားစုများ၏ စည်းလုံးညီညွတ်ရေးကို ကြည့်ရာတွင် လူမှုရေးနှင့် မြန်မာ့ယဉ်ကျေးမှုများ မပျောက်ပျက်အောင် ထိန်းသိမ်းနိုင်ရေးမှာ ဘာသာရေးကိုအခြေခံသော အများလေးစားလောက်သည့် ခေါင်းဆောင်မရှိလျှင် မဖြစ်နိုင်သည်ကို တွေ့ရသဖြင့် Community ဆန်သော ဘုန်းတော်ကြီးကျောင်းကို တည်ထောင်မည်ဟူသော ရည်ရွယ်ချက်ဖြင့် လည်းကောင်း၊ တစ်ကျောင်း တစ်ဂါထာ တစ်ရွာ တစ်ပုဒ်ဆန်း ဟူသော မြန်မာ့စလေ့တို့သည် ရောက်နေရာဒေသနှင့်မလျော်ညီသဖြင့် မတူညီသော အယူဝါဒများ၊ မညီညွတ်မှုများ တိုးပွားလာနိုင်သောကြောင့် ဥရောပနိုင်ငံများတွင်ရှိသော မြန်မာမိသားစုအတွင်းလည်း အချင်းချင်း ရိုင်းပင်းကူညီနိုင်သော စနစ်တစ်ခုကို ဖန်တီး၍ 'ရံသီ' (အလင်းရောင်) ကျောင်းများကို တည်ထောင်ရန် စိတ်ကူးမိခဲ့၏။ ဆရာတော်ဖြစ်ချင်သောဆန္ဒသည် များမကြာမီတွင် ဖြစ်ထွန်းလာခဲ့၏။

၂၀၀၅ ခုနှစ်မှစ၍ မလေးရှားနိုင်ငံ ပီနန်ဆရာတော်ကြီး၏ဩဝါဒကို ခံယူကာ ဆရာတော်ကြီး၏တာဝန်ပေးချက်အရ-

၁။ နယ်သာလန်နိုင်ငံတွင် ပညာရံသီ ဝိဟာရကို လည်းကောင်း၊
၂။ ဂျာမနီနိုင်ငံတွင် ဗုဒ္ဓသာသနရံသီ ဝိဟာရကို လည်းကောင်း၊
၃။ ဒိန်းမတ်နိုင်ငံတွင် ဗုဒ္ဓရံသီဝိဟာရကို လည်းကောင်း၊
၄။ ဖင်လန်နိုင်ငံတွင် ဗုဒ္ဓဓမ္မရံသီ ဝိဟာရကို လည်းကောင်း၊
၅။ ဘယ်(လ်)ဂျီယံနိုင်ငံတွင် မေတ္တာရံသီဝိဟာရကို လည်းကောင်း၊
၆။ အိုင်ယာလန်နိုင်ငံတွင် မင်္ဂလရံသီ ဝိဟာရကို လည်းကောင်း တည်ထောင်ကာ ဥက္ကဋ္ဌဆရာတော်အဖြစ် ဗုဒ္ဓမြတ်စွာ သာသနာထွန်းကားပြန့်ပွားရေးကို တစိုက်မတ်မတ် ဆောင်ရွက်တော်မူပါသည်။

ဆွီဒင်နိုင်ငံ တိရတနာကျောင်း၏

www.burmeseclassic.com

www.burmeseclassic.com

ဓာနသြဝါဒါစရိယဆရာတော်အဖြစ်ပါ ဆောင်ရွက်လျက် ရှိပါသည်။

နိုင်ငံကျော်၊ ကမ္ဘာကျော် ထင်ရှား ကျော်ကြား ပုဂ္ဂိုလ်များကိုသာ အမိက ဖိတ်ကြား ဂုဏ်ပြုဧည့်ခံပွဲသို့ ဂုဏ် သတင်းကျော် သာသနရံသီ လန်ဒန် ဆရာတော်သည် ဗြိတိသျှဘုရင်မကြီး၏ အထူးဖိတ်ကြားမှုဖြင့် တက်ရောက်ခွင့် ရခဲ့လေသည်။ အင်္ဂလန်နိုင်ငံ ဒေါင်းနင်း လမ်း အမှတ်(၁၀)ရှိ ဝန်ကြီးချုပ်နေအိမ် သို့လည်း ဖိတ်ကြားချက်အရ ကြွရောက် ကာ ဗုဒ္ဓညွှန်ကြားတရားတော်များနှင့် ဓိုက်တော်များ ရွတ်ဖတ်ပူဇော်ခဲ့ရလေ ၏။

အီတလီနိုင်ငံ နာပိုလီမြို့၌ ကျင်း ပသော ဘာသာရေးခေါင်းဆောင်များ ညီနှောဖလှယ်ပွဲသို့ ပုပ်ရဟန်းမင်းကြီး၏ မေတ္တာအနန္တ ဖိတ်မန္တကပြုမှုဖြင့် တက် ရောက်ဆွေးနွေး ဟောကြားခွင့်ရခဲ့လေ သည်။ လန်ဒန်ဆရာတော်သည် ပဲခူး တိုင်းဒေသကြီး ညောင်လေးပင်မြို့ လေး အိမ်စုရွာ၌ ဖခမည်းတော် ဦးပု၊ မယ် တော် ဒေါ်သိန်းချစ်တို့မှ ၁၃၂၁ ခု၊ ဝါဆို လပြည့်နေ့ (၁၉-၇-၁၉၅၉) ခုနှစ်တွင် ဖွားမြင်တော်မူခဲ့ပါသည်။ ငယ်စဉ်က ညောင်လေးပင်မြို့နယ် လေးအိမ်စုရွာ မြသိန်းတန်ဆရာတော်ထံတွင် စတင် ညာတော် သင်ကြားတော်မူ၍ ထိုမှ တောင်ကြီးမြို့ သိမ်တောင်ပရိယတ္တိစာ သင်တိုက်သို့ ရောက်ရှိကာ ဗုဒ္ဓစာပေ များကို လေ့လာလိုက်စား ကျင့်ကြံပွား များနိုင်ခဲ့လေ၏။

မစိုးရိမ်တိုက်ကျောင်း ဓမ္မနယူ



(၂၅)နှစ်တာကာလအတွင်း ပထမဆုံး မြန်မာပြည် ပြန်ကြွရောက်စဉ် စာရေးသူနှင့်အမှတ်တရ



လန်ဒန်ဆရာတော် ဖင်လန်နိုင်ငံ သာသနာပြုကြွစဉ်



လန်ဒန်ဆရာတော်နှင့် ချား(လ်)မင်းသား စကားလက်ဆုံပြောမကုန်



လန်ဒန်ဆေးရုံကြီးမှာ ဝေဒနာရှင်တစ်ဦးအား ပန်းတစ်ပွင့် ဥပမာပေး တရားရေအေး တိုက်ကျွေးနေစဉ်



www.burmeseclassic.com

www.burmeseclassic.com

ပဒေသကျောင်းဆရာတော် ဦးဝိန္ဒာဘိဝံသ၊ မစိုးရိမ်နာယကချုပ် ဦးရာဇဓမ္မာဘိဝံသ၊ မစိုးရိမ် ပိဋကနယူ ပဒေသကျောင်း ဦးကောဝိဒါဘိဝံသ၊ မြန်မာနိုင်ငံသံဃာမဟာနာယက ဒုတိယဥက္ကဋ္ဌ ဆရာတော် ဦးသီရိန္ဒာဘိဝံသ ဆရာတော်များထံပါးတွင် ပညာသင်ကြားတော်မူခဲ့ပါသည်။


အင်္ဂလန်နိုင်ငံ ဘာမင်ဂန်ဆရာတော် ဒေါက်တာဦးရေဝတဓမ္မ၏ ဖိတ်ကြားချက်အရ ၁၉၉၂ ခုနှစ်၊ ဇူလိုင်လတွင် အင်္ဂလန်နိုင်ငံသို့ ရောက်ရှိခဲ့လေ၏။ ၁၉၉၃ ခုနှစ်တွင် လန်ဒန်မြို့သို့ ပြောင်းရွှေ့ကာ အင်္ဂလိပ်စာပေများကို Morlay College တွင် သင်ကြားတော်မူခဲ့ပါသည်။ ၁၉၉၅ ခုနှစ်အရောက်တွင်တော့ သာသနရံသီဝိဟာရကို တည်ထောင်တော်မူခဲ့ပါသည်။ ၂၀၀၆ ခုနှစ်တွင် MA (Chaplaincy) ဘွဲ့ရရှိခဲ့တော်မူပါသည်။

ဘာသာရေးဆိုင်ရာ သိကောင်းစရာများကို ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ဖိတ်ကြားချက်အရ လန်ဒန်တက္ကသိုလ်၊ OxFord, Cambridge, Birmingham တက္ကသိုလ်များနှင့် Nottingham တက္ကသိုလ်များတွင် ဟောပြောခဲ့ရပါသည်။ ၂၀၀၃ ခုနှစ်မှစ၍ လန်ဒန်မြို့ ဗုဒ္ဓနေ့ပူဇော်ပွဲဖြစ်မြောက်ရေး မြန်မာသံဃာ(UK) ၏ အကျိုးဆောင် ဆရာတော်အဖြစ် ယနေ့တိုင် ဆောင်ရွက်တော်မူခဲ့ပါသည်။ ၂၀၀၇-၂၀၀၈ အပြည်ပြည်ဆိုင်ရာ မြန်မာရဟန်းတော်များအဖွဲ့ချုပ် (သာသနာ့ဦးသျှောင်) အကျိုးတော်ဆောင် ဆရာတော်အဖြစ် ဆောင်ရွက်တော်မူခဲ့ပြီး UK နိုင်ငံဆိုင်ရာ မြန်မာရဟန်းတော်များအဖွဲ့ချုပ် (သာသနာ့ဦးသျှောင်) အကျိုးတော်ဆောင် ဆရာတော်အဖြစ် တာဝန်ယူ ဆောင်ရွက်နေတော်မူကြောင်း သိရပါသည်။

မြန်မာနိုင်ငံ၏ ထိုးတက်လာသော ခေတ်စနစ် ပြုပြင်ပြောင်းလဲမှုများအရ နှစ်ပေါင်း (၂၅)နှစ်အတွင်း ပထမဦးဆုံး အကြိမ်အဖြစ် မြန်မာနိုင်ငံသို့ ပြန်လည်ကြွတော်မူခွင့်ရရှိခဲ့ရာ ၂၀၁၃ ခု၊ ဖေဖော်ဝါရီလ (၇) ရက်နေ့တွင် ရန်ကုန်မြို့သို့ ကြွရောက်တော်မူခဲ့ပါသည်။ အင်္ဂလန် လန်ဒန်ဆရာတော် ဦးဥတ္တရအရှင်သူမြတ်နှင့်အတူ မြန်မာ-ဥရောပ သာသနာထွန်းကားပြန့်ပွားရေးအသင်း နာယက ဆရာတော်များဖြစ်ကြသော ဆရာတော်ဦးသီလိန္ဒ၊ ဆရာတော် ဦးပညာစာရ၊ ဆရာတော် ဦးပညာဝံသ (ဂျာမနီ) တို့ လိုက်ပါကြွတော်မူလာကြောင်း သိရ



လန်ဒန် ဗုဒ္ဓနေ့အခမ်းအနား



ဘော့ဇနီးယားနိုင်ငံအလုပ်ရုံဆွေးနွေးပွဲ

ပါသည်။

ဥရောပတစ်လွှား ထင်ရှားကျော်ကြားတော်မူ၍ ကြည်ညိုသူများလှသော ဥရောပနိုင်ငံ ဗုဒ္ဓဘာသာဝိဟာရများ၏ နာယကဆရာတော် ဦးဥတ္တရအရှင်သူမြတ်သည် မြန်မာနိုင်ငံနှင့် ဥရောပနိုင်ငံများတွင် ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရန် ရည်ရွယ်၍ မြန်မာ-ဥရောပ ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားရေးအသင်းကြီးကို ၂၄-၂-၂၀၁၃ နေ့၌ ရန်ကုန်မြို့ ရွှေတိဂုံဘုရားခြေတော်ရင်း ကြားတောရလမ်း၊ အဘ္ဘာဝါဓမ္မာရုံတော်ကြီးတွင် နိုင်ငံတော်အစိုးရ၏ခွင့်ပြုမှုဖြင့် ဖွဲ့စည်းတည်ထောင်တော်မူခဲ့ပါသည်။

ဂုဏ်သတင်းကျော် အင်္ဂလန် သာသနရံသီဆရာတော် ဦးဥတ္တရအရှင်သူမြတ်သည် ၇-၃-၂၀၁၃ နေ့တွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့သို့ ပြန်လည်ကြွတော်မူခဲ့ပြီ ဖြစ်ပါသည်။ မြန်မာနိုင်ငံ၌ (၁) လတာ သီတင်းသုံးတော်မူရာတွင် ဆရာတော်ဦးဥတ္တရအရှင်သူမြတ်သည် မန္တလေး မစိုးရိမ်ဆရာတော်ကြီး မွေးနေ့ပွဲ တက်ရောက်ခြင်း၊ အစိုးရဌာနဆိုင်ရာဝန်ကြီးများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးခြင်းများ ဆောင်ရွက်ကြွခဲ့ပြီးသကာလ ရန်ကုန်၊ တောင်ကြီး၊ မန္တလေး၊ နေပြည်တော်၊ မြိတ်၊ ထားဝယ်၊ ညောင်လေးပင်မြို့များ၌ မြန်မာ-ဥရောပ ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားရေးအသင်းကြီး ဖြစ်ပေါ်ရေးအတွက် ဟောပြောပွဲများ မနေမနား ရွက်ဆောင်ကြိုးပမ်းရင်း အနာဂတ်သာသနာ အားထားစရာ ရှင်အပါး (၁၀၀) ကိုလည်း ဇာတိရွာ ညောင်လေးပင် လေးအိမ်စုရွာ၌ အောင်မြင်စွာဖြင့် အလှူတော်ပွဲ ဆင်နွှဲကျင်းပနိုင်ခဲ့ပါကြောင်း (၁) လတာကာလ မြန်မာနိုင်ငံမှာ သီတင်းသုံးရှိနေစဉ်အတွင်း အင်္ဂလန် သာသနရံသီ လန်ဒန်ဆရာတော်ဘုရား၏ မနေမနားရွက်ဆောင်ကြိုးပမ်း သာသနာရေးလုပ်ငန်းစဉ်များကို ရေးသား မှတ်တမ်းတင်အပ်ပါသည်။

မေတ္တာများစွာဖြင့်
ကံဝင်း

မြန်မာ-ဥရောပ ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားရေးနှင့် မြန်မာ့ယဉ်ကျေးမှုထွန်းကားပြန့်ပွားရေးအသင်းသို့ ဆက်သွယ်လိုပါလျှင် အမှုဆောင် ဦးကံဝင်း (၀၉-၇၃၁၅၈၀၁၉) ထံသို့ ဆက်သွယ်နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ရှားရှားပါးပါး မိုးကြိုးဘေးမှ

# အစိမ်းဖျော့နှင့်သီလတန်ခိုးကြောင့် လွတ်မြောက်ခဲ့သူ

ကောင်းမြတ်



၂၀၁၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၂ရက်နေ့က သမိုင်းမှတ်တမ်းစာအုပ်တစ်အုပ်အလိုရှိသဖြင့် ဖားကန့်မြို့ ပြန်/ဆက်၌ ရှာဖွေ ငှားရမ်းရန် မြို့တက်ခဲ့သည်။ စာရေးသူ ရောက်သည်မှာ စောသေးသည့်အတွက် မီးသတ်ဦးစီးဌာနစခန်းရုံးရှေ့ရှိ 'မြနန်း' လက်ဖက်ရည်ဆိုင်သို့ဝင်ဖြစ်ခဲ့သေးသည်။

စာရေးသူ ဝင်သွားသည်နှင့် မိတ်ဆွေဖြစ်သူ မြို့နယ်ပညာရေးမှူးက ဆိုင်ထဲမှ -

"လာဗျို့ ဆရာ"

ဟု လှမ်းခေါ်လိုက်သည်။ သူက ရာသီဥတုသာယာသည့်နေ့တိုင်း နံနက်စောစော တုတ်ကောက်တစ်ချောင်းကိုင်လျက် လမ်းလျှောက်လေ့ရှိပြီး အပြန်၌ ကော်ဖီသောက်လေ့ရှိသည်။ အိမ်ပြန်ရောက် ရေမိုးချိုးပြီးမှ သူတာဝန်ကျရာမြို့သို့ ဆိုင်ကယ်နှင့် သွားလေ့ရှိသူဖြစ်သည်။

"ရောက်နေတာကြာပြီလား"

စာရေးသူကမေးရင်း သူ့စားပွဲမှာ ဝင်ထိုင်လိုက်၏။

"ဆရာ့ရှေ့တင်ပဲ၊ ဆရာဘာသောက်မလဲ"

"ခွ"

"ကိုမျိုးမင်းရေ၊ နွားနို့တစ်ခွက်"

ပညာရေးမှူးက စာရေးသူအတွက် နွားနို့တစ်ခွက် လှမ်းမှာလိုက်ရင်း စာကြောင်းပေကြောင်းပြောဖြစ်ကြသည်။ ယခုတစ်လော မဂ္ဂဇင်းတွေ၌ စာကောင်းပေကောင်းတွေအတော်များများတွေ့ရကြောင်း၊ ဂျာနယ်တွေလည်း ဖောင်းသောချင်းထွက်လာကြောင်း၊ လုံးချင်းစာအုပ်တွေကလည်း ပလူပျံနေကြောင်း၊ ဒါပေမယ့်လည်း စာဖတ်အားလျော့ကျနေသည့်အတွက်ကြောင့် မဂ္ဂဇင်းအချို့နှင့် ဂျာနယ်အချို့သာ ဈေးကွက်ဝင်ပြီး ကျန်စာအုပ်အချို့ အရောင်းမလိုက်ကြောင်း၊ လူထုအတွင်း စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ဟောပြောပွဲများ ပြုသင့်ကြောင်း၊ ကလေးသူငယ်နှင့်ကျောင်းသားလူငယ်တွေ စာဖတ်ချင်စိတ်ဖြစ်လာအောင် အလေ့အကျင့်တွေပြုလုပ်ပေးသင့်ကြကြောင်း ဆွေးနွေးပြောဆိုဖြစ်ကြ၏။

စာရေးသူ၏ မိတ်ဆွေ ပညာရေးမှူးမှာ စာပေဝါသနာပါသူတစ်ယောက်ဖြစ်ပြီး ပညာရေးစာစောင်အချို့နှင့် မဂ္ဂဇင်းအချို့၌ ဆောင်းပါးများ ရေးသားနေသူ ဖြစ်ပါသည်။ အထူးသဖြင့်တော့ ကလေးသူငယ်တို့၏ စာရိတ္တပြုပြင်ရေး၊ ပညာပေးဆောင်းပါးတွေ အရေးများသူဖြစ်သည်။ စာရေးသူနှင့်တွေ့တိုင်း စာကြောင်းပေကြောင်းတွေ တဝကြီးပြောဖြစ်ကြ၏။

"ဒါထက်ဆရာ၊ ဗေဒင်ဆရာ ရဲဇော်အကြောင်း ကြားပြီးပြီလား"

ထိုသို့ စာကြောင်းပေကြောင်းပြောနေကြရင်းမှ မိတ်ဆွေက ရဲဇော်အကြောင်းကြားပြီးပြီလားဟု ဓိကာက်ခါငင်ကာမေးလိုက်သည့်အတွက် ရင်ထဲဒိတ်ခနဲဖြစ်သွားသည်။ ဆရာရဲဇော် (စာရေးဆရာ၊ နက္ခတ္တဝေဒပညာရှင်) မှာ စာရေးသူနှင့် ညီအစ်ကိုမိသားစုဆွေမျိုးသားချင်းလိုနေသူ ဖြစ်ပေသည်။ ကြားပြီးပြီလား ဆိုသည့်မေးခွန်းမှာ သာမန်မေးခွန်းမဖြစ်နိုင်ဘဲ ထူးထူးခြားခြားဖြစ်စဉ်တစ်ခုပေါ်၌ မူတည်နေသည့်မေးခွန်းဖြစ်သည်ကို စာဖတ်သူများ သဘောပေါက်မည်ဖြစ်ပါသည်။

သို့အတွက် စာရေးသူက -

"မကြားရသေးဘူးခင်ဗျ၊ ဘာသတင်းများလဲ ပြောပါဦး"

ဟု ပျာဗျာသလဲ မေးလိုက်၏။

"ရဲဇော် မိုးကြိုးပစ်လို့ဗျ"

"ဟာ - ဟုတ်လား"

"ဟုတ်တယ် ဆရာရဲ့၊ တစ်နေ့က ဘုရားကအပြန် လမ်းမှာ မိုးကြိုးပစ်ခံရတာ"

ကြားလိုက်ရသည့်သတင်းအတွက် စာရေးသူ လုံးဝစိတ်မကောင်းဖြစ်သွားရ၏။ စိတ်ထဲမှ ဖြစ်မှဖြစ်ရလေခြင်းဟုလည်းတွေးလိုက်မိသည်။ သို့ကြောင့် သူ့အမျိုးသမီးကိုသွားပြီး အကျိုးအကြောင်းမေးရန် ဆရာရဲဇော်တို့ အိမ်ဘက်သို့ထွက်ခဲ့သည်။

ဆရာရဲဇော်တို့အိမ်မှာ ဖားကန့်မြို့၏ အရှေ့ဘက်မြို့သစ်မှာ ဖြစ်သည်။

စာရေးသူရောက်သွားသောအခါ ဆရာရဲဇော်ကို တွေ့လိုက်ရသဖြင့် စာရေးသူ အံ့အားသင့်သွားပေသည်။ စာရေးသူထင်တာ ဆရာရဲဇော်အစားဇနီး၏အမျိုးသမီးကို မျက်ရည်စက်လက်နှင့်တွေ့ရလိမ့်မည်ထင်သည်။ ယခုတော့ ဆရာရဲဇော်ကို တွေ့လိုက်ရ၏။ ရဲဇော်အား မိုးကြိုးပစ်ပါသည်ဟု ပြောလိုက်သူမှာလည်း မတိမကျဘဲနှင့် အပုပ်သတင်းပြောမည့်သူမျိုးမဟုတ်။ စာရေးသူ အတော်ဝေဖန်ရကျပ်သွားသည်။ သို့ကြောင့် ကြားရသော သတင်းအတွက် မေးသင့်၊ မမေးသင့်ပင် ချိန်ဆလိုက်ရ၏။

"ဆရာ - စောစောစီးစီးပါလား၊ ဘယ်ကလှည့်လာလဲ"

ဆရာရဲဇော်က ဆီးမေးရင်း အိမ်ပေါ်သို့ ခေါ်လိုက်သည်။ စာရေးသူက သခင်ဖအောင်ချိန်နှင့်ပတ်သက်သော စာအုပ်တစ်အုပ်အလိုရှိ၍ လာခြင်း ဖြစ်ကြောင်းပြောပြီး အိမ်ပေါ်တက်ခဲ့သည်။ မိမိကြားခဲ့ရသည့်သတင်းမှာ သတင်းမှားဖြစ်နိုင်သည့်အတွက် မမေးတော့ရန် ဆုံးဖြတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာရဲဇော်သည် စာရေးသူကို ရေနွေးကြမ်း၊ လက်ဖက်သုပ်တို့ဖြင့် တည်ခင်း ဧည့်ခံသည်။ ထိုသို့ဧည့်ခံရင်းမှ -

"ဆရာရေ ဆရာကံကောင်းလို့ ကျွန်တော့်တွေ့ရတာ။ တစ်နေ့က ကျွန်တော်မိုးကြိုးပစ်လို့ဆရာရဲ့"

ဟု စတင်ပြောလိုက်သဖြင့် စာရေးသူ ပိုမိုအံ့အားသင့်သွားရပြန်၏။ မိုးကြိုးအပစ်ခံရသူက ယခု စာရေးသူကို ဧည့်ခံနေသည်။ ဆရာရဲဇော်၏ဝိညာဉ်မဟုတ်။ တကယ့် ဆရာရဲဇော်စစ်စစ်ပဲဖြစ်ပါ၏။ မိုးကြိုးပစ်ခံရ၍ အသက်ရှင်သူ ဘယ်မှာမှမကြားဘူးခဲ့။ သည်တော့ မအံ့သြဘဲ၊ အံ့အားမသင့်ဘဲရှိပါမည်လား။

ဒီတော့မှ စာရေးသူလည်း မိမိထိုသတင်းကြား၍လာခြင်းဖြစ်ကြောင်း ပြောကာ ဖြစ်ပုံဖြစ်နည်းများကို မေးရသည်။

"အဖြစ်ကတော့ တော်တော်ထူးဆန်းတယ်ဆရာ။ဆရာစာရေးချင်လည်း ရေးပါ၊ စာဖတ်သူတွေ ဗဟုသုတလည်း ရတာပေါ့"

ဟု ပြောပြီး -

"အဖြစ်ကတော့ ဒီလို ဆရာရေ"

ဟု ဆိုကာ အောက်ပါအတိုင်း ပြောပြပါသည်။

*

ယခုတစ်လော ဆရာရဲဇော် သရဏဂုံသုံးပါး ဆောက်တည်၍ အဓိဋ္ဌာန်ဥပုသ်ပြုရန် စိတ်အားထက်သန်နေသည့်အတွက် ဇီးကုန်းမြို့ ကျက်သရေဆောင် မြသိန်းတန်စေတီတော်မြတ်ကြီးဆီသွားပြီး သက်သတ်လွတ် (၄၅) ရက်အဓိဋ္ဌာန်ဝင်ခဲ့၏။ (သီးသန့်ရေးပါမည်)

အဓိဋ္ဌာန်ရက်ပြည့်ခါနီး နောက်တစ်နေ့အဓိဋ္ဌာန်ပြည့်တော့မည့်နေ့ည၌ ဆရာရဲဇော် ထူးဆန်းသော အိပ်မက်တစ်ခုကို မြင်မက်လေသည်။ အိပ်မက်ထဲ၌ ဘုရားတိုက်ကြီးထဲ သူရောက်သွားသည်။ တိုက်ကြီးက အကျယ်ကြီးဖြစ်ပြီး မတ်ရပ်ကိုယ်တော်၊ တင်ပျဉ်ခွေကိုယ်တော်ဘုရားအဆူဆူတို့၏ ရုပ်တုတော်တို့ ပြည့်နေသည်။

ရဲဇော် ဘုရားဆင်းတုတော်တွေကိုဖူးရင်း ရင်ထဲမှာအတိုင်းမသိပီတိဖြစ်ကြည်နူးနေမိသည်။ သို့ကြောင့် ဘုရားတွေကို တစ်ဆူပြီးတစ်ဆူရှိခိုးနေမိသည်။

ထိုအခိုက် လူတစ်ရပ်နီးပါးမြင့်သော တင်ပျဉ်ခွေ ကြေးရုပ်ပွားဆင်းတုတော်ကြီးနောက်မှ ဒေါက်ခြာကြီးဆောင်းထားသော အသက်(၆၀)ခန့်ရသေ့ကြီးတစ်ပါး ပေါ်လာပြီး -

'မောင်၊ ဘုရားရှိခိုးနေရုံနဲ့ တင်းတိမ်မနေနဲ့။ သာသနာပြုဖို့ ကြိုးစား၊ အသက်ရှည်အောင်လည်းအားထုတ်'

ဟု ပြောကာ နောက်တစ်နေ့၌ သူ့ကို မိုးကြိုးပစ်လိမ့်မည်ဖြစ်ကြောင်း၊ ဒီက အဓိဋ္ဌာန်ထွက်သည်နှင့် ဘုရားကြီးကန်ပေါင်ပေါ်၌ ထန်းတစ်ပင်ရှိကြောင်း၊ ထိုထန်းပင်က ထန်းလက်ခတ်သေးသေး တစ်ခုကို ကိုယ်နှင့်မကွာ ဆောင်ယူသွားရမည်ဖြစ်ကြောင်း၊ မိုးကြိုးပစ်ထန်းလက်ကာယမြဲခါ ကြောင်း ပြောဆိုနေလေသည်။

ဆရာရဲဇော်လည်း နောက်တစ်နေ့ ဥပုသ်ထွက်သောအခါ၌ အဓိဋ္ဌာန်ဥပုသ်ချ၊ မေတ္တာပို့၊ အမျှအတန်းဝေပြီးပြီးချင်း ကန်ပေါင်ပေါ်တက်သွားရာ အိပ်မက်အတိုင်း ထန်းပင်ပေါက်တစ်ပင်တွေ့ရှိရလေသည်။ သို့အတွက် ဟုတ်လိုဟုတ်ငြားဆိုပြီး ထန်းလက်ခပ်သေးသေး တစ်လက်ကိုဖဲ့ကာ အိမ်ပြန်ယူခဲ့လေ၏။

ထူးဆန်းသော အိပ်မက်ကြောင့် မိုးကြိုးပစ်မှာကိုလည်းကြောက်ပြီး လမ်းတစ်လျှောက်လုံး မိုးကြိုးလွှဲဂါထာကိုလည်း မပြတ်ရွတ်သွားသည်။

ထိုနေ့က နံနက်ကတည်းက မိုးကအုံ့နေသည်။

ဆရာရဲဇော် ဘုရားထဲက ထွက်သည်နှင့် မိုးတဖွဲဖွဲရွာချလာ၏။ သိပ်မကြီးလှသဖြင့် ထီးကိုမဖွင့်တော့ဘဲ ထန်းလက်သေးသေးလေးကို ခေါင်းမှာမိုးပြီး အိမ်ပြန်ခဲ့လေသည်။

သူနေထိုင်ရာ ကွက်သစ်ရောက်တော့ မိုးတွေတဝုန်းဝုန်းတဒိုင်းဒိုင်းချုန်းလာပြီး လျှပ်စစ်လျှပ်ရောင်တို့ကလည်း ကြောက်ခမန်းလိလိ လင်းလက်လာကြသည်။ သို့အတွက် ညက အိပ်မက်ကို သတိရကာ အနီးလမ်းဘေးရှိ အိမ်တစ်အိမ်ထဲ ပြေးဝင်မည်လုပ်ခိုက် လျှပ်စစ်ကြောင်းတစ်ခု သူ့ဆီကိုပြေးဝင်လာတာ မြင်လိုက်ရပြီး သူဘာမှမသိတော့ဘဲ မြေပေါ်လဲကျသွားသည်။ သူ့နားထဲ ဘာသံမှလဲ မကြားလိုက်၊ ဘာတွေဖြစ်မှန်းလဲ မသိလိုက်တော့။

"ကျွန်တော့်အဖြစ်ကတော့ အဲဒါပါပဲဆရာ။ ကျွန်တော် သတိရတော့ ဆေးရုံပေါ်ရောက်နေတယ်။ ဘေးကမျက်မြင်တွေပြောကြတာကတော့ လျှပ်စစ်စီးကြောင်းတစ်ခု ကျွန်တော့်ဆီကို ကျသွားပြီး ဂျိန်းဒလိန်းဆိုတဲ့အသံကြီး ပေါ်လာ၊ နောက မြေပေါ်မှောက်လျက်လဲနေတယ်ဆိုတာပဲ။ ကျွန်တော့်တစ်ကိုယ်လုံးလည်း ပြာနှမ်းနေတာပဲတဲ့။ ဒါနဲ့ ကျွန်တော့်ကို အနီးအနားကလူတွေက ဆေးရုံ ချက်ချင်းပို့ခဲ့ကြတာ။ ဆေးရုံရောက်ပြီး (၃) နာရီလောက်ကြာတော့ ကျွန်တော်သတိပြန်ရတယ်။ (၅) နာရီလောက်မှာ အသားတွေ နဂိုလိုပြန်ဖြစ်လာတယ် ဆရာ။ ပြာနှမ်းနေတာကနေပြီးနဂိုလိုပဲဝင်းလာတယ်။ အဲဒါတွေထက် ထူးဆန်းတာက ကျွန်တော် မိုးရွာလို့ ထိပ်ပေါ်မိုးလာတဲ့ ထန်းလက်လေးကတော့ ထန်းလက်တောက်လျှောက် အပေါက်လေးဖြစ်သွားပြီး အရွက်တွေအကုန် ပြာတွေကျကုန်တာပါပဲ"

စာရေးသူလည်း ဆရာရဲဇော် အဖြစ်ကို စာရေးရလျှင် စာဖတ်သူတွေအတွက် ဗဟုသုတလည်းရ၊ အကျိုးတစ်စုံတစ်ရာလည်း ရနိုင်မည်ဟု တွေးလိုက်မိသည့်အတွက် စာရေးရန် ဆုံးဖြတ်လိုက်ပါသည်။ ဆရာရဲဇော်ကလည်း စာရေးရန်တိုက်တွန်းပါသည်။

ထို့နောက် ယခုကဲ့သို့ မိုးကြိုးပစ်ခံလိုက်ရသည်ကို မသေသည်မှာ သူ့ကိုယ်စား ထန်းလက်ကလေးက ခံစားခံသွားတာဖြစ်ကြောင်းနှင့် သရဏဂုံသုံးပါးကျင့်စဉ် အဓိဋ္ဌာန်ကုသိုလ်နှင့် သူကြောက်ကြောက်လန့်လန့်နှင့် လမ်းတစ်လျှောက်လုံးရွတ်ဆိုလာခဲ့သော မိုးကြိုးလွှဲဂါထာလေးကြောင့် ဖြစ်ကြောင်းလည်း မှတ်မှတ်သားသား ဆက်လက် ပြောပြပါသည်။

**မိုးကြိုးကွင်းဂါထာမန်**

*ဉ် - ဇေယောမုနိဘဒြဠ၊*
*ဉ် - ဇေယျက် ဇယျမေဝ၊*
*ကုမာဏ် တီနိ လေခါနိ အာသနိ*
*ပရိဝဇ္ဇယိ။*

**ဘဒြဠ** - လွန်စွာကောင်းသော **ဇေယောမုနိ** - အောင်ခြင်းရှိတော်မူသော မြတ်စွာဘုရားသည်၊ **ဇေယျက်** - အောင်ခြင်းနှင့်ပြည့်စုံတော်မူပါပေ၏။ **ဇယျမေဝ**- ရှောင်ကွင်းပါစေသတည်း။


*ဘေးရန်ခပ်သိမ်းကင်းငြိမ်းကြပါစေ*

ကောင်းမြတ်



www.burmeseclassic.com

www.burmeseclassic.com



ဓမ္မစကြာဟောကြားတော်မူပုံ




ခြေတော်ရာအား နဂါးညီနောင် ပူဇော်နေဟန်

# ရေနတ်နဂါးတို့စံပျော်ရာ မိုးစည်ကျွန်း ဗုဒ္ဓခြေတော်ရာ

**ရွှေချိုအောင်(ပေလီ)**

စာရေးသူသည် သံတွဲမြို့ ဂျိုက်တော ရှုရှာ လုံးသာကမ်းခြေရှိ အမတသုခ (…အေးတောင်) ပေါ်သို့ ၁-၄-၂၀၁၃ နေ့က ရောက်ရှိခဲ့ပါသည်။ ထိုတောင်ပေါ် …တွင် ပြည်တွင်း၊ ပြည်ပ သာသနာပြု ဆရာတော်ကြီး ဒေါက်တာ အရိယဝံသသည် မတ်လဆန်းပိုင်းကပင် ရောက်ရှိနေ၍ တစ်လတိတိ မှူတင်ဆောင်ပြီး ဝိပဿနာ မေတ္တာဘာဝနာ ကမ္မဋ္ဌာန်းတရား ပွားများအားထုတ်လျက် ရှိနေပါသည်။ စာရေးသူမှာ ပညာရေးဝန်ထမ်းဖြစ်သည့်အလျောက် အ-ထ-က ပေလီ စာစစ်ဌာနတွင် တက္ကသိုလ်ဝင်တန်း စာမေးပွဲကို စစ်ဆေးကြီးကြပ်နေရသဖြင့် ဆရာတော်ထံသို့ ဖူးမြော်ရန် မရောက်ရှိနိုင်ဘဲ ဖြစ်နေသည်။ သို့ရာတွင် ဦးမျိုးအောင်၊ ဒေါ်မာမာခင် (PVR Hotel) မိသားစုမှ ဆရာတော်ကြီး၏ မှူတင်ဆောင် ဝိပဿနာ မေတ္တာဘာဝနာ တရား ပွားများအားထုတ်သည့် တစ်လအဓိဋ္ဌာန်ပြည့်သည့် အထိမ်းအမှတ်အဖြစ် သံဃာတော် (၉) ပါးတို့အား နေ့ဆွမ်းကပ်အလှူပွဲသို့ ဖိတ်ကြားသဖြင့် အမတသုခတောင်ပေါ်သို့ မဖြစ်မနေ သွားရောက်ခဲ့ပါသည်။

အမတသုခတောင်ပေါ်၌ ဆရာ



စက်တော်ရာအား မိုးစည်ကျွန်းတောင်တန်းပေါ်မှ မြင်တွေ့ရပုံ



www.burmeseclassic.com

www.burmeseclassic.com



နဂါးမင်းအား ဘုရားရှင် ဗျာဒိတ်တော်ပေးနေစဉ်



ဗုဒ္ဓပါဒခြေတော်ရာကိန်းဝပ်စံပယ်သည့် ဂန္ဓကုဋိတိုက်



ခြေတော်ရာအား ဖော်ထုတ်တည်ဆောက်သည့် အလိုတော်ပြည့်ဆရာတော်ကြီး



နဂါးရုံရှစ်ပွားတော်မြတ်

တော်ကြီးအား တွေ့ဆုံဖူးမြော်ပြီးနောက် ဓာတ်ပုံမှတ်တမ်းများ ရိုက်ကူးခဲ့ပါသည်။ ဆရာတော်ကြီးအား သူရဇ္ဇမဂ္ဂဇင်းတွင် မိမိရေးသားပူဇော်ထားသည့် ဆောင်းပါးမိတ္တူများကိုလည်း ကပ်လှူ ပူဇော်ခဲ့ပါသည်။ ဆရာတော်ကြီးက သူနားနေချိန်ဖြစ်သည့် ညနေ (၇) နာရီမှ (၈) နာရီအတွင်း လာရောက်တွေ့ဆုံပါရန် မိန့်မှာကြားသဖြင့် ညနေပိုင်းတွင် တောင်ပေါ်သို့ ထပ်မံတက်၍ ဆရာတော်ကို ထပ်မံဖူးမြော်ကာ ဘုရားစက်တော်ရာ (ပါဒခြေတော်ရာ) များအကြောင်း ဆရာဒကာ ဆွေးနွေးဖြစ်ကြပါသည်။ ဆရာတော်ကဦးဆောင်၍ စာရေးသူက သိလိုသမျှကို မေးမြန်းလျှောက်ထားရာ ဆရာတော်ကြီးက ရှင်းလင်းပြတ်သားစွာ မိန့်ကြားတော်မူပါသည်။ စာရေးသူက မိုးစည်ကျွန်းခြေတော်ရာ (စက်တော်ရာ) အား စောင့်ရှောက်နေကြသည့် ရေနတ်နဂါးများအကြောင်း မေးမြန်းလျှောက်ထားရာ ဆရာတော်ကြီးက ဆရာတော်၏ကိုယ်တွေ့ကြုံဖူးသည့် ထူးဆန်းအံ့ဩဖွယ်ကောင်းသည့် နတ်နဂါးများ မြူးထူးပျော်ပါး ကိုယ်ထင်ပြချက်များကို မြင်တွေ့ရကြောင်း၊ မြတ်ဗုဒ္ဓ၏ဟောကြားချက်များတွင် နတ်နဂါးများကို ဆိုဆုံးမကာ နိမ်နင်းအောင်မြင်ကာ သာသနာပြုစေခဲ့သည့် အထောက်အထားများရှိကြောင်းပြောပြပြီး ဆရာတော်ကြီး မှတ်တမ်းတင်ပြုစုကာ အငြိမ်းစား ဒုတိယဗိုလ်မှူးကြီး ဇော်မြင့် ရေးသားပူဇော်သည့် ရခိုင်ပြည်နယ် မိုးစည်ကျွန်း ဗုဒ္ဓခြေတော်ရာ သမိုင်းစာအုပ်ကို လက်ဆောင်ပေးလိုက်ပါသည်။


## နမ္မဒါမြစ်ကမ်းမှဗုဒ္ဓခြေတော်ရာ

ဂေါတမ မြတ်စွာဘုရားရှင်သည် မဇ္ဈိမဒေသတွင် ပွင့်ထွန်း ပေါ်ပေါက်တော်မူပြီးနောက် လောကသုံးပါးတွင် ဘုရားရှင်အဖြစ် ဧကန်စင်စစ် ဆောင်



www.burmeseclassic.com


www.burmeseclassic.com



ပရိနိဗ္ဗာန်စံတော်မူပုံ မဲဘုရား (ယွန်းလက်ရာ)



ဗုဒ္ဓခြေတော်ရာဘုရားပွဲတော်သို့ လာရောက်သည့် ပရိသတ်များ



တံတားတွင် ဆိုက်ကပ်နေသည့် ရေယာဉ်များ

မြင်ရောက်ရှိတော်မူခဲ့လေသည်။ ထိုအချိန်က ဘီစီ ၅ ရာစုတွင် ရခိုင် ဓညဝတီတိုင်းကို ဘုရင် စန္ဒသူရိယမင်းမြတ်စိုးစံနေချိန်ဖြစ်ရာ ရှေးဘဝပန္နက် ရေစက် ပဋ္ဌာန်းဆက်ကြောင့် ရခိုင်ပြည့်ရှင်စန္ဒသူရိယ၏အမိဋ္ဌာန်ပြု ပင့်ဆောင်ဖိတ်ကြားလျှောက်ထားချက်အရ မဟာသက္ကရာဇ် ၁၂၃ ခု၊ ဝါတော် (၂၀) ပြည့်သည့် ကဆုန်လဆန်း (၁၄) ရက်၊ အင်္ဂါနေ့တွင် ကောင်းကင်ခရီးဖြင့် ကြွရောက်တော်မူခဲ့ကာ ကျောက်တော်ဒေသရှိ သေလာပဗ္ဗတ ကျောက်တောင်ကြီးပေါ်တွင် ရပ်တန့်နားနေကာ သီတင်းသုံးတော်မူပြီးနောက် ဗျာဒိတ်စကား မိန့်ကြားခဲ့လေသည်။

ဗုဒ္ဓ၏ရောင်ခြည်တော် အလင်းကြောင့် ရခိုင်ပြည့်ရှင် စန္ဒသူရိယ ဘုရင်မင်းမြတ်နှင့်တကွ ဓညဝတီ ပြည်သူအပေါင်းတို့သည် သိရှိသွားကြကာ ရှင်ဘုရင်နှင့်တကွ မှူးမတ်ဗိုလ်ပါ ပြည်သူအပေါင်းတို့သည် ဖူးမြော်ရောက်ရှိလာကြကာ မြတ်ဗုဒ္ဓကို ဓညဝတီမြို့တော်သို့ ပင့်ဆောင်ကြလေသည်။ ဗုဒ္ဓမြတ်စွာသည် ဓညဝတီပြည်သူများ၏အပူဇော်ကို ခံယူတော်မူပြီးနောက် စန္ဒသူရိယ ဘုရင်မင်းမြတ်၏ တောင်းပန်လျှောက်ထားမှုကြောင့် မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီးအား ဗုဒ္ဓဘုရားရှင်၏ကိုယ်စားကိုယ်ပွားအဖြစ် ရတနာအပေါင်းဖြင့် သွန်းလောင်း တည်တော်မူခဲ့ရာ မဟာသက္ကရာဇ် ၁၂၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၅) ရက်၊ ဗုဒ္ဓဟူးနေ့ ညနေချမ်းအချိန်တွင် လျှဒါန်းသွန်းလောင်းပြီးမြောက်တော်မူခဲ့လေသည်။ ဗုဒ္ဓမြတ်စွာသည် ကိုယ်တော်တိုင် ရင်ငွေ့တော် (၇) ဆုပ် ပေးသွင်း၍ သက်ရှိထင်ရှား ဗုဒ္ဓမြတ်စွာဘုရားကဲ့သို့ ကိုယ်စား ကိုယ်ပွားတော် ပေးသနား ချီးမြှင့်တော်မူခဲ့လေသည်။

ထို့နောက် ဓညဝတီပြည်မှ မဇ္ဈိမဒေသ တိုင်းဌာနသို့ ပြန်အကြွတွင် ရခိုင်ပြည်နယ်မြောက်ဖျား ရသေ့တောင်ဒေသမှ ဖြတ်သန်း ကြွချီတော်မူခဲ့ရာ စိမ်းညို့စွာ ရစ်ခွေစီးဆင်းနေသည့် နမ္မဒါမြစ်ကိုဖြတ်ကျော်နေချိန်တွင် ပင်လယ်မြစ်ဝတွင်ပျော်ပါး ရေကစားနေကြသည့် နတ်နဂါးအပေါင်းတို့၏အရှင်သခင် နမ္မဒါ ရေနတ်နဂါးမင်းက တောင်းပန်လျှောက်ထား ပင့်ဆောင်သွားသဖြင့် သနားကရုဏာသက်စွာဖြင့် နမ္မဒါမြစ်ကမ်းရှိ ကျောက်ဖျာကြီးပေါ်ဝယ် နောင်လာ



www.burmeseclassic.com

www.burmeseclassic.com


နောက်သားတို့ ပူဇော်သက္ကာရပြုကာ သာသနာစည်ပင်ရေးကို မျှော်တွေးလျက် ဗုဒ္ဓမြတ်စွာ၏လက်ဝဲခြေတော်ရာကို နင်းချ ခတ်နှိပ် ပေးသနားတော်မူခဲ့လေသည်။

ရခိုင်မင်း အဆက်ဆက် ပေါ်ပေါက်ခဲ့ပါသော်လည်း ရေနတ်နဂါးတို့က သူတို့၏တန်ခိုးဖြင့် ပင်လယ်သမုဒ္ဒရာ ရေကာဆီးကာ ကွယ်ဖျောက် စောင့်ရှောက်ထားခဲ့ကြသဖြင့် ရခိုင်ပြည် ဓညဝတီပြည်သူအပေါင်းတို့မှာ ပူဇော်ကိုးကွယ်ခွင့်မရရှိခဲ့ကြချေ။ နှောင်နှစ်ပေါင်းထောင်ကျော် ကာလ ကြာမြင့်ခဲ့မှသာ ပင်လယ်ရေများ နိမ့်ဆင်း တိမ်ကောလာသဖြင့် စစ်တွေကျွန်းကြီးနှင့်တကွ ပေါ်ပေါက်လာမှသာ ဝေသာလီကျောက်လှေကားခေတ် သဘော်ဆိပ်ကြီး ပေါ်ပေါက်လာခဲ့လေသည်။

**သူတော်စင်ဖွေရှာ ဗုဒ္ဓခြေတော်ရာ**

ကောဇာနှစ် ၁၂၄၂ ခုနှစ်တွင် ခြေတော်ရာတည်ရှိရာကျွန်း တောင်ထိပ်ပေါ်တွင် တရားအားထုတ်နေသည့် လူသူတော်ကြီး ဦးရန်အောင်သည် တရားအားထုတ်နေစဉ် ဓာစ်နေ့၌ ဗုဒ္ဓခြေတော်ရာကို အိပ်မက်ထဲတွင် ထူးဆန်းစွာ ဖူးမြင်ခဲ့ရသည်။ ထို့ကြောင့် နတ်ဒေဝတာတို့က အသိပေးခြင်းဖြစ်မည်ဟု ယူဆ၍ စစ်တွေမြို့မှ သူကြွယ်ကြီး ဦးအောင်ဖြူ သာစည်ထောင့်ရွာမှ ဦးလှထွန်းတို့နှင့်အတူ ရွာသားများကိုခေါ်ယူကာ နမ္မဒါမြစ်ကမ်းတစ်လျှောက်အခေါက်ခေါက်အခါခါ ရှာဖွေခဲ့ကြသည်။ ထိုသို့ အကြိမ်ကြိမ် ရှာဖွေခဲ့ကြရာမှ ၁၂၄၂ ခုနှစ်၊ တပေါင်းလဆန်းပက္ခဖျားကြီး (ဒီရေကြီး) ရက်၊ ရေပြည့်နေချိန်တွင် နမ္မဒါမြစ်ကမ်းနဖူးတွင်ရှိကျောက်ဆောင်တန်းကြီးပေါ်တွင် မြတ်ဗုဒ္ဓ၏ခြေတော်ရာကို ချုံနွယ်ပိတ်ပေါင်းတို့ ဖုံးလွှမ်း အုပ်မိုးနေသည့်အကြားမှ ဘွားခနဲ တွေ့မြင် ဖူးမျှော်ကြရလေတော့သည်။ စတင်တွေ့ရှိကြသည့်ကာလမှစ၍ ယနေ့တိုင် မိုးစည်ကျွန်းပေါ်မှ ရွာအပေါင်းနှင့်တကွ ရသေ့တောင်မြို့နယ်မှစ၍ ပုဏ္ဏားကျွန်းမြို့နယ်၊ စစ်တွေမြို့နယ် စသည့် ရခိုင်ဒေသတစ်ခွင်ရှိ ရဟန်းရှင်လူ ရခိုင်သားတို့က ရှေးရိုးစဉ်လာမပျက် ဗုဒ္ဓခြေတော်ရာကို ပူဇော်မြဲပူဇော်လျက်ရှိကြသည်မှာ ယနေ့တိုင်ထိ ဖြစ်ပါသည်။

အလိုတော်ပြည့် ဆရာတော်ကြီး



ရတနာနဂါးရုံဘုရား



ဆရာတော်အား စိန်ဖူးလှူဒါန်းနေစဉ်



ထီးတော်တင်လှူရန် ပြင်ဆင်နေကြစဉ်



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်နှင့် CB ဘဏ်ဥက္ကဋ္ဌ ဦးသိန်းထွေး



ခြေတော်ရာဘုရားပွဲသို့ ရောက်ရှိသည့် အနုပညာရှင်များ

ဒေါက်တာအရိယဝံသ၏ မိန့်ဆိုချက်အရ သူသည် မြန်မာပြည်သာမက ခြေတော်ရာတည်ရှိရာ ကမ္ဘာအရပ်ရပ်သို့ လှည့်လည်ရှာဖွေ သွားရောက်ဖူးမြော်ခဲ့ရာတွင် စက်လက္ခဏာတော် အထင်အရှားပါရှိသည့် ဗုဒ္ဓခြေတော်ရာမှာ နှစ်ဆူမျှသာ တွေ့ရှိရသည်ဟု ဆိုပါသည်။ ယင်းနှစ်ခုမှာ သီရိလင်္ကာနိုင်ငံ (သီဟိုဠ်)ရှိ ကျောက်တောင်ကြီးပေါ်မှ ဗုဒ္ဓခြေတော်ရာနှင့် ရခိုင်ပြည်နယ်ရှိ ရသေ့တောင်မြို့နယ် မိုးစည်ကျွန်းခြေတော်ရာတို့ဖြစ်ကြောင်း စာရေးသူအား ပြောပြခဲ့ပါသည်။ မိုးစည်ကျွန်းခြေတော်ရာအား ကောင်းမြတ်သော စိတ်နှလုံးဖြင့် ပူဇော်ရှိခိုးကာ သီလခံယူဆောက်တည်ပြီး အဓိဋ္ဌာန်ပြုကာ စာကူးဖယောင်းစက္ကူဖြင့် ခြေတော်ရာဝန်းအတွင်း စိတ်မှတ်ဖြင့် ဖိကပ်ရေးခြစ် ကူးယူပြီးနောက် ဖယောင်းစက္ကူကို ပြန်ခွာ၍ လှေလာကြည့်ရှု ဆန်းစစ်သည့်အခါ ပူဇော်သူ ကာယကံရှင်၏မာတ်ခံပါရမီ ကံတူညီသည့် စက်လက္ခဏာတော်များ ထင်ထင်ရှားရှား ဖြစ်ပေါ်နေသည်ကို မျက်မြင်ကိုယ်တွေ့ ဖူးမြော်ပူဇော်ရကြောင်း မိန့်ကြားခဲ့ပါသည်။

**မိုးစည်ကျွန်းမြတ် ခြေတော်ရာအောတ်**


မိုးစည်ကျွန်း ဟူသည် ရခိုင်ပြည်နယ် စစ်တွေဒေသ ရသေ့တောင်မြို့နယ် မိုးစည်ကျွန်းကြီးပင် ဖြစ်ပါသည်။ မစဲကျွန်းဟု လည်းကောင်း၊ မုံစဲကျွန်းဟု လည်းကောင်း ဒေသခံများက ခေါ်ဆိုကြပါသည်။ မြတ်ဗုဒ္ဓ၏ခြေတော်ရာမှာ မိုးစည်ကျွန်းကြီးပေါ်ရှိ သာစည်ထောင့်ရွာနှင့် ဖျူချောင်းရွာတို့အကြား နမ္မဒါမြစ်ကမ်းနဖူးပေါ်ရှိ ကျောက်ဆောင်ကြီးပေါ်တွင် ရှိနေပါသည်။ ပထဝီအနေအထားအရ အဆိုပါ ကျောက်ဆောင်ကျောက်တန်းကြီးသည် စစ်တွေ ဗုဒ္ဓေါမော်ပွိုင့်ထိပ်နေရာထိ ကြီးမားကျယ်ပြန့်ရှည်လျားလှပေသည်။ အနောက်ဘက် ဘင်္ဂလားပင်လယ်ကမ်းစပ်အတိုင်း မေယုတောင်တန်းကြီးက လည်းကောင်း၊ အရှေ့ဘက်ရှိ ပုဏ္ဏားကျွန်းမြို့နယ် ဘဲငါးရာတောင်တန်းကြီးက လည်းကောင်း တူညီမျှတစွာ ကွာဝေးစွာ ပိုင်းခြားဆီးကွယ် ကာရံထားလေသည်။ ထူးခြားသည်က မိုးစည်ကျွန်းကြီးမှာ အင်တာနက်မြင်ကွင်းအရ ဗုဒ္ဓ၏ပါဒခြေတော်ရာကြီးအတိုင်း တည်ရှိနေခြင်း ဖြစ်ပါသည်။ ဗုဒ္ဓ၏ခြေတော်ရာတည်ရှိရာမှာ မြောက်လတ္တီကျု (၂၀) ဒီဂရီ (၂၂) မိနစ် (၃၉) စက္ကန့်နှင့် အရှေ့လောင်ဂျီကျု (၉၂) ဒီဂရီ (၄၉) မိနစ် (၅၁) စက္ကန့်အတွင်း တည်ရှိနေပါသည်။ အင်္ဂလိပ်စစ်သုံးမြေပုံညွှန်းအရမှာမူ ခန့်မှန်းချက် (PR/၈၂၉၈၃၇) တွင် လည်းကောင်း၊ ယူတီအမ်စနစ် မြေပုံညွှန်းအရ ခန့်မှန်း (DT/၈၂၆၅၃၅) တွင် လည်းကောင်း၊ အင်တာနက်တွင်(46Q)၌လည်းကောင်း ရှာဖွေရှုမြင်နိုင်ပါသည်။

ဤကျွန်းကြီးသည် ရှေးရခိုင်ဘိုးဘွားဘီဘင်တို့ လက်ထက်အခါက အောင်သာမြို့ ဟူ၍ အထင်အရှား ရှိခဲ့ဖူးလေသည်။ မြန်မာနှစ် ၈၉၄ ခုနှစ်၊ ဘုရင်မင်းဗာသည် ဘင်္ဂလားသို့ စစ်အင်အား အလုံးအရင်း၊ ကြည်းကြောင်း၊ ရေကြောင်း အလုံးအရင်းဖြင့် စစ်ကြောင်းသုံးကြောင်းချီတက်ခဲ့ရာ ဘုရင်မင်းမြတ်ကိုယ်တော်တိုင် ဦးစီးသည့် စစ်ကြောင်းကြီးသည် ဤကျွန်းမှ စခန်းထောက်လျက် ၈၉၅ ခုနှစ်၊ စစ်အောင်နိုင်၍ အပြန်ခရီးတွင် တပ်စခန်းချခဲ့ရာ စစ်ရေးအရ အချက်အချာကျသည့် ကျွန်းစခန်းကြီး ဖြစ်ခဲ့ဖူးလေသည်။ မိုးစည်ကျွန်းတောင်တန်းပေါ်မှ ဦးကင်းတော်မာတ်စေတီတည်ရှိရာ တောင်ထွတ်ကို 'ဦးကင်းတောင်' ဟု ခေါ်တွင်ကြလေသည်။ ပေပေါင်း (၆၁၃) ပေကျော် မြင့်မားလှပေသည်။ ဗုဒ္ဓမြတ်စွာက ဗျာဒိတ်တော်ပေးသနားသည်မှာ 'စာရုပဗ္ဗတ' ဘွဲ့မည်ရှိလေသည်။ ဗုဒ္ဓမြတ်စွာသည် ရှေးအတိတ်နှစဉ်ဘဝက ဤတောင်ဒေသတွင် ဆဒ္ဒန်ဆင်မင်းအမျိုးအနွယ် တစ်ဇာတ်တစ်ဘဝ ဖြစ်ခဲ့စဉ် နေထိုင်ကျက်စားဖူး





www.burmeseclassic.com

www.burmeseclassic.com



မိုးစည်ကျွန်းစက်တော်ရာ


မိုးစည်ကျွန်းစက်တော်ရာရှုခင်း


ဆိပ်ခံတံတားနှင့် မုခ်ဦးအား တွေမြင်ရပုံ

ခဲ့ကြောင်း မိန့်မြွက်တော်မူခဲ့လေသည်။ 'နောင်ကာလတွင် ငါ၏ဦးကင်းတော်မာတ်ကို စေတီတည်လတ်မည်' ဟုလည်း ဗျာဒိတ်တော်ထင်ရှား ပေးသနားတော်မူခဲ့လေသည်။ ထို့ကြောင့် ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်တွင် 'ဦးရာဇ်တော်မာတ်စေတီတော်ကြီး' မှာ ယနေ့တိုင် ရွှေရောင်တဝင်းဝင်းဖြင့် ဖူးမဝနိုင်ဘဲ အထင်အရှား တည်ထားတည်ရှိတော်မူခဲ့ခြင်း ဖြစ်သည်။

**ဘိုးတော်ဘုရားနှင့် မင်းတုန်းမင်း ခြေတော်ရာရှာဖွေခြင်း**

မြန်မာနှစ် ၁၂၁၄ ခုနှစ်တွင် ညီတော် ကနောင်မင်းသားနှင့်အတူ ထီးနန်းကို လုပ်ကြံအောင်မြင်ခဲ့သည့် မင်းတုန်းမင်းသည် မြန်မာနှစ် ၁၂၁၈ ခုနှစ်တွင် မန္တလေးနန်းမြို့သစ်ကို အသစ်တည်ပြောင်းရွှေ့ စံတော်မူခဲ့သည်။ မင်းတုန်းမင်းကြီးသည် သာသနာပြုမင်းဖြစ်သည်နှင့်အညီ ရွှေတိဂုံစေတီတော်မြတ်ကြီးကို ရွှေထီးတော်အသစ် တင်လှူခဲ့သည်။ ပိဋကတ်သုံးပုံကို သင်္ဂါယနာတင်နိုင်ခဲ့ပြီး ကျောက်ထက်အက္ခရာ တင်တော်မူနိုင်ခဲ့သည်။ ၎င်းခေတ်တွင် ပိဋကတ်တော်နှင့် စာပေအထောက်အထားများကို တိုက်ဆိုင်ညှိနှိုင်းပြီး ဘုရားရှင်၏ ခြေတော်ရာကို ရှာဖွေခဲ့လေသည်။

၁၁၄၃ ခုနှစ်တွင် ထီးနန်းစိုးစံတော်မူသည့် ဘိုးတော်ဘုရားသည် ၁၁၄၅ တွင် အင်းဝနေပြည်တော်မှအမရပူရမြို့တော်သို့ ပြောင်းရွှေ့စိုးစံတော်မူခဲ့သည်။ ပြည်တွင်း၊ ပြည်ပသို့ ပိဋကတ်တော်များ ပြန့်ပွားအောင် ကြံဆောင်နိုင်ခဲ့သည်။ မဇ္ဈိမတိုင်းဒေသကြီးအသီးသီးသို့လည်း လောကီ၊ လောကုတ္တရာစာပေကျမ်းဂန်များကို သွားရောက်ရှာဖွေလေ့လာရန် စေလွှတ်ခဲ့သည်။ ၁၁၄၄ တွင် အနောက်ပြည်၌ မဟာသမ္မတမင်း နန်းတက်ချိန်တွင် ငကျည်တော်တွင် ဓားမနိုင်တစ်မင်း၊ ရိုးကျွန်းတွင် ကုလားရွှေစာတစ်မင်း၊ ပိန္နဲချောင်းတွင် ကောင်းညွန့်ရန်တိုင်တစ်မင်း၊ ကျပ်စင်ကျွန်းတွင် ငသံထွေတစ်မင်း၊ တန်းလွဲတွင် ကျော်ထွေးတစ်မင်း၊ မာန်အောင်တွင် သတိုးဖြူတစ်မင်း ပုန်ကန်နေကြလေသည်။

ဒါးပိုင်ကြီး ငသံထွေနှင့် လေးတောင်စား ထွန်းစံတို့က စစ်ပင့်ချေသဖြင့် ၁၁၄၆ ခုနှစ်တွင် ဘိုးတော်ဘုရားသည် ကြည်း၊ ရေ စစ်ကြောင်းလေးသွယ်ဖြင့် ရခိုင်သို့ချီတက်တော်မူခဲ့သည်။ နှိုင်



www.burmeseclassic.com

www.burmeseclassic.com

[illegible]သူပြည်သားတို့က ဘိုးတော်ဘုရား[illegible] ရခိုင်ဘုရင် ဥက္ကါဗလသီရိသုဓမ္မရာ[illegible]မြေတော်ဖြစ်သည်ဟု ယုံကြည်[illegible] အားကိုးသည်က တစ်ကြောင်း၊ [illegible]ခဲ့မှုနည်း၍ နန်းတွင်း သစ္စာခံ[illegible]သာခုခံကြသဖြင့် ဘိုးတော်ဘုရားသည် ရခိုင်ပြည်ကို လုပ်ကြံအောင်မြင်ခဲ့လေသည်။ ဘိုးတော်ဘုရားသည် [illegible]ကျောက်တော် မဟာမုနိဘုရားသို့ အဖူး[illegible] ထွက်တော်မူခဲ့ရာမှ ဖူးမြော်ပြီး[illegible]တွင် အိမ်ရှေ့ဥပရာဇာ မောင်ပါ[illegible] ဗိုလ်မင်း သီရိကျော်ထင်အား ပင့်ဆောင်ရန် အမိန့်ချမှတ်တော်မူလေသည်။

ထိုအခါ ရခိုင်ပညာရှိတို့က အ[illegible]ပညာမျိုးစုံနှင့် သာသနာဆိုင်ရာ[illegible]တို့ကို လျှို့ဝှက်စွာ ထားရှိကြလေသည်။ စန္ဒမုနိ အစရှိသော ဘုရားများ[illegible] သတ္တုကိုကျောက်သားမံသည့်အ[illegible]ပညာကို လျှို့ဝှက်ထားခဲ့ကြသည်။ [illegible]ပကတိ တည်ရှိနေသော မြတ်ဗုဒ္ဓ၏ ခြေတော်ရာကိုပင် လျှို့ဝှက် ကွယ်ဝှက်ထားကြလေတော့သည်။ စစ်တွေ[illegible]ကျောက်တန်းကြီးပေါ်ရှိ ချိုင့်ခွက်ငယ်တစ်ခုကိုပြုပြင်ကာ 'မုဆိုးခြေရာ' ဟု [illegible]မှတ်လျက် နတ်ကွန်းနတ်စင်ဆောက်[illegible]ကာ လှည့်စားသမှု ပြုကြလေတော့သည်။ ဘိုးတော်ဘုရား၏မင်းမှုထမ်းအ[illegible]စစ်သည်တို့ လာရောက်မေးမြန်းကြသည့်အခါ ရပ်သူရွာသားတို့က 'ဘုရားခြေရာဟုမကြားစဖူး၊ မုဆိုးခြေရာဟုသာကြားဖူးသည်' ဟု လှည့်ဖြားပြောဆိုကြလေသည်။ ထို့ကြောင့် ဘိုးတော်မင်းတရားကြီးနှင့် မင်းတုန်းမင်းတရားတို့သည် အထက်အကြောင်းအရာတို့နှင့် ပတ်သက်၍ မြတ်ဗုဒ္ဓ၏ခြေတော်ရာကို ရှာဖွေစုံစမ်း မေးမြန်း၍မရနိုင်ဘဲရှိခဲ့ကြခြင်း ဖြစ်လေသည်။

ထိုနည်းအတူပင် အနော်ရထာမင်းကြီးနှင့် အလောင်းစည်သူမင်းကြီးတို့သည်လည်း ရခိုင်ပြည်နယ်သို့ ခြေတော်ရာ ရှာဖွေရန် ရောက်ရှိခဲ့ကြလေသည်။ အနော်ရထာမင်းကြီးသည် စစ်သူရဲ တစ်သိန်းကျော်နှင့် ချီတက်တော်မူကာ ရခိုင်ပြည်နယ် မဟာမုနိရုပ်ရှင်တော်မြတ်ကိုပင့်ဆောင်မည်ဟု ကြံစည်ခဲ့ဖူးလေသည်။ ရခိုင်မှပုဂံပြည်သို့ မဟာမုနိဘုရားကိုပင့်ဆောင်နိုင်ရန် 'ဗူးရွက်မညိုးလမ်း'ကို ဖောက်လုပ်ခဲ့လေသည်။ မပင့်ဆောင်နိုင်သည့်အခါမှသာ သိမ်၊ တန်ဆောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့သည်။ အလောင်းစည်သူမင်းကြီးသည် ကရဝိက်ရွှေဖောင်တော်နှင့် လှည့်လည်ရောက်ရှိခဲ့ရာ မယုမြစ်ဝအရောက်တွင် နတ်နဂါးတို့က လှိုင်းတံပိုးထကြွစေခဲ့၏။ ဘုရင်ကြီးအိပ်မောကျနေခိုက် မိဖုရားက ကြောက်ရွံ့စွာနှိုးမိလေသော် ယောင်ယမ်း၍ လက်သုံးတော်သန်လျက်ဖြင့် ထိုးခုတ်မိလေရာ မိဖုရားကြီးသည် ရေတွင်ကျ၍ သန္ဓေသားနှင့်တကွ ကွယ်လွန်ခဲ့လေသည်။ မင်းကြီးသည် မိုးစည်ကျွန်းတွင် ပဒ္ဒင်းမော်၌ သားရဲပဒ္ဒင်းကို လည်းကောင်း၊ စစ်တွေကျွန်းတွင် သားရဲအောင်နိုင်ကို လည်းကောင်း အပိုင်စား ပေးထားရစ်ခဲ့လေသည်။

## သင်္ဂဇာဆရာတော်ဖွေရှာ ခြေတော်ရာ

၁၂၄၀ ပြည့်နှစ်တွင် သင်္ဂဇာဆရာတော်ကြီးသည် ရခိုင်ပြည်နယ်သို့ ကြွရောက်တော်မူ၍ ခြေတော်ရာကို ရှာဖွေခဲ့ပါသည်။ ဆရာတော်ကြီးက စစ်တွေဒေသခံတို့အား 'နရမ်းမဒါး အမည်နှင့် မြစ်တစ်ခုရှိပါသလား' ဟုမေးလေသည်။ တပည့်ဒကာများက 'နရမ်းမဒါးမြစ်တော့ မရှိပါဘုရား၊ ရမ်းဒါးမြစ် ဟူ၍ ရှိပါသည်ဘုရား' ဟု လျှောက်ထားကြလေသည်။ ထိုအခါ ဆရာတော်ကြီးက ပါဠိလို နမ္မဒါမြစ် ခေါ်ကြောင်း၊ သက္ကတအသံထွက်, ဟိန္ဒီအသံထွက်ဖြင့် နရမ္မဒါးဟု အသံထွက်ကြောင်း၊ ရခိုင်သံဖြင့် ရမ်းဒါးဟုခေါ်သည်မှာ သဘာဝကျကြောင်း၊ အဋ္ဌကထာ၌ နမ္မဒါဟု အသံထွက်သော မြစ်တစ်ခုပါရှိကြောင်း၊ ၎င်းမြစ်ကမ်းနဖူးတွင် ဘုရားရှင်ခြေတော်ရာ တည်ရှိကြောင်း မိန့်ကြားခဲ့လေသည်။ ထိုအခါ စစ်တွေမြို့ ရွာပဂေါင်းရပ်နေ သူကြွယ်ကြီး ဦးအောင်ဖြူ အစရှိသော စစ်တွေမြို့ခံ ဒကာ၊ ဒကာမများက 'ဘုရားခြေရာဟု မကြားဘူးပါဘုရား၊ မုဆိုးခြေရာဟုသာ ကြားဖူးပါသည် ဘုရား' ဟု လှည့်ပတ် လျှောက်ထားကြလေသည်။ ထိုအခါ သင်္ဂဇာဆရာတော်ကြီးက 'ဒကာကြီးတို့ကြားဖူးသည်မှာ မှန်မှာပဲ၊ စစ်ရေးစစ်ရာ မင်းရေးမင်းရာတွေကြောင့် ကျားစင်စစ် ဖြစ်မှန်လျက်ကြောင် ဟူ၍ ဘာကြောင့်ဖြစ်သွားရတာလဲ' ဟု ပြုံးပြုံးကြီး မိန့်ကြားတော်မူခဲ့လေသည်။ ဆရာတော်ကြီးက စစ်တွေတွင် တရားဟောပြီးသည့်အခါ သာစည်ထောင့်ရွာသို့ ကြွချီကာ စူးစမ်းရှာဖွေခဲ့လေသည်။ သင်္ဂဇာဆရာတော်ကြီးသည် သုံးရက်မျှ စေ့ငုစွာ လှေ့လာရှာဖွေခဲ့ပါသေးသည်။ ဆရာတော်ကြီးက ပါဒခြေတော်ရာကို နမ္မဒါမြစ်ကမ်း၌ အမှန်တကယ် တွေ့ခဲ့ရလျှင် ဗုဒ္ဓခြေတော်ရာစင်စစ်ကိုတွေ့ရပြီဟု မှတ်ယူယုံကြည်ပြီးဖြစ်ကြောင်း မိန့်မှာခဲ့ပါသည်။ ဆရာတော်ကြီးကား ခြေတော်ရာအစစ်ကို ဖူးတွေ့ခွင့်မကြုံခဲ့ရချေ။ ဆရာတော်ကြီးက ထပ်မံ၍ 'ကံကောင်းလျှင် သင်တို့ တွေ့ရလတ္တံ့၊ ငါတို့သော ကံမကောင်း၍ မတွေ့ရပေ' ဟု မိန့်ကြားခဲ့လေသည်။

## မြတ်ဗုဒ္ဓ၏ခြေတော်ရာပမာဏ

မြတ်ဗုဒ္ဓ၏ခြေတော်ရာများသည် တစ်ဆူနှင့်တစ်ဆူ အလျား၊ အနံ၊ အဝန်းအားဖြင့် မတူညီလှပေ။ မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ရာဇဂြိုဟ်ပြည်သားပုဏ္ဏားအား အံရပ်တော်အတိုင်းအရှည်ပမာဏနှင့် ပတ်သက်၍ 'ပုဏ္ဏား၊ သင်သည် အကယ်၍ စကြဝဠာတိုက်အပြည့်ရှိသော ဝါးတို့ကိုဆက်၍ လာစေကာမူ ငါဘုရား၏အတိုင်းအဆ ပမာဏကို ယူနိုင်စွမ်းမည်မဟုတ်' ဟု မိန့်ကြားတော်မူခဲ့လေသည်။ သီဟိုဠ်နိုင်ငံရှိ ပါဒခြေတော်ရာနှင့် မိုးစည်ကျွန်းခြေတော်ရာမှာ အရွယ်ပမာဏ အဝန်းအစောက်မှစ၍ အလွန်ပင် တူညီနိုင်ကြောင်း အမိန့်ရှိပါသည်။ မိုးစည်ကျွန်းခြေတော်ရာသည် ဖိနှိပ်အားကြောင့် ရွံ့မြေပမာကျောက်သားမှအနစ်၍ လျှံတက်သကဲ့သို့ ပုံသဏ္ဌာန် တည်ရှိလေသည်။ ခြေတော်ရာ၏ဘေးဘက်၌ ပကတိကျောက်သားပြင်မှာ လျှံထွက် မို့မောက်လျက် တွေ့မြင်ဖူးမြော်ရလေသည်။ မိုးစည်ကျွန်းရှိ ဗုဒ္ဓခြေတော်ရာသည် မဇ္ဈိမဒေသရှိရာ မြောက်ဘက်အရပ်သို့ ခြေတော်ဦးလှည့်လျက်ရှိပြီး အလျားအားဖြင့် (၃၂) လက်မ၊ ဖြက်အားဖြင့် (၁၅) လက်မ၊ စောက်အားဖြင့် (၃. ၂၅) လက်မတော် ရှိလေသည်။ အလိုတော်ပြည့်ဆရာတော်ကြီးက စာရေးသူအား ပြန်လည်မိန့်ကြားရာတွင် ယိုးဒယားနိုင်ငံ ဇင်းမယ်ဒေသသို့ လည်းကောင်း၊ လာအိုနိုင်ငံ မဲ့ဆာဒေသသို့ လည်းကောင်း၊ သီရိလင်္ကာ (သီဟိုဠ်) နိုင်ငံ သုမနတောင်ထိပ်ရှိ ခြေတော်များသို့ လည်းကောင်း သွားရောက် သုံးသပ်လေ့လာခဲ့ရာ သီဟိုဠ် သုမနတောင်ထိပ်ရှိ ခြေတော်ရာမှာ ပိဋကတ်တော်လာအရ ထင်ရှား အပေါ်လွင်ဆုံး, အထောက်အထား အပြည့်စုံဆုံး ပါဒစက်တော်ရာကြီး ဖြစ်ကြောင်း၊ ယခု မိုး



www.burmeseclassic.com

www.burmeseclassic.com

စည်ကျွန်း ပါဒခြေတော်ရာမှာလည်း သီဟိုဠ်သုမန ကျောက်တောင်ကြီးထိပ်ရှိ ပါဒခြေတော်ရာနှင့် တစ်ထပ်တည်းကျကြောင်း မိန့်မှာခဲ့ပါသည်။

**ဒေါက်တာအရိယဝံသ ထုတ်ဖော် ပါဒခြေရာတော်**

မိုးစည်ကျွန်း ပါဒခြေတော်ရာကို အကြောင်းအမျိုးမျိုးကြောင့် ထိမ်ချန်လျှို့ဝှက်ထားခဲ့ကြသော်လည်း ၁၂၄၂ ခုနှစ်တွင် သူကြွယ်ကြီး ဦးအောင်ဖြူက သွပ်မိုး အုတ်တိုက်ငယ်တစ်ခု ဆောက်လုပ်၍ ပြန်လည်ဖော်ထုတ်ခဲ့လေသည်။ ၁၂၉၅ ခုနှစ်၊ ဒုတိယကမ္ဘာစစ် မတိုင်မီက ဆရာတော် ဦးအာလောကမှ ဦးဆောင်၍ သာစည်ထောင့် ခုနစ်ရွာ အပါအဝင် ကိုယ်စားပြုသူများက သွပ်မိုးပျဉ်ကာ သိမ်၊ တန်ဆောင်းတစ်ခု လှူဒါန်းခဲ့သည်။ ၁၂၉၈ ခုနှစ်တွင် စစ်တွေမြို့ ပွဲစားကြီး ဦးတက်တိုးက ခြေတော်ရာကို သံကွန်ချာဖြင့် ကာရံလှူဒါန်းခဲ့ပါသည်။ ကပ်ချောင်းမှ ဦးမောင်မြဦးကလည်း သစ်သားဖောင်ဆိပ်ခံတံတားတစ်ခု ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။ ဒုတိယကမ္ဘာစစ်ကာလနှင့် လွတ်လပ်ရေးရပြီး ရောင်စုံသောင်းကျန်းသူများ လက်ထက်တွင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်မှုများရှိပါသော်လည်း ပွင့်လင်းမှုမရှိခဲ့ကြချေ။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေတ်တွင်, ရန်ကုန်-စစ်တွေလမ်း ဖွင့်လှစ်ပြီးနောက် အလိုတော်ပြည့်ဆရာတော်ကြီး ဒေါက်တာ အရိယဝံသက ပထမဦးဆုံး သွားရောက်လေ့လာသုံးသပ်ကာ ဆန်းစစ်ဖူးမြော်မှု ပြုလုပ်ခဲ့ပြီးနောက် ဗိုလ်ချုပ်မောင်ဦး အမှူးပြုသည့် အာဏာပိုင်တို့အား လမ်းညွှန်ဖော်ထုတ်မှုကို စတင်စေခဲ့ပါသည်။ ပါဒခြေတော်ရာကြီးနှင့် လျောက်ပတ်တင့်တယ် ကြည်ညိုဖွယ်ဖြစ်သည့် ဂန္ဓကုဋိပြာသာဒ်တော်ကြီးကို ဆရာတော်ကြီးက ဦးဆောင်ညွှန်ကြားလျှက် တည်ဆောက်လှူဒါန်းခဲ့ပါသည်။ ထိုမြစ်ရေကြောင်းမှ လှေ၊ သင်္ဘောများ အလွယ်တကူ ဆိုက်ကပ် ဖူးမြော်နိုင်ရန် ကွန်ကရစ် ဆိပ်ခံတံတားကို လည်းကောင်း၊ စေတီတော်များ၊ သံဝေဇနီယ လေး၌ာနရုပ်ပွားတော်များ၊ နဂါးရုံ ဘုရားဆင်းတုတော်များ၊ ဓမ္မာရုံ၊ ဇေါပကရုံ၊ မီးစက်၊ သာသနိကကျောင်းဆောင် အဆောက်အအုံများဖြင့် သာ



ဦးသိန်းထွေးမှ ရတနာမိုး ရှာသွန်းနေစဉ်



စင်ကာပူနိုင်ငံမှ အလှူရှင်မိသားစု

ယာစည်ပင်ဝေဆာအောင် ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။ အလှူရှင်များ၏ အလှူငွေ ကျပ်သိန်းနှစ်ထောင်ကျော်ဖြင့် လှူဒါန်း ဆောက်လုပ်နိုင်ခဲ့ပါသည်။

**ရေနတ်နဂါး ကိုယ်တိုင်ကြုံတွေ့ရသူများ**

လွန်ခဲ့သော နှစ် (၃၀) ကျော်ကဖြစ်သည့် ၁၃၃၇ ခုနှစ်၊ ပြာသိုလဆုတ် (၅) ရက်ခန့်တွင် ဖြူချောင်းရွာသား ဦးအောင်ကျော်ဝေနှင့် သား ဦးကျော်မောင်တို့သားအဖသည် သမ္ဗန်တစ်စီးဖြင့် ကြိတ်ဆုံသွားဝယ်ကြရာ ခြေတော်ရာသိမ်ပျက်ကြီးအနီးတွင် လှိုင်းတစ်လုံးဝုန်းခနဲရိုက်ခတ်သဖြင့် သမ္ဗန်မှာ (၃) ပေခန့် မြောက်တက်သွားသည်။ လှိုင်းများ အကြိမ်ကြိမ်ရိုက်ခတ်လာသဖြင့် ထိတ်လန့်၍ စူးစမ်းမိရာ သိမ်အိုကြီးတစ်ခုလုံးလင်းလက်တောက်ပနေပြီးနောက် မှေးမှိန်ကွယ်ပျောက်သွားခဲ့ရာ ခြေတော်ရာမှ ရောင်ခြည်တော် ကွန့်မြူးပြီး ရေနတ်နဂါးများ မြူးထူးပျော်ပါးသည်ကို ရိပ်ခြည်စောင်းပါး သိရှိခဲ့ကြလေသည်။

၁၃၆၅ ခုနှစ်၊ ပြာသိုလပြည့်နေ့က ခြေတော်ရာဘုရားပွဲ ကျင်းပဖြစ်သည်။ စစ်တွေမြို့ ကျောင်းတက်လမ်းရပ်ကွက် ကုန်သည်လမ်း အိမ်ဆောက်ပစ္စည်းအရောင်းပိုင်ရှင် ကိုအောင်နိုင်သည် စက်လှေဖြင့် စက်တော်ရာဘုရားပွဲတော်သို့ လာကြသည်။ မင်းဂံရွာမှ မောင်သန်းထွန်းကို စက်လှေစောင့်ထားခဲ့ပြီး ဘုရားပွဲသို့ သွားခဲ့ကြသည်။ ကိုးနာရီခန့်တွင် ရေလှိုင်းများ တဝုန်းဝုန်းရိုက်ခတ်လာပြီး မောင်သန်းထွန်း၏ အလန့်တကြားအော်သံကို ကြားကြရသည်။ မောင်သန်းထွန်း



www.burmeseclassic.com

www.burmeseclassic.com

ရေထဲသို့ လက်ညှိုးထိုးပြီး 'မြွေကြီး၊ ကြီး' ဟု ကျူးအော်နေပါတော့သည်။ စပ်မှလူများမြင်တွေ့နေရသည်မှာ တ်ဂျားကြီးပေါင်လုံးလောက် တုတ် သည့် အကောင်ကြီးသည် ရေထဲတွင် လိမ်နေကြောင်း မြင်တွေ့ကြရသည် ပြောကြပါသည်။

ဆရာတော်ကြီးမှာလည်း ရှမ်းမ ာင်ပေါ်မှနေ၍ လှမ်းမြင်နေရရာ ထဲကဖြစ်၍ နဂါးဟုခေါ်ကြောင်း၊ ဏ္ဍာပေးပို့ရကြောင်း၊ အကောင်အ ည်မှာ လူကြီးပေါင်လုံးခန့်ရှိကာ ခေါင်း မြွေခေါင်းကဲ့သို့ အဖျားမရှူးဘဲ မေး ပုံစံမှာ တစ်မျိုးဖြစ်ကြောင်း မိန့်ကြား သည်။ ၂၀၀၈ ခုနှစ်က ကုသိနာရုံ ာင်းကို ဆောက်လုပ်ပြီး ရေစက်ချ ပေးဝေနေချိန်ကာလ ဖြစ်ပါသည်။ နေချမ်းအချိန်တွင် ဆရာတော်ကြီးက ဘက်သို့ကျောပေးကာ ထိုင်နေပါ ည်။ ကိုဖိုးစိန်နှင့် ဒေါ်ရွှေရွှေက ခပ် လှမ်းတွင် ထိုင်နေကြသည်။ ထိုစဉ် ရာတော်ကြီးက လှိုင်းသံများကို နား င်ရင်း တောင်ဘက် မြစ်ဝသို့လှည့်၍ မ်ကြည့်နေရန် မိန့်ကြားပြီးနောက် ပြင်ကိုစောင့်ကြည့်နေပါသည်။ ထို ခါတွင် လှိုင်းမဟုတ်ဘဲ ကွေးကွေး ဏ္ဍာန်ကြီးကို ရိပ်ခနဲ အားလုံးမြင် တွေ့ကြရပါသည်။ ဆရာတော်ကြီးက ဂါးပေါ်ကြောင်း အလှူရှင်များကိုပြသ ကြောင်း ပြောပြလိုက်ပါသည်။

၂၀၀၄ ခုနှစ်၊ မတ်လ (၃၁) ရက် နေ့ ဂန္ဓကုဋိတိုက်ကြီး ပြီးစီးသည့်အချိန် ပါသည်။ ခြေတော်ရာဘုရားပွဲတော် င်းပ၍ ဇာတ်ပွဲနှင့် ပြန်/ဆက်မှရုပ်ရှင် သကာ ရန်ကုန်မှ အဆိုတော်များလာ ာက်၍ စတိတ်ရှိုးနှင့် ဖျော်ဖြေတင် တ်ပါသည်။ ပြည်နယ်ဦးစီးအရာရှိ ဦး ရွှေနှင့် ပြည်နယ် ပြန်/ဆက်တာဝန်ခံ ရှင်) ဦးသိန်းထွန်းတို့က အခမ်းအ ကျင်းပရာ ကမ်းနားဘက်တွင် ရှိနေ ကြသည်။ ဂန္ဓကုဋိသစ်တွင် ရွှေထီးတော် ရေစက်ချပွဲပြုလုပ်ပြီးနောက် ထီးတော်၊ ဖူးတော်များကို ပန်းရထားဖြင့် ပင့် ဆောင်နေချိန် ဖြစ်ပါသည်။ ဧည့်သည် တော်များ၊ ဆရာတော်ကြီးနှင့် သံဃာ တော်များ၊ ပရိသတ်များစွာ စုရုံးနေချိန် ဖြစ်ပါသည်။ ပြာသာဒ်တော်ကြီးတောင် ဘက် ကမ်းနားမှ 'နဂါးပေါ်တယ်' ဟု အများ ဆူညံအုတ်ကျက်စွာ တိုးဝှေ့ ကြည့်ရှုကြပါသည်။ ဦးစံရွှေ၏ပြောဆို ချက်အရ ရေလယ်ကောင်တွင် လှိုင်းများ ဆူညံနေပြီး မည်းနက် ပြောင်ချောနေ သည့် ရှည်လျားသော အကောင်ကြီး နှစ်ကောင် ပေါ်လောကြီးစင်းလျက် ရှိနေ သည်ကို မြင်တွေ့ရသည်ဟု ဆိုပါသည်။ စိတ်မှန်းအားဖြင့် သုံးပေပတ်လည်ခန့် နှင့် အလျား ပေ (၃၀) ကျော် ရှိမည်ဟု ခန့်မှန်းမိသည်ဟု ဆိုပါသည်။ အဆိုပါ ထန်းပင်လုံးခန့်သဏ္ဍာန်သည် စိမ်းညို့ နေသော ခန္ဓာကိုယ်ပျော့ပျော့ကြီးကို ရေထဲတွင် အလိုက်သင့်မျောပါ လူးလွန့် လျက် မြောက်ဘက်သို့ ဦးလှည့်ဆန် တက်ကာ တဖြည်းဖြည်း ပျောက်ကွယ် သွားကြောင်း မြင်တွေ့ရသူ အားလုံးက အုတ်အော်သောင်းတင်း ဟိုးဟိုးကျော် သွားခဲ့လေသည်။ ဆရာတော်ကြီးတွင် မှတ်တမ်းတင်ဗီဒီယိုခွေရှိကြောင်း စာ ရေးသူအား မိန့်ကြားခဲ့ပါသည်။

**မိုးစည်ကျွန်းခြေတော်ရာ၏ တန်ခိုးဂုဏ်တော်များ**

(က) ယုံကြည်သော သဒ္ဓါတရားဖြင့် ကောင်းစွာ နှလုံးသွင်းထား၍ ကျောက်သားပြင်တွင် စာကူး စက်သုံး ဖယောင်းစက္ကူဖြင့် ညင်သာစွာ ဖိနှိပ်ရေးခြစ်ကူးယူ ခြင်းဖြင့် မိမိနှင့် ကံပါရမီ တူညီ သော စက်လက္ခဏာတော်ကို ဖူးမြင်ပူဇော်ရခြင်း၊

(ခ) (၃)နှစ်ပြည့်တိုင်း (သို့) ကုသိုလ် ထူး ကုသိုလ်မြတ်များ ပြုလုပ် ကာ အမျှပေးဝေတိုင်း သဘာဝ မဟုတ်ဘဲ ထူးခြားသော လှိုင်း တံပိုးများပေါ်လာပြီး စိမ်းညို့ လှပသောအရောင်ဖြင့် မြွေအ သွင် ကြီးမား ရှည်လျားသည့် နတ်နဂါးတို့အား ပကတိအတိုင်း ပင် ပရိသတ်တို့ တွေ့မြင်ကြရ ခြင်း၊

(ဂ) ဝါတွင်းကာလများတွင် ကိုယ် ဟန် အလွန် ရှည်လျား၍ အ ရောင်အဆင်း ထူးခြားသော အ ဆိပ်ပြင်း မြွေနဂါးအမျိုးမျိုးတို့ ခြေတော်ရာအတွင်း ရောက်ရှိ လာပြီး ရက်သတ္တပတ်လုံး အ စာရေစာမစားဘဲ ပူဇော် ဥပုသ် စောင့်ထိန်းကာ ပျောက်ကွယ် သွားလေ့ရှိခြင်း၊

(ဃ) ရံဖန်ရံခါတွင် ဖားများပါ အတူ တကွ ရောက်ရှိလာကာ ဥပုသ် ဆောက်တည်နေလေ့ရှိခြင်း၊

(င) ခြေတော်ရာမှာ ဘူမိသက်တမ်း အလွန်ရင့်ကျက်မာကျောသော ကျောက်သားပြင်တွင် သဘာဝ အတိုင်း ချောမွေ့နူးညံ့စွာ ဖြစ် တည်နေပါသော်လည်း ပျော့ ပျောင်းသော ရွှံ့မြေပေါ်တွင် ဖိ နှိပ်နင်းထားသကဲ့သို့ ဘေးပတ် လည်တွင် အန်ထွက် လျှံထွက် ကျနေပုံမှာ လူတို့ဖန်တီးတုပ၍ ဖြစ်နိုင်ဖွယ် မရှိခြင်း၊

(စ) ဒီရေပြည့်နေချိန်တွင် ဖြစ်စေ, ထူးကဲဒီရေများ တက်နေချိန် တွင်ဖြစ်စေ, မုန်တိုင်းကြီးများ ကြောင့်ဖြစ်စေ ခြေတော်ရာ ကြီး အောက်သို့ လှိုင်းတစ်ပုတ် စာ လှိုင်းတစ်ပြန်စာခန့် ရောက် ရှိလျှင် လှိုင်းချိုး၍ ဦးခိုက်သွား လေ့ရှိခြင်း၊

(ဆ) မိုးတွင်း တစ်ရာသီလုံး သည်း ထန်သောမိုးများ အကြိမ်ကြိမ် ရွာသွန်းသော်လည်း ခြေတော် ရာအတွင်း မိုးရေမတင်ဘဲရှိနေ ခြင်း၊

(ဇ) ကုသိုလ်ကောင်းမှုရှိသူတိုင်း ခိုင် မြဲစိတ်အကြံ အဓိဋ္ဌာန်ဖြင့် ယုံ ကြည်ချက် တစ်ခုကိုသာ အ ဓိဋ္ဌာန်ပြုပါက အောင်မြင်မှုရရှိ နိုင်ခြင်း. . .

အစရှိသည်တို့သည် မိုးစည်ကျွန်း ပါဒခြေတော်ရာကြီး၏ တန်ခိုးတော်၊ ဂုဏ်တော်များ ဖြစ်ပါကြောင်း စာရှုသူ အပေါင်းတို့အား ကောင်းမြတ်သော စိတ်စေတနာ သဒ္ဓါတရားဖြင့် ရေးသား ပူဇော်လိုက်ရပေတော့သည်။

ရွှေချိုအောင်(ငပလီ)

**ကျမ်းကိုးစာရင်း**


၁။ ဓညဝတီရာဇဝင်သစ်
ပဲခူး မင်းကျောင်းဆရာတော်ကြီး
၂။ ရက္ခပူရကြေးမုံကြမ်း
ဓညဝတီဦးအောင်ဇေယျ
၃။ ပါဒသုတေသန
ဒေါက်တာ အရိယဝံသ- အလို တော်ပြည့်ဆရာတော်
၄။ ရခိုင်ပြည်နယ် ရသေ့တောင်မြို့ နယ် မိုးစည်ကျွန်းရှိ ဘုရားရှင်၏ ခြေတော်ရာသမိုင်း
အငြိမ်းစား ဒုတိယ ဗိုလ်မှူးကြီး ဇော်မြင့် (B.Sc, D.S.A)




www.burmeseclassic.com

www.burmeseclassic.com

# ပင်လယ်အူနာ (ခေါ်) ချက်ရစ်နာ

ကျွန်တော့်ညီမအငယ်ဆုံး မညွန့်စိန်က ရန်ကုန်မှာ အိမ်ထောင်ကျတာပါ။ နေပြည်တော်ကြီးတည်လို့ ဖွံ့ဖြိုးလာမှ နေပြည်တော်ကို ပြန်ပြောင်းလာကြခြင်းပါပဲ။ ၂၀၁၃ ရဲ့နွေရာသီနေ့လယ်ခင်းမှာ သရက်ပင်ရိပ်ကလေးက အတော်တန်ဖိုးရှိပြီး အဲဒီအောက်မှာ စကားစမြည်ထိုင်ပြောလေ့ရှိကြတယ်။ ပြောနေတာက ဆိပ်ကြီးသချိုင်းအကြောင်းပါ။ မောင်မြအေးနဲ့မညွန့်စိန်တို့ဟာ ရန်ကုန်မှာနေစဉ်က လှိုင်မြစ်တစ်ဖက်ကမ်း အလတ်ချောင်းမှာ နေကြတာပါ။ အဲဒီ အလတ်ချောင်းရဲ့ဟိုဘက်မှာ ဆိပ်ကြီးရွာ၊ ဦးမြင့်ဇင်ရွာ ဆိုတာတွေ ရှိတယ်။ ကြည့်မြင်တိုင် စာတိုက်ကြီးကနေပြီး တောင်တည့်တည့်၊ လှိုင်မြစ် တစ်ဖက်ကမ်းမှာ တည်ရှိပါတယ်။

ဆိပ်ကြီးသချိုင်း ဆိုတာ အဝန်းအဝိုင်း အသင့်အတင့် ကျယ်ပေမယ့် အများအားဖြင့် ခရာဆူးချုံတွေ ဖုံးလွှမ်းနေတာမို့ ဆူးချုံမရှိတဲ့ ကွက်လပ်ကလေးတွေမှာပဲ အထပ်ထပ်အခါခါ မြှုပ်နေရတော့ အလောင်းချင်းထပ်နေတဲ့ အကြောင်းပါ။ ဒါနဲ့ ကျွန်တော်က မေးမိပါတယ်။

“အဲဒီ ခရာဆူးချုံတွေကို ခုတ်ထွင်ရှင်းလင်းလို့ မရဘူးလား”

“ရတော့ ရပါတယ် အစ်ကိုလေးရယ်။ ခရာဆူးချုံဆိုတာ အရွက်တွေမှာရော အပင်တွေမှာပါ ဆူးတွေချည်းဆိုတော့ သိပ်မခုတ်ရဲကြဘူး။ သချိုင်း ဆိုတော့ ဘယ်သူကမှလည်း အရေးအရာထားပြီး ခုတ်မနေကြဘူးပေါ့လေ။ ပြီးတော့ ခရာဆူးက အဆိပ်လည်းရှိတယ်၊ စူးရင် စပ်ဖျဉ်းဖျဉ်းနဲ့ အတော်နာတယ်။ ဓားထက်ထက်၊ အရိုးရှည်ရှည်နဲ့ခုတ်ပြီး ခက်ရင်းခွနဲ့မ,မှ အဆင်ပြေတယ်။ လက်နဲ့တော့ လုံးဝ အဆင်မပြေဘူး၊ ဘယ်နေရာမဆို ဆူးတွေချည်းပဲ။ ဒါပေမယ့် အဲဒီ ခရာပင်ဟာ ဆေးအသုံးဝင်တယ် အစ်ကိုလေးရဲ့”

လို့ မောင်မြအေးက ပြောတော့ ကျွန်တော် စိတ်ဝင်စားသွားပါတယ်။

ကလေးတွေ သီဆိုနေကြတဲ့ ဆိုလို့တောင်းတဲ့ ကလေးကဗျာမှာ ‘ခရာဆူးချုံ ဟိုအထဲက မျှော့နက်မည်းကြီး တွယ်တတ်တယ်’ ဆိုတဲ့ စာသားလေးကို ပြေးပြီးသတိရမိတယ်။ ဝါဆို၊ ဝါခေါင် ရေတွေကြီးလို့ သပြေသီးမှည့်ကောက်ချိန်ကဗျာပါ။ ကျွန်တော်တို့ နေပြည်တော်ပျဉ်းမနားမှာ ခရာပင် ဆိုတာ မရှိတော့ မှန်းဆပြီးလွမ်းရဖူးပါတယ်။ ခရာပင်ဆိုတာ ဘယ်လိုဟာကြီးပါလိမ့်။ သပြေသီးမှည့်ကောက်ဖို့ ရေကြီးချိန် လှေကလေးနဲ့ ကောက်ရမယ်။ အဲဒီမှာ ခရာဆူးချုံထဲက မျှော့နက်မည်းကြီး ထွက်လာပြီး လူကိုတွယ်မယ် ဆိုတော့ ဒါဟာ အောက်ပြည်. အောက်ရွာ ရေတွေ၊ ရွှံ့ညွန်တွေထူထပ်တဲ့ ဒေသတွေမှာသာပေါက်တဲ့အပင်ဆိုတာ သဘောပေါက်ပါတယ်။ ခုထိကို မမြင်ဖူးသေးပါဘူး။ ဒါနဲ့ မောင်မြအေးကို ဆက်မေးရပါတယ်။

“ဆေးက ဘယ်လိုအသုံးဝင်တာလဲကွ”

“နေဦး အစ်ကိုလေးရဲ့၊ ခရာပင်အကြောင်း အရင်ပြောပြမယ်။ ခရာက ရေခရာနဲ့ ကုန်းခရာ ဆိုပြီး နှစ်မျိုးရှိတယ်။ ရေခရာက ဒီရေတောတွေ၊ ချောင်းမြောင်းပေါတဲ့ ဧရာဝတီတိုင်းဒေသကြီးလို ဒေသတွေ၊ ရေစပ်စပ်တွေ၊ ရွှံ့ညွန်ထူတဲ့နေရာတွေမှာ ပေါက်တယ်။ ကုန်းခရာကျတော့ ရေလုံးဝမရှိတဲ့ကုန်းတွေမှာ ပေါက်တယ်။ ဘယ်ခရာပင်ဖြစ်ဖြစ် သုံးလို့ရတယ်။ အစ်ကိုလေး ပင်လယ်အူနာလို့ခေါ်တဲ့ ချက်ရစ်နာ သိလား”

“သိတာပေါ့”

“အဲဒီ ချက်ရစ်နာဟာ ဘယ်လောက်နာပြီး ဘယ်လောက်အခံရခက်သလဲဆိုရင် လူတစ်ယောက် ဘယ်လောက်ပေပြီး ဘယ်လောက်မိုက်နေပါစေ၊ ချက်ရစ်နာ ဖြစ်လို့ကတော့ အဲဒီကောင် အမေလေး၊ အဘလေး တ,ပြီး အော်နေရတော့တာပါပဲ။ အတော်အခံရခက်တဲ့ဝေဒနာပါ။ ချက်မှာရစ်ပြီး ဗိုက်ထဲ မုန်တိုင်းလို့မွှေတဲ့ဝေဒနာပါပဲ။ သေမတတ် ခံစားကြရတယ်။ ဆေးမရှိရင် သေတောင်သေသွားနိုင်တယ်။ အဲဒီလိုဝေဒနာဖြစ်ရင် ခရာပင်နည်းနည်း ကတ်ကြေးနဲ့ ညှပ်ယူပြီး သံပြားပေါ် တင်ရတယ်။ ပြီးတော့ မီးဖြင်းပြင်းနဲ့ ပြာချပေါ့ဗျာ။ အဲဒီပြာကို ရေနဲ့ဖျော်တိုက်ရင် သက်သာပျောက်ကင်းတယ်ဗျ”

လို့ ပြောပြပါတယ်။ အဲဒီမှာ မညွန့်စိန်က ဝင်ပြီးပြောပါတယ်။

“ပြာချတာက ကြာပါတယ်၊ အဲဒီ ခရာပင်ကို ကျိုသောက်ရင်လည်း ရပါတယ်။ ဘယ်လိုဖြစ်ဖြစ် ချက်ရစ်နာဖြစ်ရင် ခရာပင် ဗိုက်ထဲရောက်သွားဖို့ပဲ လိုတာပါ”

လို့ ထပ်ဆင့် ပြောပြပြန်ပါတယ်။ ဒါနဲ့ ကျွန်တော်ကလည်း ကျွန်တော်သိတာကို ပြောပြပါတယ်။

“ငါသိထားတာကတော့ ချက်ရစ်နာဖြစ်ရင် ငရုတ်သီးစိမ်းအတူတိုင် (၅) ခုကို ရေစိမ်သောက်ရင် ပျောက်တယ်ဆိုတာပဲ။ ဒီနည်းက တစ်ပြည်လုံး အသုံးကျတယ်။ ငရုတ်သီးစိမ်း ဆိုတာ နေရာတိုင်းမှာရှိတယ်။ မီးဖိုချောင်မှာရှိတယ်။ ဒီတော့ အခက်အခဲ မရှိဘူးပေါ့ကွာ။ ခရာပင်ကျတော့ ရန်ကုန်တိုင်းဒေသကြီးနဲ့ မြစ်ဝကျွန်းပေါ် တွေရှိတဲ့ ဧရာဝတီတိုင်းဒေသကြီးမှာသာ ရှိတာ။ တို့ နေပြည်တော်တို့၊ အခြား အညာဒေသတို့၊ တောင်တန်းဒေသတို့ကျတော့ မရှိနိုင်ဘူး။ ခရာပင်ပေါတဲ့ဒေသတွေအတွက်ပဲ အဆင်ပြေမယ်၊ ငါပြောတဲ့နည်းလည်း မှတ်ထားကြဦး”

လို့ ပြောဖြစ်ပါတယ်။

ချက်ရစ်နာ ဖြစ်ရင် တစ်ခါတစ်ရံ အော့အန်ဝမ်းကျ (ခေါ်) အထက်လှန် အောက်လျှောလည်း ဖြစ်သွားတတ်ပါတယ်။ အထက်လှန် အောက်လျှော ဖြစ်ရင် အစာအဆိပ်ဖြစ်တာပါ။ ဒီဝေဒနာက ခန္ဓာကိုယ်အရည်ခန်းပြီး အသက်ပါ ဆုံးရှုံးနိုင်တာမို့ နီးရာ ဆေးရုံ၊ ဆေးခန်းကို အမြန်ဆုံးပို့နိုင်မှ ဖော်ရုံကျပါတယ်။ ဆေးရုံ၊ ဆေးခန်း မနီးရင် ဓာတ်ဆားရည် များများတိုက်နိုင်ဖို့ လိုပါတယ်။ ဆေးမြီးတို ဆိုတာက ဆေးရုံ ဆေးခန်းနဲ့အလှမ်းဝေးတဲ့ နေရာတွေမှာသာ သုံးသင့်ပါတယ်၊ တကယ်ဖြစ်ရင် မလွှယ်လို့ပါ။

သေကောင်ပေါင်းလဲ ဖြစ်လာတဲ့ ဝေဒနာမျိုးဆိုရင် ဆေးမြီးတိုနဲ့ ပျောက်နိုင်၊ မပျောက်နိုင် ချင့်ချိန်ပြီးမှ ကုသသင့်ပါတယ်။ ဘယ်အရာမဆို လေ့နံဓားထစ်မမှတ်သားသင့်ကြပါဘူး။ ဆေးမြီးတိုကြောင့် ဝေဒနာပျောက်သွားတာတွေရှိသလို ဆေးမြီးတိုကြောင့် ရေတိမ်နစ်သွားကြသူတွေလည်း ရှိကြမှာပါ။ နိုင်းနိုင်းချိန်ချိန် သုခမိန် ဆိုတာလို ကျန်းမာရေးကို ဉာဏ်ကလေးထည့်ပြီး စောင့်ရှောက်ကြပါလို့ စေတနာနဲ့ တိုက်တွန်းလိုက်ပါတယ်။

ချမ်းမြေ့ကြပါစေ
မိုးကုတ်ကျော်ကျော်စိုး
(မောင်မြအေး၊ မညွန့်စိန်တို့ ကျေးဇူးတင်လျက်)



www.burmeseclassic.com

www.burmeseclassic.com



(၁၃–၁၁–၂၀၁၁) နေပြည်တော်၊ ပျဉ်းမနား၊ ရွှေချည်ရပ်၊
ဗိုလ်မှူးကြီး သန့်ဇင် (စက်မှု–၁၊ MD )+ ဒေါ်ခင်စန်းဝင်း မိသားစုမှ ပင့်ဆောင်ပူဇော်စဉ်
ရုပ်ရှင်တော်မြတ် မှ မျက်လုံးတော်ဖွင့်တော်မူပုံ

ဘိုဘို(ရွှေကံကူ)

# ရွှေကံကူလေပုံသစ်တော်

## ရုပ်ရှင်တော်မြတ်၏ဓာတ်ပုံတော်များမှ ထူးခြားမှုများဖြစ်ပေါ်ခြင်း

**စဉ့်ကိုင်မြို့မှ အလယ်တန်းပြဆရာလေး ကိုသက်ဇော်ထူး ကြုံတွေ့ရပုံ**

ဆရာလေး သက်ဇော်ထူးသည် စာရေးသူတို့နှင့် တစ်ရပ်ကွက်တည်း ဖြစ်ပါသည်။ စာရေးသူတို့၏မြောက်ဘက် နစ်လမ်းကျော်၊ အိမ်အားဖြင့် (၆) အိမ်ခန့်သာ ခြားပါသည်။ ရှေ့ပိုင်းတွင်ဖော်ပြခဲ့သည့်အတိုင်း စာရေးသူသည် ရုပ်ရှင်တော်မြတ်မပွင့်ထွန်းမီကာလက စဉ့်ကိုင်မြို့တွင် အနေနည်းသည့်အပြင် စဉ့်ကိုင်မြို့တွင် ခေတ္တခဏ ပြန်လည်ရောက်ရှိသောအခါများတွင်လည်း အိမ်တွင်းမှ အိမ်ပြင် ထွက်လေ့ရှိသူ မဟုတ်သောကြောင့် စာရေးသူအား သိရှိသူနည်းပါးသကဲ့သို့ စာရေးသူမှလည်း သိရှိသူ နည်းပါးကာ မိတ်ဆွေအပေါင်းအသင်း သူငယ်ချင်းဟူ၍ မရှိသလောက်ပင် ဖြစ်ပါသည်။ ရုပ်ရှင်တော်မြတ် ပွင့်ထွန်းတော်မူလာသောအခါတွင်လည်း စဉ့်ကိုင်မြို့ပေါ်မှကိုးကွယ်သူ လူနည်းစုလောက်ခန့်ကိုသာ သိကျွမ်းခဲ့ခြင်း ဖြစ်ပါသည်။

စာရေးသူ၏ပလ္လင်တော်လျှုဒါန်းခြင်းအကြောင်း ဆောင်းပါးများတွင် ပါဝင်သူ၊ ယခုအချိန်တွင် ရွှေကံကူ ခြေတော်ရင်း၌ ဝေယျာဝစ္စများကို အမြဲမပြတ်ဆောင်ရွက်လျက်ရှိသူ စဉ့်ကိုင်မြို့ တရုတ်စုရပ်ကွက်မှ တိုက်၊ ကား၊ လမ်း





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



...တား၊ ကျောင်း၊ ကန်၊ ဘုရား ဆေးသုတ်ဆရာ ကိုမောင်နိုင်သည်ပင်လျှင် ၂၀၀၆ ခုနှစ်တွင်မှ ဆေးသုတ်ခြင်းလုပ်ငန်းအကြောင်းပြု၍ ရောက်ရှိလာသူဖြစ်ပါသည်။ ကိုမောင်နိုင်သည် ထိုစဉ်က ပထမဆုံးအကြိမ် ဆေးသုတ်လုပ်အားခကို ယူငင်ခဲ့သော်လည်း ရုပ်ရှင်တော်မြတ်အား ကိုးကွယ်ယုံကြည်ပြီးသည်၏နောက်တွင် ဆေးသုတ်လုပ်အားခကို လုံးဝ ခံယူခြင်းမပြုတော့ဘဲ လုပ်အားအလှူဒါနပြုခဲ့သည်မှာ ဤယနေ့တိုင်ဖြစ်ပါသည်။

ကိုမောင်နိုင်သည် ရုပ်ရှင်တော်မြတ်အား ကိုးကွယ်ပြီးသည့်နောက်တွင် ၎င်း၏ဘဝသည် အချိန်တိုကာလအတွင်းမှာပင် တစ်ဟုန်ထိုး တိုးတက်မြင့်မား၍လာသောအခါ အခြား၊ သူ၏မိတ်ဆွေ ဆွေမျိုးအပေါင်းအသင်းများကို ရုပ်ရှင်တော်မြတ်၏တန်ခိုးတော်တို့ကိုလည်းကောင်း၊ သူ၏ဘဝ မည်သို့ထူးဆန်းလှစွာ အောင်မြင် တိုးတက်ခဲ့ရပုံများကိုလည်းကောင်း မမောမပန်းနိုင် အားရပါးရ ပြောပြပြီး အခြားသူများကိုလည်း သူကဲ့သို့ အောင်မြင်တိုးတက်ကြီးပွားစေလို၍ ရုပ်ရှင်တော်မြတ်အထံတော်သို့ ခေါ်ဆောင်လာလေ့ရှိပါသည်။

ထိုကဲ့သို့ ခေါ်ဆောင်လာသူများအထဲတွင် ဆရာလေး သက်ဇော်ထူးလည်း တစ်ယောက်အပါအဝင် ဖြစ်ခဲ့ပါသည်။ ဆရာလေးတွင်လည်း ထူးခြားသော အောင်မြင်မှုများကို ရရှိခဲ့ကြောင်း သိရပါသည်။ လူတစ်ထောင်ခန့်တွင် တစ်ယောက်နှုန်းသာ ရွေးချယ်မှုပြုသော စာမေးပွဲကို ဝင်ရောက်ဖြေဆိုရာတွင် အောင်မြင်မှုရရှိခဲ့ပြီး ကျူရှင်လုပ်ငန်းလည်း အောင်မြင်ခဲ့သည်။ နေအိမ်အဆောက်အအုံကိုလည်း ပြုပြင်နိုင်ခဲ့ကြောင်း သိရပါသည်။

ဆေးသုတ်ဆရာ ကိုမောင်နိုင်ကဲ့သို့ ဆရာလေး သက်ဇော်ထူးသည် အောင်မြေသို့ အမြဲတစေ လာရောက်နိုင်ခြင်းမရှိသော်လည်း စာရေးသူသည် ဈေးသို့ နံနက်တိုင်း ဘုရားပန်းဝယ်သွားသောအခါများတွင် ဆရာလေး သက်ဇော်ထူး၏နေအိမ်ရှေ့မှ ဖြတ်သန်းလေ့ရှိရာ ဆရာလေးသက်ဇော်ထူးနှင့် အိမ်ရှေ့တွင်ဆုံ၍ ၎င်းမှာလည်း အားလပ်သောအချိန်အခါ နေ့ရက်မျိုးဖြစ်နေလျှင် စာရေးသူနှင့်အတူ ဈေးသို့လိုက်လာကာ ပန်းများဝယ်ယူလှူဒါန်းပေးပြီး စာရေးသူအား လက်ဖက်ရည်ဆိုင်သို့ပို့၍ ဧည့်ခံကုသိုလ်ယူပါသေးသည်။

ပြီးခဲ့သော တစ်ပတ်ခန့်က စာရေးသူနှင့်အတူ ဈေးမှပန်းဝယ်ကြပြီး လက်ဖက်ရည်ဆိုင်တွင် ထိုင်ဖြစ်ခဲ့ပါသည်။ ထိုအခါ စာရေးသူမှ စာရေးသူ၏ဆောင်းပါးများ စာဖတ်ပရိသတ်နှင့် အဆက်ပြတ်၍နေသည်မှာ ကြာမြင့်ပြီဖြစ်သောကြောင့် (၆) လကျော်မျှ ကြာမြင့်ခဲ့ပြီဖြစ်သော ပိဋကတ်သုံးပုံပူဇော်ခြင်း (ပိဋကတ်သုံးပုံသည် အုပ် ၄၀ ရှိရာ ယခု ၂၂ အုပ်မြောက်သို့ ရောက်ရှိနေပြီ။) တို့ ခေတ္တရပ်နားပြီး ဆောင်းပါးတစ်ပုဒ်ရေးရန်စီစဉ်နေကြောင်းနှင့် ရေးသားမည့်အကြောင်းအရာများမှာ ရွှေကံကူမာတ်ပုံတော်များမှ ထူးခြားမှုများ ဖြစ်ပေါ်သည့်အကြောင်းများ ဖြစ်ပါသည်၊ ထူးခြားမှုများမှာကား ဤသို့ဖြစ်ပါသည်ဟု ရှေ့တွင်ဖော်ပြခဲ့သော အကြောင်းအရာတို့ကို ပြောပြလိုက်ပါသည်။

ထိုအခါ ဆရာလေးသက်ဇော်ထူးမှ-

"ဒါဆို ဟုတ်ပြီ ဆရာ၊ ကျွန်တော်က အဲဒီလို ဖြစ်လေ့ဖြစ်ထရှိမှန်း မသိထားတော့ ကျွန်တော်ကိုယ်တိုင် ဇဝေဇဝါဖြစ်ခဲ့ရတာ၊ အခုမှ အဖြေထွက်တော့တယ်"

ဟုဆိုကာ ၎င်းကြုံတွေ့ရပုံတို့ကို ပြောပြပါသည်။

ဆရာလေး သက်ဇော်ထူးသည် ဆေးသုတ်လုပ်ငန်း ကိုမောင်နိုင်နှင့် ရွှေကံကူအောင်မြေသို့ ရောက်ရှိပြီးသည်၏နောက်တွင် ရွှေကံကူ ပုံတော်များ မကြာခဏ ဆိုသလို ပင့်ဆောင်သွားပြီး မိတ်ဆွေများနှင့် တပည့်များကို လက်ဆောင်ပေးလေ့ ရှိပါသည်။

ဆရာလေးသည် ရွှေကံကူ ပုံတော်များ (အိတ်ဆောင်အရွယ်) ကုန်သွားပါက အိမ်ချင်းလည်း သိပ်မဝေးလှ၍ ထပ်မံပင့်ဆောင်ရန် လွယ်ကူသောကြောင့် ရွှေကံကူပုံတော်များ ကုန်သည်အထိ ပေးကမ်းပစ်လေ့ရှိပါသည်။ သို့သော် ပုံတော်များသည် ဘယ်နေရာက ပြန်ထွက်လာသည် မသိ၊ ၎င်းသတိမထားမိသော တစ်နေရာတွင် ဖုံးကွယ်၍ ကျန်ရစ်သည်ဟု ယူဆနိုင်စရာရှိသော်လည်း ထိုသို့လည်းမဖြစ်နိုင်ပါ။ သို့သော် ရှေ့ဆက်ပြီး ရှည်ရှည်ဝေးဝေးတွေးမနေတော့ပါ၊ အလွယ်တကူပင် မေ့ကျန်ရစ်ခြင်းဖြစ်မည်ဟုသာ သဘောထားလိုက်ပါတော့သည်။

တကယ်ဆိုလျှင် မိမိဝယ်ယူခဲ့သော ပုံတော်အရေအတွက်နှင့် ယခုပေးဝေခဲ့သော ပုံတော်အရေအတွက်နှင့်ဆိုလျှင် မိမိထံ လက်ကျန်မရှိနိုင်တော့လောက်သည့် အရေအတွက်ထိ ရောက်ရှိနေပြီဟု သတိပြုမိပါသည်။ သို့သော် ကုန်ပြီ၊ မရှိတော့ဟု ထင်ထားသည့်အခါတိုင်း ဘယ်ကဘယ်လို ပြန်ရောက်လာပါသနည်း။ အသေအချာနှံ့စပ်အောင် ရှာသည်၊ မတွေ့သည့်အဆုံး ကုန်ပြီဟု ထင်ကာ မရှာဖွေတော့ဘဲနေသည်။ ထိုအခါ သတိမပြုမိသောအခါများတွင် ပြန်လည်ရောက်ရှိ၍လာသောအခါ ရှာထုံးက တစ်ခုခုနှင့်ဖုံးအုပ်နေခြင်းဖြစ်မည်ဟု အလွယ်တွေး၍ရခဲ့မိခြင်း ဖြစ်ပါသည်ဟုဆိုကာ 'ဒါဆို သေချာပါတယ် ဆရာ၊ ကျွန်တော့်ဆီမှာလည်း ဓာတ်ပုံတော်တွေ ပွားနေတာ ကျွန်တော် မသိခဲ့တာပါ' ဟု စာရေးသူကို ဝမ်းသာအားရ ပြောပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာလေး သက်ဇော်ထူးသည် ဤယနေ့တိုင် စဉ့်ကိုင်မြို့ အ. ထ. က တွင် အလယ်တန်းပြဆရာအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ မကြာမီ အထက်တန်းပြအဖြစ် ရာထူးတိုးမြှင့်တော့မည်ဟု သိရပါသည်။ ဆရာလေးသည် (၅) သိန်းတန်ဖုန်းများ ပေါ်ဦးစက ဖုန်းတစ်လုံးဝယ်ယူလိုက်သော်လည်း ထူးခြားသူဟု ဆိုရပါမည်။ ဖုန်းမကိုင်လို၍ဟု ဆိုကာ တပည့်လေးတစ်ဦးကို ပေးလိုက်သည်ဟု သိရပါသည်။ ထို့ကြောင့် ဆရာလေးသက်ဇော်ထူး၏ ဖုန်းနံပါတ် စာရေးသူထံတွင် မရှိတော့ပါ။ ဆရာလေး သက်ဇော်ထူးအား ဆက်သွယ်လိုပါလျှင် ၎င်း၏သူငယ်ချင်း ဆေးသုတ်လုပ်ငန်းရှင် ကိုမောင်နိုင် (၀၉-၂၀၆ ၁၀၂၉) တွင် ဆက်သွယ်နိုင်သည်ဟု သိရပါသည်။

စာရေးသူနှင့် ဆရာလေး သက်ဇော်ထူးတို့သည် ယခုအချိန်တိုင် မကြာမကြာ တွေ့ဆုံလျက် ရှိနေသေးသကဲ့သို့ ဆရာလေး သက်ဇော်ထူးသည် ရုပ်ရှင်တော်မြတ် အောင်မြေသို့ ပြန်လည်ကြွမြန်းရောက်ရှိသော နေ့ရက်များတွင် ရောက်ရှိ၍လာနေဆဲ ဖြစ်ပါသည်။

**မန္တလေးမြို့ မဟာမြိုင်မှ ဒေါ်အေးအေးမိုး ကြုံတွေ့ရပုံ**

အမှတ် (၂၈) ဒ/၁၀ ရပ်ကွက်၊ မဟာမြိုင် (၁) ရပ်ကွက် (၆၄) လမ်း ၃၉/၄၀ ကြား၊ ရတနာလမ်းသွယ်၊ မဟာအောင်မြေမြို့နယ် စေပြည့်ရတနာခြံတွင် ယခု (၃ လပိုင်း၊ ၂၀၁၃) နေထိုင်လျက်ရှိသော ဒုတိယဗိုလ်မှူးကြီး သန်းငွေ(ငြိမ်း)၏ဇနီး ဒေါ်အေးအေးမိုးသည် ၂၀၁၁ ခုနှစ်က ရန်ကုန်မြို့တွင် ဦးသန်းငွေ တိုင်းလျှပ်စစ်အင်ဂျင်နီယာအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိစဉ် (ဦးသန်းငွေသည် တပ်မတော်မှ အရပ်ဘက်သို့ ပြောင်းရွှေ့လာခြင်း ဖြစ်သည်) က သူရဇ္ဇတွင်ပါရှိသော စာရေးသူ၏ ဆောင်းပါးများကို ဖတ်ရှုခဲ့ရသောအချိန်မှစ၍ ရုပ်ရှင်တော်မြတ်အား ကြည်ညိုမှုများဖြစ်ပေါ်ကာ စာရေးသူထံသို့ ဖုန်းဖြင့်ဆက်သွယ်၍ ရန်ကုန်မြို့တွင် ကြွမြန်းရောက်ရှိတော်မူလျက်ရှိသော နေရာဌာနသို့ သွားရောက်ဖူးမြော်ခဲ့သူ ဖြစ်ပါသည်။

ထို့နောက် စာရေးသူထံ မကြာခဏ ဖုန်းဖြင့် ဆက်သွယ်မှုများပြုလုပ်လျက် ရုပ်ရှင်တော်မြတ်၏ ကြွရောက်


(၁-၇-၂၀၁၂) နေ့တွင်ကျောက်မဲမြို့ ရှမ်းကျောင်းမှ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်သည်

တော်မူရာသတင်းကို စုံစမ်းပြီး သွားရောက်ဖူးမြော်လေ့ရှိပါသည်။ ထို့နောက် ရုပ်ရှင်တော်မြတ်၏ဓာတ်ပုံတော်များကို မကြာခဏ ကြုံကြိုက်သည့်အခါတိုင်း ပင့်ဆောင်သွားလေ့ရှိပြီး နီးစပ်ရာမိတ်ဆွေများကို ဝေငှဒါနပြုလေ့ရှိပါသည်။ ထို့နောက် ရုပ်ရှင်တော်မြတ်၏ပုံတော်ကို နေအိမ်တွင် ပူဇော်ပြီး တိုက်ခန်းများ ရောင်းထွက်ရန် အဓိဋ္ဌာန် ဆုတောင်းပါသည်။ မကြာမီ ဆုတောင်းပြည့်ကာ တိုက်ခန်းရောင်းထွက်ခဲ့သည်။ တစ်ဖန် ဒုတိယ ဗိုလ်မှူးကြီးသန်းငွေသည် သက်ပြည့်ပင်စင်ယူရသောအခါ မန္တလေးသို့ ပြောင်းရွှေ့ နေထိုင်ရတော့မည် ဖြစ်ပါသည်။ ထိုအခါ မော်တော်ကားလိုအပ်ပြီ ဖြစ်ပါသည်။ ထို့ကြောင့် ရုပ်ရှင်တော်မြတ်၏ပုံတော်ကို မော်တော်ကား ရရှိရန် အဓိဋ္ဌာန်ပြုပြန်ပါသည်။

မကြာမီ မော်တော်ကားရရှိခဲ့ပြန်ပါသည်။ ထို့နောက် မန္တလေးမြို့သို့ ပြောင်းရွှေ့ရောက်ရှိ၍ လာခဲ့ပါသည်။ မော်တော်ကားမှာ အလျားရှည်သဖြင့် ခြံတံခါး အဝင်၊ အထွက် ခက်ခဲမှုရှိပါသည်။ ထို့ကြောင့် မော်တော်ကားကို ပြန်ရောင်းထွက်လိုကြောင်း အဓိဋ္ဌာန်ပြု ဆုတောင်းပြန်ပါသည်။ ထိုအချိန်တွင် ကားဈေးများမှာ တရိပ်ရိပ် ကျဆင်းနေချိန်ဖြစ်ရာ မိမိဝယ်ယူသော ဈေးနှုန်းအတိုင်း ပြန်လည်ရရှိစရာမရှိပါ။ အရှုံးကြီးနှင့် အရှုံးကလေးသာကွာခြားမည် ဖြစ်ပါ၏။ ရုပ်ရှင်တော်မြတ်၏တန်ခိုးတော်သည်ကား ဆန်းကြယ်လှပါ၏။ ထိုမော်တော်ကားကို ဝယ်ဈေးနှုန်းအတိုင်းပင် ပြန်လည် ရောင်းထွက်ခဲ့ပြန်ပါသည်။

တစ်ခါသော် ဒေါ်အေးအေးမိုးတို့ဇနီးမောင်နှံသည် ရွှေကံ့ကူအောင်မြေမှ ရုပ်ရှင်တော်မြတ်၏ပုံတော်များကို ပင့်ဆောင်ပူဇော်၍ မန္တလေးမြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြရာ မန္တလေးမြို့ (၆၂)လမ်းပေါ် မြို့သစ်လမ်းဆုံတစ်ခုသို့အရောက်တွင် အရှိန်ဖြင့်မောင်းဝင်လာသောကားတစ်စီးဖြင့် ထိပ်တိုက် တွေ့ဆုံပါသည်။ မည်သို့မျှ ရှောင်လွှဲ၍မရသော အခြေအနေ ဖြစ်ပါသည်။ ထိုသို့ အခြေအနေမဖြစ်ပေါ်မီအချိန်ကလေးမှာပင် ဒေါ်အေးအေးမိုးသည် ကားဒက်(ရှ်)ဘုတ်ပေါ်တွင် မှောက်လျက်ဖြစ်နေသော ရွှေကံ့ကူပုံတော်ကလေးတစ်ပုံကို ပြန်၍ထောင်ထားလိုက်မိခြင်း ဖြစ်ပါသည်။ ထိုအချိန်မှာပင် ကားနှစ်စီး ခေါင်းချင်းဆိုင်သွားသောအခါ ဒေါ်အေးအေးမိုးသည် ထိတ်လန့်၍ မျက်လုံးများပြာဝေသွားကာ ဒီတစ်ချီတော့သွားပြီဟု မျက်စိမှိတ်၍ စိတ်လျှော့ကာ ဘုရားတ,လိုက်မိပါသည်။ ထူးဆန်းလှပါသည်၊ ကားနှစ်စီးမှာ ပွတ်ကာသီကာ ခေါင်းချင်းလွဲသွားပြီး ကိုယ်စီ ဘရိတ်များနင်းမိကာ ရပ်တန့်သွားပါသည်။ ထိုသို့ဖြင့် အသက်ဘေးအန္တရာယ်မှ လွတ်မြောက်ခဲ့ရသည်။

ထိုအချိန်က ဒုတိယဗိုလ်မှူးကြီး (ငြိမ်း) ဦးသန်းငွေ လျှပ်စစ်ဝန်ကြီးဌာနမှ ထပ်မံ၍ အငြိမ်းစားယူပြီးသော်လည်း တူတော်မောင်များဖြစ်သော ဗိုလ်ချုပ်ညကျော်လင်း (သက်ရှိထင်ရှားမဟုတ်ပြီ)၏သားများ တည်ထောင်သော လျှပ်စစ်ပစ္စည်းများကုမ္ပဏီတွင် ဝင်ရောက်လုပ်ကိုင်နေရာမှ ၂၀၁၂ နှစ်ကုန်ပိုင်းတွင် ရန်ကုန်မြို့၌ ပုဂ္ဂလိကလျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ရာသို့ ကုမ္ပဏီတာဝန်ဖြင့် သွားရောက်နေထိုင်ခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



(၇ ၄-၂၀၁၄) နေ့တွင် ရုပ်ရှင်တော်မြတ်အား ဒုတိယဗိုလ်မှူးကြီးတင်မောင်မြင့် ၁၈ရ-၁၁၆၊ ပုသိမ်ကြီးမြို့သို့ ပင့်ဆောင်ပူဇော်ခဲ့

ပါသည်။ ဒေါ်အေးအေးမိုးသည် သားတစ်ယောက်၊ သမီးတစ်ယောက်သာရှိသဖြင့် သားအမိ (၃) ယောက် မန္တလေးတွင် နေရစ်ကြပါသည်။ တစ်ညတွင် ဒေါ်အေးအေးမိုးသည် အိပ်ရာဝင်ချိန်၌ ခန်းထဲတွင် တလှုပ်လှုပ်ဖြစ်ပြီး ချာချာလည်အောင်မူးပါသည်။ သောက်နေကျဆေးကိုသောက်သော်လည်း မသက်သာဘဲ ရှိပါသည်။ ဘယ်လိုဖြစ်တာပါလိမ့်ဟု တွေးမရဖြစ်နေစဉ် နေ့ခင်းက ခေါင်းအုံးနှင့် အိပ်ရာအိပ်ခင်းများကို သန့်ရှင်းရေးလုပ်ရင်း ဖုန်များခါချစဉ် ဦးသန်းငွေ ခေါင်းအုံးပေါ်၌ တင်ထားသော ရွှေကံကူဓာတ်ပုံတော် (အိတ်ဆောင်အရွယ်) တစ်ဆူ လွင့်ကျသွားခဲ့သည်ကို ပြန်လည်ကောက်ယူမိကြောင်း သတိရမိသည်။

ထို့ကြောင့် အနားတွင် ပြုစုလျက်ရှိသော သားငယ်အား ပုံတော်ကို ကောက်ယူ၍ သန့်ရှင်းစေပြီး မူလနေရာသို့ ပြန်လည် ထားရှိစေလိုက်ပါသည်။ ထိုအချိန်မှစ၍ ခံစားနေရသော ရောဂါဝေဒနာတို့မှာ ချက်ချင်းသက်သာသွားပါသည်။

နောက်တစ်ကြိမ် ကြုံတွေ့ရသော ထူးခြားမှုမှာ ည၌ဘက် သန်းခေါင်ခန့် ရောက်လျှင် လျှောင်လှုပ်သကဲ့သို့ မကြာခဏကြုံရပြန်ပါသည်။ ထိုရက်ပိုင်းများက သပိတ်ကျင်း မြေငလျင်အရှိန်ဖြင့် အင်အားနည်းပါးသော မြေငလျင် အလျော့စားများ မကြာခဏ လှုပ်ခတ်လျက်ရှိရာ မြေငလျင်ဟု ယူဆ၍နေမိပါသည်။ တစ်ညတွင်တော့ ထိုကဲ့သို့ လျှောင်လှုပ်ပြန်ရာ မျက်နှာကြက်နှင့် နံရံတို့ကို သတိပြုကြည့်မိသည်။ လှုပ်ရှားယိမ်းထိုးမှုမရှိ၊ ပကတိငြိမ်သက်လျက်သာ ရှိပါသည်။ မိမိခုတင်တစ်လုံးတည်းသာ လှုပ်ယမ်းနေခြင်းဖြစ်ပါ၍ ထိတ်လန့်ကြောက်ရွံ့သွားမိပါသည်။ ဤသို့ အခြေအနေမျိုး၌ ဤသို့ဖြစ်လျှင် မည်သူသည် မကြောက်ရွံ့ဘဲ ရှိပါမည်နည်း။ တိတ်ဆိတ်သော ညဉ့်နက်သန်းခေါင်ယံ၌ အခန်းထဲတွင် တစ်ယောက်တည်းရှိနေခိုက် ဤသို့ကြုံတွေ့ရခြင်းသည်ကားလိပ်ပြာလွင့်မတတ် ဖြစ်ရသည်မှာ ကျန်းမာရေး ချို့တဲ့လျက်ရှိသော မိန်းမသားတစ်ဦးအတွက် သဘာဝကျလှပါ၏။ ထိုအခါ အားကိုးရာ၊ မှီခိုလဲလျောင်းရာကို အလျှင်အမြန် ရှာဖွေသော် ခေါင်းရင်းတွင်ရှိသော ရွှေကံကူ ဓာတ်ပုံတော်ကို သတိရမိလိုက်ကာ ထိုပုံတော်ကို ပင့်ဆောင်၍ နဖူးထက်တွင်တင်ထားလိုက်ပါသည်။ တစ်ခဏအတွင်းမှာပင် ခုတင်သည် ငြိမ်သက်သွားပြီး ကြောက်စိတ်များ ပြေလျော့သွားပါသည်။ ယခင်ညများက အိပ်မက်လိုလို၊ တကယ်လိုလိုဖြင့် မိမိအိပ်ရာဘေးမှ လူတစ်ဦးတစ်ယောက်ထသွားသည်ကို မြင်တွေ့ရခြင်းတို့သည်လည်း ထိုညမှစ၍ ယနေ့တိုင်အောင် ထပ်မံမြင်တွေ့ရခြင်း မရှိတော့ပါ။ အချို့သော အကြားအမြင်ရရှိသူများက ဒေါ်အေးအေးမိုး၏ဖခင်ကြီး၊ ယခင်ခေတ်က သစ်တောမင်းကြီးဦးစောလင်းသည် ဝိဇ္ဇာဘဝသို့ရောက်ရှိသွား၍ လာရောက် စောင့်ရှောက်လျက်ရှိသည်ဟူ၍ လည်းကောင်း၊ အဘွားလေးသည် ကောင်းမွန်ရာဘုံဘဝတစ်ခုသို့ ရောက်ရှိလျက်ရှိပြီး လာရောက်စောင့်ရှောက်လျက်ရှိသည် ဟူ၍ ဟောထားသဖြင့် မကြောက်ရွံ့ဘဲရှိခဲ့ခြင်း ဖြစ်ပါသည်။ ရုပ်ရှင်တော်မြတ်၏ဓာတ်ပုံတော်အား ပင့်ဆောင်လိုက်သော ညမှစ၍ ပြန်လည်ပေါ်ပေါက်လာခြင်းမရှိတော့ဘဲ ကွယ်ပျောက်သွားသောအခါမှ ထိုသို့ တွေ့မြင်ခဲ့ရသူတို့မှာ ဖခင်ကြီး ဦးစောလင်းနှင့် အဘွားလေးတို့ မဟုတ်နိုင်ဘဲ မကောင်းသောအရာဝတ္ထုများသာ ဖြစ်မည်ဟု တွေးယူမိပါတော့သည်။

## စာရေးသူကိုယ်တိုင် ကြုံတွေ့ရပုံ

ရှေ့ဆောင်းပါးများတွင် ဖော်ပြပါရှိသည့်အတိုင်း မန္တလေးမြို့ မဟာမုနိဘုရားကြီး နိဗ္ဗာန်ကုန်ဈေးတန်းမှ (အောင်မြင့်မြတ်) ကိုစိုးဝင်း+ မမြင့်မြင့်ဌေးတို့သည် စာရေးသူထံသို့ ပလ္လင်တော်များ နေ့စဉ်နီးပါး ပို့ဆောင်ရလျက်ရှိရာ နေ့စဉ် ဖုန်းဆက်သွယ်မှု မပြတ်တမ်း ရှိနေခဲ့ပါသည်။ လွန်ခဲ့သော (၂) နှစ်က ပလ္လင်တော်များ လှူဒါန်းကြခြင်းအကြောင်း ဆောင်းပါး သူရဿမဂ္ဂဇင်းကြီးတွင် ဖော်ပြပါရှိခဲ့ပြီးနောက် ယနေ့အချိန်တိုင် အနယ်နယ်အရပ်ရပ်မှ အောင်မြင့်မြတ် နိဗ္ဗာန်ကုန် (၀၉- ၉၁၀၃၅၉၉၁) မှတစ်ဆင့် စဉ့်ကိုင်မြို့ ရွှေကံကူအောင်မြေသို့ ပလ္လင်တော်များ ပေးပို့လှူဒါန်းလျက်ရှိနေကြသည်မှာ သာဓုခေါ်ဆို၍ မဆုံးနိုင်အောင် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါသည်။

၂၀၁၃၊ (၁) လပိုင်းခန့်က ဖြစ်ပါသည်။ စာရေးသူသည် မန္တလေးသို့သွားရန်ရှိနေစဉ် မမြင့်မြင့်ဌေးထံမှ ဖုန်းလာပါသည်။ ဟောင်ကောင်သို့ ပြန်မည့်သူတစ်ဦး ဆိုင်တွင်ရောက်ရှိနေပြီး ပလ္လင်တော် ဝယ်ယူပူဇော်နေပါသည်။ ခဏကြာလျှင် ထိုပလ္လင်တော်ကို လိုင်းကားဖြင့် စဉ့်ကိုင်သို့ပို့လိုက်မည်ဟု ပြောပါသည်။ တစ်ဖန် ဆက်၍ပြောပြန်သည်မှာ ထိုဧည့်သည်သည် ရွှေကံကူရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော်ကြီး (၁၂ × ၁၈) လက်မ တစ်ပုံကိုလည်း ဟောင်ကောင်သို့ ပင့်ဆောင်ပူဇော်သွားလိုပါ၍ စီစဉ်ပေးပါရန် ပြောနေ၍ စာရေးသူထံ ဖုန်းဆက်ရသည်ဟု ဆိုပါသည်။ ထိုအခါ စာရေးသူမှ (၃၅) လမ်း၊ ၈၂×၈၃ လမ်းကြား နိုက်(စ်) ဓာတ်ပုံတိုက်တွင် တွန်ပျူတာအတွင်း၌ ရွှေကံကူ ပုံတော်စုံ ရှိနေပါသည်၊ ပင့်ဆောင် ပူဇော်လိုသော ပုံတော်ကို ပြသကူးယူသွားပါ။ ခန့်မှန်းခြေ ညနေ (၃) နာရီလောက်တွင်တော့ ရနိုင်ပါမည်ဟု ပြောလိုက်ပါသည်။ ဧည့်သည်သည် ထိုအချိန်အထိ စောင့်၍မရတော့ကြောင်း ပြောသောအခါ ထိုသို့



www.burmeseclassic.com

www.burmeseclassic.com

ဆိုလျှင် ခေတ္တ စောင့်ဆိုင်းပေးပါ။ ခဏကြာလျှင် စာရေးသူ မန္တလေးသို့ရောက်ရှိပါမည်။ အောင်မြေတွင် အများသူငါဖူးနိုင်စေရန် ချိတ်ဆွဲထားရှိသောပုံတော်များအထဲမှ ပင့်ဆောင်ပူဇော်ခဲ့ပါမည်ဟူ၍ ပြန်လည် ပြောကြားလိုက်ပါသည်။

(ရွှေကံကူအောင်မြေသို့ ရောက်ဖူးသူတို့ သိရှိကြပါသည်။ ရွှေကံကူအောင်မြေဘုရားခန်းတွင် ရှပ်ရှင်တော်မြတ်၏ ထူးခြားသော မှတ်တမ်းပုံတော်များစွာကို အများသူငါဖူးတွေ့နိုင်စေရန် ချိတ်ဆွဲထားရှိပါသည်။ အောင်မြေသို့ ရောက်ရှိလာကြသော ဧည့်သည်များမှလည်း မကြာမကြာ ထိုပုံတော်များထဲမှ ပင့်ဆောင်လိုပါသည် ဆို၍ ဖြုတ်ပေးခဲ့ရသော အကြိမ်ပေါင်းလည်း မနည်းပါ။ ထိုသို့ ပုံတော်များ လစ်လပ်သွားလျှင် ချက်ချင်း နိုက်(စ်)သို့ ဖုန်းဆက်၍ ထိုပုံတော်များကို ကူးယူစေကာ ပြန်လည် ချိတ်ဆွဲရမြဲ ဖြစ်ပါသည်။ ထိုကဲ့သို့ လစ်လပ်သွားသော ပုံတော်များအား အချိန်မီ မချိတ်ဆွဲနိုင်လျှင် မယ်တော်ကြီးမှ စာရေးသူအား အပြစ်တင်ပြောဆိုလေ့ ရှိပါသည်။)

ထို့နောက် စာရေးသူသည် နံရံတွင် ချိတ်ဆွဲထားသော ပုံတော်များထဲမှ ရတနာများဖြင့် ရိုက်ကူးပူဇော်ထားသော ပုံတော်ကြီးကို ဖြုတ်ယူလိုက်ပြီး ဖော့အိတ်တွင်ထည့်လိုက်ပါသည်။ ဆိုင်ကယ်လက်ကိုင်တွင်ချိတ်သည်။ ပုံတော်မှာ ကြီးမားနေ၍ ဆိုင်ကယ်မောင်းလျှင် လေတိုးမည်ဖြစ်ကာ အဆင်ပြေမည်မဟုတ်ပါ။ ထို့ကြောင့် ပုံတော်ကြီးကို လက်ကိုင်နှင့် ထိုင်ခုံကြားသို့ ချလိုက်ပါသည်။ ထို့နောက် ဆိုင်ကယ်မောင်း၍ ထွက်ခဲ့ပါသည်။ စာရေးသူတို့နေအိမ်မှ ထွက်ရှိပြီး ကိုက် (၅၀၀) ခန့်အကွာ မပေါင်းပေါင်း တည်ထောင်ဖွင့်လှစ်ထားရှိသော Smily Baby အဆင့်မြင့်မူကြိုကျောင်းရှေ့သို့အရောက်တွင် ဆိုင်ကယ်လက်ကိုင်သည် ဘေးသို့ဆွဲသွားပါသည်။ ပြန်လည်တည့်မတ်၍မရပါ။ စာရေးသူ တုန်လှုပ်သွားမိပါသည်။ အရှိန်လျှော့၍ ဘရိတ်အုပ်သည့်တိုင် ဘေးသို့ဆွဲချနေသဖြင့် ခြေထောက်ကာ မနည်းရပ်လိုက်ရပါသည်။

ဆိုင်ကယ်စက်ပြန်နှိုးကြည့်သည်။ လက်ကိုင်ကို ကစားကြည့်သည်။ ဘာမှမဖြစ်ပါ။ စောစောက တစ်ဖက်သတ် ဆွဲသွားခြင်းမျိုးလည်း မဖြစ်တော့ပါ။ ပုံမှန်အနေအထားအတိုင်းရှိနေ၍ ခရီးဆက်ထွက်ခဲ့ပြန်ပါသည်။ ကိုက် (၅၀) မျှပင် ရောက်ဦးမည်မဟုတ်၊ တောင်-မြောက် ယှဉ်တွဲလျက်ရှိသော ရန်ကုန်-မန္တလေး အသွား…တစ်လမ်း၊ အပြန်တစ်လမ်း လမ်းနှစ်သွယ်ကို တွေ့ရှိပါသည်။ စာရေးသူသည် မြောက်သို့သွားရမည်ဖြစ်၍ အရှေ့ဘက်လမ်းမှသွားရမည် ဖြစ်ပါသည်။ အနောက်ဘက်လမ်းသို့ ကျော်ဖြတ်ပြီး အရှေ့ဘက်လမ်းသို့မကူးမီ ဆိုင်ကယ်က မြောက်ဘက်သို့ လက်ကိုင်ကိုဆွဲချသလို ဖြစ်ပြန်ပါသည်။ မည်သို့မျှ လက်ကိုင်ကို ဖြောင့်၍မရပါ။ လဲကျမလိုဖြစ်၍ ခြေဖြင့် မနည်းအားစိုက်ပြီး ထောက်လိုက်ရပါသည်။

ယနေ့အဖို့ရာ အတိတ် နိမိတ်မကောင်းသည့်သဘောကို ပြသခြင်းလော၊ ခရီးစဉ်ကို ဖျက်သိမ်း၍ နောက်ပြန်လှည့်ရကောင်းမည်လော။ ဆိုင်ကယ်ကိုရပ်တန့်ပြီး လက်ကိုင်ကို လှည့်ကြည့်ပြန်ရာ လက်ကိုင်မှာ ပေါ့ပါးသွက်လက်လျက်ရှိသဖြင့် စဉ်းစား၍မရနိုင်အောင်ဖြစ်ရပါသည်။ ထိုစဉ် မျက်စိအကြည့်သည် ဆိုင်ကယ်ခွကြားတွင် ထည့်ထားသော ရှပ်ရှင်တော်မြတ်၏ပုံတော်ဆီသို့ ရောက်သွားပြီး ရှပ်ရှင်တော်မြတ်သည် ဓာတ်ပုံအတွင်းမှ တစ်ခုခုကို မိန့်ကြားသယောင် ခံစားရပြီး အသိဉာဏ်သည် လင်းခနဲ ဖြစ်သွားကာ အဖြေထွက်ရှိသွားပါသည်။ ရှပ်ရှင်တော်မြတ်၏ပုံတော်သည် ဆိုင်ကယ်ခွကြားတွင်ထားရှိခြင်းဖြစ်ရာ လူထိုင်ခုံထက်နိမ့်၍နေပါသည်။ ထို့ကြောင့် အပြစ်ထိုက်မည်စိုး၍ သတိပေးသည့်အနေဖြင့် အစောင့်အရှောက်ပုဂ္ဂိုလ်များက သတိပေးသည့်သဘော ဖြစ်ပေမည်။



စာရေးသူသည် ရွှေကံကူ ဓာတ်ပုံတော်ကြီးကို လက်ကိုင် ဘက်မှန်နှစ်ခုအကြားတွင် ချထားလိုက်ပြီး ဟိုဘက်ထိပ်၊ ဒီဘက်ထိပ်မှ လက်မဖြင့် ထိန်းပြီး ဆိုင်ကယ်ကို မောင်းထွက်ကြည့်လိုက်ပါသည်။ ရဲရဲမမောင်းရဲပါ၊ ဖြည်းဖြည်းချင်းသာ စမ်း၍ မောင်းကြည့်လိုက်ပါသည်။ ထူးဆန်းလှပါသည်၊ ဆိုင်ကယ်သည် ဘာမှမဖြစ်ပါ။ အမှန်တော့ ယခုအတိုင်း မောင်းနှင်ရသည်မှာ လွတ်လပ်မှုမရှိပါ။ လက်ကိုင်ကိုင်ရင်း ပုံတော်ကို လက်ဖြင့်ထိန်းရသည်မှာ မလွယ်ကူပါ။ လေလှန်၍ ပုံတော် လွင့်ပါသွားလျှင် ဟန်ချက်ပျက်ကာ အန္တရာယ်ရှိနိုင်ပါသည်။ သို့သော်လည်း စာရေးသူသည် မန္တလေးမြို့ အောင်မြင့်မြတ် နိဗ္ဗာန်ကုန်ဆိုင်သို့ ချောချောမောမော ရောက်ရှိသွားခဲ့ပါသည်။

စာရေးသူ အောင်မြင့်မြတ်သို့ ရောက်သောအခါ ပောင်ကောင်သွားမည့်ဧည့်သည်မှာ အခြား စီစဉ်စရာများရှိ၍ အပြင်ထွက်သွားနှင့်ပြီး ခဏကြာမှ ပြန်လည်လာရောက်ကာ ဤပုံတော်ကို ပင့်ဆောင်ပါမည်၊ ပုံတော်ဖိုးပေးထားခဲ့ပါသည်ဟု မမြင့်မြင့်ဌေးမှ ပြောပါသည်။ စာရေးသူလည်း လမ်းတွင်တွေ့ကြုံခဲ့ရသည်တို့ကို မမြင့်မြင့်ဌေးကိုပြောပြလိုက်ပါသည်။ ဤပုံတော်ကို ပင့်ဆောင်မည့်သူမှာ ကံကောင်းပါသည်။ ဤပုံတော်တွင် ရှပ်ရှင်တော်မြတ်၏တန်ခိုး သိဒ္ဓိတော်များ ပါဝင်လျက်၊ ကိန်းအောင်းလျက် ရှိပါသည်။

ဤနေရာတွင် စာရေးသူ သတိပြုမိခဲ့သောအချက်တစ်ချက်မှာ ရှပ်ရှင်တော်မြတ်၏ ပုံတော်များ အားလုံးမှာ



www.burmeseclassic.com

www.burmeseclassic.com

ဓာတ်ပုံတိုက်မှ တူညီသောဓာတ်ပုံနည်းပညာဖြင့်ကူးယူခဲ့သော ပုံတော်များသာ ဖြစ်သော်လည်း အောင်မြေတွင် ရှည်ကြာစွာ အပူဇော်ခံထားသော ပုံတော်များနှင့် ဓာတ်ပုံဆိုင်မှ ချက်ချင်းကူးယူသွားသော ပုံတော်များတို့ တန်ခိုးသိဒ္ဓိ တူညီမှုမရှိကြောင်း တွေ့ရှိရပါသည်။ အောင်မြေတွင် ကာလရှည်ကြာစွာအပူဇော်ခံထားရှိသော ပုံတော်များမှာ ပို၍ သိဒ္ဓိဓာတ်များ ကိန်းအောင်းလျက် ရှိကြောင်း တွေ့ရှိရပါသည်။

အထက်ပါအဖြစ်အပျက်တို့သည်ကား စာရေးသူကိုယ်တိုင် တွေ့ကြုံခဲ့ရသော ရွှေကံကူဓာတ်ပုံတော်၏ ထူးခြားမှုများပင် ဖြစ်ပါသည်။ ထိုနေ့ ထိုအချိန်မှစတင်၍ စာရေးသူလည်း ဒါကတော့ ဓာတ်ပုံပဲ ဟူ၍ ရုပ်ရှင်တော်မြတ်၏ပုံတော်များကို ပေါ့ပေါ့ဆဆ မပြုလုပ်ရဲတော့ပါ။ အလေးအနက်ထားကာ ကိုင်တွယ်ပူဇော်မှု ပြုခဲ့ရပါတော့သည်။

(ဤဆောင်းပါးရေးသားနေဆဲမှာပင် ဤအဖြစ်အပျက်ကို ကြုံတွေ့ရပြန်၍ ဖြည့်စွက်ချက်အဖြစ် ဖော်ပြအပ်ပါသည်။)

ဖြစ်စဉ်မှာ စာရေးသူ၏ရှေ့ပိုင်းဆောင်းပါးများတွင် ရုပ်ရှင်တော်မြတ်အား မော်လိုက်မြို့မှ အစ်ကိုကြီး ဦးမောင်မောင်မှ ပေးပို့ခဲ့သည်ဟု ပါရှိခဲ့ပါသည်။ ထို့နောက်ပိုင်းကာလထိ အစ်ကိုကြီးသည် မော်လိုက်မြို့တွင် နေထိုင်ခဲ့သော်လည်း ၂၀၀၇ ခုနှစ်တွင် အစ်ကိုကြီး၏သမီးငယ် (အစ်ကိုကြီးတွင် သမီးနှစ်ယောက်သာ ထွန်းကားသည်။) လဲ့လဲ့ဝိုင်း၏ခင်ပွန်း ဗိုလ်ကြီးထွန်းထွန်းလွင် (စကခ-၁၈-ကလေးမြို့) သည် ဗိုလ်မှူးအဆင့်သို့ ရာထူးတိုးမြှင့်ခံရပြီး ကယားပြည်နယ် ဘော်လခဲမြို့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသောအခါ အစ်ကိုကြီးနှင့် အစ်ကိုကြီး၏ဇနီးဒေါ်ညွန့်ရီတို့ လိုက်ပါသွားရပါသည်။ ၂၀၁၀ ပြည့်နှစ်တွင် မိုင်းဖြတ်မြို့သို့ ပြောင်းရွှေ့ကြရပြန်ပါသည်။ ထို့နောက် ၂၀၁၂၊ (၉) လပိုင်းတွင် မန္တလေးမြို့ နန်းတွင်းရှိ (၁၂၁) ထောက်/ပို့တပ်ရင်းသို့ မော်တော်ယာဉ်မှူးတာဝန်ဖြင့် ပြောင်းရွှေ့ရောက်ရှိလာပါသည်။

၂၀၁၃၊ မတ်လတွင် အစ်ကိုကြီးတို့သည် ဟွန်ဒါကားလေးတစ်စီး အကြွေးရသဖြင့် ဝယ်ယူလိုက်ပါသည်။ ထိုကားလေးအား အန္တရာယ်ကင်းရှင်းစေရန် စာရေးသူတို့ ရွှေကံကူအောင်မြေသို့ ခေတ္တမျှ ပို့ထားစေလိုသည်ဟု အစ်ကိုကြီးတို့မှ ပြောကြားသဖြင့် စာရေးသူ၏ အစ်ကိုတစ်ယောက်ဖြစ်သော ကိုဝင်းကိုမှ သွားရောက် ယူဆောင်ခဲ့ပါသည်။

အောင်မြေသို့ ရောက်ရှိသောအခါ (၃) ကြိမ်ဦးတိုက်ပြီးနောက် စာရေးသူမှ ရုပ်ရှင်တော်မြတ်၏ပုံတော် (၅) ပုံကို ကားခေါင်းအတွင်းဝင်၍ မှန်တွင် စတေကာဖြင့် ကပ်ပါသည်။ ထို့နောက် မယ်တော်ကြီး၏ပရိတ်ကြိုးများကို စီယာတိုင်နှင့် လက်ကိုင်ကွင်းတို့၌ ချည်နှောင်ပါသည်။

စာရေးသူ၏ ဘဝတစ်သက်တာတွင် တစ်ကြိမ်တစ်ခါမျှ ကားမမောင်းဘူးခဲ့ပါ။ သင်ရန်လည်း စိတ်ကူးမရှိ၊ ဝါသနာလည်းမပါဟု ဆိုနိုင်ပါသည်။ ဘူတစ်ပါး၏ကားများဖြင့်လည်း ကားမောင်းမသင်လိုပါ။ အားနာ၍ဖြစ်ပါသည်။ ယခုမူ (၉-၉-၂၀၁၃) ဗုဒ္ဓပူဇနီယပွဲတော်နေ့၌ ရန်ကုန်မြို့ စစ်တောင်းရိပ်မွန် ယုဇနလမ်း၊ တိုက် (၃၉)၊ အခန်း (၀၀၁) နေ ကိုသန်းအောင်+မခင်စိုးသူ (ကြံ့တိုင်းအောင် ဆောက်လုပ်ရေး) မိသားစုမှ TOYOTA SURSS အမျိုးအစားလှူဒါန်းတော့မည်ဖြစ်ရာ စာရေးသူမှာ ကားမောင်းတတ်ရန် လိုအပ်လာပြီဖြစ်ပါသည်။ ထို့ကြောင့် ထိုည (၂၈-၃-၂၀၁၃) က စာရေးသူ၏ တစ်သက်တာတွင် ပထမဦးဆုံးအကြိမ်အဖြစ် အစ်ကိုကြီးတို့၏ကားကို စမ်းမောင်းကြည့်ပါသည်။ အော်တိုဂီယာဖြစ်သောကြောင့်လည်း ယခုကဲ့သို့ အလွယ်တကူ တတ်မြောက် မောင်းနှင်နိုင်ခြင်းလည်း ဖြစ်ပါသည်။

နောက်တစ်နေ့တွင် စာရေးသူသည် စဉ့်ကိုင်မြို့မှ မိုင် (၄၀) ကျော်ကွာဝေးသော မြို့သာမြို့ ရှင်မထီးအောင်မြေအထိ မောင်းသွားလိုက်ပါသည်။ မြို့သာလမ်းသည် ယခုအချိန်၌ ကတ္တရာလမ်းဖြစ်နေပြီ မှန်သော်လည်း အကွေ့အကောက်၊ အတက်အဆင်းများ ပေါများလှပြီး ရှင်မထီးအောင်မြေသို့ အဝင်လမ်းမှာ လှည်းလမ်းကြောင်း လမ်းကျဉ်းကလေးမျှသာ ဖြစ်ပါသည်။ သို့သော် တစ်စုံတစ်ရာ ထိခိုက်မှုမရှိဘဲ ချောချောမောမော ရောက်ရှိသွားသည်မှာ အံ့ဩဖွယ်ကောင်းလှပါသည်။

နောက်တစ်နေ့တွင် စဉ့်ကိုင်မှ တံတားဦးလေဆိပ် လမ်းဆုံ၊ ထိုမှ ခရိုင်ချင်းဆက်လမ်းအတိုင်း ပြင်စည်အထိ မိုင် (၄၈) ကျော် မောင်းသွားပြန်ပါသည်။ စာရေးသူတစ်ယောက်တည်းတော့ မဟုတ်ပါ။ စာရေးသူ၏အစ်ကို ကိုဝင်းကို နံဘေးမှလိုက်ပါ၍ လိုအပ်သလို ပြောပြနေခြင်းတော့ ရှိပါသည်။ ဤခရိုင်ချင်းဆက်လမ်းမှာလည်း ကတ္တရာလမ်းပင် ဖြစ်သော်လည်း လမ်းမှာ ပို၍ ကျဉ်းမြောင်းပါသည်။ တံတားများမှာ လမ်းထက်ပင် ပိုကျဉ်းပါသေးသည်။ ချောင်းများကို (၆) ကြိမ်ဖြတ်ရပြီး တံတားမရှိပါ။ သဲချောင်းများကို ဖြတ်ရပါသည်။ ရေကျော်မရှိ၊ လမ်းဟူ၍မရှိပါ။ အဆင်း၊ အတက်တို့က မတ်စောက်ပြီး လမ်းမှာ ညီညာချောမွေ့ ဖြောင့်မတ်ခြင်းမရှိ။ လိမ်တက်၊ လိမ်ဆင်းများဖြစ်၍ အန္တရာယ်များလှပါသည်။ တစ်နေရာတွင် တံတားမှာ ပျက်စီးလျက် ရှိပါသည်။ လမ်းလွှဲမှမောင်းရန်လည်း ချိုင့်ခွက်နှင့် ကမူများ ကြီးမား၍ ကား၏ဝမ်းဗိုက်နှင့် လွတ်မည်မထင်ပါ။ တံတားပေါ်ရှိ အခင်းပြားများမှာလည်း ကားလေးတစ်ခွင်စာသာ ရှိပါသည်။ သို့သော် စာရေးသူသည် ရုပ်ရှင်တော်မြတ်၏ပုံတော်များကို အာရုံပြုပြီး စိတ်ကိုတည်ငြိမ်စေလိုက်တာ အောင်မြင်စွာ ဖြတ်ကျော်လိုက်ပါသည်။

**အမရပူရမြို့မှ ဆရာလေး ဒေါ်သီရိစန္ဒာ ကြုံတွေ့ရပုံ**

ရုပ်ရှင်တော်မြတ်သည် ၂၈-၇-၂၀၀၇ နေ့တွင် အမရပူရမြို့ လေးစုရပ်နေ ဦးသန်းထွန်း + ဒေါ်နုနုနိုင်တို့၏နေအိမ်မှ ပင့်ဆောင်ပူဇော်ပါသည်။ ထိုသို့ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ရာ၌ ၎င်းတို့ကိုးကွယ်သော ဆရာလေး ဒေါ်သီရိစန္ဒာကို ဦးဆောင်ဦးရွက်ပြုစေပါသည်။ ဆရာလေး ဒေါ်သီရိစန္ဒာသည် စာသင်တိုက်များနှင့် အခြား သီလရှင်ကျောင်းများတွင် နေထိုင်ခြင်း မပြုပါ။ အမရပူရမြို့ ဆင်စွယ်ပွတ်ရပ်ကွက် (တောင်သမန်အင်း၏အနောက်မြောက်ထောင့်) မင်္ဂလာတိုက်ဟောင်း (မိုးကုတ်ဝိပဿနာဆရာတော်ကြီး သီတင်းသုံးတော်မူသွားသည်မှာ မင်္ဂလာတိုက်သစ်ကျောင်း ဖြစ်ပါသည်။) ၏ အရှေ့ဘက်ကပ်လျက် တစ်တန်းတည်းတွင်ရှိသော မုံတောကျောင်း (ကိုယ်ပိုင်ကျောင်း)တွင် ဆရာလေးဒေါ်ကုသလနှင့် နှစ်ပါးတည်း နေထိုင်ကာ ၎င်း၏ စရဏကျင့်စဉ်များကိုပွားများအားထုတ်ပြီး ခုနစ်ရက်သား



www.burmeseclassic.com

www.burmeseclassic.com

သမီးများကို ကူညီကယ်တင်ရင်း သာသနာပြုလျက် ရှိပါသည်။

ဆရာလေးသည် နှစ်ပတ်လည် မြန်မာနိုင်ငံအနှံ့တွင် သာသနိက အဆောက်အအုံများ, စေတီ, ပုထိုး, လမ်းတံတားများ အသစ်ဆောက်လုပ်ခြင်း၊ အဟောင်းပြုပြင်ခြင်း စသည်တို့တွင် ကုသိုလ်ပါဝင်လျက်ရှိသူ ဖြစ်ပါသည်။

ဆရာလေးသည် ရုပ်ရှင်တော်မြတ်ကို ဖူးတွေ့ရသောအခါ အထူးပင် ကြည်ညိုရကား ဦးသန်းထွန်း + ဒေါ်နုနု တို့၏နေအိမ်တွင် ရုပ်ရှင်တော်မြတ် ကြွမြန်းတော်မူနေသောရက်များတွင် ရုပ်ရှင်တော်မြတ်၏ရှေ့မှောက်မှ မခွာနိုင်အောင် ဖူးမြော်ကြည်ညို၍မဝဘဲ ရှိနေပါသည်။ ရုပ်ရှင်တော်မြတ်သည် ၎င်းနေအိမ်မှာပင် ပလ္လင်တော်ပေါ်မှ တန်ခိုးတော်ဖြင့် စိပ်ပုတီးပေါ်သို့ ကြွမြန်းသွားတော်မူသောအခါ ဆရာလေးမှာ ပို၍ပင် ကြည်ညိုမဆုံး ဖြစ်ရပါသည်။

ရုပ်ရှင်တော်မြတ် အမရပူရမြို့မှ ပြန်လည် ကြွမြန်းသွားတော်မူသောအခါ ဆရာလေးသည် ရုပ်ရှင်တော်မြတ်၏ ပုံတော်တစ်ပုံကို ပင့်ဆောင်ပူဇော်ထားရှိလိုက်ပါသည်။ ထိုစဉ်က မင်္ဂလာတိုက်ဟောင်း ဆရာတော်ကြီး ပျံလွန်တော်မူခြင်းမရှိသေးပါ။ ထိုမင်္ဂလာတိုက်ဟောင်း ကျောင်းဝင်းထဲတွင် 'မင်္ဂလာစေတီ' (ဉာဏ်တော် ၂၇ တောင်ခန့်) ဟူ၍ ဘွဲ့တော်သမုတ်အပ်သော ထူးခြားသော စေတီတော်တစ်ဆူလည်း ရှိပါသည်။ ထိုစေတီသည် အမရပူရမြို့ တည်စဉ်က အောင်အတိတ် အောင်နိမိတ်ကို ဆောင်ရန်အတွက် ဘိုးတော်ဦးဝိုင်းမှ တည်ထားခဲ့ခြင်း ဖြစ်ပါသည်။ နှစ်ပေါင်း (၂၀၀) ကျော် ကြာမြင့်ခဲ့ပေပြီ။ သို့သော် နှောင်းလူတို့သည် ပြန်လည်ပြုပြင်ခြင်း မရှိပါ။ စေတီတော်မှာလည်း နှစ်ပေါင်းများစွာ နေဒဏ်၊ လေဒဏ်၊ ငလျင်ဒဏ်နှင့် ပိုးမွှားဒဏ်တို့ ခံစားခဲ့ရသော်လည်း ပျက်စီးယိုယွင်းခြင်း မရှိပါ။ ထို့ကြောင့် အလျှဉ်းသင့်သောကုသိုလ်ရှင်တို့မှ နှစ်စဉ် ထုံးသင်္ကန်းများကိုသာ အထပ်ထပ် အလှယ်လှယ် ကပ်လှူပူဇော်ခဲ့ကြခြင်းသာ ရှိခဲ့ပါသည်။

စေတီတော်တွင် ခြသေ့ရုပ်တု မရှိပါ။ အခြားသော ကနုတ်၊ ပန်းနွယ်ပန်းခက် စသည်ဖြင့်လည်း မပါရှိသောကြောင့် ရှင်းရှင်းကြီး ဖြစ်နေပါသည်။ ထိုအခါ ဆရာလေး ဒေါ်သီရိစန္ဒာသည် စေတီတော်အား မြိုင်မြိုင်ဆိုင်ဆိုင်ကြည်ညိုသပ္ပာယ်စွာ လူအများတို့ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဂြိုဟ်ပြေနံ့ပြေ အဖြစ်ပါ ပူဇော်နိုင်ရန် မုခ်နှစ်ခု ဖြည့်သွင်း တည်ဆောက်ကာ ရုပ်ပွားတော်နှစ်ဆူပူဇော်ထားရှိလိုပါကြောင်း ဆရာတော်ဘုရားကြီးကို လျှောက်ထား၍ ခွင့်ပြုခွင့် ရယူပါသည်။ ဆရာတော်ကြီးမှလည်း နှစ်သက်စွာ လိုက်လျောခွင့်ပြုတော်မူသဖြင့် ဆရာလေးဒေါ်သီရိစန္ဒာသည် ဉာဏ်တော် နှစ်ပေခန့်ရှိသော ဗုဒ္ဓရုပ်ပွားတော် (၈) ဆူကို ငွေကြေးစုဆောင်းရင်း တဖြည်းဖြည်းပင့်ဆောင်ရာ ဆရာလေး၏တပည့်များမှလည်း ထည့်ဝင်သဖြင့် မကြာမီ ရုပ်ပွားတော် (၈) ဆူ ပြည့်စုံသွားပါသည်။

ဆရာလေးသည် ငွေရေးကြေးရေး အခြေအနေအရ ရုပ်ပွားတော်များ စုဆောင်းပြီးမှသာ မုခ်များကို ပြုလုပ်ရမည်ဖြစ်၍ လောလောဆယ်တွင် ဂြိုဟ်ပြေနံ့ပြေ ရုပ်ပွားတော်များကို ဆရာလေး၏ကျောင်းကလေးထဲရှိ ဘုရားဆောင်မှာပင် ခေတ္တ အပူဇော်ခံထားရှိရပါသည်။ ရုပ်ရှင်တော်မြတ်၏ဓာတ်ပုံတော် ပင့်ဆောင်ပူဇော်ခဲ့သောအချိန်တွင် ဂြိုဟ်ပြေနံ့ပြေရုပ်ပွားတော်များ ဆရာလေး၏ကျောင်းသို့ ရောက်ရှိနေပြီ ဖြစ်ပါသည်။ ဆရာလေးသည် ပင့်ဆောင်လာသော ရွှေကံကူပုံတော်အား ဂြိုဟ်ပြေနံ့ပြေဘုရားတစ်ဆူ၏ ရင်ခွင်ထဲတွင် မည်သည့်သဘောကြောင့်မျှ မဟုတ်ဘဲ အလျှဉ်းသင့်သလို ထားရှိလိုက်ခြင်း ဖြစ်ပါသည်။

တစ်နေ့တွင် ဆရာလေးသည် သာသနာပွဲတင်လှူပါသည်။ မည်သည့်ရုပ်ပွားတော်ကိုမျှ မရည်ရွယ်ပါ။ သက်တော်ထင်ရှား ဂေါတမဘုရားရှင်အား ရည်မှန်း၍ ကိုယ်တော်မြတ်ကြီး ထားရှိတော်မူခဲ့သော သာသနာတော်ကြီး အနှစ်ငါးထောင် တည်ပါစေသော်ဟု ဆန္ဒပြု၍ တင်လှူခြင်း ဖြစ်ပါ၏။ ငှက်ပျော (၅) ဖီးပွဲတွင် ပန်းများသာမက ပန်းသီး၊ လိမ္မော်သီးများကိုပင် ငှက်ပျောသီးများ အကြားတွင် ညှပ်၍ လှူပါသေးသည်။ ပွဲအပ် ပွဲလှူပြီးသောအခါ ဧည့်ခန်းတွင် ဧည့်သည်ရောက်နေသည်ဟု ဒေါ်ကုသလမှ လာပြောသဖြင့် ဧည့်ခန်းသို့ ထွက်လာခဲ့ပါသည်။ ဆရာလေး၏ကျောင်းပုံစံမှာ (၂) ပင် (၂) ခန်း ဖြစ်ပြီး ဘုရားခန်းမှာ တစ်တောင်ခန့်ကြမ်းမြင့်ဖြစ်၍ ကျန်အခန်းမှာ မြေစိုက် ဖြစ်ပါသည်။ ထိပ်တွင်အဖီပါရှိကာ ဧည့်ခန်းအဖြစ် ထားရှိပါသည်။ ထိုဧည့်ခန်းနှင့် ဘုရားခန်းတွင် ထရံခြား၍နေပါသည်။

ဆရာလေးသည် ဧည့်သည်နှင့် တွေ့ဆုံပြီး ထွေရာလေးပါး စကားများ ပြောဆို၍နေပါသည်။ ထိုစဉ် ဘုရားခန်းအတွင်းမှ သစ်သီးများပြုတ်ကျသံကြားလိုက်ရာ ကြောင်သည်ကြွက်ဖမ်းရင်းနှင့် ပွဲတွင်လှူဒါန်းထားသော သစ်သီးများကို တိုက်ချပြီဟူ၍ထင်ကာ ဘုရားခန်းအတွင်းသို့ ဝင်ကြည့်လိုက်ပါသည်။ မည်သည့်ကြောင်ကိုမျှ မတွေ့သဖြင့် ကန်တော့ပွဲဆီသို့ ကြည့်လိုက်ရာ ထူးဆန်းလှပါသည်။ တစ်လံသာသာခန့် ရှည်လျားမည့် ရွှေဝါရောင်အဆင်းရှိသော မြွေကြီးသည် ကန်တော့ပွဲကို ရစ်ပတ်လျက် ရုပ်ရှင်တော်မြတ်၏ဓာတ်ပုံတော်ကို ဖူးမြော်လျက်ရှိသည်ကို ထူးဆန်းစွာ တွေ့ရှိရပါသည်။ ဆရာလေး၏ အာမေဋိတ်သံကြောင့် ဧည့်သည်များလည်း ရောက်ရှိလာ၍ မြွေကြီးကို ကြည့်ကြပါသည်။ ခဏကြာလျှင် မြွေကြီးသည် အောက်သို့လျှော၍ဆင်းသွားပါသည်။

ထိုသို့ဖြစ်ပေါ်ပြီးသော နောက်တစ်နေ့တွင် ရုပ်ရှင်တော်မြတ်၏ဓာတ်ပုံတော် တင်ဆောင်ထားသော ကျောက်ဆင်းတု ရုပ်ပွားတော်သည် ဘေးတစောင်းအနေအထား လှည့်ပြောင်း ကြွတော်မူလျက်ရှိသည်ကို တွေ့ရပါသည်။ ဆရာလေးသည် ဒေါ်ကုသလနှင့် အတူနေ ဒေါ်လေးတို့ကို ခေါ်ယူ၍ ဤကျောက်ဆင်းတုကိုယ်တော်ကို မည်သူလှည့်သနည်းဟု မေးမြန်းရာ မည်သူမျှ မလှည့်ပါဟု ဖြေကြပါသည်။ တကယ်တော့ ကျောက်ဆင်းတု ရုပ်ပွားတော်များမှာ အလေးချိန်တော်တော်များပါသည်၊ မိန်းမသားများအနေနှင့် ကိုင်မြှောက်၍လှည့်ရန် လွယ်ကူသော အလုပ်တော့ မဟုတ်ပါ။ ထိုနောက်ရက်များတွင်လည်း ထိုရုပ်ပွားတော်မှာ နေ့စဉ် မဟုတ်သော်လည်း မကြာမကြာ ရက်ခြား၍ အရပ်မျက်နှာလှည့်ပြောင်း ကြွမြန်းတော်မူလျက် ရှိပါတော့သည်။ ထိုစဉ်ကလည်း ဆရာလေးသည် ထိုအကြောင်းကို စာရေးသူတို့ထံဖုန်းဆက်၍ အကြောင်းကြားခဲ့ပါသေးသည်။ ထို့နောက် (၆) လခန့်အကြာတွင် ဂြိုဟ်ပြေနံ့ပြေမုခ်များ ပြီးစီးပြီဖြစ်၍ ကျောက်ဆင်းတုရုပ်ပွားတော်များကို ပင့်ဆောင်

www.burmeseclassic.com

www.burmeseclassic.com

နေရာချထားပါသည်။ ထူးခြားသော ဆိုင်မှုဟု ဆိုရပေမည်။ ရုပ်ရှင် မြတ်၏ဓာတ်ပုံတော်မှ တစ်ဆင့် တော် ကူးလူးသွားသော ထိုရုပ် တော်မှာ ဗုဒ္ဓဟူးနံမုခ်တွင် သီတင်း တော်မူခြင်း ဖြစ်ပါသည်။ ရွှေကံကူ ဗုဒ္ဓဟူးနံဖြစ်၍ ဗုဒ္ဓဟူးနံကျသော တော်တွင် ရွှေကံကူဓာတ်ပုံတော် ရှိရပြီး တန်ခိုးတော်များကူးသွား ဖြစ်ပါသည်။

ယခုခေတ်တွင် နှစ်တောင်ခန့် တော်ရှိ စကျင်ကျောက်ဆင်းတု တော်တစ်ဆူ၏တန်ဖိုးမှာလည်း မသေး ပါ။ ဗုဒ္ဓ၏အဆုံးအမ၌ တည်သူတို့ မိမိတို့၏ချွေးနှဲ့စာကလေးများကို ကိုယ်တိုင် မစားရက်၊ မသောက်၊ စုဆောင်းပြီး ရက်ရက်ရောရော ဒါန်းကြသော်လည်း မသမာသူတို့ ကား ငရဲကိုမကြောက်ကြပါ။ ငွေရ ဆိုပါက နည်းသည်ဖြစ်စေ၊ များ ဖြစ်စေ မည်သည့်အမှုကိုစွမဆို လွန်ကြမည်သာ ဖြစ်ပါ၏။ ထို့ ကြောင့် ကျောက်ဆင်းတု ရုပ်ပွားတော် ကို အလွယ်တကူ ခိုးယူမှုမပြုနိုင်စေ ရုပ်ပွားတော်၏ အောက်ခံပလ္လင် တော် (၃) ပုံ (၁) ပုံ ခန့်ကို အင်္ဂတေ တွင် ထည့်မြှုပ်၍ ပူဇော်ထားရှိပါသည်။

ထိုနေ့ ညနေက ရုပ်ပွားတော်များ ကို ဆိုင်ရာမုခ်များတွင် နေရာချထားပြီး သဖြင့် ပန်းရန်ဆရာများက ဆရာ လေးအား သွားရောက်ကြည့်ရှုပြီး လို အပ်မှုများရှိကပြောကြားပါရန် လျှောက် ထားပြီးပြန်သွားကြပါသည်။ ဆရာလေး လည်း ထိုနေ့ညနေက အလုပ်မအား သဖြင့် နောက်တစ်နေ့ မနက်မှ သွား ရောက် ကြည့်ရှုဖူးမြော်ရာ ထူးဆန်းအံ့ ဖွယ်မြင်ကွင်းကို တွေ့ရှိလိုက်ရပါ သည်။ ရုပ်ပွားတော်ခုနစ်ဆူတို့သည် နေ သားတကျရှိနေသော်လည်း ဗုဒ္ဓဟူးနံရုပ် ပွားတော်မှာ အရုပ်မျက်နှာပြောင်းလှည့် တော်မူထားသဖြင့် အင်္ဂတေတို့ကွဲအက် လျက်ရှိသည်။ ထို့ကြောင့် ပန်းရန်ဆရာ တို့ကို ခေါ်ယူပြသလိုက်ပါသည်။ ပန်းရန် ဆရာတို့က မိမိတို့သည် သေသေချာချာ ပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်၊ ယခုလည်း ဆရာလေး၏ရှေ့မှောက်မှာပင် ပြုလုပ်ပါ မည်ဟုဆိုကာ အင်္ဂတေတွင် ဘိလပ်မြေ များများထည့်ပြီး အချောကိုင်၍ပေးခဲ့ပါ သည်။ နောက်တစ်နေ့နံနက်တွင် ဆရာ လေးသည် စောစောစီးစီးပင် သွားရောက် ဖူးမြော်ရာ ယမန်နေ့ကကဲ့သို့ပင် ရုပ်ပွား တော်သည် အရုပ်မျက်နှာလှည့်ပြောင်း နေပြန်သဖြင့် အင်္ဂတေတို့ ကွဲအက်၍နေ ပြန်ပါသည်။

ဤသို့ဆိုလျှင် ရုပ်ပွားတော်မြတ် ၏အောက်ခြေကို အင်္ဂတေ မလောင်း သင့်၊ အရုပ်မျက်နှာ ပြောင်းလှည့်တော် မူခြင်းအား ဟန့်တားသကဲ့သို့ လည်း ကောင်း၊ ချုပ်နှောင်သကဲ့သို့ လည်း ကောင်း အဓိပ္ပာယ်သက်ရောက်နေပေ သည်။ ဆရာလေးသည် ထိုသို့တွေးမိ သဖြင့် ထိုဘုရား၏ဒါယကာ အလှူရှင် ကို ရုပ်ပွားတော်အား အင်္ဂတေဖြင့် ထပ် မံမပြုစေလိုကြောင်း ပြောပါသည်။ သို့ သော် ထိုအလှူရှင်သည် ပို၍ ခိုင်မာ အောင် အင်္ဂတေလောင်းလျှင် ရုပ်ပွား တော်သည် ရွေ့လျားနိုင်တော့မည် မဟုတ်၊ ဤအတိုင်းထားလျှင်လည်း (၈) ဆူစလုံး ညီညီညာညာမဖူးရဘဲ ရှိမည် ဟု ယူဆပါသောကြောင့် ထပ်မံ၍ အင်္ဂ တေလောင်းစေပြန်ပါသည်။ ဤတစ် ကြိမ်တွင်တော့ ရုပ်ပွားတော်မြတ်သည် အရုပ်မျက်နှာလှည့်ကြွတော်မူခြင်း မပြု တော့ပါ။ ငြိမ်သက်သွားပါသည်။ သို့ သော် ထိုသို့ပြုလုပ်စေသူ ဘုရားဒါယ ကာသည် ထို့ကြောင့်ပေလော၊ တိုက် ဆိုင်မှုပေလော မည်သို့ပြောရပါမည် နည်း။ ထိုဒါယကာသည် နိုင်ငံ့ဝန်ထမ်း တစ်ဦးဖြစ်ပါ၏။ မမျှော်လင့်ပါဘဲ အမှု အခင်း ကြုံတွေ့ရပါတော့သည်။ ဒါယ ကာသည် ဆရာလေးပြောသောစကား တို့ကို ပြန်လည် သတိရလာကာ ထိုရုပ် ပွားတော်ကိုလည်း မြင်ယောင်လာသ ဖြင့် အလျင်အမြန်ပင် ရုပ်ပွားတော်မြတ် အား မလှုပ်ရှားနိုင်အောင် ညှပ်၍ လောင်းထားသော အင်္ဂတေတို့ကို ပြန် လည် ခွာထုတ်စေလိုက်ပါသည်။ ထိုအ တောအတွင်းမှာပင် ၎င်းဒါယကာသည် လည်း ကြုံတွေ့နေရသော ပြဿနာ အရှုပ်အထွေးများမှ လွတ်မြောက်ကာ ရာထူးများပင် တိုးတက်၍သွားပါသည်။

အထက်ပါအဖြစ်အပျက်တို့သည် ကား ၂၀၀၇ ခုနှစ်ကဖြစ်ရာ ယခု ဤစာ ရေးသားချိန် ၂၀၁၃ ခုနှစ်တွင် (၆) နှစ်မျှ ကြာမြင့်ခဲ့ပြီ ဖြစ်ပါသည်။ စာရေးသူ သည် ဤဆောင်းပါးကို ရေးမည်ပြု သောအခါ ပိုမို သေချာတိကျစေလို၍ ၉-၄-၂၀၁၃ နေ့တွင် အမရပူရမြို့သို့ သွားရောက်ပြီး ဆရာလေးဒေါ်သီရိစန္ဒာ အား ပြန်လည်မေးမြန်းခဲ့ခြင်း ဖြစ်ပါ သည်။ စာရေးသူနှင့်ဆရာလေးတို့ အ ဆက်အသွယ် ပြတ်သွားသည်မှာ (၃) နှစ်ခန့်ရှိပြီ ဖြစ်ပါသည်။ စာရေးသူ ရောက်သွားသောအခါ ဆရာလေး၏ ကျောင်းကလေးမှာလည်း ပြောင်းလဲတိုး တက်၍နေချေပြီ။ မူလကျောင်းကလေး ကို တံတားဦးမြို့နယ်ရှိ ဒုတ်လမ်းဘုရား ကျောင်းတွင် ကမ္မဋ္ဌာန်းကျောင်းအဖြစ် ပြောင်းရွှေ့ ဆောက်လုပ်လှူဒါန်းလိုက်ပြီး ထိုနေရာကလေးမှာပင် အာစီနှစ်ထပ် ကျောင်းဆောင် ဆောက်လုပ်၍နေပါ သည်။

စာရေးသူမှ ရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော်မှတစ်ဆင့် တန်ခိုးတော်ထူး ခြားမှုဖြစ်ပေါ်သော ကျောက်ဆင်းတု ရုပ်ပွားတော်အကြောင်း ပြန်လည် ပြော ပြပါရန် မေတ္တာရပ်ခံလိုက်ရာ ဆရာ လေးသည် အထက်ပါအကြောင်းအရာ တို့ကို အပြည့်အစုံ ပြန်လည်ပြောပြပါ သည်။ မင်္ဂလာတိုက်ဟောင်းဆရာတော် ကြီးသည် ဘဝနတ်ထံပျံလွန်တော်မူခဲ့ သည်မှာ (၂) နှစ်ကျော်ပြီဟု သိရပါ သည်။ ပြီးခဲ့သောနှစ်က ဆရာလေးသည် နှစ်ပေါင်း (၂၀၀) ကျော်အတွင်း ပြုပြင် ခြင်း၊ တိုးချဲ့ခြင်းမရှိခဲ့သေးသော မင်္ဂလာ စေတီတော်ကို အင်္ဂတေအဟောင်းများ ခွာချပြီး ပြန်လည်ပြုပြင်ကာ ရွှေပန်းအိုး၊ ငွေပန်းအိုးများပင် ဖြည့်စွက်လှူဒါန်းကာ စေတီလုံးပတ်တော်ကို ရွှေဆေးသက်န်း ကပ်လှူလိုက်ပါပြီ။ အာရုံခံတန်ဆောင်း လည်း ဆောက်လုပ်လှူဒါန်းလိုက်ပြီဟု သိရပါသည်။

မင်္ဂလာစေတီတော်မြတ်၏ ဗုဒ္ဓပူ ဇနီယပွဲတော်ကိုလည်း ဆရာလေးမှ ဦး စီး၍ ကျင်းပပြုလုပ်ခဲ့သည်မှာ (၇) နှစ် ပင်ရှိခဲ့ပြီဖြစ်ကြောင်း ပြောပြပါသည်။ ထို့ ထက် ပို၍ ထူးခြားသည်မှာ ရွှေကံကူ ဓာတ်ပုံတော်မှတစ်ဆင့် တန်ခိုးတော် များ ကိန်းအောင်းတော်မူခဲ့သော ကျောက်ဆင်းတုရုပ်ပွားတော်မှာ ယခု ထက်တိုင် အရုပ်မျက်နှာများ ပြောင်းလဲ ကြွမြန်းတော်မူဆဲပင် ရှိကြောင်း သိရပါ သည်။

ထူးခြားလှသော ထိုရုပ်ပွားတော် ကို ဖူးတွေ့၍ ထိုအကြောင်းအရာများ ကို အသေးစိတ်သိရှိလိုပါက အထက်ပါ လိပ်စာအတိုင်း သွားရောက် မေးမြန်း ဖူးမြော်နိုင်ပါကြောင်း သတင်းကောင်း ပါးအပ်ပါသတည်း။



www.burmeseclassic.com

www.burmeseclassic.com

## မန္တလေးမြို့ လူထုဘလောက်တိုက်မှတွေ့ကြုံရပုံ

ဤဖြစ်ရပ်ကား မကြာမြင့်လှသေး၍ အားလုံးကို သေချာဂနစွာ မှတ်မိနေပါသေးသည်။ သို့ပါ၍ ထပ်မံသွားရောက်မေးမြန်းခြင်းမပြုတော့ဘဲ ရေးသားဖော်ပြပါမည်။

မန္တလေးမြို့ လူထုဘလောက်တိုက်သည် (၂၆) ဘီလမ်း၊ လမ်း (၈၀) နှင့် (၇၈) လမ်းအကြား၊ ရတနာပုံမြို့ဟောင်း နန်းမြို့ရိုး၏ တောင်ဘက်ကျုံးနှင့် မျက်နှာချင်းဆိုင် လမ်းတောင်ဘက်မှ မြောက်ဘက်လှည့် ကျုံးနှင့် မျက်နှာချင်းဆိုင်တွင် ရှိပါသည်။

၂၀၁၂ ခုနှစ်၊ (၆) လပိုင်းခန့်က ဖြစ်ပါသည်။ ထိုစဉ်က စာရေးသူ၏ ရွှေကံကူဆောင်းပါးများ သူရဇ္ဇမဂ္ဂဇင်းကြီးတွင် ဆက်တိုက်ပါရှိလာရာ ထိုစာအုပ်များကို ကိုင်ဆောင်၍ အနယ်နယ်အရပ်ရပ်မှလူများ ရောက်ရှိ၍လာကြပါသည်။ ရုပ်ရှင်တော်မြတ်သည် (၁၀) နှစ်ခန့် မြန်မာနိုင်ငံအတွင်း မြို့ရွာအနှံ့အပြားမှပင့်ဆောင်ပူဇော်လျက်ရှိသော်လည်း မသိရှိသေးသောသူတွေ အများကြီး ကျန်ရှိနေကြောင်း ခုမှ တွေးမိပါတော့သည်။

ယခု လူထုဘလောက်တိုက်မှ ရောက်ရှိလာကြသူနှစ်ဦးမှာလည်း အမျိုးသားနှင့်အမျိုးသမီးပါ။ လူငယ်လူရွယ်ပိုင်းမျှသာ ရှိကြပါသေးသည်။ ၎င်းတို့သည်လည်း စဉ့်ကိုင်မြို့နှင့် မိုင် (၂၀)မျှသာ ကွာဝေးသော မန္တလေးမြို့တွင် နေထိုင်ကြသူများဖြစ်သည့်အပြင် ရုပ်ရှင်တော်မြတ်သည် (၁၀) နှစ်တာကာလအတွင်း၌ မန္တလေးမြို့တွင် အိမ်ပေါင်းရာချီ ကြွမြန်းတော်မူပြီးဖြစ်သော်လည်း ၎င်းတို့သည် ရုပ်ရှင်တော်မြတ်၏သတင်းစကားသော်မှ မကြားခဲ့ဘူးကြပါ၊ ယခု သူရဇ္ဇမဂ္ဂဇင်းတွင် ပါရှိလာမှသာ သိရှိကြရသည်ဟု ပြောကြပါသည်။

၎င်းတို့ ယခုကဲ့သို့ အောင်မြေသို့ ရောက်ရှိလာခြင်းမှာ ရုပ်ရှင်တော်မြတ်အား ဖူးတွေ့ရန် လာရောက်ခြင်းဖြစ်သော်လည်း ရုပ်ရှင်တော်မြတ်နှင့် ပတ်သက်၍ ထူးထူးခြားခြား ကြုံတွေ့ရသည့်အတွက် အမှန်တကယ် တန်ခိုးတော်ကြီးမားသော ဘုရားအဖြစ် ယုံကြည်သောကြောင့် လည်းကောင်း၊ မိမိတို့နှင့် ပဋ္ဌာန်းဆက်ပါရှိသော ဘုရားဖြစ်သည်ဟု ယုံကြည်သောကြောင့်လည်းကောင်း လာရောက်ခဲ့ကြခြင်း ဖြစ်ပါသည်ဟု ပြောပြကြပါသည်။

၎င်းတို့တွေ့ကြုံရပုံမှာ ထူးခြားဆန်းကြယ်လွန်းလှပါ၏။ ၎င်းတို့သည် ရုပ်ရှင်တော်မြတ်၏ ဖြစ်တော်စဉ်သမိုင်းကြောင်းများကို သူရဇ္ဇမဂ္ဂဇင်းမှ ဖတ်ရှုသိရှိရသောအခါ ရုပ်ရှင်တော်မြတ်အား အထူးပင် ကြည်ညိုစိတ်များ ဖြစ်ပေါ်မိကြပါသည်။ ထို့ကြောင့် မဂ္ဂဇင်းထဲတွင် ပါရှိသော ရွှေကံကူပုံတော်ကို ကွန်ပျူတာတွင် ထည့်သွင်းပြီး မျက်နှာပြင်အဖွင့်တွင် ထားရှိလိုက်ပါသည်။ သို့မှသာ ကွန်ပျူတာကို စဖွင့်လိုက်သည်နှင့် ရုပ်ရှင်တော်မြတ်၏ပုံတော် ထွက်ပေါ်လာမည်ဖြစ်ပြီး ကွန်ပျူတာတွင် ဖူးတွေ့ရမည် ဖြစ်ပါသည်။

ဤသို့ဖြင့် တစ်နေ့တွင် ကွန်ပျူတာကိုဖွင့်ပြီး ထားရစ်ကာ အခန်းအပြင်သို့ ထွက်လိုက်ပါသည်။ အချိန်အနည်းငယ်ကြာသောအခါမှ အခန်းတွင်းသို့ ဝင်လိုက်ပါသည်။ ထူးဆန်းလွန်းလှသောမြင်ကွင်းဖြစ်၍ အံ့ဩလွန်းမက အံ့ဩရကား ရုတ်တရက် မှင်တက်မိကာ ဘာစကားမှမဆိုနိုင်ဘဲ ရပ်ကြည့်နေမိပါသည်။ အတန်ကြာမှ သတိဝင်လာပြီး အခြားသူများကိုခေါ်၍ ပြမိပါသည်။ မြွေနှစ်ကောင် ဖြစ်ပါ၏။ ကွန်ပျူတာမှန်သားပြင်တွင်ရှိသော ရွှေကံကူ ရုပ်ရှင်တော်မြတ်၏ပုံတော်အား ဖူးမြော်နေခြင်း ဖြစ်ပါသည်။ ထူးဆန်းလွန်းလှပါ၏။ ထို့ထက် ထူးဆန်းသည်မှာ မြွေနှစ်ကောင်သည် ကြမ်းပြင်မှတစ်ဆင့် စားပွဲခုံပေါ်သို့တက်ရောက်၍ ဖူးမြော်ခြင်းမဟုတ်ပါ၊ ခေါင်မိုး မျက်နှာကြက် ထုပ်တန်းမှ အမြီးဖြင့် ချိတ်ဆွဲကာ ဇောက်ထိုးဆင်း၍ ဖူးမြော်ခြင်း ဖြစ်ပါသည်။ အမိုးသည် အနည်းငယ်မြင့်သောကြောင့် တစ်ကောင်နှင့်တစ်ကောင် ချိတ်ဆက်ပြီး တစ်လှည့်စီ ဖူးမြော်ကြခြင်း ဖြစ်ပါသည်။

ဤမျှ ထူးဆန်းလှသည်ကို ကြုံတွေ့ခဲ့ရ၍ ယခုကဲ့သို့ ရောက်ရှိလာခြင်း ဖြစ်ကြောင်း ပြောပြကြပါသည်။

၎င်းတို့သည် အောင်မြေဆီသို့ ရောက်ရှိသောအခါ များပြားလှစွာသော ပလ္လင်တော်တို့ကိုတွေ့မြင်၍ အကြောင်းအရင်းကိုမေးမြန်းရာ စာရေးသူမှ ပလ္လင်တော်လှူဒါန်းကြသော ရည်ရွယ်ချက်နှင့် ရရှိသောအကျိုးတရားတို့ကို ရှင်းပြလိုက်ပါသည်။

ထို့ကြောင့် (၅) ရက်ခန့်အကြာတွင် ၎င်းတို့ တစ်ဖန်ပြန်လည်ရောက်ရှိလာပြီး မန္တလေးမြို့မှ ပင့်ဆောင်လာသော ပလ္လင်တော်နှစ်လုံး လှူဒါန်းပါသည်။ ထို့နောက် ရုပ်ရှင်တော်မြတ်အား နဂါးနှစ်စီးခံသော ကျောက်စိမ်းသားပလ္လင်တော် ထုလုပ်ပူဇော်လှူဒါန်းရန် ဆန္ဒဖြစ်ပေါ်မိပါ၍ ရုပ်ရှင်တော်မြတ်၏ အောက်ခြေအတိုင်းအထွာကို တောင်းခံသွားပါသည်။

နဂါးနှစ်စီးခံသော ကျောက်စိမ်းပလ္လင်တော်ကြီး ထုလုပ်ပြီးစီးပါက အောင်မြေသို့ လာရောက်လှူဒါန်းပါမည်ဟု ပြောသွားကြပါသည်။ ယခု ဤဆောင်းပါးရေးသားချိန် ၂၀၁၃ ခုနှစ်၊ ဧပြီလအထိတော့ ၎င်းတို့ရောက်ရှိလာခြင်းမရှိသေးပါ။ ပလ္လင်တော်မပြီးစီးသေး၍ ဖြစ်ပေလိမ့်မည်။

မန္တလေးမြို့တွင် လူထုဘလောက်တိုက်ဆိုလျှင် မသိသူ မရှိပါ။ ထင်ရှားသော နေရာကောင်းတွင် ဖွင့်လှစ်ထားရှိသည့်အပြင် လုပ်ငန်းကြီး၊ ဆိုင်ကြီးဖြစ်ပြီး ကြီးမားထည်ဝါသော ဆိုင်းဘုတ်ကြီးချိတ်ဆွဲထားခြင်းကြောင့်လည်း ထိုလမ်းသို့ ဖြတ်သန်းသွားဖူးသူတိုင်း သတိပြုမိစေခြင်းလည်း ဖြစ်ပါသည်။ ထို့အပြင် မန္တလေးမြို့တွင် မြန်မာ့စာပေလောက၌ ထင်ရှားကျော်ကြားခဲ့သော အဘ လူထုဦးလှနှင့် အမေ လူထုဒေါ်အမာတို့၏ လူထုကြီးပွားရေး စာအုပ်တိုက် (လူထုပုံနှိပ်တိုက်) နှင့် အမည်တူညီနေသဖြင့် လူတို့ မှတ်မိလွယ်ခြင်း ဖြစ်လေသည်။

ယခု စာရေးသူတင်ပြခဲ့သော အကြောင်းအရာတို့သည်ကား ထူးခြားဆန်းပြားလှသော အကြောင်းအရာတို့ပင် ဖြစ်ပါသည်။ မည်မျှပင် ထူးဆန်းအံ့ဩဖွယ်ဖြစ်စေကာမူ အထက်ပါပုဂ္ဂိုလ်တို့တွင် အမှန်တကယ် ကြုံတွေ့ခဲ့ကြရခြင်း ဖြစ်ပါ၏။ ဒီကရှေ့တွင်လည်း ထို့ထက်မက ထူးခြားဆန်းကြယ်သော ဖြစ်ရပ်တို့ ပေါ်ပေါက်နေဦးမှာလည်း သေချာလှပါ၏။ ယခု တင်ပြခဲ့သည်တို့မှာလည်း အတုန်အစင်ကို ဖော်ပြနိုင်ခြင်းမဟုတ်ပါ၊ လက်လှမ်းမီသမျှကိုသာ တင်ပြရခြင်း ဖြစ်ပေသည်။ စာရေးသူတို့ မသိရှိလိုက်သော ထူးခြားမှုတို့ များပြားစွာ ကျန်ရှိနေပါလိမ့်ဦးမည်။

အချို့သောသူများ၏ ထူးခြားသောတွေ့ကြုံရမှုများဆိုလျှင် ၎င်းတို့ လာရောက်ပြောပြကြ၍ အကြောင်းအရာများကို အသေးစိတ်မှတ်မိနေသေး



www.burmeseclassic.com

www.burmeseclassic.com


ထည်း ၎င်းတို့၏နေရပ်လိပ်စာနှင့် အ မည်တို့ကို စာဖြင့်ရေးမှတ်ယူလိုက်မိခြင်း မရှိ၍ ထူးခြား ဆန်းကြယ်လှသော အ ကြောင်းအရာ များစွာတို့အား ရေးသား ဖော်ပြခြင်း မပြုနိုင်သည်မှာ နှမြောဖွယ် ကောင်းလှပါသည်။

မည်သို့ပင်ဖြစ်စေ ယခု ရေးသား တင်ပြခဲ့သော အကြောင်းအရာတို့သည် ပင် ထူးခြားမှုတို့ များပြားလွန်းလှနေပြီ ဖြစ်ပါ၏။ ဤဆောင်းပါးပါ အကြောင်း အရာများအား စဉ်ကိုင်မြို့ သပြေရိုး-သရက်တောကျောင်းတိုက်မှ ရည်မွန် ကျော်များ ရေးသားပြုစုသူ သာသနာ့ဓဇ မဟာစရိယ အပါအဝင်(၁၃)ဘွဲ့ရ လယ် တွင်း အရှင်တေဇဗလအား လျှောက် ထားကြည့်ရာ 'ဗုဒ္ဓရဲ့တန်ခိုးတော်၊ ဂုဏ် တော်တွေဆိုတာ အနန္တပဲ။ လူတွေရဲ့ ကြည်စိတ်ကူး တွေးတောမှုတွေနှင့် တိုက်လို့မမီနိုင်ဘူး။ တိုင်းတာဆုံးဖြတ်လို့ မရနိုင်ဘူး။ အဖြစ်မှန်တွေကို ရေးသား တင်ပြရမှာက မှတ်တမ်းတင်သူရဲ့တာဝန် ပဲ ဒီဆောင်းပါး စာဖတ်ပရိသတ်ရှေ့ကို ရောက်သွားတဲ့အခါ ယုံကြည်သောသူ တွေက ပိုယုံကြည်လာလိမ့်မယ်။ မယုံ ကြည်သောသူတွေက ပိုလို့မယုံကြည်ဘဲ ဖြစ်သွားကြလိမ့်မယ်။ သက်တော်ထင် ရှား ဘုရားရှင်များဟာလည်း ကိုးကွယ် ယုံကြည်သူတို့အတွက် ပွင့်ထွန်း ပေါ် ပေါက်လာခြင်းဖြစ်တာမို့ ဒါဟာလည်း သဘာဝကျပါတယ်' ဟု မိန့်ကြားတော် မူပါသည်။

နောင် အလျဉ်းသင့်သောအခါ ရုပ်ရှင်တော်မြတ်၏ပုံတော်များမှ ရောင် ခြည်တော်များ ကွန့်မြူးတော်မူခြင်းများ နှင့် ၎င်းတို့၏ ဗုဒ္ဓ တိုက်များ၊ လိပ်ပြာများ၊ ပျားများ လာ ရောက်ဖူးမြော်ပုံများကို ရေးသားတင် ဆက်ပါဦးမည်။

(ကမ္ဘာသူ၊ ကမ္ဘာသား သတ္တဝါအ များတို့ ဘေးရန်အန္တရာယ်နှင့် ရောဂါ ဝေဒနာများကင်းဝေးကာ ကိုယ်, စိတ် နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေဟု ကောင်းဆုပြုရင်း အထက်ပါ အဖြစ်အ ပျက်တို့ကို ပြန်လည် ပြောပြကြသူတို့ အား အထူး ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါ၏။)

*စာရေးသူသည် ဤဆောင်းပါး ကို ဤနေရာတွင် ရပ်နားတော့မည်ဟု နိဂုံးချုပ်ပြီးခါမှ ဤဆောင်းပါးအပေါ်ပိုင်း တွင် ပါရှိခဲ့သော ဒေါ်အေးအေးမိုးမှရေး သောစာအုပ်ထဲမှ ဤအကြောင်းအရာ များကိုလည်း ချန်လှပ်၍ မရပါသဖြင့်*


(၁၃-၁၁-၂၀၁၁) နေပြည်တော်၊ ပျဉ်းမနား ရွှေသည်ရိုး ဗိုလ်မှူးကြီး သန့်ဇင် (ဗိုလ်မှူး-၁ MD)- ဒေါ်ခင်စိန်းဝင်း မိသားစုမှ ပင့်ဆောင်ပူဇော်သည့် ရုပ်ရှင်တော်မြတ် မှ မျက်လုံးတော်ပွင့်တော်မူပုံ

*ဖြည့်စွက်ဖော်ပြလိုက်ပါသည်။ ဒေါ်အေး အေးမိုးသည် တစ်ချိန်က သဥ္ဇာလင်း (မန်းတက္ကသိုလ်) ဟူသော ကလောင်အ မည်ဖြင့် ကဗျာနှင့်ဝတ္ထုများ ရေးသားခဲ့ ဖူးသည်ဟု သိရပါသည်။ ဒေါ်အေးအေး မိုးသည် စာအရေးသားလည်း ကောင်း မွန်ကြောင်း တွေ့ရပါသည်။ ထို့ကြောင့် ဒေါ်အေးအေးမိုး ရေးသားပေးပို့သည့် အတိုင်း ဖော်ပြလိုက်ပါသည်။*

**လေပုံ့သစ်တော် ရွှေကံ့ကူဘုရား၏တန်ခိုး တော်များ**
**(လှိုင်သာယာမှ မိန်းကလေးအကြောင်း)**

လွန်ခဲ့သော (၉)နှစ်ခန့်က သတင်း စာတွင် ဖော်ပြပါရှိခဲ့သော ဆောင်းပါး တစ်ပုဒ်အား မှတ်မိသလို ပြန်လည် ရေး ဖွဲ့ထားခြင်း ဖြစ်ပါသည်။ အကြောင်းအ ရာအားလုံး ဆောင်းပါးတွင် ပါဝင်သည့် အတိုင်း လွဲမှားမှုမရှိကြောင်း အာမခံ ပါသည်။ သို့သော် မူရင်းသတင်းစာ မှာ ကာလကြာရှည်သွားပြီဖြစ်၍ တစ် ကြောင်း၊ စာရေးသူတို့မိသားစုသည် နိုင်ငံတော်၏တာဝန်များကိုထမ်းဆောင် ရာ၌ မြို့ရွာဒေသများ ပြောင်းရွှေ့ထမ်း ဆောင်ရသည်ဖြစ်၍တစ်ကြောင်း ပြန် လည်ရှာဖွေမတွေ့ရှိတော့ပါ။ ထို့ကြောင့် မူရင်း အကြောင်းအရာများကို အခြေခံ ၍ စာရေးသူရေးတတ်သလို ရေးဖွဲ့ထား ခြင်းဖြစ်ကြောင်း ဝန်ခံအပ်ပါသည်။

*သဥ္ဇာလင်း (မန်းတက္ကသိုလ်)*

❂

သမီးက ရန်ကုန် လှိုင်သာယာမြို့ နယ်က၊ ဆင်းရဲသားရပ်ကွက်ကပါ။ သမီး တို့က ဆင်းရဲပါတယ်။ အမေရယ်၊ မောင် လေးရယ်၊ ညီမလေးရယ်ပေါ့။ အဖေက ဆုံးခဲ့ပါပြီ။ သမီးက အကြီးဆုံးပါ။ ဒီ တော့ မပြေလည်တဲ့ အိမ်ရဲ့စီးပွားရေး ဟာ သမီးရဲ့တာဝန် ဖြစ်လာတာပေါ့။

ဒါကြောင့် တစ်သက်လုံး ပျံကျ ဈေးရောင်းပြီးကျွေးခဲ့ရတဲ့ အမေ့ကို သနားလို့ကတစ်ကြောင်း၊ ပွဲစားမကြီးရဲ့ အပြောကောင်းလို့ကတစ်ကြောင်း သမီး ဆုံးဖြတ်ခဲ့ပါတယ်။ ထိုင်းမှာ အလုပ်သွား လုပ်မယ်ပေါ့။ ဟိုမှာ စတိုးဆိုင် သို့မဟုတ် အလှပြင်ဆိုင်မှာ လခကောင်းကောင်းရ မယ်ဆိုလို့လေ။ ဒါနှင့်ပဲ အမေ့ကိုပြောပြီး (အမေလည်း ဝမ်းသာတာပေါ့) ရပ်ကွက် ထဲက သူငယ်ချင်းနှစ်ယောက်နဲ့အတူ ပွဲစားနဲ့ လိုက်ခဲ့ကြတယ်။

သမီးတို့ ထိုင်းနယ်စပ်ကနေ တစ် ဆင့်တစ်ဆင့်နဲ့ ဗန်ကောက်ကို ရောက်ခဲ့ ကြတယ်။ ဗန်ကောက်ရောက်မှ သမီး တို့ကိုညာခေါ်လာပြီး လူကုန်ကူး ရောင်း စားခံခဲ့ရပြီဆိုတာ သိလိုက်ရပါတော့ တယ်။ သူဌေးဆိုတဲ့လူနေတဲ့ ဟိုတယ် ကြီးက အကြီးကြီးပဲ။ အဲဒီမှာ သမီးတို့ အရင်ရောက်နှင့်နေတဲ့ ဗမာ၊ ရှမ်း စတဲ့ တိုင်းရင်းသူ (၁၀၀) လောက်ကိုလည်း တွေ့ရတယ်။ သူတို့ထဲက (၇၀) ကျော် လောက်က သူတို့ဖျက်ဆီးပစ်လိုက်ကြ လို့ ဘဝပျက်ကုန်ပြီ။ ဒါကြောင့် မထူး တော့ဘူးဆိုပြီး သူတို့ခိုင်းတဲ့ ပြည့်တန် ဆာအလုပ်ကို လုပ်ကြရတယ်။ ဟိုတယ် ထဲမှာပဲပေါ့။ လာတည်းတဲ့ ဧည့်သည် တွေကို ဧည့်ခံရတာပေါ့။ ရတဲ့ငွေတွေ ကိုတော့ လုံးဝ မရရှိ၊ မကိုင်တွယ်ရပါ။ ငွေတွေက သူဌေးထံပဲရောက်ပြီး ကျွေး တာစား၊ ပေးတာဝတ်ရတဲ့ ဘဝပဲပေါ့။ သူတို့က အကုန်ခေါင်းပုံဖြတ်ပါတယ်။ လောကငရဲပါပဲ။

ဒါပေမယ့် ထူးခြားတာက သမီး တို့သူငယ်ချင်း (၃) ယောက်ရဲ့ကံပါပဲ။ အသုတ်လိုက် တစ်လှည့်စီ သူဌေးရဲ့ တပည့် လူမိုက်များရဲ့ ဖျက်ဆီး (ကျူး သွင်း) တာ ခံရပေမယ့် သမီးတို့ (၃) ယောက်ရဲ့အလှည့်ကို မရောက်သေးပါ ဘူး။ သမီးတို့ (၃) ယောက်ကို အခန်း တစ်ခန်းထဲမှာ သီးသန့်ထားတယ်။

သမီးပြောဖို့ တစ်ခုကျန်ခဲ့သေး တယ်။ အဲဒါကတော့ သမီးတို့ ပွဲစားမ နောက် လိုက်ရမယ်ဆိုတော့ သမီးက အမေ့ကိုရော မြတ်စွာဘုရားကိုပါ အနန္တောအနန္တငါးပါးကို ကန်တော့ရှိခိုး ခဲ့တယ်။

အဲဒီမှာ ဘုရားဆောင်ပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com

ဘုရားတွေရဲ့ဓာတ်ပုံတော်တွေ ရှိတဲ့အထဲက အသေးဆုံး ရွှေကံကူဘုရားပုံတော်လေးကို သမီးပိုက်ဆံအိတ်ထဲ (အိတ်ဆောင်ထည့်ရန် လွယ်ကူသည့်အတွက်) ထည့်ပြီး ယူဆောင်ပူဇော်ခဲ့ပါတယ်။ ဒီဘုရားပုံတော်လေး သမီးဆီရောက်ရှိပုံကတော့ သမီးရဲ့သူငယ်ချင်းတစ်ယောက်က ရွှေကံကူဘုရား ရန်ကုန်ကို ဒေသစာရီကြွလာတုန်းက ဖူးခဲ့ရလို့ ပုံတော်လေးတွေဝယ်ပူဇော်ရင်း သမီးကိုတစ်ပုံ ပူဇော်ဖို့ ပေးခဲ့တာပါ။ သမီးလည်း ရုပ်ပွားတော်အစစ်ကို ဖူးခွင့်မရသေးပေမယ့် ပုံတော်လေးကို ဘုရားဆောင်ပေါ် တရိုတသေတင်ထားပြီး မှတ်မှတ်ရရ ရှိခိုးပူဇော်ခဲ့ပါတယ်။

ဓာတ်ပုံပေးတဲ့ သူငယ်ချင်းကလည်း ပြောပြခဲ့ပါတယ်။ ဒီဘုရားလေးဟာ ဗုဒ္ဓရုပ်ရှင်တော်တဲ့။ အသက်ရှိတယ်တဲ့။ ဆုတောင်းလည်းပြည့်တယ်။ အိုးပိုင်အိမ်ပိုင် အစုံပေါ့ဟာ။ အလုပ်လည်း ကောင်းကောင်းရမယ်တဲ့။ နေ့စဉ်ရှိခိုးဆုတောင်းတဲ့။

ဒါနဲ့ သမီးလည်း အလုပ်ရလို့ဝမ်းသာအားရနဲ့ ရွှေကံကူဘုရားရဲ့ပုံတော်လေးကို အိတ်ဆောင်အရွယ် ဆိုတော့ ပိုက်ဆံအိတ်ထဲ ထည့်ရတာ အဆင်ပြေတာမို့ ပင့်ဆောင်သွားခဲ့ပါတယ်။ မဟာမုနိ၊ ကျိုက်ထီးရိုး၊ ရွှေတိဂုံ ပုံတော်များလည်း ရှိပေမယ့် ကြီးလည်းကြီးလို့ သယ်ယူရန်ခက်လို့ မပင့်ဆောင် မပူဇော်သွားနိုင်ခဲ့ပါဘူး။

ဒါနဲ့ပဲ ဗန်ကောက်ရောက်တော့ အဖြစ်မှန်သိရပြီမို့ စိတ်လည်းညစ်၊ ဒေါသလည်းဖြစ်၊ ယူကျုံးမရဖြစ်စွာနှင့်ပဲ ဝမ်းနည်းပက်လက်နဲ့ ရွှေကံကူမြတ်စွာဘုရားရဲ့ပုံတော်လေးကို သူဌေးရဲ့တပည့်များမမြင်အောင် စားပွဲပေါ်တင်၍ ကိုးကွယ်ထားပါတယ်။ ရှိတဲ့ ရေခွက်လေးနှင့် ရေတော်ထည့်၍ ဆွမ်း၊ မုန့်များ တတ်နိုင်သလောက်ကပ်လှူ၍ နေ့စဉ်ဘုရားရှိခိုး၊ သမ္ဗုဒ္ဓေ၊ အရဟံဂုဏ်တော်၊ ဩကာသကန်တော့ချိုးများ ရွတ်ဖတ်၍ သမီးတို့ယုံကြည်အားကိုးခြင်းများစွာနှင့် ဒီဘဝဆိုး (လောကငရဲ) မှ လွတ်မြောက်ရန် ဆုတောင်းခဲ့ကြပါတယ်။ (၃)ယောက်စလုံး အဓိဋ္ဌာန်ဝင်ပြီး သမ္ဗုဒ္ဓေသက်စေ့ရွတ်ပွားကြပါတယ်။ ငါးပါးသီလကိုလည်း လုံခြုံအောင် ကြိုးစားစောင့်ထိန်းပြီး နေထိုင်ခဲ့ကြပါတယ်။ ခလုတ်ထိတော့ အမိကိုသတိရတယ်ဆိုတဲ့ စကားလိုပေါ့။

ဘုရား တရားလုပ်တဲ့ အကျိုးကတော့ တကယ့်ကို သိသာပါတယ်။ ရက်တွေ တော်တော်ကြာလာတာတောင် သမီးတို့ကို လုံးဝ လာလှည့်မခေါ်ကြသေးပါ။ နေ့စဉ် ထမင်း၊ ဟင်း၊ ရေ၊ စားစရာများလာပို့ပါတယ်။ သမီးက သူငယ်ချင်းနှစ်ယောက်ကို အမြဲ ဘုရား၊ တရား၊ ရတနာသုံးပါးကိုမမေ့ဖို့၊ အနန္တောအနန္တငါးပါးကို ကန်တော့ဖို့ အမြဲပြောကြားပါတယ်။ သူတို့ကလည်း လိမ္မာပါတယ်။ သမီးရဲ့စကားကို အစဉ်နားထောင်ပါတယ်။ ဒီလိုနဲ့ တစ်လ ကြာခဲ့ပါတယ်။ သူတို့ဟာ သမီးတို့ကို အသုံးချဖို့ စီစဉ်နေတာကတော့ သေချာပါတယ်။ ဘာလို့လည်းဆိုတော့ တီဗီဖွင့်ကြည့်လိုက်တိုင်း မကောင်းတဲ့ဇာတ်ကားတွေကို အဝေးထိန်းစနစ်နှင့် ပြသပေးနေတာပါ။ သမီးတို့စိတ်တွေ ဖောက်ပြန်ပြီး သူတို့သွေးဆောင်ရာကို အလွယ်တကူ လိုက်ပါအောင် ဆိုတဲ့ ရည်ရွယ်ချက်နေမှာပေါ့။ ဒါကြောင့် သမီးတို့ဟာ တီဗီကိုဖွင့်မကြည့်ပါဘူး။ ဘုရားပုံတော်လေးကိုပဲ အာရုံစိုက်ပြီး စိတ်တွေကို တည်ငြိမ်အောင် ကြိုးစားပြီး နေခဲ့ကြတာပါ။

ဒီအတိုင်း ဒီမှာ ဆက်နေဖို့ရာတော့ မဖြစ်နိုင်တော့ပါဘူး။ တစ်နေ့တခြား အန္တရာယ်ဟာ နီးကပ်လို့လာနေမှန်း အလိုလိုသိနေကြပါပြီ။ ဒီနေရာကနေ အမြန်ဆုံးထွက်နိုင်မှဖြစ်တော့မှာပါ။ ဒါနဲ့ပဲ သူများတွေကို အပြင်ထွက်ဖို့ဘာညာ စုံစမ်းကြည့်တော့ အဝတ်တွေကို ဒိုဘီပေးဖို့ လမ်းထိပ် ဒိုဘီဆိုင်ကိုတော့ သွားခွင့်ပေးတယ်လို့ ပြောကြတယ်။ ဒါနဲ့ သမီးလည်း သူငယ်ချင်းတွေကို တိုင်ပင်လိုက်တယ်။ အဝတ်အစားတွေကို ဒိုဘီပေးမယ့်ပုံမျိုးထုပ်ပြီး ပိုက်ဆံအိတ်ထဲ 'ရွှေကံကူဘုရား' ဓာတ်ပုံတော်လေးထည့်ပြီး သမီးတို့ အခြေအနေကြည့်ပြီး အဆင်ချောရင်လည်း တစ်ချီတည်းလစ်ဖို့၊ အဆင်မချောသေးရင်လည်း နောက်တစ်ကြိမ်ပေါ့ဆိုပြီး ရှိသမျှပစ္စည်းတွေကို ထည့်လို့ အခန်းထဲကထွက်ခဲ့ကြတယ်။

ဟိုတယ်ကြီးက (၁၀) ထပ်လောက်ရှိတယ်။ စကြိုမှာတော့ သူဌေးရဲ့လူမိုက်တွေက လက်နက်တွေနှင့် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေကြပါတယ်။ သမီးတို့လည်း သမ္ဗုဒ္ဓေဂါထာကို စိတ်ထဲက အဆက်မပြတ် ရွတ်ရင်းနှင့် ရွှေကံကူဘုရားကိုလည်း တစ်ချိန်လုံး ဆုတောင်း၍ ဟန်မပျက် ထွက်ခဲ့ကြပါတယ်။ သူတို့က မြင်တော့ ပြုံးပြရင်း အဝတ်တွေဒိုဘီအပ်မည့်အကြောင်း လက်ဟန်ခြေဟန်နဲ့ ရှင်းပြလိုက်ပါတယ်။ သူတို့ရဲ့ထိုင်းစကား သမီးတို့မပြောတတ်ပါ။ ဒါပေမယ့် ထမင်းစား၊ ရေသောက်လောက်တော့ သင်ထားရပါတယ်။

အဲဒီအချိန်မှာ ထူးခြားတာကတော့ ထွက်ပြေးရင် ပစ်သတ်ပြီး အလောင်းကိုဖျောက်ဖျက်တတ်တဲ့၊ အလွန်အစစ်အဆေး အမေးအမြန်းထူတဲ့ လူမိုက်တွေက သမီးတို့ကို မယုံသင်္ကာမပြုဘဲ ပြုံးကြည့်ပြီး ခေါင်းညိတ်ပြကာ ခွင့်ပြုလိုက်ကြပါတယ်။ လက်တောင်ပြလိုက်ကြပါသေးတယ်။ သူတို့နဲ့ရင်းနှီးပြီးသား ကောင်မလေးတွေနဲ့မှားတာလည်း ဖြစ်နိုင်ပါတယ်။ ဒါနဲ့ (၃) ယောက်သား ဝမ်းသာအားရ ဟိုတယ်ပေါ်ကဆင်းခဲ့ကြတယ်။ တစ်ဆင့်တော့ အောင်ခဲ့ပြီပေါ့။

အောက်ကို ရောက်တော့လည်း လက်နက်ကိုင်လူမိုက်အစောင့်တွေရော ခွေးကြီးတွေပါ တွေ့ရပြန်တယ်။ ကိုယ့်ဘက်ကမှုမမှန်တော့ တအားကို စိုးရိမ်သွားမိတယ်။ ဒါပေမယ့် ဘုရားကိုပဲ အာရုံပြုပြီး ဒီလူမိုက်တွေနဲ့ ခွေးကြီးတွေကို မေတ္တာပို့လိုက်တယ်။ ဒိုဘီအပ်ဖို့သွားမယ့်အကြောင်း လက်ဟန်ခြေဟန်နှင့်ပါ ပြောပြလိုက်တော့ သူတို့ကလည်း ရယ်ရယ်မောမော၊ ခွေးကလည်း အမြီးတနှန့်နှန့်နှင့် လွယ်လွယ်ကူကူပဲ ခွင့်ပြုလိုက်ကြပြန်ပါတယ်။ အဲဒီတော့မှ သမီးတို့လည်း ရင်ထဲပေါ့ပါးသွားပြီး အပြင်ကိုအသာလေးထွက်၊ ခြံဝင်းအပြင်လည်းရောက်ရော တစ်ချိုးတည်း လှည့်မကြည့်ဘဲ တအားပြေးခဲ့ပါတော့တယ်။

ခပ်လှမ်းလှမ်းလည်းရောက်ရော တက္ကစီကိုတား၍ မြန်မာသံရုံးကို လက်ဟန်ခြေဟန်နဲ့ပို့ခိုင်းပါတယ်။ တက္ကစီသမားကလည်း သံရုံးကို ပို့ပေးပါတယ်။ သံရုံးရောက်တော့ သမီးတို့သုံးယောက်ကို အုံ့ဩဝမ်းသာစွာနဲ့ ဝိုင်းပြီး နွေးထွေးစွာ ကြိုဆိုကြပါတယ်။ သမီးတို့လည်း အဲဒီကျမှ မိဘရင်ခွင်ထဲ ပြန်ရောက်တဲ့ကလေးတွေလို ဝမ်းသာဝမ်းနည်းနဲ့ ငိုပွဲချပြီး ရှိုက်ကြီးတငင် ငိုကြွေးမိပါတော့တယ်။

သံရုံးက သံအမတ်ကြီးက အစ အားလုံးပဲ ဖော်ရွေပျူငှာစွာနဲ့ သမီးတို့ကို ကျွေးမွေးပြီး သံအရာရှိရိပ်သာမှာ ကောင်းကောင်းမွန်မွန်ထားပြီး အဝတ်အစားနဲ့လက်ဆောင်တွေ ဝယ်ပေးကြပါတယ်။ 'ကံကောင်းလိုက်တာကွာ' တစ်ပေါက်တောင် မစွန်းခဲ့ကြဘူးပေါ်



www.burmeseclassic.com

www.burmeseclassic.com

လိုက်တာ' လို့ အားလုံးက စိတ်တ ...သံနဲ့ ဝိုင်းပြီး ပြောကြပါတယ်။ ...အဆောင်လက်ဖွဲ့ကောင်းတွေ ရှိလို့ ...လို့လည်း မေးကြတယ်။ 'သမီးတို့မှာ ...နာသုံးပါးအဆောင်ပဲ ရှိပါတယ်' လို့ ...ပြီး ပိုက်ဆံအိတ်ထဲက ရွှေကံကူ ...ရားရဲ့ပုံတော်ကို ထုတ်ပြခဲ့ပါတယ်။

ဒီဘုရားရဲ့ပုံတော်လေးကို နေ့စဉ် ...မုန့်လေးနဲ့ရေတော်ကပ်ပြီး နေ့စဉ် ...ကောင်းပြီး သမ္ဗုဒ္ဓေနဲ့ အရဟံဂုဏ် ...တော်, ပြကာသ, ပဋ္ဌာန်း စတာတွေ ...ပွား၊ ရတနာသုံးပါး, အနန္တောအနန္တ ...ငါး, ခင်ပွန်းကြီးဆယ်ပါးတို့ကို အချိန် ...ကိုင်း ကန်တော့ခဲ့လို့ပါလို့ ပြောလိုက် ...တယ်၊ သံအမတ်ကြီးနဲ့အားလုံးက ပုံ ...တော်လေးကို မမြင်ဖူးဘူး, မကြားဖူးဘူး၊ ...ခုပဲ မြင်ဖူး, ကြားဖူးတော့တယ်လို့ ...ပြီး ဝိုင်း၍ ကန်တော့ကြပါတယ်။

ပြီးတော့ မြန်မာနိုင်ငံကိုလည်း ...ကြောင်းကြားပြီး မိဘများထံလည်း ...ကြောင်းကြားပေးပါတယ်။ ပြီးတော့ ...သမီးတို့ အခုလိုမဖြစ်ကြရအောင် ကိုယ့် ...ကိုယ်ကိုယ် ဂရုစိုက်ဖို့၊ အမိမြေမှာပဲ အ ...လုပ်လုပ်ဖို့၊ ဒီအဖြစ်ကို သင်ခန်းစာယူဖို့ ...မျိုးမျိုး ဆုံးမဩဝါဒပေးကြပါတယ်။ ...သမီးတို့ထွက်ပြေးခဲ့တဲ့ ဟိုတယ်မှာ လော ...ကရဲခံနေရတဲ့ မိန်းကလေး အယောက် ...တစ်ရာလောက် ရှိသေးကြောင်း ပြောပြ ...တော့ သူတို့ကိုကယ်ထုတ်ပြီး မြန်မာ ...နိုင်ငံကို ပြန်လည် ပို့ဆောင်ပေးကြပါ ...တယ်။ သမီးတို့ကိုလည်း လေယာဉ်နဲ့ ...ပြန်ပို့ပေးကြပါတယ်။ သမီးတို့က ဆင်းရဲ ...တော့ လေယာဉ်လည်း တစ်ခါမှမစီးဖူး ...ပါဘူး။

လေဆိပ်ကို လိုက်ပို့ကြ၊ နှုတ်ဆက် ...ကြပြီး လက်ဆောင်တွေပေးကြပါတယ်။ ...သမီးတို့က (၄) တန်း ပညာလောက်ပဲ ...တတ်ခဲ့တာပါ။ ခုတော့ ရွှေကံကူဘုရား ...ရဲ့တန်ခိုးတော်ကြောင့် လေယာဉ်လည်း ...စီးရပြီ၊ ကျန်းကျန်းမာမာ ချမ်းချမ်းသာ ...သာ ပျော်ပျော်ရွှင်ရွှင်နဲ့ အမိမြေကိုပြန် ...ခဲ့ရပါပြီ။ လေယာဉ်ပေါ်မှာ ရွှေကံကူ ...ဘုရားပုံတော်လေးကို ခေါင်းပေါ်တင်ပြီး ...ရှိခိုးခဲ့ပါတယ်။ အရှင်ဘုရားရဲ့တန်ခိုး ...တော်နဲ့ ရတနာသုံးပါးရဲ့ကျေးဇူးကြောင့် ...အခုလို မြန်မာနိုင်ငံကို ရောရှောရှုရှုပြန် ...ရောက်ခဲ့တာပါ။ ကျေးဇူးကြီးလှပါတယ် ...ဘုရား၊ ကျေးဇူးတင်လှပါတယ်ဘုရားလို့ ...အခါခါ ရွတ်ဆိုခဲ့ပါတယ်။

ရန်ကုန်ရောက်တော့လည်း သမီး ...တို့ကို တာဝန်ရှိသူတွေက လာကြိုကြပါ တယ်။ ပြီးတော့ သမီးတို့ကို အိမ်တိုင်ရာရောက် ကားကောင်းကြီးတွေနဲ့ လိုက်ပို့ကြပါတယ်။ အိမ်ရောက်တော့လည်း အမေ့လက်ထဲကို သေသေချာချာ ပြန်လည် အပ်နှံပေးပါတယ်။ အမေက ရင်ဘတ်စည်တီးပြီး မျက်ရည်တစမ်းစမ်းနဲ့ 'ဖြစ်မှဖြစ်ရလေသမီးရယ်၊ အမေကတော့ ငါ့သမီးလေး ဟိုမှာ အလုပ်ရပြီး အဆင်ပြေနေပြီမှတ်နေတာ' လို့ တဖွဖွပြောရင်း ငိုရှာပါတယ်။ လိုက်ပို့တဲ့တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ကြောင်း အထပ်ထပ်ပြောရင်း ဆုတောင်းမေတ္တာပို့သပေးပါတယ်။

သမီးတို့ကို လိမ်ညာခေါ်ယူပြီး ရောင်းစားခဲ့တဲ့ လူပွဲစားမ (လူကုန်ကူးသူ) ကိုလည်း တစ်ဖွဲ့ကြီး ဖမ်းဆီးအရေးယူလိုက်ပါတယ်။ သမီးလည်း အခု လှိုင်သာယာ စက်ရုံတစ်ရုံမှာပဲ အလုပ်ဝင်နေပါပြီ။ မိဘရင်ခွင်နဲ့ အမိနိုင်ငံတော်ရဲ့ တန်ဖိုးကိုလည်း သိသွားပါပြီ။ ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးတွေကိုလည်း ပိုပြီးသိ၊ ပိုပြီးနားလည်၊ ပိုပြီး ကျေးဇူးတင်၊ ပိုပြီး ယုံကြည်ကိုးကွယ်မိပါပြီ။ သမီးသူငယ်ချင်းများနဲ့ သူတို့ရဲ့မိဘများကလည်း သမီးကို ကျေးဇူးတင်ကြပါတယ်။ သမီးထံက ရွှေကံကူဘုရားရဲ့ပုံတော်ကိုကူး၍ သူတို့ရဲ့အိမ်တွေမှာ ကိုးကွယ် ပူဇော်ထားကြတယ်။ ရွှေကံကူဘုရား နောက်တစ်ခါ ရန်ကုန်ကို ကြွရောက်လာရင်လည်း စုံစမ်းပြီး သွားရောက်ဖူးမြော်ကြဖို့ သမီးတို့သုံးယောက် တိုင်ပင်မိကြပါတယ်။

သမီးရဲ့အဖြစ်ကို မြန်မာပြည်ထဲက သမီးတို့လို ရွယ်တူမိန်းကလေးတွေ သင်ခန်းစာ ယူနိုင်အောင်လို့ စာရေးဆရာ၊ ဆောင်းပါးဆရာတစ်ယောက်ကို မြန်မာ့အလင်းသတင်းစာမှာ ဆောင်းပါးရေးခွင့်ပြုခဲ့ပါတယ်။ သမီးတို့ကို လွတ်လမ်းမမြင်တဲ့ ဒုက္ခထဲကနေ ကယ်တင်ပေးခဲ့တဲ့ ရွှေကံကူဘုရားရဲ့ကျေးဇူးတော်များကိုလည်း သမီးတစ်သက်မေ့နိုင်မည် မဟုတ်တော့ပါ။

[အထက်ပါ ဆောင်းပါးလေးကို လွန်ခဲ့တဲ့ (၉) နှစ် (၂၀၀၄) ခန့်က ကျွန်မ ဖတ်ခဲ့ရပြီး ကျွန်မ တပ်က 'ဒါဘ' (တပ်တွင်းဆွေးနွေးပွဲ) မှာ တပ်ရင်းမှူးကတော်တစ်ယောက်အနေနဲ့ ဆွေးနွေးဟောပြောခဲ့ပါတယ်။ ရဲဘော်ရဲမေတွေကိုလည်း သူလေးကို အတုယူဖို့၊ ငယ်သလောက်, ဆင်းရဲ, ပညာသိပ်မတတ်ရှာပေမယ့် ဘာသာတရားကို အရွယ်နဲ့မလိုက်အောင် ကိုင်းရှိုင်းခဲ့၍၊ ရွှေကံကူဘုရားပုံတော်လေးကိုလည်း သက်တော်ထင်ရှားဘုရားလို အမြဲသွားလေရာ ပင့်ဆောင်ပြီး ပူဇော်ကန်တော့ခဲ့၍၊ ရတနာသုံးပါး ကိုးကွယ်ဆည်းကပ်ခဲ့တာကြောင့် အန္တရာယ်ကြားက လွတ်မြောက်လာခဲ့ရတာတစ်ကြောင်း ပြောဆို ဆုံးမခဲ့ပါတယ်။

ကျွန်မ ရေးခဲ့တာတွေဟာ အမှန်တွေပါ။ ဒီစာစုနဲ့ ဆရာဘိုဘိုအား ကန်တော့လျက်ဖြစ်၍ . . .

သဉ္ဇာလင်း *(မန်းတက္ကသိုလ်)*

**လေပုံ့သစ်တော် ရွှေကံကူဘုရား၏တန်ခိုးတော်များ**

**(မန္တလေးမြို့ မဟာမြိုင်မှ မိန်းကလေးတစ်ဦး)**

*လွန်ခဲ့သော (၅) နှစ်ခန့်က ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ပုဒ်ပါ။*

ကျုပ်နာမည်ကတော့ ညိုချော။ တောသူတစ်ယောက်မို့ 'ကျုပ်' လို့ပြောရတာ အားရလို့ 'ကျုပ်' လို့ပဲသုံးပြီးပြောပါရစေတော့။ ကျုပ်တို့က သဲတောဝမ်းတွင်းနယ်က တောရွာလေးကပါ။ လောလောဆယ်တော့ မန္တလေးမြို့ မဟာအောင်မြေ မဟာမြိုင် (၁) ရပ်ကွက်မှာ သူများအိမ် ခြံစောင့်ပေါ့။ အဖေက လက်သမား၊ အမေက အကြော်နဲ့ မုန့်ပျားသလက်ရောင်းတယ်။ ကျုပ်တို့က 'ရွှေဖြူ ဆောက်လုပ်ရေးပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ' ရှေ့မှာ အမေနဲ့အတူတူ အကြော်ရောင်းပါတယ်။

ဒီလိုနဲ့ တစ်ရက်မှာ ကျုပ်မုန့်ပျားသလက်ကို ဂျူယိုသည်ကောင်မလေးက ဝယ်စားတယ်။ သူ့ဆီကလည်း ကျုပ်က ဂျူယို ဝယ်သောက်တယ်ပေါ့။ သူကတော့ စစ်ကိုင်း ကံတလူဘက်က လာရောင်းတာလို့ သိရတယ်။ ပြီးတော့ ဘုရားဓာတ်ပုံသေးသေးလေးတစ်ပုံထုတ်ပြပြီး 'ဒါ ရွှေကံကူဘုရားလို့ခေါ်တယ်။ စဉ့်ကိုင်ဘက်က ဒီပုံရကတည်းက ဈေးရောင်းကောင်းလို့ ဆောင်းထားတာ' လို့ ပြောတယ်။ နောက်ကျောက စာကိုလည်း ပြတယ်။ ဒါပေမယ့် ကျုပ်က စာမတတ်ဘူး။ ဓာတ်ပုံလေးကိုတော့ သူ့ဆီက (၁၀၀) ကျပ်ပေးပြီး ဝယ်ယူထားလိုက်တယ်။

(၅) နှစ်လောက်တော့ကြာပါပြီ။ ဒီဘုရားပုံလေးကို အိမ်ကဘုရားဆောင်မှာတင်ပြီး ဆွမ်းတော်၊ ရေတော်၊ မုန့်၊ သစ်သီး၊ ဆီမီး၊ ပန်း၊ နံ့သာတိုင်နဲ့ အိမ်



www.burmeseclassic.com

www.burmeseclassic.com

ကရောင်းတဲ့ အကြော်နဲ့မုန့်ပျားသလက်စတာတွေကို အဆင်သင့်သလို တင်လှူခဲ့ပါတယ်။ ကျုပ်က ဘုရားစာတွေမရပေမယ့် ကိုယ်သိသလို၊ လုပ်တတ်သလို ဘုရားကိုတော့ အမြဲကန်တော့ပြီး ရွှေကံကူဘုရားထံမှာ ဆင်းရဲသောဘဝမှ လွတ်မြောက်ရပါစေလို့ အမြဲတမ်း ဆုတောင်းခဲ့တယ်။

ကျုပ်က ငယ်သာငယ်တာ အပျို မဟုတ်ဘူး၊ တစ်ခုလပ်ပါ။ စာမတတ်၊ ဗဟုသုတကလည်း မရှိတော့ ကိုယ့်ကို အပျော်ကြံသူနောက် ယုံစားပြီး လိုက်သွားမိတယ်။ နောက်ဆုံးတော့ ကလေးတစ်ယောက်ရခဲ့ပြီး အမေတို့ဆီ ပြန်ကပ်ရတာပေါ့။ ကျုပ်ယောကျ်ားကတော့ ချမ်းသာတဲ့ သူ့မယားကြီးဆီ ပြန်သွားပြီလေ။ နဂိုက မပြေလည်တဲ့ အမေတို့မှာလည်း ကျုပ်တစ်ယောက်အပြင် ကလေးတစ်ယောက်ပါ ပါးစပ်ပေါက်တွေတိုးလာတော့ ပိုပြီး စီးပွားရေးကျပ်တာပေါ့။ ကျုပ်က တခြားနေရာလည်း သွားစရာမရှိတော့ မျက်နှာပူပူနဲ့ပဲ အမေတို့နဲ့ဆက်ပြီးနေရတာပေါ့။ တွေ့တဲ့လူတိုင်းကိုတော့ ဝင်ငွေကောင်းမယ့်အလုပ်ကလေးများကြားရင် ပြောကြပါလို့ မှာထားတယ်။

တစ်နေ့မှာ ပွဲစားမတစ်ယောက် ရောက်လာပြီး ကျုပ်ကိုမေးတယ်။ ရန်ကုန်က သူဌေးအိမ်မှာ ကလေးထိန်းအလုပ်ရှိတယ်၊ လုပ်မလားတဲ့။ အဲဒီအချိန်က မန္တလေးမှာ အိမ်ဖော်လုပ်ခ တစ်လ (၃၀၀၀) ကျပ်လောက်ပဲရှိသေးတဲ့အချိန်မှာ ရန်ကုန်က (၁၀၀၀၀) ကျပ်ပေးမယ်၊ စရိတ်ငြိမ်းလို့လည်းပြောတယ်။ ပြီးတော့ အိမ်ရှင်က တအားကြီးချမ်းသာလို့ တိုက်ကြီးနဲ့နေရမယ်၊ ကားကောင်းကြီးတွေလည်း စီးရမယ်၊ ဟိုရောက်ရင် ဆံပင်လည်းညှပ်ပေးမယ်၊ အဝတ်အစားလည်း ဆင်မယ်၊ သီးသန့်အခန်းမှာ တီဗီနဲ့ထားမှာလို့ ပြောတယ်။

ကြိုတင်ငွေ တစ်သောင်းပါ ပေးခဲ့ဦးမယ်ဆိုတော့ ကျုပ် လိုက်မယ်ပေါ့။ ဒါနဲ့ ငွေတစ်သောင်းကိုယူ၊ အမေ့ကိုပေး၊ ကလေးကို အမေ့လက်ထဲအပ်။ ဒီအချိန်မှာ ကလေးက (၂) နှစ်သားရှိနေပေမယ့် ကျုပ်က (၁၈) နှစ်ပဲ ရှိပါသေးတယ်။ ကျုပ်လည်း နောက်တစ်နေ့မှာပဲ လိုက်ခဲ့တယ်။ အသွားတော့ မီးရထားကို အထက်တန်းတွဲကနေ ဇိမ်ကျကျနဲ့ လိုက်ခဲ့ရတယ်။ တစ်လမ်းလုံး လိုလေသေးမရှိ ကျွေးသွားပါရဲ့။ ရန်ကုန်ရောက်တော့လည်း သူပြောသလို ပြောင်လက်နေတဲ့ ကားသစ်၊ ကားကောင်းကြီးနဲ့ လာကြိုပါတယ်။

ပြီးတော့ ရွှေတိဂုံဘုရား ပို့တယ်၊ စီဒိုးနားဟိုတယ်မှာ ကြက်သားပလာတာ ကျွေးတယ်၊ အဇပါပဲ။ ပြီးတော့ သူတို့အိမ်ရှိရာ ရွှေပြည်သာစက်မှုဇုန်လို့ပြောတာပဲ၊ တိုက်ကြီး ခြံကြီးတစ်ခုဆီ ခေါ်သွားတယ်။

ကျုပ်လည်း အိမ်ကနေ တစ်ယောက်တည်း အရဲစွန့်ပြီး လိုက်လာတဲ့ အချိန်ကတည်းက ပိုက်ဆံအိတ်ကလေးထဲမှာ ထည့်ပြီး ပင့်ဆောင်လာခဲ့တဲ့ ရွှေကံကူဘုရားကိုပဲ အားကိုးပြီး ဆုတောင်းနေခဲ့တာပါ။ အခုဆို ဒီဘုရားလေးရဲ့ တန်ခိုးတော်ကြောင့် ရန်ကုန်ကို အထက်တန်းကျကျရောက်ရပြီး ကောင်းကောင်းမွန်မွန် စားရ၊ သွားရလို့ ကျေးဇူးတင်ပါတယ် အရှင်ဘုရားလို့ စိတ်ထဲက ပြောနေမိတယ်။

ဒါနဲ့ပဲ သူတို့အိမ် ရောက်သွားတော့ ပွဲစားမ ပြောတဲ့အတိုင်းပါပဲ ကျုပ်တို့နေရတဲ့နေရာကိုက တခမ်းတနားပါပဲ။ ကျုပ်အရင် ရှမ်းမလေးတစ်ယောက် ရောက်နှင့်နေတယ်။ ကျုပ်တို့ အတူတူနေရမယ်ပေါ့။ အခန်းကြီးက ကျယ်ပါတယ်။ တီဗီလည်းရှိတယ်၊ ဒေါက်စက်နှင့် စလောင်းပါ ဆင်ထားတာမို့ အချိန်ပြည့် ကြည့်နေရုံပဲ။ အလုပ်တာဝန်ကို ကျုပ်တို့နှစ်ယောက် ကျေကျေနပ်နပ်ပဲ ခွဲဝေယူလိုက်ကြတယ်။

ရှမ်းမလေးက ထမင်းချက်တယ်။ ကျုပ်က ကလေးထိန်း၊ အဝတ်လျှော်ပေါ့။ ကလေးလေးက ကျုပ်သားထက်တောင် ငယ်သေးတယ်။ ဖြူဖြူဖွေးဖွေး ချစ်စရာယောကျ်ားလေးပါ။ ကျုပ်လည်း ကျုပ်သားအမှတ်နဲ့ ဒီကလေးကို ချစ်နေတာပေါ့။ ပင်ပင်ပန်းပန်းလည်း လုပ်စရာမရှိတော့ ကျုပ်လည်း ပျော်မိပါတယ်။

အဲဒီလိုနဲ့ နေရတာ အဆင်ပြေနေတုန်း (၅) ရက်လောက်လည်းကြာရော ပြဿနာစတော့တာပါပဲ။ သူတို့အိမ်ကို အရပ်မြင့်မြင့်၊ ဆံပင်နီကြောင်ကြောင်၊ မျက်လုံးပြာကြီးနဲ့ နိုင်ငံခြားသားကြီး တစ်ယောက် ရောက်လာပါတယ်။ ဘာလူမျိုးလဲ၊ ဘယ်နိုင်ငံကလဲ ဆိုတာတော့ မသိပါ။ ကျုပ်ကို စိုက်ကြည့်ပြီး သူတို့ကို ဘိုလိုပြောတယ်။ ပြီးတော့ ခေါင်းယမ်းပြတယ်။ အဲဒါကို သူဌေးကတော်က ဘာသာပြန်ပေးတယ်။

"သူက ညည်းကို အသားညိုလို့တဲ့။ ဒါကြောင့် ညည်း ကလေးထိန်းလို့ မဖြစ်ဘူး"

လို့ပြောတော့ ကျုပ် အံ့ဩသွားရတယ်။ ဒါနဲ့ ကျုပ်လည်း သူဌေးကတော်ကို-

"ကျုပ် ကလေးထိန်းတာနဲ့ ဒီနိုင်ငံခြားသားကြီးနှင့် ဘာဆိုင်လို့လဲ။ ကျုပ်ကို တော်တို့ကလေးထိန်းခိုင်းဖို့ တော်တို့ကပဲ လခတစ်သောင်းပေးပြီး ခေါ်တာလေ၊ ဒီလူနီကြီးနဲ့ ဘာဆိုင်လို့တုံး"

လို့ ပြောလိုက်တယ်။

ဒီတော့ သူဌေးကတော်က-

"မဟုတ်သေးဘူး။ သူက တို့နဲ့ ဖက်စပ်လုပ်တဲ့သူဌေး။ ဒါကြောင့် သူ မကြိုက်တာ မလုပ်ချင်ဘူး။ သူက အသားဖြူမှကြိုက်တာဟ၊ အသားညိုရင် မကြိုက်ဘူး"

လို့ ပြန်ပြောတယ်။

ဒါနဲ့ ကျုပ်က စိတ်ပေါက်ပေါက်နဲ့-

"ကျုပ် အသားညိုတာ၊ ဖြူတာ သူနဲ့ ဘာဆိုင်လို့တုံး။ သူ့ကလေးထိန်းတာလည်းမဟုတ်၊ သူနဲ့ဘာမှမဆိုင်ဘူး"

လို့ ပြောလိုက်တော့ သူဌေးကတော်က စိတ်မရှည်တော့တဲ့ပုံနဲ့-

"ညည်းကလည်း အ,လိုက်တာ၊ သူက တစ်ခါတလေဆိုရင် ဒီအိမ်မှာ လာအိပ်တတ်တယ်။ အဲဒီအခါကျရင် သူ့ကိုပြုစုရင်း သူနှင့်အတူနေဖို့ ညည်းတို့လို ကောင်မလေးတွေ လိုတယ်လေ၊ ဒီတော့ သူ့အကြိုက် အသားဖြူမှ ဖြစ်မှာပေါ့" တဲ့။

အဲဒီတော့မှ ကျုပ်လည်း အဖြစ်မှန်ကို သိရတော့တယ်။ ကျုပ် အရမ်းစိတ်ဆိုးတာပေါ့။

"ဒါ ကျုပ်ကို လိမ်တာပဲ။ ကျုပ်က ဒီလူကြီးရဲ့ မယားငယ်လုပ်ဖို့ လိုက်လာတာမဟုတ်ဘူး၊ တော်တို့က ကလေးထိန်းခိုင်းမယ်ဆိုလို့ လိုက်လာတာ"

ဒီအချိန်မှာ ကျုပ်ကို ဒီအိမ်အထိ လိုက်ပို့ပေးခဲ့တဲ့ ပွဲစားမလည်း ရောက်လာတော့ ကျုပ်ရဲ့ဒေါသတွေက ပိုပြီး ပေါက်ကွဲတော့တာပေါ့။

"တော် - ဘယ်လိုလုပ်တာတုံး။ ကျုပ်အမေဆီမှာ ပြောတုန်းကတော့ ကလေးထိန်းဖို့ခေါ်တာပါဆို၊ ခုတော့ ကျုပ်ကို ကလေးထိန်းတစ်ပိုင်းနဲ့ ပြည့်တန်ဆာတစ်ပိုင်း လုပ်ခိုင်းမယ်ပေါ့လေ။ တော်ဆိုရင်ကော အဲဒီလိုလုပ်နိုင်မလား၊ ကိုယ်ချင်းစာမှပေါ့။ ကျုပ် ဒါကို ဖြစ်သဘောမတူဘူး။ ဒါကြောင့် မလုပ်နိုင်



www.burmeseclassic.com

www.burmeseclassic.com

ဘူး ဒီနေ့ပဲ မန္တလေးကိုပြန်ပို့။ ဟောဒီ ကောင်တွေ လား မား၊ တော်တို့ မပို့ရင်၊ ကျုပ် တို့ခံမယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ် သတ်သေပစ်လိုက်မှာ။ အဲဒီတော့ တော် တို့လည်း အမှုပတ်မှာ"

အဲဒီတော့မှ သူတို့အားလုံး တုန် လှုပ်ပြီး မျက်လုံးပြူးမျက်ဆန်ပြူးနဲ့ ပျာ ပျာသလဲ တောင်းပန်ကြတယ်။ သူဌေး ကတော်က ပွဲစားမကို အပြစ်တင် ကြိမ်း မောင်းပါသေးတယ်။

ပြီးတော့ သူဌေးကတော်က-

"မင်းကို အခုလို ဆက်ဆံမိတဲ့အ တွက် တို့ တောင်းပန်ပါတယ်။ ဒီကိစ္စ ဘယ်သူ့ကိုမှလည်း မပြောပါနဲ့၊ ရဲကို လည်း မတိုင်ပါနဲ့။ မင်းကို တစ်သောင်း ထပ်ပေးမယ်။ ဒီည ကားနဲ့ မန္တလေးကို ပြန်ရအောင် စီစဉ်ပေးမယ်။ ကားလက် မှတ်ရော လမ်းမှာစားသောက်စရာတွေ ပါ အပြည့်အစုံ စီစဉ်ပေးလိုက်ပါ့မယ်။ ဒါတို့ကို ခွင့်လွှတ်ပါ၊ ကျေနပ်ပါ"

လို့ တောင်းပန်ပါတယ်။ ကျုပ် လည်း နောက်ဆုံးတော့ ကိုယ်လည်း ဘာမှဖြစ်သေးတာမှ မဟုတ်ဘဲ ဆိုပြီး ကျေအေးလိုက်တယ်။ ဘယ်ကိုမှမတိုင် ပါဘူးလို့လည်း ကတိပေးလိုက်ပါတယ်။

ဒါနဲ့ပဲ ကျုပ်ပစ္စည်းတွေကို သိမ်း ပြီး ကျုပ်ကို လိုလေသေးမရှိ ကျွေး မွေးစေတယ်။ ခဏနေတော့ ကားလက် မှတ်လာပို့တယ်။ ကျုပ်လည်း ပိုက်ဆံ အိတ်ထဲက ရွှေကံကူပုံတော်ကိုထုတ်ပြီး စားပွဲပေါ်တင်လို့ ကန်တော့လိုက်တယ်။ ကျုပ်ကို ရွှေကံကူဘုရားက ကယ်သွား တာပဲ 'ကျေးဇူးတင်လိုက်တာ ဘုရား၊ အရှင်ဘုရားရဲ့ကျေးဇူးကို တစ်သက် မမေ့ပါဘူး' လို့ ထပ်ခါတလဲလဲဦးခိုက်ပြီး 'အသည့်တော်ကို တစ်သက်လုံး စောင့် ရှောက်ပါဘုရား' လို့ ဆုတောင်းလိုက် တယ်။ ကျုပ် အဲဒီလိုလုပ်နေတာကို ရှမ်း လေးက ကြောင်ကြည့်နေတယ်။ သူ လည်း အဲဒီနိုင်ငံခြားသားကြီးနဲ့ မကင်း လောက်ဘူး။ 'နင်တော့ ဝဋ်ရှိသမျှခံပေ ဦး' လို့ ပြောခဲ့တယ်။ သူက သူ့ဘဝသူ ကျေနပ်နေမှတော့ ကျုပ်က ကယ်ချင် လည်း မရဘူးလေ။ ကျုပ်ဘဝ လွတ် မြောက်ဖို့က အရေးကြီးပါတယ်။

ဒီလိုနှင့်ပဲ အဲဒီညနေမှာ ပွဲစားမ ကိုယ်တိုင် ကျုပ်နဲ့အတူ အဆင့်မြင့်မှန်လုံ ယာဉ်အေးကားကြီးနဲ့ လိုက်ပါပို့ဆောင် ပြီး နောက်နေ့မနက်မှာ မန္တလေးကို ပြန် ရောက်ခဲ့ပါတယ်။ ဂိတ်ရောက်တော့ ပွဲ စားမက လက်ဖက်ရည်ဆိုင်မှာ ကြိုက် တာ မှာစားခိုင်းပြီး 'တက္ကစီ ငှားပေး လိုက်မယ်၊ ငါတော့ ညည်းတို့အိမ်မလိုက် တော့ဘူး၊ ကိစ္စရှိသေးလို့။ ဒီအကြောင်း တွေ ဘယ်သူ့မှမပြောပါနဲ့နော်' လို့ မှာ လိုက်ပါသေးတယ်။

ကျုပ်လည်း အမေ့အကြောင်းဆိုင် ရောက်ရော 'ကောင်မ- တစ်လတောင် မခံဘူး၊ ပြန်လာပြီ' လို့ ဆီးပြီးမာန်တယ်။ ကလေးကတော့ ဝမ်းသာပြီး ကျုပ်ကို ပြေးလာဖက်ထားတယ်။ ဆိုင်မှာလည်း အကြော်ဝယ်သူတွေ ရှိတယ်၊ ရွှေဖြူ နောက်ကျောတိုက်က အန်တီဒေါ်အေး အေးမိုးလည်း ရှိနေတယ်။ ကျုပ်လည်း အမေနဲ့အတူရှိနေတဲ့လူတွေအားလုံးကို ကျုပ်ရဲ့အဖြစ်တွေ အကုန်ပြောပြလိုက် တယ်။

အဲဒီတော့မှ အမေနဲ့အားလုံးက အံ့ဩပြီး 'ဟင်- ဒီမျိုးအဖြစ်တွေလည်း တို့နိုင်ငံမှာ ရှိတယ်နော်။ နင် အသားညို တာ ကံကောင်းသွားတာပေါ့' တဲ့။ အန် တီ အေးအေးမိုးကတော့ 'ညည်းကို ရွှေ ကံကူဘုရားက ကယ်လိုက်တာပဲ။ ဒီ ဘုရားပုံတော်ကို အမြဲမပြတ် ပူဇော်ကန် တော့ခဲ့လို့ အခုလို ဒုက္ခက လွတ်လာ တာ' လို့ ပြောပါတယ်။

ကျုပ်လည်း အမေနဲ့အတူနေပြီး လက်ရှိအလုပ်ကိုပဲ ကြိုးစားလုပ်ကိုင်ခဲ့ တယ်။ ဒီအတောအတွင်း ရွှေကံကူပုံ တော်ကို ပိုပြီး ယုံကြည်အားထားလို့ ပူ ဇော်ထားခဲ့ပါတယ်။ မကြာခင် နောက် အိမ်ထောင်ကျပြီး ပြင်ဦးလွင်ကိုပြောင်း နေခဲ့တယ်။ အချမ်းသာကြီး မဟုတ် သော်လည်း ကိုယ်ပိုင်အိမ်၊ ကိုယ်ပိုင်စျေး ဆိုင်လေးနဲ့ အဆင်ပြေပြေနေနိုင်ခဲ့ပါပြီ။

(ဇာတ်လမ်းလေးကတော့ ဒါပါပဲ။ အခုတော့ ညိုချောလည်း ငှက်ဖျားရော ဂါနဲ့ ဆုံးသွားခဲ့ပါပြီ။ သူ့ရဲ့ဇာတ်လမ်း လေးနဲ့ ရွှေကံကူဘုရား ဆက်စပ်နေတာ မို့ တခြားသူတွေလည်းပဲ သင်ခန်းစာယူ နိုင်အောင်နဲ့ ရွှေကံကူရုပ်ရှင်တော်မြတ် ရဲ့တန်ခိုးတော် ကျေးဇူးတော်တွေကို သိ ရှိကြည်ညိုနိုင်ရန် ရေးသားပို့လိုက်ခြင်း ဖြစ်ပါတယ်။ ဆရာဘိုဘိုတို့ ရွှေကံကူ မောင်နှမများရဲ့ကျေးဇူးများကို ထာဝရ မမေ့စွာဖြင့် ခင်မင်လေးစားလျက် . . .

*သဥ္စလင်း (မန်းတက္ကသိုလ်) (ခ)*
*ဒေါ်အေးအေးမိုး*

*(၀၉- ၄၀၂၅၅၂၈၈၉၊ ၀၂- ၃၃၀၃၇)*

အထက်ပါဖြစ်ရပ်သည်ကား ကာ ယကံရှင်ကိုယ်တိုင်မှ ဒေါ်အေးအေးမိုး ကို ပြောပြခဲ့သည်ဟု သိရပါသည်။ ယခု ဒေါ်အေးအေးမိုး ပြောပြခဲ့သော ဖြစ် ရပ်များဆိုလျှင် ထူးခြားလွန်းလှပါသည်။ သို့သော် စာရေးသူတို့ မသိပါ။ ၂၀၁၃ ခုနှစ် (ယခုနှစ်) (၆) လပိုင်းတွင် ရုပ်ရှင် တော်မြတ်ကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့ မှ ပင့်ဆောင် ပူဇော်မည့်အကြောင်း ဒေါ်အေးအေးမိုးကို စာရေးသူမှ မဂ်လာ သတင်းအဖြစ် ပြောပြမိပါသည်။ ထိုအ ခါ ဒေါ်အေးအေးမိုးက ရုပ်ရှင်တော် မြတ်၏ဓာတ်ပုံသည် ထိုင်းနိုင်ငံ ဗန် ကောက်မြို့သို့ လွန်ခဲ့သော (၉) နှစ်က တည်းက ကြွမြန်းတော်မူခဲ့ပြီ ဖြစ် ကြောင်း၊ ထိုကဲ့သို့ ကြွရောက်ခဲ့ပုံမှာရှည် လျားလှသဖြင့် စာဖြင့် ရေးပြီးယူခဲ့မည် ဟု ဆိုခဲ့ပါသည်။ ယခု အထက်တွင်ပါရှိ ခဲ့သော အကြောင်းအရာတို့ပင် ဖြစ်ပါ သည်။

ယနေ့အချိန်တွင် ရွှေကံကူ လေပုံ သစ်တော် ရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံ တော်တို့သည် ဓာတ်ပုံအဖြစ်နှင့် လည်း ကောင်း၊ မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာ တို့ဖြင့် လည်းကောင်း၊ အင်တာနက်ဖြင့် လည်းကောင်း၊ ဗီစီဒီဖြင့်လည်းကောင်း၊ ဖြတ်တော်စဉ်သမိုင်း လုံးချင်းစာအုပ်ဖြင့် လည်းကောင်း မြန်မာနိုင်ငံ အနှံ့အပြား မျှသာမက ကမ္ဘာ့နိုင်ငံများတွင်ပါ ပျံ့နှံ့ လျက်ရှိချေပြီ ဖြစ်ပါသည်။ ထိုအခါ ထိုပုံ တော်များမှ ယုံကြည်စွာ ကိုးကွယ်ပူဇော် ကြသူတို့တွင် ထူးခြားသောအဖြစ်များ ဆက်လက်ကြုံတွေ့နေကြရဦးမည် ဖြစ် ပါ၏။

ထိုကဲ့သို့ ထူးခြားသော ဖြစ်စဉ် တို့ကို စာရေးသူထပ်မံတွေ့ရှိပါက ယခု ကဲ့သို့ စာဖတ်ပရိသတ်ကြီးအားရေးသား တင်ပြပါဦးမည်။ ထို့အပြင် ရွှေကံကူ သာဝကများထံမှ ထူးခြားမှုများကိုလည်း ဒေါ်အေးအေးမိုးကဲ့သို့ ကိုယ်တိုင် ရေး သားပေးပို့ကြမည်ဆိုပါလျှင် ဝမ်းမြောက် ဝမ်းသာ ကြိုဆိုလျက်ရှိပါကြောင်း သိစေ အပ်ပါသည်။

လူသားအားလုံးတို့သည် ဗုဒ္ဓ၏ အရိပ်အောက်သို့ ဝင်ရောက် ခိုလှုံကြ၍ အေးမြချမ်းသာမှုကို ခံစားရရှိနိုင်ကြပါ စေဟု ဆန္ဒပြုလျက်ဖြင့် . . .

ဘိုဘို(ရွှေကံကူ)



www.burmeseclassic.com

www.burmeseclassic.com

# သုံးလောကသခင်မြတ်စွာဘုရားရှင်နှင့်အသိတိရစ်ကျုပ်တို့ကိုကြည်ညိုပြီး လှာဘာသိန္ဒိတန်ခိုးရှိသော အရှင်သိဝလိထေရ်ကို ပူဇော်ရအောင်

**အောင်(သိဒ္ဓိရာဇာ)နဝင်းမြို့တော်**



တစ်နေ့သ၌-

ကျွန်ုပ်၏အလုပ်ခန်းရှိ အလုပ်စားပွဲတွင်ထိုင်ပြီး အရပ်ဝေးမှ ကျွန်ုပ်ထံသို့ ဘဝရှေ့ရေးအတွက် မေးကြသည့် မိတ်ဆွေများ၏ဟောစာတမ်း ရေးသားရလေ၏။ အလုပ်အကြွေးကျန်များကို ပြီးဆုံးအောင် လက်စသတ်လိုက်ပြီးနောက် စာမရေးဖြစ်ခဲ့တာ (၂) လလောက်အကြာ ရောက်နေ၍ စာရေးရန် ပြင်ဆင်နေလိုက်ပါသည်။

'ဘိုးတော်' ဟု ခေါ်သံနှင့်အတူ ကျွန်ုပ်ထံသို့ ဝင်ရောက်လာသူ လူရွယ်တစ်ယောက်။ ထိုလူရွယ်သည် ကျွန်ုပ်၏တပည့်တစ်ယောက်ဖြစ်သလို စာစုံဖတ်ပြီး မေးခွန်းပေါင်းများစွာကို မေးတတ်သူလည်း ဖြစ်ပေသည်။ ထိုတပည့်သည် ကျွန်ုပ်ကိုသာ အလုပ်ပေးတတ်သည် မဟုတ်၊ ပရိယတ္တိဝန်ဆောင် စာချဆရာတော်ကြီးများကိုပင် သူသိချင်ရာတို့ကို သွားရောက်ပြီး မေးလျှောက်တတ်သူဖြစ်လေသည်။

"မောင်မောင်သိန်းမြင့် ဘယ်က နေရောက်လာတာလဲ၊ ကောက်ရိုးတစ်လှည်းတိုက်လည်း သယ်ခဲ့တယ် မဟုတ်လား"

ဟု ရယ်မောပြီး ကျွန်ုပ်မှမေးမြန်းလိုက်ပါသည်။

"ဘိုးတော်ကတော့ ပြောရော့မယ်။ ကျွန်တော်မေးနေတာက ဘိုးတော်ပါရမီဖြည့်ပေးနေတာပါ။ အခု မေးချင်တာက မြတ်စွာဘုရား အမှူးပြုသော (၈၀) သော ရဟန္တာများရဲ့၊ နောက်လာဘ်လာဘမှာ မြတ်စွာဘုရားရှင်က ချီးမြှောက်ပေးခဲ့သော အရှင်သီဝလိထေရ်ကို ဒီဝါတွင်းမှာ ပူဇော်ချင်လို့ပါ။ ချီးမြှင့်ပါ"

ဟု ဇွတ်ကို တောင်းဆိုနေလေတော့သည်။

"မောင်မောင်သိန်းမြင့်ကတော့ ကွာ၊ ဘာဆို ငါ့ဆီရောက်လာပြီး အထုပ်ဖြေတော့တာပဲ။ တို့များကလည်း ပါဠိတော်ကို နှံ့စပ်တာ၊ တတ်တာလည်း မဟုတ်ဘူးကွ။ ဒေသနာတော် ဆိုတာ မသိဘဲ၊ နားမလည်ဘဲနဲ့ လူတတ်လုပ်လို့ မရဘူးကွ။ မှားသွားရင် သံသရာမှာအကောင်းနဲ့ ခရီးဆက်နိုင်မှာ မဟုတ်ဘူး။

တို့များရဲ့ဆရာများ၏အဆုံးအမများနဲ့ သင်ပြမှုကြောင့် ဆင္ခမှု နိဿယတွေရှိနေတာရယ်၊ မုံရွေးဆရာတော်ကြီး၏သမန္တစက္ခုဒီပနီတွေ ရှိနေလို့သာပေါ့ကွာ။ တတ်အားသရွေ့ ကြိုးစားပြီးပြောရမှာပေါ့"

ဟု ပြန်ပြောလိုက်ရပါတော့သည်။

ကျွန်ုပ်တပည့် မောင်မောင်သိန်းမြင့်အား ပြောပြခဲ့သော အကြောင်းအချက်အားလုံးတို့ကို စာချစ်သူမိတ်ဆွေများအနေဖြင့် သိကြပြီးဖြစ်သော်လည်း 'နာဖူးထပ်မံ' ဆိုစကားလို သည်းခံဖတ်ရှု၍ ကြည်ညိုနိုင်ကြစေရန် စိတ်ကူးပေါ်ခဲ့ပါသည်။

အထက်တွင် ကျွန်ုပ် စာမရေးဖြစ်ခဲ့တာ (၂) လတာလောက်ကြာနေပြီဖြစ်၍ စာရေးရန် တာစူနေချိန်အတွက် အခွင့်သင့်အခါကိုက် ကြုံကြိုက်နေပါတော့သည်။

ကျွန်ုပ်တို့၏ထေရဝါဒဗုဒ္ဓဘာသာ သာသနာတော်ကြီးတွင် သုံးလောကတို့၏သခင်၊ မင်းတကာတို့၏အသာဆုံး၊အမြတ်ဆုံး ရွှေဘုန်းတော်နှင့်ပြည့်စုံတော်မူသည့် မြတ်စွာဘုရားရှင်သည် ဘုရားအဖြစ် ရောက်ရှိသွားခဲ့ပြီးချိန်မှစ၍ ပရိနိဗ္ဗာန်ဝင်စံသည့်ကာလတိုင်အောင် ဝေနေယျများစွာ သတ္တဝါတို့အား အမတနန်းသို့အရောက် ပို့ဆောင်ရန် ဒေသစာရီကြွချီပြီး ဝါဆိုဝါကပ် ဌာနအားဖြင့် (၁၅) ဌာနတို့တွင် သီတင်းသုံး စံပယ်တော်မူခဲ့ပါသည်။

ဝါဆိုဝါကပ်ရာဌာန တစ်ဆယ့်ငါးပါးတို့မှာ-

၁။ ဗာရာဏသီ
၂။ ရာဇဂြိုဟ်
၃။ ဝေသာလီ
၄။ ဗကုလ
၅။ တာဝတိံသာ
၆။ ဘဂ္ဂါယန
၇။ ကောသမ္ဗီ
၈။ ပလလည်းတော



www.burmeseclassic.com

www.burmeseclassic.com

၉။ နာဠကသွာ
၁၀။ ဝေရဥ္စာပြည်
၁၁။ စာလိယတောင်
၁၂။ သာဝတ္ထိ
၁၃။ ကပိလဝတ်
၁၄။ အာဠဝီ
၁၅။ ဝေဠုဝရွာတို့ ဖြစ်ပါသည်။

မြတ်စွာဘုရားသည် လက်ဝဲရံ၊ လက်ယာရံ ထေရ်အရှင်မြတ် ရှစ်ဆယ်တို့စံပယ်ရာတွင် အောက်ပါ ထေရ်မြတ်တို့မှာ စံပယ်ကြမြဲ ဖြစ်ပါသည်။

အသီတိရှစ်ကျိပ်တို့သည် အင်္ဂုတ္တိုရ် ဋီကာကြီး တိကနိပါတ် အဖွင့်တွင်-

၁။ အညာသိကောဏ္ဍညော
၂။ ဝပ္ပေါ
၃။ ဘဒ္ဒိယော
၄။ မဟာနာမော
၅။ အဿဇိ
၆။ နာဠကော
၇။ ယသော
၈။ ဝိမလော
၉။ သုဗာဟု
၁၀။ ပုဏ္ဏဇိ (၁-ကျိပ်)

၁။ ဂဝမ္ပတိ
၂။ ဥရုဝေလကဿပေါ
၃။ နဒီကဿပေါ
၄။ ဂယာကဿပေါ
၅။ သာရိပုတ္တော
၆။ မဟာမောဂ္ဂလာနော
၇။ မဟာကဿပေါ
၈။ မဟာကစ္စာနော
၉။ မဟာကောဋ္ဌိကော
၁၀။ မဟာကပ္ပိနော (၂-ကျိပ်)

၁။ မဟာစုန္ဒော
၂။ အနုရုဒ္ဓေါ
၃။ ကင်္ခါရေဝတော
၄။ အာနန္ဒော
၅။ နန္ဒကော
၆။ ဘဂု
၇။ နန္ဒိယော
၈။ ကိမိလော
၉။ ဘဒ္ဒိယော
၁၀။ ရာဟုလော (၃-ကျိပ်)

၁။ သီဝလိ
၂။ ဥပါလိ
၃။ ဒဗ္ဗော
၄။ ဥပသေနော
၅။ ခဒိရ ဝနိယရေဝတော
၆။ ပုဏ္ဏောမန္တာနိပုတ္တော
၇။ ပုဏ္ဏောသုနာပရန္တကော
၈။ သောဏော ကုဋိကဏ္ဏော
၉။ သောဏော ကောဠိဝိသော
၁၀။ ရာဓော (၄-ကျိပ်)

၁။ သုဘူတိ
၂။ အင်္ဂုလိမာလော
၃။ ဝက္ကလိ
၄။ ကာလုဒါယီ
၅။ မဟာဥဒါယီ
၆။ ပိလိန္ဒဝစ္ဆော
၇။ သောဘိတော
၈။ ကုမာရကဿပေါ
၉။ ရဋ္ဌပါလော
၁၀။ ဝင်္ဂီသော (၅-ကျိပ်)

၁။ သဘိယော
၂။ သေလော
၃။ ဥပဝါဏော
၄။ မေဃိယော
၅။ သာဂတော
၆။ နာဂိတော
၇။ လကုဏ္ဍကဘဒ္ဒိယော
၈။ ပိဏ္ဍောလဘာရဒွါဇော
၉။ မဟာပန္ထကော
၁၀။ စူဠပန္ထကော (၆-ကျိပ်)

၁။ ဗာကုလော
၂။ ကုဏ္ဍဓာနော
၃။ ဒါရုစီရိယော
၄။ ယသောဇော
၅။ အဇိတော
၆။ တိဿမေတ္တေယျော
၇။ ပုဏ္ဏကော
၈။ မေတ္တဂူ
၉။ ဓောတကော
၁၀။ ဥပသီဝေါ (၇-ကျိပ်)

၁။ နန္ဒော
၂။ ဟေမကော
၃။ တောဒေယျော
၄။ ကပ္ပေါ
၅။ ဇတုကဏ္ဏီ
၆။ ဘဒြာဝုဓော
၇။ ဥဒယော
၈။ ပေါသလော
၉။ မောဃရာဇာ
၁၀။ ပိင်္ဂိယော (၈-ကျိပ်)

၎င်းရှစ်ကျိပ်တို့သည် အင်္ဂုတ္တိုရ် ဋီကာကြီး တိကနိပါတ်အဖွင့် (အ၊ ဋီ၊ ၂၊ ၁၃၂) တွင် ပြထားပါသည်။

ဇာတ်ဋီကာတွင် လက်ယာတော်က-

၁။ အရှင်သာရိပုတြာ
၂။ ကောဏ္ဍညထေရ်
၃။ ဝပ္ပထေရ်
၄။ ဘဒ္ဒိယထေရ်
၅။ မဟာနာမထေရ်
၆။ အဿဇိထေရ်
၇။ နာလကထေရ်
၈။ ယသထေရ်
၉။ ဝိမလထေရ်
၁၀။ သုဗာဟုထေရ် (၁-ကျိပ်)

၁။ ပုဏ္ဏဇိထေရ်
၂။ ဂဝမ္ပတိထေရ်
၃။ ဥရုဝေလကဿပထေရ်
၄။ နဒီကဿပထေရ်
၅။ ဂယာကဿပထေရ်
၆။ မဟာကဿပထေရ်
၇။ မဟာကစ္စာယနထေရ်
၈။ မဟာကောဋ္ဌိကထေရ်
၉။ မဟာကပ္ပိနထေရ်
၁၀။ မဟာစုန္ဒထေရ် (၂-ကျိပ်)

၁။ ဥပါလိထေရ်
၂။ အနုရုဒ္ဓါထေရ်
၃။ ကင်္ခါရေဝတထေရ်
၄။ အာနန္ဒာထေရ်
၅။ နန္ဒကထေရ်
၆။ ဘဂုလထေရ်
၇။ နန္ဒိယထေရ်
၈။ ကိမိလထေရ်
၉။ ဘဒ္ဒိယထေရ်
၁၀။ ရာဟုလထေရ် (၃-ကျိပ်)

၁။ သီဝလိထေရ်
၂။ ဒဗ္ဗထေရ်
၃။ ဥပသေနထေရ်
၄။ ခဒိရဝနရေဝတထေရ်
၅။ မန္တာနိပုတ္တပုဏ္ဏထေရ်
၆။ သုနာပရန္တပုဏ္ဏထေရ်
၇။ ကုဋိကဏ္ဏသောဏထေရ်
၈။ ကောဠိဝိသသောဏထေရ်
၉။ ရာဓထေရ်
၁၀။ သုဘူတိထေရ် (၄-ကျိပ်)

ထိုလေးကျိပ်တို့သည် မြတ်စွာဘုရား၏လက်ယာတော်နေ လေးကျိပ် ဖြစ်သည်။

လက်ဝဲတော်က-

၁။ အရှင်မောဂ္ဂလာန်ထေရ်
၂။ အင်္ဂုလိမာလထေရ်
၃။ ဝက္ကလိထေရ်
၄။ ကာလုဒါယီထေရ်
၅။ မဟာဥဒါယီထေရ်
၆။ ပိလိန္ဒဝစ္ဆထေရ်
၇။ သောဘိတထေရ်
၈။ ကုမာရကဿပထေရ်



www.burmeseclassic.com

www.burmeseclassic.com

၉။ ရဋ္ဌပါလထေရ်
၁၀။ ဝင်္ဂီသထေရ် (၁-ကျိပ်)

၁။ သဘိယထေရ်
၂။ သေလထေရ်
၃။ ဥပဝါဏထေရ်
၄။ မေဃိယထေရ်
၅။ သာဂတထေရ်
၆။ နာဂိတထေရ်
၇။ လကုဏ္ဍကဘဒ္ဒိယထေရ်
၈။ ပိဏ္ဍောလဘာရဒွါဇထေရ်
၉။ မဟာပန္ထကထေရ်
၁၀။ စူဠပန္ထကထေရ် (၂-ကျိပ်)

၁။ ဗာကုလထေရ်
၂။ ကုဏ္ဍဓာနထေရ်
၃။ ဒါရုစီရိယထေရ်
၄။ ယသောဇထေရ်
၅။ အဇိတထေရ်
၆။ တိဿမေတ္တေယျထေရ်
၇။ ပုဏ္ဏကထေရ်
၈။ မေတ္တဂူထေရ်
၉။ ဓောတကထေရ်
၁၀။ ဥပသီဝထေရ် (၃-ကျိပ်)

၁။ နန္ဒထေရ်
၂။ ဟေမကထေရ်
၃။ တောဒေယျထေရ်
၄။ ကပ္ပထေရ်
၅။ စတုကဏ္ဏိကထေရ်
၆။ ဘဒြာဝုဓထေရ်
၇။ ဥဒယထေရ်
၈။ ပေါသာလထေရ်
၉။ မောဃရာဇထေရ်
၁၀။ သံကိယထေရ် (၄-ကျိပ်)

မြတ်စွာဘုရားရှင် လက်ဝဲတော်နေ လေးကျိပ်တို့ ဖြစ်ပါသည်။ ထိုလေးကျိပ်ကို (ဇာတ်ငိုကာ) တွင် ပါရှိသည်။ အထက်တွင်ပြခဲ့ပြီးသော အသီတိ ရှစ်ကျိပ်တို့တွင် အင်္ဂုတ္တိုရ်ငိုကာထွက်နှင့် ဇာတ်ငိုကာထွက်တို့ကို တိုက်ဆိုင်ကြည့်သော် အချို့နေရာတွင် မညီ ကွဲပြားကြသည်ကို တွေ့ရှိပါသည်။

အခွင့်အခါကြုံလာသဖြင့် စာချစ်သူမိတ်ဆွေများအား ယခုစာစုကို ရေးခြင်းနှင့်နီးနွှယ်နေသည့်သဘောရှိသဖြင့် စွယ်စုံကျော်ထင်၌လာသော ဓာတုပရိနိဗ္ဗာန်ကို တင်ပြလိုပါသည်။

ဓာတု ပရိနိဗ္ဗာနံ နာမ အနာဂတေ သာသနန္တရ ဓာနေ ဘဝိဿတိ။

ဓာတုပရိနိဗ္ဗာန်မည်သည် နောင်သာသနာတော်ကွယ်သောအခါ ဖြစ်လတ္တံ့ဟု ဗုဒ္ဓဝင် အဋ္ဌကထာ၌ လာ၏။ ရက်ကိုကား တိုက်ရိုက် မပြပေ။ ယင်းသို့မပြသော်လည်း သာသနာတော် (၅၀၀၀) ကို လဖြင့်ရေတွက်သော် လပေါင်းအားဖြင့် (၆၀၀၀၀) ရှိပါသည်။ ရက်ဖြင့်ရေတွက်သော် (၁၈၀၀၀၀၀) ရှိပါသည်။

ဘုရားသခင်သည် ၁၄၈ ခုနှစ်၊ ကဆုန်လပြည့် အင်္ဂါနေ့တွင် ပရိနိဗ္ဗာန်ပြုသောကြောင့် ထိုလပြည့်ကျော် (၁) ရက်မှ စတင်ရေတွက်သဖြင့် အနှစ် (၅၀၀၀)၊ လပေါင်း (၆၀၀၀၀)၊ ရက်ပေါင်း (၁၈၀၀၀၀၀) တို့သည် ကဆုန်လပြည့် သောကြာနေ့တွင်ပင် ဓာတုပရိနိဗ္ဗာန်ဖြစ်မည်ဟု သိသင့်ပါသည်ဟု စွယ်စုံကျော်ထင် (၃၃၀) တွင် ပြထားပါသည်။

ကျွန်ုပ် အထက်တွင် တင်ပြခဲ့ပြီးသောအကြောင်းများ အတော်အတန်စုံပြီဟု ယူဆပါသည်။ ယခု ဝါတွင်းကာလတွင် မြတ်စွာဘုရားရှင်ကိုအမှူးထား၍ အရှင်သီဝလိထေရ်မြတ်ကို နေ့စဉ်မပြတ်ဆွမ်းကပ်လှူရသော ကောင်းမှုစေတနာကြောင့် ဆောင်ရွက်သူ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့အနေဖြင့် မျက်မှောက်ဘဝ ပစ္စက္ခတွင် လွန်စွာအံ့ဩဖွယ်ရာ အကျိုးထူးများစွာကို ရရှိကြမည်ဖြစ်ကြောင်း တင်ပြလိုပါသည်။

မြတ်စွာဘုရားရှင်နှင့်တကွ လက်ယာတော်နေဖြစ်သော လာဘ်အရာတွင် အသာဆုံး အမြတ်ဆုံးဖြစ်သည့် အရှင်သီဝလိထေရ်ကို ဆွမ်းကပ်လှူရန်အတွက် ရည်ရွယ်မှန်းထားပြီး ထုထားသော ရုပ်ပွားတော်၊ ကိုယ်ပွား ကိုယ်စားတော်များသည် ဥဒ္ဒိသကစေတီ ဖြစ်ကြောင်း သာရတ္ထသင်္ဂဟကျမ်း၌လာသည်ဖြစ်၍ မိတ်ဆွေတို့အိမ်၏အထွတ်အမြတ်ဖြစ်သော အိမ်ဦး ဘုရားခန်းအတွင်း မြတ်စွာဘုရားသခင်နှင့် ရှင်သီဝလိထေရ်တို့ ကိန်းဝပ်စံပယ်တော်မူနေပြီးဖြစ်နေမည်ဟု ယူဆပါသည်။

ဆွမ်းကပ်လှူရာတွင် မြတ်စွာဘုရားရှင်အား မိမိတို့၏အာစရိယဝါဒအတိုင်း ကပ်လှူ၍ဆုတောင်းနိုင်ကြပါသည်။ လာဘ်လာဘချမ်းသာကို မုချပေးစွမ်းနိုင်သော အရှင်သီဝလိထေရ်အား ဆွမ်းကပ်လှူရာတွင် ဥပ္ပါတသန္တိ၌လာသော သီဝလိဂါထာ (ထောမနာအာသီသဂါထာ) ဖြင့် ပူဇော်ကြရမည်ဖြစ်ပါသည်။

ဆွမ်းကပ်လှူရာတွင် မိမိတို့၏သဒ္ဓါအားလျော်စွာ ကပ်လှူနိုင်ကြပါသည်။

*(ကျွန်ုပ်၏သဘောထားနှင့် ဆန္ဒကိုတင်ပြရမည်ဆိုပါလျှင် သစ်သီးဆွမ်းဟုမည်သော ဆွမ်းဖြူနှင့် သစ်သီးတစ်မျိုးတို့ဖြင့် ကပ်လှူသင့်ကြောင်း တင်ပြပါသည်။ စာရေးသူ)*

ရှင်သီဝလိဂါထာနှင့် ဆုတောင်းကို အောက်ပါအတိုင်း ဖော်ပြထားပါသည်။

**သီဝလိ ထောမနာ အာသီသဂါထာ**

လာဘီနံ မုတ္တမော ထေရော၊
သီဝလိ ဣတိ ဝိဿုတော။
သောရဃော ပစ္စယာဒီနံ၊
သဒါ သောတ္ထိံ ကရောတုမေ။

**ယောထေရ်ရော**-အကြင် မထေရ်သည်၊ **လာဘီနံ**-လာဘ်များသောသူတို့ထက်၊ **ဥတ္တမော**-လွန်ကဲတော်မူ၏။ **သီဝလိဣတိ** - သီဝလိဟူ၍လည်း၊ **ဝိဿုတော**-ကျော်စောတော်မူ၏။ **ပစ္စယာဒီနံ**-ပစ္စည်းလေးပါး ရှိခိုးပူဇော်ခြင်း စသည်တို့ကို၊ **ရဃော**- စံတော်မူထိုက်၏။ **သောထေရော**- ထိုမထေရ်သည်၊ **သဒါ**- အခါခပ်သိမ်း၊ **မေ**-ကျွန်ုပ်အား၊ **သောတ္ထိံ**-ချမ်းသာခြင်းကို**ကရောတု**-ပြုပါစေသတည်း။

တစ်နေ့လျှင် အနည်းဆုံး (၁၀) ခေါက် ရွတ်ဖတ်ပူဇော်ခြင်း သို့မဟုတ် သဒ္ဓါအားလျော်စွာ (၁၀၈) လုံး ဂုဏ်တော်ပုတီးကို ဂါထာတစ်ပုဒ်၊ ပုတီးတစ်လုံးချ၍ ပုတီးတစ်ပတ်စိပ်ရန် ဖြစ်ပါသည်။

ယခုဆောင်ရွက်ရမည့် အဓိဋ္ဌာန်သည် ကာလအဓိဋ္ဌာန် ဖြစ်ပါသည်။ ဝါဆိုလဆန်း (၁၅)ရက် (လပြည့်နေ့) မှ စတင်ပြီး သီတင်းကျွတ်လဆန်း (၁၅) ရက် (လပြည့်နေ့) အထိ (၃) လတိတိ ကြာမြင့်မည် ဖြစ်ပါသည်။

အဓိဋ္ဌာန်တွင် သီးခြားပြဋ္ဌာန်းခြင်း မရှိသည့်အတွက် အဓိဋ္ဌာန်ကာလတွင် (ကာလအဓိဋ္ဌာန်) မကျိုးမပေါက်ရလေအောင်ဆောင်ရွက်နိုင်ပါသည်ဟု မေတ္တာရှေ့ထား၍ တင်ပြလိုက်ရပါတော့သည်။

*ကောင်းမှုကိစ္စမှန်သမျှ လိုလားတောင့်တတိုင်း အလုံးစုံ ရရှိပြည့်စုံကြပါစေ*

အောင်(သိဒ္ဓိရာဇာ)
နဝင်းမြို့တော်

***ကျမ်းကိုး***- *သမန္တစက္ခုဒီပနီ*



www.burmeseclassic.com

www.burmeseclassic.com

သုခစုစ်

# ကိုယ်ချစ်၊ သူချစ်

ကိုယ်ချစ်၊ သူချစ်ကို သိနိုင်သော ညာရပ်မှာ 'အောင်လံထူစစ်သူကြီးပွဲ' ထူသော စတုရန်းလက်ာကို အသုံးပြု ထားပါသည်။ တွက်လိုသောသူ၊ သိလို သောသူ၏မွေးနံ (သို့) နာမည်အရင်းလုံး ကို အလယ်တွင်ချကာ ရှေ့သို့ သုံးလုံးကို စတုရန်းလက်ာအတိုင်းသွားပြီး ကျန်သုံး လုံးကို စတုရန်းလက်ာဖြင့်ပင် မွေးနံ၏ အနောက်မှ ပြန်၍ နေရာချရမည် ဖြစ် ပါသည်။

ဥပမာ- တနင်္ဂနွေ သားသမီးကို တွက်ကြည့်မည်ဆိုလျှင်-

သောကြာ သားသမီးများသည် တနင်္ဂနွေသားသမီးကို ချစ်ရာတွင် တတိယမြောက် ချစ်ရသူ ဖြစ်ပါသည်။

တနင်္လာ သားသမီးများသည် တနင်္ဂနွေသားသမီးကို ချစ်ရာတွင် ဒုတိယမြောက်ချစ်ရသူ ဖြစ်ပါသည်။

ကြာသပတေးသားသမီးများသည် တနင်္ဂနွေသားသမီးကို ချစ်ရာတွင် သူတို့၏ဘဝတွင် ပထမဦးဆုံး စ,ချစ်ခဲ့ရသူ ဖြစ်ပါသည်။

ကျန်သော မွေးနံ နေ့သားများကို လည်း အထက်ပါအတိုင်းနည်းမှီ၍ သိ ရာ၏။

**မွေးနံ (သို့) နာမည်အရင်းလုံး**

| (သူချစ်) | | | ↓ | (ကိုယ်ချစ်) | | |
|---|---|---|---|---|---|---|
| ၆ | ၂ | ၅ | ၁ | ၄ | ၀ | ၃ |
| → သူ → | ကြီး → | ပွဲ | (အောင်) → | လံ → | ထူ → | စစ် |

မွေးနံ တနင်္ဂနွေ၏အရှေ့ရှိ ၄-ဗုဒ္ဓဟူးသားသမီး၊ ၀-စနေသားသမီး၊ ၃-အင်္ဂါသားသမီးတို့သည် ၁-တနင်္ဂနွေသားသမီးက စ,၍ချစ်ရသော နေ့သားသမီး (ကိုယ်ချစ်) များ ဖြစ်ပါသည်။

မွေးနံ၏အနောက်ရှိ ၆-သောကြာသားသမီး၊ ၂-တနင်္လာသားသမီး၊ ၅-ကြာသပတေးသားသမီးတို့သည် ၁-တနင်္ဂနွေသားသမီးကို စ,၍ချစ်ရသော နေ့သားသမီး (သူချစ်)များ ဖြစ်သည်။

ဤတွင် ထပ်မံ၍ အသေးစိတ်သိနိုင်ရန်မှာ. . .

(ကိုယ်ချစ် အပိုင်းတွင်) တနင်္ဂနွေ သားသမီးသည်-

ဗုဒ္ဓဟူးသားသမီးကို မိမိ၏ဘဝ တွင် ပထမဦးဆုံး စ၍ ချစ်ခဲ့ရသူ ဖြစ်ပါ သည်။

တနင်္ဂနွေသားသမီးသည် စနေ သားသမီးကိုဆိုလျှင် မိမိ၏ဘဝတွင် ဒုတိယမြောက်ချစ်ရသူ ဖြစ်ပါသည်။

တနင်္ဂနွေသားသမီးသည် အင်္ဂါ သားသမီးကိုဆိုလျှင် မိမိ၏ဘဝတွင် တတိယမြောက်ချစ်ရသူ ဖြစ်ပါသည်။

(သူချစ်) ဘက်က ကြည့်လျှင် လည်း. . .

**တနင်္လာသားသမီး (သို့) တနင်္လာနာမည်ရှင်**

| (သူချစ်) | | | | | | (ကိုယ်ချစ်) |
|---|---|---|---|---|---|---|
| ၀ | ၃ | ၆ | (၂) | ၅ | ၁ | ၄ |
| ထူ | စစ် | သူ | ကြီး | ပွဲ | အောင် | လံ |

**အင်္ဂါသားသမီး (သို့) အင်္ဂါနာမည်ရှင်**

| (သူချစ်) | | | | | | (ကိုယ်ချစ်) |
|---|---|---|---|---|---|---|
| ၁ | ၄ | ၀ | (၃) | ၆ | ၂ | ၅ |
| အောင် | လံ | ထူ | စစ် | သူ | ကြီး | ပွဲ |

**ဗုဒ္ဓဟူးသားသမီး (သို့) ဗုဒ္ဓဟူးနာမည်ရှင်**

| (သူချစ်) | | | | | | (ကိုယ်ချစ်) |
|---|---|---|---|---|---|---|
| ၂ | ၅ | ၁ | (၄) | ၀ | ၃ | ၆ |
| ကြီး | ပွဲ | အောင် | လံ | ထူ | စစ် | သူ |

**ကြာသပတေးသားသမီး (သို့) ကြာသပတေးနာမည်ရှင်**

| (သူချစ်) | | | | | | (ကိုယ်ချစ်) |
|---|---|---|---|---|---|---|
| ၃ | ၆ | ၂ | (၅) | ၁ | ၄ | ၀ |
| စစ် | သူ | ကြီး | ပွဲ | အောင် | လံ | ထူ |

**သောကြာသားသမီး (သို့) သောကြာနာမည်ရှင်**

| (သူချစ်) | | | | | | (ကိုယ်ချစ်) |
|---|---|---|---|---|---|---|
| ၄ | ၀ | ၃ | (၆) | ၂ | ၅ | ၁ |
| လံ | ထူ | စစ် | သူ | ကြီး | ပွဲ | အောင် |

**စနေသားသမီး (သို့) စနေနာမည်ရှင်**

| (သူချစ်) | | | | | | (ကိုယ်ချစ်) |
|---|---|---|---|---|---|---|
| ၅ | ၁ | ၄ | (၀) | ၃ | ၆ | ၂ |
| ပွဲ | အောင် | လံ | ထူ | စစ် | သူ | ကြီး |

ကိုယ်ချစ်၊ သူချစ် တွက်ချက်ရာတွင် မိမိ၏ချစ်သူ (သို့) အိမ်ထောင်ဖက် ပတ်သက်သူနှင့်သာ တွက်ချက်ရပါမည်။ ကျန်နေ့သားသမီးအားလုံးကို လိုက်တွက် ချက်နေရန် မဟုတ်ပါ။

ကိုယ်ချစ်ကိုပဲ ယူယူ၊ သူချစ်ကို ပဲရရ ပျော်ရွှင် ချမ်းမြေ့ဖွယ်ကောင်း သော အိမ်ထောင်ဖက်များ ဖြစ်ကြပါစေ သတည်း။


*ကောင်းမှု အကြောင်းပြု ကောင်း ဆုပြည့်ပါစေ*

သုခစုစ်



www.burmeseclassic.com

www.burmeseclassic.com



# နေဝန်းနီ

မကောင်းဆိုးဝါးကောင်

ဝေဠုက တရားရုံးချုပ်ရှေ့နေတစ်ယောက် ဖြစ်သည်။ သူနေတာက မြန်မာနိုင်ငံအနောက်ဘက်ဒေသ ရခိုင်ပြည်နယ် ပင်လယ်ကမ်းခြေ မြို့ကြီးတစ်မြို့၏ပင်လယ်ကမ်းစပ်နှင့် မဝေးလွန်းလှသောနေရာ။

ပင်လယ်နှင့်မဝေးလွန်းသောနေရာ၌နေသည်ဆိုသော်လည်း ပင်လယ်ကမ်းခြေဆီကိုတော့ သူ ရောက်ဖြစ်ခဲ့သည်။ လုပ်ငန်းခွင်တွင် အဆင်မပြေသည့်အခါမျိုး၊ အလုပ်လုပ်ရကိုင်ရ ငြီးငွေ့ နောက်ကျိလာသည့်အခါမျိုး၊ အိမ်က ဇနီးမယားနှင့် အဆင်မပြေသည့်အခါမျိုး ထိုအခါမျိုး၌သာ လာလေ့လာထ၊

www.burmeseclassic.com

www.burmeseclassic.com

ခောက်လှေ့ရောက်ထ ရှိသည်။

ပင်လယ်ဘက်လာတိုင်း ကမ်းခြေရှိ အန်းပင်လေးများနှင့် ဘန်ဂလိုများကို ကျော်ပြီး ကမ်းခြေအစပ် ကျောက်ဆောင်၊ ကျောက်တုံး၊ ကျောက်သားပြင်ကြီးများဆီအရောက် သူကလာတတ်သည်။ ပင်လယ်ပြင်ကြီးကို ရှုပ်တိုက်ပြေးလွှားလာသည့် ပင်လယ်လေအေးသက်သက်ကို အဝကြီးရှူရှိုက်ရင်း တစ်ခါတစ်ရံ ပင်လယ်ကြီးထဲမှ သင်္ဘောတွေ၊ လှေလေးတွေကို ငေးမောနေတတ်သလို တစ်ခါတစ်ရံ၌ ကမ်းစပ်သို့ပြေးလွှားရိုက်ခတ်လာတတ်သည့် လှိုင်းကြက်ခွပ်လေးများကို စိတ်ရလက်ရ ကြည့်နေတတ်သည်။ တစ်ခါတစ်ရံ၌တော့ ပင်လယ်ထဲငုပ်လျှိုးတော့မလိုလိုဖြစ်နေသော နီကြန်ကြန်နေဝန်းကြီးကိုကြည့်ပြီး ကျောက်တုံးကြီးတစ်တုံးကိုမှီ၊ တစ်တုံးပေါ် ထိုင်ရင်း မျက်စိကို အကြာကြီးမှိတ်၍ တွေးချင်ရာတွေးနေတတ်သည်။

ညဉ့်လေးတော်တော်နက်မှ သူက အိမ်သို့ပြန်လေ့ရှိ၏။ ကြယ်ရောင်၊ လရောင်နှင့် ဘန်ဂလိုမှ ထွန်းလင်းနေကြသည့် လျှပ်စစ်မီးရောင်ခပ်ပျပျလေးနှင့် အိမ်ကိုပြန်ရသည်ကို သူနှစ်သက်သည်။ ထိုအချိန်မျိုး၌ သူ့အပြန်ကို စောင့်လေ့စောင့်ထ မရှိသော ဇနီးဖြစ်သူက အိပ်ပျော်နေ၊ အိပ်မောကျနေလောက်ပြီ ဖြစ်၏။

တကယ်တော့ ဝေဠုက အေးအေးဆေးဆေးနေလိုသူ ဖြစ်သည်။ အလုပ်အားလပ်သည့် အချိန်လေးများ၌ အထူးလေဘယ်လို၊ ရက်(ထ်)လေဘယ်လိုဆေးလေးတွေမှိုဝဲရင်း ဦးနှောက်ဆေးချင်သည်။ ဒါပေမယ့် သူ့အတွက် အခက်တာ သူ့ဇနီး ဖြစ်သည်။ အလုပ်ခွင်အဆင်မပြေမှု၊ အလုပ်လုပ်ရကိုင်ရ ငြီးငွေ့နောက်ကျိမှုတို့ထက် သူ့ဇနီးကြောင့်ကအဆိုးသည်။ သူ့ဇနီးနှင့်သူက မတည့်အတူနေကြသူတွေ။

သူတို့ဇနီးမောင်နှံ၌ သားသမီးမရှိကြ။ အုန်းလေးဖက်ထိုး ဆင်ဝင်အိမ်ကြီးထဲ၌ သူနှင့် သူ့ဇနီးသာ ရှိသည်။ ဒါပေမယ့် ဇနီးဖြစ်သူက သူ့ကို အမြဲတမ်း ရန်လိုနေတတ်၏။ အထူးသဖြင့် ရုံးကအပြန် ငွေကြေးမပါသောအခါများ၌ ပိုဆိုးသည်။ သူ့အိမ်ရောက်၍ တိုက်ပုံအကျႌချွတ်လိုက်သည်နှင့် ဇနီးဖြစ်သူက အကျႌအိတ်အတွင်း၊အပြင် ငွေပါ၊မပါ ဖြောင်းဆန်အောင်ရှာသည်။ ငွေပါလျှင်၊ တွေ့လျှင် တစ်ပြားမကျန်ယူသည်။ မပါသောအခါများ၌ ဂျီတိုက်တော့သည်။ ထိုအခါမျိုး၌ အေးအေးဆေးဆေးနေလိုသော သူ့အတွက် အနှောင့်အယှက်ကြီး ဖြစ်ရသည်။ သည်အခါ သူက ပင်လယ်ကမ်းခြေဘက်သို့ ထွက်လေတော့သည်။

◎

ယခု ညနေလည်း ဝေဠု ရုံးကအိမ်ပြန်ရောက်သည်နှင့် အိမ်၌ ဇနီးနှင့်အဆင်မပြေသောကြောင့် ကမ်းခြေဘက်ဆင်းခဲ့သည်။

ကမ်းခြေတစ်လျှောက် ပေါက်နေကြသည့် အုန်းပင်လေးများနှင့် ဘန်ဂလိုများကို ကျော်ဖြတ်ပြီး သူထိုင်နေကျ ကျောက်ဆောင်ကြီးများဆီ လျှောက်ခဲ့သည်။ ရောက်သည်နှင့် ခါတိုင်းလိုပင် ကျောက်တုံးကြီးတစ်တုံးကိုမှီ၊ တစ်တုံးပေါ် ထိုင်ရင်း အဓိပ္ပာယ်မရှိ ပင်လယ်ထက်က နေဝန်းနီနီကြီးကို ငေးကြည့်နေလိုက်သည်။ ထို့နောက် စိတ်ပျက်လက်ပျက်ဖြင့် သူ့ဇနီးနှင့် သူ့အကြောင်းကို တွေးနေလိုက်၏။

သူက ငွေမရရအောင်ရှာသည်။ ရသမျှ သူ့အတွက် အနည်းအပါးသာ ချန်လှပ်၍ အကုန်အပ်သည်။ သို့သော် ဇနီးဖြစ်သူက သူများငှားမှ၊ အမှုလိုက်ရမှ ငွေရသည့် သူ့ကို စိတ်ပျက်စွာ ကုန်သည် ပွဲစား ယူလိုက်ရရင် တော်လေသား ဟု ဖွင့်ဆိုသည်။ မှန်သည်။ ရှေ့နေဆိုသည်ကလည်း အမှုသည်က အမှုအပ်မှ ငွေရသည် မဟုတ်လား။ အမှုနှင့်ပတ်သက်လာလျှင် တရားသည်ဖြစ်စေ, မတရားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ, မမှန်သည်ဖြစ်စေ အမှုသည်အပေါ် သစ္စာရှိစွာဖြင့် မှားမှား၊ မှန်မှန် အနိုင်ပြောရသည်။ အနိုင်ရရှိရေးဆောင်ရွက်ရသည်။ သို့သော် ကုန်သည်ပွဲစားလိုတော့ တစ်မုဟုတ်ချင်း ဇနီးသည်လိုချင်သော အနေအထားမျိုး မရနိုင်။ သူ့အလုပ်က ဖြည်းဖြည်းမှန်မှန်ပဲ လျှောက်ရသည်၊ ကုန်သည် ပွဲစားလို တွန်းမရ။





www.burmeseclassic.com

www.burmeseclassic.com

ဒီတော့ လောဘကြီး၍ သူဌေးဖြစ်ချင်လွန်းအားကြီးနေသည့် ဇနီးသည်နှင့် သူက စိတ်ပျက်စရာတွေချည်း။ နောက်ဆုံး ကွဲမရ ကွာမရနှင့် မတည့်အတူနေတွေ ဖြစ်နေရသည်။

ဝေဠုသည် သူ့ဇနီးအပေါ် စိတ်ပျက်စွာတွေးနေရင်း မျက်တောင်များ မေးစင်းလာသည်။ သို့ကြောင့် မျက်စိကိုမှိတ်ထားလိုက်သည်။ ထိုသို့မှိတ်ထားရာမှ အိပ်ပျော်သလို မှေးခနဲ ဖြစ်သွားသည်။

. . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . .

ထိုအချိန်တွင်ပင် သူ့ရှေ့ဘက်မှ လူတစ်ယောက် ရေထဲလျှောက်လာနေသလိုမျိုး ရေသံများ တဗွမ်းဗွမ်းကြားလိုက်ရ၏။ သူ မျက်စိဖွင့်ကြည့်လိုက်တော့ အရုပ်မြင့်မြင့်နှင့် တစ်ကိုယ်လုံးအဝတ်နက်ကြီးခြုံထားသည့် သဏ္ဍာန်တစ်ခုကို သူ တွေ့လိုက်ရသည်။

သူက ထိုသဏ္ဍာန်ကိုကြည့်၍လန့်သွားသည်။ ထိုအချိန်မှာပင် ထိုသဏ္ဍာန်က ခြုံထားသောအဝတ်နက်ကြီးကို ဆွဲဖယ်လိုက်သည်။ နက်ကြုတ်နေအောင် မည်းနေသောအသား၊ ပြူးကျယ်သောမျက်လုံး၊ အထဲသို့ တိုဝင်နေသော နှာခေါင်းနှင့် ရှေ့သို့ခေါထွက်နေကြသည့် သွားများနှင့် အရုပ်ဆိုးဆိုး လူသန်ကြီးတစ်ယောက် ဖြစ်နေသည်။

'မင်း ဘယ်သူလဲ'

သူက အံ့အားသင့်စွာ မေးလိုက်သည်။ သူ ဒီနေရာကို ခဏခဏရောက်ခဲ့သည်။ တစ်ခါမှ ယခုလို အရုပ်ဆိုးဆိုး လူသန်ကြီးကို မတွေ့ဘူးခဲ့။

'ငါ ယက္ခ၊ မင်းကကော'

အရုပ်ဆိုးဆိုးလူသန်ကြီးက ဝေဠုအမေးကိုဖြေရင်း ပြန်မေးလိုက်၏။

'ကျုပ်နာမည်က ဝေဠု။ နေပါဦး၊ ခင်ဗျားက ဒီမှာဘာလာလုပ်တာလဲ'

'ဟား. . . ဟား. . . ဟား. . ဟား'

ဝေဠုကမေးတော့ ယက္ခက အားရပါးရ ရယ်ရင်း အသံနက်ကြီးနှင့် ပြောသည်။

'အဲဒီမေးခွန်းက ငါက မင်းကိုမေးရမှာကွ၊ မင်းက ငါ့ကို မေးရမှာမဟုတ်ဘူး။ ဒီနေရာက ငါ့နေရာ၊ ငါနေတဲ့နေရာ'

'ခင်ဗျား မဟုတ်တာ မပြောနဲ့။ ကျုပ် ဒီကို ခဏခဏ ရောက်တယ်၊ တစ်ခါမှ ခင်ဗျားကို မတွေ့မိပါဘူး။ ဒီနေရာက ခင်ဗျားနေရာဖြစ်အောင် ဒါ ပင်လယ်ကမ်းခြေဗျ၊ ဒီနေရာကို ဘာလို့ ခင်ဗျားနေရာလို့ ပြောရတာလဲ'

'ပင်လယ်ကမ်းခြေ ဟုတ်တယ်၊ ငါက ဒီမှာနေတာ။ အရင်က ငါ ခရီးလွန်နေတာ၊ နတ်မြစ်ဝဘက်ရောက်နေတာ။ ဒါကြောင့် မင်း ငါ့ကို မတွေ့တာ'

'နေပါဦး၊ ခင်ဗျားက ဘယ်သူလဲ။ ဘာလို့ ဒီမှာနေရတာလဲ'

'ဟား ဟား. . . ဟား ဟား'

ဝေဠု၏စကားကြားတော့ ရုပ်ဆိုးလူကြီး ယက္ခက အားရပါးရ ရယ်လိုက်ပြန်သည်။ ယက္ခကြီး၏ရယ်သံက ကမ်းခြေတစ်ခုလုံး ညံထွက်သွား၏။ အသံကတိန်းနေသည်။

'ဟားဟားဟား- မင်းက မေးတော့လည်း ပြောရတာပေါ့ကွာ။ ဒီနေရာမှာ ငါ့ပစ္စည်းတွေ၊ ငါ့ရတနာတွေကို မြှုပ်ထားခဲ့တဲ့အတွက် ငါစောင့်နေရတာကွ။ ငါ့လိုပဲ ဘော်ဒါတွေလည်း အများကြီးပဲ။ တချို့ကတော့ အဖော်အဖြစ် ငါခေါ်ထားတာ။ မင်း ငါ့နာမည် ယက္ခဆိုတာ နည်းနည်းလေးမှမကြားဖူးဘူးလား။ ဓားပြခေါင်းဆောင်ကြီးယက္ခလေ'

ယက္ခက ထပ်ပြောလိုက်မှ ဝေဠုသူတို့ငယ်စဉ်က ဓားပြခေါင်းဆောင်ကြီး ယက္ခအကြောင်း အဖေနှင့် အမေတို့ပြောခဲ့သည်ကို သွားအမှတ်ရလိုက်မိ၏။ ဓားပြခေါင်းဆောင်ကြီး ယက္ခက အလွန်ဆိုးသည်။ လူသတ်သည်၊ မုဒိမ်းကျင့်သည်၊ ဓားပြတိုက်သည်။ နာမည်လည်း အလွန်ကြီးသည်။ ယက္ခဟု ဆိုသည့်အသံကြားရုံနှင့် တစ်နယ်လုံး ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရသည်။ နောက် ဂျပန်တော်လှန်ရေးမှာ ဗမာ့တပ်မတော်က ရှင်းသွားကြောင်း ကြားလိုက်ရသည်။

'ဩော် - ဟုတ်ကဲ့၊ ကြားဖူးပါတယ်။ လက်စသတ်တော့ ခင်ဗျားက ဓားပြခေါင်းဆောင်ကြီး ယက္ခကိုး။ ဟိုဘက်ဘဝတုန်းကတော့ ခင်ဗျားက ဓားပြခေါင်းဆောင်ကြီး ယက္ခ၊ အခု ခင်ဗျား မြှုပ်ခဲ့တဲ့ရတနာတွေကို စောင့်နေရတော့ ဘာယက္ခ ဖြစ်နေလဲ'

'ဟာ- ဒီကောင် ငါ့ကို နှိုက်နှိုက်ချွတ်ချွတ်မေးနေတာပဲ။ ဟိုဘက်ဘဝက ဓားပြခေါင်းဆောင်ကြီး ယက္ခဟာ ဒီဘက်ဘဝမှာ ဟိုဘဝတုန်းက မကောင်းတာတွေလုပ်ခဲ့တဲ့အတွက် မကောင်းဆိုးဝါးယက္ခ ဖြစ်နေတယ်ကွ၊ သိပြီလား။ ငါက မကောင်းဆိုးဝါးကောင်ကြီး၊ မင်း ငါ့ကို မကြောက်ဘူးလား'

ယက္ခက အသံနက်ကြီးဖြင့် မေးလိုက်သည်။ ဝေဠုရင်ထဲတော့ ထိတ်နေသည်၊ စိုးရိမ်စိတ်တွေက ပြည့်နေ၏။ သို့သော် ရှေ့နေပီပီ ဣန္ဒြေအပြည့်နှင့်-

'ဘာလို့ ခင်ဗျားကိုကြောက်ရမှာလဲ။ ခင်ဗျားက မကောင်းဆိုးဝါး ဆိုပေမယ့် လူလိုပဲဟာကြီး'

ဟု ပြောလိုက်သည်။

'အေး- ဟုတ်တယ်၊ မကောင်းဆိုးဝါးကောင်တွေဟာ လူတွေကဖြစ်ကြတာပဲကွ။ မင်းမြင်သလို လူပုံသဏ္ဍာန်တွေပဲပေါ့။ ဒါပေမယ့် လူ့ဘဝတုန်းက မကောင်းတာတွေလုပ်လို့ မကောင်းဆိုးဝါးဖြစ်တဲ့ကောင်တွေဟာ ဘယ်ထိဆင်းရဲဒုက္ခခံနေရတယ်ဆိုတာ မင်းကိုယ်တိုင် မကောင်းဆိုးဖြစ်တဲ့အချိန်မှာ သိလာလိမ့်မယ်'

'ကျုပ်က မကောင်းဆိုးဝါးဖြစ်တဲ့အချိန်မှာ ဟုတ်လား'

'ဟုတ်တယ်'

'ဗျာ- ကျုပ်က ဘာကြောင့် မကောင်းဆိုးဝါး ဖြစ်ရမှာလဲ။ ကျုပ်အလုပ်က သန့်ရှင်းတယ်၊ အကုသိုလ်ကင်းတယ်။ ကျုပ်က ရှေ့နေလေ'

'ဟားဟားဟား. . . ဟားဟားဟား'

ယက္ခက ဝေဠုကို သနားစဖွယ်သတ္တဝါတစ်ကောင်လိုကြည့်ရင်း အားပါးတရ ရယ်မောလိုက်ပြန်၏။ အားရအောင်ရယ်ပြီးမှ-

'အဲဒါကြောင့် ပြောတာပေါ့ကွ။ မကောင်းဆိုးဝါးကောင်ဆိုတာ ငါ့လို လူသတ်, ဓားပြတိုက်တဲ့ လူကြမ်းကြီးတွေမှ ဖြစ်ကြတာမဟုတ်ဘူး။ မင်းတို့က လူကြမ်းကြီးတွေမှ မကောင်းဆိုးဝါးကောင်ဖြစ်တယ်လို့ ထင်နေကြတာ၊ တကယ်တော့ မကောင်းတာလုပ်တဲ့သူမှန်သမျှ ကြမ်းကြမ်း,နုနု မကောင်းဆိုးဝါးကောင်တွေဖြစ်မှာ။ မင်းကရှေ့နေမို့ အကုသိုလ်ကင်းတယ်၊ မကောင်းဆိုးဝါးကောင်မဖြစ်ဘူးဆိုရင် မင်းကို ငါမေးမယ်။ မင်း မှန်မှန်ဖြေမလား၊ မလိမ်ရဘူးနော်'

'ဘာမေးမှာလဲ၊ မေးပါ'

'ဝေဠုက ကာယကံသုံးပါးဖြစ်တဲ့ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာကိုခိုး... ခြင်း၊ သူ့သားမယား, သူ့အိမ်ရာကိုပြ... မှားခြင်း။ ဝစီကံလေးပါးဖြစ်တဲ့ မဟုတ်... မမှန်သောစကားကို ပြောဆိုခြင်း၊ ချေ... ပစ် ကုန်းတိုက်သောစကားကို ပြော... ခြင်း၊ ကြမ်းတမ်းသောစကားကိုပြော... ခြင်း၊ သိမ်ဖျင်းသောစကားကို ပြော... ခြင်း။ မနောကံသုံးပါးဖြစ်တဲ့ သူတစ်... စည်းစိမ်ကို မတရားကြံစည်ခြင်း၊ ... တစ်ပါးပျက်စီးအောင် ဖျက်ဆီးခြင်း...



www.burmeseclassic.com

www.burmeseclassic.com

သွားခြင်း။ အဲဒီ ကံတွေကို မကျိုးမ ချင်း မင်း စောင့်ရှောက်နိုင်ပါ့မလား'

မကောင်းဆိုးဝါးကြီး ယက္ခထံမှ ထွက်လာသော မမျှော်လင့်သည့်အမေး ကြောင့် ဝေဠု ဦးနှောက်တွေ အေးခဲ သွားသည်။ ဘာပြန်ဖြေရမှန်း၊ ပြောရ မှန်းမသိလည်း ဖြစ်သွားသည်။ တကယ် တော့ သူက ရှေ့နေမို့ အကုသိုလ်ကင်း လိမ့်မည်ဟု ထင်သည်။ တကယ်တမ်း မကောင်းဆိုးဝါးယက္ခကြီးအမေး ကြား လိုက်ရတော့ သူ မဖြေတတ်တော့။ ရှေ့ နေဆိုတာ ကိုယ့်အမှုသည် မှန်၊ မမှန် ဆိုတာထက် အမှုနိုင်ဖို့ အဓိက။ ဒါဆိုရင် မဟုတ်မမှန်သည့်စကားတွေလည်း ပါ လာနိုင်သည်။ ချောပစ်ကုန်းတိုက်သော စကား၊ သိမ်ဖျင်းသောစကားတွေလည်း ပါလာနိုင်သည်။ ဤသို့ဆိုလျှင် သူတစ် ပါး ပျက်စီးအောင် ဖျက်ဆီးသလိုမျိုး လည်း ဖြစ်နိုင်၏။ အမှုမှန်အပေါ် အနိုင် ယူနိုင်ခြင်းထက် မှားယွင်းမှုအပေါ်မှာ များ အနိုင်ရရှိရေး ဆောင်ရွက်ခဲ့မိလျှင် သူတစ်ပါးပျက်စီးအောင် ဖျက်ဆီးသည် လည်း မည်ပေတော့မည်။ နောက်ပြီး ဝေဠုက လောဘရမ္မက်အားကြီး၍ အ လွန် သူဌေးဖြစ်ချင်နေသူ၊ မတည့်အတူ နေရနီးမယားအတွက် ငွေကိုမရရအောင် ရှာဖွေနေရသည့် ရှေ့နေတစ်ယောက် မဟုတ်ပါလား။

သည်တော့. . .။

'. . . xxx . . . xxx. . .'

'ဘယ်လိုလဲ ဝေဠု၊ မင်း မဖြေနိုင် တော့ဘူး မဟုတ်လား။ မင်းကို ငါပြော မယ်၊ သူများအသက် ကြွက်,ငှက်ကအစ သတ်နေတဲ့သူတွေလည်း မကောင်းဆိုး ဝါး ဖြစ်မယ်။ သူ့ဥစ္စာကို ခိုးခြင်းကြီး (၂၅)ပါးထဲက ဘယ်လိုခိုးခြင်းနှင့်ပဲခိုးခိုး၊ ခိုးနေသူတွေလည်း မကောင်းဆိုးဝါးဖြစ် မယ်။ သူတစ်ပါးသားမယား ကျူးလွန်နေ ကြသူတွေလည်း မကောင်းဆိုးဝါး ဖြစ် မယ်။ မဟုတ်မမှန်တဲ့စကား၊ ချောပစ် ကုန်းတိုက်တဲ့စကား၊ ကြမ်းတမ်းတဲ့ စကား၊ သိမ်ဖျင်းတဲ့စကား ပြောနေကြ သူတွေလည်း မကောင်းဆိုးဝါး ဖြစ်မယ်။ သူတစ်ပါးစည်းစိမ်ကို မတရားကြံစည် တဲ့သူတွေ၊ သူတစ်ပါးပျက်စီးအောင်ဖျက် ဆီးတဲ့သူတွေ၊ အယူမှားတဲ့သူတွေ အား လုံး မကောင်းဆိုးဝါးဖြစ်ကြမှာ။ တချို့က ယဉ်ယဉ်လေးနဲ့ မကောင်းဆိုးဝါးအလုပ် တွေ လုပ်နေကြတာ'

ဝေဠုက ဘာမှပြန်မပြောနိုင်ဘဲ ယက္ခကို ငေးကြည့်နေရင်း သက်ပြင်း ရှည်ကြီးကို ဆွဲချလိုက်သည်။ ထို့အတူ နောက်များ၌ သူ့ထံအမှုသည်များရောက် လာပါက အမှုကို မှန်၊ မမှန် စိစစ်ပြီးမှ လက်ခံတော့ရန် ဆုံးဖြတ်လိုက်၏။

'မင်းကို ကြည့်ပြီး ငါ သဘော ပေါက်တယ် ဝေဠု။ မင်း ဒီကပြန်ရင် မင်းကို ငါမြှုပ်ထားတဲ့ရတနာတွေ ပေး လိုက်မယ်။ အဲဒီ ရတနာတွေကို ထုခွဲ ရောင်းချပြီး မင်း အတိုးနဲ့ ငွေချေးလုပ် ငန်းလုပ်ပေရော့။ ဒါပေမယ့် (၁၀၀)ကျပ် မှ အတိုး (၁) ကျပ်ပဲ မင်းယူရမယ်။ အ တိုးများများမယူရဘူး၊ အတိုးများများယူ ရင် ဝိသမ ဖြစ်သွားမယ်။ လောဘရမ္မက် တွေ အားကြီးလာမယ်။ ဒါဆို မကောင်း တာလုပ်တဲ့အထဲပါပြီး မကောင်းဆိုးဝါး ကောင်ကြီး ဖြစ်သွားမယ်။ အဲဒီ လုပ်ငန်း ကို မှန်မှန်လုပ်။ ဒါမှ မှန်မှန်, မမှန်မှန်၊ ဟုတ်ဟုတ်, မဟုတ်ဟုတ်၊ တရားတာ, မတရားတာတွေထား။ ငွေရပြီးရောဆို လုပ်နေတဲ့ မင်းအလုပ်တွေကို မင်းစိစစ် ပြီး မှန်မှန်ကန်ကန်ဆုံးဖြတ်နိုင်လိမ့်မယ်။ လက်ခံသင့်မှ လက်ခံလိမ့်မယ်'

ယက္ခကြီး စကားဆုံးတော့ ဝေဠု က-

'ခင်ဗျားပစ္စည်းတွေ ကျွပ်ပေးပြီး ခင်ဗျားက ဘယ်သွားမှာလဲ'

ဟု မေးလိုက်၏။

'ငါက ဘယ်မှမသွားဘူး။ ပစ္စည်း တွေ၊ ရတနာတွေ မင့်ပေးပြီးရင် ငါက ဒီကနေ ငါပြောသလို လုပ်,မလုပ် ကြည့် နေမယ်။ လုပ်လို့ မင်းချမ်းသာသွားပြီဆို ရင် အလှူကြီးလှူ၊ မရှိဆင်းရဲသားတွေ ကိုပေး၊ အသက်ကြီးတဲ့ ဘိုးဘွားတွေကို လှူ၊ ကျန်းမာရေး စောင့်ရှောက်မှုတွေ လုပ်။ နောက်ပြီး ငါ့ကိုအမျှဝေပေါ့။ ငါ ပြောသလို မလုပ်ရင်တော့ မင်းကိုဒဏ် ခတ်ရလိမ့်မယ်၊ ကြားလား'

'ကြားပါတယ်'

'အေး- ကြားတယ်ဆိုရင် မမှား စေနဲ့။ မကောင်းတာလုပ်ပြီး မကောင်း ဆိုးဝါးကောင်ကြီး မဖြစ်အောင် သတိ ထား။ မင်းထိုင်တဲ့ ကျောက်တုံးကြီး အောက်မှာ ရတနာတွေ ရှိတယ်၊ နိုင် သလောက်ယူသွားပေရော့'

ယက္ခကြီးက ထိုစကားပြောပြီး သည်နှင့် ပင်လယ်ဘက်သို့ တဖြည်း ဖြည်းပြန်လျှောက်သွားလေသည်။ ဝေဠု လည်း ယက္ခကြီး၏နောက်ကျောပြင်ကို မျက်စိတစ်ဆုံးကြည့်ရင်း ယက္ခကြီး ပင် လယ်ရေနက်ပိုင်းထဲရောက် လုံးလုံး ပျောက်ကွယ်သွားတော့မှ 'မင်းထိုင်တဲ့ ကျောက်တုံးအောက်မှာ ရတနာတွေရှိ တယ်' ဆိုသည့် ယက္ခကြီး၏ပြောစကား အရ သူထိုင်နေရာ ကျောက်တုံးကြီး အောက်သို့ ငုံ့ကြည့်လိုက်လေ၏။

ထိုစဉ်ပင် အိပ်ပျော်နေရာမှ ဖျတ် ခနဲ နိုးလာခဲ့တော့သည်။

. . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . .

အိပ်ရာကနိုးတော့ ထူးဆန်းသော အိပ်မက်ကို ပြန်လည်စဉ်းစားနေမိသည်။ အိပ်မက်ထဲ၌ ယက္ခဆိုသူ မကောင်းဆိုး ဝါးကြီးက သူထိုင်ရာကျောက်တုံးကြီး၏ အောက်၌ ရတနာများရှိသည်ဟု ပြော သွားသည်။ သို့သော် သိပ်တော့ သူ မယုံချင်။ ငွေရေးကြေးရေးအကြောင်း စဉ်းစားရင်း အိပ်ပျော်သွားရာမှ စွဲလမ်း ပြီးမက်သည့်အိပ်မက်ဟု သူ ထင်သည်။

ကောင်းကင်၌ ဆန်းစလက ငွေ ကြယ်လေးများ ဝန်းရံခ,လျက် ထွက်ပြူ စ,ပြုနေချေပြီ။ ဘန်ဂလိုဘက်ဆီမှ မီး ရောင်များကလည်း ထိန်ထိန်လင်းလျက် ရှိနေပြီ ဖြစ်၏။ လက်မှနာရီလေးကို ည ကြည့်ခလုတ်လေး ဖွင့်ကြည့်လိုက်တော့ ည (၉) နာရီခန့် ရှိပေပြီ။ ဒီအချိန်ဆိုရင် တော့ သူ့ဇနီး အိပ်လောက်ပြီဖြစ်သည်။

ဝေဠုသည် အိမ်ပြန်ရန် ထိုင်ရာ မှ ထလိုက်၏။ ထိုစဉ် သူထိုင်နေသည့် ကျောက်တုံးကြီးမှ ပြိုးပြိုးပြက်ပြက် တောက်ပနေသော အရောင်လေးများ ကို သူ မြင်လိုက်ရသည်။ အံ့ဩစွာဖြင့် ကောက်ယူကြည့်လိုက်သည်။

အရွယ်အစား အမျိုးမျိုးနှင့် စိန် ပွင့်များ၊ ပတ္တမြားကျောက်ကလေးများကို တွေ့လိုက်ရသည်။ ပတ္တမြားကျောက်များ သည် အရည်လည်ပြီး အနီရောင်ရောင် စဉ်လှိုင်းများ ထနေကြသည်။

သူ အတော် အံ့ဩသွားသည်။ ဒါ ဆိုရင် စောစောက ယက္ခကြီးနှင့်တွေ့ခဲ့ သမျှ, ယက္ခကြီးပြောခဲ့သမျှ အိပ်မက်မှ ဟုတ်ပါရဲ့လား၊ တကယ်တွေ့ရတာများ လားဟုလည်း ဝေဝေဝါးဝါးတွေးလိုက် မိ၏။ တိုက်ဆိုင်တာပါဟု ဆိုရအောင် ကလည်း ထူးဆန်းလှသည်။

ကျောက်တုံးကြီးကို သူ ထပ်တွန်း ကြည့်လိုက်သည်။ ကျောက်တုံးကြီးက တစ်ဖက်သို့ မသိမသာရွေ့သွားသည်။ ရွေ့သွားသော ကျောက်တုံးကြီးအောက် မှာလည်း ရွှေ၊ ငွေ ကျောက်သံပတ္တမြား တွေ အစုလိုက်အပြုံလိုက်က လရောင် အောက်၌ တလက်လက်တောက်ပလို့။

'မင်း ဒီကပြန်ရင် မင်းကို ငါမြှုပ် ထားတဲ့ရတနာတွေပေးလိုက်မယ်။ အဲ ဒီရတနာတွေကို ထုခွဲရောင်းချပြီး အတိုး နဲ့ငွေချေးတဲ့လုပ်ငန်းလုပ်ပေရော့။ (၁၀၀)



www.burmeseclassic.com

www.burmeseclassic.com

ကျပ်မှ အတိုး (၁) ကျပ်ပဲ ယူရမယ်'

ယက္ခကြီး၏စကားကို သူ ပြန်လည်ကြားယောင်လာသည်။ ဒီအတိုင်းဆို ရတနာတွေက မနည်းလှ။ ဒီရတနာတွေသာရရင် သူ ချမ်းသာပြီ။ လောဘရမ္မက်ကြီးလှသော သူဇနီး၏ဆန္ဒတွေလည်း ပြည့်ဝပြီ။

ဝေဠုသည် ဝမ်းသာအားရဖြင့် ရတနာများကိုသိမ်းကျုံးယူပြီး သဲသောင်ပြင်သို့ သယ်ယူကာ ဝှက်ထားလိုက်ပြီး နိုင်သရွေ့မျှကိုသာ အိမ်သို့ယူခဲ့သည်။

❂

ဝေဠုတို့ အသေးစားငွေချေးလုပ်ငန်းက အတော်အောင်မြင်ခဲ့သည်။ ၎င်းနေထိုင်ရာ မြို့နယ်တစ်ခုလုံးနှင့် ပြည်နယ်တစ်နယ်လုံး ၎င်းတို့လုပ်ငန်းက နာမည်ရလာသည်။ အခြားငွေချေးလုပ်ငန်းဌာနတွေက အနည်းဆုံး (၂) ရာခိုင်နှုန်းအထက်မှာ ရှိသည်။ သူတို့က (၁) ရာခိုင်နှုန်းသာယူသည်ဆိုတော့ အလုပ်တွေလက်မလည်နိုင်တော့လောက်အောင် လူတွေ ကြိတ်ကြိတ်တိုး စည်လာသည်။ လုပ်ငန်းတွေတိုးချဲ့လာနိုင်သည်။ သူတို့လက်အောက်၌ မန်နေဂျာတွေ၊ စာရေးတွေ၊ စာချီတွေ ခန့်ထားလာနိုင်သည်။

တစ်ဖက်က ငွေချေးလုပ်ငန်းအောင်မြင်လာသည်ဆိုတော့ ဝေဠု ရှေ့နေလိုက်သည့်လုပ်ငန်းကို လက်လွှတ်လိုက်သည်။ တော်ရုံတန်ရုံအမှုဆိုလျှင် မလိုက်တော့။ ဒါပေမယ့် နှစ်အနည်းငယ်ကြာလာသည့်အခါ၌ သူတို့ ယက္ခကြီးကို မေ့စပြုလာသည်။ ဇနီးဖြစ်သူ၏လောဘရမ္မက်အောက်၌ ဇနီး၏အကြံပေးချက်အတိုင်း နောက်ထပ် အတိုးနှုန်းကို (၁) ရာခိုင်နှုန်း ထပ်တိုးလိုက်ကြသည်။ နောက် (၁)ရာခိုင်နှုန်း ထပ်တိုးပြန်သည်။ ဤသို့ဖြင့် စီးပွားဥစ္စာတွေ မချိမဆံ့ တက်လာသည်။ ကျိကျိတက် ချမ်းသာလာကြသည်။ ဒီတော့ စည်းစိမ်တွေ ယစ်မူးလာကြ၏။ သူ့အောက်က စာရေးမလေးတွေနှင့် အပျော်ခရီးတွေ ထွက်လာတတ်သည်။ ငွေကြေးနှင့် ပျော်ရွှင်မှုကိုဖန်တီးလာတတ်သည်။ အရာရာ၌ ငွေကြေးကို ရှေ့တန်းတင်လာတော့၏။ ထို့အတူ သူ့အမျိုးသမီးကလည်း လူ [illegible] ကောင်လေးတွေနှင့် အပျော်တွေလွန်လာသည်။ ဒီအခါ သူတို့ ယက္ခကြီးကိုလုံးဝသတိမရတော့။ ယက္ခကြီးကို သတိမရတော့သည်နှင့် ယက္ခကြီး မှာကြားခဲ့သော အလှူအတန်းတို့ကိုလည်း လျစ်လျူရှုလိုက်ကြလေတော့၏။ နောက်ပြီး ယက္ခကြီးဆိုတာက ပြင်ပ၌တကယ်တွေ့ခဲ့ရတာ မဟုတ်၊ အိပ်မက်မျှသာဖြစ်ပြီး တိုက်ဆိုင်မှုတစ်ရပ်အဖြစ်သာ သဘောထားလိုက်လေတော့၏။ ဒီတော့ ဝေဠုက လူ့ဘဝဆိုတာ တိုတိုလေး၊ လူ့ဘဝတိုတိုကလေးအတွင်းမှာ ရတုန်းရခဲ လူ့စည်းစိမ်ကို အပြည့်အဝခံစားရမည်ဟုလည်း ဆုံးဖြတ်လိုက်၏။ ဒါမှလည်း လူဖြစ်ကျိုးနပ်မည်ဟု သူ ထင်သည်။ ထို့ကြောင့်ပင် နဂိုက ခပ်အေးအေးသမား ဝေဠု မအေးတော့၊ ရမ္မက်မီးတို့လောင်မြိုက်ခြင်းနှင့်အတူ ချမ်းသာမှု လှိုင်းဂယက်ကြား၌ မျောပါခဲ့ရလေတော့၏။

❂

နှစ်တွေပင် အတော်ကြာညောင်းခဲ့ပေပြီ။ တစ်နှစ်၊ နှစ်နှစ်မှသည် နှစ်ပေါင်းများစွာ၊ လပေါင်းများစွာ ပြောင်းလဲလာခဲ့သည်။

သည်လိုနှင့်ပင် မုတ်သုံဆော့စ, ညတစ်ည၌ ဝေဠု ယမကာမူးမူးနှင့် ကောင်မလေး ချောချောလေးတစ်ဦး၏ အနှိုပ်ခံရင်း အိပ်ပျော်သွားသည်။

ထိုစဉ် တဟူးဟူး တဒိုင်းဒိုင်းနှင့် လေတွေ မိုးတွေ ကျလာသည်။ သစ်ကိုင်းတွေတဖြောင်းဖြောင်းကျိုး၊ သစ်ပင်တွေ, အုန်းပင်တွေက တဝုန်းဝုန်းလဲကျန်သည်။ သူ၏ဗိမ်ခံအိမ်ကြီးသည် တသိမ့်သိမ့် ဖြစ်နေ၏။ တံခါးရွက်တွေလည်း ပိတ်ထားရာမှ အလိုလိုပွင့်ပြီး တဖျပ်ဖျပ်ရိုက်နေသည်။ မိုးတွေကလည်း တဝေါဝေါ ရွာချနေကြသည်။

'ဟေ့ကောင် ဝေဠု'

မိုးသံ လေသံ၊ သစ်ကိုင်းတွေကျိုးသံ၊ သစ်ပင်လဲပြိုသံတွေကြားထဲမှ နက်ကျောသောအသံကြီးတစ်သံက မမျှော်လင့်ဘဲ ထွက်ပေါ်လာတယ်။ ဝေဠု အိပ်ပျော်နေရာမှ လန့်နိုးသွားသည်။

'ဟေ့ကောင်- ဝေဠု. . ဝေဠု. . ဝေဠု. . .'

အသံကြီးက ပဲ့တင်သံတွေနှင့်အတူ ထပ်မံထွက်ပေါ်လာပြန်သည်။ နက်ကျောသောအသံကြီးက ကြောက်မက်ဖွယ်ရာကောင်းလှ၏။ ဝေဠု ကျောတွေရော ခန္ဓာကိုယ်ကြီးပါ စိမ့်သွားသည်။ ကြက်သီးတွေ တဖြန်းဖြန်းထသွားသည်။ ဝေဠု ဂနာမငြိမ်စွာဖြင့် ပျာပျာသလဲ ကြည့်လိုက်သည်။ ထိုစဉ်ပင် ပွင့်ဟနေသော ပြတင်းပေါက်မှ အရပ်မြင့်မြင့်နှင့် အဝတ်နက်ကြီးခြုံထားသည့် သဏ္ဌာန်တစ်ခုက လှစ်ခနဲ တိုးဝင်လာသည်။ သူနှင့် မျက်နှာချင်းဆိုင်၌ ထိုသဏ္ဌာန်ကြီးက ရပ်လိုက်ပြီး ခြုံထားသောအဝတ်နက်ကြီးကို ခွာချလိုက်သည်။

ဝေဠု မှတ်မိသွားသည်၊ ယက္ခကြီး။

'ဟား. . . ဟား. . . ဟား'

ယက္ခကြီး ပြုံးပြုံးပျာပျာဖြစ်နေသော ဝေဠုကိုကြည့်၍ သဘောကျစွာ ရယ်ရင်း-

'ဝေဠု. . . ဝေဠု။ မင်း ချမ်းသာမှုဒဏ်ကို မခံနိုင်ဘူးကိုးကွ။ တချို့ ချမ်းသာသွားပြီဆိုရင် ဘဝလည်းမေ့၊ ကတိတွေလည်း ပျက်တတ်ကြတယ်။ မင်းက အဲလိုအစားမျိုးပဲ။ ဘဝမေ့ရင် မကောင်းမှုမှာ ပျော်မွေ့တတ်တယ်။ မကောင်းမှုမှာပျော်မွေ့ရင် မကောင်းဆိုးဝါးကောင်ကြီး ဖြစ်မယ်လေ။ ဘယ်သူမပြု မိမိမှုတဲ့။ ကိုယ်ပြုသမျှဒဏ် ကိုယ်သာခံရမယ်လေ။ ဒီတော့ မင်း ဘာမှပြောမနေနဲ့တော့၊ လာ- ငါ့နောက်လိုက်ခဲ့ပေရော့'

ဝေဠုက ဘာမှပြန်မပြောနိုင်ခင်ပင် ယက္ခကြီးက ဝေဠုလက်တစ်ဖက်ကို ဖျတ်ခနဲလှမ်းဆွဲပြီး မူလဝင်လာရာတံခါးပေါက်မှပင် အပြင်သို့ ခုန်ထွက်လိုက်သည်။ ထိုစဉ်ပင် သူ၏ဗိမ်ခံအိမ်ကြီးလည်း တဝုန်းဝုန်းအသံကြီးများနှင့်အတူ လဲပြို၍ တစ်စစီကျသွားလေတော့၏။

ဝေဠုလည်း ယက္ခကြီးဆွဲခေါ်ရာသို့ လဲဝါလေးတစ်ခုလို လေမှာလွင့်မျောပါလာသည်။

'အခု ကျုပ်ကို ခင်ဗျား ဘယ်ကို ခေါ်နေတာလဲ'

ဝေဠုက မေးလိုက်၏။

'ဟားဟားဟား - တော်တော်သဘောကျဖို့ကောင်းပါ့ ဝေဠုရာ။ မင်းကိုခေါ်လာတာ ဘယ်နေရာရှိဦးမလဲကွ။ မကောင်းမှုတွေကျူးလွန်၊ မကောင်းတာတွေလုပ်တဲ့သူတွေနေတဲ့ မကောင်းဆိုးဝါးကောင်တွေရဲ့နေရာကိုပေါ့ ငမိုက်သားရဲ့'

ယက္ခကြီးစကားကြားတော့ ဝေဠု လန့်သွားသည်။ ဟိုမှာကျန်ခဲ့တဲ့ စီးပွားဥစ္စာတွေ၊ ဗိမ်ခံပစ္စည်းတွေ၊ ချောချောလှလှကောင်မလေးတွေကို သတိရသွားသည်။ အားလုံးနှင့်ခွဲရတော့မည်၊ အားလုံးကို စွန့်ခဲ့ရတော့မည်ဆိုတော့ ရင်ထဲဆို့သွားသည်။

'ကျုပ်ပဲ နောင်တရပါပြီ ယက္ခကြီး။ ကျုပ်ကို ဒီတစ်ခါ ခွင့်လွှတ်ပြီး ကျုပ်နေရာကို ပြန်ပို့ပေးပါ။ ဒီတစ်ခါ တကယ်ပဲ မကောင်းတဲ့အလုပ်တွေကို စွန့်ပြီး ယက္ခကြီးပြောတဲ့အတိုင်း ကောင်းမှုကုသိုလ်တွေနဲ့ပဲ ပျော်မွေ့ပါတော့မယ်'

ဟုလည်း ကြေကြေကွဲကွဲဖြင့်

www.burmeseclassic.com

…ချင်း ယက္ခကြီးကို တောင်းပန်လိုက်…

'နောက်ကျသွားပြီ ဝေဠု၊ ပြင်မ…မှရတဲ့ နောင်တမျိုးဟာ လူမိုက်…ဘလို့ ခေါ်တယ်။ မင်းက အခု…း မဟုတ်တော့ဘူး'

'ဗျာ'

ယက္ခကြီးစကားအဆုံး ဝေဠု ဝမ်း…န်းနည်းဖြင့် မျက်ရည်တွေ ဖြိုင်…ကျလာသည်။ သူ လူသားမဟုတ်…ပါလား ဟူသော အသိက သူ့ရင်…အသိမ့်သိမ့် ဖြစ်သွားစေ၏။

'ဟိုမှာကြည့်လိုက်စမ်း ဝေဠု'

တစ်နေရာအရောက် ယက္ခကြီး…သူ့ကို လက်ညှိုးထိုးပြလိုက်သည်။

ကြည့်လိုက်တော့ အစာရေစာ…ပြတ် ခြောက်ကပ် ပိန်လှီနေသည့်…င်အမျိုးမျိုးနှင့် မကောင်းဆိုးဝါး…ကောင်တွေ ပင်လယ်ကမ်းခြေကြီးတစ်ခု…မှာ ပြည့်နေသည်။ ဝေဠု သိသူတွေ…ပါသည်၊ မသိသူတွေလည်း ပါ…။ ဝေဠု မကောင်းဆိုးဝါးကောင်…ကို မျက်စိတစ်ဆုံးလိုက်ကြည့်သည်။ …နေရာရောက်တော့ သူ မထင်မှတ်…စ်ဦးကို သွားတွေ့သည်။ အဝတ်…ဖြင့် ပင်လယ်ကမ်းခြေမှာနေပြီး ရေ…သဖြင့် တစာစာ ရေတောင်းနေ…သော အမျိုးသမီးတစ်ဦး။

'သူ. . . သူက. . .'

ဝေဠုက ထို မကောင်းဆိုးဝါးအ…မီးကို လက်ညှိုးထိုးရင်း ယက္ခကြီး…ရန် လုပ်လိုက်၏။ ထိုအမျိုးသမီး…ကြည့်ပြီး သူ တအံ့တဩလည်း ဖြစ်…သည်။

'ဟားဟား. . . ဟားဟား'

ထိုအခါ ယက္ခကြီးက တဟား…အော်ရယ်လိုက်သည်။ ရယ်ရင်းမှ-

'ဟုတ်တယ် ဝေဠု၊ သူက မင်းရဲ့…သမီးလေ။ အဲဒါ မင်းအမျိုးသမီး…'

ဟု နက်ကျောသောအသံကြီးဖြင့်…ချလိုက်သည်။

ဝေဠု ကိုယ့်ရင်ဘတ်ကိုယ် လက်…တ်နှင့်ဖိထားလိုက်မိလျက်သားဖြစ်…သည်။

ထို့နောက်-

'ငါ အိပ်မက်မက်နေတာဖြစ်ပါစေ'

ဟုလည်း ဆုတောင်းလိုက်မိ၏။

နေဝန်းနီ

*Design for Drama* မှ အိုင်ဗင် … *"The Devil and Tom Walker"* ကို …ပါသည်။

## ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

(၂၉၅) ကြိမ်မြောက် -
ထီဖွင့်ပွဲကြီး နီးလာပါပြီ။

ချမ်းသာခြင်းများစွာကို ပွားစီးလာစေတော့မည့် ဂဏန်းလုံးလေးများနှင့် ပါရမီဖြည့်လိုက်ရပြန်ပါပြီ။

**တနင်္ဂနွေသားသမီးများ**

ဇူလိုင်လတွင် ၁၃၊ ၁၆၊ ၁၇၊ ၃၀ ရက်များမှာ ထီထိုးပါ။

ရတနာမိုးရွာစေသော မဟာဝေဒပ္ပမန္တန်တော်ကြီးကို နေ့စဉ် (၂၇) ခေါက် (၉) ရက် အဓိဋ္ဌာန်ဝင်၍ ဘုရားရှင်ကို ပူဇော်ပါ။ ပန်း၊ ဆီမီး၊ ရေချမ်း စိတ်ထဲရှိသည့်အတိုင်းလှူပါ။ (၉) ရက်ပြည့်လျှင် ထီထိုးပါ။

ဩဂုတ်လတွင် ၅၊ ၃၊ ၄၊ ၁၊ ၈ ဂဏန်းများနှင့် ကံစပ်နေပါသည်။

**တနင်္လာသားသမီးများ**

ဇူလိုင်လတွင် ၁၀၊ ၁၄၊ ၁၇၊ ၃၁ ရက်များမှာ ထီထိုးပါ။ ရတနာမိုးရွာစေသော မဟာဝေဒပ္ပတော်ကြီးကို ညစဉ် ဝတ်မပျက် (၉) ကြိမ် ရွတ်ဆို၍ ဘုရားပူဇော်ပါ။ တစ်လလုံး ပူဇော်ပါ။ ပူဇော်နေစဉ် ရက်များမှာ ထီထိုးပါ။

ဩဂုတ်လတွင် ၅၊ ၂၊ ၉၊ ၆၊ ၁ ဂဏန်းများ ကံစပ်နေပါသည်။

**အင်္ဂါသားသမီးများ**

ဇူလိုင်လ ၁၁၊ ၁၅၊ ၁၈၊ ၂၉ ရက်များမှာ ထီထိုးပါ။

ဘုရားရှင်အား ပူဇော် လှူဒါန်းကန်တော့ပြီးသည်နှင့် ရှင်သီဝလိရဟန္တာမထေရ်အရှင်မြတ်ကြီးကို ပူဇော်ပါ။ နေ့စဉ်ဝတ်မပျက် တစ်လလုံး ပြုလုပ်ရင်း ထီထိုးပါ။

ဩဂုတ်လ ၅၊ ၄၊ ၈၊ ၃ ဂဏန်းများ အဓိကကံစပ်နေပါသည်။

**ဗုဒ္ဓဟူးသားသမီးများ**

ဇူလိုင်လ ၁၂၊ ၁၆၊ ၃၀ ရက်များမှာ ထီထိုးပါ။

ဘုရားရှင်အား ဓာတ်ကြီးလေးပါး ဆွမ်းတော်တပ်ရန် အကြောင်းသင့်သူများဆိုလျှင် ဓာတ်ကြီးလေးပါး ဆွမ်းတော်ကပ်ပါ။ အခက်အခဲရှိနိုင်လျှင် စားပွဲကြီးတစ်လုံးမှာ ပန်းပေါင်းစုံ၊ သောက်တော်ရေ၊ ဆီမီးများနှင့် မြိုင်မြိုင်ဆိုင်ဆိုင် ပူဇော်ပါ။ ပြီးလျှင် ယပ်တောင်အသစ်တစ်ချောင်းနှင့် ယပ်တော်သွင်း ပူဇော်ပါ။ ပူဇော်ပြီးနောက်နေ့မှာ ထီထိုးပါ။

ဩဂုတ်လမှာ ၅၊ ၁၊ ၂၊ ၉ ဂဏန်းများ ကံစပ်နေပါသည်။

**ကြာသပတေးသားသမီးများ**

ဇူလိုင်လ ၇၊ ၁၀၊ ၁၃၊ ၂၈၊ ၃၁ ရက်များမှာ ထီထိုးပါ။

ယခုတစ်လလုံး သရဏဂုံ-၃၀ကို အဓိဋ္ဌာန်ပုတီး မပျက်မကွက်စိပ်ပါ။ စိပ်နေသောရက်အတွင်း ထီထိုးပါ။

ဩဂုတ်လ ၃၊ ၅၊ ၆ ဂဏန်းများနှင့် ကံစပ်ပါသည်။

**သောကြာသားသမီးများ**

ဇူလိုင် ၁၁၊ ၁၄၊ ၁၈၊ ၂၀၊ ၂၈ ရက်များမှာ ထီထိုးပါ။ ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ကြီးကို နေ့စဉ် ဝတ်မပျက်ရွတ်ဖတ်၍ ဘုရားရှင်အား ပူဇော်ခြင်းသည်သာ အကောင်းဆုံးဖြစ်နေပါသည်။

ဩဂုတ်လတွင် ၅၊ ၄၊ ၈၊ ၃၊ ၁ ဂဏန်းများနှင့် ကံစပ်ပါသည်။

**စနေသားသမီးများ**

ဇူလိုင် ၉၊ ၁၂၊ ၁၅၊ ၂၉၊ ၃၀ ရက်များမှာ ထီထိုးပါ။

နေ့တစ်နေ့ကိုရွေးပါ။ မွန်းတည့် (၁၂) နာရီမထိုးခင်အတွင်း ဘုရားသုံးဆူပြည့်အောင်သွားပါ။ ဘုရားတိုင်းတွင် စနေထောင့်မှနေ၍ (သို့) ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် (၅) တိုင်ထွန်းပြီး ပန်းပေါင်းစုံ (၅)မျိုးနှင့် ဘုရားပူဇော်ပါ။

ဩဂုတ်လ ၅၊ ၃၊ ၆ ဂဏန်းများ ကံစပ်နေပါသည်။

ဤလတွင် ၂၂ - ၇ - ၂၀၁၃၊ တနင်္လာနေ့ (မွေးစကြာနေ့) ဖြစ်သော ဝါဆိုလပြည့်နေ့နှင့် ၂၄ - ၇ - ၂၀၁၃၊ ဗုဒ္ဓဟူးနေ့များမှာ (၇) ရက်သားသမီးများ မည်သူမဆို ထီထိုးဖြစ်အောင် ထိုးပါ။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)



www.burmeseclassic.com

www.burmeseclassic.com



# ဗန်းကျီနယ် လင်းစာကျက်ကျေးရွာမှ စစ်ကိုင်းမြို့ဝန်၏ ခေါင်းလောင်းစာ

**တင်နိုင်တိုး**

ဗန့်ကျီနယ်သည် မြန်မာမင်းများလက်ထက်က ထင်ရှားသော တိုက်နယ်တစ်နယ် ဖြစ်သည်။ ဗန့်ကျီတိုက်နယ်သည် ယနေ့ခေတ် အနေအထားအရ ဆားလင်းကြီးမြို့နယ်နှင့် ခွင်ကျင်ဒေသ ဖြစ်ပါသည်။ ဗန့်ကျီတိုက်နယ် ရွှေတောင်လက် လင်းစာကျက်ကျေးရွာသည် ဗန့်ကျီနယ်အတွင်း ထင်ရှားသော ကျေးရွာကြီးတစ်ရွာ ဖြစ်သည်။ ကြည့်ကုန်ရှင်ကြီး ရှင်နန္ဒမေဓာ သူ၏မေတ္တာစာတစ်ပုဒ်တွင် လင်းစာကျက်ရွာကို 'လင်းဇရက်' ဟူ၍ ဖော်ပြခဲ့ဖူးပါသည်။

အစဉ်အလာ မှတ်သားချက်များအရ လင်းစာကျက်ကျေးရွာက ပုဂံခေတ်ကပင် ပေါ်ပေါက်ခဲ့သည်။ 'အနော်ရထာမင်း လှူရင်းကျောက်စာ' (ဘိုးတော်ဘုရားလက်ထက် စပ်ထိုး) တွင် လင်းကျက်ရွာအမည်ကို 'ရွာလင်းရွာ' ဟူ၍ ဖော်ပြရေးထိုးထားပါသည်။ ရွာအမည်က ကုန်းဘောင် ခေတ်ဦးကာလတွင် 'လင်းဇရက်' ဟူ၍ ဖြစ်လာခဲ့သည်။ ရွာအရှေ့ဘက်တွင် ညောင်ကြတ်ပင်ကြီးတည်ရှိခဲ့ရာ မကြာခဏ မီးဘေးနှင့်ကြုံတွေ့ရမှုကြောင့် မင်းတုန်းမင်းလက်ထက်တွင် ကျေးရွာအမည်ကို 'လင်းစာကျက်' ရွာဟု ပြောင်းလဲခေါ်ဆိုခဲ့သည်။

လင်းစာကျက်ရွာဇာတိ ဦးပေါက်ထွန်းသည် မင်းတုန်းမင်းလက်ထက်တွင် မဟာမင်းကျော်သူရိန်ဘွဲ့ခံ နတ်ကျွန်းအောင်မြေကင်းတပ်မှူး၊ သစ်တောဝန်၊ တမူး ခန်းပတ်မြို့ဝန်၊ စစ်ကိုင်းမြို့ဝန်ရာထူးများ ရရှိခဲ့ပါသည်။ ဦးပေါက်ထွန်းက ၈၊ အောက်တိုဘာ ၁၈၇၂ အထိ စစ်ကိုင်းမြို့ဝန်ရာထူးဖြင့် အမှုထမ်းခဲ့ပါသည်။ လင်းစာကျက်ရွာဇာတိဖြစ်သော စစ်ကိုင်းမြို့ဝန် ဦးပေါက်ထွန်းနှင့် ဝန်ကတော် ဒေါ်ဆယ်မိတို့သည် လင်းစာကျက်ကျေးရွာ၌ ခေါင်းလောင်းကြီးတစ်လုံးနှင့် ကျောက်ထီးတို့ကို လှူဒါန်းခဲ့ဖူးပါသည်။

ခေါင်းလောင်းအထက်ရှိ ခေါင်းလောင်းစာတွင် မင်းတုန်းမင်းတရားကြီးအား-

'ဓမ္မိကရာဇာ တေဇာတွန့်လည်ဘုန်းရောင်ခြည်ဖြင့် အပြည်ပြည်ထောင်၊ မင်းကုန်အောင်ကို၊ အခေါင်ကျူးလျက်၊ မရှုံးဘက်က မင်းထက်မင်းဖြစ် မင်းတရားအစစ် ဖြစ်တော်မူထသော'

ဟူ၍ ရည်ညွှန်းထားသည်ကို တွေ့ရှိရ၏။ ထို့ပြင်-

'ဒေဝဒဟ၊ ကောလိယနှင့် ကပိလသာခေါင် သုံးပြည်ထောင်ကဲ့သို့ ကုန်းဘောင်အမရ တတိယစဉ်လာ ရတနာပုံဟူသော သုံးပြည်ထောင်၌ အခေါင်ဆုံးဖျား တရားမမှုရာဇ် ဖြစ်လတ်ရကား'

ဟူ၍လည်း ညွှန်းဆိုထားသေး၏။

ထို့နောက် ဦးပေါက်ထွန်းက မိမိသည် လင်းစာကျက်ရွာဇာတိဖြစ်သော်လည်း မင်းနေပြည်တော်၌နေထိုင်ကာ အမှုထမ်းရွက်ရပုံကို-

'ထိုရောအခါဝယ် ဘန့်ကြီနယ်တွင် လင်းဇရက်ရွာဇာတိ ပဝတ္တိနေပြည်တော် ထင်ပေါ်သတင်း မင်းမင်းသခင်ဘဝရှင်၏ ထံတွင်သက်နံ့ ကျွန်တော်ခံ၍ တစ်ဆံခြည်ကား ဖောက်ပြားမရှိ မင်း၏ရေးရာ ပေါ်ရှိခါ၌ တရာလွှန်မင်း ရန်ခပင်းကို ခွင်းအံ့ ထွင်းအံ့ လျှင်းမရှံ့ဘဲ ရဲဝံ့စွာလှ ယောကျ်ားဇာနည် နောက်မလည်တည့်'

စသည်ဖြင့် ရေးထိုးထား၏။

မင်းတုန်းမင်းထံပါး၌ လက်ရုံးရည် စွမ်းရည်သတ္တိအပြည့်ဖြင့်ပင် မင်းမှုထမ်းခဲ့ရပုံကို ထင်ရှားပေါ်လွင်စွာ ရေးထိုးထားခြင်း ဖြစ်ပါသည်။ 'အရည်အသွား ပညာအားလည်း သုံးပွါးတန်ခိုးလေးမျိုးအဂတိ ဝိပ္ပရိတရား မလိုက်စားဘဲ' ဟူ၍ သမာသမတ်ကျစွာ မင်းမှုထမ်းရွက်ခဲ့ပုံကိုလည်း ရေးထိုးထားပါသည်။ မင်းမှုထမ်းတစ်ဦးအဖြစ် ဦးပေါက်ထွန်းက အဂတိတရားလေးပါးမှ ကင်းဝေးစွာနေခဲ့သည်။

မင်းတုန်းမင်းက ဘွဲ့မည်ရည်ဖေးအပ်ခဲ့ပုံနှင့် ပတ်သက်၍လည်း-

'နှိုင်းရှိဆင်ခြင် သိမြင်လိမ္မာ ဌာနာဌာန ကောသလ္လဉာဏ်ရှိ ကဝိတစ်ယောက် ခေါ်ဝေါ်လောက်၍ ရွှေကောက်မှတ်ယူ သဒ္ဒါတော်မူရကား မတူနှိုင်းဘက် ဆောင်ရွက်စီးနင်း ပေးအပ်နှင်းလျက် (မင်းကျော်သူရိန်) နေရဝိန်သို့ ဂုဏ်ရှိန်ဝင်းလျှံ ဘွဲ့မင်းစံနှင့်တကွ ပတ်ရံသီဒါ ဇေယျာပူရ ပြည်မခရိုင် (အရှေ့ပိုင်ခန့်တော်မူသဖြင့်) သူတစ်ပါးတို့နှင့် မထိုက်တန် ဌာနန္တရ ရာထူးရ၏'

ဟူ၍ ရေးထိုးထား၏။

ဦးပေါက်ထွန်းမှာ အရည်အချင်းရှိသူတစ်ဦးဖြစ်သဖြင့် ရာထူးအဆင့်ဆင့်တိုးမြှင့်ခန့်အပ်ခြင်း ခံခဲ့ရကာ နောက်ဆုံး စစ်ကိုင်းမြို့ဝန်ရာထူး ရရှိခဲ့ပါသည်။ ဦးပေါက်ထွန်း၏ ဝန်ကတော်အမည်မှာ ဒေါ်ဆယ်မိ ဖြစ်သည်။ ဦးပေါက်ထွန်းသည် စစ်ကိုင်းမြို့ဝန်ဘဝတွင် ဇာတိလင်းစာကျက်ကျေးရွာ၌ ဘုရားတစ်ဆူတည်ကာ ခေါင်းလောင်းနှင့် ကျောက်ထီးတို့ကိုလည်း လှူဒါန်းခဲ့သည်။ ခေါင်းလောင်းထက်တွင် ခေါင်းလောင်းစာရေးထိုးခဲ့ခြင်း ဖြစ်သည်။

ခေါင်းလောင်းကြီးချိတ်ဆွဲဖြစ်ခဲ့ပုံ



www.burmeseclassic.com

www.burmeseclassic.com

ချိတ်ဆွဲခဲ့ချိန်တို့နှင့်ပတ်သက်၍လည်း-

'ပေးလှူဒါန ကျင့်သီလနှင့် နှစ်ဝဘာဝနာ ပွားရာကောင်းမှု အနုဂါမိ မည်မြဲစွာ ကုသိုလ်သာလျှင် သံသရာဘဝ ထောက်ပံ့ရ၏ ကာလထိုထို ပွားကုသိုလ်ဝန် ကိုယ်တွင်မြဲအောင် သဘောဆောင်တု မောင်နှင့်နှမ တိုင်ပင်ကြ၍ ဇိနသာသနာ ၂၄၁၆ နှစ်၊ သက္ကရာဇ် ၁၂၃၄ ခုဥတုဟေမန် နွေပြန်လုဇ တပေါင်းလဝယ် ပန္နရ သတိထိ ပုဏ္ဏမီ၌ ငွေနီသပြာ သုံးရာမက ပေးရနှင့်နှင်း ကြေးစင်ဓိဿာ'

စသည်ဖြင့် ရေးထိုးထားပါသည်။

ခေါင်းလောင်းစာပါ ဖော်ပြချက်အရ ခေါင်းလောင်းကြီး ချိတ်ဆွဲလှူဒါန်းချိန်မှာ မြန်မာနှစ် ၁၂၃၄ ခု၊ တပေါင်းလပြည့်နေ့ (၁၃၊ မတ်၊ ၁၈၇၃) ဖြစ်ကြောင်း သိရှိရသည်။ ဦးပေါက်ထွန်းတို့ဇနီးမောင်နှံသည် မင်းနေပြည်တော်၌ အာဝန်ထမ်းဆောင်ခဲ့ကြပြီးနောက် အနားရချိန်တွင် ဇာတိ လင်းစာကျက်ရွာ (ထိုစဉ်က လင်းဇရက်) သို့ ပြန်လာကာ ကုသိုလ်ကောင်းမှုများ လုပ်ဆောင်ခဲ့ကြခြင်း ဖြစ်သည်။

ယခုထက်တိုင် ဝန်မင်း ဦးပေါက်ထွန်း၏အဆက်အနွယ်များ လင်းစာကျက်ကျေးရွာတွင် ရှိနေကြဆဲ ဖြစ်ပါသည်။ လင်းစာကျက်တျေးရွာသည် ယခုအခါ မုံရွာခရိုင် ဆားလင်းကြီးမြို့နယ်အတွင်း တည်ရှိ၏။ လမ်းစဉ်ပါတီခေတ်က မြို့နယ်သမိုင်းပြုစုရေးအဖွဲ့ဝင် ဦးချင်၏ဇနီး ဒေါ်တင်သန့်၊ သမိုင်းပြုစုရာ၌ များစွာအကူအညီပေးခဲ့သူ ဦးမြသိန်း၏ဇနီး ဒေါ်တင်အေးတို့သည် စစ်တိုင်းမြို့ဝန် ဦးပေါက်ထွန်း၏မြစ်တော်စပ်သူများ ဖြစ်ကြောင်း သိရှိရပါသည်။

ခေါင်းလောင်းစာများသည် သမိုင်းဆိုင်ရာ မူရင်းအထောက်အထားများဖြစ်သဖြင့် အစဉ်သဖြင့် တည်ရှိနေရန် ထိန်းသိမ်းသွားကြရမည်သာ ဖြစ်ပါသည်။

တင်နိုင်တိုး

**ကျမ်းကိုး**


၁။ ရှေးကမြို့နှင့်ကျေးရွာများ၊ ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)။ အံ့တွေးအမြင်၊ ၁၉၈၅၊ ဇွန်။
၂။ ဗန့်ကျီ တောင်လက် လင်းစာကျက်ရွာ ရာဇဝင်သမိုင်း၊ အရှင်ကုဏ္ဍာဘာသ။


နတ်မောက်-လှမြင့်သစ်

# ဈေးရောင်းကောင်းစေသည့် အင်းရေအစီအရင်

ယခုတင်ပြလိုသော အင်းရေအစီအရင်ကို လွန်ခဲ့သည့် အနှစ် (၂၀) ခန့်က အင်းဘုန်းကြီးဟု အမည်တွင် တန်ခိုးထွားခဲ့သော ဆရာတော်ကြီးတစ်ပါးမှ ချီးမြှင့်ခဲ့ခြင်း ဖြစ်ပါသည်။

'ဒကာ၊ ဒကာမတွေက အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ မန္တန်ပညာတွေကို အောက်လမ်းပညာ၊ ဘာဘာညာညာနဲ့ ရောထွေးပြီး ဆိုချင်,ပြောချင်ကြတယ်။ အခု ဒကာကြီးကို ဒီအင်းရေအစီအရင်ကို နောက်ဆုံးပေးခြင်းပါပဲ။ ဘုန်းကြီးတို့ ဝိနည်းမမှုနဲ့ ဒီပညာတွေနဲ့လည်း မအပ်စပ်လို့ စွန့်လွှတ်တော့မှာပါ။ ဒီအင်းရေအစီအရင်ကို ဒကာကြီး တစ်ဆင့်ဖြန့်ဝေလက်ဆင့်ကမ်းရင်တောင်မှ ဘုန်းကြီးဆီကရတာပါလို့ ဘွဲ့အမည်, ကျောင်းအမည်တွင် မပြောမိ၊ မဆိုမိပါစေနဲ့။ အဲဒါကို အာမဘာန္တေခံမှ ဖြစ်မယ်'

ဟု မိန့်တော်မူရာ စာရေးသူမှလည်း အာမဘန္တေခံခဲ့ပါသည်။ ဆရာတော်ကြီးမှာ ယခုလည်း သက်ရှိထင်ရှားသီတင်းသုံးလျက်ရှိပြီး သက်တော် (၈၃) နှစ်ရှိပြီ ဖြစ်ပါသည်။

အင်းရေ အစီအရင်မှာ အလွန်မခက်ပါ။ အဓိကရှောင်ရမည့်အချက်များမှာ-

၁။ အမဲသား (နွားသား) မစားသူ။
၂။ အရက်သေစာ လုံးဝ မသောက်စားသူ။
၃။ ကာမေသု လုံခြုံသူ ဖြစ်ရပါမည်။

ထို့နောက် (၅) လက်မပတ်လည် ကျောက်သင်ပုန်းတွင် အင်းကွက်ဆွဲ၊ အင်းဆန်သွင်းရပါမည်။ (၁၆) ကွက် အင်းဖြစ်ပြီး အင်းဆန်မှာ-

'ဥုံ ဇတံ သရဝံ သွာဟ၊
ဥုံ ဇကု သရဝံ သွာဟ'

ဟူ၍ ဖြစ်ပါသည်။

စီရင်ရာ၌ နေအိမ်ဘုရားဆောင်ရှေ့တွင်သော် လည်းကောင်း၊ မိမိဒေသတန်ခိုးကြီးဘုရား တစ်ဆူဆူ၏ရှေ့တွင် လည်းကောင်း၊ သိမ်ထဲတွင် လည်းကောင်း စီရင်ရပါမည်။

ဦးစွာငါးပါးသီလခံယူပြီး ကျောက်သင်ပုန်းပေါ်တွင် မြေဖြူခဲဖြင့် အင်းကွက်ကို မကျိုးမပေါက်အောင် ရေးဆွဲပြီး အင်းဆန်ကို မှန်အောင် ဖြည်းဖြည်းမှန်မှန် ရေးသွင်းပါ။ အောက်တွင် နမူနာရေးဆွဲပြထားပါသည်။

| | | | |
|---|---|---|---|
| ဥုံ | ဇ | တံ | သ |
| ရ | ဝံ | သွာ | ဟ |
| ဥုံ | ဇ | ကု | သ |
| ရ | ဝံ | သွာ | ဟ |

ရိုးရိုးလေးပင် ဖြစ်ပါသည်။ အထက်ပါအင်းကို ကျောက်သင်ပုန်းတွင် မြေဖြူဖြင့် ရေးဆွဲပြီး ၎င်းအင်းပြားကို ရေဇလုံထဲတွင် စိမ်ထားပါ။ အင်းကွက် ရေထဲတွင် စိမ်ထားပြီး ပျက်သွားလျှင် ၎င်းအင်းရေနှင့် ရောင်းလိုသော ကုန်ပစ္စည်းကို ပက်ပေး၊ တောက်ပေးပါ။ အလွန် ရောင်းကောင်း၊ ရောင်းစွံပါသည်။

အထူးမှာ အလိမ်အညာပစ္စည်းအတု၊ ကုန်အတုများကို မပြုလုပ်ပါနှင့်။ တန်ပြန်တတ်ပါသည်။

စက်ဘီး၊ ဆိုင်ကယ်မှ မော်တော်ကားအထိ ဤအင်းရေအစီအရင်ကို အနှစ် (၂၀) အတွင်း လက်တွေ့အသုံးပြုအောင်မြင်ခဲ့ပြီး ဖြစ်ပါသည်။ မြန်မာ့အင်းပညာသည် အံ့ဩဘနန်း ဖြစ်ပါသည်။

အထက်ပါ အင်းနှင့်ပတ်သက်၍ ဉာဏ်ရှိသလို ချဲ့ထွင်အသုံးပြုနိုင်သည်ဟုလည်း ဆရာတော်ကြီးမှ မိန့်မှာပါသည်။ ပိုမိုသိရှိသော သုတေသီ၊ ပညာရှင်နှင့် ဝါသနာရှင်တို့မှ ဆက်လက်တင်ပြပေးပါရန် လေးစားစွာ မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

အားလုံးကို လေးစားလျက်

နတ်မောက်-လှမြင့်သစ်



www.burmeseclassic.com

www.burmeseclassic.com

# ထူးခြားထင်ပေါ် ကန်လယ်ဆရာတော်

ဦးစန္ဒိမာ(စလင်း)

'စလင်းကန်လယ်ဆရာတော်ကြီး' စာအုပ်ထွက်လာတော့ စာရေးသူအနေနဲ့ ဒီစာအုပ်ရေးသားထုတ်ဝေဖို့ တိုက်တွန်းခဲ့တဲ့ ဆရာဦးမြဝင်း (ဒဿန) ကို ပထမ ကျေးဇူးတင်ရပါတယ်။ ဒုတိယ ကျေးဇူးတင်ရသူကတော့ ဒီစာအုပ်ထုတ်ဝေပေးတဲ့ ဦးသိန်းလွင် (လင်းလွန်းခင်) ကိုပေါ့။ စာအုပ်ကလေး လှလှပပ သေသေသပ်သပ်ဖြစ်အောင် စီမံပေးတဲ့ မောင်မြင့်စိုးကိုလည်း ကျေးဇူးတင်ရှိပါတယ်။ စာအုပ်ထွက်လာပြီးတဲ့နောက် အမှတ်တရတွေလည်းရှိနေပါရဲ့။ စလင်းကန်လယ်ဆရာတော်ကြီး စာအုပ် ထုတ်ဝေခြင်း အမှတ်တရအနေနှင့် ဦးသိန်းလွင် (လင်းလွန်းခင်) ကိုယ်တိုင် ဒုလ္လဘရဟန်းဝတ်ပါတယ်။ ဒီစာအုပ်ကိုဖတ်ရှုပြီး သူ့မှာ သက်န်းဆီးချင်စိတ်ပေါက်နေသတဲ့။ အလေးအမြတ်ထားတာကိုပဲ ကျေးဇူးထပ်တင်ရပြန်ပါရော။ စာအုပ်ထွက်ပြီး သုံး၊ လေးလလောက်ရှိတော့ ဟိုကဒီက ကန်လယ်ဆရာတော်စာအုပ်ဖတ်ပြီး သူတို့မသိတာတွေ သိရလို့၊ ထူးထူးဆန်းဆန်းတွေ သိခွင့်ရလို့ ပီတိဖြစ်ရကြောင်းတွေကို ဖုန်းနဲ့တစ်မျိုး၊ စာနဲ့တစ်ဖုံ အကြောင်းကြားရလို့လည်း ဝမ်းသာပီတိဖြစ်ရပြန်ပါရော။ တချို့ စလင်းသူ၊ စလင်းသားတွေတောင် စာအုပ်ထဲကအကြောင်းအရာတွေကို စုံစုံစေ့စေ့ မသိဘူးတဲ့။ စာအုပ်ဖတ်လိုက်တော့မှ သိရတာတဲ့။ ကိုယ့်စလင်းမြို့က ရဟန္တာလို့ကျော်ကြားတဲ့ ကန်လယ်ဆရာတော်ပေါ် ထွန်းခဲ့တာကို အင်မတန်မှ ဂုဏ်ယူဝမ်းသာမဆုံး ဖြစ်ကြရသတဲ့လေ။

စာရေးသူလည်း ဦးမြဝင်း မတိုက်တွန်းမီကတည်းက မဂ္ဂဇင်းတွေမှာ ထုံ့ပိုင်း ထုံ့ပိုင်း ရေးခဲ့တာကလား။ တစ်နေ့တော့ လုံးချင်းထုတ်ဝေနိုင်လောက်ရဲ့လို့လည်း စိတ်ကူးအိပ်မက် မက်ခဲ့တာကလား။ နို့ပေမယ့် ကြားသိ လေ့လာရသလောက်၊ တစ်လစာ တစ်လစာလောက် ရေးခဲ့တာမို့ လုံးချင်းထုတ်ဝေမယ်လုပ်တော့ ကိုယ်ရေးခဲ့သမျှတွေ ပြန်စုစည်း၊ ပြန်ဖတ် ဆက်စပ်ပြီး ပြန်အချောကိုင်လိုက်တယ်လေ။ စိတ်က ထက်သန်နေတာတစ်ကြောင်း၊ အရင်ရေးပြီးသားမို့ တစ်ကြောင်း သိပ်မကြာလိုက်ပါဘူး၊ လုံးချင်းတစ်အုပ်စာ ပြီးသွားရော။ ဒီတော့ ဦးသိန်းလွင်ကို အပ္ပကပ်ရပြန်တယ်လေ။ သူကလည်း စာမူဖတ်ပြီးတော့ လိုလိုလားလား ထုတ်ဝေပေးဖို့ကတိပေးလိုက်တယ်။ အဆင်ပြေချင်တော့ စာအုပ်ထုတ်ဝေပြီးတော့လည်း စလင်းနယ်ခံဖြစ်တဲ့ ကန်လယ်ဆရာတော်နဲ့ ဆက်နွှယ်ခဲ့တဲ့လူတွေက စာအုပ်ဖတ်ပြီး စာအုပ်ထဲမှာ မပါသေးတဲ့ ကိုယ်တွေ့အကြောင်းအရာတွေ စာရေးသူထံ လာပြီးပြောပြကြပါတယ်။ ဝမ်းသာလိုက်တာ။ နောက်ထပ် ဒုတိယအကြိမ် ထုတ်ဝေသည်ရှိသော် ထပ်မံဖြည့်စွက်ချက်ထည့်မှာပါ။

တစ်နေ့တော့ လက်တောကျောင်းဆရာတော် ဦးဝါယမက စာရေးသူကို ကန်လယ်ဆရာတော်အကြောင်း ပြောပြပြန်တယ်။ ဆရာတော် ဦးဝါယမက ရှေးဟောင်းနှောင်းဖြစ်တွေကို မှတ်မှတ်သားသား ပြောတတ်သူပါ။ ကဗျာတို့၊ စာတိုတွေ၊ ပြောစမှတ်တွေ၊ နောက်ခံသမိုင်းတွေ မှတ်မှတ်သားသားရှိတဲ့ဆရာတော်ပါ။ ဆရာတော်က နာမည်ကျော်ဓမ္မကထိကမို့လည်းတစ်ကြောင်း၊ အသံသြဇာနဲ့လည်း ပြည့်စုံပြီး ပီပီသသ ရှင်းရှင်းလင်းလင်း တစ်တစ်ခွခွပြောနိုင်သူမို့ မှတ်လောက်သားလောက်အောင် ပြောတတ်သူပါ။ တစ်ခါတစ်ခါ သူက ရှေ့က ပလ္လင်ပေါ်က တရားဟော၊ စာရေးသူက သံဃာစင်ပေါ်က နာကြားရင်း ဆောင်းပါးတွေ ရချင် ရနေတတ်တာကလား။

ဆရာတော်ဦးဝါယမနဲ့ တစ်နေ့ စာရေးသူ တွေ့ကြတာက စလင်းတိုက်သစ် ဦးအဂ္ဂဓေ မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့ရ ပူဇော်ပွဲ အခမ်းအနား မြို့လယ်ဓမ္မာရုံမှာပေါ့။ အရေးထဲမှ စာအုပ်နဲ့ ဘော(လ်)ပင်က မေ့နေခဲ့သေးတယ်လေ။ နို့ပေမယ့် ဒ်အာရုံစူးစိုက် မှတ်ထားလိုက်တယ်။

"မှတ်မှတ်ရရ ငါ့အသက် (၄၅) နှစ်အရွယ်ကပေါ့။ (ယခု ၇၀ ကျော်ပါပြီ။) ကန်လယ်ဆရာတော်ကိုယ်ခန္ဓာမှာ ရေယုန်တွေပေါက်တယ်။ နေရာအတော်များများမှာပေါက်တာ။ ဒီတော့ ကန်လယ်မှာ ပဋ္ဌာန်းရွတ်ဖို့ ဆရာတော် ဦးကေတုတို့၊ မိုးကုတ်ဦးကောဝိဒတို့၊ ငါတို့ အပါအဝင်ပေါ့ကွာ။ ကန်လယ်ဆရာတော်က 'အသွား၊ အပြန် လှေကောင်းကောင်းစီးကြနော်၊ သတိထားကြနော်' ဆိုပြီး ကြပ်ကြပ်သတိပေးနေတာရယ်။ နောက်ဆုံး ပဋ္ဌာန်းသိမ်းတော့မှ အဲဒီလိုသတိပေးရတာက ကန်ကြီးက လှိုင်းထနေလို့တဲ့လေ။ ဒီလိုနဲ့ နောက်နေ့ မကွေးတိုင်းဒေသကြီး ရဲမင်းကြီး ဦးခင်မောင်လွင်က ကန်လယ်ဆရာတော်ကြီးကို မကွေး ပင့်သွားပါလေရော။ ဘာကြာလိုက်လို့တုံး၊ တစ်ပတ်အတွင်း ကန်ထဲ ရေနစ်ပြီး ဘုန်းကြီးတစ်ပါးနဲ့ လူငယ်လေးတစ်ယောက် သေဆုံးပါလေရော။ ဘုန်းကြီးက ယခု ကန်ချောင်က ဦးလာဘိကညီ ဦးပဋ္ဌင်းရယ်။ ကလေးကတော့ မြို့ထဲက ကလေးတစ်ယောက်ရယ်။ ကျောင်းပိတ်ရက်ရှင်ပြုခါနီး၊ ရက်တောင်သတ်မှတ်ပြီးနေပြီ။ လှေလှော်ရင်း လှေမှောက်တာလေ။ လှေစီးသူက (၉) ယောက်တဲ့။ ဦးလာဘိကလည်း ရေကူးတတ်လို့ဆယ်တာပဲ။ ဘယ်လိုမှ ဆယ်လို့မရဘူးတဲ့။ တစ်ယောက်ယောက်က ချုပ်ကိုင်ထားသလိုကြီးတဲ့။ သူတောင် မနည်းကူးနေရသတဲ့။ ဒီတော့မှ ငါလည်း ကန်လယ်ဆရာတော်ပြောတာ မှန်ပါလား ဆိုပြီး စိတ်နဲ့ကန်တော့လိုက်ရတယ်လေ။ တခြားအပြစ် ဟုတ်ပါရိုးလားကွာ၊ ကန်ကြီးက လှိုင်းထနေတာလို့ပြောတုန်းက ငါက ဆရာတော်ကို ကြွားတာလို့ ထင်ခဲ့မိတာကိုး။ အမှန်တော့ ပြစ်မှားမိတာပေါ့ကွာ။ ဒါကြောင့် ပထမ စိတ်နဲ့ တောင်းပန်၊ နောက် လူကိုယ်တိုင် ကန်တော့ရတယ်ဟေ့။ မယုံမရှိနဲ့၊ ကိုယ်တွေ့ဟ"

ဟိုတုန်းကလည်းပြောခဲ့လို့ ဆရာတော် ဦးဝါယမကို ကျေးဇူးတင်ရသလိုခုလည်း ထူးထူးခြားခြားပြောပြလို့ ထပ်မံ ကျေးဇူးတင်ရပြန်ပါတယ်။ ကန်လယ်ဆရာတော်ရဲ့ထူးခြားတဲ့ဂုဏ်ရည်တွေကို ရနိုင်သမျှ ရှာဖွေမေးမြန်းပြီး ကြည်ညိုခွင့်ရအောင် ဆက်လက်ရေးသားပူဇော်ပါဦးမယ်။

ဦးစန္ဒိမ(စလင်း)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

တာလမ်းအတိုင်း စက်ဘီးကို အကြမ်းပတမ်းနင်းလာရင်း ကျလုလု မျက်ရည်စများကို ထက်မြက် ထိန်းလာရသည်။ အမေ့ကို ထက်မြက် မုန်းသည်။ အမေ ရိုက်လိုက်သော ခြေသလုံးမှ နာကျင်မှုထက် ထက်မြက်၏ နှလုံးသားမှ နာကျင်မှုက အတိုင်းအဆမဲ့ ပိုသည်။

"မိဘက စာတော်စေချင်လို့ နင့်ကို ကျောင်းထားပေးတာ ကျောင်းပြေးရလား။ နင့်ကိုမွေးရတာ ဝမ်းရေစပ်တယ်ဟဲ့"

အမေပြောခဲ့သော စကားက ထက်မြက်၏နှလုံးသားကို မြားအစင်းစင်းဖြင့်ခွင်းလိုက်သည့်နှယ် ခံစားရသည်။ ထက်မြက်ကလည်း မဟုတ်မခံတတ်သူ ပီပီ အမေ့ကို တစ်ခွန်းမခံ တုံ့ပြန်သည်။

"သူတို့ကို မွေးရတာကော အမေ ဝမ်းရေမစပ်ဘူးလား"

ပုခက်ထဲတွင် အိပ်ပျော်နေသော လသား အရွယ် ညီလေးနှင့် မန်ကျည်းပင်ရိပ်တွင် ဆော့ကစားနေသော သုံးနှစ်အရွယ် ညီမလေးကို လက်ညှိုးထိုးပြပြီး အမေ့ကို မေးပစ်လိုက်သည်။

မအေတူ ဖအေကွဲ သားနှင့်သမီးကို ထိသောအခါ အမေက ဒေါသတကြီးအော်ဟစ်ပါတော့သည်။

"ဘာပြောတယ် ထက်မြက်၊ နင် မိုက်ရိုင်းလှချေလား"

အမေ့ဝါးခြမ်းပြားက ထက်မြက်၏တင်ပါးပေါ်၊ ခြေသလုံးပေါ်သို့ အချက်ပေါင်းများစွာ ကျလာသည်။

ထိုစဉ် လယ်ထဲမှ ပြန်လာသော ပထွေးဦးချစ်က အပြေးအလွှားဝင်လာကာ အမေ့ကိုဆွဲသည်။

"မစိမ်းမေရာ တော်ပါတော့။ ကလေးကို ဒီလောက် မရိုက်ပါနဲ့။ ပေးစမ်း၊ မင်းရဲ့တုတ်"

"အိုတော်- အသက်ပဲ (၁၅)ကျော်လို့ (၁၆) ထဲဝင်နေပြီ၊ ဒါကလေးလားတော့။ စကားပြောတာက ဂျစ်ကန်ကန်နဲ့ မိုက်ရိုင်းလွန်းလို့ပါတော်"

"နားလည်အောင် ပါးစပ်နဲ့ဆုံးမပါ စိမ်းမေရာ၊ အသားနာအောင် မရိုက်ပါနဲ့။ လူလေး သွားသွား ရေချိုး။ ထမင်းစားကြရအောင်။ အဘ လယ်ထဲက ကဏန်းလုံးတွေပါလာတယ်ကွ"

ပထွေးကမှ ကြင်နာဖော်ရသေးသည်။ သို့သော် ထက်မြက်ရင်ထဲ ပထွေးကိုလည်း မုန်းသည်။ သားထက် ပိုချစ်ရမည့်လင်ကိုယူထားသော အမေ့ကိုလည်း နာကြည်းသည်။ ထက်မြက်သည် အမေ့ ကိုရော ပထွေးကိုပါ မုန်းတီးစက်ဆုပ် သောမျက်လုံးများဖြင့်ကြည့်ပြီး စက်ဘီးကို နင်းထွက်ခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ - ဒါကဘာယ်လဲ"

အမေ့အသံသည် အဝေးတွင် ပျံ့လွင့်၍ ကျန်ရစ်သည်။ ထက်မြက် ပြန်လှည့်မကြည့်ဘဲ စက်ဘီးကို အမြန်နင်းထွက်ခဲ့သည်။

ထက်မြက်တို့ နေထိုင်ရာ ထိန်တောရွာက ပဲနွယ်ကုန်းမြို့နှင့် နှစ်မိုင်ခန့်ဝေးသည်။ ထက်မြက် တစ်နှစ်သားအရွယ်တွင် လယ်ထဲ၌ အဖေ ပိုးထိ၍ သေဆုံးခဲ့သည်။ သားဦးစနေ မီးလိုက်ရသည်ဟု အမေ့ကို ပတ်ဝန်းကျင်က ပြောကြသည်။ အမေသည် မလုပ်တတ် လုပ်တတ်ဖြင့် ရှိသော လယ်ခြောက်ဧကပါ ဆုံးရှုံးခဲ့သည်။ အမေ့ကို စောင့်ရှောက်ချင်သော မုဆိုးဖိုကြီးများ၊ တစ်ခုလပ်များ ဝိုင်းဝိုင်းလည်နေသော်လည်း အမေက သားကို ပထွေးနှင့် စိတ်မချသဖြင့် နောက်အိမ်ထောင်ပြုရန် ငြင်းဆန်ခဲ့သည်။

ထက်မြက် (၈)နှစ်သားတွင် အမေ့ကို အဘွားက တစ်ရွာတည်းသားဦးချစ်နှင့် နေရာချထားပေးခဲ့သည်။

"စိမ်းမေ၊ ညည်းဒီလိုပဲနေလို့မသင့်တော့ဘူး။ လယ်မရှိကိုင်းမရှိနဲ့ နေ့စားလုပ်ပြီး ညည်းတို့သားအမိစားနေရတာ။ ငါကလည်း မပြေလည်တော့ ညည်းတို့ကို မထောက်ပံ့နိုင်ဘူး။ ညည်းသားလေးကလည်း နောင်ရေးကရှိသေးတယ်။ ညည်းသားကို ကျောင်းထားချင်တယ်ဆို၊ ပညာတတ်အရာရှိကြီးဖြစ်စေချင်တယ်ဆို။ မောင်ချစ်က ဘာမှပြောစရာမရှိဘူး။ သူကိုယ်တိုင်ကလည်း မုဆိုးဖိုဆိုတော့ ညည်းကို နားလွတ်နိုင်တယ်။ သဘောထားလည်း ပြည့်ဝတယ်။ ရွာလယ်မှာ အိမ်ကြီးရခိုင်နဲ့ လယ်ပိုင်ကိုင်းပိုင်နဲ့။ စိတ်ကူးမလွဲပါနဲ့အေ"

အမေသည် ပထွေးဦးချစ်ကို ကတိစကားတောင်းပြီးမှ အိမ်ထောင်ပြုရန် လက်ခံခဲ့သည်။

"ကျွန်မရဲ့ဆန္ဒနှစ်ခုကိုလိုက်လျောပါမယ်လို့ကတိပေးရင် တော့်ကိုလက်ခံပါတယ်။ တစ်ခုက ကျွန်မသားကို ဘွဲ့ရပညာတတ်ကြီးဖြစ်တဲ့အထိ ကျောင်းထားပေးရမယ်။ နောက်တစ်ခုက ကျွန်မသားကို လုံးဝမရိုက်မနှက်ရဘူး။ သားသမီးအရင်းလို သဘောထားရမယ်"

"စိတ်ချပါ စိမ်းမေရယ်၊ မင်းရဲ့သားကို ငါ့သားအရင်းလို သဘောထားပါ့မယ်"


နားလည်သိတတ်စပြုပြီဖြစ်သော ထက်မြက်အဖို့ အမေနောက်ယောက်ျားယူခြင်းအတွက် လွန်စွာရှက်ရွံ့မိသည်။ အမေ့အနားတွင် သူတစ်ဦးတည်းသာရှိနေချင်သည်။ အမေ့အချစ်ကို သူတစ်ယောက်တည်းသာ ရချင်သည်။ ပထွေးဦးချစ်ကလည်း သူ့ကို သားအရင်းပမာ ဆက်ဆံပါသည်။ ထက်မြက် ကျောင်းတက်ရန် စက်ဘီးဝယ်ပေးသည်။ လက်ပတ်နာရီနှင့် လက်စွပ်နှင့် ဖြစ်လာသော်လည်း၊ အိမ်ကြီးရခိုင်ပေါ်တွင်နေရသော်လည်း ထက်မြက် မပျော်ပါ။

အမေက ထက်မြက်စိတ်ကို နားလည်သဖြင့် ပိုမိုယုယသည်။ နောက်ထပ် သားသမီးမမွေးရန်အထိပင် အမေတွေးခဲ့သော်လည်း ဦးချစ်က ကလေးလိုချင်သဖြင့် ထက်မြက် (၁၂) နှစ်တွင်မှ ညီမလေးကို မွေးခဲ့သည်။ ထက်မြက်၏ ဆန္ဒမှာ အမေ့နံဘေးတွင် သူတစ်ဦးတည်းသာ ရှိနေချင်သည်။ ယခုတော့ အမေ့နံဘေးတွင် ဦးချစ်နှင့် မအေတူဖအေကွဲညီမ ပုံ့ပုံ့၊ ညီငယ် တိုးတိုးတို့ရှိနေခြင်းအတွက် မကျေနပ်ပါ။ (၃) နှစ်အရွယ်ညီမလေးနှင့် ရင်ခွင်ပိုက်ညီလေးတို့ကို အမေ ထွေးပိုက်နေတိုင်း ထက်မြက် မနာလိုဖြစ်မိသည်။

လူပျိုဖော်ဝင်စပြုလာပြီဖြစ်သော ထက်မြက်သည် အမေနှင့် ပွတ်သီးပွတ်သပ်မနေဖြစ်တော့သော်လည်း အမေ့အယုအယကို မည်သူ့ကိုမျှခွဲဝေမပေးလိုပါ။ ဆယ်တန်းကျောင်းသား ထက်မြက်ကို အမေက ပဲနွယ်ကုန်းမြို့ပေါ်မှ အကောင်းဆုံး ဝိုင်းကျူရှင်တွင် အပ်နှံပေး သည်။ တစ်နှစ်စာကျူရှင်လခ လေးသိန်းကို သားမျက်နှာငယ်မည်စိုးသဖြင့် ကြိုတင် သွင်းပေးခဲ့သည်။ မနေ့က ကျောက်ကြီးမြို့ ရေတံခွန်သို့ ဆိုင်ကယ်ကယ်ရီငှားစီး၍ ထက်မြက်သွားလည်ရင်း ကျူရှင်ပြေးခဲ့သည်။

# သန္တာမြတ်သောင်း

## အသက်စွန့်မေတ္တာ



ဆရာမက အမေ့ထံ စာရေးတိုင်သဖြင့် အမေ ဒေါသတကြီး ရိုက်နှက်ဆုံးမခဲ့သည်။ အမေရိုက်၍ အသားနာခြင်းထက် အမေ့စကားကို ထက်မြက် နှလုံးသားက နာကြည်းသည်။

*

ဝမ်းနည်းခြင်း၊ ဒေါသဖြစ်ခြင်းတို့ဖြင့် စက်ဘီးကို အကြမ်းနင်းခဲ့သော်လည်း ထက်မြက် မည်သည့်နေရာသို့ သွားရမည် မသိသေး။ ကျူရှင်အိမ်သို့လည်း မပြန်ချင်ပါ။ ဆရာမကျက်ခိုင်းထားသောစာများကို ထက်မြက် မကျက်



www.burmeseclassic.com

www.burmeseclassic.com

ရသေးပါ။ အိတ်ကပ်ထဲစမ်းကြည့်ရာ တစ်ထောင်တန်ငါးရွက်နှင့် ငါးထောင်တန်နှစ်ရွက်ထွက်လာသည်။ တစ်ထောင်တန် ငွေတစ်သောင်းမှာ ပထွေး ဦးချစ်က မုန့်ဖိုးပေးထားခြင်းဖြစ်ပြီး မနေ့က ကျောက်ကြီးမြို့သို့ သွားလည်သဖြင့် ငါးထောင်ကုန်သွားခြင်း ဖြစ်သည်။ ငါးထောင်တန်နှစ်ရွက်မှာ အမေက ဦးချစ်မသိအောင် ထပ်ပြီး ခိုးပေးထားခြင်း ဖြစ်သည်။

"ငါ့သားက မြို့ကျောင်းသား၊ ခြေစောင့်လက်စောင့်ပိုက်ဆံရှိနေမှ"

ထက်မြက်သည် စားစရာမုန့်ထုပ်များဝယ်ပြီး ချောင်းကမ်းစပ်တွင် ထိုင်နေရန် တွေးသည်။ မြို့လယ်မှ ထွန်းမုန့်တိုက်ရှေ့သို့တွင် စက်ဘီးရပ်စဉ် အနောက်ဘက်မှ မိုးသားများ အုံ့ဆိုင်းမှိုင်းတက်လာသည်ကို တွေ့ရသည်။ မုန့်တိုက်ထဲဝင်၍ ကွဲရိုင်းဘူး၊ စပရိုက်ဘူး၊ နေကြာစေ့၊ အာလူးကြော်၊ ပေါင်မုန့်များ လေးထောင်ကျော်ဖိုးဝယ်ပစ်လိုက်သည်။ ငါ့အမေကိုယူချင်တဲ့ နောက်လင်ကြီး နွားလိုရှာစမ်း၊ သုံးပစ်မယ်ဟုလည်း စိတ်ထဲမှကြိမ်းမိသည်။

မုန့်ထုပ်များကို စက်ဘီးရှေ့ခြင်းထဲတွင်ထည့်၍ ဆက်နင်းလာရာ တုံကန်ချောင်းထိပ် ကားလမ်းကူးတံတားကြီးနားရောက်လာသည်။ ချောင်းကမ်းစပ်နားတွင်ထိုင်ရန် တွေးမိသဖြင့် ထက်မြက် တံတားအောက်ဘက်သို့ စက်ဘီးတွန်းကာ ဆင်းခဲ့သည်။ စက်ဘီးကို သဲပြင်ပေါ် ဒေါက်ထောက်ရပ်သည်။ စက်ဘီးရှေ့ခြင်းမှ မုန့်ထုပ်ကိုနှိုက်၍ ချောင်းရေစပ်တွင် ထိုင်သည်။

ချောင်းထဲတွင် ရေနည်းပါးနေပြီး ရေလယ်ကောင်တွင် သဲသောင်ခုံကြီးပေါ်ထွန်းနေပြီး ထိုသောင်ခုံပေါ်တွင် ခွေးနက်မကြီးတစ်ကောင်သည် တုံးလုံးလှဲရင်း ခွေးပေါက်စနလေး လေးကောင်ကို နို့ချိုတိုက်ကျွေးနေသည်ကို တွေ့လိုက်ရသည်။ ခွေးပေါက်လေးများက ခြေထောက်ပင်မခိုင်သေး။ မိခင်နို့ရည်ကို အားရပါးရစို့နေကြသည်။

ချောင်းစပ်တွင်ထိုင်ရင်း အာလူးကြော်ကို တကျွတ်ကျွတ်ဝါးသည်။ ခွေးမကြီးက အမြီးနှန့်ပြနေသဖြင့် အာလူးကြော်အချို့ ချကျွေးလိုက်သည်။ ယောကျာ်းကြီးသုံးယောက် ချောင်းထဲဆင်းလာရင်း ထက်မြက်ကို ပြောသည်။

"ဟေ့ကလေး၊ ဒီနားမှာမနေနဲ့။ ခဏနေရင် တောင်ကျရေလာတော့မယ်။ ငါတို့ ထိုင်းဆယ်မလို့ စောင့်နေတာ။ မင်း ဟောဟိုကုန်းပေါ် သွားနေ။ ရေက အလုံးအရင်းနဲ့လာတော့မှာကွ"

ထက်မြက်သည် ထိုင်နေရာမှထ၍ စက်ဘီးတွန်းကာ ချောင်းကမ်းပါး အမြင့်ပေါ်တက်ခဲ့သည်။ ခွေးမကြီးသည်လည်း သဘာဝအန္တရာယ်၏ အငွေ့အသက်ကို ရိပ်စားမိဟန်တူသည်။ အူသံပေးလျက် ခွေးသားပေါက်လေး တစ်ကောင်ကို ကိုက်ချီကာ ထက်မြက်ရှိသော ကမ်းပါးအမြင့်တွင် လာချသည်။ ပြီးနောက် ချောင်းထဲ ပြန်ပြေးဆင်းသွားပြီး နောက်တစ်ကောင် ကိုက်ချီလာသည်။

ခွေးလေးနှစ်ကောင်အား ကိုက်ချီပို့နေဆဲမှာပင် တောင်ကျချောင်းရေသည် အရှိန်အဟုန်ပြင်းစွာဖြင့် တဝုန်းဝုန်းစီးဆင်းလာသည်။ တောင်ကျချောင်းရေသည် သဲသောင်ပြင်ပေါ် ဖုံးလွှမ်းထားပြီး သောင်ပြင်ပေါ်တွင် ကျန်ရစ်သော ခွေးပေါက်စနလေးနှစ်ကောင်ကို တိုက်ချသွားလေသည်။ ခွေးမကြီးမှာ တဝုန်းဝုန်းအော်မြည်စီးဆင်းလာသော ချောင်းရေသည် သူမကလေးနှစ်ကောင်ကို ခိုးယူသယ်ဆောင်သွားသဖြင့် ကြေကြေကွဲကွဲ အသံနက်ကြီးဖြင့် အော်သည်။ ကမ်းပေါ်တွင် ဘေးအန္တရာယ်ကင်းစွာရှိနေသော ခွေးပေါက်လေးနှစ်ကောင်ကို တစ်ချက်လှည့်ကြည့်ပြီး ချောင်းထဲသို့ ခုန်ဆင်းသွားသည်။ ဝါးလုံးထိုး စီးဆင်းနေသော တောင်ကျချောင်းရေက ခွေးနက်မကြီးကိုပါ သိမ်းကျုံး သယ်ဆောင်သွားပြီ။

ထက်မြက်သည် ခွေးပေါက်စနလေးနှစ်ကောင်နံဘေးတွင် ဒူးထောက်ထိုင်ချလိုက်သည်။ ထက်မြက်၏ ရင်ဘတ်တစ်ခုလုံး ဆို့နင့်နေသည်။

ချောင်းရေတွင်မျောပါသွားသော သူမ၏ကလေးများကို ဆယ်ယူနိုင်ရန် ကြိုးစားရင်း ခွေးမကြီးသည်လည်း ချောင်း၏ဝါးမျိုခြင်းကိုခံလိုက်ရပြီ။

ထက်မြက်ငိုချင်နေပြီ။ သဲသောင်ပေါ်မှ ခွေးပေါက်လေးနှစ်ကောင်ကို ပွေ့ချီရင်း ထက်မြက် တီးတိုးပြောမိသည်။

"မင်းတို့အမေရဲ့ မေတ္တာတရားကို အသိအမှတ်ပြုတဲ့အနေနဲ့ မင်းတို့ကို ငါ စောင့်ရှောက်ပါ့မယ်"

ထိုစဉ် ထက်မြက်၏နောက်ဘက်ဆီမှ ပထွေးနှင့် အမေ့အသံ ထွက်ပေါ်လာသည်။

"လူလေး ထက်မြက်"

"သား. . . သားလေး"

အမေ့မျက်နှာပေါ်တွင် စိုးရိမ်ပူပန်မှုသောကများဖြင့် ပြည့်နှက်နေသည်။ ပထွေး ဦးချစ်က သူ့ပခုံးကို လာဖက်သည်။

"လူလေး၊ အိမ်ပြန်ရအောင်နော်"

ပထွေးဦးချစ်၏ ရင်ခွင်တွင် မျက်နှာအပ်၍ ထက်မြက် ငိုချလိုက်မိသည်။

"အဘ - သူတို့အမေ သေသွားပြီဗျ။ ချောင်းရေထဲမှာ မျောပါသွားတယ်။ သူ့ကလေးတွေကို လိုက်ဆယ်ရင်း ရေထဲပါသွားတာဗျ ဟီး. . . ဟီး"

"မငိုပါနဲ့ လူလေးရာ၊ ခွေးမကြီးက မိခင်စိတ်အပြည့်နဲ့ သူ့ကလေးတွေကို အသက်စွန့်ပြီးကယ်ခဲ့တာပါ။ ဒီခွေးလေးတွေကို အဘတို့အိမ်ခေါ်သွားပြီး နွားနို့တိုက်မွေးကြတာပေါ့"

အမေက မျက်ရည်များဝဲရင်း ပြောသည်။

"ငါ့သားလေးကို အမေရိုက်လိုက်မိလို့ စိတ်ဆိုးပြီးဘယ်ထွက်သွားပြီလဲလို့ စိတ်ပူနေတာ။ မောင့်သက်ဦး ကျောက်တံခါးကပြန်အလာ ဒီကားလမ်းတံတားပေါ်ကအဖြတ် သားလေး ချောင်းထဲဆင်းသွားတာမြင်ပြီး အမေ့ကို လာပြောသွားလို့ အမေမှာ ရင်တွေပူလိုက်ရတာ။ ငါ့သားလေးများ ချောင်းထဲ ခုန်ချသေသလားလို့တွေးပြီး လန့်သွားတာ။ အမေရိုက်မိတာ စိတ်မဆိုးပါနဲ့ သားရယ်"

ထက်မြက် အမေ့ခြေရင်းတွင် ဒူးထောက်ရင်း ပြောသည်။

"သားကို ခွင့်လွှတ်ပါ အမေ"

"ခွင့်လွှတ်ပါတယ် သားရယ်၊ ငါ့သားမှာ ဘာအပြစ်မှမရှိပါဘူး"

"နောက်ကို အမေနဲ့အဘကို စိတ်ဆင်းရဲအောင် မလုပ်တော့ပါဘူး။ အမေပြောစကားကို နားထောင်ပါ့မယ်။ အဘကိုလည်း ကိုယ့်ရဲ့ အဖေအရင်းလို သဘောထားပါ့မယ်လို့ သားကတိပေးပါတယ်"

"သားရယ်"

အမေ့မျက်လုံးအိမ်မှ လျှံကျလာသော မျက်ရည်များ၊ အဘမျက်လုံးတွင် ရစ်ဝဲနေသော မျက်ရည်များက လိမ္မာရေးခြားရှိလာသော သူ့အတွက် ဝမ်းသာပီတိမျက်ရည်များသာ ဖြစ်ပေမည်။

*(၁၉-၇-၁၀ တောင်ကျရေတွင် မိမိကလေးများကိုဆယ်ရင်း အသက်စွန့်ခဲ့သော ခွေးနက်မကြီး၏ မိဘမေတ္တာကို အသိအမှတ်ပြု ရေးဖွဲ့ပါသည်။)*

သန္တာမြတ်သောင်း




www.burmeseclassic.com

www.burmeseclassic.com

# အမှောင့်ပယောဂ အဟန့်အတားကင်းစေသည့် ဘုရားငါးဆူအခင်း

**ဆန်းညွန့်(မမွာစရိယ)**



**ယင်းမာပင်မြို့နယ်**
**ပထမဆရာတော်ဘုရားကြီးပုံတော်**

သင်္ကန်းကို ဖိုသီဖတ်သီ ဝတ်ဆင်ထားသည့် ရဟန်းတော်တစ်ပါး ခေါင်းငိုက်စိုက် ငိုက်စိုက်ဖြင့် ကျောင်းဝင်းအတွင်းသို့ ဝင်လာနေသည်ကို ကျောင်းအပေါ်ထပ်မှ ရပ်ကြည့်နေသော ဆရာတော်ဦးပဏ္ဍိစ္စ လှမ်းမြင်တွေ့နေရသည်။ ရဟန်းတော်မှာ ခြေလှမ်းလှမ်းပုံက ယိုင်ထိုးယိုင်တိုင် ဖြစ်နေသည်သာမက မျက်နှာတို့ကလည်း တောင်ကြည့် မြောက်ကြည့်၊ လက်တို့ကလည်း တယမ်းယမ်းဖြင့် ကျောင်းဆီသို့ ရှေးရှုလာနေသည်။ အနီးအပါးသို့ရောက်လာမှ ကောယား ဆောင်းခါးရွာက အလုံမြို့ ကံအောင်ကျောင်းတိုက်သို့ စာလာတက်နေသော ဦးလက္ခဏာဖြစ်နေမှန်း သိလိုက်ရသည်။ ဆရာတော်ဦးပဏ္ဍိစ္စ အပေါ်ထပ်လသာဆောင်တွင်ရပ်နေသည်ကို သတိမထားမိသောကြောင့် တိုက်ကျောင်းအနီးရှိ သစ်ပင်အောက်တွင် ရေနွေးအိုးတစ်လုံးဖြင့် ထိုင်နေသော ကပ္ပိယကြီးအား မေးနေသည်ကို တွေ့နေရသည်။ ကပ္ပိယကြီးက ကျောင်းအပေါ်ထပ်သို့ လက်ညှိုးညွှန်ပြသည်နှင့် ကျောင်းအပေါ်ထပ်သို့ တက်လာတော့သည်။

ကျောင်းပေါ်သို့ ရောက်သည်နှင့်-

"ဆရာတော် ကျောင်းမှာရှိမှရှိပါ့မလားလို့ ဘုရား"

"ဦးလက္ခဏာနှယ်၊ တပည့်တော်ကျောင်းမှာမရှိလို့ ဘယ်သွားနေရမှာတုံး။ မောင်ပဥ္စင်းကော ဘာအကြောင်းရှိလို့တုံး"

"စာဝါပိတ်တဲ့နေ့ အရေးကြီးတာနဲ့ ဆရာတော်ဆီ ကြွလာတာပဲ ဘုရား။ တပည့်တော်ကတော့ မိဝေးဖဝေး တစ်နယ်တစ်ကျေးက စာလာသင်ရတာဆိုတော့ ဆရာတော်ဘုရားကို အမိအဘအရာထားပြီး ခလုတ်ထိမှ အမိတ ဆိုသလို ဒုက္ခရောက်မှ အရှင်ဘုရားဆီပြေးလာရတာပဲ ဘုရား"

"ကဲကဲ- ဦးလက္ခဏာ၊ ပြောစရာရှိတာ ဆွမ်းစားပြီးမှ ပြောတော့။ ဆွမ်းစားချိန်နီးနေပြီ။ ဆွမ်းမစားခင် ရေချိုးပါဦးလား"

"မှန်ပါ၊ ပူအိုက်နေတာနဲ့ အတော်ပါပဲ ဘုရား။ တပည့်တော် ဆွမ်းမစားခင် ရေချိုးလိုက်ပါဦးမယ်"

ပြောပြောဆိုဆိုနှင့်ပင် ရေလဲသင်းပိုင်တစ်ထည်ကို ထယူကာ ရေချိုးရန်ကျောင်းအောက်သို့ ခပ်သုတ်သုတ်ဆင်းသွားသည်။

- ဦးလက္ခဏာ အတော်လေး ရေ



**ယင်းမာပင်မြို့နယ် ရွှေစုရွာ ရာကျော်အောင်ကျောင်းတိုက်အတွင်း၊ စေတီတော်နှင့် အာရုံခံမွှာရုံ**



www.burmeseclassic.com

www.burmeseclassic.com

ကြိုက်ပုံရသည်။ သူ တစ်ပါးတည်း ရေချိုးလိုက်သည်မှာ လေး၊ ငါးယောက် ရေချိုးလောက်သည့် ရေပမာဏ ကုန်သွားသည်။

အထက်အညာတွင် ၁၃၄၅ ခုနှစ်ဝန်းကျင်က ရေကို လူတစ်ယောက်စာ ချိုးရန်အတွက် ခပ်ထည့်လျှင် ကလေးနှစ်ယောက်နှင့် နွားစာရေခပ်ပြီးပင် ဖြစ်သည်။ နွားစားခွက်ထဲတွင်ရပ်၍ လူကြီးက ရေချိုးရသည်။ ထိုလူကြီး၏ဘေးမှ ကပ်ရပ်ပြီး ကလေးနှစ်ဦးက အောက်ခံချိုးရသည်။ ချိုးသမျှရေသည် နွားစာခွက်ထဲကျ၍နေသည်ဖြစ်လေရာ နွားအတွက်လည်း ရေခပ်ပြီးသား ဖြစ်နေတော့သည်။ ထိုသို့ ရေရှားသောအရပ်တွင် ဦးလက္ခဏာ ရေချိုးပုံက အတော်လေး ခံပြင်းစရာ ဖြစ်နေသည်။ ဆရာတော် ဦးပဏ္ဍိစ္စကတော့ ဦးလက္ခဏာ ရေချိုးနေသည်ကို ခေါင်းတညိတ်ညိတ်ဖြစ်နေမိရသည်။

ရေချိုးပြီးသွားသည်နှင့် သင်္ကန်းပြန်လည် လဲလှယ်ကာ ဆွမ်းစားစားပွဲဝိုင်းဆီသို့ ဝင်ဖြစ်သည်။ ဆွမ်းစားဝိုင်းတွင် ထိုင်နေမိစဉ်မှာပင်-

"ညီစော်နံလိုက်တာ၊ ရွံ့စရာတွေ ပါပဲလား"

ဟု ပြောဆိုကာ ဆွမ်းစားဝိုင်းမှ ထထွက်သွားတော့သည်။

ဆွမ်းစားဝိုင်း သိမ်းဆည်းပြီးသည်တွင် ဆရာတော် ဦးပဏ္ဍိစ္စက-

"ကိုယ်တော်က ဘာလို့ ဒီလောက်ကောင်းတဲ့ဆွမ်းဟင်းတွေကို ညီစော်နံလိုက်တာ၊ ရွံ့စရာကောင်းတယ်လို့ပြောပြီး ထသွားရတာတုံး"

"မှန်ပါ့ဘုရား၊ ဆရာတော့်ကိုဘယ်လိုလျှောက်ရမှန်းမသိလို့ ဘုရား။ ဆရာတော် ဝိဇ္ဇာဆေးတွေ ဘာတွေ သိလားဘုရား"

"ဦးလက္ခဏာ ဘာတွေဖြစ်ခဲ့လို့လဲ၊ မေးတာ ဆန်းလှချေလား"

"မှန်လှပါ ဘုရား၊ တပည့်တော် ဆွမ်းခံသွားတော့ ဆွမ်းခံအိမ်ကလောင်းလိုက်တဲ့ဆွမ်းနဲ့ ဆွမ်းဟင်းက ပူပူနွေးနွေး အငွေ့တထောင်းထောင်းနဲ့ ဘုရား။ ကျောင်းလည်းရောက်ရော ဆွမ်းစားဖို့ပြင်တော့မယ်ဆိုပြီး သပိတ်ဖုံးကို ဖွင့်လိုက်တာ သပိတ်ထဲကနေ ဆတ်ခနဲ အိမ်မြှောင်တစ်ကောင် ခုန်ထွက်လာတယ်။ ကြမ်းပြင်ပေါ် လည်းရောက်ရော တဖြည်းဖြည်း ကြီးကြီးလာလိုက်တာ ကြောင်ပေါက်စအရွယ်လည်း ရောက်



ယင်းမာပင်မြို့နယ် ရှေ့စုကျောင်း



ရာကျော်အောင်ကျောင်းဆရာတော် ဦးပဏ္ဍိစ္စ
ကျောင်းဒကာမကြီးတစ်ဦးအား မေတ္တာရှေ့ထား၍ ဗောဇ္ဈင်သုတ်ရွတ်ပေးနေပုံ

လာရော လွှားခနဲဆို ပြတင်းပေါက်ကနေ ခုန်ထွက်သွားတယ်။ တပည့်တော် ပြတင်းပေါက်နဖူးပြေးသွားပြီး ကြည့်လိုက်တော့ ကြောင်ပေါက်စအရွယ် လောက်ပြောင်းသွားတဲ့ အိမ်မြှောင်ရဲ့ အစအနကိုတောင်မှ မတွေ့ရတော့ဘူး။ ဆရာတော်သိတဲ့အတိုင်း တပည့်တော်ရဲ့ကျောင်းက ကွင်းထီးထီးမှာလေ"

စကားလက်ဆုံကျမိသည်တွင် ထိုသို့ ဖြစ်ပျက်ခဲ့သည့်နေ့မှစ၍ ယခုတိုင် ဆွမ်းစားမည်ပြင်တိုင်း ဆွမ်းနှင့် ဆွမ်းဟင်းတို့ထံမှ ညီစို့စို့အနံ့များရရှိကာ အနံ့ခံလိုစိတ်၊ စားလိုစိတ် မရှိဘဲဖြစ်နေသဖြင့် ဦးလက္ခဏာသည် ဆရာတော် ဦးပဏ္ဍိစ္စထံသို့ အကူအညီ လာရောက်တောင်းခံသည့်အဖြစ်ကို ဆရာတော် ဦးပဏ္ဍိစ္စ သိခွင့်ရတော့သည်။

ထိုသို့ သိခွင့်ရသည်နှင့် ဆရာတော် ဦးပဏ္ဍိစ္စက သူ၏ဆရာရင်းဖြစ်သည့် ယင်းမာပင်မြို့နယ် ရွှေစုရွာ ရာကျော်အောင်ကျောင်းတိုက် ပထမဆရာတော်ဘုရားကြီး၏ ပယောဂ နိုင်ပုံနိုင်နည်းများကို အံ့ချီးမကုန်အောင် ရှင်းပြတော့သည်။ ရာကျော်အောင်ကျောင်းတိုက် ပထမဆရာတော်ဘုရားကြီး ဦးပညာသည် ပယောဂကိုနိုင်နင်းမှုရှိသည့် ပုဂ္ဂိုလ်မြတ်တစ်ပါးပင် ဖြစ်သည်။ ဆရာတော် ဦးပညာသည် ရေတွင်း, ရေကန် တူးဖော်ခြင်း၊ ဘုရားတည်, ကျောင်းဆောက်ခြင်း စသည့် ဘာသာသာသနာအတွက် အကျိုးများဖွယ်ရာကိစ္စများ ဆောင်ရွက်နေသူပင် ဖြစ်သည်။ ဆရာတော် ပယောဂနိုင်နင်းပုံကလည်း နေ တောရွာ၊ စည်လောင်ချောင်းရွာတစ်ဝိုက်တွင် အထင်ကရအောင်မြင်ကျော်ကြားလျက်ရှိနေခဲ့သည်။

မှတ်မှတ်ရရ နဖူးတောရွာ မောင်အောင်ပေါ်၏ ဖြစ်စဉ်က နေ



www.burmeseclassic.com

တောရွာတွင်သာမက ပတ်ဝန်းကျင်ရွာတို့ကိုပါ ဂယက်ထစေခဲ့သည်။ မောင်အောင်ပေါသည် အချိုအချောင်ရလိုမှုတွင် စိတ်အားထက်သန်သူတစ်ယောက်ပင် ဖြစ်သည်။ တစ်နေ့တွင် ယာမြေတစ်ကွက်ကို ဈေးအချိုအချောင်ရသဖြင့် ဝယ်ထားလိုက်မိသည်။ ထိုယာမြေမှာ မည်သူမျှ အလုပ်မလုပ်ဝံ့ရဲကြသည့် မြေကြမ်း ယာမြေ၊ အမှောင့်ပယောဂများ လွှမ်းမိုးထားရာ နေရာတစ်နေရာပင် ဖြစ်လေရာ ထိုယာမြေကို ဝယ်ယူပြီး၍ မကြာမီမှာပင် အောင်ပေါတစ်ယောက် စိတ်ဖောက်ပြန်တော့သည်။ ထိုစဉ်က ၁၃၄၅ ခုနှစ်ကာလဝန်းကျင်ဖြစ်လေရာ သူကြီးအုပ်ချုပ်သောကာလပင် ဖြစ်ပါသည်။ မြေကြမ်းကို အချိုအချောင်ဝယ်ယူမိခဲ့သည့် မောင်အောင်ပေါသည် အချစ်ဆုံးဖြစ်သည့် ဇနီးမယားနှင့် သားသမီးများကိုပင် အမုန်းဆုံး ဖြစ်လာသည်၊ အကြောက်ရဆုံးဖြစ်သည့် သူကြီးဦးထွန်းကြည်ကိုပင် ပမာမခန့်ပြုမူပြောဆိုရဲလာတော့သည်။ မောင်အောင်ပေါတာ အချိန်ရှိသရွေ့ ဓားသွေးနေပြီး ပတ်ဝန်းကျင်ကို ရန်ပြုလိုစိတ်ကသာ ရှေ့ဆောင်နေတော့ သားသမီးနှင့်ဇနီးတို့က သူကြီးဦးထွန်းကြည်အား သွားတိုင်ကြသည်။

သူကြီးဦးထွန်းကြည် ရောက်လာပြီး-

"မောင်အောင်ပေါ၊ ဘာဖြစ်လို့ ဓားသွေးနေရတာလဲ"

ဟု မေးလိုက်သည်တွင် မောင်အောင်ပေါက-

"ဓားစာဖြစ်ချင်ပြီနဲ့တူတယ်"

ဟု ခပ်ဆတ်ဆတ်ပြန်ပြောဖြစ်ရာ အာဠာဝကဝင်နေသည့်အလား ကြမ်းတမ်း ခက်ထန်နေသည့် မောင်အောင်ပေါအပါးမှ ဝေးရာသို့ ရှောင်ရှားခဲ့ရတော့သည်။ ဇနီး၊ သားသမီးတို့သည် အိမ်မှာပင် မနေရဲကြတော့သည့်အတွက် ရွှေစုရွာ ရာကျော်အောင်ကျောင်းတိုက် ပထမဆရာတော်ဘုရားကြီး ဦးပညာအား သွားရောက် ပင့်ဆောင်ကြတော့သည်။

ဆရာတော်ဦးပညာရှေ့သို့ရောက်သည်နှင့် မောင်အောင်ပေါ ငြိမ်ချက်သားကောင်းနေတော့သည်။ စပါးကြီးမြွေ အညို့ခံလိုက်ရသည့် သားကောင်ပမာ မှင်တက်သွားကာ ငြိမ်နေခြင်းပင် ဖြစ်သည်။ ဆရာတော်နှင့် နှစ်ကြိမ်၊ သုံးကြိမ်မျှ တွေ့ဆုံမိပြီးသည်နှင့် မောင်အောင်ပေါ လူကောင်းပကတိ ပြန်ဖြစ်သွားခဲ့ရသည်။ ထိုဖြစ်ရပ်တွင် ဆရာတော်ဦးပညာသည် အင်းတစ်မျိုးတည်းအား အမည်သုံးမျိုးတွင်သည့်အင်းဖြင့် ကုသခဲ့သည်။ ထိုအင်းမှာ ပယောဂနှင့် ပတ်သက်၍ လွန်စွာ နိုင်နင်းလှသည့် အင်းပင် ဖြစ်သည်။ များသောအားဖြင့် ဘုရားငါးဆူအင်း၊ ကပျက်ယပျက်အင်းဟု သိထားကြသူ များပါသည်။ အင်းကွက်အတွင်းတွင် သံဂုံပမယနှင့် နမောဗုဒ္ဓါယမှ 'ယ' နှစ်လုံးသည် 'က' သဏ္ဌာန်၊ 'ယ' သဏ္ဌာန် ဖြစ်နေသဖြင့် ကပျက်ယပျက်အင်း၊ နမောဗုဒ္ဓါယကို တစ်လုံးချင်းဆုတ်သွားသောကြောင့် 'ဆုတ်အင်း' ဟုလည်း ခေါ်ကြသည်။ ထိုအင်းကို အိမ်၏ဥရူတိုင်တွင် ကပ်ပေးထားလိုက်ရုံမျှဖြင့် မောင်အောင်ပေါ လူကောင်းပကတိ ပြန်ဖြစ်သွားခဲ့ရခြင်းပင် ဖြစ်သည်။

ဦးပဏ္ဍိစ္စက ဖြစ်ပျက်ခဲ့ဖူးသည့် ကိုယ်တွေ့အကြောင်းအရာများကို ရှင်းလင်းပြောပြသည်။ 'အကြံကောင်းလျှင် တစ်ချက်၊ ဆေးကောင်းလျှင် တစ်ခွက်၊ အင်းကောင်းလျှင် တစ်စက်' ဟု ဆိုရိုးစကားရှိခဲ့သည်။ အင်းဆရာတို့၏လက်သုံးစကားမှာ 'ဂါထာတစ်သောင်း အင်းတဖောင်း' ဟူ၍ပင်။

| | | | | |
|---|---|---|---|---|
| သံ | ဂုံ | ပ | မံ | ယ္တ |
| ဂုံ | ပ | မ | ယ္တ | ဒ္ဓါ |
| ပ | မ | ယ္တ | ဒ္ဓါ | ဗု |
| မ | ယ္တ | ဒ္ဓါ | ဗု | မော |
| ယ္တ | ဒ္ဓါ | ဗု | မော | န |

* ကပျက်ယပျက်အင်း
* ဘုရားငါးဆူအင်း
* ဆုတ်အင်း

ဦးပဏ္ဍိစ္စက-

"မောင်လက္ခဏာက ကျောင်းထိုင်ဘုန်းကြီး မဟုတ်တော့ အင်းကို ကျောင်းရဲ့ဥရူတိုင်မှာ ကပ်လို့မဖြစ်ဘူး။ အင်းကိုပြာချ၊ အင်းပြာကို ဇောဖျှင်သုတ် ဦးခံပြီး (၃၇) အုပ် မန်းပေးလိုက်မယ်။ အဲဒီပြာကို ရေနဲ့ဖျော်ပြီး ယုံကြည်စွာနဲ့ သောက်တော့"

ဟု ပြောကာ ဘုရားကျောင်းဆောင်ရှေ့မှာပင် အင်းကွက်ချတော့သည်။ ထို့နောက် အင်းကို ပြာချကာ သောက်တော်ရေထဲ အင်းပြာထည့်ပြီး ဇောဖျှင်သုတ်ကို ဦးခံ၍ (၃၇) အုပ်မန်းတော့သည်။ ပြီးသည်နှင့် ဦးလက္ခဏာအား တိုက်လေရာ ကျောင်းဝင်းထဲဝင်လာခဲ့စဉ်ကသို့မဟုတ်ဘဲ ပြုံးရွှင်စွာဖြင့် သူသီတင်းသုံးလျက်ရှိနေသည့် ကျောင်းသို့ ပြန်သွားတော့သည်။ ထိုသို့ဖြင့် ဦးလက္ခဏာသည် စာချ၊ စာသင်ဖြစ်သော ရဟန်းတော်တို့၏အလုပ်ကို စွမ်းစွမ်းတမံဖြင့် သာသနာတော်၏အကျိုးကိုဆောင်ရွက်နိုင်ခဲ့တော့သည်။ ၁၃၇၄ ခုနှစ်တွင် ပထမရာကျော်အောင်ဆရာတော်ဘုရားကြီး ပျံလွန်တော်မူ၍ ကံအိုရွာမှ ယင်းမာပင်မြို့နယ် ရွှေစုရွာ ရာကျော်အောင်ကျောင်းတိုက်သို့ ပြောင်းကာ ဆရာတော် ဦးပဏ္ဍိစ္စသည် တိုင်းဝန်ဆောင်ဆရာတော်အဖြစ် သာသနာပြုလျက်ရှိနေပါသည်။

ဆန်းညွှန့်(မြောစရိယ)

*(ဖြစ်ရပ်ဆန်းအား ဆရာတော်ဘုရားကြီး၏ ပြောပြ ခွင့်ပြုချက်အရ ရေးသားပါသည်။)*



ဇရတ်ထင်းခုတ်သော တစ္ဆေခြောက်သည့် မန်ကျည်းပင်နှင့် ငါးဖမ်းသောကမ်း

www.burmeseclassic.com

ညနေပိုင်း အလုပ်သိမ်းချိန်လေးမှာတော့ ပါပုအရက်ဆိုင် ဆိုတာ အညတရများရဲ့ ရိပ်သာပါပဲ။ ကိုထွေးရောက်ချိန်မှ ဝိုင်းက စည်နေပါပြီ။ အများက ငမူးလို့ခေါ်ကြတဲ့ ကိုမြင့်ဦးကြီးကတော့ သူ့ထုံးစံအတိုင်း ပါးစပ်ရာဇဝင်တွေ ဟောနေပါပြီ။

"လူတွေက ငါ့ကို ငမူးတဲ့၊ ဟုတ်တယ်။ ဒီငမူးဘွဲ့ကိုရဖို့ ငါ ဘယ်လောက်ဖြတ်သန်းခဲ့ရသလဲ။ သူတို့မှ မသိတာ။ စသောက်ကာစဏ ငါ့ကို အရက်သမားလေးတဲ့။ ညနေတိုင်း ပုံမှန်ဟိုထိုး ဒီထိုး ဖြစ်လာတော့ အရက်သမားကြီးတဲ့။ အခုလို မနက် (၅) နာရီလောက် အရက်ဆိုင်ကို နောက်ဖေးပေါက်က ခိုးဝင်တဲ့အခါကျမှ ဒီကောင် ငမူးပါကွာတဲ့။ ဒီဘွဲ့ကိုရဖို့ ငါ့မှာ ငွေတွေ အသည်းတွေစွန့်ခဲ့ရတယ်။ မိန်းမနဲ့ကလေးတွေရဲ့ လေးစားမှုတွေကိုလည်း စွန့်ခဲ့ရတယ်။ ဒီဘွဲ့ရဖို့က လွယ်တော့မလွယ်ဘူးကွ။ တချို့ ငမူးဘွဲ့ ရခါနီးမှ ပွစိစိဖြစ်ပြီး သေကုန်တာတွေလည်း အများကြီးပဲ။ အဆိုးဆုံးကတော့ ဆွေမျိုးဆိုတဲ့ လူတွေပဲ"

ကိုမြင့်ဦးက စကားကိုရပ်ပြီး ကြယ်နီဆေးလိပ်ကို မီးညှိနေပါတယ်။ အလှည့်ကျလာတဲ့ ခွက်ကို ဆတ်ခနဲ ကောက်မော့လိုက်စဉ်မှာပဲ ကိုထွေးက-

"ကိုမြင့်ဦး- လုပ်စမ်းပါဦး၊ ဆွေမျိုးတွေက ဘာဖြစ်လို့လဲ"

"အေ့- ဆွေမျိုးအကြောင်းတွေးရင် ရေချိုးတာတောင် မအေးချင်ဘူး။ ကိုယ့်ထမင်းကိုယ်စားပြီး ကိုယ့်ဘဝနဲ့ ကိုယ်နေတာတောင်မှ အလကားနေရင်း အမြင်မကြည်ကြဘူး။ ကူညီဖို့ဝေးလို့ ဆေးဖော်ကြောဖက်တောင် မလုပ်ချင်ကြဘူးကွ။ ဒီဆွေမျိုးတွေအကြောင်း မပြောတာဘဲ ကောင်းပါတယ် ငထွေးရယ်"

ကိုမြင့်ဦးရဲ့ ငမူးဋီကာကို ကြားခဲ့ရပေမယ့် ကိုထွေး အားမကျပါဘူး။ သူက ကြိုက်တတ်လို့ အရက်ကိုသောက်ပေမယ့် မိသားစုကိုတော့ အလေးထားပါတယ်။ ကိုထွေးမှာ မွေးထားလိုက်တဲ့ ကလေးတွေကလည်း အားလုံး (၈) ယောက်။ တစ်ယောက်မှ အပျက်စီး မရှိခဲ့ဘူး။ သူ့မိန်းမက မအေးသာက ကလေးမွေး၊ ထမင်းချက် သက်သက်ပါပဲ။ ကိုထွေးရဲ့ လက်သမားလုပ်စာလေး တစ်ခုတည်းနဲ့ စားမလောက်တာတော့အမှန်ပါ။ လူတွေက အညတရပေမယ့်နေတာက မြို့မရပ်ကွက်မှာ ဖြစ်ပါတယ်။ အစ်ကိုကြီးနဲ့ အစ်မအပျိုကြီးတို့ရဲ့ခြံဝင်းထဲမှာ သူများဆောက်ထားပေးတဲ့အိမ်နဲ့နေခွင့်ရပါတယ်။ သူ့ကလေးတွေကိုလည်း အစ်ကိုကြီးတို့က ကျောင်းထားပေးထားတာမို့ ကိုမြင့်ဦးပြောတဲ့ ဆွေမျိုးဋီကာကို သူသိပ်ပြီး စိတ်မဝင်စားခဲ့တာပါ။ အစ်ကိုကြီးထွန်းက သူ့မိန်းမ ဆုံးသွားပြီကတည်းက နောက်အိမ်ထောင်မပြုတော့ပါဘူး။ ကျန်ခဲ့တဲ့တစ်ဦးတည်းသောသားလေးကလည်း တပ်ထဲမှာ အရာရှိဖြစ်နေပါပြီ။ သူ့အိမ်ထောင်နဲ့သူ အဆင်ပြေနေပါတယ်။ ဒါကြောင့်လည်း ကိုထွေး အေးအေးဆေးဆေး ဖြစ်နေတာပေါ့။

ဆိုးတာက မအေးသာ စည်းကမ်းမရှိတာဘဲ။ မီးဖိုချောင်မနိုင်တဲ့အပြင်

သူ၍နှိုး(ဓမ္မဒူတ)

**တန်ဖိုးတစ်ခု၏အနှစ်သာရ**





www.burmeseclassic.com

www.burmeseclassic.com


ဖြစ်သလိုနေတတ်သူဆိုတော့ တစ်အိမ်လုံးရှုပ်ပွနေပါတယ်။ ကိုထွေးကလည်း ပြန်လာတိုင်း မူးမူးနဲ့ ထိုးအိပ်တာကများနေတော့ ပြုပြင်ပေးမည့်သူမရှိ ဖြစ်နေရတာပေါ့။

အစ်ကိုကြီး ဦးထွန်း ဆိုတာ တောင်စွန်းမြို့မှ အိုးပြည့်ခွက်ပြည့် ဂုဏ်သိက္ခာနဲ့ နေသူတစ်ယောက်ပါ။ ကိုထွေးဇနီးမအေးသာကတော့ မြို့မနဲ့မတန် အောင်ညစ်ပတ်ပါတယ်။ ဒါပေမယ့် သူတာ အပြင်ထွက်ရင်တော့ မင်းသမီးရှုံးပါတယ်။ အလှူအတန်းသွားစရာရှိတိုင်း အပျိုကြီးဆီက ရွှေထည်တွေငှားပြီး ဝတ်တတ်ပါတယ်။ ခက်နေတာက ကိစ္စပြီးပြီးချင်း ရွှေကို ပြန်မပို့တာပါ။ သူများတာကြီးငှားထားပြီးတော့ ဈေးသွားလည်းဝတ်၊ ရေခပ်လည်းဝတ်၊ ချွတ်ကိုမချွတ်တော့တာ။ အပျိုကြီး လာပြန်တောင်းယူရတဲ့အဆင့်ထိ အရှက်လည်းနည်း၊ ပညာလည်းမဲ့ပါတယ်။

ဒီလို ခဏခဏဖြစ်နေတော့ အပျိုကြီးဗျာများနေတာပေါ့။ မပေးလို့ကလည်း မကောင်း၊ ပေးတော့လည်း သူက မချွတ်ပြန်ဘူး။ မောင်မျက်နှာကလည်းရှိသေးတယ် မဟုတ်လား။ ဒါနဲ့ မဖြစ်ပါဘူးဆိုပြီး တန်ဖိုးနည်း အသင့်အတင့် ရွှေထည်တစ်ခုကို အပြီးအပိုင်ဝယ်ထားပေးလိုက်ပါတော့မယ်။ ဒါလည်း လပိုင်းလောက်ပဲ ခံပါတယ်။ အကြောင်းပေါ်လို့ ရောင်းစားလိုက်ပြီတဲ့။ ကလေးတွေ ကျောင်းအပ်လည်း အပျိုကြီး၊ အဝတ်အစားဆိုလည်းအပျိုကြီး။ ဒါတောင် ရောင်းစားတယ် ဆိုတော့ အပျိုကြီး ဒေါသထွက်တာပေါ့။ မောင်လုပ်သူကလည်း တော်ကြာ လွှဝယ်ဖို့၊ တော်ကြာဂိုက်ဝယ်ဖို့ ထုတ်ပေးရတာလည်း ခဏခဏ။

ကြာတော့လည်း အပျိုကြီး စိတ်ကုန်လာပါပြီ။ 'နိုင်သလောက် ထောက်ပံ့ပေးပါကွာ' ဆိုတဲ့ ကိုကြီးထွန်းရဲ့အမိန့်က ရှိနေပြန်တော့ သည်းခံနေရတာပေါ့။

အလိုက်ကမ်းဆိုးမသိတဲ့ မအေးသာတစ်ယောက် ကိစ္စတစ်ခုပေါ်လို့ ဆိုပြီး အပျိုကြီးဆီမှာ ရွှေထည်သွားငှားပြန်တယ်။ ဒီတစ်ခါတော့ အပျိုကြီး အားမနာနိုင်တော့ပါဘူး။ အကြောင်းတစ်ခုပြပြီး ငြင်းလိုက်တာပေါ့။ ဒါကို သူ့လင်ပြန်လာတော့ မျက်ရည်လည်ဆွဲနဲ့ ငိုပြီး ချောက်တွန်းပါတယ်။ မိန်းမမျက်ရည်တစ်စက်ဟာ ကိုထွေးကို အသက်ရှူ







www.burmeseclassic.com

ခက်စေပါတယ်။ မူးမူးနဲ့ မိန်းမပြောသမျှယုံပြီး အစ်မဖြစ်သူကို ရန်တွေ့တော့တာပေါ့။

'ဟော့-ဒီမှာ၊ မရှိခိုးနိုး မလှစုန်းမျိုးတဲ့။ မရှိလို့ ငှားတာပဲကွ၊ ရှိရင် ဘယ်သူမငှားဘူး။ မိုးကောင်းတုန်းရွာထားနှင့်ဦးပေါ့ကွာ။ စနေထောင့်က မိုးကြီးညို့လာတဲ့တစ်နေ့ တွေ့မယ်ဟေ့'

ဒီလောက်ကျွေးထားပေးထားပါလျက် ဒီလိုပြောရကောင်းလားဆိုပြီး အပျိုကြီးလည်း ဒေါသထွက်ထွက်နဲ့ အိမ်ပေါ်ကဆင်းတော့တာပေါ့။ မောင်နှမတွေ အကြီးအကျယ်စကားများခဲ့ကြတယ်။ အစ်ကိုကြီးထွန်း လှမ်းအော်တော့မှပဲ ငြိမ်သွားကြတယ်။ ဖြစ်ချင်တော့ အဲဒီညက ကိုကြီးထွန်းရဲ့သား အရာရှိကလမ်းကြုံလို့ ဝင်လာရင်းနဲ့ တွေ့သွားခဲ့တာပဲ။ ညဉ့်နက်ပိုင်းမှာ အစ်ကိုကြီးနဲ့အတူ (၃) ဦးသား ကိုထွေးကိစ္စကို ခေါင်းချင်းဆိုင်ကြတာပေါ့။ နောက်ဆုံးမှာ အကြောင်းပြချက်တစ်ခုနဲ့ အဖြေတစ်ခုထွက်လာပါတယ်။

သူတို့မိသားစုကို ဒီအတိုင်းထားရင် သူများအားကိုးတဲ့စိတ်ပဲ ဖြစ်နေလိမ့်မယ်။ ဘဝကို နင်လား၊ ငါလား ရုန်းကန်တတ်အောင်လို့ သူတို့ကို ဒီခြံထဲမှာဆက်လက်နေခွင့်မပေးတာ အကောင်းဆုံးပဲ။ ဝေးသွားမှ အစ်ကိုတွေ၊ အစ်မတွေရဲ့ တန်ဖိုးကို ပိုပြီး သိလာကြလိမ့်မယ်ဆိုပြီး ဆုံးဖြတ်ခဲ့ကြတယ်။ ဒီအဖြေကို အစ်ကိုကြီးထွန်းက သိပ်ပြီး နှစ်သက်ပုံမရပါဘူး။ နှစ်မဲတစ်မဲမို့ အသာလေးငြိမ်နေခဲ့တာပါ။ ဝေးသွားလည်း လိုက်ပြီးထောက်ပံ့လို့ရတာပဲလို့ သူတွေးနေပါတယ်။ ဒီအဖြေကို ကိုထွေးကြားတဲ့နေ့မှာ 'ရတယ် ကိစ္စမရှိဘူး၊ မနေနဲ့ဆိုတော့လည်း ထွက်ရတာပေါ့။ တစ်ခုရှိတာက ခြံဝယ်ဖို့၊ အိမ်ဆောက်ဖို့ ငွေတော့ ပေးလိုက်မှရမယ်။ ဒါမှ မဟုတ်ရင် ကိုယ်တိုင်စီစဉ်ပေးကြပေါ့' တဲ့။

ဒါနဲ့ပဲ ကေသဝတီရပ်ကွက်မှာ သင့်တော်တဲ့ ခြံတစ်ခြံဝယ်ပြီး အိမ်ဆောက်ပေးခဲ့တယ်။ အဲဒီကစလို့ ကိုထွေးတို့မိသားစုနဲ့ သူတို့တွေ အလှမ်းဝေးသွားကြပါတယ်။ ကလေးတွေမရှိတော့တာမို့ ခြံကြီးက ခြောက်ကပ်နေသလိုပဲ။ ဖယောင်းတိုင်အစ ငရုတ်သီးအကျက်မှုန့်အထိ ဝယ်ဖို့ရာ တောက်တိုမယ်ရ ခိုင်းစရာမရှိတော့ အပျိုကြီးကိုယ်တိုင် သွားနေရပါပြီ။ အိမ်ပေါ်က ဖွန်ပြုတ်ကျသွားတာကအစ ကိုယ့်ဟာကိုယ် ဆင်းကောက်နေရတာမို့ အပျိုကြီးမောလာပါတယ်။ အသက်ကလည်း ရလာပြီမဟုတ်လား။ ဒီလိုအချိန်မျိုးမှာ သူတို့အိမ်ကို လင်မယားစုံတွဲတစ်တွဲ ရောက်လာပါတယ်။ သူတို့ပြောတာတော့ မော်လမြိုင်ဘက်ကတဲ့။ အငြိမ့်တွေ၊ ဇာတ်တွေကတယ်လို့ပြောတာပဲ။ သူတို့ ဒီမြို့မှာ အခြေချဖို့ လာခဲ့တာပါ။ လွတ်နေတဲ့အိမ်ကို သူတို့အတွက် ငှားပေးပါလို့ ပြောလာပါတယ်။ ကြည့်ရတာ အင်မတန်ရည်မွန်အေးချမ်းတဲ့လင်မယားပါပဲ။ ပြီးတော့ နှစ်ဦးတည်း။ ရှုပ်ရှုပ်ယှက်ယှက်တွေလည်း မပါဘူးဆိုတော့ အလကားကြီးဖြစ်နေမယ့်အတူတူဆိုပြီး (၆) လစာချုပ်နဲ့ ငှားဖြစ်သွားပါတယ်။

ဒီလင်မယားက အငြိမ့်ပွဲ၊ ဇာတ်ပွဲကိစ္စတွေနဲ့ ခရီးထွက်တာများတယ်။ ဘယ်ကိုသွားကြမှန်းတော့ မသိပါဘူး။ တစ်ခါတလေလည်း အိမ်မှာ တစ်လနီးပါး ကပ်နေကြပြန်တယ်။ လိမ္မာရေးခြားရှိပုံကတော့ စံပြုလောက်ပါတယ်။ ခရီးတစ်ခုက ပြန်လာတိုင်း လက်ဆောင်တွေအမြဲပါတတ်တယ်။ ညတိုင်းလိုလို ဒီဘက်အိမ်ကူးလာပြီး စကားစမြည်ပြောရင်းနဲ့ လူကြီးတွေကို ခြေဆုပ်လက်နယ်ပြုပေးလေ့ရှိတယ်။ အိမ်သုံးရေ၊ အိမ်သာရေဖြည့်ပြီး ခြံဝင်းတစ်ခုလုံးလည်း တံမြက်စည်းလှည်းထားတာများ ပြောင်လို့။ ဘာလေးပဲချက်ချက် ဟင်းကောင်းကျွေးကောင်းဆိုရင် ဦးဦးဖျားဖျားလာပို့ပြီးသားပဲ။ လပြည့်လကွယ်၊ ဥပုသ်စောင့်ဖို့ဆိုပြီး သီလပွဲအတွက် မုန့်တွေ၊ ဘုရားပန်းတွေဈေးက အပြန်ဝယ်လာတတ်တယ်။

ကိုထွေးတို့ လင်မယားနဲ့ကတော့ ဆီနဲ့ရေလိုကွာပါတယ်။ နေလာတဲ့တစ်လျှောက်လုံး ဝါဝင်ဝါထွက်တောင် လာကန်တော့ဖူးတာ မဟုတ်ဘူး။ အေးသာတို့ ညစ်ပတ်ပုံများ ရေသုံးကပြင်ပေါ်ကစဉ့်အိုးထဲမှာ တီကောင်တောင် ရှိတယ်။ အဲဒီကတည်းက အေးသာချက်တဲ့ဟင်းဆိုရင် အပျိုကြီး လှည့်မကြည့်ဖြစ်တာပါ။ သူစိမ်းဖြစ်တဲ့ အိမ်ငှားတွေကမှ သူတို့ထက် အပုံကြီးသာသေးတယ်။ ခရီးထွက်တိုင်းလည်း လူကြီးသူမတွေကို ရှိခိုးနှုတ်ဆက်ပြီးမှ သွားတတ်ကြတာ။ အခုဆိုရင် သူတို့စုံတွဲက အပျိုကြီးတို့အိမ်ပေါ်မှာ သူတို့ခြေသူတို့လက်ပါပဲ။ ဝိုင်းလုပ်ဝိုင်းစား မိသားစုတွေလို ဖြစ်လာခဲ့တယ်။ အပျိုကြီးဆိုရင် ကိုကြီးထွန်းကို ဖွင့်ပြောတဲ့အထိ ဖြစ်လာခဲ့ပါတယ်။

"အစ်ကိုကြီးရေ၊ သူတို့လင်မယားက အတော် လိမ္မာရေးခြားရှိတာပဲ။ ကျွန်မတို့နဲ့ ပဋ္ဌာန်းဆက်ရှိတဲ့ဘဝဟောင်းက သားသမီးတွေများလားလို့တောင် ထင်ရတယ်။ ကျွန်မစိတ်ထဲမှာ သူတို့ကို သားသမီးတွေလိုပဲ ထင်နေမိတယ်"

"အေး- ငထွေးတို့ ပြောင်းသွားကာစက အတော်အနေရခက်တာပဲ။ တူတွေ၊ တူမတွေကို လွမ်းနေတာနဲ့ သူတို့လင်မယားရောက်လာတာနဲ့ဆိုတော့ လိုနေတာလေး ပြည့်သွားသလိုပေါ့ကွယ်"

တစ်ဦးမေတ္တာတစ်ဦးမှာ ဆိုသလို အရင်တုန်းကတော့ အများဆုံး (၆) လပဲ နေခွင့်ပြုခဲ့တာ။ ခုတော့လည်း နေချင်သလောက် နေဆိုတာ ဖြစ်သွားခဲ့ပါပြီ။ ကိုထွေးတို့ မိသားစုကတော့ ပုံစံ လုံးဝပြောင်းသွားကြပါပြီ။ နဂိုအတိုင်းနေကြရင် ငတ်ကုန်တာကြာပြီပေါ့။ အခုဆိုရင် ကိုထွေးတစ်ယောက် အရက်ဖြတ်ပြီး မိသားစု ညီညီညွတ်ညွတ် စည်းကမ်းရှိရှိ နေဖို့ ပုံစံသွင်းထားပါတယ်။ မအေးသာကလည်း အားကျမခံ ချွေတာစုဆောင်းနေသလို သားတွေကလည်း တစ်ဖက်တစ်လမ်းက အားကိုးနေရပါပြီ။ သူတို့အိမ်ဘက်ကိုအပျိုကြီးတစ်ယောက် မရောက်ဖြစ်ပေမယ့် အစ်ကိုကြီးထွန်းကတော့ ရောက်ပါတယ်။ လိုအပ်တာလေးတွေ ဝိုင်းဖြည့်ဆည်းပေးရင်းနဲ့ပေါ့။

အခုဆိုရင် ရွာဦးကျောက်ဝိုင်းကျောင်းမှာ ကိုကြီးထွန်းဆောက်လှူထားတဲ့ကျောင်းဆောင်ကြီးလည်း အပြီးသတ်နေပါပြီ။ ကိုကြီးထွန်း အသက် (၆၀) ပြည့်တဲ့ ရှေ့လဆန်း (၈) ရက်နေ့မှာ ရေစက်ချပွဲလုပ်ဖို့ စီစဉ်နေပါတယ်။ ကိုကြီးထွန်းက ကျောင်းအလှူကို အလွန်ဝါသနာပါတယ်။ သူ့အသက် (၅၀) ပြည့်တုန်းကလည်း သီဟိုဠ်ကျောင်းမှာ ဆွမ်းစားကျောင်းတစ်လုံး လှူခဲ့ပြီးပါပြီ။ ဒီလိုနဲ့ ညတစ်ညမှာ အိမ်ငှားစုံတွဲ ခရီးတစ်ခုထွက်ဖို့ လာရောက်ကန်တော့ကြပါတယ်။

"သားတို့၊ သမီးတို့ ဒီတစ်ခေါက်ခရီးထွက်တာ ဘယ်လောက်ကြာမှာလဲကွယ့်"

"အများဆုံး (၁၅) ရက်ပါပဲ ခင်ဗျာ"

"အေး- (၁၅) ရက်ထက်တော့ ပိုမကြာစေနဲ့။ ရှေ့လာမယ့် လဆန်း (၈) ရက်နေ့မှာ အဘတို့ဆောက်လှူထားတဲ့ကျောင်းဆောင် ရေစက်ချအလှူပွဲ ရှိတယ်။ တပ်ထဲက အဘသားကိုလည်း ခွင့်ယူထားဖို့ ပြောပြီးပြီ။ အဲဒီနေ့မှာ

...သားစုတွေ စုံစုံလင်လင်ရှိစေချင်တယ်
...။

"ဒီအတွက်တော့ စိတ်ချပါ။ ဘာ
...ရှုတွေပဲရှိရှိ ရောက်အောင်ပြန်ခဲ့ပါ့
...

"အေး- သာခုကွယ်၊ သာခု။ သွား
...ရာ ဘေးရန်ကင်းကြပါစေ"

မကြာခင်မှာဘဲ ကျောင်းရေစက်
...ကြီး ကျင်းပခဲ့ပါတယ်။ တိုင်းပြည်
...နေ်တွေ အရေးကြီးနေတဲ့ သားတော်
...င်က ခွင့်မရခဲ့ပါဘူး။ အိမ်ငှားစုံတွဲ
...တော့ အချိန်ကိုက်ရောက်လာပါ
...။ ဖိတ်ကြားထားတဲ့ဧည့်သည်တွေ
...အညီတက်ရောက်ကြတာမို့ အလှူ
...က အတော်စည်ကားပါတယ်။ ပင့်
...ကျောင်းသံဃာတွေအတွက် လှူဖွယ်
...တွေကို အိမ်ငှားစုံတွဲက စီစဉ်နေသ
... ညီတော် မောင်ထွေးနဲ့ သားများက
...ည်း ကျွေးမွေးတဲ့ဆီမှာ လက်မလည်
...ဘူး။ ဒီလိုနဲ့ ရေစက်ချအနုမောဒနာ
...ရားဟောတဲ့ အချိန်ရောက်ပါပြီ။
...ဒေးပွဲပြီးလို့ ရေစက်ချမယ့်အချိန်မှာ
...ကြီးက-

"ကိုကြီးထွန်း သားနဲ့သမီးရော၊
...ပါဦး။ သူတို့ကို ရေစက်ခွက်ကိုင်
...လို့။ ဒါမှ ဘဝဆက်တိုင်း သားရင်း
...ရင်းတွေအဖြစ် ရေစက်ပြန်ဆုံမှာ
..."

"သမီးလေးက ဗိုက်ထဲထိုးအောင့်
...တဲ့ မခံနိုင်တာနဲ့ သူ့ယောကျ်ား အိမ်
...ခေါ်သွားတယ်။ စောစောကပဲ ငါ့
...မှာ ခွင့်တောင်းသွားတယ်။ ကဲကဲ-
...မရှိတော့လည်း တို့ပဲ ရေစက်ချတာ
..."

အနောက်နားမှာ ထိုင်နေတဲ့
...ထွေးကိုတော့ ရေစက်ခွက်ပေးကိုင်ဖို့
...တို့ သတိမရကြပါဘူး။ ဘယ်လိုပဲဖြစ်
... အလှူပွဲကြီးကတော့ အောင်မြင်စွာ
...ဆုံးခဲ့ပါပြီ။ ကြားဖူးတာက 'အလှူပြီး
...ရက် ထမင်းစားခက်သတဲ့' ဒါပေ
... ကိုကြီးထွန်းတို့ကတော့ 'အလှူပြီး
...လ ထမင်းစားလို့မရ' ဖြစ်ခဲ့ရပါ
...။ အကြောင်းက ဒီလိုပါ။ အဲဒီနေ့
... သူတို့မောင်နှမတွေ အိမ်ပြန်ရောက်
...တော့ အိမ်မှာ ဘယ်သူမှ မရှိတော့
...။ သော့တွေလည်း ပွင့်နေပါတယ်။
... အလန့်တကြား အိမ်ပေါ်တက်
...တော့ ဟုတ်ပါတယ်။ တကယ်ကို
...သွားပါပြီ။ သိမ်းထားတဲ့ ရွှေ ငွေ
...ည်းတွေအားလုံး သေတ္တာထဲမှာ ဘာ
...ဘော့ပါဘူး။ အိမ်ငှားလင်မယားက
အကုန်လုံးမပြီး လစ်သွားပါပြီ။ ရွှေတို
ငွေစတင် မကပါဘူး။ အိမ်ပေါ်က တန်
ဖိုးကြီးတာမှန်သမျှ အားလုံး ယူသွားကြ
ပါတယ်။ ပတ်ဝန်းကျင်ကိုမေးကြည့်
တော့ ကားတစ်စီးနဲ့ ပစ္စည်းတွေ အ
ကြိုက်တင်ပြီး ထွက်သွားတာပဲလို့ ပြော
ပါတယ်။ ဘယ်က ကားလဲ၊ ဘယ်ကို
သွားတာလဲ ဆိုတာတော့ ဘယ်သူမှ မေး
လို့မရပါဘူး။ အစကတည်းကလည်း
ဘယ်ကဟာတွေလည်း ဆိုတာ အပျို
ကြီးတို့ကိုယ်တိုင် တိတိကျကျမှ မသိ
တာ။ အစပျောက်သွားတာပေါ့။

ဒီသတင်းကိုကြားတော့ ကျောက်
ဝိုင်းဆရာတော်က အမှန်တွေ အမိန့်ရှိ
ခဲ့ပါတယ်။

"အေး- အရင်တုန်းက မင်းတို့တွေ
သူများပစ္စည်းခိုးပြီး အလှူလုပ်ခဲ့လို့ အခု
မင်းတို့ အလှူလုပ်နေတုန်း သူများခိုး
သွားတာနေမှာပေါ့။ အကြွေးဆိုတာ
ဆပ်လိုက်တာ ကောင်းပါတယ်တဲ့"

အဲဒီညမှာ သူ့ညီမအပျိုကြီး အပါ
အဝင် သတင်းမေးလာသူတချို့ကို ကို
ကြီးထွန်း စကားဆိုပါတယ်။

"အေးကွ- လူစိမ်းဆိုတာ အဲဒါပဲ။
တို့တွေက ဆွေမျိုးပေးတဲ့ ဒုက္ခလုလု
လေးကိုမှ မခံချင်တာ။ အခုတော့ သူစိမ်း
ပေးတဲ့ ဒုက္ခဆိုးဆိုးကိုခံရပြီပေါ့။ ပိုက်ဆံ
ဆိုတာ သားသမီးခိုးရင် အုပ်မပျက်ဘူး။
ဟိုထဲက တစ်ရွက် ဒီထဲက တစ်ရွက် ဆွဲ
ထုတ်သွားတာပဲ။ ဆွေမျိုးဆိုတာလည်း
မတော်လို့ သူလိုချင်တာတောင်မှ အ
ပြတ်ရှင်းမှာမဟုတ်ဘူး။ ခုတော့ ကိုယ်
ပေါ်ကဟာပဲ ကျန်တော့တာလေ။ ဒါ
ကြောင့် ဘုရားဟောခဲ့တာပေါ့။ သစ်ရိပ်
ဝါးရိပ်ထက် ဆွေရိပ်မျိုးရိပ်က ပိုပြီးအေး
ချမ်းတယ်လို့။ ဝိဋ္ဌုပက်စွမှာ ဟောထား
ခဲ့တာ။ တစ်ခုတော့ ကောင်းပါတယ်။
ဆုံးရှုံးသွားတဲ့ ပစ္စည်းတန်ဖိုးထက် မျိုး



နွယ်ရဲ့တန်ဖိုးက ပိုပြီး မြင့်မြတ်တယ် ဆို
တာ အားလုံး သံဝေဂယူနိုင်တာပေါ့။

"ဟုတ်တယ် အစ်ကိုကြီး၊ ဒီ
လင်မယားကလည်း အတော်အကွက်
စေ့တာပဲ။ ကျွန်မတို့တောင် ဘဝဟောင်း
က ပဋ္ဌာန်းဆက်ရှိတဲ့ သားသမီးတွေလို့
ထင်ခဲ့တဲ့အထိ ပြုစုလိုက်တာလည်း လွန်
ပါရော"

"အေး- သတိလက်လွတ်ရင်
ဘယ်လောက်ပညာတတ်ပါစေ ခံရတာ
ပဲ။ သူတို့က အတုတွေ ဆိုတော့ အစစ်
ထက်ပိုပြီး အရောင်ထွက်ပြရတာပေါ့။
ဒါဟာ အတုမှန်းမသိအောင် ဖုံးကွယ်
ခြင်းတစ်မျိုးလို့ တို့တွေ မရိပ်စားမိပါဘူး။
ငထွေးတို့ အေးသာတို့က အမျိုးမှန် ရွှေ
အစစ်တွေလေ။ သူတို့က အရောင်ထွက်
စရာမှမလိုတာ ထုတ်မပြဘဲရှိနေတဲ့ တန်
ဖိုးကို တို့မှမမြင်ခဲ့တာ။ ကဲ- ဒီတော့ ငါ့
ညီမ၊ မနက်ဖြန်ကျရင် မင်းကိုယ်တိုင်ပဲ
ငထွေးတို့မိသားစုကို သွားပြန်ခေါ်ခဲ့ပါ။
ဆွေမျိုး ဆိုတာ ရှိတဲ့အရိပ်ကိုလည်း ပေး
ရမယ်။ မရှိမယ့်ရှိမယ့် အရိပ်ဆိုရင်လည်း
ပေးရမှာပဲ။

တို့တွေ သူတို့ကို ဒီခြံထဲက နှင်
ထုတ်ခဲ့တဲ့ ရည်ရွယ်ချက်က တို့နဲ့ဝေး
သွားရင် ငါတို့ရဲ့တန်ဖိုးကို သူတို့ ပိုပြီး
သိလာစေရမယ်။ ဒါပဲ မဟုတ်လား။ ခု
တော့မှ သူတို့ရဲ့တန်ဖိုးကို တို့က အရင်
ပြန်သိလာရတာပဲ။ အခုလောက်ဆိုရင်
တို့ရဲ့တန်ဖိုးကိုလည်း သူတို့သိလောက်ပါ
ပြီ။ အေး- တန်ဖိုးဆိုတာ သူ့နေရာနဲ့သူ
နေရာတိုင်းမှာ ရှိနေတတ်တာပဲလို့ ပညာ
ရှိတွေပြောခဲ့တာပေါ့။

ဟုတ်ပါတယ်။ သူ့တန်ဖိုး၊ ကိုယ့်
တန်ဖိုးဆိုတာတွေ နားလည်လာနိုင်တဲ့
တစ်နေ့ ဆွေမျိုးတွေအချင်းချင်းလည်း
စည်းလုံးလာပါမယ်။ တိုင်းရင်းသားတွေ
အချင်းချင်းမှာ ရှိနေတတ်တဲ့ မကြေ
ညက်မှုတွေလည်း အဖြေထွက်လာပါ
လိမ့်မယ်။ အရေးကြီးတာက လူစိမ်းပါပဲ။
သူစိမ်းကောင်းတယ်ဆိုတာ ဆွေမျိုးအိပ်
နေသလောက်ပဲရှိမှာပါ။ မိသားစုဘဝ
တိုးတက်ရေးအတွက် ကိုယ့်အဝန်းအ
ဝိုင်းထဲကို လူစိမ်းမဖြစ်မနေ အဝင်ခံရ
တော့မယ်ဆိုရင် အရာရာတိုင်းကို အစေ့
အစပ်ပြုပြီးမှ လက်ခံသင့်တယ်ဆိုတာကို
ကိုကြီးထွန်းတို့မိသားစုက သက်သေပြခဲ့
ပြီ မဟုတ်ပါလား။

သူရိန်စိုး (ဓမ္မဒူတ)

www.burmeseclassic.com

# အိမ်ကောင်းထွက်ကြောင်း ပုံထွက်ကြောင်း

# ဆရာဦးမောင်မောင်သန်း

ရင်ကိုအေးမြစေသော



အိမ်ထွက်အောင် ခာတ်ရိုက်တာနဲ့ပတ်သက်လို့-

လူကိုယ်တိုင် လာပြီးမေးကြတဲ့သူတွေရော၊ စာနဲ့မေးကြတဲ့သူတွေရော-

သတိထားသင့်တယ်ထင်တဲ့၊ သိထားသင့်တယ်ထင်တဲ့ အကြောင်းလေးတွေနဲ့ပတ်သက်ပြီး-

ရှင်းပြပါဦးမယ်။

သိပြီးတဲ့သူတွေ သိပြီးဖြစ်ရင်လည်း မသိကြသေးတဲ့သူတွေအတွက်ပေါ့။

အိမ်တစ်အိမ်ထွက်အောင် ခာတ်ရိုက်တယ်ဆိုတာ တကယ်တော့ လွယ်တဲ့ကိစ္စ မဟုတ်ပါဘူး။

ဘာလို့လဲ ဆိုတော့ အိမ်ရောင်းတယ်ဆိုတာ အိမ်ကိုဈေးဗန်းထဲထည့်ပြီး ရောင်းလို့ရတာမှ မဟုတ်တာ။

စားပွဲပေါ် တင်ပြီး အလှပြထားလို့ ရတာလည်း မဟုတ်ဘူး။

အိမ်ရောင်းတယ် ဆိုတာက ပြောရမယ်ဆိုရင် အိမ်ပိုင်ရှင်ပြောင်းသွားတာပါပဲ။ အိမ်ထွက်တယ် ဆိုတာ ပိုင်ရှင်ပြောင်းသွားတာကို လွယ်လွယ်ပြောကြတာပါ။ အိမ်က ဒီအတိုင်းရှိနေတာပါ။ အိမ်က ဘယ်ကိုမှမထွက်ပါဘူး။

ဒါကိုတော့ စဉ်းစားရမှာပါ။

ဒါဖြင့်-

အိမ်တစ်အိမ်ထွက်ဖို့ လွယ်တယ်ပြောလို့ မရပါဘူး။

အိမ်တစ်အိမ်ကို ရက်ပိုင်းနဲ့ခာတ်ရိုက်ထုတ်ဖို့ဆိုတာ လွယ်တဲ့ကိစ္စ မဟုတ်ပါဘူး။

ဘာလို့လဲ ဆိုတော့ အိမ်တစ်အိမ်ခာတ်ရိုက်ထုတ်တော့မယ် ဆိုရင် အိမ်ရောင်းချင်သူဖြစ်တဲ့ အိမ်ရှင်ရဲ့ကံဟာ အတော်အရေးကြီးပါတယ်။ အိမ်ရှင်ရဲ့ကံမှာ အိမ်ဟာ အဝင်ရှိလား၊ အထွက်ရှိလား ဦးဆုံး ကြည့်ရပါတယ်။

လွယ်အောင် ရှင်းပြရမယ်ဆိုရင် အိမ်ရှင်ရဲ့ကံမှာ အိမ်ဟာ တည်နေရာဘယ်လိုနေလဲ ကြည့်ရပါတယ်။

အထွက်ကံရှိပြီ ဆိုတာနဲ့ သူ့မှာငွေနံဘယ်လိုနေလဲ ထပ်ကြည့်ရပါလိမ့်မယ်။

ငွေကံ မကောင်းရင်၊ ငွေနံမကောင်းရင် အိမ်ထွက်တဲ့အခါ ဘယ်လိုမှ ဈေးမရနိုင်ပါဘူး။

လိုချင်တာက သိန်း (၂၀၀၀) ဆိုပါတော့၊ ငွေနံက ပျက်လွန်းပြီး သိန်း (၂၀၀၀) ဝင်လာနိုင်တဲ့ကံမရှိရင် ဒီအိမ်ဟာ မထွက်နိုင်ပါဘူး။

လာကြည့်လိုက်၊ ကြိုက်တယ်ပြောပြီး ပြန်သွားလိုက်။

နောက်မှလာမယ် ပြောပြီး ပြန်သွားလိုက်။

ဒါနဲ့ပဲ လုံးလည်ချာလည်လိုက်နေတတ်ပါတယ်။

အဲဒီလိုပုဂ္ဂိုလ်မျိုးတွေပိုင်တဲ့အိမ်ကို ခာတ်ရိုက်ထုတ်တော့မယ်ဆိုရင် အ



www.burmeseclassic.com

www.burmeseclassic.com



တော် သတိထားရပါတယ်။

ရက်ပိုင်းအတွင်းမပြောနဲ့၊ လပိုင်းအတွင်းတောင် မဖြစ်နိုင်ပါဘူး။

ဒါက ငွေနံ့မကောင်းသူတွေရဲ့ကံ ဖြစ်တတ်ပုံကို ပြောတာပါ။

ငွေနံ့မကောင်းခြင်းဆိုတာ အမျိုး ရှိပါတယ်။

ဆီစက်ကြီးတွေ၊ ဆန်စက်ကြီး တွေ၊ စက်ရုံကြီးတွေ ဘယ်လောက်ပဲပိုင် နေတဲ့သူ ဖြစ်ပါစေ သူ့ကံမှာ ငွေနံ့ ကောင်းတဲ့နှစ်တွေရောက်လာပြီဆိုရင် သူဟာ လုပ်ငန်းတွေ ကသိကအောက် ဖြစ်လာရတော့တာပါပဲ။ ငွေဆုံးရှုံးမှုတွေ၊ ရရှိတာ မရမှုတွေ ဖြစ်လာရတော့ တာပါပဲ။ ဒါကို ငွေနံ့မကောင်းသူလို့ ယ်လွယ်ပြောလိုက်တာပါ။

အဲဒီလို ငွေနံ့မကောင်းတော့တဲ့ အခါ တချို့ဟာ ပိုင်ဆိုင်မှုတွေ ထုတ် ရောင်းကြရလေ့ ရှိပါတယ်။

အဲဒီလို ထုတ်ရောင်းပြီ ဆိုတာနဲ့ သူပိုင်ဆိုင်တဲ့ အိုးအိမ်အဆောက်အအုံ တွေဟာ ခုနပြောသလို ဈေးမရနိုင် တော့ပါဘူး။

ကံများဟာ ယိုင်တိုင်တိုင်ဖြစ်လာ ပြီ ဆိုတာနဲ့ အလိုလိုနေရင်းဈေးနှိမ်ချင် သူမျိုးတွေ ပေါ်လာလေ့ရှိပါတယ်။

ဒါ သဘာဝပါ။

ဒါကြောင့်-

ငွေနံ့မကောင်းခြင်း ဆိုတဲ့နှစ်တွေ ကို ဖြတ်သန်းနေရသူတွေရဲ့ အိမ်ကို ဓာတ်ရိုက်ရင် သတိထားရပါတယ်။

မထွက်နိုင်ပါဘူး။

ထွက်ရင် တော်တော့ကို ငွေကြေး နည်းပါးလွန်းလောက်အောင် ရပြီးမှပဲ ထွက်လေ့ ရှိပါတယ်။

ဒါက-

ငွေကြေးချမ်းသာသူများ ဖြစ်ပေ မယ့် ငွေကံမကောင်း ဖြစ်တတ်တဲ့နှစ် တွေကို ဖြတ်သန်းရပြီဆိုရင် ဖြစ်တတ်တဲ့ သဘာဝတွေပါ။

နောက်တစ်မျိုးကတော့ ရိုးရိုးငွေ နံ့မကောင်းလို့ မထွက်တာမျိုးပါ။

ဒီလိုပုဂ္ဂိုလ်မျိုးတွေကျတော့ လုပ် ငန်းတွေ အဆင်မပြေတော့လို့ လက်ရှိ နေနေရတဲ့၊ ရှိတဲ့အိမ်လေးကို ရောင်း ပစ်ရတဲ့ အိမ်ရောင်းခြင်းမျိုးပါ။

သူတို့လည်း ဒီလိုပါပဲ။

ငွေကြေးခက်လာပြီဆိုတဲ့အတွက် ငွေဝင်ကံနည်းပါးလာပြီမို့ အိမ်ဟာတော် တော်နဲ့ မထွက်တတ်ပါဘူး။ ဖြစ်သလို ထိုးရောင်းပစ်မှ ထွက်တတ်ပါတယ်။

အခု လူပြောများနေတဲ့စကားမျိုး နဲ့ပြောရရင် ဒီပုဂ္ဂိုလ် ဘယ်တော့ဗိုက်နာ



www.burmeseclassic.com

www.burmeseclassic.com

မလဲ၊ အဲဒီကျမှဝယ်မယ် ဆိုပြီး စောင့်ဝယ်တတ်ကြသူတွေ ရှိပါတယ်။ အဲဒီအခါကျရင်တော့ သိန်း (၁၀၀) လောက်တန်တဲ့အိမ်ဟာ (၅၀) လောက်နဲ့သွားတော့တာပါပဲ။

ဒါမျိုးကျ ဓာတ်ရိုက်ထုတ်စရာတောင် မလိုပါဘူး။

မတန်တဆ လျှော့ရောင်းမှတော့ ဘာဓာတ်မှ ရိုက်စရာမလိုဘဲ ထွက်ပါတော့တယ်။ ဒါလည်း သဘာဝပါ။

ဒါမျိုးတွေကို သတိထားရပါလိမ့်မယ်။

သတိထားနိုင်မှ သိရမှာပါ။

အဲဒီလို သတိထားလို့သိပြီ ဆိုရင် အိမ်ကို ဓာတ်ရိုက်ထုတ်ရတဲ့ကိစ္စကို မြင်တတ်သွားပါပြီ။

ဓာတ်ရိုက်တိုင်း မထွက်ဘူး၊ မထွက်ဘူး ပြောပြောနေသူတွေလည်း ရှင်းသွားလောက်ပါပြီ။

မထွက်ပါဘူး။

ဓာတ်ရိုက်တိုင်း မထွက်ပါဘူး။

(၁) ပတ်အတွင်း ထွက်ရစေ့မယ်၊ (၁၀) ရက်အတွင်း ထွက်ရစေ့မယ် ဆိုရင် ပိုဆိုးပါတယ်။

ဒီလိုသွားပြောလို့ မရပါဘူး။

ခုနပြောသလို အိမ်ထွက်တယ်ဆိုတာ ပိုင်ရှင်ပြောင်းသွားတာမို့ နောက်ပိုင်ရှင်ဟာ ဒီအိမ်နဲ့ကံစပ်၊ မစပ်ဆိုတာ ရှိပါတယ်။

မြင်ဖူးပါတယ်၊ တချို့အိမ်တွေ။

ဝက်သားစားတာမျိုး မကြိုက်တတ်တဲ့အိမ်မျိုးဟာ ဝက်သားစားတဲ့သူလာဝယ်လို့ မတည့်တာတွေရှိသလို အမဲသားစားတာ မကြိုက်တတ်တဲ့အိမ်မျိုး ဆိုရင်လည်း အမဲသားစားတတ်သူတွေ လာဝယ်ရင် မတည့်ပါဘူး။

လက်တွေ့တွေ ရှိနေပါတယ်။

ကိုယ်နေတဲ့အိမ်ကို သတိထားမိကြရင် ဒီလိုကိစ္စတွေဟာ ရင်းနှီးပြီးသားဖြစ်နေပါလိမ့်မယ်။

တချို့ ပြောသံကြားဖူးမှာပါ။

'ဟာ- ဒီအိမ်က ဆဲလို့ဆိုလို့ မရဘူး၊ လာဘ်ကိုပိတ်ရော' ဆိုတာမျိုးတွေ။

'ဒီအိမ်ကတော့ ဝက်သားတင်တာနဲ့ ပြဿနာတက်တာပဲ' ဆိုတာမျိုးတွေ ကြားဖူးကြပါလိမ့်မယ်။

ကိုယ်တိုင်လည်းကြုံနေကြသူတွေ ရှိနေပါလိမ့်မယ်။

ဒါဖြင့်-

ဒီလို ဟိုဟာ မကြိုက်ဘူးတို့၊ ဒီဟာ မကြိုက်ဘူးတို့ဆိုတာ ဘာနဲ့ဆိုင်နေလဲ။ ပြန်ပြီးလေ့လာလို့ရှိရင် အိမ်နဲ့မဆိုင်ပါဘူး။ ဒီအိမ်နဲ့ဆက်နွှယ်နေတဲ့၊ ဒီအိမ်တည်ရာမြေနဲ့ ဆက်နွှယ်နေတဲ့ မမြင်ရတဲ့ပုဂ္ဂိုလ်တွေပါလာပါလိမ့်မယ်။

ဒါ ငြင်းလို့မရတဲ့ကိစ္စပါ။

သစ်ခြောက်လိုမျိုး တောက်ခေါက်လို့ အိမ်ရှင်တွေ တဖြည်းဖြည်း စီးပွားကျသွားတဲ့အိမ်မျိုးကို ကိုယ်တိုင်ကြုံဖူးသလို-

ရေးတုန်းက ငွေဒင်္ဂါးပြားတွေ ခေါင်ကကျလာတဲ့ အိမ်မျိုးလည်း ကိုယ်တိုင်ကြုံဖူးပါတယ်။

တကယ်ကို စီးပွားတက်တဲ့အိမ်ပါ။

ဒါက နမူနာပြောတာပါ။

ဒီလိုမျိုးတွေ အများကြီး ရှိနေပါတယ်။

ဒါဟာ-

အိမ်တစ်အိမ်ကို ဓာတ်ရိုက်ထုတ်လိုက်တာနဲ့ ရှောခနဲ ထွက်သွားဖို့ မလွယ်ဘူးဆိုတာနဲ့ ဆက်နွှယ်တာတွေကို ပြောပြတာပါ။

ဒါဖြင့်-

အိမ်တစ်အိမ်ထွက်ဖို့ဆိုတာ အဲဒီအိမ်ကိုပိုင်ဆိုင်တဲ့ပိုင်ရှင်ရဲ့ကံ၊ အိမ်ထွက်၊ မထွက် ဆိုတာမျိုး။ သူ အိမ်ရောင်းချင်တဲ့နှစ်မှာ အိမ်ဟာ ခိုင်နေမှာလား၊ ထွက်မှာလာ ဆိုတာမျိုး။

ပြီးတော့ သူ့ရဲ့ငွေကံ။

သူ့မှာကော တကယ်ပြောင်းရွှေ့ကိန်း ရှိနေပြီလား။

တစ်နေရာကနေ တစ်နေရာကို ပြောင်းရရွှေ့ရတဲ့ကိန်းရှိနေပြီလား။ ဒါမှမဟုတ် အခြေခိုင်နေလား။

ပြီးတော့ ပိုင်ရှင်ပြောင်းတော့မှာမို့ ခုနပြောတဲ့ မမြင်ရတဲ့လောက။

အဲဒါတွေ အများကြီးရှိပါတယ်။ ချိန်ရပါတယ်။

အိမ်တစ်အိမ် ဆိုရင် ပိုင်ရှင်က ရောင်းမယ်လို့ပြောလိုက်တာနဲ့ ညဘက်ကျရင် အဲဒီအိမ်ပိုင်ရှင်နဲ့ပုံစံတူ လူတစ်ယောက်ဟာ အိမ်ထဲမှာခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေတာ တွေ့ရပါတော့တယ်။ သူတို့တွေဆို ခုထိ မရောင်းကြတော့ပါဘူး။

တစ်အိမ်ဆို ရောင်းမယ်ပြောလိုက်တာနဲ့ ညဘက်ကျရင် အသံသာသာလေးနဲ့ အမျိုးသမီးတစ်ယောက် သီချင်းညည်းနေသံလေး ကြားရတယ်လို့ ဆိုပါတယ်။ ဘာမှမပြောရင် ဘာမှ မကြားရပါဘူး။ ရောင်းမယ်ပြောတာနဲ့ ကြားရလေ့ရှိတာမို့ အဲဒီ ပိုင်ရှင်ဆိုရင်လည်း ခုထိ မရောင်းတော့ပါဘူး။

တစ်အိမ်ဆို အိမ်ရောင်းဖို့စီစဉ်လိုက်တိုင်း အိမ်ထောင်ဦးစီးဟာ ဖျားနာပြီး အိပ်ရာထဲလဲလွန်းလို့ မရောင်းရဲပြန်ပါဘူး။

အဲဒီ အိမ်တွေဟာ သူ့ဟာနဲ့သူတော့ ဝင်ငွေကောင်းနေကြတဲ့ အိမ်တွေပါ။

ဒါ-

တစ်ဦးစ၊ နှစ်ဦးစပဲ လက်လှမ်းမီသလောက်ပြောပြတာပါ။

ဒီထက် ထူးဆန်းတဲ့ အိမ်တွေ၊ ဘယ်လိုမှရောင်းမရတဲ့အိမ်တွေ ရှိနေပါတယ်။

တချို့ အိမ်ဆို ပထမအိမ်ရှင်မှာ ကြီးပွားချမ်းသာပြီး နောက်လူကျတော့ အတော်ဒုက္ခရောက်ရတာ ရှိပါတယ်။

တချို့ကျတော့ ပထမအိမ်ရှင်မှာ စီးပွားဒါလောက်မဖြစ်ဘဲ နောက်အိမ်ရှင်ကျမှ ကျိကျိတက် ချမ်းသာကြတာတွေလည်း အများကြီးရှိနေပါတယ်။

ဒါကြောင့်-

အိမ်တစ်အိမ်ကို လွယ်လွယ်ထုတ်လို့ မရနိုင်ပါဘူးလို့ ပြောတာပါ။

အိမ်ရောင်းရအောင်လုပ်တဲ့နည်းတွေကတော့ တစ်ကျောင်း တစ်ဂါထာ၊ တစ်ရွာ တစ်ပုဒ်ဆန်း ဆိုသလို အများကြီးရှိပါတယ်။

သူ့နည်းနဲ့သူ ကောင်းကြတာချည်းပါပဲ။ ထွက်ကြတာချည်းပါပဲ။

ဆရာတစ်ယောက်ဆိုရင် 'အိမ်ရှေ့မျက်နှာစာကို လက်နဲ့ပုတ်ပြီး ဟေ့- ထွက်တော့လို့ ခပ်မာမာပြောလိုက်' ဆိုတဲ့နည်းကို ပေးပါတယ်။

ပညာခန်းတွေမှာ တကယ်မမြင်ဘူးတဲ့နည်းပါ။ ဒါပေမယ့် ထွက်ပါတယ် အံ့ဩစရာပါ။

ဒါပေမယ့် အဲဒီလို ခပ်မာမာပြောပြီး (၂) နှစ်၊ (၃) နှစ်ထိ မထွက်သေးတဲ့ အိမ်တွေလည်း ရှိပါတယ်။

တချို့ ကောက်ရိုး (ရိုးပြတ်)လေးနဲ့ရိုက်တာနဲ့တင် ထွက်တဲ့အိမ်တွေ ရှိပါတယ်။ ဘာဓာတ်လဲတော့ မသိပါဘူး။ စွမ်းတာတော့ စွမ်းတာပဲ။ အဲဒီလို ကောက်ရိုးနဲ့ရိုက်လို့ (၁) နှစ်၊ (၂) နှစ် မထူးခြားသေးတဲ့အိမ်တွေလည်း ခုထိရှိပါ။

တချို့များ ဖယောင်းတိုင်(၇)တိုင် ပေးလိုက်တာမျိုး ရှိပါတယ်။ တစ်နေ့တစ်တိုင်ထွန်းရင်း (၇) တိုင်ကုန်ပြီးတာနဲ့ မကြာဘူး၊ အိမ်ရောင်းဖြစ်သွားတာတွေ



www.burmeseclassic.com

www.burmeseclassic.com

ပါတယ်။ တကယ်အစွမ်းထက်တဲ့ အ
အရင့်တွေပါ။ ဒါပေမယ့် ခုနကပြော
သလို ဖယောင်းတိုင် (၇) တိုင် ထွန်းပြီး
နေ့ချိကြာတဲ့ထိ မထွက်သေးတဲ့အိမ်
တွေလည်း ရှိနေပါတယ်။

အိမ်ဟာ ဆပ္ပတ်ဓာတ်နဲ့ရိုက်တာ
ကောင်း လှုပ်ပါတယ်။ ဒါကြောင့် အိမ်ကို
သားတို့၊ သီးခက်တို့နဲ့ရိုက်ပြီးထွက်
တာတွေ ရှိပါတယ်။ တချို့ဆို သပြေနဲ့
ပါတယ်။ တချို့ကျ သံချောင်းနဲ့ရိုက်
နဲ့ထွက်ပါတယ်။

ဓာတ်ရိုက်နည်းတွေမှာ ဆပ္ပတ်
ဓာတ်ဟာ အလွယ်ဆုံးပါပဲ။ ထွက်တာ
လည်း မြန်ပါတယ်။

ဒါကြောင့် အင်္ဂဝိဇ္ဇာပညာမှာ 'သူ
လို (ဆ) ကိုခို၊ လိုရာဆေးဖော်သုံး'
ဆိုပြီးတော့ ပြထားပါတယ်။

တကယ်အစွမ်းထက်လွန်းတဲ့ပညာ
ပါ။

အိမ်ထောင်ဦးစီးရဲ့ ကံအနေအ
ထားကိုကြည့်-

အိမ်ထွက်စေမယ့်အချိန်ကို သေ
ချာချိန်-

ဆပ္ပတ်ဓာတ်နဲ့ရိုက်လိုက်ရင် ဘယ်
အိမ်မဆို တွက်တာများပါတယ်။

ဒီနေရာမှာ အိမ်ထွက်စေမယ့်အ
ချိန်ဆိုတာနဲ့ပတ်သက်ပြီး ပြောစရာရှိပါ
တယ်။

ပစ္စည်းတစ်ခုကို ရောင်းတယ်ဆို
ရင် အဲဒီပစ္စည်းကိုဝယ်မယ့်သူရဲ့အမြင်
မှာ ပစ္စည်းဟာကောင်းနေရပါလိမ့်မယ်၊
ပစ္စည်းဟာ ပျက်စီးနေလို့မဖြစ်ပါဘူး။

ဒါမှဈေးပေးမှာပါ။

ဒါကြောင့် ရောင်းမယ့်ပစ္စည်းကို
 နှိပ်ကွပ်သလိုမျိုး ဓာတ်ရိုက်ရ
မယ့်အချိန်နဲ့ ရောင်းမယ့်ပစ္စည်းကို မြင်
တွေ့ကြိုက်မယ့်အချိန်မျိုးတော့ ရွေးရ
လိမ့်မယ်။

ဝယ်မယ့်သူရဲ့အမြင်မှာ လိုချင်မှ
ဖြစ်မှာပါ။

ပစ္စည်းကို ဓာတ်ရိုက်ထုတ်တော့
မယ်ဆိုရင် ကိုယ့်ပစ္စည်းကို ကောင်း
အောင်ပြုလုပ်ရမှာပါ၊ ညံ့အောင်လုပ်လို့
မရပါဘူး။

ဒီလည်ဆွဲလေးဟာ ဘယ်လိုမှ
မြင်မရတော့လို့၊ ကြည့်ကိုမကြည့်ချင်
တော့လို့ ရောင်းတာ။ ကျောက်တွေက
လည်း တန်ဖိုးမရှိဘူး၊ ရွှေကလည်းညံ့ပါ့
ဆိုတာနဲ့ ဝယ်မယ့်သူဟာ စိတ်ဝင်
စားမှာ မဟုတ်တော့ပါဘူး။

ဒီရတနာလည်ဆွဲလေးကို ကျွန်မ

**အိမ်တစ်အိမ်ကို ဓာတ်ရိုက်တော့မယ်ဆိုရင်**

**တနင်္ဂနွေသားသမီးရှိနေရင် ဓာတ်ရိုက်မထုတ်ပါနဲ့ ။**

**အိမ်မှာ မကျန်းမာတဲ့သူရှိနေရင် ဓာတ်ရိုက်မထုတ်ပါနဲ့ ။**

**စနေသားသမီးရှိရင် တိုက်ကို ဓာတ်ရိုက်မထုတ်ပါနဲ့ ။**

**တနင်္လာသားသမီးရှိရင် ကားကို ဓာတ်ရိုက်မထုတ်ပါနဲ့ ။**

**ကြာသပတေးသားသမီးရှိရင် မြေကို ဓာတ်ရိုက်မထုတ်ပါနဲ့ ။ ။**

အရမ်းမြတ်နိုးတာပဲ၊ သူ့ကိုဆွဲပြီးမှတက်
လိုက်တဲ့စီးပွားတွေ။ ခုလည်း ကျွန်မ ဒီ
ထက် ပိုတန်ဖိုးကြီးတဲ့ ရတနာလည်ဆွဲ
လေးကို ဖြည့်ဝယ်ချင်လို့သာ ရောင်းရ
မှာ၊ ရောင်းတော့မရောင်းချင်ဘူး ဆိုတာ
နဲ့ ဝယ်မယ့်သူက အလိုလို စိတ်ဝင်စား
သွားပါပြီ။

ဒီလိုပဲ-

ကျွန်တော် အိမ်ရောင်းချင်လို့ဗျာ။
အလကား- ဒီအိမ် တော်တော် အကျိုး
မပေးဘူး၊ ဒီအိမ်ရောက်မှရှိတာကုန်တာ
ပဲ။ အဲဒါ မြန်မြန်ရောင်းချင်တယ်ဗျာ၊
လူတွေလည်း ချူချာလှပြီ ဆိုလိုက်တာနဲ့
ကြားတဲ့သူတိုင်းဟာ ဒီအိမ်ကို စိတ်ဝင်
စားဖို့ ဝေးသွားပါပြီ။ ဝယ်ဖို့ဆို ထည့်
တောင်စဉ်းစားမှာ မဟုတ်တော့ပါဘူး။

ဒါကြောင့်-

အိမ်ထွက်စေမယ့်အချိန် ဆိုတာ
သတိထားရပါတယ်။

အိမ်ဆိုတာမျိုးက ဒိုပြင်ပစ္စည်း
တွေလို မဟုတ်ပါဘူး၊

ကောင်းအောင်လုပ်ယူရတာပါ။

ဒါတွေကတော့ တကယ့်ပညာ
ခန်းကြီးတွေပါ။

တစ်ပတ်အတွင်း ထွက်ရစေ့မယ်
ဆိုတာနဲ့ ထွက်ပြီဆိုရင် အဲဒီလို ဓာတ်
ရိုက်ပြီး ထွက်မယ့်နေရာမှာချည်း အိမ်
ရောင်းချင်တဲ့လူတွေ စုပြုံပြီး တန်းစီနေ
မှာပေါ့။

ဟဲ့ - အဲဒီကိုသွား၊ (၁) ပတ်ပဲ၊
မကျော်ဘူးဆိုပြီး လက်တို့ပြောကြတော့
မှာပေါ့။

ဒိုပြင်နေရာတွေမှာ အိမ်ရောင်း
ချင်လို့ဆိုပြီး ဘယ်သွားကြပါတော့မလဲ။
ဒါ ရိုးစင်းစွာ သုံးသပ်ပြတာပါ။

အိမ်ဟာ ပုံသေတွက်လို့ မရဘူး
ဆိုတာ အဲဒါပါပဲ။

(၁) ပတ်ကြာရင် ကြာမယ်၊ (၁၀)
ရက်ကြာရင် ကြာမယ်၊ (၁) လကြာရင်
ကြာမယ်၊ (၂) လဖြစ်ရင် ဖြစ်သွားမယ်၊
ထွက်တာကတော့ ထွက်တာချည်းပါပဲ။
ရောင်းချင်တဲ့သူက ဆန္ဒစောလွန်းရင်
သာ ကြာသလိုဖြစ်တာပါ။ ဘယ်ပညာ
ရှင်တွေမဆို အိမ်ကို ဓာတ်ရိုက်ထုတ်
ပေးပြီဆိုတာနဲ့ ထွက်အောင်လုပ်ပေးကြ
တာချည်းပါပဲ။ မြန်မြန်ရောင်းထွက်
အောင် လုပ်ပေးကြသူတွေချည်းပါပဲ။

မထွက်သေးတာတို့၊ ကြာတာတို့
နဲ့ပတ်သက်ပြီး သူတို့ကိုအပြစ်သွားပြော
လို့ မရပါဘူး။

အခု ပြောပြခဲ့သလိုပါပဲ၊

အိမ်တစ်လုံးထွက်ဖို့ ဆိုတာ အ
ဘက်ဘက်ကကြည့်ရပါတယ်။ ရှုထောင့်
အမျိုးမျိုး ရှိပါတယ်။

ကာယကံရှင်ရဲ့ကံမှာ အိမ်ထွက်
ဖို့ (၁) လလိုသေးရင် ဓာတ်ရိုက်ပေးတဲ့
ပညာရှင်က (၁) လအလိုမှာရိုက်လည်း
(၁) လပြည့်မှသာ ကံတွေ့ဆုံပြီး ထွက်
တတ်တဲ့သဘာဝ ရှိပါတယ်။ ဒီလိုဆုံတဲ့
ကံတွေအတွက် အချိန်တော့စောင့်ရပါ
တယ်။ ဒါတော့ စိတ်ရှည်ရပါလိမ့်မယ်။

တစ်လအတွင်းထွက်ချင်ရင်-

(၁၅) ရက်အတွင်း ထွက်ချင်ရင်-

ဒီလိုမျိုးလေးတွေကိုတော့ သတိ
ထားရပါလိမ့်မယ်။

ပညာရှင်တွေကတော့ လုပ်ပေး
လိုက်မှာပဲလေ၊ ကိုယ့်ကံက ရှိသေးတာ
ကိုး။

နောက်တစ်ခု အရေးကြီးတာက-

လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၀) နီးပါး
က မကြာခဏဆိုသလို ဆောင်းပါးတွေ
အများကြီးမှာ ရေးခဲ့ဖူးပါတယ်။

အဲဒါကတော့ နံတူရှိရင် ထွက်စေ
တဲ့ဓာတ် ရိုက်လို့မရဘူးဆိုတဲ့ ကိစ္စပါပဲ။

အိမ်ကို ဓာတ်ရိုက်တော့မယ်ဆို
ရင် အဲဒီအိမ်မှာ တနင်္ဂနွေသားသမီးရှိ



www.burmeseclassic.com

www.burmeseclassic.com

နေရင် ခွာတ်ရိုက်လို့မရပါဘူး။ လူတွေကို ထိခိုက်ကုန်တတ်ပါတယ်။

ပြီးတော့ နာမကျန်းဖြစ်နေသူရှိရင်လည်း အိမ်ကို ခွာတ်ရိုက်လို့ မရပါဘူး။ အတော် သတိထားရပါတယ်။

အသက်ရှည်တဲ့ အဘိုး၊ အဘွားတွေရှိရင်လည်း ချင့်ချိန်ပြီး၊ ဆင်ခြင်ပြီး ခွာတ်ဆင်ရပါတယ်။

'နံ့တူသတ်က အသေရ' ဆိုတဲ့ အင်္ဂဝိဇ္ဇာပညာခန်းအတိုင်း ထိခိုက်တတ်တဲ့သဘောတွေကို အကျယ်တဝင့်ရေးပြခဲ့ပါတယ်။ မကြာခဏပါပဲ။

ဘာလို့လဲ ဆိုတော့ နံ့တူတွေထိပြီး အိပ်ရာထဲလဲကုန်တာတို့၊ လူထွက်ကုန်တာတို့ကို တခြားမှာသွားခွာတ်ရိုက်ကြတဲ့ အတွေ့အကြုံတွေနဲ့ယှဉ်ပြီး လာလာပြောပြကြလို့ပါပဲ။

ဆရာသင်ပေးခဲ့စဉ်က နံ့တူသတ်က အသေရကို ဒါလောက် မသိခဲ့သေးပါဘူး။

ခင်ခင်မင်မင်နဲ့လာကြတဲ့မိတ်ဆွေတွေ၊ တိုင်ပင်ကြတဲ့မိတ်ဆွေတွေက သူတို့ရဲ့အတွေ့အကြုံတွေကို ပြောပြတော့မှပဲ ကြောက်စရာကောင်းလှတဲ့ နံ့တူပညာခန်းတွေကို ကွက်ကွက်ကွင်းကွင်းတွေ့ရပါတော့တယ်။

အဲဒီအချိန်ကစပြီး အိမ်တစ်အိမ်ကိုခွာတ်ရိုက်တော့မယ်ဆိုရင် တနင်္ဂနွေသားသမီးရှိနေရင် ခွာတ်ရိုက်မထုတ်ပါနဲ့။

အိမ်မှာ မကျန်းမာတဲ့သူရှိနေရင် ခွာတ်ရိုက်မထုတ်ပါနဲ့။

စနေသားသမီးရှိရင် တိုက်ကို ခွာတ်ရိုက်မထုတ်ပါနဲ့။

တနင်္လာသားသမီးရှိရင် ကားကို ခွာတ်ရိုက်မထုတ်ပါနဲ့။

ကြာသပတေးသားသမီးရှိရင် မြေကို ခွာတ်ရိုက်မထုတ်ပါနဲ့ ဆိုပြီး ဆောင်းပါးပေါင်းများစွာမှာ ရေးပြခဲ့ပါတယ်။

ဒါကြောင့်-

အိမ်တစ်အိမ်ကို ထွက်အောင်ခွာတ်ရိုက်တော့မယ်ဆိုရင် လွယ်လွယ်လေးနဲ့မဖြစ်ပါဘူးလို့ ပြောခဲ့တာပါ။

ရှေးရှေးကပညာတွေဟာ လွဲတဲ့၊ ချော်တဲ့၊ မှားတဲ့ပညာ မရှိပါဘူး။

ဥပမာ- တနင်္ဂနွေနံကို ရောင်းစွံချင်ရင် သူ့ရဲ့တြိရန်းဖြစ်တဲ့ အင်္ဂါနံနဲ့ရိုက်ရတယ် ဆိုတဲ့ ပညာခန်း ရှိပါတယ်။

မော်လမြိုင် မီးလောင်ပြင်ရပ်ကွက်မှာ နေခဲ့ဖူးတုန်းက အဲဒီအိမ်ကို ထွက်အောင်ရောင်းချင်လို့ အဲဒီတုန်းက မော်လမြိုင်က ဆရာဦးချစ်သန်း ဆိုတဲ့ ဆရာတစ်ဦးကိုပင့်လာပြီး ခွာတ်ရိုက်ပါတယ်။ အမေကိုယ်တိုင် ဦးဆောင်ပြီး ပင့်လာတာပါ။

ဆရာဟာ အိမ်ရှေ့ဖိနပ်ချွတ်သေးအပေါ် နားလေးမှာ သစ်သားပြားလေးတစ်ခုကို သံနဲ့ရိုက်ထားတဲ့စင်လေးတစ်ခုပေါ်မှာပဲ အုန်းသီးက ခွာတဲ့ အုန်းဆံတစ်ခု တင်သွားပါတယ်။

အဲဒီတုန်းကတော့ ဒီဆရာ အမှိုက်တွေ တင်လိုက်တာပါလား ဆိုတဲ့ အသိတစ်ခုဝင်လာပေမယ့် ဘာမှမပြောခဲ့ပါဘူး။

မကြာခင် ရက်ပိုင်းကလေးမှာပဲ ဘယ်သူမှလာမကြည့်တဲ့အိမ်ဟာ ရောင်းထွက်သွားပါတော့တယ်။

ဒါဟာ မူလကို တြိရန်းအုပ်တဲ့ ပညာခန်းနဲ့ ရိုက်လိုက်တဲ့ ခွာတ်ပါပဲ။ ကြောက်ခမန်းလိလိ စွမ်းလှပါတယ်။

နှစ်ပေါင်း (၄၀) နီးပါးလောက်ကြာခဲ့ပြီဖြစ်ပေမယ့် ဘာမှမဟုတ်တဲ့ အုန်းဆံလေးနဲ့ ဟုတ်အောင်ရိုက်ပြသွားတဲ့ ဆရာဦးချစ်သန်းကို ခုထိ လေးစားနေရတုန်းပါ။ ဆရာကတော့ မရှိတော့ပါဘူး။ ပညာတွေ နှမြောဖို့ကောင်းလှပါတယ်။ မော်လမြိုင် လမုတန်းဈေးမှာ နာမည်ကြီးခဲ့တဲ့ ဆရာပါ။

နောက်ထပ် ကြောက်စရာကောင်းအောင် ခွာတ်ရိုက်ပြတဲ့ ဆရာကတော့ အာစရိယ ဆရာသခင်ကျေးဇူးရှင်ဖြစ်တဲ့ ဆရာဦးသန့်ဇင်ပါပဲ။

ဒီလိုပဲ၊ လွန်ခဲ့တဲ့ နှစ်ပေါင်း (၄၀) လောက်က နေခဲ့တဲ့အိမ်ကို ထွက်အောင်ရိုက်ပြခဲ့တာပါ။

စီးပွားတွေကကျ၊ ဒုက္ခတွေကရောက်တော့ ဆရာ့ဆီကို အမေသွားပါတယ်။ အဲဒီတုန်းက ပညာမသင်ရသေးပါဘူး။

ဆရာက အမေ့ကို ပြောလိုက်ပါတယ်။ အမေ- အိမ်တိုင်တွေအားလုံး အောက်ခြေပိုင်းတွေကို ဓားလေးနဲ့ စတိထိတယ်ဆိုရုံလေး တစ်တိုင်ကို (၆)ချက်စီခုတ်လိုက် ဆိုပြီး ပြောလိုက်ပါတယ်။

ပြန်လာတာနဲ့ အမေလုပ်တော့ အမေ ဘာတွေလုပ်နေသလဲပေါ့လေ။ ဓားမတစ်ချောင်းနဲ့ အလုပ်ရှုပ်နေတယ်ပေါ့။

တစ်ပတ်တောင် မကြာပါဘူး၊ ချက်ချင်း တစ်ထိုင်တည်းငွေချေမယ့်သူ ပေါ်လာတော့တာပါပဲ။

အံ့ဩလွန်းလို့ ဘာပြောရမှန်းတောင် မသိတော့ပါဘူး။

မြင်လည်းမမြင်ဖူးပါဘူး။ မြန်လွန်းလှပါတယ်။

ဒါကြောင့်-

တြိရန်းနဲ့အုပ်ပြီး ရိုက်ထုတ်တာရှိသလို အခိုက်နဲ့ရိုက်ထုတ်လို့ ထွက်တဲ့အိမ်တွေလည်း ရှိပါတယ်။

(နောင်တွင် ဆရာ့ထံမှ ပညာများသင်ကြားရသည့်အခါ အသိမိတ်ဆွေ၏ အိမ် ၂ အိမ်၊ ၃ အိမ်ခန့်ကို အိမ်တိုင်များ ဓားနှင့် စတိခုတ်ခိုင်းခဲ့သော်လည်း ၂ လ၊ ၃ လနှင့်မထွက်ပါ။ လုပ်တိုင်းမဖြစ်သည့်သဘောကို စတင် သိခွင့်ရခဲ့ရပါသည်။)

ဒါပေမယ့် လုပ်တိုင်းမဖြစ်ပါဘူး။

လုပ်တိုင်း ဘာလို့ မဖြစ်သလဲ ဆိုတာကိုတော့ အခုလောက်ဆို ရှင်းသွားလောက်ပါပြီ။

ဒါဟာ-

ကျွန်တော်တို့အိမ်တွေ ဘယ်မှာသွားခွာတ်ရိုက်တာ ခုထိ မထွက်သေးတာတို့၊ ကျွန်မတို့အိမ်တွေ ဘယ်နေရာတွေမှာသွားပြီး ဘယ်နှယောက်တောင်ရှိပြီ ခုထိမထွက်သေးတာတို့ ဆိုပြီး စိုးရိမ်စားမရ ဖြစ်နေကြသူတွေအနေနဲ့ စိုးရိမ်စားလို့ အဆင်ပြေသွားလောက်ပါပြီ။

ကိုယ်တိုင်ခွာတ်ရိုက်လို့ (၃) ရက်နဲ့ထွက်သွားတဲ့အိမ်တွေ၊ (၁)ပတ်နဲ့ထွက်သွားတဲ့အိမ်တွေ၊ (၁၅) ရက်၊ ရက် (၂၀) နဲ့ ထွက်သွားတဲ့အိမ်တွေ အများကြီးရှိခဲ့ပေမယ့် (၃) လ၊ (၄) လ ကြာတဲ့အထိ မလှုပ်သေးတဲ့အိမ်တွေလည်း ရှိပါတယ်လို့ ဒါ ရိုးရိုးသားသား ပြောပြတာပါ။

အဲဒီလို မထွက်သေးတဲ့အိမ်များရဲ့ အိမ်ရှင်မိတ်ဆွေတွေကိုလည်း ခုလို ရှင်းပြရပါတယ်။

ရှင်းပြရင်း ရှင်းပြရင်းနဲ့ သူရှေ့က သံယောဇဉ်ကြီးကြတဲ့ ပရိသတ်ကြီးအတွက်ပါ စဉ်းစားပေးနေကျမို့ ခုလို ထပ်ပြီး အကျယ်တဝင့် ရှင်းပြလိုက်ရပြန်တာ ဖြစ်ပါတယ်။

ဒါလောက်ဆို-


အိမ်ရဲ့သဘောတွေ သိသင့်သလောက် သိသွားပြီမို့ အိမ်ရောင်းချင်သူများအနေနဲ့ ဗဟုသုတများစွာနဲ့ပြည့်စုံပြီးရင်း ပြည့်စုံရင်း စိတ်ချမ်းသာကြပါစေကြောင်း မေတ္တာပို့ ဆုတောင်းရင်း…

ဆရာဦးမောင်မောင်…
(ရင်ကိုအေးမြစေသော…

www.burmeseclassic.com

# သင့်စွမ်းအင်၊ သင့်ကိုယ်ခံအားကောင်းစေမည့် ဖုန်းရွှေဗျူဟာ – ၁၆၈ နည်း

ဦးအောင်လှိုင်(သုဝဏ္ဏ)



The television has harsh, protruding glass edges. There is little softness to any of the furnishings or items in this space. This causes discomfort and can create a feeling of stress for the occupants.

Coffee table edge points directly at the seated person, sending out a poison arrow.

**၁။ အခန်းအတွင်း မိမိအား မသိမသာ ထိုးနှက်နေသည့် မကောင်းသော စွမ်းအင်များ**


မကောင်းသောစွမ်းအင်များသည် မြင်ပမှသာ ဝင်ရောက်သည်ချည်း မဟုတ်ဘဲ မိမိနေထိုင်ရာ အိမ်၊ ရုံးခန်းအတွင်းရှိ ပရိဘောဂများနှင့် အခြားအသုံးအဆောင်ပစ္စည်းများ ထားရှိမှုကြောင့်လည်း မကောင်းသောစွမ်းအင်များ ဖြစ်ပေါ်တတ်ပါသည်။ အထူးသဖြင့် မိမိနေထိုင်ရာ အခန်းတွင်းရှိ ထောင့်ချိုး၊ ထောင့်ကွေ့များ၊ စားပွဲ၊ ဗီရိုနှင့် ရုပ်/သံစက်တို့၏အနားစွန်း၊ အချွန်းအငေါ်တို့က မိမိအိပ်နေစဉ် (သို့) ထိုင်နေစဉ်အချိန်များ၌ မိမိရှိရာသို့ချိန်ရွယ်ထားသည့်ဟန်ရှိနေပါက ထိုအနေအထားမှတစ်ဆင့် မကောင်းသောစွမ်းအင်များ ပေါ်ထွက်လာကာ စတင် ဒုက္ခပေးတတ်ပါသည်။ မကောင်းသောစွမ်းအင်များသည် အိပ်နေသူ (သို့) ထိုင်နေသူ (သို့) အလုပ်လုပ်နေသူမှ အသုံးအဆောင်ပစ္စည်းများအား အမှတ်တမဲ့ အဆင်ပြေသလိုထားရှိခြင်း (သို့) အလွယ်တကူ နေရာချမိခြင်းနှင့် ဖုန်းရွှေသဘောတရားများကို သေချာ နားလည်မှု မရှိခြင်းတို့ကြောင့် ပေါ်လာရခြင်း ဖြစ်သည်။ မိမိအတွက် ဆိုးကျိုးမျိုးစုံဖြစ်စေမည့်အခြေအနေမှ ကာကွယ်ရန် ဖုန်းရွှေမျက်စိဖြင့် ကြည့်ရှုနေထိုင် ရှောင်ရှားတတ်ရန် လိုအပ်ပါသည်။

ပုံအား လေ့လာရာတွင်-

အခန်း၏အပြင်အဆင်၊ အနေအထားသည် ခေတ်မီ၍ သက်သောင့်သက်သာရှိသည့်၊ လွတ်လပ်စွာ စိတ်အပန်းဖြေနိုင်သည့် နေရာတစ်ခုအဖြစ် တွေ့ရသော်လည်း အခန်းအတွင်းပစ္စည်း နေရာချထားပုံ ဖုန်းရွှေနှင့်အညီ မရှိခြင်းကြောင့် အောက်ပါအနေအထားများအရ မကောင်းသောစွမ်းအင်များ ဖြစ်ပေါ်စေပါသည်။

ရုပ်/သံစက်၏ဖန်သားပြင်အနားစွန်းနှင့် ထိုင်နေသူ၏နေရာ တည့်မတ်ဖြောင့်တန်းနေခြင်း၊ ကော်ဖီခွက်တင်ထားသည့်စားပွဲစွန်းက ချွန်မြသောပုံစံဖြင့် ထိုင်နေသူအား ချိန်ရွယ်ထားဟန်ရှိနေခြင်းနှင့် အဆိုပါ အချွန်းအစွန်းပုံစံများက အဆိပ်မြားသဘောဆောင်နေခြင်းတို့ကြောင့် ထိုင်နေသူကို မကောင်းသောစွမ်းအင်များက တိုက်ရိုက် ဩဇာသက်ရောက်နေပါသည်။ မိမိအတွက် အန္တရာယ်ရှိသော စွမ်းအင်များ၏ ဝင်ရောက် ခြယ်လှယ်ခြင်း မခံရစေရန် ဖုန်းရွှေမျက်စိဖြင့် အရာရာ သတိထားနိုင်စွမ်းရှိအောင် လေ့ကျင့်ပေးသင့်သည်။

**၂။ မိမိထိုင်နေရာ အပေါ်ဘက် (မျက်နှာကြက်) ၌ ရက်မ (များ) ရှိနေခြင်း**



Occupants of the top floor seated under the beam feel a degree of negativity.

Those in the middle of the block feel an oppressive atmosphere due to overhead beam pressing down.


Residents of the ground floor suffer most due to accumulated effect of the beam over four levels.

အိမ်တွင် ဖြစ်စေ၊ ရုံးခန်းတွင် ဖြစ်စေ မိမိထိုင်နေရာအပေါ်ဘက် (မျက်နှာကြက်) ၌ ရက်မတန်းရှိနေခြင်းသည် မိမိအား အပေါ်စီးမှ အုပ်မိုး၍ ဖိနှိပ်ထားသည့်သဘောဆောင်နေပြီး မ



www.burmeseclassic.com

www.burmeseclassic.com



**Uplighters can help remedy the negative chi created by overhead beams in your home or office.**

ကောင်းသော စွမ်းအင်များ၏ ဩဇာသက်ရောက်မှု တိုက်ရိုက်ခံစားရမည်ကို သတိပြုရပါမည်။ အကယ်၍ အလွှာအထပ်များစွာပါသည့် အထပ်မြင့်တိုက်ခန်းဖြစ်လျှင် အထပ်တိုင်းရှိ ရက်မတစ်ခုချင်းစီက တစ်နေရာတည်းတွင် အထက်-အောက်တန်းလျက်ရှိနေပါမည်။ ရက်မတန်း အောက်တည့်တည့်၌ ထိုင်မိသူသည် အောက်ဆုံးထပ်တွင် ရှိနေမည်ဆိုပါက အပေါ်ဘက် (အထပ်တိုင်းရှိ) ရက်မတန်းများ၏ အုပ်မိုး ဖိနှိပ်ခြင်းကိုပါ ခံစားရမည့်သဘောဆောင်နေပါသည်။

ရက်မတန်း အောက်ဘက်တည့်တည့်ကျသော နေရာတွင် ထိုင်မိခြင်းကြောင့် အလွှာအလိုက် မကောင်းသော စွမ်းအင်၏ ဖိနှိပ်ခြင်းခံရပုံကို နမူနာရုပ်ပုံဖြင့် တွဲ၍ လေ့လာပါ။

ရက်မများ၏ မကောင်းသောဩဇာသက်ရောက်မှုကို ကာကွယ်ရန် အိမ်နှင့်ဘန်ဂလိုများရှိ မျက်နှာကြက်မှ မူလရက်မတန်းအား ပုံစံဖျောက်ပေးနိုင်ပါသည်။ မျက်နှာကြက်များအား ရက်မတန်း မမြင်ရသည်အထိ တန်ဆာဆင်စီမံခြင်းအပြင် ပရိဘောဂများ နေရာချထားရာ၌ ထိုင်ခုံရှိရာနေရာနှင့် ရက်မရှိရာနေရာတို့ တစ်တန်းတည်းမကျအောင် ထားပေးရပါမည်။


ရက်မ၏ ဩဇာသက်ရောက်မှုကို ထိရောက်စွာ တန်ပြန် ခုခံသည့်နည်းလမ်းမှာ ရုံး/အိမ်တို့ရှိ ရက်မရှိရာ အပေါ်ဘက်သို့ မီးအလင်းရောင်တစ်ခု ထွန်းပေးခြင်းပင် ဖြစ်သည်။ ရက်မရှိရာ အပေါ်ဘက် လှည့်ထွန်းထားသော မီးပွင့်က Yang (ယန်) စွမ်းအင်ကိုယ်စားပြုသောကြောင့် ရက်မရှိ မကောင်းသောချီဓာတ်များအား လွင့်စဉ်ပပျောက်သွားစေပါမည်။


မိမိအိမ် (သို့) ရုံးခန်းသည် လုံးချင်းအဆောက်အအုံ ဖြစ်စေ၊ (အထူးသဖြင့်) အဆင့်မြင့်အဆောက်အအုံဖြစ်စေ အလုပ်လုပ်ရန် သို့မဟုတ် စာဖတ်ရန် ထိုင်မည်ဆိုပါက အပေါ်ဘက်မော့ကြည့်၍ မိမိထိုင်ခုံနှင့် ရက်မတန်း တစ်တန်းတည်း ကျ၊ မကျ စစ်ဆေးပြီးမှ(သို့) နေရာရွှေ့ပြောင်းပြီးမှ ထိုင်တတ်သော အကျင့်ရှိအောင် လေ့ကျင့်ပေးသင့်ပါသည်။

**၂၂။ ခေါ်ထွက်နေသောထောင့်စွန်း၊ အချွန်းများမှ မကောင်းသော ချီဓာတ်များ ထွက်ပေါ်လာခြင်း**

အိမ်(သို့)ရုံးခန်းတွင် ထားရှိသော ပစ္စည်းများတွင် ငေါထွက်၊ ချွန်းထွက်နေသောထောင့်စွန်းများ ရှိနေပါက မူလပုံစံပျောက်အောင် (သို့) ထောင့်ချွန်းပုံစံအစား အနားဝိုင်းများဖြစ်အောင် ပြုပြင်ဖန်တီးပေးရပါမည်။ အနားစွန်းပုံစံများအား မူလအတိုင်းပင် ဆက်လက်ထားရှိမိပါက မတော်တဆ ထိခိုက်ခြင်း၊ နာမကျန်းဖြစ်ခြင်းများနှင့် ကြုံရပါမည်။

အထက်ပါ အခြေအနေဆိုးများမှကာကွယ်ရန် ကြောင်အိမ်၊ ဗီရို ဖြစ်ပါက အငူအစွန်းအဖြစ် ချွန်းထွက်နေသည့်နေရာများအား တုံးသွားအောင် ဖန်တီးပေးခြင်း၊ အဆောက်အအုံ၏ ထောက်တိုင်ကြီးများဖြစ်ပါက ၎င်းတို့၏မားသွားသဏ္ဌာန် ထက်နေဟန်ရှိ အနားစောင်းများအား မှန်များတပ်ဆင်၍ ဖုံးကွယ်ပေးခြင်းလုပ်ပေးရန် လိုပါသည်။ အချွန်းပုံစံ (သို့) မားသွားသဏ္ဌာန် ထက်နေသောပုံစံများသည် စားပွဲခုံငယ်လေး







www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေသည့်တိုင် ဒုက္ခပေးတတ်သည်ကို သတိပြုပါ။ နမူနာဓာတ်ပုံများတွင် လေးထောင့် (စတုရန်း) ပုံရှိ မှန်စားပွဲများနှင့် ကိုယ်လုံးပေါ် (လေးထောင့်) ကြည့်မှန်ကြီးများက တင့်တယ်လှပသော်လည်း ၎င်းတို့တွင်ရှိ ထောင့်စွန်းများက အဆိပ်များသဘောဆောင်၍ မကောင်းသောချီဓာတ်များကို ဖြစ်စေပါသည်။

**၂၃။ အောင်မြင်မှုလမ်းကြောင်းကို တားဆီးပိတ်ဆို့နေသော လှေကားထစ်များ**

အိမ်အတွင်းလှေကား တည်ရှိရာနေရာသည် ဖုန်းရွှေပညာရှုထောင့်အရ သွင်းနေရာယူထားပါက မကောင်းသောချီဓာတ်များကို အရှိန်မြင့်တက်လာစေပြီး မိမိတိုးတက်ရာတိုးတက်ကြောင်း လမ်းကြောင်းများအား တားဆီး ပိတ်ဆို့နေပါမည်။ လှေကား၏သဘာဝအရ အိမ်အတွင်း နေရာယူထားပုံအပေါ် မူတည်၍ ကောင်းသောစွမ်းအင်နှင့် မကောင်းသောစွမ်းအင်နှစ်မျိုးစလုံး ဖြစ်စေနိုင်သည်။

လှေကားတည်ဆောက်ပုံ အချိုးအစားတွင် လှေကားခွင်ရှိ လှေကားထစ်များကျယ်ပြန့်ပြီး အသာအယာ အပေါ်အတက်သို့ ကွေးတက်သွားဟန်ရှိပါက အကောင်းဆုံး လှေကားတည်ဆောက်ပုံဖြစ်ပြီး လှေကားထစ် တစ်ထစ်တက်တိုင်း ကောင်းကျိုးပြုသောစွမ်းအင်များ ဆင်းစေပါသည်။ အပေါ်-အောက် တစ်ဖြောင့်တည်းပုံစံရှိသော လှေကားမျိုးသည် အဆိပ်မြားသဘောဆောင်ခြင်းကြောင့် ခပ်ပြေပြေ (သို့) အသာအယာကွေးသောပုံစံကိုသာ အတတ်နိုင်ဆုံး အသုံးပြုသင့်သည်။ အကယ်၍ မိမိအိမ်ရှိ လှေကားတည်ဆောက်ပုံမှာ တစ်ဖြောင့်တည်းပုံစံ ဖြစ်နေပါက ဖုန်းရွှေပညာအရ လှေကားအနီး မီးထိန်လင်းအောင် ထွန်းပေးခြင်း၊ ရယ်မောပျော်ရွှင်နေသည့်ရုပ်ပုံ, ပန်းချီကားများ ချိတ်ဆွဲပေးခြင်းဖြင့် မကောင်းသောချီဓာတ်များကို လျှော့ချပေးနိုင်ပါသည်။



A generous, sweeping staircase creates excellent feng shui in the home.

**လှေကားထစ် (လှေကားဆန်) များနှင့် ပတ်သက်၍ သိကောင်းစရာများ**

အကယ်၍ အိမ်ရှိ လှေကားထစ်များသည် ကျဉ်းမြောင်းသေးသွယ်၍ အရိပ်မည်းထိုးနေပါက ထင်ရှားရှင်းလင်းစွာမြင်ရသည်အထိ မီးထွန်းပေးပါ။ ၎င်းအပြင် အပေါ်-အောက် လှေကားခွင်တစ်လျှောက်လုံး၌ နောက်ကျောပိတ် ပါ၊ မပါ စစ်ဆေးပါ။ နောက်ကျောပိတ် မရှိပါက တပ်ဆင် ကာရံပေးပါ။ လှေကားထစ်များပေါ်၌ အလှဖော် ထွင်းထုထားသောရုပ်ပုံများ မပါရှိစေရ။ အလှထွင်းထားသော အပေါက်နှင့် ရုပ်ပုံများကြောင့် ကောင်းသောစွမ်းအင်များ၏ ဂုဏ်သတ္တိ လျော့ပါးစေပါသည်။ ထို့ပြင် လှေကားထစ်၌ ဟောင်းလောင်းပေါက်များရှိနေခြင်းကြောင့် လှေကားထစ်တစ်ဆင့်ပြီးတစ်ဆင့် ကောင်းသောစွမ်းအင်များ အပေါ်သို့ မတက်ရောက်နိုင်တော့ဘဲ အပေါက်များမှ ယိုစိမ့်ထွက်သွားနိုင်ပါသည်။ လှေကားများကို ဓာတ်ကြီးငါးပါးကိုယ်စားပြုသည့် အရပ်ထောင့်အလိုက် တည်ဆောက်ပေးသင့်သည်။

သတ္တုဖြင့်လုပ်သော လှေကားကို အနောက်အရပ်နှင့် အနောက်မြောက်အရပ်၊ သစ်သားဖြင့်လုပ်သောလှေကားကို အရှေ့, အရှေ့တောင်နှင့် တောင်အရပ်တို့တွင် ဆောက်လုပ်ခြင်းက အကောင်းဆုံး ဖြစ်သည်။

လှေကားများကို အိမ်၏အလယ်ဗဟိုကျသောနေရာ၌ မဆောက်သင့်ပါ။ ဘေးဘက်ကျကျနေရာ၌ တည်ဆောက်ခြင်းက အကောင်းဆုံး ဖြစ်သည်။

လှေကားများကို အောက်ဖော်ပြပါ အခန်းနေရာများ၌ အစပြုခြင်း (သို့) အဆုံးသတ်ခြင်း (သို့) မျက်နှာချင်းဆိုင်ကျခြင်း မရှိစေရ။

- မိမိအခန်း အဝင်ဝ တံခါးပေါက်နှင့်တန်းနေခြင်း၊
- သန့်စင်ခန်း, ရေချိုးခန်း, အိမ်သာနှင့် မျက်နှာချင်းဆိုင်နေခြင်း၊
- အလှပြင်ခန်းရှိ ကြည့်မှန်နှင့်တန်းနေခြင်း၊
- အိပ်ခန်းမှအစပြုခြင်း (သို့) အိပ်ခန်းဝတွင်အဆုံးသတ်ခြင်း


စသည့် ပုံစံများမရှိအောင် သတိပြုရပါမည်။

အကယ်၍ လှေကားသည် အရှေ့မျက်နှာစာတံခါးနှင့် တိုက်ရိုက်မျက်နှာချင်းဆိုင်ကျသောနေရာ၌ အစပြုထားပါက ဘေးဥပဒ်အပေးနိုင်ဆုံး အနေအထားဖြစ်ခြင်းကြောင့် လှေကားနှင့် တံခါးတို့အကြား ထိန်လင်းသော မီးအလင်းရောင်တစ်ခု ထွန်းပေးရပါမည် သို့မဟုတ် တံခါးအား ဆန်ခါတစ်ခုကာရံ၍ မကောင်းသော ချီဓာတ်များ ဝင်ရောက်လာခြင်းကို တားဆီးနိုင်ပါသည်။

**၂၄။ မကောင်းသောချီဓာတ်များဝင်ရောက်လာစေသည့် ပင်မတံခါးပေါက် အနေအထား**

သင့်အိမ်၏ပင်မတံခါးသည် လမ်းမနှင့် တိုက်ရိုက် မျက်နှာချင်းဆိုင်ကျနေပါက မကောင်းသောချီဓာတ်များ ပြင်ပမှ ဝင်ရောက်လာနိုင်သည်ကို သတိပြုရပါမည်။ မည်သည့်အိမ်၏ ပင်မတံခါးမဆို စတင်ဖွင့်လိုက်သည်နှင့် ကစားကွင်းကို တန်း၍မြင်ရခြင်း (သို့) ကွင်းဗလာထီးထီးရှိနေခြင်းက အကောင်းဆုံး ဖြစ်သည်။

ပင်မတံခါးကို ကုန်းမြင့်ရှိသောနေရာဘက်သို့ မျက်နှာမူမထားရ။ အိမ်၏အနောက်ဘက်က အရှေ့ဘက်ထက် နိမ့်ဆင်းနေပါကလည်း အောင်မြင်မှုများကို ပိတ်ဆို့တားဆီးခြင်းသဘောဆောင်သည့် မကောင်းသောနိမိတ်များကို ဖြစ်






www.burmeseclassic.com

www.burmeseclassic.com

**A large mirror hung on the back wall of the living room reflects the "mountain" seen through the window at the front.**





စေပါသည်။ အိမ်ရှေ့တွင် တံခါးဖွင့်ဖွင့်ချင်း ကုန်းမြင့် (သို့) တောင်ကုန်း ကာဆီးလျက် မြင်ရပါက မကောင်းသောစွမ်းအင်များ တန်ပြန်ထွက်သွားစေရန် အိမ်အဝ၌ မှန်ထောင်ပေးပါ။ အိမ်၏အပေါ်ထပ် ရေချိုးခန်း၊ အိမ်သာတို့နှင့် မျဉ်းတစ်ဖြောင့်တည်းကျသည့် အောက်ဘက် (အောက်ထပ်) နေရာ၌ ပင်မတံခါးပေါက် မထားရှိသင့်ပါ။ အကယ်၍ အမှတ်မထင် ထားရှိမိပါက ရောဂါဝေဒနာ ဆိုးရွားစွာ ခံစားရခြင်း၊ စီးပွားဥစ္စာ ထိခိုက်ပျက်စီးခြင်းများ ရှိလာပါမည်။ ဖုန်းရွှေပညာအရ အပေါ်ဘက်ရေချိုးခန်းနှင့်အိမ်သာရှိရာသို့ အောက်ဘက်မှ မီးအလင်းရောင်ထွန်းပေးသည့်တိုင် ယွာယီဖြေရှင်းမှုတစ်ရပ်သာဖြစ်ပြီး ရေရှည်အတွက် ကောင်းလာနိုင်ခြင်းမရှိတတ်ပါ။ အိမ်၏အခန်းများဖွဲ့စည်းပုံနှင့် တံခါးပေါက် (ပင်မတံခါး) ထားရှိရာနေရာတို့အား အစပိုင်းမှာပင် ဖုန်းရွှေပညာနှင့်အညီ နေရာချပေးသင့်ပါသည်။

**၂၅။ တံခါးပေါက်အပြင်ဘက်ရှိ အဆီးအတားများကြောင့် မိမိအောင်မြင်မှုများ နှောင့်နှေးကြန့်ကြာတတ်ခြင်း**

မိမိအိမ်အတွင်းသို့ဝင်ရောက်မည့် လမ်းတစ်လျှောက် ကောင်းသောစွမ်းအင်များဝင်ရောက်စီးဆင်းမှုကို အနှောင့်အယှက် အဟန့်အတားဖြစ်စေသောအရာများ မရှိစေသင့်ပါ။ ဥပမာအားဖြင့် မိမိအိမ်အဝတံခါးပေါက်၌ (သို့) တံခါးဝအပြင်ဘက် ဝရန်တာတို့အပေါ်၌ ထိုင်ခုံ၊ စားပွဲ စသည့်ပစ္စည်းများဖြင့် ပိတ်ဆို့တားဆီးနေသည့်ဟန် ရှိမနေစေရ။

**အဝင်တံခါးသို့သွားမည့်လမ်းအနေအထား**

အိမ်၏ပင်မတံခါးဝသို့ သွားရာလမ်းသည် တည့်မတ်ဖြောင့်တန်းစွာ ရှိမနေသင့်ပါ။ ယင်းမှာ မကောင်းသောစွမ်းအင်များမှ အိမ်သို့ တိုက်ရိုက် လွယ်ကူစွာ ဝင်ရောက်လာနိုင်ပါသည်။ အများအားဖြင့် အိမ်အဝင်ဝ သွားသည့်လမ်းမြောင်ကို ခပ်ပြေပြေပုံစံဖြင့် ကွေးပေးထားသည်ကို တွေ့မြင်နိုင်ပါသည်။ အကောင်းဆုံးနည်းလမ်းမှာ အိမ်အဝင်ဝလမ်းအား ကြည့်ကောင်းသောပုံစံဖြင့် ကွေးစေပြီး လမ်းတစ်လျှောက် မီးလုံးလေးများ ထွန်းထားခြင်းဖြင့် ကောင်းသောစွမ်းအင်များ ဝင်ရောက်လာစေပါသည်။




**A winding path to the main door dispels killing energy along the way. To further enhance positive energy flow, place lit tealights along the edges of the path.**




www.burmeseclassic.com


www.burmeseclassic.com

Ideally, the main door to your home will open onto a clear, light hall, and doors to other rooms will not face the main door directly.





If the main door is opposite a door to a toilet then any fresh, positive energy that comes into your home will be converted into toxic energy.



**၂၆။ ကောင်းသောစွမ်းအင်တစ်မျိုးတည်းကိုသာ အိမ်အတွင်းအဝင်ခံခြင်း**

သင်၏အိမ်အဝင်ဝ(Main Door) အား ပျက်စီးယိုယွင်းမှု ရှိ၊ မရှိ မကြာခဏ စစ်ဆေးသင့်ပါသည်။ အကယ်၍ တံခါး (သို့) မျောက်လက်များ သံကျွတ်၍ချောင်နေခြင်း၊ ပြုတ်လုနီးပါးဖြစ်နေခြင်း ကျိုးခြင်း၊ပဲ့ခြင်းရှိနေပါက အတတ်နိုင်ဆုံး အလျင်အမြန် ပြုပြင်ပေးပါ။ အဆိုပါ အပျက်အစီးများက ရက်ကြာလာသည်နှင့်အမျှ မကောင်းသောစွမ်းအင်များကို အရှိန်မြှင့်လာစေပြီး မိမိအား ဘေးဥပဒ်ပေးပါလိမ့်မည်။ အကယ်၍ တံခါးမသည် သစ်သားတံခါးဖြစ်ပြီး ၎င်းအပေါ်၌ အက်ကွဲကြောင်း (သို့) ကျိုးရာပဲ့ရာရှိနေခြင်း၊ ပြတင်းပေါက်မှန်တံခါးများ ကွဲအက်နေခြင်းရှိပါက မိမိဘဝအတွက် ထိခိုက်ဆုံးရှုံးနစ်နာမှုများ ရှိလာတော့မည့် ဇရှုပြေးနိမိတ်ပုံအဖြစ် ပြနေသည်ကို သတိပြုပါ။ အိမ်၏အဝင်ဝတံခါးအပြင် အခြား မည်သည့်နေရာအစိတ်အပိုင်းမဆိုပျက်စီးနေပါက အသေး၊ အကြီး မခွဲခြားဘဲ ချက်ချင်းလက်ငင်း ပြုပြင်ပေးမှသာလျှင် မိမိအိမ်အတွင်း ကောင်းသောစွမ်းအင်မှအပ အခြား မကောင်းသောချီဓာတ်များ ဝင်ရောက်နိုင်ခြင်း မရှိတော့ပေ။

ပင်မတံခါးကို ကြည့်မှန်တပ်ထားသောနံရံနှင့် မျက်နှာချင်းမဆိုင်ထားသင့်ပါ။ ယင်းမှာ ကံကောင်းခြင်းကိုယ်စားပြု ကောင်းသောချီဓာတ်များ အိမ်အတွင်း မဝင်ရောက်နိုင်အောင် ကြည့်မှန်က တန်ပြန် ခုခံပေးသည့်သဘော သက်ရောက်နေပါသည်။ ၎င်းအပြင် ပင်မတံခါးကို အိမ်သာ၊ ရေချိုးခန်း (သို့) လှေကားရှိရာဘက်အပြင် အိမ်အတွင်းဝင်ရောက်နိုင်မည့် အခြားတံခါးပေါက်များနှင့်တန်းမနေစေရ။ ဖော်ပြပါ မကောင်းသောအနေအထားများကို ရှောင်ကြဉ်နိုင်ခြင်း မရှိခဲ့ပါက အိမ်မိသားစုဝင်အားလုံး မတော်တဆ ထိခိုက်မှု၊ နာမကျန်းဖြစ်မှု၊ စီးပွားဥစ္စာကျဆင်းမှုတို့နှင့် ဝမ်းနည်းဖွယ် ရင်ဆိုင်ကြုံတွေ့ရပါမည်။

**၂၇။ ယင် (Yin) စွမ်းအင် လွှမ်းကဲမှုကို ရှောင်ရှား၍ ယန် (Yang) စွမ်းအင်အား အိမ်အတွင်း ဝင်ရောက်ရန် ဖိတ်ခေါ်ခြင်း**

အိမ်အဝင်ဝ ပင်မတံခါးအတွက် ကျက်သရေမင်္ဂလာတိုးစေရန် အတွင်း-အပြင်ဇရိယာ၌ မီးအလင်းရောင်ထွန်းပေးပါ။ အိမ်အတွင်းသို့ ကောင်းသောချီဓာတ်များ အဆက်မပြတ်ဝင်ရောက်နိုင်စေရန် အဝင်ဝခန်းမ၌ (Yang) ယန်စွမ်းအင်ကိုယ်စားပြု အလင်းရောင် လုံလောက်စွာ ရရှိအောင် ထားပေးပါ။

**တံခါးနှင့်ပြတင်းပေါက်များကိုဖွင့်ပေးထားခြင်း**

စကြဝဠာ၏အခြေခံစွမ်းအင် (၂) ရပ်ဖြစ်သော ယင်(Yin) နှင့် ယန်(Yang) တို့က သူ့အချိန်နှင့်သူ အကျိုးပြုလျက်ရှိနေကြသည်။ ယန်စွမ်းအင်က နေ့အချိန်တွင် ကောင်းကျိုးပြုပြီး ယင်စွမ်းအင်က ညအချိန်၌ ကောင်းကျိုးပြုသည်။ ယန်ဓာတ်ကိုယ်စားပြု ကောင်းသော ချီဓာတ်များ အိမ်အတွင်း ဝင်ရောက်လာစေရန် နေ့အချိန်များ၌ ပြတင်းပေါက်နှင့် တံခါးများကို ဖွင့်ပေးထားရပါမည်။ သို့မှသာ အနည်းဆုံး ယန်စွမ်းအင် ဝင်ရောက်စီးဆင်းနိုင်မှု တစ်ကြိမ်၊ နှစ်ကြိမ်ခန့် ရရှိနိုင်ပါသည်။ ယန်နှင့် သက်ဆိုင်သော နေ့အချိန်ကုန်ဆုံး၍ ညပိုင်း (နေဝင်ပြီးသည်နှင့်) တံခါး အားလုံးနီးပါး ပိတ်ထားရပါမည်။ သို့သော် အိမ်အတွင်း ယင်ဓာတ် လွှမ်းကဲမှုမရှိစေရန် ပြတင်းပေါက်အနည်းငယ် ခဏတစ်ဖြုတ်ဖွင့်ထားပေးရပါမည်။ ထိုအခါ နေ့အချိန်အတွင်းဝင်ရောက်ခဲ့သော ယန်စွမ်းအင်နှင့် ညအချိန်ရှိနေသည့် ယင်စွမ်းအင်တို့ သဟဇာတဖြစ်၍ စွမ်းအင်မျှတနေသောကြောင့် အိမ်ရှိ မိသားစုဝင်အားလုံး၏ကိုယ်၊ စိတ်၊ နှလုံး သက်သောင့်သက်သာရှိနေပါမည်။


နေ့ပိုင်းအချိန်အတွင်း အေးရိုးဗစ်ကစားသူများ၊ ယောဂကျင့်စဉ်ကျင့်သူများအနေဖြင့် အသက်ပြင်းပြင်းရှူရှိုက်တိုင်း ယန်စွမ်းအင်များအား ခန္ဓာကိုယ်အတွင်း ဝင်ရောက်စီးဆင်းစေပါသည်။ ယန်ဓာတ် ပါဝင်စေသည့် အသက်ရှူထုတ်မှုဖြစ်စဉ်ကြောင့် ကိုယ်၊ စိတ်နှစ်ပါး ရွှင်လန်းတက်ကြွစေပါသည်။

ဦးအောင်လှိုင်(သုဝဏ္ဏ)



www.burmeseclassic.com

www.burmeseclassic.com



လွယ်ကူလျင်မြန်သော

# ဂမ္ဘီရ လိုရာစီးတွန်း ဖယောင်းတိုင်

(ပြည်-ဆည်မြောင်း)

ရသဂမ္ဘီရ-ကျော်ဝင်းအောင်

ကုန်းဘောင်ခေတ်အဆက်ဆက် ပဒေသရာဇ်ခေတ် ဘုရင်၊ မင်းသား၊ ဝန်ကြီးမှစပြီး အောက်ခြေနယ်စား,ပယ်စားအထိ ထိုးဖောက်ဝင်ရောက်မှု ပညာရပ်များတွင် ယနေ့ခေတ် တိုးတက်နေသော စက်မှုသိပ္ပံပညာရပ်များပါ လိုက်မမီသေးသည့် မြန်မာ့ရိုးရာ ရှေးဟောင်း ဂမ္ဘီရ ပညာရပ်သည် ရိုးရာဓလေ့ပညာရပ်ဆိုပါက မမှားပါ။ ထို မြန်မာ့ရှေးဟောင်း ဂမ္ဘီရပညာရပ်များသည် ယနေ့ တိုးတက်နေသောခေတ်အထိ ကျေးလက်တောရွာများနှင့် မြို့ပြအထိဝင်ရောက်တိုးဝင်လျက် ရှိသည်။ သူရဇ္ဇမဂ္ဂဇင်း၏ပင်တိုင်စာရေးသူဖြစ်သော ဆရာကြီးဦးစိန်လှိုင် (ကျိုက်လတ်) အဆိုအရ ပြောရသော် လိုအပ်သူအတွက် သုံးဖို့ဖြစ်ပြီး မလိုအပ်သူအတွက် ဗဟုသုတ ပညာဖြန့်ဝေပေးရန်သာ ဖြစ်သည်။ မြန်မာ့ရှေးဟောင်း ဂမ္ဘီရ ပညာရပ်သည် အမှန်တကယ် အစွမ်းထက်မြက်ပါ၏။ စာရေးသူ ငယ်စဉ်ကာလက လူကြီးသူမများ လက်ဖက်ရည်ကြမ်းဝိုင်းတွင် ဂမ္ဘီရပညာရပ်များ ပြောဆိုသည်ကို ကြားနာမှတ်သားမိပါ၏။ ရပ်ရွာတစ်ခုရှိ သူကြီးတစ်ဦးသည် ဂမ္ဘီရဆိုင်ရာပညာကို မခန့်လေးစား စိန်ခေါ်လာသဖြင့် ရွာဦးကျောင်းမှ ဆရာတော်သည် မိုင်းကိုင်စက္ကူတွင် (၁) မှ (၉) အထိ ဂုဏ်တော်ကိုးပါးကို တစ်ချက်ဆွဲ စမ ရေးဆွဲပြီး ဂုဏ်တော် (၃၇) အုပ်စုတ်ကာ သူကြီး၏ နှစ်လုံးပြူးသေနတ်ပြောင်းဝပတ်ပြီး ပစ်ဖောက်စေရာ နှစ်လုံးပြူးသေနတ်ပြောင်း ကွဲထွက်သွားပြီး သူကြီးမှာ ဒဏ်ရာမရရှိတာ ကံကောင်းလွန်းလှ၏။ အဲဒီလိုဖြစ်ပြီး သူကြီးလည်း ဂမ္ဘီရပညာကို မစော်ကားရဲတော့ပါ။ ဘကြီး၊ ဘဒွေးများ လက်ဖက်ရည်ကြမ်းဝိုင်းတွင် ပြောပြသော ဖြစ်ရပ်မှန် ဖြစ်ပါ၏။

ယခုလည်း ဂမ္ဘီရပညာဆိုသည် အလကားပါကွာ ဟူသော လူတန်းစားအမြောက်အမြား ရှိကြသည်။ ယခုအချိန်အထိ ဓာတ်ဆရာကြီး ဦးမို့၏အနွယ်တော်များ သက်ရှိထင်ရှား ရှိနေပါ၏။ ဂမ္ဘီရပညာ မယုံကြည်သူများအား လျက်ဆားစားရုံမျှ၊ ငှက်ပျောသီးစားရုံမျှနှင့် ဘာဝေဒနာမှ မဖြစ်ပါ။ သို့သော်လည်း အချိန်အခါ၊ နေ့အလိုက် ဓာတ်ဆရာကြီးများပြောသောအချိန်တွင် စားသုံးကြည့်ပါ။ လျက်ဆားသည် ဆေးမဖြစ်ဘဲ ဘေးဖြစ်သွားမည်၊ ငှက်ပျောသီးသည် သရေစာမဖြစ်ဘဲ မသာဖြစ်သွားမည်။ ဒါဟာ အောက်လမ်းဆန်သော ပညာ မဟုတ်ပါ။ မြန်မာတို့ရဲ့ အစွမ်းထက်တဲ့ ရှေးဟောင်းဂမ္ဘီရဆန်သော ဓာတ်ပညာတစ်စွန်းတစ်စသာ ဖြစ်သည်။ အဲဒီလို အစွမ်းသတ္တိတွေကို ယနေ့ကာလ ဘယ်သိပ္ပံပညာနဲ့မှ တိုင်းတာစမ်းသပ်လို့ မရသေးပါဘူး။ ဒါတွေဟာ လောကကြီးကိုစိုးမိုးနေတဲ့ အပူ၊ အအေး ဆိုတဲ့ မူလဘူတ



www.burmeseclassic.com

www.burmeseclassic.com

ကြီး (၂)ပါးကနေ အခြေခံပြီးဆင်း
တဲ့ပညာရပ်တွေပါ။ ယခုတင်
ဒ္ဒိရ မီးထွန်းဖယောင်းတိုင်နည်း
ရေးသူ ငလိုက်ဆည်မြောင်း တာ
ကိန်း ဘဲကုန်း (ယခု နေပြည်
ဉ်းမနား) ဆ/မ ဝန်ထမ်းလိုင်း
နေတုန်းက ရရှိခဲ့တာပါ။ ရရှိပုံက
ငလိုက်ဆည်မြောင်းစီမံကိန်းက
ကိုင် ဦးကျော်မှင်နဲ့ စာရေးသူဟာ
ယောင်းတိုင်အကြောင်းနဲ့ ဆက်
နေတဲ့ ဗေဒင်ပညာ အကြောင်းအ
ဆွေးနွေးနေတုန်းက ရရှိတာဖြစ်
ယ်၊ အဲဒီလို ဆွေးနွေးနေတုန်း ဦး
ဦးကျော်မှင်ဟာ သူနဲ့အလွန်ရင်းနှီး
အညာက ဘုန်းကြီးတစ်ပါးပေးထား
ယခု စာရေးသူဖော်ပြမယ့် မီးထွန်း
ယောင်းတိုင်နည်းကို သူ့ရဲ့ဒိုင်ယာရီ
ထဲက ပေးကူးခဲ့တာပါ။ ယခု စာ
ရေးသားဖော်ပြရခြင်းဟာလည်း
ပျောက်ကွယ်လုဖြစ်တဲ့အတွက်
ဦးကျော်မှင်ကို သတိရ ဂုဏ်ပြု
အားဖြင့် ဖော်ပြရခြင်းပါ။

အဲဒီ မီးထွန်းဖယောင်းတိုင်ကို စီ
တော့မယ်ဆိုရင် နေ့ဘက်ဖြစ်စေ၊ ည
ဖြစ်စေ မစီစဉ်ခင်မှာ ရေချိုး၊ သန့်
တဲ့အဝတ်အစားတွေလဲပြီး အောက်
ည်းကမ်းအတိုင်း ပြုလုပ်ရပါမယ်။

၁။ ဘုရားရှင်ကို ဆီမီး၊ အမွှေးနံ့သာ တိုင်၊ ရေချမ်း ကပ်လှူပါ။
၂။ ငါးပါးသီလ ခံယူဆောက်တည်ပါ။
၃။ မိမိအာရုံကျရာ ဘုရား၊ တရား၊ သံဃာ့ဂုဏ်တော်တစ်ခုခုကို စိတ်မပျံ့လွင့်ဘဲ ပုတီး (၁) ပတ်စိပ်ပါ။ (အာရုံကျသလောက် စိပ်နိုင်သည်။)
၄။ ပြီးလျှင် (၃၁) ဘုံနှင့် အတွင်း/အပြင် (၃၇) မင်းနတ်များ၊ ဝိဇ္ဇာများ၊ သာသနာစောင့်နတ်ကြီးများ၊ နယ်တော်ရှင်၊ မြို့တော်ရှင်၊ အိမ်စောင့်နတ်၊ ခြံစောင့်နတ်ပါ အမျှဝေပေးပါ။
၅။ ဖယောင်းတိုင်တွင်ရေးရန် သိမ်ဝင်အပ် လိုပါသည်။ သိမ်ဝင်အပ်ဖြင့် ပုံတွင်ပြထားသလို ရေးပါ။
၆။ ပြီးပါက ဖယောင်းတိုင်ကို လက်ထဲထည့်ပြီး ဂုဏ်တော်ကိုးပါးကို (၄၅) ခေါက် ရွတ်ပါ။ ဒါဆိုရင် မီးထွန်းလို့ရပါပြီ။ (၉) ရက်တိုင် မီးထွန်းရတဲ့အတွက် ဖယောင်းတိုင် (၉) တိုင် စီမံရမှာ ဖြစ်ပါ

#### ဥပမာ

မောင် မှင် အိမ် ပြန် လာ ပါ
၅ ၅ ၁ ၅ ၄ ၅ ► ဖယောင်းတိုင်မှာရေးပါ

#### ဥပမာ

ပ စ္စည်း ပျောက် ပြန် ရ ပါ စေ
၅ ၃ ၅ ၅ ၄ ၅ ၃ ► ဖယောင်းတိုင်မှာရေးပါ

တယ်။

**မှတ်ချက်**-အရက်သေစာသောက်သုံးသူ၊ ကျွဲသား, နွားသား, မြွေသား, ခွေးသား စားသူများ စီရင်၍မရပါ။ မတရားအကြံအစည်ဖြင့် ဆောင်ရွက်ပေးလို့မရပါ။ ဒါက စီရင်မည့်သူအတွက် စည်းကမ်းသတ်မှတ်ချက်ပါ။

ဦးကြီး ဦးကျော်မှင်ဟာ စာရေးသူကို ပြောပြပါတယ်။ အဲဒီ ဆီမီးထွန်းဖယောင်းတိုင်ပေးတဲ့ ဘုန်းကြီးဟာ ဒီပညာရပ်နဲ့ ဗေဒင်ပညာရပ်ပေါင်းပြီး သူ့နယ်ပယ်မှာ ဆရာကြီးတစ်ဆူလို ဩဇာညောင်းတယ်လို့ဆိုပါတယ်။ သီလရှိပြီးသားပုဂ္ဂိုလ်တွေ စီရင်တော့ ပိုမို အစွမ်းထက်တာ မယုံနိုင်စရာ မရှိပါဘူး။ ဒီဖယောင်းတိုင် မီးထွန်းနည်းကတော့ သန့်ရှင်းသစ်လွင်တဲ့ ဖယောင်းတိုင် (၉) တိုင်နဲ့ သိမ်ဝင်အပ်ပဲ လိုတာပါ။ လွယ်လည်းလွယ်ကူပါတယ်။ အထက်ပါ စည်းကမ်းချက်များအတိုင်း ပြည့်စုံရင် ဆောင်ရွက်လို့ရပါတယ်။ စာရေးသူကိုယ်တိုင် မိတ်ဆွေလေး,ငါးဦးမက စီရင်ဆောင်ရွက်ပေးဖူးပါတယ်။ ရွှေဘိုမှာရှိတုန်းက စီရင်ပေးတာ သိသာထင်ရှားပါတယ်။ စာဖတ်သူတွေလည်း လက်တွေ့စမ်းသပ်ကြည့်ပါ။

ဖယောင်းတိုင် စီရင်နည်းကတော့-

ဥပမာအားဖြင့် ပစ္စည်းပျောက်ပါက ပြန်ရရန်အတွက် ဖြစ်စေ၊ နေရာအပြောင်းအရွှေ့အတွက်ဖြစ်စေ၊ ရာထူးတက်ရန်, စာမေးပွဲအောင်မြင်ရန်အတွက်ဖြစ်စေ၊ အိမ်ကထွက်သွားသူကို ပြန်လာစေရန်အတွက်ဖြစ်စေ စာလုံးပေါင်းကို ဂဏန်းအဖြစ် ပြောင်းလဲရေးသားအသုံးပြုရန် ဖြစ်ပါတယ်။

ဒီလောက် နမူနာပုံစံကိုရရင် စာဖတ်သူ သုတေသီ ဝါသနာရှင်တွေ သဘောပေါက်လောက်ပါပြီ။ မိမိအလိုရှိရာရေးပြီး ဂဏန်းအဖြစ် ပြောင်းလဲကာ ဖယောင်းတိုင်မှာရေးပါ။ စီရင်သူ (ကာယကံရှင်) ဟာ ကိုးရက်တိုင်တိုင် ဖယောင်းတိုင်ပူဇော်ရင်း အောက်ပါဂါထာကို ပုတီးတစ်ပတ်စိပ်ပါ။ ငါးပါးသီလခံယူပြီး စိပ်ရမည့်ဂါထာကတော့-

'ယင္မေသိ၊ ယင္မေသိ
ကိ်ကာရဏာ၊ ယင္မေသိ
အဟံ ပိတံ သရဏံ၊ ဇာနာမိ'

ဆိုပြီး တစ်ပုဒ်လုံးဆုံးမှ ပုတီးတစ်လုံးချနည်းနဲ့ အာရုံမိမိ စိပ်ပါ။ လွယ်ပါသည်။ ဒီလောက်ဆိုရင် စာဖတ်သူပရိသတ်အပေါင်းလည်း ရှေးဟောင်းမြန်မာ့ဂမ္ဘီရပညာတစ်ခုကို တီးခေါက်မိသွားပါပြီ။ အဓိကတော့ စီရင်သူထားရမယ့် စည်းကမ်းချက်တွေကို မဖောက်မဖျက်ဖို့ဘဲ လိုတာပါ။ ဂမ္ဘီရပညာကို မယုံသူများ မိမိရဲ့သီလအား၊ သမာဓိအား၊ စရဏအားတွေ ရှိသလောက် အောင်မြင်ပါတယ်။ နောင်လည်း ဆရာဒလမင်းခေါင် ရေးသား အစဖော်ထားတဲ့ ရှေးဆန်းဆရာကြီးတွေ အသုံးပြုခဲ့တဲ့ စမအက္ခရာမပါသော ဂုဏ်တော်ပြန် ခေါ်ကုစ္စာသယ မစိုးရိမ်ဂါထာနဲ့ ဖယောင်းတိုင်စီရင်ပုံတွေကို ဆက်လက်ပြီး ရေးသား တင်ပြသွားပါဦးမယ်ဟု မင်္ဂလာစကားဆိုရင်း. . .။

ဧသဂမ္ဘီရ-ကျော်ဝင်းအောင်
(ပြည်-ဆည်မြောင်း)

*ငလိုက်ဆည်မြောင်းတာတမံ စီမံကိန်း (ယခု နေပြည်တော်-ပျဉ်းမနား) မှ စာရင်းကိုင် ဦးကျော်မှင် (ဆ/မ၊ ငြိမ်း) အတွက် အမှတ်တရအဖြစ်။*



www.burmeseclassic.com

www.burmeseclassic.com

**အဆောင်နှစ်သက်သူများ**

ကြားဖြတ်ရေးစရာများ ပေါ်ပေါ်လာသဖြင့် အဆောင် အခန်းတွဲဝတ္ထုကို မရေးဖြစ်တာအတော်ကြာသွားပါပြီ။ ဆက်၍ရေးပါဦးမည်။

ဂမ္ဘီရ ဆိုတဲ့ လျှို့ဝှက်နက်နဲခြင်း အဓိပ္ပာယ်ကိုဆောင်တဲ့ အဆောင်ပစ္စည်း ဆိုတာ လူမျိုးတိုင်းမှာရှိတယ်။ အဲဒီဂမ္ဘီရ ဆောင်တဲ့ အဆောင် ဆိုတဲ့ ပစ္စည်းဟာ အစွမ်းထက်သလား၊ မထက်ဘူးလား တော့ တိတိကျကျသိကြမယ် မထင်ပါဘူး။ ဒါပေမယ့် အစွမ်း ထက်၊ မထက် အဆောင်ကို ယုံကြည်ရင် အားဖြစ်စေတဲ့အတွက် ဘယ်အဆောင်မဆို စိတ်ဓာတ်ကို မြှင့်တင်ပေးမှာတော့အမှန်ပါ။

ဥပမာ အမှောင်ကို အလွန်ကြောက်တဲ့လူတစ်ယောက်ဟာ လက်ထဲမှာ ဓားဆောင်သွားရင် အဆောင်အားကိုးနဲ့ သတ္တိရှိလာ




ပါတယ်။ အတော်အတန် မကြောက်တော့ဘူး။

ပြီးတော့ ဒေါသတရားပြင်းစွာထွက်ပြီး ဒေါသကိုဆောင်ထားရင်လည်း ဒေါသအဆောင်ကြောင့် မကြောက်တော့ဘဲ အမှောင်ကို ဖြတ်သန်းရဲပါတယ်။

ညအမှောင်မှာ အခြားရွာတစ်ရွာက ချစ်သူကောင်မလေးက ချိန်းလိုက်ရင်လည်း အချစ်ဆိုတဲ့အဆောင်ကြောင့် အမှောင်ထုကို ဂရုမစိုက်တော့ပါဘူး။ ယုတ်စွအဆုံး သချိုင်းဘေးက ကျော်ဖြတ်ရမယ်ဆိုရင်တောင် အဲဒီသချိုင်းကို မကြောက်အားတော့ဘဲ ချစ်သူဆီ အရောက်သွားကြတာ ထုံးစံပါ။ ကျွန်တော် ဒေါသဆောင်မိပုံကို တင်ပြပါဦးမယ်။



www.burmeseclassic.com

www.burmeseclassic.com



## နာမည်ကြီးတဲ့လမ်း

ကျောက်ပြဿဒ်၊ကျောက်ဖျာကူးတဲ့လမ်းဟာ ရှေးတုန်းက လူသွားလမ်းလေးပါ။ အဲဒီလမ်းရဲ့ဘေးဘယ်၊ညာမှာ တောကြောရိုင်းပင်တွေနဲ့အုပ်ဆိုင်းနေတယ်။ မိုးကြာပွင့်ချိန်များဆိုရင် အဲဒီလမ်းဟာ တစ်လမ်းလုံး ပန်းတွေအုပ်မိုးထားပြီး ဝါဝင်းနေပါတယ်။ အလွန်လှတဲ့ပန်းလမ်းလို့ခေါ် ရမှာပါ။ တကယ့်သဘာဝအတိုင်း ဖြစ်နေတဲ့ပန်းလမ်းဟာ လှလွန်းလို့ နေကြာတွေပွင့်တဲ့ တန်ဆောင်မုန်း၊ နတ်တော် ရောက်တိုင်း အဲဒီပန်းလမ်းမှာ ပန်းအလှတွေ ခံစားရင်း ကျွန်တော် အမြတ်တနိုး လျှောက်လေ့ရှိပါတယ်။ အဲဒီလိုလှပတဲ့ ပန်းလမ်းကို လျှောက်မိတိုင်း လူတွေတိုင်းကို ခေါ်ပြချင်လိုက်တာအလွန်ပါပဲ။

ကျောက်ပြဿဒ်၊ ကျောက်ဖျာဆိုတာ တစ်ရွာနဲ့တစ်ရွာကူးရင် ငါးမိနစ်ကျော်ကျော် ဆယ်မိနစ်လောက်ပဲ လျှောက်ရတဲ့ တောင်စောင်းလမ်းပါ။ ပန်းလမ်းကတော့ ဖြောင့်တန်းတန်း အနေအထားပါပဲ။

အဲဒီလမ်းဟာ ရှေးတုန်းကနေ ယခုအထိတိုင် လူပျိုတွေ တစ်ရွာနဲ့တစ်ရွာကူးပြီး လူပျိုလှည့်ကြတာ ထုံးစံပါ။ ကြာတော့ကြာပါပြီ။ ကျောက်ဖျာက ဦးရွှေလှိုင်တို့၊ ဦးကျော်ဝတို့ လူပျိုဖြစ်စဉ်ကာလ အင်္ဂလိပ်လက်ထက် ဆိုပါတော့။

သူတို့ဟာ နေ့လယ်တွင်းဆင်း၊ ညလူပျိုလှည့်၊ အပျိုချောင်း ဆိုတဲ့ အလုပ်တွေ အလွန်ဝါသနာပါတဲ့ ညလည်မင်းသားနှစ်ယောက်ပါ။ အကြောက်အလန့်ဆိုတာ လုံးဝမရှိသူတွေ ဖြစ်ပါတယ်။

လမှုန်ပျပျသာတဲ့ တစ်ညမှာ ဦးကျော်ဝဟာ ကျောက်ပြဿဒ်ကို တစ်ကိုယ်တော် လူပျိုလှည့်သွားတဲ့အခါ ကျောက်ဖျာကနေသွားရင်း လမ်းရဲ့အနောက်ဘက် လက်ဝဲဘက်ပေါ့လေ အဲဒီမှာ သဘာဝအတိုင်းဆောင်နေတဲ့ ပေ (၃၀) လောက်မြင့်တဲ့ ကျောက်ပင်ပြားပြားကြီးဟာ လမ်းပေါ်မှာလဲကျနေတာကို အံ့ဩဖွယ်ရာတွေ့ရတာပါပဲ။

'ဟင် - ကျောက်ပင်ကြီး လဲကျနေပါပေါ့လား၊ ဒုက္ခပါပဲ'

ဆိုပြီး ရှေ့သွားရင် နောက်မဆုတ်စတမ်းစိတ်နဲ့ အဲဒီကျောက်ပင်ပြားကြီးပေါ်ကျော်တက်ပြီး ကျောက်ပြဿဒ်ကို သွားတာပါပဲ။

ဦးကျော်ဝတို့ဆိုတာ ကျောက်ဖျာမှာ ဂုဏ်သရေရှိ လူပျိုတွေဆိုတော့ ဟိုအိမ်တက်ကြောင်၊ ဒီအိမ်တက်ကြောင်နဲ့ အိမ်ရှင်တွေ ကြည်ဖြူတဲ့ လူပျိုတွေပါ။ ဒါပေမယ့်လည်း အချိန်တန်တော့ အိမ်ပြန်ရတာပေါ့။

အဲဒီမှာ ဦးကျော်ဝစိတ်ထဲ 'အင်း-လဲကျနေတဲ့ ကျောက်ပင်ကြီးပေါ်တက်ပြီး ကျော်ရဦးမှာပါလား' လို့ တွေးပြီး





www.burmeseclassic.com

www.burmeseclassic.com

လာလိုက်တာ ကျောက်ပင်ကြီးနေရာ ရောက်တော့ အလွန်ကြီးမားတဲ့ကျောက်ပင်ကြီးက မရှိတော့ဘူး။ ဘယ်ရောက်သွားပါလိမ့်ပေါ့။

ဒါနဲ့ပဲ သူမှူရင်းထောင်နေတဲ့နေရာကို မော့ကြည့်လိုက်တော့ ကျောက်ပင်ကြီးဟာ သူ့နေရာမှာ ကွန်ြေမပျက် ခြေရာလက်ရာမပျက် ပြန်ရောက်နေတာပါပဲ။

အဲဒီကျမှ ဟိုက်ခနဲဖြစ်သွားပြီး ကြောက်စိတ်တွေဝင်ကာ ရွာဆီ သုတ်ခြေတင်တော့တာပါပဲ။ ဘယ်သူ့ဆီ တန်းပြေးသလဲဆိုတော့ သူ့သူငယ်ချင်း ဦးရွှေလှိုင် (မောင်ရွှေလှိုင်) ဆီကိုပါ။

"ဘာဖြစ်လာတာလဲ ကျော်ဝ"

"လမ်းက သရဲခြောက်လိုက်လို့ကွ"

"သရဲများကွာ၊ ခဲနဲ့ ကောက်ထုလိုက်ရင် ပြီးတာပဲ"

"ဟေ့ကောင်၊ ငါကကြောက်တတ်တဲ့ကောင်မဟုတ်ဘူးဆိုတာ မင်းလည်းသိတာပဲ။ အကောင်နဲ့ပြလို့ကတော့ ကျော်ဝက နပန်းလုံးရမလား၊ ကြောက်တဲ့ကောင်မဟုတ်ဘူးဆိုတာ မင်းအသိပဲ။ ခုဟာက လမ်းအနောက်ဘက်က ကျောက်ပင်ကြီးလဲကျနေပုံနဲ့ ခြောက်တာကွ"

"မင်းမူးများနေလို့လား"

"ငါမမူးပါဘူးကွာ။ အဲဒီကျောက်ပင်ကြီး လဲကျနေတော့ အသွားမှာ ခက်ခက်ခဲခဲ ကျော်တက်ပြီးသွားရတာဟ။ နည်းတဲ့ကျောက်ပင်ကြီးမှတ်လို့။ အင်း - ရွာကလူတွေတော့ ဒီကျောက်ပင်ကြီးကို အတော်ရှင်းယူရမှာလို့တောင် တွေးမိသေးတယ်။ အပြန်ကျတော့ ကျောက်ပင်ကြီးက သူ့နေရာသူပြန်ရောက်နေလေရဲ့ဗျာ။ အဲဒါမြင်တော့ ရုတ်တရက် ကြောက်စိတ်ဝင်ပြီး ပြေးခဲ့တာကွ။ တကယ်ခြောက်တော့လည်း ကြောက်သားကွ"

"ပြေးရတာတောင် နည်းသေးတယ်။ မင်းက တစ်ကိုယ်ကောင်းဆန်ပြီး တိတ်တိတ်ကလေး တစ်ယောက်တည်း သွားတာကိုးကွ။ နေ့ဆိုရင် အကြောင်းမဟုတ်ဘူး။ ညဆိုတာ အဖော်ပါမှကောင်းတဲ့အမျိုးကွ၊ မှတ်ထား"

ဆိုပြီး ဦးရွှေလှိုင်က ကြိမ်းပါတယ်။

ဒါက ကျွန်တော်တို့ မီလိုက်တဲ့ ရှေးလူတွေရဲ့ပြောပြချက်ပါ။

**အမွေးတွေနဲ့လူ**

ကျွန်တော် အိမ်ထောင်ကျပြီးတဲ့နောက်ပိုင်း ကိုကျော်တင်ရဲ့ အိမ်အောက်ထပ်မှာ အခန်းဖွဲ့ပြီး တွင်းသားတွေနဲ့ တွင်းလုပ်နေတာပါ။ ညဆိုရင် တွင်းသားတွေဟာ ဦးမောင်ကြီးဗီဒီယိုရုံမှာ ဗီဒီယိုသွားကြည့်နေတာများတယ်။ အိပ်ချိန်မှ ပြန်ရောက်တာပါ။ ကျွန်တော်တစ်ယောက်တည်း ခုတင်ပေါ် လှဲပြီး အေးအေးဆေးဆေးနေချိန်မှာပဲ လူတစ်ယောက် လှစ်ခနဲပြေးဝင်လာပြီး ကျွန်တော့်ခုတင်ပေါ် ထိုင်လိုက်ပါတယ်။ ကြည့်လိုက်တော့ မြင့်အောင်ပါ။ သူ့ကြည့်ရတာ ဟောဟဲခတ်နေပါတယ်။

"ဘာဖြစ်လာတာလဲ မြင့်အောင်၊ ရန်ဖြစ်လာတာလား"

"မဟုတ်ဘူး ကိုကျော်စိုးရဲ့။ ကျောက်ပြဿဒ်က ပြန်လာတာ"

"ဒါဆို ရွာကကောင်တွေ ဝိုင်းလိုက်လို့လား"

"မဟုတ်ဘူး၊ လမ်းကသရဲခြောက်လိုက်လို့"

"သရဲ ဟုတ်လား"

"ဟုတ်တယ်"

"မင်းစိတ်ထင်လို့များလား မြင့်အောင်ရာ"

"စိတ်ထင်လို့ မဟုတ်ဘူး၊ သရဲနဲ့ လက်ဆွဲနှုတ်ဆက်ခဲ့ရလို့"

"အလို- မင်းဟာ ကြံကြံဖန်ဖန်ပါလားကွာ"

"ညကအရမ်းမှောင်နေတုန်း လမ်းမှာ လူတစ်ယောက် မျက်နှာချင်းဆိုင်တွေ့တယ်။ သူကမေးတယ်။ ဘယ် ကလာတာလဲတဲ့။ ကျွန်တော်က ကျောက်ပြဿဒ်အရက်ဆိုင်က ပြန်လာတာ ဆိုတော့ ဩော် - အေးအေးဆိုပြီး တရင်းတနှီး ကျွန်တော့်လက်ကိုဆွဲပြီး နှုတ်ဆက်တယ်ဗျ။ အဲဒီမှာ သူ့လက်က ကျွန်တော်တို့၊ ခင်ဗျားတို့လက်နဲ့မတူဘဲ ကြမ်းတမ်းတဲ့ အမွေးတွေကို ထိတွေ့လိုက်ရတယ်။ ခပ်စူးစူးခပ်ရှရှအမွေးတွေဆိုတော့ ကျွန်တော် ရုတ်ခြည်း သတိရလိုက်တယ်။ ဒါလူမဟုတ်ဘူး၊ သရဲပဲဆိုတာလည်းသိရော ဖျတ်ခနဲ လက်တွဲဖြုတ်ပြီး တစ်ချီတည်းပြေးလာခဲ့တာပဲ။ မူးတာလေးတောင် ဘယ်ရောက်သွားတယ် မသိတော့ပါဘူး ကိုကျော်စိုးရာ"

"အေး- ညလည်တယ်တဲ့လူတိုင်းဟာ ကိုယ့်ရွာထဲမှာလည်ရင် အကြောင်းမဟုတ်ပေမယ့် အခြားရွာကို သွားလည်တယ်ဆိုရင် အဖော်ပါမှကောင်းတာကွ။ ညဆိုရင် အမှောင်အားကိုးနဲ့ပရလောကသားတွေ သောင်းကျန်းတတ်ကြတယ်။ ကံမကောင်းရင် ထိတ်လန့်တဲ့ဝေဒနာနဲ့ ရှော့ဖြစ်ပြီး သေတတ်တယ်ကွ"

လို့ ပြောပြဖြစ်ပါတယ်။

မြင့်အောင်ဟာ စပ်ဖြဲဖြဲနဲ့လူချောပါ။ သူ့ဝါသနာပါတာက အရက်ပါ၊ တခြားဝါသနာမရှိပါဘူး။ ဒါက ကျွန်တော်တို့ခေတ်မှာ မြင့်အောင် ကြုံခဲ့ရတာပါ။ မြင့်အောင်ဟာ ရွာခံမဟုတ်ပါဘူး၊ တွင်းသားပါ။ ကျုံမငေးသူ မကြည်ငွေးရဲ့ မောင်အရင်းပါ။

**သားဖော**

ကျွန်တော်က တောမှာ နေတာပါ။ မိသားစုရှိရာ မိုးကုတ်ကို တစ်လမှ လပြည့်၊ လကွယ် နှစ်ကြိမ်ပဲ ရောက်တာပါ။ အဲဒီမှာ သားကြီး သူရိန်စိုးဟာ ကျောင်းလုံးဝမတက်တော့ဘဲ အစဉ်အမြဲ ကျောင်းပြေးနေတာမို့ ရိုက်လည်း အနာခံပြီး ပြေးမြဲပြေးတာကြောင့် ကျောင်းထားမရတဲ့အတူတူ ကျွန်တော့်ဆီခေါ်ထားပါလို့ ဇနီးက ပြောလာတာကြောင့် သားကြီးကို ကျွန်တော့်ဆီ ခေါ်ထားရပါတယ်။

သားကြီးဟာ အနောက်ဘက်အိမ် စိုးတင့်ဆီက ဂစ်တာငှားပြီး တွင်းအားတဲ့ ညပိုင်းတွေမှာ ဂစ်တာတီးနေတတ်ပါတယ်။ စာသာမထူးချွန်တာပါ၊ ဂစ်တာတီးတော့ အလွန်တော်တာတွေ့ရပါတယ်။ သားအဖနှစ်ဦး အဖိတ်နေ့ ညနေ စက်ဘီးကိုယ်စီနဲ့ ပြန်ကြတာလည်း ပျော်စရာပါ။

ဒါနဲ့ တစ်ညမှာ ည(၉)နာရီကျော်သည်အထိ သားကြီးပြန်မလာတော့ ရွာထဲ ပတ်ရှာပါတယ်။ ရွာထဲက လူငယ်အချို့က ကျောက်ပြဿဒ်သွားတယ်ဆိုတာနဲ့ ကျွန်တော်ဟာ ချက်ချင်းပဲ ဓာတ်မီးဆွဲပြီး ညမှောင်မှောင်မှာ ကျောက်ပြဿဒ်ရွာကို လာခဲ့ပါတော့တယ်။

အချိန်တန်လို့ပြန်မလာတဲ့ ဒေါသစိတ်ရယ်၊ သားတည်းဟူသော ချစ်ခြင်းဆိုတဲ့ သားဇောစိတ်ရယ်ဟာ အကြောက်တရားကို လုံးဝဥပေက္ခာပြုထားတာတွေ့ရပါတယ်။

သာမန်အချိန်တွေမှာ လည်ပတ်ဖို့ဆိုတဲ့ စိတ်နဲ့သာ တစ်ယောက်တည်းသွားပါဆိုရင် ဒီလမ်းကို မသွားရဲတာ အမှန်ပါ။ ဒီလမ်းမှာ ညောင်ပင်ကလည်း ကျောက်ပြဿဒ်သချိုင်းအဝင်နားမှာ ရှိနေလေတော့ သူကလည်း နာမည်ကြီးပါ။ သချိုင်းအဝင်လမ်းဟာ အဲဒီလမ်းကနေ ဝင်ရတာပါ။

ဓာတ်မီးမှိန်မှိန်တစ်လက်နဲ့ ကျွန်တော်ဟာ သားကို တွေ့ချင်ဇောပဲရှိတယ်။ အခြားကြောက်တာလန့်တာ ဘာမှမရှိဘူး။ ဒါနဲ့ အဲဒီလမ်းကို အချိန်တိုနဲ့ကျော်ဖြတ်ပြီး ကျောက်ပြဿဒ်ကို ရောက်ပါတယ်။ ရွာဟာ အိပ်ချိန်ရောက် တိတ်ဆိတ်နေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

လူငယ်တွေစုဝေးတတ်တဲ့နေရာ ...ကြည့်တော့လည်း တစ်ယောက် ...တွေ့ရတော့ပါဘူး။ ဒါနဲ့ စိတ်ထဲမှာ ...ရင်တော့ ကောင်းကောင်းကို တီး ...လိုက်ဦးမယ်လို့တွေးပြီး ရွာကိုပြန် ...ခဲ့ပါတယ်။ ခပ်သွက်သွက်ပါပဲ။ ...လမ်းလုံး တိတ်ဆိတ်ငြိမ်သက်လို့ ...ပါတယ်။ အဲဒီအချိန်မှာ ကြောက်ရ ...ကောင်းမှန်းကို လုံးဝမသိပါဘူး။ သား ...နဲ့ သားကိုတွေ့လိုစိတ်သာ ဆောင် ...ခြင်းပါ။ အဲဒီအဆောင်စိတ်ကြောင့် ...ကြောက်တရား လုံးဝမရှိခြင်းဖြစ်ပါ ...။

အိမ်ထဲ ဝင်လိုက်တော့ သားက ...ရာထဲရောက်နေပါပြီ။ သားတို့ရုပ် ...သီတာမည်သား ဆိုတာလိုပေါ့ဗျာ။ ...ရဲ့ မျက်နှာမြင်လိုက်တယ်ဆိုရင်ပဲ ...ကင်မောင်းတင်ထားတဲ့စိတ်တွေ ... ပြေလျော့သွားပြီး ကြည်နူးချမ်းမြေ့ ...ခဲ့ရပါတယ်။ ငေါက်တောင်မငေါက် ...ပါဘူး။

ကျွန်တော်က အရှေ့ရွာလမ်း ...က သွားရှာတယ်။ သားက ...နောက်ဘက် ကျောက်ပြဿဒ်အ ...ရွာလမ်းက ပြန်လာတယ်လို့ ...ပါတယ်။ ရွာကိုလာတဲ့လမ်းက (၂) ...ဆိုတော့ လမ်းလွဲနေကြခြင်းပါ။

ဒါက လူတွေ အဖော်မပါရင်သွား ...မရှိကြတဲ့ ညလမ်းကို သားဇော ဆို ... အဆောင်စိတ်ကြောင့် အကြောက် ...နဲ့မရှိသွားခဲ့ခြင်းပါဘဲ။

**...ဆောင်တဲ့လူများ**

မြတ်စွာဘုရားက 'စိတ္တေ န နီယ ...လောကော' လို့ ဟောထားပါတယ်။ ...ကကို စိတ်က ဦးဆောင်ပါတယ် ... သတ္တလောကသားများဖြစ်တဲ့ ကျွန် ...တော်တို့ကို စိတ်က ဦးဆောင်မှုပြုပါ ...တယ်။

အောင်ကို အောင်ရမယ် ဆိုတဲ့ ...ကို မဆုတ်မနစ်သာဆောင်ထားပြီး ...လုပ်ရင် အောင်ရမှာပါ။ ကျွန်တော် ...ရင် ခေတ်ပညာတတ် ဘွဲ့ရတစ်ဦး ...တတ်ပါဘူး။ စာရေးဆရာဖြစ်ချင်တာ ...ငယ်ကတည်းကပါ။

ခေတ်ပညာ ဆိုတဲ့ ဘွဲ့ရပညာ ...တတ်တဲ့သူမဟုတ်တာကတစ်ကြောင်း၊ အလွန် ကြမ်းတမ်းတဲ့ ကျောက်တွင်း ...လုပ်မှာ နစ်မြုပ်နေတာတစ်ကြောင်း ...ကြောင့် အားငယ်စိတ်နဲ့ စာမရေးဖြစ်ခဲ့ ...ဘူး။ စာတွေသာ တစိုက်စိုက်မတ်မတ် ...ပြီး အပျင်းပြေ ကဗျာတွေဖွဲ့၊ ပန်းချီ ...ဆွဲနဲ့နေခဲ့တာပါ။

အသက် (၄၀) ကျော်လာတော့ မဖြစ်သေးဘူး။ ငါဖြစ်ချင်တဲ့ စာရေးဆရာဖြစ်အောင် စာရေးမှတော်တော့မယ်ဆိုပြီး ဖြစ်ကိုဖြစ်ရမယ်။ အောင်ကိုအောင်ရမယ်ဆိုတဲ့စိတ်နဲ့ မဂ္ဂဇင်းတွေဆီ စာမူတွေပို့တဲ့အခါ မြတ်ကြေးမုံမှာ ပင်တိုင်၊ ဓမ္မဗျူဟာ၊ ဓမ္မရုပ်စုံ၊ ရောင်ပြန်၊ လပြည့်ဝန်း၊ နက္ခတ္တရောင်ခြည်၊ ပြစ်မှုတွေမှာ ပို့ပို့ချင်း ဖော်ပြခံခဲ့ရပါတယ်။ အပယ်ခံရတဲ့စာမူ ဆိုတာ သိပ်မရှိခဲ့ပါဘူး။ ဒါကဖြစ်ကိုဖြစ်ရမယ်ဆိုတဲ့စိတ်ကို ဆောင်တဲ့အတွက် စာပေလောကမှာ အသင့်အတင့် အောင်မြင်ခဲ့ခြင်းပါ။

"ထမင်းမစား၊ အစာမဝင်၊ ရေမသောက်နဲ့ ရက်အတော်ကြာပြီ။ စိတ်ဆောင်လို့ မသေနိုင်တာ။ သူက သူ့သမီးကို မျှော်နေတာလေ"

ဆိုတဲ့ လူမမာမျိုးတွေ အများအပြားရှိခဲ့ကြပါတယ်။ သားဇော၊ သမီးဇော၊ မြေးဇော၊ ဥစ္စာဇော စသည်ဖြင့် အလွန်ကြီးမား ပြင်းထန်တဲ့ ဇောစိတ်ကိုဆောင်ထားရင် အဲဒီလူမမာဟာ အတော်နဲ့ အသက်မထွက်တတ်ပါဘူး။ အသက်ပြင်းတတ်ပါတယ်။

ဒီအခါမှာ သေချိန်တန်လျက်နဲ့ မသေရင် လူတွေက 'လူ့အသက်မရှိတော့ဘူး။ ဖုတ်သက်ဝင်နေတာနေမှာ' ဆိုပြီး ခေါင်းအုံးအောက်မှာ ဖိနပ်ခုလို့ခု စသည်ဖြင့်ပေါ့လေ။ ကြားဖူးနာဝနဲ့ ဖုတ်သက်ထွက်အောင်ဆိုပြီး လုပ်တတ်ကြတယ်။

ဟိုနည်းဒီနည်းတွေစုံအောင်လုပ်လို့မှ လူမမာမသေနိုင်သေးဘူးဆိုရင် ဒါဟာ ဖုတ်မင်းပဲ။ နှယ်နှယ်ရရ ဖုတ်အမျိုးအစားမဟုတ်ဘူး။ ရွှေထီးမိုးပေးမှရမယ်ဆိုပြီး ဘုန်းကြီးကျောင်းက ရွှေထီးငှားပြီး ရွှေထီးဆောင်းပေးကြပြန်ပါတယ်။ လူမမာက မသေနိုင်ပြန်ဘူး။ ဒါနဲ့ ပယောဂဆရာတွေဘာတွေပင့်ပြီး အလုပ်ရှုပ်ကြရပြန်ပါပြီ။ အမှန်တော့ လူမမာဟာ ဇောတစ်ခုခုကပ်ပြီး အသက်မထွက်နိုင်တာပါ။

သူတို့ မျှော်လင့် တမ်းတနေတဲ့ သားသမီး၊ မြေးတွေ တွေ့လိုက်မြင်လိုက်ရရင် လူမမာဟာ ပြုံးပျော်သွားပြီး ဆောင်ထားတဲ့စိတ်ကိုလျှော့ချလိုက်တာနဲ့ တစ်ပြိုင်နက် အသက်ထွက်သွားတတ်ပါတယ်။

လူ့ရဲ့ရုပ်ခန္ဓာကြီးကို ရုတ်တရက် မှီတွယ်တတ်တဲ့ဖုတ်သက်ဆိုတာ မရှိဘူးမဟုတ်ဘူး၊ ရှိပါတယ်။ ဖြစ်ခဲ့ကြုံခဲ့ကြဖူးပါတယ်။ ဒါပေမယ့် ကြုံခဲဖြစ်ခဲလွန်းပါတယ်။ လောကမှာ မြို့ထဲရွာထဲမှာတွေရော၊ တောထဲမှာတွေပါ ရှာဖွေစားသောက်နေထိုင်ကြတဲ့ ပရလောကလို့ခေါ်တဲ့ ပြိတ္တာတွေဟာ လူဦးရေထက် အဆများးစွာ သွားလာလှုပ်ရှား နေထိုင်ကြတာပါ။ တိရစ္ဆာန်လို့ခေါ်တဲ့ပိုးကောင်တွေများသလိုများကြပါတယ်။ ဒီတော့ ဖုတ်သက်ဝင်တယ်ဆိုတဲ့ အဆန်းတကြယ်ဖြစ်ရပ်တွေလည်း ရှိနိုင်ကြပါတယ်။ လောကကြီးဟာ အလွန် ဆန်းကြယ်နက်ရှိုင်းလှပါတယ်။

**ဝါးပျံ့အဆောင်**

ငှက်တွေ၊ လင်းနို့တွေပျံတာဟာ သဘာဝမို့ အဆန်းတကြယ်မဟုတ်ပါဘူး။ တွားသွားသတ္တဝါတွေဟာ အမွေးအတောင်မပါပါဘဲနဲ့ ပျံသန်းတာကျတော့ ရှူးပျံ၊ ရှဉ့်ပျံ၊ ပုတ်သင်ပျံ၊ တောက်တဲ့ပျံ စသည်ဖြင့် 'ပျံ'ဆိုတဲ့ ဝိသေသကို ထည့်ပြီးသုံးကြပါတယ်။ ငှက်ပျံ၊ ကြက်ပျံလို့ မသုံးပါဘူး။

ဘာလို့လဲဆိုတော့ ရှူးပျံဆိုတာတော့ထားပါ၊ ရှဉ့်ကြီးမျိုးမို့ လူတွေမမြင်ဖူးကြပါဘူး။ ရှဉ့်တို့၊ ပုတ်သင်တို့၊ တောက်တဲ့တို့ဆိုတာကျတော့ လူတိုင်းနီးပါး မြင်ဖူးနေကျပါ။

ဒါပေမယ့် ပျံသန်းတာကိုတော့ မြင်ဖူးကြမယ်မထင်ပါဘူး။ ကျွန်တော်ကတော့ ကျောက်ဖျာမှာရော ကျောက်ပြဿဒ်နဲ့ ကပိုင်ကြားက ရေငုတ်ကြီးတွင်းလုပ်ကွက်မှာ ပုတ်သင်ပျံတွေ မျက်စိနဲ့ မြင်ခဲ့ဖူးပါတယ်။ ရှဉ့်ပျံ၊ ရှူးပျံ၊ တောက်တဲ့ပျံတွေတော့ မမြင်ဖူးပါဘူး။ ဒါဟာ တွားသွားသတ္တဝါကနေပြီး ပျံသန်းနေတာမို့ အထူးအဆန်းပါ။

ပျံသန်းတယ်ဆိုရာမှာလည်း ငှက်တွေလို လိုရာပျံသန်းနိုင်တဲ့အမျိုးမဟုတ်ပါဘူး။ သစ်ပင်အမြင့်ကနေပြီး အခြားတစ်ပင်ကို လည်ပင်းနဲ့ နံဘေးတို့က အတောင်လိုအရေပြားကို ဆန့်ထုတ်ပြီး လေဟုန်စီးကာ ခုန်ကူးပြီး ကပ်လိုက်ခြင်းပါပဲ။ အမြင့်ကနေ အနိမ့်ဆီ အရှိန်နဲ့ လေဟုန်စီးကာ ပျံသန်းခြင်းပါ။ အထူးအဆန်းပါပဲ။ ကြည့်လို့အတော်ကောင်းပါတယ်။

အမြင့်ကို ပျံသန်းတယ်ဆိုရာမှာ သစ်ပင်၊ ဝါးပင်၊ ပိန်းပင်တွေလည်းရှိပါတယ်။ ဆိုရရင်တော့ မြေကြီးပေါ်မှာသာ ပေါက်ရောက်တဲ့ ငှက်ပျော၊ ဝါး၊ ပိန်းပင်တွေဟာ မြင့်မားတဲ့ သစ်ပင်ခွကြားတွေမှာ တက်ပေါက်ခြင်းလို့ ဆိုလိုပါတယ်။ ပျံတယ်လို့ ခေါ်ဆိုခြင်းဟာ ယေဘုယျအားဖြင့် တင်စားခြင်းပါပဲ။

ကျွန်တော် ငယ်စဉ် မြင်းခြံကိုးဆောင်မှာနေတော့ အညာသားဦးပဉ္စင်းတွေက ကျွန်တော့်ကိုမေးတယ်။



www.burmeseclassic.com

www.burmeseclassic.com

"ကေလာ၊ မင်းတို့ (နေပြည်တော်) ပျဉ်းမနားမှာ သစ်တောကြီးတွေ ပေါတော့ ဝါးပျံဆိုတာ ရှိနိုင်တယ်။ မင်းကြားဖူးလား"

"ဝါးပျံလား၊ တပည့်တော်ကြားဖူးပါတယ်။ တောထဲမှာရှိမရှိဆိုတာတော့ တပည့်တော်ရဲ့အဖေကို မေးကြည့်မှသိမယ်"

"ဝါးပျံဟာ ဂမ္ဘီရဆန်တဲ့ အစွမ်းထက်အဆောင်ပစ္စည်းကွ။ ငါတို့ရချင်တယ်။ အဲဒါ မင်းတို့ပြန်ရင် (နေပြည်တော်)ပျဉ်းမနားကို လိုက်ခဲ့လို့ရမလား"

"ရတာပေါ့ ကိုယ်တော်၊ တပည့်တော်တို့ (နေပြည်တော်) ပျဉ်းမနားမှာ ဆွမ်းကွမ်းပေါပါတယ်။ လိုက်ခဲ့ကြပါ"

လို့ ကျွန်တော်က ပင့်ဖိတ်ပါတယ်။

ဒါနဲ့ နွေရာသီ စာမေးပွဲဖြေအပြီးမှာ အညာသား ဦးပဥ္စင်း (၂) ပါး ကျွန်တော်တို့နဲ့ လိုက်ခဲ့ကြပါတယ်။ ဝါးပျံရချင်လို့လိုက်ခဲ့ခြင်းပါပဲ။

**ဝါးပျံပင်ကိုမြင်ဖူးချင်လို့**

ပြန်ကပြေးကို ရောက်တယ်ဆိုရင်ပဲ ကျွန်တော်တို့ညီအစ်ကိုရယ်၊ အညာသားဦးပဥ္စင်း (၂) ပါးဖြစ်တဲ့ မြင်းခြံတောင်သာနယ်က ဦးဝိသုဒ္ဓနဲ့ ဦးသောပါကတို့ရယ် အဖေ့အိမ်ကို ကြွခဲ့ကြပါတယ်။ အိမ်ရောက်တဲ့အခါမှာတော့ အဖေ့ကို ဦးပဥ္စင်းတွေနဲ့ မိတ်ဆက်ပေးပါတယ်။ ညီမကြီး မခင်ထွေး၊ ညီမလတ် မဌေးညွန့်၊ ညီမငယ် မညွန့်စိန်တို့က ငယ်ပါသေးတယ်။ ကလေးတွေပဲရှိတာပါ။ အစ်ကိုတွေလာတယ်ဆိုတော့ ညီမတွေ ပျော်နေကြတာပေါ့။ အာလာပသလ္လာပစကားတွေပြောပြီးတဲ့အခါမှာတော့ ဦးဝိသုဒ္ဓကအဖေ့ကိုမေးပါတယ်။

"ဒကာကြီး၊ ဒကာကြီးတို့ဆီမှာ တောတွေရှိတော့ကာ ဝါးပျံဆိုတာများ ကြားမိဖူးပါသလား"

"အို - အရှင်ဘုရား၊ ကြားဖူးရုံဘယ်ကမှာလဲ။ တပည့်တော်ရဲ့တောင်ယာတဲမှာ ဝါးပျံပေါ်လိုက်တာ တစ်ရုံကြီးပါပဲ။ လှည်းနဲ့တိုက်ထုတ်တောင် မကုန်နိုင်ပါဘူး ဘုရား"

"ဟုတ်ရဲ့လား ဒကာကြီးရယ်၊ ဝါးပျံဆိုတာ သစ်ပင်အမြင့်ပေါ်မှာ တက်ပေါက်တဲ့ အမျိုးပါ။ အလွန်ရှားပါးတဲ့ တွေ့ခဲကြုံခဲတဲ့အမျိုးလို့ ဦးပဥ္စင်းတို့ ကြားဖူးပါတယ်"

"ဟုတ်ပါတယ်၊ ရှားပါးပါတယ်။ ဒါပေမယ့် တိုက်တိုက်ဆိုင်ဆိုင် တပည့်တော်ရဲ့ တောင်ယာထဲက ကျွန်းပင်ကြီးပေါ်မှာ တက်ပေါက်နေတာဆိုတော့ ဒီဝါးပျံရုံကြီးရှိနေခဲ့တာကြာခဲ့ပါပြီဘုရား။ တပည့်တော်တို့အနေနဲ့ သိထားတာက သစ်ပင်ပေါ် တက်ပေါက်တိုင်း ဝါးပျံမဟုတ်ပါဘူးဘုရား။ အဲဒီတက်ပေါက်တဲ့ဝါးရုံဟာ အရွယ်ရောက်ဆင်ကြီးတစ်ကောင်ရဲ့ ဆင်ဦးတစ်တိုက်လွတ်ရမှာပါဘုရား။ ဆင်ဦးတစ်တိုက်မလွတ်ရင် ဝါးပျံမခေါ်ပါဘူး ဘုရား"

"ဩော် - ဒီလိုကိုး၊ ဒါဆို ဒကာကြီးရဲ့ ဝါးပျံရုံကကော ဆင်ဦးတစ်တိုက်လွတ်ရဲ့လား"

"ဆင်ဦးတစ်တိုက် မကပါဘူး ဘုရား။ အဲဒီဝါးရုံကို ရချင်ရင် (၁၅) တောင်လောက်ရှိတဲ့ ဝါးတက်လှေကားနဲ့တက်မှ ရောက်နိုင်ပါတယ် ဘုရား။ အကယ်၍ အရှင်ဘုရားတို့ ရချင်ရင် တပည့်တော်ယူခဲ့ပေးပါ့မယ် ဘုရား"

"ဒကာကြီးရယ်၊ ဦးပဥ္စင်းတို့က တောတောင်မှဲ့တဲ့ အညာသားတွေပါ။ တောနက်တောင်နက်တွေထဲ မရောက်ဖူးပါဘူး။ ဝါးပျံဆိုတာက အလိုလိုသိဒ္ဓိရှိတဲ့ဝါးမျိုးလို့ သိထားလို့ ဆောင်ဖို့ရာအနည်းအကျဉ်း ရချင်တာပါ။ အဲဒါ ဦးပဥ္စင်းတို့ အဲဒီဝါးပျံရုံကြီးကို မြင်ဖူးတယ်ရှိအောင်လိုက်ကြည့်ချင်ပါတယ်။ ဖြစ်နိုင်ရင်ပေါ့ ဒကာကြီးရယ်"

"တင်ပါ့ဘုရား၊ တပည့်တော်ဖြစ်အောင် စီစဉ်ပါ့မယ်။ အဲဒီကိုသွားရင် ကျွဲတွေ နေပူမမိအောင် အစောကြီးထသွားရမှာပါ။ အဲဒီတော့ အရှင်ဘုရားတို့ရဲ့ ဆွမ်းကွမ်းကိစ္စက ရှိပါသေးတယ်။ တပည့်တော်ကို အချိန်တစ်ရက်၊ နှစ်ရက်ပေးပါဘုရား။ တပည့်တော် စီစဉ်ပါ့မယ်"

"အခက်အခဲများရှိနေရင်လည်း နေပါစေ ဒကာကြီးရယ်။ ဒကာကြီးသာ ရအောင်ယူခဲ့ပေးပါ"

"အခက်အခဲမရှိပါဘူး ဘုရား။ အဲဒီတောထဲမှာ တပည့်တော်ရဲ့ ညီမောင်ပေါ်သစ်က မိသားစုနဲ့နေနေတာပါဘုရား။ အဲဒီမှာ သူတို့လယ်တွေရှိနေပါတယ်။ အဲဒါကြောင့် ဆွမ်းကိစ္စသွားပြီး အကြောင်းကြားရဦးမှာမို့ပါဘုရား"

"ဒါဆိုလည်း ဒကာကြီး ကောင်းသလိုသာစီစဉ်ပါ ဒကာကြီး"

"တင်ပါ့ဘုရား"

ဒီလိုနဲ့ ဝါးပျံကိစ္စ အဆင်ပြေသွားကြပါပြီ။ အဲဒီတောအဲဒီတောင်တွေ ဆိုတာက ကျွန်တော်တို့ ကလေးအရွယ်သိတတ်စမှာ စစ်ဘေးစစ်ဒဏ်သွားပုန်းရတဲ့နေရာတွေပါ။ ပြီးတော့ ကျောင်းပြေးပြီး ကျွဲတွေကျောင်းနေရခိုက်မှာလည်း အဖေနဲ့ ထင်းတိုက်ရောက်ခဲ့ဖူးတဲ့နေရာတွေပါ။

ဘထွေးလေး ဦးပေါ်သစ်တို့ ဆိုတာက ပိတောက်မြှောင်အနီးက ချောင်းနံဘေးမှာရှိတဲ့ လယ်တောကြီး ဆိုတဲ့ လယ်တောမှာ အိမ်ကြီးဆောက်ပြီး မိသားစုနဲ့နေကြတာပါ။ ကျွန်တော်နဲ့ မစိမ်းပါဘူး။

**ပိတ်တောက်မြှောင်သွားတောလား**

ကျွန်တော်တို့ဟာ နံနက်(၄)နာရီ ကျော်ကျော်အိပ်ရာကထပြီး အဖေ့အိမ် သွားရပါတယ်။ ဝိရိယသိပ်ကောင်းတဲ့ အဖေကတော့ အသင့်ဖြစ်နေပါပြီ။ ဒါနဲ့ ကျွန်တော်တို့ ညီအစ်ကိုရယ်၊ အညာသား ဦးပဥ္စနှစ်ပါးရယ်ဟာ အရှေ့ ရောင်နီလာတယ်ဆိုရင်ပဲ အဖေ့တောင်ယာရှိတဲ့ အနောက်ရိုးမတောင်ဆွယ် ဆီ ကျွဲလှည်းနဲ့ တအိအိထွက်ခဲ့ကြပါပြီ။ ကျွဲတွေမှာ ခလောက်ဆွဲလာတော့ ခလောက်သံ တတောက်တောက်မြည် နေပါတယ်။ ညောင်ပင်ကြီးစုလွန်တယ် ဆိုရင်ပဲ အလင်းခတ်ကပွင့်လာပြီး ပတ်ဝန်းကျင်ကို ထင်ထင်ရှားရှား တွေ့မြင် ကြရပါပြီ။ လယ်တွေ၊ တောင်ယာစိုက်ခင်းတွေ၊ ဥယျာဉ်ခြံတွေလွန်တာနဲ့ တော ကြီးဖြစ်ခဲ့ပါပြီ။ သစ်တောတွေ၊ ဝါးတော တွေ၊ ချုံတောတွေနဲ့ လမ်းဟာ တော အတိဖြစ်ခဲ့ပါပြီ။ အချို့သစ်ပင်တွေ ရွက်နုတွေဝေပြီးလှနေကြပါပြီ။

အဲဒီလို လှည်းနဲ့ဖြတ်ခဲ့ကြရာမှာ အလွန် လှပတဲ့ အရွက်မဲ့သစ်တော ဖြတ်ကြရပါတယ်။ တပေါင်းလဆိုတော့ သစ်ရွက်တွေကြွေချိန်မို့ သစ်ပင်တွေဟာ အရိုးပြိုင်းပြိုင်းနဲ့ တစ်မျိုးလှပနေချိန်ပါ။ သူတို့ရဲ့ခြုံထည်အရွက်တွေ ချွတ်ချထားတဲ့အချိန်မို့ ပကတိအလှကို ဖော်ကျူးတဲ့ အချိန်ပါ။ ဒီလိုအလှဆိုတာ ဒီတစ်ခါ မှာသာ ကြုံရပါတယ်။ မြင်ရခဲကြုံရခဲတဲ့ အလှစစ်တစ်ခုပါ။ ပန်းချီဝါသနာပါတဲ့ ကျွန်တော်တတော့ အဲဒီသစ်တော ခုထိ မျက်စိထဲကမထွက်ပါဘူး။ အဲဒီ တောကို မှန်တောလို့ ငယ်စဉ်ကတည်း က သိနေတာပါ။

အဲဒါကို ကျွန်တော် ငယ်စဉ်က လေးဘဝကလည်း မြင်ခဲ့ဖူးပါတယ်။ အဖေက အဲဒါ မှန်ပင်တွေလို့ ပြောပြ ပါတယ်။ မှန်တောအပင်ရဲ့ အရောင် တွေဟာ တစ်တောလုံး နီညိုရောင်သန်း နေပါတယ်။ အကိုင်းထွက်ပုံတွေက လည်း စနစ်တကျရှိပြီး ပရမ်းပတာ ထွက်တဲ့အမျိုးမဟုတ်လို့ ညီညွတ် လှပလွန်းပါတယ်။ အပင်ရဲ့အောက် မြေပြင်တွေမှာတော့ မှန်ပင်ရဲ့ရော်ရွက်



www.burmeseclassic.com

www.burmeseclassic.com

တွေဟာ ဝါကြင့်ကြင့်နဲ့ တစ်တောလုံး ဖောခင်းထားသလိုပါပဲ။ သိပ်လှတဲ့ မြင်းပါ။ အခြားသစ်မျိုးနွယ်တွေ မရော ထွက်တာကလည်း ဝိသေသတစ်ခုပါ။

လမ်းကမြေနီကျောက်ပြုပ်လမ်း ပါ။ လှည်းဘီးကြိတ်သံဟာ တဂျုတ် ဂျုတ်မြည်နေပါတယ်။ အစ်ကိုကြီးက တော့နည်းတော့ ဘာမှမပြောပါဘူး။ ကျွန်တော်ကတော့ စကားပေါသူမို့ သာသားဦးပဥ္စင်းတွေကို ဆရာကြီး လုပ်ပြီး ပြောပြရှင်းပြလုပ်နေပါတယ်။

တောကြီးမဲ့တဲ့ အညာကလာတဲ့ ပဥ္စင်းတွေဆိုတော့လည်း ဒီလိုသစ် ပင်ကြီးတွေနဲ့ဆိုတာ ခုမှမြင်ဖူးကြ တာလေ။ သူတို့အတွက် အထူးအဆန်း ပါ။ အချို့အပင်ကြီးတွေဆို မြင့်လွန်း ၍ အတော်မော့ကြည့်ယူရပါတယ်။ အပေါ်က အပင်တွေရဲ့ လောင်းရိပ် ကြောင့် အောက်ခြေမှာ ဘာအပင်မှ ပေါက်ဘဲ အောက်ခြေရှင်းတဲ့တော တွေလည်း တွေ့ရပါတယ်။ သစ်တော ကြီးရင် အောက်ခြေရှင်းနေတတ်ပါ တယ်။ ဝါးတောတွေမှာတော့ ချုံပင်နွယ် ပင်တွေနဲ့ ရောယှက်ပေါက်နေတတ်ပါ တယ်။

မြင့်မားတဲ့ သစ်ပင်ကြီးတွေရဲ့ အပေါ်မှာ အမျိုးအမည်မသိတဲ့ သစ်ခွ ပန်းတွေကလည်း လှိုင်နေအောင်ပွင့်နေ ကြပါ။ များပြားလှတဲ့အပင်တွေက ပွင့် တဲ့ပန်းတွေ၊ အနွယ်ကပွင့်တဲ့မန်တွေက လည်း တောကို သူ့အလှသူ့အသွေးနဲ့ အတိအားသမျှ အလှည်ဖြည့်ဆည်းပေး ထားတာ တွေ့ကြရပါတယ်။

'သစ်သီးဝလံ၊ ပန်းနဲ့မန်'လို့ဆိုရာ မှာ အပင်က သီးတာ သစ်သီး၊ နွယ်က သီးတာ ဝလံ၊ အပင်ကပွင့်တာ ပန်း၊ နွယ်ကပွင့်တာ မန် ဆိုပြီး မြန်မာ့အသုံး အနှုန်းမှာ ခွဲခြားထားပါတယ်။ ဒီရာသီ ဟာ တစ်တောလုံး ပန်းမန်တွေနဲ့အတိ ပြီးတဲ့ရာသီမို့ အလှဆုံးရာသီလို့ ခေါ်ရ ပါ။ ရနံ့မျိုးစုံကလည်း ကြိုင်သင်းလို့ နေပါတယ်။

မြတ်စွာဘုရားကတောင်မှ ရတန သုတ်တော်မှာ -

*'ဝနမဂ္ဂေ ယထာ ဖုဿိတဂ္ဂေ၊*
*ဂိမှာနမာသေ ပဌမသ္မိံ ဂိမှေ။*
*တထူပမံ ဓမ္မဝရံ အဒေသယိ၊*
*နိဗ္ဗာနဂါမိံ ပရမံ ဟိတာယ'*

လို့ ဟောမြွက်ထားပါတယ်။

နွေရာသီရဲ့ပထမဆုံးသော တန် ခူးလမှာပွင့်တဲ့ ပန်းမန်တွေနဲ့ ပြည့်စုံနေ တဲ့ တောအုပ်ဟာ ကျက်သရေအပေါင်း နဲ့ ပြည့်စုံနေသလိုပဲ။ နိဗ္ဗာန်ကို ရောက် စေတတ်တဲ့ ထိုတောအုပ်ဥပမာရှိတဲ့ အလွန်နှစ်လိုဖွယ်သော တရားတော်ကို နိဗ္ဗာန်အကျိုးမျှော်လို့ ဟောတော်မူတယ် လို့ ဆိုထားပါတယ်။ ရတနသုတ်တော် ဆိုတော့ သစ္စာဆိုတဲ့ တရားတော်များ ပါပဲ။

ဒီလိုနဲ့ ကျွန်တော်တို့ဟာ ငါးလိုက် ချောင်းအတိုင်း အနည်းငယ် မောင်း တက်ရပါတယ်။ ဘထွေးလေးရဲ့ လယ် ကွင်းတွေနဲ့ အိမ်ကို ကျွန်တော်တို့ လှမ်း မြင်နေရပါပြီ။ ဘထွေးလေးရဲ့သမီးလေး (၂) ယောက်က အိမ်ရှေ့က ဝမ်းသာ အားရ ကြိုဆိုနေပါတယ်။ တောထဲ ဆိုတာ ရဟန်းဧည့်သည် လာခဲဘိခြင်း ပါပဲ။ မပင့်ဖိတ်ပါဘဲ ရောက်လာကြခြင်း ပါ။

အဖေဟာ ကျွဲတွေဖြုတ်ပြီး ကြိုး ကို ဦးချိုမှာ ရစ်ပတ်ပြီး လွှတ်ပေးလိုက် ပါတယ်။ သူတို့ပျော်စံရာဌာနမို့ ကျွဲတွေ ဟာ သွက်လက်ရွှင်မြူးစွာ ထွက်သွားကြ ပါတော့တယ်။

## ကျွန်းပင်ကြီးပေါ်က ဝါးပျံ့ပင်

ရောက်တယ်ဆိုရင်ပဲ ဘထွေးလေး ဦးပေါ်သစ်က ရေနွေးကြမ်း၊ ကောက် ညှင်း၊ ငါးခြောက်ဖုတ်ဆီဆမ်းနဲ့ နံနက်စာ ကပ်ပါတယ်။ နံနက်စာကိစ္စပြီးကြတာနဲ့ အဖေက -

"ကဲ - ဦးပဥ္စင်းတို့၊ နေမရင့်ခင် တက်ကြစို့"

ဆိုပြီး အဖေ ဦးဆောင်ကာ ဦးစွာ ငလိုက်ချောင်းကိုဖြတ်ရပါတယ်။ ငလိုက် ချောင်းရေဟာ နွေပေမယ့် ဒူးလောက် ရှိပါတယ်။ ကြည်ပြီးစိမ်းနေပါတယ်။ ဒီ ရေကြည်တွေဟာ စိမ့်စမ်းရေတံခွန်တွေ က ပေါင်းစည်းပြီးထွက်လာတဲ့ ရေတွေ ပါ။

ချောင်းလွန်တာနဲ့ တောင်ကြော ပေါ်တက်ရာတစ်ခုတည်းသော ပိတောက် မြှောင်ချပ်ကြားလို့နာမည်ကြီးတဲ့ လှည်း လမ်းပါ။ အဲဒီလမ်းကနေ လူတွေ၊ ဆင် တွေ၊ လှည်းတွေ ရိုးမပေါ် တက်ရတာ ပါ။ ပိတောက်မြှောင်ချပ်ကြားလမ်းဟာ အတော်ရှည်ပြီး ကုန်းမြင့်ပေါ် ရောက်မှ ကိုယ်လိုရာကိုသွားတဲ့လမ်းတွေ တွေ့ရ ပါတယ်။ ဒီတစ်ဝိုက်ဟာ ကွန်မြူနစ်တွေ အခြေချနေထိုင်တဲ့ဒေသတွေပါ။

အတော်လေးသွားမိတယ်ဆိုရင် ပဲ လှည်းလမ်းအဆုံးမှာ အဖေ့ရဲ့တောင် ယာကို ရောက်ပါပြီ။ ကျယ်ပြန့်တဲ့ကုန်း ကမူ တောင်ယာကွက်ကြီးပါပဲ။ သက် ငယ်တွေ ရိတ်သိမ်းပြီးချိန်မို့ ကွင်းပြီး ပြောင်ရှင်းနေကာ သက်ငယ်နုစိမ်းစိမ်း လေးတွေနဲ့ တစ်မျိုးလှပနေပါတယ်။

"ဦးပဥ္စင်းတို့သတိထားသွားကြပါ။ သက်ငယ်ငုတ်တွေစူးတတ်ပါတယ်"

လို့ သတိပေးတာကြောင့် သတိ ကြီးစွာနဲ့ သွားကြရပါတယ်။

"ဟော - ဟိုကျွန်းပင်ကြီးပေါ်က ဟာ ဝါးပျံ့ရုံပါပဲ ဘုရား"

လို့ ညွှန်ပြတဲ့အခါ တောင်ယာ စောင်းရဲ့တစ်နေရာမှာ အလွန်ကြီးမား တဲ့ ကျွန်းပင်ခြောက်ကြီးကို တွေ့မြင်ရ ပြီး ကျွန်းပင်ကြီးရဲ့ ခါးကိုင်းတက်ခွ ကြားမှာ ဝါးရုံကြီးတစ်ရုံပေါက်နေတာ ကို မြင်တွေ့ကြရပါတယ်။ အဲဒီဝါးပျံ့ရုံ ကြီးကို မြင်တွေ့ချင်လွန်းလို့ လာခဲ့ကြ တာ ဆိုတော့ အားလုံးရဲ့ မျက်နှာတွေ ဟာ ကြည်နူးပြုံးပျော်နေကြပါတယ်။ မောရပန်းရကောင်းမှန်းတောင် မသိကြ ပါဘူး။ အဖေကလွဲရင် အားလုံး အရွယ် ကောင်းတွေဆိုတော့ ထက်တက်ကြွကြွ ရှိကြတာကိုး။

လိုနဲ့ အဲဒီကျွန်းပင်ကြီးဆီရောက် ခဲ့ကြတဲ့အခါ ဝါးပျံ့ရုံကို မော့ကြည့်ကြ ပါတယ်။ ဆင်ဦးတစ်တိုက်ထက် အများ ကြီးမြင့်နေသေးတာ တွေ့ကြရလို့ပါပဲ။ အဲဒီမှာ ဦးဝိသုဒ္ဓက အဖေ့ကို မေးပါ တယ်။

"ဒကာကြီး၊ ဒီကျွန်းပင်ကြီးကကြီး လိုက်တာ ဖျာတစ်ချပ်စာတောင်မက ဘူးဘဲ။ ဒီအပင်ကြီးက သူ့ဟာသူသေ နေတာလား"

"မဟုတ်ပါဘူး ဘုရား။ သစ်တော ဌာနက လာပြီးသင်းသတ်သွားတာ နှစ် အတော်ကြာပါပြီ ဘုရား"

"သင်းသတ်တယ်ဆိုတာ ဘာတုံး ဒကာကြီးရဲ့"

"ကျွန်းပင်တစ်ပင်ကို ခုတ်ဖို့စီမံ ကိန်းရှိပြီဆိုရင် အဲဒီအပင်ကို အရင်ဆုံး လာပြီး အောက်ခြေရစ်ပြီး သတ်လိုက် တာပါဘုရား၊ ပြီးမှ လှဲယူတာပါ ဘုရား"

"ဒီအပင်ကြီးကျတော့ သတ်ထား တာ ဒီလောက်ကြာတာတောင် ခုထိလာ မခုတ်သေးဘူးနော်"

"တင်ပါ့ဘုရား၊ ဒီအပင်ကြီးကို လှဲနိုင်တဲ့လွှ အခက်အခဲရှိပုံရပါတယ်။ မြင်တဲ့အတိုင်းပဲ နည်းတဲ့ အပင်ကြီး မဟုတ်ပါဘူး။ ဝါးပျံ့ပေါက်နေတဲ့ လက် တက်အကိုင်းတောင် လူနှစ်ဖက်လောက် ရှိပါတယ်"

"အေးဗျာ၊ သစ်ပင်ဒီလောက်ကြီး တာ ဒီကျမှမြင်ဖူးတော့တယ်။ ဒါထက် ဒီလောက်မြင့်တဲ့ဝါးရုံဆီ ကျုပ်တို့ ဘယ် လိုတက်ကြမှာတုံး"

"အလွယ်လေးပါဘုရား၊ အရှင်



www.burmeseclassic.com

www.burmeseclassic.com

ဘုရားတို့ အဲဒီကျွန်းပင်ကြီးရဲ့အရိပ်မှာ ခေတ္တသီတင်းသုံးပါ ဘုရား။ တပည့်တော် ဝါးလှေကားသွားခုတ်ပါဦးမယ် ဘုရား"

ဆိုပြီး တောင်ယာကွင်းအပြင်ဘက်က ဝါးတောကြီးထဲ ဝင်သွားပါတယ်။ ကျွန်တော်တို့ကတော့ ကြီးမားတဲ့ ကျွန်းပင်ကြီးရဲ့ ပင်စည်ရိပ်မှာ ထိုင်စောင့်နေကြတာပါ။ ဝါးခုတ်သံသဲ့သဲ့ ကြားရပြီး မကြာခင်မှာပဲ အဖေဟာ ဝါးတစ်လုံးထမ်းပြီး တောင်ယာထဲ ပြန်ဝင်လာပါတယ်။

ဝါးရဲ့ဘယ်၊ညာမှာရှိတဲ့ ဝါးတက်တွေကို တစ်ထွာကျော်ကျော်စီလောက် ဖြတ်တောက်ထားတဲ့ ဝါးလှေကားပါ။ ပြီးပြည့်စုံတဲ့ ဝါးတောကြီး တောင်ယာဘေးမှာရှိနေတော့ ဒီလိုဝါးလှေကားမျိုးကို အခက်အခဲမရှိ ရှာနိုင်ခြင်းပါ။

ဒီဝါးတောကြီးဟာ သက်ငယ်ပျစ်ဖို့ ဝါးဆံလိုတိုင်း လာခုတ်နေကျ ဝါးတောကြီးပါ။ သစ်ကြီးဝါးကြီးတွေနဲ့ မပျက်မစီးရှိနေပါသေးတယ်။ အဖေဟာ ဝါးလှေကားကို ကျွန်းပင်ကြီးမှာ အကျထောင်လိုက်ပါတယ်။

**ကြိုက်သလောက်ယူစေ**

အဖေဟာ ဝါးတက်လှေကားအတိုင်း ကျွမ်းကျင်စွာတက်သွားပြီး ဝါး (၃) ပင်လောက် ခုတ်ချပေးပါတယ်။ ဝါးရုံက လူတစ်ဖက်ကျော်ကျော်လောက်ရှိနေတဲ့ ဝါးရုံပါ။ ဝါးအမျိုးအစားအနေနဲ့တော့ ကျွန်တော်သိနေတဲ့ ဝါးတွေမှာ တောဝါးမျိုးလို့ထင်ပါတယ်။ ကြသောင်းဝါး၊ တင်းဝါး၊ မျှင်ဝါး၊ သိုက်ဝါး ဆိုတာတွေ မဟုတ်ပါဘူး။

"တော်ပြီလား ဦးပဥ္ဇင်းတို့"

"တော်ပြီ တော်ပြီ ဒကာကြီး၊ ဒါတွေတောင် ကုန်အောင်မယူနိုင်ပါဘူး။ အဆောင်လုပ်ဖို့ဆိုတော့ နည်းနည်းပဲ ယူမှာပါ"

ဆိုမှ အဖေ ဆင်းခဲ့ပါတယ်။ အဲဒီမှာ အဖေ့ရဲ့ဓားမကြီးနဲ့ စိတ်တိုင်းကျ ခုတ်ပိုင်းပြီးယူကြပါတယ်။ ကျွန်တော်ကတော့ လောဘမကြီးပါဘူး။ ခဲတံ၊ ကျောက်တံလောက် အရွယ်လေးတွေ ဖြတ်တောက်ယူပါတယ်။ ကိုင်းဖျားကိုင်းနားလေးတွေပါ။ လက်တစ်ဆုပ်စာလောက်ရတယ်ဆိုရင်ပဲ ကျေနပ်ပါပြီ။ ဆောင်မှာဆိုတော့ အဆောင် ဆိုတာ ခပ်သေးသေးပဲကောင်းတယ်လေ။

ဒါနဲ့ ကျွန်တော်တို့တွေ ဝါးပျံတွေ စိတ်တိုင်းကျယူပြီး အဖေနဲ့အတူ လယ်တောကြီးက ဘထွေးလေးအိမ်ကို ပြန်ခဲ့ကြပါတယ်။ ဘထွေးလေး ဦးပေါ်သစ်ဇနီး မသိန်းကြွယ်နဲ့ သမီးများဖြစ်တဲ့ မညိုတုတ်၊ မကျန်သိန်းတို့လည်း စုံစုံလင်လင် ရှိနေကြတဲ့အချိန်ပါ။

နံနက် (၁၁) နာရီမှာ ဦးပေါ်သစ်မိသားစုက တောထမင်းတောဟင်း ဆိုတာလို ရှိတာလေးနဲ့ နေ့ဆွမ်းဆက်ကပ်ပါတယ်။ ကျွန်တော်တို့က ဆုတွေပေးကြပါတယ်။

ကျွဲတွေ ဆိုတာ ဒီဝန်းကျင်မှာ နေနေကျမို့ သူတို့စားကျက်ရှိရာမှာ အေးအေးဆေးဆေး အစာစားလိုက်၊ ရေချိုးလိုက်နဲ့ နေကြတာပါ။

အဲဒီမှာ အစအနောက်သန်တဲ့ ဘထွေးလေးဟာ ကျွန်တော့်ခါးမှာ ခါးပန်းကြိုးနဲ့ ချိတ်ဆွဲလာတဲ့ သားရေအိတ်နဲ့ ဓားမြှောင်လေးကို မြင်သွားပါတယ်။ တောထဲလာလို့ဆောင်လာတဲ့ဓားမြှောင်ပါ။ ကလေးအရွယ်ဆိုတော့ ဘာရယ်မဟုတ်ပါဘူး။ မြင်းခြံနှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော်က ဝယ်ထားတဲ့ အလှဓားလေးပါ။ တန်ဖိုးမကြီးပါဘူး။

"ကိုရင့်ဓားပြပါဦး ကိုရင်ရဲ့၊ တောထဲလာလို့ ဆောင်လာတယ် ဆိုတော့ ဘယ်လောက်ထက်သလဲဆိုတာ ကြည့်ချင်လို့ပါ"

ဆိုပြီးတောင်းတော့ ဓားကို ဓားအိမ်ကချွတ်ပြီး ဘထွေးလေးလက်ထဲ ထည့်လိုက်ပါတယ်။ ဓားသွားကိုလက်နဲ့ စမ်းပြီး ဘထွေးလေးကရယ်နေပါတယ်။

"ကိုရင့်ဓားက သံနဲ့ လုပ်တာမှ ဟုတ်ရဲ့လား။ ထက်မှမထက်တာ"

ဆိုပြီး ပြန်ပေးပါတယ်။

ဘယ်ထက်မှာလဲဗျာ၊ ကလေးတွေ ကစားတဲ့အလှဓားသာသာပဲဥစ္စာ။ သွေးလည်း ထက်တဲ့အမျိုးမှ မဟုတ်တာ။ သံအညံ့စားတွေနဲ့ ဘုရားပွဲဈေးတွေအတွက် ရောင်းတန်းလုပ်ထားတဲ့ ဓားဆိုတော့ ဒီလောက်တော့ရှိမှာပေါ့လေ။

ဘထွေးလေးနဲ့ ဦးပဥ္ဇင်းတွေ ဒေသန္တရဗဟုသုတစကားတွေပြောကြဆိုကြနဲ့ပဲ ညနေစောင်းခဲ့ပါပြီ။ အဖေကတော့ ထမင်းစားပြီးကတည်းက ကျွဲတွေ ဆီလိုက်သွားခဲ့တာပါ။ လည်ပင်းမှာ ခလောက်ဆွဲထားတော့ ကျွဲတွေ ဘယ်ဆီမှာဆိုတာ ခလောက်သံကပြနေတာပါ။ အချက်ပြကိရိယာဆိုပါတော့။

နေအတော်အေးတာနဲ့ အဖေ ကျွဲတွေနဲ့ရောက်လာပြီး လှည်းကောက်ကာ ကျွန်တော်တို့ပြန်ခဲ့ကြပါတယ်။ ကိုယ်ရချင်တာလည်းရ၊ တောနက်တောင်နက်တွေထဲလည်း ရောက်ဖူးသွားတော့ကာ အပြန်မှာ စိတ်လက်ပေါ့ပါးပြီး ပျော်နေကြပါတယ်။

**ဝါးပျံအစွမ်းပြပြီလော**

ကျွန်တော်တို့ရဲ့ ဘုမိနက်သန် ပြန်ကပြေးက မှန်ကျောင်းတော်ကြီးတို ပြန်ရောက်တယ်ဆိုရင်ပဲ ဝါးပျံကို သေး သေးလေးပိုင်းပြီး ခါးပန်းသီးထဲမှာ ထည့်ပြီး ဆောင်ထားလိုက်ပါတယ်။ ဝါး ပျံဟာ ဘာစွမ်းသလဲဆိုတာတော့ ကျွန် တော်မသိပါဘူး။ သူ့ဟာသူစွမ်းချင်စ စွမ်းပါစေဆိုပြီး ထည့်ထားလိုက်ခြင်းပါ။ အရွယ်ကငယ်သေးတော့ ပြီးပြီးပျောက် ပျောက်သဘောပါပဲ။

ဒီလိုနဲ့ ကျွန်တော်တို့ ညီအစ်ကို နဲ့ ဧည့်သည် ဦးပဥ္ဇင်း (၂) ပါးကို အဒေ ညီ ဘထွေးကြီး ဦးထွန်းနဲ့ ဇနီး ဒေါ်ဖွား ရှင်တို့က ဆွမ်းစားပင့်တော့ သွားစား ကြပါတယ်။ ညောင်ပင်ကြီးစုရွာမှာပါ။

အဲဒီမှာ ဘထွေးကြီးက ကျွန် တော်တို့အပြန်မှာ ဆိတ်နံ့တုန်းရွာက သူ့ဇနီး ဒေါ်ဖွားရှင်ရဲ့ မိဘများဖြစ်တဲ့ ဦးအေးသောင်၊ ဒေါ်အေးဖြူတို့ အိမ်ကို လိုက်ပို့ပါတယ်။ သူ့ယောက္ခမများအိမ် ပါ။ ဦးအေးသောင်၊ ဒေါ်အေးဖြူတို့ဟာ သရက်တောကျောင်းရဲ့ ကျောင်းဒကာ များ ဖြစ်ကြပါတယ်။

အိမ်ဟာ ဆိတ်နံ့တုန်းရွာရဲ့ အနောက်စွန်းဆရာတော်ကြီးကျောင်း နဲ့နီးပါတယ်။ ဘထွေးကြီးက ခွေးကြ ကြဦးနော်လို့ သတိပေးတော့ ရပါတယ် ခွေးက မကိုက်ပါဘူးလို့ ပြောပါတယ်။ ခွေးက အိမ်ပေါ်အတက် လှေကားခုံ အောက်မှာအိပ်နေတာပါ။

ပထမဆုံး ဦးဝိသုဒ္ဓ၊ ဒုတိယ ဦးသောပါက၊ တတိယ ရှင်သု စတုတ္ထရှင် ကောလာသ (ကျွန်တော်) ဘထွေးကြီးတို့ တန်းစီပြီး အိမ်ပေါ် တက်တယ်ဆိုရင်ပဲ အစ်ကိုကြီး ရှင်သု အိမ်ပေါ်တက်ဖို့ခြေအကြွမှာပဲ ခွေး ရုတ်တရက် ခြေသလုံးကို လှမ်းကိုက် လိုက်ပါတယ်။ ခြေချင်းဝတ်ပေါ် သွားတာပါ။ အဲဒီမှာ ရုတ်ရုတ်သဲသဲ ပြီး ခွေးလည်း ထွက်ပြေးသွားပါတော့ တယ်။ အိမ်ရှင်တွေလည်း မျက်နှာပျက် ဆေးထည့်၊ ပတ်တီးစည်းနဲ့ အလုပ်ရှုပ် ကုန်ပါတယ်။ နောက်ပြီး ဦးအေးသောင် တို့က ဘိလပ်ရည်ကပ်ကာ စကားစမြည် ပြောပြီးပြန်ခဲ့ကြပါတယ်။

"သုမန၊ မင်းကိုမှ ခွေးကရွေး ကိုက်တာအံ့ဩစရာပဲ။ ငါတို့တက်တော့ အဲဒီခွေးက လှေကားခုံအောက်က နေတာကွ။ မင်းဆိုတဲ့ကောင် ဝါး မဆောင်ခဲ့ဘူးထင်တယ်"

"မဆောင်ခဲ့ဘူးဘုရား"



www.burmeseclassic.com

www.burmeseclassic.com

"မင်း အတော်ခက်တဲ့ အကောင်ပဲ။ အဆောင်ရမှတော့ ဆောင်ထားပေါ့ကွာ၊ ဘာလေးတာမှတ်လို့။ မင်းတို့၊ ငါတို့ဆိုတာက လောကုတ္တရာဘောင်လို့ဘာ လူတွေကဆိုကြတာ အမှန်တော့ မင်းတို့ငါတို့ဟာ လောကီဘောင်ထဲမှာ ရှိသေးတာကွ။ တစ်မင်္ဂတစ်ဖိုလ်ရကြသေးတာ မဟုတ်ဘူး။ ဒီတော့ လောကီရဲ့ အဆောင်လေးတွေ ရှိထားတော့လည်း မမှားဘူးပေါ့ကွာ။ အခုပဲကြည့်၊ မြွေက အဆောင်မပါတဲ့ မင်းကိုဘဲ မြွေကိုက်တာ။ ကိုက်ချင်းကိုက်ရင် အရင်ဆက်တဲ့ ငါတို့ကိုကိုက်ရမှာ။ မင်းကို မြွေကိုက်တယ်ဆိုတော့ ငါ့အထင်တော့ ဝါးပျံ့အစွမ်းပြတယ်ထင်တာပဲ"

လို့ သူ့အထင်ကိုပြောပြပါတယ်။

ဝါးပျံ့အဆောင်ကများ တကယ်စွမ်းလေသလားဆိုတဲ့အတွေး ကျွန်တော့်ဆီဝင်နေခဲ့ဖူးပါတယ်။

အညာသား ဦးပဉ္စင်းတွေ ဝါးပျံ့တွေ တစ်ပွေ့တစ်ပိုက်နဲ့ သိပ်မကြာမီမှာပဲ အညာကိုပြန်ကုန်ကြလေရဲ့။ ကျွန်တော်ကတော့ အဲဒီဝါးပျံ့တွေ မြင်းခြံယူသွားပြီး ကြုံတဲ့၊ ရချင်တဲ့ ဦးပဉ္စင်း၊ ကိုရင်တွေကို ဝေပေးပစ်လိုက်ပါတယ်။

အနည်းငယ်ကျန်တဲ့ ဝါးပျံ့တွေလည်း ဟိုရောက်ဒီရောက် ခြေထောက်တွေပေါက်နေတဲ့ကျွန်တော်ဟာ ဘယ်မှာကျန်ခဲ့မှန်းတောင် မသိတော့ပါဘူး။

**နတ်ဖွက်တဲ့ဝါးပျံ့ပင်**

တစ်ခါက ဂမ္ဘီရဝါသနာပါတဲ့ လူတစ်ဦးနဲ့ စကားလက်ဆုံကျဖူးပါတယ်။ သူက ကျပ်ပြင်ကပါ။ ဝါးပျံ့နဲ့ ပတ်သက်တဲ့အကြောင်းအရာလည်း ပါလာတာမို့ ကျွန်တော် မှတ်သားမိလိုက်ပါတယ်။

"ကျွန်တော်တို့ နောင်ဟွယ်ဘက်မှာရှိတဲ့ နမ့်ဆီတာကွက်သစ်ပေါ် တော့ အများနည်းတူ သွားလုပ်ကြတာပေါ့ဗျာ။ အဲဒီမှာ အချို့က လမ်းရိုးအတိုင်းသွားရင်ကြာတယ်ဆိုပြီး တောထဲကနေဖြတ်သွားတဲ့အခါ လမ်းတာတိုတာတွေ့ရတော့ အဲဒီဖြတ်လမ်းက ခေတ်စားပြီး အသွားများလာပါတယ်။ လူသွားလမ်းကြောင်းလေးပေါက်လာတာပေါ့ဗျာ။ ရွာစဉ်ကလည်းကျဲ၊ လူနေကလည်းနည်းတော့ကာ အဲဒီသစ်တောကြီးတွေဟာ ခုတ်လှဲသူမရှိဘဲ ပကတိ တောကြီးအတိုင်းရှိနေပါသေးတယ်။ ဒါဆိုရင် ဒီသဘာဝတောကြီးထဲမှာ ဝါးပျံ့ ရှိနိုင်တယ်ဆိုပြီး ကျွန်တော်ဟာ အမြဲတမ်း သစ်ပင်ကြီးတွေပေါ် မော့ကြည့်တတ်တယ်။ အပင်ကြီးတွေကလည်း များမှများပါပဲ။

ဒါနဲ့ တစ်နေ့မှာ ကျွန်တော်တို့အဖွဲ့ ကျပ်ပြင်က ရိက္ခာတွေနဲ့ပြန်အလာမှာ အဲဒီတောကြီးကိုဖြတ်တော့ ထုံးစံအတိုင်း ဟိုမော့ဒီမော့နဲ့ကြည့်ရင်း ဖြောင့်စင်းပြီး မြင့်မားတဲ့သစ်ပင်ကြီးရဲ့ အထက်ခွကြားမှာ ဝါးပျံ့ရုံတစ်ရုံကို လှမ်းမြင်ရတာပါပဲ။ အဲဒီမှာ ကျွန်တော်က ဝမ်းသာအားရ -

'ဟော့ကောင်တွေ၊ ဟိုအပင်ကြီးရဲ့ ခွကြားပေါ်မှာ မြင်လား အဲဒါ ဝါးပျံ့ကွ။ ငါပြောပြောနေတဲ့ ဝါးပျံ့ပဲ။ ငါတို့ ဝါးငြမ်းဆင်ပြီး တက်ယူကြစို့လား" '

လို့ တိုင်ပင်ပါတယ်။ အဲဒီမှာ အဖွဲ့တွေက ဘာပြောလဲဆိုတော့ -

'တို့ကအသွားဆိုတော့ မယူသေးဘူး၊ ကျပ်ပြင်ပြန်မှ တက်ယူကြမယ်။ ဒီနေရာနဲ့ ဒီအပင်ကို မှတ်မိအောင် ဓားထစ်ပြီးမှတ်ထားလိုက်ရင် ပြီးတာပဲ'

လို့ ပြောကြပါတယ်။ အများနဲ့တစ်ယောက်ပဲဗျာ။ 'သံဃာအား ဘုရားမလွန်သာ' ဆိုသလိုပေါ့။ အများရဲ့ဆန္ဒကို လွန်လို့ဘယ်ရမှာလဲ၊ မြတ်စွာဘုရားတောင်မှ အများအားကို မဆန့်ကျင်ဘူးလေ။

ဒါနဲ့ ကျွန်တော်လည်း အတော်စိတ်မကောင်းဖြစ်သွားပြီး အဲဒီဖြောင့်စင်းပြီး မတ်စောက်နေတဲ့ အပင်ကြီးကို ဓားနဲ့ ကြက်ခြေခတ်ခုတ်ပြီး မှတ်သားထားလိုက်ပါတယ်။ ပြီးတော့ ဝန်းကျင်မှာရှိတဲ့အပင်ကြီးတွေကိုလည်း နေရာမမေ့အောင် ဓားထစ်ပြီး အမှတ်အသားလုပ်ထားခဲ့ပါတယ်။

အပင်ကြီးဟာ လူ (၃) ဦးဖက်လောက်နီးနီးကြီးပြီး ဒီအတိုင်းတက်ဖို့ဆိုတာ သစ်ပင်ကို မဖက်နိုင်တာနဲ့ကို မဖြစ်နိုင်ဘူး။ ဝါးခုတ်၊ ဝါးငြမ်းဆင်ပြီး တက်မှရမယ့်အပင်မျိုးပါ။ ကျွန်တော့်စိတ်ကတော့ အဲဒီဝါးပျံ့ပင်ကို အတော်စွဲနေသလို ကျွန်တော်တို့အဖွဲ့တွေကိုလည်း မက်လောက်အောင် ပြောထားတာမို့ သူတို့လည်း ရချင်တဲ့ဆန္ဒတွေရှိနေကြတယ်။ အဆောင်ကောင်းဆိုရင် ဘယ်သူမဆို ရချင်တာပေါ့ဗျာ။

ဒီလိုနဲ့ ကျွန်တော်တို့တစ်တွေ ရိက္ခာကုန်လို့ ကျပ်ပြင်ပြန်အတက်မှာတော့ အဲဒီဝါးပျံ့ကို မရရအောင်ယူကြမယ်လို့ ဆန္ဒပြုပြီးလာကြပေမယ့် ထူးဆန်းလိုက်ပုံ ပြောပါတယ်။ အဲဒီဝါးပျံ့ရုံကြီး လုံးဝမရှိတော့ဘူးဗျာ။

အပင်ကြီးမှာ ကြက်ခြေခတ် အမှတ်အသားကလည်း အထင်အရှား ရှိနေပါတယ်။ ကျွန်တော်တို့အားလုံး မော့ကြည့်ပြီး အံ့အားတကြီးဖြစ်နေကြတာပေါ့။

လူတွေတက်ခုတ်သွားရင်လည်း အငုတ်တော့ ကျန်ရဦးမယ်။ ခုတော့ အရင်က အဲဒီအပင်ကြီးရဲ့ခွကြားမှာ ဝါးရုံတစ်ရုံရှိခဲ့တယ်ဆိုရင်တောင် ဒီကောင်ရှူးလို့ပြောတာလို့ သတ်မှတ်ကြမယ့် အခြေအနေပါ။ ဘာဆိုဘာမှမရှိတော့ပါဘူး။

ကျွန်တော့်အထင်တော့ ဒီဝါးပျံ့ပင်ဟာ သိဒ္ဓိရှိနေတဲ့ နတ်ဖွက်သစ်ပင်ဖြစ်သွားပါပြီ။ ပထမတစ်ခါတွေ့တုန်းကသာ အဲဒီဝါးပျံ့ပင်ကို ရအောင်ယူခဲ့ရင် ကျွန်တော်ထင်တယ်။ ကျွန်တော်တို့တွေ အဲဒီဝါးပျံ့အစွမ်းနဲ့ ကိုယ်တောင်ပျောက်မယ်လို့ ထင်ပါတယ်။

အခွင့်အရေး ဆိုတာ နှစ်ခါမရပါဘူး။ တစ်ခါပဲပေးတာပါ။ အဲဒီအခွင့်အရေးကို မယူနိုင်ဘူး ဆိုရင်တော့ တစ်သက်လုံး အဲဒီအခွင့်အရေးမျိုး မလာတော့ပါဘူး။

ကျွန်တော်ဆိုရင် ကျွန်တော့်အဖွဲ့တွေကို တဗျစ်တောက်တောက်နဲ့ကို ပြောနေမိတာပါ။ အဲဒီအဖြစ်ဟာ အားလုံးစိတ်မကောင်းစရာကြုံခဲ့ရတာပါပဲ။

နောင်များ အဲဒီဝါးပျံ့ရုံ ပြန်ပေါ်ဦးမလားဆိုပြီး အဲဒီနားရောက်တိုင်း မော့မော့ကြည့်မိပါတယ်။ လုံးဝပေါ်မလာတော့ပါဘူး။ အဲဒီဝါးရုံဟာ ဘယ်သစ်ပင်ခွကြားကို ရွှေ့ပြောင်းပျံသန်းသွားတယ် မသိတော့ပါဘူးဗျာ"

လို့ ပြောပြပါတယ်။

မှတ်မှတ်ရရ အဲဒီလူက ကျွန်တော်မိုးကြိုးသွားတွေဝယ်တယ်ဆိုတဲ့ သတင်းကြားလို့ မိုးကြိုးသွားလာရောင်းတာပါ။ သူ့မှာက ကျောက်မိုးကြိုးသွားခေါ် ကျောက်ခေတ် လက်နက်ကြီး,ငယ်တွေ အတော်များများပါလာပါတယ်၊ ရောင်စုံပါ။ ကျွန်တော့်မှာရှိတဲ့ မိုးကြိုးသွားတွေကို နိုင်ငံတော်ကိုလှူပြီးကြောင်း၊ နောက်ထပ် မစုဆောင်းတော့ကြောင်း ပြောလိုက်ရပါတယ်။

မိုးကြိုးသွားတွေမှာ အလွန် စွမ်းတဲ့ ကြေးမိုးကြိုးသွားအကြောင်း၊ ဟိုအဆောင်ဒီအဆောင်အကြောင်းကနေ ဝါးပျံ့ကိစ္စရောက်သွားခြင်းပါ။

ဝါးပျံ့ ဆိုတာ အမှန်တကယ်ရှိပါတယ်။ဆောင်သင့်တဲ့အရာဆိုတာ ဘယ်မှာပဲတွေ့တွေ့ အခွင့်အရေးရတုန်း ယူထားနိုင်မှ ကိုယ့်တွက်ရမယ် ဆိုတာကတော့ အဲဒီပုဂ္ဂိုလ်ပြောပြမှ ပိုပြီးသဘောပေါက်ရပါတယ်။

*ချမ်းမြေ့ကြပါစေ*

ရွှေပြည်စိုး (မိုးကုတ်)



www.burmeseclassic.com

www.burmeseclassic.com

ဦးမောင် ဆိုလျှင် သည်ခမောက်စုရွာကြီးတွင် မသိသူ မရှိ။ မည်သည့်အတွက်ကြောင့်နည်း။ သည်ရွာတွင် နာရေးကိစ္စတစ်ခုခုဖြစ်ပြီဆိုလျှင် ဦးမောင်ကိုလာခေါ်ရသည်။ သေဆုံးသည့် အသုဘအလောင်းကောင်အား ရွာထုံးစံ ရပ်ထုံးစံအရ သုံးရက် သို့မဟုတ် ငါးရက်ထားပြီးမှ သုသာန်သို့ပို့ဆောင်၍ အုတ်ဂူသွင်း၊ မီးသင်္ဂြိုဟ်၊ မြေမြှုပ် စသည့် အသုဘရှင်၏ဆန္ဒအရ ပြုလုပ်ကြမြဲပင်။ ထို့ကြောင့် သေဆုံးသူ အသုဘအလောင်းကောင်အား လူအများအမြင်ကောင်းစေရန်အတွက် အခေါင်းသွင်း၍ 'လိုက်' ဆင်ပြီး အသုဘအိမ်ရှေ့တွင် ပြင်ဆင်ထားကြလေ၏။

'လိုက်' ဆင်သည် ဆိုသည်မှာ အသုဘအခေါင်းအား အသုဘမချမီ တင်ထားပြီး ညဘက်တွင် မီး (လျှပ်စစ်မီး) ထွန်းညှိ၍ အသုဘချသည့်အခါ အသုဘအခေါင်းအား ထမ်းယူနိုင်ရန်အတွက် ပြုလုပ်ပြင်ဆင်ထားသော အလောင်းစင်အား ခေါ်သည်။ ဝါးပိုးဝါးလေးတိုင်စင်တွင် အပေါက်ဖောက်၍ ဝါးယား (ဝယား) လုံးများ လျှိုကာ အထက်ဘေးဘယ်ညာတွင် ပိတ်ပါး (စီကေ/တက်ထရွန်) အဖြူ (သို့) ပန်းရောင်ဖြင့် အလှဆင်ခြင်း ဖြစ်သည်။

ထိုအလုပ်များကို လုပ်ကိုင်ရန်အတွက် ဦးမောင်ကို ခေါ်ရသည်။ ဦးမောင်ကလည်း ထိုအလုပ်များကို ကျွမ်းကျင်၏။ ဝါးပိုးဝါးကို အရှည် ဘယ်လောက်၊ အပေါက်ဘယ်နေရာဖောက်ပြီး ဝါးယား (ဝယား) ကို အရှည်ဘယ်လောက်ဖြတ်ရမည် စသည်တို့အား အလွတ်ရပြီး ထိုအလုပ်အား ကျွမ်းကျင်ပြီးသား။ လုပ်ခငွေကြေးမရပါ၊ စေတနာဖြင့်လုပ်ပေးခြင်းသာ ဖြစ်၏။ ၎င်းအသုဘအား မီးသင်္ဂြိုဟ်မည်ဆိုလျှင်လည်း ဦးမောင်က ခေါင်းဆောင်ပြီး အလောင်းကောင်ပြာကျသည်အထိ သချိုင်းတွင်လုပ်ဆောင်ရမည့်အလုပ်မှန်သမျှ အကုန်လုပ်သည်။ အသုဘအလောင်းအား မီးသင်္ဂြိုဟ်ရသည့်အလုပ်ဆိုသည်ကလည်း အပြောလွယ်ကူသလောက် လုပ်ရကိုင်ရသည်မှာ မလွယ်ပါပေ။ မီးသင်္ဂြိုဟ်ရာတွင် အလောင်းကောင်မှာ လွယ်လွယ်ကူကူ မီးလောင်ပြာကျသွားသည် မဟုတ်ပါ။ မြို့ကြီးပြကြီးများတွင်ရှိသည့် မီးသင်္ဂြိုဟ်စက်ကြီးများကဲ့သို့ အသုဘအလောင်းကောင်အား အခေါင်းနှင့်အတူ သံခုတင်လှည်းပေါ်တင်ပြီး စက်အတွင်းသွင်းလိုက်ကာ ခလုတ်နှိပ်လိုက်ရုံနှင့် (၁၀) မိနစ်အတွင်း ပြာကျ သွားရသည်မဟုတ်ချေ။ တချို့ တချို့သော အလောင်းကောင်များမှာ မီးမလောင် ပြာမကျဘဲကျန်နေသော ကိုယ်အင်္ဂါအစိတ်အပိုင်းများ ရှိတတ်လေသည်။ ထိုကဲ့သို့ မီးမလောင်၊ ပြာမကျသည့် ကိုယ်အင်္ဂါအစိတ်အပိုင်းများအား ဓားဖြင့် နုပ်နုပ်စဉ်းပြီး ခေါက်ဆီ၊ ဒီဇယ်ဆီ စသည့် မီးလောင်စေသည့်ဆီများဖျန်းပြီး ပြာကျအောင်မီးရှို့ရသည်မှာ မလွယ်ကူပါချေ။ လူသေကောင်အား ကိုင်တွယ်ပြီး စိတ်ရှည်ရှည်ဖြင့် လုပ်ဆောင်ရသည့်အလုပ်ဖြစ်၏။ အလောင်းကောင် ပြာကျသည်အထိ လုပ်ကိုင်ရသည်မှာ (၂) နာရီခွဲ (၃) နာရီခန့် ကြာတတ်လေ၏။ မည်မျှလောက်ပင် မီးမလောင် ပြာမကျသည့် မသာကောင် ဖြစ်ပါစေ ဦးမောင်နှင့်တွေ့လျှင်စိတ်ချ၊ ပြာကျစေရမည်။ အခကြေးငွေမပေးရပါ၊ စေတနာသန့်သန့်ဖြင့် ကူညီလုပ်ကိုင်ပေးခြင်းသာ ဖြစ်သည်။ သို့သော် တစ်ခုတော့ပေးရသည့် အရက်ဖြစ်၏။ ဦးမောင်ကိုပေးရသည့် အရက်ကလည်း ပါကင်ပိတ်ပုလင်းများဖြစ်သည့် ဝီစကီ၊ ရမ်၊ ဘရန်ဒီများ မဟုတ်ပါ။ ချက်အရက် (တောအရက်ဟုလည်းခေါ်သည်။) တစ်ဂါလန်ပေးရသည်။ ထိုချက်အရက် တစ်ဂါလန်အား ဦးမောင်တစ်ယောက်တည်း သောက်သည် မဟုတ်ပါချေ၊ သူနှင့်အတူလုပ်ကိုင်ကြသော လူငယ် (၄)၊ (၅)ယောက်နှင့်အတူ သောက်ခြင်းသာ ဖြစ်လေသည်။

ဤကဲ့သို့ စေတနာ နာရေးကူညီ





www.burmeseclassic.com

www.burmeseclassic.com

နှုတ်ကို လုပ်ကိုင်ပေးသော ဦးမောင်အား တစ်ရွာလုံးက ခင်မင်ကြ၊ ချစ်ကြလေ၏။ ဦးမောင်မှာ ကိုယ်ခန္ဓာတုတ်ခိုင်ပြီး အရပ်မှာ (၅) ပေ၊ (၁၀) လက်မခန့်မြင့်သည်။ အသက် (၆၂) နှစ်ခန့်ရှိပြီ ဖြစ်သော်လည်း သန်မာဖျတ်လတ်နေဆဲပင်။ ဤသို့ အလောင်းကောင်းများအား ကိုင်တွယ်လုပ်ကိုင်ပေးနေသော ဦးမောင်မှာ သရဲ၊တစ္ဆေများ၊ နာနာဘာဝများဆိုလျှင်လည်း ကြောက်ရကောင်းမှန်းမသိချေ။ ညသည့်အချိန်၊ မည်သည့်နေရာကိုမဆို အဖော်မပါ တစ်ယောက်တည်းသွားလာသည်။ (သူ့အသက် ၅၆ နှစ်အရွယ်ရောက်သည့်အချိန်ထိ တစ်ကြိမ်တစ်ခါမှ ခြောက်လှန့်ခံရဖူးခြင်း မရှိသေးချေ။) စကားဝိုင်းများတွင် ဆုံကြပြီး သရဲ၊တစ္ဆေ အကြောင်း မေးကြည့်သည့်အခါ-

"သရဲတို့၊ တစ္ဆေတို့ဆိုတာတွေကို ငါ့အသက် (၅၆) နှစ်အရွယ်ထိ တစ်ခါမှ မတွေ့မကြုံဖူးသေးပါဘူးကွာ။ မင်းတို့ ပြောပြောနေကြတဲ့ သရဲ၊ တစ္ဆေဆိုတဲ့ အကောင်တွေကလည်း သူတို့ကို ကြောက်တဲ့သူတွေကိုပဲ ခြောက်တတ်ကြတယ်နဲ့ တူပါတယ်ကွာ"

"ဒီလိုဆိုရင် ဦးမောင် သရဲ၊ တစ္ဆေကို မကြောက်ဘူးလား"

"မတွေ့ဘူး၊ မမြင်ဘူးတဲ့အကောင်ကို ဘာဖြစ်လို့ ကြောက်ရမှာလဲကွာ။ တွေ့ဖူး၊ မြင်ဖူးလို့ ကြောက်တယ်ဆိုရင်လည်း ဟုတ်သေးတယ်"

"ဦးမောင်- အခု အသက် ဘယ်လောက်ရှိပြီလဲ"

"အင်း- ငါ့အသက်က အခု (၆၂) နှစ်ရှိပြီကွ။ အဲ- နေဦး၊ ငါမှတ်မိပြီ။ သရဲလား၊ တစ္ဆေလားတော့ မသိဘူး၊ တစ်ခါကြုံဖူးတယ်။ မကြောက်ပါဘူးဆိုတဲ့ငါ၊ အဲဒီအချိန်မှာတော့ နည်းနည်းလန့်သွားဖူးတယ်ကွ"

"လုပ်ပြီ၊ ဦးမောင်ကတော့ ခုနက မတွေ့ဘူး၊ မကြုံဖူးဘူးဆိုပြီး အခု ကြုံဖူးတယ်ဖြစ်ပြန်ပြီ။ ဘယ်နေရာမှာ ဘယ်လိုကြုံရတာလဲ ပြောပြစမ်းပါဦး"

စကားဝိုင်းတွင် ရှိကြသူများက ဦးမောင်ပြောပြမည့် သူကြုံဆုံခဲ့ရသော အဖြစ်အပျက်အား နားစိုက်နေကြလေ၏။

"ဒီလိုကွ. . ."

⭘

ခမောက်စုရွာနှင့် အနီးဝတ်ဝန်းကျင်ရွာများတွင် နေထိုင်ကြသော ရွာသားအများစုမှာ လယ်လုပ်သူနှင့်ခြံလုပ်သူများသာ များလေ၏။ ခမောက်စုရွာဆိုသည်က ဧရာဝတီတိုင်းဒေသကြီး



ပင်းမြင့်နိုင်(ဘူးသီးတောင်)

သရဲမကြောက်သော ဦးမောင်



www.burmeseclassic.com

www.burmeseclassic.com

လေးမျက်နှာမြို့နယ်အတွင်းရှိပြီး ရွာအရှေ့ဘက်တွင် ဒဂီးချောင်းက တောင်နှင့်မြောက်သွယ်တန်းစီးဆင်းနေပြီး ချောင်း၏အရှေ့ဘက်ခြမ်းမှာ ဟသ်ာတမြို့နယ်ဖြစ်၍ မြို့နယ်ခြားမျဉ်းသဖွယ်ဖြစ်နေသောချောင်း ဖြစ်၏။ ချောင်းအရှေ့ဘက်ကမ်း၌ ကျောင်းကုန်းရွာ၊ အုတ်ရှစ်ကုန်းရွာ၊ ဇီးကုန်းရွာများ ရှိကြသည်။ ခမောက်စုရွာနှင့် ၎င်းရွာများသွားလာရန်အတွက် ဒဂီးချောင်းအား ရွာသားများ၏လုပ်အားဖြင့် သစ်သားချောင်းကူးတံတား (လူကူးတံတား) ငယ် ဆောက်လုပ်ထားပြီး ကူးသန်းသွားလာကြလေ၏။ (ယခု- သစ်သားဘေလီတံတားကား၊ လှည်းသွားလာ၍ရသော တံတားတည်ဆောက်ထားပြီး ဖြစ်ပါသည်။) ရွာသူရွာသားများ ခြံစိုက်သည်ဆိုသည်မှာ ငှက်ပျောခြံ၊ ကွမ်းခြံနှင့် ခရမ်းသီး၊ ကြက်ဟင်းခါးသီးများအပြင် ကလော (ကလောပီနံ) ခြံများ အများအပြား စိုက်ပျိုးကြ၏။ ကလော (ကလောပီနံ) မှာ ယနေ့ဈေးကွက်တွင် ရောင်းအားအလွန်ကောင်းသော ဒေသထွက်ကုန်တစ်ခုဖြစ်နေချေပြီ။ ထိုကလော (ကလောပီနံ) အပင်အား ကဆုန်၊ နယုန်လများတွင် မြေကြီးကိုပြုပြင်၍ နှစ်ပေအမြင့်ရှိ မြေကြီးပုံများပြုလုပ်ပြီး ကလော (ကလောပီနံ) အပင် တစ်ပေခန့် အရှည်ဖြတ်ပြီး မြေကြီးတစ်ပုံလျှင် နှစ်ပင်ကျ စိုက်ရ၏။ မိုးတွင်းအချိန်တွင် မြေသြဇာသုံးကြိမ်ကျွေးရပြီး ပေါင်းမြက် သုံးကြိမ်ခုတ်ရှင်းရသည်။ နတ်တော်- ပြာသိုလရောက်လျှင် ၎င်းကလော (ကလောပီနံ) အပင်များစိုက်ထားသောမြေပုံကို တူးယူ၍ ကလောဥ (ကလောပီနံ) ဥအား တူးယူပြီး အခွံချွတ်၍ စက်ဖြင့် အမှုန့်ကြိတ်ရသည်။ ကြိတ်၍ရလာသော ကလော (ကလောပီနံ)အမှုန့်မှာ အကြမ်းနှင့်ရှယ်ဟူ၍ နှစ်မျိုးနှစ်စားရသည်။ အမှုန့်မဖြစ်ဘဲ ကျန်သောကြိတ်ဖတ်များအား အလုံးများပြု၍ အခြောက်ခံထားပြီး ကြက်စာ၊ ငါးစာအဖြစ် ပြုလုပ်သူများက ဝယ်ယူကြပြန်၏။ ကလော (ကလောပီနံ) အမှုန့်များကို သာကူ၊ မုန့်မျိုးစုံနှင့် တချို့သောပစ္စည်းများတွင် အရောအနှော လုပ်ကြသည်။

ယခု ဦးမောင်သည် ခမောက်စုရွာအရှေ့ဘက်ကမ်းရှိ အုတ်ရှစ်ကုန်းရွာ ကလော (ကလောပီနံ) မှုန့်ကြိတ်စက်တွင် စက်ကိုင်အလုပ်ကို လုပ်ကိုင်နေ၏။ ထို့အတွက်ကြောင့် အုတ်ရှစ်ကုန်းရွာရှိ ကလော (ကလောပီနံ) စက်တွင် နေ့ရောညပါ နေရလေ၏။

တပို့တွဲလ၏ တစ်ရက်သော ညနေခင်းတွင် ဦးမောင်၏ယောက်ဖတော်သူ ကိုသန်းအောင်သည် ကလော (ကလောပီနံ) စက်သို့ ရောက်ရှိလာပြီး-

"ယောက်ဖရေ ဒီနေ့ည မရမ်းအိုင်ရွာ ဘုရားပွဲရှိတယ်ကွ။ ဘုရားပွဲမှာ ရုပ်ရှင်လည်းပြမယ်၊ အာဝါဒေးလည်းပါတယ်တဲ့။ ဒါကြောင့် မင်းကို လာခေါ်တာ"

"အခု လိုက်လို့မဖြစ်သေးဘူးကွ။ ဒီကလော (ကလောပီနံ) အခွံခြစ်ပြီးသားကုန်မှ လိုက်လို့ရမှာ။ မင်းသွားနှင့်ကွာ၊ ဒီလက်ကျန်ကလေးကြိတ်ပြီးမှ ငါလိုက်လာခဲ့မယ်။ ငါ ထမင်းမစားဘဲ လာမှာနော်၊ ပွဲခင်းထဲရောက်မှပဲ စားမယ်"

"အေးပါကွာ၊ မင်းအလုပ်ပြီးတာနဲ့ လိုက်ခဲ့ပေတော့။ ငါလည်း မင်းနဲ့ ထမင်းအတူတူစားမယ်။ ကဲ- ငါသွားပြီ"

ဦးမောင်၏ ယောက်ဖတော်သူ ဦးသန်းအောင်သည် ဦးမောင် အလုပ်လုပ်သော အုတ်ရှစ်ကုန်းရွာရှိ ကလော (ကလောပီနံ)အမှုန့်ကြိတ်စက်သို့ရောက်ရှိလာပြီး မရမ်းအိုင်ရွာ ဘုရားပွဲသို့သွားရန် လာခေါ်ခြင်းဖြစ်၏။ ဦးမောင်မှ လုပ်လက်စအလုပ် မပြီးသေးသဖြင့် မလိုက်နိုင်သေးကြောင်း၊ အလုပ်လက်ကျန်များပြီးမှ လိုက်လာခဲ့မည့်အကြောင်း ပြောသဖြင့် ဦးသန်းအောင် ပြန်သွားလေ၏။ ဦးမောင်လည်း လက်ကျန် ကလောများအား အမှုန့်ကြိတ်ပြီးသည့်အချိန်မှာ ည (၉) နာရီခန့်ရှိပြီ ဖြစ်သည်။ အလုပ်ပြီးသည်နှင့် ရေချိုး၊ အဝတ်အစားများလဲလှယ်ဝတ်ဆင်ပြီး လွယ်အိတ်ထဲ လောက်လေးခွနှင့် လောက်စာလုံး (၅၀) ခန့်၊ (၈) လက်မခန့်ရှိ ဓားမြှောင်တစ်ချောင်းထည့်ပြီး သုံးခဲထိုးလက်နှိပ်ဓာတ်မီး လက်မှာကိုင်၍ မရမ်းအိုင်ဘုရားပွဲသို့ ထွက်လာခဲ့လေ၏။

အုတ်ရှစ်ကုန်းရွာမှထွက်လာခဲ့ပြီး လယ်ကွက် နှစ်ကွက်သာ ခြားသော ကျောင်းကုန်းရွာ၊ ထိုကျောင်းကုန်းရွာနှင့် ခမောက်စုရွာမှာ တစ်မိုင်ခွဲသာသာဝေးကွာလေသည်။ ဒဂီးချောင်းရှိ ချောင်းကူးသစ်သားတံတားသို့ ရောက်ရှိပြီး လက်တွင်းရှိ ဓာတ်မီးဖြင့် ထိုးကြည့်ရာ လူနှစ်ယောက်ကို မြင်လိုက်ရ၏။ တံတားတစ်ဖက်ထိပ်မှ တရွေ့ရွေ့လျှောက်လာကြသူနှစ်ယောက်နှင့် ဦးမောင်တို့ တံတားတစ်ဖက်ထိပ်တွင် ဆုံတွေ့ကြရာ ကျောင်းကုန်းရွာသားဖြစ်သော မောင်သိန်းနှင့် ဝေလင်းတို့ဖြစ်၏။ ခမောက်စုရွာမှ ပြန်လာကြခြင်းဖြစ်ကြောင်း ပြောကြပြီး သူတို့ရွာဘက်သို့ ဆက်သွားကြလေ၏။ ဦးမောင်မှာလည်း ဆက်လက်လျှောက်သွားရာ ခမောက်စုရွာသို့ ရောက်လာလေသည်။ ဦးမောင်၏အိမ်မှာ ခမောက်စုရွာမှ ကျောင်းကုန်း-အုတ်ရှစ်ကုန်းသို့သွားသည့် လမ်းဘေး ရွာအစပ်တွင် ရှိလေ၏။ ဦးမောင်အိမ်နှင့် ဒဂီးတံတားမှာ ကိုက် (၄၀၀)ခန့် ကွာဝေးပြီး တံတားနှင့်အိမ်ကြားတွင် ကုလားသချိုင်း ရှိလေ၏။

ဦးမောင်သည် မိမိအိမ်သို့ မဝင်တော့ဘဲ မရမ်းအိုင်ရွာသို့ ဆက်ထွက်လာခဲ့လေ၏။ ခမောက်စုရွာမှ မီးရထားလမ်းအတိုင်း လျှောက်သွားရပြီး (၃) မိုင်ခန့် ဝေး၏။ ရထားလမ်း၏ယာဘက် လယ်ကွင်းပြင်အတွင်း ရှိသောကြောင့် တစ်နာရီခန့် လျှောက်လှမ်းသွားရသော ခရီးအကွာအဝေး ဖြစ်၏။

ဦးမောင် ပွဲခင်းအတွင်းရောက်ရှိပြီး စားသောက်ဆိုင်များရှိရာ ဆိုင်တန်းများဘက်သို့လျှောက်သွားရာ ယောက်ဖတော်သူ ဦးသန်းအောင်ကို တွေ့ရလေလျှင်-

"ယောက်ဖ- ဘယ်လိုလဲဟ၊ မင်းပြောတော့ အာဝါဒေးပါတယ်ဆို။ ဘာမှလည်း မတွေ့ပါလားဟ"

"ဟုတ်တယ်ယောက်ဖရေ ဘုရားဂေါပကလူကြီးတွေအားလုံး စီစဉ်ထားတယ်လို့ပြောတာပဲ။ အခုတော့ မြို့နယ်ကအဖွဲ့တွေဆင်းလာမယ် သတင်းရလို့ အခု ဘာမှမလုပ်ရဲလို့ ပိတ်ခိုင်းထားတယ်။ ဆိုင်တွေမှာ အရက်ကိုတောင် မရောင်းရလို့ ပိတ်ထားတယ်"

*(အာဝါဒေး ဆိုသည်မှာ လောင်းကစားဝိုင်းများဖွင့်ပြီး ပွဲကျင်းပသည်ကို ဒေသအခေါ် ခေါ်ကြခြင်း ဖြစ်သည်။ စာရေးသူ)*

"အဲဒါမှ ဒုက္ခဖြစ်တာပဲ။ ငါ ရွာမှာလည်း မသောက်ခဲ့ရသေးဘူးကွ။ ပွဲခင်းထဲရောက်မှ သောက်မယ်လို့ စိတ်ကူးလာခဲ့တာ၊ ပြဿနာပဲကွာ"

ဦးမောင်က စိတ်ပျက်လက်ပျက်ပြောလိုက်ချိန်တွင် သူ့အနီးသို့ ခမောက်စုရွာသား ဝင်းလွင်ဦး ဆိုသူ ရောက်လာပြီး-

"စိတ်ဓာတ်မကျပါနဲ့ ဦးမောင်ရယ်၊ ကျွန်တော့်မှာ တစ်လုံး ပါလာပါတယ်၊ အဲဒါကို သောက်ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"တော်သေးတာပေါ့ကွာ။ လာကွာ ဟိုနားမှာ သွားသောက်ကြမယ်"

ဦးမောင်က ဝင်းလှိုင်ဦးအား ပြောပြီး အကြော်ဆိုင်ရှိရာသို့သွားရန် ပြင်လိုက်၏။ ဦးသန်းအောင်က သူထမင်းစားပြီးဖြစ်၍ မသောက်လိုတော့ကြောင်းပြောပြီး ရုပ်ရှင်ပြသည့်နေရာသို့ ထွက်သွားသောကြောင့် ဦးမောင်နှင့် ဝင်းလှိုင်ဦးတို့နှစ်ယောက် အကြော်ဆိုင်မှ အကြော်တစ်ရာဖိုးဝယ်ယူခဲ့ပြီး ပွဲခင်းအစပ်သို့ သွားရောက်ကာ အရက်တစ်ပုလင်းအား နှစ်ယောက် ခွက်လှည့်သောက်နေကြလေသည်။ စကားပြောရင်း သောက်နေကြရာ အရက်တစ်ပုလင်းကုန်သည်နှင့် ဦးမောင်က-

"ငါတော့ အရက်သောက်လို့ မဝသေးဘူးကွာ။ ဒီပွဲခင်းထဲကဆိုင်တွေမှာလည်း အရက်မရောင်းရလို့ မရောင်းကြဘူးတဲ့။ ဒါကြောင့် ငါ ပြန်တော့မယ်။ ကလောစက်(ကလောပီနံစက်)မှာတော့ ဝယ်ထားတဲ့ တစ်ပုလင်း ရှိသေးတယ်။ ဒါကို ပြန်ရောက်မှပဲ သောက်တော့မယ်၊ ကဲ- ငါသွားပြီဟေ့"

ဦးမောင်က ပြောပြီးသည်နှင့် ထပြန်လာခဲ့လေ၏။ အချိန်ကား ညဉ့်သန်းခေါင်ကျော် (၁၂ နာရီခွဲ) ခန့်ရှိနေပြီဖြစ်သည်၊ ဦးမောင်သည် ဓာတ်မီးကိုထိုးပြီး ဘတ်ခြေတင်၍ ပြန်လာခြင်း ဖြစ်၏။ ဓာတ်မီးမထိုး၍ မဖြစ်ပေ၊ ပိုးကောင်မွှားကောင်ကို ကြောက်ရသည်။

*(ပိုးမွှား ဆိုသည်မှာ မြွေဆိုးဖြစ်သော မြွေပွေး၊ မြွေဟောက်ကိုပြောခြင်းဖြစ်သည်။)*

ခမောက်စုရွာကိုရောက်ပြီး မိမိအိမ်သို့ဝင်ရန် စိတ်ကူးမိသော်လည်း အရက်သောက်ချင်သည့်စိတ်ဆန္ဒကြောင့် အိမ်သို့ မဝင်တော့ဘဲ ဆက်ထွက်လာခဲ့ရာ ရွာအစွန်ရှိ ကုလားသင်္ချိုင်းသို့ ရောက်လာ၏။ ရှေ့တွင် တံတား၊ ဒဂါးချောင်းအား ဖြတ်ဆောက်ထားသောကြောင့် ချောင်းထိပ် ရောက်သည်နှင့် ကမ်းပါးစောက်အား ဖောက်ထားသည့်လမ်းအတိုင်း ဆင်းလိုက်ပြီး တံတားထိပ်ရှိလမ်းအတိုင်း ဓာတ်မီးကိုထိုး၍ လမ်းကိုကြည့်လိုက်ရာ တံတားအလယ် ကြမ်းခင်းပေါ်တွင် ထိုင်နေသော လူတစ်ယောက်ကိုမြင်လိုက်ရသောကြောင့် မီးကို သေချာစွာ ထိုးကြည့်လိုက်ရာ ပုဆိုးခြုံ၍ ထိုင်နေသည့်လူကို တွေ့ရလေ၏။ ဦးမောင်၏စိတ်ထဲတွင် ထင်မိသည်က ရွာထဲမှ လူငယ်တစ်ဦးဦး ချစ်သူနှင့်ချိန်းတွေ့နေကြသည်ဟု ထင်မိလေ၏။ မီးရောင်အောက်တွင် ထင်ရှားစွာ မြင်ရသည်မှာ ပုဆိုးကို ခေါင်းမြီးခြုံထားသည့်ပုံစံ ဖြစ်သည်။ ဦးမောင် တံတားထိပ်နားအရောက် လှမ်း၍တက်လိုက်သောခြေထောက်က တံတားပေါ် မရောက်ဘဲ ခြေချော်သွားသဖြင့် လက်ထဲမှဓာတ်မီးမှာလည်း ဟန်ချက်ပျက်သွားသောခန္ဓာကိုယ်ကြောင့် အောက်စိုက်သွားလေရာ တံတားပေါ်မှလူမှာ မြင်ကွင်းမှ ကွယ်သွားလေ၏။ ခန္ဓာကိုယ်အား ဟန်ချက်ထိန်းလိုက်ပြီး တံတားပေါ်သို့ ဓာတ်မီးကိုပြန်ထိုးလိုက်ရာ တံတားပေါ်တွင်မည်သည့်အရာမျှ မမြင်မတွေ့ရဘဲ ရှင်းလင်းနေသည့်မြင်ကွင်းကိုသာ မြင်လိုက်ရ၏။ ခုနက မြင်ရသည့် ပုဆိုးခြုံထားသည့်လူ ဘယ်ရောက်သွားသလဲ။ တံတားပေါ်မှ ဆင်းသွားလေသလား။ ဒါလည်း မဖြစ်နိုင်၊ တံတားဟိုဘက်ထိပ်ရှိလမ်းမှာ ရှင်းရှင်းပြောင်ပြောင်။ တစ်ဖက်တွင် ကမ်းပါးစောက်။ အဲဒီဘက်ကိုသွားလျှင် သူ၏ဓာတ်ခဲသုံးလုံးထိုး ဓာတ်မီးရောင်တွင် မြင်ရပေမည်။ ဓာတ်ခဲကလည်း မနေ့ကမှလဲထားသည့် ဓာတ်ခဲအသစ်။ ဓာတ်မီးရောင်က လင်းထိန်နေသည်။ တံတားပေါ်မှ ချောင်းထဲဆင်းသွား(ခုန်ချသွား)သည်ဆိုလျှင်လည်း ရေသံကြားရမည်၊ ချောင်းရေပြင် လှုပ်ရှားရမည်။ အခု ဒီလူ ဘယ်ရောက်သွားသနည်း။

ဦးမောင်၏လက်ထဲက ဓာတ်မီး အောက်စိုက်သွားသည့်အချိန်ကာလက စက္ကန့်ပိုင်းမျှသာ။ ဒီမီးရောင်ကွယ်သွားသည့် စက္ကန့်ပိုင်းမျှသောအချိန်လေးအတွင်း ဒီလူ ဘယ်ရောက် ဘယ်ပျောက်သွားလေသနည်း။ ဦးမောင်နှင့် ထိုလူ အကွာအဝေးက (၁၀) တောင် ဝါးတစ်ပြန်သာ ကွာဝေးသည်။ ထိုသို့ဆိုလျှင် ဒီလူသည် လူသားစင်စစ် မဖြစ်နိုင်။ ဦးမောင်၊ လူအသေကောင်များအား ကိုင်တွယ်၊ မီးသဂြိုဟ်လုပ်ခဲ့သော ဦးမောင်၊ သရဲမကြောက်သော ဦးမောင် ခေါင်းမှ ဆံပင်များ ထောင်ထသွားပြီး ကြက်သီးမွေးညင်းများထလျက် သူ့ခေါင်းမှာ အကြီးကြီးဖြစ်သွားသကဲ့သို့ ခံစားလိုက်ရပြီး လက်တွင်းမှဓာတ်မီးအား တံတားပေါ်သို့ တည့်မတ်စွာ ထိုးထားလိုက်ပြီး လာခဲ့သည့်လမ်းအတိုင်း နောက်ပြန်ဆုတ်၍ လာခဲ့လေ၏။ တံတားဘက်သို့ ကျောမခိုင်းရဲတော့ပေ။ နောက်ဆုတ်၊ နောက်ဆုတ်ဖြင့် ကမ်းပါးစောက်အား တက်ခဲ့ပြီး ကမ်းပါးပေါ်သို့ရောက်သည်နှင့် ချာခနဲ ခန္ဓာကိုယ်ကိုလှည့်ကာ ပြေးခဲ့လေတော့၏။

ကမ်းပါးမှ သူ၏အိမ် ကိုက်(၄၀၀) ခန့်အကွာအဝေးကို စက္ကန့် (၃၀) ခန့်မျှနှင့် အရောက်ပြေးလာခဲ့ရာ အိမ်သို့အရောက် အမောဆို့ပြီး ခြေပစ်လက်ပစ် ထိုင်ချလိုက်လေ၏။ အိမ်တွင် ဇနီးနှင့် သမီးဖြစ်သူတို့လည်း မရှိချေ။ သူနှင့်အတူ စက်တွင်အလုပ်လုပ်သောကြောင့် စက်တွင်ရှိနေသည်။ ဦးမောင်သည် အိမ်လှေကားတွင်ထိုင်၍ အမောပြေမှ အိမ်ပေါ်သို့တက်ပြီး သောက်ရေတစ်ခွက်ခပ်သောက်ပြီးမှ သူတွေ့ကြုံခဲ့ရသည့်အဖြစ်အပျက်အား ပြန်တွေးပြီး ထိတ်လန့်မိလေ၏။ သူမြင်တွေ့ခဲ့ရသည်မှာ လူမဟုတ်၊ သရဲဖြစ်ရမည်။ လူအများပြောနေကြသည့် ဒဂါးချောင်း တံတားမှာ သရဲခြောက်သည်ဆိုသည့် သရဲသည် သူတွေ့ခဲ့ရသည့်အကောင် ဖြစ်လိမ့်မည်ဆိုသော အတွေးစိတ် ဝင်မိလေ၏။ ထိုနေ့ညတွင် ဦးမောင်သည် သူ၏အိမ်တွင်အိပ်ပြီး မိုးလင်းမှအုတ်ရှစ်ကုန်းရွာရှိ ကလော (ကလောပီနံ) အမှုန့်ကြိတ်စက်သို့ သွားခဲ့လေ၏။ နောက်ပိုင်း ထိုဒဂါးချောင်းတံတားသို့ ညပိုင်း ဦးမောင်ဖြတ်သန်းသွားသည့်အခါများတွင် တစ်ခါက မြင်တွေ့ကြုံဆုံခဲ့ရသော လူ (သို့) ပရလောကသား (သို့) ဝိညာဉ် (သို့) သရဲ ဆိုသည်ကို ဝေခွဲဆုံးဖြတ်မရသော သတ္တဝါလိုလိုအကောင်ကို မမြင်တွေ့ရတော့ပါချေ။

✿

"ငါ ကြုံခဲ့ရတဲ့အဖြစ်အပျက်ကတော့ ဒီအတိုင်းပါပဲကွာ။ သရဲမကြောက်တဲ့ငါ အဲဒီတုန်းက ခေါင်းတွေကြီး၊ ကြက်သီးတွေထနဲ့ ကြောက်ခဲ့ဖူးပါရဲ့ကွာ"

ဦးမောင်ပြောပြသည့် အဖြစ်အပျက်အား နားထောင်နေကြသော ရွာသားများ၏စိတ်တွင်း၌မူကား ဦးမောင်လိုလူမျိုးတောင်မှ ကြောက်လန့်ခဲ့သည်ဟုဆိုလျှင် သူတို့သာ ဦးမောင်လိုအဖြစ်မျိုးနှင့် တွေ့ကြုံခဲ့ကြရမည်ဆိုလျှင် မည်ကဲ့သို့ ခံစားရလေမည်နည်းဟု တွေးတော အဖြေရှာနေမိကြလေတော့၏။

မင်းမြင့်နိုင်(ဘုံသီးတောင်)

*(ကိုယ်တိုင်ကြုံတွေ့ခဲ့ရသော ဦးမောင်၏ ကိုယ်တိုင်ပြောပြခြင်းအား အဖြစ်မှန်အတိုင်း ရေးဖွဲ့ပါသည်။)*




www.burmeseclassic.com

www.burmeseclassic.com

အကျဉ်းထောင်လောကမှ ဂမ္ဘီရဆန်သောဖြစ်ရပ်ဆန်းများ

# ဗိတာမြဦး

## ဂမ္ဘီရဘိုးအေ



အကယ်၍သာ. . .

ဤဖြစ်ရပ်ကို လူအများက ကြည်ညိုလေးစားသော ပုဂ္ဂိုလ်တစ်ဦးဦးက ဖြစ်စေ၊ ကျွန်ုပ်ကိုယ်တိုင် အစဉ်သဖြင့် စိတ်ချ ယုံကြည်လာခဲ့သူ တစ်စုံတစ်ယောက်က ဖြစ်စေ ၎င်းတို့ကိုယ်တိုင် ကိုယ်တွေ့ကြုံတွေ့ခဲ့ရသော ထူးဆန်းအံ့ဩဖွယ်ဖြစ်ရပ်ဆန်းများအဖြစ် ပြန်လည်ပြောပြလာပါက ကျွန်ုပ်အနေနှင့် လုံးဝယုံကြည်လက်ခံလိမ့်မည် မဟုတ်ပါ။

အဘယ်ကြောင့်ဆိုသော် ယင်းဖြစ်ရပ်သည် လူ့သဘာဝယုတ္တိဗေဒနှင့် ဆန့်ကျင်ဖီလာဖြစ်နေသည့်အပြင် ယနေ့ကမ္ဘာတွင်တိုးတက်လာသော မည်သည့်ခေတ်မီနည်းပညာများနှင့်မျှ စမ်းသပ်ဖော်ထုတ်၍မရနိုင်သောကြောင့် ဖြစ်လေသည်။

သို့တစေ-

ထိုဖြစ်ရပ်ဆန်းနှင့် ကိုယ်တွေ့မျက်မြင် တွေ့ကြုံခဲ့သူမှာ အခြားမည်သည့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မှ မဟုတ်ဘဲ ယင်းကို လုံးဝယုံကြည်မှုမရှိသော ကျွန်ုပ်ကိုယ်တိုင်ဖြစ်နေလေသောအခါ. . .

✪

၁၉၇၆ ခုနှစ်က ဖြစ်ပါသည်။

ထိုနှစ်သည် အင်းစိန် ဗဟိုအကျဉ်းထောင်သမိုင်း၌ လူအစည်ကားဆုံးနှစ်တစ်နှစ် ဖြစ်ခဲ့လေသည်။ အကြောင်းမှာ ထောင်မှူးဆို၍ လေး၊ ငါးယောက်သာရှိသော ထောင်ထဲသို့ ကျွန်ုပ်တို့ အမှတ်စဉ် (၆) သင်တန်းဆင်း ထောင်မှူးသစ် (၁၈) ယောက် တာဝန်ကျလာ၍ ဖြစ်၏။

ထူးခြားသည်မှာ ထိုနှစ်တွင် နာမည်ကျော် အနုပညာရှင် မင်းသား၊ မင်းသမီး၊ ဒါရိုက်တာ၊ စတူဒီယိုအဆိုတော်များပါ အမှုအမျိုးမျိုးဖြင့် တိုက်တိုက်ဆိုင်ဆိုင် ရောက်ရှိနေ၍ပင်။

ထို့ထက်ပို၍ ထူးခြားသည်မှာ ထိုခေတ်၊ ထိုအခါက အပြင်လောကတွင် ဘိုးတော်အဖြစ် နာမည်ကြီးနေသော ဗေဒဝိဇ္ဇာ အကျော်အမော်များကို 'ဘိုးတော်စစ်ဆင်ရေး' ကြောင့် အကျဉ်းထောင်တိုက်ခန်းများအတွင်း ရောက်ရှိနေကြ၍ ဖြစ်၏။

ထို့ထက် ထို့ထက် ပို၍ထူးခြားသည်မှာ သူများပြောစကားဆိုလျှင် မည်မျှပင် အံ့ဖွယ်ဘနန်း၊ ထူးဆန်းနေစေကာမူ ယုံကြည်လက်ခံနိုင်ခြင်းမရှိဘဲ သံသယအတွေးဖြင့်သာ ဝတ်ကျေတန်းကျေ နားထောင်နေခဲ့တတ်သော ကျွန်ုပ်မှာ ဗိုလ်ကြီးဟောင်း ဘိုးတော်တင်ဦး ဆိုသူ၏ ပဋ္ဌလက်မပါ၊ မျက်လှည့်မပါ သမာဓိစွမ်းအားကို လက်တွေ့သရုပ်ပြသော မဟာဂန္ဓာရီလမ်းစဉ်၏ ဂမ္ဘီရရေယာဉ်ကြောဝယ် မျောပါခဲ့ရသည့် ဖြစ်ရပ်ဆန်းများသည်ကား. . .။

✪

"စာရွက်တစ်ရွက်မှာ ခင်ဗျား မေးချင်တဲ့ မေးခွန်းတွေရေးပြီး စာအိတ်တစ်အိတ်ထဲ သေချာထည့်ပိတ်ပြီး ယူသွား၊ ဘိုးတော်တင်ဦးဆီ ရောက်ရင် သူက ခင်ဗျားစာရွက်ကို မကြည့်ဘဲ ခင်ဗျား ရေးလာတဲ့မေးခွန်းအရေအတွက်ကို မှန်အောင် တန်းပြောလိမ့်မယ်။ ပြီးတော့- (A-4) စာရွက်လွတ်တစ်ရွက်ကို ခင်ဗျားရှေ့မှာ မှောက်ချည်လှန်ချည်လုပ်ပြပြီး ကြမ်းပြင်ပေါ်မှာ ဘုတ်ခနဲ လက်နဲ့ရိုက်ချပြလိမ့်မယ်။ အဲဒီအခါ ခင်ဗျားမျက်စိရှေ့ကြည့်နေရင်းမှာပဲ စာရွက်လွတ်ပေါ်မှာ လက်ရေးနဲ့ရေးထားတဲ့ စာတွေ စာနှစ်မျက်နှာလုံးအပြည့် တဖြည်းဖြည်းပေါ်လာတာကို မြင်ရလိမ့်မယ်ဗျာ၊ အဲဒီစာတွေက ခင်ဗျားမေးထားတဲ့ မေးခွန်းတွေရယ်၊ အဖြေတွေရယ် လုပ်ရမယ့်ယတြာတွေကို ရေးထားတာလေ။ ရော့-ခင်ဗျားကြည့်၊ ဒါ ကျွန်တော်မေးထားတဲ့ မေးခွန်းစာရွက်နဲ့ ဘိုးတော်တင်ဦး လက်နဲ့ရိုက်လို့ ပေါ်လာတဲ့ အဖြေစာရွက်"

တစ်နေ့ ညဥ့်ဦးပိုင်းတွင် ဘူးသစ်လူပျိုဆောင်၌ အတူနေသူ ထောင်မှူး ဦးအေးချိုက သူ လက်တွေ့မျက်မြင် ဘိုးတော်တင်ဦးနှင့်တွေ့ခဲ့ပုံများကို စာရွက်များနှင့်အတူ ရှင်းပြလာသည်။ စာရွက်တစ်ရွက်တွင် ကိုအေးချို၏ လက်ရေးဖြင့် မေးခွန်းငါးခုရေးထားသည်ကို တွေ့



www.burmeseclassic.com

www.burmeseclassic.com

၏၊ အခြားတစ်ရွက်တွင်မူ ကျွန်ုပ်မသိ
လက်ရေးများဖြင့် ကိုအေးချို၏
မေးခွန်းများနှင့်အတူ အဖြေများ၊ ယတြာ
ရေးထားခဲ့သည်ကို မြင်ရ၏။

"ဒါတွေက ဘယ်သူ့လက်ရေးလဲ
ဗျ"

ကျွန်ုပ်က အခြားစာရွက်ကို ပြ၍
မေးလိုက်သည်။

"ဘိုးတော်တင်ဦး လက်ရေးတွေ
"

"ခင်ဗျား သူ့လက်ရေးကို မြင်ဖူး
လို့လား"

"အဲ- ဒါတော့ သူပြောလို့ သိတာ
ပါ"

"ဒါနဲ့ ခင်ဗျားမေးတဲ့ မေးခွန်းအ
ရေအတွက်အတိုင်း သူ မှန်အောင်ဖြေ
နိုင်ရဲ့လားဗျ"

"ဟ-အဲဒါကို ပြောတာပေါ့။ ကျွန်
တော် စာအိတ်ထဲထည့်ထားတဲ့ မေးခွန်း
တွေကိုမကြည့်ဘဲ 'မေးခွန်းငါးခုရေးလာ
တယ်မဟုတ်လား' တဲ့၊ တန်းမေးတယ်
လေ။ အံ့ရော။ ပြီးတော့ သူ့လက်ဝါးနဲ့
ရိုက်ပြီး ဖြေပေးထားတာတွေကလည်း
ကွက်တိမှန်နေတယ်။ အဲဒါကြောင့် သူ
ပေးထားတဲ့ ယတြာတွေကိုသေချာလုပ်
ရမယ်။ ခင်ဗျားလည်း မြန်မြန်သွားမေး
ထားလိုက်ဦးဗျ။ အဲ-တစ်ခုရှိသေးတယ်
မေးခွန်းတွေကို လက်ဝါးနဲ့ရိုက်ဖြေပြီးမှ
နောက်ထပ်မေးခွန်းနှစ်ခု မေးဖို့ ပြော
တယ်။ အဲဒီမေးခွန်းတွေကိုလည်း စာ
ရွက်ထဲမှာ ကြိုတင်ဖြေပြီးသားဗျ"

ကိုအေးချိုမှာ ဘိုးတော်တင်ဦး၏
လုပ်ဆောင်ချက်များအပေါ်တွင် တအံ့
တသြဖြင့် အတော်လည်း ယုံကြည်နေပုံ
ရ၏။ ကိုအေးချိုသည် ကျွန်ုပ်နှင့်တွဲလာ
သည်မှာ ကြာပြီဖြစ်ကာ အချင်းချင်း
လိမ်ညာဖြီးဖြန်း ပြောတတ်သူတော့
မဟုတ်ပါချေ။

သို့တစေ ကျွန်ုပ်၏မွေးရာပါဝသီ
အတိုင်း သူများစကားဆိုလျှင် အမြဲသံ
သယဖြစ်တတ်သူပီပီ ယခု ကိုအေးချို၏
ပြောကြားချက်များကိုလည်း မယုံကြည်
ပေ။ ကိုအေးချိုကိုသာ မယုံကြည်ရုံသာ
မက သူ အလွန် အထင်ကြီးနေသော
ဘိုးတော်တင်ဦး ဆိုသူကိုပါ အယုံအ
ကြည်မရှိပါချေ။

အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်
နားလည်ထားသော ယူဆချက်တစ်ခုမှာ
ဘိုးတော် ဟူသည် လူလိမ်ချည်းသာ။

သို့ဖြင့် ဘိုးတော်တင်ဦးထံတွင်
တစ်နေ့တခြား မေးမြန်းသူများ တိုးပွား
လာနေရာ ကျွန်ုပ်တို့ ထောင်မှူးအဖွဲ့
အားလုံးလိုလို မမေးရသေးသူ မရှိသ
လောက် ဖြစ်လာသည်။ တချို့ဆို နှစ်ခါ



www.burmeseclassic.com

www.burmeseclassic.com

ပြန်၊ သုံးခါပြန်တောင် မေးပြီးပြီတဲ့။ ထိုအချိန်ထိ ကျွန်ုပ် မေးဖို့စိတ်မကူးမိသေး။

"ဟ- တစ်ထောင်လုံး ထောင်မှူးတွေမေးပြီးနေမှ ဒီဆေးရုံက ဆရာက ဘာလို့ ကျန်နေတာလဲ။ ဘာလဲ- ကျွန်တော့်ကို မယုံလို့လားဗျ"

ကျွန်ုပ် ထောင်ဆေးရုံတွင် တာဝန်ကျနေစဉ် တစ်နေ့တွင် ဘိုးတော်တင်ဦးနှင့်တွေ့ခိုက် ပြောလိုက်ခြင်း ဖြစ်၏။ ဘိုးတော်တင်ဦးမှာ တစ်ညလုံးမအိပ်ဘဲ အဓိဋ္ဌာန်ပုတီးစိပ်နေသဖြင့် မနက်တိုင်း ဆရာဝန်ကြီးထံလာ၍ သွေးပေါင်ချိန်တိုင်းနေလေရာ ကျွန်ုပ်နှင့် မကြာခဏ တွေ့ရာမှ ရင်းနှီးနေ၍ ဖြစ်၏။

"အဲလိုတော့ မဟုတ်ပါဘူး"

"အဲလိုမဟုတ်ရင် မေးချင်တဲ့မေးခွန်းတွေရေးပြီး စာအိတ်ထဲထည့်ပိတ်ပြီးယူခဲ့ပါ။ ကျွန်တော် လူလိမ်မဟုတ်ပါဘူး ဆရာ"

"ဟုတ်- ဟုတ်ကဲ့"

ထိုသို့ ပက်ပင်းတွေ့၍ ပြောင်ဖိတ်နေမှတော့ မမေးရင်မကောင်းတော့ဟု ခံစားမိလာသည်။ ထို့ကြောင့် စိတ်ထဲက ယုံကြည်သည် မဟုတ်သော်လည်း လူမှုရေးအရ ငြင်းဆိုရန် မသင့်တော့သဖြင့် မေးရန် ဆုံးဖြတ်လိုက်သည်။

သို့သော် မေးခွန်းများကို ဆေးရုံရုံးခန်းတွင်မရေးဘဲ ဆေးရုံနောက်ဘက်ရှိ အဝတ်တိုက်ထဲတွင် တံခါးပိတ်ကာ တစ်ယောက်တည်း သွားရေးလိုက်သည်။ စုစုပေါင်း မေးခွန်းရှစ်ခု ဖြစ်၏။ စာအိတ်ထဲ သေချာထည့်ပိတ်ကာ ယူနီဖောင်း အပေါ်အင်္ကျီအိတ်ထဲ ထည့်ယူသွားလိုက်သည်။ ကျွန်ုပ်တစ်ယောက်တည်း တိတ်တဆိတ်ရေးထားသော မေးခွန်းများဖြစ်၍ ဘိုးတော်တင်ဦးလည်း မသိနိုင်လောက်ဟု ထင်မိသည်။

ဘိုးတော်တင်ဦးမှာ (၃) ဆောင်အပေါ်ထပ် ဘုရားခန်းတွင်နေသူဖြစ်ရာ ကျွန်ုပ်ရောက်သွားသည်နှင့် ထိုင်စေကာ တည့်တည့်ကြီး ပြောချလိုက်ပါတော့သည်။

"ဆရာ မေးခွန်းရှစ်ခုရေးလာတယ် မဟုတ်လား"

ကျွန်ုပ်မှာ ရုတ်တရက် အရိုက်ကို အထိုးခံလိုက်ရသူလို အသက်ရှူရန်ကိုပင်မေ့ကာ ပါးစပ်ဟောင်းလောင်းပွင့်၍ တအံ့တဩ ဖြစ်သွားရသည်။ ဘိုးတော်တင်ဦးအား တန်ခိုးရှင်တစ်ယောက်ပမာ ကြောက်ရမလို၊ လန့်ရမလို ခံစားမိလေသည်။

ကျွန်ုပ်က အင်္ကျီအိတ်ထဲမှစာရွက်ကို ထုတ်မည်ပြုရာ ဘိုးတော်တင်ဦးက လက်ကာပြလျက်-

"ဒီမှာကြည့်"

ဆိုကာ စာရွက်လွတ်တစ်ရွက်ကို ဘာမှမရှိကြောင်း အပေါ်-အောက်လှန်ပြနေသည်။

ပြီးသည်နှင့် ထိုစာရွက်ကို ကြမ်းပြင်ပေါ်တွင် လက်ဝါးဖြင့် ရိုက်ချလိုက်တော့သည်။

"ဗုန်း"

ကျွန်ုပ် မယုံကြည်နိုင်စွာကြည့်နေစဉ်မှာပင် ခုနက စာရွက်လွတ်မှာ စာမျက်နှာနှစ်ဖက်လုံး စာများဖြင့် အပြည့်ဖြစ်နေသည်ကို မျက်ဝါးထင်ထင်တွေ့လိုက်ရ၏။

ကျွန်ုပ်မှာ အံ့ဩပြီးရင်း အံ့ဩနေရသဖြင့် စကားပင်မပြောနိုင်လောက်အောင် မှင်တက်မိနေတော့၏။ ကျွန်ုပ်ရေးလာသော မေးခွန်းအရေအတွက်ကို အတိအကျ တန်းခနဲ ပြောနိုင်သည်၊ ကိုအေးချိုပြောထားသည့်အတိုင်း စာရွက်လွတ် နှစ်မျက်နှာစလုံးတွင်ပါ စာသားများ အပြည့်ပေါ်လာသည်။

ကျွန်ုပ်က မဖြစ်နိုင်ဟု ယူဆထားသည်များ မျက်စိရှေ့မှာပင် တစ်ခုပြီးတစ်ခု ကွင်းကွင်းကွက်ကွက် ဖြစ်ပေါ်နေသည် မဟုတ်ပါလား။

ထူးခြားသည်မှာ ဘိုးတော်တင်ဦး စာရွက်ကို လက်ဝါးဖြင့်ရိုက်၍ပေါ်လာသော ကျွန်ုပ်၏မေးခွန်းများမှာ ကျွန်ုပ်ရေးမေးထားသည့် အစီအစဉ်အတိုင်း တိတိကျကျ ဖြစ်နေခြင်းပင်။ ထို့ထက်ပို၍ ထူးခြားသည်မှာ ကျွန်ုပ်မေးခွန်းရေးရာ၌ မှား၍ခြစ်ထားသည့်အတိုင်းပင် ဘိုးတော်တင်ဦး၏ စာရွက်တွင်လည်း ထပ်တူထပ်မျှ ရေးခြစ်ထားသည်ကိုတွေ့ရသည်။ လက်ရေးချင်းက မတူ၍သာ မိတ္တူကူးထားသည်ဟု မဆိုနိုင်ခြင်း ဖြစ်၏။

"ကဲ- ဆရာ့မေးခွန်း ဆယ်ခုပြည့်သွားအောင် နောက်ထပ် နှစ်ခုထပ်မေးပေးပါဦး"

လာပါချေပြီ၊ ကိုအေးချိုပြောထားသည့်အတိုင်း သူ နောက်ထပ်ရေးပေးလိုက်ရသည့် မေးခွန်းနှစ်ခုကိုလည်း စာရွက်ထဲတွင် လက်ဝါးဖြင့် ကြိုတင်ရိုက်ထားပြီးသားတဲ့။

ဒီတစ်ခါတော့ ကျွန်ုပ် ဘိုးတော်တင်ဦးကို အခွင့်အရေးမပေးနိုင်တော့။ ထိုမေးခွန်းနှစ်ခုကို သူ ကြိုတင်ရိုက်ထား

တာနှင့်မတူအောင် မေးရမည်။ ထို
ကြောင့် မဆီမဆိုင်သော မေးခွန်းနှစ်ခု
ရေးချလိုက်သည်။

"တရုတ်ပြည်တွင် လူဦးရေ မည်မျှ
ရှိသနည်း"

"လနှင့်ကမ္ဘာ မိုင်ပေါင်းမည်မျှကွာ
ဝေးသနည်း"

ဘိုးတော်တင်ဦးက ကျွန်ုပ် မေး
ထားတာကို ပြုံးကြည့်ကာ သူ ကြိုရိုက်
ထားသော စာရွက်နှင့် ယှဉ်တွဲပြလိုက်
သည်။

မြတ်စွာဘုရား ကယ်တော်မူပါ။
ကျွန်ုပ် အသံထွက်၍ အော်မိမလို
အံ့အားသင့်သွားသည်။

ကြည့်စမ်း၊ ကြည့်စမ်းဗျာ။ ကျွန်ုပ်
လူတွေမေးနေကျမေးခွန်းနဲ့ တမင်လွဲ
ချော်အောင်၊ မှန်ကန်မှုမရှိအောင် ရည်
ရွယ်၍ရေးချလိုက်သည့် မေးခွန်းနှစ်ခုက
သူကြိုရိုက်ထားတာနှင့် တူလိုက်သမှ ၏
သည်မရွေးအောင် တူနေပါလား ဟရို
ပြောရလျှင် ကျွန်ုပ် ထိုနေ့က ဘိုး
တော်တင်ဦးနှင့် ဉာဏ်ရည်စီးချင်းထိုး
မှာ ခွက်ခွက်လန်အောင် ရှုံးနိမ့်ခဲ့ရ
ပကောလားဗျာ။

"ဒါဟာ ဘိုးတော်တင်ဦး လိမ်ညာ
နေတာဆိုရင် ဒီလူဟာ ကမ္ဘာပေါ်မှာ အ
တော်ဆုံး လူလိမ်ကြီးပဲဗျ"

ထိုနေ့မှစ၍ တစ်လခန့်ကြာသော
တစ်နေ့နံနက်တွင် ထောင်ဘူးဝ၌ ညွှန်မှူး
ဗိုလ်မှူးတင်အုန်းက ထောင်ပိုင်လေး ဦး
ကြည်အား ရယ်ရယ်မောမော ပြောနေ
သံကို နားစွန်နားဖျား ကြားလိုက်ရ၏။
ကျွန်ုပ်က ကောင်းစွာသဘောမပေါက်၍
တံခါးထောင်မှူးအား အကျိုးအကြောင်း
မေးကြည့်မိ၏။

"စောစောလေးက ဗိုလ်မှူးရဲ့မိတ်
ဆွေတစ်ယောက် ဘိုးတော်တင်ဦးနဲ့
တွေ့ဖို့ရောက်လာတယ်လေ။ သူ့လက်
ထဲမှာလည်း ကက်ဆက်တစ်လုံးနဲ့ဗျ။
အဲဒါ ဗိုလ်မှူးက ဘိုးတော်တင်ဦးကို သူ့
ရုံးခန်းထဲခေါ်ပြီး တွေ့ပေးလိုက်တယ်။
ဧည့်သည်က အသင့်ပါလာတဲ့ ကက်
ဆက်ခွေအသစ်ကို ထုတ်ပေးတယ်။ ဘိုး
တော်တင်ဦးက ကက်ဆက်ခွေကိုယူပြီး
မျက်စိမှိတ်လို့ ဂါထာရွတ်လိုက်တယ်။
ပြီးမှ ကက်ဆက်ခွေကို သူ့လက်ဝါးနဲ့
ဖျောင်းခနဲနေအောင် ရိုက်ပြီး ပြန်ပေး
လိုက်တယ်။ ဧည့်သည်က ပလတ်စတစ်
စ ပါကင်တွေခွာပြီး ကက်ဆက်ခွေကို
ကက်ဆက်ထဲထည့်ဖွင့်လိုက်တယ်။ ဘိုး
တော်တင်ဦးအသံနဲ့ ဧည့်သည်နှင့်



www.burmeseclassic.com

www.burmeseclassic.com

ရေးဟောသံတွေ ထွက်လာတယ် ... အဲဒီဧည့်သည်ပြန်သွားမှ ဗိုလ်မှူး ... ဘအုံ့တဩဖြစ်ပြီး ထောင်ပိုင်လေး ... ပြန်ပြောပြနေတာပါဗျ”

“နေပါဦး၊ ခင်ဗျား ခုနကပြောတာ ...တော်တင်ဦး လက်ဝါးနဲ့ရိုက်လိုက်လို့ ...ဆက်ခွေထဲက သူ့တရားသံတွေ ...လာတယ်ဆိုလားလို့”

ကျွန်ုပ်က မယုံကြည်နိုင်စွာ မေး ...သည်။

“ဟုတ်တယ်လေ၊ တချို့ ထောင် ...တွေတောင် ကက်ဆက်ခွေတွေမှာ ...တော်တရား ရိုက်ထည့်ပြီးပြီတဲ့။ ခင် ...တို့ အလုပ်ဘက်တာဝန်ခံထောင်မှူး ... ဦးညီစိန်တောင် ဒီနေ့ ဘိုးတော် ...ဦးဆီမှာ အသံသွင်းမလို့တဲ့ဗျ”

“ဗျာ- ဟုတ်လား”

လာပြန်ချေပြီ။ စာရွက်ကို လက် ...ဖြင့်ရိုက်၍ စာပေါ်သည်မှ မကြာ ... အခု ကက်ဆက်တိပ်ခွေကပါ အ ...ထွက်သတဲ့။

မဖြစ်နိုင်၊ လုံးဝ မဖြစ်နိုင်။ ဒါ ...တယ်လည်းမရှိ၊ ယုတ္တိလည်းမတန်၊ ...နယ်- ကက်ဆက်ခွေကို လက်ဝါးနဲ့ ...လို့ အသံဝင်ရတယ်လို့ဗျာ။

“ခင်ဗျား ဒီကက်ဆက်ခွေကို စစ် ...ကြည့်စမ်းပါဦး၊ ပါကင်အသစ်ဟုတ်ရဲ့ ...လို့”

ကျွန်ုပ် အလုပ်ဘက်ရုံးခန်းရောက် ...တော့ ဆရာဦးညီစိန်က ကက်ဆက်ခွေ ...ခွေလှမ်းပေးသည်။ စီ (၆၀) ဟီတာ ...အမျိုးအစား ကက်ဆက်ခွေ ပါကင် ...သစ် ဖြစ်၏။ ကျွန်ုပ်က လိုရမည်ရ ...ကက်ဆက်ခွေ အပေါ်ပလတ်စတစ် ...ထောင့်စွန်းတွင် ခဲတံ နီပြာတံနှင့် ...မှတ်အသားလုပ်လိုက်မိသည်။

“ကျွန်တော် အခု ဒီကက်ဆက်ခွေ ...ဘိုးတော်တင်ဦးဆီမှာ အသံသွားသွင်း ...မယ်၊ ခင်ဗျား ကျွန်တော့်အိမ်က ...ကက်ဆက်သွားယူပြီး (၃) ဆောင်ထဲ ...ခဲ့ဗျာ”

ဆရာဦးညီစိန်က ပြောရင်း ကက် ...ဆက်ခွေကိုယူကာ နေရာမှထသည်။

“ဟုတ်ကဲ့ ဆရာ”

ကျွန်ုပ်က ခေါင်းညိတ်အလေးပြု ... ထောင်ထဲမှ ပြန်ထွက်လာခဲ့သည်။ ...င်အရှေ့ဘက် ခပ်လှမ်းလှမ်းရှိ ...လုံးကွင်းအလွန်ရှိ ဆရာဦးညီစိန် ... ဆရာကတော်ကိုပြောပြ၍ ကက် ...ယူလာခဲ့သည်။

ကက်ဆက်မှာ ထိုအချိန်ကခေတ်စားနေသော ပင်နာဆိုနစ်အမျိုးအစား ကြာခွက်ပုံ ဖြစ်၏။ ကျွန်ုပ်က ကက်ဆက်ကို လက်တစ်ဖက်ဖြင့် ကိုင်ကာ ထောင်ဘူးဝတံခါးကြီးထဲ ဝင်ခဲ့၏။ ထိုမှ ထောင်ထဲဝင်၍ မိန်းလှေကားကိုဖြတ်ကျော်ကာ (၃) ဆောင်ထဲသို့ ဝင်လာခဲ့သည်။

(ယခု ကျွန်ုပ်ရေးပြနေသည်မှာ ၁၉၇၇ ခုနှစ်ခန့်ကကိစ္စ ဖြစ်၏။ ထိုစဉ်က ထောင်မှူးတစ်ယောက်၏ ပါဝါသည် မသေးလှ၊ ထောင်ထဲကို လက်ဆွဲအိတ်တစ်လုံးကိုင်ဆောင်ခွင့်ရှိ၏။ တာဝန်ချိန်ဟုတ်သည် ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ထောင်ထဲသို့ နေ့ညအချိန်မရွေး ဝင်ပိုင်ခွင့်ရှိသည်။ ရေဒီယို၊ ကက်ဆက် စသည်တို့ကိုလည်း ယူဆောင်သွားနိုင်သည်။ ယခုခေတ်မှာဆိုလျှင်ကား ထောင်ထဲ ကက်ဆက်သွင်းမှုဖြင့် အကြီးအကျယ်ပြဿနာတက်နိုင်ပြီး အလုပ်ထိခိုက်သည်အထိ စစ်ဆေးခံရနိုင်သည်။ ဤကား စကားချပ်)

“ဆရာ ဦးညီစိန်ရော ဘိုးတော်တင်ဦးပါ အလုပ်ဘက် ထွက်သွားကြတယ် ဆရာ”

(၃) ဆောင် ဒု-အဆောင်မှူးက ကျွန်ုပ်အား ဆီးပြောသည်။ ကြည့်ရတာ အသံသွင်းပြီးသွားလို့ အလုပ်ဘက်ပြန်သွားတာ ဖြစ်ပေမည်။

“ကဲ- ကျွန်တော် ခုပဲ အသံသွင်းလာတဲ့အခွေကို ဖွင့်ကြည့်စမ်းပါဦး”

ကျွန်ုပ် အလုပ်ဘက်ရုံးခန်းထဲပြန်ရောက်တော့ ဆရာဦးညီစိန်က ကက်ဆက်ခွေ လှမ်းပေးသည်။ ကျွန်ုပ် စစ်ဆေးကြည့်တော့ စောစောကမှတ်သားထားသည့်အတိုင်း ဖြစ်နေသည်။ ရုံးခန်းထဲတွင် ထောင်မှူးကြီး ဦးတင်ရွှေသာမက တိပ်ခွေကို လက်ဝါးဖြင့်ရိုက်၍ အသံသွင်းသည်ဆိုသူ ဘိုးတော်တင်ဦးကိုယ်တိုင် ရောက်နေသည်။

ကျွန်ုပ်က တိပ်ခွေမှ ပလတ်စတစ်ပါကင်ကို ခွာထုတ်ကာ ပင်နာဆိုနစ်ကက်ဆက်ထဲ ထည့်ဖွင့်လိုက်သည်။

“ဦးညီစိန်နှင့်ဇနီး ဒေါ်အေးသန်းတို့ နာယူရန် ဒီတရားကို ဟောပါတယ်. . .”

စသည်ဖြင့် အသံတစ်သံ ထွက်ပေါ်လာသည်။ တစ်ချက် တစ်ချက် ဒုတ် ဒုတ် ဆိုသော အသံတစ်ခုကိုလည်း ကြားနေရသည်။

“အဲဒါ ဘာသံလဲဗျ”

ဆရာဦးညီစိန်က မေးသည်။

“မျက်နှာကြက်ပေါ်က ပန်ကာလည်သံလေ”

“ဘိုးတော့်အသံက နည်းနည်းများလေးနေသလားလို့”

“ဟုတ်တယ်၊ ကျွန်တော် ဒီနေ့ နည်းနည်းမောနေလို့ပါ”

ဤသို့ဖြင့် ထောင်မှူးများ၊ အလုပ်ဘက်မှ စက်ချုပ်၊ ရက်ကန်း၊ ဖိနပ်ချုပ် စသည့်လုပ်ငန်းများမှ မန်နေဂျာများအားလုံးလိုလို ကက်ဆက်ခွေအသီးသီးယူလာ၍ ဘိုးတော်၏တရားများကို အသံသွင်းယူကြသည်။

ကျွန်ုပ် အိမ်အချို့သို့ လှည့်လည်၍ ကက်ဆက်ခွေများကို နားထောင်ကြည့်သည်။ တိပ်ခွေအစတိုင်း အသံသွင်းသူ၏နာမည်များ ပါဝင်ကာ ဟောကြားသော တရားများမှာလည်း တစ်ဦးနှင့်တစ်ဦးမတူညီကြချေ။ အသံကတော့ ဘိုးတော်တင်ဦး၏အသံပါပေ။

အားလုံးက ဘိုးတော်တင်ဦးလက်ဖြင့်ရိုက်၍ အသံသွင်းထားသော အခွေဟု ဂုဏ်ယူစွာပြောနေကြသည်။ အထူးအဆန်းတစ်ခုသဖွယ် ယုံကြည်နေကြဟန်လည်း ပေါ်သည်။

ခက်နေသည်က ကျွန်ုပ်ပင်။ ထုံးစံအတိုင်း သူများပြောသည်ကို မယုံကြည်ချင်။ သံသယစိတ်က မပျောက်နိုင်။ စာအိတ်ထဲပိတ်၍ မေးခွန်းမေးသည့်ကိစ္စ၊ စာရွက်လွတ်ကို လက်ဝါးဖြင့်ရိုက်၍ စာပေါ်သည့်ကိစ္စတို့မှာ ကျွန်ုပ်ကိုယ်တိုင် လက်တွေ့ မျက်တွေ့ဖြစ်နေ၍ မည်သို့မျှမငြင်းဆိုနိုင်သော်လည်း ယခု တိပ်ခွေကိစ္စကိုတော့ လက်မခံနိုင်သေးပေ။

အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်မျက်စိရှေ့တွင် အသံသွင်းခြင်း မဟုတ်၍ပင်။

သို့ဖြစ်ရာ ကျွန်ုပ်အားလပ်သော စနေနေ့ တစ်ရက်တွင် ရန်ကုန်မြို့ထဲရှိ မောင်ထော်လေးလမ်း (ယခု ဗိုလ်ဆွန်ပက်လမ်း) မှ တေးသံသွင်းဆိုင်တစ်ခုတွင် စီ (၆၀) ဟီတာချီကက်ဆက်တိပ်ခွေအသစ်တစ်ခွေ ဝင်ဝယ်ခဲ့၏။ (၁၃) ကျပ် ပေးရသည်။

အိမ်ရောက်တော့ ထိုတိပ်ခွေ၏ ထောင့်များတွင် ခဲတံနီပြာတံဖြင့် အမှတ်အသားပြု၏။ ပြီးမှ တိပ်ခွေကို သတင်းစာစက္ကူဖြင့်အပေါ်ကထုပ်၏။ ထို့နောက် ထောင့်စွန်းများကို ဆယ်လိုတိပ်ဖြင့်ကပ်လိုက်သေး၏။

နောက်တစ်နေ့ တနင်္ဂနွေနံနက် ဂျူတီဝင်သောအခါ ထိုတိပ်ခွေကို ဂျာ



www.burmeseclassic.com

www.burmeseclassic.com

ကင်အင်္ကျီအိတ်ထဲ ထည့်ယူသွားသည်။ ဆေးရုံသို့ သွေးပေါင်ချိန်ရန်ရောက်လာသော ဘိုးတော်တင်ဦးအား ကျွန်ုပ်အသံသွင်းရန် တိပ်ခွေယူလာကြောင်း ပြောလိုက်သည်။ သူက ခဏနေလျှင် အထူးဆောင်ရုံးခန်းသို့လိုက်လာရန် မှာ၍ ပြန်သွားသည်။

၀

"တိပ်ခွေပါလာလား"

ကျွန်ုပ် အထူးဆောင်ရုံးခန်းထဲရောက်တော့ ဘုရားဆောင်အောက်တွင်ထိုင်နေသော ဘိုးတော်တင်ဦးက ဆီးမေးလိုက်သည်။ ကျွန်ုပ်က ဂျာကင်အင်္ကျီထဲမှ တိပ်ခွေကို ထုတ်ပေးလိုက်သည်။

တိပ်ခွေမှာ သတင်းစာစက္ကူဖြင့် ထုပ်ထားတာဖြစ်နေရာ တစ်စုံတစ်ရာ ပြောမလား ထင်မိသည်။ ကျွန်ုပ်အပြုအမူမှာ သူ့ကို မယုံကြည်သလို ဖြစ်နေသည်။ သို့တစေ ဘိုးတော်တင်ဦးက အမူအရာ တစ်ချက်မပျက်၊ တစ်ခွန်းမှ အပြစ်မပြောဘဲ တိပ်ခွေကို ဘုရားဆောင်ရှေ့မှာ ချထားလိုက်သည်။

"ကဲ- ငါးပါးသီလခံပါ"

သူက ပြောသည်။ သူကိုယ်တိုင်လည်း လက်အုပ်ချီထားသည်။ ကျွန်ုပ်လည်း ဆောင့်ကြောင့်ထိုင် လက်အုပ်ချီကာ ငါးပါးသီလခံယူလိုက်သည်။ သို့သော် မျက်လုံးကတော့ တိပ်ခွေကိုသာ မမှိတ်မသုန် ကြည့်နေမိသည်။ ကျွန်ုပ်မျက်လုံးမှိတ်နေတုန်း တခြားတိပ်ခွေဖြင့် လဲလှယ်လိုက်လေမလား။

"ကဲ- တိပ်ခွေကို လက်နှစ်ဖက်နဲ့ ကိုင်ပါ"

ငါးပါးသီလယူပြီးတော့ ဘိုးတော်က ကျွန်ုပ်နှင့်မျက်နှာချင်းဆိုင်ထိုင်ကာ တိပ်ခွေကို လက်နှစ်ဖက်ဖြင့် ကိုင်ထားပြီး ကျွန်ုပ်ကိုလည်း သူလို ကိုင်ခိုင်းထားသည်။

သူက မျက်လုံးစုံမှိတ်၍ ဂါထာရွတ်ကာ-

"ဤတိပ်ခွေကို အဘဘိုးမင်းခေါင်၏ မဟာဂန္ဓာရီကျင့်စဉ်အရ ပဥ္စလက် မပါ၊ မျက်လှည့် မပါ သမာဓိစွမ်းအားဖြင့် သွင်းပါသည်။ ဝင်စေ, ဝင်စေ, ဝင်စေသတည်း"

ဟု ဆိုပြီးသည်နှင့် တိပ်ခွေကို 'ဖြောင်းခနဲ' လက်ဝါးဖြင့် ရိုက်ချလိုက်ကာ ကျွန်ုပ်အား ပေးလိုက်သည်။

"ရော့- ပြီးပြီ။ အိမ်ကျတော့ ဖွင့်ကြည့်ပေါ့"

သူက ပြီးပြီဆိုသော်လည်း ကျွန်ုပ်ကမူ သံသယစိတ်ဖြင့် မှင်တက်မိသလို ဖြစ်နေသေး၏။ ပြီးမှ တိပ်ခွေကို ဂျာကင်အင်္ကျီအိတ်ထဲပြန်ထည့်ကာ တစ်ခုမေးကြည့်လိုက်မိ၏။

"ဒီတိပ်ခွေကို ကက်ဆက်ထဲထည့်ပြီး ရီကောဒင်းခလုတ် နှိပ်ထားရင် အထဲကအသံတွေ ပျက်သွားမလား"

ဘိုးတော်တင်ဦးက ခေါင်းညိတ်ပြသည်။

"ပျက်မယ်"

ကျွန်ုပ် သူ့ကို နှုတ်ဆက်၍ ပြန်ခဲ့သည်။ အပြန်လမ်းတစ်လျှောက် 'ဒီလိုရွတ်ဆိုပြီး လက်ဝါးနဲ့ရိုက်လိုက်ရုံနဲ့ သူ့အသံတွေ ဝင်သွားပါ့မလား' ဟု တွေးနေမိသည်။

ထိုစဉ်က အင်းစိန်အိမ်တွင် ကျွန်ုပ်တို့လင်မယားနှစ်ယောက်တည်း နေထိုင်လျက်ရှိရာ အတယ်၍ တိပ်ခွေကိုဖွင့်၍ နားထောင်ပါက ကျွန်ုပ်တို့နှစ်ဦးသာ သိပေမည်။ တခြားသက်သေ မရှိပေ။

ဘိုးတော်တင်ဦးက တိပ်ခွေကို ရီကောဒင်းလုပ်လျှင် သူ့အသံများပျက်သွားမည်ဟု ဆိုထားရာ ပါကင်ဖြေပြီးသားတိပ်ခွေကို ဖွင့်ပြလျှင် တခြားသူများ ယုံကြည်ကြပါမည်လား။

'ဟာ- မင်းဟာက ဘယ်တေးသံ့သွင်း သွားကူးကူး ရတာပဲဟာ'

ဟု ပြောကြလေမလား။

ထို့ကြောင့် အင်းစိန်အိမ်တွင်မဖွင့်သေးဘဲ မြို့ထဲရှိ ကျွန်ုပ်မိဘများနှင့် သူငယ်ချင်းသုံး၊ လေးယောက်ထံသို့ ဖုန်းဆက်၍ လာမည့်တနင်္ဂနွေနေ့သို့ ချိန်းဆိုလိုက်သည်။ ထိုနေ့မှာ ကျွန်ုပ်နားရက်ဖြစ်၍ လင်မယားနှစ်ယောက် မြို့ထဲလမ်း (၄၀) အိမ်သို့ သွားကြသည်။

"မင်းတို့ ဒီတိပ်ခွေကို စစ်ကြည့်စမ်းပါ၊ ဒီမှာ ပါကင်ပြန်ပိတ်လို့ရမလားလို့"

မိဘနှစ်ပါးနှင့် သူငယ်ချင်းများ စုံသောအခါ ကျွန်ုပ်က ဘိုးတော်တင်ဦးရာဇဝင်ကို ရှင်းလင်းပြောပြပြီးမှ သတင်းစာစက္ကူဖြင့် ထုပ်ထားသော တိပ်ခွေကို သူငယ်ချင်းများလက် အပ်လိုက်သည်။ သူတို့က သတင်းစာစက္ကူပတ်ကို ခွာကာ တိပ်ခွေကို သေချာစစ်ဆေးကြ၏။ အတန်ကြာမှ-

"ဟင့်အင်း- ဒါဂျပန်ကလာတဲ့အတိုင်း ပါကင်ပိတ်ပဲ"

သူတို့က အတည်ပြုသည်။

"ဟုတ်လား၊ ဒါဆို ကက်ဆက်ထဲ ထည့်ဖွင့်ကြည့်ကွာ"

သူငယ်ချင်းက ပလတ်စတစ် ပါကင်ခွာ၍ ကက်ဆက်ထဲထည့်ကာ ပလေးခလုတ်နှိပ်လိုက်သည်။

"အောင်ခေါင်နေလ. . . ဤတိပ်ခွေကို သမာဓိစွမ်းအားဖြင့် သွင်းသော ဦးစောလှိုင်နှင့်မိသားစုတို့. . . ယနေ့ စ၍. ."

အသံထွက်လာပါပေသည်။ ဘိုးတော်တင်ဦး၏အသံအမှန် ဖြစ်ပါသည်။ ကျွန်ုပ်အား ဟောသောတရားမှာ ... စကြာအပေါ် အခြေခံထားသော ... ကြောင်းအရာများမှာ ဆန်းသစ်၍ သိ... နည်းကျလှသည်။

ထူးခြားသည်မှာ စီ (၆၀) တိပ်ခွေ အဆိုက်ကုန်သွား၍ ဘီဆိုက်ထို ဆက်ဖွင့်ရာ-

'တိပ်ခွေကုန်သွားလို့ ဆက်ဟော မယ်'

ဟု ပါရှိကာ ဘီဆိုက် ကုန်ခါနီး တွင်-

'တိပ်ခွေလည်း ကုန်တော့မယ်'

ပြော၍ သူ့တရားကိုနိဂုံးချုပ်ထား ခြင်းပင်။

အံ့သြဖွယ်ကောင်းတာ တစ်ခု... ဘိုးတော်တင်ဦး လက်ဝါးဖြင့်ရိုက်၍ ... ခဲ့သောစာရွက်များသည် အချိန်အတ... ကြာသောအခါ ကျွန်ုပ်မှာသာမက ... ခြား ထောင်မျှများထံတွင်ပါ ပြန်ရှာ... ၍မရအောင် ပျောက်ခြင်းမလှ ပျော... ဆုံးသွားခြင်း ဖြစ်၏။

သို့သော် ဘိုးတော်တင်ဦး... တရားတိပ်ခွေသည်ကား နှစ်ပေါင်း(၁... နှစ်ကျော်လာသည့် (ယနေ့တိုင်အောင်) ကျွန်ုပ်လက်ထဲ၌ မပျောက်မပျက်၊ ... အသံအတိုင်း အကောင်းပကတိ ရှိနေ... သေး၏။

ယနေ့ခေတ်လို ဂမ္ဘီရ မထွန်းကား... သေးသော လွန်ခဲ့သည့် ဆယ်စုနှစ် ... စုကျော်က လျှမ်းလျှမ်းတောက် နာမည်... ကြီးခဲ့သော ဘိုးတော်တင်ဦးလိုပုဂ္ဂိုလ်... မျိုး ထိုစဉ်ကလည်း မရှိခဲ့သလို ယနေ့... လည်းမရှိ၊ နောင်တွင်လည်း ရှိလာ... မည် မဟုတ်ပါချေ။

သို့ဖြစ်ရာ ဘိုးတော်တင်ဦးအား ... ယနေ့ဂမ္ဘီရလောက၏ ခေတ်ရှေ့ဆောင်... သူ 'ဂမ္ဘီရဘိုးအေ' အဖြစ် မှတ်တမ်း... ထားလိုက်ချင်ပါတော့၏။

ဦးတာ...



www.burmeseclassic.com

www.burmeseclassic.com

အလုံးစုံပြည့်ဝ

# နာနာသဝန္တအင်းအစီအရင်

△ တိုရတနာ-ဆရာဇေယျာလင်း



ဤလောကတွင် လူတစ်ကိုယ် ဝါသနာတစ်မျိုး ဖြစ်ပါသည်။ လူတစ်ယောက်နှင့် တစ်ယောက် အကြိုက်၊ စရိုက် မတူ ကွဲပြားကြပါသည်။ ထို့ကြောင့်လည်း လူတစ်ကိုယ် အကြိုက်တစ်မျိုး၊ ဝါသနာတစ်မျိုး ဖြစ်ကြရပါသည်ဟု ထင်ပါလေသည်။ လူသည် မိမိ၏စရိုက်၊ အကြိုက်၊ ဝါသနာပါသည့်အရာ၌သာ စိတ်ဝင်စားလေ့ရှိကြပါသည်။ ဂန္ဓာရီဝိဇ္ဇာမယလောကီပညာရပ်တွင် ပညာရပ်အမျိုးမျိုး ရှိကြပါသည်။ ပြဒါးသေ၊ သံသေ လုပ်ရတ်ပညာဖြစ်သော အဂ္ဂိရတ်ပညာ၊ ဆေးပင်ဝါးပင် ဓာတ်သတ္တုအမျိုးမျိုး၊ ဆန်းပြားသော ကတ်သီးကတ်သတ် ပစ္စည်းအမျိုးမျိုးတို့ကို စုစည်းဖော်စပ် စီရင်ရသော ဝိဇ္ဇာမယ သိဒ္ဓိ ဆေးအတတ်ပညာ၊ ဂါထာမန္တန်အတတ်ပညာ၊ ဗျည်းအက္ခရာ အာဏာန်းများ၊ ဂါထာမန္တန်များကို အခြေခံသော အင်းကွက်ဇယားများ၊ ရုပ်ပုံအက္ခရာစမများအဖြစ် ရေးသွင်းရေးဆွဲစီရင်ရသော ဝိဇ္ဇာမယ အင်းအတတ်ပညာ စသည်ဖြင့် ဂန္ဓာရီဝိဇ္ဇာမယ ပညာရပ်များရှိရာတွင် ကျွန်ုပ်လည်း ကျွန်ုပ်၏ဝါသနာပါစရိုက်၊ အကြိုက်အရ ဝါသနာအထုံဆုံး၊ စိတ်အဝင်စားဆုံး ဂန္ဓာရီဝိဇ္ဇာမယပညာမှာ ဝိဇ္ဇာမယ အင်းအတတ်ပညာပင် ဖြစ်ပါသည်။ မည်သို့ရယ်မသိ၊ ကျွန်ုပ်သည် ငယ်စဉ် ကလေးဘဝကပင် အင်းကွက်များ၊ အင်းစမပုံများကိုတွေ့လျှင် အလွန်သဘောကျ စိတ်ဝင်စားစွာ ကြည့်ရှုလေ့ရှိပါသည်။ နောင် ကျောင်းနေ၍ မှတ်မိသလောက် တတိယတန်းကျောင်းသားအရွယ်၌ ကျွန်ုပ်သည် အင်းစမများကို စိတ်ဝင်စားစွာ ကြည့်ရှုနေပြီး၊ ထိုစဉ်က အိမ်နီးနားချင်းတွင် မြေမာသမားတော်လည်းဖြစ်၊ ပထမံဆရာလှ ဟူ၍လည်း အမည်တွင်သော ဆရာကြီးတစ်ဦးလည်းရှိခဲ့ရာ သူ့စာအုပ်စင်ကို ကလေးသာသာဖြစ်သော ကျွန်ုပ်မှနှောက်၍ စိတ်ဝင်စားစရာ ဝိဇ္ဇာမယ ပညာရပ်ဆိုင်ရာကျမ်းစာအုပ်များ ကိုင်တွယ်ကြည့်ရှုသည်ကို ထိုဆရာကြီး ပထမံဆရာလှသည် ဘာမှမပြောဘဲ သဘောကျ ခွင့်ပြုခဲ့သည်။ ထိုအချိန်က ကျွန်ုပ် သတိထားကြည့်ရှုသောကျမ်းမှာ 'မြစလွယ်' အမည်ခံ ဆရာကြီးဦးထင်ပေါ် ရေးသားပြုစုခဲ့သော လက်တွေ့ပယောဂကုထုံးကျမ်း ဟူသော စာအုပ်ဖြစ်ပါသည်။ ထိုကာလမှ ယခုအချိန်ထိ ဂန္ဓာရီ ဝိဇ္ဇာမယ အင်းပညာရပ်ကို အထူးပြုလျက် အခြား ပညာရပ်များကိုပါ လေ့လာလိုက်စားနေခဲ့မိပါသည်။

ဤသို့ ကျွန်ုပ်ရေးသားနေခြင်းမှာ ကျွန်ုပ်အကြောင်းကို ပြောလို၍မဟုတ်ပါ။ ကျွန်ုပ်ပြောချင်သည်မှာ ထိုမျှ လေ့လာလိုက်စားခဲ့သည့်တိုင် ယခုထိ ဤပညာရပ်နှင့်ပတ်သက်၍ ကျွန်ုပ်ကိုယ်ကျွန်ုပ် ကျေနပ်အားရခြင်း မရှိသေးပါ။ ထိုသို့ လေ့လာ လိုက်စားခဲ့ရာမှသည် ကြာမြင့်လှစွာသော ကာလများအတွင်း မသိနားမလည် စမ်းတဝါးဝါး ဖြစ်ခဲ့ရသော အကြောင်းခြင်းရာကိစ္စရပ်များ များစွာ ရှိခဲ့၊ တွေ့ကြုံခဲ့ရပါသည်။ ထိုမိမိ၏ဘဝအတွေ့အကြုံအရ ယခုမျက်မှောက်ကာလတွင် မိမိကဲ့သို့ ဤပညာရပ်ကို ဝါသနာထုံ လေ့လာလိုက်စားနေသော်လည်း စမ်းတဝါးဝါးဖြစ်နေသူများ၊ နည်းမှန်လမ်းမှန်ကျကျ သင်ပြပေးမည့် ဆရာမဲ့နေသူများအတွက် မိမိတတ်သိသမျှကလေးများကို မျှဝေပေးချင်၍ ဤမဂ္ဂဇင်းကြီးမှတစ်ဆင့် ဤပညာရပ်ဆိုင်ရာ စာများကို ရေးသားတင်ပြနေခြင်း ဖြစ်ပါသည်။

ဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာနယ်မှ လူအားလုံး၊ ပညာရှင်များအားလုံး ဘားမဲ့ဆရာတော်ဆိုလျှင်ပင် မသိသူ ရှိမည်မထင်ပါ။ ယနေ့ ကျွန်ုပ်တို့ ဂန္ဓာရီ ဝိဇ္ဇာမယပညာရှင်များဖြစ်သော အင်းစမပညာ၊ ဝိဇ္ဇာယမသိဒ္ဓိဆေးပညာများကို လေ့လာလိုက်စားခွင့် ရနေခြင်းမှာ ဘားမဲ့ဆရာတော်ကြီး၏ကျေးဇူး မကင်းဟု ပြော၍ရပါသည်။ ယနေ့ယခုခေတ်ကာလထိ သိဒ္ဓိပြီးမြောက် ခရီးရောက်၍ ထွက်ရပ်ပေါက်သွားကြသော ပေါက်ဆရာကြီး (၆၄) ပါး၊ (၆၉) ပါး စသော ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးများ ရှိကြရာတွင် ဘားမဲ့ဆရာတော်ကြီးကဲ့သို့ ဘားမဲ့နည်း၊ ဘားမဲ့ကျမ်းရယ်ဟု ခိုင်ခိုင်မာမာ ချန်ထားရစ်ခဲ့သော ပေါက်ဆရာကြီးများ မရှိသလောက်ပါ။ ဥပမာ-ပထမံဘိုးဘိုးအောင်ကျမ်း၊ ဆံရှည်ကိုယ်တော်ကျမ်း၊ ဦးအောင်ရသေ့ကျမ်းရယ်ဟု ခိုင်ခိုင်မာမာ မရှိကြပါ။ များသောအားဖြင့် ထွက်ရပ်ဂိုဏ်းအသီးသီး၌လောက်သာ သက်ဆိုင်ရာဂိုဏ်းတော်ကြီးဦးသျှောင် ပေါက်ဆရာကြီးများ၏ကျင့်စဉ်၊ ပညာ၊ ဆေးဝါး အနည်းအကျဉ်းသာ ရှိကြပါသည်။ သို့သော် ဘားမဲ့ဆရာတော်ကြီးသာလျှင် ဘားမဲ့နည်း၊ ဘားမဲ့ကျမ်းရယ်ဟု စာတစ်စောင်၊ ပေတစ်ဖွဲ့၊ ကျမ်းတစ်ဆူ ပြုစုထားရစ်ခဲ့ပြီး နှောင်းလူတို့အတွက် အကျိုးများခဲ့ရာ ယခုကျွန်ုပ်တို့ခေတ်တိုင်အောင်ပါ။

သို့-ဘားမဲ့ဆရာတော်ကြီး၏ထုံးကို နှလုံးမူလျက် ကျွန်ုပ်သည်လည်း မိမိလေ့လာထားသမျှ၊ သိသမျှ၊ တတ်သမျှကလေးများကို ပေထက်အက္ခရာတင်သောသဘောဖြင့် နောက်တက်လူများအတွက် ဂန္ဓာရီ ဝိဇ္ဇာမယပညာနှင့် ပတ်သက်သည့် ပညာရပ်ဆိုင်ရာစာများကို တတ်နိုင်သမျှ ကြိုးစားအားထုတ် ရေးသားတင်ပြနေခြင်း ဖြစ်ပါသည်။ သို့အားလျော်စွာ ပညာရှာမှီးနေသူများ၊ သုတေသီများ၊ စိတ်ဝင်စားလေ့လာနေသူများအတွက် အထောက်အကူပြုပါစေခြင်းအလို့ငှာ ရှေးယခင်မှစ၍ ယနေ့မျက်မှောက်ခေတ်တိုင် မရှိခဲ့ဘူးသေးသော 'မြန်မာ့ဂန္ဓာရီ ဝိဇ္ဇာမယအင်းပညာလက်စွဲကျမ်း' သဖွယ် လက်ကိုင်ထား အသုံးပြုနိုင်မည့် '***မြန်မာ့အင်းပညာအကြောင်း တစေ့တစောင်းလေ့လာခြင်း***' ဟူသော ခေါင်းစဉ်ဖြင့် အခန်းဆက်ဆောင်းပါးများကို ဤသူရဇ္ဇမဂ္ဂဇင်းကြီး၏ကျေးဇူးကြောင့်ပင် ရေးသားတင်ပြခွင့် ရရှိခဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ထိုအခန်းဆက် ဆောင်းပါးကြီးမှာ ပညာရှိများအတွက်သော် လည်းကောင်း၊ သုတေသီ ဝါသနာရှင်များအတွက်သော် လည်းကောင်း၊ ပညာရှာမှီးသူများအတွက်သော် လည်းကောင်း မြန်မာ့ဂန္ဓာရီ ဝိဇ္ဇာမယ အင်းအတတ်ပညာနှင့်ပတ်သက်၍ အခြေခံမှစကာ အသေးစိတ် ရေးသားထားသည့်အပြင် အင်းပညာနှင့်ပတ်သက်၍ ကွဲလွဲနေသော အယူအဆများကိုပါ စုစည်း တင်ပြထားပါသဖြင့် များစွာ အထောက်အကူပြုပါလိမ့်မည်ဟု ယုံကြည်ရပါသည်။ ထိုဆောင်းပါးများဖြင့် ဤပညာရပ်၏ သမိုင်းပေးတာဝန်တစ်ရပ်ကို ကျွန်ုပ် ထမ်းဆောင်နိုင်ခဲ့ပြီ။ ကျေးဇူးတော်ရှင် အဘ ဗားမဲ့ဆရာတော်ဘုရားကြီး၏ အလိုဆန္ဒကို၊ ကျေးဇူးတော်ကို ဖြည့်ဆည်းတုံ့ပြန်မှုတစ်ခုပြုနိုင်ခဲ့ပြီဟု ကြည်နူးခဲ့ရပါသည်။ ထို့အတွက် ကျွန်ုပ်၏ အဆိုပါ ဆောင်းပါးများကို (၂) နှစ်ခွဲမျှ ဆက်တိုက်ဆိုသလို အသုံးပြု ဖော်ပြပေးခဲ့သော သူရဋ္ဌမဂ္ဂဇင်းကြီးကို ကျေးဇူးအထူးတင်ကြောင်း အလျဉ်းသင့်၍ ပြောလိုက်ပါရစေ။

ကျွန်ုပ်သည် ထိုကဲ့သို့ ပညာရပ်များ မတိမ်ကော မပျောက်ပျက်စေရန် ထိန်းသိမ်းမှတ်တမ်းတင်ခြင်း၊ ပညာမျှဝေခြင်း စသည်များကိုပြုလုပ်သည့်နည်းတူ တစ်ဖက်တွင်လည်း စာဖတ်သူ ပရိသတ်ပေါင်းအတွက် အကျိုးရှိစေမည့် မြန်မာ့ဂန္ဓာရီ ဝိဇ္ဇာမယလောကီ ပညာအစီအရင်များကိုလည်း စာတစ်စွမ်းသမျှ ဖော်ထုတ်ပေးနေပါသည်။ ထိုသို့ ဖော်ထုတ်တင်ပြရာ၌လည်း ဤအစီအရင်ကို ဤသို့ စီရင်ရပါသည်၊ ဤသို့ အကျိုးရှိပါသည် ဆိုရုံမျှလောက်နှင့် စာဖတ်သူတို့ထံ မပေးပို့လိုပါ။ ကျွန်ုပ် စာဖတ်သူတို့ထံ ပေးလိုသော အစီအရင်နှင့် ပတ်သက်သည့် အဓိကအချက်မှာ ထိုသက်ဆိုင်ရာ အစီအရင်၏အနှစ်သာရ (ဝါ) ပညာရပ်၏ အဆီအနှစ် အဓိကသော့ချက်များပင် ဖြစ်သည်။ သို့မှသာ သာမန်စာဖတ်သူများရော ပညာရှင်များပါ ဘဝင်ကျ နှစ်ခြိုက်လက်ခံလာကြပါလိမ့်မည်။ ထိုကဲ့သို့ ယုံကြည်ဘဝင်ကျလက်ခံမှ စိတ်အားထက်သန်စွာ သုံးလာကြမည်။ သုံးလျှင် အကျိုးရှိကြမည်။ သို့မှလည်း ထိုအစီအရင်ကောင်းတစ်ခုကို ကျွန်ုပ်လည်း ရေးသားရကျိုးနပ်မည်၊ ဤမဂ္ဂဇင်းကြီးသည်လည်း စာဖတ်သူများအတွက် အကျိုးပြုမဂ္ဂဇင်းကြီးအဖြစ်ပီတိဖြစ်နေမည်သာ။ သို့အားလျော်စွာ အစီအရင်တစ်ခုကို ရေးသားတော့မည်ဆိုလျှင် ကျွန်ုပ်အနေဖြင့် ထိုအစီအရင်၏နောက်ခံသမိုင်းကြောင်း၊ အစီအရင်ပါအကြောင်းအချက်များ၌ ရှေ့နောက်ခိုင်လုံမှု ရှိ,မရှိ။ ထိုအစီအရင်၏လုပ်ထုံးလုပ်နည်းများသည် ကျွန်ုပ် တတ်သိနားလည်ထားသော ပညာရပ်ပေတံဖြင့် တိုင်းတာကြည့်လျှင် စံမီ, မမီ၊ 'ကျေနပ်လောက်ဖွယ်'လက်ခံနိုင်လောက်ဖွယ် ရှိ,မရှိတို့ကို ဆန်းစစ်ပြီး စိတ်ကျေနပ်မှရွေးချယ်ဖော်ထုတ် ရေးသားတင်ပြလေ့ ရှိပါသည်။ ကိုယ်ကိုယ်တိုင်ပင် ဝိုးတိုးဝါးတားဖြစ်နေသော၊ ခံစား၍မရသော အစီအရင်မျိုးများကို ကျွန်ုပ် မရေး။ ထိုကဲ့သို့သော စာမျိုးကိုလည်း ဤမဂ္ဂဇင်းကြီးက လက်ခံမည်မဟုတ်။ ဤကား စာဖတ်သူများအပေါ် ကျွန်ုပ်၏စေတနာ။

ဤသို့ ကျွန်ုပ် ဖော်ထုတ် ရေးသားတင်ပြနေခြင်းမှာ ကိုယ်ရည်သွေးလို၍ မဟုတ်ပါ။ အဓိက ကျွန်ုပ်ပြောလိုသည်မှာ ကျွန်ုပ်သည် အထက်တွင်တင်ပြခဲ့သည့်အတိုင်း ကျွန်ုပ် အစီအရင်တစ်ခုကို လွယ်လွယ်နှင့်မရေးတတ်ကြောင်း၊ ကျိုးကြောင်းခိုင်လုံ၍ အကျိုးပြုစေမည့် အစီအရင်ကောင်းများကိုသာ ရွေးချယ်ထုတ်ဖော်ပြလေ့ရှိကြောင်း စာဖတ်သူများကို သိစေလိုပြီး ထိုသို့ သိမှလည်း ကျွန်ုပ်၏အစီအရင်များကို စာဖတ်သူတို့ စိတ်ချ ယုံကြည်စွာ အသုံးပြုစေလိုခြင်းပင် ဖြစ်ပေသည်။ တစ်ခါက ဤသူရဋ္ဌမဂ္ဂဇင်းကြီး၏ စာတည်းချုပ်နှင့် ကျွန်ုပ်တို့ စကားပြောခွင့်ရစဉ် စာတည်းချုပ်ကြီးက-

'ဆရာရေ၊ ရေးသာရေးပါ။ ကျွန်တော်တို့စာတွေကို (ကျွန်ုပ်နှင့်ပတ်သက်၍ ကျွန်ုပ်ရေးသားတင်ပြသော အစီအရင်များကို ဆိုလိုသည်။) စာဖတ်သူတွေ အသုံးချလို့ အကျိုးရှိရင် ကျေနပ်ပြီ။ နောက်ဆုံး တစ်ယောက်သုံးလို့ အဲဒီတစ်ယောက် အကျိုးရှိခဲ့ရင် ကျွန်တော်တို့ လုပ်ရကျိုးနပ်ပြီ'

ဟု ဆိုဖူးပါသည်။

ထို့ကြောင့် ကျွန်ုပ်အနေဖြင့် ကျွန်ုပ်တင်ပြသော အစီအရင်များကို ယုံကြည်စိတ်ချစွာ သုံးမိကြစေရန် ပေရှည်နေရခြင်း ဖြစ်ပါသည်။ ဤမဂ္ဂဇင်းကြီးနှင့် ကျွန်ုပ်တို့၏စေတနာမှာ စာဖတ်သူများသုံးမိစေဖို့။ သုံးမိပြီး အကျိုးရှိစေဖို့ပင် ဖြစ်ပါသည်။

ထိုသို့သော ခံယူချက်၊ ရည်ရွယ်ချက် စေတနာကောင်းများဖြင့် ယခု အများစာဖတ်သူတို့ အကျိုးအတွက် ယခု ကျွန်ုပ်ဖော်ထုတ်တင်ပြအံ့သော ဂန္ဓာရီ ဝိဇ္ဇာမယ အင်းအစီအရင်တစ်ခုမှာ ဤဆောင်းပါးခေါင်းစဉ်ပါအတိုင်း ***'အလုံးစုံပြည့်ဝ နာနာဆန္ဒအင်း အစီအရင်'*** ပင် ဖြစ်ပါသည်။

မြန်မာ့ဆိုရိုးစကားတို့တွင် 'လူ့အလို နတ်မလိုက်နိုင်' ဟူသော စကားတစ်ရပ်ရှိသည်။ အင်္ဂလိပ်စကားပုံတွင်လည်း "The more they get the more they want" ဟူသော စကားလေး ရှိပါသည်။ မြန်မာလိုဆိုလျှင် 'ရလေလိုလေ အိုတချွေ' ဟူသော သဘောပင်။ သို့အားလျော်စွာ လူတို့၏သဘောသဘာဝတို့ဆိုသည် ရလေ လိုချင်လေ၊ ပိုရလျှင် ပိုလိုချင်သော လောဘစိတ်တို့နှင့်ပြည့်လျှမ်းနေသောသဘောရှိခြင်းကြောင့် လူတို့၏အလိုဆန္ဒအားလုံးကို ပြည့်ဝစေဖို့ဆိုသည်မှာ ဖြစ်နိုင်ကောင်းသောအရာ မဟုတ်ပါချေ။ သို့ရာတွင် လူတို့၏အခြေခံလိုအင်ဆန္ဒများကား အနာရောဂါကင်းလိုသည်၊ သက်ရှည် ကျန်းမာလိုသည်၊ ဘေးရန် အန္တရာယ် ကင်းချင်သည်၊ လာဘ်လာဘပေါလိုသည်၊ စီးပွားဥစ္စာ တိုးလိုသည်။ ဤသည်တို့ကား လူအားလုံး၌ အကျုံးဝင်သော အခြေခံလိုအင်ဆန္ဒများပါတည်း။

ယခု တင်ပြမည့် အင်းအစီအရင်သည် အလုံးစုံပြည့်ဝ နာနာဆန္ဒအင်းအစီအရင် ဆိုလေသော်ငြား အထက်တွင် တင်ပြခဲ့၊ ဆွေးနွေးခဲ့သကဲ့သို့ နတ်ပင် မတတ်နိုင်သော လူ့အလိုလောဘ မှန်သမျှကို ပြည့်ဝစေနိုင်မည် မဟုတ်လေသော်ငြား လူတို့၏အခြေခံလိုအင်ဆန္ဒများကိုကား ဖြည့်ဆည်းပေးနိုင်သော ကျယ်ပြန့်သောသဘော၊ အကျိုး တန်ခိုးသိဒ္ဓိ ရှိလေသဖြင့် **နာနာ = အထွေထွေ** အပြားပြားသောဆန္ဒ၊ လိုအင်ဆန္ဒ ဟူသော သဘောအဓိပ္ပာယ်ရှိသည့် 'အလုံးစုံပြည့်ဝ နာနာဆန္ဒ အင်းအစီအရင်' ဟု ရှေးဆရာမြတ်တို့ သတ်မှတ်မည်ခေါ်ခဲ့

| | | | |
|---|---|---|---|
| ၁ | ၄ | ၇ | ၅ |
| ၃ | ၂ | ၆ | ၈ |
| ၁၆ | ၁၄ | ၁၀ | ၁၁ |
| ၁၃ | ၁၅ | ၁၂ | ၉ |

**အင်းအသွားနမူနာပြဂဏန်းအင်း**



www.burmeseclassic.com

www.burmeseclassic.com

| | | | |
|---|---|---|---|
| ဗု | ယံ | ဒ္ဓ | ေဓ |
| မေ | ဒ္ဓ | စယ | ဗွ့ |
| ·ဖ- | ဘဖ | ဧ | ဋင |
| ဃ- | ဖ | ဧ | ဝ |

ပထမအင်းကွက်

| | | | |
|---|---|---|---|
| ဓ | ယံ | ဒ္ဓ | စ |
| မေ | မ္မ | ငင | ဗွ့ |
| ·ဖ- | ဘ | ဣ | ဋင |
| ဖ | ဖ | ဧ | ဓ |

ဒုတိယအင်းကွက်

| | | | |
|---|---|---|---|
| သံ | ယံ | ဒ္ဓ | ဗွ့ |
| မေ | ယ | ဗ | ဗွ့ |
| ·ဖ- | ဒ | က | ဋင |
| ဒ | ဖ | ဧ | ငင |

တတိယအင်းကွက်

| | | | |
|---|---|---|---|
| သိ | ယံ | ဒ္ဓ | ဗွံ |
| မေ | ဒ္ဓိ | စယ၀ | ဗွ့ |
| ·ဖ- | ဝဘဖ | ဋ္ဌိ | ဋင |
| ဝဒ | ဖ | ဧ | ငွင |

စတုတ္ထအင်းကွက်

ဘြလေခြင်း ဖြစ်လေရာ၏ဟု ထင်ပါသည်။ ဤအစီအရင်တွင် အင်းကွက် (၄) ကွက်ပါဝင်ပြီး နမူနာအင်းကွက်တို့ကို အောက်တွင် ဖော်ပြလိုက်ပါသည်။

**အင်းဆန်ဂါထာများ**

၁။ **ပထမအင်းကွက် အင်းဆန်ဂါထာ**- ဗုဒ္ဓစေယံ၊ ဗုဒ္ဓလာဘံ၊ ဗုဒ္ဓသုခံ၊ ဗုဒ္ဓဓနံ။

၂။ **ဒုတိယအင်းကွက်အင်းဆန်ဂါထာ**- ဓမ္မစေယံ၊ ဓမ္မလာဘံ၊ ဓမ္မသုခံ၊ ဓမ္မဓနံ။

၃။ **တတိယအင်းကွက်အင်းဆန်ဂါထာ**- သံဃစေယံ၊ သံဃလာဘံ၊ သံဃသုခံ၊ သံဃဓနံ။

၄။ **စတုတ္ထအင်းကွက် အင်းဆန်ဂါထာ**- သိဒ္ဓိစေယံ၊ သိဒ္ဓိလာဘံ၊ သိဒ္ဓိသုခံ၊ သိဒ္ဓိဓနံ။

အင်းဆန်ရေးသွင်းနည်းမှာ နမူနာဂဏန်းအင်းကွက်တွင် ပြသထားသည့် ဂဏန်းနံပါတ်များအတိုင်းပင် အင်းဆန်ဂါထာပိုဒ်တို့ကို ကြက်ခြေခတ်ပုံစံ လက်ယာရစ် အစဉ်အတိုင်း အသီးသီး ရေးသွင်းကြရပါမည်။

**အင်းအပတိန်းဂါထာ**

အင်းကွက်တစ်ကွက်ချင်းကို အထက်ပါ အင်းဆန်ဂါထာ (၄) ပုဒ်လုံးဖြင့် (၃၇)အုပ်စီ အသီးသီးရွတ်ပတိန်းရပါမည်။

- ဘေးရန်ကင်းလိုသော်၊ အနာရောဂါကင်းလိုသော် သမ္ဗုဒ္ဓေဂါထာတော် (၁၀၈) အုပ် ထပ်စုတ်ပါ။
- ပယောဂနှိမ်နင်းလိုသော် ဣတိပိသောဂုဏ်တော်(၁၀၀၀)စုတ်ပါ။
- လာဘ်လာဘပေါများ၍ စည်းစိမ်ချမ်းသာကိုလိုသော် သပ္ပဓယမင်္ဂလာ ဂါထာဖြင့် (၁၀၀၀) စုတ်ပါ။

**အင်းစီရင်နည်းနှင့်အသုံးချနည်း**

နေ့ကောင်းရက်သာအဝင်နက္ခတ်၊ သိဒ္ဓိစုတ်ကြိုက်သော ကာလကို ရွေး၍ ရတနာသုံးပါးကိုကန်တော့ပွဲတစ်ပွဲ၊ ပန်း၊ ဆီမီး၊ ရေချမ်း၊ ဆွမ်း တတ်အားသမျှတင်လျက်- အထက်ပါ အင်း (၄) ကွက်ကို စီရင်ရပါမည်။ ဤအင်း (၄)အင်းကို သန့်ရှင်းသောစက္ကူ၊ မိုင်းကိုင်စက္ကူ၊ ရရာတွင် ရေးစီရင်ပြီး အင်းကိုပြာပြုပါ။ ထိုပြာကို နံ့သာရည်၌ဖျော်ပြီး နဖူး၊ ဆံစ၊ မျက်နှာ စသည် ထွတ်မြတ်သည့် ကိုယ်အင်္ဂါတွင် လိမ်းပါက ခုနစ်ရက်သားသမီး လူအပေါင်းတို့ ချစ်ကြောက်ရိုသေ၏။

- ထို နာနာဆန္ဒအင်း (၄) အင်းကို ကျောက်ပြား၌ ရေးစီရင်ပြီး ရေစိမ်၍သောက်ပါက ကိုယ်တွင်း၊ ကိုယ်ပ၌ ဖြစ်ပွားသော ရောဂါတို့ကို သက်သာပျောက်ကင်းစေ၏။
- ဤ နာနာဆန္ဒအင်း (၄) အင်းကို ရွှေပြား၊ ငွေပြားတို့တွင် လက်ဖွဲ့ ထိုး၍ဆောင်လေပါက ထူးမြတ်သော လာဘ်လာဘတို့ လျှင်မြန်စွာ ဝင်လာရရှိစေ၏။
- ဤ နာနာဆန္ဒအင်း (၄) အင်းကို သိမ်ဝင်သပိတ်ကွဲတွင်ချ၍ ရေစိမ်ပြီးတိုက်သော် ပယောဂ ဟူသမျှတို့ကို နှိမ်နင်းနိုင်၏။
- ထိုသပိတ်ကွဲ၌ စီရင်ထားသော အင်းရေဖြင့် နေအိမ်၊ အဆောက်အအုံနံရံတို့ကို ပက်ဖျန်းပေးပါက မကောင်းဆိုးဝါး မိစ္ဆာနာနာဘာဝတို့ မကပ်ဝံ့။ ထွက်ပြေးတိမ်းရှောင်ရ၏။ တပ်ရောဂါတို့မှကင်းလွတ်စေ၏။ ပျောက်စေ၏။

ဤ'အလုံးစုံပြည့်ဝ နာနာဆန္ဒအင်း' အစီအရင်သည် လောကီပညာအတတ်ဖြစ်သော်လည်း သုံးလောကတွင် အတုမရှိ အမြတ်ဆုံးဖြစ်သော ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့နှင့် စပ်လျဉ်းသော အင်းအစီအရင်ဖြစ်သဖြင့် ပြုလုပ်စီရင်သူ၌အပြစ်ကင်း၏။ ရတနာသုံးပါးတို့၏ဂုဏ်တန်ခိုး ဟိတ် သိဒ္ဓိတို့ကို ရယူစီရင်ထားသော အင်းအစီအရင်များဖြစ်သဖြင့် အင်း၏အကျိုး တန်ခိုးသိဒ္ဓိတို့ကား ယခု ဖော်ညွှန်းထားသော အကျိုးများထက် ပိုမို ရရှိစေနိုင်မည်မှာ မလွဲ။ မိမိဉာဏ်ရှိသလို ချဲ့ထွင်ကာ အသုံးပြုနိုင်သလောက် သိဒ္ဓိတန်ခိုး အကျိုးထူးတို့ကို ပေးစွမ်းနိုင်သော အင်းမြတ်အစီအရင်ဖြစ်၏။ 'ယံ ကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံဝါ သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ န နော သမံ အတ္ထိ တထာဂတေန ဣဒမ္ပိ ဗုဒ္ဓေ၊ ဓမ္မေ၊ သံဃေ ရတနံ ပဏီတံ' ဟူသော ကျမ်းဂန်အလာရှိသည်နှင့်အညီ လူ့ပြည်၊ နတ်ပြည်၊ နတ်နဂါးပြည်တို့၌ ရှိရှိသမျှ ရတနာတို့ထက် တုနှိုင်းမဲ့ အမြတ်ဆုံး ရတနာသုံးပါးကား ဘုရားတည်းဟူသော ရတနာ၊ တရားတည်းဟူသော ရတနာ၊ သံဃာ တည်းဟူသော ရတနာတို့သာ ရတနာစစ် ရတနာမှန်များ ဖြစ်လေရကား ထိုရတနာသုံးပါးဂုဏ်ကို ကိုးစား၍ ဂန္ဓာရီ ဝိဇ္ဇာမယ အတတ်ပညာဖြင့် စီရင်အပ်သော ဤ 'အလုံးစုံပြည့်ဝ နာနာဆန္ဒ' အင်းမြတ် အစီအရင်ကား စီရင်လွယ်ကူသလောက် အသုံးကြွယ်၍ တန်ခိုးထက်လေရကား ဤမဂ္ဂဇင်းစာဖတ်ပရိသတ်များ ယုံကြည်ကိုးစား အားထားဆောင်ယူအပ်သော မြန်မာ့မဟာဂန္ဓာရီ ဝိဇ္ဇာမယ အစီအရင်ကောင်းတစ်ခု ဖြစ်၍ ပညာဝေမျှ ဖော်ထုတ်တင်ပြလိုက်ပါသည်။ သိသူဖော်စား မသိသူကျော်သွား။

*အနန္တစကြဝဠာ အနန္တသတ္တဝါတို့ ချမ်းသာကြပါစေ*

*မေတ္တာများဖြင့်*

ဘြိုဇာနာ-ဆရာဇေယျာသင်း




www.burmeseclassic.com

www.burmeseclassic.com

လှမိုး(ပညာရေး)

# သွေးနှင့်ချွေးနှင့်ရင်းခဲ့ရသော လမ်းမကြီးများ

ကျွန်တော်သည် ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလထုတ် သုရဋ္ဌမဂ္ဂဇင်းတွင် 'အမေ့ခံ သေမင်းတမန် အမ်းလမ်းမကြီး' အမည်ဖြင့် ကျွန်တော်တို့ မြန်မာနိုင်ငံအား ဂျပန်ဖက်ဆစ်တို့ သိမ်းပိုက်ထားစဉ်ကာလက မင်းဘူးခရိုင်နှင့် ရခိုင်ပြည်နယ် အမ်းမြို့တို့အား ဆက်သွယ်သည့်လမ်းမကြီး ဖောက်လုပ်သည့်အကြောင်းဆောင်းပါးကို ရေးသားဖော်ပြခဲ့ပါသည်။ ထိုသေမင်းတမန် လမ်းကြီး ဖောက်လုပ်ခဲ့စဉ်က ချွေးတပ်ဟု အရပ်ခေါ် အလုပ်သမားအများစုမှာ မင်းဘူးခရိုင် မြို့ရွာများမှ လူငယ်များ ဖြစ်ကြပါ




သည်။ အခြားခရိုင်များမှ ချွေးတပ်သားဦးရေ အတော်အသင့်သာ ပါဝင်ခဲ့ပါသည်။ ထိုမေ့လျော့ခံထားရသော အမ်းလမ်းမကြီး ဖောက်လုပ်ခဲ့ရာတွင် မြန်မာချွေးတပ်သား (၄၀၀၀) ကျော် သေဆုံးခဲ့ရသည်ဟု ထိုစဉ်က မှတ်တမ်းများအရ သိခဲ့ရသည်။ ချွေးတပ်သားအများမှာ ငှက်ဖျားရောဂါဝေဒနာ၊ ဝမ်းကိုက်ရောဂါဝေဒနာ၊ ဝဲရောဂါ၊ အနာစက်ရောဂါဝေဒနာ စသည့် ရောဂါဝေဒနာများအပြင် လမ်းဖောက်ရာတွင် ထိခိုက်ဒဏ်ရာရ၍လည်း သေဆုံးခဲ့ရကြောင်း ရေးသားဖော်ပြခဲ့ပါသည်။ ဤ သမိုင်း၏အမေ့ခံလမ်းမကြီးအကြောင်း ဆောင်းပါးကို ဖတ်ရှုခဲ့သော ရန်ကုန်မြို့ လမ်းမတော်မြို့နယ် (၁၈) လမ်းမှ စာဖတ်ဝါသနာပါသူ ကိုတိုးသည် ပြည်ပခရီးမှအပြန်တွင် သတင်းစာဆရာ၊ စာရေးဆရာနှင့် သုတေသီ ဒိုနီဗင်ဝက်(ဘ်)စတာ ရေးသားပြုစုသော "The Burma Road" (မြန်မာ့လမ်းမကြီး) ဟူသော ဒုတိယကမ္ဘာစစ်ကြီးအတွင်း ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်များအတွင်း မြန်မာနိုင်ငံစစ်မျက်နှာတွင် ကြုံတွေ့ခဲ့ရသည့် ဖြစ်စဉ်များအကြောင်း အသေးစိတ် ရေးသားဖော်ပြခဲ့သည့်စာအုပ် ဝယ်ယူခဲ့ပြီး ကျွန်တော့်အား လက်ဆောင်ပေးခဲ့၏။ ကျွန်တော်တို့စာဖတ်ပရိသတ်ကြီးအဖို့ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့သည်မှ ယနေ့ထိ မြန်မာနိုင်ငံတွင် ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲစဉ်များအကြောင်း မြန်မာဘာသာဖြင့် ဘာသာပြန်ဆို ထုတ်ဝေသော စာအုပ်များအား ဖန်တရာတေအောင် ဖတ်ရှုခဲ့ကြပြီးဖြစ်သည်ဟု ယုံကြည်ထားပါသည်။

The Burma Road စာအုပ်တွင်မူ အထက်ပါ လမ်းမကြီးများအကြောင်းကို အတော် ပြည့်ပြည့်စုံစုံ ဖော်ပြခဲ့ပါသည်။ ယင်းစာအုပ်ကို ရေးသားခဲ့သူ စာရေးဆရာသုတေသီ ဒိုနီဗင်ဝက်(ဘ်)စတာသည် ဤစာအုပ်ကိုရေးသားနိုင်ရန် စာအုပ်စာတမ်းများ၊ မှတ်စုများကို လက်လှမ်းမီသလောက် ရှာဖွေစုဆောင်းဖတ်ရှုခဲ့သည်သာမက အိန္ဒိယနိုင်ငံ ဂေါဟတ္တိမှ လီဒိုသို့ ဖောက်ခဲ့ရသောလမ်း၊ လီဒိုမှ တရုတ်နိုင်ငံသို့ ဖောက်ခဲ့ရသော လီဒိုလမ်းမကြီးနှင့် မြန်မာနိုင်ငံ လားရှိုးမြို့မှ တရုတ်နိုင်ငံ ကူမင်မြို့သို့ ဖောက်လုပ်ခဲ့သော တရုတ်- မြန်မာလမ်းမကြီးများသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်လေ့လာခဲ့ပါသည်။ ထိုလမ်းမကြီးများ ဖောက်လုပ်ခဲ့စဉ်က တာဝန်ယူခဲ့ရပြီး ယနေ့ထိ အသက်မသေ ကြွင်းကျန်ရစ်ခဲ့သော အသက် (၉၀) ကျော်အရွယ်ရှိခဲ့သည့် အလုပ်သမားကြီးများ၊ လမ်းတံတားဌာနမှ အင်ဂျင်နီယာများ၊ စစ်ဘက်နယ်ဘက်မှ အရာရှိများအားတွေ့ဆုံ၍ မေးမြန်းစုံစမ်းပြီး ဤစာအုပ်ကိုရေးသားခဲ့ရာ လမ်းမကြီးများနှင့်ပတ်သက်၍ အတော်အသင့် အထောက်အထားပြည့်စုံသော စာအုပ် ဖြစ်ပါသည်ဟု ဆိုရမည် ဖြစ်ပါသည်။ ထိုစာအုပ်ပါ အချက်အလက်များကို အထောက်အထားပြု၍ ယခုရေးသားဖော်ပြမည့် 'တရုတ်-မြန်မာလမ်းမကြီး' အကြောင်း ရေးသားခဲ့ခြင်း ဖြစ်ပါသည်။

မှန်ပါသည်။ ယင်းတိုက်ပွဲစဉ်များအကြောင်းကို မြန်မာနိုင်ငံ စစ်မျက်နှာတွင် တာဝန်ယူခဲ့ကြရသော စစ်သေနာပတိဖြစ်သူ ဗိုလ်ချုပ်ကြီး ဆာဝီလီယန်စလင် (သူ၏အောင်မြင်ပေါက်ရောက်သော ကိုယ်တွေ့မှတ်တမ်းစာအုပ်ဟုဆိုရမည့် 'Defeat into Victory' အရှုံးမှအနိုင်ရရှိခဲ့ခြင်း ဟူသော စာအုပ်ကို စာရေးဆရာကြီး ကျမ်းက မြန်မာဘာသာပြန်ဆိုထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။) အပါအဝင် အရာရှိများနှင့် စစ်သတင်းထောက်များ၊ နယ်ဘက်တွင် အမှုထမ်းခဲ့သော အရာရှိကြီးများ၊ မြန်မာ့လွတ်လပ်ရေးတပ်မတော်တွင် တာဝန်ယူခဲ့ရသော ပုဂ္ဂိုလ်များ၊ စာရေးဆရာအများက လက်ဆစ်ချိုး၍ ရေတွက်မရအောင် ရေးသားထုတ်ဝေပြီး ဖြစ်ခဲ့သော်လည်း ဒုတိယကမ္ဘာစစ်ကြီးအတွင်းက မြန်မာပြည်သူများ၊ တရုတ်လူမျိုးများ သွေးနှင့်၊ ချွေးနှင့် ရင်းနှီးတည်ဆောက်ခဲ့ရသော တရုတ်-မြန်မာ လမ်းမကြီး၊ အိန္ဒိယတိုင်းရင်းသားများတည်ခဲ့ရသော ဂေါဟတ္တိမှ လီဒိုလမ်းမကြီးနှင့် လီဒိုမှ တရုတ်နိုင်ငံသို့ ဖောက်လုပ်ခဲ့သော လမ်းမကြီးများအကြောင်းကို အတော်အသင့် အောက်ခြေစုအဖြစ် (Foot Note) သာ ဖော်ပြခဲ့ပါသည်။

ယခု ကျွန်တော် ဖတ်ရှုခဲ့ရသော

ကျွန်တော့်အဖို့ တရုတ်-မြန်မာလမ်းမကြီးအကြောင်းသည် ဒဏ္ဍာရီတစ်ပုဒ် ဖြစ်ပါသည်။ တရုတ်-မြန်မာ လမ်းမကြီးဖောက်လုပ်နေပုံ၊ ထိုလမ်းမကြီးဖြင့် မြန်မာနိုင်ငံ ရန်ကုန်မြို့မှ အမေရိကန်ပြည်ထောင်စုမှ တရုတ်နိုင်ငံသို့ အကူအညီအဖြစ် ပေးပို့သော စစ်လက်နက်ပစ္စည်းများ၊ ရိက္ခာများ၊ စစ်အသုံးအဆောင်ပစ္စည်းများကို လားရှိုးမြို့သို့ မီးရထား, သင်္ဘောဖြင့် မန္တလေးမြို့မှ တစ်ဆင့် ပေးပို့နေပုံ၊ လမ်းမကြီးဖောက်လုပ်သဖြင့် တရုတ်အလုပ်သမားများ၊ မြန်မာအလုပ်သမားများ ငှက်ဖျားရောဂါဝေဒနာ၊ ကူးစက်တတ်သောရောဂါဝေဒနာ



www.burmeseclassic.com

www.burmeseclassic.com


များစွဲကပ်၍ သွေးဆုံးရပ်များကို ဒုတိယကမ္ဘာစစ်ကြီး မြန်မာနိုင်ငံသို့ ကူးစက်လာမီကပင် သိရှိခဲ့ရသည်။

ထိုစဉ်က ကျွန်တော့်ဖခင်ဖြစ်သူမှာ ကျွန်တော့်ဇာတိ စကုမြို့တွင် အထက်တန်းကျောင်းအုပ်ဆရာကြီးအဖြစ် တာဝန်ထမ်းဆောင်နေခဲ့သဖြင့် တပည့်များသူ ဆရာကြီးတစ်ဦး ဖြစ်ပါသည်။ ကျွန်တော်တို့အိမ်ဝိုင်းအတွင်း အိမ်ရှေ့တွင် (၁၀) ပေပတ်လည် ကွပ်ပျစ်ကြီးတစ်ခုတွင် နေ့စဉ် သင်ဖြူးဖျာများ ခင်းထားရသည်။ အလယ်၌ စားပွဲကလေးတစ်လုံးထားရှိရာ နံနက်လင်းသည်နှင့် ကျွန်တော့်ဖခင်၏တပည့် ကျောင်းသားကြီးများ၊ ဆရာများ၊ ကျွန်တော့်ဦးလေးများ တဖြည်းဖြည်း ရောက်လာလေ့ရှိသော ဆောင်းရာသီ၌မူ ထိုကွပ်ပျစ်ကြီးအနီးတွင် သစ်တုံးကြီးတစ်တုံးကို မီးဖိုထားလေ့ရှိ၏။ ရောက်လာသူအများသည် ရယ်စရာ,ရွှင်မြူးဖွယ်ရာများ၊ ၎င်းတို့၏အတွေ့အကြုံများ၊ မြို့ပေါ်တွင် ဖြစ်ပျက်နေသည့်သတင်းများ၊ သတင်းစာပါ စစ်သတင်းများ၊ နိုင်ငံခြားသတင်းများကို အမျိုးမျိုးဝေဖန်ပြောဆိုကြတော့သည်။

ထိုသတင်းများအနက် အထက်၌ ဖော်ပြခဲ့သော တရုတ်-မြန်မာ လမ်းမကြီးအကြောင်းကို အများဆုံး ဝေဖန်ဆွေးနွေးကြသူများမှာ သတင်းစာကိုယ်စားလှယ် ကိုအုံးမောင် (ကွယ်လွန်) နှင့် ကျောင်းသားကြီးကိုထွန်းကြွယ် (တောင်ကျဆုံး) တို့ ဖြစ်ကြသည်။ သူတို့နှစ်ယောက်ကမူ ဗြိတိသျှ နယ်ချဲ့သမားသည် ပြည်သူများကို လုံးဝ အသိပေးခြင်းမရှိဘဲ တရုတ်-မြန်မာ လမ်းမကြီးဖောက်လုပ်ခဲ့သဖြင့် မြန်မာနိုင်ငံအား ဒုက္ခပေးနိုင်သည် တိုက်ခိုက်မည်ဟု ကြိုတင်ဝေဖန်ခဲ့သည်။ မြန်မာလူထုကအုံကြွ၍ ထိုတရုတ်-မြန်မာလမ်းမကြီးကို ပိတ်ထားရန် ကန့်ကွက်ကြရမည်ဟု ဆိုကြသည်။

ကိုထွန်းလှိုင် (ကွယ်လွန်) ကမူ သူကြုံတွေ့ခဲ့ရသော တရုတ်-မြန်မာလမ်းမကြီးအကြောင်းကို အသေးစိတ်ပြောခဲ့၏။ ကိုထွန်းလှိုင်မှာ ရန်ကုန်တွင် မော်တော်ကား အငှားယာဉ်မောင်းနေရာမှ လခကောင်းကောင်းပေးသဖြင့် တရုတ်-မြန်မာလမ်းမကြီးသို့ ရန်ကုန်ဆိပ်ကမ်းမှ မန္တလေးထိ စစ်အသုံးအဆောင်ပစ္စည်း တင်ပို့သည့်မော်တော်ကား မောင်းသူအဖြစ် ဝင်ရောက် အမှုထမ်းခဲ့သည်။ မန္တလေးမှ လားရှိုးသို့ လည်းကောင်း၊ လားရှိုးမှ တရုတ် - မြန်မာနယ်စပ်သို့ လည်းကောင်း ထိုကုန်တင်မော်တော်ကားမောင်း၍ ပို့ခဲ့ရသူလည်းဖြစ်သဖြင့် ထိုစဉ်က တရုတ်-မြန်မာလမ်းမကြီးအကြောင်း အသေးစိတ် သိခဲ့ရသူဖြစ်၏။ ကိုထွန်းလှိုင်တို့ မှဆယ်ရောက်ရှိခဲ့စဉ်ကမူ တရုတ်-မြန်မာ လမ်းမကြီးမှာ တရားဝင်ဖွင့်ခြင်းမရှိသော်လည်း ဗြိတိသျှအစိုးရနှင့် အမေရိကန်ပြည်ထောင်စုတို့သည် ယင်းဖောက်လုပ်ဆဲ လမ်းမကြီးဖြင့်ပင် စစ်အသုံးအဆောင်ပစ္စည်းများ၊ လေယာဉ်အပိုပစ္စည်းများ၊ စက်သုံးဆီများ၊ လက်နက်ခဲယမ်းမီးကျောက်များ၊ ရိက္ခာပစ္စည်းများ လျှို့ဝှက်စွာ နည်းလမ်းအမျိုးမျိုးဖြင့် တင်ပို့လျက်ရှိနေပြီ ဖြစ်သည်။

၎င်းလမ်းမကြီး စတင်ဖောက်လုပ်စဉ်ကပင် ကောလာဟလသတင်းအမျိုးမျိုး ထွက်ပေါ်ခဲ့သော်လည်း ဗြိတိသျှအစိုးရ လမ်းတံတားဌာနကမူ လားရှိုးမြို့မှ တရုတ်နယ်စပ်သို့ ယခင်က နွေရာသီတွင်သာ အသုံးပြုနိုင်သော လမ်းကို ရာသီဥတုအချိန်မရွေး မော်တော်ကားများ သွားလာနိုင်စေရန် ကတ္တရာလမ်းအဖြစ် ပြင်ဆင်တိုးချဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။ ထိုစဉ်က မြန်မာနိုင်ငံမှ ဩဇာတိက္ကမ အကြီးမားဆုံး သတင်းစာကြီးများဖြစ်သော မြန်မာ့အလင်းသတင်းစာနှင့် သူရိယသတင်းစာကြီးများတွင် ထိုတရုတ်-မြန်မာလမ်းမကြီးနှင့် ပတ်သက်သော သတင်းများကို ဖော်ပြခဲ့ခြင်း မရှိခဲ့။ ဂျာနယ်များနှင့် အခြား သတင်းစာများကလည်း ထိုသတင်းကို ထုတ်ဖော်ရေးသားခြင်း မပြုခဲ့ကြ။ ဗြိတိသျှအစိုးရက ပါးပါးနပ်နပ် တရုတ်-မြန်မာ လမ်းမကြီးသတင်းကိုမှောင်ချထားခဲ့၏။ မြန်မာနိုင်ငံ လူထုကမူ ဗြိတိသျှကုန်သည်အများသည် ရှေးယခင် မြန်မာမင်းများ



လက်ထက်တော်ကြီးအခါကပင် တရုတ်နိုင်ငံသို့ ကုန်းလမ်းခရီးဖြင့် ကုန်စည်ကူးသန်းရောင်းဝယ်ရန် စိတ်ဝင်စားခဲ့ကြသည်။ ဗန်းမော်မြို့မှ တစ်ဆင့် တရုတ်နိုင်ငံနှင့် ကုန်စည်ကူးသန်းရောင်းဝယ်နိုင်ရေး ကြိုးစားခဲ့ကြသည်။ ဗြိတိသျှနယ်ချဲ့သမား မြန်မာနိုင်ငံအထက်ပိုင်းကို အဆောတလျင် သိမ်းပိုက်ခဲ့ခြင်းသည် တရုတ်နိုင်ငံနှင့် ရွှေလမ်း၊ ငွေလမ်းဖောက်နိုင်ရန် ဗြိတိသျှကုန်သည်ကြီးများက ဗြိတိသျှအစိုးရအား ဖိအားပေးခဲ့သောကြောင့် ဖြစ်သည်ဟု ယူဆခဲ့ကြသည်။ သို့ဖြစ်၍ တရုတ်-မြန်မာလမ်းမကြီး ပြင်ဆင်ဖောက်လုပ်နေခြင်းသည် ရှေးယခင်က ချမှတ်ထားသော အစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်ခြင်းဟု မြန်မာပြည်သူအများက ယူဆထားကြသည်။ မှန်ပါသည်၊ ဗြိတိသျှတို့အား မြန်မာနိုင်ငံအထက်ပိုင်းအား သိမ်းပိုက်ချင်အောင် သွေးဆောင်ခြင်း၏ အဓိကအကြောင်းမှာ တရုတ်နိုင်ငံ၏ နောက်ဖေးပေါက်မှ ကုန်သွယ်ရန် ဖြစ်သည်။

ဗြိတိသျှကုန်သည်များသည် အနှစ်နှစ်အလလကပင် တရုတ်နိုင်ငံသည် ကုန်စည်ကူးသန်းရောင်းဝယ်ရန်ကောင်းသော ရတနာသိုက်ကြီးဟု ယူဆထား၏။ ရာစုနှစ် အဆက်ဆက် တရုတ်တို့နှင့်ကူးသန်းရောင်းဝယ်ရေး အိပ်မက်ကို မက်ခဲ့ကြသည်။ စီးပွားရေးပြိုင်ဘက်နိုင်ငံများဖြစ်သော ပြင်သစ်၊ ဒတ်(ချ်)နှင့် ပေါ်တူဂီတို့ထက်လက်ဦးအောင် တရုတ်နိုင်ငံအား နောက်ဖေးပေါက်မှကုန်သွယ်လိုသည်။ သို့ဖြစ်၍ ဗြိတိသျှနယ်ချဲ့အစိုးရသည် လားရှိုး-မူဆယ် မီးရထားလမ်းဖောက်ရေးကို စိတ်ဝင်စားခဲ့သည်။ သို့ဖြစ်၍ လားရှိုး-မူဆယ် မီးရထားလမ်းဖောက်လုပ်ရေးအတွက် တိုင်းတာရေးကို ၁၉၂၇ ခုနှစ်ကစတင်ခဲ့သည်ဟု မှတ်တမ်းများက ဖော်ပြခဲ့၏။ ၁၉၂၈ ခုနှစ်၊ မတ်လတွင်မူ ဗြိတိသျှ လမ်းနှင့်တံတားဌာနမှ ယင်း လားရှိုး-မူဆယ် မီးရထားလမ်းဖောက်ရေးအတွက် အသေးစိတ်ကုန်ကျမည့်ငွေများကို တွက်ချက်ပြီးစီးခဲ့သည်။ သမိုင်းမှတ်တမ်းများအရ ဗြိတိသျှတို့သည် တရုတ်နိုင်ငံ မန်ချူးအစိုးရ၏အားနည်းမှုနှင့် နိုင်ငံရေးအရှုပ်အထွေးဖြစ်မှုများ ထိပ်ဆုံးရောက်နေသည့် အချိန်တွင် တရုတ်နိုင်ငံ၌ စီးပွားရေးအကွက်အကွင်းများ အများဆုံးရယူထားသောနိုင်ငံ ဖြစ်နေသည်။ အမေရိကန်ပြည်ထောင်စုကလည်း တရုတ်နိုင်ငံတွင်



www.burmeseclassic.com

www.burmeseclassic.com

စီးပွားရေးမြှုပ်နှံမှုများ ပြုလုပ်လာခဲ့သည်။ သို့ဖြစ်၍ တရုတ်နိုင်ငံ၏ပြည်တွင်းရေးအပေါ် စိတ်ဝင်စားလာသည်။ အတည်မပြုရသော သတင်းများအရ အမေရိကန်ပြည်ထောင်စု သမ္မတကြီး ရုစဗဲ့၏ ဆွေမျိုးအသိုင်းအဝိုင်းများကလည်း တရုတ်နိုင်ငံတွင် စီးပွားရေးလုပ်ငန်းများအတွက် ငွေအမြောက်အမြားရင်းနှီးမြှုပ်နှံထားသည်ဟု သိရ၏။

ဂျပန်နိုင်ငံသည် ၁၈၉၅ ခုနှစ်တွင် ဖြစ်ပွားခဲ့သော တရုတ်-ဂျပန် စစ်ပွဲတွင် စစ်အောင်နိုင်ငံ ဖြစ်လာခဲ့ရာ တရုတ်နိုင်ငံအတွင်း ဝင်ရောက်လာခဲ့သည်သာမက အရှေ့အာရှ အရှေ့ဖျားဒေသတွင် စစ်အင်အားကြီးမားလာသောနိုင်ငံ ဖြစ်လာသည်။ သို့သော် ဗြိတိသျှနှင့် အမေရိကန်တို့ကမူ ဂျပန်နိုင်ငံ ခြေလှမ်းကျယ်လာခြင်းသည် ဆိုဗီယက်ရုရှားတို့ အရှေ့အာရှသို့ ဝင်ရောက်နိုင်မှုကို ကန့်သတ်ဟန့်တားပေးနိုင်ပေလိမ့်မည်ဟု မြင်ထား၏။ သို့သော် ဂျပန်တို့ ရည်ရွယ်လျက်ရှိသောအရှေ့အာရှ စီးပွားတိုးတက်ရေးအစီအစဉ်များတွင် အနောက်နိုင်ငံမှ ကုမ္ပဏီများကို နေရာမပေးတော့မည့် သဘောကို ဆောင်လာခဲ့သည်သာမက အာရှတိုက်သည် အာရှတိုက်သားများအတွက်ဟု ကြွေးကြော်လာခဲ့သည်။ တရုတ်နိုင်ငံတွင် မကြေညာသောစစ်ပွဲဆင်နွှဲလာခဲ့သည်။ ၁၉၃၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၈) ရက်တွင် မန်ချူးရီးယားနိုင်ငံအား မန်ချူးကိုးနိုင်ငံဟု ကင်ပွန်းတပ်၍ ဂျပန်လက်အောက်ခံ ရုပ်သေးအစိုးရ ဖွဲ့စည်းခဲ့တော့၏။ တရုတ်နိုင်ငံအတွင်း ကျူးကျော်တိုက်ခိုက်သည့် တိုက်ပွဲစဉ်များတွင် တရုတ်ပြည်သူလူထုအပေါ် လူမဆန်သော ရက်စက်စွာ ဆက်ဆံမှုသည် ဥရောပတိုက်တွင် အာဏာရလာသော အီတလီနိုင်ငံမှဖက်ဆစ်များနှင့် ဂျာမနီနိုင်ငံမှ နာဇီဖက်ဆစ်များနှင့် တစ်သဘောတည်းဖြစ်သည်ဟု ဗြိတိသျှနှင့် အမေရိကန်ပြည်ထောင်စုတို့က ရှုမြင်လာသည်။ သမိုင်းအစဉ်အလာအရ တရုတ်နိုင်ငံအပေါ် သံယောဇဉ်ရှိခဲ့ရကား ဂျပန်နိုင်ငံ၏လုပ်ရပ်များအပေါ် စိုးရိမ်လာခဲ့ရာ ဂျပန်နိုင်ငံသို့ သံမဏိများ ရောင်းချခြင်း၊ လောင်စာဆီရောင်းချခြင်းကို ပိတ်ပင်ခဲ့သည်သာမက အမေရိကန်ပြည်ထောင်စုတွင်ရှိသော ဂျပန်နိုင်ငံ၏အရင်းအနှီးများ လည်ပတ်ခြင်းမရှိရန် အမိန့်ထုတ်ထားခဲ့သည်။ သို့ဖြစ်၍ ဂျပန်နိုင်ငံကလည်း စစ်ရေးပြင်ဆင်မှုများ ပြုလုပ်လာသည်။

တရုတ် ချန်ကေရှိတ်အစိုးရသည် တစ်ဖက်တွင် ဂျပန်တို့အား တိုက်ခိုက်နေခဲ့သော်လည်း တစ်ဖက်တွင် တရုတ်ကွန်မြူနစ်များနှင့် တိုက်ခိုက်နေသည်။ ဂျပန်နိုင်ငံသည် တရုတ်နိုင်ငံ ကမ်းခြေတစ်လျှောက် အရေးပါ အရာရောက်သောဆိပ်ကမ်းမြို့များကို သိမ်းပိုက်ထားသော်လည်း တရုတ်တို့က အရှုံးမပေး၊ အတွင်းပိုင်းကျသော ချုံကင်းသို့ မြို့တော်နှင့် စစ်ဌာနချုပ်တို့ကို ရွှေ့ပြောင်းပြီး ဂျပန်တို့အား ကျားကုတ်ကျားခဲ ခုခံကာကွယ်နေသည်။ သို့ဖြစ်၍ တရုတ်ချန်ကေရှိတ်အစိုးရအား လျှို့ဝှက်စွာစစ်ရေးအကူ စီစဉ်ခဲ့ရသည်။ တရုတ်တို့၏ခုခံမှုမှာ သက်ဆိုးရှည်ရမည် ဖြစ်သည်သာမက တရုတ်နိုင်ငံရှိ သူတို့၏အကျိုးစီးပွားများကိုကာကွယ်ရန် ဗြိတိသျှနယ်ချဲ့သမားနှင့် အမေရိကန်ပြည်ထောင်စုတို့သည် စစ်ရေးအကူအညီအထောက်အပံ့များကို ရန်ကုန်ဆိပ်ကမ်းမှ မော်တော်ကားများဖြင့် ဝမ်တိမ်အရောက်ပေးပို့နိုင်ရန် စီစဉ်ခဲ့ကြရသည်။ ဤတွင် တရုတ်-မြန်မာလမ်းမကြီးမှာ သမိုင်းတွင် ဟိုးဟိုးကျော်ခဲ့သော လမ်းမကြီး ဖြစ်ခဲ့ရ၏။

ဗြိတိသျှကိုလိုနီ လမ်းတံတားဌာန၏မှတ်တမ်းအရမူ ယခင် တရုတ်-မြန်မာလမ်းမကြီးကို 'လမ်းအမှတ် ၂၁' ဟု နာမည်ပေးထားခဲ့သည်။ ယခင် ဗြိတိသျှအစိုးရ ဖောက်ထားခဲ့သော လမ်းအခြေအနေမှာ လားရှိုးမှနမ့်ခမ်းအထိ (၁၃၂) မိုင်ဝေးသည့်လမ်းကို လားရှိုးမှကွတ်ခိုင်အထိ (၄၈) မိုင်သာ၊ ဆယ့်နှစ်လရာသီမရွေး သွားလာနိုင်သောလမ်း ဖြစ်၏။ ကျန်လမ်းအပိုင်းများမှာ မြေသားလမ်းများသာဖြစ်၍ မိုးရာသီတွင် မော်တော်ကားအသွားအလာ အခက်အခဲရှိပြီး ရွံ့ဗွက်များ၊ မြေပြိုခြင်းများ ရှိ၏။ ထိုလမ်းမှာ ကုန်တင်မော်တော်ယာဉ်အကြီးစားနှစ်စင်း သွားလာရှောင်တိမ်းနိုင်သောလမ်း ဖြစ်သည်။ ထိုလမ်းပေါ်ရှိ တံတားများမှာလည်း ကားရောကုန်ပါ (၁၅) တန်ခန့်လေးသောဝန်ကို ခံနိုင်ခြင်းမရှိ။ လားရှိုးမှ (၇၅) မိုင်ဝေးသော ဟိုစည်ရွာကိုလွန်လျှင် ဝါးတံတားများသာ ဖြစ်သည်။

အစဉ်အလာအားဖြင့် ဤလမ်းကို သွားလာကြသူ ဒေသခံအများမှာ ဘိုးစဉ်ဘောင်ဆက် ဝန်တင်တိရစ္ဆာန်များကိုသာ အသုံးပြုခဲ့ကြသည်။ မှတ်တမ်းအရ ထို (၇၅) မိုင်ဝေးသောလမ်းတွင် ကျောက်ခင်းလမ်း တစ်မိုင်သာ ခင်းထားသည်ဟု ဆိုပါသည်။ ဤလမ်းမကြီးကို တန်ချိန် ကုန်နှင့်မော်တော်ကားအလေးချိန် (၁၅) တန် မော်တော်ကားကြီးများ ဖြတ်သန်းသွားလာနိုင်မည့် တံတားများ တည်ဆောက်ရမည် ဖြစ်၏။ အမှန်အားဖြင့် တရုတ်-မြန်မာလမ်းမကြီးမှာ မိုင် (၇၁၅) မိုင် ရှည်လျားသည်။

လားရှိုးမှ မူဆယ်အထိ လမ်းပိုင်းအား မြန်မာနိုင်ငံဘက်မှ တာဝန်ယူ၍ ပြုပြင်ဆောက်လုပ်ရမည်ဖြစ်ပြီး တရုတ်နိုင်ငံဘက်မှမူ တရုတ်အစိုးရက တာဝန်ယူဆောင်ရွက်ရမည် ဖြစ်၏။ ဤလမ်းမကြီးကား မြန်မာတိုင်းရင်းသားများနှင့် တရုတ်လူမျိုးများ ချွေးနှင့်၊ သွေးနှင့်ရင်း၍ ဖောက်ခဲ့ရသော ကမ္ဘာ့သမိုင်းတွင် ဟိုးဟိုးကျော်ခဲ့သည့် လမ်းမကြီး ဖြစ်သည်။ မြန်မာနိုင်ငံဘက်မှ တာဝန်ယူရသောလမ်းပိုင်းအတွက် ကုန်ကျငွေကိုမူ မြန်မာနိုင်ငံတော် အသုံးစရိတ်နှင့် ရှမ်းပြည်နယ်အသုံးစရိတ်များမှ ကုန်ကျခံခဲ့ရသော်လည်း ဗြိတိသျှ ကိုလိုနီအစိုးရသည် မြန်မာပြည်သူအများအား သိခွင့်ပေးခြင်း မရှိခဲ့။

ဤလမ်းကိုအကြောင်းပြု၍ လားရှိုးမြို့မှာ နေ့ချင်း၊ ညချင်း ကြီးပွားလာသည်။ အဆမတန် စည်ကားလာသည်။ ဟိုတယ်များ၊ ပျော်ပွဲစားရုံများ၊ ဘီန်းခန်းများ၊ လောင်းကစားခန်းများ၊ ပြည့်တန်ဆာအိမ်များ တရကြမ်းပေါ်လာသည်။ လမ်းဖောက်သည့်ကန်ထရိုက်များလည်း ဒုနှင့်ဒေး များလာသည်။ လမ်းကို အဆောတလျင် ပြီးစီးနိုင်ရေးအတွက် အလုပ်သမားများကို အဆိုင်းခွဲ၍ ပြုလုပ်ခဲ့သော်လည်း အလုပ်သမားများ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ သက်သာချောင်ချိရေးကိုမူ ဟန်ပြသာ ပြုလုပ်ထားသဖြင့် အလုပ်သမားအများအပြား သေဆုံးခဲ့ကြရသည်။ ငှက်ဖျားရောဂါဝေဒနာ၊ ဝမ်းကိုက်ရောဂါဝေဒနာများ၊ တိုက်ဖွိုက်ရောဂါ စသည့် ကူးစက်သောဝေဒနာများကြောင့် အလုပ်သမား သေဆုံးမှု များလာသည်။ စနစ်တကျ ကျန်းမာရေး ဆေးပေးခန်းများလည်း မရှိ။ နမ့်ခမ်းရှိ အမေရိကန် သာသနာပြုဆေးရုံကြီးမှ ဒေါက်တာ ဆီဂရေ့နှင့်အဖွဲ့ကသာ စေတနာ့ဝန်ထမ်းစောင့်ရှောက်ပေးခဲ့ရသည်ဟု ဆိုသည်။ လမ်းဖောက်လုပ်ရာတွင် ဖောက်ခွဲသည့် မိုင်းများကြောင့် လည်းကောင်း၊ တံတားများတည်ဆောက်ရာတွင် မတော်တဆ ထိခိုက်မှုများကြောင့် လည်းကောင်း၊ ပလိပ်ရောဂါဝေဒနာ ကပ်ဆိုးကြောင့်



www.burmeseclassic.com

www.burmeseclassic.com

ကောင်း လမ်းဖောက်လုပ်သားများ ခဲ့၍ သေဆုံးခဲ့ရ၏။

တရုတ်ပြည်ဘက်မှမူ အလုပ်သမား နှစ်သိန်းဖြင့် နေ့ဆိုင်း၊ ညဆိုင်းခွဲ၍ ဘရုတ်-မြန်မာလမ်းမကြီးဖောက်ခဲ့သည်၊ အလုပ်သမားအများကို ချွေးတပ်သားများအဖြစ် လုပ်အားပေး၊ အစားအသောက်ကျွေးမွေးကာ ဖောက်လုပ်ခဲ့ရသည်၊ ကျောက်မိုင်းခွဲခြင်း၊ ကျောက်များထုခွဲခြင်း၊ ကျောက်များသယ်ယူခြင်းသည်တို့မှာ ခေတ်မီယန္တရားများကို အသုံးပြုနိုင်ခြင်း မရှိဘဲ လူအားဖြင့်သာ လုပ်ခဲ့ကြရသဖြင့် အလုပ်သမားပေါင်းထောင်ချီ၍ သေဆုံးခဲ့ကြရသည်။ အလုပ်သမားများအတွက် တည်းခိုဆောင်များ ဆေးပေးခန်းများလည်း မရှိသဖြင့် အလုပ်သမားအများအပြား သေဆုံးခဲ့ရသော်လည်း စစ်ဘက်အာဏာပိုင်များ၏ အချိန်မီလမ်းမကြီးပြီးစီးစေရန် ကျွဲ၊ နွားတိရစ္ဆာန်များကဲ့သို့ ဇွတ်အတင်းအကျပ်စေခိုင်းသဖြင့် တရုတ်အလုပ်သမားများ သောက်သောက်လဲ သေဆုံးခဲ့ရ၏။

ဤကဲ့သို့ လမ်းဖောက်ရေးကိစ္စတွင် ဗြိတိသျှအာဏာပိုင်များ တာဝန်ယူခဲ့ရသော မြန်မာနိုင်ငံဘက်တွင် ခပ်အေးအေး၊ ခပ်လေးလေး ဖြစ်နေသည်ဟု ချန်ကေရှိတ် တရုတ်အစိုးရက ယူဆသဖြင့် ၁၉၃၈ ခုနှစ်ခန့်တွင်မူ ချန်ကေရှိတ် တရုတ်အစိုးရ ပြည်ထဲရေးဝန်ကြီးကိုယ်တိုင် မြန်မာနိုင်ငံဘက်က တရုတ်-မြန်မာလမ်းမကြီး ဖောက်လုပ်နေမှုကို လာရောက်ကြည့်ရှုခဲ့ရာ ဝန်ကြီးနှင့်အတူ တရုတ်ပြည် လမ်းတံတားဌာန အင်ဂျင်နီယာချုပ်နှင့် ဗြိတိသျှ ကောင်စစ်ဝန်ရုံး ပထမအတွင်းဝန် မစ္စတာဂေ့(ဂ်) လိုက်ပါလာခဲ့သည်ဟု သိရ၏။ ၁၉၃၉ ခုနှစ်၊ ဇန်နဝါရီလတွင် လူသားတို့၏ သွေးနှင့်၊ ချွေးနှင့်ရင်းခဲ့ရသော တရုတ်-မြန်မာလမ်းမကြီး ဖောက်လုပ်ပြီးစီးခဲ့၏။

မှတ်တမ်းအရ ထိုစဉ်က တရုတ်-မြန်မာလမ်းမကြီးမှနေ၍ တရုတ်ပြည်တွင်းသို့ တင်သွင်းသော ကုန်ပစ္စည်းမှာ ပျမ်းမျှ တန်ချိန် တစ်သောင်းကျော်ရှိရာ ၁၉၃၉ ခုနှစ်အတွင်း တရုတ်ပြည်အရပ်ရပ်မှ ပို့ဆောင်နေသော ကုန်ပမာဏအားလုံး၏ (၃၁) ရာခိုင်နှုန်းရှိခဲ့သည်ဟု ဆိုကြပါကြောင်း။

လှမိုး(ပညာရေး)

*Ref; The Burma Road. By D-Webster.*

မုဒိတာ(ကျိုက်လတ်)

# အပေးရောက်ခုနစ်နေ့သားသမီးများလာစေဖို့

ဤလင်္ကာကို အရကျက်ထားပါ။

*ဥ-မိ-သာ-အံ၊*
*ကေ-သံ-န-ခ၊*
*စ-ခ-အင်-ညော၊*
*ဝ-ဩ-ကော-လာ၊*
*ပ-ကာ-စာ-မိ၊*
*သ-စ္စ-ဝါ-သီ၊*
*တာ-လီ-ပတ္တာ*
*ဤခြင်းရာကား*
*ယတြာမှုဖို့ ဝိဇ္ဇာတည်း။*

၁။ **ဥ-မိ-သာ-အံ** တနင်္ဂနွေသားသမီးလာစေလိုသော် တနင်္ဂနွေနေ့ ကြာသပတေးအခါ သောကြာသားကို မြောက်အရပ်သို့ စေလွှတ်၍ အုန်းလက်ကို ယူခိုင်းပြီး စနေထောင့်ရှိ ထုံးအိုးထဲ၌ ဖောက်ထိုးစိုက်ထားခိုင်းပါ။ ကြာသပတေးသား/သမီးတစ်ဦးက 'တနင်္ဂနွေသားမည်သူ လာစေ' ဆို၍ ရေ(၃) ခွက် လောင်းပေးပါ။

၂။ **ကေ-သံ-န-ခ** တနင်္လာသား/သမီး လာစေလိုက တနင်္လာနေ့ သောကြာအခါ စနေသားကို အနောက်တောင်အရပ်သို့စေလွှတ်ပြီး ကုက္ကိုကိုင်းကိုယူခိုင်း၍ အနောက်အရပ် မြေကြီးတွင် ဖောက်ထိုးစိုက်ခိုင်းပါ။ သောကြာသားက 'တနင်္လာသားမည်သူ လာစေ' ဆိုလျက် ရေ (၃) ခွက် လောင်းပေးပါ။

၃။ **စ-ခ-အင်-ညော** အင်္ဂါသား/သမီး လာစေလိုက အင်္ဂါနေ့ စနေအခါ တနင်္ဂနွေသားကို အရှေ့မြောက်အရပ်သို့ စေခိုင်း၍ ညောင်ကိုင်းကို ယူစေ။ အနောက်မြောက်အရပ်ရှိ ရေစစ်တွင် ဖောက်ထိုးစိုက်ထားပါ။ စနေသားတစ်ဦးက 'အင်္ဂါသားမည်သူ လာစေ' ဆို၍ ရေ (၃) ခွက် လောင်းပေးပါ။

၄။ **ဝ-ဩ-ကော-လာ** ဗုဒ္ဓဟူးသား/သမီးလာစေရန် ဗုဒ္ဓဟူးနေ့ တနင်္ဂနွေအခါ တနင်္လာသားကို အရှေ့ရပ်သို့ စေလွှတ်၍ ဝါးကို ယူလာစေ။ မြောက်အရပ်ရှိ သားရေပေါ်တွင် ဝါးကို ဖောက်ထိုးစိုက်၍ တနင်္ဂနွေသားက 'ဗုဒ္ဓဟူးသား မည်သူ လာစေ' ပြောလျက် ရေ (၃) ခွက် လောင်းပါ။

၅။ **ပ-ကာ-စာ-မိ** ကြာသပတေးသား/ သမီး လာစေလိုလျှင် ကြာသပတေးနေ့ တနင်္လာအခါမှာ အင်္ဂါသားကို အရှေ့တောင်အရပ်သို့သွားစေ၍ ပေါက်ပန်းဖြူကိုင်းကိုယူခိုင်းပြီး အရှေ့အရပ်တွင် ကျောက်ပျဉ်ပေါ်၌ ဖောက်ထိုးစိုက်ခိုင်းထားပါ။ တနင်္လာသားက 'ကြာသပတေးမည်သူ လာစေ' ဟုပြောပြီး ရေ (၃) ခွက်လောင်းပေးပါ။

၆။ **သ-စ္စ-ဝါ-သီ** သောကြာသား/သမီး လာစေလိုလျှင် သောကြာနေ့ အင်္ဂါအခါမှာ ဗုဒ္ဓဟူးသားကို တောင်အရပ်သို့သွားစေ၍ သီးကိုင်း ဖြစ်စေ၊ သီဟိုဠ်သရက်ကိုင်း ဖြစ်စေ ယူလာစေပြီး တောင်အရပ်တွင် သားရေပေါ်မှာ ဖောက်ထိုးစိုက်ထားခိုင်းပါ။ အင်္ဂါသားက 'သောကြာသား လာစေ' ဟု ဆို၍ ရေ (၃) ခွက်လောင်းပါ။

၇။ **တာ-လီ-ပ-တ္တာ** စနေသား/သမီး လာစေလိုလျှင် စနေနေ့ ဗုဒ္ဓဟူးအခါမှာ ကြာသပတေးသားကို အနောက်အရပ်သို့ စေခိုင်း၍ ထန်းလက် (သို့) ခနိုလက်ကို ယူစေ။ အရှေ့မြောက်ထောင့်တွင် အင်တုံထဲ၌ ဖောက်ထိုးစိုက်ပြီး ဗုဒ္ဓဟူးသားက 'စနေသား လာစေ' ဟု ဆိုလျက် ရေ (၃) ခွက် လောင်းခိုင်းပါ။

မှတ်ချက် - ဤခေတ်ဆင်နည်းတွင် တနင်္ဂနွေသားမှ စနေသားအထိ ပြုလုပ်ရမည့်အခါများမှာ နေ့သားအလိုက် မည်သည့်အခါဖြစ်စေ ဥပမာ တနင်္ဂနွေသားအတွက် ကြာသပတေးအခါ၊ တနင်္လာသားအတွက် တနင်္လာနေ့ သောကြာအခါ။ အင်္ဂါသားအတွက် အင်္ဂါနေ့ စနေအခါ။ ဗုဒ္ဓဟူးသားအတွက် တနင်္ဂနွေအခါ။ ကြာသပတေးသားအတွက် တနင်္လာအခါ။သောကြာသားအတွက် သောကြာနေ့ အင်္ဂါအခါ။ စနေသားအတွက် စနေနေ့ ဗုဒ္ဓဟူးအခါများတွင် ပြုလုပ်ရန်။

အချိန်အခါမှာ ခုနစ်နေ့သားအားလုံးအတွက် နေ့ (၁) နာရီခွဲမှ နေ့ (၃) နာရီအတွင်း ဖြစ်၏။

*ခုနစ်နေ့ သားသမီးများအားလုံး*
*ကိုယ်ကျန်းမာချမ်းသာကြ၍*
*စိတ်အေးချမ်းသာယာပါစေ*


မုဒိတာ (ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com

# လူထူးလူဆန်း မောင်ဘဂျမ်း



ဤကမ္ဘာမြေပေါ်တွင် ခက်ခဲနက်နဲသော ဂမ္ဘီရပညာရပ်များ များစွာရှိကြောင်းကို ကနဦးက ကျွန်ုပ် မသိနားမလည်ခဲ့ပေ။ လူထူးလူဆန်း မောင်ဘဂျမ်း ဆိုသူနှင့် တွေ့သောအခါမှ ဂမ္ဘီရပညာများ၏ ထူးခြားဆန်းကြယ်သော စွမ်းအင်ရှိကြောင်း သိရှိလာခဲ့သည်။ အမှန်တကယ်တော့ ကမ္ဘာလောကကြီးတွင် သဘာဝဖြစ်ရပ်များနှင့် ပြည့်နှက်နေသည်။ သို့သော် သဘာဝဖြစ်ရပ်များစွာအနက် သဘာဝလွန် ဖြစ်ရပ်များကိုလည်း ထူးထူးခြားခြား တွေ့ရှိရသည်။ သဘာဝလွန်ဖြစ်ရပ်များနှင့် ဂမ္ဘီရပညာများသည်လည်း ခက်ခဲနက်နဲစွာ ဆက်စပ်နေကြောင်း သိရှိရသည်။ ဂမ္ဘီရပညာရပ်များထဲတွင် မိမိဖြစ်ချင်တာကို ဖြစ်နိုင်ခွင့်ရှိသောစွမ်းအား များစွာ ပါဝင်နေသည်။

ကျွန်ုပ်တို့၏ဝန်းကျင်ရှိ အရာရာတိုင်းမှာ စွမ်းအားတွေ ရှိသည်။ ထိုစွမ်းအားများမှာ စကြဝဠာကြီးအတွင်း၌ပျံ့နှံ့နေသကဲ့သို့ ကျွန်ုပ်တို့၏ကမ္ဘာမြေပေါ်၌လည်း နေရာအနှံ့အပြားတွင် ရှိသည်။ ထိုစွမ်းအားများသည် ကျွန်ုပ်တို့၏ လိုလားတောင့်တချက်ဆန္ဒနှင့် လိုက်လျောညီထွေစွာ တုံ့ပြန်တတ်သည်။ အာရုံစူးစိုက်မှု သမားရိုးကျဖြစ်စဉ်ကို ဒိဋ္ဌမမ္မဖြစ်စဉ်ဟု ခေါ်သည်။ ထိုဒိဋ္ဌမမ္မဖြစ်စဉ်ကို တောင့်တမှုဆန္ဒနှင့် တစ်ထပ်တည်းညီအောင် လေ့ကျင့်နိုင်လျှင် ထူးခြားသော ဒိဋ္ဌမမ္မဖြစ်စဉ်သို့ ကူးပြောင်းသွားသည်။

ထူးခြားသော ဒိဋ္ဌမမ္မဖြစ်စဉ်ကို ဂမ္ဘီရပညာ ဟူ၍လည်း ခေါ်ဝေါ်ကြပါသည်။ တချို့သော ဂမ္ဘီရဖြစ်ရပ်များကား သဘာဝလွန်ဖြစ်ရပ်များ ပါဝင်နေသည်။ လူသားများတွင် စိတ်တန်ခိုးစွမ်းအင်များစွာရှိသည်။ ဖော်ထုတ်နိုင်ဖို့သာ လိုသည်။ ဖော်ထုတ်နိုင်သည့် နည်းလမ်းအမျိုးမျိုးကို ရှေးအထက်ကျော်ကာရီကပင် ရှေးလူကြီးများက ရှာဖွေတွေ့ရှိခဲ့ပြီး ဖြစ်ပါသည်။ စိတ်တန်ခိုးစွမ်းအင်ကို အသုံးပြု၍ သမာဓိခိုင်မာစွာရရှိအောင် လေ့ကျင့်ခြင်း၊ ဂါထာမန္တန်ရွတ်ခြင်း၊ ကောင်းကင်နက္ခတ်ကို ကျွမ်းကျင်စွာ ကြည့်နိုင်ခြင်းနှင့် မိမိလိုရာဆန္ဒကို ပေါင်းစပ်ခြင်းသည် ထူးခြား ဆန်းကြယ်သော ပညာရပ်အမျိုးမျိုးကို ရရှိစေနိုင်ခြင်းပင် ဖြစ်ပေသည်။

လူထူးလူဆန်း မောင်ဘဂျမ်း ဆိုသူ၏အဖြစ်အပျက်မှာ ရုပ်ပြောင်းနာမ်ခွာ ပညာရပ်နှင့် ဆက်နွယ်နေသည်ကို ထူးခြားစွာ ကျွန်ုပ် သိရှိခဲ့ရသည်။ ရုပ်ပြောင်းနာမ်ခွာ အတတ်ပညာကို တတ်မြောက်ရန် ထိုသူသည် မိမိ၏နာမ်ကို ခန္ဓာကိုယ်မှ ခွာထုတ်ပြီး နာမ်လွင့်ခရီးကိုလွှင့်နိုင်သူ ဖြစ်ရမည်။ ထို့နောက် အခြားသူတစ်ဦး၏ဝိညာဉ်ထွက်ခွာချိန်နှင့် မိမိ၏သေဆုံးချိန်ကို သိရှိရန် ကောင်းကင်နက္ခတ် ကျွမ်းကျင်ပိုင်နိုင်ရမည်။ သို့



www.burmeseclassic.com

www.burmeseclassic.com

သောလျှင် ထိုလူ နိဳညာဉ်ချုပ်လျှင်ချုပ်ချင်း ထိုလူ၏ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်နိုင်ပေမည်။ ရုပ်ပြောင်းနာမ်ခွာ ပညာရပ်မှာ အလွန် အဆင့်မြင့်သော ပညာရပ်ပင် ဖြစ်သည်။

ရုပ်ပြောင်း နာမ်ခွာ အတတ်ကို တတ်မြောက်ကျွမ်းကျင်သည့် ဆရာကြီးတစ်ဦးသည် လွန်ခဲ့သည့် နှစ်ပေါင်း နှစ်ထောင်ကျော်ခန့်က ပေါ်ပေါက်ခဲ့ဖူးပါသည်။ ထိုသူမှာ ကဝိလမိုင်းဆရာကြီးပင်ဖြစ်သည်။ ဤဇာတ်လမ်းမှာ သကြိန်ဖြစ်ပေါ်လာပုံသမိုင်းကြောင်းနှင့် ဆက်စပ်နေသည်။ ထိုဆရာကြီးမှာ ကောင်းကင်နက္ခတ်အတတ်ပညာကို တစ်ဖက်ကမ်းခပ်အောင် ကျွမ်းကျင်တတ်မြောက်သည့် ရသေ့ကြီးတစ်ဦး ဖြစ်သည်။ ထိုရသေ့ကြီးအမည်မှာ မဏိဉာဏရသေ့ဖြစ်သည်။ မဏိဉာဏရသေ့ကို စာဖတ်သူများ သိချင်မှသိမည်ဖြစ်သော်လည်း ကဝိလမိုင်းဆရာကြီးဟုဆိုလျှင် စာဖတ်





www.burmeseclassic.com

www.burmeseclassic.com

သူအတော်များများ သိဖူး၊ ကြားဖူးကြပေလိမ့်မည်။ အထူးသဖြင့် သိကြားမင်းကို ဗေဒင်ဟောသူအဖြစ် သိကြပေလိမ့်မည်။

မဏိဘဒ္ဒရသေ့ကြီးသည် လောကီဝိဇ္ဇာပညာရပ်အမျိုးမျိုး တတ်မြောက်ပြီး လောကီစျာန်တန်ခိုးဖြင့် ကောင်းကင်သို့ပျံနိုင်သူတစ်ဦး ဖြစ်သည်။ သိဒ္ဓိအမျိုးမျိုး ပေါက်မြောက် အောင်မြင်သူဖြစ်ပြီး ရုပ်ပြောင်းနာမ်ခွာ ပညာရပ်ကို ကျွမ်းကျင်စွာ တတ်မြောက်သည်။ တစ်နေ့တွင် ရသေ့ကြီးသည် ကောင်းကင်ယံ၌ စျာန်အဘိညာဉ်တန်ခိုးဖြင့် ကြွနေစဉ် ၎င်း၏ အာယုသမိုင်းဟုခေါ်သော အသက်မည်မျှနေရမည်ကို ကြည့်လိုက်သောအခါ ဤညနေတွင် ဇီဝိန်ကြွေရတော့မည်ဟု သိလိုက်သည်။ သူသည် အာယုသက်တမ်းကို ကြာရှည်စွာနေလိုသဖြင့် ယနေ့ညနေတွင် မည်သူသေဆုံးမည်နည်းဟု ကြည့်လိုက်သောအခါ ကဝိလမိုင်းအမည်ရှိ အမျိုးသားတစ်ဦးသည် မြွေဆိုးခဲ၍သေမည်ကို သိလိုက်သည်။

ထိုညနေပိုင်းတွင် ကဝိလမိုင်းနှင့် ၎င်း၏ဇနီးသည် လမ်းလျှောက်လာစဉ် မြွေဆိုးခဲခံရကာ သတိလစ်သွားခဲ့သည်။ ၎င်း၏ဇနီးသည်က ပတ်ဝန်းကျင်ရှိ လူအများကို အော်ဟစ်ကာ အကူအညီတောင်းခဲ့ရာ ရသေ့ကြီးသည် ဆေးဆရာအဖြစ် ဟန်ဆောင်၍ ကုသပေးခဲ့၏။

သို့သော် ကဝိလမိုင်းသည် မကြာမီ ဇီဝိန်ချုပ်တော့မည်ကိုသိသဖြင့် ၎င်းနှင့်မနီးမဝေးရှိ ချုံပုတ်အတွင်းမှ စောင့်ဆိုင်းနေခဲ့သည်။ ကဝိလမိုင်း ဇီဝိန်ချုပ်သည့်တစ်ပြိုင်နက် ရသေ့ကြီးသည် သူ၏ဝိညာဉ်ကို ခန္ဓာကိုယ်မှခွာကာ ကဝိလမိုင်း၏ကိုယ်တွင်းသို့ ရုပ်ပြောင်းနာမ်ခွာနည်းပညာဖြင့် ဝင်ရောက်လိုက်၏။

ရသေ့ကြီး၏စိတ်ဝိညာဉ်နှင့် အသက်ရှင်နေသော ကဝိလမိုင်းသည် ထိုအမျိုးသမီးနှင့် ဆက်လက် ပေါင်းသင်းနေထိုင်ခဲ့သည်။ ၎င်းသည် ရသေ့ဘဝ၌ ဗေဒင်ပညာကို တစ်ဖက်ကမ်းခပ်အောင် တတ်မြောက်သူ ဖြစ်သည့်အလျောက် ကဝိလမိုင်းဗေဒင်ဆရာကြီးအဖြစ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့သည်။

ဆရာကြီး၏ ဂုဏ်သတင်းကား ကျော်စောခြင်းကြောင့် သိကြားကိုယ်တိုင်က လူ့ပြည်သို့ဆင်း၍ဗေဒင်မေးရာ အလွန် မှန်ကန်သဖြင့် ချီးမွမ်းကာ တာဝတိံသာနတ်ပြည်သို့ ပြန်သွားခဲ့သည်။ နတ်ပြည်ရောက်ပြီး မကြာမီ အာသီဝိသမြွေ(?)...

နတ်ပြည်ရောက်ပြီး မကြာမီ အာသီ ဗြဟ္မာမင်းနှင့် မေးခွန်းတစ်ခုကို ဖြေဆိုရာ အဖြေချင်း ကွဲလွဲနေသဖြင့် ဆရာကြီးထံသို့ရောက်လာကာ အနိုင်၊ အရှုံးမေးမြန်းခဲ့၏။ ရှုံးသူ၏ဦးခေါင်းကို ဖြတ်ရမည်ဟု နှစ်ဦးသဘောတူညီချက်ဖြင့် ဆရာကြီးထံသို့ရောက်လာရာ သိကြားမင်းက အနိုင်ရသဖြင့် ဗြဟ္မာကြီးအာသီ၏ဦးခေါင်းကိုဖြတ်လိုက်သည်။ ထိုဗြဟ္မာကြီး၏ဦးခေါင်းမှာ ရေထဲသို့ချပါက ရေများ ခြောက်ခန်းသွားလိမ့်မည်၊ မြေပြင်ပေါ်သို့ချပါက မီးဟုန်းဟုန်းတောက်၍ ကမ္ဘာမြေကြီး ပျက်စီးလိမ့်မည်ဟုဆိုသဖြင့် ဗြဟ္မာကြီး၏ဦးခေါင်းကို နတ်သမီး (၇) ယောက် အလှည့်ကျ ကိုင်ခဲ့ကြ၏။

ထိုသို့ဖြင့် နတ်သမီးများသည် ဗြဟ္မာမင်း၏ဦးခေါင်းကို ကိုင်ထားရင်း တစ်နှစ်ပြည့်ချိန်တွင် တစ်လှည့်စီပြောင်း၍ကိုင်ကြရသည်။ ဤကဲ့သို့ တစ်လှည့်စီပြောင်း၍ကိုင်ခြင်း တည်းဟူသော တစ်နှစ် ဟူသည့်အချိန်အခါကို ရှေးမြန်မာများက အတာသင်္ကြန် သို့မဟုတ် နှစ်သစ်သို့ကူးပြောင်းခြင်းဟု မှတ်ယူခဲ့ကြသည်။

ဤဇာတ်လမ်းမှအစပြု၍ သင်္ကြန်ပွဲတော်ကြီး ပေါ်ပေါက်ခဲ့သည်။ သင်္ကြန်ပွဲတော်ကြီး ဖြစ်ပေါ်လာပုံနှင့်အတူ ရှေးပဝေသဏီကပင် ရှေးမြန်မာများသည် ထူးဆန်းသော ရုပ်ပြောင်း နာမ်ခွာကို တတ်မြောက်ကြကြောင်း သိရှိခဲ့ပါသည်။

ယခုခေတ်တွင်လည်း ဤကဲ့သို့သောဖြစ်ရပ်နှင့် တစ်ထပ်တည်းကျသော ရုပ်ပြောင်းနာမ်ခွာပညာရှင်တစ်ဦးသည် လွန်ခဲ့သော နှစ်ပေါင်း (၇၀) ကျော်က ပေါ်ပေါက်ခဲ့ဖူးသည်။

ထိုသို့သောအကြောင်းနှင့် ထူးထူးခြားခြားတိုက်ဆိုင်သူမှာ မောင်ဘဂျမ်းပင် ဖြစ်ပေသည်။

ထိုဇာတ်လမ်း၏အစကို ဖော်ပြရသော် ဆေးဆရာကြီး ဦးမြသာကို အစပြု ဖော်ပြရပေမည်။

❁

ညောင်ကန်ရွာတွင် ဆေးဆရာ ဦးမြသာ နေထိုင်ခဲ့သည်မှာ နှစ်ပေါင်း (၄၀) ကျော် ရှိလေပြီ။ ဆေးဆရာကြီး ဦးမြသာ၏ မိဘနှစ်ပါးမှာ တောင်သူလယ်လုပ် ဓားမခုတ်ဘဝဖြင့် ညောင်ကန်ရွာသို့ ပြောင်းလာသောအချိန်တွင် မောင်မြသာမှာ (၇) နှစ်သားလေး ဖြစ်သည်။ မောင်မြသာကို ညောင်ကန်ရွာဖျား ဘုန်းတော်ကြီးကျောင်း၌ စာပေသင်ကြားစေခဲ့ပါသည်။

သူသည် ကိုရင်မှ ဦးပဥ္စင်းအထိ ထိုကျောင်း၌ ပညာသင်ကြားခဲ့၏။ ထိုကျောင်းရှိ ကျောင်းထိုင်ဘုန်းတော်ကြီးမှာ ဆေးပညာကို ကောင်းစွာ တတ်မြောက်သဖြင့် ရွာထဲရှိ ရွာသူရွာသားများကို မေတ္တာစေတနာထားကာ ဆေးကုပေးခဲ့သည်။ ဦးပဥ္စင်း မောင်မြသာသည် ကျောင်းထိုင်ဆရာတော်၏တပည့်ရင်းပီပီ ဆရာတော်ပေးသောဆေးမှုန့်များကို အချိုးအစားအတိုင်း ဆေးစပ်ရသည်။ ဆေးကုသည့်အခါတိုင်း လူနာကို ဆေးပေးရသဖြင့် ဦးပဥ္စင်းမောင်မြသာမှာ ဆေးပညာကို မသင်ရဘဲတတ်မြောက်နေသည်။ မကြာမီ ဦးပဥ္စင်းဘဝမှ လူဝတ်လဲလိုက်သည်။

ဆရာတော်နှင့် မောင်မြသာတို့နှစ်ဦးသည် တစ်လတစ်ခါ တောင်ပေါ်တက်၍ ဆေးပင်များကို ခူးကာ အခြောက်ခံခြင်း၊ ဆေးထောင်းခြင်းများကို မောင်မြသာက ပြုလုပ်ပေးရသည်။ ထို့အပြင် ဆရာတော်သည် ဗေဒင်ပညာကိုလည်း ဝါသနာပါသဖြင့် ကောင်းကင်နက္ခတ်ကို လေ့လာရာ လွန်စွာ ကျွမ်းကျင်သည်။

တစ်နေ့သော် ဆရာတော်သည် မောင်မြသာအား ခေါ်၍-

"မောင်မြသာ- ဆေးထောင်းဖို့ကိုပဲ လုပ်မနေနဲ့ဦး၊ နက္ခတ်ပညာလည်း သင်ကြားဦး။ ဒါမှ ဆေးကုတဲ့အခါ အထောက်အကူဖြစ်မယ်"

"မှန်ပါ့ဘုရား၊ တပည့်တော်ကို နက္ခတ်ပညာသင်ပေးပါ ဘုရား"

"ကောင်း- ဒါဆို လာခဲ့၊ အခု သင်ပေးမယ်"

ဆရာတော်သည် ကောင်းကင်နက္ခတ်၏အခြေခံဖြစ်သော နက္ခတ်(၂၇) လုံးက စ၍ သင်ကြားပေးခဲ့သည်။ ထို့နောက် နက္ခတ်နှင့်ရာသီ မည်သို့မည်ပုံ ဆက်စပ်နေသည့် အကြောင်းများကိုလည်းကောင်း၊ အဝင်နက္ခတ်၊ အထွက်နက္ခတ် စသည်တို့ကို ဆက်လက်၍ အခြေခံမှအစ နက္ခတ်ပညာရပ်များကိုသင်ကြားခဲ့သည်။ ဆရာတော်သည် နက္ခတ်ပညာကို သင်ကြားပေးရင်း လာသမျှလူနာများကိုလည်း လက်ခံကာ ကုသပေးခဲ့သည်။

ထိုသို့ ဆေးကုသနေစဉ် ထိုရွာရှိ သူကြီး ဦးစံဘော်မှာ လေဖြတ်သွားသဖြင့် ၎င်းနေအိမ်သို့ သွားရောက်ကုသ



www.burmeseclassic.com

www.burmeseclassic.com

နေသည်။

လေဖြတ်သောလူနာအား ဆရာတော်က ဆေးတိုက်ကျွေးပြီး မောင်မြသာက လိမ်းဆေးများလူးပေးကာ နှိပ်နယ်ပေးရသည်။

ထိုစဉ် သူကြီးသမီး ပန်းနုသည် သူ၏အဖေအခြေအနေကို သိလိုသဖြင့်-

"ဘုန်းဘုန်းဘုရား၊ တပည့်တော်မရဲ့အဖေရောဂါက ပျောက်ကောပျောက်ပါ့မလား ဘုရား"

"အိမ်း-ဒီရောဂါက ပျောက်တော့ပျောက်ပါတယ်၊ ဒါပေမယ့် ကြာတယ်ကွယ့်။ စိတ်ရှည်လက်ရှည်နဲ့ သေသေချာချာကုသပေးမယ်ဆိုရင် ပြန်ကောင်းလာနိုင်ပါတယ်။ လူနာကလည်း အိပ်ရာထဲ လှဲမနေဘဲ တက်တက်ကြွကြွလှုပ်ရှားရမယ်။ အဲဒါကို ဒကာမလေးက ပိုင်းပြီးကူညီပြီး လှုပ်ရှားအောင် ပြုပေးရမယ်"

"တင်ပါ့ဘုရား၊ အဖေကောင်းမယ်ဆိုရင် တပည့်တော်မ သေသေချာချာ ပြုစုပါ့မယ်"

"အိမ်း- ကောင်းတာပေါ့ကွယ်။ လူနာကို ဆေးလိမ်း၊ ဆေးသောက်ဖို့ကို မောင်မြသာက ညနေတိုင်း လာကြည့်ပေးမယ်။ ဘုန်းကြီးကတော့ သုံး၊ လေးရက်တစ်ခါ လာကြည့်ပါ့မယ်"

"တင်ပါ့ဘုရား"

ဘုန်းကြီးနှင့် မောင်မြသာသည် သူကြီးဦးစံဘော်အား ဆေးကုပြီးနောက် ကျောင်းသို့ ပြန်လာကာ ကျောင်းသို့ ရောက်လာသော လူနာများကို ဆေးကုသပေးခဲ့သည်။ မောင်မြသာမှာမူကား နေ့စဉ် ညနေတိုင်း ဆေးလွယ်အိတ်ကို လွယ်ကာ သူကြီးအိမ်သို့ ရောက်လာခဲ့သည်။ သူကြီးကို ဆေးတိုက်ပြီးနောက် တစ်ကိုယ်လုံးဆေးလူးကာ အကြောဖွင့်ပေးခဲ့သည်။ ထို့နောက် စပါးကြီးမြွေ၏ သည်းခြေဖြင့် လျှာကိုဆွဲပေးရာ စကားပြောနိုင်လာသည်။ ဆရာတော်၏ အစွမ်းထက်သောဆေးများဖြင့် ကုသခဲ့ရာ တစ်လအတွင်း လမ်းလျှောက်နိုင်လာသည်အထိ အခြေအနေတိုးတက်လာခဲ့သည်။ ဤသို့ သူကြီး ဦးစံဘော်တစ်ယောက် ကောင်းစွာစကားပြောနိုင်ပြီး လမ်းလျှောက်နိုင်လာသည့်အတွက် သူကြီးကတော်အပါအဝင် သူကြီးမိသားစုတ ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ဆရာတော်နှင့် မောင်မြသာကို လွန်စွာ ကျေးဇူးတင်ခဲ့ကြပါသည်။ သူကြီးသည် လမ်းလျှောက်နိုင်သည်ဟု ဆိုသော်လည်း ကောင်းစွာ မလျှောက်နိုင်သေးသဖြင့် ပန်းနုက တစ်ဖက်၊ မောင်မြသာကတစ်ဖက်တွဲကာ လမ်းလျှောက်လေ့ကျင့်ပေးခဲ့ကြသည်။

ထိုသို့ တစ်လကျော်ကျော်အတွင်း ပန်းနုနှင့် လက်ပွန်းတတီးနေရသည့်အတွက် မောင်မြသာမှာ ပန်းနုအပေါ် ချစ်စိတ်သက်ဝင်လာခဲ့သည်။ ညနေစောင်းလျှင် ပန်းနုတို့အိမ်သို့သွားရန် မောင်မြသာမှာ ခြေလှမ်းတပြင်ပြင်ဖြစ်နေသကဲ့သို့ အကြောင်းကြောင်းကြောင့် မောင်မြသာ နောက်ကျနေလျှင် ပန်းနုမှာ ရင်တဖိုဖိုနှင့် စောင့်စားနေခဲ့သည်။

အိုးချင်းထား အိုးချင်းထိ ဆိုသကဲ့သို့ ပန်းနုနှင့်လိပ်ပြာတို့၏သဘာဝအတိုင်း မောင်မြသာနှင့် ပန်းနုမှာ ချစ်သူများဖြစ်သွားခဲ့သည်။ ပန်းနုကလည်း နာမည်နှင့်လိုက်အောင် ပါးနှစ်ဖက်တွင် ပန်းနုရောင်ပြေးနေပြီး ဖြူဝင်းသောအသားအရေ ရှိသည်။ သူမသည် တစ်ရွာတွင် တစ်ယောက်ဟုဆိုလောက်အောင် လှပချောမောလှပေသည်။ မောင်မြသာမှာ အသားအနည်းငယ် ညိုသော်လည်း အရပ် ထောင်ထောင်မောင်းမောင်းနှင့် ယောက်ျားပီသသူ ဖြစ်သည်။ သူသည် ပန်းနုအား မမြင်ရလျှင် မနေနိုင်အောင် ချစ်မိနေသည်။

"ပန်းနုရယ်၊ အစ်ကိုတော့ ပန်းနုကို မမြင်ရရင် မနေနိုင်အောင် ချစ်မိနေပြီ"

"ပန်းနုလည်း ဒီလိုပါပဲ အစ်ကိုရယ်။ အစ်ကို နောက်ကျနေရင် လည်တိုင်တမော့မော့နဲ့စောင့်ရင်း အစ်ကိုဘာဖြစ်နေပါလိမ့် ဆိုပြီး စိုးရိမ်ရတာအမောပါပဲ အစ်ကိုရယ်"

"သူကြီးရဲ့ရောဂါအခြေအနေကလည်း တော်တော်ကောင်းလာပြီ။ ဒါကြောင့် နောက်ဆို အစ်ကိုလာရတော့မှာ မဟုတ်ဘူး။ အဲဒီတော့ ပန်းနုနဲ့လည်း မတွေ့နိုင်တော့ဘူး"

"အစ်ကိုပြောတာလည်း ဟုတ်ပါတယ်။ ပန်းနုလည်း အဲဒီလို တွေးမိပါတယ်။ အစ်ကိုနဲ့ ဘယ်လိုခွဲနေရမှန်းတောင် မသိဘူး"

"အစ်ကိုရဲ့အကြံကတော့ ဘုန်းဘုန်းနဲ့ သူကြီးကို ဖွင့်ပြောပြီး အစ်ကိုတို့ တစ်အိုးတစ်အိမ်ထူထောင်ကြရင် မကောင်းဘူးလား"

"အဲဒီ အစီအစဉ်ကတော့ သိပ်ကောင်းတာပေါ့ အစ်ကို။ ဒါပေမယ့်. ."

"ဘာဒါပေမယ့်လဲ၊ ပြောပါဦး ပန်းနုရဲ့"

"ပန်းနုနဲ့ စွယ်တော်ရွာက သူကြီးသား သိန်းဆောင်နဲ့ မနှစ်ကပဲ လူကြီးချင်းစကားပြောပြီး စေ့စပ်ထားတာဆိုတော့ အဖေက အစ်ကိုနဲ့ ဘယ်လိုသဘောတူပါ့မလဲ။ အခုတောင် အဖေနေမကောင်းလို့ လက်ထပ်ဖို့ ရက်ရွှေ့ထားတာ"

"ဟောဗျာ"

မောင်မြသာ၏ဦးခေါင်းကို တစ်စုံတစ်ခုနှင့် ထုနှက်သည့်အလား လွန်စွာ နာကျင်သွားခဲ့သည်။

"ဒါဆို ဒီကောင်နဲ့ စေ့စပ်ထားတာဖျက်ရင်ကော မရဘူးလား"

"စေ့စပ်တာ ဖျက်တယ် ဆိုတာ သူ့မှာ အပြစ်ရှိမှ ဖြစ်တာ။ သူ့မှာ ဘာအပြစ်မှမရှိဘဲ ဘယ်လိုလုပ်ပြီး စေ့စပ်တာဖျက်လို့ဖြစ်မလဲ အစ်ကိုရဲ့"

"ဒါဆို တစ်ခုပဲရှိတယ်"

"ဘာလဲ အစ်ကို"

"ပန်းနုက အစ်ကိုခိုးရာနောက်ကို လိုက်ခဲ့ပေတော့"

"ဟင်း- အဖေကလည်း လုံးလုံးနေကောင်းသေးတာ မဟုတ်ဘူး၊ ဘယ်လိုလုပ်ရမလဲ"

"အချိန်အကြာကြီးဆွဲလို့ မဖြစ်ဘူး၊ တော်ကြာ ဟိုကောင်က လက်ဦးသွားရင် အစ်ကို ရင်ကွဲရမှာ"

"ဒါဆို ဒီလိုလုပ်ပါ။ အဖေ့ရဲ့အခြေအနေကို စောင့်ကြည့်ပြီး အဆင်ပြေမယ့်အချိန်ကို ပန်းနု အကြောင်းကြားမယ်"

"ဒါဆို ပန်းနုက အစ်ကို့ရဲ့ခိုးရာနောက်ကို လိုက်မယ်ပေါ့၊ ဟုတ်လား"

"အင်းပေါ့၊ အစ်ကိုနဲ့နီးဖို့ရာ ဒီလိုပဲ လုပ်ရမှာပဲ"

"ဝမ်းသာလိုက်တာ ပန်းနုရယ်"

အချစ်ကြီးသူ မောင်မြသာလည်း ချစ်သူက ခိုးရာနောက်သို့လိုက်မည်ဟု ဆိုသဖြင့် လွန်စွာ ဝမ်းသာအားရဖြစ်ကာ ကျောင်းသို့ပြန်လာခဲ့သည်။ နောက်ပိုင်းတွင် သူကြီးမှာ ကျန်းမာလာပြီဖြစ်၍ မောင်မြသာမှာ ပန်းနု၏အိမ်သို့ မသွားရတော့ပေ။

ရက်တစ်ပတ်ခန့်ကြာသော်-

စွယ်တော်ရွာမှ သူကြီးသားမောင်သိန်းဆောင် ရောက်လာပြီး သူကြီးအား နေမကောင်း၍ လာမေးကြောင်း အကြောင်းပြပြီး နောက်တစ်လခန့်အကြာတွင် ပန်းနုနှင့် မင်္ဂလာပွဲကျင်းပလိုသည့်



www.burmeseclassic.com

www.burmeseclassic.com

အကြောင်း လာပြောခဲ့သည်။ သူကြီး ဦးစံဘော်လည်း နဂိုကပင် လူကြီးချင်း သဘောတူထားပြီး စေ့စပ်ထားသည့်အတွက် အလွယ်တကူပင် သဘောတူလိုက်သည်။ ထိုစကားကိုကြားသောအခါ ရင်နာရသူမှာ ပန်းနုပင် ဖြစ်တော့သည်။

"ဒုက္ခပဲ။ နောက်လထဲမှာ ငါနဲ့ သိန်းဆောင် မင်္ဂလာဆောင်ရတော့မယ်။ မဖြစ်ဘူး၊ ဒါဆိုရင် ငါနဲ့ အစ်ကိုနဲ့ ဝေးရတော့မယ်။ ဒီတော့ အစ်ကို့ကို လာခိုးခိုင်းမှပဲ"

ပန်းနုသည် ဤအကြောင်းကို ကြားသောအခါ လွန်စွာ စိတ်လှုပ်ရှားကာ မောင်မြသာသို့ပေးရန် စာအမြန်ရေးလိုက်သည်။

*အစ်ကိုမြသာ*

*နောက်လထဲမှာ သူနဲ့ ပေးစားတော့မယ်။ ဒီလကွယ်ည သန်းခေါင်ယံအချိန်မှာ ကျွန်မကို လာခိုးလှည့်ပါ။*

*ပန်းနု*

ထိုစာကိုရေးပြီးနောက် သူမ၏အိမ်သို့ ဆွမ်းခံကြွသော ကိုရင်လေးနှင့် အတူလိုက်လာသည့် ကျောင်းသားလေးအား ကိုမြသာကိုပေးရန် ပြောဆို၍ စာပေးလိုက်သည်။ ကျောင်းသားကလေးလည်း သူ့အင်္ကျီအိတ်ထဲသို့ စာထည့်ပြီး ယူဆောင်သွားစဉ် လမ်းမအရောက်၌ သူကြီးသား သိန်းဆောင်၏သူငယ်ချင်းက ကျောင်းသားလေး၏အိတ်ထဲမှ စာရွက်ခေါက်ကိုလှမ်းတွေ့သဖြင့် မသက်မသာ၍ ယူဖတ်ကြည့်ရာ လကွယ်ည၌ မောင်မြသာနှင့် ပန်းနုတို့ ခိုးမည့်အစီအစဉ်ကို သိသွားခဲ့သည်။

သူက ချက်ချင်းပင် သိန်းဆောင်ကို သွားပြောခဲ့သည်။ ထိုအခါ သိန်းဆောင်ကလည်း အစီအစဉ်များပြုလုပ်၍ အသင့်စောင့်နေခဲ့သည်။

သို့ဖြင့် လကွယ်ည သန်းခေါင်ယံအချိန်တွင်. . .

မောင်မြသာသည် ပန်းနုကိုခိုးပြီး လှေဆိပ်သို့အပြေးတွင် နောက်ယောင်ခံ၍လိုက်လာသော သိန်းဆောင်နှင့်အပေါင်းအသင်းများက ဝိုင်းရံမိသွားခဲ့၏။

"ဟေ့ကောင် ဘုန်းကြီးကျောင်းသား၊ ငါနဲ့လက်ထပ်မယ့် ပန်းနုကို လာခိုးရဲတယ်။ ဒီကောင့်ကို ကောင်းကောင်းဆုံးမလိုက်"

သူကြီးသား သိန်းဆောင်က သူ၏လက်အောက်ငယ်သားများကို ဤသို့



ပြောလိုက်ရာ ထိုလူများက ဝိုင်းရိုက်သဖြင့် မောင်မြသာမှာ အင်အားမမျှသော်လည်း ခုခံကာတွယ်နေခဲ့သည်။ ထိုအချိန်တွင် သိန်းဆောင်က-

"ငါယူမယ့်မိန်းမကို လာခိုးတဲ့အကောင်ကို အသက်အရှင်မထားနဲ့။ သူအသက်ရှင်နေသရွေ့ ငါတို့အိမ်ထောင်ရေးမှာ ဆူးငြောင့်ခလုတ်ပဲ။ ရှင်းပစ်၊ ရော့- ဓား"

သိန်းဆောင်က ပြောပြောဆိုဆို ငှက်ကြီးတောင်ဓားကို ပစ်ပေးလိုက်ရာ သူတပည့်က ဓားကိုဖမ်းယူပြီး မောင်မြသာကို တအားကုန်ထိုးလိုက်စဉ် မောင်မြသာ ရှေ့သို့ အပြေးသွားကာ အစားဝင်ခံသည့် ပန်းနုအား ရင်ညွန့်သို့ထိုးမိသွားကာ ပန်းနု လဲကျသွားခဲ့သည်။

"ဟာ - ပန်းနုကို ထိုးမိသွားပြီ။ သူကြီးသိရင် အဖမ်းခံရတော့မှာပဲ။ ပြေးမှ"

သိန်းဆောင်တို့အုပ်စု ကြောက်လန့်ကာ ထွက်ပြေးသွားခဲ့သည်။ မောင်မြသာမှာ တစ်ကိုယ်လုံး အရိုက်ခံထားရသဖြင့် လွန်စွာ နာကျင်နေသည့်ကြားမှ လူးလဲထကာ ပန်းနုအနီးသို့သွားပြီး ပွေ့ထားလိုက်သည်။

"ပန်းနု၊ ဘာမှမစိုးရိမ်နဲ့။ အစ်ကို ကုပေးမယ်နော်"

"အစ်ကို၊ ပန်းနုအကြောင်း ပန်းနု သိပါတယ်။ ပန်းနု လူ့ပြည်မှာ မနေရတော့ဘူး"

"အားမလျှော့ပါနဲ့ ပန်းနုရယ်"

"အစ်ကို၊ ဒီဘဝမှာ ပေါင်းရမှာမဟုတ်ဘူး။ ဒါပေမယ့် ဘယ်ဘဝရောက်ရောက် အစ်ကိုနဲ့ပန်းနု ပေါင်းပါရစေအစ်ကိုရယ်"

"ကောင်းပါပြီ။ အစ်ကို ကတိပေးပါတယ်"

ထိုသို့ပြောပြီး မကြာမီ ဇက်ကျိုးကျကာ သေဆုံးသွားခဲ့သည်။

"ပန်းနု. . . ပန်းနုရယ်၊ အစ်ကို့ရဲ့အသည်းတွေ တစ်စစီ ကြွေကုန်ပါပြီ ပန်းနုရယ်"

မောင်မြသာမှာ ပန်းနုအလောင်းကိုဖက်ကာ သည်းထန်စွာ ငိုကြွေးခဲ့၏။ မကြာမီ ရွာသူရွာသားများရောက်လာပြီး သိန်းဆောင်တို့အုပ်စုကို လိုက်ဖမ်းရာ ညတွင်းချင်းပင် မိသွားခဲ့သည်။ သူတို့အုပ်စုမှာ လူသတ်မှုဖြင့် အသီးသီး ထောင်ကျသွားခဲ့သည်။

သို့သော် နှောင်းတမြေ့မြေ့ဖြင့် အလွမ်းတို့နှင့်ကျန်ရစ်ခဲ့သူမှာ မောင်မြသာပင် ဖြစ်သည်။ ဆရာတော်ကလည်း ဤအကြောင်းသိရှိသွားသဖြင့် အမျိုးမျိုး ဖျောင်းဖျကာ-

"မောင်မြသာ၊ သွားလေသူအတွက် ဒီလောက်တောင် စိတ်မှာခံစားမနေပါနဲ့။ မင်းကို စိတ်ပြေလက်ပျောက်ဖြစ်အောင် နာမ်လွှင့်တဲ့ပညာကို သင်ပေးမယ်၊ ပြီးရင် ရုပ်ပြောင်းနာမ်ခွာပညာလည်း သင်ပေးမယ်"

"တင်ပါ့ဘုရား၊ တပည့်တော်လည်း အတတ်ပညာတစ်ခုခုကို စိတ်ဝင်စားနေရင် စိတ်ထဲမှာ ခံစားရတာတွေ သက်သာသွားမှာပါ ဘုရား"

မောင်မြသာသည် ဆရာတော်သင်ကြားပေးသည့် နာမ်လွှင့်ခြင်းပညာကို ကောင်းစွာလေ့ကျင့်ခဲ့ရာ တစ်နှစ်ကျော်ခန့်အကြာတွင် မိမိထံမှနာမ်ထွက်ခွာသည့်အဆင့်သို့ရောက်အောင် ကျင့်ကြံအားထုတ်နိုင်ခဲ့သည်။ သူသည် နာမ်လွှင့်ခြင်းအတတ်ပညာဖြင့် ညအခါ၌ ခန္ဓာကိုယ်မှ နာမ်ကိုထွက်ခွာစေပြီး နေရာအနှံ့အပြားသို့ လျှောက်ကြည့်ခဲ့၏။

သူ တွေ့ချင်သည်မှာ ပန်းနု၏ ဝိညာဉ်ပင် ဖြစ်၏။ နာမ်လွှင့်ခြင်းသည် စိတ်အတိုင်းပင် သွားလိုရာသွားနိုင်၏။ သူ၏နာမ်ကိုလွှင့်ကာ ပင်လယ် သမုဒ္ဒရာများကိုလည်း ဖြတ်ကျော်ခဲ့သည်၊ တောင်ဆွယ် တောင်တန်းများဆီသို့လည်း သူရောက်ခဲ့သည်။ ညအခါဖြစ်သည့်အတွက် အစာရှာဖွေနေကြသော သရဲ၊ တစ္ဆေ၊ ဖုတ်၊ ပြိတ္တာ အမျိုးမျိုးကို သူ တွေ့ခဲ့သည်။ ထိုအခါ ထိုပြိတ္တာဘုံတွင် ပန်းနုများရောက်နေသလားဟု တွေးတောမိသည်။ သူတို့၏ရုပ်ရည်မှာ ရုပ်ကြမ်းကြီးဖြစ်သဖြင့် တွေ့လျှင်ပင် မှတ်မိရန် မလွယ်ကူပေ။ နာမ်လွှင့်ခြင်းအတတ်ကို ကောင်းစွာတတ်မြောက်သောအခါ ရုပ်ပြောင်းနာမ်ခွာပညာကို ဆက်လက်ကျင့်ကြံအားထုတ်ခဲ့သည်။

ထိုပညာရပ်မှာ လွန်စွာ ခက်ခဲ



www.burmeseclassic.com

www.burmeseclassic.com

ခက်ခဲလှသဖြင့် ဤပညာကိုရရှိရန် နှစ်ပေါင်း (၂၀) ခန့်ကြာခဲ့လေပြီ။ တစ်ဖက်ကလည်း ဆေးဆရာအလုပ်ဖြင့် ဆေးကုသပြီး ညစဉ်ညတိုင်းကျင့်ကြံရသည့်အတွက် ဤမျှကြာမြင့်ခြင်း ဖြစ်သည်။

တစ်နေ့သော်-

ဤရွာနှင့် အလှမ်းဝေးကွာသည့် ရွာတစ်ရွာမှ ကုန်သည်တစ်ဦးသည် ဤရွာသို့ ကုန်ရောင်း ကုန်ဝယ်ကိစ္စဖြင့် ရောက်ရှိလာခဲ့သည်။ ထိုကုန်သည်မှာ ငှက်ဖျားရောဂါပြန်ထလာသဖြင့် ဆရာဦးမြသာထံသို့ ဆေးကုသရန်ရောက်ရှိလာခဲ့သည်။ ဆရာဦးမြသာက ငှက်ဖျားရောဂါကို ကုသပေးရာ (၃) ရက်အကြာတွင် ရောဂါသက်သာလာခဲ့သည်။ ထို[illegible]ဖြင့် စကားစမြည်ပြောရင်း-

"ဆရာကြီး၊ ဒီရွာက ညောင်ကန်ရွာ ဟုတ်လား"

"ဟုတ်ပါတယ်"

"ဆရာကြီးနာမည်က ဦးမြသာ ဟုတ်လား"

"ဟုတ်ပါတယ်"

"တိုက်ဆိုင်တာလားတော့ မသိဘူး ကျွန်တော် ပြောစရာရှိပါတယ်"

"ပြောပါ"

"ကျွန်တော်တို့ ရွှေလှေရွာက မန္တဲ့ရီဆိုတဲ့ကောင်မလေးက လူဝင်စားတဲ့။ သူ့အရင်က ညောင်ကန်ရွာမှာ နေတဲ့ သူ့ချစ်သူက ဆေးဆရာ ကိုမြသာတဲ့"

"ဟင်- ဟုတ်လား။ အဲဒီကောင်မလေးရဲ့အတိတ်ဘဝကနာမည်က ဘာတဲ့လဲ"

"အဲဒါတော့ မသိဘူး။ အဲဒီရွာမှာ ဓားထိုးခံရလို့ သူ သေဆုံးသွားတာတဲ့။ အခုဘဝအထိတောင် သူ့ရဲ့ရင်ဘတ်မှာ အမာရွတ်လိုမျိုး ပါလာတယ်"

"ဟင်- မောင်ရင် တကယ်ပြောတာလား"

"ကျွန်တော် တကယ်ပြောတာပါ"

"ဒါဆိုရင် အဲဒီရွာကို ဆရာ့ကို လိုက်ပို့ပေးပါလား"

"အဝေးကြီးပဲ ဆရာကြီး"

"ဘယ်လောက်ဝေးဝေး ဆရာကြီး ကမင်းအတွက်ပါလမ်းစရိတ်ခံပါ့မယ်"

"လမ်းစရိတ်လောက်တော့ ကျွန်တော်ခံပါ့မယ်၊ ဒီလောက်သွားချင်နေရင် ကျွန်တော်လိုက်ပို့ပါ့မယ်"

ထိုသို့ပြောဆိုပြီး ငှက်ဖျားရောဂါ ပျောက်ကင်းရန် တစ်ပတ်ခန့်ဆေးကုပြီးနောက် ဆရာကြီးနှင့်အတူ ရွှေလှေရွာသို့ သွားခဲ့ကြသည်။ ထို့နောက် မန္တဲ့ရီ၏အိမ်ကိုသွားရာ မန္တဲ့ရီနှင့် အခန့်သင့်ပင်တွေ့လိုက်ရသည်။ မန္တဲ့ရီသည် ဆရာကြီးကိုတွေ့သောအခါ တွေဝေစွာစိုက်ကြည့်ပြီး-

"ဦးလေးက ဦးမြသာ မဟုတ်လား"

ဟု မေးလိုက်သည်။

ထိုအခါ ဦးမြသာက-

"မိန်းကလေးက ဦးလေးကို ဘယ်တုံးက သိနေတာလဲ"

"ဒီလိုပါပဲရှင်၊ ကျွန်မဟာ ဟိုးအရင်ဘဝက ပန်းနုပါ။ လူဝင်စားဖြစ်ပြီး ဒီအကြောင်းတွေကို သိနေတာပါ။ ဒါကြောင့် ဦးလေးကိုမြင်ရုံနဲ့ ဦးမြသာပဲလို့ စိတ်ထဲကသိနေလို့ပါ။ ဦးလေးဟာ တကယ်ပဲ ဦးမြသာပါလား"

"ဟုတ်ပါတယ် ပန်းနုရယ်၊ ဦးလေးဟာ ဟိုးအရင်ဘဝက မင်းရဲ့ချစ်သူ မောင်မြသာပါ"

"ဖြစ်မှဖြစ်ရလေ၊ မယုံနိုင်စရာဘဲ အစ်ကိုမြသာရယ်"

"ဦးလေးလည်း မယုံနိုင်လို့ ဒီသူငယ်ပြောတာ ဟုတ်၊ မဟုတ် လာကြည့်တာပါ"

ထိုသို့ပြောနေစဉ် အိမ်ပေါ်သို့ လူတစ်ယောက်တက်လာရာ မန္တဲ့ရီက-

"ဦးလေး၊ အဲဒါ ကျွန်မယောက်ျား ကိုဘဂျမ်းပါ"

"ဩော်-တူမလေးက အိမ်ထောင်တောင်ကျနေပြီကိုး"

ဦးမြသာမှာ မန္တဲ့ရီ အိမ်ထောင်ရှိမှန်း သိသွားသောအခါ လွန်စွာ စိတ်မကောင်းဖြစ်သွားခဲ့သည်။

ထိုအခါ မောင်ဘဂျမ်းက မန္တဲ့ရီ၏ဦးလေးဟု ထင်မှတ်ကာ-

"ဦးလေးက ဘာအလုပ်အကိုင်များ လုပ်သလဲ"

"ဦးလေးက နယ်လှည့် ဗေဒင်ဟောပါတယ်"

ထိုစကားကို မောင်ဘဂျမ်း ကြားသောအခါ ဗေဒင်ဝါသနာပါသူပီပီ-

"ဦးလေး၊ ကျွန်တော်တို့ နှစ်ယောက် အသက်ရှည်ရှည်နဲ့ ပေါင်းရမလားဆိုတာ ကြည့်ပေးပါ"

"ကြည့်ပေးပါ့မယ်၊ ဇာတာနှစ်စောင်စလုံး ပေးပါ"

ထိုသို့ပြောပြီး မောင်ဘဂျမ်း၏ဇာတာကို ကြည့်လိုက်သောအခါ အာယုဆန်းပြတ်နေသဖြင့် ကောင်းကင်နက္ခတ်ဖြင့် အသေးစိတ်တွက်ကြည့်သောအခါ သူ၏အာယုသက်တမ်းမှာ ယနေ့ညနေ၌ပင် မြွေကိုက်၍သေမည်ကို သူသိလိုက်သည်။ ထို့နောက် သူ၏အာယုသက်တမ်းကို ကြည့်လိုက်ရာ ယနေ့ အသက် (၅၀) အထိသာ အသက်ရှည်မည်ကို သိလိုက်သည်။

'ဩော်. . . တိုက်တိုက်ဆိုင်ဆိုင် မောင်ဘဂျမ်းနဲ့ငါက သေမယ့်ရက်၊ သေမယ့်အချိန်ပါ တိုက်ဆိုင်နေပါလား။ စောစောက မန္တဲ့ရီမှာ အိမ်ထောင်ရှိတယ်ဆိုလို့ ငါ့မှာ စိတ်ဆင်းရဲလိုက်တာ၊ အခုလို ခက်ခက်ခဲခဲတိုက်ဆိုင်မှုဟာ ငါ့ရဲ့ပညာနဲ့ အံကိုက်ပဲ"

ထိုနေ့ ညနေတွင် ကိုဘဂျမ်းမှာ မြွေကိုက်၍ ကွယ်လွန်ခဲ့သည်။ ဦးမြသာသည် ကိုဘဂျမ်း သေဆုံးလျှင်သေဆုံးချင်း သူ၏ရုပ်ပြောင်းနာမ်ခွာပညာဖြင့် သူ၏နာမ်ကို ကိုယ်မှခွာကာ ကိုဘဂျမ်း၏ခန္ဓာကိုယ်အတွင်းသို့ ဝင်လိုက်သည်။ ထိုရွာရှိ ရွာသူရွာသားများနှင့် မန္တဲ့ရီ သိသည်မှာ ဆေးဆရာကြီး ဦးမြသာတစ်ယောက် လေတစ်စို့ရောဂါဖြင့် သေဆုံးသွားသည်ဟူ၍ ဖြစ်ပါသည်။ ထိုသတင်းကို ကြားလျှင်ကြားချင်း ဆရာတော်ရောက်လာခဲ့သည်။ မောင်ဘဂျမ်းသည် ဆရာတော်ကို အလွန်ရင်းနှီးစွာဖြင့် နေရာထိုင်ခင်းများပေးခဲ့သည်။

ဆရာတော်က မောင်ဘဂျမ်းကို သေသေချာချာကြည့်ပြီး-

"မောင်မြသာ၊ မင်းရဲ့ ဖူးစာကတော့ ပြောမယုံနိုင်အောင် ထူးဆန်းလှပေတယ်။ မင်းလို ရုပ်ပြောင်းနာမ်ခွာမျိုးဆက် ကျန်ခဲ့ပြီမို့ ငါ ဝမ်းသာပါတယ် မောင်မြသာ။ ဒါပေမယ့် မင်းရဲ့ဘဝကတော့ လူထူးလူဆန်း မောင်ဘဂျမ်းအဖြစ်နဲ့သာ ဆက်ပြီး ရှင်သန်ပေတော့"

ဆရာတော်သည် မောင်ဘဂျမ်းကို နှစ်ကိုယ်ကြားပြောပြီး ရွာသို့ပြန်လာခဲ့သည်။ ပန်းနုဘဝက တောင်းခဲ့သောဆု ပြည့်ဝလေသည် မသိ၊ ယခုဘဝတွင် ခက်ခက်ခဲခဲ ပေါင်းသင်းခွင့်ရခဲ့သည်။ အရင်တုန်းက လယ်သမား မောင်ဘဂျမ်းသည် ထိုရွာ၌ ဆေးဆရာမောင်ဘဂျမ်းအဖြစ် ဆေးကုသရင်း မန္တဲ့ရီနှင့် အသက်ထက်ဆုံး ပေါင်းသင်း နေထိုင်သွားပါတော့သတည်း။

ရီရီဌေး



www.burmeseclassic.com

ရှေးဟောင်းပစ္စည်းလောကနဲ့ပတ်သက်ပြီးမှ ကိုမြင့်ဝေမှာ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတစ်ဦး ရှိပါတယ်။ ပြင်ဦးလွင်မြို့မှာရှိတဲ့ 'မေမြို့' စားသောက်ဆိုင်ပိုင်ရှင် ဦးကိတ်ပါ။ မနက်မိုးလင်းပြီဆိုတာနဲ့ ကိုမြင့်ဝေနဲ့အတူ ဒီရှေးဟောင်းပစ္စည်း ဝယ်ယူစုဆောင်းတာ ဝါသနာပါကြတဲ့ လူလေးယောက်ဟာ တစ်နေရာရာမှာဆုံ၊ လက်ဖက်ရည်သောက်ကြရင်းက စီးပွားရေး၊ လူမှုရေးလုပ်ငန်းကိုင်ငန်းအကြောင်းတွေ ပြောဖြစ်ကြတယ်။ အဓိကကတော့ ဒီရှေးဟောင်းပစ္စည်းတွေနဲ့ပတ်သက်လို့ အတု,အစစ်ခွဲခြားပုံ၊ ရှေးဟောင်းပျူခေတ်ပစ္စည်းတွေရဲ့ ကျိန်စာသင့်တတ်ပုံ၊ ကျိန်စာတိုက်ထားခဲ့တာတွေရှိတဲ့အကြောင်း ဆရာကြီး ဦးကိတ်က ပြောပြတတ်ပါတယ်။

ဦးကိတ် ဆိုတာက ပြင်ဦးလွင်မြို့မှာတော့ ရှေးဟောင်းပစ္စည်းလောကရဲ့ ပညာရှိ ကပိကြီး တစ်ဆူပါ။ ပြင်ဦးလွင်မြို့မှာ ဒီရှေးဟောင်းပစ္စည်းတွေကိုဆိုင်ပေါ်မှာ တင် ပထမဦးဆုံး ရောင်းချခဲ့တာလည်း ဦးကိတ်ပါပဲ။ သူ့နောက်မှပဲ ကုလား လူမျိုးတွေက လိုက်ရောင်းလာကြတာပါ။ ကိုမြင့်ဝေတို့လို မြန်မာလူမျိုး တွေကတော့ ဒီလို ရှေးဟောင်းပစ္စည်းတွေကို ရှိသေ မြတ်နိုး၊ တန်ဖိုးထားကြသူများမို့ ရောင်းကြ၊ ဝယ်ကြတာမျိုးသိပ် မရှိပါဘူး။

တရုတ်လူမျိုးနှင့် ကုလားလူမျိုးတွေကတော့ မြန်မာမင်းအဆက်ဆက်ဖြစ်တဲ့ တကောင်း, ပျူ, ပုဂံ, ကုန်းဘောင်, အင်းဝ, ရတနာပုံခေတ်က ရှေးဟောင်း ပစ္စည်းတွေရယ်၊ နောက်ပြီး ရှမ်း, တရုတ်, အီဂျစ်, အိန္ဒိယ, အင်္ဂလိပ်တွေရဲ့ ရှေးဟောင်းပစ္စည်းတွေကို အမြတ်တနိုး တန်ဖိုးထား စုဆောင်းတတ်ကြတဲ့သူတွေပါ။ သူတို့ ရှေးဟောင်းပစ္စည်းကုန်သည်တွေဟာ ပစ္စည်းကိုကြည့်ပြီးမှ ဒါ



မောင်သင်းထုံ(ကျောက်မဲ)

အနီးဆုံးလားဟာ
အလွန်ပြဆုံးဖြစ်တယ်

www.burmeseclassic.com

မြင့် ပုဂံခေတ်ကပစ္စည်း၊ ဒါကဖြင့် အင်းဝခေတ်လောက်က ပစ္စည်း ဆိုပြီး တော့လည်း ခွဲခြားသိကြသူတွေပါ။

ကိုမြင့်ဝေတို့ မြန်မာလူမျိုးတွေထဲက ပြောရရင်တော့ ရှေးဟောင်းပစ္စည်းကို တန်ဖိုးထား မြတ်နိုးတတ်သူတွေက နည်းပါတယ်။ ကျန်တဲ့လူတွေဆိုတာကလည်း သူတို့လုပ်ငန်းနဲ့ဆက်စပ်နေတဲ့ သမိုင်းသုတေသီ၊ သမိုင်းပညာရှင်၊ သမိုင်းပါမောက္ခတွေလောက်ပဲ ရှိမှာပါ။ ကိုမြင့်ဝေရဲ့မိတ်ဆွေ ရှေးဟောင်းပစ္စည်းဆိုင်ပိုင်ရှင် ကုလားတစ်ယောက်ဆိုရင် (၁၀) တန်းတောင်မှအောင်သူမဟုတ်ပါဘူး။ ဒါပေမယ့် သူရောင်းဝယ်လုပ်ကိုင်နေတဲ့ ရှေးဟောင်းပစ္စည်းတွေနဲ့ ပတ်သက်လာရင်တော့ ဒီပစ္စည်းတွေရဲ့ ရှေးဟောင်းသမိုင်းကို ကျွမ်းကျွမ်းကျင်ကျင်သိပါတယ်။ ဖြစ်နိုင်ရင် ဒီအကြောင်းတွေကို ရှမ်းစကားနဲ့ ပြောရမလား၊





www.burmeseclassic.com

www.burmeseclassic.com

အင်္ဂလိပ်လိုပဲ ရှင်းပြရမလား၊ ပိုင်ပိုင်နိုင်နိုင်ပြောတတ်သူပါ။ ကိုမြင့်ဝေကိုယ်တိုင် အားကျပြီး လေ့လာခဲ့ပေမယ့် သူ့ရဲ့ခြေဖျားတောင် မမီနိုင်ခဲ့လို့ ကိုယ့်ကိုယ်ကိုယ် အားမလိုအားမရ ဖြစ်ရပါသေးတယ်။

၁၉၈၃ ခုနှစ်၊ နှစ်ဦးပိုင်းလောက်မှာ ပြင်ဦးလွင်မြို့ ဈေးကြီးအတွင်းမှာ ရှိတဲ့ ငွေပန်းထိမ်ဆိုင်တစ်ဆိုင်ကို လူတစ်ယောက်က မားမြောင်တစ်ချောင်း လာရောင်းသွားခဲ့ပါတယ်။ အဲဒီ မားမြောင်ရဲ့ မားသွားက တစ်ထွာရှိပြီး အရိုးကို ဆင်စွယ်ရိုးနဲ့လုပ်ထားတာပါ။ ဆင်စွယ်ရိုးကို ငွေကွပ်ထားတယ်။ ဆင်စွယ်မားရိုးရဲ့ လက်ကိုင်ပေါ်မှာ ဘီလူးရုပ်က သန်လျက်ကို ပခုံးထမ်းထားတဲ့ပုံ ထွင်းထုထားတာတွေ့ရပါတယ်။ သေချာအနီးကပ်ကြည့်ရင် ဘီလူးကိုယ်ပေါ်က ကျောနဲ့ရင်ဘတ်တွေပေါ်မှာ အင်းကွက်များပါတာကိုလည်း တွေ့နိုင်ပါတယ်။ ဆိုင်ပိုင်ရှင်က အဲဒီ မားမြောင်ကို (၇၅) ကျပ်နဲ့ ဈေးပေးဝယ်ယူလိုက်ပါတယ်။

အဲဒီ အချိန်တုန်းက အစိုးရဝန်ထမ်းတွေရဲ့ အခြေခံလစာကမှ အစမ်းခန့်ဆိုရင် (၇၅) ကျပ်ပဲ ရတဲ့အချိန်ပါ။ ပါမစ်နစ်ဝန်ထမ်းက (၁၀၀/-၂/-၁၁၀) ကျပ်၊ နှစ်တိုးက တစ်နှစ် (၂) ကျပ်တိုး၊ (၅) နှစ်ပြည့်မှ (၁၁၀)ကျပ်ရမှာပါ။ အဲဒီခေတ်က မားရဲ့တန်ဖိုး (၇၅) ကျပ်ကို လစာနဲ့နှိုင်းယှဉ်နိုင်အောင် ဖော်ပြရတာပါ။ ငွေပန်းထိမ်ပိုင်ရှင်ကတော့ အဲဒီ မားမြောင်ကို ဝယ်လိုက်ပြီးတာနဲ့ ငွေထည်ပစ္စည်းတွေရှိတဲ့ မှန်ကောင်တာထဲမှာပဲ သိမ်းထားလိုက်ပါတယ်။ ငွေပန်းထိမ်ဆိုင်ကို ဒီမားမြောင်ရောက်လာပြီးတဲ့ တစ်လခန့်မှာပဲ နဂိုက အရောင်းအဝယ်ကောင်းခဲ့တဲ့ဆိုင်ဟာ လာဘ်ပိတ်ပြီး အရောင်းအဝယ် လုံးဝ မဖြစ်ခဲ့တာပါ။ ဒါပေမယ့် ဆိုင်ရှင်ကတော့ သတိထားမိဟန်မတူပါဘူး။

တစ်ရက်မှာတော့ ကိုမြင့်ဝေဟာ ဈေးကြီးထဲလှည့်ပတ်ကြည့်ရှုရင်းက ငွေပန်းထိမ်ဆိုင်ရှေ့ ရောက်လာပါတယ်။ ဘာမှရည်ရွယ်ချက်မရှိဘဲ ဟိုကြည့် ဒီကြည့် လျှောက်ကြည့်ရင်းက ငွေထည်ပစ္စည်းလက်ဝတ်ရတနာတွေထည့်တဲ့ မှန်ကောင်တာထဲမှာ ဆင်စွယ်ရိုးတပ် မားမြောင်တစ်ချောင်းကိုမြင်တော့ သဘောကျသွားခဲ့ပါတယ်။ ဈေးမေးကြည့်တော့ ဆိုင်ရှင်က ဈေးမဆစ်နဲ့၊ အနည်းဆုံး၊ နောက်ဆုံးရောင်းနိုင်တဲ့ဈေး ပြောမယ်၊ (၃၅၀)ကျပ် လို့ ဆိုတာနဲ့ ကိုမြင့်ဝေဝယ်လိုက်ပါတယ်။

ကိုမြင့်ဝေကတော့ အဲဒီမားမြောင်ကို ဝယ်လာပြီး အိမ်ရောက်တော့ ဧည့်ခန်းမှာရှိတဲ့ ရှေးဟောင်းပစ္စည်းတွေထားတဲ့ မှန်ကောင်တာထဲထည့်ပြီး သိမ်းထားလိုက်ပါတယ်။ အဲဒီ မားမြောင်ရလာတဲ့နေ့ကစပြီး ကိုမြင့်ဝေ နောက်ပိုင်း သတိထားမိတာက တစ်အိမ်လုံးဆိုတာ ဝင်ငွေ လုံးဝကို မရှိတော့ဘဲ သိသိသာသာကြီးကို လာဘ်တိတ်သွားတော့တာပါပဲ။ ဝင်ငွေက မရှိရတဲ့အထဲ အရောင်းအဝယ်ကလည်း အဆင်မပြေ၊ ရစရာရှိတဲ့ ကြွေးတွေ သွားတောင်းတော့လည်း မရ။ ပိုဆိုးတာက အိမ်မှာရှိကြတဲ့ မိသားစုဝင် (၅) ယောက်ဟာ စကားတွေများ၊ စိတ်ဝမ်းတွေကွဲ၊ တစ်ယောက်နဲ့တစ်ယောက် ကတောက်ကဆတွေဖြစ်၊ လုံးဝကို နေလို့ထိုင်လို့မကောင်းတော့တာပါဘဲ။

ဒီလိုနဲ့ တစ်လလောက်ကြာတော့ ကိုမြင့်ဝေဟာ သူ့အိမ်မှာ ခိုက်တတ်ပြုတတ်တဲ့ပစ္စည်းအမှားတစ်ခုခုများ ရှိနေမလားဆိုပြီး ဝယ်ခဲ့တဲ့ပစ္စည်းတွေ ပြန်စဉ်းစားတော့ (၃၅၀) ကျပ်နဲ့ဝယ်လာတဲ့ မားမြောင်ကို ဒက်ခနဲ သတိရတယ်။ ဒီမားကြောင့် ဆိုတာ သိတော့ ပြန်ရောင်းရမယ်။ (၅)ကျပ်ရရ (၁၀) ရရ။ ဒီမားမြောင်ဆိုတာကိုလည်း မကြည့်ချင်မမြင်ချင်တော့ပါဘူး။ လိုလည်းမလိုချင်တော့ဘူး။ တော်သေးရဲ့။ ဒီမားမြောင်ကို ဝယ်မည့်လူ ဦးစံလင်း ဆိုတာ ပေါ်လာတယ်။ လောလောဆယ် ငွေမပါလာသေးလို့ နောက်မှ ပိုက်ဆံပေးပါရစေ ဆိုတာကိုပဲ ရပါတယ်ဗျာ၊ ခင်ဗျားဘာ့သာ ဘယ်အချိန်လာပေးပေးဆိုပြီး မားမြောင်ကို ထည့်ပေးလိုက်ပါတယ်။

ဒါပေမယ့် ဖြစ်ချင်တော့ အဲဒီမားမြောင်ဟာ ကိုမြင့်ဝေဆီ နောက်တစ်နေ့



မှာပဲ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ပြန်ရောက်လိုလာပြန်ပါတယ်။ ဖြစ်ပုံကဒီလိုတဲ့။ ဦးစံလင်းတို့ဆိုတာ နှစ်ပေါင်းများစွာ ပျော်ပျော်ရွှင်ရွှင်ကြီးနေလာခဲ့ကြတဲ့မိသားစုတဲ့။ တစ်ခါမှ စကားများတာ၊ ရန်ဖြစ်တာမျိုး လုံးဝကိုမရှိခဲ့တာပါ။ အဲဒီမားရောက်လာပြီးမှ ဖြစ်ချင်တော့ ဦးစံလင်းကိုယ်တိုင် သူ့အမေနဲ့ စကားများ သတ်ပုတ်ရတဲ့အထိ ကြုံလာတော့ ကြောက်တာနဲ့ မားကိုပြန်လာပေးရတာပါလို့ ကိုမြင့်ဝေကို ပြောပါတယ်။

ကိုမြင့်ဝေတို့ ရှေးဟောင်းပစ္စည်းလောကဆိုတာကလည်း ကျောက်မျက်လောကလိုပါပဲ။ ကိုယ်လိုချင်တဲ့ပစ္စည်းကောင်းကောင်းလေးရအောင် ကြားပွဲစားတွေထားရသလို ဒီလိုပဲ ကိုယ့်ဆီမှာ ထိုင်နေတဲ့ပစ္စည်း ပြန်ထွက်ရအောင်ကလည်း ဒီလို ကြားပွဲစားတွေကို အားကိုးရပြန်ပါရောလား။ ဒါပေ့၊ ဒီလိုအောင်မြင်ခဲ့ရင် ကြားက စေ့စပ်ပေးကြတဲ့ အဲဒီပွဲစားတွေကိုလည်း ကိုယ်အရောင်းအဝယ်လုပ်တဲ့ပစ္စည်းတန်ဖိုးရဲ့ ရာခိုင်နှုန်းဘယ်လောက်ဆိုပြီး ပေးကြရတာပေါ့။ ဒါကလည်း ဘယ်လောကမှာမဆို ထုံးစံလိုလိုတောင်မှ ဖြစ်နေကြပါပြီ။

ကိုမြင့်ဝေဆီက မားမြောင် ထွက်ချင်တော့ ပစ္စည်းကို ပွဲစား ကိုထွန်းမြတ်နဲ့ ကိုမောင်အေးတို့ဆီ အပ်ရတယ်။ ဝယ်တုန်းကတော့ (၃၅၀) ကျပ်ပါ။ အဝယ်များထားလို့ အခုတော့ ဈေးလျှော့ရောင်းမှာပါ။ ပစ္စည်းကို ဈေးတည့်အောင်သာ အမြန်ရောင်းပေးပါတော့လို့ ပြောပြီး အပ်လိုက်ပါတယ်။ ဖြစ်ချင်တော့ အဲဒီ ပွဲစားနှစ်ယောက်ပေါ့။ မားမြောင်ကိုင်ပြီး ဝယ်လက်ရှိရာပြဖို့အသွား ပြင်ဦးလွင်မြို့ နာရီစင်ကြီးနားရောက်တော့ အရှေ့ဘက်ဆီကနေ ဒုန်းစိုင်းဝင်လာတဲ့ ရထားလုံးတစ်စီးဟာ ရုတ်တရက် သူတို့နှစ်ယောက်ရဲ့ကြားကို ဝင်အောင်းတော့ အဲဒီ နှစ်ယောက်စလုံး လမ်းဘေး တစ်ဖက်တစ်ချက်စီ လွင့်စဉ်ကျကုန်ကြပါရောလား။

အဲဒီအချိန်က ဂျစ်ကားခေတ်ပါ။ အသုံးများတာက စက်ဘီးပဲ ရှိပါတယ်။ ဆိုင်ကယ်တောင် များများစားစား မပေါ်သေးပါဘူး။ ရထားလုံးမြင်းလှည်းတွေနဲ့ အေးအေးသက်သာ သွားနေကြချိန်၊ လမ်းရှင်း၊ လူရှင်းနေပါလျက်နဲ့ လူနှစ်ယောက်ကြားတည့်တည့်ကိုမှ မြင်းရထားဝင်အောင်းတဲ့ အဖြစ်ကတော့ တွေးကြည့်ရင် သာမန် ဖြစ်ရိုးဖြစ်စဉ်



www.burmeseclassic.com

www.burmeseclassic.com

တော့ မဖြစ်နိုင်ပါဘူး။ ဒါ ပယောဂပဲလို့ တထစ်ချ ယုံကြည်လို့ရပါတယ်။ အကြောင်းတစ်ခုခုကြောင့်ရယ်ပါ။

ဒီလိုနဲ့ အဲဒီ မားမြှောင်ကို ရှေးဟောင်းပစ္စည်းတွေဝယ်တဲ့ ဆိုင်တစ်ဆိုင်မှာ (၂၅၀) ကျပ်နဲ့ ပြန်ရောင်းတော့ ကိုမြင့်ဝေ ငွေ (၁၀၀) တောင်မှ ရှုံးပါတယ်။ ဒါပေမယ့် ဗြိုဟ်မွေတဲ့မား သူ့ဆီက လွတ်သွားတာကိုပဲ တွေးပြီး ကိုမြင့်ဝေကတော့ ပျော်နေတာပေ့ါ။ မားဝယ်တဲ့လူရဲ့ရှေ့မှာပဲ ကိုမြင့်ဝေက မားမြှောင်ကို လူတစ်ယောက် အဖွဲ့အစည်းအနေ သေတော့ အမိန့်ပြန်ရသလိုပါပဲ။

'ကဲ - ဒီနေ့ ဒီအချိန်ကစလို့ ငါသည် သင့်သခင်မဟုတ်တော့ပါ။ သင့်မှာ သခင်အသစ် ပြောင်းလဲပိုင်ဆိုင်သွားပြီ။ အခု လက်ရှိပိုင်ရှင်သာ သင့်ရဲ့သခင် အစစ်အမှန် ဖြစ်တော့သည်။ နောက်နောင်ကိစ္စ သင်နဲ့ငါ လုံးဝမသက်ဆိုင်တော့ပါ။ သင်သွားလိုရာ သွားနိုင်ပြီ'

ဆိုပြီး နှုတ်က အသံထွက် ရွတ်ပြီး ဝယ်သူလက်ပေးလိုက်ပါတယ်။ မားမြှောင်ဝယ်တဲ့လူက ဘာသာခြားများမို့ သူတို့က အယုံအကြည်မရှိကြပါ။ သူတို့က ဒီမားမြှောင်ကိုကြိုက်လို့ဝယ်တာပါ။ ဒီမျိုးဆိုတာက ယုံကြည်စွဲလမ်းလွန်းသူတွေမှသာ ဖြစ်တတ်၊ ကြုံတတ်တဲ့သဘောပါ။ သူတို့တွေကတော့ အယုံအကြည်လည်း မရှိပါ။ ဘာဖြစ်ဖြစ် ဒီကိစ္စချောင်းတဲ့သူနဲ့ဆိုင်စရာအကြောင်း မရှိပါဘူးလို့ ပြောသံကြားရတော့ ကိုမြင့်ဝေ စိတ်ချမ်းသာတာပေ့ါ။

ဆင်စွယ်တပ်မားမြှောင်က ကိုမြင့်ဝေရဲ့ လက်ထဲက လွတ်သွားခဲ့ပေမယ့် ဒီမားမြှောင်နဲ့ပတ်သက်ပြီး နောက်ထပ်သတင်းများ ကြားရလေဦးမလဲလို့ ကိုမြင့်ဝေ မားဆိုးတစ်လက်ရဲ့ဖြစ်ပျက်ပုံတွေကို နားစွင့်နေမိပြန်ပါတယ်။ မကြာပါဘူး၊ အဲဒီ ရှေးဟောင်းပစ္စည်းဝယ်တဲ့ဆိုင်က လူသုံးယောက် စကားများကြတယ်လို့ ကြားရတာပါပဲ။ ဖြစ်ချင်တော့ သူတို့ထဲကတစ်ယောက်က အဲဒီဆင်စွယ်တပ်မားမြှောင်ကိုယူ၊ ဆိုင်ရှေ့ထွက်၊ သူတို့ကို မားအိမ်ကနေ ချွတ်လိုက်, ပြန်တပ်လိုက်၊ ချွတ်လိုက်, ပြန်တပ်လိုက် လုပ်နေတယ်ဆိုပဲ။

အဲဒီလို လုပ်နေတာကို ဈေးထဲဈေးဝယ်လာတဲ့ မိန်းမတစ်ယောက်က ဘာကို ဒီလူက ဒါ လိင်ကိစ္စ မဖွယ်မရာလုပ်ပြနေပါတယ်လို့စွပ်စွဲသတဲ့။ နောက်ကပါလာတဲ့ အဲဒီအမျိုးသမီးရဲ့ ယောကျ်ားကလည်း နေ့ခင်းကြောင်တောင် သူ့ယောကျ်ားရှေ့၊ လူအများရှေ့တောင်မှ ကြာကူလီရိုက်ရသလား ဘာညာ စွပ်စွဲတော့ ရှုပ်ကုန်တော့တာပါပဲ။

ဈေးထဲမှာဖြစ်တဲ့ အဲဒီကိစ္စက နောက်ဆက်တွဲ တော်တော်နဲ့ဖြေရှင်းလို့ မရပါဘူး။ နောက်ဆုံးတော့ ဈေးဝယ်လာတဲ့ အမျိုးသမီးရဲ့ယောကျ်ားက မားရှည်ဆွဲလိုက်လို့ ခွေးပြေးဝက်ပြေး ပြေးရပါရောလား။ ၁၉၈၃ ခုနှစ်လောက်က စုံစမ်းသိရသလောက်ကတော့ အဲဒီရန်ကြောင့် ပြင်ဦးလွင်မှာမနေရဲဘဲ ထိုင်းဘက်ပြေးသွားပြီးမှ နောက်ဆုံး ဂျာမနီမှာ အလုပ်လုပ်နေတဲ့အကြောင်း ကိုမြင့်ဝေ ကြားရပါတယ်။

ဆင်စွယ်ရိုးတပ် မားမြှောင်ဝယ်လိုက်တဲ့ သုံးယောက်ထဲကတစ်ယောက်ကတော့ အရက်သမားလုံးလုံးကြီးဖြစ်သွားပြီးမှ နေ့နေ့၊ ညည အရက်တွေသောက်လိုက်တာ နောက်ဆုံး ယစ်ထုပ်ကြီးဘဝရောက်တော့တာပါပဲ။ ကိုယ့်မျက်စိအောက်တင် အဲဒီအဖြစ်ဆိုးတွေကြုံတာမြင်ရတော့ ဆိုင်ရှင်ဆိုတာ ဒီမားမြှောင်ကို ဆိုင်မှာမထားရဲတော့ဘဲ ရန်ကုန်က ရှေးဟောင်းပစ္စည်း ကုန်သည်တစ်ယောက်ဆီ လက်လွှဲရောင်းချလိုက်ရပါတယ်။ နောက်တော့ အဲဒီရန်ကုန်က ကုန်သည်လည်း ပဲခူးမှာ ကားမှောက်တယ်လို့ ကြားရပြန်တယ်။


နောက်တော့ ဆင်စွယ်ရိုးတပ်၊ အာဋ္ဌာဝက သန်လျက်ထမ်းနေတဲ့ လက်ကိုင်ပုံပါတဲ့ မားမြှောင်နဲ့ ပတ်သက်ပြီး ကိုမြင့်ဝေ ဘာမှစုံစမ်းလို့ မရတော့ပါဘူး။ ဒီမားမြှောင်နဲ့ပတ်သက်တဲ့ ဇာတ်လမ်းက ဒီမှာပဲ နိဂုံးကမ္ပတ် အဆုံးသတ်ခဲ့ရပေမယ့် ဒီမားမြှောင်နဲ့ပတ်သက်တဲ့ အကြောင်းအရာ အဖြစ်အပျက်တွေကဖြင့် ကိုမြင့်ဝေရဲ့ဘဝမှာ အတော်နဲ့ကို မေ့လို့ရတော့မှာ မဟုတ်တော့ပါဘူး။

မားတစ်ချောင်းကို ဝယ်လိုက်ပြီဆိုတာနဲ့ မိမိနဲ့ မိမိရဲ့မိသားစု လုံခြုံရေးအတွက် အကာအကွယ်ဖြစ်စေပါတယ်။ နောက်တစ်နည်း၊ အလှအပအနေနဲ့လည်း ဆောင်ထားနိုင်ပါတယ်။ မားတစ်ချောင်းကို မဝယ်ယူခင် ဒီမားဟာ အကောင်း,အဆိုး ဖြစ်မဖြစ်၊ ရှေးတံဘောင်နည်းအရကတော့ မားကို လာဘ်, သုခ, မရဏ ဆိုပြီးမှ တိုင်းထွာကြည့်နိုင်ပါတယ်။

မားအသွားရဲ့အဆုံးကို အရင်းကနေ ဘယ်လက်မ၊ ညာလက်မနဲ့ တစ်ပြန်စီ၊ တစ်လှည့်စီ လာဘ်, သုခ, မရဏရယ်လို့ ရေတွက်ရမှာပါ။ လက်မတိုင်းတာလို့အဆုံးဟာ 'လာဘ်' ကျရင် မားပိုင်ရှင်ဟာ လာဘ်လာဘနဲ့ ပြည့်စုံလိမ့်မယ်။ 'သုခ' ဆိုတာနဲ့ဆုံးရင် ဒီမားပိုင်ရှင်ဟာ သုခချမ်းသာနဲ့ ပြည့်စုံလိမ့်မယ်။ ဒါပေမယ့် နောက်ဆုံးလက်မဟာ 'မရဏ' ဆိုတာနဲ့ဆုံးရင်တော့ ဒုက္ခဆိုးကျိုးနဲ့ကြုံရမှာဖြစ်ကြောင်း ဆရာကြီး ဦးကိတ်က ကိုမြင့်ဝေတို့ကို ရှင်းပြဖူးပါတယ်။

ဒါကြောင့်မို့ အထက်မှာတုန်းက ပြောခဲ့တဲ့အတိုင်း ကိုမြင့်ဝေဆီ ရောက်လာခဲ့တဲ့မားမြှောင်ဟာ မရဏအမျိုးအစားမှာပါဝင်တဲ့ မားဆိုးတစ်လက် ဖြစ်တာကိုတော့ သတိပြုရမှာပါ။ နောက်ဆက်တွဲထူးခြားတဲ့ဖြစ်ရပ်ကတော့ ဒီမားမြှောင်အကြောင်း စာရေးဆရာက ရေးမလို့ စာကြမ်းရေးပေးရတုန်းက ရေးပေးနေတဲ့အချိန်မှာကို ကိုမြင့်ဝေရဲ့အိမ်မှာ လင်မယား၊ သားအမိတစ်တွေ ရန်ဖြစ်၊ စကားများကြရသေးတာကတော့ တိုက်ဆိုင်မှုပေလား ကိုမြင့်ဝေ မစဉ်းစားတတ်တော့ပါဘူး ခင်ဗျား။

**မားကောင်းတစ်လက် ဟုတ်, မဟုတ် မားအသွားတိုင်းတာပုံ**




ကိုမြင့်ဝေအိမ်ကိုရောက်ရှိလာသော ဆင်စွယ်ရိုးတပ် မားရိုးပေါ်တွင် သန်လျက်ထမ်းနေသည့် အာဋ္ဌာဝက ဘီလူးရုပ်ပေါ်မှ အင်းကွက်များပါသောမားကို တိုင်းတာစစ်ဆေး၍ တွေ့ရပုံ

ဓောင်သင်းထုံ(ကျောက်မဲ)



www.burmeseclassic.com

www.burmeseclassic.com

# နွယ်မြက်သစ်ပင် ဆေးဖက်ဝင်

'ကတိသစ္စာတည်သောခါ၊
ဩဇာလေးနက် ပေါ်ဆီတက်၍၊
နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏'

မှန်ကန်သော သစ္စာစကား ဖြစ်ပါ၏။ မြင်မြင်သမျှသော နွယ်မြက်သစ်ပင်တို့သည်ကား ဆေးပင်များသာ ဖြစ်ကြပါ၏။

'ဆေးကောင်းလျှင်တစ်စက်၊ အင်းကောင်းလျှင် တစ်ကွက်' ဟူ၍ ဆိုစမှတ်ပြုကြ၏။ မှန်ပါ၏။ ဤနေရာတွင် ရှေးရခိုင် နန်းတွင်းသုံး သမားတော်ကြီးများ အသုံးပြုခဲ့ကြသော ကုဋ္ဌနူနာဆေးတို့ကို တင်ပြသွားပါမည်။

ဆေးတို့သည် တိမ်မယောင်နှင့်လည်း နက်ပါ၏။ လွယ်မယောင်နှင့်လည်း ခက်ပါ၏။ လူတို့သည် မိမိတို့၏ လက်လှမ်းမီသောနေရာတို့တွင် ဆေးပင်တို့ ထင်ရှားစွာ ရှိကြပါ၏။ ထိုဆေးပင်တို့ကိုကား မသိကြပါ။ ယင်းဆေးပင်တို့ကို မသိမှုအတွက်ကြောင့် ရောဂါတို့ကို ခံစားကာ ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားကြရလေ၏။

ဆေးပညာသည် လူတိုင်းတတ်ထားသင့်သော ပညာရပ်တစ်ခု။ ဆေးပညာကိုတတ်ထားသောအားဖြင့် ပထမ ရှေးဦးစွာ မိမိကိုယ်ကို အကာအကွယ်ပေးနိုင်၏။ အလားတူ သားသမီး မြေးမြစ်နှင့် ဆွေမျိုးသားချင်းတို့အား ကျရောက်လတ္တံ့သော ရောဂါတို့မှ ကာကွယ်စောင့်ရှောက်နိုင်ပါ၏။ ထို့အတူ မိမိနေထိုင်သော ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်၊ မြို့နှင့် ပြည်နယ်တို့ကိုပါ ကာကွယ်စောင့်ရှောက်မှုတို့ကို ပြုလုပ်နိုင်ပါ၏။

ကုဋ္ဌနူနာရောဂါသည် အခြားသောရောဂါတို့နှင့်မတူပါ။ လူအများတကြောက်ရွံ့ကြ၏။ ရွံ့ရှာကြ၏။ နူနာရောဂါသည်တို့နှင့် အတူတကွ မနေထိုင်လိုကြ၊ မစားသောက်လိုကြ။ ရှောင်ဖယ်ကြ၏။ ရွံ့တီးရွံ့တွန့်နေကြ၏။ လူထုနှင့် ဆက်စပ်၍မရသော ရောဂါဆိုးလည်း ဖြစ်ပါ၏။

ကုဋ္ဌနူနာမှာ သမင်ယက်၊ သမင်နီ၊ သမင်ဖြူ၊ သမင်နက် စသည်တို့ ဖြစ်ကြ၏။ အလားတူပင် ခရုသင်းကုဋ္ဌအနူရောဂါမှာလည်း လက်မှစတင်ဖြစ်လာသော် ခရုသင်းသရဖူဟု ခေါ်၏။ ခြေထောက်မှစတင်ဖြစ်လာသော် ခရုသင်းဆပ်သွားဟုခေါ်၏။ ရင်ဘတ်မှစ၍ဖြစ်လာသော် ခရုသင်းပြာသာဒ်ဟု ခေါ်ပါ၏။ ကျောမှစတင်ဖြစ်လာသော် ခရုသင်းကြာဖက်ဟုခေါ်၏။ မျက်နှာမှစ၍ ဖြစ်လာသော် ခရုသင်းကြောင်ပန်းဟု ခေါ်၏။ လည်ပင်းမှစတင်ဖြစ်လာသော် ခရုသင်းမိုးညွှန်း စသည်ဖြင့် ခရုသင်းအမျိုးအစားတို့ကိုလည်း သတ်မှတ်ထားကြပါ၏။

ကုဋ္ဌနူနာရောဂါမှာ သမင်ဖြူပဲဖြစ်စေ၊ ခရုသင်းပဲဖြစ်စေ ထိုရောဂါရှင်တို့ကို လူတို့က ရှောင်ရှားကြ၏။ မတွေ့လို မမြင်လိုကြပါချေ။ အဆိုပါ ရောဂါနှစ်မျိုးစလုံး ပျောက်ကင်းစေတတ်သော ဆေးတို့ကို ဖော်ပြပါမည်။

ဟိုရှေးယခင် ရခိုင်ဘုရင်မင်းများ အုပ်စိုးစဉ်က နန်းတွင်းသုံး မင်းဆရာ ဆေးသမားတော်ကြီးများသည် နန်းအစဉ်အဆက် သုံးစွဲခဲ့ကြသော လက်စွဲဆေးဖော်မှာ အောက်ပါအတိုင်း ဖြစ်ပါ၏။ လက်တွေ့အသုံးပြုကြည့်ကြပါ၊ ဆေးက သက်သေခံပါလိမ့်မည်။

**၁။ ဆေးတော်ကား**

ဆေးပင်ကို အထပ်ကိုးကာ ဟူ၍လည်းကောင်း၊ ကိုးထပ်ရှင် ဟူ၍ လည်းကောင်း၊ ဇမ္ဗူမှာတစ်လူ ဟူ၍ လည်းကောင်း စသည်ဖြင့် အမျိုးမျိုး ခေါ်ဆိုကြ၏။

BURMESE CLASSIC .com

**ဆေးပင်၏ပုံသဏ္ဌာန်**

ဆေးပင်သည် နွယ်ယောင်ပင်ယောင် ဖြစ်၏။ အရွက်မှာ ဝိုင်းဝိုင်းရှိပြီး အစိမ်းရောင်သန်းနေ၏။ ရွက်နုချိန်အခါမှာ ပန်းရောင်သန်းနေ၏။ အပင်၏ အနေအထားမှာ ရွက်ပေါင်းခြံရံလျက် ပြာသာဒ်ကဲ့သို့ ပုံဆောင်နေ၏။ နိမ့်ကပ်သောသစ်ပင်တို့ကို တက်ရောက်ပြီးနေရာယူတတ်ကြ၏။ အပင်ကြီးများမရှိလျှင် မိမိတို့ဘာသာ ချုံအုပ်ကြီးအဖြစ် ပြုလုပ်နေထိုင်တတ်ကြ၏။ ဆေးမြစ်၌ 'ကိုးထပ်ရှင်' အမည်နှင့် လိုက်ဖက်ညီစွာ အရစ်ရစ်၊ အထပ်ထပ် ပါရှိ၏။

**ပြုလုပ်နည်း**

ဆေးပင်၏အမြစ်ကိုတူးယူပါ။ ရေစင်အောင်ဆေးပါ။ ဆေးမြစ်ကိုရ၏။

**ဆေးအသုံးပြုရန်**

သမင်ဖြူ၊ ခရုသင်း စသော ကုဋ္ဌနူနာအမျိုးမျိုးအတွက် ဆေးတော်ကိုရေနှင့်သွေး၍လိမ်းပေးပါ။ ဆေးလိမ်းသောအခါ အိမ်သုံးဆားအနည်းငယ်ထည့်ပြီး လိမ်းပါ။ တစ်နေ့ ဆေး (၃) ကြိမ် လိမ်းရပါမည်။

**ဆေးအကျိုးသွား**

နူနာရောဂါမှန်သမျှ သက်သာပျောက်ကင်းပါလိမ့်မည်။

ကုဋ္ဌနူနာအမျိုးအနွယ်တွင် ပါဝင်ကြသော ပွေး၊ ဝဲနှင်းခူစို၊ နှင်းခူခြောက်၊ ယားနာအမျိုးမျိုး၊ ဒက်၊ ဂျုတ်၊ ညှင်း၊ တင်းတိပ် စသည်တို့ကိုလည်း ဆေးကိုရေနှင့်သွေး၍ ဆားအနည်းငယ်ထည့်ကာ လိမ်းပေးရပါမည်။ ရောဂါများသက်သာပျောက်ကင်းပါလိမ့်မည်။

ထို့ပြင် ဝမ်းထဲ၌ သွေးလုံး၊ လေလုံး၊ သွေးတကူ၊ လေတကူ၊ ရေတကူ၊ ကူနာအမျိုးမျိုးနှင့် သွေးလိပ်၊ လေလိပ် စသော ရောဂါအမျိုးမျိုးတို့ကိုလည်း ဆေးမြစ်ကိုရေနှင့်သွေးပါ။ ဆားအနည်းငယ်ထည့်၍ သောက်ပေးပါ။ အပြင်ကလည်း ဆေးကိုခပ်ပျစ်ပျစ်သွေး၍ ဆားအနည်းငယ်ထည့်လိမ်းပေးပါ။

တစ်ဖန် ကုဋ္ဌနူနာရောဂါမှာလည်း အစို၊ အခြောက်ဟု နှစ်မျိုးရှိ၏။ ကုဋ္ဌနူနာအစိုကို လူမြင်တိုင်း ကြောက်ရွံ့ကြ၏။ ကူးစက်ရန် လွယ်ပါ၏။

ရှေးယခင်ကဆိုလျှင် သားသမီးတို့ကိုအိမ်ထောင်ပြု (ထိမ်းမြားမင်္ဂလာ) ဆောင်နှင်းလိုသောအခါ သတို့သားသတို့သမီးတို့ကို နှစ်ဖက်သောမိဘလူကြီးများက ကုဋ္ဌနူနာအကြောင်းအရာတို့ကို စုံစမ်းစစ်ဆေးမေးမြန်းလေ့ ရှိကြ၏။ ကုဋ္ဌနူနာကင်းပါရဲ့လား၊ ရူးသွပ်သောရောဂါကင်းပါရဲ့လား၊ ကြက်ရူး‌ဝက်ရူးတက်နာ ကင်းပါရဲ့လား၊ အကျင့်စာရိတ္တကောင်းပါရဲ့လား စသည်ဖြင့် စုံစမ်းမေးမြန်းကြလေ၏။ အထက်ဖော်ပြပါ ရောဂါဝေဒနာများ ကင်းရှင်းပါမှသာ ထိမ်းမြားမင်္ဂလာဆောင်နှင်းခြင်း ပွဲတော်တို့ ပြုလုပ်ပေးကြလေ၏။ အထက်ဖော်ပြပါ ရောဂါရှိနေသူ အမျိုးသား၊ အမျိုးသမီးများအား ထိမ်းမြားမင်္ဂလာပွဲကို မပြုလုပ်ပေးကြပါ။

ကုဋ္ဌနူနာအကြောင်းနှင့်ပတ်သက်၍ ဆွေခုနစ်ဆက်၊ မျိုးခုနစ်ဆက်တိုင်တိုင် စုံစမ်း စစ်ဆေး မေးမြန်းကြ၏။ ယင်းကြောင့်လည်း 'လူအနီးဖြစ်ပါက အကြည့်စုံပါစေ၊ လူက ခရီးဝေးကွာပါက အမေးစုံပါစေ' ဟု ဆိုစမှတ်ပြုကြပါ၏။

'အိမ်ထောင်မှု ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး၊ ဤသုံးမျိုး ချက်မငြိလျှင် နောင်အစဉ်ခက်တဲ့အမျိုး' ဟူ၍

www.burmeseclassic.com

www.burmeseclassic.com

...ည်း ရှေးလူကြီးများက ဆိုစမှတ်ပြု ...ကြသည် မဟုတ်ပါလား။

ယခုခေတ်မှာကား ရှေးကခေတ် ...ကဲ့သို့ပါ။ 'အခုမြင်က အခုကြိုက်၊ အခု ... အခုကွာ' သူ့ခေတ်နှင့်သူ့အခါ ဆို ...မရှိပါ။ ရှေးခေတ်ကလူကြီးတို့သည် ...သောင်ပြုရေးကို အထူးတလည် အ ...ဘာစိုက် အလေးအနက်ထားတတ် ကြ၏။

ကုဋ္ဌနူနာရောဂါသည် ဆွေခုနစ် ...ဆက် မျိုးခုနစ်ဆက်တိုင်အောင် လိုက် ...တတ်ကြ၏။ တချို့မှာ ဘိုးဘွားများ ...ဆက်ထက်၌ နူနာရောဂါ ဖြစ်လာတတ် ...၏ သားသမီးတို့လက်ထက်တွင်ကား ထို ...ရောဂါမပေါ်ပေါက်ဘဲ ငုပ်လျှိုးပျောက် ...ကွယ်နေတတ်၏။ မြေး၊ မြစ်တို့ လက် ...ဆက်သို့ရောက်သောအခါ ထိုရောဂါမှာ ...ပေါ် ထွက်လာတတ်ကြ၏။ ယင်းကြောင့် ...သည်း လူကြီးသူမများက အထူးဂရုစိုက် ...ကာ မေးမြန်းကြ၏။ စုံစမ်းစစ်ဆေးကြ ...၏။ ထို့ကြောင့် အမျိုးသား၊ အမျိုးသမီး ...များမှာ သန့်ရှင်းစင်ကြယ်ကြ၏။

ဤနေရာတွင် ကုဋ္ဌနူနာရောဂါ ...မ်းသမျှကို သက်သာ ပျောက်ကင်းစေ သော ရခိုင်နန်းတွင်းသုံးဆေးတစ်လက် ကို ထပ်မံတင်ပြပေးပါမည်။

**...န်းတွင်းသုံးကုဋ္ဌနူနာဆေးကျော်**

၂။ ငချိပ်ကောက်ညှင်းဆန် (၄) ပဲသား၊ ပြဒါး (၄) ပဲသား၊ ကွမ်းရွက် (၄) ပဲသား၊ ချေးသီး (၂) ပဲသား၊ က သောသီး (၂) ပဲသား၊ ကြွေပုပ် (၄)ပဲ သား၊ လိပ်ကျောက်ဆူး (၄) ပဲသား။

**ပြုလုပ်နည်း**

ဆေးအားလုံးကို အမှုန့်ပြုပါ။

ရေနှင့် ထိုဆေးကို (၁၀) လုံးလုံး ...၍ထားပါ။

**ဆေးကုသရန်**

ဤဆေးဖြင့် ဆေးမကုခင် လူနာ အား စစ်ဆေးမေးမြန်း၍ လူနာက လိုက် နာနိုင်မှသာ ဆေးကုသကြပါ။

ဆေးကုသတော့မည်ဆိုလျှင် ည နေပိုင်းက အိပ်ရာဝင်ချိန် ဆေးတစ်လုံး ကို အစမ်းကျွေးပေးရသည်။ နံနက်မိုး လင်းသော် (၈) နာရီအချိန် ဆေးတစ်လုံး ထပ်မံကျွေးပြီး ချေးထုတ် မှိုင်းခံ၍နေရ မည်။ နောက်တစ်ချိန်ကို နေ့လယ်(၁၁) နာရီအချိန်မှာ ဆေးတစ်လုံးထပ်ကျွေး၍ ချေးထုတ်မှိုင်းခံရမည် ဖြစ်ပါ၏။ ညနေ (၂) နာရီအချိန်မှာ ဆေးတစ်လုံးကျွေး

**သတိပြုပါရန်**

ဆေးကုသသောအချိန်မှာ ငါးပိ နှင့်တကွ အသား၊ ငါး၊ ညှီဟောက်၊ လိပ် ကျောက်၊ ငါးမန်း၊ ငါးသလောက်၊ ရွှေ ဖရုံသီး စသည့် ရောဂါကို တိုးပွားစေ တတ်သော အစားအစာတို့ကို ရှောင် ကြဉ်ရမည် ဖြစ်ပါ၏။ အရေးကြီးပါ၏။

**၃။ မှိုင်းခံဆေးကျော်**

ပြဒါး (၄) ပဲသား၊ ဟင်းရိုင်း (၄) ပဲသား၊ ကွမ်းရွက် (၄) ပဲသား၊ ငှက်သိုက် (၁) ကျပ်သား၊ ငချိပ်ကောက်ညှင်းဖွဲနု (၁) ကျပ်သား။

**ပြုလုပ်နည်း**

ဆေးကိုရောစပ်ကာ အမှုန့်ပြုပါ။ မှိုင်းကိုင်စက္ကူနှင့် ကိုးတောင့်လုပ်ပါ။ အ ပြင်က ပိတ်ပါးနှင့်ကော်ကပ်၍ ကောင်း မွန်စွာပြုလုပ်ရမည်။ မှိုင်းခံတောင့်၏အ ရှည်မှာ သုံးလက်မခန့် ရှည်ရမည်။

**ဆေးကုသနည်း**

ရှေးဦးစွာ စားဆေးကိုကျွေးပါ။ မှိုင်းခံဆေးနှင့်မှိုင်းခံပါ။ တစ်နေ့ကို ဆေး (၃) ကြိမ်ကျွေး၍ ချေး (၃) ကြိမ် မှိုင်း ဆေးတောင့်နှင့်ချေးအောင်းရမည်။ ချေး ထုတ်သောအခါ စောင်အုပ်၍ စောင်အ တွင်းက မီးခဲများထည့်ထားသော ခွက် တစ်ခုထားရှိမည်။ မှိုင်းဆေးတောင့်ကို မီးမသေအောင် (မီးငြိမ်းမသွားအောင်) အမြဲတမ်း မီးညှိထားရမည်။ မှိုင်းတောင့် ကုန်လျှင် ချေးထုတ်ခြင်းကို ရပ်ထားပါ။

ထွက်လာသောချေးများကို သုတ် ပစ်ရမည်။ အချို့နေရာများချေးမထွက် ဘဲ ကျန်နေသည်မျိုး ရှိကောင်းရှိမည်။ အကယ်၍ ရှိခဲ့လျှင် ချေးကို ချေးမထွက် သောနေရာ၌ သုတ်လိမ်းပေးရမည်။

ထွက်လာသောချေးနှင့် အနာများ ကိုလည်း လိမ်းပေးရမည်။ မှိုင်းခံမည့်အ ချိန်မှာ နံနက် (၈) နာရီမှ မှိုင်းတောင့်ကုန် သည်အထိ မှိုင်းခံပေးရမည် ဖြစ်ပါ၏။

ထိုနည်းအတူ ပထမ၊ ဒုတိယ၊ တတိယ စသည်ဖြင့် တစ်နေ့ (၃) ကြိမ် တိုင်တိုင် မှိုင်းခံ၍ ချေးထုတ်ပေးရမည်။

**အထူးမှတ်ချက်**

မှိုင်းမခံမီ ဆေးကို ကျွေးရမည်။ တစ်နေ့ကို မှိုင်း (၃) ကြိမ်ဖြစ်သော ကြောင့် ဆေးကိုလည်း တစ်နေ့ (၃) ကြိမ်ကျွေးရပါမည်။ တစ်ခါကျွေးပါက ဆေးတစ်လုံးသာ ကျွေးရပါမည်။ (၃) ရက်စေ့၍ (၄) ရက်မြောက်သောနေ့ တွင် ဝမ်းနုတ်ပေးရမည်။

**၄။ ဝမ်းနုတ်ဆေး**

ကနခိုစေ့ကို ဖင်နှင့်ခေါင်းဖြတ်ပါ။ အမှုန့်ထောင်းပါ။ ထန်းလျက်နှင့်နယ်ပါ။ စားသောအခါ ငှက်ပျောသီးထဲမှာ ထည့် ပြီး ကျွေးပေးပါ။

**မှတ်ချက်တစ်နည်း**

ထမင်းနှင့် အစားအစာများကို ဝမ်းမသွားဘဲနှင့် မကျွေးရပါ။ ဝမ်းကုန် စင်အောင်သွားပြီးမှ အစာကိုကျွေးရပါ မည်။ ရေဝအောင်ချိုးပေးရပါမည်။ ရေ ရိုးရိုးကို မချိုးရ၊ ရေချိုးသောအခါ ပွေး သတ်မဲဇလီရွက်ကို သုံးခွက်တစ်ခွက်တင် အောင်ကျို၍ ရေချိုးပေးရပါမည်။

**အထူးမှာထားချက်**

အလွန် ပင်ပန်းသော ဆေးကုသ နည်း ဖြစ်ပါ၏။ ဆေးမကုသမီ လူနာ အား မေးပါ။ ဤသို့ ဒုက္ခခံရမည်ဖြစ် ကြောင်း ပြောပြပါ။ ဒုက္ခကိုခံနိုင်မှသာ ဆေးကုသကြပါလေ။

လူနာမှာ ဆေးကုသသောအခါ သွားအနည်းငယ် ချည့်နဲ့သွားပါမည်။ မကြောက်ပါနှင့်၊ ကြောက်စရာမလိုပါ။ နောက်ပိုင်းမှာ မူလပကတိအတိုင်း ပြန် လည်ဖြစ်လာပါလိမ့်မည်။ ရဲရဲကြီးအာမ ခံ၍သာ ဆေးကုသကြပါလေ။ ကုဋ္ဌနူနာ မျိုးစုံကို ဤဆေးတစ်လက်တည်းဖြင့် သက်သာပျောက်ကင်းစေပါ၏။

ဆေးကုသချိန်ကို အထူးသတိပြု ရန်လိုပါ၏။ ဆေးကုသသောအချိန်မှာ တပေါင်းလ၊ တန်ခူးလ၊ ကဆုန်လတို့ ဖြစ်ကြ၏။ ဤသုံးလမှာသာ ဆေးကို ကုသကြပါလေ။ ဤလတို့ကား ခါတ် ထွက်သောရာသီ ဖြစ်ပါ၏။ နောက်ကျန် နေသောလများမှာ ဆေးမကုကြရပါ။ အထူးသတိပြုကြပါလေ။

အထက်ဖော်ပြပါ ကုဋ္ဌနူနာရော ဂါများကို ကုသသော ဆေးနည်းများ သည် ရှေးရခိုင်နန်းတွင်းသုံး သမားတော် ကြီးများ လက်တွေ့ကုသခဲ့သော ဆေး နည်းများသာ ဖြစ်ပါ၏။

ထိုရောဂါကို ခံစားနေကြရသော ပုဂ္ဂိုလ်တို့သည် ဆေးကိုယုံယုံကြည်ကြည် ဖြင့် ကုသကြပါ။ အကျိုးရှိနိုင်ပါကြောင်း ထပ်လောင်းတိုက်တွန်းလိုပါ၏။

တိုင်းရင်းဆေး ဗဟုသုတ ပြည့်ဝ ကုံလုံ ပြည့်စုံနိုင်ကြပါစေ။

*ကျန်းမာချမ်းသာကြပါစေ*

မဟာနွယ်(မန်းတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com



(မိတ္ထီလာ)

# ကိုတင်လှိုင်

## ဝက်ကျောက်ရွာက ဘုရားသိုက်စောင့် ခွေးနက်ကြီး

BURMESE CLASSIC .com

မိတ္ထီလာမြို့နယ်သည် ဂမ္ဘီရနယ်မြေဖြစ်သည်။ မိတ္ထီလာမြို့နယ်အတွင်းတွင် တန်ခိုးကြီး သမိုင်းဝင် ဘုရားစေတီများရှိသည်။ ပုဂံခေတ်က ရှင်အရဟံ သမုတ်ခဲ့သော သမိုင်းဝင် သိမ်ကိုးသိမ်၊ အင်းကိုးအင်း၊ ဂူကိုးဂူ၊ အိုင်ကိုးအိုင်၊ ကုန်းကိုးကုန်းရှိသည်။ ထို့ပြင် သမိုင်းဝင် ဘုရားစေတီများနှင့်သိုက်များ၊ ဂမ္ဘီရဖြစ်ရပ်ဆန်းများရှိခဲ့သည်။ ထို့ကြောင့် မိတ္ထီလာမြို့နယ်သည် ဂမ္ဘီရနယ်မြေ ဖြစ်သည်။


မိတ္ထီလာမြို့အနောက်ဘက် (၆) မိုင်အကွာတွင် ဝက်ကျောက်ရွာရှိသည်။ ဝက်ကျောက်ရွာသည် ရေစစ်သည်ကျေးရွာအုပ်စုတွင် ပါဝင်သည်။ ဝက်ကျောက်ရွာသည် ပုဂံခေတ်ကတည်းက တည်ရှိခဲ့သည်။ ဝက်ကျောက်ရွာလယ်တွင် ဝက်ရုပ်ပုံသဏ္ဌာန် ကျောက်တုံးကြီးတစ်တုံးရှိသည်။ ထိုဝက်ရုပ်ပုံသဏ္ဌာန်ကျောက်တုံးကြီးမှာ နေ့တွင် အသက်မရှိသော်လည်း ညအခါတွင် အသက်ဝင်၍ ဝက်ကျောက်ရွာမြောက်ဘက်ရှိ ဝက်လူးအင်းသို့ သွားရောက်၍ ရေဆင်းချိုးလေ့ရှိသည်။ ကျောက်ဝက်ကြီးသည် ဝက်လူးအင်းတွင် ရေချိုးလူးပြီးနောက် ဝက်လူးအင်းအရှေ့ဘက်ရှိ ဝက်ကျောက်သိမ်ကို လက်ယာရစ် သုံးပတ်ပတ်ပြီး သိမ်ဦးစေတီကို ဦးခိုက်နားခိုလေ့ရှိသည်။ နံနက်ခင်း (၄) နာရီ တုံးမခေါက်မီ ရွာလယ်သို့ ပြန်ကာ မူလ ဝက်ကျောက်ရုပ်ပုံသဏ္ဌာန်ဖြစ်နေပြန်သည်။ ကျောက်ဝက်ကြီး၏ ထိပ်တွင် ပတ္တမြားမျက်ရှင်ရှိသည်။ ပတ္တမြားမျက်ရှင်တန်ခိုးကြောင့် ဝက်ကြီးသည် နေ့အခါတွင် အသက်မဲ့သော ကျောက်ရုပ်ဝက်ကြီးဖြစ်နေပြီး ညအခါမှ အသက်ဝင်ကာ ဝက်လူးအင်းသို့ ဆင်း၍ ရေချိုးခြင်း ဖြစ်သည်။

ဝက်ကျောက်သိမ်သည် ဝက်ကျောက်ရွာ၏မြောက်ဘက် (၂) ဖာလုံခန့်တွင် တည်ရှိသည်။ ဝက်ကျောက်သိမ်မှာ ပုဂံခေတ် အနော်ရထာမင်းလက်ထက် မြန်မာနှစ် ၄၁၆ ခုနှစ်က ရှင်အရဟံ အမှူးပြု၍ မထေရ်ကြီး (၉) ပါးနှင့် မထေရ်ငယ် (၁၆) ပါးတို့က သိမ်သမုတ်ခဲ့သော သမိုင်းဝင် သိမ်တစ်သိမ်



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။ မိတ္ထီလာမြို့ရှိ သမိုင်းဝင် သိမ် (၉) သိမ်ဖြစ်သော ပဲသီတာသိမ်၊ ကတ္တူကန်သိမ်၊ ဝက်ကျောက်သိမ်၊ ရှင်ပင်ဂူ သိမ်လေးသိမ်မှာ ကန်အထက်လေးသိမ် ဖြစ်သည်။ ထို့နောက် ကန်အောက်သိမ် လေးသိမ်ဖြစ်သော သဖန်းသိမ်၊ ကလိန် ခြေသိမ်၊ ကူဖြူသိမ်နှင့် ကုန်းတောင်း သိမ်တို့မှာ ကန်အောက်လေးသိမ် ဖြစ်သည်။ ထိုကန်အထက်နှင့် ကန်အောက် သိမ်ရှစ်သိမ်တို့၏အလယ်ဗဟိုတွင် မိတ္ထီလာမြို့ သီရိမင်္ဂလာနယ်မြေ သိမ်တော်ကုန်းရပ်ကွက် ရွှေမြင်မိဘုရားအတွင်းရှိ ရှင်အရဟံသိမ်မှာ သိမ်ကိုးသိမ်တွင် ပါဝင်သည့် အလယ်သိမ် ဖြစ်သည်။

ဝက်ကျောက်သိမ်၏မြောက်ဘက်တွင် ဝက်လူးအင်းရှိသည်။ ထိုဝက်လူးအင်းမှာလည်း သမိုင်းဝင်အင်းကိုးအင်းတွင် တစ်အင်းအပါအဝင် ဖြစ်သည်။ မိတ္ထီလာကန်ပတ်လည်တွင် သမိုင်းဝင် ပုဂံခေတ်က အနော်ရထာမင်းလက်ထက် သိမ်ကိုးသိမ်နှင့်အတူ အင်းကိုးအင်းလည်းရှိသည်။ ပုပ္ပားတောင်မနှင့် ကြက်မတစ်ဝပ်စာသာ ကွာခြားခဲ့သည်ဟု ဆိုသည်။ ထိုကန်ရေသည် တစ်နှစ်ထက်တစ်နှစ် နှစ်ကာလရှည်ကြာသည့်အခါ ရေများဆုတ်ယုတ်လာရာမှ ချိုင့်ဝှမ်းရှိသော နေရာတို့တွင် ကျန်ရစ်ခဲ့သောရေသည် အင်းများအဖြစ် တည်ရှိလာခဲ့သည်။

မိတ္ထီလာကန်တစ်ဝိုက်တွင် အင်းကိုးအင်းရှိသည်။ ထိုအင်းကိုးအင်းမှာ -

၁။ တောင်တော်အင်း၊
၂။ ဝက်လူးအင်း၊
၃။ ခင်ပုတ်အင်း၊
၄။ အင်းလျားအင်း၊
၅။ ရွှေစစ်သည်အင်း၊
၆။ ကျောက်ဖြူကုန်းအင်း၊
၇။ ကြာအင်း၊
၈။ အင်းကုန်းအင်းနှင့်
၉။ အုတ်နှဲဘုတ်အင်း
တို့ ဖြစ်သည်။

ထိုအင်းကိုးအင်းတွင်ပါဝင်သည့် ဝက်လူးအင်းတွင် ဝက်ကျောက်ကြီးသည် ညအခါတွင် ရေချိုးလေ့ရှိပြီး ရေထဲတွင် လူးလေ့ရှိသည်။ ဝက်လူးအင်းသည် ဝက်ကျောက်သိမ်အနောက်ဘက်တွင် ကပ်လျက်ရှိသည်။ ဝက်ကျောက်သိမ်နှင့် ဝက်လူးအင်းမှာ တစ်ဆက်တည်းလိုဖြစ်၏။

ဝက်ကျောက်ရွာအနောက်ဘက်တွင် ညောင်ပင်သျှိုကျေးရွာ ရှိသည်။ ညောင်ပင်သျှိုကျေးရွာမှာ ကုန်းဘောင်ခေတ်ကတည်းကတည်ရှိခဲ့သောရွာဖြစ်သည်။ ညောင်ပင်သျှိုရွာတွင် ကုန်းဘောင်ခေတ်က သူဌေးကြီး ဦးစိတ္တ ဆိုသူရှိသည်။ သူဌေးကြီးဦးစိတ္တတွင် သား (၇)ယောက်ရှိသည်။ သား(၇)ယောက်ကို အချိန်တန် အရွယ်ရောက် လူလားမြောက်လာသောအခါ အိမ်ထောင်အသီးသီးချပေးလိုက်သည်။ သူဌေးကြီး၏သား(၇)ယောက်အနက် အငယ်ဆုံးသားထွေး မောင်သူရတွင် ဇနီးချောမယ်စန္ဒီရှိသည်။ သူဌေးကြီးသည် ချွေးမ (၇) ယောက်အနက် သားထွေး မောင်သူရ၏ဇနီး မယ်စန္ဒီကို အချစ်ဆုံး ဖြစ်သည်။ ကုန်းဘောင်ခေတ် ဦးအောင်ဇေယျလက်ထက်တွင် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျက ကျူးကျော်လာသူ မွန်ခမာတပ်များကို ခုခံတိုက်ခိုက်ရာ အောင်မြင်ခဲ့သည်။ မွန်ခမာများလည်း အရေးနိမ့်သဖြင့် စစ်ကြောင်းကို ရွှေဘိုနယ်မှတစ်ဆင့် ပြန်ဆုတ်လာခဲ့ကြရသည်။ ဤတွင် စစ်ရှုံးသူ မွန်ခမာတပ်များသည် မိတ္ထီလာနယ်သို့ ရောက်ရှိလာကြသည်။ စစ်ရှုံးသူ မွန်ခမာတပ်များသည် မိတ္ထီလာမြို့နယ် ညောင်ပင်သျှိုကျေးရွာအရောက်တွင် ညောင်ပင်သျှိုသူဌေးကြီး ဦးစိတ္တ၏ ချွေးမငယ် မယ်စန္ဒီကို သဘောကျနှစ်ခြိုက်သဖြင့် မတရားဖမ်းဆီးခေါ်ဆောင်သွားသည်။ ဤတွင် သူဌေးကြီး ဦးစိတ္တမှာ အချစ်ဆုံးချွေးမကို မွန်ခမာတပ်များက မတရားဖမ်းဆီးသွားသဖြင့် စိတ်မကောင်းဖြစ်လေသည်။ ထို့ပြင် ဝမ်းနည်းကာ စားမဝင်အိပ်မပျော်ဖြစ်၍ လွမ်းဆွေးပူပန်နေလေသည်။ သူဌေးကြီး ဦးစိတ္တက သူပိုင်ပစ္စည်းများကို သား (၇) ယောက်အား ညီတူညီမျှခွဲဝေပေးရာ ထိုအမွေများထဲတွင် အချစ်ဆုံးချွေးမ မယ်စန္ဒီအတွက် တစ်ပုံပါဝင်စေသည်။

သူဌေးကြီး ဦးစိတ္တသည် သူချစ်သော ချွေးမအတွက် ရရှိသည့်အမွေကို ဝက်ကျောက်ရွာအနောက်ဘက် ဝက်ကျောက်ဘုန်းတော်ကြီးကျောင်းမြောက်ဘက်တွင် ချွေးမကိုလွမ်းသည့်အတွက် လွမ်းစေတီနှင့် ချွေးမကို ချစ်သည့်အတွက် ချွေးမကို ရည်စူးတမ်းတပြီး အမွေအားလုံးကို စေတီတစ်ဆူတည်စေသည်။

ဤကဲ့သို့ ညောင်ပင်သျှိုသူဌေးကြီး ဦးစိတ္တက ချွေးမကိုချစ်သည့်စိတ်၊ လွမ်းသည့်စိတ်ဖြင့် လွမ်းစေတီကို တည်နေစဉ် ဝက်ကျောက်ရွာထဲမှ သိုက်ဆရာတစ်ဦးနှင့် လောဘရမ္မက်ကြီးသော ရွာသားတစ်စုသည် ကျောက်ဝက်ကြီး အသက်ဝင်၍ ညအချိန် ဝက်လူးအင်းတွင် ရေချိုးနေစဉ် ကျောက်ဝက်ကြီး ဦးခေါင်းမှ ပတ္တမြားမျက်ရှင်ကို လိုချင်သည့်အတွက် ကျောက်ဝက်ကြီးအား ခေါင်းဖြတ်သတ်လိုက်ကြ၏။ ထို့နောက် ကျောက်ဝက်ကြီးဦးခေါင်းမှ ပတ္တမြားမျက်ရှင်ကို ချွတ်ယူကြရာ မရရှိသဖြင့် နောက်ဆုံး သူဌေးကြီးဦးစိတ္တ တည်နေသည့် ချွေးမအတွက် ရည်စူးထားသော စေတီအောက်ကို ဝက်ကြီး၏ ဦးခေါင်းအား ဌာပနာလိုက်သည်။

သိုက်ဆရာနှင့်ရွာသားများသည် ကျန်သည့် ဝက်ကိုယ်လုံးကြီးအား ဝက်ကျောက်ရွာတောင်ဘက် ကျောက်ပလ္လင်ဘုရားတွင် ဝက်ကိုယ်လုံးကြီးအား ဌာပနာတည်ထားလိုက်သည်။ ဝက်ကျောက်ဘုန်းတော်ကြီးကျောင်း မြောက်ဘက် ညောင်ပင်သျှိုသူဌေးကြီး ဦးစိတ္တက ချွေးမကိုချစ်၍ တည်ထားသော စေတီကို 'ချွေးမမုန်း' ဘုရားဟု ခေါ်ဝေါ်ကြသည်။ ယခုအခါ ထိုစေတီဘုရားနေရာကို ချွေးမကုန်းဘုရားဟု ခေါ်ကြသည်။ ထိုချွေးမကုန်းဘုရားအနီးမှ ညနေဝင်ရီတရော မိုးတိုးမှောင်တောင်အချိန် လယ်ထွန်ပြန်၊ နွားကျောင်းပြန်၊ ရေစည်တိုက်ပြန်လာကြသူများမှ ချွေးမကုန်းဘုရားအနီးမှ နွားပေါက်ခန့်ရှိသော ခွေးနက်ကြီးတစ်ကောင်သည် အရှေ့ဘက်လျှိုထဲသို့ ဆင်းသွားတတ်ကြောင်း ပြောဆိုကြသည်။ အချို့လည်း ညအခါ လသာသာတွင် အလွန်ချောမောလှပသည့် အမျိုးသမီးတစ်ဦးသည် ဆံပင်ဖားလျားချလျက် ချွေးမကုန်းဘုရားအနီးတွင် လှည့်ပတ်နေကြောင်း ထင်ထင်ရှားရှား တွေ့မြင်ကြရသည် ဆို၏။

ဝက်ကျောက်ရွာအရှေ့ဘက် (၂) ဖာလုံအကွာတွင် ပျော်ဘွယ်လေး၊ သဲတောလေးရွာရှိ၏။ ယခု တန်ဆောင်မုန်းလဆန်းက ပျော်ဘွယ်လေးရွာမှ ကိုကျော်ဝင်း၊ ကိုတင်အောင်၊ ကိုတင်ဆန်း၊ ကိုသာဒင်၊ ကိုအောင်ပုတို့သည် ကျေးရွာအလှူအတွက် ညောင်ပင်သျှိုကျေးရွာသို့ အလှူပစ္စည်းများ လှည်းဖြင့်သွားငှားကြသည်။ ညောင်ပင်သျှိုရွာမှ လှည်းဖြင့်ပြန်လာသောအခါ ညနေ (၅) နာရီခန့်ရှိပြီ ဖြစ်သည်။ လှည်းကို ကိုကျော်ဝင်းက မောင်းလာသည်။ ကိုကျော်ဝင်းတို့လှည်းသည် ဝက်ကျောက်ရွာအဝင် ချွေးမကုန်းဘုရားအနီးသို့



www.burmeseclassic.com

www.burmeseclassic.com

ရောက်သောအခါ လှည်းနောက်သို့ လှည့်၍ ကိုသာဒင်အား -

"ဗျို့. . . ကိုသာဒင်၊ ချွေးမကုန်း ဘုရားနားလေးက တမာပင်အောက်က ဟာ ဘာလဲဗျ"

ဟု မေးလိုက်သည်။ အမှန်မှာ အုတ်ရေအိုးစင် ဖြစ်သည်။ သို့သော် ကိုသာဒင်ကလည်း နောက်ပြီး -

"အဲဒါမြစိမ်းတောင်ပေါ့ကွ"

ဟု ပြောလိုက်သည်။

ကိုကျော်ဝင်းတို့လှည်းမှာ ချွေးမကုန်းဘုရားကိုလွန်လျှင် ရွာကိုလှမ်းမြင်ရပြီ ဖြစ်သည်။ ဤလမ်းမှာ ကိုကျော်ဝင်းတို့ နေ့နေ့ညည အချိန်မရွေးသွားနေသောလမ်း ဖြစ်သည်။ ချွေးမကုန်းဘုရားအရှေ့ဘက် ဝက်ကျောက်ရွာနှင့် ကိုကျော်ဝင်းတို့ ပျော်ဘွယ်လေးရွာမှ တစ်ဖာလုံခန့်ကွာဝေးသည်။ လှည်းဖြင့်ဆိုလျှင် (၁၀)မိနစ်အတွင်းရောက်သည်။ သို့သော် ကိုကျော်ဝင်းတို့၏ လှည်းမှာ ချွေးမကုန်းဘုရားကျော်လိုက်သည်နှင့် တစ်ပြိုင်နက် မျက်စိလည်လမ်းမှားကာ မရောက်ဘူးသည့်နေရာကို ရောက်နေသည်။

လှည်းပေါ်ပါလူများလည်း အားလုံး ကြောက်ရွံ့နေကြသည်။ ညနေ (၅) နာရီလောက်က စတင်လမ်းမှားလာကြရာ တဖြည်းဖြည်း အမှောင်ထုသန်းကာ သမ်းပျောက်သွားသည်။ လှည်းလမ်းအတိုင်း လိုက်မောင်းရာ ကန္တာရတောထဲရောက်လိုရောက်၊ ချောက်ကမ်းပါးထဲရောက်လိုရောက်၊ သူတို့ရွာအနီးပတ်ဝန်းကျင်တွင်မရှိသည့် နေရာဒေသများသို့ ရောက်နေကြသည်။ တစ်ခါသော် လှည်းဘီးအနားသို့ ဆိတ်သိုးကြီး သုံးလေးကောင် ရောက်လာသည်။ ဤတွင် ကိုကျော်ဝင်းက ဆိတ်ကျောင်းရင်းကျန်ခဲ့သော ဆိတ်သိုးများထင်၍ ဆင်းဖမ်းညီပြုရာ လှည်းပေါ်ပါ ကိုသာဒင်က-

"ဟေ့ကောင် ကျော်ဝင်း၊ ဆိတ်မဟုတ်ဘူးကွ။ ခွေးကြီး၊ ခွေးကြီးတွေ။ မြန်မြန်မောင်း"

ဟု သတိပေးမှ ကျော်ဝင်းလည်း လှည်းကို အမြန်မောင်းလိုက်ရသည်။

လှည်းပေါ်ပါ လူ (၅) ယောက် အနက် သတ္တဝါများကို တစ်ယောက်တစ်မျိုးမြင်ကြရာ မကောင်းဆိုးဝါးတို့ အန္တရာယ်ပြုခြင်းဖြစ်ကြောင်း အားလုံးသိနားလည်ပြီး အကြောက်ကြီးကြောက်ရွံ့သွားကြသည်။ ထို့နောက် တဖြည်းဖြည်း အမှောင်ထုလွှမ်းလာကာ လှည်း



လမ်းပါ ပျောက်သွားသဖြင့် ယာတဲအစုတ်တစ်ခုမှ ထန်းရွက်များယူကာ မီးရှို့၍ လမ်းကြည့်ယူကြရသည်။ အမှန်မှာ ချွေးမကုန်းဘုရားအရှေ့ဘက်မှ လှမ်းကြည့်လျှင် ညအခါ မိတ္ထီလာမြို့မှ ထိန်းသုံးဆင့်ဘုရားကုန်းလျှပ်စစ်ဓာတ်မီးများနှင့် ပို့/ဆက်ကျောင်းမီးများကို လှမ်းမြင်ရသည်။ ယခုအခါ ဘာမီးမှလဲ မမြင်ရသဖြင့် အားလုံး ကြောက်ရွံ့လာကြပြီး ရသမျှဘုရားစာများ၊ ပရိတ်တော်များ၊ ဂါထာများကို ရွတ်ဆိုလာကြသည်။

ထိုကဲ့သို့ မျက်စိလည်လမ်းမှားလာကြသော လှည်းသမားတစ်စုမှာ ဘုရားဂုဏ်တော်များ ရွတ်ဖတ်ပြီး မကြာမီရှေ့တွင် မီးခွက်ကိုင် လူ(၃)ယောက်ကို လှမ်းမြင်ကြသည်။ ဤတွင် အားရဝမ်းသာဖြစ်ကာ -

"ဗျို့ - နောင်ကြီးတို့၊ ကျွန်တော်တို့ လူကောင်းတွေပါ။ မျက်စိလည်နေလို့ လမ်းပြပေးပါ"

လို့ ကိုကျော်ဝင်းကပြောပြီးလှည်းကို ထိုလူ (၃) ယောက်အနီးသို့ အမြန်မောင်းလိုက်သည်။

မီးခွက်ကိုင် လူ (၃) ယောက်မှာ လူကြီးများမဟုတ်ကြဘဲ ကျောင်းသားအရွယ် ကလေး (၃) ယောက်ဖြစ်ပြီး အင်ကြင်းစုဘူတာသို့ လူသွားကြိုမည့် ကလေးများ ဖြစ်ကြသည်။ ၎င်းကလေးများက -

"ဘယ်ရွာသွားမှာလဲ"

ဟု မေးရာ ကိုကျော်ဝင်းက -

"ပျော်ဘွယ်လေးရွာသွားမှာ။ အခု ဘယ်ရောက်နေတုံး"

ဟု မေးရာ ကလေးများက ချွေးမကုန်းဘုရားအရှေ့ဘက်သို့ရောက်နေကြောင်း၊ ဒီလှည်းလမ်းအတိုင်း လိုက်သွားလျှင် ပျော်ဘွယ်လေးရွာသွားသည့် လှည်းလမ်းဖြစ်ကြောင်းပြောပြီး မီးခွက်ကိုင်၍ လမ်းပြလိုက်ရာ ချွေးမကုန်းဘုရားလွန်ပြီး မကြာမီ လှည်းပေါ်ပါလူတစ်စုမှာ မျက်စိကို အဝတ်စည်းထားရာမှ ဖြေယူလိုက်သလို အားလုံးအမြင်ကြည်လင်သွားပြီး ရွာမှမီးများကို လှမ်းမြင်လိုက်ကြသည်။

ချွေးမကုန်းဘုရားအနီးမှ ညနေ (၅) နာရီခန့်က မျက်စိလည်လမ်းမှားသွားသော ကိုကျော်ဝင်းတို့လှည်းသမားတစ်စုမှာ မရောက်ဘူးသည့်အရပ်ဒေသသို့ ကြောက်မက်ဖွယ်ရာ ရောက်ရှိသွားပြီး ည (၉) နာရီထိုးမှ နေရာမှန် လမ်းမှန် ပြန်ရောက်ကြသည်။ ထို့ပြင် ထူးဆန်းသည်မှာ မီးခွက်ကိုင်ကလေး (၃) ယောက်ကို ရွာနီးချုပ်စပ်တွင် မတွေ့ဘူး၊ မမြင်ဘူးကြခြင်းပင် ဖြစ်သည်။

ကိုကျော်ဝင်းတို့လူတစ်စု နောက်မှသိရသည်မှာ ချွေးမကုန်းဘုရားအနီးတွင် အပြောင်အပြက်စကားမပြောရ။ အကယ်၍ ပြောမိပါက မျက်စိလည်လမ်းမှားပြီး ခွေးနက်ကြီးများတွေ့တတ်ကြောင်း၊ ခွေးနက်ကြီးမှာ ဝက်ကျောက်ကြီးမှ ပတ္တမြားမျက်ရှင်ကို စောင့်ရှောက်နေသည့် ဘုရားသိုက်စောင့်ခွေးနက်ကြီးဖြစ်ကြောင်း သိကြရသည်။ ဤတွင်မှ ကိုကျော်ဝင်းတို့လူစုမှ အကြောက်ကြီးကြောက်သွားပြီး တစ်ဆင့်စကားတစ်ဆင့်နားဖြင့် ချွေးမကုန်းဘုရားအနီးတွင် အပြောင်အပြက်စကားများမပြောဆိုကြရန် သတိပေးနေကြသည်။

မှတ်ချက်။ ။ ချွေးမကုန်းဘုရားမှာ မိတ္ထီလာမြို့အနောက်ဘက် (၆) မိုင်ကွာ ရွှေစစ်သည်ကျေးရွာအုပ်စု ဝက်ကျောက်ရွာ ဘုန်းတော်ကြီးကျောင်းမြောက်ဘက်တွင် ယခုထက်တိုင် တည်ရှိနေသည်။ ဘုရားလိုဏ်အတွင်းတွင် ကုန်းဘောင်ခေတ်နံရံဆေးရေးပန်းချီများ ယခုထက်တိုင်ရှိနေသေးသည်။ ရှေးခေတ်သမိုင်းဝင် ဘုရားတစ်ဆူဖြစ်သည်။ ပို၍ ထူးဆန်းသည်မှာ ဝက်ကျောက်ရွာတွင် ဝက်လုံးဝ မွေးမရခြင်း ဖြစ်သည်။ မယုံကြည်၍ ဝက်မွေးလျှင် အကောင်းပကတိဝက်မှ တစ်ရက်၊ နှစ်ရက်အတွင်း သေဆုံးသွားတတ်၏။ ထို့ကြောင့် ဝက်ကျောက်ရွာတွင် ဝက်လုံးဝမွေးမထားကြောင်း တွေ့ရသည်။

ကိုတင်လှိုင်(မိတ္ထီလာ)

www.burmeseclassic.com

www.burmeseclassic.com



(က)

အပူလှိုင်းတွေက သစ်ရိပ်အောက်၌ပင် ခုန်ပေါက်ဝင်နေ၏။ ဖြတ်တိုက်ခတ်လာသော လေသွဲ့သွဲ့ကလည်း အေးမြမနေနိုင်တော့။ ထိပ်တည့်တည့်တွင် စီးမိုးရှိလာသော နေမင်းသည် အစွမ်းကုန်များ ပူပြနေရော့သလား မသိ။ ကျိုးတိုးကျဲတဲ သစ်ပင်တွေအကြားမှာတော့ တငွေ့ငွေ့လွင့်ပျံ့နေသည့် တံလျှပ်တွေက မျက်စိကို စူးရှသွားစေ၏။ ခပ်

နေဝိဇ္ဇာ

ဆေးဆရာကြီး



www.burmeseclassic.com

www.burmeseclassic.com

ဒေးဝေး တောတစ်နေရာက ပျင်းရိလေးကွဲ့စွာ ချိုးကူသံတို့ ကြားနေရသည်။ ...ဟု သတ်မှတ်ရမည့် ခက်ခဲသော ...စင်းကြောင်းကလေးပေါ်၌ လူသား ...ဦးကဖြင့် တရွေ့ရွေ့ ရှေ့သို့ချီနေ ...သည်၊ မောရှိလည်း မနားနိုင်သေးပေ။ ...တ်ဝန်းကျင်တစ်ခွင်ကိုသာ အကဲခတ် ...တ် ဆက်သွားနေမြ။ အဖော်ကလည်း ...ညီ။

မညီညာသောလမ်းကလေးသည် ...၍ ကြမ်းတမ်းရှုပ်ထွေးလာစေ၏။ အ... အမြင့်တွေကလည်း ကြိုဆိုနေလေ... မြေအပြင်သည် တစ်စ တစ်စနှင့် ...မ်းနေသော ခြေအစုံအား ရပ်တန့် ...းစေအောင် ကျောက်တုံး ကြီး,ငယ် ...သွယ်သွယ်နှင့် တားဆီးထားပြန်၏။ ...စ်ပင်ကြီးတို့ကပါ ထပ်ဆင့် အုပ်မိုး ...တော့၏။ လူတွေ ဤနေရာသို့မလာ ...ရောက်ခဲ့သည်မှာ ကြာပြီဖြစ်၍ တော ...သဘာဝတရားက မည်သည့် အစွန်း ...ထင်းမှုမရှိဘဲ ပကတိအသွင်အပြည့် ...နေ၏။ လူ၊ လူတို့ကင်းဆိတ်ရာ ဤ ...တော လူသားများမျက်ကွယ်ပြုရာ ဤ ...သကိုဖြင့် ရှာဖွေတွေ့ခဲ့လေပြီ။

သေချာ၏။ ရှေ့ကမြင်ကွင်းကား ...သားတို့ မနှစ်မြို့ဖွယ် အနိဋ္ဌာရုံ လှိုဏ်...မြောင်ချိုင့်ဝှမ်းကြီးတစ်ခု။ ထိုနေရာ၌ ...ားရဲတိရစ္ဆာန်တို့ ခိုအောင်းနေချင်နေ ...မည်၊ အန္တရာယ်တွေကလည်း စုပြုံတိုး ...ခင်လည်းတိုးမည်။ သဘာဝ၏ဘေးရန် ...တွေကို ဂရုပြု တွေဝေ တွန့်ဆုတ်စိတ် ...မှုမဝင်နိုင်။ ဝင်၍စိုးမိုးနေသည်က ...သူများ ထက်ကြပ်မကွာ လိုက်လံနှိပ် ...တ် ညှဉ်းပန်းနေသော ရန်သူဟူသမျှ ...ကို ဤလှိုဏ်မြောင်ထဲကနေ တွန်းလှန်ရ ...မည်၊ အရှုံးမပေးဘဲ တိုက်ခိုက်ရတော့ ...မည်။ လာစမ်း၊ အားလုံးတက်ခဲ့ကြစမ်း။ အောင်မြေကိုတွေ့ပြီ၊ အောင်မြေနင်း၍ ...နင်းပစ်ရမည်။ ဆရာသခင်ထံမှ ရန်သူ ...သူသရွေ့ အောင်မြင်မည့်ဗျူဟာ၊ စွမ်း ...အင်ပြည့်လက်နက်က ကိုယ်နှင့်မကွာ ...ပါလာ၏။

လှိုဏ်မြောင်ထဲသို့ဆင်း၍ အဆင် ...ပြေမည့်နေရာကိုရှာ၏။ ရှာရင်းနှင့် ခြေ ...လှမ်းတို့၏အစ,အား ပြန်ကောက်နေမိ ...၏။ ခြေလှမ်းတို့၏နိဒါန်းကား သာဝတ္ထိ ...ပြည် ဇေတဝန ဝိဟာရ။

သည်ရွှေမြို့တော်ကြီးမှာ ကြီးပြင်း ...အရွယ်ရောက်ကာ အရောင်းအဝယ် ...ကန်သည်အဖြစ်နှင့် အသက်မွေးဝမ်း ...ကျောင်းလာခဲ့သူ တိဿအဖို့ လုလင် ဆိုသော်လည်း ဘဝက စုံ၏။ အပေါင်းအဖော်များ၏။ လူငယ်ပီပီ ဘဝ၏တက်လမ်းမှန်သမျှ ရှာခဲ့၏။ ကြိုးစားယူနိုင်ခဲ့၏။ အပျော်ဆိုသည့် ဆူးစွက်၍ အခူးခက်သော နှင်းဆီနှယ် ဖျိုနုနုနှင့်လည်း ချစ်ခဲ့,လန်းခဲ့ဖူး၏။ မွေးဖွားခြင်းမှ သေဆုံးခြင်း မှတ်တိုင်အကြားလေးသည်သာ လျှင် ဘဝတစ်ခု ပြည့်ဖုံးကားချ အပြီး သတ်သွားသည်လားဟု တိဿလုလင် အတွေးဖြင့် ဘဝကို စူးစမ်း၏။ အဖြေရှာပြီး ဆက်ခဲ့၏။

အရာအားလုံး ပြည့်စုံနေသော သာဝတ္ထိ ရွှေမြို့တော်ကြီး၌ အယူဝါဒတွေ၊ ဒဿနတွေက အတော်များလှ၏။ တူညီသောဝါဒနှင့် သူ့အုပ်စု၊ ကိုယ့်အုပ်စု ဖွဲ့သီရှိကြသည်။ တိဿ၏ သူငယ်ချင်းတစ်ယောက် မကြာခဏ ပြောလေ့ရှိသည့် 'သေရင် ပြီးတာပါပဲကွာ' ဟူသော အဇိတဆရာကြီး၊ သူတို့အခေါ်တော့ ဘုရားရှင်အဇိတ၏ဝါဒကိုလည်း တိဿ သိနေလေပြီ။ သက်ရှိသတ္တဝါတိုင်း မဟာဘုတ်လေးပါး အစုမျှသာ ဖြစ်သည်။ သေသွားလျှင် ခန္ဓာကိုယ်မှ ပထဝီဓာတ်က အပြင်ရှိ ပထဝီဓာတ်အပေါင်းစုထဲသို့ ဝင်သွားပြီးနောက် မြေဩဇာဖြစ်သွား၊ ကိုယ်ထဲရှိ အာပေါခေါ် အရည်, အစိုဓာတ်တွေကလည်း အပြင်ရှိ အာပေါဓာတ်အပေါင်းစုထဲသို့ ဝင်သွားပြီးနောက် ရေအဖြစ် တည်ရှိသွား၊ တေဇော, ဝါယောဓာတ်တွေလည်း ဆိုင်ရာဓာတ်တို့နှင့်သက်ဝင်သွားသလို သတ္တဝါ၏မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်၊ နှလုံး ဟူသော အာရုံခံဓာတ်တို့ကလည်း အာကာသဓာတ်ဆိုသော ကောင်းကင်၌ လွင့်မျောပျောက်ကွယ်သွားကြပါသတဲ့။

ပစ္စက္ခ၌ပင်လျှင် ဤဝါဒကို လက်မခံဝံ့ပါ။ လူတန်ဖိုး၊ လူ့သိက္ခာတို့ ချေမှုန်းထားသည်ဟု တိဿ စွဲထင်၏။ အေးလေ၊ ကိုယ်ကြိုက်တာ ကိုယ်လက်ခံ၍ ကိုယ့်ဘဝ ကိုယ်ရွေးချယ်ခွင့်ရှိနေကြတာပဲ။ ဘုရားဟု ဘွဲ့တော်ခံ စံမြန်းနေကြသည့် ပုဂ္ဂိုလ်ကြီးတွေက မြို့တော်မှာတော့ နေရာစုံရှိနေကြပါ၏။ နေရာစုံစုံ၊ အယူဝါဒအဖုံဖုံကိုလည်း လူငယ်စရိုက်နှင့် သွားရောက်နာရင်း အသိကို အစာကျွေးခဲ့ဖူးပါ၏။ တိဿစိတ်က အရောင်တစ်မျိုးတည်း။ ပကတိအဖြူထည်သက်သက်။ ယုံကြည်ချက်ဆိုသည့် ဝေါဟာရအား အဓိပ္ပာယ်ဖွင့်၍ ရင်၌ မသိုမှီးနိုင်သေး။ သည်လိုနှင့် ဘဝ၏ကာလယန္တရားစက်အောက်တွင် မိန်းမူးရှင်သန်နေခဲ့၏။

အခုတစ်လော ရွှေမြို့တော်တွင် သတင်းက ပြန့်နေသည်။ အတင်းစကားတော့မဟုတ်၊ အချင်းစကားတွေ ဖြစ်၏။ အဆင်းလှ သင်းမြနေသော တစ်ပြည်သား သူစိမ်း သမဏတစ်ပါးအကြောင်း ဖြစ်၏။ သကျသာကီဝင်မင်းသားဘဝက နေ နိက္ခမပြု၍ ဝါဒတစ်ခု တည်ထောင်ကြောင်း၊ ကာမဘောဂီ မမီကြောင်း၊ ကုန္ဒြေသမ္ပတ္တိပြည့်ဝလှကြောင်း စသဖြင့် စသဖြင့် စုံ၏။ တိဿအနေနှင့် တစ်မူထူး၍ စိတ်မဝင်စားနိုင်ပါ။ သည်လိုပုဂ္ဂိုလ်မျိုးတွေကို ကြုံဖူး၊ ကြားဖူးလာခဲ့သည်က များနေပြီး လောက၌ ဘုရားဘွဲ့တံဆိပ်နှိပ်ထားသူတွေက အရင်ကလည်း များခဲ့၏။ ခုကာလ၌လည်း သည်သာဝတ္ထိပြည်ကြီးမှာပင် (၆) ဆူထက်မနည်း ရှိနေဆဲ မဟုတ်ပါလား။

ဇေတမင်းသားပိုင်သော ဥယျာဉ်သာကြီးကို အနာထပိဏ်သူဌေးကြီးက ကျောင်းဆောက်လှူ၍ ကိုးကွယ်ထားသည်တဲ့။ မင်းစိုးရာဇာ၊ သူဌေးသူကြွယ် နှံ့ဖွယ်စုံပြည့် ပညာရှိ ပရိသတ်တွေက နေ့စဉ် သွားလာကြည်ညိုကြ၊ တပည့်ခံကြ၊ ပူဇော်နေကြသည်မှာ မပြတ်အောင်ရှိကြပါသည်။ တိဿအဖို့တော့ ကုန်သည်ပီပီ ကုန်သည်အတွေးဖြင့်သာ ဘာသာတစ်ခုအပေါ် ရှုမြင်တတ်၏။ သုံးသပ်လက်ခံမည်။ သူ ရှုံးခဲ့ဖူးပါ၏။ ဘဝကို အစိတ်စိတ်အပိုင်းပိုင်း ဖြစ်စေသည်အထိ ကျရှုံး နစ်နာခဲ့ဖူး၏။ ပြီးခဲ့သောနှစ်တွေက ကျေးလက်ဇနပုဒ်ထွက် ကုန်တွေကို အရင်းအနှီးများစွာဖြင့် ဖယ်ယူသိုလှောင်သည်။ တပည့်တွေပါ လိုက်လံရှာဝယ်သည်၊ မျှော်မှန်းသော နှုန်းထားရမည်ဆိုလျှင် ထုတ်မည်ဟု ကြံစည်ခဲ့သော်လည်း ကံလွဲကာ မွဲခဲ့ရတော့၏။ ရင်းနှီးစွန့်စားခဲ့သမျှ စွန့်လွှတ်လိုက်ရလေပြီ။ ကြွေးမြီတွေပင် ပြန်လည်ကျေခဲ့သည်က မကြာသေး။

စီးပွားဥစ္စာ အခြေမာလာရန် အတော်လေး လုံးပန်းခဲ့ရ၏။ စီးပွားဥစ္စာထက် လွန်စွာ အရင်းအနှီးစိုက်ထုတ်မြှုပ်နှံရမည့် ဘာသာတစ်ခုအပေါ် ဆင်ခြင်တုံတရားမဲ့ ကိုးစားဖို့က သိပ်မိုက်မဲလွန်းရာကျလိမ့်မည်။ တိဿ၏မိဘညာတိမျိုးရိုးအလိုက် အစဉ်အလာ ယုံကြည်ကိုးကွယ်နေသော ဘာသာလည်း ရှိသေး၏။ တိဿတို့မှ မဟုတ်၊ ဤသာဝတ္ထိပြည်လည်း ၎င်းဘာသာကို အသခြေအနန္တ ကြာခဲ့လေပြီကော။ ကိုးကွယ်မှု



www.burmeseclassic.com

www.burmeseclassic.com

က မည်သည့်နှစ်အပိုင်းဟုပင် မည်သူမျှ ဂဃနဏ မသိနိုင်တော့။ မိရိုးဖလာဝါဒ တစ်ခုအဖြစ် အသိမှတ်ပြု လက်ခံထား သော်လည်း တိဿမှာတော့ ခိုင်မြဲသော ဆုပ်ကိုင်ထားမှုမျိုး မထားခဲ့ပေ။ ဘာ သာတစ်ခုကို ဆုပ်ကိုင်ထားမိလျှင် ဖြေ လျှော့ရန် ခက်ခဲသည် မဟုတ်ပါလော။

မိတ်ဆွေတချို့ကတော့ ဇေတဝန သို့ တရားနာသွားကြ၏။ ပြန်လာလျှင် သူတို့၏အသွင်က ထူးခြားသကဲ့သို့ အံ့ ပြောအဆို၊ အနေအထိုင် ယဉ်နုလာကြ ပုံရှိ၏။ တိဿသွားမည်၊ တရားအရသာ၊ တရားလမ်းကြောင်းကို လေ့လာကြည့် မည်ဟုဆုံးဖြတ်ပြီး တစ်ခုသော ဆည်း ဆာ၌ ပရိသတ်အတွင်းဝင်လျက် မထင် မရှားထွက်ခဲ့၏။ ကျောင်းတော်ဝင်းကြီး တစ်ခုလုံး ရှုပ်ထွေးမနေ၊ သန့်စင်နေ၏။ ပရိသတ်ကလည်း တည်ငြိမ်ကြသည်။ လျှပ်ပေါ်လော်လီကင်းစွာ ကုန္ဒြေတော် ဆောင် သံဃာများ၊ စိုးရိမ်သောကမဲ့ မျက်နှာတော်များ။ တိဿ၏နှလုံးအိမ်၌ ဆိစိမ်ထားသော ဝါဂွမ်းနှယ် ဗုဒ္ဓနှင့် မဖူး တွေ့ရမီပင် ကြည်နူးမိရပြီကော။

မကြာမီ ပရိသတ်၏မျက်နှာမူရာ ရှေ့တူရူဆီမှ အလင်းစုံလှိုင်းများထိဝင် လာသည့် ဗုဒ္ဓ။ ဂေါတမဗုဒ္ဓ။ အနန္တဂုဏ အရှင်သခင်ဗုဒ္ဓသည် ဓမ္မာသနပလ္လင်သို့ ကြွတော်မူလာလေပြီ။

အဆင်းတော်အား ဖူးမြင်မိသည် နှင့် တိဿ၏ဟဒယတွင် ကိန်းဝပ်စေ ပြီ။ ဗုဒ္ဓသည်သာလျှင် သူ၏ဆရာသခင်၊ အားထားကိုးကွယ်ရာအရှင်ဟု တစ်ထစ် ချ မှတ်လိုက်မိတော့သည်။ နောက် ဗုဒ္ဓ ၏နှုတ်တော်မှ ဒါနကထာ၊ သီလကထာ၊ ဘာဝနာကထာ တရားဒေသနာအစဉ် သည် ဖြည်းဖြည်းညင်းညင်း စီးဆင်း နေရာမှ တစစနှင့် အရှိန်ဟုန်ပြင်းပြင်း စီးဆင်းသွားသကဲ့သို့ ပိတ်ဆို့ကျဉ်း မြောင်းခဲ့သော ပရိသတ်၏ဉာဏ်တံခါး ပေါက်အား ဖွင့်လှစ်၊ အေးမြအောင် တရားက စီးဝင်မွှေ့လျော်နေတော်မူကြ လေပြီ။

- သစ္စာလေးရပ် အလယ်လမ်းမြတ် မဂ္ဂင်ရှစ်ပါး။
- သတ္တဝါတို့၏ ဖြစ်,ပျက် ရုပ်-နာမ် ခန္ဓာအစဉ် သံသရာကို ချဲ့ချင် တိုင်း ချဲ့နေကြသော တဏှာ၊ မာန၊ ဒိဋ္ဌိ တရားသုံးပါး။
- ကိလေသာခန္ဓာတို့၏ ချုပ်ငြိမ်းမှု၊ ရုပ်,နာမ်များ နောက်ထပ်တစ်ဖန်



ပြန်မဖြစ်တော့ဘဲ အပြီးတိုင် ချုပ် ငြိမ်းမှု အဧအေးမာတ် နိဗ္ဗာန်သို့ ရောက်ရန်. . .

ဟူသည့် တရားဒေသနာများက တိဿ၏ဘဝကို ပြောင်းလဲပစ်လိုက် တော့သည်။ နိက္ခမ ပြုရမည်။ ပုထုဇဉ် ဉာဉ်ဖြင့် ဆက်မနေလိုချင်တော့။ တရား ပွဲဆုံးသည်နှင့် ရဟန်းပြုခွင့် သနားပါရန် ဗုဒ္ဓအား တောင်းပန် လျှောက်ထားပါ ၏။ မိဘအထံမှ ခွင့်ပြုချက်ယူလေဦးဟူ သော စကားတော်ကြောင့် တိဿ အိမ် ပြန်ပြီး မိဘဆီ အသိပေး ခွင့်ယူ၏။ ခွင့် မပြုခဲ့။ တိဿ ရအောင်ယူ၏။ မလျှော့။ လျှော့လျှင် ရှေ့ဆက် အမှောင်လမ်း တွင် နစ်မည်။ အနစ်မခံနိုင်။ နောက်ဆုံး မိဘ သဘောတူသဖြင့် ကျောင်းသို့သွား ကာ ရဟန်းခံခဲ့၏။ သဒ္ဓါပဗ္ဗဇ္ဇိတနှလုံး ဖြင့် သာသနာတွင် မွေ့လျော်ကာ ဆရာ ဥပဇ္ဈာယ်၏ အဆုံးအမများ၊ ရဟန်း သံဃာတော်၏ အကျင့်ဝိနည်းသိက္ခာပုဒ် တော်များကို လက်တွေ့ကျင့်ကြံလိုက် နာရန် သင်ခဲ့၊ ဆည်းပူးခဲ့၏။ သာသနာ တော်၏ပင်မ ရေသောက်မြစ်ပမာ ပရိ ယတ္တိကို ဆရာဥပဇ္ဈာယ်ထံပါးတွင် တစ် ဝါသင်ယူ ဆည်းပူးပြီးနောက် ရည်မှန်း ချက်ကို စတင်ရန် အချိန်ကျနေပြီ။

ဥပဇ္ဈာယ်၏လမ်းညွှန်မှုဖြင့် ဗုဒ္ဓ ထံ ကမ္မဋ္ဌာန်းလျှောက်ပန်ရဦးမည်။ ကမ္မ ဋ္ဌာန်းဘာဝနာတိုင်း အမတသို့ ထုတ်ချင်း ပေါက် ရောက်နိုင်သော လမ်းအသွယ် သွယ် ရှိပါ၏။ ဗုဒ္ဓလည်း နည်းအမျိုးမျိုး ဖြင့် ဟောထား၏။ လမ်းကို ကျွမ်းကျင် သော်လည်း လမ်းဖောက်ညွှန်ကြားသူ၊ လမ်းလျှောက် အောင်မြင်သူ ဆရာ သခင်၏ထံပါးသို့ ချဉ်းကပ်ကာ နည်း ဩဝါဒယူပြီး ကျင့်ကြံအားထုတ်မှသာ လျှင် သင့်မြတ်မည်။ ပုဂ္ဂိုလ်တိုင်းက စရိုက်ချင်း မတူကြ။ စရိုက်ဝါသနာ မတူ ကြသဖြင့် လျှောက်သွားသည့်လမ်းတို့ လည်း ကွဲပြားရခြင်း ဖြစ်သည်။ မှန် သည်။ မိမိမကြိုက်သော၊ မိမိနှင့် သဘ ဇာတမဖြစ်သော ကမ္မဋ္ဌာန်းဘာဝနာနှင့် တော့ ကြိုးစားအားထုတ်လည်း မင်္ဂဖိုလ် က အလှမ်းဝေးနေပေမည်။ ဗုဒ္ဓ၏လက် ယာရံ ပညာဉာဏ်ဧတဒဂ်ရ မထေရ် မြတ် သာရိပုတ္တရာသည်ပင် တပည့်ဖြစ် သူ ရွှေပန်းထိမ်ပညာရှင်၏သား ရဟန်း ပျို့ကို တရားပေးမှားခဲ့ဖူးပါ၏။ ပစ္စက္ခမှာ အနုအလှ သုခုမရတနာဖန်တီးရှင်၊ ဖေး တဲ့တရားက အနိဋ္ဌ မသတီစရာအသုဘ ကမ္မဋ္ဌာန်း။ ရှုလေ၊ ဝေးလေနှင့် တရားတိ စိတ်ကုန်၊ နည်းပြောင်း ပြန်ကျင့်သော် လည်း လမ်းက လွဲမြဲ။ မထေရ်မြတ်ကြီး ကိုယ်တိုင် တပည့်ရဟန်းပျိုအား ဗုဒ္ဓထံ နည်းလမ်းတောင်းခံ အသစ်ယူလိုက်မှ ဗုဒ္ဓက ရဟန်းပျို၏ စရိုက်အထုံဝါသနာ ကို မြင်တော်မူ၍ ပကတိအသွင်ထက် လွန်စွာ ဆန်းကြယ်လှပသော ရွှေပဒုမ္မာ ကြာပန်းတစ်ပွင့်ကို ဖန်ဆင်းလိုက်ကာ-

ရော့- ရဟန်း၊ သည်ကြာပန်းကို ယူသွားပြီး ဆိတ်ငြိမ်ရာမှာ ကသိုဏ်းအ ဖြစ် ကြာပန်းကို စူးစိုက်ကြည့်၊ ရှေ့ဖြစ် ပေါ်တဲ့အရာ ဝိပဿနာတင် ဟုမိန့်၏။ ရဟန်းပျိုသည် ရွှေပဒုမ္မာကြာပန်းအား မြင်ရသည်နှင့်ပင် ပီတိက ပွင့်နေလေပြီ။ အံ့မခန်း အနုစိတ် ပီပြင်အသွင်တင့်တ သည့် ရွှေပဒုမ္မာကြာပန်းကို စိတ်ဝင်တ စားကြည့်၏။ ပွင့်ချပ်များ၊ ဝတ်မှုန်များ ဗဟိုခွက်၏ဆန်းကြယ်ချက်များ စူးစိုက် ကြည့်နေ၏။ ကြည့်စမ်း၊ စိတ်နှင့်ကြာ တစ်သားတည်းဖြစ်စေသည်အထိ ကြည့် မိ၏။ ကြည့်ရှု၏။ နေရောင်လာထိလှ စဉ် ရွှေပဒုမ္မာကြာပန်း၏ တဖြည်းဖြည်း ညှိုးခြောက်လာပုံတို့ကိုပါ စိတ်ဘဝင် ထင်ကြည့်မိရာက ကြည့်နေသည့်ရဟန်း ပျို၏ ခန္ဓာအစဉ်၊ ရူပ၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏတို့သည်လည်း ဤကြာ ကဲ့သို့ ဖောက်ပြန် ယွင်းပျက်ရမည် သဘောလက္ခဏာတို့ ဉာဏ်တွင် ထင် လာတော့၏။ ထိုသို့ လက္ခဏာရေးအား ချက် ဖြစ်ပျက်ထင် ဝိပဿနာရှုမှတ်ခြင်း ဖြင့် တစ်ထိုင်တည်းမှာပင် ရဟန္တာဖြစ် တော်မူခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

(ခ)

ချိုင့်ဝှမ်းထဲသို့ ဆင်းခဲ့၍ တရားအားထုတ်ဖို့ သင့်လျော်သော နေရာကိုရှာဖွေကြည့်တော့ ကျောက်ကမ်းယံတစ်ခုတွင် နှစ်လိုဖွယ်အတိရှိသော လိုဏ်ဂူတစ်လုံး တွေ့ရ၏။ မနီးမဝေးမှာလည်းကျောက်စက်အိုင်နှင့်မို့ တရားအားထုတ်ရန် အကောင်းဆုံး ဖြစ်လေ၏။ ပတ်ဝန်းကျင်ကို သုတ်သင်ရှင်းလင်းကာ ဗုဒ္ဓထံမှ တောင်းပန်ခဲ့သည့် အာနာပါနသတိပဋ္ဌာန် ကမ္မဋ္ဌာန်းကို ရှုမှတ်ခြင်းစတင်သည်။ ဝင်သက်၊ ထွက်သက်တိုင်းသတိတစ်ချက် မလွတ်တင်းစေဘဲ ကျိန်းစော်သွားချိန်မှလွဲ၍ မပြတ် ရှုမှတ်သည်။သတိတစ်ချက်ကင်းလျှင် ပျင်းရိခြင်းအရတိ၊ လိုချင်ခြင်း ကာမ၊ မွတ်သိပ်ဆာလောင်ခြင်း ခုပ္ပိပါသာ၊ တပ်နှစ်သက်သို့ချင်ခြင်း တဏှာ၊ ငိုက်မျဉ်းထိုင်းမှိုင်းခြင်း ထိနမိဒ္ဓ၊ ကြောက်လန့်ခြင်း ဘီရုတွေးလူးကန်းခြင်း, ခက်ထန်ခြင်း မက္ခအမ္ဘ မိမိကိုယ်ကိုချီးမွမ်းအထင်ကြီးခြင်းအတ္တုက္ကံသန၊ သူတစ်ပါးကို ကဲ့ရဲ့ရှုတ်ချခြင်း ပရဝမ္ဘနာ၊ ယုံမှားခြင်း ဝိစိကိစ္ဆာ၊ဤ (၁၀) ပါးသော မာရ်စစ်သည်များက ဝင်ရောက် နှိပ်စက်ကြပေလိမ့်မည်။

ဤနေရာနှင့် အတန်ငယ်ဝေးသော ရွာငယ်လေး ရှိ၏။ ဆွမ်းကိစ္စအတွက် အမှီပြုရမည်။ သပိတ်နှင့် မိမိ၏သလုံးမြင်းခေါင်း အကြောင်းပြုကာဆွမ်းခံကြွမည်။ ဂေဟေဂေဟေ- အိမ်တိုင်း အိမ်တို၏ ထောက်ထောက်- အနည်းငယ် အနည်းငယ်စီ၊ ပစိတ်- ချက်အပ် ကျက်ပြီးသောဆွမ်း တစ်ပါးစာရှာရုံလောက်တော့ မခက်ခဲပေ။ ကိုးသော ရန်သူများအား မပြတ်ချိန်ခါနှိပ်တွပ်နေသော တိဿမထေရ်ကဲ့သို့သော ပုဂ္ဂိုလ်အတွက် အမှုကိစ္စနည်းရပေမည်။ ပို့ဆွမ်း၊ လှူဆွမ်းနှင့် ပင့်ဖိတ်ကြ၍ အနုမောဒနာတရားဟောနေလျှင်ည်သို့အားထုတ်ချိန်ရှိမည်နည်း။ ဒကာ၊ဒကာမတို့၏ အကျိုးငှဲ၍ မိမိအကျိုးမဲ့သည့် သေမင်းကို ဆွေအသင်းဖွဲ့ဆိုပြီးနိုင်းပါဦးဟု လက်ပြတားမရပေ။

ဆွမ်းခံဆင်းတိုင်း မေတ္တာဘာဝနာပွားများမြဲ ဖြစ်၏။ သာမဏေ၏ကျင့်ဝတ်အညီ အိမ်စဉ်မပြတ် ရပ်၏။ တစ်ခုသောအိမ်ရှေ့တွင် ရပ်ခိုက် ဒကာမကြီးတစ်ဦးသည် (၇) နှစ်ခန့်ရှိ သားငယ်တစ်ယောက်ကို လက်မှာတွဲလျက် ဆွမ်းခဲယ်လှူဒါန်းပြီး ပဋိသန္ထာရစကား ဆို၏။

"အရှင်ဘုရား၊ ဘယ်အရပ်များ သီတင်းသုံးပါသလဲ ဘုရား"

"ပဗ္ဘာရဝန ချိုင့်ဝှမ်းလိုဏ်ဂူမှာပါ ဒကာမကြီး"

ဆက်ကာ လိုဏ်ဂူ၌ ဝါကပ်သီတင်းသုံးပါရန်၊ အိမ်သို့ နေ့စဉ် ဆွမ်းခံကြွရန်နှင့် ပစ္စည်းလေးပါးအတွက် အလိုရှိက အလှူခံပါအကြောင်း ဖိတ်မန်လျှောက်ထားလေ၏။ တိဿမထေရ်သည် ဆိတ်ဆိတ်နေခြင်းဖြင့် ဒကာမကြီး၏လျှောက်ထားချက်ကို လက်ခံ၏။ နေ့ခင်းတွင် ရွာထဲရှိ ဒကာ (၅) ဦးခန့်တို့ ပဗ္ဘာရလိုဏ်ဂူတစ်ဝိုက် သန့်ရှင်းရေးဝေယျာဝစ္စကုသိုလ်ပြုကြပါ၏။ သည်လိုနှင့်ပင် တိဿမထေရ်မြတ်သည် ပဗ္ဘာရဝါသီတိဿ- ချိုင့်ဝှမ်း၌ သီတင်းသုံးနေသူ တိဿဟု ဘွဲ့နာမတော် တွင်ခဲ့လေ၏။

ဤသို့ဖြင့် ရက်၊ လတို့က ကုန်ပျောက်လာခဲ့ပေပြီ။ ကျင့်မြဲတရားကိုထောက်ပံ့မှုတို့ကလည်း ဖေးကူနေကြပါ၏။ သင့်တင့်လျောက်ပတ် ကောင်းမြတ်မှုဟုဆိုသော နေထိုင်ရာအရပ်ဒေသ၏ ရာသီဥတုနှင့် မိမိအတွက် သင့်မြတ်မှု၊ထိုဒေသရှိ မိမိ၏ကျန်းမာရေး စသောအရေးတို့နှင့်အတူ လုံခြုံအေးငြိမ်းသော၊ အိမ်,ကျောင်း,နေရာ သင့်မြတ်မှု၊ မိမိအတွက် သင့်တော်သော အစာအာဟာရပြည့်ဝမှု၊ ဆက်ဆံရာပုဂ္ဂိုလ်အချင်းချင်း, သံဃာနှင့်ဒကာအချင်းချင်း ရိုင်းပင်းကူညီ ကြည်ဖြူမေတ္တာသက်ဝင်၍ အဆင်ပြေမှု ဥတု,အာဝါသ,ဘောဇန,ပုဂ္ဂလ ညီညွတ်စွာရှိနေသည်ဟု တိဿမထေရ်အတွက် ဆိုနိုင်ကောင်းပါသော်လည်း ပုဂ္ဂလသပ္ပာယတစ်ခုတော့ ပြည့်စုံနေသည်၊ ညီညွတ်နေသည်ဟု မသတ်မှတ်နိုင်ပေ။

ရှိသည်။ အနားမှာပင် ရှိနေသည်။ မထေရ်၏လှုပ်ရှားမှုမှန်သမျှ ကြည့်နေ၏။ ယုတ်စွအဆုံး မထေရ်၏စိတ်ကူးစိတ်ရိပ်ပင် အလွတ်မပေး၊ အပြစ်ကိုရှာနေ၏။ ကိုယ်ကာယ၏ လွန်ကျူးမှုများ၊ နှုတ်ဝစီ ကြမ်းရှပေါ့သွမ်းသရမ်းမှုများ၊ မနောမှ ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသဝိတက် အတွေးဆိုး, စိတ်ဆိုးကိုပါ လိုက်လံ ထောက်လှမ်းနေလေသည်။ ဖြစ်နိုင်လျှင် ထိုပုဂ္ဂိုလ်ကတော့ မထေရ်မြတ်ကို ဤပဗ္ဘာရတစ်ဝိုက်၌ တစ်ခဏပင် မရှိစေချင်။ မြန်မြန်ထွက်ခွာလေ၊ ပိုကောင်းလေ ဖြစ်၏။ သို့သော် အခွင့်မသာသေးပါ။ မထေရ်၏ဟာကွက်ပျောက်ကွက်ကို မဲတွေ့တွေ့အောင် ရှာနေ၏။ တစ်နေ့မဟုတ် တစ်နေ့တော့ တွေ့ကိုတွေ့ရပေမည်။ မျက်ခြည်မပြတ် စောင့်မည်။

စောင့်ကြည့်သူက အဒိဋ္ဌကရှင်။ မထေရ်မမြင်တွေ့နိုင်သော ဤပဗ္ဘာရနှင့် လိုဏ်ဂူသခင်မဟု တွင်သည့် မိစ္ဆာဒေဝီနတ်သမီးပင် ဖြစ်တော့သည်။ အစမှ္ခြောက်လှန့်မောင်းထုတ်ချင်သော်လည်း အထက်ဒေဝတာများက ရှိသေး၏။ အပြစ်ပေးမည်ကို မိစ္ဆာဒေဝီ သိ၏။ အပြစ်ကိုရှာ၍ အပြစ်ကြောင့်နှင်သည်ကိုတော့ မမှ္ခနည်းလမ်းကျသည်မို့ ဒေဝတာများ ခွင့်လွှတ်လိမ့်မည်။ မထေရ် လာရောက်သီတင်းသုံးသဖြင့် မိစ္ဆာဒေဝီအတွက် အနေခက်စေ၏။ သိက္ခာသုံးရပ် ပြည့်ဝသော ပုဂ္ဂိုလ်တို့၏အရှိန်အစော်ကြောင့် ဗိမာန်တွင် အေးချမ်းစွာ မစံစားရ၊ ရွှေ့ရပြောင်းရသေး၏။ သည်အတိုင်းတော့ ကြာမြင့်စွာမနေချင်။

တစ်နည်းနည်းနှင့် နှင်ရမည်။ မထေရ်၏အကျင့်က ဟာကွက်မတွေ့သေး။ ဟာကွက်မတွေ့က ဟာကွက်ဖန်တီးမှ ဖြစ်မည်။ လှုံ့ဆော်ရမည်။ မိစ္ဆာဒေဝီ ကြံစည်သည်။ အတွေးတစ်ခုသည် လက်ခနဲ ထင်လာ၏။

(ဂ)

နေလုံးနီနီကြီးသည် အနောက်ဘက်တောင်ထိပ်၌ မေးတင်စပြုနေလေပြီ။ လုပ်ငန်းခွင်မှပြန်လာကြသော လှည်းသံ၊ နွားသံ၊ လူသံတို့က ရွာအနှံ့ လွင့်လာသည်။ ဤအသံတို့က ကျေးလက်ရွာငယ်ကလေး၏ နေ့စဉ် မိုးလင်းစ၊ မိုးချုပ်ဆဲသမယ၌ မပြောင်းလဲဘဲ ကြားရလေ့ ရှိ၏။ လယ်လုပ်တောင်ယာ သမ္မာအာဇီဝ သမားရိုးကျ အသက်မွေးဝမ်းကျောင်း လုပ်ကိုင်နေကြသည်။ ကလေးတွေကတော့ မိဘတို့၏ တောပြန်လက်ဆောင်တွေဖြင့် ခုန်ပေါက်မြူးကြွ ကစားနေကြ၏။ ပဗ္ဘာရဝါသီ တိဿမထေရ်ကို ကြည်ညိုသော၊ ဗုဒ္ဓဘာသာအပေါ်သက်ဝင် လေးစားလွန်းသော ဦးသီဝ၊ ဒေါ်ပုညတို့အိမ်မှာလည်း အလုပ်ရှုပ်နေ၏။ မီးဖိုချောင်၌ သမီးကြီးမိမာလာနှင့်အတူ ချက်ပြုတ်နေကြရင်း-

"မိုးလင်းရင် အရှင်မြတ်ကို ဆွမ်းဟင်းလှူဖို့ ဘာစီမံရမှာပါလိမ့်"

"ငါးခြောက်တစ်ခြမ်း ကျန်သေးတယ် မယ်မယ်။ အဲဒါကို ခရမ်းချဉ်သီးနဲ့ ငရုတ်သီးစပ်စပ်တစ်ခွက်ချက်ပြီး လှူဖို့ သမီး စီစဉ်ထားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"အေးကွယ်၊ အချို့ပွဲအတွက်တော့ သစ်သီးတွေလည်း အစုံရှိသေးတာပဲ။ တစ်နေ့တစ်မျိုး လှူရမှာပေါ့။ မယ်မယ်တို့အတွက် ခုလို ကျေးလက်ဇနပုဒ်မှာ လူဆင်းရဲအဖြစ် မွေးလာခဲ့ရတယ်။ အတိတ်ကံမဖြူစင်ခဲ့လို့ဘဲ သမီး။ ဒီဘဝ ဆင်းရဲသော်လည်း စေတနာဖြူဖြူ သဒ္ဓါဖြူဖြူနဲ့ မထေရ်မြတ်နိဗ္ဗာန်ခရီး အမြန်ရစေဖို့အရေး တစ်ဖက်တစ်လမ်းက တတ်စွမ်းသမျှ ပေးလှူမှုဟာ အကောင်းဆုံး ကုသိုလ်ကြီးဖြစ်တယ် သမီး"

မိုးဦးကျတွင် ပေါက်လေ့ရှိသော ဝါးရုံမှိုများကို ရေဆေးရင်းကနေ သမီးဖြစ်သူ မိမာလာအား သွန်သင်နေသည်။ ဒေါ်ပုညတစ်ယောက် ရွာထဲတွင် သူတော်ကောင်း အမျိုးသမီးအဖြစ် ရှေ့တန်းတင်ခံရ၏။ အိမ်တွင်လည်း သားသမီးကိစ္စ၊ အလုပ်ကိစ္စ အဘက်ဘက်၌လည်း စိတ်ရှည်တတ်၏။ ဒေါ်သမစွက်ရှေ့ရေးမျှော်ကာ စီစဉ်လေ့ရှိ၏။ မွေးထားသည့် သားသမီးတွေက လိမ္မာယဉ်ကျေးကြပါ၏။ အားလုံးထဲတွင် အငယ်ဆုံး သားထွေးက ဒေါ်ပုည၏ အသက်ဘူး၊ အချစ်ဆုံးကလေး။ အိမ်ရှေ့၌ဆော့ကစားနေသော သားငယ်ကို လှမ်းကြည့်ရင်း အပြုံးတို့က ပွင့်လျက်။ သားငယ်က သူ့ကို ကျောခိုင်းပြီး ရွာလမ်းမဘက်သို့ ငေးကြည့်နေသည်။

"မယ်မယ်- အသားနီနီ၊ မျက်စိပြူးပြူးနဲ့ မိန်းမကြီးတစ်ယောက် သားတို့အိမ်ဝင်းထဲ ဝင်လာနေတယ်"

သားငယ်စကားကြောင့် ကပျာကယာ အိမ်အပြင်ထွက်ခဲ့၏။ ဒေါ်ပုည ကြည့်တော့ မည်သူမျှမတွေ့။ ပခုံးကို ဖက်၍ အိမ်ထဲသို့ ခေါ်မည်အလုပ်-

"သားကို လက်ယပ်ခေါ်နေတယ်။ ဟောဟော- ရှေ့တိုးလာနေပြီ။ သားကြောက်တယ် မယ်မယ်- ဟီးဟီး"

"အမယ်လေးတော့ ကိုသီဝ၊ လာစမ်းပါဦး။ သား ဘာဖြစ်သွားပါလိမ့်"

ဒေါ်ပုည၏ ငိုသံကြီးဖြင့် မြည်တမ်းမှုကြောင့် နွားတင်းကုပ်မှာ နွားတွေနှင့် အလုပ်ရှုပ်နေသော ဦးသီဝ အဆောတလျင် ပြေးလာခဲ့၏။ အိမ်နီးချင်းတချို့ပါ ရောက်လာသည်။ ဒေါ်ပုည၏ ရင်ခွင်ထက်မှာတော့ သားငယ်၏ခန္ဓာကိုယ်က တောင့်တောင့်ကြီး စန့်နေ၏။ အမျိုးသမီးတွေက အနားတွင် စုပြုံတိုး၍-

"ဟယ် - ကလေးရဲ့ဦးခေါင်းက နောက်ကျောဘက်ရောက်နေပါလား"

"ဟုတ်ပါရဲ့။ မျက်စိကလည်း မျက်ဆန်ပျောက်ပြီး မျက်ဖြူလန်ရမှာ၊ ဘယ့်နှယ်. . ."

"မျက်ဖြူ မဟုတ်ဘူးဟဲ့၊ မျက်နီကြီး"

"သွေးရိုးသားရိုးမှ ဟုတ်ရဲ့လား"

တစ်ယောက်တစ်မျိုးစီ အလီလီဆိုကြ၏။ ကလေးငယ်နှင့် မိဘများခမျာ သောတငွေ့တလူလူလွင့်နေသည်ကို မသိကြ။

"ကဲကဲ - ဝိုင်းအုံမနေကြပါနဲ့။ ကလေးငယ် ပိုဆိုးလာလိမ့်မယ်"

ဦးသီဝက ထိုသို့ ပြောလိုက်ရင်း ဒေါ်ပုည၏ရင်ခွင်မှ ကလေးငယ်ကိုပွေ့ချီ၍ အိမ်အောက်ရှိ ခုတင်ပေါ် ယူသွား၏။ ပရိသတ်ကပါ လိုက်လာ၏။ သား၏အသွင်ကြောင့် တစ်စုံတစ်ခုမှားယွင်းနေပြီဆိုသည်ကို ဒေါ်ပုည သိနေပြီ။ ကိုသီဝ ဆိုတာကလည်း ရိုးအေးတည်ကြည်သူ ဖြစ်သည်။ ဗုဒ္ဓ၏ ဥပါသကာပီသသူ။ သမီးနှင့်သားတွေဆိုလည်း အရောင်မညစ်နွမ်းကြပါ။ အချိန်ကိုစောင့်လင့်၍ အဖြေရှာရမည်။ ဖြစ်ရိုးဖြစ်စဉ်ရောဂါတော့ မဟုတ်နိုင်။ ခုတင်ထက်တင်၍ ပြုစုဖို့လုပ်နေခိုက် ကလေးငယ်က ရုတ်ခြည်း အားကောင်းမောင်းသန် လက်ပန်းသည်နှယ် ဖခင်လက်မှ ရုန်းထွက်ပြီး ရှေ့က ခြေတံရှည်စားပွဲထက်သို့ ခုန်တက်လိုက်၏။ တင်ပျဉ်ခွေထိုင်ရင်း-

"ဟားဟားဟား- ငါ့ကို မလေးမစားမလုပ်နဲ့၊ နင်တို့ အကုန်သေသွားမယ်ဟေ့"

ကလေးငယ်၏နှုတ်မှ စူးရှအက်ကွဲသော အသက်ကြီးကြီး အမျိုးသမီးအသံဆိုးက ပေါက်ကွဲထွက်လာပါတော့သည်။ အောက်ကထိုင်နေသော အမျိုးသမီးတစ်စုကတော့ ကြောက်လန့်စွာ ဒူးတုပ် လက်အုပ်ချီကြလေပြီ။ အိမ်ရှင်တွေကဖြင့် ပကတိဟန်မပျက်။ ကျောကုန်းဘက်ရောက် မျက်နှာက ကြောက်စရာအသွင်။

ဒေါ်ပုညက သာမန်လေသံဖြင့်-

"ကျုပ်သားကို ဝင်ပူးပြုစားသူက ဘယ်သူလဲ ပြောပါ"

"ပဋ္ဌာရဝနချိုင့်ဝှမ်းအရှင်သခင်မပဲ"

"ဘာလို့ဖမ်းစားရသလဲ"

"အကြောင်းရှိလို့ပေါ့၊ အကြောင်းရှိလို့"

ဘေးကလူတွေအသံတို့ ပွက်ထလာ၏။ အရှင်မ မကြိုက်တာလုပ်မိလို့ ပူဇော်ပ,သရမည်။ တို့လည်း ဝိုင်းဝန်းထည့်ဝင်မည်။ ချမ်းသာအောင် မ,စရန် တီးတိုးဆူညံစွာ အဖုံဖုံပြောနေကြသော်လည်း-

"ကျုပ်တို့မိသားစုက ဗုဒ္ဓရဲ့တပည့်တွေပါ။ ဗုဒ္ဓဘာသာကလွဲလို့ အခြားအရာ စိတ်မဝင်စားပါဘူး"

"အေး- ငါကလည်း လူတွေကို အမှီပြုပြီး ပ,သတာခံစားရမယ့် သခင်မ မဟုတ်ဘူး။ ဒီမယ်-ငါပြောတာကို သေချာနားထောင်ပြီး ခိုင်းတဲ့အတိုင်းလုပ်၊ ဟင်းဟင်း- မလုပ်ရင်တော့ နင်တို့သားဒုက္ခတွေ့စေရမယ်၊ သိလား"

"ဒါဆို ပြောကြည့်ပါ"

"အလွယ်ကလေးပါ။ ဒီမယ် နင်တို့အိမ် ဆွမ်းခံကြွနေတဲ့ ကိုယ်တော်ဆီက. . ."

စကားကို ရပ်တန့်ပြန်၏။ ပရိသတ်ထဲရှိ အမျိုးသမီးတစ်စု ဆူညံလာပြန်၏။ ဦးသီဝတစ်ယောက် မိသားစုအရေးပါမကဘဲ သက်ဝင်ကိုးကွယ်မှုတိုပါ ဒွိဟပွားစေမည့်အဖြစ်ကို မရောက်စေချင်ပါ။ အားနာစွာဖြင့် အားလုံး ပြန်ကြပါရန် လက်ဟန်ဖြင့် မောင်းထုတ်လိုက်ရပါသည်။ တချို့က ပေကတ်ကတ်နှင့် မပြန်ချင်သေး။ လက်ဆွဲကာ အပြင်ထိ ပို့ရသည်။

"ဆက်ပြောပါ၊ ပဋ္ဌာရဝါသီတိဿမထေရ်ဆီက. . ."

"အေး- အဲဒီကိုယ်တော်ကို ဆေးကုသပေးဖို့ တောင်းပန်ပါ။ သူ မကုတတ်စရာ မရှိပါဘူး။ သူနေထိုင်တဲ့ဂူဝနားမှာ နွယ်ချိုပင်တွေ ရှိတယ်။ အဲဒီ နွယ်ချိုနှမ်းဆီ ရောကျိုပြီး ကလေးရဲ့ကိုယ်ကိုလူးပေးရုံပဲ။ ဒီလိုလုပ်ပေးလိုက်ရင် နင်တို့ကလေး အသက်ရှည် ချမ်းသာလိမ့်မယ်"

ဆေးက ဘယ်မှာရှာရှာ၊ အချိန်မရွေးရအောင် လွယ်လွန်းသည်၊ ဆေးကုသပေးရန် ဆရာကလည်း ရင်းနှီးကျွမ်းဝင်ပြီးသား ဖြစ်သည်။ သို့သော်လည်း လူနာရှင်မိသားစုက သာမန်လူသားတို့၏ ယုံကြည်မှုသဒ္ဓါတရားမျိုးရှိသူ မဟုတ်ကြ။ ဩကပ္ပနသဒ္ဓါ- ရတနာသုံးပါးနှင့်ကံကံ၏အကျိုးတို့ကို အသက်စွန့်ပြီး ယုံကြည်လေးစားသော မိသားစုရဟန်းမည်သည် ဆေးကုသခြင်း၊ ဗေဒင်ဟောခြင်း၊ လူတို့၏ တမန် အစေခံစကားသယ်ဆောင်,အကျိုးဆောင်,ဟောဆောင်ပြောခြင်း အပါအဝင် မိစ္ဆာ



www.burmeseclassic.com

ဖြစ်စေရာများကို ရှောင်ကြဉ်ရပါသည်။ နည်းနှင့်အညီ စောင့်ထိန်းရသည်တို့ကို သိနေကြ၏။ ပဋ္ဌာရဝါသီ တီသမထေရ် ကဲ့သို့ သီလဝန္တ သံဃာတော်သည် ဤ အမှုမျိုးပြုမည်မဟုတ်။

"သည်သားဟာ ကျုပ်ရဲ့ အချစ် ဆုံးရင်သွေးပါ။ မိဘတိုင်း သားသမီးကို ချစ်ကြတာပါပဲ။ ဒါပေမယ့် ကျုပ်သား အသက်ရှင်ဖို့အတွက် မထေရ်မြတ်ဆီက ဘာမှမတောင်းဘူး။ ကျုပ်သားကြောင့် သာသနာဖျက် မဖြစ်ချင်ဘူး။ ကဲ- အ ရှင်မ၊ ကျုပ်သားကို သတ်ချင်သပဆို ဆခု သတ်လိုက်တော့"

ဒေါ်ပုညကတော့ ခပ်ပြတ်ပြတ် ပြောလိုက်သည်။

ဘယ်လို မိစ္ဆာဒေဝီမ ပါလိမ့်။

"အေး- နင် ဒီလိုမလုပ်ခိုင်းချင်ရင် အိမ်မှာရှိတဲ့ ရှိန်းခိုမှုန့်ကို ကလေးနှာ ခေါင်းထဲ မှုတ်ထည့်ခိုင်းလိုက်။ ဒါက ဆာန်းအနေနဲ့မခက်ဘူး။ ငါ နင့်ကလေး ကို သေတာထက်ဆိုးအောင် လုပ်နိုင် တယ်မှတ်"

"ဟ- ဒါကလည်း ဆေးကုတာပဲ ဘာ"

"ဟုတ်တယ်၊ ကျုပ် သဘောမတူ ဘူး"

"ကဲကဲ - ဒါဆိုရင် ရဟန်းရဲ့ခြေ ဆောက်ကို ရေဆေးပြီး ကလေးရဲ့ခေါင်း ပေါ် လောင်းချပေး၊ ဒါနောက်ဆုံးပဲ"

"ဒီလောက်တော့ ကျုပ်လုပ်မယ်"

ဝန်ခံကတိရသည်နှင့် မိစ္ဆာဒေဝီ သည် ကလေးငယ်၏ကိုယ်မှ ထွက်ခွာ သွားတော့၏။ ဦးခေါင်းကို တည့်မတ် ပေးသွားသော်လည်း ကလေးငယ်မှာ အကောင်းပကတိတော့ မဖြစ်သေးပါ။ သတ္တဝါတစ်ခု ကံတစ်ခုအဖြစ်ဟု မှတ် ယူ၏။ မိစ္ဆာဒေဝီ၌လည်း အပြစ်ဖွဲ့ ဒေါ သပွားမနေချင်။ ဖြစ်ရမည့်အချိန် ဖြစ် လာမည်၊ ပျက်ရမည့်အချိန် ပျက်လာရ ပေမည်ပဲ။ သားငယ်အတွက် စိတ်မကောင်း ဖြစ်ရုံကလွဲ၍ သူတို့ ဘာမှမတတ်နိုင်။ တတ်နိုင်သည့်အရာကိုတော့ မနက်ဖြန် ပြုသာလျှင်။

(ဃ)

မောဃပုရိသ- မဂ်ဖိုလ်နှင့်မထိုက် တန်သူ၊ မဂ်ဖိုလ်မှအချည်းနှီးယောကျ်ား ဟု သုနက္ခတ်ရဟန်းမိုက်အား ဗုဒ္ဓကမိန့် ခဲ့သလိုမျိုး မထေရ်မြတ် အဖြစ်မခံရ အောင် နေခဲ့၏။ မဖွံ့မယံလွန်သည်နှင့် တိန်းစက်ရာမှထကာ ပွားများမှု စတင် တော့၏။ ထို့နောက် ဆွမ်းခံမဆင်းမီ သရဇ္ဈာယ်မြဲဖြစ်သော ပဗ္ဗဇိတအဘိဏှ သုတ်ကို ဆင်ခြင်လေ့ ရှိ၏။

'ရဟန်းတို့- ဤတရား(၁၀)မျိုးကို ရဟန်းသည် မပြတ်ဆင်ခြင်အပ်ကုန်၏။ အဘယ်တရား (၁၀) မျိုးတို့နည်းဟူမူ-

၁။ ငါသည် အဆင်းဖောက်ပြန်သည် ၏အဖြစ်သို့ ကပ်ရောက်ရာ၏ဟု ရဟန်းသည် မပြတ် ဆင်ခြင်အပ် ၏။

၂။ ငါ၏အသက်မွေးမှုသည် သူတစ် ပါးနှင့်ဆက်စပ်နေ၏ဟု ရဟန်း သည် မပြတ်ဆင်ခြင်အပ်၏။

၃။ ငါသည် (လူအမူအရာ အသွင်အ ပြင်မှတစ်ပါး) အခြားသော အ သွင်အပြင် အမူအရာကို ပြုသင့် ၏ဟု မပြတ်ဆင်ခြင်အပ်၏။

၄။ ငါ၏စိတ်သည် သီလအားဖြင့်(မိမိ ကိုယ်ကို) စွပ်စွဲဘဲရှိ၏လောဟု မပြတ်ဆင်ခြင်အပ်၏။

၅။ ငါ့ကို သိနားလည်သော သီတင်း သုံးဖော်တို့က ဉာဏ်ဖြင့် သက်ဝင် ၍ သီလအားဖြင့် မစွပ်စွဲဘဲရှိ၏ လောဟု မပြတ်ဆင်ခြင်အပ်၏။

၆။ ငါ့အား ချစ်ခင်သူ၊ နှစ်သက်သုံ့ အားလုံးတို့နှင့် ရှင်ကွဲကွဲမှု၊ သေ ကွဲကွဲမှုဖြစ်ရမည်ဟု မပြတ်ဆင် ခြင်အပ်၏။

၇။ ငါသည် ကံသာလျှင် မိမိဥစ္စာရှိ သူ၊ ကံ၏အမွေခံသူ၊ ကံသာလျှင် အကြောင်းရှိသူ၊ ကံသာလျှင်မိတ် ဆွေရှိသူ၊ ကံသာလျှင်လည်း လျောင်းရာရှိသူဖြစ်၏၊ ငါပြုမည့် မကောင်းသောကံ၊ ကောင်းသော ကံ၏အမွေခံဖြစ်ရမည်ဟု မပြတ် ဆင်ခြင်အပ်၏။

၈။ ငါသည် အဘယ်သို့ ဖြစ်နေစဉ် ညဉ့်၊ နေ့တို့သည် ငါ့ကို လွန်ကုန် သနည်းဟု မပြတ်ဆင်ခြင်အပ် ၏။

၉။ ငါသည် ဆိတ်ငြိမ်ရာကျောင်း၌ မွေ့လျော်၏လောဟု မပြတ်ဆင် ခြင်အပ်၏။

၁၀။ ငါသည် လူတို့၏ ကုသိုလ်ကမ္မ ပထတရား ဆယ်ပါးထက် လွန် မြတ်သော ကိလေသာကို ဖျက် ဆီးခြင်းငှာ စွမ်းနိုင်သော၊ မြတ် သော ဉာဏ်အမြင်ထူးကို ရအပ် သလော။ ငါသည် နောက်ဆုံး (သေခါနီး) ကာလ၌ သီတင်းသုံး ဖော်တို့ကမေးသည်ရှိသော် မျက် နှာမလှမဖြစ်ရအံ့ဟု ရဟန်းသည် မပြတ်ဆင်ခြင်အပ်၏။

ရဟန်းတို့- ဤ (ဆိုခဲ့ပြီး) တရား (၁၀) မျိုးတို့ကို ရဟန်းသည် မပြတ်ဆင် ခြင်အပ်ကုန်၏'

ဟု မိန့်တော်မူ၏။

ခုချိန်ခါ မထေရ်သည် ပုထုဇဉ် အဖြစ် မကင်းသေးပေ။ ဉာဏ်အမြင် ထူးက ဝေးသေး၏။ နောက်ဆုံး သေခါ နီးကာလဆိုသည်မှာလည်း မည်မျှနီး ဝေးမသိနိုင်သည့်အတွက် မျက်နှာလှရန် ပင့်သက်တစ်ရှူမှာပင် အရေးကြီးလှပါ ၏။ ကြိုးစားရမည်။ မမေ့မလျော့ လုံ့လ စိုက်ရလိမ့်မည်။

အချိန်ကျလေပြီ။

သက်န်းကို အဝန်းညီစွာရုံလျက် ဆွမ်းခံဆင်းခဲ့၏။ မိုးသည် တဖွဲဖွဲနှင့်ရွာ နေသည်။ မိုးရွာ၍၊ နေပူ၍၊ လေတိုက် ၍ ဥတုသဘောကြောင့် ရဟန်း၏တာ ဝန်အား ရပ်ရန် အကြောင်းမဟုတ်။ ထွက်သက် မရပ်တန့်မီကာလတော့ တရားဆက်ကျင့်နိုင်ရေး အဓိကရည်ရွယ် လျက် အာဟာရကို မှီဝဲရဦးမည်။ ခန္ဓာ ၏တောင်းဆိုချက်ကို ဝတ်ကျေတန်းကျေ ထမ်းရပေဦးမည်။ အလိုလိုက် အကြိုက် ဆောင်ခြင်းမျိုးတော့ ရှောင်ကြဉ်ရမည်။ ကောင်း၏၊ ဆိုး၏ဟုလည်း အာဟာရအ ပေါ် အာရုံမစိုက်မှ ဖြစ်မည်။ သီလဝန္တ ဖြစ်လည်း ပစ္စည်းလေးပါးတပ်မက်လွန်း၊ အမဲသား၊ ငါး အစားကြူးလွန်းက အ ပါယ်မလွတ်နိုင်။





www.burmeseclassic.com

www.burmeseclassic.com

ဒကာမကြီး၏အိမ်ရှေ့သို့ ကြွရာ၌ ထူးခြားသလိုရှိ၏။ လျှဒါန်းအပြီး ကြွရန်အပြု၌-

"အရှင်ဘုရား၊ တပည့်တော်မကို သနားသောအားဖြင့် အရှင်ဘုရား၏ ခြေအစုံကို ရေများနှင့် သန့်စင်ခွင့်ပြုပါဘုရား"

တားမြစ်ရန်အကြောင်း မဟုတ်သဖြင့် ခွင့်ပြုပါ၏။ အင်ပျဉ်တစ်ခုပေါ် ရပ်တန့်လျက် ခြေနှစ်ဖက်တို့အား ရေလောင်းချ၏။ ထိုရေတို့ကို အောက်ခံခွက်ဖြင့် ထည့်ယူ၏။ ရေခွက်ကို မ,ချီရင်း-

"အရှင်ဘုရား၊ ဒီရေကို တပည့်တော်မသားငယ်၏ ဦးခေါင်းအပေါ် လောင်းသွန်ချင်ပါတယ်။ ရပါသလားဘုရား"

မထေရ်သည် ဒကာမကြီး၏ဆန္ဒအတိုင်း ခွင့်ပြု၏။

"ရပါတယ် ဒကာမကြီး၊ လောင်းပါ"

ဟု မိန့်မြွက်၍ လိုဏ်ဂူသို့ ပြန်ကြွခဲ့၏။ ခြေဆေးရေနှင့် သားငယ်၏ ဦးခေါင်းပေါ် လောင်းချပေးသည်နှင့် မိစ္ဆာဒေဝီဖမ်းစားသမျှ ဝေဒနာတို့ ကင်းစင်သွားတော့၏။ ထိုအရေးကို မထေရ် မသိရှိပေ။ မလိုအပ်သည့်အရေးတွေကို ရေးကြီးခွင့်ကျယ်မေးရန်ကား ရဟန်းကိစ္စ မဟုတ်။ နှုတ်ကို ချုပ်တည်းခြင်းသည် ဣန္ဒြေတစ်ပါး ဖြစ်၏။ အကယ်တန္တု သံသရာဝဋ်ဆင်းရဲမှလွတ်မြောက်ရန်အကျိုးငှာ ရဟန်းပြုလာသူအဖို့ စက်ကွင်းတစ်ခုကို သတိထားရ၏။ မမြင်အောင်၊ မတွေ့အောင် ရှောင်၍လည်း မရ။ မဆက်ဆံလို့လည်း မဖြစ်။ သတိလွတ်ကင်းပြီး စက်ကွင်းထဲသို့ လည်စင်းအညံ့ခံသွားရှာသည့် ရဟန်းတွေ၊ သူတော်စင် သာမဏေတွေက လွန်စွာများခဲ့၏။

ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသာ၊ ဖောဋ္ဌဗ္ဗာဟု စွဲလာအာရုံ ကာမဂုဏ်သည်၊ ရှိန်ဟုန်မာန်ပြင်း၊ တစ်ချက်ခွင်းက၊ ငါးစင်းစိုက်ဝင်၊ မိန်းမရှင်တို့၊ ဆန့်ကျင်ယောကျ်ား၊ မိန်းမူးသွားအောင်၊ စွမ်းအားပြည့်ဝ၊ ပစ်နိုင်ကြသည်။ ဤသည်ကိုရည်၍ အမျိုးသမီးတို့၏ ရုပ်ရည်အဆင်း ပြောဆိုအသံ၊ ကိုယ်ခန္ဓာရနံ့၊ ခံစားမှုအရသာ၊ ကိုယ်အတွေ့အထိ ကာမဂုဏ်တို့သည်သာလျှင် ယောကျ်ားတို့၏စိတ်နှလုံးကို ဆွဲကျုံးသိမ်းဆောင်နိုင်စွမ်းအရှိဆုံး ဖြစ်၏။ အခြားမရှိဟု ဗုဒ္ဓမိန့်တော်မူခဲ့ပါ၏။ အမျိုးသမီးအတွက်လည်း ယောကျ်ားတို့၏ အာရုံသာလျှင် အမက်မောဆုံးပင်။ မထူးခြားပါ။

ရဟန်းမည်သည် သက်ရှိ မာတုဂါမ မဆိုနှင့်၊ သက်မဲ့ မာတုဂါမ၏ ဆေးရေးပန်းချီပုံသဏ္ဌာန်ကိုပင် ကိုင်တွယ်ထိစပ် ကြည့်အပ်သာယာမိလျှင်ဖြစ်စေ၊ ဒုက္ကဋ်တည်းဟူသော အာပတ်ကြောင့် ချာန်၊ မဂ်ဖိုလ်၏အန္တရာယ် ဖြစ်သည်။ အပြစ်သင့်၏။ ထိုသေးငယ်သောအပြစ်ကလေးသည် ကြီးမားသော အတိုင်းအရှည်မဲ့ သံသရာဝဋ်ဒုက္ခအတွင်းသို့ ဆွဲနစ်ယူ့စေနိုင်၏။

တောတောင်ဝန်းကျင်မှာတော့ ရွာကဲ့သို့ ဝိသဘာဂအာရုံနည်းပါး၏။ ဤလှိုဏ်မြောင် ချိုင့်ဝှမ်းမှာလည်း ကျေးငှက်သာရကာ၏ တီတာခွန်းနွဲ့ သံသာ ကြားရ၏။ မထေရ်သည် ခါတိုင်းကဲ့သို့ လိုဏ်ဂူဘက်လှမ်းကြွလာခဲ့၏။ သို့သော် ရှေ့ဆက်မလှမ်းနိုင်အောင် ဖြစ်သွားရသည့် ထူးခြားသော မြင်ကွင်းကား လျှပ်တစ်ပြက်အတွင်း အမျိုးသမီးတစ်ဦးက ဘွားခနဲ ရပ်ပေါ်လာသည်။-ကျေးလက်သူမ ထက် တစ်မူထူးသော အဆင်းနှင့်တကွ မထီလေးစား ပြက်ရယ်သံဖြင့်-

"ဟင်းဟင်းဟင်း - ဘယ်လိုလဲ ဆေးဆရာကြီးရဲ့။ သည်နေ့ ဆေးကုခအဖြစ် သပိတ်လျှံအိတ်လျှံ ရလာမှာပေါ့နော်။ သည်ဂူက ဆေးဆရာနေရမယ့်နေရာ မဟုတ်တော့ဘူးလေ"

မထေရ်က သတိမမေ့၊ အမှတ်မပျောက်ဘဲ ရှေ့ရှိမာတုဂါမကား မနုဿမဟုတ်၊ အ,မနုဿဟု သိပင်သိသော်လည်း-

"သင် ဘယ်သူလဲ၊ ငါ ဘယ်တုံးက ဆေးကုပေးခဲ့ဖူးလို့လဲ"

မိစ္ဆာဒေဝီ အရှင်မသည် မထေရ်၏စကားသံကို ခိုးထုပ်ခိုးထည်ဖြင့် မိသောအိမ်ရှင်ကဲ့သို့ ပိုင်နိုင်စွာ ဖြေလိုက်သည်။

"ပဏ္ဍာရဝနနဲ့ ဒီလိုဏ်ဂူကို ရဟန်းမရောက်ခင်ကတည်းက စောင့်ရှောက်ခံစားနေသူ ဒေဝီရှင်မလေ။ အိပ်ချင်ယောင်ဆောင်သူဟာ နှိုးရခက်သတဲ့။ ခုလည်း ဆေးဆရာရဟန်းက မသိဟန်ဆောင်နေတော့ ပြောပြပါ့မယ်။ ဒီနေ့ ဆွမ်းခံအိမ် ဒကာမကြီးရဲ့ ကလေးငယ်ခေါင်းပေါ်ကို ရဟန်းခြေဆေးထားတဲ့ ရေလောင်းခိုင်းတာကိုတော့ မှတ်မိတယ်မဟုတ်လား ဆေးဆရာကြီးရဲ့"

မိစ္ဆာဒေဝီအရှင်မက အချက်ကျကျဖြေရင်း မေးခွန်းထုတ်လိုက်လေ၏။ သပိတ်လွယ်ရပ်လျက်နှင့် မထေရ်သည် ခုမှ မိစ္ဆာဒေဝီ၏စကားကို အကြောင်းစုံသိသွားတော့၏။

'ဩော်. . . ငါကား သာသနာ့ဘောင်မှာ ရဟန်းအဖြစ်နေရတာ အရ[illegible]တော်လေစွ။ လူတို့၏စိတ်မနောကိုသိစွမ်းနိုင်သော ဒေဝီကပင်လျှင် ငါ၏စောင့်ထိန်းအပ်သော သီလကို အပြစ်ရှာမရအောင် စင်ကြယ်သန့်ရှင်းစွာတည်ရှိနေပါပကာ'

ဟု မိမိသီလကို ပြန်လည်ဆင်ခြင်၍ အရင်က မဖြစ်ခဲ့ဘူးသော အလွန်အလွန် နှစ်သက်မှုပီတိသည် ဖြစ်ပေါ်လာ၏။ ထိုပီတိမှ အစပြု၍ ဖြစ်ဆဲသဘောများကို ဖြစ်တိုင်း ဖြစ်တိုင်း မပြတ်ရှုမှတ်နေ၏။ အတိတ်မှ ရှုမှတ်မှုများနှင့် ပစ္စက္ခအဖြစ်ပါ ရှုမှတ်မှု၏ တစ်ဒင်္ဂအခိုက်မှာပင် အာသဝေါလေးပါး[illegible]လွတ်၍ ရဟန္တာဖြစ်တော်မူ၏။ မထေ[illegible]မြတ်ကား ရဟန်းတို့၏စောင့်ထိန်းရမည့်သီလ၊ တစ်နည်းအားဖြင့် သိက္ခာပုဒ်အရေအတွက်ပေါင်း ကုဋေကိုးထောင့်တစ်ရာ့ရှစ်ဆယ် ငါးသန်း သုံးသောင်းခြောက်ထောင် ဆိုသော အပရိယန္တပါ[illegible]သုဒ္ဓိသီလ လုံခြုံမှုကြောင့် ဖြစ်ပေါ်လာသော ပီတိကို လျောင်း၊ ထိုင်၊ ရပ်၊ သွား ဣရိယာပုတ် (၄) ပါးအနက် ရပ်ခြင်း ဣရိယာပုတ်နှင့် ရဟန္တာဖြစ်သွားခြင်းပင် ဖြစ်တော့၏။

ဆက်လက်ပြီး မထေရ်မြတ်သည် အနာဂတ်တွင် မထေရ်မြတ်ကဲ့သို့ တရားလာအားထုတ်မည့် ရဟန်း သံဃာအပေါ် အပြစ်ဖွဲ့ငြိုငြင်စေမည့် မိစ္ဆာဒေဝီကို ဤနေရာသို့မနေရန် ဆုံးမနှင်လွှတ်လိုက်ပါ၏။ မထေရ်မြတ်အဖို့ ရန်သူများ သမျှသုတ်သင်၍ပြီးခဲ့လေပြီ။ မြတ်သော အကျင့်ကိုလည်း ကျင့်သုံးပြီးခဲ့လေပြီ။ ရှေ့ဆက် တိုက်ပွဲဝင်စရာ မရှိတော့[illegible] နောက်ထပ် ဘဝအသစ်လည်း မ[illegible] တော့။ မထေရ်မြတ်သည် တစ်ဝါတွင်[illegible] လုံး ဤဂူ၌ အနှိုင်းမဲ့ချမ်းသာကို ခံစား[illegible] နေတော်မူမည်။ ထို့အတူပင် ရွာထဲ[illegible] ဒေါ်ပုညမိသားစုကလည်း ကြွလာ[illegible] သံဃာတိုင်းအား တုပမမီသော သ[illegible] တရားဖြင့် ကုသိုလ်ကောင်းမှုများ ဆ[illegible] လှူနေကြပေဦးမည်။

နေဝိ[illegible]

*(ပဏ္ဍာရဝါသီ တိဿမထေရ်[illegible] ကို မှီးသည်။)*



www.burmeseclassic.com

www.burmeseclassic.com

အသည်းအဆီဖုံးရောဂါ ဆိုသည်မှာ အသည်းကလာပ်စည်း ဆဲ(လ်)များတွင် အဆီများ တိုးပွားစုပုံနေခြင်းကြောင့် ရောဂါဖြစ်ပွားရခြင်းကို ခေါ်ဆိုသည်။ အသည်းတွင် အဆီများဖုံးရခြင်းအကြောင်းရင်းမှာ အရက်သောက်သုံးမှုများခြင်း၊ ခန္ဓာကိုယ်ဝဖြိုး အလေးချိန်များခြင်း၊ အသည်းရောင်ခြင်း၊ အသည်းအနာတရဖြစ်ခြင်း၊ အသည်းအမာရွတ်ဖြစ်ခြင်း၊ အသည်းခြောက်ခြင်းသည့် အသည်း၏လုပ်ဆောင်ချက်များချို့ယွင်းမှုတို့ကြောင့် ဖြစ်ပါသည်။ အသည်းအဆီဖုံးခြင်းသည် ဆီးချိုရောဂါနှင့်ပါ ဆက်စပ်နေ၍ သွေးထဲတွင် (ကိုလက်စထရော) အဆီများခြင်း၊ အင်ဆူလင်ဓာတ်ခုခံမှုများခြင်း၊ သကြားဓာတ်များပြားခြင်းတို့ကြောင့် ဖြစ်ပွားရပါသည်။

၂၀၀၉ ခုနှစ်က လေ့လာမှုများအရ ဆီးချိုရောဂါ အမျိုးအစား (၂) ဖြစ်ပွားသည့် လူနာများ၏ (၇၀) ရာခိုင်နှုန်းသည် အသည်းအဆီဖုံးသည့်ရောဂါကိုပါ ခံစားနေရကြောင်း တွေ့ရှိရပါသည်။

အသည်း၌ သဘာဝအလျောက် အဆီ ၂နည်းငယ် ရှိတတ်သော်လည်း အဆီများ စုပုံများလာမှုကြောင့် အသည်း၏အလေးချိန်သည် (၅) ရာခိုင်နှုန်းမှ (၁၀) ရာခိုင်နှုန်းထက် ပိုမိုလာပါက အဆီဖုံးရောဂါ ခံစားဖြစ်ပွားနေရပြီ ဖြစ်ပါသည်။ အရက်ကြောင့် လည်းကောင်း၊ အရက်ကြောင့်မဟုတ်သည့် အသည်းရောဂါဖြစ်ပွားနေသော် လည်းကောင်း ရောဂါဖြစ်ပွားနေသူများ၏ အသည်းသည် အဆီများကြောင့် ရှိသင့်သည့်အလေးချိန်ထက် ပိုမိုနေတတ်ပါသည်။ အရက်သောက်သုံးမှုကြောင့် အသည်းပျက်စီးခြင်း (ALCOLIC LIVER DISEASE) ALD ကို လေ့လာ သုတေသနပြုခဲ့ရာ၌ အရက်သောက်သုံးသောသူ (၁၅) သန်း၏ (၉၀ မှ ၁၀၀) ရာခိုင်နှုန်းသည် အသည်းအဆီဖုံးရောဂါ ဖြစ်ပွားနေကြောင်း တွေ့ရှိခဲ့ပါသည်။ နှစ်အတန်ကြာအရက်စွဲနေခဲ့ခြင်း၊ တာရှည်စွာအရက်သောက်သုံးခဲ့ခြင်း သို့မဟုတ် အချိန်တိုအတွင်း အရက်အလွန်အကျွံ ပမာဏများစွာ သောက်သုံးမှုများကြောင့် အသည်း၏အင်ဇိုင်းများပျက်စီး၍ အသည်းအဆီဖုံးရောဂါ ဖြစ်ပွားရခြင်း ဖြစ်၏။

အောက်ပါ အချက်များကြောင့် အသည်းအဆီဖုံးရောဂါ ဖြစ်ပွားနိုင်ပါသေးသည်။

၁။ အသည်းရောင်ရောဂါ စီပိုးကြောင့်ဖြစ်ပွားခြင်း။
HEPATITIS (C)

၂။ ခန္ဓာကိုယ်အတွင်း သံဓာတ်များခြင်း။
(AN OVERLOAD OF IRON)


၃။ ခန္ဓာကိုယ်ဝဖြိုးခြင်း။
(OBESITY)

၄။ အစားအစာများ စားသောက်မှု မမှန်ကန်ခြင်း။
(DIET)

သဘာဝကြောင့်မဟုတ်သည့် အသည်းတွင် အဆီများ များနေခြင်းသည် ရောဂါအသည်းအသန် ခံစားနေရခြင်းမျိုးမဟုတ်၍ အများအားဖြင့် လူအများသတိမပြုမိတတ်ကြပါ။ အသည်းအဆီဖုံးခြင်းကြောင့် အသည်း လုံးဝ ပျက်စီးနိုင်ပါသည်။ စားသောက်ခြင်းကြောင့် အသည်းအတွင်းသို့ ဝင်ရောက်လာသော အရက်၊ အဆီမျိုးစုံ၊ ဓာတုဆေးဝါးများကြောင့် အသည်းတွင် ဒဏ်ရာဒဏ်ချက်များ ရရှိနိုင်ပါသည်။ ထိုဒဏ်ရာဒဏ်ချက်များကို တစ်သျှူး အသားများက အုပ်လိုက်သဖြင့် အသည်းကြီးထွားလာနိုင်ပါသေးသည်။ အသည်းသည် ပုံမှန်အလုပ်မလုပ်နိုင်တော့၍ အသည်းပျက်စီးခြင်း၊ အသည်းကင်ဆာ ဖြစ်ပွားခြင်းတို့ကြောင့် သေဆုံးနိုင်ပါသည်။ လူကြီးများ၏ (၂၀) ရာခိုင်နှုန်းသည် အသည်းရောဂါများ ဖြစ်ပွားနေကြပြီး ကလေးငယ်များပါ ဖြစ်ပွားတတ်ပါသည်။ ခန္ဓာကိုယ်အလေးချိန် ရှိသင့်သည်ထက် ပိုမိုသည့်ကလေးများ၊ ဝဖြိုးလွန်းသောကလေးများ၌ ဖြစ်တတ်ပြီး နှလုံးရောဂါပါ ဖြစ်ပွားနိုင်ပါသည်။ မျိုးရိုးဗီဇကြောင့်လည်းဖြစ်နိုင်ပြီး လူ့လတ်ပိုင်းအရွယ်တွင် ဝဖြိုးလာခြင်းကြောင့် ကိုလက်စထရောများပြားလာခြင်း၊ သွေးတိုး၊ နှလုံးနှင့် ဆီးချို စသည့်ရောဂါများ ဖြစ်ပွားနိုင်ပါသည်။ အောက်ပါအချက်များကြောင့်

**စွမ်းထက်နောင်**

# သဘာဝအားဖြင့် အသည်းအဆီဖုံးရောဂါကို ကာကွယ်ခြင်း




**အသည်းအင်္ဂါအစိတ်အပိုင်းများပုံ**



www.burmeseclassic.com

www.burmeseclassic.com

လည်း အသည်းအဆီဖုံးရောဂါ ခံစားရနိုင်ပါသည်။

၁။ ဆေးဝါးကုသမှု ခံယူနေခြင်း၊
၂။ ဗိုင်းရပ်(စ်)ရောဂါပိုးကြောင့် အသည်းရောင်ရောဂါဖြစ်ပွားခြင်း၊
၃။ ပင်ကိုခုခံအားစနစ်မှ တုံ့ပြန်မှု၊
၄။ ခန္ဓာကိုယ်အလေးချိန် လျင်မြန်စွာကျဆင်းရန် လျှော့ချခြင်း၊
၅။ အာဟာရချို့တဲ့ခြင်းများ၊
၆။ ကိုယ်ဝန်ဆောင်ချိန်တွင် အသည်း၌ အဆီများစုဝေး၍ မိခင်နှင့် သန္ဓေသားတွင် အဆီဖုံးခြင်း။


**အသည်းအဆီဖုံးခြင်း ရောဂါလက္ခဏာများ**

အသည်းအဆီဖုံး ရောဂါသည် ဖြစ်ပွားခါစအချိန်တွင် အသည်းသည် ခံနိုင်ရည်ရှိသဖြင့် သိသိသာသာ ရောဂါလက္ခဏာမပြတတ်၍ လူများ သတိမထားမိပါ။ ရောဂါ စ,ဖြစ်ပြီးနောက် တစ်နှစ်ကျော်မှ ရောဂါလက္ခဏာ ပြတတ်ပါသည်။

မောပန်းလွယ်ခြင်း, နွမ်းနယ်ခြင်း, နုံးခွေခြင်း (FATIGUE)၊ ခန္ဓာကိုယ်အလေးချိန်လျော့ကျလာခြင်း (WEIGHT-LOSS)၊ အစာစားလိုစိတ်မရှိခြင်း (LOSS OF APPETITE)၊ အားနည်းခြင်း, အော်ဂလီဆန်ခြင်း (NAUSEA)၊ စဉ်းစားဆုံးဖြတ်ရခက်ခဲခြင်း, စိတ်ရှုပ်ထွေးနေခြင်း (CONFUSION) များ ဖြစ်တတ်ပါသည်။ ထို့အပြင် ဝမ်းဗိုက်၏အလယ်နှင့်ညာဘက်အပေါ်ပိုင်း နာကျင်မှုခံစားရတတ်ပြီး အသည်းကြီးထွားလာခြင်း၊ အသားအရေမည်းလာခြင်းနှင့် အရောင်အသွေးမွဲလာခြင်း (စိုပြည်မှု မရှိခြင်း)၊ နွမ်းလျ ဖျော့တော့နေခြင်း၊ လည်ပင်းနှင့်လက်မောင်းပတ်ဝန်းကျင်အရေပြားများတွင် အရောင်မည်းလာခြင်း စသည့် လက္ခဏာများ ပြတတ်ပါသေးသည်။

အရက်အလွန်အကျွံသောက်သုံးမှုကြောင့် အသည်းခြောက်ခြင်း၊ အသည်းဆီဖုံးရောဂါဖြစ်ပေါ်လာပါက ဖြစ်ပေါ်တတ်သောရောဂါနှင့် လက္ခဏာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ ဆီးလမ်းကြောင်း ပိတ်ဆို့ ဟန့်တားမှုရှိခြင်းကြောင့် ဆီးရည်များ ခန္ဓာကိုယ်အတွင်း ပြန်လည်စုဝေးနေခြင်း (FLUID RETENTION)၊ ကိုယ်ဖောကိုယ်ရောင်ဖြစ်ခြင်း။
၂။ ကြွက်သားများ သန်မာမှုမရှိခြင်း (MUSCLE WASTING)။


အသည်းအဆီဖုံးနေပုံ

၃။ ခန္ဓာကိုယ်အတွင်း သွေးယိုစိမ့်မှုရှိခြင်း။
၄။ အသားဝါ၊ အသည်းရောင်ခြင်း (အရေပြားနှင့်မျက်စိဝါခြင်း)။
၅။ အသည်း၏လုပ်ဆောင်ချက် ချို့ယွင်းခြင်းနှင့် အသည်းပျက်စီးခြင်း။

အသည်းအဆီဖုံးခြင်းကို သွေးဖောက်စစ်ဆေးခြင်း၊ အာထရာဆောင်းရိုက်ခြင်း၊ အသည်း၏အသားစထုတ်ယူ၍ စစ်ဆေးခြင်းဖြင့် ရောဂါဖြစ်ပွားမှုကို သိရှိနိုင်ပါသည်။ အသည်းအဆီဖုံးရောဂါကို ဖြစ်စတွင် ကုသရန်လိုအပ်သည်။

အရက်သောက်သုံးမှုကြောင့် အသည်းရောဂါဖြစ်ပွားပါက အရက်ဖြတ်ရန် အလွန်အရေးကြီးပါသည်။ အရက်သောက်သုံးခြင်းကြောင့် အသည်းရောင်ရောဂါ၊ အသည်းခြောက်ရောဂါ၊ အသည်းအဆီဖုံးရောဂါနှင့် အခြားရောဂါပေါင်းစုံ ဖြစ်ပွားနိုင်ပါသည်။ အရက်ကို ရှောင်ကြဉ်ခြင်းဖြင့် ရောဂါဖြစ်ပွားမှုများကို ကုသရာတွင် အထောက်အကူ များစွာ ဖြစ်စေပါသည်။

မိမိခန္ဓာကိုယ်အလေးချိန် များပြီး ဝဖြိုးနေပါက အလေးချိန်လျှော့ချရန် လိုအပ်ပါသည်။ အားကစားလေ့ကျင့်ခြင်းဖြင့် လျှော့ချနိုင်ပါသည်။ လမ်းလျှောက်ခြင်း၊ ပြေးခြင်း စသည်ဖြင့် ပုံမှန် တဖြည်းဖြည်းလျှော့ချရပါသည်။ တစ်ပတ်အတွင်း အလေးချိန် (၁) ပေါင်မှ (၂)ပေါင် အထိသာလျှော့ချရပါမည်။ လေ့လာမှုများအရ တစ်လအတွင်း ခန္ဓာကိုယ်အလေးချိန်၏ (၉) ရာခိုင်နှုန်းထက် ပိုမို၍ အလေးချိန်မချသင့်ပါ။ ဥပမာ- ခန္ဓာကိုယ်အလေးချိန် ပေါင် (၂၀၀) ရှိပါက တစ်လအတွင်း (၁၈) ပေါင်ထက် ပို၍ မကျစေသင့်ပါ။ ခန္ဓာကိုယ်အလေးချိန်လျှော့ချနိုင်ပါက အသည်းအဆီဖုံးခြင်းသည်လည်း လျော့ကျနိုင်ပါသည်။

ကျန်းမာ မျှတသော၊ အာဟာရပြည့်စုံသော အစားအစာများကိုသာ ရွေးချယ်စားသုံး၍ ခန္ဓာကိုယ်ကြံ့ခိုင်သန်စွမ်းမှု တိုးတက်စေရန် အမြဲပြုလုပ်ပါ။ စားသောက်ရာတွင် ကယ်လိုရီမများစေရန် ထိန်းချုပ်စားသောက်ပါ။ ပြုပြင်ထားသော အစားအစာများ၊ ကာဘိုဟိုက်ဒရိတ် ပါဝင်သော အစားအစာများကို ရှောင်ကြဉ်ပါ။ ပေါင်မုန့်၊ ဆန်၊ အာလူး၊ ပြောင်းဖူးတို့ကို အကန့်အသတ်ဖြင့် စားသောက်နိုင်သည်။ အချိုဓာတ် သကြားပါဝင်သော ဖျော်ရည်များကို ရှောင်ကြဉ်ရပါမည်။ မလိုအပ်သော ဆေးဝါးများသုံးစွဲနေခြင်းသည်လည်း အဆီကျစေခြင်းကို နှောင့်နှေးစေပါသည်။ ဗီတာမင် (E) (SELENIUM BETAINE) စသည့် ဗီတာမင်ဆေးဝါးများနှင့်သတ္တုဓာတ်များပါဝင်သော အားဆေးများသည် ကျန်းမာရေးအတွက် ပြဿနာများ ဖြစ်စေတတ်ပါသည်။ ထိုအားဆေးများအစား ဗီတာမင်ဓာတ်နှင့် သတ္တုဓာတ်များပါဝင်သော သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များကို စားသုံးသင့်ပါသည်။

**သဘာဝအားဖြင့် အသည်းအဆီဖုံးရောဂါကို ကာကွယ်ခြင်း**

**(PREVENT FATTY LIVER NATURALLY)**

၁။ ကျန်းမာသည့် ခန္ဓာကိုယ်အလေးချိန်ကို ထိန်းသိမ်းထားနိုင်ခြင်း၊ သင့်တော်သော လေ့ကျင့်ခန်း အားကစား ပုံမှန်ပြုလုပ်ခြင်းနှင့် အပင်များမှရသော အာဟာရများ, ကျန်းမာစေသည့် အစားအစာများ စားသောက်ခြင်းတို့သည် အသည်းကို စောင့်ရှောက်ခြင်းမည်၍ အသည်းအဆီဖုံးခြင်းမှ ကာကွယ်နိုင်သည်။

၂။ ခန္ဓာကိုယ်မှအဆိပ်အတောက်များ သန့်ရှင်းခြင်း (CLEANSE BODY OF TOXINS)။

အဆိပ်အတောက် ဓာတုပစ္စည်းများရှိသော ပတ်ဝန်းကျင်၊ စက်ရုံအလုပ်ရုံ၊ ဓာတုစက်ရုံလုပ်ငန်းများမှ ထွက်ရှိသောအဆိပ်ငွေ့များ၊ အရည်များရှောင်ရှားပါ။ ထိုလုပ်ငန်းများပတ်ဝန်းကျင်တွင်ရှိသော အစားအစာများကို မစားသောက်ပါနှင့်။ အဆိပ်အတောက်များသည် အသည်း၏လုပ်ငန်းလုပ်ဆောင်ချက်များ ပျော့ညံ့စေ၍ အသည်းအဆီဖုံးရောဂါ ဖြစ်ပွားစေပါသည်။ အဆိပ်အ

www.burmeseclassic.com

တောက် အညစ်အကြေးများရှိသည့် ဝတ်ဝန်းကျင်အတွင်း အရာဝတ္ထုများနှင့် ထိတွေ့ခြင်း၊ ရှူရှိုက်မိခြင်းတို့ကို ရှောင်ရှားပါ။

၃။ ဓာတ်တိုးဆန့်ကျင်သည့် သဘာဝသစ်သီးများစားသုံးပါ(GET YOUR ANTIOXIDANTS)။

သဘာဝ အသီးအနှံများမှ ရရှိသော ဗီတာမင် (E) နှင့် ဗီတာမင် (C) တို့သည် အသည်း၏ကျန်းမာရေးကို တိုးတက် ကောင်းမွန်စေပါသည်။ ၂၀၀၅ ခုနှစ်လေ့လာချက်များအရ သစ်သီးများတွင်ပါဝင်သော ဗီတာမင်(E)နှင့် ဗီတာမင် (C) တို့သည် အသည်းအဆီဖုံးရောဂါ လျော့နည်းပျောက်ကင်းစေကြောင်း တွေ့ရှိရပါသည်။ ပန်းသီး၊ နာနတ်သီး၊ ခရဲသီး၊ လိမ္မော်သီး၊ သင်္ဘောသီးများသည် ကျန်းမာရေးအတွက် အလွန်ကောင်းမွန်ပါသည်။ သဘာဝ သစ်သီးဝလံ၊ အသီးအနှံများကို အမြဲစားသုံးပါ။ ထိုသို့ စားသုံးခြင်းသည် အသည်းကို သန့်ရှင်းစင်ကြယ်စေခြင်း ဖြစ်ပါသည်။

၄။ ဆေးဖက်ဝင်အပင်များကို စားသုံးပါ။

**(က) တိုင်းရင်းဆေးအဖြစ် အသုံးပြုခဲ့သောဆူးပန်းလုံးပင် (MILK THISTLE)**

ဆူးပန်းလုံးပင် (MILK THISTLE) အသီး၏အစေ့သည် အသည်းရှိ အဆိပ်အတောက်များကို ဖယ်ရှားပေးသည့်အင်ဇိုင်းများအား လှုံ့ဆော်ပေးကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံ (FAME) ဆေးဝါးထုတ်လုပ်ရေးမှ အသည်းအားဆေးအဖြစ် ထုတ်လုပ်လျက်ရှိပါသည်။ အသည်း၏လုပ်ဆောင်ချက်ကို ထိန်းသိမ်းခြင်း၊ ဓာတ်တိုးဆန့်ကျင်သည့်အာနိသင်ရှိခြင်း၊ ရောဂါပိုးများကူးစက်ခြင်းကို ကာကွယ်ခြင်း၊ လေနှင့် ရေထဲတွင် ပါဝင်သော အဆိပ်အတောက်များကို ကာကွယ်ပေးခြင်း၊ အခြားဆေးများ၏ဘေးထွက်ဆိုးကျိုးများကို ကာကွယ်နိုင်ခြင်း၊ အဆိပ်အတောက်များ အသည်းအတွင်းသို့ မဝင်ရောက်နိုင်ရန် အားဆီးခြင်း၊ ဇီဝကမ္မဗေဒဖြစ်စဉ်အရ ထွက်ပေါ်လာသော ဖရီးရယ်ဒီကယ်များကို ချေဖျက်ပေးခြင်း၊ ပျက်စီးသွားသော အသည်းဆဲ(လ်)များ၏နေရာတွင် အသည်းဆဲ(လ်) သစ်များ ထုတ်လုပ်စေရန် လှုံ့ဆော်အားပေးခြင်းများ ပြုလုပ်ပေးပါသည်။

**(ခ) ကြက်ဟင်းခါးသီး**

သည်းခြေသလိပ်ကို နိုင်၏။ သွေးအားနည်းခြင်း၊ ဆီးနှင့်သက်ဆိုင်သော ရောဂါများ၊ အဆိပ်အတောက်သင့်သော ဝေဒနာ၊ ဆီးချိုရောဂါကိုကျစေသော အာနိသင် ရှိသည်။ အူအတွင်းရှိ ပိုးများ ပျောက်ကင်းစေပါသည်။ ဆီးကျောက်တည်ဝေဒနာရှင်များနှင့် သင့်တော်ပါသည်။ အသည်းရောဂါရှင်များ မှီဝဲသင့်ပါသည်။ ကြက်ဟင်းခါးသီးကို ချက်ပြုတ်၍သော် လည်းကောင်း အစိမ်းအရည်ညှစ်၍သော် လည်းကောင်း မှီဝဲ စားသောက်သင့်ပါသည်။

**(ဂ) ကြက်သဟင်းရွက်**

ကြက်သဟင်းရွက်သည် အသည်းရောဂါများနှင့် အထူးသင့်လျော်ပါသည်။ အသည်းရောင် အသားဝါ၊ အသည်းအဆီဖုံးရောဂါများတို့ ပျောက်ကင်းသက်သာစေပါသည်။ ကြက်သဟင်းရွက်ကို ဟင်းချိုချက်၍ လည်းကောင်း၊ ကြော်ချက်စားခြင်း, အတို့အမြှုပ်အဖြစ်သော် လည်းကောင်း စားသုံးနိုင်သည့်အပြင် ရေနွေးကြမ်းအဖြစ်လည်း သောက်သုံးနိုင်ပါသည်။

**(ဃ) စိမ်းပြာရေညှိ (စပီရူလိုင်းနား)**

စပီရူလိုင်းနားသည် အသည်းပျက်စီးခြင်းကို ကာကွယ်ကြောင်းနှင့် အသည်းခြောက်ခြင်း၊ အသည်းကြွပ်ခြင်း၊ အသည်းရောင် နာတာရှည်ရောဂါများကို ပျောက်ကင်းစေပါသည်။ ၂၀၁၀၊ ဧပြီလထုတ် Journal of Medical Case Reports တွင် ဖော်ပြထားချက်အရ အရက်သောက်သုံးမှုကြောင့် မဟုတ်သော အသည်းအဆီဖုံးရောဂါရှင် လူနာများအား ကုသပေးခဲ့ရာ အလွန်ထိရောက်ပျောက်ကင်းခဲ့ကြောင်း National Autonomous University of Mexico မှ သုတေသနပညာရှင်များ သုတေသနပြုမှုကို ဖော်ပြထားပါသည်။

စိမ်းပြာရေညှိ (စပီရူလိုင်းနား) သည် ခန္ဓာကိုယ်ကို အန္တရာယ်ပေးသော ကိုလက်စထရောအဆီဓာတ်များကို ချေဖျက်ပေးပါသည်။ ခုခံအားစနစ်ကို တိုးမြှင့်တင်ပေးသည့်အပြင် ဓာတ်ရောင်ခြည်သင့်မှုဒဏ်ကို သက်သာလျော့ချပေးပါသည်။ ဗိုင်းရပ်(စ်)ပိုးကြောင့် ဖြစ်သော ရောဂါများကိုပါ ကာကွယ်၏။ မြန်မာနိုင်ငံရှိ တွင်းတောင်မှရရှိပြီး မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်း စက်ရုံများမှ ထုတ်လုပ်ပါသည်။

**(င) အိုမီဂါ-၃**

အိုမီဂါ- ၃ (Fatty Acids) သည် အပင်များမှရသောအဆီများ၊ ငါးများမှ ရရှိသောအဆီများတွင် ပါဝင်ပြီး အသည်းရှိ အဆီများကို လျော့ပါးစေပါသည်။ ၂၀၀၅ ခုနှစ် Pediatric Research ဂျာနယ်တွင် သုတေသနဖော်ပြထားချက်အရ အိုမီဂါ-၃ သည် အသည်းရှိအဆီများကိုပျော်ကျစေကြောင်း တွေ့ရှိရပါသည်။

အသည်းမှအဆီများကို ချေဖျက်ရန် ခန္ဓာကိုယ်အလေးချိန် လျှော့ချခြင်း၊ ရေများစွာသောက်ခြင်း၊ ဟင်းသီးဟင်းရွက်, သစ်သီးများစားသောက်ခြင်း သို့မဟုတ် ဖျော်ရည်အဖြစ် သောက်သုံးခြင်း၊ သင့်လျော်မှန်ကန်သောအစားအစာများ စနစ်တကျ စားသောက်ခြင်း၊ သင့်တော်သော လေ့ကျင့်ခန်း အားကစားပြုလုပ်ခြင်းများကို ပြုလုပ်ရမည်။

အသည်းမှ အဆီများနှင့်အညစ်အကြေးများကို သန့်ရှင်းခြင်းအတွက် သစ်သီးဖျော်ရည်များ၊ ရေများသည် အကောင်းဆုံး ဖြစ်ပါသည်။ အသည်းအားဆေးများဟုပင် ခေါ်ဆိုထိုက်ပါသည်။ ရှောင်ကြဉ်ရမည့် အစားအစာများမှာ အချို၊ သကြား၊ အချိုမုန့်၊ ပေါင်မုန့်၊ ကိတ်မုန့်၊ ခေါက်ဆွဲ၊ ဘီစကွတ်၊ အကြော်စာများ၊ အဆီများသော အစာများ၊ အချိုရည်များ၊ ယမကာ၊ အရက်၊ ဘီယာ၊ ဟော်မုန်းဆေးဝါးများ ဖြစ်ကြပါသည်။

အထက်ဖော်ပြခဲ့သော မိမိကိုယ်တိုင်ပြုလုပ်နိုင်သည့် ခန္ဓာကိုယ်အလေးချိန်ကို ထိန်းသိမ်းရန် သင့်တော်သည့် လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ မျှတသော အာဟာရများ စားသောက်ခြင်း၊ အဆိပ်အတောက်များ ရှင်းလင်းခြင်း၊ သစ်သီးဝလံ, ဟင်းသီးဟင်းရွက်များစားသုံးခြင်း၊ ရေများစွာသောက်ခြင်း၊ ဆေးဖက်ဝင်အပင်များကို စားသုံးခြင်းဖြင့် အသည်းအဆီဖုံးရောဂါ ဖြစ်ပွားမှုကို ပျောက်ကင်းစေသည့်အပြင် မဖြစ်ပွားရန် ကြိုတင်ကာကွယ်နိုင်ကြောင်း ရေးသားတင်ပြအပ်ပါသည်။

စွမ်းထက်နောင်

**ကိုးကား**

-အင်တာနက်

-မြန်မာ့ဆေးဝါးပင်များပေါင်းချုပ်



www.burmeseclassic.com

www.burmeseclassic.com

*(ယခင်လမှအဆက်)*

ဆရာမာပါက ဂန္ဓာရီကျင့်စဉ်များကို ချပေးပြီးသောအခါ ကျွန်ုပ်ကို ကျောက်ဂူတစ်ခုထဲတွင် နေစေသည်။ စားနပ်ရိက္ခာများ ထည့်ထားပေးသည်။ ထို့နောက် ဂူပေါက်ဝကို ပိတ်ပစ်လိုက်သည်။ အစာရေစာ ပေးရန်အတွက် လက်တစ်ဖက်ဝင်သာရုံရှိသော အပေါက်ငယ်တစ်ခုသာ ချန်ထားပြီး အလုံပိတ်ပစ်လိုက်သည်။

တရားထိုင်ရန်အတွက် ပေးထားသော သားရေအပိုင်းအစအပေါ် ကျွန်ုပ်ထိုင်ချလိုက်သည်။ ထို့နောက် ထောပတ်ဆီထည့်ထားသည့် ဆီမီးခွက်ကို ထွန်းညှိပြီး ခေါင်းပေါ် တင်လိုက်သည်။ မလှုပ်မယှက် ကျောက်ရုပ်ပမာ ငြိမ်သက်စွာ ထိုင်ရင်း ဝင်သက်၊ ထွက်သက်ကို စိတ်၌ အမှတ်ထားလိုက်သည်။ နှာခေါင်းမှ လေကိုရှူသွင်းပြီး ပါးစပ်မှ မှုတ်ထုတ်သည်။ မျက်လုံးတို့ကို ဖွင့်လျက်သား ထားရင်း ဝင်လေ၊ ထွက်လေတွင် စိတ်ကို အမှတ်ထားလိုက်သည်။

ဆီမီးခွက် မီးငြိမ်းသောအခါမှ တန်းဖြုတ်သည်။ ဆီထပ်ဖြည့်သည်။ မီးထပ်ညှိသည်။ ခေါင်းပေါ် တင်ပြီး တစ်ဖန် ပြန်ထိုင်လိုက်သည်။

အစပိုင်းရက်များတွင် ငိုက်မျဉ်းခြင်းသည် ကျွန်ုပ်ကိုနှိပ်စက်သည်။ ရက်အတန်ကြာသောအခါ မှောင်မည်းနေသော ကျောက်ဂူအတွင်း ဆီမီးခွက်အလင်းရောင်ဖြင့် ရက်ရှည်ကြာစွာ နေရခြင်းကြောင့် နေ့လား၊ ညလား မသိနိုင်တော့သည့်အခါ၌ ကျွန်ုပ်၏ကိုယ်ခန္ဓာအတွင်းမှ ဇီဝနာရီသည် အိပ်ချိန်ကိုမသိတော့ချေ။ ငိုက်မျဉ်းခြင်းသည် ကျွန်ုပ်ထံသို့ အလည်အပတ်မျှပင်လျှင် ရောက်မလာတော့ချေ။

ကျွန်ုပ်သည် ထိုင်သည့်အလုပ်ကိုသာ နေ့နေ့ညညပြုသည်။ တစ်ရက်၌ ဆရာမာပါနှင့် ဆရာကတော်တို့ရောက်လာကြပြီး အပေါက်ဝတွင် အသံပြုပြီး ခေါ်သည်။ သူတို့က ကျွန်ုပ် ကျောက်ဂူထဲတွင် နေလာသည်မှာ (၁၁) လရှိပြီဖြစ်ကြောင်းပြောပြသည်။ ဂူပြင်သို့ထွက်ရန် အချိန်ကျရောက်ပြီဟု ပြောသည်။ ကျွန်ုပ်သည် ဂူထဲ ဆက်နေချင်နေဆဲရှိသည်။ သို့သော် ဆရာ့စကားကို မပယ်ရှားအပ်သဖြင့် ဂူပြင်သို့ထွက်ဖို့ လုပ်ရသည်။

ဂူပေါက်ဝကို ပိတ်ဆို့ထားသော ကျောက်တုံးများအား ဖယ်ရှားရာ၌ နှေးကွေးနေမိသည်။ ဆရာကတော်က-

"သား၊ အပြင်ကိုထွက်လာဖို့လုပ်တော့လေ"

ဟု ပြောရသည်အထိ နှေးကွေးနေသည်။

ကျွန်ုပ်က-

"လုပ်နေပါပြီ။ ဂူပေါက်ဝကို ဖြိုနေပါပြီ။ အပြင်ကိုထွက်ဖို့ ဝန်လေးနေမိတယ်"

ဟု ပြန်ပြောလိုက်သည်။

ဆရာကတော်က-

"ဘာမှဝန်မလေးပါနဲ့။ ဂန္ဓာရီခရီးမှာ အတိတ်နိမိတ်တွေက အရမ်းအရေးကြီးတယ်ဆိုတာ သားသိတယ် မဟုတ်လား။ သားအပြင်ကိုထွက်ဖို့အတွက် အတိတ်နိမိတ်ကိုရထားတယ်။ ဒီတော့ မြန်မြန်သာ ထွက်လာလိုက်ပါ။ ပြီးတော့ မင်းရဲ့ဆရာက စိတ်တိုလွယ်တာ မင်းသိတယ် မဟုတ်လား။ သူ့စိတ်က လက်တစ်ဆစ်စာလောက်တောင် မရှည်တဲ့သူဆိုတော့ ကြာနေရင် စိတ်တိုသွားလိမ့်မယ်"

ဟု ပြောသည်။

ထို့နောက် သူက ဂူအပြင်ဘက်မှ ကူညီဖြိုဖျက်ပေးသည်။ လူတစ်ကိုယ်စာ ထွက်သာသောအပေါက်ကို ရသောအခါ အပေါက်ထဲ ခေါင်းလျှိုသွင်းပြီး အပြင်သို့ ထွက်လိုက်သည်။

နေ့အလင်းရောင်အောက်တွင် မျက်စိကြောင်နေသည်။ ဆရာမာပါကို ဦးချကန်တော့လိုက်သည်။

ဆရာမာပါက-

"မင်းနဲ့ငါ နှစ်ယောက်တည်း ရှိတုန်းမှာ သားအဖလိုနေကြမယ်၊ ဆရာတပည့်ဆိုတာ မေ့ထားကြမယ်။ တရားကျင့်ကြံတဲ့အကြောင်းဆွေးနွေးကြမယ်။ အမေကြီးက ညစာကောင်းကောင်းသွားချက်ချေ"

ဟု ပြောသည်။

ထို့နောက် တရားဓမ္မအကြောင်း ဆွေးနွေးကြသည်။

ညစာစားသောက်ကြစဉ် ကျွန်ုပ်ကျောက ဂူတဲ၌ ကျင့်ကြံအားထုတ်စဉ်ကာလအတွင်းကြုံတွေ့ရသော ထူးခြား မှုတို့ကို ဆရာမာပါက မေးမြန်းသည်။ ကျွန်ုပ်က ကြုံတွေ့ရသမျှကို အသေး စိတ်ပြောပြလိုက်သည်။ ထို့နောက် စိတ် ထဲတွင် ကဗျာသီကုံးလိုစိတ်များနိုးကြား လာသည်။ သို့ဖြစ်ပေရာ ဆရာမာပါ ကျေးဇူးကို ကဗျာတစ်ပုဒ် လက်





www.burmeseclassic.com

www.burmeseclassic.com

စပ်ပြီး ရွတ်ဆိုလိုက်သည်။ ထို့နောက် ဆရာကတော်၏ ကျေးဇူးကိုလည်း အာတစ်ပုဒ် လက်တန်းစပ်ပြီး ရွတ်ဆိုလိုက်သည်။ ထို့နောက် ကျွန်ုပ်၏ဂန္ဓာရီ အတွေ့အကြုံတို့ကို သီကုံးစပ်ဆိုလိုက်သည်။

ဆရာမာပါနှင့် ဆရာကတော်တို့သည် မိန္ဒင့်ဘသဖွယ် ရှိကြပေရာ တင်နေသောကျေးဇူးသည် ကြီးလှသဖြင့် ကျွန်ုပ်ပြန်ဆပ်ရမည့်အကြွေးတို့မှာ ဆပ်၍တန်နိုင်ဖွယ်မရှိပြီ။ သူသည်လည်း သူ့လမ်းသူသွားသည်၊ ကျွန်ုပ်သည်လည်း ကိုယ့်လမ်းကို ကိုယ်သွားသည်။ လမ်းခရီးတစ်ထောက်တွင် ဆုံစည်းမိကြရာ၌ ခရီးဖော်ပြုကာ ခရီးနှင်ကြရာဝယ် သူတို့သည် ကျွန်ုပ်ကို ထောက်ပံ့ပေးကြသည်။ လမ်းမှန်ကို ညွှန်ပြကြသည်။ အာဟာရ မပြတ်ရလေအောင် စီမံကျွေးမွေးကြသည်။ သူတို့ ပင်ပန်းရကျိုးနပ်စေရမည် ဟု သန္နိဋ္ဌာန်ချထားလိုက်သည်။

ဆရာမာပါက-

"မင်းဆီက အတိုင်းထက်အလွန် ဖြစ်ထွန်းမှုကို ငါမျှော်လင့်ထားတယ်။ ခုထိ မင်းခရီးပေါက်သမျှကို ငါကျေနပ်တယ်"

ဟု မှတ်ချက်ချသည်။

ဆရာ မပြ၊ နည်းမကျ ဆိုသည့် အတိုင်းဖြစ်ရန် အကြောင်းမရှိပေ။ ဆရာမာပါ ပြသပေးသဖြင့် နည်းလမ်းတကျ ဖြစ်ဖို့သာ ရှိပေသည်။

ဆရာကတော်က-

"ငါ့သားရဲ့ လိုအင်ဆန္ဒ ပြည့်ဝမှာ သေချာပါတယ်။ ကံ၊ ဉာဏ်၊ ဝီရိယသုံးပါးမှာ ယခင်က ကံညံ့နေပေမယ့် ယခုအခါ ကံဆိုးတွေက နှောင့်နှေးအောင်ပြုနိုင်လောက်တဲ့ပမာဏ မရှိတော့လို့ ကံ၊ ဉာဏ်၊ ဝီရိယသုံးပါး ပြည့်စုံနေပြီ။ သားလိုချင်တာကိုရဖို့ပဲ ရှိပါတော့တယ်"

ဟု အားပေးသည်။

ထို့နောက် ကျွန်ုပ်ကို ကျောက်ဂူရှိရာသို့ ပြန်လိုက်ပို့ကြသည်။ ကျွန်ုပ်သည် လူတစ်ကိုယ်စာဝင်သာရုံရှိသော အပေါက်မှတစ်ဆင့် ဂူထဲသို့ ဝင်လိုက်သည်။ ဂူပေါက်ဝကို အပြင်မှ ပြန်ပိတ်ပေးလိုက်ကြသည်။

ကျွန်ုပ်သည် ဂူထဲ နေထိုင်ရင်း ဆက်လက် ကျင့်ကြံအားထုတ်ခဲ့သည်။ ထိုသို့ ကျင့်ကြံအားထုတ်ရာ၌ ညဘက်တွင် အိပ်ချိန်ကို သီးသန့်ထားပြီး အားထုတ်သည်။ နေ့ဘက်တွင်လည်း ကိုယ်လက်လှုပ်ရှားသည့်လေ့ကျင့်ခန်းကို လေ့ကျင့်ရန်အတွက် အချိန်ယူသည်။ ရက်အနည်းငယ်အကြာတွင် ဆရာမာပါသည် ကန်တော့ပွဲပေးရန်ကိုစွတစ်ခုပေါ်



www.burmeseclassic.com

ပေါက်သဖြင့် ခရီးထွက်သွားရသည်။

သူသည် ကန်တော့ပွဲတစ်ပွဲကို ဦးစီးပြီး ကျင်းပပေးရသည်။ ထိုပွဲကိုကျင်းပစဉ် သူ့အာရုံတွင် နိမိတ်အရိပ်တို့ပေါ်သည်။ အမျိုးသမီးဝိညာဉ်ကို တွေ့ရသည်။ ထိုဝိညာဉ်က လက်ထဲမှဝရဇိန်ကို ပြသသည်။ ဆရာမာပါသည် သူ့ကို ဆရာကြီးနာရိုပါ ဆင့်ခေါ်ပြီဟု သိလိုက်သည်။

ဆရာမာပါ ပြန်ရောက်လာပြီးသည့်နောက် ရက်အနည်းငယ်အကြာတွင် ကျွန်ုပ်သည် အိပ်မက်တစ်ခုကို မြင်မက်သည်။ အိပ်မက်ထဲတွင် အမျိုးသမီးဝိညာဉ်ကို တွေ့ရသည်။ သူက ကျွန်ုပ်လေ့ကျင့်နေရာ၌ လိုအပ်ချက်တစ်ခုရှိနေသည်ဟု ဆိုသည်။ ထိုလိုအပ်ချက်ကိုဖြည့်ဆည်းရန်အတွက် ဒရောက်ဂျပ်ဟု အမည်ရသောကျမ်းတွင် ရှုပါဟု ဆိုသည်။

အိပ်မက်ကို ထင်ထင်ရှားရှားမြင်မက်၏။ နိုးသောအခါ၌လည်း ကောင်းစွာ မှတ်မိနေသည်။ အမျိုးသမီးဝိညာဉ်သည် မည်သူမည်ဝါဆိုသည်ကို ကျွန်ုပ်မသိပေ။ သို့သော် အသိပေးလိုသည့်ကိစ္စကို အိပ်မက်ထဲ လာပြောပြသည့် ကောင်းကင်တမန်တော် ဖြစ်မည်။ သို့ဖြစ်ရာ ကျွန်ုပ်သည် ဒရောက်ဂျပ် ဟူသည့်အမည်ကို အသေအချာ မှတ်သားထားလိုက်သည်။

ကျွန်ုပ်သည် ဒရောက်ဂျပ်အိပ်မက်ကို ဆရာမာပါအား အသိပေးပြီး တိုင်ပင်လိုသဖြင့် ဂူပြင်သို့ထွက်ရန် ဆုံးဖြတ်လိုက်သည်။ အပေါက်ဝကို ပိတ်ထားသော ကျောက်တုံးများကို ဖယ်ရှားသည်။ တစ်ကိုယ်စာဝင်သာရုံအပေါက်ရသည်အထိ ကျောက်တုံးတို့ကို ရှင်းထုတ်သည်။ ထို့နောက် ဂူအပြင်သို့ထွက်သည်။ ဆရာမာပါထံသို့ သွားသည်။

ကျွန်ုပ်ကို တွေ့သောအခါ ဆရာမာပါက အထိတ်တလန့်ဖြင့် ကြည့်၏။ ဂူထဲ နေခိုင်းထားပါလျက် အပြင်ထွက်လာသည့်အတွက် ပျက်ချေပြီဟု သူ အကြီးအကျယ် စိုးထိတ်သွားသည်။ ယခုလို အပြင်သို့ အချိန်မကျသေးခင် ထွက်လာခြင်းသည် ကျွန်ုပ်အတွက် အလွန်အန္တရာယ်များသည်ဟု သူကပြောပြပြီး သတိပေးသည်။ ကျွန်ုပ်က ဦးစွာပထမ ဦးချကန်တော့လိုက်သည်။ ပြီးမှ ကျွန်ုပ်က မြင်မက်ခဲ့သည့်အိပ်မက်ကို ပြောပြလိုက်သည်။ ထိုအိပ်မက်အရ မည်သို့ ရှေ့ဆက်ဆောင်ရွက်ရမည် ဆိုသည်ကိုလည်း မေးမြန်းလိုက်သည်။

သူက အသာငြိမ်ပြီး စဉ်းစားနေသည်။ အတန်ကြာမှ သူက စကားစ,သည်။

"မင်းထင်တာ မှန်တယ်။ မင်းကိုလာအသိပေးတာ ဖြစ်နေတယ်။ ငါအိမ်ကိုပြန်ရောက်တာ ရက်ပိုင်းပဲ ရှိသေးတယ်။ မင်းက အိပ်မက်မြင်မက်တယ်ဆိုတော့ ငါ ထင်တာ သေချာနေပြီ။ ဒရောက်ဂျပ်ကို ကြားဖူးသလိုလိုရှိလို့ ပြန်စဉ်းစားကြည့်တော့ ဟိုးလွန်ခဲ့တဲ့နှစ်များစွာတုန်းက မဇ္ဈိမဒေသမှ ငါပြန်ခါနီးမှာ ဆရာကြီးနာရိုပါက ဒရောက်ဂျပ်ပညာရပ်အကြောင်း လေ့လာဖို့ ပြောပြတာကို ငါပြန်အမှတ်ရမိတယ်။ ဒါပေမယ့် ဒီအမည်က ငါနဲ့ အတော်စိမ်းနေတယ်။ ငါမေ့နေတာလည်း ဖြစ်ချင်ဖြစ်မယ်။ မဇ္ဈိမဒေသက ငါယူလာခဲ့တဲ့ကျမ်းစာရွက်လိပ်တွေထဲမှာ ပါလိုပါငြား ရှာကြည့်ဦးမယ်"

ထို့နောက် ကျွန်ုပ်သည် ဆရာမာပါနှင့်အတူ ကျမ်းစာရွက်လိပ်များထဲတွင် ဒရောက်ဂျပ်ကို ရှာပုံတော်ဖွင့်ကြသည်။ ညနေဘက်ရောက်သည်အထိ ရှာ၍မတွေ့ကြချေ။ သို့ဖြစ်ရာ ညစာစားကြရန် ခဏတစ်ဖြုတ်နားလိုက်ကြ၏။

ညစာ စားပြီးသောအခါ ဆရာတပည့်နှစ်ယောက် ဆက်ရှာကြပြန်၏။ နံနက်မိုးစင်စင်လင်းသည်ထိ ဒရောက်ဂျပ်ကို ရှာမတွေ့ကြချေ။

နေမြင့်ချိန်တွင် ရှိသမျှ ကျမ်းစာလိပ်အားလုံး ရှာဖွေ ပြီးစီးသွားသည်။ ကျွန်ုပ်တို့ အသည်းအသန် ရှာဖွေနေသည့်ဒရောက်ဂျပ်ကို ဖော်ပြထားသည့် စာရွက်လိပ်ဟူ၍ တစ်ခုမှ မတွေ့ရပေ။

ဆရာမာပါက-

"ငါထင်တာ ဟုတ်နေပြီ။ ငါခရီးသွားတုန်းက အာရုံတစ်ခုရတယ်။ အနက်ကောက်ကြည့်တော့ ဆရာကြီးနာရိုပါက ဆင့်ခေါ်တာ ဖြစ်မယ်လို့ ငါကောက်လိုက်တယ်။ အခု မင်းရဲ့အိပ်မက်နဲ့ ဆက်စပ်စဉ်းစားကြည့်ရင် ဆရာကြီးနာရိုပါရှိရာ မဇ္ဈိမဒေသကို ငါသွားမှဖြစ်တော့မယ်။ အဲဒီမှာ ဒရောက်ဂျပ်ပညာရပ်ကို လေ့လာဆည်းပူးမှ ဖြစ်မယ်"

ဟု ပြောရာ ကျွန်ုပ်သည် ရင်ထဲဆို့နင့်သွားမိသည်။

သူနေထိုင်သည့် ဟိမဝန္တာတောင်တန်းမှ မဇ္ဈိမဒေသသို့ သွားရမည့်ခရီးမှာ ခက်ခဲကြမ်းတမ်းလှသည်။ သူ့အသက်အရွယ်ဖြင့် မသွားသင့်သောခရီး ဖြစ်နေသည်။ သို့ပါလျက် ဆရာမာပါက ဤခရီးမျိုးအတွက် သူ့အသက်ကြီးပြီဟု တစ်ခွန်းမဟာချေ။ ခရီးပင်ပန်းမည့်အကြောင်းကိုလည်း တစ်ခွန်းမှညည်းတွားခြင်းမပြုချေ။

သူက 'ငါ့မှာ ပညာတွေပြန်သင်ပေးရမယ့်တာဝန်ကို ပခုံးပေါ် ထမ်းထားရတယ်။ ဒါပေမယ့် ငါ့ကို ဘယ်သူကမှ ထွက်မကြိုဘူး' စသဖြင့် ပြောခဲ့ဖူးသည်ကို ကျွန်ုပ် ပြန်အမှတ်ရမိသည်။ ထိုသို့ ပြောခဲ့စဉ်က ဆရာ့ဂုဏ်မောက်ပြီးပြောသည်ဟု ကျွန်ုပ် ထင်ခဲ့မိသည်။ ယခုမှ ဆရာမာပါ၏စိတ်ဓာတ်အား ကျွန်ုပ် ကောင်းကောင်းကြီး သိရလေသည်။ တပည့်ဖြစ်သူ ကျွန်ုပ်အတွက် သူ့အပင်ပန်းခံဖို့ဝန်မလေးချေ။ လက်ဗလာဖြင့် ပညာလာသင်သော လူငမွဲ ကျွန်ုပ်ကို စားရေး၊ နေရေးမှအစ အစစအရာရာကို သူတာဝန်ယူထားသည်။ ယခု ကျွန်ုပ်အတွက် လိုအပ်နေသော ပညာရပ်သည် သူ့တွင်မရှိသဖြင့် သူသွားယူဖို့ ချက်ချင်း ဆုံးဖြတ်သည်။ ငါ မသိဘူးကွာဟု တစ်ခွန်းပြောလိုက်ရုံဖြင့် ငြင်းလိုက်နိုင်ပါလျက် သူ မငြင်း။

သူပခုံးပေါ် ထမ်းထားသည့် ပညာတွေ ပြန်သင်ပေးရမည့်တာဝန်ကို သူ လွှတ်မချ၊ အပင်ပန်းခံပြီး သူထမ်းနေသည်။ သူ၏ ထူထူထဲထဲရှိသော စေတနာကို ကျွန်ုပ် အတိုင်းသား မြင်လိုက်ရသဖြင့် ရင်ထဲ ဆို့နင့်မိခြင်း ဖြစ်တော့သည်။

ဆရာမာပါ ခရီးရှည်ထွက်တော့မည်ဟု ကြားသိကြသော တပည့်ရင်းတို့သည် ဆရာကို ကန်တော့ရန် အသီးသီးရောက်ရှိလာကြသည်။ ခရီးစရိတ်ကိုလည်း နိုင်သလောက် ထည့်ဝင်လှူဒါန်းကြသည်။ သူတို့၏အကြည့်တွင် ဆရာ့အသက်အရွယ်ဖြင့် ဤလိုခရီးကြမ်းမျိုးကို မသွားသင့်ဟု အမိပ္ပာယ်များ ပေါ်လွင်နေကြသည်။ ငါ့ဆရာ ခရီးဒဏ်ကို ခံနိုင်ပါ့မလားဟုလည်း ပူပန်ကြသည်။ ပြန်မှရောက်လာနိုင်ပါ့မလားဟု စိုးရိမ်ကြသည်။

ဆရာကြီး နာရိုပါသည် လိပ်စာအတည်တကျရှိသူ မဟုတ်ချေ။ ဂန္ဓာရီခရီးလှည့်လည်နေသူဖြစ်ပေရာ ဓာတ်ကျရာနေရာသို့ ပြောင်းရွှေ့နေထိုင်လေ့ရှိသူ ဖြစ်သည်။ ဆရာမာပါသည် ဆရာကြီးနာရိုပါရှိရာ မဇ္ဈိမဒေသကို ရောက်သောအခါ ဆရာကြီး မည်သည့်နေရာတွင် ရှိနိုင်သည်ကို အရင်စုံစမ်းရသည်။ ရှိမည်ဟုထင်သော နေရာသို့ လိုက်သည်။ မတွေ့လျှင် နောက်ထပ်တစ်နေ

www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ လိုက်ရပြန်သည်။ ဆရာကြီးနာရိုပါကို မဆုတ်မနစ်သောဇွဲဖြင့် ရှာပုံတော်ဖွင့်ရသည်။

ခရီးပန်းပြီး သေချင်သေသွားပါစေ ဆရာကြီး နာရိုပါကို မတွေ့သေးသရွေ့ မဇ္ဈိမဒေသမှ ငါမပြန် ဟူသော အဓိဋ္ဌာန်ဖြင့် သူရှာဖွေနေသည်။ နောက်ဆုံး၌ တောလမ်းခရီးတစ်ခုကိုသွားနေစဉ် မမျှော်လင့်ဘဲ ဆရာကြီးနာရိုပါနှင့် ဆုံစည်းမိသည်။

ဆရာမာပါက ဒရော်ကျပ်အတွက် ရောက်လာခဲ့ရခြင်း ဖြစ်ကြောင်း ပြောပြသည်။ ဆရာကြီးနာရိုပါက မေးမြန်းသည်။

"ဒီပညာရပ်ကို မင်းဘယ်လိုလုပ်ပြီး သိတာလဲ။ အဲဒါက ရှေးဝှက်ကျမ်း အပညာရပ်တွေထဲက တစ်ခု ဖြစ်နေတယ်။ ပေထက်အက္ခရာတင်ခွင့်မရှိဘူး"

"ကျွန်တော့်လက်ဆုပ်လက်ရင်း တပည့်သာဝကတစ်ဦးက တရားကျင့်ကြံနေစဉ်း အိပ်မက်ထဲမှာ နတ်သမီးက လာပြောသွားတာပါ။ တပည့်သာဝကရဲ့အပြောက သိုးပါဂလို့ ခေါ်ပါတယ်။ သူ့အတွက် ကျွန်တော်လာခဲ့ရတာပါ"

"ကောင်းလေစွ။ အကောင်းတွေလည်း စုမိချေပြီ။ ဟိမဝန္တာတောင်တန်းပေါ်မှာ လင်းလက်နေတာကို ငါတွေ့နေတာ အတော်ကြာပြီ။ အခုမှ ကူညီခွင့်ကို ငါရတယ်။ ကောင်းလေစွ"

ထို့နောက် ဆရာကြီး နာရိုပါက ဆရာမာပါကို နှုတ်တိုက်ချပြီး သင်ကြားပေးသည်။ ထိုသို့ ကျကျနနသင်ပေးပြီး သေချာနားလည်သဘောပေါက်သိအောင် လုပ်ပေးပြီးသောအခါ ဆရာကြီးနာရိုပါက ဆရာမာပါကို ပြန်ခိုင်းသည်။

ဆရာကြီးနာရိုပါက သူ့စွမ်းအင်အနည်းကိုအသုံးပြုပြီး ကိုယ်ပွားများကို အပြင်သို့ထုတ်ပြသည်။ ထို့နောက် ဆရာမာပါကို ကြည့်စေသည်။

ဆရာကြီးနာရိုပါက-

"ငါ့ကို ကန်တော့လိုက်စမ်းပါဦး"

ဟု ပြောရာ ဆရာမာပါသည် ကိုယ်ပွားတို့သည်လည်း ဆရာကြီးနာရိုပါပင် ဖြစ်သည်ဟု ယူဆသဖြင့် ကိုယ်ပွားတို့ကို ဦးခိုက်ကန်တော့လိုက်သည်။ ဆရာကြီးနာရိုပါက ကိုယ်ပွားတို့ကို ပြန်ရုပ်သိမ်းလိုက်သည်။ ထိုအခါ ဆရာမာပါ ထိုင်နေသည့်ရှေ့တွင် ဆရာကြီးနာရိုပါ ရှိမနေသည်ကို သူ သိလိုက်ရသည်။ ဆရာကြီး နာရိုပါသည် သူ့ကျောဘက်တွင်ရောက်နေသည်။

ဆရာကြီးနာရိုပါက-

"ငါ့ကို မင်း မကန်တော့ဘူး။ ဒီအချက်က ဘာကိုပြသလဲဆိုတော့ မင်းဟာ ဂိုဏ်းအမွေကို ဆက်ခံထိုက်တဲ့သူ မဟုတ်ဘူးဆိုတာကို ပြတယ်"

ဟု ပြောသည်။

ဆိုလိုသည်မှာ ဆရာမာပါအနေဖြင့် မိမိမရှိတော့သည့်အခါ၌ မိမိနေရာတွင် အမွေဆက်ခံမည့်သူကို မထားရစ်ခဲ့ရဟု တားမြစ်လိုက်ခြင်း ဖြစ်သည်။ ထို့အပြင် ဆရာကြီးနာရိုပါက နိမိတ်တစ်ခုကို ဖတ်ပြရာ၌ ဆရာမာပါ၏ ဆွေစဉ်မျိုးဆက်လည်းတုံးမည်ဟူ၍ ဖြစ်သည်။ ထိုအချက်ကို ဆရာမာပါ အိမ်ပြန်ရောက်ပြီး မကြာခင်မှာ သူ သိရသည်။

အိမ်သို့ပြန်ရောက်ပြီး လအတန်ကြာတွင် သူ၏တစ်ဦးတည်းသော ရင်သွေးရတနာဖြစ်သည့် သားဖြစ်သူ ကွယ်လွန်သွားသည်။

ထိုအခါ တပည့်ရင်းတို့က ဆရာ့ထံမှ ပညာအမွေကို တောင်းခံကြသည်။ ဆရာမာပါသည် အသက်အရွယ် အိုမင်းစပြုပြီဖြစ်သည့်အပြင် ပညာအမွေပေးခဲ့စရာ သားသမီးလည်း မရှိသဖြင့် တပည့်ရင်းတို့ကို ပညာအမွေပေးခဲ့ရန် ဆရာမာပါကို တိုက်တွန်းကြသည်။

ထိုအခါ ဆရာမာပါက-

"ငါလျှောက်ခဲ့တဲ့ ဂန္ဓာရီခရီးမှာ အတိတ် နိမိတ်တွေ၊ အိပ်မက်တွေက လမ်းညွှန်မှုတွေ ပေးကြတယ်။ မင်းတို့ ဘာနိမိတ်ရသလဲ၊ ဘာအိပ်မက်ရသလဲ။ တစ်ခုခုရလာခဲ့ရင် ငါ့ကိုပြောပါ"

ဟု ပြောသည်။

ကျွန်ုပ်အပါအဝင် တပည့်ရင်းတို့သည် အိပ်မက်တောင်းခံပြီး အိပ်ရာသို့ ဝင်ကြသည်။ ရက်အတန်ကြာသည်အထိ ထူးထူးခြားခြားအိပ်မက်ကို မမြင်မက်ကြချေ။ သို့ဖြစ်ရာ အမွေခံထိုက်သောတပည့်မရှိဟု ကောက်ချက်ချလိုက်ကြရပေသည်။

ထိုကဲ့သို့ စိတ်ပျက်လက်ပျက်ဖြင့် ကောက်ချက်ချသည့်နေ့တွင် ကျွန်ုပ်အိပ်ရာသို့ ဝင်သောအခါ ယခင်ရက်များကဲ့သို့ အိပ်မက်တောင်းခံခြင်းမပြုဘဲ အိပ်စက်လိုက်သည်။ အိပ်ပျော်သွားသော် ထူးထူးခြားခြားအိပ်မက်တစ်ခုကို မြင်မက်လေသည်။

နောက်တစ်နေ့နံနက်တွင် ကျွန်ုပ် ညကမြင်မက်ခဲ့သောအိပ်မက်ကို ဆရာမာပါအား ပြောပြလိုက်သည်။

"ညက အိပ်မက်မက်ခဲ့ပါတယ်။ အိပ်မက်ထဲမှာ ကျွန်တော် ဘယ်ရောက်နေသလဲဆိုတော့ မြင့်မြင့်မားမားရှိတဲ့ တောင်ထိပ်တစ်ခုပေါ်မှာ ရောက်နေပါတယ်။ အဲဒီတောင်ထိပ်ဟာ မြောက်အရပ်မှာရှိတယ်လို့ ကျွန်တော် သိနေပါတယ်။ တောင်က မြင့်လွန်းလို့ တိမ်တွေကြားမှာ ရောက်နေပါတယ်။ ဘေးပတ်ဝန်းကျင်မှာ နေတစ်စင်းနဲ့ လမင်းတို့ကို ရွေ့လျားနေတာ တွေ့ရပါတယ်။ နေရောင်နဲ့ လရောင်တို့ တောင်ထိပ်ပေါ်ကို ပက်ဖျန်းပေးနေကြပါတယ်။ တောင်ခြေကို ငုံ့ကြည့်တော့ မြေပြန့်ကို တွေ့ရပါတယ်။ မြစ်ရေကိုအမှီသဟဲပြုပြီးနေကြတဲ့ သတ္တဝါတွေလည်း ရှိနေကြပါတယ်။ မြစ်တွေစီးဆင်းရာတစ်လျှောက်မှာ သူတို့ ရှိနေကြပါတယ်။ မြစ်ကြီးဟာ ပင်လယ်သမုဒ္ဒရာထဲကို စီးဝင်သွားပါတယ်။ ပင်လယ်ကမ်းစပ်မှာ ပန်းပင်တွေ ဖူးပွင့်ဝေဆာနေကြပါတယ်"

ဆရာမာပါက အာရုံစူးစိုက်၍ စိတ်ဝင်တစား နားထောင်နေရာမှ မေးခွန်းထုတ်သည်။

"တောင်ထိပ်ကနေ အရပ်လေးမျက်နှာကို မင်းကြည့်ဖြစ်သေးတယ် မဟုတ်လား"

"ကြည့်ပါတယ်။ တောင်ရဲ့အရှေ့ဘက်အရပ်မှာ ကျောက်တိုင်ကြီးတစ်ခု ရှိနေပါတယ်။ ကျောက်တိုင်ထိပ်နားမှာ ခြင်္သေ့အဖိုတစ်ကောင် ကုပ်တွယ်နေတာကို တွေ့ရပါတယ်။ ခြင်္သေ့ကြီးက လည်ဆံမွေးတွေကြောင့် ခံ့ခံ့ညားညား ရှိလှပါတယ်။ သူက မြေပြင်ကို ကုပ်တွယ်ထားတာ၊ ခြေသည်းတွေက ကျောက်တိုင်အသားထဲကို နစ်ဝင်နေတယ်။ ခေါင်းက ကောင်းကင်ဘက်မှာ ရှိတယ်။ ဒီလိုရှိနေရာက ခုန်ဆင်းလိုက်ပြီး မြေပြင်မှာ ကြွေရရ တစ်လှမ်းချင်း လမ်းလျှောက်နေတယ်။ တောင်ဘက်အရပ်ကိုကြည့်လိုက်တော့ အဲဒီဘက်မှာလည်း ကျောက်တိုင်ကြီးတစ်ခု ရှိနေတာကို တွေ့ရပါတယ်။ ကျောက်တိုင်ပေါ်မှာ ကျားမတစ်ကောင် ရှိနေပါတယ်။ သူ့ကိုယ်ပေါ်က အမည်းနဲ့အဝါစင်းတွေဟာ မွဲခြောက်မနေဘဲ စိုလွင်နေကြပါတယ်။ သူက ခြေသည်းတွေကို သူ့အောက်မှာရှိနေတဲ့ တောအုပ်ထဲ ကုပ်နှစ်ထားပါတယ်။ သူက ကောင်းကင်ကို မော့ကြည့်နေတယ်။ ဒီလိုရှိရာက လှုပ်လှုပ်ရှားရှား သွားသွားလာလာလုပ်နေတာကို တွေ့ရတယ်"

ကျွန်ုပ်က အိပ်မက်ကို ဆက်လက်ပြောပြသည်။ ဆရာမာပါက အသာနှုတ်ဆိတ်၍ နားထောင်နေသည်။

"အနောက်အရပ်မှာတော့ လင်း



www.burmeseclassic.com

www.burmeseclassic.com

ယုန်ငှက်ကြီး တစ်ကောင် ရှိပါတယ်။ တောင်ပံကိုဖြန့်ထားရင်း ကောင်းကင်ကို မော့ကြည့်နေတယ်။ ဒီလိုကြည့်နေရာက တောင်ပံကိုခတ်ပြီး လေထဲကိုပျံတက်သွားတယ်။ မြောက်အရပ်မှာရှိနေတဲ့ ကျောက်တိုင်ပေါ်မှာတော့ လင်းတငှက်ကြီး ရှိနေတယ်။ ကျောက်သားပေါ်မှာ သူ့ရဲ့အသိုက်တစ်ခု ရှိနေတယ်။ သူ့ရဲ့တောင်ပံဖြန့်ပြီး ထပျံဖို့ အသင့်အနေအထားမှာ ရှိနေတယ်။ သူကလည်း မိုးကောင်းကင်ကို မော့ကြည့်နေတယ်။ ဒီလိုကြည့်နေရာက ထပျံတယ်။ မိုးမြင့်ထက်အထိ သူရောက်သွားတယ်။ အဲဒါကျွန်တော့်အိပ်မက်ပဲ။ အတိတ်ကောက်ပေးပါဦး"

ဆရာမာပါသည် အိပ်မက်ကို သဘောကျနေသဖြင့် သူ့မျက်နှာသည် ရွှင်လန်းနေသည်။ ဇနီးသည်ကို စားသောက်ပွဲတစ်ခု ကျင်းပဖို့ စီစဉ်ခိုင်းသည်။ စီမံချက်ပြုတ်ပြီးသောအခါ စားသောက်ဖွယ်ရာတို့ကို အတူစားသောက်ကြစဉ် ဆရာမာပါက စကားစ,လိုက်သည်။

"မင်းရောက်နေတဲ့ တောင်ထိပ်ဟာ မြောက်အရပ်လို့ဆိုတဲ့အတွက် ငါတို့နေထိုင်တဲ့ဟိဝမန္တာကို ဆိုလိုတယ်။ ငါပညာရင်နို့စို့ခဲ့တဲ့ မဖျိမအရပ်ကနေကြည့်ရင် ငါတို့အရပ်က မြောက်ဘက်မှာ ရှိတယ်။ မင်းရောက်နေတဲ့တောင်က ငါတို့ရဲ့ဂိုဏ်းကို ဖော်ညွှန်းတယ်။ ပိုပြီး တိတိကျကျပြောရရင် ဒီဂိုဏ်းကို စတင်ထူထောင်တဲ့ ဘာသာပြန်ကျမ်းပြုဆရာမာပါ ဆိုတဲ့ ငါ့ကို ရည်ညွှန်းတယ်။

တောင်ထိပ်က မိုးကောင်းကင်ကို ထိနေတယ်ဆိုတာက ငါတို့ရဲ့ မျှော်မှန်းချက်က မြင့်မားနေပေမယ့် အလှမ်းမီပါတယ်လို့ ဆိုလိုတယ်။ နေနဲ့ လတို့က ဉာဏ်အလင်းနဲ့ မေတ္တာကို ဆိုလိုတယ်။ ငါတို့ရဲ့ မောဟ အမိုက်မှောင် ကွယ်ပျောက်အောင် ဒီနှစ်ခုကထွန်းလင်းပေးနေကြတယ်။ တောင်ခြေမှာ မြေပြင်ကို တွေ့ရတာဟာ တောင်ဟာ မြေကြီးထဲ နစ်မြုပ်နေတယ်လို့ ဆိုလိုတယ်။ ဆိုချင်တာက မြေကမ္ဘာအတွက် ကောင်းကျိုးရှိစေမယ့် ငါတို့ရဲ့လုပ်ရပ်ကို ဖော်ညွှန်းတယ်။ မြစ်ကြီး လေးသွယ်တို့က စတုသဘာဝကိုပြနေတယ်။ စတုသဘာဝဟာ ဂန္ဓာရီခရီးအတွက် အင်မတန်ကောင်းတဲ့ နိမိတ်ပဲ။ မြစ်ရေကို သတ္တဝါတို့ မှီဝဲနေကြရတာဟာ တရားရေကို မှီဝဲကြခြင်းဖြင့် နေထိုင်ကြရမယ်လို့ ဆိုလိုတယ်။

ပင်လယ်ပြင်ကျယ်ထဲ စီးဝင်သွားတာဟာ ဧကသဘာဝမှာ ပေါင်းစည်းသွားတာကို ဖော်ညွှန်းတယ်။ ဒါဟာလည်း အင်မတန်ကောင်းတဲ့နိမိတ်ပဲ"

ဆရာမာပါက အိပ်မက်နိဒါန်းကို အဓိပ္ပာယ်ဖော်ပေးပြီးသောအခါ ကျောက်တိုင်တို့ကို ဆက်လက် အနက်ကောက်ပြသည်။

"အရှေ့ကျောက်တိုင်မှာ ခြသေ့်အဖိုကိုတွေ့ရတာဟာ လူမှာရှိတဲ့ခြသေ့်သဘာဝကို ထင်ဟပ်ပြသခြင်း ဖြစ်တယ်။ သူ့ရဲ့ခြေသည်းတွေက ကျောက်တိုင်မှာ မြဲမြံစွာ ကုပ်တွယ်ထားခြင်းဟာ ဆုံးဖြတ်ချက်နဲ့သန္နိဋ္ဌာန်ကို လက်မလွှတ်စတမ်း ကိုင်စွဲထားတဲ့သဘာဝကို ပြသနေတယ်။ အောက်က မြေပြင်ကိုမကြည့်ဘဲ ကောင်းကင်ကိုမော့ကြည့်တာဟာ လောကီကို စွန့်ပယ်ကြောင်း ပြသတာဖြစ်တယ်။ သံယောဇဉ် အနှောင်အဖွဲ့ကင်းစွာဖြင့် လွတ်လပ်စွာ လှုပ်ရှားနိုင်စွမ်းရှိလိမ့်မယ်လို့ သူ့ရဲ့လှုပ်ရှားမှုက နိမိတ်ပြနေတယ်။ ခြူးအဖိုဟာ မင်းကို စောင့်ရှောက်ပေးနေတဲ့ ပုဂ္ဂိုလ်တစ်ဦးကို ဆိုလိုတယ်။ ဘယ်သူ ဘယ်ဝါဆိုတာ နောင်တစ်ချိန်ကျ မင်းသိလာပါလိမ့်မယ်။

တောင်ဘက်မှာရှိတဲ့ ကျောက်တိုင်ပေါ်က ကျားမဟာ တခြားသူ မဟုတ်ဘူး၊ ငိုဒမ်ကို မင်း မြင်မက်တာပါ။ သူ့ရဲ့စိတ်သဘာဝက ကျားမလိုပဲ။ မင်းကို မိခင်တစ်ယောက်လို သူ စောင့်ရှောက်နေခဲ့တယ်။ တစ်ချိန်တည်းမှာပဲ ကျားတစ်ကောင်လို ရဲရင့်တဲ့ ဖခင်တစ်ယောက်ပမာ ရဲဝံ့စွာ လုပ်စရာရှိတာတွေကို သူလုပ်ပေးတယ်။ သူ့ကိုယ်ပေါ်က အမည်းနဲ့ အဝါစင်းတွေဟာ မွဲခြောက်မနေဘဲ စိုလွင်နေတာက သူ့ရဲ့ အရည်အသွေးဟာ တောက်ပြောင်နေတယ်လို့ ဆိုလိုတယ်။ သူက မင်းကို မိုးသီးမုန်တိုင်းရွာခိုင်းတာကို မင်းမှတ်မိမှာပါ။ သိုးထိန်းတွေက ဖြတ်သန်းသွားလာကြတဲ့ ခရီးသွားတွေကို ဓားပြတိုက်ကြတယ်။ ဒီတော့ ဆိုးပေတေတဲ့ကလေးကို ရိုက်နှက်ပြီး လိမ္မာအောင်ဆုံးမသလိုမျိုး အကြမ်းနည်းဖြင့် ဆုံးမမှ ဖြစ်တော့မယ်ဆိုတာကို ငိုဒမ်က သဘောပေါက်လို့ မင်းကို စေလွှတ်ပြီး မိုးသီးမုန်တိုင်းရွာချခိုင်းလိုက်တယ်။ သိုးထိန်းတွေဟာ ဓားပြအဖြစ် ဆက်မမိုက်ဝံ့ကြတော့ဘဲ လိမ္မာသွားကြတယ်။ ငိုဒမ်ရဲ့အဆုံးအမ အောက်ကို သူတို့ရောက်လာကြတယ်။

အနောက်အရပ်က လင်းယုန်ဟာ မင်းသွားနေတဲ့ ဂန္ဓာရီခရီးလမ်းမှာရှိနေတဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တစ်ဦး ဖြစ်ပါတယ်။ လွတ်မြောက်ပျံတက်သွားနိုင်တဲ့ သဘာဝကို ပြသတာ ဖြစ်ပါတယ်။

မြောက်အရပ်မှာရှိတဲ့ ကျောက်တိုင်ပေါ်က လင်းတငှက်ဟာ တခြားသူ မဟုတ်ဘူး၊ သိုးပါဂ ဆိုတဲ့ မင်းပဲ။ မင်းကိုယ်မင်း အိပ်မက်ဇာတ်ကောင်အဖြစ် မြင်မက်ခြင်း ဖြစ်ပါတယ်။ သူ့ရဲ့ ဘဝ အသိုက်အမြုံဟာ မာရေကျောရေရှိတဲ့ ကျောက်သားပေါ်မှာ ရှိနေတယ်။ ဘဝ အောက်ခံဟာ ပျော့ပျော့ပျောင်းပျောင်း မရှိခဲ့ဘူးလို့ ဆိုလိုတယ်။ သူဟာ ထပျံဖို့ ဟန်ပြင်နေရာက ထပျံသွားတာဟာ မင်းဟာ ဂန္ဓာရီခရီးမှာ ပေါက်မြောက်အောင်မြင်သူဖြစ်လာလိမ့်မယ်လို့ ဆိုလိုတယ်"

ကျွန်ုပ်သည် လွန်စွာ ပျော်ရွှင်သွားသည်။ တပည့်အားလုံးသည် ကျွန်ုပ်အတွက် ပီတိဖြစ်ကုန်ကြသည်။ ဆရာမာပါသည် သူ့တွင်ရှိသမျှ ကျမ်းအားလုံးကို ချပေးသည်။ နေ့အခါ၌ တပည့်တို့ကို မိမိစိတ်ပါရာကျမ်းအား ဖတ်ရစေသည်။ နားမလည်၍ မေးသမျှကို ဒိုင်းဖြေပေးသည်။ ညအခါ၌ ဖတ်ထားသမျှကို လက်တွေ့ အားထုတ်စေသည်။ တစ်ယောက်တည်း အားထုတ်ရခြင်းရှိသလို အုပ်စုဖွဲ့၍ စုပေါင်းဘာဝနာပွားကြသည်လည်း ရှိပေသည်။ တပည့်တို့သည် အားတက်သရော ကျင့်ကြံအားထုတ်ကြခြင်းနှင့် ဆရာမာပါ၏ အနီးကပ်ညွှန်ပြမှုတို့ကြောင့် ဂန္ဓာရီစခန်းတွင် ရှေ့သို့ တက်လှမ်းနိုင်ခဲ့ကြသည်။

တစ်ရက်၌ ဆရာမာပါက တပည့်တို့ကိုသိဒ္ဓိတင်ပေးနေစဉ် သူ့စိတ်၌ မည်သူ့ကို မည်သည့်ကျင့်စဉ်ချပေးရမည်ဆိုသည်ကို ရုတ်တရက် အသိပေါ်သည်။ ဆရာမာပါသည် ကျောက်ရုပ်သဖွယ်ငြိမ်သက်နေရင်း ပေါ်သည့်အသိနောက်သို့ လိုက်ပါသွားသည်။ တစ်ညလုံး ထိုင်ရာမထ မလှုပ်မယှက်ထိုင်နေခဲ့ရာမှ နံနက်မိုးသောက်ချိန်ကျမှ ပြန်လည် သက်ဝင်လှုပ်ရှားလာသည်။

နံနက်နေထွက်ချိန်တွင် တပည့်တို့ကို တစ်ယောက်ပြီးတစ်ယောက် ကျင့်စဉ်များချပေးသည်။ ကျွန်ုပ်အလှည့်ရောက်သောအခါ ခန္ဓာတွင်း၌ ဇီဝအလိုင်းတို့ ထုတ်လုပ်ပေးသည့်ကျင့်စဉ်ကို ချမှတ်ပေးသည်။ ထိုကျင့်စဉ်ကြောင့် နောင်တစ်ချိန်တွင် 'ရီပ' ဟူသောအမည်ကို ရသွားသည်။ ရီပသည် ဒေသိယစကားဖြင့် 'ပိတ်ဖြူ' ကို ခေါ်ဝေါ်

www.burmeseclassic.com

ခဲ့သည်။ ကျွန်ုပ်၏ မျိုးရိုးအမည်မှာ 'မိလာ' ဖြစ်ကြောင်း တင်ပြခဲ့ပြီးပေပြီ။ 'မိလာ' သည် ဒေသိယစကား ဖြစ်ပြီး 'ကြောက်စရာလူ' ဟု အဓိပ္ပာယ်ရ၏။

မျိုးရိုးအမည် မိလာနှင့်ပေါင်းစပ်ပြီး အမည်သစ်တွင်ရာ၌ 'မိလာရိပ' ဟု အမည်တွင်သည်။ အကြောင်းမသိသူတို့က မိလာသည် မျိုးရိုးအမည်မှန်းမသိကြချေ။ သို့ဖြစ်ရာ 'မိလာရိပ' သည် ပိတ်ဖြူဝတ်ထားသော ကြောက်စရာလူ' ဟု အနက်ဖွင့်ကြကုန်သည်။

ဆရာမာပါသည် ကျင့်စဉ်များချပေးပြီးသောအခါ သက်ဆိုင်ရာ ရှားပါးကျမ်းတို့ကိုလည်း ပညာအမွေအဖြစ် တပည့်အသီးသီးတို့ကို ပေးအပ်သည်။ ကျမ်းကို ဖတ်ရှုခိုင်းပြီး သိသင့်သိထိုက်သည်တို့ကို ဆရာမာပါက ဖြည့်စွက်ပြောပြပေးသည်။ သူကိုယ်တွေ့တို့ကိုလည်း ပြောပြသည်။

ထိုသို့ရှိရာမှ ရက်အတန်ကြာသောအခါ ဆရာမာပါက ကျွန်ုပ်အားခေါ်တွေ့သည်။ ကျွန်ုပ်ကို လူသူအရောက်အပေါက်နည်းသည့် ကျောက်ဂူတို့တွင် ကျင့်ကြံအားထုတ်ရန် စေလွှတ်သည်။ မည်သည့်တောင်ရှိ မည်သည့်ဂူတွင် မည်မျှကျင့်ကြံရမည်။ ထို့နောက် မည်သည့်တောင်ရှိ မည်သည့်ဂူသို့ ပြောင်းရွှေ့ရမည် စသည်ဖြင့် ခရီးစဉ်အသေးစိတ်ကို ညွှန်ကြားသည်။ ထို့နောက် ကျွန်ုပ် အပါအဝင် တပည့်လေးဦးကို ရွေးထုတ်လိုက်သည်။ ကျန်သုံးဦးကိုလည်း ဂန္ဓာရီခရီးစဉ် လမ်းညွှန်ချက်များ အသီးသီးပေးသည်။

ဤသည်မှာ စတုသဘာဝကို ပြုသော အိပ်မက်ထဲတွင် ကျောက်တိုင်လေးခု ပါဝင်သည့်အတွက် တပည့်လေးဦးကို ရွေးထုတ်ခြင်း ဖြစ်သည်။

"မင်းတို့ကို ကျင့်ရမယ့်ကျင့်စဉ်အသီးသီး ချမှတ်ပေးပြီးပြီ။ သွားရမယ့်ဂူတွေကိုလည်း သတ်မှတ်ပေးပြီးပြီ။ လိုအပ်တဲ့ကျမ်းကိုလည်း ပေးပြီးပြီ။ ငါ့မှာ အမွေပေးစရာ သားအရင်း မရှိတော့ဘူး။ ဒီတော့ မင်းတို့ကို ငါ့ရဲ့သားတွေအဖြစ် ပညာအမွေကို ငါပေးလိုက်ပြီလို့ မှတ်ယူကြပါ။ ငါ့ရဲ့ရတနာသဖွယ်ရှိတဲ့ ရှားပါးကျမ်းတွေ မင်းတို့ အသီးသီးရထားကြပြီ။ တန်ဖိုးရှိရှိ အသုံးချကြပါ။ လူဖြစ်ရကျိုးနပ်အောင် လုပ်ကြပါ။ ငါ့ရဲ့တပည့်အစစ် ဖြစ်ကြပါစေ။ ငါဟာ မင်းတို့ရဲ့ ဆရာတစ်ဆူ ဖြစ်ရကျိုးနပ်အောင် လုပ်ကြပါ"

ထို့နောက် သူ့ထံမှ ထွက်ခွာကြရန်တိုက်တွန်းသည်။ ကျွန်တပည့်သုံးဦးသည် သွားရမည့်ဂူများရှိရာသို့ ထွက်သွားကြသည်။ ကျွန်ုပ်ကို သွားရန်အချိန်မတန်သေးဟုဆိုကာ တားထားသည်။

ရက်အတန်ကြာတွင် ဆရာမာပါက ရှိခိုးသည်။ ကျွန်ုပ်မှတစ်ပါး ကျန်တပည့်အားလုံးကို နေရပ်သို့ ပြန်ခိုင်းလိုက်သည်။ အိမ်တွင် လူရှင်းသွားသောအခါ ဆရာမာပါက ကျွန်ုပ်တစ်ယောက်တည်းကို ဖိသင်တော့သည်။

ကျွန်ုပ်သည် ကျောက်ဂူထဲတွင် နေရသည်။ ယခင်အကြိမ်များအတိုင်း ဂူပေါက်ဝကို ပိတ်ဆို့ပစ်သည်။ ဆရာမာပါ ချပေးသော ကျင့်စဉ်အဆင့်ဆင့်ကို တစ်ဆင့်ပြီးတစ်ဆင့် ကျင့်ကြံအားထုတ်ရသည်။ ဆရာမာပါ၏ အနီးကပ်သင်ပြမှုအောက်တွင် နှစ်အတန်ကြာ ကျင့်ကြံခဲ့ရသည်။

(၅) နှစ်ကျော်ပြီး (၆) နှစ်အတွင်းသို့ ချဉ်းနင်း ဝင်ရောက်လာချိန်တွင် ကျွန်ုပ်သည် နေရပ်ဖြစ်သော ကွမ်ဆာရွာသို့ပြန်ရန် ဆရာ့ထံ ခွင့်ပန်သည်။ ထိုသို့ခွင့်ပန်ရသည်မှာ အကြောင်းရှိသည်။

ကျွန်ုပ်သည် (၅) နှစ်တာကာလ တစ်လျှောက် အိပ်သည် ဟူ၍ မရှိသလောက် ရှားသည်။ ကျွန်ုပ် မသေခင် ကျွန်ုပ်လိုချင်သောတရားထူး မရလိုက်မှာကို စိုးသဖြင့် ကျွန်ုပ်အဖို့ အချိန်သည် ရွှေထက် အဖိုးတန်နေသည်။ သို့ဖြစ်ရာ နေ့နေ့ ညည ကျင့်ကြံအားထုတ်ခြင်းဖြင့်သာ အချိန်ကို ကုန်လွန်စေသည်။

ထိုသို့ရှိရာမှ တစ်ခုသော နံနက်ခင်းတွင် မှေးခနဲ အိပ်ပျော်သွားသည်။ တရားထိုင်နေရင်း အိပ်ပျော်ခြင်းသို့ ရောက်ရှိသွားခြင်း ဖြစ်သည်။ အိပ်မက်ထဲတွင် ကျွန်ုပ် ငယ်စဉ်က နေခဲ့သော အိမ်ကိုတွေ့သည်။ ကျွန်ုပ်ဖခင်ရှိစဉ်က ကျွန်ုပ်တို့မိသားစု အတူတကွ နေထိုင်ခဲ့သောအိမ်ကြီး ဖြစ်သည်။

အိမ်မှာ တိုင်လုံးကြီးလေးလုံးထူပြီး ရက်မ ရှစ်တန်းပြေးထားသည့် အိမ်ပုံစံ ဖြစ်သည်။ အထပ်သုံးထပ် ရှိသည်။ အောက်ဆုံးထပ်တွင် လူမနေ။ မြင်းပေးဆိတ်၊ စာမရိ အစရှိသည်တို့ကို ထားရှိသည်။ အပေါ်နှစ်ထပ်တွင်သာ လူနေသည်။ ထိုစဉ်ကာလက လေးခန်း ရှစ်တန်းဟုခေါ်ကြသည့် အိမ်ကြီးမျိုး ဖြစ်သည်။

ထိုအိမ်ကြီးသည် ပြိုကျပျက်စီးနေသည်။ အိမ်ပြိုအိမ်ပျက်ကြီးအဖြစ်သို့ ဆိုက်ရောက်နေသည်။ ကျွန်ုပ်သည် စာအုပ်စင်များရှိသည့်အခန်းထဲသို့ ရောက်သွားသည်။ အခန်းမှာ မိုးယိုနေသည်။ မိုးရေစက်တို့ တတောက်တောက်ကျနေသည်။ အမိုးကို မော့ကြည့်သောအခါ အမိုးသည် အပေါက်အပြဲ ဗရပွနှင့် ဖြစ်နေ၏။ မြင်ကွင်းက ရုတ်တရက်ပြောင်းသွားသည်။

ကျွန်ုပ်သည် လယ်ကွက်တစ်ခုထဲသို့ ရောက်သွားသည်။ အမေ့မောင်ပိုင်ဆိုင်သောလယ်ကွက် ဖြစ်သည်။ လယ်ကွက်ထဲတွင် သီးနှံပင် မရှိ။ အလေ့ကျပေါက်သော မြက်ရိုင်းရှည်များသာ ကြီးစိုးနေသည်။ မြက်ပင်မှ နောက်ပိုးသီးတို့သည် ကျွန်ုပ်ဝတ်ဆင်ထားသောပိတ်ဖြူတွင် လာရောက် ကပ်ငြိကုန်ကြသည်။

ထိုစဉ်မာပင် သေခြင်းတရား၏အငွေ့အသက်ကို ကျွန်ုပ် ရရှိသည်။ အမေဟု ရုတ်ခြည်း သိလိုက်သည်။ မြက်ရိုင်းတောထဲမှ အပြင်ဘက်သို့ရောက်အောင် သွားနေစဉ် ညီမလေး ပီတကို ကျွန်ုပ် လှမ်းတွေ့သည်။ သူသည် အထီးကျန်ဖြစ်နေသည်။ သူဖုန်းစား ဖြစ်နေသည်။ သူက 'အစ်ကိုကြီး' ဟု တစာစာအော်ခေါ်နေသည်။ မြက်ရိုင်းတောအပေါ်တွင် သူ၏အသံစာစာ ပျံ့လွင့်နေသည်။

'အစ်ကိုကြီး သီးပါဂ. . .'

'အစ်ကိုကြီး သီးပါဂ. . .'

'အစ်ကိုကြီး သီးပါဂ. . .'

ကျွန်ုပ်၏မျက်လုံးတို့မှ မျက်ရည်များ စီးကျလာသည်။ ရှိုက်ကြီးတငင်ငိုကြွေးမိသည်။ အမေ့ကို မသေခင် တွေ့ခွင့်မရလိုက်သည့်အတွက် ယူကျုံးမရဖြစ်သည်။ ညီမလေးပီတသည် အထီးကျန် သူဖုန်းစားဖြစ်နေသဖြင့် ရင်ထဲနင့်နေအောင် ကျွန်ုပ် ခံစားရသည်။

ကျွန်ုပ်သည် အိပ်ပျော်နေရာမှ ပြန်နိုးသည်အထိ ငိုနေဆဲရှိသည်။ ပါးပြင်ကို လက်ချောင်းဖျားဖြင့်တို့ထိကြည့်သောအခါ မျက်ရည်တို့ စိုစွတ်နေကြောင်း သိလိုက်သည်။

မိခင်ကို လွမ်းဆွတ် သတိရမိသဖြင့် ကျွန်ုပ်သည် ဆက်လက်ငိုကြွေးမိသည်။ ကျွန်ုပ်အနေဖြင့် ဆက်လက်ကျင့်ကြံအားထုတ်ရန် ခွန်အားမရှိတော့ချေ။ သို့ဖြစ်ရာ အိမ်ပြန်ခွင့်ပေးဖို့ ဆရာမာပါထံ ခွင့်ပန်လိုက်သည်။

ကျွန်ုပ်သည် အလုံပိတ်ထားသော ဂူပေါက်ဝကိုဖြိုဖျက်သည်။ လူတစ်ကိုယ်စာထွက်သာသောအပေါက်ကို ဖောက်သည်။ ထို့နောက် အပေါက်မှတစ်ဆင့် အပြင်သို့ထွက်သည်။

ဆရာမာပါ၏အိမ်သို့ အပြေးအလွှားသွားလိုက်သည်။ အိမ်သို့ ရောက်



www.burmeseclassic.com

www.burmeseclassic.com

သောအခါ ဆရာမာပါသည် အိပ်ရာမှ မထသေးချေ။ သို့ဖြစ်ရာ အိပ်ခန်းအတွင်းသို့ ခြေသံလုံလုံဖြင့် ဝင်လိုက်သည်။ ဆရာအိပ်နေသည့်ခုတင်၏ ခေါင်းရင်းဘက်သို့သွားလိုက်သည်။ ကျုံ့ကျုံ့ယုံ့ယုံ့ ထိုင်ကာ ဦးချ ကန်တော့လိုက်သည်။ စိတ်ထဲတွင် ဆရာ့ကိုခွင့်ပန်လိုက်သည်။

ကျွန်ုပ်သည် မိသားစုနှင့် ကွဲကွာနေခဲ့သည်မှာ အတော်ကြာခဲ့ပြီ။ ယခု သူတို့ထံ အလည်အပတ်သွားလိုသည်။ ထို့အတွက် ခွင့်ပြုပါဟု စိတ်ထဲမှ ခွင့်ပန်လိုက်သည်။ ဆရာ့ထံသို့ အမြန်ဆုံး ပြန်လာခဲ့မည်ဟုလည်း ကတိကဝတ်ပေးလိုက်သည်။

ကျွန်ုပ်စိတ်ထဲ ခွင့်ပန်ပြီးသောအခါ ထထွက်မည်ပြုစဉ် ပြတင်းပေါက်ရှိ ကြက်တူရွေးပေါက်မှတစ်ဆင့် ဝင်လာသော နေရောင်ခြည်တန်းသည် သူ့ငယ်ထိပ်ပေါ်သို့ တည့်တည့်ကျနေသည်ကို ကျွန်ုပ်ဖတွေ့ရသည်။ ထိုစဉ်မှာပင် ဆရာမာပါ နိုးလာသည်။ ထိုစဉ်မှာပင် ဆရာကတော်က ဆရာမာပါအတွက် နံနက်စာကို အခန်းထဲသို့ယူလာသည်။

ဆရာမာပါသည် လဲလျောင်းနေရာမှထထိုင်လိုက်သည်။ ကျွန်ုပ်ကိုမြင်သောအခါ လန့်ဖျပ်သွားသည်။

"ဘာလို့အပြင်ကိုထွက်လာရတာလဲ။ သား ဘာဖြစ်လို့လဲ။ ကျင့်စဉ်တွေကို ကျင့်နေတဲ့ ကာလတစ်လျှောက်မှာ ဒီလို ရုတ်တရက်ကြီး ရပ်ပစ်လိုက်ရင် မင်းအတွက် အန္တရာယ်ရှိတယ်။ အန္တရာယ်အရမ်းကြီးတယ်။ အကုန်လုံး ကမောက်ကမ ဖြစ်ကုန်နိုင်တယ်၊ သူရူးတစ်ယောက်ဖြစ်သွားနိုင်တယ်။ ဂူထဲကို အခုပြန်စမ်း"

ကျွန်ုပ်သည် အိပ်မက် မြင်မက်ထားသဖြင့် မွေးရပ်မြေဆီသို့ ပြန်ရန် သန္နိဋ္ဌာန်ချထားပြီးနေပြီဖြစ်ပေရာ အရဲစွန့်ပြီး ကျွန်ုပ် အိမ်ပြန်ချင်၍ ထွက်လာရခြင်းဖြစ်ကြောင်း ပြောပြလိုက်သည်။ တစ်ဆက်တည်းမှာပင် အိပ်မက်ကိုပါ ပြောပြလိုက်သည်။ ကျွန်ုပ်အနေဖြင့် မိသားစုအပြင် ကျွန်ုပ်သိကျွမ်းသော ရွာသူရွာသား အချို့ကိုပါ တွေ့လိုသဖြင့် အိမ်ပြန်ရန် ခွင့်ပန်ရခြင်းဖြစ်ကြောင်း ပြောလိုက်သည်။

ဆရာမာပါက-

"သား၊ မင်း ငါ့ဆီကိုရောက်လာစဉ်အခါက မိသားစုဆိုတာကို ထည့်မပြောခဲ့ပါဘူး။ ရွာကမိတ်ဆွေဆိုတာကိုလည်း ထည့်မပြောခဲ့ပါဘူး။ ဆွေမျိုးဉာတိ ဆိုတာကိုလည်း ထည့်မပြောခဲ့ပါဘူး။ မင်းက တရားထူးဆီကို ရောက်သွားနိုင်မယ့်နည်းလမ်းကိုသာ တောင်းဆိုခဲ့ပါတယ်။ အခုတျမှ ဘယ်လိုဖြစ်ရတာလဲ။ ကောင်းပြီ၊ မင်းက အိမ်ကိုပြန်ရောက်သွားပါပြီတဲ့၊ ဘာထူးမှာလဲ။ မင်းအမေကလည်း ရှိချင်မှ ရှိတော့မှာပါ။ မင်းတွေ့ချင်တဲ့သူတွေကလည်း ရှိချင်မှ ရှိတော့မှာပါ။ သေရွာကိုရောက်ကုန်ကြလောက်ပါပြီ။ ဒါပေမယ့် မင်းက အိမ်ပြန်ဖို့ကို စိတ်အားထက်သန်နေတယ်ဆိုတော့ ငါခွင့်ပြုလိုက်ပါမယ်"

ဟု ပြောသည်။ ထို့နောက် သူက နိမိတ်ဖတ်သည်။

"ငါရှိတဲ့အခန်းထဲကို မင်းဝင်လာတော့ ငါက နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေတယ်။ ဒီတော့ မင်းအိမ်ကိုပြန်သွားပြီးတဲ့အခါ ငါ့ဆီကို ပြန်လာရင် ငါ့ကို မင်းတွေ့ရတော့မှာ မဟုတ်ဘူး။ မင်းပြန်မရောက်ခင်မှာ ငါက သေနှင့်နေပြီဆိုတဲ့အဖြစ်ကို မင်းကြုံရလိမ့်မယ်။ ဒီတစ်သက်တာမှာ မင်းနဲ့ငါ ပြန်ဆုံဖို့လမ်းမရှိတော့ဘူး။ ငါ့ရဲ့ငယ်ထိပ်ကို နေရောင်ခြည်ထိုးနေတာဟာ ဘာကိုပြောသလဲဆိုတော့ ငါသင်ပြပေးတဲ့ပညာရပ်တွေ၊ ကျင့်စဉ်တွေနဲ့ မင်းဟာ ဓမ္မရောင်ခြည်ကိုရမယ်လို့ ညွှန်ပြနေတယ်။ မင်းအမေက နံနက်စာအာဟာရကိုယူပြီး ဝင်လာတာဟာ မင်းဟာ နာမ်ပိုင်းဆိုင်ရာအာဟာရတွေကို ရရှိမယ်လို့ နိမိတ်ပြနေတယ်။ ကောင်းတဲ့နိမိတ်တွေလို့ ငါယူဆတယ်။ ငါတို့ရဲ့ဂန္ဓာရီကျင့်စဉ်မှာ ဇာတိရပ်မြေကိုပြန်ပြီး ဇာတိလေကို ရှူရှိုက်ရတာဟာလည်း လိုအပ်ချက်တစ်ခု ဖြစ်နေတယ်။ ဒီတော့ မင်းကို သွားခွင့်ပြုတယ်"

ထို့နောက် ဆရာမာပါက ဘုရားဆောင်တွင် ကပ်လှူပူဇော်ရန် အသင့်ပြင်ပေးဖို့ ဆရာကတော်ကို ခိုင်းလိုက်သည်။ အသင့်ပြင်ပြီးသောအခါ ဆရာမာပါက ကျွန်ုပ်ကို အနီးသို့ခေါ်သည်။

"မင်းနဲ့ငါ ပြန်မတွေ့ကြရတော့ဘူးဆိုတော့ သင်ပေးစရာရှိတာတွေကို အခုပဲ သင်ပေးလိုက်တော့မယ်"

ဆရာမာပါသည် ဆရာမှ တပည့်သို့ နှုတ်တိုက်ချပေးရသောပညာတို့ကို သင်ပြပေးသည်။ အထူးသတိထား၍သုံးစွဲရန်နှင့် ပညာလက်ဆင့်ကမ်းရာ၌ သေချာစွာ စိစစ်ရွေးချယ်ပြီးမှ ယုံကြည်စိတ်ချထိုက်သောသူကိုသာပေးရန် အထူးတလည် မှာကြားသည်။ ထိုသို့ မပေးခင် လက်ခံထိုက်သောအဆင့်သို့ရောက်၊ မရောက် ဆိုသည်ကို အရင်ဆန်းစစ်ရန်လည်း မှာကြားသည်။

ထို့နောက် ကျွန်ုပ်ကို သိဒ္ဓိတင်ပေးသည်။ အမြင့်ဆုံးအဆင့်အထိ ဆရာမာပါက ဆွဲတင်ပေးလိုက်သည်။ ထို့နောက် ဆရာမာပါက ဩဝါဒပေးသည်။

"ဘယ်သောအခါမှ ထုတ်မပြပါနှင့်။ ဂုဏ်သတင်းကို လိုလား၍လည်း ထုတ်မပြပါနှင့်။ အကျိုးကို လိုလား၍လည်း ထုတ်မပြပါနှင့်။ အချည်းနှီးလည်း မဖြစ်စေနှင့်။ အားသုံးပြီး အနိုင်ရလို၍လည်းထုတ်မသုံးပါနှင့်။ တပည့်တို့ရှိကြသည့်အနက် ထိုက်တန်သူတို့ကို မျှပေးပါ။ သူတို့၏ဂန္ဓာရီခရီးအတွက် အာဟာရအဖြစ် သုံးခွင့်ပေးပါ။ ငါ၏ဆရာနာရိုပါသည်လည်း သူ၏ဆရာဖြစ်သူ ဆရာကြီးတီလိုပါထံပါး၌ တပည့်ကောင်းတစ်ဦးအဖြစ် အနံ့တာခံပြီး ဤပညာရပ်တို့ကို ရခဲ့သည်၊ ဤသိဒ္ဓိတို့ကို ရခဲ့သည်။ ငါသည်လည်း ဆရာကြီးနာရိုပါထံပါး၌ တပည့်ကောင်းတစ်ဦးအဖြစ် အနံ့တာခံပြီး ဤပညာရပ်တို့ကို ရခဲ့သည်၊ ဤသိဒ္ဓိတို့ကိုရခဲ့သည်။ သင်လည်း ဆရာမာပါထံပါး၌ တပည့်ကောင်းတစ်ဦးအဖြစ် အနံ့တာခံပြီး ဤပညာရပ်တို့ကို ရခဲ့သည်၊ ဤသိဒ္ဓိတို့ကို ရခဲ့သည်။ ထိုနည်းနှင်နှင် ဖြစ်သောတပည့်ကိုသာ ဤပညာရပ်တို့နှင့်ဤသိဒ္ဓိတို့ကို လက်ဆင့်ကမ်းပါလေ။ လူအရွေးမမှားစေနှင့်။ မသေချာသေးသရွေ့ မပေးလေနှင့်။ မပေးဘဲ သေသွားရလည်း ဝမ်းမနည်းနှင့်"

ဆရာမာပါက စကားကိုရပ်လိုက်သည်။ ကျွန်ုပ်ကို အသေအချာကြည့်သည်။ ပြီးမှ စကားကိုဆက်သည်။

"မျိုးဆက်ဟောင်းက မျိုးဆက်သစ်ကို ပညာရပ်တွေ လက်ဆင့်ကမ်းရတာထုံးစံပါ။ မျိုးဆက်သစ်ဖြစ်တဲ့တပည့်အနေဖြင့် မျိုးဆက်ဟောင်းဖြစ်တဲ့ ဆရာထံမှ ရလာတဲ့ ပညာရပ်ကို တလွဲမသုံးမိအောင် အထူး ဂရုစိုက်ရမယ်။ မဇ္ဈိမဒေသမှာ ရတနာကိုးပါးလို့ခေါ်ကြတဲ့ ကျမ်းကြီး (၉) သွယ်အနက် (၄) သွယ်ကို မင်းလက်ထဲ အပ်လိုက်ပါပြီ။ ကျန်တဲ့ ကျမ်းကြီး (၅)သွယ်ဟာ မဇ္ဈိမဒေသမှာ ရှိနေပါတယ်။ အဲဒီ ကျမ်းကြီး (၅) သွယ်ထဲက တစ်သွယ်ကို ငါ့ရဲ့တပည့်တစ်ဦးဟာ ဆရာကြီးနာရိုပါရဲ့တပည့်ရင်းတစ်ဦးထံမှ ရယူဖို့အတွက် မဇ္ဈိမဒေသကို ရောက်နေပါတယ်။ မင်းအနေဖြင့်လည်း အခွင့်ကြုံရင် ရယူဖို့ လုံ့လစိုက်ပါ"

ကျွန်ုပ်သည် စိတ်ထိခိုက်နေမိ[illegible] ဤစကားများသည် ဆရာမာပါထံမှ



www.burmeseclassic.com

www.burmeseclassic.com

ာက်ဆုံးကြားရသည့်စကားများ ဖြစ် ည်ဟူသောအသိကြောင့် ရင်၌ ကျင် ်းထားသကဲ့သို့ ခံစားနေရသည်။

"သား-မဟာမှော်ဆရာလေး၊ မင်း ငါ့ကို ပစ္စည်းဥစ္စာဆိုလို့ ဘာတစ်ခု ည်မည်ရရ မဆက်ကပ်၊ မလှူဒါန်း အဲဒါကြောင့် ငါက ဆရာစားချန် သိမ့်မယ်လို့ မင်းမထင်လိုက်ပါနဲ့။ ို ပစ္စည်းဥစ္စာတွေ၊ လက်ဆောင် လာဘ်လာဘတွေ အများအပြား ခဲ့တဲ့ တပည့်တွေကိုတောင် သင်မ တဲ့ ပညာရပ်တွေကို မင်းတတ် ာက်ကျွမ်းကျင်တဲ့အထိ၊ ပိုင်နိုင်သွား အထိ လက်ထပ် သင်ပေးခဲ့တယ်၊ ာတုန် သင်ပေးခဲ့တယ်။ ဆရာ့ထက် ည့် လက်စောင်းထက်နိုင်တဲ့အထိ သွားအောင် ငါ သင်ပေးခဲ့တယ်။ ဟာ တပည့်ကောင်းတစ်ဦးအဖြစ် သသနေပြခဲ့တယ်။ ဒီတော့ ငါက ည်း ဆရာကောင်းတစ်ဦးဖြစ်အောင် ထုတ်ခဲ့ရတယ်။ မင်းအတွက်လိုနေ ဒရောက်ဂျပ်ပညာကို ရဖို့အတွက် ့အသက်အရွယ်ကို အမှုမထားဘဲ ကို ခရီးထွက်ခဲ့တယ်၊ ငါ့မှာ တပည့် များစွာရှိပေမယ့် မင်းတစ်ယောက် ည်းကိုသာ ပညာကုန်သင်ပေးခဲ့တယ်။ လို့ ဒီလိုသင်ပေးရသလဲဆိုတော့ ဟာ တပည့်အပီသဆုံးတပည့် ဖြစ် ပဲ။ မင်းဟာ ငါ့အတွက် တပည့် သဆုံး တပည့် ဖြစ်လာတဲ့အခါ ငါ ည်း မင်းအတွက် ဆရာအပီသဆုံး ာဖြစ်အောင် လုပ်ခဲ့ပါတယ်။ မဖွံ့မ ငါပြန်လာတော့ ငါ့မှာ ပညာတွေပြန် င်ပေးရမယ့်တာဝန်ကို ပခုံးပေါ် ထမ်း ရတယ်။ အခု ငါတာဝန်ကျေပြီလို့ ာနိုင်သွားပြီ"

ဆရာမာပါသည် ကျွန်ုပ်၏ ဦး င်းကို လက်ဝါးဖြင့် ပွတ်သပ်သည်။ ်ကို လွန်စွာမြတ်နိုးသောအကြည့် ကြည့်သည်။

"မင်း ခုလိုထွက်သွားတော့မယ်ဆို ာ့ ငါကြေကွဲနေရပြီ။ ဒါပေမယ့် အ ာမှာ အဆုံးသတ်ဆိုတာ ရှိတယ်။ ်နဲ့ငါဟာ တပည့်နဲ့ဆရာအဖြစ် ဆုံ ခဲ့ကြတယ်၊ သားနဲ့အဖအဖြစ်လည်း ခဲ့ကြတယ်။ ဒါတွေဟာလည်း အဆုံး ကို ကြုံရစမြဲ ဆိုတဲ့ နိယာမကို မ ဆန်နိုင်ကြပါဘူး။ ဒီတော့ ငါကြေ ေပမယ့် ဘာမှမတတ်နိုင်ဘူး။ ကံ ်ဆုံတယ်၊ ကံကုန်ရင် ကွဲကြရ ာ မမွတာပါပဲ။ သွားတာတော့ ါ ငါမတားပါဘူး။ ဒါပေမယ့် အခု မသွားနဲ့ဦး။ မင်းကိုငါ သင်ပေးချင်တာ လေးတွေရှိနေသေးတယ်။ ဒီတော့ ရက် အနည်းငယ် ငါနဲ့အတူ ဆက်နေပြီးမှ သွားပါ"

ကျွန်ုပ်သည် ဆရာမာပါပေးသော ကျမ်းကို ဖတ်ရှုလေ့လာရသည်။ ဆရာ မာပါ၏အနီးကပ်သင်ပြမှုဖြင့် လေ့ကျင့် ရသည်။ ဆရာမာပါက တဝကြီး သင်ပြ ပေးပြီးသောအခါ ကျွန်ုပ်ကို သွားခွင့်ပြု သည်။ ကျွန်ုပ်၏ မိန်နှင့်ဖသဖွယ် ရှိကြ သော ဆရာကတော်နှင့် ဆရာမာပါတို့ သည် နှုတ်ဆက်ပွဲတစ်ခုကို ကျင်းပပေး ကြသည်။

ပွဲကျင်းပစဉ် ဆရာမာပါသည် စိတ်တန်ခိုးဖြင့် ပုံသဏ္ဌာန်အမျိုးမျိုးကို ဖန်ဆင်းပြသည်။ အချွန်အတက် ဗရပွ ပါသော ကြောက်စရာဘီလူးပုံသဏ္ဌာန် အမျိုးမျိုးကို ဖန်ဆင်းပြသည်။ ထိုသို့ ပြ သသည်မှာ ကျွန်ုပ်အား အတွေ့အကြုံ ဗဟုသုတရရှိစေရန်အလို့ငှာ ရည်ရွယ် ကြောင်း ပြောပြသည်။ ဂန္ဓာရီခရီး၌ ဤ သို့ဤနှယ် စိတ်ချောက်ချားစရာများကြုံ တွေ့ရတတ်၏။ ထိုအခါ၌ သွေးမပျက် စေရန်အတွက် ယခုကတည်းက မြင်ဖူး ထားအောင် ပြသရသည်။ နောင်တစ် ချိန်တွင် ကျွန်ုပ်သည်လည်း အလားတူ ပင် ဖန်ဆင်းပြတတ်လာမည်။ ထိုအခါ မိမိအစွမ်းကို ကြွားဝါလိုသောသဘော ဖြင့် ဖန်ဆင်းပြခြင်းမပြုရန် သတိပေး ထားမြစ်သည်။

ကျွန်ုပ်က စောင့်ထိန်း လိုက်နာ အပ်သောအချက်မှန်သမျှတို့ကို လိုက် နာ စောင့်ထိန်းမည်ဖြစ်ကြောင်း ကတိ ပေးလိုက်သည်။ ဆရာမာပါကဲ့သို့သော အဆင့်သို့ရောက်ရှိအောင် အစွမ်းကုန် ကြိုးစား အားထုတ်မည် ဖြစ်ကြောင်း၊ ဆရာ့ခြေရာကို နင်းနိုင်သည့် တပည့် ကောင်း တပည့်တော်တစ်ဦးအဖြစ်သို့ မုချရောက်စေရမည်ဟု ကတိပေးလိုက် သည်။

ဆရာမာပါက-

"မာယာလောကထဲမှာ မြင်တာ ကိုလည်း ယုံလို့မဖြစ်ဘူး၊ မြင်ရမှ ယုံရ မယ်လို့လည်း ပြောလို့မဖြစ်ဘူး"

ဟု ဆုံးမစကားပြောကြားသည်။

ထို့နောက် သူက-

"အခု လောကရဲ့မာယာတွေကို အထာသိနေပြီ။ ဒီတော့ ဆရာမပါဘဲ ဂန္ဓာရီခရီးကို လျှောက်လှမ်းလို့ရနေပြီ။ တစ်ချိန်တုန်းက ငါပြောပြထားတဲ့ဂူတွေ ဆီကို တစ်ခုပြီးတစ်ခုသွားပါ။ ကျင့်စဉ် အဆင့်ဆင့်ကို သတ်မှတ်ပေးထားတဲ့အ တိုင်း ကျင့်ကြံအားထုတ်ပါ။ ခရီးသွား ရာမှာ ဘုရားဖူးခရီးသည်အဖြစ် သွား ပါ။ ကြုံရာမှာ ကြုံသလိုတည်းပါ။ ကြုံ ရာမှာ ကြုံသလိုစားပါ။ စိတ်ထဲမှာ ကျင့် ကြံအားထုတ်ခြင်းမှတစ်ပါး အခြားမရှိ ပါစေနှင့်။ ဘဝတစ်သက်တာအတွက် လောကီစည်းစိမ်ကို စွန့်ပယ်ပါ။ ကြီး ပွားချမ်းသာခြင်းကို စွန့်ပယ်ပါ။ တော တောင်သဘာဝမှာ နေပါ။ ခရီးပေါက် မြောက် ပြီးစီးသွားတဲ့အခါ မင်းထံပါးကို ချဉ်းကပ်လာကြသူတွေကို မိဘမေတ္တာ ဖြင့် သင်ပြပေးလိုက်ပါ။ လောကတစ် ခွင်လုံးရဲ့အကျိုးကို ကြည့်ပါ"

ဟု ပြောရင်း မျက်ရည်များစီးကျ လာသည်။

"သား၊ မင်းနဲ့ငါ ပြန်ဆုံဖို့မရှိတော့ ဘူး။ ဒါပေမယ့် ငါ့နှလုံးအိမ်ထဲမှာ မင်း အမြဲရှိနေမှာပါ။ မင်းရဲ့နှလုံးအိမ်ထဲမှာ လည်း ငါအမြဲရှိနေမှာပါ။ ငါလည်းသေ မယ်၊ မင်းလည်း သေမယ်။ သေပြီးကြ တဲ့အခါ အမြင့်တစ်နေရာမှာ ငါတို့ပြန် ဆုံကြမယ်။ အခုတစ်သက်တာမှာတော့ မင်းနဲ့ငါ အပြီးအပိုင်ခွဲကြရပြီ။ အခု မင်း ဘာလို့ အိမ်ပြန်ချင်ရသလဲ ဆိုတာကို ငါသဘောပေါက်ပါတယ်။ မင်းမှာ ဆပ် စရာကြွေးတွေ ကျန်နေတယ်။ ဒီကြွေး တွေကို ဆပ်လိုက်မှ ကြွေးကျေပြီး မင်း ရောက်ချင်တဲ့ဆီကို ရောက်သွားနိုင်မှာ မို့ မင်းမှာ အိမ်ပြန်ချင်စိတ်တွေပေါက် နေရခြင်းဖြစ်တယ်။ ဆပ်ပါ၊ ကျေအောင် ဆပ်ပါ။ သတိထားရမှာက အကြွေးဆပ် ရင်း အကြွေးထပ်မတင်စေနဲ့"

ထို့နောက် ဆရာမာပါက စာရွက် လိပ်တစ်ခုကို ထုတ်ပေးသည်။

"ဒီစာရွက်လိပ်ကို ဆောင်ထားပါ။ စာရွက်ပေါ်မှာ ဘာလုပ်ရမယ်ဆိုတာကို ညွှန်ပြထားတယ်။ ဒီစာရွက်လိပ်က မင်း ကို ကြီးစွာသောအထောက်အကူကိုပြု ပေးပါလိမ့်မယ်။ ဒါပေမယ့် အချိန်မတန် ခင်မှာ မသုံးပါနဲ့။ အချိန်မကျခင်မှာ ကြို ပြီး မဖတ်ကြည့်ပါနဲ့။ ယုတ်စွအဆုံး၊ အ လိပ်ကို မဖြေပါနဲ့"

ကျွန်ုပ်သည် ပိုးကြိုးဖြင့်စည်းထား သော စာရွက်လိပ်ကို ဆရာမာပါထံမှ တရိုတသေ လက်ခံ ရယူလိုက်သည်။ ဆရာမာပါ ကရားရေလွှတ် တတွတ် တွတ်ပြောနေသော စကားလုံးတို့သည် ကျွန်ုပ်၏နှလုံးအိမ်ထဲသို့ စိမ့်ဝင်ရောက် ရှိသွားကြသည်။ နှလုံးအိမ်တွင် စွဲမြဲစွာ ထင်ကျန်ရစ်ကြသည်။

(ဆက်ရန်)

အောင်သော်



www.burmeseclassic.com

www.burmeseclassic.com


၁၉၅၈ ခုနှစ် နှစ်ဦးကာလ။

ဆူနာဗာသီ (S.S. SONAVATHI) ဟူသောအမည်မှာ ဘီအိုင်လိုင်း [BI line. (British India line)] မှ သင်္ဘောတစ်စီး၏ အမည် ဖြစ်သည်။ ကျွန်ုပ်တို့ငယ်စဉ်က မြင်ခဲ့ရသော အာလာကပ္ပ ဆိုသော ချစ်တီးကြီး၏ မည်းနက် ပြောင်လက်သော နဖူးပေါ်တွင် ထုံးအဖြူ(၂)ချက်ကို သားထားဘိသကဲ့သို့ သင်္ဘော၏ အနက်ရောင်ခေါင်းတိုင်ပေါ်တွင် အဖြူရောင်အရစ် (၂) ခု ပတ်ထားခြင်းသည် ဘီအိုင်လိုင်းပိုင်သင်္ဘောတစ်စီး၏သင်္ကေတ ဖြစ်



# အနောက်တံခါးမှူးမောင်မှူး
# ဆူနာဗာသီမှပေးသော သင်ခန်းစာ


၏။ သင်္ဘော၏နောက် ပဲ့ပိုင်းတွင် ဗြိတိသျှ ကုန်သွယ်ရေကြောင်းအလံကို တင်ထား၏။ သင်္ဘောမှတ်ပုံတင်ရာဆိပ်ကမ်းမြို့ (Port of registry) တည်ရာ နိုင်ငံ၏ အလံကိုဖော်ပြခြင်း ဖြစ်လေသည်။ ဆင်သီယာ (SS.SANTHIYA)၊ ဆင်ဂိုလာ (SS.SANGOLA)၊ ဆူနာဗာသီ(SS. SONAVATHI)၊ ဂျာလာကိုဘော(SS. JALAGOBA) အမည်များသည် ဘီအိုင်သင်္ဘောလိုင်းမှ ခရီးသည်တင်သင်္ဘောများ ဖြစ်၏။ ဆင်သီယာနှင့် ဆင်ဂိုလာသင်္ဘော(၂)စီးမှာ ဘုံဘေမြို့မှ ကိုလံဘို၊ မဒရပ်၊ ကာလကတ္တားမြို့များမှ ရန်ကုန်၊ စင်ကာပူ၊ ပီနန်၊ ဟောင်ကောင်၊ နဂိုယာအထိ အသွားအပြန် ပြေးဆွဲသည်။ သင်္ဘောသားများသည် အိန္ဒိယနွယ်ဖွား ကုလားများ ဖြစ်၏။ အရာရှိများသည်လည်း အိန္ဒိယကုလားတို့နှင့် မျက်နှာဖြူများ ဖြစ်သည်။ ပင်လယ်ရပ်ခြား ရေကြောင်းသွားလိုင်စင်အရ သင်္ဘောသားအာတီကယ် (Foreign Seagoing Article) နှင့်သွားလာကူးသန်းခွင့်ရသင်္ဘောကြီးများ ဖြစ်၏။ ခရီးသည်များကိုလည်း ပထမတန်း(1st.Class)၊ ဒုတိယတန်း (2nd. Class)၊ ကမ္ဘာလှည့်ခရီးသည်တန်း (Tourist Class)၊ အိပ်စင် (Bunk)၊ ကုန်းပတ်စီးခရီးသည် (Deck) စသည်ဖြင့် ခရီးသည်ခုစပေါင်း (၅၀၀) ကျော်ကို သယ်ဆောင်နိုင်၏။ များသောအားဖြင့် အိန္ဒိယနွယ်ဖွား ကုလားများဖြစ်ရာ အမဲသားမစားသူ၊ အသား လုံးဝ မစားသူ၊ ဝက်သားမစားသူ၊ လည်လှီးသားမစားသူ၊ ဇာတ်နိမ့်၊ ဇာတ်မြင့် စသော ရိုးရာအယူရှိသူများအတွက် သီးသန့်ဆိုင်များလည်း ပါရှိ၏။ ရန်ကုန်မြို့အတွင်းရပ်နားစဉ် အ[...] ထက်တန်းအခန်းစီးခရီးသည်တို့အတွက် ဖြတ်သန်းဗီဇာ [Transit Visa (Durin[...] ship stay)] ကို ထုတ်ပေးရသည်။ ကျွန်[...] ကို ရေဆိပ် လူဝင်မှုကြီးကြပ်ရေးလုပ်င[...] ကို သင်ပြသူ လက်ဦးဆရာမှာ လူဝင်[...] ကြီးကြပ်ရေးမှူး ဦးစောဖေ ဖြစ်၏။ ရေ[...] ဆိပ် တာဝန်ခံ လူဝင်မှုကြီးကြပ်ရေးမှ[...] ဖြစ်၏။ သူ့စားပွဲပေါ်ရှိ တံဆိပ်တုံးတွင[...] ရေဆိပ် လူဝင်မှုကြီးကြပ်ရေး အင်စပိ[...] တော်၊ ရန်ကုန် ဟု ပါရှိ၏။ မူလ[...] အင်စပိတ်တော်၊ ဆပ်အင်စပိတ်တော[...] ဟု ခေါ်သော်လည်း ၁၉၅၇၊ အောက်[...] ဘာလလောက်တွင်မှ အင်စပိတ်တော[...] ကို လူဝင်မှုကြီးကြပ်ရေးမှူး၊ ဆပ်အင[...] စပိတ်တော်ကို လက်ထောက် လူဝင်[...] ကြီးကြပ်ရေးမှူးဟု ပြင်ခေါ် ကြောင်း [...] ရပါသည်။ ဗြိတိသျှကုမ္ပဏီပိုင် သင်္ဘော[...] များနှင့် ဆက်ဆံရာတွင် အထူးသတိပြ[...] ရသည်။ အထူးသဖြင့် ဘီအိုင်သင်္ဘော[...] များသည် ရန်ကုန်မြို့သို့ အလာရောက်[...] ဆုံးဖြစ်ရာ သူတို့ကို သတိပြုဆက်ဆံ[...] သည်။ ဘီအိုင်သင်္ဘောတို့သည် ရန်က[...] သို့ ကျောက်မီးသွေးများပို့သောသင်္ဘော[...] များလည်း ရှိ၏။ အလာတွင် ကျောက်မ[...] သွေး သယ်ဆောင်လာ၍ အပြန်တွင်[...] မြန်မာနိုင်ငံမှဆန်ကို သယ်ယူ၏။




လူဝင်မှု ကြီးကြပ်ရေးဌာန ရေ[...] ဆိပ်တွင် ကျွန်ုပ် တာဝန်ကျသောအ[...] ဂျာလာကိုပေါသင်္ဘောမှာ ရန်ကုန်[...] မလာတော့ပါ။ ဂျာလာကိုပေါမှာ ဒု[...] ယကမ္ဘာစစ်ပြီးစမှ ၁၉၄၉ ခုနှစ်လော[...] တွင် အိန္ဒိယမှ စစ်ပြေးကုလားများ [B.E. I.C. Burma (Myanmar) Evacuee Iden[...] tity Card] ကို တင်ဆောင်သည်ဟု သိ[...] ပါသည်။ ဂျာလာကိုပေါ၊ ဆူနာဗာ[...] သင်္ဘောတို့သည် ကမ်းရိုးတန်းသွ[...] သင်္ဘောများ ဖြစ်သည်။ ကမ်းရိုးတ[...] သွားစာချုပ် (Home Trade Article) အ[...]

www.burmeseclassic.com

www.burmeseclassic.com





United States - Mexico Border

အရှေ့လားသော် စင်ကာပူ၊ အနောက်ဆိုသော် ဘုံဘေအထိ ခုတ်မောင်းနိုင်သည်။ အက်(စ်)အက်(စ်) ဆူနာဗာသီသင်္ဘော ဆိုက်သည့်နေ့၊ ထွက်ခွာသည့်နေ့တို့တွင် ရေဆိပ်တာဝန်ကျသူများ အလုပ်များနေကြပါသည်။ ခရီးသည်များ စစ်ဆေးရေးအဖွဲ့ကလည်း အင်အားအပြည့်နှင့်တာဝန်ယူရသည်။ ကျန်းမာရေးဆိပ်ခံတံတား အဆောက်အအုံတွင် ခရီးသည်များကိုစစ်ဆေးရသည်။ မီးသင်္ဘောဖြစ်၍ သင်္ဘောသား များသည်။သင်္ဘောသားစစ်ဆေးမှုလည်း အင်အားအရ (၂) ဖွဲ့ခွဲထားရသည်။ သင်္ဘောသားစစ်ဆေးမှုပြီးလျှင် သင်္ဘောပေါ်တွင် မသက်ဆိုင်သူများ လိုက်ပါမသွားနိုင်ရန်အတွက် ရှာဖွေရေးအဖွဲ့မှ တာဝန်ယူ စစ်ဆေးရသည်။ အဖွဲ့အသီးသီးမှ စစ်ဆေးပြီးလျှင် ရေဆိပ်တာဝန်ခံကို အစီရင်ခံရသည်။ အကြောင်းခြင်းရာ အထူးမရှိသော် ရေဆိပ်တာဝန်ခံ လူဝင်မှုကြီးကြပ်ရေးမှူးက သင်္ဘောထွက်ခွာနိုင်ရန် စစ်ဆေးမှုပြီးစီးကြောင်း လက်မှတ်ပေးရသည်။ ခရီးသည်တစ်ဦးကို ကျန်းမာရေးမှလည်း စစ်သည်၊ လူဝင်မှုကြီးကြပ်ရေးမှလည်း စစ်သည်၊ အကောက်ခွန်မှလည်း စစ်ဆေးသည်။ တစ်ဦးကို ပျမ်းမျှ အချိန် (၅) မိနစ် စစ်လျှင် တော်ပြီ။ စစ်ဆေးမှုကို (၃) မိနစ် ဆိုလျှင် မသေချာ၊ ထို့ကြောင့် လဝကမှ (၅)မိနစ်၊ ကျန်းမာရေးက (၃) မိနစ်။ အကောက်ခွန်မှာ ခရီးသည်တို့စစ်ရသည်မှာ ဤမျှအချိန်နှင့်မရ၊ ထို့ကြောင့် အကောက်ခွန်ဘက်တွင် ခရီးသည်များစုပုံနေရာ အကောက်ခွန်မှတာဝန်ခံက လဝကတာဝန်ခံထံလာ၍ သူတို့ဘက်တွင် ခရီးသည်များထားရန် နေရာမရှိတော့၍ သူတို့အခြေအနေကြည့်ပြီး စစ်ဆေးပေးရန် ပြောလေ့ရှိသည်။ သူတို့ဘက်လူရှင်းမှ လဝကမှ ခရီးသည်များကို ဆက်စစ်ပေးရသည်။ ခရီးသည်များတွင် ကလေးငယ်များလည်း ပါသည်။ နေကလည်းပူ၊ သွပ်အဆောက်အအုံထဲမှာ ကလေးများငိုသံ၊ ကုလားမကြီးများ နားလဲသည့်အခါ အော်ကြသံ၊ ပစ္စည်းပျောက်ရှာကြနှင့် . ဆိုနာဗာသီဆိုလျှင် မောကြသည်။ မောင်မှူးက သင်္ဘောသားများကို စစ်ရသည်။ လဝကမှူးဦးဘသီက ခရီးသည်များ စစ်ရသည်။ ခရီးသည်စစ်ရာတွင် ရုံးပေါ်မှ အမျိုးသမီး လဝကမှူးများလည်းပါလာသည်။ သူတို့ကလည်း အမျိုးသားများကဲ့သို့တာဝန်ထမ်းဆောင်ကြသည်။ မင်္ဂလာဒုံလေဆိပ်တွင်လည်း သင်တန်းသဘော လက်တွေ့ လေ့လာသည်။ လူဝင်မှုကြီးကြပ်ရေးဌာနတွင် အမျိုးသမီးအရာရှိများ ရှိသည့် အစဉ်အလာ ရှိသည်။ ဒေါ်မြရီ၊ ဒေါ်အေးမြင့်၊ ဒေါ်အေးရင်တို့သည် နာမည်ကျော် လူဝင်မှုကြီးကြပ်ရေး အင်စပိတ်တော်မကြီးများ ဖြစ်သည်။ လူဝင်မှုကြီးကြပ်ရေး ဝန်ထောက်အဆင့်နှင့် အငြိမ်းစားယူကြသည်။ ၁၉၅၈ ခုနှစ် လူဝင်မှုကြီးကြပ်ရေးဌာန ခွဲ့သောအခါ အမျိုးသမီးဝန်ထမ်းများပါ ခန့်ထားသည်။ ယခု သူတို့လည်း ရေဆိပ်၊ လေဆိပ်တို့တွင် တာဝန်ထမ်းဆောင်ရန် လေ့ကျင့်နေပြီ။ သူတို့ ကျင့်သားရလျှင် မောင်မှူးတို့ နယ်ဆင်းရတော့မည်။ လဝကလုပ်ငန်းသည် ယဉ်ကျေးစွာဆက်ဆံရသော အစဉ်အလာရှိရာ နိုင်ငံခြားသားအမျိုးသမီးများကို စစ်ဆေးရန်အတွက် အမျိုးသမီးအရာရှိများ ခန့်ခြင်း ဖြစ်သည်။

အမျိုးသမီးအရာရှိများ လိုအပ်ပုံကို အကြောင်းအရာတစ်ခုဖြင့် ဖော်ပြပါမည်။

ဘာသာရေးအရ မျက်နှာအား ယောက်ျားများကို မဖော်ပြရသော အမျိုးသမီးများလည်း ရှိလေသည်။ ထိုသူတို့ကို စစ်ဆေး မေးမြန်းရန်ရှိသောအခါ အမျိုးသမီးအရာရှိများမှ မျက်နှာကြည့်ခွင့်ပြုလေသည်။ ယောက်ျား လဝကမှူးက ထိုအမျိုးသမီး၏မျက်နှာကို ခေါင်းမြီးလှန်ကာကြည့်လျှင် ဘာသာရေးဖျက်ဆီးမှုနှင့်လည်း တရားစွဲခံရဖွယ်ရှိသည်။ သက်ဆိုင်ရာသံရုံးကလည်း ကန့်ကွက်လေ့ ရှိသည်။ စစ်ဆေးရာ၌ အမျိုးသမီးချင်း ကြည့်အပ်, မြင်အပ်သော နေရာများ၊ မေးရမည့်မေးခွန်းများလည်းရှိရာ အမျိုးသမီးများ လိုအပ်ပါသည်။

လဝကမှူး ဦးစောထွန်းနှင့် လဝကမှူး ဦးစောလောစောကြိုင် [ဒုတိယဗိုလ်မှူးကြီး (ရေ) စောလောစောကြိုင် (ငြိမ်း)] တို့က သင်္ဘောပေါ်တွင် မသက်ဆိုင်သူများကို တက်ရောက်လိုက်ပါနိုင်ခြင်းမရှိစေရန် သင်္ဘောပေါ်တွင် ကြိုတင်စစ်ဆေးမှု၊ ထွက်ခါနီးစစ်ဆေးမှုတို့ကို ပြုလုပ်ကြသည်။ ဆူနာဗာသီသည် မကြာခဏ ပြဿနာပေါ်တတ်သည်။

သင်္ဘောကုမ္ပဏီ ကိုယ်စားလှယ် မက်ကင်နော်မက်ကင်ဇီက လက်ထောက်မန်နေဂျာကလည်း သင်္ဘောတွင် မသက်ဆိုင်သူများ မလိုက်နိုင်ရန် ကြီးကြပ်၏။ သူက ကုန်တင်၊ ကုန်ချကိုင်သော မစ္စတာဆျိုင်းကို အလုပ်သမားများ သင်္ဘော



www.burmeseclassic.com

www.burmeseclassic.com

ပေါ်တွင်ကျန်ရှိခြင်း ရှိ၊ မရှိကို စစ်ဆေးရန် တာဝန်ပေးသည်။ အလုပ်သမားခေါင်း ရယ်ဒီးက သူ့လက်ထဲတွင်ရှိသော ကြေးတံဆိပ်ပြားပါ လက်မောင်းပတ်များကို ရေတွက်သည်။ ကြေးတံဆိပ်ပါ လက်ပတ်များမှာ ကုလားကုန်တင်၊ ကုန်ချ အလုပ်သမားများ၏ လက်ဝဲလက်မောင်းတွင်ပတ်၍ သင်္ဘောပေါ်တွင် တက်ရောက်လုပ်ရသည်။ ကုန်တင်သည့်အခေါက်ကို တာလီတံဖြင့် စာရင်းမှတ်သည်။ အလုပ်ပြီးလျှင် လက်ပတ်များကို တစ်ဦးချင်းစီ လာရောက်အပ်နှံသည်။ လက်မောင်းပတ်များ စုံလျှင် သင်္ဘောပေါ်၌ကျန်နေခဲ့သူ မရှိပြီ။ ရယ်ဒီးက လူကျန်မရှိ၊ စုံပါပြီဟု ဆိုသည်။ သူငယ်ချင်းစောလောက သူ့ကူရန်ပြောသည်။ မောင်မှူးနှင့် သူ၏လက်ထောက် ဦးချစ်လွင် (လက်ထောက်ညွှန်မှူး၊ ငြိမ်း) က လိုက်ပါကူညီကြရသည်။ တာဝန်ခံ ဦးစောထွန်းမှာ မလာနိုင်၊ လေနာထ၍ ရုံးပေါ်မှာကျန်ခဲ့သည်။ ကုလားခရီးသည်များနှင့်ပြည့်နေသော သင်္ဘောပေါ်၌ ခိုးလိုက်မည့်ကုလား ပါ၊ မပါ ရှာသည်မှာ ဘဲခြံထဲတွင် အပြင်မှဝင်လာသောဘဲ ရှာသည်နှင့် တူသည်။ ခြံထဲမှဘဲက အပြင်ကဘဲကို နှုတ်သီးနှင့် ဆိတ်ကြ၊ ထိုးကြမှသိရသလို မောင်မှူးတို့လည်း မျက်နှာရိပ်အကဲဖြတ်လျက် အပြင်လူမပါဟု ဆုံးဖြတ်ရသည်။ သို့နှင့် ညနေ (၄) နာရီခန့်တွင် ဆူနာဗာသီသင်္ဘောသည် ကျန်းမာရေးဆိပ်ခံတံတားမှ ထွက်ခွာသွားတော့သည်။

ဆူနာဗာသီသည် ရန်ကုန်မှ မဒရပ်သို့ ပြန်လည်ခုတ်မောင်းခြင်း ဖြစ်၏။ ဆူနာဗာသီ ထွက်ခွာခြင်းအတွက် အစီရင်ခံစာ (Departure Report) ကို ရေးရပါမည်။ အစီရင်ခံရာတွင် ခရီးသည်စာရင်း၊ တကယ်အမှန်လိုက်ပါစီးနင်းသူများဖြစ်ကြောင်း သက်သေအဖြစ် (Embarkation Cards) များနှင့်တကွ တင်ရပါမည်။ နောက်တစ်နေ့ အစီရင်ခံစာရေးရန် ဆောင်ရွက်နေစဉ် နံနက် (၁၁) နာရီခန့်၌ လူဝင်မှုကြီးကြပ်ရေးဝန်မင်းရုံးခန်းမှ ရေဆိပ်ဌာနစိတ်သို့ ယမန်နေ့က ထွက်ခွာသွားသော ဆူနာဗာသီသင်္ဘောပေါ်၌ ရန်ကုန်ဆိပ်ကမ်းမှ (၇) ဦးသည် တရားမဝင် စီးနင်းလိုက်ပါလာ၍ ယင်းတို့ကို ဥပဒေအရ ဆူနာဗာသီသင်္ဘော ပြန်အထွက်တွင် ရန်ကုန်သို့ ခေါ်ဆောင်လာမည်ဖြစ်ကြောင်းကို မဒရပ်ရှိ ဆူနာဗာသီသင်္ဘောမှ ကြေးနန်းပို့ခြင်း ဖြစ်၏။

ဝန်မင်းက ရေဆိပ်တာဝန်ခံကို ရှင်းလင်းတင်ပြရန်ဟု ဆို၏။ ရေဆိပ်တာဝန်ခံက လဝကမှူး ဦးစောထွန်းကို ဖြေရှင်းရန် ဆင့်ဆို၏။ ဦးစောထွန်းမှာ ရာထူးတိုးမည့်အချိန်တွင် ထုခြေလွှာရေးရသဖြင့် စိတ်မချမ်းသာ။ သတိပေးခံရပါက ရာထူးတိုးမည့်အရေး ဝေးပါတော့မည်။ ဆူနာဗာသီသင်္ဘောတွင် ကုလား (၇) ဦး ပါသွားသည်မှာ အဘယ်ကြောင့်နည်း ဆိုသည်မှာ သင်္ဘောပြန်ဆိုက်မှသာလျှင် ထိုသူတို့အား စစ်ဆေးမေးမြန်းပြီးမှသာ သိနိုင်မည်။ ထို့ကြောင့် ဆူနာဗာသီသင်္ဘော ဆိုက်သောအခါ သင်္ဘောခိုးစီးသူတို့ကိုစစ်ဆေးရန်စောင့်ရသည်။ သင်္ဘောကုမ္ပဏီမှအလုပ်သမားခေါင်း ရယ်ဒီး အဆိုမှာ လိုက်ပါသွားသူများမှာ ကုန်တင်၊ ကုန်ချ အလုပ်သမားများထဲမှ ခိုးလိုက်သွားခြင်း မဖြစ်နိုင်ဟု ဆို၏။ လက်မောင်းပတ် ကြေးပြားပါသူတို့ကို ကိုယ်တိုင်လာရောက်အပ်ရသဖြင့် အလုပ်သမားထဲက မဟုတ်ဟု ဆိုခြင်းဖြစ်၏။ မစ္စတာရယ်ဒီးသည် ကုန်တင်၊ ကုန်ချအလုပ်တွင် ကြီးကြပ်လာသည်မှာ နှစ်ပေါင်းများစွာ ကြာပြီ၊ ဝါရင့်တာဝန်ခံတစ်ဦး ဖြစ်သည်။

နှစ်ပတ်မျှကြာသောအခါ ဆူနာဗာသီသင်္ဘောသည် ရန်ကုန်သို့ ပြန်လည်ဝင်ရောက်လာသည်။ ၎င်းနှင့်အတူ ယခင်အခေါက်က ခိုး၍ စီးနင်းလိုက်ပါလာသူ ကုလား(၇)ဦး ပါလာသည်။ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများမှာ နိုင်ငံတကာက လက်ခံသောနည်းလမ်းများသာ သုံးကြရသည်။ ယခုကဲ့သို့သော သင်္ဘောပေါ် ခိုးလျက်တက်ရောက် စီးနင်းကြသောသူတို့မှာ သင်္ဘောက သိလျှင်သိချင်း သင်္ဘောမာလိန်မှူးက မိမိသင်္ဘောပေါ်၌ မည်သူမည်ဝါ၊ မည်သည့်နိုင်ငံဆိပ်ကမ်းမှ မည်သို့ပါလာသည်ဟု ချက်ချင်း မိမိထွက်လာရာ ဆိပ်ကမ်းအာဏာပိုင်တို့ထံ သတင်းပို့ရသည်။ သင်္ဘောဆိုက်ကပ်မည့် ဆိပ်ကမ်းအာဏာပိုင်တို့ထံလည်း မိမိသင်္ဘောပေါ်တွင် တရားမဝင် ခိုးစီးသောသူပါကြောင်း ကြေညာချက်ပေးရသည်။ ဆိပ်ကမ်းရှိ လူဝင်မှုကြီးကြပ်ရေး အာဏာပိုင်တို့က ယင်းသူတို့ကို သင်္ဘောပေါ်တွင် အချုပ်နှင့်နေစေ။



မင်္ဂလာဒုံလေဆိပ်တွင် ကွင်းဆင်းလေ့လာနေသော အမျိုးသမီး လဝကမှူးများ (၁၉၅၈ ခု)



www.burmeseclassic.com

www.burmeseclassic.com




သင်္ဘောထွက်မှ မာလိန်ကို ပြန်သယ်ဆောင်သွားရန် အပ်ရသည်။ ယင်းသူတို့ကို ကမ်းသို့လုံးဝဆင်းခွင့်မပြု။ သင်္ဘောမှပြန်လည်ထွက်သောအခါ သင်္ဘောနှင့်အတူ ပြန်လည်ခေါ်ဆောင်သွားရသည်။ သင်္ဘောတွင် သူတို့ ခိုး၍တက်လာခဲ့သောဆိပ်ကမ်း (port) သို့ရောက်အောင် တာဝန်ယူရသည်။ ခိုးလိုက်သွားသောသူလားများကို စစ်ဆေးကြည့်သောအခါ အိန္ဒိယနိုင်ငံသားများ ဖြစ်သည်။ ဆူနာဗာသိသင်္ဘောဖြင့် မဒရပ်သို့ ခိုးလိုက်ပုံမှာ အလုပ်သမားကြေးတံဆိပ်လက်မှတ်ဖြင့်တက်ပြီး ထိုတံဆိပ်ကို တစ်လှည့်စီထုတ်၍တက်ခြင်း ဖြစ်သည်။ တံဆိပ်ကိုကုန်တင်၊ ကုန်ချအလုပ်သမားနှင့်ဆက်သွယ်၍ ရသည်ဟု ဆို၏။ အမှုကို ဆိပ်ကမ်းရဲက ဖွင့်ပြီး ဆက်လက်အရေးယူစေသည်။ ကွင်းဆင်း၍ ရေဆိပ်တာဝန်များကို လက်တွေ့လေ့လာကြသော အမှုသမီး လူဝင်မှုကြီးကြပ်ရေးမှူးများသည် ခရီးသည်များ စစ်ဆေးသည်ကိုသာမက သင်္ဘောတို့၌ တရားမဝင်တက်ရောက်စီးမှုကို လေ့လာခွင့်ရသည်။ ထိုသူလားများကို အိန္ဒိယသံရုံးမှလာရောက်ကြည့်သည်။ ပြည်နှင်ဒဏ်ပေးက အိန္ဒိယသံရုံးမှတာဝန်ယူပါမည်ဟု ကတိပြုသည်။ ညှော်သည်ဖြစ်သူသည် ညှော်သည်သည်းကမ်းဖောက်ပါက မည်သည့်အိမ်ရှင်မှလက်မခံပါ၊ ကိုယ့်အိမ်ကိုယ်ပြန်ရပါသည်။

မှတ်တမ်းမတင်သော နှုတ်ဖြင့်သတိပေးခြင်းကို ရှာဖွေရေးအဖွဲ့ခေါင်းဆောင်က ခံရသည်။ 'မှတ်တမ်းမတင်' ဟူသော စကားရပ်သည် ရာထူးတိုးတက်ရေးကို မထိခိုက်စေသဖြင့် ဆရာဦးစောထွန်းလည်း လူဝင်မှုကြီးကြပ်ရေးဝန်ထောက်ရာထူးသို့ တက်ရသည်။

လဝကမှူး ဦးအောင်ချစ်ကျန်နှင့် ကွင်းဆင်းလေ့လာသူ လဝကမှူး ဒေါ်ညွန့်ညွန့်ဦးတို့လည်း ဆူနာဗာသိသင်္ဘော၌ ခရီးသည်များကို စစ်ဆေးရင်း ချစ်ခရီးလမ်း စတင်သည်။ သူတို့လည်း မကြာသောကာလတွင် လက်ထပ်ဖြစ်သည်။ လူဝင်မှုကြီးကြပ်ရေးဌာနတွင် နောက်ထပ် လဝကမှူး ဦးအေးဖေနှင့် လဝကမှူး ဒေါ်စန်းစန်းရီတို့လည်း လက်ထပ်ဖြစ်ကြသည်။

လဝက ရေဆိပ်ဌာနစိတ်ကိုလည်း လူဝင်မှုကြီးကြပ်ရေး ဝန်ထောက်က ဦးစီးစေသည်။ ဆရာဦးသိန်းလွင်သည် ဧရေဆိပ်တာဝန်ခံ လူဝင်မှုကြီးကြပ်ရေး ဝန်ထောက်အဖြစ် လာသည်။ ရေဆိပ်ဌာနတွင် လုပ်ထုံးလုပ်နည်းများကို ပြုပြင်ကြရသည်။ သင်္ဘောပေါ်တက်ခွင့် (Boarding pass) ကိုလည်း တင်းကြပ်လာ၏။ သင်္ဘောသားများ (Crew) ကိုလည်း ဆိပ်ကမ်းရောက်က သင်္ဘောသား ဖြစ်ကြောင်း သက်သေခံလက်မှတ် (Crew Identity Cards) ပြုလုပ်စေသည်။ ထိုလက်မှတ်ရမှ ဆိပ်ကမ်းသို့ဆင်းခွင့်ပြုသည်။ ဆိပ်ကမ်းသို့ သင်္ဘောဝင်လျှင် ရှေးဦးစွာ ဆိပ်ကမ်းအာဏာပိုင်အဖွဲ့ ကျန်းမာရေးဌာန ဆရာဝန်က ရှေးဦးစွာ စစ်ဆေးရသည်။ သူ စစ်ဆေးပြီးလျှင် အလံလွှင့်သည်။ အလံအဝါလွှင့်လျှင် လဝက တက်မည်၊ မတရားခိုးစီးသူ ပါ၊ မပါ ရှာဖွေရေးလုပ်ရသည်။ မာလိန်မှူးကလည်း သင်္ဘောသားစာရင်း (Crew list)၊ ခရီးသည်ပါရှိက ခရီးသည်စာရင်း (Passenger list)၊ သင်္ဘောတွင် တရားမဝင် ခိုးလိုက်ပါသူ ပါ၊မပါကို ကြေညာဝန်ခံချက် (Declaration form) တို့ကိုပေးရသည်။ မောင်မှူးက သင်္ဘောသားစစ်ဆေးရေးတာဝန်ခံ အမှုထမ်းရသည်။

သင်္ဘောသား ဟုတ်, မဟုတ်ကို Ship article နှင့် တိုက်ကြည့်ရသည်။ Ship article တွင် သင်္ဘောသားအမည်၊ အဆင့်၊ သင်္ဘောသို့တက်ရောက်သည့်နေ့ တက်ရောက်သည့်နေရာ၊ ကိုင်ဆောင်သည့်လက်မှတ်၊ လစာ စသည်များ ဖော်ပြသည်။ တစ်ခါတစ်ရံ လစာ တစ်လလျှင် (၅) ပြားနှင့်လိုက်လာသော သူနာပြု သင်္ဘောသားတို့ကိုလည်း တွေ့ရသည်။ ကုန်တင်ခွင့်ရသော ကုန်တင်သင်္ဘောတွင် ခရီးသည်မတင်ရသောသတ်မှတ်ချက်များရှိရာ သင်္ဘောကုမ္ပဏီမှဝန်ထမ်းများ လိုက်ပါလိုသောအခါ စတိသင်္ဘောသားအဖြစ် (Supernumerary Crew) တင်ဆောင်လာသည်။ ထိုစတိသင်္ဘောသားများလည်း စတိသင်္ဘောသားအစစ်ကဲ့သို့ ဆက်ဆံရသည်။ ရန်ကုန်မှာဆင်း၍နေခဲ့ရန် ရည်ရွယ်ပြီး ပြည်ဝင်ဗီဇာကို ယူလာသည့်အခါလည်း ရှိသည်။ သင်္ဘောပေါ်မှဆင်းမည်ဆိုလျှင် (Article) မှ နုတ်ပယ်ခြင်း (Sign off) လုပ်ပေးရသည်။ ဗီဇာပါအတိုင်းဆောင်ရွက်ပေးရသည်။ သတ်မှတ်ရက်အတွင်း မြန်မာပြည်မှထွက်ခွာရန်မှာ သင်္ဘောကုမ္ပဏီက တာဝန်ယူရ၏။ အသေအချာစစ်ပြီးမှလက်မှတ်ထိုးရ၏။ Crew Identity Card ရမှ ဆိပ်ကမ်းဆင်းခွင့်ပြုသည်။ သင်္ဘောပြန်အထွက်တွင်လည်း အသေအချာစစ်ရသည်။ လက်မှတ်များပြန်သိမ်းရသည်။ ရှာဖွေရေးကလည်း အသေအချာစစ်သည်။ ဆူနာဗာသိအတွေ့အကြုံသည် လဝက ရေဆိပ်ဌာနစိတ်ကို ပြုပြင်ပြောင်းလဲစေခဲ့သည်။ လိုသည်ကိုဖြည့်စေ၍ ပိုသည်ကို ဖယ်ထုတ်လိုက်သည်။ ရေဆိပ်တွင်လည်း လူလုံလောက်စွာ တာဝန်ချထားလေသည်။ လဝက ဆိပ်ကမ်းဌာနစိတ်တွင် ယခင်က အသုံးပြုသော အက်(ဖ်) ရေယာဉ်နှင့် ဂျီ ၁၀၂ ရေယာဉ် (F.boat G.boat G 102) သာ ရှိသည်။ အက်(ဖ်) ရေယာဉ်ကို ပြန်၍ ရေဝန်ရုံး (Port Commissioner) သို့ ပေးသည်။ ထိုအက်(ဖ်)ရေယာဉ်အစား နောက်ဆုံးပေါ် အယ်(လ်) ၄၄၈ ကို ငှားရမ်းအသုံးပြုသည်။ အမ်အယ်ဇင်ယော် (၁)၊ အမ်အယ်ဇင်ယော်(၂)နှင့် အမ်အယ်ဇင်ယော် (၃) တို့ကို မှာယူခဲ့သည်။

နောင်တွင် ရန်ကုန်ဆိပ်ကမ်းမှ သင်္ဘောခိုးစီးသူများလည်း မလိုက်ဝံ့ပြီ။

အနောက်တံခါးမှူးမောင်မှူး



www.burmeseclassic.com

www.burmeseclassic.com

### သမိုင်းကောက်ကြောင်းထဲက ထူးထူးခြားခြား

# ကျောက်တိုင်ရှင်မ

**မောင်စိမ်းထွေး(ထားဝယ်)**

သက္ကရာဇ် ၅၁၄ ခုနှစ်တွင် ယောနကတိုင်း ကျမိုင်းမင်းဆက် ဗျန်စက္ကပိတ်မင်းကြီးသည် အောင်သာဝရမြို့ကို တည်ထောင်စိုးစံတော်မူသည်။ အောင်သာဝရမြို့ (ယခု သဝရရွာ) သည် တနင်္သာရီမြစ် မြစ်ဖျားခံရာ ထားဝယ်ဒေသ မေတ္တာရွာအနီး ရှိသည်။ ဗျန်စက္ကပိတ်မင်းမှစ၍ မင်း (၅)ဆက်၊ နှစ်ပေါင်း (၁၁၇) နှစ် ကြာသည်။

သက္ကရာဇ် ၆၃၀ ပြည့်နှစ်တွင် ကျမိုင်းမင်းဆက် ရှမ်းမင်းမျိုး ကုန်၏။ သမီးတော်တစ်ပါးသာကျန်၍ အရုဋ္ဌယတိုင်း (ယခု- လာအို) သို့ သွားရောက်မင်းဆက် တောင်းခံသဖြင့် ထိုပြည့်ရှင်ဘုရင် လင်းဇင်းမင်းကြီး၏သားတော်လတ် နုကဒယ်ရာဇာနှင့် သမီးတော်လက်ဆက်သည်။

နုကဒယ်ရာဇာမင်းသည် အောင်သာဝရမြို့တော်၌ ခေတ္တထီးနန်းစိုက်ပြီးနောက် သက္ကရာဇ် ၆၃၁ ခုနှစ်တွင် ခရင်းသေအရပ်၌ မြို့သစ်တည်သည်။ ရေလွှမ်း ရေကြီးနှင့် အနှောင့်အယှက်များစွာပေါ်ပေါက်လာသောကြောင့် မြို့တွင်း ကျပ်တည်းစွာဖြစ်၍ မြို့တည်မရဘဲ ရှိသည်။

သက္ကရာဇ် ၆၃၅ ခုနှစ်တွင် ပညာရှိအမတ်ပုဏ္ဏားတို့က စနည်း တဘောင်နာကြသော် ဆင်ဖြူတံခါးအနီးတွင် ကလေးသူငယ်တစ်စုက (အောင်ပါသေကျောက်စတေးမှ တိုင်းအမည်သာလိမ္မည်လေး။ သေဆို အာဏာပေးတယ်ခန်းခြောက်လို့ပြေး) ဟု သီချင်းလိုလိုအော်ဟစ်ဆို၍ ကခုန်မြူးထူး ကစားသံကို ကြားကြရသည်။

ကချေသည်၊ စိတ်ဖောက်ပြန်သူနှင့်ကလေးတို့ နှုတ်ထွက်သည် စကားနောက်တရားပါသော တဘောင် ဖြစ်သည်။ ထိုတဘောင်သီချင်းအား ပညာရှိတို့ကောက်ယူ၍ မင်းကြီးအား တင်လျှောက်သည်။ တဘောင်အရ 'အောင်' ပါသူကို မြို့တည်စတေးရမည် ဖြစ်၏။

ထိုအခါ မြို့စား၊ နယ်စား၊ ရွာစားအသီးသီးတို့က အရပ်တွင်းနေထိုင်ကြသူအမည်စာရင်းယူပြီး ထိုစာရင်းတွင် 'အောင်' ပါသော အမည်တို့ကို ရွေးထုတ်သည်။ သန်းခေါင်ယံအချိန်တွင် 'အောင်' ပါသောအမည် လှည့်လည်ခေါ်မည်၊ မထူးကြနှင့် ဟူ၍ မြို့တော်အနှံ့ မောင်းကြေးနင်းခတ် မင်းအမိန့်အာဏာထုတ်ပြန်သည်။ အကယ်၍ ထူးလျှင် ထူးသူကို ကျောက်တိုင်စတေးမည်ဟု မြို့ဝန်၊ ထောင်မှူး အာဏာရတို့က ကြေညာသည်။

ထိုအခါ ယိုးဒယားတံခါးအနီးနေ ပွဲစားကုန်သည်ကြီးတွင် လှပတင့်တယ် ရှုချင့်စဖွယ် 'မအောင်သာ' အမည်ရှိ သမီးတစ်ဦး ရှိသည်။ မအောင်သာကို သူဌေးသားတစ်ဦးနှင့် ထိမ်းမြားသ ထပ်ပေးသဖြင့် (၇)လကိုယ်ဝန်ဆောင် မိခင်လောင်း ဖြစ်သည်။

ကျောက်တိုင်စတေးရန် စည် မောင်းကြေညာသံ ကြားရသည့်အခါ စ၍ မအောင်သာသည် ဝမ်းမြောက်ဝမ်း သာ ရယ်မောခြင်း၊ ရွှင်ရွှင်ပျပျဖြစ်ခြင်း ခါတိုင်းထက် သနပ်ခါးလိမ်းခြယ် အလ ပြင်ခြင်း၊ ဆံပင်ဖားလျားချ၍ ရှုံနီပေါ် ခြင်း၊ ပန်းကိုဖောက်ထိုးပန်ခြင်း၊ မည်သူမှ မခေါ်ပါဘဲနှင့် တော်ရှင် ထူးခြင်း စသ ဖြင့် တစ်ယောက်တည်း ယောက်ယ ခတ်နေသည်။



ရှင်မအောင်သာရုပ်တုနှင့်ကျောက်တိုင်




www.burmeseclassic.com

www.burmeseclassic.com



ရှင်မအောင်သာနတ်ကွန်းအား တွေ့ရပုံ



ရှင်မအောင်သာကျောက်တိုင်ရှိ ကမ္ပည်းကျောက်စာ ဤသို့တွေ့ရသည်

မိဘဆွေမျိုး၊ လင်သားတို့က ဝိုင်း ...ဘားမြစ်သော်လည်း မရ။ မိန်းမတစ် ...ယောက် လာခေါ်နေသည်ဟု မအောင် ...သာက ပြောသည်။ ထိုမိန်းမ မခေါ်ရ ...အောင် အိမ်ခန်းတွင်း ပိတ်လှောင်ထား ...သော် မိန်းမနှစ်ယောက် လာခေါ် ...သည်ဟု ပြောပြန်ကာ ထူးမြထူးသည်။ ...ရအောင် သတိ ဝီရိယ စိုက်ထုတ် ...ဆီး စောင့်ရှောက်ကြသော်လည်း ... ဖြစ်လေသည်။

ညတစ်ည သန်းခေါင်ယံတွင် မြို့ ...နှင့်အပေါင်းပါတို့က မြို့တွင်းလှည့် ...၍ 'အောင်' ပါသော အမည်ကို ... ရင်း ယိုးဒယားတံခါးသို့ ရောက် ... 'မအောင်သာ' ဟု (၃) ကြိမ်ခေါ် ...ရာ မအောင်သာသည် ဝမ်းသာ ...ရ 'တော်၊ ရှင်' ဟုထူးပြီး အိမ်ပေါ်မှ ...ဟုန်ထိုး ဆင်းပြေးသည်။ အိမ်သား ... ချုပ်နှောင် ဆွဲငင်သည်ကို အတင်း ...ထွက်ပြေး၍ မြို့ဝန်ထံသို့သွားပြီး ...ကျောက်တိုင်စတေးပါ ဟူ၍ လျှောက် ...တောင်းပန်လေတော့သည်။

မြို့ဝန်၊ ထောင်မှူး အာဏာသား ... ကျောက်တိုင်တွင်းကို ပြလျှင် ...အောင်သာသည် တွင်းထဲသို့ ရုတ် ... ခုန်ဆင်းသွားပြီး ကျောက်တိုင်ကို ထိုးချလိုက်ရန်ပူဆာသည်။ လူအပေါင်း အုတ်အော်သောင်းတင်း ပရမ်းပတာနှင့် အံ့ဖွယ်ဘနန်း ကြက်သီးဖြန်းဖြန်းထမျှ စုတ်တသပ်သပ် ရင်ဘတ်စည်တီး ပရိဒေဝမီး ကူးစက်ခံစားရစဉ်ခဏ ကျောက်တိုင်ကိုထိုးချစိုက်လိုက်ရာ ကျောက်တိုင်ထိပ်၌ သွေးလက်လေးသစ်ခန့် တည်သည်ဟု သက်ကြီးစကားအမှတ်အသား က ဆိုသည်။ ယခု မြေပေါ်၌ရှိသည့် အတိုင်း ထိုကျောက်တိုင် မြေထဲသို့ထိုးစိုက်ဝင်လျက်ရှိသည်။

သက္ကရာဇ် ၆၃၉ ခုနှစ်၊ ကျောက်တိုင် စတေးပြီးမှ ရေကြီး၊ ရေခေါင်၊ ရေလွှမ်း၊ ရေဖျက် အနှောင့်အယှက် လွတ်ကင်းပြီး မြို့တည်တံ့ အောင်မြင်ခဲ့ရာ ဇကာဒယ်ရာဇာမင်းသည် ထိုမြို့ကို သုံးနှစ်သုံးမိုးတိုင်တိုင် တည်ရသည်။

နောင်အခါ ခရင်းသေ- တရင်းသေ-တနင်သရေ-တနင်္သာရီ-တနင်္သာရီတိုင်းဒေသကြီး အစဉ်အဆက် သမိုင်းတွင်ရှိသည်။ မြို့ကို ဘေးဥပဒ် တစ်စုံတစ်ရာ ကျရောက်တော့မည်ဆိုပါလျှင် လပြည့်၊ လကွယ်နေ့များတွင် ထိုရှင်မအောင်သာ ကျောက်တိုင်ထိပ်မှ သွေးစိမ်းထွက်ပြသည်ကို တွေ့ရှိသူများက ပြောစမှတ်ပြုကြသည်။

ရှေးမင်းများ၏ ရှေးမြို့ဟောင်း တနင်္သာရီမြို့အဝင်တွင် ထူးထူးခြားခြား ကျောက်တိုင်ရှင်မ ဖွားအောင်သာ၏ အတ္ထုပ္ပတ္တိ ကမ္ပည်းကျောက်စာနှင့် ကျောက်တိုင်ကို အထင်ကရ နတ်ကွန်းနှင့်တကွ တွေ့မြင်ရသည်။ မည်သူမဆို နတ်ကွန်းတွင်းသို့ ဖိနပ်ချွတ်ပြီး ဝင်ရသည်။ ၁၉၃၀ ပြည့်နှစ်၊ မြန်မာပြည် ဘုရင်ခံမင်းကြီး ဆာချား(လ်)(စ်) အလက်ဇန်းဒါးအင်းနစ် ရှင်မအောင်သာ ကျောက်တိုင်သို့ ရောက်ရှိ ကြည့်ရှုခဲ့ကြောင်း မှတ်တမ်းရေးထိုးထားသည်ကို တွေ့ရသည်။

မောင်စိမ်းထွေး(ထားဝယ်)

*(မှတ်ချက်- ရှေးအခါ မြို့သစ်နန်းသစ်၊ တံတားသစ်တွင် စတေးရန် တီတ်တဆိတ် သူလျှိုခေါင်းဖြတ်များ စေလွှတ်လေ့ရှိကြောင်း လူကြီးသူမများ ပြောသံဆိုသံကို စာရေးသူ ငယ်စဉ်က ကြားဖူးနားဝ ရှိပါသည်။)*

**ကိုးကား**

- မြိတ်ရာဇဝင်တော်ကြီး
  ဦးကြီးစိန်
- ကိုယ်တိုင်ကွင်းဆင်းလေ့လာခဲ့...



www.burmeseclassic.com

www.burmeseclassic.com



(မုံရွာ)

# မောင်မောင်တိုးမြင့်

## ကားသမား လူမုန်းရဲ့ အစွဲပါတဲ့ကား

ကျွန်တော် မောင်လူမုန်း။ ပရလောကသားတွေကို မကြောက်တတ်မရွံ့တတ်လို့ သေပြီးတဲ့သူရော၊ မသေမရှင်ရော၊ မြောနေတဲ့လူပါ ဘာမှမရှောင်ကြိုက်ဈေးရရင် အကုန်တင်ပြီး လောဘဇောတိုက်လို့ တက္ကစီလိုက်ခဲ့တာ 'ကားသမားလူမုန်း မရှုံးစေရ' မှာ စာဖတ်သူများ ဖတ်ပြီးကြမှာပါ။

ဒီတစ်ခါတော့ ဒီလိုပါ ဆရာ။ အစွဲပါလာတဲ့ကားကို ဝယ်လာခဲ့မိလို့ အဲဒီအစွဲက သူ့ကားနဲ့အတူရှိတဲ့အကြောင်း အသိပေးတဲ့ အတွေ့အကြုံလေး ပြောပါရစေ။ လူမုန်း ငွေနောက်လိုက်မိလို့ အသိ မရှိခင် အယူသီးတတ်ကြတဲ့လူတွေရဲ့အားနည်းချက်ကိုနင်း၊ အခွင့်ကောင်းယူပြီး သောက ပရိဒေဝမီးအလောင်ခံနေရရှာတဲ့သူတွေကို မညှာမတာ၊ နူရာဝဲစွဲ, လဲရာ သူခိုးထောင်းဆိုတာလို ကားခတွေ မတရားတောင်းခဲ့လို့ စီးပွားလေးဖြစ်လာတော့ ကား… တွေဝယ်ခဲ့တာလည်း ပြောခဲ့ပြီးပါပြီ…

တစ်နေ့မှာတော့ လူမုန်း… ယောက် ကားဝယ်ဖို့ ငွေထုပ်ပိုက်ပြီး… လေးကိုထွက်ခဲ့တယ်။ မုံရွာမှာ ရော… ကားတွေတော့ ရှိပါတယ်၊ ဒါပေမဲ့… ကိုယ့်ငွေကြေးအတိုင်းအတာနဲ့ ရော… ကားနဲ့က ကိုက်ချင်မှကိုက်တာဆို… မန္တလေးကိုလာရတာပေါ့။ မန္တလေး… ကတော့ ကားဝယ်ရောင်းကွင်းထဲ… လိုက်ရင် ကားစုံအောင်ကြည့်ရတ… ကွင်းထဲမှာမရှိလည်း ဝယ်ရောင်းသ… ပွဲစားတွေများတော့ အပြင်ထွက်ကြ… လည်း ရတယ်။ ကားဝယ်ရောင်းလော… မှာက လူမျိုးစုံ။ ဝယ်ရောင်းသမားသ… သက်ရှိတယ်၊ ဝယ်ရောင်းပွဲစား ရှိတ… ငွေကို လေနဲ့ရှာတဲ့ ပွဲစားသက်သ… တယ်။

ဝယ်ရောင်းသမား သက်သ… တော့ ကားတွေဝယ်ထားတယ်၊ ပြ… စရာပါရင် ပြုပြင်ထားပြီး ဝယ်…



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ဝယ်ရောင်းပွဲစားကတော့ ကားတွေလည်း ဝယ်ထားတယ်၊ ပြန်ရောင်းတယ်။ ဝယ်သူက ကိုယ့်ဆီကကားတွေ မကြိုက်ရင် တခြားကြိုက်တဲ့ကားတွေကို ရောင်းလက်တွေဆီလိုက်ပြ၊ ကားတည့်ရင် ပွဲခယူ။ ပွဲစားသက်သက်ကတော့ ဘယ်သူ့ဆီမှာ ဘာကားရှိတယ် ဆိုတာ သိထားရတယ်။ ဝယ်လက် ဝင်လာရင် လိုချင်တဲ့ကားအမျိုးအစားမေး၊ လိုက်ပြတယ်။ ကားတည့်ရင် ပွဲခယူတယ်။

ကားအကြောင်း နားမလည်ဘူး၊ မှားမှာ ကြောက်တယ်၊ ဝပ်ရှော့ဆရာခေါ်ပြီး သွားဝယ်တယ်ဆိုရင် အင်မတန်နိုးသားပြီး စိတ်ချရတဲ့ကိုယ့်လူ ဖြစ်ပါစေ။ ဝပ်ရှော့ဆရာနဲ့ ပွဲစား ပေါင်းမိသွားပြီဆိုရင် ကျားကြောက်လို့ ရှင်ကြီးကိုး၊ ရှင်ကြီးကျားထက်ဆိုး ဆိုတာလို ဖြစ်သွားမယ်။ လူမုန်းရဲ့ ကိုယ်တွေ့လေး ပြောဦးမယ်။ တစ်ခါက လူမုန်းမှာ ပြန်ရောင်းထုတ်မယ့်ကားလေးတစ်စင်း ရှိတယ်။ ဆန်နီပစ်ကပ်လေး။ ပြန်ရောင်းချင်တာနဲ့ (၄၅) သိန်းအတင်နဲ့ ရောင်းမယ် ပြောထားတယ်။ အတင် ဆိုတာ ပွဲခဘာညာပေးစရာမလိုဘူး၊ ကိုယ့်ဆီ ငွေအသားတင်ရချင်တဲ့ဈေးပြောတာ။ ဒါက ကားအခြေအနေနဲ့ ကာလတန်ကြေး အင်မတန်သင့်တင့်တဲ့ဈေးကို ပြောလိုက်တာ။ ကိုယ်က ရောင်းချင်တော့ မြန်မြန်ထွက်ချင်လို့။ အဲဒါ ပွဲစားလှမ်းချိတ်လို့ ကားယူပြီးသွားတယ်။ ဝယ်လက်က ဝပ်ရှော့ဆရာပါတယ်။ ကားကြည့်တယ်။ အသေးစိတ် စိတ်ရှည်လက်ရှည် ကြည့်တယ်။ ပြီးတော့ ဝပ်ရှော့ဆရာက ပွဲစားကိုခေါ်ပြီး နှစ်ယောက်တည်း တိုးတိုးပြောတယ်။ ပြောပြီးတော့ ပွဲစားက 'ကိုလူမုန်း၊ ခင်ဗျား အေးအေးဆေးဆေး





www.burmeseclassic.com

www.burmeseclassic.com

ထိုင်ရစ်ဦး' ဆိုပြီး လိုင်စင်စာအုပ်တွေ၊ အာမခံစာအုပ်တွေ၊ စာရွက်စာတမ်း အပြည့်အစုံ ပါ, မပါ မေးတယ်။ ပါတဲ့ အကြောင်းပြောတော့ ကောင်းပြီဆိုပြီး ကားသော့တောင်ပြန်မပေးဘဲ ယူသွားတယ်။ အဲဒါ တခြား ကားတွေ တစ်စင်းပြီးတစ်စင်း ပွဲစားနဲ့ ဝပ်ရှော့ဆရာက ဝယ်လက်ကို လိုက်ပြတယ်။ အကြာကြီးပဲ။ မနက် (၈) နာရီလောက်က စတဲ့ပွဲဟာ နေမွန်းတိမ်းလို့ (၂) နာရီလောက် အထိ ရောက်သွားပြီ။

အဲဒီအချိန်ရောက်တော့မှ ပွဲစားက လူမုန်းဆီလာပြီး လိုင်စင်စာအုပ်တွေ ပေးတဲ့။ 'လက်ဖက်ရည်ဆိုင်လိုက်ခဲ့၊ ငွေချေမယ်။ ဝယ်သူဆီက ခင်ဗျား (၅၈) သိန်းယူလိုက်' ပြောတာနဲ့ လက်ဖက်ရည်ဆိုင်မှာ ငွေချေ၊ စာချုပ်စာတမ်းရေး လက်မှတ်ထိုးကြပြီး ပွဲစားက လူမုန်းကို ဒီမှာစောင့်ဆိုတဲ့သဘောနဲ့ မျက်ရိပ်ပြပြီး 'ကဲ- ပြန်ဦးမယ်' ဘာညာနဲ့ နှုတ်ဆက်ပြီး ကားယူ ထွက်သွားကြတယ်။ လူမုန်းကတော့ လက်ဖက်ရည်ဆိုင်မှာ ငွေထုပ်ပိုက်ပြီး စောင့်နေရတာပေါ့။ အတော်ကြီးကြာမှ ပွဲစားနဲ့ ဝပ်ရှော့ဆရာ ပြန်ရောက်လာတယ်။ လူမုန်းရရမယ့်ငွေထက် ပိုတဲ့ (၁၃) သိန်း တောင်းတယ်။ (၄၅) အတင်ပြောထားတာတောင် စားဖိုးသောက်ဖိုးဇွတ်တောင်းလို့ (၃၀၀၀၀) ပေးလိုက်ရသေးတယ်။ ဝယ်လက်ဆီက ပွဲခဘယ်လောက် တောင်းခဲ့သလဲ မသိဘူး။ အဲဒါ ပွဲစားနဲ့ဝပ်ရှော့ဆရာ ပေါင်းရိုက်တာ။ ဝယ်သူခမျာ ပွဲခရော ငွေ (၁၃) သိန်းပါ ပိုပေးလိုက်ရတယ်။ လူမုန်းကတော့ အကြောင်းမဟုတ်ဘူးလေ၊ ကိုယ်လိုချင်တဲ့ ဈေးရတာပဲ။ ဝယ်လက်ရော ရောင်းလက်ပါ 'ဖား' တွေက အငြိမ်တွေဆိုတော့ ခွင်တည့်သွားကြတာပေါ့။ ပွဲစားလောကမှာ ဘယ်လောက်ခံပြင်းစရာကောင်းသလဲ၊ စဉ်းစားကြည့်စမ်းဗျာ။ နှိမ်ချိုး နှိမ်ပေါက်နဲ့ ဝယ်သူ၊ ရောင်းသူကို သူတို့ 'ဖား' တဲ့။ သုံးနှုန်းပုံပြောပါတယ်။

'ဘယ့်နှယ်လဲ၊ ခင်ဗျားဖားက ငြိမ်ရဲ့လား'

'ဟာ- အငြိမ်ပဲ။ ဟာ- မငြိမ်ပါဘူးဗျာ၊ ဖားက ခုန်လွန်းတယ်' တဲ့၊ ဘာညာ အဲလိုပြောကြတာ။

အခုပွဲမှာ လူမုန်းက ပွဲစားရဲ့အငြိမ်'ဖား'။ ဝယ်လက်က ဝပ်ရှော့ဆရာရဲ့ အငြိမ်'ဖား'။ ဆရာပြီးရင်ပြီးရော ဆိုတာမျိုးဆိုတော့ ပထမ လူမုန်းကားကိုကြည့်တယ်။ ပြီးတော့ ဝယ်သူကျေနပ်အောင် ကားတွေအများကြီးလိုက်ပြ၊ လိုက်ကြည့်၊ ကျန်တဲ့ကားတွေ ဘယ်လောက်ကောင်းကောင်း၊ ဘယ်လောက်ပဲ ဈေးသင့်သင့်၊ ဟန်ပြ ဟန်ကြည့်ပဲ။ မဝယ်ဘူး။ ဝယ်သူက တခြားကားကြိုက်တယ်ဆိုရင်လည်း မဝယ်ချင်အောင် အပြစ်ပြောပြီးဖျက်၊ နောက်ဆုံးမှ ဟိုပထမဆုံးကြည့်ထားတဲ့ကား တော်တယ်။ (၆၅) ခေါ်ထားတာ၊ (၅၈) လောက် ပြတ်တယ်။ စိတ်ချ၊ ကျုပ် တာဝန်ထား ဘာညာပေါ့ဗျာ။ ဝယ်သူကတော့ ကားတွေအများကြီးကြည့်ပြီးမှ ပြောတာဆိုတော့ ဟာ- ဝပ်ရှော့ဆရာ စိတ်ရှည်တယ်။ ကားတွေ အများကြီး ကြည့်ပြီး ရွေးဝယ်တာ။ အောင်မယ်- ကျေးဇူးတွေအထပ်ထပ်တင်လို့။

မူးနေအောင် ရိုက်လိုက်တာတော့ မသိရှာဘူး။ ဝပ်ရှော့ဆရာဆိုတာ ကားကောင်း, မကောင်းဘဲ နားလည်တာ၊ ဈေးကွက်နဲ့ ကားတန်ဖိုးကို သိတာ မဟုတ်ဘူး။ ပွဲစားနဲ့ ပေါင်းရတာ။ လူမုန်းလည်း ကားအင်ဂျင် ကောင်း,မကောင်း၊ ဘာညာကောင်း, မကောင်းလောက်ဘဲ သိတာ။ ရောင်းချင်၊ ဝယ်ချင်ရင်တော့ ပွဲစားပဲ ကပ်ရတာ။ လူမုန်း အဝယ်မှားတယ်ဆိုတဲ့ကားက ကားဈေးကွက်၊ ကားတန်ဖိုးမှာ မှားတာ မဟုတ်ဘူး။ ကားရာဇဝင်က မကောင်းတာ။ အဲ- စောစောကစကား ပြန်ဆက်ရရင် လူမုန်း မန္တလေးကိုရောက်တော့ လူမုန်းနဲ့အလုပ်လုပ်နေကျ ပွဲစားဆီ သွားတယ်။ သူက မုံရွာသား။ နောက်အိမ်ထောင်နဲ့ မန္တလေးမှာနေပြီး ပွဲစားလုပ်စားနေတာ။

မုံရွာမှာတုန်းကတော့ ကားဝယ်ရောင်းပွဲစား၊ နောက်အိမ်ထောင်ပြုလိုက်တော့ ပစ္စည်းဥစ္စာတွေ အရင်အိမ်ထောင်ဆီမှာ ထားခဲ့ရတယ်။ ဝယ်မရောင်းနိုင်တော့ဘူး။ ပွဲစားသက်သက်။ မုံရွာမှာကတည်းက လူမုန်းနဲ့ လူရင်းတွေ။ လူရင်းဆိုပေမယ့် အလုပ်ထဲမှာကျတော့ လူမုန်းကသာ ရင်းတာ၊ သူတို့က လူရင်းမထားဘူး။ ရိုက်လို့ရရင် ရိုက်တာပဲ။

ရောက်တဲ့နေ့ ကားကွင်းထဲကို လျှောက်ကြည့်တယ်။ အဆင်သင့်တာ မတွေ့ဘူး။ ဒါနဲ့ စစ်ကိုင်းမှာ သတင်းကြားတာနဲ့ စစ်ကိုင်းကိုသွားတယ်။ စစ်ကိုင်းက မျိုးသန့်ဦးဆီမှာ ဆန်နီနှစ်စီးရှိတယ်၊ တစ်စီးက ဆိုဈေးနဲ့ ကားနဲ့ မနီးစပ်ဘူး။ နောက်တစ်စီးက မဆိုးဘူး၊ သင့်တယ်။ ဒါပေမယ့် နောက်ကြမ်းခင်းမှာ လုပ်ချက်လေးနည်းနည်းပါတယ်။ ဈေးနဲ့ ကားက တော်တော်ကိုဝယ်သင့်တာ။ လုပ်ချက်လေးကြည့်ပြီး လူမုန်း ဈေးမဆစ်ဘဲ ရှောင်ခဲ့တယ်။ အဲဒါ မှားတာပဲ။ နောက်ပြီး ပွဲစားကလည်း အင်တင်တင် ဝယ်ဖို့ မတိုက်တွန်းဘူး။ နောက်မှသိရတာက လူမုန်း အဲဒီကားကို ဈေးတည့်လို့ ကြိုက်ပြီး ဝယ်ရင် ပွဲခက မျိုးသန့်ဦးကို ခွဲပေးရမယ်။ မပေးချင်ဘူး။ တခြားကားရှာပေးမယ်၊ ပွဲခတစ်ယောက်တည်း ယူမယ်။ အဆင်ပြေရင် ပွဲညှနဲ့ပါ ရမယ်။

ဒါနဲ့ စစ်ကိုင်းက ပြန်ခဲ့ကြတယ်။ နောက်တစ်နေ့မှာ မန်ကျည်းပင်ဝိုင်းလို့ ခေါ်ကြတဲ့နေရာ သွားကြတယ်။ ဆေး ဘော်ဒီ၊ အင်ဂျင် အားလုံးလုပ်ပြီးကိုင် ပြီး ဆန်နီပစ်ကပ်တစ်စီး တွေ့တယ်။ ဈေးတည့်ပြီး ငွေချေမယ်ဆိုတော့ ပိုင်ရှင်ဆီ လိုက်ငွေချေပါ၊ လိုင်စင်စာအုပ်တွေ, စာရွက်စာတမ်းတွေ, စာချုပ်လက်မှတ်ထိုးဖို့က ပိုင်ရှင်နဲ့မှဖြစ်မှာဆိုတော့ ငွေချေဖို့ မြို့သစ်ကိုသွားကြတယ်။ ဟောဗျာ- ပိုင်ရှင်က လူမုန်းနဲ့သိဟောင်းကျွမ်းဟောင်း၊ အသက် (၅၀) မှ အိမ်ထောင်ပြုလိုက်တဲ့သူဌေးမ ဖြစ်နေတယ်။ ဒီနေရာမှာ သူ့အကြောင်း နည်းနည်းပြောဦးမယ်။ ဒီသူဌေးမက လူမုန်းတို့နယ်ကရွာမှာ အဆင်မပြေတာနဲ့ သားအမိသုံးယောက် တောင်ပေါ်မြို့ကို ပြောင်းသွားကြရာက လုပ်ငန်းကိုင်ငန်းတည့်၊ အဆင်ပြေ၊ စီးပွားတွေဖြစ်လာတဲ့အပြင် သူတို့နေဖို့ ဝယ်လိုက်တဲ့ တိုက်ကြီးနဲ့ ခြံဝင်းထဲက ရွှေအိုးတွေရပြီး ချမ်းသာလာတဲ့ သူဌေးမ။ တစ်သက်လုံး အပျိုကြီးဘဝနဲ့နေလာပြီး အသက် (၅၀) ရောက်မှ သိုက်တူးတဲ့ ယောကျ်ားစစ်စစ်မဟုတ်တဲ့ နတ်ကတော်နဲ့ အိမ်ထောင်ကျ၊ မန္တလေးဆင်းလာ၊ မြို့သစ်မှာ တိုက်ဝယ်နေ ယောကျ်ားဘက်ကပါတဲ့ တူတွေကို ငွေထုတ်ပေး၊ ကားဝယ်ရောင်း အပျင်းပြေ လုပ်နေတာ။ အဲဒါ သူ့ခမျာလှည်း လူမုန်းကိုရောင်းလိုက်တဲ့ကား နောက်ဆုံးပါပဲ။ ယောကျ်ားစစ်စစ်မဟုတ်တဲ့ (အခြောက်) သူ့ယောကျ်ားက နည်းမျိုးစုံနဲ့ သူ့ဆီက ငွေတွေ တောင်းယူ၊ သိန်းထောင်ချီ လက်ထဲရောက်လာတော့ ထွက်ပြေးပြီး အသတ်ခိုင်းလို့ သေရှာပါရော။

ခုနက ကားအကြောင်း ဆက်ရအောင်။ ကားက လုပ်ပြီးကိုင်ပြီး အဆင်သင့်တယ်ဆိုပြီး ဝယ်လာတာ။ ဝယ်ရောင်းသမားတို့ထုံးစံ ကားသမားတွေ အပြောနဲ့ ပြောရရင် လက်ပူတိုက်ပြီး ဆေး၊ ဘော်ဒီ ရှပ်ပါးလေးလုပ်လို့ လိုက်တာ။ လူမုန်း ကားပါးမဝသေးခင်



www.burmeseclassic.com

www.burmeseclassic.com

ဆိုတော့ ခံလိုက်ရတာ။ ခြောက်လ လောက်သုံးပြီး ပြန်ရောင်းတော့ တက် ဆုံးမိပြီး (၁၃) သိန်းလောက် မြတ်သေး တယ်။

မန္တလေးက ပြန်လာပြီး နောက် ရက် မြို့ထဲထွက်တော့ မုံရွာက ကား ဈေးတစ်ယောက်က ကားနံပါတ်ကြည့်၊ ကားကြည့်ပြီး-

"အစ်ကိုကြီး၊ ဒီကားဆွဲလာတာ လား"

"အေး- ဘယ့်နှယ်လဲ၊ ပေးဈေးနဲ့ ကား သင့်ရဲ့လား"

"အင်း- မ. . . ဆိုး. . . ပါ. . . ဘူး"

သူ ပြန်ပြောလိုက်တဲ့ လေသံက ခ်လေးလေး။ ပြီးတော့ ဒီကားနဲ့ပတ် သက်လို့ သူ့မှာ ပြောစရာတွေကျန်သေး သလိုလိုတော့ လူမုန်း ထင်လိုက်မိသား။ ကားဝယ်ပြီး ပြန်လာတဲ့ညကလည်း လူ မုန်း ကားနဲ့အိမ်ပြန်ရောက်ပြီး မကြာဘူး၊ အိမ်မှာ အတူနေတဲ့ နှမဝမ်းကွဲ အပျိုမ က ဘာဖြစ်မှန်းလည်း မသိ၊ ကားကို ကြည့်ပြီး တရှုပ်ရှုပ်နဲ့ငိုပါလေရောဗျာ။ ဘာဖြစ်လို့ ငိုတာတုံး ဆိုတာလည်း မေး လို့ရဘူး။ ဘာမှလည်း မပြောဘူး၊ ငို ချည်းနေတော့တာ။ ဒါနဲ့ အမေက နေနိုင်တာနဲ့ ရပ်ကွက်ထဲကဆေးဆရာ ကြီး အဘဦးထွန်းအေး ပင့်လာပြီး ပြ တော့ အဘဦးထွန်းအေးက ခေါင်းကို တ်နဲ့ကိုင်၊ ရွတ်ဖတ်၊ ရေတစ်ခွက်တိုက် တိုက်တော့မှ အငိုရပ်သွားပြီး အနားက တွေကို ဘာမှမဖြစ်သလို တောင် ကြည့်မြောက်ကြည့်လုပ်နေတယ်။ အဘ မေးတော့ အဘက ဘာမှမဟုတ်ပါ ကွယ်၊ နည်းနည်းပါးပါး အပ,လေးမှီ အနှောင့်အယှက်လေး ဝင်တာပါ၊ ကောင်းသွားပါပြီတဲ့။ ဒီနှမဝမ်းကွဲလေး က လူမုန်း အိမ်ထောင်ပျက်သွားပြီးတဲ့ နောက် အဖေနဲ့ အမေကို လူမုန်းကိုယ် စား ချက်ပြုတ်ကျွေး၊ ပြုစုစောင့်ရှောက် ခေါ်ထားတာ၊ လိမ္မာတယ်။ အိမ်မှု အကုန်လုပ်တယ်။ ဘာမှ ပြန်လှည့် ကြည့်ရဘူး။ အဖေနဲ့ အမေကလည်း ဆိုပေမယ့် သမီးအရင်းလေးလို ကိုးပြီး ခင်တွယ်ကြလို့ လူမုန်းအဖေ အမေအတွက် နောက်ဆံမတင်းရဘူး။

လူမုန်း အိမ်မှာက ကားဂိုဒေါင် တွေဘာတွေ သီးသန့်မရှိဘူး။ ကားကို ck ဆုတ်ပြီး အိမ်ရှေ့ ပရပ်ထဲထိုးထား ။ ဩော်- ပြောဦးမယ်။ ဒီကားဝယ် တဲ့အချိန်မှာ လူမုန်း အရင်ကလို လူ သေ၊ လူမမာ၊ လူနာတင်ပြီးပို့တဲ့အလုပ် လုံးဝ မလုပ်တော့ဘူး။ ရိုးရိုး ခရီးသည်၊ အော်ဒါပဲ လိုက်တော့တယ်။

အိမ်ရှေ့ ကားထိုးထားတဲ့နေရာ အနီးအနားမှာ ရေတွင်းဘုံဘိုင် လက် လှုပ်ရေတွင်းလေး ရှိတယ်။ နှမလေးက နံနက် (၄) နာရီထိုးရင် အိပ်ရာကထ၊ ဆန်ဆေး၊ ထမင်းအိုးလေးတည်။ လျှပ် စစ်မီးက စိတ်မချရဘူး၊ မိုးလင်းရင် မီး ဖြတ်တော့တာ။ ဒီတော့ အချိန်မီ ထမင်း ကျော်လေး လူမုန်း စားသွားရအောင် ထပြီးလုပ်ရှာတာ။ တစ်ရက်မှာ ရေတွင်း က ဆန်ဆေးပြီး အိမ်ထဲပြန်အဝင်မှာ ကားခေါင်းထဲက 'တောက်' ဆိုတဲ့ တက် ခေါက်သံ အကျယ်ကြီး ကြားလိုက်ရလို့ ကြောက်ပြီး 'မောင်ကြီး ထပါဦး၊ မောင် ကြီး ထပါဦး'နဲ့ အလန့်တကြားနှိုးတယ်။ 'ငါ့နှမရာ၊ မင်းစိတ်က ထင်လို့နေမှာပါ။ ဘာမှမဟုတ်ပါဘူး' ပြောပေမယ့်-

'မဟုတ်ဘူး မောင်ကြီး၊ နှမ နား နဲ့ဆတ်ဆတ်ကြားလိုက်ရတာ။ စိတ်က ထင်တာ မဟုတ်ဘူး' နဲ့ ပြောရှာတယ်။ အဲဒီနောက်ကတည်းက ဆန်ဆေးစရာ ရေတို့ဘာတို့ အပြည့်အစုံ အိမ်အတွင်း ထဲ ညကတည်းက ယူထားတော့တယ်။

နောက်တစ်ပတ်လောက်အကြာ မှာတော့ ခြံချင်းကပ်လျက် အိမ်နီးချင်း ဖြစ်တဲ့ မိုးမိုးခိုင် ဆိုတဲ့ ကလေးမလေးက 'မခင်မေအေး၊ မနေ့ညက ဆံပင်ဖား လျားချပြီး ကားခေါင်းနားမှာ ဘာလုပ် နေတာလဲ။ ခေါင်းလျှော်ထားတာ မ ခြောက်လို့လား' လို့ မေးလာတော့ နှမ လေး မခင်မေအေးက-

"ဟင်- ကျွန်မဖြင့် မနေ့က ခေါင်း မလျှော်ပါဘူး။ ညကလည်း အစောကြီး အိပ်ရာဝင်တာပါ"

"ဟုတ်လား၊ ဒါဖြင့် ဘယ်သူပါ လိမ့်။ ကျွန်မတစ်ရေးနိုးလို့ အိမ်ပြင်ခဏ ထွက်တော့ ကားခေါင်းနားမှာ အမျိုး သမီးတစ်ယောက် ဆံပင်ဖြန့်ချပြီး ရပ် နေတာတွေ့လို့ မခင်မေအေး ဘာလုပ် နေလဲလို့ လှမ်းမေးမယ် လုပ်ပြီးမှ သူ ခေါင်းလျှော်ပြီး ဆံပင်မခြောက်လို့နေ မှာတွေးပြီး အိမ်ထဲပြန်ဝင်ခဲ့တာ"

အဲဒီလို မိုးမိုးခိုင်က ပြောတော့ ခင်မေအေးက-

"မောင်ကြီး၊ မောင်ကြီးကားက တစ်ခုခုတော့ တစ်ခုခုပဲနော။ သာမန် ကားတော့ မဟုတ်ဘူး"

"အေးကွာ၊ ငါ့မှာတော့လည်း ဒီ ကားပေါ်ပဲ နေကုန်နေခန်း နေနေရတာ ဘာမှမထူးခြားပါဘူးဟာ။ အိမ်မှာသာ ဒီလိုတွေဖြစ်နေတာ။ ဒီကားဝယ်ပြီးမှ ကားအော်ဒါတော့ ထူးထူးခြားခြားရ တယ်။ အော်ဒါစိပ်တယ်ဟဲ့"

တကယ်လည်း ဒီကား လက်ထဲ ရောက်ပြီးမှ အငှားလိုက်ရတာ၊ အော်ဒါ စိပ်လို့ အကျိုးပေးတယ်ပြောရမလားဘဲ။ မိုးမိုးခိုင်ကပြောပြီး နှစ်ပတ်လောက်ကြာ တော့ ညဥ့် (၂) နာရီလောက်မှာ-

"ဟေ့- မောင်လူမုန်း၊ မောင်လူ မုန်း၊ လူကလေးရေ- ထဦးကွယ့်။ မင့် ကား မီးတွေလင်းနေတယ်"

လို့ အိမ်ရှေ့အိမ်က ဦးထွန်းရီဆို တဲ့ဘကြီးက နှိုးပြီးပြောတာနဲ့ ထကြည့် တော့ ဟုတ်ပါ့ဗျာ၊ ကားက ဆိုင်းလင့် မီးတွေဝင်းလို့ လင်းနေတယ်။ လူမုန်း အိမ်ပြန်ရောက်ပြီး ကားသိမ်းတော့ မီး တွေအကုန်ပိတ်ခဲ့တာ၊ ဘယ့်နှယ်ကြောင့် လင်းနေရတာလဲ။

ဒီဆိုင်းလင့်မီးခလုတ်က အသေ အချာဆွဲဖွင့်မှ ပွင့်တဲ့ခလုတ်ပါ၊ သူ့အ လိုလိုပွင့်ဖို့ အခက်သား။ လူမုန်း အဖြေ ရှာမရဘူး။ အဲ- နောက်တစ်ခါကျတော့ တစ်ပတ်လောက်ကြာပြီးတဲ့နောက် အဲဒီ အချိန် ညဥ့် (၂) နာရီလောက်မှာပဲ လူ မုန်းတို့အိမ်နဲ့မျက်နှာချင်းဆိုင် ဦးထွန်းရီ ရဲ့တောင်ဘက်မှာနေတဲ့ လူမုန်းညီဝမ်း ကွဲရဲ့မိန်းမက-

"အစ်ကိုကြီး လူမုန်း၊ ကားမီးတွေ လင်းနေတယ်။ ထပိတ်ဦး"

လို့ နှိုးပြန်တယ်။ ခလုတ်မကောင်း လို့ ပြန်လင်းရင်လည်း ဝယ်လာစက ပြန်လင်းရမှာ၊ အခုတော့ လအတော် ကြာမှ ညည မီးထထပွင့်နေတော့ စဉ်း စားရခက်လာတယ်။ သုံးကြိမ်မြောက် ဒီလို လင်းပြီးတဲ့နောက်တော့ ညကား သိမ်းပြီးလို့ အိမ်ပြန်ရောက်ရင် အဲဒီ ဆိုင်းလင့်မီးခလုတ်ထိန်းတဲ့ နံပါတ်(၁၂) နပ်ခေါင်းကို ခွနဲ့ အသေအချာတင်းနေ အောင် လှည့်ကျပ် ကျပ်ထားလိုက် တယ်။ မီးမလင်းတော့ဘူး။ ဆိုင်းလင့်မီး သုံးချင်မှ နပ်ခေါင်းလျှော့၊ ခလုတ်ဆွဲဖွင့် တယ်။

ထားပါတော့၊ 'မီးလင်းလင်းနေ တာက ပြဿနာမဟုတ်ဘူး။ လင်းနေ တာ ပြန်ပိတ်လို့ရတယ်။ ဘယ်လိုမှရှင်း မရတာက ဒီလို။ အိမ်ထောင်ပျက်၊ လူ လွတ်ဖြစ်တဲ့ ကျုပ်ဗျ၊ ကျုပ်။ အရပ်ထဲ ကလူတွေက-

"ဟာ- ကိုလူမုန်း၊ ခင်ဗျားစွံတော့ မယ်ဆို။ ညည ကားသိမ်းလာရင် ကား



www.burmeseclassic.com

www.burmeseclassic.com

ပေါ်မှာ အမျိုးသမီးတစ်ယောက် ပါပါ လာတယ်ဆို။ ကျွန်တော်တို့လည်း ပြပါဦးဗျ၊ လျှို့မထားပါနဲ့" တဲ့။

အဲဒါ ခက်တာဗျ။ ကျူပ်မှာ ဘယ် အမျိုးသမီးမှလည်း ကားပေါ် မတင်ရဘူး။ ရှိလည်း မရှိဘူး။ စိတ်လည်းမကူးဘူး။ အဲဒါ ရှင်းမရတာ။

မဟုတ်ပါဘူး ပြောလည်း မရ။ ကျွန်တော်တို့၊ ကျွန်မတို့ အသေအချာ မြင်တာ၊ ပြောင်မလိမ်ပါနဲ့။ အိမ်နီးချင်း မိုးမိုးခိုင်ကလည်း တစ်ညမှာ ဆံပင်ဖြန့်ချထားတဲ့အမျိုးသမီး တွေ့ဖူးတယ်လို့ ပြောတယ်နဲ့ ရပ်ကွက်ထဲမှာ ဘယ်လိုမှ ငြင်းမရ၊ ရှင်းမရ ဖြစ်နေပြီဗျာ။

အဲဒီအချိန်က မုံရွာမှာ ဂျပန်ပြည်က အစွဲပါလာတဲ့ SE (အက်စ်အီး) ကားတစ်စင်းက အိမ်ကားဂိုဒေါင်ထဲမှာထားထားတာ၊ သူ့အလိုလို စက်တွေထနိုး၊ မီးတွေလင်း၊ ဟွန်းတွေမြည်ဖြစ်နေတယ်တဲ့။ တစ်ခါတစ်ခါ ကားထဲမှာ ဂျပန်အမျိုးသမီးကို အမျိုးသားလေးတွေ ရိုးတိုးရိပ်တိပ်မြင်ရတယ်တဲ့။ ဒါနဲ့ ပိုင်ရှင်က အိမ်မှာမထားရဲလို့ မဟာလယ်တီတိုက်ထဲက ဘုန်းကြီးကျောင်းမှာ သွားထားရတယ်နဲ့ ကောလာဟလတွေ ဖြစ်နေတယ်။

ကျူပ်ကားကလည်း ဒီလိုပါလို့ ပြောရင် ဟာ- လူမုန်း၊ မင်းကလည်း လုပ်ပြန်ပြီလားနဲ့ ဖြစ်မှာမို့ မပြောရဲဘူး။ အဲဒီလို ရှင်းမရအောင်ဖြစ်တော့တာ။ ဒါနဲ့ ဒီကားဟာလည်း ပရလောကသားတွေနဲ့ ဆက်နွှယ်ပတ်သက်မှုတော့ရှိမယ်လို့ တွေးမိရပါတယ်။ စောစောကပြောဖူးသလို လူမုန်း ဒါတွေမကြောက်တတ်ဘူး။ နံနက် ကားထွက်တော့မယ်လို့ ကားထဲဝင်ထိုင်ရင်, ကားသိမ်းလို့ ကားထဲက ပြန်ထွက်ရင် တစ်ခါတစ်ခါ ကားထဲ လူဝင်ထိုင်သလို၊ ကားထဲက လူထလိုက်သလိုမျိုး လေဟပ်သလို, လေတိုးလိုက်သလိုမျိုး ကြုံရတယ်။ စိတ်ထင်လို့နေမှာပါ ဆိုပြီး အမှတ်တမဲ့ပဲ နေလိုက်ပါတယ်။

လူမုန်းရဲ့အကျင့်တစ်ခုက ကားထွက်တော့မယ်ဆို ခွေမကိုင်ခင်မှာ မြတ်စွာဘုရားရှင်ကို ရည်မှန်းပြီး ဘုရားဂုဏ်တော်ရွတ်ပြီးမှ ကားမောင်းထွက်တယ်။ အဲဒီ စရဏကြောင့်လားတော့ မသိဘူး၊ လူမုန်း ခရီးဝေးသွားသွား, နီးနီးသွားသွား ကားပျက်တာမြုတာ, အကြီးအကျယ် ဒုက္ခရောက်အောင် ပျက်တာမျိုး မရှိခဲ့ဘူး။ ဆီပျောက်မီးပျောက် ဒါလေး



တွေ အပယိကလေးတွေကတော့ ဖြစ်တာပေါ့။ ဒါတွေကတော့ လူမုန်း လုပ်တတ်တယ်လေ။

လူမုန်းကတော့ ဒီကားက ဆွဲကောင်းနေ၊ ငွေဝင်လေး မှန်နေတယ်။ ပြဿနာမရှိဘူး။ ခက်တာက နှမလေးခင်မေအေး။ ညညဆို ကားအနီးအနားကို မကပ်ရဲတော့ဘူး။ ကားခေါင်းထဲက လူညည်းသံ တဟီးဟီး တဟင်းဟင်းနဲ့ ကြားလိုကြား၊ အနံ့အသက်တွေပေးလိုပေးနဲ့မို့ ကားကို စီးလည်းမစီးဘူး၊ ကားနားလည်း မကပ်တော့ဘူး။ ဒါနဲ့ (၆)လ လောက်သုံးပြီးတော့ ပြန်ရောင်းထုတ်လိုက်တော့တယ်။ လူမုန်းအတွက်တော့ ငွေရှာပေးတဲ့အပြင် အမြတ် (၁၀)သိန်းတောင် ပေးသွားပါသေးတယ်။ အခုခေတ်တော့ ကားလေးခမျာ ဇာတ်လမ်းပြတ်ရှာတော့မှာပါ။ အရည်ကျိုထဲရောက်တော့မှာလေ။ ကားက 1922 မော်ဒယ် 121 ဆန်နီပစ်ကပ်။ နံပါတ်က (ဒ/----) တဲ့ဗျား။

ဒီကားလေး ရောင်းထုတ်ပြီးတော့ ပတ်ပလစ်ကာ ကားလေး ပြန်ဝယ်လိုက်တယ်။ ဒီပတ်ပလစ်ကာ ကားလေးကတော့ ဘာမှထူးထူးခြားခြား၊ ဆန်းဆန်းပြားပြား မရှိပါဘူး။ သာမန်ပါပဲ။ အဲ- တစ်ခုတော့ ရှိတယ်။ အရင်ကားလေးလောက် ခေါက်မစိပ်တာတော့ အမှန်ပဲဗျ။ အခြေအနေ၊ အချိန်အခါနဲ့ ကံ,ကံ၏အကျိုးလည်း ဖြစ်ချင်ဖြစ်မှာပေါ့ဗျာ။ လူမုန်းစိတ်ထဲမှာတော့ သိပ်အလေးအနက်ကြီး မထားပါဘူး။ လောဘတွေလည်း လျှော့လိုက်ပြီ။ စားဖို့က ပိုတာလေးတွေလည်း အတော်အတန် စုမိဆောင်းမိနေပြီ။

တစ်ရက်မှာ အရင်ကားလေးဝယ်ပြီးစက တွေ့တဲ့ ကားပွဲစားနဲ့တွေ့တော့-

"ဟာ- အစ်ကိုကြီး၊ ကားပြောင်း[illegible] ပြီးပြီလား။ ကောင်းတယ်ဗျာ။ အဲဒီကား[illegible] ဝယ်ပြီးစက ကျွန်တော် ပြောမကောင်း[illegible] လို့ မပြောတာဗျ။ အစ်ကိုကြီး၊ အဲဒီကား[illegible] က မခြောက်ဘူးလား"

"မခြောက်ပါဘူး၊ ဘာဖြစ်လို့လဲ"

"ဒီလိုဗျ။ အဲဒီကားရာဇဝင် ကျွန်[illegible] တော်က သိတယ်။ အဲဒီကားလေးက အ[illegible] ရောင်က အစိမ်းလေးဗျ။ အစ်ကိုကြီး[illegible] လက်ထဲမှာမှ အဖြူဖြစ်နေတာ။ ကား[illegible] မန္တလေး (xxx) ဆေးရုံရှေ့မှာထိုးတာ[illegible] တစ်နေ့ ရန်ကုန်-မန္တလေးလမ်းမှာ ပိုင်[illegible] ရှင်ကိုယ်တိုင်မောင်းပြီး မိသားစုလိုက်[illegible] ခရီးသွားကြတာ။ ကားချင်းအရှောင် အ[illegible] ရှိန်များပြီး သစ်ပင်ဝင်အောင်းတာ။ ပိုင်[illegible] ရှင်ရဲ့ဇနီး၊ သမီးနဲ့ သား သုံးယောက်[illegible] နေရာတွင် သေသွားတယ်။ အဲဒါ ပိုင်[illegible] ရှင်လည်း စိတ်ပျက်ပြီး (ပုံပြတ်ရောင်း) လိုက်တယ်။ အဲဒါ ဝယ်ရောင်းသမား[illegible] ဝယ်ပြီး ဝပ်ရှော့ထိုး၊ ပန်းပဲထိုး ပြန်[illegible] လုပ်နေတာ။ ဝပ်ရှော့နဲ့ ပန်းပဲကအလု[illegible] သမားတွေ ခဏခဏ အခြောက်အလှ[illegible] ခံရလို့ မြန်မြန်ပြီးအောင်လုပ်ပေးလိုက်[illegible] ရတယ်တဲ့။ ပြီးတော့ ဝယ်ရောင်းသမား[illegible] လက်ထဲမှာလည်း ထိုနည်းလည်းကောင်း[illegible] ပဲတဲ့။ ဒါကြောင့် သူတို့လည်း အမြ[illegible] ရောင်းထုတ်ချင်နေတာ။ အစ်ကိုကြီး[illegible] တွေ့တော့ သူတို့ပျော်သွားတာပေါ့[illegible] ပြန်ထုတ်တော့ ဘယ့်နှယ်နေလဲ"

"အေး- ငါ (၁၀) သိန်းမြတ်[illegible] တယ်ကွ"

"အေးဗျာ၊ အစ်ကိုကြီးကံကောင်း[illegible] ပါတယ်။ တက်ချေးနဲ့မိသွားတာ"

'အေးကွာ၊ ကားက ဒီလို. . ဒီ[illegible] လို့သာ ပြောလိုက်ရင် အရစ်ရှည်[illegible] မှာမို့ မပြောဘဲနေလိုက်တယ်။ ထို[illegible] လက်ကလည်း လွတ်သွားပြီလေ။ ဒါ[illegible] မယ့် ဒီကားကိုစွဲလမ်းပြီး အစွဲကြီး[illegible] ကျွတ်မလွတ်ဖြစ်နေရှာတဲ့ ကားပိုင်[illegible] ရဲ့ဇနီး (သို့) သမီး ပရလောက[illegible] ကားထဲမှာရှိမှန်းသိလျက်နဲ့ သူ့အ[illegible] လူမုန်း ကုသိုလ်ကောင်းမှုလုပ်၊ လှူ[illegible] ပြီး အမျှပေးဝေခြင်းမပြုလိုက်ရတာ[illegible] တွေးပြီး လူမုန်း စိတ်မကောင်းဖြစ်[illegible] တယ်။


ပြီးတော့ အခု ကားအနိမ့်[illegible] ပြန်သိမ်း၊ အရည်ကျို၊ ဖျက်ဆီးပစ်[illegible] ရင် ဒီကားကိုစွဲလမ်းနေရှာတဲ့ ပရ[illegible] ကသားခမျာ ဘယ်လိုများနေရှာမ[illegible] တာ လူမုန်း တွေးရင်း တွေးရင်း[illegible]

မောင်မောင်တိုး(မြ[illegible]



www.burmeseclassic.com

www.burmeseclassic.com



**ခရစ်ယာန်ဘာသာနှင့်**
**အင်္ဂလိပ်ပညာတိုက်ပါဝိရောဓိများ**

ဆရာဦးဆက်ထွန်းလင်း
(အငြိမ်းစား)

၁၃ ရာစုနောက်ပိုင်းတွင် အင်္ဂလိပ်ပညာသည် ခရစ်ယာန်သာသနာမိသားစု ပိုင်ပညာရပ်တစ်ခုသဖွယ် ဖြစ်လာခဲ့၏။ ခရစ်ယာန်ဘုန်းတော်ကြီးများသည် ဤလုပ်ငန်းကို နေ့ရောညပါ စိတ်ပါဝင်စားစွာဖြင့် လုပ်ကိုင်နေကြသဖြင့် သာသနာရေးဆိုင်ရာ အာဏာပိုင်တို့သည် စိုးရိမ်လာကြသည်။ ထို့ကြောင့်ပင် အင်္ဂလိပ်ပညာကို ရှုတ်ချပြီး တားမြစ်ချက်များ ထုတ်ပြန်ခဲ့ကြလေသည်။

၁၂၇၂ ခုနှစ်တွင် ပထမဆုံး တားမြစ်ချက် ပေါ်ထွက်လာ၏။ ဖရန်စစ္စကန် ခရစ်ယာန်ဂိုဏ်းမှ နော်ဗွန်းဖော်ဘိတ်က အင်္ဂလိပ်အကြောင်းမဆွေးနွေးရ မပြောဆိုရဟု တားမြစ်ခဲ့၏။ အင်္ဂလိပ်ဆိုင်ရာပစ္စည်းအားလုံးကို မီးရှို့ပစ်ရမည်ဟု ဆို၏။ အင်္ဂလိပ်ပညာသည် မှော်ပညာနှင့်ဆက်စပ်နေသည်ဟု ခရစ်ယာန်အာဏာပိုင်တို့က စွပ်စွဲကြ၏။

၁၃၁၇ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် အခြေခံဥပဒေ အထွေထွေ အခန်း (၁၁၃) ၌ နောက်ဆက်တွဲအဖြစ် ၁၂၇၉ နှင့် ၁၃၁၃ ထုတ်ပြန်ချက်ကို ထည့်သွင်းခဲ့၏။ ထိုထုတ်ပြန်ချက်တွင် ဖော်ပြထားသည်မှာ ဤဥပဒေကို ဖောက်ဖျက်လျှင် ကြီးလေးသောအပြစ်ဒဏ်ပေးခြင်းကိုခံရမည် သို့မဟုတ် သာသနာ့ဘောင်မှထုတ်ပယ်ပစ်ခြင်း ခံရမည် ဟူ၍ ဖြစ်၏။

'ဤမှားယွင်းသော လုပ်ငန်းကို ဆက်လုပ်နေပါက ကျန်ဘုန်းကြီးအားလုံးက ထိုအင်္ဂလိပ်ဘုန်းကြီးကို ဝိုင်းကြဉ်ကြရန် ဖြစ်၏။ ထိုအဆင့်တွင် မရပ်ဘဲ ဆက်လက်ဆောင်ရွက်နေပါက ထောင်ဒဏ်ကျခံရခြင်းအထိပင် ပြစ်ဒဏ်ခံရမည်' ဟူ၍ ဖြစ်၏။

ဤအမိန့်ကို မြို့ကြီးပြကြီးသာမက ပြည်နယ်၊ တောရွာများပါမကျန်၊ တာဝန်ခံတို့က ကြေညာရမည် ဖြစ်ပြီး လိုအပ်ပါက ဒေသဆိုင်ရာ အာဏာပိုင်တို့က စည်းကမ်းသတ်မှတ်ချက်များကို ထပ်ထည့်နိုင်သည်ဟု ပါရှိ၏။ ထိုအမိန့်သည် ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်တို့ကိုသာ တားမြစ်ခြင်းမဟုတ်ဘဲ အခြားသူများကိုပါ အာဏာသက်ရောက်စေခြင်းသဘောလည်း သက်ဝင်၏။

ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်မှာ-

'မည်သူမျှ အင်္ဂလိပ်ထိုးခြင်း၊ အင်္ဂလိပ်ပညာသင်ကြားပေးခြင်း၊ ဓာတ်သေပြုခြင်း၊ ဂါထာမန္တန်ရွတ်ခြင်း၊ မှော်ပညာကျင့်သုံးခြင်း၊ အခြားသော အယူသီးပညာရပ်များ (ဥပမာ- စုန်းပညာ၊ ကဝေပညာ၊ သံသယဖြစ်ဖွယ်တရားများ၊ ထို့အပြင် ဘုရားကျောင်းစင်းအတွင်း ခွင့်မပြုသည့်လုပ်ရပ်များ၊ သာသနာအမြင်တွင်စက်ဆုပ်ဖွယ်လုပ်ရပ်များ အားလုံးကို တားမြစ်လိုက်သည်' ဟူ၍ ဖြစ်၏။

မည်သည့်ဘုန်းတော်ကြီးမျှ-

၁။ အင်္ဂလိပ်ဆိုင်ရာစာပေများ ရေးသားခြင်း၊ သူတစ်ပါးထံမှ ငှားရမ်းခြင်း၊ ထိုစာအုပ်များကို တစ်နည်းနည်းဖြင့် လက်ခံရယူခြင်းမပြုရ။

၂။ ထိုပညာရပ်နှင့် ပတ်သက်သည့် အကြောင်းတစ်စုံတစ်ရာကို ရေးသားခြင်း၊ ပြုစုခြင်း မပြုရ။



www.burmeseclassic.com

www.burmeseclassic.com

၃။ မည်သူမျှ အင်္ဂလိပ်ပညာကို သင်ယူခြင်း၊ သင်ပေးခြင်း မပြုရ။

၄။ မည်သူ တစ်ဦးတစ်ယောက်မျှ အင်္ဂလိပ်ဆိုင်ရာ စာအုပ်စာတမ်းများ၊ ပစ္စည်းအသုံးအဆောင်များမျှ ပိုင်ဆိုင်ခြင်း မရှိစေရ။

၅။ ပြဆိုခဲ့ပြီးသော ပညတ်ချက်များကို မည်သည့်နည်းနှင့်မျှကျူးလွန်ဖောက်ဖျက်ခြင်းမပြုရ။

ထို့ပြင် သက်ဆိုင်ရာ အာဏာပိုင်အဆင့်ဆင့်မှ ထုတ်ပြန်ခဲ့သည့် ဝိနည်း၊ စည်းကမ်း အားလုံးကို သိရှိပြီးသည်နှင့် တစ်ပြိုင်နက် တစ်သက်လုံး စောင့်ထိန်းလိုက်နာရမည်။ ဤစည်းကမ်းဝိနည်းများကို တစ်နည်းနည်း ဖောက်ဖျက်ကျူးလွန်ပါက သာသနာ့အသိုက်အဝန်းမှ ထုတ်ပယ်ပစ်ခြင်း၊ ဝိုင်းကြဉ်ခြင်း ပြုခံရမည်။

၁၂၇၃ ခုနှစ်တွင် အင်္ဂလိပ်နှင့် ပတ်သက်၍ တားမြစ်ချက် အမိန့်တစ်ရပ်ကိုလည်း ဒိုမီနီကန်ခရစ်ယာန်ဂိုဏ်းမှ ထုတ်ပြန်ခဲ့၏။ ၎င်းမှ အရေးပါသည့် အပိုင်းကို ဖော်ပြရပါမူ-

'. . . အင်္ဂလိပ်ပညာကို သင်ယူလေ့လာခြင်း မပြုရ။ အင်္ဂလိပ်ပညာကို မည်သူ့ကိုမျှသင်ကြားမပေးရ။ အင်္ဂလိပ်ပညာနှင့်ပတ်သက်၍ အစ်စုံတစ်ရာ ပါဝင်လှုပ်ရှားခြင်း မပြုရ။ ဤအင်္ဂလိပ်နှင့်ပတ်သက်၍လည်း တစ်စုံတစ်ရာ ရေးသားပြုစုခြင်းမပြုရ' ဟူ၍ ဖြစ်၏။

၁၂၇၈ ခုနှစ်တွင် ဤတားမြစ်ချက်ကို ထောက်ခံအတည်ပြုခဲ့၏။

စစ္စတာရှင်ဂိုဏ်းမှမူ ၁၃၁၇ ခုနှစ်ရောက်သောအခါတွင်မှ ကြေညာခဲ့၏။

၎င်းမှာ-

'အင်္ဂလိပ်နှင့်ပတ်သက်၍ သင်ယူဆဲ၊ လုပ်ဆဲ၊ သင်ကြားဆဲ ပုဂ္ဂိုလ်များသည် ထိုလုပ်ငန်းကို စွန့်လွှတ်ပါ။ လုပ်ပြီးခဲ့သူများမှလည်း ရပ်တန်းမှရပ်ပါ။ လုံးဝ မလုပ်ရသေးသူများ၊ လုပ်ရန်ကြံစည်သူများသည် လုံးဝ အစမလုပ်ရ။ အကယ်၍ တစ်စုံတစ်ဦးသည် တားမြစ်ထားသောအလုပ်ကို လုပ်နေကြောင်း သိရှိပါက ထိုသိရှိသူသည် အဆိုပါကိစ္စကို သက်ဆိုင်ရာ အကြီးအကဲထံ ချက်ချင်း သတင်းပေးပို့ရမည်။ ဤကဲ့သို့မဆောင်ရွက်ဘဲ ထိမ်ချန်ထားပါက ထိုထိမ်ချန်သူအတွက် ပြစ်ဒဏ်သည် ပြုလုပ်သူ၏ပြစ်ဒဏ်နှင့် တန်းတူညီမျှပင်ဖြစ်၏' ဟူ၍ ဖြစ်၏။

၁၂၇၂ နှင့် ၁၂၇၉ စပ်ကြား အင်္ဂလိပ်လိုက်စားသူ ခရစ်ယာန်ဘုန်းတော်ကြီးများ (ဖရန်စစ္စတန်ဂိုဏ်း၊ ဒိုမီနီကန်ဂိုဏ်း၊ စစ္စတာရှင်ဂိုဏ်း) ၏အရေအတွက်တိုးတက်လာနေခြင်းမှာ ကြီးကျယ်သောအကြောင်းပြချက် မဟုတ်ပါ။ ၁၀ စုနှစ် အနည်းငယ်အတွင်း၌ ဤမျှ ကျော်ကြား ကျယ်ပြန့်ခဲ့သည့် ပညာရပ်သည် ဆိုးကျိုးပေးသော၊ ဒုက္ခပေးသော၊ အန္တရာယ်ကြီးသော ကြောက်စရာပညာရပ်ကြီးတစ်ခုအဖြစ် သတ်မှတ်ခံရပြီး ကျော်ကြားသည့်ပညာရှင်များကိုလည်း မေ့ပျောက်ပစ်လိုက်ခြင်းမှာ တရားမျှတမှုမရှိပေ။ တစ်ချိန်က ကောင်းမြတ်သော ဂုဏ်သိက္ခာနှင့်ပြည့်စုံသော အတတ်ပညာကို ယခုအခါတွင် ယုတ်ညံ့သောပညာ၊ ငရဲသို့ကျရောက်စေသော ပညာရပ်တစ်ခုအဖြစ် သတ်မှတ်ခြင်းသည် အဘယ်ကြောင့်ပါနည်း။ မူလ အင်္ဂလိပ်ပညာကွား ပြောင်းလဲမသွားပေ။ အဖြစ်နိုင်ဆုံးသော ရှင်းလင်းချက်မှာ အောက်ပါအတိုင်း ဖြစ်၏။

နယ်ပယ်အသီးသီးရှိ ခရစ်ယာန်ဘုန်းတော်ကြီးများသည် ဂိုဏ်းအသီးသီးတွင် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် အင်္ဂလိပ်ပညာသင်ယူခြင်း၊ ပို့ချခြင်း၊ အင်္ဂလိပ်လုပ်ငန်းလုပ်ခြင်း၊ အင်္ဂလိပ်ပညာဆွေးနွေးခြင်း၊ အင်္ဂလိပ်ကျမ်းများပြုစုခြင်း စသည်တို့ဖြင့် ကိုယ့်နယ်ပယ်နှင့်ကိုယ် တပည့်တပန်းများမွေးကာ ဩဇာအာဏာရှိနေကြ၏။ ထိုသို့ ကိုယ့်အုပ်စုနှင့်ကိုယ်အင်အားကြီးထွားနေခြင်းကို ကျန်အာဏာပိုင်များက စိုးရိမ်တကြီးဖြစ်လာလေ၏။ အကြီးအကဲတို့သည် မိမိတို့ဩဇာအာဏာလျော့နည်းလာသည်ကိုသိရှိပြီး ကြိုတင်တားဆီးခြင်းပင် ဖြစ်၏။

ဓမ္မဟောင်းနှင့် ဓမ္မသစ်ကျမ်းတို့၏နောက်ပိုင်းများအရ အသိဉာဏ်သစ်တစ်မျိုး ပေါ်ပေါက်လာလိမ့်မည်ကို ကြိုတင်သိ၏။ ကမ္ဘာ့သမိုင်း၏ ခေတ်သုံးခေတ်ကျမ်း၌ ခေတ်တစ်ခေတ်သည် သုံးပါးတစ်ဆူဝါဒ၏ အဖွဲ့ဝင်တစ်ဦးချင်းနှင့် ကိုက်ညီ၏။ သုံးပါးတစ်ဆူတွင် ပါဝင်သော အဖ ဘုရားသခင်၊ သားတော်ယေရှုနှင့် သန့်ရှင်းသော ဝိညာဉ်တော်တို့၏သက်တမ်းများသည် ၁၂၆၀ ပြည့်နှစ်မှစတင်၍ လွတ်မြောက်မှုသက်တမ်းများကို ဖြစ်စေလေ၏။

မလိုက်နာကြသည့် ပုဂ္ဂိုလ်များမှာ ပြင်းထန်စွာသော ပြစ်ဒဏ်ပေးခြင်းကို ခံကြရ၏။ အချို့သော ပုဂ္ဂိုလ်များမှာ လက်ဝါးကပ်တိုင်တွင် အရှင်လတ်လတ်တင်ပြီးမီးရှို့သတ်ခြင်းကိုခံကြရ၏။ ဖရန်စစ္စကန် ခရစ်ယာန်ဂိုဏ်းမှ ဘုန်းတော်ကြီးဂျွန်ကိုယ်တိုင်ပင် တရားစီရင်ခြင်းတွင် ခံလိုက်ရ၏။

သို့ရာတွင် အင်္ဂလိပ်ပညာရှင်တစ်စုကမူ သုံးပါးတစ်ဆူဝါဒနှင့် သန့်ရှင်းသောဝိညာဉ်တော်၏ သက်တမ်းသည် အတုတူပင် ဖြစ်သည်ဟု ဆို၏။ ၎င်းတို့သည် အင်္ဂလိပ်ပညာအရ နှလုံးသားတွင် ပညာအလင်းရောင်ကို ရရှိပြီး ဖြစ်နေလေသည်။ ထိုဉာဏ်အလင်းမှတစ်ဆင့် လူသားသည် မိမိ၏လွတ်မြောက်မှုကို မိမိဘာသာ လွတ်လမ်းရှာ၍ ကြိုးပမ်းရမည် ဟူသော အတွေးအခေါ် သစ် ထင်မရှိခဲ့၏။

သဘာဝအသိပညာရှင် အက်(ခ)ဟား၏အဆိုအရ-

'ဖရန်စစ္စကန် ဘုန်းတော်ကြီးများ၏ တစ်ကမ္ဘာလုံးအတွက် မူလစိတ်ဓာတ်ပြန်လည်ရရှိရေးလက်နက်ကို စတင် ရရှိခဲ့၏။ ရော်ဂျာဘေကွန်နှင့် ၎င်း၏တပည့်အာနယ်တို့သည် ဗျာဒိတ်ရ စိတ်ဝင်စားမှုကို သိပ္ပံပညာတွင် လက်တွေ့ကျင့်သုံးကြ၏။ ကမ္ဘာလောကကြီးကို စစ်မှန်သောပညာရှင်များ၏ အောက်သို့ရောက်ရှိစေရန်အတွက် ဤနည်းသည်သာ တစ်ခုတည်းသောနည်းလမ်း ဖြစ်သည်ဟု သိရှိလာကြ၏။ သဘာဝသိပ္ပံပညာရှင်များသည်သာလျှင် စစ်မှန်သော သိပ္ပံပညာရှင်ဖြစ်သည်။ သူတို့သည်သာလျှင် စိတ်ဓာတ်ကိုနားလည်ပြီး သဘာဝတွင် ၎င်းစိတ်ဓာတ်ကို ရှာဖွေရ၏။ သူတို့သည် ခေတ်သစ်ကို ကြေညာလိုက်၏။ ခေတ်သစ် ဆိုသည်မှာ လူသား၏ခေတ် ဖြစ်ပါသည်။ ထိုလူသားသည် ကောင်းမြတ်သည့်စိတ်ဓာတ်ကို ပိုင်ဆိုင်သူ ဖြစ်၏။ ထိုသူသည်သာလျှင် ကမ္ဘာလောက၏အရှင်သခင် ဖြစ်ရ၏။

ဖရန်စစ္စကန်ဘုန်းတော်ကြီးများ လှုပ်ရှားမှုကြောင့် ထင်ပေါ်ကျော်ကြားလာသည့်ပုဂ္ဂိုလ်များတွင် အာနယ် (ဗီလာနိုဗာ) နှင့် ဂျွန် (ရူပီစစ်ဆာ) တို့သည် အကျော်ကြားဆုံး အင်္ဂလိပ်ပညာရှင်များ ဖြစ်ကြ၏။ သို့ရာတွင် ဖရန်စစ္စကန်ဂိုဏ်းအနေဖြင့် အင်္ဂလိပ်ကို ပထမဆုံးစိတ်ဝင်စားသူမှာ ရော်ဂျာဘေကွန် ဖြစ်၏။

၁၃ ရာစု အင်္ဂလိပ်အတွေးအခေါ်တွင် ရော်ဂျာဘေကွန်သည် မီးရှူးတန်ဆောင်ဖြစ်သော်လည်း သူ၏ကိုယ်ရေးအတ္ထုပ္ပတ္တိတွင်မူ ကွက်လပ်များဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com

နေလေသည်။ သူသည် သက်ဦးဆံပိုင်အသိုက်အဝန်းမှ ဆင်းသက်လာခဲ့ပြီး ၁၂၁၄ ခုနှစ်ဝန်းကျင်တွင် သူ့ကို အီချက်စတာအင်ဆမ်မားဆက်၌ မွေးဖွားခဲ့၏ဟုသော အဆိုတစ်ရပ် ရှိ၏။ သူသည် အောက်စဖို့(ဒ်)တွင်ရှိသော ဖရန်စစ္စကန်ကျောင်းတော်သို့ ပထမဆုံး ဝင်ရောက်သူလည်း ဖြစ်၏။ လက်ဦးဆရာမှာ ရောဘတ်ဂရို့ဆက်စတင် ဖြစ်ပြီး ၁၂၄၀ တွင် သူ့ဒဿနအတွေးအခေါ်များအတွက် ပါရီမြို့သို့ ရောက်ရှိသွား၏။ ထို့နောက် နှစ်အတန်ကြာအောင် အဂ္ဂိရတ်ပညာကို ဟောပြောပို့ချခဲ့လေသည်။ ဤသို့ဖြင့် သူသည် ဖရန်စစ္စကန်ဂိုဏ်းဝင် ဖြစ်လာခဲ့ပြီး ထိုအချိန်တွင် သူသည် ဧရာမပညာရှင်တစ်ဦး ဖြစ်နေလေသည်။

လူဝတ်ကြောင်အဝဖြင့် သူ့တွင် ကိုယ်ပိုင်ငွေကြေး အမြောက်အမြားရှိပြီး လွတ်လပ်မှုလည်း အများအပြားရှိခဲ့၏။ ငွေကြေးနှင့် လွတ်လပ်မှုတို့ဖြင့် သူသည် ဝေးလံစွာခရီးသွားနိုင်ခဲ့ပြီး သူနှင့်အလားတူ ပညာတတ်ပုဂ္ဂိုလ်များနှင့်လည်း အသိပညာ အတွေ့အကြုံချင်း ဖလှယ်နိုင်ခဲ့ပေသည်။ စာပေကျမ်းဂန်များကိုလည်း ဝယ်ယူဖတ်ရှုနိုင်ပြီး သိပ္ပံပညာရှင်ဘဝကို ခံယူနိုင်ခဲ့ပေသည်။

ဖရန်စစ်ဘေကွန်၏အမြင်နှင့်ရည်ရွယ်ချက်ဖြစ်သော ဆေးပညာ၊ အဂ္ဂိရတ်ပညာ၊ နက္ခတ္တဗေဒပညာ၊ အလင်းဗေဒနှင့် သင်္ချာဗေဒတို့၌ သုတေသနပြုရန် အစီအစဉ်နှင့် ကိုက်ညီသောကြောင့် ဘေကွန်သည် ဖရန်စစ္စကန်ဂိုဏ်းသို့ ဝင်ခြင်း ဖြစ်၏။

ဖရန်စစ္စကန်ဂိုဏ်းသည် စတင်တည်ထောင်သူ ချမှတ်ခဲ့သော ဆင်းရဲခြင်း ဟူသည့်အချက်ကို မေ့လျော့ကာ ထိုအချိန်တွင် သိပ္ပံပညာရှင်များ၊ ငွေကြေးတတ်နိုင်သူများ၏အဆိုများကိုသာ ဦးစားပေးနေချိန် ဖြစ်၏။ ထို့နောက် ဖရန်စစ္စကန်ဂိုဏ်း၏အတွေးအခေါ်များသည်လည်း စိတ်ပိုင်းဆိုင်ရာယဉ်ကျေးမှုမှ ရုပ်ပိုင်းဆိုင်ရာ သိပ္ပံနယ်ဘက်သို့ ကူးပြောင်းလာခဲ့ပြီး ဘေကွန်နှင့်အနောက်တိုင်းပုဂ္ဂိုလ်တို့၏ အယူအဆများအား အတတ်ခံကျင့်သုံးလာခဲ့ကြ၏။

ဘေကွန်သည် အတွေးအခေါ် လွတ်လပ်သူ၊ စူးစမ်းလေ့လာသူ၊ အပြောအဆို ကောင်းမွန်သူဖြစ်သော်လည်း သူ့အသက်မှပုဂ္ဂိုလ်များ၏ မကျေနပ်မှုကြောင့် မကြာခဏ စိတ်ညစ်၊ စိတ်ရှုပ်ရ၏။ ၁၂၆၀ ပြည့်နှစ်တွင် နော်ဗွန်း၏ အထွေထွေ အခြေခံဥပဒေက ၎င်းတို့အား ဘာသာရေး၏ပြင်ပမှလေ့လာမှုများကို မပြုလုပ်ရန်နှင့် ပြုလုပ်မည့် လေ့လာမှုများအတွက် သက်ဆိုင်ရာ ဘာသာရေးအာဏာပိုင်တို့၏ ခွင့်ပြုချက်ယူရန် ပြင်းထန်စွာညွှန်ကြားခဲ့၏။

ဤအချက်သည်ပင် ဘေကွန်နှင့် ဖရန်စစ္စကန်ဂိုဏ်း အဖွဲ့အစည်းတို့အကြားတွင် ဝိရောဓိ ဖြစ်စေ၏။ ၁၄ ရာစုနှောင်းပိုင်း မှတ်တမ်းများအရ ၁၂၇၇ တွင် ဂိုဏ်းချုပ် ဂျရိုမီက ဘေကွန်အား ပြင်ပစာပေများကို မဖတ်ရန် ပိတ်ပင်ပြီး ဘေကွန်သည် မသင်္ကာဖွယ်ရာ တီထွင်မှုများ ပြုလုပ်နေသည်ဟု စွပ်စွဲခဲ့၏။ နောက်ဆုံးတွင် ဘေကွန်အား ထောင်ဒဏ်အပြစ်ပေးရန်အထိ အမိန့်ထုတ်လိုက်၏။ ထိုအခါမှစ၍ ဘေကွန်၏အကြောင်းကို တစ်စွန်းတစ်စမျှမသိရတော့ပေ။ ဘေကွန်သည် ၁၂၉၂ ခုနှစ်တွင် ထောင်မှလွတ်ပြီး နောက်တစ်နှစ်တွင် ကွယ်လွန်ခဲ့သည်ဟု ဆိုကြ၏။

ရော်ဂျာဘေကွန်သည် အဂ္ဂိရတ်ပညာကို ထူးခြားစွာ စိတ်ဝင်စားသည်မှာ သံသယဖြစ်ဖွယ် မရှိပေ။ သူသည် အဂ္ဂိရတ်ပညာ အမျိုးမျိုးကို ခွဲခြားပြခဲ့၏။ ၎င်းပညာတို့မှာ-

၁။ တွေးခေါ်မှန်းဆရသည့် အနုမာန အဂ္ဂိရတ်ပညာနှင့်၊

၂။ လက်တွေ့ လုပ်ဆောင်ရသည့် အဂ္ဂိရတ်ပညာ ဟူ၍ ဖြစ်၏။

အများတွေးထင်ထားသကဲ့သို့ သူ၏အယူအဆမှာ ဂမ္ဘီရနှင့်ဓာတုဟူသည်မျိုး မဟုတ်ပေ။ သူ၏အတွေးအခေါ်မှာမူ သဘောတရားနှင့် လက်တွေ့ပေါင်းစပ်ရန်ဖြစ်ပြီး လက်တွေ့တွင်လည်း သိပ္ပံနည်းကျ ဒဿနနှင့် လက်တွေ့သိပ္ပံပညာတို့ ဖြစ်၏။

အဂ္ဂိရတ်ပညာသည် ဓာတ်တို့၏ ထွက်ပေါ်မှုနှင့်ပတ်သက်၍ ဒဿနဥပဒေသကို ရှာဖွေခြင်း ဖြစ်၏။ လက်တွေ့အဂ္ဂိရတ်ပညာတွင် ပိုမိုကျယ်ဝန်းသည့်နယ်ပယ်ရှိ၏။ သဘာဝထက်ပင် ကျော်လွန်၍ အဂ္ဂိရတ်ပညာ၏တာဝန်မှာ သတ္တုများ၊ အရောင်အဆင်းများ ထုတ်လုပ်ရန်နှင့် အခြားသောကိစ္စရပ်ပေါင်းများစွာကို ဖြစ်ပေါ်စေရန် တာဝန်ရှိ၏။ အချုပ်အားဖြင့် ဆိုရပါမူ ၎င်း၏ဝိကတိနည်းဖြင့် ပြုလုပ်ထားသော အရာဝတ္ထုများနှင့်အတူ အဂ္ဂိရတ်ပညာသည် လူသားတို့၏ ရုပ်ပိုင်းဆိုင်ရာအခြေအနေကောင်းမွန်မှုကို ဖြစ်ပေါ်စေ၏။ ထို့အပြင် ၎င်း၏ဆေးဖက်ဝင် သက်ရှည်ဆေး၏ကျေးဇူးကြောင့် လူသားတို့၏သက်တမ်းကိုလည်း ပို၍ ရှည်လျားလာစေပါသည်။

ဘေကွန်သည် အဂ္ဂိရတ်ပညာကို သတ္တုပြောင်းလဲမှုမျှသာ မဟုတ်ဘဲ အနာဂတ်၏သိပ္ပံပညာအဖြစ်ပါ ရွေးချယ်ထား၏။ ထိုပညာရပ်ကို ကျယ်ပြန့်စွာကျင့်သုံးပါက လူသားထုတစ်ရပ်လုံး၏ တိုးတက်မှုကို ဖြစ်စေနိုင်သည်ဟု ယုံကြည်ထား၏။

ဘေကွန်က သူ၏ရှုထောင့် တစ်စိတ်တစ်ဒေသကို "LETTERS ON THE SECRET WORKS OF ART AND NATURE AND ON THE VANITY OF MAGIC" ကျမ်းတွင် ဖော်ပြထား၏။ ဘေကွန်အနေဖြင့် တကယ်ပင် နာမည်ကြီးလောက်သည့် အဂ္ဂိရတ်နှင့် မှော်ပညာဆိုင်ရာကျမ်း ဖြစ်၏။ ထိုကျမ်းတွင် ဘေကွန်သည် မှော်ပညာကို ငြင်းဆိုထားပြီး နောင်တစ်ခေတ်၏ဖြစ်ပေါ်လာမည့် တီထွင် ဆန်းသစ်မှုများကိုလည်း ကြိုတင်၍ပြောထားလေသည်။ သူ့ကျမ်းတွင် ဖော်ပြထားသည့် အနာဂတ်ဆိုင်ရာ စကားတစ်လုံးမှာ-

'နောင်အခါတွင် ပင်လယ်ရေကြောင်းသွားလာသည့် ရေယာဉ်များတွင် ယခုကဲ့သို့ လူပေါင်းရာနှင့်ချီပြီး လှော်ခတ်ရမည့်အစား လူတစ်ဦးတည်းက နိုင်နင်းစွာ မောင်းနှင်ထိန်းသိမ်းနိုင်မည်' ဟု ကြိုတင်ပြောထားခြင်းပင် ဖြစ်၏။

ကုန်းပေါ်တွင် သွားလာသောယာဉ်များအတွက် တိရစ္ဆာန်များက ဆွဲစရာမလိုဘဲ မောင်းနှင်သူတစ်ဦးတည်းက တာဝန်ယူ၍ ယခုထက် ပိုမိုလျင်မြန်ပြီး ဝေးလံစွာ သွားလာနိုင်သောယာဉ်များဖြစ်လာနိုင်သည်ဟု ဘေကွန်က ယုံကြည်ခဲ့၏။

လေထဲတွင် ပျံသန်းနိုင်သည့်စက်ကိရိယာကို တည်ဆောက်ရန်လည်း ဖြစ်နိုင်၏။ ထူးဆန်းသည့်ကိရိယာကို လှုပ်ရှားစေခြင်းဖြင့် ထိုစက်ထဲတွင် ထိုင်နေသော လူသားသည် တောင်ပံတုနှစ်ဖက်ကို ရရှိစေကာ ကောင်းကင်သို့တက်ရန်နှင့် မြေပြင်သို့ဆင်းရန်အတွက် ကိရိယာငယ်များကို တပ်ဆင်ထားခြင်းအားဖြင့်လည်း ထိုယာဉ်သည် ငှက်တစ်ကောင်ကဲ့သို့ လေထဲတွင် ပျံသန်းခြင်း၊ မြေပြင်သို့ဆင်းသက်ခြင်း ပြုနိုင်လေလိမ့်မည်

www.burmeseclassic.com

ဖြစ်၏။

ထိုမျှသာမကသေးဘဲ မြစ်နှင့်ပင်လယ်ပြင်တို့၏အောက်ခြေတွင် လူသားတို့၏အသက်ကို ဒုက္ခပေးသည့်ကိစ္စများအား လွယ်ကူစွာဖြေရှင်း၍ မြစ်ကူးတံတားများကိုလည်း အလွယ်တကူပင်ဆောက်လုပ်ခြင်းဖြင့် ရေပေါ်၊ ရေအောက် အနှံ့အပြားတွင် လူသားတို့အတွက် အသုံးပြုစရာနေရာများ ဖြစ်လာပေမည်။

အက်ပီစတိုလေကျမ်း၏နောက်ဆုံး (၃)ခန်း၌ ဖော်ပြထားသည်မှာ သိဒ္ဓိဝင် ပြဒါးလုံးလုပ်နည်းကို ဖော်ပြထားခြင်း ဖြစ်၏။ သို့သော် ရေးသားထားပုံမှာ မပြည့်စုံ၊ မရှင်းလင်းလှပေ။ သို့ရာတွင် စာဖတ်သူအနေဖြင့် သဘာဝနှင့်အင်္ဂရတ်ပညာ၏လျှို့ဝှက်ချက်များကို ဖုံးကွယ်ထားသော ရှေ့အခန်းကို ဖတ်ရှုရခြင်းဖြင့် စာရှုသူသည် မအံ့ဩသင့်ပေ။ ဘေကွန်ကို ရည်ညွှန်းသည့် အခြားစကားလုံးမှာလည်း အလားတူပင် အံ့ဩစရာ ဖြစ်၏။

သူနှင့်ခေတ်ပြိုင် ကျော်ကြားသူမှာ အာနေး(လ်) (၁၂၄၀-၁၃၁၁) ဖြစ်၏။ အာနေး(လ်)သည် အရည်အချင်းပြည့်ပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီး အလယ်ခေတ်၏ ဆေးပညာ ပါမောက္ခတစ်ဦးလည်းဖြစ်၏။ ထို့ပြင် သံတမန်၊ နက္ခတ္တပညာ၊ အင်္ဂရတ်ပညာရှင်၊ ဘာသာရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ ပညာရှင်အဖြစ်လည်း ကျော်ကြား၏။ သူသည် ဆေးပညာနှင့် သဘာဝသိပ္ပံပညာကို မောင့်ပယ်ရီယာတွင် လေ့လာခဲ့၏။ သူသည် ပြင်သစ်ဘာသာ ဟီဘရူးဘာသာ၊ အာရဗီဘာသာ၊ ဂရိဘာသာ စသည့် စကားပေါင်းများစွာကို ပြောဆိုနိုင်၏။ ထို့အပြင် သူသည် စပိန်၊ ပြင်သစ်၊ အီတလီ၊ ဂရိနှင့် အာဖရိကနိုင်ငံများသို့ မနားမနေ သွားရောက်ခဲ့၏။

သူသည် လူငယ်၊ လူရွယ်မျှသာဖြစ်သော်လည်း အာရဂွန်မှ တတိယ မြောက်ပီတာ၏ ကိုယ်ရေးသမားတော်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည့်အခါတွင်ကား ပို၍ ကျော်ကြားလာခဲ့၏။ ထိုဒေသတွင် သူသည် နှစ်ပေါင်းများစွာ နေထိုင်ခဲ့၏။ ထိုအတောအတွင်း ဂျိုချိမိုက်နှင့် ပထမဆုံးတွေ့ဆုံခဲ့ပြီး မကြာမီတွင် သူသည် ပရော်ဖက်တစ် ကျမ်းကိုရေးသားသူ ဖြစ်လာခဲ့၏။ သူသည် "THE ADVENT OF THE ANTI CHRIST AND THE END OF THE WORLD" အမည်ရှိသည့် ကျမ်းတွင် ၁၃၄၅ ခုနှစ်၌ ခရိုက်ဆန့်ကျင်ရေး(အန်တီခရိုက်) ဖြစ်လာမည့်အကြောင်းကို ကြိုတင်၍ ရေးသားခဲ့သည်။ ထို့အပြင် ဘုရားကျောင်းမှရယူထားသည့် လောကီရေးဆိုင်ရာအာဏာများကိုလည်း ဝေဖန်ထားလေသည်။ ဤသို့ရေးသားခြင်းဖြင့် ကျယ်ပြန့်သည့်ပြုပြင်ပြောင်းလဲမှုကို သူက ထိုကျမ်းတွင် တိုက်တွန်းထား၏။

သူ၏ ကြိုတင်ဟောကိန်းကို အခြေခံထားပုံမှာ နက္ခတ္တဗေဒ၏ (၁၂) ရာသီခွင်တွင် ကံရာသီနှင့် မိန်ရာသီတို့၌ ထူးခြားသည့် ဖြိုဟ်ပူးခြင်းများကို အခြေခံထားလေသည်။ နောက်ထပ်ရေးသည့်စာအုပ်တွင် သူက အန်တီခရိုက်ဆိုသည်မှာ အကျင့်သီလ မကောင်းသောဘုန်းကြီးများ၊ အလိုရမ္မက်(တဏှာရာဂ မာန်မာန) ကြီးမှုများ၊ လိမ်ညာမှုများနှင့် အခြား အလားတူအပြစ်များကိုလည်းကောင်း၊ မိမိတို့၏အပြစ်များ,အားနည်းမှုများကိုမြင်၍ ပြုပြင်ကာ လမ်းစဉ်အမှန်သို့ လိုက်ပါရန် သတိပေးရေးသားခဲ့၏။ အဆိုပါ ရေးသားချက်များက စိစစ်ရေးအဖွဲ့၏ဒေါသကို နှိုးဆွပေးခဲ့၏။ သို့သော် သူ၏သံတမန်အဆင့်အတန်းကြောင့် ကြီးကျယ်သော အကျိုးဆက် ဒုက္ခများမှ ကင်းလွတ်ခဲ့၏။ များမကြာမီပင် သူ့အား ဆင္ဌမမြောက်ဘော်နီဖေအဖြစ် ရောမမြို့တော်သို့ ခေါ်ယူခြင်းခံရလေသည်။

ဤတွင် ပုပ်ရဟန်းမင်းကြီးက သူ၏ဘာသာရေးဆိုင်ရာ လက်ရှိသဘောတရား လေ့လာမှုများကို စွန့်လွှတ်ရန် တိုက်တွန်းခဲ့၏။ ဗလင်နိုဗာက သူ့အာရုံကို လက်တွေ့အင်္ဂရတ်သို့ ပြောင်းလဲလိုက်၏။ တရားရေးအတိုင်ပင်ခံပုဂ္ဂိုလ် ဂျိုဟန်နီအန်ဒရေ၏ထောက်ခံမှုဖြင့် သူပြုလုပ်သည့်အင်္ဂရတ်၏လက်တွေ့ရလဒ်များမှာ လုံးဝ ထူးခြားထင်ရှားပေသည်။

ကျော်ကြားသည့် သမားတော်၊ ဘာသာရေးပညာရှင်၊ အင်္ဂရတ်ပညာရှင်ဖြစ်သည့် အာနေး(လ်)ဗလင်နိုဗာသည် ကျွန်ုပ်တို့နှင့်အတူ နေ့ရက်များစွာ ရှိမန်ကျိုရီယာ၌ နေထိုင်ပြီး သူလုပ်ထားသော ရွှေချောင်းများကိုပြသခဲ့၍ ကျွန်ုပ်တို့အား စမ်းသပ်စေခဲ့၏။

ဤထူးဆန်းသောဖြစ်ရပ်၏နောက်တွင် ပုပ်ရဟန်းမင်း၏သတိပေးချက်ရှိသော်လည်း ဗလင်နိုဗာသည် ဘာသာရေးသဘောတရားများကို ပြန်လည်လေ့လာ ဟောပြောသဖြင့် စုံစမ်း စစ်ဆေးမှုနှင့် သီသီလေး လွတ်မြောက်ခဲ့ရ၏။ သူ ကွယ်လွန်ပြီးနောက် (၅) နှစ်အကြာ ၁၃၁၆ ခုနှစ်တွင် သူရေးသားသည့် စာအုပ်စာတမ်းအချို့ကို မမ္မ ရာယ်များဟု သတ်မှတ်ကြေညာခဲ့၏။

အင်္ဂရတ်ပညာရှင်အဖြစ် သူ၏ ကျော်ကြားမှုသည် ဂျိုဟန်နီအန်ဒရေ ပြောပြသည့် အတွေ့အကြုံမျှသာ မဟုတ်ဘဲ သူရေးသားသည့် 'နှင်းဆီဥယျာဉ်မှ ဒဿနပညာရှင်များ' ကျမ်း (ROSE GARDEN OF THE PHILOSOPHRS) ကျမ်းသည် နာမည်ကြီးလှ သဖြင့် ထိုနာမည်ဖြင့်ပင် အင်္ဂရတ်ကျမ်း အတုများ ပေါ်ပေါက်လာတော့သည်။ လက်တင်အင်္ဂရတ်ပညာ၏အပြည့်အစုံ ဆုံးကျမ်းဟု ကျော်ကြားသော ထိုကျမ်း သည် နှစ်ပိုင်းခွဲထား၏။ ပထမပိုင်းမှာ အခန်းကြီး (၁၀) ခန်း ပါဝင်ပြီး ၎င်းတွင် အင်္ဂရတ်ပညာ၏ သဘောတရားဆိုင်ရာ ဥပဒေသများကို ရေတွက်ပြထား၏။

ဒုတိယပိုင်းတွင် အခန်း (၃၆)ခန်း ပါဝင်ပြီး သတ္တုကို ပြောင်းလဲစေသည့် လက်တွေ့လုပ်ရပ်ပေါင်းများစွာကို ဖော် ပြထား၏။ အများက ပြောဆိုကြသည် မှာ ဗလင်နိုဗာသည် အခြားကျမ်းပေါင်း များစွာကို ရေးသားခဲ့သည်ဟု ဆို၏။ အ ကျော်ကြားဆုံးကျမ်းမှာ နယူးလိုက် (NEW LIGHT)လက်တွေ့အင်္ဂရတ်ကျမ်း ဖြစ်၏။ သတ္တုပြောင်းလဲမှုတွင် ပြဒါးတ ဦးစားပေးထား၏။ ပြဒါးရှင်လုံး၏သန့် စင်မှုအတွက် ကြိုတင်စီရင်နည်းများ သရုပ်ဖော်ပြထား၏။ ဓာတ်ချက်လုပ် ၏အဆင့်သစ်များကိုလည်း ဖော်ပြထား ၏။ နောက်တစ်ကျမ်းမှာ (FLOWER OF FLOWER) ဖြစ်၏။ ထိုကျမ်း၌ မကျွမ်း ကျင်သော အင်္ဂရတ်ပညာရှင်တို့ ပြုလုပ် လေ့ ပြုလုပ်ထရှိသော အမှားများကို ဖော်ပြထား၏။ တတိယစာအုပ်မှာ ရိုမ လား (၁၂၃၅-၁၃၁၅) ရေးသားသည့် "Catalan philosopher and Christian missionary to the moon" ဟူသော ကျမ်း ဖြစ်၏။ ထိုသူသည် ဗလင်နိုဗာ တွင် အင်္ဂရတ်ပညာ သင်ကြားခဲ့သည် ဟု ကျော်ကြား၏။

ထိုသူ ကွယ်လွန်ပြီး မကြာမီတွင် အင်္ဂရတ်စာပေလောက၌ လူးသို့မဟုတ် လူလီ ဟူသော အမည်သည် ပေါ်ထွက် လာခဲ့၏။ Book of Wonder ကျမ်းတွင် လူးသည် အင်္ဂရတ်ပညာကို ဝေဖန်ထား ၏။ အခြားတစ်အုပ်တွင်လည်း ပြောင်းလဲမှုကိုမယုံကြည်ကြောင်း၊ သံ

www.burmeseclassic.com

www.burmeseclassic.com

ယရှိကြောင်း ဖော်ပြထား၏။ (၁၃၁၁-၁၃၁၄) ခုနှစ်တွင် ပြုစုခဲ့သည့် သူ့စာအုပ်စာရင်းတွင်မူ အဂ္ဂိရတ်ကျမ်းတစ်အုပ်တလေမျှ မပါတော့ပေ။ အမှန်တကယ်တွင် သူ့နာမည်ဖြင့်ရေးသည့် အဂ္ဂိရတ်ကျမ်းများသည် သူ့တပည့်၏ရေးသားချက်များဟု ယုံကြည်ကြ၏။ ထိုတပည့်က လူလီယန်၏အတွေးအခေါ်မှာ ပြင်သစ်နှင့်စပိန်နိုင်ငံများ၌ ပျံ့နှံ့မှုကို အားပေးတိုက်တွန်းသူ ဖြစ်၏။ ၎င်းတို့၏လက်ရာကို ဆရာဖြစ်သူအား လက်မှတ်ထိုးခိုင်းခြင်းမျှသာ ဖြစ်၏။

သာသနာမှ တားမြစ်မိန့် ထုတ်ပြန်ထားသော်လည်း ခရစ်ယာန်ဘုန်းတော်ကြီးအများစုသည် ၁၄ ရာစု အစပိုင်းအထိ အဂ္ဂိရတ်ပညာအကြောင်းကို ပြောဆို ဆွေးနွေးနေကြဆဲ ဖြစ်၏။ အနည်းငယ် ပို၍သတိထားသော်လည်း ပုပ်ရဟန်းမင်းကြီး ဂျွန်ကိုယ်တိုင် ထုတ်ပြန်သည့် အမိန့်တစ်ရပ်သည် ၁၃၁၇ ခုနှစ်တွင် ပေါ်ထွက်လာသည်။ အဂ္ဂိရတ်နှင့် ဆက်လက်၍ ပတ်သက်နေသော ဘုန်းကြီးများအား ပုပ်ရဟန်းမင်းကြီးက တိုက်ရိုက် တုံ့ပြန်လိုက်ခြင်းလည်း ဖြစ်၏။ အဂ္ဂိရတ်ပညာ၏ သဘောတရားရေးအန္တရာယ်ကိုလည်း ကြိုတင်ကာကွယ်လိုက်ခြင်း ဖြစ်၏။ အမှန်ဆိုလျှင် ထိုအမိန့်ကို ခွဲခြမ်းစိတ်ဖြာ လေ့လာပါက အဂ္ဂိရတ်ပညာ၏သဘောတရားရေးရာဥပဒေသတို့ကို တိကျစွာသော ကန့်ကွက်မှုမျိုးကား မပါရှိပေ၊ သို့တည်းမဟုတ် အဂ္ဂိရတ်ပညာရပ်ကိုလည်း မမန္တရာယ်အတတ်ပညာဟူ၍ လည်းကောင်း၊ စုန်းကဝေအတတ်ဟူ၍ လည်းကောင်း စွပ်စွဲထားခြင်းမျိုးလည်း မရှိပေ။

အမှန်တကယ်တွင်မူ ရွှေအတုဖွဲ့စည်းဖြစ်ပေါ်စေခြင်းကို တားမြစ်လိုသောဆန္ဒမှ ဤအမိန့် ထွက်ပေါ်လာဟန်ရှိ၏။ ပုပ်ရဟန်းမင်းဂျွန်၏ အမြင်တွင် ထိုရွှေသည် လုံးဝ ရွှေအတု ဖြစ်၏။ ထိုအမိန့်၏အနှစ်သာရကို ကောင်းစွာ နားလည်ရန်အတွက် လိုအပ်သည့်အချက်မှာ ထိုအမိန့် (J.R Parting ton)ကို အစမှအဆုံးတိုင် ဖတ်ရှုရန်ပင် ဖြစ်၏။

"သူတို့ကိုယ်တိုင် ဆင်းရဲပါလျက် လက်တွေ့ဖြစ်မလာသော ၎င်းတို့ကိုယ်တိုင် ကတိပြုထားသော စည်းစိမ်ချမ်းသာများသည် ၎င်းတို့၏စိတ်အမြင်တွင် များပြားသော်လည်း ကိုယ်တိုင်တူးဖော်သည့် မြောင်းထဲသို့ ကျရောက်ရလေသည်။ အဂ္ဂိရတ်ပညာ၏ပါမောက္ခသည်ပင်လျှင် သူတို့အချင်းချင်းလှောင်ပြောင်၍ သူတို့ကိုယ်တိုင်လည်း ဤအတတ်ပညာကို တတ်သိနားလည်မှု မရှိသဖြင့် သူတို့အကြောင်းကြားပြီး အံ့ဩကြရသည်မှာ သံသယဖြစ်ဖွယ် မရှိပါ။ သူတို့ရှာဖွေနေသည့် အမှန်တရား သူတို့ထံရောက်မလာသောအခါ သူတို့သည် နေ့တစ်နေ့ကို သတ်မှတ်၍ ထိုနေ့တွင် သူတို့ပညာအားလုံး ကုန်ခန်းစေခဲ့သည်။ သဘာဝတွင် ထိုသို့သောပစ္စည်း မရှိကြောင်းကိုလည်း နောက်ဆုံးတွင်မှဝန်ခံကြလေ၏။

ရှုပ်ထွေးပွေလီသော နည်းစနစ်တို့ဖြင့် ၎င်းတို့သည် ရွှေနှင့်ငွေတို့ကို ထုတ်လုပ်နိုင်ကြောင်း ဟန်ဆောင်ခဲ့ကြ၏။ သူတို့သည် လူအများ ယုံကြည်စေရန်အတွက် ရွှေနှင့်ငွေကို ဟန်လုပ်၍ ရယူခဲ့ကြခြင်းသာ ဖြစ်၏။ ထို့အပြင်လည်း မသိနားမလည်သူများအား အဂ္ဂိရတ်မီးဖိုကိုပြ၍ လိမ်ညာလှည့်စားခဲ့ကြ၏။ ထိုကဲ့သို့ အပြုအမူကျင့်ကြံမှုကို ထာဝရစွန့်လွှတ်ရန် ဆန္ဒရှိခဲ့ကြ၏။

မည်သူမဆို ဤသို့သော ရွှေ၊ ငွေမျိုးကိုပြုလုပ်လျှင် သို့မဟုတ် ပြုလုပ်ရန် အမိန့်ပေးလျှင်၊ သို့တည်းမဟုတ် ပြစ်ဒဏ်ကိုသိပါလျက် ထိုလုပ်ငန်းကို ကူညီလျှင်၊ သို့တည်းမဟုတ် ထိုရွှေ၊ ငွေတို့ကို အဂ္ဂိရတ်လုပ်ငန်းမှ ထွက်မှန်းသိပါလျက် သုံးစွဲနေသူ၊ ထိုအဂ္ဂိရတ်ရွှေ၊ ငွေကို ရောင်းချ၍ဖြစ်စေ၊ ကြွေးမြီပေးဆပ်ရာ၌ အသုံးပြုလျှင် ဖြစ်စေ ပြစ်ဒဏ်ပေးရန် ဆုံးဖြတ်ထား၏။ သို့တည်းမဟုတ် အဆိုပါ ရွှေ ငွေများအား ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခံရမည် ဖြစ်၏။ ဒဏ်ငွေပေးဆောင်ရမည် ဖြစ်၏။ သို့မဟုတ်ပါက ထိုသူများအား ရာသက်ပန် သိက္ခာကျစေရန်အတွက် တံဆိပ်များ ခတ်နှိပ်ပေးရမည် ဖြစ်၏။

သို့ရာတွင် ပြစ်မှုသည် ထိုမျှလောက်မကြီးကျယ်ပါက ထိုဒဏ်ကြေးကို ဆောင်စရာမလိုဘဲ အခြားသော အပြစ်တစ်ခုနှင့်ရော၍ ချေပနိုင်၏။ အကယ်၍ ထိုအဂ္ဂိရတ် ရွှေ၊ ငွေများကို ကိုယ်တိုင်သော် လည်းကောင်း၊ သူတစ်ပါးအား လည်းကောင်း ပုံစံသွင်း၍ ဒင်္ဂါးအဖြစ် သွန်းလောင်းပြီး သုံးစွဲပါက ထိုပစ္စည်းများကို သိမ်းယူကာ ပိုင်ရှင်၊ သွန်းလောင်းသူ၊ သုံးစွဲသူတို့ကို အပြစ်ရှိသည်ဟု သတ်မှတ်ရမည်။ ထိုအပြစ်ရှိသူများသည် ဘုန်းတော်ကြီးများ၏ စာရေးစာချီများဖြစ်နေပါက ထိုသူများအား လက်ရှိအဆောင်အယောင် အခွင့်အရေးအားလုံးကို ရုပ်သိမ်းပစ်လိုက်ပြီး နောက်ထပ် မည်သည့်အဆောင်အယောင် အခွင့်အရေးမျှ မပေးတော့ပေ။

ထို့အပြင် ထိုအမိန့်၏ ပြစ်ဒဏ်နောက်တစ်နည်းမှာ အပြစ်ရှိသူသည် အပြစ်၏တန်ဖိုးနှင့် ညီမျှသော ရွှေ၊ ငွေကို တရားရုံးသို့ ပေးဆောင်ရမည်။ ထိုရွှေ၊ ငွေများသည် အဂ္ဂိရတ်ရွှေများသာမက တွင်းထွက်ရွှေ ငွေများလည်း ပါရှိရမည်။ အကယ်၍ အပြစ်ရှိသူတွင် ထိုရွှေ ငွေများကို ပေးဆောင်နိုင်လောက်အောင် အခြေအနေမရှိပါက တရားသူကြီးသည် ထိုအပြစ်ဒဏ်အစား ထောင်ဒဏ်သို့ ပြောင်းလဲချမှတ်နိုင်သည်။

အမှုလိုက် စစ်ဆေးသူ နီကိုလပ်အမ်မရစ် (၁၃၂၀-၁၃၉၉) က ဤပြစ်ဒဏ်ကို သုံးသပ်ရာတွင် သူရေးသားသည့် ၁၄ ရာစု အဆုံးပိုင်း၌ ရေးသားခဲ့သည့် သုံးသပ်ချက်၌ အဂ္ဂိရတ်ပညာကို ရှုတ်ချထား၏။ ထိုအမိန့်ကိုထုတ်ပြန်သူ ဂျွန်အား ပုပ်ရဟန်းမင်းကြီးက အဂ္ဂိရတ်ပညာသည် သဘာဝသိပ္ပံ ဟုတ်၊ မဟုတ် ထင်ရှားသိစေရန် ညွှန်ကြားစေခိုင်းထား၏။

ဂျွန်ကို မွေးဖွားချိန်တွင် အဂ္ဂိရတ်ပညာရှင်များနှင့်သိပ္ပံပညာရှင်များမှ အချေအတင်ဆွေးနွေးနေချိန် ဖြစ်၏။ အဂ္ဂိရတ်ပညာရှင်များမှာ ၎င်းတို့၏လုပ်ငန်းကို သိပ္ပံနည်းကျမတင်ပြနိုင်သဖြင့် သိပ္ပံပညာရှင်တို့အား အရှုံးပေးရသောကာလလည်း ဖြစ်၏။

ဤကိစ္စမဖြစ်မီလား၊ ဖြစ်ပြီးသောအခါတွင်မှလားဆိုသည်ကိုကား အတပ်မသိနိုင်ပါ။ သို့ရာတွင် အင်္ဂလိပ်လူမျိုးဂျွန်သည် အဂ္ဂိရတ်ပညာရှင်များဘက်မှ ကာကွယ်လျက် ပုပ်ရဟန်းမင်းထံ စာတမ်းတစ်စောင်တင်သွင်းခဲ့၏။ သို့သော် မအောင်မြင်ခဲ့ပေ။ ပုပ်ရဟန်းမင်းကြီးသည် လူအများ၏လက်ထဲ၌ရှိနေသော ရွှေ၊ ငွေ အတုများကိုသာ အကြီးအကျယ် စိတ်ဝင်စားလျက် ထိုအတုများအား နှိမ်နင်းဖယ်ရှားရန်ကိုသာ အာရုံစိုက်လျက် ရှိနေ၏။ ၁၃၃၄ ခု၊ အက်မီတွင် သူကွယ်လွန်ချိန်၌ သမိုင်းပညာရှင်တစ်ဦး၏အဆိုအရ သူ့တွင်မြောက်မြားစွာသောစည်းစိမ်ချမ်းသာများ စုဆောင်းပြီးသား ဖြစ်နေသည်ဟု ဆို၏။ ဖော်ပြရန်ပင်မစွမ်းနိုင်လောက်အောင် အံ့ဩဖွယ်ကောင်းသည်ဟု ဆို၏။ ခန့်မှန်းခြေအားဖြင့် ရွှေသား ဒရမ်ပေါင်း (၂၅)သန်း



www.burmeseclassic.com

www.burmeseclassic.com

ဟု ဆိုထား၏။

သူ၏ ထိုမျှသာသော ဘဝတစ်ခု အတွင်းလေး၌ပင် ဤမျှနေသာ စည်းစိမ်ချမ်းသာတို့ကို ပုပ်ရဟန်းမင်းကြီးတစ်ပါး အနေဖြင့် မည်သို့စုဆောင်းမိပါသနည်းဟု တအံ့တဩ တွေးထင်ကြရ၏။ ထို့အပြင် သူ့ကို ရွှေလုပ်သူဟူ၍ ဘွဲ့ထူးပေးထား၏။ နောက်များမကြာမီ အမည်မဖော်လိုသူ အဂ္ဂိရတ်ပညာရှင်တစ်ဦးက ကျမ်းတစ်စောင်ရေးခဲ့၏။ ထိုကျမ်းမှာ "THE ART OF THE TRANMUTATION OF METALS" ကျမ်း ဖြစ်၏။ ထိုကျမ်းသည် ဂျွန်ကို ဦးတည်ထား၏။ မည်သို့ပင်ဖြစ်စေ ထိုကျမ်းကို လူထုသည် မကြာမီပင် မေ့လျော့သွားကြ၏။ နောက်ထပ်လည်း အသံမကြားရတော့ပေ။

အလယ်ခေတ်၏လောကီ၊ လောကုတ် ဥပဒေစာအုပ်စာတမ်းကိုမူ သိရှိနားလည်ခြင်းမရှိကြပေ။ မကြာခဏပင် အဂ္ဂိရတ်ပညာရပ်အကြောင်း ပြောမိဆိုမိကြ၏။ ခရစ်ယာန်ဂိုဏ်း ဘုန်းတော်ကြီးကျောင်းအသီးသီးမှ ထုတ်ပြန်သည့် ကြေညာချက်များ၊ ဝိနည်းစည်းကမ်းများကို အလေးထား၍ ကျင့်သုံးလာကြ၏။ သူတို့က အဂ္ဂိရတ်ပညာကို မကောင်းဆိုးဝါးအတတ်ပညာဟု သတ်မှတ်ကြ၏။ မည်သည့် သဘောတရားအပေါ်တွင် ဤအယူအဆကို အခြေခံပါသနည်းဟူသောအချက်ကို မည်သူမျှမသိကြပေ။

သို့သော် ဤပညာနှင့် ပတ်သက်၍ ယေဘုယျသဘောပြောရပါမူ ၁၄ ရာစု အဂ္ဂိရတ်ပညာကို စုန်းကဝေ အတတ်ဖြင့် ရောထွေးကျင့်သုံးသည့်ပညာရပ်ဟု ဆိုကြ၏။ ချော်ဆာနှင့် ဘာကစီယိုတို့က ဤအကြောင်းနှင့်ပတ်သက်၍ ဇာတ်လမ်းများ ရေးသားခဲ့ကြ၏။ လူအများအတွက်မူ အဂ္ဂိရတ်သည် သိပ္ပံပညာရပ်တစ်ခု ဖြစ်၏။ သို့သော် စကြဝဠာအဆင့်မီအောင် သိပ္ပံနည်းကျ ရှင်းလင်းချက်ကိုကား မပြနိုင်ပေ။ ယခင်နှင့်ယခု ယုံကြည်ချက်များကို ဆန့်ကျင်လျက် လက်တင် အဂ္ဂိရတ်ပညာရှင်တို့ ဖော်ပြခဲ့သည့်လျှို့ဝှက်ချက်ကို စုံစမ်းစစ်ဆေးမှုများပြုခံရမည်စိုး၍ မည်သူကမျှ လက်မခံရဲကြပေ။

ခရစ်ယာန်ဂိုဏ်းတို့၏ စုံစမ်းစစ်ဆေးမှုပြုလုပ်ခြင်းသည် ဓမ္မန္တရာယ်နှင့် သက်ဆိုင်ပေ၏။ အမှန်အားဖြင့် အဂ္ဂိရတ်ကို စုန်းအတတ်ပညာဟု သတ်မှတ်သည့် ဥပဒေ၏အရေးယူနိုင်မှုနယ်ပယ်ကို ကျယ်ဝန်းစေရန်အတွက် အဆိုပါ စုံစမ်းစစ်ဆေးသူတို့သည် ဓမ္မန္တရာယ်နှင့် စုန်းအတတ်ပညာတို့ကို အခြေခံတစ်ခုတည်းအပေါ် ထားကာ ပြုလုပ်ကြခြင်း ဖြစ်၏။ ထိုဥပစာနယ်ပယ်ကို မီးထိုးပေးသူမှာ ဂျွန် ဖြစ်သည်။ သူကိုယ်တိုင်က "SUPER ILLUS SPECULA" ကျမ်း ၁၃၂၈ ခုနှစ်တွင် ဖော်ပြထားသည်မှာ-

မည်သူမဆို အဂ္ဂိရတ်ပညာနှင့် ပတ်သက် ဆက်ဆံလျှင် သာသနာ့ဘောင်မှ ထုတ်ပယ်ခြင်း၊ ဝိုင်းကြဉ်ခြင်း ခံရမည်ဟု ဆိုထား၏။ စွပ်စွဲခံရသူကိုလည်းလောကီဥပဒေအရလည်းကောင်း၊ လောကုတ္တရာဥပဒေအရ လည်းကောင်း ရုံးတင်စစ်ဆေးခြင်း၊ အပြစ်ပေးခြင်းခံရမည်ဟု ဆိုထား၏။ သူတို့ပေးသည့် အဆိုပါ ပြစ်ဒဏ်ဆိုသည်မှာလည်း မသေမချင်းညှဉ်းပန်းနှိပ်စက်ခြင်းနှင့် လက်ဝါးကပ်တိုင်၌တင်၍ အရှင်လတ်လတ်မီးရှို့သတ်ဖြတ်ခြင်းသာ ဖြစ်ပါသည်။ ထို့ပြင် ထိုပြစ်ဒဏ်နှင့် ငွေဒဏ်ပေးဆောင်ခြင်းတို့၏ခြားနားချက်ကိုလည်း ဖော်ပြထားပါသည်။

၁၄ ရာစု အလယ်ပိုင်းတွင် ကတ်တလန် အမည်ရှိသော ဖရန်စစ္စကန် အဂ္ဂိရတ်ပညာရှင်တစ်ဦးသည် ထောင်ထဲ၌ပင် ဘဝဆုံးသွားခဲ့ရ၏။ သူ့အပေါ်တွင် စွဲချက်တင်ထားသော ပုဒ်မသည် မတိကျ မထင်ရှားပေ။ သူထောင်ချခံခဲ့ရသည့်ပြစ်မှုမှာ အဂ္ဂိရတ်ပညာရပ်အပေါ်တွင် ယုံကြည်သောကြောင့်သော်လည်းကောင်း၊ စိတ်ဝင်စားမှုရှိသောကြောင့်သော် လည်းကောင်း၊ ထောင်ချခဲ့ခြင်း မဟုတ်ဘဲ အဂ္ဂိရတ်အလုပ်ကို လုပ်ခြင်းကြောင့် ထောင်ချခြင်း ဖြစ်၏။

ရီဖျူဆစ်ဆာက အဂ္ဂိရတ်ပညာဖြင့် ပတ်သက်ပြီး ငြင်းဆိုခဲ့၏။ ငြင်းဆိုရာတွင် အဂ္ဂိရတ်ပညာသည် မှတ်ဉာဏ်အဆင့်ကိုမြင့်စေပြီး ဉာဏ်ပညာကို တိုးပွားစေခြင်းမျှသာ ဖြစ်သည်ဟု ဆို၏။ အခြားသော အရေးအရာများ မပါရှိဟု ဆိုထားပါသည်။ သူက ကြိုတင်ပြောသည်မှာ ဘုရားသခင်ပေးသည့် ဒုက္ခတို့သည် လူ့ဘောင်လောကအတွက် အင်တီခရိုက် (ခရစ်တော်ဆန့်ကျင်ရေး) ဖြစ်ပေါ်စေပြီးနောက် ထိုခေတ်၏ပြစ်ဒဏ်များအလိုက် ဘုရားသခင်သည် ဆင်းလာပြီး ပေးမည့်ပြစ်ဒဏ် ဖြစ်၏။

ရီဖျူဆစ်ဆာသည် ၁၃၄၅ ခုနှစ်တွင် ပထမအကြိမ် ထောင်ကျခဲ့၏။ ထို့နောက် ၁၃၄၉ ခုနှစ်တွင် တစ်ကြိမ်၊ ၁၃၅၆ ခုနှစ်တွင် တစ်ကြိမ် ထောင်ကျခဲ့ရ၏။ သူသည် အဂ္ဂိရတ်ဆိုင်ရာ ကျမ်းနှစ်စောင်ကိုရေးသားခဲ့၏။ ထိုကျမ်းနှစ်ကျမ်းသည် ယနေ့ထက်တိုင်အောင်ပင် လူအများကမှတ်မိနေသေး၏။ ထိုကျမ်းတို့၏အမည်မှာ 'ON THE QUINTESSENCE' ကျမ်းနှင့် 'BOOK OF LIGHT' ကျမ်းတို့ ဖြစ်၏။ ထိုကျမ်းတွင် ဗျာဒိတ်တစ်ခု ပါရှိ၏။ ထိုဗျာဒိတ်မှာ အဂ္ဂိရတ်ပညာနှင့် ဂျိုချိမိုက်အတွေးအခေါ်တို့၏ ဆက်စပ်မှုကို တိတိကျကျ ထောက်ပြခဲ့၏။

သိဒ္ဓိဝင်အဂ္ဂိရတ်ဓာတ်လုံးတစ်လုံး၏ စွမ်းဆောင်နိုင်မှုမှာ ခရစ်ယာန်ဘာသာတွင် ဝိညာဉ်လွတ်မြောက်မှုရရှိရန် နည်းလမ်းတစ်ခု ဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်တစ်ခု၏ သက်တမ်း၌ 'ငါသည် လာရောက်ရန်အတွက် နှစ်ပေါင်းများစွာကြာအောင် စဉ်းစားနေခဲ့၏' ခရစ်တော် ကြိုတင် ပြောဆိုခဲ့သည့်အတိုင်း ဖြစ်၏။

သို့သော်လည်း ထိုစကားတို့သည် ခရစ်တော် မယုံကြည်မှုခေတ်တွင်မှ ဆန့်ကျင်မှုများ ပေါ်ပေါက်လာခြင်း ဖြစ်၏။ ထိုအခါတွင် ဘုရားကျောင်းများ ထယက်ဖျက်ဆီးခံခဲ့ရပြီး မင်းဆိုးမင်းညစ်တို့က အရာခပ်သိမ်းကို သိမ်းဆည်းယူငင်လိမ့်မည်' ဟု ရေးသားထား၏။

လတ်တလောအခြေအနေတွင်မူ အရာခပ်သိမ်းတို့သည် အားကိုးရာမဲ့ အခြေအနေမျိုး ဖြစ်သွားရသော်လည်း တစ်နေ့တွင် ခရစ်တော်၏အကူအညီကြောင့် အားလုံး ပြန်ကောင်းမွန်လာလိမ့်မည် ဖြစ်၏။ ထိုအကြောင်းကြောင့် ဘုရားသခင် ရွေးချယ်ထားသူများ လွတ်မြောက်မည်။ ဘုရားသခင်၏ လျှို့ဝှက်စီမံမှုကို သိခွင့်ရှိသူ၊ အမှန်တရား၏ သဘောတရားကို စကားလုံး အနည်းငယ်မျှဖြင့် သိနားလည်နိုင်မည့်သူများ ဖြစ်၏။

ထူးခြားဆန်းကြယ်သော ပြဒါးမှုန်လုံးအကြောင်းကို ကျွန်ုပ် ဖော်ပြလို၏။ ထုံးတမ်းစဉ်လာကျင့်သုံးကြသည့် ဒဿနပညာရှင်များနှင့်လည်း ဆန့်ကျင်ဘက် ဖြစ်နေခဲ့၏။

ထိုသူများသည် အတိတ်ကာလကတည်းက အဂ္ဂိရတ်ပညာကို မနာလိုစိတ်ဖြင့် လည်းကောင်း၊ ပါးနပ်ကျွမ်းကျင်မှုဖြင့် လည်းကောင်း နောင်လာနောက်သားများ၊ အမွေခံပုဂ္ဂိုလ်များ နေဖြင့် မသိရလေအောင် ဖုံးကွယ်ခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com

သူများ ဖြစ်၏။ 'မြတ်သောရိုမန်အသင်းတော်' (Holy Roman Church) ၏ ကောင်းစားရေးကို ကူညီပံ့ပိုးရန်မှာ ကျွန်ုပ်၏ရည်ရွယ်ချက် ဖြစ်၏။ ဤသို့ ကူညီရန်အတွက် အမှန်တရားကို အကျဉ်းချုပ်၍ ဖော်ပြပြောဆိုရပေမည်။

၁၄ ရာစု အစောပိုင်းတွင် ပုပ်ရဟန်းမင်း ဂျွန်သည် အဂ္ဂိရတ်ပညာနှင့် ဆရာရှင်များကို လုံးဝဂရုမစိုက်သူလည်း ဖြစ်၏။ ဤကာလအတွင်း လက်တင် အဂ္ဂိရတ်နှင့် ဘာသာရေးဆိုင်ရာ အကောင်းဆုံးကျမ်းကို အမည်မဖော်လိုသည့် ရေးသူတစ်ဦးက ရေးသားခဲ့၏။ လူတော်တော်များများက ဤကျမ်းကို သောမတ်အကွီးနပ် ရေးသားသည်ဟု ဆိုကြ၏။ သို့သော် ၎င်းသည် အနည်းငယ်များ နှိုင်းယှဉ်ရလျှင် ရောင်ခြည်ဦး (အော်ရိုရာ) ကျမ်းနှင့် ခေတ်ပြိုင် ဖြစ်လေ၏။ ၎င်းကို (၂) ပိုင်း ခွဲထား၏။ ပထမပိုင်းတွင် နိဒါန်းမိတ်ဆက် အခန်း (၅) ခန်း ပါရှိ၏။ ဇာတ်လမ်း (၇) ပုဒ်လည်းပါရှိပြီး ထိုဇာတ်လမ်းများသည်လည်း အိုပါ၏မျက်နှာ (၇) ခု သင်္ကေတများဖြင့်လည်း ကိုက်ညီပါသည်။

ပထမပိုင်းသည် ပုဂ္ဂိုလ်နှစ်ဦး (C.G Jung နှင့် M.L von Franz) ဆောက်ပြသည်ထက် အနည်းငယ်ပို၍ အဂ္ဂိရတ်ဆန်ပေသည်။ ဥပမာ-အဖွင့် အကြောင်းတွင် ကောင်းမြတ်မှုမှန်သမျှ ဤစတပ်၏ သုတနှင့်အတူ ကျွန်ုပ်ထံ ရောက်ရှိလာသည်။ ထိုကောင်းမြတ်မှုများသည် လမ်းများထဲတွင် ကြွေးကြော်၏၊ ပြည်သူ့ပန်းခြံတွင်လည်း ကြွေးကြော်၏။ လမ်းဆုံများတွင်လည်း ကြွေးကြော်၏။ မြို့အဝင် တံခါးဝတွင်လည်း ၎င်း၏ဆန္ဒကို ထုတ်ဖော်၏။ ထိုထုတ်ဖော်သော ကြွေးကြော်သံမှာ-

'ငါ့ကိုချဉ်းကပ်လော့၊ သင်သည် ထွန်းလင်းတောက်ပလာမည်။ သင်၏ အလုပ်သည် ရှုပ်ထွေးမည် မဟုတ်'

'အို- ငါ့အား တွေ့ရှိသူအားလုံး၊ သင်တို့အား ငါ၏ကြွယ်ဝမှုဖြင့်ပြည့်စေမည်၊ လာလော့- ငါ့သားတော်၊ ငါပြောသည်ကို နားထောင်လော့။ ငါသည် သင့်အား ဘုရားသခင်နှင့်ဆိုင်သော သုတကို သင်ကြားပေးမည်'

ဤစာသားကို အောက်ဖော်ပြပါ ...ကျမ်းစာ စာသားမှ ရယူထားခြင်း ဖြစ်၏။

ဉာဏ်ပညာ၊ . ၎င်း၏အကူအညီ ... ကောင်းမြတ်မှုမှန်သမျှ ကျွန်ုပ်ထံ ရောက်ရှိလာသည်။ ဉာဏ်ပညာသည် လမ်းများထဲတွင်ကြွေးကြော်၏။ ပြည်သူ့ပန်းခြံတွင်လည်း ကြွေးကြော်၏။ လမ်းဆုံ လမ်းထောင့်များတွင်လည်း ကြွေးကြော်၏။ မြို့အဝင်တံခါးဝတွင်လည်း သူမ၏သတင်းစကားကို ပြောကြား၏။

ဆာလံကျမ်းတွင် ဖော်ပြထားသည်မှာ-

သူ့အား လိုလားသူတိုင်း၏ မျက်နှာသည် အရောင် ပို၍တောက်ပ၏။ ထို့အပြင် မည်သည့်အခါတွင်မျှ အရှက်မရပေ။

ECCLESIATICUS (အယ်လီစီတီကပ်ကျမ်း) ၌ ဖော်ပြထားသည်မှာ-

ငါ့အား ဆန္ဒရှိသူများ ချဉ်းကပ်လော့၊ ငါ၏အကျိုးစီးပွားများကိုအပြည့်အဝ သုံးစွဲကြလော့ဟု ဖော်ပြထား၏။

ဆာလံကျမ်းတွင်လည်း-

'လာလော့ ငါ့သား၊ ငါ့စကားကို နားထောင်လော့။ ဘုရားသခင်ကို မည်သို့ ရိုသေခန့်ညားရမည်ကို ငါသင်ကြားပေးမည်။ ဘုရားကျောင်းမှ ဘုန်းတော်ကြီးများ၏ ပြန်ဆိုချက်အရ အော့စရစ်သည် မြင့်မြတ်သောဝိညာဉ်တော်၏ ဉာဏ်ပညာဖြစ်သည်' ဟု ဆိုထား၏။

ရောင်ခြည်ဦးကျမ်းတွင် အဂ္ဂိရတ်ပညာအကြောင်း ပါရှိပြီး ၎င်းသည် တက်သစ်စနေရောင်ကဲ့သို့ အရှေ့အရပ်မှလာသော အလင်းရောင် ဖြစ်၏။ ထိုပညာရပ်သည် ဂရိ၊ အာရပ်နှင့် လက်တင်တို့၏ ချစ်မြတ်နိုးအပ်သော သားရတနာလည်း ဖြစ်၏။ ၎င်း၏အစွမ်းဖြင့် အင်အားနှင့် လွှမ်းမိုးမှုကို ရရှိစေ၏။ ရောင်ခြည်ဦးကျမ်းကို လေ့လာရာတွင် ဂျုန်၏ကောက်ချက်မှာ များစွာ ကွဲပြားခြားနားပေ၏။ သူ၏တပည့် ဖွန်ဖရုန်၏ ကောက်ချက်ထက်တော့ များစွာချီးကျူးဖွယ်ကောင်း၏။

အကယ်၍ ကျွန်ုပ်တို့သည် လက်ရေးစာမူ၏မူလကို ၁၄ ရာစု၏ ပထမကာလဝက်တွင် သတ်မှတ်နိုင်က ကျွန်ုပ်တို့ မမှားနိုင်တော့ပေ။ အထက်ပါအရေးအသားများကို ထောက်ချင့်၍ အဂ္ဂိရတ်ကျမ်းကိုရေးသားသည့်ပုဂ္ဂိုလ်မှာ ဘုန်းကြီးတစ်ပါးဖြစ်ကြောင်း ထင်ရှားနေ၏။ ၎င်းသည် ကျမ်းဂန်ကို လွန်စွာ ကျွမ်းကျင်တတ်မြောက်သူ ဖြစ်ပေမည်။ ကျမ်းတစ်စောင်လုံးတွင် ကောက်နုတ်ချက်များဖြင့် ပြည့်နေလေသည်။ ကျမ်းပြုသူ၏စိတ်ဓာတ်မှာလည်း အဂ္ဂိရတ်ဆိုင်ရာ အတွေးအခေါ်တွင် နစ်မြုပ်နေသည်။ သူက အဂ္ဂိရတ်ပညာနှင့် စပီယန်တီးယားဒေးသည် တစ်ခုတည်းသာ ဖြစ်သည်ဟု ဆိုထား၏။

ထိုကျမ်းကို ၁၃ ရာစု၏ မြောက်မြားလှစွာသော လက်တင်ဘာသာဖြင့် ရေးသားပြုစုခဲ့သည့် လက်တွေ့အဂ္ဂိရတ်နည်းပေါင်းစုကျမ်းနှင့် နှိုင်းယှဉ်နိုင်ပေသည်။ ခရစ်ယာန် သင်္ကေတဝါဒ ပါရှိသော ဘာသာစကား ရေးနည်းရေးဟန်ကို လက်ခံသုံးစွဲပါက လက်ရေးစာမူ၏ အဓိပ္ပာယ်အားလုံးသည် ဝိညာဉ်ဆိုင်ရာ အဓိပ္ပာယ်ပြောင်းလဲမှုများအဖြစ် ပေါ်ထွက်လာပေမည်။ ရလဒ်မှာ အရာခပ်သိမ်းတွင် ငုပ်လျှိုးနေသော မြင့်မြတ်သည့် စကြဝဠာဆိုင်ရာစိတ်ဓာတ် ဖြစ်ပေသည်။

အဆင့်မြင့် စိတ်ဝိညာဉ်နှင့် ကောင်းကင်ဘုံတို့ဆက်သွယ်မှု စသည့် ကောင်းသောအကျိုးရလဒ်များ ဖြစ်၏။ ဂျုန်ဂျင်ဂိုဏ်းသည် ဤလက်ရေးစာမူကိစ္စတွင် လွန်စွာစိတ်ဝင်စားခြင်းမှာ အံ့သြဖွယ်ရာမရှိပေ။ အခြားသော ခေတ်ပြိုင်အဂ္ဂိရတ်ကျမ်းထက် ပိုလွန်၍ ရောင်ခြည်ဦးကျမ်းသည် အဖျွတ္တိကစိတ် ဖြစ်စဉ်တစ်ရပ်ကို ဖော်ပြပုံရလေ၏။ ၎င်း၏ နယ်ပယ်မှာ အတ္တကို နားလည်သဘောပေါက်ခြင်း ဖြစ်၏။

အဆိုပါ ရောင်ခြည်ဦးကျမ်းနှင့် ရီဗျူးဆစ်ဆာကျမ်းတို့သည် သေလုဆဲဆဲမီး၏နောက်ဆုံးမီးပွားများ ဖြစ်၏။ ခရစ်ယာန် ဘုန်းတော်ကြီးကျောင်းများ၏ အဂ္ဂိရတ်ဆိုင်ရာ ဇာတ်သိမ်းလည်း ဖြစ်၏။ ဘုရားကျောင်းရှိ လူများသည် ထိုအချိန်ကာလအထိ အဂ္ဂိရတ်ပညာကို လေ့လာနေကြဆဲဖြစ်၏။ သို့ပါ၍ နောင်လာမည့် (၁၀) စုနှစ်အကြာတွင် အဂ္ဂိရတ်ကို ကျင့်သုံးရန် အဂ္ဂိရတ်နှင့် ခရစ်ယာန်ဝါဒ ပေါင်းစပ်မှုတွင် အောင်မြင်စွာ ကြိုးစားနိုင်ခဲ့ကြသော အခြေအနေ ဖြစ်လာ၏။

သို့ရာတွင် ယေဘုယျအားဖြင့် ၁၄ ရာစု၏ ဒုတိယရာစုဝက်နောက်ပိုင်းတွင် အဂ္ဂိရတ်ပညာကို ခရစ်ယာန်ဘုန်းတော်ကြီးများလိုက်စားမှု လျော့ပါးလာခဲ့၏။ သို့သော် သာမန်လူအများ၊ လူဝတ်ကြောင်များ၏အဂ္ဂိရတ်ပညာရပ်အပေါ် စိတ်ပါဝင်စားမှုကား တစ်ရှိန်ထိုး မြင့်မားလာခဲ့တော့၏။


ဆရာဦးဆက်ထွန်းသင်း

(အာယုဒ္ဒေ)



www.burmeseclassic.com

www.burmeseclassic.com



တင့်ထူး(ဧရာဝတီ)

တရားနာ၍ အပါယ်လွတ်လမ်း ရှာလိုသူ

မင်းမောင်တို့မှာ ကျေးလက်တောရွာကလေးတွင် နေထိုင်နေသူ ဖြစ်သည်။ ကျေးလက်ဒေသဖြစ်သည့်အလျောက် လယ်ထဲ၊ ချောင်းထဲတွင် ပင်ပင်ပန်းပန်း လုပ်ကိုင်ကြရသည်။ စိုက်ရေးပျိုးရေး၊ ထွန်ယက်ရေးတို့ကိုသာ ကြိုးစားအားထုတ်လုပ်ကိုင်နေကြရသော်လည်း စားသောက်ချိန်ရောက်၍ စားကြရသောအခါ တူတူတန်တန် မစားကြရပေ။ ပဲပြုတ်၊ ပဲကြော်၊ ပဲဟင်း၊ ချဉ်ရည်ဟင်း၊ ငါးပိထောင်း၊ ငါးပိရည်နှင့် တို့စရာ၊ ငါးပိချက် စသည့် ဟင်းမျိုးများနှင့်သာ ထည်လဲစားခဲ့ကြရသည်။ မင်းမောင်တို့လို လယ်ထဲ၊ ချောင်းထဲ တပင်တပန်းနှင့် အလုပ်ကြမ်းများ လုပ်ကြရသူတွေအဖို့ ခွန်အားဖြစ်စေမည့် အစာအာဟာရများ စားသောက်ကြသည့်အခါ ဟင်းကောင်းကျွေးကောင်းလေးများနှင့် စားသောက်လိုလှသည်။ ကျေးလက်ဒေသဆိုတော့ မြို့မှာလို ဈေးနှင့်မနီးသဖြင့် ဟင်းချက်စရာ သား၊ ငါးများကို လွယ်လင့်တကူ မဝယ်နိုင်ကြပေ။ ဆောင်းအခါက လယ်ထဲတွင်စိုက်ပျိုးခဲ့သော ပဲနောက်၊ ကုလားပဲ၊ အသင်းပဲ၊ ပဲလွန်းများကို မိုးတွင်းစာပါ သိုလှောင်ထားသဖြင့် အချို့ရက်တွင် ပဲပြုတ်ဆီဆမ်း၊ တချို့နေ့တွင် ပဲပြုတ် ကြော်၊ တချို့ရက်များမှာတော့ ပဲကို အ နည်း ငယ်လှော်ကာ ပုလင်းနှင့် ဆ ကောထဲထည့်ကာ ကြိတ်သည်။ ကြိ ပြီး ပြာတီးလိုက်လျှင် ပဲခြမ်းဖြုဖြုကလေး များ ရလာသည်။ ထိုပဲခြမ်းကို အိုးတစ် လုံးတွင် ရေနှင့်ထည့်ပြုတ်ရသည်။ ပဲမှ နူးမြည့်လျှင် ဆီ၊ ဆား၊ ကြက်သွန်မှ ထည့်ကာ ကျိုရပြန်သည်။ ထိုအခါ ပဲဟင်းရလာသည်။ ပဲဟင်းနှင့်လိုက်ဖ အောင် ငါးပိကို ယောက်မတွင်ကပ်၍ မီးကင်ရသည်။ ကျက်လျှင် ငရုတ်သီး ကြက်သွန်တို့ ထည့်ထောင်းလျှင် ငါးပိ ထောင်းစပ်စပ်ကလေးရလာသည်။ ထို



www.burmeseclassic.com

www.burmeseclassic.com



...ထောင်းကလေးကို လက်နှင့်ကော်...ကာ ထမင်းထဲမြှုပ်၍ စားလိုက်၊ စပ်...င် ပဲဟင်းကလေးသောက်လိုက်ဖြင့်...ကြရသည်။ တချို့က အိမ်တွင် ငါး...ောက်ငါးခြမ်းရှိလျှင် နုပ်နုပ်စဉ်း၍ ...တ်သီးနိုင်းချင်းနှင့် ငါးခြောက်ကြော်...ည်၊ ပြီးလျှင် ပဲဟင်းသောက်၍ စား...ကြသည်။

"အမေရာ၊ နေ့တိုင်း ပဲဟင်းချည်း ...ချက်နေတာပဲ။ တခြားဟင်းလေးများ ...င်းချက်ပါဦးဗျာ"

"အေးအေး - အမေကြံပါဦးမယ် ...ည်"

*

"သားရေ၊ ဒီနေ့တော့ အမေ ချဉ် ...ဟင်း၊ ငါးခြောက်ကြော်ချက်ထား ...ဟေ့"

"ဟာ - အမေရာ၊ အမေ့ဟင်းချို ဟင်းက ထမင်းနဲ့ဆမ်းစားတော့ ရေကို ဆမ်းစားရသလိုပါပဲဗျာ"

"သားရယ်၊ ဒီဟင်းချိုဟင်းလေး ချက်နိုင်အောင် အမေခြံတန်းတွေက သစ်ရွက်နု၊ ဒန့်သလွန်ရွက်တို့ကို လိုက်ရှာပြီးခူးချက်ရတာလေ"

ဘာဟင်းပဲချက်ချက် လယ်ထဲက အလုပ်ပင်ပန်းပြီးပြန်လာခဲ့ရတော့ ဗိုက်ဆာဆာနှင့်ပင် ရှိသည့်ဟင်းနှင့်ပင် ဗိုက်ဝအောင်စားသောက်ကြရလေသည်။

"ဟာ- ရွာအလယ်ပိုင်းမှာ ဝက်ပေါ်တယ်တဲ့ဟေ့"

"ဟုတ်လား၊ ဒါဆို အိမ်အတွက် သွားဝယ်ဦးမှပဲ"

တစ်ခါတစ်ရံ ရွာထဲတွင် ဝက်မွေးထားကြသူတွေက ဝက်ပေါ်ရောင်းတတ်သည်။ ဝက်ပေါ်လျှင် တစ်ရွာလုံးက ဝိုင်းဝန်းဝယ်ယူချက်ကြသဖြင့် ပြိုက်ခနဲကုန်လေသည်။ နောက်ကျမှရောက်လာသူ တချို့ပင် ဝက်သားဝယ်မရဘဲ ပြန်ကြရသည်။ တချို့က ငွေလက်ငင်းပေးဝယ်သည်။ တချို့က ရက်ဆိုင်းပေးနှင့်ဝယ်ကြသည်။ တချို့က စပါး၊ ဆန်၊ ပဲ ပေး၍ ဝယ်လာကြသည်။ ဝက်ပေါ်ရောင်းသူက ရက်ဆိုင်းပေးနှင့် ဝယ်ယူသူတို့အား စာရင်းရေးမှတ်ထားရလေသည်။

ရွာသူရွာသားတို့က ရွာထဲတွင် ဝက်သားပေါ်လျှင် အိမ်တိုင်းက အရ ဝယ်ကာ ဆီပြန်ချက်ကြသည်။ ထိုဝက်သားချက်ကို ပန်းကန်လုံးကြီးကြီးနှင့် ထည့်ပြီး စားပွဲဝိုင်းအလယ်တွင်ချကာ မိသားစုအားလုံး ဝိုင်း၍ ထိုဟင်းတင်



www.burmeseclassic.com

www.burmeseclassic.com

မည်တည်းနှင့် တပျော်တပါး မြိန်ရေရှက်ရေ စားသောက်ကြလေသည်။

"ဝက်ပေါ်တဲ့နေ့မှာ အခြားဟင်းမချက်ဘဲ ဝက်သားဟင်းတစ်မည်တည်း ချက်စားကြတာပေါ့နော်"

"အေးကွယ့်- ဟုတ်တယ်။ ဒီလိုဟင်းကောင်းက စားရခဲယဉ်းတယ်မဟုတ်လား။ ဝယ်ရတုန်းရခိုက်မှာ သူ့တစ်မျိုးတည်းနဲ့ပဲ တဝစားကြတာလေ။ နောက် ဝက်သားက ဘယ်လောက်ကြာမှ ထပ်ပေါ်မယ် သိရတာ မဟုတ်ဘူး။ နောက်ထပ် ဝက်သားမရခင်စပ်ကြားမှာ ပဲဟင်း၊ အချဉ်ဟင်း၊ ဟင်းချို၊ ငါးပိထောင်း၊ ငါးပိရည်နဲ့ပဲ အမှန်းစားနေကြရမှာလေ"

သူတို့အတွက် ဟင်းချက်စရာသားငါးက မိုးတွင်းပိုင်းတွင် အထိုက်အလျောက် ပေါလေသည်။ ပေါသည်ဆိုသော်လည်း ရှာနိုင်ဖွေနိုင်မှသာ ရကြလေသည်။

နွေရက်တွေ ကုန်ဆုံးသောအခါ မိုးဦးကျအချိန်သို့ ရောက်လာခဲ့သည်။ နယုန်မိုးသေး မြက်သားမွေး ဆိုစကားအတိုင်း မိုးနည်းနည်းရွာလိုက်၊ ပူလိုက်ဖြစ်နေ၍ လယ်ကွင်းများထဲတွင် မြက်နုများပေါက်ကြသည်။ ကျွဲ၊ နွားတို့လည်း တစ်နွေလုံး အစာခြောက်များ စားနေကြရာမှ မြက်နုများ စားနိုင်လာကြပြီ။

"ဟေ့- မင်းမောင်၊ လာလေကွာ သွားကြမယ်။ ကွင်းထဲမှာ ဖားအော်သံတွေမြိုင်နေပြီဟေ့"

"အေးအေး- လာပြီဟေ့"

နေ့ခင်းက မိုးရွာထားသဖြင့် ညဘက်တွင် လယ်ကွင်းများထဲသို့ ဖားရိုက်ထွက်ကြရန် တိုင်ပင်ထားကြခြင်း ဖြစ်သည်။ မကြောက်မရွံ့နှင့် မီးအုပ်ကိုင်ကာ လယ်ကွင်းထဲ ဖားလိုက်ရိုက်လျှင် တစ်ဟင်းစား တစ်နပ်စားကတော့ ရကြလေသည်။ မိုးဦးကျတိုင်းတွင် ကွင်းထဲ ဖားထွက်ရိုက်ကြသည်က ရွာဓလေ့ပင်။ ရလာသည့်ဖားကောင်သေးလျှင် ကလီစာထုတ်၊ ခြေဖျား၊ လက်ဖျားဖြတ်ကာ နုပ်နုပ်စဉ်း၍ ငရုတ်သီးစပ်စပ်နှင့်ကြော်ကာ ချဉ်ရည်ဟင်းနှင့် တွဲဖက်စားကြသည်။ ဖားကောင်ကြီးပါက တုံးတစ်၍ ဆီပြန်ချက်စားကြသည်။ ဖားထွက်ရိုက်၍ များများရခဲ့လျှင် တံစို့နှင့်ညှပ်၍ မီးကင်ထားကြသည်။ နောက်ရက်တွေမှာ ငရုတ်သီးနှင့်ကြော်ကာ ဖားသားကြော်ဟင်းတစ်မည် ဖန်တီးကြလေသည်။

မိုးဖြိုင်ဖြိုင်ကျလာပြီဖြစ်၍ လယ်ကွက်များထဲတွင် ရေများတင်လာပေပြီ။ ယခုတော့ လယ်သမားတိုင်း ပျိုးခင်းထောင်ထားကြကာ စိုက်ကွက်များကို ထယ်ထိုးနေကြပြီ ဖြစ်သည်။ ထယ်ထိုးပြီဆိုလျှင် နားထား၍မရကြတော့။ နေ့စဉ်ရက်ဆက် လယ်ထဲဆင်းကာ ထယ်ထိုးကြရသည်။ လယ်တစ်ကွက် ထယ်ကျွတ်သွားလျှင် ကန်သင်းလုံအောင် ပေါက်ဖို့ပေးပြီး ရေလှောင်ထားရသည်။ ထယ်ခဲဖတ်များက ရေမြုပ်နေကာ တဖြည်းဖြည်း ရေနူးကြမည်။ ရေနူးနေမှ ထွန်မွှေသည့်အခါ သမန်းရလွယ်လေသည်။ လယ်သမားတိုင်း မနက်ပိုင်းတွင် ထယ်ထိုးရ၏။ နေ့ခင်းပိုင်းတွင် ထယ်ဖြုတ်၍ နွားများလွှတ်ကျောင်းပေးရ၏။ မွန်းလွဲပိုင်းတွင် လယ်ကွက်များတွင် ကန်သင်းပေါက်၊ ကန်သင်းမျက်နှာသစ်လုပ်ကြရသည်။

'အင်း - ညနေ (၄) နာရီကျော်အချိန်လောက်ဖြစ်ပြီပဲ။ ငါကန်သင်းပေါက်နားပြီး အိမ်အတွက် ဟင်းချက်စရာရှာသွားဦးမှပဲ'

မင်းမောင်က သူ့ခမောက်အောက်ဘက်တွင် ထိုး၍သိမ်းထားသော ကြိမ်တံကလေးကို ထုတ်ယူကာ အစာတပ်လိုက်၏။ အစာအဖြစ် ကင်းခြေများ၊ ဒေါင်းပဆိတ်တစ်ကောင်ကောင်ကို ကြိမ်တံကလေးနှင့်သီကာ ကြိမ်တံကိုခေါက်၍လိမ်ထားရ၏။ ပြီးလျှင် အစာတပ်ထားသော ကြိမ်တံကလေးကို ကန်သင်းဘေးတစ်လျှောက် ငါးရှဉ့်တွင်းများ ရှာဖွေကာ တွင်းတွေ့လျှင် ကြိမ်တံအစာကလေးကို တွင်းထဲသို့ အသာအယာ ထိုးထည့်ပေးရသည်။ တွင်းထဲမှ ငါးရှဉ့်က အစာဝင်လာသည်ထင်မှတ်၍ ကြိမ်တံမှအစာကို လာ၍ဟပ်သည်။ တစ်ခဏအကြာတွင် လိမ်လေသည်။ ငါးရှဉ့်လိမ်သည်နှင့် ဆတ်ခနဲဆွဲထုတ်လိုက်လျှင် ငါးရှဉ့် တွင်းထဲမှအပြင်သို့ပါလာပြီး တုတ်နှင့်ရိုက်ယူရလေသည်။ တွင်းထဲက ငါးရှဉ့်မလိမ်သေးဘဲ ဆွဲထုတ်၍မရပေ။ ငါးရှဉ့်က တွင်းထဲတွင် ကိုယ်လုံးကို ကောက်ကွေးတွန့်လိမ်ထား၍ ဖြစ်သည်။ အစာကိုလိမ်သည့်အခါ ငါးရှဉ့်ကိုယ်လုံးကို ဖြောင့်စင်းပြီး လိမ်ရခြင်းဖြစ်၍ ဆွဲထုတ်လိုက်လျှင် ရှောခနဲ ပါလာခြင်း ဖြစ်သည်။ တစ်ညနေ ကန်သင်းများ၌ လိုက်၍မျှားလျှင် ငါးရှဉ့် လေး၊ ငါး၊ ဆယ်ကောင်ရလာတတ်သည်။ အိမ်ရောက်ပါက ဗိုက်ခွဲကာ အူထုတ်ပြီး ကင်ညှပ်နှင့်ညှပ်၍ ကင်ရသည်။ ခြောက်သွားလျှင် ကြော်စားနိုင်သည်။ ငါးရှဉ့်တွင် ရိုးရိုးငါးရှဉ့်အ[illegible] အသေးနှင့် ငါးရှဉ့်မွဲအကောင်ကြီး န[illegible] မျိုးရှိသည်။ ငါးရှဉ့်မွဲရလျှင် ပိုင်းပြီး မ[illegible] ကျည်းမှည့်နှင့်ရောချက်စားက အလွ[illegible] အရသာရှိသည်။ ငါးရှဉ့်မွဲကို မန်ကျည်း[illegible] မှည့်နှင့် ချက်စားပေးပါက ဒူလာရော[illegible] ပျောက်ကင်းလေသည်။

မင်းမောင်တို့တောသူတောင်သား[illegible] များဘဝက ရှာဖွေနိုင်မှဟင်းကောင်း[illegible] ကြရလေသည်။ ဖားရိုက်ချိန်ဖားရိုက်၊ [illegible] ရှဉ့်မျှားချိန်၌ ငါးရှဉ့်မျှားကြကာ ထယ်[illegible] ထိုးရင်း ထယ်ခဲဖတ်တွေထဲမှ ပေါ်[illegible] သော ပုစွန်လုံးများကို ကောက်ခဲ့[illegible] သည်။ အိမ်ရောက်လျှင် အခွံခွာ၍ [illegible] အုံသားကိုကြော်စားနိုင်၏။ ချဉ်ရည်ဟ[illegible] ထဲ ထည့်ချက်စားနိုင်ကြလေသည်။

လယ်များစိုက်ပြီးသွားခဲ့လျှင်တော[illegible] တော်သလင်းထဲရောက်လာ၏။ တော်[illegible] သလင်းထဲရောက်လျှင် မိုးပါးသွားပြီး [illegible] ပူလာခဲ့သည်။ နေ့လယ်ခင်း နေပူပူတွ[illegible] လယ်ကွက်တွေထဲလိုက်ရှာလျှင် နေ[illegible] သဖြင့် ငါးအသေများကို ကောက်[illegible] နိုင်ကြ၏။ တော်သလင်းနေ ပုစွန်သေ[illegible] ဟု ဆိုထားသည့်အတိုင်းပင် တစ်ဟ[illegible] စားတစ်နပ်စား ရကြလေသည်။ [illegible] အချိန်တွင် အိုင်တွေ၊ အင်းတွေ၊ ချော[illegible] မြောင်းတွေထဲတွင် ရေများပြည့်နေ[illegible] ငါးများလည်း ပေါက်ပွားနေကြလေ[illegible]

"ဟေ့ - မင်းမောင်၊ ငါ ရိုးချော[illegible] ထဲ ငါးသွားမျှားမလို့ကွ။ မင်းကောလို[illegible] ဦးမလား"

"လိုက်မယ်လေဗျာ၊ ခဏစော[illegible] ဦး"

နှစ်ယောက်သား ရိုးချောင်းဆီ[illegible] ထွက်လာခဲ့ကြသည်။ ငါးမျှားတံရှိ[illegible] တွင် အစာတပ်ကာ မျှားနေကြသည်[illegible]

"ဟာ - ဆွဲပြေးပြီ"

"မင်းမောင်၊ သုတ်တင်လိုက်တော့လေ[illegible]

"ကဲကွာ"

မင်းမောင် ငါးမျှားတံကို သု[illegible] တင်လိုက်ရာ ငါးခူကြီးတစ်ကောင် [illegible] လာခဲ့သည်။

"ဟာ - ငါးခူကြီးက တော်တော်[illegible] ကြီးတာပဲနော်"

"ဟော. . . ဟော ဆွဲနေပြန်[illegible] အမြုပ်တွေတစီစီတက်လာပါလား[illegible]

"အဲဒါ ငါးရဲ့ဆွဲနေတာကွ"

ဆွဲပြေးသွားသည်နှင့် မင်းမော[illegible] က ငါးမျှားတံကို သုတ်တင်လို[illegible] လက်ကောက်ဝတ်ခန့် ကြီးမားသော[illegible] ရံ့ကြီးတစ်ကောင် ပါလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟာ - ငါ့မှာလည်းဆွဲနေပြီဟေ့"

"ကဲဟာ"

"ဟင်- ငါးပတ်တစ်ကောင်ပဲကွ။ တော်တော်ကြီးတာပဲ"

သူတို့နှစ်ယောက် ထိုညနေပိုင်းက ချောင်းတစ်လျှောက် ငါးသွားမျှားလာကြရာ တစ်ယောက်လျှင် ငါးမျိုးစုံတော်တော်များများရလာခဲ့ကြသည်။ မိုးချုပ်ခါနီးမှ အိမ်သို့ပြန်ခဲ့ကြလေသည်။ တောသူတောင်သားတို့ဘဝက လယ်ထဲ၊ ချောင်းထဲမှလည်းကောင်း၊ တောတောင်များထဲမှ ဖွတ်၊ လိပ် စသည်တို့ကို နည်းအမျိုးမျိုးနှင့် ရှာဖွေစားသောက်ခဲ့ကြရလေသည်။

❑

စပါးရိတ်ချိန်ရောက်လာပြန်လျှင် လယ်ထဲတွင် လယ်ကြွက်ကြီးများကို တပ်ဘီထောင်၍ဖမ်းယူနိုင်ကြပြန်၏။

မင်းမောင် သူ့လယ်မှ စပါးများရိတ်သိမ်းပြီးသွား၍ အိမ်တလင်းထဲသို့ တောက်လျှိုင်းတိုက်သွင်းခဲ့၏။ ယခုတော့ တောက်ပြန့်ကာစပါးနယ်နေပေပြီ။ စပါးနယ်ပြီး စပါးလှေ့ပြီးသွားပါက တလင်းသိမ်းတော့မည် ဖြစ်သည်။

'အင်း - ဒီအချိန်ကတော့ ငါးတို့ ဖားတို့ မရနိုင်တော့လို့ ဟင်းစားရှားလာပြီ။ ဟာ - ငါဟိုတစ်နေ့ကနွားတွေလိုက်မောင်းရင်း ရွာတောင်ဘက်က အိုင်ကြီးထဲမှာ ငါးတွေပွက်နေတာ မြင်ခဲ့တာပဲ။ ဒါဆို ငါးသွားမျှားရင် ဟင်းစားတော့ ရနိုင်မှာပဲ'

ထိုအတွေးဖြင့် မင်းမောင်လည်း ငါးမျှားထွက်လာခဲ့လေသည်။

အိုင်ဘေးရှိ ချုံအရိပ်တွင်ထိုင်ကာ အိုင်ကြီးထဲသို့ ငါးမျှားတံကို ဖော့တုံးထပ်၍ ချမျှားထားခဲ့သည်။

"ဟာ - ငါးတွတ်နေပြီ"

"ဟော - ဖော့တုံးမြုပ်သွားပြီ၊ ဆွဲတင်မှပဲ"

"ဟာ - နည်းတဲ့ငါးရံ့ကြီး မဟုတ်ပါလား"

မင်းမောင် ငါးရံ့ကြီး ရခဲ့သဖြင့် အတော်ပျော်သွားခဲ့သည်။ အစာသစ်လဲတပ်၍ ငါးမျှားတံကို ပြန်ချထားပြန်သည်။

"ဟာ-ငါးသားပေါက်ကလေးတွေ ရေထဲမှာ ပေါ်လာနေကြပါလား။ ဟင်- ငါးသားပေါက်ကလေးတွေကို အခြားငါးကြီးတွေက ဟပ်ဟပ်ပြီးစားသောက်နေကြပါလား"

မင်းမောင်လည်း ငါးသားပေါက်ကလေးတွေကို တခြား ငါးကြီးများက စားသောက်နေကြသည်ကို မြင်တွေ့လာသောအခါ သူ သနားလာခဲ့မိသည်။

"ငါ ခုနက မျှားယူလိုက်တဲ့ ငါးရံ့ကြီးဟာ ငါးသားပေါက်ကလေးတွေရဲ့ မိခင်ကြီးဖြစ်လိမ့်မယ်။ သူတို့မိခင်ကြီး အနားမှာရှိနေတုန်းက တခြားငါးကြီးတွေ အနားကိုတောင် မသီရဲကြပေမယ့် ငါးမကြီးမရှိခဲ့တော့ ငါးသားပေါက်ကလေးတွေ အစားခံနေကြရပါလား"

မင်းမောင်မှာ ငါးသားပေါက်ကလေးတွေကို အခြားငါးကြီးများ၏ အစားခံနေသည်ကို တွေ့မြင်မိသောအခါ သူ့အနေနှင့် ငါးမကြီးကို မျှားယူလိုက်ခဲ့မိခြင်းကြောင်းဖြစ်ရသည်ကို တွေ့မြင်ကာ ရင်နှင့်အောင် ခံစားခဲ့ရတော့သည်။ ထိုမြင်ကွင်းကြောင့် သူ ငါးဆက်မျှားလိုစိတ်မရှိတော့ဘဲ အိမ်ပြန်ခဲ့တော့သည်။

ထိုအချိန်မှစ၍ မင်းမောင်သူတစ်ပါး၏အသက်ကိုသတ်၍ ဟင်းစားရှာရန် မလိုလားခဲ့တော့ပေ။

'အင်း- သူ့အသက်ကိုလိုက်သတ်ဖြတ်ပြီး ရှာဖွေခဲ့သူက ငါတစ်ယောက်ပဲ။ ရှာလာခဲ့တဲ့ သားငါးဟင်းတွေကိုတော့ တစ်မိသားစုလုံးက ဝိုင်းစားကြတာပါလား။ သတ်ဖြတ်ခဲ့တဲ့ ငါတစ်ယောက်တည်းသာ ငရဲခံရမှာပါလား'

မင်းမောင် သူကျူးလွန်သတ်ဖြတ်ခဲ့သည့် သူ၏ အပြစ်များကို ပြန်တွေးကြည့်ခဲ့မိသည်။

'ငါဘဝက လယ်သမားသားသမီးအဖြစ်နဲ့ ကြီးပြင်းလာခဲ့ရတယ်။ လယ်ထဲမှာ လုပ်ရင်းကိုင်ရင်းနဲ့ ဟင်းစားကျွေးစားရအောင် မိုးဦးကျအချိန်မှာ လယ်ထဲမှာ ဖားတွေကျခဲ့ရင် ဖားရိုက်ထွက်ခဲ့မိတယ်။ လယ်ကွက်တွေထဲမှာ ဘာသာဘာဝ ပျော်မြူးအော်ဟစ်နေကြတဲ့ ဖားတွေကို မညှာမတာ ရိုက်သတ်ခဲ့မိတယ်။ လယ်ကန်သင်းတွေမှာ တွင်းဖောက်ပြီးနေခဲ့ကြတဲ့ ငါးရှဉ့်တွေကိုလည်း မျှားထုတ်ပြီး ရိုက်ယူမိခဲ့တယ်။ ရေထဲမှာ ဘာသာသဘာဝပေါက်ပွားနေကြတဲ့ ငါးတွေကို ငါးမျှားချိတ်နဲ့မျှားပြီး ဖမ်းယူခဲ့တယ်။ တောတောင်ထဲ ဝါးခုတ်၊ ထင်းခုတ်သွားရင်း သစ်ပင်တွေပေါ်မှာ ဖွတ်တက်နေတာတွေ့ရင် ကျော့ကွင်းနဲ့လည်ပင်းကိုစွပ်ပြီး ရက်ရက်စက်စက် ဆွဲချသတ်ဖြတ်ခဲ့မိတယ်။ စပါးတွေရင့်မှည့်လာတော့ စပါးတောထဲမှာနေကြတဲ့ လယ်ကြွက်ကြီးတွေကို ကပ်ဘီနဲ့ထောင်ဖမ်းခဲ့လို့ လယ်ကြွက်ကြီးတွေဟာ ကပ်ဘီအောက်မှာ ပိပြီးပြားကပ်ပြီးသေခဲ့ကြရတယ်။ ဒီသတ်ဖြတ်မှုတွေဟာ ငါတစ်ယောက်တည်းပဲ ရက်စက်ကြမ်းကြုတ်တဲ့စိတ်နဲ့ ကျူးလွန်ခဲ့မိတာပါလား'

မင်းမောင် သူ့သတ်ဖြတ်ကျူးလွန်ခဲ့မှုများအပေါ် ပြန်တွေးမိကာ အလွန်ကြောက်လန့်ခဲ့မိ၏။ ထို့ကြောင့် သူ့အသက် သတ်ဖြတ်ရမည်ကို ရွံရှာလာခဲ့ပြီး တတ်နိုင်သမျှ ရှောင်ရှားခဲ့တော့၏။ သူ့အသက်သတ်ဖြတ်မှု မကောင်းမှုကံအတွက် ပြန်၍ခံရပေတော့မည်ဟု တွေးကာ အစိုးရိမ်ကြီး စိုးရိမ်နေတော့၏။

❑

ဥပုသ်နေ့တစ်နေ့တွင် မင်းမောင် ရွာဦးကျောင်း၌ ဥပုသ်သီလ ဆောက်တည်၍ ကျောင်းမှာပင်နေနေလေ၏။

"ဟဲ့ - ဒကာ မင်းမောင်၊ ဥပုသ်သီလကို မကျိုးမပေါက်အောင် ထိန်းသိမ်းစောင့်ထိန်းပါ ဒကာ။

ရှေ့ရှေ့- သီလယူပြီး ကျောင်းမှာနေစဉ်တုန်းမှာ ဒီဥပုသ်သည်တို့ဖတ်ဖွယ် ပုံဝတ္ထုလေးဆယ်စာအုပ်ကို ဖတ်ပြီး တရားအသိတွေ ရအောင်ယူပေါ့ ဒကာရယ်"

မင်းမောင်လည်း ဆရာတော်ပေးဖတ်လာသော ထိုစာအုပ်ကိုယူ၍ လှန်လှောကာ ဖတ်နေမိ၏။ ထိုစဉ်တွင် တရားတစ်ပုဒ်ကြောင့် ချမ်းသာခဲ့ရသူ မိဂလုဒ္ဒကဝတ္ထုကို ဖတ်မိခဲ့သည်။

ထိုဝတ္ထုမှာ ဤဘဒ္ဒကမ္ဘာမှပြန်၍ ရေတွက်လျှင် (၃၁) ကမ္ဘာ၌ သိခီမြတ်စွာဘုရား ပွင့်တော်မူခဲ့သည်။ အခါတစ်ပါးတွင် သိခီမြတ်စွာဘုရားသည် ရှူချင့်စဖွယ် သစ်ပင်ပန်းမန်အမျိုးမျိုးတို့နှင့် ပြည့်စုံသော တောကြီးအတွင်းသို့ ကြွတော်မူကာ အေးချမ်းလှသော ကျောက်ဖျာထက်၌ ဒုကုဋ်သင်္ကန်းကို လေးထပ်ခင်း၍ ခြောက်ပါးသောရောင်ခြည်တော်တောက်ပစေလျက် တင့်တယ်သောဘုရား၏ အသရေတော်ဖြင့် စံနေတော်မူခဲ့သည်။ ထိုဘုရားရှင် စံနေရာသို့ နတ်၊ ဗြဟ္မာ၊ နဂါး၊ ဂဠုန်တို့ လာရောက်ကုန်၍ ပူဇော်ဦးခိုက်ကြသည်။ ထိုအခါ မြတ်စွာဘုရားရှင်က ထိုနတ်၊ ဗြဟ္မာ၊ နဂါး၊ ဂဠုန်စသောပရိသတ်အား ဗြဟ္မာမင်း၏အသံနှင့်တူသော အသံတော်ဖြင့် သစ္စာလေးပါးမြတ်တရားကို ဟောကြားတော်မူခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## ခွေးချစ်တတ်သူများအတွက်

# ခွေးရေဖျဉ်းရောဂါမခက်ပါ

အိမ်မွေးတိရစ္ဆာန်များတွင် လူနှင့် အနီးကပ်ဆုံးသတ္တဝါမှာ ကြောင်နဲ့ခွေး သာ ဖြစ်ကြသည်။ ကြောင်သည် အိမ် ပတ်ဝန်းကျင်ရှိ ကြွက်များ၊ မြွေများကို နှိမ်နင်းနိုင်သော သတ္တဝါဖြစ်သလို ခွေး ဆိုသော သတ္တဝါမှာလည်း အရှင်သခင် အပေါ် အလွန်သစ္စာရှိပြီး အန္တအတာ ခံကာ အသက်ပေး ကာကွယ်စောင့် ရှောက်တတ်ကြသည်။ အိမ်မွေးခွေးတွေ ဟာဆိုရင် မိမိသခင်ရဲ့ အိမ်ခြံဝင်းသာ မကဘဲ သခင်၏မိသားစုကိုပါ ကာကွယ် စောင့်ရှောက်တတ်ပါတယ်။ ဒါ့အပြင် ခွေးတွေဟာ လူတွေရဲ့ ပြုမူနေထိုင်မှု ကို နားလည် သဘောပေါက်လွယ်တဲ့ တိရစ္ဆာန်အမျိုးအစား ဖြစ်ပါတယ်။ စာ ရေးသူဟာ ခွေးအပါအဝင် တိရစ္ဆာန်အ တော်များများကိုလည်း ချစ်ခင်တွယ် တာလေ့ ရှိပါတယ်။ ဒါပေမယ့် ခွေးဆို တဲ့သတ္တဝါတွေဟာ အသက် (၄)၊ (၅) နှစ်ကျော်လာရင် ဗိုက်ကြီးတွေပူပြီး နာ တာရှည် ကျန်းမာရေးမကောင်းဖြစ်ကာ အသက်ဆုံးရှုံးသွားတာတွေကို ခွေးမွေး တဲ့သူတိုင်း များသောအားဖြင့် ကြုံတွေ့ ရလေ့ ရှိကြပါတယ်။ ဒါကို ခွေးရေဖျဉ်း စွဲတဲ့ရောဂါလို့ ပြောပါတယ်။ ဒီရောဂါ ဝေဒနာဖြစ်လာရင် ဆေးနည်းမသိလို့က တော့ အသက်ဆုံးရှုံးတာ များပါတယ်။

ဒါကြောင့် ခွေးတွေမှာ ဒီလိုရေ ဖျဉ်းရောဂါစွဲကပ်လာရင် တိရစ္ဆာန်ဆေး ကုဆရာတွေနဲ့ ကုသတောင် ရှင်းရှင်း မပျောက်ပါဘူး။ ဒီရောဂါဝေဒနာကို ရှင်းရှင်းပျောက်ကင်းပြီး အသက်ချမ်း သာစေတာက ဂမ္ဘီရဆန်သော ရိုးရာ ဓာတ်စာအာဟာရကျွေးနည်းပါ။ ခွေးချစ် တတ်တဲ့ စာဖတ်ပရိသတ်တွေအတွက် ဒါနလက်ဆောင်ပါ။ ဒီဓာတ်စာ အာဟာ ရကျွေးနည်းကို စာရေးသူရဲ့မိတ်ဆွေ ကိုမွေးလိမ် (ခ) ကိုသက်နိုင် (ဗွီအိုင် ဆ/မ ဝင်း) က ပြောပြလို့ သိရတာပါ။ ကိုသက်နိုင်ဟာ ခွေးတွေကိုချစ်တတ်ပြီး ခွေးအမြောက်အမြားမွေးတဲ့ ပုဂ္ဂိုလ်ပါ။ တစ်နေ့ သူ့ရဲ့ခွေးတစ်ကောင် အသက် ကြီးလာလို့ ရေဖျဉ်းစွဲရောဂါဖြစ်နေတာ ကိုကြည့်ပြီး စိတ်ပျက် အားလျော့နေ တုန်းမှာ ရပ်ဝေးက သူ့မိတ်ဆွေတစ်ဦး က ဖုန်းဆက်ပြီး ဆေးနည်းပြောပြလို့ ချက်ချင်းပြုလုပ်လိုက်တဲ့အခါ သူ့ရဲ့ခွေး ဟာ ယနေ့တိုင် အသက်ရှင်ပြီး ကျန်း ကျန်းမာမာရှိတဲ့အကြောင်း ပြောပြပါ တယ်။ အဲဒီနည်းကို တိရစ္ဆာန်ကုဆရာက တောင် မှတ်စုစာအုပ်နဲ့ ရေးသွားတယ် ဆိုပါတယ်။

ဆေးနည်းဓာတ်စာကတော့ ... မှမခက်ပါဘူး။ ဘူးသီးကြော်ရောင်း... ဆိုင်ရှိရင် ဓာတ်စာကျွေးလို့ ရပါတယ်။ ရေဖျဉ်းဝေဒနာစွဲနေတဲ့ခွေးကို တခြား ဘာအစားအစာမှ မကျွေးဘဲ ဘူးသီး ကြော်သာ အဝကျွေးပါ။ သုံးရက်တိတိ ကျွေးရပါမယ်။ သုံးရက်ပြည့်သွားရင် ခွေးတွေရဲ့ ပူနေတဲ့ဗိုက်ဟာ တဖြည်း ဖြည်းပိန်သွားပြီး ကျန်းမာလာပါတယ်။ စာရေးသူလည်း သူပြောပြလို့ ခွေးတွေ ကို ချစ်တတ်တဲ့သူများအတွက် ခွေးရေ ဖျဉ်းရောဂါဝေဒနာ ဖြစ်နေတာတွေ ကယ်တင်နိုင်ဖို့အတွက် သုရဇ္ဇမဂ္ဂဇင်း... နေ ရေးသား တင်ပြလိုက်ရခြင်း ဖြစ်ပါ တယ်။

ရဲသဂမ္ဘီရ-ကျော်ဝင်းအောင်...

(ပြည်-ဆည်မြောင်း...)

*ခွေးရေဖျဉ်းရောဂါအတွက် ... တွေ့ပြုသ ပြောပြသော ကိုမွေးလိမ် (ခ) ကိုသက်နိုင် (ဗွီအိုင် ဆ/မဝင်း) ခွေး... ရာမြို့သစ် ပြည်မြို့အား ကျေးဇူးတင်... ဂုဏ်ပြုသောအားဖြင့်။*

---

ထိုသို့ တရားဟောကြားနေခိုက် တွင် တောလိုက်မုဆိုးတစ်ဦးသည် သိဒ္ဓိ မြတ်စွာစံနေတော်မူရာ တောကြီးအတွင်း သို့ဝင်၍ သားကောင်တို့ကို ဖမ်းယူသတ် ဖြတ်နေခဲ့၏။ ထိုမုဆိုးသည် တောလည် ရင်း ဘုရားရှင် တရားဟောရာနေရာသို့ ရောက်ရှိခဲ့ပြီး ဘုရားရှင် တရားဟော နေသည်ကို မြင်တွေ့လျှင် သင့်တင့် လျောက်ပတ်သောအရပ်မှနေ၍ ရိုသေ စွာ တရားနာယူခဲ့လေသည်။

ထိုမုဆိုးသည် တရားနာယူပြီး ရတနာသုံးပါး၌ ကြည်ညိုသောစိတ်ဖြင့် ထိုဘဝမှစုတေသေလွန်သောအခါ နတ် ပြည်(၆)ထပ်၌ ဖြစ်ခဲ့သည်။ ထိုမှတစ်ဖန် လူ့ပြည်ပြန်ဖြစ်၍ စည်းစိမ်ချမ်းသာအမျိုး မျိုးကို ခံစားစံစားကာ နတ်ပြည်၊ လူ့ရွာ တို့တွင် လူးလာစုန်ဆန်နေခဲ့လေသည်။ ဂေါတမမြတ်စွာဘုရားပွင့်တော်မူသော အခါ သာဝတ္ထိပြည်တွင် ပစ္စည်းဥစ္စာ ကြွယ်ဝပြီး မြတ်သောအမျိုး၌ မွေးဖွား ခဲ့ပြန်သည်။ အရွယ်ရောက်သော် မြတ် စွာဘုရား၏ သာသနာ၌ ရှင်ရဟန်းပြုခဲ့ သည်။ တစ်နေ့တွင် မြတ်စွာဘုရားရှင် ဟောကြားသော သစ္စာလေးပါးတရား တော်မြတ်ကိုကြားနာရ၍ ရဟန္တာအဖြစ် သို့ ဆိုက်ရောက်တော်မူလေသည်။

ထိုရဟန္တာက -

'ငါသည် သိဒ္ဓိမြတ်စွာဘုရားဟော ကြားသော တရားတော်ကို တစ်ခဏမျှ နာကြားခဲ့ရသော ကောင်းမှုကြောင့် အပါယ်လေးပါး၌ တစ်ရံတစ်ဆစ်မျှမဖြစ် ခဲ့။ ဖြစ်လေရာဘဝတို့တွင် ဘေးဒုက္ခ ကျရောက်မည်ကို တွေးတောပူပန် ကြောက်လန့်ခြင်းမျိုးမရှိခဲ့။ ငါ့ကို ပမာ ထား၍ တရားတော်ကို ရိုသေစွာ နာယူ ကြပါကုန်"

ဟု နှိုးဆော်တိုက်တွန်းတော်မူခဲ့ လေသည်။

"မုဆိုးကြီးဟာ သူ့အသက်တွေ သတ်ဖြတ်ပြီး အသက်မွေးလာခဲ့ပေမယ့် မြတ်စွာဘုရားဟောကြားတဲ့တရားတော် ကို ကြားနာရရုံနဲ့ အပါယ်မကျဘဲ ... ချမ်းသာ၊ နတ်ချမ်းသာကိုခံစားနိုင်တာ... ကလား"

ထိုဝတ္ထုကြောင်းကို ဖတ်မိသော... မင်းမောင်လည်း သူသည် သူ့အသက်... များကို သတ်ဖြတ်ခဲ့၍ အပါယ်သို့... မည်ဟုစိုးရိမ်ပူပန်နေခဲ့ရာ မြတ်စွာဘုရား... ရှင် ဟောကြားခဲ့သော တရားတော်များ... ကို ရဟန်းသံဃာများမှတစ်ဆင့် နာ... နိုင်ပြီး အကုသိုလ်အလုပ်များကို ရှော... ရှားကာ တရားတော်များကို နာ... လျှင် အပါယ်မှလွတ်နိုင်ကြောင်း သိ... ခဲ့၍ ဟောကြားသည့် တရားတော်များ... ကို ရိုရိုသေသေ နာယူမှတ်သား ကျင့်... နေထိုင်သွားရန် ဆုံးဖြတ်ခဲ့မိလေ... သည်။

တင့်ထူး (ဇေယျာဝတီ...)

မှီငြမ်း -

*ပုံဝတ္ထုလေးဆယ်မှ 'တရား... ပုဒ်ကြောင့် ချမ်းသာခဲ့ရသူ' ... ဝတ္ထု၊ ဦးအောင်မွှန် (မြတ်...မွှန်)။*



www.burmeseclassic.com

www.burmeseclassic.com

ရှေးအစုအစဉ်ကစပြီး မြန်မာတို့ ...များတိုင်းတွင် အမြဲတစေ သီးနေ ...သော စက်ကြီး (၁၃) ပါး မန္တန်တော်ထဲ ... သုံးထောင်သချာဟိမဝန္တာ အာဏာ ...ကျက် သီဟစက်' ဆိုသော အချက် ...ည် ပါဠိအားဖြင့် သီဟဟုခေါ်သည့် ...သေ့ ဟူသော သတ္တဝါသည် တော ...ရင်ဟု ညွှန်းဆိုရာရောက်ပေသည်။ ...နှ် ကိုရီးယား၊ တရုတ် စသော အရှေ့ ...များ အာရှတိုက်သားတို့က ကျားကို ...သောဘုရင်ဟု အသိအမှတ်ပြုထားလင့် ...စား ကျန်အာရှတိုက်သား၊ ဥရောပ ...တိုက်သားတို့ အပါအဝင် ကမ္ဘာသူကမ္ဘာ ...သားတို့သည် ခြင်္သေ့ကို တောဘုရင်အ ...ဖြစ် သတ်မှတ်ကြသည်။ လုပ်ကြော့ရှင်း ...ကျက်သရေရှိသော လည်ဆံဖားဖား၊ ...ပြစ် ခံ့ညားသော ကိုယ်ခန္ဓာအသွင် ...သဏ္ဌာန်၊ ကြီးမားခိုင်ခံ့သော ခွန်အား ...သား စူးရှ လွှမ်းချုပ်နိုင်သော အသံ ...ဩဇာ၊ တက်ကြွရဲရင့်သော လှုပ်ရှား ...သွားလာမှု၊ ကြီးစိုး လွှမ်းမိုးနိုင်သော ...အကျင့် စသည်တို့ကြောင့် ခြင်္သေ့ ...တို့ကို အလေးဂရုပြုကြရသည်သာ ဖြစ် ...။ ထို့ကြောင့် ခြင်္သေ့ကို ပဒေသရာဇ် ...ရာဇ်၏ ရာဇသင်္ကေတ၊ ဩဇာ ...တ္တမ နိမိတ်ပုံ၊ ဘုန်းသမ္ဘာ၏ပုံရိပ်၊ ...တ္တာဂုဏ်ရည်၏ပြယုဂ်၊ ဉာဏ်ပညာ ၏သရုပ်ပုံအဖြစ် ရှေးပညာရှိတို့ကဖော် ကျူးကြသည်။

နမူနာပြဆိုရသော် လန်ဒန်မြို့ ထရဖယ်(လ်)လားစကွဲယားမှ နယ်(လ်) ဆင်ကျောက်တိုင်ရင်းရှိ ခြင်္သေ့ရုပ်ကြီး များ၊ အင်္ဂလန်နိုင်ငံတော်တံဆိပ်က ယူနီ ကောင်းခြင်္သေ့ရုပ်များ၊ တရုတ်ပြည် တီ ယင်မင်ရင်ပြင်ကြီးက ခြင်္သေ့ရုပ်များ၊ အီဂျစ်နိုင်ငံက လူတစ်ပိုင်း ခြင်္သေ့တစ်ပိုင်း ခြင်္သေ့ရုပ်များ၊ ရှေးဥရောပတိုက် တိုင်း ပြည်တချို့က ရှင်ဘုရင်, နယ်စား, မြို့ စားတချို့၏ အထိမ်းအမှတ် ခြင်္သေ့ရုပ် များ၊ အိန္ဒိယနိုင်ငံ အသောကမင်း ကျောက်တိုင်က ခြင်္သေ့ရုပ်များ၊ သီရိ လင်္ကာနိုင်ငံတော်အလံက ဓားကိုင် ခြင်္သေ့ရုပ်၊ ရှေးမြန်မာ့စစ်ထွက်အလံက ခြင်္သေ့ရုပ်များ၊ မြန်မာနိုင်ငံတစ်ခွင် စေ တီပုထိုးအနီးက ခြင်္သေ့ရုပ်များ၊ တစ်ခါ တုန်းက သီဟပူရဟုခေါ်ခဲ့သော စင်ကာ ပူမြို့ အငူစွန်းက ခြင်္သေ့ရုပ်ကြီး စသည် တို့ ဖြစ်ကြသည်။

ဤနေရာ၌ အထူးတလည် ဖော် ညွှန်းချင်သည်က ဗုဒ္ဓစာပေ၌ပြဆိုထား သော ခြင်္သေ့နှင့်ပတ်သက်ရာပတ်သက် ကြောင်းများကိုပင် ဖြစ်၏။ အဋ္ဌကထာ ထဲတွင် မကြောက်မရွံ့ မတွန့်မဆုတ်ဘဲ ကြောင်းကျိုးဟုတ်မှန်ကို ဝေဖန်ပိုင်းခြား တတ်သော အာဇာနည် (၆) ပါး စာရင်း ဝင်-

(၁) ဟတ္ထာဇာနေယျ - ဆင်အာဇာ နည်၊
(၂) အဿာဇာနေယျ - မြင်းအာဇာ နည်၊
(၃) ဥသဘာဇာနေယျ - နွားလား ဥသဘအာဇာနည်၊
(၄) ပုရိသဇာနေယျ- ယောကျ်ားအာ ဇာနည်၊
(၅) ခီဏာသဝ- ရဟန္တာပုဂ္ဂိုလ်တို့နှင့် အတူ၊
(၆) သီဟာဇာနေယျ- ခြင်္သေ့အာဇာ နည်ဟု ထည့်သွင်းထားသည်ကို တွေ့ရှိရသည်။

အလေးဂရုပြုဖွယ်ရာ တစ်ခုက ရှေးအိန္ဒိယတိုက်ငယ်က ဗုဒ္ဓသာသနိက အဆောက်အအုံတချို့၌ ဆင်ရုပ်၊ မြင်း ရုပ်၊ နွားလားဥသဘရုပ်၊ ခြင်္သေ့ရုပ်များ ကို ဗုဒ္ဓဘုရားရှင်၏ သင်္ကေတအဖြစ် ထည့်သွင်းဖော်ပြထားသည် ဟူ၏။ ထို့ ကြောင့် အသောကကျောက်တိုင်များ တွင် တွေ့ရလေ့ရှိသော ခြင်္သေ့ရုပ်များ သည် ထိုသို့ သင်္ကေတနိမိတ်ပုံ ဖြစ်နိုင် ဖွယ်ရှိသည်။ ပြီး-ဗုဒ္ဓဘုရားရှင် ဇာတဒဂ် ဘွဲ့တံဆိပ်တော်ရ မဟာသာဝကများထဲ တွင် ရှင်ပိဏ္ဍောလ ဘာရဒွါဇ မထေရ် သည် ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူ သော တရားဒေသနာတော်များကို ခြင်္သေ့မင်းပမာ မဆုတ်မတွန့် ရဲရဲဝံ့ဝံ့ ထပ်ဆင့် ဟောကြားတော်မူခဲ့သဖြင့် အဂ္ဂသီဟနာဒိက ဘွဲ့တံဆိပ်တော်အား

...သို့အသနှ၊ ခြင်္သေ့ဂုဏ်ရ

...နိုင်အောင်





www.burmeseclassic.com

www.burmeseclassic.com

ချီးမြှင့်ခြင်းကိုခံခဲ့ရခြင်း ဖြစ်၏။ ငါးရာ့ငါးဆယ်နိပါတ်တော်ထဲတွင် ဂေါတမဗုဒ္ဓဘုရားရှင်လောင်းလျာသည် ခြသေ့် (၄) ကြိမ် ဖြစ်ခဲ့ရသည်ဟု ဆိုထားပြီး ဗုဒ္ဓစက်လက္ခဏာ (၁၀၈) ကွက်ထဲဝယ် သီဟရာဇာ (ခြသေ့်မင်း) ပါရှိနေပေသည်။ နောက် မဟာပုရိသလက္ခဏာတော်(၃၂)ပါးထဲတွင် သီဟပုဗ္ဗဍ္ဎကာယ (ခြသေ့်မင်း၏ရှေ့ထက်ဝက်သောကိုယ်ကဲ့သို့ ပြည့်ဖြိုး ကြီးမား ခံ့ညားသော ကိုယ်တော်) ဟူ၍ လည်းကောင်း၊ သီဟဟနု (ခြသေ့်မင်းကဲ့သို့ မေးတော်ရှိခြင်း) ဟူ၍ လည်းကောင်း ဖော်ပြထားသလို လက္ခဏာတော်ငယ် (၈၀)ထဲတွင် သီဟသမာနကမ (ကေသရီအလားကဲ့သို့ သွားလာပုံယဉ်ခြင်း) ဟု ပြဆိုထားသည်ကို တွေ့ရှိရပါသေးသည်။

တစ်ခါ မှန်နန်းရာဇဝင်ကျမ်း အပါအဝင် ရာဇဝင်ကျမ်းတချို့တွင် ရာဇမင်းတို့တင့်တယ်ခြင်း ခုနစ်ပါးကို ဖော်ပြရာတွင် ကေသရာခြသေ့်မင်းသို့ တင့်တယ်ခြင်းကား စွမ်းပကားရဲရင့်ခြင်းနှင့် ပြည့်စုံခြင်းဟု ထည့်သွင်းဖော်ပြကြသကဲ့သို့ ခြသေ့်မင်းကဲ့သို့ကျင့်ဆောင်သူ နှစ်ယောက် ဆိုရာ၌ ပြည့်ရှင်မင်းကြီးနှင့် တရားသူကြီးအား ညွှန်းဆိုထားသည်ကို တွေ့ရှိရသည်။ ခြသေ့်မင်းသည် သားကောင်ကြီး,ငယ်မရွေးကို အင်တူအားတူသုံး၍ မကြောက်မရွံ့ မတွန့်မဆုတ် ဖမ်းဆီးသကဲ့သို့ ပြည့်ရှင်မင်းကြီးနှင့် တရားသူကြီးတို့သည်လည်း ထိုနည်းအတူ ဆောင်ရွက်ရမည်ဟု ဆိုထားခြင်း ဖြစ်ပေသည်။

'ခြသေ့်' ဟူသော ဝေါဟာရကို မြန်မာစာအဘိဓာန်ထဲဝယ် 'ရဲရင့်ခြင်း၊ ဟိန်းဟောက်တတ်ခြင်း၊ လည်ဆံမွေးရှိခြင်း၊ အမြီးဖျားတွင်အမွေးပန်းဖွားရှိခြင်းတို့ကြောင့် ထင်ရှားသော သားစားခြေလေးချောင်းသတ္တဝါကြီး' ဟု ပြန်ဆိုထားသည်။ တကယ်တော့ ခြသေ့် ဆိုသော ဝေါဟာရသည် မြန်မာစကားလုံးစစ်စစ် မဟုတ်ဘဲ ပါဠိသက်ဝေါဟာရသာ ဖြစ်ပါသည် ဟူ၏။ ကေသရီ ဆိုသော ပါဠိကို သက္ကတရောကာ ကြေသရီ> ကြသီ > ကြသေ့်>ခြသေ့် ဆိုပြီး ဆင့်ကဲ ဆင့်ကဲ ပြောင်းလဲရသည် ဆို၏။ ပုဂံခေတ်ကျောက်စာများတွင် ခြင်သိမ့်၊ ခြာသ့်ယ့၊ ခြင်သိယ့ စသဖြင့် အမျိုးမျိုး ရေးထိုးထားကြသည် ဟူ၏။

ပြီး- မဂဓအဘိဓာန်ထဲ၌ ခြသေ့်ကို မိဂိန္ဒော၊ ကေသရီ၊ သီဟော ဆိုပြီး ပရိယာယ်သုံးမျိုးဖြင့် ပြဆိုထားပြီး အဘိဓာန်ဋီကာထဲတွင်မူ ပဥ္စသော၊ ဟရီဟု ပရိယာယ်နှစ်မျိုးဖြင့် ညွှန်းဆိုထားကာ ရာဇမတ္တကျမ်း၌ကား မိဂပတိ၊ မိဂါရိဟု ပရိယာယ်နှစ်သွယ်ဖြင့် မြွက်ဆိုထားသည်ကိုလည်း တွေ့ရပြန်သည်။

ဤတွင် ထည့်သွင်း ပြောစရာလေးတစ်ခုက ရှေးတုန်းက ခြသေ့်များကို ကမ္ဘာ့အနှံ့အပြား၌၊ အထူးသဖြင့် အာဖရိကတိုက်, အာရှတိုက်တောင်ပိုင်း, ဥရောပတိုက် အရှေ့တောင်ပိုင်းတွင် အတွေ့ရများခဲ့သော်လည်း ယခုအခါမှာ အာဖရိကတိုက်တွင်သာ တွေ့ရှိရပြီး တောင်အာရှ၌ အိန္ဒိယတိုက်ငယ် ဟိမဝန္တာဒေသတွင် အနည်းအကျဉ်းတွေ့ရကာ ဥရောပတိုက်တွင်မူ လုံးဝ မျိုးတုံးပျောက်ကွယ်သွားပြီ ဟူခြင်းကိုပင် ဖြစ်၏။ ဥရောပတိုက်၌ ခြသေ့်ပျောက်ကွယ်မျိုးတုံးသွားရခြင်း အကြောင်းရင်းမှန်ကို မသိရှိရသေးသော်လည်း အာရှတိုက်၌ ခြသေ့်ပျောက်ကွယ်သွားရခြင်း၏အဓိကအချက်သည် ကျားနှင့်ယှဉ်ပြိုင်တိုက်ခိုက်ရာတွင် အရှုံးနှင့်ရင်ဆိုင်ခဲ့ရခြင်းကြောင့်ဟု ပညာရှင်တို့က ကောက်ချက်ဆွဲယူခဲ့ကြသည်။

မည်သို့ပင်ဆိုစေကာမူ ရှေးအိန္ဒိယစာပေ၊ ရှေးမြန်မာစာပေတို့ထဲတွင် တိဏခြသေ့်မျိုး၊ ပဏ္ဍုခြသေ့်မျိုး၊ ကာလခြသေ့်မျိုး၊ ကေသရခြသေ့်မျိုး ဟူ၍ ခြသေ့်လေးမျိုးရှိကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်။ အင်္ဂုတ္တရ အဋ္ဌကထာထဲတွင်မူ တိဏသီဟခြသေ့်မျိုး၊ ပဏ္ဍုသီဟခြသေ့်မျိုး၊ ကာလသီဟခြသေ့်မျိုး၊ ကေသရသီဟခြသေ့်မျိုး၊ မနုသီဟ (နရသီဟ) ခြသေ့်မျိုး ဟူ၍ ခြသေ့်ငါးမျိုးရှိကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရသည်။ ၎င်းကို ဋီကာချဲ့ပြရသော်-

၁။ တိဏသီဟခြသေ့်မျိုး - ပြောက်ကျား ကိုယ်ရေအဆင်း ရှိသည့် နွားမနှင့်တူသော မြက်စားခြသေ့်မျိုး။

၂။ ပဏ္ဍုသီဟခြသေ့်မျိုး-ဖျော့သော သစ်ရွက်လျှော်အဆင်းရှိ၍ အသားစားခြသေ့်မျိုး။

၃။ ကာလသီဟခြသေ့်မျိုး-မည်းနက်သောအဆင်းရှိ၍ မြက်နှင့် သားသေကောင်များကိုသာ စားသော ခြသေ့်မျိုး။

၄။ ကေသရသီဟ ခြသေ့်မျိုး - သားကောင်ရှင်များကို လိုက်လံဖမ်းဆီးစားသောက်သောခြသေ့်မျိုး။

ဤကေသရခြသေ့်မျိုးတို့သည် နီရဲသောနှုတ်သီးဖျား၊ အမြီးဖျားရှိပြီး နီမြန်းသောအရေအစင်း (၃) ခုတို့သည် ဦးခေါင်းမှစ၍ ကျောကုန်း၊ လက်သို့ ရောက်အောင် ဆင်းသွားလျက် ချက်၌ လက်ယာရစ် ပတ်ခွေကာ တည်နေ၏။ ၎င်း၏လည်ဆံမွေးတို့ကား ရွှေကွန်ရက်ကမ္ဗလာတို့ဖြင့် ခြုံရုံထားသကဲ့သို့ ရှိ၏။ ထိုမှကြွင်းသော အရပ်အစိတ်အပိုင်းတို့ကား ပွတ်သစ်စ ခရုသင်းပမာ ရှိ၏။ ၎င်းသည် ပသို့ပင် အစာငတ်စေကာမူ မြက်သစ်ရွက်နှင့် သားသေကောင်တို့ကို မစားဟု ဆို၏။

ဦးကျော်ထွန်း၏ ကိုးခန်းပျို့ဋီကာထဲတွင် ကေသရခြသေ့်မျိုးနှင့်ပတ်သက်၍ ဤသို့ ဖွင့်ဆိုထားသည်။

'ကေသရခြသေ့်မျိုးတို့သည် မိမိနေရာ ရတနာဂူမှ စံပယ်ကွန်မြူး၍ ခြသေ့်သံကိုဟောက်ပြီးလျှင် ထွက်လာရာ မိမိမြူးထူးရာ မြေအရပ်ကိုရောက်လျှင် လက်ဝဲသို့ လည်းကောင်း၊ လက်ယာသို့ လည်းကောင်း ခုန်ပျံသည်ရှိသော် တစ်ဥသဘကို ရောက်၏။ အထက်ကောင်းကင်ကို ခုန်ပျံသည်ရှိသော် တာလေးရာသို့ ရောက်၏။ တောင်ေ... ကုန်းထက်မှခုန်ပျံဆင်းလျှင် တစ်ဂါဝုတ် ခရီးကို ရောက်၏။ ဤသို့ စွမ်းရည်... သော ကေသရခြသေ့်မျိုးသည် သုံးကြိမ် ဟောက်၍ ပြေးသည်ရှိသော် သုံးယူဇနာ ခရီးကိုရောက်ပြီးလျှင် ထိုအသံမစဲမီ ... နေရာကို ပြန်ရောက်သည် ဆို၏။ ... ကေသရခြသေ့်မျိုးတို့သည်-

၁။ အမှောင်ကျလို့ အလင်းလိုသော အခါ၊

၂။ ကျင်ကြီး,ကျင်ငယ် စွန့်လိုသော အခါ၊

၃။ ဆာလောင်မွတ်သိပ်သောအခါ

၄။ မေထုန်မှီဝဲလိုသည့်အခါ ... သော အခါ (၄) ပါးတို့နှင့် ... ဟောက်လေ့ရှိသည် ဆို၏။

ထိုခြသေ့်ဟောက်သံကို ... သောတိရစ္ဆာန်တို့က ထိတ်လန့်ကြော... ရွံ့ကြသော်လည်း ဇာတ်တူ ခြသေ့်... ဇာနည်၊ ဆင်အာဇာနည်၊ မြင်းအာ... နည်၊ နွားလားဥသဘ အာဇာ... ယောကျ်ားအာဇာနည်နှင့် ရဟန္တာ... တို့က မထိတ်လန့် မကြောက်ရွံ့ကြ... ၏။

တစ်ဖန် မိလိန္ဒပဉှာကျမ်းထဲ... ကေသရခြသေ့်မျိုးတို့၏ ဂုဏ်အင်္ဂါ... ရပ်ကို ဤသို့ ဖွဲ့ဆိုထားပြန်သည်။

၎င်းတို့မှာ-

၁။ ခြသေ့်တို့သည် အညစ်အ... ကင်းစင်ကြသည်။

၂။ ခြသေ့်တို့သည် ခြေလေး... ဖြင့် အလွန်ရဲရင့်စွာ လှည့်... သွားလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com

၃။ ခြင်္သေ့တို့တွင် အလွန်လှပ၍ နှစ်သက်ဖွယ်ကောင်းသော လည်ဆံများ ရှိကြသည်။

၄။ ခြင်္သေ့တို့သည် အသက်ပင် သေသွားပါစေ၊ တခြား ဘယ်သတ္တဝါကိုမှ ဦးမညွတ်ကြပေ။

၅။ ခြင်္သေ့တို့သည် ဖမ်းမိသော သားကောင်များကို ကျရာနေရာမှ အစဉ်အတိုင်းသာစားကြသည်။ အသားကောင်းကို ရွေးမနေပါ။

၆။ ခြင်္သေ့တို့သည် အစားအစာများကို သိုမှီး၍မထားကြပေ။ တစ်ကြိမ်စားပြီးနောက် ထိုအစာရှိရာကို ပြန်မလာတော့ပေ။

၇။ ခြင်္သေ့တို့သည် အစာမရသော်လည်း မပူပင်၊ မကြောင့်ကြ။ အစာရသော်လည်း မတပ်မက်၊ မတွေဝေ၊ လောဘတကြီးမစားပေဟူ၍ ဖြစ်၏။

ယခုဆိုနေသော ခြင်္သေ့မျိုးနွယ်တို့၌ ကျန်နေသောမျိုးနွယ်တစ်ခုမှာ အမတ်စဉ် (၅) မနုသီဟ ခေါ် နရသီဟ ခြင်္သေ့မျိုးပင် ဖြစ်သည်။ ဤခြင်္သေ့မျိုးတို့သည် ခြင်္သေ့ဦးခေါင်း၊ ခြင်္သေ့မျက်နှာနှင့် လူကိုယ်ခန္ဓာရှိသော သတ္တဝါတစ်မျိုးပင်ဖြစ်သည်။ အဝတ်တန်ဆာများ ဆင်ယင်ကြသည် ဆို၏။ စိတ်ဝင်စားစရာတစ်ခုက ၎င်းတို့သည် အမြဲတစေ ရှိနေကြသည်မဟုတ်ဘဲ ဗုဒ္ဓဘုရားရှင် ပွင့်တော်မူသည့်ကာလ၌သာ ရှိတတ်သည်ဟု ဆိုကြပြန်သည်။ သို့ဆိုလျှင် တိန္နရာ ကိန္နရီတို့လိုပဲလားဟု အတွေးနယ်ချဲ့စရာပင်။

ပြီး- ဆက်နွယ်ပြောချင်စရာလေးတစ်ခုက ဟိန္ဒူ ဗြာဟ္မဏတို့၏အယူဝါဒအရ ဗိဿနိုးနတ်ဘုရား၏ အဝတာရ (၁၀) ပါးထဲတွင် နရသီဟ (လူတစ်ပိုင်း ခြင်္သေ့တစ်ပိုင်း) အပါအဝင် မတ်(စ်)ယ (ငါး)၊ ကူးရ်မ (လိပ်)၊ ဝဟာရ (တောဝက်)၊ ဝါမန (လူပုလေး)၊ ပရသုရာမ (ပုဆိန်ကိုင်ရာမ)၊ ရာမကျန္ဒ (ရာမယဏာရာမ)၊ ကရစ်သျှန၊ ဗုဒ္ဓ၊ က(လ်)ကီတို့ ဖြစ်ကြသည်ဟု ဖော်ပြကြပါသည်။

နောက် ဟိန္ဒူ ဗြာဟ္မဏအယူဝါဒထဲ၌ပင် ဒု(ရ်)ဂါ၊ စန္ဒီ၊ ပရမေသီရီဒေဝီတို့၏စီးတော်ယာဉ်သည် ခြင်္သေ့ဟု ပြဆိုထားကြပြန်သည်။ သို့လိုပင် ရှေးအီဂျစ်တို့၏နတ်ဘုရားများထဲတွင် ရှမတ် (Sechmet) နတ်ဘုရားမသည် ခြင်္သေ့မဦးခေါင်း၊ လူကိုယ်ခန္ဓာရှိသောသူဟု ဆို၏။ ရှေးအီဂျစ်တို့၏ စဖင့် (Sphinx) ရုပ်သည် လူဦးခေါင်း၊ ခြင်္သေ့ကိုယ်ခန္ဓာရှိပြီး ရှေးဂရိ ဘေဘီလုံ၊ ပါရှားတို့တွင် တွေ့ရသောစဖင့်ရုပ်တို့မှာမူ လူဦးခေါင်း၊ ခြင်္သေ့ ခြေ, လက်၊ နွားသိုးကိုယ်ခန္ဓာ၊ လင်းယုန်ငှက်တောင်ပံတို့ ပေါင်းစပ်ထားသည် ဟူ၏။ ဤနေရာမှာ ရှေးမြန်မာကြီးတို့၏ နဝရူပံရုပ်၊ ဒသရူပံရုပ်၊ ဒွါဒသရူပံရုပ်၊ ရခိုင်ဗျာလရုပ်တို့၌ ခြင်္သေ့ကိုယ်အင်္ဂါအစိတ်အပိုင်းများ ပေါင်းစပ်ပါဝင်သည်ဆိုခြင်းနှင့် ခိုင်းနှိုင်းလေ့လာစရာပင်။

ဤနေရာမှာ အဓိက မီးမောင်းထိုးပြောချင်သည်က ရှေးမြန်မာ့ယဉ်ကျေးမှုအသိုင်းအဝိုင်းထဲမှ ခြင်္သေ့နှင့်ပတ်သက်ရာ ပတ်သက်ကြောင်းများကိုပင် ဖြစ်ပါသည်။ ရှေးမြန်မာဘုရင်တို့အဆက်ဆက်အသုံးပြုခဲ့သော ပလ္လင်တော် (၈) ခန်းတွင် သီဟာသနပလ္လင်တော်လည်း အပါအဝင် ဖြစ်သည်။ ဤသီဟာသနပလ္လင်တော်ကို နန်းဦးပြာသာဒ်ဆောင်တွင် မင်းတို့ အပူဇော်ခံရန်အတွက် ထားရှိလေ့ရှိပြီး ယမနေသားဖြင့် ပြုလုပ်ကာ ခြင်္သေ့ရုပ်ခံထားရလေ့ရှိသည် ဖြစ်၏။ တော်ဝင်မင်းခမ်းမင်းနားအသုံးအဆောင်များထဲတွင် ခြင်္သေ့ခံကွမ်းအစ်၊ ခြင်္သေ့ခံကရား၊ ခြင်္သေ့ခံမှန်တင်ခုံ၊ ခြင်္သေ့ခံမှန်ပြတင်း၊ ခြင်္သေ့ရုပ်ပါစစ်ထွက်အလံ စသည်တို့ ဖြစ်ကြသည်။ ပြီး- နိုင်ငံတစ်ဝန်းရှိ ဘုရားစေတီပုထိုး သိမ်ကျောင်းအနီးမှ ခြင်္သေ့ရုပ်များ၊ အကြီးဆုံးပိဿာအလေးမှ အနိမ့်ဆုံး ကျပ်အလေးအထိ ခြင်္သေ့ရုပ် အလေးများ၊ ခြင်္သေ့ရုပ်ပါ ရှေးဒင်္ဂါးများ၊ လွတ်လပ်ရေးရပြီးနောက်တွင် အငယ်ဆုံး ပြားစေ့မှ အကြီးဆုံး ကျပ်စေ့အထိ တချို့ အကြွေစေ့ (ဒင်္ဂါး)တွင် ပါဝင်သော ခြင်္သေ့ရုပ်များ၊ တချို့ ငွေစက္ကူတွင်ပါဝင်သော ခြင်္သေ့ရုပ်များ၊ တချို့အဖွဲ့အစည်းများ၏ အမှတ်တံဆိပ် ခြင်္သေ့ရုပ်များ စသည် စသည်တို့ ဖြစ်ကြသည်။

စိတ်ဝင်စားစရာတစ်ခုက ရှေးမြန်မာကြီးတို့သည် ခြင်္သေ့များကို ပန်းချီ၊ ပန်းပု၊ ပန်းတဉ်း စသော ပန်းပညာများဖြင့် သရုပ်ဖော်ရာဝယ် ပကတိခြင်္သေ့အသွင်ကို မဖော်ပြကြဘဲ မိမိတို့အတွေးစိတ်ကူးဖြင့် ဉာဏ်ကွန့်မြူးကာ ပန်းနွယ် ပန်းခက် ကနုတ်ပန်း စသည်တို့ဖြင့် တန်ဆာဆင် ပုံဖော်ပြသကြသည်။ နှိုင်းယှဉ်ဖော်ပြရလျှင် ဘဲငန်းအသွင်ရှိသော တကယ့်ဟင်္သာငှက်များကို သရုပ်ဖော်ကြသည့်အခါတွင် ပန်းနွယ် ပန်းခက် ကနုတ်ပန်းတို့ဖြင့် ရှုချင့်စဖွယ် အလှအပ ဆင်ယင်ပြဆိုကြသလိုပင် ဖြစ်၏။

တစ်ခါ ခြင်္သေ့နှင့် ဆက်နွယ်နေသော မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ ဘချို့ကို ဆက်လက်ဖော်ပြချင်ပါသေးသည်။ မြန်မာ (၁၂) လ၊ (၁၂) ရာသီတွင် ပဉ္စမမြောက်ဖြစ်သော သိဟ်ရာသီ (ဝါခေါင်လ)၌ ရာသီပွဲက စာရေးတံဆွမ်းလောင်းပွဲ၊ ရာသီပန်းက ခတ္တာပန်း၊ ရာသီနက္ခတ်က သရဝဏ်နက္ခတ်၊ ရာသီတာရာက ဗျိုင်းတာရာ၊ ရာသီမွန်းတည့်ဖဝါးက (၁) ဖဝါး၊ ရာသီနေ့နာရီက (၁၂း၃၀) နာရီ၊ ရာသီညနာရီက (၁၁း၃၀) နာရီဖြစ်ပြီး ရာသီရုပ်မှာ ခြင်္သေ့ရုပ်ပင် ဖြစ်ပါသည်။ သိဟ်ရာသီ၏ 'သိဟ်' ဟူသောဝေါဟာရသည် 'ခြင်္သေ့' အနက်ရှိသော 'သီဟ' ဆိုသည့်ဝေါဟာရမှ ပြောင်းလဲလာဖွယ်ဖြစ်သည်။ သိဟ်ရာသီ၏ ရာသီရုပ်ဖြစ်သော ခြင်္သေ့ရုပ် ကြယ်အစုသည် တောက်ပြောင်သော ကြယ်သုံးလုံး (နက္ခတ်သုံးလုံး) ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ခြင်္သေ့လက်ဖျားတွင် မာဃကြယ်၊ ခြင်္သေ့အမြီးဖျားတွင် ဥတ္တရဖလဂုနီကြယ်၊ ခြင်္သေ့ဦးခေါင်းတွင် အသလိဿကြယ်တည်ရှိသည် ဆို၏။ သိဟ်ရာသီရုပ်နှင့် ကုံရာသီရုပ်တို့သည် ဆန့်ကျင်ဘက်ဖြစ်ပြီး သိဟ်ရာသီရုပ် ခြင်္သေ့ကြယ်အစုသည် တော်သလင်းလပြည့်ညသန်းခေါင်ယံတွင် မွန်းတည့်တတ်သည် ဖြစ်၏။

တစ်ဖန် မြန်မာ့ဗေဒင်ပညာ၊ နက္ခတ်ပညာ၊ ပြက္ခဒိန်ပညာတို့၌လည်း သီဟာဇာ ဂြိုဟ်သွားဂြိုဟ်လာ (ဂြိုဟ်တို့သွားရိုးသွားစဉ် မသွားဘဲ ခြင်္သေ့ပမာခုန်ကျော်သွားခြင်း)၊ သီဟဂတိနှစ် (၃၅၄ ရက်နှင့် မိဿရာသီသို့ တနင်္ဂနွေဂြိုဟ်ရောက်သောနှစ်) ဟူသော အသုံးအနှုန်းရှိသည်။ ရှေးမြန်မာ့သေနင်္ဗျူဟာကျမ်းထဲတွင်လည်း သီဟဂတိဗျူဟာ (ခြင်္သေ့သွားသကဲ့သို့ စစ်ပြန်ခြင်း) ဆိုသော စစ်ဆုတ်စစ်ခွာဗျူဟာနည်းတစ်ခုကို တွေ့ရှိရသည်။ ယင်းသို့ပင် မြန်မာ့ရိုးရာတဗျာလက်ဝှာစပ်နည်းတွင်လည်း ခြင်္သေ့လည်ပြန်စပ်နည်း ဆိုသော စပ်နည်းတစ်မျိုးပါသည်ကို တွေ့ရသည်။

ထို့ပြင် မြန်မာ့ရိုးရာ အိပ်မက်တိတ္ထုံကျမ်းထဲတွင် ခြင်္သေ့ကို မြင်မက်လျှင် စိတ်ဒုက္ခများ အောင်မြင်အံ့ဟု ဖော်ပြထားသည်။ မုဆိုးဘိုရွာသူကြီးဇနီး ရှင်စောဦးသည် အလောင်းဘုရားမင်းလျောင်းလျာ ဦးအောင်ဇေယျကို မွေးဖွားခါနီးတွင် ရတနာရွှေဂူမှ ထွက်လာသော ကေသရာဇာခြင်္သေ့မင်းသည် သူမရင်ခွင်ထဲသို့ ဝင်ရောက်စံမြန်းသည်ဟု မြင်မက်ခဲ့လေသည်။ သို့လိုပင် မင်းကြီးစွာစော်ကဲမင်း၏သားတော် မင်းခေါင် အနိမ့်စံနေရစဉ် ပုဂံရွှေစည်းခုံစေတီသို့



www.burmeseclassic.com

www.burmeseclassic.com

ရောက်ခိုက် အရှေ့တောင်ထောင့်က ခြင်္သေ့ရုပ်သည် နားပါဦး လည်ထောင်၍ အမြီးချိုလျက် မြူးစရုပ်ပြုပြုသည် ဟူ၏။ ထိုနေ့ညတွင် မင်းခေါင် ခံလေဟု အိပ်မက်ပေးသောကြောင့် မင်းခေါင်အမည်ကိုခံယူခဲ့ရာ နောင်တွင် အင်းဝဘုရင်မင်းခေါင်မင်းအဖြစ် ထင်ရှားခဲ့လေသည်။ ရှေးအီဂျစ် ရာဇဝင်ထဲတွင်လည်း သူမိုဆေးမင်းသားသည် ကန္တာရထဲ တောကစားထွက်စဉ် မောပန်းသဖြင့် သဲထဲတစ်ဝက်နစ်မြုပ်နေသော စဖင့် မနုဿသီဟရုပ်တစ်ခုအရိပ်အောက်တွင် ခိုနားအိပ်စက်စဉ် အိပ်မက်တစ်ခု မြင်မက်လေရာ ထိုအိပ်မက်ထဲ၌ ထိုစဖင့်မနုဿသီဟရုပ်သည် သက်ဝင်လှုပ်ရှားလာပြီး သူ့အား ရှင်ဘုရင်ဖြစ်လိမ့်မည်ဟု ဟောကိန်းထုတ်ခဲ့လေသည်။ သိပ်မကြာမီ၌ သူမိုဆေးမင်းသားသည် သူ၏ဖခမည်းတော် နတ်ရွာစံသဖြင့် ထီးမွေနန်းမွေ ဆက်ခံခွင့်ရရှိခဲ့လေသည်။ မြန်မာစာပေမှာရော ဗုဒ္ဓစာပေမှာပါ ထင်ရှားသော ကောသလမင်း အိပ်မက်ကြီး (၁၆)ချက်ထဲပါ အမှတ်စဉ် (၁၆) ၌ ခြင်္သေ့ ပါဝင်ပတ်သက်နေမှုကို တွေ့ရသည်။ ယင်းမှာ-

ဆိတ်ကိုမြင်ငြား၊ ကြောက်အားပြင်းထန်
ခြင်္သေ့သစ်ကျား၊ ခုန်လွှားပြေးပြန်
သူယုတ်မာများ၊ ထောင်လွှားနိုင်ငံ
သူတော်ကောင်း၊ ပုန်းအောင်းတောမြိုင်ယံ ဟူ၍ ဖြစ်၏။

ဤနေရာမှာ မေ့လျော့သွားရန် မသင့်သော အမိကရကျသော ထောက်ပြ ပြောဆိုစရာတစ်ခုကို ဝေဖန်စောကြောရန် လိုလာပြီ ထင်သည်။ ၎င်းမှာ မြန်မာနိုင်ငံတစ်ဝန်းက ဘုရား စေတီပုထိုး သိမ်ကျောင်းအနီးတွင် ခြင်္သေ့ရုပ်များကို အမြဲတစေ အဘယ်ကြောင့် တွေ့ရှိနေရသနည်း ဟူခြင်းပင် ဖြစ်၏။ ဤကိစ္စကိုအဖြေမရှာမီ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် ထင်ရှားသော လောကနတ်ရုပ်နှင့် မနုဿသီဟရုပ်တို့ ဖြစ်ပုံလာပုံကို ဆန်းစစ် သုံးသပ်ကြည့်ကြပါမည်။ မြေလျှိုး မိုးပျံနိုင်ကြသော ကေသရာခြင်္သေ့မင်းနှင့် ဥပေါသထဆင်ဖြူမင်းတို့သည် မိုးကောင်းကင်ပေါ် တစ်နေရာတွင် ထိပ်တိုက် ရင်ဆိုင် တွေ့ဆုံကြရာတွင် အတ္တမာန် တသည်းသည်း၊ ဒေါသတကြီးကြီးနှင့် ဗိုလ်လုတိုက်ခိုက်ကြသည့် အခါ၌ နောက်ဆုံးတွင် ခြင်္သေ့မင်းက ဆင်ဖြူမင်းလည်ကုပ်ကို တက်စီးပြီး ဦးနှောက်ကို ဖောက်စားရန် ကြိုးစားစဉ် လောကနတ် ရောက်ရှိလာပြီး စည်းဝါးကို ခြေထောက်ဖြင့်တီးခတ်တာ ရန်ပြေငြိမ်းရေးတေးသံကို သီဆို ကကြိုးသွယ်သည့်ခဏတွင် ထိုခိုက်ရန်ပွဲသည် ပြေငြိမ်းသွားခဲ့ရသည်။ ဤသည်ကိုရည်၍ ခြင်္သေ့ပျံ၊ ဆင်ပျံများပါဝင်ပြီး စည်းဝါးတီးခတ် ကကြိုးသွယ်နေသော လောကနတ်ရုပ်များကို ပန်းပညာများဖြင့် သရုပ်ဖော်ကြသည်ကို တွေ့ရပေသည်။ ဤလောကနတ်ရုပ်ကို ငြိမ်းချမ်းရေးသရုပ်အဖြစ် ညွှန်းဆိုလေ့ရှိကြသည်။

တစ်ခါ သုဝဏ္ဏဘူမိတိုင်း သထုံပြည် ပြည့်ရှင်မင်းကြီး သီရိမာသောကမင်း၏မိဖုရားတို့ မွေးသမျှ မွေးကင်းစကလေးငယ်များကို ရေစောင့်ဘီလူးများ လာရောက် စားသောက်လေ့ရှိသဖြင့် တိုင်းပြည်ချောက်ချားနေစဉ် မဇ္ဈိမဒေသမှ ဗုဒ္ဓသာသနာတော်ပြုရန်အတွက် ရှင်သောဏမထေရ်နှင့် ရှင်ဥတ္တရမထေရ်တို့ ရောက်ရှိလာကြသည်။ တိုက်တိုက်ဆိုင်ဆိုင် ထိုအရှင်တို့ရောက်ပြီး ခဏ၌ မိဖုရားကြီးမှ သားတော်ငယ်တစ်ပါး မွေးဖွားရာ ထုံးစံအတိုင်း ရေစောင့်ဘီလူးများ စားသောက်ရန် လာကြသဖြင့် ထိုအရှင်နှစ်ပါးမှ လူဦးခေါင်း၊ လူခန္ဓာတစ်ပိုင်းနှင့် ခြင်္သေ့ကိုယ်ခန္ဓာနှစ်ခုကို ပေါင်းစပ်သော ဇရာမ မနုဿသီဟရုပ်ကြီးကို ဖန်ဆင်းခြိမ်းခြောက်ကြသဖြင့် ထိုရေစောင့်ဘီလူးမတို့သည် ထိတ်လန့် ကြောက်ရွံ့ကာ နောက်ပြန်မလာကြေး ထွက်ပြေးစွန့်ခွာသွားကြသည် ဟူ၏။ ဤမနုဿသီဟရုပ်များကို ဘေးဥပဒ်အန္တရာယ်မှကင်းဝေးစေရေးကိုရည်ရွယ်လျက် ထုသွန်းရေးဆွဲ စီရင်ပြုလုပ်ထားလေ့ရှိသည် ဆို၏။ ထို့ကြောင့် ဤ မနုဿသီဟရုပ်များသည် အန္တရာယ်ကင်းပြယုဂ်များပင် ဖြစ်ကြလေသည်။

လိုရင်းကို ပြန်ကောက်ပြောရလျှင် ဆိုခဲ့သလိုပင် ဘုရားစေတီပုထိုး သိမ်ကျောင်းတို့အနီးတွင် ခြင်္သေ့ရုပ်များထားရှိခြင်းအကြောင်းကို စိစစ်ကြည့်ကြပါမည်။ လောကနတ်ရုပ်တို့လို့, မနုဿသီဟရုပ်တို့လို ငြိမ်းချမ်းရေးအတွက်လော၊ အန္တရာယ်ကင်းအတွက်လော။ ထိုကဲ့သို့လည်း မဟုတ်ပါလေ။ သို့ဆိုလျှင် အဘယ်သို့နည်း။ အများအားဖြင့် နားလည်နေသည်က သီဟိုဠ်ကျွန်း (ယခု သီရိလင်္ကာနိုင်ငံ) တွင် သီဟဠဒီပတိုင်းပြည်ကို ထူထောင်သော မဟာဝိဇယမင်း၏ ခမည်းတော် သီဟဗာဟုမင်းကို အကြောင်းပြု၍ ပေါ်ပေါက်လာသည် ဟူ၍ပင် ဖြစ်၏။ အိန္ဒိယအရှေ့ ကိုရိုမန်ဒိုကမ်းခြေရှိ သီဟပူရပြည့်ရှင် သီဟဗာဟုမင်းသည် အနိမ့်စံရစဉ်တုန်းက သူ့မယ်တော် လူမိန်းမ သုပ္ပတိဒေဝီနှင့် ရေစက်ဆုံခဲ့သော သူ့ခမည်းတော် ခြင်္သေ့မင်းကိုသတ်ဖြတ်မိခဲ့သော အပြစ်ကြွေးအား ပြေပျောက်စေလိုသဖြင့် စေတီ ပုထိုး ဘုရားသို့လာတိုင်း သူ့ဖခင် ခြင်္သေ့မင်းကိုရှိခိုးတောင်းပန်ဖြစ်ရန်အတွက် ထိုသို့ ခြင်္သေ့ရုပ်များကို ထားရသည် ဟူသော အယူပင် ဖြစ်သည်။ စကားချပ်အဖြစ် ပြောရလျှင် ကျောက်တန်း ကျိုက်မှော်ဝန်း ရေလယ်ဘုရားသမိုင်းတွင် သီဟဗာဟုမင်း၏မယ်တော်လို ခြင်္သေ့မင်းနှင့် ရေစက်ဆုံသော မိဖုရားတစ်ပါးလည်း ပါဝင်ပတ်သက်နေသည်ကို တွေ့ရသေးသည်။ ကြုံကြိုက်တုန်းပြောရလျှင် သီရိလင်္ကာ၏နာမည်ဟောင်း သီဟိုဠ်သည် မဟာဝိဇယမင်း တည်ထောင်သော သီဟဠ (ဒီပ) မှ ဆင်းသက်လာပုံပေါ်သည်။ ယနေ့ သီရိလင်္ကာနိုင်ငံ၏ နိုင်ငံတော်အလံ၌ပါသော ဓားကိုင်ခြင်္သေ့ရုပ်ပုံလည်း ဤသည်တို့နှင့် ဆက်စပ်နေပုံပေါ်သည်။

သို့ဆိုလျှင် ဘုရားစေတီပုထိုး သိမ်ကျောင်းအနီး၌ ခြင်္သေ့ရုပ်ထားရှိရခြင်း၏ အကြောင်းအရင်းမှန်သည် အဘယ်နည်း။ လွန်ခဲ့သော ကမ္ဘာတစ်ထောင်အထက် ပဒုမဗုဒ္ဓဘုရားရှင် ပွင့်တော်မူစဉ်က ဂေါတမ ဗုဒ္ဓဘုရားရှင်လောင်းလျာသည် ကေသရာခြင်္သေ့မင်း ဖြစ်ခဲ့လေသည်။ တစ်နေ့ တောတွင်းတစ်နေရာတွင် ပဒုမဗုဒ္ဓဘုရားရှင် နိရောဓသမာပတ် ဝင်စားမူနေစဉ် ဘုရားလောင်းခြင်္သေ့မင်းသည် ဘုရားရှင်အပေါ်၌ ကြည်ညို သဒ္ဓါစိတ် ကြီးမားသည့်အလျောက် (၇) ရက်တိုင်တိုင် နေရာမရွေ့ ကြည်ညိုပူဇော်နေလေရာ နောက်ဆုံးအသက်ဇီဝိန်ကြွေသည်အထိ ဖြစ်ခဲ့ရလေသည် ဟူ၏။ ဤသည်ကိုရည်၍ ဘုရားစေတီ ပုထိုး သိမ်ကျောင်းကို ရောက်သူတိုင်း ဘုရားလောင်း ခြင်္သေ့မင်းလို ဇီဝိန်ကြွေသည်အထိ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအပေါ်၌ ကြည်ညိုသဒ္ဓါပွား စိတ်ထက်သန်စေရန် အလို့ငှာ ရှေးပညာရှိတို့ ခြင်္သေ့ရုပ်များကိုထားပေးခဲ့ကြသည်ဟု ဆိုကြကြောင်းကို မုန်တိုင်ပင်ဆရာတော်၏ သုံးပုံတံချူ သုံးပုံအိတ်ထောင့်ကျမ်းတွင် ဖော်ပြထားသည်ကို တွေ့ရှိရသည်။

ဆိုခဲ့သမျှကို ခြုံငုံ၍ လိုရင်းကိုဆိုရလျှင် ခြင်္သေ့နှင့်စပ်လျဉ်းမှုအထွေထွေကို ရှာဖွေ စစ်ကြောနေမည်ဆိုပါလျှင် အဆုံးမရှိသော ဂျာအေးကို သူ့အမေရိုက် သီချင်းကို ရွတ်ဆိုနေရသလိုပင် ဖြစ်သည်။

မင်းရိုန်အောင်



www.burmeseclassic.com

www.burmeseclassic.com



# တန်ခိုးဝေဖြာ လာဘ်မိုးရွာစေသော ဂုဏ်တော်စကြာပုတီးစိပ်

## ဘုန်းခေါင်

**စကားဦးနိဒါန်း**

ကျွန်ုပ်သည် နိစ္စမူဝကျင့်ဝတ်နှင့် မဟာသိဒ္ဓိ အဓိဋ္ဌာန်ကျင့်စဉ်ကြီး၏ ဒုတိယဝါဒမှာ ဝါဒငယ်ကျင့်စဉ်အဓိဋ္ဌာန် (၅) ကြိမ်မြောက်၊ (၉) ရက်အဓိဋ္ဌာန်မှ (၃) ရက်မြောက်နေ့ ဖြစ်သည်။ နေ့စဉ်ပြည့်ဆည်းရသော အဓိဋ္ဌာန်တို့အားလုံး အောင်မြင် ပြီးမြောက် ဆောင်ရွက်ပြီးဖြစ်၍ ဘုရားခန်းမှထွက်လာခဲ့ပြီ အံလုပ်စားပွဲမှာ ထိုင်လိုက်ပါသည်။

"ဆရာ အမြန်ချောနဲ့ ပါဆယ်လာခဲ့တာပါ"

ဟု နှစ်လိုဖွယ်စကားဆိုပြီး ဝင်လာသော အမျိုးသားတစ်ယောက်ကို မြင်ရပါသည်။ အပြုံးနှင့်စကားဆိုရင်း လက်ထဲမှလည်း အထုပ်ကြီးတစ်ထုပ်ကို ဆွဲပိုက်ပြီး ကျွန်ုပ်ထံသို့ တန်းတန်းမတ်မတ် ဝင်လာနေပါသည်။

သင်္ကြန်အကြိုနေ့ ဖြစ်ပါသည်။ ၁၃၇၄ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်၊ စနေနေ့ ဖြစ်ပါသည်။ နှစ်သစ်ကူးရုံးပိတ်ရက်မှာ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၂ ရက်၊ သောကြာနေ့မှ စတင်ပြီး ၂၁ ရက် တနင်္ဂနွေနေ့အထိ (၁၀) ရက် ကြာမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့မြို့ ဆက်သွယ်ရေးဌာနစာတိုက်ကြီးမှ မဟာသင်္ကြန်ကာလပြည်သူများ၏ အကြောင်းကိစ္စတို့ ဆက်သွယ်ရေးမပျက်စေရန် တာဝန်ခွဲဝေပေးထားသဖြင့် တာဝန်ကျ စာပို့လုလင်မှ ပစ္စည်းလာပို့ခြင်း ဖြစ်ပါသည်။

ယခုနှစ် မဟာသင်္ကြန်တွင် မြတ်စွာဘုရားရှင်အား အုန်း၊ ငှက်ပျောနှင့် အထူး စီမံအပ်သော ကန်တော့ပွဲလှူရန် ပြင်နေချိန်ပင် ဖြစ်ပါသည်။ ဖောက်သည်ဖြစ်သော ငှက်ပျောသီးဒိုင်မှလည်း ငှက်ပျောသီးကား ယနေ့ညနေမှ ရောက်မှာဖြစ်၍ စောင့်ပေးရန် မေတ္တာရပ်ခံထားသည့်အတွက် ညကျမှ ကန်တော့ပွဲပြင်ပြီး လှူဒါန်းရမှာ ဖြစ်ပါသည်။

တပည့်များနှင့် မိတ်ဆွေများ၏ ဆန္ဒကို လက်ခံခဲ့ရပါသည်။ နှစ်ပေါင်း (၃၀) ကျော် မိမိကိုယ်တိုင် လှူမြဲဖြစ်သော သင်္ကြန်ကန်တော့ပွဲမှာ အများပေါင်းစုပြီး ပြုလုပ်သည့်ပွဲ ဖြစ်ပါတော့သည်။ ဆန္ဒတူကြသည့် သဒ္ဓါကုသိုလ်ရှင်တို့၏ သဒ္ဓါစေတနာပွဲဟုလည်း ပြောလျှင် ဖြစ်နိုင်ပါသည်။

ထိုသင်္ကြန်ပွဲ ကပ်လှူရန် စီမံချိန်ကာလမှာပင် အနီးကပ်ရှိနေကြသော တပည့်များ၏ဆန္ဒအရ ကျွန်ုပ်ကိုယ်တိုင် ဖြတ်သန်းပြီး ဖြည့်ကျင့်ခဲ့သော ပုတီးစိပ်တစ်ခုကို ပေးခဲ့ရပြီဖြစ်၍ ယခုကျင့်စဉ်ပုတီးစိပ်စာစုကို ရေးသားရန် ကြံလာခဲ့ရပါတော့သည်။

**စာရေးသူ**

သင်္ကြန်တွင်းမှာ အာဟာရအဖြစ် မှီဝဲရန် စားဖွယ်မုန့်များ အချိုရည်ပုလင်း၊ ကော်ဖီထုပ်များ လာရောက် ကန်တော့သည့် တပည့် မောင်မောင်စိုး၊ မောင်စောမြင့်သန်းနှင့် မောင်မောင်သိန်းမြင့်တို့ပါ ဆုံတွေ့နေကြပါသည်။ ထိုတပည့်များမှာ တစ်ယောက်က စာစုံသမား၊ တစ်ယောက်က ဓရဏာမှအားရသူ၊ တစ်ယောက်ကတော့ ဂမ္ဘီရဝါသနာကြီးသူ။ သုံးယောက်စလုံး ညီကြတာကတော့ အမေးအမြန်းထူပုံက တစ်ပုံစံတည်းပါ။

သုံးယောက်ပေါင်းတော့ ကျွန်ုပ်ကို ခေါင်းခြောက်အောင်လုပ်ကြပါတော့သည်။ တစ်ယောက်က သင်္ကြန်ဆိုတာကို မေးလေ၏။ တစ်ယောက် လောကီရတနာကို ဘယ်လိုသူများမှထိုက်သလဲဟု ဆိုလေသည်။ တစ်ယောက်ကတော့ ဒီနှစ်သင်္ကြန်မှာ အာဝေဏိကဂုဏ်တော်များကို အထူး ပူဇော်ပြီး ပုတီးစိပ်လိုကြောင်း တောင်းခံကြလေသည်။

ကျွန်ုပ်မှာ တပည့်များ၏ ဆန္ဒကို အောက်ပါအတိုင်း ဖြည့်ဆည်းပေးရပါလေတော့သည်။

"မင်းတို့က တစ်ယောက်တစ်မျိုးနဲ့ သုံးယောက်ပေါင်းတော့ အစုံသိရအောင် တိုင်ပင်ပြီးများလာခဲ့ကြလားကွာ။ ဆရာသိသလောက်တော့ ပြောပြရမှာပေါ့။ ပြည့်စုံအောင်တော့ ဆရာလည်း မပြောနိုင်ဘူးပေါ့၊ ဆရာတို့ရဲ့ ဆရာများ သွန်သင်ဆုံးမ ဩဝါဒစကားများနဲ့ ဆရာကိုယ်တိုင် လျှောက်ခဲ့ရသော ဂန္ဓာရီလမ်းပေါ်ကအတွေ့အကြုံတွေပေါင်းစုပြီး ပြောရတော့မှာပေါ့ကွာ



www.burmeseclassic.com

www.burmeseclassic.com

ပထမ သကြ်န်ကို ပြောမယ်ကွာ။ တို့လောကဝေါဟာရ မာသလို့ ခေါ်ကြတဲ့ တန်ခူးကနေပြီး တပေါင်းလအထိ (၁၂) လ ရှိရာမှာ တနင်္ဂနွေလို့ခေါ်တဲ့ နေမင်းကြီး တစ်လမှာ တစ်ရာသီ တစ်နည်း တစ်လကို တစ်ကြိမ် ကူးပြောင်းမြဲဖြစ်တယ်။ ဘယ်တော့မှ ဖောက်ပြန်လေ့မရှိဘူးကွ။ တစ်ရာသီ ဟစ်လကို တစ်ကြိမ်ကျ တနင်္ဂနွေအကူးအပြောင်းဖြစ်တဲ့ရက်မှာ အတာတစ်ကြိမ်ကျတယ်လို့ ဆိုတယ်ကွာ။ ဒါကြောင့်လည်း သကြ်န်ကို (၁၂) ပါးလို့ ပြောဆိုခဲ့ကြတာ ဖြစ်တယ်။

သကြ်န်ငယ်လို့လည်း ခေါ်ကြပြန်တယ်ကွယ့်။ ကောဇာနှစ်တစ်နှစ်မှ နောက်တစ်နှစ်အကူးဖြစ်တော့မယ့် ကာလကို ပြောရရင်ပေါ့ကွာ။ တပေါင်းလမိန်ရာသီကနေပြီး တနင်္ဂနွေဟာ မိဿရာသီ တန်ခူးလကိုလည်း ကူးတဲ့အချိန်အခါသမကို အတာငယ် (၁၂) ပါးရဲ့ အကြီးအမြတ်၊ နှစ်ရာသီကူးပြောင်းတော့မှာဖြစ်လို့ မဟာသကြ်န်လို့ခေါ် ဆိုကြတာဖြစ်တယ်။

နောက်တစ်မျိုးက ရှိသေးတယ်။ ဘာလဲဆိုတော့ သကြ်န် (၁၂) ပါးကိုပဲ ဝေဒပညာ၊ နက္ခတ်ပညာ၊ သင်္ချာပညာ ဘယ်လိုပညာနဲ့ ပြောပြောပေါ့ကွာ။ တွက်ချက်ရတဲ့ သကြ်န်တွေကိုလည်း အမည်နာမတပ်ပြီး ခေါ် ဆိုကြပြန်တယ်ကွ။

ထိုသကြ်န်တွေကို -

* ဇေယျသကြ်န်
* ဝိသာခါသကြ်န်
* ဇေဋ္ဌသကြ်န်
* အဿဋ္ဌိသကြ်န်
* သရဝဏ်သကြ်န်
* အဒြသကြ်န်
* အာသာဃုဇ္ဇသကြ်န်
* ကြတ္တိကာသကြ်န်
* မိဂသီသကြ်န်
* ဖုဿျသကြ်န်
* မာဃသကြ်န်
* ဖဂ္ဂုဏသကြ်န်

ဆိုပြီး သကြ်န်ကို (၁၂) မျိုး (၁၂) ပါး ခွဲထားသေးတယ်ကွ။

အခုနှစ်သကြ်န်ကို **အဿဋ္ဌိသကြ်န်** လို့ ခေါ်တယ်ကွ။ မဟာသကြ်န်မှာ အကျရက်၊ အကြတ်ရက်၊ အတက်ရက် ဆိုပြီး (၃) ရက်ပဲရှိတယ်။ တစ်မူထူးနေတာကတော့ တနင်္ဂနွေနေ့မှ သကြ်န်ကျနေပြီ အင်္ဂါနေ့မှ သကြ်န်တက်နေတာမို့ပါ။ အခုအဿဋ္ဌိသကြ်န်ဟာ တကယ်ထူးတယ်လို့ ဆိုရမှာပါ။

နောက်ထပ် အမေးတစ်ခုဖြစ်တဲ့ 'လောကီရတနာကို ဘယ်လိုပုဂ္ဂိုလ်များမှ ထိုက်သလဲ' ဆိုတဲ့အမေးကို ပြောပြရရင်ကွာ ရှားပါးသွားလို့ လူသိအတော်နည်းသွားပြီဖြစ်တဲ့ **ဂူဠတ္ထဒီပနီ ဘယ သုခိတ ဩဃသ** ဆေးကျမ်းမှာလာတဲ့ လောကီရတနာဖြစ်တဲ့ရွှေကို အောက်ပါအတိုင်း (၈) မျိုး ပြောထားခဲ့တယ်ကွ။

* ဇမ္ဗူနဒရွှေ
* သိင်္ဂီရွှေ
* စာမရီရွှေ
* ဟိရညရွှေ
* မရိနရရွှေ
* အညမတ္တကရွှေ
* နာလာရီရွှေ
* နာသိမုတ္တရွှေ

လို့ ပြဆိုထားတယ်ကွ။

မြတ်စွာဘုရားပွင့်တော်မမူမီ ရှေးပဝေသဏီကာလများက လောကီ(၇)ပါး ဆိုပြီး ပြထားသေးတယ်။ လောကီရတနာ (၁၀) ပါးလို့လည်း ပြသေးတယ်။ အဌကထာဖြစ်တဲ့ **ဥဒါန်းမုဖလီနှတ်**မှာဆိုလျှင် လောကီရတနာ(၂၄)ပါးလို့ ဖွင့်ဆိုပြထားသေးတာ တွေ့ရတယ်ကွ။

နောက်**သုတ်မဟာဝဂ်၊ မဟာပဒါနသုတ်**မှာ -

ဓိတတ္တိကတံ - လေးလေးမြတ်မြတ်ဝတ်ဆင်အပ်၏။

မဟဂ္ဃံ - တန်ဖိုးကြီးမြင့်စွာ ထိုက်၏။

အတုလ - အတုပြုလုပ်၍မရနိုင်၊ ခက်ခဲ၏။

ဒုလ္လဒဿနံ - တွေ့နိုင်မြင်နိုင်ဖို့ ခဲယဉ်း၏။

လို့ ဆိုထားသလို -

အနေမသတ္တပရိဘောဂ- အထက်တန်းစားပုဂ္ဂိုလ်တို့သာလျှင် ဝတ်ဆင်နိုင်ကြကုန်၏

ဟု ပြဆိုထားပြန်ပါသည် -

လို့ ရွှေ အစရှိတဲ့ တွင်းထွက်ရတနာပစ္စည်းများကို ရှင်းထားတယ်။

အခုဆက်ပြီးတော့ အကျင့်စရဏအဖြစ် ပုတီးစိပ်ကို ဆက်ပြောပါမယ်။ လောကီရတနာတို့ထက် ပို၍သာ၍လွန်ကဲစွာ မြင့်သော့မြတ်သော သုံးလောကသခင်ရွှေဘုန်းတော်အရှင်မြတ်ကြီးရဲ့ အာဝေဏိကမဓမ္မဂုဏ်တော်များမှ ကိုး[illegible] သော ဂုဏ်တော်ကို အထူးထူးစိမ်[illegible] ကြည်ညိုလို့မဆုံးနိုင်၊ ကြည်ညိုလို့မကု[illegible] နိုင်အောင် ကြည်ညိုရတဲ့ ဂုဏ်တော်[illegible] စကြာပုတီးစိပ်ကို ပြောမှာဖြစ်ပါတယ်။

သေသေချာချာ အာရုံစိုက်[illegible] နားထောင်ကြပါလို့ ဆရာသတိပေး[illegible] တယ်။ မင်းတို့သိထားပြီးဖြစ်တဲ့ မြတ်[illegible] ဘုရားရှင်နဲ့သာ သက်ဆိုင်တဲ့ ဂုဏ်တော်[illegible] ကိုးပါးမှာ -

* အရဟံ
* သမ္မာသမ္ဗုဒ္ဓေါ
* ဝိဇ္ဇာစရဏသမ္ပန္နော
* သုဂတော
* လောကဝိဒူ
* အနုတ္တရော ပုရိသ ဒမ္မသာ[illegible] ရထိ
* သတ္ထာဒေဝမနုဿာနံ
* ဗုဒ္ဓေါ
* ဘဂဝါ

ကို မင်းတို့လည်း သိပြီးဖြစ်သ[illegible] ယုံကြည်သဒ္ဓါအားကြီးကြပါတယ်။

အဲဒီဂုဏ်တော်(၉)ပါးကိုပဲ စ[illegible] ရတနာ တပ်ဆင်လိုက်သကဲ့သို့ ဂု[illegible] တော်စကြာကို အောက်မှာ ဖော်ပြ[illegible] တဲ့အတိုင်း ကြည်ညိုနိုင်မှာဖြစ်ပါတယ်။

## ဂုဏ်တော်စကြာ

၁။ အရဟံ သုဂတော သတ္ထာဒေ[illegible] မနုဿာနံ အရဟံ။

၂။ သမ္မာသမ္ဗုဒ္ဓေါ လောကဝိဒူ ဗု[illegible] သမ္မာသမ္ဗုဒ္ဓေါ။

၃။ ဝိဇ္ဇာစရဏသမ္ပန္နော အနုတ္တ[illegible] ပုရိသ ဒမ္မသာရထိ ဘဂဝါ ဝိ[illegible] စရဏသမ္ပန္နော။

၄။ သုဂတော သတ္ထာဒေဝမနုဿ[illegible] အရဟံ သုဂတော။

၅။ လောကဝိဒူ ဗုဒ္ဓေါ သမ္မာသ[illegible] ဒ္ဓေါ လောကဝိဒူ။

၆။ အနုတ္တရော ပုရိသ ဒမ္မသာ[illegible] ဘဂဝါ ဝိဇ္ဇာစရဏသမ္ပန္နော [illegible] တ္တရောပုရိသ ဒမ္မသာရထိ။

၇။ သတ္ထာဒေဝမနုဿာနံ အ[illegible] သုဂတော သတ္ထာဒေဝမနုဿ[illegible]

၈။ ဗုဒ္ဓေါ သမ္မာသမ္ဗုဒ္ဓေါ လော[illegible] ဝိဒူ ဗုဒ္ဓေါ။

၉။ ဘဂဝါ ဝိဇ္ဇာစရဏ သ[illegible] အနုတ္တရောပုရိသ ဒမ္မသာ[illegible] ဘဂဝါ။

တို့ပဲ ဖြစ်တယ်။ ဂုဏ်တော်[illegible]



www.burmeseclassic.com

www.burmeseclassic.com

ကို့လည်း ခေါ်နိုင်ပါတယ်။

စကြာဂုဏ်တော်ဖြစ်စဉ်ကို ပြောပြပါစေလို့ မည်သို့မည်ပုံ ပုတီးစိပ်ရမယ်၊ အဓိဋ္ဌာန်ကာလ ဘယ်ရွေ့ဘယ်မျှ သတ်မှတ်ရမယ်တို့ကို သိဖို့လိုလာပြီ ဖြစ်တယ်။ သေချာမှတ်ထားကြပါ။

အခု ဂုဏ်တော်စကြာပုတီးစိပ်ရဲ့ စွမ်းအင်ဟာ လွန်စွာ ထုထည်ကြီးမားခြင်း စွမ်းအင်မြင့်ခြင်းတို့နဲ့ ပြည့်စုံတဲ့အတွက် ထင်ရှားတဲ့ဥပမာတို့နဲ့ ပြောချင်ပါတယ်။

* သာသနာတော်ကြီး (ထေရဝါဒဗုဒ္ဓဘာသာ)တွင် အံ့ဖွယ်ရှစ်ပါးနှင့် ပြည့်စုံ၏။

* ယခု ကိုးကွယ်နေကြရသော ထေရဝါဒသာသနာတော်၏ သာသနာ့ သက်တမ်းကိုထမ်းခြင်းအနေဖြင့် ဓမ္မခန္ဓာပေါင်း (၈၄၀၀၀) ကို သင်ယူပြီး ထိန်းခဲ့သော အရှင်အာနန္ဒာ အရှင်သူမြတ်ကြီး ရရှိသည့် (မြတ်စွာဘုရားရှင် ခွင့်ပြုတော်မူခဲ့ပြီးသော) ပယ်လေးပါးနှင့် ခံလေးပါး ပေါင်း အင်္ဂါရှစ်ပါးကဲ့သို့ဖြစ်ခြင်း။

စသည့် အကြောင်းကောင်းတို့နဲ့ အသီ မင်းတို့လည်း ပုတီးစိပ်ကို ကာလ အဓိဋ္ဌာန်သတ်မှတ်ပြီး ဆောင်ရွက်ကြခြင်းဖြင့် အထူးထူးသော သိဒ္ဓိဖြစ်တဲ့ တန်ခိုးဝေဆာနေမှာဖြစ်သလို လာဘ်မိုးကြီးလည်းရွာစေမှာဖြစ်တဲ့အပြင် ပုတီးစိပ်အဓိဋ္ဌာန်အောင်မြင်တဲ့သူ (အဓိဋ္ဌာန်အကျိုးမပေါက်၊ မပြောက်မကျား၊ ခိုင်မာပြည့်စုံသူ) ဟာ မိမိစိတ်ဆန္ဒမှ အလိုရှိတဲ့ အကြောင်းကိစ္စ (၄) မျိုးကို မုခ အလိုဆောင်ရမှာဖြစ်တယ်။

နောက်တစ်မျိုးက မိမိမနှစ်သက်ခံယူလိုသော (လက်မခံလိုသော) အကြောင်းကိစ္စလေးမျိုးကိုလည်း မတွေ့ရ၊ မကြုံရ၊ မခံစားရခြင်း စတဲ့အကြောင်းအင်္ဂါရှစ်ပါးတို့ကိုပါ မုချရရှိနိုင်ကြမှာဖြစ်တယ်။

အဓိဋ္ဌာန်ဝင်ရန်အတွက် စည်းကမ်းသတ်မှတ်ထားတဲ့ စံများကတော့-

၁။ အဓိဋ္ဌာန်ကာလနှင့်ရက်ရွေးချယ်ခြင်း။
၂။ အဓိဋ္ဌာန်ကာလဆောင်ရွက်ခြင်းများ။
၃။ အဓိဋ္ဌာန်ပုတီးစိပ်ရပုံ။
၄။ ဆုတောင်း၊ မေတ္တာပို့၊ ကုသိုလ်အမျှပေးခြင်း၊
၅။ သရဏဲချခြင်း၊
၆။ အရပ်ဌာနပြန်ပို့ခြင်း -

စတာတွေကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။

* အဓိဋ္ဌာန်စတင်ရန် ရက်ရွေးရာမှာ (ကောင်းမှုကိစ္စကို ဆောင်ရွက်တာဖြစ်လို့ သိန္ဓောမြင်းအဟုန်ကဲ့သို့ မြန်အောင် ဆောင်ရွက်ရန်) မိမိရဲ့မွေးနေ့မှာ စပါ။ သို့မဟုတ် ရက်ကောင်းတစ်ရက်မှာ စတင်ပါ။

* အဓိဋ္ဌာန်ကာလသတ်မှတ်ရာမှာ -

၁။ တစ်ဝါရကို (၉) ရက် သတ်မှတ်ရပါမည်။

၂။ ဝါရငယ်သုံးဝါရ သတ်မှတ်ရမှာဖြစ်လို့ (၂၇) ရက်ကာလ ကြာမြင့်မှာဖြစ်ပါတယ်။

* ကနဦးပင်ဖိတ်ရန် -

က။ မိမိ၏ ပါရမီဖြည့်ဖက်များ၊
ခ။ စတုလောကပါလ နတ်မင်းကြီးများ၊ သာသနာတော်စောင့်နတ်မင်းကြီးများ။

* ဒါနမှုအတွက် -

၁။ ပန်း၊ ရေချမ်း
၂။ နံ့သာတိုင်၊ အလင်းတိုင်

* ကန်တော့ခြင်းနှင့် သီလခံယူခြင်း -

ဘုရားကန်တော့ခြင်း၊ သီလခံယူခြင်း (မိမိနိုင်နင်းစွာထိန်းနိုင်သောသီလကို ထိန်းပါ။)

* သစ္စာပြု ဆုတောင်း၊ မေတ္တာပို့၊ ကုသိုလ်အမျှပေးပါ။

* ဂုဏ်တော်စကြာပုတီးစိပ်ပါ။

၁။ ဂုဏ်စကြာ အရဟံကို ရွတ်ဖတ်ပူဇော်ပြီး ပုတီးတစ်လုံးချနစ်ဖြင့် (၁၀၈) လုံး ဂုဏ်တော် ပုတီးတစ်ပတ်စိပ်ပါရန်။

၂။ ဂုဏ်တော် ဘဂဝါ စကြာအထိ စိပ်ရမည်ဖြစ်၍ တစ်နေ့တွင် ပုတီး (၉) စိပ်ရန်။

**အထူးမှတ်သားရန် -**

ပုတီးစိပ်နေစဉ်မှာ -
* စိတ်ကို ပျံ့လွင့်ခြင်းမရှိအောင် သတိအမြဲရှိပါစေ။
* အတိတ်ကိုမပြန်ရ။
* အနာဂတ်ကိုကြိုမသွားရ။
* ပစ္စုပ္ပန် ကျင့်ဆဲ၊ ပုတီးစိပ်ဆဲ ကာလကို လွင့်ပါးခြင်းမရှိအောင် သတိမြဲနေရန်။

ထပ်မံပြီး -

သစ္စာပြု ဆုတောင်းပါ။ ဝေနေယျများစွာတို့အားလုံးကို မေတ္တာပို့သပါ။ ကုသိုလ်အမျှပေးဝေပါ။

* ဖိတ်ထားခဲ့သော ပုဂ္ဂိုလ်အားလုံးကို နေရပ်ဌာနသို့ ပြန်လည်ပေးပို့ပါ။

* အကြံပြုချက် - အထူးသတိပြုပါ။

နေ့စဉ် ပြုမြဲကိစ္စနှင့် အဓိဋ္ဌာန်တို့ ပြီး၍ နောက်ဆုံး သစ္စာတိုင် ဆုတောင်း၊ မေတ္တာပို့သမှုမပြုမီ အချိန်ကလေးတွင် ဦးစွာ * သရဏဲချပေးလိုက်ပါ။

သရဏဲချပုံနမူနာကတော့ -

ကျွန်ုပ်မှ ကာယကံ၊ ဝစီကံ၊ မနောကံဟူသော ကံသုံးပါးတို့ဖြင့် ပြစ်မှားမိခဲ့ဖူးသောပုဂ္ဂိုလ်များရှိပါက ခွင့်လွှတ်ကြပါကုန်လို့ (၃) ကြိမ်တိုင်အောင်ပြောပါ၊ သရဏဲချပါ။

ကျွန်ုပ်ကိုယ်အားလည်း ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ပြစ်မှားကျူးလွန်မိခဲ့ကြသောပုဂ္ဂိုလ်များ ရှိနေပါက ကျွန်ုပ်မှခွင့်လွှတ်ပါ၏၊ ခွင့်လွှတ်ပါ၏လို့ (၃)ကြိမ်တိုင်အောင် မေတ္တာအပြည့်အဝဖြင့် ခွင့်လွှတ်ပေးရန်။

(ယခုပုတီးစိပ်အဓိဋ္ဌာန်တွင် အရေးကြီးသောကဏ္ဍ၌ ပါဝင်နေ၍ မေ့လျော့ခြင်းမရှိအောင် အမြဲသတိရှိနေရပါမည် - စာရေးသူ)

အဓိဋ္ဌာန်အောင်မြင်ပြီးမြောက်သူဟာ တန်ခိုးဝေဖြာဆိုထားသည့်အတိုင်း ဩဇာအာဏာကြီးခြင်း၊ ရာထူးတိုးခြင်း၊ ကောင်းမှုကိစ္စတိုင်း အောင်မြင်း၊ ဆင်းရဲဒုက္ခတို့ ချုပ်ငြိမ်းခြင်းတို့ဖြစ်ပြီး လူချစ်၊ နတ်ခင်ကြပြီး အရပ်ရှစ်မျက်နှာမှ လာဘ်တကာတို့ ဝင်လာမစဲ လာဘ်မိုးကြီးရွာစွေနေမှာ ဖြစ်ပါတော့တယ်"

ဟု တပည့်များကို ပြောပြလိုက်ပါသည်။

ဝါသနာတူက ယူနိုင်ကြစေရန်အတွက် ညီငယ်၊ ညီမငယ်များအတွက် မေတ္တာသက်ပြီး ရေးသားလိုက်ခြင်း ဖြစ်ပါသည်။

*ပညာတိုးပွား၍*
*အကျိုးများကြပါစေ*

ဘုန်းခေါင်

**ကိုးကား -**

သုတ်မဟာဝဂ်၊ မဟာပဒါနသုတ်၊
ဏ္ဍတ္တိဘယသုခိတဩသဓဆေးကျမ်း



www.burmeseclassic.com

www.burmeseclassic.com


မြန်မာ့ရိုးရာ နတ်ယုံကြည်မှုဓလေ့ ဆောင်းပါးကို ယခင်က သိဒ္ဓိမိုးမဂ္ဂဇင်းတွင် အခန်းဆက်ဆောင်းပါးအဖြစ် ဆရာဦးသန်းဆွေ(ထားဝယ်)မှ လစဉ်ဆိုသလို ဆက် တိုက်ရေးသားလာခဲ့ရာ သိဒ္ဓိမိုးမဂ္ဂဇင်းထုတ်ဝေမှု ရပ်လိုက်သည့်အချိန်တွင် ခဏတာ စာဖတ်သူတို့နှင့် ဝေးခဲ့ရပါသည်။ သူရဇ္ဇမဂ္ဂဇင်းတွင် ဆရာကြီးရေးသားနေသည့် ဆင်ဖြူတော်ဆောင်းပါး ပြီးဆုံးချိန်တွင် မြန်မာ့ရိုးရာနတ်ယုံကြည်မှုဓလေ့ ဆောင်းပါး ကို ဆက်လက်ရေးသားပေးပါရန် မေတ္တာရပ်ခံခဲ့ပါသဖြင့် ဖော်ပြခွင့်ပေးခဲ့သော ဆရာကြီးအား ကျေးဇူးတင်ရှိပါကြောင်းနှင့် စာဖတ်သူများမှလည်း အားရကျေနပ် လိမ့်မည်ဟု ထင်မြင်ယူဆပါကြောင်း ။

စာတည်းချုပ်

## မြန်မာ့ရိုးရာနတ်ယုံကြည်မှုဓလေ့

# ကိုးမြို့ရှင်နှင့်ပုလဲယဉ်

### မောင်သန်းဆွေ(ထားဝယ်)



ကိုးမြို့ရှင်နှင့်ပုလဲယဉ် နောင်တော်၊ နှမတော် နတ်နှစ်ပါးသည် အပြင် (၃၇) မင်း နတ်စာရင်းဝင် မဟုတ်ပေ။ ဝန်း (၃၇) မင်း နတ်စာရင်းဝင်သာ ဖြစ်သည်။ သို့သော် နတ်ကနားများတွင် သီးခြားပွဲနှင့် စားတော်စာများ ဆက်၍ ချော့ရသည်။

ကိုးမြို့ရှင်နှင့်ပုလဲယဉ်တို့၏ နတ်ဖြစ်စဉ်မှာ ပခန်းဦးမင်းကျော်နတ် ဖြစ်စဉ်နှင့် ယှဉ်တွဲ၍ပါဝင်နေသည်။ နတ်ဖြစ်စဉ်များ၌ များသောအားဖြင့် နတ်များသည် ဆွေစုမျိုးစုအလိုက်၊ အုပ်စုအလိုက်ရှိကြသည်။ ဥပမာ- အိမ်တွင်းမင်းမဟာဂီရိနတ်မိသားစု၊ တောင်ပြုန်းမင်းနှစ်ပါးနတ်မိသားစု၊ အလုံဘိုးတော်ကြီးနတ်မိသားစု စသည်ဖြင့် ဖြစ်၏။

ကိုးမြို့ရှင်နှင့်ပုလဲယဉ်တို့၏ နတ်ဖြစ်စဉ်မှာလည်း ပခန်းဦးမင်းကျော်နတ်ဖြစ်စဉ်တွင် ယှဉ်တွဲ၍ ပါဝင်နေသည်။ ပခန်းဦးမင်းကျော် နတ်ဖြစ်စဉ်သည် မူကွဲအမျိုးမျိုးရှိသည်။ (၄)မူမျှရှိ၏။ အချို့က (၅) မူ ပြပါသည်။

**ပထမမူ**

ပထမမူတွင် ပခန်းဦးမင်းကျော်သည် ပန်းတောင်းပြည့်ရှင် မင်းစည်သူနှင့် မိဖုရားကြီး ကူနီဒေဝီတို့လက်ထက် ဗိုလ်မှူးတစ်ဦး ဖြစ်သည်။ ထိုမူ၌ ကိုးမြို့ရှင်နှင့်ပုလဲယဉ်တို့ ပါ,ပါသည်။

**ဒုတိယမူ**

ဒုတိယမူတွင် ပခန်းဦးမင်းကျော်သည် ပုဂံပြည့်ရှင် သိန်းခွန်မင်း၏ မြောက်နန်းမိဖုရားကြီးမှ သားတော် စည်သူနှင့်ကျော်စွာဟု ရှိရာမှ သားတော်အငယ် ကျော်စွာသည် ပခန်းဦးမင်းကျော် ဖြစ်သည်ဟု ဆိုထားသည်။ ထိုမူတွင် ကိုးမြို့ရှင်နှင့်ပုလဲယဉ်တို့ မပါ,ပါ။

**တတိယမူ**

တတိယမူတွင် အင်းဝဘုရင်မင်းခေါင်၏သား မင်းရဲကျော်စွာသည် ... ခန်းမြို့ (ပခန်းမြို့) ကို စားရသဖြင့် မင်း... ကျော်စွာ နတ်ဖြစ်သွား၍ ပခန်းဦးမင်း... ကျော်နတ် ဖြစ်လာသည်ဟု ဆိုထား... သည်။ ထိုမူ၌လည်း ကိုးမြို့ရှင်နှင့်ပု... ယဉ်တို့ မပါ,ပါ။

**စတုတ္ထမူ**

စတုတ္ထမူကွဲတွင် ပခန်းဦးမင်း... ကျော်ကို အလောင်းစည်သူ၏အမတ်... တစ်ဦး၌ သား (၄) ယောက်ရှိရာမှ အ... ငယ်ဆုံးသား ကျော်စွာ ဖြစ်သည်ဟု ဆို... ထားသည်။ ထိုမူတွင်လည်း ကိုးမြို့...



www.burmeseclassic.com

www.burmeseclassic.com



နှင့်ပုလဲယဉ်တို့ မပါ,ပါ။

ထိုနတ်သမိုင်း (၄)မူတွင် ပထမမူဦးသာ ကိုးမြို့ရှင်နှင့်ပုလဲယဉ်တို့ပါ၍ ထိုပထမမူကိုသာယူလျှင် ထိုမူအရ ပခန်းဦးမင်းကျော်၏မျိုးဆက်၊ ပတ်သက်ရာပတ်သက်ကြောင်း နတ်များတွင်-

၁။ မင်းလှစည်သူ
(ပန်းတောင်းပြည့်ရှင်)
၂။ ကူနီဒေဝီ
(၎င်း၏မိဖုရားကြီး)
၃။ ကိုးမြို့ရှင်
(သားတော်အိမ်ရှေ့မင်းသား)
၄။ ပုလဲယဉ်
(သမီးတော်ပင်တိုင်စံ)
၅။ ခွန်ချို
၆။ ခွန်သာ
(ကိုးမြို့ရှင်နှင့်ပုလဲယဉ်တို့၏ မွေးစားသား ရှမ်းမင်းသားနှစ်ပါး)
၇။ မောင်မောင်လတ်
(ပုလဲယဉ်၏ခင်ပွန်း)
၈။ သဲသဲလေး
(မောင်မောင်လတ်နှင့် ပုလဲယဉ်တို့၏သမီး)
၉။ မင်းကျော်စွာ
(ပခန်းဦးမင်းကျော်)
၁၀။ ဦးညို (အဘညို)
(ဦးမင်းကျော်၏အိမ်တော်ဝန်)

ထိုမူတွင် မင်းကျော်စွာ (ပခန်းဦးမင်းကျော်) ၏နောင်တော် မင်းစည်သူ မပါပေ။ မင်းစည်သူမှာ အပြင် (၃၇) မင်း နတ်စာရင်းဝင် နတ်တစ်ပါးဖြစ်၍ ပယ်ဖျောက်မရပေ။ သို့ကြောင့် ဒုတိယမူဖြစ်သော ပုဂံပြည့်ရှင် သိန်းခွန်မင်း၏ မြောက်နန်းမိဖုရားကြီးမှ သားတော် စည်သူနှင့် ကျော်စွာတို့ဖွားသည် ဆိုသောမူကိုလည်း ပစ်ပယ်မရပေ။ ထို့ကြောင့် ပထမမူနှင့် ဒုတိယမူတို့ကို ရောသမမွှေ၍ ကိုးမြို့ရှင်နှင့်ပုလဲယဉ်နတ်သမိုင်းကို ဖော်ပြလိုက်ရပါသည်။

ပန်းတောင်းပြည်ကို အစိုးရသော မင်းလှစည်သူနှင့် မိဖုရားကြီး ကူနီဒေဝီ တို့တွင် သားတော်အိမ်ရှေ့မင်းသား ကိုးမြို့ရှင်နှင့် သမီးတော် ပုလဲယဉ် ဟူ၍ ရှိပါသည်။ ထိုမင်းတွင် ယုံကြည်အားထားရသော အထိန်းတော်ကြီး ဗလကျော်ထင် ဟူ၍လည်း ရှိသည်။ ဗလကျော်ထင် ကွယ်လွန်သောအခါ ကျန်ရစ်သော သူ၏သား မြင်းစီးကောင်း ဗိုလ်မှူးကျော်စွာကို ဆက်လက်မြှောက်စားချီးမြှင့်ခဲ့သည်။

ဗိုလ်မှူးကျော်စွာကို မင်းကျော်စွာ ဟုလည်းခေါ်ကြသည်။ သူသည် ဘုရင်က မြှောက်စားသည်နှင့်အမျှ အောက်ခြေလွတ်ကာ ဦးညိုဆိုသူ အရက်သမား ငယ်ကျွန်ရင်းကို အိမ်တော်ဝန်ခန့်၍ အ

www.burmeseclassic.com

www.burmeseclassic.com

သောက်အစား၊ အလောင်းအစား၊ မိန်းမများနှင့်သာ အချိန်ကုန်နေတော့သည်။

ပန်းတောင်းပြည့်ရှင် ရာဇမဟာမိတ် မိုင်းပြင်းစော်ဘွား စောခွန်ကြည်ကို ကျိုင်းတောင်းစော်ဘွား စောသီဟက လာတိုက်သောကြောင့် စောခွန်ကြည်က ပန်းတောင်းပြည့်ရှင်ထံ စစ်ကူတောင်းသည်။ စစ်သည်ဗိုလ်ပါ အလုံးအရင်းနှင့် သားတော်ကိုးမြို့ရှင်ကို မင်းကျော်စွာနှင့် အတူကွပ်ကဲအုပ်ချုပ်စေလျက် ရှမ်းပြည်နယ်သို့ စစ်ကူလွှတ်လိုက်လေသည်။ မိုင်းပြင်းစော်ဘွား စောခွန်ကြည်မှာ ကျိုင်းတောင်းစော်ဘွားလက်ချက်ဖြင့် အသက်ဆုံးရှုံးခဲ့ပြီဖြစ်သည်ကို ကိုးမြို့ရှင်နှင့် မင်းကျော်စွာတို့ ရောက်သွားသောအခါ သိရလေတော့သည်။ သို့ဖြစ်၍ မိုးပြင်းနယ်ကို မှူးမတ်များနှင့်ယာယီအုပ်ချုပ်စေရန် လွှဲအပ်လျက် စောခွန်ကြည်၏ ကျန်ရစ်သော သားတော်ငယ်လေးများဖြစ်သည့် ခွန်ချိုနှင့်ခွန်သာတို့ကို နေပြည်တော်သို့ ခေါ်ခဲ့လေသည်။

ပန်းတောင်းပြည့်ရှင်မင်းကြီးအား အကြောင်းစုံလျှောက်တင်လေလျှင် ခွန်ချိုနှင့်ခွန်သာညီအစ်ကိုကို ကိုးမြို့ရှင်နှင့် မင်းကျော်စွာတို့အား တစ်ယောက်စီခွဲ၍ ကြီးပြင်းအောင် မွေးမြူစေရန် ကြံသော်လည်း မင်းကျော်စွာ၏စရိုက်ကို မကြိုက်သောကြောင့် သားတော်ကိုးမြို့ရှင်နှင့် သမီးတော်ပုလဲယဉ်တို့အား တစ်ယောက်စီခွဲ၍ မွေးစားကြရန် စီမံတော်မူသည်။ ထိုသည်ကို မင်းကျော်စွာသိ၍ မကျေနပ်ပါ။

ခွန်ချို၊ ခွန်သာတို့ အရွယ်ရောက်လာသောအခါ မိုင်းပြင်းနယ်ကိုပြန်၍ အုပ်ချုပ်စေရန်စီမံနေခိုက် မင်းကျော်စွာသည် ထိုရှမ်းညီနောင်နှစ်ပါးအား သူတို့နယ်၌ သူပုန်သူကန်တို့ ထကြွသောင်းကျန်းနေ၍ နှိမ်နင်းရန် ဥပါယ်တံမျဉ်ဖြင့် စေလွှတ်လိုက်သည်။ ပန်းတောင်းပြည့်ရှင်မင်းကြီးကလည်း မင်းကျော်စွာပြောသည့်အတိုင်း ယုံကြည်၍ သဘောတူတော်မူလိုက်သည်။

ခွန်ချို၊ ခွန်သာတို့ ၎င်းတို့နယ်သို့ ရောက်သောအခါ သူပုန်သူကန်များကို မတွေ့ရဘဲ နယ်မြေအေးချမ်းနေသည်ကို တွေ့ရသောကြောင့် သံတော်ဦးတင်ရာ ထိုနယ်တွင် (၃) နှစ်အုပ်ချုပ်နေရန် စေသည်။

ခွန်ချို၊ ခွန်သာတို့ မရှိခိုက် မင်းကျော်စွာသည် သူ၏ဘက်တော်သားများနှင့်အတူ ထီးနန်းကို သိမ်းပိုက်၍ ဘုရင်နှင့် မိဖုရားကြီးတို့အား လုပ်ကြံလိုက်သည်။ ကိုးမြို့ရှင်နှင့်ပုလဲယဉ်တို့ မောင်တော် နှမတော်မှာ နေပြည်တော်မှထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ သူတို့၏ခမည်းတော် လူယုံ၊ ကျောက်ထပ်ရွာ သူဌေး ဦးသာမြတ်အိမ်သို့ ရောက်ရှိကြပြီး မထင်မရှား နေထိုင်ခဲ့ကြသည်။

ကိုးမြို့ရှင်သည် နှမတော်ပုလဲယဉ်ကို သူဌေးကြီးထံ ယုံကြည်စွာအပ်နှံခဲ့၍ မွေးစားသား ခွန်ချို၊ ခွန်သာတို့ကို စုံစမ်းရန် ထွက်ခဲ့သည်။ ပုလဲယဉ်သည် နောင်တော်မရှိခိုက် သူဌေးဦးသာမြတ်၏သားမောင်မောင်လတ်နှင့် နီးစပ်၍ ချစ်ကြိုးသွယ်ပြီး ပေါင်းသင်းခဲ့ကြသည်။ သမီး 'သဲသဲလေး' ဆိုသူပင် မွေးဖွားခဲ့လေသည်။

ခွန်ချိုနှင့်ခွန်သာတို့သည် (၃)နှစ်ပြည့်၍ နေပြည်တော်သို့ ပြန်လာကြသည်။ နေပြည်တော်မှ ဖြစ်ရပ်အစုံကို သိကြရသည်။ မင်းကျော်စွာထံတွင် ခစားဝင်ပြီးနေလိုက်သည်။ စိတ်တွင်မူ မကျေနပ်ကြချေ။ မင်းကျော်စွာက သူတို့ညီနောင်ကို အထူးအရေးပေးသည်။ ပန်းတောင်းနေပြည်တော်ကို မလွှဲသာ၍ သိမ်းပိုက်ရကြောင်း၊ တစ်နေ့တွင် သူတို့ညီအစ်ကိုအား လွှဲပေးမည်ဟု လှည့်ဖြားပြောဆိုထား၏။ မင်းကျော်စွာစီရင်သည့် သစ္စာရေကိုလည်း သောက်ကြရ၏။

တစ်နေ့တွင် မင်းကျော်စွာသည် ကိုးမြို့ရှင်က ပန်းတောင်းနေပြည်တော်ကို ထိပါးနှောင့်ယှက်လာဖွယ်ရှိ၍ တွေ့အောင်ရှာပြီး ဦးခေါင်းဖြတ်ကာ ဆက်သ,ရမည် ဆိုသည်။ ရှမ်းညီနောင်သည် သူတို့၏မွေးစားဖခင် ကိုးမြို့ရှင်နှင့်တွေ့ကြရသည်။ ကိုးမြို့ရှင်ပြောပြသည်များကိုသိကြရသဖြင့် မင်းကျော်စွာ၏အကြံကိုသိကြရသည်။ သူတို့အား ကိုးမြို့ရှင်၏ဦးခေါင်းကိုဖြတ်ရန် စေခိုင်းပိုက်


ကိုးမြို့ရှင်ဘိုးဘိုးကြီး


ပုလဲယဉ်



www.burmeseclassic.com


www.burmeseclassic.com

သည်၊ သို့သော် မဖြတ်ရက်ပါဟု ပြောကြသည်။ ကိုးမြို့ရှင်က သစ္စာအဓိဋ္ဌာန်ပြု၍ သူ့ဦးခေါင်းကို ကိုယ်တိုင်ဖြတ်ကာ မင်းသီနောင်အား ပေးလိုက်သည်။ ကိုးမြို့ရှင်သည် အယူတိမ်း၍ နတ်စိမ်း ဖြစ်သွားသည်။ နှမတော်ပုလဲယဉ်ကို သွားကြည့်ရာ အိမ်ထောင်ရှင်ဘဝနှင့် သမီးလေးတစ်ယောက်ပင်ရနေသည်ကို သိရ၍ စိတ်ဆိုးလေသည်။ ထို့ကြောင့် လိပ်ပြာနှုတ်၍ နတ်ဘဝသို့ ခေါ်သွား၏။ ပုလဲယဉ်လည်း နတ်ဖြစ်သောအခါ သမီးလေးကိုမခွဲနိုင်သဖြင့် ကြောင်တစ်ကောင်အသွင် ဖန်ဆင်းပြီး သမီးလေးအိပ်နေသည့်ပုခက်အတွင်း ခုန်ဆင်းလိုက်ရာ သမီးလေးသည် လန့်ဖျပ်၍ သေဆုံးကာ နတ်ဖြစ်သွားသည်။ ခင်ပွန်းယောင်မောင်လတ်မှာလည်း ဇနီးနှင့်သမီးအဖြစ်တို့ကြောင့် နှလုံးကြေကွဲ၍ သေဆုံးပြီးလျှင် နတ်ဖြစ်သွားပြန်လေသည်ဟု ဆိုပါသည်။

ခွန်ချို၊ ခွန်သာ ညီနောင်တို့သည် မင်းကျော်စွာကို ငွေးချိုတောင်တန်း စကားဝါပင်ရိပ်သာစခန်း၌ ကိုးမြို့ရှင်၏ ဦးခေါင်းဆက်သ,လိုက်သည်။ မင်းကျော်စွာသည် ကြိုတင်ကြံစည်ထားသည့်အတိုင်း ရှမ်းညီနောင်နှစ်ဦးကိုဖမ်း၍ အရှင်လတ်လတ် မီးရှို့သတ်လေသော် ခွန်ချို၊ ခွန်သာတို့မှာ သေဆုံး၍ နတ်ဖြစ်ကြရလေသည်။ ခွန်ချို၊ ခွန်သာ နတ်နှစ်ပါးသည် လက်တုံ့ပြန် ကလဲ့စားချေသောအားဖြင့် မင်းကျော်စွာအပေါ် စံကားဝါပင်လှဲ၍ ဖိသတ် အဆုံးစီရင်လေရာ မင်းကျော်စွာလည်း သေဆုံးပြီး နတ်ဖြစ်သွား၍ ပခန်းနယ်ကိုစားရသောကြောင့် ပခန်းဦးမင်းကျော်ဟု တွင်လေသည်။ အချို့သမိုင်းများက ရှမ်းညီနောင်သည် မင်းကျော်စွာကို ကျားနှင့်တိုက်သတ်သည်ဟု ဆိုထားသည်။ မင်းကျော်စွာ၏အိမ်တော်မှ ဦးညိုလည်း သေဆုံးကာ နတ်ဖြစ်ရသည်။

ကိုးမြို့ရှင်နတ်ပင့်စာသားတွင်-

'ရွှေဘုန်းသာတဲ့ ရာဇာလေ၊ တေဇကျော်သောင်း၊ သမ္ဘာညောင်းလှ၊ ပန်းတောင်းပြည်မှာ၊ ထွက်ဘုန်းရာဇာ၊ မည်ကျော်သာလှ၊ မဟာသမ္မတနွယ်တော် ... မင်းလှစည်သူ၊ ဘုန်းနေဆူ လူ...င်ရှား၊ ကြင်သက်ထား၏၊ ညာဖွား... ကုနီဒေဝီ၊ မဟေသီမှာ၊ သာယာ...သွေး၊ သားတော်လေးနဲ့၊ ချစ်သွေး...င် သမီးတော်ဝင်၊ ပုလဲယဉ်ဟု၊ ခင်...န်း၊ ပင်တိုင်နန်းမှာ၊ ပျော်မြိန်းစေ



ကိုးမြို့ရှင်နန်းအဝင်ဝ



နတ်နန်းတော်အဝင်

*ကာ၊ သားတော်မဟာ၊ ဥပရာနှင်း၊ အိမ်ရှေ့မင်းဟု၊ သမုဒ္ဒေမှာ၊ စေတနာပြည်ရွာ နယ်ရေး၊ သာယာအေးလို့၊ ရန်ဘေးရန်စွယ်၊ အမှန်တကယ်၊ အန္တရာယ်အပေါင်း ကင်းစေကြောင်းနှင့်၊ လောင်းမင်းရာဇာ၊ မီးနဲ့ အာဏာပေးကာတို့လို၊ ကိုးမြို့ကိုးမား၊ ကိုးတံခါးနဲ့၊ ကိုးမျှားသခင်၊ ကိုးစုံလင် ပြင်ဆင်ခင်းလို့၊ ထင်လင်းကြွပါ။*

*အန္တရာယ်ရန်စွယ်ပ ဖယ်ရှား၊ ကိုးမြို့ဖွားကိုလှ၊ အများသူငါ တ,တယ်၊ ဆင်းမ,စေသား'*

ဟု ဆိုထားပေရာ အထက်ပါနတ်သမိုင်းနှင့် တိုက်ဆိုင်နေပါသည်။ သို့သော် ဤနတ်သမိုင်းအရမူ ပခန်းဦးမင်းကျော်သည်(ဗီလိန်) လူဆိုးသဖွယ် ဖြစ်နေသည်။ ပုလဲယဉ်၏သမီး သဲသဲလေး သေဆုံးခန်း၌ ကြောင်ယောင်ဖန်ဆင်းထားသူက ပုခက်အတွင်း ခုန်ဆင်းလိုက်၍သေရသည်ဟုဆိုထားရာ အပြင်(၃၇) မင်းစာရင်းမှ မမနဲ (မနဲလေး)နတ်သည်လည်း ကြောင်ကုတ်၍သေသည်ဟု အချို့နတ်သမိုင်းက ဆိုထားသဖြင့် ခပ်ဆင်ဆင်တူနေသည်ကို တွေ့ရပါသည်။

ဦးမင်းကျော်၏နတ်သမိုင်းအမျိုးမျိုးတွင် နောင်တော်ဖြစ်သူ မင်းစည်သူက တူးမြောင်းတူးစေရာမှ ရေမလာ၍ ယိုးမယ်ဖွဲ့ပြီး သတ်သဖြင့် နတ်ဖြစ်သည်ဟု ဆိုထားသည်။ ဦးမင်းကျော်နတ်ချင်းများတွင်လည်း '*တူးမြောင်းကို ရေမလာ၊ ယိုးမယ်ဖွဲ့ကာ*' စသည်ဖြင့် ပါလေရာ ထို ပခန်းဦးမင်းကျော် နတ်သမိုင်းကိုလည်း ပယ်ဖျောက်၍ရမည် မဟုတ်ပါ။ ရေစကြိုမြို့သည် ရေကို စ၍ ကြိုသည့်နေရာဖြစ်သောကြောင့် ရေစကြိုမြို့ဟု ခေါ်ကြောင်းလည်း အထင်အရှား ရှိသည်။ ရေစကြိုတွင် ပခန်းဦးမင်းကျော်၏ သက်ပျောက်နန်းလည်း ရှိသည်။ သို့ကြောင့် ဤအခြင်းအရာများကလည်း တိုက်တိုက်ဆိုင်ဆိုင် ဖြစ်နေပါသည်၊



www.burmeseclassic.com

www.burmeseclassic.com

## လိုသူများသုံးစေဖို့

# ပစ္စည်းပျောက်

ဆရာဦးစိန်လှိုင်
(ကျိုက်လတ်)

'မိတ်ခာတ်နှစ်ပါး ရောကြံပြား နေ့သားကောင်းမည်မှတ်'ဟူသော အင်္ဂဝိဇ္ဇာ ခာတ်ရိုက်နည်းဖြင့် ကူညီလိုက်ပါသည်။

၁။ တနင်္ဂနွေနံပစ္စည်း ပျောက်သော် တနင်္ဂနွေ၏မိတ် ကြာသပတေးနံ ပေါက်ပေါက်ပွင့်ကို ဖက်ခွက်နှင့်ဖြစ်စေ၊ ဖန်ခွက်နှင့် ဖြစ်စေ ထည့်၍ တနင်္ဂနွေ၏ ခာတ်ဖက်ဖြစ်သော စနေနံပါသည့် ဧစေတီဘုရား သို့မဟုတ် အာနန္ဒာဘုရားမှာ လှူ၍ ဆုတောင်းပါ။

၂။ တနင်္လာနံပစ္စည်း ပျောက်လျှင် တနင်္လာ၏မိတ် ဗုဒ္ဓဟူးနံ ဝက်သား သို့မဟုတ် ရေကို တနင်္လာနံ၏ခာတ်ဖက်ဖြစ်သော ကြာသပတေးနံပါသည့် ကျိုက္ကမီဘုရား သို့မဟုတ် ဂေါတမဘုရားကို လှူ၍ လိုရာဆုတောင်းပါ။

၃။ အင်္ဂါနံပစ္စည်းပျောက်သော် အင်္ဂါနံ၏မိတ် သောကြာနံ သရက်သီး သို့မဟုတ် သီးသီးကို အင်္ဂါနံ၏ ခာတ်ဖက်ဖြစ်သော ရာဟုနံပါရှိသည့် ရွှေစာရံ သို့မဟုတ် ဆူးလေဘုရား၌ ဆုတောင်းလှူပါ။

၄။ ဗုဒ္ဓဟူးနံပစ္စည်းပျောက်လျှင် ဗုဒ္ဓဟူးနံမိတ် တနင်္လာနံ ကြံ သို့မဟုတ် ကျောက်ကျောကို ဗုဒ္ဓဟူးနံ၏ခာတ်ဖက်ဖြစ်သည့် သောကြာနံပါသော ဝိပဿီ၊ လောကရံသီ၊ ရွှေချက်သို ဘုရားတစ်ဆူဆူမှာ လိုရာဆုတောင်း၍လှူပါ။

၅။ ကြာသပတေးနံပစ္စည်း ပျောက်လျှင် တနင်္ဂနွေနံ အုန်းပင်၊ အုန်းသီး တစ်ခုခုကို ကဿပဘုရားမှာ ကပ်လှူ၍ ဆုတောင်းပါ။

၆။ သောကြာနံပစ္စည်း ပျောက်လျှင် အင်္ဂါနံ ဆီးညွန့်၊ ဇော်စိမ်း ရရာတို့ သီဟိုဠ်ရှင် သရဏဂုံရာဘုရားမှာ ဆုတောင်းလှူပါ။

၇။ စနေနံပစ္စည်းပျောက်သော် ရာဟုနံ ရွှေ သို့မဟုတ် ရေကို နန်းဦးဘုရားမှာ လှူ၍ ဆုတောင်းပါ။

*ခုနစ်နေ့သားသမီးများ အားလုံး ကျန်းမာ၊ ချမ်းသာကြပါစေ*

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

| ပျောက်သောပစ္စည်းနံ | ပျောက်သောပစ္စည်းနံ၏မိတ် | ပျောက်သောပစ္စည်းနံခာတ်ဖက် |
|---|---|---|
| ၁။ တနင်္ဂနွေနံ | ကြာသပတေးနံ (အောင်+ပ) | စနေ (အနွှော) |
| ၂။ တနင်္လာနံ | ဗုဒ္ဓဟူးနံ (ကု+လား) | ကြာသပတေး (ဂဗ္ဘေ) |
| ၃။ အင်္ဂါနံ | သောကြာနံ (ဆွေ+သား) | ရာဟု (စရေ) |
| ၄။ ဗုဒ္ဓဟူးနံ | တနင်္လာနံ | သောကြာ (ဝံသေ) |
| ၅။ ကြာသပတေးနံ | တနင်္ဂနွေနံ | တနင်္လာ |
| ၆။ သောကြာနံ | အင်္ဂါနံ | ဗုဒ္ဓဟူး |
| ၇။ စနေနံ | ရာဟုနံ (တော်ရင်း) | တနင်္ဂနွေ |

နတ်သမားလောက၌ 'နတ်လမ်းခွေးမပြန်'ဟုဆိုကြရာ ဆရာစဉ်ကိုလိုက်၍ မူကွဲအမျိုးမျိုးရှိသည်။ ဆရာများကလည်း အားလုံး မဖော်ထုတ်ဘဲ ဖုံးဖုံးဖိဖိလုပ်ကြသဖြင့် နတ်သမိုင်းများ မူအမျိုးမျိုး ကွဲနေရသည်ဟု ထင်ရပါသည်။

(ဤကား စာရေးသူ၏သဘောထားသာ ဖြစ်ပါသည်။)

မြန်မာများက မြင်းဖြူရှင်နတ်ကို မြို့စောင့်၊ ရွာစောင့်နတ်အဖြစ် လက်ခံကြသဖြင့် မြို့ရွာများရှိ သစ်ပင်ကြီးများတွင် မြင်းဖြူအရုပ်များ ချိတ်ထားလေ့ရှိသည်ကို တွေ့ရသည်။ ရှမ်းမြို့ရွာများတွင်မူ မြို့စောင့်နတ်အဖြစ် ကိုးမြို့ရှင်ကို ပ,သကြသည်။ ရှမ်းပြည်နယ်ရှိ ရွာများတွင် ကိုးမြို့ရှင်နတ်ကွန်းထားရှိပြီး ပ,သကြသည်ဟု သိရသည်။ အများအားဖြင့် သီတင်းကျွတ်လပြည့်နေ့၌ ပ,သပွဲ ပြုလုပ်သည်ဟု ဆိုသည်။

ကိုးမြို့ရှင် သက်ပျောက်နန်းသည် ပြင်ဦးလွင်၌ ရှိသည်။ လားရှိုး၊ တောင်ကြီးနှင့် တာချီလိတ်မြို့များတွင်လည်း ကိုးမြို့ရှင်နန်းများကို တွေ့ရသည်။ ပြင်ဦးလွင်မှ ကိုးမြို့ရှင်နန်းနှင့်ပတ်သက်၍ အဆိုတစ်ခုရှိ၏။ ထိုနန်း၏ အနောက်တောင်ကုန်းပေါ်တွင် တိုက်အိမ်ကြီးတစ်ဆောင် ရှိပါသည်။ (ယခုအထိရှိသေးသည်ဟု ထင်ပါသည်။) ဗြိတိသျှခေတ်၌ ထိုအိမ်တွင် ဗြိတိသျှအရာရှိကြီးတစ်ဦး နေရာ နတ်နန်းက သူ့အိမ်၏အောက်ဘက်တွင်ရှိနေသဖြင့် ထိုနတ်နန်းကိုဖျက်စေသည်ဟု ဆိုသည်။ မဖျက်ရမီပင် ထိုဗြိတိသျှအရာရှိကြီးသည် သေနတ်ဖြင့် မိမိကိုယ်မိမိ အဆုံးစီရင်သွားပြီး သေဆုံးနေသည့်အလောင်းဘေးမှန်ရုံတွင် သူ၏သွေးဖြင့် ကိုးမြို့ရှင်နန်းကိုမဖျက်ရန် ရေးသားခဲ့သည် ဆိုပါသည်။

ပြင်ဦးလွင်မှ ကိုးမြို့ရှင်နန်းသည် မူလက ယခုပုံတော်များထားရာ နေရာမျှလောက်သာရှိသည့်နန်းကလေး ဖြစ်ပါသည်။ ဘေးတွင် နန်းထိန်းအိမ်ရှိ[illegible] စာရေးသူ၏အမိဋ္ဌာန်တစ်ခု အောင်မြ[illegible] သောကြောင့် ယခုလက်ရှိမြင်ရသော[illegible] တိုက်နန်းကြီးကို စာရေးသူတို့မိသား[illegible] က လွန်ခဲ့သော နှစ် (၂၀) က ဆော[illegible] လုပ် ဆက်သ,ထားခြင်း ဖြစ်ပါသည်။

နတ်ကနားများတွင် ကိုးမြို့ရှင်[illegible] ပုလဲယဉ်ကို သီးခြားချော့ (က) သ[illegible] တွဲ၍ချော့သည်ကများသည်။ ကိုးမြို့[illegible] ကို ရှမ်းစော်ဘွားများသဏ္ဌာန် ဝတ[illegible] လည်းကောင်း၊ ပုလဲယဉ်ကို ရှမ်းအ[illegible] သမီးများသဏ္ဌာန်ဝတ်၍လည်းကော[illegible] ချော့ကြသည်။ များသောအားဖြင့် [illegible] စုံအမည်းများကို ဝတ်ဆင်ကြပါသ[illegible] ကိုးမြို့ရှင်ကို ဓားနှစ်လက်နှင့်ချော့သ[illegible] ပုလဲယဉ်ကို လက်တစ်ဖက်မှ ဓား[illegible] လက်၊ အခြားတစ်ဖက်မှ သပြေတ[illegible] ဖြင့် ချော့သည်။ စားတော်လည်း [illegible] ရသည်။ ကိုးမြို့ရှင်အစွဲရှိသူတိုင်း [illegible] ကြပါသည်။

မောင်သန်းဆွေ([illegible]



www.burmeseclassic.com

www.burmeseclassic.com

သစ္စာဝါဒီ-ဦးမြင့်အောင်

# ဆုတောင်းမှုဆိုင်ရာ သိမှတ်စရာ



ရှေးအစဉ်အလာမှစ၍ ဗုဒ္ဓဘာသာဝင်တို့သည် အလှူဒါန စသော ကုသိုလ်ကောင်းမှုတို့ကိုပြုပြီးနောက် မိမိတို့ လိုအင်ဆန္ဒပြည့်စေကြောင်း လိုလားနှစ်သက်သောဆုများကို တောင်းလေ့ရှိပါသည်။

ဘုရားရှိခိုးသည့်အခါတွင်လည်း ရတနာမြတ်သုံးပါးကို ရိုသေလေးမြတ်စွာ လက်အုပ်ချီမိုး ရှိခိုးကန်တော့ပြီးလျှင် 'ကန်တော့ရသော အကျိုးအားကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရားလေးပါး ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏အရှင်ဘုရား' ဟူ၍ ဆုတောင်းတတ်ကြပါသည်။

ဤသို့ ဆုတောင်းမှုပြုကြရာတွင် လောကီကျိုးရည်၍ ဆုတောင်းမှုနှင့် လောကုတ္တရာကျိုးရည်၍ ဆုတောင်းမှုဟူ၍ ကွဲပြားသကဲ့သို့ အကျိုးနှစ်မျိုးစုံပါအောင် ဆုတောင်းမှု၊ တောင်းသင့်သောဆု၊ မတောင်းသင့်သောဆု၊ တောင်းမှပြည့်သောဆု, မတောင်းသော်လည်း ပြည့်သောဆု စသည်ဖြင့် ရှိလေရာ ဆုတောင်းမှုဆိုင်ရာ သိမှတ်ဖွယ်ရာတို့ကို စာရှုသူများအား တင်ပြလိုပါသည်။

**လောကီကျိုးဆုတောင်း**

လောက၌ စည်းစိမ်ချမ်းသာ တန်ခိုး အာဏာ စသော လောကီစည်းစိမ်ချမ်းသာတို့ကို လိုလားနှစ်သက် တောင့်တသူတို့သည် ဗြဟ္မာမင်းစည်းစိမ်၊ သိကြားမင်းစည်းစိမ်၊ စကြဝတေးမင်းစည်းစိမ်၊ ဧကရာဇ် ပဒေသရာဇ်မင်းစည်းစိမ်၊ သူဌေးသူကြွယ်တို့၏စည်းစိမ်တို့ ရရှိပြည့်စုံစေကြောင်း ဆုတောင်းတတ်ကြသည်။

**လောကုတ္တရာကျိုးဆုတောင်း**

လောကထက် တုမနိူင်းသာအောင် မြတ်သော လောကုတ္တရာအကျိုးကို လိုလားတောင့်တသော ပုဂ္ဂိုလ်တို့သည် သမ္မာသမ္ဗုဒ္ဓဘုရားဖြစ်လိုသူတို့က သမ္မာသမ္ဗုဒ္ဓဆုကို လည်းကောင်း၊ ပစ္စေကဗုဒ္ဓါဖြစ်လိုသူတို့က ပစ္စေကဗုဒ္ဓါဆုကို လည်းကောင်း၊ အဂ္ဂသာဝကဖြစ်လိုသူ, မဟာသာဝကဖြစ်လိုသူ, ပကတိသာဝကဖြစ်လိုသူတို့က မိမိတို့ လိုလားသောဆုကို လည်းကောင်း အသီးသီး ဆုတောင်းတတ်ကြပါသည်။

**လောကီ၊ လောကုတ္တရာ နှစ်ပါးကျိုး ဆုတောင်း**

ဩကာသ ကန်တော့ချိုးပါ 'ကန်တော့ရသောအကျိုးအားကြောင့်' အစရှိ ဆုတောင်းသည့် လောကီ၊ လောကုတ္တရာ နှစ်ပါးကျိုး ဆုတောင်း ဖြစ်ပါသည်။

**တောင်းသင့်သောဆု**

တောင်းသင့်သောဆုနှင့်စပ်လျဉ်း၍ ရှေးအခါက သူတော်ကောင်းကြီး အချို့တို့ ဆုတောင်းနည်းကို ကျမ်းဂန်တို့၌ပြဆိုသည့်အတိုင်း တင်ပြရသော် အရှင်မြတ်တို့သိမြင်သော တရားထူးကို တပည့်တော်တို့ သိမြင်ရပါလို၏ဟု ရိုသေလေးမြတ်စွာဖြင့် ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်းမှုတို့ကို ပြုပြီးလျှင် သဗ္ဗညုမြတ်စွာ၊ ပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝကတို့ထံတွင် ဆုတောင်းတတ်ကြပါသည်။

ဤကဲ့သို့ ရှေးသူတော်ကောင်းတို့



www.burmeseclassic.com

www.burmeseclassic.com

ဆုတောင်းပုံမှာ အနှစ်သာရ အဓိပ္ပာယ် ပြည့်စုံ၍ လိုရင်းတိုရှင်းဖြစ်ကာ အတုယူထိုက်သောဆုတောင်း ဖြစ်သည်။ 'အရှင်မြတ်တို့သိမြင်သောတရားထူးကို သိမြင်ရပါလို၏' ဟူရာ၌ ထိုဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝက ရဟန္တာအရှင်မြတ်တို့ ရရှိသော ဗောဓိပက္ခိယတရား သုံးဆယ့်နှစ်ပါး ဟူသည့် မဂ်ဖိုလ်ရကြောင်းတရားတို့ကို သိမြင်ရပါလို၏ ဟူ၍ လောကုတ္တရာတရားထူးကိုရည်၍ ဆုတောင်းခြင်းဖြစ်ပါသည်။

ထိုလောကုတ္တရာကျိုးရည်၍ ဆုတောင်းရာတွင် ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝက ရဟန္တာအရှင်မြတ်တို့ ပါရမီဖြည့်ကျင့်ခဲ့ကြရာ၌ လူ့စည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာစည်းစိမ် ဟူသော လောကီအကျိုးတို့လည်း ရရှိခဲ့ကြသည့်နည်းတူ ဆုတောင်းသူတို့အားလည်း လောကုတ္တရာတရားထူးမရမီ ပါရမီဖြည့်ကျင့်သည့်ဘဝတို့တွင် ထိုလောကီကောင်းကျိုးများလည်း ရရှိကြမည်သာဖြစ်ရာ တောင်းသင့်သောဆုဖြစ်သော ရှေးသူတော်ကောင်းတို့၏ ဆုတောင်းနည်းကို နည်းယူသင့်လှပါသည်။

**ထေရဝါဒကျမ်းဂန်အထောက်အထား**

ဤကဲ့သို့ ရှေးသူတော်ကောင်းတို့ ဆုတောင်းနည်းကို ဓမ္မပဒ ဒဏ္ဍဝဂ် သုခသာမဏေဝတ္ထု၌လည်းကောင်း၊ ဓမ္မပဒ ဗြာဟ္မဏဝဂ် ဇောတိကမထေရ်ဝတ္ထု၌လည်းကောင်း၊ ဓမ္မပဒ ပါပဝဂ် လာဇနတ်သမီးဝတ္ထု၌ လည်းကောင်း၊ ဓမ္မပဒ ဘိက္ခုဝဂ် သုခသာမဏေဝတ္ထုမှ အရှင်အနုရုဒ္ဓါမထေရ်ဝတ္ထု၌ လည်းကောင်း၊ ဓမ္မပဒ ကောဓဝဂ် ပုဏ္ဏာကျွန်မဝတ္ထုတို့၌ လည်းကောင်း တွေ့ရှိမှတ်သားရပါသည်။

**မတောင်းသင့်သောဆု**

အလွဲအမှား ဆုတောင်းမျိုးဖြစ်သော သံသရာ၌ နှစ်မွန်းစေသော ဆုတောင်း၊ ရန်တုံ့နှင်းရန် အငြိုးအတေးဖြင့် တုံ့ပြန်ကလဲ့စားချေရန်- ဆုတောင်းမျိုးများကို မတောင်းသင့်ပါ။ သာဓကအားဖြင့် စူဠသုဘဒ္ဒါ၏ ဘုရားလောင်းဆင်မင်းအား အငြိုးထား ဆုတောင်းခြင်းမျိုး၊ ကာဠီနတ်ဘီလူးမ ဝတ္ထုတွင် အတုံ့အလှည့်ဖြင့် ဘဝဆက်တိုင်း တစ်ဦးပေါ်တစ်ဦး သတ်ဖြတ်ရုံမျှမက သားသမီးများပါ သတ်ဖြတ်စားသောက်ခြင်းဖြင့် ဘဝဆိုးစေသော ကျိန်တွယ်ဆုတောင်းခြင်းမျိုး၊ တဏှာရမ္မက်ဖြင့် ဘဝအဆက်ဆက်တွင် ကြက်ဖြစ်ရင်ကွယ်၊ ငှက်ဖြစ်ရင်ကွယ် တစ်ကိုင်းတည်းနားချင်တယ် ဆိုသော ဆုတောင်းမျိုး စသည်ကား မတောင်းသင့်သောဆုမျိုး ဖြစ်ပါသည်။

**အမျိုးသမီးဘဝ ဘုရားဆု မပန်သင့်**

အမျိုးသမီးများသည် ဘုရားဖြစ်ရန် ဆုကို အမျိုးသမီးဘဝဖြင့် တန်း၍ ဆုမတောင်းသင့်ပါ။ ဘုရားဆုပန်ရန် ဦးစွာ အမျိုးသားဘဝကိုရရန် ဆုတောင်းရပါမည်။ အမျိုးသားဘဝ၌သာ ဘုရားဆုပန်ခြင်းတည်း ဟူသော ဆုကြီးပန်နိုင်သောကြောင့် ဖြစ်ပါသည်။ သာဓကဆိုသော် ကုန်းဘောင်ခေတ် ရတနာပုံထီးတည်နန်းတည် ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီး လက်ထက်တွင် လွန်စွာထင်ရှားလှသော ဖန်းမော်ဆရာတော်ကြီးက သီလရှင် မယ်ကင်းအား ဘုရားဆုပန်သည် ဆိုသဖြင့် ဆုံးမစကား မိန့်ကြားခဲ့သည်။ စကားမှာ ကြမ်းလှသော်လည်း မှန်လွန်း၍ နားမဆိမ့်ဖွယ်ဖြစ်သည်။ ထိုစကားကား 'ဘုရားဆုမပန်ခင် ငါ့ပေါင်ကြားကဟာ နင့်ပေါင်ကြားရောက်အောင် အရင်ဆုတောင်းဦး' ဟူသတတ်။

**ဘုရားအလောင်းတော်တို့ ဆုတောင်း**

သီရိလင်္ကာကျွန်း၌ အဋ္ဌကထာကျမ်းပြု အရှင်မဟာဗုဒ္ဓဃောသမထေရ်နှင့် ခေတ်ပြိုင် ထင်ရှားခဲ့သော စူဠဗုဒ္ဓဃောသမထေရ်၏ သောတတ္ထကီကျမ်း၌လာသော 'စိန္တိတ' အစချီ ဂါထာ၌ ဂေါတမ ဗုဒ္ဓမြတ်စွာလောင်းလျာသည် ဆုတောင်းခဲ့ပုံကို ဤသို့ ပြဆိုထားပါသည်။

စိန္တိတံ သတ္တသင်္ချေယျံ၊
နဝသင်္ချေယျ ဝါစကံ။
ကာယဝါစံ စတုချာတံ၊
ဗုဒ္ဓတ္တံ သမုပါဂမိ။

**ဗောဓိသတ္တော-** ဂေါတမဘုရားလောင်းသည်၊ **သတ္တအသင်္ချေယျံ-** ခုနစ်အသင်္ချေကာလပတ်လုံး၊ **စိန္တိတံ-** ဘုရားအဖြစ်ကို စိတ်ဖြင့်သာကြံခဲ့ရသည်ဖြစ်၍၊ **နဝအသင်္ချေယျဝါစကံ-** ကိုးအသင်္ချေကာလပတ်လုံး နှုတ်ဖြင့်သာ ဆုတောင်းခဲ့ရသည်ဖြစ်၍၊ **စတုအချာတံ-** လေးအသင်္ချေကာလပတ်လုံး၊ **ကာယဝါစံ-**ကိုယ်၊ နှုတ်နှစ်ပါးဖြင့်သာ ဆုတောင်းခဲ့ရသည်ဖြစ်၍၊ **တေန-** ထိုသို့ ခုနစ်အသင်္ချေကြံ၍၊ ကိုးအသင်္ချေ နှုတ်မြွက်ဆုတောင်း၍၊ လေးသင်္ချေ ကိုယ်၊ နှုတ်နှစ်ပါးဖြင့် ဆုတောင်းခဲ့သောကြောင့်၊ **ဗုဒ္ဓတ္တံ-** ဘုရားအဖြစ်သို့၊ **သမုပါဂမိ-** ရောက်ရလေပြီ။

ထိုဂါထာအရ ဂေါတမဗုဒ္ဓ မြတ်စွာလောင်းလျာသည် ကမ္ဘာတစ်သိန်းနှင့် အသင်္ချေ နှစ်ဆယ်အတွင်း စိတ်ဖြင့် လည်းကောင်း၊ နှုတ်ဖြင့် လည်းကောင်း ကိုယ်,နှုတ်တို့ဖြင့် လည်းကောင်း ဘုရားဆုပန်တော်မူခဲ့ရာတွင် တွေ့ကြုံခဲ့ရသော ဘုရားရှင်ပေါင်းမှာ-

ခုနစ်အသင်္ချေတွင်း စိတ်ဖြင့်ဆုပန်သောဘုရားပေါင်း (၁၂၅,၀၀၀) ဆူ၊ ကိုးအသင်္ချေအတွင်း နှုတ်ဖြင့်ဆုပန်သော ဘုရားပေါင်း (၃၈၇, ၀၀၀) ဆူ၊ လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်းတွင်း ကိုယ်, နှုတ်တို့ဖြင့် ဆုပန်သော ဘုရားပေါင်း (၂၈) ဆူ၊ အသင်္ချေနှစ်ဆယ်နှင့် ကမ္ဘာတစ်သိန်းတွင် ဘုရားပေါင်း (၅၁၂,၀၂၈) ဆူ ဟူ၍ ပြဆိုထားပါသည်။

**ပစ္စေကဗုဒ္ဓါတို့၏ဆုတောင်း**

အပဒါန-၄၊ ၁၅၈ လာ ပစ္စေကဗုဒ္ဓါတို့ ဗျာဒိတ်ရကြောင်း ရှစ်ပါးတွင် သတ္တာရဒ ဟူသောအချက်သည် သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားကို ဖြစ်စေ၊ ပစ္စေကဗုဒ္ဓါကို ဖြစ်စေ၊ မြတ်စွာဘုရား တပည့်သား သာဝကတစ်ပါးကို ဖြစ်စေ ဖူးတွေ့၍ ဆုတောင်းရလျှင် ပြည့်စုံနိုင်ပေသည် ဟု ပြဆိုထားပါသည်။

**ဆုတောင်းမှုဆိုင်ရာ သိမှတ်ဖွယ်**

ဆုတောင်းခြင်းကို ပြုအပ်၊ မပြုအပ် သုံးသပ် ဆင်ခြင်ကြည့်ပါလျှင် ကုသိုလ်ကောင်းမှုတစ်ခုခုကို တော့ပြုရာ၏။ မပြုလျှင် လားရာဂတိမဲ့ ... ၍ (မ၊ ၃၊ ၄ စသည်) ၌ ပြဆိုထား... ဆုတောင်းအပ်၏ဟု သိမှတ်ရပါသည်။ ဥပမာဆိုသော် ဆုမတောင်းခြင်းသည် ကောင်းကင်သို့မြှောက်သောတုတ်သည် အရင်းအဖျားကျသည့်ဘက် ပုံမသေ သကဲ့သို့ ဖြစ်ပါသည်။

သို့ဖြစ်၍ သဒ္ဓါ၊ သီလ၊ သုတ စာဂ၊ ပညာ ဤငါးပါးရှိသော်လည်း ဆုတောင်းက ဂတိမမြဲ။ ဆုတောင်းပါသော်လည်း သဒ္ဓါစသည် ငါးပါးမရှိလျှင် ဂတိမမြဲ။ နှစ်ပါးလုံးစုံမှ ဂတိမြဲသည်။ (မ- သင်္ခါရုပ္ပတ္တိ) ၌ တိကျစွာညွှန်ပြတော်မူပါသည်။

သို့ရာတွင် ဆုတောင်းရာ၌ သတိပြုရန်မှာ အရှင် သာရိပုတ္တရာ မထေရ်မြတ်ကဲ့သို့ ပညာကြီး၊ အရှင် မဟာမောဂ္ဂလာန် မထေရ်မြတ်ကြီးကဲ့သို့ တန်ခိုးကြီးပါစေဟု ဆုတောင်းသင့်ပါသော်လည်း ထို့ထက်ပိုပါစေဟုကား ဆုတောင်းထိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

ဆုမတောင်းအပ်သောဆုတောင်းမျိုးဖြစ်သည့် ဥမ္မာဒန္တီအလောင်း ဆုတောင်းသကဲ့သို့ မိမိအား မြင်မြင်သမျှ ရူးကြပါစေ ဟူသော ဆုတောင်းမျိုးကို ဆုမတောင်းကောင်းပါ။ ထို့အတူ ကုသိုလ်ကောင်းမှုပြုပြီးလျှင် နဂါး၊ ဂဠုန်တို့ စည်းစိမ်ကို တောင့်တမှားခဲ့သော သူကြွယ်နှစ်ယောက်ကဲ့သို့ နောင်အခါ ပူပန်ရမှုမျိုး မဖြစ်ရန် ဝိဓူရဇာတ်လာ သာဓကကို ထောက်ရှုဆင်ခြင် သတိထားသင့်ပါသည်။

**ဆုမတောင်းသော်လည်း ဂတိမြဲသူ**

ဆုမတောင်းသော်လည်း ဂတိမြဲသည့်ပုဂ္ဂိုလ်များလည်း ရှိပါသည်။ သောတာပန်ပုဂ္ဂိုလ်သည် သုဂတိဘဝမြဲ၍ အပါယ်မကျသကဲ့သို့ သရဏဂုံ (၃) ပါး၊ (၅) ပါးသီလ၊ စာရေးတံဆွမ်း၊ လဆန်း၊ လဆုတ်ပက္ခဆွမ်း၊ ဝါဆိုသင်္ကန်း၊ ရေတွင်း၊ရေကန်၊ ကျောင်း၊ ဇရပ် အရိပ်အာဝါသအလှူ စသည် မြဲသော ကုသိုလ်ကောင်းမှုရှင်တို့မှာလည်း သောတာပန်နှင့်အလားတူသောကြောင့် ဂတိမြဲကြပါသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တိုင်းသည် နေ့စဉ်အမြဲ ဘုရားဝတ်တက်၊ ပန်း၊ ရေချမ်း၊ ဆီမီး စသည်ကပ်၊ ပရိတ်ရွတ်စသော ကောင်းမှုကုသိုလ်တို့ကိုပြုလျက် အနည်းဆုံးအားဖြင့် သရဏဂုံသုံးပါး ပါဠိရွတ်ဆိုခြင်း၊ နမောတဿဘုရားရှိခိုးရွတ်ဆိုခြင်း စသည် မြဲသော ကုသိုလ်တစ်ခုခုကို ရရှိအောင် ကျင့်ဆောင်သင့်လှပါသည်။

**နိဗ္ဗာန်ကို ရကြပါစေ**

ဗုဒ္ဓဘာသာဝင်တို့သည် အလှူဒါန စသည် ကုသိုလ်ကောင်းမှုတို့ကိုပြုသောအခါတွင် **ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု-** ဘုရားဆုပည့်တော်၏ ဤကောင်းမှုသည် နိဗ္ဗာန်ရကြောင်း အထောက်အပံ့ကောင်းသည် ဖြစ်ရပါလို၏ ဟူ၍ နိဗ္ဗာန်ကို ဦးစွာ တောင့်တဆုတောင်းခြင်းသည် ဝိဝဋ္ဋနိဿိတဒါန ဖြစ်၍ သံသရာ၌မကြာခြင်းအကျိုး ရှိပါသည်။

ဗုဒ္ဓဘာသာဝင်တို့၏ နောက်ဆုံးပန်းတိုင်ဖြစ်သော နိဗ္ဗာန်ကိုယူခြင်း (၃) မျိုးတို့၌ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကအဖြစ် ပါရမီဖြည့်ကျင့်သည့်အားလျော်စွာ ရယူကြရသည်ဖြစ်ရာ သမ္မာသမ္ဗုဒ္ဓဘုရားဆုတောင်းလျှင် ပါရမီ (၁၀) ပါးတို့ကိုလည်း မနားမနေ ဖြည့်ကျင့်အားထုတ်မှသာ ရပေမည်။ ပါရမီဖြည့်ကျင့်မှု မရှိဘဲ ဆုတောင်းရုံမျှဆိုလျှင်ကား 'သည်လူပေထို့ ဖွားဖုံ့ဖုံ့ ဘုရားပုံလားလားမှမရ' ဟူသကဲ့သို့ ဘုရားဖြစ် ဝေးလှပေမည်။

ပစ္စေကဗုဒ္ဓါအဖြစ် နိဗ္ဗာန်ကို ယူလိုမူကား သမ္မာသမ္ဗုဒ္ဓဘုရားကဲ့သို့ ဖြည့်ကျင့်ရသည့် ပါရမီတော် (၁၀) ပါးစုံမှ မဟုတ်၊ ဒါနအနည်းငယ်ဖြင့်လည်း ရနိုင်ပါသည်။ အရှင် သာရိပုတ္တရာ မထေရ်မြတ်ကြီးကဲ့သို့ အဂ္ဂသာဝက စသည်အဖြစ်လည်း နိဗ္ဗာန်ယူလိုလျှင်ကား ထိုမထေရ်မြတ်ကြီးတို့၏ကျင့်ထုံးပုံစံ အပဒါန်တို့ကို လိုက်နာ ဆုပန်သင့်ပါသည်။

**ဆုတောင်းရုံမျှဖြင့် မရနိုင်**

လောကသုံးပါး၏ အတုမဲ့ ထွတ်ထား မြတ်စွာဘုရားသခင်သည် နာလန္ဒမြို့ ပါဝါရိကသူဌေး၏ သရက်ဥယျာဉ်၌ သီတင်းသုံးနေတော်မူစဉ် တစ်နေ့သော အခါတွင် အသိဗန္ဓကၡ၏သား ရွာသူကြီးသည် မြတ်စွာဘုရားရှင်အား 'အရှင်ဘုရား၊ ပစ္စန္တရစ်မှာနေကြသော ပုဏ္ဏားများသည် လူတို့သေလျှင် သေသူကို နတ်ပြည်တင်ပေးကြကြောင်း' လျှောက်ထားပြီးလျှင် 'မြတ်စွာဘုရားသည်လည်း ထိုပုဏ္ဏားများကဲ့သို့ ပြုလုပ်ပေးနိုင်ပါသလား' ဟု မေးမြန်းလျှောက်ထားလေသည်။

ထိုအခါ မြတ်စွာဘုရားရှင်က 'ရွာသူကြီး၊ သင်သဘောပေါက်သလို ဖြေကြားလော့' ဟု မိန့်ကြားတော်မူပြီးလျှင် ဤသို့ မေးတော်မူလေသည်။

"ရွာသူကြီး၊ ကျောက်ဖျာကို ရေထဲချလိုက်ပြီးလျှင် ဤကျောက်ဖျာသည် ရေပေါ်တွင် ပေါ်လောပေါ်နေပါစေဟု များလှစွာသော လူစုကြီးက ဝိုင်းဝန်းဆုတောင်း တောင်းပန်လျှင် ထိုကျောက်ဖျာသည် ရေပေါ်တွင် ပေါ်ပါမည်လော"

"မပေါ်နိုင်ပါဘုရား"

"ဤဥပမာအတိုင်းပဲ သူကြီး၊ ဒုစရိုက်အမှုကို ပြုတဲ့သူကို ဒီလူသေလျှင် နတ်ပြည်ရောက်ပါစေဟု လူတွေ ဝိုင်းဝန်းကာ ဘယ်လိုပင် ဆုတောင်း၊ ဘယ်လိုပင် တောင်းပန်စေကာမူ အဲဒီသူဟာ နတ်ပြည်သို့မရောက်နိုင်။ အပါယ်သို့သာ ကျပေမည်။

နောက်တစ်ခု မေးဦးအံ့။ သင်သဘောပေါက်သလို ဖြေလော့ ရွာသူကြီး။ ထောပတ်အိုးကိုဖြစ်စေ၊ ဆီအိုးကိုဖြစ်စေ ရေနက်ထဲသို့ နှစ်ခဲ့လိုက်ပြီးလျှင် ရေပေါ်တွင် ပေါ်လာသည့် ထောပတ်၊ ဆီတို့ကို ရေထဲမြုပ်ကြပါ၊ မပေါ်ကြပါနှင့်ဟု လူအများ ဝိုင်းဝန်းဆုတောင်း တောင်းပန်ကြလျှင် အဲဒီထောပတ်၊ ဆီတို့ ရေထဲ မြုပ်ပါမည်လော"

"မမြုပ်ပါဘုရား"

"အဲဒီ ဥပမာအတိုင်းပဲ ရွာသူကြီး၊ သုစရိုက်မှုကိုပြုတဲ့သူကို ဒီလူသေလျှင် အပါယ်ကျပါစေဟု လူများက ဘယ်လိုပင် ဝိုင်းဝန်းဆုတောင်းသော်လည်း ဒီလူသည် အပါယ်မကျနိုင်၊ နတ်ပြည်သို့သာ ရောက်ပေမည်တည်း"

ဤကဲ့သို့ သုံးလောကထွတ်ထား မြတ်စွာဘုရားရှင်၏ဥပမာဖြင့် ရှင်းပြဟောကြားတော်မူသည်ကို ရွာသူကြီးသည် လွန်စွာနှစ်သက်သဖြင့် ဥပါသကာအဖြစ် ခံယူလိုက်လေသည်ဟူ၍ (သံ ၂၊ ၄၉၈) တွင် လာရှိပါသည်။

မည်သည့်အရာကိုမျှ ဆုတောင်းရုံ့ တောင်းပန်ရုံမျှဖြင့် မရနိုင်။ ကိုယ်တိုင်အားထုတ်ပြုလုပ်မှသာလျှင်ရနိုင်ကြောင်း ပြဆိုတော်မူခဲ့သော တရားတော် ဖြစ်ပါသည်။

သို့ဖြစ်၍ ဗုဒ္ဓဘာသာဝင်အပေါင်းသူတော်ကောင်းတို့သည် ဆုတောင်းမှုဆိုင်ရာ သိမှတ်စရာတို့ကို သိမြင်လျက် ကုသိုလ်ကောင်းမှုတို့ကိုပြုကာ ကိုယ်ကျင့်သီလနှင့် ပြည့်စုံ၍ မိမိတို့လိုလားနှစ်သက်အပ်သော ဆုတောင်းကြလျှင်-

'သမိဇ္ဈတိ ဘိက္ခဝေ သီလဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာ - သီလရှိသူအား စိတ်စင်ကြယ်သောကြောင့် ဆုတောင်းတိုင်း ရနိုင်သည်'

ဟူသော (အံ၊ ၁၊ ပါ) လောကသုံးပါး၏ အတုမဲ့ထွတ်ထား၊ အနှိုင်းမဲ့ ကျေးဇူးတော်ရှင် ဗုဒ္ဓမြတ်စွာဘုရားသခင်၏စကားတော်နှင့်အညီ မိမိတို့ လိုလားနှစ်သက်အပ်သောဆုတောင်း ပြည့်နိုင်ကြပါစေသောဝ် ဟူ၍ ဆန္ဒမွန်ဖြင့် တင်ပြလိုက်ပါသတည်း။

*သဒ္ဒိသံပါကံဇနေတိ*

သစ္စာဝါဒီ-ဦးမြင့်အောင်

**ကျမ်းကိုး**

၁။ ပါဠိတော် မြန်မာပြန်ကျမ်းများ၏ ကျမ်းဦးမှတ်ဖွယ်များ

၂။ အခြေခံသာသနာရေး အရှင်ကောသလ္လ

၃။ လူငယ်သင် ချမ်းမြေ့ အခြေပျိုး ဗုဒ္ဓဘာသာ

၄။ ပွင့်တော်မူမည့် မြတ်စွာဗုဒ္ဓ မေတ္တေယျ ဦးအောင်မွန် (မြတ်ဆုမွန်)



www.burmeseclassic.com

**အနာဂတ်၊အတိတ်၏တစ္ဆေ**

*ကနဦးဝိညာဉ်သည်ကား အချိန်မတိုင်ခင်ကတည်းကပင် ရှိနှင့်နေခဲ့ပြီးဖြစ်ပြီး အခြားအရာအားလုံး၏ဖခင်ဖြစ်သော အချိန်သည် ယင်း၏ ရင်သွေးများမှ တစ်ယောက်သာ ဖြစ်သည်။*

ရော့(လ်)ဝေါ(လ်)ဒိုအီမာဆင်

*ထပ်ဆင့်လွန်သွားသောအခါ သင်သည် အချိန်ကာလထဲ လှုပ်ရှားနေခြင်း မဟုတ်ကြောင်းကို တွေ့ရသည်။ အချိန်သည်ကား လူဝင်စားမှုကို ဖော်ကျူးသော အထုပ်အပိုး အပြောင်းအလဲသာ ဖြစ်သည်။*

ရမ်ဒတ်(စ်)

တစ်ခါတစ်ရံတွင် စဉ်းစားတွေးခေါ်ခြင်းသည် နားလည်မှုကို ဟန့်တားသည်။ အချိန်ကာလနှင့်ပတ်သက်လျှင် လူသား၏ သဘောထားသည်လည်း ဤအတိုင်းပင်ဖြစ်သည်။ သဘာဝအရ အစဉ်တစိုက်အနေအထားအရ သုံးဖက်မြင်လောကကို အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်ဟု ခွဲခြားတင်ပြသည်။ ယင်းသတ်မှတ်ချက်သည် ရုပ်ပိုင်းဆိုင်ရာလောကနှင့်ဆက်ဆံရေးအတွက် အဆင်ပြေစေသောသဘာဝရှိသည်။ သို့သော် ကျွန်တော်တို့၏မြူနေသောစိတ်၏ ထုတ်လုပ်ချက်တစ်ခုသာဖြစ်သော အချိန်သည် လက်သင့်သော ပုံရိပ်တစ်ရပ်မျှသာ ဖြစ်သည်။ ဘာဒိုအနေအထားသို့ ရောက်ရှိသူတို့ အချိန်ကာလ တကယ်တမ်းမရှိကြောင်း ကောင်းစွာ သဘောပေါက်သည်။ လောကဘုံမှာ တစ်ခဏလွတ်မြောက်သွားသူတို့သည် အရာအားလုံး တစ်ပြိုင်နက်တည်း ဖြစ်ပေါ်နေခြင်း သဘောပေါက်သည်။ သမိုင်းဝင် အဆောက်အအုံတစ်ခုတွင် တပ်ဆင်ထားသော နာရီတစ်လုံးမှ စက္ကန့်တံက တတောက်တောက်ဖြင့် ရွေ့လျားနေသည်ကိုကြည့်နေသော သက်ရှိလူပုဂ္ဂိုလ်အတွက် ဤစကားသည် စိတ်ရှုပ်စရာဖြစ်ကောင်းဖြစ်မည်ဖြစ်သော်လည်း အရာရာတိုင်း ထာဝရ ယခုတွင် ဖြစ်ထွန်းနေသည်။ သို့ဖြင့် အတိတ်ဘဝများ တစ်ပြိုင်နက်တည်း ဖြစ်ထွန်းနေသည်။ ဤကမ္ဘာလောကကို ရှုမြင်မှုကို အတွေးအခေါ် ကသာလျှင် တစ်ဘာသာခြားမြင်စေသည်။


တရုတ်ပညာရှိ ဟောင်ပိုမှသည် စိန့်ဩဂုတ်စတင်းအထိ ပညာရှိတို့သည် အချိန်ကာလ၏ လက်တွေ့မကျသော သဘာဝအကြောင်းပြောဆိုခဲ့ကြပါသော်လည်း ပုံသေအမြင်ကို လက်လွှတ်ရန် အမြဲနှောက်တွန့်ခဲ့ကြသည်။ The Spectrum of Consciousnessတွင် ကင်ဝီ(လ်)ဘာက အောက်ပါအတိုင်း ရေးသားခဲ့သည်။

အတွေးအခေါ်သည် အစဉ်တစိုက် အဆက်မပြတ် တစ်ဖက်မြင်အသွင်သာရှိပြီး တကယ့်လောကသည် ယင်းကို ယင်း ထပ်ဆင့်အမြင်၊ အဆက်မပြတ်မဟုတ်သော အတိုင်းအဆမသိ ကြွယ်ဝမှုနှင့် ထွေပြားမှု၏ပုံစံအဖြစ် တစ်ပြိုင်နက်တည်း တင်ပြသည်။ ဤအမြင်နှစ်မုကို အံဝင်ခွင်ကျ စပ်ဟပ်မြင်ရန် ကြိုးစားခြင်းသည် လှပသော ရှခင်းကြီးတစ်ခုကို ခြစည်းရိုးအပေါက်ကြားမှရှုမြင်ရန် ကြိုးစားသည့်အသွင် သို့မဟုတ် ရေနွား၏ ပန်းချီကားကို မှန်ဘီလူးတစ်ခုတည်းဖြင့် ကြည့်ရန် ကြိုးစားခြင်းနှင့်တူသည်။

မှတ်ဉာဏ်ကို အတိတ်ကာလ၏ အမှန်တကယ်အသိပညာအဖြစ် မတွေးထင်တော့သောအခါတွင် အချိန်ကာလ စိတ်ကူးအမြင် လွင့်ပြယ်သွားပေမည်။ မျက်မှောက်အချိန်ကာလအားလုံး ပါဝင်သောကြောင့် ယင်းသည် အချိန်ကာလ အကန့်အသတ်မရှိချေ။ ဤအချိန်ကာလမဲ့မှုသည် အနတ္တပင် ဖြစ်သည်။ မှန်ပေသည်။ အတိတ်၊ပစ္စုပ္ပန်နှင့်အနာဂတ်ကို လက်ခံရခြင်းသည် ပို၍ ကျယ်ပြန့်သောအမြင်ရှိရန် လိုအပ်သော ပြန်လည်ဝင်စားမှုနှင့် ပတ်သက်၍ အပေါ်ယံနားလည်ရန် ကြိုးစားခြင်းထက် ပို၍လွယ်ကူသည်။

ယင်းနှင့်ပတ်သက်၍ ရီနေဂျူနွန်က အောက်ပါအတိုင်း ပြောကြားခဲ့သည်။

အရာအားလုံးကို တစ်ပြိုင်နက်တည်း မြင်ရန်အတွက် ဆက်တိုက်အမြင်မှ လွတ်ကင်း၍မရနိုင်သူသည် လောကတရားကို သဘောပေါက်၍ရနိုင်မည် မဟုတ်ချေ။ အတိတ်ဘဝပေါင်းများစွာကို ပြန်လည်မှတ်မိသော အင်္ဂလိပ်အမျိုး



www.burmeseclassic.com

သမီး ဆမ်ဂျိအန်ဂရန်ကမူ ဤတစ်ချိန်တည်းဖြစ်စဉ်ကို နားလည်သဘောပေါက်ရန်အတွက် အလွယ်ဆုံးနည်းမှာ အချိန်ကို လိမ္မော်သီးတစ်လုံး၏အလယ်ဗဟိုအဖြစ်ရှုမြင်ပြီး ထိုပေါ်တွင် အသားတက် ဆက်လက်ဖြစ်ပေါ်မှုတို့ကို ဝိညာဉ်၏ နောက်တိုးဘဝများအဖြစ်ဖြင့် တွေ့ခြင်းပင်ဖြစ်သည်ဟု ဆိုသည်။ ဤအနေအထားကြောင့် မစ္စဂရန့်အနေဖြင့် လွန်ခဲ့သော နှစ်ထောင်ပေါင်းများစွာကဘဝကို ပြန်အမှတ်ရရန်နှင့် ထူးမခြားနားခဲ့ချေ။ ယခင်ဘဝများကို နောက်ကြောင်းပြန်သွားသောသူများသည်လည်း မျက်မှောက်ကာလဘဝများနှင့် လွန်ခဲ့သော အတိတ်ကာလများစွာက ဘဝတို့ ပြန်ခံစားမှု၊ သဲကွဲမှုမခြားနားကြောင်း တွေ့ရှိခဲ့ကြသည်။ ဝိညာဉ်လမ်းပြဖြစ်သော ဆက်(သ်)သည် လူဝင်စားမှုနှင့်ပတ်သက်၍ အနတ္တအမြင်ကို အောက်ပါအတိုင်း ဆိုညွှန်းပြခဲ့သည်။

'သင်သည် အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်စိတ်ကူးကို ဥပါဒါန်ဖြစ်နေသောကြောင့် လူဝင်စားမှုကို ဘဝတစ်ခုမှတစ်ခု သီထားချက်အဖြစ် မဖြစ်မနေ တွေ့မိသည်။ ကျွန်တော်တို့သည် အချိန်ကာလ ဆင့်ပွားဖြစ်စဉ်သဘောတရားကို ကျင့်သားရနေ၍ အတိတ်ဘဝများအကြောင်း ပြောဆိုသည်။ သင့်တွင် လွှမ်းမိုးနေသောအတ္တရှိသည်။ ယင်းတို့အားလုံး အတွင်းသန္တာန်ထွေထွေပြားပြားအနေတွင် လွှမ်းမိုးနေမှုရှိသည်။ သို့သော် သီးခြားဘဝများသည် တစ်ပြိုင်နက်တည်း ဖြစ်တည်နေသည်။ ပါဝင်သောနာမ်တို့သာလျှင် အချိန်ကာလကို ခွဲခြားမှုပြုသည်။ ဘီစီ ၁၄၅၊ အေဒီ ၁၄၅၊ သင့်ဘဝက နှစ်ပေါင်း တစ်ထောင်၊ သင့်အနာဂတ် နှစ်ပေါင်း တစ်ထောင် အားလုံး ယခုပင် သက်ရှိဖြစ်ထွန်းနေသည်။'

အချိန်၏ ထင်ယောင်ထင်ဝါးသဘာဝသည် အသဲကွဲဆုံးဖြစ်နိုင်စေရန်အတွက် ဘဝနှစ်ကာလပေါင်းများစွာ အတွေ့အကြုံကို စက္ကန့်ပိုင်းအတွင်းဖော်ကျူးပြသော အိပ်မက်များအဖြစ် တွေ့မြင်ပါ။ အိပ်မက်မက်သူအတွက် မည်သည့်အချိန်မျှ ကျော်လွန်သွားခြင်း မရှိချေ။ အိပ်ပျော်နေသူ သို့မဟုတ် အိပ်မွေ့ချခံထားရသည့်အတွက်လည်း ဤသို့ပင်ဖြစ်သည်။ မည်သည့်အတွက်ကြောင့်နည်း။ အတွင်းသန္တာန် နာမ်တို့သည် အချိန်ကာလအမြင် အပြင်ဘက်တွင် ရှင်သန်၍ဖြစ်သည်။ အလားတူပင် ရဟတ်ယာဉ်မောင်းတစ်ဦးသည် အောက်ဘက် ဝေးကွာလှသည့်ယာဉ်များ၊ ပိတ်ဆို့နေသည့် အဝေးပြေးလမ်းများပေါ်တွင်ရှိသောယာဉ်များ အပြင်ဘက်တွင် နေထိုင်သည်။ ရဟတ်ယာဉ်မောင်းက အထက်ဝိညာဉ်ဖြစ်ပြီး မော်တော်ယာဉ်တစ်ခုချင်းမှ ယာဉ်မောင်းတစ်ဦးချင်းသည် တသီးတခြား အဝတစ်ခုချင်းကို တွေ့ကြုံခံစားနေသော နာမ်ဝိညာဉ်များဖြစ်သည် ဆိုပါစို့။ အချိန်ကာလမဲ့အနေတွင်ရှိနေသော အထက်ဝိညာဉ်သည် ထွေထွေပြားပြား ဘဝအားလုံး ဖြစ်ပွားနေမှုကို တစ်ချိန်တည်းတွင် တွေ့ရပါသော်လည်း အမြင်နှင့်အသိ ကန့်သတ်ထားသော သီးခြားဝိညာဉ်များသည် ယင်းတို့၏ ယာဉ်ပြဿနာများကိုသာ သိမြင်ရသည်။

လာမည့် နှစ်ကာလများသည် ယင်းတို့ ဖြစ်စဉ်ဖြစ်ရပ်များနှင့်အတူ အမြင်အာရုံထဲ မရောက်သေးသည့် အနေရှိနေမည်ဖြစ်သော်လည်း အမြင်၊ အကြား၊ အရသာ၊ အနံ့အသက်၊ အထိအတွေ့အာရုံတို့၏ တုန်ခါမှုနှုန်းသည် ရုပ်ခံစားသိစိတ် အလွန်ဖြစ်နေခြင်းမျှသာ ဖြစ်သည်။ အနာဂတ်သည် ယခုရှိနေပြီး အမြဲတစေလည်း ရှိနေခဲ့သည်။ ဤသည်ကြောင့်ပင် ပါရမီရင့်သော အကြားအမြင်အာရုံရှင်တို့သည် အနာဂတ်ကို ကြိုတင်ပြောဟောနိုင်သည်။ ပို၍မြင့်သောတုန်ခါနှုန်းကို ရုပ်ပိုင်းဆိုင်ရာအနေဖြင့် ဖမ်းယူခြင်းဖြင့် သူတို့သည် အမြဲတစေရှိနေသော ပစ္စည်းများကို လှမ်းရှုမြင်နိုင်သည်။ ဤအနာဂတ်အကြောင်း ကျွန်တော်တို့ သိလေလေဖြစ်သည်ဟု Reimcarnation စာစောင် အယ်ဒီတာဖြစ်သူ အဲလင်းဗက်(ခ်)ဟမ်





www.burmeseclassic.com

www.burmeseclassic.com

က ၁၉၈၃ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် စာစောင်တွင် ဆိုညွှန်းပြုထားခဲ့သည်။

ကျွန်တော်တို့မသိစိတ်မှ ဘဝ၏ ပုံစံပြာများအကြောင်း ပို၍သိရှိသည်နှင့်အမျှ ကျွန်တော်တို့သည် ပြန်လည်မွေးဖွားရန် အကြောင်းပြချက် ပိုမိုများပြားစွာ ဖြစ်လာရသည်။ ကျွန်တော်တို့သည် ကျွန်တော်တို့ ပုံစံပြာများအားလုံးကို မသိနိုင်ချေ။ ယင်းသို့သိပါလျှင် ကျွန်တော်တို့ဘဝကို အသက်ကင်းမဲ့သွားစေမည်။ တကယ်တမ်းပြောရလျှင် ကျွန်တော်တို့ သိစိတ်နှင့် မသိစိတ်ကြားတွင် အဟန့်အတားရှိနေခြင်းသည် ကျွန်တော်တို့ နိစ္စဓူဝဘဝအတွေ့အကြုံများမှ သည်းထိတ်ရင်ဖိုစရာဖြစ်ရပ်များ အလျှင်းကင်းပမသွားစေရန်ပင် ဖြစ်သည်။

**အနာဂတ်ဘဝများ**

မည်သို့ပင်ဆိုစေ အိပ်မွေ့ချခြင်းသည် သိစိတ်နှင့် မသိစိတ်ကို ခွဲခြားသော အဟန့်အတားကို ဖောက်ထွင်းသည့် သဘောတရားအရ ပြောရလျှင် ကျွမ်းကျင်သော အိပ်မွေ့ချဆရာအတွက် အတိတ်ဘဝများကူးကူး၊ အနာဂတ်ဘဝများကူးကူး မခြားနားချေ။ သို့သော် လက်တွေ့အနေအထားအရမူ နောက် ပြန်ခံစားရမှုက ရှေ့ကြိုခံစားရသည်ထက် လွယ်ကူသည်။ အနာဂတ်ဘဝများသည် မှတ်တမ်းတင်ရန် ခက်ခဲသည့်သတင်းအချက်အလက်များ လွယ်လွယ်ကူကူ စီးဆင်းမှုမရှိသလို အနာဂတ်တွင် လွင့်မျောမိသည်နှင့် တစ်ခန်းမှတစ်ခန်းသို့ ချက်ချင်းလက်ငင်း ပြောင်းရွှေ့လေ့ရှိသည်။ အနာဂတ်ပိတ်ပင်ထားသည့် နယ်မြေအဖြစ်မြင်ရန် လေ့ကျင့်ထားသောစိတ်သည် ပုံရိပ်များကို ပိတ်ဆို့ရှုပ်ထွေးစေသည်။

ဒေါက်တာ ဟယ်လင်ဝမ်ဘတ်သည် 'အနာဂတ်အိပ်မက်များ စုဝေးမက်ခြင်း' ဟု ခေါ်ဆိုခဲ့သော ရှေ့ဆောင်လေ့လာမှုတစ်ရပ်ကို ပြုခဲ့သည်။ ထိုသုတေသနပြုမှုတွင် သူမသည် အိပ်မွေ့ချခံပုဂ္ဂိုလ်များကို နှစ် ၂၁၀၀ နှင့် နှစ် ၂၃၀၀ သို့ ခေါ်ဆောင်သွားခဲ့သည်။ ထိုသုတေသနပြုချက်တွင် ပါဝင်ခဲ့သူပုဂ္ဂိုလ် (၁၁၀၀) မှ (၈၉) ဦးသည် ထိုရည်ရွယ်ထားသည့် နှစ်တစ်နှစ် သို့မဟုတ် နှစ်နှစ်စလုံးတွင် လူဝင်စားများဖြစ်နေသည့်အဖြစ် ကြုံခဲ့ပြီး အတော်ပင် အသွင်တူသော အတွေ့အကြုံများကို ပြန်ပြောင်းပြောပြသည်။

'အခြားလူအတော်များများက အနာဂတ်ကို သွားချင်ခဲ့ပေမယ့် အဲဒီကာလတွေမှာ သူတို့ လူအဖြစ် အသက်ရှင်မနေခဲ့တာကို တွေ့တယ်'

ဟု ဒေါက်တာဝမ်ဘတ်က ဆိုခဲ့သည်။

ယင်းတို့ အသက်ရှင်မနေသည့် အကြောင်းမှာ သူတို့ဝင်စားရန် ခန္ဓာကိုယ်များမရှိသည့်အနေအထားကြုံရ၍ ဖြစ်ကောင်းဖြစ်နိုင်သည်။ ၂၁၀၀ ပြည့်နှစ်တွင် ကြီးမားကျယ်ပြန့်လှသော ကမ္ဘာပျက်ဖြစ်ရပ်များ ဖြစ်ပွားပြီးနောက်တွင် ကမ္ဘာ့လူဦးရေ (၉၅) ရာခိုင်နှုန်း လျော့ပါးနေသည့်အဖြစ်သို့ ဆိုက်ရောက်ခဲ့သည်ဟု သုတေသနပြုခံများက ဆိုညွှန်းခဲ့ကြသည်။ ကမ္ဘာဂြိုဟ်ကြီးသည် အပျက်အစီးလွင်ပြင်ကြီးဖြစ်နေခဲ့ပြီး အဆိပ်ငွေ့များဖြင့် ဖုံးလွှမ်းနေခဲ့သည်။ ၂၁၀၀ ပြည့်နှစ်တွင် အသက်ရှင်နေထိုင်သူ ထက်ဝက်နီးပါးသည် ပေါင်းမိုးမြို့တော်ကြီးများတွင် နေထိုင်ကြရပြီး ထိုမြို့တွင်းမှ အပြင်သို့ထွက်လျှင် ဓာတ်ငွေ့ကာမျက်နှာဖုံးမျိုးဝတ်ဆင်ရသည်ဟု ဆိုညွှန်းခဲ့ကြသည်။ ထိုပေါင်းမိုးမြို့တော်ကြီးတစ်ခုမှာ အမေရိကန်နိုင်ငံ အာရီဇိုးနားပြည်နယ်တွင်ဖြစ်ပြီး အခြားတစ်ခုမှာ တူနီးရှားနိုင်ငံတွင် ဖြစ်သည်။ နောက်ထက်ဝက်သောလူဦးရေတို့သည် အာကာသတွင် ကိုလိုနီပြု အခြေချနေထိုင်သူများအဖြစ် နေထိုင်ခဲ့ကြပြီး ပျစ်ပျစ်ခဲခဲ အစာအတုကို ဇွန်းလိုလို၊ ခက်ရင်းလိုလို ကိရိယာများဖြင့် စားသုံးကြသည်။ သစ်သီးဝလံအားလုံး ပျောက်ကွယ်သွားခဲ့သလို နာကျင်မှု၊ အကြမ်းဖက်မှုများနှင့် ရောဂါဘယလည်း မရှိခဲ့တော့ချေ။ ၂၃၀၀ ပြည့်နှစ်ရောက်သောအခါတွင်မူ ဟင်းသီးဟင်းရွက်များ ပြန်လည် ပေါ်ပေါက်လာပြီး လူတို့သည် နေစကြဝဠာအနှံ့တွင် နေထိုင်နေခဲ့ကြပြီး ကမ္ဘာ့လူဦးရေ နှစ်ဆတိုးနေခဲ့ပြီး ဖြစ်သည်ဟု အစမ်းသပ်ခံပုဂ္ဂိုလ်များက ဆိုခဲ့သည်။

ဘာ(လ်)တီမိုးမြို့တော်မှ အိပ်မွေ့ချပါရဂူတစ်ဦးဖြစ်သူ ဒေါက်တာ ဘရူး(စ်)ကိုး(လ်)ဘတ် ကြီးကြပ်ခဲ့သော အနာဂတ်ခရီးသည်များသည် ဤကဲ့သို့သော ကမ္ဘာပျက်အခြေအနေမျိုး တစ်ခုတလေမျှ မတွေ့ခဲ့ဘူးချေ။ သို့သော် ဤသည်မှာ ၂၅ ရာစုနှစ်အထိသာ ဖြစ်သည်။ ၂၅ ရာစုနှစ်တွင်မူ ပြင်းထန်လှသော အဏုမြူစစ်ပွဲကြီးတစ်ခုသည် ကမ္ဘာ့လူဦးရေပမာဏ များစွာ လျော့ပါးစေခဲ့သည်။ ဒေါက်တာကိုး(လ်)ဘတ်က သူ၏စာအုပ် (Pastives, Future lives) တွင် ဖော်ပြထားသော မြောက်မြားလှသော ဖြစ်စဉ်များတွင် လာမည့် ရာစုနှစ်တွင် ပထဝီမျက်နှာပြင်ဆိုင်ရာပြောင်းလဲမှုကြီးများမှသည် ၂၆ ရာစုနှစ်တွင် ရေအောက်မြို့တော်များ တည်ခြင်းနှင့် သတင်းအချက်အလက်၊ ဆေးဝါးများ ပေါ်ပေါက်ခြင်းအထိ ထွေပြားလှသည်။

၁၉၈၁ ခု၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ကိုးလ်ဘတ်သည် ဘလ်တီမိုရုပ်မြင်သံကြားသတင်း ဖတ်ကြားသူ ဟယ့်ရီမာတင်ကို အိပ်မွေ့ချ၍ ရှေ့တစ်ပတ်သတင်းကို ကြိုတင် ဖတ်ကြားခိုင်းခဲ့သည်။ ၁၉၈၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် WBAL မှ လွှင့်ထုတ်သောသတင်းတွင် မာတင် အတော်အောင်မြင်ခဲ့သည်ဟု ဖော်ပြခဲ့သည်။ ယင်းသည် ဘဲ(လ်)တီမို့ဒေသတွင်း၌ ဖြစ်ပွားသော ယာဉ်တိုက်မှုတစ်ခုကို ကွက်တိနီးပါး မှန်ကန်အောင် ကြိုတင်ပြောကြားနိုင်ခဲ့သည် နောင်တွင်မူ ဟယ်ရီမာတင်အား ၂၁ ရာစုသို့ ပို့လိုက်ပြန်ခဲ့ရာ ထိုရာစုနှစ်တွင် သူသည် နေရောင်ခြည်စွမ်းအား ဖန်ပိရမစ်အတွင်း၌ အလုပ်လုပ်ကိုင်နေသော သိပ္ပံပညာရှင်အဖြစ် သူ့ကိုယ်သူ မြင်ခဲ့သည်။ ပိရမစ်အတွင်းမှ လူအယောက်ပေါင်း (၃၀၀) သည် စကားတစ်ခွန်းတလေမျှ ပြောဆိုခြင်းမရှိခဲ့ကြချေ။ ယင်းတို့၏အလုပ်မှာ အတွေးစိတ်ကူးလွင့်ပျံ့မှုကို စူးစမ်းရန်ပင် ဖြစ်သည်။ ဤအနာဂတ်၏နောက်ဆုံးနေ့သို့စေခံရသော မာတင်သည် သူနောက်တစ်ဖန် ပြန်လည် မွေးဖွားမှုသို့ ဦးတည်မည့် အဆင့်မြင့်နည်းပညာအသွင် ဝေဒနာမဲ့သေဆုံးမှုအကြောင်းပြောပြခဲ့သည်။

ကိုး(လ်)ဘတ် -

"ခင်ဗျားဘယ်မှာလဲ"

မာတင် -

"ကျွန်တော် သုတ်သင်ရေးအခန်းကို သတင်းပို့နေတယ်"

ကိုး(လ်)ဘတ် -

"ခင်ဗျားပိရမစ်ထဲမှာပဲလား"

မာတင် -

"ဟုတ်ပါတယ်"

ကိုး(လ်)ဘတ် -

"ခင်ဗျား ဘာလို့ သုတ်သင်ရေးအခန်းထဲရောက်နေလဲ"

မာတင် -

"ဖွဲ့စည်းမှုကိုပြောင်းလဲရမှာ ကျွန်



www.burmeseclassic.com

www.burmeseclassic.com




တော်တော်လေးရဲ့အထက်မှာ ကောင်းတာ …လမင်းသစ္စာ

လမင်းသစ္စာ

လေးဖက်နာသောက်ဆေးနှင့်သက်ရင်းရှောက်ပေါင်းဒဏ်ကြေးလိမ်းဆေးရည်

၀၆၁၀ YR ၀၀၇၀၆၆

၀၇၁၀ YR ၀၀၇၁၈၁

ကြောတက်၊ အဆစ်အမြစ်ကိုက်ခဲ၊ ဒူးနာ၊ ခါးနာ၊ အရိုးကျီးပေါင်းတက်၊ လေးဖက်နာနှင့် ဂေါက်ရောဂါဖြစ်လျှင်…

လမင်းသစ္စာ …. ဆေးကိုလိမ်း

လမင်းသစ္စာ …. ဆေးကိုသောက်…. ပျောက်

လမင်းသစ္စာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး- အမှတ် (၁၉၃/၄ဘီ)၊ ဗဟိုလမ်း၊ စမ်းချောင်း၊ ဖုန်း-၀၉-၅၁၃၁၆၄၃၊၀၉-၅၀၈၀၆၀၉၊ ၀၁-၅၂၄၇၈

ရရှိနိုင်သောနေရာများ-ကောင်းမြတ်သစ္စာကုသခန်း၊ အောင်မင်္ဂလာသိဒ္ဓိကျောင်းတိုက်၊ ဗဟိုလမ်း၊ စမ်းချောင်း (ဖွင့်ရက်-အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး)။

-သုထုမေတ္တာ၊ ကိုလှစိုး၊ အာရောဂျ၊ ဦးမြင့်ဆွေ၏သားများ၊ မိဘမေတ္တာ၊၁၅လမ်းနှင့် ကန်နားလမ်း-ကိုဝင်းမြင့်+မဘောဘီ။ မင်္ဂလာဈေး-သုခချမ်းသာ၊

ကိုသက်နိုင်၊ NEO ၊ စံမတူ၊ မင်းသား၊ အာရောဂျ ၊ အောင်။ သံလျင်-သီဟ၊ မြို့မသုခ။

မေတ္တာဦး၊ ဖိုးခွားလေးဆေးဆိုင် ။ တောင်ကြီး-လင်းဆေးဆိုင်။

ဘားလှယ် - ဘ၀သစ်၊ ကျော်ငအောင်ရတနာ၊ ကောင်းသန့်ဆေးဆိုင် (ဈေးချို)၊ ဗန္ဓုလဆေးဆိုင် (ဈေးချို)

မင်းမြန်မာပလာဇာ)


တော့်အလှည့်ဖြစ်နေပြီ"

ကိုး(လ်)ဘတ် -

"အဲဒီလုပ်ထုံးကိုပြောပြနိုင်မလား"

မာတင် -

"ကျွန်တော် စားပွဲပေါ်မှာ လဲလျောင်းလိုက်တယ်။ ပြီးတော့ ကျွန်တော့်လက်ချောင်းတွေမှာ တစ်စုံတစ်ရာ စွပ်လိုက်တယ်။ နောက် အိပ်ပျော်သွားတယ်"

ကိုး(လ်)ဘတ် -

"အဲဒါကဘာဖြစ်စေလဲ"

မာတင် -

"ခန္ဓာကိုယ်ထဲက ရှိသမျှစွမ်းအားတွေထုတ်ယူလိုက်တယ်"

ရှေ့ဖြစ်စဉ်ကို ကြိုတင်ခံစားရခြင်းမှာ ခေါင်းခြောက်သွားစေနိုင်သည်။ အစမ်းသပ်ခံပုဂ္ဂိုလ်များကို ရှေ့နှစ်ပေါင်း (၁၀၀၀) အထိ စေလွှတ်ခဲ့ဖူးသော ဒစ်ဆက်ဝင်သည် အနာဂတ်တစ်ဝန်းတွင် တွေ့တွေ့ပြားပြား ခန္ဓာကိုယ်မျိုးစုံကိုသက်ဝင်ခဲ့သောသူတို့သည် အတိတ် သို့မဟုတ် ပစ္စုပ္ပန်ဝင်စားမှုတွင်လည်း တွေ့ကြုံနေသောလူတို့နှင့် ပြန်လည်ကူးလူးဆက်ဆံနေခြင်း ဖြစ်ပေမည်ဟု ဆိုညွှန်းသည်။ ၁၉၇၆ ခုနှစ်တွင်မူ သူသည် အောက်ပါအတိုင်း ပြောခဲ့သည်။

'အချိန်ကာလတစ်နေရာမှာ ကျွန်တော့်ရဲ့ အနာဂတ်နာမ်ဟာ ဒီဝိညာဉ်ပိုင်းဆိုင်ရာရင်းမြစ်ကိုသိဖို့ ၁၉၇၆ ခုနှစ်ကို ပြန်စေခံနေရတာ ဖြစ်နိုင်မလားလို့ ကျွန်တော် စဉ်းစားပါတယ်'

ပြန်လည်ဝင်စားမှု သဘောတရားကို လက်ခံသူအားလုံးအား အချိန်ပေါ်ပေါ်များများပေးထားလေသည်။ ကိုယ့်အကန့်အသတ် အတိုင်းအတာ၊ ကိုယ့်အားထုတ်ချက်များကို သိသူတို့အတွက် ဤသည် လွန်စွာ စွဲမက်စရာကိစ္စ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤဘဝတွင် ပီပြင်ပြည့်ဝရန် လုံးဝမဖြစ်နိုင်ပါလျှင် နောက်ဘဝရှိပေသေးသည်။ ထို့နောက် နောက်ဘဝရှိသေးသည်။ အချိန်နှင့် ပြန်လည်မွေးဖွားမှု ဒွန်တွဲသွားနေသောအနေတွင် မရောက်ရှိနိုင်သော ပန်းတိုင်ဟူ၍ မရှိ။ မမီနိုင်သော ကိုယ်ကျင့်တရားဟုလည်း မရှိချေ။ အထပ်ထပ်အခါခါ လူဝင်စားမှုအတွက် ရှိလှသည့် အချိန်အတိုင်းအတာကို ဗုဒ္ဓဝင်ဇာတ်လမ်းတစ်ခုက အရိပ်အယောင်ညွှန်းဆိုမှုပြုသည်။ ယင်းတွင် အမြင့် (၆) မိုင်၊ အလျား (၆) မိုင်၊ အကျယ် (၆) မိုင်ရှိသော ဂရက်နိုက်ကျောက်တောင်ကြီးကို ပုံဖော်ထားသည်။ နှစ်ပေါင်း (၁၀၀) ကျော်လျှင် တစ်ကြိမ်ကျ ငှက်တစ်ကောင်က နှုတ်သီးတွင် ပိုးပဝါတစ်ထည်ကိုက်ချီ၍ ဖြတ်ပျံသန်းသွားသည်။ ထိုသို့ပျံသန်းသောအခါ ပိုးပဝါစက မာကျောသော ကျောက်သားကို ထိခတ်သွားသည်။ ထိုပဝါစက ထိုတောင်ကြီးကို လုံးဝ ပျောက်ပျက်သွားအောင် ဖျက်တိုက်ပစ်မည့်ကာလကို ကျွန်တော်တို့ သံသရာတွင် တစ်ဘုံမှ တစ်ဘုံသို့ ကျင်လည်ရမည့် ကာလအတိုင်းအတာဟု ဆိုသည်။

သို့ဖြင့် အချိန်ဆိုသည်မှာ မရှိခဲ့ပါလျှင် တကယ်ပြောင်းလဲခဲ့သည့်အရာများရှိပါသလား၊ အမြင်သာရှိသည်။ ဓမ္မဓိဋ္ဌာန်ကျကျဖြစ်စဉ်သည် စိတ်ကူးနိုင်သမျှ အထည်ဝါဆုံးအမြင်ကို အရှုံးပေးသည်။ အနတ္တကာလ၏ သဲမှုန်တို့သည်လည်း နတ္တကာလ၏ သဲမှုန်တို့ထက် ပို၍ များပြားကျယ်ဝန်းဟန် ရှိသည်။

တိုးထက်

*The Care for Reincarnation by JOE FISHER* ကို ပြန်ဆိုသည်၊



www.burmeseclassic.com

www.burmeseclassic.com

ဤဖြစ်ရပ်မှန်ဇာတ်လမ်း ပေါ်ပေါက်ခဲ့သည်မှာ လွန်ခဲ့သည့် နှစ်ပေါင်း (၄၀) ကျော်မှ ဖြစ်သော်လည်း ဤဇာတ်လမ်းတွင် ပါဝင်ပတ်သက်သူအချို့မှာ ကွယ်လွန်သွားကြသူများရှိသလို သက်ရှိထင်ရှားရှိနေကြသူများလည်း အများအပြား ကျန်ရှိနေသေးသည်ဖြစ်ရာ မယုံမကြည်နှင့် 'ဖြစ်မှဖြစ်နိုင်ပါ့မလား' ဆိုသူများရှိပါက စုံစမ်းမေးမြန်းနိုင်ပါကြောင်း ဦးစွာ ပလ္လင်ခံအပ်ပါသည်။

ကျွန်ုပ် မမှတ်မိမှတ်မိအရွယ် ငါးနှစ်ကျော်၊ ခြောက်နှစ်သားခန့်က ဖြစ်ပါသည်။ ထိုစဉ်က ကျွန်ုပ်မိဘများသည် မြန်မာနွားမအုပ် အကောင် သုံး၊ လေးဆယ်အား ထိန်းကျောင်း၍ (အကောင်ပွားနို့ညှစ်ရောင်းချ) ခြင်းဖြင့် တစ်နှစ်လျှင် နှစ်ကြိမ်ခန့် နေရာပြောင်းရွှေ့ စားကျက်သစ် ရှာဖွေကာ သွားလာနေထိုင်ကြရပါသည်။ ဥပမာ မိုးဦးကျတွင် မီးသွေးဖုတ်ကျေးရွာ၌ (၆) လခန့် ထိန်းကျောင်းနေထိုင်၍ ကျန်(၆)လကို လယ်များရိတ်သိမ်းပြီး ဖြစ်သည်။ အိုင်ကြီးကျေးရွာ (မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်) သို့ ပြောင်းရွှေ့ နေထိုင်ကြပါသည်။

ဤဖြစ်ရပ်ဆန်းသည် မီးသွေးဖုတ်ကျေးရွာတွင် နေထိုင်စဉ်အတွင်း အသေအချာ ဖြစ်ပွားခဲ့ပါသည်။ မီးသွေးဖုတ်ကျေးရွာကလေးသည် နှစ်စဉ် တပေါင်းလပြည့်နေ့မှ လပြည့်ကျော် ၈ ရက်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမြဲဖြစ်သော အနော်ရထာမင်းမြတ်၏ မိဖုရား မောရှမ်းသူ စောမွန်လှ တည်ထား ကိုးကွယ်တော်မူခဲ့သည့် ရွှေစာရံဘုရား၊ ရွှေစာရံရွာနှင့် ဒုဋ္ဌဝတီမြစ်ခြားလျက် မျက်နှာချင်းဆိုင် တည်ရှိနေပါသည်။

ကျွန်ုပ် ကောင်းစွာ မှတ်မိနေပါသေးသည်။ အထက်က တင်ပြခဲ့သလို ပြောင်းရွှေ့နေထိုင်သည်ဆိုရာ၌ ကျွန်ုပ်တို့မိသားစုတစ်စုတည်း မဟုတ်ပါ။ နွားအုပ် (၅) အုပ်၊ (၆) အုပ်ခန့် မိသားစု (၅) စု၊ (၆) စု စုပေါင်းကာ နွားခြံများကာရံ၍ လည်းကောင်း၊ တဲများထိုး၍ လည်းကောင်း မနီးမဝေး နေထိုင်ကြခြင်း ဖြစ်ပါသည်။ သို့-နေထိုင်ကြသည်မှာ မီးသွေးဖုတ်ရွာ၏ အရှေ့ဘက် ကျောက်ကုန်းကွင်းကျယ်ကျယ် ဝါးရုံတောစပ်တွင် ဖြစ်ပါသည်။ ကျွန်ုပ်တို့မိသားစုနှင့် အခြားမိသားစုများ နေထိုင်ရာ တဲကလေးများ၏အလယ် ကျွန်ုပ်နှင့် ရွယ်တူကလေးများ ဆော့ကစားနေကျ ကစားကွင်းနေရာမှ အရှေ့တောင်ယွန်းယွန်းသို့ မျှော်ကြည့်လိုက်လျှင် ညို့ညို့မှိုင်းမှိုင်း မည်းမည်းမှောင်လျက်ရှိသော မြလိပ်တောင်ကြီးအား အကာအဆီးမရှိ ထီးထီးကြီး တွေ့မြင်နိုင်ပါသည်။



ဤတောင်တော်နှင့် ယင်းနယ်အား ပိုင်စိုးသောနတ်မှာ 'မောင်ထွန်းတင်နတ်' ဟု အမည်ရှိ၍ ထူးခြားချက်မှာ လူကြီးနတ် မဟုတ်ဘဲ ကလေးနတ်ဖြစ်ကာ အစိမ်းသေ သေပြီး၍ နတ်ဖြစ်ခြင်းမဟုတ်ပါဘဲ တောတောင်ထဲတွင် အရှင်ပျောက်ပျောက်လျက် နတ်ဖြစ်ရခြင်းဖြစ်လျှင် နတ်ကတော်အား ပြော၍ပင့်ရပါသည်။ နတ်ကတော်မှာ မီးသွေးဖုတ်ကျေးရွာသူ မဟုတ်ပါ။ တစ်ဖ... ကမ်း ရွှေစာရံရွာသူဖြစ်၍ အမည်... ဖွားလှဝင်းဟု မှတ်မိနေပါသည်။ ... အကြောင်းရှိ၍ ကန်တော့ပွဲပေးခြ... နတ်တင်ခြင်း၊ တောင်းပန်သည့် ဖ...

ခြင်းဟု အဆိုရှိပါသည်။

ကလေးနတ်ဖြစ်၍ သည်းခံခြင်း... တရားအလွန်နည်းပါသည်။ အခြားကြီး... ကျယ်သောအပြစ်မဆိုထားနှင့်၊ သစ်... ကိုင်းအားခုန်ဆွဲခြင်း၊ ရုန့်ရင်းကြမ်းတမ်း... စွာဆဲဆိုခြင်း၊ အပေါ့မတတ်တတ်ရပ်၍... စွန့်မိသည်ဆိုလျှင်ပင် နတ်ကိုင်နတ်ဖမ်း... စားခြင်းများ ပြုပါသည်။ အကိုင်ခံရသူ... သည် လိမ့်နေအောင် အပြင်းဖျားကာ... ငှက်ပျောပွဲ၊ အုန်းပွဲတို့နှင့် အကျအန... တောင်းပန်မှ ကျေအေးတော်မူပါသည်။ ကလေးနတ်ပင်ဖြစ်လင့်ကစား စီးကရက်... အတော် ကြိုက်ဟန်တူပါသည်။ ကန်... တော့ပွဲတွင် မပါမဖြစ်အရာကတော့... စီးကရက်ပင် ဖြစ်ပါသည်။ နတ်ကိုင်ခံရ...



www.burmeseclassic.com

www.burmeseclassic.com

အနားများရှိလျှင် နတ်ကတော်နှင့် အိမ်နှင့်လူကြီးများက ကန်တော့ပွဲအား ရိုသေစွာ ကိုင်မြှောက်၍ ကျန်းမာပါစေကြောင်း၊ ချမ်းသာပါစေကြောင်း မောင်ကွန်းတင်နတ်အား ဦးစွာမေတ္တာပို့ရပါသည်။ ယင်းနောက် အဘယ်အပြစ်ကျူးလွန်၍ နတ်ကိုင်ခြင်း ဖြစ်ပါသနည်းဟု ဆဒနာခံစားနေရသူ မိသားစုဝင်တစ်ဦးမှ မေးရပါသည်။ နတ်ဝင်သည်မှ တစ်ဆင့် ပြောကြားသည်မှာ ဘယ်နေ့၊ ဘယ်အချိန်၊ ဘယ်နားမှာ ယခုအိပ်ရာမှ ထနိုင်သူ မောင်ဘယ်သူဟာ အပေါ့တော်ရပ်စွန့်လို့၊ မဘယ်သူဟာ အိမ်မွေးထားတဲ့ခွေးကို ညစ်ညစ်ပတ်ပတ်ဆဲလို့စသည်ဖြင့် အမလေးဗျာတို့ရေ တိကျလိုက်သမှ နေ့ရက်၊ အချိန်၊ နေရာ၊ ကျူးလွန်သည့်ပြစ်မှုကို ကျူးလွန်သူ ငြင်းခွင့်မရှိ၊ စောဒကတက်ခွင့်ပင်မရှိပါ။ 'ဟုတ်တယ်မဟုတ်လား' ဟု နတ်ကတော်မှ မေးလျှင် 'ဟုတ်ကဲ့၊ ဟုတ်ပ့ါ' နှင့် အပြစ်ကျူးလွန်သူတိုင်းအားလုံး လူမိသည့်မျက်နှာစပ်ဖြီးဖြီးနှင့် ဖြေကြားရသည်ချည်း ဖြစ်ပါသည်။ (တော်သေးတာပေ့ါ။ ကလေးနတ်ပိပိ လင်ယူသားမွေးကိစ္စလျှစ်လျူရှုထားပေလို့။)

ကျွန်ုပ်တို့ နွားမအုပ်ထိန်းကျောင်းသည့်အဖွဲ့ထဲမှ ဦးမြတ်ထွေး၏ ဇနီးဒေါ်တောဆိုသူ မိန်းမကြီးသည် မကြာခဏ နတ်ကိုင်ခံရတတ်ပါသည်။ ၎င်း၏ အမှုအကျင့်မှာ မိန်းမတန်မဲ့ အပေ့ါမတ်ရပ်စွန့်ခြင်း၊ လုံချည်ရင်ရှားနှင့် ဟင်းရွက်ခူးခြင်း၊ ထမင်းအိုးငှဲ့ခြင်းများအား နတ်မကြိုက်ပါ ဆိုသည်ကို သိလျက်

## မန္တလေးတိုင်းဒေသကြီးအတွင်းမှ ကြီးကျယ်သောနတ်ကိုင်မှုကြီး





www.burmeseclassic.com

www.burmeseclassic.com

အကြိမ်ကြိမ်အခါခါ မေ့လျော့ ကျူးလွန် တတ်ပါသည်။ ကျူးလွန်တိုင်းလည်း မောင်ထွန်းတင်နတ်မှ ခွင့်လွှတ်သည် ဟူ၍ မရှိပါ။ ဒီတစ်ခါတော့ ခွင့်လွှတ် မည် ဟူ၍မရှိ။ အချိန်၊ နေရာသည်သာ မက 'ထဘီရင်ရှားနဲ့ ထမင်းအိုးငှဲ့တယ် လေ။ နေတောင်ဝင်သွားလို့ မှောင်စပြု နေပြီ။ ဒါတင်မက မီးဖိုနားအိပ်နေတဲ့ ခွေးပိန်မလေးကိုလည်း မီးပလေ့(မီးမှုတ် သည့်ဝါးလုံး) နဲ့ နှစ်ချက်ဆင့်ရိုက်ပြီး ညစ်တီးညစ်ပတ်ဆဲသေးတယ် မဟုတ် လား'။ အမလေး - စာရှုသူများခင်ဗျား၊ အချိန်ပြည့် စောင့်ကြည့်နေသည်ဟုထင် ရပါသည်။ အဆိုပါ ဒေါ်တော ဆိုသူ မိန်းမကြောင့် မကြာခဏ ငှက်ပျောသီး နှင့် မုန့်များ စားရသည်ကို ကျွန်ုပ်တို့ ကလေးတစ်သိုက်ကတော့ သဘောကျ ကျေးဇူးတင်ရပါသည်။

ကွယ်လွန်သူ ကျွန်ုပ်ဖခင် ဦးမောင် ငွေးသည် အရှုတ်အနောက်ဝါသနာ ပါ၍ အကျီစားသန်သူဖြစ်ရကား တစ်ခု သော နွားကျောင်းရက်တစ်ရက်တွင် မောင်ထွန်းတင်နတ်စင်ရှိရာ မြလိပ် တောင်တော်သို့ မှန်းမျှော်ပြီး -

"ကဲ- မောင်ထွန်းတင်ရေ၊ အစ်ကို ကြီး ညက အိပ်ရေးပျက်လို့ အစ်ကိုကြီး နွားတွေကို ကူကျောင်းပေးပါဦး"

ဟု ဆိုကာ သစ်တစ်ပင်ရိပ်၌အိပ် ပါသည်။ နောင်အကြောင်းတိုက်ဆိုင်၍ နတ်တင်ပွဲတစ်ခုတွင် မောင်ထွန်းတင် နတ်မှ စပ်မိစပ်ရာအဖြစ် မိန့်ပါသည်။

"ခင်ဗျားတို့အဖွဲ့ထဲက ကိုမောင် ငွေး ဆိုတဲ့လူ အတော်မကောင်းတာဘဲ။ ဟိုတစ်လောက သူအိပ်ပျက်လို့ဆိုပြီး ကျုပ်ကို သူ့နွားတွေ ကူပြီးကျောင်းခိုင်း တယ်။ သူကတော့ အိပ်လိုက်တာ သိုး လို့။ သူ့နွားတွေကလည်း ဆိုးလိုက်တာ ဗျာ။ ငြိမ်ငြိမ်မစားကြဘူး။ ဟိုဘက် ရောက်လိုက်၊ ဒီဘက်သွားလိုက်နဲ့ ထိန်း လိုက်ရတာ ဖတ်ဖတ်ကိုမောရော"

ဟု ဆိုပါသတည်း။

ထိုအခါ တစ်ယောက်သောသူမှ-

"ဘာဖြစ်လို့ကျောင်းပေးရသတုံး။ ကိုယ့်ဟာကိုယ်အေးအေးနေရင် ပြီးတဲ့ ဥစ္စာ"

ဟု ပြောလျှင်-

"အေးအေးနေရင်လည်း ရတာ ပေါ့ဗျာ။ ဒါပေမယ့် ဟိုတစ်လောက အဲဒီလူ ကျုပ်နတ်စင်ကိုရောက်လာပြီး ဟ - မောင်ထွန်းတင်၊ မင်းနတ်ရုပ်က လည်း သျှောင်ကြီးဗွေနဲ့ပါလား။ တို့လို ဘိုကေနဲ့ဆိုရင် ဘယ်လောက်များလှ လိုက်မလဲလို့ ပြောသွားတာ။ အဲဒါကို သဘောကျလို့ ကျောင်းပေးရတာပေါ့ ဗျာ"

ဟု ဆိုပါသတဲ့ ခင်ဗျာ။

*(ဩော် - နတ်အတော်များများ ဟာ အမြှောက်ကြိုက်ဟန်တူပါသည်။)*

မောင်ထွန်းတင်နတ်နှင့်ပတ်သက် ၍ ရေးစရာများစွာကျန်ပါသော်လည်း လိုရင်းမရောက်မည်စိုးပါသဖြင့် ချန်လှပ် ခဲ့ပါရစေ။ အဓိကဖြစ်ပျက်ပုံက ဒီလိုပါ ခင်ဗျား။

နွားထိန်းကျောင်းသူများ၏ ပုံမှန် နေ့စဉ်အလုပ်များသည် နံနက်စောစော နွားနို့ညှစ်၊ ရရှိလာသော နွားနို့များအား သံပုံးကြီးအတွင်းသို့ထည့်၊ ဒုဋ္ဌဝတီမြစ် အား လှေဖြင့်ကူး၍ ရွှေစာရံဘုရား ကုန်းပေါ်တွင် ရပ်စောင့်နေသော တစ်စီး တည်းသော ချက်ပလက်ကားနှင့် တင် ဆောင်ပြီး မန္တလေးမြို့သို့ပို့၊ ယင်းကိစ္စ ပြီးလျှင် သံပုံးကြီးအား ပြောင်အောင် ဆေးကြော၍ မိသားစုအတွက် လိုအပ် သော ဟင်းချက်စရာ၊ ဆေးလိပ်၊ မီးခြစ် နှင့် ကလေးများအတွက် စားစရာများ ပါမကျန် ၎င်းသံပုံးကြီးအတွင်း ထည့် သွင်း ယူဆောင်လာသည်မှာလည်း နေ့ စဉ်လိုပင်ဖြစ်လျက် ကျွန်ုပ်တို့ကလေး များကလည်း ဖခင်ဖြစ်သူအား စောင့် မျှော်ကာ ရောက်လာသည်နှင့် အဆိုပါ သံပုံးကြီးအတွင်း မွှေနှောက်၍ ပါလာ သောမုန့်များအား ရှာဖွေစားသောက်ကြ သည်မှာလည်း နေ့စဉ် မြဲနေကျအမှုပင် ဖြစ်ပါသည်။

ထိုနေ့က. . .။

ထိုနေ့ကဆိုသည်ထက် ယခင်ည ကဟု ဆိုရပါမည်။ ကျွန်ုပ်တို့ နွားမထိန်း ကျောင်းမိသားစုများရှိ ယောကျ်ားသား များသည် ရံဖန်ရံခါ အပျင်းပြေ ဖဲကစား လေ့ရှိပါသည်။ ကစားကြရာ၌ ဦးအာ လူး ဆိုသူမှ -

"ကဲ- မောင်ထွန်းတင်ရေ၊ အစ်ကို ကြီးကို ဖဲနိုင်အောင်မ,စမ်း။ နိုင်ရင် မင်း အတွက် ပုဆိုးတစ်ကွင်းဆက်မယ်"

ဟု ပြော၍ကစားရာ ငွေများအား လုံး ဦးအာလူးတစ်ယောက်တည်း စုပြုံ ၍အနိုင်ရရှိသွားသည်။ ထို့နောက် ကတိ ပြုထားသည့်အတိုင်း မောင်ထွန်းတင် အတွက် ပုဆိုးတစ်ကွင်းဝယ်၍ ယင်း သံပုံးအတွင်း ထည့်သွင်းယူဆောင်ခဲ့ရာ ဦးအာလူး၏ သား ကျွန်ုပ်နှင့်ရွယ်တူ ငဒေါင်း ဆိုသူမှ ပုံးအတွင်း မုန့်ရှာရင်း ၎င်းပုဆိုးအားတွေ့မြင်ရာ နတ်ဆက်ရန် ဝယ်လာသည်ကို မသိရှာဘဲ (ပုဆိုးက လည်း ကလေးဝတ်အရွယ်ဆိုတော့) -

"ဟော့၊ ဒါငါ့ဖို့နေမှာကွ"

ဟု ဆိုပြီး ပုဆိုးကလေးအားဖြန့် ၍ သူ့ကိုယ်မှာကပ်ကာ ကြည့်လိုက်ပါ သည်။ ၎င်းနောက် ပုဆိုးအား ပုံးအတွင်း ပြန်ထည့်၍ ပါလာသော မုန့်များအား စားသောက်ကာ ပျော်ရွှင်စွာကစားလျက် ညဘက်ရောက်သောအခါ အသီးသီး အိပ်ရာဝင်ခဲ့ကြပါသည်။ နောက်နေ့ နံနက် လင်းအားကြီးအချိန်တွင် ငဒေါင်း တို့တဲဆီမှ ငဒေါင်း၏ငိုသံ၊ ခွေးဟောင် သံ၊ အော်ဟစ်ပြောဆိုနေသည့် လူကြီး များ၏အသံမျိုးစုံကြောင့် တစ်ဖွဲ့သားလုံး ကျန်ရှိ လူကြီး၊ ကလေးများပါ စုရုံးစုရုံး နှင့် ဝုန်းဒိုင်းကြဲရောက်ရှိသွားခဲ့ သည်။

မြင်ရသည့်မြင်ကွင်းက ငဒေါင်း သည် အိပ်ရာပေါ်တွင် ဆူညံစွာ အော် ဟစ် ငိုယိုလျက် လူကြီးအချို့က ငဒေါင်း ၏ ခြေထောက် (ညာဘက်ဟု ထင်ပါ သည်။)အား ကိုင်တွယ်ကြည့်ရှု၍ အံ့ဩ ခြင်းကြီးစွာ တစ်ယောက်တစ်ပေါက် ထင်မြင်ရာပြောဆိုနေကြပါသည်။

စာရှုသူများခင်ဗျား -

မောင်ငဒေါင်း ဘာဖြစ်သည်ထင် ပါသနည်း။

ဟုတ်ကဲ့၊ ဒီလိုပါတဲ့ခင်ဗျား။

ငဒေါင်း၏ ခြေထောက်၊ ခြေ ချောင်းများအားလုံး မွေးရာပါ အနေ အထားနှင့် ပုံမှန်ဖြစ်သော်လည်း ပေါင် ထိပ်နှင့် ခြေသလုံးအပေါ်ပိုင်းတွင် ဖြစ် တည်ကျအနေအထားက ဒူးခေါက်ခွက် သည် အောက်မှရှိနေပြီး ခုံညင်းဒိုး အပေါ်ကရှိနေရမည်။ ယခုဒီလိုမဟုတ် တော့ပါ။ ပေါင်၊ ခြေသလုံး၊ ခြေချောင်း အားလုံး မွေးရာပါအတိုင်း ပကတိ။ သို့ သော် ထူးခြားသည်က ဒူးခေါက်ခွက် သည် အပေါ်သို့ရောက်နေပြီး ခုံညင်းဒိုး သည် အောက်ဘက်သို့ ရောက်နေပါ သည်။၎င်းသို့သောအဖြစ်ကြောင့် ကျွန်ုပ် နှင့် ကစားဖော် မောင်ငဒေါင်း လမ်း လျှောက်၍မရတော့သဖြင့် ခြေဆင်း၍ အော်ဟစ် ငိုယိုနေသည်ကို ထိတ်လန့် စွာ တွေ့ရှိလိုက်ရပါတော့သည်။

သို့ဖြင့် နာရီဝက်ခန့် ကြာလတ် သော် ကျွန်ုပ်တို့အဖွဲ့ထဲတွင် အသက် အကြီးဆုံး အဖွဲ့ခေါင်းဆောင် ဦးဖိုးငွေ (မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့ နယ် အုန်းချောကျေးရွာတွင် နေထိုင်၍ ဟီးရိုးကဖေးနှင့် စိန်ကလပ်မုန့်ဆိုင်ပိုင်



www.burmeseclassic.com

www.burmeseclassic.com

ဦးထွန်းဝင်း(ဝိဇ္ဇာဓရနယဆေးပညာ)

# ကမ္ဘာ့ကပ်ဘေးကို မြန်မာ့ဓာတ်ဆေးဖြင့် ကာကွယ်မည်



စာရေးသူ ဓာတ်များ၏ သဘော သဘာဝကို ဓာတ်ကျမ်း အစောင်စောင် လေ့လာပြီး သုတေသနပြုလုပ် ဆောင်ရွက်ခဲ့သည်မှာ နှစ်ပေါင်း (၃၆) နှစ်တိုင်ခဲ့ပါပြီ။ 'ဝိဇ္ဇာဓရနယ'ခေါ် မြန်မာ့ဓာတ်ဆေးပညာဖြင့် မိတ်ဆွေသင်္ဂဟများ၊ ဆွေမျိုးသားချင်းများကို ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ခဲ့သည်မှာ (၁၃) နှစ်တိုင်ခဲ့ပြီ ဖြစ်ပါသည်။ သို့ပါ၍ ကမ္ဘာတစ်ဝန်း ဆေးသိပ္ပံမှရှာဖွေတွေ့ရှိထားသော ကမ္ဘာ့

ရှင် ဦးလှမင်း၏ ကွယ်လွန်သူဖခင်) မှ-

"ကဲကဲ - ဒီအတိုင်းကြည့်နေလို့ မဖြစ်ဘူး။ ဒီကိစ္စအတော်ထူးဆန်းတယ်။ ထူးဆန်းမှတော့ နတ်ကိုင်တာပဲ ဖြစ်ရမယ်။ ဟော့ - တစ်ယောက်လာစမ်း။ တွေ့တဲ့လှေနဲ့ မြစ်ကိုအမြန်ကူး။ နတ်ကတော်ဖွားလှဝင်းကို အပြေးသွားခေါ်။ အရေးကြီးတယ်ပြောပြီး တစ်ပါတည်း အရခေါ်ခဲ့"

မကြာမီအချိန်အတွင်း နတ်ဝင်သည် ရောက်ရှိလာပြီး ကန်တော့ပွဲ အမြန်ပြင်ဆင်၍ ပူဇော်ပသလိုက်သောအခါ နတ်ဝင်သည်ထံ မောင်ထွန်းတင် နတ်ဝင်ပါလေပြီ။ အလွန်ဒေါသထွက်နေသောအသံဖြင့်-

"ဟင်း တောက်- ကျုပ်ကတော့ ခံနိုင်ရင် ပုဆိုးတစ်ကွင်းဝယ်ဆက်မယ် ဆိုလို့ နတ်ပညာတွေသုံးပြီး သူနိုင်အောင်လုပ်ပေးလိုက်တာ။ ဟိုလူကြီး (ဦးအာလူးအား လက်ညှိုးထိုး၍) ဝယ်တော့ဝယ်ပါရဲ့။ ဒါပေမယ့် သူ့သားက အရင်ဝတ်ပစ်တယ်"

(အမှန်က ဝတ်တာ မဟုတ်ပါ။ တပ်ရုံပဲကပ်ကြည့်တာပါ။ သူကလည်း နတ်ပလီမို့ ပိုပြောခြင်း ဖြစ်ပါသည်။)

"အဲဒါကြောင့် ဟိုကောင့်ဒူးခေါင်းကို အထက်၊ အောက် ပြောင်းပြန်ဖြစ်အောင် လုပ်ထားတာ"

ပုဆိုးအသစ်ဝယ်ဆက်ရင်ဆက်၊ မဆက်လို့ကတော့ ဘယ်ပုံဘယ်ကဲ့သို့ဘာတွေဖြစ်အောင်လုပ်ပစ်မည် စသည်ဖြင့် ပြောဆို ကြိမ်းမောင်းလျက်ရှိရာ ကာယကံရှင်မှ ပျာပျာသလဲ -

"စိတ်ချပါ။ ဒီနေ့ပဲပုဆိုးတစ်ကွင်း ဝယ်ပြီး ဆက်ပါ့မယ်။ ကလေးအချင်းချင်း ဒီကလေးက ပိုင်ယယ်လို့ ခွင့်လွှတ်ပါ"

ဟု အကြိမ်ကြိမ်တောင်းပန်တော်မူခါမှ မောင်မင်းကြီးသား ကျေအေးတော်မူပြီး ထွက်တော်မူပါသည်။

အဲဒီနေ့နံနက် ဦးအာလူးတစ်ယောက် ထုံးစံအတိုင်း မန္တလေးသို့ နွားနို့သွားပို့အပြန်မှာ ယခင်ပုဆိုးထက် ဈေးပိုပေးရသော ကလေးဝတ်ပုဆိုးတစ်ထည်ဝယ်၊ အိမ်ကိုအမြန်ပြန်၊ ရောက်ရောက်ချင်း ကန်တော့ပွဲ ကတိုက်ကရိုက်ပြင်၊ ပုဆိုးအသစ်တင်မက စီးကရက်တစ်ဘူး အပိုဆောင်း မျက်နှာလုပ်၍ ပူဇော် ပ,သလိုက်ပါသည်။ သို့နှင့် ညဘက်ရောက်၍ အိပ်ရာဝင်ပြီး နံနက်အိပ်ရာမှထသောအခါ မောင်ငဒေါင်း၏ ခြေထောက်မှာ ပုံမှန်အတိုင်းပြန်ဖြစ်လျက် ကျွန်ုပ်တို့နှင့်အတူ မျောက်ရှုံးအောင် ခုန်ပေါက် ဆော့ကစားနိုင်ပါတော့သည် ခင်ဗျား။

စာကြွင်း ။ ။ မီးသွေးဖုတ်ကျေးရွာသည် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်အတွင်း၌ တည်ရှိပြီး ဒုဋ္ဌဝတီမြစ်ခြားလျက် ရွှေစာရံဘုရားနှင့် ရွှေစာရံရွာသည် ပုသိမ်ကြီးမြို့နယ်အတွင်းတည်ရှိပါသည်။ စာရေးသူမှာ ပုသိမ်ကြီးမြို့နယ် ကျောက်မီးကျေးရွာ (စာရေးဆရာကြီး လယ်တွင်းသားစောချစ် အမျိုးသားစာပေဆု ရရှိခဲ့သော 'ပန်းမြိုင်လယ်မှ ဥယျာဉ်မှူး' အမည်ရှိ ဖြစ်ရပ်မှန်ဝတ္ထုသန္ဓေယူမွေးဖွားရာ) တွင် နေထိုင်ပါသည်။ ဤဇာတ်လမ်းပါ ဇာတ်ကောင်ဖြစ်သူ မောင်ငဒေါင်းသည် (ယခုတော့ ဦးဒေါင်းပေါ့ဗျာ။) ယခုထက်တိုင် မီးသွေးဖုတ်ကျေးရွာတွင် နေထိုင်လျက် သက်ရှိထင်ရှား ရှိနေပါသေးသည်။ ကတင်ပြရင်း အသေးစိတ် အချက်အလက်များအား ဂနစွာပြောကြားပေးပါသော အသက်(၇၈)နှစ်အရွယ်ရှိ မိခင်ကြီးအား ရှိသေစွာ ဦးညွှတ်ကန်တော့လိုက်ရပါသည်။

ရင်ခွင်မောင်မောင်ဘင်



www.burmeseclassic.com

www.burmeseclassic.com

ကပ်ရောဂါများအတွက် ကမ္ဘာတွင် မည်သည့်လူမျိုး၊ မည်သည့်နိုင်ငံတွင်မျှ မရှိသော ဓာတ်သတ္တုများကို ဆေးဝါးအဖြစ်ဖော်စပ်ကုသနိုင်သော မြန်မာတို့၏ ဝိဇ္ဇာမရနယဆေးတို့၏ သဘောသဘာဝကို စာရေးသူ ဉာဏ်မီသမျှ တင်ပြလိုက်ပါသည်။

ပြဒါးဓာတ်သည် မီးနေခါမျှဖြင့် (၉၆) ပါးသောရောဂါများကို ပယ်နိုင်၏ဟူ၍ ဓာတ်ကျမ်းများတွင် ပြဆိုပါသည်။ သို့ပါသော်လည်း မှန်ကန်သော ဓာတ်တွဲဓာတ်ချုပ် မီးပေးခြင်း မပြုလုပ်နိုင်ပါလျှင် အလွန် ကြောက်ဖွယ်ကောင်းသော အဆိပ် ဖြစ်ပါသည်။ ပြဒါးကို ပြာကျရုံမျှဖြင့် ရသာယနဖြစ်ပြီဟု ဆုံးဖြတ်ကာ စားသုံး၍ ပျံလွန်တော်မူရသည့် ဆရာတော်ကြီးများ၊ လူပုဂ္ဂိုလ်များ မြန်မာပြည်တွင် ခေတ်အဆက်ဆက် မပြတ်အောင် ရှိနေသောကြောင့် ဓာတ်ဆေးများကိုသုံးစွဲဝံ့သူ မရှိသလောက် ဖြစ်ပါသည်။ ဤသို့ ဖြစ်ရခြင်းမှာ ဓာတ်များ၏သဘာဝကို ပိုင်နိုင်အောင် မသုံးဖြတ်နိုင်၍ ဖြစ်ပါသည်။ ဓာတ် (၄) ပါးတွင် ဩဠာရိက သုခုမ ဟူ၍ ဆောင်ရွက်မှုစွမ်းအားနှစ်မျိုး ရှိကြပါသည်။ ထိုနှစ်မျိုးတွင် သုခုမဓာတ်မှသာလျှင် လျင်မြန်ထိရောက်စွာ ဩဇာဓာတ်ဖြစ်သည်။ သုခုမ၏သဘောမှာ တေဇောဓာတ်နှင့် ဝါယောဓာတ် ဦးဆောင်ခြင်းကြောင့် လျင်မြန်စွာ အကျိုးကိုဖြစ်စေပါသည်။ ထို့ကြောင့် မည်သည့် ပထဝီဓာတ်၊ အာပေါဓာတ်ကိုမဆို တေဇောဓာတ်ဖြစ်သော ပြဒါးဖြင့် ပေါင်းစပ်၍စီရင်မှသာ အစွမ်းထက်သော ဝိဇ္ဇာမရဓာတ်ဆေး ဖြစ်ပါမည်။ ထိုသို့ စီရင်ရာတွင် ပြဒါး၏အဆိပ်ဓာတ်ကို ပယ်သတ်နိုင်သည့် အနိုင်ဓာတ်ဖြစ်ရန် အထူး လိုအပ်ပါသည်။ ဝါဗျူကယန္တရား ရွှေဆေးတွင် ရှေးဆရာကြီးများစီရင်ခဲ့သော ဘင်၊ ပြဒါး၊ ကန့်၊ ဇဝက်သာ ဆိုသော ဓာတ်တွဲသည် အလွန်မှန်ကန်သောဓာတ်တွဲ ဖြစ်ပါသည်။ ပြဒါး၏ အန္တရာယ်ဖြစ်စေနိုင်သော အဆိပ်ဓာတ်ကို ကန့်မှချေဖျက်ပါသည်။ ပြဒါး၏ တေဇော၊ ဝါယောစွမ်းအားကို ဘင်ဓာတ်မှ ချုပ်နှောင် ထိန်းသိမ်း၍ လူ၏ခန္ဓာကိုအကျိုးပြုပါသည်။ နှစ်ပေါင်းများစွာသုံးစွဲခဲ့သော်လည်း ပြဒါး၏ဖောက်ပြန်မှုဆိုးကျိုးကို မတွေ့ရှိရပါ။ ဝိဇ္ဇာမရနယဆေးပညာ ဆိုသည်မှာ ရုပ်ဓာတ်၊ နာမ်ဓာတ်တို့ကို မီးဖြင့်ပြုပြင်၍ ရရှိလာသောအစွမ်းသတ္တိဖြင့် ခန္ဓာကိုယ်ကိုပြုပြင်နိုင်သော ဆေးပညာဟု တိုင်းရင်းဆေးတွင် သတ်မှတ်ပါသည်။ ထက်မြက်သောအစွမ်းဖြင့် ခန္ဓာကိုယ် ဓာတ်လေးပါးကိုပြုပြင်နိုင်သော ဩဇာဓာတ်ရရှိရန်အတွက် ပထမဦးစွာ ရုပ်ဓာတ်၊ နာမ်ဓာတ်တို့ကို ကွဲကွဲပြားပြား ဆုံးဖြတ်နိုင်ရန် လိုပါသည်။ 'သဘောသဘာဝံ ဓာရေတိ' ဟူသော ဒေသနာတော်နှင့်အညီ ဓာတ်တစ်ခု၏ပြုလုပ်ဆောင်ရွက်မှုကိုကြည့်ကာ ဓာတ်လေးပါး ဆုံးဖြတ်ရမည် ဖြစ်ပါသည်။ ကျွန်တော်၏ဓာတ်လေးပါး ဆုံးဖြတ်မှုကို နယကတ္တိဓာတ်ကျမ်းမှ အဆိုကို တင်ပြလိုပါသည်။

'မြေ၏လက္ခဏာ ကက္ခဠာနှင့်ပတိဋ္ဌာန ဟူတုံကလည်း ကျိုက မီးလယ်၊ မကွယ်မလျှော့ခိုင်မာသောကြောင့် မှတ်လော့မြေဓာတ် မချွတ်အာပေါ သူ့သဘောကား ကျိုသောအခါ ချော်သောထွက်ကြ ပရဏတည်း။ ဓာတ်တေဇောကား ဓာတ်တစ်ပါးကို တျွမ်းငြားလောင်ဘိ ရင့်စေဘိ၏။ ဓာတ်ဝါယောကား လျှပ်သောလက္ခဏာ မှတ်ကုန်ရာလျက် တန်ခိုးအားဖြင့် ကောင်းကင်ပျံသွား ဓာတ်လေးပါးတို့ ခွန်အားကိုယ်စီ ရှိတပြီကား။ လောကီချမ်းသာ သုံးဖြာသိဒ္ဓိ အလိုရှိပါက သဘောပြမည်'

ဟု ကျမ်းလာစကားဖြင့် ဆုံးဖြတ်သောအခါ ပထဝီဓာတ်လေးပါး၊ အာပေါဓာတ်တစ်ပါး၊ ဝါယောဓာတ်နှစ်ပါး၊ တေဇောဓာတ်တစ်ပါးဟု တွေ့ရှိ ဆုံးဖြတ်ရပါသည်။ ပြဒါးဓာတ်သည် ဂုဏ်မဆုံးပါ၊ ထို့ကြောင့် ဓာတ်ကျမ်းများတွင် ဘုရား၊ တရား၊ ပြဒါး၊ သံဃာ ဟူ၍ ရတနာလေးပါး ဆိုပါသည်။ လောကနိယာမတရားကို သွေဖည် ဆန့်ကျင်၍ အိုမင်းရင့်ရော်ခြင်းမှ နုပျိုခြင်းသို့ ပြန်လည်ရောက်ရှိစေသော (ယောဗ္ဗဏ) သိဒ္ဓိမှာ ပြဒါး၏အစွမ်းသတ္တိ ဖြစ်ပါသည်။

ထိုသို့ သိဒ္ဓိအနန္တဖြစ်သော ပြဒါးကို (၉၆) ပါးသောရောဂါများ ပျောက်ကင်းစေရန်အတွက် တစ်ရက်၊ တစ်လမီးတွင်နေရန်သာ လိုပါသည်။ သေရန်၊ သတ်ရန် မလိုပါ။ ပြဒါးမီးတွင်နေခါမျှဖြင့် ၉၆ ပါးသော ရောဂါကို ပယ်နိုင်၏ဟူ၍သာ ကျမ်းတွင်ပြဆိုပါသည်။ ထွက်ရပ်ကို ညွှန်ကြားသော ဓာတ်ကျမ်းများတွင်မူ 'ဖမ်းရန်မခက်၊ ချုပ်သတ်ခက်၏' လို့ ဆိုပါသည်။ ထို့ကြောင့် ပြဒါးမီးတွင်နေရန်မှာ ခဲယဉ်းသောအကြောင်းမဟုတ်ပါ။ ပြဒါး၏ ဖောက်ပြန်သော အဆိပ်ဓာတ်များကို ပယ်သတ်၍ရပါသည်။ မီးတွင်နေရန်လည်း ဓာတ်တွဲ၍ရပါသည်။

ကျွန်တော် လက်ခံယုံကြည်သည့် ခန္ဓာကိုယ်ကြံ့ခိုင်မှု၌ ရွှေဓာတ်သည် နှလုံးနှင့် အာရုံကြောတို့၏ပင်မဓာတ်၊ ငွေဓာတ်သည် ချုပ်ဆီ, သုက်ဓာတ်တို့၏အခြေခံဓာတ်၊ ကြေးနီသည် ဆံပင်, မွေးညင်း အရိုးတို့၏ အကြောင်းရင်းဓာတ်၊ သံသည် ခန္ဓာကိုယ်တစ်ခုလုံးတွင်လှည့်ပတ်နေသည့်သွေးတို့၏ အခြေခံဓာတ် ဆိုသည့်အဆိုအမိန့်ကို ယုံကြည် လက်ခံပါသည်။ ဓာတ်ထို့၏ဩဇာဓာတ်စွမ်းအားမှာ သုခုမသဘောမှသာလျှင် ခန္ဓာကိုယ်မှစုပ်ယူ၍ အကျိုးကိုဖြစ်စေပါသည်။ ထို့ကြောင့် ခန္ဓာကိုယ်တွင်အကျိုးဖြစ်စေရန် ၎င်းဓာတ်တို့ကို သုခုမသဘောသို့ရောက်ရှိရန် ပြုပြင်စီရင်ရာတွင် 'ဖြစ်မှု, ပျက်မှု တေဇောရှု' ဟု ကျမ်းဆိုသည်နှင့် အညီ ဗဟိဒ္ဓ မီးသွေး,ထင်း စသော လောင်စာမီးတို့နှင့် လည်းကောင်း၊ (အဇ္ဈတ္တိက) အတွင်းမီးဖြစ်သော ပြဒါးဓာတ်တစ်မျိုးမျိုးဖြင့် လည်းကောင်း ပြုပြင်၍ ပေါ်ထွက်လာသော အခိုးအငွေ့ သုခုမကို သုံးဆောင်ရုံမျှဖြင့် (၉၆)ဖြာသော ဝေဒနာများကိုပျောက်ကင်းစေနိုင်ပါသည်။ ဆေးမှာအတွေ့၊ ဓာတ်မှာအငွေ့ ဆိုသည့်အတိုင်း ပျောက်ကင်းရန် အလုံးအခဲ စားသောက်ရန် မလိုအပ်ပါ။ သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာဟု ဘုရားဟော ပါဠိလာ ရှိပါသည်။ ရုပ်တရားတို့သည် အာဟာရပေါ်တွင် တည်ပါသည်။ အာဟာရဆိုသည် ရသာပေါ်တွင် ဆုံးဖြတ်ရပါသည်။ ရသာသည် မဟာဘုတ်လေးပါးကြောင့် ဖြစ်ပေါ်ရခြင်း ဖြစ်ပါသည်။ မဟာဘုတ်လေးပါးကို မီးဖြင့် သုခုမသဘောသို့ရောက်ရှိအောင် ပြုပြင်စီရင်ထားပါလျှင် ရသာမပေါ်ပါ။ သို့သော် ထက်မြက်သော အကျိုးသွား ဝိပါက ရှိပါသည်။

ရသာတို့မှကြေကျက်ပြီး 'ဖြစ်ပေါ်လာသော အကျိုးသွား (ဝိပါက) ကိုတိ သိရှိဆုံးဖြတ်နိုင်ရန် ခက်ခဲခြင်းတို့ကြောင့် ဓာတ်တို့၏ရသာမပေါ်သော အာနိသင် အကျိုးသွားသိရှိနိုင်ရန် သာလွန်၍ ခက်ခဲလှပါသည်။ ဝိဇ္ဇာမရပညာတွင် ဝိဇ္ဇာ ဉာဏ် ဆိုသည် အကြောင်းတရားတို့ ထောက်ဆ၍ အကျိုးတရားကို ဆုံးဖြတ်နိုင်သောဉာဏ်ဖြစ်ပါသည်။ ဝိဇ္ဇာစရဏ ဆိုသည် ဗုဒ္ဓဘုရားရှင်၏ဂုဏ်တော် (၉) ပါးမှတစ်ပါး ဖြစ်ပါသည်။ ထိုသို့ ဝေဒ ဆုံးဖြတ်နိုင်ရန် ကံ၊ ဉာဏ်၊ ဝီရိယသည် အရင်းခံ ဖြစ်ပါသည်။ သုတမယဉာဏ် သည် စိန္တာမယဉာဏ်သို့ရောက်ရှိမှသာ



www.burmeseclassic.com


www.burmeseclassic.com

ဆုံးဖြတ်နိုင်ပါသည်။ ထိုကဲ့သို့ အလွန်ပင်ခက်ခဲပါသော်လည်း သဘောသဘောဝံစာရေတိအရ မသိလျှင်ကျယ်၊ သိလျှင်လွယ်ပါသည်။ ကျမ်းလျှောက်လျှင်မဆုံး၊ ကျမ်းပေါက်လျှင်တစ်လုံးဟု မာတိကျမ်းများဆိုပါသည်။ ပထဝီဓာတ်သည် ခက်မာ နူးညံ့ ဟူသော ဆောင်ရွက်မှုသဘောသာ ရှိပါသည်။ အခြားသောသဘောကိုမဆောင်ရွက်ပါ။ အခြား ဓာတ်သုံးပါးသည်လည်း ထိုနည်းအတူပင် အခြားသောသဘောကို မဆောင်ရွက်ပါ။ ထို့ကြောင့် 'မီးသည် လေနှင့်မြောက်ကုန်သင့်၍ နိုင်းချင့်အဟုတ် နာမ်သမုတ်၏။ တေဇော, အာပေါရုပ်ဟု ဟောသည်ရှိသော ထုံးစံမီခါကြဲလော့' ဟုမာတိကျမ်းများတွင်ပြဆိုပါသည်။ သည်ကဏ္ဍတွင် အလျဉ်းသင့်၍ ပုဂ္ဂလပညတ်မာတိကျမ်း၏အာဘော်ကိုတင်ပြလိုပါသည်။

'မိတ်ဖက်၊ ရန်ဘက် ဂြိုဟ်ရှစ်ကွက်တွင် ယှဉ်ထောက်ရှု သမသောမိတ္တာအညီပြုက ဂုဏ်နှစ်ခုခြား ကံကတ္တား၌ မီးသည် လေနှင့်အကြောင်းသင့်၏။နှောင်းနှင့်ဉာဏ်ယူ ပါပဓာတ်မင်းမူ၍ ထုတ်ခွန်စိတ်၊ သောမ၌ ရေနှင့်မြေ ဂြိုဟ်ရှစ်ထွေကို လေးထွေစီခွဲ မီး,ရေနှစ်ပါး မစပ်ပြားဘဲ ဝိုက်းခွဲခြား၍ လွဲကြသည်။ ကျမ်းကဲ့ယူဆ ဂြဟာစိန္တာအင်္ဂဝိဇ္ဇာနှစ်ဖြာသဘောတောနှောက ကျမ်းဟောရင်းတူကြ၍ခော်ပြသရုပ်အလုံးစုံချုပ်လိုက်က ဥတ္တ၌နိုင်ရေ မီးသာပိုင်ဟု ကျမ်းခိုင်တင်းမာအပ်ကမ္မာဖြစ်ရာဖြစ်ကြောင်း၊ အကြောင်းမှုလ မီးကစ၍ နေ့,လနှစ်ဖြာ ဝဲလက်ယာတူ ကျမ်းလာစကား လက်ာသွားကိုသောအားထောက် ဝိုးဝါးတစိ ယိုးမှားရှိသူတို့ မသိလျှင် မှောက်ကြသည်။ ကျမ်းလျှောက်လျှင် မဆုံး၊ ကျမ်းပေါက်လျှင်တစ်လုံး၊ အလျှားလိုက် မြစ်ပြင်ကို ဉာဏ်မဆဲခ်ကူးသည်သို့ထုံး'

တေဇော၊ ဝါယော အစွမ်းသတ္တိကိုသိလိုမူ အာပေါ၊ ပထဝီတို့နှင့် တွေ့ဆုံကြည့်ရပါသည်။ ပဋိပက္ခဓာတ်ချင်းတွေ့မှ သူ့အစွမ်းကိုပြကြပါသည်။

ထိုသို့ တေဇောဓာတ်၏ အစွမ်းသတ္တိကိုရရှိလိုမူ မိဿကဓာတ်ဖြင့်ပေါင်းစပ်ဖွဲ့စည်း စီရင်ရပါသည်။ 'ပညတ်သွားရာ ဓာတ်သက်ပါကြောင်း ဉာဏ်ဆင့်ဆောင်း၍ ကုကောင်းလှစွာ ပညာဝိုးဝါးသူမများနှင့်' ဟုဆိုရာတွင် ပညတ်တရားပေါ်အခြေခံသော အင်းအတတ်၊ ဆေးအတတ်တွင်သာ အသုံးပြုရန် ရှိပါသည်။ ဓာတ်ကောက်ဓာတ်ယူတွင်မူ တနင်္လာနံတွင်နေသော ဂွတ်ကို ကြာသပတေးနံနေ ပြဒါးဖြင့် ပေါင်းစပ်၍ ဂဇ္ဇေဓာတ်မဖြစ်ပေါ်နိုင်ပါ။ ထို့အတူပင် အင်္ဂါဓာတ်နေ သံနှင့်ရာဟုဓာတ်နေ ဘော်ကိုပေါင်းစပ်လျှင်လည်း စရေဓာတ် မဖြစ်နိုင်ပါ။ ပိဋကတ်မှာ နှောက်၍ရှာဖေဒင်ကြောင်းနှင့်ပေါင်းလိုက်ပါ ဆိုသည့်စာမှာ ဓာတ်တို့၏ ရသေ့ဆရာအောင်၏ ရကန်(၁၄)ပိုဒ်တွင်မူ 'နေယုန်ဒေါင်းစက်နွန်နှစ်ချက်ကို ဧတဒဂ်ပိုင် မကြံနိုင်သော် ကြံနိုင်ခဲစွ၊ လက်ထပ်ပြမူ ဝိသမည့်တပည့်တို့က ထိုဆရာကို မိစ္ဆာဂုဏ်ထူး ရှုတ်ချဖူး၏' လို့ ရေးသားထားရစ်ခဲ့ပါသည်။ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ ဟူသော ခန္ဓာအစဉ်တို့ပျက်မှုတွင် ဗျာဓိတရားကို တားဆီးနိုင်ရန် ဤဝိဇ္ဇာမရဓာတ်ဆေးများကို ကြံစည်ဖော်ထုတ်ရခြင်း ဖြစ်ပါသည်။ ဗျာဓိတရားကို တားဆီးနိုင်လျှင် ဇရာတရားကိုလည်း တားဆီးနိုင်ရန် မဝေးကွာတော့ပါ။ အိုမင်းရင့်ရော်ရခြင်းသည် ဇီရဏတေဇောဓာတ်ကြောင့် ဖြစ်ပါသည်။ ဇီရဏ တေဇောဓာတ်သည် အမိ၊ အဖနှင့်ဘုန်းကံကြောင့် ဖြစ်ပါသည်။ နတ်၊ သိကြား၊ ဗြဟ္မာများတွင် ထိုဇီရဏတေဇောဓာတ်မပါသည့်အတွက် အနှစ်တစ်သောင်းပင်နေသော်လည်း အိုမင်းရင့်ရော်ခြင်းမရှိပါ။ ဇီရဏတေဇောကိုစောင့်ရှောက်မွေးမြူနိုင်သော စွမ်းအားမှာဓာတ်ငယ်များတွင် မရှိပါ။ (ရွှေဓာတ်၊ ငွေဓာတ်၊ သံဓာတ်၊ ကျောက်ဓာတ်၊ ပြဒါးဓာတ်တို့၏စိမ်းစိုသော အာမကဇာတိကို ကုန်ခန်းစေ၍ ရသာယနဖြစ်ကြောင်း) အင်္ဂုတ္တိုရ်ပါဠိမှာ လာရှိသည်ဟု မှတ်သားရပါသည်။ ရသာယန ဆိုသည်မှာ ဇရာကိုတားဆီးနိုင်သည့် ဩဇာဓာတ် ဖြစ်ပါသည်။ ဗျာဓိတရားကို တားဆီးနိုင်ပါလျှင် အာယုဝဍ္ဍနဆေး ဖြစ်ပါသည်။ ရသာယနပင်ဖြစ်စေသော ဓာတ်ကြီးများကို ဝိဇ္ဇာမရဆေးအဖြစ် ဖော်စပ်ရာတွင် ဓာတ်ချုပ်မီးပေး မှန်ကန်ပါကမလွဲမသွေအောင်မြင်ရပါမည်။ 'လုပ်ရတ်မကျွမ်း သူနာခန်း မလှမ်းပါနှင့်၊ လုပ်ရတ်မပိုင် ဆေးမကိုင်နှင့်' ဆိုသည့် စာများမှာ မီးပေးမီးယူ အလွန်ပင် အရေးပါကြောင်း။ ဝိဇ္ဇာမရ ဆေးဖော်ရသည့်ဓာတ်ဘက်များမှာ စိန်၊ ဆေးဒန်း၊ ကန့်၊ ဟင်းရိုင်း၊ ပြဒါးတို့ ဖြစ်သည့်အတွက် အဆိပ်ဓာတ်များ ဖြစ်ကြပါသည်။ အဆိပ်တို့ မည်သည် သတ္တဝါတို့၏အသက်ကို လျှင်မြန်စွာ အန္တရာယ်ပြုနိုင်သကဲ့သို့ အသက်အန္တရာယ်ဖြစ်သောရောဂါကိုလည်း လျှင်မြန်စွာ ပျောက်ကင်းနိုင်ပါသည်။ အာယုဝဍ္ဍနဆေးတို့တွင် အကောင်းဆုံးဖြစ်၍ ဓာတ်ဆေးတို့မည်သည် အရွယ်ကိုလည်းကောင်း၊ ဥတုကိုလည်းကောင်း၊ အာဟာရကို လည်းကောင်း၊ ဒေသကိုလည်းကောင်း၊ အချိန်ကာလကို လည်းကောင်း ထောက်ဆ နှိုင်းချိန်ရန် မလို၊ မျှော်လင့်ချက်မရှိသော ဝေဒနာကိုပင်လျှင်မြန်စွာ ကာကွယ်နိုင်ပါသည်။ ဝိဇ္ဇာမရဓာတ်ဆေးပညာတို့မှာ ဓာတ်ကျမ်းအစောင်စောင် ကြည့်ရှုမှတ်သား လေ့လာရုံမျှဖြင့် တတ်မြောက်နိုင်သောပညာရပ်မဟုတ်ပါ။ ဆရာကောင်းထံနည်းနာခံ၍စာတွေ့၊ လက်တွေ့ နှစ်ပေါင်းများစွာလေ့လာဆည်းပူးမှသာ တတ်မြောက်နိုင်သောပညာ ဖြစ်ပါသည်။ ထိုသို့ ကျွမ်းကျင်စွာတတ်မြောက်ပြီး ဓာတ်များကိုပိုင်နိုင်စွာအသုံးပြုနိုင်သော ဒေဝီစိက်စ္ဆာဆရာများ ရှားပါးခြင်းကြောင့် ဝိဇ္ဇာမရနယပညာရပ်သည် မြန်မာပြည်တွင် တိမ်မြုပ် ပျောက်ကွယ်လုနီးပါး ရှိနေချိန်တွင် နိုင်ငံတကာ ဆေးသိပ္ပံ၏ ရှာဖွေတွေ့ရှိနေသော ဆင့်ပွားလာသောရောဂါဆန်းများအတွက် မြန်မာလူထု၏စိုးရိမ်ပူပန်မှုတို့ကို လျော့ပါးစေခြင်းငှာ ဤဝိဇ္ဇာမရနယ ဆေးပညာအကြောင်းကို ကျွန်တော်သိရှိသမျှ တင်ပြအပ်ပါသည်။



ဦးထွန်းဝင်း

(ဝိဇ္ဇာရေနယဆေးပညာ)



www.burmeseclassic.com

www.burmeseclassic.com

မိုးသစ်

ကျိန်စာသင့်လက်စွပ်

ညက မှောင်လွန်းတယ်။ မှောင်တာမှ ပိန်းပိတ်အောင်မှောင်တာမျိုး။ ခပ်စောစောပိုင်း တစ်ခြမ်းပဲ့သာနေတဲ့ လလေးကို တိမ်ညိုတိမ်ပုပ်တွေ လွှမ်းသွားလို့ မလင်းနိုင်တော့ဘူး။ တစ်ချက်တစ်ချက် ဝေ့ဝဲတိုက်ခတ်လာတဲ့ လေကလေးကြောင့် သစ်ပင်ရဲ့ သစ်ကိုင်းတွေက လှုပ်ယမ်းယိမ်းခါနေသံဟာ တသည်းသည်း။ မိုးတစ်ပြိုက်ရွာထားလေတော့ မိုးစက်တို့ ခိုသီးနေရာက





www.burmeseclassic.com

www.burmeseclassic.com

ဖြုတ်ဖြုတ်ကြွေကျနေလေရဲ့။ လမ်း
မှာလည်း ရေအိုင်ရေဗွက်တွေက
င်းမှုလို့ပါ။

အမှောင်ကို လုံးဝ မခွင်းနိုင်ပေ
ယ့် လက်ဆွဲမီးအုပ်လေးရဲ့လင်းလက်မှု
သွားလမ်းလေးကို ထင်သာမြင်သာ
မည်းမည်းအရိပ်တစ်ခုက တရွေ့ရွေ့
လှုပ်လှုပ်နေရင်း ဘေးဘီကို သတိနဲ့
ကြည့်သွားနေတဲ့ဟန်ပန်။ ပြိုးပြက်လိုက်
တဲ့ လျှပ်နွယ်လျှပ်ပန်းအလင်းရောင်အရ
လှုပ်လှုပ်ရှားရှားသွားနေတာက ရွာရဲ့
သာန်တစပြင် သင်္ချိုင်းဆီကို။ ဒီအချိန်
ဒီလိုနေရာမျိုးမှာ လူသူမရှိထိုက်ဘူး
လေ။ မိုးအေးအေးမှာ ကွေးနေသင့်တာ
ပါ။ ဘာကြောင့်များ သူသွားနေပါလိမ့်။

တွေ့တဲ့မြင်တဲ့သူရှိရင်တော့ ဒီမေး
ခွန်းမေးကောင်းမေးမိမှာပဲ။ သူကလည်း
လူသူလေးပါးမသိအောင် သွားနေပုံမျိုး
။ တိတ်တဆိတ် လျှို့ဝှက်တဲ့အလုပ်ကို
လုပ်နေတာပဲဟာ၊ ဘယ်လူသိခံပါ့မလဲ။
သူတစ်ယောက်တည်း မီးအုပ်က တစ်
ဖက်၊ အထမ်းအပိုးကတစ်ဖက်။ ခေါင်း
မှာ အဆောင်းပါပေမယ့် တစ်ကိုယ်
လုံးမှာ မိုးရေတွေစက်စက်ကျလို့။ မြွေ
မကြောက်ကင်းမကြောက် သွားနေတဲ့
အသွားဟာ သူ့အတွက် အကျိုးတရား
တစ်ခုတော့ ရှိတာဖြစ်ရမယ်။ လေ
နောက်မှာ မိုးကသည်းလာပြန်တော့ မီး
အုပ်ကို လေတိုးပြီး ငြိမ်းမသွားရအောင်
ထိန်းနေရတာက အလုပ်တစ်လုပ်။

တဖြည်းဖြည်း သင်္ချိုင်းဝကိုရောက်
လာတယ်။ သေသွားသူတွေ မြုပ်နှံထား
တဲ့နေရာမို့ လေအသုတ်မှာ အနံ့ချင်ပို့
ချင်စရာ ပုပ်အဲ့အဲ့အနံ့ဆိုးကြီး ဝန်းကျင်
ကို ပြန့်လွင့်နေတာက အဆိုးသား။ ခွေး
တွေ တူးဖော်စားကြလို့ ကျင်းတိမ်မှာ
မြုပ်နှံထားတဲ့ ဖျာလိပ်ပတ်အလောင်း
တွေရဲ့ အနံ့ဖြစ်နိုင်တယ်။ တောရွာဆို
တော့ တချို့က ခေါင်းနဲ့ အကျအန
မမြုပ်နိုင်ကြတာ ဖြစ်မယ်လေ။


သင်္ချိုင်းဇရပ်မှာ မီးအုပ်နဲ့လူ
ခေတ္တနားလိုက်ပြန်တယ်။ အလောင်း
တွေကို သရဏဂုံတင်လေ့ရှိတဲ့ ဇရပ်
ဟာ ရှိလှမှ (၁၅)ပေပတ်လည်လောက်
ရယ်။ သွပ်မိုးထားပေမယ့် တချို့သွပ်
တွေက ကွာလန်နေကြပြီ။ တောသင်္ချိုင်း
ဆိုတော့ အစောင့်သုဘရာဇာတွေလည်း
မရှိဘူးလေ။ ဒီအတွက် မီးအုပ်သမားမှာ
အခွင့်အလမ်းတစ်ခု ရသွားရှာတယ်။
သူ့အစီအစဉ်အနေနဲ့ တူးဖော်ရတဲ့ကိစ္စ
မှာ အနှောင့်အယှက်မရှိတာဟာ သူ့
အတွက် ရင်အေးရတာပါပဲ။ သူတစ်
အောင့်လောက်နားပြီး အလုပ်စတော့
မှာပါ။

သူ အားလုံး အသင့်ပြင်လိုက်
တယ်။ အသေအချာမှတ်ထားတဲ့ လော
လောလတ်လတ် မြေပုံသစ်တစ်ခုကို တူး
ရမှာပါ။ မကြာမတင် ပေါက်တူးသံကြား
နေရပြီ။ မိုးကလည်းစဲသွားတာနဲ့
အံကိုက်ပါပဲ။ စိုစွတ်နေတဲ့ အဝတ်တွေ
ကို လေတိုးရင် ချမ်းစိမ့်စိမ့်ကြီး။ ကိုယ့်
ဆန္ဒနဲ့ဇောတွေကြောင့် မကြောက်ရင်
သာရှိမယ်။ တစ်ယောက်တည်း သန်း
ခေါင်ကျော်အချိန် သင်္ချိုင်းထဲမှာရောက်
နေရတဲ့အဖြစ်ဟာ မင်္ဂလာမရှိလိုက်တာ။
ပေါက်တူးသံက ချက်မှန်မှန်ပေါက်ပြီး
တူးဆွနေဆဲ။ လရောင်ကလေးက ပြိုး
ပြိုးပြောက်ပြောက်လင်းလာလို့ တော်
ပါသေးရဲ့။ မီးအုပ်အရောင်လောက်နဲ့
အလုပ်လုပ်ဖို့ မလွယ်တာတော့ သေ
ချာတယ်။ ပတ်လည်မြေသားတွေက
မာကျောမနေဘဲ ရေနဲ့နူးလို့ ပျော့စိ
ပျော့နဲ့မို့ တူးရသက်သာတာ။

တစ်စတစ်စ ခေါင်းပေါ်လာပြီ
လေ။ ပါလာတဲ့ ကုလားအော်နဲ့ ခေါင်း
ကိုဖွင့်ရတာ သိပ်မကြာလှဘူး။ မီးအုပ်
ကို အနီးကပ် လှမ်းယူပြီး ခေါင်းတလား
ထဲက အလောင်းရဲ့ လည်ပင်းအောက်
ကို နှိုက်လိုက်တယ်။ မာမာကျစ်ကျစ်
အထုပ်တစ်ထုပ်ကိုစမ်းမိတဲ့အခါ ကမန်း
ကတန်း ဆွဲယူဖို့ လုပ်နေတုန်း -

"အောင်မလေး. . .

ငယ်သံငယ်ရင်းပါအောင် စူးစူး
ဝါးဝါး ကြောက်ကြောက်လန့်လန့်နှင့်
အော်သံ။ ဘာဖြစ်လို့လဲဆိုတော့ သေ
နေတဲ့ ဖြူဖပ်ဖြူရော် လူသေရဲ့ မျက်နှာ
ကြီးဟာ မျက်လုံးပွင့်လာလို့ပါပဲ။ မျက်
လုံးတွေကလှုပ်ရှားမှုမရှိပေမယ့် အရည်
လည်နေတာမျိုးမို့ မကြောက်ဘဲနေ
ပါ့မလား။ သင်္ချိုင်းတစ်ခုလုံး အော်သံ
ကြောင့် ညံသွားတယ်။



*

ဒီဇာတ်လမ်းကို အစ်မရဲ့သံကြိုး
စာက စ,ရမယ်။

*'မောင်လေး၊ အမြန်လာပါ။'*

ရိုက်တဲ့ သံကြိုးက မထိတ်သာ
မလန့်သာ။ အစ်မတို့က ပြည်မှာနေ
တာပါ။ မောင်နှမအရင်း ဒီနှစ်ယောက်
တည်းမို့ အစ်မဘာများဖြစ်လို့ပါလိမ့်
ဆိုတဲ့အတွေးက ရင်ထဲမှာ ဗယောက်
ဗယက်။ အစ်မတစ်ခုခုဖြစ်ရင်လည်း သူ



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တိုင် သံကြိုးရိုက်နိုင်ပါ့လား။ သူ့မိသားစုအကြောင်းပဲလားမသိ။ သူ့ခင်ပွန်း (ယောက်ဖကြီး) က ပင်စင်နီးခါမှ ချူချာတယ်လို့ ကြားဖူးတာကလည်း ရှိသေး။ အတွေးစဉ်တွေးတစ်ပိုက်နဲ့ ပြည်လိုက်ခဲ့ရတယ်။ ကမန်းကတန်း ခရီးထွက်ခဲ့ရတော့ ဟသ်ာတမှာ ကျစ်ရစ်တဲ့ မိသားစုလည်း စိတ်ပူကြမှာပါ။

ပြည်ရောက်တော့ အစ်မတို့ တစ်မိသားစုလုံးကာ ကျန်းကျန်းမာမာ ရွှင်ရွှင်ပျပျနဲ့တွေ့ရ တယ်။ အံ့သြစရာပဲ။

"မမရယ်၊ သံကြိုးရတော့ ဖြန်းခနဲ စိတ်ပူသွားတယ်။ အမျိုးမျိုးတွေးမိတာ ပေါ့။ မမ သံကြိုးကြီးက လန့်စရာပဲ မဟုတ်လား"

"အေး- ငါထင်တော့ထင်သား။ ဒီသံကြိုးမြင်ရင်စိုးရိမ်ကြမှာလို့"

မမက ရယ်ရယ်မောမော ပြောလိုက်တယ်။ သူရယ်နိုင်သေးတာ အံ့သြလွန်းလို့။ လာရတဲ့လူမှာတော့ အမောတကော။

"ဒါနဲ့များ ဘာဖြစ်လို့ သံကြိုးရိုက်ရတာလည်း မမရယ်"

"ဟဲ့- အရေးကြီးတဲ့ကိစ္စရှိလို့ပေါ့။ အဲဒီအကြောင်းက မင်းကို ကျကျနန ပြောပြရမှာ။ ဒါမှလည်း ဘာဆက်လုပ်ရမယ်ဆိုတာ ဆုံးဖြတ်နိုင်မှာပေါ့"

ဒီမှာ မမစကားကို စိတ်ဝင်စားသွားမိတာက ကျွန်တော်။

"မောင်လေး ခရီးရောက်မဆိုက် နားဦး။ ပြီးတော့ တို့မောင်နှမတွေ ဆွေးနွေးကြမယ်။ ပထမတုန်းက ဖုန်းဆက်ဦးမလို့။ နောက်သံကြိုးပဲရိုက်ဖြစ်တယ်"

အစ်မတို့အိမ်ရောက်မှ ရေမိုးချိုးလိုက်ရတာပါ။ ထမင်းစားပြီးတော့ ကလေးတွေ အပေါ်ထပ်တက်သွားပြီ၊ စာကျက်ကြတော့မယ်။ ယောက်ဖ လူအေးကြီးက တီဗွီရှေ့မှာ ကုလားထိုင်တစ်လုံးနဲ့ တီဗွီကိုကြည့်နေတုန်း မောင်နှမတွေ စကားစဖြစ်တယ်။ ဧည့်ခန်းစားပွဲဝိုင်းမှာ မောင်နှမနှစ်ယောက်တည်းမို့ လွတ်လွတ်လပ်လပ်။

"လွန်ခဲ့တဲ့ ဆယ်ရက်လောက်က မမအိပ်မက်မက်တယ်။ မမရောက်နေတာက ဒီအိမ်မဟုတ်ဘူး။ မြန်အောင်က အဖေတို့၊ အမေတို့အိမ်မှာပါ။ မမတို့ အဘေးကြီးခေတ်ပုံ မောင်လေး မြင်ဖူးတယ်နော်။ တစ်ချိန်က နန်းတွင်းစာရေးတော်ကြီး ဦးမှတ်ဆိုပြီးထင်ရှားခဲ့တယ်။ ၁၈၈၅ ခု သီပေါဘုရင် ပါတော်မမူခင် နန်းတွင်းအရှုပ်အထွေးတွေ ဖြစ်လာတော့ နန်းထဲက တိတ်တဆိတ်ထွက်ပြီး အောက်အရပ်ကိုပြေးတဲ့အထဲမှာ တို့အဘေးလည်း ပါတယ်"

"အဖေတို့ပြောဖူးပါတယ် မမ"

"တစ်နိုင်ငံလုံး ဗြိတိသျှနယ်ချဲ့တွေ လက်အောက်ရောက်တော့လည်း တို့အဘေးကြီးဟာ မြန်အောင်မှာပဲ အခြေချပြီး မိသားစုနဲ့နေခဲ့တယ်။ အဘေးကြီးကမွေးတာ သမီးတစ်ယောက်တည်းရယ်။ မြန်အောင်သားနဲ့ပဲ အိမ်ထောင်ပြုခဲ့လေတော့ သားနှစ်ယောက် ထွန်းကားပြန်တယ်။ အဲဒါက ဘကြီးနဲ့အဖေပေါ့။ ဒီနောက် ဆွေစဉ်မျိုးဆက်တော့ မောင်လေး သိမှာပါ။ မမက ပြည်သားနဲ့ အိမ်ထောင်ကျပြီး ပြည်ရောက်ခဲ့သလို မောင်လေးကလည်း ဟသ်ာတသူနဲ့ရပြီး ဟသ်ာတရောက်နေခဲ့တယ်။ မြန်အောင်မှာက အဖေရယ်၊ အမေရယ်၊ ဘကြီးတို့ မိသားစုရယ်ပဲရှိတာမဟုတ်လား"

"ဟုတ်ပါတယ် မမရဲ့။ အဖေနဲ့ အမေတို့က ဘကြီးသမီး အပျိုကြီးနဲ့ နေတာ။ ဘကြီးတို့တွေက အိမ်သတ်သတ်တစ်အိမ်နေတယ်။ ကျွန်တော်ရောက်နေကျတာပဲဟာ သိတာပေါ့။ ဒါနဲ့ မမပြောမယ့်အကြောင်းနဲ့ ဆိုင်လို့လား။ ကျွန်တော်နားမလည်လို့ပါ။ မမ အိပ်မက်ဆိုတာကကော"

"သိပ်ဆိုင်တာပေါ့ကွယ်။ အဘေးကြီးတည်ခဲ့တဲ့ ကိုးတောင်ပြည့်ဘုရား သိတယ်နော်။ ဘာတွေဌာပနာထားတယ်ဆိုတာလည်း အဘွားက မကြာခဏပြောနေလို့သိပြီပဲ။ အဲဒီဘုရားဟာ တောင်ရိုးမှာတည်ထားတော့ သွားရလာရတာက ခက်တယ်။ အခုဌာပနာ အဖောက်ခံလိုက်ရတယ်တဲ့"

"ဘာ. . . ဘယ်လို"

ကျွန်တော့်အသံက နည်းနည်းတော့ ကျယ်သွားလိမ့်မယ်ထင်တယ်။

"ဟုတ်တယ်၊ စေတီတော် အဖောက်ခံရပြီး ဌာပနာတွေပါသွားတာ မမကိုလာအသိပေးတယ်"

"ဘယ်သူက လာပြောတာလဲ ဟင်"

"မင်း ယုံမလားတော့ မသိဘူး။ အဘေးကြီးအိပ်မက်ပေးတာ"

"မမကတော့ လုပ်ပြီ။ အဘေးကြီးသေတာပဲ ကြာလှပြီ။ နောက်ပြီး ဒီလိုပြောသံမျိုးလည်း မကြားခဲ့ဖူးဘူး။ ဟုတ်နိုင်ပါ့မလား မမရယ်"

"မင်းပြောတာ မှန်ပါတယ်။ အရင်ကမကြားဖူးပါဘူး။ အခုဟာက တကယ်ကွယ့်။ ပိုပြီးစိတ်ဝင်စားစရာကောင်းတာက တောင်ရိုးရွာလေးမှာနေတဲ့ ဘုရားကို ထုံးသုတ်ပြီး သန့်ရှင်းရေးလုပ်ပေးနေကျ ဖထီးက ဘုရားဌာပနာအဖောက်ခံရတာ ဟိုကျန်ခဲ့တဲ့ သုံးရက်လောက်က သတင်းလာပို့တယ်တဲ့။ အဖေ့ဆီက လူကြုံနဲ့စာပေးလိုက်တယ်။ အမှုလည်းဖွင့်ထားတယ်တဲ့။ ကဲ- ဟုတ်မနေဘူးလား"

"ဟင်- ဒါဆိုဖြစ်တာအမှန်ပဲပေါ့။ မမမက်တဲ့အိမ်မက်ကို ပြောပါဦး"

"အဘေးကြီးဟာ ဓာတ်ပုံထဲက အဝတ်အစားအတိုင်း ခေါင်းပေါင်းတွေ တောင်ရှည်တွေနဲ့ ရင်ဖုံးအင်္ကျီဝတ်လို့ လက်ထဲမှာ တောင်ဝှေးတစ်ချောင်းကို ကိုင်ထားတယ်။ မမကို ခေါ်တာ သမီးလေးတဲ့။ အဘေးကြီးရဲ့ ဘုရားကို မသမာသူတွေ ဖောက်သွားတယ်။ ရွှေဘုရား၊ ငွေဘုရား၊ ပယင်းဘုရားနဲ့ ရွှေခွက်တွေရယ်၊ ပတ္တမြားလက်စွပ်တစ်ကွင်းပါသွားတယ်။ ပတ္တမြားလက်စွပ်ဟာ အဘေးကြီးကို ဘဝရှင်မင်းတရားကြီး ဟိုတစ်ချိန်က ဆုတော်လာဘ်တော်အဖြစ် ပေးသနားခဲ့တာမို့ အဘေးကြီး လှူစဉ်ကတည်းက ဆုတောင်းပတ္တနာပြုရင်း ဖျက်လိုဖျက်ဆီးပြုတဲ့သူတွေအတွက် ကျိန်စာဆိုခဲ့တယ်။ ငယ်နုတဲ့အရွယ်မို့ လုပ်ကောင်းမလုပ်ကောင်း မစဉ်းစားခဲ့ဘူး။ ဒီအတွက် အစဉ်အဆက်ရသူတွေ မကောင်းသလို လှူခဲ့တဲ့သူမှာလည်း အကုသိုလ်ဖြစ်စေတယ်ကွယ်။ အဘေးကြီး စိတ်မကောင်းဖြစ်ရတာပေါ့။ ဖောက်ထွင်းသူကလည်း တို့အနွယ်တော်ထဲကပါပဲ။ သူ့နာမည်က ထွန်းရှင်း မျက်စိတစ်ဖက်မကောင်းတဲ့သူပါ။ သမီးလေးက သမီးရဲ့မောင်ငယ်ကို ပြန်ယူခိုင်းပါ။ အင်္ဂါသမီးက ကြာသပတေးသားကိုခိုင်းမှ အောင်မြင်မယ်။ ပြန်ပြီးယူရမယ့်လူကလည်း ကံငါးပါးလုံသူဖြစ်မှ အောင်မြင်မှာလေ။ သမီးလေး အဘေးကြီးအတွက် ဆောင်ရွက်ပေးပါဆိုပြီး ပျောက်ကွယ်သွားတာပါပဲ"

"အဘေးကြီးက ဘာဖြစ်နေတာလဲ၊ မမသိလား"

"အိပ်မက်တောက်လျှောက် အဘေးကြီးကပဲ ပြောသွားတာ။ မမလည်း မမေးမိတော့ မသိဘူးကွယ့်၊ မေးဖို့လည်း သတိမရတာ အမှန်ပါ"

အဘေးကြီးပြောပုံအရ -

မမက အင်္ဂါသမီး မစိုးယုမော် ကျွန်တော်က ကြာသပတေးသား



www.burmeseclassic.com

www.burmeseclassic.com

ကိုပြည်သိမ်းကျော်မှ ကျွန်တော်တို့ မောင်နှမကို ရည်ညွှန်းတာပဲပေါ့။ ငယ်စဉ်က မပြောလိုပေမယ့် သိတတ်တဲ့ အရွယ်ကစပြီး ကျောင်းနေစဉ်ကာလ တက္ကသိုလ်ရောက်ခဲ့ချိန်အထိ၊ နောက်တော့ အိမ်ထောင်ကျတဲ့တိုင်အောင် ငါးပါးသီလလုံခဲ့ပါတယ်။ ဒါကလည်း ဗုဒ္ဓဘာသာကို စူးစူးနစ်နစ် ကိုးကွယ်ဆည်းကပ်တဲ့ မိဘနှစ်ပါးရဲ့ သွန်သင်လမ်းပြမှုကျေးဇူးကြောင့်ပါပဲ။

"ဒီတော့ မောင်လေး တာဝန်ယူနိုင်ပါ့မလား။ မမကတော့ ဒီကိစ္စကို ဆောင်ရွက်နိုင်တာ အဘေးကြီးပြောသလို မင်းပဲလို့တထစ်ချယုံကြည်တယ်"

"လက်စွပ်တစ်ကွင်း ပြန်ရဖို့ဆိုတာ လွယ်မယောင်နဲ့ အခက်သား။ တစ်ဆင့်တစ်ဆင့် လက်ပြောင်းသွားမှာ မို့ရတာပါ။ အိမ်က အရောင်းအဝယ်ကိစ္စက လောလောဆယ် မမညီမနဲ့လွှဲခဲ့လို့ ရတယ်။ တာဝန်ယူမယ်ဗျာ။ မမလည်း စိတ်အေးချမ်းသာနေပါတော့။ ကျွန်တော်လုပ်မယ် စိတ်ချ"

"မင်းတာဝန်ယူလိုက်တာ ဝမ်းသာတယ်။ ဒီကအပြန် အဖေတို့ဆီဝင်လိုက်၊ သိသင့်တာတွေသိသွားရတာပေါ့။ မင်းတစ်ခု သတိထားရမှာက ဘကြီးရဲ့သားအတော် ထွန်းရှင်ဟာ အဘေးကြီးပြောတဲ့ ပုံစံပဲ။ သူရယ်လို့ တပ်အပ်မပြောမိစေနဲ့။ ဘကြီးဟာ သူ့သားကို မိုက်လွန်းလို့ အိမ်ပေါ်က မောင်းချထားပေမယ့် ဘယ်လောက်ဆိုးဆိုး သူ့သားအရင်းဆိုတာ မမေ့ဖို့ လိုတယ်။ နားလည်တယ်နော်၊ စိတ်ဆံတော့လိုသလောက်ယူသွား"

ကျွန်တော်က သဘောပေါက်ကြောင်း ခေါင်းတဆတ်ဆတ်ညိတ်မိတယ်။

*

"အေး - မင်းအံ့စ်မကို သိအောင်ပြောရတာလည်းအကြောင်းရှိပါတယ်။ ဒီကိစ္စ ဖထီးလာမပြောခင်ကတည်းက အဖေသိတာကွ။ ဘာဖြစ်လို့လဲဆိုတော့ အဘိုးအိပ်မက်ပေးတာ နှစ်ခါတောင်မှ ။ ဖထီးလာပြောတော့ သေချာသွားတာပေါ့ကွာ။ အိပ်မက်ထဲမှာ မင်းအစ်မကို အသိပေးတဲ့"

အဖေက သူ့အိပ်မက်ကို စေ့စေ့ ပြန်ပြောနေတာ အစ်မအတိုင်းပဲ။

"ဆန်းတယ် အဖေရေ။ အစ်မကလည်း အိပ်မက်ရလို့ သိနေပြီတဲ့။ အဖေကြုံနဲ့စာပေးလိုက်တော့ သေချာသွားတာ။ ဒီတော့မှ ကျွန်တော့်သံကြိုးရိုက်ပြီး ခေါ်တယ်ဆိုပဲ။ ဒီကိစ္စတွေ အဖေ ဘယ်သူ့အသိပေးသေးလဲ၊ ဘကြီးတို့ ကောသိသွားကြပလား"

အဖေက ခေါင်းကို တွင်တွင်ခါလိုက်တယ်။

"အဖေ ဒါလောက်ညံ့ပါ့မလား။ မင်းအမေကိုတောင် ပေါက်ပေါက်ဝဝ များမှာစိုးလို့ အသိမပေးခဲ့ဘူး။ အဘိုးရဲ့အိပ်မက်က အရှင်းကြီးပဲဟာ။ မင်းဘကြီးပြောလို့ဘယ်ဖြစ်မလဲ၊ သိပ်သိတာပေါ့ သားရယ်"

အဖေနဲ့ ဆွေးနွေး တိုင်ပင်လို့ ကိုထွန်းရှင် ဒီမြို့ကပျောက်သွားတာ သိလိုက်ရတယ်။ သူ့ဇနီးနဲ့ ကလေးနှစ်ယောက်က မြို့မှာရှိနေတုန်းပါ။ ကြားရတာက သူ့ဇနီးဟာ ဈေးထဲမှာရှိတဲ့ ဆိုင်လေးနဲ့ ပစ္စည်းတွေကို မတန်တဆဈေးနဲ့ လျှော့ရောင်းနေတယ်ဆိုတဲ့သတင်း ထွက်နေပေမယ့် ဝယ်သူမရှိသေးဘူး။ ကျွန်တော် စီစဉ်လိုက်မိတယ်။

"အဖေက တစ်ပတ်ကြာရင် ဝယ်မယ်ဆိုပြီးစရန်ပေးထားလိုက်ပါ။ သူတို့ ထွန်းရှင်နောက်လိုက်မှာသေချာတယ်။ ကျွန်တော် ပြန်ရောက်တဲ့အချိန် ငွေချေပေါ့။ သူတို့နောက်လိုက်မှ ထွန်းရှင်ကို တွေ့နိုင်မယ်။ ကျွန်တော်မှန်း မသိအောင် လိုက်ရမှာလေ။ သိရင် သူပြေးတော့မှာ သေချာသလောက်ပါပဲ"

စီစဉ်ပြီး ကျွန်တော် မြို့ကို ပြန်ရောက်တာနဲ့တစ်ပြိုင်နက် ရုပ်ဖျက်နိုင်ဖို့ကိစ္စအတွက် ဇာတ်တွေမှာ ပြဇာတ်ဒါရိုက်တာလုပ်နေတဲ့ ကိုသန်းဝင်းအကူအညီယူရတော့တယ်။ သူကလည်း အားတက်သရောကူရှာတာပါ။ ခရီးထွက်ဖို့ အပြည့်အစုံလုပ်ကိုင်ပြီး ဇနီးဖြစ်သူကို အရိပ်အမြွက်လောက် အသိပေးခဲ့တယ်။

"ဒါဖြင့် ကိုက အဘေးတော်သူ့ရဲ့ (ဆုတော်လာဘ်တော်) ပတ္တမြားလက်စွပ်အရှာထွက်ရတော့မယ်ပေါ့"

"ဒီလိုပြောရမှာပဲ မရေ"

"ဒါဆို ဘယ်လောက်ကြာမှာလဲ ဟင်"

"အဲဒါတော့ အတိအကျမပြောနိုင်ဘူး။ တစ်ပတ်လည်းဖြစ်မယ်၊ တစ်လလည်းဖြစ်နိုင်တယ်။ ပြောဖို့မလွယ်ဘူးကွာ၊ လုပ်ငန်းပေါ်မူတည်တာပဲ"

ဇနီးဖြစ်သူ နည်းနည်းတော့ စိတ်ထဲခုသွားမှာပါ။ နောက်တစ်နေ့မှာ မြန်အောင်လိုက်ခဲ့တယ်။ အဖေနဲ့ ပူးပေါင်းပြီး စီစဉ်ထားတဲ့ကိစ္စတွေက ချောချောမောမောပါ။ ကိုထွန်းရှင်ဇနီးက ချက်ချင်း ခရီးမထွက်သေးဘဲ တစ်စုံတစ်ယောက်ကို စောင့်နေလေသလားမသိ။ နှစ်ရက်လောက်မှာ အဖြေပေါ်တော့တာပဲ။ ကိုထွန်းရှင်ကိုယ်တိုင် မလာဘဲ သူ့ အဖော်တစ်ယောက် လွှတ်လိုက်တယ်။ ဒီအဖော်က သူ့မိသားစု ခေါ်သွားမှာလေ။ သူတို့နောက်က ကျွန်တော်ပေါ့။

သူတို့တွေ ရန်ကုန်အထိ ကားစီးပြီး အောင်မင်္ဂလာအဝေးပြေးကနေပြီး မန္တလေးကို ကားထပ်စီးတယ်။ သူတို့စီးလာတဲ့ကားကိုပဲ လက်မှတ်အရယူပြီး လိုက်ခဲ့တာပါ။ ကိုထွန်းရှင်ဇနီးက တွေ့ဖူးခဲ့ပေမယ့် မဆုံကြတာဘဲနှစ်ချီနေပြီ။ အဖေနဲ့ အမေတို့က ဟသ်ာတရောက်ရောက်လာလို့ မြန်အောင်မသွားဖြစ်ခဲ့တာ ကြာပါပကော။ နှုတ်ခမ်းမွေးအတုတပ်ထားပြီး ဒီဂရီမပါတဲ့ပိုတိုဂရေးမျက်မှန်ဆင်ထားတော့ သူမမှတ်မိနိုင်ပါဘူး။ ရန်ကုန်-မန္တလေးကားကြီးတွေက တစ်ညလုံးမောင်းတာမို့ မိုးလင်းခါနီးလောက် ကျွဲဆည်ကန်ကားဝင်းဝင်သွားတယ်။

ကိုထွန်းရှင် ကားဂိတ်လာကြိုတာ တွေ့ရပေမယ့် သူလည်း သိပ်ဂရုတစိုက်မရှိလေတော့ ကျွန်တော့်ကိုသတိမထားမိတာဖြစ်ရမယ်။

*

ကိုထွန်းရှင်တို့ တည်းခိုနေတာ အိမ်တော်ရာဝင်းနားမှာ။ သူ့မိတ်ဆွေအိမ်လို့ထင်ရတယ်။ သူ့လက်ထဲ ဘုရားဌာပနာတွေ ရှိဦးမှာသေချာသလောက်ပဲ။

မန္တလေးရောက်တော့ ဟသ်ာတသား ကျော်တင့်ကို သတိရလာတယ်။ သူ အခု ရဲမြို့နယ်မှူး (ဒုရဲမှူး) ဖြစ်နေပြီလို့ မြို့လာတုန်းက ပြောဖူးသလို လိပ်စာလည်းပေးခဲ့တာပါ။ ရဲအရာရှိမို့ ကျွန်တော်လိုက်နေတဲ့ လုပ်ငန်းတွေ ကူညီနိုင်မှာပဲပေါ့။ သူ့ကိုသွားတွေ့တဲ့အခါ သူကလည်း ငယ်သူငယ်ချင်း၊ (ပုသိမ်တက္ကသိုလ်မှာ တစ်ဆောင်တည်း၊ ဘာသာတွဲလည်း အတူတူ၊ တစ်နှစ်တည်းအောင်ကြတာ) ဆိုတော့ ဝမ်းသာအားရ အကူအညီပေးရှာတယ်။ မြန်အောင်ရဲစခန်းကို ဆက်သွယ်ပြီး လိုအပ်တာတွေ သူပဲစီစဉ်ပေးလို့ အဆင်ပြေ ချောမောတာပါ။ ကျွန်တော်ချည်းသက်သက်ဆိုရင် မလွယ်လောက်ဘူး၊ တိုင်းကျော်လုပ်ရတဲ့ ရဲလုပ်ငန်းက



www.burmeseclassic.com

www.burmeseclassic.com

တကယ်ခက်တာ။

ကိုထွန်းရှင် ခဏတည်းနေတဲ့ အိမ်ပေါ်ထပ်မှ သစ်သားသေတ္တာကြီး ထဲက ဘုရားဥပနာတချို့ရပြီး ရောင်း ချထားတာတွေကိုလည်း သိမ်းနိုင်ခဲ့ တယ်။ ဒီအချိန်မှာ ကိုထွန်းရှင်က ဆေးရုံ ပေါ်ရောက်နေပြီ။ မနေ့က အကောင်း သား။ လက်စွပ်အရောင်းအဝယ်ဖြစ် တော့မှာမို့ စရန်ပေးလိုက်တဲ့ ငွေငါးသိန်း ထဲကတချို့ယူပြီး ဟိုတယ်တက် စား သောက်ကြတယ်ဆိုပဲ။ ညတွင်းချင်း ရင် ထဲကပူလာလို့ အန်တာကသွေးခဲတွေ။ အခြေအနေမကောင်းတော့လို့ ဆေးရုံ တင်လိုက်ရတာတဲ့။ ဆေးရုံပေါ်မှာ သူ့ ဇနီးခမျာ မျက်နှာငယ်ငယ်လေး။

ကိုထွန်းရှင် ဆေးရုံတက်နေရ ပေမယ့် လက်စွပ်က အရောင်းအဝယ် ဖြစ်သွားပြီတဲ့။ မန္တလေးက ကုန်သည်ကြီး တွေထဲက မဝယ်ပါဘူး။ ရှမ်းပြည်နယ် က ဆင်းလာတဲ့ကုန်သည်ကဝယ်ပြီး ရန် ကုန်ကိုဆက်သွားတယ်ဆိုတဲ့သတင်းပဲ ရလိုက်တာ။ ရောင်းရငွေတွေကို ကိုထွန်း ရှင်မိတ်ဆွေတွေ ယူလာလို့ ရဲက သိမ်း ဆည်းလိုက်ပြန်တယ်။

တချို့တစ်ဝက်ကနေ အကုန် လောက်နီးပါး ရဲတွေဆောင်ရွက်လို့ ပြန် ရခဲ့ပေမယ့် အဓိကဖြစ်တဲ့ လက်စွပ်မရ သေးဘူး။ ကိုထွန်းရှင် မိတ်ဆွေတစ်ဦး ပြောပြလို့ ရှမ်းပြည်နယ်က ကုန်သည် တည်းခိုမယ့် ဟိုတယ်နာမည်ကိုပဲ သိ လိုက်တာပါ။ ဒီလမ်းအတိုင်း ခြေရာ ကောက်ပြီးလိုက်ရမှာက ကျွန်တော်ပဲ ပေါ့။

"ကျေးဇူးတင်ပါတယ် သူငယ် ချင်းရယ်။ မင်းကူညီလိုက်လို့ မန္တလေး ကကိစ္စတွေ ပြတ်သွားပါပြီ။ ငါက လက် စွပ်နောက်ကိုလိုက်ရဦးမယ်"

"အေး - မင်းပြောပြတဲ့ ဒီဘုရား ဥပနာကိစ္စမှာ မင်းအတွက် လက်စွပ် ကို ပြန်ရအောင်လုပ်ဖို့ ကျန်သေးတာပဲ။ လိုက်ရမှာကတော့ မိုးမဆုံးမြေမဆုံးလို့ ဆိုရမယ်။ ငါ့သူငယ်ချင်း သွားလမ်းသာ လို့ ပြန်လမ်းဖြောင့်ပါစေကွာ"

သူငယ်ချင်း ကျော်တင့်ကို နှုတ် ဆက်ပြီး အဲဒီညပဲ မန္တလေးကထွက်ခဲ့ တယ်။ မြမန္တလာထွန်းကားကြီးနဲ့ ည မိုင်းထွက်ခဲ့လေတော့ အထက်အညာရဲ့ ညရှုခင်းလေးတွေဟာ အောက်အရပ် ဒေသနဲ့မတူ တစ်မူဆန်းသစ်လို့ပါပဲ။

ညမှောင်သွားတဲ့အခါ မီးလေး တွေက လိုးလက်ပြိုးပြက်လို့ စီစီရီရီ။ တစ်လမ်းလုံး ဘုရားဥပနာကိစ္စပဲ စဉ်း စားလာတာ။ ကိုထွန်းရှင် ဆေးရုံပေါ် မှာပြောခဲ့တာတွေကိုလည်း ကြားယောင် နေတယ်။ သူ့စကားက အံ့ဩစရာ။

"ညီလေး၊ ငါလေ အကြီးအကျယ် မှားသွားပြီ။ တကယ်တော့ နဂိုက ပေ ပေတေတေနေလာတဲ့ ငါလိုလူမျိုးပဲ ဒီလိုကြံမိတာပါ။ အကြံကုန်လာတော့ လုပ်မိလုပ်ရာလုပ်ခဲ့တာမျိုး။ ဥပနာ တွေဖောက်တဲ့နေ့ကတည်းက မှားမှန်း သိခဲ့တယ်။ ညည နားထဲမှာ ကြေးစည် သံ၊ ခေါင်းလောင်းသံတွေညံနေတာပဲ။ မင်းအဖေတို့အိမ်မှာ ဓာတ်ပုံချိတ်ထားတဲ့ တို့ရဲ့အဘေး ဟိုလူကြီးကလည်း လက် ညှိုးတထိုးထိုးနဲ့ အိပ်မက်ထဲမှာကွာ 'မျိုး ရိုးဂုဏ်ကိုမစောင့်တဲ့ကောင်၊ အကျင့် တန်တဲ့ လူယုတ်မာ။ ဘဝမကောင်း၊ သံသရာမကောင်းတဲ့အလုပ်လုပ်တယ်။ နင့်အပြစ်ဒဏ်နင်ခံပေဦး။ ငါ့ကျိန်စာ နင်ဧကန်သင့်တော့မယ်' ဆိုပြီး မျက်နှာ ထားတင်းတင်းကြီးနဲ့ပြောတဲ့နေ့ကစပြီး အိပ်ကောင်းခြင်းမအိပ်ရ၊ စားကောင်း ခြင်းမစားရပါဘူးကွာ။ သိပ်ဆန်းတာ က ငါကျိတ်ကြံကျိတ်လုပ်တဲ့ကိစ္စ၊ ခြေ ရာဖျောက်လာတဲ့ကိစ္စဟာ ငါ့ဆီတန်း တန်းမတ်မတ်ကို ရောက်လာတာပါပဲ။ မကောင်းတာလုပ်ရင် မကောင်းတာဖြစ် ရမှာပေါ့ကွာ။ နောင်တဆိုတာ နောင်မှ ရတာမျိုးပါ"

ကျွန်တော့်စိတ်ထဲ ပြောမိတာက 'မင်းမသိသေးတာတွေ အများကြီး'လို့။

*

ကံဆိုးတယ်လို့ ပြောရမှာပဲ။ ဟိုတယ်ရောက်သွားတော့ ဟိုရောက် နေတဲ့ ရှမ်းပြည်နယ်က ကုန်သည် ဆေးရုံတက်နေရပြန်တယ်။ ဟိုတယ် ခန်းထဲမှာ တစ်ညလုံး သွေးတွေအန်တာ သွေးခဲတောင်ပါတယ်ဆိုလား။ ကိုထွန်း ရှင်နဲ့ ဖြစ်ပုံခြင်း တစ်ထပ်တည်းပဲ။ ဒါပေ မယ့် သူက ရဲနဲ့ မပတ်သက်တော့ ဝင်လို့ ထွက်လို့လွယ်တယ်။ သူ့ခမျာ သွေးအန် ပြီး ဗရုတ်သုတ်ခတွေဖြစ်နေတုန်း လက် ဆွဲအိတ်သေးတစ်အိတ် အခိုးခံရတယ် တဲ့။ အိတ်ထဲမှာ ငွေသားငါးသိန်းရယ်၊ အဖိုးတန်လက်စွပ်တစ်ကွင်းရယ် ပါသွား တယ်လို့ သူကပြောပြန်ရော။ ဧကန္တ - အဘေးကြီးလက်စွပ်ပဲနေမှာပါ။ ဒီလက် စွပ်ဆိုရင်ဖြင့် ဒီဟိုတယ်မှာပဲ လမ်းဆုံး ပြီလို့ ပြောရတော့မှာပေါ့။

ဒါပေမယ့် သုံး၊ လေးရက်အကြာ ဟိုတယ်မန်နေဂျာနဲ့တွေ့တော့ မျှော်လင့် ချက်ရောင်ခြည်လေးသန်းလာသား။ ဒီ ကိစ္စဖြစ်တာနဲ့ မရှေးမနှောင်း တွံတေး တောကြီးတန်းဘက်မှာနေတဲ့ သန့်ရှင်း ရေးဝန်ထမ်းတစ်ယောက် ခွင့်မတင်ဘဲ အလုပ်ပျက်ကွက်နေတယ်။ အရင့်အရင် ကလည်း သောက်စားတာ၊ လောင်းကစား တွေနဲ့ပတ်သက်ပြီး သတိပေးခံရ တဲ့အတွက် ရဲတပ်ဖွဲ့ကို ဧည့်သည် ပိုက် ဆံအိတ်ပျောက်မှုနဲ့ ပတ်သက်လို့ မသင်္ကာဖွယ်ရာလူတစ်ယောက်အဖြစ် သတင်းပို့ထားကြောင်းလည်း သိလာ တာပါ။ သူ့ရဲ့နေရပ်လိပ်စာနဲ့အမည်ပေး ပြီး တွံ့တေးကို လိုက်ရပြန်တယ်။ မဆုံး နိုင်သေးတဲ့ခရီးကြီး။ ကံသေကံမ မပြော နိုင်ပေမယ့် ဖြစ်နိုင်ခြေထားပြီး ကံစမ်း ကံပြောသွားရတဲ့ခရီးပါ။

တွံတေးနဲ့ မနီးမဝေး ရွာကလေး တစ်ရွာ။ ဆေးရုံတက်သူ ကုန်သည်ရဲ့ ပြောစကားအရ အိတ်ထဲပါသွားတယ် ဆိုတဲ့ လက်စွပ်ဟာ ဝယ်မယ့်သူပြပြီးပြီ ကြိုက်လို့ နောက်နေ့ ဘဏ်ကငွေထုတ် ချေတော့မယ်။ စရန်ငွေ ငါးသိန်းပေး လိုက်တာ လက်စွပ်မတွေ့ရင် လျော်ရ ချေရဲ့ဆိုပြီး တညည်းညည်းတညူညူ လက်စွပ်က မှန်ပေမယ့် ခိုးသွား ဟုတ်၊ မဟုတ် မပြောနိုင်ဘူးဘဲ။ ရွာ တော့ တည်းခိုဖို့ကအခက်။ ရွာထိပ် ထမင်းဆိုင်လေးမှာ စုံစမ်းရင်ရမလား မသိဘူး။

ထမင်းဆိုင် ဆိုပေမယ့် ထမင်း ဟင်းထက် အရက်ကို အဓိကထား ရောင်းတာ။ ဆိုင်လေးရှေ့မှာ က ဖျင်းထိုးပြီး အရက်သမားတွေဝိုင်းဖွဲ့ ကြတယ်။ ထမင်းတစ်ပွဲမှာစားလိုက် ပတ်ဝန်းကျင်ကို အကဲခတ်နေတာ လာပြီး သောက်စားနေကြတဲ့ လူသိုက် တွေကြည့်ရတာ ရှုသိုးသိုး မှုန်တေ နဲ့ လူမိုက်ရုပ်တွေ။ ဇက်ရဲလက်ရဲလု တဲ့အစားတွေလို့ပြောရမှာပဲ။ အကြောင် မရှိအကြောင်းရှာ တစ်ယောက်နဲ့တစ် ယောက်ရှိနေကြတယ်။ တစ်ချိန်ချိန် ပွဲခင်းကြတော့မယ်။ အမြန်ဆုံးထွက် မြင်နေတုန်း ပြဿနာစတွေ့တော့ ပဲ။

အရက်လာဝယ်တဲ့ လူရွယ် တစ်ဦးကို နိုင်လိုမင်းထက် စော်ကား ကြတယ်။ ပွဲက လူရွယ်နဲ့ လူကြီး ကြ မကောင်းပါဘူး။

"မင်းဦးလေး ဖဲကြောင် သေ ပြီနော်။ လူတွေကိုလိမ်စားနေတာ



www.burmeseclassic.com

www.burmeseclassic.com

ဘာတောင်နည်းသေးတယ်"

"နေပါဦး၊ ဘယ်သူကအရက်ဝယ်ခိုင်းတာလဲ။ မင်းဦးလေးမှမရှိတော့တာ။ ဩော် - သိပြီ၊ မင်းအဒေါ် မုဆိုးမချောချောလေးရဲ့ နောက်လင်ဖြစ်ရမယ်"

"တို့ကို အဲဒီအရက်တိုက်ပါလား။ တို့လည်း မင်းအဒေါ်ကို တာဝန်ယူနိုင်ပါတယ်ကွ။ ဝမ်းမဝပေမယ့် ခါးလှလာမှာနော်"

သူတို့စကားသူတို့သဘောကျပြီး ရယ်သံတွေတသောသော။ လူရွယ်လေးမှာ သူတို့စကားတွေကြောင့် ခံပြင်းစိတ်နဲ့ ဒေါသထွက်လို့ အံကိုတင်းတင်းကြိတ်ခဲ့မိတယ်။ အသားတွေလည်းဆတ်ဆတ်တုန်လို့။

"ဘာလဲ - မင်းကမကျေနပ်ဘူးလား၊ ဘာဖြစ်ချင်တာလဲ"

လူရွယ်လေးကို တစ်ဦးက ရင်ဘတ်ဆောင့်ဆွဲလိုက်တယ်။

"ခင်ဗျားတို့ လွန်ပြီထင်တယ်ဗျာ။ ငယ်ရွယ်သူဆိုပြီး ဒါလောက် စော်ကားတာ မကောင်းပါဘူး"

မဆီမဆိုင်ဝင်ပြောမိတဲ့ ကျွန်တော့်ဘက်ကို ရန်ပွဲရဲ့မြားဦးက လှည့်လာပြီလေ။ လူသုံးယောက်က ဝိုင်းခနဲဆလိုက်ကြတယ်။

"ဒါက တို့နယ်၊ မင်းလူစွာလာလုပ်တာလား"

"လူစွာလာလုပ်တာမဟုတ်ပါဘူး၊ ကြည့်မကောင်းလို့တားတာပါ"

"ဩော် - တားတာတဲ့။ ကဲ- တားတဲ့လူကို ဆုပေးလိုက်ကြရအောင်"

တစ်ယောက် ပြေးထိုးလိုက်တဲ့အရှိန်နဲ့ လက်ကို ညှပ်လိမ်ပြီးနောက် ပြေးဝင်လာသူဆီ တွန်းပို့လိုက်တယ်။ တတိယလူရဲ့ ခြေခတ်ချက်ကို ယို့တိမ်းရှောင်လို့ ဖနောင့်ချက်သွင်းလိုက်တော့ အီးခနဲ ပစ်လဲသွားတာပါ။ ဖနောင့်ချက်ပေးတဲ့ညာခြေကို ရှေ့ထုတ်ပြီး ပထမလူဆီ ခြေစောင်းပစ်ဝင်လိုက်တော့ တစ်ဖတ်သား ကားခနဲပေါ့။ ဒုတိယလူ မလှုပ်နိုင်အောင် ထိုးချက်၊ တံတောင်ပင့်ခတ်ချက်၊ လက်ခုံပေါက်ချက်တွေ ဆက်တိုက်သွင်းလိုက်တဲ့အခါ ဖလက်။ သုံးယောက်စလုံး အခန့်သား။ အမြဲမပြတ်အမာပိုင်း အကန်အခတ်တွဲလုံးတွေကျင့်ထားသူအဖို့ သူတို့က ပမွှားရယ်။

အရက်လာဝယ်တဲ့ လူငယ်ကိုဆက်ဆွဲပြီး ထမင်းဆိုင်ကလစ်ခဲ့ရတယ်။ ကြာလို့ လူအုပ်တက်အုပ်များလာရင် ခက်ရချည့်။ ခုပွဲလိုဖြစ်ချင်မှဖြစ်မှာ။

"အစ်ကိုကဘယ်သွားမှာလဲဟင်၊ ဘာကိစ္စလာတာလဲ"

"တည်းစရာမရှိလို့ ထမင်းဆိုင်မေးဖို့အလုပ် ပြဿနာဖြစ်တာကွ။ ကိစ္စကလူတစ်ယောက်လာရှာတာပါ၊ မတွေ့သေးပါဘူး"

"ဟာ - ဒါဖြင့် ရွာထဲက ကျွန်တော်တို့အိမ်လိုက်ခဲ့။ ကျွန်တော့်ဦးလေးအသုဘဖြစ်နေလို့ အိမ်မှာလည်းလူနည်းနေတာနဲ့အတော်ပဲ"

တည်းစရာနေရာ မရှိတဲ့အချိန်မို့ အဆင်သင့်ဖြစ်သွားတယ်။ သူတို့အိမ်က အသုဘအိမ်နဲ့ တစ်အိမ်ကျော်လေးရယ်။ သူ့အဒေါ်ယောကျ်ား သူ့ဦးလေး ဆုံးသွားရှာတယ်။ သေတာက လူသတ်မှုဆိုပါလား။ မနက်ဖြန် အသုဘချတော့မယ်ဆိုတော့ အသုဘကခေါင်းသွင်းပြီးပြီ။ အလောင်းကို ခေါင်းသွင်းပြီးလို့ လမ်းပေါ်ထုတ်ထားတာလေ။

တွေ့တဲ့ လူရွယ်လေးက ရည်ရည်မွန်မွန် ခင်မင်ဖော်ရွေမှုလည်းရှိတယ်။

"အစ်ကိုတွေ့ချင်တာဘယ်သူလဲ၊ ကျွန်တော်တို့များ သိမလားလို့"

"သူ့နာမည်က ခင်ထွန်း၊ ဘယ်ကျော်ခင်ထွန်းလည်း ခေါ်တယ်တဲ့"

"ဟာ - သိတာပေါ့၊ ရွာတောင်ဖျားမှာနေတာ။ ရန်ကုန်က ဟိုတယ်တစ်ခုမှာလုပ်တယ်။ သူ့ဆွေမျိုးတွေ မြောက်ဥက္ကလာမှာရှိတယ်တဲ့။ ရွာပြန်ရောက်နေတာ လေး၊ငါး၊ခြောက်ရက် ရှိပြီ။ ကိုစံဝအသုဘမှာ ဖဲအကြီးအကျယ်ရှုံးသွားတာ သူပဲ။ ပါတဲ့လက်စွပ်တောင် ဦးလေးဆီပေါင်ရတဲ့အထိရှုံးတာ။ ဦးလေးက ဝိုင်းကျွတ်နိုင်တော့ ရလိုက်တာမနည်းဘူး။ လေး၊ငါး၊ဆယ်သိန်းလောက်ရှိမယ်။ ကိုခင်ထွန်းနောက်နေ့ သွေးအန်လို့ဆိုလား။ ကျွန်တော်တို့အဘ ကုနေရတယ်ဗျ"

လူရွယ်လေးဆီက အတော်ပြည့်ပြည့်စုံစုံ သိလိုက်ရတယ်။

ဒါပေမယ့် သူ့ဦးလေး အပေါင်ခံထားတဲ့လက်စွပ်က ကွင်းဆက်ပြတ်သွားပြီပဲ။ အစဖော်ဖို့မလွယ်တော့လို့ နည်းနည်းသွေးတိုးစမ်းမေးမိတယ်။

"နို့ - နေပါဦး၊ မင်းဦးလေးသေတော့ မင်းဒေါ်လေးက လက်စွပ်ကိုရတာပေါ့ ဟုတ်လား။ သူတို့လင်မယားချင်းပဲဟာ"

"မဟုတ်ဘူးဗျ၊ ဦးလေးက သူ့ယောကျ်ာမ ကျွန်တော့်အဘကို ပေးလိုက်တာ။ လူကြီးဝတ်ပါစေ ဆိုတဲ့ သဘောပေါ့။ လက်စွပ်ကအကြီးသား"

"ဩော် - ဒါဖြင့် မင်းအဘရသွားတာပဲ။ အဘက အခု မတွေ့ပါလား"

"အဘက နယ်တစ်ခါထွက်ရင် တစ်လကိုးသီတင်းကြာတတ်တယ်။ ဦးလေးဆုံးပေမယ့် သူ့လူနာတွေ ချိန်းထားတဲ့ရက်မပျက်ဖို့ သမီးကို ပြောဆိုပြီးမှ သွားတာပါ။ ကိစ္စဝိစ္စတွေအတွက် အဖေတို့လည်း ရှိတာပဲ"

ကတည်း လက်စွပ်ကိစ္စက ဝေးသွားပြန်ပြီ။ နီးလျက်နဲ့ဝေးရပြီကော။

"အဘက ဆန်းတယ်၊ ကိုခင်ထွန်းကိုနိုင်တဲ့နောက်နေ့ ဦးလေး အသက်ခံရတာပဲ။ ဖဲဝိုင်းကအပြန် မှောင်ရိပ်ကခားနဲ့ထိုးတာ။ ဦးလေးခေါင်းသွင်းတော့ အဘကိုယ်တိုင်သွင်းတယ်။ မသွင်းခင်ညကတည်းက 'မသန့်ရှင်းတဲ့ပစ္စည်း၊ သက်ဆိုင်သူလာယူပါစေ။ ရှေ့လျှောက် ဒုက္ခမပွားပါစေနဲ့တော့' ဆိုပြီး အထုပ်လေးအကျီအောက်ကိုသွင်းလိုက်တာ ကျွန်တော်မြင်တယ်။ လူတွေအိပ်နေပြီလေ။ ကျွန်တော်တစ်ရေးနိုးတဲ့အချိန်ပေါ့"

ဒီမှာတင် ထခုန်ချင်လောက်အောင် ဝမ်းသာသွားမိတယ်။ လူရွယ်ကိုတိုးတိုးတိတ်တိတ် ပြောပြတိုင်ပင်ပြီး အသုဘချတဲ့ည မိုးရွာရွာမှာ လက်စွပ်ကို ဖော်ယူခဲ့တာပါပဲ။ ကြောက်လို့ အော်သံထွက်သွားပေမယ့် အားလုံးက အိပ်မောကျနေတော့ မကြားကြဘူး။ နောက်နေ့ သင်္ဂြိုဟ်ဆိပ်လိုက်ပို့တဲ့လူရွယ်လေးကို မုန့်ဖိုးသုံးသောင်းပေးတော့ ဝမ်းသာလွန်းလို့။ အဘေးကြီး ဆုတော်လာဘ်တော်အဖြစ်ရတဲ့ လက်စွပ်ကြောင့် သွေးအန်တဲ့ ကိုထွန်းရှင် တစ်လအကြာထောင်ချုပ်မှာ ဆုံးတယ်။ တခြားလူတွေတော့ ဘယ်လိုခံစားရတယ်မသိ။

ကြောက်စရာကောင်းလိုက်တာရယ်၊ ဒီအဖြစ်တွေကို အိပ်မက်ပေးတဲ့အဘေးကြီးရယ်၊ သက်ဆိုင်သူလာယူမယ်ဆိုတဲ့ဆေးဆရာကြီးရယ်ဟာ ကျွန်တော့်ဘဝမှာ အဆန်းတကြယ်တွေပါပဲ။ ကိုယ်တိုင် လှုပ်ရှားသွားလာရတဲ့အဖြစ်မို့သာ။ သူတစ်ပါးပြန်ပြောတဲ့ဖြစ်ရပ်ဆိုရင် ယုံရခပ်ခက်ခက်။ လူသေကောင်မျက်လုံးပွင့်ရတယ်လို့. . .။

*(အမည်နာမ မဖော်ပြလိုသူများ အမှတ်တရ)*

*သဗ္ဗေသတ္တာ ကမ္မသကာ*

ခိုးသင်



www.burmeseclassic.com

www.burmeseclassic.com

အသက်က (၁၅) နှစ်ပင်ရှိသေးသည်။ အဘိုးနှင့်အဘွားက သားအဖြစ် အမွေစားအမွေခံ မွေးစားထား၍ ဆိုးချင်တိုင်း ဆိုးနေလေသည်လား မပြောတတ်နိုင်။ ကျောင်းပြေးသည်။ လေ သေနတ်တစ်လက်နှင့် မြို့ပြင်ထွက်ထွက်ကာ တွေ့သမျှ အကောင်[illegible]သော သတ္တဝါကို ပစ်ခတ်သည်။ အ[illegible] လိပ် စစ်တပ်မှ ချန်[illegible] သော ချက်ပလက် [illegible] မော်တော်ကား တစ်စီးကို မြောင်းမြနှင့် ရွှေဘုံသာဘုရား တည်ရှိရာ ကုန်းသာသို့ နေ့စဉ် ပြေးဆွဲ မောင်းနှင်နေသော ဦးလေးကိုကျော်သိန်းနှင့် အတူ ဇွတ်အတင်းလိုက်ပါကာ ယာဉ်မောင်းသင်သည်။

မော်တော်ယာဉ်ကို ကျွမ်းကျွမ်းကျင်ကျင် မောင်းတတ်သွားသောအခါ ကျောင်းလွယ်အိတ်ကို ဖင်ထိုင်ခုံအောက် ထိုးသွင်းထားလိုက်ပြီး ခရီးသည်တင် မော်တော်ယာဉ်ကို အပီအ[illegible] ပြင် မောင်းနှင်တော[illegible] သည်။ အဘိုးတို့က





www.burmeseclassic.com

www.burmeseclassic.com

သူတို့မြေးကလေး အစိုးရအထက်တန်းကျောင်းမှ စာသင်ခန်းအတွင်းမှာ ကောင်းကောင်းမွန်မွန် စာသင်နေလိမ့်မည်ဟု ထင်မှတ် နေမည်က မလွဲ။


ဦးလေးကိုကျော်သိန်းက အလွန်သဘောကောင်းပြီး အလိုလိုက်သည်။ သူအလိုလိုက်သောကြောင့်ပင် အမိုက်စော်ကားမိခြင်း ဖြစ်ဟန်တူပါသည်။ ဦးလေးကို စိတ်ကောက်ပြီး ကားကို ခပ်ကြမ်းကြမ်း မောင်းလိုမောင်း၊ ခရီးသည်ဆင်းလို့မှ မြေကြီးပေါ် သို့မရောက်သေးကားကို မောင်းထွက်လိုထွက်လုပ်တတ်သည်။ သည်လိုနှင့် မကောင်းသောအကျင့်တွေ အလိုအလျောက် ပေါ်ပေါက်လာသည်ဟု မုချပြောနိုင်ပါသည်။

ဦးလေးကိုကျော်သိန်း၏ အစ်ကိုကြီးက ဝပ်ရှော့ထောင်ထားသဖြင့် ကားနားထားသည့်အချိန်တွေမှာ ဝပ်ရှော့တွင်ပင် အချိန်ပြည့်ရှိနေတတ်သည်ဖြစ်ရာ ဟိုခွယူပေးဒီခွယူပေးလုပ်ပေးရင်းက မော်တော်ယာဉ်ကို မတောက်တခေါက် ပြင်တတ်လာသည်။ ကားပိုးဝင်သွားပြီ။ ရန်ကုန်မြို့သို့ အဘိုးနှင့်အတူ အဒေါ်က ခေါ်ဆောင်လာခဲ့သဖြင့် ရောက်လာကြပြီး အဒေါ်က ကျောင်းအပ်နှံပေးသည်။ တက္ကသိုလ်ဝင်တန်းကို အောင်မြင်ပြီးနောက် တက္ကသိုလ်သို့ ဆက်လက်တတ်ရောက်ခြင်းမပြုတော့ဘဲ သူငယ်ချင်းတစ်ယောက်၏ဖခင်ပိုင် ဝပ်ရှော့တစ်ခုတွင် အလကားစေတနာ့ဝန်ထမ်း ဝင်လုပ်ပေးနေလေသည်။ ဝပ်ရှော့သို့ လာရောက် ပြုပြင်ကြသော ကားများအနက် သူအကြိုက်ဆုံးကားက တိုယိုတာဗင်ဖင်ကောက် ဖြစ်၏။ သည်လိုကားမျိုးရောက်လာ ပြုပြင်ပြီးလျှင် မိမိမြတ်နိုးချစ်ခင်တွယ်တာသော ခွေးကလေးကို တယုတယ ချော့မြှူပွတ်သပ်ပေးသလို ပွတ်သပ်နေတတ်သည်။

တစ်နေ့နေ့တော့ မိမိတွင် ကိုယ်ပိုင်ကားလေးတစ်စီးတော့ ပိုင်ဆိုင်နိုင်ရအောင် ကြိုးစားမည်ဟု စွဲစွဲမြဲမြဲ သန္နိဋ္ဌာန်ချထားခဲ့၏။ သို့ပေမယ့် သူ့ဆန္ဒကလေထဲမှာ တိုက်အိမ်ဆောက်သည့်နှယ် အရှုးအိပ်မက်မက်သလို အကောင်အထည် ဘယ်တော့မှပေါ် မလာခဲ့။ အဘိုးတို့၊ အဘွားတို့သာ အသက်ထင်ရှားရှိနေသေးလျှင်ဖြင့် မိမိဆန္ဒ ပြည့်ဝနိုင်ကောင်း ပြည့်ဝပါလိမ့်မည်။ ယောက်ျားဆိုသည့်အမျိုးက ပန်းတိုင်ကို မည်သည့်အခါမျှ မျက်ခြည်ပြတ်မခံ။ မဆုတ်မနစ်အားထုတ် ကြိုးစား ကျားကုတ်ကျားခဲစွဲစွဲမြဲမြဲ ဇွဲနပဲဖြင့် အရောက်သွားတတ်သည်။ ကောင်းကင်တမွတ် ကြယ်ကိုဆွတ်သော အာဂယောက်ျား မဟုတ်လား။

ငယ်ရွယ်စဉ် လူလားမမြောက်သေးမီကတည်းက မော်တော်ယာဉ်နှင့်ပတ်သက်၍ ကလပ်(ချ်)၊ ဂီယာ၊ လီဗာ၊ ဘရိတ်တို့အပြင် ဒစ်စဗြူတာ၊ ကပ်တောက်၊ ကာဗြူရိုက်တာ၊ ရေဒီရေတာ၊ ပန်ကာကြိုး စသည့် စက်ပစ္စည်းပိုင်းများအားလုံး တစ်ခုချင်း ကျွမ်းကျင်အောင် လေ့လာထားခဲ့သည်။ မော်တော်ယာဉ်တစ်စီးကို တစ်စစီဖြုတ်၊ တစ်စစီပြန်တပ်၊ မကောင်းသည့်ပစ္စည်းကိုလဲနှင့် ယာဉ်ပိုင်ရှင် စိတ်ကျေနပ်သွားသည်အထိ ပြုပြင်ပြင်ဆင်ပေးနိုင်လေသည်။ ဝပ်ရှော့ဆိုသည်က မတစ်ရာသားတွေချည်းမို့ စရိုက်ပေါင်းစုံ၊ အကျင့်ကလည်းပေါင်းစုံ မဟုတ်လား။ အပြောအဆို အနေအစား အလေ့အထကလည်း မတူညီ။ သူတစ်မျိုးငါတစ်ဖုံ စုံလင်လှ၏။ သည်လိုလူတွေအကြား အနေအစားမမှားရအောင် ကြိုးစားနေထိုင်ရသည်က အလွန်ခက်ခဲသည်က အမှန်ပင်။

လူ့ဘဝဆိုသည်မှာ ပန်းခင်းသောလမ်း မဟုတ်ပါ။ မွေးသည်မှ အစပြုလျက် မွတ်သိပ်ဆာလောင်ခြင်းဝေဒနာကို ကနဦး စတင် ရင်ဆိုင်ရလေသည်။ ခယောင်းလမ်းကို စတင် ဖြတ်သန်းရသည်ဟု ဆိုနိုင်ပါသည်။ စားဖို့ရှုန်းကန်ရ၏။ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်အောင်၊ သဘာဝနှင့်သဟဇာတဖြစ်အောင် ကြိုးစားရသည်။ လွယ်မယောင်နှင့် ခက်ခဲလှပါသည်။ ပိုင်ရှင်ကျေနပ်ဖို့ အလုပ်ကို ကြိုးစားပြုရသည်။ ပိုင်ရှင်ရှေ့တွင် ကျိုးကျိုးနွံနွံနေပြုရသည်။ ယုတ်စွအဆုံး ဝပ်ရှော့ပိုင်ရှင်ကတော်ဈေးသွားလျှင် ဈေးဆွဲခြင်းကို မျက်နှာလိုအားရ နောက်မှလိုက်ပါဆွဲကိုင်ပေး၍ ကုပ်ချောင်းကုပ်ချောင်းပါသွားရပါ၏။ ယင်းသို့ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးမျှရှိသေပြုလိုက်သည့်အခါမှ ပိုင်ရှင်၏ မျက်နှာကြီး အစဉ်ပြုံးဖြဲဖြဲဖြစ်နေတော့၏။ သို့သော် ပညာတော့ အတော်အတန်ရရှိသည်ကား အမှန်ပင်။



# လေလွင့်ဝိညာဉ်



www.burmeseclassic.com

www.burmeseclassic.com

"မောင်ဇော်ကြီးရေ မင်းအစ်မကြီးကို ယုဇနပလာဇာကို လိုက်ပို့လိုက်ပါဦးကွာ"

"ဟေ့ - ဇော်ကြီး၊ ကလေးနှစ်ယောက်ကို ကျူရှင်ပြေးပို့လိုက်ပါဦးကွယ်။ အစ်မကြီး ခေါင်းနည်းနည်းကိုက်နေလို့"

သည်လိုနှင့် ဇော်ဝင်းအောင်တစ်ယောက် ရွှေလက်လှဝပ်ရှော့မှ ဝပ်ရှော့ပိုင်ရှင် ဦးမောင်မောင်ခင်၏လက်ကသုံးတောင်ဝှေးဖြစ်လာခဲ့ရ၏။ ရွှေလက်လှဝပ်ရှော့တွင် မော်တော်ယာဉ်များ လာရောက် ပြင်ဆင်ကြသော မော်တော်ယာဉ်ပိုင်ရှင်များ ကျေနပ် နှစ်ခြိုက်ကြသဖြင့် ဝပ်ရှော့ဝင်ငွေတိုးသည်။ ဇော်ဝင်းအောင်တို့လည်း လုပ်အားခ စို့စို့ပို့ပို့ ရရှိကြ၏။

အချိန်ကောင်းအခါကောင်းနှင့် တွေ့ကြုံကြရပါပြီ။ ယာဉ်ဟောင်းတွေပြန်လည် အပ်နှံခွင့်ရသည်။ စလစ်တစ်စောင် ခြောက်ဆယ်၊ ခုနစ်ဆယ်နှင့် ဝယ်သူရှိလာသည်။ ရွှေလက်လှ ဦးမောင်မောင်ခင်က အခွင့်အရေးကို ကောင်းစွာအသုံးချတတ်သူဖြစ်သည်။ ဝပ်ရှော့တွင်အပ်နှံထားခဲ့ပြီး ပစ္စည်းမရသဖြင့် မော်တော်ယာဉ်ဟောင်းကို ဈေးပေါပေါနှင့်အလကားနီးနီးရထားသော ကားနှစ်စီးရှိသည်။ လက်ပူတိုက်လျက် သုံး၍ပင်မရ။ ချောင်တစ်ချောင်တွင် ထိုးထားရ၏။ ဟော - ယခု စလစ်ရောင်းပြီး ဈေးကောင်းရလျက် နေ့ချင်းညချင်း သန်းကြွယ်သူဌေးဖြစ်သွားသည်။

ကံထမ်းလာတာမမြင်ရ၊ လုံထမ်းလာတာ မြင်ရသည်ဟု ဆိုရမည်လားမပြောတတ်နိုင်။ ရေမြင့်တော့ ကြာတွေလည်း တင့်တယ်လှပေသပေါ့။ ဇော်ဝင်းအောင်တို့ ဦးမောင်မောင်ခင်၏ တပည့်တွေလည်း လုပ်ခလစာတွေ တိုးလို့ငထောတွေ ဖြစ်ကုန်ကြ၏။ လက်ဖွာပြီးအသုံးအဖြုန်းကြီးသော အောင်ပွင့်တို့၊ ကြည်လွင်တို့၊ လှရွှေတို့၊ ထန်တျာတေရှင်တို့ လူမိုက်နှင့်ငွေ ဘယ်အတူနေလိမ့်မလဲ။ ဒုံရင်းဒုံရင်းပဲပြန်ရောက်သွားကြသည်။ ဇော်ဝင်းအောင်ကမူ လိမ္မာသည်လို့ ပြောရလိမ့်မည်။ ကင်ဘိုဆိုင်ကယ်ခပ်လတ်လတ်တစ်စင်းပိုင်သွား၏။

ဇော်ဝင်းအောင် ထပ်မံ၍ ကံထူးသွားပြန်သည်။ ဟိုးယခင် ငယ်ရွယ်စဉ်က မက်ခဲ့ဖူးသည့် အိပ်မက်က အမှန်တကယ်ပင် အကောင်အထည်ပေါ်ခဲ့ပါ၏။ မြောင်းမြမြို့တွင် ဇော်ဝင်းအောင်နေထိုင်ခဲ့စဉ်က ဇော်ဝင်းအောင်အားယာဉ်မောင်းပညာ၊ ယာဉ်ပြင်ပညာများစိတ်ပါလက်ပါ ကိုယ်ဖိရင်ဖိ သင်ကြားပေးခဲ့သော ဦးလေးကိုကျော်သိန်း ကွယ်လွန်သွားခဲ့သည်။ ဦးလေးကိုကျော်သိန်းတွင် ဇနီးလည်း မရှိ။ အစ်ကိုတစ်ဦးသာရှိသည်။ သူတို့ညီအစ်ကိုနှစ်ယောက်အတူတကွ နေထိုင်သည်။ အိမ်ထောင်လည်းမပြုကြ။ လူပျိုကြီးနှစ်ဦး။ အစ်ကိုက အရင်ဆုံးပါးသွားပြီး တစ်ဦးတည်းသောညီ ကိုကျော်သိန်းအား သူပိုင်ပစ္စည်းတွေကို အမွေပေးခဲ့၏။ ယခုတစ်ခါ ဦးလေးကိုကျော်သိန်း ဆုံးသွားသည့်အခါ ငယ်ရွယ်စဉ်က သူကိုယ်တိုင် မော်တော်ယာဉ်ပညာ သင်ပေးခဲ့သော တူကလေးအား သူပိုင်ဆိုင်သည့် အမွေပစ္စည်းအားလုံး ပေးအပ်ခဲ့သည်။ မြောင်းမြမြို့ရှိ ဆွေမျိုးသားချင်းများကလည်း အလွန်သစ္စာရှိလှ၏။ ဦးလေး ကိုကျော်သိန်း၏ဆန္ဒအတိုင်း ဦးလေးကိုကျော်သိန်း၏အမွေကို ဇော်ဝင်းအောင်အား လာရောက် ပေးအပ်သွားကြ၏။ ကာလတန်ကြေး သိန်းရာဂဏန်းနှစ်ခုနီးပါးရှိပေလိမ့်မည်။ ဇော်ဝင်းအောင် ငွေပုံကြီးကို ကြည့်ရင်း သူ့ပေါင်ကိုသူ ဆွဲဆိတ်ကြည့်မိသည်အထိ။ ဦးလေးကိုကျော်သိန်းက အမွေမောင်အရင်းဟု ခုမှ သိရသည်လေ။

"ဟာ - ဒါတကယ်ပါပဲ၊ အိပ်မက်မဟုတ်တာ အသေအချာပေါ့"

အိပ်မက်မဟုတ်တာ သေချာသွားပြီဆိုတော့ ဇော်ဝင်းအောင် သူ့ဆရာကိုတိုင်ပင်သည်။ သူ့ဆန္ဒရှိသည်က ကိုယ်ပိုင် အေအေ/အငှားကားတစ်စီး ဝယ်ယူကာ တက္ကစီမောင်းမည် ဖြစ်ပါ၏။ ဦးမောင်မောင်ခင်ကလည်း သူ့တပည့်အတွက် အကောင်းဆုံးဖြစ်စေရန် စီစဉ်ပေးပါသည်။ ကုမ္ပဏီတစ်ခုနှင့် ဆက်သွယ်လျက် ငွေသွင်းပြီး လေလံအောင်သည့် ကားကို စောင့်ရ၏။ တစ်လခွဲလောက်တော့ကြာသည်။ စောင့်ရသည်ကလည်း အချိန်အလဟဿမဖြစ်ပါ။ သူ့အလုပ်သူဆက်လုပ်နေသည်ဖြစ်၍ နိုင်ငံခြားမှ ရောက်လာမည့် မော်တော်ယာဉ်ကို အေးအေးဆေးဆေးစောင့်နေရုံပင်။

သူ၏ လုပ်ဖော်ကိုင်ဖက်တွေက သူ့ကံထူးပုံကို အားကျကြသည်။ သူကလည်း သူ့ဘော်ဒါတွေ၊ သူငယ်ချင်းများတွေကို မေ့မသွား။ တတ်အားသမျှ ငွေကြေး ပေးကမ်းထောက်ပံ့ခဲ့၏။ ဝပ်ရှော့ဆရာ ဦးမောင်မောင်ခင်ကပင် ဇော်ဝင်းအောင်၏သဘောထားကြီးခြင်းအတွက် ချီးကျူးစကားဆိုပေသေး၏။ သူ့ဆရာကိုယ်တိုင် သူ၏မိတ်ဆွေနှင့် ညှိနှိုင်း စီစဉ်ပေးထားသည့် မော်တော်ယာဉ်က တစ်လခွဲပင် မကြာလိုက်။ ငါးပတ်အတွင်းတွင်ပင် ရောက်ရှိလာလေသည်။ ကုမ္ပဏီက အားလုံး စီစဉ်ထားပေးပြီးဖြစ်သဖြင့် အဆင်ပြေပြေနှင့် လက်ထဲသို့ကားရောက်လာသည်။

ပြီးနောက် သူ ငှားရမ်း နေထိုင်သော ရန်ကင်းတိုက်ခန်းသို့ ပြောင်းရွှေ့နေထိုင်လေသည်။ သည့်နောက် သူ့သူငယ်ချင်းများအနက် ငွေကြေးအခက်အခဲရှိသော သူငယ်ချင်းများအား တတ်အားသလောက် ထောက်ပံ့ကူညီသည်။ ထံတျာတေရှင်တို့လို အချိန်ပြည့် ယမကာသမားကိုတော့ ခြွင်းချက်ထား၏။ သူ့ဆရာ ဦးမောင်မောင်ခင်ကို တန်ဖိုးကြီးသော နာရီတစ်လုံး၊ ဆရာကတော်အတွက် တစ်ကျပ်သား ရွှေဆွဲကြိုးတစ်ကုံး၊ ကလေးများအတွက်လည်း ကျောင်းသုံးပစ္စည်းများ၊ အဝတ်အစားကောင်းကောင်းနှင့် သားယောက်ျားကလေးများဖြစ်ကြသဖြင့် စက်ဘီးတစ်စီးစီဝယ်ပေးလိုက်သည်။

ဇော်ဝင်းအောင်၏ လုပ်ဆောင်ချက်က ရွှေလက်လှအတွက် ဂုဏ်ယူဖွယ်ရာ စံပြုစရာပင် ဖြစ်သည်။ ဇော်ဝင်းအောင်က သူ့ကားကို အချိန်သတ်မှတ်ပြီး မောင်းသည်။ စားချိန်မှာစား၊ နားချိန်မှာနား၊ သက်သောင့်သက်သာ ကားကိုင်းစားတော့ ဝင်ငွေလည်း မှန်သည်။ လူလည်းသက်သာသည်။ ကျန်းမာရေးလည်းမထိခိုက်၊ အချိန်ပြည့်အလုပ်လုပ်လို့ရလေသည်။ ဇော်ဝင်းအောင်က ငွေကြေး ပြည့်စုံပြည်လည်စေကာမူ ဟော့ဟော့ရမ်းရမ်းမသုံးစွဲ။ အသောက်အစား၊ အပျော်အပါးမမက်။ အရက်သေစာမသောက်သုံး၊ အလောင်းအစား သနာမပါချေ။ ဒါသည်ပင် သူ့ဘဝထိတက်ရာတိုးတက်ကြောင်းလမ်းကြောင်းမှန်ပင်ဖြစ်နေပေလေသည်။

သူနေထိုင်သည့် ရန်ကင်းမြို့နယ်အတွင်းတွင် နိုင်ငံခြားသားများ အစဉ်လိုလို လာရောက် တည်းခိုတသောဟိုတယ်များရှိနေသည်။ ဆီဒိုးနားဟိုတယ်၊ မရီနာဟောက်(စ်)၊ မီကာဟိုတယ် စသည်ဖြင့် အများအပြားရှိသည်။ သူ့တက္ကစီကို ဂိတ်ထိုးထားသည့်အခါ ဆီဒိုးနားဟိုတယ်တောင်ဘက်စက်မှု(၁)လမ်းမကြီးဘေးတွင် ထိုးတသည်။ ညဉ့်နက်ပိုင်းများ၌ ဟိုတယ်တွင်းမှ ဝမ်းရေးအတွက် အလုပ်လုပ်

www.burmeseclassic.com

www.burmeseclassic.com

အိမ်ပြန်ကြသည့် မိန်းကလေးများ၊ အဖော်နှင့်အတူ အပျော်တွဲလျက်ထွက်လာကြသော ညဥ့်မင်းသမီးလေးများသည် ဇော်ဝင်းအောင်တို့၏ အငှားကားများကို စီးကြသည်။ သူမတို့တစ်တွေက သူမတို့၏လုံခြုံရေးအတွက် မျက်မှန်းတန်းမိပြီးဖြစ်သော အငှားယာဉ်ကိုသာ ရွေးချယ်တတ်ကြ၏။ပုံမှန်အချိန်မှန် ဂိတ်ထိုးထားတတ်သည့် ဇော်ဝင်းအောင်နှင့် ညဥ့်မင်းသမီးကလေးတွေ ဘော်ဒါဖြစ်သွားကြသည်မှာ အဆန်းတကြယ် မဟုတ်ပေ။

ညနေလေးက အလွန်သာယာနေသည်။ မိုးသားမြူတိမ်ကင်းစင်ကာ သာတောင့်သာယာရှိလှသည်။ ဆည်းဆာသည်လည်း သဘာဝ၏အလှကို ရောင်စုံအလင်းတန်းများဖြင့် အလှဆင်ပေးနေသည်။ လှသောညနေ၊ ပန်းချီဆန်သည့် ညနေကို တောက်တောက်ပပ ပန်းချီကားတစ်ချပ်အသွင် ဖန်ဆင်းပေးထားလေသည်လား မပြောတတ်နိုင်။

"ဟေး - ကိုဇော်ကြီး၊ ဒီည (၁၂) နာရီနောက်ပိုင်းပြန်မှာနော်။ တစ်နာရီအထိမနေဘူး၊ မေမေ နေမကောင်းလို့။ ပုံ့ပုံ့ကို ဆက်ဆက်စောင့်ပေးနော် ကိုဇော်ကြီး"

ပုံ့ပုံ့ ဆိုသည့် မိန်းကလေးက ဇော်ဝင်းအောင်အား လှမ်းချိတ်သည်။ သူမနာမည်က ရွှေစံပယ်ဖူးတဲ့။ ဆီဒိုးနားဝန်းကျင်မှာတော့ ရွှေစံပယ်ဖူးက အပြတ်ခိုက်သည်။ လန်းလည်းအလန်းဆုံးလို့ နာမည်ကြီးနေသည်က အမှန်ပါ။

ဇော်ဝင်းအောင်နှင့် ရွှေစံပယ်ဖူးတို့ အလုပ်သဘောအရ အတူသွားအတူလာ၊ အငှားယာဉ်မောင်းနှင့် ညဥ့်မင်းသမီးကလေးတို့ သူမသိငါမသိ သံယောဇဉ်အမျှင်တန်းခဲ့ရသည်မှာ ဆန်းကြယ်လှသည်တော့ မဟုတ်ပါ။

"ပုံ့ပုံ့၊ ကိုဇော် (၁၂) နာရီနောက်ပိုင်း ဘယ်အော်ဒါမှမလိုက်ဘူး စိတ်ချ။ ဒါပေမယ့် ပုံ့ပုံ့ဘက်က မပျက်ကွက်စေနဲ့နော"

"စိတ်ချ ကိုဇော်ကြီး၊ တစ်နာရီမထိုးစေရဘူး။ ဂိတ်ရှေ့ကို ရောက်လာစေရမယ်။ ပုံ့ပုံ့တဲ့ မှတ်ထား"

ယင်းည (၁၀) နာရီ (၄၀) တွင် ပုံ့ပုံ့ ဆီဒိုးနားဟိုတယ်ဘေး မော်တော်ယာဉ်များရပ်နားသည့် ဇော်ဝင်းအောင်တို့ ဂိတ်ထိုးနေကျနေရာသို့ ရောက်ရှိလာခဲ့လေသည်။ သူတို့နှစ်ယောက် အကြိုက်အလှန် အချိန်မှန်မှန် ရောက်ရှိလာကြ၏။

"ကိုဇော်ကြီးရေ၊ ဒီညတော့ အိမ်ကို တစ်ခါတည်း တန်းမပြန်သေးဘူးနော်။ အမေ့ဖို့ ကြေးအိုးဝယ်သွားပေးချင်တယ်။ အမေ ထမင်းမစားနိုင်တာ နှစ်ရက်ရှိနေပြီလေ။ ဒါကြောင့် ဆရာစံလမ်းကို လိုက်ပို့ပေးပါဦး"

"ဟုတ်ကဲ့ - ကောင်းပါပြီ ဒေါ်ပုံ့ပုံ့ရယ်။ ညနက်ပိုင်း စောစောလေးနားမယ့် စိတ်ကူးလေး ရေထဲမျောသွားပြီပေါ့။ ကိုင်း - ကားပေါ်တက်၊ သွားကြစို့"

"ဆောရီးပါ ကိုဇော်ကြီးရယ်၊ အမေ့အတွက် မပါမဖြစ်မို့ပါ။ နောက်ဆို အလုပ်ပြီးတာနဲ့ အိမ်ကိုတန်းပြန်နိုင်အောင် ကြိုးစားပါ့မယ်ရှင်"

ငွေလက သူတို့နှစ်ဦး၏ ခေါင်းပေါ်မှာ ထိန်ထိန်သာလျက်ရှိနေသည်။ မှိတ်တုတ်မှိတ်တုတ်ကြယ်ကလေးများက နဂါးငွေ့တန်းတစ်ခုကို ဖန်ဆင်းထားသည်။ 'တိတ်ဆိတ်သောည×××လှပသောည××× လှပလွန်းတယ်' တစ်ပိုင်းတစ်စ တေးတစ်ပုဒ် ဇော်ဝင်းအောင်၏ ခေါင်းထဲသို့အလိုလိုဝင်လာသည်။

ခဏအကြာတွင် ဆရာစံလမ်းပေါ်ရှိ ကြေးအိုးဆိုင်သို့ ရောက်လာသည်။ ပုံ့ပုံ့က ကြေးအိုးဆိုင်တွင်းဝင်သွား၍ ကြေးအိုးဝယ်၏။ တော်တော်ကြာကြာစောင့်နေရပြီးမှပင် ပုံ့ပုံ့ပြန်ထွက်လာလေသည်။

"ကိုင်း - မောင်းပေတော့ ကိုဇော်ကြီးရေ၊ သမီးအမေတမျှော်မျှော်ဖြစ်နေမှာ အသေအချာပဲတော့"

သူ ကားကို မောင်းထွက်လာခဲ့သည်။ အချိန်က အ,ကာလ ညဥ့်သန်းခေါင်ကျော်။ လမ်းပေါ်တွင် မော်တော်ယာဉ်အသွားအလာ မရှိသလောက်ကြပ်းသွားပြီ။ ရံဖန်ရံခါမှသာ တစ်စီး၊ နှစ်စီး ဖြတ်မောင်းသွားသည်။ ဇော်ဝင်းအောင် စကားတစ်ခွန်းမျှမပြောတော့ဘဲ ကားကိုသာ ဂရုစိုက်မောင်းနေသည်။ ကျောက်ကုန်းအတက်ရောက်ပြီး တစ်လမ်းကျော်တွင် ကန်ထရိုက်တိုက်တစ်လုံးရှေ့မှာ ကားကို ရပ်လိုက်၏။ ပုံ့ပုံ့တို့အိမ်က ငါးလွှာမှာရှိသည်။ ပုံ့ပုံ့ ကားပေါ်မှဆင်းကာ အထုပ်တွေ ဆွဲသွားသည်။ ဇော်ဝင်းအောင်ကို ငါးထောင်တန်တစ်ရွက်နှင့် ဝယ်ယူလာသည့် ကြေးအိုးဆီချက်တစ်ထုပ်ပါ လှမ်းပေးသွားသည်။

"အခန်းပြန်ရောက်ရင် စားနော် ကိုဇော်ကြီး၊ ညလယ်စာလို့ သဘောထားပေါ့။ မနက်ဖြန်ကျမှတွေ့မယ်။ ဘိုင့်ဘိုင် ကိုဇော်"

ညမင်းသမီးလေးက အပြေးအလွှားပင် နှုတ်ဆက်ထွက်ခွာသွားသည်။ ဇော်ဝင်းအောင် စကားတစ်ခွန်းမျှပင် မဟလိုက်နိုင်။ လူခြေတိတ်ဆိတ်လျက်ရှိနေပြီဖြစ်သော ကျောက်ကုန်းလမ်းမပေါ်တွင် ငူငူငိုင်ငိုင်ကြီး ကျောက်ရုပ်တစ်ရုပ်နှယ် ကျန်ရစ်သည်။ ရန်ကင်းဆယ့်နှစ်လုံးတန်း မိမိအခန်းရှိရာသို့ ပြန်လည်ရောက်ရှိသည့်တိုင် ဇော်ဝင်းအောင် စက်ရုပ်တစ်ရုပ်အလားသာ လှုပ်ရှားနေမိဆဲ။ ပုံ့ပုံ့၏ပုံရိပ်က ဇော်ဝင်းအောင်၏ ရင်တွင်းသို့ ဝင်ရောက် နေရာယူလျက်ရှိနေချေပြီ။ မသိစိတ်က ငြင်းပယ်နေသော်လည်း နှလုံးသားက လက်ခံထားနှင့်ပါပြီ။

ဇော်ဝင်းအောင်က ကားကိုခါတိုင်း ရပ်နားထားနေကျ ဗာဒံပင်အောက်တွင်ထိုးထားလိုက်သည်။ စနစ်တကျ ကားတံခါးများ မှန်ပိတ်ပြီးနောက် ကားပေါ်မှဆင်းလျက် သော့ပိတ်ထွက်ခွာလာခဲ့၏။ ဒုတိယထပ်ရှိ မိမိအခန်းသို့ သော့ဖွင့်လျက် ဝင်ရောက်လာခဲ့ပြီးသည့်တိုင် စိတ်နှင့်လူကကပ်သေးဟန်မတူ။ အခန်းတွင်းသို့ ရောက်ပြီး မီးခလုတ်ကို ဖွင့်လိုက်သည်။ လင်းထိန်သွားသည့် မီးအလင်းရောင်က အခန်းတစ်ခုလုံးကို နေ့အလား ဖန်ဆင်းပေးလိုက်၏။ သည်တော့မှပင် ဇော်ဝင်းအောင် အသိဝင် နိုးကြားလာလေသည်။ ပင့်သက်တစ်လုံးကိုပင် ဟင်းခနဲ ချမိလိုက်သည်။ ရင်ထဲမတော့ ဗလာပါ။ အသည်းနှလုံးတွေ၊ ကလီစာတွေ နေရာတကျ ရှိမှရှိပါလေရဲ့လား မပြောတတ်နိုင်။ အသက်မပါသည့် အရုပ်တစ်ရုပ်လိုသာ လှုပ်ရှားနေမိ၏။ မီးဖိုခန်းတွင်းသို့ဝင်လျက် ပုံ့ပုံ့ပေးလိုက်သော ကြေးအိုးထုပ်ကို ပန်းကန်တစ်ချပ်အတွင်း ပြောင်းထည့်သည်။ စားပွဲပေါ်မှာစားရန် အဆင်သင့်ပြင်ဆင်ထားလိုက်ပြီးနောက် ရေချိုးခန်းအတွင်း ဝင်ရောက်၍ ရေချိုးလိုက်၏။ ဇော်ဝင်းအောင် စိတ်တွေ ပြန်လည် ကြည်လင်လန်းဆန်းသွားခဲ့ရလေသည်။

အိပ်ရာပေါ်သို့ရောက်ရှိကာ နဖူးပြင်ထက် လက်ကိုတင်မိသည့်အခါကျမှပင် သက်ပြင်းတစ်ချက် ဟင်းခနဲချလိုက်မိတော့၏။ ပုံ့ပုံ့ ဆိုသော မိန်းကလေးက ဇော်ဝင်းအောင် ဆိုသည့် မအူမလည် လူရိုးလူအကြီးတစ်ယောက်အား ဆယ့်နှစ်ကြိုးကဝေမယ်တစ်ယောက်နှယ် ဖမ်းစားသွားခဲ့ပေပြီ။ ဇော်ဝင်းအောင်၏ အိပ်မက်အတွင်းထိတိုင် ပုံ့ပုံ့က နတ်မိမယ်ကလေးအသွင် ဖန်ဆင်း



www.burmeseclassic.com

www.burmeseclassic.com

လျှက် လိုက်ပါလာခဲ့သည်။ အချစ်ဆိုသော အရာဝတ္ထု၏ စွမ်းပကား ဤမျှလောက် ကြီးမားလိမ့်မည်ဟု ဇော်ဝင်းအောင် မထင်မိခဲ့ပါ။ ယခုတော့ ကိုယ်တွေ့ကြုံရပြီ မဟုတ်လား။ ကိုယ်က အလုပ်လောက်သာ စိတ်ဝင်စားသည် ဖြစ်၍ အချစ်ဆိုသောအရာကို စာအုပ်တွေကိုဖတ်ပြီး သိနားလည်ထားသည်။ ယခုတော့ အချစ်မီးက တော်တော်ကြီးပူမှန်း လက်တွေ့ကျမှသာ နားလည်တော့သည်။

လူကသာ အလုပ်ကိုကြိုးစားလုပ်ကိုင်နေသည့်တိုင် စိတ်တေလေက လွင့်ပျံ့နေလေသည်မို့ အစစအရာရာ အပေါက်အလမ်းတမတည့်တော့ဘဲ အလွဲလွဲအချော်ချော်ဖြစ်နေလေသည်။

"ဟော့ - ကိုဇော်၊ ကနေ့ ခင်ဗျားဘာတွေဖြစ်နေတာလဲ။ ခရီးသည်ခေါ်နေတာတောင် မမြင်ဘူးလားဗျာ"

လုပ်ဖော်ကိုင်ဖက် ယာဉ်မောင်းတစ်ယောက်က သတိပေးမှပင် စိတ်နှင့်လူနှင့် ပြန်ကပ်သွား၏။

"ကျွန်တော် ဘာမှမဖြစ်ပါဘူးဗျာ။ ဦးလေးကိုကျော်သိန်းကို သတိရသွားလို့ပါ။ ကျေးဇူးပဲ ကိုအုန်းမြင့်ရေ"

စောစောက သူ့ကားကို ငှားစီးရန်လှမ်းခေါ်နေသည့် ခရီးသည်အပါးသို့ ကားကို မောင်းသွားပြီး မျက်နှာချိုသွေးလိုက်ရ၏။

"ဆရာ၊ ကျွန်တော်ဘယ်ကိုပို့ပေးရပါမလဲ ခင်ဗျာ"

မေးလည်းမေး၊ မော်တော်ယာဉ်တံခါးကို ဖွင့်လည်းဖွင့်ပေးလိုက်ရ၏။

"တာမွေဗလီကြီးအနားကို လိုက်ပို့ပေးဗျာ။ မြတ်ဆုမွန် အိမ်ဆောက်ပစ္စည်းဆိုင်ရှိတယ်။ အဲဒီကိုသွားမယ်"

ခရီးသည် စိတ်တိုနေပုံရ၏။ ဇော်ဝင်းအောင်က ခရီးသည် ကားပေါ်သို့ တက်ပြီးသည်နှင့် ကားကို မောင်းထွက်လာခဲ့၏။ တိတ်တိတ်ဆိတ်ဆိတ်ပင် မောင်းလာလေသည်။ သည်လိုအဖြစ်မျိုး ဇော်ဝင်းအောင် မကြာခဏ ကြုံတွေ့နေရ၏။ တစ်ကြိမ်၊နှစ်ကြိမ်မျှမကတော့။ ကြာလာလျှင် မိမိအလုပ်ကိုပင် ထိခိုက်လာနိုင်သည်။ သို့သော်လည်း သတိဝီရိယထားနေသည့်တိုင် ငူငူငိုင်ငိုင်ဖြစ်မြဲဖြစ်နေဆဲ။

"ကိုဇော်ကြီး၊ နေလို့ကောကောင်းရဲ့လားဗျာ။ ကိုဇော်ကြီးကိုကြည့်ရတာ တစ်မျိုးဖြစ်နေသလားလို့"

ဆီဒိုးနားဟိုတယ်ဘေး ဂိတ်ထိုးနေကျနေရာတွင် အတူတူဂိတ်ထိုးနေကျ ကိုကိုအောင်က မေးခွန်းထုတ်သည်။

"နေကောင်းပါတယ် ကိုအောင်ရယ်။ ဒါပေမယ့် ခုတစ်လော ကျွန်တော်စိတ်တွေထွေနေတာကြောင့်ပါ"

မိတ်ဆွေတွေကပင် သတိထားလာမိလောက်အောင် ဇော်ဝင်းအောင်မှု တွေပျက်နေသည်က အမှန်ပင်။ အနေအထိုင် ဆင်ခြင်ဦးမှဖြစ်တော့မည်ဟု ဇော်ဝင်းအောင်တွေးမိ၏။ သည်အတွေးမျိုးဝင်လာမိ၍ သူတော်တော်လေးမှုမှန်လာလေသည်။ သတိတွေကလည်း ပုံမှန်ပြန်လည်ရောက်ရှိလာသည်။ သို့ပင်ဖြစ်စေကာမူ -

"ကိုဇော်ကြီးရေ၊ ပွံ့ပွံ့လေ မနေ့ညက ကိုဇော့်ကို စောင့်နေသေးတယ်။ ကိုဇော့်ကားက တော်တော်နဲ့ ပြန်မလာတာနဲ့ ဦးအုန်းမြင့်ကားနဲ့ ပြန်သွားရတယ်။ ဒီညတော့ ကိုဇော် ဆယ့်နှစ်နာရီနောက်ပိုင်း ဘယ်ခရီးသည်မှ မပို့နဲ့။ ပွံ့ပွံ့ကိုပဲစောင့်ပေးနော်၊ နော်လို့"

ဇော်ဝင်းအောင် (၁၂) နာရီတိတိ ဂိတ်တွင် ကျောက်ချထားလိုက်သည်။ တောင်ဥက္ကလာပြန်ချင်သောခရီးသည်ကိုပင် လိုက်မပို့တော့။ မှာထားတာရှိလို့ပါဟု ငြင်းလိုက်သည်။ ရွှေစံပယ်ဖူးကမူ တစ်နာရီခွဲတော့မှပင် ဆီဒိုးနားဟိုတယ်နောက်ဖေးပေါက်မှထွက်လာသည်။

"ကိုဇော်ရေ၊ ဆောရီးနော်။ ငရစ်ကြီးနဲ့တွေ့နေလို့ ပွံ့ပွံ့နောက်ကျသွားတာ။ ကိုဇော် ကျွဲမြီးမျှားတိုနေပြီလားဟင်"

ဇော်ဝင်းအောင် ဘာစကားမှ မဆိုနိုင်။ နွားပြာကြီး အောက်သွားက မရှိသည့်နှယ် -

"ဟင်းဟင်း ရပါတယ် ပွံ့ပွံ့ရယ်၊ သိပ်မစောင့်ရပါဘူး။ ကိုင်းသွားစို့၊ ဘယ်များသွားချင်သေးလဲဟင်"

"ဟို - ဟိုတစ်ခါကလို ကြေးအိုးဝင်ဝယ်လို့များရမလားလို့။ ဟင်-ကိုဇော်၊ ဟင်လို့"

"ဒါလေးများ ပွံ့ပွံ့ရယ်၊ စကြဝဠာအဆုံးထိရသေးတယ်။ ပွံ့ပွံ့သွားမယ်ဆိုရင်ပြောတာပါ ဟဲဟဲဟဲ. . ."

သည်လိုဆိုတော့လည်း ဇော်ဝင်းအောင်တို့ ဘဝင်လေခိုက် ဘဝဂ်သို့ ရောက်သွားရ၏။ မိုးမမြင်လေမမြင် လေပေါ်တွင် ဒန်းစီးနေရသည့်အလားနှလုံးအိမ်အတွင်းမှာ ဆီတွေပိုသာများများနှင့် ပြည့်လျှမ်းသွားရ၏။

ပွံ့ပွံ့ကမူ အခါတိုင်းလိုပင် ရန်ကင်းကြေးအိုးဆိုင်မှ သူမအမေအတွက် ကြေးအိုးဆီချက်တစ်ထုပ်၊ ဇော်ဝင်းအောင်အတွက် ကြေးအိုးကြာဆန်နှင့်တစ်ထုပ်

ဝယ်လာခဲ့ပြီး အိမ်သို့ပြန်လာလေသည်[illegible]
"ကိုဇော်၊ မအိပ်ခင် ကြေးအိုးစား[illegible]
ဦးနော်၊ စားပြီးမှပဲအိပ်။ စားနေတုန်း ပွံ့[illegible]
ကိုလည်း သတိရနေမယ် မဟုတ်လား[illegible]
ဟင်"
ဇော်ဝင်းအောင်၏ အဖြေ[illegible]
မစောင့်တော့ဘဲ နောက်သို့ပင် လှည့်[illegible]
မကြည့်အားတော့။
ငါးလွှာသို့ တက်ပြေးသွားသည့်[illegible]
ရွှေစံပယ်ဖူး ဆိုသော သမင်မကလေး[illegible]
မျက်စိအောက်က ပျောက်ကွယ်သွား[illegible]
သည်အထိ ဇော်ဝင်းအောင် ငေးမော[illegible]
ကြည့်နေမိပါသည်။ သည်လိုပုံနှင့်ဖြင့်[illegible]
မိုးကြီးချုပ်တော့မည်က အသေအချာ[illegible]
မိမိအိမ်ခန်းသို့ ပြန်လည်ရောက်ရှိလာ[illegible]
သည့်တိုင်အောင် ဇော်ဝင်းအောင်၏စိတ်[illegible]
ဘဝင်အတွင်းမှာ ပွံ့ပွံ့ ခိုဝင်လိုက်ပါလာ[illegible]
နေဆဲပါ။

*

နေကမြင့်လှပြီ။နေမြင့်သလို အ[illegible]
လည်း လိုက်လို့မြင့်တတ်သည်ပဲ[illegible]
အချစ်ရူးလို့ မိုက်မိုက်မဲမဲ သတ်မှတ်[illegible]
တော့မည်။ သွေးမတော်သားမစပ်[illegible]
စိမ်းမိန်းကလေးတစ်ယောက်နှင့် သူ[illegible]
ယောကျ်ားတစ်ဦး နိစ္စဓူဝ တွေ့နေ[illegible]
နေရသည်ဆိုသောအခါ အိုးချင်းထ[illegible]
အိုးချင်းငြိသွားကြသည်ကား ဆန်း[illegible]
သည်တော့ မဟုတ်မှုပါချေ။ နိယာ[illegible]
သဘောတရားအရ ဖြစ်မြဲမှုတာပ[illegible]
ပြောရလေမည်လား မဆိုနိုင်။ စင်[illegible]
မဖြစ်သင့်မဖြစ်ထိုက်သည်က အမှန်[illegible]
မတူညီသောလမ်းကြောင်းကို လျှော[illegible]
လှမ်းနေကြသူတွေ မဟုတ်လား။
ဇော်ဝင်းအောင် မိမိအလုပ်တ[illegible]
အာရုံနှစ်၍လုပ်နေရသည်။ အချစ်[illegible]
သောအရာသည်ကား စင်စစ် မီးလုံး[illegible]
ပူလောင်လှပါသည်။ ပိုးဖလံမျိုး မီး[illegible]
လို့ စာဆိုပင်ရှိသေးသည်မဟုတ်[illegible]
ဇော်ဝင်းအောင် ဒီကနေ့ ပဲခူးသို့ အ[illegible]
အပြန် အော်ဒါရသည်။ နယ်မှလာ[illegible]
ဧည့်သည်မို့ ရက်ရက်ရောရော [illegible]
တော်ယာဉ်ငှားရမ်းခပေးခြင်း ဖြစ်[illegible]
ဧည့်သည်က ချက်ချင်းတွေ့ ချ[illegible]
ငှားဖြစ်သွားသည်ဖြစ်ရာ ကိုယ့်[illegible]
တွေကိုသာ လက်သိပ်ထိုးမှာကြား[illegible]
ခဲ့နိုင်သည်။ ပွံ့ပွံ့ ညဥ့်သန်းခေါင် အိ[illegible]
ပြန်တွင် ဘော်ဒါတစ်ယောက်[illegible]
လိုက်ပို့ပေးလိုက်ပါဟု သေသေ[illegible]
မှာခဲ့၏။
နယ်ဧည့်သည့်က ဇော်ဝင်း[illegible]
ကို အတော်ကြီးပင် ရင်းနှီးခင်မင်[illegible]
သည်။ ပဲခူးမှ ပြန်ရောက်လာပြီး[illegible]



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့တွင် သူ့စီးပွားရေးလုပ်ငန်းဖြစ်သည့်ပွဲရုံတွေဆီ နေကုန်နေခန်း ဇော်ဝင်းအောင်၏ကားနှင့်ပင် လျှောက်သွားဖြစ်၏။ ညည့်သည်က ရန်ကုန်တွင် တစ်ပတ်တိတိနေသွားသည်။ သည်တစ်ပတ်လုံး ဇော်ဝင်းအောင်၏ကားကို ဆက်လက် အသုံးပြုခဲ့ခြင်းဖြစ်၍ ဇော်ဝင်းအောင် ဆီဒိုးနားဟိုတယ်ဘက်ဆီသို့ ယောင်လို့တောင် မရောက်မိခဲ့။ ပွဲ့ပွဲ့နှင့်လည်း ရက်သတ္တတစ်ပတ်လောက် မတွေ့ဖြစ်တော့။ မိုးဝေးတော့ ချိပ်မာဆိုသလို ဇော်ဝင်းအောင်၏ နှလုံးသားအတွင်းက ပိုးတွေကလည်း အတိုင်းအတာတစ်ခုလောက်တော့ ငြိမ်သက်ကုန်ကြသည်။

ရက်သတ္တတစ်ပတ်ခန့် ပင်ပင်ပန်းပန်း ကားမောင်းခဲ့ရသည်ဖြစ်၍ ဇော်ဝင်းအောင် တစ်ရက်လောက် အနားယူဖို့လိုသည်။ ကိုယ့်အခန်းအတွင်း ကိုယ့်ဘာသာ အနှောင့်အယှက်ကင်းကင်း ပြင်ပနှင့် အဆက်ဖြတ်ကာ အနားယူလိုက်၏။ နာရီတော်တော်များများ အိပ်စက်လိုက်ရသဖြင့် ဇော်ဝင်းအောင် အားအင်များ ပြန်လည်ပြည့်ဖြိုးလျက် လန်းလန်းဆန်းဆန်းဖြစ်သွားပြီမို့ ထိုနေ့ကျဂိတ်မှာ ကားကိုဂိတ်ပြန်ထိုးသည်။

သည်အခါ သတင်းစကားများ တော်တော်များများ ကြားလိုက်ရ၏။ သတင်းတွေက သတင်းကောင်းမဟုတ်။ သတင်းဆိုးများသာ ဖြစ်ပါသည်။

"ကိုဇော်ကြီးရေ ကိုဇော်ကြီးမရှိတဲ့ အတောအတွင်း ဖြစ်ပျက်သွားတာတွေ တော်တော်ကြီးကိုစုံတယ်ဗျာ။ ဟိုတယ်မှာလာတည်းနေတဲ့ နိုင်ငံခြားသားဧည့်သည့်က သူ့မိတ်ဆွေတစ်ယောက်ကို ခေါ်လာပြီး ဟိုတယ်မှာ ညစာလာကျွေးတယ်။ ထုံးစံအတိုင်း ဝီစကီတို့ဘာတို့ သောက်ကြစားကြရင်း အပျော်ဘက်ရောက်သွားကြတယ်နဲ့ တူပါတယ်။ ညခင်းသမီးကလေးတွေခေါ် တွဲကြတဲ့အထဲမှာ ပွဲ့ပွဲ့တို့လည်း ပါတယ်လေ"

"အဲဒါများ အဆန်းလုပ်လို့ဗျာ။ အဖော်ရှာ၊ အတွဲခေါ် ဒီမှာဒါမျိုးတွေ ဘာများဆန်းလို့လဲ"

"မပြီးသေးဘူးလေဗျာ၊ အဖော်ရှာကြရာမှာ အဝေမတည့်လို့နဲ့ တူပါတယ်။ တစ်ယောက်နဲ့ တစ်ယောက် အငြင်းတွေပွားပြီး ရိုက်ကြနှက်ကြရာမှာ တစ်ယောက်က ဆေးရုံပို့လိုက်ရတယ်။ နှစ်ယောက်က ဆေးခန်းမှာတွင် ဆေးထိုး၊ ဆေးထည့်နဲ့ပဲ ပြီးသွားတယ်။ ရဲတွေ ဘောင်ရောက်လာကြပြီး တာဝန်ရှိသူတွေခေါ် စစ်ဆေးမေးမြန်းနဲ့ ရှုပ်ယှက်ခတ်ကုန်တာပဲဗျာ"

"ဒါဖြင့် ဒီရက်တွေမှာ ကိုယ့်ဘော်ဒါတွေ မချောင်ကြဘူးပေါ့ ဟုတ်လား"

"ဒါပေါ့ဗျာ၊ ဧည့်သည်တွေတောင် အတော်ကြီးပါးသွားတယ်။ ကျွန်တော်တို့လည်း အိတ်ကပ်ကို ပြားချပ်နေတာပေါ့"

"ဒါထက်၊ တို့ပွဲ့ပွဲ့တစ်ယောက်ကော အခြေအနေ ကောင်းကောင်းမွန်မွန်ပဲ မဟုတ်လား"

"မကောင်းသတင်း ဆိုတာ အဲဒါဘဲပေါ့။ ဧည့်သည်တွေက အဝေမတည့်ကြတဲ့ အကြောင်းအရင်းက ပွဲ့ပွဲ့ကြောင့်ပဲလေ။ ပွဲ့ပွဲ့ကိုလုကြရင်း ဖြစ်ကြတာမို့ မန်နေဂျာက ပြဿနာထပ်ပြီးမပွားရလေအောင် ပွဲ့ပွဲ့ကို ဒီဟိုတယ်ကို မလာတော့နဲ့လို့ တားလိုက်တယ်"

"ဟင်- ဒါဖြင့်ရင် ပွဲ့ပွဲ့အလုပ်မလာတော့ဘူး ဆိုပါတော့။ သူ့ခမျာ ဘယ်လိုများ လုပ်ကိုင်နေထိုင်နေလဲ။ ဘော်ဒါတို့ မသိကြဘူးလား"

"သေသေချာချာတော့မပြောတတ်ဘူးဗျ။ အမီနာ ဆိုတဲ့ ကောင်မလေး သိတယ် မဟုတ်လား။ အမီနာပြောတာတတော့ ထရိတ်ဒါးဟိုတယ် ဆိုလား၊ ပတ်ရှိုင်ရယ်ဆိုလားတစ်ခုခုပဲတဲ့။ အဲဒီမှာသွားပြီး အလုပ်လုပ်နေတယ်တဲ့။ အသေချာတော့ ကျွန်တော်ကလည်း မပြောရဲဘူး ကိုဇော်"

ငှက်ကလေးတစ်ကောင် သိုက်မြုံပျောက်လေ့ပြီ။ ဘယ်ဆီဘယ်ဝယ် ပျံသန်းရမည် မသိတတ်နိုင်။ အပြောကျယ်လှသည့် ကောင်းကင်ပြာကြီးထဲမှာ တဝဲဝဲတလည်လည်မှာ ဟိုမှသည် သည်မှဟို ကူကယ်ရာမဲ့ဖြစ်နေရှာတော့မည်။ ဇော်ဝင်းအောင် အသနားပိုနေသည်။ ပွဲ့ပွဲ့ကို သူတွယ်တာနေသည်။ သံယောဇဉ်ဖြစ်နေသည်။ ရင်ထဲကနေ ကြင်နာသနားနေမိသည်က အမှန်ပင်။ မဆီမဆိုင် ကြားထဲကနေ အသနားပိုနေသည်မှာ သွေးရိုးသားရိုးမှ ဟုတ်ပါလေရဲ့လား။

မိမိကိုယ်ကိုမိမိ မေးခွန်းထုတ်ကြည့်မိ၏။ သို့တစေ အဖြေက မရှိ။ မရှိတာလား၊ မသိတာလား ကိုယ့်ဘာသာကိုယ်ပင် အဖြေမပေးနိုင်ပါ။ ထရိတ်ဒါးဟိုတယ်သို့ သွားရောက်လျက် စုံစမ်းကြည့်သည်။ ပွဲ့ပွဲ့ကို မည်သူကမျှ မသိကြ။ ရွှေစံပယ်ဖူး ဆိုသည့် နာမည်ကိုလည်း မကြားဖူးကြပါ။ သည်လိုနှင့် ပတ်ရှိုင်ရယ်ဟိုတယ်သို့ရောက်ခဲ့ရပြန်သည်။

"နေစမ်းပါဦး ကိုဇော်ရဲ့၊ ကိုယ့်လူက ဒီကောင်မလေးနဲ့ ဘယ်လိုပတ်သက်နေလို့လဲ။ ဘာကြောင့်ဒီလောက်တောင် အသည်းအသန်လိုက်နေရတာလဲ"

"အိုဗျာ၊ တစ်ခုခုအကြောင်းတော့ ရှိမှာပေါ့။ မပြောနိုင်တဲ့အကြောင်းကိစ္စပဲလို့သာ မှတ်လိုက်ပေတော့ဗျာ။ ခင်ဗျားလူကိုမေးနေလည်း အမှန်ဖြေမှာမဟုတ်ဘူး။ အဲဒီတော့ ဇော်ကြီးရေ၊ ကျုပ်တို့တစ်တွေကို အမှန်အတိုင်းသာ ပြောပြပါတော့ ခင်ဗျာ"

ဇော်ဝင်းအောင် မနေသာတော့။ မိမိခံစားချက်တွေကို ရင်ဖွင့်ရတော့မည်။ မြှုံနေသောအနာက ပို၍ရင်းတတ်သည် မဟုတ်ပါလား။ လုပ်ဖော်ကိုင်ဖက် ဘော်ဒါတွေက သည်လို နှိုက်နှိုက်ချွတ်ချွတ် မေးမြန်းလာကြပြီ ဆိုတော့လည်း မနေသာတော့။

"သံယောဇဉ်လေဗျာ၊ တွယ်မိလေသော သံယောဇဉ် ဆိုကြပါစို့။ ကိုယ့်မော်တော်ယာဉ်ကို နေ့စဉ်နေ့တိုင်း မပျက်မကွက် ငှားစီးနေကျ မိန်းကလေးတစ်ယောက်အပေါ် ထားမိခဲ့တဲ့သံယောဇဉ်လေ။ အဲဒါ ကျွန်တော် မှားသလား ခင်ဗျားတို့ကပဲ ကိုယ်ချင်းစာပြီး စဉ်းစားကြည့်ကြစမ်းပါဦးလေ။ မဟုတ်ဘူးလား ခင်ဗျာ"

"ဟုတ်ပါတယ်တဲ့ဗျာ၊ ဟုတ်ပါတယ်တဲ့။ ကိုယ်ချင်းလည်းမစာပါရစေနဲ့။ ကျွန်တော်တို့မှာက ကလေးတွေနဲ့ပါ ခင်ဗျ။ သံယောဇဉ်တွေကလည်း တစ်ပြုံကြီးနဲ့။ ဘော်ဒါကြီးပဲ လွတ်လွတ်လပ်လပ် သံယောဇဉ်တွေနှောင်ဖွဲ့နေပါ ခင်ဗျာ"

ဇော်ဝင်းအောင် မချိသွားဖြဲကာ ငါးခူပြုံးကလေးပြုံးနေလိုက်သည်။ သူတို့လောကသားများက တစ်ဦးနှင့်တစ်ဦး စာနာကြသည်။ ရိုင်းပင်းကြသည်။ ကူညီစရာရှိလည်း လက်မနှေးတတ်ကြပါ။ စိတ်ရောကိုယ်ပါ အိတ်သွန်ဖာမှောက် ကူညီကြသည်ပဲလေ။

သို့ဖြစ်၍ ဇော်ဝင်းအောင် သူငယ်ချင်းများကို လျစ်လျူမရှုနိုင်၊ မရှက်နိုင် မကြောက်နိုင် ဖြစ်ကြောင်းကုန်စင် ရှင်းလင်းအောင် ပြောကြား အကူအညီတောင်းခံရ၏။ သည်တော့လည်း သီဟအောင်၊ မုတ်ဆိတ်နှင့် ထွန်းထွန်းတို့အားလူရင်းတွေမို့ သူ့စိတ်ကူးနှင့်အကြံအစည်ကို ပြောပြရ၏။

"သည်လိုဗျာ၊ ကျွန်တော်တို့တစ်တွေက နေ့လယ်ဘက်ဆို အလုပ်ခိုနိုင်မို့ ဘယ်သူမှ မအားကြဘူးလေ၊ သနေ ...



www.burmeseclassic.com

www.burmeseclassic.com

အလုပ်ကလည်း သန်းခေါင်ကျော်မှ အိမ်ပြန်နိုင်တယ် မဟုတ်လား။ သန်းခေါင်ကျော် သူအလုပ်ဆင်းချိန်ကျမှ ကျွန်တော်တို့လည်း လှုပ်ရှားနိုင်ကြမယ်။ ပုံ့ပုံ့ အလုပ်ဆင်းချိန် သွားစောင့်ပြီး အကျိုးအကြောင်းကို သေသေချာချာသွားပြီး စုံစမ်းမေးမြန်းကြည့်ရင် ကောင်းမလားလို့"

"ကောင်းသားပဲ ကိုဇော်ကြီး၊ ဒီလိုပဲလုပ်လိုက်ကြတာပေါ့"

"ဟုတ်တယ်၊ကိုဇော့်အကြံကောင်းတယ်။ ဘယ်တော့စပြီးလှုပ်ရှားကြမလဲ၊ မြန်လေကောင်းလေပဲ။ စလိုက်ကြရအောင်"

*

ဇော်ဝင်းအောင်တို့တစ်တွေ စင်စစ်တစ်ရက်၊ နှစ်ရက်အတွင်း လုပ်ငန်းမစနိုင်ကြ။ လေးရက်လောက်ကြာတော့မှသာ လုပ်ငန်းစနိုင်ကြပါသည်။ တစ်ခုသောညနေ။ ဇော်ဝင်းအောင်၊ သီဟအောင်နှင့် မုတ်ဆိတ်တို့ (xxx) ဟိုတယ်သို့ ကားသုံးစီးနှင့် ရောက်သွားကြ၏။ ကားများကို ဂိတ်ထိုးထားခဲ့ကြပြီး ဟိုတယ်ဧည့်ကြိုဌာနတွင် ဝင်ရောက် စုံစမ်းကြည့်ကြသည်။ ကြားလိုက်ရသော သတင်းက ဟိုက်ခနဲဖြစ်သွားရအောင်ပင်။

"ရွှေစံပယ်ဖူးလား၊ ပုံ့ပုံ့လို့လည်းခေါ်တယ်လေ။ နေ့လယ် (၁၂) နာရီခွဲလောက်က နိုင်ငံခြားသားတစ်ယောက်နဲ့ ရန်ကင်းစင်တာကို ထွက်သွားကြတယ်။ ဈေးဝယ်ကြတယ်နဲ့တူပါရဲ့။ ပြန်လည်းရောက်လာရော ဟိုတယ်အဝမှာ စောင့်နေတဲ့ နောက်နိုင်ငံခြားသားသုံးယောက်နဲ့ အကြီးအကျယ် စကားတွေများ၊ ပုံ့ပုံ့ကို တစ်ဖက်တစ်ချက်ဆွဲကြပြီး ရန်ပွဲဖြစ်ကြတယ်။ ကနေဒီယန်တစ်ယောက် ပွဲချင်းပြီးသေသွားတယ်။ ဩော်ဇီတစ်ယောက်၊ ဖိလစ်ပိုင်တစ်ယောက် ဆေးရုံချက်ချင်း ပို့လိုက်ရတယ်လေ။ ပုံ့ပုံ့နဲ့ သူတွဲနေတဲ့ ဩော်ဇီကိုတော့ ရန်ပွဲပြီးတဲ့အချိန်မှာ မတွေ့ကြရတော့ဘူး။ နိုင်ငံခြားသားက ပုံ့ပုံ့ကို ပွေ့ယူသွားပြီး အငှားယာဉ်တစ်စီးနဲ့တင်သွားတာကို ဟိုတယ်ဝန်ထမ်းတစ်ယောက်ကမြင်လိုက်ရတယ်လို့ ပြောကြတာပဲ"

ဇော်ဝင်းအောင်တို့ ဘာဆက်လုပ်ရမှာလဲမပြောတတ်တော့။ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး စကားပင်မပြောနိုင်ကြ။

"ကိုင်း - ဇော်ကြီးရေ၊ ကိုယ်တို့ဘာဆက်လုပ်ကြမလဲ"

မုတ်ဆိတ်ကမေးခွန်းထုတ်သည်။

"အငှားကားတစ်စီးနဲ့ ခေါ်သွားတယ်ဆိုတော့ ဘယ်သူ့ကားလဲ ဆိုတာသိရင် လိုက်လို့လွယ်ပြီ"

"ဟုတ်တယ်၊ အဲဒီကားကို စုံစမ်းကြည့်ကြတာပေါ့။ ကိုင်း - လူခွဲပြီး လှုပ်ရှားကြစို့"

ဇော်ဝင်းအောင်၏ ရှာပုံတော်စစ်ဆင်ရေးမှာ သူ့ဘော်ဒါတွေအားလုံး ဝိုင်းဝန်းကူညီပါဝင်ကြ၏။ ခရီးသည်နှင့်လိုက်ပါသွားသော အငှားယာဉ်မောင်းကလည်း ကူညီသည်။ မုတ်ဆိတ်တို့၊ သီဟအောင်တို့ကလည်း ကြိုးကြိုးစားစားရှာဖွေ စုံစမ်းကြသည်။ (၄၈) နာရီပင်မပြည့်သေး။ သတင်းရ၏။

"ပုံ့ပုံ့ကို ဆေးခန်းကို ဩော်ဇီက ခေါ်သွားတာတဲ့။ ပုံ့ပုံ့က ဓားဒဏ်ရာ အပြင်းအထန် ရသွားတယ်တဲ့။ ဆေးခန်းကို စုံစမ်းကြည့်တော့ ရေရေရာရာအဖြေမရဘူး။ ဆေးရုံကြီးပဲ ဆက်ပို့လိုက်သလိုလို၊ တခြားဆေးခန်းတစ်ခုကို ခေါ်သွားသလိုလို ဖြေတယ်။ ခေါ်သွားတယ်ဆိုတဲ့ နိုင်ငံခြားသားက ခုမနက်ကပဲ တိဂျီအဲဝေးနဲ့ထွက်သွားပြီတဲ့။ ကျွန်တော်တို့ဘာဆက်လုပ်ကြမလဲ"

လမ်းစပျောက်နေပြီ ဖြစ်ပါသည်။ ဇော်ဝင်းအောင်ကိုယ်တိုင်လည်း ဘာဆက်လုပ်ရမည် မသိတော့။ တစ်မိုးချုပ်၍ တစ်နေဝင်သွားပြန်ချေပြီ။ မုတ်ဆိတ်တို့ကလည်း ဝမ်းရေးအတွက် လှုပ်ရှားကြရဦးမည်။ဇော်ဝင်းအောင်တစ်ယောက် မျောက်မီးခဲနင်းမိသည့်အလား ထိုင်ရအခက် ထရမလွယ်။ ညဥ့်ငှက်မလေး ပုံ့ပုံ့အတွက် ရတက်မအေး ဆွေးနေတွေးနေရပြီလေ။

အိမ်ပြန်ရောက်သည့်အခါ အိမ်ခန်းတစ်ခုလုံး တိတ်ဆိတ်ခြောက်သွေ့နေသည်။ ဘုရားဆောင်ပေါ်တွင် ကပ်လှူ ပူဇော်ထားသည့် ဘုရားပန်းတွေလည်း ညှိုးနွမ်းလျက်ရှိနေပါပြီ။ အိပ်ရာခေါင်းရင်းနံရံပေါ်မှာ ဇော်ဝင်းအောင်က သူ၏ကျေးဇူးရှင် ဦးလေးကိုကျော်သိန်း၏ဓာတ်ပုံကြီးကို ရွှေရောင်မှန်ပေါင်နှင့်သွင်းလျက် ချိတ်ဆွဲထားသည်။ ဇော်ဝင်းအောင်က ဓာတ်ပုံတွင်းမှပုဂ္ဂိုလ်အားကန်တော့လိုက်သည်။ သူ မျက်နှာကို အခြားဘက်သို့ လှည့်လိုက်သည်နှင့် တံခါးဝတွင် ပုံ့ပုံ့အား မထင်မရှား မီးရောင်တွင် တွေ့မြင်လိုက်ရလေသည်။

"ဟင် - ပုံ့ပုံ့ပါလား၊ ဘာမှမဖြစ်ဘူးနော်။ ပုံ့ပုံ့ကို ကိုဇော်တို့ လိုက်ရှာနေကြတာ နှစ်ရက်တောင်ရှိနေပြီ။ ဘယ်လိုဖြစ်ပြီးဘယ်ကိုရောက်နေတာလဲဟင်"

ပုံ့ပုံ့က မည်သို့မျှ အဖြေမပေး။ ဇော်ဝင်းအောင်၏မျက်နှာကို တစ်ချက်သာ စူးစူးရဲရဲကြည့်လိုက်ပြီး သူမနောက်သို့ လိုက်လာရန် လက်ယပ်ခေါ်လျက် လှည့်ထွက်သွားလေသည်။ ဇော်ဝင်းအောင် စိတ်တွင်းမှ စနိုးစနောင့်ဖြစ်သွား၏။ သို့ပင်ဖြစ်စေကာမူ ပုံ့ပုံ့ခေါ်ရာ နောက်သို့ အမှတ်ထင်ထင်လိုက်ပါသွားခဲ့လေသည်။ ဇော်ဝင်းအောင် တိုက်ခန်းပေါ်မှဆင်းလျက် လမ်းပေါ်သို့ရောက်သွားသည်အထိ ပုံ့ပုံ့က စကားတစ်လုံးမှ မဆို။ ညဥ့်နက်နေပြီဖြစ်၍ လမ်းမတစ်လျှောက် လူသူအရိပ်အယောင်မမြင်ရ။ တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။ မည်မျှတိတ်ဆိတ်နေသည် မပြောတတ်နိုင်။ ခွေးတစ်ကောင်ကြောင်တစ်မြီးမှ မတွေ့ရချေ။ဇော်ဝင်းအောင် အကြောင်းတစ်စုံတစ်ရာမရှိဘဲနှင့် ကြက်သီးတွေ တဖြန်းဖြန်းထနေသည်။ ဦးခေါင်းထက်မှ ဆံပင်တွေထောင်သွားသည့်နှယ် ခံစားလိုက်ရ၏။

ဘာဖြစ်တာလဲ၊ ဘာအကြောင်းကြောင့်လဲ။ မိမိဘာသာမိမိ မေးခွန်းတွေထုတ်ကြည့်သည့်တိုင် အဖြေကိုရှာ၍မရ။ တစ်ခုခုထူးထူးခြားခြားဖြစ်နေသည်ကို အာရုံရနေသလိုပင်။ ပုံ့ပုံ့သည် လမ်းအတိုင်း ခပ်သုတ်သုတ်လျှောက်သည်။ ဇော်ဝင်းအောင် အမြန်လိုက်သည့်တိုင် မီအောင်မလိုက်နိုင်ပေ။ ပုံ့ပုံ့က သူမငှားနေထိုင်သည့် ငါးလွှာတိုက်ခန်းကိုတက်သွားသည်။ ဇော်ဝင်းအောင် အမောတကောလိုက်၍တက်သွားရပြီး အိမ်ခန်းတံခါးဝအရောက် မောလွန်းလှသဖြင့် အသက်ပင်မရှူနိုင်တော့။

အိမ်ခန်းအတွင်း ဝင်လိုက်သည့်အခါ ဧည့်ခန်းအတွင်း ညဥ့်မီးရောင်လေး မှိန်မှိန်ထွန်းထား၏။ ဝိုးတဝါးအလင်းရောင်ဖြင့် ပုံ့ပုံ့၏မီခင်ကို ဧည့်ခန်း[illegible] ရပ်နေသည်ကို မြင်ရသည်။ ဇော်ဝင်းအောင်အား သိကျွမ်းရင်းနှီးပြီးဖြစ်၍ [illegible] ချောင်းခလုတ်ကို ချောက်ခနဲဖွင့်ပြီး -

"လာလေ မောင်ဇော်၊ ညကြီး[illegible] ချုပ်မှ ဘာအကြောင်းရှိလို့လဲဟင်။ သ[illegible] ကော ပါလာလား၊ အောက်မှာကျန်[illegible] တာလား"

ဇော်ဝင်းအောင် ဘယ်လိုအဖြေ[illegible] ပေးရမှန်းမသိ။ သူ့ရှေ့က ယခုပင် [illegible] တက်သွားသည်ပဲလေ။

"ပုံ့ပုံ့ကော ဒေါ်ဒေါ်၊ ခုပဲ [illegible] တော့်အရှေ့က တက်သွားတယ်[illegible]



www.burmeseclassic.com

www.burmeseclassic.com

…ား၊ ကျွန်တော် သူ့နောက်က လိုက် …က်လာတာလေ"

ဇော်ဝင်းအောင်၏အမူအရာမှာ အိပ်ရာမှယောင်ယမ်းထလာသောပုံဖြစ်နေသည်။ ပုံ့ပုံ့၏ မိခင်ကိုယ်တိုင် ဇော်ဝင်းအောင်ကိုကြည့်၍ တုန်လှုပ်သွားဟန်တူ၏။

"ဟဲ့ဟဲ့- ဘယ်လိုဖြစ်တာလဲကွယ်၊ ရင်တုန်ပန်းတုန်ရှိလိုက်တာ။ မထိတ်သာမလန့်သာ ဘာတွေဖြစ်နေတာလဲ မောင်ဇော်ရယ်။ ဒေါ်ဒေါ့်ကို ပြောပြစမ်းပါဦး"

ဇော်ဝင်းအောင်က တိုတိုနှင့်လိုရင်း ရှင်းပြလိုက်ရ၏။ မည်သို့မျှစိုးရိမ်ဖို့မလို၊ နည်းနည်းပါးပါး မွန်းရုံပဲ့ရုံဖြစ်သွားကြောင်း၊ ဆေးထည့်ပြီး မကြာခင် ပြန်ရောက်လာမှာဖြစ်သည့်အကြောင်းပြောပြရ၏။ လိမ်မည့်သာလိမ်လိုက်ရစေကာမူ ဇော်ဝင်းအောင်ကိုယ်တိုင် စိတ်တွင်းတာမူ စိုးရိမ်ပူပန်နေရပြီ။ ပုံ့ပုံ့တစ်ယောက် အသက်အန္တရာယ်တစ်ခုခု ကျရောက်နေပြီဖြစ်ကြောင်း စိတ်က သိနေသည်။ ဒေါ်ဒေါ့်အား နှုတ်ဆက်လျက်ထွက်လာခဲ့ရစေကာမူ ရင်တွင်းမှာ ဗလောင်ဆူနေသည်။ကတုန်ကယင်ဖြစ်နေသည်။ လမ်းစကလည်း ပျောက်နေသည်မို့ ဘယ်နည်းဘယ်ပုံဖြင့် သည်ပုစ္ဆာကိုအဖြေရှာရမည်မသိတတ်တော့။ တိုက်ခန်းရှိရာသို့ ဘယ်လိုပြန်ရောက် လာသည်ကို မသိ။ အိပ်ရာပေါ်သို့ နွမ်းဟိုက်မောပန်းစွာလှဲချလိုက်သည်။ မျက်စိအစုံက ကြောင်နေသည်။ တော်တော်နှင့် အိပ်မပျော်၊ စိတ်မောလူမောနှင့် ခဏအကြာတွင် ဇော်ဝင်းအောင်အိပ်မောကျသွားသည်။

"ကိုဇော် ကိုဇော်၊ မနိုးသေးဘူးလား။ ထပါဦး၊ အရေးကြီးလို့။ ဗျို့- ကိုဇော်၊ ထပါဦး"

အိမ်ခန်းတံခါးကို တဒုန်းဒုန်းထုနေပြီး မိမိအမည်ကို ခေါ်လျက်နိုးနေသည်ဖြစ်သဖြင့် ဇော်ဝင်းအောင် အိပ်ရာမှ ထလိုက်ရ၏။ တံခါးဝမှာ သီဟအောင်ကို မှုတ်ဆိတ်နှင့်အတူ တွေ့မြင်ရသည်။

"ဘာအကြောင်းများထူးလို့လဲ ကိုသီဟ။ ကျွန်တော် မနေ့ညက တော်တော်ညဉ့်နက်နေပြီ၊ ပုံ့ပုံ့ကို တွေ့လိုက်ရတယ်။ သူ့အိမ်ခန်းဝအထိ ပုံ့ပုံ့က ရှေ့ကတက်ပြီး ကျွန်တော့်ကို ခေါ်သွားတယ်။ အိမ်ခန်းပေါ်လည်းရောက်ရော ပုံ့ပုံ့ကိုမတွေ့ရတော့ဘဲ သူ့အမေကြီးသာတွေ့လိုက်ရတယ်ဗျာ။ ကျွန်တော်ထင်တာတော့ ပုံ့ပုံ့ တစ်ခုခုဖြစ်သွားပြီနဲ့ တူတယ်"

"ကိုဇော် စိတ်ခိုင်ခိုင်ထားပြီး နားထောင်ပါ။ ပုံ့ပုံ့အကြောင်း ကျွန်တော်တို့ကြားရတာ ကိုဇော်ကို လာပြောတာ။ ကျွန်တော်တို့နှစ်ယောက်စလုံး ဆေးခန်းကို ရောက်ခဲ့ကြတယ်။ ပုံ့ပုံ့ကို ဩော်ဇီခေါ်သွားတဲ့ညမှာပဲ ပုံ့ပုံ့က ဓားဒဏ်ရာနဲ့ ဆုံးသွားတာတဲ့။ ဩော်ဇီကောင်က အမှုပတ်မှာစိုးလို့ ဒေါ်လာတွေ အများကြီးပုံပေးပြီး နောက်တစ်နေ့ တီဂျီနဲ့ လစ်ပြေးသွားတာပဲ။ ပုံ့ပုံ့အလောင်းတောင် ရှာမတွေ့ဘူး။ တစ်ခါတည်းကို အစဖျောက်သွားခဲ့တာပဲ ကိုဇော်"

ဇော်ဝင်းအောင် ရင်တွင်းမှာ ဗလောင်ဆူသွားသည်။ နှလုံးသားတွေ တစ်စစီကွဲကြေသွားသည့်နှယ် ဖြစ်၏။ ကံဆိုးလှသော မိန်းကလေး၊ ဘယ်ဝဋ်ကြွေးကြောင့် သည်မျှကြမ္မာဆိုးရသည်လဲကွယ်။ ဖြစ်ရပ်က မထင်မှတ် မယုံကြည်နိုင်စရာ၊ မကျွန်းမာဖြစ်နေရှာသည့် မိခင်ကြီးအား ခန္ဓာကိုယ်ကို အရင်းအနှီးပြုလျက် လုပ်ကျွေးနေသော ပုံ့ပုံ့ခမျာ အဖြစ်ဆိုးနှင့်တိုးခဲ့ရရှာပါပြီကောလား။ အပြောကျယ်လှသည့် အဆုံးမရှိနိုင်သော သံသရာတစ်လျှောက် ကူကယ်ရာမဲ့ အတောင်မညောင်းမချင်း ပျံသန်းရတော့မည်လေ။

ဆီဒိုးနားဟိုတယ်၏ တောင်ဘက်စက်မှု (၁) လမ်းမကြီးဘေးမှာ ဇော်ဝင်းအောင်၏ အေအေအငှားယာဉ်ကလေး ရပ်နားထားသည်။ ဆည်းဆာသည် အနောက်ဘက်ဆီသို့ ငုပ်လျှိုးတိုးဝင်သွားသော နေဝန်းနီနီ၏ ရောင်ခြည်အကြွင်းအကျန်များအားကိုးနှင့် မြိုးမြက်ဝင်းလက်နေသည်။ လှပသော လိမ္မော်ရောင်အသွေးအလင်းတန်းများ ဝန်းကျင်အနှံ့ ပျံ့နှံ့လျက်ရှိသည်။

"ကိုဇော်ရေ ခရီးသည်၊ မေတ္တာညွန့်ကိုတဲ့ လိုက်နိုင်မလား"

မုတ်ဆိတ်က လှမ်းပြောလာ၏။

အချိန်ရှိသေးသဖြင့် ခရီးသည်အား ခေါ်ယူပို့ဆောင်ပေးလိုက်ရသည်။ ယနေ့ စိတ်လက်ပေါ့ပေါ့ပါးပါးနှင့်အလုပ်ဖြစ်သည်။ ညဉ့်နက်အောင် မနေတော့ဘဲ ခပ်စောစောပြန်နားမည်ဟု စဉ်းစားထား၏။ ခရီးသည် နှစ်ယောက်ထက်မနည်း ရရှိသောကြောင့် ဆယ်နာရီခွဲအထိ ရောက်သွားခဲ့ရ၏။ ဘော်ဒါများအား နှုတ်ဆက်ပြီး ကားကိုမောင်း၍ ဆရာစံလမ်းဘက်သို့ လာခဲ့သည်။ ရန်ကင်းကြေးအိုးဆိုင်သို့ဝင်ကာ ကြေးအိုးနှစ်ပွဲဝယ်သည်။ တော်တော်ကြာကြာစောင့်ရပြီးမှ ကြေးအိုးနှစ်ပွဲရ၏။ ကားကိုကျောက်ကုန်းအတက် တစ်လမ်းကျော်တွင်ရှိသော တိုက်တစ်လုံးရှေ့မှာ ရပ်လျက် ငါးလွှာသို့တက်သွား၏။ ပုံ့ပုံ့တို့အခန်း ဖြစ်ပါသည်။ ပုံ့ပုံ့၏ညီမဝမ်းကွဲကလေးက တံခါးလာဖွင့်ပေးသည်။ ဇော်ဝင်းအောင် မကြာမကြာလာတတ်၍ မျက်နှာစိမ်း မဟုတ်တော့ပါ။ 'ဒေါ်ဒေါ် နေကောင်းထိုင်သာရှိပါရဲ့လား' မေးပြီး ကြေးအိုးနှစ်ပွဲကို ပေးခဲ့၏။

အချိန်က သန်းခေါင်ကျော်နေပြီ။ လမ်းမပေါ်မှာ ဖြတ်သွားဖြတ်လာအငှားယာဉ်တစ်စီး၊ နှစ်စီးမှအပ လူသွားလူလာကင်းမဲ့လျက်ရှိ၏။ လေလွင့်ခွေးတစ်ကောင်၊ နှစ်ကောင် အမှိုက်ပုံကို နှိုက်နေရင်း တစ်ကောင်နှင့်တစ်ကောင် စားမာန်ခုတ်ပြီး မန်ဖီကိုက်ခဲနေကြ၏။ ဇော်ဝင်းအောင်က ကားကို အသာအယာ ပင် လိုမ့်လာသည်။ ဆယ့်နှစ်လုံးတန်း မီးပွိုင့်မှာ မီးနီနေသဖြင့် ခေတ္တမျှ ကားကို ရပ်တန့်ထားလိုက်၏။

ထိုအခိုက် လူနှင့်တူသော အရိပ်တစ်ခု မော်တော်ယာဉ်နံဘေးသို့ ဖျတ်ခနဲ ရောက်ရှိလာသည်။ ရုတ်တရက် မီးက စိမ်းသွားသည်။ ဇော်ဝင်းအောင်က ကားကို မောင်း၍ ထွက်တော့မည်အပြုထိုအရိပ်က မော်တော်ကားတံခါးကို ဆတ်ခနဲ လှမ်းဆွဲဖွင့်ကာ ကားအတွင်း ဝင်ထိုင်လိုက်သည်။

"ကိုဇော်၊ ပုံ့ပုံ့ပါ။ ပုံ့ပုံ့လိုက်လာခဲ့မယ်နော်၊ ကိုဇော့်အိမ်ကို မောင်းသွားပေတော့။ ဟုတ်ပြီလား"

ဇော်ဝင်းအောင် ကြက်သီးတဖြန်းဖြန်းမထတော့။ သည်မိန်းကလေးက သူ့ရင်ထဲမှာ အစဉ်ရှိနေသည်ပဲ မဟုတ်လား။ ဘဝချင်းက မတူတော့သည့်တိုင်အောင် နှလုံးသားချင်းက အစဉ်ထာဝရ နီးကပ်နေကြပြီလေ။

"ကိုဇော်လေ. . ."

ဇော်ဝင်းအောင် စကားပင် ဆုံးအောင်မပြောလိုက်ရ။

"ဘာမှမပြောပါနဲ့လား ကိုဇော်ရယ်။ ကိုဇော် ဘာတွေပြောချင်သလဲဆိုတာ ပုံ့ပုံ့ သိနေပါတယ်။ ပုံ့ပုံ့လည်း ကိုဇော့်လို ရင်ထဲက နှလုံးသားတွေ ကွဲကြေနေတာပါ။ ပုံ့ပုံ့အဖြစ်ကဆိုးခဲ့တာ ကိုဇော်အသိပါပဲ။ အမေ့ကိုလည်း အရမ်းလွမ်းတယ်၊ ပုံ့ပုံ့မရှိတော့ အမေ့မှာ အားကိုးစရာဘယ်သူမှမရှိတော့ဘူး မဟုတ်လား။ ဖြီးတော့ အမေ့ကို တစ်ယောက်တည်း ထားခဲ့ရတယ်လေ



www.burmeseclassic.com

www.burmeseclassic.com

ပုံပုံ့အသံသည် လေထဲတွင် ဝဲလှည့်နေသည့်ပမာ လေပြည်လေညင်းကလေး တိုးဝှေ့သွားသည်နှင့် တူပါသည်။ လေချွန်သံကလေးနှယ်ပင်။ မည်သို့ပင်ဆိုစေ ဇော်ဝင်းအောင်၏ နှလုံးသားက နာကျင်နေပါပြီ။

သူ့ ချစ်ခင်ကြင်နာသော မိန်းကလေး၊ သူသံယောဇဉ်တွယ်ငြိရသည့် မိန်းကလေး။ သူနှင့်က ဘဝချင်းခြားနားသွားခဲ့ပြီပဲလေ။ ကားကို မသိစိတ်ဖြင့် မောင်းထွက်လာသည့်တိုင် သူက ကားကို ကျောက်ကုန်းအတက်သို့ မောင်းလာနေမိ၏။ ပုံပုံ့တို့တိုက်ခန်းရှေ့သို့ အလိုလိုရောက်လာလေသည်။ နောက်သို့ လှည့်ကြည့်မိလိုက်သောအခါ၌မူ ပုံပုံ့ မရှိတော့။ ရှေ့၊ နောက် ဝဲ၊ ယာ ရှာဖွေကြည့်သော်လည်း မတွေ့ရတော့။ ပုံပုံ့က သူ့အား ပဟေဠိတစ်ပုဒ် အဖြေညှိဖို့ အလုပ်ပေးသွားခဲ့ပြီ။ညဉ့်က တော်တော်ရင့်နေပြီဖြစ်သဖြင့် ပုံပုံ့၏တိုက်ခန်းသို့ ဆက်လက်တက်ရောက်ခြင်း မပြုတော့။

မိမိတိုက်ခန်းရှိရာသို့သာ ပြန်လာခဲ့၏။ သူ၏လှုပ်ရှားမှုတွေက သံပတ်ပေးထားသော စက်ရုပ်တစ်ရုပ်အသွင်ဖြစ်နေသည်။ အခန်းတွင်းသို့ရောက်လာခဲ့ပြီး အိပ်ရာထက်သို့ လဲလျောင်းလိုက်မိသည့်တိုင် မိမိဘာသာမိမိ ဘာလုပ်ဘာကိုင်နေသည် မသိတတ်နိုင်။ခဏအကြာမှာ ဇော်ဝင်းအောင် အိပ်မောကျသွား၏။ အိပ်မက်အတွင်းအထိပင် ပုံပုံ့က လိုက်ပါလာသေးသည်။ ပြီးနောက် အရာခပ်သိမ်း အမှောင်ကျသွားပြီး တစ်ရေးမျှပင် မနိုးတော့။ စိတ်ရောလူပါ ပင်ပန်းနေပြီ မဟုတ်ပါလား။

ပြတင်းပေါက်မှ နေရောင်ခြည်နွေးနွေးကလေး ထိုးကျလျက်ရှိသည်။ မျက်နှာပေါ်သို့ တစ်စွန်းတစ်စထိစပ်လျက်ရှိ၍ အနွေးဓာတ်ရကာ နိုးလာရခြင်းဖြစ်၏။ စိတ်ကမပါဘဲနှင့် အိပ်ရာမှထလျက် ဆီဒိုးနားဟိုတယ်အလုပ်ခွင်ရှိရာသို့ ထွက်ခွာလာရစေကာမူ စက်ရုပ်တစ်ရုပ်နှယ်ဖြစ်သည်။

"ဟော့- ကိုဇော်၊ ကနေ့စောလှချေလား။ အိပ်ရာထဘာမျှားစားခဲ့ပြီလဲ။ စိန်ပန်းခိုင်နန်းပြားသုပ်စားမလား၊ ကျွန်တော်ကျွေးပါ့မယ်"

ဇော်ဝင်းအောင်၏ အပေါင်းအသင်းတစ်ဦးဖြစ်သော ကိုသန့်ဇင်က လှမ်းနှုတ်ဆက်လိုက်၏။ ဇော်ဝင်းအောင်က ကိုသန့်ဇင်ခေါ်ဆောင်ရာသို့ စိတ်လိုလက်ရပင် လိုက်ပါသွားလေသည်။ စိန်ပန်းခိုင်မှာ သူတို့နှစ်ယောက်ထိုင်ရင်းမှာထားသည့် နန်းပြားသုပ်ကို စောင့်နေလိုက်ကြ၏။

"ကိုဇော် မနေ့က ကျွန်တော်တို့ဘက် မရောက်ခဲ့ဘူးနော်၊ တစ်နေ့လုံး မတွေ့လို့"

"ဟုတ်တယ် ကိုသန့်ဇင်။ ကျွန်တော် မနေ့က ပဲခူးကို ဧည့်သည်လိုက်ပို့နေရတယ်။ ဒါကြောင့် မရောက်ဖြစ်တာ"

"ဒါနဲ့ မနေ့ည သန်းခေါင်လောက် ပုံပုံ့ကို သူနဲ့တွဲနေကျ လဲ့လဲ့ဝင်းနဲ့ ဟိုတယ်ထဲက ထွက်လာတာတွေ့တယ်။ တော်တော်ညဉ့်နက်နေလို့ ကျွန်တော်လည်း သတိထားလိုက်မိတာ၊ ကိုဇော်နဲ့ကော မတွေ့ဘူးလား"

ဇော်ဝင်းအောင် မည်သို့မည်ပုံ အဖြေပေးရမည် မသိတတ်နိုင်။ စင်စစ် ယမန်နေ့ည သန်းခေါင်ယံမှာ ပုံပုံ့နှင့်သူ အတူရှိနေသည်ပဲ မဟုတ်လား။ စကားအပိုမပြောတော့ဘဲ မုန့်စားပြီးပြီမို့ လက်ဖက်ရည်ကိုသာ ဆက်သောက်နေလိုက်သည်။ ဇော်ဝင်းအောင် ပုံပုံ့၏ အနေအထားကို နားလည်သွားပါပြီ။ ပုံပုံ့တစ်ယောက် တမလွန်မှာ မကျွတ်မလွတ်တွယ်ရာမဲ့ဝိညာဉ်သဖွယ် တဝဲလည်လည်ဖြစ်နေရှာရပြီ။ ပုံပုံ့ကို ကူညီနိုင်ဖို့ သူတစ်ခုခုလုပ်ပေးရတော့မည်လေ။

ထိုနေ့က တစ်နေ့လုံး ဇော်ဝင်းအောင် အလုပ်ကိုပင် စိတ်မဝင်စားနိုင်အောင်ဖြစ်ရသည်။ မော်တော်ယာဉ်ကို မောင်းနေရသည့်တိုင် စိတ်က ပုံပုံ့အကြောင်းကိုသာ စိတ်ကရောက်နေသည်။ အပေါင်းအသင်းများကိုပင် ဟက်ဟက်ပက်ပက် မဆက်ဆံနိုင်တော့သည်အထိ ဖြစ်နေရသည်။ မိမိကိုယ်တိုင်လည်း အကြောင်းရင်းကို အဖြေရှာ၍မရ။

'မင်းဘာဖြစ်နေတာလဲ' ဇော်ဝင်းအောင် ကိုယ့်ကိုယ်ကိုယ် ပြန်လည် မေးခွန်းထုတ်မိ၏။ နေမြင့်လေ အရှုရင့်လေဖြစ်နေရပြီ။ ဇော်ဝင်းအောင် ကျောက်ကုန်းရှိ ပုံပုံ့မိခင်၏အိမ်သို့သွားရောက်လျက် ပုံပုံ့အတွက် ရည်စူး၍ သံဃာတော် ဆယ်ပါးလောက်ပင့်ကာ ဆွမ်းကပ်တရားနာကြမည်ဟု တိုင်ပင်ကြည့်၏။ ပုံပုံ့၏မိခင်က သဘောတူခွင့်ပြုသောကြောင့် အစီအစဉ်ပြုလုပ်ကြ၏။ ကိုအုန်းမြင့်က ဘုန်းကြီးပင့်ဖို့ တာဝန်ယူသည်။ သီဟအောင်တို့တစ်တွေက လိုအပ်သည်များ ဝိုင်းဝန်းကူညီကြသည်။ သည်လိုနှင့် ပုံပုံ့အတွက် နေ့ဆွမ်းဆက်ကပ်မည့်အစီအစဉ် စနစ်တကျ ပြီးစီးသွား၏။ တရားနာချိန်မှာလည်းကောင်း၊ အမျှဝေချိန်မှာလည်းကောင်း ပုံပုံ့နှင့်စပ်လျဉ်း၍ ဘာတစ်ခုမှ ထူးထူးခြားခြား ဖြစ်ပေါ်မလာချေ။ ဒါ တစ်ခုတော့ ဘဝင်ကျစရာမကောင်းလှ။ မည်သို့ပင်ရှိပါစေ ဇော်ဝင်းအောင်၏စိတ်တော်တော်လေး တည်တည်ငြိမ်ငြိမ်ရှိသွားခဲ့ရပါပြီ။

ဇော်ဝင်းအောင်တို့ အသီးသီး မိမိတို့အိမ်သို့ ပြန်ခဲ့ကြ၏။ ယင်းည သန်းခေါင်ရောက်လုလုအချိန်မှာ ဇော်ဝင်းအောင် မော်တော်ယာဉ်ကိုမောင်းလျက် မိမိတိုက်ခန်းသို့ ပြန်လာခဲ့လေသည်။ ကားကို မိမိတိုက်ခန်းရှေ့ ကားထိုးနေကျနေရာတွင် ရပ်ထားခဲ့ပြီး လှေကားကို တစ်ထစ်သာ တက်မိသေးစဉ် -

"ကိုဇော်"

မိမိအနောက်နားဆီမှ ကပ်လျက် ပုံပုံ့၏အသံ တိုးတိုးညင်းညင်းကလေးကို ကြားလိုက်ရလေသည်။ ရုတ်တရက်ဖြစ်သဖြင့် ဖျတ်ခနဲတစ်ချက်လန့်သလိုဖြစ်သွား၏။ ချက်ချင်း ပြန်လည် သတိဝင်သွားသည်။ ပုံပုံ့ပဲကိုး၊ သည်လိုဆိုလျှင် ပုံပုံ့ မိမိနှင့်အတူ ရှိနေဆဲပါပဲလားကွယ်။ နောက်သို့ လှည့်၍ကြည့်လိုက်သည့် အခါ၌မူ ပုံပုံ့ မရှိပြန်တော့။

'ပုံပုံ့ရယ်၊ ကိုဇော် ပင်ပန်းလှပါပြီကွယ်။ ကိုဇော့်ကို ကိုယ်ရောစိတ်ပါနား ခွင့်မပေးတော့ဘူးလားဟင်။ ကိုဇော် ပုံပုံ့ အပေါ် ဘယ်လောက်ချစ်တယ်၊ ဘယ် လောက်မြတ်နိုးတယ် ဆိုတာ ပုံပုံ့သိပါ တယ်။ ကိုဇော် အသက်ရှင်နေတာ လည်း ပုံပုံ့အတွက်ပါ။ ကိုဇော့်ကို အနား ပေးပါတော့လားကွယ်'

ဇော်ဝင်းအောင် မိမိတိုက်ခန်း တံခါးဝသို့အရောက်မှာ 'ဟင့်'ခနဲ ... သက်ရှိုက်သံတစ်ချက်ကို ကြားလိုက်ရ လေသည်။ ကျောဘက်တွင် လေပြည် တစ်ချက် ခပ်ပြင်းပြင်းလေး ပွတ်သပ် တိုက်ခတ်သွားသည်။ ခဏအကြာ ... လမ်းမပေါ် တစ်နေရာဆီမှာ လေလွင့် ခွေးတစ်အုပ် သံရှည်ဆွဲလျက် ဆ... တိုက်ဟောင်သွားသံများ ညံသွားသည် သည့်နောက်မှာမူ အသံဗလံများမကြား ရတော့ဘဲ တိတ်ဆိတ်ငြိမ်သက်သွား သည်။ ချစ်သူဝိညာဉ်ကလေး ဘယ်... ဘယ်ဝယ်ရောက်သွားပြီလဲ မပြောတတ် နိုင်။ သံသရာရှည်သရွေ့ တွယ်ရာမဲ့ လွင့် မျောနေဦးမည်နှင့်တူပါရဲ့။

ပုံပုံ့ရေ ကိုဇော် ပုံပုံ့အတွက်အမြဲ ထာဝရရှိနေမှာပါ။ နှလုံးသားချင်းအမြဲ နီးနေမှာပါကွယ်။

ခင်မောင်အေး(...)



www.burmeseclassic.com

www.burmeseclassic.com

# သံသရာခရီးသွားလေသူ

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

**သွားလမ်းသာ၍ ပြန်လမ်းဖြောင့်ကြပါစေ**

၂၀၁၃ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့။

ကျွန်ုပ်သည် ရန်ကုန်သို့ ကျိုက်လတ်မှ နံနက် (၆) နာရီထွက်သည့် ပုသိမ်သူ (၅) အမည်ရှိ ရှုပ်ပြေးသင်္ဘောနှင့် ကျိုက်လတ်မှ လိုက်ပါလာခဲ့သည်။ ထိုင်းရှုပ်ပြေးသင်္ဘောမှာ ကျိုက်လတ်မြို့နယ်အသင်း (ရန်ကုန်) က ကျိုက်လတ်မြို့သူမြို့သား၊ နယ်သူနယ်သားများ ခရီးသွားလာ လွယ်ကူချောမွေ့စေရန် စီစဉ်ပြေးဆွဲနေသောသင်္ဘောဖြစ်၍ နံနက် (၆) နာရီ ကျိုက်လတ်မြို့မှ ထွက်ခွာ၍ နံနက် (၁၀) နာရီတွင် ရန်ကုန်သို့ရောက်သည်။ ရန်ကုန်မှ ညနေ (၃) နာရီထွက်ပြီး ကျိုက်လတ်သို့ ညနေ (၆) နာရီခွဲ၊ (၇) နာရီခန့် ပြန်ရောက်သောကြောင့် ကျိုက်လတ် - ရန်ကုန် နေ့ချင်းပြန် သွားလာနိုင်သည်။ အဆင်ပြေကြ၏။

ကျွန်ုပ်လည်း ထို (၃၁) ရက်နေ့က နေ့ချင်းပြန် လိုက်လာခဲ့ရာ ရန်ကုန်သို့ ရောက်ပြီး ကျွန်ုပ်၏တပည့်အိမ်သို့ သွားသည်။ တပည့်က မလာတာကြာသော ကျွန်ုပ်အား ဆီးကြိုပြီး-

"ဘယ်နှရက်နေမလဲ"

ဟု မေးရာ ကျွန်ုပ်က-

"နေ့ချင်းပြန်ပဲ၊ ညနေပြန်မယ်"


ဟု ပြောသည်တွင်-

"ဆရာကလည်း တစ်ရက်,နှစ်ရက်လောက်နေပါဦး။ လာလိုက်ရင် ချက်ချင်းပြန်ပဲ၊ နားနားနေနေ နေပါဦး"

ဟု ပြော၍ ကျွန်ုပ်လည်း နေ့ချင်းမပြန်ဖြစ်တော့ပါ။ သူ့အိမ်မှာပင် နားနေလိုက်တော့သည်။ ညစာ ထမင်းစားပြီးချိန်တွင် ကျိုက်လတ်မှ ကျွန်ုပ်ထံသို့ ဖုန်းဝင်လာသည်။ ပုသိမ်သူ ရှုပ်ပြေးသင်္ဘော ကျိုက်ထော်ရွာအနီး ဆူးကလပ်ရေကျော်ရွာစပ်တွင် နစ်မြုပ်သွားသည့် သတင်းကို တပည့်တစ်ဦးက အကြောင်းကြား၏။ ကျွန်ုပ် အံ့သြသွား၏။ သတင်းက သင်္ဘောမြုပ်ကြောင်းသာသိရသည်၊ သတင်းအစုံမရပါ။ ညနေ (၅) နာရီခန့် မြုပ်သည့်သတင်းသာ ကြားရ၏။ အသေအပျောက် မသိရ။

ကျွန်ုပ်လည်း စိုးရိမ်သောကရောက်ရသည်။ ခရီးသည်များ မည်မျှဆုံးရှုံးသလဲ ဟူသော တရုဏာစိုးရိမ်သောကဖြစ်၍ နောက်နေ့ ဧပြီလ (၁) ရက်တွင် တားနှင့် ကျိုက်လတ်သို့ပြန်ခဲ့သည်။ ကျိုက်လတ်ရောက်မှ သတင်းအစုံအလင် ကြားသိရတော့သည်။

ပုသိမ်သူ ရှုပ်ပြေးသင်္ဘောက ရေကျော်ရွာသို့ဆင်းမည့်ခရီးသည်အား ချပေးရန် သင်္ဘောကို အရှိန်လျှော့ထားစဉ် ပုသိမ်သူနှင့်ဆန့်ကျင်ဘက်မှ ခုတ်မောင်းလာသော ဆန်တင် 'သုဇာတာ'အမည်ရှိ သံခွန်မော်တော်ကြီးက ရေစုန်မောင်းလာပြီး ဝင်၍တိုက်သည်တွင် ပုသိမ်သူရှုပ်ပြေးသင်္ဘောမှာ သင်္ဘောဝမ်းပေါက်ပြီး ရေဝင်နစ်မြုပ်သွားတော့၏။ သင်္ဘောကိုယ်ထည်မှသံပြားနှင့် ထိခိုက်မိသောကြောင့် သင်္ဘောစီးလာသော အသက် (၂၀) ခန့် မိန်းမပျိုလေးမှာ ဦးခေါင်းပတ်လည် ဓားနှင့်လှီးသလိုဖြစ်ပြီး ထိုင်ခုံပေါ်တွင်သေဆုံးခဲ့၍ အသက် (၆၀)နှစ်ခန့်ရှိ ဦးတင် ဆိုသည့် ယောက်ျားကြီးတစ်ဦးမှာ ပေါင်ကိုသံချောင်းနှင့်ထိုးမိ၍ ပေါက်ထွက်ကာ ဒဏ်ရာရရှိခဲ့ပါသည်။ ရှုပ်ပြေးသင်္ဘောနှင့် စီးနင်းလိုက်ပါလာကြသော ခရီးသွားများမှာ (၁၀၀)ကျော်ခန့်ဖြစ်သောကြောင့် ကျန်သူများမှာ အလွန်ကံကောင်းကြပေသည်။ သေဆုံးသူမိန်းကလေးမှာ ကျိုက်လတ်မြို့နယ် ဆားဖိုသိုင်းချောင်းရွာမှဖြစ်၍ သူ၏ရုပ်အလောင်းကို တွံတေးမြို့ဆေးရုံမှတစ်ဆင့် သူ၏ရပ်ရွာ မိဘများထံသို့ ခမ်းတော်ငှား၍ ပို့ဆောင်ပေးလိုက်ပါသည်။



ပုသိမ်သူရှုပ်ပြေးသင်္ဘော ဆယ်ယူနေပုံ



ပုသိမ်သူရှုပ်ပြေး မြုပ်နေပုံ



www.burmeseclassic.com

www.burmeseclassic.com

ပုသိမ်သူ ရှပ်ပြေးသင်္ဘောနစ်မြုပ်ပြီးကာလ ညအချိန်တွင် သင်္ဘောသားများမှာ အနံ့အသက်များရခြင်းကြောင့် သင်္ဘောလွန်းမတင်မီ (၃)၊ (၄) ရက်ခန့်အချိန်က သင်္ဘောကို ကမ်းနားတွင် ဆိုက်ကပ်ကြိုးချည်ထားစဉ် သင်္ဘောစရေးကြီးသည် ထမင်းစားနေ၏။ ထိုစဉ်တွင် သူ၏ညာဘက် နောက်ကျောကို တစ်စုံတစ်ယောက်က လက်နှင့်ကုတ်၍ လှည့်ကြည့်လိုက်ရာ မည်သူမျှ မရှိ။ ထမင်းကို ဆက်စားနေမိသည်။ ခဏအကြာ ဘယ်ဘက်ကျောကို ကုတ်လိုက်ပြန်၍ လှည့်ကြည့်လိုက်ပြန်သော် မည်သူမျှ မရှိသဖြင့် စာရေးကြီးလည်း ကမန်းကတန်း ထလျက် လက်ဆေးပြီး ကုန်းပေါ်တက်သွားနေသော သင်္ဘောသား (၃) ဦးကို လှမ်းခေါ်ရလေသည်။ သင်္ဘောကို လွန်းပေါ်တင်၍ ပြုပြင်ရန်အတွက် ကျိုက်လတ်မြို့ ထိပ်ရှိ 'စေတနာလွန်း' ပေါ်သို့ သင်္ဘောကို ဆွဲယူလာပြီး တင်ထားကာ ပြုပြင်ကြသည်။ လွန်းပေါ်မှသင်္ဘောမဆင်းမီ တစ်ညမှာ လွန်းပိုင်ရှင် ဦးလှထွေးက အိမ်ပေါ်မှနေ၍ မီးချောင်းထွန်းထားသော လွန်းပေါ်က သင်္ဘောကိုလှည့်ကြည့်လိုက်ရာ ဘောင်းဘီဒူးဖုံးဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက် မော်တော်ဦးပိုင်းမှပဲ့ပိုင်းသို့ လမ်းလျှောက်နေသည်ကို တွေ့ရ၏။

ရှပ်ပြေးမော်တော် ပြုပြင်ပြီး၍ လွန်းမှဆင်းကာ ပန်းခြံဆိပ်တွင် ကပ်ထားစဉ် မော်တော်စာရေးကြီးက ကျွန်ုပ်ထံလာ၍ မော်တော်ပေါ်တွင် မကျွတ်မလွတ်ဟန်ဖြစ်နေသော သေဆုံးသူကလေးမအကြောင်းကို ပြောပြသည်။ ကျွန်ုပ်က-

"ငါတို့ ဗုဒ္ဓဘာသာဝင်တွေအနေနဲ့ကတော့ မကျွတ်မလွတ်တဲ့ပုဂ္ဂိုလ်တွေကို ရည်စူးပြီး ကုသိုလ်ကောင်းမှုတွေလုပ်၊ သူတို့ကို အမျှအတန်းဝေရမယ်။ နောက် သံဃာတော်များကို ပင့်ဆောင်ပြီး မော်တော်ပေါ်မှ မခွာသွားနိုင်သေးတဲ့ ပုဂ္ဂိုလ်တွေရှိရင်လည်း ပရိတ်တရားတွေရွတ်ဖတ်ပြီး အန္တရာယ်ကင်းအောင် သူတို့ကိုလည်း အမျှအတန်း ဝေရမယ်။ ပရိတ်ချည်၊ ပရိတ်ကြိုး၊ ပရိတ်သဲ၊ ပရိတ်ရေများနဲ့ မော်တော်ကို ပက်ဖျန်းပေးရမှာပေါ့"

ဟု ပြောလိုက်သည်။

ဧပြီလ (၁၁) ရက်နေ့တွင် ရှပ်ပြေးမော်တော်ပေါ်သို့ ဒွါရကျောင်းတိုက်မှ သံဃာ (၅) ပါးကို ပင့်ဆောင်ပြီးလျှင် ကွယ်လွန်သူ ကလေးမလေးအား ရည်စူး၍ သံဃာတော်များအား ဆွမ်းကျွေးကပ်လှူကြသည်။ ဆွမ်းကပ်ပြီးနောက် ကွယ်လွန်သွားသူမိန်းကလေးနှင့် မကျွတ်မလွတ်သေးသော တမလွန်မှပုဂ္ဂိုလ်များကို အမျှအတန်း ပေးဝေကြပါသည်။ သံဃာတော်များက ပရိတ်တော်များ ရွတ်ဖတ်၍ အမျှအတန်းပေးဝေပါသည်။ ညနေပိုင်း (၆) ခွဲခန့်အချိန်တွင် ဒွါရကျောင်းတိုက်မှပင် ဆရာတော်ကြီး ဦးဇဝနနှင့် သံဃာလေးပါးပင့်ဆောင်၍ မေတ္တသုတ်၊ မဟာသမယသုတ်နှင့် အာဋာနာဋိယသုတ် ရွတ်ဖတ်ကြပါသည်။

ပရိတ်တရားတော်များ မရွတ်ဖတ်မီ မော်တော်ပေါ်တွင် ထွန်းထားသော (၄) ပေမီးချောင်းနှင့် (၂) ပေမီးချောင်းတို့မှာ ဖြုန်းခနဲ ငြိမ်းသွားပါသည်။ ကျွန်ုပ်က မော်တော်အလုပ်သမားများအား လှမ်းခေါ်ပြီး မီးချောင်းကို ပြင်ခိုင်းရာ ၎င်းတို့က မီးချောင်းကိုစမ်းသပ်ကြည့်ရာ မီးချောင်းများ ဘာမှမဖြစ်၊ မီးစက်လည်း မပျက်။ ခဏအကြာတွင် မီးချောင်းများ ပြန်လင်းလာသည်။ ဆရာတော်ဦးဇဝနက ပရိတ်မရွတ်မီ ပရိတ်ချည်များကို မော်တော် (၁) စင်းလုံးပတ်ပြီး ပရိတ်ရွတ်မည့်ကိုယ်တော်များအားလုံး ပရိတ်ချည်စကို လက်နှင့်ကိုင်ထားကြရသည်။ ပရိတ်သဲ၊ ရေများကိုလည်း ကျန်လက်တစ်ဖက်စီဖြင့်ကိုင်ထားပြီး ပရိတ်ရွတ်ဖတ်ကြပါသည်။

ပရိတ်ရွတ်စတွင်(၄)ပေမီးချောင်း ငြိမ်းသွားပါသည်။ (၂) ပေမီးချောင်း သာလင်းနေသည်။ မော်တော်မှအလုပ်သမားများကို ပြန်ခေါ်ရသည်။ (၄) ပေမီးချောင်း ဘာဖြစ်ရတာတုံး၊ ကိုင်ကြည့်ပါဦးဟု ပြောလိုက်သည်။ ၎င်းတို့ထွက်သွားပြီးမကြာမီ ပြန်လာကြ၏။ ဘာမှမဖြစ်ပါဘူးဟု ၎င်းတို့က ပြောသည်။

ပြောပြီးမကြာမီတွင် (၄) ပေမီးချောင်းပြန်လင်းလာသည်။ သံဃာတော်များက ပရိတ်ဆက်ရွတ်သည်။ မကြာမီ (၂) ပေမီးချောင်းက ငြိမ်းသွားပြန်၏။ ဆရာတော်က မီးချောင်းကို မော့ကြည့်ပြီး ကျွန်ုပ်လည်း မော်တော်မှကလေးများအား မီးချောင်းက တစ်ခုပြီးတစ်ခု ပျက်နေပါလားဟုမေးရာ သူတို့က ချုပ်တွေလည်း ကောင်းတယ်၊ မီးချောင်းလည်း ကောင်းတယ်၊ မီးစက်ကလည်း ကောင်းတယ်။ ဘာဖြစ်နေလဲ မသိဘူးဟု ပြောသည်။ ထိုအခါတွင် ဆရာတော်ဦးဇဝနက-

"ဤမော်တော်၌ မကျွတ်မလွတ်သေးသောပုဂ္ဂိုလ်များရှိနေပါက ယခုကဲ့သို့ ဘုရားရှင်၏ပရိတ်တော်များကို ရွတ်ဖတ်နေသည်မှာ သင်တို့အတွက် ကောင်းရာမွန်ရာ နေရာဌာနသို့ရောက်ရှိစေရန် အလှူဒါနပြု၍ အမျှအတန်း ပေးဝေမည် ဖြစ်ပါသည်။ သင်တို့အတွက် ရည်စူး၍ ကောင်းမှုကုသိုလ်ဆက်ပေးခြင်းကို အနှောင့်အယှက် မပေးပါနှင့်။ ဘုန်းကြီးတို့ကလည်း မြတ်စွာဘုရားသာသနာတော်ကို အရှည်တည်တံ့ခိုင်မြဲအောင် သာသနာပြုနေခြင်းဖြစ်သည်"

ဟု မိန့်တော်မူလိုက်ရာ မီးချောင်းများ နှစ်ချောင်းလုံး ပြန်လင်းလာသည်။

ဆရာတော်များက ပရိတ်ချည်၊ ပရိတ်သဲ၊ ပရိတ်ရေများနှင့် မော်တော်တစ်စင်းလုံးအနှံ့ ပက်ဖျန်းသည်။

"မော်တော်ပေါ်တွင်ရှိနေသော မကျွတ်မလွတ်သေးသည့် အမျိုးသမီးလေးနှင့် အခြားပုဂ္ဂိုလ်များရှိပါက ဤကောင်းမှုကုသိုလ်များကို သာဓု အနုမောဒနာ ခေါ်ဆို၍ ကောင်းရာမွန်ရာ အရပ်ဒေသဆီသို့ သွားရောက်နိုင်ကြပါပြီ"

ဟု မိန့်မြွက်လိုက်သည်။

"ဤရှပ်ပြေးမော်တော်နှင့် ပတ်သက်ခြင်းမရှိပါ၍ သင်တို့သွားလိုရာ သွားနိုင်ပါသည်"

ဟု မိန့်တော်မူလိုက်ပါသည်။

၎င်းနောက် အမျှအတန်း (၃) ကြိမ်ဝေကာ ပရိတ်သဲ၊ ပရိတ်ရေများဖြင့် မော်တော်အနှံ့ ပက်ဖျန်းပြီး သူမ ထိုင်ခဲ့သော ထိုင်ခုံနံပါတ် (၁၀) အား ပရိတ်ရေ၊ ပရိတ်သဲများ ပက်ဖျန်းပြီး ပရိတ်ကြိုးနှင့်ချည်ထားပါသည်။ နောက်နေ့ (ဧပြီလ ၁၂ ရက်) တွင် ပုသိမ်သူ အမှတ် (၅) ရှပ်ပြေးမော်တော်သည် ကျိုက်လတ်မှ နံနက် (၆) နာရီထွက်၍ ရန်ကုန်မြို့မှ ညနေ (၃) နာရီ ပုံမှန် ခါတိုင်းကဲ့သို့ အေးချမ်းသာယာစွာ ပြန်လည် ခုတ်မောင်းနေပါသည်။

အသင်းအနေဖြင့် မိန်းကလေး၏ မိဘများအား ထောက်ပံ့ငွေ (၂၆) သိန်း ပေးအပ်ခဲ့သည်။ ဒဏ်ရာရရှိသူ ဦးတင် (သက်ကယ်ချောင်း မ်ားမသိမ်းရွာ)အား စားစရိတ် (၂) သိန်းနှင့် နောက်ထပ်ပံ့ပိုးငွေ (၁၂) သိန်းကို ပေးအပ်ခဲ့၍ ယခုအခါ ဦးတင်မှာ ဆေးရုံမှဆင်းသွားပြီဖြစ်ပါသည်။

သံသရာခရီးသည်မလေး ကောင်းရာသုဂတိဘုံဌာနသို့ ရောက်ပါစေ

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com

# ဆီးကျောက်ကပ်နှင့်ရှားစောင်းလက်ပပ်

မနက်စောစော အိပ်ရာထခါစမှာ သိသိသာသာ ခါးက နာကျင်လို့နေသည်။ စစ်စစ် စစ်စစ် မြည်နေသလို စိတ်ထဲမှာ ခံစားရသည်။

ခုတင်ပေါ်က ဆင်းပြီး မျက်နှာသစ်ဖို့၊ ကိုယ်လက်သန့်စင်ဖို့ရာအတွက်ပင် အတော်ခက်ခက်ခဲခဲ အားယူပြီး ကြိုးစားထကြည့်သော်လည်း မလွယ်ကူတော့သည့်အဖြစ်မို့ ဇနီးသည်၏အကူအညီယူပြီး သန့်စင်ရေးကိစ္စကိုဖြေရှင်းရသည်။

ခါးနာသည့်ဝေဒနာကို စာဖြင့်ရေးသားဖော်ပြရပေမင့် ပိုမို ပြည့်စုံစွာရေးသားဖို့ရာက ခက်သည်။ ခါးမနာဖူးဘူးသူများအတွက် တော်ရုံတန်ရုံ ဝေဒနာလို့ ထင်ကောင်းထင်ပေလိမ့်မည်။

ကိစ္စတော့မရှိ။

ခါးနာတာက ခါတိုင်းလည်း သည်လို မကြာခဏ နာနေကျဆိုတော့ တစ်ရက်၊ နှစ်ရက်နေ ပျောက်သွားမှာပါ ဆိုသော ခပ်ပေ့ါပေ့ါတွေးရင်း ဒဏ်ကျေလိမ်းဆေးတွေ၊ ပရုတ်ဆီတွေလိမ်းထားလိုက်သည်။ သို့ပေမယ့် မသက်သာ။

ခါးနာပျောက်သည့် ခါးကပ်ပလာတာကို ကပ်လိုက်တော့မှ ဝေဒနာက ပိုလို့တိုးလာရသည်။ ခါးက နာရတာကတစ်မျိုး၊ အပူဖုတွေ ထွက်လာသည့်အကွက တစ်ဖုံ၊ ဟိုဘက်၊သည်ဘက်ကိုပင် မလှည့်နိုင်တော့။ အတော်ကလေးအနေရခက်သွားရသည်။

ပိုလို့ဆိုးသည်က ဆီးသွားရခက်ခဲလာခြင်းပင် ဖြစ်သည်။ ဆီးအိမ်ထဲတွင် ဆီးကအပြည့်ရှိနေသည်။ သွားလိုသည့်ဆန္ဒက ရှိနေသော်လည်း မသွားနိုင်။ တစ်စက် တစ်စက်လောက်သာ ထွက်သည်။ ထွက်လာသည့်ဆီးက နီကြင်ကြင် ညိုပုပ်ပုပ်။ ဆီးသွားရာလမ်းကြောင်းတစ်လျှောက် ပူလောင်သောဝေဒနာကိုပါပူးတွဲခံစားရသည်။ ခါတိုင်းခါးနာသလိုတော့မဟုတ်မှန်း ဝေဒနာကပြနေသည်။

သည်ကြားထဲ ဆီးအိမ်တစ်ဝိုက်၊ ဆီးနှောကိုယ်တွင်းကပါ ကိုက်ခဲနာကျင်မှုကတိုးပြီးပါလာသည်။ ခက်တော့ခက်နေပြီ။

ဘယ်လိုလုပ်ရမှန်းမသိ။ ခြေမကိုင်မိ လက်မကိုင်မိ ဆိုသော အခြေအနေ။

သြော်. . ဒါကြောင့်မို့လည်း ရှေးလူကြီးများ ဆိုစကားရှိခဲ့သည် မဟုတ်ပါလား။ ယောက်ျားမှာဆီး၊ မိန်းမမီးတဲ့။ မှန်လိုက်လေ။ ပြန်စဉ်းစားလိုက်တော့-

သည်ဝေဒနာမခံစားရခင်ရက်က ငရုတ်သီးစပ်စပ် အတော်လေး စားမိသလို ရေခဲသေတ္တာထဲမှ ရေအေးအေးကို တဝသောက်ဖြစ်ခဲ့သည်။ အတန်ငယ်လေးလံသည့် စာအုပ်ဗီရိုကို အနည်းငယ်နေရာရွှေ့မိသည်။ သည်ကိစ္စတွေက ဆက်နွယ် ပတ်သက်မှုရှိနေကြောင်းကို သတိပြုမိလာသည်။

အစကတော့ ခါးနာတာမသက်သာလျှင် နေစေတော့၊ ဆီးများများ ခပ်ရွှင်ရွှင် သွားလိုက်ရလျှင် ကိုက်ခဲနာကျင်သည့်ဝေဒနာ သက်သာသွားလိမ့်မည်ဟု တထစ်ချ ယုံကြည်နေသည်။

ဆီးသွား လွယ်ကူစေမည့် နည်းလမ်းကိုစဉ်းစားလိုက်တော့. . .

လွန်ခဲ့သော (၁၀)နှစ်ခန့်က မော်လမြိုင်မြို့ရှိ ဦးလေးတို့အိမ်သို့ အလည်ရောက်ဖြစ်ခဲ့သည်။ ဦးလေးဖြစ်သူ ကိုမောင်မောင်က ကုန်သွယ်ရေး (၄) မှ အငြိမ်းစား မန်နေဂျာ။ အဒေါ်ဖြစ်သူ မမအေးသိန်းက ဖေဖေ့ညီမအငယ်ဆုံး။

သည်ဦးလေးနှင့်အဒေါ်တို့ကို မိမိ၏အစ်ကို၊ အစ်မသဖွယ်၊ တခြား တူ၊ တူမတွေထက် ပိုပြီးအနေရင်းနှီးသည်။ ခေါ်တာတောင်မှ အစ်ကိုမောင်၊ မမအေးသိန်းလို့သာ ငယ်စဉ်ကတည်းက ခေါ်ဝေါ်နှုတ်ကျိုးခဲ့သည်မို့ စကားထိုင်ပြောကြရင်းမှ မမအေးသိန်းက-

"ဟဲ့- နင်ကွမ်းစားတာ တအား များတာပဲ။ အဲဒီလိုစားနေပုံမျိုးနဲ့ဆို နင်တစ်နေ့ ရောဂါရလိမ့်မယ်။ ဖြတ်နိုင်ရင်ဖြတ်၊ မဖြတ်နိုင်လည်း နည်းနည်းချင်းလျှော့စားစမ်းပါဟယ်"

"မမအေးသိန်းရယ်၊ ကျွန်တော်ကွမ်းစားလာတဲ့နှစ်က မနည်းတော့တာ။ ဘာမှမဖြစ်ပါဘူး၊ စိတ်ချ"

ဟု ဆင်ခြေစကားဆိုမိသည်။

"အေးပါ၊ နင်တို့ကွမ်းသမားတွေ ငါတွေ့ဖူးတာတော့ ကြာရင် ကျောက်ကပ်ရောင်တာတို့၊ ဆီးချုပ်တာတို့ တယ်အဖြစ်များတာပဲ။ အဲဒီလိုများ ဖြစ်လာရင်တော့. . ."

ဆိုပြီး ဆေးနည်းကို ပြောပြပါသည်။ သည်ဆေးနည်းကိုလည်း ဒူးရင်းခြံစောင့်သည့် ကရင်အဘိုးကြီးတစ်ယောက်က ပေးခဲ့ကြောင်း ပြောပြခဲ့သည်ကို ပြန်လည်ကာ အမှတ်ရလာသည်မို့. . .

မြောက်ဒဂုံ (၃၅) ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်းမကြီးပေါ်တွင် နေထိုင်သော မွန်အမျိုးသား ကိုနေဝင်း ဆိုသူမိတ်ဆွေထံမှ ရှားစောင်းလက်ပပ်ပင် စိုက်ပျိုးထားကြောင်း သိရှိနေသည့်အတွက် သွားရောက်ယူငင်စေပြီး ရေဆေးကြောကာ အလက်ကြီးတစ်ရွက်ကို အကြောများလှာပြီး အထဲမှ အနှစ်များခြစ်ထုတ်၍ ကြွေပန်းကန်လုံးထဲထည့်ကာ သကြား စတီးဇွန်းကြီးတစ်ဇွန်းစာထည့်ပြီး နာနာမွှေကာ ပျောက်ချင်ဇောဖြင့် သောက်ချလိုက်သည်။

သောက်ခါစမို့လားမသိ၊ စိမ်းရွှေရွှေ၊ ညှီစို့စို့။

သည်ဆေးသောက်ပြီး (၁) နာရီသာသာခန့်အကြာမှာတော့ ဆီးနီနီကြင်ကြင်တွေ ပူလောင်စွာဖြင့် ဆင်းလာသည်။ အနံ့က ပြင်းသည်။ ဆီးပုပ်တွေလားတော့ မဆိုနိုင်။ လူမှာ အတော်ပေ့ါပါးသွားသလို ခံစားရသည်။

နောက်မိနစ် (၂၀) လောက်အကြာမှာ ဆီးထပ်သွားသည်။ ဆီးအရောင်မှာလည်း နီကြင်သောအရောင်မှ စိမ်းဖန့်ဖန့်အရောင်သို့ ပြောင်းလဲလာသည်ကို အံ့သြဖွယ်တွေ့ရသည်။ နောက်တစ်ကြိမ် ထပ်သွားအပြီးမှာတော့ သုံး၊ လေးရက်လောက် အလူးအလဲခံခဲ့ရသော ဗိုက်အတွင်းမှကိုက်ခဲခြင်း၊ ခါးနာခြင်းတို့မှာ ဘယ်အချိန်က ဘယ်လို ပျောက်သွားသည်ကိုပင် မသိလိုက်။

အမှုမဲ့အမှတ်မဲ့ အဒေါ်ပြောလိုက်သော ဆေးနည်းက မိမိအတွက် လက်တွေ့အကျိုးရှိလှသည် မဟုတ်ပါလား။

ပြောချင်တာက မိမိနှယ် ဝေဒနာတူများအတွက် နွယ်မြက်သစ်ပင် ဆေးဖက်ဝင် ဆိုသကဲ့သို့ မိမိနှင့်နီးစပ်ရာပတ်ဝန်းကျင်မှာ သဘာဝဆေးပင်များ ရှိနေသည်ကို သတိမမူမိကြသူများအတွက် ဤသို့ ဤနှယ်ဖြစ်လာလျှင် ထိုထိုသောဆေးနည်းများကလည်း ခံစားနေရသော ရောဂါဝေဒနာကို အမှန်တကယ် သက်သာပျောက်ကင်းနိုင်ကြောင်းကို ကိုယ်တွေ့ကြုံရသည့်အတွက် စေတနာအပြည့်ဖြင့် မျှဝေလိုက်ရတာကိုတော့ ယုံကြည်စေချင်ပါသည်။

ဘေးထွက်ဆိုးကျိုး မရှိ၊ ငွေကုန်ကြေးကျမများဘဲ လွယ်လင့်တကူ ရှာဖွေ လွယ်သော ဆေးနည်းကောင်းတစ်လက် ဖြစ်ကြောင်း ရေးသားဖော်ပြအပ် သည်။

ဒေါ့နွမ်းကိုး



www.burmeseclassic.com

www.burmeseclassic.com

မော်လမြိုင်စက်မှုဇုန်ဟု ဆိုသော်လည်း အမှန်တကယ် တည်ရှိနေသည်မှာ ကျိုက်မရောမြို့နယ်အတွင်း ရှိပေ၏။ အတ္တရံမြစ်ကမ်းဘေးတစ်လျှောက်တွင်ရှိနေသဖြင့် မော်လမြိုင်ဘက်မှလာလျှင် ထိုမြစ်ကို ဖြတ်ကျော်ရသည်။ ကိုတောက်ထွန်း လုပ်ကိုင်သော မော်တော်ကားထုတ်လုပ်ရေးစက်ရုံသည် စက်မှုဇုန်အဖျားတစ်ဖက်စွန်း ကျိုက်ပရံ ကျိုက်ဝိုင်းရွာသို့အဝင် ကားလမ်းဘေးတွင်ရှိပြီး စက်ရုံမှာ တစ်ဧကခန့် ကျယ်ဝန်းပေသည်။ မော်တော်ကားထုတ်လုပ်ရေးစက်ရုံဖြစ်၍ အဆောက်အအုံနှစ်လုံးမှာ ကြီးမားသည်။ အဆိုပါ စက်ရုံတွင် အမိက လုပ်ကိုင်သူ (၃) ဦး ရှိပေသည်။ အရှည်ကြီး ဆိုသူသည် ကားဘော်ဒီကိုယ်ထည် ပြင်ဆင်သည့်လုပ်ငန်း လုပ်ကိုင်သည်။ ဆေးဆရာ မောင်ဝဏ္ဏသည် အသက် (၂၅) နှစ်ခန့်ရှိပြီး ကားဘော်ဒီကို ဆေးမှုတ်ပေးသည်။ နောက်တစ်ဦးမှာ စက်မှုဇုန်တစ်ခုလုံးတွင် အတော်ဆုံးဟု ကင်ပွန်းတပ်ခြင်းခံရသည့် စက်ပြင်ဆရာ ကိုအောင်ကျော် ဖြစ်လေသည်။ စက်မှုဇုန်တစ်ခွင် ပြင်၍မရသည့် မော်တော်ကားများမှာ အဆိုပါစက်ပြင်ဆရာ ကိုအောင်ကျော် ရှိရာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတတ်ကြောင်း ကိုတောက်ထွန်း သတိပြုမိပေသည်။

ဆောင်းရာသီ၏ နေ့တစ်နေ့။

ကိုတောက်ထွန်းသည် နံရံတွင် ချိတ်ထားသော နာရီအား ကြည့်လိုက်ရာ ည (၈) နာရီထိုးလုလုအချိန်ဖြစ်၍ စက်ရုံလုံခြုံရေးအတွက် စစ်ဆေးရန် မိမိအခန်းတွင်းမှ တံခါးမကြီးရှိရာသို့ ထွက်ခဲ့လေသည်။ ရာသီဥတုမှာ အတန်ငယ်အေးစိမ့်သဖြင့် ရုံဝန်းကျင်တစ်ဝိုက် လူသွားလူလာ မရှိသလောက်ပင်။ ကိုတောက်ထွန်းသည် ရုံတံခါးမကြီး ပိတ်၊ မပိတ်စစ်ဆေးကြည့်ရာ ပိတ်ပြီးကြောင်း တွေ့ရသည်နှင့် ဝင်းခြံတံခါးပိတ်ရန် ဆွဲသံတံခါးဆီသို့ ခြေဦးလှည့်လိုက်သည်။ ကိုက် (၃၀၀) ခန့်အကွာ ကားလမ်းဆီမှ စက်ရုံအဝင် မြေနီလမ်းအတိုင်း လူတစ်ယောက်လျှောက်လာသည်ကို ဝိုးတိုးဝါးတားတွေ့ရသည်။ ကိုတောက်ထွန်းသည် စောင့်ကြည့်ရာ ထိုလူသည် ၎င်းရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာချေသည်။

"ဒီမှာ စက်ပြင်ဆရာ ရှိတယ် မဟုတ်လား"

စကားသံကို သဲသဲကွဲကွဲ ကြားအောင် နားထောင်ရသည်။ မွန်တိုင်းရှင်းသားဖြစ်ဟန်တူသည်။ ခေါင်းတွင် ပ... တီးလိုလို၊ တဘက်လိုလို မြင်ရသည်မှာ မီးရောင်မရှိသဖြင့် မသဲကွဲလှပေ။

"ကိုအောင်ကျော်ကို ပြောတာ လား။ ရှိပါ့ဗျာ၊ ခုချိန်ဆို အပန်းဖြေ... လောက်ပြီ။ လိုက်ခဲ့လေ"

ကိုတောက်ထွန်းသည် ပြောပြော ဆိုဆို ခေါ်လာခဲ့ပေသည်။ ထိုအခ... လောက်ဆိုလျှင် သူတို့အုပ်စု အရက်ဝိုင်း ဖွဲ့နေလောက်ပြီး ရေချိန်တော်တော် ကိုက်နေပေပြီ။ ကိုအောင်ကျော်၏အ... ခန်းဝရောက်လျှင် ကိုတောက်ထွန်းက...

"အောင်ကျော်ရေ၊ ဧည့်သည်... တယ်"

ဟု ပြောရာ-

"ဟုတ်ကဲ့ အဘ"

ဟု ဆိုပြီး အခန်းဝသို့ ထွက်... သည်။ စက်မှုဇုန်တွင် ည (၉) နာ... မီးပေးမည်ဖြစ်၍ ဖယောင်းတိုင်ကို အား... ကိုးရသည်။ ကိုအောင်ကျော်သည် အ... တန်ငယ်မူးနေသဖြင့် လည်းကောင်း၊ ... ရောင်မှေးမှိန်နေသဖြင့် လည်းကောင်း... ထိုဧည့်သည်၏မျက်နှာအား ကောင်း... သတိမထားမိဘဲ ပြောသမျှကိုသာ နား... ထောင်နေသည်။



ဟိန်းဝေယျာ

တိုက်ကားအစွဲ



www.burmeseclassic.com

www.burmeseclassic.com

“ကားတိုက်မှုပါဗျာ။ ဒရိုင်ဘာအ ...းမကျလို့ သူ့ဘေးကလူတော့ ပွဲချင်း ...ိး သေသွားတယ်ဗျာ။ ဒရိုင်ဘာက အ ... ဆွက်ပြေးနေတယ်”

စည့်သည် စကားကို ဆက်မပြော ...င် ကိုတောက်ထွန်းက-

“ဟုတ်ပါပြီဗျာ၊ ဘယ်နေရာမှာ ...ဖစ်တာလဲ”

ဟု မေးသည်။

ထိုသူက-

“မော်လမြိုင်-ဘားအံ ကားလမ်း ...ါက အိန္ဒူမှာပါ။ ကားရှေ့ပိုင်းပျက်စီး ...သွားတယ်။ ကားပြန်ပြင်မယ်၊ ဆေးပြန် ...ုတ်မယ်”

ဟု ပြောလေရာ အရက်သောက်နေကြသော ဆေးဆရာနှင့်ဘော်ဒီဆရာတို့ ခေါင်းထောင်လာသည်။ အလုပ်ရတော့မည်ကိုး။

“ဒါဆို အဲဒီတိုက်ကားကို သွားယူရမယ်ပေါ့။ စရိတ်တော့ ကုန်မယ်နော်”

ကိုအောင်ကျော်သည် သူ့ဇနီးကို ကားသော့ ယူခိုင်းလိုက်သည်။ အဆင်ပြေချင်တော့ ရုံထဲတွင် ပြင်ပြီးခါစ ဟိုင်းလတ်ကား ရှိသည်။ ပိုင်ရှင်လာယူရန် ရက်ချိန်းလိုသေးသည်။ တိုက်ကားမှာ စူပါရှ(ဖ်)ဖြစ်၍ ယင်းကားဖြင့် ရုံအထိ ဆွဲနိုင်သည်။

“အဘ လိုက်ခဲ့ပါလား”


ဆေးဆရာ ဝဏ္ဏက ကိုတောက်ထွန်းကို ခေါ်ရာ ညဉ့်နက်သန်းခေါင်ကျော်မှပြန်ရောက်မည်ဖြစ်သဖြင့် လိုက်သွားရန် ငြင်းပယ်လိုက်ပေသည်။ မည်မျှပင် မူးနေသည် ဖြစ်ပါစေ၊ ကိုအောင်ကျော်သည် ကားကို နိုင်နင်းစွာမောင်းနိုင်သူတစ်ဦး ဖြစ်သည်။ စက်မှုဇုန်တစ်ခွင်လုံး စက်ပြင်ဆရာ ဟူသမျှ ကားတိုက်မှုနှင့် ကြုံတွေ့ရသည်ချည်း ဖြစ်သော်လည်း ရှားရှားပါးပါး ကင်းလွတ်နေသူမှာ ရတနာကားထုတ်လုပ်ရေးမှ စက်ပြင်ကိုအောင်ကျော်တစ်ဦးသာ ဖြစ်ပေသည်။

❂

ဟိုင်းလတ်ကားလေးသည် ဇာသပြင်တံတားအား ဖြတ်ကျော်ပြီး ဘားအံကားလမ်းအတိုင်းမောင်းနေ၏။ ကားမောင်းနေစဉ် သတိတစ်ချက် တစ်ချက်

# ဟိန်းဇေယျာ

## တိုက်ကားအစွဲ





www.burmeseclassic.com

www.burmeseclassic.com

လစ်သွားသော်လည်း ကိုအောင်ကျော်သည် အိပ်မငိုက်ရန် သတိထားနေရသည်။ သူ့ဘေးနားတွင် ထိုင်၍ လိုက်ပါသူအား ငဲ့ကြည့်ရင်း အိပ်ချင်ပြေရန် စကားစမြည်ပြောလိုက်သည်။

"ကားချင်း ဘယ်လိုတိုက်တာလဲ"

"ဖြစ်ရပုံက ဒီလိုပါဗျာ"

လာခေါ်သည့်သူက အောက်ပါအတိုင်း ပြောပြလေသည်။

"ကျုပ်က ခရီးထွက်ရင် ကားအောက်ပိုင်း, စက်ပိုင်းပေါ့ဗျာ၊ စစ်ဆေးပြီးမှ သွားလေ့သွားထရှိတယ်။ ကိုယ်တိုင် နားမလည်ပေမယ့် မော်လမြိုင်ဆိုတော့ ဝပ်ရှော့ပေါတယ်လေ။ တစ်ရက်ကြိုပြီးတော့ အသိဝပ်ရှော့မှာ အပ်နေကျပေါ့။ ကားကိုလည်း ကိုယ်တိုင်မောင်းတာ။ ဒါပေမယ့် ဒီတစ်ခေါက် မြဝတီတက်ဖို့ ကားမောင်းလို့မဖြစ်ဘူးဗျ။ ကျုပ်က ခါးနာနေတယ်။ ဒါနဲ့ အသိဒရိုင်ဘာတစ်ယောက်ငှားလိုက်တယ်။ ခရီးမထွက်ခင် ကားကို စစ်ဆေးကြည့်ဖို့လည်း အတန်တန်ပြောထားလျက်နဲ့ဗျာ"

ပြောနေရင်း ဒရိုင်ဘာအား ဒေါသထွက်လာသဖြင့် လေသံမှာ အနည်းငယ်ကျယ်သွားသည်။ ထိုသူ၏ဒေါသသံစဉ်ကြောင့် ကားမောင်းနေသည့် ကိုအောင်ကျော်မှာ အိပ်ချင်စိတ်များ လွင့်ပါးသွားသည်။ ကားခေါင်းတွင်းရှိ ဒက်(ရှ်)ဘုတ်ပေါ်မှနာရီက ညဥ့် (၁၂)နာရီသို့ ညွှန်ပြနေသည်။ ကိုအောင်ကျော်၏ နှာခေါင်းတွင် အပုပ်နံ့ တစ်ချက် တစ်ချက် ရနေသည်။ အေးသော်လည်း တံခါးမှန်ဖွင့်၍ ကားမောင်းသဖြင့် အပြင်ဘက်မှအနံ့ဟု ထင်ရသည်။ ထိုသူက စကားဆက်ပြန်သည်။

"ပြဿနာက ဘရိတ်ပေါက်တာဗျ။ မောင်းနေကျလမ်းဆိုတော့ အရှိန်ကို လွှတ်တင်တော့တာ။ မနက် (၁၀) နာရီလောက် ကားကလည်းရှင်းနေသေးတယ်။ ဖြစ်ချင်တော့ ဘရိတ်အုပ်လို့မရတဲ့အချိန်မှာ ဆန်တင်လာတဲ့ ထော်လာဂျီကလည်း ဘာဖြစ်လာလို့လဲ မသိဘူး၊ ကျုပ်တို့ကားဘက်ခြမ်းကို ရွေ့လာနေရော။ ကျုပ်ကလည်း အခုလိုမျိုး မောင်းတဲ့လူဘေးမှာထိုင်နေတာ။ ကျုပ်ပါးစပ်က ဟေ့ကောင်- ရှောင်၊ ရှောင်လို့အော်ပြီး သတိပေးရတာပေါ့။ မောင်မင်းကြီးသား ဒရိုင်ဘာ တော်ပါပေတယ်ဗျာ၊ လမ်းဘေးသစ်ပင်ကို ဝင်တိုက်ပါလေရော။ သူ့ဘက်အခြမ်းနဲ့ တိုက်တာမဟုတ်ဘူး၊ ကိုယ်ထိုင်နေတဲ့ဘက်နဲ့တိုက်တာ။ ဘယ်ခံနိုင်မလဲ၊ ပွဲချင်းပြီးသေရောဗျ"

ကားမောင်းရင်း နားထောင်နေရသဖြင့် လည်းကောင်း၊ မွန်သံဖြင့် ခပ်ဝဲဝဲပြောနေသဖြင့်လည်းကောင်း ကိုအောင်ကျော်သည် ထိုသူပြောသည့်အဓိပ္ပာယ်ကို ကောင်းစွာ သိနားလည်ခြင်းမရှိပေ။ 'ဪ'၊ 'အင်း'၊ 'အဲ' သံယောင်လိုက်ကာ ကားကိုမောင်းရသည်။ သောက်ထားသည့်အရက်ရှိန် လျော့ပါးသွားသည်နှင့် အိန္ဒြလမ်းဆုံ ညောင်ပင်ကြီးအောက်သို့ ရောက်နေပေပြီ။ ကိုအောင်ကျော်တို့အဖွဲ့ ကားပေါ်မှဆင်းကြသည်။ ရွေ့မှသွားနေသူနောက်သို့ လိုက်သွားကြသည်။ သစ်ပင်အောက်တွင် နို့နှစ်ရောင် စူပါရှု(ဖ်)ဆလွန်းကားကို တွေ့ရသည်။ ကားခေါင်းမှာ ကြေမွလုနီးပါး တွေ့ရသည့်ပြင် ရှေ့မှန် လုံးဝ မရှိပေ။ ကိုအောင်ကျော်တို့ ကားအား ချိတ်ဆွဲရန် လုံးပန်းနေစဉ် လာခေါ်သည့်သူအား သတိမမူမိပေ။ ညောင်ပင်ကြီးနှင့် ခပ်လှမ်းလှမ်းနေရာတွင် မီးရောင်ကို တွေ့ရသည်။ အဆိုပါလူသည် ထိုနေရာသို့ သွားရောက်နေလိမ့်မည်ဟု သာမန်တွေးမိပေသည်။ ကိုအောင်ကျော်တို့အဖွဲ့သည် စက်ရုံသို့ မိုးစင်စင်လင်းမှ ပြန်လည်ရောက်ရှိလာခဲ့ပေသည်။

❂

အိန္ဒြမှသယ်လာသော တိုက်ကား စူပါရှု(ဖ်)ဖင်ကောက်သည် စက်ရုံနှစ်ရုံအကြား မြေကွက်လပ်တွင် ရောက်နေသည်မှာ တစ်လခန့်ရှိနေပေသည်။ သယ်ယူစရိတ် လာရောက်ရှင်းပေးခြင်း မရှိသည့်အပြင် အထွေထွေပြင်စရိတ်လည်း ပိုင်ရှင်မှ လာရောက်ဆွေးနွေးခြင်း မရှိသဖြင့် အထီးကျန်ဘဝရောက်နေရရှာသည်။ မှတ်မှတ်ရရ လကွယ်ည ဖြစ်ပေသည်။ လုပ်သားမိသားစုများ စက်ရုံအပြင်သို့ ထွက်လိုပါက ထိုရပ်ထားသည့်ကားဘေးမှဖြတ်၍ သွားရသည်။ ထိုနေ့သည် မိုးချုပ်သည်ဟုဆိုသော်လည်း အချိန်မှာ ည (၈)နာရီမထိုးသေး။ မနီသည် တူမလေး ဝတုတ်မနှင့် အခွေငှားဆိုင်သို့ သွားပြီး ပြန်လာခဲ့သည်။ ရုံတွင် မီးမလာသေးသဖြင့် မှောင်အတိကျနေသည်။ မနီသည် ပါလာသည့် လက်နှိပ်ဓာတ်မီးကို အသုံးပြုပြီး ဟိုထိုးဒီထိုးဖြင့် ရုံတွင်း ဝင်လာသည်။ စိတ်ဝယ် အမှတ်မထားဘဲ စူပါရှု(ဖ်)ကားနားအရောက်တွင် လက်နှိပ်ဓာတ်မီးဖြင့် ကားခေါင်းသို့ ထိုးကြည့်လိုက်သည်။

"ဟယ်- ဟိုလူကြီး ရောက်နေပြီ"

မနီသည် ကားခေါင်းအတွင်းထိုင်နေသောလူကြီးအားမြင်လျှင် ဝမ်းသာသွားသည်။ သူ့ယောက်ျား ကိုအောင်ကျော်နှင့် ဆေးဆရာ ဝဏ္ဏတို့သည် ထိုပုဂ္ဂိုလ်အား စောင့်မျှော်နေရသည်။ အမေလာလျှင် ငွေပါမည် ဟူသော ထိုရောင်းသည့်တွန်းလှည်းမှ နတ်ဒိုးသံတဲ့သို့ ထိုသူနှင့်တွေ့ပါမှ ငွေရမည်ဖြစ်လေသည်။ မနီသည် ခပ်သုတ်သုတ်လျှောက်လေသည်။ တူမလေးသည်လည်း ဘာမသိဘာမသိ အလျင်မီအောင်လိုက်ပါသွားသည်။

"ကိုအောင်ကျော်. . . ကိုအောင်ကျော်"

မနီသည် အခန်းတွင်း အရက်ဝိုင်းဖွဲ့သောက်နေကြသောလူစုအား အော်ပြောလိုက်သည်။

"ရှင်တို့ကို အလုပ်အပ်တဲ့လူကြီးရောက်နေပြီ၊ ကားခေါင်းထဲမှာထိုင်လို့တော့"

မနီ၏စကားသံဆုံးသည်နှင့် အုပ်စုလိုက် ကားဆီသို့ သွားကြလေသည်။ ကိုတောက်ထွန်းလည်း ဆူညံသံကြားသဖြင့် အခန်းမှထွက်၍ကြည့်ရာ မှောင်ရိပ်တွင်းမှ ကားအနီးတွင် လူရိပ်များကိုတွေ့သဖြင့် ထိုနေရာသို့ထွက်ခဲ့သည်။

ကိုအောင်ကျော်သည် ကားခေါင်းအတွင်း မီးထိုးကြည့်သည်။ ဘာမှမတွေ့ရ။ ကိုဝဏ္ဏသည် ကားနောက်ထိုင်ခုံသို့ လှမ်းကြည့်သည်။ ဘာမှမတွေ့ရ။ ကိုအောင်ကျော်သည် ဘာမှမတွေ့ရသဖြင့် စိတ်တိုသွားပြီး သူ့မိန်းမ မနီအား-

"ဘယ်မှာလဲဟ"

မနီသည် မျက်လုံးအဝိုင်းသားဖြင့်-

"ကားခေါင်းထဲမှာထိုင်လို့၊ ဝတုတ်မလည်း မြင်သားပဲ အဘရယ်"

မနီသည် ကိုတောက်ထွန်းကို ကြည့်၍ စစ်ကူတောင်းသည့်နှယ် ပြောလိုက်သည်။ ကိုဝဏ္ဏက အထွန့်တက်သည်။

"မနီ၊ ငါတို့ အမူးတွေပျောက်ကုန်ပြီ။ ထန်းတစ်လုံးလျော်ပေးဟ"

*(ထန်းဆိုသည်မှာ ထန်းပင်တံဆိပ် အရက်ဖြူပုလင်း ဖြစ်သည်။ တစ်လုံး ၄၀၀ ကျပ် တန်ပါသည်။)*

အုပ်စုသည် အရက်ဝိုင်းပြန်တည်ရန် ထွက်ခွာသွားကြသည်။ ကိုတောက်ထွန်းသည် မနီ လိမ်ပြောမည်မဟုတ် မှန်မြင်ခဲ့၍သာပြောခြင်း ဖြစ်မည် အ



www.burmeseclassic.com

www.burmeseclassic.com

မြင်ခဲ့သည်ဟုဆိုချေက ယခု ဘာကြောင့် မတွေ့ရသနည်း။ ကိုတောက်ထွန်း စဉ်းစားမိသည်။ တာဝန်အရ ရုံးခါ၊ ဝင်းတံခါး ပိတ်, မပိတ် စစ်ဆေးပြီး မိမိအခန်းသို့ ပြန်ခဲ့လေသည်။

ကိုတောက်ထွန်း မှေးခနဲ အိပ်ပျော်သွားသည်။ ထိုစဉ်-

"ဂျောင်း. . . ဒုန်း. . . ဒုန်း"

အသံသည် တစ်ရုံလုံး ပျံ့နှံ့သွားသည်။ အိပ်နေသည့်ခွေးများသည် လန့်နိုးကာ ကားဆီသို့ကြည့်၍ အူကြလေသည်။ တစ်ရုံလုံး ခွေးများဟောင်သံ၊ အူသံများဖြင့် ဆူညံသွားသည်။ ရုံတွင်းအခန်းထဲမှလူများ အပြင်ထွက်ကြည့်ကြသည်။ အမူးသမားများမှာ အိပ်ကောင်းဆဲ။

"ဘာသံလဲ အဘ၊ ခွေးတွေကလည်း အူလိုက်တာနော်"

အခန်းအပြင်ထွက်လာသော ကိုတောက်ထွန်းကို မေးကြပေသည်။

"အေး- အဘလည်း အသံကြားလို့ လာတာ။ အသံလာတာက ဟိုကားဆီကပဲကွ။ ခွေးတွေက အဲဒီဘက်ကိုထိုးပြီး တအားဟောင်လိုက်၊ အူလိုက်ပဲ"

ကိုတောက်ထွန်းသည် ၎င်း၏အထင်နှင့်အမြင်အား ပြောလိုက်သည်။ ဆူညံသံတို့မှာ ငြိမ်သက်သွားချေပြီ။ ကားဆီသို့ သွားကြည့်ရန် အကြံဉာဏ်ပေးသူ မရှိပြီ။ သူတို့၏စိတ်ဝယ် နာနာဘာဝ ခြောက်လှန့်သည်ဟုသာ ထင်ကြသကဲ့သို့ ကိုတောက်ထွန်းသည်လည်း ထိုအတိုင်းသာ ထင်မိပေသည်။

ထိုညကအဖြစ်အပျက်မှာ တောမီးပမာပျံ့နှံ့သွားသည်။ ရုံရှေ့ မြင်းလှည်းသမားများ၊ ဆိုင်ကယ်ဂိတ်ရှိ ကယ်ရီဆွဲသမားများအကြား ပြောမဆုံးပေါင် တောသုံးထောင် ဖြစ်နေသည်။ ထိုအဖြစ်အပျက်သည် ဒေါ်စိုး၏အခြောက်ခံရမှုက မီးလောင်ရာလေပင့်သကဲ့သို့ဖြစ်ချေသည်။ ဒေါ်စိုးသည် ရုံရှေ့လမ်းဘေးတွင် တစ်ဖက်ယပ်တဲထိုး၍ လက်ဖက်ရည်ဆိုင်ဖွင့်ထားသူ ဖြစ်သည်။ ငှားထားသောအိမ်တွင် မအိပ်ဘဲ လင်မယားနှစ်ယောက် ထိုတဲမှာပင် ထမင်းဟင်းချက်ပြုတ်စားသောက်၊ ဈေးရောင်းပြီး အိပ်လေ့ရှိသည်။ သရဲကြောက်သူ မဟုတ်ကြောင်း၊ ခြောက်ရင်လည်း မကြောက်ကြောင်း၊ တစ္ဆေခြောက်တဲ့အိမ်ရှိရင်လာခဲ့, အလောင်းအစားလုပ်၍ အိပ်ပြမည်ဖြစ်ကြောင်း ကြွေးကြော်ထားသူ ဖြစ်သည်။ ရုံတွင်းမှာ နေထိုင်သူများသည် ညမိုးချုပ်သည်နှင့် ထိုကားနားသို့ ဖြတ်လျှောက်သွားခြင်း မရှိကြပေ။ အရေးကိစ္စကြုံလျှင် အပြင်ထွက်ရာ၌ တစ်ဦးတည်း မသွားကြဘဲ အဖော်ခေါ်၍သွားလာကြပေသည်။

အထက်ပါဖြစ်ရပ်ဖြစ်ပွားပြီး (၁၀) ရက်ခန့်အကြာ ညတစ်ညတွင် ဖော်ပြခဲ့သော ဒေါ်စိုးသည် အစားအသောက်လွန်ကြူးစွာ စားသောက်မိသဖြင့် ဗိုက်သည် လွန်စွာနာလေသည်။ အိမ်သာတက်ချင်သော်လည်း အောင့်အည်းကာ ကြိတ်မှိတ်၍ခံနေရသည်။ အိမ်သာမှာ ရုံအထွင်း အနောက်ဘက်တွင်ရှိရာ ထိုနေရာသို့ သရဲခြောက်သည် ဆိုသော ကားနံဘေးမှကပ်၍ သွားရမည် ဖြစ်ပေသည်။ မကြောက်၊ မကြောက်ဟု ဆိုသော်ငြားလည်း ကျောထဲစိမ့်သွားသည်။ မီးရောင်ကို တစ္ဆေ သရဲကြောက်တတ်သည်ဟုကြားဖူးသော်လည်း မနီ၏လက်နှိပ်မီးအောက်တွင် တစ္ဆေကိုတွေ့ခဲ့သည်မှာ ယုံမှားသံသယ မရှိပေ။ ယောကျ်ားအား နှိုး၍ အဖော်ခေါ် ရကောင်းမလားဟု တွေးမိသည်။ မိန်းမရဲ့သိက္ခာကျသွားမည်။ သရဲမကြောက်တတ်ဟု ဝိုင်းဝန်းကြွေးကြော်ပေးခဲ့သည် မဟုတ်ပါလား။ နောက်ဆုံး၌ မအောင့်နိုင်တော့။ ဓာတ်မီးကိုယူလိုက်သည်။ နှစ်ချို့ဓာတ်မီးမှာ ကောင်းစွာ မလင်းချင်။ မီးရောင်ဖြင့် နာရီကြည့်ရာ ညဉ့် (၂)နာရီ ရှိနေသည်။ စိတ်ထဲမှ အချိန်ကောင်းပဲဟု မဆီမဆိုင် တွေးမိသည်။ ဝင်းတံခါးရှိ လူဝင်ပေါက်တံခါးကို တွန်း၍ဝင်ခဲ့သည်။

"ဝုတ် ဝုတ်"

မှုံကြီးအမည်ရှိခွေးက ဟောင်၏။ ဒေါ်စိုးမှန်းသိ၍ ငြိမ်သွားသည်။ ဗိုက်တွင်း ချက်နားဆီက ရစ်၍ ရစ်၍ နာသည်။သရဲခြောက်သည့်ကားနားရောက်လာသည်။ ဓာတ်မီးဖြင့် ကားခေါင်းကို မထိုးမိအောင် စိတ်တင်းထားသည်။ မြေပေါ်သို့ မီးကိုစိုက်ထိုးပြီး ကားကိုကျော်ဖြတ်ရာ-

"အောင်မယ်လေး"

ဒေါ်စိုးသည် ဆောက်တည်ရာမရအောင် ငယ်သံပါကြီးဖြင့်အော်ပြီး ဓာတ်မီးကိုင်ထားသောလက်ကို ရှုပ်လိုက်၏။ အေးစက်သောထိတွေ့မှုသည် ဓာတ်မီးကိုင်ထားသည့်လက်ဖျံအား ရိုက်ခတ်သဖြင့် ဒေါ်စိုး လန့်၍အော်ခြင်း ဖြစ်၏။ ကြောက်စိတ်သည် ငယ်ထိပ်သို့ရောက်နေသဖြင့် စိတ်မထိန်းနိုင်ဘဲ ဝမ်းများထွက်ကျသွားသည်။ ရှေ့ဆက်မသွားဝံ့တော့ဘဲ-

"ကိုမော်စီရေ၊ ကိုမော်စီ"

ယောကျ်ားအမည်ကိုခေါ်၍ တဲဆီသို့ခြေကုန်သုတ်ပြေးလေသည်။ မိန်းမဖြစ်သူအော်သံကြောင့် ကိုမော်စီသည် တဲအတွင်းမှထွက်ကာ အသံလာရာ ဝင်းတံခါးဆီသို့မျှော်ကြည့်ရာ သူ့မိန်းမသည် ထဘီစွန်တောင်ဆွဲ၍ ပြေးလာသည်ကို တွေ့ရသည်။

"ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ"

အမေးမဆုံးမီ သူ့ရှေ့တွင် ဒေါ်စိုးသည် ခွေကျသွားလေတော့သည်။

သရဲခြောက်လှန့်သည် ဟူသော သတင်းသည် စက်မှုဇုန်တစ်ကြော ပြန့်ကားလျက်ရှိသည်။ ဝင်းအတွင်းနေထိုင်သူများ အထိတ်တလန့်မရှိရေးအတွက် ကိုတောက်ထွန်း စဉ်းစားရပြီ။ ပိုင်ရှင်ကလည်း ပေါ်မလာ။ ကားကိုစုံစမ်းကြည့်လိုက်တော့ လိုင်စင်မဲ့ကား ဖြစ်နေသည်။ ပြုပြင်ပြီး ပြန်ရောင်းပါကလည်း ကားရာဇဝင်မကောင်းသည့် ပြင်ယာဉ်၊ မှတ်ပုံတင် မရှိ။ သက်ဆိုင်ရာကို အပ်ပြန်ရင်လည်း စစ်ဆေးမှု၊ အမေးအမြန်းထူမှု၊ မယုံသင်္ကာဖြစ်မှုနှင့် ကြုံရမည်။ ဖြစ်ကြောင်းကုန်စင်ပြောပြလျှင်လည်း ယုံကြည်ဖို့မလွယ်။ တစ္ဆေ၊ သရဲခြောက်ခြင်းကို ယနေ့ကာလတွင် ယုံကြည်ဖို့မရှိ။ ကိုယ်တွေ့ကြုံမှ ယုံကြည်ကြပေလိမ့်မည်။ ကိုတောက်ထွန်းသည် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ အမိန့်ဩဇာထုတ်ပြန်ရန် ဖြစ်သည်။ နောက်ဆုံး မရလျှင် ဆရာတော်များပင့်ဖိတ်၍ ကမ္မဝါဥတ်ရန် စိတ်ကူးမိပေသည်။

ထိုလူလာသည့် ည (၈) နာရီခန့်တွင် ကိုတောက်ထွန်းသည် ကားခေါင်းကိုပုတ်ပြီး-

"ဝင်းထဲကလူတွေကို မခြောက်လှန့်ပါနဲ့။ ကားသယ်တဲ့ ကုန်ကျစရိတ်ပြန်ပေးပါ"

ဟု အမိန့်ပေးသံ ခပ်မာမာဖြင့် ပြောလိုက်သည်။

ထိုသို့ အမိန့်ပေးပြီး (၃) ရက်မြောက်တွင် ဖြစ်လေသည်။ ကိုတောက်ထွန်းသည် တာဝန်အရ ရုံကိုစစ်ဆေးရန် ဂိတ်ဝသို့ ထွက်လာပေသည်။ ထမင်းစားနောက်ကျသွားသဖြင့် သာမန်ထက်နောက်ကျနေပေသည်။ အအေးဓာတ်ကျန်သေးသဖြင့် အေးစိမ့်စိမ့်လေးဖြစ်နေသေးသည်။ ဒီလိုအချိန်မှာ ကားဆရာ လာခေါ်သည့်ကိစ္စ ခေါင်းထဲဝင်လာသည်။ ဂိတ်ရှေ့လမ်းမဆီမျှော်ကြည့်



www.burmeseclassic.com

www.burmeseclassic.com

လိုက်သည်။ လူတစ်ယောက် လက်တွင် အထုပ်တစ်ထုပ်ဆွဲလျက် ကိုတောက်ထွန်းရှိရာသို့ တစိုက်မတ်မတ်လျှောက်လာနေသည်။ ကိုတောက်ထွန်းသည် မျက်လုံးကို ပွတ်ကြည့်သည်။ အသေအချာပါပဲ၊ လူပါပဲဟု တွေးကာ စောင့်နေသည်။ မှုန်ဝါးဝါးအလင်းရောင်ကြောင့် ထိုသူ၏မျက်နှာအား သဲကွဲစွာ မမြင်ရ။ အေးသမို့ ခေါင်းတွင် ပတ်တီးစည်းထားသကဲ့သို့ ခပ်ပါးပါးခြုံထားသည်။

"ရော့- ကားသယ်စရိတ်(၃)သိန်း"

အမည်းရောင်ကျွတ်ကျွတ်အိတ်ထုပ်အား ကိုတောက်ထွန်းသို့ လှမ်းပေးသည်။ ကိုတောက်ထွန်းလည်း ယောင်ယမ်း၍ လှမ်းယူပြီး စကားပြောရန်ဟန်ပြင်စဉ် သုတ်ခနဲ လှည့်ထွက်သွားပေတော့သည်။

ကိုတောက်ထွန်းသည် ထိုသူကား လူသားစင်စစ် ဧကန်ဖြစ်ပေတော့သည် တကားဟုတွေးလျက် အခန်းသို့ပြန်လာခဲ့ပေသည်။ မနက်ကျမှ ထိုကားသယ်စရိတ် (၃) သိန်းကို အောင်ကျော်တို့လူစုအား ပေးတော့မည်ဟု ဆုံးဖြတ်ကာ ထိုအထုပ်ကို စားပွဲပေါ်တွင်တင်၍ အိပ်လိုက်ပေတော့သည်။

အိပ်ရာမှ နောက်ကျစွာနိုးလာသော ကိုတောက်ထွန်းသည် မျက်နှာသစ်ပြီး ငွေထုပ်ထားရာ စားပွဲရှေ့တွင် ထိုင်လိုက်သည်။

"ဟင်- ဘယ်လိုဖြစ်တာလဲ"

ကိုတောက်ထွန်းမှာ ကျွတ်ကျွတ်အိတ်ကိုကိုင်ရင်း အံ့ဩတုန်လှုပ်သွား၏။ အိတ်ထဲတွင် ငွေများအစား ဘောစကိုင်းသစ်ရွက်ခြောက်များသာရှိသည်ကို တွေ့ရပေသည်။ ညတုန်းကတည်းက တစ်စုံတစ်ယောက်အား 'ငွေရပြီ' ဟု ပြောခဲ့လျှင် ယခုလို သစ်ရွက်ခြောက်ဖြစ်သွားပြီဟုပြောလျှင် မည်သူ ယုံကြည်နိုင်ပါမည်နည်း။ သံကို ကြွက်စား၊ သားကို စွန်ချီစကားအတိုင်း ဖြစ်ချေမည်။ မပြောမိခြင်းသည်ပင် ကံကောင်းလေသည်။ ကိုတောက်ထွန်းသည် နေရင်းထိုင်ရင်း အရှက်တကွဲ သိက္ခာကျခြင်း ဖြစ်ရပေမည်။ ယခုလို ထိုကိစ္စကို မည်သူတစ်ဦးတစ်ယောက်မျှမသိခြင်းသည် ကံတရား၏ဖေးမမှုကြောင့်ပင် ဖြစ်ရပေမည်။

ကိုတောက်ထွန်းသည် ထိုကျွတ်ကျွတ်အိတ်နှင့် ဘောစကိုင်းသစ်ရွက်ခြောက်ထုပ်ကိုယူ၍ အမှိုက်ပုံတွင်း လွှင့်ပစ်လိုက်ပေတော့သည်။

ဟိန်းဇေယျာ

# ခူနာကိုပူစရာမလိုပါ

## ဇော်မြေကျော်ဇေ

စာရေးသူသည် ၉-၉-၂၀၁၂ နေ့တွင် သားကြီး မောင်ဝင်းကိုကိုဦးနှင့် သားငယ် မောင်သန်းထိုက်ဝင်းတို့မှ မင်္ဂလာဇေယျကျောင်းလမ်းမကြီးအတွက် ကွန်ကရစ်လမ်းခင်း အလှူငွေများကို ဆရာတော်ကြီး ဦးဉာဏဝံသထံသို့သွားရောက်လှူဒါန်းခဲ့ရာတွင် တိုက်အုပ်ဆရာတော် ဦးကောသလ္လမှ လှူဖွယ်ဝတ္ထုငွေများကို စာရင်းပြုစုပြီး ငွေလက်ခံ ရေတွက်နေစဉ် အလှူရှင်ဒကာမတစ်ဦးမှ ဆရာတော်ကို ဦးတိုက်ရာတွင် ထိုဒကာမ၏ဘယ်လက် လက်ခလယ်တွင် သံသရာသီးကိုဖောက်စွပ်ထားပြီး ဆရာတော်ကို ဖြည်းဖြည်းချင်း ဦးတိုက်လေရာ ဆရာတော်က ဤကဲ့သို့ မေးလေသည်။

"ဒကာမကြီးလက်က ဘာဖြစ်တာတုံး"

"မှန်ပါ့ဘုရား၊ တပည့်တော်လက်က ခူနာသဘောမျိုးလို ဖြစ်နေပါတယ်ဘုရား။ တဖြည်းဖြည်းနဲ့ ယားယံလာပြီး လက်ချောင်းပတ်ပတ်လည် အဖုအပိမ့်လေးတွေက အပြင်လိုက် ထွက်လာပါတယ် ဘုရား။ တပည့်တော်က ယားနာ ရိုးရိုးလို့ထင်ပြီး သနပ်ခါးနဲ့ဆား သွေးလိမ်းပေမယ့် မပျောက်ပါဘူး ဘုရား။ တချို့က ပြောတော့ နှင်းခူနာဖြစ်ဖို့အတွက် အစပျိုးတာလို့တော့ ဆိုတာပဲ။ သံသရာသီးကို အထက်အောက် ဖြတ်ပြီး စွပ်ထားရင် နုရင် ပိန်ပြီး ပျောက်တယ်လို့ ဆိုကြတာနဲ့ တပည့်တော်လည်း စွပ်ထားတာပါ ဘုရား"

ဟု ပြောသောအခါ တိုက်အုပ် ဦးပဉ္စင်း ဦးကောသလ္လက-

"ဒကာမကြီး ဘယ်နှစ်ရောက်ရောက် မှတ်ထားပါ၊ ဦးပဉ္စင်း ပြောပြမယ်။ အခု သံသရာသီးစွပ်ထားတော့ကော ဒကာမကြီးရဲ့လက်ကအနာ အရောင်လျော့ပြီး သက်သာရဲ့လား"

"အရောင်ကတော့ ဒီအတိုင်းပါပဲ ဘုရား။ လျော့လည်းမသွား၊ ကြီးလည်း မလာဘဲနဲ့ အဖုအပိမ့်လေးတွေက ပိုထွက်လာပြီး ယားလည်းယား၊ နာလည်း နာပါတယ် ဘုရား"

"ကောင်းပြီ ဒကာမကြီး၊ ဦးပဉ္စင်း ဒကာမကြီးကို ကြုံတုန်း ဆေးနည်းပေးလိုက်မယ်။ ဒီဆေးနည်းက ရှေးဆရာတော်ကြီးတွေရဲ့နည်းပဲ ဒကာမကြီး၊ ယုံယုံကြည်ကြည်နဲ့လုပ်ကြည့်ပါ။ သက်သာပျောက်ကင်းပါလိမ့်မယ်။

ဆေးနည်းကတော့ ထမင်းရည်ပူကို ကြွေပန်းကန်တစ်လုံးထဲမှာထည့်ပြီး နှင်းခူဖြစ်နေတဲ့လက်ချောင်းကို ပန်းကန်လုံးထဲကိုနှစ်ပြီး 'ဟဲ့- နှင်းခူ၊ ကြွေတော့' ဆိုပြီး ပြန်နုတ်လိုက်။ ဒကာမကြီး ပူခြင်း၊ အေးခြင်း ဆိုတာ ဘာခံစားရမှန်းမသိဘဲ တဖြည်းဖြည်းနဲ့ အဖတ်တွေ အလွှာလိုက်ကွာပြီး သက်သာပျောက်ကင်းသွားမှာ။ ဦးပဉ္စင်း ငယ်စဉ် ကိုရင်ဘဝက သက်သာပျောက်ကင်းတဲ့ ဆေးနည်းတစ်လက်ပဲ။ အဲ- နှင်းခူနာ ထမင်းရည်ပူစိမ်ပြီး (၇) ရက်အတွင်းမှာတော့ တစ်နေ့ကို ဂုဏ်တော်ကိုးပါး (၉) ကြိမ်၊ (၇) ရက်ပြည့်တဲ့နေ့အထိ မမေ့မလျော့ဘဲ ရွတ်ပေးဖို့တော့ မမေ့နဲ့။ ဒကာမကြီး လက်ကပေါက်တဲ့ အာဂန္တု နှင်းခူနာ နောင်တစ်သက် ဘယ်တော့မှ မလာတော့ဘူးမှတ်။ ဟိုဒကာကြီး စာရေးဆရာ ဦးကျော်ဝေလည်း မှတ်ထားပေါ့။ ဘုန်းကြီးက သင့်တော်ရာမဂ္ဂဇင်းထဲမှာ ဆောင်းပါးရေးဖို့ စိတ်ကူးထားပေမယ့် ဘုန်းကြီး မရေးတော့ပါဘူး"

"မှန်ပါ့ဘုရား၊ တပည့်တော် ဆောင်းပါးရေးဖို့အတွက် စာမူကြမ်းတစ်ခုရတာပေါ့ ဘုရား။ ဦးပဉ္စင်းခွင့်ပြုရင် တပည့်တော် သုရဋ္ဌမဂ္ဂဇင်းမှာ ဆောင်းပါးတစ်ပုဒ် ရေးလိုက်ပါ့မယ် ဘုရား"

"ရေးပါ ဒကာကြီး၊ ဒကာကြီးနဲ့ ဦးပဉ္စင်းတို့က ဆရာဒကာအရင်းတွေပဲ။ ဦးပဉ္စင်း ခွင့်ပြုပါတယ် ဒကာကြီး"

စာရေးသူတို့မိသားတစ်စုလည်း ဆရာတော်ကြီး ဦးဉာဏဝံသနှင့် တိုက်အုပ်ဆရာတော် ဦးကောသလ္လတို့ကို ဦးခိုက်၍ ပြန်ခဲ့တော့သည်။

ဇော်မြေ-ကျော်ဇေ

*(ဤဆောင်းပါးကို ရေးခွင့်ပြုသော ဆရာတော်ကြီး ဦးဉာဏဝံသနှင့် တိုက်အုပ်ဆရာတော် ဦးကောသလ္လတို့အား ကျေးဇူးတင်စွာဖြင့် ဤဆောင်းပါးနှင့်တကွ ဦးခိုက်လိုက်ပါသည်။)*



www.burmeseclassic.com

www.burmeseclassic.com


**ပြီးခဲ့သည့် ဇာတ်လမ်းအကျဉ်း**

အမေ မြနန်းနွယ်အား ရုပ်တုအဖြစ်သာ မြင်ကြရပြီး သက်ရှိလူသားအဖြစ် မြင်နိုင်ရန်မှာ အလွန်ခဲယဉ်းလှပေမည်။ သို့သော် ဦးအောင်မြင့်သိန်းကတော့ အမေ မြနန်းနွယ်အား မင်းဘူး မယ်ဘော့ကုန်းတွင် အဘွားအိုတစ်ဦးအဖြစ် ဦးစွာ တွေ့ဆုံခဲ့လေသည်။ မယ်ဘော့ကုန်းသို့ ဦးအောင်မြင့်သိန်းရောက်ချိန်က လူတိုင်းလိုလို ထိုအဘွားအိုအား ဒေါ်မြနန်းနွယ်ဟု ခေါ်နေကြပြန်သည်။

လူအများ အသိအမှတ်ပြု ခေါ်ဝေါ်နေ၍ ဦးအောင်မြင့်သိန်းက မယုံလို့မဖြစ်တော့၊ တွေ့ဆုံစကားပြောကြည့်ရာ မိခင်တစ်ဦးလို ချစ်ခင်လေးစားမှုပင်တိုး၍လာခဲ့သည်။

"အမေ့အတွက် စေတီလေးတစ်ဆူ တည်ပေးပါလား သားရယ်"

ဟူသော ပြောစကားအရ ဦးအောင်မြင့်သိန်းက မဖြစ်ဖြစ်အောင် အလုပ်နှင့်သက်သေပြခဲ့သည်။ ထို့ကြောင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် မြို့ချောင်းကျေးရွာအုပ်စု၊ သရက်ကုန်း




# ဝိဇ္ဇာဓိုရ်ဆရာတော်များနှင့် အဝေးဆုံးခရီးသည့် အမေမြနန်းနွယ်

**စိုးထွန်း(ဥပဒေ)**

ရွာတွင် 'လေးသစ္စာ အမ္ဗထလ စေတီတော်' သည် ၂၇-၄-၂၀၀၂ နေ့တွင် ဖြစ်ထွန်းပေါ်ပေါက်လာခဲ့၏။

စေတီတော်ဖြစ်ထွန်းပေါ်ပေါက်ရန် အသန့်ရှင်းဆုံးငွေနှင့် ကြိုးစားခဲ့သောကြောင့် စေတီတော် ပြီးသည်နှင့် ဦးအောင်မြင့်သိန်း၏ အိမ်တွင်းစီးပွားရေးမှာ လွန်စွာ ကျဆင်းသွားတော့သည်။ ဤအဖြစ်ကိုသိရှိသော အမေမြနန်းနွယ်က သားတော်မောင်၏ ကုသိုလ်ကံအလျောက် အောင်ဘာလေထီ ပေါက်အောင် လမ်းညွှန်မှုကို ပေးလိုက်၏။

ရလာသော လာဘ်လာဘသည် အမေ မြနန်းနွယ်၏ ကျေးဇူးတရားကြောင့်ရရှိကြောင်း သိရှိနေ၍ အမေ့အား ကန်တော့ရန် မင်းဘူး မယ်ဘော့ကုန်းသို့ မိသားစုနှင့်အတူ ဒုတိယအကြိမ် သွားခဲ့သည်။ ဤသို့ ဒုတိယအကြိမ် သွားခဲ့သောကြောင့်လည်း ဤဒုတိယပိုင်းသည် ပေါ်ပေါက်လာခြင်းသာ ဖြစ်ပါသတည်း။

**ဝိဇ္ဇာဓိုရ်ဆရာတော်များနှင့် အဝေးဆုံးခရီးသည် အမေ မြနန်းနွယ်**

'အမေ မြနန်းနွယ်နှင့် တိုက်ရိုက်ဆုံခဲ့သူ' ဆောင်းပါးပါသည့် မဂ္ဂဇင်းကို လက်ဆောင်ပေးရန် ကျွန်တော်က ဦးအောင်မြင့်သိန်းအိမ်သို့ ထွက်လာသည်။ သူ့ကို အိမ်တွင် အဆင်သင့် တွေ့လိုက်ရ၍ ကျွန်တော်က လာရကျိုးနပ်သွားသည်။ လက်ဆောင် သူရဇ္ဇမဂ္ဂဇင်းအား ပေးအပ်ရာ သူကလည်း နောက်ပိုင်း ကြုံတွေ့မှုများကို (၂)နာရီနီးပါး ရင်ဖွင့်နေပြန်သည်။

သူ၏ရင်ဖွင့်ချက်များသည် အမေ မြနန်းနွယ်၏ နောက်ဆုံးရည်ရွယ်ချက်ပန်းတိုင်ကို သိလိုက်ရသလို မြန်မာနိုင်ငံရှိ အလွန်ထင်ရှားသော ဝိဇ္ဇာဓိုရ်များအကြောင်းပါ တစေ့တစောင်းသိလိုက်ရ၍ ဒုတိယအကြိမ်ရေးသားရန် အကြောင်းတရားများ ဖန်တီး ပေါ်ပေါက်လာခြင်း ဖြစ်ပါသည်။

ဦးအောင်မြင့်သိန်း၏ ရှင်းလင်းချက်တွင် အမေမြနန်းနွယ်တစ်ယောက်သည် ဘဒ္ဒကမ္ဘာတွင် နောက်ဆုံးပွင့်တော်မူမည့် အရိမေတ္တေယျ မြတ်စွာဘုရားရှင်လက်ထက်တွင် လူသားအဖြစ် ပြန်လည်ရောက်ရှိပြီး ၎င်း၏ဆွေတော်မျိုးတော်များနှင့်အတူ နိဗ္ဗာန်သို့ တက်လှမ်းရန် ပါရမီဖြည့်နေသော ပုဂ္ဂိုလ်ထူးကြီးဖြစ်ကြောင်း သိလိုက်ရ၍ ကျွန်တော်က-

'အဝေးဆုံးခရီးသည် အမေမြနန်းနွယ်'

ဟု ခေါင်းစီးတပ်၍ ဤဇာတ်ကြောင်းကို ဆက်လက်ဖော်ပြရခြင်း ဖြစ်ပါသည်။ ဤဇာတ်လမ်းအား ...



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က ဦးအောင်မြင့်သိန်းတည်ခဲ့သည့် စေတီတော်ရှိရာ သရက်ကုန်းရွာသို့ အကြိမ်ပေါင်းများစွာ သွားရသည်။ ရွာသားများအားလည်း ရှေးဖြစ်နှောက်ကြောင်းများကို စုံစေ့အောင် မေးရ၏။ ယခုဇာတ်ကြောင်း၌ မင်းဘူး မယ်ဘေ့ကုန်းရှိ ဝိဇ္ဇာမိုရ်ဆရာတော်ကြီးများအကြောင်းပါ ပါလာ၍ ဝိဇ္ဇာမိုရ်များနှင့် ပတ်သက်ပြီး ဦးအောင်မြင့်သိန်း မြင်သမျှ ကြားသမျှကို စစ်စစ်ပေါက်ပေါက် မေးရပြန်သည်။

အထူးသဖြင့် ဝိဇ္ဇာမိုရ်ဆရာတော်ကြီးများအား ရောင်တော်ဖွင့်သည့် အခန်းကဏ္ဍပါလာ၍ မှားယွင်း ချို့ယွင်းမှု မရှိစေရန် အလွန် အရေးကြီးနေပါသည်။ ထို့ကြောင့် သတိထားပြီး အချိန်ယူ ရေးသားပြုစုနေရ၍ ပထမပိုင်းနှင့် ဒုတိယပိုင်းမှာ အတန်ငယ်ဝေးကွာသွားရခြင်း ဖြစ်ပါသည်။ ဦးအောင်မြင့်သိန်းအိမ်သို့ တွေ့ဆုံ မေးမြန်းရသည့် အခေါက်ပေါင်း များလာ၍ သူနှင့် ကျွန်တော်မှာ ငယ်ပေါင်းကြီးဖော်လိုပင် ဖြစ်နေ၏။ သူ့အိမ်သို့ရောက်စဉ် ကျွန်တော်သိချင်သည့် အရေးကြီးသည့်တစ်ချက်အား ပွင့်ပွင့်လင်းလင်းပင် မေးလိုက်သည်။

"ခင်ဗျား စေတီတော် တည်နေချိန်မှာ အမေမြနန်းနွယ် မနောရတဲ့ ဘိုးတော်လေးက ဂဏန်းတွေ ချပေးတာ တစ်မြို့လုံးလိုလို ပေါက်တယ် ဆိုတာ ဟုတ်ပါသလား။ အဲဒီငွေနဲ့ ဘုရားတည်တာလား"

"အင်း- ဒီကိစ္စကိုပြောဖို့ ကျန်နေပါတယ်။ ဒီကိစ္စ စပြီးပြောမယ်ဆိုရင်

**ဆရာတော်ကြီးဦးတောဝိဒမိန့်မှာသည်မှာ -**

ဒကာ၊ ဒကာမကြီးတို့ အိမ်မှာနေ့စဉ်ဘုရားစင် ပန်းမပြတ်မစေနဲ့၊ လင်မယား အိပ်ခန်းမလှရင်နေ၊ ဘုရားစင်ကို အမြဲတမ်းလှအောင်ပြင်ထားပါ။ ဆရာတော်ကြီး သာဓုခေါ်မယ်၊ အဲဒီလိုအိမ်မျိုးကို ဆရာတော်ကြီးကို ပင့်ပါ၊ ညအိပ်ယာဝင်ရင် ၁၀နာရီထိုးပြီးရင် ဘုရားစင်ရှေ့မှာ နေကထိုင်ခင်းထားပြီးပင့်ပါ။ ကိုယ်တိုင်အိမ်ပေါက်စေ့ကြွလာမယ်၊ အဲဒီအခါ လိုရာလျှောက်ထားပါ။ ကျန်းမာရေး၊ စီးပွားရေး၊ အခက်အခဲမကောင်းလို့ ဆေးပေးသွားမယ်၊ အဆောင်ပေးသွားရင် တို့ပဲ။ ယကြာချေပေးမယ်လို့ ငွေတောင်းသွားရင်၊ ပစ္စည်းတောင်းသွားရင် တို့မဟုတ်ဘူး။ ဘုရားကိုးကွယ်၊ တရားကိုးကွယ်၊ သံဃာကိုးကွယ်ရင် ခွေးဖြစ်နေပလေ့စေ တို့ဂိုဏ်းပဲ။ တိုင်းပြည်ခေါင်းဆောင်များ၊ ရပ်ရွာခေါင်းဆောင်များ၊ မိဖများကို အမြဲမေတ္တာပို့ရမယ်။ အမြဲတမ်း အေးချမ်းသာယာတဲ့ သာသနာတိုင်းပြည်ဖြစ်အောင်၊ မကောင်းတာမပြောနဲ့ မကောင်းတာမကြံနဲ့ တို့ မ-မယ်၊ ဝအောင်ကျွေးမယ်၊ ငါ ကောဇိဒ အပြောမဟုတ်ဘူး။ အလုပ်နဲ့ သက်သေပြမယ်။ ဘုရား၊ တရား၊ သံဃာ ကိုအားကိုးပါ။ လိုတာပြည့်စုံစေရမယ်။

အမေ့မနောရတဲ့ ဘိုးတော်လေးက ဂဏန်းဘာဖြစ်လို့ချသလဲ ဆိုတာကို အရင်ရှင်းပြမယ်။ အမေက စေတီတည်နေချိန်မှာ လူစည်ကားအောင် စည်းရုံးပေးလိုက်တာပါ။ ဒီလိုစည်ကားမှ ဆွေတော်မျိုးတော်တွေ သိပြီး ရောက်လာကြမှာကိုး။ ဂဏန်းက ဘယ်တော့မှ တည့်တည့် မပေးပါဘူး။ အတွေးအခေါ်မှန်တာရယ်၊ ကံဆုံကြတာရယ်ကြောင့် စုပြီးပေါက်တဲ့သဘောပါ။ ကျွန်တော်က လောင်းကစားငွေနဲ့ လုံးဝ စေတီတည်တာ မဟုတ်ပါဘူး။

စေတီမတည်ခင် ကျွန်တော်က ဘယ်လို သစ္စာပြုသလဲဆိုရင်-


'ကျွန်ုပ်သည် ဤစေတီတော်ကို အသန့်ရှင်းဆုံးငွေနဲ့ တည်မည်ဖြစ်ကြောင်း သစ္စာပြုပါတယ်'

လို့ သစ္စာဆိုပြီးမှ တည်ခဲ့တာပါ။ ဒါကြောင့် ဘာဂဏန်း ချပေး ချပေး၊ ကျွန်တော့်ကို လာပြောတောင် လုံး[illegible] မထိုးပါဘူး။ ဒီစေတီတော်တည်တာ[illegible] ကျွန်တော့်မှာရှိတဲ့ရွှေကိုထုခွဲ၊ မလော[illegible] တော့ အိမ်က တရုတ်နီစက်ကို ရောင်း[illegible] တယ်။ နောက်ထပ် လိုလာတော့ ကျွန်[illegible] တော်စီးတဲ့ ဆိုင်ကယ်နှစ်စီးထုတ်လိုက်[illegible] တယ်။ အဲဒီငွေနဲ့ တည်တာပါ။


နောက် စည်းကမ်းတစ်ခုထား[illegible] တယ်။ ဒါကတော့ ဘယ်အရပ် ဘယ်[illegible] သကိုမှ အလှူခံ မထွက်ခိုင်းပါဘူး[illegible] သတင်းကြားလို့ အမေ့ရဲ့ဆွေတော်မျိုး[illegible] တော်တွေ မေးစမ်းရောက်လာပြီး ဘယ်[illegible] နေရာတော့ လှူပါရစေလို့ တောင်း[illegible] တဲ့လူလောက်သာ လက်ခံပါတယ်"

ဘုရားအလှူငွေကိစ္စ မေးပြီး[illegible] ကျွန်တော်က စာမရေးခင် မရှင်းလ[illegible] သည့်အချက်များ ကျန်နေသေး၍-



ဘုရားဖူးများအတွက် အာရုံခံတန်ဆောင်း



ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ထူးများနှင့် သိုက်နန်းရှင်များအား ရည်စူး၍ ပြည်သူပြည်သားအပေါင်းမှ လှူဒါန်း[illegible] တံခွန်တိုင်



www.burmeseclassic.com


www.burmeseclassic.com

"ကျွန်တော် မရှင်းတဲ့အချက်ကျန် သေးတယ်ဗျ။ ခင်ဗျားပြောတဲ့စကားထဲ မှာ အမေက 'ငါတို့ကတော့ ဘုရားတစ် ခါမှ မတည်ဖူးသေးဘူး၊ အမေ့အတွက် ဘုရားတစ်ဆူ တည်ပေးပါလား' ဆိုတဲ့ စကားလေ။ အမေမြနန်းနွယ်လို ပုဂ္ဂိုလ် ဆိုးက ရွှေမရှား၊ ငွေမရှား ထင်ရှားတဲ့ ပါရမီရှင်ပဲ။ မြန်မာနိုင်ငံမှာ အမေလှူ ထားတာတွေ အားကြီးရှိပါတယ်။ ဒါ ကြောင့် ဘုရားမတည်ဖူးသေးဘူး ဆိုတဲ့ စကားဟာ ဟုတ်ပါ့မလား"

"ခင်ဗျားပြောသလို မြန်မာပြည် ထဲမှာ အမေလှူထားတဲ့ သာသနိကအ ဆောက်အအုံတွေ၊ စေတီတော်တွေ အ များကြီးရှိပါတယ်။ ဒီလိုလှူတာနဲ့ စေတီ တော်တည်တာ မတူဘူးလေ။ ဟိုပေါက် ကန်းကျေးရွာက ကုဋ္ဌာသယ ပေါက်စေ တီတော်ဆိုရင် အမေ့ရဲ့အလှူ၊ အမေ့ ရဲ့ပံ့ပိုးမှုက အံ့မခန်း များပါတယ်။ ဒါပေ မယ့် အမေမြနန်းနွယ် တည်ခဲ့တဲ့ စေတီ တော်မဟုတ်ဘူး။ တာဝန်ယူ တည်တဲ့ ပုဂ္ဂိုလ်က ဘဒ္ဒန္တ အရှင်ဦးကုမာရပဲ ဖြစ် ပါတယ်။ ဆရာတော်ကြီးဆိုရင် တောင် ဝေးနဲ့ထောက်ရုံနဲ့ ရောဂါတွေပျောက် ကြလို့ 'တောင်ဝေ့ထောက်ဆရာတော် ကြီး' လို့ လျှမ်းလျှမ်းတောက် ကျော် ကြားသွားတယ် မဟုတ်လား။ မဂ္ဂဇင်း တိုင်းလိုလို ဖော်ပြခဲ့ပါတယ်၊ ခင်ဗျား သိတ်ဖြစ်ပါလိမ့်မယ်။

ဒီတောင်ဝေ့ကိုလည်း အမေမြ နန်းနွယ်က ဆရာတော့်လက်ထဲရောက် အောင် ဖန်တီးပေးလိုက်တာပါ။ ဒါ ကြောင့် မြန်မာပြည်က စေတီ၊ ပုထိုး၊ ကျောင်း၊ ကန်တွေကို အမေက သာသ နာပြု အလှူရှင်အဖြစ်သာ ပါဝင်ခဲ့ပါ တယ်။

အခု စေတီတော်ကျတော့ မတူ ဘူး။ အမေမြနန်းနွယ်ကိုယ်တိုင် ကျောင်း သားလေးကို မာတ်စီးပြီး တည်ရမယ့် နေရာကို ရှာပေးတယ်၊ တည်ရမယ့်နေ့ နဲ့အချိန်ကိုလည်း မင်းဘူး မယ်ဘော့ကုန်း က ဘုန်းဘုန်းကြီးတွေရဲ့လမ်းညွှန်ချက် အတိုင်း လုပ်ခဲ့တယ်။ တည်ရမယ့်နေရာ က အလွန်ရှေးကျတဲ့ခေတ်က မွန်ဘုရင် 'ဓောမြဒင်' ရဲ့ စေတီဟောင်းနေရာပဲ။ အုတ်တစ်ချပ်ကို တစ်တောင် (၁၈ လက်မ) အပြည့် ရှိတယ်။ အဲဒီနေရာက အခု ရွာသားတွေ ဥယျာဉ်လုပ်ထားလို့ ဘန်ရာတန်ကြေးပေးပြီး ယူရသလို' သူ တို့ကလည်း လှူပါတယ်။ ပထမ တောင် လို့ထင်ခဲ့တာ၊ တူးလိုက်မှ ဘုရားပျက်



လေးသစ္စာ အမွှထလစေတီတော်နှင့် ဘုရားဒကာ ဦးအောင်မြင့်သိန်း


မှန်းသိတာပါ။

ဒါကြောင့် စေတီတော်ပန္နက်ရိုက် ချိန်က ထီးတော်တင်ပြီးတဲ့အထိ အမေ က ကျောင်းသားလေးကို အချိန်ပြည့် မာတ်စီးပြီး စီစဉ်ညွှန်ကြားနေတယ်ဗျ။

ခင်ဗျားစကားကို ထပ်ရှင်းရမယ် ဆိုရင် အမေ့ရဲ့သာသနာပြုခရီးမှာ အ ရင်ကိစ္စတွေက အလှူရှင်အဖြစ်ပဲ ပါခဲ့ တာပါ။ ဒါကြောင့် 'တို့ကတော့ စေတီ တစ်ခါမှမတည်ဖူးသေးဘူး' ဆိုတဲ့စကား ဟာ အမှန်ပဲ ဖြစ်ပါတယ်။ ဒီစေတီ တော်ကို ဘာဖြစ်လို့ တည်တာလဲဆိုရင် အကြောင်းအကျိုးတစ်ခု ရှိတယ်ဗျ။ ဒါ ကတော့ ကျောင်းသားလေးကို အမေ မာတ်စီးပြီး ပြောတဲ့စကားထဲမှာ အရိပ် အမြွက်ပါနေပါတယ်။

ဝိဇ္ဇာလိုင်းမှာ မီးထုံကူးတယ်၊ ရေ ထုံကူးတယ်၊ မြေထုံကူးတယ်ဆိုပြီး သူ့ အဆင့်နဲ့သူ ရှိပါတယ်။ အမေကတော့ ဒီစေတီတော်လေးကို ပါရမီဖြည့်တဲ့အ နေနဲ့ တည်လိုက်တာပါ။ ဒီစေတီလေး ပြီးသွားရင် ဘဝတစ်ဆစ်ချိုး ပိုပြီး မြင့် တက်သွားမယ်။ ဘယ်လို ဘဝတစ်ဆစ် ချိုးမြင့်မှာလဲလို့ အစကမသိပါဘူး၊ ဒုတိ ယအကြိမ် မင်းဘူး မယ်ဘော့ကုန်းက ပြန် တော့မှ နည်းနည်းသဘောပေါက်သွား တယ်။ နောက်ပိုင်းကဏ္ဍမှာ အကျယ် ရှင်းပါ့မယ်။

"အင်း - မရှင်းတဲ့အချက်ကလေး နည်းနည်းကျန်သေးတယ်။ အဲဒါက ပေါက်ကုန်း ဘုန်းတော်ကြီးကျောင်းကို လာကြတာက ညီအစ်မသုံးယောက်။ မြနန်းရှင် (အကြီး)၊ မြနန်းနွယ်(အလတ်)၊



ဘုရားဒကာနှင့် စာရေးသူ

မြနန်းဝေ (အငယ်) ဆိုပြီး သုံးယောက် လာကြတယ်။ ကံ့ကော်တစ်ထောင် ဆရာတော်ကြီးဆီကိုတော့ ညီအစ်မနှစ် ယောက်ပဲလာတယ်။ ခင်ဗျား စေတီ တော် ထီးအလှူရှင်ကျတော့ 'ငါက အစ်မတော် မြနန်းနွယ်ရဲ့ ညီမ မြနန်း သွယ်ဟဲ့' လို့ ပြောပြန်တယ်။ ဒီလို နာ မည်တွေ ကွဲပြားရတဲ့အကြောင်း သိချင် ပါတယ်"

"အင်း- ဒါကတော့ ဘဝသံသရာ မှာ ပဋ္ဌာန်းဆက်အရတော်စပ်ခဲ့တဲ့ ညီမ တွေကို အဖော်ခေါ်တာဖြစ်ပါလိမ့်မယ်။ ကျွန်တော် သိသလောက် အမေမြနန်း နွယ်က တစ်ယောက်တည်း သွားလေ့မရှိ ပါဘူး။ ပေါက်ကုန်းကျောင်းကို သွား တော့လည်း ညီအစ်မသုံးယောက်၊ ကံ့ ကော်တစ်ထောင်မှာက ညီအစ်မနှစ် ယောက်၊ ကျွန်တော်တို့ စေတီလေးမှာ လည်း မြနန်းသွယ်ပါရင် နှစ်ယောက်ပါ ပဲ။ သံသရာတစ်လျှောက်က ဆွေတော် မျိုးတော်တွေကို သာသနာ့ကိစ္စတိုင်း အ ဖော်ခေါ်သွားတဲ့သဘောပါပဲ"

ကျွန်တော်က သိချင်သည့်ကိစ္စ များရှင်းလင်းသွားပြီဖြစ်၍ မေးမြန်းခြင်း ကဏ္ဍကို ရပ်နားလိုက်ပါတော့သည်။ နောက်ပိုင်းကဏ္ဍတွင် ဦးအောင်မြင့် သိန်းက ပြောပြသူ၊ ကျွန်တော်က နား ထောင်သူသက်သက်သာ ဖြစ်ပါသည်။ သူပြောပြသည့် နောက်ပိုင်းကဏ္ဍများ၌ မြန်မာနိုင်ငံတွင် အထင်ရှားဆုံး ဝိဇ္ဇာမိုရ် ဆရာတော်များအကြောင်းပါ အသေး စိတ် ပါလာ၍ 'ဝိဇ္ဇာမိုရ်ဆရာတော်များ နှင့်အဝေးဆုံးခရီးသည် အမေမြနန်းနွယ်' ဟု ထပ်မံဖြည့်စွက်ဖော်ပြ၍ [illegible]



www.burmeseclassic.com

www.burmeseclassic.com

လိုက်ရပါကြောင်း။

**လိပ်ဥတူး၍ ဘုရားဖူးရခြင်း**

မြန်မာ့စကားပုံတွင် 'ဘုရားလည်းဖူး၊ လိပ်ဥလည်းတူး' ဟူ၍ ရှိပေ၏။ ကိုအောင်မြင့်သိန်းကတော့ လိပ်ဥတူးပြီးမှ ဘုရားဖူးရခြင်းအဖြစ်နှင့် ကြုံနေသည်။ သူ၏ အောင်ဘာလေထီ ပေါက်ပုံက နည်းနည်းလေးတော့ ထူးဆန်းသည်ဟု ဆိုရမည်။ အိမ်ရှေ့သို့ ထီးတွန်းလှည်းလေးရောက်လာစဉ် 'သား - ထီလှည်းထိပ် အလယ်အုပ်ကို ယူလိုက်ပါ' ဟု အမေ့အသံကြားသည်ကို ဟုတ်မှဟုတ်ရဲ့လားဟု ပထမ ဇဝေဇဝါ ဖြစ်နေ၏။

စိတ်ပဲစွဲလို့လား၊ တကယ်ကြားတာလား ဝေခွဲ၍မရ။ ဘာဖြစ်ဖြစ် ဒီထီအုပ်ကို ယူလိုက်တာ မမှားပါဘူးဟု ကိုယ့်ကိုယ်ကိုယ် အားပေး၍ ယူလိုက်သည်။ အောင်ဘာလေထီဖွင့်တော့ သူ့ထီအုပ်က တွတ်တွေချည်း ဖြစ်နေ၏။ ရှေးကုသိုလ်ကံရှိသလောက် ရတာပဲ ဖြစ်မည်ဟု သူ့ကိုယ်သူ သုံးသပ်မိပါသည်။ မည်သည့်နည်းနှင့်ပေါက်ပေါက်၊ ဤတစ်ကြိမ် ထီပေါက်ခြင်းမှာ အမေ့လမ်းညွှန်မှုကြောင့် ပေါက်တာကလွဲ၍ အခြားနည်း မဖြစ်နိုင်ဟု သူက သိနေသည်။

သို့ဖြစ်၍ ထီပေါက်သည့်ငွေနှင့် အမေမြနန်းနွယ်အား မဖြစ်မနေ သွားရောက်ကန်တော့ရမည်၊ အမေ့ကို ကန်တော့လျှင် ယောဂီထဘီ၊ ယောဂီအင်္ကျီနှင့် ယောဂီတဘက် စသဖြင့် တစ်စုံစာ ကန်တော့ရမည်ဟု သူက စီစဉ်ကြည့်နေသည်။ ခက်နေသည်က ယောဂီအင်္ကျီ ချုပ်ပြီးသား ဆိုပါက ကျဉ်းတာတွေ၊ ကျယ်တာတွေ မဖြစ်ဘူးဟု မပြောနိုင်။ အကောင်းဆုံးက ဖျင်ဝယ်သွားတာ ကောင်းပါတယ်လေဟု သူက အတွေးလေးနှင့် ကြည်နူးနေပြန်သည်။

ယောဂီပိတ်အုပ်ဝယ်ပြီးရာ စိတ်ထဲတွင် အကြံတစ်ခုပေါ်လာပြန်သည်။ သူ့အနေနှင့် ပထမရောက်ခဲ့စဉ်က အဘဘိုးထွန်းအောင် တစ်ပါးသာ မြင်ဖူးခဲ့သည်။ ဆရာတော် (၃) ပါးကိုမူ နာမည်သာကြားဖူး၍ ဓာတ်ပုံလောက်သာ မြင်ဖူးသည်။ အဘဘိုးထွန်းအောင်ပင် ခုမြင်ခုပျောက်နိုင်သည့်အစွမ်းအစ ရှိနေလျှင် ဆရာတော်ကြီးများမှာမူ ဆိုဖွယ်ရာမရှိတော့။

ထို့ကြောင့် ကိုအောင်မြင့်သိန်းက မယ်ဘော့ကုန်း ရောက်သည်နှင့် ဆရာတော်ကြီးများကို သက်န်းတစ်စုံစီ ကပ်လိုက်မည်၊ နေ့ဆွမ်းလည်းကပ်လိုက်မည်ဟု စီစဉ်ကြည့်နေ၏။ ဤသို့ကပ်လျှင် သင်္ကန်းတော်အား လက်ခံသည့်အချိန် လောက်တော့ မြင်နိုင်မည် မဟုတ်ပါလား။ ထိုကိစ္စနှင့်ပတ်သက်၍ အမေ့ကို အပူကပ်ရမည်။ ဤအစီအစဉ်ကြောင့် ပဋ္ဌာန်းဆက်ရှိနေသော ကိုအောင်မြင့်သိန်းအား ဆရာတော်ကြီးများက မြင်ခွင့်ပေးလိုက်သောကြောင့် သူ၏ခရီးစဉ်အစသည် 'လိပ်ဥတူး၍ ဘုရားဖူးရခြင်း' ဟု စကားပုံအသစ် ပေါ်လာခြင်းပင် ဖြစ်ပေ၏။

**ဘုရားဖူးခရီးစဉ်အစ**

ခရီးစဉ်အစတွင် မယ်ဘော့ကုန်းသို့ မိသားစုသုံးယောက်သာ သွားဖို့ အစီအစဉ်။ သူနှင့်အတူ ဇနီးသည် နန်းမြင့်မြင့်စန်း၊ သားဖြစ်သူ စိုင်းမြတ်ကောင်းထက်သာ ပါခဲ့သည်။ ခရီးထွက်မည့် (၁)ရက်အလိုတွင် တက်ဆိပ်က မေဆရာ ကိုလှဝင်းရွှေနှင့် သာပေါင်းကိုချိုလေးကလည်း လိုက်ကြမည်ဆို၍ လူ (၅) ဦးနှင့် ခရီးထွက်လာသည်။ ပြည်နှင့် မကွေး ကားလက်မှတ်ဝယ်ရာတွင်လည်း ခုံနံပါတ် (၁) မှ (၅) အထိကို မှာထားသူတွေ မလာ၍ နေရာကောင်း ရလိုက်သည်။ လူ (၅) ဦး၏ ဘုရားဖူးခရီးစဉ်သည် ကြိုတင်ဝယ်ယူထားမှရနိုင်သည့် ကားရှေ့ဆုံးခုံများကို အလွယ်တကူရလိုက်ခြင်းကလည်း ထူးခြားလှပါ၏။

ကိုအောင်မြင့်သိန်းက ဒီလိုသက်သောင့်သက်သာသွားရတဲ့ခရီးဖြစ်အောင် အမေမြနန်းနွယ်ကိုယ်တိုင် နောက်ကွယ်က စီစဉ်နေတာလားဟု တွေးမိပြန်၏။ သူ့အတွေးထဲတွင် ပုသိမ်ကထီလှည်းကိုပင် အလယ်ထီအုပ်ကိုယူလိုက်ဟု လှမ်းပြောနိုင်သူသည် ကားနေရာကောင်း ရရန်ဖန်တီးရသည့်ကိစ္စမှာ ဘာမှခက်ခဲလိမ့်မည် မဟုတ်ပေမယ့် ခက်ခဲသည့် ကိစ္စက မင်းဘူးရောက်မှ ကြုံလာသည်။ ကားတွေ ဒီလောက်ပေါနေတာ၊ ဘယ်ကားမှ ဈေးမတည့် ဖြစ်နေ၏။ တွေ့လိုက်သည့်ကားဆိုလျှင် လူပြည့်နေတာ ကြည့်မလား၊ မထွက်ဖြစ်သေးတာကြည့်မလား၊ ထွက်တော့ထွက်မယ် စက်ပြင်နေလို့ပါပြောတဲ့ကားက မရှား။ ဤပုံဆိုလျှင် မင်းဘူးမြို့တွင် တစ်ညအိပ်ရမည့် ကိန်းက ဆိုက်နေသည်။

စိတ်ပျက်လက်ပျက်နှင့် ကွမ်းယာဆိုင်ထွက်လာရာ တုတ်တုတ်ဒရိုင်ဘာကလည်း သူ့လိုပင် ကွမ်းလာဝယ်သည်
ဘယ်ကိုသွားဖို့လဲဟု ကိုအောင်မြင့်သိ
ကမေးရာ 'ကျွန်တော်က ဂိတ်မထိုးဘူး
ဘယ်ခေါ်ခေါ် လိုက်တဲ့ယာဉ်ဗျ' ဟု အ
ဖြေကြောင့် နှစ်ဦးသား အပေးအယူ
သွားသည်။ မယ်ဘော့ကုန်းလိုက်မလား
မေးရာ ကားဆရာက '(၁၅၀၀) ကျ
ကျမယ်ဆရာ' ဟု ပြန်ဖြေ၏။ ကိုအောင်
မြင့်သိန်းက-

"ခင်ဗျားပြောတဲ့ (၁၅၀၀) ကျ
ဆိုတာ တစ်ယောက်ချင်းပေးရမယ့်ကား
ခလား"

"အို- တစ်ယောက်ချင်း မဟုတ်
ဘူးဗျာ၊ တစ်စီးလုံးကို (၁၅၀၀) ကျ
တောင်းတာပါ။ များနေလို့လား"

"အို- ဒီလိုတော့ မဟုတ်ပါဘူး"

ဟု သူက ခပ်မြန်မြန်လေး
လိုက်ပါသည်။ သူက မယ်ဘော့ကုန်း
ရောက်ဖူးပြီးသား။ ဒီခရီးကို ဘယ်
လောက်ကြာအောင် မောင်းရကြောင်း
လည်း သိနေသည်။ (၁၅၀၀) ကျပ်နှ
ဘယ်ကားမှလိုက်မည်မဟုတ်။ ဒီတု
တုတ်ကျမှ (၁၅၀၀) ကျပ်နှင့် လိုက်မယ်
တဲ့။ မယ်ဘော့ကုန်းရောက်အောင် မောင်း
ပို့ပါ့မလားဟု သံသယဝင်နေ၏။

လက်ရှိအချိန်တွင် အဆင်အပြေ
ဆုံးယာဉ် ရရှိပြီဖြစ်၍ မင်းဘူးမှ မယ်
ဘော့ကုန်းသို့ ခရီးဆက်လာသည်။ (၂)
နာရီနီးပါးမောင်းလိုက်မှ တုတ်တုတ်
မယ်ဘော့ကုန်းရွာဆီသို့ ရောက်လာ၏
တကယ်ရောက်လာမှသာ ဒီခရီးစဉ်
လည်း အဆင်ပြေအောင် အမေမြနန်း
နွယ် စီစဉ်တာဖြစ်မယ်ဟု သိနေသည်
အဘယ်ကြောင့်ဆိုသော် (၂) နာရီ
မောင်းရသောခရီးအတွက် အသွား အ
ပြန်ဆီခပင် မပြည့်နိုင်၍ သာမန်အား
ဖြင့် ဘယ်သူမှမလိုက်သောခရီးသာ
ပါသည်။ မည်သို့ဆိုစေ ဘုရားဖူးခရီး
အစသည် အံ့ဩကြည်နူးဖွယ်နှင့် အ
ပျိုးသည်ဟု ဆိုရပါမည်။

**ဝိဇ္ဇာစရဏဒေသသို့ရောက်ခဲ့ပြီ**

ကိုအောင်မြင့်သိန်းက ကျွန်တော်
နှင့်တွေ့ဆုံရာတွင် 'ကျွန်တော်သွား
ဒေသဟာ တကယ့်ကို ဝိဇ္ဇာစရဏ န
မြေဗျ' ဟု သူက အစချီ၍ ပြော
သည်။ သူ့အတွေး သူ့အမြင်ကို တင်ပြ
ပါလျှင်-

"ကျွန်တော်တို့ ဘုရားမှာ ဝ
တော် (၉) ပါး ရှိတယ်မဟုတ်လား
က လူတိုင်းလိုလို သိနေကြပါ

www.burmeseclassic.com

www.burmeseclassic.com

အဲဒီအထဲက တတိယဂုဏ်တော်က ဝိဇ္ဇာစရဏသမ္ပန္နောပါပဲ။ စကားပြေအဖြစ်က **သောဘဂဝါ-** ထို မြတ်စွာဘုရားသည်၊ **ဣတိပိ-** ဤသို့ အသိဉာဏ် ဝိဇ္ဇာအကျင့်စရဏတို့နှင့် ပြည့်စုံတော်မူသောကြောင့်၊ **ဝိဇ္ဇာစရဏ သမ္ပန္နော-** ဝိဇ္ဇာစရဏ သမ္ပန္နည်တော်မူ၏ဆိုတဲ့ အဓိပ္ပာယ်ကိုလည်း ဗုဒ္ဓဘာသာဝင်တိုင်း သိကြမှာပါ။

အဲဒီ ဝိဇ္ဇာစရဏ ဆိုတာ ဝိဇ္ဇာအတတ်ပညာတွေပဲ မဟုတ်လား။ အခု ကျွန်တော်သွားမယ့်ဒေသက ဝိဇ္ဇာအတတ်ပညာကို ပေါက်မြောက်အောင်မြင်ခဲ့တဲ့ပုဂ္ဂိုလ်ကြီးတွေဆီ သွားခဲ့တာပါပဲ။ ဘုရားရှင်ရဲ့ ဝိဇ္ဇာစရဏ ဂုဏ်တော်နဲ့တော့ မနှိုင်းယှဉ်သင့်ပါဘူး။ လူသားထဲက ပေါက်မြောက် အောင်မြင်တဲ့ ဝိဇ္ဇာဓိုရ်ကြီးတွေကိုယ်တိုင်က တို့ရဲ့အတတ်ပညာဟာ ဘုရားရှင်ရဲ့ခြေဖဝါးတော်က ခြေမှုန့်လောက်ပဲ ရှိပါတယ်လို့ မိန့်ပါတယ်။ ဒါပေမယ့် ဒီခြေမှုန့်လောက် အတတ်ပညာတောင် လူဆယ်သန်းမှာတစ်ယောက် အောင်မြင်ဖို့ မလွယ်ကူပါဘူး။

ဝိဇ္ဇာဓိုရ် ဆရာတော်ကြီးများနှင့် ပတ်သက်၍ ဆက်လက်ပြီး ဘယ်လို ရှင်းပြသလဲဆိုရင် 'တို့များဟာ လောကီဂန္ဓာရီဝိဇ္ဇာမျှသာ ဖြစ်ပါတယ် ဒကာ၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးမှ လောကုတ္တရာ အရိယာ ဓမ္မဝိဇ္ဇာအစစ် ဖြစ်ပါတယ်။ တို့များ အခုလိုကျင့်ကြံနေထိုင်တယ်ဆိုတာ ဂေါတမဘုရားရှင်ကို မမီလိုက်ကြလို့ နောက်ပွင့်မယ့်ဘုရားရှင်ကို ဖူးဖြစ်အောင် အသက်ကိုဆွဲပြီးဆန့်တဲ့နည်းနဲ့ စောင့်မျှော်နေကြတာကွယ့်' လို့ ရှင်းပြခဲ့ပါတယ်။

ဝိဇ္ဇာပညာရပ်နဲ့ ပတ်သက်လို့ နောက်ထပ် ကျွန်တော် တင်ပြချင်တာတစ်ခုက ဝိဇ္ဇာလောကအနေနဲ့ဆိုရင် ဘုရားရှင်ဟာ မဟာဂန္ဓာရီပညာရှင်ဖြစ်ပြီး ဆေးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာတွေကတော့ စူဠဂန္ဓာရီတွေ ဖြစ်ပါတယ်။ ကမ္ဘာလောကကြီးမှာ မဟာဂန္ဓာရီပညာရှင်လည်းပေါ်လာရော စူဠဂန္ဓာရီဖြစ်တဲ့ သိန္ဓုဝကွရဲ့အရှိန်အဝါတွေ ပျောက်ကွယ်သွားတယ် မဟုတ်လား။ ဒီတော့မှ ဉာဏ်နဲ့ ဆင်ခြင်ကြည့်လိုက်တော့ 'ဪ- လောကကြီးမှာ မဟာဂန္ဓာရီ ဘုရားရှင်ပေါ်ထွက်နေပါလား' လို့ သိလိုက်ရတာပေါ့။ ဒါကြောင့် ဘုရားရှင်ဆီ ... ရှင်ရဟန်းအဖြစ်ခံယူပြီး ပြန်ကျင့်...မှ မူလအစွမ်းအစတွေ ပြန်ရခဲ့...လေ။ ဒီဖြစ်ရပ်ကလေးကိုကြည့်ရင်



မဟာဂန္ဓာရီပေါ်ထွက်လာရင် စူဠဂန္ဓာရီဆိုတာ ပေါ်ထွက်လို့ မရပါဘူး။ မဟာဂန္ဓာရီကွယ်ပျောက်တဲ့ ကာလရောက်မှ စူဠဂန္ဓာရီဆိုတာ ပေါ်ထွက်လို့ရနိုင်ပါလိမ့်မယ်။ နေမင်းထွက်ရင် လမင်းအရောင်ပျောက်ပြီး နေမင်းကွယ်ချိန်ရောက်မှ အစားထိုးအလင်းရောင်ပေးဖို့ လမင်းဆိုတာပေါ်ထွက်လာတဲ့ သဘောတရားမျိုးပါပဲ”

ဟု သူ့အမြင်ကို ရှင်းပြခဲ့ပါသည်။

လက်ရှိအချိန်တွင် ဗုဒ္ဓမြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်ပြီးသည့်ကာလသို့ ရောက်ရှိနေ၍ စူဠဂန္ဓာရီ ပုဂ္ဂိုလ်များ ပေါ်ထွန်းလာနိုင်သည့်ကာလသို့ ရောက်နေချိန်လည်း ဖြစ်ပါသည်။ ဦးအောင်မြင့်သိန်းကိုယ်တိုင် စူဠဂန္ဓာရီပုဂ္ဂိုလ်တွေဖြစ်တဲ့ ဝိဇ္ဇာဓိုရ် ဆရာတော်များအား သင်္ကန်းကပ်ခြင်း၊ ဆွမ်းကပ်ခြင်းများ ပြုလုပ်ရန်သွားခဲ့သည့်ခရီးဖြစ်၍ အခြားသူများ ဘုရားဖူးခရီးစဉ်နှင့် လုံးဝတူညီလိမ့်မည် မဟုတ်ပါ။

သူ၏သင်္ကန်းနှင့် ဆွမ်းကပ်ခြင်းတို့အား ဝိဇ္ဇာဓိုရ်ဆရာတော်များမှ မည်သို့ ခွင့်ပြုကြောင်း၊ မည်ကဲ့သို့မြင်ရကြောင်း၊ မည်သည့်ပစ္စည်းများချီးမြှင့်သည်ကို ရခဲ့ကြောင်းတို့သည် ထူးခြားမှုဖြစ်စဉ်များသာ ဖြစ်ပါသည်။ ထိုသို့ ထူးခြားသည့် အတွေ့အကြုံများ ရရှိရန် သူ၏မိခင် အမေမြနန်းနွယ်မှ လိုအပ်သလို အကူအညီပေးခဲ့ကြောင်းကိုလည်း ဗိုလ်တထောင်ဘုရားရောက်မှသာ သူက သိခဲ့သည်။

သူ၏ရှည်လျားလှသည့် ခရီးစဉ်ကြီးအား မဖော်ပြခင် သူတည်ခဲ့သည့် စေတီတော်လေးအား 'လေးသစ္စာ အမ္ဗထလ စေတီတော်' ဟု ဘာကြောင့် ဘွဲ့မည်ပေးကြောင်း မသိခဲ့ရသေးပါ။ အများသူငါ မေးစမ်းလာမှ ပြန်၍မေးနေရလျှင် ဘယ်လိုမှ မသင့်တော်။ ထို့ကြောင့် ကာယကံရှင်အား စေတီတော်၏ဘွဲ့တော်အကြောင်းရှင်းပြပါဟု မေးလိုက်သည်။ ဦးအောင်မြင့်သိန်းမှ-

“ဒီကိစ္စဆိုရင် အစကနေ ပြန်ကောက်ပြီး ပြောရမယ်ဗျ။ စေတီတော်တည်ဖို့ အမေမြနန်းနွယ်က နေရာလည်းပြပြီးပြီ၊ တည်ရမယ့်နေ့ရက်၊ အချိန်တွေလည်း ပြောပြီးပြီ၊ တည်ဖို့ပဲကျန်တဲ့အချိန်မှာ ကျွန်တော်က မလုပ်ဘူးတဲ့အလုပ်လုပ်ရမှာဖြစ်လို့ ပထမပိုင်းမှာ လက်မရဲဘူး။ ဒီလို နောက်တွန့်နေတာကို ဆရာတော်ကြီး ဘဒ္ဒန္တ ဉာဏောဒယက သိနေတယ်။ ဒါကြောင့် သူ့ရဲ့သားတပည့် ဦးအဂ္ဂေါဒယကို စေတီတော်ပြီးတဲ့အထိ ကူညီလိုက်ဆိုပြီး လွှတ်လိုက်တယ်။

ကျွန်တော်လည်း ခင်ဗျားမေးသလိုပဲ ဘာကြောင့် ဒီဘွဲ့တော်သုံးကြောင်း မေးလိုက်တာပေါ့။ ကျွန်တော် မေးတာကို ဦးအဂ္ဂေါက ဘယ်လိုရှင်းပြသလဲဆိုရင်-

'အမ္ဗထလ ဆိုတာ အလွန်ချိုမြိန်သောအသီးလို့ အဓိပ္ပာယ်ရပါတယ် ဒကာ။ ဒီသရက်ကုန်းရွာက ထွက်တဲ့ သရက်သီးတွေဟာလည်း အလွန်ချိုမြိန်လှပါတယ်။ ဒီဒေသမှာ စေတီတော်လေးတည်ဖြစ်တာဖြစ်လို့ ဒေသကိုဂုဏ်ပြုတဲ့အနေနဲ့ အမ္ဗထလကို ထည့်သွင်းကြောင်းပြောပါတယ်။ လေးသစ္စာ အမ္ဗထလ စေတီတော်ကို စကားပြေအဖြစ် ပြောရရင် အလွန်ချိုမြိန်သော သရက်ပင်များ ပေါက်ရောက်ရာ ကုန်းမြေတွင် သစ္စာလေးပါးကို ဦးထိပ်ထားပြီး တည်ထားတဲ့စေတီတော်' လို့ ကျွန်တော့်ကို ရှင်းပြခဲ့ပါတယ်။

မင်းဘူး မယ်ဘော့ကုန်းဒေသသည် ဝိဇ္ဇာစရဏ အကျင့်မြတ်များ ပေါက်မြောက်အောင်မြင်သည့် အောင်မြေဟု ခေါ်ဆိုထိုက်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဆရာတော် ဦးပဏ္ဍိတသည် နရသီဟပတေ့မင်း၏သားတော် အသင်္ခယာလက်ထက်တွင် ဝိဇ္ဇာဓိုရ်ဖြစ်ခဲ့သူ ဖြစ်လေသည်။ ဝိဇ္ဇာဓိုရ်ဖြစ်ရာဌာနသည်လည်း ဤမယ်ဘော့ကုန်းဒေသပင် ဖြစ်ပေ၏။ လွန်ခဲ့သော နှစ်ပေါင်း (၇၀၀) ကျော်က အောင်မြင်ခဲ့သောနယ်မြေတွင် ဆရာတော်ဦးပဏ္ဍိတသည် မီး...



www.burmeseclassic.com

www.burmeseclassic.com

စီစဉ်တော်မူသဖြင့် မယ်ဘော့ကုန်းဒေသသည် ဝိဇ္ဇာမိုရ်ဆရာတော်များ အောင်မြေနင်းသည့်ဒေသအဖြစ် လူသိများကျော်ကြားခြင်းလည်း ဖြစ်လေသည်။

မင်းဘူးဒေသသည် ဝိဇ္ဇာစရဏ အကျင့်မြတ်များ ပေါက်မြောက်အောင်မြင်ရာ နယ်မြေဖြစ်ကြောင်း အကြောင်းတရားတစ်ခုကလည်း အထောက်အကူပြုနေ၏။ ၎င်းမှာ မင်းဘူးဒေသရှိ စကုမြို့နယ် ပေကုန်းရွာ ရတနာဘုံပျံရိပ်သာတွင် 'စိတ္တာနုပဿနာသတိပဋ္ဌာန်' တရားတော်အား တောင်ညို ဝိဇ္ဇာမိုရ်ဆရာတော် ဦးနရိန္ဒဓမ္မသာမိမှ ဟောကြားနေခြင်းသည် ဆရာတော် ဦးပဏ္ဍိတတို့ထက် စောလေသည်။ ဤသို့ ထူးခြားမှုများပြည့်နှက်နေသည့် ဝိဇ္ဇာမိုရ်နယ်မြေသို့ ဦးအောင်မြင့်သိန်း သွားရောက်၍ သက်နှင်းနှင့် ဆွမ်းကပ်ခွင့် ရခြင်းသည် ပဌာန်းဆက်ကြောင့် တွေ့ဆုံကြောင်း ပထမပိုင်းတွင် သူကိုယ်တိုင်သိရှိခဲ့ခြင်းပင် မရှိပါ။

**စနေသားဆရာတော်အား တွေ့ဆုံခြင်း**

တုတ်တုတ်ဏ မင်းဘူး မယ်ဘော့ကုန်းရောက်ပေမယ့် ချက်ချင်းပြန်မသွားဖြစ်။ ဦးအောင်မြင့်သိန်းတို့အဖွဲ့မှလည်း တုတ်တုတ်ယာဉ်ပေါ်မှ ပစ္စည်းတွေကို မချသေး။ သူတို့အာရုံထဲတွင် ဝိဇ္ဇာမိုရ်ဆရာတော်ကြီးများအား ဆွမ်းနှင့် သင်္ကန်းကပ်ရန်ကိုသာ စိတ်စောနေကြ၍ ဓာတ်ခန်းရှိရာသို့သာ အပြေးကလေးထွက်လာသည်။

မင်းဘူး မယ်ဘော့ကုန်းသို့ ရောက်လာလျှင် ဘာပဲ လုပ်ချင် လုပ်ချင်၊ စနေသားဆရာတော်အား အရင်ဦးခိုက်ရလေသည်။ စနေသားဆရာတော်မပါဘဲ ဝိဇ္ဇာမိုရ်ဆရာတော်ကြီးများအား ဖူးတွေ့နိုင်ဖို့သည် ဘယ်လိုမှ မလွယ်ကူ။ ဝိဇ္ဇာမိုရ်ဆရာတော်ကြီးများကိုယ်တိုင် ခုနစ်ရက်သားသမီးများနှင့် ဆက်သွယ်နိုင်ရန် စနေသားဆရာတော်အား ရွေးချယ်ထားလေသည်။ ထိုသို့ သီးခြားရွေးချယ်ခံထားရသူဖြစ်၍ စနေသားဆရာတော်က 'ဒီအချိန်လာပါ' ဟု မိန့်ကြားမှသာ တွေ့ဆုံချင်သူအတွက် အဆင်ပြေနိုင်လေသည်။ စနေသားဆရာတော်၏ လူနာမည်မှာ ကိုထွန်းရင်။ လေးအိမ်တန်းရွာသား ကိုထွန်းရင် အသက် (၂၄) နှစ်အရွယ်တွင် မယ်ဘော့ကုန်းသူ မအုန်းရှင်နှင့် အိမ်ထောင်ကျခဲ့၏။ အိမ်ထောင်ဦးကာလ အသက် (၂၅) နှစ်တွင် ရောဂါဝေဒနာက တစ်မျိုးပြီးတစ်မျိုးနှိပ်စက်နေတော့သည်။ ချောင်းဆိုးလိုက်၊ ရင်ကျပ်လိုက်၊ ဝမ်းဗိုက်ကြီး ပူလိုက်၊ လေထိုးလိုက်နှင့် တစ်နေ့ထက် တစ်နေ့ ပိုပြီးဆိုးလာသည်။ ဆရာဝန်ကြီးများက ရေဖျဉ်းဟု ရောဂါအမည်တပ်လိုက်သည်။

ဆရာဝန်ကြီးက ကိုထွန်းရင်၏ ရောဂါကို စစ်ဆေး၍ ဝမ်းဗိုက်အား ခွဲစိတ်ကုသမှ ပျောက်ကင်းမည်ဟု ပြောလာသည်။ ကိုထွန်းရင်ကလည်း ခွဲစိတ်မှုကို လုံးဝ မနှစ်သက်။ ရောဂါအခြေအနေက မခွဲစိတ်လျှင် မဖြစ်တော့သည့်အခြေအနေ။ ခွဲစိတ်မှုတစ်ခုပြုလုပ်ရမည်ဆိုလျှင် ဆေးရုံတွင်ရှိသည့် လူနာ၏ဆွေမျိုးသားချင်းအား သဘောတူညီမှုရှိမရှိ သဘောထားတောင်းလေ့ရှိသည်။ ထို့ကြောင့် မယ်ဘော့ကုန်းသူ မအုန်းရှင်က ယောကျ်ားအတွက်ရောက်လာ၏။

ဆေးရုံသို့ မအုန်းရှင်ရောက်သည်နှင့် ကိုထွန်းရင်က သူ့သဘောထားကိုတင်ပြ၍ လင်မယားနှစ်ယောက် တိတ်တဆိတ် ဆင်းလာခဲ့၏။ ကိုထွန်းရင်က ခွဲစိတ်မှုကို လုံးဝမလိုလားသူကိုး။ ဆေးရုံမှ လှည်းနှင့်ပြန်အလာ ပေကုန်းရွာအရောက် ဓာတ်စက်သံ ကြားလာသည်။ ထိုဓာတ်စက်သံသည် ရတနာဘုံပျံ သာသနာ့ရိပ်သာ ကမ္မဋ္ဌာနာစရိယ တောင်ညိုမှ ဝိဇ္ဇာမိုရ်ဆရာတော် ဦးနရိန္ဒအရှင်မြတ်၏တရားပွဲမှအသံဖြစ်မှန်း ဒေသခံဖြစ်၍ သိနေသည်။

ကိုထွန်းရင်က တရားနာဖို့တော့ မဟုတ်ပါ၊ ဝိဇ္ဇာမိုရ်ဆရာတော်တရားပွဲဖြစ်၍ ဝိဇ္ဇာတန်ခိုးဖြင့် ဆေးကောင်းဝါးကောင်းလေးများရလေမလားဟု တရားပွဲကျင်းပရာနေရာသို့ ဝင်လာကြခြင်းပင်။ ပရိသတ်ကြားထဲသို့မဝင်ကြ၊ နောက်ဆုံးလူပါးသည့်နေရာတွင် ထိုင်ရင်း ရှေ့သို့သာ မျှော်၍ကြည့်နေ၏။ ဤနေရာ ဤဒေသသို့ ရောက်လာခြင်းသည် သူ၏ရောဂါအား ပျောက်ကင်းအောင်ကုပေးမည့်ဆရာကောင်းနှင့် တွေ့လိမ့်မည်ဟု အစက ဘာမှမသိခဲ့ပါ။

မျှော်လင့် တောင့်တနေချိန်တွင် ဆရာတော်တစ်ပါးနှင့် ဖိုးသူတော်တစ်ပါး လူအုပ်ကြားထဲမှ ထွက်လာသည်။ တရားနာနေသည့်လူအုပ်ကတော့ မမြင်ကြ၊ ကိုထွန်းရင်တို့ လင်မယားသာ မြင်နေရသည်။ ကိုထွန်းရင်က ထိုဆရာတော်နှင့်ဖိုးသူတော်အား ဝိဇ္ဇာမိုရ်ဆရာတော်ဦးနရိန္ဒနှင့် ပါလာသူများဟုသာ အစကထင်ခဲ့သည်။ ဤသို့လာခြင်းဖြင့် သူ့ရှေ့သို့ ရောက်သောအခါ-

'တပည့်တော်ကို သနားသောအားဖြင့် ဆေးကောင်းဝါးကောင်းလေးများရှိရင် ချီးမြှင့် ပေးသနားတော်မူပါ ဘုရား'

ဟု လျှောက်လိုက်သည်။ ဆရာတော်က သာဓုသုံးကြိမ်ခေါ်၍ မင်္ဂလာစကားနှင့် စ,လိုက်သည်။

'ငါဆရာနဲ့တွေ့မှတော့ စနေသား ရဲ့ရောဂါတွေ ပျောက်ရပါစေ့မယ်၊ ဘာ ပူပင်သောက မရောက်နဲ့တော့။ အေး- ဒါပေမယ့် ငါဆရာတော် ကတိတစ်ခု တောင်းချင်တယ်။ ဒါကတော့ အခု ဝိဇ္ဇာမိုရ်ဆရာတော်ဦးနရိန္ဒက လက်ခုပ်ဝင်ရှာသူ မဂ်မ်းကို ဝိဇ္ဇာဓာတ်စီးပြီး သာသနာပြုနေတယ် မဟုတ်လား။ အခု လည်း ငါဆရာတော်က (၇) ရက်သား သမီးတွေကို သာသနာပြုဖို့ စနေသား ဝိဇ္ဇာဓာတ်စီးလိုတယ်။ အနည်းဆုံး (၅) နှစ် သာသနာပြုမယ်။ စနေသား သဘောတူနိုင်၊ မတူနိုင် အဆုံးအဖြတ် ပေးပါ'

ဤတွင် ဝတ်ဖြူဝတ်သည့် ဘော ဖိုးသူတော်ကြီးကလည်း-

'လက်ခံလိုက်ပါ စနေသားရဲ့၊ ဒီ ဝိဇ္ဇာဓာတ်စီးပြီး သာသနာပြုခွင့်ရတ ဆိုတာ နည်းတဲ့အခွင့်အရေး မဟုတ် ဘူး။ စနေသားရဲ့ ရောဂါတွေလည်း ပျောက်မယ်၊ ကုသိုလ်ကောင်းမှု လည်းလုပ်ရမယ်။ ဘယ်လောက်ကောင်း သလဲ။ ကိုယ့်အတွက် အကျိုးရှိစေမ ကိစ္စပဲ။ လက်ခံလိုက်၊ လက်ခံလိုက်'

ဟု အားပေးစကားပြောလိုက်

ယခုကဲ့သို့ ဆရာတော်နှင့် ဖိုး တော်ကြီးမှ ရှေးဦးစွာ 'စနေသား' ကင်ပွန်းတပ်၍ ခေါ်ဝေါ်သည့်အချိန် စ၍ ကိုထွန်းရင် နာမည်ကိုပင် နည်း၍ 'စနေသား' အမည်က ထင်ရှ ကျော်ကြားသွားလေသည်။ လက်ရှိ ချိန်တွင် ရောဂါဝေဒနာများအား ဝယ်ပိုက်၍ ရောဂါပျောက်ဆေး ရှာ နေသောအချိန်ဖြစ်ရာ ကိုထွန်းရင် မဆိုင်းမတွပင်-

"တပည့်တော်ခွင့်ပြုပါတယ်ဘုရား သဘောတူပါတယ် ဘုရား"

ဟု ကတိပေးလိုက်၍ ဆရာတော် မှလည်း ဒုတိယအကြိမ်မြောက် သာ (၃) ကြိမ် ခေါ်လိုက်သည်။

ကိုထွန်းရင် လက်ခံလိုက်သည် ဆရာတော်ဦးပဏ္ဍိတမှ ဆေး ငယ်ကို စားခိုင်းလိုက်၏။ ထိုဆေး



www.burmeseclassic.com

www.burmeseclassic.com

ခမ်းတွင်းသို့ သက်ဆင်းသွားသည်နှင့် ဘစ်ကိုယ်လုံး ရေခဲနှင့်ထိတွေ့နေသလို အေးစိမ့်၍သွားတော့သည်။ အစွမ်းထက်မြက်သည့်ဆေးကြောင့် အကြောပေါင်း (၁၀၀၀) လည်း စိမ့်သွား၏။ အလွန်မွေးပျံ့ခြင်း၊ အနံ့အရသာနှင့်ပြည့်စုံခြင်းတို့ကြောင့် ဒီဆေးဟာ ငါ့ရောဂါကို အပြီးတိုင်ပျောက်စေတဲ့ ဆေးပါလားဟု ရင်ထဲက အလိုလို သိနေသည်။ ဆရာတော်ဦးပဏ္ဍိတမှလည်း ကိုထွန်းရင်၏ ခံစားမှုကို သိနေ၍-

'စနေသား၊ အခုသောက်တဲ့ဆေးနဲ့ အပြီးမပျောက်သေးဘူးကွယ့်။ အိမ်ရောက်ရင်သောက်ဖို့ တစ်ခွက်စာပေးလိုက်ဦးမယ်။ ဒီဆေးကို ညနေ (၅) နာရီရောက်ရင် ရာဟုထောင့်ကို မျက်နှာမူ၊ ခြေစုံရပ်၊ ရတနာသုံးပါးကို အာရုံပြု၊ ပြီးတော့ ငါဆရာတော်အား တမ်းတပြီး သောက်လိုက်။ ဒီလိုသောက်မှ ခန္ဓာကိုယ်ထဲက ကျန်နေသေးတဲ့ရောဂါတွေ အပြီးတိုင် ပျောက်ကင်းသွားပါလိမ့်မယ်'

လို့ မှာကြားပြီး သူမြင်ကွင်းရှေ့ကနေ ပျောက်သွားခဲ့လေသည်။ ဒီလို မျက်စိရှေ့က ပျောက်သွားတာကို မြင်လိုက်တော့ ပို၍အထင်ကြီး၊ ပိုအားကိုးသွားတော့သည်။ အလွန် လိုအပ်နေသော ဝိဇ္ဇာဆေးကို ပထမသောက်ခဲ့ပြီးပြီဖြစ်၍ ချည်မျှ အစွမ်းထက်မှန်း သူကိုယ်တိုင်လည်း သိနေသည်။ အပြီးတိုင် ပျောက်ရန်အတွက် ကျန်သည့်ဆေးတစ်ခွက်စာအား အချိန်မီသောက်နိုင်ရန် အိမ်သို့ ခပ်မြန်မြန် ပြန်လာခဲ့တော့သည်။

(၅) နာရီဆိုသော အချိန်သည် ရောက်စချင်ခါမှ နာရီလက်တံတို့က အလွန်နှေးကွေးနေလေ၏။ (၅) နာရီထိုးသည်နှင့် ရာဟုထောင့်ကိုလှည့်၍ ဆရာတော်ကြီးအမိန့်ရှိသလို သောက်လိုက်ရာ အစီအရင်နှင့်ပြုလုပ်ထားသော ပစ္စည်းတို့ ခန္ဓာကိုယ်အတွင်းက ကုန်စင်အောင် ထွက်၍သွားလေသည်။ ဒုတိယဆေး သောက်ပြီးသည်နှင့် ကိုထွန်းရင်၏ရောဂါမှန်သမျှတို့သည် ပိန်းကြာဖက်ပေါ်တွင် ရေမတင်သကဲ့သို့ လျှောကျ ပျောက်ကင်းခြင်းသို့ ရောက်လေသည်။

စနေသား ကိုထွန်းရင်သည် ရောဂါများပျောက်ကင်းပြီဖြစ်၍ ဆရာတော် ဦးပဏ္ဍိတမှ ဝိဇ္ဇာမာတ်စီးပြီး သာသနာပြုရမည့်အချိန်သို့ ရောက်ရှိလာခဲ့သည်။ စနေသား အိမ်တွင် တရားဟောရာ၌ တရားမဟောခင် ဘုရားရှင်အား ကန်တော့နိုင်ရန် နိမသောင် ဆင်းတုတော် တစ်ဆူကို ကောင်းကင်မှပို့လိုက်သည်။ မယ်ဘော့ကုန်း ရွာသူ ရွာသားတို့သည် လေထဲမှ ဘုရားတစ်ဆူကြွလာသည်ကိုသာ မြင်ကြသည်၊ အဘဘိုးထွန်းအောင် ပင့်လာသည်ကိုတော့ မမြင်ကြ။

အံ့ဖွယ်ဖြစ်ရပ်ကြောင့် ပရိသတ်တို့က စနေသားအိမ်သို့ အပြေးအလွှား လာ၍ကြည့်ကြသည်။ နိမသောင်ဆင်းတုတော်သည် စနေသားအိမ်ခေါင်မိုးပေါ်ရောက်သည်နှင့် အမိုးမှဖောက်၍ အိမ်တွင်းသို့ ရောက်လာသည်။ အိမ်ပေါ်သို့ရောက်သည်နှင့် အမိုးက အလိုလို ပြန်၍ပိတ်သွားသည်။ ရွာထဲ၌လည်း အဘဘိုးထွန်းအောင်မှ-

'ယနေ့ည စနေသား၏အိမ်တွင် ဆရာတော် ဦးပဏ္ဍိတမှ တရားရေအေး တိုက်ကျွေးမည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် ဖိတ်မန္တကပြုအပ်ပါသည်'

ဟု နိဗ္ဗာန်ဆော်ကဲ့သို့ နှိုးဆော်တိုက်တွန်း၏။ ကြေးစည်သံလည်းကြားရသည်၊ နှိုးဆော်သံလည်း ကြားရသည်၊ သို့သော် အဘဘိုးထွန်းအောင်ကိုတော့ မမြင်ရ။ ဤသို့ လူထု၏နှလုံးသားကို အံ့ဖွယ်ဖြစ်ရပ်နှင့် ဖိတ်ကြားလိုက်၍ ညနေပိုင်းတွင် မင်းဘူးမြို့၊ စကုမြို့နှင့်မယ်ဘော့ကုန်းရွာမှ ပရိသတ်တို့ စနေသားအိမ်၌ ပြည့်နှက်လျက်ရှိလေသည်။

တရားမဟောမီ ဆရာတော် ဦးပဏ္ဍိတမှ-

"ငါဆရာတော် တရားဟောတဲ့အချိန်မှာ လူကိုမကြည့်ပါနဲ့။ ဝိဇ္ဇာမာတ်စီးပြီး စနေသားကတစ်ဆင့် ဟောရမှာဖြစ်လို့ စနေသားက ရေဒီယိုနဲ့တူလိမ့်မယ်၊ ငါ ဆရာတော်ကတော့ အသံလွှင့်ရုံနဲ့တူပါလိမ့်မယ်"

လို့ ပရိသတ်ကို ရှင်းပြခဲ့ပါတယ်။ စနေသားကို မာတ်စီးရင်း လေထဲက အလိုလိုပေါ်လာတဲ့ ငှက်ပျောသီး၊ ပန်းသီးတွေကိုလည်း စနေသားက ပရိသတ်ကို လူစေ့အောင် ဝေပေးသည့်အခါ ပေးခဲ့သည်။ ထူးခြားသည့်တရားပွဲဖြစ်၍ ပရိသတ်တို့နည်းသွားသည် မရှိ၊ တိုး၍ တိုး၍သာ လာခဲ့၏။ ဤသို့ဖြင့် စနေသား ကိုထွန်းရင်က ကတိအတိုင်း (၅) နှစ်ကျော်သည်အထိ ဆရာတော် ဦးပဏ္ဍိတနှင့် သာသနာပြု၍နေခဲ့သည်။

(၅) နှစ်ကျော်ချိန်တွင် ကိုထွန်းရင်မှာ သာသနာနှင့် ဝိဇ္ဇာလောကတွင် ကျင်လည်ခဲ့ရသူဖြစ်၍ တရားတော်နှင့် ပျော်မွေ့စ, ပြုလာသည်။ သူကိုယ်တိုင် ဝိဇ္ဇာမိုရ်အတတ်ပညာနှင့် ကျိုက်ထီးရိုး၊ ရွှေစက်တော်၊ နဂါးမတောင်၊ ဖိုးဦးတောင်တို့အား အကြိမ်ကြိမ် ရောက်ခဲ့လေပြီ။ ထို့ကြောင့် ဝိဇ္ဇာအတတ်ပညာကို လေးစားခြင်း၊ ယုံကြည်ခြင်းများကြောင့် (၅)နှစ်ကျော်သော်လည်း ဆရာတော်ဦးပဏ္ဍိတတို့နှင့် မခွဲခွာတော့ပေ။

နောက်ပိုင်း လူဝတ်ကြောင်မှ သင်္ကန်းဝတ်သို့ ပြောင်းလဲလိုက်၍ 'တိလောကိန္ဒ' ဘွဲ့တော်နှင့် ရဟန်းတော်တစ်ပါးဖြစ်လာသည်။ သို့သော် ရဟန်းဘွဲ့တော် တိလောကိန္ဒအား လူတိုင်းမသိကြ၊ စနေသားဆရာတော်ခေါ်မှ လူတိုင်းသိကြလေသည်။ ယခုအချိန်တွင် စနေသားဆရာတော်မှာ ဆွမ်းကိစ္စပြီးစီးသွားသလို ကော်ဖီနှင့်ရေလောက်သာ အာဟာရအဖြစ် မှီဝဲကြောင်း မျက်မြင်ဖြစ်သူ ဦးအောင်မြင့်သိန်းက ရှင်းပြခဲ့ပါ၏။

ယခု ဦးအောင်မြင့်သိန်းတို့ မယ်ဘော့ကုန်းမာတ်ခန်းသို့ ရောက်လာပြီဖြစ်၍ ဝိဇ္ဇာမိုရ် ဆရာတော်ကြီးများအား သင်္ကန်းနှင့်ဆွမ်းကပ်ခွင့်ရရန် စနေသားဆရာတော်အား ဦးစွာ လာရောက် ဦးခိုက်ရပေမည်။ မယ်ဘော့ကုန်းလာရောက်သည့်ခမ္မမိတ်ဆွေတိုင်း ယခုကဲ့သို့ စနေသားဆရာတော်အား ကြိုတင်လျှောက်ထားမှသာ မိမိတို့၏ လိုအင်ဆန္ဒများ ပြည့်ဝလိမ့်မည် ဖြစ်ပါသည်။ တစ်ကြိမ်ရောက်ဖူးထားသူ ဦးအောင်မြင့်သိန်းက စနေသားဆရာတော်အား တွေ့ဆုံရန် ကပ္ပိယကြီးထံ ခွင့်တောင်းလိုက်ရာ-

"အခုပဲ သူ့အခန်းပြန်သွားတယ်၊ လိုက်တွေ့လိုက်လေ"

ဟု ခွင့်ပေးသဖြင့် ဦးအောင်မြင့်သိန်းက စနေသားဆရာတော်အခန်းသို့ ဝင်လိုက်သည်။ စနေသားဆရာတော် အခန်းက ရှင်းပါ၏။ ပြတင်းပေါက်က သံပန်းတံခါးတပ်ထားသည်။ ဗီရိုတစ်လုံး၊ ကျိန်းစက်ရန် ခုတင်တစ်လုံး၊ ပက်လက်ကုလားထိုင်ကလည်း တစ်လုံး။ ဘေးတွင် စားပွဲပုတစ်လုံးရှိ၍ တရားစာအုပ်တွေက အစီအရီ။ သို့သော် ဤမျှရှင်းလင်းသော အခန်းတွင် စနေသားဆရာတော်က ပျောက်ခြင်းမလှပျောက်နေသည်။

ဘာကြောင့် ကပ္ပိယကြီးက မုသားသုံးလိုက်ရတာလဲ။ ရှာမတွေ့မှ သူ့စိတ်က ပို၍မောသွားသည်။ အခန်းထဲမှာ မရှိသူကို ဝင်သွားလေဟု၊ ဘာကြောင့် သွားတွေ့လိုက်ဟု ပြောရတာလဲ၊ ခေါ်... ပွဲနှင့်ကပ္ပိယကြီးရှိရာသို့လျှော...



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုလဲဗျ၊ အခန်းထဲမှာ ဆရာတော်မရှိဘဲ ဘာဖြစ်လို့ ရှိတယ်လို့ ပြောလိုက်ရတာလဲ"

"မောင်ရင် သေသေချာချာ ကြည့်ရဲ့လား။ ရှိကိုရှိရမယ်၊ ကျုပ်အရွယ်က မောင်ရင့်ကို နောက်ရမယ့်အရွယ် မဟုတ်ဘူး"

ဒုတိယအကြိမ် ထပ်ပြီး အဟောက်ခံလိုက်ရ၍ သူ့တွင် ပြောစရာစကားမရှိဖြစ်နေသည်။ သူမှားတာလား၊ ကပ္ပိယကြီးမှားတာလား။ ဘာမှဝေခွဲမရ။ မည်သို့ဖြစ်စေ ဦးအောင်မြင့်သိန်းက စနေသားဆရာတော်အခန်းသို့ ဒုတိယအကြိမ် ပြန်၍ဝင်ရပေဦးမည်။ အခန်းထဲတွင် ဆရာတော်မရှိကြောင်း သက်သေထူဖို့ ဘေးလူက လိုအပ်လာလေသည်။ ထို့ကြောင့် သာပေါင်းကိုချိုလေးအား အဖော်ခေါ်၍ ဒုတိယအကြိမ် သတိကြီးစွာထားကာ ဝင်လိုက်သည်။

"ဟာ"

"ဟင်"

စနေသားဆရာတော်မှာ ပက်လက်ကုလားထိုင်တွင် ထိုင်၍ ပုတီးစိပ်နေသည်။ ပင်ပင်ပန်းပန်းမရှာလိုက်ရဘဲ အခန့်သင့်ဇွတ်တွေ့လိုက်ရ၍ ဟာတွေ၊ ဟင်တွေ ဖြစ်သွားသည်။ ဦးအောင်မြင့်သိန်း ရောက်ချိန်တွင် ပုတီးတစ်ပတ်ပြီး၍ အနားယူချိန်ဖြစ်ရာ လိုအပ်တာတွေ လျှောက်ထားဖို့ အဆင်ပြေသွားသည်။ သူကပ်ချင်သည့်သင်္ကန်းနှင့် ဆွမ်းကိစ္စ လျှောက်ထားလိုက်ရာ-

"အေးအေး-သာဓု၊ သာဓု၊ သာဓု။ ပုသိမ်က ဒကာတွေလာမယ်ဆိုတာ သိပါတယ်။ ဒါကြောင့် ကျုပ်က ပထမအစီအစဉ်ကို မနက်ကတည်းက ဖျက်လိုက်ရတယ်။ ပထမအစီအစဉ်က ဒီနေ့ပဲ မန္တလေးကို ကြွမလို့ဘဲ။ အခုတော့ မန္တလေးထက်ဝေးတဲ့ ပုသိမ်က အလှူရှင်တွေ ရောက်လာတော့ ရပ်ဝေးကို ဦးစားပေးရမှာပေါ့။ ည (၇) နာရီ မာတ်ခန်းကို လာခဲ့ကြ"

ဟု အမိန့်ရှိလိုက်သောကြောင့် ဆန္ဒတွေပြည့်ဝသွားပြီဖြစ်၍ စနေသားဆရာတော်အားဝတ်ဖြည့်ပြီး အခန်းပြင်သို့ ပြန်ထွက်လာသည်။ အခန်းအပြင်ရောက်ရာ အဖော်အဖြစ်လိုက်လာသူ ကိုချိုလေးမှ-

"ခင်ဗျား သေသေချာချာမကြည့်ဖြစ်ဘဲ မျက်စိမှောက်ပြီးသွားတာဖြစ်မယ်"

ဟု ခပ်တိုးတိုးဝေဖန်လာရာ ဦးအောင်မြင့်သိန်းမှ-

"တကယ်မရှိတာပါ ကိုချိုလေး၊ ကျွန်တော်က စစ်သားဘဝက ပင်စင်ယူလာတဲ့လူပါဗျ။ ဘယ်လာ ပေါ့လျှံလျှံရှာပါ့မလဲ။ ပြန်ထွက်လာရင် ဘုရင့်ယောက်ဖ ခွေးကြည့်သလို ဖြစ်မှာစိုးလို့ သေသေချာချာ ကြည့်ခဲ့တာပါ။ လုံးဝမတွေ့တော့မှ ကျွန်တော်က ပြန်လှည့်လာတာပါ။ ကျွန်တော့်စိတ်ထင် ဝိဇ္ဇာလှည့်ကို မြင်ဖူးအောင် ပြလိုက်တာလို့ပဲ ထင်ပါတယ်"

ဟု ကိုချိုလေးအား ရှင်းပြလိုက်ပါသည်။ ဒါပေမယ့် သူ့စိတ်ထဲတွင် မေးခွန်းနှစ်ခု ရှိနေသည်။ ဒါကတော့ အခုလိုသင်္ကန်းကပ်ဖို့ လျှောက်ထားလိုက်တဲ့အခါ သိနေတာမျိုးလား၊ မလျှောက်ထားခင် မနက်ပိုင်းကတည်းက သိနေတာလား။ ဒီမေးခွန်းနှစ်ခုက တစ်ခုမှန်ရင် တစ်ခုမှားရမှာကိုး။ သူသိချင်နေသည့် အဖြေသည် သိပ်မကြာလိုက်၊ နောက် (၅) မိနစ်လောက်မှာ အလိုလိုသိလာခဲ့လေသည်။

ကိုချိုလေးနဲ့ဦးအောင်မြင့်သိန်းက စနေသားဆရာတော် အခန်းမှထွက်လာရာ ကျန်သည့်လူများအား 'အစစအဆင်ပြေကြောင်း' အကျဉ်းချုပ်လောက် ရှင်း၍ပြလိုက်၏။ တုတ်တုတ်မောင်းသည့်လူတွေ့မှ 'ဩော်- တို့တွေ ယာဉ်မောင်းခမပေးသေးလို့ စောင့်နေပါလား' ဟု အတော်လေး အားနာသွားခဲ့သည်။ တုတ်တုတ်အပေါ်မှပစ္စည်းများချ၍ ကွမ်းယာဆိုင်ဘေးတွင် သင့်သလို စု၍ပုံလိုက်၏။ လောလောဆယ် မိမိက တည်းခိုစရာအတွက် ရှာဖွေရဦးမှာကိုး။ ကွမ်းယာဆိုင်ဘေးတွင် ပစ္စည်းများပုံနေစဉ် မှန်လုံကားသစ်ကြီးတစ်စီးက လူမပါဘဲနှင့် မောင်း၍သွားခဲ့သည်။ ထိုကိစ္စအား သိလို၍-

"ဒီမှန်လုံကြီးက လူမပါဘဲ ဘယ်ကိုသွားတာလဲ။ မယ်ဘော့ကုန်းအထိ မှန်လုံဆွဲတယ်လို့တော့ မကြားမိပါဘူး။ ဒီမှန်လုံကို.သမီး သိသလား"

ဦးအောင်မြင့်သိန်း၏အမေးအား ကလေးမက ချက်ချက်ချာချာ ပြန်၍ဖြေလိုက်၏။

"ဒီမှန်လုံကို သမီး သိတာပေါ့။ မာတ်ခန်းက ဓမ္မမိတ်ဆွေတွေကို အပို့အကြိုလုပ်ပေးတဲ့ မှန်လုံလေ။ မန္တလေးက သူဌေးတစ်ဦး ပိုင်တာပါ။ ဘာသာရေးအတွက် နိဗ္ဗာန်ကူးတို့ပို့နိုင်အောင် ဝယ်ထားတာရှင့်။ လိုင်းမဆွဲပါဘူး။ ဒီနေ့လာတာက စနေသား ဆရာတော်နဲ့ ဘုန်းဘုန်းကြီးတို့ကို ဆွမ်းကပ်ဖို့ မနက်ကတည်းက ရောက်နေတာလေ။ ဒါပေမယ့် စနေသားဆရာတော်က မနက်ပိုင်းမှာပဲ ဒကာကြီးတို့မြို့ထက်ဝေးတဲ့ မြို့တစ်မြို့က ဆွမ်းကပ်ဖို့ အစီအစဉ်ရှိနေတယ်လို့ မိန့်သံကြားရတယ်ရှင့်။ ဘယ်မြို့ကမှန်းတော့ မသိပါဘူး"

ဒီလိုရှင်းပြလိုက်မှ 'ဩော်- ဒကာကြီးတို့မြို့ထက် ဝေးတဲ့မြို့ကလို့ ပြောလိုက်တာဟာ ကြိုတင်ပြီး သိနေတာ[...] မနက်ကတည်းက ပြောတာဆိုတော့ မနက်ပိုင်းကတည်းက သိနေတာ ရှင်း[...] သွားပြီ' ဟု ဦးအောင်မြင့်သိန်းက ဘဝင်[...] ကျသွားသည်။ စနေသားဆရာတော်၏ ဝိဇ္ဇာလှည့်ပညာနှင့် ရှေ့ရေးကို ကြိုတင်သိသည့် ပညာရပ်တို့အပေါ်တွင်လည်း ပို၍ လေးစားကြည်ညိုသွားတော့သည်။

**ပဟေဠိဆန်သောမိခင်၏သတင်း**

လက်ရှိအချိန်တွင် မာတ်ခန်း[...] သွားရန် (၃) နာရီမျှ လိုသေးသည်။ [...] ကြောင့် တည်းခိုရန် ရှာဖွေပြီးသည်[...] အမေမြနန်းနွယ်အား အားလပ်ချိန်[...] လေးတွင် ယောဂီပိတ်အုပ်ကန်တော့[...] နှစ်ထပ်ကျောင်းဆောင်သို့ ထွက်လာ[...] သည်။ နှစ်ထပ်ကျောင်းဆောင်အလယ်[...] ခန်းတွင် အမေနေသည်ကို ပထမအ[...] ကြိမ်ရောက်ဖူးထား၍ သိနေသည်။ အ[...] လယ်ခန်းတံခါးပွင့်နေ၍ အားရဝမ်း[...] ကြည့်လိုက်ရာ အမေမြနန်းနွယ်မဟုတ်[...] တော့၊ အသက် (၆၀) ကျော် ယော[...] အမျိုးသမီးကြီး ဖြစ်နေသည်။ အမေ[...] မြနန်းနွယ်သည် အခန်းထဲသို့ လှမ်း[...] လာသည်ကိုပင် ကြိုက်သည့်အမျိုးသ[...] မဟုတ်။ နှစ်ယောက်တည်းနေရန် အ[...] ကြောင်း မရှိ။ ဤသို့ဆိုလျှင် ဤအမျိုး[...] သမီးကြီးက ဘယ်ကလဲ။

သိလိုစိတ်များကြောင့်-

"ဒီအခန်းမှာနေတဲ့ ဒေါ်မြနန်း[...] နွယ် ဘယ်အခန်းပြောင်းသွားပါသ[...]"

ဟု ယောဂီအမျိုးသမီးကြီးကို[...] လိုက်၏။ မျက်နှာစိမ်းအမျိုးသမီးကြီး[...] ခေတ္တစဉ်းစားပြီးနောက်-

"မင်းမေးတဲ့ ဒေါ်မြနန်းနွယ် [...] တဲ့ အမေကြီးက ကွယ်လွန်သွား[...] (၁၀) လကျော်လောက်တောင် ရှိ[...]"

ဒီအဖြေကြားလိုက်ရမှ ဦးအောင်[...] မြင့်သိန်းက သူ့ဖြစ်စဉ်ကို ပြန်၍ [...] ကြည့်၏။ (၁၀) လကျော် ဆိုတာ အ[...] စေတီတော်လေး ထီးတင်ပြီးချိန်[...]



www.burmeseclassic.com

www.burmeseclassic.com

ှာ တွေးကြည့်၏။ ဆက်လက်၍ 'ဒီကိစ္စမှာ ထီးတော်သာ တင်ပြီးတယ်၊ အမေမြန်းနွယ် မာတ်စီး ဘိုးတော်လေးကလည်း မာတ်စီးမပျက်ဘူး။ ထီးတင်ပြီး အမေထွက်မယ်ဆိုရင်လည်း ဘိုးတော်လေးကို တစ်ဆင့် ပြောပြသင့်တာပေါ့။

မင်းဘူး မယ်ဘော့ကုန်း လာမယ်ဆို ဘိုးတော်လေးကတစ်ဆင့် အသိပေးလိုက်တော့လည်း လာပါလို့ ဖိတ်ခေါ်ခဲ့တယ်။ တကယ်ဆိုရင် မင်း- အမေ့ကိုတွေ့ဖို့ မလွယ်ဘူးလို့ပြောရင်ကော ဖြစ်နိုင်ဘူးလား' ဟု ဟိုတွေးဒီတွေး၍ ယုံတစ်ဝက် ယုံတစ်ဝက်နှင့် ယုံရခက်ခက် ဖြစ်နေပြန်သည်။

သိလိုသည့်အချက်များ ရှိနေ၍ ဘက်ရှိအခန်းရှင်အား-

"ဒေါ်မြန်းနွယ် သေပြီဆိုရင် ဘယ်သင်္ချိုင်းမှာ မြှုပ်တာလဲ။ မှတ်တိုင်ကို ဂူသွင်းတာမျိုးတို့ လုပ်သေးလား"

လို့ မေးလိုက်တော့ အခန်းရှင်က-

"ငါတို့က နာရေးကိစ္စပြီးမှ လာတာကွယ့်။ ဒါကြောင့် မင်းမေးတဲ့ကိစ္စကို ဘာမှမသိပါဘူးကွယ်"

ဟု နှုတ်ပိတ်စကားပြောနေ၍ ရှေ့ဆက်မေးရန် မဖြစ်နိုင်တော့။ ဟိုနားစုံ မေးလိုက်၊ ဒီနားစုံစမ်းလိုက်နှင့် အမြဲနေထိုင်သည့် ဒေသခံ လူငယ်တစ်ဦးအား မေးလိုက်ရာ-

"ဟိုအရင်က နေခဲ့တာတော့ မှန်ပါတယ်။ ကျွန်တော်ရှိတဲ့အချိန်မှာ လူသေလို့ သင်္ဂြိုဟ်တာမျိုး တစ်ခါမှ မရှိသေးပါဘူးဗျာ"

ဟု ဖြေလိုက်၍ အခုမှ ဘဲဥ အစရှာရသလို ဘာသတင်းမှ တိတိကျကျ မရခဲ့။ အမေမြန်းနွယ်အား တွေ့လို့မရနိုင်တော့ဘူးဟု သိလိုက်၍ သူက သူ့ကိုယ်ကိုသူ ဖြေသိမ့်လိုက်ပါသည်။

"အမေမြန်းနွယ်ဟာ ဝိဇ္ဇာလမ်းစဉ်နဲ့ အရိမေတ္တေယျ မြတ်စွာဘုရားကို ဖူးမြော်ဖို့ ကျင့်ကြံနေသူဖြစ်လို့ အမေ[illegible]သလို ဒီစေတီတော်လေးပြီးတာနဲ့ အဆင့်တွေ မြင့်သွားတာ ဖြစ်မယ်"

ဟု ကောင်းသည့်ဘက်မှလှည့်၍ တွေးလိုက်သည်။ အမေ မြန်းနွယ်အတွက် ယူလာသော ယောဂီပိတ်အုပ်ကြီးအား ဘယ်သို့လုပ်ရမည်နည်း။ သူလည်း မဆုံးဖြတ်တတ်။ လက်ရှိအချိန်တွင် အမေ မနောရရှိသည့် ဘိုးတော်လေးသာ ပါလာခဲ့လျှင် အမေဘယ်ဌာနမှာ ရှိပါသလဲဟု မေးလျှင် အဖြေတစ်ခုတော့ ရနိုင်သည်။ ယခုတော့ ဘိုးတော်လေးလည်း ပါမလာ။

လော်လောဆယ် ညနေပိုင်းတွင် သင်္ကန်းကပ်ဖို့က ပထမဦးစားပေးအရေးကြီးနေပြန်သည်။ ည (၇) နာရီလာရန် ချိန်းထားသည့်အတွက် ရေချိုး၊ အဝတ်လဲ၊ ထမင်းကိစ္စတွေ ပြီးအောင် အရင်ရှင်းရမည်။ အမေ့ကို ယောဂီပိတ်မကပ်ဖြစ်သော်လည်း ဆရာတော်ကြီးများကို သင်္ကန်း ကပ်ဖြစ်အောင် ကပ်ရမည်။ သင်္ကန်းသာ ကိုယ်တိုင်ကပ်ခွင့်ရပါက အမေမြန်းနွယ်သည် နောက်ကွယ်က နေ၍ အပြည့်အဝ အကူအညီပေးနေသည်ဟု သတ်မှတ်ရန် စိတ်ထဲက ဆုံးဖြတ်ထားလိုက်၏။

**ဝိဇ္ဇာမိုရ်ဆရာတော်များအား ကိုယ်တိုင်ကပ်လှူခွင့်ရခြင်း**

မယ်ဘော့ကုန်းမာတ်ခန်း၏ ည (၇) နာရီအချိန်သည် လူစုံရောက်သည့်အချိန်ပင်။ အများအားဖြင့် ဝိဇ္ဇာမာတ်ဖြင့် စနေသားဆရာတော်က တရားဟောလေ့ ဟောထ ရှိပါသည်။ ပထမဦးစွာ သီလဆောက်တည်ခြင်းကို ညီညီညာညာရွတ်ဆိုကြလေသည်။ သီလဆောက်တည်ပြီးနောက် အာနာပါနကမ္မဋ္ဌာန်းအား တစ်ထိုင်စီးဖြန်းကြရသည်။ ဒီနေ့ မာတ်ခန်းသို့ စနေသားဆရာတော် ကြွမလာ။ စနေသားဆရာတော်အစား ကပ္ပိယကြီးက ဦးဆောင်၍ ဆော်ဩနေရသည်။ ဦးအောင်မြင့်သိန်း နှာခေါင်းထဲတွင် အလွန်မွှေးပျံ့သည့် ရနံ့တစ်မျိုးရလာ၍ အမှတ်မဲ့ ယောင်ပြီး မျက်စိဖွင့်လိုက်၏။

ထိုအချိန်တွင် မာတ်ခန်း ပြတင်းပေါက်သို့ အခိုးအငွေ့ အစုအဝေးတစ်ခုက ဖြည်းညင်းစွာ ဝင်လာသည်။ အတွင်းသို့ရောက်သောအခါ မှုန်ဝါးနေရာမှ ထင်ရှားစွာ တွေ့လိုက်ရသည့်ပုဂ္ဂိုလ်မှာ ဆရာတော်ကြီး ဦးကောဝိဒ ဖြစ်နေ၏။ ဘေးလူတွေကတော့ မျက်စိမှိတ်ပြီး အာနာပါန စီးဖြန်းနေ၍ မြင်နိုင်လိမ့်မည် မဟုတ်။

"ကြုံတုန်း ရှင် သင်္ကန်းကပ်လေ။ မာတ်ပုံထဲက ဘုန်းဘုန်းကြီးမဟုတ်လား၊ ကျွန်မလည်း မြင်တယ်"

ဟု ဦးအောင်မြင့်သိန်း၏ဇနီးက သတိပေးလိုက်မှ သတိပြန်၍ဝင်လာ၏။ ပေါ်လာသည့်နေရာမှာ ဦးအောင်မြင့်သိန်းနှင့်သိပ်ပြီးမကွာဝေးလှ။ ထို့ကြောင့် သင်္ကန်းတစ်စုံအား လက်နှစ်ဖက်နှင့် ရိုသေစွာကပ်လိုက်သည်။ ဆရာတော်ကြီးမှလည်း လက်ခံ၍ သာဓု (၃) ကြိမ်ခေါ်လိုက်၏။ ဦးအောင်မြင့်သိန်း ကြည့်နေချိန်တွင် ဆရာတော်ကြီးက သင်္ကန်းအား သံဃာစင်ပေါ် သို့တင်၍ နားနေခန်းထဲသို့ ကြွသွားသည်။ ဦးအောင်မြင့်သိန်းသည် မြင်ရခဲလှသော ဆရာတော်ကြီး ဦးကောဝိဒအား ထူးထူးခြားခြား မြင်တွေ့ရုံတင်မဟုတ်ဘဲ မိမိလက်နှင့်ပင် သင်္ကန်းကပ်ဖြစ်၍ အတိုင်းမသိဝမ်းသာနေတော့သည်။

တစ်ဆက်တည်း ပြန်၍ သတိရသော အကြောင်းအရာမှာ ဆရာတော်ကြီး ဦးကောဝိဒနှင့်ပတ်သက်သောအကြောင်းပင် ဖြစ်လေသည်။ ထိုစဉ်က ဦးအောင်မြင့်သိန်းတစ်ယောက် ဘုရားကမ္ပည်းအား ဆေးသွင်းနေသည့်အချိန်၊ လူတစ်ယောက်က နောက်မှလာ၍ ကျောက်စာကို ဖတ်နေသည်။

'ခင်ဗျားကျောက်စာထဲမှာ ဝိဇ္ဇာမိုရ်ဆရာတော်ကြီးဦးကောဝိဒ၊ ဦးပဏ္ဍိတ၊ ရှင်ဥတ္တမကျော်ဆိုပြီး ပါနေပါလား။ ခင်ဗျားနဲ့ ဘယ်လိုပတ်သက်နေသလဲ။ စပ်စုတာ မဟုတ်ဘူးနော်၊ ရိုးရိုးသားသား သိချင်လို့ မေးတာပါ'

'ရပါတယ်။ ကျွန်တော်ကလည်း အမေးရှိမှ အဖြေရှိမှာပါ။ ဝိဇ္ဇာလိုင်းက ကိုယ်တိုင်လာမှ မဟုတ်ပါဘူး၊ မလာဘဲ မနေ့နဲ့ အကူအညီပေးတာမျိုးတွေ အများကြီးရှိပါတယ်။ အခု ဒီစေတီတော်လေးဆိုရင်လည်း အမေမြန်းနွယ်ကိုယ်တိုင်က နေရာ၊ အချိန်၊ ဉာဏ်တော်တွေကို ရွေးချယ်ဖို့ ဝိဇ္ဇာမိုရ်ဆရာတော်ကြီးတွေရဲ့အဆုံးအဖြတ်ကို နာခံရတယ်လေ။ အခု ဒီစေတီတော်လေးကိုလည်း ဦးအဂ္ဂေါဒယက ဦးစီးခဲ့တယ် မဟုတ်လား။ ဦးအဂ္ဂေါရဲ့ဆရာက ညောင်ပင်သားဆရာတော်ကြီး ဘဒ္ဒန္တဉာဏောဒယဖြစ်ပြီး ဦးဉာဏောဒယရဲ့ဆရာက အဘဘိုးမင်းခေါင်၊ အဘ ဘိုးမင်းခေါင်ကလည်း ဝိဇ္ဇာလိုင်းကပါပဲ။ ဒါကြောင့် ဝိဇ္ဇာမိုရ်ဆရာတော်တွေနဲ့ အတူတူပဲပေါ့။ ကျွန်တော့်ဆီမှာ ဦးအဂ္ဂေါဒယလာပြီး ပြီးတဲ့အထိ ဦးဆောင်တယ်ဆိုတာ ဝိဇ္ဇာမိုရ်ဆရာတော်ကြီးတွေ လမ်းညွှန်လို့ပါပဲ။ ဒါကြောင့် ကျေးဇူးရှင်စာရင်းမှာ အားလုံးကို ထည့်သွင်းထားတာပါ'

'အင်း- ခင်ဗျားက ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ပါတယ်လို့ ပြောနေသလိုပါပဲ။ ခင်ဗျား ဆရာတော်ကြီးတွေကို မြင်ဖူးလား'

'ရုပ်ပုံထဲမှာပဲ မြင်ဖူးပါတယ်၊ အ



www.burmeseclassic.com

www.burmeseclassic.com

ပြင်မှာတော့ အဘဘိုးထွန်းအောင်တစ်ပါးပဲ တွေ့ဖူးပါတယ်'

'ခင်ဗျားအဖြေကို သဘောကျတယ်။ ရိုးသားမှုရှိကြောင်း ခင်ဗျားအဖြေက ပေါ်လွင်နေပါတယ်။ ခင်ဗျားနဲ့ ဆက်နွယ်ပတ်သက်နေတဲ့ ဆရာတော်ကြီး ဦးကောဝိဒအကြောင်း ကျွန်တော်ကြုံခဲ့တာ ပြောပြမယ်။ ကျွန်တော်လည်း ပထမပိုင်းမှာ ခင်ဗျားလိုပါပဲ ဓာတ်ပုံလောက်မြင်ဖူးတဲ့လူပါဗျာ။

ဒီလိုနဲ့ ဆရာတော်ကြီးကို ကိုယ်တိုင်မြင်ဖူးချင်တယ်၊ တွေ့ဖူးချင်တယ်။ စကားလည်း ပြောကြည့်ချင်တယ်။ အဲဒီဆန္ဒက တအားပြင်းပြနေလို့ မင်းဘူးမယ်ဘော့ကုန်းကို အဖော်မပါဘဲရောက်သွားတယ်။ အဖော်ခေါ်လို့မဖြစ်တာက ကျွန်တော့်ရဲ့ သုတေသနလုပ်ငန်းကြီးက ဘယ်နေ့ အကောင်အထည်ပေါ်မှာလဲ၊ ဘယ်တော့ တွေ့ရမလဲ၊ တကယ်ကော မြင်တွေ့ခွင့် ပေးပါ့မလား ဆိုတာ ဘာမှမရေမရာ မသေချာတဲ့အလုပ်လို့ ပြောရမယ်။ ဒါကြောင့် အချိန်ကုန်ခံပြီး ဘယ်သူမှ လိုက်ချင်မှာမဟုတ်ပါဘူး။

ဒီအချက်တွေ ရှိနေလို့ တစ်ယောက်တည်း ထွက်လာတာပါ။ မယ်ဘော့ကုန်းမှာ မတွေ့ရမချင်း စောင့်မယ်လို့ ဆုံးဖြတ်ထားတယ်။ ဟိုရောက်တော့ မယ်ဘော့ကုန်းရွာမှာ အရင်စုံစမ်းလိုက်သေးတယ်။ တချို့က ယုံကြည်တယ်၊ တချို့က လုံးဝ မယုံကြည်ဘူး။ အချိုးအစားက တစ်ဝက်စီလောက် ရှိလိမ့်မယ်။

ဘာဖြစ်လို့ မယုံတာလဲလို့ စပ်စုကြည့်လိုက်တော့ သူတို့သွားတဲ့အခေါက်တွေမှာ တစ်ခါမှမတွေ့ရကြောင်း၊ အမြဲလာတဲ့ ဘိုးထွန်းအောင် ဆိုတာ တံခါးပေါက်က ကျော်ဝင်လာတာမျိုးသာဖြစ်ကြောင်း၊ ငှက်ပျောသီး၊ပန်းသီး၊လိမ္မော်သီးတွေ တစ်ခါတစ်ရံပေးကြောင်း၊ ဒီကိစ္စတွေက ဥစ္စာစောင့်တွေနဲ့ ဆက်သွယ်ထားတာမျိုး၊ အောက်လမ်းပညာမျိုး၊ မျက်လှည့်ပညာမျိုးသာ ဖြစ်နိုင်ကြောင်း တစ်တစ်ခွခွပြောတာဗျ။

ကျွန်တော်က ခင်ဗျားကိုယ်တိုင် ပြတင်းပေါက်က ဝင်လာတာ တိုက်ရိုက်မြင်ခဲ့လား၊ ငှက်ပျောသီး ပေးတာကော ရဖူးလားဆိုတော့ တိုက်ရိုက်တော့ မမြင်ဖူးပါဘူးလို့ ပြောတယ်။ တကယ်တော့ တစ်ဆင့်ကြားနဲ့ ပြောနေတာကိုး။ ဒီတော့ ကျွန်တော်က ဒီလိုဝေဖန်ကြည့်တယ်။ လူသားတစ်ဦးဖြစ်တဲ့ ရုပ်ရှင်မင်းသားပဲ ထားပါတော့။ သူ့ကို ဖန်သားပြင်ပေါ်မှာသာ မြင်ရတာပါ။ တချို့ သေသွားတယ်၊ လူကိုယ်တိုင် မမြင်ဖူးပါဘူး။ ဒါက ရုပ်ရှင်မင်းသားအဆင့်လောက်ကိုပြောတာပါ။

ဘာဖြစ်လို့ မမြင်သလဲဆိုရင် သူနဲ့ဆက်စပ်မှုမရှိလို့ပါဘဲ။ ဘာသာရေးစကားနဲ့ပြောရင် ပဋ္ဌာန်းဆက်မရှိလို့ မဆုံတာမျိုးပေါ့။

ကျုပ်စကားတွေ ရှည်သွားပြီ။ မယ်ဘော့ကုန်း ဓာတ်ခန်း ပြန်စ,မယ်။ ကျုပ်ရောက်တဲ့ (၃) ရက်မြောက်မှာ ညဘက် သီလယူပြီးတာနဲ့ ဆရာတော်ကြီး ဦးကောဝိဒ ပေါ်လာတယ်။

ရုပ်ရှင်တွေထဲမှာ ကင်မရာလှည့်စားပြီး လူရုပ်ပေါ်လာတာမျိုးကို အပြင်မှာ တကယ်တွေ့လိုက်ရတာဗျ။ ပြီးတော့ အဝေးကြီးမဟုတ်ဘူး။ ကျုပ်က နောက်ဆုံးမှာထိုင်တာ။ ထိုင်ပုံထိုင်နည်း ပြောရရင် ရှေ့ပရိသတ်ကို ကျုပ်က နှစ်တောင်လောက်ခွာပြီး ထိုင်မိတာပါ။ ဘာဖြစ်လို့ ဒီလောက်အကွာအဝေးကို ထိုင်မိမှန်းလည်း မသိပါဘူး။

ဆရာတော် ပေါ်လာတယ် ဆိုတာ အဲဒီလွတ်နေတဲ့ ကျုပ်ရှေ့က အကွက်ကလေးမှာ ပေါ်လာတာမျိုးပါပဲ။ ဒါကြောင့် အနီးကပ်မြင်လိုက်ရတာပေါ့။ ဘာပြောကောင်းမလဲ၊ ကျုပ် ဆိုတာ ဆရာတော်ကြီးကို ထိုင်လျက်က ပြေးပြီးဖက်လိုက်တယ်။ ဒီလို ပြေးဖက်တယ် ဆိုတာ ကျွန်တော့်ရှေ့က ပျောက်သွားမှာ စိုးလို့ပါ။ ကျွန်တော်သိချင်တဲ့အချက်ထဲမှာ ဆရာတော်ကြီးဟာ ဝိဇ္ဇာမိုရ်ဆရာတော်ဖြစ်လို့ လူသားလို အသွေးနဲ့ အသားနဲ့ ရှိတာမျိုးလား၊ အငွေ့အသက်ကို စုစည်းထားတဲ့ သုခမ ရုပ်လား ဆိုတဲ့ အချက်ကိုလည်း သိချင်နေတယ်လေ။

ဆရာတော်ကြီးအနေနဲ့ ကျွန်တော့်လို ငပါမွှားလေးက ဘာတွေ စိတ်ကူးနေကြောင်း သိမှာပါ။ ဒါကြောင့် ဖက်ထားတာကို ငြိမ်ပြီးနေပေးပါတယ်။ ကျွန်တော့်ရဲ့ ထိတွေ့မှုကို ပြောရရင် လူသားအသွေးအသားနဲ့ တည်ဆောက်ထားတဲ့ ခန္ဓာကိုယ်ကိုဖက်ရသလို ခံစားရတယ်ဗျ။ ထူးတာဆိုလို့ လူသားတွေထက် ပိုပြီး နူးညံ့မှုရှိတယ်။ ကျွန်တော်ဖက်တာ နည်းနည်းကြာသွားတော့မှ-

'ဟေ့- ဒကာလေး၊ မင်းလက်တွေဖယ်လိုက်ပါဦးကွယ့်'

လို့မိန့်တယ်ဗျ။ ဖက်ထားတဲ့လက်တွေဖြုတ်ပြီး ဆရာတော်ကြီးကို ရှိခိုးလိုက်တော့မှ သာဓု (၃) ကြိမ်ခေါ်တယ်။ ပြီးတော့ ကျွန်တော့်ခေါင်းနဲ့မျက်နှာကို ဓာတ်လုံးနဲ့ ပွတ်ပေးတယ်။ စိတ်ထဲမှာ အေးစိမ့်စိမ့်ဖြစ်လာလိုက်၊ နွေးနွေးထွေးထွေးဖြစ်လာလိုက်နဲ့ ဓာတ်လုံးရဲ့လျှပ်စစ်လိုင်းလို့ ခေါ်ရမလား၊ ဘယ်လိုအမည်တပ်ရမှန်းတောင် မသိပါဘူး။ ဦးခေါင်းတစ်ခုလုံး ဖြတ်စီးပြီး ခန္ဓာကိုယ်အနှံ့ဆင်းသွားသလို ခံစားနေရတယ်။

ကလေးစကားနဲ့ပြောရရင် 'ရှယ်ကောင်း၊ လွတ်ကောင်း' လို့ ဆိုရမယ်ဗျ။ ပထမပိုင်းမှာ ကျွန်တော်က ဘေးအန္တရာယ်ကင်းအောင် လုပ်ပေးတာလို့ ထင်တယ်လေ။ ဒါပေမယ့် ကျွန်တော့်အထင်အမြင်တွေဟာ မီးရထားပေါ် ရောက်မှ လွဲနေမှန်းသိတာဗျ။ နောက်ပိုင်းမှာ ရှင်းပြပါ့မယ်။ အရေးကြီးတဲ့ကိစ္စ ပြောဦးမယ်။ ကျွန်တော်က ဓာတ်လုံးနဲ့ပွတ်ပြီးချိန်မှာ အရဲစွန့်ပြီး မေးလိုက်တယ်-

'အရှင်ဘုရားတို့ဟာ မြင်စေချင်တဲ့လူမြင်ရတယ်၊ မမြင်စေချင်ရင် မမြင်ဘူး။ သွားချင်လာရင်လည်း ခဏနဲ့ ရောက်တယ်။ လိုတဲ့ပစ္စည်းကိုလည်း လက်ဆန့်လိုက်တာနဲ့ ရောက်လာတယ်။ ဒါကြောင့် ဈာန်သမာပတ်ရတဲ့ ရဟန္တာနဲ့တူပါသလားလို့ မေးလိုက်မိတယ်။ အဲဒီအမေးကို ဆရာတော်ကြီးက စိတ်ရှည်ရှည်နဲ့ ပြန်ပြီးဖြေတယ်ဗျ။ ဆရာတော်ကြီးဖြေတဲ့အဖြေဟာ ဝိဇ္ဇာလိုင်းအတွက် တကယ်ကိုတန်ဖိုးရှိတဲ့အဖြေပါပဲ။ ဆရာတော်ကြီးရဲ့အဖြေကို ပြန်ပြီးပြောပြပါမယ်။

'ရဟန္တာဆိုတာ ပဋိသမ္ဘိဒါဉာဏ်လေးပါး၊ အဘိညာဏ်ခြောက်ပါးနဲ့တကွ အရဟတ္တမဂ်ဖိုလ်ဆိုက်မှ ရဟန္တာလို့ခေါ်တယ် ဒကာ။ ရဟန္တာဆိုတာ ဘုရားပြီးရင် အမြတ်ဆုံးပုဂ္ဂိုလ်တွေပါပဲ။ ငါတို့နဲ့မနှိုင်းအပ်ပါဘူး။ ငါတို့ရဲ့အဆင့်ဟာ အရိယာ သူတော်စင်လို့ပဲ ခေါ်နိုင်တယ်။ သံသရာ စတဲ့ သတ္တဝါတစ်မျိုးကို ပေါက်မြောက်အောင်မြင်တဲ့ ဝိဇ္ဇာမိုရ် သံဃာတော်ခေါ်မှ မှန်မယ် ဒကာ'

လို့ ရှင်းပြပါတယ်။

တကယ့်ကို မာန်မာနကင်းတဲ့ အဖြေပါပဲ။

အင်း. . . ဓာတ်လုံးနဲ့ပွတ်တဲ့ကိစ္စ ဆက်ဦးမယ်။

(ဆက်ရန်)

စိုးထွန်း(ဉာဏ)



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်လှိုင်(သုဝဏ္ဏ)

# ရာသီခွင်အလိုက် ဘဝဖြစ်စဉ်များ

**Leo the Lion**
**သိဟ်ရာသီ ခြင်္သေ့**

**ဇူလိုင် (၂၄) ရက်မှ ဩဂုတ်လ (၂၃) ရက် အတွင်း မွေးဖွားသူများ**

နှလုံးသားရေးရာကိစ္စ၊ ကလေးငယ်များကိစ္စကိုဖော်ပြသည့်ရာသီရုပ်မှာ ခြင်္သေ့ ဖြစ်သည်။ တေဇော (မီးဓာတ်) ကို ကိုယ်စားပြုသည်။ တီထွင်ဖန်တီးနိုင်စွမ်းရှိခြင်း၊ လွှမ်းမိုးခြင်း၊ ရဲစွမ်းသတ္တိရှိခြင်း၊ သနားကရုဏာထားခြင်း၊ သစ္စာရှိခြင်း၊ ချုပ်ကိုင်အုပ်စိုးခြင်းသဘောတရားများကို ပိုင်ဆိုင်ထားသည်။ ဘဝခရီးကြမ်းအား ဖြတ်သန်းရာ၌ မလွဲမသွေရှိရမည့် အခြေခံစွမ်းအားများကို ရရှိထားသည်။

တောတွင်းတိရစ္ဆာန်အားလုံးတို့၏ အရှင်သခင်ဖြစ်သော၊ ၎င်းတိရစ္ဆာန်များအား အုပ်ချုပ်ထားသော Leo (ခြင်္သေ့မင်း) သည် အကြမ်းဖက်ခြင်း၊ ရက်စက်ခြင်းအမှုများကို ပိုင်ဆိုင်ထားသော်လည်း သစ္စာရှိခြင်း၊ ကရုဏာထားတတ်ခြင်းတို့ဖြင့် တစ်တောလုံးအား လွှမ်းမိုးထားသည်။ လိုအပ်သောအခြေအနေ၌ ဟိန်းဟောက်ခြင်း၊ ခြောက်လှန့်ခြင်းပြုတတ်သည်။

သိဟ်ရာသီဖွား Leo ၏သဘာဝအရ အမှောင်ထု (မည်းမှောင်ခြင်း) နှင့် ပျင်းရိငြီးငွေ့ထိုင်းမှိုင်းခြင်းများကို မုန်းတီးတတ်သည်။ ၎င်းရာသီဖွားများသည် တသီးတသန့် နေထိုင်တတ်သလို ဟန်ဆောင်တတ်သည်။ တိတ်တဆိတ် ဆုံးဖြတ်ချက်ချတတ်သည်။ ဇာတ်ခုံစင်မြင့်၏ကန့်လန့်ကာနောက်ကွယ်မှ(ပရိသတ်ရှေ့) စင်မြင့်ပေါ် ရောက်ရှိရန် အခွင့်အရေးအတွက် စောင့်ကြည့်နေတတ်သည်။ မည်သည့်အကြောင်းတရားကြောင့်ပင် ဖြစ်စေ ၎င်းတို့၏ မာန်မာနကို အလွယ်တကူမချတတ်ပေ။

Leo ရာသီဖွားတို့၏ ကိုယ်စားပြု ခြင်္သေ့မင်းသည် ရုပ်ပိုင်းဆိုင်ရာ (ပြင်ပလက္ခဏာ) အရ လည်ဆံမွေးတို့ စုတ်ဖွာဖွာဖြစ်နေခြင်းကြောင့် အပျင်းကြီးသည့် ပုံစံပေါက်နေသော်လည်း မိမိသွားလိုရာ လမ်းကြောင်းတစ်လျှောက် ရဲဝံ့စွာ (သူရသတ္တိရှိစွာဖြင့်) ဖြောင့်တန်းစွာသွားလာတတ်သည်။ ထိုနည်းတူ သိဟ်ရာသီဖွားတို့အနေဖြင့် မိမိ၏ အသရေတင့်တယ်ခြင်း၊ မိမိရပိုင်ခွင့်အရေးများအား လက်လွှတ်မဆုံးရှုံးရန် အပြင်းအထန် ကာကွယ်တတ်ကြသည်။ သာမန်အခြေအနေအားဖြင့် တည်ငြိမ်အေးဆေးစွာ ပြုမူနေထိုင်တတ်သည့်သဘာဝရှိသည်။ ခြင်္သေ့သဘာဝအရ လက်သည်းများကို သိုဝှက်ထားသော်လည်း ၎င်းလက်သည်းများက ကြောက်မက်ဖွယ် ချွန်ထက်လှသည်။ သာမန်တိရစ္ဆာန်များအပေါ် Leo က အထင်သေးတတ်သလို သိဟ်ရာသီဖွားအနေဖြင့်လည်း သာမန်လူများအား အပေါ်စီးမှဆက်ဆံတတ်သည်။

စကားမြန်မြန်ပြောတတ်သော၊ လမ်းမြန်မြန်လျှောက်တတ်သော သိဟ်ရာသီဖွားများကို တွေ့ရခဲသည်။ သိဟ်ရာသီဖွား(အထူးသဖြင့်)အမျိုးသမီးများသည် မျက်လုံးမျက်ဖန် နက်မှောင်တတ်သည်။ စကားအပြောအဆို နူးညံ့သိမ်မွေ့သည်။ ဆံနွယ်များသည် အနက်ရောင် (သို့) နီကြင်ကြင် (သို့) ရွှေအိုရောင်မျိုးရှိတတ်ကြသည်။ အများအားဖြင့် လှိုင်းတွန့်ဆံပင်ရှိတတ်ကြသည်။ အသားအရေမှာ သိသိသာသာ နီစပ်စပ်အရောင်ရှိသည်။

သိဟ်ရာသီဖွားများသည် လူအများအတွက် ထူးခြားသော အကျိုးသက်ရောက်မှုများကို ဖြစ်စေသည်။ ခြင်္သေ့မင်း၏ရှေ့၌ ရင်ပေါင်တန်း ရပ်တည်(ရင်ဆိုင်)နိုင်ရန် သာမန်ကိုယ်ခန္ဓာအလုံးအထည်စွမ်းအင်(ခွန်အား)တို့ဖြင့် မဖြစ်နိုင်ပေ။ ၎င်းခြင်္သေ့မင်းက Leo ဖွားတို့နှင့်ညီမျှသော ကာယ၊ ဉာဏစွမ်းအင်ရှိမှသာဖြစ်နိုင်ပါသည်။ သိဟ်ရာသီဖွားအများစုသည် ပညာတတ်များ၊ နိုင်ငံရေးသမားများ၊ စိတ်ရောဂါကုအထူးကုဆရာဝန်များအဖြစ် ဘဝတစ်သက်တာအချိန်များကိုကုန်ဆုံးစေပါသည်။ ကြမ်းတမ်း ရက်စက်တတ်သည့် စရိုက်လက္ခဏာရှိသော်လည်း ရိုးသားဖြောင့်မတ်ခြင်းနှင့် သူမတူသော ကိုယ်ပိုင်စွမ်းရည်များရှိထားခြင်းကြောင့် Leo ခြင်္သေ့မင်းတို့၏ အသရေကို ပိုမိုတိုးတက်စေပါသည်။

၎င်းရာသီဖွားတို့သည် လိမ္မာပါးနပ်သူ၊ လျင်သူ၊ လာဘ်မြင်သူများ ဖြစ်ကြသည်။ တစ်ခါတစ်ရံ၌ ရေခန်းနေ





www.burmeseclassic.com

www.burmeseclassic.com

သော ရေတွင်းမှ ရေရှိရန် ကြိုးစားအား ထုတ်မှုကြောင့် ၎င်း၏ခွန်အား(စွမ်းရည်များ)အကျိုးမဲ့ဆုံးရှုံးရတတ်သည်။ သိဟ်ရာသီဖွားများကို လူပျိုကြီး၊ အပျိုကြီးများ၌ များစွာမတွေ့ရတတ်ပေ။ အချစ်ရေး၊ အိမ်ထောင်ရေးတို့နှင့်ပတ်သက်၍ အတိတ်သမိုင်းကြောင်း(ဇာတ်လမ်း)များ အနည်းငယ်စီရှိတတ်သည်။

သိဟ်ရာသီဖွားအမျိုးသား၊ အမျိုးသမီးတို့သည် တစ်ဖက်သားအပေါ် မှီခို၍ ရပ်တည်ခြင်းလုံးဝမပြုတတ်ပေ။ မိမိခြေထောက်ပေါ် မိမိရပ်တည်နိုင်ရေးအတွက် (မာန်မာနထားရှိကာ) မခံချင်စိတ်ဖြင့် ကြိုးစားကြသည်။ မိမိက တစ်ဖက်သားအပေါ် မမှီခိုသော်လည်း မိမိအပေါ် အားကိုးမှီခိုလာသည့် (ဝန်ထုပ်ဝန်ပိုး) များအား မညည်းမညူစတမ်း ထမ်းဆောင်ပေးတတ်သည်။ ၎င်းရာသီဖွားတို့သည် မရှိဆင်းရဲသူများအား ပေးကမ်းစွန့်ကြဲတတ်ကြသည်။

သိဟ်ရာသီဖွား အများစုသည် ကျောကုန်း၊ ပခုံးနှင့် ကျောရိုးမကြီးတို့၌ လည်းကောင်း၊ ခြေထောက်နှင့် ခြေမျက်စိတွင် လည်းကောင်း၊ လည်ချောင်းတွင် လည်းကောင်း ကျန်းမာရေးဆိုင်ရာ ပြဿနာများရှိတတ်သည်။ သိဟ်ရာသီဖွားတို့၏ ကြီးမားသောအားနည်းချက်တစ်ခုမှာ ကျန်းမာရေးကို အလေးမမူခြင်းပင် ဖြစ်သည်။ မိမိသွားလိုရာလမ်းကြောင်းတစ်လျှောက် ယုံကြည်မှုရှိစွာ မယိမ်းမယိုင် လျှောက်တတ်သည့် သဘာဝကြောင့် အချို့သောကိစ္စများ၌ စေ့စပ် ညှိနှိုင်း၍ မရလောက်အောင် ခေါင်းမာတတ်ကြသည်။ အလုပ်လုပ်မည်ဆိုပါက လုပ်ရမှု၊ နားရမည်ဆို နားရမှု၊ ကစားမည်ဆို ကစားရမှု စသည်ဖြင့် ကြိုတင် ပြင်ဆင် သတ်မှတ်ပြီးသားတို့အား မည်သည့်အကြောင်းအရာတို့နှင့်မျှ အစားထိုးချေဖျက်မခံကြပေ။ စင်စစ်အားဖြင့် သိဟ်ရာသီဖွား Leo သည် သစ္စာစောင့်သိသော မိတ်ဆွေကောင်းတစ်ဦးဖြစ်နိုင်သလို သင့်အတွက်ကြောက်မက်ဖွယ်ကောင်းသော (ခွန်အားကြီးမားသည့်) ရန်သူလည်း ဖြစ်နိုင်ပါသည်။

**သိဟ်ရာသီဖွား (အမျိုးသား)**

ခြင်္သေ့မင်းတို့၏တည်ကြည်သော၊ ခံ့ညားသော (ဗီလာအားဖြင့်) ကြမ်းတမ်းရက်စက်တတ်သော၊ အကြမ်းဖက်တတ်သောသဘာဝရှိသော်လည်း အမျိုးသမီး (အားနွဲ့သူ)များအပေါ် ညှာတာထောက်ထားတတ်သည့် စရိုက်လက္ခဏာရှိပါသည်။ သိဟ်ရာသီဖွားအမျိုးသားတို့အနေဖြင့် သင်နှင့်ပတ်သက် (မိတ်ဆွေ)ဖြစ်ခဲ့ပါက သင့်အား မည်သို့နေထိုင်ဝတ်စားဆင်ယင်ရမည်၊ စိတ်နေစိတ်ထားမည်သို့ထားရှိရမည်၊ ဆံပင်အား မည်သို့သပ်ရပ်စွာ (စည်းကြောင်းဖြင့်) ဖြီးထားရမည်၊ မည်သို့သောစာအုပ်များကို ဖတ်သင့်၍ မည်သို့သောမိတ်ဆွေကောင်းနှင့် ပေါင်းဖော်လက်တွဲရမည်ဆိုသည်တို့ကို ညွှန်ပြပေးပါလိမ့်မည်။

နူးညံ့သောသိဟ်ရာသီဖွား (အမျိုးသား)တို့အနေဖြင့် ပြဿနာအရပ်ရပ်ကို တည်ငြိမ်အေးဆေးစွာ တိတ်တဆိတ်ဖြေရှင်းလေ့ရှိပါသည်။ သို့သော်လည်း လုပ်ငန်းရှင် (သို့) ဌာနတစ်ခု၏ အကြီးအကဲတစ်ဦးဖြစ်ပါက ၎င်း၏ ညွှန်ကြားချက်များအပေါ် လိုက်နာခြင်းမရှိသူအား ဒေါသကြီး မာန်မဲဟိန်းဟောက်တတ်ကြသည်။ မိတ်ဆွေအပေါင်းအဖော်များအတွက် မည်သို့သော အန္တရာယ်မျှ မကျရောက်စေရန် ရေကုန်ရေခန်း ကာကွယ်ပေးတတ်ကြသည်။

သိဟ်ရာသီဖွားတို့သည် အိမ်ဆောက်ရာ၌ လည်းကောင်း၊ ပရိဘောဂပစ္စည်းများပြုလုပ်ရာတွင် လည်းကောင်း၊ အိမ်ခန်းဖွဲ့ရာတွင် လည်းကောင်း၊ ကြေးစားပညာရှင်တို့၏ အကူအညီ တစ်စုံတစ်ရာမပါရှိဘဲ ကိုယ်တိုင်စီစစ်၍ လုပ်နိုင်စွမ်းရှိကြသည်။ သိဟ်ရာသီဖွားအများစုသည် သားသမီးမရှိသူများ ဖြစ်တတ်သည်။ ရှိခဲ့ပါကလည်း တစ်ဦးတည်းသား၊ သမီး ဖြစ်တတ်သည်။

**သိဟ်ရာသီဖွား (အမျိုးသမီး)**

၎င်းရာသီဖွားအမျိုးသမီးအား ရယူပိုင်ဆိုင်လိုသူ သင့်အတွက် ပြိုင်ဘက်များလှပါသည်။ သူမတို့အနေဖြင့် သက်ဆိုင်ရာ လူမှုအသင်းအဖွဲ့များ၌ ခေါင်းဆောင်များ ဖြစ်တတ်ပါသည်။ ၎င်းအမျိုးသမီးများသည် စကားပြောညင်သာခြင်း၊ တည်ငြိမ်ခြင်းရှိသည်။ သိဟ်ရာသီဖွားအမျိုးသမီးတို့သည် ခြင်္သေ့မတို့၏ သဘာဝ၊ စရိုက်လက္ခဏာများနည်းတူ ချွန်မြသော လက်သည်းများကို မလိုအပ်လျှင် ထုတ်မပြဘဲ ဝှက်ထားတတ်ကြသည်။

သင့်အနေဖြင့် Leo အမျိုးသမီးတို့၏ ဂုဏ်အင်လက္ခဏာများကို နှစ်သက် အားကျပြီး သူမအပေါ် ချစ်ကြိုက်ရယူပိုင်ဆိုင်လိုသော်လည်း သင်သည် သူမနည်းတူ အရည်အချင်းပြည့်ဝ (သန်မာခြင်း) မရှိပါက သင့်အား လုံးဝစိတ်ဝင်စားမည် မဟုတ်ပေ။ သိဟ်ရာသီဖွား၏ သဘာဝအရ သူမတို့အား နှိုင်ထက်စီးနင်းအပြုအမူများနှင့် အပေါ်စီးမှ စော်ကားပြောဆိုခြင်းများအပေါ် လုံးဝခွင့်လွှတ်မည် မဟုတ်ပေ။

သိဟ်ရာသီဖွားအမျိုးသမီးအများစုသည် အားကစားမျိုးစုံ၌ ဝါသနာထုံတတ်ကြသည်။ သူမတို့ရွေးချယ်သော အားကစားနည်းများသည်လည်း အမျိုးသမီးတစ်ဦးအနေဖြင့် (အမျိုးသားတို့နှင့် ရင်ပေါင်တန်းနိုင်သော) ကစားနည်းများကိုသာ ရွေးချယ်တတ်ကြသည်။

ဆင်းရဲလွန်းသော Leoအမျိုးသမီးများအနေဖြင့် ပြတင်းပေါက်လိုက်ကာဝယ်ရန်ပင် ငွေကြေးအနိုင်နိုင်စုဆောင်းနေရတတ်သည်။ ဆင်းရဲမွဲတေမှုက သူမ၏ ရုပ်ခန္ဓာအား နာမကျန်းမှုဖြစ်စေပါသည်။ အချို့သော သိဟ်ရာသီဖွားအမျိုးသမီးများအနေဖြင့် မှန်တင်ခုံရှေ့ထိုင်ပြီး အလှအပပြင်ဆင်နေတတ်ကြသည်။

မိခင်ဘဝအဖြစ်ရှိနေသော Leo အမျိုးသမီးများသည် သူမ(တို့)၏သားသမီးများအား မိခင်မေတ္တာအပြည့်အဝပေးစွမ်းနိုင်ကြသည်။ သားသမီးများနှင့်ပတ်သက်၍ စိတ်ပျော်ရွှင်မှုရရန် အချိန်ပေးတတ်ကြသည်။ အပြောအဆို အနေအထိုင် အပြုအမူမှအစ လိုအပ်သလိုပြုပြင်ဆုံးမပေးတတ်ကြသည်။ မိမိသားသမီးများအား မိမိဘဝမိမိ ဦးဆောင်ရပ်တည်နိုင်ရန် သင်ပြညွှန်ကြားပေးတတ်သည်။ ဘဝနှင့်ပတ်သက်၍ လောကဓံအခက်အခဲမှန်သမျှအား ကျန်းမာသန်စွမ်းသော ခြင်္သေ့မတို့၏ ဟိန်းဟောက်သံပြုသကဲ့သို့ ခုခံတုံ့ပြန်နိုင်ကြသည်။ သာမန် အမျိုးသမီးတို့အတွက် Leo အမျိုးသမီးများက ရှေ့ဆောင်နမူနာအဖြစ် ရပ်တည်ပေးနေပါသည်။

**သိဟ်ရာသီဖွား (ကလေး)**

၎င်းကလေးများသည် ဆော့ကစားတတ်ခြင်း၊ ပျော်ပျော်နေတတ်ခြင်းသဘာဝ ရှိသည်။ သိဟ်ရာသီဖွားယောကျ်ားလေး၊ မိန်းကလေးများသည် အခြား သက်တူရွယ်တူ၊ အတန်းတူကလေးများကို ဆရာလုပ်တတ်လေ့ရှိကြသည်။ ၎င်းတို့အား စိန်ခေါ် ရန်စလာသူမှန်သမျှအား (လူလယ်ကောင်တွင်ပင်ဖြစ်စေ) ကြမ်းတမ်းပြင်းထန်စွာ တုံ့ပြန်တတ်ကြသည်။ ကလေးချင်းအတူတူ



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းဆောင်လုပ်နိုင်စွမ်းရှိကြသည်။ အမြော်အမြင်ရှိသော၊ ပညာဉာဏ်ကြီးသောမိဘတို့အနေဖြင့် ၎င်းတို့ ၏ Leo ရာသီဖွား သားသမီးများအား မှန်ကန်သောလမ်းကြောင်းပေါ် ရောက်ရှိရန် အသည့်မတ် ပြင်ဆင်ပေးတတ်ကြသည်။

Leo ရာသီဖွားကလေးများသည် သာမန်ကလေးများထက် မဆင်မခြင်ပြုမူတတ်ခြင်းများရှိတတ်ပါသည်။ တစ်ဖက်သားအပေါ် ဆရာလုပ်တတ်ခြင်း၊ ခိုင်းစေတတ်ခြင်းသဘာဝများ ပျောက်ပျက်အောင် (လိုအပ်ပါက) ၎င်းတို့အား အတတ်နိုင်ဆုံး ကူဖော်လောင်ဖက်တစ်ဦးမှမထားရှိဘဲ အချိန်ပိုင်းမျှလွှတ်ထားပေးသင့်ပါသည်။ သို့မှသာ ခြင်္သေ့မင်းတို့၏ ဂုဏ်အင်လက္ခဏာဖြစ်သော မိမိကိုယ်မိမိ ရပ်တည်ရင်ဆိုင်ရဲသည့်သတ္တိများ ထွက်ပေါ်လာပါမည်။ ၎င်းတို့၏ ရှိရင်းစွဲ (မွေးရာပါ) အစွမ်းသတ္တိများ အရောင်ထွက်လာမည် ဖြစ်ဘည်။

၎င်းရာသီဖွား ကလေးများသည် ဓာနာသနားတတ်သည့်စိတ်ရှိသူများပီပီ ငွေကြေးချိုးခြံသုံးစွဲရရှာသော သူငယ်ချင်း (ကလေး) များအတွက် ငွေကြေးကူညီပေးတတ်ကြသည်။ ၎င်းတို့အရွယ်ရောက်လာကြပြီးနောက် ဆန့်ကျင်ဘက်လိင်အပေါ် စိတ်ဝင်စားတတ်ခြင်းသည် သာမန် ဆယ်ကျော်သက်များထက် ပိုမိုစောလျက်ရှိတတ်သည်။ Leo လူငယ်တိုင်းလိုလို ပါတီပွဲတက်လိုကြသည်။ လွတ်လပ်မှုကို သာမန်ထက် ပိုမိုလိုလားကြသည်။ ၎င်းတို့အနေဖြင့် လှောင်အိမ်၌ပိတ်လှောင်ထားသောခြင်္သေ့တို့သည် ဘယ်သောအခါမှ ယဉ်ပါးလာမည် မဟုတ်ဟု ယူဆထားကြသည်။

**သိဟ်ရာသီဖွား (သူဌေး)**

၎င်းရာသီဖွားသူဌေးအများစုသည် ညည်းရုံးနိုင်စွမ်းကောင်းသူများ ဖြစ်ကြသည်။ အခွင့်အာဏာလွှဲပြောင်းပေးအပ်ခြင်းခံရတတ်သည့်သူများ ဖြစ်သည်။

၎င်းရာသီဖွားတို့သည် ရုံးခန်းအတွင်း မီးရောင်မှိန်မှိန်ထွန်းခြင်း၊ ဂီတသံငြိမ့်ညောင်းစွာဖွင့်ခြင်း၊ အကောင်းစားဆိုဖာခုံများဖြင့်ဇိမ်ခံတတ်ကြသည်။နံရံများပေါ်တွင်လည်း ဈေးနှုန်းကြီးမြင့်သောပန်းချီနှင့် ဓာတ်ပုံကားချပ်များ ချိတ်ဆွဲထားရှိတတ်သည်။ ၎င်းပြင် သူငယ်တိုင် ချီးမြှင့်ခံခဲ့ရသည့် အောင်သက်မှတ်၊ ဘွဲ့ဒီဂရီ ဂုဏ်ထူးဆောင် ဆုတံဆိပ်နှင့် Certificate မျိုးစုံအား နံရံ၌



မှန်ပေါင်သွင်း ချိတ်ဆွဲထားရှိတတ်ကြသည်။ သိဟ်ရာသီဖွား၏ ဂုဏ်အင်အတိုင်း မိမိအမှန်တကယ် လုပ်နိုင်စွမ်းဆောင်နိုင်ခဲ့သည်များအပေါ် ထုတ်ဖော်ပြသရဲကြသည်။

အချို့သော Leo Boss များတွင် စနေ၊ တနင်္ဂနွေ အပါအဝင် နေ့ညမနားဘဲ သုံးလဆက်တိုက် အလုပ်လုပ်တတ်သော အတွင်းရေးမှူးမျိုးရှိတတ်ဆည်။ ထိုသို့အလုပ်ကြိုးစားတတ်သောကြောင့်လည်း သူဌေးဖြစ်သူမှ သူမအား ဖခင်တစ်ယောက်ပမာ ပြန်လည် ကြည့်ရှုထောက်ပံ့ပေးတတ်သည်။ အတွင်းရေးမှူးတို့အနေဖြင့် ၎င်းတို့ Leo သူဌေး၏ လက်အောက်၌ အလုပ်လုပ်နေရခြင်းအပေါ် ဂုဏ်ယူဝင့်ကြွားတတ်ကြသည်။

အကယ်၍ သင်သည် Leo သူဌေး၏ အမှုဆောင်အရာရှိတစ်ဦးအဖြစ် တာဝန်ထမ်းသူ (အမျိုးသား) ဖြစ်ပါက သူဌေးပတ်သက်သောပြဿနာအမျိုးမျိုးအား ရင်ဆိုင်ဖြေရှင်းရတတ်သည်။ ၎င်းပြင် သင်၏ အားနည်းချက်များကိုလည်း Leo သူဌေးက အမှားမခံဘဲ ထောက်ပံ့ပါမည်။ Leo သိဟ်ရာသီဖွားများသည် တစ်ဖက်သားအား ဩဇာပေးရန် မွေးဖွားလာခဲ့သူများပီပီ အရာရာ၌ (အသေးအဖွဲမှအစ) ညွှန်ကြား ပြသပေးတတ်သည်။ သို့သော်လည်း သင့်ပုဂ္ဂိုလ်ရေး၊ သင့်ဘဝတစ်လျှောက် ကောင်းမွန်စွာရပ်တည်နိုင်ရေးအတွက် သိဟ်ရာသီဖွားသူဌေးမှ ထောက်ပြပေးခြင်းကို လက်ခံသင့်ပါသည်။

၎င်းရာသီဖွား သူဌေးများသည် တစ်ခါတစ်ရံ၌ ရယ်စရာကောင်းတတ်သည်။ အခန့်မသင့်ပါက ကြောက်စရာကောင်းအောင် ဒေါသကြီးတတ်ကြ၏။ စိတ်ဆိုးစိတ်ကောက်သောအခါ၌ အခန်းတံခါးပိတ်လျက် သုံး၊ လေးနာရီကြာ (မည်သူမျှ) စကားမပြောဘဲ နေတတ်ကြသည်။ နှုတ်ခမ်းစူတတ်ကြသည်။

**သိဟ်ရာသီဖွား (အလုပ်သမား)**

အလုပ်ခွင်အတွင်း တာဝန်ကျေစွာ ထမ်းဆောင်တတ်သည်။ ရာထူးအဆင့်ဆင့်အလိုက် တိုးတက်အောင် ကြိုးစားတတ်ကြသည်။ အကယ်၍ သိဟ်ရာသီဖွား အလုပ်သမားတစ်ဦးအဖို့ သူဌေး(အလုပ်ရှင်)အဆင့်ထိ ဖြစ်မလာနိုင်တော့သည့်တိုင် ၎င်း၏ Leo စရိုက်လက္ခဏာအရ လောကကြီးအား ၎င်း၏ကျွမ်းကျင်လိမ္မာမှု(အရည်အချင်း) အမျိုးမျိုး သိရှိနားလည်စေရန် တစ်နည်းနည်းဖြင့် ထုတ်ဖော် ပြသတတ်ကြသည်။ သိဟ်ရာသီဖွားအလုပ်သမားတို့သည် ကုမ္ပဏီတစ်ခုအတွင်း အနည်းဆုံး ရာထူးအဆင့်ကြီးကြီးတစ်ခုကိုပင် မရယူနိုင်ခဲ့ခြင်းမှာ (အလုပ်မမြဲဘဲ) ကြိမ်ဖန်များစွာ ပြောင်းနေတတ်သောကြောင့်ပင် ဖြစ်သည်။

သိဟ်ရာသီဖွား အလုပ်သမားကျားဖြစ်စေ၊ မဖြစ်စေ အချိန်ပိုအလုပ်ဆင်းရသည်ကို ပြဿနာတစ်ရပ်အဖြစ် သဘောမထားတတ်ပေ။ Leo (ခြင်္သေ့) တို့၏ မွေးရာပါသဘာဝအရ အလွယ်တကူ (အချိန်တိုအတွင်း) မယဉ်ပါးကြသောကြောင့် ၎င်းတို့နှင့်ပတ်သက်သည့် စည်းကမ်း၊ စည်းမျဉ်းဥပဒေများအား အနည်းငယ် လျှော့ပေါ့သင့်ပါသည်။ လူမှုရေးပိုင်း၌ စိတ်ထွက်ပေါက်အဖြစ် (အလုပ်ချိန်ပြီးနောက်) သောက်စားခြင်းခွင့် ပြုသင့်ပါသည်။

သိဟ်ရာသီဖွား အလုပ်သမားတစ်ဦးကို ငှားရမ်းသုံးစွဲပါက အလုပ်ခွင်အတွင်း ကြီးမားလေးလံသော ဝန်ထုပ်ဝန်ပိုးများကို မညည်းမညူ ထမ်းပိုးနိုင်ကြောင်း တအံ့တသြ တွေ့ရှိရပါမည်။ ၎င်းတို့လုပ်အားအပေါ် အသိအမှတ်ပြုလျက် တုံ့ပြန်သည့်အနေဖြင့် အခကြေးငွေ (လုပ်အားခ) များ သင့်တော်သလို တိုးပေးရပါမည်။ သူဌေးတစ်ဦး၏ လုပ်ငန်း အဆင်ပြေ ချောမွေ့မှုအတွက် ရေရှည်အလားအလာကောင်းသောအလုပ်သမားအား ဆက်လက် ထိန်းသိမ်းထားနိုင်ဖို့ လိုအပ်ပါသည်။

ခြင်္သေ့တို့၏ နှလုံးသားသည် ၎င်း၏ အတ္တမာန်မာနကြီးသလောက် စွမ်းအင်ကြီးမားကြပါသည်။

ဦးအောင်သိုင်း(သ...)



www.burmeseclassic.com

www.burmeseclassic.com

**ဝိဇ္ဇာဓရရှောင်ဆေးအကြောင်း သိမှတ်ဖွယ်ရာနောက်ဆက်တွဲ**

# လက်တွေ့အသုံးချ ဝိဇ္ဇာဓရရှောင်ဆေးနည်း အဖြာဖြာ

ဦးမင်းဇင်(ရွှေနဝင်း)



ယခင်လက ရေးသား တင်ပြခဲ့သော 'ဂမ္ဘီရပြဒါးပြာ အန္တရာယ်ရှိ၊ မရှိနှင့် ဝိဇ္ဇာဓရရှောင်ဆေးအကြောင်း သိမှတ်စရာအဖြာဖြာ' ဆောင်းပါးကို စာဖတ်သူ ပရိသတ်ကြီး လေ့လာ ဖတ်ရှုပြီးပြီဖြစ်၍ ဂမ္ဘီရပြဒါးပြာ သို့မဟုတ် ဝိဇ္ဇာဓရရှောင်ဆေးသည် ဓာတ်သေပြာ မဟုတ်ဘဲ စင်ကြယ်အောင် သုဒ္ဓပြုသန့်စင်ထားသည့် ပြဒါး၏ ဂုဏ်သတ္တိစွမ်းအင်ကို ရောဂါနှင့် ချင့်ချိန်တိုင်းဆပြီး အန္တရာယ်မဖြစ်အောင် သတိပြုသုံးရသည့် ဓာတ်ဆေးဖြစ်သည်ဟု ဝါသနာရှင် ပညာသင်များ လက်ခံ သဘောပေါက်ပြီဟု ယူဆရပါသည်။

သည်တော့ ဝိဇ္ဇာဓရရှောင်ဆေးကို အချို့သော ဝါသနာရှင် ပညာသင် သုတေသီများက ရှောင်ဆေးသည် အန္တရာယ်ကြီး၍ သတိပြု သုံးစွဲရသော ဓာတ်ဆေးမျိုးဖြစ်၍ ထိုဆေးသုံးစွဲရမည်ကို လက်တွန့်ပြီး စိတ်ကျဉ်းကျပ် အခက်တွေ့နေနိုင်ပေသည်။ ကျွန်ုပ်မှာလည်း 'စခဲ့ပြီးပြီ' ဆိုတော့ ထိုအခက်အခဲကို အဆင်ပြေချောမွေ့စေရန် ဖြေရှင်းပေးရမည့် တာဝန်တစ်ရပ်က ရှိလာပြန်ပေတော့သည်။

ပို့မယ့်ပို့ ကူးတို့အထိ ရောက်အောင် ပို့ပေးတတ်သည့် စေတနာဗီဇအတိုင်း စာဖတ်သူပရိသတ် ဝါသနာရှင် ပညာသင်များ အကျိုးများပြီး လက်တွေ့အသုံးချနိုင်သည့် ဝိဇ္ဇာဓရ ရှောင်ဆေးအသုံးချနည်းအဖြာဖြာတို့ကို ရေးသားတင်ပြလိုက်ပါသည်။

ယခင်လက တင်ပြ ရေးသားခဲ့သော ဝိဇ္ဇာဓရရှောင်ဆေးနှင့် ပတ်သက်သည့်အကြောင်းအရာများသည် ရှောင်ဆေးကို သုံးစွဲတော့မည်ဆိုလျှင် မသိမဖြစ် သိထားရမည့် အဓိက အခြေခံ ဥပဒေသ သဘောတရားများ ဖြစ်ပါသည်။

ယခု ရေးသား တင်ပြမည့် ရှောင်ဆေးအသုံးချနည်းအဖြာဖြာတို့မှာ ထိုအခြေခံအချက်အလက် သဘောတရားများကို သင်နားလည်ပိုင်နိုင်ခဲ့ပြီဆိုလျှင် ဝိဇ္ဇာဓရရှောင်ဆေးနှင့် ရှောင်ချိုးကို ထပ်ဆင့်၍ ဆင့်ပွား လက်တွေ့ အသုံးချနိုင်စေရန် အရင်းခံဖြင့် ဆရာစားမချန်ဘဲ တင်ပြပေးပါမည်။

ထို့ကြောင့် ရှောင်ဆေးကို ခန္ဓာကိုယ်တွင်းသို့ သောက်သုံးသော်လည်း အတိုင်းတာတစ်ခုအထိ အန္တရာယ်မပေးဘဲ တိုက်ကျွေးနိုင်သည့် နည်းကောင်းတစ်ခုကို အရင်ဦးဆုံး တင်ပြပေးပါမည်။

**ဆေးသုံးနည်း (က)**

ထိုဆေးသုံးနည်းစနစ်မှာ ရှောင်ဆေးမှာ ပါဝင်နေသည့် ပြဒါးဓာတ်၏ အဆိပ်သင့်အန္တရာယ်ပေးနိုင်သည့် သတ္တိကို နိုင်နင်းသည့် ဆေးဖက်ပစ္စည်းနှင့်ချပ်သတ်၍ ဆေးအဖြစ်သုံးစွဲသည့်နည်းဖြစ်ပါသည်။

ငင်းနည်းမှာ -

၁။ ရှောင်ဆေးမှုန့် ၈ ပဲသား

၂။ ကွမ်းရွက်ခြောက်မှုန့် ၅ ကျပ်သား

ငင်းဆေး (၂) ပါးကို အတတ်နိုင်ဆုံးရော၍ သမသွားအောင်ရောထောင်းပြီး ပိတ်ပါးစနှင့်စစ်ပြီး အမှုန့်နုနုညက်ညက်ရအောင်ချယူပါ။

ပြီးလျှင် ကွမ်းရွက်စိမ်းသတ္တုရည် (၁၀) ကျပ်သားနှင့် ငင်းဆေးမှုန့်တို့ကို ရောတေ၍ ညက်အောင် တစ်ခါပြန်ကြိတ်ပါ။ ဆေးသည် စေးပြီးညက်လာပြီဆိုလျှင် ငရုတ်ကောင်းစေ့ခန့်အရွယ် ဆေးလုံးကလေးများလုံးပြီး နေလှန်းပါ။ ခြောက်သွေ့သွားလျှင် လေလုံအောင် သိမ်းဆည်းထားပါ။

အထက်ပါ ဆေးနည်းစနစ်သည် ရှောင်ဆေးမှာ ပါဝင်သည့် ပြဒါးဓာတ်၏ အန္တရာယ်ပေးနိုင်သည့်သတ္တိ ပြဒါး၏ အဆိပ်ဓာတ်ကိုနိုင်သည့် ကွမ်းရွက်မှုန့် (၁း၁၀) နှုန်းဖြင့် တွဲစပ်ပြီး ချပ်၍ ကွမ်းရွက်သတ္တုရည် (၁း၂၀) နှုန်းဖြင့် အ… ထပ်မံ၍သတ်ထားသောကြောင့် ငင်း… ဆေးအဖြစ် သောက်သုံးရန် အ… အတန် စိတ်ချရသည်ဟု ဆိုနိုင်ပါသည်။ သို့သော် ငင်းဆေးကိုလည်း တရား… နင်းကန်သုံး၍တော့ မရနိုင်ပါ။ သ… ထားပြီး သုံးစွဲပါက အသုံးဝင်လှပါသည်။

ငင်းဆေးကို ရှေးဆရာကြီးများ… **စတုရက်ဗလဆေး**ဟု ခေါ် ဆိုကြပါသည်။

ထိုဆေးကို အသုံးပြုနိုင်သည့် ရောဂါများမှာ -

၁။ အဆစ်အမြစ်ကိုက်ခဲနာကျင်ခြင်း

၂။ အနာများငန်းမန်းဝင်၍ ရောင်… နေခြင်း၊

၃။ အကြောတက်ခြင်း၊ အကြော… ခြင်း၊

၄။ ခြေ၊ လက်ထုံကျဉ်ကိုက်ခဲခြင်း

၅။ သွေးကြော၊ လေကြော ပိတ်… ခြင်း၊

၆။ မမြစ်မပြတ်သည့်အဖျားအို၊ အ… ဟောင်းများ၊



www.burmeseclassic.com

www.burmeseclassic.com

၇။ ကင်ဆာကဲ့သို့ ကိုက်ခဲနာကျင်သောရောဂါများ၊
၈။ သံဆိပ်တက်၍ မန်းဝင်မေးခိုင်ခြင်း၊
၉။ အနာစိမ်း၊ သွေးစုနာ အပူကန်၍ ဆက်တိုက်ထွက်နေခြင်း၊
၁၀။ ခာတ်မတည့်ခြင်း၊ Allergic ထွက်ခြင်း၊
၁၁။ သွေးမှင်၊လေမှင်ဖြစ်၍ ရောင်ရမ်းခြင်း၊
၁၂။ ဦးနှောက်သွေးကြောကျဉ်း၍ ခေါင်းကိုက်ခဲခြင်း၊
၁၃။ သွေးသားမညီမျှ၍ အကျိတ်အဖုထွက်ခြင်း၊
၁၄။ သွေးပျစ်၊ သွေးလေးခြင်း၊
၁၅။ လေငန်းရောဂါ၊ အကြောသေရောဂါများ -

စသည့် ရောဂါများတွင် ရောဂါအနု၊ အရင့်ပေါ် မူတည်၍ ဆေး (၄)၊ (၅) (၇) လုံး စသည် ချင့်ချိန်၍ တိုက်ကျွေးပါ။ တစ်နေ့ (၁)၊ (၂) ကြိမ်တိုက်နိုင်သည်။ ထိုဆေးတိုက်နေစဉ်အတွင်း လူနာကို ဖွဲ့စည်းပိတ်ဆို့စေသည့် အစားအသောက်များကို ရှောင်ကြဉ်ခိုင်းပါ။

ဥပမာ ဝက်သား၊ ဘဲသား၊ ငါးသလောက်၊ အုန်းနို့၊ ထောပတ်ထမင်း၊ ဆူးပုပ်ရွက်၊ မှို၊ တွင်းအောင်းသားသည်တို့ကို ရှောင်ပါ။

လူနာကို ဆီး၊ ဝမ်း အချုပ်မခံပါစေနှင့်။ ဆီး၊ ဝမ်းဖြောင့်မှန်အောင် ဂရုစိုက် ပြုပြင်ပေးပါ။ ထိုဆေးကိုတိုက်နေစဉ် အနည်းဆုံး ငါးရက်တစ်ကြိမ် ဝမ်းနှုတ်ပေးပါ။ ရေအေး၊ လေအေး ကြာရှည်စွာ အအေးခံခြင်းကို ရှောင်ကြဉ်ပါ။

ဆေးတိုက်၍ ရောဂါလက္ခဏာများ ပျောက်ကင်း သက်သာသွားပြီး ဆေးရပ်လိုက်လျှင် လူနာကို အုန်းစိမ်းရည်ကို နံနက်ပိုင်း (၉) နာရီ၊ (၁၀) နာရီခန့်တွင် (၃) ရက်ဆက်တိုက် တိုက်ပေးပြီး ဆေးအခိုးကို ထုတ်ယူပေးပါ။ ရှောင်ခြင်းတို့ကို သတ်ပေးပါ။

မှတ်ချက် ။ ။ လူနာကို အုန်းစိမ်းရည်တိုက်ခိုင်းခြင်းသာ ဖြစ်ပါသည်။ အုန်းနို့၊ အုန်းထမင်း စသည့် ပိတ်ဆို့ဖွဲ့စည်းမှုကိုဖြစ်စေသည့်အစာများပေးကျွေးခိုင်းခြင်း မဟုတ်သည်ကို အထူးသတိပြုပါ။

တစ်ဖန် ရှောင်ဆေးဖုတ်ရာမှ တွေ့ရှိလာသော ဒယ်အိုးအောက်ခြေတွင် ကပ်နေသည့် ရှောင်ချိုးသည်လည်း အသုံးတွင်ကျယ်လှပါသည်။

က။ ကင်ဆာအနာကဲ့သို့ အမြစ်တွယ်၍ ဖြစ်ပေါ်လာသော အနာအိုအနာဟောင်း၊ အပုပ်နံ့ထွက်နေသည့် အနာများကို ရှောင်ချိုးကို အုန်းဆီကောင်းကောင်းသန့်သန့်နှင့် (အချဉ်မပေါက်သည့်အုန်းသီးဖြစ်ရမည်။) သွေး၍ တစ်နေ့ (၂) ကြိမ် မှန်မှန်ထည့်ပေးပါ။ ဆေးတစ်ခါထည့်တိုင်း ရှလကာရည် (၁)ဆ၊ ရေနွေးနွေး (၁၅) ဆရော၍ ဖန်ဆေးပေးပြီးမှ ဆေးထည့်ပါ။ အပုပ်နံ့များ ပျောက်ကင်း၍ အနာအမြန်ပျောက်လာပါမည်။

ခ။ ရှောင်ချိုး (၁) ကျပ်၊ သံပရာရည် (၁၀) ကျပ်ကို ဖန်ပုလင်းတွင်ထည့်ပြီး လေလုံအောင် (၁၅) ရက်ခန့်ထားပါ။ နေ့စဉ် တစ်နေ့ (၁)ကြိမ် ပုလင်းကို လှုပ်ပေးပါ။ ရက်စေ့လျှင် ဆေးရည်သည် စိမ်းပြာရောင်ဆေးရည်ကြည်ကို ရရှိပြီး ပုလင်းအောက်ခြေတွင် ဆေးနယ်ထိုင်နေပါမည်။ သုံးလျှင် ၎င်းဆေးရည်ကြည်ကိုသာ သုံးရပါသည်။ ထိုစိမ်ဆေးရည်သည် ထုံကျဉ်၊ လေငန်း၊ အကြောတက်၊ အကြောတင်းရောဂါ၊ သွေးလေမလျှောက်သည့်ရောဂါ၊ သွေးမှင်၊ လေမှင်၊ ကင်းကိုက်၊ အဆီကျိတ်ရောဂါတို့တွင် စုတ်ဆေးအနေဖြင့် ဆေးပေါက်ပေးနိုင်ပါသည်။

မှတ်ချက်။ ။ ရောဂါကူးစက်ခြင်းမှ ကာကွယ်ရန် တစ်ခါသုံးစုတ်ကိုသာ သုံးရန် သတိပြုပါ။

ထိခိုက်ရှနာများတွင် လတ်တလော ဆေးရည်ကို ဂွမ်းစတွင် ဆွတ်၍ အနာပေါ်သိပ်ထားပါက သွေးအမြန်တိတ်ပြီး အနာမရင်းဘဲ အကျက်မြန်ပါသည်။

ဆေးထည့်ခါစတွင် အနာမှာ စပ်သည့်ဝေဒနာကိုခဏခံရသည်။ သည်းခံရန်လိုပါသည်။

အဆိပ်ရှိသောသတ္တဝါ ကိုက်ခဲခံရလျှင် ၎င်းဆေးရည်ကို အကိုက်ခံရသည့် ဒဏ်ရာတွင် သိပ်ထည့်ပေးပါက အမြန်အဆိပ်ပြေစေပါသည်။

ဂ။ မပျောက်နိုင်သည့် ဝဲ၊ ယားနာ၊ အနာစို၊ အနာစက်များတွင် အထက်ဖော်ပြပါ ရှလကာရည်ဖန်ရည်နှင့် ဆေး၍ ရှောင်ချိုး (၈) ပဲ၊ နနွင်းမှုန့် (၅) ကျပ်သားနှင့် ရောစပ်၍ အုန်းဆီနှင့်ဖျော်ပြီး လိမ်းပေးပါ။ (၃)၊ (၄) ရက်အတွင်း သက်သာ ပျောက်ကင်းပါသည်။

ဃ။ ညှင်း၊ ပွေး၊ ဒက် စသည့် အရေပြားပေါ်တွင် မှိုစွဲသည့်ရောဂါများကို ရှောင်ချိုး၊ နံ့သာဖြူနှင့်သွေးပြီး လိမ်းပေးပါ။

င။ ရှောင်ချိုးဖြင့် ကြွက်နို့ရောဂါကုရာတွင် -

ကြွက်နို့ကို သတ်မည်ဆိုလျှင် ပထမဦးဆုံး ကြွက်နို့၏ အပေါ်ယံအသားမာများ ကုန်စင်အောင် လက်သည်းညှပ် (သို့) ကတ်ကြေးသန့်သန့်ဖြင့် လှီးဖြတ်ပေးပါ။ အပေါ်ယံ အသားမာများ ကုန်သွားလျှင် ၎င်းကြွက်နို့နေရာပေါ်တွင် ရှောင်ချိုးကို သံပရာရည်နှင့်ဖျော်၍ ဂွမ်းစတွင်ဆွတ်ပြီး ကြွက်နို့ပေါ် ဆေးအုံပြီး ပလတ်စတာကပ်ပေးပါ။

တစ်ရက်ခြားတစ်ခါ ၎င်းဆေးကို ကြွက်နို့အမြစ်မကျွတ်မချင်း ဆေးအုံပေးထားပါ။ ဆေးနှစ်ခါ၊ သုံးခါအုံပေးရုံဖြင့် ကြွက်နို့အမြစ်ကျွတ်ထွက်လာပြီး သက်သာ ပျောက်ကင်းသွားပါမည်။

စ။ ရှောင်ချိုးဖယောင်းချက်ဆေးချက်နည်းမှာ -

(၁) ရှောင်ချိုး ၈ ပဲ၊
(၂) နှမ်းဆီ ၁၀ ကျပ်သား၊
(၃) ရေနံချေး ၂ ကျပ်သား၊
(၄) ပျားဖယောင်း ၃ ကျပ်သား-

၎င်းဆေး (၄) ပါးကို ဖယောင်းချက်ဆေးချက်ပြီး လေလုံအောင် သိမ်းဆည်းထားပါ။

၎င်းဖယောင်းချက်ဆေးမှာ အနာမှန်သမျှ လွန်စွာအသုံးတည့်လှပါသည်။

အဖုအကျိတ်စဖြစ်ခါစတွင် ဆေးကို ခပ်ထူထူ တစ်နေ့ (၃) ကြိမ် လိမ်းပေးပါက အဖုအကျိတ်နုလျှင် သူ့အလိုလို ကြေသွားပါမည်။ ရင့်လျှင် ပြည်အမြန်ပေါက်ပါသည်။ အနာပြည်ပေါက်လာလျှင် ဆေးကို ဂုံစက္ကူတွင် ကပ်၍ အနာပေါ်တွင်ကပ်ထားပေးပါ။ အနာမှ ပြည်ကို စုပ်ယူပြီး အနာအမြစ်အမြန်ကျွတ်ထွက်လာပြီး အသားနုတက်မြန်ပြီး အနာကျက်မြန်စေပါသည်။

အထက်ဖော်ပြပါ ရှောင်ဆေးအသုံးပြုနည်းအဖြာဖြာတို့သည် စာဖတ်သူသုတေသီ ပညာသင်တို့အတွက် လွန်စွာ အကျိုးရှိပြီး အသုံးတည့်စေရန်အတွက် ရည်ရွယ်၍ ဆရာစားမချန် စေတနာတရားအမှန်ဖြင့် ရေးသား တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

*လူသားအားလုံး*
*ပညာပြည့်ဝ နှလုံးလှ၍*
*လောကအကျိုး*
*သယ်ပိုးဆောင်ရွက်နိုင်ကြပါစေ*

ဦးမင်းဇင် (ဒွေးဒေ...



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## သာသနာပြု အဘာရသေ့ကြီးနှင့်

## ပဥ္စာန်းဆက်များ

စာရေးသူ သုရဋ္ဌမဂ္ဂဇင်းကြီးမှ သာသနာပြု အဘာရသေ့ကြီးအကြောင်းကို တင်ပြခဲ့ဖူးပါသည်။ ယခု ဆက်လက်၍ ဖော်ပြပေးပါဦးမည်။ မိတ္ထီလာ ဆရာဖြစ်သင်တန်းကျောင်းဝင်း၌ ရှိနေစဉ် အောက်ဇာတိ လူနာတစ်ဦး ဓာတ်မှန်ကိုင်၍ရောက်ရှိလာပါသည်။ အဆုတ်၌ အနာဖြစ်၍ နောက်ဆုံးဓာတ်မှန်ရိုက်ခဲ့ရာ အနာများမရှိတော့ဟု ဆိုပါသည်။

အဘာမှ ဓာတ်မှန်ကိုကြည့်ကာ-

"ဘာဖြစ်လို့ မရှိရမှာလဲ၊ အနာရှိနေသေးတယ်"

ဟု ဆိုပါ၏။

လူနာအား ဆေးတောင့်လုည့်ခိုင်းပြီး ကုသစေပါ၏။ မကြာမီ ရောဂါအရှင်းပျောက်ကင်းသွားခဲ့ပါသည်။ အဘာသတင်း ကြားသိပြီး လူအများ ရောဂါဝေဒနာကုသရန် ရောက်ရှိလာကြပါ၏။

တစ်ဦးက အရာရှိကြီးပါ။ ယုံကြည်မှုရှိပုံမပေါ်ပါ။ သူမေးလိုရာ၊ ပြောလိုရာပြောရင်း အဘာကို လေ့လာနေခဲ့ပါ၏။ ဇနီးဖြစ်သူက သည်းခြေအိတ်မှာ ကျောက်တည်နေ၍ ခွဲစိတ်ရပါတော့မည်။ ဇနီးသည်ကို ဆေးကုပေးပါဟု အကြိမ်ကြိမ်တောင်းပန်မှ အဘာ ဆေးပေးလိုက်ပါသည်။ အုန်းရည်နှင့် ဆေးသောက်ပြီး ကျောက်များ ဆီးနှင့်ရော၍ ထွက်ကျလာပါ၏။ မခွဲစိတ်ရတော့ပါ။

တစ်ယောက်က အစ္စလာမ်ဘာသာဝင်ပါ။ လက်များကပ်နေ၍ မြှောက်မရပါ။ ဘဘုရားက ဆေးတောင့်မလှည့်၊ ဆေးမတိုက်ဘဲ အဘာလက်ဖြင့်ပုတ်၍ လက်ကိုမြှောက်ခိုင်းခြင်း၊ လက်လွှဲပြီး လမ်းလျှောက်ခြင်း ပြုစေပါသည်။ (၄၅)မိနစ်ပင် မကြာပါ။ နားလိုက်၊ လက်မြှောက်လိုက်နှင့် လက်က အပေါ်ကို အတော်ပင် မ,၍ မြှောက်နိုင်ပါတော့၏။ လူချမ်းသာဖြစ်၍ ပျော်ဘွယ်ရှိ နှစ်သက်ရာတိုက်မှာနေပါ၊ ပြုစုပါမည်ဟု အဘာကို ပင့်ပါသော်လည်း အဘာ မသွားခဲ့ပါ။ လမ်းမှာတွေ့လျှင် 'အဘာ၊ အဘာ' ဟု အော်ဟစ်ကာ ကန်တော့ပါ၏။ လူမျိုးမရွေး၊ ဘာသာမရွေး ကယ်တင်သည့် အဘာပါပဲ။

ရွှေမြင်တင် တောင်တော်တွင် ကျွန်မတို့ ရန်ကုန်မှတပည့်များစုပေါင်း၍ 'ရန်ကုန်ဆောင်' ဟု ပြုပြင်လှူဒါန်းထားပါသည်။ ဘဘုရားမှ အလှူရှင်အမည် ရေးထိုးပေးထားပါ၏။ ရွှေယင်မိ





www.burmeseclassic.com

www.burmeseclassic.com

တောင်တော်တွင် စောင်းတန်းဆောက်မည်၊ ငွေလှူပါ ဆို၍ အဘဘုရားကို စောင်းတန်းနှစ်ခန်းစာ လှူလိုက်ပါ၏။ လှူပြီး မရောက်တော့၍ ကြာမှ တောင်ပေါ် ရောက်ပြီး ရွှေယင်မိတောင်အတက်နားအရောက် ကျွန်မတို့မိသားစုနာမည်ရေးထိုးပေးထားသည်ကို တွေ့ရပါသည်။ တစ်ခါကလည်း အသားညိုညိုမိန်းမကြီးတစ်ဦးက ရွှေထည်များချွတ်၍ နဝကမ္မအတွက်ဟု ဆိုကာ လှူဒါန်းပါသည်။ နောက်နား၌ အသားမည်းမည်း သျှောင်တစောင်းနှင့်လူကြီးကြောင့်-

"အဘ၊ ဥစ္စာစောင့်တွေလားဟင်"

ဟု စာရေးသူ စပ်စုမိပါ၏။

"ဟိုဘဝကဟုတ်တယ်၊ အခု လူ"

ဟု ဘဘုရား မိန့်ကြားပါသည်။

ဘဘုရား သာသနာပြုနိုင်သည်မှာ အဘကိုယုံကြည်ကြသူများက ငွေအားနှင့် ရွှေများ လှူကြ၍သာ ဖြစ်ပါသည်။ ဘဘုရားက ရတနာသုံးပါးကို သာမက ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များ၊ နယ်ရှင်မြို့ရှင်များကိုလည်း မေတ္တာပို့သပေးပါ၊ တတ်အားသမျှ လှူဒါန်းပေးပါ၊ ကူညီစောင့်ရှောက်ပေးနိုင်ကြပါသည်ဟု မိန့်ကြားပါသည်။ သာသနာပြုရာတွင် မာတ်စုံ နယ်စုံ မာတ်စခန်းဖွင့်၍ထားရှိပါသည်။ ပခန်းကိုကြီးကျော်ကို ပုံတော်နှင့်တကွ တောင်စောင်းတစ်နေရာမှာ သံဆန်ခါကာပြီး ထားရှိရာ မြင်းလည်ပင်း၌ချိတ်ဆွဲပေးရန် အရက်နှစ်ပုလင်း အလှူခံ၍ ဝယ်ပြီး လူကြုံနှင့်ပို့ပေးလိုက်ပါ၏။

ရမည်းသင်းမြို့ ရဲသင်တန်းကျောင်းအနီး၌ အလောင်းမင်းတရားကြီး တည်ထားခဲ့သည့် (ယခင်က သူသတ်ကုန်း၊ ကျီးသဲသဲကုန်း) ကျီးသဲသဲဘုရား ထီးတော်အသစ်တင်၍သွားရပါသည်။ သွားလက်စဖြင့် ရွှေမြင်တင်တောင်ပေါ် သို့ တက်ခဲ့ရာ ကိုကြီးကျော်နတ်နန်း၌ အရက်ပုလင်းများ မတွေ့တော့ပါ။ မေးကြည့်မှ မည်သူခိုးယူမှန်း မသိကြ။ ဝါးလုံးမှာ ချိတ်တပ်ပြီး မြင်းလည်ပင်းက အရက်ပုလင်းများ ချိတ်ဆွဲယူကြကြောင်း သိရပါ၏။ သံဆန်ခါတွေကာပြီး သော့ခတ်ထားတာတောင် ရအောင်ယူနိုင်ကြတာပဲဟု တွေးမိပါ၏။ ကျွန်မက ပြောပါတော့သည်။

"ကိုယ်တော်ကြီး၊ ကိုယ့်အရက်ပုလင်းတောင် ဘယ်သူတွေ ဖြုတ်သွားတာလည်း မသိလိုက်ဘူးလား။ နှမကြီးတို့ကို ဘယ်လိုမ,စမှာလဲ"

ဟုမေးတော့ ဘဘုရား ရယ်မောပါတော့၏။

ရွှေမြင်တင် တောင်တော်စောင့် သာဂရနတ်မင်းကလည်း လူပျော်တစ်ဦးပါပဲ။ ရှမ်းမောင်နှမ (၇) ဦးဖြစ်၍ အစ်မနှင့်ပြိုင်ကာ ဘုရားတည်ကြပါသည်။ အကြံသမား သာဂရက စေတီကို အုတ်ဖြင့်မတည်ဘဲ ဝါးများချိုးကာ ဘုရားပုံပေါ်တော့ ဒုဝတ်ဖြူ (ပိတ်ဖြူ) ပတ်လိုက်ပါတော့သည်။ အစ်မတော်တောင်မှ လှမ်းမျှော်လျှင် ပီဘိ စေတီတစ်ဆူပါ။ အစ်မတော်က-

'ငါသည် မောင်ကိုပင် မနိုင်ပါလား'

ဟု ရှက်စိတ်ဖြင့် ရင်ကွဲကာ သေပွဲဝင်ရပါတော့သည်။ မြင်းသည်တော် ရောက်မှ သာဂရလည်း မြင်းဒုန်းစိုင်း၍ လိုက်သွားရာ အစ်မတော်သည် မိမိ၏ နောက်ပြောင်မှုကြောင့် နတ်ရွာလားရသည်ဟု စိတ်မကောင်းကြီးစွာဖြစ်ပြီး သူလည်း သေရရှာပါသည်။ အစ်မတော်က အစ်မတော်တောင်မှာ၊ သာဂရနတ်မင်းက ရွှေမြင်တင်တောင်မှာ တောင်စောင့်နတ်များအဖြစ် နတ်ကွန်းဖြင့် ပူဇော်ထားခဲ့ရပါ၏။

ဘုရားပွဲတော်၌ မူးယစ်သောက်စားကြသော်လည်း ခိုက်ရန်ဖြစ်ပွားခြင်း မရှိ။ ပျော်ရွှင်ခြင်းကို နှစ်သက်သည့် တောင်စောင့်နတ် ဖြစ်လာခဲ့ပါသည်။ ဘုရားပွဲတော် တပေါင်းလ၌ အနယ်နယ် အရပ်ရပ်မှ လှည်းများဖြင့် လာရောက်ကြရာ တောင်ခြေ၌ လှည်းဝိုင်းကြီးမှာ စည်ကားလှပါသည်။ ဘုရားဖူးရင်း ဘဘုရားကို ကန်တော့၍ အဘက နေရပ်ကို မေးပါ၏။ မိုးမရွာကြောင်းပြော၍ ဘုရားရင်ပြင်ပေါ်မှ ရွာတည်ရာကို ညွှန်ပြစေပါသည်။ နောင်နှစ် ဘုရားပွဲလာကြတော့ မနှစ်က သူတို့အပြန် ရွာမှာ မိုးတွေရွာ၍ ထွန်ယက်စိုက်ပျိုးထားကြကြောင်း၊ သီးနှံဖြစ်ထွန်းကြောင်း လျှောက်ထားကြပါ၏။ ပိန်းဥ၊ စပါး၊ ချင်းများစိုက်၍ လှူရန် ယူဆောင်လာကြပါသည်။ သတ္တဝါ ဟူသမျှ ကယ်မ,တတ်သည့် အဘရသေ့ကြီးပါပဲ။

ဘဘုရားမှ သားသမီးတွေသာမက သတ္တဝါတွေ ဒုက္ခဖြစ်ကြ၍ စရဏပို၍လုပ်ကာ မေတ္တာပို့ရကြောင်း မိန့်ကြားလာပါ၏။

"အဘရယ်၊ သမီးလေးလည်း အဘပြောတဲ့သတ္တဝါတွေထဲက ဒုက္ခိတသတ္တဝါပါပဲ။ ဟိုသတ္တဝါတွေချည်း မေတ္တာမပို့ဘဲ ဘဘုရားသမီး သတ္တဝါလေးကိုလည်း မေတ္တာပို့ပါဦး"

ဟု လျှောက်ထားရာ အဘက အသံထွက်အောင် ရယ်မောရှာပါ၏။

ရမည်းသင်း ရွှေမြင်တင်တောင်မှာနေစဉ်ကပင် ဆင်ဖြူတောင် (နေပြည်တော် ပျဉ်းမနား) ကို [illegible]ခဲ့ပါသည်။ နေပြည်တော် ပျဉ်းမနားက သားသမီးများက သူတို့နှင့်နီးရာ ဆင်ဖြူတောင်တွင် အခြေချစေလိုကြောင်း မိန့်ကြားဖူးပါသည်။

အဘသည် မူလက ဝတ်ဖြူစင်ကြယ်ဝတ်သည့်ပုဂ္ဂိုလ်ပါ။ ဆိုင်ရာပုဂ္ဂိုလ်ကြီးမှ ရသေ့ကြီးဦးခန္တီကဲ့သို့ သာသနာပြုတော်မူပါ ဆို၍ ရသေ့ဝတ်ကို ဝတ်ဆင်နေခဲ့ပါသည်။ ဘဘုရား နေထိုင်ရာသည် ပုဂ္ဂိုလ်ထူးများ စိတ်တူရာနေရာဖြစ်သည်ကို သတိပြုမိပါ၏။ ဘဘုရားသည် ကိုယ့်လူမှုမဟုတ်၊ အများကို ဦးစားပေးတတ်သူဖြစ်ရာ မြန်မာပြည်အနှံ့ သာသနာပြုနေခဲ့ခြင်းပါပဲ။ တစ်ခါတစ်ရံ စာရေးသူက ဥပမာပေး၍ လျှောက်ထားမိပါ၏။ အဘက သစ်ပင်ခွဆုံရာမှာရှိနေတာ၊ အဘကို ဖူးလိုသူတွေ များ၍ နေရာမှဖယ်ပေးလိုက်ရင်း နေရာပျောက်ကာ သစ်ပင်ကိုင်းဖျားမှာ တွဲလောင်းလေးရှိနေပါပြီ။ လက်လွှတ်လိုက်လျှင် ဘုတ်ခနဲ မြေကြီးပေါ် ကျတော့မှာဟု ဆိုလျှင်-

"သမီးရယ်၊ စိတ်တူရင် အနေဝေးပါဘူး။ နီးနီးကလေး ရှိနေတာ သမီး သတိမထားလို့ပါ"

ဟု မိန့်ကြားတော်မူပါ၏။

ရှေးလူကြီးများက လူမသိ၊ နတ်သိဟု ဆိုခဲ့ကြပါသည်။ အရေးအခင်းအပြီး ပုဇွန်တောင်မှသူငယ်ချင်းက မိခင်တစ်နှစ်ပြည့် ဖိတ်ကြားလာ၍ သွားခဲ့ရပါ၏။ မသွားခင် ဘုရားခန်း၌ သောက်တော်ရေ၊ ပန်း၊ ဆွမ်း၊ ဆီမီးများ လှူပါသည်။ လှူဒါန်းရင်း နှုတ်မှ အငြိမ်မနေနိုင်သေးဘဲ လျှောက်ထားခဲ့မိပါ၏။

"ဘုရားရှင်နှင့် ရဟန္တာများ သိကြားမင်းနှင့် ပုဂ္ဂိုလ်ထူးများ၊ ဘုရားဆောင်ရှေ့ ဆွမ်းပွဲရောက်နေ၍ သမီးကြီး ပြီးပြည့်စုံနေသည်ဟု မထင်လိုက်ကြပါနှင့်။ သမီးဆန်အိုးလေးလည်းကြည့်ပေးကြပါဦး။ ဆန်မရှိလျှင် သူများအိမ် စကြာဖြန့်ပြီး ဆွမ်းဘုဉ်းပေးရမှာပါ"

ပုဇွန်တောင်အိမ်ရောက်၍ ထိုင်ခါပင် ရှိပါသေးသည်၊ သူ့အစ်မအိမ် အခေါ်လွှတ်၍ဆိုကာ စာရေးသူကို ခေါ်ပါတော့၏။

"မြင့်အေးရာ- နင်နဲ့သာ ခင်တာ အစ်မကြီးနဲ့မှမသိတာ"

ဟု ပြောလည်း မရပါ။

ဆွဲထူ၍ လမ်းတစ်ဖက်ရှိ သုံးထပ်တိုက်သစ်ကြီးဆီ တက်သွားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အပေါ်ထပ်တစ်ခန်းလုံး ဘုရားခန်းလုပ်ထားရာ ရုပ်ပွားတော်များ၊ မှန်စီရွှေချအပ်များနှင့် ရွှေငှက်ပျောသီး၊ ရွှေအုန်းသီးများဖြင့် ပွဲများလှပနေသလို ပန်းမျိုးစုံ သစ်သီးမျိုးစုံဖြင့် ဘုရားခန်းကြီးက ကျက်သရေရှိလွန်းလှပါသည်။

လူ (၁၅) ယောက်ခန့် ရှိနေရာ တစ်ဦးက အဘဘိုးမင်းခေါင်ကဲ့သို့ထိုင်နေပါ၏။ စာရေးသူရင်ထဲ ဟိုက်ခနဲဖြစ်သွားသော်လည်း ကြာခြွေမပျက် ဘုရားဝတ်ဖြည့်လိုက်ပါ၏။ အဘကဲ့သို့ ထိုင်နေသူက ဘာမှမပြောသော်လည်း လူတစ်ဦးက-

"ဒီကို မလာမီ ဘုရားခန်းထဲမှာ ဘာတွေပြောလာသလဲ"

ဟု မေးပါတော့၏။ ခေါင်းခါပြီး ဘာမှမပြောပါဟု ပြောသော်လည်း မရပါ။ အဘကဲ့သို့ပုဂ္ဂိုလ်က-

"ဘုရားခန်းထဲမှာပြောခဲ့တာတွေ ပြန်ပြောပြလိုက်"

ဆို၍ မငြင်းနိုင်မှန်း သိလိုက်ပြီး ပြောပြလိုက်ရပါတော့၏။ လူများ ရယ်မောနေကြစဉ်-

"ကြားကြတယ်မဟုတ်လား။ မိဘတိုတော့ ဝတ္တရားကျေအောင် လုပ်ပါတယ်၊ စိတ်ထဲရှိတာ ပြောခဲ့တာလေ"

ဟု ဆိုပါတော့သည်။

"အဘတို့ရယ်၊ သမီးကတော့ ဝတ္တရားမပျက်ပါဘူး။ တတ်နိုင်သလို လှူဒါန်းတာပဲ။ မ,စတာကတော့ အဘတို့တာဝန်လေ။ သားသမီးဒုက္ခကို အဖေတွေ သိနေတာပဲ၊ အဖေတွေ ကူကြမှပေါ့"

ဟု ထပ်လျှောက်လိုက်ပါသည်။

"အေး- သားသမီးဆိုတာ ဒုက္ခဖြစ်ရင် အဖေ့ရင်ခွင်ထဲ ခေါင်းထိုးငိုပြရမှာ။ အခုလို ကန့်လန့်မတိုက်ရဘူး"

ဟူပါသတည်း။

"ငိုပြမှလား အဘရယ်၊ မငိုချင်ပါဘူး။ ဒုက္ခရောက်နေတာ သိနေတာပဲ၊ ကူမှပေါ့"

ဟု တင်လျှောက်ကာ ဘုရားဆောင်ကိုဦးချ၍ ဆင်းခဲ့ရပါသည်။

စာဖတ်သူတို့လည်း မပြောမိကြပါစေနှင့်၊ မဟုတ်လျှင် စာရေးသူလို လူပုံအလယ် အဖွဲ့ခံရမှာ သေချာနေလို့ပါနော်။ အစ်မကြီး ဒေါ်သိန်းသိန်းကိုပြောပြတော့-

"အိုကတော့ လုပ်တော့မယ်"

ဟု ဩဘာပေးပါတော့၏။

တစ်ရက်က အရဟံဂုဏ်တော်ကိုးပါးနှင့် ပဋ္ဌာန်း ၂၄ ပစ္စည်းအကျဉ်းကိုတွဲ၍ ပုတီးစိပ်ကြရန် မိန့်ကြားပါသည်။ စာရေးသူ နားလည်သလို တွဲဖက်၍ စိပ်တော့တာပါ။ ညနေဘက် အဘထံရောက်တော့ ပုတီးစိပ်ပုံကို လျှောက်ထားလိုက်ပါသည်။

'သမီး၊ ညည်းမှားနေတယ်'

ဟု မမိန့်ကြားပါ။ မျက်နှာကို ကြည့်ပြီး-

"ညည်း ငါ့ထက်တော်တယ်"

ဟူပါသတည်း။

ကျွန်မလုပ်ပုံ မဟုတ်တော့မှ တွဲဖက်စိပ်နည်းအမှန်ကို သိရပါ၏။ ပုတီးတစ်ခွင်စိပ်လျှင် (၃) နာရီကြာပါသည်။ စာရေးသူက ဤသို့ ချက်ဆို နားခွက်ကမီးတောက်သူပါနော်။ ဆေးကုသလာသူ များလာ၍ နံနက် (၄) နာရီကပင် တိုကင်ယူထားကြရာ ည (၉) နာရီခွဲကျော်တော့မှ ဆေးတောင့်လှည့်ခြင်းပြီးပြတ်ပါတော့သည်။ ကျွန်မတို့လူစုက နေ့စဉ် အခွင့်အရေးယူကာ ရောဂါမဖြစ်ပါဘဲ ဆေးတောင့်လှည့်ခံကြပါသည်။ ဆေးကုသမှုပေးနေသည့် ဆရာကြီးအား-

"မင်းသောက်ရေအိုးထဲမှာ ပစ္စည်းတစ်ခုထားခဲ့တယ်။ ယူလာပါ"

ဟု အဘက ရုတ်တရက် မိန့်ကြားပါသည်။ ဆရာကြီး ရောက်လာတော့ ဘာမှပါမလာပါ။

"အဘ၊ လက်နဲ့ထိလိုက်တိုင်း ငါးပြေမ ခတ်သလို ခတ်နေတော့တာ။ စမ်းမိပေမယ့် ယူလို့မရပါဘူး"

ဟု လျှောက်ကြားပါသည်။

"အဲဒါ နဂါးပတ်ကျောက်ကွင်းပဲ"တဲ့။

ကွယ်လွန်သွားရှာသူ ဦးအုန်းညွှန့်အား မိုင်းကိုင်စက္ကူများပေါ် အင်းပြေးစေပါသည်။ ဦးအုန်းညွှန့်က အဘညွှန်ပြရုံ၊ ပြောပြရုံမျှဖြင့် အဘဆန္ဒအတိုင်း အင်းရေးဆွဲနိုင်ပါသည်။ အင်းများစီရင်ပြီးမှ အန္တရာယ်ကင်းစေသည့် ကြိမ်တော်စီရင်ပါတော့သည်။ နဂါးပတ်ကျောက်ကွင်း အပါအဝင် စဓဗဝဖြင့် ရေးချသည့်အင်းများ၊ >/<57၆^^< ဖြင့် ရေးထားသည့် ဘုရားပုံ စေတီပုံအင်းများ ပတ်လိမ်၍ ကြိမ်တော်ဖြစ်လာပါသည်။ ကြိမ်တော်ခေါင်းပိုင်း၌ အဘ ပုဏ္ဏကဘီလူးခေါင်း၊ အခြေ၌ အစ်မတော် က္ကရာနသီဦးခေါင်းပုံ ထွင်းထုထားပါသည်။ အားလုံးပြီးစီးမှ ရွှေအစစ်ချ၍ ကြိမ်တော် ဖြစ်လာရခြင်းပါ။

ဒေါ်သိန်းသိန်းက ယခင်လည်း ကြိမ်တော်စီရင်ခဲ့ဖူးသေးသည်ဟု ဆိုပါသည်။ ကြိမ်တော်ဖြင့် အိမ်ပေါ်မှာရှိနေသူ၏အရိပ်ကို ဖြစ်စေ၊ ရည်ရွယ်၍ ဖြစ်စေ ကြိမ်တော်ဖြင့်ရွယ်ပါလျှင် အိမ်ပေါ်မှပြုတ်ကျသည်ဟု ပြောပြီး ကြိမ်တော်နှင့်ရိုက်မိလျှင် အသက်ပါ ပါနိုင်သည်ဟုပြောပါ၏။ ဘဘုရားက ကြိမ်တော်ကို လူတိုင်း ကိုင်တွယ်ခွင့် မပြုပါ။ တောင်ဥက္ကလာတွင် ဦးသိန်းမြင့်၊ ဒေါ်မြင့်ကြည်တို့ထံ မနေခင်က သီချင်းရေး အဆိုတော်ကြီး ဦးလေးလွင်၏ဖခင် ဦးချိုကြီးတို့အိမ်တွင် အဘနေခဲ့ဖူးပါသည်။ ဦးချိုကြီးတို့ဇနီးမောင်နှံသည် ဘဘုရားကို လေးစား ကြည်ညိုသလို ဦးလေးလွင်လည်း လာရောက် ကန်တော့တတ်ပါသည်။ ရိုးသားအေးဆေးသည့်မိသားစုဟု ထင်ပါ၏။ အဘတို့က သံသရာက သားသမီးများကို သလဲသီးများ အကန့်လိုက်ရှိသလို အချိန်တိုက်ဆိုင်မှ တွေ့ခွင့်ပြုပုံရပါသည်။ တစ်ခါကလည်း လူချမ်းသာ တရုတ်ကြီးတစ်ဦး ရောက်လာပြီး ဆေးတောင့်ကို တစ်သိန်းပေး၍ဝယ်ပါသည်။ အိပ်မက်မှာတွေ့၍ဟု ဆိုပါသည်။ အဘ မရောင်းခဲ့ပါ။ အကျိုးအပဲ့တောင်းသော်လည်း ရမသွားပါ။

စာရေးသူ . အသက် သုံးဆယ်ကျော်အရွယ်က အဘက မိန့်ကြားဖူးပါသည်။

'သမီး၊ ညည်းက ငယ်သေးတော့ လူတွေအကြောင်း မသိသေးဘူး။ သိလာရင် လူတွေနဲ့ ဝေးဝေးပြေးချင်မှာ'

ဟူပါသတည်း။

အချိန်၊ အသက်အရွယ်၊ အတွေ့အကြုံများလာမှ လူဆိုသည့် လူများသည် သောက်ကောင်းရုံ သကြားအုပ်ထားသည့်ဆေးခါးများ၊ အဝင်ဆိုး, အနံ့ဆိုးသည့်ဆေးများကဲ့သို့ပါလားဟု နားလည်လာပါသည်။ ခိုင်းကောင်းပြီး စိတ်ချရလျှင် လက်မလွှတ်တော့။ မိမိဆန္ဒလည်းပြီးမြောက်ရော ကန်ထုတ်လိုက်ရမည်ကို ဝန်မလေးကြသူက များလှပါ၏။ ခပ်ရိုင်းရိုင်းဆိုရပါလျှင် အန္တရာယ်မလွယ်နိုင်ခင် ရေအိမ်ပြေးဝင်ကြသလို၊ ကိစ္စပြီးလျှင် ခြေဦးမလှည့်တတ်ကြသူများပါပဲ။ သံသရာ မဆုံးသေးသရွေ့တော့ ကောင်းကောင်း၊ ဆိုးဆိုး တွေ့ကြုံကြရဦးမှာပါ။ မိမိပြုဖူးသည့်စေတနာအတိုင်း ကောင်းလျှင်လည်း စံရပါမည်၊ ဆိုးလျှင်လည်း ခံရမှာမလွဲပါ။ စာရေးသူ အဆိုးများကြုံခဲ့ရသည်မှာ အတိတ်ကပြုမိမှားများကို ပြန်လည်ပေးဆပ်ရခြင်းသာ ဖြစ်ပါလိမ့်မည်။ တရားနှလုံးသွင်းလိုက်တော့လည်း ပူနေသည့်ရင်သည် အေးမြသွားခဲ့ရပါ၏။ သို့ကြောင့်လည်း 'တရားရေအေး' ဟု ဆိုကြတာကိုး။

ယခင်ကတော့ စာရေးသူ [illegible] အနေပေး၍ ဘဘုရားအတွ[illegible] [illegible]



www.burmeseclassic.com

www.burmeseclassic.com

ချိုင့်ကို ကိုယ်တိုင် ဖြစ်စေ၊ တပည့်သားမြေးများကို ဖြစ်စေ အဆင်ပြေစွာ ပို့နိုင်ခဲ့ပါသည်။ ကြက်ရင်အုပ်တွေကြော်၊ ဆတ်သားခြောက်ဖုတ် ဆီဆမ်း၊ ပုစွန်ခြောက်ကြော်၊ လက်ဖက်နှပ်များနှင့် ငါးရံ့ခြောက် အသားမြှောင်းများ ပို့ပေးပါသည်။ ပဲဆီသန့်နှင့် ဦးအုန်းညွှန့်ကို ပို့သည့်ဟင်းများကုန်လျှင် ငါးခြောက်ဖုတ်ပေးပါရန်မို့ ဦးအုန်းညွှန့်က တာဝန်ယူပါသည်။ သူကိုယ်တိုင်မှာ သက်သတ်လွတ်စားသူမို့ အားနာနာနှင့်အကူအညီယူရပါ၏။ သူ့အတွက်တော့ ပဲပုပ်ကြော်၊ ပဲပုပ်ခြောက်တွေ ပေးခဲ့ရပါသည်။ ရွာများက ပြောင်းဖူးတွေလာလှူကြလျှင်-

"အိုလေး- ဖိုတဲမှာ ပြောင်းဖူးတွေဟ၊ ဖုတ်စားပါလား"

"စားစေချင်ရင် ဖုတ်ပြီးယူလာပါနော်။ သမီးတော်လေး မအားပါဘူး၊ မန့်မန်းချက်ရတယ်လေ"

ဘဘုရား ခုတ်လုံးထိုးသည့်ဖိုမှ မီးခဲအကြွင်းအကျန်ဖြင့် ပြောင်းဖူးဖုတ်၍ လာကျွေးပါ၏။ ပါးစပ်မှလည်း-

"ငါ့လည်း လူတွေက ဆရာ ဆရာနဲ့ ခေါ်ကြ၊ လေးစားကြသား။ အိုလေး နဲ့လည်းတွေ့ရော ငါ့ကိုယ်ငါ ဘာမှန်းမသိတော့ဘူး"

ဦးအုန်းညွှန့်က အကြားအမြင်ရနေသူပါ။

"ညည်းလေးက ရွှေနန်းတော်မှာလည်း ဆရာရယ်၊ သမီးတော်လေးကိုဒါလေးလုပ်ပေးမလားဟင်လို့ ဆိုတတ်တယ်လေ၊ လုပ်ပေးပါ မဆိုလည်း အပြောချိုပြီး သမီးတော်မို့ ငြင်းမရဘူး"

ဟု ရှေးဖြစ်ကို သတိတရ ဆိုတတ်ပါသေးသည်။

တစ်ညက အားလုံး ဘဘုရားရှိရာဂူဘက်သွားကြပါပြီ။ ကျွန်မက သားငယ်နို့တိုက်ပြီး ချော့သိပ်နေရ၍ ကျန်ရစ်ခဲ့ပါ၏။ တည်းခိုသည့် ဇရပ်ခေါင်မိုးပေါ်က လူတစ်ဦး ဖနောင့်နှင့် ပေါက်ချလိုက်သလို ဒိုင်းခနဲ မြည်သွားကာ ဇရပ်တစ်ဆောင်လုံး လှုပ်ယမ်းသွားပါတော့သည်။

"ဟော- ဘယ်ကသတ္တဝါတွေလဲ။ မေတ္တာပို့ပြီး လာတာနော်၊ ငါစိတ်တိုလာရင် မေတ္တာလည်းပို့တော့မှာ မဟုတ်ဘူး"

ဟု အော်လိုက်ပါ၏။ ဘဘုရားရှေ့ရောက်တော့ ဦးအုန်းညွှန့်၊ ကိုကြည်ဇင်၊ ကိုအောင်မင်းစောတို့အား လက်ညှိုးထိုးရင်း-

"ဘယ်သူတွေ ဘာလုပ်လိုက်ကြသလဲ"

ဟု ကျွန်မမေးပါ၏။ ကိုကြည်ဇင်က ညစာစားရင်း 'မလုပ်ပါ' ဟု ဖြေပါသည်။ ဦးအုန်းညွှန့်က ရယ်ရင်း-

"ငါဟော့ အိုလေး။ တောင်စောင့်ဘီလူးကို နင့်ညီမတော်ရောက်လာပြီ၊ နှုတ်ဆက်ပြီး အမျှတောင်းဦးလို့ ပြောလိုက်တာ"

ဘဘုရားက ကလေးငယ်၍ မပြောရန် တားမြစ်ပါ၏။ သမီးက မကြောက်တတ်ပေမယ့် ကလေးက လိပ်ပြာငယ်သည်ဟု မိန့်ပါသည်။ စိတ်ထဲ ခိုးလိုးခုလုဖြစ်ပြီး-

"အစ်ကိုဖြစ်ရိုးမှန်ရင် ပြပေးစမ်းပါ"

ဟု ဆိုလိုက်ပါ၏။

ညဘက် ရွှေမြင်တင်ဘုရားကိုကြည့်မိတော့ လူတစ်ယောက် ဒူးတစ်ဖက်ထောက်ထိုင်လျက် ခေါင်းက စည်းပုံက ရွှေမြင်တင်တောင်ထိပ်အား ကျော်နေသည်ကို သတိထားမိပါသည်။

ဘဘုရားကို လျှောက်ထားရာ-

"သမီး၊ ဘာဝတ်ထားသလဲ"

"ကတ္တီပါအစိမ်းရင့်ရောင်မှာ ရွှေမျှင်ချောင်းတွေ ရာဇမတ်ကွက်ချထားတယ်"

ဟု ဖြေလိုက်ရာ-

"ဟုတ်တယ်သမီး၊ တောင်စောင့်နတ်ဘီလူးပဲ"

ဟု ဆိုပါ၏။ သေလွန်ခါနီး ဒေါ်သစိတ်ကြောင့် နတ်ဘီလူးဖြစ်ခဲ့ရာ ဘိုးတော်သိကြားမင်းအမိန့်ဖြင့် ရွှေမြင်တင်တောင်တော်စောင့်နတ်ဘီလူး ဖြစ်လာခဲ့ရပါသည်။ ဒေါသစိတ်သည် ဒေါသ၊ မောဟကြီးလှသည့် ဘီလူးဘဝကို ပို့ဆောင်ပေးနိုင်တာဟာ သက်သေပါပဲ။ ဒေါသခဲများ သတိပြုစရာပါနော်။

လူကြုံက ဘဘုရား သက်သတ်လွတ်စားနေသည်ဟု ပြောလာ၍ ပဲပုပ်ကို ကြက်သွန်ဖြူနှင့်ကြွပ်အောင်ကြော်ကာ ပို့ပေးရပါသည်။ မဟုတ်ပါလျှင် မည်သူမျှဒုက္ခမပေးဘဲ ထမင်းရေဲဆမ်း၊ ဆားနှင့်ငရုတ်သီးမှုန့်ထည့်ဖျော်၍ ဆွမ်းစားပေလိမ့်မည်။ ခုတော့ ရမည်းသင်းက ဆရာမလေးဒွေးဒွေးခိုင်တို့ လာရောက်ပြီး ဘဘုရားအတွက် ချက်ပြုတ်ပေးနေကြပါသည်။ စာရေးသူပင် ထမင်းစားမသွားသည့်အခါ ဘဘုရား ဆွမ်းကျန်ကပ်စားခဲ့ရပါသည်။ ရန်ကုန်မှာ အဘရှိစဉ် ရွှေဘထမင်းဆိုင်မှ နေ့တိုင်းဆွမ်းချိုင့်လှူပါသည်။ ငါးပိရည်၊ ပြောင်းဖူးကြော်ကိုစားခဲ့ရ၍ အာဟာရဒါနရှင်များ ကျန်းမာ၊ ချမ်းသာပါစေဟု မေတ္တာပို့ရပါ၏။ ကျောင်းစာရေးကြီးဦးချစ်သန်းက အဘနှင့် တောထဲ အချိန်အတော်ကြာလိုက်နေဖူးသည်ဟု ဆိုပါသည်။ ကြံ့ရော သစ်သီးသစ်ဥများ စားနေရ၍ 'ကြက်သားကြော် စားချင်လိုက်တာ' ဟု တောင့်တမိပါ၏။ မကြာမီ မိန်းကလေးချောချောတစ်ဦး ငွေလင်ပန်းနှင့် ကြက်သားကြော်ထည့်ကာ ဘဘုရားကို လာလှူ၍ သူပါစားလိုက်ရကြောင်း ပြောပြပါသည်။ တောတောင်ထဲလည်း အစားရေစာ မရှားပါလားဟု နားလည်လိုက်ရပါ၏။

"သမီး- လေးလစာ ဆန်၊ ဆီ၊ ဆား ဝယ်ထား"

"ဘာလို့လဲဟင် အဘ"

"မမေးနဲ့သမီး၊ ငါမပြောအပ်ဘူး"

"အဘရယ်၊ ဝန်ထမ်းက ဘယ်လိုငွေပိုငွေလျှံရှိမှာလဲ၊ ရရစားစားဟာကို"

"နင့်မှာ ရွှေတွေရှိတယ် သမီး၊ ရွှေရှိရင် ငွေရှိတာပေါ့"

ဘဘုရားအမိန့်ကြောင့် ရွှေတစ်ကျပ်သား စကော့ဈေး (ဗိုလ်ချုပ်အောင်ဆန်းဈေး) မှာ ရောင်းလိုက်ပါသည်။ ထိုအချိန်က အခေါက်ရွှေမို့ (၈၇၀၀၀)တွင် ရခဲ့ပါသည်။ ငါးခြောက်၊ ငါးသေတ္တာ၊ ဆန်၊ ဆီ၊ ဆား၊ အာလူး၊ ကြက်သွန်များပါမက ကော်ဖီမှုန့်၊ နို့ဆီ၊ သကြားမီးသွေးပါ လေးလစာ ဝယ်ထားလိုက်ပါ၏။ ခပ်စိမ်းစိမ်းဖိုကြမ်း (၅)ဖိုး၊ ကန်စွန်းဥတွေပါ ပါရှိပါသည်။ မကြာပါ တစ်တိုင်းပြည်လုံး အုန်းအုန်းကျွက်ကျွက်ဖြစ်ရသည့် ၁၉၈၈ အရေးအခင်းကြီးဖြစ်လာပါတော့သည်။ ဆည်မြောင်းအရာရှိ ဦးကြည်မောင်၏ဇနီး ဒေါ်မမကြီးက ရန်ကုန်လာချင်၍ဟု ဆိုကာ ဆင်းလာရင်း ပျော်ဘွယ်က မုန့်ကြွပ် (၁၀) ထုပ် ဝယ်လာပါ၏။ ထိုနေ့မှာပင် ဆန္ဒပြသူတွေများလာ၍ ညနေရထားနှင့် ပြန်လွှတ်လိုက်ပါသည်။ ထိုရထားသည် ရန်ကုန်မှထွက်သည့် နောက်ဆုံးရထားပါပဲ။ ဆူပူမှုများကြောင့် ကားလမ်း၊ ရထားလမ်းအားလုံးပိတ်ကာ တစ်နယ်နှင့်တစ်နယ် မသွားလာနိုင်ကြတော့ပါ။

တပ်မှ လုံခြုံရေးယူခဲ့ရာ စာရေးသူတို့ရုံးဝိုင်းတွင် တပ်ခွဲတစ်ခွဲရောက်လာပါသည်။ မြို့တော်ခန်းမနှင့် အနီးအချာကျရာနေရာများတွင် လုံခြုံရေးယူထားကြပါပြီ။ အဘက ရွှေမြင်တင်တောင်မှာ သတင်းနားထောင်ရန် ရေဒီယိုပို့ပေးပါဟုမှာ၍ ပို့ပေးရာ ဖမ်းယူ၍မရသဖြင့် ကက်ဆက်တစ်လုံး ပို့ပေး၍ အဆင်ပြေသွားပါတော့သည်။ ၁၉၈၈ အရေးအခင်းကြီး အုံကြွလာခဲ့ရာမှ နေရာအနှံ့ 'အလိုမရှိ' အော်သံတွေ၊ သေ



www.burmeseclassic.com

www.burmeseclassic.com

နှုတ်သံတွေ နေ့ရောညပါ ဆူညံလျက်ရှိနေပါတော့သည်။ ရဲဘော်လေးများအတွက် တပ်ရင်းမှုထမင်းချက်ပြီး နေ့စဉ်ပို့ပေးခဲ့သော်လည်း ဆူပူသူတို့ကြောင့် လမ်းပိတ်ဖုန်း၍ မပို့နိုင်တော့ပါ။ ရဲဘော်များ ပန်းခြံရေတံခိုင်က ရေခပ်သောက်၍နေကြရပါ၏။ မိသားစုလိုင်းမှ ရှိတာလေးချက်ပြုတ်ပြီး ကျွေးမွေးကြပါသည်။ ကျွန်မတို့နှင့် နေပြည်တော်တပ်တုန်းမှာနေခဲ့သည့် တပ်ကြပ်ကြီးရောက်လာပါသည်။ အစာအိမ်ရောဂါရှိ၍ လက်ဖက်ရည် မသောက်ရ ထမင်းမစားရ၍ ဒုက္ခများပါတော့၏။ သောက်စရာဆေးလည်း မရှိတော့ပါ။ ဂျဲ(လ်)မက်အစာကြေဆေးပေးလိုက်ပြီး လေးလစာ ရိက္ခာမှ အိုဗာတင်း၊ ကော်ဖီများနှင့် ဘီစကွတ်၊ မုန့်ကြွပ်များ ကျွေးရပါသည်။ ရဲဘော်လေးတွေအတွက် ဖီးကြမ်းငှက်ပျောသီး (၃) ဖီး ပေးလိုက်ပါသည်။

သွေးပျက်ဖွယ် အနီရှာရုံမြင်ကွင်းများ၊ ဟစ်အော်သံများ ပြီးဆုံးသွားသော်လည်း ညဥ့်နက်တိုင်း 'ဟော့ဟော့' အော်သံများနှင့် ခွေးအူသံများက လူများကို စိတ်ချောက်ချားစေပါသည်။ တပ်မှ လုံခြုံရေးများ ရောက်မလာခင် ရုံးချုပ်မှ အဆောင်မှူးနှင့်တပည့်လေးများ စောင့်ကြပါသည်။ ဂိတ်တံခါးကို အလုံပိတ်ပြီး ဓားများ၊ တုတ်များဖြင့် လှည့်ပတ်နေကြပါ၏။ လက်ဖက်ရည်၊ လက်ဖက်သုပ်များ ပို့ပေးရပါသည်။ အဆောင်မှူးက-

"မမ၊ ဗိုလ်မှူးအတွက် စိတ်မပူပါနဲ့၊ စိတ်ချလက်ချ အိပ်ပါ။ ကျွန်တော်တို့သေမှ ဗိုလ်မှူးရုံးခန်းကို ရောက်နိုင်မှာပါ"

ဟု အားပေးရှာပါသည်။ ကျေးဇူးတင်ရပါသော်လည်း အင်အားနှင့် ဝင်ရောက် စီးနင်းလျှင် ကျွန်မတို့မှာ လက်နက်မရှိပါ။ သန့်ရှင်းရေး၊ ပန်းခြံအလုပ်သမားလေးများသာ ရှိပါ၏။ ရန်သူလာလျှင် လည်စင်းပေးရုံပါပဲ။ အိပ်မပျော်၍ ကန်စွန်းဥပြုတ်စားကြလျှင် ကင်းသမားကလေးတွေအတွက် ပို့ပေးရပါသည်။ ကလေးများနှင့် မေမေတို့ကို အခြေအနေဆိုးလာလျှင် ခြံဘေးတံခါးဖွင့်၍ သမ္မတရပ်ရှင်ရုံဘက်သွားရန် မှာရပါသည်။ ခင်ပွန်း၏အစ်ကိုများရှိ၍ ကလေးများ လွတ်မြောက်စေရန်ပါ။ ကျွန်မကတော့ ကော်ဖီ၊ ရေနွေးကြမ်း မတ်ခွက်ကြီးများနှင့်ထည့်၍ ခင်ပွန်းရုံးခန်းကို သွားပါသည်။

တာဝန်ရှိသူတို့က နံနက်ပိုင်းသာ ရောက်လာပြီး လမ်းပိတ်မည်စိုး၍ ပြန်သွားကြပါသည်။ ရုံးပေါ်မှာ ခင်ပွန်းနှင့် စာရေးကြီးတစ်ဦး၊ ရုံးလုလင်နှစ်ဦးရှိကြ၍ မနက်စာ၊ ညနေစာ ကျွေးပေးရပါ၏။ ခင်ပွန်းက ရေချိုး၊ အဝတ်အစားလဲရုံသာ အိမ်ခဏပြန်ပါသည်။ အများက ယူနီဖောင်းချွတ်ရန် ပြောသော်လည်း ခင်ပွန်းက မချွတ်ပါ။ စစ်သား၏အသက်သည် အမိန့်နာခံတတ်ခြင်းပါဟု ငြင်းဆိုခဲ့ပါ၏။ ဌာနဆိုင်ရာလူကြီးမင်းက သူလည်း ရုံးမှာပင်ညအိပ်ကြောင်း၊ ခင်ပွန်းသည်ကို ယုံကြည်ကြောင်း ဖုန်းဆက်၍ အားပေးပါသည်။ ဆန္ဒပြသူတွေကို ရုံးပေါ်မှကြည့်တော့ ပုရွက်ဆိတ်ခေါင်းမည်းမည်းလေးတွေလို ခေါင်းမည်းမည်းတွေ တလှုပ်လှုပ်နှင့် လူအုပ်ကြီး ရွေ့လျားနေကြသည်ကို မြင်ရပါ၏။

ရုံးတာဝန်ရှိသူက ကျွန်မ ရုံးပေါ်လိုက်လာတာ 'ဘာလုပ်နိုင်လို့လဲ' ဟုမေး၍ 'မလုပ်နိုင်ပါ၊ သေလည်း ခင်ပွန်းနှင့်အတူတူသေရုံပါပဲ' ဟုဖြေလိုက်ပါသည်။ ခင်ပွန်းအစ်ကိုအိမ်မှ ကြက်ဥ၊ ဘဲဥများ ပို့ပေးပါ၏။ အဘနှုတ်မိန့်ကြောင့် ရိက္ခာဝယ်ထား၍ မငတ်မွတ်ခဲ့ပါ။ အိပ်ရာဝင်ခါနီး ဘုရားဝတ်ပြု၍ ပုဂ္ဂိုလ်ထူးတို့အား စောင့်ရှောက်တော်မူကြပါဟု တိုင်တည်ရင်း အိပ်ကြရပါသည်။ ကြမ်းပြင်ပေါ်တွင် မွေ့ရာခင်းကာ မိသားစုအားလုံး အိပ်ကြခြင်းပါ။ အောက်ထပ်အခန်းမှာ ပြတင်းပေါက်မှကျည်ဆန်ဝင်ခဲ့ရာ အုတ်နံရံအင်္ဂတေများ ကွဲထွက်သွားခဲ့သည်။ စာရေးသူတို့အခန်းသည် ထောင့်ခန်းဖြစ်သော်လည်း သေနတ်ထိမှန်ခြင်း မရှိခဲ့ပါ။ ကမ္ဘာပျက်မတတ်ဆိုသည်မှာ ဤသို့အဖြစ်အပျက်များ ဖြစ်ပေလိမ့်မည်။ ကမ္ဘာစစ်များ မကြုံဘူးသော်လည်း နယ်မှာ တိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲမှုကြောင့် တိုက်ပွဲဖြစ်ခဲ့ပါသည်။

ထမင်းခြောက်၊ မုန့်ကြွပ်၊ ငွေအကြွေများနှင့်ရွှေအနည်းငယ်ကို အိတ်နှင့်ချုပ်၍ပေးပါသည်။ ပြေးလွှားရင်း လူကွဲလျှင် စားသောက်နိုင်ရန်ပါ။ စာရေးသူကတော့ သေနတ်သံကြားလျှင် ကျောင်းလွယ်အိတ်ကိုသာလွယ်၍ ဆင်းပြေးပါသည်။ အစိုးရစစ်မို့ လွယ်အိတ်ထဲ ကျောင်းသားကတ်၊ မင်ဘူးပါမကျန် ထည့်ပြီးသား ဖြစ်ပါ၏။ လူတွေကပြောကြပါသည်၊ စစ်နှင့် အချစ်သည် တရားပါသည်တဲ့။ မည်သို့ တရားပါမည်နည်း။ လူသေကြ၊ အဆောက်အအုံတွေပျက်၍ အသက်အိုးအိမ်စည်းစိမ်ပျက်စီးတာ ဘယ်လို တရားနိုင်ပါ့မလဲ။

အဘနှင့်တွေ့တိုင်း ဆုံးမစကားများသာ ကြားရပါ၏။

"အဘသည် အပ်ချုပ်ရိုးကဲ့သို့ မြှုပ်ချည်ပေါ် ချည်နေပါသည်။ လေးသံကိုနားထောင်ရင်း ညောင်သီးလည်းစားရပါသည်ဟု ဆိုပါ၏။ အမြွတ်မ်း အမှန်ချည်းပြော၍မဖြစ်နိုင်ပါ။ သာသနာပြုရုံသာမက ရွှေတန်းစစ်မြေပြင်ကိုလည်း အဘကြွရောက်တတ်ပါသည်။ အဘ၏ ခါးဝတ်ကို စစ်ခါးပတ်တစ်ချောင်းဖြင့် ပတ်ထားပါ၏။ ခင်ပွန်းသည် လူထူးသည်ဟုဆိုပါသည်။ ရှေးက ခေါင်းဆောင်ကျွန်းသို့ ကြွရောက်ခဲ့ရာ ဆရာတော်တစ်ပါးက 'ပုဂ္ဂိုလ်ဆိုတိုင်း မယုံကြည်ပါ၊ အတုအယောင်များလှသည်' ဟု မိန့်ကြား၍ 'မီးလာနေစဉ် မီးသီးဖြုတ်၍ မီးခေါင်းထဲ လက်နှိုက်ပါမည်၊ ဆရာတော်ပါ နှိုက်ကြည့်ပါ။ ဓာတ်လိုက်မသေသူ ပုဂ္ဂိုလ်စစ်ပေ့' ဟု ဆိုမှ နှုတ်ဆိတ်သွားကြောင်း မိန့်ဖူးပါသည်။ ကေလာသတောင်သို့ရောက်ပြန်တော့ 'မယုံကြည်ကြောင်း' ပြောပြန်သဖြင့်-

'အရှင်ဘုရားနှင့် တပည့်တော် လက်ချင်းတွဲကာ တောင်အောက်သို့ ခုန်ချကြပါမည်။ အောက်ရောက်၍မှ မသေလျှင် ပုဂ္ဂိုလ်အစစ်ပေ့' ဆိုမှ တိတ်သွားသည်ဟု သိရပါသည်။ တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူက စမ်းသပ်လျှင် အစမ်းသပ်ခံနိုင်သည်ဟု မိန့်ကြားဖူးပါသည်။ အဘသည် စိတ်ထားဖြောင့်မတ်၍ စကားကို တဲ့တိုးပြောတတ်ပါသည်။ ဟိတ်ဟန်မရှိ၊ အရှိအတိုင်း စကားဆိုတတ်ရုံသာမက ဒုက္ခရောက်မည်သိလျှင် ထိုသူကြိုက်ကြိုက်၊ မကြိုက်ကြိုက် ပြောချတတ်ပါသည်။ ဆွမ်းစား၊ ရေချိုး၊ ညဉ့်သည်နှင့် ခဏစကားပြောပြီး စိပ်ပုတီးကို လက်ကမချတမ်း စိပ်နေတတ်ပါသည်။

"အဘကလည်း စိပ်ပုတီးချပါဦး၊ သမီးလာတုန်း စကားပြောပါဦး"

ဟု လျှောက်လျှင်-

"ငါက စရဏမလုပ်ဘဲ မနေနိုင်ဘူး၊ နင် ပြောစရာရှိတာပြော"

ဟု မိန့်ကြား၍ ပုတီးစိပ်ရင်း နားထောင်တတ်ပါသည်။ ပြီးမှ ဘာကဘာဖြစ်တတ်သည်ဟု ပုတီးစိပ်ရပ်နားကာ အဖြေပေးတတ်ပါ၏။

"အဘလည်း ပုတီးစိပ်၊ သမီးလည်း အမိဋ္ဌာန်မပြည့်သေးဘူး ပုတီးစိပ်ဦးမယ်"

ဟု လျှောက်လျှင်-

"အေးအေး"

ဟုဆိုကာ ပုတီးသာ တွင်တွင်စိပ်နေပါတော့သည်။ ခင်ပွန်းကြီးဆယ်ပါးနှင့် သုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားတော်ကိုလည်း အလေးထားပါသည်၊ ခေ



www.burmeseclassic.com

www.burmeseclassic.com

သုတ်ကို တဖွဖွရွတ်ဆိုရင် သတ္တဝါအပေါင်းအား မေတ္တာပို့တတ်၏။ အဘ၏စရဏ၊ ကြိုးစားအားထုတ်မှုကို မမီနိုင်ပါ။ ခြေရာမနင်းနိုင်သော်လည်း ယိုးစွဲလေးလိုက်နိုင်အောင်တော့ ကြိုးစားရပါသည်။

နယ်မှာနေစဉ်က အရာရှိတစ်ဦး၏ဇနီးအား သတိပေးစကားပြောကြားပါသည်။

"သမီး- နင့်ရောဂါကို ငါ ပျောက်အောင်ကုနိုင်တယ်။ နင့်မာနကိုချ၊ မချရင် ဒုက္ခရောက်တော့မယ်"

ဟု တုံးတိကြီး ပြောချလိုက်ခြင်းပါ။ မကြာပါ၊ ခင်ပွန်းဖြစ်သူ ပြဿနာဖြစ်၍ စစ်ဆေးခံရင်း အရာရှိအဆင့်မှ သာမန်ဝန်ထမ်းဘဝ အဆင့်လျှော့ချခံရပြီး သာမန်အဆင့်နှင့် တာဝန်မှ အပြီးထုတ်ပယ်ခြင်း ခံလိုက်ရပါသည်။ ထိုအစ်မကြီးသည် မာန်မာနထောင်လွှား၍ ဒေါသလည်း ကြီးသူပါ။ ဘဘုရားမိန့်ကြားသလိုဒုက္ခရောက်ရ၍ ဘဘုရား၏နှုတ်မြွက်စကားကို အဏုမြူဗုံးထက်ပင် ကြောက်မိပါသည်။ မိုးကြိုးသွားပမာ ထိမှန်တတ်ခြင်း၊ လွဲမှားမှုမရှိခြင်းကြောင့် အပြောအဆို၊ အနေအထိုင် သတိထားရပါ၏။ အဘသည် ပြောသလိုပင် ကြိုးစားကျင့်ကြံ၍ အကုသိုလ်ပြုခြင်းမရှိခဲ့ပါ။ စရဏကို အပြင်းအထန်လုပ်သူလည်း ဖြစ်နေခဲ့ပါသည်။

"သမီး အိ၊ ညည်းက အနေတတ်တယ်"

ဟု အဘ မိန့်ကြားပါ၏။ အနေမတတ်၍လည်းမဖြစ်ပါ၊ ကိုယ်က ကာမဘုံသား။ ဒေါသ၊ မောဟ၊ လောဘတွေနဲ့ပျော်မွေ့နေတာ။ ရမယ့်ငရဲက တစ်ပိဿာမကလို့ ကုသိုလ်လေး မူးစု၊ ပဲစုစုနေရခြင်းကိုး။

ရွှေမြင်တင် တောင်တော်မှာ ဘဘုရားပေါ် ထွန်းလာစဉ်က ဖူးသူများလွှန်းလှ၍ လူတစ်ယောက်ဝင်ရုံသာ ဝါးလုံးတန်းပြု၍ ထားရပါ၏။ ဒါတောင်ကလေးများ၊ လူရွယ်လေးများ ခဏခဏတန်းစီပြီး ဖူးနေကြတာပါ။ ကိုရင်လေးများ ထိုင်ရှိခိုးကြလျှင်-

"ကိုရင်တို့က ဘုရားသားတော်တွေပါ၊ တပည့်တော်ကို မကန်တော့ပါနှင့်"

ဟု ဦးချတတ်ပါသည်။ နာမည်ကျော်ကြား၍ ရောက်လာလာ၊ ဆေးကုသရန်ပဲ လာလာ ရပ်ဝေးမှရောက်လာလျှင် ထမင်းကျွေးမှကျေနပ်ပါသည်။ ဆရာတော်များကို အအေးကပ်ရပါသည်။ သိတတ်သူရှိသလို မသိတတ်သူလည်း ရှိပေရာ မသိတတ်သူနှင့် စာရေးသူတွေ့လျှင် စာရေးသူက အားမနာတမ်းပြောတတ်၍ အခက်ကြုံရသည်။

အဘပုတီးစိပ်ရာဂူသို့ သွားပြီးအပြန် ဖိုတဲ၌ ဆေးစရာပန်းကန်များ၊ ဒန်အိုးများ ပုံနေပါပြီ။ ဦးနှောက်ကျွမာဖြင့် ဆေးလာကုသူအား အဘက ထမင်းကျွေးထားပြီး ဆေးကုပေးပါသည်။ သကောင့်သားလေးက အဘပန်းကန်၊ ဇွန်း၊ ခက်ရင်းများဖြင့် ထမင်းစားပါသည်။ ဆေးမသွားပါ။ အသာချ၍ ကက်ဆက်လေးနှင့် ငြိမ့်နေတော့တာပါ။

"အေးဟေ့- ထမင်းစားပြီး ပန်းကန်လေးလည်း ဆေးကြပါကွယ်။ ကိုယ်ထူကိုယ်ထပေါ့။ ကိုယ့်ပန်းကန်ကိုယ်ဆေး။ ပြီးတော့ အဘဘုရားရဲ့ပန်းကန်တွေ၊ ဇွန်းတွေလည်း ယူမသုံးကြပါနဲ့။ အပြစ်ကြီးတယ်"

ဟု ဆိုတော့ ဦးအုန်းညွန့်က ပြုံးစိစိလုပ်နေပါသည်။ ရဲသင်တန်းကျောင်းအုပ်ကြီးသား မောင်သူရက ကူစရာ ကူတတ်၍ အလိုက်သိတတ်ပေသည်ဟု ကျေနပ်မိတာပါ။ လူအမျိုးမျိုး နတ်အထွေထွေကိုး-နော်။

သမီးကြီးက မကွေးပြောင်းရမည်ကြား၍ စိတ်မကောင်းဖြစ်နေရှာပါသည်။ အိမ်နှင့်ဝေး၍ မဟုတ်ပါ၊ အကောင်ရှည်ကြောက်သူမို့ပါ။ စာရေးသူကတော့ ဘုရားရှေ့ဝပ်တွားရင်း ဆုတောင်းနေရပါ၏။ ညဘက် ဘဘုရားအိမ်ကို ကြွလာပါသည်။ သမီးကျောင်းကိစ္စ လျှောက်ကြားရာ-

"သမီး-အဘလည်း ရန်ကုန်မှာနေမယ်၊ နင်လည်း ရန်ကုန်မှာပဲနေ"

ဟု သုံးခွန်းခန့်ပြောဆိုပါသည်။ မကြာပါ၊ ပြောင်းရွှေ့မိန့်များ ထွက်လာပါတော့သည်။ နေ့လယ် (၂) နာရီ ဖုန်းလာ၍ ကိုင်လိုက်ရာ-

"မေမေ၊ သမီး အိမ်ရောက်မှ ပြောမလို့ဟာ နေလို့မရလို့၊ သမီး ဆေး (၂) ကို ပြောင်းရတယ်"

"ဟယ်"

ကျွန်မ 'ဟယ်' သာ အော်နိုင်ပါတော့သည်။ ဖုန်းချပြီး ဘုရားခန်းပြေးဝင်ကာ ဘုရားဦးချပြီး ဘဘုရားပုံတော်ရှေ့ သမီးပြောင်းရွှေ့မိန့်ကို လျှောက်ကြားရပါသည်။ ကျွန်မတို့ တပ်ထုံးစံက 'ရဲဘော် ပြန်လည် သတင်းပို့ပါ' ဆိုတာ မဟုတ်လား။ သမီးသူငယ်ချင်းတွေက အကပ်ကောင်းရှိ၍ဟု ထင်ကြတာပါ။ အမှန်က ကိုးကွယ်ရာ ရတနာသုံးပါး ဂုဏ်ကျေးဇူးနှင့် ပုဂ္ဂိုလ်ထူးများ၏မ,စမှု မဟုတ်လား။ အဘ၏မေတ္တာသည် သားသမီးများအပေါ် ကွန်ရက်သဖွယ် ဖြန့်မိုးထားပေးတော်မူခဲ့တာပါ။ သမီးကရောဂါသည်ကျွန်မ၏ဆေးဖိုးနှင့် အိမ်စရိတ်အားလုံး တာဝန်ယူထားရှာပါသည်။ ပင်ပန်းလွန်း၍ ယိုင်ထိုးပြီး အိမ်ပြန်လာလျှင်-

"သမီးကြီး၊ နင် လဲကျသွားလို့ မဖြစ်ဘူးနော်။ နင့်ခေါင်းပေါ်မှာ မေမေ့ထမင်းအိုးကြီး ရှိနေတယ်၊ ကွဲသွားမှ ဒုက္ခ။ သတိထား"

"မေမေက အားပေးရှာတယ်"

ဟု ရယ်မောရင်း အမောပြေသွားတတ်ပါ၏။

မိတ္ထီလာမှာနေစဉ် ဘဘုရားထွက်ရပ်ပေါက်ခဲ့သည့် (၁၀၈) ကွက် နေလစက်အင်းကို သောက်ရန် အမိန့်ချပါသည်။ အင်းပန္နက်ချစဉ် အရဟံ၊ အ-ရဟံ၊ အရ-ဟံ၊ အ-ရ-ဟံ ဟူ၍ အရဟံလေးချက် ရွတ်ဆိုပြီး ပန္နက်ချရ၍ (၁၀၈) ကွက်အင်းပေါင်း (၄၃၂) ရွက် ချရပါသည်။ ဆရာသမား ဇနီးမောင်နှံနှင့် စာရေးသူ၊ ခင်ပွန်း၊ လေးယောက်အတွက် အင်းချပ်ပေါင်း (၁၇၂၈) ရွက် ရေးရပါသည်။ နံနက် (၉)နာရီခန့် ဧည့်သည်လာ၍ လိုက်ပို့ရန်အထ ခါးထဲမှ မှတ်ခနဲဖြစ်ကာ မတ်တတ်မရပ်နိုင်ဘဲ ထိုင်နေပေါ် ပြန်၍ထိုင်လိုက်ရပါ၏။ မရမက ထပြီး ဧည့်သည်ကို လိုက်ပို့ရပါသည်။ ဧည့်သည်ကို အိမ်ပြန်ပို့ပြီး အပြန် ထိုင်ရာမှ မထနိုင်တော့ပါ။ ခြေဖျား၊ လက်ဖျားလေးများသာ လှုပ်နိုင်ပြီး တစ်ကိုယ်လုံး ကြိုးဆိုင်းထားသလိုရှိနေပါ၍ အထိုင်၊ အထ လူကူမှ ရပါတော့သည်။ အဘကိုတိုင်တည်၍ အိပ်ရာဝင်ခဲ့ပါ၏။ နောက်တစ်ရက်မနက်၌ မိခင်က-

"ကောင်မလေး-မနေ့ညက ဘုရားခန်းထဲ လူရောက်နေတယ်ထင်ပြီး မေမေဝင်ကြည့်တာ၊ နင့်အဘ ဘုရားပွဲကို ထိုင်မ,နေတာ ရုတ်ခနဲ မြင်လိုက်ရတယ်။ မေမေလည်း လန့်သွားတာပဲ သမီး"

ထိုနေ့နံနက်မှာပင် အကြောနှာလည်သူအမျိုးသမီးကြီး အိမ်ရှေ့ရောက်လာကာ အိမ်ကကားဆရာကို သူ့အိမ်လိုက်ပို့ပေးပါရန် ပြောနေပါသည်။ ကားဆရာက လိုက်ပို့ပေးပါမည်၊ ယခု အစ်မကိုကြည့်ပေးပါ။ အထိုင်အထမလုပ်နိုင်၍ဟု ပြောပြီး အိမ်ထဲခေါ် လာပါတော့၏။ ရင်ညွန့်နှင့်ပခုံးကြော၊ နောက်ကျောမှအကြောများ ညှပ်သွားကြောင်း စမ်းသပ်ပြီး ပြောပါသည်။ သူဆွဲထုတ်ပေးပါမည်၊ နာတာကို သည်းခံပါဟုဆိုကာ လက်ဖြင့်ဆွဲကုပ်၍ ညပ်နေသည့်အကြောများကို ထုတ်ပေးပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်လသာ မဆွဲထုတ်လျှင် လမ်းထင်မပျောက်နိုင်ဘဲ အိပ်ရာထဲ လဲနေရတော့မည်ဟု ဆိုပါ၏။ အကြောပြင်စဉ် သည်မှုနာပါသနည်း ဆိုပါလျှင် အပေါ်ခြွတ်ကျအောင် 'အမလေး' အော်၍နေရခြင်းပါ။ ဆေးလိမ်းပြီး သုံး, လေးရက်အတွင်း ပျောက်ကင်းသွားခဲ့ရပါသည်။ သားသမီးဒုက္ခရောက်၍ ကြွရောက်ကာ ကယ်မ,ပေးခြင်း ဖြစ်ပါ၏။

စာရေးသူ၏ ကြီးတော်ကြီး အသည်းအသန်ဖြစ်၍ အဘထံ ဖုန်းဆက်ပါသည်။

"သမီး- အထိန်းတော်ကြီးကျေးဇူးနှင့်အပေါ် ကြီးလှသည်။ ပြုစုလိုက်တော့"

ဟု မိန့်ကြားပါ၏။

သံယောဇဉ်ကြီးလွန်းလှ၍ ဖြစ်သေရာဘဝကို လိုက်ပါစောင့်ရှောက်နေသူဟု သိရပါသည်။ မကြာပါ၊ သုံး, လေးရက်အကြာတွင် ကွယ်လွန်ခဲ့ပါသည်။ ဆယ်တန်းနှစ်ကပင် ဖေဖေ၏ဆရာကြီးက ကျွန်မနှင့် ကြီးတော်ကို မမြင်ဘူးပါဘဲ-

"သမီးက အတိတ်က အထိန်းတော်ကြီးနဲ့နေတာ"

ဟု ဖခင်ကို ပြောခဲ့ဖူးပါသည်။ အဘုရားကလည်း ထပ်တူပင် အထိန်းတော်ကြီးဟုမိန့်ကြားခဲ့ခြင်းပါ။ သံသရာက ပဋ္ဌာန်းဆက်ရှိသူတို့၏သံယောဇဉ်သည် ခိုင်မြဲလွန်းလှပေ၏။ အပျိုကြီးဖြစ်တာ ယောကျ်ားများနှင့် ရောရောနှောနှောမနေတတ်။ လမ်း၌ ယောကျ်ားတစ်ယောက်ဖြတ်သွားတာပင် ယောကျ်ားအနံ့နံကြောင်းပြော၍ လူများက ရယ်မောနေကြတာပါ။ စာရေးသူ 'ရဟန္တာကို ဖူးမြော်ရခြင်း' စာမူ၌ ဆိပ်သာမှ ရဟန္တာကြီးက နောက်ဘဝမှာနိဗ္ဗာန်ယူတော့မည်ဟု မိန့်ကြားခြင်းခံခဲ့ရသူပါပဲ။ ဗြဟ္မာ့ဘုံ ရောက်ရှိနေသည်ဟု သိရပါ၏။ စရဏဖြူသူတို့၏သွားရာလမ်းသည် သုဝတိဘုံသာဖြစ်ပေရာ ကြီးတော်ကြီး ဗြဟ္မာ့ဘုံမှာရှိသည် ဆိုခြင်းကို သံသယဖြစ်မိပါ၏။

အစ်မကြီး ဒေါ်သိန်းသိန်း အိမ်ထယ်ထား၍ အိမ်ရှင်ကို သိခဲ့ရပါသည်။ အဘအား တစ်ရက်ဝင်ငွေ (၄၀၀၀၀) ကျပ် ရလိုကြောင်း လျှောက်ထားပါ၏။ ဆေးခန်းဖွင့်ထား၍ ဆန္ဒအတိုင်း ငွေဝင်ပါသည်။ မကြာခင်,ကားဝယ်ပြီး ကယားပြည်နယ်ဘက် ရွှေပြောင်းတော့မည်ဟု လျှောက်ထားရင်း အဘုရားထံ ဓာတ်ဆီဖြည့်ပေးရန် တောင်းပါတော့၏။ အဘက ဓာတ်ဆီဆိုင်ဖွင့်ထားလို့လားဟု စိတ်ထဲ ထောင်းခနဲ ဖြစ်မိပါသည်။ ထိုစဉ်က ခင်ပွန်းသည် ရွှေတန်းမှာ အသက်စွန့်၍ တိုက်ခိုက်နေရချိန်ပါ။ လစာ (၁၅၀) ကျပ်သာ ရရှိပါ၏။ ဘုရားမှ စာရေးသူကို အလှူခံ၍ ဓာတ်ဆီပေးလိုက်ရပါသည်။ မကျေမနပ် အဘကိုလျှောက်တော့-

"လူတွေဟာ ဒီလိုပဲ သမီး၊ ငါ့သမီး သည်းခံပါ"

ဟု အေးဆေးစွာ ဆုံးမခဲ့ပါသည်။ လူတွေက စည်းစိမ်ချမ်းသာ၊ ရာထူးအတွက် အဘနား ကပ်နေကြတာပါလား။ စာရေးသူ ယနေ့အထိ ရာထူးလည်း မတောင်းဘူးပါ၊ စည်းစိမ်ချမ်းသာလည်း ပေးပါဟု မပြောမိပါ၊ ယုံကြည်စိတ်၊ လေးစားစိတ်နှင့် ဖခင်အရင်းလို ချစ်ခင်သည့်စိတ်ဖြင့် ကိုးကွယ်ခြင်းကို သစ္စာဆိုဝံ့ပါ၏။ လူချင်းတူငြားလည်း အသက်ရှူချင်း မတူကြပါလားဟု သံဝေဂရမိပါသည်။ 'နင်ကော မချမ်းသာချင်ဘူးလား' ဟု မေးလျှင် မှန်ကန်စွာ ဖြေပါမည်၊ ဘဝကြီးကို အဆင်ပြေချောမွေ့စွာဖြတ်သန်းလိုပါသည်၊ သို့ငြားလည်း အတိတ်ကပြုဖူးခဲ့သော ကံ၏အကျိုးကို ခံစားရ၍ မိမိ၏အကြောင်း မိမိအကျိုးခံစားရသည်ကို နားလည်ပါသည်။ ဆန္ဒကို ရွှေတန်းမတင်ပါ၊ ကိုယ်လုပ်တာ ကိုယ်ရပါမည်။ သံပရာပင်စိုက်ပြီး ပန်းသီးစားချင်၍ မဖြစ်နိုင်ပါ။ မိကြီးများက စာရေးသူကို 'ကံယုံမင်းသမီးဘွဲ့' ငယ်စဉ်ကပင် ပေးထားကြပါ၏။

အဘ ရန်ကုန်မှာရှိစဉ် မကျန်းမာသူများ၊ စာရေးဆရာများ၊ သတင်းထောက်များနှင့် လူမျိုးစုံ လာရောက်ဖူးတွေ့ကြပါသည်။ ဒေါ်သိန်းသိန်းအိမ် ရောက်နေ၍ အဘကိုတွေ့ရန် ရောက်သွားတော့ ဧည့်ပရိသတ်များလွန်း၍ ထိုင်စရာနေရာမရှိတော့ပါ။ ဖိနပ်ပုံပေါ် ထိုင်ချပြီး အဘကို မှန်း၍ ဦးချလိုက်ပါသည်။ လူကြီးတောင် အမုန်အတိုင်း သတင်းရေးသည်ဆိုသည့် သတင်းထောက်ကြီးက-

"ဒီကိုလာပါ။ အဘနဲ့ တွေ့ဖို့ မဟုတ်လား၊ ဖိနပ်ချွတ်မှာ မထိုင်ပါနဲ့"

ဟု စာရေးသူကို ခေါ်ပါသည်။ အဘကြားသွားပြီး ကျွန်မကိုမြင်တော့-

"အဘကို ရွှေမြင်တင်တောင်ပို့ခဲ့တဲ့ သမီး အိလို့ ပြောဖူးတယ်နော်၊ အဲဒါ သမီး အိပဲ"

ဟု ပြောပါသည်။ နေရာပေးသူက ဘာမှဆက်မပြောတော့ပါ။ အနားကပ်နေရမှ မဟုတ်ပါ၊ ကိစ္စရှိသူများ အလှည့်ကျ အဘနား ရောက်ရှိနေတာပါ။ မိမိက ဘာကိစ္စမှရှိသူ မဟုတ်၊ အဘ ရောက်နေသည်ဆို၍ ဂါရဝပြုရုံ သွားတာ။ ဘယ်မှာ နေရ နေရ၊ အကြောင်းမဟုတ်ပါ။ အဘကို ဖူးရတာပဲ ကျေနပ်နေရပါပြီ။ ဧည့်သည်များနှင့် စကားဆိုရင်း အဘက-

"ငါ မန္တလေး ကြွဦးမယ်၊ မဟာမြတ်မုနိဘုရားကြီး ရွှေသင်္ကန်းကပ်မလို့"

ဟု မိန့်ကြားနေပါသည်။ အဘ၏ ပိုက်ဆံအိတ်ကို ယူကြည့်တော့ ငွေအစိတ်သာ တွေ့ပါ၏။ အိတ်ထဲမှ ပိုက်ဆံထုတ်ကာ အဘပိုက်ဆံအိတ်ထဲ ဖြည့်ပေးလိုက်ပါသည်။ ကျွန်မတို့လူကြီးဇနီးကပါ ပိုက်ဆံထုတ်၍ အဘတွန်းပို့ပါ၍ အဘပိုက်ဆံအိတ်ထဲ ထပ်ဖြည့်လိုက်ရပါ၏။ ဟန်မပျက် အဘပိုက်ဆံအိတ်ကို ပြန်ထားသည်ကို အဘမတွေ့လိုက်ပါ။ ကိုယ့်အဖအရာထား၍ အဘလိုအပ်နေတာ ကိုယ်တတ်နိုင်သရွေ့ ဖြည့်ဆည်းပေးခြင်းပါ။ ကိုယ်ခွန်အားရှိသမျှ လုပ်ကျွေးပြုစုမည်ဟု ဆုံးဖြတ်ထားတာကိုး။

တစ်ခါကလည်း ကတ္တီပါထိုင်ဖုံ တစ်ခုချုပ်ပေးပါဟု အဘ ပြောလာပါသည်။ အသင့်ရှိသည့် ကတ္တီပါနီညိုစကို ယူ၍ ဖုံချုပ်တတ်သူကိုအပ်နှံရပါသည်။ သွားလှူတော့-

"သမီး-နင့်ထိုင်ဖုံကြီးက ကောင်းလိုက်တာ၊ ပစ္စေကဗုဒ္ဓါတွေ့တွေ့၊ ရဟန္တာတွေ့တွေ့ အဘက လှူပစ်မှာ"

ဟု ဆိုပါတော့သည်။ တစ်ခါတစ်ရံလည်း အဆက်အစပ်မရှိ-

"သမီးရယ်၊ ညဘက်ပင်လယ်လှိုင်းလုံးကြီးတွေ တဖွေးဖွေး တလိပ်လိပ်တက်နေတာ ကြည့်လို့သိပ်ကောင်းတာပဲ"

ဟု ဆိုတတ်ပါ၏။ စိတ်ရှိရာ ရောက်နိုင်သူမို့ ကိုယ်လည်း အားကျကာ ပင်လယ်ကြီးကို ညဘက် ကြည့်လိုစိတ်ဖြစ်လာခဲ့ရပါ၏။ ရွှေမြင်တင်တောင်ကို ပို့ပေးပါဟု မိန့်ကြားစဉ်က စာရေးသူ ခေါင်းအုံး၊ ဖျာ၊ အိပ်ရာခင်း၊ ခြင်ထောင်၊ စောင်များပါ ပို့ထားပါ၏။ စာရေးသူ နောက်တစ်ခေါက်ရောက်တော့ ဖျာခင်းပြီး အုတ်ခဲခေါင်းအုံး၍ အိပ်နေပါသည်။

"အဘ- စောင်တွေ၊ ခြင်ထောင်တွေ မသုံးဘူးလား ဘုရား"

"အဘ သုံးလိုက်ရင် သမီး ထပ်သုံးလို့မရတော့ဘူးလေ၊ ညည်းက မိသားစုများတယ် မဟုတ်လား"

ဟု မိန့်ကြားလာပါသည်။ လေမှုတ်ခေါင်းအုံးကြီးကို မျက်နှာသုတ်ပဝါဖြင့် ခေါင်းအုံးဖုံး ချုပ်ပေးလိုက်ပါ၏



www.burmeseclassic.com

www.burmeseclassic.com

ဘဘုရား ပုတီးစိပ်၊ တရားအားထုတ်စဉ် ကျေးဇူးရှင်လေးများက အသုံးချကြ၍ ခေါင်းအုံးကြီး ပေါက်သွားပါတော့သည်။ မသိတတ်လိုက်ကြတာဟုသာ စိတ်မကောင်းဖြစ်ခဲ့ရပါ၏။

ဆွမ်းပို့သွားလျှင် ကျွန်မ ချက်ထား၍ ထမင်းမြိန်ကြောင်း မိန့်ကြားသဖြင့် ဒွေးဒွေးခိုင်မှ-

"မမအိရေ- ပုစွန်ခြောက်ကြော်၊ ငါးပြာရည်ချက်၊ ကြက်သားဟင်း မမအိချက်တာ စားကောင်းတယ်ပဲ ပြောနေတာ"

ဟု ဆိုပါ၏။

"ဘဘုရား၊ သမီးကို လခနဲ့ထမင်းချက် ခန့်ထားပါလား။ လစာများများ မယူပါဘူး၊ တစ်လ နှစ်သိန်းပဲပေး"

"မခိုင်းရက်ပါဘူးသမီးရယ်၊ ညည်းဒုက္ခ၊ သုက္ခဖြစ်နေတာတောင် အဆင်ပြေသလို ဆွမ်းပို့နေတာ"

ဟု မိန့်ကြားပါ၏။ ဒုက္ခကြီးသူမို့ ကယ်မ,၍လည်းမရ၊ ရှိတာလေး ဆွမ်းချက်ပို့တာမို့ ဘဘုရား စိတ်ကောင်းပုံမရပါ။ စာမူခရတိုင်း ဆွမ်းချိုင့်ပို့တတ်၍ အဘက ဆုများပေးတတ်ပါသည်။ တစ်ခါတလေ အဘဆီ လူပင်မရောက်ဖြစ်ပါ။ အဘကြိုက်သည့်ဟင်းချက်မိလျှင်-

'ငါ့အဘ ဆွမ်းစားမြိန်ရဲ့လား။ ငါကျန်းမာရေးမကောင်း၊ မပြည့်စုံလို့ သားသမီးဝတ္တရားပျက်ရတယ်'

ဟု စိတ်မကောင်းကြီးစွာ ဖြစ်ခဲ့ရပါ၏။ ခါတိုင်း ခင်ပွန်း၏ရုံးကား၊ စာရေးသူ၏ (၂-က) လေးရှိစဉ်က အဆင်ပြေပါသည်။ ခင်ပွန်းအလုပ်မှထွက်၍ ကားပြန်အပ်လိုက်ပါ၏။ စာရေးသူကလည်း သားက သူငယ်ချင်းပို့ရင်း ကားတစ်စီးကို ဝင်ကျိုးခဲ့၍ လျော်လိုက်ရသလို ကားကိုလည်း ထောင့်ထုပြင်ဆင်ရပါသည်။ အန္တရာယ်မြင်၍ ပေါက်စျေးဖြင့် ရောင်းလိုက်ရာ ကားစျေးကျချိန်မို့ ငွေအရနည်းပါသည်။ ဘဏ်အပ်၍ တစ်လမပြည့်သေး၊ ကင်ဆာဖြစ်လာ၍ ကုသလိုက်ရာ ငွေများအားလုံးကုန်သွားပါတော့၏။ အစားပြန်မဝယ်နိုင်၍ လိုင်းကားစီး၊ ကကဌား၊ ဆိုက်ကားစီးနေရ၍ စိတ်ရှိတိုင်း အဘထံမရောက်နိုင်ခဲ့ပါ။

ဘဘုရား ရွှေမြင်တင်တောင်တော်ရောက်ခါစက တနင်္ဂနွေထောင့်၌ ဥဒေါင်းဖြူကြီး အတော်ကြာ နားနေခဲ့သည်ဟု သိရှိရပါသည်။ တောင်ပေါ်ရောက်တိုင်း တနင်္ဂနွေထောင့်မှာ အမြဲဒါန်ဝင်ပါ၏။ ထိုနေ့က နေလုံးကြီးသည် စာရေးသူ ခေါင်းပေါ် တည့်တည့်မှာမို့ ချွေးတပြိုက်ပြိုက်နှင့် အခက်ကြုံပါတော့သည်။ နေလုံးကြီးကို မော့ကြည့်ကာ-

"နေနတ်သားမင်းကြီးရယ်၊ အပူရှိန်များ လျှော့တော်မူပါဦး"

ဟု ဆုတောင်းလိုက်ပါသည်။ အဘက နေလုံးကြီးကို တစ်ခဏ မျှော်ကြည့်နေပါသည်။ ထိုစဉ်မှာ တိမ်မည်းလေး,ငါးစိုင် လေတိုက်၍ လွင့်ပါလာပါသည်။ ကျွန်မ ခေါင်းပေါ် တည့်တည့်ရောက်တော့ ဆက်မလွင့်ပါသွားတော့ပါ၊ နေလုံးကြီးကို ကွယ်ထား၍ အပူဒဏ်လျော့သွားပါပြီ။

"သမီး- ခေါင်းပေါ် နေပူသေးသလား"

"ဘုရား၊ နေမပူတော့ပါဘူး အဘရယ်၊ တိမ်မည်းတွေကွယ်လိုက်လို့ သက်သာသွားပါပြီ"

"အေးအေး- စရဏ ဆက်လုပ်တော့"

ဟု မိန့်ကြားပြီး ပုတီးစိပ်နေပါတော့၏။ အချက်သိတော့မှ ဘဘုရား၏ သိဒ္ဓိဂုဏ်ကို များစွာ လေးစားကြည်ညိုခဲ့ရပါသည်။ ကျွန်မ စရဏလုပ်နေသည်မှာ အဘခြေဖဝါးက ဖုန်တစ်မှုန့်စာပင် ရှိပုံမပေါ်ပါ။ ကျွန်မအဓိဋ္ဌာန်ပြီးတော့လည်း အဘက မျက်စိမှိတ်ပြီး ပုတီးစိပ်တုန်းပါပဲ။ ထိုစဉ် မိုးမည်း၍ လေများ တဝုန်းဝုန်း တိုက်ချလာပါတော့သည်။ ဘုရားရင်ပြင်၌ ခိုစရာနေရာမရှိပါ။ သွပ်မိုးများ တဒုန်းဒုန်း မြည်သံပေးနေကြပါပြီ။ လေ တအားထန်လာလျှင် အဘ ပုတီးစိပ်နေသည့် ကွပ်ပျစ်အောက် လှဲချနေလိုက်မည်ဟု စိတ်ကူးလိုက်ပါ၏။ လေငြိမ်သွားတော့မှ-

"သမီး- နင် အဘပုတီးစိပ်နေတဲ့ ကွပ်ပျစ်အောက် လှဲအိပ်မလို့ဆို၊ နားရအောင် အိပ်ပါလား"

'ဗုဒ္ဓေါ' ဟုသာ စိတ်ထဲမှရေရွတ်နိုင်ပါတော့၏။

"အဘရယ်၊ လေကထန်တော့ ဒူးပေါ် ပေါင်ပေါ်ဖြစ်ရင် မသင့်တော်ပါဘူး။ သမီး မလှဲတော့ပါဘူး အဘ"

ဟုသာ လျှောက်ထားရပါသည်။ သူတစ်ပါးစိတ်ထဲက အကြံအစည်ကို သိနေပါလားဟု အံ့ဩစိတ်၊ လေးစားစိတ်တို့က ပို၍သာ များလာပါတော့သည်။ ခရီးမိုင်ပေါင်းများစွာက အသံကြားရုံဖြင့် ထိုသူ၏စိတ်ကိုပြောနိုင်သည်ဟုမိန့်ကြားသလို ဓာတ်ပုံဖြင့်လည်း ထိုလူ၏အကြောင်းကို ပြောပြနိုင်သည်ဟု လွှတ်ခနဲ ပြောပြ၍ အဘသည် စိတ်ကို နိုင်နင်းစွာရှိကြောင်း သတိပြုလိုက်မိပါ၏။

တစ်ရက် စာရေးသူ ဆီးသွား[illegible] သွေးအတိ ဖြစ်နေခဲ့ပါသည်။ နှစ်ခါ[illegible] သွားတော့ လူက အားကုန်သလို ခံ[illegible] ရပါ၏။ လမ်းပင်မလျှောက်နိုင်ဘဲ [illegible] ဖက်ထောက်၍ သွားရပါတော့သည်[illegible] အစာလည်းစားမရ၊ ရေသာသောက်[illegible] တော့၍ အဘကို ကျွန်မ သေသွား[illegible] ပါသည်၊ မေမေတို့နှင့် အဘသား[illegible] များကို စောင့်ရှောက်တော်မူပါဟု [illegible] တည်ရပါသည်။ ထိုနေ့ ညနေမှာပင် [illegible] မည်းသင်းက ဖုန်းဝင်လာပါသည်[illegible] ဘဘုရား ရထားဖြင့် ရန်ကုန်ဆင်းသွား[illegible] ဘူတာကြီးမှာ ကြိုပေးပါ ဟူ၍ပါပဲ။

ခင်ပွန်းသည်ကို နေမကောင်း[illegible] လျှောက်လိုက်ပါဟု မှာပြီး အဘ[illegible] ခင်ပွန်းကိုယ်တိုင် သွားကြိုပါ၏။ အ[illegible] ကို ဘာမှမလျှောက်ကြားရသေး[illegible] ရထားပေါ်က ဆင်းလာကတည်းက-

"သား- သမီး လမ်းလျှောက်နိုင်[illegible] သေးလား၊ ရေရောဝင်သေးရဲ့လား"

ဟု မေးပါတော့သည်ဟု ဆို[illegible]

နောက်တစ်ရက် ဆေးပို့[illegible] အုန်းစိမ်းရည်နှင့် တစ်နေ့ (၃) [illegible] သောက်ရပါသည်။ (၃) ရက်ခန့်နေ[illegible] 'နင်လည်း နေတော့၊ ငါသွားတော့မ[illegible] ဟု ပြောရမလိုပါဘဲ။ ရောဂါ [illegible] အရှင်း ပျောက်ကင်းသွားခဲ့ရပါသ[illegible] အဘဘုရားသည် စာရေးသူ၏အသ[illegible] ကို အကြိမ်ကြိမ် ကယ်တင်ခဲ့ပါသ[illegible] အသက်သခင် ဖခင်ကို ချစ်ကြော[illegible] သလို ရိုသေရတာလည်း အတိုင်း[illegible] အလွန်ပါ။ အဘသည်လည်း ကျွန်[illegible] ရင်မှဖြစ်သည့် သားသမီးလို ချစ်[illegible] အမှန်ပါပဲ။ အကြောင်းမှာ ဇာတ်[illegible] တစ်ခု၌ ပုဏ္ဏားကြီးလင်မယားသ[illegible] ဘုရားရှင်အား သားတစ်ဦးပမာ ပြော[illegible] ဆက်ဆံနေပါသည်တဲ့။ သံဃာတို့[illegible] စကားဆိုတော့ မြတ်စွာဘုရားက-

'ထိုသူတို့သည် သံသရာများ[illegible] က ငါဘုရား၏အမိ၊ အဖ၊ ဦးကြီး [illegible] ကြီး ဘဝပေါင်းများစွာ ဖြစ်ခဲ့ဖူးသ[illegible] သံသရာက အချစ်စိတ်တို့သည် [illegible] ဘဝရောက်လည်း သားအရင်းပမာ[illegible] ချစ်ခင်မြဲ ဖြစ်နေရသည်'

ဟု မှတ်သားခဲ့ဖူးရာ စာရေးသူ[illegible] ဘဘုရားကတော့။

သံသရာသည် ကာလရှည်[illegible] လွန်းပေစွ။

*(ဤစာစုဖြင့် ကျေးဇူးရှင် [illegible] အား ကျေးဇူးဆပ်လိုက်ရပါ၏။)*

ရင်ခုန်[illegible]



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ တက္ကသိုလ်မှာရှိနေသော ၁၉၃၈ ခုနှစ် အစက ပရလောကမှ ဧည့်သည်နှင့် ကျွန်တော်အုပ်ချုပ်နေသော သထုံကျောင်းဆောင်သားများ တွေ့ကြဖူးသည်။ တက္ကသိုလ်ဟူသည် ပညာတတ်များ နေထိုင်သောနေရာဖြစ်၍ ယုံကြည်မည့်သူက အလွန်ရှားပေလိမ့်မည်။ အဖြစ်အပျက်ဆန်းကလေးများကဖြင့် တစ်ကြိမ်၊ နှစ်ကြိမ်ဆိုသလို ပေါ်လာတတ်သည်။ ဤမျှ လူများလှသော တက္ကသိုလ်သို့ ပရလောကမှ နာနာဘာဝများ လာလည်တတ်ကြပါသလော ဟူ၍ အချို့လည်း စဉ်းစားကြည့်ကြပေလိမ့်မည်။

ထိုနှစ် ၁၉၃၈ ခုနှစ်အခါက ကျွန်တော်သည် သထုံကျောင်းဆောင် ဒုတိယအဆောင်မှူးအဖြစ် တာဝန်ထမ်းဆောင်နေစဉ် ကျောင်းအုပ်ကြီး ဦးဖေမောင်တင်သည် တစ်နေ့သောကာလတွင် ကျွန်တော့်ထံသို့အလည်လာလျက် သမ်းလျှောက်ထွက်ကြရန် ဖိတ်ခေါ်ပါသည်။ ကျွန်တော်တို့ သထုံဆောင်မှ အင်းဝဆောင်ဘက်သို့ ဘေးဝိုက်လမ်းမှ ဖြတ်လျှောက်လာကြရာ ထမင်းစားရုံမှ ကုလားလက်ဖက်ရည်ဆိုင်ဘက်သို့ ကူးကြသည့်အခါ ဖြတ်ကျော်သွားရသော သံတံခါးငယ်တစ်ခုကို တွေ့ရသည်။ ထိုအခါ ခရစ်ယာန်ဘာသာဝင်ဖြစ်သော ဆရာဖေမောင်တင်က ပြောသည်။

'ဟော့- ချမ်းမြ၊ နာနာဘာဝ, ဝိနာဘာဝဆိုတာ မင်းယုံသလား'

ကျွန်တော် အတော် အံ့သြခြင်းဖြစ်မိသည်။

ခရစ်ယာန်ဘာသာဝင်တစ်ဦးက ဤကဲ့သို့ မေးခွန်းမေးသည်ကိုလည်း ကျွန်တော် ဘယ်သို့ ဖြေရမှန်းမသိ။ ဒါနှင့် သူက ဆက်ပြောပြန်သည်။

'ဟော့- ဟောသည်တံခါးနားမှာပေါ့ကွာ၊ တစ်နေ့က ဆရာလု(စ်) (ပါမောက္ခလုစ်) လမ်းလျှောက်ရင်း တွေ့တယ်တဲ့။ မိန်းကလေးတစ်ယောက် လှကလှသနဲ့။ ကျောင်းသားတွေကို မြူနေဟန်တူတယ်တဲ့။ သူ့ကိုမြင်တော့ မျက်နှာကို တစ်ဖက်လှည့်သွားပြီး သူ့ကို ကျောပေးနေသတဲ့။ အဲဒါ ငါ့ကို လာသတိပေးတယ်။ မင်းရဲ့ကျောင်းသားတွေကို မြူနေကြတဲ့ မိန်းကလေးတွေ ဒီနေဝင်သရီသရောအချိန်မှာ မင်း ခွင့်မပြုသင့်ဘူးတဲ့။ ကျောင်းနာမည် ပျက်လိမ့်မယ်တဲ့။ အဲဒါ ငါလည်း စဉ်းစားနေတယ်။ ဒီအချိန်မှာ ဘယ်မိန်းကလေးမှ မလာတတ်ပါဘူး။ ဆရာလည်း ဒီလမ်းကို အမြဲတမ်းလျှောက်နေတာပဲ၊ ဘယ်မိန်းကလေးမှမတွေ့ဖူးဘူးကွယ့်။ လု(စ်)ဟာ နာနာဘာဝမိန်းကလေးကိုများတွေ့ခဲ့သလားမသိရဘူး'

အထက်ဖော်ပြပါ စာပိုဒ်သည် ဆရာ မြကေတု ရေးသော ၁၉၈၇ ခုနှစ်၊ ဖေဖော်ဝါရီလထုတ်ဝေသော သောင်းပြောင်းထွေလာမဂ္ဂဇင်း၊ ဆောင်းပါးမှ ထုတ်နုတ်၍ မိတ္တူကူးယူ ဖော်ပြထားခြင်း ဖြစ်ပါသည်။ ဤဆောင်းပါးကို ရေးသူ ဆရာကြီး မြကေတုမှာ မန္တလေးတက္ကသိုလ် မြန်မာစာဌာနမှ ပါမောက္ခ ဦးချမ်းမြ ဖြစ်ပါသည်။ ဆရာကြီးသည် ၁၉၃၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်

လှုမ်းထက်

# ပရလောကမှ သတို့သမီး





www.burmeseclassic.com

www.burmeseclassic.com

သို့ရောက်ခဲ့ပြီး ၁၉၃၈ ခုနှစ်မှ ၁၉၄၁ ထိ သထုံဆောင် ဒုတိယအဆောင်မှူး အဖြစ် အမှုထမ်းခဲ့သူတစ်ဦး ဖြစ်ပါသည်။ မဟာဝိဇ္ဇာတန်းကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူလည်း ဖြစ်ပါသည်။ ဤဆောင်းပါးတွင် ဖော်ပြသော ထိုစဉ်က တက္ကသိုလ်ကျောင်းအုပ်ကြီး (ယခုပါမောက္ခချုပ်) ဦးဖေမောင်တင်နှင့် ပါမောက္ခ လု(စ်)တို့မှာ မြန်မာစာပေသမိုင်းနှင့် မြန်မာ့သမိုင်းတွင် လျှမ်းလျှမ်းတောက် ဟိုးဟိုးကျော်ခဲ့သောပုဂ္ဂိုလ်များ ဖြစ်ကြသဖြင့် မဟုတ်မမှန် လုပ်ကြံပြောဆိုမည် မဟုတ်ကြ။ စဉ်းစားသင့်သော ထူးခြားဖြစ်ရပ်ဟု ဆိုရမည် ဖြစ်သည်။

ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်အများသည် ကံ,ကံ၏အကျိုးတရားကြောင့် တမလွန်ဘဝတွင် ချမ်းသာ၊ ဆင်းရဲ ဟူ၍ ရှိကြောင်းကို လက်ခံကြသည်။ အပါယ်လေးပါးရှိကြောင်းကို လက်ခံလျှင် ပြိတ္တာ၊ အသူရကာယ်ဘုံ ဟူ၍ ရှိမည်မှာ သေချာပေသည်။ ထိုသူတို့သည်လည်း လူတို့ကဲ့သို့ သွားလာလှုပ်ရှားနေကြရာ မြင်မိသောသူ၊ တွေ့မိသောသူ ရှိမည်သာ ဖြစ်ပါသည်။ ယခုရေးသား ဖော်ပြမည့် 'ပရလောကမှ သတို့သမီး' ဖြစ်ရပ်သည် အင်္ဂလန်နိုင်ငံ နော့ဖော့ပြည်နယ် ဖာကင်ဟန်ကျေးရွာအနီးရှိ ရေနမ်ယာတောစံအိမ်တွင် လွန်ခဲ့သော နှစ်ပေါင်း (၂၅၀) ကျော်က ယနေ့ထိ ဖြစ်ပွားနေသော လောကီလွန် ဖြစ်ရပ်ဆန်း ဖြစ်ပါသည်။

ယင်း ဝတ်စုံဖြူ ဝတ်ဆင်ထားသော 'ပရလောကမှ ဧည့်သည် သတို့သမီး' ဟု ကင်ပွန်းတပ်ခံရသည့် အမျိုးသမီးမိသားစုများမှာ အင်္ဂလန်နိုင်ငံ အစိုးရ၏ ဝန်ကြီးချုပ်များ၊ ဝန်ကြီးများ၊ အရေးပါအရာရောက်သူများ၊ စစ်ဘက်နယ်ဘက်များမှ လျှမ်းလျှမ်းတောက် ဟိုးဟိုးကျော်ခဲ့သူများ ဖြစ်ပါသည်။ ဤ သတို့သမီး ကိုယ်ထင်ပြသည်ကို မြင်ကြရသူများမှာ ဤဆောင်းပါးအစ၌ ပါမောက္ခဆရာကြီး မြကေတု ရေးသားဖော်ပြခဲ့သလို ထိပ်ထိပ်ကြဲ တက္ကသိုလ်ကျောင်းတိုက်ကြီးများ [အောက်(စ်)ဖို့(ဒ်)နှင့် ကိန်းဘရစ်(ချ်)] မှ ပါမောက္ခများ၊ သိပ္ပံပညာရှင်များ၊ စာရေးဆရာကြီးများ၊ သတင်းမီဒီယာများ၊ မနောသုတေသီများ၊ နာနာဘာဝတို့အား စောင့်ကြည့်လေ့လာသူများ ပါဝင်ကြပါသည်။

ထူးထူးခြားခြား အံ့ဖွယ်ကောင်းနေသည်မှာ ဝတ်ရုံဖြူဝတ် သတို့သမီးအား မျက်ဝါးထင်ထင် မြင်ရပါသည်ဟု ဆိုသော ပုဂ္ဂိုလ်များတွင် စတုတ္ထမြောက် ဂျော့ဘုရင်ကိုယ်တိုင် ပါဝင်ခဲ့သည်ဟု သိရ၏။ အထက်ဖော်ပြပါ သတို့သမီး စံအိမ်တော်မဟာလှေကားမှ ဆင်းလာသည်ကို အပျော်တမ်းဓာတ်ပုံဆရာနှစ်ဦးက အမိအရ ဓာတ်ပုံရိုက်ယူနိုင်ခဲ့သဖြင့် ထိုဖြစ်စဉ်မှာ ယနေ့ထိ လူအများ စိတ်ဝင်စားဖွယ်၊ အငြင်းပွားဖွယ် ဖြစ်ခဲ့ရ၏။ ဤဖြစ်စဉ်ကို နိုင်ငံတကာမှထုတ်ဝေသော စွယ်စုံကျမ်းများ၊ မှတ်တမ်းစာအုပ်များ၊ ထူးခြားဖြစ်စဉ် မှတ်တမ်းစာအုပ်များတွင် ဓာတ်ပုံအထောက်အထား ဝေဝေဆာဆာနှင့် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

ဘီဘီစီ ရုပ်သံလွှင့်အစီစဉ်တို့နှင့် ဘီဘီစီရုပ်သံလွှင့်မှ ထုတ်ဝေသော မှတ်တမ်းဗီဒီယိုအခွေများ၊ အခြားရုပ်သံလွှင့်ကုမ္ပဏီများမှ ထုတ်လွှင့်သော ဆွေးနွေးခန်းများတွင်လည်း အကျယ်တဝင့် ဆွေးနွေးကြ, ငြင်းခုံကြသဖြင့် ပွဲဆူသော ဖြစ်ရပ်မှန် ဖြစ်ပါသည်။ သို့သော် ယနေ့ထိ သက်ဆိုင်ရာ အာဏာပိုင်များကမူ ယင်းဖြစ်စဉ်ကို ထုတ်ပြန်ကြေညာခြင်း မရှိခဲ့။ ဤသတို့သမီးကိုယ်ထင်ပြသည်ကို မြင်ရသူများမှာ တစ်ယောက်တည်း,တစ်ဦးတည်း မဟုတ်၊ တစ်စုတစ်ဝေးတည်း မြင်ကြရသည်ဟု ဆိုသဖြင့် စိတ်အာရုံလွဲမှားခြင်း၊ စိတ်အာရုံကိုင်းညွတ်ခြင်းကြောင့် အမြင်ပေါ်လာသည်ဟု ဆိုရန်လည်း ခက်လှသည်။ ဤဖြစ်စဉ်ကား အောက်ပါအတိုင်း ဖြစ်ပါသည်။

❂

အင်္ဂလန်နိုင်ငံ နော့ဖော့ပြည်နယ် ဖာကင်ဟန်ကျေးရွာကလေးတွင် သမိုင်းအဆက်ဆက် ကြောင့်ကြမဲ့ကင်းစွာ နေထိုင်ကြသော ကျေးရွာသူ၊ ကျေးရွာသားအများသည် ထိုကျေးရွာကလေးနှင့် မနီးမဝေးတွင်ရှိသော ရေနမ် ကျေးလက် စံအိမ်ကြီးတွင် နေထိုင်ကြသော မိသား များအား ပရလောကမှဝတ်စုံဖြူ (အနီ မျက်မြင်သက်သေအများကမူ ဝတ်စုံအ ညိုရောင်) ဝတ်ဆင်ထားသော သတို့ သမီး ဒေါ်ရော်သီဝါ(လ်)ပိုးက ခြောက် လှန့်သည်ဟု အစဉ်အဆက် ပြောဆိုခဲ့ ကြ၏။ ကျေးရွာလေးမှ သက်ကြီးရွယ် အိုများကမူ အိမ်ကြီးရှင် ဒေါ်ရော်သီဝါ (လ်) ပိုးသည် သတို့သမီးများ ဝတ်ဆင် သော ဝတ်ရုံဖြူကို ဝတ်ဆင်ပြီး ယင်း အိမ်တော်ကြီး၏ မဟာလှေကားထိပ် ဆင်းသက်လာသည်ကို မျက်ဝါးထင်ထင် တွေ့ကြရသည်ဟု ခိုင်ခိုင်မာမာ ပြော ခဲ့ကြသည်။ ထို ဒဏ္ဍာရီ သို့မဟုတ် စပ်ပြောဂေဇက်သည် ခရစ်နှစ် ၁၇ ခုနှစ်ခန့်ကပင် စတင်ခဲ့သည်ဟု ဆို သည်။ ဤဒေါ်ရော်သီဝါ(လ်)ပိုး ကိုယ် ထင်ပြမှုကို ယုံကြည်သူများ ရှိသကဲ့ မယုံကြည်သူများလည်း ရှိခဲ့သည်။ မ ကြည်သူအများကမူ သမိုင်းဖြစ်စဉ် ရပ်ကို ယုံတမ်း ကောလာဟလ ဖြစ် များဖြင့် ပူးပေါင်းချဲ့ထွင် ပြောဆိုသော သူပြောကိုယ်ပြော သမိုင်းသာ ဖြစ်သည် ဟု ဆိုသည်။ မည်သို့ပင် ဖြစ်စေကာ ထိုရေနမ် ကျေးလက်စံအိမ်တော်ကြီး ယနေ့ထိ ကမ္ဘာလှည့်ခရီးသည်များ ပါဝင်စားသည့် စံအိမ်တော်ကြီး တား နိုင်ငံတကာမှ ခရီးသွားအဖွဲ့ သည် အခါအားလျော်စွာ လာရော ကြည့်ရှုလေ့ရှိရာ ဖာကင်ဟန်ကျေး ကလေးမှာ ယခင်က လူမသိသူမသိ ခဲ့ရာမှ နေ့ချင်းညချင်းလူသိများလာ လူနေစည်ကားသော ကျေးရွာတ ဖြစ်လာခဲ့သည်။

ဒေါ်ရော်သီဝါ(လ်)ပိုးမှာ ၁၇ ခုနှစ်က အင်္ဂလန်နိုင်ငံသမိုင်းတွင် လျှမ်းတောက် ဟိုးဟိုးကျော်ခဲ့သော ကြီးချုပ် ဆာရောဘတ်ဝါ(လ်)ပိုး၏ ငယ် ဖြစ်သည်။ ရေနမ် ကျေးလ အိမ်ကြီးကို ဆောက်ခဲ့သူမှာ အင် နိုင်ငံ ပြည်သူ့လွှတ်တော်အမတ် ဘတ်ဝါ(လ်)ပိုးစီနီယာပင် ဖြစ်သ ဒေါ်ရော်သီနှင့်ဝန်ကြီးချုပ် ရောဘ (လ်)ပိုးဖခင် ရောဘတ်ဝါ(လ်)ပိုးစီနီ သည်လည်း အင်္ဂလန်နိုင်ငံ နိုင်ငံ လောကတွင် အစဉ်အလာ ကြီး သော ပုဂ္ဂိုလ်ကြီးဖြစ်ပြီး ၁၇ ခု





www.burmeseclassic.com


www.burmeseclassic.com

ပိုင်ဆိုင်သော လယ်ယာများမှာ နော့ဖော့ပြည်နယ်တစ်ခုလုံးနီးပါး ရှိသည်ဟု ဆိုသည်။ သစ်တောများ၊ ကျေးလက်စံအိမ်အများလည်း ပိုင်ဆိုင်ပြီး အတည်မပြုနိုင်သော ပါးစပ်ဂေဇက်များအရ ဆိုရလျှင် လန်ဒန်မြို့တွင်လည်း စံအိမ်တော်များ ရှိသည်ဟု ဆိုကြ၏။

ဒေါ်ရော်သီနှင့် ဝန်ကြီးချုပ် ဆာရောဘတ်ဝါ(လ်)ပိုးတို့၏ ဖခင်ဖြစ်သူ ရောဘတ်ဝါ(လ်)ပိုးစီနီယာသည် သူ့ဆွေမျိုးသားချင်းများထဲမှ ချား(လ်) တောင်ဆင်အား ငယ်စဉ်ကပင် ခေါ်ယူ၍ ထိန်းသိမ်းစောင့်ရှောက်ခဲ့ရ၏။ ချား(လ်) တောင်ဆင်တို့ မိသားစုမှာလည်း အင်္ဂလန်နိုင်ငံတွင် ကျိကျိတက် ချမ်းသာကြွယ်ဝသော ဆွေမျိုးသားချင်းများ ဖြစ်သည်။ အင်္ဂလန်နိုင်ငံ ပြည်နယ်အများတွင် သူတို့မိသားစုပိုင်သော လယ်ယာမြေများသည် လက်ညှိုးထိုးမလွဲဟု ဆိုစမှတ်ပြုကြပြီး သောက်သောက်လဲ ချမ်းသာကြွယ်ဝသူများ ဖြစ်သည်။

ဒေါ်ရော်သီနှင့် အသက် (၁၃)နှစ်အရွယ် ချား(လ်)တောင်ဆင်တို့သည် ရင်းရင်းနှီးနှီးနေခဲ့ကြရာမှ ငယ်ချစ်ဆွေများ ဖြစ်လာသည်။ ဒေါ်ရော်သီ၏ဖခင်ဖြစ်သူ ရောဘတ်ဝါ(လ်)ပိုးစီနီယာကမူ ဒေါ်ရော်သီနှင့် တောင်ဆင်တို့၏ ချစ်မှုချစ်ရေးသည် သူတို့မိသားစုဂုဏ်သိက္ခာကိုထိပါးစေလိမ့်မည်ဟု ယူဆ၏။ ငွေရှင်ကြေးရှင် ချား(လ်)တောင်ဆင်တို့အား ဝါ(လ်)ပိုးမိသားစုက အပိုင်ဖြားယောင်သွေးဆောင်သည်ဟု အတင်းအဖျင်းစကားဆိုကြမည်ကို စိုးရိမ်သည်။ သို့ဖြစ်၍ ဒေါ်ရော်သီနှင့် ချား(လ်)တောင်ဆင်တို့၏ ချစ်မှုချစ်ရေးကို တင်းတင်းကျပ်ကျပ် တားမြစ်ခဲ့သည်။ ဤတွင် ချား(လ်)တောင်ဆင်သည် ဘုရင့်မှူးမတ်တစ်ဦး၏သမီးဖြစ်သူအား လက်ထပ်ထိမ်းမြားခဲ့သည်။ ချစ်ရေးမလွယ် ဖြစ်ခဲ့ရသော ဒေါ်ရော်သီသည် ရေနမ်ကျေးလက် စံအိမ်တော်အား ကျောခိုင်းခဲ့ပြီး လန်ဒန်သို့ သွားရောက်နေထိုင်သည်။ လန်ဒန် အထက်တန်းလွှာလောကတွင် ထင်သလို၊ ပျော်သလိုနေခဲ့ပြီး ပြင်သစ်နိုင်ငံ ပါရီသို့ ထွက်ခွာသွားခဲ့သည်။ ပါရီတွင်သောင်တင်နေစဉ် ဒေါ်ရော်သီခမျာ သူ့အချစ်ဒဏ်ရာကို အပျော်အပါးဖြင့်သာ ကုစားခဲ့သဖြင့် ပါရီအထက်တန်းလွှာလောက၌ ဒေါ်ရော်သီမှာ နာမည်ဆိုးဖြင့် လူသိများခဲ့၏။

ခရစ်နှစ် ၁၇၁၁ ခုနှစ်၌ ချား(လ်)




တောင်ဆင်၏ဇနီး ကွယ်လွန် အနိစ္စရောက်သည့်သတင်းရသည်နှင့် ဒေါ်ရော်သီသည် ပါရီမြို့မှ သူ့မိသားစုပိုင် ရေနမ်ကျေးလက်စံအိမ်သို့ ပြန်လာခဲ့၏။ တစ်နှစ်ခန့်ရှိသည်နှင့် ငယ်ချစ်ဆွေနှစ်ယောက်တို့သည် လက်ထပ်ခဲ့ကြပြီး ရေနမ်စံအိမ်တော်ကြီးတွင် မိုးမမြင်၊ လေမမြင် ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ခဲ့ကြသည်။ သို့သော် အတိတ်ကာလက လန်ဒန်နှင့်ပြင်သစ်နိုင်ငံ ပါရီတွင် ဒေါ်ရော်သီ ထင်သလို၊ ပျော်သလို နေထိုင်ခဲ့သည့် သတင်းများအား ချား(လ်)တောင်ဆင် သိလာခဲ့ရတော့၏။ ဤတွင် ငယ်ချစ်ဆွေနှစ်ယောက်တို့၏ ချစ်မှုချစ်ရေးသည် ပြိုလဲခဲ့ရတော့၏။ တောင်ဆင်သည် သူ့ငယ်ချစ်ဆွေ ဒေါ်ရော်သီအား ရေနမ်ကျေးလက်စံအိမ် မဟာလှေကားထိပ်ရှိ အခန်းတစ်ခန်းထဲတွင် သော့ခတ်ပိတ်လှောင်ထားခဲ့ပြီး ရေနမ်စံအိမ်မှ အစေအပါးများကိုပင် တွေ့ခွင့်မပေးခဲ့ဟု သတင်းများ ထွက်လာသည်။ ၁၇၂၆ ခုနှစ်တွင် ဒေါ်ရော်သီသည် သူ့ကိုယ်သူ အဆုံးစီရင်သွားခဲ့သည်ဟု ဆိုသည်။ ရေနမ်စံအိမ်မှအိမ်စေများ၏ထုတ်ဖော်ပြောဆိုချက်အရ ဆိုရသော် ဒေါ်ရော်သီသည် သူနှင့်တောင်ဆင်တို့ လက်ထပ်စဉ် ဝတ်ဆင်ခဲ့သည့် သတို့သမီးဝတ်စုံကို ဝတ်ဆင်ကာ မိမိကိုယ်မိမိ အဆုံးစီရင်သွားခြင်း ဖြစ်သည်။ သို့သော် တရားဝင် သတင်းထုတ်ပြန်ချက်တွင်မူ ဒေါ်ရော်သီသည် ကျောက်ရောဂါဖြင့် ကွယ်လွန်သည်ဟု ဆိုသည်။ အတည်မပြုရသော ပါးစပ်ပြောသတင်းများအရ ဆိုရသော် ဒေါ်ရော်သီအား ရေနမ်စံအိမ်ကြီး၏မဟာလှေကားထိပ်မှတွန်းချ သတ်ဖြတ်ခဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။

ထိုစဉ်ကာလကစ၍ သတို့သမီးဝတ်စုံဖြူကို ဝတ်ဆင်ထားသော ဒေါ်ရော်သီကို ရေနမ်စံအိမ်ကြီး၏မဟာလှေကားထစ်များပေါ်တွင် လည်းကောင်း၊ ယင်းစံအိမ်ကြီး၏စင်္ကြံလူသွားလမ်းပေါ်တွင် လည်းကောင်း မကြာခဏ တွေ့ရသည်ဟူသောသတင်းများ တောမီးပမာ ပျံ့နှံ့လာခဲ့၏။ ခရစ်နှစ် ၁၇၈၆ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ အိမ်ရှေ့စံ မင်းသားဂျော့ (နောင်အခါ စတုတ္ထမြောက် ဂျော့ဘုရင်ဖြစ်လာခဲ့သည်။) ကိုယ်တိုင် ဤစံအိမ်ကြီး၏မဟာလှေကားပေါ်တွင် ဝတ်စုံဖြူဝတ်ဆင်ထားသော ကွယ်လွန်သူ ဒေါ်ရော်သီကို မျက်ဝါးထင်ထင်တွေ့ရသည်ဟု သတင်းများ ထွက်ပေါ်လာခဲ့သည်။ ဤအချိန်မှစ၍ ရေနမ်စံအိမ်တော်ကြီးမှာ သတင်းစာများ၊ ဂျာနယ်များ၏ မျက်နှာဖုံးသတင်း ဖြစ်ခဲ့၏။

နာမည်ကျော် စွန့်စားခန်းဝတ္ထုများ ရေးသားသူ စာရေးဆရာ ဗိုလ်ကြီးဖရက်ဒရစ်မာရီယက်အား ရေနမ်စံအိမ်တော်ပိုင်ရှင် မိသားစုက တစ်ညတာအိပ်စက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန်ခွင့်ပြုခဲ့သည်။ ဖရက်ဒရစ်မာရီယက်အား သေဆုံးသူ ဒေါ်ရော်သီ၏အိပ်ခန်းတွင် နေရာချထားပေးခဲ့သည်ဟု ဆို၏။ ဗိုလ်ကြီးမာရီယက်သည် ထိုည၌ မဟာလှေကားကြီးထိပ်တွင် ကွယ်လွန်သူ ဒေါ်ရော်သီအား ဝတ်စုံဖြူနှင့်တွေ့ခဲ့ရသဖြင့် အသင့်ယူဆောင်လာသော ပစ်စတို(လ်)သေနတ်ဖြင့် ပစ်ခဲ့ရာမှ ဒေါ်ရော်သီမှာ ရုတ်တရက် ပျောက်ကွယ်သွားသည်ဟု ဆိုသည်။

၁၉၃၆ ခုနှစ်ကလည်း လန်ဒန်မြို့မှ နာမည်ကြီးဓာတ်ပုံဆရာနှစ်ယောက်သည် ဤစံအိမ်ကြီးတွင် တစ်ညတာ အိပ်ခဲ့ပြီး မဟာလှေကားထိပ်မှဒေါ်ရော်သီကိုယ်ထင်ပြမှုကို ဓာတ်ပုံဖြင့်မှတ်တမ်းတင်နိုင်ခဲ့သည်ဟု ဆိုကြပါကြောင်း။

လျှမ်း

*Ref: Houses of Horr*
*By H-Holzen.*



www.burmeseclassic.com

www.burmeseclassic.com

△ တြိရတနာ-ဆရာဇေယျာလင်း

# ဗုဒ္ဓဟောကြား နိပါတ်တော်ကျမ်းဂန်များလာ ဂါထာမန္တန် ၉

(ယခင်လမှအဆက်)

**သဗ္ဗဇယမင်္ဂလာဂါထာ**

ကျွန်ုပ်သည် ဗုဒ္ဓဟောကြား နိပါတ်တော် ကျမ်းဂန်များလာ ဂါထာမန္တန်များကို အစဉ်တစိုက် ဖော်ထုတ် တင်ပြလာခဲ့ရာ ယခုအခါ အမှတ် (၉) သို့ ရောက်ရှိလာပြီ ဖြစ်ပါသည်။ ဤ အမှတ် (၉) ဂါထာမန္တန်အဖြစ် 'ဒီဝါတပတီ' အစချီသော 'သဗ္ဗဇယမင်္ဂလာဂါထာတော်' အကြောင်းကို တင်ပြသွားမည် ဖြစ်ပါသည်။ ဤဂါထာတော်ကို အချို့က ငွေဝင်ဂါထာ၊ ငွေဝင်လာဘ်ရွှင်ဂါထာဟု အမျိုးမျိုးခေါ်ကြပါသေးသည်။ ဤသဗ္ဗဇယမင်္ဂလာဂါထာတော်ကို ဖော်ထုတ် တင်ပြရသော်လည်း ဤဂါထာတော်ကြီးမှာ လူအတော်များများသိကြသောဂါထာ ဖြစ်ပါသည်။ သို့သော် ဤဂါထာကြီး၏ ထူးခြားမှုကိုကား သိသူနည်းလှပါသည်။ ဤဂါထာကြီးအား စီးပွားတိုးသည့် လာဘ်ရွှင်သည်၊ ငွေဝင်သည်၊ တန်ခိုးအာနုဘော်ကြီးသည်ဟုသာ သိကြသည်။ အဘယ်ကြောင့် ဤဂါထာတော်ကြီး တန်ခိုးကြီးကြောင်းကိုတော့ ခြေခြေမြစ်မြစ် ဂဃနဏသိသူတော့ နည်းပါသည်။

စင်စစ် ဤဂါထာတော်သည် ဗုဒ္ဓဟောကြားနိပါတ်တော်ကျမ်းဂန်များလာ အခြားသော ဂါထာမန္တန်များစွာကဲ့သို့ နှောင်းကာလ၌ ဆရာတော်သမားတော် ပညာရှိ ကဝိအမော်တို့က စီမံ ဖန်တီး စီရင်ထားသော ဂါထာမန္တန်မျိုးမဟုတ်ဘဲ ဓမ္မပဒတွင် ဘုရားရှင်ကိုယ်တော်တိုင် ကျူးရင့်ဟောကြားတော်မူခဲ့သော ဘုရားရှင်၏ နှုတ်တော်ထွက် ဓမ္မပဒဂါထာတော်တစ်ပုဒ် ဖြစ်သဖြင့် ထိုမျှ တန်ခိုးထက်မြက် အာနုဘော်ကြီးမားခြင်း ဖြစ်ပါသည်။

ထိုအကြောင်းနောက်ခံ ဗုဒ္ဓဝင်အကြောင်းခြင်းရာကား -

ဂေါတမ ဗုဒ္ဓဘုရားရှင် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် တစ်ခုသော သီတင်းကျွတ်လပြည့် ပဝါရဏာနေ့ ညနေချမ်းအခါ၌ ကောသလမင်းကြီးသည် မင်းမြောက်တန်ဆာငါးပါးဆင်ယင်လျက် ပန်းနံ့သာများကိုင်စွဲကာ ပုဗ္ဗာရုံကျောင်းတော်သို့ လာလျက် ဘုရားရှင်ကို ဖူးမြော်၏၊ ထိုအချိန်၌ အရှင်ကာဠုဒါယီသည်လည်း ပရိသတ်အစွန်၌ထိုင်ကာ ဈာန်ဝင်စားလျက် ရှိနေ၏။ ထိုအရှင်မြတ်၏ အမည်မှာ ကာဠု(ညိုသည်)ဟု အမိန့်ရှိသော်လည်း ပကတိအသားအရေဝါဝင်းလျက်ရှိပြီး ဈာန်ဝင်စားနေသဖြင့်





www.burmeseclassic.com

www.burmeseclassic.com

ပကတိ တည်ငြိမ် အေးချမ်း တင့်တယ် ကြည်ညိုဖွယ်ဖြစ်နေ၏။ ထိုစဉ်ခဏမှာပင် နေဝင်၍ လထွက်လာ၏။ အရှင်အာနန္ဒာသည် ကောသလမင်းကြီး၊ အရှင်ကာဠုဒါယီမထေရ်မြတ်နှင့် နေ၊ လတို့၏အရောင်အဆင်းတို့ကို ကြည့်ရှုတွေ့မြင်လိုက်ပြီးနောက် ဘုရားရှင်ကို ဖူးမြော်လိုက်သည်။

ထိုအခါ အရှေ့ပိုင်း အစောက သူတွေ့လိုက်သော နေ၊ လ ရဟန္တာမြတ်၊ မင်းစသည်အရာအားလုံးတို့၏အရောင်ကိုထက် ဘုရားရှင်၏ ကိုယ်ရောင်ကိုယ်ဝါများက သာလွန် ထွန်းလင်းတောက်ပ၍ တင့်တယ်သပ္ပာယ်နေသည်ကို တွေ့မြင် ကြည်ညိုမိသဖြင့် ထိုအကြောင်းကို အရှင်အာနန္ဒာက မြတ်စွာဘုရားရှင်အား လျှောက်ထားလိုက်လေရာ ဘုရားရှင်က အောက်ပါ ဒေသနာဂါထာတော်ကို ဟောကြားတော်မူခဲ့လေသည်။

၁။ ဒိဝါ တပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော၊

၂။ အထ သဗ္ဗမဟောရတ္တိံ၊
ဗုဒ္ဓေါ တပတိ တေဇသာ။

*နေမင်းသည် နေ့အခါ၌သာ တင့်တယ်၏။ လမင်းသည် ညအခါ၌သာ တင့်တယ်၏။ မင်းသည် မင်းမြောက်တန်ဆာများ ဆင်ယင်ထားမှသာ တင့်တယ်၏။ ရဟန္တာသည် ဈာန်ဝင်စားနေမှသာတင့်တယ်၏။ အမှန်သော်ကား မြတ်စွာဘုရားသည်သာလျှင် အလုံးစုံသော နေ့ညဥ့်ပတ်လုံး တန်ခိုးတော်ဖြင့် တင့်တယ်၏။*

အထက်ပါဂါထာကား ဆိုခဲ့ပြီးသည့်အတိုင်း ဓမ္မပဒ ဗြာဟ္မဏဝဂ်တွင် ဘုရားရှင်ကိုယ်တော်တိုင် နှုတ်မြွက်ဟောကြားတော်မူခဲ့သော ဓမ္မပဒလာ ဒေသနာဂါထာအမှတ် (၃၈၇) ဖြစ်ပါလေသည်။

**သဗ္ဗဇယမင်္ဂလာဂါထာတော်နှင့် ဂန္ဓာရီ ဝိဇ္ဇာမယပညာ**

အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သည့် သဗ္ဗဇယမင်္ဂလာဂါထာတော်မြတ်သည် ဘုရားရှင်၏နှုတ်တော်ထွက် မူရင်းဂါထာဖြစ်သည့်အားလျော်စွာ အလွန် တန်ခိုးအာနုဘော်ကြီးသည့်အဖြစ်ကို သိကြသော ဂန္ဓာရီဝိဇ္ဇာမယပညာရှင်အပေါင်းတို့ကလည်း ဤဂါထာတော်ကို အမှီပြု၍ ဝိဇ္ဇာမယပညာရပ်တို့ဖြင့် ပေါင်းစပ် ပြုပြင် စီရင်ကြကြောင်းကို တွေ့ရပါသည်။ အထူးအားဖြင့် ဂန္ဓာရီ ဝိဇ္ဇာမယပညာရှင်များသည် နဝင်းမာတ်ကို အားပြုလေ့ရှိကြသည့်အတိုင်း ထိုမူရင်းသဗ္ဗဇယမင်္ဂလာဂါထာ၏ဂါထာ အက္ခရာဝလိအရေအတွက်တို့ကို နဝင်းကိုက် အရေအတွက်ဖြစ်အောင် ပြုပြင်စီရင်ခဲ့ကြရာ အောက်ပါ သဗ္ဗဇယမင်္ဂလာဂါထာတော်အဖြစ်သို့ ပြောင်းလဲသွားပါတော့သည်။

၁။ ဒိဝါ တပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော၊

၂။ အထ သဗ္ဗမဟောရတ္တိံ၊
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ နာဒရံ။

၃။ နမက္ကာရာ နုဘာဝေန၊
သဗ္ဗေ့ပူရေန္တု သကာပွာ။

ယခုဖော်ပြထားသော သဗ္ဗဇယမင်္ဂလာဂါထာမူကား ယခုမျက်မှောက်ကာလတွင် လူအများ ဆောင်ယူရွတ်ပွား ပူဇော်နေကြသောဂါထာ ဖြစ်ပါသည်။ ဤမဂ္ဂဇင်းကြီး၏ မျက်နှာဖုံးဂါထာအဖြစ် ပူဇော်ထားသော ဂါထာတော်လည်း ဖြစ်ပါသည်။ မူရင်း ဓမ္မပဒလာ ဒေသနာတော်ဂါထာမှာ ဒိဝါ တပတိ အစချီသော အပိုဒ်(၁)မှ 'ဗုဒ္ဓေါ တပတိတေဇသာ' တွင် အဆုံးသတ်ပြီး ဂါထာအက္ခရာဝလိစာလုံးရေ စုစုပေါင်း (၄၉) လုံးတိတိ ရှိပါသည်။ ဤတွင် ဂါထာမန္တန် ပညာရှင်များက 'နမက္ကာရာ နုဘာဝေန သဗ္ဗေ ပူရေန္တု သကာပွာ' ဟူသောအထိ ဂါထာစာလုံးရေ (၃၂) လုံးရှိသည့် တတိယပုဒ်ကို ဖြည့်စွက် ပေါင်းစပ် စီရင်လိုက်သည်တွင် 'သဗ္ဗဇယမင်္ဂလာဂါထာတော်ကြီးမှာ ဂါထာအက္ခရာဝလိစာလုံးရေ (၈၁) လုံး ပါဝင်သော နဝင်းကိုက်ဂါထာတော်ကြီး (မူလအလုံးရေ ၄၉ + ဖြည့်စွက် ၃၂= ၈၁= ၉) ဖြစ်သွားပါတော့သည်။

| | | | | | | |
|---|---|---|---|---|---|---|
| တိ | တ | စ | ဗု | ယီ | တိ | မာ |
| တိ | ဒ္ဓေါ | ဈာ | ပ | န္ဒိ | တ္တိံ | တ |
| ဝါ | ဘာ | ထ | တ | သာ | သ | အာ |
| သ | ဘာ | ဒိ | (နံ) | တိ | ပ | ရ |
| ယော | အ | ပ | ဇ | ဟော | ဒိ | န္န |
| မာ | ဗ္ဗ | ဟ္မ | ခ | ရ | ယော | တိ |
| ဏော | တ္တိ | တ္တိ | မ | ဗြ | ဒ္ဓေါ | စ္စော |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| (ဒိ) | တိ | သ | တ | တ | မ္မာ | ဒ္ဓေါ | တိ | တိ |
| ဗ္ဗ | ဒ္ဓေါ | ဝါ | ဗြာ | န္န | ပ | ပ | ဏော | ခ |
| ပ | မာ | န္ဒိ | နု | ရံ | ဗု | ဒ္ဒံ | အာ | တေ |
| ဗု | သ | က် | ဗ္ဗေ | ဗု | ဘာ | န | တ္တိ | အ |
| န္ဒိ | တ | ရာ | ဒ | (ပွါ) | ဝ | ရေ | ဇ | ဒိ |
| ဇ | တ္တိံ | သာ | သ | မိ | မ | ဝေ | ထ | ယော |
| ယီ | စ | အာ | က္ကာ | န | န္တု | န္ဒာ | စ္စော | သာ |
| ရ | တေ | ဘာ | တိ | မ | ဒိ | တ္တိ | တ | သ |
| တိ | ဈာ | ဟော | သံ | မာ | ပ | ဗ္ဗ | တာ | ရ |



www.burmeseclassic.com

www.burmeseclassic.com

ဤသဗ္ဗဇယမင်္ဂလာဂါထာတော်၏ အနက်သည်ကား -

**အာဒိစ္စော** -ရောင်ခြည်တစ်ထောင် အလင်းဆောင်သော ထွန်းပြောင် ထိန်ဝင်း ရှင်နေမင်းသည်၊ **ဒိဝါ** - နေ့အခါ၌၊ **တပတိ** - မိုက်မှောင်ဖယ်ဖျောက် ထွန်းလင်း တောက်ပ၏။ **စန္ဒိမာ**- သော်တာယုန်နန်း လပြည့်စန်းသည်၊ **ရတ္တိံ** - ညဥ့်အခါ၌၊ **ဘာတိ** - ထွန်းလင်းကျက်သရေ တောက်ပလေ၏။ **ခတ္တိယော** - ရေမြေပိုင်နင်း ပြည့်ရှင်မင်းသည်၊ **သန္နဒ္ဓေါ** - ချပ်ဝတ်တန်ဆာ ဆင်ယင်သော အခါ၌ (အချို့က မင်းမြှောက်တန်ဆာငါးပါး ဆင်ယင်သောအခါ၌)၊ **ဘာတိ**- မင်းတို့၏ ကျက်သရေဖြင့် ထွန်းလင်းတင့်တယ် တောက်ပလေ၏။ **ဗြာဟ္မဏော** - မကောင်းမှုကို အပပြုပြီးသော ရဟန္တာပုဂ္ဂိုလ်သည်၊ **ဈာယီ**- ဈာန်သမာပတ် ဝင်စားလတ်သည်ရှိသော် (ဝါ) ဈာန်ဝင်စားသောအခါ၌၊ **တပတိ** - ရဟန်းတို့ကျက်သရေဖြင့် ထွန်းလင်းတင့်တယ် တောက်ပလေ၏။ **အထ** - ထိုမှတစ်ပါး (ဝါ) ထိုနေမင်း၊ လမင်း အစရှိသည်တို့ထက်၊ **ဗုဒ္ဓေါ** - သစ္စာလေးရပ်တရားမြတ်ကို ဆတ်ဆတ်သိမြင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊ **သဗ္ဗံ** - အလုံးစုံသော၊ **မဟောရတ္တိံ**- နေ့ညဥ့်တို့ပတ်လုံး။ **တေဇသာ** - ပါရမီတော်ကြောင့်ဖြစ်သော တန်ခိုးတော်ဖြင့်၊ **တပတိ** - ဗုဒ္ဓကျက်သရေ ထွန်းလင်း တောက်ပတော်မူလေသတည်း။ **တာဒိသံ** - ထိုသို့သဘောရှိတော်မူသော၊ **တေဇသမ္ပန္နံ** - နေ့၊ ညဥ့်မညိုး တောက်ပဖြိုးသည့် တန်ခိုးတော်နှင့်လည်း ပြည့်စုံတော်မူထသော၊ **ဗုဒ္ဓံ** - မြတ်စွာဘုရားကို၊ **အဟံ** - အကျွန်ုပ်သည်၊ **အာဒရံ** - ကျိုးနွံမသွေ ရိုသေလှစွာ၊ **ဝန္ဒာမိ** - သဒ္ဓါဖြိုးဖြိုး လက်အုပ်မိုး၍ ရှိခိုးပါ၏အရှင်မြတ်ဘုရား၊ **နမက္ကာရ နုဘာဝေန**- ထိုသို့ နေ့ရောညဥ့်ပါ အခါမလပ် တန်ခိုးတေဇော် အာနုဘော်တို့နှင့် ထွန်းလင်းတောက်ပ တင့်တယ် သပ္ပာယ်တော်မူသော ထိုဘုရားရှင်ကို ရိုသေမြတ်နိုး ရှိခိုးပူဇော်ရသော အာနုဘော်ကြောင့်၊ **သဗ္ဗေ** - ခပ်သိမ်းကုန်သော၊ **ပူရေန္တု**- ကောင်းကျိုးချမ်းသာအဖြာဖြာတို့နှင့်၊ **သက်ပွာ** - အခါခပ်သိမ်း ပြည့်စုံရသည်။ **ဟောန္တု ဘဝန္တု**- ဖြစ်ပါစေသတည်း။

...လကပင် ဘုရားရှင်၏ နှုတ် ...မှ ...ိုက်ရိုက် မိန့်မြွက်တော်မူခဲ့

| | | | | | |
|---|---|---|---|---|---|
| ဒိ | ဝါ | တ | ရ | တ္တိံ | မာ |
| စ္စော | (က) | ပ | မာ | (ဃ) | ဘာ |
| ဒိ | အာ | တိ | န္ဒိ | စ | တိ |
| သ | န္န | ဒ္ဓေါ | ဈာ | ယီ | တ |
| တိ | (ဥ) | ခ | ဏော | (ဏ) | ပ |
| ဘာ | ယော | တ္တိ | ဟ္မ | ဗြ | တိ |
| အ | ထ | သ | ဗု | ဒ္ဓေါ | တ |
| တ္တိံ | (ဎ) | ဗ္ဗ | သာ | (ဍ) | ပ |
| ရ | ဟော | မ | ဇ | တေ | တိ |
| တာ | ဒိ | သံ | ဗု | ဒ္ဓံ | ဝ |
| န္ဒံ | (ဝ) | တေ | ရံ | (ဗ) | န္ဒာ |
| မ္ပ | သ | ဇ | ဒ | အာ | မိ |
| နု | မ | က္ကာ | သ | ဗ္ဗေ | ပူ |
| နု | (ရှ) | ရာ | ပွာ | (တ) | ရေ |
| ဝေ | ဘာ | နု | က်ာ | သ | န္တု |
| ဇ | တေ | နု | ဟော | န္တု | မေ |
| နု | (ခ) | သ | ဒါ | (ည) | သော |
| ဇ္ဇေ | ဝ | စ္စ | ဗ္ဗ | သ | တ္တိံ |

သော ထိုသဗ္ဗဇယမင်္ဂလာဂါထာတော်မြတ်ကြီးကို နဝင်းကိုက် ဖြည့်စွက် စီရင်လိုက်သောအခါ၌ကား ဤသဗ္ဗဇယမင်္ဂလာဂါထာတော်မြတ်ကြီးအား ရွတ်ဖတ်ပူဇော်ရသော အကျိုးတန်ခိုးသိဒ္ဓိကား အစိန္တေယျ - ကြံစည်၍မရနိုင်လောက် အောင်ကြီးမားလှပေတော့သည်။ ဂန္ဓာရီဝိဇ္ဇာမယဂါထာမန္တန်ပညာရှင်များက ထိုသို့ ကြံဆဖြည့်စွက် ပူဇော် ဆောင်ယူကြသကဲ့သို့ မြန်မာ့ရိုးရာဝိဇ္ဇာမယသိဒ္ဓိအင်းအတတ်ပညာရှင်တို့ကလည်း ဤသဗ္ဗဇယမင်္ဂလာဂါထာတော်ကို ဂါထာမန္တန် အမျိုးအစားဝင် အင်းအစီအရင်အဖြစ် ဖန်တီးဆောင်ယူခဲ့ကြပါသည်။ အချို့သော အင်းပညာရှင်များက ဤသဗ္ဗဇယမင်္ဂလာဂါထာကို (၇×၇=၄၉ကွက်) အင်းအဖြစ် စီရင်ကြပါသည်။ ထိုသို့ စီရင်ရာ၌ အချို့အင်းပညာရှင်များက ဂါထာ၏

အပိုဒ် (၁) ပါ သန္နဒ္ဓေါခတ္တိယော တပတိ အစား တပတိနေရာတွင် ဘာတိဟု ... ဆောင်ထားကြသဖြင့် အင်းဆန်ဂါထာ (၄၈) လုံး ဖြစ်ပြီး အလယ်ကွက်တွင် လျှက် ဆောင်လိုသူ၏ နေ့နံကို ထည့်သွင်း ဆောင်ယူစေသောနည်းကို ... ထားကြောင်း တွေ့ရပါသည်။

အထက်ပါအင်းကွက်ကို လေ့လာကြည့်ပါက အပိုဒ် (၂) ၏ 'တေဇသာ' အထိသာယူ၍ စီရင်ထားသည်ကို တွေ့ရပါသည်။ အချို့အင်းပညာရှင်တို့က ဂါထာတစ်ပုဒ်လုံးကိုယူ၍ (၈) ကွက် အင်းအဖြစ် စီရင်ဆောင်ယူကြသည်ကို လည်း အောက်ပါအတိုင်း တွေ့ရပါသေးသည်။

သဗ္ဗဇယမင်္ဂလာဂါထာတော်ကြီး ၏ အာနုဘော် ကြီးမားလှသကဲ့သို့ ... ဂါထာတော်ကြီးကို အင်းအဖြစ် စီရင် လိုက်သောအခါ ထိုသဗ္ဗဇယမင်္ဂလာ ဂါထာအင်းတို့မှာလည်း မည်မျှ အကျိုး ကြီးမား တန်ခိုးသိဒ္ဓိ ကြီးထွားလေသည် ကို အထူးပြောရန်လိုမည်မထင်ပါ။ ဤ သဗ္ဗဇယမင်္ဂလာဂါထာ အင်းအစီအရင် တို့အား ဆောင်ယူသူတို့၌ ဘုန်းတန်ခိုး ကြီး၏။ လူ၊ နတ်တို့ ချစ်ခင်ကူညီစော င့် ရှောက်၏။ စီးပွားဥစ္စာလာဘ်လာဘ တိုးပွား၏။ ဤအင်းတို့ကို ဘုရားစေတီ ပုထိုးတို့တွင် ထည့်သွင်း ဌာပနာပါက ဘုရားစေတီတို့ မကြာခဏ ရောင်ခြည် တော်လွှတ် တန်ခိုးပြသော ဟူ၏။

ဤသဗ္ဗဇယမင်္ဂလာဂါထာတော် မြတ်ကိုပင် ဂန္ဓာရီဝိဇ္ဇာမယအင်းပညာ ရှင်အချို့က ဂါထာတော်အား အဆုံး... တို့၌ သစ္စာဆိုဆုတောင်းဂါထာများဖြည့် စွက်ကာ က၊ ဃ၊ ဏ၊ ဥ ဟူသော ... ငါးလုံး အက္ခရာစမျာ း၊ စဓဗဝ ... သော စမကြီးလေးလုံး၊ ရှသည္ခ ... သော အက္ခရာစမလေးတို့ဖြင့် တွဲ... ကာ (၁၀၈)ကွက်အင်းအစီအရင်အ... ကြံစည်စီရင် အသုံးပြုခဲ့ကြကြောင်း လည်း တွေ့ရပါသေးသည်။ ထိုအင်း... အထူးသဖြင့် ဒီပံမီးထွန်းအင်းအစီအရင် အဖြစ် အသုံးပြုကြပါသည်။ ထိုအင်း... တွက်ဖြည့်စွက်ထားသော ဂါထာစာသား များမှာ -

ဒိဝါ တပတိ အာဒိစ္စော၊ ရတ္တိံ... ဘာတိ စန္ဒိမာ။ သန္နဒ္ဓေါ ခတ္တိ... ယော တပတိ၊ ဈာယီ ... ဗြာဟ္မဏော၊ အထသဗ္ဗ မဟော... ရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ...



www.burmeseclassic.com

www.burmeseclassic.com

တာဒိသံ တေဇ သမ္ဗန္ဓံ ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။ နမက္ကာရ နုဘာဝေန၊ သဗ္ဗေ ပူရေန္တု သင်္ကပ္ပာ + ဇတေန သစ္စဝဇ္ဇေန ဟောန္တု မေ သော တ္ထိ သဗ္ဗာ။

မူလသမ္ဗုဇ္ဈမင်္ဂလာဂါထာတော်မှာ ဒိဝါတပတိမှ သဗ္ဗေပူရေန္တု သင်္ကပ္ပာ အထိ ဂါထာအက္ခရာဝလိ စာလုံးရေ (၈၀) လုံးရှိရာ အထက်၌ မျဉ်းသား၍ ပြထားသော သစ္စာဆိုဆုတောင်းဂါထာဖြစ်သည့် 'ဇတေန သစ္စဝဇ္ဇေန သောတ္ထိ မေ ဟောန္တု သဗ္ဗာ' ဟူသော ဂါထာစကားလုံး (၁၅) လုံးကို ပေါင်းထည့်လိုက်သောအခါ ဂါထာတော်၏ စာသားစကားလုံး စုစုပေါင်း (၉၆) လုံးဖြစ်သွားပါသည်။ ထို (၉၆) လုံးရှိသော ဂါထာတွင် အထက်၌ တင်ပြခဲ့သည့် အက္ခရာစမ (၁၂) လုံးတို့ကို အင်းဆန်အဖြစ် ဖြည့်စွက်တွဲဖက်စီရင်လိုက်သည့် အခါ အောက်ပါအတိုင်း (၁၀၈) ကွက်နဝင်းစက်မိသော သမ္ဗုဇ္ဈမင်္ဂလာ ဒီပံအင်းအစီအရင်အဖြစ် ဖြစ်ပေါ်လာပါတော့သည်။

အထက်ပါ သမ္ဗုဇ္ဈမင်္ဂလာဒီပံ မီးထွန်းအင်း အစီအရင်တွင် အင်းဆန်အသွားမှာ ဂါထာတစ်ပိုဒ်ချင်းကို လက်ယာရစ် ခရုပတ်အသွားဖြင့် ရေးသွင်းထားကြောင်း တွေ့ရပါလိမ့်မည်။ အင်းအဟိန်းဂါထာမှာလည်း သမ္ဗုဇ္ဈမင်္ဂလာဂါထာပင်ဖြစ်ပြီး (၃၇) အုပ်စုတ်ရပါမည်။ ပျားဖယောင်း (၁၀) ကျပ်သားကို အပြားပြု၍ အထက်ပါ အင်းဆန်အတိုင်း ရေးသွင်းစီရင်ပြီး အသုံးပြုလိုသူ၊ ဆောင်ယူလိုသူ၏ သက်စေ့ ချည်မျှင်အရေအတွက်ဖြင့် မီးစာပြုလုပ်၍ ထွန်းညှိ ပူဇော်ရပါမည်။ အကျိုးအနန္တ ဉာဏ်ရှိသလို သုံးကြဟု ဆိုထားပါသည်။

ဤသမ္ဗုဇ္ဈမင်္ဂလာဂါထာတော်ကို ဂန္ဓာရီဝိဇ္ဇာမယပညာရှင်များသာမက အဓိပတိဆရာတော် မထေရ်မြတ်ကြီးများလည်း အလွန် အရေးထားခဲ့ကြပါသည်။ အကြောင်းမှာ မန်လည်ပထမဆရာတော် ဦးဇဝနမှ မင်းကွန်းတောရဆရာတော်ကြီးဖြစ်သော အရှင်ဝါသိဋ္ဌ ဦးပဏ္ဍိတသထံ သတပဒိက ပဉ္စာဝိသဇ္ဇနကျမ်း၌ သမ္ဗုဇ္ဈေမင်္ဂလာဂါထာကို အောက်ပါအတိုင်း မေးလျှောက်ခဲ့ပါသည်။

'သမ္ဗုဇ္ဈမင်္ဂလာလို့၊ မည်သညာသရေတင့်၊ ကျမ်းဖွင့်ထင်စွာ၊ ငါးနိကာယ်ပင်လယ်ထဲမှာလ၊ လွန်ကဲသည့် သည်ဂါထာ၊ ဉာဏ်မဟာကိုင်ဘမ်း။

နက်ကျယ်စွာ သမုဒ်ရေအက္ကဝ၌၊ အာနန္ဒာမွှေလို့နှောက်သည့်နှယ်၊ ဘုန်းထက်အောက်စမ်း'

ဟု မေးလျှောက်လာသည်ကို မင်းကွန်းတောရဆရာတော်ကြီးက -

'တစ်ဂါထာ သမ္ဗုမင်္ဂလာလို့၊ မည်သညာသရေတင့်၊ ကျမ်းဖွင့်ထင်စွာ၊ ငါးနိကာယ်ပင်လယ်ဝတွင်ပ၊ နိဒါနသံယုတ်မှာ၊ ဒိဝါစချီကျူး၊ နက်ကျယ်စွာ ငါးနိကာယ်အက္ကဝါ၌၊ အာနန္ဒာသာလွန်ကျူးအောင်၊ ဘုန်းဉာဏ်ကွန့်မြူး'

ဟု ပြန်လည် ဖြေကြားတော်မူခဲ့လေသည်။

ထိုအဆိုအရ ဤဒိဝါတပတိ အစချီ သမ္ဗုဇ္ဈမင်္ဂလာဂါထာမြတ်သည် နိဒါနဝဂ်၊ ဘိက္ခုသံယုတ် ပါဠိတော် (၄၁၇) လာ ဂါထာဖြစ်ပြီး ထိုမူရင်းဂါထာမှာ 'ဒိဝါတပတိ. . . ဗုဒ္ဓေါတပတိ တေဇသာ' အထိသာ ဖြစ်ပါသည်။ ထို့ကြောင့်လည်း အချို့ပညာရှင်များက သမ္ဗုဇ္ဈမင်္ဂလာဂါထာအင်းကို ထိုမူရင်းဂါထာအတိုင်းသာ စီရင်ကြခြင်း ဖြစ်ပါသည်။

အချုပ်ဆိုရသော် သမ္ဗုဇ္ဈမင်္ဂလာဂါထာမြတ်သည် ဘုရားရှင်၏ နှုတ်မြွက်တော်လာဂါထာမြတ်ဖြစ်သဖြင့် ဆရာတော်သမားတော်ကြီးများ၊ လူပညာရှိ၊ ရဟန်းပညာရှိ၊ ဂန္ဓာရီဝိဇ္ဇာမယပညာရှင်များ အထူး အလေးပြု အားထားဆောင်ယူနေကြသော ဂါထာတော်မြတ်ဖြစ်သည့်အားလျော်စွာ လောကီ၊ လောကုတ္တရာ အကျိုးနှစ်ဖြာလိုလားသူ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတိုင်း ဆောင်ယူ ရွတ်ပွား စီရင်အသုံးချကြခြင်းဖြင့် အမျိုးဘာသာ၊ သာသနာအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ကြမည် ဖြစ်ပါကြောင်း ကောင်းမြတ်သော မနသိကာရဖြင့် တိုက်တွန်း နှိုးဆော်အပ်ပါသည်။

ယခု ကျွန်ုပ်တင်ပြခဲ့ပြီးဖြစ်သော ဗုဒ္ဓဟောကြားနိပါတ်တော်ကျမ်းဂန်များလာဂါထာမန္တန်များနှင့် ဂန္ဓာရီဝိဇ္ဇာမယပညာရပ်တို့၏ ဆက်စက်မှုကို လေ့လာကြည့်လျှင် ရှေးမြန်မာ့ဂန္ဓာရီဝိဇ္ဇာမယမဟိဒ္ဓိသိဒ္ဓိရှင် ကဝိအမော် ပညာကျော်တို့သည် လောကီပညာရပ်များကို လေ့လာ လိုက်စားကြသည် ဆိုသော်ငြားလည်း ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့ကို ပစ်ပယ်ခြင်း အလျှင်းမရှိဘဲ ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူခဲ့သော တရားတော်များ၊ နိပါတ်တော်များ၊ ကျမ်းဂန်များကို အမှီပြု အခြေခံ၍ ကြံစည် စီရင် ပြုလုပ်အားထုတ်ခဲ့ကြသည်များလည်း များစွာရှိခဲ့ကြောင်း တွေ့ရပါလိမ့်မည်။ စင်စစ် ကျွန်ုပ် ယခုတင်ပြခဲ့သည်များမှာ ထိုဂန္ဓာရီဝိဇ္ဇာမယပညာရှင်ကြီးများ၏ ဗုဒ္ဓဟောကြား နိပါတ်တော်ကျမ်းဂန်များလာ ဂါထာမန္တန်များနှင့် ဆက်စပ် ကြံစည် စီရင်ခဲ့သော ဝိဇ္ဇာမယပညာရပ်ဆိုင်ရာ အစီအရင်များစွာတို့ထဲမှ အနည်းအကျဉ်း တစ်စွန်းတစ်စ အရိပ်အမြွက်မျှတို့လောက်သာ ကောက်နုတ် ဖော်ထုတ် တင်ပြထားခြင်း ဖြစ်ပါသည်။ အကြောင်းမှာ အချို့သောဂန္ဓာရီဝိဇ္ဇာမယပညာရပ်ဆိုင်ရာအစီအရင်တို့မှာ ရှေးပညာရှင်တို့၏ဉာဏ်ကို လိုက်မမီနိုင်လောက်အောင် လျှို့ဝှက် နက်နဲခက်ခဲရှုပ်ထွေးလှသည့်အပြင် စာဖတ်သူများအတွက် တိုက်ရိုက်အသုံးချရန် မလွယ်ကူလှသောကြောင့်လည်းကောင်း၊ ဆောင်းပါးလေးအုံ့စိုးသောကြောင့်လည်းကောင်း အများနားလည်လွယ်၍ အကျိုးရှိ အသုံးဝင်မည့် ပညာရပ်ဆိုင်ရာအစီအရင်တို့ကိုသာ ရွေးချယ် ကောက်နုတ်တင်ပြထားခြင်း ဖြစ်ပါသည်။

ပသို့ဆိုစေ ဤဆောင်းပါးဖတ်ရှုရခြင်းအားဖြင့် ဤမဂ္ဂဇင်းကြီး၏ စာဖတ်ပရိသတ်အပေါင်းတို့အနေနှင့် ဘုရားရှင်၏ ငါးရာ့ငါးဆယ်နိပါတ်တော်ဝင် ဇာတက ဝတ္ထုတော်အချို့ကို ဖတ်ရှု၍ တရားနာယူရသကဲ့သို့ ဓမ္မရသခံစားကြရပြီး ထိုနိပါတ်တော်ကျမ်းဂန်များလာ ဂါထာမန္တန်တို့အကြောင်း ဗဟုသုတရရှိကြမည်၊ ဂန္ဓာရီဝိဇ္ဇာမယပညာရပ်အစီအရင်တို့ထဲမှ စာဖတ်သူတို့အနေဖြင့် မိမိတို့အတွက် အကျိုးရှိရာရှိကြောင်း အစီအရင်ကောင်းများ၊ ဂါထာမန္တန်တော်များကို ရွေးချယ် အသုံးချနိုင်ခွင့်ရရှိခဲ့ကြမည်၊ ဤဆောင်းပါးသည် ရှေးမြန်မာ့ဂန္ဓာရီဝိဇ္ဇာမယပညာရပ်အချို့ကို ဖော်ထုတ် မှတ်တမ်းတင်နိုင်ခဲ့မည်ဟု ဆိုပါလျှင် ကျွန်ုပ် ဤဆောင်းပါးကို ကြိုးစားရေးသားရကျိုးနပ်ပါပြီ ဟူသော ပီတိဖြင့် နိဂုံးချုပ်လိုက်ရပါသည်။

*အနန္တစကြဝဠာ အနန္တသတ္တဝါတို့*
*ချမ်းသာကြပါစေ*

မေတ္တာများဖြင့်

ဝိဇ္ဇာဓရ-ဆရာ[illegible]



www.burmeseclassic.com

www.burmeseclassic.com



# ပန်းမြိုင်လယ်–စိန်ဝင်း

## ကျွန်တော်နှင့်ပန်းမြိုင်လယ်

*'xxx ပန်းမြိုင်လယ် သာနယ်ဘွေ*
*xxxမျှော်လေတိုင်း ပြာခြေဆိုင်းဝေမှိုင်း*
*မြူမှုန်ခြယ်xxx အိုဘယ်ဝယ် တောင်*
*စွယ် မှော်ရုံကြော လွန်သာမောဘွဲ့xxx*
*တောစုံယံမှာ။ ရွှေလျှံဝင်းမှည့်ထုံမှုန်*
*ခြွေxxx ရီဝေပြာပြာလွှမ်းဖွယ်စေxxx'*

အစချီတဲ့ ယိုးဒယားဖိန်းချားသီချင်းကြီးကို သီချင်းကြီးကဏ္ဍက ကြားရသည်ထက် မြန်မာပြည် သိန်းတန်၏ ပန်းမြိုင်လယ်သံဆန်းကို နားထောင်ရတာ ပိုကောင်းသည်ဟု ခံစားမိပါသည်။ ကောင်းဆို မြန်မာ့တူရိယာဆိုင်းဝိုင်းကြီးနှင့် အနောက်တိုင်း တူရိယာဂစ်တာတွေ၊ ဂျပ်(စ်)ဘင်တွေအစုံအလင်နှင့် ရောသမမွှေထားတော့ နားထဲမှာ ချိုအီသွားသလို ခံစားမိတာတော့ အမှန်ပါ။

မြန်မာ့အနုပညာ မြန်မာ့ဂီတကို စော်ကားခြင်းမဟုတ်ရပါ။ ကျွန်တော်၏ တစ်ဦးချင်းခံစားမှုသက်သက်မျှသာဟု ဆိုပါရစေ။

'ပန်းမြိုင်လယ်' ကို ယနေ့လူငယ်ပိုင်းအနေဖြင့် မသိသားဝိုးတိုးဝါးတား ဖြစ်ချင်ဖြစ်နေပါလိမ့်မည်။ သေချာတာကတော့ (၉၅) ရာခိုင်နှုန်းလောက်က ယိုးဒယားဖိန်းချားသီချင်းကြီး ဆိုတဲ့ ခေါင်းစဉ်ကို ဘာမှန်းပင် သိကြမည်ဟု မထင်မိပါတော့။ ကျွန်တော့်အဖေ၊ ကျွန်တော့်အဘိုးမှအစ ရှေးလူကြီးသူမများကတော့ နားရည်ဝပြီးသား ယိုးဒယားသီချင်းကြီးပင်။

'ပန်းမြိုင်လယ်' မည်သော စကားလေးသုံးလုံးကို ရိုးရိုးလေးတွေးပြီး ခံစားလို့ အဓိပ္ပာယ်ဖွင့်ဆိုကြည့်လျှင်တော့ 'ပန်းမျိုးစုံတို့ဖြင့် ဖူးပွင့်ဝေဆာနေသော တော၏အလယ်' ဟု ဆိုလျှင် ရနိုင်မည်ထင်ပါသည်။ စာတွေထဲမှာ တွေ့ခဲ့ရဖူးတဲ့ စုံ၊ မြိုင်၊ ရဂုံ၊ ခင်တန်း၊ လျှို၊ မြောင်၊ ချောင်၊ ဟေမဝါ စတာတွေရဲ့ အဓိပ္ပာယ်ကွဲလွဲချက်တွေကို ကျွန်တော်၏ မှတ်စုစာအုပ်ထဲမှာ ရေးမှတ်ထားခဲ့ဖူးသည်။ ကြုံတုန်းဗဟုသုတအဖြစ် ပြောလိုက်ချင်သေးသည်။

စုံ - ပန်းမျိုး၊သစ်ပင်မျိုးနှင့်တကွ ကျေးငှက်တို့စုံသောဌာန။
မြိုင် - သစ်ကြီးဝါးကြီးတို့နှင့်တကွ စိမ့်စမ်း လျှိုမြောင်တို့ဖြင့် ရောပြွမ်းသောဌာန။
ရဂုံ - တောချုံတစ်ကွက်၊ ကွင်းတစ်ကွက်ရှိသောဌာန။
ခင်တန်း - တောချုံတို့ စီတန်း ပေါက်ရောက်သောဌာန။
လျှို - တောင်နှစ်ခု၏အကြား သစ်ပင်၊ စိမ့်စမ်းဖြင့် နက်ရှိုင်းသောဌာန။
မြောင် - တောတန်း၌မြောင်၍တည်သော၊ ချိုင့်ဝှမ်းသောဌာန။
ချောင် - တောင်ကမ်းပါးအောက် နက်ရှိုင်းသောဌာန။
ဟေမဝါ - တောင်ခြေ တောတန်း ဆီးနှင်း ပြည့်လျှမ်း၍ အေးချမ်းသောဌာန-တဲ့။

ဒါတွေကို လျှာရှည်ပြီး ဇာချဲ့မ



www.burmeseclassic.com

www.burmeseclassic.com



ဘာလို့တော့ မထင်စေချင်ပါ။ တကယ် ပြောချင်တာက 'ကျွန်တော်နဲ့ ပန်းမြိုင်လယ်' ဆိုတဲ့ ခေါင်းစဉ်ပါ။ ကျွန်တော်က 'ပန်းမြိုင်လယ်-စိန်ဝင်း' ဆိုပြီး ပန်းမြိုင်လယ်ကို နာမည်ရှေ့က အထွတ်တတ်ထားတော့ ရင်းနှီးတဲ့သူတွေ တော်တော်များများက မေးခဲ့ကြဖူးသည်။ ဟော

www.burmeseclassic.com

www.burmeseclassic.com

ပြောပွဲတွေသွားပြီး ဟောပြောလေတိုင်းလည်း အမေးခံရတာက ထိုအကြောင်းပဲ ဖြစ်ပါတယ်။

မန်းမြိုင်လယ် ဆိုတဲ့ စကားလုံးကို ကြိုက်လို့၊ မြတ်နိုးလို့၊ ချစ်လို့ အရှေ့က အထွတ်တင်ထားတာလို့ သာမန်ကာလျှံကာ ပြီးပြီးရောပြောလိုက်ရင်တော့ ဖြစ်တာပေါ့။ ဒါပေမယ့် တလေးတစားမေးလာသူကို ပြီးစလွယ်မပြောချင်ပါဘူး။ သေသေချာချာ ပြောမယ်ဆိုရင်လည်း ဘဝရဲ့ အစိတ်အပိုင်းတစ်ခု၊ အချိုးအကွေ့တစ်ရပ်အဖြစ် ခရေစေ့တွင်းကျ ပြောပြမှသာ ပြည့်စုံနိုင်မှာဖြစ်ပါတယ်။ ဒီတော့ မေးတိုင်းပြောနေရမှာထက် စာနဲ့ရေးပြီး ရှင်းဖွင့်လိုက်တာက ပိုပြီး အဆင်ပြေမယ်လို့ ထင်လို့ပါ ခင်ဗျား။

*

ကျွန်တော့်ကို ရန်ကုန် (၅၂)လမ်းမှာမွေးတော့ ရန်ကုန်ဖွားပေါ့။ ဒါပေမယ့် ဟင်္သာတမှာ ကြီးတော့ ဟင်္သာတသားအဖြစ် ခံယူထားပြီးသားပါပဲ။ ဆိုရရင်တော့ ကြားဖူးကြမလားတော့ မသိပါဘူး။ ရန်ကုန်မှာမွေးတဲ့ ဟင်္သာတသားဆိုတဲ့ စကားဟာ ကျွန်တော့်ဘဝမှာ တကယ်ပါ။ အဖေက မီးရထား (စက်မှု) ဌာနက လခစားဝန်ထမ်းပါ။ ရထားစက်မှုစက်ခေါင်းပြင်ရုံ ရထားလိုင်းတန်းလျားမှာ အရွယ်ရောက်လူလားမြောက်တဲ့အထိ နေခဲ့ရပါတယ်။ ဝန်ထမ်းငယ်တစ်ယောက် လစာ (၈၂) ကျပ်နဲ့ သားသုံးယောက်ကို ကျောင်းထားရတဲ့ကိစ္စဟာ မလွယ်လှပါဘူး။ အဖေက စက်ပြင်ဝန်ထမ်းငယ်ပါ။ အဲဒီအချိန်က ကျောက်မီးသွေး၊ ထင်းကို လောင်စာအဖြစ်အသုံးပြုပြီး ရေနွေးငွေ့စက်ခေါင်းကြီးတွေ ပြေးဆွဲနေတဲ့ကာလပါ။

အဖေ့ရဲ့ ခြိုးခြံချွေတာခဲ့ရပုံ တစ်စိတ်တစ်ဒေသလေးကိုပြောချင်ပါတယ်။ အလုပ်ထဲမှာစီးဖို့ ခုံဖိနပ်ကိုတောင် ထင်းပုံထဲက သရက်သားလိုထင်းစကိုရွေးပြီး ကိုယ်တိုင် ဓားမနဲ့ ခုံဖိနပ်ခုတ်တယ်။ ခုံဖိနပ်အဟောင်းက သဲကြိုးအဟောင်းကို ပြန်ဖြုတ်ယူပြီး ခုတ်တဲ့ဖိနပ်မှာ တပ်စီးခဲ့ရတာ။ ဟိုးတုန်းကတော့ ဆေးပြင်းလိပ်ကို သောက်တယ်။ နောက်တော့ ဈေးသက်သာတဲ့ ဆေးလိပ်ခုံက ထဘီခါဆေးလို့ဆိုတဲ့ ဆေးလိပ်သမတွေရဲ့ ဖြတ်စညှပ်စဆေးမှုန့်တွေကိုဝယ်ပြီး ဆေးတံသောက်ခဲ့ရတဲ့အထိ ကုန်ကျစရိတ်ကို လျှော့ချခဲ့ရတာဟာ သားတွေ ပညာရေးအတွက်ဆိုတာ အခါလွန်မှသိလာခဲ့ရပါတယ်။

ကျွန်တော်က ပညာရေးမှာ ချူချာတယ်။ ဆယ်တန်း နှစ်ခါကျတော့ ကျောင်းထွက်လိုက်ရတယ်။ စာမေးပွဲဖြေပြီးကတည်းက ကိုယ့်ကိုယ်ကိုယ်သိပြီးသား။ ယူထားတာက ဝိဇ္ဇာဘာသာ စိတ်ကြိုက် မြန်မာစာ။ ကျက်စာတွေ အားလုံးဖြေနိုင်ခဲ့ပေမယ့် အင်္ဂလိပ်စာက အလွန်ညံ့တာ ဆိုတော့ ဘယ်လိုတွက်တွက် အမှတ် (၃၀) ကျော်ရုံလေး ဆိုပါတော့။ သေချာပြီပေါ့။ အောင်စာရင်းကို သွားကြည့်စရာတောင် မလိုတော့ဘူး။ ကျမှာကိုပြောတာပါ။

ကျွန်တော်က ပညာရေးမှာ ညံ့ပေမယ့် မိန်းကလေးချောချောလှလှလေးတွေ တွေ့ရင်တော့ ဆရာ လယ်တွင်းသားစောချစ်ရဲ့ စကားငှားသုံးရရင် လွမ်းတတ်နေပါပြီ။ သူ့ဘက်က အခြေအနေပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ ကိုယ်ကြိုက်လို့ကတော့ လိုက်ပြောပြီးသားပဲ။ စာမေးပွဲကျလို့ လုံးဝ ဝမ်းမနည်း၊ မလွမ်းခဲ့ပေမယ့် ကိုယ်ကြိုက်တဲ့ သူက ပစ်ပစ်ခါခါ တုံ့ပြန်ခံလိုက်ရတော့ ဝမ်းနည်းလို့၊ လွမ်းလို့ကို မဆုံးနိုင်ခဲ့ပါဘူး။

ဆယ်တန်း မအောင်တဲ့ကောင်၊ ပညာရေးကို အရှုံးနဲ့ ဝမ်းနည်းကြေကွဲမှုကင်းရှင်းပြီး ကျောခိုင်းဖို့ သတ္တိရှိတဲ့ကောင် ကျွန်တော်ဟာ ယောင်သုံးဆယ်မောင်ဖြစ်ခဲ့ရပါပြီ။ အများကတော့ လည်ရာပြန်စားရေး ဆိုဖြီး နောက်ပြောင်တာတောင်ခံရပါရဲ့။ ဒါပေမယ့် ဘယ်သူတွေဘာပြောပြော မရှက်တတ်တဲ့ကောင်၊ နာရမှန်းမသိတဲ့ကောင်ဟာ ဒီမောင် ကျွန်တော်ပါပဲ။

ဒီနေရာမှာပြောချင်တာက 'ဒူးနေရာဒူး၊ တော်နေရာတော်' ဆိုတဲ့ စကားဟာ အလွန်မှန်တယ်။ ဒီစကားလေးဟာ ဟိုးဘုရင်ခေတ်ကတည်းက ပေါ်လာခဲ့တာပါ။ စကားမစပ် နည်းနည်းတော့ ပြောလိုက်ပါဦးမယ်။

ဟိုးရှေးအခါက ညီလာခံခန်းမမှာ ဘုရင်မင်းမြတ်ကို ဖူးမြော်ခစားကြတဲ့အခါ မင်းညီမင်းသား မှူးမတ်များနဲ့ အခြွေအရံတွေက ကိုယ်ထိုင်ချင်တဲ့နေရာ ဖြစ်သလို၊ ကြုံသလို ဝင်ထိုင်လို့မရပါဘူး။ 'တော်၊ ဒူး၊ စနည်း၊ အတွင်းဘဝေါ၊ အပြင်ဘဝေါ' လို့ ဆိုတဲ့ နေရာငါးသွယ်ရှိပါတယ်။ အခစားဝင်ရောက်ကြရတဲ့သူတွေဟာ အဲဒီနေရာ ငါးသွယ်အနက် မိမိအဆင့် မိမိရာထူးနဲ့ ကိုက်ညီတဲ့ သတ်မှတ်ချက်နေရာမှာသာထိုင်ကြရပြီး ဘုရင်မင်းမြတ်ကို ဖူးမြော်ခစားရတယ်။ 'တော်' နေရာမှာ ထိုင်ရမယ့်သူဟာ 'တော်'နေရာမှာသာထိုင်ရပြီး 'ဒူး' နေရာမှာထိုင်ရမယ့်သူဟာ 'ဒူး'နေရာမှာပဲထိုင်ရပါမယ်။ နေရာလွဲမှားလို့မရပါဘူး။ ဒါကြောင့် 'ဒူးနေရာဒူး၊ တော်နေရာတော်' ဆိုတဲ့ စကားဟာ ပေါ်လာခဲ့ရပေတာပဲ။

ဒါကိုခံစားမိတဲ့ ဆင့်ပွားအဓိပ္ပာယ်ကတော့ ဘယ်သူမဆို၊ ဘယ်အရာမဆို၊ ဘယ်ကိစ္စမဆို သူ့နေရာနဲ့သူ၊ သူ့အဆင့်အတန်းနဲ့သူ သီးသီးသန့်သန့် သတ်သတ်မှတ်မှတ် ရှိသင့်နေသင့်ထားသင့်တယ်လို့ ဆိုထားတာ အရှင်းကြီးပါပဲ။ ဒီတော့ နေရာအတည်တကျ သတ်မှတ်ချက်မရှိ ဘဝအာမခံချက်မရှိသေးတဲ့ ယောင်သုံးဆယ် ကျွန်တော့်ကို ထိုက်တန်သင့်တော်တဲ့အလုပ်တစ်ခုအဖြစ် အဖေတာ ဌာနလူကြီးတွေဆီ အသနားခံပြောပြီး ဝင်လုပ်ခိုင်းတော့ တန်ရာတန်ရာအလုပ်တစ်ခုတော့ရခဲ့ရပါပြီ။

ဆယ်တန်းမအောင်တဲ့ကောင်ရဲ့ တန်ရာအလုပ်ဟာ ရထားတွဲပြင်ဌာနရဲ့ အနိမ့်ဆုံးအလုပ်၊ အောက်တန်းအကျဆုံးအလုပ်၊ အများတကာ နှာခေါင်းရှုံ့တဲ့အလုပ်ဖြစ်တဲ့ တွဲသန့်ရှင်းရေးအလုပ် ဆိုတာပါပဲ။ တွဲသန့်ရှင်းရေးအလုပ်ဆိုတာ ခေါ်လို့ကောင်းအောင် ယဉ်ယဉ်ကျေးကျေးသုံးပြီးခေါ်တာပါ။ ထိထိမိမိ ဖွင့်ဆိုရရင်တော့ 'ဂျာဒူးဝါလား' ဆိုတဲ့ တွဲပေါ်တံမြက်စည်းလှည်းပြီး ရထားတွဲ အိမ်သာတွေကို ပြောင်စင်အောင် ဆေးကြောရတဲ့အလုပ်ပါ။ဆယ်တန်းမအောင် တဲ့ကောင်အတွက် ဒီနေရာဒီအလုပ်ဟာ ဒူးနေရာဒူး၊ တော်နေရာတော်ပေါ့။

'ချေးထဲက လောက်ဟာ ချေးထဲမှာပျော်' ဆိုသလို ဘဝတူသူငယ်ချင်းတွေနဲ့ပျော်လို့တောင်နေလိုက်တာ နိမ့်ကျတဲ့ဘဝကိုတောင် ဂရုမထားမိပါဘူး။ ဂျာဒူးဝါလားအလုပ်နဲ့ ပျော်နေလိုက်တာ (၂) နှစ်နီးပါးတောင် ကြာခဲ့ရပါပြီ။ တံမြက်စည်းကို လူကြားထဲကိုင်ပြီး လှည်းရမှာမရှက်တဲ့ကောင်၊ တွဲအိမ်သာကို ရေဆေးရမှာကို မရွံရှာတဲ့ကောင် အတွက် အကြောင်းတစ်ခုတော့ ဖြစ်လာခဲ့ရပါပြီ။

နေ့လယ် ကြံခင်းဘက်က စာ... လူစီးရထားကြီး ဘူတာကိုဝင်လာ... လုပ်နေကျအလုပ်တစ်ခုအဖြစ် တံမြ...



www.burmeseclassic.com

www.burmeseclassic.com

ည်းနဲ့ ဖိနိုင်ပုံးကိုဆွဲပြီး တွဲအိမ်သာတွေကို အနံ့ဆိုးများကင်းအောင် လှည်းကျင်းပြီး ဖိနိုင်ဆေးဖြန်းပေးတဲ့တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်ပြီးခဲ့ပါပြီ။ တာဝန်ပြီးပြီဆိုတော့ ရထားစီးခရီးသည်တွေထဲက လွမ်းလို့ကောင်းလောက်တဲ့သူတွေကို ကြည့်ပြီး လွမ်းလို့ကို မကုန်နိုင်ဘူး ဖြစ်နေတာပေါ့။,

ဟောဗျာ - 'ပုသိမ်ဒီဂရီကောလိပ် စာပေးစာယူကျောင်းသားကျောင်းသူများအတွက် သီးသန့်တွဲ' ဆိုပါလား။ အားပါးပါး. . . တက္ကသိုလ်စာပေးစာယူ ကျောင်းသူတွေ ဆိုတော့ ပိုပြီး လွမ်းလို့ကောင်းတာပေါ့။ လွမ်းစမ်း၊ ရထားမထွက်ခင်အထိ အားရပါးရလွမ်းလိုက်စမ်းဆိုပြီး အသံတိတ်စကားနဲ့ လွမ်းလို့ကောင်းနေတုန်း ဖြုန်းခနဲ တွဲစစ်မှူးကြီးခေါ်တာဖရန်စစ်ဆိုသူက အနားရောက်လာပြီးမှ ကျောင်းသားကျောင်းသူများအတွက် သီးသန့်တွဲဘက်လျှောက်သွားပြီး တွဲကိုစစ်ဆေးကြည့်နေတယ်။ ဘာပြဿနာရှာမယ်တော့ မသိပါဘူး။

တကယ်တော့ ကျွန်တော် လွမ်းနေတဲ့ ကျောင်းသားတွဲပေါ်မှာက State တုန်းက ကျွန်တော်လိုက်ပြီး အီစီကလီစကားပြောခဲ့ဖူးတဲ့ ကောင်မလေးပါ ပါလာတာကိုး။ ဒါ့ကြောင့် လွမ်းအားတွေ ပိုနေတော့တာပေါ့။ တွဲစစ်မှူးကြီး တွဲစစ်ပြီး ပြန်လာတော့ ကျွန်တော်တို့ နားထဲကို သံရည်ပူနဲ့ လောင်းချလိုက်တဲ့ ခံစားမှုပြင်းထန်တဲ့ အမိန့်က ကပ်ပါလာတာပါပဲဗျာ။

"ဒီနေ့ ဒေးဆွီပါ (Sweeper) စိန်ဝင်းနဲ့ရဲမြင့်၊ ဟိုကျောင်းသားသီးသန့်တွဲက အရမ်းညစ်ပတ်နေတယ်။ မင်းတို့ တံမြက်စည်းတက်လှည်းကြစမ်း"

ဆိုတော့ သွားပြီပေါ့။

ဒီတစ်ခါ တော့ ကျွန်တော် ငြင်းဆန်တဲ့စကားပြန်ပြောမိပါတယ်။

"ကျွန်တော် မလှည်းချင်ဘူး ဆရာ။ တခြား ကျွန်တော့်ကို ခိုင်းချင်တာခိုင်းပါ"

"မင်းတို့အလုပ်က Sweeper လေကွာ။ မလုပ်ဘူး ဆိုရင်တော့ Order Refuse ပဲ"

ဆိုတဲ့ စကားကိုကြားတော့ ခံစားချက်နဲ့ အံကိုတောင် တင်းတင်းကြိတ်ခံလိုက်ပါတယ်။ သူ့ဆန်စားရဲရပေမပေါ့။ အောက်ခြေဝန်ထမ်း (၁၀)တန်းမအောင်ဘဲကောင်ကို အထက်လူကြီး အခိုင်းခံရဘာ မဆန်းပေမယ့် လွမ်းစရာတွေပါနေ

တဲ့တွဲကို လှည်းရပါတော့မယ်။ မျက်နှာကို မမှတ်မိအောင် စွပ်ကျယ်စုတ်နဲ့ နှာခေါင်း၊ ပါးစပ်ကိုပိတ်စည်းပြီး ဦးထုပ်ကို ခပ်ငိုက်ငိုက်စိုက်ဆောင်းလိုက်တယ်။ တံမြက်စည်းဆွဲပြီး တွဲပေါ်ကို အရဲစွန့်တက်လှမ်းရပေတာပေါ့။

ဒီနေရာမှာ ဟန်ဆောင် ဖုံးကွယ်ခြင်းထက် အမှန်တရားကို ဖော်ကျူးခြင်းဟာ ဘဝဆန်ပြီး သဘာဝကျတယ်ဆိုတဲ့ အတွေးသတ္တိက ဦးနှောက်ထဲကို ဖျတ်ခနဲဝင်လာတော့ ခွန်အားတွေပြည့်သွားပြီး နှာခေါင်းစည်းကို ဆွဲဖြုတ်လိုက်တယ်။

ကိုယ့်အလုပ်ကို ပီပီပြင်ပြင်လေး လုပ်ပြလိုက်ပါပြီ။ ' ကျောင်းနေဖက် အီစီကလီမလေးနား ရောက်လာတော့ ဦးညွှတ်လိုက်ပြီးမှ -

"ဟဲ့- နင်တို့ ဖိနပ်နဲ့ ခြေထောက်တွေ ခုံပေါ် တင်ထားကြဟာ။ အစားအသောက်တွေကိုလည်း ခဏဖုံးပိတ်ထားကြပါ။ ငါတံမြက်စည်းလှည်းနေလို့ပါ"

"ဟယ် - နင်. . . နင် စိန်ဝင်း မဟုတ်လားဟဲ့။ နင်ဒီမှာအလုပ်လုပ်နေပြီလား"

"အေးဟ-ငါဒီမီးရထားမှာအလုပ်ရနေပြီ။ နင်ကော အခု ဘယ် Year ရောက်ပြီလဲ"

"ငါက Final ရောက်နေပြီလေ"

သူ့စကားသံက ဝဲ့ဝဲ့ကြွားကြွားလေးပါ။

"အေးအေး - ကောင်းပါတယ်ဟာ။ ငါအလုပ်လုပ်လိုက်ဦးမယ်နော်"

ဆိုတော့ အပြုံးလေးနဲ့ ခေါင်းညိတ်ပြပါတယ်။ သူ့အပြုံးက အဓိပ္ပာယ်ပါတဲ့အပြုံး၊ လှောင်ပြုံး၊ သရော်ပြုံး၊ အထင်သေးနှိမ့်ချတဲ့အပြုံး ဆိုတာကို



ရိုက်ခတ်ထိမှန်တဲ့နှလုံးသားက ဘာသာပြန်ပေးလို့နေပါတယ်။ တွဲပေါ်က အမှိုက်တွေကိုပါ တောင်းတစ်ခုလုံးနဲ့ ကျုံးထည့်ပြီး စနစ်တကျ စွန့်ပစ်ရပါတယ်။ ရင်ထဲက ခံစားချက် လှိုင်းဘောင်ဘင်ဟာ မခံမရပ်နိုင်အောင် ရိုက်ခတ်လာတော့ တွဲပြင်ဌာနရုံးခန်းရဲ့ နောက်ကျောဘက်က ကုက္ကိုပင်ကြီးအကွယ်ကို ဝင်ပြီး အားရပါးရ ရှိုက်ကြီးတငင် ကျွန်တော် ငိုချလိုက်ပါတော့တယ်။

✳

အဲဒီညက ကျွန်တော် ရှင်ခန်းဖြတ်ထားတဲ့ ကျောင်းစာအုပ်တွေကို ပြန်စုဖြစ်ခဲ့ပါပြီ။ 'ငါဆယ်တန်းပြန်ဖြေမယ်' ခိုင်မာတဲ့ ဆုံးဖြတ်ချက်တစ်ခုပါပဲ။ သူငယ်ချင်းတွေ အကူအညီနဲ့ စာပြန်ပြီးကျက်ရပါပြီ။ ချေးထဲမှာပျော်ခဲ့တဲ့ ကျွန်တော် တော်ရာကို မှန်းမျှော်လာပါပြီ။ ဆယ်တန်းမှ မအောင်ရင် လူရာမဝင်ဘူးဆိုတဲ့ အသိက နှလုံးသားကို ရိုက်ခတ်ပြီး ဦးနှောက်ကို ဆုံးဖြတ်ခိုင်းလိုက်ခြင်းပါ။

လှောင်ပြုံး၊ သရော်ပြုံး၊ အထင်သေးနှိမ့်ချတဲ့ အပြုံးတွေကို ဥပေက္ခာပြုပြီး ဘဝတူ ငယ်ချစ် ခင့်ကို ကျွန်တော် မင်္ဂလာဆွမ်းကျွေးပြီး လက်ထပ်ယူလိုက်ပါပြီ။ အိမ်ထောင်တစ်ဖက်၊ ကျောင်းစာတစ်ဖက်၊ အလုပ်တစ်ဖက်နဲ့ ကျွန်တော့်အတွက် အချိန်တိုင်းဟာ တန်ဖိုးဖြတ်လို့မရအောင် ဖြစ်လာပါတော့တယ်။ ကျောင်းစာအုပ်ကို ခါးထိုးပြီး အလုပ်ဆင်းရတယ်။ ဘာကိုမှ လွမ်းမနေနိုင်တော့ဘဲ အားတဲ့အချိန်လေးမှာ စာတွေကိုသာ ဖိကျက်ခဲ့ရပါပြီ။

လစာက (၁၀၀) ကျပ်။ တစ်နှစ် (၂) ကျပ်၊ တိုး (၁၁၀) ဆို ဘားဆုံး ဆိုတော့ ကသီလင်တဖြစ်ရပါတော့တယ်။ လခစားဆိုတာ တကယ်တော့ ပုံစံခွက်နဲ့စားပြီး ပုံစံခွက်ထဲဝင်နေရသလိုပါ။ ပိုပြီးတော့ ပုံစံခွက်ထက်စားချင်ရင်တော့ ကြွေးတင်ပြီပေါ့။ ပုံစံခွက်ထက်နည်းပြီး လျှော့ချနိုင်ရင်တော့ အနည်းအကျဉ်းတော့စုမိမှာပေါ့။ ဒီတော့ လစာကိုချည်းအားကိုးလို့မရတော့။ အလုပ်ပိုတစ်ခုကို စဉ်းစားရတော့တယ်။

ရထားဝန်ထမ်းလိုင်း တန်းလျားဝင်း ဆိုတာ လူအများ စုစုစည်းစည်းနေထိုင်ရာ ဖြစ်တယ်။ ဒီတော့ ငယ်ငယ်ကတည်းက ဝါသနာဗီဇလေး မတောက်တခေါက် ပါလာတဲ့ စာရေးဆ



www.burmeseclassic.com

www.burmeseclassic.com

အခံကလည်းရှိနေတော့ စာအုပ်အငှားဆိုင်လေးထောင်ရရင် ကောင်းမှာပဲ ဆိုတဲ့အကြံ ဖြစ်လာခဲ့တယ်။

ဒီတော့ကာ ဟင်္သာတမြို့ မေရဝံစီလမ်းထဲမှာနေတဲ့ ကျောင်းနေဖက်သူငယ်ချင်း ဖိုးတင်ဝင်းကို ပြေးသတိရလိုက်တယ်။ သူငယ်ချင်းက လှိုင်မျိုးမင်းစာပေ ဆိုပြီး ခံ့ခံ့ထည်ထည် စာအုပ်အငှားဆိုင်ကြီးနဲ့ ဆိုင်ရှေ့မှာ အအေးဆိုင်လေးနဲ့ အေးအေးလူလူ နေထိုင်နေတာ ပါ။ သူငယ်ချင်းဆိုင်ရောက်တော့ ကိုယ့်အကြံကိုပြောပြမိတာပေါ့။ ဒီတော့ သူငယ်ချင်းက သူ့ဆိုင်က ငှားကျစာအုပ်တွေကို ဈေးသက်သက်သာသာနဲ့ အကြွေးရောင်းလိုက်တာ အားလုံး (၂၀၀) ဖိုးပါ။

စာအုပ်တွေကို ဝမ်းသာအားရနဲ့ ထမ်းပိုးပြီး အိမ်ပြန်ရောက်တော့ စာအုပ်အငှားဆိုင်လေးကို စပြီးပြင်ဆင်ရပါပြီ။ စာအုပ်စင်ကို ကိုယ်တိုင်ရိုက်၊ ပြဲတဲ့စာအုပ်တွေ ပြန်ကော်ကပ် ဖာထေးရပါတယ်။ စံရွှေမြင့်ကာတွန်းအပါးလေးတွေကို ဝယ်ရတာ ငါးမူးနှုန်းပါ။ ငှားတော့ ပြားနှစ်ဆယ်ပေါ့။ စာအုပ်ဆိုတာ မဖတ်ရသေးသူအဖို့တော့ အသစ်ပါပဲ။ ဟင်္သာတ ကဗျာဆရာ မောင်လင်းခက်က ရေးခဲ့ဖူးတဲ့ ကဗျာတိုလေးဟာ ကျွန်တော့်ရဲ့ အသည်းနှလုံးမှတ်စုမှာ ရေးရေးထင်ထင်စွဲနေတုန်း။ အဲဒါက 'အမြင်မကျုံ့ စာအုပ်မုန့်ဟာ ဘယ်ခါမသိုးပါဘူးကွယ်' တဲ့။

စာအုပ်ဆိုင်နာမည် မရှိသေးတဲ့ မည်ကာမတ္တစာအုပ်အငှားဆိုင်လေးရဲ့ စာအုပ်ပုံထဲမှာ ကျွန်တော် အပျော်တွေ စီးမျောနေပြီ။ ကိုယ်စတင်မွေးဖွားလိုက်တဲ့ စာအုပ်ဆိုင်ကလေးကို အမည်ပေး ကင်ပွန်းတပ်ဖို့တော့ လိုလာပြီပေါ့။ ဒီတော့ စဉ်းစားတယ်။ များသောအားဖြင့် စာအုပ်ဆိုင်နာမည်တွေကို သော်က၊ နှင်းဆီ၊ မိုးဆန်းပန်း၊ သရဖီ၊ ကံ့ကော်၊ ပိတောက်ရိပ်' စတဲ့ ပန်းတွေရဲ့ အမည်တွေနဲ့ ပေးကြတာကလား။ ကျွန်တော်က အဲဒီပန်းတွေအကုန်လုံးပါအောင် သိမ်းကျုံးပြီးတော့ 'ပန်းမြိုင်လယ်စာပေ' လို့ အမည်ပေးမယ်။ အဓိပ္ပာယ်ကတော့ ပန်းမျိုးစုံတို့ဖြင့် ဖူးပွင့်ဝေဆာနေသော တော၏ အလယ်၊ များစွာသော ပန်းနာမည်ပါ စာအုပ်ဆိုင်ကလေးများ၏ အခေါင်အချုပ် ဆိုတဲ့ အဓိပ္ပာယ်ကို ကောက်ယူ မွေးဖွားခဲ့ခြင်းပါ။ နေ့စဉ် စာအုပ်ဆိုင်က အဆိုးဆုံး အစုတ်ပြဆုံး (၁၀)အုပ်ကိုထုတ်ပြီး အပြဖာ၊ အဖုံးပြင် ချုပ်တဲ့အလုပ်ကို ပုံမှန်လုပ်ရပါတယ်။ ဇနီးသည် ခင်က ရသဝတ္ထုတွေကိုဖတ်ပြီး စာဖတ်သူတွေကို ဘယ်ဝတ္ထုကောင်းကြောင်း ဝန်ဆောင်မှုရသတွေကို ပေးတော့ စာအုပ်အငှားက ပိုပြီးသွက်လာခဲ့ရပါတော့တယ်။

စာအုပ်အငှားရတဲ့ ပိုက်ဆံကို သီးခြားစုဆောင်းထားပြီး စာအုပ်ဆိုင်ထဲ အရင်းအနှီး ပြန်ဆည့် ဆိုတော့ စာအုပ်ဆိုင်ဟာ တဖြည်းဖြည်း တိုးပွားလာခဲ့ရပါတယ်။ နောက်တော့ ကက်ဆက်ခွေလေးတွေပါ ဝယ်တင်ပြီး 'ပန်းမြိုင်လယ် စာပေနှင့် ကက်ဆက်ခွေအငှားဆိုင်' ဆိုပြီး တိုးချဲ့လုပ်ကိုင်နိုင်ခဲ့ပါပြီ။ ဇနီးခင်က သူ့အတွက် အဖော်မွန် သမီးကြီးကို မွေးပေးလိုက်တဲ့နှစ်မှာ ကျွန်တော် (၁၀)တန်း စာမေးပွဲ အောင်မြင်ခဲ့ပါတယ်။

ကုက္ကိုပင်အကွယ်မှ ကျခဲ့ရတဲ့ ဆေးဖက်ဝင် မျက်ရည်စက်တွေနဲ့အတူ လူကြားထဲ တံမြက်စည်းတက်လှည်းခိုင်းခဲ့တဲ့ ဆရာ မစ္စတာ ဖရန်စစ်ကို လက်ဆယ်ဖြာမိုးပြီး ရှိခိုးကန်တော့ရင်း ပီတိမျက်ရည်စက်တွေ ဝေဝေဆာဆာ ဝမ်းပန်းတသာကျလို့။

"ဆရာ့ရဲ့ အမှတ်မထင် ခိုင်းစေချက်ကျေးဇူးကြောင့် ကျွန်တော် ဆယ်တန်းစာမေးပွဲကို (က) အဆင့်နဲ့ အောင်မြင်တာပါ ဆရာ"

ဆိုတော့ ဆရာက-

"ဒါဟာ ကောင်းသော တိုက်ဆိုင်မှုတစ်ခုလို့ ဆိုရမှာပေါ့။ မင်းကို အလုပ်ခိုင်းတာ ပုဂ္ဂိုလ်ရေးအရ မုန်းလို့မဟုတ်ဘူး။ ကိုယ်လုပ်ရမယ့်အလုပ်ကို ကိုယ်လုပ်လိုက်ကြတာပါပဲကွာ။ ခု ငါ့တပည့် ဆယ်တန်းအောင်ပြီ ဆိုတော့ ဆရာဝမ်းသာတာပေါ့။ ရိုးရိုးသားသားနဲ့ ကြိုးစားခြင်းရဲ့ အောင်မြင်မှု ရလဒ်တစ်ခုပေါ့။ မင်းအတွက် ထိုက်တန်တဲ့ နေရာတွေ အဆင်သင့် ကြိုနေကြတယ်။ တိုင်းရုံးမှာ စာရေးဝင်လုပ်၊ စာပေးစာယူနဲ့ ကျောင်းပြီးအောင် ဘွဲ့တစ်ခုရအောင်လုပ်၊ ငါ့တပည့် ကျန်းမာချမ်းသာပါစေကွယ်"

ကြားလိုက်တဲ့စကား၊ ရလိုက်တဲ့ဆုဟာ ရင်ထဲမှာ လှိုက်ခနဲတက်လာအောင်ကို ခံစားမိပါတယ်။ ကျွန်တော် ပြောခဲ့ဖူးတဲ့ ဒူးနေရာဒူး၊ တော်နေရာတော် ဆိုတာ တကယ့်ကို သွေးထွက်အောင်မှန်တဲ့စကား ဆိုတာ ကျွန်တော် ယုံကြည်လိုက်ပါပြီ။

တံမြက်စည်းကိုင် အိမ်သာဆေးခဲ့တဲ့လက်ဟာ ယခုတော့ ဖောင်တိန်ကိုင်ပြီး တိုက်ပုံအကျီနဲ့ ရုံးတက်ခဲ့ရပါပြီ။ ပန်းမြိုင်လယ်စာအုပ်အငှားဆိုင်နဲ့ ကက်ဆက်ခွေအငှားဆိုင်ဟာ ရထားလိုင်းဝင်းထဲမှာ ခံ့ခံ့ထည်ထည် ဖြစ်လာခဲ့ပါပြီ။ စီးတဲ့ရေ ဆည်တဲ့ကန်သင်း အိမ်ထောင်ထိန်းသိမ်းခြင်း၊ ခြိုးခြံချွေတာခြင်း စတဲ့ အကျိုးရလဒ်ကြောင့် ရထားလိုင်းထဲမှာ ရုံအဖြစ် အဖီထိုးပြီး ဗီဒီယိုစက်ဝယ်ကာ ပြသလို့ စီးပွားရေးတိုးချဲ့ခဲ့ပါတယ်။ ဒီတော့ 'ပန်းမြိုင်လယ်ဗီဒီယို'ဆိုပြီး အမည်ပေးခဲ့ပြန်ပါတယ်။ ရေခဲသေတ္တာဝယ်ပြီး ရေခဲထုပ်ထုပ်ရောင်းတော့ 'ပန်းမြိုင်လယ်ရေခဲထုပ်' ဖြစ်ခဲ့ရပါတယ်။

ပြောရရင်တော့ ကျွန်တော့်ဘဝရဲ့အထွတ်ဟာ 'ပန်းမြိုင်လယ်' ပါလို့ဆိုရင်လည်း မည်သူငြင်းနိုင်ပါအံ့။ ကျွန်တော့်ဘဝ အချိုးအကွေ့တွေ၊ ပြောစရာတွေ အများကြီးပါ။ သာယာဝတီပန်းကန်စက်က ပန်းကန်တွေကို ဈေးမှာ ပလတ်စတစ်ခင်းပြီး ရောင်းဖူးတယ်။ အငှားဆိုင်ကကျတဲ့ စာအုပ်တွေကို စာအုပ်အဟောင်း တလုတ္တော် ဦးရှင်ကြီးပွဲမှာ သွားရောင်းဖူးတယ်။ Book Binding စာအုပ်ချုပ်ခဲ့ဖူးတယ်။ ကလေးစီးစက်ဘီးလေးတွေ တစ်နာရီ တစ်ကျပ်နှုန်းနဲ့ ငှားခဲ့ဖူးတယ်။

ငယ်ငယ်တုန်း ရထားလိုင်းဆုံလိုင်းဖျား ကနောင်စုရပ်ကွက်တစ်ထ... လျှောက်ပြီး 'ဟောဒီက ကောက်ညှင်းထုပ်'လို့ အော်ပြီး ရောင်းခဲ့ဖူးတယ်။ ဒါတွေဟာ ကျွန်တော့်ရဲ့ ဘဝတစ်စိတ်တစ်ဒေသကို ရင်ဖွင့်ပြနေခြင်းပါ။

ဟော - စာရေးစာဖတ်ဝါသနာ... တဲ့ ကျွန်တော်ဟာ ကလောင်နာမည်... ရွေးချယ်မိပြန်တော့ ကျေးဇူးရှင်ပန်းမြိုင်လယ်ကိုဥပေက္ခာမပြုရက်။ အမေအ... ပေးခဲ့တဲ့နာမည် စိန်ဝင်းကိုလည်း မ... ရှားနိုင်။ သည်တော့ စာပေဝါသနာ... သူ စာရေးသူ ကျွန်တော်လည်း 'ပန်းမြိုင်လယ်-စိန်ဝင်း' ဖြစ်ခဲ့ရတော့တာပါပဲ...


ကဲ - ဆောင်းပါးလည်းမ... ဘဝတစ်သက်တာ မှတ်တမ်းလို့လ... ဆိုလို့မရ။ ရသဝတ္ထုလို့လည်း အ... မတပ်ဝံ့။ ကိုယ်ရေးကိုယ်တာ ကိစ္စ... ခုကို ကိုယ်ပေါင်ကိုယ်လှန်ထောင်... ရင်ဖွင့်လွှာတစ်ခုအဖြစ် သို့မဟု... ပန်းမြိုင်လယ်-စိန်ဝင်းရှင်းတမ်းဟု... လျှင်တော့ သင့်တော်မည် ထင်ပါသ...

ပန်းမြိုင်လယ်-စိ...




www.burmeseclassic.com

www.burmeseclassic.com


Fine


Coarse


Medium

ဆရာသိန်းသန်းအောင်

# ချစ်ခြင်းတရားနှင့် လက္ခဏာ

**Texture (လက်ဝါးပြင်အသား အနု အကြမ်း)**

လက်ဝါးပြင်အသား၏ နုခြင်း၊ ကြမ်းခြင်းက Capillaries ၏ အနေအထားနှင့် တိုက်ရိုက် သက်ဆိုင်နေပါသည်။ Capillaries များ ပါဝင်မှု တစ်ခုနှင့်တစ်ခု နီးကပ်စွာရှိနေပါက ကောင်းသော လက်ဝါးပြင်အသားဖြစ်ပြီး Capillaries တစ်ခုနှင့်တစ်ခုဝေးကွာနေပါက ကြမ်းတမ်းသော လက်ဝါးပြင်အသား ဖြစ်လာပါမည်။ လက်ဝါးပြင်အသားကို အနု၊ အကြမ်းနှင့် အလယ်အလတ် ဟူ၍ (၃) မျိုး ခွဲခြားနိုင်ပြီး ၎င်းတို့က ခန္ဓာကိုယ်ရှိ အာရုံကြောဖွဲ့စည်းမှုစနစ်မျှတခြင်း၊ လွန်ကဲခြင်းတို့ကိုပါ ကိုယ်စားပြုပါသည်။

**လက်ဝါးပြင်အသား ကောင်းမွန် ချောမွေ့ခြင်း**

၎င်းအနေအထားသည် ယျင်းရိလေးကန်တတ်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ၌ ခံစားသိရှိလွယ်ခြင်းတို့ကို ဖော်ပြသည်။

**လက်ဝါးပြင်အသားကြမ်းတမ်းခြင်း**

လက်ဝါးပြင်အသား ကြမ်းခြင်းကြောင့် အာရုံကြောတည်ဆောက်ပုံအားကောင်းပြီး ဖွဲ ခံနိုင်ရည်၊ ခွန်အားနှင့် ပြည့်စုံသူ ဖြစ်ပါသည်။

**မနုလွန်း၊ မကြမ်းလွန်းသော အလယ်အလတ်လက်ဝါးပြင်အသား**

ထိုအနေအထားသည် စိတ်ပိုင်းဆိုင်ရာ၌ သိမ်မွေ့နူးညံ့သည့်သဘောကိုသာမက ကိုယ်ခန္ဓာနှင့်ဆိုင်သည့် ခွန်အားများကိုလည်း သင့်တင့် မျှတစေသည့်သဘော ဖော်ပြနေပါသည်။


**Sean နှင့် Bev တို့၏ ဆန့်ကျင်ဘက် (အပြန်အလှန်) ဆွဲဆောင်ခြင်း**


Sean ၏ လက်ဝါးပြင်အသားအရေက Bev ၏ လက်ဝါးပြင်အသားအရေထက် ပိုမိုကြမ်းတမ်းနေခြင်းသည် Sean၏ပင်ကိုစိတ်နေစိတ်ထားက Bev လောက် နူးညံ့သိမ်မွေ့ခြင်းမရှိကြောင်း ဖော်ပြပါသည်။ Sean နှင့် Bev တို့ လက်ထပ်ပြီးနောက် Sean က ဇနီးဖြစ်သူ Bev တက္ကသိုလ် ဆက်တက်နိုင်ရန် ပံ့ပိုးပေးခဲ့သည်။ Bev ကလည်း တက္ကသိုလ်မှ စိတ်ပညာဘွဲ့ ရယူနိုင်ခဲ့သည်။

Sean ၏ လက်ဝါးပြင်မှ ကြမ်းတမ်းသော အသားအရေနှင့် Bev ၏ နူးညံ့သော လက်ဝါးပြင်အသားရေတို့က တစ်ဦးနှင့်တစ်ဦး အပြန်အလှန် နားလည်မှုရှိစွာ လိုအပ်သလို ဖြည့်ဆည်းပေးနိုင်သည့်သဘော၊ အပြန်အလှန် ဆွဲဆောင်သည့်သဘောကို ကိုယ်စားပြုနေသည်။

**ဂြိုဟ်ခုံများ၏ တုံ့ပြန်တွန်းကန်အားကို စမ်းသပ်ခြင်း**

ဂြိုဟ်ခုံများကို လက်ဖြင့် ဖိနှိပ်လိုက်ပါက လွယ်ကူစွာ ချိုင့်ဝင်သွားပြီး တဒင်္ဂအတွင်းမှာပင် မူလအနေအထားအတိုင်း ပြန်ဖြစ်လာတတ်သလို အချို့ဂြိုဟ်ခုံများက (တင်းမာလွန်းသော


Sean


Bev



www.burmeseclassic.com

www.burmeseclassic.com



**An important test in determining whether the mounts are balanced is to check their resilience.**

ကြောင့်) အလွယ်တကူ ချိုင့်ဝင်ခြင်းမရှိတတ်ပေ။ နူးညံ့သောဂြိုဟ်ခုံဖြစ်ပါက ရေမြှုပ်ကဲ့သို့ အိစက်သောကြောင့် လက်ဖြင့် ဖိနှိပ်ပြီး စက္ကန့်အတော်ကြာမှသာ မူလအတိုင်းပြန်ဖြစ်ပါသည်။



**Cynthia's dominant, hard Venus and straight head line indicate her compulsive nature.**

### တင်းမာနေသောသောကြာဂြိုဟ်ခုံ

သောကြာဂြိုဟ်ခုံအား လက်မဖြင့် ဖိနှိပ်ရာ၌ တင်းမာနေလျှင် မထုံတက်သေးနိုင်သည့်သဘော၊ ဥပေက္ခာပြုသည့်သဘော၊ မတုံ့ပြန်တတ်သည့်သဘောတို့ကို ဖော်ပြသည်။ သောကြာဂြိုဟ်ခုံတင်းမာနေခြင်း၌ အကြောင်းအမျိုးမျိုးရှိနိုင်ပါသည်။ ယင်းမှာ အတွင်းစိတ်၌ မွန်းကျပ်တင်းမာမှုများနေခြင်း၊ အချစ်စိတ်ပြင်းထန်ခြင်း၊ ရမ္မက်ကြီးခြင်း၊ စိတ်လှုပ်ရှားလွယ်ခြင်း၊ စိုးရိမ်ပူပန်ကြောင့်ကြတတ်ခြင်းနှင့် မိမိချစ်သူ အိမ်ထောင်ဖက်၏ လိုအပ်ချက်ကို မဖြည့်ဆည်းပေးနိုင်ခြင်းသဘောများကို ဖော်ပြပါသည်။

အကယ်၍ သောကြာဂြိုဟ်ခုံ တင်းမာပြီး အသားအရေကလည်း ကြမ်းတမ်းနေပါက မိမိ၏လိုအပ်ချက်အတွက်



**The inertia indicated by Brain's soft mount of Venus shows the lack of fire and intensity he requires to be a success.**

အတင်းအဓမ္မ ဆန်သူ မိမိချစ်သူ၏ခံစားချက်အမှန်ကို မသိရှိသူ ဖြစ်ပါမည်။

### နူးညံ့မှုရှိသော သောကြာဂြိုဟ်ခုံ

နူးညံ့သောသောကြာဂြိုဟ်ခုံသည် ရည်ရွယ်ချက်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း၊ အချစ်ရေး၌ သဟာဇာတဖြစ်ခြင်း၊ စိတ်သဘောထား နူးညံ့သိမ်မွေ့ခြင်း၊ သူတစ်ပါးအပေါ် စာနာစိတ်ဖြင့် ကူညီစောင့်ရှောက်တတ်ခြင်းဟူသည့် သဘာဝများကို ပိုင်ဆိုင်ပါသည်။

### သောကြာခါးပတ် (Girdle of Venus)

သောကြာခါးပတ်သည် ကြာသပတေးဂြိုဟ် ကိုယ်စားပြု လက်ချောင်း (လက်ညှိုး) နှင့် စနေဂြိုဟ် ကိုယ်စားပြုလက်ချောင်း (လက်ခလယ်) တို့အကြား၌ အစပြုသည်။ အဆိုပါ သောကြာခါးပတ်သည် လက်ဝါးပြင်ရှိ Sattwa ပိုင်နက်ဂြိုဟ်ခုံပေါ်မှ လခြမ်းကွေးသဏ္ဍာန်ဖြတ်လျက်ရှိပြီး တနင်္ဂနွေဂြိုဟ်ကိုယ်စားပြုလက်ချောင်း(လက်သူကြွယ်)နှင့် ဗုဒ္ဓ



**Sister Madeleine's well-formed girdle of Venus gives her an extraordinary quality of forgiveness**

ဟူးဂြိုဟ်ကိုယ်စားပြုလက်ချောင်း (လက်သန်း) တို့အကြား၌ အဆုံးသတ်သည်။

သောကြာဂြိုဟ်ခုံသည် Tamas နယ်မြေအတွင်း တည်ရှိနေပါက အချစ်ရေးနှင့် ပတ်သက်၍ ရုပ်ပိုင်းဆိုင်ရာဖြင့် ဖော်ပြတတ်သည်။ သောကြာခါးပတ်သည် Sattwa နယ်မြေအတွင်း တည်ရှိပါက ဖန်တီးနိုင်မှုစွမ်းအား မြင့်မားသည့်သဘောကို ဖော်ပြပါသည်။

သောကြာခါးပတ်ကို လက်ဝါးပြင်တိုင်းလိုလို၌ မတွေ့ရတတ်ပေ။ သောကြာခါးပတ်ပါရှိသူ လက္ခဏာရှင်အနေဖြင့် အနုပညာရပ်၌ ဖန်တီးနိုင်မှုစွမ်းအား မြင့်မားခြင်း၊ တစ်ပါးသူ (အထူးသဖြင့် ဆန့်ကျင်ဘက်လိင်) တို့၏ နှလုံးသားတံခါးကို ဖွင့်နိုင်ခြင်းရှိသူ ဖြစ်ပါမည်။

### သောကြာခါးပတ်ကျိုးပြတ်နေခြင်း

သောကြာခါးပတ် ကျိုးပြတ်နေသည့်ပုံစံကို လက်ဝါးပြင်အတော်များများ၌တွေ့ရှိရတတ်သည်။ ကျိုးပြတ်နေ

**Girdle of Venus**



**The girdle of Venus reflects arrtistic sensitivity**



www.burmeseclassic.com

www.burmeseclassic.com



A broken girdle of Venus indicates unchanneled sensitivity, which may result in unpredictable emotions and escapism.

သောခါးပတ်သည် ရင်တွင်း မွမ်းကျပ်ခံစားနေရသောစိတ်ဝေဒနာများအတွက် ထွက်ပေါက်မပေးတတ်သူ၊ စိတ်၏လွတ်မြောက်ရာ(အေးချမ်းမှု)ကို မရှာဖွေတတ်သူ ဖြစ်ပါမည်။

**Alexander ၏ လက်ဝါးပြင်အား လေ့လာခြင်း**


Alexander သည် ရုပ်ရှင်စတူဒီယိုတစ်ခုအတွက် အနုပညာပိုင်းဆိုင်ရာ ဖန်တီးမှု၌ ကျွမ်းကျင်သူတစ်ဦးအဖြစ် ဆောင်ရွက်ပေးသည်။ တစ်နေ့တွင် Alexandar အလုပ်မှ (ဘတ်ကားစီး၍) ပြန်လာချိန်၌ သူ၏ဘေးတွင်ထိုင်၍ လိုက်ပါလာသူ အမျိုးသမီးတစ်ဦး ပြတင်းပေါက်၌ လက်ညပ်နေသည်ကို တွေ့လိုက်ရသည်။ ထိုအခါ Alexander က ကူညီရန် ခုံမှအမြန်ထလိုက်၏။ တဒင်္ဂ အချိန်အတွင်းမှာပင် သူ၏ တစ်ဖက်သားအပေါ် စာနာစိတ်၊ သူတစ်ပါးအပေါ် စိုးရိမ်ပူပန်ပေးတတ်သည့်စိတ်ကြောင့် ခေတ္တမေ့မြောသွားခဲ့သည်ကို သိလိုက်ရသည်။ သောကြာခါးပတ်ကျိုး



The presence of breaks in Alexander's girdle of Venus indicates that he is prone to be overwhelmed by his emotions.

ပြတ်နေခြင်းကြောင့် အလားတူ လက္ခဏာတိုင်း၌ စိတ်လှုပ်ရှားခံစားမှုဒဏ် အမြဲလွှမ်းမိုးနေတတ်သည်။

**သောကြာခါးပတ်ပေါ်၌ကျွန်းခံနေခြင်း**



An island in the girdle of Venus indicates an inability to exercise discrimination in relationships.

သောကြာခါးပတ်တွင် ကျွန်းခံနေပါက သူတစ်ပါး၏ရည်ရွယ်ချက် (သို့) ဆိုလိုချက်ကို ရိပ်မိနားလည်နိုင်စွမ်းမရှိသူ၊ စိတ်ပျက်အားလျော့တတ်သူ၊ လွဲမှားစွာယုံကြည်တတ်သူ၊ သစ္စာဖောက်တတ်သူ ဖြစ်ပါမည်။ အထူးသဖြင့် အချစ်ရေးနှင့်ပတ်သက်၍ မိမိလက်တွဲဖော်၏အလိုဆန္ဒအပေါ် အလိုက်မသိသူ၊ နားလည်မှုလွဲသူဖြစ်နေပါမည်။

**Kurt ၏လက်ဝါးပုံစံ**

Kurt၏လက်ဝါးပြင်ရှိ သောကြာခါးပတ်ပေါ်၌ ကျွန်းခံနေခြင်းကြောင့်



Before




After

(အချစ်ရေးအပါအဝင်) ပြောဆိုဆက်ဆံရေးကိစ္စများ၌ စိတ်ပျက်အားငယ်ခြင်း၊ ပျော်ရွှင်မှုကင်းမဲ့ခြင်း၊ နားလည်မှုလွဲခံရခြင်းများ ကြုံတွေ့ခဲ့ရပါသည်။ ကလေးဘဝကတည်းကပင် မိခင်ဖြစ်သူ၏ စွန့်ပစ်ခြင်းခံရသောကြောင့် အားငယ် ဝမ်းနည်းစိတ်တို့၏ လွှမ်းမိုးမှုဖြင့် ဘဝကို စတင်ခဲ့ရသူ ဖြစ်သည်။ နောက်ပိုင်းတွင် မကောင်းသော စိတ်ခံစားမှုပုံစံများအား ပြုပြင်နိုင်ခဲ့ခြင်းကြောင့် သောကြာခါးပတ်ပေါ်ရှိ ကျွန်းပျောက်သွားသည်ကို ကိုယ်တိုင်တွေ့ရှိလိုက်ရသည်။

**Via Lascivia**

၎င်းသည် သောကြာခါးပတ်နှင့် ပတ်သက်သော အရည်အသွေးလက္ခဏာများနှင့် ဆန့်ကျင်ဘက်ဖြစ်သည့် စရိုက်လက္ခဏာများကို ကိုယ်စားပြု



The via lascivia indicates preoccupation with physical desires.

သည်။ သောကြာခါးပတ်သည် Sattwa နယ်မြေအတွင်းတည်ရှိပါက ရုပ်ပိုင်းဆိုင်ရာ အကန့်အသတ် စည်းကမ်းများမှ လွတ်မြောက်အောင် စွမ်းဆောင်နိုင်သူ ဖြစ်ပါမည်။ အကယ်၍ Via Lascivia သည် Tamas ပိုင်နက်နယ်မြေအတွင်း တည်ရှိနေပါက ရုပ်ပိုင်းဆိုင်ရာအလိုဆန္ဒများ၏ ဖိစီးနှိပ်စက်မှုဒဏ်ခံနေရသူ ဖြစ်ပါမည်။

ဆရာသိန်းသန်းအောင်



www.burmeseclassic.com

www.burmeseclassic.com



# လဂ်ရာသီခွင်

သက်ထုံ

(၁)

ဗေဒင်ပညာအရ ဆယ့်နှစ်ရာသီခွင်တွင် လဂ်ရာသီ ဟူသည်မှာ ဇာတာရှင် မွေးဖွားချိန်၌ အရှေ့ဘက်မြေစပ်မိုးစွန်းတွင် ကပ်ငြိနေသောရာသီခွင် ဖြစ်သည်ဟု ပညာရှင်များက ဆိုကြသည်။ သို့ဖြစ်လေရာ တစ်ရက်တည်းတွင် မွေးဖွားကြသည်ချည်းဖြစ်ပါစေ၊ မွေးဖွားသည့်အချိန်နာရီမတူညီကြလျှင် တစ်ဦးနှင့်တစ်ဦး လဂ်ရာသီချင်းလည်း ကွဲပြားခြားနားနိုင်ပါ၏။ အင်္ဂလိပ်ဝေါဟာရအားဖြင့်ဆိုရသော် လဂ်ရာသီကို The Ascendant (အတိုကောက် ASC) ဟု ခေါ်ဝေါ်သုံးစွဲနေကြပါသည်။

လဂ်ရာသီသည် အထက်တွင် အစီရင်ခံခဲ့သည့်အတိုင်း ဆယ့်နှစ်ရာသီတွင် မည်သည့်ရာသီခွင်ဖြစ်ရမည်ဟူ၍ ပုံသေသတ်မှတ်ထားပြီးမရသောကြောင့် သူ့အတွက် ဆီလျော်ညီညွတ်ရာ ဒေဝတာသည် ရှိနိုင်ပါ၏လောဟု စောကြောစရာရှိပေ၏။ သတ်မှတ်ထားသောရာသီခွင်မဟုတ်သော်ငြားလည်း သက်ဆိုင်ရာဇာတာရှင်အတွက် မိဘကိုယ်ခန္ဓာကဲ့သို့ဖြစ်နေသောရာသီ (ဝါ) အမှန်အစဖြစ်သည့် ရာသီဖြစ်သောကြောင့် အဦးအစကို စိုးမိုးပါသော ဒေဝတာတစ်ပါးကို အနောက်တိုင်း ဒေဝတာပုရာဏ်မှ ထုတ်နုတ် တင်ပြပါတော့မည်။

နံနက်ချိန်ခါတိုင်း နေထွက်ပြူလာခြင်းသည် ရှေးသူဟောင်းများအတွက်တော့ နေနတ်ဘုရား၏ အံ့ဩဖွယ်ရာပြန်လည် မွေးဖွားလာခြင်းဟု မှတ်ယူကြသည်။ မြေအောက်ဘုံတွင် ဒုက္ခခံတွေ့ခံစားခဲ့ရပြီး ပြန်လည် မွေးဖွားလာခြင်းဖြစ်သည်။ ဤသို့ဖြင့် နေထွက်ခြင်း၏ မှော်အတတ်ဆိုင်ရာ ပညာရပ်သည် ဒေဝတာပုရာဏ်တွင် မှောင်မိုက်ခြင်းထဲမှ လွတ်မြောက်လာခြင်းနှင့် ပြန်လည်ဆန်းသစ်လာခြင်းတို့ဖြင့် ဆက်စပ်ယှက်နွှယ်နေသည်။ သံသရာစကားဖြင့် ပြောရလျှင် ဘဝဟောင်း၏နိဂုံးအမှောင်ထဲ လျှိုဝင်သွားခဲ့ရာမှ ဘဝသစ်အလင်းထဲသို့ ဘွားခနဲ ပြန်လည် မွေးဖွားလာခြင်း ဖြစ်၏။

ဤသို့ဖြင့် အရှေ့ဘက်မြေဝပ်မိုးစွန်းသည် မျှော်လင့်ချက်လူသား၏ရင်ထဲဝယ် ထာဝစဉ် အညွှာက်ထွက်နေသည်ဟု အဲလက်ဇင်းဒါးပုပ်က အဆိုအမိန့်ရှိခဲ့ဖူး၏။ ဗေဒင်ပညာ၏ သရုပ်သကန်တွင် လဂ်ရာသီသည် မွေးဖွားချိန်၌ အရှေ့စူးစူးတွင်ရှိနေသော မြေစပ်မိုးစွန်းအချက်အချာဖြစ်၏။ အရှေ့ဘက်အချက်အချာဟူရာတွင် တက်သစ်စနေမင်းကိုပါ ခြုံငုံထားသည်။ နေမင်းသည် လောကထဲသို့ဝင်သလိုပင် ကျွန်ုပ်တို့သည်လည်း ဘဝထဲသို့ ဝင်ရောက်လာရာတွင် လဂ်ရာသီသည် ကျွန်ုပ်တို့၏ ဝင်ပေါက်တံခါးကို ဆေးရောင်ခြယ်သပေးလေသည်။ အခြေအနေသစ်နှင့် ရင်ဆိုင်ရတိုင်း ငါဟာ ဘယ်လိုလူစားမျိုးလဲဟု ဖော်ပြသော အနေ

ထားကို လဂ်ရာသီက ပုံဖော်ပေးသ

ဆယ့်နှစ်ရာသီတွင် နေမင်းက ကျွ

ကိုယ်ကျွန်ုပ်တို့ ပုံသွင်းသည့် အ

စိတ် စေ့ဆော်မှုကို ရိုပ်ပြန်ထင်

ဘဝ၏ဝင်ပေါက်ဖြစ်သော လဂ်ရာသ

ထိုစိတ်စေ့ဆော်ချက်ကို ဘေးလူတွေ

လက်ငင်းကြုံတွေ့နေရသည့် ပတ်

ကျင်က သိအောင် ဖော်ပြပေး

သည်။

စိတ်နယ်ပယ်အလွှာတွင်

ရာသီသည် ကျွန်ုပ်တို့၏အတွင်းလော

နှင့် အပြင်လောကတို့၏ နယ်



www.burmeseclassic.com

www.burmeseclassic.com

သည်။ လူတစ်ယောက်၏ ဇာတာခွင်တွင် တနင်္ဂနွေ၊ တနင်္လာနှင့် အခြားဂြိုဟ်များ မည်သည့်ခွင်များ၌ ရှိနေစေကာမူ ဘုရား၏ စွမ်းအင်များနှင့် ဇောများကို လဂ်တည်းဟူသော တံခါးပေါက်ကိုဖြတ်သန်း၍သာလျှင် ဖော်ထုတ်ပြသနိုင်၏။

ရောမလူမျိုးတို့၏ ဒေဝတာပုရာဏ်တွင် ဂျေးနပ်(စ်) (JANUS) အမည်ရှိ နတ်ဘုရားတစ်ပါးရှိသည်။ ဇာတာခွင်တွင် ဤနတ်ဘုရားသည် လဂ်ရာသီ၏သရုပ်ပင် ဖြစ်တော့၏။ ဂျေးနပ်(စ်)သည် ကာလအားဖြင့်သော်လည်းကောင်း၊ နေရာဒေသအားဖြင့်သော် လည်းကောင်း အဦးအစကို စိုးမိုး၏။ နေရာဒေသအားဖြင့်ဆိုသော် ဝင်ပေါက်ထွက်ပေါက်များ၊ တံခါးဝများကို စိုးမိုးသည်။ ကာလအားဖြင့်ဆိုသော် နေ့တစ်နေ့၏ ပထမဆုံးနာရီ၊ လတစ်လ၏ ပထမဆုံးရက်၊ နှစ်တစ်နှစ်၏ ပထမဆုံးလတို့ကို စိုးမိုးလေသည်။ (အနောက်တိုင်းနိုင်ငံများတွင် ပထမဆုံးလကို ဂျန်နဝါရီဟု ခေါ်ဝေါ်ကြခြင်းမှာ ဂျေးနပ်(စ်) နတ်ဘုရား၏အမည်ကို ရည်ညွှန်းခေါ်ဆိုထားခြင်း ဖြစ်ပါ၏။) ဤနတ်ဘုရား၏ ပုံပန်းသဏ္ဌာန်မှာ မုတ်ဆိတ်မွေးများနှင့် ဦးခေါင်းနှစ်လုံး ကျောခင်းကပ်လျက် ပုံဖော်ထားတတ်ကြသည်။ ဤသို့ဖြင့် သူသည် အတိတ်၏ ကြေးမုံများဖြစ်သော အနာဂတ်ကို မျှော်ကြည့်နေသူ ဖြစ်လာရပေ၏။

ရှေးခေတ် ရောမနိုင်ငံတွင် ဂျေးနပ်(စ်)ဝတ်ကျောင်းကို ငြိမ်းချမ်းရေးဝတ်ကျောင်းဟု ခေါ်ဆို၍ စစ်မက်ဖြစ်ပွားနေသောကာလတွင် တံခါးပေါက်များကို ဟင်းလင်းဖွင့်ထားပြီး ငြိမ်းချမ်းနေသောကာလတွင်မူ ထိုဝတ်ကျောင်း၏တံခါးများကို ပိတ်ထားကြလေသည်။ လဂ်ရာသီကား ကျွန်ုပ်တို့၏ကိုယ်တွင်းမှ အခြားသောဂြိုဟ်များ၏ အရှိန်သြဇာများ ပြင်ပလောကသို့ထွက်ကြရာ တံခါးပေါက်ဖြစ်သည်။ ကျွန်ုပ်တို့ကလည်း မိမိ၏ပင်ကိုအရည်အသွေးကို ဤတံခါးဝကိုဖြတ်၍သာ ထုတ်ပြနိုင်၏။ လောကကလည်း ကျွန်ုပ်တို့၏ အရည်အသွေးများကို ဤတံခါးဝကိုဖြတ်၍သာလျှင် သိရှိနိုင်ပေသည်။ တစ်နည်းအားဖြင့်ဆိုရသော် လဂ်ရာသီသည် ကျွန်ုပ်တို့နှင့် ပြင်ပလောကတို့ ထိတွေ့ဆက်စပ်နိုင်စရာ အချက်အချာဖြစ်၏။ ကျွန်ုပ်တို့အတွက် ပြင်ပလောက၏အသွင်သဏ္ဌာန်သည် ကျွန်ုပ်တို့အနေဖြင့် စိတ်တွင်းမှ ပြဋ္ဌာန်းထားသည့်အတိုင်း ရှုမြင်ရသည်ဟူသော သင်ခန်းစာကို ဂျေးနပ်(စ်)၏ ကျောချင်းကပ်နေသော ဦးခေါင်းနှစ်လုံးက ပြသနေပေတော့၏။

လူတိုင်းတွင် စိတ်ရှိကြ၏။ လူတိုင်းတွင် မနောရှိကြ၏။ သို့သော် မိမိ၏စိတ်နှင့် မိမိ၏မနော ဆက်သွယ်မိကြပုံတွင်ကား လူတစ်ဦးနှင့်တစ်ဦး မတူညီကြချေ။ အဘယ်ကြောင့် ဤသို့ဖြစ်ရပါသနည်း။ လူတစ်ဦးနှင့်ထစ်ဦး စိတ်အရည်အသွေးချင်းမတူကြ၍လား၊ မနောအရည်အသွေးချင်းမတူကြ၍လား။ မဟုတ်ပါချေ။ လူတိုင်း၏ အရည်အသွေးများသည် အတူတူပင် ဖြစ်သလို လူတိုင်း၏ မနောစွမ်းအင်များသည်လည်း တန်းတူရည်တူ ဖြစ်ကြပါ၏။ သို့သော် မနောစွမ်းအင်ကို ကြိုက်နှစ်သက်သလို အသုံးချနိုင်သူမှာ စိတ်နှင့် မနောတို့ ကြိုက်သလို ဆက်သွယ်မိနိုင်မှ ဖြစ်နိုင်ပါသောကိစ္စရပ် ဖြစ်သည်။ လူတစ်ဦးနှင့်တစ်ဦး မတူကြခြင်းကား မိမိစိတ်နှင့် မိမိ၏ မနောတို့ဆက်သွယ်ကြပုံ အသွင်သဏ္ဌာန်ချင်း၊ အနှစ်သာရချင်း၊ အတိမ်အနက်ချင်း မတူကြသောကြောင့်သာ ဖြစ်၏။ ယင်းဆက်သွယ်ခြင်းမှာ လဂ်ရာသီတံခါးပေါက်ကို ဖြတ်သန်း၍သာ ဆက်သွယ်ရသဖြင့် လူတစ်ဦး၏စိတ်နှင့် မနောတို့ကို ဆက်သွယ်သည့် ပုံပန်းသဏ္ဌာန်နှင့် အနေအထားကို လဂ်ရာသီက သရုပ်ဆောင်ပြပါလိမ့်မည်။

ကျွန်ုပ်တို့သည် လဂ် တည်းဟူသော တံခါးပေါက်ကိုလိုက်၍ အတိတ်ကို မှတ်ထားသိုလှောင်ထားခြင်းများကိုလည်းကောင်း၊ အနာဂတ်ကို ကြိုလင့်ခြင်းများကို လည်းကောင်း ပြုလုပ်ကြပါ၏။ လောကတွင် ကျွန်ုပ်တို့ တန်ဖိုးထားသောအရာများကိုလည်း ဤတံခါးပေါက်ကသာအတည်ပြုပါ၏။ ဤတံခါးပေါက်သည် အတိတ်ကို လိုသလို ဆုပ်ကိုင်၍ အနာဂတ်ကို လက်ခံသလိုပင် အတွင်းကို အခံပြု၍ အပြင်ကို လက်ခံပါ၏။ မိမိတွင်ရှိနေသော လဂ်တံခါးပေါက်ကို သေသေချာချာ လေ့လာ၍ မိမိ၏စိတ်နှင့် မနောတို့ ဆက်သွယ်မှုသည် မည်သည့်အသွင်သဏ္ဌာန်က သင့်တော်မည်ကို မှန်းဆနိုင်ကောင်းပါသည်။ အဘယ်ကြောင့်ဆိုသော် အပေါက်ဝိုင်းသည် လေးထောင့်ပစ္စည်းကို အထုတ်အသွင်းမလုပ်နိုင်သောကြောင့် ဖြစ်ပါ၏။

လဂ်ရာသီ တည်းဟူသော တံခါးပေါက်ကို ဖန်တီးမှုရှိရှိ အသုံးချလိုပါလျှင် ကျွန်ုပ်တို့၏စိတ်တွင်း (ဝါ) အတိတ်ကာလက သိုမှီးသိမ်းပိုက်ထားသည့် အမှန်တရားများကို စိစစ် ဖော်ထုတ်ရမည်။ ထိုအမှန်တရားများအတွက် သင့်လျော် ညီညွတ်မည့် ပစ္စည်းများကို ပြင်ပမှ ယူသွင်းကြရမည်။ ကျွန်ုပ်တို့ထင်မှတ်နေကြသည်မှာ ပစ္စည်းတစ်ခုခုကိုကြည့်လျှင် လူတိုင်းသည် အတူတူချည်း မြင်သည်ဟု ထင်နေကြ၏။ စာအုပ်အစိမ်းကလေးကိုကြည့်လျှင် စာအုပ်အစိမ်းကလေးကို မြင်သည်မှလွဲ၍ အခြားဘာကို မြင်မည်နည်းဟု စောဒကတက်ချင်ပါလိမ့်မည်။ မှန်ပါပေ၏။ စာအုပ်အစိမ်းကလေးကိုကြည့်သည် မှန်သော်လည်း တစ်ဦးက အစိမ်းရောင်ကိုမြင်၍ တစ်ဦးက လေးထောင့်တွင် ထောင့်တစ်ခုပဲ့နေသည်ကို မြင်သည်။ တစ်ဦးက စာအုပ်၏ ထူထဲမှုကိုမြင်၍ တစ်ဦးက စာအုပ်၏ ဟောင်းနွမ်းမှုကို မြင်သည်။ ဤကား သဏ္ဌာန်ကိုမြင်ခြင်း၌ ကွဲပြား ခြားနားခြင်းသာရှိသေးသည်။

ခံစားမှုအခြင်းအရာမှာလည်း ကွဲပြားကြသေး၏။ စာအုပ်အစိမ်းကလေးကိုမြင်၍ ပျော်သွားသူရှိသည်။ ဝမ်းနည်းသွားသူရှိသည်။ လိုချင်သွားသူရှိသည်။ မကိုင်ချင်သူရှိသည်။ ဘာမှမည်မည်ရရ မခံစားမိသူလည်းရှိမည်။ ဤဟာသည် အကျဉ်းမျှသာ ဖော်ပြချက်ဖြစ်ပါသည်။ ခံစားမှုချင်းလည်း မတူနိုင်ကြပါ။ ဤစာအုပ်စိမ်းကလေးကိုမြင်၍ ပြန်လည်သတိရမှု၊ ပြန်လည်ခံစားရမှုတွေလည်း ထပ်မံ၍ ကွဲပြားနိုင်ပါသေးသည်။

ဤသည်ကို ထောက်ရှု၍ ရာသီကွဲပြားခြင်းဖြင့် အမျိုးမျိုးအဖုံဖုံ ကွဲပြားခြားနားနိုင်သည်ကို သဘောပေါက်လောက်ပါပြီ။ အတွင်းက အမြင်ကိုပြောင်းလျှင် အပြင်ပတ်ဝန်းကျင်သည်လည်း ပြောင်းလဲရ၏။ အတွင်းနှင့် ဟပ်စပ်မိအောင် အပြင်က ယူသွင်းလျှင် အတွင်းသည် ကြွယ်ဝလာလေ၏။ ဘဝတွင် ကျွန်ုပ်တို့က 'ကံကြမ္မာ' ဟု ခေါ်ဆိုသော ကိစ္စရပ်တော်တော်များများသည် ဤတံခါးဝကို ဝင်ထွက်စေသည့်အရာများသာ ဖြစ်ကြပါ၏။ ထို့ကြောင့် ဂျေးနပ်(စ်)ကဲ့သို့ တံခါးဝတွင်ရပ်၍ အဝင်အထွက်ကို ကြီးကြပ်ပေးသည်ရှိသော် လူသည် ကိုယ့်ကြမ္မာကို ကိုယ်တိုင်ဖန်တီးနိုင်သလောက် ဖန်တီးနိုင်မည်သာ ဖြစ်ပါကြောင်း ကျိုးကြောင်းဆင်ခြင်ဉာဏ် ရှေ့ထား၍ တင်ပြအပ်ပါတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com

# စိတ်စွမ်းအင်ရုံတောက်များ

မနောသုတေသီ



ဟော်လန်ပြည် အာဟန်မြို့ပြင်တွင် ၁၉၅၀ ပြည့်နှစ်၊ မေလ (၂၃)ရက်နေ့က အဝတ်အစားမလုံမလဲဖြင့် လဲနေသော (၁၇) နှစ်အရွယ် မိန်းကလေးတစ်ဦး၏အလောင်းကို တွေ့ရသည်။

ဤအမှုပေါ်ပေါက်ချိန်၌ ကရာဇက်သည် ပါမောက္ခတင်ဟက်နှင့် တွေ့ခါစ၊ သူ၏စိတ်စွမ်းအင်ကို ကမ္ဘာသိအောင်မပြနိုင်မီက ဖြစ်သည်။ အာဟန်မြို့ကလေးသည် ရိုင်းမြစ်ကမ်းရှိ ဥယျာဉ်မြို့ဖြစ်ပြီး ဒုတိယကမ္ဘာစစ်အတွင်းက နာဇီဂျာမန်တို့ အလူးအလဲခံခဲ့ရသော နေရာကလေးပင် ဖြစ်သည်။

အဆိုပါ သေဆုံးသူမိန်းကလေး၏ အလောင်းကို ဆရာဝန်များက စစ်ဆေးကြည့်ရာ မသေမီက လိင်ဆက်ဆံမှုပြုခဲ့သော အထောက်အထားများကို တွေ့ရသည်။ မသင်္ကာစရာကောင်းသောသူများကို ရဲများက စစ်ဆေးမေးမြန်းသော်လည်း ဘာမှအကျိုးမထူး ဖြစ်နေသည်။ နောက်ဆုံးတွင် ပါမောက္ခတင်ဟက်ထံ ဖုန်းဆက်ပြီး သေဆုံးသူမိန်းကလေးနှင့် နောက်ဆုံးတွေ့ဆုံသွားသူ မည်သူဖြစ်သည်ကို ကရာဇက်က သူ၏အာရုံထူးအမြင်ဖြင့်ကြည့်ပေးရန် အကူအညီတောင်းရသည်။

ဩဂုတ်လ (၅) ရက်နေ့တွင် အာဟန်ရဲစခန်း၌ ကရာဇက်နှင့် ပါမောက္ခတင်ဟက်တို့ရောက်လာပြီး အမှုကိစ္စကို ဆောင်ရွက်ကြသည်။ သေဆုံးသွားသူမိန်းကလေး၏အဝတ်အစားနှင့် ကျောပိုးအိတ်ကို စားပွဲပေါ်တွင် တင်ပြထား၏။ ယင်းပစ္စည်းများကို ထိတွေ့ကြည့်မြင်ရလျှင် ကရာဇက်၏အမြင်အာရုံသည် လွယ်ကူပြီး ထင်ရှားလာတတ်သည်။ ကရာဇက်သည် မှတ်ဖန်လုံး၊ အူဂျာဘုတ်၊ တားရော့ကတ် စသော ဗေဒင်ဆရာများသုံးသည့် ကိရိယာများကို အသုံးပြုသူ မဟုတ်။ အမှုနှင့်ပတ်သက်သော အဝတ်အထည်၊ ဓာတ်ပုံ စသည်တို့ကိုမူကား အထောက်အကူပစ္စည်းအဖြစ် အသုံးပြုသည်။

ကရာဇက်၏စိတ်စွမ်းအင် အမြင်အာရုံတွင် ထူးခြားသည့်ရုပ်ပုံသဏ္ဍာန်များ၊ နေရာနှင့် လူပုံများကို ထင်ထင်ရှားရှား မြင်ရတတ်သည်။ စိတ်အာရုံတွင်ထင်မြင်သည်ဆိုသော ဝိုးတားတားအာရုံမျိုး မဟုတ်။ သိသလိုလို ဆိုသော အထင်အာရုံမျိုးလည်း မဟုတ်။ သူအားထားသော ပုံသဏ္ဍာန်များ၊ နေရာများသည် သက်ဆိုင်သောပစ္စည်းကို ထိလိုက်၊ မြင်လိုက်ရလျှင် အလွယ်တကူ တိတိကျကျ အမြင်အာရုံတွင် ချက်ချင်းဆိုသလိုပင် ပေါ်လာတတ်သည်။ ယခုမိန်းကလေးသေဆုံးမှုတွင် အလောင်းကိုသာ တွေ့မြင်ရသည်။ အခြား ဘာမှသဲလွန်စ မရှိ မျက်မြင်သက်သေလည်းမရှိ ကြားလိုက်ရသူလည်း မရှိ၊ မည်သူ့ကိုမျှလည်း သံသယဖြစ်စရာမတွေ့ ဖြစ်နေသည်။



ကရာဇက်က မိန်းကလေးအဝတ်အစားကို ကိုင်ကြည့်လိုက်ပြီး 'မိန်းကလေးတစ်ယောက်ရဲ့ပုံသဏ္ဍာန်ပေါ်လာတယ်။ ငွေရောင်ဆံပင်နဲ့။ ဆံပင်တွေဟာ သူမရဲ့ပခုံးပေါ်မှာ ဝဲကျနေတယ်။ ကျောင်းသူကလေးပဲ။ အလယ်တန်းကျောင်းသူလေးပဲ' ဟု သူ့အမြင်အာရုံကိုပြောပြသည်။ နောင်အခါတွင်လည်း ကရာဇက်ပြောသည့်အတိုင်း မှန်နေသည်။

'ဒီတောစပ်မှာ မိန်းကလေးဟာ တုံးလုံးလဲနေတယ်။ သူမရဲ့လက်နားမှာ တိုင်တစ်လုံး ရှိတယ်။ ကျွန်တော် အ... အသက်ရှူရတာ ကျပ်လာတယ်၊ မော... လာတယ်။ ဒီမိန်းကလေး ဒီလို လဲနေ... တုန်းမှာ စက်ဘီးတစ်စီးတွေ့ရတယ်' ဟု ကရာဇက်က ဆက်ပြောပြသည်။ နောင်အခါ တိုက်တိုက်ဆိုင်ဆိုင် စစ်ဆေးကြည့်ရာ တိုင်တစ်လုံးနှင့် စက်ဘီးရှိနေသည်ကို တွေ့ရသည်။

"ဟော- ယောကျ်ားလေးတစ်ယောက်ကို တွေ့မြင်ရတယ်။ သူဟာ သေဆုံးသွားတဲ့မိန်းကလေးနဲ့ ချိန်းတွေ့ကြတာ၊ သမီးရည်းစားပေါ့။ သူဟာ မြက်ဦးထုပ်ကြီးဆောင်းထားတယ်။ သူ... ဟာ ပြဇာတ်သမားတွေဆောင်းတဲ့ မြက်ဦးထုပ်ကြီးကို ဆောင်းထားတယ်။ အာဟန်က ဟက်လက်ဖက်ရည်ဆိုင်ကို မြင်ရတယ်။ ဒီကောင်လေးနဲ့သက်ဆိုင်မယ်လို့ ထင်ရတာပဲ"

ဟု ကရာဇက်က ဆက်ဖြေသည်။

ရဲတို့စစ်ဆေးတွေ့ရှိချက်အရ လူငယ်ကလေး၏အစ်မတစ်ဦးသည် ဟက်လက်ဖက်ရည်ဆိုင်တွင် အလုပ်လုပ်သည်။ သူ့အစ်မရှိရာ ဟက်လက်ဖက်ရည်ဆိုင်သို့ လူငယ်ကလေး မကြာခဏရောက်တတ်သည်ဟု ဆိုသည်။


"ဒီလူငယ်ကလေးက မိန်းကလေးကို သတ်တာမဟုတ်ဘူး၊ မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com





သူ့ဘာသာ သေသွားတာ။ အမောဆို့သွားတာထင်ပါရဲ့။ ဟော - အခု မိန်းကလေးကို ပြန်မြင်ရပြန်ပြီ။ သူက ယောကျာ်းလေးကို ချိန်းတာ၊ အကြာကြီးချိန်းတွေ့ကြတာ။ လူငယ်လေးလည်း မြင်ရတယ်။ ကာကီရောင်ရှပ်အကျီဝတ်ထားတယ်။ ရင်ဘတ်မှာလည်း ရင်ထိုးတံဆိပ်တပ်ထားတယ်။ ကော်လာကျပ်ရင် လည်ပင်းကို လာထောက်တာကို မကြိုက်ဘူး။ မိန်းကလေးက စ,တတ်တယ်။ တောစပ်ထဲရောက်တော့ လူငယ်လေးက ရှေ့တိုးလာရင် နောက်ဆုတ်လိုက်တယ်။ ဒါပေမယ့် ဒီတစ်ချီတော့ မိန်းကလေးက အရင်လို အင်တင်တင်မလုပ်တော့ဘူး။ မိန်းကလေးဟာ လိင်စိတ်တွေ မွှန်စပြုလာတယ်။ နောက်တော့ ချစ်သူနှစ်ဦးဟာ ချစ်ပင်လယ်ကြီးထဲ မျောသွားကြတယ်။

ဒီလူငယ်လေးဟာ လမ်းလျှောက်ရင် ထော့နင်း ထော့နင်း ဖြစ်နေတယ်။ ခြေတစ်ဖက်ကတိုနေတယ်ထင်ရတယ်။ ဟော- အခု မိန်းကလေးပုံ ပေါ်လာတယ်။ ဒီမိန်းကလေးရဲ့ဖခင်ဟာ ပညာရေးနဲ့ပတ်သက်နေတယ်။ သူဟာ ဂီတလည်း ဝါသနာပါတယ်"

ဟု ကရာဇက်က သူ့အမြင်အာရုံကို ဆက်ပြောသည်။

နောင်အခါတွင် ရဲများ၏စုံစမ်းထောက်လှမ်းချက်အရ ကရာဇက်ပြောသည်မှာ မှန်ကြောင်း တွေ့ရသည်။ လူငယ်သည် ငယ်စဉ်ကလေးဘဝ၌ မော်တော်ကားတိုက်မိ၍ လဲသွားရာမှ ခြေထောက်တွင် ထိခိုက်မိပြီး ခြေတစ်ဖက်ဆာသွားသည်။ လူငယ်၏အစ်မတစ်ဦးမှာ ဟက်လက်ဖက်ရည်ဆိုင်တွင် အလုပ်လုပ်သဖြင့် လူငယ်သည် အစ်မရှိရာ ဟက်လက်ဖက်ရည်ဆိုင်သို့ မကြာခဏ ရောက်လေ့ရှိပြီး မြက်ဦးထုပ်အကြီးကြီးကို ဆောင်းတတ်သည်။ အကျီလည်ပင်းချောင်ချောင်ကိုလည်း ဝတ်ဆင်တတ်ပြီး သေဆုံးသူမိန်းကလေးနှင့် ရည်ငံလျက်ပြီး မကြာခဏ ချိန်းတွေ့တတ်ကြောင်းနှင့် လူငယ်သည် ရာဇဝတ်မှုကင်းရှင်းကြောင်း သိရသည်။ သေဆုံးသူမိန်းကလေး၏ဖခင်မှာ ကျောင်းအုပ်ဆရာကြီးဖြစ်ပြီး ဂီတကို မြတ်နိုးသူတစ်ဦးဖြစ်ကြောင်းလည်း သိရှိရသည်။

ကရာဇက်သည် သူ့အာရုံပြုလိုသူအကြောင်းကို ရုပ်ပုံများဖြင့် ရုပ်ရှင်ကြည့်ရသလို မြင်တတ်ပြီး ယင်းသို့ အမိကသိလိုသူနှင့်ပတ်သက်သော မိဘ၊ အပေါင်းအသင်း၊ မိတ်ဆွေများကိုလည်း တစ်ဆက်တည်း မြင်ရသည်။

ပါမောက္ခတင်ဟက်၊ ကရာဇက်နှင့်မိတ်ဆွေများသည် ရဲဌာနတွင် ကရာဇက်၏အမြင်အာရုံများကို အာရုံခံကြည့်ရှုပြီး တွေ့မြင်ရသောအမြင်အာရုံတို့ကို ကက်ဆက်တိပ်ခွေဖြင့် မှတ်တမ်းတင်သည်။ ထို့ကြောင့် အခင်းဖြစ်ရာဆီသို့ ပါမောက္ခတင်ဟက်၊ ကရာဇက်နှင့် မိတ်ဆွေများ၊ ရဲများပါ ကားဖြင့်သွားရောက်လေ့လာကြသည်။ အခင်းဖြစ်ပွားရာလမ်းတစ်လျှောက်တွင် သူမြင်သော အမြင်အာရုံကိုလည်း ကရာဇက်က ပြန်ပြောသည်။

အခင်းဖြစ်ပွားရာနေရာသို့ အသွား လမ်းခုလတ်အရောက်တွင် ကရာဇက်က ကားရပ်ရန်ပြောပြီး ကားပေါ်မှ ဆင်းကာ အာရုံခံသည်။

"ဒီနေရာဟာ မိန်းကလေးနဲ့ သူ့ဖခင်တို့ အဲဒီနေ့က နောက်ဆုံးတွေ့ခဲ့တဲ့နေရာပဲ။ ဖခင်က ဒီနေရာမှာ ရပ်တယ်၊ မိန်းကလေးက ဒီနေရာမှာရပ်ပြီး စကားပြောကြပြီး ဖခင်က ပြန်သွားတာ"

ဟု ကရာဇက်က ပြောပြသည်။

ခရီး ဆက်လက်ထွက်လာပြီးနောက် အခင်းဖြစ်ပွားရာနေရာအနီးရောက်သောအခါ ကရာဇက်က ကားကို ရပ်ခိုင်းပြီး အောက်ဆင်းကြည့်သည်။

"ဟော-ဒီနေရာမှာ ကားအပြာတစ်စီး ရပ်ထားတယ်။ ဇနီးမောင်နှံပဲ။ မြို့ပြင်ထွက်ပြီး လေညင်းခံတာနေမှာပေါ့။ သေဆုံးသူမိန်းကလေးနဲ့တော့ မဆိုင်ပါဘူး။ ဒီနေရာမှာ အဲဒီတုန်းက ဖြစ်ခဲ့ဖူးတာကို ပြန်မြင်ရတာပါ"

အခင်းဖြစ်ပွားရာနေရာ ရောက်သောအခါ ရဲတို့မျက်စိလျှမ်းသွားသော တိုင်တစ်တိုင်ကို တွေ့ရသဖြင့် ကရာဇက်အမြင်မှန်ကြောင်း တွေ့ရသည်။ မြက်ခင်းကိုကြည့်သောအခါ သွေးစသွေးနကို လည်းကောင်း၊ လုံးထွေးသတ်ပုတ်ထားသည်ကိုလည်း မတွေ့ရချေ။

ရဲတို့ထောက်လှမ်းရသမျှနှင့် လူငယ်ကလေး၏ထွက်ဆိုချက်၊ ကရာဇက်၏အမြင်အာရုံတို့မှာ တစ်ခုနှင့်တစ်ခု အံကိုက်နေသည်။ အမှုမှာ မိန်းကလေးသည် လိင်ဇောကြောင့် အမောဆို့ပြီး သေရခြင်း ဖြစ်သည်။ ဆရာဝန်၏ဆေးစစ်ချက်အရလည်း သူတစ်ပါးက လည်မျိုညှစ်ခြင်းမဟုတ်၊ နှလုံးဒဏ်ပိပြီး သေရကြောင်းဟု ဆိုသဖြင့် ကရာဇက်၏အမြင်အာရုံနှင့် တစ်ထပ်တည်းကျသည်။ လူငယ်မှာ သင်္ကာမကင်းဟု အထင်ခံရမှုမှ လွတ်ကင်းသွားသည်။

ဤမိန်းကလေး သေမှုအပါအဝင် ရာဇဝတ်မှုကို ပထမဦးဆုံး မှန်ကန်စွာ အမြင်အာရုံဖြင့် စုံထောက်ပေးနိုင်သော ကရာဇက်သည်လည်း နိုင်ငံကျော်သွားလေသည်။

မနောသုခေဘင်

*Ref: CROIST THE CL... ANT.*



www.burmeseclassic.com

www.burmeseclassic.com

**အကြောက်ဆုံးသောအချိန်**

လူမှန်လျှင် အကြောက်ဆုံးသော အကြောင်းအရာတစ်ခုတော့ ကြုံဖူးကြလိမ့်မယ်လို့ ကျွန်မ ထင်တယ်။ ကျွန်မတို့ညီအစ်မ (၃) ယောက်ဆိုရင် ဒေါသအလွန်ကြီးတဲ့ အဖေ့ကို အလွန်ကြောက်ကြရတာပါ။

ကျွန်မတို့ညီအစ်မ (၃) ယောက်

ရွှေပြည်စိုး(မိုးကုတ်)

အကြောက်ဆုံးသောညတစ်ည



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာက အမေ ငယ်ငယ်လေးကတည်းက ဆုံးပါးသွားတော့ အမေဆိုလည်း ဒီအဖေ၊ အဖေဆိုလည်း ဒီအဖေပါပဲ။ မိဘနှစ်ပါးစလုံးရဲ့ အာရုံနဲ့ ပုံပြီးချစ်ကြရတာပါ။ အမေဆုံးတော့ အဖေဟာ အသက် (၄၀)ကျော်ပဲ ရှိသေးတာ ဆိုတော့ သမီးတွေဒုက္ခရောက်မှာ၊ မိထွေးနဲ့ မတည့်မှာစိုးပြီး နောက်အိမ်ထောင်မပြုတာနဲ့ကို ပဲ အဖေ့အပေါ် လေးစားလို့မဆုံးကြပါဘူး။

အဖေ အလုပ်ကပြန်လာပြီဆိုရင် အဘိုးဖြစ်တဲ့ ဦးရွှေမင်းက-

"ဟဲ့- ငါ့မြေးတို့၊ ဒေါ်သကုမ္ဘာရ ပြန်လာပြီ။ သတိ ထားနေကြပေတော့"

လို့ အမြဲ သတိပေးတတ်တယ်။

အဖေလုပ်သူဟာ အမှားတွေ့ရင် ပါးစပ်က သိပ်ပြောလေ့မရှိဘဲ ကျွဲရိုက်တဲ့ကြိမ်နဲ့ ရိုက်လေ့ရှိတတ်လို့ပါပဲ။ အဲဒါကြောင့် ကျွန်မတို့တစ်တွေ ဗိုင်းကောင်းကျောက်ဖိ ပိပိပြားပြား နေထိုင်ကြရပါတယ်။ ဒီလိုနဲ့ အစ်မ မခင်ထွေး (၁၉)နှစ်သမီးမှာ ဆိတ်နံတုန်းရွာက တင်မောင်လတ်နဲ့ အိမ်ထောင်ကျသွားပြီး ထုံးစံအတိုင်းပေါ့လေ သျှောင်နောက် ဆံထုံးပါသွားတော့တာပါပဲ။ ဒါနဲ့ပဲ ကျွန်မက အိမ်မှာ အကြီးသမီးနေရာကို တာဝန်ယူရပါတော့တယ်။

ကျွန်မတို့မှာ လယ်မြေရှိပါဘူး။ ပိတောက်မြောင်ဘက်မှာ အလွန်ကျယ်ဝန်းတဲ့ တောင်ယာကွက်ကြီးတစ်ကွက် ရှိပါတယ်။ အဲဒီမှာ မိုးနှမ်းစိုက်လေ့ရှိတယ်။ မိုးနှမ်းစိုက်ပြီးရင် ဆောင်းဘည်မှာ သက်ငယ်တွေရိတ်ကြပါတယ်၊ ဆော



www.burmeseclassic.com

www.burmeseclassic.com

ငယ်ဆိုလို့ နည်းနည်းထွက်တယ်မထင်နဲ့။ လှည်းနဲ့အပြည့် အကြိမ်များစွာ တိုက်ယူရပါတယ်။

သက်ငယ်တွေ အိမ်ရောက်ရင် ကျွန်မတို့ အိမ်အောက်မှာ သက်ငယ်ပျစ်တဲ့အမျိုးသမီးတွေငှားပြီး ကျွန်မတို့ပါ မနားတမ်း သက်ငယ်ပျစ်ရတာပါ။

ကျွန်မတို့လည်း သုံးနှစ်တစ်ကြိမ် သက်ငယ်မိုးတယ်။ ရွာမှာရှိကြတဲ့ သက်ငယ်မိုးအိမ်တွေကလည်း အဖေ့သက်ငယ်ကိုပဲ အားကိုးကြတာ။ ဘာလို့လဲဆိုတော့ ကျွန်မတို့တွေက ရောင်းတန်းပါးပါးမပျစ်ဘဲ ခပ်ထူထူပျစ်ကြတဲ့အခါ သက်ငယ်ဟာ အနည်းဆုံး (၃) နှစ် လှည့်မကြည့်ရတော့ပါဘူး။ အဲဒါကြောင့် ပြန်ကပြေးနှစ်ဆောင်ပြိုင်ရပ်က ဦးတုတ်လှရဲ့ သက်ငယ် ဆိုတာ နာမည်တစ်လုံးနဲ့ နေတာပါ။ အဲဒါကြောင့် အဖေ့သက်ငယ်ဟာ ရွာတောင် မရောက်သေးဘူး၊ ကြိုတင် မှာထားသူတွေနဲ့အပြည့်ပါ။ ကျွန်မတို့တွေ အဲဒီအချိန်ဟာ ငွေအမြင့်ဆုံးအချိန်ပါ။

လယ်မြေမရှိပေမယ့် ကျွန်မတို့ ပူစရာလုံးဝမရှိပါဘူး။ အိမ်မှာရှိတဲ့ ကျွဲ (၆) ကောင်ကို အငှားထည့်လိုက်ရင် တစ်နှစ်တာအတွက် ဝမ်းစာစပါး လုံးဝပူစရာမလိုတော့ပါဘူး။ စပါး (၂၀၀) လောက် နှစ်စဉ်ရတယ်။ ပိုလို့တောင် ရောင်းစားရပါသေးတယ်။ အဖေရော ကျွန်မတို့ပါ လယ်တွေမှာ ဝင်လုပ်တယ် ဆိုရင်တော့ ဝမ်းစာစပါးဆိုတာ (၃၀၀) လောက် အနည်းဆုံး ရတတ်ပါတယ်။ တောသူတောင်သားတွေပေမယ့် မပူပင်ရတဲ့ဘဝပါ။ ကျွဲတွေရဲ့ကျေးဇူးနဲ့ အိမ်မှာ စပါးကျီထားနိုင်ခဲ့ပါတယ်။ ဒါက ဆက်စပ်လို့ ပြောပြခြင်းပါ။

ကျွန်မတို့လောကမှာ အကြောက်ရဆုံးဟာ အဖေပါပဲ။ ကျွန်မ ဒီလိုပဲ အဖေ့ကို အကြောက်ရဆုံးလို့ သတ်မှတ်ခဲ့တယ်။ ဒါဟာ အတော်မှားသွားခဲ့တယ်။ ဝမ်းစာစပါးနဲ့ပတ်သက်လို့ ကျွန်မ အကြောက်ဆုံးသောညတစ်ညကို ကျော်ဖြတ်ခဲ့ရဖူးပါတယ်။ အဲဒါလေး ပြောပြချင်တာပါ။

## ဘုရားကွဲရွာသို့အသွား

ကျွန်မတို့မှာ အစ်ကိုနှစ်ယောက် ရှိပေမယ့် တစ်ယောက်က ရန်ကုန်မှာ၊ တစ်ယောက်က မိုးကုတ်မှာရောက်နေကြတော့ ကျွန်မတို့မိသားစုမှာ ထောက်ထောက်ခံခံယောကျ်ားဆိုလို့ အဖေတစ်ယောက်တည်းပဲ ရှိတယ်လေ။ ဒီတော့ သားဆိုလည်း ကျွန်မတို့၊ သမီးဆိုလည်း ကျွန်မတို့ပဲရှိတာပါ။ အဲဒါကြောင့် ကျွန်မတို့တွေ ကျွဲကျောင်းတတ်တယ်။ ကျွဲလှည်းမောင်းတတ်တယ်။ တောထဲက သက်ငယ်တွေ ကျွန်မတို့ဟာ ကျွန်မတို့တင်တတ်တယ်။ ကြံရာသီဆိုရင် ကြံလှည်းအငှားတိုက်လိုက်တယ်။ မိန်းကလေးတွေပေမယ့် အခြေအနေအရ ယောကျ်ားတွေလို ကျွဲနဲ့ဖက်ပြီး လုပ်ကိုင်တတ်နေကြပါပြီ။

တစ်ခုသော ဆောင်းရာသီမှာ အဖေက -

"သမီးရေ၊ ဘုရားကွဲရွာက ကိုဖိုးမောင်က ကျွဲခ စပါး (၂၀၀) လာယူတဲ့။ အဲဒါ ဒီနေ့ညနေ (၆) နာရီလောက်သွားကြမှ ဖြစ်မယ်။ ဒါမှ ကျွဲတွေအပူသက်သာမှာ"

လို့ ပြောပါတယ်။

အဖေ ဆိုတာက ကျွဲတွေကို သားသမီးလိုကို ချစ်တာ။ ကျွန်မတို့ကိုသာ စိတ်တိုင်းမကျရင် ရိုက်တာ၊ ကျွဲတွေကိုတော့ ရိုက်ခဲပါတယ်။ ကျွဲတွေကလည်း အဖေ့အသံကြားတာနဲ့ကို ပျာနေအောင် ကြောက်ကြတာ။ ကျွဲတင်းကုပ်ဆိုရင် သန့်ရှင်းနေပါတယ်။ တင်းကုပ်ထဲမှာ ဘယ်ကျွဲမှ အပေါ့၊ အလေး မစွန့်ရဲဘူး။ တင်းကုပ် အပြင်မှာထွက်ပြီး စွန့်ကြလေ့ရှိတယ်။ လူစကားအလွန်နားလည်တဲ့ ကျွဲတွေပါ။

အဖေဟာ ကျွဲတွေနဲ့ ငယ်စဉ်ကတည်းက ဒိုးတူပေါင်ဖက် လက်ပွန်းတတီးလုပ်ကိုင်စားသောက်ခဲ့ကာ ကျွဲကျမ်းကျေတယ်ခေါ်ရမှာ။ ကျွဲဘာရောဂါဖြစ်ဖြစ် အဖေဟာ အမြဲကုသပေးတတ်ပါတယ်။

အဖေ အားကောင်းမောင်းသန်အရွယ်တုန်းကတော့ ကျွဲကြီးတွေနဲ့ ရိုးမသစ်တောကြီးတွေမှာ သစ်ထုတ်တဲ့လုပ်ငန်းတွေလုပ်တယ်။ ကျွဲ (၆) ကောင်လောက် အမြဲရှိတော့ ကျွဲကိုင်လူငှားခေါ်ထားရတာပါ။ အသက်(၄၀)ကျော်မှပဲ နားလိုက်တာပါ။

ဒါနဲ့ ကျွန်မတို့ ဘုရားကွဲရွာကို စပါးသွားတိုက်ဖို့ စီစဉ်ရပါတယ်။ လှည်းအိမ်ထဲ ဖျာခင်းရတယ်။ ဖျာတောင်မှ တစ်ထပ်နဲ့မရဘူး။ အောက်က ဖျာစုတ်ခံပြီးမှ အပေါ်မှာဖျာကောင်းခင်းရတယ်။ ဒါမှ လှည်းဆောင့်ဒဏ်ကိုခံနိုင်တာပါ။ ပြီးတော့ ဘေးမှာပတ်ဖို့ယိုင်ဖျာလိပ်လည်း ပါရပါတယ်။ ပြီးတော့ ယိုင်ထိန်း၊ ကြိုး၊ ဆောင်းဓား စတဲ့ လိုအပ်တာတွေ ကြိုတင် စီစဉ်ရပါတယ်။

ကျွန်မတို့မှာ ကျွဲ(၆)ကောင်၊လှည်း (၂)စင်းရှိတာကြောင့် စပါးက(၂)ခေါက်သယ်ရမှာပါ။ လှည်း(၁)စီးကို စပါးတင်း (၅၀) ဆံ့ပါတယ်။ ကျွန်မတို့ လှည်း (၂) စီးဆိုတော့ တစ်ခေါက်ကို စပါး (၁၀၀) ပါမှာပါ။

ဘုရားကွဲဆိုတာ ကျွန်မတို့ ပြန်ကပြေးနဲ့ (၁၅)မိုင် ဝေးပါတယ်။ နွားလှည်းဆိုရင် (၃) နာရီလောက် မောင်းရပြီး ကျွဲလှည်းဆိုရင်တော့ (၄) နာရီလောက် မောင်းရပါတယ်။ ဒါတောင်မှ ခရီးတစ်ထောက်လောက် နားပေးရပါတယ်။ အစာကျွေးရတယ်၊ရေတိုက်ရတယ်၊အနားပေးရတယ်။ ကွာခြားတာက နွားက မြန်တယ်။ ကျွဲက နှေးတယ်။ နွားက အပူဒဏ်ခံနိုင်တယ်။ ကျွဲက အပူဒဏ်မခံနိုင်ဘူး။ နွားက အားနည်းတယ်။ ကျွဲက အားကောင်းတယ်။ နွားက အပူကောင်း၊ ကျွဲက အအေးကောင်း။ ဒါက ကျွဲနဲ့ နွားကွာခြားချက်လေးတွေပါ။ အဖေကတော့ ကျွဲချစ်လွန်းလို့ ကျွဲဦးတုတ်လှလို့ နာမည်တွင်တယ်။ သူ့ခေတ်သူ့အခါက ကျွဲဦးတုတ်လှဆိုရင် လူတိုင်းသိကြတယ်။ ကျွဲအုပ်ကြီးနဲ့နေတာကိုး၊ တွင်မှာပေါ့။

"သမီးရှေ့ကမောင်း"

ဆိုပြီး သားအဖနှစ်ဦးလှည်းကိုယ်စီနဲ့ ထွက်ခဲ့ကြပါတယ်။ ဆောင်းရာသီဆိုတော့ မိုးကချုပ်နေပါပြီ။ လိုရမည်ရ ရေနံဆီမီးခွက်တစ်လုံးတော့ ပါခဲ့ပါတယ်။ အဖေ့ရဲ့ ဆေးလိပ်မီးခြစ်ပါလာတော့ မီးအတွက် အဆင်ပြေပါတယ်။ ဘုရားကွဲကို ည (၁၀) နာရီကျော်ကျော်မှ ရောက်မှာကိုး။

ကျွန်မတို့ဟာ ကားလမ်းအတိုင်း မောင်းလာခဲ့ကြပါတယ်။ ကျောက်ခင်းလမ်း ဆိုတော့ လှည်းဘီးကြိတ်သံ တကျွတ်ကျွတ်မြည်နေပါတယ်။ ဒီလိုနဲ့ ကျွန်မတို့ဟာ သာယာကုန်းရွာ၊ ကျောက်စမ်းအိုင်ရွာတို့ကို စတင်ကျော်ဖြတ်လာခဲ့ပါတော့တယ်။ ဒါက ပြန်ကပြေးထွက်ရင် စတင်တွေ့ရတဲ့ ရွာလေးတွေပါ။

## လှည်းဝင်ရိုးဒုက္ခပေးပြီ

ကျောက်ခင်းကားလမ်းဟာ လှည်းဆောင့်လွန်းတာကြောင့်-

"အဖေ၊ အောက်ဘက်မြေလမ်းက ချမောင်းရအောင်"

လို့ ပြောတော့ -

"မောင်းလေ သမီး"



www.burmeseclassic.com

www.burmeseclassic.com

ဆိုပြီး လှည်းကို ကားလမ်းဘေးက မြေလမ်းမှာ ကွေ့ပြီးဆင်းလိုက်တယ် ဆိုရင်ပဲ လမ်းခင်းခဲကြီးကြီးတစ်လုံးကို ဘီးနဲ့ကြိတ်မိလိုက်ပါတယ်။ အဲဒီ ဂျုန်းဆိုတဲ့အသံနဲ့အတူ ဗျစ်ဆိုတဲ့အသံ ဆက်တိုက်ထွက်လာပြီး လှည်းဘီးဟာ လှည်းအိမ်နံရံကို လာပွတ်တိုက်ပါတော့တယ်။ ဒါနဲ့ ကျွန်မ ချက်ချင်းပဲ ကြိုးကိုတင်းပြီး ဆွဲတင်ကာ လှည်းကို ရပ်နားလိုက်ပါတယ်။

"အဖေ၊ ဘာဖြစ်တာလဲမသိဘူး။ ဝင်ရိုးကျိုးပြီထင်တယ် အဖေ"

ဆိုတော့ အဖေလည်း ကျောက်ခင်းလမ်းရဲ့အောက်ဘက်မှာ လှည်းကို ရပ်ပြီး မီးခွက်ထွန်းကာ ကျွန်မမောင်းတဲ့လှည်းကို လာကြည့်ပါတယ်။

"ဩော်-ဒုက္ခပါပဲ၊ ဝင်ရိုးကျိုးသွားပြီ သမီးရဲ့။ ရှေ့ဆက်သွားလို့မရတော့ဘူး၊ ကဲကဲ - ကျွဲတွေဖြုတ်ရအောင်"

လို့ ပြောပြီး ကျွန်မတို့ ကျွဲတွေကို ဖြုတ်ကာ လှည်းအိမ်နံရံမှာချည်ထားလိုက်ကြပါတယ်။ လှည်းတွေကိုတော့ လှည်းထောက်ခွနဲ့ ထောက်ထားကြတာပါ။

"ဘယ်လိုလုပ်ကြမလဲ အဖေ"

"လှည်းဝင်ရိုးအသစ်လဲပြီးမှ ရှေ့ခရီးဆက်လို့ရမှာ သမီးရဲ့"

"အိမ်မှာအဖေလုပ်ထားတဲ့လှည်းဝင်ရိုးရှိတာပဲ။ အဲဒါပြန်ယူမှရမှာ။ သမီး ဒီကစောင့်နေမယ်လေ"

"အဲဒီလှည်းဝင်ရိုးက လှည်းနားစောင့်မဖောက်ရသေးဘူးသမီးရဲ့။ လှည်းနားစောင့်အပေါက်ဖောက်ရဦးမှာ ဆိုတော့ အဖေ ချက်ချင်း ပြန်လာနိုင်မယ် မထင်ဘူး။အဲဒါသမီးတစ်ယောက်တည်း ဒီမှာစောင့်နေရဲပါ့မလား"

"စောင့်ရဲပါတယ် အဖေရယ်။ ဖြစ်လာမှတော့ စောင့်ရဲရမှာပေါ့"

လို့ အားတင်းပြီး ပြောလိုက်မိပါတယ်။ ဟုတ်တယ်လေ၊ မရဲသော်လည်း ပြေးခဲ ဆိုတာလို အခြေအနေနဲ့ အချိန်အခါအရ ပြောရတော့တာပေါ့။ သားအဖနှစ်ယောက် ရှေ့တိုးမရ၊ နောက်ဆုတ်မရနဲ့ ငုတ်တုတ်နဲ့ မိုးလင်းရမယ့်အတူတူ ဒီနေရာမှာ ကျွန်မရဲ့ဆန္ဒက အဓိကကျနေတယ်လေ။

တကယ်လို့သာ အဖေ ကျွန်မတစ်ယောက်တည်း မနေရဲဘူးဆိုလို့ကတော့ အဖေဟာ တစ်ညလုံး ကျွန်မနဲ့အတူ လမ်းမှာ အချိန်ကုန်ရမှာ။ မနက်မိုးလင်းမှ ရွာပြန်ပြီး လှည်းဝင်ရိုးနားစောင့်ဖောက်၊ ထမ်းပြီးပြန်သယ်လာဆိုရင် အဲဒီမှာ နေ့ဝက်လောက် အချိန်ကုန်မှာ။

ပြီးတော့ ကျွဲတွေရဲ့ဝမ်းရေး၊ ကျွန်မရဲ့ဝမ်းရေးကရှိသေးတယ်။ သောက်ရေလည်း ပါမလာခဲ့ဘူး။ ကျွန်မတို့လူတွေ ဆိုတာက အဖြစ်ကိုပဲ တွက်တာလေ၊ အပျက်ကိုမှ မတွက်တာ။ ဒီတော့ ည (၁၀) နာရီကျော်ကျော်လောက်ရောက်မယ့်ခရီးအတွက် ဘာမှစားစရာကြိုတင်ပြင်ဆင်လာတာမရှိဘူး။

ခုလှည်းဝင်ရိုးကျိုးနေတာ သာယာကုန်းရွာအလွန် အတော်လှမ်းလှမ်းမှာဆိုတော့ စားဖို့မပြောနဲ့ သောက်ဖို့ရေတောင် မလွယ်ဘူး။ လူဆိုတာ တစ်ခွက်တစ်ဖလားသောက်ရင်ဝပေမယ့် ကျွဲတွေက တစ်ခါသောက်ရင် ရေပုံးနဲ့ (၂) ပုံးလောက် သောက်တာ။ ဒီတော့ လှည်းဝင်ရိုးဟာ ဒီညအတွင်းကို ရောက်နိုင်မှတော်ရုံကျမယ်။ ဒါကြောင့် အကြောင်းအမျိုးမျိုးကိုင့်ပြီးတော့ ကြောက်ပေမယ့် မကြောက်ယောင်ဆောင်လိုက်ခြင်းပါဘဲ။

**အမှောင်ထဲမှာ**

"ကဲ- ဒါဆိုလည်း သမီးဒီကစောင့်နေပါ။ သမီးကို ကွယ်နေအောင် အဖေ ယိုင်ဖျာနဲ့ ပတ်ပေးခဲ့မယ် ဟုတ်လား။ ကိုင်းယမ်းဓားကို အနီးမှာထားပြီး အိပ်နေပါ။ ဘာသံကြားကြား မကြောက်နဲ့ သိလားသမီး။ ဒီဝန်းကျင်မှာတော့ လူဆိုးသူခိုးနည်းပါတယ်။ ဒီလို လမိုက်ညတွေမှာ လူသွားလူလာလည်း နည်းပါတယ်။ မလွှဲသာလို့သာ သမီးကိုထားခဲ့ရမှာ။ အဖေ သိပ်ပြီးစိတ်မချဘူး"

လို့ နောက်ဆုံးတင်းစကားကို ဆိုတာနဲ့ ကျွန်မလည်း ဟန်ကိုယ့်ဖို့ စကား



ထပ်ဆိုရပါတယ်။

"စိတ်ချလက်ချသာသွားပါ အဖေရယ်၊ သမီးမကြောက်ပါဘူး။ အရေးကြုံတော့လည်း ကိုင်းခုတ်ဓားနဲ့ဖြေရှင်းလိုက်မယ် ဘာမှပူမနေနဲ့"

လို့ ခပ်မိုက်မိုက်ပြောလိုက်တော့မှ လှည်းကောင်းပေါ်မှာ ယိုင်ဖျာပတ်ပြီး -

"သမီး ဒီအထဲမှာနေနော်။ လူတွေဘာတွေလာရင် မျက်နှာမပြနဲ့ဟုတ်လား"

ဆိုပြီး သူ့ရဲ့လက်သုံးတော်ပိဿာစီးဓားမကော့ကြီးထမ်းကာ ရွာဘက်ခပ်သုတ်သုတ် ထွက်သွားပါတော့တယ်။ မှောင်လိုက်တာလည်း ပိန်းနေတာပါ။ ခဏအတွင်းမှာပဲ အဖေ့ပုံရိပ် မျက်စိအောက်ကပျောက်သွားတယ်။

အဲဒီကျမှ အဖော်မဲ့တဲ့ အရှုယ်ရောက် အပျိုစင် ကျွန်မဟာ အမျိုးမျိုးတွေးပြီးကြောက်မိပါတယ်။ ညကာလအမှောင်ထဲမှာ တစ်ယောက်တည်းကျန်ခဲ့တဲ့ ကျွန်မဟာ ပတ်ဝန်းကျင်ကို လေ့လာကြည့်မိတယ်။

ကျွန်မတို့ဟာ သစ်ပင်ကြီးတစ်ပင်ရဲ့အောက်တည့်တည့်မှာရောက်နေတာကလား။ လားရာလမ်းရဲ့ လက်ဝဲဘက်ကျတဲ့ ကားလမ်းဘေးက လှည်းလမ်းပေါ်မှာပါ။

ကံများမကောင်းပုံပြောပါတယ်။ ဟိုးအရှေ့အတော်လေးမောင်းလိုက်ရင် သပြေကုန်းရွာရောက်ပါတယ်။ အဲဒီရွာထဲမှာဆိုတော်သေးရဲ့။ ခုတော့ ကိုးလိုးကန့်လန့် ရွာနှစ်ရွာအကြားမှာမှ လှည်းဝင်ရိုးကျိုးရတယ်လို့။

လမိုက်ရက်ဆိုပေမယ့် ပိတ်ပိတ်ပိန်းအောင်မှောင်နေတာတော့ မဟုတ်ဘူး။ လရောင်မရှိပေမယ့် ကြယ်ရောင်လေးတွေတော့ရှိသေးတယ်။ ကျင့်သားရတဲ့မျက်စိတွေက အမှောင်ထဲပေမယ့် မြင်နေရပါတယ်။

အပင်ကြီးကို မော့ကြည့်မိတယ်။ ဘာပင်ကြီးပါလိမ့်။ အမြဲသွားလာနေတဲ့ လမ်းမဟုတ်တော့ ဒီလမ်းကို မကျက်မိပါဘူး။ အပင်ကြီးဟာ ဆောင်းလေအသုတ်မှာ အကိုင်းတွေဝှေ့ဝဲလှုပ်ခါပြီး ရှုခနဲအော်မြည်သံထွက်လာပါတယ်။ အဲဒီမှာ ဆောင်းလေသုတ်တာမို့ ချမ်းတာရော ကြောက်တာပါ နှစ်ခုပေါင်းပြီး ကြက်သီးမွေးညင်းတွေထလာပါတယ်။

ဒါနဲ့ ဩော်- ဟုတ်သားပဲ၊ အဖေ့နဲ့ မို့ ခြံစောင့်ကို မေ့နေတာကိုး ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com

လှည်းနံရံလွယ်အိတ်ထဲက ငါးစပ်စောင်ကိုဆွဲထုတ်ပြီး ခြုံလိုက်ပါတယ်။ စောင်ခြုံလိုက်တော့မှ အကာအကွယ်ရပြီး အကြောက်ပြေကာ အားရှိသလိုလိုဖြစ်လာခဲ့ပါတယ်။

**မိန်းမသားပေမို့**

ကျွန်မဟာ မှောင်မိုက်တဲ့ ညတစ်ညထဲ လူသူမနီးတဲ့တောလမ်းရဲ့အလယ်မှာ တစ်ကိုယ်တည်း ရပ်တည်နေရပါတယ်။ ကျွန်မနေရာမှာဝင်ပြီး စဉ်းစားကြည့်ကြပါ။ အကာအကွယ်ဆိုလို့ စပါးထည့်ရင် ပတ်တဲ့ ယိုင်ဖျာရယ်၊ ငါးစပ်စောင်တစ်ထည်ရယ်၊ ထက်မြက်ပြီး ပေါ့ပါးသွက်လက်တဲ့ ကိုင်းခုတ်ဓားရှည်တစ်ချောင်းရယ် ဒါပဲရှိပါတယ်။

ကျွန်မဟာ ကျွဲလေးကောင်နဲ့ လှည်းကျိုးတစ်စီး၊ လှည်းကောင်းတစ်စီးကို စောင့်ရှောက်ရမယ့်တာဝန်၊ ပြီးတော့ မိန်းမသားပေမို့ ကိုယ့်ကိုယ်ကိုယ် စောင့်ရှောက်ရမယ့်တာဝန်တွေ ရှိတယ်လေ။

မကောင်းမှုဒုစရိုက်တွေ ဆိုတာ အများအားဖြင့် အမှောင်ကို အခြေပြုကြတာ မဟုတ်လား။ မတော်လို့များ ကျွဲတွေကို လာလုရင် ကျွန်မဘာတတ်နိုင်မှာလဲ။ ကျွဲတစ်ကောင်ရဲ့ တန်ဖိုးဆိုတာ နည်းတာမဟုတ်ဘူး။ ရုတ်တရက် ဝယ်နိုင်ဖို့ မလွယ်ဘူးလေ။ ကျွန်မတို့ဆိုတာက ကျွဲနဲ့ ဒိုးတူပေါင်ဖက် လုပ်ကိုင်စားသောက်နေထိုင်ကြတာ။ ကျွဲဆိုတာ ကျွန်မတို့အဖို့ မရှိမဖြစ်ပစ္စည်းပါ။

အဲဒီလို ကျွဲတွေကို လာလုမှာစိုးတာကြောင့်လည်း ကျွန်မဟာ လည်တဆန့်ဆန့်နဲ့ လမ်းရဲ့ ရှေ့ နောက် မျှော်ကြည့်ပြီး ထိတ်ထိတ်ကြောက်လန့်နေရတာကလည်း တစ်ဒုက္ခပါ။ ကျွန်မမှာ ဓားရှိတယ် ဆိုပေမယ့် အုပ်စုနဲ့ဆိုရင် ကျွန်မဘာမှတတ်နိုင်မှာမဟုတ်ပါဘူး။

ပြီးတော့ ကျွန်မဟာ အထိုက်အလျောက်လှတဲ့ မိန်းမပျိုတစ်ဦးပါ။ သူများတွေရဲ့ စော်ကားမော်ကားခံရမှာကိုလည်း သေမလောက်ကြောက်သူပါ။ အကယ်၍သာ ကံဆိုးမိုးမှောင်ကျပြီး မတော်တဆကြုံရပါက ကျွန်မဟာ ယောကျ်ားတစ်ရာလာပါစေ ကိုင်းခုတ်ဓားနဲ့ သူသေကိုယ်သေ ပြန်လည် ခုခံရမှာပါ။

ဒါပေမယ့် တကယ် တွေးကြည့်တော့ ကြောက်စရာကြီးပါပဲ။ အမှန်တကယ် ခုခံနိုင်စွမ်း ရှိမှရှိပါ့မလား။ တကယ်လာရင် ဒူးတွေတုန်ပြီး ကြောက်နေမလားဆိုပြီး အစွန်းရောက်စိတ်ကြောင့်လည်း ကြက်သီးဖြန်းဖြန်းထမျှတွေးပြီး ကြောက်ရွံ့နေမိပြန်ပါတယ်။ ဟယ် - ငါ ဦးတုတ်လှရဲ့သမီးပဲ။ သွေးမကြောင်ပါဘူး ဆိုပြီးလည်း ကိုယ့်ကိုယ်ကိုယ် အားပေးရပြန်ပါတယ်။

ပြီးတော့ ကြောက်တာတစ်ခုရှိသေးတယ်။ အဲဒါက သရဲပါ။ သရဲဆိုတာ မြင်ချင်လည်းမြင်ရမယ်၊ မမြင်ချင်လည်း မမြင်ရဘူးပေါ့။ ဒါပေမယ့် သရဲဆိုတဲ့အရာကိုတော့ ကျွန်မတို့ အရိုးစွဲကြောက်ကြတာပါ။ မြင်လိုက်တာနဲ့ မေ့မူးမတတ်ဖြစ်သွားအောင် ပုံဆိုးပန်းဆိုးကြီးနဲ့ ကိုယ်ထင်ပြပြီး ခြောက်လှန့်လေမလား၊ ထိတ်လန့် ကြောက်ရွံ့ဖွယ် အသံဆိုးကြီးနဲ့ ခြောက်လှန့်လေမလား၊ ဒါမှမဟုတ် အများပြောပြောနေကြတဲ့ ကလေးငိုသံနဲ့ ခြောက်လှန့်လေမလား၊ ခဲနဲ့ပေါက်သလို၊ သဲနဲ့ပက်သလို အသံနဲ့ ခြောက်လှန့်လေမလားနဲ့ သစ်ပင်ကြီးပေါ် မော့မော့ကြည့်ရတာလည်း အခါခါ။ သစ်ပင်ကြီးကတော့ ကြောက်လေ အနေ့ာမှာ အရွက်လေးတွေ တခါခါနဲ့ ဣန္ဒြေရရပါပဲ။

အကြောက်တရားတွေ စုဝေးနေတာကြောင့် ကျွန်မဟာ အိပ်ချင်စိတ်လုံးဝမရှိသလို ဆောင်းရဲ့အအေးဒဏ်ကိုလည်း ဂရုမစိုက်နိုင်ဘဲ ချွေးတောင်ပြန်ချင်သလိုလိုရှိနေရပါတယ်။ ဘာလို့လဲဆိုတော့ အဖေရုတ်တရက်ဘယ်နည်းနဲ့မှ ပြန်ရောက်လာနိုင်မှာ မဟုတ်လို့ပါပဲ။

**အားတက်ရတဲ့အချိန်**

ညဟာဘယ်လောက်တိတ်ဆိတ်လဲဆိုရင် ကျွဲတွေရဲ့ စားမြုံ့ပြန်ပြီး တကျိကျိဝါးသံ၊ တောသဘာဝ မြေပုရစ်လေးတွေရဲ့အော်သံကို ကြားနေရပါတယ်။ လေငြိမ်တဲ့အခါ သစ်ရွက်ချင်းရိုက်ခတ်သံကိုလည်း အပီအပြင် ကြားနေရပါတယ်။ ကျွန်မကတော့ ယိုင်ထဲမှာ ငုတ်တုတ်ထိုင်ပြီး ကျီးကန်းတောင်းမှောက်တောင်ကြည့်မြောက်ကြည့်နဲ့ နေနေရတာပါ။ အချိန်အတော်ကြာခဲ့ပါပြီ။

အဲဒီလို ကြည့်နေတုန်းမှာပဲ ဟိုးအနောက်ဘက်က မီးရောင်အလင်းပျပျကို လှမ်းမြင်ရပါတယ်။ အမှောင်ရဲ့ဆန့်ကျင်ဘက်အလင်းအားဟာ ညမှာ ပိုမိုလင်းလက်တောက်ပြောင်ပါတယ်။ကျွန်မအထင် သစ်တင်ကားဖြစ်မယ်လို့ ထင်ပါတယ်။ အဲဒီအချိန်အဲဒီကာလ ဒီလမ်းမှာ သစ်တင်ကားကလွဲလို့ ဘာကားမှမရှိလို့ပါဘဲ။ တောရွာကလူတွေဟာ မြို့နဲ့ဆက်သွယ်ဖို့ အဲဒီသစ်တင်ကားတွေရဲ့ သစ်လုံးတွေပေါ်မှာ ထိုင်စီးပြီး နေ့နေ့ညညလိုက်ကြရတဲ့ခေတ်ပါ။ ဆိုရရင်တော့ လှည်းခေတ်လို့လည်းခေါ်ရမှာပါ။ သစ်တင်ကားဆိုတာ ကြာကြာမှ တစ်ခါလာတာဆိုတော့ ကားစောင့်စီးရမယ့်လူတွေဟာ သစ်တင်ကားကို လည်ပင်းတရှည်ရှည်နဲ့မျှော်ပြီး မျှော်တော်ဇောနဲ့မောရတဲ့ခေတ်ပါ။ အဲဒီတော့ ဆူလွယ်နပ်လွယ် နွားလှည်းတွေနဲ့ပဲ ခရီးသွားကြတာ များတယ်။ အဲဒီတော့ လှည်းခေတ်မကုန်သေးဘူးခေါ်ရမှာပါ။

မကြာမီ မီးရောင်ဟာ လင်းထိန်လာပြီး ကားစက်သံပါ ကြားရတယ်။ ကားဆိုလို့ မြန်တယ်မထင်လိုက်ပါနဲ့၊ ကျောက်လမ်းပေါ်မှာ သစ်တွေအပြည့်နဲ့ တန့်နှံ့ပဲမောင်းနိုင်တာပါ။ သစ်တင်ကားမှောက်လို့ဆိုတဲ့သတင်းဟာ ကြာကြာတစ်ခါကြားရတတ်တာမို့ မောင်းသူတွေဟာ လမ်းအခြေအနေကြောင့် ဖြည်းဖြည်းမောင်းကြခြင်းပါပဲ။

အချိန်အတန်ကြာမှ မီးရောင်ဟာ ကျွန်မတို့ကို လွှမ်းခြုံပြီး ကျရောက်ခဲ့ပါတယ်။ မီးတွေထိန်လင်းလာတဲ့အချိန်မှာတော့ ကျွန်မဟာ ခေတ္တကြောက်စိတ်ပြေပြီး အားတွေတက်ရပါတယ်။

အဲဒီမှာ ဘာကိုတွေးပြီးတမ်းတမ်းသလဲဆိုတော့ ဒီသစ်ကားကြီး ငါတို့နားမှာ စက်ပျက်နေရင်ကောင်းမှာ။ ဒါမှ ငါလည်း တစ်ညလုံးအဖော်ရမှာလို့တွေးပြီး တမ်းတမိတာပါပဲ။ ခုချိန် ကျွန်မသာ ဓေ... တစ်လုံးပိုင်ရှင်ဖြစ်ရင် အဲဒီဓေတစ်လုံး... ပထမဆုံး အသုံးချမိမှာကတော့ အဲဒီ သစ်တင်ကား ဒီနေရာမှာ စက်ပျက်စေ... ဆိုပြီး စက်ပျက်ခိုင်းလိုက်မှာပဲ။ ဘာလို့လဲဆိုတော့ အဲဒီကား စက်ပျက်ရင် သူတို့လည်း စက်ပြင်ရင်းနဲ့ တစ်ညလုံး ကျွန်မနဲ့ အဖော်ရမယ်လေ။ သစ်လုံးတွေပေါ်မှာ ခရီးသည် လေး၊ ငါးဦး ပါလာတယ်...

ကိုယ်ကသာ မကောင်းစိတ်နဲ့စက်ပျက်စေချင်တာ။ သစ်တင်ကားကြီးကတော့ တရွေ့ရွေ့တအိအိနဲ့ ကျွန်မတို့ကို ကျော်လွန်သွားခဲ့ပါပြီ။ အလင်းတာ... အရှေ့ဆီ တရွေ့ရွေ့နဲ့ရွေ့လျောသွား... လို ကျွန်မဆီမှာကတော့ ကားလွန်တာနဲ့ မှောင်အတိပြန်ကျခဲ့ပါပြီ။ ကားသံလည်း တဖြည်းဖြည်း ပျောက်ကွယ်သွားခဲ့ပါပြီ။

အလင်းဓာတ်လေး ရလိုက်...



www.burmeseclassic.com

www.burmeseclassic.com

ခိုနှစ်အနည်းငယ်ပါပဲ။ ဒါပေမယ့် အဲဒီအလင်းတာတ်ဟာ ကျွန်မရဲ့ ကြောက်စိတ်ကို ခေတ္တပြေစေတာမို့ တန်ဖိုးရှိလိုက်တာ။ အလင်းဆိုတဲ့ တန်ဖိုးဟာ ကြီးမားလိုက်တာပါလားလို့ သိလိုက်ရပါတယ်။

ခုချိန် ကျွန်မ အလင်းဓာတ်ကို မဖန်တီးနိုင်ပါဘူး။ ဓာတ်မီးခြစ်က ဆေးလိပ်သောက်တဲ့ အဖေ့ဆီပါသွားပြီလေ။ ကျွန်မဆီမှာ မီးခွက်တော့ ကျန်ရစ်ပါရဲ့။ မီးခြစ်မရှိရင် မီးခွက်ဟာ အလကားပါပဲ။

ဒါနဲ့ပဲ ကျွန်မဟာ သစ်တင်ကားတွေ မကြာမကြာလာပါစေလို့ ဆုတောင်းမိပါတယ်။ ဒါပေမယ့် ဆုတောင်း ဆိုတာ ပြည့်ဖို့မလွယ်မှန်း ကျွန်မ သိပါတယ်။ သိတဲ့အတိုင်းလည်း သစ်တင်ကားဆိုတာ မျှော်သာမျှော် ပေါ်မလာခဲ့တာမို့ အမှောင်ထဲမှာ ငုတ်တုတ်ဆိုပါတော့ရှင်။

**တောခြောက်တာလား**

*"ညမှောင်မှောင်××××လမှောင်မှောင်×××ကြယ်ရောင်သော်မလင်းတဲ့×××ချိန်းခဲ့ကြညတုန်းကပေါ့ကွယ်×××ကိုယ်တစ်ယောက်တည်း×××မြကန်သာမြက်ခင်းနံဘေးမှာ×××အတွေးတွေရင်မှာပိုက်ကာ×××ဆိုက်ဆိုက်လာခဲ့မိတယ်×××ချစ်သူလာသောညက×××ငွေလသာပါတယ်×××ချစ်သူမလာသောခုည×××ငွေလဘယ်ဆီရောက်နေသလဲကွယ်×××လမင်းဘယ်ဆီပျောက်နေသလဲကွယ်×××ချစ်သူမှန်းလို့×××ငွေလရယ်ပုန်းနေတာလားကွယ်×××"*

တွံတေးသိန်းတန်ရဲ့သီချင်းကို အကျဆိုပြီး တဖြည်းဖြည်းလာနေတဲ့အသံကို ကြားရတဲ့အခါ ကျွန်မတစ်ကိုယ်လုံး တောင့်တင်းသွားသလို ခံစားရပါတယ်။

ဒုက္ခပါပဲ။ ကျွန်မအနားကိုရောက်လို့ စပ်စုတဲ့အနေနဲ့ လှည်းနားကပ်ပြီး ကြည့်ရင်တော့ လူကောင်းသူကောင်းဆို အရေးမကြီးဘူး။ လူယုတ်မာဆိုရင်တော့ ကျွန်မအန္တရာယ်ရှိပါတယ်။အဲဒါကြောင့် အနီးကဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်ပါတယ်။ ဓားရိုးကိုဆုပ်ကိုင်ပြီး အံကိုကြိတ်လိုက်မှ ဓားရိုးကနေ စီးဝင်လာတဲ့ဓာတ်တစ်မျိုးဟာ ကျွန်မကို အားအင်ဖြစ်စေပြီး အကြောက်အနည်းငယ် လျော့စေပါတယ်။

ဒါပေမယ့် ကျွန်မ နားဆက်စွင့်နေပါတယ်။ သီချင်းကို တစ်ပိုဒ်ပဲဆိုပြီး နောက်ထပ် ဆက်မဆိုတော့ပါဘူး။ ခဏနေတော့မှ ယောကျ်ားတွေ စကားပြော



သံကိုကြားလာရပါတယ်။ ဒီတော့မှတစ်ယောက်တည်းမဟုတ်ဘဲ အုပ်စုလိုက်ဆိုတာ အကဲခတ်လို့ရပါတယ်။ ဒီအုပ်စုဟာ ဒီလမ်းကို အသေအချာဖြတ်မှာပါပဲ။ အ,ကာလညအခါမှာ ဒီယောကျ်ားအုပ်စုဟာ ကျွန်မရဲ့ကောင်းကျိုးထက် ဆိုးကျိုးကိုသာ ဦးတည်မယ်လို့တွက်ပြီး ဓားကို အသင့်အနေအထားနဲ့ ကိုင်ထားလိုက်ပြီးဖြစ်ပါတယ်။

အံ့သြစရာကောင်းတာက အဲဒီယောကျ်ားအုပ်စုရဲ့ စကားသံဟာ အတော်နီးလာမှ တိခနဲပြတ်ပြီး တိတ်ဆိတ်သွားပါတော့တယ်။ သူတို့ဘာတွေပြောဆိုလာကြတယ်ဆိုတာတော့ ကျွန်မ နားမရှင်းပါဘူး။ တွံတေးသိန်းတန်ရဲ့သီချင်းသာ ပီပီပြင်ပြင် နားရှင်းလိုက်တာပါ။ အဲဒီသီချင်းသံကြားတော့ ကျွန်မတောင်ခေတ္တ သီချင်းမှာ စီးမျောသွားခဲ့တာကလား။ ဒီသီချင်းကို ကျွန်မ ကြိုက်တယ်လေ။

ခုတော့ ဒီကောင်တွေ တိတ်သွားပြီး ကေန္တ ကျွန်မကိုမြင်လို့များ ချောင်းနေတာလားဆိုပြီး အသက်တောင်ပြင်းပြင်းမလျှူဝံ့ဘူး။ ချမ်းတာ၊ အေးတာ ဘယ်ရောက်တယ် မသိဘူး။ ချွေးစေးတောင်ပြန်လာပါတယ်။ ဒီသီချင်းသံနဲ့ အုပ်စုသံက သာယာကုန်းဘက်ကလာတဲ့ အသံပါ။ အသက်တောင်မရှူမိဘူးထင်ပါရဲ့။ ကျွန်မ အဲဒီအသံကြားရာဘက်ကို မျက်တောင်မခတ်ကြည့်နေမိတယ်။ကြယ်အလင်းရဲ့အောက်မှာ လမ်းကိုတော့ မှုန်ဝါးဝါးမြင်နေရတာပါ။ ဒါပေမယ့် လှုပ်ရှားမှုဆိုလို့ ဘာဆိုဘာမှ မမြင်ရပါဘူး။

ဒါနဲ့ နာရီဝက်ကနေ တစ်နာရီလောက်သာ ကြာသွားတယ်။ အဲဒီယောကျ်ားအသံတွေ ပျောက်ခြင်းမလှပျောက်သွားတာ။ လူသာမှန်ရင်ဒီလောက်ကြီး ကြာမယ်မထင်ဘူး။ လှုပ်ရှားမှုတစ်ခုခုတော့ လုပ်လာမှာပါ။ ခုတော့ ထူးခြားမှုတစ်စုံတစ်ရာမတွေ့ရဘဲ တောဟာ တိတ်ဆိတ်မြဲတိတ်ဆိတ်နေပါတယ်။

ဒီအခါကျမှ အစောပိုင်းကသီချင်းသံပေးတာ၊ ပြီးတော့ အုပ်စုဖွဲ့ပြီး စကားပြောတာဟာ လူတွေမဟုတ်ဘဲ နာနာဘာဝတွေဆိုတာ ကျွန်မအလိုလိုသိလိုက်ပါတယ်။ အဲဒီလိုသိတာနဲ့ တစ်ပြိုင်နက် ကျွန်မအကြောက်ကြီးကြောက်နေမိပြန်ပါတယ်။ဒါဟာ အဖေတို့ပြောပြောနေတဲ့ တောထဲက နာနာဘာဝတွေက ခြောက်တာနေမှာ။ ဆိုရရင်တော့ တောခြောက်တာနေမှာလို့ သိလိုက်ပါတယ်။

တော်သေးတယ်။ ကြောက်လန့်ဖွယ်ရုပ်အဆင်းနဲ့ ပြူးပြဲမပြပေလို့။ ပြများပြရင် ကျွန်မလိပ်ပြာစဉ်သွားနိုင်ပါတယ်။ နဂိုကတည်းက တစ်ကိုယ်လုံး ကြောက်စိတ်နဲ့ လွှမ်းခြုံနေတာပါ။

ကြောက်စိတ်နဲ့ တွေးနေချိန်မှာပဲ သစ်ပင်ထိပ်ဖျားမှာ ညဥ့်ငှက်တွေ လာနားသံကို ကြားလိုက်ရတော့ ရုတ်တရက် ညဥ့်ငှက်ရယ်လို့မသိဘဲ အခြေခံကြောက်စိတ်ကို မြှင့်ပေးသလိုဖြစ်သွားပြီး ခေါင်းမွေးတွေထောင်ထောင်ကုန်သလားမှတ်ရအောင် လန့်သွားပါတယ်။ နောက်မှ ဪ- ညဥ့်ငှက်တွေနေမှာလို့ ဖြေသိမ့်လိုက်မှ နေသာပါတယ်။

အဲဒီအချိန်မှာပဲ အနောက်ဘက်လမ်းမဆီက' ကားမီးအလင်းရောင်မှုန်ပျပျကို စတင်တွေ့လိုက်ရပြီး မကြာမီမှာဘဲ ကားမီးအလင်းရောင်ရောက်ခဲ့ပါတယ်။ အကြောက်ပြေပြီး ပျော်လိုက်တာ မကျန်ပါဘူး။ အကြောက်တွေကြားမှာ ခေတ္တခဏလေး အားတက်ပြီး ပျော်လိုက်ရတဲ့အပျော်ဟာလည်း ဘယ်အပျော်နဲ့မှမတူဘဲ အမှတ်တရဖြစ်စေပါတယ်။

**အိပ်ချင်စိတ်**

ခုနစ်စင်ကြယ်ပြောင် အမြီးထောင် သန်းခေါင်ချိန်သို့ရောက် ဆိုတဲ့စကားကို ကျွန်မ ကြားဖူးတာမို့ မိုးပေါ်ကကြယ်တွေ မော့ကြည့်တဲ့အခါ သန်းခေါင်ယံရောက်ပြီဆိုတာ ခုနစ်စဉ်ကြယ်တွေ အမြီးထောင်နေတာကိုကြည့်ပြီး သိခြင်းပါပဲ။ အဲဒီမှာ ကြောက်စိတ်ထက် အိပ်ချင်စိတ်ဝင်လာပြီး သမ်းလာပါတယ်။

ဒါနဲ့ပဲ လမ်းမဘက်ကို မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com

ပြီး လှည်းအိမ်နံရံကိုမှီကာ ငါးစပ်စောင်ကို ခေါင်းပါရစ်သိုင်းခြုံလိုက်ပါတယ်။ ပြီးတော့ အားထားစရာအားကိုလည်း လက်မှာ မလွှတ်ဘဲ ဆုပ်ကိုင်ပြီး မျက်စိစုံမှိတ်ကာ မေးလိုက်ပါတယ်။

ဒါပေမယ့် ကျွန်မစိတ်မှာ တေးသံပေးပြီးခြောက်တဲ့သရဲအုပ်စုကို စွဲနေပါတယ်။ အိပ်ပျော်ခိုက် လှည်းကိုလာပြီး နှောင့်ယှက်ရင်ဆိုတဲ့အတွေးကလည်း ဝင်နေတော့ မျက်စိသာ ဇွတ်မှိတ်နေတယ် အိပ်လို့မရပါဘူး။

ဟုတ်တယ်လေ၊ မျက်စိကသာ ရုပ်တို့ရဲ့ဘာသာဘာဝ အိပ်ချင်တာ။ စိတ်က လက်မခံနိုင်ဘူးလေ။ ဒါဟာ အကျဉ်းအကျပ်ကြားထဲရောက်နေတဲ့ သဘောပါပဲ။ တော်သေးတယ်၊ ညခရီးသွားတဲ့လှည်း၊ ညလည်တဲ့လူမတွေ့ပေလို့သာပေါ့။

တောကြက်လား၊ ရွာကြက်လား တော့ မသိဘူး။ ကြက်တွန်သံတွေကို တော့ ကြားကြားနေရပါတယ်။ ဒီလိုနဲ့ မေးခနဲ ငိုက်လိုက်၊ ပြန်လန့်နိုးလိုက်နဲ့ ဘယ်အချိန်မှန်းတောင် မသိတော့ပါဘူး။

နောက်ထပ် သစ်တင်ကားကြီး တစ်စင်းဖြတ်သေးတယ်။ ဖြတ်ခိုက်မှာ ဝမ်းသာရပေမယ့် လွန်သွားရင် ဝမ်းနည်းရပြန်တာပါပဲ။ ညတာကလည်းရှည်လိုက်တာလွန်ပါရော။ မြန်မြန်မိုးလင်းပါတော့လို့ ကျိတ်ပြီး ဆုတောင်းမိပါတယ်။ ဒီအမှောင်ထုက လွတ်ချင်လှပါပြီ။

**အဖေလာပြီ**

"သမီး၊ သမီး။ ဟဲ့- ကလေးမ"

အဖေ့သံကြားတာနဲ့ မျက်စိကို အားယူဖွင့်လိုက်မိပါတယ်။

"ဩော်- အဖေပြန်ရောက်လာပြီ။ ဘယ်နှနာရီလောက်ရှိပြီလဲ အဖေ"

"အဖေထွက်လာတော့ မနက် (၄) နာရီပေါ့။ သရက်တောကျောင်းခေါင်းလောင်းထိုးချိန် ထွက်လာတာလေ။ အမှောင်ထဲဆိုတော့ ခရီးက မတွင်ဘူး။ ခုဆို (၅) နာရီလောက်ရှိရောပေါ့။ မီးခွက်ထွန်းရအောင် သမီး"

ဆိုတော့ လှည်းနံရံမှာချိတ်ထားတဲ့ မီးခွက်ကိုပေးလိုက်ပါတယ်။ ခဏအတွင်းမှာပဲ မီးခွက်တစ်ခုရဲ့အတိုင်းအတာအရ လင်းသွားခဲ့ပါတယ်။

"အဖေ့မျက်စိက နည်းနည်းမှုန်တော့ လှည်းနားစောင့်အပေါက်ကို မနည်းကိုဖောက်ရတယ် သမီးရဲ့။ ဖောက်ပြီးပြန်တော့လည်း မနက်စောစော ထမင်းတစ်အိုးချက်ရပြန်တယ်။ လှည်းဝင်ရိုးကျိုးတော့ အားလုံး ကမောက်ကမဖြစ်ရတာပေါ့ သမီးရယ်။ သမီးကို တောထဲ ညကြီးသန်းခေါင် တစ်ယောက်တည်း ထားခဲ့ရတာလည်း စိတ်ကပူနဲ့ အဖေအိမ်မှာ တစ်မေးတောင် မမေးခဲ့ဘူး။ ထမင်းထုပ်ပြီးတာနဲ့ ခေါင်းလောင်းထိုးတာ အတော်ပါပဲ။ ကဲ- သမီးရေ၊ ကျွဲတွေ ရွှေ့ချည်ပြီးလှည်းပြင်ကြရအောင်"

ဆိုတာနဲ့ ကျွဲတွေကို ရွှေ့ချည်ပါတယ်။ ပြီးမှ အဖေဟာ လှည်းဝင်ရိုးလဲဖို့ စတင်ဆောင်ရွက်ပါတယ်။ ဦးစွာ လှည်းအိမ်တုတ်ကျိုးတွေ စတင်ဖြုတ်ပြီး သားအဖနှစ်ဦး လှည်းအိမ် စ,ပြီးချပါတယ်။ ပြီးမှ လှည်းဝင်ရိုးဘီးတွေဖြုတ်တယ်။

အဖေဟာ လှည်းသမား၊ကျွဲသမားမို့ လှည်းကျွမ်းသူ၊ ကျွဲကျွမ်းသူ ဖြစ်ပါတယ်။ လှည်းအတွက် လိုအပ်တဲ့ လက်နက်ကိရိယာတန်ဆာပလာတွေ အကုန်ပါလာပြီးသားပါ။ ကျွန်မက မီးခွက်ပြပေးရတာရှိတယ်။ ဝိုင်းပြီး မ,ကူရတာရှိတယ်။

လှည်းဝင်ရိုးလဲလိုက်တာ မိုးလင်းမှ ပြီးတော့တယ်။ ဒီတော့မှ ကျွန်မ ပတ်ဝန်းကျင်ကို အာရုံပြုမိတယ်။

**သာယာကုန်းသချိုင်း**

"ဟင် - အဖေ၊ ဒါ သာယာကုန်းသချိုင်းပဲ"

"ဟုတ်တယ် သမီးရဲ့၊ ဒီသချိုင်းက သာယာကုန်းရွာ ကျောက်စမ်းအိုင်ပါ နှစ်ရွာလုံးလာမြှုပ်ကြတာ။ ညတုန်းက သမီးကိုပြောရင် အကြောက်လွန်သွားမှာစိုးလို့ အဖေ မပြောတာ"

"ဩော်- ဒါကြောင့် (xxx) တွေက သီချင်းတွေလာဆိုပြနေတာကိုး"

"ဒါကြောင့် ဘာသံကြားကြား မကြောက်နဲ့လို့ အဖေမှာခဲ့တာပေါ့ သမီးရဲ့။ သမီးကို တစ်နည်းနည်းနဲ့တော့ စ,ကြမယ်ဆိုတာ အဖေ သိပြီးသား။ သီချင်းသံလောက်သာပေးလို့ တော်သေးတာပေါ့ သမီးရယ်"

"ကြောက်တော့ အတော့်ကို ကြောက်တယ်။ ဒါပေမယ့် ဓားအားကိုးနဲ့ သတိလက်လွှတ်ဖြစ်တဲ့အထိတော့ မကြောက်ပါဘူး အဖေ"

လို့ ပြောမိပါတယ်။

အပင်ကြီးကို ကြည့်လိုက်တော့ ဟင်းငုတ်ပင်ကြီးပါ။ ဟင်းငုတ်ပင်ကြီးရဲ့ ဟိုဘက်အလွန်မှာ ရေညှိတက်နေတဲ့ ဂူသုံး၊ လေးလုံးကို ချုံတွေကြားမှာ မြင်နေရပါတယ်။

တကယ်တော့ ကျွန်မဟာ တကယ့်သချိုင်းဘေးမှာ တစ်ညတာ တစ်ယောက်တည်း အမှောင်ထုကို ကျော်လွှားခဲ့ရတာပါလား။ သချိုင်းလို့သာသိရင် နေစရာတောင်ရှိမယ်မထင်ပါဘူး။ ကြောက်လိုက်မယ့်အမျိုး။ ဒါကြောင့်လည်း အဖေက သချိုင်းရယ်လို့ ပြောပြမသွားတာပါ။

ဟိုးနောက်ဘက်မှာ သက်ကယ်ကျိုးတို့ကျဲတဲနဲ့ ဇရပ်ကလေးထင်ပါရဲ့ ရှိနေတယ်။ အဲဒါကြောင့် အဖေ့ကိုမေး ကြည့်မိတယ်။ ဦးဖိုးကြည်ဇရပ်လို့ သိရတယ်။

"ကဲ- သမီးရေ၊ ပြီးပြီ။ လှည်းကောက်ပြီး နေမမြင့်မီသွားကြရအောင်၊ အဲဒီမှာ ထမင်းနဲ့ ငါးခြောက်ဖုတ် ပါတယ်။ ရေလည်းပါတယ်။ လှည်းမောင်းရင်းစား သမီး။ အဖေ ရှေ့ကမောင်းမယ်။ သမီး နောက်ကလိုက်"

လို့ အစီအစဉ်ပြောပါတယ်။ ဒီနားမှာထိုင်ပြီး မနက်စာမစားစေတာလည်း အကြောင်းရှိလို့နေမှာပါ။ ဒီလိုနဲ့ ကျွန်မတို့ ခရီးဆက်ကြပါတယ်။ ကျွန်မ ထမင်းစားချင်စိတ်တောင်သိပ်မရှိပါဘူး။ သချိုင်းကုန်းရောက်မှ ခဏနား၊ ကျွဲတွေ ရေတိုက်၊ ကျွန်မလည်း မျက်နှာသစ်နဲ့ လန်းလန်းဆန်းဆန်းဖြစ်သွားပါတော့တယ်။

**အကြောက်ဆုံးသောညတစ်ည**

ကျွန်မတို့ဘဝမှာ အကြောက်ဆုံးက အဖေပါ။ အဖေ့ထက် အဆများစွာ ကြောက်စရာကောင်းတဲ့ ညတစ်ညကို အထက်ပါအတိုင်း ကျွန်မ ဖြတ်သန်းကျော်လွှားခဲ့ဖူးပါတယ်။

အဲဒီညတစ်ညဟာ ညပေါင်းများစွာ ဖြတ်သန်းခဲ့ရတဲ့ ကျွန်မဘဝ မေ့မရနိုင်တဲ့ အကြောက်ဆုံးသော ညတစ်ညပါပဲရှင်။ ကျွန်မနေရာမှာ ရှင်တို့အစားဝင်ကြည့်မယ်ဆိုရင် ကိုယ်ချင်းစာမိကြမယ်လို့ ထင်ပါတယ်။

*(ညီမလတ် မဌေးသွန်း၏ကိုယ်တွေ့ခံစားသိဖွဲ့ပါသည်။)*

ချမ်းမြေ့ကြပါစေ

ရွှေပြည်စိုး(မိုးကောင်း)



www.burmeseclassic.com

www.burmeseclassic.com



ချောင်းဆိုးအုန်းသွင်

# တကယ်

"အစ်မသားကို ဒီနှစ် အစ်မတို့ အိမ်မှာထားမယ်။ ကျောင်းကို ဒီက တက်မယ်။ ကျူရှင်ကိုလည်း စည်သူ အောင်ကိုထားတဲ့ကျူရှင်မှာထားပေးပါ။ ဒီနှစ် ဆယ်တန်းကို နှစ်ချင်းပေါက် အောင်စေချင်တယ်။ သူလည်း အောင် ချင်တယ်။ ဒီမှာဆိုတော့ စည်သူအောင် နဲ့လည်း -အဖော်ရ၊ ထိန်းကျောင်းပြီး လည်း ဖြစ်တာပေါ့"

၂၀၁၂ ခုနှစ်၊ ဧပြီလ ၃)ရက်နေ့ ညနေပိုင်းတွင် သမီးငယ် တင်တင်အေး က သူ့သားလေး ဟိန်းလင်းပိုင်ကို ခေါ် လာပြီး သမီးကြီးလှလှနွယ်ထံ အပ်နှံပါ သည်။ လှလှနွယ်က ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနရုံးတွင် ဝန်ထမ်း လုပ်ပြီး ခြောက်ထပ်ကြီးဘုရားအနီး၊ ရုံး အနီး ဝန်ထမ်းအိမ်ရာတွင် နေသည်။ ကျွန်တော်တို့ ဇနီးမောင်နှံက သမီးကြီး နှင့်အတူ နေကြသည်။

တင်တင်အေးက ဗိုလ်တထောင် သန်လျက်စွန်းတွင်နေပြီး ဗိုလ်တထောင် အ-ထ-က(၂)တွင် အလယ်တန်းပြ ဆရာမလုပ်သည်။ သူ့တွင် သမီးကြီး မြတ်ဆုခိုင်နှင့် သားငယ် ဟိန်းလင်းပိုင် ဟူ၍ ရှိသည်။ သမီးကြီးမှာ (၁၀) တန်း အောင်ပြီး အိမ်ထောင်ကျပြီး ခွဲနေ သည်။

သမီးကြီးလှလှနွယ်တွင် သားကြီး စည်သူအောင်နှင့် သမီးငယ်ဝင်းလဲ့လဲ့ဖူး ဟူသော သား၊သမီး(၂)ယောက်ရှိသည်။ သမီးငယ် တင်တင်အေးတွင် သမီးကြီး မြတ်ဆုခိုင်နှင့် သားငယ် ဟိန်းလင်းပိုင် ဟူသော သမီး၊သား(၂)ယောက်ရှိသည်။ ကွယ်လွန်သူ သားငယ် မောင်ခင်လတ် က ဝေသီခိုင် ဟူသော တစ်ဦးတည်း သောသမီးကို မိခင်ဖြစ်သူ ခင်ပြုံးဇင်နှင့် ထားခဲ့သည်။

၂၀၀၃ ခုနှစ်တွင် မြတ်ဆုခိုင် (၁၀) တန်းအောင်သည်။ ၂၀၀၅ ခုနှစ် တွင် ဝေသီခိုင် (၁၀) တန်းအောင်သည်။ ယခု ဘွဲ့ရပြီးပြီ။ ၂၀၀၉ ခုနှစ်တွင် စည် သူအောင် (၁၀) တန်း အောင်သည်။ ယခု (B.Sc) နောက်ဆုံးနှစ်။ သူတို့သုံး ယောက်စလုံး နှစ်ချင်းပေါက်အောင်ကြ သည်။ သူ့အမေနှင့်တကွ ကျွန်တော်တို့ အားလုံးက ဟိန်းလင်းပိုင်အား ဤစံချိန် ကိုထိန်းထားစေချင်သည်။ ဟိန်းလင်း ပိုင်ကလည်း ထိန်းထားချင်သည်။ ထို့ ကြောင့် ကျွန်တော်တို့ဆီလာထားခြင်း ဖြစ်သည်။

ကျွန်တော်က မြေးများကို အခွင့် အရေးရတိုင်း လိမ္မာ၊ ကြီးပွားရေးအတွက် သင့်တင့်သည့် ဆုံးမစကားများကို ပြော သည်။ ယခုလည်းပြောရပေဦးမည်။

"သားစာမေးပွဲအောင်ချင်သလား"

ကျွန်တော်က ဟိန်းလင်းပိုင်ကို မေးလိုက်ပါသည်။

သူက -

"အောင်ချင်တာပေါ့ ဘိုးဘိုး"

ဟု ပြန်ဖြေပါသည်။

ကျွန်တော်က -

"တကယ်လား"

ဟု ထပ်မေးတော့ သူက ပြန် မဖြေဘဲ ပြုံးနေပါသည်။ 'အပိုမေးခွန်း' ဟု ယူဆဟန်တူပါသည်။

ကျွန်တော်က-

"အောင်ချင်တာပေါ့ဆိုလို့ ငါထပ် မေးတာ။ မင်းအဖြေက သာမန် အောင် ချင်တဲ့အဖြေပဲ။ တကယ်အောင်ချင်တဲ့ အဖြေ မဟုတ်ဘူး။ ဆယ်တန်းစာမေးပွဲ ဖြေမယ့်သူတွေအားလုံးကို မေးကြည့်၊ မအောင်ချင်ဘူးလို့ ဖြေမယ့်သူ တစ် ယောက်မှမရှိဘူး။ မအောင်ချင် အပင် ပန်းခံပြီး ဘယ်ဖြေမလဲ။ ဒါပေမယ့် အောင်ချင်သူတွေထဲမှာ တကယ်အောင် ချင်သူက အောင်စာရင်းထဲမှာပါလာပြီး အောင်ချင်တာပေါ့ဆိုသူတွေကကျကျန် ခဲ့တာပဲ။

အောင်ချင်တာပေါ့ဆိုတာ အဖြေ မဆုံးသေးဘူး။ နောက်ဆက်တွဲရှိနေ သေးတယ်။ နောက်ဆက်တွဲက 'ဒါပေ မယ့်' ဆိုတာပဲ။ 'မင်းနာရီအကောင်းစား မပတ်ချင်ဘူးလား'လို့မေးတဲ့အခါ 'ပတ် ချင်တာပေါ့၊ ဒါပေမယ့် ပိုက်ဆံမှမရှိဘဲ' လို့ ဖြေမယ်မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com

တကယ်အောင်ချင်သူက အောင်ချင်တယ်ဘိုးဘိုး၊ အောင်မှဖြစ်မယ် ဘိုးဘိုး၊ အောင်ရမယ် ဘိုးဘိုး စသည်ဖြင့် အားရပါးရဖြေရမယ်။ မင်းအစ်မ မြတ်ဆုခိုင် (၁၀) တန်းဖြေမယ့်နှစ်က ငါဒီလိုပဲ မေးဖူးတယ်။ သူက 'ဘွားဘွားကြီးက မျှော်လင့်ခြင်းကြီးစွာနဲ့ ကျွေးရှင်ထားပေးတယ်။ ဘွားဘွားကြီးရဲ့ မျှော်လင့်ချက် မဆုံးရှုံးဖို့ အောင်ကိုအောင်ရမယ် ဘိုးဘိုး' လို့ ဖြေတယ်။

နောက် မင်းအစ်မ ဧသီခိုင်ကို မေးပြန်တော့ 'မမက နှစ်ချင်းပေါက်အောင်ပြီး သမီးမအောင်ရင် သမီးညံ့ရာကျမှာပေါ့။ ဘယ်အညံ့ခံမလဲ။ အစွမ်းကုန်ကြိုးစားမယ်၊ အောင်ရမယ်' လို့ ဖြေတယ်။

နောက် မင်းအစ်ကို စည်သူအောင်ကျတော့ 'သားက ယောကျ်ားလေးပဲ၊ မိန်းကလေးနှစ်ယောက်က နှစ်ချင်းပေါက်အောင်ပြီး ယောကျ်ားလေးက ကျနေမယ်ဆိုရင် အင်မတန်ရှက်ဖို့ကောင်းတယ်။ ဒီတော့ ကျလို့မဖြစ်ဘူး။ အောင်မှဖြစ်မယ်'လို့ ဖြေတယ်။ သူတို့ တကယ်အောင်ချင်ပြီး တကယ်ကြိုးစားလို့ တကယ် နှစ်ချင်းပေါက် အားလုံးအောင်ကြတာ။ သားကို ဘိုးဘိုးတစ်ခု ထပ်မေးဦးမယ်။

မိမိတို့ရဲ့လုံ့လပယောဂနဲ့ အတတ်ပညာ၊ ရာထူးဂုဏ်သိန်၊ စီးပွားဥစ္စာ၊ ကျန်းမာ စသည်တို့နဲ့ပြည့်စုံချမ်းသာနေကြသူများ၊ မိမိတို့ရဲ့လုံ့လပယောဂဖြင့် ပညာမဲ့၊ ဥစ္စာမဲ့၊ ကျန်းမာရေးချို့တဲ့၊ မူးယစ်ဆေးစွဲ၊ လူစဉ်မမီ စသည်ဖြင့် ဆင်းရဲပေါင်းစုံနဲ့ ဒုက္ခရောက်နေကြသူများရယ်လို့ ဘဝနှစ်ဘဝ အကြမ်းဖျင်း ခွဲခြားကြပါစို့။ အဲဒီနှစ်ဘဝအနက် မင်း ဘယ်ဘဝကိုလိုချင်သလဲ"

ဟု ထပ်မေးပြန်ပါသည်။

သူက စောစောတုန်းကလိုပင် ပြုံးရုံပြုံးပြပါသည်။ သူ့အပြုံးတွင် မေးခွန်းပါသည်။

ကျွန်တော်က -

"မင်းရဲ့အပြုံးမှာ မေးခွန်းပါတယ်။ ငါ့အထင် မင်းမေးခွန်းဟာ ကျွန်တော်အရူးမို့လားရယ်လို့မဟုတ်လား။ အေး - စောစောကပြောခဲ့တဲ့ဒုတိယအမျိုးအစားထဲရောက်နေသူများဟာလည်း သူတို့ကို အဲဒီလိုဘဝမျိုးထဲမရောက်ခင် အဲဒီလိုမေးခွန်းမျိုးမေးရင် ဘယ်လူကောင်းမှ ချမ်းသာတဲ့ဘဝကိုပယ်ပြီး ဆင်းရဲတဲ့ဘဝကို မလိုချင်ကြဘူး။ ကျုပ်တို့က အရူး မဟုတ်ဘူး၊ မလိုချင်ဘူးလို့ဖြေကြမှာပဲ။ ဒါပေမယ့် သူတို့မလိုချင်ဘူးဆိုတဲ့ ဘဝကို 'တကယ်' မလိုချင်တာ မဟုတ်လို့၊ သူတို့လိုချင်တဲ့ဘဝကို တကယ်လိုချင်တာမဟုတ်လို့ အဲဒီဘဝမျိုးကို ရောက်သွားကြရတော့တာပဲ။ အဲဒီအကြောင်းနဲ့ပတ်သက်ကြီး မင်းကို ငါ ပုံပြင်တစ်ခုနဲ့ ဥပမာပြောမယ်။

ဟိုးရှေးရှေးတုန်းက တိုင်းပြည်တစ်ပြည်မှာ ရှင်ဘုရင်တစ်ပါး ရှိတယ်။ ဟာရာဏသီပြည်နဲ့ ဗြဟ္မဒတ်မင်းလို့ ဆိုကြပါစို့။ အဲဒီမင်းကြီးဟာ လူတို့ရဲ့ သတိနဲ့ ဝီရိယကို စမ်းသပ်ချင်တဲ့အတွက် သေဒဏ်ကျထားတဲ့အပြစ်သားတစ်ယောက်ကို စမ်းသပ်တယ်၊ စမ်းသပ်ပုံက-

ဆီအပြည့် စတုတ်တိုက်ထည့်ထားတဲ့အိုး (သုံးပိဿာဝင်လောက်ဖြစ်တယ်)ကိုကိုင်ပြီး တစ်မိုင်လောက်ရှည်တဲ့လမ်းကိုလျှောက်ရမယ်။ ခရီးတစ်ဝက်လောက်မှာ လမ်းလေးခွရှိတယ်။ အဲဒီမှာ အငြိမ့်က,နေတယ်။ မင်းသမီးက ဇနပုဒ်မှာ ကောင်းသတင်း ကျော်ကြားလွန်းတဲ့ 'ဇနပဒကလျာဏီ' ဆိုတာပဲ။ အဆို၊ အက၊ အမူအရာကောင်းလွန်းလို့ ယောကျ်ားပရိသတ်တွေ အရူးအမူးဖြစ်ကြတယ်။

သူကနေတဲ့နေရာ ရောက်သွားရင် ဘယ်သူမှအငြိမ်မနေနိုင်ဘူး။ လက်ခေါက်မှုတ်၊ လက်ခုပ်တီး၊ ခေါင်းပေါင်းမြှောက်၊ ပဝါမြှောက်ပြီးခုန်ပေါက်နေကြတယ်။ အခု စတိတ်ရှိုးတွေမှာ အပေါ်က လည်းခုန်၊ အောက်တလည်းခုန်နေကြသလိုမျိုးပေါ့။

ဆီအိုးကိုင်သွားတဲ့ အပြစ်သားဟာ အဲဒီအငြိမ့်ပွဲနားကဖြတ်သွားရမယ်။ သတ်မှတ်ထားတဲ့ခရီးတာအတွင်း ဘယ်နေရာမှာမဆို ဆီတစ်စက်ဖိတ်ကျတာနဲ့ ကျတဲ့နေရာမှာ ဇက်ဖြတ်သတ်ဖို့အမိန့်နဲ့အတူ လက်မရွံ့ပါးတွက်သားများက ဘေးကလိုက်ရတယ်။

အပြစ်သားဟာ ဆီကို 'တကယ်' မဖိတ်စေချင်ဘူး။ဘာကြောင့်လဲဆိုတော့ 'သေရမှာ' ကိုး။ အဲဒီတော့ အပြစ်သားဟာ သတိကြီးစွာနဲ့ ဆီအိုးကိုမ,ပြီးသွားတယ်။ ခလုတ်မထိုက်အောင်၊ မလဲမယိုင်အောင် အထူးဂရုစိုက်တာပေါ့။ အငြိမ့်ပွဲစင်နားရောက်တော့ အငြိမ့်စင်ဘက်ကိုလုံးဝစောင်းငဲ့မကြည့်နိုင်ဘူး။ အသံကိုလည်း နားမထောင်ဘူး၊ လုံးဝဂရုမစိုက်ဘူး။ သူ့ဆီမျိုးကိုပဲသူ သတိကြီးစွာနဲ့ ထိန်းပြီးသွားတယ်။ နောက်ဆုံး သတ်မှတ်ထားတဲ့ခရီးပြီးဆုံးသွားလို့ အသက်ဘေးကချမ်းသာရာရသွားတယ်။

တကယ်လို့ မဖိတ်စေနဲ့ကွာ၊ ဖိတ်သွားရင် နှမြောစရာကြီးဆိုပြီး အသယ်ခိုင်းရင် ဘယ်သူမှအောင်မြင်မှာမဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ 'တကယ်' မဖိတ်ဖို့မလိုတဲ့အတွက် 'တကယ်'မဖိတ်အောင်မကိုင်ဘဲ ခပ်ပေါ့ပေါ့ကိုင်သွားကြမှာမို့ပဲ။ အဲဒီတော့ 'တကယ်' ဆိုတာ ဘဝအတွက် အရေးအကြီးဆုံးစကားပဲ။

ကိုယ်မဖြစ်စေချင်တာကို တကယ်မဖြစ်အောင် ကြိုးစားပြီး ကိုယ်ဖြစ်ချင်တာကို တကယ်ဖြစ်အောင် ကြိုးစားရမယ်။ ကြိုးစားရင် ဘာမဆိုဖြစ်တယ်။ ဒါပေမယ့် ကိုယ်ဖြစ်စေချင်တာဟာ ကိုယ့်အတွက် ဖြစ်သင့်တာနဲ့ ဖြစ်နိုင်တာ ဖြစ်ဖို့လိုတယ်။ ပြီးတော့ မိမိရဲ့ ကြီးပွားချမ်းသာခြင်းဟာ အပြစ်ကင်းတဲ့၊ သူတစ်ပါးအကျိုးကို မပျက်စီးစေတဲ့ ကြီးပွားချမ်းသာခြင်းဖြစ်ဖို့ လိုတယ်။ ပြီးတော့ မိမိနဲ့ သင့်တော်တဲ့အမှုနဲ့ ကြိုးပမ်းဖို့လိုတယ်။ ပြီးတော့ 'အားကျတာ'ကို 'ရွေးချယ်စရာ' လို့ မထင်မိဖို့လိုတယ်။ ဘာသာရပ်အမျိုးမျိုးမှာ ထူးချွန်ရသူအမျိုးမျိုးတွေကိုတွေ့တိုင်း အားကျမိတတ်ကြတာ လူ့သဘာဝပဲ။ ဒါပေမယ့် အားကျတိုင်း လုပ်လို့ဖြစ်တာမှမဟုတ်ဘဲ။

ပြီးတော့ မိမိနဲ့သင့်တဲ့အလုပ်ကို ရွေးဖို့လိုတယ်။ ဥပမာ ခါးမကောင်းသူဟာ အလေး,မတဲ့အလုပ်ကို မရွေးမိဖို့ ဆိုတာမျိုးပေါ့။ ပြီးတော့ မိမိနဲ့သင့်တဲ့ အလုပ်ဆိုတာတောင် ဖြစ်နိုင်တဲ့အတိုင်းအတာလောက်ပဲ ရည်မှန်းချက်ထားပြီး လုပ ရမယ်။ မနိုင်တဲ့ဝန်ကိုထမ်းမိပြီး မနိုင်တော့ ငါ့အလုပ်မဟုတ်ဘူး ဆိုပြီး လက်လျှော့တတ်ကြတယ်။ တစ်နာရီ (၅) မိုင်လျှောက်နိုင်သူဟာ (၁၀) နာရီနဲ့ မိုင်(၁၀၀) လျှောက်ဖို့ မကြိုးပမ်းနဲ့၊ ရောက်ဖို့မရည်မှန်းနဲ့။

မိမိဘဝတက်လမ်းအတွက် ဘယ်လမ်းကိုရွေးရမလဲဆိုတာ ဆင်ခြင်တတ်ဖို့ဟာ အရေးအကြီးဆုံးပဲ။ တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ်ဖြစ်ရမယ် ဆိုတာ မှန်တဲ့အလုပ်ကိုရွေးပြီး တကယ်လုပ်မှ အဟုတ်ဖြစ်မှာ။ မမှန်တဲ့လမ်းကို ရွေးပြီး ကြိုးစားလို့ကတော့ ပင်ပန်းတာပဲ အဖတ်တင်မှာ။ ဥပမာ စကားနည်းသူ၊ စကားမပြောချင်သူ၊ စိတ်တိုသူ၊ ဒေါသကြီးသူဟာ ကျောင်းဆရာအလုပ်ကိုရွေးမိရင် မှားပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီတော့ ကိုယ်နဲ့ကိုက်မယ့် အလုပ်ကိုရွေးတတ်ရမယ်။ ဥပမာ အခု စည်သူအောင်ကိုကြည့်။ သူရွေးတဲ့လမ်းက ကျောင်းဆရာ။ သူစမ်းပြီး စာသင်ကြည့်ပြီးပြီ။ သူလည်းဝါသနာပါတယ်။ တပည့်တွေကလည်း သဘောကျတယ်။ ဒီတော့ ကျောင်းဆရာအလုပ်ကို ရွေးလိုက်တယ်။ ပြီးတော့ သူ့ရည်မှန်းချက်က ပါမောက္ခဖြစ်ရမယ်။ သူဖြစ်ချင်တာ အင်္ဂလိပ်စာပါမောက္ခ။ ဒါပေမယ့် အင်္ဂလိပ်စာကို သင်္ချာလောက် သူမကျွမ်းဘူး။ အထက်တန်းတွေမှာ အမှတ် (၆၀) ဝန်းကျင်ပဲ ရတယ်။ သင်္ချာကျတော့ (၇၀) အောက် တစ်ခါမှမကျဘူး။ ဒီတော့ သူ သင်္ချာကိုပဲ ရွေးလိုက်တယ်။ အခု သူ B.Sc (သင်္ချာ)နောက်ဆုံးနှစ်။သူ့အသက်က (၁၈) နှစ်ပဲရှိသေးတယ်။ အဲဒီတော့ တိန်းသေ သင်္ချာပါမောက္ခဖြစ်မှာ။

အခုဘိုးဘိုးပြောတာတွေကို သားသေသေချာချာစဉ်းစားပြီး ကိုယ်နဲ့ သင့်တော်မယ့် ဘာသာရပ် (လုပ်ငန်း) ကို သေသေချာချာ လေ့လာ သုံးသပ်ပြီး ရွေးချယ်။ ပြီးတော့ တကယ်ဖြစ်ချင်တဲ့ စိတ်နဲ့ တကယ်ကြိုးစားလုပ်။

ဘိုးဘိုးတို့က နေ့မြင်ညပျောက် အရွယ်ရောက်နေပြီ။ အခွင့်ရတုန်းပြောသင့်တာကိုပြောရတာ။ ပြီးတော့ စကားလက်ဆောင်တစ်ခုပေးခဲ့ဦးမယ်။

ဘာလဲဆိုတော့ -

သားလက်မှာပတ်ထားတဲ့ နာရီမလိုချင်ရင် ချွတ်ပြီးလွှင့်ပစ်လို့ရတယ်။ ဘယ်သူမဆို၊ ဘယ်လိုပစ္စည်းမျိုးကိုမဆို မလိုချင် ပစ်လို့ရတယ်။ ပစ္စည်းချည်းပဲ မဟုတ်ဘူး၊ မိတ်ဆွေအပေါင်းအသင်း၊ ဆွေမျိုးတွေကိုလည်းပစ်လို့ရတယ်။ မိဘများဟာ သားသမီးကို ပစ်ရိုးထုံးစံမရှိဘူးဆိုပေမယ့် တကယ်ပစ်ချင်ရင် ပစ်လို့ရတယ်။ ဒါပေမယ့် ဘယ်လိုမှပစ်လို့မရတဲ့အရာတစ်ခု ရှိတယ်။

အဲဒါက မိမိရဲ့ခန္ဓာကိုယ်ကိုပဲ။

မိမိရဲ့လော်မာမှုပယောဂကြောင့် အမျိုးမျိုး အသက်ရှင်လျက် လူစဉ်မမီ ဖြစ်နေရတဲ့၊ လူ့ဘဝရှုံးနေရတဲ့၊ မိမိကိုယ်မိမိ မလိုချင်ဘဲ ပစ်ချင်လျက် ပစ်လို့မရတဲ့ဘဝမျိုးကိုမရောက်အောင် ကြိုးစား"

"သား ကိုကြီးစည်သူလို ဖြစ်အောင် တကယ်ကြိုးစားပါ့မယ် ဘိုးဘိုး"

ဟု ဟိန်းလင်းပိုင်က အားရှိပါးရှိ အာမခံလိုက်ပါသည်။

ချောင်းဆုံအုန်းသွင်

# ငှက်ဖျားရောဂါနှင့် ကုက္ကိုရွက်အစွမ်း

ကျွန်တော် ကော့သောင်းမှ တစ်ဆင့် မိုင်ပေါင်း (၃၉၆) မိုင်ကွာဝေးသော ဖော့သုတ်ရွာ (ယုဇနကုမ္ပဏီ) ဆီအုန်းစိုက်ခင်းတွင် အလုပ်လုပ်ကိုင်ခဲ့သည်။

သုံး,လေး,ငါးလ ကြာမြင့်သည့်အထိ ကျန်းမာရေးက ဒေါင်ဒေါင်မြည်လျက် ရှိပါသည်၊ ငါးလကျော်လွန်၍ ခြောက်လထဲသို့ကူးသည်နှင့် ရောဂါက ဖောက်ပြန်ခဲ့ပေသည်။

အစားအသောက်ပျက်၊ အအိပ်ပျက်ခံစားရင်း အဖျားရောဂါစွဲကပ်ခဲ့ပါသည်။ သုံး,လေးရက် ဆက်တိုက် ဖျားလိုက်၊ ပျောက်လိုက်နှင့် ကျွန်တော် အလူးအလဲခံစားခဲ့ရပါသည်။ မြို့နှင့် လွန်စွာကွာဝေးသဖြင့် သောက်ဆေးနှင့်သာ ကျေနပ်ခဲ့ရပါသည်။ သို့ပေသည့် အဖျားအလွန်ကြီးပြီး သတိလစ်သည့်တိုင်အောင် ဖြစ်ခဲ့ရပါသည်။

သတိရသောအချိန်တွင် ကျွန်တော် (၂၈) မိုင်ဆေးရုံသို့ ရောက်နေကြောင်း သိရပေသည်။ (၂၈) မိုင်ဆေးရုံတွင် (၁၈) ရက်ကြာ ဆေးကုသသော်လည်း ကျန်းမာရေးက နာလန်မထူခဲ့။

ကျွန်တော်သည် အဖေ၊ အမေ၊ ညီအစ်ကိုမောင်နှမများကို တမ်းတရင်း မျက်ရည်မိုးများ ရွာသွန်းခဲ့သည်မှာ မနည်းတော့ပေ။ အဘွားဖြစ်သူကိုလည်း တမ်းတနေမိပါသည်။ ဇာတိမြေ ဟင်္သာတကို ပြန်ချင်မိသည်။ ဇာတိမြေကိုမှ ပြန်ရောက်ပါဦးမလားဟု အတွေးကရောက်ရင်း ဝမ်းနည်းကြေကွဲခဲ့ရသည်။

လုပ်ဖော်ကိုင်ဖက် အပေါင်းအသင်းများနှင့် (၂၈) မိုင်ဆေးရုံမှ တာဝန်ရှိဆရာဝန်ကြီးများ၏ ကျေးဇူးကြောင့် ဇာတိမြေ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ကို ပြန်ရောက်ခဲ့ရသည်။

ဟင်္သာတအိမ်သို့ရောက်သည်နှင့် လူရုပ်မပေါ်အောင် ပိန်ကပ်နေသော ကျွန်တော့်ကိုကြည့်ကာ အဘွားဖြစ်သူနှင့် ညီမလေးက မျက်ရည်စက်လက်ဖြစ်ခဲ့ရသည်။

ငှက်ဖျားရောဂါ စွဲကပ်နေသော ကျွန်တော့်အား အဘွားဖြစ်သူ၊ အဖေ၊ အမေတို့က နိုင်ငံခြားဆေးမျိုးစုံ၊ မြန်မာဆေးမျိုးစုံနှင့် ကုသပေးခဲ့ကြပါသည်။ အာဟာရဖြစ်စေသောအစားအသောက်များ စီစဉ်ပေးခဲ့ပါသည်။ သို့သော်လည်း ငှက်ဖျားရောဂါက မပျောက်ခဲ့ပေ။

တံအားလျော်စွာ ညီမလေး၏ ယောက္ခမ ဦးလေး ဦးတင်ကြည်သည် ကျွန်တော့်အား ကုက္ကိုရွက်ကို ရေညှစ်၍မျက်စဉ်းခတ်ခြင်း၊ အရည်ကိုသောက်ခြင်းများ ပြုလုပ်စေခိုင်းခဲ့လေသည်။ ကုက္ကိုရွက်ရည်ကို သောက်ခြင်း၊ မျက်စဉ်းခတ်ခြင်းများ နေ့စဉ်ပြုလုပ်ခဲ့ရသည်။

နှစ်ပတ်ကျော် သုံးပတ်ကြာလာသောအခါ အဖျားမတက်ဘဲ သိသိသာသာကျန်းမာရေးကောင်းမွန်လာပါသည်။ ကျန်းမာရေး သက်သာ ကောင်းမွန်ခဲ့သော်လည်း ကျွန်တော်သည် ဤကုက္ကိုရွက်အရည်ကို ဆက်လက် အသုံးပြုခဲ့ပါသည်။

ကုက္ကိုပင်- ပဉ္စငါးပါး ဆေးဖက်ဝင်ပါသည်။ ကြေညက်လွယ်သောသတ္တိရှိပါသည်။

ကုက္ကိုသီး- ကြေလွယ်၊ ချွေးထွက်စေသည်။ ရေယုန်၊ အနာပေါက်၊ ယားနာတို့ကိုနိုင်ပါသည်။

ကုက္ကိုရွက် - မျက်စိရောဂါကို သက်သာပျောက်ကင်းစေပါသည်။ ငှက်ဖျားရောဂါပျောက်ကင်း၏။

ကုက္ကိုအပွင့်- ပန်းနာကို သက်သာပျောက်ကင်းစေ၏။

ကုက္ကိုအမြစ်- ခေါင်းတစ်ခြမ်းကိုက်ရောဂါကို သက်သာပျောက်ကင်းစေ၏။

ကုက္ကိုအခေါက်- သွေးရောဂါ၊ မြင်းသရိုက်၊ ဖော့ရောင်၊ ချောင်းဆိုး၊ သန်ကျဆေး၊ အနာမီးလျှံ၊ အဆုတ်ပြွန်ရောင်နှင့် အရေပြားရောဂါတို့ကို သက်သာပျောက်ကင်းစေနိုင်ပါသည်။

တစ်လကျော်၊ နှစ်လ ကြာမြင့်သောအခါ ငှက်ဖျားရောဂါပျောက်ကင်းသွားပါတော့သည်။ ထိုအချိန်မှစ၍ ယခုအချိန်အထိ (၅) နှစ်ကြာ ငှက်ဖျားရောဂါ ပြန်လည် ဖြစ်ပေါ်ခြင်းမရှိကြောင်း ငှက်ဖျားဖြစ်သူများအား ဤမြန်မာ့ရိုးရာဆေးနည်းကောင်းအား အထင်မသေးဘဲ သုံးစွဲကြည့်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။


ဟင်္သာတမြို့မှ ဦးလေး (ဦးတင်ကြည်) အား ဤဆောင်းပါးဖြင့် ကန်တော့လိုက်ရပါသည်။

[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယကမ္ဘာစစ်ကာလက ဂျပန်တပ်များ ယူဆောင်လာခဲ့သည့် ကျောက်မီးသွေးသုံးရထားစက်ခေါင်း


# ဒုတိယကမ္ဘာစစ်ကာလအတွင်းက မြန်မာနိုင်ငံမီးရထား

## ငြိမ်း တင်ထွန်း(စက်မှု-၂)

ခရစ်နှစ် ၁၉၄၂ တွင် ဗြိတိသျှတပ်များ မြန်မာနိုင်ငံအတွင်းမှ ဆုတ်ခွာခဲ့ပြီးနောက် မြန်မာနိုင်ငံအတွင်းသို့ ဂျပန်တပ်များ ဝင်ရောက်လာသည့်အချိန်မှစတင်လျှင် မြန်မာနိုင်ငံ မီးရထားဌာနကြီးသည် ဂျပန်တို့၏အုပ်ချုပ်မှုသို့ ရောက်ရှိသွားခဲ့ပါသည်။ စစ်ကြီးအတွင်းဖြစ်သည့်အလျောက် ဂျပန်တို့၏မီးရထားလုပ်ငန်းများကို လုပ်ကိုင်ခဲ့သည်မှာ စနစ်တကျမရှိကြခြင်းကြောင့် တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းဆိုသည့်ပမာ မီးရထားများ ခုတ်မောင်းပြေးဆွဲနိုင်ရေးကိုသာ အဓိကထားလုပ်ကိုင်ခဲ့၍ သည်တွေ့သည်တက်နှင့်လျော်၊ ဟိုတွေ့ဟိုတက်နှင့်လျော်ဆိုသကဲ့သို့ လုပ်ကိုင်ခဲ့ ပါသည်။ ခရီးသည်များနှင့် ကုန်ပစ္စည်း များ သယ်ယူပို့ဆောင်ရေးတွင်လည်း ဖြစ်သလို သယ်ယူပို့ဆောင်ခဲ့ပြီး စာ ဇယားများလည်း အတိအကျမထား ကြပါ။ ရထားစီးခရီးသည်များမှာ သည့်အချိန်၌ ရထားများ ဝင်ရောက်



ရန်ကုန်-ပြည်ရထားလမ်းရှိ 'မင်းလှ' တံတားကြီး စစ်ဘေးဒဏ်ခံထားရသည့် မှတ်တမ်းဓာတ်ပုံ



ရန်ကုန်-မြစ်ကြီးနားရထားလမ်းရှိ တံတားအမှတ် (၂၂၅) စစ်ဘေးဒဏ်ခံထားရသည့် မှတ်တမ်းဓာတ်ပုံ



www.burmeseclassic.com

www.burmeseclassic.com

ည်ကိုမသိရှိကြသလို မည်သည့်အချိန် ၌ ရထားများထွက်ခွာကြမည်ကို သိရှိ ကြသော်လည်း ဘူတာရုံများတွင် မြန်းနိုင်ခွင့်များ မပါရှိကြပါ။

ရထားစီးခရီးသည်များမှာလည်း အခက်အခဲများစွာ ရင်ဆိုင်ကြရပါ၏။ ရထားစီးနင်းခွင့်လက်မှတ်များ ဝယ်ယူ ရရှိနိုင်ကြရန်အတွက် ပျမ်းမျှ (၁၂) နာရီ မှ (၂၄) နာရီအထိ အချိန်ကြာမြင့်စွာဖြင့် တန်းစီ၍ စောင့်ဆိုင်းကြရပါ၏။ လူစီးတွဲများသည် ဂျပန်စစ်သားများ စီးနင်းကြရန်အတွက်ဖြစ်ပြီး ကုန်တွဲများနှင့် တိရစ္ဆာန်များ တင်ဆောင်သည့် ရထားတွဲများ၌သာ ခရီးသည်အရပ်သားအရပ်သူများ စီးနင်းလိုက်ပါခွင့် ရကြပါသည်။ ကုန်ပစ္စည်းများကို ရထားဖြင့်တင်ပို့ရာတွင်လည်း စစ်လက်နက်ပစ္စည်းများကိုသာ အဓိက ဦးစားပေးခြင်းခံကြရပြီး ဂျပန်ကုမ္ပဏီမှထုတ်လုပ်သော ပစ္စည်းများသည် ဒုတိယဦးစားပေးခြင်းများကို ခံကြရပါသည်။ အရပ်သူအရပ်သားတို့၏ ကုန်ပစ္စည်းများကိုတော့ တတိယသို့မဟုတ် နောက်ဆုံးအနေဖြင့် ဦးစားပေးခြင်းကိုခံကြရပါသည်။


ဂျပန်ခေတ် မီးရထားသွားလာပို့ဆောင်ရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံမီးရထားဌာန အာဏာပိုင်များမှ ဝင်ရောက်ပြောဆို စွက်ဖက်ခွင့်များ မရှိကြပါ။ ဂျပန်ခေတ်ကာလက ရထားများတွင် ဂျပန်စစ်သားများ တင်ဆောင်လာသည်ဟု ထင်မှတ်၍ ဗြိတိသျှ လေတပ်မှ မကြာခဏ ရထားလမ်းခရီးများတွင် ရထားများခုတ်မောင်းနေကြစဉ်ကာလမှာ လာရောက်၍ ပုံးကြဲတိုက်ခိုက်ခြင်း၊ စက်သေနတ်များဖြင့် စစ်လေယာဉ်များပေါ်မှ ပစ်ခတ်ခြင်းတို့ကို ရှောင်တိမ်းသည့်သဘောဖြင့် ဂျပန်တပ်များက အလင်းရောင်မရှိသော ညဥ့်အချိန်ကာလများ၌သာ ရထားများကို ခုတ်မောင်းစေပြီး နေ့ဘက်ကာလတွင် ရထားများဆိုက်ရောက်ရာနေရာများ၌ ရထားတွဲဆိုင်းများကိုဖြုတ်၍ ရထားများရပ်နားထားခဲ့ရသည်များလည်းရှိပါ၏။ ပျက်စီးသွားခဲ့ကြသော ရထားလမ်းကူးတံတားများကိုလည်း ဂျပန်စစ်သားများက ဖြစ်သလို သစ်သားတုံးများ ခုခံ၍ ပြင်ဆင်ကြပြီး ရထားများကို ဆက်လက် ခုတ်မောင်းစေခဲ့ပါသည်။

ခရစ်နှစ် ၁၉၄၄ ခုနှစ်တွင် ဂျပန်တပ်များသည် 'လိုကိုထရပ်' (Loco Truch) လို့ခေါ်သည့် ရထားသံလမ်းပြေးယာဉ်တစ်မျိုးကို ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံအတွင်းသို့ ယူဆောင်လာခဲ့ကြပြီး အသုံးပြုခဲ့ပါသည်။ ထိုရထားသံလမ်းပြေးယာဉ်မှာ ရထားလမ်းပေါ်၌ ပြေးဆွဲသည့်အခါ၌ သံလမ်းပြေးရထားကဲ့သို့ ပြေးဆွဲနိုင်ပြီး ရထားလမ်းများ ပျက်စီးနေသည့် နေရာများသို့ ရောက်ရှိကြသည့်အခါ ရထားဘီးများအစား ရော်ဘာဘီးများကို လဲလှယ်တပ်ဆင်၍ မော်တော်ယာဉ်များကဲ့သို့ ကုန်းလမ်းပေါ်တွင်ချလျက် မောင်းနှင်နိုင်သောယာဉ်တစ်မျိုးလည်း ဖြစ်ပါ၏။ ရထားသံဘီးများအစား ရော်ဘာဘီးဖြင့် အချိန်အနည်းငယ်အတွင်း၌ လဲလှယ်တပ်ဆင်နိုင်ပါသည်။ ထိုယာဉ်၏ ဆွဲငင်အားမှာလည်း ရထားလေးဘီးတွဲ၊ နှစ်တွဲစာကို ကောင်းမွန်စွာ ဆွဲယူနိုင်သည့် အင်အားလည်း ရှိပါသည်။

ထိုအချိန်ကာလက မြန်မာနိုင်ငံမီးရထားဌာနတွင် တာဝန်ထမ်းဆောင်နေကြသော လူမျိုးများသည် ဥရောပတိုက်သားများနှင့် အင်္ဂလိပ်-မြန်မာကပြားများ အများဆုံး ဖြစ်ကြပါသည်။ မီးရထားဝန်ထမ်း ရာခိုင်နှုန်းအများအပြားမှာ ဆုတ်ခွာသွားသည့် ဗြိတိသျှတပ်များနှင့်အတူ ထိုအချိန်ကာလက ဗြိတိသျှလက်အောက်ခံ နိုင်ငံတစ်ခုဖြစ်သည့် အိန္ဒိယနိုင်ငံသို့ မြန်မာနိုင်ငံမှ ထွက်ခွာ၍ သွားရောက် ခိုလှုံကြပါသည်။ ၎င်းတို့နေရာများတွင် ဂျပန်တပ်သားများနှင့် မြန်မာလူမျိုးတို့က ဝင်ရောက် နေရာယူ၍ မီးရထားလုပ်ငန်းများတွင် ဆက်လက် လုပ်ကိုင်ခဲ့ကြပါသည်။

သို့ရာတွင် မီးရထားရုံပိုင်များ၊ မီးရထားဂါတ်ဗိုလ်များ (ယခု ရထားထိန်း)၊ ရထားစက်ခေါင်းမောင်းများစသည့် အရာထမ်းမဟုတ်ကြသော ရာထူးအဆင့်နေရာများတွင် မြန်မာနိုင်ငံအတွင်း၌ ကျန်ရစ်ခဲ့ကြသည့် အင်္ဂလိပ်-မြန်မာကပြားများနှင့် အင်္ဂလိပ်-အိန္ဒိယကပြား ရာခိုင်နှုန်းအတော်များများတို့က ဆက်လက်၍ မြန်မာနိုင်ငံ မီးရထားဌာနတွင် အမှုထမ်းဆောင်လျက် ရှိကြပါ၏။

ဒုတိယကမ္ဘာစစ်ကာလက မြန်မာနိုင်ငံအနှံ့အပြားတွင် စစ်မီးဟုန်းဟုန်းတောက်လောင်ခြင်းကိုခံခဲ့ကြရာ မြန်မာနိုင်ငံအတွင်း သွားလာပို့ဆောင်ရေးကို အဓိကလုပ်ဆောင်ပေးခဲ့သော မီးရထားဌာနကြီးသည် ဒုတိယကမ္ဘာစစ်ကာလတွင် စစ်ဘေးဒဏ်ကို အများဆုံးခံခဲ့ရ




ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ပျက်စီးသွားခဲ့သော မန္တလေးဘူတာရုံဟောင်းကြီး၏ မှတ်တမ်းဓာတ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ထောင်တွင်းကြီး-ကြို့နီရထားလမ်း တံတားအမှတ် (၁၆၂) စစ်ဘေးဒဏ်ခံရသည့် မှတ်တမ်းဓာတ်ပုံ

သော ပို့ဆောင်ရေးဌာနကြီးတစ်ခု ဖြစ်ပါ၏။ ဂျပန်တပ်များ မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်လာခဲ့ကြစဉ်ကာလ၌ အကြီးအကျယ် ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းကြောင့် လည်းကောင်း၊ ဗြိတိသျှတပ်များ မြန်မာနိုင်ငံအတွင်းမှ ဆုတ်ခွာသွားခဲ့ကြစဉ်ကာလမှာလည်း ဖျက်ဆီးမှုများ ပြုလုပ်ခဲ့ကြ၍လည်းကောင်း မီးရထားဌာနကြီးအနေဖြင့် ကြီးမားစွာသော ဆုံးရှုံးခြင်းတို့ကို ကြုံတွေ့ခဲ့ရပြီး တစ်ဖန် ဗြိတိသျှတပ်များနှင့် မဟာမိတ်တပ်များ မြန်မာနိုင်ငံအတွင်းသို့ တစ်ဖန် ပြန်လည်ဝင်ရောက်လာခဲ့ကြစဉ်ကာလမှာလည်း လေယာဉ်များပေါ်မှ ဗုံးများ ဖောဖောသီသီကြဲချခြင်းများကြောင့် မြန်မာနိုင်ငံမီးရထားဌာနကြီး၏ အလုပ်ရုံများ၊ ရထားစက်ခေါင်းရုံများ၊ ရထားလမ်းကူးတံတားများ ရထားတွဲများထားရှိသည့်ရုံများ၊ ဘူတာရုံများနှင့် ဝန်ထမ်းနေအိမ် အဆောက်အအုံများ၊ မီးရထားလမ်းအချက်ပြအဆောက်အအုံများ၊ ရထားစက်ခေါင်းများ၊ လူစီးတွဲများနှင့် ကုန်တွဲများ ကြီးအကျယ် ပျက်စီးသွားခဲ့ကြပြီး ၎င်းတို့အနက် အများအပြားမှာ လုံးဝ ပြန်လည်အသုံးပြု၍မရလောက်အောင် ပျက်စီးသွားခဲ့ကြပါသည်။

မီးရထားဌာနပိုင်ဆိုင်သည့် လုံးဝပျက်စီးသွားခဲ့ကြသော ရထားလမ်းကူးတံတားပေါင်း (၁၉၉) ခုရရှိခဲ့ပြီး တံတားပေါင်း (၂၀၀) ကျော်မှာလည်း အထိုက်အလျောက် ပျက်စီးသွားခဲ့ကြပါသည်။ အလျား(၁၂၅)ပေနှင့်အထက် တံတားကြီးပေါင်း (၅၁) ခု ရှိကြသည့်အနက် (၂၈) ခုမှာ လုံးဝ ပျက်စီးသွားခဲ့ကြပြီး အလျား ပေ (၁၀၀) မှ (၁၂၀) အထိ ရှည်လျားကြသည့် တံတားကြီးပေါင်း (၁၃၄)ခုရှိကြသည့်အနက် တံတား (၇၂) ခုမှာလည်း အထိုက်အလျောက် ပျက်စီးခဲ့ခြင်းများရှိကြပါ၏။

ယင်းသို့ ဖျက်ဆီးခြင်းခံခဲ့ကြရသည့် တံတားကြီးများတွင် ဟင်္သာတခရိုင် အတွင်းရှိကြသည့် ဒဂတံတားနှင့် ငဝန်မြစ်ကူးတံတားကြီး၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီး နယ်စပ်တွင်ရှိသည့် စစ်ကိုင်းတံတားခေါ် အင်းဝတံတားကြီး၊ မန္တလေး-လားရှိုးရထားလမ်းပိုင်းတွင် တည်ရှိသည့် ကျောက်မဲ ဂုတ်ထိပ်တံတားကြီး၊ မန္တလေး-မြစ်ကြီးနားရထားလမ်းပိုင်း၌ တည်ရှိသည့် မဲဇာတံတားကြီး၊ မန္တလေးအနီးဝန်းကျင်ရှိ မြစ်ငယ်တံတားကြီး၊ ရန်ကုန်မြို့ ဆင်ခြေဖုံးတွင်ရှိသည့် ငမိုးရိပ်တံတားကြီးနှင့် မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးနယ်စပ်ရှိ စစ်တောင်းတံတားကြီးတို့လည်း ပါဝင်ခဲ့ကြပါ၏။

ဒုတိယကမ္ဘာစစ်မဖြစ်မီကာလ၌ ရေနွေးငွေ့သုံးစက်ခေါင်းပေါင်း (၃၆၂) စင်းရှိကြသည့်အနက် ရထားစက်ခေါင်း (၃၀၀) တို့သည် လည်းကောင်း၊ ခရီးသည်တင်တွဲပေါင်း (၁၅၃၆) တွဲရှိကြသည့်အနက် (၉၅၇) တွဲသည် လည်းကောင်း၊ ကုန်တွဲပေါင်း (၉၀၂၁) ရှိကြသည့်အနက် (၇၁၉၇) တွဲသည် လည်းကောင်း ဒုတိယကမ္ဘာစစ်ကာလ၌ ပျက်စီးသွားခဲ့ကြပါသည်။ ထို့ပြင် အင်းစိန်ရထားစက်ခေါင်းရုံနှင့် မြစ်ငယ်တွဲပြင်စက်ရုံတို့မှာလည်း ပြန်လည်အသုံးပြု၍မရနိုင်လောက်အောင် လုံးဝပျက်စီးသွားခဲ့ကြသည်။ မြန်မာနိုင်ငံ မီးရထားဌာနအတွက် အထူးအားထားရသည့် အင်းစိန်စက်ခေါင်းပြင် စက်ရုံကြီးသည်လည်း ဗြိတိသျှတပ်များ အိန္ဒိယနိုင်ငံသို့ မဆုတ်ခွာမီ ၁၉၄၂ ခုနှစ်တွင် ဗြိတိသျှတပ်တို့၏ဖျက်ဆီးခြင်းများကိုခံခဲ့ကြရပါသည်။ ဂျပန်တပ်များ ၁၉၄၂ ခုနှစ် နှစ်ဆန်း... မြန်မာနိုင်ငံတွင်းသို့ ရောက်ရှိလာခဲ့သည့် ကာလ၌ ဂျပန်တို့က အင်းစိန်စက်ခေါင်းရုံကြီးကို ပြန်လည်၍ အသုံးပြုနေခဲ့... ကာလမှာ ၁၉၄၄ ခုနှစ်တွင် ဗြိတိသျှတပ်တို့၏ ဒုတိယအကြိမ် ဗုံးကြဲတိုက်ခိုက်ခြင်းကို ထပ်မံခံခဲ့ရသဖြင့် အကြီးအကျယ် ပျက်စီးသွားခဲ့ရပြန်သည်။ မီးရထားအချက်ပြအားလုံးနီးပါး၊ ဘူတာရုံအဆောက်အအုံများနှင့် မီးရထားဝန်ထမ်းအိမ်ရာ (၈၀) ရာခိုင်နှုန်းမှာလည်း ဒုတိယကမ္ဘာစစ်၏ စစ်ဘေးအန္တရာယ်များကြောင့် ပျက်စီးခဲ့ရကြောင်းကို ... သားဖော်ပြရင်း ဤဆောင်းပါးကို အဆုံး... သတ်လိုက်ပါသည်။

တင်ထွန်း (စက်မှု-၂ ...)



www.burmeseclassic.com

www.burmeseclassic.com



# အရိုးကျီးပေါင်းတက်ခါးနာနှင့် အဆစ်ရောင်ခါးနာရောဂါ

ရီရီငွေး

(Lumbar Spondylosis & Ankylosing Spondylosis)

အရိုးကျီးပေါင်းတက်ခါးနာရောဂါဟာ နာတာရှည်ရောဂါ အမျိုးအစားဖြစ်ပြီး အသုံးချများတဲ့အတွက် ခါးရိုးမှာအတက်ထွက်ကာ အာရုံကြောကြွက်သားများ၊ အရွတ်များကို ထောက်မိပြီး နာကျင်မှုဝေဒနာကို ခံစားရခြင်း ဖြစ်ပါတယ်။ ဒီရောဂါဟာ အသက် (၅၀) ကျော်အရွယ်များတွင် အဖြစ်များပြီး (၅၀) ရာခိုင်နှုန်းမျှ ဖြစ်ပွားတတ်ပါတယ်။ ငယ်ရွယ်သူများမှာ ခါးနာရောဂါ (၅. ၉) ရာခိုင်နှုန်းမျှဖြစ်ပွားကြောင်း တွေ့ရှိရပါတယ်။

## အရိုးကျီးပေါင်းတက်ရောဂါဖြစ်ပွားရခြင်းအကြောင်းရင်း

လူသားတို့ရဲ့ ခန္ဓာကိုယ်မှာ အခြေခံအားဖြင့် အရိုးပေါင်းများစွာနဲ့ ဖွဲ့စည်းထားပါတယ်။ အရိုးများဟာ ခန္ဓာကိုယ်ကို ခိုင်မာအောင် ထောက်ခံပေးတဲ့ စွမ်းရည် ရှိပါတယ်။ ဒ့ါအပြင် ထိုင်၊ ထ၊ အိပ်၊ လျောင်း စတဲ့ ခန္ဓာကိုယ်လှုပ်ရှားမှုများကို ပြုလုပ်ရန်အတွက် အရိုးများဟာ တစ်ချောင်းနဲ့တစ်ချောင်း ဆက်ထားရပါတယ်။ အရိုးနှစ်ချောင်း ဆက်ရာမှာ တိုက်ရိုက်ဆက်ခြင်းမပြုဘဲ ကြားခံအရိုးနုကလေးများက ဝါရှာသဖွယ် ခံနေပါတယ်။ အဲဒီ အရိုးနုကလေးများ ကြားခံနေတဲ့အတွက် အရိုးနှစ်ခုပွတ်တိုက်တဲ့အခါမှာ နာကျင်မှုမဖြစ်တော့ပေ။ ဒါပေမယ့် အရိုးနှစ်ခုပွတ်တိုက်ပါများလာတဲ့အခါမှာ အရိုးများ အက်သွားပါတယ်။ အဲဒီလို အက်သွားတဲ့အခါမှာ ဇီဝကမ္မဖြစ်စဉ်အရ 'ပြန်လည်ဖြစ်ပေါ်ခြင်းသတ္တိ' များ ပေါ်လာပါတယ်။ ဒါကြောင့် အက်သွားတဲ့အရိုးအစား အရိုးသစ်များထွက်လာပါတယ်။ အသစ်ထုတ်ပေးလိုက်တဲ့ အရိုးဟာ နဂိုကလို လုံးမနေတော့ဘဲ အဖုအထစ်ကလေးများ ဖြစ်ပေါ်လာတယ်။ အဲဒီ အဖုအထစ်များဟာ ကျီးပေါင်းနဲ့ပုံသဏ္ဍာန်တူတာကြောင့် ကျီးပေါင်းတက်တယ်လို့ ခေါ်ကြပါတယ်။ အဲဒီ အဖုအထစ်ကလေးရဲ့ မချောမွေ့မှုကြောင့် လှုပ်ရှားတဲ့အခါမှာ ထိခိုက်မှုဖြစ်ပြီး အထိုင်အထ ခါးနာလာပါတယ်။

လူသားများဟာ အသက်ကြီးရင့်လာတာနဲ့အမျှ ခန္ဓာကိုယ်အတွင်းမှာရှိတဲ့ပစ္စည်းများဟာ ခိုင်ခံ့မှုအားနည်းလာပြီး အရိုးနုများပွန်းစားခြင်းကြောင့် များစွာမခိုင်ခံ့တော့ပေ။ အရိုးများရဲ့သဘောမှာ ဖိလိုက်ရင်ကျုံ့သွားပြီး လွှတ်လိုက်ရင် ပြန်ဖောင်းလာပါတယ်။ အရိုးနုပွန်းစားပြီဆိုရင် ဖိလိုက်တဲ့အခါမှာ ပြန်ဖောင်းမလာတော့ဘဲ အရိုးရဲ့အစွမ်းသတ္တိများလျော့ကျသွားပါတယ်။ အထူးသဖြင့် ခန္ဓာကိုယ်ကို ပုံစံမမှန်သောနည်းနဲ့နေထိုင်သူများဟာ ဒီရောဂါအဖြစ်များပါတယ်။ သဘာဝအားဖြင့်ဆိုရင် ခန္ဓာကိုယ်ရဲ့အလေးချိန်ကို ခါးရိုး၊ ဒူးရိုးတို့မှ ဝန်ထမ်းထားရပါတယ်။ ဒါကြောင့် ခန္ဓာကိုယ်ကို မတ်မတ်မထားရင် ကမ္ဘာမြေကြီးရဲ့ဆွဲငင်အားဟာ လမ်းကြောင်းပုံစံမကျတဲ့အတွက် ပိုမိုအားစိုက်ရပါတယ်။ အကယ်၍ ခန္ဓာကိုယ်ကို ရှေ့စိုက်နေပါက ခါးရိုးကိုဆောင့်ဆွဲသလိုဖြစ်ပြီး အရိုးနုများကို ပိုမိုပွန်းစားနိုင်ပါတယ်။ ခန္ဓာကိုယ်ကိုနောက်လှန်တွန်းပါကလည်း ထို့အတူ ပွန်းစားနိုင်ပါတယ်။ တချို့သောသူများက ခါးမှာ ဒဏ်ရာရ ထိခိုက်မိတာကြောင့် အရိုးနုကလေးများ ပျက်စီးသွားပြီး ဒီရောဂါဖြစ်စေတာပါ။

## ရောဂါရှာဖွေစစ်ဆေးခြင်း

အရိုးကျီးပေါင်းခါးနာရောဂါရှင်များကို ဓာတ်မှန်ရိုက်ခြင်းဖြင့် ဓာတ်မှန်ထဲတွင် အရိုးအဆစ်များရဲ့ထောင့်များ၌ အတက်ကလေးများထွက်နေတာကို မြင်တွေ့ရပါမယ်။ ဒီရောဂါရှင်များဟာ နံနက် အိပ်ရာထချိန်မှာ လူကောင်းသဖွယ်ဖြစ်ပြီး လေ့ကားအဆင်း၊ အတက်လုပ်ရင် ခါးနာလာတတ်ပါတယ်။ အရိုးအတက်ထွက်စ,မှာ များစွာနာကျင်မှုမရှိသော်လည်း အရိုးအတက်များစွာ ဖြစ်ပေါ်လာတာနဲ့အမျှ ခါးနာခြင်းဝေဒနာကို ပြင်းထန်စွာ ခံစားကြရပါတယ်။ ထိုရောဂါရှင်များကို ကွန်ပျူတာဓာတ်မှန် (CT)၊ သံလိုက်ဓာတ်မှန် (MRI) စတာတွေနဲ့လည်း စမ်းသပ် စစ်ဆေးနိုင်ပါတယ်။

## ရောဂါလက္ခဏာများ

ခါးနာခြင်းဝေဒနာကို စတင်ခံစားရပါတယ်။ ဝေဒနာရှင်ဟာ တစ်လခန့် ခါးနာမပျောက်ပါက ဆရာဝန်နဲ့ပြသပြီး စစ်ဆေးမှု၊ ကုသမှုခံယူရမှာ ဖြစ်ပါတယ်။

အထူးသဖြင့် အသက် (၂၀)နှစ်အောက်နဲ့ အသက် (၅၅) နှစ်အထက် ခါးနာရင် ဖြစ်စေ၊ အောက်ပါလက္ခဏာများ ဖြစ်ပေါ်ရင် ဖြစ်စေ ဆရာဝန်ကြီးနဲ့ ပြသရမှာ ဖြစ်ပါတယ်။

- ခါးနာခြင်းဝေဒနာတိုးလာခြင်း။
- တဖြည်းဖြည်းပိန်လာခြင်း။
- ညဘက်တွင် ချွေးထွက်လာခြင်း။
- အစားအသောက်ပျက်ခြင်း။

ဒ့ါအပြင် တချို့ လူနာများမှာ. . .

- ခါးနာခြင်းကြောင့် ဆီးမထိန်းနိုင်အောင်ဖြစ်ခြင်း။
- ထုံကျဉ်ကိုက်ခဲမှုရှိခြင်း။

အချို့သော ခါးနာရောဂါရှင်ဟာ ဆီးထိန်းမရဘဲ သူ့အလိုလိုထွက်ကျတတ်ပါတယ်။ အချို့ကတော့ ခြေထောက်မှာ ထုံကျဉ်နေသဖြင့် ခြေထောက်ကို အပ်နဲ့ထိုးကြည့်တာတောင် ခံစားမှုမသိဘဲ ဖြစ်တတ်ပါတယ်။ ချက်နေရာလောက်မှ ေ... ပြီး သိနိုင်ပါတယ်။ အဲဒီလိုဖြစ်ခြင်းဟာ



www.burmeseclassic.com

www.burmeseclassic.com

ကျောရိုးကို တစ်ခုခုဖိထားခြင်းကြောင့် ဖြစ်ပါတယ်။ ဒီလို လက္ခဏာမျိုးဖြစ်ပြီဆိုရင် ဆရာဝန်ကြီးနဲ့ပြသပြီး အချိန်မီ ဖိထားခြင်းကို ဖယ်ရှားရပါမယ်။ အချိန်မီ ဖယ်ရှားခြင်းမပြုရင် ခြေထောက်နှစ်ဖက်စလုံး အားနည်းသွားပြီး အောက်ပိုင်းသေသွားတတ်ပါတယ်။

အရိုးကျီးပေါင်းတက် ခါးနာခြင်းဟာ အရှေ့ကိုကွေးရင် နာကျင်ပြီး အာရုံကြောများကို ထိခိုက်စေနိုင်တဲ့အတွက် သတိထားရမယ့်ရောဂါ ဖြစ်ပါတယ်။ တချို့သောသူများဟာ အာရုံကြောထိခိုက်ပြီး အာရုံကြော အားနည်းသွားလို့ ခြေထောက်ကြွက်သားတို့ကို ထိခိုက်စေပါတယ်။ ဒါကြောင့် နာတာရှည်အောက်ပိုင်းချည့်ဝေဒနာကိုခံစားရတတ်ပါတယ်။

**နေထိုင်မှုပုံသဏ္ဌာန် မှန်ကန်အောင် နေထိုင်နည်း**

လုပ်ငန်းအရ ဖြစ်စေ၊ တာဝန်တစ်ရပ်အရ ဖြစ်စေ မထိုင်မဖြစ် ထိုင်ရမယ်ဆိုရင် တင်ပါးကို နောက်မှီနဲ့ကပ်ထားပြီး ကျောကုန်းကိုလည်း နောက်မှီနဲ့ကပ်ကာ တည့်မတ်စွာ ထိုင်ရပါမယ်။ ခန္ဓာကိုယ်ကို လျော့တိလျော့ရဲ ပျင်းရိပျင်းတွဲ ကောက်ကွေးစွာ မထိုင်သင့်ပါ။ အဲဒီလို ထိုင်ခြင်းဟာ ရောဂါကို ဖိတ်ခေါ်ရာရောက်သလို ရောဂါဖြစ်သူများအတွက် နာတာရှည်ရောဂါ ဖြစ်စေနိုင်ပါတယ်။ ခန္ဓာကိုယ်ကို ယန္တရားလို လှုပ်ရှားရပါမယ်။ ယန္တရားလိုလှုပ်ရှားခြင်း ဆိုတာ မှန်ကန်တဲ့ကိုယ်ဟန်အနေအထားနဲ့ နေ့စဉ် လှုပ်ရှားသွားလာရပါမယ်။ လမ်းသွားတဲ့အခါ ခန္ဓာကိုယ်ကို မတ်မတ်သွားရပါမယ်။ နောက်ကျောပိုင်းကိုကွေးကောက်အောင် မနေပါနှင့်။ အိပ်၊ ရပ်၊ သွား ပုံသဏ္ဌာန်များအနက် ပုံသဏ္ဌာန်တစ်မျိုးတည်းနဲ့ တာရှည်စွာမနေပါနဲ့။ အချိန်ကြာမြင့်စွာ အထိုင်များရင် အညောင်းပြေလမ်းလျှောက်ခြင်း၊ အနားယူခြင်းတို့ကို ပြုလုပ်ပေးပါ။ ကြာမြင့်စွာ မတ်တတ်ရပ်ရမယ်ဆိုရင် ခြေထောက်တစ်ဖက်ကို ခုံနိမ့် သို့မဟုတ် အဆင့်တစ်ခုပေါ်မှာ တင်ထားပါ။

**မလွဲမသွေအလေးမ,ခြင်း**

မလွဲမသွေ အလေးအပင်များကို မ,ရမယ်ဆိုရင် ဒူးကိုကွေးပြီး လက်နှစ်ဖက်နဲ့မ,ပါ။ ခါးကုန်းပြီး မမ,ရပါ။ မ,စဉ်မှာ နောက်ကျောကို ပိုပြီးထိန်းနိုင်ရန် တင်ပါးနဲ့ ဝမ်းဗိုက်ကို တင်းထားပါ။ နောက်ကျောအပေါ်ပိုင်းကို ဖြောင့်မတ်စွာထားပြီး နောက်ကျောအောက်ပိုင်းရှိ အကွေးအခွက်ကလေးများကို ထိန်းထားရပါမယ်။ အလေးမ,ရာမှာ ပေါ့ပင်ပေါ့ပေမယ့် ခန္ဓာကိုယ်နဲ့ နီးနိုင်သမျှ နီးကပ်စွာနေပြီးမှ မ,ပါ။

လေးပင်သောအရာဝတ္ထုကိုမ,ရင် နံဘေး သို့မဟုတ် နောက်သို့လှည့်တဲ့အခါမှာ ခြေထောက်မှနေပြီး လှည့်ပါ။ ခါးနဲ့နောက်ကျောကိုအားပြုပြီး မလှည့်သင့်ပါ။ ပခုံးအမြင့်ထက် ပိုပြီး လေးပင်သောအရာဝတ္ထုကို မမ,သင့်ပါ။ အကယ်၍ အမြင့်မှာထားတဲ့ပစ္စည်း (ဦးခေါင်းထက်ပိုမြင့်တဲ့နေရာမှာထားသောပစ္စည်း) ကို သယ်ယူမယ်ဆိုရင် လှေကား သို့မဟုတ် ခွေးခြေကိုအသုံးပြုပြီး နီးစွာထား သယ်ယူပါ။ အလွန်လေးသောပစ္စည်းဖြစ်ပါက အခြားလူတစ်ဦးရဲ့အကူအညီကို ယူ၍ မ,ပါ။

**မှားနိုင်သောရောဂါ**

ဒီရောဂါဟာ ရိုးရိုးအဆစ်ရောင် ခါးနာရောဂါနဲ့မှားနိုင်ပါတယ်။ ဒါပေမယ့် ရောဂါလက္ခဏာကတော့ မတူပါ။ ရိုးရိုးအဆစ်ရောင်ခါးနာရောဂါဟာ အိပ်ရာထခါစအချိန်မှာ နာကျင်မှုဝေဒနာဖြစ်ပေါ်လာပြီး နေထွက်လာတာနဲ့အမျှ လှုပ်ရှားသွားလာရင်း တဖြည်းဖြည်း နာကျင်မှုသက်သာလာပါတယ်။ ခါးမှာသာမက တင်ပါးဆုံရိုးပိုင်းပါ နာကျင်ပြီး တင်ပါးဆုံရိုးကို နှိပ်ကြည့်ပါက ပိုပြီး နာကျင်ပါတယ်။ အရှေ့သို့ကုန်းခြင်း၊ အနောက်သို့ကော့ခြင်း၊ ဘေးစောင်းခြင်း စတဲ့ လှုပ်ရှားမှုတိုင်း နာကျင်မှုရှိပါတယ်။ အချို့မှာ နံရိုးများကိုပါ ထိခိုက်တဲ့အတွက် အသက်ရှူကျပ်ခြင်းလည်း ဖြစ်တတ်ပါတယ်။


**အဆစ်ရောင်ခါးနာဖြစ်ပွားရခြင်း အကြောင်းရင်း**

ဒီရောဂါဖြစ်ပွားရခြင်း အဓိက အကြောင်းရင်းမှာ ခါးရိုးများကွေးသွားခြင်းကြောင့် ဖြစ်ပါတယ်။ ဒီလို ခါးရိုးကွေးခြင်းမှာ မျိုးရိုးဗီဇဖြစ်တဲ့ (HLAB - 27 gene) နဲ့ ပတ်သက်နေတာကို တွေ့ရပါတယ်။ ဒီရောဂါဟာ ကျောရိုးတစ်လျှောက်၊ ခါး၊ မြီးညောင်းရိုးမှာ အဖြစ်များပါတယ်။ အသက် (၄၀) အောက် အဖြစ်များပြီး ယောက်ျားလေးများဟာ မိန်းကလေးများထက် (၄) ဆခန့် ပိုပြီး အဖြစ်များပါတယ်။

**ရောဂါရှာဖွေစစ်ဆေးခြင်း**

အဲဒီ ရောဂါ ရှိ,မရှိကို ဓာတ်မှန်ရိုက်ခြင်းဖြင့် သိနိုင်ပါတယ်။ ဓာတ်မှန်မှာကြည့်ပါက ရောဂါရှိသူများရဲ့ခါးရိုးထဲမှာ အတက်ကလေးတွေ ထွက်နေတာကို တွေ့ရမှာ ဖြစ်ပါတယ်။ အဲဒီ အတက်နဲ့ အရိုးကျီးပေါင်းအတက်နဲ့ မတူပါ။ အရိုးကျီးပေါင်းအတက်က ဘေးတိုက်ထွက်နေပြီး ဒီရောဂါရဲ့အတက်ကလေးတွေဟာ ဝါးလုံးတစ်လုံး ထောင်ထားသလို အပေါ်ကလည်း အောက်သို့ထွက်ပြီး အောက်ကလည်း အပေါ်သို့ထွက်နေပါတယ်။ တင်ပါးဆုံကလည်း ရောင်ရမ်းနေပြီး တစ်ခုနဲ့တစ်ခု ဆက်ထားတာကို တွေ့ရှိရပါတယ်။

ဒီရောဂါကို ဆေးကုသမှုမခံယူပါက ခါးကုန်းပြီး အိပ်ရာထဲမှာနေသွားရတဲ့ နာတာရှည်ရောဂါကို ခံစားရတတ်ပါတယ်။ ဒါ့အပြင် လည်ပင်းအဆစ်လွဲခြင်း၊ အာရုံကြောမကြီးကို ထိခိုက်ခြင်း၊ နှလုံးသွေးပေါက်ကျယ်ခြင်း၊ သွေးလွှတ်ကြောမကြီး ရောင်ရမ်းခြင်းတို့ ဖြစ်နိုင်ပါတယ်။




www.burmeseclassic.com

www.burmeseclassic.com

**ဆေးကုသခြင်း**

ရောဂါအခြေအနေအလိုက် အကြိတ်အခဲပျောက်ဆေးပေးခြင်း၊ အခြားလိုအပ်တဲ့ စားဆေး,သောက်ဆေးများပေးခြင်း၊ လိုအပ်ပါက ခွဲစိတ်ကုသခြင်းတို့ပဲ ဖြစ်ပါတယ်။ ဆေးမှန်မှန်သောက်ပြီး မှန်ကန်တဲ့ပုံစံနဲ့နေထိုင်ရပါမယ်။ ထိုင်တဲ့အခါ ခါးနောက်ပိုင်းမှာ မှီအုံးလေးတစ်ခုထားပါ။ အိပ်သောအခါ မျက်နှာပြင်တင်းတဲ့မွေ့ရာနဲ့အိပ်ပါ။ အိပ်ရာပေါ်မှာ ပက်လက်အိပ်ပြီး မျက်နှာသုတ်ပဝါကို ခါးအောက်ပိုင်းရှိ အကွေးအောက်မှာဖြစ်စေ၊ ဒူးကွေးအောက်မှာ ဖြစ်စေခုထားပါ။

**သင့်တင့်သောအစားအစာများ**

- အရိုးပါသော ငါးသေးသေးလေးများကို နေ့စဉ် သို့မဟုတ် တစ်ပတ် (၃) ကြိမ်ခန့် ချက်စားပါ။
- ငါးမန်းတောင်နှင့် တီရှာွန်များရဲ့ အရိုးနုများ
- ဗီတာမင်ဘီဓာတ် ကြွယ်ဝစွာ ပါဝင်သော ပေါင်မုန့်ကြမ်း၊ ဆန်လုံးညို
- အင်တီအောက်ဆီဒင့် (ခေါ်) ဓာတ်တိုးဆန့်ကျင်ပစ္စည်း ပါဝင်သည့် ချယ်ရီသီး
- ဗီတာမင်စီဓာတ် ပါဝင်သော လိမ္မော်သီး၊ ရှောက်သီး၊ ဆီးဖြူသီး
- ဗီတာမင်အီး ကြွယ်ဝသော အခွံမာသီးများဖြစ်တဲ့ သစ်ကြားသီးနှင့် သီဟိုဠ်စေ့၊ ဗာဒံစေ့၊ အယ်မွန်စေ့၊ ဖရုံစေ့
- အစိမ်းရောင် ဟင်းသီးဟင်းရွက်များ
- သံလွင်ဆီ၊ နေကြာဆီ၊ နှမ်းဆီ၊ သစ်ရွက်ဆီ
- ဆာဒင်းငါး၊ ငါးကွင်းရှပ်ငါး၊ တူနာငါး၊ ဆော်လမွန်ငါး (တစ်ပတ်လျှင် သုံးကြိမ်ခန့် စားသုံးသင့်ပါတယ်။)
- အာလူးနဲ့ ကန်စွန်းဥ၊ ဂျုံဖြင့်ပြုလုပ်ထားတဲ့ မုန့်အမျိုးမျိုး (အချိုဓာတ်မပါ)
- သွပ်ဓာတ်ပါဝင်တဲ့ ရွှေဖရုံသီး၊ ရွှေဖရုံစေ့၊ ကိုကိုး

**မသင့်တင့်သောအစားအစာ**

- ပြုပြင်ထားတဲ့အသားများ၊ ရယ်ဒီမိတ်အစားအစာများ



- ချောကလက်အမျိုးမျိုး၊ ခရမ်းချဉ်သီး၊ ခရမ်းသီး
- နွားနို့နှင့် နို့ထွက်ပစ္စည်းအမျိုးမျိုး
- ငရုတ်ကောင်း၊ အာလူးကြော်နှင့် ဆီကြော်မုန့်အမျိုးမျိုး

**သောက်သုံးသင့်သည့်ဓာတုဆေးဝါးများ**

ငါးမန်းတောင်နှင့်တီရှာွန်အရိုးနုများမှထုတ်လုပ်ထားသော (Glucosarnine နှင့် Chondroitin) ဓာတ်နှစ်မျိုးပါဝင်သောဆေးဝါးများ (ဥပမာ Nuflarn, OS-flex) (အထက်ပါ ဆေးများအား ဆရာဝန်၏ညွှန်ကြားချက်နှင့် အညီ သောက်သုံးပါရန်)

**ခါးနာသူများအတွက်အဓိကလိုအပ်ချက်**

- ဆရာဝန်ကြီးများနှင့်ပြသပြီး ညွှန်ကြားချက်အတိုင်း ဆေးမှန်မှန် သောက်သုံးရန်
- ခန္ဓာကိုယ်အဝလွန်လျှင် သာမန်အလေးချိန်အထိ လျှော့ချပါရန် (အဝလွန်သူများ ခန္ဓာကိုယ် အလေးချိန်လျှော့ချရန်မှာ အစားအသောက်နှင့် ခန္ဓာကိုယ် ထိန်းသိမ်းခြင်း၊ လေ့ကျင့်ခန်း ပုံမှန်ယူခြင်း။
  ထိုရောဂါရှင်များအတွက် လေ့ကျင့်ခန်းယူခြင်းမှာ အဓိက ဖြစ်ပါတယ်။)
- လေ့ကျင့်ခန်းယူခြင်းတွင် ရေကူးခြင်းဟာ ရောဂါရှင်များအတွက် အကောင်းဆုံး ဖြစ်ပါတယ်။
- ရိုးရိုးလေ့ကျင့်ခန်းမှာ ပက်လက်အိပ်ပြီး ဒူးဆစ်ကို ကွေးထားပါ။ ခါးကိုကြွလာအောင် မ,ပေးပါ။
- ခါးရိုးကွေးပြီး မအိပ်ရပါ။ အိပ်တဲ့အခါမှာ နည်းလမ်းမှန်အောင်အိပ်ပါ။
- အိပ်တဲ့အခါမှာ ပက်လက်အနေအထား သို့မဟုတ် မှောက်လျက်အနေအထားနဲ့ စန့်စန့်အိပ်ရန် အဓိကကျပါတယ်။
- ဘေးစောင်းအိပ်ခြင်း၊ ကွေး၍အိပ်ခြင်းမှာ အဲဒီရောဂါကို မပျောက်ကင်းစေတဲ့ ပုံသဏ္ဍာန်မှားယွင်းသော အိပ်ခြင်းမျိုး ဖြစ်ပါတယ်။ ဒါကြောင့် ထိုရောဂါရှင်များအနေနဲ့ ဘေးစောင်းအိပ်၊ ကွေးအိပ်ခြင်းကို အဓိကထား ရှောင်ကြဉ်ရမှာ ဖြစ်ပါတယ်။
- ဆေးလိပ်မသောက်သုံးသင့်ပါ။ ရောဂါသက်သာပျောက်ကင်းရေးအတွက် အဟန့်အတားဖြစ်၍ ဆေးလိပ်သောက်သူ ဖြစ်ပါက ဆေးလိပ်ဖြတ်ရန် အရေးကြီးပါတယ်။
- အလုပ်စားပွဲ၊ စာကြည့်စားပွဲ၊ တီဗီရှေ့မှာ အချိန်ကြာမြင့်စွာ မထိုင်သင့်ပါ။
- အကယ်၍ ကားမောင်းမည်ဆိုလျှင် ထိုင်ခုံကို ခြေနင်းဘရိတ်၊ လီဗာ၊ စတီယာရင်းများကို အလွယ်တကူမှီနိုင်မယ့်နေရာသို့ ရွှေ့ထားပါ။ အညောင်းဆန့်ရန် မကြာခဏ ကားရပ်ပေးပါ။

အထက်ပါအချက်များဟာ ရိုးရိုးခါးဆစ်ရောင်ရောဂါရှိသူရော အရိုးကျီးပေါင်း ခါးဆစ်ရောဂါရှိသူများအတွက်ပါ ရှောင်ရန်အချက်များ ဖြစ်ပါတယ်။ အဆစ်ရောင် ခါးနာရောဂါနဲ့ ကျီးပေါင်းတက် ခါးနာရောဂါမှာ အရိုး၌အတက်များထွက်ခြင်းကြောင့် ရောဂါရခြင်း ဖြစ်ပါတယ်။ အတက်ထွက်ပုံ ပုံသဏ္ဍာန်ချင်း ကွဲပြားပါတယ်။ ဒီရောဂါနှစ်ခုမှာ ကုသပုံချင်း၊ ရှောင်ရန်, ဆောင်ရန်များ တူပါတယ်။ ဒါပေမယ့် အရိုးကျီးပေါင်း ခါးနာရောဂါက အဆစ်ရောင်ခါးနာရောဂါထက် ပိုပြီး ဂရုစိုက်ကုသရတဲ့ရောဂါ ဖြစ်ပါတယ်။

အဓိကအားဖြင့် ဆေးဝါးအချိန်မီကုသခြင်း၊ ပုံမှန်ဆေးသောက်ခြင်း၊ အစားအသောက်, အနေအထိုင် ပုံစံမှန်အောင် စားသောက်နေထိုင်ခြင်း၊ လေ့ကျင့်ခန်းယူခြင်း စတဲ့ ပြုပြင်ပြောင်းလဲခြင်းများနဲ့ကုစားရင် ဒီရောဂါဟာသက်သာပျောက်ကင်းပြီး အသက်တမ်းစေ့ ကျန်းမာရေးနဲ့ပြည့်စုံစွာနေသွားရမှာ ဖြစ်ပါတယ်။

ရီရီဌေး

*Ref;*

*From Internet.*

*(Lumbar Spondylosis & Ankylosing Spondylosis.)*



www.burmeseclassic.com

www.burmeseclassic.com

**တောင်ရိုးတဲရွာ ပြည်တော်ဝင်ပွဲ အကြိုမြင်ကွင်း**

တောင်ရိုးတဲရွာသည် မလှိုင်မြို့နယ်အတွင်း၌ တည်ရှိသည်။ မလှိုင်မှ ကျောက်တန်းရွာ၊ ထိုမှတစ်ဆင့် မိတ်ကုန်းရွာကိုဖြတ်၍ ရေပေါ်ရေငုတ်ရွာမှ တစ်ဆင့် တောင်ရိုးတဲရွာကို ရောက်၏။ ပုပ္ပားတောင်မကြီး၏ အရှေ့ဘက်ခြမ်းတွင် တည်ရှိသည်။ စင်မြင့်သည် မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်းနှင့်နီးပြီး တောင်ရိုးတဲသည် မိတ္ထီလာ-မြင်းခြံလမ်းနှင့် နီးလေသည်။ စင်မြင့်နှင့် တောင်ရိုးတဲရွာသည် တောင်စဉ်တောင်တန်းများဖြင့် ခြားနေပါတော့သည်။

အဘအောင်မင်းခေါင်၏ဦးလေး ဦးဘိုးမှင်မှာ တောင်ရိုးတဲရွာတွင် နေထိုင်ပြီး ရုပ်သေးကြိုးဆွဲဆရာဖြစ်သည်။ ရုပ်သေးဇာတ်တွင် ဦးအာဝါးဟု အမည်တွင်လေသည်။ ၎င်း၏ ဆွေတော်မျိုးဆက်များသည် အဘ အောင်မင်းခေါင်နှင့်အမျိုးတော်စပ်ကြောင်း သိကြသည်။ အဘကို ရွာဦးထိပ်တွင် ဓာတ်စခန်းဆောက်လုပ်ပြီး ကိုးကွယ်ကြလေသည်။

တောင်လုံးလှဆရာတော်မှ ဓေ လွှတ်လိုက်သော မိတ္ထီလာမှ ဦးစိုးမြင့်နှင့် ဦးကျော်ရှိန်တို့ ရောက်ရှိလာကြသည်။ အဘအောင်မင်းခေါင် ပြည်တော်ဝင်ပွဲကို တောင်ရိုးတဲ၌ကျင်းပမှာဖြစ်ကြောင်း အဘကိုယ်တိုင် ကြွရောက်မည်ဖြစ်သ




www.burmeseclassic.com

www.burmeseclassic.com

## အဘအောင်မင်းခေါင်၏
## တောင်ရိုးတဲရွာပြည်တော်ဝင်ပွဲတော်အကြောင်း

ဖြင့် ကားသွားနိုင်ရေး, ပြည်ဝင်ပွဲကျင်းပနိုင်ရေး အစီအစဉ်များကို လာရောက်ပြောကြားသည်။ ရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ကြသည်။

ရွာသူ ရွာသားတို့သည် ရိုးသားကြသည်။ ရွာပင်ကို အိမ်တိုင်လုပ်ကာ ထန်းရွက်ကိုအမိုးပြုလုပ်ပြီး ထန်းသားကို သစ်သားအစားဆောက်လုပ်သောအိမ်တွင် ဆိတ်ကတစ်ခြမ်း၊ လူကတစ်ခြမ်း



ဖြစ်သလိုနေထိုင်ကြသည်။ သူတို့နေအိမ်မှာ မိုးမလုံသော်လည်း သူတို့ကိုးကွယ်သော မင်းကျောင်းမှာတော့ သွပ်မိုးနှင့်ပါ။ သူတို့၏အိမ်တိုင်ကို ရွာသားဖြင့် ဆောက်လုပ်ထားသော်လည်း ဘုန်းကြီးကျောင်းကိုတော့ အုတ်တိုက်နှင့် လှူထားကြလေသည်။ သူတို့မှာသာ စားစရာမရှိပေမယ့် ဆရာတော်ကျောင်းကတော့ ဟင်းခွက်အစုံဖြင့် နေ့စဉ် ဝတ်မပျက် လှူကြပါသည်။

အစည်းအဝေးမှာ ဦးကျော်ရှိန်က ဦးဆောင်ဆွေးနွေးပါသည်။

"ကျွန်တော်တို့အဘ ပုပ္ပားအောင်မင်းခေါင်ဟာ ပြည်တော်ကို ပြန်ဝင်လာပြီ။ အခု ပြန်လာတာဟာ ဓာတ်စီး, နာမ်စီး မဟုတ်ဘူး၊ ရုပ်ရော နာမ်ပါ ဝင်လာတာ။ ပထမအကြိမ် ပြည်တော်ဝင်ပွဲကို စင်မြင့်မှာကျင်းပပြီး ဒုတိယအကြိမ်ပြည်တော်ဝင်ပွဲကို တောင်လုံးလှကျောင်းပြည်တော်ဝင်ဘုရားမှာ ကျင်းပခဲ့တယ်။ အခု တတိယအကြိမ် ပြည်တော်ဝင်ပွဲကိုတော့ ခင်ဗျားတို့ရွာမှာ ပြည်တော်ဝင်မှာ ဖြစ်တယ်။

"ကျွန်တော်တို့က ဘာလုပ်ရမှာလဲ"

ဟု ရွာသားတစ်ယောက်က ထမေးလေသည်။

"အဘလာရင် ကားနဲ့ လာမှာ။ သူ့ရဲ့နောက်လိုက်နောက်ပါ သားသမီးတွေကလည်း ကားတွေနဲ့ လာကြမှာ။ ခု ခင်ဗျားတို့ရွာကို လာရင် လှည်းလမ်းပဲ ရှိတယ်၊ ကားသွားလို့ ရအောင် ဖောက်ရမယ်"

"ဟုတ်တယ်။ ကျွန်တော်တို့ အဘ လာမယ် သတင်းကြားကတည်းက ဝမ်းသာလွန်းလို့ အိပ်လို့တောင်မပျော်ဘူး၊ အဘ လာမယ့်လမ်းကို ပြင်ပေးမယ်"

ဟု ရွာသူကြီးက ပြောသည်။

အိမ်ခြေ (၁၅၀) ရှိသည်။ (၁၀) အိမ်ခေါင်းများက ဦးဆောင်ပြီး နေ့စဉ်ကားလမ်းဖောက်လုပ်ရေး ဆောင်ရွက်မည်ဟု အာမခံကြသည်။ ရေပေါ်ရေငုတ်ရွာမှ ဦးအောင်သိန်းကလည်း သူတို့ရွာကလူတွေလည်း အဘကို ကြိုဆိုလိုကြောင်း တင်ပြပါသည်။ ဖိုးကျွယ်လေးရွာမှ ရွာသူကြီး ဦးတင်အောင်ကလည်း လမ်းပြင်တာကို ကူသိုလ်မှုပေးပါရန် ထပြောလေသည်။

"ကဲ- ထားတော့။ လမ်းပြင်တာဒါလောက်ဆိုရင် ရပြီ။ ကြိုဆိုရေးအပိုင်းကိုလည်း ဆက်လက် ဆွေးနွေးကြတာပေါ့"

"ဟုတ်တယ်။ ဘယ်လိုကြိုရမှာလဲ"

"တတိယအကြိမ် ပြည်တော်ဝင်ပွဲဆိုင်းဘုတ်ကို ရွာထိပ်ကဘုရားမှာ ချိတ်မယ်။ ရွာထိပ်ကနေ ရွာထဲကိုဖြတ်ပြီး ဘုန်းကြီးကျောင်းအထိ လူတွေ တန်းစီကြိုမယ်"

ဟု (၁၀) အိမ်ခေါင်း ကိုကံဝင်းက ပြော၏။

ကျောင်းဆရာ ကိုဝင်းမောင်ကလည်း အဘကြွလာလျှင် မူလတန်းကျောင်းသား၊ ကျောင်းသူများလည်း ပါဝင်ကြိုဆိုလိုပါကြောင်း တင်ပြပါသည်။

"ဟုတ်ပြီ၊ ကြိုဆိုတာက ဟုတ်ပြီ။ လူတွေကို အောင်သပြေပန်းနဲ့လက်ကမ်းပြီး ကြိုဆိုခိုင်းရင် မကောင်းဘူးလား"

ဟု တစ်ယောက်က ထ၍ အကြံပြုသည်။

"ကောင်းတယ်"

သပြေပန်းကို ကိုအောင်ချစ်က တာဝန်ယူကြောင်း တင်ပြပြန်သည်။

"သပြေပန်းတင် မကဘူး၊ သာသနာ့အလံနဲ့ကြိုရင် ပိုမကောင်းဘူးလား"

ဟု တစ်ယောက်ကထ၍ပြောပြန်သည်။

နောက်တစ်ယောက်က ကာလသားခေါင်းဆောင် ဖြစ်သည်။

"ကျွန်တော်ကတော့ အိုးစည်ဗုံမောင်းနဲ့ တီးပြီး ကြိုမယ်"

ဟု ပြောပြန်သည်။

ရွာ၏နာယက ဦးအောင်ချိုက-

"အဘက လူ မဟုတ်ဘူး၊ ဝိဇ္ဇာ





www.burmeseclassic.com

www.burmeseclassic.com

ဖြစ်တယ်။ ထီးအဖြူနှစ်လက်မိုးပြီး ကြိုရင် မကောင်းဘူးလား"

ဟု အဆိုတင်သွင်းပြန်သည်။

မိတ္ထီလာမှ ဦးစိုးမြင့်က 'အားလုံး နားထောင်ကြပါ' ဟု မေတ္တာရပ်ခံပြီး ခင်ဗျားတို့ အဘကို ခင်ဗျားတို့စိတ်ကြိုက် ကြိုဆိုနိုင်ပါကြောင်း လမ်းဖွင့်ပေးလေတော့သည်။

"အခုက ဧည့်သည်တွေရဲ့နေထိုင်ရေးကိစ္စပဲ။ ဘယ်မှာထားမှာလဲ"

ဟုမေးရာ ကျွန်တော်တို့ရွာသည် ဆင်းရဲကြောင်း၊ ဧည့်သည်တည်းခိုရန် မဖြစ်နိုင်ကြောင်း၊ ရွာဘုန်းကြီးကျောင်းတွင်ထားရန် ဆုံးဖြတ်ကြလေသည်။

ဤသို့ဖြင့် လမ်းပြင်ဆင်ရေးအဖွဲ့၊ ကြိုဆိုရေးအဖွဲ့၊ နေထိုင်ရေး၊ ဧည့်ခံရေးအဖွဲ့များဖြင့် စနစ်တကျ ဖွဲ့စည်းပြီး ဆောင်ရွက်ကြသည်။ အမိန့်နှင့်ဆောင်ရွက်ခိုင်းပါက ဒီလူတွေ လုပ်မှာမဟုတ်၊ သူတို့အဘ လာမှာမို့ တစ်ရွာလုံး အုန်းအုန်းကျွက်ကျွက်ဖြင့် လုပ်ကိုင်ကြလေသည်။

မိတ္ထီလာမှ ဧည့်သည်များအား ကျောင်းတွင်ဧည့်ခံပြီး သိလိုသည်များကို မေးမြန်း စုံစမ်းကြလေသည်။

"ကိုယ့်ဆရာတို့၊ မသိလို့ မေးပါရစေ။ ပြည်တော်ဝင်ပွဲဆိုတာ ဘာလဲဗျ"

"အဘအောင်မင်းခေါင်က ပုပ္ပားက တော်သလင်းလပြည့်ကျော် (၂)ရက်နေ့မှာ ထွက်ခွာသွားတယ်။ လူလိုဆိုရင်တော့ သေတာပေါ့ဗျာ။ဒါကြောင့် ပုပ္ပားမှာ ဒီနေ့ရောက်တိုင်း ထွက်ပွဲ ဆိုပြီး ကျင်းပကြတာပေါ့။ အခု အဘက လူ့ပြည်ကို ပြန်လာတာဆိုတော့ မြန်မာပြည်ကိုပြန်ဝင်လာတယ်။ ပြည်ဝင်တယ်။ ဒါကြောင့် ပြည်တော်ဝင်ပွဲလို့ ခေါ်တာပေါ့"

"အဘက ပုပ္ပားအောင်မင်းခေါင် အစစ်လား"

"ပုပ္ပားအောင်မင်းခေါင် အစစ်ပေါ့။ အစစ်လား၊ အတုလား ဆိုတာ ခင်ဗျားတို့ အဘလာရင် မေးကြည့်ပေါ့"

"ကျွန်တော်က အဘကို ဖူးချင်နေတာ။ တောင်လုံးလှဆရာတော်ကော ပါမှာလား"

"ဆရာတော်က လွှတ်လိုက်တာ။ စာရေးဆရာ အဏ္ဏဝါလှိုင်းနဲ့ လိုက်လာလိမ့်မယ်"

"ဆရာတော်ကော ကျန်းမာရေး အခြေအနေ ဘယ်လိုလဲ"

"ကောင်းပါတယ်"

ဆရာတော် စေလွှတ်လိုက်သော မိတ္ထီလာမှ ဒကာနှစ်ယောက်ကြောင့် တတိယအကြိမ် အဘအောင်မင်းခေါင် ပြည်တော်ဝင်ပွဲကို ကျင်းပနိုင်ရေး ကြိုတင်စီမံမှုများကို ဆောင်ရွက်ကြပါတော့သည်။

**တောင်ရိုးတဲရွာ၏ မင်းကျောင်းရာဇဝင်အကြောင်း**

တောင်ရိုးတဲရွာအကြောင်း ပြောပါက မင်းကျောင်းကို ချန်ထား၍မရပါ။ ရွာတိုင်းတွင် ရွာဦးကျောင်း၊ ရွာလယ်ကျောင်း၊ အရှေ့ကျောင်း၊ အနောက်ကျောင်းဟု အမည်ခေါ်ကြ၏။ သို့သော် တောင်ရိုးတဲရွာ၏ ဘုန်းတော်ကြီးကျောင်းကိုတော့ 'မင်းကျောင်း' ဟုခေါ်လေသည်။ ခေါ်ရခြင်းအကြောင်းတော့ ရှိရမည်။ ကျောင်းထိုင်ဆရာတော်အား မေးလျှောက်ကြည့်ရာ ဆရာတော်က အောက်ပါအတိုင်း မိန့်ကြားပါသည်။

မင်းတုန်းဘုရင်လက်ထက်တော်က စတင်ခဲ့ကြောင်း၊ ကုန်းဘောင်မင်းဆက် သာသနာပြုဘုရင် မင်းတုန်းမင်းကြီးသည် 'ခင်ကြီးဝင်း' ဆရာတော်အား အလွန် ကြည်ညိုလေသည်။ စာပေပရိယတ္တိ အာဂုံဆောင်နိုင်ရုံမက ပဋိပတ္တိ နယ်ပယ်တွင်လည်း အကျင့်တရားနှင့် ပြည့်စုံတော်မူလေသည်။ မင်းနေပြည်တော်တွင် သီတင်းမသုံးချင်၊ ဆရာတော်၏မွေးရပ်ဇာတိ တောင်ရိုးတဲရွာတွင် တောကျောင်းဖြင့် သီတင်းသုံးတော်မူလေသည်။ ဆရာတော်၏သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို ကြည်ညို၍မဝနိုင်သော မင်းတုန်းမင်းကြီးသည် ဆရာတော်သီတင်းသုံးရာကျောင်းအား ရှင်းလင်းပြီး မညီမညာဖြစ်နေသောမြေကိုညှိပြီး ယခုမြင်ရသော ကျောက်တုံးကျောက်ခဲတွေနဲ့ မြေကာန်ရံတွေလုပ်သည်။ အထူးခြားဆုံးကတော့ ဆရာတော့်အတွက် စေတီတွေ တည်ပေးခဲ့တာပဲ။ ဘုရင်က တစ်ဆူတည်တော့ ကျန်တဲ့ မင်းညီမင်းသား၊ နန်းတွင်းသူ နန်းတွင်းသားတွေကလည်း အသီးသီး စေတီတည်လိုက်တာ ယခုမြင်ရတဲ့ စေတီတွေ အများကြီး တစ်နေရာတည်းမှာ ဖူးတွေ့နိုင်ပါသည်။ ဘုရင် ကြည်ညိုတဲ့ကျောင်းမို့ မင်းကျောင်းဟု ခေါ်တွင်ခဲ့ကြောင်း မိန့်ကြားပါသည်။

'ခင်ကြီး' ဟု ခေါ်တွင်ရခြင်းမှာ ယခုခေတ်လို 'ဦး' တပ်ခေါ်တာနှင့်တူပါသည်။ ဦးသာသနဆိုရင် အရင်ခေတ်က 'ခင်ကြီးသာသန' ဟုခေါ်ကြောင်း မှတ်သားရပါသည်။ မင်းကျောင်းသည် ရွာ၏အရှေ့ဘက်တွင် ချောင်းဘေးမှာ တည်ရှိသည်။ ရွာနှင့် (၂)ဖာလုံခန့် ဝေးသည်။ ချောင်းဘက်အနိမ့်တွင် ကျောက်တုံး ကျောက်ခဲများဖြင့် ပေ (၃၀) ထိ ကျောက်စီမြေကာန်ရံများဖြင့်ပြုလုပ်ပြီး မြေညီအောင် ဆောင်ရွက်ထားသည်။ ပေ (၃၀၀) ပတ်လည် အကျယ်ရှိသော ကျောင်းအား ကျောက်နံရံ ကာရံထားပြီး ကျောင်းဝင်ဝတွင် 'မင်းကျောင်း' ဟု ဆိုင်းဘုတ်ချိတ်ထား၏။ အဝင်ဝဘယ်ဘက်တွင် သိမ်တစ်လုံးရှိပြီး သိမ်ကိုရံ၍ စေတီ (၉)ဆူကျော်ရှိသည်။ တစုတဝေးတည်း ပူးကပ်၍ တည်ထားကိုးကွယ်ထားကြသည်။ စေတီနှင့် ကပ်လျက် (၁၀၀ × ၇၅) ပေ အကျယ် ဓမ္မာရုံတစ်ခုရှိသည်။ ဓမ္မာရုံနှင့်ကပ်လျက်(၅၀× ၅၀) ပေ အုတ်တိုက်ကျောင်းဆောင်တစ်လုံးနှင့် ဘယ်ဘက်တွင် ဘုရားဒကာကြီးဦးဘမှင် တည်ထားသော လျောင်းတော်မူစေတီတစ်ဆူ ရှိသည်။ ချောင်းဘက်တွင် (၃၀× ၂၀) ပေ ကျောင်းဆောင် (၂) ဆောင် ရှိလေသည်။ သမိုင်းဝင် မင်းကျောင်းသည် မကြာမီ ပုပ္ပားမင်းခေါင်ကြွချီ ပြည်တော်ဝင်တော့မည့်ကျောင်းဖြစ်ကြောင်း တင်ပြရပါသည်။

**တတိယအကြိမ် ပြည်တော်ဝင်ပွဲ**

အဘအောင်မင်းခေါင်နှင့် သားသမီးတို့သည် ဇရပ်ကုန်းရွာ အဘ၏ စခန်းထောက်ဓာတ်ခန်းတွင် ရောက်ရှိလာကြသည်။မန္တလေးတင်ဝင်းမှ SURF ကား (၁)စီး၊ ဇော်မင်းက ကား (၁)စီး၊ ရန်ကုန်မှတပည့်များက ကား (၃) စီး၊ ပျဉ်းမနားမှတပည့်များက ကား(၂)စီး အသီးသီး ရောက်ရှိလာကြသည်။ အချိန်ကာလမှာ တော်သလင်းလဆုတ် (၂) ရက်နေ့ နံနက် (၅) နာရီတွင် ဇရပ်ကုန်းမှ စတင်ထွက်ခွာသည်။ ဇရပ်ကုန်းမှ မလှိုင်သို့ ဖြတ်လမ်းဖြစ်သော ရေစေ-ရှမ်းမငယ်-မလှိုင်လမ်းအတိုင်း ထွက်ခွာလာသည်။ နံနက် (၆) နာရီကျော်ကျော်တွင် မလှိုင်မြို့၊ ဦးဇော်ဦးအိမ်သို့ ရောက်၏။ ဦးဇော်ဦးမှ နံနက်စာ မုန့်ဟင်းခါးဖြင့် ဧည့်ခံပြီး မလှိုင်မှ ဆက်လက်ထွက်ခွာလာရာ ကျောက်တန်းသို့ ကျောက်ခင်းလမ်းကြမ်းအတိုင်း သွားရ၏။ ကျောက်တန်းရွာချောင်းကိုတော့ သောအခါ သဲများဖြင့် ပို့နေသော သဲလမ်းကို (၁)မိုင်ခန့် သွားရသည်။ ကားများ သဲမနစ်စေရန် ရွာသားများက သဲများကို လမ်းဘေးသို့ တွန်းပို့ထားကြကြောင်း တွေ့ရသည်။ သဲလမ်းတော့ သောအခါ သပွတ်ရုံရွာကို ရောက်၏ ငှင်းရွာထဲမှ ဖြတ်ကာ ချောင်းတစ်ခု ကွန်ကရစ်တံတားဖြင့် ဖြတ်ကျော်



www.burmeseclassic.com

www.burmeseclassic.com

ကျောက်ခင်းလမ်းကို ပြန်တွေ့ရသည်။ ရှေ့ဘက်တွင် တောင်စဉ်တောင်တန်းများ သွယ်တန်းကာဆီးနေလေတော့သည်။

တောင်တန်းကြီးပေါ်တွင် စေတီပုထိုးများကို အဝေးမှ ဖူးမြော်နိုင်ကြသည်။ အနိမ့်ဆုံးတောင်ကြားမှဖြတ်၍ ဆင်းလိုက်သောအခါ တောင်တန်းများ မြင်ဝိုင်းရံပတ်ပြီး အနိမ့်ပိုင်း ဒယ်အိုးပုံ မြေပြန့်တို့သည် ထန်းပင်တို့ဖြင့် ဝေဖြာနေလေသည်။ တောင်ရိုးတဲရွာဆီသို့ ရောက်မီ ပထမဆုံးတွေ့ရသောရွာသည် ရေပေါ်ရေငုတ်ရွာ ဖြစ်သည်။ ရွာ၏ဘေးမှ ကားဖြတ်သွားသဖြင့် ရွာသားများအားလုံး အိုးစည်တီး၍ လည်းကောင်း၊ သာသနာ့အလံ ဝေ့ယမ်း၍လည်းကောင်း၊ အောင်သပြေပန်းဆက်သ၍လည်းကောင်း ကြိုဆိုနေကြလေသည်။

အဘဦးဆောင်သော ကားတန်းကြီးသည် ရေပေါ်ရေငုတ်ရွာတွင် ခေတ္တရပ်နားပြီး ကြိုဆိုမှုကို လက်ခံသည်။ အဘကိုလာကြိုသော ခေါင်းဆောင်မှာ ဦးအောင်သိန်း ဖြစ်သည်။ ဦးအောင်သိန်းမှ အဘကို ဇရပ်ပေါ်သို့ပင့်ဆောင်ပြီး ကျေးဇူး ထွက် ရေနွေးကြမ်း၊ ထန်းလျက်၊ မုန့်မျိုးစုံတို့ဖြင့် ဧည့်ခံလေသည်။ အဘက သင့်တင့်လျောက်ပတ်သော ဝဋ္ဋသန္တာရစကားဖြင့် ပြောကြားပြီး တောင်ရိုးတဲရွာသို့ ဆက်လက် ထွက်ခွာလာပါသည်။ ရေပေါ်ရေငုတ်ရွာဟု အမည်ခေါ်တွင်ရခြင်းမှာ တောင်ရိုးတဲချောင်းသည် တောင်ကြိုတောင်ကြားမှ စီးဆင်းလာပြီး ဒီရွာနားရောက်တော့ ရေငုတ်သွားသည်။ တွင်းမရှိ၊ ပကတိ ရေပျောက်သွားသဖြင့် ရေငုတ်ဟု ခေါ်သည်။ နောက် (၁) ဖာလုံ အကွာတွင် မြေအောက်မှရေများပြန်ပေါ်လာသဖြင့် ရေပေါ်ဟု ခေါ်သည်။ ၎င်းရေပေါ်ရေငုတ်နားတွင် ရွာတည်သဖြင့် ခေါ်တွင်ခြင်းဖြစ်ကြောင်း သိရပါသည်။

ရေပေါ်ရေငုတ်မှ ရွာသူရွာသားများကို နှုတ်ဆက်ပြီး ဆက်လက်ထွက်ခွာလာရာ (၄)ဖာလုံခန့်အကွာ တောင်ရိုးတဲရွာသို့ ရောက်လေသည်။ ရွာအဝင်တွင် (၉) တောင်ပြည့်စေတီ (၁)ဆူ ရှိသည်။ စေတီ၏အာရုံခံတန်ဆောင်းထဲတွင် အဘအောင်မင်းခေါင်ရုပ်တုနှင့် ဓာတ်ခန်း ရှိလေသည်။ ရွာသူရွာသားတို့စုရုံးရောက်ရှိလာကြသည်။ ရွာသူကြီး ဦးအောင်ချို၊ နောက် ဦးအောင်ချစ်၊ ဦးအောင်စောတို့က အဘအား ကြိုဆိုပြီး အဘဓာတ်ခန်းထဲသို့ ခေါ်ဆောင်သွားသည်။ ရွာထဲသို့ မရောက်သေးပါ။

"အဘ၊ သားတို့ ရွာသူရွာသားတွေအားလုံး အဘကိုကြိုဖို့စောင့်နေကြတယ်။ ခု ဒီနေရာကနေ ရွာဦးကျောင်းအထိ လမ်းဘေးဝဲယာအပြည့် အဘကို ကြိုဆိုနေကြတယ်"

ဟု ဦးအောင်ချိုမှ လျှောက်ထားသည်။

"အေး- ကောင်းတယ်။ ငါ ခြေကျင်လျှောက်မယ်"

"အဘ ဒီကနေ ကျောင်းအထိ ခြေကျင်လျှောက်ရမှာ(၁)ဖာလုံလောက်တော့ ရှိမယ်"

"ရပါတယ်ကွ၊ ငါလျှောက်နိုင်ပါတယ်"

ရွာဦးကျောင်းမှ အသံချဲ့စက်ဖြင့် အဘအောင်မင်းခေါင် သီချင်းများကို ဖွင့်သည်။ မိုက်ဖြင့် ကျောင်းဆရာ ဝင်းမောင်က သတိပေးသံထွက်ပေါ်လာ၏။

"တောင်ရိုးတဲရွာမှ မိဘပြည်သူများ ခင်ဗျား၊ ပုပ္ပားအဘအောင်မင်းခေါင်ဟာ တောင်ရိုးတဲရွာကို ရောက်ရှိလာပါပြီ။ အခုဆိုရင် ရွာထိပ်က အဘဓာတ်ခန်းမှာ ခေတ္တခဏနားနေပါတယ်။ အားလုံး အဘကို ကြိုဆိုဖို့ ဘေးဘယ်ညာ တန်းစီစောင့်ပေးပါရန် လေးမြတ်စွာ မေတ္တာရပ်ခံအပ်ပါတယ်"

အဝတ်သစ်၊ ခေါင်းပေါင်းအသစ်များ ဝတ်ဆင်ပြီး လမ်းဘေးဝဲယာအပြည့် အဘကို စောင့်နေကြ၏။ ၎င်းတို့လက်ထဲတွင် သာသနာ့အလံငယ်တစ်ခု၊ သပြေပန်းတစ်စည်းဖြင့် လက်နှစ်ဖက်ယှက်၍ အဘကို စောင့်နေကြသည်။ ကာလသားခေါင်းဆောင် ကိုသောင်းဆိုင်အဖွဲ့က အိုးစည်တီး၍ လည်းကောင်း၊ သပွတ်ရုံမှအဖွဲ့က ဒိုးပတ်တီး၍ လည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင်ကြိုဆိုကြလေသည်။ ဘုရားလူကြီး ဦးဘိုထားကလည်း ထီးဖြူ (၂) လက်ကို ဖွင့်ပြီး အဘကို ထီးမိုးဆောင်ဖို့ စောင့်နေသည်။ ရှေ့ဆုံးမှ ကိုသာရန်နှင့် ကိုသာဒင်တို့နှစ်ယောက်က မောင်းကြီးကိုထမ်းပြီး မောင်းထုနေလေသည်။ မောင်းထမ်းသမားရှေ့တွင် အမျိုးသမီးခေါင်းဆောင် ဒေါ်ဖွားရင်နှင့် ဒေါ်သက်ခင်တို့က အဘကြွမည့်လမ်းတွင် ပန်းခင်းပေးကြသည်။ နံ့သာ(၅)မျိုး ရောစပ်ထားသော အမွှေးနံ့သာကို သပြေခက်ဖြင့် ပက်ဖျန်းပေးကြ၏။

မကြာမီ အဘ ကြွချီလာသည်။ အဘဘေးတွင် ကိုဝေကြီး၊ ကိုလှအောင်တို့က ရံထားသည်။ ကိုတာကြီး၊ ကိုခင်မောင်ရီတို့က နောက်မှလိုက်လာသည်။ ရွာထိပ်တွင်-

**တတိယအကြိမ်**
**ပုပ္ပားအောင်မင်းခေါင် ပြည်တော်ဝင်ပွဲ**
**တောင်ရိုးတဲရွာ**

ဟူသော ဆိုင်းဘုတ်ကို စိုက်ထူထားသည်။

အဘအား သပြေပန်းဖြင့် ပူဇော်၏။ သပြေပန်းကို အဘက လက်ခံယူသည်။ ပါးစပ်ကလည်း-

"အဘအောင်မင်းခေါင်ကြီး ကျန်းမာပါစေ၊ သာသနာပြုနိုင်ပါစေ"

ဟု ဆုတောင်းပေးကြသည်။

အဘကြွရာ လမ်းတစ်လျှောက် သပြေပန်းနှင့်သာသနာ့အလံတို့ဖြင့် ကြိုဆိုကြရာ သပြေပန်းမှာ ကားဖြင့်တစ်စီးစာရသည်။ တဖြည်းဖြည်းနှင့် ကျောင်းသို့ ရောက်ရှိလာလေသည်။ တောင်ရိုးတဲရွာတွင်မက ရွာနီးချုပ်စပ်က ရွာတွေကပါ အဘကို လာရောက် ကြိုဆိုကြလေသည်။ ကြိုဆိုသောလူအုပ်ကြီးမှာ ကျောင်းဝိုင်းနှင့်အပြည့် ဖြစ်၏။ ကြက်ပျံတက်သွားက အောက်သို့ကျစရာ နေရာ လပ်မရှိလောက်အောင် စည်ကားလေသည်။

အဘ ကျောင်းသို့ ရောက်သောအခါ ဓမ္မာရုံထဲတွင် နေရာယူသည်။ အသံချဲ့စက်တပ်ဆင်ပေးပြီး လူအားလုံးကို ဓမ္မာရုံထဲတွင် စုဝေးစေပါသည်။ ကျောင်းဆရာ ကိုဝင်းမောင်မှ အသံချဲ့စက်ဖြင့် ကြေညာလေသည်။

"လေးစားအပ်တဲ့ အဘကိုချစ်ခင်ကြတဲ့ အဘရဲ့သားသမီးများခင်ဗျား- အဘကို ကန်တော့ရန်အတွက် ဓမ္မာရုံထဲသို့ ဝင်ရောက် နေရာယူပေးပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါတယ်"

အားလုံးသော ပရိသတ်တို့သည် ဓမ္မာရုံထဲတွင် နေရာယူကြသည်။ အဘကို ကန်တော့ကြသည်။ အဘကန်တော့ကျိုးကို မိတ္ထီလာမှ ဦးစိုးမြင့်က တိုင်ပေးလေသည်။

"ကဲ-အားလုံး လက်စုံမိုးပြီး အဘကို ကန်တော့ကြစို့၊ လိုက်ဆိုကြပါ။

ဩကာသ ဩကာသ ဩကာသ- ကာယကံ၊ ဝစီကံ၊ မနောကံ ကံ(၃)ပါးတို့တွင် တစ်ပါးပါးသောကံဖြင့် ပြစ်မှားကျူးလွန်ခဲ့သည်ရှိသော် ထိုအပြစ်တို့မှ ပပျောက်ငြိမ်းရန်အတွက် ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးတို့အား ဦးထိပ်မှာထားပြီး အဘအောင်မင်းခေါင်



www.burmeseclassic.com

www.burmeseclassic.com

အား ပူဇော်ကန်တော့ပါ၏ ခင်ဗျား"

ဟု ဆိုပြီး ကန်တော့ကြ၏။

ဦး(၃)ကြိမ်ချပြီး အဘ၏ဆုပေးသံကို နာယူလေသည်။

"အဘပေးတဲ့ဆုနဲ့ ပြည့်စုံရပါလို၏"

"သာဓု သာဓု သာဓု"

"ဆက်လက်ပြီး အဘအောင်မင်းခေါင်မှ ဩဝါဒစကား မိန့်ကြားမှာ ဖြစ်ပါတယ်။ အားလုံး ငြိမ်သက်စွာ နားထောင်ပါရန် မေတ္တာရပ်ခံအပ်ပါတယ်"

ဟု အခမ်းအနားမှူးမှ ပြောပါသည်။

"သားသမီးတို့၊ အဘ မင်းတို့ဆီကို ပထမဆုံးအကြိမ် ရောက်လာပြီ။ အဘကို ကြိုဆိုကြတာလည်း တွေ့ရတယ်။ အဘ ဝမ်းမြောက်ဝမ်းသာဖြစ်ပါတယ်။ ရောက်တုန်း၊ ကြုံတုန်း အဘမှာစရာရှိတာလေးကို သားတို့၊ သမီးတို့ကို မှာခဲ့မယ်။ ရတနာ(၃)ပါးကို မမေ့ကြနဲ့။ အနန္တောအနန္တ(၅)ပါးကို မမေ့ကြနဲ့။ အဘ ပထမဆုံးမှာတာ သိကြလား"

"သိပါတယ် အဘ"

"ကဲ- ပြောစမ်း"

"ရတနာ (၃) ပါးကို မမေ့ကြနဲ့၊ အနန္တောအနန္တ (၅) ပါးကို မမေ့ကြနဲ့ပါ အဘ"

"မင်းတို့က ဗုဒ္ဓဘာသာဝင်တွေပဲ။ အဓိကအခြေခံကျတာကို မေ့လို့မရဘူး။ ဒါ အရေးကြီးတယ်။ နောက် ဒီမှာရှိတဲ့ ကျောင်းထိုင်ဆရာတော်နဲ့ ခန်းနေဆရာတော်တို့ရဲ့စကားကို နားထောင်ရမယ်။ ဆရာတော် သံဃာတော်တို့ဟာ ဘုရားရဲ့သားတော်တွေ ဖြစ်တယ်။ ဒါကြောင့် ပစ္စည်း (၄) ပါးနဲ့ စောင့်ရှောက်ရမယ်။ ပစ္စည်း (၄) ပါးကော သိကြရဲ့လား"

ပြန်၍ မဖြေနိုင်ကြပါ။ တစ်ယောက်တစ်ပေါက် ပြောကြသည်။ အဘကပဲ ဆက်လက်မိန့်ကြားပါသည်။

"ပစ္စည်း(၄)ပါးဆိုတာ မှတ်ထား။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးလို့ ခေါ်တယ်။ ဆရာတော် သံဃာတော်တို့ သီတင်းသုံးဖို့ ကျောင်းဆောက်လုပ်လှူဒါန်းရမယ်။ ဝတ်ဖို့ သင်္ကန်းတွေလှူရမယ်။ ဝါဆိုရင် ဘာသင်္ကန်းလှူရမှာလဲ"

"ဝါဆိုသင်္ကန်းပါ ခင်ဗျား"

"သီတင်းကျွတ်ရင် ဘာသင်္ကန်းလှူရမှာလဲ"

"ကထိန်သင်္ကန်း လှူရမှာပါ"

"တောင်ရိုးတဲရွာက ဝတ်မပျက်လှူကြမယ်၊ ကြားလား။ ဆရာတော်တွေ အာဟာရပြည့်စုံဖို့ ဆွမ်းပို့ရမယ်။ ဆွမ်းတို့၊ ရေတို့ ပို့ရမယ်၊ လှူရမယ်။ ဒီက ဆရာတော်တွေ ဆွမ်းကွမ်းကော ပြည့်စုံကြရဲ့လား"

"ပြည့်စုံပါတယ် ခင်ဗျား"

"ကောင်းပြီ။ နောက်တစ်ခုကတော့ ဆေးလှူရမယ်။ ဆေးကတော့ ဝတ္ထုငွေလှူပေါ့။ ဒါမှ ဆေးဝယ်သောက်လို့ရမှာ။ ဆေးဆိုင်ကဆေးဝယ်လှူလည်း ရတယ်။ ဆေးဝယ်ဖို့ ဝတ္ထုလှူလည်း ရတယ်။ ဟုတ်ပြီနော်။

နောက်တစ်ခု မှာချင်တာက ကံ(၅) ပါးကို လုံခြုံအောင် စောင့်ထိန်းရမယ်။ ဒါမှ သူတော်ကောင်းဖြစ်မှာပေါ့။ အဘရဲ့သားသမီးလို့ အမည်ခံပြီး နွားသတ်နေရင် ဘယ်ဟုတ်ပါ့မလဲ။ အားလုံး ဘာစောင့်ရမှာလဲ"

"ကံ(၅)ပါးကို စောင့်ထိန်းရမှာပါ"

"ကံ(၅)ပါးဆိုတာကတော့ ငါးပါးသီလကို ပြောတာ။ ဘာကံတွေ ညာကံတွေ စဉ်းစားနေဦးမယ်။

နောက်- မှာချင်တာကတော့ သစ်ပင်တွေ မခုတ်ကြနဲ့။ မင်းတို့ ထင်းခုတ်ကြတယ်၊ ထင်းရောင်းတယ်၊ မီးသွေးဖုတ်ကြတယ်၊ မီးသွေးရောင်းစားကြတယ်။ အခု ဘာသစ်ပင်မှ ကြီးကြီးမားမား မရှိကြဘူး။ မိုးခေါင်တော့ အဘကယ်ပါဦး၊ အဘ စောင့်ရှောက်ဦးဆိုပြီး အဘကို တ,ကြတယ်။ ဒီမှာ လူတွေအတော်များများ တောင်ယာလယ်လုပ်စားကြတာ။ ရာသီဥတုမှန်မှ သစ်သီးသစ်ပင်တွေ ရှင်သန်မယ်။ ဒါမှ စားဝတ်နေရေး အဆင်ပြေမယ်။ အဘကို တ,နေရုံနဲ့ မလုံလောက်ဘူး။ အဘပြောတာကို လိုက်နာမှ၊ အဘစကားကို လိုက်နာမှ အဘကို ချစ်ရာကျမယ်။ အားလုံးကြားကြလား"

"ကြားပါတယ်"

"ကဲ- အဘလည်း မောပြီ၊ အဘကို နားခွင့်ပြုဦး။ အဘ ဆုပေးမယ်၊ အားလုံး လက်စုံမိုး၍ မေတ္တာခံယူကြ"

ဟု အဘမှ မေတ္တာပို့ ဆုပေး၍ အခမ်းအနားပြီးဆုံးကြလေသည်။

ကျောင်းဆရာ ကိုဝင်းမောင်မှ-

"အဘအောင်မင်းခေါင် ကြိုဆိုရေးကို ရောက်ရှိကြသော မိဘပြည်သူများခင်ဗျား၊ ထမင်းသုံးဆောင်ရန် ထမင်းစားမဏ္ဍပ်သို့ကြွပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်"

ဟု အသံချဲ့စက်မှ ဖိတ်ကြားပါသည်။

ကြွရောက်လာသော ပရိသတ်အားလုံးကို ထမင်းဖြင့်ဧည့်ခံပြီး တ[...] ယအကြိမ် ပူဇော်ပွဲ အောင်မင်းခေါင် ပြည့်[...] တော်ဝင်ပွဲကို အောင်မြင်စွာ ကျင်းပ[...] လုပ် ပြီးစီးခဲ့ပါသည်။

ကြိုဆိုပွဲ ပြီးဆုံးသောအခါ မင်း[...] ကျောင်းဆရာတော်များကို ဖူးမြော်[...] တော့သည်။ ရွာလူကြီးများ၊ ဂေါပက[...] လူကြီးများကို စုဝေးစေပြီး လိုအပ်ချက်[...] များရှိပါက လျှောက်ထားရန် ခွင့်ပြု[...] သည်။

ဂေါပကလူကြီး ဦးဘိုတား[...] လျှောက်ထားသည်မှာ-

"အဘကြွလာတာ သားတို့တစ်[...] လုံး ဝမ်းသာကြတယ်။ သားတို့ မတ[...] နိုင်တာ၊ သားတို့မလုပ်နိုင်တဲ့ ကွက်လ[...] ကလေးရှိတယ်"

"ဘိုတား၊ ဘာလဲ ပြော"

"မင်းတုန်းဘုရင် တည်ခဲ့တဲ့ဘု[...] (၁) ဆူ မြေခ,သွားတာ ခုထိ ပြန်မ[...] နိုင်ဘူး၊ အသစ်တည်ရမှာမို့ သား[...] ဘုရားမတည်တတ်ကြပါဘူး။ အဘ[...] လျှောက်ထားချင်တာ ဒီကွက်လပ်[...] ဖြည့်ပေးပါ"

လို့ လျှောက်ထား၏။

"ဟုတ်ပြီ။ အသစ်ပြန်တည်[...] မယ်။ ကျန်တဲ့ဘုရားတွေအကုန်ပြင်[...] မယ်။ အားလုံး ရွှေရောင်တဝင်းဝင်း[...] ဖြစ်သွားမယ်"

"အဲဒီလိုဆိုရင် အတိုင်းထက်[...] လွန် ပါပဲ အဘ"

အဘသည် တောင်ရိုးတဲရွာ[...] စေတီ (၁) ဆူ အသစ်တည်ပေးသ[...] ကျန်စေတီများပြုပြင်သည်။ ထီး[...] များ ရွှေထီးဖြင့် အစားထိုးတင်ပေး[...] သည်။ မင်းကျောင်းမှ လိုအပ်နေသော[...] ရေကို အဝီစိတွင်း တူးပေးလေသည်။

ယခု မင်းကျောင်းသည် ရွှေ[...] တဝင်းဝင်းနှင့် အရောင်လက်နေ[...] သည်။ ရွှေထီးတို့သည်လည်း မိုးသို့[...] ထိုးထောင်ထောင်ဖြင့် ကောင်းက[...] မှာ ပန်းသင့်နေပေသည်။ လေတိုက်[...] လှုပ်ခတ်လိုက်သော ဆည်းလည်း[...] သည် သာသနာပွင့်လင်းလာပြီဟု [...] နေသလို နားဝင်ချိုလှပါသည်။

ထူးခြားသည့် ရုပ်တုတစ်[...] တောင်ရိုးတဲရွာတွင် ထုလုပ်ခဲ့သည်[...] တောင်ပြည့်စေတီ၏ရှေ့တွင် တိ[...] မင်းခေါင်ရုပ်တုကို ထုလုပ်ခဲ့ပြီး [...] ခြေရင်းတွင် ယခုလက်ရှိ အဘ[...] တော်ရာ (၁) စုံကို ထားရှိခဲ့လေ[...]

သမိုင်းတစ်ကွေ့မှ ဖြစ်ရပ်[...] ကို တင်ပြလိုက်ရပါသည်။

အရှေ့[...]



www.burmeseclassic.com

www.burmeseclassic.com



ဆရာစော
( အင်းတစ်ထောင် )

# အင်းကောင်းတစ်ကွက်နှင့် စက်များ

ဂါထာ မန္တန် မန္တရားများသည် နုတ်ဖြင့်ရွတ်ဆိုရသော အက္ခရာမဲ့ အသံများဖြစ်ကြပြီး အင်းများသည် စနစ်တကျ ဖွဲ့စည်းထားသော အသံတိတ် အက္ခရာများ ဖြစ်ကြသည်။

အသံသည် အဝေးသို့ မရောက်၊ သိလှောင်ဝ ၁း၍မရ။ ထိုအသံကို အဝေးသို့ရောက်အောင်၊ သိုလှောင်ထား၍ရအောင် လျှပ်စစ်သံလိုက် သယ်ဆောင်လှိုင်းများဖြင့် လှိုင်းထပ်ပြီး အဝေးသို့ ရောက်အောင်ပို့ကြသည်။ တာရှည်ခံအောင် သိုလှောင်ထားကြသည်။ အင်းများသည်လည်း ထိုလျှပ်စစ်သံလိုက် သယ်ဆောင်လှိုင်းများသဖွယ် အသံများကို လိုရာအရပ်သို့ ပို့ပေး၏။ သိုလှောင်ထိန်းသိမ်းပေး၏။ လိုအပ်ချိန်တွင် ပြန်လည်ဖော်ထုတ်ပေး၏။

ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးတို့၏ ဂုဏ်တော်စက်ဝန်းများ၊ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တို့၏ အာဏာစက်ဝန်းများ၊ မိမိကိုယ်တိုင်၏ မေတ္တာစက်ဝန်း၊ သစ္စာစက်ဝန်း၊ အဓိဋ္ဌာန်စက်ဝန်းများဖြင့် အင်းကိုတည်ဆောက်ရ၏။ ထိုစက်ဝန်းများအောက်မှာ အက္ခရာများ၊ ကိန်းဂဏန်းများကို အစီအစဉ်တစ်ခုဖြင့် စနစ်တကျ ခင်းကျင်းဖွဲ့စည်းရပါသည်။

အက္ခရာများ၊ ကိန်းဂဏန်းများကို အစီအစဉ်တစ်ခုဖြင့် ခင်းကျင်းဖွဲ့စည်းခြင်းသည်ပင် အင်းပညာရပ် ဖြစ်တော့သည်။ အင်းပညာသည်လည်း အခြားသောပညာရပ်များနည်းတူ အခြေခံအသိပညာများ၊ ယူဆချက်များ၊ ကောက်ကြောင်းများ၊ စည်းမျဉ်းစည်းကမ်းများဖြင့် ဖွဲ့စည်းထားပါသည်။ ဇယားကွက်တစ်ခုထဲမှာ အက္ခရာများ ပါရှိနေရုံဖြင့် အင်းတစ်ကွက် ဖြစ်မလာပါ။ ကောက်ကြောင်းနှင့် နည်းနည်း သွေဖည်လျှင် လိုရာအကျိုးနှင့် နည်းနည်းလွဲ၏။ များများသွေဖည်လျှင် များများလွဲ၏။ အင်းပျက်လောက်အောင် သွေဖည်လျှင် သုံး၍မရတော့။ ထို့ထက်ပို၍ မဟုတ်တဲ့နေရာများတွင် သုံးမိလျှင် ပညာပါကန်းတော့သည်။


**လက်ဝဲ၊ လက်ယာစည်းမျဉ်း**

အင်းပညာ၏ အခြေခံအကျဆုံး၊ အရေးကြီးဆုံး အယူအဆတစ်ခုကို အရင်ဆုံးဖော်ပြမည်။ ပညာရှင်တိုင်း သိပြီးဖြစ်ပါသည်။ ထိုအယူအဆစည်းမျဉ်းမှာ 'လက်ယာရစ်အသွားများကို အသုံးပြုသောအင်းများတွင် လက်ယာရစ်အသွားများ အများဆုံးဖြစ်ရမည်' ဟူသော အယူအဆပါရှိသည့် စည်းမျဉ်းတစ်ခု ဖြစ်ပါသည်။ လက်ဝဲရစ်သုံးသော အင်းများကျတော့ ထိုစည်းမျဉ်းနှင့် ပြောင်းပြန်ဖြစ်သည်။

ထိုအခြေခံစည်းမျဉ်းများကို အင်းပြုစုသူတိုင်း သိပြီးဖြစ်ပါလျက် မလိုက်နာကြသောအင်းများကို တွေ့နေရသည်။ မသိသူများ၏အင်းများကို မတတ်သူများက ယူနေကြရသည်။ အင်းကွက်ပြည့်အောင် အင်းဆန်သွင်းနိုင်လျှင် ပြီးတာပဲဟု ခံယူထားကြသလား။ ဤသို့ ခံယူထားလျှင်လည်း အင်းပညာမပြည့်စုံသေးလို့ဖြစ်မည်။ လက်ဝဲရစ်တွေ၊ လက်ယာရစ်တွေဟာ အကြောင်းမဟုတ်ပါဘူးဟု ယူဆထားကြပါသလား။ ဤသို့ ယူဆလျှင်လည်း လက်ယာရစ်များ၏ စွမ်းအားသတ္တိကို မသိကြသေးသူများသာ ဖြစ်မည်။ ထို့ပြင် အင်းပညာရပ်၏အခြေခံကျောရိုးကို ရိုက်ချိုးကြသူများလည်း ဖြစ်သည်။

ထိုသို့ ဘဝင်မကျဖွယ်ဖြစ်သော (၃၂) ကွက် နန်းချိုးအင်းအသွားတစ်မျိုးကို ဖော်ပြပေးလိုက်ပါသည်။

ပုံ(၁)





www.burmeseclassic.com

www.burmeseclassic.com

ခရေပွင့် (*) က အင်းဆန်အစဖြစ်ပြီး မြားခေါင်းက အင်းဆန်အဆုံးဖြစ်သည်။ မြားပြထားသည့်အတိုင်းလိုက်ကြည့်ပါ။ လက်ယာရစ် (၁၄) ခု၊ လက်ဝဲရစ် (၁၄) ခု၊ အဖြောင့် (၄) ခု ပါရှိသည်ကိုတွေ့ရမည်။ လက်ဝဲရစ်၊ လက်ယာရစ်များ အရေအတွက် တူညီသည်ထိ အခြေခံအကျဆုံးသော လက်ဝဲ၊ လက်ယာ စည်းမျဉ်း ဖောက်ဖျက်ထားပါသည်။

ဤမျှ စည်းမျဉ်းဖောက်ဖျက်ထားသော အသွားကို မည်သူက စတင် သုံးစွဲခဲ့သနည်း။ အများကသုံးလို့ လိုက်သုံးကြသည် သို့မဟုတ် ဆရာစဉ်ဆက် လက်ဆင့်ကမ်းခဲ့လို့ သုံးကြသည်။ ဤသို့ပင် ဖြေကြမည်။

ဤအသွား၏ မြစ်ဖျားခံရာသည် ဗားမဲ့လက်တွေ့ကျမ်း ဖြစ်သည်။ 'ဗားမဲ့ကျမ်းထွက် အသွားတစ်ခုကို စည်းမျဉ်းဖောက်ထားသော အသွားဟု ပြောရအောင် သင်က ဘာမို့လို့လဲ' ဟု မေးနိုင်ပါသည်။ ရှင်းပြပါမည်။

ထိုကျမ်း တတိယတွဲ စာမျက်နှာ (၆၂-၆၃) တို့၌ အင်းကွက်လေးကွက် ဖော်ပြထား၏။ အင်းအမည်များ မပါ။ အင်းဆန်ဂါထာများမပါ။ အသွားများလည်း ဖော်ပြမထားပါ။ ထိုအင်းကွက် လေးကွက်မှ တစ်ကွက်ကို အောက်တွင် ဖော်ပြလိုက်ပါသည်။

ပုံ (၂)

| | | | | | |
|---|---|---|---|---|---|
| | န္တော | သာ | သ | နု | |
| *ယ | တော | ယု | ရ | နု | နံ |
| ဋ္ဌ | တ္တိ | ဝ | ဝ | ဘိ | အ |
| ယ | တိ | ဝ | ဝ | ယ | ဘာ |
| ဒိ | ဒ | မို | နေ | မ | တ္တို |
| | က္ခာ | တံ | သာ | စေ | |

ပုံ (၁) မှ အသွားသည် ယခုဖော်ပြသောအင်းမှအသွားပင် ဖြစ်ပါသည်။ ဤအင်းသည် အတွင်းစက်လေးလုံးဖွဲ့ထားသောအင်း ဖြစ်ပါသည်။ ဂါထာမှာပါသည့် စက်လေးလုံး 'ဝ' များနှင့် အင်းကွက်၏အတွင်းစက်လေးလုံးနေရာများကို တစ်ထပ်တည်းကျအောင် စက်ဖွဲ့ရခြင်းကြောင့် လက်ယာရစ်အင်းမှာ လက်ဝဲရစ်များ ဤမျှ များပြားနေရခြင်း ဖြစ်ပါသည်။

လက်ဝဲရစ်များ များပြားနေရခြင်းသည် စက်ဖွဲ့နိုင်ခြင်းကြောင့် အပြစ်တစ်ခုမဟုတ်တော့ပါ။ သို့သော် စက်မဖွဲ့နိုင်သော အင်းများအတွက်မူ ထိုအသွားသည် အလွန် ကြီးမားသော အပြစ်တစ်ခုဖြစ်ပါသည်။ ဗားမဲ့ဆရာတော် စက်ဖွဲ့ခဲ့သောအသွားသည် သူ့အင်းဆန်နှင့် သူ့အသွား အစွမ်းထက်၏။ ကျွန်ုပ်တို့က ကျွန်ုပ်တို့၏အင်းဆန်နှင့် သူ့အသွား ဘာဖြစ်လာမလဲ စဉ်းစားကြည့်နိုင်ပါသည်။

စက်မဖွဲ့နိုင်သော ဂါထာများအတွက်လည်း အစွမ်းထက်သော အသွားများဖြစ်သည့် စကြာပုံဆောင် အသွားများ၊ စကြာအသွားများ ထိုကျမ်းထဲမှာ ပင်ရှိပါသည်။ ဒီအင်းကတော့ စကြာပုံဆောင်တာ၊ ဟိုအင်းကတော့ စကြာအသွား စသည်ဖြင့် အမည်တပ်ပြီးတော့မူ အတုံးလိုက်၊ အတစ်လိုက် ပါးစပ်ထဲ အရောက် ခွံ့မကျွေးပါ။ မိမိက ပါးစပ်ဟထားရုံမျှဖြင့် မရပါ။ သရုပ်ပြအင်းကွက် (၂) မှာကဲ့သို့ပင် အင်းကွက်များကို မြင်ရိုးမြင်စဉ်အတိုင်း မြင်ရမည်။ ပညာရပ်ကိုတော့ ကြည့်တတ်မှ မြင်ပါမည်။ ဤစကြာအသွားများကြောင်းကို နောက်ဆောင်းပါး၌ အသေးစိတ် ရေးပါမည်။

**စက်များ**

ဤဆောင်းပါး၏ ဦးတည်ရာဖြစ်သော စကြာအင်းများနှင့် အင်းသိုက်များဆီသို့ 'စက်' ဟူသော အသိသညာဖြင့် စ,ပါမည်။ စက်နှစ်မျိုး ရှိပါသည်။ နေရာကပြသောစက်များနှင့် အင်းဆန်ကပြသောစက်များဟူ၍ ရှိသည်။


အင်းတစ်ခု၏ဗဟိုမှ တူညီစွာကွာဝေးနေကြသော ပဆစ်ကွက်များအစုကို နေရာပြစက်များဟု ခေါ်ပြီး ဂါထာတစ်ပုဒ်၏အစမှ အဆုံး၊ အဆုံးမှအစသို့တိုင်အောင် တူညီစွာ ကွာဝေးနေကြသော ထပ်တူပြ အင်းဆန်အက္ခရာများကို အင်းဆန်ပြစက်များဟု ခေါ်ပါသည်။

**နေရာပြစက်များ**


(၃၂) ကွက်နန်းချိုးအင်းကိုပဲ မူတည်၍ ပြပါမည်။ ထိုအင်းကွက်၌ ပဆစ်ကွက် (၃၂) ကွက် ပါရှိသည်။ ထိုပဆစ်ကွက်များကို နေရာအလိုက် အုပ်စုဖွဲ့သောအခါ (၃၂ = ၄ + ၄ + ၈ + ၈ + ၈ ) ဖြင့် အုပ်စုငါးခုရသည်။ အုပ်စုတစ်ခုချင်းစီသည် လည်ပတ်နိုင်စွမ်းသော တူညီသည့်ဂုဏ်သတ္တိများရှိသည်။

စက်ဝိုင်းများသည် စက်များ၏နေရာကို ပြပါသည်။ အမည်နှင့်ပုံကိုကြည့်ရုံဖြင့် ဤနေရာကို ဤသို့ခေါ်သည်ဟု မြင်နိုင်ပါသည်။ အင်းကွက်၏ဗဟို... ဖြတ်လျက် လိုက်ဖက် 'စက်' တစ်စုံစီ... မျဉ်းဖြောင့်များဖြင့် ဆက်သွယ်ပြထား... သည်။

လေးလုံးဖွဲ့အတွင်းစက်



လေးလုံးဖွဲ့အပြင်စက်




ထိုဗဟိုကိုပင် ဗဟိုပြုလျက် အင်း... ကွက်တစ်ခုလုံးအား လက်ယာရစ် ဖြစ်... စေ၊ လက်ဝဲရစ် ဖြစ်စေ ထောင့်မတ်... (၉၀) ဒီဂရီလှည့်လိုက်ပါ။ စက်လေး... အုပ်စုသည် ထက်-အောက်၊ ဘယ်-ညာ... ပုံစံမပျက် မူလပုံစံအတိုင်း ရှိပါသည်... နောက်ထပ် (၉၀)ဒီဂရီလှည့်၊ ပုံစံမပျက်... တစ်ပတ်ပြည့်အောင်လှည့်၊ အပတ်ပေါင်း... များစွာ အကြိမ်ကြိမ်လှည့်၊ ပုံစံမပျက်...

(စက်ဝိုင်းတစ်ခု၏ ဂုဏ်သတ္တိ... စကြာတစ်ခု၏ ဂုဏ်သတ္တိ ဖြစ်သည်...)

ရှစ်လုံးဖွဲ့ စက်များ ဖြစ်ပါသည်...


ရှစ်လုံးဖွဲ့အတွင်းစက်







www.burmeseclassic.com

**ရှစ်လုံးဖွဲ့အပြင်စက်**




**ရှစ်လုံးဖွဲ့အပြင်စက်**




ရှစ်လုံး တစ်ပြိုင်တည်း စက်ဖွဲ့နိုင်သော အင်းများမရှိသေးပါ။ (ကျွန်ုပ်၌ မရှိသေးတာ)။ A ဖြင့်ပြထားသောစက်များဖြင့် အင်းတစ်ကွက်၊ B ဖြင့်ပြထားသော စက်များဖြင့်အင်းတစ်ကွက်၊ ပေါင်းအင်းနှစ်ကွက်ရမှ စက်စုံ၏။ စွယ်တော်ရွက်များ ပမာ နှစ်လွှာပေါင်းမှတစ်ရွက် ဖြစ်သည်။

**အင်းဆန်ပြစက်များ**

ဂါထာတစ်ပုဒ်၏ အစမှအဆုံး၊ အဆုံးမှအစသို့တိုင်အောင် အလှည့်ကျ အက္ခာအဝေးများရှိသော တူညီသော အက္ခရာများ ဖြစ်ကြပါသည်။ ရှေးအခါက ရဟန်းပညာရှိ၊ လူပညာရှိများ ဖွဲ့ဆိုသီကုံးခဲ့ကြသော ဂါထာများတွင် စက်များပါရှိကြသည်။ သံရှစ်ချက်ဂါထာ၊ ကျရှစ်ချက်ဂါထာ၊ နော-ကိုးတန်း၊ ဇ-ရှစ်လုံး၊ သုဂတောင်းချက်၊ ဧ-ကိုးချက်၊ ဝ-စကြာ စသည်ဖြင့် များစွာရှိကြသည်။ စက်အရေအတွက်နှင့် အမျိုးအစားများကို ဝိသေသပြုပြီး အမည်များပေးခဲ့ကြပါသည်။ သံ-ရှစ်ချက်ဂါထာ၌ စက်အက္ခရာများက 'သံ' များ ဖြစ်၏။ စက်လုံးရေက (၈) လုံး ဖြစ်ပါသည်။

အလှည့်ကျ အက္ခာအဝေးများကို သိရှိစေရန် ဂါထာ (၃) ပုဒ်ဖြင့် ဖော်ပြလိုက်ပါသည်။

**၁။ သံရှစ်ချက်ဂါထာ**

သံသာရ-စက္က ဝိဒ္ဓံသံ၊
သံသုဒ္ဓမသ ဩရသံ။
သံ ဆိန္နကံ ဘဝေ အာသံ၊
သံယံ အပိသုမာန သံ။

**၂။ သစ္စာပန္နက် အောင်ရှစ်ချက်ဂါထာ**

ဇယစက္ကော ဇယန္တောယော၊
ဇယိတဗ္ဗေ ဇယာသနေ၊
ဇယာပေသိ ဇယေသိန်၊
ဇယံဒေတု ဇယုတ္တရော။

**၃။ ဝ-ကာရ သဗ္ဗသိဒ္ဓိဂါထာ**

ဝ-ကာရံ ကာရာပေတိ-ဝါ၊
ဧဟိ ဇယံ သဗ္ဗာ သိဒ္ဓိ၊
ဝ-ရက္ခံ ဗန္ဓာပေတိ-ဝါ၊
အမေ့ ရက္ခန္တု သဗ္ဗဒါ။

အမှတ် (၁)ဂါထာ၌ 'သံ'များသည် စက်များဖြစ်ကြသည်။ ခုနစ်လုံးတစ်ကြိမ်၊ တစ်လုံးတစ်ကြိမ်ဖြင့် အစမှအဆုံး၊ အဆုံးမှအစ အလှည့်မှန်၊ စည်းဝါးမှန်သည်။ 'သံ' ရှစ်လုံးကို တစ်လုံးကျော်စီဖြင့် လေးလုံးစက်ဖွဲ့လျှင် ထိုစက်လေးလုံးသည် ရှစ်လုံးတစ်ကြိမ် အလှည့်ကျ ဖြစ်သည်။

အမှတ်(၂) ဂါထာ၌ 'ဇ' များသည် စက်များ ဖြစ်သည်။ လေးလုံးတစ်ကြိမ်ဖြင့် အစမှအဆုံး၊ အဆုံးမှအစသို့ အလှည့်မှန်၊ စည်းဝါးမှန်သည်။ 'ဇ' ရှစ်လုံးကို တစ်လုံးကျော်စီဖြင့် လေးလုံးစက်ဖွဲ့လျှင် ထိုစက်လေးလုံးသည် ရှစ်လုံးတစ်ကြိမ် အလှည့်ကျ ဖြစ်သည်။

အမှတ်(၃) ဂါထာသည် စ-ဓ-ဗ-ဝ စမကြီးလေးလုံးမှ 'ဝ' စမဂါထာ ဖြစ်သည်။ 'အင်းတက်စဉ်' ဂါထာ ဖြစ်ပါသည်။ အတွင်းစည်းအဖြစ် ထိန်းသိမ်းထားရပြီး စကြာအသွား၏ အသီးအပွင့်တစ်ခု ဖြစ်ပါသည်။ စာဖတ်သူများအတွက် ပညာရပ်ဗဟုသုတတစ်ခုအဖြစ် ဖော်ပြလိုက်ပါသည်။ 'ဝ' များသည် စက်များဖြစ်ပြီး အစမှအဆုံး၊ အဆုံးမှအစသို့ (၇) လုံးတစ်ကြိမ်၊ (၉) လုံးတစ်ကြိမ် အလှည့်ကျ ဖြစ်သည်။ စည်းဝါးမှန်ကြသည်။

ဤဆောင်းပါးတွင် ပညာရှင်များ အမှတ်တမဲ့အသုံးပြုနေသော လက်ယာရစ်အင်းများ၌ လက်ဝဲရစ်များ များပြားနေသောအသွားတစ်ခုကို ဗားမဲ့ဆရာတော်၏အင်းတစ်ကွက်ဖြင့် ထောက်ပြလျက် စကြာအင်းများဆီသို့ အရောက်ပို့ပေးမည့် 'စက်' အသိသညာကို စတင်မိတ်ဆက်လိုက်ပါသည်။ စကြာပုံဆောင်အင်းများ၊ စကြာအသွားများ၊ စကြာအင်းသိုက်များကို ဆက်လက် ဖော်ပြသွားပါမည်။



*စာဖတ်သူအပေါင်း စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့ဖြင့် တစ်လုံးတစ်ဝတည်း ထာဝရ ပြည့်စုံနိုင်ကြပါစေ*


*အနန္တငါးပါးနှင့်တကွ အင်းပညာရှင်တို့၏ဖခင်ကြီး ဗားမဲ့ဆရာတော်အား ဦးထိပ်ထားလျက်*

ဆရာစော(အင်းတစ်သောင်း)

www.burmeseclassic.com

# လက်တွေ့အသုံးဝင် နည်းသစ်ဂဏန်းဗေဒင်

## ဆရာဒလမင်းခေါ်



မစ္စတာဒေးဗစ်ဆန်၏ရုပ်ပိုင်းလွှာမှ (၄)ဂဏန်းက (၅) ခု၊ (၃) ဂဏန်းက (၅) ခု ရှိသည်။ သို့ရာတွင် အတွေးကောင်းပြီး နာမ်ပိုင်းအလွှာက (၁) ဂဏန်းက (၄) ခုရှိ၍ အာသီသပြင်းပြစွာ ဖြစ်တတ်သည်။ ရုပ်ပိုင်းဆိုင်ရာ ကပ်တွယ်နေသောကြောင့် စိတ်လှုပ်ရှားမှုကို မထိန်းချုပ်နိုင် ဖြစ်ရသည်။ ၎င်းသည် စိတ္တဇမဖြစ်ပါ။ လူအများနှင့် နေရသည်ကို သဘောကျသည်။ လက်ခံမှုကို လိုအပ်သည်။ (၉) ဂဏန်း (၅) ခုပါရှိနေခြင်းကြောင့် စိတ်လှုပ်ရှားတတ်ပြီး အခြားသူများ ပတ်သက်၍လည်း ပုဂ္ဂိုလ်ရေးရာ အလေးမထားတတ်။ သူသည်လည်း လက်တွေ့သမား။ သူ၏အလွှာတွင် ဂဏန်းများစွာပါရှိခြင်း အလုပ်ကြိုးစားလုပ်သူ ဖြစ်သည်။

အခြားထင်ရှားကျော်ကြား လူသိများသောအမည်ကို ဝေဖန်ဆန်းစစ်ရသော်-

ဒွိုက်ဒေးဗစ်အိုင်ဆင်ဟောင်ဝါ-

| D W I G H T | D A V I D | E I S E N H O W E R |
|---|---|---|
| 4 5 9 7 8 2 | 4 1 4 9 4 | 5 9 1 5 5 8 6 5 5 9 |

(၁) ဂဏန်း (၂) လုံး။
(၂) ဂဏန်း (၁) လုံး။
(၃) ဂဏန်း တစ်လုံးမှမပါ (၀)။
(၄) ဂဏန်း (၄) လုံး။
(၅) ဂဏန်း (၆) လုံး။
(၆) ဂဏန်း (၅) လုံး။
(၇) ဂဏန်း (၁) လုံး။
(၈) ဂဏန်း (၂) လုံး။
(၉) ဂဏန်း (၄) လုံး။

နာမ်ပိုင်းအလွှာတွင် (၂)ဂဏန်း (၂)လုံး၊ (၈) ဂဏန်း (၂)လုံး ပေါင်း (၄) လုံး ပါသည်။ ရုပ်ပိုင်းအလွှာတွင် (၄) ဂဏန်း (၄) လုံး၊ (၆) ဂဏန်း (၅) လုံး ပေါင်း (၁၀) လုံး။ စိတ်လှုပ်ရှားမှုအလွှာတွင် (၂) ဂဏန်း (၁) လုံး၊ (၆) ဂဏန်း (၁) လုံး ပေါင်း (၂)လုံး ပါရှိသည်။ ထို့ထွင်း အသိဉာဏ်လွှာသည် (၉) ဂဏန်း (၄) လုံး၊ (၇) ဂဏန်း (၁) လုံး စုစုပေါင်း (၅) လုံးပါရှိသည်။

အမေရိကန်သမ္မတဟော မစ္စတာ အိုင်စင်ဟောင်ဝါသည် ရုပ်ပိုင်းအလွှာ ဂဏန်း (၁၀) လုံးပါသည်။ သူ့ဘဝပိုင်းမှာ ပြည်သူများရှေ့ ထင်ရှားကျော်ကြားခဲ့သည်။ သူ့ဘဝမှာ စစ်ဖက်မှာ ဗိုလ်ချုပ်ကြီးတစ်ဦးဖြစ်သလို တစ်ဖက်ကလည်း နိုင်ငံရေးမှာ သမ္မတ ဖြစ်သည်။

ဒွိုက်အိုင်စင်ဟောင်ဝါတွင် ရုပ်ပိုင်းဆိုင်ရာ အလွှာဂဏန်း ပါရှိခြင်းကြောင့် ဘဝမှာ အောက်ခြေကစပြီး ရုန်းကန်ခဲ့ရပြီး လက်တွေ့ကျကျ လုပ်ဆောင်ခဲ့သူ ဖြစ်သည်။ သူသည် စနစ်ကျပြီး စည်းကမ်းလိုက်နာသူလည်း ဖြစ်သည်။ စီးပွားရေးကြိုးစားရှာခဲ့သူဖြစ်ပြီး လူသားများအရေးကိုလည်း စိတ်ဝင်စားသူ ဖြစ်သည်။ ကျန်းမာရေးညံ့သောအခါတွင်လည်း ရုပ်ပိုင်းအနေဖြင့် ခံနိုင်ရည်ရှိပြီး ပြန်ကောင်းလာသည်။ စိတ်လှုပ်ရှားမှု အလွှာက ဂဏန်း (၂) လုံးသာရသော်လည်း ၎င်းအဖို့ ယိမ်းယိုင်မသွားခဲ့ပါ။ ထို့ထွင်းဉာဏ်လွှာဂဏန်း (၂) လုံးရသဖြင့် အဓိကကျသော ဆုံးဖြတ်ချက်များ ချနိုင်ခဲ့သည်။

★ ★ ★

### အခန်း (၁၄)

### အများသုံးပြက္ခဒိန်မှ နှစ်၊ လ၊ ရက် အလိုက် တုန်ခါနှုန်းဟောကွက်

### (Universal Years: Months, and Days: How They Influence You)

လူတိုင်း၊ သတ္တဝါတိုင်း သက်ရှိသတ္တဝါတိုင်း စကြဝဠာလောကထဲတွင် သံသရာလည်နေသည်။ သို့သော် အရာတိုင်း တုန်ခါနှုန်းတွေ ရှိနေကြသည်။ တစ်နှစ် ရှိ (၁၂) ရာသီ ပြီးဆုံးပြီ နှစ်သစ်အစပြုကြသည်။ ဂဏန်း (၉) ခုက ကွဲပြားသော လွှမ်းမိုးမှုရှိသည်။ ၎င်းဂဏန်းများက ကမ္ဘာလောကကြီးတွင် ကြုံတွေ့ရသောဖြစ်ရပ်များမှ လူတွေ၏ လှုပ်ရှားလုပ်ဆောင်မှုများကို ဖော်ပြပါသည်။ ပြက္ခဒိန်နှစ်၏ စက်ဝန်းလည်မှုက လူအများနှင့်သက်ဆိုင်သည်။ လူ၏ နှစ်စဉ် စက်ဝန်းလည်မှာ လူပုဂ္ဂိုလ်နှင့် သက်ဆိုင်သည်။

**အများသုံးနှစ်များ**

**(Universal year)**

ပြက္ခဒိန်အရ ရက်၊ လ၊ နှစ်များကို ဇန်နဝါရီလမှ ဇန်နဝါရီအထိရှိသာ လည်ပတ်သည်။ နှစ်တိုင်းတွေ့ရ တုန်ခါမှု လှိုင်းတွက်နည်းမှ ရောက်ဆဲကောဇာနှစ် ဂဏန်းတစ်လုံးတည်းကျန်အောင် ပေါင်းရမည်။

**ပုံစံ**

၁၉၇၂ ခုနှစ်ကို ဂဏန်းတစ်လုံးတည်းကျန်အောင်ပေါင်းက (၁) ရသည်။ ၎င်း (၁) ၁၉၇၂ ခုနှစ်တွင် သက်ရောက်သောတုန်ခါနှုန်း ဖြစ်သည်။

(၁+၉+၇+၂=၁၉=၁၀=၁)

၁၉၇၃ ခုနှစ်တွင် သက်ရောက်မှု တုန်ခါနှုန်း (၂) ရသည်။

**အများသုံးပြက္ခဒိန်မှ နှစ်အလိုက်ဖြစ်သော တုန်ခါနှုန်းနှင့် အဓိပ္ပာယ်သတ်မှတ်ချက်**

**(Table of universal years vibration and their meaneg)**

**တုန်ခါနှုန်း (၁) နှစ်**- ၎င်းနှစ်တွင် အသစ်ဖြစ်ရပ်နှင့် တိုးတက်မှု အသစ်များ ကြုံတွေ့ရမည့်နှစ် ဖြစ်သည်။ အထူးသဖြင့် အင်ဂျင်နီယာ၊ လေကြောင်းဘက်နှင့် တီထွင်ဆန်းသစ်မှုများ ဖြစ်သည်။ ၎င်းနှစ်တွင် တီထွင်သောနှစ်များ ဖြစ်သည်။ နယ်သစ်စီမံကိန်းအသစ်များ အောင်မြင်တိုးတက်ရန် အထောက်အထားရသောနှစ် ဖြစ်သည်။

**တုန်ခါနှုန်း (၂) ရသောနှစ်**- အေးဆေး၍ ငြိမ်းချမ်းသောနှစ် ဖြစ်သည်။ အစုလိုက် အဖွဲ့လိုက်လုပ်ရသော လု ငန်းသစ်များ ပေါ်ထွက်သောနှစ် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

သည်။ နည်းပရိယာယ်ကြွယ်ဝမှု၊ ပေါင်းသင်းဆက်ဆံရေး ပါးနပ်ရန်လိုသည်။ သဘောတူညီချက်များ လက်မှတ်ထိုးရပြီး စာရင်းအချက်ရတတ်သည်။ အစိုးရလုပ်ငန်း၊ နိုင်ငံရေးကိစ္စများ ပေါ်လွင်ထင်ရှားသည်။

**တုန်ခါနှုန်း (၃) ရသောနှစ်-** လူအများစိတ်တွင် လူမှုဆက်ဆံရေး စိတ်ဝင်စား ထက်သန်သောနှစ် ဖြစ်သည်။ ပြဇာတ်နှင့် ဖျော်ဖြေရေးဌာနများ တိုးချဲ့ရမည့်နှစ် ဖြစ်သည်။ မနားရခြင်း၊ အလောတကြီးလုပ်ခြင်းများဖြစ်ရသောနှစ်ဖြစ်သည်။ ဤနှစ်တွင် စွမ်းရည်ပြန့်ကျဲစေတတ်သည်။

**တုန်ခါနှုန်း (၄) ရသောနှစ်-** အလုပ်ကြိုးစားလုပ်၍ အခြေကျအောင်ကြိုးစားရသောနှစ် ဖြစ်သည်။ ပြီးခဲ့သောနှစ်က အဆင့်မြင့်မြင့်နေ၍ အသုံးအစွဲများခဲ့သဖြင့် ယခုနှစ်မှာ ချွေတာပါ။ အလုပ်အကိုင် ရှားပါးသောနှစ် ဖြစ်သည်။ သို့ရာတွင် ကုန်ထုတ်လုပ်ငန်းနှင့် ပညာရေးလုပ်ငန်း တိုးတက်မည်။

**တုန်ခါနှုန်း (၅) ရသောနှစ်-** အလုပ်တိုးချဲ့လုပ်ရခြင်း၊ အသစ်များ စိတ်ဝင်စားခြင်း၊ သိချင်စိတ်များခြင်း၊ အပြောင်းအလဲပေါ်ပေါက်ခြင်း၊ အဘက်ဘက်စွယ်စုံရ၍ လှုပ်ရှားမှုကြုံရသောနှစ် ဖြစ်သည်။ ယုတ္တိဗေဒ၊ စိတ်ပညာ၊ ဂမ္ဘီရပညာရပ်များ လိုက်စားရတတ်သည်။ (၄) ဂဏန်းရသောနှစ်ထက် နုပျိုရွှင်လန်းပြီး လုပ်ရကောင်းသောနှစ် ဖြစ်သည်။ ဂဏန်းဗေဒင်၊ နက္ခတ်ဗေဒင်ပညာရပ်များ လိုက်စားရတတ်သည်။

**တုန်ခါနှုန်း (၆) ရသောနှစ်-** အိမ်ထောင်ပြုရတတ်သည်။ အချစ်ရေး၊ မိသားစုအရေး၊ အိမ်တွင်းရေးအတွက် အချိန်ပေးရသည့်နှစ် ဖြစ်သည်။ ပညာရေး၊ ကျန်းမာရေး တိုးတက်သည့်နှစ် ဖြစ်သည်။ အဖွဲ့ပိုင် အဆောက်အအုံ၊ ကျောင်း၊ အိုးအိမ်အသစ်များ ဆောက်ရတတ်သည်။

**တုန်ခါနှုန်း (၇) ရသောနှစ်-** လုပ်ငန်းတိုးချဲ့ရန် ပြည့်စုံအောင်လေ့လာသင့်သောနှစ်ဖြစ်သည်။ ငွေကြေးကံကောင်းသောနှစ် ဖြစ်သည်။ အထူးသဖြင့် စိုက်ပျိုးရေးနှင့် သတ္တုလုပ်ငန်းများ အောင်မြင်မှုရမည်။ နာမ်ပိုင်းဆိုင်ရာနှင့် တရားအားထုတ်၍ စိတ်အေးချမ်းစွာ နေသင့်သောနှစ် ဖြစ်သည်။

**တုန်ခါနှုန်း (၈) ရသောနှစ်-** စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်၍ ချမ်းသာတတ်သောနှစ် ဖြစ်သည်။ အင်ဂျင်နီယာလုပ်ငန်းများ ကောင်းလာတတ်သည်။ နိုင်ငံခြားဆက်ဆံရပါက အကျိုးအမြတ်ရသည်။ လုပ်ငန်းကြီးလုပ်ရမည်။ စဉ်းစားရသောနှစ် ဖြစ်သည်။

တုန်ခါနှုန်း (၉) ရသောနှစ်- လူတိုင်းအပေါ် မေတ္တာထား၍ အများအကျိုးဆောင်ရသောနှစ် ဖြစ်သည်။ လုပ်ငန်းများထူးကဲစွာ ဖြစ်မည်။ စီးပွားရေးလုပ်ငန်းများ နိုင်နင်းအောင် လုပ်သင့်သောနှစ် ဖြစ်သည်။ တစ်ဖက်သားအပေါ် မေတ္တာထား၍ နားလည်မှုပေးကာ ကရုဏာထား၊ သည်းခံမှုများ ပေးတတ်သည်။

တုန်ခါနှုန်း (၁၁) ရသောနှစ်- အထူးဂဏန်းဖြစ်၍ တွေးခေါ်မှုနှင့် အကြံအစည်များသောနှစ် ဖြစ်သည်။ ဘာသာရေးနှင့် ဂန္ဓာရီပညာရပ်များ နာမ်ဝိညာဉ်နှင့် တရားဓမ္မဘက် စိတ်ဝင်စားတတ်သောနှစ်များ ဖြစ်သည်။ ဘာသာရေးပွဲများ လူစည်ကားသောနှစ် ဖြစ်သည်။ စိတ်ပညာရပ်သည် အဓိက စိတ်ဝင်စားသောနှစ် ဖြစ်သည်။ အလုပ်အကိုင်တိုးတက်၍ နှစ်ကောင်းဖြစ်သော်လည်း စီးပွားရေး စိတ်မပါဖြစ်တတ်သောနှစ် ဖြစ်သည်။

**တုန်ခါနှုန်း (၂၂) ရသောနှစ်-** ထူးခြားသောဂဏန်းတစ်ခု၏နှစ် ဖြစ်သည်။ သို့သော် တစ်လောကလုံး၏ တွန်းခံရသည်။ အတွေးနှင့် လက်တွေ့ ပေါင်းစပ်မိသောနှစ် ဖြစ်သည်။ စီးပွားရေးတိုးချဲ့ရပြီး အများအကျိုးဆောင်ရွက်ရသောနှစ် ဖြစ်သည်။ လူ့အဖွဲ့အစည်း တိုးတက်ရေးသာမက တစ်ကမ္ဘာလုံးတိုးတက်ရေး တို့ရသည်။

**အများသုံးပြက္ခဒိန်ထဲက လများ၏တုန်ခါရိုက်ခတ်နှုန်းများ**

**(Universal vibation of month)**

တစ်နှစ်ရှိလများ၏ တုန်ခါနှုန်းရှာနည်းမှာ ပြက္ခဒိန်ထဲက လများကို အောက်ပါအတိုင်းရယူသည်။

| | | |
|---|---|---|
| ဇန်နဝါရီ | - | ၁ |
| ဖေဖော်ဝါရီ | - | ၂ |
| မတ် | - | ၃ |
| ဧပြီ | - | ၄ |
| မေ | - | ၅ |
| ဇွန် | - | ၆ |
| ဇူလိုင် | - | ၇ |
| ဩဂုတ် | - | ၈ |
| စက်တင်ဘာ | - | ၉ |
| အောက်တိုဘာ | - | ၁၀ = ၁ |
| နိုဝင်ဘာ | - | ၁၁ = ၂ |
| ဒီဇင်ဘာ | - | ၁၂ = ၃ |

၁၉၇၂ ခုနှစ်၏ မတ်လ၏ တုန်ခါရိုက်ခတ်နှုန်းရှာရန်မှာ ၁၉၇၂ နှင့် တုန်ခါနှုန်းပေါင်းရမည်။

March + 1972

3 + 1 = 4

၁၉၇၂ ခုနှစ်၊ မတ်လ၏ တုန်ခါနှုန်း (၄) ဖြစ်သည်။

ပြက္ခဒိန်ထဲကလများသည် ပြက္ခဒိန်က လွှမ်းမိုးသည်။ သို့သော် သီးခြားအဓိပ္ပာယ်ရှိသည်။

**ပြက္ခဒိန်ထဲက လများ အဓိပ္ပာယ်များ**

**(What the universal months indicate)**

(၁) ဂဏန်း- ဦးဆောင်ရခြင်း၊ အတွေးသစ်များပေါ်ခြင်း၊ ပင်ကိုစွမ်းရည်ဖြင့် ကြီးပွားတိုးတက်ခြင်း။

(၂) ဂဏန်း- ငြိမ်းချမ်း၍ ပူးပေါင်းလုပ်ကိုင်ရခြင်း၊ စုဆောင်းခြင်း၊ နိုင်ငံရေးလုပ်ခြင်း၊ အသေးစိတ်လုပ်ခြင်း။

(၃) ဂဏန်း- ဖျော်ဖြေရခြင်း၊ ဖန်တီးမှုပြခြင်း၊ ပျော်ရွှင်ရခြင်းနှင့် လှုပ်ရှားခြင်း။

(၄) ဂဏန်း- စည်းကမ်းသတ်မှတ်ခြင်း၊ အချိန်ဇယားဆွဲခြင်း၊ အလုပ်ကြိုးစားခြင်း၊ အခြေခံခိုင်အောင် တည်ဆောက်ခြင်း။

(၅) ဂဏန်း- ခရီးသွားခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်း၊ ကြော်ငြာခြင်း၊ အားကစားလုပ်ခြင်း၊ စီးပွားရေးစွန့်စားလုပ်ခြင်း၊ စိတ်အားထက်သန်စွာလုပ်ခြင်း။

(၆) ဂဏန်း- လူ့အဖွဲ့အစည်းအတွက် လုပ်ဆောင်ရခြင်း၊ လက်ထပ်ခြင်း၊ ကျန်းမာရေး၊ အလှအပ၊ အစာအာဟာရနှင့် နေအိမ်ကိစ္စများ။

(၇) ဂဏန်း- ကြိုတင်သိမြင်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း၊ ငွေကြေးတိုးတက်ရခြင်း၊ ငြိမ်သက်စွာနေခြင်း၊ တီထွင်ဖန်တီးခြင်း။

(၈) ဂဏန်း- ဖွဲ့စည်းလုပ်ကိုင်ခြင်း၊ စီးပွားရေးတိုးချဲ့ခြင်း၊ ပူးပေါင်းလုပ်ကိုင်ခြင်း၊ လုပ်ငန်းကြီးများလုပ်ကိုင်ခြင်း။

(၉) ဂဏန်း- အပြီးသတ်လုပ်ကိုင်ခြင်း၊ ရှင်းလင်းဖယ်ရှားခြင်း၊ အောင်မြင်တိုးတက်ခြင်း၊ နားလည်သဘောပေါက်ခြင်း။

(၁၁) ဂဏန်း- ဘာသာရေး နာမ်ပိုင်းဆိုင်ရာလိုက်စားခြင်း၊ လျှပ်စစ်လုပ်ငန်း၊ လေယာဉ်မောင်းခြင်း၊ ဓမ္မဆရာအ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ် ဆောင်ရွက်ခြင်း။

(၂၂) ဂဏန်း- အမျိုးသားနှင့် နိုင်ငံတကာစီမံကိန်းများလုပ်ကိုင်ခြင်း၊ နိုင်ငံရေးလုပ်ခြင်း၊ ရထားလမ်းဆိုင်ရာ လုပ်ခြင်း၊ တိုးတက်ကြီးပွားခြင်း။

**အများနှင့်ဆိုင်သော ပြက္ခဒိန်ထဲရက်များ၏ တုန်ခါလှိုင်း**

**(Universal vibrations of day)**

လူတိုင်း ကိုယ်ပိုင်တုန်ခါလှိုင်းရှိသလို ရက်တစ်ရက်စီမှာလည်း တုန်ခါနှုန်း ရှိသည်။ အချို့နေ့မှာ ကံကောင်း၍ အချို့နေ့မှာ ကံဆိုးမှုများ ကြုံရတတ်သည်။ အချို့ရက်မှာ အလုပ်လုပ်ရ၍၊ အချို့ရက်မှာ အနားယူရ၍ ပျော်ရွှင်ရတတ်သည်။ အချို့ရက်များ အလုပ်လုပ်ရန်ကောင်းပြီး အချို့သောရက်များမှာ အိမ်မှာ အေးအေးဆေးဆေးနေ၍ ကောင်းသည်။ စာဖတ်ခြင်း၊ ပညာလေ့လာခြင်း၊ အပြင်မသွားဘဲနေခြင်း၊ မိတ်ကျသောနေ့ရက်များသည် ရက်ကောင်းဖြစ်သည်။

မွေးရက်သည် ဝါယော - လေဓာတ် နယ်ဖြစ်သော အနုပညာနယ် ဖြစ်သည်။ တစ်လုံးတည်းကျန် အောင်ပေါင်းပါက (၃၊ ၆၊ ၉) ရသောနေ့များ (၃၊ ၆၊ ၉၊ ၁၂၊ ၁၈၊ ၂၁၊ ၂၄၊ ၂၇၊ ၃၀) ရက်များတွင် လုပ်က အောင်မြင်မှုရသည်။

မွေးရက်သည် အာပေါ-ရေဓာတ် သိပ္ပံနယ်ဖြစ်က (၁၊ ၅၊ ၇) ရက်နေ့ဖြစ်သော (၁၊ ၅၊ ၇၊ ၁၀၊ ၁၄၊ ၁၆၊ ၁၉၊ ၂၃၊ ၂၅၊ ၂၈) ရက်နေ့များလုပ်ပါက အောင်မြင်မှုကောင်းကျိုးရတတ်သည်။

မွေးရက်သည် တေဇော- မီးဓာတ် စီးပွားရေးနယ်ပယ်ဖြစ်သော (၂၊ ၄၊ ၈၊ ၁၁၊ ၂၂) ရက်များ မွေးသောသူများ (၂၊ ၄၊ ၈၊ ၁၁၊ ၁၃၊ ၁၇၊ ၂၀၊ ၂၂၊ ၂၆၊ ၃၁) ရက် မွေးသူများ ၎င်းရက်တွင် လုပ်ဆောင်က အောင်မြင်မှုရသည်။

ရက်တစ်ရက်၏ ပြက္ခဒိန်ဂဏန်း ရှာရန်မှာ ရှာလိုသော ရက်၊ လ၊ နှစ် ဂဏန်းကို ပေါင်း၍ တစ်လုံးတည်းကျန်ရမည်။

ဥပမာ-

| | | | | |
|---|---|---|---|---|
| November (နိုဝင်ဘာ) | 6 | 1972 | | |
| 2 | 6 | 1 | = | 9 |

(၆၊ ၁၁၊ ၁၉၇၂) ရက်နေ့အတွက် ပြက္ခဒိန်ရက်ဂဏန်းမှာ (၉) ဖြစ်၍ ၃၊ ၆၊ ၉ နှင့် ၁၂၊ ၁၅၊ ၂၇ ရက်များ ကောင်းကျိုးပေးသည်။

**အများသုံးရက်များ တုန်ခါလှိုင်းများ**

**(Vibrationtable of Universal days)**

(၁) ဂဏန်း- ကျူးကျော်ခြင်း၊ လှုပ်ရှားလုပ်ကိုင်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ ဉာဏ်ပွင့်ခြင်း၊ ကိုယ်ပိုင်အကြံဉာဏ်ဖြင့် လုပ်ခြင်း၊ အသစ်စလုပ်ကိုင်ခြင်း၊ အပြောင်းအလဲဖြစ်စေခြင်း။

(၂) ဂဏန်း- ပူးပေါင်းလုပ်ခြင်း၊ အေးဆေးစွာနေ၍ စုဆောင်းမှုရှိကကောင်းသည်။ ဆက်ဆံရေးကောင်း၍ နည်းပရိယာယ်ရှိမည်။ လူသေစာရင်းများသောနေ့ ဖြစ်သည်။

(၃) ဂဏန်း- ကိုယ်စွမ်းကိုယ်စပြခြင်း၊ လူမှုဆက်ဆံရေး၊ ဖျော်ဖြေရေးကောင်းသည်။ အလှပြင်၊ ပြဇာတ်ရုံ၊ အကခန်းသို့သွားက ကောင်းသည်။ လှုပ်ရှားရခြင်း၊ စိတ်လှုပ်ရှားမှုများ ကြုံတွေ့ရတတ်သည်။

(၄) ဂဏန်း- အလုပ်ကြိုးစားခြင်း၊ ပုံမှန်လုပ်ခြင်း၊ အသေးစိတ်ကျကျလုပ်ခြင်း၊ ခြိုးခြံချွေတာခြင်း၊ အစီအစဉ်ဆွဲ၍ လုပ်ရမည်။ ဈေးကွက်တည်ငြိမ်နေသည်။ ကျန်းမာရေးညံ့ခြင်းနှင့် ပြဿနာများရှင်းရတတ်သည်။

(၅) ဂဏန်း- စိတ်အားထက်သန်ခြင်း၊ လွတ်လွတ်လပ်လပ်နေခြင်း၊ အပြောင်းအလဲကြုံခြင်း၊ သိချင်စိတ်များခြင်း၊ ရောင်းဝယ်ခြင်း၊ စွန့်စားလုပ်ကိုင်ခြင်း၊ ခရီးသွားခြင်း၊ လှုပ်ရှားရခြင်းတို့ ပေါ်ပေါက်သည်။

(၆) ဂဏန်း- မိသားစု အဓိကသော့ချက် ဖြစ်သည်။ နေအိမ်၊ တောရွာတို့တွင် အေးဆေးစွာ အချိန်ကုန်သင့်သည်။ ဆန္ဒရှိသည့်အတိုင်း ဖြစ်မြောက်အောင်မြင်သောနေ့ ဖြစ်သည်။

(၈) ဂဏန်း- စည်းရုံးခြင်းမှာ သော့ချက်စကားလုံး ဖြစ်သည်။ ကန်ထရိုက်များအတွက် လက်မှတ်ရေးထိုးခြင်း၊ စတော့ရှယ်ယာဈေးကွက် မြှုပ်နှံခြင်း၊ အစည်းအဝေးတက်ခြင်း၊ စီမံအုပ်ချုပ်မှု ပြနိုင်သောနေ့ ဖြစ်သည်။ အခြားသူများနှင့် ပူးပေါင်းလုပ်သင့်သည်။

(၉) ဂဏန်း- စိတ်ဆန္ဒကောင်းခြင်းမှာ သော့ချက် ဖြစ်သည်။ စကားပြောဖို့ စီစဉ်ရမည်။ လုပ်ငန်းများ ကြော်ငြာပါ။ ကိုယ်ကျိုးမကြည့် မေတ္တာထားပါ။ လုပ်ငန်းတိုးတက်မည်။ စီးပွားရေးအတွက် တယ်လီဖုန်း၊ ကြေးနန်း၊ လူကိုယ်တိုင်ဖြစ်စေ ပြောဆိုဆက်ဆံရတတ်သည်။

(၁၁) ဂဏန်း- တိုးတက်ခြင်းနှင့် မြင့်မားခြင်းမှာ သော့ချက်ဖြစ်၍ ထွန်းပြောင်မှုပြနိုင်မည်။ ဉာဏ်ပွင့်၍ တွေး၍ ကောင်းမည်။ အမြင်ပေါက်မည်။ (၂) ဂဏန်းအရည်အသွေးပါရှိ၍ ဦးဆောင်မှုအားကောင်းသည်။ အင်ဂျင်နီယာလုပ်ငန်း၊ ရုပ်မြင်သံကြားလုပ်ငန်း၊ လေကြောင်းလုပ်ငန်းတိုးတက်မည်။ (၁၁) ဂဏန်းမှာ တရားဓမ္မနှင့် နာမ်ဝိညာဉ်ဆိုင်ရာနေ့ ဖြစ်သည်။

(၂၂) ဂဏန်း- ကမ္ဘာရေးရာမှာ သော့ချက် ဖြစ်သည်။ နိုင်ငံရေး အစိုးရလုပ်ငန်း။ ဥပမာ- သံအမတ်အတွက် ကောင်းသည်။ အပြည်ပြည်ဆိုင်ရာ အမျိုးသားစီမံကိန်းများ ထင်ပေါ်မည်။ ကမ္ဘာရေးရာများ တိုးတက်မှု ကြုံမည်။ (၂၂) သည် (၄) ဂဏန်းအရည် အသွေးရှိသည်။ သို့သော် မြင့်မြတ်သဘောဆောင်သည်။ ရုပ်ထက် အားသန်သောနေ့ ဖြစ်သည်။ အတွေးကို လက်တွေ့ကျင့်၍ အောင်မြင်မှုရတတ်သည်။

★ ★ ★

**အခန်း (၁၅)**

**လူတစ်ဦးချင်းနှင့်ဆိုင်သော နှစ်၊ လ၊ ရက်များ၏ ဩဇာသက်ရောက်မှုများ**

**(The Influence of your Personal Years, Manth and Days)**

ပြက္ခဒိန်လာ နှစ်၊ လ၊ ရက်များ၏ အဟောအဓိပ္ပာယ်များကို အခန်း (၁၄) တွင် ဖော်ပြခဲ့သည်။ ထို့ပြင် လူတစ်ဦးချင်းဆိုင်သော ကိုယ်ပိုင် နှစ်၊ လ၊ ရက် ဟောကွက်များ ရှိသည်။ ကိုယ်ပိုင်နှစ်သည် အခွင့်အရေးခံစားမှုနှင့် အဓိပ္ပာယ်သတ်မှတ်ချက်အတိုင်း လုပ်ဆောင်ပါက အောင်မြင်မှုရမည်များကို ဖော်ပြသည်။ အကယ်၍ အခွင့်အရေးပေးခြင်းခံရသော နှစ်တစ်နှစ် ကျော်ပြီးပါက ထိုကဲ့သို့နှစ်မျိုး နောက်ထပ် (၉) နှစ် ပြန်စောင့်ရပေမည်။

**ကိုယ်ပိုင်နှစ်အလိုက် လုပ်သင့်သောအလုပ်ရှာခြင်း**

**(How to find what tye of work you should do in personal year)**

ကိုယ်ပိုင်နှစ်ဂဏန်းသည် ထိုနှစ်တွင် လုပ်သင့်သော လုပ်ငန်းအကျိုးကို ဖော်ပြသည်။ ဤသို့လုပ်ခြင်းဖြင့် တိုးတက်အောင်မြင်မှုရသည်။ နှစ်တွေသည် စက်ဝန်းကဲ့သို့ လည်ပတ်နေပြီး ဘဝမှတ်တိုင်များကလည်း လည်ပတ်နေသည်။ အနာဂတ် ဟောပြောမှုမပါဘဲ ဘဝဖြစ်



www.burmeseclassic.com

www.burmeseclassic.com

သည်ကို ဆန်းစစ်နိုင်သည်။ ကိုယ်ပိုင်နှစ်များနှင့် ဘဝမှတ်တိုင်ဂဏန်း သိရှိပြီး ကြို၍ ပြင်နိုင်သည်။

**ကိုယ်ပိုင်နှစ်**

**(Your personal year)**

ကိုယ်ပိုင်နှစ်မရှာခင် အများနှင့်ဆိုင်သော လက်ရှိနှစ်ကို သိရမည်။ ကိုယ်ပိုင်နှစ်သိရန် ရောက်ဆဲပြက္ခဒိန်ထဲကနှစ်ကို အရင်ရှာပါ။ မွေးလ၊ ရက်ဂဏန်း (မွေးနှစ်မပါ) ကို ရောက်ဆဲ လက်ရှိနှစ်ကို ပေါင်းပေးရမည်။

ပုံစံ- ၁၉၁၈ ခုနှစ်၊ ဇန်နဝါရီ (၂၆) ရက်မွေးသူ၏ ၁၉၇၁ ခုနှစ် အများနှင့်ဆိုင်သောနှစ်မှာ (၉) ရသည်။

| လ | ရက် | နှစ် (ကောဇာရောက်ဆဲနှစ်) |
| --- | --- | --- |
| ဇန်နဝါရီ | ၂၆ | ၁၉၇၁ |
| ၁ | ၈ | ၉ |

လဂဏန်း (၂)၊ ရက်ဂဏန်း (၈)၊ ရောက်ဆဲနှစ်က (၉) ဖြစ်၍ ၁၉၇၁ ခုနှစ်အတွက် ကိုယ်ပိုင်နှစ်ဂဏန်းမှာ (၉) ဖြစ်သည်။ ၁၉၇၂ ခုနှစ်အတွက် ကိုယ်ပိုင်နှစ်ဂဏန်းမှာ ၁၀=၁။ ဆိုလိုသည့် အဓိပ္ပာယ်က ၁၉၇၂ ခုနှစ်မှာ တစ်ခုအတွက် အကျိုးနှစ်ခု ဖြစ်မည်။ လုပ်ငန်းအသစ် စတင်လုပ်ကိုင်ရမည်။ အနေအထားအသစ် သို့မဟုတ် နေသည့်အိမ်ကို ပြောင်းလဲသင့်သည်။ ၁၉၇၂ ခုနှစ်မှာ စီးပွားရေးလုပ်ငန်းများ စတင်လုပ်ကိုင်ပါက ကောင်းကျိုးရနိုင်သောနှစ် ဖြစ်သည်။ အများနှင့်ဆိုင်သော နှစ်က (၁) ဖြစ်၍ လူတိုင်းအတွက် အကျိုးရှိသောနှစ် ဖြစ်သည်။ ကိုယ်ပိုင်နှစ်ရော၊ အများနှင့် ဆိုင်သောနှစ်မှာ အကျိုးရှိသောနှစ် ဖြစ်သည်။

အခြားသော ကိုယ်ပိုင်နှစ်ကို တွက်ကြည့်ပါက ၁၉၃၄ ခုနှစ်၊ ဇွန် (၂၃) ရက် မွေးသူ ၁၉၇၂ ခုနှစ် အခြေဖြစ်က ကိုယ်ပိုင်လ ဇွန် (၆) နှင့် ရက်ဂဏန်း (၂၃) ကို ကောဇာ ၁၉၇၂ ပေါင်းပါက အောက်ပါအတိုင်းရသည်။

ဇွန် ၂၃ ၁၉၇၂
၆ ၅ ၁၉
၆ + ၅ + ၁= ၁၂= ၃

၁၉၇၂ ခုနှစ်အတွက် ကိုယ်ပိုင်နှစ်က (၃) ဖြစ်သည်။ ပြက္ခဒိန်နှစ်က (၁) ဖြစ်သည်။ ထို့ကြောင့် ဤနှစ်သည် စာရေးခြင်း၊ ဧည့်ခံဖျော်ဖြေခြင်း၊ မိန့်ခွန်းပြောခြင်းအတွက် ကောင်းသောနှစ် ဖြစ်သည်။

**ကိုယ်ပိုင်နှစ်အတွက်အဟော**

**(Table of personal year)**

ကိုယ်ပိုင် (၁) ဂဏန်းနှစ်- ဤမှာ အသစ်တွေဝင်လာသည်။ ဤကဲ့သို့နှစ်မျိုး နောက် (၉)နှစ်ကြာမှ ပြန်တွေ့မည်။ ဆုံးဖြတ်မှုမလုပ်နိုင်သော အကြောင်းများကို အသစ်ပြန်လုပ်မည်။ လုပ်ငန်းသစ်များတိုးချဲ့ရန်၊ အသစ်စတင်ရန် မစိုးရိမ်သင့်သောနှစ် ဖြစ်သည်။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်အောင် ကြိုးစားရမည်။ ဤသို့ဖြင့် အောင်မြင်မှုများရမည်။ ဦးဆောင်နိုင်အောင် ကြိုးစားသင့်သောနှစ် ဖြစ်သည်။ အနေအထားပြောင်းလွှဲ၍ လုပ်ငန်းသစ်များ လုပ်သင့်သည်။ ဤနှစ် လုံးဝ မနားသင့်၊ ပြတ်ပြတ်သားသား စဉ်းစားပြီး အလုပ်ကို လုပ်သင့်သောနှစ် ဖြစ်သည်။

ကိုယ်ပိုင် (၂) ဂဏန်းနှစ်- ဤနှစ်မှာ အခွင့်အလမ်းပိုပွင့်လာပြီး အခြေအနေကောင်းများ ရောက်လာသည်။ စိတ်ရှည်သည်းခံနေပါ။ ပါးနပ်စွာပြုမူဆောင်ရွက်ပါ။ ပူးပေါင်းဆောင်ရွက်မည့်မိတ်ဆွေများ သဘောတူချက်များ ရတတ်သောနှစ် ဖြစ်သည်။ သို့ဖြစ်၍ အေးဆေးငြိမ်သက်စွာနေရမည်။ အနာဂတ်ကြိုတင်စုဆောင်းသင့်သည်။ ပြီးခဲ့သောနှစ် ကြိုးစားမှုသည် ယခုအခါတွင် အကျိုးကျေးဇူးခံစားရပြီ ဖြစ်သည်။ လာမည့်နှစ်အတွက် ဗဟုသုတများ အချိန်ရှိတိုင်း လေ့လာထားသင့်သည်။ သို့မှသာ အခွင့်အရေးရမည်။ ကိုယ်ကျိုးမကြည့်ဘဲ အခြားသူအတွက် ဆောင်ရွက်ပေးရမည်။

ကိုယ်ပိုင် (၃) ဂဏန်းနှစ်- (၃) ဂဏန်းရသောနှစ်တွင် တီထွင်ဖန်တီးမှု၊ စိတ်ကူးစိတ်သန်း၊ အယူအဆများ ဖော်ပြခွင့်ရသောနှစ် ဖြစ်သည်။ စာပေပို့ချခြင်း၊ ရေးသားခြင်းများ အကျိုးများသောကာလ ဖြစ်သည်။ စိတ်ကူးကို လက်တွေ့အကောင်အထည်ဖော်နိုင်သောနှစ် ဖြစ်သည်။ ယခုနှစ်သည် လူမှုရေးနှင့် ပတ်သက်သောနှစ်ဖြစ်သဖြင့် စိတ်ကျေနပ်မှု ရတတ်သည်။ အပေါင်းအသင်းများကို ရွေးပေါင်းရမည်။ ရယ်မောပျော်ရွှင်ရသောကာလ ဖြစ်သည်။ ခရီးသွားရန် ကောင်းသောနှစ် ဖြစ်သည်။ ဤနှစ်တွင် ငွေကြေး အစုလိုက်အပြုံလိုက် ဝင်သောကာလ ဖြစ်သည်။

ကိုယ်ပိုင် (၄) ဂဏန်းနှစ်- ပြီးခဲ့သောနှစ် ပျော်စရာကောင်းသောကာလဖြစ်ပြီး ယခုနှစ်သည် လက်တွေ့ကျကျ လုပ်ဆောင်ရပြီး ပြီးခဲ့သောနှစ်က အယူအဆများ အကောင်အထည်ဖော်ရမည်။ ယခုနှစ်သည် အသေးစိတ်ခြင်း၊ စနစ် တကျလုပ်ရခြင်း၊ အစီအစဉ်တကျ စီစဉ်ခြင်းများ လုပ်ရသည်။ မိမိနှင့် မိသားစု ကျန်းမာရေးကို အထူးဂရုစိုက်ရမည်။ အကုန်ကျနည်းအောင် ချွေတာခြင်း၊ ကုန်ပစ္စည်းနှင့်ပတ်သက်၍ စနစ်တကျ လုပ်ဆောင်ရမည်။ ရုပ်ဝတ္ထုပစ္စည်း အခြေအနေ တိုးတက်မှု၊ အောင်မြင်မှုမှာ လက်တွေ့ကျကျ စီးပွားရေးလုပ်ဆောင်မှုတွင် မူတည်သည်။

ကိုယ်ပိုင် (၅) ဂဏန်းနှစ်- ပြီးခဲ့သောနှစ်က တစ်နှစ်လုံး အပြောင်းအလဲ အချို့လုပ်ခဲ့ရသောကြောင့် လက်ရှိနှစ်မှာ အနားမရဘဲ အလုပ်များနေသည်။ အဟောင်းဟောင်းကို အတွေးအခေါ်သစ်များဖြင့် အစားထိုးလုပ်ခဲ့သော်လည်း နှေးနှေးကွေးကွေး ဖြစ်သည့်အတွက် အနာဂတ်အတွက် ပူပန်စရာတွေ ဖြစ်လာနိုင်၊ ခရီးသွားခြင်း၊ လှုပ်ရှားမှုများခြင်း အလုပ်အမျိုးမျိုးလုပ်ကိုင်ခြင်းအတွက် ကောင်းသောနှစ် ဖြစ်သည်။ ယခုနှစ်သည် မိမိထုတ်ကုန်တွေ ကြော်ငြာသင့်သောနှစ် ဖြစ်သည်။ ယခုနှစ်မှာ ဘဝ အပြောင်းအလဲ တိုးတက်မှုတွေနှင့်ပြည့်နေ၍ စိတ်လှုပ်ရှားဖွယ် ကောင်းသောနှစ်များ ဖြစ်သည်။

ကိုယ်ပိုင် (၆) ဂဏန်း- ပြီးခဲ့သောနှစ်က လွတ်လပ်စွာနေခဲ့ပြီး ယခုနှစ်မှာ အရင်းအနှီးများ စုဆောင်းမိလိမ့်မည်။ လုပ်ငန်းတာဝန်နှင့် အိမ်တွင်းရေးကိစ္စများ ရင်ဆိုင်ရသောနှစ် ဖြစ်သည်။ အချစ်ရေးနှင့် လုပ်ငန်းကိစ္စများ ယခုနှစ်တွင် အထူးအရေးပါသောနှစ် ဖြစ်မည်။ ချစ်ခင်မှုနှင့် ကရုဏာထားဖို့လိုသည်။ တူညီသော အကျိုးခံစားရမည့်နှစ် ဖြစ်သည်။ ယခုနှစ်သည် အိမ်ဆောက်ခြင်း၊ အိမ်ဝယ်ခြင်း၊ လက်ထပ်ခြင်း၊ စေ့စပ်မှု လုပ်သင့်သောနှစ် ဖြစ်သည်။

တာဝန်ဝတ္တရားကျေပြွန်အောင် ထမ်းဆောင်၊ တွေ့ကြုံရမည့် ဝန်ထုပ်ဝန်ပိုးတွေကို ခွင့်လွှတ်မှု၊ နားလည်ပေးနိုင်ခဲ့ရင် ယခုနှစ်မှာ ငွေကြေးများစွာ ဝင်နိုင်သောကာလ ဖြစ်သည်။

ဆရာဒလမင်းခေါင်



www.burmeseclassic.com

www.burmeseclassic.com

# သားမြားဥ၊ ရှဉ့်မတက်ဥနှင့် ဆဒ္ဒန်စွယ်တော်မြစ်

## လေ့လာသိရှိထားသမျှ


### စောငဝါ(ပျဉ်းမနား)

ကျွန်တော်သည် ခြံဥယျာဉ်လုပ်ကိုင်ရင်း ဆေးစွမ်းထက် ဆေးပင်, ဆေးဥများ၊ ဆေးသီးများ၏ဆေးဖက်ဝင်မှု၊ ရောဂါဝေဒနာများ ပျောက်ကင်းသက်သာမှု ထူးခြားသတင်းများကို မျှဝေ၊ ဖြန့်ဝေနေသလို သတင်းဆောင်းပါးများကို ရေးသားပြုစုနေတာ ကြာခဲ့ပါပြီ။ လက်တစ်ကမ်းမှာရှိနေသော ပရဆေးပင်များကို စာအုပ်စာပေအရရော တစ်ဆင့်စကား ခိုင်လုံတိကျသော တွေ့ရှိ သိရှိချက်များပါ ဝါသနာနှင့် ဗီဇဆန္ဒအရ စာရေးစုဆောင်း လုပ်ဆောင်နေတာလည်း ကြာပါပြီ။ အထူးသဖြင့် အသက်အန္တရာယ်ထိ ဒုက္ခပေးနိုင်သော ရောဂါများအတွက် ဆေးနည်းကောင်းများကို အလွန် စိတ်ဝင်စားပါ၏။

သူရဇ္ဇမဂ္ဂဇင်းတွင် စာရေးဆရာကိုယော ရေးသားပြုစုခဲ့သော ရင်သားကင်ဆာကိုတောင် သက်သာ ပျောက်ကင်းစေနိုင်သည့် သားမြားဥအကြောင်း ဆေးအစွမ်းကိုဖတ်မိရာမှ အပင်ဖွဲ့စည်းပုံနှင့် ဥများတည်ဆောက်ပုံတို့ကို စိတ်ထဲမှာ စွဲထင်နေခဲ့တာလည်း ဝန်ခံပါ၏။ အဲဒီလိုနှင့် လွန်ခဲ့သောနှစ်အတွင်းက ခြံထဲသို့ ရဟန်းငယ်တစ်ပါး ကြွလာပါသည်။ နယ်လှည့်ဝါသနာရှင်တစ်ဦးပါ။ ဆရာတော်ထံတွင် အထုပ် (၂) ထုပ်ပါလာပါ၏။ အထဲမှာ သားမြားအပင်နှင့် ဥများပါသော အပင် (၂) ပင်ကို ထုတ်ပြလာပြီး စာရေးသူကို မရှိသေးရင်ယူထားရန် ပေးခဲ့ပါ၏။ အလယ်ရိုးမတာစ်နေရာ ကျေးရွာမှရခဲ့ကြောင်းနှင့် ဥများ၍ သားမြားဥဟု ခေါ်ကြောင်းလည်း အသိတိုးခဲ့ရသည်။

ရဟန်းတော်ပေးခဲ့၍ သားမြားပင်ပုံသဏ္ဌာန်နှင့်ဥများကို တွေ့ခဲ့ရပြီးနောက် သားမောင်ကို မြေကြီးမချဘဲ အိုး (၂) အိုးနှင့် စိုက်ခိုင်းခဲ့ပါ၏။ ရက်ပိုင်းမျှ အ


ဆဒ္ဒန်စွယ်တော်မြစ်
အပင်သစ်နှင့်အရွက်နအရောင်အဖူးအပွင့်များ


ဆဒ္ဒန်စွယ်တော်မြစ် အပင်သစ်မှ
အသီးထွက်လာပုံ


ဆဒ္ဒန်စွယ်တော်မြစ် အပင်သစ်မှ ဥများ


ဦးစန်းနိုင်ပို့ပေးသော ရှဉ့်မတက်ပင်ဥနှင့်
သမြားဥများ


ရဟန်းတော်ပေးခဲ့သော သမြားပင်



www.burmeseclassic.com

www.burmeseclassic.com

ရွက်များမြင်ရပြီး မကြာခဲ့ပါပေ၊ အရွက်များချသွားပါတော့၏။ တစ်အိုးက အရွက်များအားလုံးချပြီး ဥများပါ ပုပ်သွားတော့ပါ၏။

(၁၄-၁-၂၀၁၃) တွင် ဆိုက်ကားတစ်စီးနှင့် လူကြီးတစ်ဦး၊ လူငယ်တစ်ဦးတို့ ခြံထဲသို့ ရောက်လာကြပါ၏။ နားခိုတဲအတွင်းထိုင်ကြရင်း ဟုမ္မလင်းမြို့နယ် နောင်ပိုအောင်ကျေးရွာမှ ဦးကျော်ဆွေလှိုင်နှင့် တူသားတို့ဟု သိရပါသည်။ စာရေးသားနေသော ကျွန်တော်၏ စာဖတ်ပရိသတ်တစ်ဦးဖြစ်သလို ဝေဒနာကြောင့်လာကြကြောင်း၊ ဝါသနာရှင်တစ်ဦးလည်း ဖြစ်နေပါ၏။ ကျွန်တော် ရေးသားခဲ့သောဆောင်းပါးပါ ဆဒ္ဒန်စွယ်တော်မြစ်အပင်များ ယူလာပါ၏။ ဒါပေမယ့် အပင်တော့ မမြင်ရပါပေ။ အပင်များချချိန်ဟု ဆိုပါသည်။ ဆဒ္ဒန်စွယ်တော်မြစ်သည် ကင်ဆာပျောက်ဆေးပင်ဟုဆို၍ ထိုဆောင်းပါးမှာ မြင်ဖူး၊ ရယူစိုက်ပျိုးလိုကြောင်း ကျွန်တော့်ဆန္ဒကိုသိရ၍ သူ့နယ်မှာ သူသိထားသော ထိုအပင်နှင့်ဥများ ရှာဖွေရယူလာတာပါ။

ဆဒ္ဒန်စွယ်တော်မြစ် (ခေါ်) ရှမ်းဘာသာအခေါ် 'ရာဆမ်းဆစ်ဟာ' ဟု ဆိုပါသည်။

အပင်ဥများကို မြေထုပ် (၂) ထုပ်နှင့် စက်ဘီးခြင်းအပျက်ထဲမှာ မြေထည့်၍ မြေမြှုပ်ယူလာကြတာပါ။ သူတို့ယူလာခဲ့ပုံကိုပြောပြတာက ဟုမ္မလင်းမှ မုံရွာ၊ မုံရွာမှ မန္တလေးသို့ စက်လှေဖြင့် (၂) ညအိပ် စီးလာခဲ့ကြောင်း၊ မန္တလေးမှ နေပြည်တော်ပျဉ်းမနားထိ သယ်ယူလာကြတာပါ။ စေတနာနှင့် လုပ်ဆောင်ခဲ့မှုက လေးစားစရာ မှတ်တမ်းတင်မိပါသည်။

ဦးကျော်ဆွေလှိုင် ပြောပြတာက ဆဒ္ဒန်စွယ်တော်မြစ် ဆေးအစွမ်းကြောင့် လည်ချောင်းကင်ဆာ ပျောက်ကြောင်း အပြင် အမှုန့်ကြိတ်သောက်က HIV ပိုးသေသည်ဟု သတင်းကြားရကြောင်း ဆိုပါသည်။ ကျေးဇူးတင်ပါကြောင်းနှင့် သူ့ရောဂါဝေဒနာအတွက် ကြ္ကသရမှုလီပျိုးပင်များဝယ်ရာ တစ်ပင်လက်ဆောင်ပါး၍ ကျန်အပင်များ တစ်ဝက်ဈေးနှင့် ရောင်းခဲ့ပါသည်။ ကိစ္စပြီးတာနှင့် နေရပ်သို့ ချက်ချင်းပြန်ထွက်သွားကြပါသည်။ ဤနည်းအားဖြင့် ကျွန်တော့်ခြံထဲသို့ ဆဒ္ဒန်စွယ်တော်မြစ်များ ရောက်လာခဲ့ပါ၏။ အပင်ဥများကို ယူလာသည့်အတိုင်း မြေကြီးအား ရေလောင်းပေးထားခဲ့ပါသည်။



ဦးကျော်ဆွေလှိုင် ဟုမ္မလင်းနယ်မှ ယူလာပေးသော ဆဒ္ဒန်စွယ်တော်မြစ် အပင်



နယ်လှည့်ရဟန်းတော်ပေးခဲ့သော လက်ကျန်သပြားပင်မှ ရွက်သစ်များထွက်လာပုံ



ဦးကျော်ဆွေလှိုင် ဟုမ္မလင်းနယ်မှ ယူလာပေးသော ဆဒ္ဒန်စွယ်တော်မြစ် အပင်များအစေ့ကျပေါက်လာပုံ

အဲဒီလိုနှင့် ကျွန်တော်၏စာဖတ်ပရိသတ်တစ်ဦးဖြစ်သူ ဦးစန်းနိုင်ဆိုသူက စစ်ကိုင်းမြို့သို့ ရောက်နေစဉ် ဓာတ်ပုံမှတ်တမ်း (၃) ပုံနှင့် သားမြားဥ၊ ရှဉ့်မတက်ဥနှင့် ငဖုန်းဆေးပင်များအကြောင်း သူ လေ့လာသိရှိထားသမျှ ရေးသားအသိပေးသည့်စာတစ်စောင် (၂၅-၂-၂၀၁၃) ရက်စွဲနှင့် ရောက်လာပါ၏။ စာပါအကြောင်းအရာများ ဖတ်ရှုလေ့လာရာ တိုင်းရင်းဆေးနှင့်နီးစပ်သူဟု ထင်ပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။ သမြားဥ (သားမြားဥ) နှင့် ရှဉ့်မတက်ဥ မတူကြောင်း၊ ဆေးအာနိသင်လည်းလွဲကြောင်းနှင့် စာရေးဆရာတစ်ဦးရေးခဲ့သည့်ဆောင်းပါးကို ကိုးကား၍ ကျွန်တော်မှတစ်ဆင့် စာဖတ်ပရိသတ်သို့ အသိပေး ထုတ်ဖော်ပေးရန်လည်း မေတ္တာရပ်ခံထားပါသည်။ တိုင်းရင်းဆေးအမှတ်အချို့ကိုလည်း ထည့်ရေးထားပါ၏။

ကျေးဇူးတင်ပါသည်။ သမြားဥအပင်တွေ မြင်ဖူးထားပြီး ဦးစန်းနိုင်၏ သမြားပင်နှင့်ဓာတ်ပုံပါ သမြားဥများကပို၍ ထင်ရှားလှပါသည်။ ရှဉ့်မတက်နှင့် မတူနိုင်တာကတော့ သေချာလှသည်။ အခြားဓာတ်ပုံများကတော့ ငဖုန်းဆေးအပင်များပါ။ သူက ကြံ့သရမူလီနှင့်တူကြောင်း ဆိုထားတော့ ဒီစာနှင့်ပြန်ကြားလိုတာက ငဖုန်းဆေးဟာ ကြံ့သရမူလီ (သို့) ကင်ဆာပျောက်ဆေးပင် မဟုတ်ကြောင်းအသိပေးလိုပါ၏။ ကြံ့သရမူလီမျိုးစိတ်မျိုးကွဲ (၅၀၀ မှ ၇၀၀) ရှိသည့်အထဲက တစ်မျိုးသာ ဖြစ်ပါကြောင်း၊ ကျွန်တော်ရေးသားနေတာက ကင်ဆာပျောက်သည့် ဆေးပင်သာဖြစ်ကြောင်း ပြန်ကြားလိုပါတယ်။ ပြီးတော့ လောက်သေတာနဲ့ လောက်သေပင်ဟု ဆိုတာလား။ မဟုတ်ပါဘူး၊ လောက်သေရွက်နဲ့ လောက်သေပင်က နွယ်လိုပင်သာ ဖြစ်ပါတယ်။ နွယ်ပင် မဟုတ်ပါခင်ဗျား။

မျိုးစိတ်တူနိုင်သော်လည်း ငဖုန်းဆေးနှင့် ကြံ့သရမူလီ လုံးဝ မတူပါ။ မတူရင် ဆေးအာနိသင်လည်း တစ်ထပ်တည်းမကျနိုင်ဟု ယူဆပါတယ် ခင်ဗျား။ ပြီးတော့ ဦးစန်းနိုင်က ငဖုန်းဆေးနွယ်တွေကို လားရှိုးမှတစ်ဆင့် တရုတ်ပြည်ဘက်ပို့နေကြောင်း၊ တရုတ်က ဆေးထုတ်နေပြီလို့လည်း ဆိုထားပါတယ်။ သူလေ့လာသိရှိထားသော တိုင်းရင်းဆေးအမှတ်တွေလည်း ရေးပြထားပါ၏။

သမြားပင်နှင့် ဆဒ္ဒန်စွယ်တော်မြစ် တစ်မျိုးတည်း တူနေပါသည်။

ရဟန်းတော်ယူလာသော သမြားပင်များလည်း ပေါက်လာပါပြီ။ ဆဒ္ဒန်စွယ်တော်မြစ်အပင်များလည်း မြေထဲမှ အပင်သစ်တွေ ထွက်လာပါပြီ။ အရွက်သစ်များထွက်လာသည့် ထိုမျိုးစိတ် (၂) မျိုးကို ကြည့်ရှုလေ့လာရင်း တွေ့ရတာက အရွက်နုချင်း တူနေတာပါပဲ။ သမြားပင်အရွက်က ကွမ်းရွက်သဏ္ဌာန်နှင့် အပေါ်ပိုင်းအရွက်များခွက်နေ၏။ အလယ်ရွက်ကြောထင်ရှားပြီးခွက်နေ၏။ အညာရင်းစုသွားပြီး ကတော့ပုံဖြစ်နေ၏။ ရွက်ကြောအစင်းကြောင်းများ အပေါ်မျက်နှာမှာ ခွက်၍ အောက်ပိုင်း ပေါ်လွင်နေပါသည်။ ရွက်ကြောတစ်ဖက်တစ်ချက်တွင် (၁၄-၁၅) ခုခန့်ထိပါ၏။

သမြားပင်အရွက်သစ်နှင့် ဆဒ္ဒန်စွယ်တော်မြစ်အပင်သစ် အရွက်သစ်များ လုံးဝတူညီနေ၍ ဂရုတစိုက်ကြည့်ရှုလေ့လာနေခဲ့ရာမှ အပင်တည်ဆောက်ပုံချင်း လုံးဝကို တူနေပါ၏။ လက်လှမ်းမီသမျှ ဆေးကျမ်းစာအုပ်များကို ရှာဖွေမိပါ၏။ ဓာတ်ပုံမှတ်တမ်းလည်းမပါ၊ သက်သာပျောက်ကင်းမှု ဆေးစွမ်းဖော်ပြချက်မျိုးလည်း မတွေ့ရပါပေ။ ကျွန်တော်မှ ဓာတ်ပုံမှတ်တမ်းကိုလည်း တစ်ပါတည်း ဖော်ပြလိုက်ပါသည်။ နှစ်ပင်လုံး ရွက်နုများက နီညိုရောင် ရှိပါ၏။ ရွက်ကြောများတူ၍ ထင်ရှားလှပါ၏။

အရွက်သစ်များ စထွက်သည်နှင့် ပင်စည်မှ အဖူး၊ အပွင့်များ ပါလာတာလည်း ထူးခြားပါ၏။ ခရမ်းဖျော့ဖျော့ပွင့်ဖတ် (၄) ခုအတွင်းမှ အသီးများပေါ်လာတာလည်း တွေ့ရပါ၏။ ဓာတ်ပုံမှတ်တမ်းလည်း ရိုက်ကူးထားပါ၏။ ထိုအသီးများခြောက်သွား၍ အစေ့များထုတ်ပြီး မြေချစိုက်ပျိုးခဲ့ရာ အပင်များလည်း ပေါက်လာပါပြီ။ ဆဒ္ဒန်စွယ်တော်မြစ်အပင် ခြင်းတောင်းအတွင်း အပင်များ ပြုထွက်စမှာ အပင်နှင့် ဥအချို့ကိုတူးယူ၍ မှတ်တမ်းဓာတ်ပုံ ရိုက်ထားမိပါ၏။ နွေဥအချို့ဖြစ်၍ အာဟာရနှင့်ဆိုင်မည်ဟုယူဆပါ၏။ ဦးစန်းနိုင်ပို့ပေးသော သမြားဥများနှင့် ဆဒ္ဒန်စွယ်တော်မြစ်အပင်တူသလို ဥများတာချင်းလည်း တူပါ၏။ အပင်ဖွဲ့စည်းပုံသဏ္ဌာန်နှင့် ဥများတူနေတာ အမှန်ပါ။ ထို့ကြောင့် ဒေသလိုက် အမည်ခေါ်တွင်မှု မတူပေမယ့် သမြားဥနှင့် ဆဒ္ဒန်စွယ်တော်မြစ် တစ်မျိုးတည်းဖြစ်နိုင်ကြောင်း ကိုယ်ပိုင်အသိဖြင့် မှတ်ချက်ပြုမိပါ၏။

ကျွန်တော်၏ခြံဝင်းထရံဘေးတွင် ရှဉ့်မတက်ပင်တစ်ပင် ရှိပါ၏။ အပင်အမြစ်များကို တူးဖော်ရာတွင် ပြွတ်ခဲသလို ဥတစ်မြုံတွင် ဥပေါင်း မြောက်မြားစွာပါတာလည်း တွေ့ဖူးပါ၏။ ဆူးများပါ၍ ရှဉ့်သတ္တဝါတောင်မတက်ဟု သိရပါသည်။ ခြံထဲက ဥတွေဖော်သည့်အခါ ဥလုံးပတ် လက်သန်းခန့်နှင့် အလျားတောင်ဆုပ် (တစ်ပေ) ခန့်အထိ ရှည်၏။ ယောကျ်ားများ အားအာဟာရအတွက် လာလာတောင်းကြ၏။

ကျွန်တော့်ထံ ရောက်ရှိလာသော ဆဒ္ဒန်စွယ်တော်မြစ်များမှ အပင်သစ်များပေါက်လာစဉ် ဥများကိုတူးဖော်၍ မှတ်တမ်းဓာတ်ပုံရိုက်ထားရာ ညိုရောင်သန်းနေပြီး ရှည်မျောမျောရှိတာ တွေ့ရပါ၏။ ဦးစန်းနိုင် ဆိုထားတာက သမြားဥအဖြူမျိုးဟု သိရ၍ ဒေသပေါက်ရောက်ရာနေရာနှင့် အာဟာရမျိုးစိတ်ပေါ် တည်နိုင်ကြောင်းလည်း သိရပါသည်။ ကိုးကားရန် မှတ်တမ်းပြုထားသော ဆေးကျမ်းစာအုပ်များမှာလည်း မတွေ့ရ၍ တင်ပြနိုင်စွမ်း မရှိတာကိုဘဲ အားမလိုအားမရဖြစ်နေမိတာ ဝန်ခံပါ၏။

တစ်ချိန်ချိန်မှာ တိကျသော တွေ့ရှိမှုမှတ်တမ်းတွေအပြင် ဆေးစွမ်းထက်သဘာဝဆေးပင်များကို ယနေ့ခေတ်အခေါ် သိပ္ပံနည်းကျ သုတေသနပြုတွေ့ရှိချက်များလည်း ပေါ်ထွက်လာနိုင်မည်ဟု မျှော်လင့်အားထားမိတာ အမှန်ပါ။ တိုးတက်လွန် နည်းပညာခေတ်ရေစီးကြောင်းမှာ အချို့သောလူငယ်များ ခံယူကျင့်သုံး ပြောလာတာကလည်း အားရစရာ နှစ်သက်ဖွယ်ရှိတာလည်း တွေ့ရပါ၏။ ဟိုတစ်လောက ဂျပန်မှပြန်လာသော လူငယ်အင်ဂျင်နီယာ (၂)ယောက်ရောက်လာပါ၏။ ကျွန်တော် ရေးသားပြုစုနေသော စာအုပ်အချို့ကို ဖတ်ခဲ့ရသလို သူတို့အပြောက-

'အရင်ကတော့ သာမန်ပဲနေခဲ့တာပါ။ အခုတော့ အသိတွေတိုးလာတော့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးမှာ ကျွန်တော်တို့ ပါဝင်လုပ်ဆောင်မှုမရှိကြရင် လူသားတာဝန် ကျင့်ဝတ် မကျေပွန်တာ မရှိသင့်တော့လို့ လူသားအကျိုးပြုလုပ်ငန်းတွေ လုပ်ကြတော့မယ်ခင်ဗျာ' တဲ့။

ထိုလူငယ်မျိုးများ ပိုမိုပါဝင်လုပ်ဆောင်လာပါက သဘာဝပတ်ဝန်းကျင်ကြီး ထိန်းသိမ်းနိုင်ရုံမက ရေရှည်အန္တရာယ်မှ ကင်းဝေးနိုင်မည်ဟု ယူဆမိပါ၏။

ထိုလူငယ်နှစ်ယောက်မှာ တစ်ယောက်က စိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် (ငြိမ်း) ၏သား ဖြစ်နေပါ၏။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်း လုပ်ဆောင်ရာမှာ စိုက်ပျိုးရေးလည်းလုပ်မည်၊ နည်းပညာ ဆည်းပူးလေ့လာ တီထွင်တာလည်း လုပ်မည့်အကြောင်းပြောတော့ ပီတိဖြစ်ရပါ၏။ အရင်းအနှီးလည်း အလုံအလောက်ရှိပြီ ကမ္ဘာ့ဇဟုသုတ အတွေးအခေါ် အမြင်



www.burmeseclassic.com

www.burmeseclassic.com

တွေလည်းရှိနေလျက် ခေတ်ရေစီးကြောင်းနှင့်မျောလိုက်တာမျိုးမရှိဘဲ မိမိလည်း အကျိုးရှိ၊ လူသားထုအတွက်လည်း အကျိုးပြု၊ တိုင်းပြည်အတွက်လည်း လူမျိုးဂုဏ် မြင့်တက်စေချင်တဲ့ ဆန္ဒအရင်းခံရှိကြောင်း ပြောလာတော့ တိုင်းပြည်နဲ့လူမျိုးအတွက် အားတက်မိတာအမှန်ပါ။

အလျဉ်းသင့်၍ တစ်ဆက်တည်း ဖော်ပြလိုတာက ဝါသနာနှင့် စိတ်ခံစားမှုနှင့်လည်း ဆက်နွယ်ပတ်သက်နေပါ၏။ မည်သည့်စိုက်ပျိုးရေးပဲလုပ်လုပ်၊ ခံစားတတ်လျှင် စိတ်ရဲ့ထွက်ပေါက်၊ စိတ်အေးချမ်းမှုတစ်ခုတော့ရနိုင်တာ အသေအချာပါပဲ။ ယခုအခါ ခံစားတတ်သူများ၊ ခံစားချင်သူများရှိလာရာတွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဆရာဝန်များလည်း ပါကြတာ တွေ့ရပါ၏။ ခြံထဲသို့ရောက်လာသော ဆရာဝန်အမျိုးသမီး၏ရည်ရွယ်ချက်ကလည်း ထူးခြားနေပါ၏။ ကားနှင့်လာရာ ခင်ပွန်းလည်းပါ၏။ အမျိုးသမီးက ဦးဆောင်ဆွေးနွေးနေတာကို နားထောင်နေပါ၏။

'စာအုပ်ဖတ်ပြီး စိတ်ချမ်းသာချင်လို့ပါ' တဲ့။

နှစ်ဦးလုံး အသားကဖြူဖြူ နုနုပျော့ပျော့ပါပဲ။ ကျွန်တော်က အပင်ဘယ်လောက်များ စိုက်ချင်လို့ပါလဲဟုမေးတော့-

'ဧက (၄၀) လောက်မှာ စိန်တစ်လုံးသရက်များ စိုက်မှာပါ' တဲ့။

အပင်အတော်များများ ဝယ်သွားသလို နောက်ထပ်လည်း လိုချင်ပါသေးတယ်တဲ့။ စီးပွားဖြစ်နိုင်သလို စွန့်စားလုပ်ကိုင်ရမှာလည်း အမြဲပါပဲ။ ဘယ်လိုပဲစိုက်စိုက်၊ အပင်စိုက်တာ ကောင်းမွန်တဲ့ အလုပ်တစ်ခုပါ။ ဆရာဝန်ကြီး လူနာတွေကြားမှာ မွန်းကျပ်ခဲ့သမျှ ကိုယ်တိုင်စိုက်ပျိုးထားတဲ့ စိုက်ခင်းထဲ လျှောက်လှမ်းဝင်လိုက်တာနဲ့ ပင်ပန်းသမျှ စိတ်ရဲ့အမောတွေ ပြေစေနိုင်မှာကတော့ မလွဲပါပေ။

အဲဒီတော့ ဆေးပင်, ဆေးသီးများပဲစိုက်စိုက်၊ အခြားစိုက်ပျိုးရေးပဲလုပ်လုပ် စိုက်ပျိုးရင်း ခံစား၊ လေ့လာ၊ ရှာဖွေ ဖန်တီးနိုင်လျှင် အောင်မြင်မှုအကျိုးရလဒ်များစွာ ရနိုင်ပါကြောင်း။

စောငုဝါ(ပျဉ်းမနား)

# ကြောက်စရာကျောက် ဒီဌပျောက်

"ဒီမယ်- ကျောက်မှန်လို့ကတော့ ဘာကျောက်ပဲ ဖြစ်နေပါစေ၊ ပေါင်ဒါဘူးထဲ ထည့်လို့ရအောင်ကို မှုန့်သွားမယ်"

စာရေးသူ မြို့နယ်စာရေးဆရာအသင်းရုံးခန်းအဝအရောက်တွင် ကြားလိုက်ရသောစကား ဖြစ်၏။ ပြောနေသူမှာ ကပ်လျက်အခန်းမှ ရေဒီယို၊ ကက်ဆက်၊ တီဗီဆရာဝန် ဦးကျော်ဝင်း ဖြစ်သည်။ ရုံးခန်းဖွင့်ပြီးသည်မှာ လပိုင်းမျှ (အရေးလွန်နှစ်လဝန်းကျင်) ဖြစ်သော်လည်း ဝင်ထွက်သွားလာ ပြောဆိုဆက်ဆံမှု များလာသောအခါ မြိန်ရာဟင်းကောင်း၊ ခင်ရာဆွေမျိုး ဆိုသလို ဖြစ်သွားတော့၏။ သူ့ကို စာရေးသူတို့အဖွဲ့ထဲမှ အတော်များများက 'ဦးကျော်ဝင်း' ဟူ၍ပင် နာမည်ကို အပြည့်အစုံ မခေါ်တော့၊ 'ဦးကျော်' ဖြစ်၍နေပေပြီ။

"ဘယ်လိုလဲ ဦးကျော်၊ ဒေဝယက္ခမန်းဆေးကြော်ငြာနေတာလား"

စာရေးသူ သူ့ဘေးမှခုံလွတ်တွင် ဝင်ထိုင်ရင်း စသလို နောက်သလို ပဋိသန္ဓာရ ပြုလိုက်သည်။ ဦးကျော်ဝင်းမှ အကျိတ်ကြေအဏုမြူမန်းဆေး ကြော်ငြာနေခြင်း မဟုတ်ကြောင်း၊ သည်းခြေကျောက်, ဆီးကျောက်, အခြား ဘာကျောက်ဖြစ်ဖြစ် ကျောက်တည်ရောဂါမှန်သမျှ သက်သာပျောက်ကင်းသည့် ဆေးမြီးတိုတစ်လက်အကြောင်း ပြောနေခြင်းဖြစ်ကြောင်း ပြန်ရှင်းပြ၏။ ရုံးခန်းအတွင်းတွင် မြို့နယ်စာရေးဆရာအသင်း၏နာယက ဆရာကြီး ဦးကျော်ဒင်ဟန် (သမိုင်းသုတေသီ)၊ ဆရာဇော်လွင်ဦး (ရည်ဇော်မောင်-ပြည်)၊ ဆရာဇော်ဝင်း (ညီဈာန်)၊ ဦးအောင်မြင့် (အောင်-ဓာတု)၊ ဆရာမျိုးဝင်းနှင့် ဆရာလှဖုန်းမြင့်တို့လည်း ရှိနေကြသည်။

ဦးကျော်ပြောပြသော ဆေးနည်းမှာ အခြားသူများနှင့် သက်ဆိုင်မှုမရှိသော်လည်း (မည်သူမျှ, မည်သို့မျှ ပြန်လည် မေးမြန်းခြင်း၊ ဝေဖန်အကြံပြုခြင်း မရှိကြသဖြင့်) စာရေးသူနှင့်မူ တိုက်ရိုက်သက်ဆိုင်နေသဖြင့် စိတ်ဝင်စားသွားမိသည်။ ထို့ကြောင့် စာရေးသူမှပင် ဆေးနည်းလေးကို ပြန်ပြောပြစေလို့ကြောင်း၊ မိမိ၏အမျိုးသမီးမှာ သည်းခြေကျောက်ဝေဒနာရှင်တစ်ဦးဖြစ်ပါကြောင်း၊ 'မျိုးသုခ' တွင် ပြသပြီး ECG, X'ray, Ultrasound စသည့် အဆင့်မြင့်နည်းပညာများဖြင့် စမ်းသပ်၍ ရောဂါရှာဖွေခဲ့ရာ သည်းခြေကျောက် ဖြစ်နေပါကြောင်း၊ သောက်ဆေး တစ်လစာ ပေးလိုက်ပြီး အနီး သောက်ဆေး တစ်လစားပြီးလို့မှ မသက်သာပါက ခွဲစိတ်ကုသမှုခံယူရမှာဖြစ်ကြောင်း၊ ခွဲစိတ်ရမှာကို အကြောက်လွန်ပြီး ပေးလိုက်သောဆေးများကို အချိန်မှန် သောက်ရုံမျှမက ဦးကျော်ကဲ့သို့ ပြောလာသမျှသော မြန်မာဆေးမြီးတိုများကိုလည်း တစ်ခုမကျန် လိုက်၍လုပ်ခဲ့ပါကြောင်း။ ကျောက်ကွဲပင်၏အရွက်ကို သုံးခွက်တစ်ခွက်တင်ကျို၍သောက်ခြင်း၊ အမဲသားနှင့် ကျောက်ဖရုံသီးချက်စားခြင်း၊ ကျောက်ဖရုံသီးအသားကိုခြစ်ကာ ရှုလကာရည်နှင့် ခလောက်၍ သောက်ခြင်း၊ ဝက်သားနှင့် ဗေဒါ ချက်စားခြင်း၊ ကျောက်ကြေဆေးအား ဝယ်ယူသုံးစွဲခြင်း စသည်ဖြင့် စုံတကာစေ့အောင်လုပ်ခဲ့ပါကြောင်း။ ယနေ့အထိ (၃ နှစ်ခန့်) မခွဲမစိတ်ရဘဲ သက်သာခဲ့သည်ဟုဆိုရမှာဖြစ်သော်လည်း ရှင်းရှင်းလင်းလင်း သက်သာပျောက်ကင်းသွားခြင်းမျိုးမဟုတ်ပါကြောင်း။ တစ်လတစ်ခါ၊ နှစ်လတစ်ခါ စသည်ဖြင့် အစားအသောက်၊ အနေအထိုင် မှားသည့်အခါမျိုးတွင် ပြန်ပြန်အောင့်ချင် (ဖြစ်ချင်) ပါကြောင်း။ သို့ပါ၍ မိမိအမျိုးသမီးအတွက်သာမက မည်သည့်ကျောက်တည်ရောဂါဝေဒနာရှင်များမဆို အသုံးပြုနိုင်ပါရန် ဆေးဝါးဒါနပြုစေချင်ပါကြောင်း ပြောရပါသည်။

ဦးကျော်ပြောသောဆေးနည်းမှာ-

ကြက်ဟင်းရွက် ခေါ် နွယ်လိမ်ရွက်နှင့် ကြက်ရိုးကို အရည်သောက် (အရည်များများနှင့်) ချက်၍ သောက်ရန် ဖြစ်ပါသည်။ ဦးကျော် သတိထပ်ပေးသည်မှာ ဆီကိုမူ ထည့်သည်ဆိုရုံလောက် (ဆီမများစေရန်) အနည်းငယ်သာ ထည့်၍ချက်ရန် ဖြစ်ပါ၏။ မည်သည့် ကျောက်တည်ရောဂါဝေဒနာရှင်မဆို တိုက်ဆိုင်မှုရှိပါက အသုံးပြုနိုင်ပါရန် ထပ်ဆင့် ဒါနပြုလိုက်ရပါသည်။

မောင်စိမ့်စမ်း(သဲကုန်း)

*(ဦးကျော်ဝင်းအား ဤစာစုဖြင့် ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။)*



www.burmeseclassic.com

www.burmeseclassic.com

မောင်ပင်းယဉ်(ကူမဲ)

## သရဲခြောက်တဲ့ ညောင်ပင်ကြီး



ကျုပ်နာမည်လား၊ ငယ်ငယ်ကတည်းက ပေလွန်းလို့ ကျုပ်အဘနဲ့ အစ်မ (အမေ) ပေးထားတဲ့နာမည်က ဖိုးတေ။

'ဖိုးတေ' ဆိုလို့ မြန်မာ့လက်ဝှေ့သမား ဖိုးကေနဲ့ အမျိုးတော်တယ် မထင်နဲ့။ ဖိုးကေက ဖိုးကေ၊ ကျုပ်က ဖိုးတေပဲ။ ဘာမှမတော်ဘူး။

ကျုပ် ဘာလုပ်လဲသိလား၊ ဘာမှမလုပ်ဘူး။ အဖေနဲ့အမေက မြေပိုင်ရှင်ဆိုတော့ ဘာမှမလုပ်ဘူး။ လတ်လျားလတ်လျား ဟိုသွားဒီသွားပဲ။ ကျောင်းထားလည်း စာထဲစိတ်မပါတော့ ပညာလေး မတောက်တခေါက်နဲ့ ကျောင်းထွက်လိုက်ရပြီ။ အဘတို့က ကျုပ်အတွက် နွားမတွေဝယ်ပေးထားလို့ ကျုပ်က ငယ်သာငယ်တာ၊ နွားခြံပိုင်ရှင်။ ကျုပ်အသက်လား၊ ခုမှ(၂၁) နှစ်။ မိန်းမဟုတ်လား၊ ကျုပ်က အိမ်ထောင်မပြုသေးဘူး။ ရည်းစားရှိလား၊ ဟုတ်လား။ ခင်ဗျားကလည်း ဘာမဆိုင်ညာမဆိုင်လာဗျူးနေပြန်ပြီ။ အသက်ပဲ (၂၁) နှစ်ရှိနေပြီ၊ ဒီအရွယ်ရောက်မှတော့ အမြီးမပေါက်တဲ့မျောက် ဖြစ်ပါ့မလား။ ရည်းစားရှိတာပေါ့ဗျ။ ကျုပ်ရည်းစားက နှင်းရည်ခင်တဲ့။ ငယ်ငယ် ချောချော လှလှလေးရယ်၊ ကျုပ်နဲ့တောင် မတန်ဘူး။ မနှိုင်းကောင်းနှိုင်းကောင်း မင်းကုသနဲ့ ပပဝတီလိုပဲ။

ကျုပ်တို့လယ်ထဲကို ကောက်စိုက်လိုက်ရင်း ကျုပ်နဲ့ကြိုက်သွားကြတာ။ ကျုပ်တို့လယ်ထဲမှာ ကောက်စိုက်လာရင်း ထဘီအနီဝတ်ထားတဲ့ နှင်းရည်ခင်ကို နွားကလိုက်ခွေ့တော့ ကျုပ်က သူရဲကောင်းလုပ်ပြီး ကယ်လိုက်တာလေ။ ကျုပ်က လက်ဖြောင့်တော့ နှင်းရည်ခင်နောက်လိုက်လာတဲ့ နွားသိုးကို အနီးကပ်ပြီး မျက်လုံးနှစ်လုံးကို လေးခွနဲ့ပစ်ပြီး နဖားကြိုးဆွဲလိုက်တော့ နွားကို တုန်ပြီး လဲသွားတာ။

ကျုပ်အဘက နွားဖိုးတော့လျော်လိုက်ရတာပေါ့။ တန်ပါတယ်ဗျာ၊ ကျုပ်က နှင်းရည်ခင်ရဲ့မေတ္တာကို ရလိုက်တာကိုး။ ကျုပ်သူငယ်ချင်း ဖိုးရွှေက ပြောတယ်။ 'ဖိုးတေ၊ မင်းက လောက်လေးခွမှာ ထမ်းပိုးတုံးအပေါက်ထောင်ထားရင်တောင် ဝင်အောင်ပစ်နိုင်တယ်။ ပြီးတော့ သိုင်းကလည်းတတ်၊ လူကလည်း လျင်တော့ ဒီနွား သွားပြီပေါ့ကွာ' တဲ့။

ကျုပ်က လေးခွနဲ့နွားမျက်လုံးတွေပစ်ပြီး နွားတန့်အသွားမှာ အတင်းဝင်ပြီး နဖားကြိုးနှစ်ဖက်ကိုဆွဲမော့ပြီး လိမ်လိုက်တော့ နွားလဲသွားတာပေါ့။ ကံကောင်းလို့ ကျုပ်ရော နှင်းရည်ခင်ပါ ဘာမှမဖြစ်ဘူး။ လူတွေကတော့ အံ့အားသင့်နေကြတာပေါ့။

နှင်းရည်ခင်နဲ့ကျုပ် ကြိုက်နေတာလား၊ အဘတို့၊ အစ်မတို့ မသိကြဘူး။ သိရင် သဘောတူမှာ မဟုတ်ဘူး။ သူမက ဆင်းရဲတယ်လေ။ ကျုပ်က လယ်ပိုင်ရှင်သား မဟုတ်လား။ နှင်းရည်ခင်က ကျုပ်နေတဲ့ရွာနဲ့ (၁) မိုင်လောက်ဝေးတဲ့ ပွဲလှကုန်းရွာမှာ နေတယ်။ ပွဲလှကုန်းရွာကို ကူမဲကုန်းသာကျောင်းဘေးက ညောင်ပင်ကြီးနားက ဖြတ်သွားရတယ်။ ညောင်ပင်ကြီးကအုပ်မှိုင်းပြီး အကိုင်းတွေဖြာထွက်နေတာ။ သရဲခြောက်တယ်လို့တော့ နာမည်ကြီးတယ်ဗျ။

ဒီနေ့ည ကျုပ်နဲ့နှင်းရည်ခင် ချိန်းထားတယ်လေ။ သူတို့ရွာစည်းရိုးနားက ကောက်ရိုးပုံမှာပေါ့။ ပွဲလှကုန်းရွာအရှေ့ဘက် ကဆွန်ရွာမှာ ပွဲရှိတော့ သူက ချိန်းတာပါ။ သူချိန်းတဲ့စာကို ကျုပ်သူငယ်ချင်း ဖိုးရွှေ ယူလာပေးတာပါ။ ဖိုးရွှေလား၊ ဒီကောင်က လူရိုး။ ကျုပ်လောက် ပိုက်ဆံမရှိပေမယ့် ကျုပ်ကိုတော့



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကျုပ်နဲ့နှင်းရည်ခင် ချစ်နေကြတာလည်း သူပဲသိတယ်။ ဘယ်သူ့ကိုမှ မပြောဘူး။ သစ္စာအင်မတန်ရှိတဲ့ သူငယ်ချင်း။ ဒီကောင်က နှင်းရည်ခင်ရဲ့စာကို ယူလာပြီး ပေးတယ်။ ပြီးတော့-

"သူငယ်ချင်း၊ မင်း နှင်းရည်ခင်တို့ ရွာကို သွားလို့ဖြစ်ပါ့မလား။ ညောင်ပင်ကြီးက သရဲခြောက်တယ်လို့ အင်မတန်နာမည်ကြီးတာ။ မင်း အဲဒီအောက်က ဖြတ်ရမှာ။ တစ်ယောက်တည်း ဖြတ်ရဲလား"

ကျုပ်က-

"ဖိုးရွှေရာ- ချစ်သူကချိန်းတာပဲကွာ၊ ပင်လယ်ကို လက်ပစ်ကူးရမလား, ခူဝံကြယ်ဆွတ်ရမလား, မြင်းမိုရ်တောင်ကို ဒူးနဲ့တိုက်ရမလား။ သွားမှာပဲကွ။ ငါ မကြောက်တတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

ဖိုးရွှေက-

"အေးကွာ- မင်းသွားရင်လည်း သတိနဲ့သွားပေါ့။ ငါတော့ အဖေ နေမကောင်းလို့ ကုလားပဲခင်းစောင့်ရမှာ"

လို့ ပြောပြီး ထွက်သွားတယ်။

ကျုပ်လည်း သတ္တိကောင်းလို့တော့ မဟုတ်ဘူး၊ နှင်းရည်ခင်နဲ့တွေ့ချင်တော့ သွားဖို့ပဲစိတ်ကူးတယ်။ သရဲခြောက်မှာတော့ အကြောက်သားဗျ။

ဒါနဲ့ ည (၁၀) နာရီရောက်တော့ လူခြေတိတ်နေပြီ။ နှင်းရည်ခင်က ပွဲကမှန့်စားအပြန် (၁၁) နာရီမှာ ကျုပ်နဲ့ ချိန်းထားတာကိုး။ ကျုပ်လည်း လက်စွဲတော် လောက်လေးခွကို လွယ်အိတ်ထဲမှာထည့်၊ ဖန်ပေသီးတွေထည့် စလွယ်သိုင်းပြီး ကျုပ်နေတဲ့ ကူမဲကနေ ပွဲလှုကုန်းရွာကို ထွက်လာခဲ့တယ်။ ည (၁၀) နာရီဆိုတော့ ပွဲလှုကုန်းနဲ့ ကူမဲကြားမှာ လူခြေတိတ်နေပြီလေ။ ညောင်ပင်ကြီးကလည်း အင်မတန် နာမည်ကြီးတော့ တော်ရုံတန်ရုံလူ မဖြတ်ရဲဘူး။

ဒါနဲ့ ကုန်းသာကျောင်း လွန်လာတော့ ညောင်ပင်အုပ်အုပ်ကြီး တွေ့နေရပြီ။ ကျုပ်မှာလည်း ချွေးစေးတွေထွက်၊ ရင်တွေခုန်ပြီး ကြောက်နေပြီ။ ဒါပေမယ့် နှင်းရည်ခင်ရဲ့မျက်နှာလေးကို တွေးမြင်ပြီးတော့ ကြောက်စိတ်တွေပြေပြီး ခြေလှမ်းမှန်လာတယ်။ ဒါတောင် ညောင်ပင်ကြီးနားရောက်တော့ စိတ်လေးတေးတေးကြီး ဖြစ်နေတယ်။ ဒါနဲ့ ညောင်ပင်ပေါ် မော့ကြည့်မိသေးတယ်၊ ဘာမှမရှိပါဘူး။ အဲ-ညောင်ပင်အောက် ရောက်လာပါပြီ။ ကျုပ် ရင်တော့တုန်နေတယ်။ လက်ထဲမှာတော့ လေးခွနဲ့ဖန်ပေသီးက အသင့်။

ကျုပ် ညောင်ပင်အောက်ရောက်တော့ ကျုပ်ကိုယ်ပေါ်ကို သဲတွေ တရှပ်ရှပ်ကျလာတယ်။ အထက်မော့ကြည့်တော့ ဘာမှမရှိဘူး။ ဒါနဲ့ ကျုပ်လည်း လက်တွေ တဆတ်ဆတ်တုန်ပြီး ရင်တွေခုန်နေတာ။ ကြောက်စိတ်တွေကို တည်ငြိမ်အောင်စုစည်းပြီး လေးခွကို အသင့်ချိန်ထားမိတယ်။

မကြာပါဘူး၊ ညောင်ပင်ကိုင်းဖျားကို မည်းမည်းအကောင်ကြီး ခုန်ကူးလာတယ်။ တစ်ကိုယ်လုံး မည်းနက်နေတာပဲ၊ ဆံပင်ကြီးက ဖားဖားကြီးကျလို့။ ညောင်ကိုင်းကိုခွစီးပြီး ဆံပင်ဖားဖားကြီးနဲ့ ညောင်ကိုင်းကိုလှုပ်ပြနေတယ်။ မျက်လုံးကြီးနှစ်လုံးက ဖြူဖြူကြီးတွေနဲ့၊ မျက်ကွင်းဖြူကြီး။

ကျုပ် 'အမလေးဗျ' လို့ အော်ပြီး ထွက်ပြေးမယ်လုပ်ပြီးမှ စိတ်တွေကိုငြိမ်အောင်စုစည်းပြီး ဖန်ပေသီးတပ်ထားတဲ့ လောက်လေးခွနဲ့ မျက်ကွင်းဖြူဖြူ နှစ်လုံးကို ပစ်ချလိုက်တယ်။ ဘာရမလဲ၊ ထမ်းပိုးတုံးပေါက်ထဲတောင် ဝင်အောင်ပစ်နိုင်တဲ့ ကျုပ်လက်ချက်ကြောင့် အကောင်မည်းမည်းကြီးရဲ့ မျက်ကွင်းအဖြူကြီးကို ဖောင်းခနဲ၊ ဖောင်းခနဲ မှန်တော့တာပေါ့။ မှန်လည်းမှန်ရော 'အား၊ အား' ဆိုတဲ့ အသံနက်ကြီးနဲ့ အော်ပြီး အကောင်မည်းမည်းကြီးက ပေ (၂၀) ခန့်အမြင့်က အောက်ကို ဗုန်းခနဲကျလာပြီး စန့်စန့်ကြီး ဖြစ်နေတယ်။ ဗုန်းခနဲမြည်သံကလည်း မိုးကြိုးသံကျနေတာပဲ။

ကျုပ်လည်း ကြောက်အားလန့်အားနဲ့-

"အမလေး - လာကြပါဦးဗျို့၊ ညောင်ပင်ပေါ်ကသရဲကြီး ကျုပ် လေးခွနဲ့ပစ်ချလိုက်တာ အောက်မှာ ကျနေပြီဗျို့"

လို့ အော်ပြီး ရွာဘက်ကိုထွက်ပြေးတော့တာပဲ။ ပြေးနေတုန်း ရှေ့နားရောက်တော့ လက်နှိပ်ဓာတ်မီး (၅) လက်လောက်နဲ့ ကျုပ်မျက်နှာကို ဝိုင်းထိုးပြီး-

"ဟေ့- ရပ်လိုက်၊ ဘာဖြစ်တာလဲ"

ဆိုတဲ့ အသံနဲ့အတူ ရဲတွေရောက်လာတယ်။ သူတို့က ကဆွန်ပွဲက ပြန်လာကြတဲ့ ရဲတွေပါ။

ဒါနဲ့ ကျုပ်က-

"အမလေး-ရင်တွေတုန်လိုက်တာဗျာ။ ကဆွန်ပွဲကို တစ်ယောက်တည်းလာခဲ့တာ ညောင်ပင်ကိုင်းဖျားမှာ သရဲကြီးတွေ့လို့ မျက်လုံးကို လေးခွနဲ့ ပစ်လိုက်တာ သရဲကြီး ဗုန်းခနဲ ကျလာတယ်။ ဒါနဲ့ ထွက်ပြေးလာတာ"

"အေး- ငါတို့လည်း ဗုန်းခနဲ အသံကြားလို့ ဒီဘက်ကိုထွက်လာကြတာ။ ကဲ- ကြည့်ရအောင်"

ကျုပ်လည်း, ရဲတွေရဲ့နောက်က ကြောက်ကြောက်နဲ့လိုက်ခဲ့တယ်။

တွေ့ပါပြီ၊ ညောင်ပင်အောက်မှာ သရဲကြီး စန့်စန့်ကြီးလဲနေတယ်။ ကျုပ်က ဆက်မလိုက်ရဲဘူးဆိုတော့ ရဲတွေက ကျုပ်လက်ကိုဆွဲပြီး-

"လာပါကွ၊ ကြည့်ရအောင်"

"မလိုက်ရဲဘူးဗျ၊ ကြောက်တယ်"

"တို့မှာ သေနတ်တွေ ပါပါတယ်ကွ၊ လိုက်ခဲ့"

ဆိုတော့ အရဲစွန့်ပြီး လိုက်သွားမိတယ်။ ကြည့်လိုက်တော့ တစ်ကိုယ်လုံးမည်းမည်းကြီး၊ မလှုပ်တော့ဘူး။ လူကြီးတစ်ယောက် သွေးတွေက ရွှဲလို့။

"ဟယ်- လူတစ်ယောက်ပါလား ကြည့်ကြစမ်းဟေ့"

ဟုတ်ပါတယ်၊ တစ်ကိုယ်လုံး အိုးမဲတွေသုတ်ထားတဲ့လူ။ မျက်နှာကိုလည်း အိုးမဲအပြည့်သုတ်ထားတယ်။ မျက်လုံးကိုတော့ ထုံးဖြူဖြူတွေဝိုင်းထားတယ်။ ဆံပင်က အတုကြီးနဲ့။

ရဲတွေက ပွဲလှုကုန်းရွာထဲက လူတွေကို အောက်လင်းဓာတ်မီးထွန်းခိုင်းပြီး လူသေကို ဝိုင်းကြည့်ကြတယ်။ ပြီးတော့ ရေတစ်ပုံးယူခိုင်းပြီး မျက်နှာက ရေစိုအဝတ်နဲ့ ပွတ်ပစ်လိုက်ကြတယ်။ ပြီးတော့ ကျုပ်ကိုခေါ်ပြီး-

"ဖိုးတေ၊ သူ့ကို မင်း သိလား သေချာကြည့်စမ်း"

ကျုပ်က ကြောက်ကြောက်နဲ့ လူသေရဲ့မျက်နှာကို ကြည့်လိုက်တော့ ခင်ဗျားတို့ ဘယ်သူထင်လဲ။ သူ . . . သူက ကျုပ် . . . ကျုပ်ရဲ့အချစ်ဆုံးသူငယ်ချင်း ဖိုးရွှေလေ။ သစ္စာရှိသူငယ်ချင်းကြီးပေါ့။

မျက်စိနှစ်လုံးပေါက်ပြီး သွေးသံရဲရဲနဲ့ သစ်ပင်ပေါ်ကလိမ့်ကျသေနေတဲ့ ကျုပ်ရဲ့အချစ်ဆုံးသူငယ်ချင်းကြီး ဖိုးရွှေပေါ့။ တစ်ကိုယ်လုံး အိုးမဲတွေသုတ် ဆံပင်တုတပ်ပြီး ပြေကျနေတဲ့ခါးတောင်းကျိုက်ထဲကထွက်လာတဲ့ စာကို ရဲတစ်ယောက်က ဖတ်ပြီး ကျုပ်ကို လက်ကမ်းပေးလိုက်ပါတယ်။ စာကတော့-

'ဒီနေ့ည ဖိုးတေကိုမှ ငါ သရဲလုပ်မခြောက်ရင် နင့်ကို ဖိုးတေက တစ်သက်လုံး ပိုင်ဆိုင်သွားရတော့မှာပါ နှင်းရည်ရယ်' တဲ့။

'ဖြစ်မှဖြစ်ရလေ. . . သူငယ်ချင်းဖိုးရွှေရယ်' လို့ ကျုပ် ရင်နင့်နင့် မျက်ရည်တွေကျရင်း ငိုချလိုက်ရပါတယ်။

ဒါပေမယ့် ကျုပ်လည်း ဖျောက်ခနဲ ရဲတွေရဲ့လက်ထိတ်ခတ်ခြင်းကို ခံလိုက်ရပါတယ်။

ကျုပ်ရယ်၊ ဖိုးရွှေရယ်၊ နှင်းရည်ခင်ရယ် ကံမကောင်းကြပါဘူးလေ။

မောင်မင်းယဉ်(ကူမဲ)

*(လွန်ခဲ့သော အနှစ် ၄၀ ခန့်က ဖြစ်ရပ်မှန်တစ်ခုအား ခံစား ဖွဲ့ဆိုသည်။)*



www.burmeseclassic.com

www.burmeseclassic.com

# လည်ချောင်းကြီး၊ မျက်ပြူးရောဂါအတွက် ရှားစောင်းလက်ပပ်အစွမ်း

**ဂျူးနီ(ကြို့ပင်ကောက်–လယ်တီ)**

စာရေးသူသည် မွေးရပ်ဇာတိမြေ မြေဇာကျေးရွာရှိ ဆွေမျိုးတစ်စု စုပေါင်းမတည်၍ ရွာသူရွာသားများ စုပေါင်းဘုံကထိန်ပွဲသို့ တန်ဆောင်မုန်းလက သူငယ်ချင်း မမ္မမိတ်ဆွေများ ဖြစ်သော ဒေါ်ခင်မိုးဆွေ (မြန်အောင်)၊ ကျောင်းဆရာမလေး လေးလေးနွယ်၊ မှူခင်းသတင်းထောက် ဒေါ်ဌေးဌေးဦး၊ စာရေးဆရာမ ချစ်မုန်းခင်နှင့် ဓာတ်တော်အလှူရှင် ဒေါ်ညွန့်ညွန့်သန်းတို့နှင့်အတူ သွားရောက်ခဲ့ကြသည်။

မြေဇာကျေးရွာသည် ဖွံ့ဖြိုးစည်ပင်သော ကျေးရွာကြီးတစ်ရွာ ဖြစ်သဖြင့် အလှူအတန်းတွင် ကျေးမွေးဧည့်ခံသည့် စားသောက်ဖွယ် ချိုချဉ်ရသာမုန့်ပဲသရေစာ အာဟာရဒါနပွဲများက များလှပေသည်။

မြေဇာကျေးရွာရှိ အုန်းတော်ကြီးကျောင်း စုပေါင်းဘုံကထိန်ပွဲတွင် ငယ်သူငယ်ချင်းများနှင့် တွေ့ဆုံကြ၍ ရှေးဟောင်းနှောင်းဖြစ်များကို ပြောကြရသည်မှာ ပြန်၍ငယ်သွားကြသည်ဟု ထင်မှတ်မိသည်။ ငယ်သူငယ်ချင်းများထဲတွင် ဒေါ်ဌေးရီ၏ လည်ပင်းတွင် အဖုယောင်ယောင် လည်ပင်းကြီးရောဂါ အကျိတ်ကလေးအား တွေ့ရသဖြင့် စာရေးသူမှ -

"ဌေးရီ၊ နင့်လည်ပင်းက အကျိတ်လား"

ဟု မေးရာ ဒေါ်ဌေးရီမှ -

"ဟုတ်တယ် သူငယ်ချင်း၊ ဖြစ်တာတော့ မကြာသေးဘူး"

"ပေါ့မနေနဲ့၊ ဆေးလည်းကုဦး"

ဟု ပြောဆိုနေကြရာမှ ဧည့်သည်များအား ထမင်းစားလာခေါ်နေသဖြင့် သူငယ်ချင်းတစ်စုလည်း ထမင်းဝိုင်းသို့ ထွက်ခွာခဲ့ကြသည်။

*

တပေါင်းလကြီး ဒေါ်အပျိုကြီး ဒေါ်ကြင်မေ၏ ကိတ္တိမသားရှင်ပြုပွဲသို့ ဒေါ်ခင်မိုးဆွေ (မြန်အောင်)၊ ကျောင်းဆရာမလေး လေးလေးနွယ်၊ ဒေါ်ဌေးဌေးဦး မှူခင်းသတင်းထောက်၊ စာရေးဆရာမ ချစ်မုန်းခင်တို့ ညီအစ်မတစ်သိုက် မွေးရပ်ဇာတိမြေ မြေဇာကျေးရွာ အလှူပွဲသို့ သွားကြသည်။

အလှူတွင် ငယ်သူငယ်ချင်း ဒေါ်ဌေးရီနှင့်တွေ့ရာ ဒေါ်ဌေးရီ၏ လည်ပင်းတွင် လည်ပင်းကြီး ရောဂါအဖုအားမတွေ့ရသဖြင့် စာရေးသူမှ ဘာဆေးနှင့်ကုသ၍ ပျောက်ကင်းတာလဲဟု မေးရာ ပြီးခဲ့သည့်လ တန်ဆောင်မုန်းလကထိန်တွင် ဗလကျွန်းမှ မြန်မာဆေးဆရာသမားတော်ကြီးတစ်ဦးမှ ပြောပြသည်မှာ လည်ပင်းကြီးရောဂါကို အထက်မှတ်ဟုခေါ်ပြီး ယောကျ်ားများတွင်ဖြစ်တတ်သောမှတ်ကို အောက်မှတ်ဟုခေါ်ဆိုကြောင်း၊ မည်သည့်မှတ်မဆို ဤကုထုံးနည်းအတိုင်းကုသရန် ပြောဆိုပါသည်။

ဆရာကြီးပြောသည့် ကုသနည်းအတိုင်း ပြုလုပ်ရာ ပျောက်ကင်းသွားကြောင်းပြောပြပြီး ဆရာကြီး၏ ဆေးနည်းမှာ -

ရှားစောင်းလက်ပပ်အနှစ်ကို ခြစ်ယူပြီး လက်ကိုင်ပဝါဖြင့် လည်ပင်းအဖုပေါ်အား ညအိပ်ရာဝင်စည်းထားပေးပါ။ နံနက်တွင် ဖြုတ်၍ထားပါသည်။ ဤကဲ့သို့ တစ်လခန့် ဆက်တိုက်နေ့စဉ်ပြုလုပ်ရာ လည်ပင်းကြီးရောဂါအဖုအကျိတ်မှာ တဖြည်းဖြည်းသေးသွားပြီး ယခုကဲ့သို့ ပျောက်ကင်းသွားကြောင်း ပြောပြပါသည်။

မြန်မာဆေးဆရာသမားကြီးမှ ရှားစောင်းလက်ပပ်၏ ဆေးအသုံးကို ဆက်၍ ပြောပြသည်မှာ -

ရှားစောင်းလက်ပပ်မှာ အမျိုးသမီးများ၏အသက်သခင်ဟုဆိုက မှားမည်မထင်ပေ။

အသည်းခြောက်ရောဂါမျိုးစွဲကပ်လာခဲ့သည်ရှိသော် တစ်ခါစားလျှင် ရှားစောင်းလက်ပပ်အတွင်းသား (၁) ကျပ်သားနှင့် မုန့်လုပ်ထန်းလျက်အစစ် (၁) ကျပ်သားကို ရောလုံးပြီး စားရန် ဖြစ်သည်။

တစ်ပတ်လောက်ကြာအောင်စားသောအခါ ရောဂါမှာ သက်သာလာပါသည်။ သက်သာသွားပါက တစ်ရက်ခြား နောက်တစ်ပတ် ဆက်စားပါက ရောဂါပို၍သက်သာသွားပါသည်။ ဆက်စား၍လည်း အန္တရာယ်မရှိပါ။

အမျိုးသမီးများအတွက် မီးယပ်ပိန်၊ မီးယပ်ခြောက်၊ မီးယပ်လွန်၊ မီးယပ်နည်းခြင်း၊ အဖြူဆင်းခြင်း၊ ပိန်ကြုံခြင်း၊ မူးဝေဒေါ်ဘော့အန်ဖြစ်လေ့ရှိခြင်း၊ အစွဲပူးသကဲ့သို့ဖြစ်တတ်ခြင်း၊ သားအိမ်အားနည်းခြင်း၊ ကျန်းမာလျက် သန္ဓေမတည်ခြင်း၊ ကလေးမွေးဖွားပြီးနောက် နို့ရည်ထွက်အားမရှိခြင်း၊ ထွေထွေထူးထူးဖြစ်ခြင်း စသော အမျိုးသမီးများနှင့် ပတ်သက်သမျှ ရောဂါများအတွက် တကယ်တမ်း အဖိုးတန် ဆေးကောင်းတစ်လက်ဖြစ်လေသည်။

ဤဆေးသည် အမျိုးသား၊ အမျိုးသမီးများတွင် ဖြစ်ပေါ်တတ်သည့် ကာမစိတ် ခန်းခြောက်သော ရောဂါအတွက် အထူးသင့်လျော်သည်။

ဤဆေးအား မီးဖွားပြီးသည့်နေ့မှစ၍ (၄၅) ရက်ကျော်လျှင် စားနိုင်သည်။ (၄၅) ရက်အတွင်းတွင် စားရန်မသင့်ပါ။ အောက်ပါအတိုင်း ဖော်စပ်၍ မတူးမခြစ်အောင် မြေအိုးနှင့် ကျိုချက်ပြီး စားသုံးကြရန် ဖြစ်သည်။

၁။ ရှားစောင်းလက်ပပ်
၂၅ ကျပ်သား
(အတွင်းသားအနှစ်)
၂။ ထန်းလျက် ၅ ကျပ်သား
၃။ ပျားရည် ၅ ကျပ်သား။
၄။ မန်ကျည်းမှည့် ၅ ကျပ်သား။
၅။ စမုန်မျိုးငါးပါး ၅ ပဲ
(၁ ပဲသား စီ)

ဤအချိုးအစားအတိုင်း မြေအိုးနှင့် မတူးမခြစ်အောင်ကျိုချက်ပြီး ဖော်စပ်လျှင် အရသာကောင်းပါသည်။ ဆေးကြောက်တတ်သောသူများပင် စားချင်စိတ်ဖြစ်လာသည်။ နံနက် လက်ဖက်ရည်ဇွန်းတစ်ဇွန်း၊ ညနေ ထမင်းစားပြီး တစ်ဇွန်းစားရန် ဖြစ်သည်။

အမျိုးသမီးများအတွက်ဆိုသော်လည်း အမျိုးသားများအတွက်လည်း စားသုံးရန် သင့်လျော်သည်။

လူသားတို့၏ ခန္ဓာကိုယ်၌ ဆီး၊ ဝမ်း၊ လေ၊ အခိုး မှန်ကန်ညီမျှစေ၍ လိုသောဓာတ်ကို ပြည့်ဝစေပါသည်။ ပိုသောဓာတ်ကို ယုတ်လျော့စေပါသည်။ ပါစကဝမ်းမီးကို တောက်ပစေနိုင်သည်။

ဂျူးနီ (ကြို့ပင်ကောက်-လယ်တီ)



www.burmeseclassic.com

www.burmeseclassic.com

တန်ဆောင်မုန်းလပြည့်နေ့ဖြစ်၍ မင်္ဂလာရှိသောနေ့ ဖြစ်ပါသည်။ ဘုရားကျောင်းကန်များတွင် တရားရှာသူများ ရှိသလို ပျော်ပွဲစားထွက်ကြသူများလည်း ရှိပါသည်။ ချစ်ဆွေသည် တိုက်ခန်းတွင် လွတ်လပ်စွာ စာရေးရန် ပြင်ဆင်ခဲ့၏။ စမ်းချောင်းမြို့နယ် (၇) လွှာတွင် နေပါသည်။ ခေါင်းရင်း ပြတင်းပေါက်ကိုဖွင့်လိုက်သည်နှင့် ရွှေရောင်ဝင်းလက်နေသော ရွှေတိဂုံဘုရားကို အနီးကပ် ဖူးမြင်ရသလို မြင်လိုက်ရ၍ ကြည်နူးမိပါသည်။ ဘုရားကို လက်အုပ်ချီကန်တော့ပြီး စာရေးရန် စားပွဲတွင် ထိုင်လိုက်၏။ တိုက်ခန်းတွင် သူငယ်ချင်းဖြစ်သူ ခင်မောင်ချိုနှင့်အတူ ငှားရမ်းနေခဲ့သည်။ ဘွဲ့ရပြီးသည်နှင့် ဝါသနာတူသူငယ်ချင်းနှစ်ယောက် အတူနေခဲ့၏။ နှစ်ယောက်လုံး စာရေးဝါသနာတူများဖြစ်ကြပြီး ခင်မောင်ချိုမှာ စာရေးခြင်းအပြင် ဘုရားတွင် ဗေဒင်ဟောခန်းပါ ဖွင့်ထားပါ၏။ ယခု ခင်မောင်ချို မန္တလေးသို့ ခရီးထွက်နေသဖြင့် တစ်ဦးတည်းနေစဥ်ကာလ လွတ်လပ်စွာစာရေးရန် ပြင်ဆင်နေခြင်းဖြစ်ပါသည်။

"ဒေါက်. . . ဒေါက်. . . ဒေါက်"

စာရေးတော့မည်ဟုပြင်ဆင်လိုက်စဥ် တံခါးခေါက်သံက ပေါ်ထွက်လာသည်။ ယခုလို နံနက်ပိုင်းတွင် (၇) လွှာအမြင့်အထိ တက်လာနိုင်ဖွယ်လူမရှိပါဘဲလျက် တံခါးခေါက်သဖြင့် ထူးဆန်းနေသည်။ ခဏငြိမ်နေခဲ့သော်လည်း တံခါးခေါက်သံက အဆက်မပြတ်ထွက်ပေါ်နေသဖြင့် တံခါးကိုဖွင့်ပေးလိုက်ရသည်။ မြင်လိုက်ရသည့်မြင်ကွင်းကြောင့် ချစ်ဆွေ အံ့ဩသွား၏။ အလွန်ချောမောလှပပြီး ခေတ်ဆန်ပုံရသော အမျိုးသမီးတစ်ဦးကို တွေ့လိုက်ရ၏။ ဘောင်းဘီရှည်၊ စပို့(စ်)ရှပ်၊ ဂျာကင်ဝတ် အမျိုးသမီးမှာ ဝတ်ဆင်ပုံကလည်း အလွန်ကြည့်ကောင်းလှသည်။ အိန္ဒိယတိုင်းသူဖြစ်လိမ့်မည်။ သူ မြင်ဖူးသမျှ အိန္ဒိယတိုင်းသူထဲတွင် အချောအလှဆုံး ဖြစ်ပါသည်။

"ဒါ ကိုချစ်ဆွေရဲ့အခန်း ဟုတ်ပါတယ်နော်"

အိန္ဒိယသံ အနည်းငယ်ပါသည်မှအပ မြန်မာသံ ပီပီသသ ကြားလိုက်ရသည်။

"ဟုတ်ပါတယ် ခင်ဗျာ"

"ကိုချစ်ဆွေနဲ့ ခဏတွေ့ချင်လို့ပါ၊ အခန်းထဲဝင်ပါရစေနော်"

"ဩော်- ဟုတ်ကဲ့၊ ဝင်ခဲ့ပါ။ ဒီမှာ ထိုင်ပါ ခင်ဗျား"

အမျိုးသမီးသည် စိတ်အေးလက်အေး ထိုင်လိုက်သည်။ လူက ထိုင်နေသော်လည်း အခန်းတစ်ခန်းလုံး မျက်စိဖြင့် အနှံ့ လိုက်လံကြည့်ရှုနေပါသည်။

"ကိုချစ်ဆွေကို ခဏခေါ်ပေးပါရှင်"

"ခင်ဗျာ၊ ကျွန်တော်က ချစ်ဆွေပါ"

"ရှင်"

အမျိုးသမီးမှာ ချစ်ဆွေကိုကြည့်ကာ အံ့ဩသွားပုံရသည်။

"ဒီအခန်းမှာ လူဘယ်နှဦးနေထိုင်ပါသလဲရှင်"

"ကျွန်တော်နဲ့ သူငယ်ချင်းတစ်ဦးအတူနေပါတယ်"

"ဒါဆို နောက်တစ်ဦးအမည်က



ကောင်းသော်

တစ်ပြည်သူ့ ရွှေနှင်းဆီ

www.burmeseclassic.com

www.burmeseclassic.com



လည်း ကိုချစ်ဆွေပဲလား"

"မဟုတ်ပါဘူး၊ နောက်တစ်ဦးက ခင်မောင်ချိုပါ"

"ဒါဆို တစ်ခုခုတော့ မှားပြီထင်တယ်။ ကျွန်မနာမည် ရိုစီပါ။ မြန်မာလို ရွှေနှင်းဆီလို့ခေါ်ပါတယ်။ လွန်ခဲ့တဲ့ (၃) လလောက်က အိန္ဒိယမှာ ကိုချစ်ဆွေနဲ့ ရင်းနှီးခဲ့ပါတယ်။ သူက ဒီတိုက်ခန်းလိပ်စာပေးလို့ သူ့ဆီ စာနှစ်စောင်ရေးဖြစ်ခဲ့ပါတယ်။ သူကလည်း စာပြန်ပါတယ်။ သူက အကူအညီလိုရင်ပြောပါလို့ ပြောဖူးလို့ သူ့ကို အားကိုးပြီး လာခဲ့တာပါ။ အခု ကိုချစ်ဆွေ မဟုတ်ဘူး ဆိုတော့ မကြံတတ်အောင် ဖြစ်ရပါတယ်"

အမျိုးသမီးက စိတ်ညစ်စွာပြောသော်လည်း ချစ်ဆွေမှာ ထိုပြဿနာကိုရှင်းရန် ခက်ခဲနေသည်။ (၃)လလောက်က ခင်မောင်ချို အိန္ဒိယသွားသည်ကို





www.burmeseclassic.com

www.burmeseclassic.com

သတိရမှ ထိုအမျိုးသမီးကို ကူညီရန် နည်းလမ်းရပါသည်။ ရွှေနှင်းဆီ သဘောပေါက်အောင် ပြောရတော့မည်။

"ဒါဆို ခင်မောင်ချို ဖြစ်နိုင်တယ်။ ခင်မောင်ချိုက ကူညီမယ်လို့ ကတိပေးခဲ့တဲ့ကိစ္စ ကျွန်တော်ကူညီပါ့မယ်။ လောလောဆယ် ခင်မောင်ချို ခရီးထွက်နေလို့ပါ။ မရွှေနှင်းဆီရဲ့အခက်အခဲကိုပြောပါဦး"

"လွယ်တော့မလွယ်ဘူး။ ကျွန်မကို အန္တရာယ်ပေးမယ့်လူတွေလက်က လွတ်အောင် ပြေးခဲ့တာ။ အခု သူတို့ မြန်မာပြည်အထိ လိုက်လာပြီ ဆိုတော့ လွတ်အောင်မှပြေးနိုင်ပါ့မလားဘဲ"

"ဒီတိုင်းပြည်မှာ ဥပဒေရှိပါတယ်။ မရွှေနှင်းဆီ ဘာအန္တရာယ်မှမရှိအောင် ကျွန်တော် ကူညီပါ့မယ်။ အဖြစ်အပျက်ကိုသာ ပြောပြပါ"

"အကျဉ်းချုပ်ပြီးပြောရရင် ကျွန်မဟာ ရန်ကုန် ဗိုလ်တထောင်မှာ မွေးခဲ့တာပါ။ တစ်နှစ်သမီးမှာ မိဘနှစ်ပါးက အိန္ဒိယပြန်တော့ ဟိုကိုပါသွားခဲ့တာ။ ဒီမှာ အဘွားကျန်ခဲ့ပါတယ်။ ကျွန်မမှာ မိဘနှစ်ပါးလုံး မရှိတော့ပါဘူး။ အစ်ကို တစ်ယောက်ရှိတာ၊ သူက ဆိုးတော့ ထောင်ထဲမှာ ရောက်နေခဲ့တယ်။ အမေဆုံးတာက လပိုင်းပဲ ရှိပါသေးတယ်။ အမေဆုံးပြီး မကြာခင် အစ်ကိုက ရဲဘက်စခန်းကနေ ထွက်ပြေးလာတယ်။ ကျွန်မရတဲ့အမွေထဲက သူ့ကိုတစ်ဝက်ခွဲပေးဖို့တောင်းတယ်။ ကျွန်မက အချိန်ဆွဲထားတော့ သူက သူ့သူငယ်ချင်းနဲ့ ကျွန်မကို ပေးစားတယ်။ သူငယ်ချင်းရဲ့ဇနီးမယားဖြစ်သွားရင် အမွေတစ်ဝက်ယူမယ် ဆိုတဲ့ ရည်ရွယ်ချက်ပါ။ သူငယ်ချင်းကလည်း အစ်ကိုလို လူဆိုးဆိုတော့ ကျွန်မက မယူရဲဘူး။ အတင်းအကျပ်ပေးစားမယ်လုပ်လို့ မြန်မာပြည်ကို ထွက်ပြေးလာခဲ့တာပါ။ ရုတ်တရက်ဖြစ်လို့ ကိုချစ်ဆွေကို ကြိုတင်အကြောင်းမကြားနိုင်ခဲ့တာပါ။ တတ်နိုင်ရင် ကူညီပါနော်"

"စိတ်ချ မရွှေနှင်းဆီ၊ ကျွန်တော့်ကိုလည်းယုံကြည်ပါ။ ခင်မောင်ချို အိန္ဒိယသွားတုန်းကဓာတ်ပုံ ရှိတယ်၊ ကျွန်တော်ပြပါ့မယ်"

ချစ်ဆွေသည် စားပွဲပေါ်ရှိ ခင်မောင်ချို၏ဓာတ်ပုံများကို လှန်လှောရှာဖွေပြီး ဓာတ်ပုံတစ်ပုံကို တွေ့သည်နှင့် အားရဝမ်းသာ ထုတ်၍ပြလိုက်ပါသည်။ ထိုဓာတ်ပုံမှာ ရှေးဟောင်းအဆောက်အအုံတစ်ခုရှေ့တွင် ခင်မောင်ချိုနှင့် ရွှေနှင်းဆီတို့ အမှတ်တရရိုက်ထားသောပုံဖြစ်သည်။ ရွှေနှင်းဆီသည် ထိုဓာတ်ပုံကိုမြင်လိုက်သည်နှင့် အားတက်သွားပါသည်။

"ဟုတ်တယ်။ ဒါ ကိုချစ်ဆွေ၊ အဲ-ကိုခင်မောင်ချိုအစစ်ပဲ"

"စိတ်ချပါ။ အခု ခင်ဗျား အားကိုးတဲ့ ကိုချစ်ဆွေကို တွေ့ရပြီပဲ။ မရွှေနှင်းဆီရဲ့အစ်ကို မြန်မာပြည်အထိလိုက်လာပြီ ဆိုတာ ဘယ်သူပြောတာလဲ"

"ဗိုလ်တထောင်ကအဘွား ပြောတာပါ။ လေဆိပ်ရောက်တော့ အဘွားဆီ ဖုန်းဆက်လိုက်တာ အဘွားကပြောတာနဲ့ ကိုချစ်ဆွေဆီကို ပစ္စည်းတွေနဲ့ လာခဲ့တာပါ။ ပစ္စည်းတွေက တက္ကစီပေါ်မှာ ကျန်ခဲ့ပါတယ်"

"အဲဒီတက္ကစီကကော စိတ်ချရပါ့မလား"

"အိန္ဒိယအမျိုးသား တစ်ဦးပါပဲ၊ စိတ်ချရလောက်ပါတယ်"

"ဒါဆို ရွှေနှင်းဆီရဲ့လုံခြုံရေးအတွက် စီစဉ်ရတော့မယ်။ ကျွန်တော် အဝတ်လဲလိုက်ဦးမယ်၊ ခဏစောင့်ပါ"

ချစ်ဆွေ အဝတ်လဲပြီးသည်နှင့် အခန်းပိတ်၍ နှစ်ယောက်ဆင်းခဲ့ကြရာ တက္ကစီကို အသင့်တွေ့ရသဖြင့် ကားပေါ်တက်ကြပြီး မင်္ဂလာဒုံသို့မောင်းခိုင်းရသည်။ ဆယ်မိုင်ကုန်းအကွေ့တွင်ဆင်းပြီး နောက်တက္ကစီတစ်စီးငှား၍ စမ်းချောင်းသို့ပြန်ခဲ့ရာ မကြာမီ ချစ်ဆွေတို့ လမ်းထဲသို့ ရောက်လာသည်။ မနှင်းဆီမှာ အံ့ဩနေသဖြင့် ရှင်းပြရသည်။

"ရွှေနှင်းဆီရဲ့အစ်ကိုလိုက်လာရင် လာမယ်။ မရွှေနှင်းဆီ သွားလေရာ ရှာမရအောင် မျက်ခြည်ဖြတ်ရတာပါ။ ဒီရှေ့ကတည်းခိုခန်းမှာ ခဏနေပါ၊ ကျွန်တော့်အိမ်နဲ့လည်း နီးပါတယ်"

တည်းခိုခန်းသည် ချစ်ဆွေ၏ တိုက်ခန်းနှင့် နီးကပ်သည့်အပြင် တည်းခိုခန်းကလူများနှင့်လည်း ရင်းနှီးသဖြင့် အဆင်ပြေလှသည်။ စားရေးသောက်ရေး၊ နေထိုင်ရေးအတွက်ပါ အကူအညီပေးသဖြင့် စိတ်ချရမှ ချစ်ဆွေ ပြန်ခဲ့သည်။

ယနေ့အတွက် စာမရေးနိုင်တော့ပါ။ ရွှေနှင်းဆီကို ကူညီရန်သာ စဉ်းစားနေခဲ့ရသည်။ ဖြစ်ပေါ်လာသည့်အခြေအနေပေါ် မူတည်ဖြေရှင်းရတော့မည်။ မန္တလေးသို့ရောက်နေသော ခင်မောင်ချိုကို ဖုန်းဆက်လိုက်သည်။ ခင်မောင်ချိုက အံ့ဩလွန်း၍ အသံများပင်တုန်ယင်နေပါသည်။

"ငါတောင်းပန်ပါတယ်ကွာ။ ရှိစီနဲ့ပတ်သက်ပြီး မင်းကိုမပြောဖြစ်ခဲ့လို့ ခုလို ရှုပ်ထွေးရတာ။ တကယ်တော့ ရှိစီက မြန်မာပြည်ကိုချစ်တဲ့သူပါ။ တစ်နေ့ မြန်မာပြည်မှာလာနေဖို့လည်း အစီအစဉ်ရှိပုံရတယ်။ ငါလည်း အမှန်အတိုင်းဝန်ခံရရင် ရှိစီကို သိပ်သဘောကျခဲ့ပါတယ်။ ဒါပေမယ့် ငါ့မှာ လက်ထပ်ရမယ့်ချစ်သူက ရှိပြီးသားဆိုတော့ မဖြစ်နိုင်တော့ဘူး။ ဒီတော့ မင်းနဲ့လိုက်ဖက်မှာပဲလို့ တွေးမိတယ်။ အကယ်၍ ရှိစီလာရင် မင်းနဲ့နီးစပ်အောင် ကြိုးစားပေးဖို့ ဆုံးဖြတ်ထားခဲ့တာ အမှန်ပါ။ ဒါကြောင့် နာမည်ကိုတောင် ချစ်ဆွေလို့ ပြောခဲ့မိတယ်။ ဒါထက် အံ့ဩစရာကောင်းတာက ရှိစီဟာ မင်းနဲ့ ဖူးစာဖက် သူငယ်ချင်း။ မင်းနားလည်အောင် ရှင်းပြပါ့မယ်။ ရှိစီနဲ့ငါ ရင်းနှီးတော့ လှည့်ပတ်ကြည့်ရင်း ဘုရားကျောင်းတစ်ခုမှာ ဗေဒင်အလွန်မှန်တဲ့ ဆာဒူးကြီးကို တွေ့ခဲ့တယ်။ ရှိစီက ဗေဒင်မေးရအောင်ခေါ်လို့ နှစ်ယောက်အတူသွားခဲ့တယ်။ ဆာဒူးကြီးဆီရောက်တော့ မင်းရဲ့ခုနစ်၊ မွေးနေ့၊ မွေးလ အတိအကျ ငါပေးလိုက်တယ်။ ဆာဒူးကြီးက ဘယ်လိုဟောသလဲ သိလား၊ သိပ်အံ့ဩစရာကောင်းတယ်။

'ဒီဇာတာ သမီးရဲ့ဖူးစာဖက်အမှန်ပဲ။ မမျှော်လင့်ဘဲ သမီး မြန်မာပြည်ကိုသွားရမယ်။ ချစ်သူနဲ့တွေ့ပြီးပေါင်းသင်းရမယ်။ ဒါဟာ ဘဝဟောင်းက မပေါင်းခဲ့ရတဲ့ချစ်သူတွေပါ။ ဒီဘဝမှာကေန်ပေါင်းရမှာပါ'

အဲဒီအတိုင်း ဟောလိုက်တာ၊ ဒီတော့ ရှိစီဟာ မင်းရဲ့ဖူးစာရှင်ပဲ။ မင်းကိုပြောဖို့မေ့နေခဲ့ပေမယ့် ခုလို မမျှော်လင့်ဘဲ ရှိစီရောက်လာပြီ ဆိုတော့ မင်းတို့ ဖူးစာဖက်မှန်ပြီ။ ဒီတော့ မင်း ကူညီလိုက်ပါကွာ"

ခင်မောင်ချို၏စကားကိုကြားရ၍ ချစ်ဆွေ ပို၍ အံ့ဩရတော့သည်။ ယခုမှ ရွှေနှင်းဆီက ချစ်ဆွေနာမည်ကိုမေးရင်း ရောက်လာပုံ၊ မြင်မြင်ချင်း အားကိုးပုံများကို စဉ်းစားမိတော့သည်။ တစ်နေ့လုံး စာမရေးနိုင်ဘဲ ညနေရောက်မှ ရွှေနှင်းဆီကို သွားရောက် တွေ့ဆုံခဲ့၏။

"သိပ်ကျေးဇူးတင်ပါတယ် ကိုချစ်ဆွေ။ ဒီမှာနေရတာ အစစအဆင်ပြေပါတယ်"

"ရွှေနှင်းဆီ နေရေးစားရေး အ



www.burmeseclassic.com

www.burmeseclassic.com

ဆင်ပြေကြောင်း ကြားသိရလို့ ဝမ်းသာပါတယ်။ နောက်နေ့ မနက်စောစော ဘုရားကို လိုက်ပို့ပေးမယ်၊ ရွှေနှင်းဆီ စောင့်နေနော်။ ကဲ - ဒါဆို ပြန်ဦးမယ်"

ရွှေနှင်းဆီကိုနှုတ်ဆက်ပြီး ပြန်ခဲ့သည်။

နောက်နေ့မနက်တွင် တက္ကစီနှင့် ရွှေနှင်းဆီကိုခေါ်ကာ တော်ဝင်နှင်းဆီတွင် မနက်စာကျွေးပြီးမှ ရွှေတိဂုံဘုရားသို့ လိုက်ပို့ပါသည်။ ရွှေနှင်းဆီမှာ ရွှေတိဂုံဘုရားသို့ရောက်သည်နှင့် ဖူး၍မဝအောင် ဝမ်းသာအားရ ရှိနေပါသည်။ မြန်မာမှုကိုနှစ်သက်သော ရွှေနှင်းဆီကို မြန်မာထမင်းဆိုင်တွင် နေ့လယ်စာကျွေးသည်။ နေ့လယ်တွင် ဗိုလ်တထောင်ဘုရားနှင့် ကမ္ဘာအေးဘုရားများသို့လိုက်ပြီး ညနေမှ ရွှေနှင်းဆီကို တည်းခိုခန်းသို့ ပြန်ပို့ခဲ့သည်။ ရွှေနှင်းဆီနှင့် တစ်နေ့တာလုံး အတူနေခွင့်ရသဖြင့် တစ်ဦးပေါ်တစ်ဦး နားလည်မှုရခဲ့သည်။ ရွှေနှင်းဆီမှာ ရုပ်ရည်သာ ချောမောလှပသည်မဟုတ်ဘဲ အပြောအဆိုမှာ ချိုသာယဉ်ကျေးသဖြင့် အတူသွားရသည့်အတွက် ချစ်ဆွေ ကြည်နူးနေပါသည်။ ထိုညတွင်လည်း စာမရေးဖြစ်ဘဲ ရွှေနှင်းဆီက စိုးမိုးနေခဲ့သည်။ ရွှေနှင်းဆီ၏အကြောင်းကို တွေးတောနေစဉ် တံခါးခေါက်သံကြောင့် တံခါးဖွင့်ပေးလိုက်သည်။ မမျှော်လင့်ဘဲ . ရွှေနှင်းဆီကို တွေ့လိုက်ရသည်။

"ကိုချစ်ဆွေ၊ အဖေရေးတော်ပေါ်ပြီ ကျွန်မအစ်ကို အီဗရာနှင့် ကျွန်မကို လက်ထပ်ချင်တဲ့ ဟိန္ဒူတို့ ရန်ကုန်ရောက်လာပြီ။ အစ်ကို အီဗရာက ရန်ကုန်မရောက်ဘူးပေမယ့် ဟိန္ဒူက မကြာခဏရောက်ဖူးတယ်။ မြန်မာပြည်မှာ သူ့အပေါင်းအသင်းတွေလည်း များတယ်။ မတွေ့တွေ့အောင် ရှာကြတော့မယ်။ အစ်ကိုတို့ လာ၊ မလာ အဘွားဆီ ဖုန်းဆက်ကြည့်တော့ အဘွားပြောလို့သိရတာ။ အဘွားအိမ်မှာလည်း နေရာအနှံ့ ရှာခဲ့ကြတယ်လို့ သိရတယ်"

ရွှေနှင်းဆီမှာ အလွန် ကြောက်ရွံ့နေပုံရသဖြင့် ချစ်ဆွေက အားပေးရသည်။

"ကိစ္စမရှိပါဘူး။ တစ်နေရာမှာ ခဏရှောင်နေကြတာပေါ့"

"ဘယ်ကိုရှောင်ရမလဲ"

"ရွှေနှင်းဆီ ဘုရားဖူးရအောင် ပုဂံကိုသွားကြမယ်"

"ကောင်းတယ်၊ ကောင်းတယ်။ ကိုချစ်ဆွေ အိန္ဒိယကိုလာစဉ်တုန်းက မြန်မာပြည်ကိုအလည်လာရင် ပုဂံလိုက်ပို့မယ်လို့ ပြောခဲ့ဖူးတယ်"

"ဒါဆို မနက်စောစော ခရီးထွက်နိုင်အောင် ပြင်ဆင်ထားပေါ့။ ကျွန်တော် စီစဉ်လိုက်မယ်။ မနက် (၅) နာရီ လာခေါ်ပါ့မယ်"

ချစ်ဆွေသည် ရွှေနှင်းဆီကို တည်းခိုခန်းသို့လိုက်ပို့ရင်း တစ်နေရာမှ ခင်မောင်ချိုထံ ဖုန်းဆက်လိုက်သည်။ ခင်မောင်ချိုက မန္တလေးကိုအရင်လာရန် ပြောပါသည်။

"မနက် (၆)နာရီထွက်မယ့် အဝေးပြေးကားနဲ့လိုက်ခဲ့ကြပါ။ ငါ မန္တလေးက ကြိုနေပါ့မယ်။ အစစ ငါတာဝန်ထားပါ"

ခင်မောင်ချို မန္တလေးတွင် ရှိနေသဖြင့် အဆင်ပြေခဲ့သည်။ နံနက်ထွက်မည့်ကားတွင် နေရာရရန် ဖုန်းဆက်စီစဉ်လိုက်ရသည်။ ရွှေနှင်းဆီမှာ အန္တရာယ်ရှိနေ၍ စိတ်ပူနေသော်လည်း ချစ်ဆွေမှာ ရွှေနှင်းဆီနှင့်အတူ ခရီးထွက်ရမည်ဖြစ်၍ ပီတိဖြစ်လျက် ရှိနေပါသည်။

နောက်နေ့မနက်တွင် မောင်မယ်နှစ်ဦး အဝေးပြေးကားကြီးဖြင့် မန္တလေးသို့ ခရီးထွက်ခဲ့ကြသည်။ လမ်းခရီးတစ်လျှောက် သဘာဝရှုခင်းများကိုကြည့်ရင်း ရွှေနှင်းဆီ ပျော်နေပါသည်။ နေဝင်စတွင် မန္တလေးသို့ရောက်ပါသည်။ ကားဂိတ်တွင် ခင်မောင်ချိုက သူ၏ဗူပါရုကားလေးနှင့် အသင့်စောင့်ကြိုနေပါသည်။ ချစ်ဆွေက ကားပေါ်ကဆင်းရင်း ပြောလိုက်သည်။

"ကဲ - ရွှေနှင်းဆီရေ၊ ရွှေနှင်းဆီကိုကြိုဆိုနေတဲ့လူတစ်ယောက်ကို နှုတ်ဆက်လိုက်ပါဦး"

ရွှေနှင်းဆီသည် ကြိုဆိုနေသူကို ကြည့်ပြီး အလွန် အံ့ဩဝမ်းသာသွားပါသည်။

"ဟယ်- ဒါ. . . ဒါ ကိုချစ်ဆွေပါလား၊ အဲ- ကိုချိုပါနော်"

"ဟုတ်ပါတယ် ရိုစီ။ ကျွန်တော်ဟာ ရိုစီက ချစ်ဆွေအနေနဲ့သိထားတဲ့ ခင်မောင်ချိုပါ။ အိန္ဒိယမှာ ကျွန်တော် ရိုစီနဲ့တွေ့လိုက်တော့ နှစ်သက်မိခဲ့တာ ဝန်ခံပါတယ်၊ ဒါပေမယ့် ကျွန်တော့်မှာ လက်ထပ်ရမည့်သူက ရှိပြီးသားဆိုတော့ မဖြစ်နိုင်လို့ စိတ်မကူးခဲ့ပါဘူး။ ရိုစီက မြန်မာပြည်အပေါ် သံယောဇဉ်ရှိ မြန်မာပြည်မှာ နေချင်တဲ့အကြောင်းကို သိလိုက်ရတော့ အစစ ကျွန်တော့်ထက်တော်၊ ကျွန်တော်ထက်သာတဲ့ အချစ်ဆုံးသူငယ်ချင်းနဲ့ လက်တွဲလိုက်ရင် အလွန် လိုက်ဖက်မှာလို့တွေးမိပြီး နာမည်ကိုပါ ချစ်ဆွေလို့ ပြောခဲ့တာပါ။ ကံအကြောင်းတရားကဖန်လာတော့ ဆာဒူးကြီးက ဇာတာနှစ်ခုကိုယှဉ်ပြီး ဘဝဟောင်းကမပေါင်းခဲ့ရတဲ့ ချစ်သူတွေပါ။ ဒီဘဝမှာ မလွဲမသွေပေါင်းရတော့မယ်လို့ ကြားလိုက်ရတော့ အလွန် အံ့ဩတုန်လှုပ်ပြီး ဝမ်းသာခဲ့ရပါတယ်။ ဒီအကြောင်းတွေဟာ ဒီနေ့မှာ ရောက်လာလိမ့်မယ်မထင်လို့ ချစ်ဆွေကိုတောင် ပြောမပြရသေးပါဘူး။ ကျွန်တော် လျှို့ဝှက်ခဲ့တာအတွက် တောင်းပန်ပါတယ် ရိုစီ။ အခု ရိုစီကိုယ်တိုင် ချစ်ဆွေက ကျွန်တော့်ထက် အစစ သာတယ် ဆိုတာ ကိုယ်တိုင်တွေ့လိုက်ရတော့ ကျွန်တော့်ကို ခွင့်လွှတ်နိုင်မှာပါ။ နောက်ပြီး ဆာဒူးကြီးဟောခဲ့တာ ဇာတာရှင်တာဟောဒီ ချစ်ဆွေပါပဲ ရိုစီ။ ဘယ့်နှယ်လဲ၊ ချစ်ဆွေက ကျွန်တော့်ထက် အစစ သာတယ်ဆိုတာ ရိုစီ တွေ့ရှိပြီမဟုတ်လား"

"နှစ်ယောက်လုံး သဘောထားပြည့်ဝပြီး ကူညီလိုစိတ်ရှိကြသူများဖြစ်တဲ့ သူတော်ကောင်းတွေဖြစ်တာ သိရပါတယ်"

"ရိုစီက အကောင်းမြင်တော့ ဝမ်းသာမိပါတယ်။ ရိုစီအတွက် အသက်ပေးပြီးကူညီဖို့ နှစ်ယောက်လုံး ဆုံးဖြတ်ထားကြပါတယ်။ ရိုစီ စိုးရိမ်စရာမရှိစေရပါဘူး။ ကဲ- ကားပေါ် တက်၊ သွားကြမယ်"

အားလုံး ကားပေါ်တက်မိသည်နှင့် ဟိုတယ်တစ်ခုသို့ မောင်းခဲ့သည်။ ခင်မောင်ချို ကြိုတင်စီစဉ်ထားသည့်အတိုင်း ချစ်ဆွေနှင့်ခင်မောင်ချိုတို့ကတစ်ခန်း၊ ရိုစီကတစ်ခန်း တည်းခိုကြသည်။ ညဘက်တွင် ခင်မောင်ချိုက သိလိုသည်များကို ရိုစီထံ မေးမြန်းပါသည်။ ရိုစီ၏ အစ်ကို၊ သူနှင့်အတူပါလာသည့်လူတို့၏ ကိုယ်ရေးသမိုင်း၊ အကျင့်စရိုက်တို့ကို စုံလင်အောင်မေးပါသည်။

နောက်နေ့နံနက်တွင် ခင်မောင်ချိုက နံနက်စာကျွေးပြီး သူစီစဉ်စရာများကို စီစဉ်ရန်ရှိသဖြင့် ချစ်ဆွေကို ကားသော့ပေးလိုက်သည်။

"ချစ်ဆွေ၊ ရိုစီကို မင်းလိုက်ပို့လိုက်ပါကွာ။ ငါ့မှာ စီစဉ်စရာကိစ္စရှိလို့ ဒီနေရာမှာနေခဲ့မယ်။ နောက်နေ့ မင်းတို့ ပြင်ဦးလွင်သွားဖို့ကိစ္စလည်း ငါစီစဉ်လိုက်မယ်။ ကဲ - ရိုစီ၊ သွားတော့နော်"

ခင်မောင်ချိုက နှုတ်ဆက်လိုက်သဖြင့် ချစ်ဆွေနှင့် ရိုစီတို့ ကားဖြင့် မန္တ



www.burmeseclassic.com

www.burmeseclassic.com

လေးတောင်ပေါ်တက်ခဲ့၏။ ဘုရားဖူးပြီး တောင်ပေါ်မှမြင်ရသည့်ရှုခင်းမှာ အလွန် သာယာလှပသဖြင့် ရှိစီ အလွန် သဘောကျနေပါသည်။ ထို့နောက် တန်ခိုးကြီးဘုရားများ၊ ဈေးချိုတော်၊ ဦးပိန်တံတား စသည့်ဒေသများသို့ ရောက်ခဲ့ကြပြီး ညနေမှ ဟိုတယ်သို့ ပြန်ရောက်ခဲ့ကြသည်။ နောက်နေ့တွင် ချစ်ဆွေနှင့် ရှိစီတို့ ပြင်ဦးလွင်သို့ ထွက်ခဲ့ကြသည်။ လမ်းခရီး၏ သာယာလှပပုံနှင့် ပြင်ဦးလွင်၏ ရာသီဥတုကို ရှိစီက အထူး သဘောကျနေပါသည်။ ပြင်ဦးလွင်တွင် တစ်ညအိပ်ပြီး နောက်နေ့တွင် မန္တလေးသို့ ပြန်ခဲ့ကြသည်။ ခင်မောင်ချိုက သူစုံစမ်းရရှိသည့်သတင်းများကို ပြောပါသည်။

"ရှိစီရဲ့အစ်ကို အီဗရာနဲ့ ဟိန္ဒူတို့က ရန်ကုန်သားလူလည် ရာဂျူးနဲ့ပေါင်းပြီး ရှိစီကို ခြေရာခံလိုက်နေကြတယ်။ အံ့ဩစရာကောင်းတာက ဟိန္ဒူက ငါ့အိန္ဒိယကို ရောက်စဉ်က ရှိစီနဲ့ နှစ်ယောက်တွဲသွားလာတာကို ဓာတ်ပုံခိုးရိုက်ထားတယ်။ အဲဒီ ဓာတ်ပုံကိုယူပြီး ရာဂျူးကစုံစမ်းတာ ငါ့မှန်းသိသွားတယ်။ တို့တိုက်ခန်းကို အခေါက်ခေါက် စုံစမ်းနေကြတယ်။ အခုတော့ ငါ့မန္တလေးမှာရှိမှန်းသိသွားကြပြီ။ သူတို့ မန္တလေးရောက်လာကြလိမ့်မယ်။ ဒီတော့ မနက်ဖြန် မင်းတို့ ပုဂံသွားကြပါ၊ ဟိုရောက်ရင် ချစ်ဆွေက ငါ့ဆီဆက်သွယ်ပါ"

နောက်နေ့တွင် ချစ်ဆွေနှင့် ရှိစီတို့ ပုဂံသို့ထွက်ခဲ့ကြပါသည်။ ရှိစီသည် ယောကျ်ားကလေးတစ်ဦးအသွင် ဝတ်ဆင်ထားသဖြင့် ညီအစ်ကိုနှစ်ဦးဟု ထင်ရသည်။ ပုဂံသို့ရောက်သည်နှင့် ရွှေနှင်းဆီမှာ ဘုရားများ ဖူးမဝအောင်ရှိရင်း ဝမ်းသာနေပါသည်။ ဘုရားဖူးရင်း အံ့ဩမဆုံးအောင်ရှိနေပါသည်။ ညီအစ်ကိုသဖွယ် ဘုရားစုံဖူးကြသော်လည်း အတူစား၊ အတူသွား တတွဲတွဲ မခွာမခွဲနေလာကြသဖြင့် ရင်တွင်းခံစားချက်ကိုယ်စီနှင့် သံယောဇဉ် အမြစ်တွယ်မှန်းမသိ တွယ်ခဲ့ကြသည်။ ချစ်ဆွေမှာ ညတိုင်း ခင်မောင်ချိုနှင့် ဆက်သွယ်ခဲ့ကြသည်။

"ချစ်ဆွေရေ၊ အိန္ဒိယလူမျိုးတွေ မန္တလေးရောက်လာကြတယ်။ ငါ့ဘေးမှာလည်း သူငယ်ချင်းရဲတပ်ဖွဲ့ဝင်တွေရှိနေတော့ ငါ့ကိုမမေးရဲဘဲ ပတ်ဝန်းကျင်ကို လှည့်ပြီး စုံစမ်းနေတာ မြင်ရတယ်။ ငါ့မှာလည်း အစီအစဉ်ရှိပါတယ်။ ငါ့အစီအစဉ်အောင်မြင်ဖို့အတွက် မင်းတို့နှစ်ယောက် စနေနေ့အရောက် ရန်ကုန်ကို လာခဲ့ကြပါ။ ငါက ကြိုတင်ရောက်မယ်။ မင်းကော တိုးတက်မှုရှိရဲ့လား။ ဘဝဟောင်းက ချစ်သူတွေ အဆင်ပြေအောင် ဆုတောင်းပါတယ်ကွာ"

ခင်မောင်ချိုထံမှ ရရှိသည့် ဖုန်းသတင်းကို ရွှေနှင်းဆီကို ပြောပြလိုက်ရာ ရွှေနှင်းဆီမှာ ရုတ်တရက် ပုဂံမြေက မပြန်ချင်အောင်ရှိနေသဖြင့် ပြန်ချင်အောင် ချော့မော့ပြောရသည်။

"ခင်မောင်ချိုမှာ အစီအစဉ်ရှိပုံရတယ်။ ခဏတော့ ရန်ကုန်ကိုပြန်ကြတာပေါ့။ နောက်တစ်ခေါက် ပျားရည်ဆမ်းခရီးလာကြတာပေါ့နော်"

ရွှေနှင်းဆီမှာ ချစ်ဆွေ၏စကားကြောင့် ရှက်သွားပုံရသော်လည်း စိတ်ဆိုးပုံမရပါ။ စနေနေ့တွင် ကားဖြင့် ရန်ကုန်သို့ပြန်ခဲ့ကြရာ ညနေပိုင်းတွင် ပြန်ရောက်ပါသည်။ ညစာစားရင်း ခင်မောင်ချိုက ရှင်းပြပါသည်။

"ဒီလူတွေကို လျှော့တွက်လို့မရဘူး။ ရာဂျူး ဆိုတဲ့ကောင်က သိပ်လည်တယ်။ ရှိစီက တနင်္ဂနွေမှာ ရန်ကုန်က အိန္ဒိယပြန်တော့မယ်လို့ သတင်းလွှင့်လိုက်တာ၊ ဒီကောင် လေယာဉ်ရုံးအထိ လိုက်စုံစမ်းတယ်။ ငါကလည်း အဆက်အသွယ်ကောင်းလို့ ပိပိရိရိဖြစ်သွားတာ။ ရှိစီပြန်မှာ သေချာပြီဆိုမှ သူတို့လည်း ပြန်ကြဖို့ စီစဉ်ကြတယ်။ တို့ မနက်စောစော လေဆိပ်ဆင်းရမယ်။ လေဆိပ်မှာ အားလုံးဆုံကြရအောင် စီစဉ်ထားတယ်"

ခင်မောင်ချိုက သေချာအောင်စီစဉ်ထားသော်လည်း ရှိစီက စိတ်မအေးပါ။ ကြောက်ရွံ့နေဟန် ရှိပါသည်။

"အစ်ကိုနဲ့တွေ့လို့ ဖြစ်ပါ့မလား"

"စိတ်မပူပါနဲ့ ရှိစီ၊ ကျွန်တော် အားလုံး စီစဉ်ထားပါတယ်။ ရှိစီရဲ့အစ်ကိုက ထောင်ပြေးတစ်ဦးဖြစ်သလို ဟိန္ဒူတလည်း ရဲကအလိုရှိနေတဲ့လူပါ။ ကြောက်စရာရှိရင် သူတို့က ကြောက်ရမှာကို ရှိစီက ဘာကြောင့်ကြောက်နေရတာလဲ။ ရှိစီရဲ့အစ်ကို အီဗရာဟာ ရှိစီရဲ့အစ်ကိုဖြစ်ကြောင်း အသိသက်သေလောက်ပါ"

တနင်္ဂနွေနေ့တွင် ခင်မောင်ချို၏ ကားဖြင့် ချစ်ဆွေနှင့် ရှိစီတို့ လိုက်ပါပြီး နံနက်စောစော လေဆိပ်သို့ ဆင်းခဲ့ကြသည်။ ရှစ်မိုင်မီးပွိုင့်သို့ရောက်သည့်အခါ ခင်မောင်ချို၏ကားအနောက်တွင် တက္ကစီတစ်စီး ကပ်လျက် ရပ်လိုက်၏။ ခင်မောင်ချိုက ရှိစီကို မျက်ရိပ်ပြလိုက်ရာ ရှိစီသည် နောက်ကကားကိုလှည့်ကြည့်ပြီး မျက်နှာပျက်ကာ ခေါင်းငုံ့ထားလိုက်၏။ မီးစိမ်းသွားသည်နှင့် ခင်မောင်ချိုက လမ်းပေးလိုက်သဖြင့် နောက်ကားက ကျော်တက်သွားပါသည်။

"ချစ်ဆွေ၊ အဲဒါ ရှိစီ့အစ်ကိုလေ။ ဒါကြောင့် ရှိစီ လန့်သွားတာပေါ့"

ခင်မောင်ချိုပြောမှ ချစ်ဆွေ အံ့အားသင့်နေပါသည်။ ရှေ့ကကျော်တက်သွားသောကားကို လိုက်ကြည့်နေစဉ် ခင်မောင်ချိုက ကားကို လမ်းဘေးလက်ဖက်ရည်ဆိုင်တွင် ရပ်လိုက်သည်။

"သူတို့က ရာဂျူးအားကိုးနဲ့ ရှိစီတို့ လိုက်ရှာနေကြတော့ ငါက ရာဂျူးကိုပဲ သိတော့ ရှိစီရဲ့အစ်ကိုနဲ့ ဟိန္ဒူကိုတော့ မှန်းဆကြည့်ပြီး သိရတာပါ။ လေယာဉ်ထွက်ဖို့က အချိန်လိုပါသေးတယ်။ တို့ လက်ဖက်ရည်ဆိုင်မှာ အချိန်ဖြုန်းလိုက်ရင် တို့ရောက်သွားရင် အားလုံး အချိန်ကိုက်ဖြစ်မှာပါ"

ချစ်ဆွေနှင့် ရှိစီက သဘောမပေါက်သော်လည်း ခင်မောင်ချိုက သူ၏ အစီအစဉ်နှင့်သူ ကျေနပ်လျက် ရှိပါသည်။ လက်ဖက်ရည်သောက်ပြီးသည်နှင့် သူတို့ (၃) ဦး လေဆိပ်သို့ထွက်ခဲ့ကြသည်။ လေဆိပ်တွင် ကားရပ်လိုက်သည်နှင့် ရှိစီက အရင်ဆင်းလိုက်သည်။ ရှိစီ ကားအောက်သို့ရောက်သည်နှင့် ရှိစီ၏အစ်ကို အီဗရာက ရှိစီ၏လက်မောင်းကို ဆွဲခေါ်သွားပါသည်။ ရှိစီက ရုန်းကန်နေစဉ် လေဆိပ်ရဲများရောက်လာပြီး အီဗရာကို လက်ထိတ်ခတ်လိုက်သည်။ အခြားတစ်ဖက်တွင်လည်း ဟိန္ဒူကို ရဲများက လက်ထိတ်ခတ်၍ခေါ်လာသည်ကို တွေ့လိုက်ရသည်။ ခင်မောင်ချိုက ရှင်းလင်းပြောပြပါသည်။

"မင်းတို့ရှင်းအောင် ပြောရရင် အိန္ဒိယရဲတပ်ဖွဲ့နှင့်ညှိပြီး သူတို့အလိုရှိနေတဲ့ တရားခံတွေကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဖမ်းပေးလိုက်တာပါ။ ဒါဆို မင်းတို့ ရှင်းလောက်ပါပြီ။ ချစ်ဆွေအတွက် ဇာတ်လမ်းတစ်ပုဒ်ရလိုက်သလို ရှိစီတလည်း ဘဝဟောင်းကချစ်သူကို ပြန်တွေ့ရလို့ ဝမ်းသာနေမှာပါ။ ချစ်ဆွေ မင်းဝတ္ထုရဲ့ခေါင်းစဉ်ကို တစ်ပြည်သူ ရွှေနှင်းဆီလို့ ပေးလိုက်ပေတော့"

ချစ်ဆွေနှင့် ရှိစီတို့ကလည်း ဝတ္ထုခေါင်းစဉ်ကို ကြိုက်နှစ်သက်နေကြပါသည်။

ကောင်းဆေ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ကော (၃၀) စာပေရေချမ်းစင်

စေးလာနွယ်

# စာပေရေချမ်းစင်

အေးရိပ်ဆာယာပေါကြွယ်ဝသည့် တောအရပ်တို့၌လည်းကောင်း၊ ပူလောင်ပြင်းပြသည့်အရပ်ဒေသမှရောက်သူတိုင်း ညောင်ညိုသစ်တစ်ပင်ရိပ်အောက်ဝယ် မြန်မာတို့၏ချစ်စရာမလေ့ ရေချမ်းစင်ကို တွေ့မြင်ဖူးကြပေလိမ့်မည်။ သီတာရေစင် တစ်ပေါက်တလေ သောက်လိုရကြား ရင်အမောကို အေးမြချမ်းမြေ့စေနိုင်ပါသည်။ မြေအိုးကလေးတစ်လုံး၊ အုန်းမှုတ်ခွက်လေးတန်းလန်းနှင့် ရေချမ်းစင်ရှိသကဲ့သို့ သံကြိုးခတ်နှောင်ထားသော စတီးခွက်ရေချမ်းစင်တို့ ရှိဖူးပါသည်။ ဘာပဲဖြစ်ဖြစ်- ရင်ကိုချမ်းမြေ့စေသည် မဟုတ်ပါလား။

ဟော- ယခုတော့ စာပေရေချမ်းစင်တဲ့။ ပူလောင် သောကရောက်နေသော၊ ညစ်မှိုင်းတွေဝေနေသော စိတ်အစဉ်ကို နောက်ကျူနေသည့်အခြေအနေမှ လမ်းကောင်းလမ်းပြသဖွယ် ဆေးကြောသန့်စင်ပေးနေသော စာပေရေချမ်းစင်ကလေး လူမြင်ကွင်းတွင် ထွန်းပေါ်ချေပြီ။ နေ့စဉ်ထုတ်သတင်းစာများ၊ အပတ်စဉ်ဂျာနယ်စာစောင်များ၊ လစဉ်ထုတ်မဂ္ဂဇင်း အစုံစုံနှင့် အခြား ဗဟုသုတဖြစ်ဖွယ်ရာ စာအုပ်စာတမ်းအမျိုးမျိုးတို့ကို သင် ဖတ်ရှုရပေမည်။

ဟုတ်ကဲ့ - စာပေရေချမ်းစင်အမည်ကတော့ ပေါ်ထွက်လာစဉ်ကတည်းက ကျွန်တော်သည်လည်း စာပေရေချမ်းစင်တစ်ခု တည်ထောင်လိုပေသည်။ ကျွန်တော်သည် နေ့စဉ်၊ အပတ်စဉ်၊ လစဉ် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ ဝယ်ယူစုဆောင်းသူမို့ မိမိတစ်ယောက်တည်း ကုန်စင်အောင်မဖတ်နိုင်ပါ။ များပြားလှသော စာစောင်၊ ဂျာနယ် အသီးသီးတို့မှာ အလုပ်ခွင်အတွင်းရှိ စိုက်ပျိုးကွင်းသီးနှံများထုပ်နှောင်ရာ ကုန်ထုပ်ပစ္စည်းအသီးသီးသို့ ရွှေ့ဆင်း ဘဝပြောင်းသွားရရှာပါသည်။ နှမြောစရာကောင်းလှပါဘိတောင်း။

ကျွန်တော် ငယ်စဉ်ဘဝကပင် စာပေကို လေ့လာလိုက်စားသည့်ဝါသနာရှိခဲ့ဖူး၏။ မိတ်ဆွေသူငယ်ချင်းအချို့၏ အိမ်ကိုအဲလည်အပတ်ရောက်ခိုက် ဧည့်ခန်းမဆောင်တွင် တည်ရှိနေသော စာအုပ်ဗီရိုကြီးများကို ရင်သပ်ရှုမော ငေးကြည့်ဖူးပါ၏။ ဖတ်တတ်၊ မဖတ်တတ် စာအုပ်ကြီးများကိုကြည့်ကာ အားကျလေ့လာချင်စိတ်များ တဖွားဖွား ပေါ်ဖူးပါ၏။ စာအုပ်စာပေ စုဆောင်းချင်စိတ်များ ပေါ်ပေါက်ဖြစ်ထွန်းလာပါ၏။

မှတ်မှတ်ရရ ယခင် မြေနီကုန်း (ယခု ကုန်တိုက်ကြီးနား) တည်ရှိရာ နေရာတွင် စာအုပ်ဆိုင်တန်းလေးများ ရှိခဲ့ဖူးပါ၏။ ညဈေးတန်းလေးမို့ စာအုပ်ဆိုင်ကလေးများလည်း အစီအရီ၊ လာလှည့် ကြည့်လှည့် ဖတ်လှည့်ပါဟု ခေါ်နေသယောင်။ (၁၀) တန်းကျောင်းသား ကျွန်တော်သည် ထိုစဉ်က မှတ်မှတ်ရရ ငွေ (၁) ကျပ်ခန့် နေ့စဉ် မုန့်ဖိုးရဖူးပါ၏။ ကျွန်တော် စတင်ဝယ်ယူသောစာအုပ်များအနက် ဆရာကြီးဒဂုန်တာရာ၏ 'စပယ်ဦး' အမည်ရှိ ဝတ္ထုတိုပေါင်းချုပ်တစ်အုပ်လည်း အပါအဝင် ဖြစ်၏။ စာအုပ်မှာ ဝယ်ယူစဉ်ကပင် ဟောင်းနွမ်းနေချေပြီ။ အသပြာငွေ ပြား (၅၀) ဖြင့် ဝယ်ယူစုဆောင်းမိသည်ကို ယနေ့တိုင် အမှတ်ရနေဆဲ၊ ထိန်းသိမ်းထားစမြဲ။

နောက်တစ်အုပ်၊ သိပ္ပံမောင်ဝ၏ 'အောက်စဖို့(ဒ်)တက္ကသိုလ် ခရီးသွားမှတ်တမ်း' ကို ကျွန်တော် မဝယ်နိုင်ပါ။ သို့သော် ကျွန်တော်၏လွယ်အိတ်ထဲတွင် အမှတ်ထင်ထင်ပါလာခဲ့ပါသည်။ ညခင်းကြောင်တောင် အလစ်သုတ်ခဲ့ခြင်းပါတည်း။ ဟော- တက္ကသိုလ်ရောက်တော့ သစ်ပုပ်ပင်ကြီးနံဘေး တခမ်းတနားတက္ကသိုလ်စာကြည့်တိုက်ကြီးသို့ ရောက်ရှိခဲ့ပြီ။ များပြားလှသော စာအုပ်များကြား ကျွန်တော့်မှာ ဘာစာဖတ်ရမှန်းမသိ ဖြစ်နေချိန်၊ တိုတောင်းလှသော တက္ကသိုလ်နှစ်များအတွင်း အမှတ်ရစေရန် Comeback Africa စာအုပ်အားပြန်မအပ်နှံဘဲ သိမ်းဆည်းထားမိခဲ့ပါ၏။

တက္ကသိုလ်စာအုပ်အရောင်းဆိုင်



www.burmeseclassic.com

www.burmeseclassic.com

မှ (၇၅) ပြားဖြင့် အလွယ်ဖတ် အင်္ဂလိပ်စာစဉ်လေးများလည်း ဝယ်ယူစုဆောင်းခဲ့ဖူးပါ၏။ ပေါ - ပြင်ဦးလွင် စစ်ကျောင်းရောက်တော့လည်း ဧည့်ခန်းမဆောင်တွင် စာအုပ်စင်ကြီးကို ခံ့ညားစွာတွေ့မြင်လိုက်ရပါသည်။ သီးခြားစာကြည့်တိုက်လည်း ရှိပေသေးသည်။ အင်္ဂလိပ်စာဌာနမှ ဖွင့်လှစ်ထားသော စာကြည့်တိုက်မှ စာအုပ်များကလည်း တစ်ပုံတစ်ပင်။

ထိုအချိန်က ကျွန်တော့်မှာ ရုရှားစာအုပ်စာပေကို အစွဲအလမ်းကြီးနေချိန်ဖြစ်၏။ ရုရှား-အင်္ဂလိပ် ဘာသာပြန်စာအုပ်တွေက ဈေးပေါပေသကိုး။ အခန့်ချုပ်ဖြစ်သော 'မစ်ခေးရှိလိုခော့' ၏ 'တသိမ့်သိမ့်ဒွန်' စာအုပ် (၄) တွဲမှ (၁၀) ကျပ်သာသာ။ ဘာသာပြန်စာရေးဆရာကြီးများ၏ကျေးဇူးကြောင့် ရုရှားစာဆိုရှင်ကြီးများဖြစ်သော ဂေါ်ကီ၊ ပုရှကင်၊ ချက်ကော့ စသည်တို့၏ မူရင်းဝတ္ထုကြီးများကို ဈေးသက်သာစွာဖြင့် စာအုပ်ဆိုင်တွင်ဝယ်နိုင်သည့်အချိန်။ ဒါတောင်မှ ဧည့်ခန်းစာကြည့်ဆောင်မှ ဂေါ်ကီ၏ စာအုပ်တစ်အုပ်ကို အလစ်သုတ် တို့ခဲ့ဖူးလေသည်။

စီနီယာဗိုလ်လောင်းနှင့် ပက်ပင်းတိုးမိ၍ အပြစ်ပေးခံခဲ့ရသော်လည်း ထိုစာအုပ်ကို ဘယ်တော့မှမမေ့၊ လေးနှစ်သက်တမ်းကုန်ခါနီးတွင် အနီ့စာအုပ်အား နောက်ဆုံးတွင် ရအောင်ယူခဲ့ဖူးလေသည်။ အတုံ့အလှည့်ကား မြန်ဆန်ပေစွ။ မိမိဝယ်ယူစုဆောင်းထားသော စာအုပ်စာတမ်းများအား မိမိရှေ့တန်းရောက်ခိုက် သေတ္တာဖွင့်လှစ်ကာ ကြိုက်ရာယူစုနစ် ကျင့်သုံးပြီး ယူသွားခဲ့ချေပြီ။ ဒါကြောင့်လည်း ဘယ်ကဗွေပါလာမှန်းမသိသော အဆိုအမိန့်တစ်ခုကို ချက်ချင်း သတိရမိသည်။ 'စာကြည့်တိုက်ဆိုတာ စာအုပ်တွေ ပျောက်လေ၊ ကောင်းလေပဲ။ ဒါမှ စာဖတ်ချင်စိတ်တွေပေါ်မှာပါ' တဲ့။ နောင်စာကြည့်တိုက်ထူထောင်သည့်အခါ ဒီအဆိုရှင်ဟာ မိမိကို ရွဲ့စောင်းပြောနေသလားလို့ပင် စိတ်ထင်မှားခဲ့ရပါသည်။

နောက်တစ်မျိုးကလည်း ရှိပေသေးသည်။ 'စာအုပ်အပေါ် ငွေသုံးစွဲခြင်းဟာ ငွေဖြုန်းတီးခြင်းမမည်ဘူး' တဲ့။ ဒါကိုတော့ အတိအကျ လက်ခံခဲ့ပါသည်။ ယနေ့ခေတ်နှင့် အဆိုအမိန့်တို့သည် အကိုက်ညီဆုံးပါ။ ရန်ကုန်ရောက်တုန်း လမ်းဘေးစာအုပ်ဆိုင်များသို့ မကြာခဏ လှည့်လည်ကြည့်ရှု ဝယ်ယူမိပါသည်။ ဟိုးယခင် အနှစ် (၄၀) ကျော်က မိမိတွင်ရှိခဲ့သောစာအုပ်သည် ယခုအဟောင်းတွင် တန်ဖိုးကြီးမြင့်စွာ ရပ်တည်နေ၏။ (၂) ကျပ်တန်သောစာအုပ်သည် (၂၀၀၀) ကျပ် ဖြစ်နေဘိသကဲ့သို့ (၂၀) ကျပ်တန် စာအုပ်တစ်အုပ်သည် (၁၀၀၀၀) ကျော် ပေးဝယ်ခဲ့ရသည့်ဖြစ်စဉ် ကျွန်တော့်ထံတွင် ရှိနေပါသည်။

တစ်ခါတစ်ရံ စိတ်ပေါက်ပေါက်ဖြင့် စာအုပ်အဟောင်း ရောင်းဝယ်သူများထံ ဈေးစကားဆိုကြည့်မိပါသည်။ သို့ပါသော်လည်း နှစ်ပေါင်းများစွာ စုဆောင်းထားသော စာအုပ်တို့ကို ရောင်းချရန် စိတ်က မဝံ့ရဲပါ။ ပိုး၊ ခြ၊ ရှဉ့်ကိုက်လျှင်ကိုက်ပါစေ၊ သေရွာထိ ငါမယူသွားဟူသော စိတ်သန္နိဋ္ဌာန်ကိုတော့ ချထားရပါ၏။

ကျွန်တော့်ဘဝတစ်လျှောက်လုံး စာကြည့်တိုက်ထူထောင်ရန် စိတ်ပါဝင်စားခဲ့ပါသည်။ ဌာနဆိုင်ရာတစ်နေရာတွင် တာဝန်ယူနေစဉ်အတွင်း အများပိုင်စာကြည့်တိုက်တစ်ခု တည်ထောင်ပေးပါ၏။ တစ်လ၊ နှစ်လသာ ခံမည်ထင်သော်လည်း စာကြည့်တိုက် အဓွန့်ရှည်ကြာခဲ့ပါ၏။ စာအုပ်ကိုတော့ အလကားပေးမည်၊ ပျောက်လျှင် စာအုပ်တန်ဖိုး (၃) ဆပဟု ကြော်ငြာထားသည့်မို့လည်း အနည်းငယ်မှအပ နှစ်ရှည်ကြာစွာတည်တံ့ခဲ့ပါသည်။

နောင် မိမိတာဝန်ကျရာ စက်ရုံတစ်ခုတွင်လည်း စာကြည့်တိုက်တစ်ခု တည်ထောင်ပေးဖူးပါသည်။ စာပေစုဆောင်းအသိစိတ်ဓာတ်များ နည်းပါး၍ မကြာခင် ပြိုလဲသွားပါသည်။ စာအုပ်ဇီရိုသာကျန်တော့၍ ကျေးရွာစာကြည့်တိုက်နှစ်ခုသို့ လွှဲပြောင်းပေးအပ်လိုက်ပါတော့သည်။

စာအုပ်နှင့်ပတ်သက်၍ ဖြစ်စဉ်တစ်ခုကို မိမိဘဝတွင် ကြုံတွေ့ဖူးခဲ့ရပါ၏။ တာဝန်ကျရာ မြိတ်မြို့မှနေ၍ ရန်ကုန်သို့ ရွှေ့ပြောင်းခါနီးတွင် မိမိအမြတ်တနိုး စုဆောင်းထားရှိသော စာအုပ်သေတ္တာကို အသိလူကြုံနှင့် အရင်ပါးလိုက်ပါ၏။ မိမိမှာ ရန်ကုန်ရောက်သော်လည်း စာအုပ်သေတ္တာမှာ တစ်လကြာသော်မှ မရောက်သေးပါ။ လူကြုံကို သွားရောက်ရှာဖွေသော်လည်း စာအုပ်သေတ္တာပြန်မရခဲ့ပါ။ အဖြစ်ဆိုးမှာ သူတည်းခိုသည့်နေရာ၌ လူပေါင်းစုံသည့်နေရာဖြစ်၍ ဖဲဝိုင်းတွင် မိမိသေတ္တာကို ပေါင်နှံ၍ ကစားလိုက်ကြောင်း အဖြေသာပြန်ရခဲ့ပါသည်။

မတတ်သာ၍ သေတ္တာအား ပြန်ရွေးပေးမည်ဟု ပြောဆိုခဲ့သော်လည်း အဖိုးတန်စာအုပ်များမှာ ပြန့်ကျဲနေချေပြီ။ ရတတ်သလောက်အမြတ် ဟူ၍ သဘောထားရင်း ရင်ဝယ်ပိုက် ပြန်ခဲ့ရချေပြီ။ ဩော်- ဆရာကြီး သိပ္ပံမောင်ဝ ပေးသော စာအုပ်တန်ဖိုးကို အရင်းကြီးကြီးဖြင့် ပြန်ဆပ်ခဲ့ရချေပြီ တမုံ့။

ကျွန်တော်တို့ ပဲခူးမြို့တွင် စာကြည့်တိုက် များစွာ ရှိမည်ဖြစ်သော်လည်း ရပ်ကွက်တစ်ခု၏စာကြည့်တိုက်မှာမူ များစွာ အားရ ကျေနပ်ဖွယ်ရာအတိ ဖြစ်၏။ မြန်မာပြန်ဖြင့် 'မြို့ကြီးသား' ဟု စာကြည့်တိုက်အမည်ရသော်လည်း အမှတ်မထင် ဝင်ရောက်ကြည့်ရှုချိန်၌ စာအုပ်စာတမ်း များစွာ ပြည့်နှက်နေသော စာအုပ်အငှားဆိုင်ကလေးတစ်ခု ဖြစ်နေဘိ၏။ အင်္ဂလိပ်၊ မြန်မာ စာအုပ်စာတမ်းများအပြည့်အစုံ၊ နောက်ဆုံးထုတ် Time, Readerdigest စာအုပ်များ၊ မြန်မာမဂ္ဂဇင်းများ ပြည့်နှက်နေ၏။ စာအုပ်ဝါသနာပါသူ၊ စုဆောင်းသူက ပြန်လည်၍ စာပေဗဟုသုတ ဝေငှခြင်းပင်။ ရုရှားစာရေးဆရာ ချက်ကော့၏စာအုပ်များ၊ DavinciCode ကဲ့သို့ အနောက်တိုင်းဝတ္ထုများ တွေ့၍ များစွာ ကျေနပ် ဝမ်းမြောက်မိပါသည်။

မကြာသေးခင်ကမှ (နေပြည်တော်)ပျဉ်းမနားမှ စာပေမိတ်ဆွေများနှင့် 'စိန်ကြီး' လက်ဖက်ရည်ဆိုင်တွင် ထိုင်၍ စာပေအကြောင်း ဆွေးနွေးစဉ် စာရေးဆရာမတစ်ဦးက စာအုပ်ဖိုးဈေးနှုန်း ကြီးမြင့်နေမှုကြောင့် ဝယ်မဖတ်နိုင်ကြောင်းပြောပြခဲ့ရာ လွန်စွာ စိတ်မကောင်း ဖြစ်ခဲ့ရပါသည်။ ထို့အတူ သမီးငယ်နှင့် စာအုပ်အကြောင်းဆွေးနွေးစဉ် သူမက 'ဖေဖေ စုဆောင်းထားတဲ့ စာအုပ်တွေကို မလိုချင်တော့တဲ့ တစ်နေ့ကျရင် သမီးကိုပြောနော်၊ သမီး စာကြည့်တိုက်ကလေးဖွင့်မယ်။ ဈေးသက်သက်သာသာနဲ့ငှားပေးမယ်။ ဖေဖေဖွင့်ထားတဲ့ စာပေရေချမ်းစင် မြေအိုးကလေးအတိုင်း သမီးက ရေချမ်းစင် စတီးအိုးနဲ့ ထားပေးမှာပေါ့' ဟူသော စကားသည် ကျွန်တော့်ဘဝင်အား တုန်ခါစေခဲ့ပါသတည်း။

ဈေးသာနွယ်



www.burmeseclassic.com

www.burmeseclassic.com

# အစွမ်းထက်ပေါက်မြစ်နှင့် မြစ်ပွားနာ

## ကောင်းစံဟိန်း(ဖန်နေဝန်း)

လွန်ခဲ့သော အနှစ် (၄၀) ကျော်၊ ကျွန်တော်ငယ်စဉ်က ဖြစ်ပါသည်။ ထိုစဉ်က ကျွန်တော့်အစ်ကိုတွင် ဆင်ခွ လည်ပတ်ခေါ် မြစ်ပွားနာ အဖု၊ အကျိတ်များ လည်ပင်းပတ်လည်တွင် တစ်လုံးပြီးတစ်လုံး ဖြစ်ပေါ်လာသဖြင့် တစ်လုံးကုသလို့မှ မပြီးခင် နောက်တစ်လုံး ပေါ်လာတတ်သည်။ အနာမှာ အတော်နဲ့မကျက်၊ အတွင်းမှာ မြုံနေတတ်သည်။ ရွာမှ ဆွေမျိုးတော်စပ်သည့် သက်တန့်ဆရာနှင့်ကုသည်။ မရတော့ နောက်ဆရာတစ်ယောက်ကို ခေါ်ရပြန်သည်။ ဆရာများလာသလို အနာပေါက်များကလည်း အကြီး၊ အသေး (၁၀) လုံးခန့် ဖြစ်လာသည်။ (၃) နှစ်ခန့် ကုသလာရသဖြင့် ငွေကုန်လူပန်းဖြစ်ကာ နောက်ဆုံး ပြည်သူ့ဆေးရုံသို့ သွားရောက် ကုသကြရသည်။ ဆေးရုံတွင် တစ်စစီခွဲထုတ်လိုးဖြတ်သည်။ သောက်ဆေး၊ ထိုးဆေးနိုင်နိုင်ဖြင့် ကုသရာ နှစ်လအကြာမှာ အနာလည်း သက်သာသွားပြီး လူကလည်း ကျန်းမာရေးကောင်းကာ ဝဖိုးလာသဖြင့် ဆေးရုံမှဆင်းခိုင်းသဖြင့် ရွာသို့ ပြန်ရောက်လာသည်။ သို့သော် အနာများ မြုံနေသလို ထင်ရသည်။ အနာတိုင်း လှီးဖြတ်ခွဲစိတ်ကုသခဲ့ရသဖြင့် လည်ပင်းက စောင်းငဲ့ကြည့်၍ မရ၊ တစ်ကိုယ်လုံးလိုက်ပါစောင်းငဲ့ရသည်။ ပြောရလျှင် ခေါင်းစောင်းကြီး၊ လည်စောင်းကြီး ဖြစ်လာခဲ့သည်။

နောက် (၃) လခန့်တွင် အနာများ တစ်လုံးပြီးတစ်လုံး ပြန်ပေါ်လာသည်။ ထိုအခါ တချို့က ရန်ကုန်ဆေးရုံကြီးတွင် သွားရောက်ကုသပါက သက်သာ ပျောက်ကင်းနိုင်ကြောင်း အကြံပြုကြသဖြင့် ကျွန်တော့်အဖေမှာ ရှိစုမဲ့စုများ ပေါင်နှံရောင်းချကာ သားကြီးဖြစ်သူ ကျွန်တော့်အစ်ကိုအား ရန်ကုန်ဆေးရုံကြီးတွင် သွားရောက် ကုသခဲ့ရသည်။ ဆေးရုံတွင် (၃) လလောက်ကြာပြီး မိုးမကျခင် ရွာသို့ ပြန်ရောက်လာကြသည်။ အနာများ လုံးဝ မရှိတော့ဘဲ အမာရွတ်အကွက်များသာ ကျန်နေတော့သဖြင့် ဆွေမျိုးအားလုံး ဝမ်းသာကြသည်။ ရောဂါဆိုးကြီးတစ်ခု ပျောက်ကင်းသွားသဖြင့် ငွေကုန်ရကျိုးနပ်ကြောင်း အားရဝမ်းသာ ပြောဆိုလို့မှ မဆုံးလိုက်ပါ. . .

မိုးဦးကျစချိန်တွင် လည်ပင်းရှိ အမာရွတ်များက အဖုအကျိတ်အဖြစ် တစ်စတစ်စ ပြန်ပေါ်လာကြပြန်သည်။ အနာမှာ ပျောက်ကင်းသွားခြင်းမဟုတ်ဘဲ မြုံနေခြင်းဖြစ်သဖြင့် အနာများ စူထွက်လာကာ အတွင်းမှ ပြည်ဆွေး ပြည်ပုပ်များ ပွင့်ထွက်လာပါသည်။ ထိုအခါ အဖန်ရည်ဆေးလိုက်၊ မှတ်မိထားသော ဆေးထည့်လိုက်ဖြင့် သက်သာသလိုသာ ပြုစုနေကြရသည်။ ဆရာပင့်ပြီး သက်သာရာသက်သာကြောင်း မပြုသနိုင်တော့ပါ။ ရှိသမျှငွေနှင့် ရွှေတိုရွှေစလည်း သုံးနှစ်ကျော်ကျော် ဆရာများကို ပေးရ၊ ဆေးဝယ်ရနှင့် သောက်သောက်လဲ ကုန်ခဲ့ပြီး ယခုနှစ် ရန်ကုန်ဆေးရုံကြီး သွားရောက်ကုသစဉ်မှာလည်း ရှိသမျှလယ်ကွက်များမှတစ်ဝက်ကိုဖဲ့ပြီး ပေါင်နှံထားလိုက်ရသဖြင့် မိုးတွင်း ကောက်စိုက်ခ၊ ပင် မရှိတော့။ ဆေးကုသရန် လုံးဝ မတတ်နိုင်တော့ပါ။ အနာများကလည်း တဖြည်းဖြည်း ပွထလာသည်။ လူနာကလည်း ပိန်ချုံးကာ အားမရှိတော့၊ အိပ်ရာထဲမှာ နံနံစော်စော်ဖြင့် လှဲကာ သေမည့်ရက်ကို စောင့်နေရသလို ရှိနေပါတော့သည်။

မိုးနှောင်းကာလ၏တစ်နေ့ ညနေစောင်းချိန်တွင် တောင်ဝှေးတစ်ချောင်းနှင့် အထုပ်ကလေးတစ်ထုပ်ကိုလွယ်ရင်း အသက် (၇၀) ကျော်ခန့် အဘိုးအိုတစ်ယောက် အိမ်ရှေ့ရောက်လာပြီး-

"ဒီအိမ်မှာ လည်ပတ်နာပေါက်နေတဲ့ လူနာတစ်ယောက်ရှိတယ် ဆိုတာ ဟုတ်ပါသလား မြေးလေး"

ဟု မေးမြန်းပြီး သူ့အထုပ်ကလေးကိုချကာ အိမ်ရှေ့က ဝရန်တာခန်းမှာ ဝင်ထိုင်လိုက်သည်။ ထိုအခါက ကျွန်တော်က-

"ဟုတ်ပါတယ် အဘိုး၊ ဘာကိစ္စများရှိလို့ပါလဲ"

ဟု ပြန်မေးလိုက်သောအခါ အဘိုးမှာ လွန်စွာပင် အားတက်သွားသလို ဖြစ်လာပြီး-

"အဘိုးက ဒီလိုအနာမျိုးတွေ လိုက်ကုနေတာ မြေးလေး"

"လူနာကတော့ အိပ်ရာထဲမှာ အိပ်နေတယ် အဘိုး၊ ဒါပေမယ့် ကျွန်တော် အဖေ့သွားခေါ် လိုက်ဦးမယ်"

ပြောခဲ့ပြီး ခြံထဲတွင် မြက်ရှင်းနေသော အဖေ့အားပြောပြပြီး ခေါ်လာခဲ့သည်။ အဖေနဲ့ ဆေးဆရာ အဘိုးတို့ စကားပြောကြသည်ကို ကျွန်တော် နားထောင်နေရင်း အဖေက-

"ဆေးတော့ကုချင်ပါတယ်၊ ဆေးဖိုးဝါးခပေးစရာငွေ တစ်ပြားမှမရှိတော့လို့ ခက်နေတယ် အဘ။ ဒါပေမယ့် တစ်ခုတော့ ရှိပါတယ်။ ဆေးဖော်ဖို့ ဆေးတစ်ဖုံစာ ငွေဘယ်လောက်ပေးပါ ဆိုလို့တောင်းရင် ကျွန်တော် မပေးနိုင်တော့ဘူး။ အဲသလို ပေးခဲ့ပေါင်းများလို့ ကုန်ခဲ့ပေါင်းလည်း များခဲ့ပြီ။ အဘ တကယ်လည်း ကုချင်တယ်၊ ဒီအနာမျိုးကနိုင်မယ်ဆိုရင် ဒီမှာနေ၊ ဒီမှာစားပြီး ကုကြည့်ပါ။ အဘနဲ့ကံစပ်မယ်ဆိုရင်တော့ အားလုံး ဝမ်းသာကြရမှာပါ။ အနာအားလုံး ပျောက်ကင်းသွားမယ်ဆိုရင် ဆေးဖိုးဝါးခအဖြစ် ငွေကြေးကိစ္စ အဘ ဘာမှ မပြောနဲ့တော့၊ အဘ မျှော်လင့်ထားတာထက် ဖြစ်လာစေရမယ်။ ဒါ ကျွန်တော့်ဘက်က တာဝန်ယူတယ်၊ အာမခံပါတယ် အဘ"

"ကောင်းပြီလေ၊ ဘယ်လိုပဲဖြစ်ဖြစ် အဘက ကူညီစရာရှိတာ ကူညီရမှာပဲ။ အနာကိုကြည့်ပြီးရင် အခုချက်ချင်း အပြတ်ပြောပါ့မယ်"

ဆေးဆရာအဘိုးစကားကြောင့် အဖေရော ကျွန်တော်ပါ အားရကျေနပ်မိပါသည်။ ဆေးဆရာအဘိုးမှာ ချက်ချင်းပင် လူနာ၏ ပွထနေသော အနာများအား မှတ်မီးဖြင့် ထိုးကာ တစ်ခုချင်း ကြည့်လိုက်ပြီး အဖေ့ဘက်သို့လှည့်လာကာ-

"ဒီအနာကို အဘကုမယ်၊ အများ



www.burmeseclassic.com

www.burmeseclassic.com

ဆုံး တစ်လပဲ။ ဒီနေ့က ၈, ကုမယ်"

ဟု ပြောလိုက်သဖြင့် ကျွန်တော့် အစ်ကိုခံစားနေရသော ဝေဒနာအတွက် ဝမ်းသာသွားမိပါသည်။ သို့သော် သူ့တွင် ပါလာသော အထုပ်သေးသေးလေးအား လှမ်းကြည့်မိသောအခါ ဆေးနှင့်တူသော ပစ္စည်းကိရိယာ၊ ပုလင်းခွံ၊ ဘူးခွံစသည်များ တစ်ခုမှမတွေ့ရသဖြင့် စိတ်ပျက်သွားမိသည်။ ဆေးဆရာ အသစ်တစ်ယောက် တပ်ရောက်လာသဖြင့် အိမ်နီးနားချင်းများ လာရောက် စနည်းနာကြသည်။ သူတို့ကလည်း 'ဘာဆေးအိတ်မှ မပါဘဲ ဆေးဆရာအစစ်ဖြစ်နိုင်ပါ့မလား' ဝေဖန်သံများ ထွက်လာသည်။ သို့သော် အဖေကတော့ ယုံကြည်ပုံရသည်။ 'ငါ့သားကြီးကို သိကြားမ, တာပဲလို့ ငါထင်တယ်' ဟု ပြောသံကြားလိုက်ရသည်။ ကိုစဉ် ဆေးဆရာအဘိုးကြီးမှာ သူ့အထုပ်ကလေးကို သူ့အတွက် ပြင်ဆင်ထားသော အိပ်ရာပေါ်သို့ လှမ်းတင်လိုက်ပြီး တောင်ဝှေးကိုဆွဲကာ ကျွန်တော့်ဘက်သို့လှည့်လိုက်ပြီး-

"မြေးလေး၊ တူးရွင်းတစ်ချောင်းနဲ့ ဓားတစ်လက်ယူလာခဲ့။ အဘိုးနဲ့ဆေးမြစ်သွားတူးရအောင်"

ကျွန်တော်လည်း ဆေးဆရာအဘိုးကြီးအား ကြည့်ကာ အတော်ပင် အံ့ဩသွားပါသည်။ ဆေးကုဖို့လာသူမှာ ဘာဆေးမှမပါဘဲ ကြံ့ရာဆေးမြစ်များသွားတူးရမည်ဆိုသောအခါ ဘာမှတော့ ပြန်လည်ပြောဆိုခြင်းမပြုပါ၊ တူးရွင်းနဲ့ ဓားကိုယူပြီး အဘိုးဆေးဆရာခေါ် သွားရာ ရွာတောင်ဘက်လယ်ကွင်းနဲ့ ချောင်းစပ်သို့ ရောက်သွားကြသည်။

လယ်ကွင်းသို့ ရောက်သည်နှင့် ဒူးလောက်၊ ပေါင်လောက် မြင့်တက်နေသော စပါးခင်းထဲမှ လယ်ပြင်ခရုတစ်လုံးကိုကောက်ယူခိုင်းသည်။ ပြီး-သူပြသော ဆေးမြစ်ကို တူးယူပြီး လယ်ကန်သင်းပေါ်တွင် ပြောင်အောင်ရေဆေးသည်။

"ဒီဆေးမြစ်က ပေါက်နက်လို့ခေါ်တယ် မြေးလေး၊ ဒေသအခေါ်ကတော့ မျောက်ဒိုးပင်တဲ့။ ဒီအနာမျိုးဆိုရင် ဒီဆေးက အကောင်းဆုံးပဲ"

အိမ်ပြန်ရောက်သော် ကျောက်ပျဉ်ပေါ်တွင် ပေါက်နက်ခေါ် မျောက်ဒိုးမြစ်အား ပျစ်ပျစ်သွေးသည်။ လယ်ကွင်းထဲက ကောက်ယူလာသော ခရုအရှင်အား ဖင်ဘက်က စုချွန်ချွန်နေရာကို ဓားနောင့်ဖြင့် ခတ်ပြီး ဖြတ်သည်။ ထွက်လာသော ခရုချေးနှင့် အရည်များကို သွေးထားသော ဆေးနှင့်ဖျော်သည်။ အနေတော်ဖြစ်လာသောအခါ ကန့်မှုန့်အနည်းငယ်ဖြူးထည့်ပြီး ခပ်မာမာ ကြိတ်သည်။ ပြီးလျှင် ဆေးတောင့်လေးများ လုပ်ကာ ကျောက်ပျဉ်ပေါ်တွင် ဖြန့်ထားလိုက်သည်၊ ပြီးတော့မှ-

လူနာ၏အနာများကို မာလကာ ခေါက်ပြုတ်ရည်ကျကျဖြင့် ဖန်ရည်ဆေးကာ အနာဖေးများ ခွာသည်။ ပုပ်ပွရွဲနေသောအနာများအတွင်းရှိ ပြည်ပုပ်များညစ်ထုတ်သန့်စင်ပြီး ဂွမ်းစဖြင့် ရေခြောက်အောင် သုတ်သည်။ ပြီးမှ ကျောက်ပျဉ်ပေါ်က ဆေးတောင့်များကို အနာပေါက်အတွင်းသို့ ဝင်နိုင်သမျှ ထိုးသွင်းပြီး အပြင်မှ ရှမ်းစက္ကူခေါ် မိုင်းကိုင်စက္ကူဖြင့် ဖုံးအုပ်ကပ်ထားလိုက်ပါသည်။ သုံးရက်ထားပြီးမှ အနာကိုဖွင့်မယ်ဟု အဘိုးက ပြောသည်။

ထိုနေ့ညမှာပင် ကျွန်တော့်အစ်ကိုမှာ အနာထဲက မခံမရပ်နိုင်အောင် ကိုက်ခဲသဖြင့် တစ်ညလုံးအိပ်မရဘဲ ထိုင်အော်နေခဲ့ရသည်။ အနာအတွင်းမှ ပြည်သွေး ပြည်ပုပ်များ ရှမ်းစက္ကူကိုဖောက်ကာ သားနံ့ရည်များအဖြစ် တသွင်သွင်စီးကျနေပါသည်။ ပြီးတော့ လည်ပင်းတစ်ခုလုံး အဆမတန် ရောင်ကိုင်းလာသဖြင့် အားမရှိသော လူနာမှာ အဖျားပါ ဝင်လာသည်။ တစ်ချက် တစ်ချက် သတိလစ်လာသည်။ အဖျားရောဂါကို ထိုအဘိုးဆေးဆရာ မကုသတတ်သဖြင့် အခြား ဗိန္ဒောဆရာတစ်ယောက်ပင့်ကာ ဆေးဆရာနှစ်ယောက် အိမ်ပေါ်တင်ပြီး တစ်ပြိုင်တည်းကုသခဲ့ရပါသည်။

*(အမှန်မှာ အနာပေါက်အားလုံးသို့ ဆေးတစ်ပြိုင့်တည်း ထည့်သွင်းခြင်းကြောင့် အားမရှိသော လူနာမှာ ဆေးဒဏ်ကို မခံနိုင်ခြင်းသာ ဖြစ်ပါသည်။ အနာပေါက်တစ်ခုချင်းစီသို့ ဆေးသွင်းကုမည်ဆိုပါက ယခုကဲ့သို့မဖြစ်ကြောင်း နောက်မှ သိခဲ့ရပါသည်။ အနာတစ်လုံးချင်းစီကိုသာ ကုသပြီးမှ ကျန်အနာပေါက်များအား ဆေးထည့်ကုသသင့်ပါသည်။)*

သုံးရက်မြောက်သောနေ့တွင် အနာအားလုံးကိုဖွင့်ပြီး ဇာဂနာဖြင့် အတွင်းမှ အမြစ်များကို ဆွဲထုတ်ရာ 'ပင်လယ်စာ- ကင်းမွန်ကောင် အသေးစား' ကဲ့သို့ အမြစ်တဖွားဖွားဖြင့် အနာ၏မူလပင်ရင်းဖြစ်သော အမြစ်များကို နုတ်ယူနိုင်ခဲ့ပါသည်။ နောက်နေ့များတွင် အထက်ဖော်ပြပါ ဖန်ရည်ဖြင့်ဆေးကြောပြီး အသားနုတက်ရန် နှမ်းဆီစစ်စစ်ကို ဂွမ်းတွင် ဆွတ်ပြီး အမြစ်များထုတ်ယူရာအတွင်းသို့သွင်းပြီး ကုသခဲ့ရာ တစ်လအတွင်း လုံးဝ ပျောက်ကင်းခဲ့သည်မှာ ယခု အသက် (၇၈) နှစ်အထိ ပြန်ပေါ်လာခြင်း မရှိတော့ပါကြောင်း ကိုယ်တွေ့ ဖြစ်ပါသည်။

၁၉၈၄ ခုနှစ်၊ ကျွန်တော် နောင်ချိုမြို့တွင် တာဝန်ထမ်းဆောင်ရင်း ငုတ်ကလေးရွာ၏တောင်ဘက် ခပ်လှမ်းလှမ်းရွာ (ရွာအမည်မမှတ်မိတော့ပါ။) သို့ရောက်ရှိစဉ် ထိုရွာမှအမျိုးသမီးကြီးတစ်ယောက်မှာလည်း ကျွန်တော့်အစ်ကိုကဲ့သို့ပင် ဆင်ခူလည်ပတ်ခေါ် မြစ်ပွားနာဖြစ်သဖြင့် ထိုအစွမ်းထက်သော ပေါက်နက်ခေါ် မျောက်ဒိုးမြစ်အား ကျွန်တော်ကိုယ်တိုင်ရှာဖွေပေးပြီး ကုသပုံ ကုသနည်းများကို သေသေချာချာ မှာကြားပေးကာ သူ့ဟာသူ ကုသစေခဲ့သည်။ ပျောက်ကင်းကြောင်း ကြားသိရသဖြင့် ဝမ်းသာခဲ့ရသည်။ ကျွန်တော် နောင်ချိုမြို့တွင် ငါးနှစ်တာဝန်ထမ်းဆောင်နေခဲ့စဉ်အထိ ထိုအနာများ ပြန်ပေါ်လာခြင်း မရှိကြောင်း ကြားသိခဲ့ရသည်။

ယခုလည်း အလွန် ကုသရခက်သော ဆင်ခူလည်ပတ်နာခေါ် မြစ်ပွားနာများ ခံစားနေရပြီး ငွေကြေးအကုန်အကျများကာ ဆရာကောင်း၊ ဆေးကောင်းတို့ဖြင့် မတွေ့ရသေးသူများအတွက် ကျွန်တော် လမ်းညွှန်ရေးသားထားသော ပေါက်နက်ခေါ် မျောက်ဒိုးပင်မှာ လယ်ကွင်းစပ် လျှို၊ မြောင်များတွင် ပေါက်ရောက်လေ့ရှိပါသည်။ နွယ်ပင်ကြီးအမျိုးအစားဖြစ်၍ သစ်ပင်ပေါ် နွယ်တက်လေ့ရှိသည်။ အရွက်မှာ ခွေးလျှာရွက်နှင့်ဆင်ဆင်တူပြီး အပွင့်မှာ ခရမ်းရောင်ရင့်ရင့် ဖြစ်ပါသည်။ ဆောင်းဦးရာသီမှာ ပွင့်တတ်သည်။ အသီးမှာ အသီးအပြင်ခွံတွင် ဆူးများပါရှိပြီး ထိုအသီးအား ထုခွဲကြည့်သောအခါ တကယ့်မျောက်တစ်ကောင်၏ဦးခေါင်းနဲ့တူသောအစေ့ကို တွေ့ရပါမည်။ ထိုအပင်မျိုးကို ဒိုက်ဦးနယ်နှင့် ဖူးကြီးကန်ပတ်ဝန်းကျင်တို့တွင် ရှာဖွေတွေ့ရှိနိုင်ပါသည်။

*ဝေဒနာရှင်များ ကျန်းမာရွှင်လန်းကြပါစေ*

*သဗ္ဗေသတ္တာ ဒုက္ခာမုစ္စန္တု*

ကောင်းစံဟိန်း(ဖန်နေဒရီ)



www.burmeseclassic.com

www.burmeseclassic.com

အကြမ်းဖက်သမားတွေဟာ အခုခေတ်မှ ပေါ်လာတာ မဟုတ်၊ သမိုင်းဦးရှေးခေတ်ကတည်းကပေါ်ခဲ့တာ ဖြစ်တယ်။ ကမ္ဘာ့ဘုန်လောက်တောင် ရက်စက်ကြမ်းကြုတ်တဲ့ အကြမ်းဖက်သမားတို့ရဲ့ဘုရင်ကတော့ ဆိုက်သီယန်လူမျိုးတွေပါပဲ။

ဒါပေမယ့် ဆိုက်သီယန်တွေဟာ အမျိုးပျောက်သွားလို့ သူတို့အကြောင်း မပြောကြ၊ မရေးကြဘူး။ လူသိနည်းတယ်။ သူတို့အကြောင်းကို မှတ်တမ်းတင်ခဲ့သူကတော့ သမိုင်းဆရာတို့ရဲ့ဖခင်ကြီးလို့ခေါ်ရတဲ့ ခေါ်မသုခမိန် ဟီရိုဒိုးတပ်(စ်)ပါပဲ။

ဟီရိုဒိုးတပ်(စ်)ဟာ ဥရောပတစ်ခွင်နဲ့အာရှအနောက်ပိုင်းကို သုတေသနခရီးထွက်ပြီး ရောက်တဲ့နေရာတွေအကြောင်း မှတ်တမ်းတင်ခဲ့တယ်။ အခုခေတ်မှာ အရှေ့အလယ်ပိုင်းလို့ခေါ်တဲ့ အာရှအနောက်ဖျားကို အာရှမိုင်းနားလို့ခေါ်တယ်။ အာရှ၊ အာဖရိကနဲ့ ဥရောပတိုက်၊ တိုက်ကြီးသုံးတိုက် ဆုံရာဖြစ်လို့ ကမ္ဘာ့သမိုင်းမှာ ရေပန်းစားတဲ့ဒေသပါ။ အခုခေတ် ရုရှားနိုင်ငံရဲ့အနောက်ဘက်ပိုင်းနဲ့ အနောက်တောင်ဘက်ပိုင်းမှာ ထီးဆောင်းမင်းတွေအုပ်ချုပ်တဲ့ နိုင်ငံတွေရှိနေတယ်။ ကရိုင်းမီးယားနယ်နဲ့ နီးဝါးမြစ်ရိုးတစ်လျှောက် နယ်မြေတွေပါပဲ။ အဲဒီခေတ်က ဆိုက်သီယန်လူမျိုးတွေဟာ ဒီအာရှမိုင်းနားကိုလွှမ်းမိုးခဲ့တယ်လို့ ဟီရိုဒိုးတပ်(စ်)က မှတ်တမ်းတင်ခဲ့တယ်။

ဟီရိုဒိုးတပ်(စ်)ရဲ့မှတ်တမ်းအပြင် အခြား သမိုင်းမှတ်တမ်း မရှိခဲ့လို့ ဆိုက်သီယန်လူမျိုးတွေအကြောင်း နောင်းခေတ်မှာ မသိကြတော့ဘူး။ ဆိုက်သီ

# မောင်ကျောက်တိုင်

## မျိုးပြုတ်သွားတဲ့ ဆိုက်သီယန်အကြမ်းဖက်သမား





www.burmeseclassic.com

www.burmeseclassic.com

ယန်တွေဟာ နေရာအတည်တကျ မြို့ ရွာတည်ပြီးမနေဘဲ လှည်းတွေကို အိမ်လုပ်ပြီး ရေကြည်ရာ မြက်နုရာ လှည့်လည်နေသူတွေ ဖြစ်တယ်။ မွန်ဂိုလူမျိုးတွေလိုပါပဲ။ ဒါပေမယ့် ဂျင်ဂစ်ခန်က ဆလံသ,ရအောင် ရက်စက်ကြမ်းကြုတ်တယ်။

ဆိုက်သီယန်တွေဟာ အာရှအတွင်းပိုင်း ဆိုက်ဘေးရီးယားက လာတာလို့ နောင်အခါကျမှသိကြတာဖြစ်တယ်။ ဆိုက်သီယန်တွေဟာ အရပ်တကာလှည့်လည်ရင်း ရောက်ရာအရပ်မှာ တွေ့တဲ့ လူမျိုးတွေနဲ့ စစ်တိုက်တယ်။ စစ်တိုက်လည်း ကျွမ်းကျင်တယ်။ အနီးအနားတစ်ဝိုက်ကိုလွှမ်းမိုးလာနိုင်တော့ အခြားတိုင်းပြည်တွေဆီ နယ်ချဲ့လာတယ်။ အဲဒီအချိန်က တန်ခိုးထွားတဲ့ ခေါမတိုင်း ပါရှားပြည် ရိုမေနီးယားအထိ လက်နက်နိုင်ငံတော်ကြီး ကျယ်ပြန့်သွားတယ်။

ပထမဆုံး အနိုင်ရလိုက်တဲ့ရန်သူကို ယဇ်ပူဇော်ရာမှာ သတ်တယ်။ ရန်သူတွေကိုသတ်ပြီး ရန်သူ့သွေးကိုသောက်တယ်။ ရန်သူကို အရှင်လတ်လတ် အရေခွံခွာတယ်။ ခံရသူတွေဟာ မချိမဆံ့ခံကြရတယ်။ ရန်သူတွေရဲ့အရေကို လက်သုတ်ပဝါလုပ်တယ်။ ရန်သူရဲ့ဦးခွံအထက်ပိုင်းကို လွှနဲ့တိုက်ဖြတ်တယ်။ ရွှေခွက်ထဲမှ ဒီဦးခွံကို အတွင်းကထားပြီး အရက်ထည့်သောက်တယ်။ မင်းပွဲစိုးပွဲအောင်ပွဲတွေမှာ ဧည့်သည်တော်တွေကို ဒီဦးခွံအရက်ခွက်နဲ့ ဧည့်ခံတယ်။ သူတို့ဟာ ရန်သူအပေါ်မှာသာ မဟုတ်ဘူး၊ အချင်းချင်း ရန်မီးပွားရင်လည်း ရက်စက်ကြတာပဲ။ အခြား တိုင်းတစ်ပါးကို သိမ်းပိုက်မိရင် ကျူပင်ခုတ် ကျူငုတ်မကျန်အောင် သုတ်သင်ပစ်တယ်။

ဒီလို အာဏာစက်ပြန့်လာတော့ ခေါမတွေ၊ ရောမတွေ၊ ပါရှားတွေ၊ ပွန်တပ်လူမျိုးတွေနဲ့ တိုက်ခိုက်ကြတယ်။ ဒါကြောင့် ဆိုက်သီယန်လူမျိုးတွေကို အနီးအနားက လူမျိုးတွေက ဖိမ့်ဖိမ့်တုန်အောင် ကြောက်ကြရတယ်။ ဆိုက်သီယန်တွေဟာ မဟာမိတ်ရယ်လို့မရှိတော့ဘဲ ရန်သူတွေ ဝိုင်းဝိုင်းလည်နေရတယ်။

ဆိုက်သီယန်တွေဟာ ရက်စက်ကြမ်းကြုတ်ကြပေမယ်လို့ ရွှေထည်ပစ္စည်းတွေကို အနုပညာမြောက်အောင် ဖန်တီးတတ်ကြတယ်။ ရွှေရေခွက်တွေ၊ ရွှေရေတကောင်း၊ ရွှေလက်ကောက်၊ ရွှေလက်စွပ်၊ ရွှေကလပ် စတဲ့ပစ္စည်းတွေဟာ လက်ရာမြောက်တယ်။ ဒီလို ရွှေ



ပစ္စည်းတွေ အများအပြား ကျန်ရစ်တယ်။ ဆိုက်သီယန်တွေဟာ အတည်တကျ ထီးနန်းမြို့တော် မရှိဘူး၊ စာမရှိဘူး။ ဒါကြောင့် စာပေအထောက်အထားတွေရှားပါးတယ်။ ရွှေထည်ပစ္စည်းတွေကိုတော့ ယနေ့ခေတ်အထိ ရှာဖွေတွေ့ရှိနေဆဲ ဖြစ်တယ်။ ဒါကြောင့် ဆိုက်သီယန်တွေဟာ ရွှေတွေ အလွန်ပေါတယ်လို့ ယုံကြည်ကြတယ်။

ဒီရွှေတွေကြောင့် အစိုးရိမ်လွန်ပြီး လူတွေကို သတ်ဖြတ် အကြမ်းဖက်နေသလားလို့ တွေးရတယ်။ ဒုတိယကမ္ဘာစစ်အပြီးမှာ ရုရှားပြည်ဟာ ရွှေအလွန်ပေါတယ်။ ရွှေကျည်ဆန်တွေ တောင်ရှိသလိုလို မီဒီယာတွေက ပြောကြတယ်။ ဆိုက်သီယန်တွေမြှုပ်နှံထားတဲ့ ရွှေတွင်းတွေ၊ ရွှေသိုက်ပေ့ွကိုများ တွေ့သွားကြသလားလို့ တွေးရတယ်။ ဆိုက်သီယန်တွေဟာ သူတို့ဘုရင်ရဲ့ရုပ်တုကို ရွှေနဲ့သွန်းလုပ်တယ်။ ဒီရွှေရုပ်တုရယ်၊ ဘုရင်ကြီးရဲ့အသုံးအဆောင် ရွှေပစ္စည်းတွေကို ဘုရင်ကြီးနတ်ရွာစံတဲ့အခါမှာ ဘုရင့်သင်္ချိုင်းမှာ မြှုပ်နှံတယ်။ လူတွေ ဖောက်ထွင်း မယူနိုင်အောင် ဘုရင့်သင်္ချိုင်းမြေကို တောင်ကမူလေးဖြစ်အောင် မြေဖို့တယ်။ မြေနဲ့ ဖိထားတယ်။ အဲဒီလို ဘုရင့်သင်္ချိုင်းတွေဟာ ယနေ့ခေတ်အထိ ကျန်ရှိနေသေးတယ်။

ရုရှားဘုရင် ပီတာခေတ်က ဆိုက်ဘေးရီးယားမှ သတ္တုတွင်းပိုင်ရှင်တစ်ဦးက ဘုရင်ကြီးဆီ ရွှေတွေအများကြီး ဆက်သ,ဖူးတယ်။ ဒီလောက်များတဲ့ရွှေတွေဟာ ဆိုက်သီယန်ဘုရင့်သင်္ချိုင်းက ရတာဖြစ်မယ်ဆိုပြီး ဘုရင့်သင်္ချိုင်းတွေကို တူးဖော်ကြတယ်။ သိုက်တူးသူတွေအတွက် ရွှေတွေရသလို သမိုင်းသုတေသီတွေအတွက် အထောက်အထားတွေရလာတယ်။ ဒါကြောင့် ဆိုက်သီယန်လူမျိုးတွေအကြောင်း တစေ့တစောင်း သိခွင့်ရပါတယ်။

ဒီလို ဘုရင့်သင်္ချိုင်းတွေကို သုတေသီတွေကလည်း ရှာဖွေဖော်ထုတ်ပြီး တူးကြတယ်။ ၁၈၉၈ ခုနှစ်က ဗက်ဆီလိုစကီ ဆိုတဲ့ ရှေးဟောင်းသုတေသီတစ်ဦးက ဆိုက်ဘေးရီးယားမှာတွေ့ရတဲ့ ဘုရင့်သင်္ချိုင်းကိုတူးတဲ့အခါမှာ ပေ(၅၀) အနက်မှာ မြင်းတွေရဲ့အရိုးတွေ (၃၆၀) လောက်တွေ့ရှိရတယ်။ ဘုရင့်မြင်းတပ်ရဲ့မြင်းရိုးတွေပါပဲ။ ၁၉၇၁ ခုနှစ်မှာ ရှေးဟောင်းသုတေသနဌာနက နီးပါးမြစ်အနီးရှိ ဘုရင့်သင်္ချိုင်းကို တူးဖော်လေ့လာတယ်။ ဒီလိုလေ့လာတဲ့အခါ သမိုင်းဆရာကြီး ဟီရိုဒိုးတပ်(စ်)မှတ်တမ်းတင်ခဲ့တဲ့အတိုင်း မှန်တယ်ဆိုတာ တွေ့ရတယ်။

ဘုရင်ကြီး နတ်ရွာစံတာ အနှစ် (၅၀) ပြည့်တိုင်း ဘုရင်ကြီးရဲ့ ကျန်ခဲ့တဲ့ ကိုယ်ရံတော်၊ ကိုယ်လုပ်တော် (၅၀) ကို သတ်ပြီး ဘုရင့်သင်္ချိုင်းမှာ မြှုပ်နှံရတယ်လို့ ဟီရိုဒိုးတပ်(စ်)က ရေးထားခဲ့တယ်။ ဘုရင်ကြီး နတ်ရွာစံတဲ့အခါ ဘုရင်ကြီးရဲ့ရုပ်အလောင်းနဲ့အတူ မိဖုရား၊ ကိုယ်လုပ်တော်၊ ရံရွေတော်တွေကိုပါ လည်ပင်းညှစ်သတ်ပြီး မြေမြှုပ်ရတယ်လို့ ဆိုတယ်။ ဘုရင်ကြီးရဲ့ မြင်းတွေ၊ ရွှေတွေ၊ ငွေတွေကိုလည်း တစ်ပါတည်း မြေမြှုပ်ရတယ်။

အာရှအလယ်ပိုင်းနဲ့ ဥရောပတိုက် အရှေ့ပိုင်းမှာ အာဏာစက်ဖြန့်ကြက်ပြီးတော့ လူတွေကို ဒုက္ခပေးတဲ့ ဆိုက်သီယန်တွေဟာ နှစ်ပေါင်း နှစ်ထောင့်ငါးရာလောက် အကြမ်းဖက်တဲ့ နည်းကို ကျင့်သုံးခဲ့တယ်။ ရှာမင်ဆေးဆရာ၊ ရှာမင်လောကီပညာရှင်တွေကို အသုံးချပြီးတော့ လက်နက်နိုင်ငံ ချဲ့ထွင်ခဲ့တယ်။ ဘယ်လိုပဲအစွမ်းထက်တဲ့ ပညာတွေ၊ ရက်စက်ကြမ်းကြုတ်တဲ့နည်းတွေနဲ့ လူတွေကို ထိတ်လန့်ကြောက်ရွံ့အောင် လုပ်ထားနိုင်ပေမယ့် 'ကိုယ်ပြုသောကံ ပဲ့တင်သံ ကိုယ့်ထံပြန်လာမည်' ဆိုတဲ့ ကံတရားကိုတော့ ရှောင်လွှဲမရနိုင်ပါဘူး။

ဒါကြောင့် ဘီစီ ၁၀၆ ခုနှစ်မှာ ကရိမီးယားဒေသရှိ ပွန်တပ်ဘုရင်ရဲ့ လက်ချက်နဲ့ ဆိုက်သီယန်တွေ ကျဆုံးဇာတ်သိမ်းသွားခဲ့တယ်။ သမိုင်းသုတေသီတွေက ဆိုက်သီယန်တွေရဲ့သမိုင်းကိုတော့ ဆက်လက်ရှာဖွေနေဆဲပါ။

မောင်ကျော်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

(ယခင်လမှအဆက်)

'အင်ဖာရွှေမြို့တော်ကြီးကို ကာကွယ်ကြ' ဟူသော ကြွေးကြော်သံနှင့် အင်္ဂလိပ်စစ်တပ်များ ရောက်လာကြသောအခါမှ မဏိပူရ ပြည်သူပြည်သားများသည် အင်္ဂလိပ်များတွင်ပါလာသော ဖြူလွလွ သကြားဖြူများကို မြင်ဖူးကြသည်။ ထို့ကြောင့် ကြံပင်များကို ကြိတ်ပြီး နီညိုရောင်သကြားများကို မချက်လုပ်ကြတော့ဘဲ ကြံချောင်းများကို သည်အတိုင်းရောင်းချကာ ရသည့်ပိုက်ဆံဖြင့် သကြားဖြူများကို ဝယ်စားလာကြသည်။

မတ်လ (၉) ရက်နေ့တွင် ဂျပန်စစ်ကြောင်းကြီးသည် မဏိပူရပြည်၏ မြို့တော်ဖြစ်သော အင်ဖာမြို့၏ မိုင်သုံးဆယ်အကွာသို့ပင် ရောက်လာသောအခါ အင်ဖာဆေးရုံရှိ လူနာများနှင့် သူနာပြုဆရာမကြီးများအား ထိုနေ့ နေ့လယ်တွင် အင်ဖာမှာပြောင်းရွှေ့ကြရန် အမိန့်ရောက်လာသည်။ မိုင်သုံးဆယ်ဆိုသော ခရီးမှာ အကယ်၍ ကားလမ်း၊ ရထားလမ်းသာပေါက်ပါက အင်ဖာကို ဂျပန်စစ်တပ်ကြီးသည် နာရီပိုင်းအတွင်း ရောက်လာနိုင်သည် မဟုတ်ပါလား။

သို့သော် အင်ဖာကို ကာကွယ်ထားသော သဘာဝတံတိုင်းကြီးဖြစ်သည့် တောင်ကြီးတောကြီးများ၊ မြစ်,ချောင်း, အင်း,အိုင်များကြောင့် ဂျပန်စစ်တပ်ကြီးသည် တစ်ရက်၊ နှစ်ရက်အတွင်းတွင် ရောက်လာနိုင်မည် မဟုတ်သေး။


ထို့ကြောင့် လူနာ (၄၀၀) ခန့်ကို မော်တော်ကားများနှင့် တင်ပြီး ကိုဟီးမားမြို့သို့ပို့ပေးရန် ဆေးပစ္စည်းကိရိယာများကိုထုပ်ပိုးနေကြစဉ် အမိန့်သစ်တစ်ခု ထပ်၍ ရောက်လာပြန်၏။ အမိန့်မှာ ဆေးရုံကို လူနာ (၅၀၀) ထားနိုင်အောင် ပြုပြင်၍ နောက်တစ်နေ့တွင် ပြန်ဖွင့်ပါ ဟူသောအမိန့် ဖြစ်သည်။

စစ်မက်ကြီးဖြစ်ပွားလာချိန်တွင်

# ဖိုးကျော

## ဂျာလမ်းခရီး လွမ်းမပြီးနိုင်

သူ ရ ဇ္ဇ မ ဂ္ဂ ဇ င် း အ ခ န် း ဆ က် ဝ တ္ထု ရှ ည်





www.burmeseclassic.com

www.burmeseclassic.com

ဘာသုတ်ကယက် ရုတ်တရက် ဖြစ်ပေါ်လာသော အခြေအနေနှင့် အဖြစ်အပျက်များကို နေ့စဉ်မှတ်တမ်းဖြင့် မော်ကွန်းတင်ခဲ့သော ဆေးမှူးကြီး 'တတ်တာဆဲလ်' ၏မှတ်တမ်းမှာ စိတ်ဝင်စားစရာကောင်းလှသည်။

မတ်လ ၁၂ ရက်နေ့။

အခြေအနေ ရှုပ်ထွေးနေသည်။ ထုပ်ပိုးထားပြီးဖြစ်သောဆေးများ၊ ဆေးကိရိယာများနှင့်ဆေးရုံကို ပြန်ဖွင့်နိုင်ရန် ကြိုးစားရပြန်သည်။ ခွဲစိတ်ကုသသည့် ဆရာဝန်အဖွဲ့ကမူ ဒုတိယအမိန့်ရောက်လာချိန်မှာ ကိုမီလာသို့ လေယာဉ်ဖြင့် ထွက်ခွာသွားကြပြီး ဖြစ်သည်။

မတ်လ (၁၇) ရက်နေ့တွင် သူနာပြုဆရာမကြီး အားလုံးနှင့် အင်္ဂလိပ်အမျိုးသမီးအားလုံးကို မော်တော်ကားနှင့်လည်းကောင်း၊ လေယာဉ်ဖြင့် လည်းကောင်း အိန္ဒိယကို ပို့လိုက်ရသည်။ အမျိုးသမီးအားလုံးက အင်ဖာမှ ထွက်ခွာသွားရန် ငြင်းဆန်နေကြပါသော်လည်း အာဏာပိုင်များမှာ မိမိတို့နှင့် ရင်ဆိုင်နေရမည့်ရန်သူအကြောင်းကို နောကျေအောင် သိနေပြီးဖြစ်၍ အမျိုးသမီးများ၏ဆန္ဒကို ခေါင်းမာစွာဖြင့် ငြင်းဆန်ခဲ့ကြရသည်။

သာသနာပြုဆရာမချုပ်ဖြစ်သော 'မိုနီကာမက်ဒေါ်နယ်' မှာ မတ်လ (၁၇) ရက်နေ့၌ ပုလဲအထက်ဘက်ရှိ သူနာပြုစခန်းတစ်ခုသို့ ရောက်ရှိနေပြီး ရောက်လာသမျှ စစ်သည်လူနာများကို နေ့မအား၊ ညမနားပြုစုကုသပေးနေရသည်။ စစ်မြေပြင်သူနာပြုအဖွဲ့နှင့် ဆေးမှူးများမှာ ညဘက်တွင် အိပ်ရသည်ဟု မရှိဘဲ အရေးတကြီး ရောက်လာသော လူနာများကို ခွဲစိတ်ကုသနေရသဖြင့် အပြင်တွင် တိုက်ပွဲအခြေအနေ မည်ကဲ့သို့ဖြစ်ပျက်နေသည်ကို မသိနိုင်အောင် ဖြစ်နေကြသည်။

လူနာများအတွက် ရေကို ချောင်း





www.burmeseclassic.com

www.burmeseclassic.com

တွင်းသို့ဆင်း၍ လားများဖြင့် သယ်ယူနေရသဖြင့် သူနာပြုစခန်းအတွက် လုံလောက်သည်ဟု မရှိ။ ထို့ကြောင့် ရေတစ်ဇလုံကိုပင် သွန်မပစ်ရက်ဘဲ ထပ်တလဲလဲ သုံးနေကြရတော့သည်။

မတ်လ (၁၇) ရက်နေ့ နံနက်တွင် သူနာပြုဆရာမချုပ် မိုနီကာမက်ဒေါ်နယ်နှင့်အတူ သူနာပြုဆရာမကြီး စုစုပေါင်း (၄) ဦးအား အပြင်းအထန် ဒဏ်ရာရနေသော လူနာများကို သူနာပြုကား (၄) စီးနှင့် ပုလဲမှ အင်ဖာအရောက်ပို့ပေးပြီး အင်ဖာမှ ဒိုင်နာပူသို့ လေယာဉ်ဖြင့် ခရီးဆက်စေလိုက်ရသည်။

အခြေအနေမှာ ပို၍ ဆိုးလာခဲ့ပြီ။

ဆေးမှူးကြီး တတ်တာဆဲ(လ်)၏ နေ့စဉ်မှတ်တမ်းစာအုပ်ကို ပြန်၍ လှန်ကြည့်လိုက်လျှင်-

မတ်လ (၂၂) ရက်နေ့။

လူနာ (၃၆၀) ကို လေယာဉ်နှင့် ပို့ပေးလိုက်သည်။ စစ်ပြေးဒုက္ခသည်စခန်းလေးခုကို ဆေးရုံလုပ်ထားရ၏။ သို့သော် ဆရာဝန်များနှင့် ဆေးကိရိယာ လုံလောက်မှု မရှိ။ ဆရာဝန်တတ်စုံလည်း မရှိ။ ဆေးအဖွဲ့သား (၆) ဖွဲ့ ရှိသည်။

မတ်လ (၂၃) ရက်နေ့။

သိုင်းနိုင်သော လူနာများကို တစ်ခနေ့လုံး လေယာဉ်နှင့် ပို့နေရသည်။ သို့သော် ရှိသည့်လူနာမကုန်မီ လူနာအသစ်များ ထပ်၍ ရောက်လာသည်။ အခန်းများကို ချက်ချင်းတိုးချဲ့ရ၏။

ရန်သူများ မိုင် (၃၀) ခန့်အကွာသို့ ရောက်နေပြီ။ ယခုအချိန်တွင် အရာခပ်သိမ်း စစ်ဆန်နေတော့၏။ ဆေးရုံပတ်ဝန်းကျင်တွင် စစ်တပ်များ ချထား၏။ ဆေးရုံသို့ဝင်သောအခါ သတ်မှတ်ထားသော ဝကားဝှက်ကို ပြော၍ ဝင်ရသည်။ လေယာဉ်အသွားအလာမှာမူ ခါတိုင်းလိုပင် အချိန်မပျက်။

မတ်လ (၂၈) ရက်နေ့။

သူနာပြုကားများနှင့် ထရပ်ကားများ တသီတတန်းကြီးရောက်လာသည်။ ကားပေါ်၌ပါလာသူများတွင် ဖျားနာသူအများအပြားပါလာပြီး ဒဏ်ရာရလာသူအနည်းငယ်သာရှိသည်။ ဆေးရုံတစ်ခုလုံး လျှံနေသည့်အပြင် ဝရန်တာများလည်းပြည့်ကျပ်နေပြီ။

ထို မတ်လ (၂၈) ရက်နေ့ကား ဆေးမှူးကြီး တတ်တာဆဲ(လ်) ပါဝင်အမှုထမ်းရသော အမှတ် (၁၄) အထွေထွေဆေးရုံကြီး၏ရာဇဝင်တွင် စာတင်ထိုက်သော နေ့တစ်နေ့ ဖြစ်သည်။

ဤနေ့တွင် ဤဆေးရုံကြီးမှဆေးအဖွဲ့တစ်ဖွဲ့သည် အိန္ဒိယပြည် ဒေလီနှင့် လက်ထနောင်းမြို့ နှစ်မြို့ကြားတွင်ရှိသော ဘရီလီမြို့မှ လူနာ(၅၀၀)အတွက် ဆေးနှင့် ဆေးကိရိယာများပါရှိသည့် တန်ချိန် (၄၅၀) ရှိသော ပစ္စည်းများနှင့်အတူ မိုင်ပေါင်း (၂၀၀၀) ဝေးကွာသော ကန်ကလားတုန်ဘီသို့ လေကြောင်းဖြင့် ရောက်ရှိလာကာ ရွှေတန်းစစ်မြေပြင်တွင် ဆေးရုံတစ်ရုံ ဖွင့်လှစ်နိုင်သည်။

စစ်ဘက်ဆိုင်ရာတို့က ဤဆေးရုံဝန်းကျင်သို့ ရန်သူများဝင်ရောက်မလာနိုင်အောင် ကာကွယ်ပေးထားသဖြင့် စိုးရိမ်ရန်မရှိကြောင်း ဆေးအဖွဲ့အား စောစောကပင် ပြောထားခဲ့သည်။ ဆေးရုံမှာ မြက်ပင်နှင့် သစ်ပင်များ ထူထပ်သော ချိုင့်ဝှမ်းတစ်ခုကို ရှင်းလင်း၍ အုတ်ဖြင့် ဆောက်လုပ်ထားသော ခွဲစိတ်ကုသခန်း၊ ဓာတ်မှန်ခန်းနှင့် လူနာများအတွက် တဲကြီးထိုးကာ သန့်သန့်ပြန့်ပြန့်၊ ကျယ်ကျယ်ဝန်းဝန်းဆောက်ထားသည်။ ဆေးရုံ စဖွင့်လှစ်မည့်နေ့မှာ ဧပြီ (၁) ရက်၊ စနေနေ့ ဖြစ်သည်။

မတ်လ (၂၈) ရက်နေ့မှာ ဆေးအဖွဲ့ရောက်လာပြီး ပါလာသည့် ဝန်စည်စလှယ်များကို ကန်ဂလားတုန်ဘီတွင် ရှိနေသော အရပ်သားအလုပ်သမားများက သယ်ယူကာ ဆေးရုံအတွင်း နေရာတကျ စီစဉ်သည်။

ထိုနေ့ညနေဘက်တွင် နယ်လှည့်ရုပ်ရှင်အဖွဲ့က တောတွင်းတိုက်ပွဲများနှင့် ထိုးဖောက်ဝင်ရောက်လာသော တိုက်ပွဲများပါသည့် 'သည်လက်(စ်)အော့သည်မိုဟီကန်' ရုပ်ရှင်ကားကို ပြသည်။ (စိတ်ဓာတ်စစ်ဆင်ရေးအလို့ငှာဟု ထင်ရသည်) ဒေသခံအချို့နှင့် ဆေးဝန်ထမ်းများ စိုးရိမ်ထိတ်လန့်မှုမရှိကြရန် ရည်ရွယ်ပုံရသည်။

ထိုနေ့ ညသို့ရောက်သောအခါ တယ်လီဖုန်းဖြင့် အမိန့်တစ်ခု ရောက်လာသည်။ အမိန့်မှာ ဆေးနှင့်ဆေးကိရိယာများကို ထုပ်ပိုး၍ (၃) ရက်အတွင်း ဆေးရုံမှထွက်ခွာသွားကြရမည့် အမိန့်ပင်တည်း။

မတ်လ (၂၉) ရက်နေ့တွင် လူနာ (၅၀၀) အား လက်ခံကုသပေးရန် အသင့်ဖြစ်နေခဲ့သော ဆေးရုံမှာ လမ်းဘေးတွင် အထုပ်အပိုးများအဖြစ်သို့ စုပုံရောက်နေရတော့၏။ ဤဆေးနှင့်ဆေးကိရိယာများသည် ဒိုင်မာပူသို့မော်တော်ကားများဖြင့် ရောက်ကြရဦးမည်။ ထို့မှတစ်ဆင့် လေယာဉ်ဖြင့် ကိုမီလာသို့ ပြန်ကြရပေဦးမည်။ သံသရာလည်လိုက်သည်မှာ မြန်ဆန်လွန်းလှ၏။

ညမှောင်စပျိုးသောအခါ နောက်ဆုံးကျန်နေသော လော်လီကားက ဂိုယာသွင်း၍ ကိုဟီမားအထိ ခရီးပြင်းပြင်းနှင်ရန် ဟန်ချီလိုက်သည်။ ကားပေါ်တွင် ဆေးပေးခန်းမှ ပစ္စည်းကိရိယာများနှင့်အတူ အင်္ဂလိပ် တပ်ကြပ်ကြီးတစ်ဦး လိုက်ပါလာသည်။

ထိုတပ်ကြပ်ကြီးမှာ ဤအချိန်မှစ၍ နောက်လာမည့် (၃) လအတွင်း ကိုဟီမားလမ်းကို နောက်ဆုံးသွားခဲ့ဖူးသည့် တစ်ဦးတည်းသော အင်္ဂလိပ်စစ်သား ဖြစ်လာတော့သည်။

အဘယ်ကြောင့်ဆိုသော် ရန်သူဂျပန်တို့သည် အင်ဖာ-ကိုဟီမားလမ်းကို ထိုနေ့ည (၈) နာရီခွဲမှစ၍ ဖြတ်တောက်ပစ်လိုက်ကြသောကြောင့်ပင်တည်း။

ဆေးမှူးကြီး တတ်တာဆဲ(လ်)၏နေ့စဉ်မှတ်တမ်းကို ပြန်၍ ဆက်လှန်ကြည့်လိုက်မည် ဆိုပါက-

မတ်လ (၂၉) ရက်နေ့။

(၄၈) နာရီအတွင်း အင်ဖာရှိ ခံတပ်အတွင်းသို့ပြောင်းရွှေ့ရန် သတိပေးထားသည်။

မတ်လ (၃၀) ရက်နေ့။

လူနာ (၁၀၀၀) ကျော်နှင့် ကျွန်ုပ်တို့ ဆေးအဖွဲ့သားများပါ နေမဝင်မီ ပြောင်းရွှေ့ပါဟု အမိန့်ထပ်လာသည်။

နေ့လယ်တွင် လူနာအားလုံးနှင့် အဖိုးတန်သောပစ္စည်းမှန်သမျှကို ထရပ်ကားများနှင့် တင်ပို့လိုက်သည်။ ကျွန်ုပ်တို့ ဆေးအဖွဲ့သားများမှာ ည (၁၀) နာရီမှ ခံတပ်သို့ ရောက်သည်။

ကျွန်ုပ်တို့ ဆေးရုံအတွက် နေရာကို တောင်ကလေးတစ်လုံးဘေးရှိ လှိုဏ်တစ်ခုအတွင်းတွင် နေရာပေးထားသည်။ ကျဉ်းကျပ်လွန်းလှ၏။ အောက်ခံမြေကလည်း စွတ်စိုထိုင်းမှိုင်းနေသည်။ တဲတစ်လုံးမျှ မရှိ။ လေဟာပြင်တွင် အိပ်ကြရ၏။ မိုးကလည်း တစ်ညလုံးရွာသည်။

မတ်လ (၃၁) ရက်နေ့။

ဧပြီလ (၁) ရက်နေ့။

ဆေးရုံအဆောက်အအုံရှိရာကို ပြန်သွားပြီး ဆေးရုံရှိ ပစ္စည်းများကို ထရပ်ကားအစီး (၁၅၀) နှင့် သယ်ယူလာသည်။

ခံတပ်အတွင်းမှဆေးရုံကို ပိုမိုကောင်းလာအောင် ပြန်ပြင်နေကြ၏။ သို့သော် ရေလည်းမရှိသေး။



www.burmeseclassic.com

www.burmeseclassic.com

ဧပြီလ (၂) ရက်နေ့။

ခံတပ်အတွင်းရှိ အခြားနေရာသစ်တစ်ခုသို့ ပြောင်းရွှေ့ရန် အမိန့်ရသည်။ နေ့လယ်စာစားချိန်တွင်ရသော အမိန့်ဖြစ်သည်။

နက်ဖြန်နံနက် (၉) နာရီတွင် လူနာ (၁၀၀) အတွက် ခုတင်နှင့် ဆေးဝါးတုသရန် အားလုံးအသင့်ဖြစ်နေရမည်။ ညနေတွင် လူနာ (၄၀၀) အတွက် ရှိနေရမည်။

ဧပြီလ (၃) ရက်နေ့။

လူနာ (၃၆၀) အတွက် အားလုံးအဆင်သင့် ရှိနေပြီ။ လူနာ (၂၀၀) မှာ ခုတင်ပေါ်သို့ပင် ရောက်နေပြီ။

ဧပြီလ (၄) ရက်နေ့။

တစ်နေ့လုံး တဲချည်းထိုးနေကြရသည်။ ထိခိုက်ဒဏ်ရာရသူများ တဖွဲဖွဲရောက်နေ၏။ ဖျားနာသူများလည်း ပါလာသည်။

ဤနေရာသစ်မှာလည်း ဆေးရုံအတွက် နည်းနည်းမျှမသင့်လျော်။ ဆေးရုံကို ချောင်းကလေးတစ်ခုက ဖြတ်၍ စီးနေသည်။

ဆေးရုံနောက်ဘက် ကိုက် (၁၀၀) ခန့်အကွာမှ သေနတ်သံများ ကြားနေရသည်။ ဆေးရုံအရှေ့ဘက်မှ အမြောက်သံများ တဒိန်းဒိန်း ပေါ်ထွက်နေသည်။ အခြားတစ်ဖက်တွင် လက်နက်ခဲယမ်းများ သိုလှောင်ထားသောဌာနကြီး ရှိသည်။ (၂၅) ပေါင်ဒါ အမြောက်များမှာ တစ်ချိန်လုံး ဆူညံနေတော့၏။

မြေအောက်တွင် တူးထားသော အိပ်စင်ကလေးများရလာသည်။ ခွဲစိတ်ကုသရန်နေရာလည်း ရလာသည်။

ရန်သူ ဂျပန်လေယာဉ်များက လာရောက်တိုက်ခိုက်နေပြီ။ လေယာဉ်ပစ်အမြောက်များက တဒိန်းဒိန်း ပစ်ခတ်နေသည်။ တစ်ညလုံးလိုလိုပင် အိပ်၍မရ။

"ဟဲ့- ဒါဆို ငါ့မြေးပြောသလိုဆို အင်ဖာက ဂျပန်လက်ထဲကျတော့မယ်ပေါ့"

"ဟုတ်တယ် အဘောင်ရှင်၊ အင်ဖာက ဂျပန်လက်ထဲကျဖို့ အခု တဲတဲလေးပဲလိုတော့တယ်"

ဒေါ်ကြာဦးဖြူ၏အမေးကို ဂျပန်လိုလားသူ အောင်ကျော်ဇေယျက အားတက်သရော ပြောလိုက်သည်။

"အင်ဖာကျသွားရင် . . ."

ဟူသော ဦးသခင်ကျော်၏စကားမဆုံးမီပင် အောင်ကျော်ဇေယျက-

"အင်ဖာကျသွားရင် မဏိပူရဆိုတာကတော့ ဂျပန်ဗိုလ်ချုပ်ကြီး မတ္တာဂူချီရဲ့လက်ခုပ်ထဲကရေ ဖြစ်သွားပြီပေါ့ မင်းမင်းချေ"

"မဏိပူရကို ဂျပန်တွေ ရောက်လာပြီဆို တို့ ရာဇဌာနီကိုလည်း ဂျပန်တွေရောက်လာတော့မှာပေါ့ကွယ်နော်"

"ဟီလီတရိုက်နဲ့ ရာဇဌာနီဘက်ကိုတော့ ဂျပန်တွေ ဘယ်လာတော့မလဲ အရီးချေ။ ဗမာတစ်ပြည်လုံးကိုသိမ်းပြီး ဧည္ဝတီတောင် ရောက်နေတဲ့ဂျပန်တွေက ဒီကို ဘယ်လာတော့မလဲ။ ဒေလီကိုချီတက်ကြစို့လို့ ကြွေးကြော်ထားတဲ့ ဂျပန်တွေက အိန္ဒိယပြည်ကိုပဲ သိမ်းဖို့ သွားကြတော့မှာပေါ့။ ရာဇဌာနီလို ချောင်ကြိုချောင်ကြားက သူတို့ရဲ့စစ်ကြောင်းနဲ့လွတ်ပါတယ်"

"အေး- တို့ ဒီအရပ်က စစ်ကြောင်းလွတ်တယ်လို့တော့ မင်းညီ ဇေယျာကျော်ထွန်းကလည်း တစ်နေ့က တော့ ပြောသွားပါတယ်"

မြို့ပိုင်လေး ဇေယျာကျော်ထွန်းနှင့် အောင်ကျော်ဇေယျတို့မှာ ညီအစ်ကိုဝမ်းကွဲများ ဖြစ်ကြသည်။

"ရဇပါရာကို ဇေယျာလာသွားသေးလား အရီးချေ"

"ဟိုအုပတ်ကပဲ လာသွားတယ်ကွယ့်၊ သမီး သဇင်ဖြူက ပန်းဝါကို မရောက်ဘူးသေးလို့ သူ့ကားနဲ့ အရီးချေတို့ကို ပန်းဝါလိုက်ပို့ပါတယ်"

ဒေါ်သန္တာဖြူက အောင်ကျော်ဇေယျကို ပြောလိုက်၏။

"ဟုတ်လား၊ ဒါဆို ဖြူဖြူက အဘောင်ရှင်မွေးရပ်မြေကို ရောက်ဖူးသွားပြီးပေါ့။ ခု စိန်မြောင်ဘုရားပွဲလည်း နီးပြီလေ။ ဖြူဖြူ စိန်မြောင်ဘုရားပွဲကော အရင်က ရောက်ဖူးလား"

"မရောက်ဖူးပါဘူး ခအို၊ ဟိုတုန်းက အမေတို့၊ ပါပါတို့သာ ရောက်ဖူးကြတာ"

သဇင်ဖြူက အဆတော်၊ သမီးမျောက်သား တော်မှန်း သိနေသဖြင့် အောင်ကျော်ဇေယျကိုလည်း ဇေယျာကျော်ထွန်းကိုခေါ်သလို 'ခအို' (ခဲအို) ခေါ်၍ ပြောလိုက်၏။ သူ့အား သဇင်ဖြူက ခအို ခေါ်၍ ပြောသည်ကို အောင်ကျော်ဇေယျကလည်း သဘောတွေ့သွားပုံရ၏။

"စိန်မြောင်ဘုရားပွဲကျရင် ဖြူဖြူတို့ကို ခအိုလိုက်ပို့မယ်။ စိန်မြောင်ဘုရားပွဲက ခအိုတို့ ရာဇဌာနီမှာ အစည်ကားဆုံးပွဲပဲ။ ရာဇဌာနီတင်မကဘူး၊ ဟီလီတရိုက်နဲ့ စစ်တကောင်းကပါ လာကြတယ်။ အရမ်းစည်၊ အရမ်း ပျော်စရာကောင်းတယ်။ ဗိုလ်မင်းထောင်ဘင်ဒရာပင်က ဖြူဖြူတို့ဆွေမျိုးတွေလည်း လာကြမှာပေါ့။ ဖြူဖြူက ရွာတော်ကိုလည်း အခုမရောက်ဖူးသေးဘူး ဟုတ်လား။ ရွာတော်က ဗိုလ်မင်း ရုံးစိုက်တဲ့မြို့ပါပဲ။ စိန်မြောင်ဘုရားပွဲကို ခအို လိုက်ပို့ပေးပါ့မယ်"

အောင်ကျော်ဇေယျက ဖြူဖြူတို့ကို စိန်မြောင်ဘုရားပွဲ လိုက်ပို့မည် ပြောသံကြား၍လားမသိ၊ ဦးကြာပန်းအောင်က ရယ်ပြီး ထွက်လာကာ-

"မင်းကလား ငါ့မြေးဖြူဖြူတို့ကို စိန်မြောင်ဘုရားပွဲ လိုက်ပို့မှာ။ စိန်မြောင်ဘုရားပွဲ ဆိုတာက တို့ရာဇဌာနီမှာ မင်းပွဲစိုးပွဲကွ။ ဘုရားပွဲမှာ ရာဇဝတ်အုပ်တွေရော မြို့ပိုင်၊ အရေးပိုင်တွေပါ ရှိနေကြမှာ။ မင်း တကယ်လိုက်ပို့မှာက အကြောင်းမဟုတ်ဘူး၊ ပုလိပ်ဖမ်းရင် ငါ့မြေးတွေပါ အမှုတွဲပါနေပါဦးမယ် ဝရမ်းပြေးရာ၊ အတော်ကြာ ငါတို့အမျိုးတွေပါ ဝှက်ထား လက်ခံထားရပါ့မလားဆိုပြီး အမှုပတ်နေပါဦးမယ်ကွာ"

ဟု ပြောလိုက်ရာ အားလုံး ဝိုင်းရယ်ကြသည်။

"ဘိုးဘိုးကြီးကလည်း၊ အင်္ဂလိပ်လည်ပတ်ဆွဲပေးထားတဲ့ ခွေးကောင်တွေကို မကြောက်လို့ဘဲ အခု ဘိုးဘိုးကြီးတို့ ရဇပါရာထိ ရောက်လာတာလေ"

"မင်း ရဇပါရာကို ခု ရောက်လာတာ ဖလောင်းချိတ်က ရာဇဝတ်အုပ်နဲ့ ရာဇပုတ်ပုလိပ်တွေ ဖမ်းဖို့လိုက်လို့ ပြေးလာတာ မဟုတ်လား"

ဦးကြာပန်းအောင်၏စကားကို အားလုံးက ဝိုင်းရယ်ကြပြန်၏။

"ဘိုးဘိုးကြီးကလည်း မဟုတ်ပါဘူးဗျာ။ ဧည္ဝတီက အဘောင်ရှင်တို့ကို တွေ့ချင်လို့ တမင်လာတာပါ။ ပုလိပ်ဖမ်းမှာလောက်ကြာရင် ဘယ်နိုင်ငံရေးလုပ်မလဲဗျ"

"အောင်မာ- မင်းက မင်းကိုယ်မင်း လည်လှုပြီထင်နေတာ၊ ဒီမှာက ငါ့မြေး၊ ငါ့တူ ဇေယျာတို့ စောရွှေမောင်တို့ မျက်စိမှိတ်ထားလို့ ခု မင်း ရာဇဌာနီမှာ သွားလာနေနိုင်တာကော သိရဲ့လား။ မင်း သတ္တိရှိရင် ကာလကတ္တားပြန်နေလေ"

ဦးကြာပန်းအောင်ပြောသော ငါ့မြေး၊ ငါ့တူတွေ ဆိုသည်မှာ မြို့ပိုင်လေး ဇေယျာကျော်ထွန်းနှင့် ဟီလီတရိုက်အ



www.burmeseclassic.com

www.burmeseclassic.com

ရေးပိုင်ကြီး ဦးစောရွှေမောင်တို့ကို ရည်ရွယ်၍ပြောခြင်း ဖြစ်သည်။ သူတို့နှစ်ယောက်မှာ အောင်ကျော်ဇေယျနှင့် ညီအစ်ကို ဦးလေးသားချင်း ရင်းသဖြင့် ဦးကြာပန်းအောင် ပြောသလို မျက်စိမှိတ်ထားကြ၍လည်း ဖြစ်ကောင်းဖြစ်နိုင်၏။

"ကာလကတ္တား မဟုတ်ဘူးနော် ဘိုးဘိုး၊ ကျွန်တော် ဒေလီ ဘုံဘေကိုလည်း ရောက်တယ်ဗျ။ ဒေလီ ဘုံဘေကကျောင်းသားတွေဟာ ကာလကတ္တားက ကျောင်းသားတွေထက် နိုးကြားမှုရှိကြတယ်။ အိန္ဒိယပြည်ကြီးကို အင်္ဂလိပ်လက်အောက်က ဘယ်လိုလွတ်မြောက်အောင် လုပ်ရမယ် ဆိုတာလည်း သူတို့သိတယ်။ နိုးကြားတဲ့ ကျောင်းသားတွေက ကာလတ္တားမှာထက် ဒေလီမှာ ပိုရှိကြတယ်။ အဲဒါကြောင့် ခု ဒေလီကို ချီတက်လာမယ့် ဂျပန်ကြိုဆိုရေးအဖွဲ့တွေတောင် တိတ်တဆိတ် ဖွဲ့ထားကြပြီ ဆိုတာ ဘိုးဘိုးကြီးမှ မသိတာ"

"ကဲ- မင်းကို ငါတစ်ခုမေးမယ်၊ ခု မြန်မာပြည်ကို ဂျပန်တွေ သိမ်းသွားပြီဆိုပါတော့"

"ဟော့ဗျာ-ဘိုးဘိုးကြီးက ခုထက်ထိ ဆိုပါတော့ လုပ်နေသေးတယ်၊ ခု ဘိုးဘိုးအိမ်ပေါ်ရောက်နေတဲ့ မဉ္ဇဝတီက ဘိုးဘိုးတို့၊ အဘောင်ရှင်တို့ကို မေးကြည့်လေ။ ဂျပန်တွေက မြန်မာပြည်တင်မက မဉ္ဇဝတီပါ သိမ်းသွားလို့ပဲ ခု မဉ္ဇဝတီက ဘိုးဘိုးတို့၊ အဘောင်ရှင်တို့ ပြေးလာကြရတာ မဟုတ်ဘူးလား"

"ဒါပေမယ့် မြန်မာပြည်အစိုးရက ရှိသေးတယ်ကွ၊ မပျက်သေးဘူး။ အင်္ဂလိပ်က ဆင်းမလားမှာ မြန်မာ့အစိုးရ ရုံးထိုင်တုန်း၊ အိုင်စီအက်(စ်) ဦးတင်ထွတ်လည်း မြင်းစီးပြီး ရုံးတက်တုန်းပဲလေကွာ"

ဦးကြာပန်းနှင့်အောင် ပြောသည်မှာ အမှန်ပင် ဖြစ်သည်။

ဆင်းမလားမှာ မြန်မာပြည် စစ်ပြေးအစိုးရ၏ ရုံးစိုက်ရာမြို့ ဖြစ်သည်။ အရပ်ရှစ်မျက်နှာ ဘယ်ကိုကြည့်ကြည့်၊ ပတ်လည်မှာ စိမ်းမြသော ထင်းရှူးမြိုင်ခြေနှင့် တောင်ခိုးမြူနှင်းတို့ ဝေ့ဆိုင်းခိုနားနေသော တောင်ဆွယ် တောင်တန်းအထပ်ထပ် ဝိုင်းပတ်နေသည်။ ရာသီဥတုမှာ တစ်နှစ်လုံး ချမ်းစိမ့်နေ၏။ ထို့ကြောင့် ဒေသခံများက မီးလှုံသော မီးလင်းဖိုများ အိမ်တိုင်းတွင် ရှိနေတတ်သည်။

အရှေ့ဘက်ကို လှမ်းမျှော်ကြည့်လျှင် အစဉ်အမြဲ နှင်းခမောက်ဆောင်းထားသော ဧဝရတ်တောင့်ထွတ်ကို ကြည်နူးဖွယ် မြင်တွေ့ရသည်။ နံနက် နေထွက်စ,နှင့် ညနေ နေဝင်လုဆဲအချိန်များတွင် နှင်းခဲ နှင်းတောင်များအပေါ် နေရောင်ခြည်ထိုးဟပ်နေသည်မှာ ရွှေတောင်ရွှေထွတ်များပမာ တလက်လက် တဖိတ်ဖိတ်နှင့် သာယာရှုမောဖွယ်ကောင်း၏။ သို့သော် စစ်ပြေး မြန်မာပြည်အစိုးရလူများအတွက်မူ လွမ်းမောစရာပင် ဖြစ်သည်။

ဆင်းမလားမြို့ အနေအထားမှာ တောင်ကုန်း ချိုင့်ဝှမ်း အမြင့်၊ အနိမ့်ကလေးများနှင့် ရှုချင့်စဖွယ် ရှိသည်။ တောင်ကုန်း၊ တောင်ဆင်း အနိမ့်,အမြင့်များသဖြင့်လည်း ဆင်းမလားမြို့တွင် လူလေးယောက်ဆွဲသော လန်ချားကို သုံးကြသည်။ အတက်တွင် အပေါ်က နှစ်ယောက်ဆွဲ၍ အောက်နှစ်ယောက်က တွန်းပေးရသည်။ အဆင်းတွင်လည်း နောက်နှစ်ယောက်နှင့် ရှေ့နှစ်ယောက်ပါ ထိန်းပြီး ဆင်းကြရသည်။

ထို့ကြောင့်ထင်၏။ စက်ဘီး၊ လန်ချား၊ မြင်းများကိုသာ အသုံးပြုကြသည်။ အတွင်းဝန်ဟောင်း အိုင်စီအက်(စ်) ဦးတင်ထွတ်က မြင်းစီး၍ ရုံးတက်သည်။

[ဦးတင်ထွတ်သည် ကိုလိုနီခေတ် မြန်မာတိုင်းရင်းသားများထဲက အိုင်စီအက်(စ်) ခေါ် အိန္ဒိယပဋိညာဉ်ခံ ဝန်ထမ်းအဖြစ် ပထမဆုံး ရွေးချယ်ခန့်အပ်ခြင်းခံရသူ ဖြစ်သည်။ ၁၉၄၆ ခုနှစ်၊ စက်တင်ဘာလ (၂၆) ရက်တွင် ဖွဲ့စည်းခဲ့သော ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ကြားဖြတ်အစိုးရအဖွဲ့တွင် ဦးတင်ထွတ်သည် ဘဏ္ဍာရေးနှင့် အခွန်တော်ဝန်ကြီး ဖြစ်ခဲ့သည်။ ဗိုလ်ချုပ်နှင့်အတူ မြန်မာ့လွတ်လပ်ရေးအတွက် ဦးဆောင်ခဲ့သူလည်း ဖြစ်သည်။

၁၉၄၈ ခု၊ ဇန်နဝါရီလ (၄) ရက်တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိစဉ် ဦးတင်ထွတ်သည် နိုင်ငံခြားရေးတာဝန်ယူခဲ့ပြီး ဩဂုတ်လ (၁၆) ရက်နေ့မှစ၍ ဝန်ကြီးအဖြစ်က နုတ်ထွက်ကာ မြန်မာ့အရံတပ်မတော်တွင် တပ်မင်းကြီးအဖြစ်တာဝန်ထမ်းဆောင်သည်။ ဦးတင်ထွတ်သည် စပတ်လမ်း (ဗိုလ်အောင်ကျော်လမ်း)ရှိ New Time of Burma သတင်းစာတိုက်မှ နေအိမ်သို့ပြန်ရန် ကားပေါ်အတက်တွင် ဗုံးခွဲတိုက်ခိုက်ခြင်းခံရပြီး စက်တင်ဘာလ (၁၈) ရက်နေ့ ည (၇) နာရီ (၃၅) မိနစ်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားသည်။ အောက်တိုဘာလ (၂၉) ရက်နေ့တွင် သက်ဆိုင်ရာက ဦးတင်ထွတ်ကို လုပ်ကြံသူအား ဖော်ထုတ်ပေးနိုင်လျှင် ဆုငွေ ကျပ် (၁၀၀၀၀) ပေးမည်ဟု ကြေညာခဲ့လေသည်။]

ဆင်းမလားမြို့တွင် ထိုစဉ်က မော်တော်ကားဆို၍ မျက်နှာဖြူ ဘုရင်ခံချုပ်ကားနှင့် ပန်ဂျပ် မဟာရာဂျာ၏ကားသာ ရှိသည်။ ထို့ကြောင့်လည်း ဦးတင်ထွတ်က မြင်းစီး၍ ရုံးတက်ရခြင်း ဖြစ်သည်။

"ဆင်းမလားမှာလာပြီး မြန်မာပြည်အစိုးရရယ်လို့ ရုံးစိုက်ထားတာ ဘိုးဘိုး ဘယ်လိုမြင်လဲ ပြောစမ်းပါဦး"

"ဟ- ဒါက ရှင်းနေတာပဲကွ၊ ဆင်းမလားမှာ မြန်မာပြည်အစိုးရအဖွဲ့ရယ်လို့ ဗြိတိသျှဝန်ကြီးအဖွဲ့က ဆက်ထားပေးတာ ဂျပန်တွေ မြန်မာပြည်ကို ဘယ်လောက်မှ ကြာကြာသိမ်းမထားနိုင်ပါဘူး၊ ခေတ္တခဏသာ သိမ်းနိုင်တာပါ၊ မကြာမီ မဟာမိတ်တပ်ပေါင်းစုကြီးကမုချအောင်မြင်ရမယ်၊ ဂျပန်တွေ မကြာမီ မြန်မာပြည်က ပြန်ပြေးကြရလိမ့်မယ် ဆိုတာ ကမ္ဘာကို ပြသထားတာပဲကွ။ အဲဒါကြောင့်လည်း သူတို့က မြန်မာပြည်က သူတို့ ဆုတ်လာတာ အောင်မြင်စွာ ဆုတ်ခွာခြင်းလို့ ရေဒီယိုထဲက ခဏခဏ လွှင့်နေတာ မင်းမကြားဘူးလား"

"ဟား ဟား- အဲဒါပြောတာပေါ့ ဘိုးဘိုးရယ်။ အောက်ကလည်းနေသေး မလျှော့ဘူး ဆိုတာလေ။ ဘိုးဘိုးက အင်္ဂလိပ်လက်အောက် တစ်သက်လုံးနေလာပြီး ခုထိ အင်္ဂလိပ်တွေရဲ့ဉာဉ်ကို မသိသေးဘူး။ ဟိတ်ဟန်ထုတ်တဲ့နေရာမှာ အင်္ဂလိပ်တွေက သေတာတောင် သွားဖြဲပြမယ့်ကောင်တွေဗျ။ မြန်မာပြည်က ခွေးပြေးဝက်ပြေး ပြေးလာကြရတာတောင် အောင်မြင်စွာဆုတ်ခွာခြင်းဟုတ်လား၊ ပြေးရတဲ့လူက အောင်မြင်တယ် ဆိုတာ ရယ်စရာကောင်းပါတယ် ဘိုးဘိုးရာ"

"ကဲ- အောင်ကျော်ဇေယျ၊ နင်တို့မြေးအဘိုးတွေ နိုင်ငံရေးဆွေးနွေးနေကြတာ ဘယ်အချိန်ရှိပြီလဲ။ ထမင်း မစားကြတော့ဘူးလား။ ငါ့အိမ်က အဘိုးကြီးကလည်း မကြီးမငယ်နဲ့ အောင်ကျော်ဇေယျလာရင် ပြောလို့ကို မပြီးနိုင်ကြဘူး။ ကဲ- ရှင်တို့ ဆက်ဆွေးနွေးကြ အကျွန်တို့တော့ မဉ္ဇဝတီက ယောက်ျားကြီးတို့နဲ့ စားနှင့်ကြတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com

ဟု မီးဖိုဆောင်ဘက်ကထွက်လာသော ဦးကြာပန်းအောင်၏ဇနီးကပြောလိုက်သည်။ ထိုအခါမှ ဦးကြာပန်းအောင်နှင့် ဦးအောင်တိုင်တို့ မိသားစုက ညနေစာ ထမင်းစားရန် ထဖြစ်ကြတော့၏။ သို့သော် ဦးကြာပန်းအောင်က-

"အေး- ညကျမှ ငါ့မြေးကို ဘိုးဘိုးဒီစစ်ကြီးနဲ့ပတ်သက်လို့ တွက်ပြဦးမယ်"

ဟု ထမင်းစားရန် ထလာရင်း ပြောလိုက်သေး၏။ ဤသည်ကို ဦးကြာပန်းအောင်၏မိန်းမက-

"ဟင်-အောင်ကျော်ဇေယျ။ နင် ညဒီမှာအိပ်ဦးမယ်။ ဗုဒ္ဓေါ"

ဟု အထိတ်တလန့်နှင့် တမင်နောက်ပြောလိုက်၏။

"အဘွားကလည်း၊ ကျွန်တော်က အဘွားတို့အိမ် မအိပ်လို့ ဟီလီတရိုက်ကတောင်တန်းထဲမှာ သွားတက်အိပ်ရမှာလား။ ခါတိုင်းလည်း အိပ်နေကျကိုး။ ခုက ကန်တော့နော် ဘိုးဘိုး၊ အင်္ဂလိပ်ကျွန်သက်ရှည်နေတဲ့ ဘိုးဘိုးကိုလည်း ချွတ်ရဦးမယ်"

သူ့အဘွား နောက်ပြောမှန်းသိသဖြင့် အောင်ကျော်ဇေယျက သူ့အဘိုးကိုပါ ခလုတ်တိုက်လိုက်သေးသည်။

"နင်- ဘွားဘွားတို့အိမ် အိပ်တာကတော့ အကြောင်းမဟုတ်ပါဘူး၊ အဲတော်ကြာ ဝရမ်းပြေး လက်ခံထားမှုနဲ့ ဘွားဘွားတို့ပါ ဖလောင်းချိတ်အချုပ်ထဲလိုက်နေရပါဦးမယ် လူလေးရယ်"

"အဘွားကြီး၊ အဲဒါ ဘာမှမပူနဲ့၊ ခု အင်ဖာကျပြီဆို မဏိပူကို ဂျပန်တွေဝင်လာတော့မယ်။ ဒီတော့ နီပွန်မာစတာတွေရဲ့ မယားပါသား မင်းမြေးကို ဂျပန်တွေက ဆုတော်လာဘ်တော်တွေ ပေးမယ့်အပြင် မင်းတို့ငါတို့ကိုလည်း သူကောင်းမြှောက်တော့ ငါလည်း အရေးပိုင်ကြီးရာထူးတောင် ပြန်လုပ်ချင် လုပ်နေရဦးမယ်"

ဟု ဦးကြာပန်းအောင်က သူ့မြေးအောင်ကျော်ဇေယျကို ခနဲ့သည်။

မညဝတီက စစ်ပြေးခိုလှုံနေကြသော ဦးအောင်တိုင်တို့ မိသားစုကမူ သူတို့မြေးအဘိုး စကားစစ်ထိုးနေကြသည်ကို ဘေးကထိုင်၍ တဝေါဝေါ ရယ်နေကြရ၏။

ညနေ ထမင်းဝိုင်းမှာ အမျိုးသားတစ်ဝိုင်း၊ အမျိုးသမီးတွေ တစ်ဝိုင်း စားကြသည်။ ဦးကြာပန်းအောင်နှင့် အောင်ကျော်ဇေယျတို့မှာ ထမင်းဝိုင်းမှာလည်း စစ်ကြီးအကြောင်း၊ နိုင်ငံရေးအကြောင်းသာ အချေအတင် ပြောနေကြ၏။ သို့သော် အောင်ကျော်ဇေယျက သဇင်ဖြူ၏မျက်နှာကို ခဏခဏလှမ်းကြည့်တတ်သည်ကိုတော့ ဒေါ်သန္တာဖြူ သတိထားမိသည်။

ထိုအခါ သူ့ညီဇေယျာကျော်ထွန်းပြောသွားသော စကားကိုလည်း သတိရမိ၏။ ရာဇဌာနီတစ်ဝိုက်ရှိ သူတို့ဆွေမျိုးတွေထဲမှာ သူတို့နှင့် ရွယ်တူတန်းတူမိန်းကလေးရှားသဖြင့် ဆွေမျိုးတွေအားလုံးက သဇင်ဖြူကို ဝိုင်းချစ်ကြလိမ့်မည်ဆိုခြင်းမှာ သူသာ မဟုတ်၊ သဇင်ဖြူနှင့် အဆတော်သူ ယောကျာ်းလေးအားလုံးက သဇင်ဖြူကို ဝိုင်းပြီး ပိုးပန်းကြလိမ့်မည်ဟု ပြောသွားခြင်းလား။

ယခုမူ သူတို့နှင့် အဆတော်သူဆို၍ မှတ်မှတ်ရရ နှစ်ယောက်သာ တွေ့သေး၏။ စစ်တကောင်း၊ ဖလောင်းချိတ်၊ သော်ဒလီပါရာတို့မှာ အဆတော်သူကောင်လေးတွေ မည်မျှ ရှိနေဦးမည် မသိသေး။ စစ်တကောင်းမှာဆိုလျှင် ဇေယျာကျော်ထွန်းတို့ ညီအစ်ကို ဝမ်းကွဲတွေလည်း အများကြီး ရှိကြဦးမည်။ သူ့သမီးမှာ ရုပ်ရည်ရူပကာယလည်း ချောမောလှပသူ ဖြစ်သဖြင့် ယောကျာ်းလေးတိုင်းက မျက်စိကျကြမည်မှာတော့ အမှန်ပင်။

ယခုလည်း အောင်ကျော်ဇေယျသည် သဇင်ဖြူကိုပိုးပန်းရန် ရောက်လာခြင်းသာ ဖြစ်ရမည်။ သို့သော် သူ့ညီ ဇေယျာကျော်ထွန်းကတော့ သဇင်ဖြူကို အတိအလင်းပင် ဖွင့်ဟသွားခဲ့ပြီ။ သူ့မိဘတွေကိုလည်း အသိပေးပြီး ကြောင်းလှမ်း၊ မြန်းခိုင်းမည်ဟု သမီးကိုပြောသွားသည် ဆို၏။

အောင်ကျော်ဇေယျနှင့် ဦးကြာပန်းအောင်တို့မှာ ထမင်းစားပြီး လက်ဖက်ရည်ဝိုင်း၊ ညနေပိုင်း အိပ်ရာဝင်သည်အထိ စစ်ကြီးအကြောင်း၊ နိုင်ငံရေးအကြောင်းပြော၍ မပြီးနိုင်ကြ။ ဝမ်းကွဲမြေးအဘိုးဖြစ်သော်လည်း အတော်တော့ ချစ်ကြပုံရသည်။ ဦးကြာပန်းအောင်က အောင်ကျော်ဇေယျအားနောက်လိုက်၊ ပြောင်လိုက်နှင့် သူငယ်ချင်းပေါင်း ပေါင်းသည်ကိုလည်း မြင်နေကြားနေရသည်။

အောင်ကျော်ဇေယျအသံကိုကြားတိုင်း သားကြီး ထွန်းကျော်မင်းကို ဒေါ်သန္တာဖြူက သတိရနေသည်။ ငါ့သားက ဂျပန်တွေဆီမှာဆိုတော့ အောင်ကျော်ဇေယျ စကားသာ မှန်လျှင် အင်ဖာ၊ မဏိပူရထိ ဂျပန်တွေနှင့်ပါလာလေမည်လား။ ရဇပါရာက ဘိုးဘိုးတို့ဆီမှာ စစ်ဘေးခိုလှုံနေကြသည်ကိုတော့ အောင်ကျော်ဦးက သတင်းပို့လိုက်သည်ဟု ဆို၏။ ကိုထွန်းတို့ဆီ သတင်းရောက်မည်ဟု သူ့စာထဲပါသည်။

မတွေးကောင်းတွေးကောင်း အင်ဖာ၊ မဏိပူရတိုက်ပွဲမှာ သားကြီး ဂျပန်တွေနှင့် ပါလာမည်လား။ မိသားစု ရဇပါရာမှာရှိနေကြသည်ဟု သိလျှင် ပါကိုပါလာလိမ့်မည်။ ပါလာ၍ တိုက်ပွဲမှာကျဆုံးသွားလျှင် ဒီကောင် အောင်ကျော်ဦးက သက်သက် မျက်နှာလို မျက်နှာရသတင်းသွားပေးတာ၊ မညဝတီကို ဘေးမသီ ရန်မခ ရောက်လာပြီးမှ ဒီကိုတော့ လိုက်မလာပါစေနှင့်။ ဒီကောင် အောင်ကျော်ဦးကလည်း သဇင်ဖြူကို ပိုးပန်းနေသောအကောင်ပင်။ ထို့ကြောင့်လည်း အကြောင်းမရှိအကြောင်းရှာ၍ ရန်ကုန်တက္ကသိုလ်က ဂျပန်ကြို လိုက်သွားကြကြောင်းအထိ လာပြောသည်။

သူ့မိသူ့ဖတွေနှင့်ပတ်သက်၍ အပြီးဖတား ကြီးကြီးမားမား မရှိသော်လည်း ပါပါ၊ မေမေတို့ လယ်ယာမြေတွေကို သူ့အဘိုး၊ အဘွားတွေက မတရားလုယူဖူးသည်။ ဆွေမျိုးတော်သော်လည်း စိတ်ချင်းက တူကြသည် မဟုတ်။ သားကြီးထွန်းကျော်မင်းအတွက် သူတို့ရည်မှန်းထားကြသူမှာ ဦးကျော်မြ + ဒေါ်စောလှဦးတို့၏သမီး၊ ထွန်းမြဦး၏ညီမ မြသက်စောသာ ဖြစ်သည်။ လူငယ်ချင်း ရည်ငံကြလျှင် သမီးသဇင်ဖြူကိုပါ ထွန်းမြဦးနှင့် တစ်ခါတစ်ခါ ဒေါ်သန္တာဖြူက စိတ်ကူးယဉ်ကြည့်တတ်သည်။

ယခု သဇင်ဖြူကို ဇေယျာကျော်ထွန်းက ဖွင့်ဟ ပြောဆိုသွားပြီ ဆိုတော့ သမီးအတွက် သူက မည်သူ့ကိုမျှ ထည့်စဉ်းစားစရာ မလိုတော့။ ဇေယျာကျော်ထွန်းမှာ ရာထူးရာခံနှင့် ဖြစ်သဖြင့် မိဘဆွေမျိုးများအတွက် ဂုဏ်တက်စရာပင်။ သူ့သမီးမှာ စစ်ပြေးရင်း ရာဇဌာနီရောက်မှ စန်းပွင့်နေသည်မှာ အလွန်ဝမ်းသာစရာ။ ဇေယျာကျော်ထွန်းပြောသလို သူ့မိဘတွေကလည်း သဇင်ဖြူကို မြင်သည်နှင့် ဝိုင်းချစ်ကြမည်မှာ မုချ။

ဒေါ်သန္တာဖြူမှာ တောင်စဉ်ရေမရ တွေးကာ တစ်ညလုံး အိပ်မပျော်။ ဦးကြာပန်းအောင် မင်းမင်းကြီးနှင့် အောင်ကျော်ဇေယျတို့မှာလည်း သန်းခေါင်သန်းလွဲ ရယ်လိုက် မောလိုက်နှင့်



www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံရေးအကြောင်းပြော၍ မပြီးနိုင် ဖြစ်နေကြသည်။ ညဥ့်ဦးက အရှင်ကြီး (ဦးကြာပန်းအောင်၏ဇနီး) ကတော့ 'သူ့မြေးချစ်ရောက်လာတာနဲ့ ရှင့် ဒီနေ့ ရေဒီယိုနားထောင်ဖို့တောင် သတိမရတော့ဘူးမဟုတ်လား' ဟု ညဥ့်ဦးက ပြောသံကြားလိုက်သေး၏။

ထိုညက ဦးကြာပန်းအောင်သည် အောင်ကျော်ဇေယျနှင့် ဘေးချင်းကပ်အိပ်ပြီး စကားပြောနေကြသည်မှာ မိုးများလင်းသွားသည်လားမသိ၊ ဒေါ်သန္တာဖြူကသာ ဟိုတွေးသည်တွေးနှင့် မိုးလင်းပိုင်းမှာ အိပ်ပျော်သွား၏။

❂

နံနက်ထမှာတော့ အောင်ကျော်ဇေယျက-

"မညဝတီက ယောက်ဖနဲ့ ခယ်မလေးကို ဒီမနက် ဂူတာဂျရာကဆိုင်မှာ ဘရိတ်ဖတ်ကျွေးမယ်။ အောက်ချိုင့်က ဆွေမျိုးတွေကိုလည်း မညဝတီက ခယ်မလေး ဘယ်လောက်လှသလဲ၊ ချောသလဲဆိုတာ ကြွားပြ မိတ်ဆက်ရင်းပေါ့"

ဟု ဆိုသည်။

ဤသည်ကို ကိုကျော်သာလှဇနီး မနုဇံဝေက-

"ဂူတာဂျရာက ဈေးကြီးပါဘိနဲ့၊ ဝရမ်းပြေးက ပိုက်ဆံပါလို့လား"

ဟု မေးလိုက်၏။

"မရီးကလည်း၊ ကျွန်တော့်ကို အထင်သေးလိုက်တာ။ ဟိုလီတရိုက်မှာ ကျွန်တော် ဘယ်ဆိုင်ဝင်စားစား အကြွေးတောင် ရပါတယ်ဗျ။ မရီးတို့ ရဇပါရာလောက် စကားထည့်ပြော. . ."

"ဟုတ်မယ်၊ ဟုတ်မယ်။ ညက အမေ့ဆီကပ်ပြီး ငွေဘယ်လောက်တောင်းသွားပြန်လဲ။ အမေ့ကို ငါမေးကြည့်ဦးမယ်"

ဟု ကိုကျော်သာလှက ဝင်ပြောလိုက်၏။

"မေးပါ၊ မေးပါ။ ဒီတစ်ခေါက် အဘွားဆီက ငွေမပြောနဲ့ ချြူတစ်ပြားတောင် မတောင်းပါဘူးဗျာ။ အစ်ကို မညဝတီကလူတွေရှေ့ ကျွန်တော့်သိက္ခာ မတင်စမ်းပါနဲ့"

အောင်ကျော်ဇေယျ၏စကားကို အားလုံး ဝိုင်းရယ်ကြသည်။

"မင်းက အရှက်ရှိတဲ့အကောင်လား၊ ဘာလဲ ခု မညဝတီက လူတွေကို ဂူတာဂျရာမှာ အကြွေးဝယ်ကျွေးမလို့လား"



"ဟာ- အစ်ကိုကလည်း၊ ပိုက်ဆံပါပါတယ်ဆို၊ မယုံလို့လား"

"ဟဲ့- နင့်အစ်ကို ယုံတာမယုံတာ အသာထား၊ အရီးရှင်က ခရိန်းခရာကာ မကြိုက်ပါဘူးပြောလို့ ကန်သာငါးသလောက်ကင်နဲ့ ကောက်ညှင်းပေါင်းထားတယ်။ နင်ပါ စားသွားဦး။ အောက်ချိုင့်က ဆွေမျိုးတွေနဲ့လည်း နင်က ခုမှ မိတ်ဆက်ပေးမယ်ဟုတ်လား။ အောက်ချိုင့်က ဆွေမျိုးတွေ အရီးကြီးတို့ ရောက်ကတည်းက လာလိုက်ကြတာ သန်းခေါင်သန်းလွဲပဲ။ ဆွေမျိုးတွေမကဘူး ဗမာတွေပါ လာမိတ်ဆက်ကြလို့ ငါတို့မှာ အိပ်ရေးတောင် ပျက်ရတယ်ဟဲ့ ဝရမ်းပြေးရဲ့"

မနုဇံဝေ၏စကားကို အားလုံးက ဝိုင်းရယ်ကြသောအခါ အောင်ကျော်ဇေယျလည်း ရယ်နေသည်။ ပြီးတော့မှ-

"ဒါဆိုလည်း အထူးအဆန်းပဲ။ မရီးလက်ရာကို စားဖူးတယ်ရှိအောင် စားရ. . ."

"ဩော်- နင် ငါ့လက်ရာကို မမြိုဘူး၊ မစားဘူးတဲ့လူကိုး။ သနားစရာပဲ၊ ကျွတ်. . . ကျွတ်"

"ကျွန်တော် ရဇပါရာကို မရောက်တာ တစ်လတောင်ကျော်ပါပြီဗျ။ မေ့ရောပေါ့"

"အေး- ဟုတ်တယ်၊ အဲဒါကြောင့် ပါပါကတော့ မင်းကို စစ်တကောင်းအချုပ်ထောင်ထဲ ထောင်ဝင်စာတောင် သွားတွေ့ကြပါလား ပြောနေတာ"

ဟု ကိုကျော်သာလှက ဆိုလိုက်ပြန်သည်။

မညဝတီက ဦးအောင်တိုင်တို့မိသားစုနှင့် လူကြီးတွေကတော့ ညီအစ်ကိုနှင့် မရီး မတ်တို့ အချေအတင်ပြောနေကြသည်ကို ဝိုင်းရယ်ပေးနေကြ၏။

ထိုအချိန်မှာပင် အောက်ချိုင့်က ဆွေမျိုး ကိုသာဇံဦးတို့လင်မယား အိမ်ပေါ်တက်လာကြသည်။ ဤသည်ကို ကိုကျော်သာလှ၏ မိန်းမက အောင်ကျော်ဇေယျကို မေးထိုးပြပြီး-

"နင်ကပဲ မိတ်ဆက်ပေးရအောင်၊ တွေ့တယ်မဟုတ်လား"

ဟု ပြောလိုက်သည်။

ထိုအခါ ကိုသာဇံဦး၏မိန်းမက-

"ဟာ- ငါ့မောင်ကြီး မင်းလောင်းလည်း ရောက်နေတာကိုး"

ဟု ရယ်ပြီး ပြောပြန်၏။

ကိုသာဇံဦးကတော့ ဦးအောင်တိုင်တို့မိသားစုကို-

"အခင်ကြီးတို့၊ အရီးရှင်တို့ရောက်နေကြတယ်ဆိုတာ ဘဇ်ဒရာဘင်က အမျိုးတွေ ပြောလိုက်တယ်။ ကျွန်တော်တို့ တောင်ပေါ်က ဆေးခင်းရောက်နေကြတာနဲ့ မနေ့ညနေကမှ ရွာကို ပြန်ရောက်ကြတာ"

ဟု သူတို့ စောစောလာမတွေ့ဖြစ်သည့်အကြောင်း ပြောပြနေသည်။ ထိုအခါ စကားက နှစ်စုနှစ်ဝိုင်းဖြစ်သွားပြန်၏။ ဦးအောင်တိုင်တို့မိသားစုနှင့် ကိုသာဇံဦးတို့က တစ်ဝိုင်း၊ ကိုသာဇံဦး၏မိန်းမ စိန်မြဦးနှင့် အောင်ကျော်ဇေယျ၊ ထွန်းကျော်လင်းတို့ မောင်နှမ လူငယ်တွေက တစ်ဝိုင်း ဖြစ်သည်။

လာလာချင်း သူ့ကို သရော်သလို ပြောလိုက်သော မစိန်မြဦးကို အောင်ကျော်ဇေယျက-

"အစ်မကတော့ လုပ်ပြန်ပြီ"

ဟု ရှက်ရှက်နှင့် ပြောလိုက်၏။

"ဟဲ့- ငါပြောတာ နင့်ကို သရော်တယ်ထင်လို့လား။ နင့်အမေက စစ်တကောင်းမှာ နင်တစ်ခါ အချုပ်ကျတုန်းက ငါတို့အိမ်လာလို့ ပြောသွားတယ်။ နင့်ကိုကိုယ်ဝန်ရှိတုန်းက ကြယ်တွေ၊ လတွေကို ခဏ ခဏ အိပ်မက်ထဲ မြင်ရတယ်တဲ့။ အိပ်မက်တိတ္ထုံကျမ်းမှာတော့ မင်းနဲ့တူတဲ့သားကို ရမယ်လို့ နင့်အမေက ပြောတော့ ပါပါက ဖြစ်နိုင်ပါတယ်၊ မင်းဆိုတာ ရန်သူမျိုးငါးပါးထဲမှာ ပါတယ်၊ ခုနင်တို့ ဒီကောင့်အတွက်နဲ့ရှေ့လျှောက် ဘယ်လောက် ဒုက္ခရောက်ကြဦးမယ်၊ ဘီအေတန်းရောက်နေပြီး ဘွဲ့ရအောင် မကြိုးစားဘူးလို့ နင့်အမေကို ပါပါ



www.burmeseclassic.com

www.burmeseclassic.com

ပြောလိုက်ပါပကော”

“ကျွန်တော်က အင်္ဂလိပ်ခွေးလည်ပတ်နဲ့ လတ်လျားလတ်လျားနေချင်တာမှ မဟုတ်တာ၊ အစ်မသိပါတယ်”

“သိတာပေါ့ဟဲ့၊ ယောက်မခမျာမှာတော့ မျက်ရည်နဲ့မျက်ခွက်။ နင် အိမ်မပြန်တာ ဘယ်လောက်ကြာပလဲ။ ပါပါက နင့်ကိုအမြင်ကတ်တာနဲ့ ယောက်မကို ပြောလိုက်တယ်၊ ဒီ. . .”

“မေမေ့ကို အဘာချေ (ဦးလေး) က ဘာပြောလိုက်လို့လဲ”

“ဘာပြောရမလဲ၊ ငါ့ဝရမ်းထုတ်ဖမ်းပြီးမှ စစ်တကောင်းအချုပ်မှာ နင့်သားကို သွားတွေ့ ပြောလိုက်တာပေါ့။ နင့်ကိုတွေ့ရင် ပြောနေရတာနဲ့ မြဲဝတီက အရှင်ကြီး (ကြီးကြီး) တို့ကိုတောင် မျက်နှာမပြရသေးဘူး”

ဟု ပြောပြီး အောင်ကျော်ဇေယျကို နောက်ခိုင်းသွားသည်။

မစိန်မြဦး လူကြီးတွေစကားဝိုင်းဝင်သွားသည်နှင့် အောင်ကျော်ဇေယျက-

“မရီးချစ်၊ လုပ်ပါဦး။ ကန်သာ ငါးသလောက်ကင်နဲ့ ကောက်ညှင်းပေါင်းဆို၊ စားဦးစားဖျား ကျွန်တော်တို့ကို အရင်ဦးချလေဗျာ။ လူကြီးတွေက တစ်သက်လုံး စားလာတာ များနေပြီ။ ကျွန်တော်တို့ ကလေးတွေက ခုမှ စစားဖို့ နိဒါန်းပျိုးကြတုန်း။ လာ- ယောက်ဖ၊ ဖြူဖြူလာ၊ သွားစားရအောင်”

မတ်တတ်ရပ်နေသော မနုဇ်ဝေကို လက်ဆွဲကာ မီးဖိုဆောင်ဘက် ဆွဲခေါ်သွားသည်။ ဤသည်ကို ဦးကြာပန်းအောင်က လှည့်ကြည့်ပြီး ‘ဒီကောင်ကတော့’ ဟု ပြောကာ ရယ်နေ၏။ အောင်ကျော်ဇေယျက ခေါ်သော်လည်း ထွန်းကျော်လင်းတို့ မောင်နှမမှာ ချက်ချင်းထလိုက်မသွားဘဲ နေနေကြသည်ကို ကိုကျော်သာလှကပါ-

“ကဲ- ကိုငယ်တို့၊ ဖြူဖြူတို့၊ သွားစားလိုက်ကြ။ ဝရမ်းပြေးပြောသလို စားဦးစားဖျားပေါ့”

ဟု ရယ်ပြီး ပြောလိုက်မှ ထွန်းကျော်လင်းတို့မောင်နှမက မတ်တတ်ထကြသည်။ ထိုအချိန်မှာပင် ကိုကျော်သာလှမိန်းမကလည်းလှမ်းခေါ်ရာ ကောက်ညှင်းပေါင်းစားရန် မီးဖိုဆောင်ဘက်ဝင်လာကြ၏။ ကိုကျော်သာလှ၏ မိန်းမကတော့ ကောက်ညှင်းပေါင်းနှင့် ငါးသလောက်ကင် ပန်းကန်များကို အပြင်ရှိ လူကြီးဝိုင်းကို သွားချပေးနေသည်။

စားသောက်နေကြစဉ်မှာလည်း အောင်ကျော်ဇေယျက ထွန်းကျော်လင်းတို့ မောင်နှမကို အဖိလေးတို့ သော်ဒလီပါရာကို ရောက်ကြပြီးပလား၊ မရောက်သေးလျှင် သူလိုက်ပို့မည်။ ဟီလီတရိုက်က တောင်ပေါ် ပရဆေးခင်းတွေကိုလည်း လိုက်ပို့ပေးမည် စသည်ဖြင့် ရွှန်းရွှန်းဝေအောင် ပြောနေစဉ် ခြံထဲတွင် သွားကစားနေကြသော ကိုကျော်သာ၏ ကလေးနှစ်ယောက်က အိမ်ပေါ်ပြေးတက်လာပြီး ‘ရာဇပုတ်တစ်ယောက်လာတယ်’ ဟု လူကြီးတွေကို ပြောသံကြားလိုက်သောအခါ အောင်ကျော်ဇေယျ ချက်ချင်းထ၍ တံခါးဝက ချောင်းကြည့်လိုက်သည်။ ပြီးတော့မှ အပြင်ထွက်သွား၏။

စက်ဘီးနှင့်လာသူ ပုလိပ် (ရဲ) မှာ ဦးအောင်တိုင်တို့ကို နှုတ်ဆက်ရန်လာသူ ဟာလဘင်းမှ ရခိုင်အမျိုးသားတစ်ယောက် ဖြစ်သည်။ သူက ဦးအောင်တိုင်တို့ကို-

“မြဲဝတီက အခင်ကြီးတို့၊ အရီးရှင်တို့ကို သွားတွေ့လိုက်ပါဦးလို့ ပါပါက ပြောလို့ ယစ်မျိုးဝန်ထောက်ကားနဲ့လိုက်လာတာ။ ကျွန်တော် ဦးရွှေဒေါင်းမောင်သားပါ”

ဟု သူ့ကိုယ်သူ မိတ်ဆက်သည်။

အမျိုးမဟုတ်သော်လည်း သူ့အဖေနှင့် ဒေါ်ကြာဦးဖြူတို့မှာ ငယ်စဉ်က ပန်းဝါတွင် ကျောင်းနေဖက်ဟု ဒေါ်ကြာဦးဖြူက သိနေ၏။ ထို့ကြောင့် သူ့အမေကို မေးရာ ဆုံးသွားတာ သုံး၊ လေးနှစ်ရှိပြီဟု ပြောသည်။ သူ့အဖေကလည်း ကောင်းကောင်းမကျန်းမမာဟု ဆိုသည်။ ဒေါ်ကြာဦးဖြူကို တွေ့ချင်သော်လည်း မလာနိုင်တော့သဖြင့် သတင်းကြားသည်နှင့် သူ့ကိုလွှတ်လိုက်ကြောင်းပြောသည်။

ထိုသူက မြို့ပိုင်လေး ဇေယျာကျော်ထွန်းကို ချက်ကာရီယာမှာ တွေ့ခဲ့ကြောင်း၊ သူလည်း ရဇပါရာကို နောက်သုံး၊ လေးရက်တွင် သွားစရာရှိကြောင်း ပြောလိုက်သည်ဟု ပြန်ပြောပြသည်။ ထိုသူက ပြန်ခါနီးတွင် ‘ဆွေမျိုးတွေကိုတွေ့ရတာ ဝမ်းသာကြောင်း’ ပြော၏။ ဤသို့ ပြောချင်းမှာ ဆွေမျိုးတော်တော်၊ မတော်တော် သူတို့က ရခိုင်ဆိုသည်နှင့် ဆွေမျိုးဟုသဘောထားကြောင်းကို ဆိုလိုသည်။

လူကြီးတွေနှင့် စကားပြောနေကြသည်ကို မတ်တတ်ရပ်ကြည့်နေသော အောင်ကျော်ဇေယျက ထိုရဲသားကို-

“မင်း ခု ဘယ်ပြန်မလို့လဲ”

ဟု မေးလိုက်၏။

“ဖလောင်းချိတ်ကို ပြန်မယ်လေ အစ်ကို၊ ယစ်မျိုးဝန်ထောက်ကားနဲ့ ညနေ ဟာလဘင်းကို ပြန်လိုက်ရမယ်။ အစ်ကိုနေကောင်းတယ်နော်”

ဟု တလေးတစားပြောသည်ကို အောင်ကျော်ဇေယျက-

“အေး- ကောင်းပါတယ်၊ မင်း ဘယ်မှာမှ တောရပြောတောင်ပြောတော့ မပြောနဲ့နော်။ ငါ ဒီက. . .”

“ဟာ- အစ်ကိုကလည်း”

ဟုသာ ပြောပြီး ဟာလဘင်းရဲသားက ကမန်းကတန်း ဆင်းချသွားသည်။

ထိုအခါ ဦးကြာပန်းအောင်က-

“ဘာလဲ ငါ့မြေး၊ ဒီကောင်က သတင်းပေးမှာ စိုးလို့လား”

ဟု မေး၏။

“မဟုတ်ပါဘူး ဘိုးဘိုးရာ၊ ဒီကောင်က ခု သူ့ပခုံးမှာ တစ်ဖတ်ပဲရှိလို့ ကျွန်တော့်ကို နှုတ်ဆက်ရဲတာ။ နှစ်ဖတ်၊ သုံးဖတ်သာရှိရင် ဘိုးဘိုးမြေးမျက်နှာကိုတောင် ကြည့်ရဲမယ့်ကောင်မှ မဟုတ်တာ”

ဟု အောင်ကျော်ဇေယျ ပြောသည်ကို ဦးကြာပန်းအောင်က ရယ်နေ၏။ ကိုကျော်သာလှ၊ မနုဇ်ဝေ၊ မစိန်မြဦးတို့ကတော့ မဲ့ရွဲ့ပြုကြပြီး-

“ဖြဟ္မာ့ခေါင်းကြီးနော်၊ နင် စားသောက်ပြီးရင် ပြန်တော့ဟာ။ ရာဇပုတ်က နင့်အနံ့ရလို့ တမင်ဟန်ဆောင်လာတာလားမှ မသိတာဟယ်”

ဟု မနုဇ်ဝေက ပြောသည်ကို အောင်ကျော်ဇေယျက-

“မရီးကလည်း၊ ထမင်းကုန်ဖို့ ကြောက်နေလိုက်တာ”

“ဟဲ့- နင်ဒုက္ခရောက်မှာစိုးလို့ ငါ ပြောတာ။ ဟိုတုန်းကတော့ တစ်ပတ်ကိုးသီတင်း အိမ်နေပင်စောက်၊ စားသောက်နေပြီး ခုမှ နင်က. . .”

“ခုလည်း မပူနဲ့၊ မြဲဝတီက အမျိုးတွေနဲ့ ဒီမှာ တစ်ပတ်ကိုးသီတင်းမကနေချင်နေမှာ”

“ဟိုက်- ဗုဒ္ဓေါ”

မနုဇ်ဝေက မျက်ကလူးဆန်ပျာ အတည်ပေါက် နောက်လိုက်သောအခါ အားလုံး ဝိုင်းရယ်ကြသည်။

အမှန်တကယ်လည်း အောင်ကျော်ဇေယျသည် ရဇပါရာတွင် သူ့အဘိုးနှင့် နိုင်ငံရေးဆွေးနွေးနေလိုက်၊ ဦးအောင်တိုင်တို့မိသားစုနှင့် ထွေရာလေး



www.burmeseclassic.com

www.burmeseclassic.com

ပါးပြောလိုက်၊ ရေဒီယိုနားထောင်လိုက်၊ ခါတ်စက်ဖွင့်လိုက်နှင့် သုံး၊ လေးရက်အကြာမှာ ဇေယျာကျော်ထွန်း ရောက်လာသည်။ တစ်နာရီလောက်သာ နေခဲ့၏။ ဟာလဘင်းက ရဲသား ပြောသွားသလို အလုပ်ကိစ္စနှင့် ဖလောင်းချိတ်ကိုလာရင်း ခဏတစ်ဖြုတ် ဝင်လာပုံရသည်။ ပြန်ခါနီးတွင် အောင်ကျော်ဇေယျကို-

"အစ်ကို မပြန်သေးဘူးလား၊ ကားနဲ့ လိုက်ခဲ့ပါလား"

ဟု ပြော၏။

"ဘယ်လဲကွ၊ ဖလောင်းချိတ် အချုပ်ထဲကိုလား"

"အစ်ကို နေချင်ရင် ရပါတယ်၊ ကျွန်တော် ပို့ထားခဲ့မယ်လေ"

"အေး- ကောင်းသားပဲကွ၊ ဒီမှာ မင်းမရှိး ကပ်စေးနှဲမကလည်း ငါ့ကို ဆန်ကုန်မြေလေး ထင်နေတော့ မင်းနဲ့ လိုက်တာကမှ ကောင်းဦးမယ်။ အချုပ်ဆိုတော့ အစားအသောက် မပူရဘူးပေါ့"

ဟု မနုဇံဝေကိုပါ ခလုတ်တိုက်ကာ အထုပ်အပိုးပြင်ပြီး ဦးအောင်တိုင်တို့ မိသားစုကို နှုတ်ဆက်ပြီးသည်နှင့် ဇေယျာကျော်ထွန်းကားပေါ် ပြေးတက်သွားသည်။

ဇေယျာကျော်ထွန်းလည်း ယခင်ကလို သိပ်ရွှင်ရွှင်ပျပျ မဟုတ်သည်ကို သတိထားမိလိုက်ကြသော ဦးအောင်တိုင်တို့မိသားစုက ရုတ်တရက် စိုးရိမ်စိတ်ဝင်မိကြ၏။ အောင်ကျော်ဇေယျရောက်စ,နေ့ကပြောသလို တကယ်ပင် အင်ဖာ ဂျပန်လက်ထဲကျသွားပြီး မဏိပူရကိုပင် ဂျပန်တွေ ဝင်လာပြီမို့ ဇေယျာကျော်ထွန်း စိတ်ခတ်ကျနေတာလား သို့မဟုတ် ကာလကတ္တားကျောင်းသားဝရမ်းပြေး သူ့အစ်ကိုကို အကာအကွယ်ပေးထားတာ အထက်လူကြီးတွေ သိသွား၍ အောင်ကျော်ဇေယျကို ဖမ်းခိုင်းလိုက်တာလား စသည်ဖြင့် စိုးရိမ်သွားကြသည်။

အောင်ကျော်ဇေယျနှင့် ဇေယျာကျော်ထွန်းတို့အကြောင်းကို သိပြီးသားဖြစ်ကြသော ဦးကြာပန်းအောင်တို့ မိသားစုကမူ ညီအစ်ကိုနှစ်ယောက် နောက်နောက်ပြောင်ပြောင် ထွက်သွားကြသည်ကို ရယ်၍သာနေလိုက်ကြ၏။

❂

စိန်မြှောင်ဘုရားပွဲကို လိုက်ပို့ပေးမည်ဆိုသော အောင်ကျော်ဇေယျတော့ ပေါ်မလာ။ သူပြောသွားသလို အင်ဖာကျသွား၍ ဂျပန်ကြိုများသွားနေသလားဟုပင် ဦးအောင်တိုင်တို့မိသားစုက ထင်နေကြသည်။ အောင်ကျော်ဇေယျကို သတိရနေကြချိန်မှာပင် ဇေယျာကျော်ထွန်းတို့မိသားစု ရောက်လာကြသည်။

ဦးပညာကျော်တော့ လက်ခနောင်းရောက်နေသဖြင့် ပါမလာ၊ သူ့ဇနီး ထရီဇာဗီနှင့် သူ့အမေ ပဂ္ဂီမြတ်ထွန်း၊ သူ့သား ဇေယျာကျော်ထွန်း၊ တေဇာကျော်ထွန်းတို့ ပါလာကြသည်။ သူ့သား၊ သူ့မြေး ဇေယျာကျော်ထွန်းက ကြိုပြောထား၍လားမသိ၊ သူတို့မိသားစုကို ဆင်းကြိုကြသော ဦးအောင်တိုင်တို့မိသားစုထဲမှ ပဂ္ဂီမြတ်ထွန်းနှင့် ထရီဇာဗီတို့ကတော့ သဇင်ဖြူကို အထူးဂရုစိုက်ကြည့်ကြသည်ကို ဦးအောင်တိုင်တို့မိသားစုကလည်း သတိထားမိလိုက်ကြသည်။

ဒေါ်ပဂ္ဂီမြတ်ထွန်းက ဒေါ်ကြာဦးဖြူကိုဖက်ပြီး-

"ယောက်မကြီးတို့ သတင်းကို ပဂ္ဂီတို့ အမြဲနားစွင့်နေကြပါတယ်။ ဖားသားအင်(န်)လောကလည်း ခအိုကြီးတို့၊ ယောက်မကြီးတို့ မိသားစုကို သိပ်တွေ့ချင်နေပါတယ်။ ကျန်းမာရေးမကောင်းလို့သာ၊ ဒါတောင် ဖားသားအင်လောက သိပ်လိုက်လာချင်တာ"

ဟု ပြောသည်။

သူ့ယောက္ခမဖြစ်သူ ဦးကြာပန်းအောင်အား အင်္ဂလိပ်လို ပြောလိုက်သည်ကို ဦးသခင်ကျော်က အတွေးတစ်ခု ဝင်သွား၏။ ဟိုလီတရိုက်က အမျိုးများနှင့် ခပ်စိမ်းစိမ်းနေနေသည်ဆိုခြင်းမှာ ဤအဒေါ်ကြီး၏ အပြောအဆိုကြောင့်လည်း ဖလောင်းချိတ်က အမျိုးများဆီ အတင်းပြောခြင်းခံနေရခြင်းဖြစ်မည်ဟု မှတ်ချက်ချမိ၏။

ဦးပညာကျော်၏မိန်းမ၊ ဇေယျာကျော်ထွန်း၏အမေ ဒေါ်ထရီဇာဗီကတော့ သူ့ယောက္ခမထက် အကင်းပါးပုံရ၏။ အားလုံးကို ရခိုင်လိုပင် ခေါ်ပြော၍ ဦးအောင်တိုင်တို့မိသားစုနှင့် မတွေ့ဖူးကြသေးသော သူ့သားငယ် တေဇာကျော်ထွန်းနှင့် မိတ်ဆက်ပေးသည်။ သူ့သားငယ် တေဇာကျော်ထွန်းက သဇင်ဖြူတို့ အဖေ၊ အမေကို အန်ကယ်(လ်)၊ အန်တီ ခေါ်သည်ကိုပင်-

"ဒါ ခေညဝတီက သားအခင်ကြီးလေ၊ ဒါက အရီးရှင်။ သူ့ကို မရီးတော်တယ်"

ဟု တစ်ယောက်စီကို ပြောပြပြီး-

"အဘောင်ရှင်တို့၊ အဘိုးလေးတို့ကိုလည်း မှတ်ထားနော်"

ဟု ခေညဝတီသားတွေ၏အမျိုးအစားရေးကို နားလည်သဖြင့် အမျိုးတွေရှေ့ ဆွေမျိုးတော်စပ်သလိုခေါ် ဆိုရမည်ကို သူ့သားငယ် နားလည်ထားအောင် ပြောလိုက်ပုံရသည်။ ထို့ကြောင့်လည်း ထရီဇာဗီကို ဖလောင်းချိတ်အမျိုးများက သူ့မိန်းမကမှ တော်သေးတယ်၊ ထမင်းစားပြီးမှ ပြန်ကြပါလားလို့ ပြောဖော့ရတယ်ဟု ဆိုခြင်း ဖြစ်မည်။ အဘွားကြီးဒေါ်ပဂ္ဂီမြတ်ထွန်းကမူ နှုတ်ကျိုးနေ၍လားမသိ၊ ဦးအောင်တိုင်တို့မိသားစုနှင့် သူတို့မိသားစုစကားဝိုင်းထဲ လာထိုင်သော သူ့ယောက်ျား၏အစ်ကို အိမ်ရှင် ဦးကြာပန်းအောင်ကိုလည်း-

"ဗြာသာတော့ ခေညဝတီက ဆွေမျိုးတွေကို ငွေရလို့ တပြုံးပြုံးဖြစ်နေတာပေါ့"

ဟု နှုတ်ဆက်စကားဆိုသည်။ ဦးကြာပန်းအောင်ကလည်း သူ့ခယ်မကို-

"အမှန်ပဲ ပဂ္ဂီရယ်၊ ခေညဝတီကဂျပန်တွေ ဗုံးလာကြဲနေကြပြီ ကြားကတည်းက ငါ့မှာ တစ်နေ့မှ စိတ်မအေးရဘူး။ ဖလောင်းချိတ်နဲ့ ရဇပါရာတို့ ချောင်းပေါက်မတတ်ဘဲ။ ခုတော့ ငါ့နှမများ မသေမပျောက်ရောက်လာကြမှ စိတ်တိုးတိုးချနိုင်တော့တယ်"

ဟု ပြောသည်ကို ဒေါ်ပဂ္ဂီမြတ်ထွန်းက-

"အိမ်က ဒါလင်လည်း ဗြာသာလိုပဲ။ ဒီကိုရောက်နေကြပြီလို့ သူ့မြေး ဇေယျာက ပြောတော့မှ သူ့မြေးကိုဖက်ပြီး ယောက်မကြီးတို့အကြောင်း မေးမဆုံးဖြစ်ကျန်ခဲ့တာ။ အဲဒါ ခု ပဂ္ဂီတို့အပြန်မှာ စစ်တကောင်းကိုရအောင်ခေါ်လာကြဖို့လည်း မှာလိုက်တယ်။ မောင်သခင်ကျော် စစ်တကောင်းရောက်လာတုန်းကလည်း ကမ်းသာက အဖော်တွေနဲ့ သတင်းမေးပြီး ပြန်သွားတယ်ဆိုတာ အိမ်မဝင်ခဲ့ရကောင်းလားလို့ တဗျစ်တောက်တောက် ခုထိ ပြောမဆုံးဘူး အမျိုးမဟုတ်တဲ့အတိုင်းပဲ၊ ဒီကောင်ဘာများ အရေးကြီးနေလို့လဲလို့လည်း ကြိမ်းနေတယ်နော်"

ဟု ရေပက်မဝင် ပြောတော့၏။

(ဆက်ရန်)

ဗိုးရေး...



www.burmeseclassic.com

www.burmeseclassic.com

# မြွေဘေး၊ကင်းဘေး အန္တရာယ်ကင်းစေချင်

ဝေစည်(ရွှေဘို)



ခန္ဓသုတ်ပရိတ်တော်ကို အိတ်ဆောင်စာအုပ်လေးတွေလုပ်ပြီးတော့ သာရေး၊ နာမှုများတွင် ဝေငှဒါနပြုချင်သည်ဟု အမေက မကြာခဏ ပြောပါသည်။

"ခန္ဓသုတ်ပရိတ်တော်က ဆယ်စောင်တွဲမှာ ပါပြီးသားပဲ အမေ။ ဖတ်ချင်တဲ့သူက ဖတ်လို့ရတာပဲ။ ရွတ်ဆိုပူဇော်ချင်တဲ့သူကလည်း ဆယ်စောင်တွဲစာအုပ်ကြည့် ရွတ်ဆို ပူဇော်လိမ့်မယ်ပေါ့"

ဟု ကျွန်မတို့ မောင်နှမများက ကန့်ကွက်ကြပါသည်။

အမေကတော့ အမေပါပဲဟု ပြောရမည်ထင်သည်။ အိတ်ဆောင်စာအုပ်လေးအရွယ်စာအုပ်လေး လုပ်ဖြစ်သွားပါသည်။ ထိုစာအုပ်လေးထဲတွင် မြွေကိုက် (ပိုးထိသည်ဟု ကျွန်မတို့အရပ်တွင် သုံးပါသည်။) ပြီး ဆေးရုံမရောက်မီ သေဆုံးကြသူများ၊ ဆေးရုံအရောက် နောက်ကျ၍ သေဆုံးရသူများကို အမေက မျက်မြင်ကိုယ်တွေ့မြင်နေသောကြောင့် ခန္ဓသုတ်တော်ကို လူတိုင်း ရွတ်ဆိုပူဇော်စေချင်သည့် အမေ့ဆန္ဒကို ထုတ်ဖော် ရေးသားလိုက်ပါသည်။

ခန္ဓသုတ်တော်ကို ရွတ်ဆို ပူဇော်သဖြင့် မြွေဘေး၊ ကင်းဘေးမှ ကင်းဝေးခဲ့ရသည့် အမေ့ကိုယ်တွေ့ဖြစ်ရပ်များပါ ရေးထားပါသည်။ သို့သော် ခန္ဓသုတ်ဆိုတာ ကြားတောင်မကြားဘူးရှာသော အမေ့သူငယ်ချင်းမတို့သားအမိအဖြစ်က အမေ့နှလုံးသားဝယ် အနာထင်ခဲ့တာကြောင့် ဤမျှ ကြိုးစားပြီး လုပ်နေတာပါလားဟု ကျွန်မတို့ သိကြရလေသော အခါ. . . ။

*

ကျွန်မအမေတွင် ငယ်သူငယ်ချင်းမ တစ်ယောက်ရှိပါသည်။ သူငယ်ချင်းတွေ အများကြီးရှိသည့်အထဲတွင် မပွဲမှီ ဆိုသော သူငယ်ချင်းက အမေ့အချစ်ဆုံး အခင်ဆုံးဖြစ်သည်ဟုထင်ပါသည်။ မပွဲမှီက ဖတဆိုးလေး ဖြစ်ပါသည်။ မိခင်ဒေါ်သီးသာလျှင် အားကိုးအားထားရှိပါသည်။ ဒေါ်သီးက ပေါင်းနုတ်၊ ကောက်စိုက်၊ စပါးရိတ်၊ နှမ်းရိတ်၊ မြေပဲနုတ် စသော လယ်ကူလီလုပ်ရပါသည်။ သူသမီး မပွဲမှီကို ဘိုးသာပြန့်ကျောင်းမှာထားပေးသည်။ ထိုခေတ် (၁၉၅၄) က မူလတန်းကျောင်းများ ပိတ်၍ဖြစ်ပါသည်။

ကျွန်မအမေက မူလတန်းကျောင်းတွေဖွင့်သောအခါ ထိုကျောင်းသို့ပြောင်းနေသည်။ မပွဲမှီက ဘိုးသာပြန့်ကျောင်းမှာပင် စာရေး၊ စာဖတ်တတ်နေပြီဆိုပြီး ကျောင်းထွက်လိုက်ပါသည်။ သူတို့သားအမိနှစ်ယောက် နေ့စားအလုပ်သမားလုပ်ကြပါသည်။ ကောက်စိုက်၊ စပါးရိတ်၊ ပဲရိတ်၊ နှမ်းရိတ်လိုက်ပြီး နှစ်ဝမ်းနှစ်ခါးဖြေရှင်းကြရသည်။ မပွဲမှီတို့သားအမိကို ရပ်ရွာမှ ကရုဏာသက်ကြသဖြင့် အငှားအရမ်းခေါ်သူ များကြပါသည်။ မပွဲမှီက မြွေအလွန်ကြောက်ရှာပါသည်။



www.burmeseclassic.com

www.burmeseclassic.com

သူတို့စပါးရိတ်လိုက်သောလယ်နှင့် တစ်ဆက်တည်းလယ်ထဲမှာ စပါးရိတ်နေသော အလုပ်သမားထွန်းရင်အား လက်ကောက်ဝတ်ခန့်ရှိသော မြွေပွေးကိုက်လိုက်သဖြင့် သေဆုံးသွားရတာကို မျက်စိထဲမှမထွက်။ မြွေကို တွေးကြည့်ရုံနှင့် ကြောက်တတ်နေရှာသည်။

မပွဲမှီက သူ့အမေကို ဈေးရောင်းကြဖို့ အကြံပေးသည်။ အမေဖြစ်သူကလည်း သမီးမြွေကြောက်တာနှင့် ရောဂါရတော့မှာပဲဟု သဘောပေါက်ပြီး ဈေးသည်လုပ်ကြရှာသည်။ အရင်းလုံးဝမစိုက်ရသော ရွာမှထွက်သည့် ငှက်ပျောသီး၊ ခရမ်းသီး၊ ပဲသီး၊ ဘူးသီး၊ ချဉ်ပေါင်ရွက်၊ ဘူးရွက်၊ ဆူးပုပ်ရွက်တို့ကို ပြန်ခါချေ (ရောင်းပြီးပြန်လာမှငွေပေးချေခြင်း) စနစ်ဖြင့် ဝယ်ပြီး ရွာမှ လေး၊ ငါးမိုင်ခန့်ဝေးသောရွာများသို့ သွားရောင်းကြရသည်။

အသီးအနှံ ခူးရဆွတ်ရ စည်းနှောင်ရ၊ ထုပ်ပိုးရတာက တစ်ရက်ကုန်သွားပြီး နောက်နေ့နံနက် ညောင်ပင်ကျောင်းမှ ခေါင်းလောင်းထိုး (နံနက်လေးနာရီအချိန် ဖြစ်ပါသည်။) တာနှင့် သားအမိနှစ်ယောက် ကပျာကယာထကြ၏။ ယမန်နေ့က ပိုချက်ထားသော ထမင်းကြမ်းနှင့် ငါးပိဖုတ်၊ မန်ကျည်းသီးထောင်းတို့ကို ချိုင့်လေးနှင့်ထည့်ပြီးယူသွားကြ၏။ သူတို့သားအမိက အုတ်ရှစ်ကျေးရွာသို့မရောက်မီ လမ်းတစ်ဝက်မကျီးပင်ဇရပ်၌နားပြီး ထမင်းစားကြ၏။ ထမင်းမစားမီ ချိုင့်ဖုံးလေးထဲ ထမင်းဦး၊ ဟင်းဦးထည့်ပြီး ဆွမ်းတော်ကပ်လိုက်ကြသေး၏။ စားပြီးမှ ကျီးစာ၊ ငှက်စာကျွေးကြ၏။

ရွာထဲတွင် လှည့်လည်ရောင်းကြရသဖြင့် ဒေါ်ခင်ရှန်တို့အိမ်က အမြဲတမ်းဖောက်သည် ဖြစ်၏။ သူတို့သားအမိအား သနားကရုဏာရှိသောကြောင့် အမြဲတမ်းဈေးဝယ်၏။ နေ့လယ်ခင်းစာနှင့် ညနေစာပါကျွေးလေ့ရှိ၏။ တစ်ခါတစ်ရံမဟုတ်။ ဟင်းသီးဟင်းရွက်အသီးအနှံများရောင်းမကုန်၍ ကျန်နေပါက အမြဲတမ်း ဒိုင်ခံပြီးဝယ်ယူ၏။ စေတနာက အကျိုးပေးလေသလား မသိ။ ဒေါ်ခင်ရှန် ဝယ်ထားခဲ့သော ဟင်းသီးဟင်းရွက်၊သစ်သီးဝလံများသည် နောက်နေ့တွင် ဝယ်သည့်သူများရှိလာပြန်၏။

ဒေါ်ခင်ရှန်က ငွေကြေးပြည့်စုံပြီး သဘောကောင်းသူဖြစ်သဖြင့် မပွဲမှီလေးအား မွေးစားချင်လှ၏။ သားချည်းသာ (၅) ယောက်ရှိသော ဒေါ်ခင်ရှန်က သမီးလေးအဖြစ် မပွဲမှီကို မွေးစားချင်နေ၏။ ဒေါ်သီးကလည်း သမီးတစ်ကိုယ်အမေတစ်ကိုယ်မို့ မပေးနိုင်ရှာ။ ဒေါ်သီးအား မွေးစားဖို့ မပေးချင်လည်း နေပါ။ သူ့သားတစ်ယောက်ယောက်နှင့် ပေးစားပါဟု မေတ္တာရပ်ခံရှာသည်။

(၁၁)နှစ်သမီးကလေးကစပြီး ဈေးရောင်းလိုက်လေရာ (၄) နှစ်ခန့် ဈေးရောင်းပြီးချိန်တွင် ငွေပိုငွေလျှံလေးတွေရှိလာ၏။ စပါးကို အစိတ်ဝင် (၂၅ တင်းဝင်) ပုတ်ကလေးနှင့် ထည့်ထားနိုင်၏။ ကြွေးမြီလုံးဝမရှိ။ အပ်ချုပ်စက်ကလေးဝယ်ပြီး မပွဲမှီလေးအား စက်ချုပ်သင်ပေးရဦးမည်ဟု ဒေါ်သီးက စိတ်ကူးထား၏။

သူကြီးကတော်ကြီးခြံမှ ဆင်အံငှက်ပျောကြီးတွေ ပြန်ခါချေ ရောင်းပေးဖို့ သားအမိနှစ်ယောက်သွားရွက်ကြ၏။ အိမ်အပြန် လရောင်အောက်တွင် ထန်းပလပ်ခြောက်လျှော်ကိုမြင်သော မပွဲမှီက -

"အမေ့၊ မြွေကြီးတော့"

ဟု အော်ကာ ဒူးညွှတ်ပြီး ခွေလဲကျသွား၏။

ဒေါ်သီးက လျှော်ကြိုးကိုကောက်ပြီး လွှင့်ပစ်ရင်း -

"သမီးလေးရယ်၊ အမေ့မှာလည်း မျက်စိပါတာပါပဲ။ မြွေဟုတ်ရင် အမေရှေ့တိုးပါ့မလား။ သမီးကိုက ကြောက်လွန်းရန်ကောနော်"

ဟု ဖြေပြောပြောရှာပါသည်။

တော်ပါသေးသည်။ ငှက်ပျောသီးများက အလွန်မမှည့်သေးသောကြောင့် ကျိုးကြေမသွားပါ။

နောက်နေ့ ခေါင်းလောင်းထိုးချိန်တွင် ဒေါ်သီးက အိပ်ရာမှ အရင်ထပြီး ထမင်းချိုင့်ထည့်၊ ဘုရားရေတော်ကပ်၊ ဘုရားဆွမ်းတော်ကပ်၊ ဘုရားကန်တော့ပြီးမှ သမီးမပွဲမှီလေးကို အိပ်ရာမှထရန် နှိုးလိုက်ပါသည်။ အိပ်မောကျနေသဖြင့် သနားသွားပြီး အိပ်ပါစေဦးလေ။ နည်းနည်းပါးပါးနောက်ကျလည်း ရောင်းမကုန်လျှင် ဒေါ်ခင်ရှန်တို့အိမ် အပ်ထားခဲ့ရမှာပဲလို့ တွေးလိုက်၏။

ပြီးမှ သမီးကန်ချထားလို့ အောက်ကျနေသော ဗိုင်းတောင့် (ဂွမ်းအလိပ်လိုက်) ရက်ထားသော စောင်ကြီးကိုယူပြီး သမီးလေး မပွဲမှီအပေါ် လွှမ်းခြုံပေးလိုက်၏။ မြန်လှသောစိတ်ထဲမှာတော့ စောင်ကြီးကလည်း လေးလိုက်တာနော်လို့အောက်မေ့လိုက်တာနှင့် -

"အမလေး အမေရဲ့။ သမီးမျက်နှာကို ကြောင်ကိုက်ပါပြီ။ ခေါင်းရောကိုက်နေပါပြီ"

ဟု မပွဲမှီလေး၏ ဟစ်အော်ငိုယိုသံက တစ်ပြိုင်တည်းလို ကြားလိုက်ရပါတော့သည်။

ခေါင်းရင်းအိမ်မှ နွားစာထကျွေးနေသော ဘိုးလူပေါ်က သူ့အဲဗားရယ်ဒီသုံးတောင့်ထိုးဓာတ်မီးဖြင့် ထိုးကြည့်လေသော် ခုတင်ပေါ်မှ လျှောဆင်းလာသော သုံးတောင့်ထိုးအဲဗားရယ်ဒီလက်နှိပ်မီးအရွယ် အကွက်ပီပြင်လှသော မြွေပွေးကြီးကို တွေ့လိုက်ရလေသည်။ ဟိုရှာသည်ရှာဖြင့် မြွေကို မရိုက်လိုက်ရ။ မပွဲမှီ၏ ခေါင်း၊ မျက်နှာနှင့် လည်ပင်းတို့တွင် အစွယ်ရာအတိုင်း သွေးများကမြင်မကောင်း။ နာရီပိုင်းမျှသာ စကားပြောနိုင်ပြီး ဆုံးသွားရှာ၏။

ထိုစဉ်က ကျွန်မအမေကလည်း သတ္တမတန်းကျောင်းသူဘဝ။ သူငယ်ချင်း မပွဲမှီလေးသည် မြန်မာစာကို ဈေးတတ်၊ ဖတ်တတ်ပါလျက် ခန္ဓသုတ်ကို မရွတ်လေ၍၊ မေတ္တာသုတ်ကို မရွတ်လေ၍ မြွေကိုက်ခံရရှာသည်ဟု အသည်းစွဲအောင် ခံစားခဲ့ရှာပါသည်။ ထို့ကြောင့်ပင် တောလက်ကျေးရွာမှ ဘုန်းတော်ကြီးများကို (ခင်မင်လာပါက) -

"အရှင်ဘုရား၊ မေတ္တာသုတ်နဲ့ ခန္ဓသုတ်ကိုသင်ပေးတော်မူကြပါဘုရား"

ဟု အကြိမ်ကြိမ်လျှောက်လေ့ရှိပါသည်။ ထိုဘုန်းတော်ကြီးများက မေတ္တာသုတ်နှင့် ခန္ဓသုတ်ကို သင်သည်၊ မသင်သည်ကိုတော့ မသိရပါ။

"ဟာဗျာ - ရွာသားတွေက မြွေတွေ့ရင် သတ်လိုက်တာဗျ"

ဟု မိန့်ပါသည်။

"မြွေဘေးအန္တရာယ်ကင်းစေချင်တယ်"

ဆိုသော အမေ့စာအုပ်လေးကို တော်တော်လေး လှူပြီးပါပြီ။ အမေ မျှော်မှန်းသလို (၁၀၀) ရာခိုင်နှုန်း မရွတ်ကြတောင်မှ (၁၀) ရာခိုင်နှုန်းလောက် ရွတ်ဆိုပူဇော်လျှင် အမေ့ဒါနအောင်မြင်ပါသည်ဟု ဆိုရမည် ဖြစ်ပါသည်။

ခန္ဓသုတ်တော် မမွေ့ဒါနရှင် မေမေ အသက်ရာကျော်ရှည်ပါစေဟု။

သမီး နှင်းဆုဝေ

ဝေစည်(ရွှေဘို)



www.burmeseclassic.com

www.burmeseclassic.com

# တန်ဖိုးကြီးတဲ့ ဆေးမြီးတို

**ဗန်းမော်-ညိုသူ**

ဗုဒ္ဓမြတ်စွာဘုရားရှင်လက်ထက်တော်အခါက သမားတော်ကြီး ဇီဝက ဆိုတာ ရှိခဲ့ဖူးပါတယ်။ သမားတော်ကြီးက 'လောကမှာ ဆေးနဲ့လွတ်တဲ့အပင်ဆိုတာ မရှိဘူး' လို့ ပြောခဲ့ပါတယ်။ နောက်တစ်ခု ရှိပါသေးတယ်။ အဲဒါကတော့ လူကြီးတွေစကားပါ။ 'မသိရင်မြေ၊ သိရင်ဆေး' တဲ့။ ဒီစကားကိုတော့ စဉ်းစားယူရပါတယ်။ ဆရာကြီးဇီဝကက အပင်တိုင်းဟာ ဆေးဖြစ်တယ် ဆိုတာပြောခဲ့ပေမယ့် ဘယ်အပင်ဟာ ဘာရောဂါပျောက်တယ် ဆိုတာကို မပြောခဲ့ပါဘူး။ ဒါကြောင့် ဘယ်အပင်ဟာ ဘာရောဂါပျောက်တယ် ဆိုတာကို သိနိုင်အောင် သမားတော်ကြီးများ၊ အသက်ရပြီး အတွေ့အကြုံများလှတဲ့ ပုဂ္ဂိုလ်များကို မေးပါတဲ့။ သူတို့ကသာ ဘယ်အပင်ဟာ ဘာရောဂါပျောက်နိုင်ကြောင်း ပြောပြနိုင်တယ်တဲ့။ မေးလို့ သိခဲ့ရင် အဲဒီအပင်ဟာ ဘာရောဂါအတွက် ဆေးပင်ဖြစ်ကြောင်း မှတ်ထားပါတဲ့။

စာရေးသူတို့ မြန်မာနိုင်ငံကိုကြည့်လိုက်ရင် 'မြန်မာအစ တကောင်းက' ဆိုတဲ့စကားလို မြန်မာ့တိုင်းရင်းဆေးများဟာလည်း တကောင်းခေတ်ကတည်းက စပြီး ရှိနေပြီ၊ သုံးနေပြီပေါ့။ ဘုရင်တွေသုံးလာခဲ့တဲ့ နန်းသုံးဆေး. (တိုင်းရင်းဆေး) ပြည်သူတွေသုံးလာကြတဲ့ဆေးတွေပေါ့ဗျာ။

ဆေးမြီးတို ဆိုတဲ့စကားကို အားလုံး ကြားဖူးကြမှာပါ။ ရှေးရိုးစဉ်ဆက်လူကြီးများထံမှ ကြားဖူးနားဝရှိခဲ့တဲ့ဆေးပင်များကို မိမိတို့ကိုယ်တိုင်ဖော်စပ်သုံးစွဲတဲ့ဆေးကို ခေါ်ခြင်း ဖြစ်ပါတယ်။ တချို့က ဆေးမြီးတိုဆိုရင် အထင်သေးကြတယ်။ စာရေးသူအနေနဲ့ ဆေးမြီးတိုကို ဘယ်တော့မှ အထင်မသေးခဲ့ဘူး။ ဒီဆေးမြီးတိုကြောင့်ပဲ စာရေးသူရောဂါ (သွေးဝမ်းကျရောဂါ) သက်သာပျောက်ကင်းခဲ့ပါတယ်။ စာရေးသူဟာ (၁၃)နှစ်သားအရွယ်ကတည်းက သွေးဝမ်းရောဂါ ဖြစ်ခဲ့ပါတယ်။ တစ်ခါဖြစ်ရင် (၁၀) ရက်လောက် ကြာပါတယ်။ တစ်လမှာ အနည်းဆုံး တစ်ကြိမ်လောက်တော့ဖြစ်ပါတယ်။ နှစ်ကြာလာတော့ သွေးဝမ်းမှ လိပ်ခေါင်းဖြစ်လာပါတယ်။ အသက် (၄၀) မှာ လိပ်ခေါင်းအခြေအနေဆိုးလာတဲ့အတွက် မြစ်ကြီးနားဆေးရုံကြီးမှာ လိပ်ခေါင်းဖြတ်ခဲ့ရပါတယ်။ ဒါပေမယ့် ဖြတ်ပြီး လေး၊ ငါးနှစ်ကြာတော့ လိပ်ခေါင်းဟာ ပြန်ဖြစ်လာပြန်တယ်။ သွေးဝမ်းကလည်း မကြာမကြာ ကျခဲ့ပြန်ပါတယ်။ ဟိုဆေးလေးစား၊ ဒီဆေးလေးစားနဲ့လာခဲ့တာ အခုဆို စာရေးသူအသက်ဟာ (၇၅) နှစ် ရှိလာပါပြီ။ လိပ်ခေါင်းကလည်း ကြီးလာ၊ သွေးဝမ်းကလည်းပန်းထွက်နေတဲ့အတွက် အထူးကုဆရာဝန်ကြီးကို ပြပါတယ်။ အထူးကုဆရာဝန်ကြီးက စမ်းသပ်စစ်ဆေးပြီး လိပ်ခေါင်းကိုဖြတ်ဖို့ ပြောပါတယ်။ အသက်ကြီးပြီဖြစ်တဲ့အတွက် မဖြတ်လိုကြောင်းနှင့် ယခင်ကလည်း ဖြတ်ခဲ့ဖူးကြောင်း ပြောပြလိုက်တော့ စာရေးသူကို ထိုးဆေးများ၊ စားဆေးများနဲ့ ကုသပေးပါတယ်။ ဒါပေမယ့် မပျောက်ခဲ့ပါဘူး။ အိမ်သာသွားတိုင်း လိပ်ခေါင်းကထွက်၊ သွေးတပန်းနဲ့ ဖြစ်နေခဲ့ပါတယ်။ လိပ်ခေါင်းကို ပြန်သွင်းရတဲ့ဒုက္ခဟာ အလွန်ကြီးလှပါတယ်။

တစ်နေ့မှာ ဗန်းမော်မြို့နယ် မိုင်းကာကျေးရွာမှ စာရေးသူမိခင်ရဲ့အစ်မဖြစ်တဲ့ ဒေါ်ဖွားရှိန် ရောက်လာပါတယ်။ စာရေးသူနဲ့ဆို အမေကြီးတော်တာပေါ့ဗျာ။ အမေကြီးဟာ အသက် (၉၃) နှစ်ရှိပါပြီ။ ဒါပေမယ့် ကျန်းမာနေဆဲ ဖြစ်ပါတယ်။ ခရီးရောက်မဆိုက်ဘဲ-

"ဟင်- ငါ့တူ၊ မင်းဘယ်လိုဖြစ်တာလဲ၊ ပိန်လို့ညှောင်လို့ပါလား၊ ဘာရောဂါဖြစ်နေတာလဲ"

အမေကြီးက အခုလိုမေးတော့ စာရေးသူလည်း ဖြစ်နေတဲ့ရောဂါကို အသေးစိတ် ပြောပြလိုက်ပါတယ်။ အမေကြီးက ဘာပြောသလဲ ဆိုတော့-

"ငါ့တူရဲ့သွေးဝမ်းရောဂါက လွယ်ပါတယ်။ ငါတို့အဘိုးပြောခဲ့တဲ့ဆေးတစ်ခု ပြောလိုက်မယ်၊ အဲဒါကတော့ ငှက်ပျောအူကိုစားပါတဲ့။ ငှက်ပျောအူ ဆိုတာလည်း ကသည်းငှက်ပျောအူ ဖြစ်ရမယ်တဲ့၊ ကသည်းငှက်ပျောအပင်ရဲ့ အလယ်ကောင်မှာရှိတဲ့အူချောင်းကို ပြောတာနော်၊ ငှက်ပျောပင်ကို အမြစ်နားကခုတ်လှဲပြီး အဖတ်တွေအားလုံးခွာလိုက်ရင် အူချောင်းကျန်လိမ့်မယ်၊ အဲဒီ အူချောင်းကို တစ်ခါစားရင် (၆) လက်မခန့်၊ တစ်ရက်ကို (၃) ကြိမ်စားရမယ်တဲ့၊ ဒီကသည်းငှက်ပျောအူချောင်းဟာ သွေးဝမ်းရောဂါအပြင် သွေးအန်ခြင်း၊ နှာခေါင်းသွေးယိုစီးခြင်းများကိုလည်း သက်သာပျောက်ကင်းစေပါတယ်တဲ့။ ငါ့တူ အမြန်ဆုံးစားပါ"

လို့ပြောပြီး စက်လှေကလေးနဲ့ ရွာကိုပြန်သွားခဲ့ပါတယ်။

စာရေးသူလည်း အမေကြီးပြောသွားတဲ့အတိုင်း ကသည်းငှက်ပျောပင်ကို လိုက်ရှာခဲ့ပါတယ်။ မင်းစည်ဘုန်းတော်ကြီးကျောင်းမှာ တွေ့လို့ ခုတ်ယူပြီး အူချောင်းကို စားခဲ့ပါတယ်။ တစ်ရက်တည်း သုံးကြိမ်စားလိုက်ပါတယ်။ နောက်တစ်ရက်ကစပြီး ဝမ်းသွားတဲ့အခါ သွေးမကျတော့ပါဘူး၊ ပန်းလည်းမထွက်တော့ဘူး။ သွေးဟာ တစ်ခါတည်းရပ်သွားခဲ့ပါတယ်။ ယနေ့အချိန်အထိ သွေးဝမ်းဟာ ဘာမှ မဖြစ်တော့ပါဘူး။ လိပ်ခေါင်းကတော့ ဘာမှမဖြစ်သေးပါဘူး။ ယနေ့ မြန်မာပြည်မှာ နာမည်ကြီးနေတဲ့ လိပ်ခေါင်းရောဂါပျောက်တဲ့တိုင်းရင်းဆေးများကိုတော့ စားသုံးနေပါတယ်။ ပျောက်မယ်၊ မပျောက်ဘူး ဆိုတာတော့ မသိရသေးပါဘူး။

စာရေးသူ ပြောလိုတာက ဆေးမြီးတိုဆိုတာ အလွန်တန်ဖိုးကြီးပါတယ်။ ရောဂါပျောက်လို့လည်း ဆေးမြီးတို ဆိုတာ ပေါ်ခဲ့တာပါ။ အမှန်တော့ ကြားဖူးနားဝရှိတဲ့ နွယ်ပင်၊ မြက်ပင်များ၊ အပင်၊ အမြစ်၊ အခေါက်၊ အရွက်၊ အသီးများနဲ့ ဖြစ်နေတဲ့ရောဂါကို ကုသလိုက်လို့ သက်သာပျောက်ကင်းသွားခြင်းပဲ ဖြစ်ပါတယ်။ ဒါကြောင့် တိုင်းရင်းဆေးပညာရှင်များကိုတိုက်တွန်းလိုတာက ဆေးမြီးတိုများကို လေ့လာစေချင်ပါတယ်။ အထူးသဖြင့် မြန်မာပြည်ရှိ တိုင်းရင်းသားပေါင်းစုံရဲ့ဆေးမြီးတိုများကို လေ့လာစေချင်ပါတယ်။ ဒါမှလည်း ဆရာကြီးဇီဝကပြောခဲ့တဲ့ 'ဆေးနဲ့လွတ်တဲ့အပင်ဆိုတာ မရှိပါဘူး' ဆိုတဲ့ စကားကို သဘောပေါက်လာမှာ ဖြစ်ပါတယ်။ ပြီးတော့ ဆေးမြီးတိုများရဲ့ အစွမ်းကို မှတ်တမ်းပြုစုနိုင်ပြီး မြန်မာ့တိုင်းရင်းဆေးလောကကို ပို၍ ပို၍ မြှင့်တင်နိုင်မှာဖြစ်ပါတယ်။ စာရေးသူတင်ပြခဲ့တဲ့ ဆေးမြီးတို (ကသည်းငှက်ပျောအူ) သတ္တိကို စာရေးသူမသိပါ။ ဒါပေမယ့် သူ့ရဲ့အစွမ်း (ငှက်ပျောအူထဲမှာ မည်သည့်သတ္တုပစ္စည်းရှိနေသည်) ကိုတော့ တိုင်းရင်းဆေးပညာရှင်များ လေ့လာသင့်ကြောင်း တင်ပြရင်း။

ဗန်းမော်ညိုသူ



www.burmeseclassic.com

www.burmeseclassic.com

ကျုပ်ခေါင်းစဉ်ရဲ့ ဆိုလိုချက်က ဩရသ ဆိုးလာပြီဆိုရင် ဘေးအန္တရာယ်ကျရောက်မှာကို ထိတ်လန့်နေရသလို မိမိရဲ့သားသမီးကြောင့် ဘေးဘယာကျရောက်မှာကို စိုးရိမ်နေရတယ်လို့ ဆိုလိုတာပါ။ ကျုပ် အခုပြောမယ့်ကိစ္စကို မိဘတော်တော်များများ ကြိုက်နှစ်သက်ပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုရင် မိဘတိုင်းမှာ ကလေးတွေရှိသလို ရှိတဲ့ ကလေးတိုင်းဟာ လိမ္မာတဲ့ကလေးချည်း ဘယ်လာမွေးပါ့မလဲ။ ဆိုးတဲ့ကလေးတွေက ကောင်းတဲ့ကလေးတွေထက် များနိုင်တာပေါ့နော်။

ကျုပ်မှာလည်း သားသမီး (၄) ယောက် ရှိပါတယ်။ ဒီအထဲက အကြီးဆုံးကောင်က ယောကျ်ားလေး။ ဒီကောင် ငယ်ငယ်က စာလည်း တော်မှတော်၊ ပါးရည်နပ်ရည်လည်း ရှိတယ်၊ လိမ္မာတယ်။ ဒီကောင့်ငယ်ငယ်ဘဝမှာ လွတ်ပြီး လိမ္မာတာပါပဲ။ အတန်းထဲမှာ ဆိုရင်လည်း ပထမအဆင့်က အောက်ကိုမဆင်းဘူး။ ဒီကောင့်ရဲ့ပထမဆိုတာ တစ်ကျောင်းလုံးပတ်လည်မှာရတဲ့ ပထမကိုပြောတာနော်။

မြို့နယ်အဆင့်၊ တိုင်းအဆင့်တွေ ကျော်ပြီး ရွေးချယ်ခံရလို့ ဒီကောင် ချစ်ကြည်ရေးခရီးစဉ်အဖြစ် ဂျပန်ရောက်သွားခဲ့တယ်။ ဒီလို သွားရတယ် ဆိုတာ လူတွေနှုတ်ဖြေပွဲမှာ လူကြီးတွေ တော်တော်လေး သဘောကျတဲ့အချက်တစ်ခု ရှိတယ်ဗျ။ ဒါက ဘာလဲဆိုရင် လူကြီးတွေက မေးလိုက်တယ်။

"ဖုန်းပြောတော့မယ်ဆိုရင် ဘာ

# စိုးဝေနိုင်
## ဘယာကြောက်ရ ဩရသ





www.burmeseclassic.com

www.burmeseclassic.com

တားနဲ့စပြီး ပြောကြသလဲ”

လို့ လူကြီးတွေကမေးလိုက်တယ်။ ဒီကောင်က ဘယ်လိုဖြေသလဲဆိုရင်-

“သား မြန်မာလို ပြောရမလား၊ အင်္ဂလိပ်လို ပြောရမလား၊ တရုတ်လို



ပြောရမလား၊ ဂျပန်လို ပြောရမလား”

လို့ အမေးကို အမေးနဲ့ ပြန်ဖြေလိုက်တာဗျ။

အဲဒါကို လူကြီးတွေ သဘောကျသွားတာ။ ဒါနဲ့ ဒီကောင် (၁၀) တန်းလည်းရောက်ရော ဘာသာစုံဂုဏ်ထူးနဲ့ အောင်သဗျ။ ဒီလို တော်တဲ့ကောင် ဆိုတော့ ဗိုလ်သင်တန်းဝင်ဖြေပြီး ပါသွားတယ်။ ဖြစ်ချင်တော့ တစ်ကျောင်းလုံး ရပ်ဆိုင်းတဲ့နှစ်မှာ ဒီကောင် ဗိုလ်သင်တန်းကထွက်လာရတယ်လေ။ ကိုယ့်မြို့ကိုယ်ပြန်ရောက်ချိန်ကစပြီး ဗွေဖောက်စပြုပါတော့တယ်။

ပထမ (၁၀) တန်း ဂိုက်ဆရာလုပ်တယ်။ မဆိုးလှဘူး။ (၆) ဘာသာဂုဏ်ထူးရှင် ဗိုလ်လောင်း ဆိုတဲ့ ဂုဏ်ကြောင့် လက်ကမ်းတဲ့မိဘတွေ အားကြီးပါပဲ။ မနက်၊ ည နားရတယ်မှ မရှိတာ။ ဖြစ်ချင်တော့ ညပိုင်းသင်တဲ့ကလေးမလေးနဲ့ ဒီကောင် လိုက်ပြီးပြေးပါလေရော။

ကလေးမမိဘတွေက မျက်စိတော်တော်လျှင်တယ်။ သူတို့သမီးရဲ့အမူအရာ၊ အပြောအဆိုတွေကို သတိထားပြီး ကြည့်နေတာတဲ့။ ခိုးပြေးတဲ့ညမှာ (၂) နာရီပဲကြာတယ်၊ ချက်ချင်း မိတယ်ဗျ။ (၁၀) တန်းကျောင်းသူလေး ဆိုတော့ အသက် (၁၈) နှစ်မှ မရှိသေးတာ။ ဖြားယောင်းသွေးဆောင်မှုနဲ့ တရားရုံးမှာ ရင်ဆိုင်ရတော့တယ်။ ဒီအမှုမှာ ကလေးမလေးက (၁၆) နှစ်တောင် မပြည့်သေးတာရယ်၊ သူ့မိဘအလိုကျ ထွက်ဆိုတာရယ်ကြောင့် ဘယ်လိုမှ ကယ်လို့မရပါဘူး။ ထောင်နန်းစံသွားတယ်။ ထောင်ကလည်း ထွက်လာရော နာမည်ဆိုးနဲ့ ထောင်ကျတာဖြစ်လို့ ဘယ်ဂိုက်မှ မရပြန်ဘူး။ ဒီကောင်လည်း ဒီအချိန်ကစပြီး စိတ်လေစပြုလာတယ်။

ဒီကောင် ဘာလုပ်တယ် မှတ်သလဲ။ သူနဲ့ကွဲခဲ့တဲ့ ချစ်သူကို စိတ်နာလို့ဆိုပြီး နောက်တစ်ယောက် ခိုးပြေးပြန်တယ်။ သူ ခိုးပြေးတဲ့ကောင်မလေးလည်း (၁၆) နှစ်သမီးပဲ။ ကောင်မလေးက ငါးစိမ်းသည်။ တော်သေးတာက ကောင်မလေးမိဘတွေက တရားမစွဲဘူး။ ကျုပ်တို့လက်မခံတာကို သူ့မိဘတွေက လက်ခံပြီး ဧည့်ခံပွဲတွေ ဘာတွေနဲ့ လုပ်ပေးသဗျ။ မင်္ဂလာဆောင်ပြီးတာနဲ့ ကျုပ်မိန်းမ ပြန်ခေါ်လို့ ဒီကောင် အိမ်ပေါ်ပြန်ရောက်လာတယ်။

ကောင်မလေးက ငါးရောင်းတဲ့သူဆိုတော့ အမြတ်က ဘယ်လာများပါ့မလဲ။ ဒိုင်တွေက သူ့ကို အကြွေးရောင်း၊ နေ့ချင်းပြန်ဆပ် ဆိုတော့ ပိုက်ဆံကို နေ့မြင်ညပျောက်ဘဝမျိုးပဲ။ ဒီကောင် မိန်းမသာရတယ်၊ အရင်လို လက်ကြောမတင်းတော့ဘူး။ ကျုပ်တို့ကလည်း အစားအသောက်တော့ နှစ်ယောက်စလုံး ကျွေးထားပါတယ်။ ဒီကောင်သုံးဖို့ ငွေတော့ ဘယ်လာပေးပါ့မလဲ။ ငွေတို



www.burmeseclassic.com

www.burmeseclassic.com

လွယ်လွယ်နဲ့ရရင် အလုပ်မလုပ်ချင်မှာ စိုးလို့ မပေးတာပါ။

ဒီတော့ ဒီကောင် ဘာလုပ်တယ် မှတ်သလဲ၊ ကျုပ်မိန်းမသေတ္တာသော့ကို ဖျက်ပြီး အထဲက ငွေ (၈) သိန်း ယူပြေးတယ်။ ကျုပ် ဆိုတာ ဒေါသတွေထွက်လွန်းလို့ အိမ်မှာသာရှိနေရင် သတ်မိလိမ့်မယ်ဗျ။ ကျုပ် ရဲစခန်းသွားတိုင်ပေမယ့် တရားခံပြေးနေလို့ အမှုက ရပ်နေတယ်။ 'ဘယ်ကိုသွားတယ်ဆိုတာ ကျွန်တော်တို့လာပြောပါ' တဲ့။ ကျုပ်မှာ အားကိုးတကြီးနဲ့ သွားတိုင်ပါတယ်၊ သူတို့ကို တရားခံရှာပေးရမယ်လို့ ကျုပ်ကို ပြန်ခိုင်းနေတာဗျ။

နှစ်လ၊ သုံးလကြာတော့ ကျုပ်မိန်းမက သားကိုလွမ်းလာတယ်။ ကျုပ်ကို ဘာစကားနဲ့စပြီးပြောသလဲဆိုတော့-

"ရှင်က အမှုဖွင့်ထားတော့ သားလေးက ဘယ်လာ ပြန်ရဲပါတော့မလဲ။ နောက်တစ်ကြိမ် ထောင်ထဲပြန်ဝင်ရမှာကိုကြောက်လွန်းလို့ ပြန်မလာရဲတာရှင့်။ သူ့မိန်းမမိဘတွေက လာပြီးသတင်းပေးတယ်လေ။ ကျန်တဲ့ငွေတွေ အပ်ချင်လို့တဲ့၊ ရှင်က အမှုသွားပြီးပိတ်ပေးပါ"

လို့ ကျုပ်ကို နားပူနားဆာလုပ်တော့တယ်။ ဒီတော့ ကျုပ်ဖွင့်တဲ့အမှုကို ကျုပ်ပဲ ပြန်ပိတ်ရတာပေါ့။

ဒီကောင်က အမှုပိတ်ပြီး တစ်ပတ်ကျော်လောက်မှ အိမ်ကို ပြန်လာတယ်။ ဒီတစ်ကြိမ် အိမ်ပေါ်ပြန်အတက်မှာ အကျင့်ဆိုးလေးတစ်ခု တိုးလာပြန်တယ်။ ရွှေကိုယ်တော်က ညနေပိုင်းဆို အရက်ကလေး တမြမြနဲ့၊ မူးလာရင် သွေးကဆိုးသေးတယ်။ သူ့မိန်းမကို အကြောင်းရှာပြီး ရန်တွေ့တော့တာပဲ။ လင်မယားတွေ ထသတ်ကြ၊ ရိုက်ကြ၊ ဆဲကြ အထိ ဖြစ်လာတယ်။ ကျုပ်မိန်းမက ဝင်ပြီးဆွဲရဆိုရ လုပ်ရပြန်တာပေါ့။ ဒါက တစ်ရက်ခြား၊ နှစ်ရက်ခြားလောက်မှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ ရန်ပွဲ။

ကျုပ် အစိုးရတာဝန်နဲ့ ခရီးရှည်ထွက်ရတော့ ဒီကောင်က သိပ်ကြိုက်ပေါ့။ အိမ်မှာ သူကြောက်တာဆိုလို့ ကျုပ်ပဲရှိတာ၊ ကျုပ်မရှိတော့ သူ့အမေကို တစ်ချက်မခွဲရဘူး။ ဟိုက အပြစ်မှ မမြင်တာကလား။ ကျုပ် နယ်မှာရှိတုန်း ကျုပ်စီးတဲ့ဆိုင်ကယ်ကို ပေါင်သုံးတယ်လေ။ အဲဒါကို သူ့အမေက ကျုပ်မလာခင်လေးမှာ ပြန်ရွေးပြီး ဂိုဒေါင်ထဲထည့်ထားတယ်။ ကျုပ်က ဒီအကြောင်းတွေ မသိပါဘူး။ နယ်က ပြန်လာပြီး 'ကဲ- အိမ်မိုးဖို့စုထားတဲ့ ငွေ (၄) သိန်းထုတ်' ဆိုမှ မရှိ ဖြစ်ပြီး ဒီဇာတ်လမ်းကို သိရတာ။ ဒီကောင် (၇)ရက်လောက် ရှောင်နေတယ်လေ။

အိမ်ပေါ်က နှင်လွှတ်ဖို့ စီစဉ်ပေမယ့် သူ့မိန်းမမှာ ကိုယ်ဝန်နဲ့ဆိုတော့ နှင်မလွှတ်ဖြစ်ပါဘူး။ ဒါနဲ့ ကြံရာမရတော့မှ အဘဓာတ်ပုံကြည့်ဖို့ သတိရသွားတယ်။ ကျုပ်အကြောင်းကို သူရဇ္ဇမဂ္ဂဇင်းမှာ 'ပုဂ္ဂိုလ်စောင့်ရှောက်တယ်ဆိုတာ' ခေါင်းစဉ်နဲ့ အဘဘိုးမင်းခေါင်နဲ့ ကျုပ်အကြောင်း အကျယ်ဖော်ပြပြီးပါပြီ။ အဘဘိုးတော်ကြီးဟာ ကျုပ်နဲ့ ဟိုလွန်ခဲ့တဲ့ဘဝတစ်ခုမှာ မြေးမြစ်အဖြစ်တော်ခဲ့ဖူးတယ် ထင်တယ်။

ဒီလိုတော်ခဲ့လို့ သံယောဇဉ်ရှိတာဖြစ်မယ်။ ကျုပ်က အဘကို စကားပြောချင်ရင် ဓာတ်ပုံကြည့်ပြီး ည (၁၀) နာရီကျော်မှာ ပြောရတယ်။ အဲဒီပြောတဲ့ညမှာပဲ အိပ်မက်နဲ့ ကျုပ်သိချင်တဲ့အချက်တွေကို လိုရင်းပြောတော့တာပါပဲ။ ကျုပ်က ဘာပြောသလဲဆိုရင်-

"အဘရယ်၊ အဘမြေးဟာ ငယ်ငယ်က အလွန် လိမ္မာတဲ့ ကလေးပါ။ (၁၀) တန်းဆိုလည်း (၆) ဘာသာဂုဏ်ထူးနဲ့ အောင်ပါတယ်။ ဗိုလ်သင်တန်းက ပြန်လာတာနဲ့ ဒီကောင် ဗွေဖောက်နေတယ် အဘ။ သူညီတွေ၊ ညီမတွေပစ္စည်းလည်း လစ်ရင်လစ်သလို လုပ်တာပဲ။



မိဘပစ္စည်းသုံးတာလည်း ထပ်နေပါပြီ။ နောက်ပိုင်း အိမ်ဂရန်လိုက်ရှာနေတယ်။ အခုအချိန်မှာ အရေးကြီးတဲ့ပစ္စည်းဆိုရင် အိမ်မှာ မထားရဲသလောက်ဘဲ။ ဒီကောင် စိတ်ငြိမ်အောင် သားကို လမ်းညွှန်ပါဦး အဘ"

လို့ နားပူနားဆာလုပ်လိုက်တယ်။

အခုဆိုရင် မိဘတွေ သိချင်တဲ့အခန်းကဏ္ဍ ရောက်လာပါပြီ။ မိဘတွေဆီမှာ သားဆိုး၊ သမီးဆိုး ရှိများရှိခဲ့ရင် အဘပြောကြားသလိုလုပ်ကြည့်ဖို့ အဘစကားအတိုင်း ဖော်ပြပေးပါ့မယ်။

'မင်း မနက်ရောက်တာနဲ့ မင်းသားရဲ့နေ့နံအသားကိုရှာ။ မရှာတတ်ရင် ဘုရားကုန်းက ပန်းပုဆရာဆီသွား။ သူတို့မှာ အသားစုံရှိတယ်။ အဲဒီနေ့နံသားကို (၁) လက်မလောက် မြင်းရုပ်ကလေး ထုခိုင်းလိုက်။ ပြီးရင် ရွှေချ။ အိမ်ပြန်ရောက်ရင် မင့်သားခေါင်းအုံးထဲထည့်ပြီး ပြန်ချုပ်ထား။ ဒီခေါင်းအုံးကို ဒီကောင်အိပ်တဲ့နေ့ကစပြီး စိတ်ငြိမ်လာလိမ့်မယ်'

ဒီလို အိပ်မက်နဲ့ ပြောတာဗျ။

ကျုပ်က ဟိုစာ ဒီစာလေးတွေ လေ့လာနေတော့ အဘပြောတဲ့သီအို... ကို သတိထားမိလာတယ်။ 'မြင်း' ဆိုတာ ကြာသပတေးနံ မဟုတ်လား။ ဒီ မြင်း ဆိုတဲ့သတ္တဝါဟာ ခုန်တတ်ပေါက်တတ် ပြေးတတ်မယ်ပေါ့။ ဒီမြင်းကို ရွှေချခိုင်း လိုက်တယ်။ နောက် ခေါင်းအုံးထဲ... ထည့်လို့ မှာတယ်။ 'ခေါင်း' နဲ့ 'အုံး' ဆို... တာ မိတ်သကလုပ်လိုက်ရင် (၂) နဲ့ (...) ပေါင်းလိုက်တာနဲ့ အင်္ဂါ ဖြစ်တဲ့ (...) ရမှာပေါ့။

မြင်းကို နိုင်တာက ဇက်ပဲ။ ... ကြောင့် ဇက်နဲ့တူတဲ့ အင်္ဂါနံ ခေါင်း... ထဲ ထည့်ပိတ်လိုက်တဲ့အခါ မြင်းငြိမ်သွား... သလို ကျုပ်သား တော်တော်ငြိမ်သွား... တယ်။ ဒီအချိန်ကစပြီး သားတော်မော... ဟာ ပုံမှန်စိတ်နဲ့လျှောက်လှမ်းလာ... ဗွေမဖောက်တော့ဘူး။ အဲဒါကြော... ကျုပ်လို သားဆိုးရှိတဲ့မိဘများအတွ... အထောက်အကူပြုနိုင်မယ့် ဒီနည်း... ကို မျှဝေလိုက်တာပါ။ ငွေမကုန် ... ချုပ်မကျ၊ မရိုက်မနှက်ရဘဲ လူတော်... ဖြစ်စေတဲ့နည်းကို သုံးစွဲကြည့်စေချ... တယ်။ မိဘတိုင်း စိတ်ချမ်းသာပါစေ...

စိုးထွန်း(...



www.burmeseclassic.com

www.burmeseclassic.com

# ကောင်းကျိုးပေးဖြော တစ်နေ့တာလမ်းညွှန်

ဒေါ်ခင်ဝင့်ညို (B.Sc)

၂၀၁၃ ခုနှစ် ဩဂုတ်



၂၀၁၃ ခုနှစ်. . .

**ဩဂုတ်လ (၁) ရက်၊ ကြာသပတေးနေ့-** လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၁)၊ (၇)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် အပြာရောင်၊ အစိမ်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအောင်မြင်မှုရရန် နံနက် အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သတ္တာဒေဝမနုဿာနံ' ဟု (၉) ခါရွတ်ဆိုပါ။

**ဩဂုတ်လ (၂) ရက်၊ သောကြာနေ့-** လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၂)၊ (၄)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အပြာရောင်၊ နက်ပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအောင်မြင်မှုရရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'လောကဝိဒူ' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ (၃) ရက်၊ စနေနေ့-** လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၇)၊ (၉)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင် အနီရောင်။ အကျိုးပေးနေ့သားက တနင်္လာ၊ စနေ။ တစ်နေ့တာ ကံကောင်းစေရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'ဝိဇ္ဇာစရဏ သမ္ပန္နော' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ (၄)ရက်၊ တနင်္ဂနွေနေ့-** လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၃)၊ (၄)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင်က အနီ၊ အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာကံကောင်းစေရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဗုဒ္ဓံ ပူဇေမိ' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ (၅) ရက်၊ တနင်္လာနေ့-** လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၂)၊ (၇)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အဖြူ၊ အညိုရောင်။ အကျိုးပေးနေ့သားက ကြာသပတေး၊ သောကြာ။ တစ်နေ့တာကံကောင်းစေရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' ဟု (၉)ခါရွတ်ဆိုပါ။

**ဩဂုတ်လ (၆) ရက်၊ အင်္ဂါနေ့-** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၁)၊ (၄)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အဝါ၊ အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာကံကောင်းစေရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'ဓမ္မံ ပူဇေမိ' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ (၇) ရက်၊ ဗုဒ္ဓဟူးနေ့-** လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၂)၊ (၄)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင်က ပန်းရောင်၊ ဖေဒါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ ကံကောင်းစေရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အရဟံသိဒ္ဓိ' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ(၈)ရက်၊ ကြာသပတေးနေ့-** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၁)၊ (၉)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အဝါရောင်၊ နုံ့သာရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာ ကံကောင်းစေရန် နံနက်အိပ်ရာထ အရှေ့ဘက်သို့လှည့်၍ 'သုဂတော' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ (၉) ရက်၊ သောကြာနေ့-** လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၃)၊ (၄)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာကံကောင်းစေရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'ဝိဇ္ဇာစရဏသမ္ပန္နော' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ (၁၀) ရက်၊ စနေနေ့-** လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၁)၊ (၄)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အဖြူ အဝါရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာကံကောင်းစေရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'အရဟံ' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ (၁၁) ရက်၊ တနင်္ဂနွေနေ့-** လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၂)၊ (၇)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အနက်၊ အညိုရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာကံကောင်းစေရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဗုဒ္ဓေါ' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ (၁၂) ရက်၊ တနင်္လာနေ့-** လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၃)၊ (၅)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင်က အပြာ၊ မီးခိုး။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာကံကောင်းစေရန် နံနက်အိပ်ရာထ မြောက်ဘက်သို့ လှည့်၍ 'သတ္တာဒေဝမနုဿာနံ' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ (၁၃) ရက်၊ အင်္ဂါနေ့-** လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၂)၊ (၈)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က နီညိုရောင်၊ မရမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာကံကောင်းစေရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'နမောတဿ' ဟု (၉) ခါ ရွတ်ဆိုပါ။



www.burmeseclassic.com

www.burmeseclassic.com

**ဩဂုတ်လ (၁၄)ရက်၊ ဗုဒ္ဓဟူးနေ့-** လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၅)၊ (၇)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင် အဖြူ၊ အညိုရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ ကံကောင်းစေရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အနုတ္တရော ပုရိသ ဒမ္မသာရထိ' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ (၁၅) ရက်၊ ကြာသပတေးနေ့-** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၅)၊ (၉)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အနက်ရောင်၊ ကြက်သွေးရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာကံကောင်းစေရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ (၁၆) ရက်၊ သောကြာနေ့-** လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၁)၊ (၄)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က ပန်းရောင်၊ အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာကံကောင်းစေရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'ဗုဒ္ဓေါဇိနော' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ (၁၇) ရက်၊ စနေနေ့-** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၁)၊ (၉)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အစိမ်း၊ မီးခိုးရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ ကံကောင်းစေရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'လောကဝိဒူ' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ (၁၈) ရက်၊ တနင်္ဂနွေနေ့-** လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၃)၊ (၅)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အစိမ်း၊ အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ။ တစ်နေ့တာကံကောင်းစေရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဘဂဝါ' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ (၁၉) ရက်၊ တနင်္လာနေ့-** လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၅)၊ (၈)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင်က အစိမ်း၊ မီးခိုးရောင်။ အကျိုးပေးနေ့သား တနင်္လာ။ တစ်နေ့တာကံကောင်းစေရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သုဂတော' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ (၂၀) ရက်၊ အင်္ဂါနေ့-** လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၃)၊ (၇)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က ပန်းရောင်၊ အဝါရောင်။ အကျိုးပေးနေ့သားက အင်္ဂါ၊ သောကြာ။ တစ်နေ့တာကံကောင်းစေရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'ဝိဇ္ဇာစရဏသမ္ပန္နော' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ (၂၁) ရက်၊ ဗုဒ္ဓဟူးနေ့-** လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၁)၊ (၂)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင် အနီ၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာကံကောင်းစေရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်သို့ လှည့်၍ 'အရဟံ' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ (၂၂) ရက်၊ ကြာသပတေးနေ့-**လာဘ်ဂဏန်း(၇)။ စိုးမိုးဂဏန်း (၅)၊ (၇)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် အစိမ်း၊ အပြာရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာကံကောင်းစေရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သံဃာပူဇေမိ' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ (၂၃) ရက်၊ သောကြာနေ့-** လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၂)၊ (၉)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင် အနီ၊ လိမ္မော်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ ကံကောင်းစေရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'လောကဝိဒူ' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ (၂၄) ရက်၊ စနေနေ့-** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၄)၊ (၇)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင် အဖြူ၊ အညိုရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ ကံကောင်းစေရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'အရဟံအောင်သိဒ္ဓိ' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ (၂၅) ရက်၊ တနင်္ဂနွေနေ့-** လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၄)၊ (၅)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင် အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာကံကောင်းစေရန် နံနက်အိပ်ရာထ အနောက်ဘက်သို့လှည့်၍ 'ဗုဒ္ဓေါနမော' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ (၂၆) ရက်၊ တနင်္လာနေ့-** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၅)၊ (၈)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင်က အဝါ၊ အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာ ကံကောင်းစေရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သံဃာပူဇေမိ' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ (၂၇) ရက်၊ အင်္ဂါနေ့-** လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၃)၊ (၅)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အနီ၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာ ကံကောင်းစေရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'နမောဗုဒ္ဓါယ' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ (၂၈) ရက်၊ ဗုဒ္ဓဟူးနေ့-** လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၂)၊ (၅)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင်က ခရမ်းရောင်၊ ပေဒါရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာ ကံကောင်းစေရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အရဟံ ဇိနော' ဟု (၉)ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ (၂၉) ရက်၊ ကြာသပတေးနေ့-**လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၁)၊ (၄)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အဝါ၊ အပြာရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ ကံကောင်းစေရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သတ္ထာဒေဝမနုဿာနံ' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ (၃၀) ရက်၊ သောကြာနေ့-**လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း(၂)၊ (၅)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဖြူ၊ ပေဒါရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ အင်္ဂါ။ တစ်နေ့တာ ကံကောင်းစေရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'ဗုဒ္ဓေါဇိနော' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ (၃၁) ရက်၊ စနေနေ့-** လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၂)၊ (၇)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အပြာ၊ မီးခိုးရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ ကံကောင်းစေရန် နံနက် အိပ်ရာထ တောင်ဘက်လှည့်၍ 'အနုတ္တရော ပုရိသ ဒမ္မသာရထိ' ဟု (၉) ခါ ရွတ်ဆိုပါ။

ဒေါ်ခင်စံသူ (F.Sc)



www.burmeseclassic.com

www.burmeseclassic.com



ပြည့်သိမ်းဇော်ကျော်

၀၉၇(၈)-၆၄၈၇၁၀၂

**တနင်္ဂနွေသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လုံး ပန်းပေါင်းစုံ သုံး၊ လေးမျိုးဖြင့် ဝေဝေဆာဆာ ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို အမိဋ္ဌာန်ပုတီးစိပ်ပါ။

**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို ဆေးလှူပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို ဓာတ်မရိုက်ရ။ တောင်အရပ်မှအကျိုးဆောင်နှင့်စပ်ပြီးရောင်းပါ။

**ကားရောင်းလိုသူများ** - ကားစက်ဖုံးကို လက်နှင့်ထိပြီး ဒိဝါတပတိဂါထာ မကြာမကြာရွတ်ပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'ရွှေ'ဘွဲ့အမည်ပါရှိသော ဘုရားစေတီတစ်ဆူဆူသို့သွား၍ တနင်္ဂနွေထောင့်တွင် အမိဋ္ဌာန်ပုတီးစိပ်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ ကတ်ဘူးခွံအဟောင်းများ၊ ကြိုးစအဆွေးများကို ရှာဖွေ ရှင်းလင်း၍ ရေစီးသောချောင်း၊ မြောင်းတစ်ခုတွင် မျှောလိုက်ပါ။

**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစောင်းတန်း/ရင်ပြင်တော်အား တံမြက်စည်းလှည်းပါ၊ ပြီးလျှင် ဘုရားပန်းအိုးမှ ပန်းခြောက်များစွန့်ပါ။ အမှိုက်များကောက်ပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို အနီရောင်ပစ္စည်းလက်ဆောင်မပေးပါနှင့်။

**ကျန်းမာရေး** - နွမ်းပါးသူများကို ငွေ၊ ဆေးဝါး၊ အာဟာရ အဆင်ပြေသလို ကူညီပေးပါ။

**ထီကံကောင်းလိုသူများ** - ထီလှည်းလေးများ အိမ်ရှေ့လာရောင်းပါက ဂဏန်းမရွေးဘဲချက်ချင်းထိုးလိုက်ပါ။

BURMESE CLASSIC .com

**တနင်္လာသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ လေး၊ ငါးမျိုးနှင့် ဝေဝေဆာဆာ ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ်နေ့စဉ်စိပ်ပါ။

**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - တဟိတဟိ အစချီသော ဘုရားရှိခိုးဂါထာကို အမိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို သပြေလက်တစ်ဆုပ်ဖြင့် မကြာခဏ စတိရိုက်ပါ။

**ကားရောင်းလိုသူများ** - ကားကို မြောက်အရပ်မှအကျိုးဆောင်နှင့်စပ်၍ရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - ဘုရားစေတီတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းဥဒ္ဒေသ နိဒ္ဒေသတော်ကို အမိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံ့သင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ်ဖြင့် ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။

**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက်ရွတ်ပါ။ တစ်ဆက်တည်းမရွတ်နိုင်သူများ မှတ်ပြီးရွတ်ပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများတို ကြုံသလို အစာကျွေးပါ။

**ကျန်းမာရေး** - ထမင်းစားတိုင်း ဖုဿသဂါထာ (၇) ခေါက် ရွတ်မန်းပြီးမှ စားပါ။

**ထီကံကောင်းလိုသူများ** - ကြာသပတေးနံထီဆိုင်တွင် (၅) ဂဏန်းများစွာ ပါအောင် ကံစမ်းထားပါ။



www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ ခုနစ်မျိုးဖြင့် ဝေဝေဆာဆာ ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အမိဋ္ဌာန်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဆွမ်းဆန်များလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ဒန်းညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာ စတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားစက်ဖုံးကို နံ့သာတုံးဖြင့် စတီခေါက်ပြီးမှ အင်္ဂါနာမည်ရှင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အင်္ဂါနံဘွဲ့အမည်ရှိသော ဘုရားစေတီများ၏ တနင်္ဂနွေထောင့်တွင် ခမ္မစကြာရွတ်ဖတ်ပူဇော်ပါ။ တစ်ပတ်တစ်ကြိမ်ဆောင်ရွက်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တသုတ်ကို နေ့စဉ် ဂြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက် နေ့စဉ်ရွတ်ပါ။ တစ်ဆက်တည်း မရွတ်နိုင်ပါက မှတ်ပြီးရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို အနီရောင်၊ အနက်ရောင်ပစ္စည်း လက်ဆောင်မပေးပါနှင့်။
**ကျန်းမာရေး** - ဂြိုဟ်ရှစ်ခွင်လှည့်၍ရေသပ္ပာယ်ပါ။ ရေသန့်ဘူးများလှူပါ။
**ထီကံကောင်းလိုသူများ** - စက်ဘီးနှင့်ရောင်းသော ထီသည်ထံမှ (၃) ဂဏန်းများစွာပါအောင် ကံစမ်းထားလိုက်ပါ။

## ဗုဒ္ဓဟူးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ကြာသပတေးနံ အသီး၊ အညွှန့်၊ ပန်း၊ အာဟာရ ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို (၁၀၈) ခေါက်ရွတ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တဟီတဟီဂါထာကို အမိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ဖျဉ်းမလက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို ကြာသပတေးနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အောင်' ဘွဲ့အမည်ပါရှိသော ဘုရားစေတီများသို့ သွား၍ တနင်္ဂနွေထောင့်တွင် အရဟံဂုဏ်တော်ကို အမိဋ္ဌာန်ပုတီးစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်း နံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသက်သတ်ဖြင့် ပူဇော်ပြီး နှမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက်ပြည့်အောင် နေ့စဉ်ရွတ်ပါ။ တစ်ဆက်တည်း မရွတ်နိုင်ပါက မှတ်ပြီးရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီ အစာကျွေးပါ။
**ကျန်းမာရေး** - ထမင်းစားတိုင်း ဖုဋ္ဌသဂါထာ (၇) ခေါက် ရွတ်မန်းပြီးစားပါ။
**ထီကံကောင်းလိုသူများ** - ကြာသပတေးနံထီဆိုင် (၅) ဂဏန်းများစွာပါသော (၅) စောင်တွဲလေးများ နိုင်သလောက် ကံစမ်းထားပါ။

## ကြာသပတေးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး အင်္ဂါနံ အသီး၊ အညွှန့်၊ ပန်း၊ အာဟာရများဖြင့်ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို အမိဋ္ဌာန်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တိုင်း ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - နံနက်ဝေလီဝေလင်းတွင် အရုဏ်ဆွမ်းခံကြွသော သံဃာတော်များကို တန်းဆွမ်းလောင်းပါ။
**အိမ်ရောင်းလိုသူများ** - အိမ်အဝင်အဝ မျက်နှာစာထုပ်တန်းတွင် ဆီးခက်တစ်ခက်ချိတ်ဆွဲထားပါ။
**ကားရောင်းလိုသူများ** - ကားကို အင်္ဂါနာမည်ရှင် အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အင်္ဂါနံဘွဲ့အမည်ရှိသော ဘုရားစေတီများ၏ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းနှင့် ခမ္မစကြာ ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တသုတ်ကို နေ့စဉ် ဂြိုဟ်သက်အလိုက် ရွတ်ဖတ်ပူဇော်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်များအတွက် တံမြက်စည်းများလှူပါ။ ကိုယ်တိုင်လည်း တံမြက်စည်းလှည်းခဲ့ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** -ချစ်သူနှင့်ဆုံရန်သွားတိုင်း အင်္ကျီအနီရောင်မဝတ်ပါနှင့်။



www.burmeseclassic.com

www.burmeseclassic.com

**ကျန်းမာရေး** - ငါးအရှင်လေးများကို စျေးမဆစ်ဘဲဝယ်ပြီး ဇီဝိတဒါနလွှတ်ပေးပါ။
**ထီကံကောင်းလိုသူများ** - စက်ဘီးနှင့်ရောင်းသောထီသည်လေးများနှင့်ဆုံပါက ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။

## သောကြာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ဗုဒ္ဓဟူးနံ့ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို ပုတီး(၃)ပတ် နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဆေးလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ရွက်လှလက်တစ်ဆုပ်ဖြင့် မကြာခဏ စတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို တောင်အရပ်မှအကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'ရွှေ' ဘွဲ့အမည်ရှိသော ဘုရားစေတီများသို့ သွား၍ တနင်္ဂနွေထောင့်တွင် 'အရဟံ'ဂုဏ်တော်ကို ပုတီးစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမလိုတော့သည့် မီးကြိုးအဟောင်း၊ အဆွေးများကို ရှာဖွေရှင်းလင်း စွန့်ထုတ်ပစ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားရင်ပြင်တော်၊ တန်ဆောင်းတော်များတွင် တံမြက်စည်းလှည်းခြင်း၊ အမှိုက်ကောက်ခြင်းများ ဆောင်ရွက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို မကြာခဏ အစာကျွေးပါ။
**ကျန်းမာရေး** - ထမင်းစားပြီးတိုင်း ဖုဿသဂါထာရွတ်ရင်း (၁၅) မိနစ်ခန့် လမ်းလျှောက်ပါ။
**ထီကံကောင်းလိုသူများ** - လှည်းနှင့်ရောင်းသော ထီလှည်းလေးများနှင့်ဆုံပါက (၄) ဂဏန်းနှင့်စသော ထီလက်မှတ်လေးများ ရွေးချယ် ကံစမ်းထားပါ။

BURMESE CLASSIC .com

## စနေသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ကြာသပတေးနံ့ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - နံနက်ဝေလီဝေလင်း အရုဏ်ဆွမ်းခံကြွလာသော သံဃာတော်အရှင်သူမြတ်များကို ဆွမ်းလောင်းပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ပျဉ်းမလက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို အနောက်အရပ်မှ အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - သောကြာနံ ဘွဲ့အမည်ရှိသော ဘုရားစေတီများသို့ တနင်္ဂနွေထောင့်တွင် အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ် ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက်ပြည့်အောင် နေ့စဉ်ရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့် ဆုံရန်သွားတိုင်း အနီရောင်၊ အကျီအနက်ရောင်များ ဝတ်မသွားပါနှင့်။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို အစာကျွေးပါ။
**ထီကံကောင်းလိုသူများ** - ခရီးသွားရင်း လမ်းမှာကြုံသော ထီဆိုင်တွင် ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။

> ယခုလတွင်-
> တနင်္ဂနွေစ- ဗုဒ္ဓဟူးပိတ်မှည့်ထားသောနာမည်ရှင်များအနေနှင့် အခြားသူများထက် ပိုမိုရွှတ်ဖတ်သရဇ္ဈာယ်ကုသိုလ်ပြုခြင်းဖြင့် အောင်မြင်မှုများစွာကို ရယူပါလေ။
> ဥပမာ အိဝေ၊ အောင်ရှင်း၊ အေးလှ

*မိမိကောင်းမှု အကြောင်းပြု*
*ဆုမတောင်းဘဲပြည့်ပါစေ*

ပြည်သိန်းကျော်



www.burmeseclassic.com

www.burmeseclassic.com

လုပ်ငန်းကျောပေးကိစ္စတွေနဲ့ပတ်သက်ပြီး -

အကြံပြုချင်ပါတယ်။

နှစ်ဦး၊ သုံးဦး လာလာပြောကြတုန်းကတော့ သူတို့ကိုပဲ ပြုပြင်ဖို့ အကြံပေးလိုက်ပေမယ့် တဖြည်းဖြည်း ငါးဦး၊ ခြောက်ဦးမက ဖြစ်လာပြီမို့ လိုအပ်တဲ့ အကြံပြုလိုက်ပါဦးမယ်။

လုပ်ငန်းကျောပေးဆိုတာကို ရှင်းအောင်ပြောရမယ်ဆိုရင် -

အိမ်ရှေ့ဘက်ကို ကျောပေးပြီး လုပ်ငန်းတစ်ခုထောင်ထားခြင်းကို ဆိုလိုတာပါ။

အိမ်ရှေ့ ဆိုတာက မင်္ဂလာရှိတဲ့နေရာ၊ မင်္ဂလာယူတဲ့နေရာ။

ဒီလိုနေရာဘက်ကိုကျောပေးထားကြပြီး လုပ်ငန်းလုပ်နေကြသူတွေအနေနဲ့ မင်္ဂလာရှိတဲ့ဘက်ကို ကျောခိုင်းထားတာနဲ့ တူပါတယ်။ စီးပွားရှာလို့ဖွေလို့ အဆင်မပြေကြပါဘူး။

ဒါဘယ်သူပဲဖြစ်ဖြစ်ပါ။

ပြောရမယ်ဆိုရင် ဘာလုပ်ငန်းပဲဖြစ်ဖြစ် -

အဆင်မပြေကြတာ များပါတယ်။

လူငယ်လေးတစ်ယောက်ဆိုရင် အဆင့်မြင့်တဲ့စက်တွေပြုပြင်တဲ့လုပ်ငန်း လုပ်ပါတယ်။ ဒါပေမယ့် သူ့အမေက သူ့ကို လုပ်ခိုင်းတာက တစ်ဖက်က အခန်းဖြစ်နေပါတယ်။ အခန်းကို ရှေ့ကပိတ်ကာလိုက်ပြီး ဝင်ပေါက်၊ ထွက်ပေါက်က ဘေးရောက်သွားပါတယ်။

အခန်းပိတ်ထားတဲ့ရှေ့မှာ ဆိုင်းဘုတ်ကြီးချိတ်ဆွဲထားပါတယ်။ ဒီလူငယ်လေးဟာ တကယ်ပညာတော်ပါတယ်။ ဒါပေမယ့် အိမ်ရှေ့ကြီးပိတ်ပြီးလုပ်ရတဲ့ လုပ်ငန်းမို့လို့လား မသိပါဘူး။ ဘာမှဖြစ်မလာဘဲနဲ့ လုံးလည်ချာလည်လိုက်ပြီး လုပ်ငန်းတွေ ရပ်သွားပါတယ်။

တစ်ယောက်က စက်ချုပ်တာ။

ဒီလိုပဲ တစ်ဖက်ခန်းကို ပိတ်လိုက်ပြီး လုပ်ငန်းလုပ်ပါတယ်။ ဘာသဘောနဲ့လဲတော့ မသိဘူးပေါ့လေ။

အိမ်ရှေ့ မျက်နှာစာဘက်ကို ကျောခိုင်းထားလို့လားမသိဘူး၊ စက်ချုပ်တာ တဖြည်းဖြည်း ရပ်သွားပါတယ်။

အိမ်ရှေ့ဘက်ကို ကျောခိုင်းပြီးဖွင့်ကြတဲ့လုပ်ငန်းတွေဟာ တော်တော်များများ ရပ်သွားကြတာ များပါတယ်။

ဘယ်လောက် ရင်းထားရင်းထား ရပ်သွားတာပါပဲ။

အိမ်ရှေ့ဟာ မင်္ဂလာယူတဲ့နေရာဖြစ်ပြီးတော့ လုပ်ငန်းကို ကျောပေးထားတာကျတော့ မင်္ဂလာရှိတဲ့အရပ်ကို ကျောပေးထားတာကြောင့် လုပ်ငန်းတွေ အဆင်မပြေတာ ဖြစ်ပါတယ်။

ဒါအဖြေပါပဲ။

ဘယ်သူက ဘာအတိုက်အခိုက်နဲ့ တိုက်ခိုက်လို့မှ စီးပွားထိတာ မဟုတ်ပါဘူး။

တစ်ယောက်ဆို -

မိတ္တူ၊ စာစီစာရိုက်လုပ်ငန်းရှင်ပါ။

သူဟာ သူ့အိမ်တစ်ဖက်ခန်းကို မျက်နှာလှည့်အမှန်ဖြစ်ပါလျက်နဲ့ လုပ်ငန်းကိုကျတော့ အိမ်ရှေ့ကျောပေးထား


BURMESE CLASSIC .com

## ဖြည့်လိုသောကွက်လပ်လေးများအတွက်

# သူရဿလက်ဆောင်

### ဆရာဦးမောင်မောင်သန်း

( ရ င် ကို အေ း မြ စေ သ ာ း )





www.burmeseclassic.com

www.burmeseclassic.com

ပါတယ်။

ဘာလို့ဒီလိုလှည့်ရလဲလို့ သူ့ကို မေးတော့ အိမ်နောက်ဖေးဘက်က၊ သူ့ရဲ့ အိမ်နောက်ဖေးဘက်က သူ့ရဲ့ တေဇ အရပ်ဖြစ်နေလို့ပါတဲ့။ ဒါ - စီးပွားရှာဖို့ အမှန်ပဲလေတဲ့။

မပြောပြတော့ပါဘူး။ သူက စိတ်တအားသန်နေတာကိုး။ ဘယ်သူကများ အကြံပေးလိုက်တယ် မသိပါဘူး။ အဲဒီဘက်မှ အဲဒီဘက်ပဲ၊ တစ်ယူသန်။ ဒါကြောင့် သူနဲ့ အဲဒီကိစ္စ မပြောဖြစ်တော့ပါဘူး။ သူလည်း တစ်နှစ်တောင်မခံပါဘူး။ ခြောက်လလောက်နဲ့ ဘဝတစ်ဆစ်ချိုးပြောင်းသွားပါတော့တယ်။

မိတ္တူ။ စာစီစာရိုက်လုပ်ငန်းဟာ တော်တော်များများကို အဆင်ပြေကြတဲ့ လုပ်ငန်းပါ။ ဒီလိုလုပ်ငန်းမျိုးတောင်မှ ထိုးရပ်သွားရတယ်ဆိုတော့ -

တစ်ယူသန် တစ်ဇွတ်ထိုးစိတ်ဟာ အတော် ကြောက်ဖို့ကောင်းပါတယ်။ လုပ်တော့မယ်ဆိုရင် တားမရတော့ပါဘူး။

အကြံပေးရင်လည်း လက်မခံတော့ပါဘူး။

အမှားအယွင်းပေါင်းများစွာဆီကို လမ်းလျှောက်သွားနေသလိုပါပဲ။

ဒါကြောင့် -

မင်္ဂလာရှိတဲ့အရပ်ဖြစ်တဲ့ အိမ်ရှေ့ကို ကျောခိုင်းပြီးရှာကြတဲ့ စီးပွားဟာ ဘယ်လိုမှမကောင်းနိုင်ပါဘူး။ အောင်မြင်တာ ရှားပါတယ်။

အိမ်ရှေ့တစ်ဖက်ခြမ်း အပိတ်ကြီးနဲ့လုပ်နေမှတော့ ဘယ်လိုလုပ်ပြီး စီးပွားဖြစ်နိုင်ပါ့မလဲ။


အဲဒီလို အိမ်ရှေ့ ကျောပေးပြီး စီးပွားရှာရင်း လုပ်ငန်းတွေ အဆင်မပြေတာမျိုးကတော့ ဘာအစီအရင်နဲ့မှ အဆင်မပြေနိုင်ပါဘူး။ ဘာဓာတ်မှရိုက်လို့မရပါဘူး။ နေရာအပြောင်းအလဲပြန်လုပ်ပစ်မှသာ အဆင်ပြေနိုင်တာပါ။

အိမ်ရှေ့ဟာ ဘုမ္မိကျနေလို့ စီးပွားရှာမရမှာစိုးလို့ ကျောပေးထားပြီး စီးပွားလုပ်တယ်ဆိုတဲ့ ဆင်ခြေကလည်း မလုံလောက်ပါဘူး။

စီးပွားရှာမှသာ ဘုမ္မိလို့ သတ်မှတ်ပြီး ရှောင်ရမယ်ဆိုရင် -

နဂိုနေနေတုန်းက အိမ်ရှေ့မျက်နှာစာကို သတိမထားမိတာလား၊ သိသိနဲ့နေတာလား ကိုယ့်ကိုယ်ကိုယ် အသိဆုံးပါ။

ဘာပဲပြောပြော မြန်မာတို့ရဲ့ မင်္ဂလာယူတဲ့ အရပ်တွေထဲမှာ အိမ်ရှေ့ပါ



www.burmeseclassic.com

www.burmeseclassic.com

တယ်ဆိုတာ သတိထားရပါလိမ့်မယ်။

အဲဒီလို မင်္ဂလာယူတဲ့အရပ်ဘက် လှည့်ပြီး စီးပွားရှာခြင်းကသာ အခု ကြုံနေကြရတဲ့ တစ်ဖက်ခန်းကို ကျော်ပေးပြီး အပိတ်ကြီးနဲ့ စီးပွားရှာနေတာထက် အများကြီးသာပြီး အများကြီး စီးပွားဖြစ်နိုင်ပါတယ်လို့ အကြံပြုချင်ပါတယ်။

*

ခင်ပွန်းသည် ဖောက်ပြန်တဲ့ကိစ္စနဲ့ပတ်သက်ပြီး -

လာကြတဲ့လူတွေ အများကြီးရှိနေပါတယ်။ အရွယ်လည်း စုံပါတယ်။ တချို့ဆို အသက် (၇၀) လောက်ကျမှ ဖောက်ပြန်လို့ဆိုတာ ကြားရတော့ တော်တော်လေး အံ့အားသင့်မိပါရဲ့။

ဒီလိုမျိုးကိစ္စဟာ နေ့စဉ်လိုလို မဟုတ်တောင် တစ်ရက်ခြား၊ နှစ်ရက်ခြားလောက် ကြုံတွေ့နေရ၊ ကြားနေရတဲ့ကိစ္စပါ။

ဒါပေမယ့် -

ကိုယ်ကိုယ်တိုင်ကတော့ ဘယ်လိုလေးတွေများ ပြောမှားဆိုမှားဖြစ်နေသလဲ၊ ကိုယ့်ဘက်က ဘာလေးများလိုအပ်နေသလဲ ဆိုတာမျိုးလေးတွေကိုလည်း ပြန်သုံးသပ်ရပါလိမ့်မယ်။

တချို့ကိုပြောတာပါ။

တစ်ဦးတလေကိုပြောတာပါ။

တချို့ဆို စကားပြောအရမ်းကြမ်းတာလေးတွေရှိပါတယ်။

ပြောပြလိုက်တော့မှ သတိတရလေးထားပြီး ပြုပြင်ရင်း အဆင်ပြေသွားကြတဲ့ လူငယ်တွေရှိကြပါတယ်။

အဲဒီလိုကိစ္စမျိုးတွေနဲ့ ပတ်သက်လာတဲ့အခါ ငယ်ထိပ် မြွေပေါက်သလို ခံစားရပါပြီဆိုပြီး နေရာတော်တော်များများကို သွားဖြစ်ကြတာတွေ ကြားရပါတယ်။

တချို့က အမျိုးသားရဲ့ အကျီစကို မီးစာလုပ်ပြီး ဖယောင်းနဲ့လိမ့်တဲ့ ဖယောင်းတိုင်မျိုးထွန်းကြတာရှိသလို -

ကျင်းတူးပြီး အမျိုးသားအကျီကို မီးရှို့၊ မြေဖို့လိုက်တာလည်းရှိပါတယ်။

တချို့ကျတော့ ကျင်းတူးပြီး ခတ်ပုံထည့်၊ ခတ်ဆီလောင်း၊ မီးရှို့ကြတာတွေလည်းရှိပါတယ်။

တချို့ကျ ငြိမ်ပ၊ ငြိမ်ပ ဆိုပြီး အကျီကို ဖိနပ်ချွတ်မှာချ၊ ပါးစပ်က အော်ရင်း ဖနောင့်နဲ့ပေါက်ကြတာတွေ ရှိပါတယ်။

အပူတိုက်ပစ်တာ၊ မီးတိုက်ပစ်တာနဲ့ပတ်သက်ပြီး ဘာမှမပြောလိုပါဘူး။

လာလာပြောကြတဲ့သူတွေ ပြောပြလို့ သိရတာပါ။

ဘာပဲပြောပြော ကိုယ့်ရဲ့ အိမ်ထောင်ဦးစီး၊ ကိုယ့်ကို အရိပ်ကြီးပေးထားရုံမက မပူမပင်ရအောင် ရှာဖွေကျွေးနေတဲ့ထမင်းရှင် ဆိုတာ အပူနဲ့ မီးတိုက်သင့်၊ မတိုက်သင့်တော့ စဉ်းစားပေးစေ့ချင်ပါတယ်။

အပူနဲ့တိုက်မှ ပြောလို့ရတယ်ဆိုတာမျိုးကို မဟုတ်ဘူးလို့ မပြောလိုပါဘူး။

ဒါပေမယ့် ခုနပြောသလို ကျေးဇူးတရားနဲ့ဆက်နွှယ်တဲ့ အကြောင်းတရားတွေကတော့ မမေ့သင့်ပါဘူး။

အေးချမ်းစေမယ့် မေတ္တာမျိုးနဲ့သာ စဉ်းစားသင့်ပါတယ်။

သူ့ကို ကိုယ်မကွာနိုင်ဘူး။

မကွာနိုင်တဲ့ အကြောင်းက မေတ္တာရှိလို့။

ဒါဖြင့် ဒီမေတ္တာကို ဘယ်လိုယူမလဲ။

မေတ္တာတရားဟာ အေးချမ်းတဲ့ သဘောတွေနဲ့ချည်းပြည့်နေတာပါ။ ပူပူလောင်လောင်ကြီး မဟုတ်ပါဘူး။

ဒီလိုဆို အေးမြတဲ့ မေတ္တာရဖို့ အေးမြတဲ့မေတ္တာကိုသာ ပေးရမှာပေါ့။ ဒါမှ လာရာလမ်းကြောင်းတူမယ်လေ။

အပူပေးလို့ အအေးမရနိုင်ပါဘူး။

ဩဇာညောင်းတယ် ဆိုတာ အစိအရင်ကြောင့် ဟုတ်ကောင်းဟုတ်ပါလိမ့်မယ်။

အဲဒီလိုမဟုတ်ဘဲနဲ့ အမြဲတမ်း ကိုယ့်ကို မေတ္တာရှိနေရင် မကောင်းဘူးလား။

ကိုယ့်စကားကို အမြဲတမ်းအလေးအနက်ထားပေးနေရင် မကောင်းဘူးလား။

ဒါဖြင့် မေတ္တာရှိနေတဲ့သူကို အအေးပေးမလား၊ အပူပေးမလား။

ပြီးတော့ နောက်တစ်မျိုး။

မကွာပေးနိုင်ဘူး၊ ဘာလို့လဲဆိုတော့ ကိုယ့်စီးပွားကို သူများအတွက် မဖြစ်စေချင်လို့၊ ဒါမှမဟုတ် တချို့ဆို လုပ်ကိုင်စားသောက်ဖို့ အခက်အခဲရှိလို့။

ဒါမျိုးလည်းရှိပါတယ်။

ကောင်းပါပြီ၊ အဲဒါတွေကိုလည်း တစ်ရစ်ချင်း စဉ်းစားကြည့်။

ကိုယ့်ရဲ့အိမ်ထောင်ဦးစီး ခင်ပွန်းသည် ကျန်းကျန်းမာမာနဲ့ ရှာနိုင်ဖွေနိုင်မှ၊ ဘုန်းတွေကံတွေတက်မှ၊ ဒါမှဖြစ်မှာလေ။

ဒါဆိုရင်ကော -

အပူနဲ့ မေတ္တာကို ယူမလား၊ အအေးနဲ့ မေတ္တာကို ယူမလား။

မေတ္တာရေစင် ဆိုတာပဲ ကြားဖူးပါတယ်။

ရေလိုအေးတဲ့မေတ္တာဆိုပြီး အေးချမ်းလွန်းလှတဲ့မေတ္တာတရားကို တင်စားကြတယ်လေ။

မေတ္တာမီးတောက် ဆိုတာ မရှိပါဘူး။

ကိုယ်တိုင်လည်း ဒီနည်းလေးကို ပေးနေမိသလို သူများတွေပြုလုပ်ကြရင်လည်း ဝမ်းမြောက်ဝမ်းသာ အားပေးရတဲ့ နည်းလေးရှိပါတယ်။

အဲဒါကတော့ တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီးရဲ့ ရေထဲမှာ ကျောက်ခဲလေးထည့်ပြီး မေတ္တာပို့တဲ့နည်းပါပဲ။

ကျေးဇူးတကယ်ကြီးလှပါတယ်။

တကယ်လည်း အောင်မြင်လှပါတယ်။

ဆရာတော်ဘုရားကြီးဟာ မေတ္တာတရားကို ရေနဲ့ကို ထပ်တူ မေတ္တာပို့ခိုင်းခဲ့တာပါ။

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးရဲ့ ရေမေတ္တာပို့သနည်းဟာ အင်မတန်မှ ထင်ရှားကျော်ကြားအောင်မြင်လှတဲ့နည်းပါ။

လူတိုင်းလည်း ယုံယုံကြည်ကြည်နဲ့လုပ်နိုင်တဲ့နည်းပါ။

အခက်အခဲမရှိပါဘူး။

ရေမေတ္တာပို့နည်းနဲ့ ပြန်ပြီး အိမ်ထောင်ရေး အဆင်ပြေသွားကြသူတွေဆိုရင် နောက်ထပ်ဘာပြဿနာမှတောင် မကြားရတော့လောက်အောင် ပြီးသွားပါတယ်။

ဘာနဲ့ တင်စားရမလဲဆိုတော့ အနာတစ်ခု အမြစ်ပါ ပြုတ်ထွက်သွားသလိုပါပဲ။

အဲဒီကိစ္စနဲ့ ပတ်သက်တဲ့ စိတ်သောကတွေ ပြန်မလာတော့ပါဘူး။

ဒါပေမယ့် စိတ်ရှည်ရပါလိမ့်မယ်။

အချိန်ပေးရပါလိမ့်မယ်။

မဖြစ်နိုင်ဘူးဆိုတာ မရှိပါဘူး။

ဒါဟာ မေတ္တာတရားရဲ့ အေးမြခြင်းပါပဲ။

ကြားခဲ့ပါပြီ။

လွန်ခဲ့တဲ့ နှစ် (၂၀) လောက်က ကြုံခဲ့ဖူးတာပါ။



www.burmeseclassic.com

www.burmeseclassic.com

အမျိုးသမီးတစ်ယောက်ဟာ သူ့ယောကျ်ား ဖောက်ပြန်လို့ဆိုပြီး နေရာတစ်နေရာကိုသွားတော့ သူ့ယောကျ်ားရဲ့ အကျီကို ယူလာခိုင်းပါတယ်။ အဲဒီအကျီပေါ်မှာ အင်းလိုလို၊ စမလိုလို တစ်ခုချပြီး ပေးလိုက်ပါတယ်။ အဲဒီအပေါ်မှာ ရေနွေးလောင်းခိုင်းပါတယ်။

အဲဒီအမျိုးသမီးကလည်း လုပ်ပါတယ်။

လုပ်ရင်းကနေ တစ်လလောက်မှာ သူ့ယောကျ်ားဟာ ရောဂါတစ်မျိုးစွဲလာပါတယ်။ အိမ်တော့ကပ်ပါရဲ့။ လူမမာကြီးဖြစ်ပြီး မသွားနိုင်မလာနိုင်တော့လို့ကပ်တဲ့ ကပ်နည်းမျိုးနဲ့ ကပ်တာ။ နောက်ပိုင်း လေပါဖြတ်သွားပါတော့တယ်။ အဲဒီလို ထော့ကျိုးထော့ကျိုးကြီးနဲ့ သုံး၊ လေးလပဲခံပါတယ်။ နောက်ဆုံးဆုံးသွားရှာပါတော့တယ်။

အဲဒီတော့မှ အဲဒီအမျိုးသမီးက -

"ကျွန်မသွားလုပ်လိုက်မိတာ မှားသွားတယ်၊ ဒီတိုင်းနေရင်တောင် ကျွန်မယောကျ်ား **အသက်**ရှည်ရှည်နဲ့နေရမှာ"

ဆိုပြီး ဝမ်းနည်းကြေကွဲမှုတွေနဲ့ ပြည့်သွားပါတယ်။

ဒါဟာ -

မဖြစ်သင့်တဲ့ကိစ္စလေးတွေပါ။

ဒါကြောင့် -

အာစရိယ ဆရာသခင် ကျေးဇူးရှင်ပေးခဲ့တဲ့ အတွေးအခေါ်တွေအတိုင်း အမြတ်မ်းပြုလုပ်ခိုင်းတဲ့ နည်းလေးတစ်ခုကို လက်ဆောင်ပေးလိုက်ချင်ပါတယ်။

အဲဒါကတော့ -

ညအိပ်ရာဝင်ပြီ ဆိုတာနဲ့ ခင်ပွန်းသည်ကို ထိုင်ရှိခိုးတဲ့နည်းပါပဲ။

ကိုယ်ခေါ်ချင်သလိုမျိုး ကိုကိုတို့၊ မောင်တို့တစ်ခုခုခေါ်ပြီး ပြောမှားဆိုမှားရှိတာတွေကို ခွင့်လွှတ်ပါ ဆိုပြီး ရှိခိုးတောင်းပန်တဲ့နည်းပါပဲ။

ပြီးရင် ခေါင်းအုံးပေါ်မှာ အမျိုးသားရဲ့အကျီဟောင်းလေးတစ်ထည်ကို ခင်းပြီး အဲဒီပေါ်မှာ ခေါင်းအုံးအိပ်ပါ။

ဒီနည်းဟာ စိမ်းကောင်းစိမ်းနေပါလိမ့်မယ်။

ကြားဖူးမှာလည်း မဟုတ်ပါဘူး။

ဒါပေမယ့် အဲဒီလိုဖောက်ပြန်နေတဲ့ အိမ်ထောင်ဦးစီးတွေကို ချည်မန်းကွင်းနဲ့ ပစ်ဖမ်းလိုက်သလိုမျိုး ဖြစ်သွားတဲ့နည်းပါဆိုပြီး ကိုယ်တိုင်လာပြောကြတဲ့ အိမ်ထောင်ရှင်တွေကြောင့် ပီတိတွေပွားခဲ့ရတာ နှစ်ပေါင်းများစွာကြာခဲ့ပါပြီ။

ယုံယုံကြည်ကြည်နဲ့ ပြုလုပ်ပါ။

တကယ် မေတ္တာထားပြီး ပြုလုပ်ပါ။

ဘာမှလဲ အချိန်မပေးရပါဘူး။

ကိုယ့်ရဲ့ အိမ်ထောင်ဦးစီးမို့ အောက်ကျတယ်လည်း မထင်ပါနဲ့။ ကိုယ်ထိုင်ရှိခိုးတာ ဘယ်သူမှလဲမမြင်ပါဘူး။

ဒါဟာ ပေးကမ်း ကျွေးမွေး ပြုစုစောင့်ရှောက်သူကို ရှိခိုးတဲ့အတွက် ခင်ပွန်းကြီး(၁၀)ပါးကို ကန်တော့တာပါပဲ။

အောက်ကျတယ်မထင်ပါနဲ့။

တကယ့်ကို ဘဝမှာ ဘယ်လိုမှထင်မထားရလောက်အောင် ပြောင်းလဲသွားရတဲ့စိတ်ချမ်းသာမှုတွေဟာ ဘာနဲ့မှမလဲနိုင်မှန်း ကိုယ်တိုင်ကြုံရပါလိမ့်မယ်။

နေ့စဉ် -

ဘုရားဝတ်ပြု၊ ရတနာမြတ်သုံးပါးကို ဦးထိပ်ထား၊ ဝတ်ပြု၊ မိဘတွေကို ရှိခိုးကန်တော့၊ သင်ဆရာ, မြင်ဆရာ, ကြားဆရာများကို ရှိခိုးကန်တော့၊ ပြီးတာနဲ့ အိပ်တော့မယ် ဆိုတာနဲ့ ခင်ပွန်းကို ကန်တော့။ အမျိုးသားအကျီကို ခေါင်းအုံးအိပ်တယ် ဆိုတာက သူ့ကို အထွတ်အမြတ်ထားတဲ့သဘောမို့ သူလည်း စိတ်တွေအေးချမ်းပြီး တကယ်ကို မေတ္တာတွေပွားလာပါလိမ့်မယ်။

သူ့ကို ထိုင်ကန်တော့လိုက်တာနဲ့ သူ့ရဲ့ အံ့ဩမှု၊ ဝမ်းသာမှု၊ ကြည်နူးမှု၊ အေးမြတဲ့မေတ္တာတွေ တဖြည်းဖြည်းပွားလာတာ မျက်ဝါးထင်ထင်တွေ့ရပါလိမ့်မယ်။

ရက်ပိုင်း၊ လပိုင်း၊ အချိန်ယူပြီး ပြုလုပ်ပါ။

သူ့အကျီလေးကို ခေါင်းအုံးအိပ်တာလည်း ထည်လဲပြောင်းအုံးလို့ရပါတယ်။

တစ်ခါက -

ဒီလိုမျိုးကိစ္စကြုံတဲ့ ကလေးမလေးတစ်ယောက်။

သူ့ကိုကြည့်တော့ သိမ်သိမ်မွေ့မွေ့လေး။

ပြင်းပြင်းထန်ထန်စကားလုံးတွေနဲ့ ယောကျ်ားလေးကို တုံ့ပြန်မယ့်ပုံစံလည်း မရှိဘူး၊ အေးမှအေး။

သူတို့ရဲ့ကံအသွားအလာကိုကြည့်လိုက်တော့ ယောကျ်ားလေးက အခြေအနေသိပ်မကောင်းဘူး။

ဒါပေမယ့် ကလေးမလေးကို ဘာမှမပြောလိုက်တော့ဘဲ ခုနပြောသလို ညအိပ်ရာဝင်ခါနီး ကန်တော့ခိုင်းတာရယ်၊ အမျိုးသားအကျီကို ခေါင်းအုံးပေါ်တင် အိပ်ခိုင်းတာရယ်လုပ်ဖို့ပဲ အကြံပေးလိုက်တယ်။

သူပြောတယ်။ စပြီးရှိခိုးလိုက်တဲ့ညက သူ့ယောကျ်ားဟာ အရမ်းကိုအံ့ဩတဲ့မျက်နှာနဲ့ စကားတောင်မပြောနိုင်ဘဲ သူ့ကိုစိုက်ကြည့်နေတယ်တဲ့။ ပြီးတော့ မျက်နှာမကောင်းဘူးတဲ့။

နောက်နှစ်ရက်၊သုံးရက်ဆက်ပြီး ဒီတိုင်းပဲဆက်လုပ်တော့ သူ့ယောကျ်ားက ပြောတယ်တဲ့။

'မင်းမမှားပါဘူး၊ ငါမှားနေတာပါ' လို့ ပြောတယ်တဲ့။ အဲဒီလိုနဲ့ နောက်ပိုင်း အချိန်မှန်မှန် အိမ်ပြန်လာတာတွေ၊ စကားအပြောအဆို ပြောင်းလဲလာတာတွေ ဖြစ်လာတယ်တဲ့။

တဖြည်းဖြည်းနဲ့ နောက်ဆုံးတော့ သူတို့ အိမ်ထောင်ရေးဟာ ထိခိုက်စရာတွေမရှိတော့ဘဲ သာသာယာယာလေး ဖြစ်နေတော့တယ်တဲ့။

ဒီလို မိန်းကလေးမျိုးတွေ၊ ဒီလို စိတ်ချမ်းသာသွားကြတာတွေ အများကြီးရှိနေပါတယ်။

ဒါပေမယ့် စိတ်ရှည်ရှည်နဲ့မလုပ်တဲ့သူတွေရယ် -

'ကျွန်မက သူ့ကို ထိုင်ရှိခိုးမယ်ကြံလိုက်တိုင်း မကျေနပ်နေတာနဲ့ ဒင်းကို ငါက ဘာလို့ရှိခိုးရမှာလဲဆိုတဲ့ မာန်ကဝင်ဝင်လာနေတော့ မရှိခိုးဖြစ်တာများတယ်' ဆိုသူတွေကတော့ မအောင်မြင်ပါဘူး၊ ဒုံရင်းဒုရင်းပါပဲ။

ဒီလို စိတ်ရှည်ရတဲ့ လုပ်ဆောင်မှုမျိုးကို အချိန်မပေးချင်ကြဘဲ လတ်တလော ဝှန်းဒိုင်းဖြေရှင်းတဲ့နည်းတွေနဲ့ လုပ်ကြပြီး ပြီးတော့ ပိုပိုဆိုးလာလို့ မျက်ရည်မျက်ခွက်ဖြစ်နေကြသူတွေလည်းရှိပါ့။

ဒါကြောင့် -

အခုပြခဲ့တဲ့ နည်းကတော့ စိတ်ရှည်ရပါလိမ့်မယ်။

စိတ်ထဲမှာ ဘာမှမထားဘဲ စိတ်ဗလာဖြစ်နေအောင် ကြိုးစားရပါလိမ့်မယ်။

စိတ်ဗလာဖြစ်မှ မေတ္တာစွမ်းအားဖြည့်လို့ရမှာပါ။

သူ့ကိစ္စတွေကို ကိုယ့်ခေါင်းထဲက ဖျောက်ထားလိုက်ရပါလိမ့်မယ်။

သူ့ကို အပြစ်တွေ တားမရဆီးမရမြင်နေပြီဆိုရင် ဩော် - သူဟာ ငါ့ကို အရိပ်ပေးနေတဲ့သူပါလား၊ ရှာဖွေကျွေးနေတဲ့သူပါလား၊ စောင့်ရှောက်တဲ့သူပါ

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

လား ဆိုတဲ့ စိတ်တွေကို စုစည်းလိုက်ပါလေ။

ကလေးမလေး တစ်ယောက်က ပြောဖူးပါတယ်။

'သူ့လုပ်စာတင်မဟုတ်ဘူး၊ ကျွန်မလည်း ရှာတာပဲ' တဲ့။ 'ဒီတော့ သူက ရှာဖွေကျွေးတယ်လို့ ပြောလို့ရပါ့မလား' တဲ့။

အရိပ်ဆိုတာရှိပါတယ်။

ဘာပဲပြောပြော ခင်ပွန်းသည် အိမ်ထောင်ဦးစီးရဲ့အရိပ်ဆိုတာ တန်ဖိုးဖြတ်လို့တော့ မရပါဘူး။

ဒီအရိပ်ကို နားလည်ပေးနိုင်မှ အခုပြောတဲ့နည်းကို လုပ်လို့ရမှာပါ။ အောင်မြင်မှာပါ။

ကြားမှာ စိတ်အခုအခံတစ်ခုခုရှိနေလို့ကတော့ ဒီနည်းကို မလုပ်ပါနဲ့။ အောင်မြင်မှာလည်း မဟုတ်ပါဘူး။

ပြီးတော့ -

စကား။

အဲဒါကလည်း ကိုယ်ဖြစ်ချင်တာဖြစ်ဖို့အတွက် အဟန့်အတားတစ်ခုပါပဲ။ ဥပမာ နီးစပ်သူတွေက 'အမယ် - နင်ကများ သူ့ကိုဘာလို့ထိုင်ရှိခိုးရမှာလဲ၊ သွားစမ်းပါ' ဆိုတဲ့စကားလုံးမျိုးတွေထိလာပြီဆိုရင်လည်း ဒီနည်းဟာ မလုပ်သင့်တော့ပါဘူး။

ဒီနည်းရဲ့လျှို့ဝှက်ချက်တွေကို သူတို့ မလေ့လာအားသေးလို့ ပြောတာပါ။ သိသွားရင် သူတို့ကတောင် တိုက်တွန်းကြမှာပါ။

ဒီနည်းနဲ့ သူတို့နည်းနည်းလေး စိမ်းနေလို့ပါ။

ဒါကိုတော့ ဒီနည်းအတိုင်းပြုလုပ်တော့မယ့်သူက နားလည်ပေးရပါလိမ့်မယ်။

ငွေကြေးလည်း မကုန် -

အကုသိုလ်လည်း မများ -

အချိန်လည်းမပေးရဘဲ အမှန်တကယ် ထိရောက်တဲ့နည်းမို့ ဒီနည်းကို ဖွင့်ထုတ်လိုက်တာ ဖြစ်ပါတယ်။

ယုံကြည်ချက်ရှိမှ ဒီအကြံကိုယူပါ။

လိုအပ်မှ ဒီအကြံကို ယူပါလို့ မေတ္တာစကားဆိုလိုက်ပါတယ်။

*

ကလေးနာမည်ပေးဖို့အတွက် -

အနယ်နယ်အရပ်ရပ်က စာတွေအများကြီး ရောက်လာကြပါတယ်။ ဒါပေမယ့် တချို့ကလေးဟာ ယောကျ်ားလေးလား၊ မိန်းကလေးလား မပါပါဘူး။

တချို့ကျတော့ ကလေးဘာနေ့သား၊ ဘာနေ့သမီး ဆိုတာ မပါပါဘူး။

နောက်ပြီး -

ကလေးနာမည်ပေးဖို့ ထည့်ပေးလိုက်ကြတဲ့ စာတွေမှန်သမျှဟာ နာမည်ကို (၄)၊ (၅) ရက်အတွင်း ချက်ချင်းလိုချင်ကြပြီး ချက်ချင်း မွေးခနေ့ပွဲလုပ်ချင်ကြသူတွေ၊ နာမည်ပေးကင်ပွန်းတပ်ချင်ကြသူတွေချည်း များနေပါတယ်။

စာရောက်လာတဲ့ရက်နဲ့ ချိန်လိုက်ရင် အချိန်တွေမရတာများနေတော့ ဘယ်လိုမှ စာမပြန်တတ်တော့ပါဘူး။

တချို့ -

မှည့်ချင်တဲ့နာမည်မျိုးတွေ ထည့်ပေးလိုက်တာရှိပါတယ်။

အဲဒီတစ်လုံး ပါချင်ပါတယ်ဆိုပြီး ရေးပေးပေမယ့် အဲဒီတစ်လုံးက ဘယ်လိုမှမှည့်လို့မရတဲ့အတွက်၊ ထည့်လို့မရတဲ့အတွက် ဘယ်လိုမှမှည့်မပေးတတ်ပြန်ပါဘူး။

ဒါကြောင့် -

စာတချို့မပြန်ဖြစ်ရတာပါ။

ရန်တွေမှည့်လို့မရဘူးဆိုပြီး ဘယ်သူကပြောလို့ဘယ်ဝါကပြောလို့ ဆိုတဲ့ စာလေးတွေလည်းရှိပါတယ်။

သူတို့ပြောထားတဲ့ဥပမာက -

သက်ထွန်း။

ဒါဆို သုတ-ဝေရီ ဆိုတဲ့ ရန်ဖြစ်နေလို့ ဆိုပြီး ပြောပါတယ်။

အောင်မြင် ကျော်ကြား ကြီးပွား ချမ်းသာနေတဲ့ သိန်းထွန်းတို့၊ သိန်းနိုင်တို့၊ ဟိန်းထွန်းတို့၊ သန်းနိုင်တို့ အများကြီးရှိနေပါတယ်။

'ဓမ္မာ' ဆိုတဲ့ ရန်ကျတဲ့ ထွန်းမြင့်၊ စင်မြင့်၊ တင်မင်း၊ တင်မောင် ဆိုတဲ့ နာမည်ရှင်တွေဆိုရင်လည်း ချမ်းသာပဲ့၊ ကြီးပွားပဲ့၊ အောင်မြင်ပဲ့။

မဆိုင်ပါဘူး။

ရှုထောင့်ကွက်ကွက်လေး တစ်ခုတည်းနဲ့ကြည့်ပြီး ပြောနေရုံနဲ့ ဘာမှဖြစ်မလာပါဘူး။ အကျိုးမများပါဘူး။

ပညာဆိုတာ ထောင့်စုံဘက်စုံက ကြည့်ရပါတယ်။

ရှုထောင့်အမျိုးမျိုးက လေ့လာသုံးသပ်ရပါတယ်။

မင်းကွတ်သီးနဲ့ သကြားနဲ့ မတည့်ဘူးမှန်ပေမယ့် မင်းကွတ်သီးဟာ လူတွေကို ဘယ်လိုအကျိုးပြုလဲဆိုတာသိအောင် ကြိုးစားရမှာဖြစ်သလို သကြားရဲ့အကျိုးအာနိသင်တွေကိုလည်း လေ့လာထားရမှာပါ။

ဒါမှ ဒီနှစ်ခု ဘာလို့မတည့်လဲ ဆိုတာ သိနိုင်မှာပါ။

ဆင်ခြင်နိုင်မှာပါ။

တစ်ဖက်အမြင်နဲ့ ကြည့်လို့မရပါဘူး။

ဒါကြောင့် -

ပေးချင်ရင် ပေးလို့ရပါတယ်။ အရေးကြီးတာက အဲဒီလို မှည့်လို့ရ၊ မရ ဆိုတာကိုကြည့်တဲ့ တခြားရှုထောင့်တွေက ကြည့်ပေးဖို့ပဲလိုပါတယ်လို့ မေတ္တာနဲ့ အကြံပြုလိုက်ပါတယ်။

*

တိုက်ခန်းမှာနေတဲ့အခါ -

အစ်ကိုက အထက်၊ ညီမက အောက်ထပ်၊ ကိုယ်က အလယ်မှာနေနေရလို့၊ အထက်-အောက်ညပ်နေလို့ ခိုက်တယ်ဆိုပြီး စိုးရိမ်စိတ်ဖြစ်နေတဲ့ စာသုံးစောင်ကို ပြန်ကြားလိုက်ပါတယ်။

မဆိုင်ပါဘူး။

ခိုက်လည်းမခိုက်ပါဘူး။

ဒီလိုပဲ နေနေကြသူတွေ အများကြီးပါ။ သူတို့လည်း သူတို့ဟာသူတို့ နေကြသလို ကိုယ်လည်း ကိုယ့်ဟာကိုယ် နေကြသူတွေ ရှိနေပါတယ်။ စီးပွားလည်းဖြစ်ပါတယ်။ ဒုက္ခမရောက်ပါဘူး။

ဘာယတြာမှလဲမလိုပါဘူး။

နေ့တိုင်း ရတနာမြတ်သုံးပါး ဂုဏ်ကျေးဇူးတော်ကို ဦးထိပ်ထားပါ။ အနန္တောအနန္တငါးပါးကို မပြစ်မှားပါနဲ့။ ခင်ပွန်းကြီးဆယ်ပါးကို မပြစ်မှားပါနဲ့။ သမ္မာဒေဝနတ်ကောင်းနတ်မြတ်တွေကို နေ့စဉ် မေတ္တာပို့၊ အမျှဝေပါ။

ဘာမှမဖြစ်ပါဘူး။

ကြောက်စရာအကောင်းဆုံးဟာ ထစ်ခနဲဆို အယူသီးပြီး အတွေးတွေလွန်ပြီး ကြောက်တတ်လွန်းတဲ့ ကြောက်စိတ်ကသာ ကြောက်စရာအကောင်းဆုံးပါလို့ မေတ္တာစကား ပြောကြားလိုက်ပါတယ်။

ဒါ -

ဒီလအတွက် ပေးချင်လွန်းတဲ့ သုရဇ္ဇလက်ဆောင်ပါပဲ။

ဖြစ်နိုင်တာတွေကိုသာ ပေးလေ့ရှိတဲ့ သုရဇ္ဇရဲ့ထုံးစံအတိုင်း လိုအပ်တဲ့ ကွက်လပ်လေးတွေ့ရှိရင် ဖြည့်နိုင်ကြဖို့-

လိုရာဆန္ဒများအတွက် သုရဇ္ဇ လက်ဆောင်ပါးလိုက်တာ ဖြစ်ပါတယ်။

*လိုရာဆန္ဒများ ပြည့်ဝကြပါစေ*

ဆရာဦးမောင်မောင်သန်း
(ခင်ကိုအေးမြေးလေးသား)



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

### တနင်္ဂနွေသားသမီးများ

အောင်မြင်လိုသော မည်သည့်ကိစ္စမဆို အင်္ဂါနာမည်ရှင်၊ ဗုဒ္ဓဟူးနာမည်ရှင်များနှင့် တိုင်ပင်ပြုလုပ်ပါ။ လိုအပ်လျှင် အကူအညီများရယူပါ။ (၂) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ အမှုအခင်းဖြစ်လာသူမျိုး၊ ငွေမှုငွေပြဿနာဖြစ်လာသူမျိုးများ သအိပ်လက်ခံတော့မည်ဆိုလျှင် စဉ်းစားပါ။ တရာဥပဒေကို ဆန့်ကျင်သောကိစ္စမှန်သမျှ ရှောင်ပါ။ အကြံအစည်ပြုရန် ကိစ္စများ ရှိပါက အပြောက်အပြောက်ပုလဲပေါက်ဒီဇိုင်းအင်္ကျီဝတ်မသွားပါနှင့်။ လေထိုးလေနာစေသောအစားများကို လွန်ကဲစွာမစားပါနှင့်။ အလေးအပင်မ,လျှင် သတိထားပြီး မ,ပါ။ ဝင်ငွေနှင့် ထွက်ငွေမကာမိအောင် အကုန်အကျများတတ်သောကာလဖြစ်ပါသည်။ မလိုအပ်ဘဲ ကုန်ကျမှုမျိုးမရှိစေရန် ထမင်းစားပြီးတိုင်း ခွေးလေးများကို အစာကျွေးပါ။ မိတ်ဆွေကြောင့် ဂုဏ်တက်တတ်သလို မိတ်ဆွေကြောင့် ဂုဏ်ပျက်တတ်သည့်သဘောကို အမြဲသတိထားပါ။ မခံချင်စိတ်တွေဖြစ်လာလျှင် ဖျောက်ပစ်လိုက်ပါ။ လုပ်ငန်းခွင်အတွင်း ရာထူးတိုးဖို့ကိစ္စများကြားရမည်။ အလုပ်လျှောက်ထားသူများ၊ အလုပ်ရှာနေသူများ အလုပ်ရဖို့ သေချာနေပါသည်။ နှလုံးသားရေးကိစ္စများ ကောင်းလိုက်၊ မကောင်းလိုက်ဖြစ်နေမည်။ ခဏခဏစကားနိုင်မလုပ်ပါနှင့်။ မွေးနေ့ မွေးနေ့တွင် အသားစားရှောင်ပါ။ အဓိဋ္ဌာန်ပုတီးများစိပ်ပါ။ ထီထိုးရန်အတွက် စက်ဘီးနှင့်ရောင်းသော ထီသည်လေးများ၊ လှည်းနှင့်ရောင်းသောထီသည်လေးများ အိမ်ရှေ့လာရပ်ပါက ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။ ထီကံကောင်းတတ်ပါသည်။

ယတြာ ။ ။ *ဘုရားရှင်အား တနင်္ဂနွေထောင့်မှနေ၍ ပန်းပေါင်းစုံနှင့်ပူဇော်ပါ။*

၂၀၁၃ ခုနှစ် ၊ ဩဂုတ်လအတွက်

## ခုနစ်ရက်သားသမီး ဟောစာတမ်း

ဆရာဦးမောင်မောင်ဆန်း

ရင်ကိုအေးမြစေသော





www.burmeseclassic.com

www.burmeseclassic.com

## တနင်္လာသားသမီးများ

အောင်မြင်လိုသော မည်သည့်ကိစ္စမဆို ကြာသပတေးနာမည်ရှင်များနှင့် တိုင်ပင်ပြုလုပ်ပါ။ (၇) ဂဏန်းတွေကိုရှောင်ပြီး အလုပ်လုပ်ပါ။ အလုပ်ပြောင်း၊ အိမ်ပြောင်းကိစ္စများ ကြုံရတတ်သည်။ ကိုယ်တိုင်မကြုံလျှင်လည်း ကိုယ့်မိသားစုဝင်ထဲမှာ ကြုံရတတ်ပါသည်။ နိုင်ငံရပ်ခြားခရီးသွားရန်ကိစ္စရှိသူများ ထွက်ခွာဖြစ်ပါမည်။ စကားပြောဆင်ခြင်ရမည့်ကာလ ဖြစ်ပါသည်။ အနည်းငယ် ကတောက်ကဆလေးများဖြစ်တတ်ပါသည်။ အကြံအစည်ပြုတိုင်း အနက်ရောင်အကျီဝတ်မသွားပါနှင့်။ ကျန်းမာရေးအတွက် စိတ်ပူရန်ကိစ္စများ မရှိပါ။ ပညာရေးနှင့်ဆိုင်သောကံများ အလွန်ကောင်းနေပါသည်။ ရည်မှန်းချက်ပန်းတိုင်ရောက်မည်။ အဘက်ဘက်က ဝင်ငွေလာမည်။ အကုန်အကျများသောကာလလည်း ဖြစ်ပါသည်။ မလိုအပ်ဘဲ ငွေကုန်ကျမှုမျိုးမရှိစေရန် ဒိဝါတပတိဂါထာကို နေ့စဉ်ပုတီးစိပ်ပါ။ ပညာတော်သင်ခရီးများထွက်ရတတ်ပါသည်။ အဖိုးမတန်သော ကျောက်၊ အပူသောကနှင့်ဝင်လာတတ်သောကျောက်များ ရှောင်ပါ။ မဝယ်ပါနှင့်။ အခြားသူတစ်ဦး နိုင်ငံခြားသွားမယ့်ကိစ္စမျိုးတွေမှာလည်း ကိုယ်ကအာမမခံပါနှင့်။ မမျှော်လင့်ဘဲ အရှုပ်အရှင်းကိစ္စများပေါ်လာတတ်ပါသည်။ ငယ်ရွယ်သူတို့၏ နှလုံးသားရေးရာကိစ္စများတွင် မကြာခဏလမ်းခွဲစကားတွေပြောရတတ်ပါသည်။ စကားအချေအတင်ဖြစ်လာပြီဆိုလျှင် ကိုယ်ကလျှော့ပေးလိုက်ပါ။ စိတ်ပြေမှဆက်ပြောပါ။ ထီထိုးရန်အတွက် (၅) ဂဏန်း အကျိုးပေးပါသည်။

**ယတြာ ။ ။ *ဘုရားရှင်အား တနင်္လာထောင့်မှနေ၍ သန္တာပန်း (၁၅) သပြေပန်းများအတူ ပူဇော်ပါ။***

## အင်္ဂါသားသမီးများ

အောင်မြင်လိုသော မည်သည့်ကိစ္စမဆို အင်္ဂါနာမည်ရှင်များနှင့်တိုင်ပင်ပါ။ အကြံဉာဏ်များတောင်းပါ။ (၁) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ အရှုပ်အရှင်းရှိသော အိမ်၊ ကား၊ ကျောက်တို့ မဝယ်ပါနှင့်။ မဝင်ပါစေနှင့်။ မမျှော်လင့်ဘဲ ငွေဝင်တတ်ပါသည်။ လူမျိုးကွဲနှင့်ဆိုင်သောကိစ္စများရှိပါက ထစ်ငေါ့ပြီးမှ မမျှော်လင့်ဘဲ အောင်မြင်သွားမည်။ ငွေကြေးကိစ္စများ မလိုအပ်ဘဲ ကုန်ကျမှုမရှိစေရန် ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးများစိပ်ပါ။ လာဘ်လာဘအတွက် ရှင်သီဝလိဂါထာ၊ မဟာဝေဒ္ဓပ္ပမန္တန်များကို ရွတ်ဖတ်သရဇ္ဈာယ်ပါ။ မေတ္တာသုတ်ကို အဓိဋ္ဌာန်ဖြင့်ရွတ်ပါ။ အောင်မြင်ပါလိမ့်မည်။ ကျန်းမာရေးကောင်းနေပါသည်။ အပေါင်းအသင်းခုံမင်ပြီး အဆော့မမက်အောင်သာ သတိလေးထားနေပါ။ လူငယ်တို့သဘာဝ နှလုံးသားရေးရာကိစ္စများတွင် ခဏခဏစိတ်ဆိုးရလွန်း၍ စိတ်နာမှုလေးတွေဖြစ်တတ်ပါသည်။ သတိထားဆင်ခြင်လိုက်ပါ။ ထီထိုးရန်အတွက် အင်္ဂါနံ့ထီဆိုင်၊ စက်ဘီးနှင့်လှည့်ရောင်းသော ထီသည်များထံမှ (၃) ဂဏန်းများစွာပါအောင် ကံစမ်းထားလိုက်ပါ။

**ယတြာ ။ ။ *ဘုရားရှိခိုးပြီးတိုင်း နေ့စဉ် (၁၅) မိနစ်ခန့် သမ္မာဒေဝနတ်ကောင်းနတ်မြတ်များကို မေတ္တာပို့ပါ။***

## ဗုဒ္ဓဟူးသားသမီးများ

အောင်မြင်လိုသော မည်သည့်ကိစ္စမဆို ကြာသပတေးနာမည်ရှင်များ၊ တနင်္ဂနွေနာမည်ရှင်များနှင့် တိုင်ပင်ပါ။ အကူအညီများတောင်းပါ။ အကြံဉာဏ်များရယူပါ။ အကောင်းဆုံးအကျိုးပေးနေပါသည်။ (၆) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ရန်များလွန်းသူ၊ ရန်လိုသူများနှင့် အရောတဝင်မနေပါနှင့်။ သူတစ်ပါးအမှုကိစ္စများတွင် ကြားဝင်ပါခြင်း၊ အာမခံခြင်းများလည်း ရှောင်ရပါမည်။ စက်ပစ္စည်းအကျိုးမပေးသောကာလ ဖြစ်ပါသည်။ ဝင်လာလျှင် စိတ်တိုင်းမကျသောပစ္စည်းဖြစ်ပြီး ပျက်လိုက်ပြင်လိုက်ဖြစ်နေမည်။ အလုပ်အကိုင်အခွင့်အလမ်းများကောင်းနေမည်။ ကျန်းမာရေးချူချာတတ်ပါသည်။ ကိုယ်နှင့်မတည့်သော အစားအသောက်များ သတိထားရှောင်ပါ။ လေရောဂါရှင်များ၊ နှလုံးရောဂါဝေဒနာရှင်များကို ကြုံတိုင်း ဆေး၊ အာဟာရ ငွေကြေး လှူဒါန်းပါ။ ပညာရေးကံများ ဆက်ကာဆက်ကာကောင်းနေပါသည်။ ဆက်တိုက်အောင်မြင်နေလိမ့်မည်။ သွားသွားလာလာနည်းနည်းလျှော့ပါ။ ငယ်ရွယ်သူများ အချစ်ရေးကောင်းနေသော်လည်း စိတ်ကစားခြင်းမျိုး ရှောင်ပါ။ ချစ်သူအပေါ် သစ္စာရှိပါ။ အခြားသူတစ်ယောက်နှင့် ဥပမာပေးပြီး ကိုယ့်ချစ်သူကို မပြောမိပါစေနှင့်။ ကလေးလေးတွေကို ကြုံတဲ့နေရာမှာ မုန့်ဝယ်ကျွေးပါ။ ယခုလအတွင်း ဘာလုပ်လုပ်တစ်ကြိမ်နှင့်မပြီးတတ်ပါ။ စိတ်လည်းနှစ်ခွဖြစ်ဖြစ်သွားတတ်ပါသည်။ ထီထိုးမည်ဆိုပါက ကြာသပတေးနံ့ထီဆိုင်တွင် နှစ်ခါပြန်ပြီး ထီထိုးလိုက်ပါ။ (၅၊ ၃၊ ၁၊ ၂၊ ၉) ဂဏန်းများပါအောင် ရွေးချယ်ပါ။

**ယတြာ ။ ။ *ဘုရားရှိခိုးပြီးတိုင်း နေ့စဉ် (၁၀) မိနစ်ခန့် မမြင်ရ မြင်ရပုဂ္ဂိုလ်များကို မေတ္တာအထူးပို့ပါ။***



www.burmeseclassic.com

www.burmeseclassic.com

## ကြာသပတေးသားသမီးများ

အောင်မြင်လိုသောမည်သည့်ကိစ္စမဆို အင်္ဂါနာမည်ရှင်၊ သောကြာနာမည်ရှင်များနှင့် တိုင်ပင် ဆောင်ရွက်ပါ။ အကူအညီများ ရယူပါ။ အကြံဉာဏ်များတောင်းပါ။ (၄)ဂဏန်း၊ (၈) ဂဏန်းရှောင်ပြီးအလုပ်လုပ်ပါ။ အောင်မြင်မှုများအတွက် သရဏဂုံ-၃၀ ကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။ သူများညီအစ်ကိုမောင်နှမကြားကို ဝင်မပါမိပါစေနှင့်။ လေထိုး၊ လေနာမဖြစ်အောင် အစာကို အချိန်နှင့်စားပါ။ လွန်ကဲစွာ အအေးမခံပါနှင့်။ ရေသတ္တဝါလေးများကို အစာကျွေးပါ။ ကျန်းမာရေးကောင်းနေပါလိမ့်မည်။ ပညာရေးကံတွေ တောက်လျှောက်ကောင်းနေမှါသည်။ အချိန်မဖြုန်းပါနှင့်။ အာရုံမများပါစေနှင့်။ အောင်မြင်မှုပန်းတိုင်ရောက်မည်။ ခရီးယာယီပေါ်မည်။ လူမျိုးကွဲကြောင့် စိတ်ကသိကအောက်ဖြစ်ရတတ်သည်။ လုပ်ငန်းခွင်အတွင်း အဆင်မပြေမှုများ ရှိတတ်ပါသည်။ မေတ္တာသုတ်ကို နေ့စဉ် ရွတ်ဖတ်သရဇ္ဈာယ်ပါလေ။ ငယ်ရွယ်သူများ၏ နှလုံးသားရေးရာများ ခုကောင်းလိုက်၊ တော်ကြာ စကားများလိုက်ဖြစ်နေတတ်၍ ချစ်သူနှင့်ဆုံရန်သွားတိုင်း အစိမ်းရောင်အင်္ကျီလေးများ ဝတ်မသွားပါနှင့်။ ထီထိုးမည်ဆိုပါက (၃၊ ၅၊ ၆) ဂဏန်းတွေများများပြည့်နေအောင် ထိုးပါ။ လာဘ်လာဘအတွက် ဒိဝါတပတိဂါထာ၊ ရှင်သီဝလိဂါထာ၊ မဟာဝေဒပွမန္တန်တော်များကို ရွတ်ဖတ်ပူဇော်ခြင်း နေ့စဉ် ဝတ္တရားမပျက် ဆောင်ရွက်ပါ။

ယတြာ ။ ။ ***မွေးနံထောင့်တွင် နာရီဝက်ခန့် မေတ္တာဘာဝနာပွားများပါ။***

## သောကြာသားသမီးများ

အောင်မြင်လိုသည့် မည်သည့်ကိစ္စမဆို တနင်္ဂနွေနာမည်ရှင်၊ ကြာသပတေးနာမည်ရှင်များနှင့်တိုင်ပင်ပါ။ အကူအညီများ တောင်းပါ။ အကြံဉာဏ်များရယူပါ။ အကောင်းဆုံးအကျိုးပေးပါလိမ့်မည်။ (၆) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ငွေအချေးအငှားမလုပ်ပါနှင့်။ ပြဿနာရှိလို့ သူများခဏလာအပ်တဲ့ ကျောက်၊ ကား မဝင်ပါစေနှင့်။ သစ်တောင်းများကို ပြန်မယူပါနှင့်၊ ကားမောင်းလျှင် ဆင်ဆင်ခြင်ခြင်မောင်းပါ။ လာဘ်လာဘကောင်းစေရန် မဟာဝေဒပွမန္တန်တော်ကို နေ့စဉ်သစ္စာပြုပြီးရွတ်ပါ။ လူမှုရေး၊ စီးပွားရေးကိစ္စများ အတိုက်အခံများနေလျှင် မေတ္တာသုတ်ကို နေ့စဉ် (၂၁) ခေါက်ရွတ်ပြီး မေတ္တာပွားများပါ။ လုပ်ငန်းသစ်စတင်မည့်သူများ ကြာသပတေးနေ့ နံနက် (၇) နာရီမှာစတင်ပါ။ ရာထူးတိုးစာမေးပွဲတွေအောင်မြင်ပြီး ရာထူးတိုးမည့်ကာလဖြစ်ပါသည်။ ပညာရေးကံများကောင်းနေပါသည်။ ပညာတော်သင်ခရီးတွေ သွားရပါလိမ့်မည်။ ကျန်းမာရေးကောင်းမည်။ လေ့ကျင့်ခန်းများများလုပ်ပေးပါ။ ဆေးလှူပါ။ ငါးအရှင်လေးတွေ ဇီဝိတဒါနလွှတ်ပေးပါ။ ချစ်ရေးချစ်ရာကိစ္စများ စိတ်ချမ်းသာမှုရှိလာပါလိမ့်မည်။ ခိုစာလည်းကျွေးပေးပါ။ အရေးတကြီးကိစ္စရှိလျှင် ဘုရားစေတီကို အရင်သွားပြီး ရုပ်ပွားတော်မြတ်တစ်ဆူဆူရှေ့တွင် ဖယောင်းတိုင် (၅) တိုင် ထွန်းညှိပူဇော်ပြီး သရဏဂုံကို သက်စေ့ရွတ်ပြီးမှသွားပါ။ ထီထိုးရန်အတွက် အဓိဋ္ဌာန်တစ်ခုခုဝင်ပြီးမှထိုးပါ။ (၅၊ ၃၊ ၄၊ ၁) ဂဏန်းများများပါအောင် ကံစမ်းထားပါ။

ယတြာ ။ ။ ***မွေးနံထောင့်တွင် တံမြက်စည်းလှည်း အမှိုက်များသန့်ရှင်းပါ။***

## စနေသားသမီးများ

အောင်မြင်လိုသည့်မည်သည့်ကိစ္စမဆို အင်္ဂါနာမည်ရှင်များ၊ သောကြာနာမည်ရှင်များနှင့်တိုင်ပင်ပါ။ အကူအညီများတောင်းပါ။ အကြံဉာဏ်များရယူပါ။ အကျိုးပေးပါသည်။ (၇) ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။ သရဏဂုံ-၃၀ကို ပုတီးစိပ်ပါ။ အရေးကြီးကိစ္စများဆောင်ရွက်ရန်ရှိပါက အနောက်အရပ်ဘက်ကိုလှည့်၍ သရဏဂုံရွတ်ပြီးမှသွားပါ။ ကျန်းမာရေးကောင်းနေစေရန် ရေသတ္တဝါလေးများကို ဘေးမဲ့လွှတ်ပေးပါ။ ဝက်ဝံ၊ ရှေမြင်း၊ နွား အဆင်ပြေသလို အစာကျွေးပါ။ လေရောဂါဝေဒနာရှင်များကို ဆေးလှူပါ။ လုပ်ငန်းသစ်စတင်မည့်သူများ အင်္ဂါနေ့ မနက် (၇) နာရီမှာ စတင်ပါ။ ရှောင်ရန်အချက်မှာ ယခင်ကခင်ခဲ့ဖူးသော လူမျိုးကွဲတစ်ယောက်က အကျိုးတူစီးပွားလုပ်ရန် လာပြောလျှင် မလုပ်သင့်ပါ။ သူများကတစ်ဆင့် ပြန်ရောင်းမည့်လုပ်ငန်းဟောင်းကို ပြန်ဝယ်ပြီး မလုပ်ပါနှင့်။ ပညာရေးကံတွေ အရှိန်အဟုန်မြင့်ပြီး ကောင်းနေပါသည်။ ငယ်ရွယ်သူများ၏ ချစ်ရေးချစ်ရာကိစ္စများ ချစ်သူအပေါ် နားလည်မှုလေးပေးပါ။ အနီဋ္ဌာရုံအင်္ကျီတွေဝတ်ပြီး ချစ်သူဆီမသွားပါနှင့်။ တစ်ပတ်တစ်ခါ နီးရာဘုရားစေတီများသို့ ခြေကျင်လျှောက်သွားပြီး တံမြက်စည်းလှည်း၊ အမှိုက်တွေကောက်ပါ။ ဘာမဆို အောင်မြင်လာပါလိမ့်မည်။ ထီထိုးမည်ဆိုပါက (၅၊ ၃၊ ၁၊ ၆) ဂဏန်းတွေချည်းပြည့်နေအောင်ထိုးထားပါ။

ယတြာ ။ ။ ***မွေးနံထောင့်တွင် ဘုရားရှင်အား ပန်းပေါင်းစုံနှင့် ပူဇော်ပါ။***

ရ င် ကို အေ း မြ စေ သ ာ း

**ဆရာဦးမောင်မောင်သန်း**

အမှတ် (၇၅၂)၊ ကုန်းဘောင်(၁၀)လမ်း၊ (၆)ရပ်ကွက်
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့



www.burmeseclassic.com